
မွှေး၊ ကုသိုလ်ကြမ္မာမမီပါခဲ့၊ အာတွတ်ရေ…
ကျွန်တော်တင်အောင်ထွန်း
ခင်နှင်းယု
WHISPER OF WORDS

မွေး

ကုသိုလ်ကြမ္မာ မမီပါခဲ့

အတွက်ရေ

ကျွန်တော် တင်အောင်ထွန်း

ခင်နှင်းယု

ပုံနှိပ်မှတ်တမ်း

မွေး

ပထမအကြိမ်၊ ဒုတိယအကြိမ်၊ ၁၉၅၉ ခုနှစ်၊ ရှမဝပုံနှိပ်တိုက်

တတိယအကြိမ်၊ ၁၉၆၁ ခုနှစ်၊ ရှမဝပုံနှိပ်တိုက်

စတုတ္ထအကြိမ်၊ ၁၉၆၅ ခုနှစ်၊ ရှမဝပုံနှိပ်တိုက်

ပဉ္စမအကြိမ်၊ ၁၉၆၉ ခုနှစ်၊ မြို့တော်စာပေ

ဆဋ္ဌမအကြိမ်၊ ၁၉၇၁ ခုနှစ်၊ ဒေါင်းစာပေ

ဒသမအကြိမ်၊ ၁၉၉၁ ခုနှစ်၊ ချမ်းမြေ့စာပေ

ဧကဒသမအကြိမ်၊ ၁၉၉၆ ခုနှစ်၊ ယောမင်းကြီးစာပေ

ဆယ့်နှစ်ကြိမ်၊ ၂၀၀၈ ခုနှစ်၊ မွေးစာပေ

ကုသိုလ်ကြမ္မာ မမီပါခဲ့

ပထမအကြိမ်၊ ၁၉၇၂ ခုနှစ်၊ ခေတ်ညွန့်စာပေ

ဒုတိယအကြိမ်၊ ၁၉၉၃၊ ယောမင်းကြီးစာပေ

တတိယအကြိမ်၊ ၂၀၀၅ ခုနှစ်၊ ချိုတေးသံစာပေ

မွေး+ကုသိုလ်ကြမ္မာ မမီပါခဲ့

၁၉၇၅ ခုနှစ်၊ ပန်းစာပေ

အတွတ်ရေ

ပထမအကြိမ်၊ ၁၉၇၅ ခုနှစ်၊ မိုးပွင့်စာပေ

ဒုတိယအကြိမ်၊ ၁၉၉၅ ခုနှစ်၊ ယောမင်းကြီးစာပေ

ကျွန်တော် တင်အောင်ထွန်း

ပထမအကြိမ်၊ ၁၉၇၇ ခုနှစ်၊ ခေတ်ညွန့်စာပေ

ဒုတိယအကြိမ်၊ ၂၀၀၂ ခုနှစ်၊ စိတ်ကူးချိုချိုစာပေ

မွေး၊ ကုသိုလ်ကြမ္မာ မမီပါခဲ့၊ အတွတ်ရေ၊ ကျွန်တော်တင်အောင်ထွန်း

ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၁၃ ခုနှစ် ကံ့ကော်ဝတ်ရည်စာပေ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်

အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်

အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ

၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း - မြင့်မောင်ကျော်

တန်ဖိုး - ၁၁၀၀၀ ကျပ်

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၃၉၆၅၈၀၊ ၀၉-၇၃၀၄၁၁၃၇

email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com တွင် ဝင်ရောက်ကြည့်ရှုမှာယူနိုင်ပါသည်။

မာတိကာ

■ ဆရာမကြီး ခင်နှင်းယု

■ ခင်နှင်းယု၏ ဂန္ထဝင်လေးအုပ်

*မွေး

*ကုသိုလ်ကြမ္မာ မမီပါခဲ့

*အတွတ်ရေ

*ကျွန်တော် တင်အောင်ထွန်း

လေးစားချစ်ကြည်ညိုရပါသော စုမေအား ဤဂန္ထဝင်လေးအုပ်
စုစည်းထုတ်ဝေခြင်းဖြင့် ဦးခိုက် ကန်တော့အပ်ပါသည်။

ကံ့ကော်ဝတ်ရည်စာပေ

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန်ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

About Author

ဆရာမကြီး ခင်နှင်းယု

(၁၉၂၅-၂၀၀၃)

မြန်မာပြည် လွတ်လပ်ရေး အထိမ်းအမှတ် စာပေပြိုင်ပွဲ တတိယရွှေတံဆိပ်ဆုရှင်၊ မြဝတီမဂ္ဂဇင်း ဝတ္ထု၊ ဆောင်းပါး စာပေပြိုင်ပွဲ ပရိသတ်အကြိုက် ပထမဆုရှင်၊ စာပေဗိမာန် တထောင်ဆုရှင်၊ အမျိုးသားစာပေဆုရှင် ဆရာမကြီး ခင်နှင်းယု၏ နာမည်ရင်းသည် ဒေါ်ခင်စု ဖြစ်သည်။ ချစ်ခင် လေးစား ရင်းနှီးကျွမ်းဝင်သူများသည် ဒေါ်ခင်စုအား "စုမေ" ဟူ၍လည်းကောင်း၊ "မေစု" ဟူ၍ လည်းကောင်း ကင်ပွန်းတပ် ခေါ်ဝေါ်လေ့ရှိသည်။

ဒေါ်ခင်စုအား ဝါးခယ်မမြို့၌ ၁၉၂၅ ခုနှစ် စက်တင်ဘာ ၇ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။ အဖ အစိုးရ ကျောင်းဆရာကြီး ဦးဘ၊ အမိ ဒေါ်သိန်းတင် ဖြစ်သည်။ မွေးချင်း မောင်နှမ ခုနစ်ယောက်ရှိပြီး ဒေါ်ခင်စုမှာ ပဉ္စမမြောက် သမီးရတနာ ဖြစ်သည်။ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးနုသည် ဒေါ်ခင်စု၏ အစ်ကိုတဝမ်းကွဲ တော်စပ်သည်။

ဒေါ်ခင်စုသည် ဝါးခယ်မမြို့ ဦးဘိုးထင်၊ မြန်မာစာသင် အလယ်တန်းကျောင်း၌ ၁၉၃၀ ပြည့်နှစ်တွင် စတင် ပညာသင်ကြားသည်။

ဝါးခယ်မမြို့ ဦးဘိုကြီး မြန်မာစာသင် အထက်တန်းကျောင်း၌ ၁၉၄၀ ပြည့်နှစ်တွင် အဋ္ဌမတန်းပညာကို တက်ရောက် သင်ကြားပြီး ၁၉၄၃ ခုနှစ်တွင် ဂျပန်ခေတ် ဒသမတန်း အောင်မြင်သည်။ ဂျပန်ခေတ် ဝါးခယ်မမြို့နယ် အာရှလူငယ် အစည်းအရုံးတွင် အမျိုးသမီးဌာန အတွင်းရေးမှူးတာဝန်ဖြင့် ပါဝင် ဆောင်ရွက်သည်။

၁၉၄၆ ခုနှစ်တွင် ဖ-ဆ-ပ-လ သတင်းနှင့် ဝါဒဖြန့်ချိရေးဌာန လက်ထောက် အတွင်းရေးမှူးအဖြစ် ထမ်းဆောင်သည်။ ဖ-ဆ-ပ-လ သတင်းစဉ်စာစောင်တွင်လည်း လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

၁၉၄၇ ခုနှစ်တွင် ယင်းဌာန၏ တွဲဖက်အတွင်းရေးမှူး ဖြစ်လာပြီး ဖ-ဆ-ပ-လ သတင်းစဉ်တွင်လည်း တာဝန်ခံအယ်ဒီတာ ဖြစ်လာသည်။

ဖ-ဆ-ပ-လ ဆိုသည်မှာ “ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်” ကို အတိုကောက် ခေါ်ဝေါ်ခြင်း ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် “Anti Fascist People’s Freedom League” ဖြစ်ပြီး အတိုကောက် AFPFL ဖြစ်သည်။ ယင်းအဖွဲ့ကြီးကို ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၊ အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်း၊ သခင်စိုး၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ဦးဆောင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

ဒေါ်ခင်စုသည် ဗိုလ်ချုပ်အောင်ဆန်းအား အထူးလေးစား မြတ်နိုးသူဖြစ်ပြီး “ဗိုလ်ချုပ်ကြီးအောင်ဆန်း” ဟု ဝိသေသ အထူးပြုကာ သုံးနှုန်းခေါ်ဝေါ်ခဲ့သူလည်း ဖြစ်သည်။

ဒေါ်ခင်စုသည် ၁၉၄၇ ခုနှစ်တွင် “ခင်နှင်းယု” ကလောင်အမည်ကို စတင်ခံယူကာ ပထမဆုံး ရေးသားသော “အရိုင်း” ဝတ္ထုမှာ “စာပဒေသာ” တွင် ဖော်ပြခြင်း ခံရသည်။

ဒေါ်ခင်စု (ခင်နှင်းယု) သည် ၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ အတွင်းရေး အတွင်းဝန်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ထိုနှစ်တွင် ကျင်းပသည့် မြန်မာပြည် လွတ်လပ်ရေး အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် “အချို” ကလောင် အမည်ဖြင့် ‘မျောက်လောင်း’ ဝတ္ထုတို ရေးသား ယှဉ်ပြိုင်ရာ တတိယ ရွှေတံဆိပ် ဆွတ်ခူးသည်။

ဒေါ်ခင်စု (ခင်နှင်းယု) ၏ ထူးခြားချက်တရပ်မှာ ဘောက်ဆင် ခေါ် အင်္ဂလိပ်လက်ဝှေ့ ထိုးသတ်ခြင်း အတတ်ပညာကို တတ်မြောက် ကျွမ်းကျင်ခြင်းပင် ဖြစ်သည်။ အစ်ကိုဖြစ်သူတို့က သင်ကြားလေ့ကျင့်ပေးထားခြင်းဖြစ်ပြီး ထိုအကြောင်းကို ဆရာမကြီး ခင်နှင်းယု၏ စာပေလက်ရာ တချို့တွင် အမှတ်မထင်

တွေ့မြင်နိုင်ပါသည်။ ဆရာမကြီးသည် လက်ဝှေ့ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးခြင်း မရှိသော်လည်း တော်ရုံတန်ရုံ ယောကျ်ားသားလောက်ကိုမူ အလဲထိုးနိုင်စွမ်း ရှိလိမ့်မည်ဟု ယူဆရပါသည်။

ဒေါ်ခင်စုသည် ၁၉၅၀ ပြည့်နှစ်တွင် ဗိုလ်ကြီးကျော်သောင်းနှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် "နွေနှောင်းရွက်ကျန်" ဝတ္ထုရှည်ကို ရေးသားခဲ့ပြီး ရှုမဝမဂ္ဂဇင်းတွင် ပုံနှိပ် ဖော်ပြခံရသည်။

မောင်သုတ (ဗိုလ်မှူးဘသောင်း) သည် ခင်နှင်းယု၏ "နွေနှောင်းရွက်ကျန်" ကို ဖတ်ရသောအခါ မြဝတီမဂ္ဂဇင်းတွင် ခင်နှင်းယုအတွက် စာမျက်နှာအသစ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့ကြောင့် ခင်နှင်းယု၏ ပွဲဦးထွက် လုံးချင်းဝတ္ထု "ဆောင်းတွင်းပန်း" ပွင့်လန်းလာခဲ့ရသည်။ ၁၉၅၃ ခုနှစ်တွင် မြဝတီမဂ္ဂဇင်း ဝတ္ထု၊ ဆောင်းပါး စာပေပြိုင်ပွဲတွင် စာဖတ်ပရိသတ်၏ ဆန္ဒ သဘောထားဖြင့် ခင်နှင်းယု၏ "သရဖူ" ဝတ္ထုရှည်သည် ပထမ ဆုတံဆိပ် ခတ်နှိပ်ခြင်း ခံခဲ့ရသည်။

ဒေါ်ခင်စုသည် ၁၉၅၆ ခုနှစ်တွင် သက်ကြီးတက္ကသိုလ်တွင် ပညာရေးကို ဆက်လက် ဆည်းပူးရာ ထိုနှစ်မှာပင် အိုင်အေတန်း အောင်မြင်သည်။

၁၉၅၉ ခုနှစ်တွင် ဦးနု၏ အတွင်းရေး အတွင်းဝန်ရာထူးမှ နုတ်ထွက်၍ ရန်ကုန် တက္ကသိုလ်တွင် ဆက်လက် ပညာသင်ယူသည်။ ၁၉၆၁ ခုနှစ်တွင် ကြေးမုံရိပ်သွင် ဝတ္ထုတို ပေါင်းချုပ်ဖြင့် စာပေဗိမာန် တထောင်ဆု ရသည်။ ထိုနှစ်မှာပင် အင်္ဂလိပ်ဘာသာ စာစီစာကုံး၊ ခေတ်သစ် အနောက်တိုင်းသမိုင်း၊ မြန်မာ့ဝေါဟာရနှင့် အနုစာပေ၊ ကမ္ဘာ့အရှေ့ဖျားသမိုင်း ဘာသာတွဲဖြင့် ဘီအေဘွဲ့ ရရှိအောင်မြင်သည်။

၁၉၆၂ ခုနှစ်တွင် အာရှ-အာဖရိက စာရေးဆရာများ ညီလာခံ (ကိုင်ရို) သို့ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖြစ် မိမိစရိတ်ဖြင့် သွားရောက်သည်။

၁၉၇၀ ပြည့်နှစ်တွင် ခင်ပွန်းသည် ဒုဗိုလ်မှူးကြီး ကျော်သောင်း ကွယ်လွန်သည်။ ထိုအချိန်မှစ၍ ၁၉၈၅ ခုနှစ်အထိ စာပေနယ်နှင့် ကင်းကွာခဲ့ရပြီး မဟာစည်သာသနာ့ရိပ်သာတွင် တရားအားထုတ်ရင်း "ပွဲတွေ့ အမြတ်တရား" ဘာသာရေးစာအုပ် ရေးသား ထုတ်ဝေခဲ့သည်။

ထို့နောက် ကျန်းမာရေးအတွက် ဆေးကုသမှု ခံယူပြီး ချမ်းမြေ့ရိပ်သာတွင် ခိုလှုံကာ တရားအားထုတ်ရင်း ဝေယျာဝစ္စ ကုသိုလ် ဆည်းပူးဆောင်ရွက်သည်။ ထိုသို့ တနှစ်ခန့် အနားယူပြီးနောက် ပေဖူးလွှာမဂ္ဂဇင်းတွင် ဝတ္ထုများ ပြန်လည်ရေးသားခဲ့သည်။

"တထောင့်ငါးရာည၏ အိပ်မက်များ" သည် "ခင်နှင်းယု ပြန်လာပြီ" ကာလများ၏ နိဒါန်းအဖွင့် ဝတ္ထုကြီးပင် ဖြစ်သည်။

ဆရာမကြီး ခင်နှင်းယုသည် ထိုသို့ တကျော့ပြန် နိဒါန်းဖွင့်ပြီးနောက် "ခွန်အားရှိသော ကလောင်ပိုင်ရှင်" ပီပီ ပေဖူးလွှာ၊ ကလျာ၊ ရင်ခုန်ပွင့်၊ စံပယ်ဖြူ၊ လုံမလေး၊ ချယ်ရီ၊ မိုးဝေ၊ ရွှေအမြုတေ စသည့် မဂ္ဂဇင်းကြီးများတွင် ဝတ္ထုသာမက ဘဲ ကဗျာနှင့် ဆောင်းပါးများကိုပင် ဂျောင်းဂျောင်းပြေး ရေးသားခဲ့သည်။

ဆရာမကြီး ခင်နှင်းယုသည် ကလျာမဂ္ဂဇင်း၌ အခန်းဆက် ဝတ္ထုရှည်ကြီးအဖြစ် ရေးသားခဲ့သော "မြကြာဖြူ" ဝတ္ထုစာအုပ်ဖြင့် ၁၉၉၅ ခုနှစ်အတွက် အမျိုးသားစာပေဆု ဆွတ်ခူးရရှိခဲ့သည်။

ဤသို့ဖြင့် မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါးတို့ကို ရေးသားရင်းမှပင် ၁၉၉၇ ခုနှစ်တွင် "ချစ်ခြင်းကို အားပြု၍၊ ၁၉၉၈ ခုနှစ်တွင် "ဗညားရှိန်း" နှင့် "မဲဇလီ"၊ ၁၉၉၉ ခုနှစ်တွင် "ပျားရည်အိုင်"၊ ၂၀၀၀ ပြည့်နှစ်တွင် "မင်းစည်သူ" နှင့် "မယ့်သည်းအိမ်"၊ ၂၀၀၁ ခုနှစ်တွင် "ဦးဆောက်ပန်း"၊ ၂၀၀၂ ခုနှစ်တွင် "ဥဩတွန်တဲ့ လရာသီ" ဝတ္ထုစာအုပ်များကို ရေးသား ထုတ်ဝေခဲ့သည်။

ဆရာမကြီး ခင်နှင်းယုသည် ထိုသို့ စာပေတာဝန်များကို အသက်အရွယ်၊ ကျန်းမာရေးတို့နှင့် မမျှအောင် သယ်ပိုးထမ်းဆောင်လေရာ ကျန်းမာရေး အားနည်း ချို့ယွင်းလာပြီး စင်ကာပူတွင် သွားရောက်ကာ ဆေးကုသမှု ခံယူခဲ့ရသည်အထိ ဖြစ်လေသည်။

ဆရာမကြီး ခင်နှင်းယုသည် ကလောင်ကို လိုရာရာ စေညွှန် အနိုင်ယူနိုင်ခဲ့သော်လည်း မရဏာ ရှင်သေမင်းကိုမူ အနိုင်ယူနိုင်စွမ်း မရှိသော ပုဂ္ဂိုလ်သတ္တဝါတို့၏ ဓမ္မတာသဘောအရ ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက်၊ အသက် ၇၈ နှစ်အရွယ်တွင် မရဏနိုင်ငံတော်သို့ လိုက်ပါခဲ့ရရှာပါသည်။

ဆရာမကြီး ခင်နှင်းယု နောက်ဆုံး ခေါင်းချရာ နေရပ်လိပ်စာသည် အမှတ် ၉၁၊ ဓေယျာသုခလမ်း၊ သုဝဏ္ဏမြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပါသည်။

ခင်နှင်းယု၏ ဂန္ထဝင်လေးအုပ်

နှင်းခတလင်း

ရွှေရောင်ဝင်းပ၊ လှုပ်လှုပ်ရွရွ

လေကအဝှေ့၊ စပါးလှေ့ကြ

ကွေ့ကာဝိုက်ကာ၊ ကောက်လှိုင်းပုံဘေး

ပြေးကာဆော့ကာ၊ လဝါဝါလေး

တိမ်ပြာမဟူရာ၊ ဇာပါးအထွေး

ညဥ့်ဦးလေအေး၊ ကောက်နံ့မွှေးမွှေး

ပြေးလိုက် ပုန်းလိုက်၊ ကောက်ရိုးပုံနွေး

တိုးဝင်အကွေး၊ လမြရေးရေး

စပါးပေါ်ချိန် လွမ်းမိသေး။

ငြိမ်းချမ်းရေးစာဆိုရှင် ဆရာကြီး ဒဂုန်တာရာ၏ ကဗျာဝိညာဉ် တအုပ်တဖွဲ့ တိုးဝင် လှုပ်ခတ်သွားရာ နှလုံးအိမ်သည် တသိမ့်သိမ့် တလှပ်လှပ် ဖြစ်ကျန်ရစ်သည်။

ငွေနှင်းရည် ပုလဲစက်တို့ ဖျန်းပက်ထားရာ ကောက်တလင်းပြင်၊ လေအဝှေ့တွင် စပါးလှေ့ကြရာမှ လွင့်ဝဲနေသော ရွှေဝါရောင် စပါးစေ့များ၊ တွန့်ကာ လွန့်ကာ ကွေ့ကွေ့ဝိုက်လိုက် မြင့်ထပ်မိုမောက်နေသော ကောက်လှိုင်းပုံ၊ ပြာယောင်ယောင် မှောင်ရီတလှည့် တိမ်ပဝါကို ခြုံထားရင်း ပြေးလွှား ဆော့ကစားနေသော လဝါဝါ၊ ညဥ့်ဦးယံ လေပြည်ကလေး အေးခနဲ ဆော်အသွေးလိုက်မှာ တဖြာဖြာ ပျံ့မွှေးသွားသော ကောက်ပင်ရနံ့၊ ရွှေလသာသာ ညအခါမှာ ပြေးတမ်း လိုက်တမ်း ကစားဖော်တို့ လုံခြုံနွေးထွေးရာ ကောက်ရိုးပုံ။

ငယ်နုစဉ်အခါ ဘဝပျိုပျို ထိုထိုသော ပုံရိပ်လွှာတို့သည် အသက် ခုနစ်ဆယ်နီးပါးအရွယ် ဇရာနယ်အတွင်း ချဉ်းနင်းဝင်ရောက်လာသော စာဆို၏ အသည်းစိုင်ကို ဆွဲကိုင်လှုပ်ယမ်းလိုက်ရာမှ ‘နှင်းခတလင်း’ အစရှိသည့် ကဗျာပန်းပွင့်များ ဖူးပွင့်သွားစေခဲ့သည်။

ဆရာကြီးဒဂုန်တာရာသည် ၁၉၈၅ ခုနှစ်၊ မေလထုတ် ဒဂုန်မဂ္ဂဇင်းတွင် "မုန်းမှ ကယ်လီဖိုးနီးယားသို့" ကဗျာရှည်ကြီးကို ဂန္ထဝင်မြောက် ရေးဖွဲ့သီကုံး တင်ဆက်ခဲ့လေသည်။ ကြောင်းရေ ၁၈၂ ရှိ ထိုကဗျာရှည်ကြီးကို သီကုံးဖွဲ့စပ်ရာ အက္ခရာ တလုံးချင်း၊ ကာရန် တဖွဲ့ချင်း ထိုးထွင်းနှိုက်နှံကြည့်ပါလျှင် ငယ်ဘဝ ကိုယ့်ရပ်ဌာနေအား လွမ်းလွမ်းဆွတ်ဆွတ် တမ်းတရိပ်များ အုံကျင်းဖွဲ့နေလိုက်သည်မှာ စာဖတ်သူကိုပါ လွမ်းဖော်အဖြစ် သိမ်းသွင်းသွားနိုင်ခဲ့လေသည်။

စာဆို၏ အာဂအစွမ်းသတ္တိတည်း။

ဆိုလိုသည်မှာ စာဆိုတို့သည် သူတို့ရင်ထဲရှိ ဝေဒနာကို ကြေညာကြရာ၌ တဖက်သားသူအား ထိထိရှရှ ထိုးစစ်ဆင်နိုင်ကြောင်းပင် ဖြစ်ပါသည်။

ထိုသို့ ထိုးစစ်ဆင်ရာတွင် "စေတနာ" သည် စာဆို၏ အဓိက အရေးကြီးသော "လက်နက်ကောင်း" ဖြစ်ကြောင်းကိုမူ အထူးရှင်းပြဖွယ် မလိုလောက်အောင် နှလုံးသွင်းပြီးသား ဖြစ်ကြပါလိမ့်မည်။

အကယ်စင်စစ် စေတနာ ဟူသည် ပါဠိဘာသာဖြစ်သည်။ မြန်မာဘာသာအားဖြင့် "စေ့ဆော်တိုက်တွန်းတတ်သောတရား" ဟူ၍ ဖြစ်သည်။ စာဆိုသည် ထိုစေ့ဆော်တိုက်တွန်းမှု အရှိန်အဟုန်ကြောင့် "ဝေဒနာ" ကို "စာပေ" အဖြစ် မွေးဖွားလေသည်။ မွေးဖွားလာသော စာပေသည် ကဗျာ ဖြစ်ချင်ဖြစ်မည်၊ စကားပြေ ဖြစ်ချင်လည်း ဖြစ်မည်။

"လယ်တောကပြန်

ပန်ချင်တယ် ခရေဖူးဆိုလို့

မောင် ခူးကာပေး။

မနက်တုန်းဆီက

ကြော့ဆံုးကို မောင် မြင်တော့

သူ့ဆံပင် နှင်းဆီပွင့်တွေနှင့်

ဂုဏ်တင့်တယ်လေး။"

ဆရာကြီး မင်းသုဝဏ်သည် သူ့ရင်ထဲရှိ ဝေဒနာကို 'နှင်းဆီပွင့်' ကဗျာ စာပေပုံစံဖြင့် ကြေညာ အသိပေးသည်။ အခံ သုံးပါဒ၊ အအုပ် လေးပါဒသာ ရှိသော ကဗျာ (ဒွေးချိုး) သည် ဆရာကြီး၏ အသည်းအိမ်၌ နှလုံးသွေးဖြင့် စိမ်ထားအပ်သော

'အချစ်ရုပ်ကြွင်း' ကို ကမ္ဘာတည်အောင် စီမံထားနိုင်ခဲ့လေသည်။

ထို 'အချစ်ရုပ်ကြွင်း' လေးကိုပင် "ဘကြီးအောင် ညာတယ်" ဟူသော စကားပြေပုံစံဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ဋီကာချဲ့လိုက်လေသောအခါ ကမ္ဘာကျော် အချစ်ဇာတ်လမ်းများကို လက်ခမောင်းခတ် စိန်ခေါ်ဝံ့သော ဂန္ထဝင်မြောက် ဝတ္ထုတပုဒ် ဖြစ်ခဲ့ရပြန်သည်။

ဆိုလိုသည်မှာ စာဆို၏ "ဝေဒနာ" သိပ်သည်းနက်ရှိုင်းသည်နှင့်အမျှ စာဆို၏ "စေတနာ" သည် အရှိန်အဟုန် ထက်မြက်စမြဲ ဖြစ်လေရာ သူ့ကဗျာ၊ သူ့စာသည် စာပေကမ္ဘာတွင် ဥဒါန်းမကျေ ခိုင်ကျည်နေတော့လေသည်။

ဥဒါန်းမကျေ ခိုင်ကျည်နေမည့် စာပေတရပ် ဖွဲ့စည်းတည်ဆောက်ရာတွင် စာဆို၌ ရှိအပ်သော အရည်အချင်း အင်္ဂါရပ်များကို ဗျည်းကွဲအောင် ခွဲခြမ်းစိတ်ဖြာရပါမူ "စာရေးဆရာဖြစ်နည်း နိသျရည်း" ဖြစ်သွားပေတော့မည်။ အနှစ်ချုပ်၍ ထုပ်ထုပ်ပိုက်ပိုက် ပြောရပါလျှင် ကျေးဇူးတော်ရှင် တောင်မြို့ မဟာဂန္ဓာရုံကျောင်း ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၏ "စိတ်ကောင်းရှိဖို့ ပထမ" ဟူ၍သာ ပြောရပါတော့မည်။

စာဆိုသည် စိတ်ကောင်းရှိလျှင် ရှိသလောက် ထိုစာဆို၏ စာသည် "စာကောင်း" ဖြစ်ပေတော့သည်။ ထိုစာကောင်းသည် ဥဒါန်းမကျေ ခိုင်ကျည်နေတော့၏။ လူတို့၏ ပါးစပ်ဖျားတွင် တဖွဖွဖြင့် တသသ စွဲလမ်းနေတော့၏။

"စိတ်ကောင်း" မှ ပေါက်ဖွား ရှင်သန်လာသော 'စာကောင်း' အတွက် ဥဒါဟရုဏ် ဆောင်ရပါမူ 'ဆရာကြီးဇော်ဂျီ' ၏ "ပိတောက်ပန်း" ကဗျာပင် ဖြစ်သည်။

"ခူးပါနဲ့ကွယ်

ပွင့်ဖူးမှာ အဝါခြယ်၍

မာလာအလယ်မှာ နွဲ့ချင်တဲ့ နှလုံးရယ်ကြောင့်

နှစ်ဆုံးကုန် အတာဝင်သို့

မာန်အင်ကို ဥဘဏ်ဆင်မွေးကာပါ့

အရေးအခါသာမှ

ခမျာမှာ တဂုဏ်ဆန်းရတယ်

ပန်းပိတောက်များ”

ဆရာကြီးဇော်ဂျီ၏ ရိုးဖြောင့်တည်ကြည်သော ‘စိတ်ကောင်း’ မှာ သန္ဓေတည် ရှင်သန် ဖူးပွင့်လာသည့် “ပိတောက်ပန်း” သည် ကမ္ဘာကြေသော်လည်း မကြွေ.. မကြွေ.. တဝေဝေ။ ဤသို့ ဆိုပါလျှင် “စိတ်ကောင်း” နှင့် “စာကောင်း” ကို အဘယ် ကိရိယာဖြင့် တိုင်းတာရပါအံ့နည်း။

ထိုမေးခွန်းအတွက် အဖြေလွှာသည် ရတ်တရက်အားဖြင့် အဖြေရခက်တော့၏။ မဖြေနိုင် ဟူ၍ကား မဟုတ်ပါ။ အဖြေရှိသော်ငြား နက်ရှိုင်း သိမ်မွေ့လွန်းသောကြောင့် ဖြစ်သည်။ ထို့အတွက် "ပြည်သူ့တရားရှင်” အထံ၌သာ အဆုံးအဖြတ် ယူကြပါကုန်ဟူ၍ ဤနေရာမှ ပန်ကြားလိုပါ၏။

ဤပန်ကြားချက်သည် သင့်နိုးအံ့ ထင်ပါသည်။

မည်သို့ဆိုစေ၊ ဆရာကြီးဒဂုန်တာရာ၏ “မုန်းမှ ကယ်လီဖိုးနီးယားသို့”၊ ဆရာကြီး မင်းသုဝဏ်၏ “နှင်းဆီပွင့်” နှင့် “ဘကြီးအောင် ညာတယ်”၊ ဆရာကြီးဇော်ဂျီ၏ “ပိတောက်ပန်း” စသည်တို့သည် ‘စိတ်ကောင်း’ မှာ သန္ဓေတည် မွေးဖွားရှင်သန်လာသော ‘စာကောင်း’ များဟူ၍ ဆိုသင့်ပါသည်။

ထိုသို့ ဆိုသင့်သည်တို့ကို ဆိုပြီး၍ ယခု ဆိုရမည်ကို ဆိုပါတော့မည်။

ကံ့ကော်ဝတ်ရည်စာပေသည် စာရေးဆရာမကြီး “ခင်နှင်းယု” ၏ “မွေး”၊ “ကုသိုလ်ကြမ္မာ မမီပါခဲ့”၊ “အတွတ်ရေ”၊ “ကျွန်တော် တင်အောင်ထွန်း” လုံးချင်းဝတ္ထု လေးအုပ်ကို စုစုစည်းစည်း တအုပ်တည်း ထုတ်ဝေလိုက်ပါပြီ။

ယခုတလော မြန်မာစာပေလောကတွင် စုစည်းမှုတွေ အင်တိုက်အားတိုက် ထွက်ပေါ်နေသည် ဖြစ်သောကြောင့် ကံ့ကော်ဝတ်ရည်ကလည်း အားကျမခံ စုစည်းသည်ဟူ၍ ထင်မြင်ဖွယ်ရာ ရှိပါသည်။

သို့သော် ကံ့ကော်ဝတ်ရည်၏ ယခု စုစည်းမှုသည် တမူထူးခြားသည် ဟူ၍သာ ပြောလိုပါသည်။ ပြောလိုသည့်အကြောင်းကား ဤသို့ ဖြစ်သည်။

ခင်နှင်းယု၏ “မွေး” ဝတ္ထုသည် နာမည်ကျော်ကြား လူကြိုက်များသည်ကို အထူး ပြောနေဖို့ မလိုတော့ပါ။ ပြောဖို့လိုသည်မှာ ခင်နှင်းယု၏ “ကုသိုလ်ကြမ္မာ မမီပါခဲ့” ကို ဖတ်ဖူးပါသလား ဆိုပါလျှင် “မွေး” ဝတ္ထုပရိသတ်များထဲမှ တချို့သည် ကြားပင် မကြားဖူးကြောင်း အံ့သြဖွယ်ရာ ကောင်းလောက်အောင် အဖြေပေးကြပါသည်။

အမှန်စင်စစ်တွင် “ကုသိုလ်ကြမ္မာ မမီပါခဲ့” သည်လည်း

စာအုပ်ဈေးကွက်တွင် သောက်သောက်လဲ ရောင်းအားကောင်းခဲ့သော ဝတ္ထုတအုပ်ပင် ဖြစ်သည်။

ဤတွင် အံ့ဩဖွယ်ရာတရပ်ကို ထပ်တွေ့လာရပြန်သည်။ "ကုသိုလ်ကြမ္မာ မမီပါခဲ့" ဝတ္ထု ပရိသတ်သည်လည်း "မွေး" ဝတ္ထုပရိသတ်ကဲ့သို့ပင် "မွေး" ဆိုသည်ကို မျက်ခြည်ပြတ်နေပြန်ပါသည်။

ဤသို့ ဘာကြောင့် ဖြစ်ရသနည်း။ စာရေးဆရာ တယောက်တည်းကပင် ရေးသားနေသော ဝတ္ထုများ ဖြစ်လင့်ကစား မွေးကို ဖတ်ဖူးသော်လည်း "ကုသိုလ်ကြမ္မာ မမီပါခဲ့" ကို မဖတ်ဖူးကြ၊ "ကုသိုလ်ကြမ္မာ မမီပါခဲ့" ကို ဖတ်ဖူးသော်လည်း "မွေး" ကိုမူ မနမ်းရှုံဖူးကြ။

ပြောရမည် ဆိုပါလျှင် "အတွက်ရေ" နှင့် "ကျွန်တော် တင်အောင်ထွန်း" ဝတ္ထုပရိသတ် သည်လည်း ထိုနည်းတူစွာ ပတ်ချာလည်နေတော့သည်။

ဤသို့ ဖြစ်ရခြင်းမှာ စာရေးဆရာနှင့် ပရိသတ်ကြား ဖြစ်တတ်မြဲ ဓမ္မတာ ဟူ၍သာ ပြောရပါတော့မည်။ ဥပမာအနေအားဖြင့် ပြောရပါလျှင် ဆရာကြီးရွှေဥဒေါင်း၏ ပရိသတ်သည် နည်းနည်းနောနော မဟုတ်။ ထိုနည်းနည်းနောနော မဟုတ်သော ဆရာကြီး၏ ပရိသတ်သည် ဆရာကြီး၏ စာအုပ်အားလုံးကို ဖတ်ဖူးသလားဟု မေးခဲ့သော် အတော်ခက်ဖွယ် ရှိပါသည်။

ရွှေဥဒေါင်း၏ 'ရီ' ဝတ္ထုကြီးကို တရှိက်မက်မက် စွဲလမ်းခဲ့သော ပရိသတ်သည် ရွှေဥဒေါင်း၏ 'ဒိဋ္ဌေဒိဋ္ဌမတ္တံ' စာအုပ်ကြီးကို ဖတ်ဖူးချင်မှ ဖတ်ဖူးပေလိမ့်မည်။ ရွှေဥဒေါင်း၏ 'မျှော်တလင့်လင့်' ပရိသတ်သည် ရွှေဥဒေါင်း၏ 'ပထမံဆရာသိန်း' ကို ကြားဖူးချင်မှ ကြားဖူးပေလိမ့်မည်။ နောက်ထပ် ဥပမာပြစရာ များစွာ ရှိပါသေးသည်။ ဤမျှဖြင့်ပင် စာရေးသူနှင့် ပရိသတ်ကြား ဆက်သွယ်ရေး ဇရိယာပြင်ပ ရောက်နေတတ်ပုံကို ခြုံငုံ သိသာနိုင်ပါပြီ။

စကားစပ်၍ ပြောရလျှင် ပုဂ္ဂိုလ်ရေးအရလည်း အလွန်ရင်းနှီးပြီး သူရေးနေသမျှ စာပေများကိုလည်း သဘောကျလှသော မိတ်ဆွေ စာရေးဆရာကြီးတဦး ရှိသည်။ ထင်နေမိသည်မှာ သူရေးသမျှ စာတွေကို အကုန်ဖတ်ပြီးသားဟူ၍ ထင်တလုံး ဖြစ်နေမိသည်။ မကြာမီကမှ ကိုယ့်ကိုယ်ကိုယ် 'သေဟဲ့ နန္ဒိယ' ဖြစ်ရတော့သည်။ သူ နှစ်ချီပြီး ရေးနေသော တက္ကသိုလ်နောက်ခံ ဝတ္ထုများကို တပုဒ်မှ မဖတ်ဖူးသေးကြောင်း သိလိုက်ရ၍ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း တော်တော်လေး စပ်ဖျဉ်းဖျဉ်း ဖြစ်သွားမိသည်။

တကယ် ဆိုပါမူ မဖတ်ဖူးရကောင်းလားဟု အပြစ်ဆိုဖွယ်ရာတော့ မဟုတ်ပါ။ စာပေသမုဒ္ဒရာသည် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊

ကမ္ဘာ့သမုဒ္ဒရာကြီးများထက် အဆ ရာထောင်မက ကျယ်ဝန်းလှပါသည်။

တခုတော့ ပြောစရာ ရှိပါ၏။ ဖတ်ဖူးသင့်သော စာအုပ်ကိုမူ ဖတ်ဖူးမှသာ ဘဝင်ကျစရာ ရှိပါသည်။ ပြီးပြည့်စုံနိုင်ပါသည်။ ဆိုပါတော့၊ စွယ်စုံကျမ်းလို စာအုပ်မျိုးကို တအုပ်မကျန် ဖတ်ဖူးမှသာ ပြီးပြည့်စုံသော စာဖတ်ခြင်း ဖြစ်ပါမည်။ ပြီးပြည့်စုံသော စာဖတ်ခြင်းသည် ကုံလုံကြွယ်ဝသော သုတ၊ ရသကို ပေးပါသည်။ ကုံလုံကြွယ်ဝသော သုတနှင့် ရသတို့သည် ဘဝခရီးသည်အတွက် ဘဝခရီးခဲကို ဖြတ်သန်းရာ၌ ကောင်းမွန် ချို့မြိန်သော ရိက္ခာထုပ်ကြီး ဖြစ်ပါသည်။

ထိုသို့ ဖတ်ဖူးသင့်သည်ကို ဖတ်ဖူးခြင်း မရှိခဲ့ပါမူ စာဖတ်သူတဦးအတွက် စပ်ဖျဉ်းဖျဉ်း အရသာသည် ချို့မြိန်ခြင်းနေရာ၌ အစားထိုး ဝင်ရောက်လာပေတော့မည် ဖြစ်သည်။ စပ်ဖျဉ်းဖျဉ်း အရသာ၏ နှိပ်စက်ကလူ ပြုမူမှုသည် မည်မျှ နက်ရှိုင်း ထိရှတတ်ကြောင်းကိုလည်း ခံစားဖူးသူတိုင်း အသည်းထက်ဝယ် စွဲလျက် တွယ်နေတတ်သောကိစ္စ ဖြစ်ပါသည်။ ဆိုလိုသည်မှာ စာအုပ်အားလုံးကို ဖတ်ဖူးနိုင်သည် မဟုတ်သော်လည်း ဖတ်ဖူးသင့်သော စာအုပ်ကိုမူ ဖတ်ဖူးဖို့ လိုပါသည်။

ထိုလိုအပ်ချက်ကို မျက်ခြည်မပြတ် မြင်တွေ့သိရှိပြီး ဖြည့်ဆည်းပေးလိုသော စေတနာ၊ ဆန္ဒကြောင့် ဆရာမကြီး ခင်နှင်းယု၏ "ဂန္ထဝင်လေးအုပ်" ကို ထုပ်ထုပ်ပိုက်ပိုက် စုစည်းလိုက်ခြင်း ဖြစ်ပါသည်။

မှန်ပါသည်၊ "မွေး"၊ "ကုသိုလ်ကြမ္မာ မမီပါခဲ့"၊ "အတွတ်ရေ"၊ "ကျွန်တော် တင်အောင်ထွန်း" ဟူသော ဝတ္ထုလေးအုပ်သည် ဆရာမကြီး ခင်နှင်းယု၏ "ဂန္ထဝင် လေးအုပ်" ဖြစ်ပါသည်။

ဆရာမကြီး ခင်နှင်းယု၏ "ဆောင်းတွင်းပန်း"၊ "သခွတ်ပန်း"၊ "ပန်းပန်လျက်ပါ"၊ "သပြေ"၊ "ယဉ်မင်းပိုက်"၊ "မိုးကျော်သူ"၊ "စိမ်းသင့်မှစိမ်း"၊ "မြကြာဖြူ" စသည့် အနုပညာမြောက် လက်ရာများသည်လည်း ထင်ရှားပြီး 'မြကြာဖြူ' သည် ၁၉၉၅ ခုနှစ် အမျိုးသားစာပေဆု ဆွတ်ခူးခဲ့ပါသည်။

ဤနေရာတွင် ဆရာမကြီး ခင်နှင်းယု၏ လုံးချင်းဝတ္ထုများနှင့် စပ်လျဉ်း၍ ပြောပြဖို့ သတိရသည်။ လုံးချင်းဝတ္ထု ဆိုရာတွင် ဝတ္ထုအကြောင်း မဟုတ်ပါ၊ အရေအတွက် ကိန်းဂဏန်းနှင့် စပ်လျဉ်း၍ ဖြစ်ပါသည်။

ဆရာမကြီးခင်နှင်းယု၏ ဝတ္ထု (လုံးချင်း) အရေအတွက်နှင့် ပတ်သက်၍ လောလောဆယ် အနေအားဖြင့် မူကွဲ သုံးမျိုး ပေါ်ပေါက်တွေ့ရှိနေရခြင်းပင် ဖြစ်သည်။ ပထမမူကွဲတွင် ဆရာမကြီး ခင်နှင်းယု၏ ဝတ္ထု (လုံးချင်း) အရေအတွက်ကို ၁၇ အုပ်ဟု ဖော်ပြပြီး ဒုတိယမူကွဲတွင် ၂၆ အုပ်ဟု ဖော်ပြကာ

တတိယမူကွဲတွင်မူ ၆၁ အုပ်တိတိ ဖော်ပြထားခြင်းပင် ဖြစ်ပါသည်။ စတုတ္ထမူကွဲကို တွေ့ရှိရပါလျှင် ကိန်းဂဏန်း အရေအတွက် အရွေ့အပြောင်း ဖြစ်ဦးမည်လား ထင်မြင်မိစရာပင်။

ဆိုလိုသည်မှာ ဆရာမကြီး ခင်နှင်းယုသည် ၁၉၃၈-၃၉ ခုနှစ်ခန့်မှ စတင်၍ ၂၀၀၃ ခုနှစ် ကွယ်လွန်ချိန်အထိ စာပေနယ်တွင် ကျင်လည်လှုပ်ရှားခဲ့ပေရာ ဆရာမကြီး စာပေလက်ရာများသည် မိုးအခါ ပွင့်သော မှိုပွင့်များနှယ် မည်ရွေ့မည်မျှ ဂဏန်းချ၍ တိတိကျကျ ရနိုင်ကောင်းဖွယ် မမြင်ပါ။ သို့သော် သုတေသီများ၊ စာချစ်သူများအနေဖြင့်မူ အနီးကပ် အမှန်ကန်ဆုံး ဖြစ်အောင် အားထုတ်သင့်ပါသည်။

ဆိုရပါမူ ယခု စာဖတ်သူ၏ လက်ဝယ်သို့ရောက်ရှိနေသော “ဂန္ထဝင် လေးအုပ်” စုစည်းမှုသည်ပင် မျက်ခြည်မပြတ်သော စာချစ်သူတို့၏ နှိုးဆော်တိုက်တွန်းချက် စေတနာ၊ မေတ္တာဖြင့် ပေါင်းစည်းမိခြင်း ဖြစ်သည်ဟု ကျေးဇူးတင်စွာ ဆိုရမည် ဖြစ်ပါသည်။

“မွေး” ဝတ္ထုကို ၁၉၅၉ ခုနှစ် (လွန်ခဲ့သော ၅၄ နှစ်ခန့်) တွင် ပထမအကြိမ်အဖြစ် ရှုမဝတိုက်မှ ထုတ်ဝေခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ၁၂ အကြိမ်အဖြစ် “သင်း” စာပေမှ ထုတ်ဝေပါသည်။ “ကုသိုလ်ကြမ္မာ မမီပါခဲ့” ဝတ္ထုကို ၁၉၇၂ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ခေတ်ညွန့်စာပေမှ ထုတ်ဝေခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ချိုတေးသံစာပေမှ ထုတ်ဝေပါသည်။

“အတွက်ရေ” ဝတ္ထုကို ၁၉၇၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ် မိုးပွင့်စာပေမှ ထုတ်ဝေခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ယောမင်းကြီးစာပေမှ ထုတ်ဝေပါသည်။

“ကျွန်တော် တင်အောင်ထွန်း” ဝတ္ထုကို ၁၉၇၇ ခုနှစ်တွင် ခေတ်ညွန့်စာပေမှ ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် စိတ်ကူးချိုချိုစာပေမှ ဒုတိယအကြိမ် ထုတ်ဝေပါသည်။

ဤသို့ဖြင့် “မွေး” မှသည် “ကျွန်တော် တင်အောင်ထွန်း” တိုင် ဂယက်အရွေ့ အချိန် ကာလသည် ၁၈ နှစ်တိုင် ပထမအကြိမ်ထုတ်အနေဖြင့် ရှည်လျား ရင့်ညောင်းခဲ့လေသည်။ တဖန် ပြန်လည်မွေးဖွားသော ဒုတိယအကြိမ်ထုတ်တွင်မူ (မှတ်သားတွေ့ရှိသော အထောက်အထားအရ) “ကုသိုလ်ကြမ္မာ မမီခဲ့ပါ” မှသည် “ကျွန်တော် တင်အောင်ထွန်း” တိုင် ၉ နှစ် ကြာမြင့်ခဲ့ပါသည်။ ဒုတိယအကြိမ်ထုတ်တွင် “ကုသိုလ်ကြမ္မာ မမီပါခဲ့” ကို စတင်ထုတ်ဝေခဲ့ပြီး “မွေး” ကို နောက်မှ ထုတ်ဝေသောကြောင့် “မွေး” မှသည် “ကျွန်တော် တင်အောင်ထွန်း”

ဖြစ်ရမည့်အစား "ကုသိုလ်ကြမ္မာ မမီပါခဲ့" မှသည် "ကျွန်တော် တင်အောင်ထွန်း" ဖြစ်သွားရခြင်း ဖြစ်ပါသည်။

ထပ်မံ၍ ပထမအကြိမ်ထုတ် ကာလများနှင့် ဒုတိယအကြိမ်ထုတ် ကာလများကို စီစစ်ပြန်သော် ထိုဂန္ထဝင်လေးအုပ်၏ သက်တမ်းသည် နှစ်ပေါင်း လေးဆယ်ကျော် ရင့်ညောင်း ရှည်ကြာခဲ့သည်ကို တွေ့ရမည် ဖြစ်ပါသည်။

"ကျွန်တော် တင်အောင်ထွန်း" ကို ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေရာမှ ရေတွက် ကြည့်လျှင်သော်မှ ဆယ်စုနှစ်တခုအား သီသီကလေး စွန်းခဲ့လေပြီ။

ဤမျှ တွက်စစ်ကြည့်လိုက်သောအခါ "မွေး" မှသည် "ကျွန်တော် တင်အောင်ထွန်း" အထိ ဂန္ထဝင်လေးအုပ်တို့၏ နိမ့်တုံ မြင့်တုံ ခေါက်ရှာငှက်ပျံပုံ လောကဓံတရားကို စောကြောနိုင်ပါပြီ။ "ခြအုံလည်း ဖြစ်၊ ဓားထစ်လည်း ခံ" ခဲ့ရသော ဘဝအမောတို့၏ သောကခြေရာအောက်ဝယ် နှစ်ပေါင်း လေးဆယ်ကျော် လျှော်ခတ်ခဲ့ရရှာသော 'မွေး' နှင့် လက်တွဲဖော်တို့သည် လောကဓမ္မတာအားဖြင့် ပျက်သုဉ်း ပျောက်ကွယ်သွားဖွယ်ရာသာ ရှိပါတော့သည်။

သို့သော် "မွေး" နှင့် လက်တွဲဖော်တို့သည် "ငါ၏ ဦးခေါင်းသည် သွေးခြင်းခြင်းဖြင့် ရဲရဲနီခဲ့စဉ်ကလည်း ငါသည် မညွတ်" ဟူသော ထုံးကို နှလုံးမူလျက် ဖြစ်ခြင်း၊ ပျက်ခြင်း တရားသဘောအား သတိကပ် ဆင်ခြင်ကာ မမှိတ်မသုန် ချီတက်ခဲ့ကြပါသည်။

ဤသဘော၊ ထိုသဘောကို ယခုနှယ် ပြောပြရသည်မှာ လွယ်မယောင် ရှိပါ၏။ လက်တွေ့ ဖြတ်သန်းခဲ့ရာ ခရီးတာကို ပြန်ပြောင်း ငုံ့စောင်းကြည့်ပါဘိမူ ရဲရဲအလျှံ အတိလွှမ်းသော ခရီးလမ်းသည် သည်းတုန်ဘနန်း ရှိလှဘိခြင်း။

'မွေး' သည်လည်းကောင်း၊ "ကုသိုလ်ကြမ္မာ မမီပါခဲ့' သည်လည်းကောင်း၊ 'အတွတ်ရေ' သည် လည်းကောင်း၊ 'ကျွန်တော် တင်အောင်ထွန်း' သည်လည်းကောင်း နိုင်ငံရေး အရေးတော်ပုံကြားမှာ သန္ဓေတည် မွေးဖွားလာခဲ့ရပြီး တဖန်တုံမျှသာမက နှစ်ဖန်တုံ၊ သုံးဖန်တုံ၊ လေး ငါး ခြောက်ဖန်တုံ အဖုံဖုံ တိုက်ခတ် မွှေနှောက်ခဲ့သော နိုင်ငံရေးမုန်တိုင်း အရိုင်းရိုင်းတို့ကြားဝယ် မှောက်ချည် တခါ၊ လန်ချည် တလှည့် ကြီးပြင်း ရှင်သန်လာခဲ့ရသည်မှာလည်း နဖူးတွေ့ ဒူးတွေ့ ရင်ဝကို အတွန်းခံခဲ့ရသူများအတွက် တသက်တာမက ဆယ်သက် ဆယ်ကမ္ဘာ မမေ့ရက်နိုင်စရာ ဖြစ်ပါသည်။

ဆိုလိုသည်မှာ 'မွေး' နှင့် ဆက်စပ် ပတ်သက်နေသော အမည်နာမ၊ အရပ်ဒေသ၊ အဖွဲ့အစည်း၊ လှုပ်ရှားမှု တစုံတရာတို့ကို အကြောင်းပြု၍ စာပေကင်ပေတိုင်သည် ရေနွေးလောင်း၊ လက်သည်းခွံခွာ ပညာခန်း

ပြုလိုက်ကြသည်မှာ စာပေရာဇဝင်မဟာတွင် စာတင်ကာ ထားရမလောက်ပင် မဟုတ်ပါလား။

ရှိပါစေတော့၊ ဝဋ်ကြွေးကြမ္မာ မလွတ်သာ ဟူ၍သာ ဆင်ခြင်ရပါ၏။

ပြောလိုသည်မှာ ဤ "ဂန္ထဝင်လေးအုပ်" ၏ အာယုသိဒ္ဓိ ပြီးမြောက်ပုံပင် ဖြစ်ပါသည်။ ယနေ့အခါကို စည်းသား၍ 'ဂန္ထဝင်လေးအုပ်' ၏ အာယုသက်တမ်းကို ခန့်မှန်းကြည့်ပါမူ အထက်တွင် ဆိုခဲ့သည့်အတိုင်း နှစ်ပေါင်းငါးဆယ် သီသီစွန်းခဲ့လေပြီ။ တနည်းအားဖြင့် 'ဂန္ထဝင်လေးအုပ်' ၏ ရွှေရတု ဟူ၍ ဆိုနိုင်ပါသည်။

ယခုအခါ "ဂန္ထဝင်လေးအုပ် ဖန်တီးရှင်" ဆရာမကြီး ခင်နှင်းယုသာ သက်ရှိထင်ရှား ရှိခဲ့ပါမူ ၈၈ နှစ်တင်းတင်း ပြည့်ခဲ့မည် ဖြစ်ပါသည်။ ဆရာမကြီး ခင်နှင်းယုသည် အသက် ၇၈ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ရှာသည် ဖြစ်ပေရာ ဆရာမကြီး ခင်နှင်းယု ကွယ်လွန်ပြီးနောက် ဆယ်နှစ်အလွန်တွင်မှ ဤ 'ဂန္ထဝင်လေးအုပ်' ကို စုစည်းထုတ်ဝေဖြစ်သည်မှာလည်း မှတ်မှတ်ရရ ထူးခြားချက်တရပ်ဟုပင် ဆိုရမည် ဖြစ်ပါသည်။

ဟုတ်ပါသည်၊ ထူးခြားသည်မှာ အမှန်မုချပင် ဖြစ်ပါ၏။

ဆိုခဲ့သည့်အတိုင်း ဤ 'ဂန္ထဝင်လေးအုပ်' သည် နိုင်ငံရေးမုန်တိုင်း၊ လောကဓံမုန်တိုင်း အရိုင်းရိုင်းတို့ကြားတွင် မုန်တိုင်းမိသော ကျေးငှက်လေးများပမာ တကွဲတပြား၊ တသီးတခြား ရပ်တည်ခဲ့ရကြောင်း ပေါ်လွင်နေပါပြီ။

သို့သော် အနေဝေးသော်လည်း သွေးက စကားပြောသည် ဟူဘိသို့ "မွေး"၊ "ကုသိုလ် ကြမ္မာ မမီပါခဲ့"၊ "အတွတ်ရေ"၊ "ကျွန်တော် တင်အောင်ထွန်း" စသည့် ကျေးညီနောင် လေးဖော်တို့သည် တဖော်နှင့် တဖော် လွမ်းတမျှော်၍သာ သွေးနွေးခဲ့ကြပါသည်။

ဆိုလိုသည်မှာ "မွေး" နှင့် "ကုသိုလ်ကြမ္မာ မမီပါခဲ့"၊ "ကုသိုလ်ကြမ္မာ မမီပါခဲ့" နှင့် "အတွတ်ရေ"၊ "အတွတ်ရေ" နှင့် "ကျွန်တော် တင်အောင်ထွန်း" တို့သည် တယောက်ခေါင်း တယောင် နင်းပြီး သန့်စင်မွေးဖွားလာခဲ့သည့် သွေးချင်းအရင်းအချာများ ဖြစ်ခြင်းပင် ဖြစ်ပါသည်။ ရိုးရိုးလေး ပြောရပါလျှင် ထိုဝတ္ထုလေးအုပ်သည် တအုပ်နှင့် တအုပ် ဆက်စပ်နေခြင်းပင် ဖြစ်ပါသည်။

တခု သတိပြုစေလိုသည်မှာ "ကုသိုလ်ကြမ္မာ မမီပါခဲ့" သည် "မွေး" ၏အဆက်ဟု မဆိုခြင်းပင် ဖြစ်သည်။ ထိုနည်းတူစွာပင် "အတွတ်ရေ" သည် "ကုသိုလ်ကြမ္မာ မမီပါခဲ့" ၏ အဆက်ဟုလည်း မပြောသလို "ကျွန်တော် တင်အောင်ထွန်း" သည်

"အတွက်ရေ" ၏ အဆက်လည်း မဟုတ်ပါ။

ဆရာမကြီး ခင်နှင်းယုကိုယ်တိုင်သည်ပင်လျှင် ထိုစာအုပ်များ၏ အဆုံးသတ်၌ "ဆက်ရန်" ဟူသော ဝေါဟာရကို အသုံးမပြုခဲ့ပါ။

ထိုအချက်သည် ဝတ္ထုလောက၌ အလွန် တွေ့ရခဲပြီး တော်ရုံတန်ရုံ ကလောင် ခွန်အားမျိုးနှင့်လည်း တည်ဆောက်ခြယ်မှုန်းရန် တွန့်ဆုတ်လှသောကိစ္စ ဖြစ်ပါသည်။

စကားမစပ် ပြောရပါလျှင် မြန်မာ့ဝတ္ထုလောက၌ လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့သော၊ နာမည်ကြီးနေဦးမည်လည်း ဖြစ်သော ဂန္ထဝင်ဝတ္ထုကြီးတအုပ် ရှိပါသည်။ ထိုဝတ္ထုကြီး ထွက်ရှိလာပြီး ကာလအတန်ကြာသောအခါ ထိုဝတ္ထုကြီး၏ နောက်ဆက်တွဲအဖြစ် ဝတ္ထုတပုဒ်ကို စာရေးဆရာသည် ရေးသား ထုတ်ဝေလိုက်ပါသည်။ ထိုနောက်ဆက်တွဲ ဝတ္ထုကြီးကို ဖတ်လိုက်ရသောအခါ မူလပထမ နာမည်ကြီးဝတ္ထုကြီးကို ဖတ်ဖူးထားသော ပရိသတ်ကြီးခမျာ ဦးနှောက် ချာချာလည်သွားကြပါသည်။ အကြောင်းမူ နောက်ဆက်တွဲဝတ္ထုကြောင့် မူလ ပထမဝတ္ထုကြီးမှာ သဲထဲရေသွန်သလို ဖြစ်သွားခြင်းပင် ဖြစ်ပါသည်။

စာရေးဆရာထံသို့လည်း မူလပထမဝတ္ထုကြီး၏ စာဖတ်ပရိသတ်ထံမှ 'ဆန္ဒဖော်ထုတ်သံများ' ဆူညံစွာ ရောက်ရှိလာခဲ့လေရာ ကာယကံရှင် စာရေးဆရာသည် နောက်ဆက်တွဲ ဝတ္ထုစာအုပ်အား အလျင်အမြန် ပြည်ဖုံးကားချခဲ့ရပါသည်။

ပြောချင်သည်မှာ စာရေးဆရာ၊ ဆရာမတို့သည် "ဆက်ရန်"၊ "နောက်ဆက်တွဲ" စသည့် စာပေမျိုးကို တည်ဆောက်ခြယ်မှုန်းရန် အလွန် ဝန်လေးကြပါသည်။ ဤသို့ ဝန်လေးမှုမျိုးသည် မြန်မာ့စာပေလောကတွင်သာမက ကမ္ဘာ့စာပေလောကတွင်လည်း သာဓက များစွာ ရှိပါသည်။ အနီးစပ်ဆုံး ဥပမာတခုကို ပြောရပါလျှင် "လေရူးသုန်သုန်" နှင့် "စကားလက်" တို့ပင် ဖြစ်ပါသည်။

ဆရာမကြီး ခင်နှင်းယုသည် ထိုကဲ့သို့ အလွန် အန္တရာယ် ကြီးမားပြီး ဝန်လေးလှသော စာပေဝန်ထုပ်ကြီးကို လိမ္မာကျွမ်းကျင်စွာ သယ်ပိုးသွားခဲ့ပါသည်။ ထိုသယ်ပိုးမှုသည် ဆိုခဲ့ရာ "ဂန္ထဝင် လေးအုပ်" ပင် ဖြစ်ပါသည်။

ထိုလေးအုပ်သည် တအုပ်ချင်း ဖတ်လျှင်လည်း ရသမြောက်ပါသည်။ တအုပ်ပြီးတအုပ် ဆက်နွှယ် ဖတ်ရှုသွားလျှင်လည်း တသိမ့်သိမ့် ခံစားရပါသည်။ ထို့ကြောင့်ပင် ဖြစ်မည် ထင်ပါသည်။ တအုပ်ချင်း ဖတ်ဖူးသူများသည် ထိုတအုပ်နှင့်ပင် ကျေနပ်ရောင့်ရဲသွားကြသည်။ အခြား တဖက်တွင်မူ တအုပ်ပြီး

တအုပ်၊ "မွေး" ပြီးလျှင် "ကုသိုလ်ကြမ္မာ မမီပါခဲ့" ကို ဖတ်မိသူသည် "အတွတ်ရေ" ကို တောင့်တောင့်တတ ဖတ်ချင်လာပြီး "ကျွန်တော် တင်အောင်ထွန်း" ကိုပါ ဆက်ဖတ်လိုက်ရမှ အာသာဆန္ဒ ပြည့်ဝသွားလေတော့သည်။

ထိုသို့ ဖြစ်ရသည်မှာ ဆရာမကြီးခင်နှင်းယု၏ "လိမ္မာကျွမ်းကျင်စွာ သယ်ပိုးသွားခဲ့ခြင်း" ပင် ဖြစ်ပါသည်။ ဆရာမကြီးခင်နှင်းယု၏ "လိမ္မာကျွမ်းကျင်စွာ" သယ်ပိုးသွားခဲ့သော စာပေဖန်တီးမှု အတတ်ပညာကို ရင်းနှီးကျွမ်းဝင်လိုသူများအတွက်မူ ထို "ဂန္ထဝင်လေးအုပ်" စလုံးအား ထဲထဲဝင်ဝင် နှိုက်နှိုက်နှဲနှဲ ချဉ်းကပ်မိဖို့ လိုပါသည်။

ချဉ်းကပ်မိလျှင် ဝတ္ထုတပုဒ်တွင် အရေးပါဆုံး အချက်တရပ်ဖြစ်သော "ဇာတ်ဆောင်စရိုက်" ၏ အသက်ဝင်မှုကို လှိုင်းတံပိုးကြီးများ တလိမ့်လိမ့် တက်လာသည့်နှယ် ရင်ခုန်လှိုက်မောဖွယ် တွေ့လာရပါလိမ့်မည်။ စာရေးသူများကြား အချေအတင် အကျောက်အကန် ပြောရလေ့ ရှိသော "စရိုက်သေ" (စရိုက်ငြိမ်) နှင့် "စရိုက်ရှင်" တို့ အကြောင်းကို ကျေနပ်လက်ခံလာနိုင်သည်အထိ ငြိသွားပေလိမ့်မည်။ ဤ "ဂန္ထဝင်လေးအုပ်" စလုံးတွင် "စရိုက်သေ" နှင့် "စရိုက်ရှင်" တို့၏ သဘောသဘာဝကို ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ ဖော်ကျူးထားသည် ဖြစ်သော်ငြား ထိုသဘောသဘာဝ နှစ်မျိုးကို ဖတ်ရင်းသားမှ ထိုးထွင်းသိမြင်ခွင့်ကို ရရှိလေသောအခါဝယ် ရှင်းခနဲ ကွင်းခနဲ ဝင်းခနဲ ဖြစ်သွားရသော အရသာသည် အလွန်ထူးခြားလှပါပေသည်။

အဓိက ဇာတ်ဆောင်များ ဖြစ်ကြသော မွေး၊ အတွတ်၊ ကိုကိုနိုင်၊ တင်အောင်ထွန်း စသည်တို့၏ ကိုယ်အမူအရာ၊ စိတ်အမူအရာ၊ နှုတ်အမူအရာတို့ကို ဆရာမကြီး ခင်နှင်းယု ကိုင်တွယ်ထိန်းကျောင်းသွားပုံသည် အလွန်ကျွမ်းကျင်လိမ္မာလှသော ရုပ်သေးကြိုးဆွဲဆရာနှင့် တင်စားရမည် ဖြစ်ပါသည်။

အထက်တွင် ညွှန်းဆိုခဲ့သည်ကို မှီခို၍ ဆိုရပါလျှင် ဆရာမကြီး ခင်နှင်းယု၏ ဂန္ထဝင်လေးအုပ်သည် စိတ်ကောင်းမှာ သန္ဓေတည် မွေးဖွားလာသော စာကောင်းများပင် ဖြစ်ပါ သည်။

ဟုတ်ပါပြီ။ ဤစာသည် "အမှာစာ" မဟုတ်သလို "စာပေဝေဖန်ရေး" လည်း မမည်ပါသောကြောင့် ဤမျှ ညွှန်းဆိုမှု ပြုရသည်ကပင် စာဖတ်သူအား တစုံတရာ မဖွယ်မရာ ပြုမိမည်ကို စိုးရိမ်လှပါသည်။

ပြောခွင့်ပြုဦးမည် ဆိုပါလျှင် ဤသို့ ပြောခွင့်ပြုစေချင်ပါသည်။

ဆရာကြီး ဇန်းမော်တင်အောင်သည် မကွယ်လွန်မီ နာရီပိုင်းအလို၌

သားဖြစ်သူ "ဗဟိန်းအောင်" အား ဆုံးမ မှာကြားခဲ့ပါသည်။

"အချို့ဟာ သမိုင်းရဲ့တာဝန်တွေကို ရဲရဲရင့်ရင့် ထမ်းဆောင်ခဲ့ကြတယ်။ အချို့ကျတော့ သမိုင်းတာဝန်ကို မကျေပွန်ကြဘူး။ လူတယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်း ကျော်လွှန်နေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူ ဘယ်လောက် သယ်ပိုး ထမ်းဆောင်ခဲ့တယ် ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ"

ဆရာမကြီး ခင်နှင်းယု၏ ဂန္ထဝင်လေးအုပ်ဟု ဆိုအပ်သော "မွေး"၊ "ကုသိုလ်ကြမ္မာ မမီပါခဲ့"၊ "အတွတ်ရေ"၊ "ကျွန်တော် တင်အောင်ထွန်း" ဝတ္ထုကြီးလေးအုပ်အား ပုလဲသီ တကုံးစီ ဖြစ်နေရာမှ ထုပ်ထုပ်ပိုက်ပိုက် စီစဉ်တင်ဆက်လိုက်ရခြင်းသည် ပခုံးပေါ် တင်ပေးလိုက်သော တာဝန်တရပ်အား သယ်ပိုးထမ်းဆောင်ခြင်းဟု မခံယူဝံ့သော်လည်း သမိုင်းအဆောက်အအုံကြီးအတွက် အုတ်တချပ်၊ သဲတပွင့် ဖြစ်ပါဘိမူ ဝမ်းသာကျေနပ်ခွင့်ကို ပေးစေလိုပါသည်။

တက္ကသိုလ်တင်ဟန်ကျော်

ကံ့ကော်ဝတ်ရည်စာပေ


ခင်နှင်းယု

မွှေး

မွေးက မွေ့ခဲ့တဲ့အကြောင်းကို ရေးမိပါတယ်

ဖိုးသောကြာ

ဖိုးသောကြာနဲ့ မစု (ခင်နှင်းယု) တို့ ခင်မင်ရင်းနှီးတာ (၄၅) နှစ်ကျော်ကြာပါပြီ။ မစုရဲ့ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးကျော်သောင်းကျန်းမာရေးမကောင်းလို့ 'မြရတနာ' (မမလေးဒေါက်တာမြမြအေး) ဆေးခန်းမှာ တက်ရောက်ကုသချိန် ၁၉၆၉-ခုနောက်၊ ဆုံးပါးချိန်အထိပေါ့။ အဲဒီနောက်ပိုင်းမှာတော့ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ အဆက်အသွယ်ပြတ်ခဲ့ကြပေမယ့် စိတ်ကတော့ အမြဲရင်းနှီးနေခဲ့ပါတယ်။

ဖိုးသောကြာ ရေးချင်တာက မစုရဲ့ဂန္ထဝင် 'မွေး' အကြောင်းပါ။ ၁၉၆၀ ခုနှစ်ကပါ 'မွေး' ကို 'ပြည်တော်အေးရုပ်ရှင်' က ပွဲဦးထွက်ရုပ်ရှင်တကားအဖြစ် ဖန်တီးချင်ပါတယ်။ ဖိုးသောကြာက တိုက်တွန်းသူပါ။ ပြည်တော်အေးမှာ ပွဲခွန်တော်အင်စပက်တော် Entertainment က ထွက်ပြီး၊ ရုပ်ရှင်လုပ်ငန်းထဲ ဝင်လာတဲ့ ဦးကျော်စိုး (ဘိတ်ကလာတဲ့ ငံပြာရည်) အိပ်ဆယ်စီယာ (ယခုဝဇီရာ) ရုပ်ရှင်ရုံပိုင်ရှင် ဦးရဲမြင့် (ရုပ်ရှင်မင်းသား ကွယ်လွန်သူ ကျော်သက်၏ဖခင်) နဲ့ လိုက်ဟောက်စ် (ယခုရွှေ့ဆောင်) ရုပ်ရှင်ရုံမန်နေဂျာ ဦးသိန်းအောင်တို့ ရှိနေကြပါတယ်။ အားလုံးက ဖိုးသောကြာရဲ့ ဘော်ဒါတွေပါ။ ဝါးခယ်မသား ဒါရိုက်တာဦးချစ်ခင်ကို မစုဆီက 'မွေး' ဝတ္ထုကို ဥာဏ်ပူဇော်ခပေးပြီး ရုပ်ရှင်အဖြစ် ဖန်တီးကြဖို့ ကန်တော့ပွဲပေးပြီးသွားပြီ။ ဒါပေမဲ့ ရုပ်ရှင်ကားက တလမှကျမလာဘူး။ ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ပေါ့။ ကိုကျော်စိုးက မြို့မရုပ်ရှင်ရုံ အပေါ်ထပ်မှာနေတယ်။ လဲကျလို့ ဒဏ်ရာအနာတရဖြစ်တယ်။ တခုပြီးတခုပေါ့။ သတင်း အမျိုးမျိုးနဲ့။

ဖိုးသောကြာက ဗမာ့ခေတ် (ယခင်အသုံး) သတင်းစာ သောကြာနေ့ ရုပ်ရှင်ခန်းမှာ အဲဒီအကြောင်းကို ရေးတယ်။ မွေးကို 'မွေ့' လို့ ခေါင်းစဉ်တပ်ရေးခဲ့တယ်။ 'မွေး' ကတော့ 'မွေ့' နေပြီ ဆိုတဲ့သဘောပေါ့။ နောက်တော့ ပြည်တော်အေးရုပ်ရှင်က မွေးဇာတ်လမ်းမှာပါတဲ့ အာရောဂျံ ဆေးရုံရှိတဲ့ အိန္ဒိယနိုင်ငံ မဒရပ်စ်မြို့မှာ မွေးရဲ့ဇာတ်ဝင်ခန်း သွားရိုက်ကြတယ်။ တိုက်ဆိုင်ချင်တော့ အိန္ဒိယနိုင်ငံ နယူးဒေလီမှာ အိန္ဒိယနဲ့ အိမ်နီးချင်းသုံးနိုင်ငံ မြန်မာ၊ ပါကစ္စတန်နဲ့ သီရိလင်္ကာ (အဲဒီအချိန်က သီဟိုဠ်) က သတင်းစာအယ်ဒီတာများ ကွန်ဖရင့်လုပ်မှာမို့ မြန်မာနိုင်ငံက ပါဝင်တက်ရောက်ဖို့ ဖိတ်တယ်။ အိန္ဒိယကို မြန်မာပြည်က သတင်းစာဆရာတွေက ဘယ်သူမှ မသွားချင်ကြဘူး၊ အဲဒီတုန်းက

ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် ဦးခင် (နောင် ကုလသမဂ္ဂ ပြန်ကြားရေး) က ဗမာ့ခေတ်သတင်းစာ တာဝန်ခံ အယ်ဒီတာအဖြစ် ဖိုးသောကြာကို အိန္ဒိယကို လိုက်ဖို့ပြောတယ်။ ဖိုးသောကြာက ငြင်းတယ်။ အဲဒီအချိန် (၁၉၆၁) မှာ ဗမာ့ခေတ်က ဦးလေး (ဗမာ့ခေတ်ဦးအုန်းခင်) နဲ့ အန်တီခင် (ဒေါ်ဒဂုန်ခင်ခင်လေး) တို့ရဲ့ အိမ်ထောင်ရေး မှုန်တိုင်းက 'လေဖိအားနည်းရပ်ဝန်း' ဖြစ်ပေါ်နေပြီ။ ဒါပေမဲ့ ဦးခင်က မရဘူး။ အတင်းထိုးထည့်တာနဲ့ ဖိုးသောကြာလည်း မလိုက်ချင် လိုက်ချင်နဲ့ မြန်မာ့အလင်း အယ်ဒီတာချုပ် ဦးစိုးမောင် (သာဂရ ငစိုး) ကိုလည်း ခင်မင်အားနာတာမို့ လိုက်ခဲ့ရတယ်။

နယူးဒေလီ အယ်ဒီတာ ကွန်ဖရင့်အပြီး အိန္ဒိယနိုင်ငံတဝန်းကို လေ့လာရေးထွက်ဖို့ ခရီးစဉ်ဆွဲတော့ ဖိုးသောကြာက မဒရပ်စ်က စထွက်ဖို့ အကြံပေးတယ်။ အကြောင်းက မဒရပ်စ်မှာ 'မွေး' ဇာတ်ကား ရိုက်မယ့်အဖွဲ့ ရှိနေတာကို ဖိုးသောကြာတို့အဖွဲ့ (ပါကစ္စတန်က မောနင်းစတား အင်္ဂလိပ်ဘာသာထုတ် သတင်းစာအယ်ဒီတာ မစ္စတာမူစတာရှား၊ ဂျန့် (Junk) သတင်းစာ (ပါကစ္စတန်ဘာသာထုတ်) က အယ်ဒီတာ 'မစ္စတာဒီဇူဇာ' တို့လည်း ပါကြတယ်။ မြန်မာ့အလင်း ဦးစိုးမောင်ကတော့ 'ဗုဒ္ဓဂါယာ' မှာ တရားသွားထိုင်ရင်း စောင့်နေမယ်ဆိုပြီး 'ဒေလီ' ကနေ 'ဂါယာ' ကို သွားလိုက်လို့ ပါမလာတော့ဘူး။

မဒရပ်စ်လေဆိပ်အရောက်မှာ လာကြိုတဲ့ မြန်မာကောင်စစ်ဝန်ကို ရောက်ရောက်ချင်း မေးကြည့်တော့ 'မွေး' ရုပ်ရှင်ရိုက်အဖွဲ့ ရှိနေကြောင်း တည်းခိုသောနေရာကို သိကြောင်း ပြောပြပါတယ်။ ဖိုးသောကြာက လိုက်ပို့ပေးဖို့ အကူအညီတောင်းပြီး ဖိုးသောကြာတို့ တည်းရမယ့် ဟိုတယ် အိုရှင်းနစ် (Hotel Oecanic) ကို မွန်းလွဲတစ်နာရီမှာ ချိန်းကြပါတယ်။ 'မွေး' ရုပ်ရှင်အဖွဲ့က တည်းနေရတဲ့နေရာက အလွန်ဈေးချိုပြီး၊ အသင့်အတင့်သာရှိတဲ့ တည်းခိုခန်းတခုပါ။ ဖိုးသောကြာ ရောက်သွားတော့ ဦးသိန်းအောင်ရယ်၊ မင်းသားကြီး ကျော်ဆွေ၊ မင်းသမီး မြင့်မြင့်ခင်၊ မြင့်မြင့်ခင်ရဲ့ ခင်ပွန်း ဦးခင်မောင်ညွန့်တို့ ဝမ်းသာအံ့သြပေါ့။ မင်းသားကြီး ကျော်ဆွေက ဖိုးသောကြာရဲ့ ရုပ်အင်္ကျီအိတ်ထဲက ခရီးသွားချက် (T.C) ကိုတွေ့ပြီး၊ "ဟာ... ကိုခင်မောင်လေးတို့ကတော့ T.C နဲ့ပါလား၊ ကျုပ်တို့ကတော့ FE မရလို့ အစားအသောက်ကအစ ဒုက္ခရောက်နေကြတာ ပြောကြပါတယ်။ ဒါနဲ့ ဖိုးသောကြာက "ခင်ဗျားတို့ကို ဒီညနေ ထမင်းကျွေးမယ်ဗျာ" လို့ ဖိတ်လိုက်တယ်။ ဖိုးသောကြာ တည်းနေတဲ့ ဟိုတယ်မှာ ကျွေးမယ်လို့ပြောတော့ အတူပါလာတဲ့ မြန်မာကောင်စစ်ဝန်ကြီးက "ကျွန်တော် ကျွေးပါရစေခင်ဗျာ။ ဟိုတယ်မှာတော့ မဟုတ်ဘူး။ ကျွန်တော်တို့ စားနေကျဆိုင်ပါ။ ကောင်းပါတယ်" ဆိုပြီး ချိန်းလိုက်ကြတယ်။

'ညနေစာ' စားကြတဲ့ ဆိုင်အပေါ်ထပ်မှာ သီးသီးသန့်သန့်လေး

လုပ်ထားပါတယ်။ ဆိုင်တခြမ်းမှာတော့ မဒရပ်တက္ကသိုလ်က ကျောင်းသူ၊ ကျောင်းသားတဖွဲ့ လူ (၃၀) ယောက်လည်း သူတို့အစီအစဉ်နဲ့သူတို့ရှိနေကြတယ်။

ဖိုးသောကြာက "အိန္ဒိယမင်းသား ဒီလစ်ကူးမားတို့၊ ရပ်ဂျ်ကပူးတို့ ရန်ကုန်လာတုန်းကတော့ ခင်ဗျားတို့တတွေ ဝိုင်းဧည့်ခံလိုက်ကြတာ၊ ခင်ဗျားတို့ကို လာမဆက်သွယ်ဘူးလား" လို့မေးတော့ "ကျွန်တော်တို့ ဒီရောက်နေတာတောင် မသိကြဘူးဗျာ" လို့ မင်းသား ကြီးကျော်ဆွေက ပြောပါတယ်။ "ကျွန်တော်ကတော့ ဒီမှာ လွတ်လပ်တယ်ဗျို့။ လမ်းဘေးမှာ မတ်တတ်ရပ် အပေါ့သွားရင်တောင် သိတဲ့လူမရှိဘူးဗျ" တဲ့။

ဦးသိန်းအောင်က သူတို့ မနက်ဖြန် မဒရပ်စ်မှာ ရုပ်ရှင် စရိုက်မယ့်အကြောင်း ကားနဲ့ ကင်မရာတင်ရိုက်ဖို့ ကားနောက်တွဲယာဉ် စီစဉ်ရတာကအစ ခက်ခဲပုံတွေ ရှင်းပြတယ်။ ရိုက်မယ့်အခန်းက အတွတ် (ကျော်ဆွေ) နဲ့ မွေး (မြင့်မြင့်ခင်) တို့ ပင်လယ်ကမ်းစပ်မှာ လမ်းလျှောက် စကားပြောခန်း။

ဖိုးသောကြာက "ကျွန်တော် မလာနိုင်တော့ဘူးဗျာ။ မနက်ဖြန်မနက် ဘုံဘေကို ဆက်ထွက်ရမယ်။ ရန်ကုန်ရောက်မှ တွေ့ကြတာပေါ့ဗျာ" လို့ ပြောရတယ်။ အိန္ဒိယက ကမ္ဘာမှာ ဒုတိယအကြီးဆုံး၊ ရုပ်ရှင်လုပ်ငန်းကြီးနိုင်ငံ ဖြစ်တယ်ခင်ဗျ။ ဘုံဘေက အိန္ဒိယရဲ့ (ဟောလီးဝုဒ်) ဖြစ်ပြီး၊ (မဒရပ်စ်) က ဒုတိယမြို့တော်ဖြစ်တယ်။ အနုပညာမှာ 'မဒရပ်စ်' က မြင့်တယ်ခင်ဗျာ။ မန္တလေးလိုပေါ့။

ဖိုးသောကြာတို့နဲ့ ခန်းမတခုထဲမှာ ရှိနေကြတဲ့ မဒရပ်စ် တက္ကသိုလ်ကျောင်းသူတဦးနဲ့ ကျောင်းသားတဦးက ဖိုးသောကြာတို့ကို ကွက်ကြည့်လုပ်နေတယ်။ ဖိုးသောကြာကမေးတော့ "ခင်ဗျားတို့ မြန်မာပြည်ကလား" တဲ့။ "ဟုတ်တယ်" လို့ ပြောတော့ "ကျွန်တော့်ဆွေမျိုးတွေ မြန်မာပြည်မှာ ရှိတယ်" တဲ့။ ဒါကြောင့် "ကျွန်တော်က မြန်မာတွေပဲထင်လို့ ကြည့်မိတာပါ" တဲ့။ ဖိုးသောကြာက "ဘယ်မြို့မှာလဲ" လို့မေးတော့ "တောင်ငူဧယျာဝတီ" မှာတဲ့။ ဒါနဲ့ ဖိုးသောကြာက "သူတို့က မြန်မာနိုင်ငံမှာ အကျော်ကြားဆုံး ရုပ်ရှင်မင်းသား၊ မင်းသမီးတွေဖြစ်တယ်" လို့ ပြောပြီး နာမည်ပြောပြတယ်။ သူတို့က "ဝမ်းနည်းပါတယ် မသိပါဘူး" တဲ့။ "မင်းတို့ ဒီလစ်ကူးမားနဲ့ ရပ်ဂျ်ကပူး (အိန္ဒိယ ရုပ်ရှင်မင်းသားတွေ) ကို သိလား" ဆိုတော့ သူတို့က သိပ်သိကြတာပေါ့ဗျာတဲ့။ "အေး... သူတို့ 'ဒီလစ်ကူးမားနဲ့ ရပ်ဂျ်ကပူး' တို့ရဲ့ရုပ်ရှင်မိတ်ဆွေတွေပဲ။ သူတို့လိုပဲ မြန်မာပြည်က ကျော်ကြားတဲ့ ရုပ်ရှင်မင်းသား မင်းသမီးတွေပဲ" လို့ ခပ်ကြွားကြွားပြောလိုက်တော့ သူတို့တတွေ အံ့သြတဲ့မျက်နှာနဲ့ သူတို့အချင်းချင်းလည်း ပြောပြကြတယ်ထင်ပါရဲ့။ ကျော်ဆွေနဲ့ မြင့်မြင့်ခင်ကို လှမ်းလှမ်းကြည့်နေကြတာ ဖိုးသောကြာ သတိထားမိသဗျ။

'မွေး' အဖွဲ့ လမ်းခွဲပြီး ဖိုးသောကြာ 'ဘုံဘေ' ကိုရောက်သွားပါတယ်။ ဖိုးသောကြာတို့အဖွဲ့ရဲ့ ဆက်သွယ်ရေးအရာရှိ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက ပြန်ကြားရေးအတွင်းဝန် မစ္စတာ ရှုကလားကို ဖိုးသောကြာက မင်းသား ဒီလစ်ကူးမားနဲ့ တွေ့ချင်တယ်။ စီစဉ်ပေးပါလို့ ပြောတော့ မစ္စတာရှုကလား မျက်လုံးပြူးသွားပါတယ်။ ခင်ဗျားက 'ဒီလစ်ကူးမား' ကို ဘယ်လိုသိတာလဲ။ ရင်းနှီးလားလို့ မေးတယ်။ ဖိုးသောကြာက ရန်ကုန်လာတုန်းက သိတဲ့အကြောင်း အိန္ဒိယ ရုပ်ရှင်စာစောင် မဂ္ဂဇင်း၊ အုပ်စု မီဒီယာကြီး (RUBY) ရဲ့အယ်ဒီတာချုပ်ကိုပါ သိတဲ့အကြောင်း ပြောပြတော့ 'မစ္စတာရှုကလား' က သူတို့ကို တွေ့ဖို့မလွယ်ဘူး၊ 'ဘုံဘေ' က ရုပ်ရှင်မြို့ဖြစ်လို့ ရုပ်ရှင်ဆက်သွယ်ရေး အရာရှိတွေရှိတယ်။ ဆက်သွယ်ကြည့်မယ်လို့ ပြောပါတယ်။ အဲဒီနေ့ညနေမှာပဲ 'ဒီလစ်ကူးမား' နိုင်ငံခြားကို ခရီးထွက်နေကြောင်း၊ လေးလေးစားစား ပြန်ကြားလာပါတယ်။

ဖိုးသောကြာ ရန်ကုန်ပြန်ရောက်တော့ ဒီအကြောင်းတွေကို ဗမာ့ခေတ်သတင်းစာ သောကြာရုပ်ရှင်ခန်းမှာ ရေးပါတယ်။ ဖိုးသောကြာ ရေးတာကို ဖတ်ရတဲ့ 'မစု' က ဖိုးသောကြာကို ဖုန်းဆက်ပြီး အကျိုးအကြောင်း မေးလာပါသေးတယ်။

ဖိုးသောကြာနဲ့ မစုတို့ရဲ့အမှတ်တရတခုကို မစု ကွယ်လွန်ခဲ့ရှာပြီဖြစ်လို့ အလွမ်းပြေ ရေးမိတာပါခင်ဗျ။ မစုကောင်းရာ သုဂတိကို ရောက်မှာပါ။

ဖိုးသောကြာ

ပေါ်ပြူလာ၊ တွဲ - ၇၊ အမှတ် - ၆၊

(၁၁-၂-၂၀၀၃)

"ယခုလိုအချိန်သို့ ရောက်ပြီဆိုလျှင် အတွတ်နှင့်မွေးတို့ အတူတကွ မွေးဖွားခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွက်များထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်"

ဤစကားလုံးများနှင့် မွေးဝတ္ထုကို ကျွန်မဖွင့်ခဲ့ပါသည်။ မွေးဝတ္ထုကို ကျွန်မနှလုံးသားတွင် သန္ဓေတည်ခဲ့သည်မှာ အိန္ဒိယတွင် ကျွန်မ ဆေးကုသခံခဲ့စဉ်က ဖြစ်ပါသည်။

သူ့စကားနားထောင်ကာ

ကျွန်မတို့မှာ တီဘီရောဂါမျိုး မရှိသော်လည်း ကျွန်မ၏မေမေမှာ တီဘီရောဂါနှင့် ကွယ်လွန်ခဲ့ပါသည်။ ဒုတိယ အစ်မဖြစ်သူမှာ ရောဂါကူးစက်ကာ အသက်ဆုံးရှုံးရပြန်သည်။ မမဆုံးပြီး ကျွန်မတို့တအိမ်သားလုံး ဆေးစစ်ကြပါသည်။ ကျွန်မ၏ ညာဘက်ခြမ်းအဆုတ်တွင် အစက်တစက် တွေ့ရပါသည်။ ထို့ကြောင့် ကျွန်မ ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက် ကုသခံခဲ့ပါသည်။ မမဆုံးချိန်မှာ ကျွန်မဆေးရုံတက်သည်အထိ ကျွန်မခင်ပွန်းသည် ဗိုလ်ကြီး ကျော်သောင်းမှာ ရန်ကုန်တွင် မရှိပါ။ ကလောတွင် စစ်ဦးစီးတက္ကသိုလ်ဝင် သင်တန်းသို့ တက်ရောက်နေပါသည်။ သူပြန်လာမှပင် ကျွန်မဆေးရုံတက်နေကြောင်း သိရပါသည်။

ဆေးရုံသို့ သူလာရောက်တွေ့ဆုံရင်း၊ "မျိုးရိုးမရှိဘူး ဆိုပေမယ့် အခု မေမေရော၊ မမရော ဆုံးပြီ။ အချိုရဲ့အဆုတ်မှာလည်း အခုကူးစက်လာပြန်ပြီဆိုတော့ ကိုကြီးစိုးရိမ်တယ်။ မြန်မာပြည်မှာ ကုလို့ရတယ်ဆိုပေမယ့် အိန္ဒိယကို သွားစေချင်တယ်။ မဒရပ်က တီဘီဆေးရုံမှာ သွားကုပါ။ အချိုတို့မိသားစုမှာ တီဘီအမြစ် ပြတ်သွားစေချင်တယ်"

သူဆုံးဖြတ်ချက်အရ ကျွန်မသည် အိန္ဒိယသို့ ၁၉၅၈ ခုနှစ်၊ မတ် (၂) ရက်နေ့တွင် ထွက်ခွာလာခဲ့ပါသည်။ အစ်ကိုကြီးမှာ ဖေဖော်ဝါရီလ (၂၈) ရက်နေ့ကတည်းက မုတ်ကျွန်းသို့ တာဝန်နှင့် ထွက်ခွာသွားခဲ့ပါသည်။ ကျွန်မတို့နှစ်ယောက် ခရီးမထွက်ခင် မတွေ့ဆုံခဲ့ကြရပါ။ အမှန်တော့ ကျွန်မအဆုတ်မှာ ရန်ကုန်ဆေးရုံကြီးတွင် အနားယူကုသခဲ့သဖြင့် အနာကျက်၍ပင် နေပါပြီ။ သို့သော် သူစိုးရိမ်ပူပန်သည့်အတိုင်း ကျွန်မတို့မိသားစုတွင် တီဘီ ဆက်လက် အမြစ်တွယ်မှာစိုး၍ ကျွန်မ သူ့စကားနားထောင်ကာ အိန္ဒိယသို့ သွားခဲ့ပါသည်။

အားငယ်လိုက်သည့် ဖြစ်ခြင်း

အိန္ဒိယသို့ (ဝါးခယ်မ) သခင်သိန်းဖေတို့ဇနီးမောင်နှံ၊ ဆရာဦးစိုးတင့်တို့နှင့်အတူ ကျွန်မလိုက်ပါသွားခဲ့ပါသည်။ သူတို့သည် ကျွန်မကို မဒနာပလီအထိ လိုက်ပို့ကြပါသည်။ အမှန်တော့ တီဘီကုသော အာရောဂျံဆေးရုံမှာ မဒရပ်နယ် မဒနာပလီရွာလေးတွင် တည်ထောင်ထားခြင်း ဖြစ်ပါသည်။ ဆေးရုံရောက်တော့ သူတို့မှာ ညမအိပ်နိုင်၊ ကိုချင်ကို ခရီးဆက်ထွက်ရမည်ဖြစ်သည်။

သွားခါနီး၊ သူတို့ကို ကျွန်မကန်တော့သောအခါ သူတို့လည်း ငိုကြသည်။ ကျွန်မကတော့ မျက်ရည်လည်ရွဲနှင့်။

ရန်ကုန်မှ ထွက်သည့်နေ့ကလည်း ချစ်သူနှင့် မတွေ့ရပါ။ တပ်မတော်သား ဇနီးပေပဲ ဒီလိုပဲပေါ့ဟု ကိုယ့်စိတ်ကိုယ်တင်းကာ ထွက်ခဲ့ပါသည်။ အိန္ဒိယရောက်တော့လည်း တယောက်တည်း ဆေးရုံတွင် ကျန်ရစ်ခဲ့ရသည်။ ဆေးရုံကလည်း ကျွန်မထင်သလိုမဟုတ်၊ ရန်ကုန် ဆေးရုံကြီးလို အခန်းနှင့် လူနာများကို ထားသည်မဟုတ်။ တယောက် တအိမ်၊ တအိမ်နှင့် တအိမ်ကလည်း ပေ (၁၀၀) လောက် ဝေးသည်။ သူတို့ပြန်သွားကတည်းက ကျွန်မ အားငယ်လိုက်သည်ဖြစ်ခြင်း၊ ငို၍လည်း မဆုံးပါ။ ဆေးရုံသို့ရောက်နှင့်သော မြန်မာလူနာများက ကျွန်မရောက်သည့် သတင်းကြားပြီးကတည်းက အားပေးကြ၊ ပြုစုစောင့်ရှောက်ကြပါသည်။

ကျွန်မ ဘယ်လိုကုသခံခဲ့ရသည်ကို မွေးဝတ္ထုတွင် ရေးသား ဖော်ပြပြီးဖြစ်၍ ကျွန်မ၏ စာဖတ်ပရိသတ်က သိရှိပြီးဖြစ်ပါသည်။ ကျွန်မ ရောက်ကတည်းကပင် ဆေးစစ်ခံရစဉ်အတွင်း အနားယူရမည်ဆို၍ Yellow Bed အိပ်ရာတွင် လှဲနေရပါသည်။ မထိုင်ရပါ။ လူနာ၏ နေ့စဉ်မှတ်တမ်းတွင် အဝါရောင်ပြသထားလျှင် ထိုလူနာမှာ မထရ။ အိပ်ရာပေါ်တွင် လှဲနေရပါသည်။ ကျွန်မကို ဆေးစစ်ပြီး ဘာမှမတွေ့၊ အနာကလည်း ကျက်သွားပြီ ဆိုပါသည်။ သို့သော် ပိုမိုသေချာအောင် တံတွေးကို Culture လုပ်ပြီး ပိုးမွေးထားပါသည်။ တနင်္ဂနွေ (၆) ပတ်ကြာမည် ဖြစ်သည်။ အဖျားကလည်း မရှိ၊ သွေးနှင့်ရိုးရိုးတံတွေးများတွင်လည်း ပိုးမတွေ့၍ ဆေးစစ်ပြီးချိန်တွင် အဝါမှ အပြာနုရောင် ပြောင်းလဲပေးပါသည်။ ကုလားထိုင်များနှင့် ထိုင်ခွင့်ရပါသည်။ လမ်းလျှောက်၍တော့ မရပါ။ ကျွန်မ အရပ် (၅) ပေ (၂) လက်မဆိုလျှင် အလေးချိန်မှာ ပေါင် (၉၀) မပြည့်၊ လျော့နည်းနေ၍ ကောင်းကောင်းစား၊ ကောင်းကောင်း နားရပါသည်။

မွေးပုံ့သော တမာပွင့်ရနံ့

ထိုင်ခွင့်ရတော့မှ ကျွန်မသည် အိမ်ရှေ့တွင် ညနေတိုင်းထိုင်၍

ပတ်ဝန်းကျင်ကို ကြည့်ခွင့်၊ လှေ့လာခွင့် ရပါသည်။ ကျွန်မထိုင်သောနေရာမှာ တမာပင်အောက်ဖြစ်၍ တမာပွင့်ကြွေတို့မှာ မြေပေါ်တွင် ဖွေးဖွေးလှုပ်နေကြပါသည်။ တမာပွင့်ရနံ့မှာ လေထဲတွင် မွှေးပျံ့နေပါသည်။ အဝေးမှာ သစ်ရွက်စိမ်းများနှင့် ဥယျာဉ်အုပ်အုပ်ကိုလည်း မျှော်ကြည့်ရသည်။ လမ်းလျှောက်ထွက်ခွင့်ရသူ လူနာများကိုလည်း မေးကြည့်မိ၏။ အိမ်နီးချင်း လူနာအိမ်များကိုလည်း မျှော်ကြည့်ရင်းနှင့် စိတ်ဖြေရသည်။

ခပ်လှမ်းလှမ်းတွင် အိန္ဒိယတိုင်းရင်းသူ လူနာတယောက်ကို တွေ့ရသည်။ သူ့ကို သူ့ဖခင်ကြီးကိုယ်တိုင် စောင့်ရှောက်ပေးသည်။ တညနေမှာတော့ ဆေးရုံမှ စာရေးလေးက စာတစောင်ကို လူနာ၏ဖခင်လက်ထဲသို့ ထည့်သည်ကို တွေ့ရသည်။ ဖခင်က ထိုစာကို လူနာအား ဖတ်ပြသည်။ လူနာကလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

စာဖတ်ပြီးချိန် လူနာ၏အမူအရာမှာ ရွှင်လန်းနေပုံရ၏။ ထိုစာရေးလေး လမ်းမဘက်သို့ ထွက်လာမှ ကျွန်မက လှမ်းခေါ်လိုက်၏။ သူယူလာသော စာထဲမှာ ဘာတွေပါသည်ကို ကျွန်မမေးကြည့်၏။ စပ်စုလို၍ မဟုတ်ပါ။ အမှန်တော့ သူတို့၏ဝမ်းမြောက်စရာသတင်းကို ကျွန်မ ကြားချင်၍ ဖြစ်ပါသည်။ တယောက်တည်း၊ ကျန်နေရသောအခါ ကျွန်မနှင့်ဘဝတူ လူနာများအပေါ် ကျွန်မစိတ်ဝင်စား၍ဖြစ်ပါသည်။

ဘုရားတခဲ့မိသောနေ့

“အဲဒီလူနာမှာ ကလေး (၃) ယောက် ရှိတယ်။ ဒီကလေးတွေကို သူ့ယောက်ျားက ပြုစုနေရတယ်။ စီးပွားရေးကတဖက်ဆိုတော့ လူနာကို လာမပြုစုနိုင်ဘူးလေ။ ဒါကြောင့် အဖေကြီးက သူကိုယ်တိုင် သမီးကို လိုက်လာပြီး ပြုစုတာ။ တဦးတည်းသော သမီးလေ၊ အဲဒါရှေ့လကုန်ရင် သူ့ယောက်ျားက ကလေးတွေကို ဆေးရုံခေါ်လာပြီး ပြမယ်တဲ့”

ကျွန်မရင်ထဲမှာလည်း ဝမ်းသာသွားပါသည်။ သူတို့မိသားစု ပြန်လည်တွေ့ဆုံကြတော့မည်။ တီဘီသွေးစုတ်ဘီလူး၏ အရိပ်အောက်တွင် ဖရိုဖရဲဖြစ်ရသော မိသားစုဒုက္ခကို ကိုယ်တိုင်ခံစားရဖူး၍ ဘယ်အခါမဆို ကိုယ်ချင်းစာမိပါသည်။

သို့သော် စာရေးလေးက ဒီတွင်မရပ်။

“အဲဒီ လူနာမိန်းမက သူ့ယောက်ျားဆီ စာရေးလိုက်တယ်လေ။ သူ ဒီဆေးရုံ ရောက်နေတာ သုံးနှစ်ရှိပါပြီ။ သူ့ရောဂါကလည်း ကုမရတော့ဘူးဆိုတာ သူသိတယ်။ ကုရတဲ့အချိန်ကလည်း သိပ်ကြာမှာမို့

သူ့ယောက်ျားကို နောက်မိန်းမ ယူတော့လို့ စာရေးလိုက်တယ်။ ဒါကြောင့် သူ့ယောက်ျားက ရှေ့အပတ်မှာ မိန်းမယူတော့မယ့်အကြောင်း စာရေးလိုက်လို့ အဖေကြီးက ဖတ်ပြနေတာ”

ဘုရား.. ဘုရား ကျွန်မသည် စာရေးလေး ထွက်သွားသည်အထိ စကားမပြောနိုင်။ လူနာမိန်းမကိုလည်း ချီးကျူးမိ၏။ လင်သားအပေါ် စိတ်လျှော့ခွင့်လွှတ်နိုင်၍ပဲလား၊ သားသမီးတို့ကို တွေ့ရတော့မည်ဖြစ်၍လားမသိ။ ရွှင်လန်းတက်ကြွနေပါသည်။

ထိုညကတည်းက စိတ်ထဲမှာ အိမ်ကို အထူးသတိရသည်။ အထူးသဖြင့် ကျွန်မတို့ အိမ်ထောင်ရေးဖြစ်ပါသည်။ တကယ်တော့ ကျွန်မသည် သမီးကောင်းတယောက် ဖြစ်ခဲ့ပါသော်လည်း ဇနီးကောင်းတယောက် မဖြစ်ခဲ့ပါ။

ရေးလက်စစာမူ

လက်ထပ်ပြီးစကတည်းက အမေငဲ့ရ၊ အစ်မငဲ့ရ၊ အဖေငဲ့ရနှင့် သူ့နောက်သို့ မလိုက်ပါနိုင်ခဲ့။ တခါတရံသာ သွားရောက်လည်ပတ်နိုင်ခဲ့သည်။ ယခုလည်း ကျွန်မရောဂါကြောင့် သူနှင့် ခွဲခွာလာခဲ့ရပြန်သည်။ သူသာ သဘောထားမကြီးခဲ့ပါလျှင် သို့မဟုတ် သစ္စာမရှိခဲ့ပါလျှင် နောက်မိန်းမ ယူလျှင်ကော ကျွန်မ ဘာများတတ်နိုင်မည်နည်း။ အိန္ဒိယတိုင်းသူ လူနာလို လင်သားအပေါ် ခွင့်လွှတ်နိုင်မည်လား။ ထိုအတွေးကို မူတည်၍ ‘မွေး’ ဝတ္ထုသည် ကျွန်မနှလုံးသားတွင် သန္ဓေတည်ခဲ့သည်ဟု ဆိုလိုပါသည်။ တခုကလည်း အာရောဂျံတွင် မြန်မာလူနာများ စုဝေးစကားပြောရင်း အာရောဂျံတွင် လာရောက်ကုသရသောဒုက္ခကြောင့် သူတို့ကုထုံးအတိုင်း ကုနိုင်လျှင် မြန်မာပြည်မှာရော သီးသန့် တီဘီဆေးရုံတခုဆောင်ရန် မဖြစ်နိုင်ဘူးလားဟု အကြံဖြစ်ကြသည်။ ကျွန်မရင်ထဲမှာလည်း ထိုစိတ်ကူးပေါ်ခဲ့ပါသည်။

အိန္ဒိယမှ ပြန်ရောက်ရောက်ချင်း ကျွန်မ သူ့နောက်ကို လိုက်ပါသွားခဲ့ပါသည်။ သူသည် ကလောမှာ ဦးစီးတက္ကသိုလ်တက်ရမည်ဖြစ်၍ အနားလည်းယူရင်းဖြစ်ပါသည်။ ယခင်က စစ်ဦးစီးတက္ကသိုလ်ဝင်တန်း (၂) လတက်ပြီး။ ယခု စစ်ဦးစီးတက္ကသိုလ် (၉) လသင်တန်းကို တက်ရမည် ဖြစ်ပါသည်။ ဒီတုန်းကလည်း မွေးကို မရေးဖြစ်ပါ။ ၁၉၅၉ ခုနှစ်လောက်မှ ရေးဖြစ်ပါသည်။ ရေးတော့လည်း ကျွန်မက ရေးရင်း ရေးရင်း၊ စာမျက်နှာ (၂၀) လောက်အရတွင် ရပ်ထားပါသည်။ ကျွန်မ၏ ရေးလက်စ စာမူကို သူတွေ့သွားပြီး ဖတ်ပါသည်။

ခင်ခင်လေးနှင့် မမလေး

“အချို့ ဒီဝတ္ထုကို ဘာလို့ဆက်မရေးတာလဲ” သူက မေးပါသည်။

"တီဘီအကြောင်းကို အခြေခံထားပြီး ရေးတာပဲ။ နိုင်ငံခြားမှာ ဆေးသွားကုရတာ ဒုက္ခရောက်လို့ သီးသန့်တီဘီဆေးရုံတခု မြန်မာပြည်မှာ ဆောက်စေချင်တယ်။ တီဘီကို စိတ်နာလို့ တီဘီရောဂါ တိုက်ဖျက်ရေး ရည်ရွယ်ချက်နဲ့ ရေးမလို့ဘဲ။ ဒါပေမဲ့ တချို့အကြောင်းက အချိုရဲ့ ကိုယ်ရေးကိုယ်တာတွေဆိုတော့ ပရိသတ်က လက်ခံပါ့မလားလို့"

ကျွန်မက သံသယနှင့် ဖြေလိုက်၏။

"ဟာ... အချိုကလဲ စာဖတ်ပရိသတ်အနေနဲ့ ကိုကြီးက ဖတ်ကြည့်ပြီးပြီ၊ စိတ်ဝင်စားစရာ ကောင်းတယ် ဆက်ရေး"

သူ့တိုက်တွန်းချက်ဖြင့် ကျွန်မ 'မွေး' ဝတ္ထုကို ရေးဖြစ်ပါသည်။ ကျွန်မသည် ဝတ္ထုကို ရှည်ရှည်မရေးတတ်။ မဂ္ဂဇင်းဝတ္ထုရှည်များကို လျှောက်လွှာစာရွက်နှင့် အလွန်ဆုံး စာမျက်နှာ (၉၀) လောက် ရေးလျှင် ဝတ္ထုပြီးသွားပါသည်။ ဝတ္ထုရှည်ကြီးများကို အထူကြီး ရေးနိုင်သော ဒဂုန်ခင်ခင်လေးနှင့် ဂျာနယ်ကျော်မမလေးတို့ကို ကျွန်မ အစဉ်ပဲချီးကျူးမိပါသည်။

မွေးကိုတော့ မြဝတီမဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုရှည်အဖြစ် လေးလဆက်၍ ရေးခဲ့ပါသည်။ မဂ္ဂဇင်းတွင် မွေးဝတ္ထုရေးပြီးသောအခါ စာဖတ်ပရိသတ်များထံမှ လုံးချင်းထုတ်ရန် တိုက်တွန်းစာများ လာပါသည်။ ထိုစဉ်က မြတီမဂ္ဂဇင်းတွင် တက္ကသိုလ်ဘုန်းနိုင်၊ ကိုကိုမောင်တို့၏ အခန်းဆက် ဝတ္ထုရှည်များကို လုံးချင်းအဖြစ် မြဝတီမဂ္ဂဇင်းက ထုတ်ဝေပေးခဲ့ပါသည်။

ရှုမဝဦးကျော်ကလည်း မွေးကို လုံးချင်းထုတ်ရန် ကမ်းလှမ်းခဲ့ပါသည်။ သို့သော် ကျွန်မက မြဝတီမဂ္ဂဇင်းကို ဦးစားပေးရမည်ဖြစ်၍ ထုတ်ဝေမည်လားဟု မြဝတီမဂ္ဂဇင်းကို မေးသောအခါ သူတို့က မထုတ်ပါဟု ဖြေပါသည်။

အတိုင်ပင်ခံ ရှုမဝဦးကျော်

ဒါကြောင့် ဦးကျော်နှင့် လုံးချင်းကို ထုတ်ဝေခဲ့ပါသည်။ ထုတ်ထုတ်ချင်း ကုန်သွား၍ ဒုတိယအကြိမ် ဦးကျော်က ဆက်လက်ထုတ်ဝေပါသည်။ ဒုတိယအကြိမ်မှာ ဦးကျော်က ကျွန်မကို ရာခိုင်နှုန်းနှင့် ပေးရုံသာမဟုတ်၊ ငွေရင်းထည့်ဝင်စေပါသည်။ ငွေရင်းပေါ်မှ အမြတ်ကိုလည်း ကျွန်မကို ပေးခဲ့သောကြောင့် ကျွန်မငွေပိုမိုရရှိပါသည်။ နောက်ထပ်လည်း တခြား စာအုပ်တိုက်တို့တွင် (၉) ကြိမ်တိုင် ပြန်လည်ရိုက်နှိပ်ရပါသောကြောင့် မွေးဝတ္ထုမှာ ကျွန်မအတွက် စာအုပ်အဖြစ်နှင့် ငွေအများဆုံး ရသောဝတ္ထုဟု ဆိုရပါမည်။

စာဖတ်ပရိသတ်အနေနှင့် မွေးဝတ္ထုမှာ ကျွန်မ၏ Master piece ဟု

ဆိုကြပါသည်။

ဝတ္ထုထွက်ပြီးတော့ ပြည်တော်အေးရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်ရိုက်ရန် လာ၍ဝယ်ပါသည်။ ကျွန်မမှာတော့ အတိုင်ပင်ခံ ရှုမဝဦးကျော် တယောက်ပဲရှိပါသည်။ ဦးကျော်ကို တိုင်ပင်ကြည့်တော့...

"ဒါလောက် ဇာတ်အိမ်ကြီးတဲ့ဝတ္ထုကို ရိုက်ရဲတဲ့သတ္တိရှိတာ ဒေါ်အေးအေးညွန့်ကို ချီးကျူးစရာပဲ။ မစုရောင်းလိုက်ပါ" ဆိုသောကြောင့် ကျွန်မရောင်းလိုက်ပါသည်။ သို့သော် ဝတ္ထုမှာ နာမည်အကြီးဆုံး ဖြစ်သော်လည်း မမညွန့်က ကျွန်မကို ငွေ (၄၀၀၀) ကျပ်သာ ပေးပါသည်။ အိန္ဒိယသို့ရောက်အောင် သွားရောက်ရိုက်ရ၍ ငွေကုန်များသောကြောင့်ဟု ဆိုပါသည်။ တခြားဝတ္ထုများ ရောင်းလျှင် ကျွန်မ (၅၀၀၀) ကျပ် ရပါသည်။

ဆရာသန်းဆွေ၏ မှတ်ချက်

ဘယ်လိုပင်ဖြစ်ဖြစ် မွေးရုံတင်သောအခါ ရုံလေးရုံ ပထမပတ်အပြည့်ဖြစ်၍ ကျွန်မ ဝမ်းသာသွားပါသည်။ Pre-booking မှာ နှစ်သောင်းကျော်ရပါသည်။ ပထမဆုံး ရုံတင်သောနေ့က ကျွန်မထံ သူငယ်ချင်းတွေ တယ်လီဖုန်းဆက်ပါသည်။ "မိစု စပါးစေ့လေးတွေ အိပ်ပျော်ရာကနိုးတာ ရုပ်ရှင်ထဲမှာလဲ မပါဘူး" ဟု ဆိုပါသည်။ ပြီးတော့ မွေးက ရှည်လွန်း၍ နောက်ဆုံးပွဲမှာ ညဥ့် (၂) ချက်တီးမှ အိမ်ပြန်ကြရသည်ဟု ဆိုပါသည်။ ထိုအကြောင်းကို ဦးချစ်ခင်အား ပြောပြတော့ နောက်နေ့တွင် ဖြတ်သင့်သည်များကို ဖြတ်တောက်ပစ်ရပါသည်။

"ကျွန်တော် မဖြတ်ချင်ဘူး၊ အသေးစိတ်တွေ ကျွန်တော်ရိုက်ထားသမျှ မစုကို ပြချင်တယ်" ဟု ဦးချစ်ခင်က ပြောသောကြောင့် ကျွန်မတို့ သားအမိ၊ သားအဖတွေ မြို့မရုပ်ရှင်ရိုက်သောခြံမှာ သွားကြည့်ပါသည်။ တကယ်ပင် ညဥ့်နှစ်ချက်တီးမှပြီး၍ သမီးမိ အိပ်ပျော်နေသည်ကို ပွေ့ချီ၍ ပြန်လာကြရသည်။ ထိုအထဲမှာတော့ အတွတ် အင်္ဂလန်သို့ မထွက်ခင် ဝါးခယ်မကို တခေါက်ပြန်သည့် အခန်းများကိုပါ အသေးစိတ် ရိုက်ထား၍ လွမ်းမောဖွယ်ကောင်းပါသည်။ ပထမနေ့ သမ္မတရုံမှာပြသော မွေးကို ကျွန်မ၏ကျေးဇူးရှင် စာရေးဆရာ ကိုသန်းဆွေကို ဖိတ်ခေါ်၍ပြပါသည်။ သူက...

"ကျော်ဆွေ အကောင်းဆုံး သရုပ်ဆောင်သွားတာပဲဗျာ" ဟု မှတ်ချက်ချပါသည်။ အမှန်တော့ ဦးထွန်းဝေက ကိုကိုနိုင်အဖြစ်၊ မြင့်မြင့်ခင်က မွေးအဖြစ်သရုပ်ဆောင်ခဲ့ပါသည်။ သူတို့နှစ်ဦးလုံးလည်း ကိုယ့်အခန်းကို ပိုင်နိုင်ကြပါသည်။

ပန်းကြွေသောလမ်း

ကျွန်မအတွက်တော့ ထုံးစံအတိုင်း ဇာတ်သိမ်းတွင် ပေါင်းရေး၊ မပေါင်းရေးပင် ဖြစ်သည်။ ဝတ္ထုထဲက ဇာတ်သိမ်းမှာ မွေးသည် ကိုကိုနိုင်ကိုလည်း ပြန်မပေါင်း၊ အတွက်ကိုလည်း မယူဘဲ အဆုတ်နာဆေးရုံ တည်ထောင်ဖို့ လုပ်ငန်းများကို ဖောက်ချလုပ်ရန် မိတ္ထီလာသို့ အတွက်နှင့်အတူ ထွက်ခွာသွားခြင်းဖြင့် အဆုံးသတ်လိုက်ပါသည်။

ရုပ်ရှင်မှာတော့ မွေးက ကိုကိုနိုင်ကို ပြန်လည်လက်ခံလိုက်၍ အတွက် နောက်ဆုတ်သွားရခြင်းနှင့် အဆုံးသတ်လိုက်ပါသည်။

ကျောချင်းကပ်၍ တရွေ့ရွေ့ခွာ၊ တကမ္ဘာစီ ဝေးပြီ မွေးရယ်၊ ဆိုသော သီချင်းနှင့်အတူ အတွက်တယောက် ထင်းရှူးပင်များကြားတွင် တရွေ့ရွေ့ လျှောက်သွားရင်း၊ ဇာတ်သိမ်းလိုက်ပုံမှာ မချိစရာ ကောင်းပါသည်။ လေညင်းများတိုက်ခတ်၍ ပန်းပွင့်ဖတ်တွေ ကြွေသောလမ်း၊ ရွက်ကြွေများ လျှောကျလာသောလမ်းတွင် အတွက်လျှောက်သွားပုံရော၊ မျက်နှာထားရော၊ ဆွေးမြေ့ကြေကွဲဖွယ် ကောင်းပါသည်။

> "ပန်းကြွေသောလမ်း ဖြတ်သန်းလျှောက်သောအခါ ကိုယ့်ရင်ထဲ ဘယ်နှယ့်ရှိမယ် မွေးရယ်၊ အသည်းကြွေခြင်း၊ လေလွင့်ခြင်းတွေရယ်၊ မွေးကို ချစ်မိသော အဖြေရလဒ်တွေပါကွယ်"

ဟူသော ဇာတ်သိမ်းသီချင်းနှင့် အတွက် (ကျော်ဆွေ) ၏ အမူအရာမှာ နောက်ခံရှုမျှော်ခင်းနှင့် လိုက်ဖက်လှသည်။

သို့သော် ကျွန်မအတွေးမှာ ကြည့်ရင်းကြည့်ရင်းနှင့် 'မွေး' ဝတ္ထု မဟုတ်တော့ဘဲ 'အတွက်' ဝတ္ထု ဖြစ်သလို ခံစားရပါသည်။ ကျွန်မလိုပဲ အများစု မိန်းကလေးတွေ ခံစားရဟန်တူပါသည်။ မွေးရုပ်ရှင် ကြည့်ပြီးတော့ ဇာတ်လိုက်မင်းသား ကျော်ဆွေအိမ်သို့ "အတွက်ရေ အတွက်ရေ" နှင့် ခဏခဏ ဖုန်းဆက်ကြသည်ဟု ဆိုပါသည်။

အတွက်ကို ပြန်ပြီးလက်ထပ်ပါ

ဝတ္ထုထဲကအတိုင်းဆိုလျှင် မွေးသည် ဇာတ်လိုက်ဖြစ်သည့်အတိုင်း အဆုံးသတ်မှာ မွေးက အားလုံးကို စွန့်လွှတ်၍ သူ့ဘဝကို တီဘီတိုက်ဖျက်ရေးတွင် မြှုပ်နှံသွားရန် ထွက်ခွာသွားပုံကို ပြရင်းနှင့် အဆုံးသတ်ရပါမည်။ ပရိသတ်ကြိုက်မည်၊ မကြိုက်မည်တော့ မသိပါ။ အကယ်၍များ ယခုအချိန်ထပ်၍ မွေးကို ရုပ်ရှင်ရိုက်ရဲသော ကုမ္ပဏီ တခုပေါ်လာလျှင် အခြေအနေအရပ်ရပ်က ပေးလာလျှင် မူရင်းဝတ္ထုအတိုင်း ဇာတ်သိမ်းကို ရိုက်ကြည့်လျှင် ဘယ်လိုနေမလဲဟု ကျွန်မတွေးမိပါသည်။

အတွက်မှာ စာဖတ်ပရိသတ်နှင့် ရုပ်ရှင်ကြည့် ပရိသတ်ကို မည်မျှ လွှမ်းမိုးနေပါသနည်း ဆိုပါလျှင် ကျွန်မ၏ခင်ပွန်းသည် ကွယ်လွန်ပြီးသောအခါ ကျွန်မ မဟာစည်သာသနာ့ရိပ်သာတွင် တရားပြန်ဝင်ပါသည်။ တနေ့ တရားပွဲအပြီး ဖြူဖြူချောချော၊ အရပ်မြင့်မြင့် ယောဂီဝတ်နှင့် အမျိုးသမီးကြီးတယောက် ကျွန်မကို လာနှုတ်ဆက်ပါသည်။ ကျွန်မက ယခင်က မတွေ့ဖူး၍ အံ့အားသင့်နေပါသည်။

"မစုကို အန်တီအကြံတခု ပေးပါရစေ။ ဖြစ်ခဲ့ပြီးတာတွေကတော့ ပြီးပါပြီ။ ခုချိန်ခါမှာ မစုအတွက် အတွတ်ကို ပြန်ပြီး လက်ထပ်ပါလို့ အန်တီတောင်းပန်ချင်ပါတယ်"

သူသည် ဒါပဲပြော၍ ထွက်ခွာသွားပါသည်။ ကျွန်မမှာ အံ့အားသင့်လျက် ဘာစကားမှ ပြန်မပြောနိုင်ဘဲ ကြောင်၍ကျန်ရစ်ပါသည်။ နေရာက ရိပ်သာလိုနေရာ၊ ယောဂီဝတ်နှင့် တရားထိုင်နေဆဲမှာမှ အတွတ်ကို ပြန်လည်လက်ထပ်ပါရန် အကြံပေးသွားသော အမျိုးသမီးကြီးကို ငေးကြည့်နေမိပါသည်။ နောက်မှ အတွတ်သည် သူ့စိတ်ကို မည်မျှ လွှမ်းမိုးနေပါသလဲ၊ အတွတ်ကို သူသနားလွန်း၍ ကျွန်မအား အတွတ်ကို ပြန်လည် လက်ထပ်ပါရန် သူအကြံပေးသွားသည်ဟု ကျွန်မ နားလည်လိုက်ပါသည်။

ဝတ္ထုထုတ်ပြီးတော့ရော ရုပ်ရှင်ပြပြီးတော့ရော ဝေဖန်ရေးစာများ ရောက်လာပါသည်။ တချို့ကလည်း သတင်းစာထဲမှာ ဝေဖန်ပါသည်။

ဘဝနှင့် ရေခဲတောင်

တက္ကသိုလ်က ဆရာတယောက်က...

"ဒေါ်ခင်နှင်းယု မွေးဝတ္ထုထဲမှာ မွေးကိုပေးထားတဲ့ ဒုက္ခတွေဟာ မများလွန်းဘူးလား" ဟု လူချင်းတွေ့ မေးပါသည်။

"အပြင်က မွေးကို တွေ့ဖူးပါသလား။ အပြင်က မွေးက ဝတ္ထုထဲက မွေးထက် ဒုက္ခပိုများပါတယ်" ဟု ကျွန်မဖြေလိုက်သောအခါ သူ အံ့အားသင့်သွားပါသည်။

အမှန်တော့ ဝတ္ထုထဲတွင် ဖော်ပြ၍ရသော အကြောင်းမျှလောက်ပဲ စာဖတ်ပရိသတ် သိရှိရပါသည်။ တချို့လူတို့၏ တကယ့်ဒုက္ခမှာ ဝတ္ထု သို့မဟုတ် ပါးစပ်နှင့်ပင် ဖော်ပြ၍ မရလောက်အောင် ကြီးမားကြသောအဖြစ်များ ရှိပါသည်။ တခါတရံ ကိုယ်ဖော်ထုတ်ပြောပြလိုက်၍ တခြားလူ သိက္ခာကျမည်စိုး၍ ဖော်ထုတ်မရေးနိုင်၊ မပြောနိုင်သည့်အကြောင်းများ၊ လူ့လောကတွင် များစွာရှိနေကြသည်။ ထို့ကြောင့် ကျွန်မ 'သပြေ' ဝတ္ထုတွင် ဘဝတွင် ရေခဲတောင်နှင့် နှိုင်း၍ပြခဲ့ပါသည်။ ရေခဲတောင်သည် ရေပြင်ပေါ်တွင် မြင်သာသည့်နေရာ၌

တစ်လက်မလောက် ပေါ်လွင်နေလျှင် ရေအောက်တွင် သုံးလက်မလောက် နစ်မြုပ်၍နေတတ်ပါသည်။ ဥပမာ ရေးပြပါသည်။ အတိုင်းအတာ အချိုးအစား သီးသန့်ရှိပါမည်။ ဘဝ၏ဒုက္ခများစွာလည်း ရေခဲတောင်လိုပါပင်တည်း၊

တချို့ဝေဖန်သူတို့က အတွတ်၏စရိုက်မှာ တကယ့်လူ့ဘဝတွင် မရှိနိုင်သော စရိုက်ဟူ၍ ဆိုပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဒါရိုက်တာ ဦးချစ်ခင်အား ကျွန်မက ပြောပြပါသည်။

“မစုကလဲ၊ မစုက မိန်းကလေး၊ ယောကျ်ားတွေအကြောင်း သိသလောက် ရေးပြတာ။ ကျွန်တော်တို့က ယောကျ်ား။ ယောကျ်ားချင်း၊ အကြောင်း ကောင်းကောင်းသိတာပေါ့။ ကိုယ့်ရင်ထဲက အချစ်ကို မဖွင့်ရဲလို့၊ မဖွင့်သင့်လို့၊ အခွင့်မသာလို့ ရင်ထဲမှာ မျိုသိပ်ပြီး သေသွားသည်အထိ နေသွားရတဲ့ ယောကျ်ားတွေတောင် ရှိပါတယ်။ အတွတ်လို စရိုက် အပြင်မှာ အများကြီးပါ”

ဦးချစ်ခင်ကတော့ ထောက်ခံပါသည်။ ကျွန်မကလည်း တဲ့တိုးကြီးတော့ သက်သေမထူရဲပါ။ အတွတ်ကိုပင် ပထမဆုံး တွေ့ခဲ့ပါသော်လည်း ချစ်ခွင့်မသာ၍ အချစ်ကို မရသူ၊ အကြောင်းကြောင်းတို့ကြောင့် ကိုယ်ကျိုးကိုင့်ပြီး ချစ်သူကောင်းစားရေးကြောင့် လက်လွှတ်ခဲ့ပါသော ‘အတွတ်’ ကို တကယ်တွေ့၍ ဇာတ်ကောင်တကောင်အဖြစ် ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။

ကုသိုလ်ကြမ္မာမမီပါခဲ့

ဒီနေရာမှာလည်း မွေးကို အတွတ်က ပထမဆုံး တွေ့ခဲ့ပါသော်လည်း သူသည် အကျည်းတန်သော မိန်းကလေးတယောက်၊ ခေါင်းမာသော ရန်ဖြစ်ဖက် ငယ်သူငယ်ချင်း မိန်းကလေးတယောက်အနေနှင့်သာ မွေးကို သူချစ်ခဲ့တွေ့ဆုံခဲ့သည့် အတွတ်အဖြစ်က ပုဂံမင်း မင်းယဉ် နရသိခ် ဆန်သည်ဟု ဆိုရမည်။ ဝေဠုဝတီကို လာရောက်ဆက်သစဉ်က ခြေသလုံးကြီး၊ နဘက်ကျယ်၊ ထီးနန်းနှင့် မတန်ဟု ငြင်းပယ်ခဲ့သည်။ ညီတော် နရပတိစည်သူကို ပေးခဲ့သည်။ ညီတော် အိမ်ရှေ့မင်းလက်ထဲရောက်မှ မယ်တော်က ဝေဠုဝတီကို နားရွက်သေးအောင်၊ ခြေသလုံး သေးအောင် ပြုပြင်လိုက်သည်။ ထိုအခါမှ ဝေဠုဝတီအလှကို တွေ့ရသော နရသိခ်မင်းမှာ တိမ်းညွတ်သောစိတ် ပေါ်လာရသည်။

အတွတ်ကလည်း ငယ်စဉ်က ရင်းနှီးခဲ့ပေမယ့် သူငယ်ချင်း အချစ်ထက် မွေးအပေါ် မပိုခဲ့။ မွေးအလှကို လျစ်လျူရှုခဲ့သည်။ အရွယ်ရောက်ချိန်မှာ ဖရက်ဒီက မွေးကို တွေ့သွားတော့မှ သူ၏အချစ်လည်း နိုးကြားလာသည်။ ဒီတော့မှ မွေးမှာ သူ့ညီမတွေလောက် မချောသော်လည်း အလှထက် ချစ်စရာစိတ်ဓာတ်များ အများကြီးရှိသည်ကို သိရှိလာသောအချိန်မှာ နောက်ကျ၍ သွားခဲ့ပါပြီ။

အတွက်အဖြစ်ကို ရှင်တေဇော သာရကဗျာတပိုဒ်နှင့် ကျွန်မသက်သေလိုက်ခဲ့ပါသည်။

"စုလည်းမဆင်၊ ထုံးနောက်ရှင်နှင့်

မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း

ကုသိုလ်ကြမ္မာ၊ မမီပါခဲ့"

ထိုကဗျာကို ရွတ်ဆိုပြခဲ့ပါသည်။ အမှန်တော့လည်း ဝတ္ထုထဲတွင်မက လူ့ဘဝမှာလည်း ကုသိုလ်ကြမ္မာဟူသော ဖူးစာကံမပါလျှင် ဘယ်လိုပဲချစ်ချစ် မပေါင်းကြရပါ။

ထိုအကြောင်းကို အထောက်အထား တောင့်တင်းအောင် ဖရက်ဒီက မွေးကို စာစ၍ပေးချိန်မှာလည်း မွေး၏ပြန်စာတွင်...

"မွေးဟာ ဘိက္ခုနီမလုပ်မယ့် မိန်းမတော့ မဟုတ်ဘူး။ ဒါပေမဲ့ မွေးရဲ့ချစ်သူနဲ့ မွေးနဲ့ လက်ထပ်သူဟာ တယောက်တည်းပဲ ဖြစ်စေချင်တယ်" ဟု ရေးသားခဲ့ပါသည်။ အမှန်တော့ ထိုဆုကိုလည်း တောင်းဆိုချင်ကြပါသော်လည်း လောကီသားတွေမှာ ဆုတောင်းတိုင်းပြည့်သူ နည်းပါးလှပါသည်။

ချုပ်ညရီတွင် ဖြုတ်ချည်းမြင်သည်

သတင်းစာဆရာ တယောက်ကတော့...

"အတွက်ဟာ အလိုက်ကန်းဆိုး မသိတတ်တာမှာ လွန်လွန်းတယ်။ လင်မယား အဆင်မပြေချိန်မှာ 'ပုံပမာ' ခေတ်ပြားကို သွားဖွင့်တယ်။ ပြီးတော့ ကိုကိုနိုင် အိမ်ပေါ်ကမှ မဆင်းရသေးခင် မွေးကို လက်ထပ်ခွင့်တောင်းတယ်" ဟု ဝေဖန်ခဲ့ပါသည်။ သူဝေဖန်သည်မှာ မှန်သည်။

သို့သော် ကျွန်မသည် အတွက်ဆိုသော သူငယ်လေးအား ဖန်ဆင်းကတည်းက အချိန်ကို မတွက်ဆတတ်သူ၊ အရာရာမှာ နောက်ကျတတ်သူ၊ နှုတ်ဆိတ်တတ်သူတယောက်အဖြစ် ဖန်တီးလို၍ အတွက် ငယ်ငယ်က စရိုက်နှင့် ပျိုးထားခဲ့ပါသည်။ လက်မြန်ခြေမြန် ဖရက်ဒီလိုလူက သင်္ကြန်မှာ မွေးကို ရေလောင်းနေချိန် အတွက်က ပိတောက်ပင်ပေါ်မှာ ငုတ်တုတ်။ ဖရက်ဒီက ပိတောက်ပန်းတွေကို မွေးကိုပေးနေချိန်မှာ သူက သစ်ပင်ပေါ်က ဆင်းဖို့ပင် အချိန်မရ။

ဖရက်ဒီက မိုးနှောင်းတညနေခင်းတွင် မွေးအလှကိုမြင်၍

ဖော်ထုတ်ပြောတော့မှ သူ့ရင်ထဲ လှုပ်ရှားလာကာ မွေးအိမ်ဘက်ကို ကူးသွားမိသည်။ ညဉ့်ဦး မီးတိုင်အောက်တွင် မွေးကို မြင်တော့လည်း

“မချော့စရာ ချော့စရာလျှင်

ကေသာဆံလွ၊ ထုံးနောက်စနှင့်

ချုပ်ညရီတွင်၊ ဖြုတ်ချည်းမြင်သည်

ရှင်သာရခိုင် တန်ဆောင်လော့”

ဟူသော ကဗျာကိုသာ ရွတ်ပြခဲ့သည်။ သူ့အချစ်ကို ဖွင့်ရန် နှုတ်လေးခဲ့သည်။

အချိန်ကို မတွက်တတ်သူ

မိခင်ဖြစ်သူက လူကြီးချင်း သဘောတူ၍ ဒေါ်တင်တင်ကြီးသမီးထဲမှ တယောက်ယောက်နှင့် အတွတ်ကို လက်ဆက်ဖို့ ပြောတော့လည်း မွေးက ဖရက်ဒီကို ချစ်နေပြီ။ မွေးအချစ်ကို မွေးမချစ်ဘဲနှင့်လည်း သူမယူချင်။ ဒီတုန်းကလည်း တကြိမ်နောက်ကျခဲ့ရသည်။

ဖရက်ဒီနှင့် မွေး ကွဲသွားပြီတော့ သူ မွေးကိုရအောင်ယူမည်။ သူ့အချစ်ကို ဖွင့်ဟတော့မည် ဆိုကာမှ ကိုကိုနိုင်က မွေးကိုယူရန် မွေးမိခင် ဒေါ်တင်တင်ကြီးကို ချဉ်းကပ်ပြီးဖြစ်သည်။ ဒေါ်တင်တင်ကြီးနှင့် မွေးတို့ ညီအစ်မတစုက သူ့အပေါ် သားရင်းမောင်ရင်းတယောက်လို ချစ်သောအချစ်ကို သူလေးစားသည်ကလည်း ပါသည်။ ဝတ္ထုစပျိုးကတည်းက အတွတ်စရိုက်ကို အလိုက်မသိတတ်သူ၊ လက်နှေးသူ၊ အချိန်ကို မတွက်ဆတတ်သူအဖြစ် ကျွန်မပို့ပေးထားပါသည်။ နောက်ဆုံး ကိုကိုနိုင် အိမ်ပေါ်ကမဆင်းခင် အတွတ်၏ တောင်းဆိုချက်ကို မွေးငြင်းပယ်လိုက်သော အခါ…

မြန်သင့်သည့် အချိန်တွေတုန်းက အမြဲနှောင့်နှေးခဲ့၍ နှေးကွေးရမည့်အချိန်ကျမှ အလောတကြီး လုပ်မိသည်တကား။ အချိန်ကို မတွက်တတ်သော သူ့အဖြစ်ကို ဒေါသဖြစ်မိသည်ဟု အတွတ်အကြောင်းကို ကျွန်မ ဒီလိုဖော်ထုတ်ခဲ့ပါသည်။

မှန်၏။ အတွတ်စရိုက်ကို ဦးသြဘာသ၏ ဇနက္ကမင်းဇာတ်တော်မှ စကားလုံးသဘောကို ယူသည်ဆိုလျှင် မမှားပါ။ သီဝလိဒေဝီ အချစ်ကို ရယူရန် စစ်သူကြီး၊ ထီးတော်မိုး၊ ဘဏ္ဍာစိုးတို့က ကြိုးပမ်းချိန်တွင် ရှုံးနိမ့်ပုံကို ဦးသြဘာသက အောက်ပါအတိုင်း စကားဖွဲ့ခဲ့ပါသည်။

"ထီးတော်မိုးကား၊ ထီးတော်ကိုသာ မိုးကိုင်နိုင်၏။ သမီးတော်၏အချစ်ကို စိုးပိုင်ခြင်းငှာ မတတ်နိုင်" ဟု ဆိုခဲ့ပါသည်။

ထီးတော်မိုးစရိုက်နှင့် အတွတ်စရိုက်ကတော့ မတူပါ။ ဒါပေမဲ့ အတွတ်သည် အချစ်ကို စွန့်လွှတ်ရခြင်း၌မူ ဆရာဝန်တယောက်အနေနှင့် လူနာ၏အသက်ကို ရယူဖို့ စွမ်းနိုင်ပါသော်လည်း မွေး၏အချစ်ကို ရယူဖို့၌ မစွမ်းနိုင်။ ခြေလှမ်းနှေးခဲ့ရပါသည်။

ခင်နှင်းယု၏ဒေသစွဲ

'ပုံပမာ' သီချင်း ဖွင့်သည်ကတော့ အတွက် အလိုက်မသိတတ်ပုံလည်း ဖော်ချင်သည်။ ထိုသီချင်းစာသားလိုပင် ကိုကိုနိုင်နှင့် မွေးသည် ကိန္နရီမောင်နှံလို အချစ်ကြီး ချစ်ပါလျက်နှင့် ကုသိုလ်ကံကြမ္မာဖန်လာတော့ ကွဲကွာသွားရသည်။ ဒါကို ပေါ်စေချင်၍ ဖြစ်ပါသည်။ ပုံပမာသီချင်းကို သေသေချာချာ နားထောင်ကြည့်ပါ။ ကျွန်မခံစားသလို ခံစားရလိမ့်မည် ထင်ပါသည်။ မွေးကို စွန့်လွှတ်ရမည့်ဆဲဆဲ ကိုကိုနိုင်၏ အလွမ်းကို ပေါ်စေချင်၍ ဖြစ်ပါသည်။

ဦးကျော် ပြောပြသည်ကမူ...

"ကျွန်တော် မွေးကို သဘောကျတာကတော့ အကျည်းတန်တဲ့ မိန်းကလေးတယောက် အနေနဲ့ ယောကျ်ားသုံးယောက်ရဲ့အချစ်ကို ရခဲ့တာကိုပဲ သဘောကျတယ်" ဟု ဆိုသည်။ ကျွန်မဆိုလိုသော ရုပ်အလှထက် စိတ်အလှကို ဦးကျော် သဘောကျပုံ ရပါသည်။

တချို့ကတော့လည်း ခင်နှင်းယု ဒေသစွဲ ကြီးလွန်းသည်ဟု ဆိုသည်။ မှန်ပါ၏။ ကျွန်မ၏ မွေးဇာတိ ဝါးခယ်မမြို့ကို ကျွန်မချစ်ပါသည်။ ယခုမှ အခြေအနေက ပြောင်းသွားလျှင်တော့ မသိပါ။ ပျိုးပင်စိမ်းစိမ်း လယ်ကွင်းများနှင့် မြစ်ရေယဉ်ဝိုင်းနေသော ကျွန်မဇာတိမြို့လေး၏အလှကို ကျွန်မ မမေ့။ ယနေ့တိုင် သတိရနေပါသေးသည်။ ကျွန်မ အစ်ကိုတယောက်အိမ်မှာ ဝါးခယ်မ တဘက်ကမ်း ရွာသစ်ရွာနှင့် သော်ကရွာကြားတွင်ရှိသည်။ ကျွန်မငယ်ငယ်ကထိ အိမ်ကလေး နောက်ဘက်ဆောင်မှ သော်ကရွာဘက်ကို ကြည့်လျှင် သော်ကရွာနောက်မှာ စိမ်းမြသော စပါးကွင်းတို့အလယ်တွင် ရွှေဝါရောင် တဝင်းဝင်းနှင့် သော်က ဘုရားကြီးကို ဖူးတွေ့ရပါသည်။

နေလုံးနီနီကြီး၊ စပါးပင်တွေထဲ နစ်မြုပ်ချိန်ကို ငေးကြည့်ရင်း နွားကျောင်းသူ မဖျိုးထဲက မဖျိုးလို လက်ခုပ်လက်ဝါးတီး၍ ရယ်ချင်ပါသည်။ လသာသော ညများတွင် ကျွန်မတို့ သူငယ်ချင်းတွေနှင့် ကျောင်းပိတ်ရက် လမ်းမပေါ် ထုတ်ဆီးတိုးခဲ့သည်ကို မမေ့ပါ။

မွေးဝတ္ထုတွင် မွေးတို့ ငယ်ငယ်ဘဝကို “တေးဆိုကြ ပျော်ကြတာတွေ ငယ်ငယ်က သဘာဝအခြေ” ဆိုသော ကိုလှမြင့်၏တေးနှင့် သရုပ်ဖော်ခဲ့ပါသည်။ ကျွန်မ နေခဲ့၊ ထိုင်ခဲ့၊ ချမ်းမြေ့ ကြည်နူးခဲ့ရပါသော ဝါးခယ်မ၏အလှက ကျွန်မရင်ထဲတွင် စိမ့်ဝင်၍ မွေးဝတ္ထုထဲမှာ တဖန်ပြန်လည် ရှင်သန်လာခဲ့ပါသည်။ မိမိ၏မွေးရပ်မြေမှာ မိမိ၏မိဘပါပဲ။ မွေးရပ်မြေကို မချစ်တတ်သူသည် ကိုယ့်တိုင်းပြည်ကိုလည်း ချစ်မည်မထင်။ မွေးရပ်မြေ ကျေးဇူးကို မသိသူသည် မိဘကျေးဇူး၊ ကိုယ့်တိုင်းပြည် ကျေးဇူးကို သိမည် မထင်ပေ။

ကျွန်မ မွေးရပ်မြေကို ကျွန်မချစ်သလို၊ ကျွန်မတို့ပြည်သူတွေလည်း ကျွန်မတို့ အမိမြန်မာပြည်၏ အလှကို ကြည့်တတ်၊ မြင်တတ်၊ ချစ်တတ်စေလိုသော စေတနာနှင့် ရေးခြင်းဖြစ်ပါသည်။

သာမန်ကြည့်လျှင် မွေးသည် အိမ်ထောင်ရေး အချစ်ဇာတ်လမ်းတခုဟု ဆိုနိုင်ပါသော်လည်း ကျွန်မသည် တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်ကို အခြေခံခဲ့ပါသည်။ မွေး၏ချစ်သူ ဖရက်ဒီ အသိုင်းအဝိုင်းနှင့် မွေးတို့ အသိုက်အဝန်း ကွာဟချက်ကို ကျွန်မဖော်ပြရာ၌ အခြေခံစရိုက် မတူပုံကို ခြယ်မှုန်းခဲ့ပါသည်။ ဒေါ်တင်တင်ကြီး ဦးစီးသော မွေးတို့မိသားစုက တိုင်းချစ်ပြည်ချစ်စိတ် ရှိသည်။ မွေး၏မိခင် ဒေါ်တင်တင်ကြီးသည် အမြင်ကျယ်၍ မျိုးချစ်စိတ်ထက်သန်သော မိခင်ကြီးအဖြစ် ကျွန်မ သရုပ်ဖော်ခဲ့သည်။

ကိုယ်ကျိုးစွန့် အနစ်နာခံစိတ်

ဖရက်ဒီ၏ဖခင် ဦးဘလှတို့ အသိုက်အဝန်းမှာ ကိုယ့်ဆွေ ကိုယ်မျိုး ပတ်ဝန်းကျင်မှလွဲ၍ အပြင်ကို မျှော်မကြည့်၊ နယ်ကျဉ်းသည် မြေရှင်ယာရှင်များပီပီ ငွေရှင်ကြေးရှင်စိတ်ကြောင့် လူထုနှင့် ကင်းကွာကြသည်။

အခြေခံချင်း မတူသော မိသားစုနှစ်ခုမှ ပေါက်ဖွားလာသော မွေးနှင့် ဖရက်ဒီတို့အချစ်ကို မိခင်ဒေါ်တင်တင်ကြီးက မခိုင်မြဲနိုင်ဟု ကြိုတင် နိမိတ်ဖတ်သည်။

“သမီး နှစ်နဲ့သုံးပေါင်းရင် ငါးလို့ လုံးခနဲ အဖြေထွက်ပေမယ့် ‘က’ နဲ့ ‘ခ’ ပေါင်းရင် ‘က’ အပေါင်း ‘ခ’ ပဲ ဖြစ်မယ်။ အလယ်က အပေါင်းလက္ခဏာကြီး ခြားနေမှာပဲ။ အခြေခံချင်း မတူတဲ့ သမီးတို့နှစ်ယောက်အချစ်ဟာ တသားတည်း ပူးပေါင်းမသွားနိုင်ဘူး”

သမီးဖြစ်သူ မွေး၊ ဖရက်ဒီကို ချစ်သွားပြီသိသည်နှင့် တပြိုင်နက် မိခင်ကြီးက

ယူကျုံးမရ သတိပေး ဆုံးမခဲ့သည်။

ကိုကိုနိုင်က တိုင်းချစ်ပြည်ချစ်စိတ်နှင့် တပ်မတော်သားတယောက်ဖြစ်သည်။ တိုင်းပြည်မှာ အရေးအခင်းကြုံတော့ ကျောင်းစာသင်ခန်းကို စွန့်လွှတ်၍ တိုင်းပြည်အတွက် တိုက်ပွဲဝင်ခဲ့သည်။ ဒီလိုလူကို သမက်အဖြစ် ဒေါ်တင်တင်ကြီးက ရွေးချယ်ခဲ့သည်။

ဒေါ်တင်တင်ကြီး၏ မူဝါဒက "လူသားသည် မိမိလူ့ဘောင်အတွက် ကောင်းကျိုး၊ ကောင်းစားရေးကို စွမ်းဆောင်နိုင်ရမည်။ လူ့ဘောင်တခုလုံးအတွက် မစွမ်းနိုင်လျှင် ကိုယ့်တိုင်းပြည် အတွက် စွမ်းဆောင်နိုင်ရမည်။ ကိုယ့်တိုင်းပြည်အတွက် မစွမ်းဆောင်နိုင်လျှင် အနည်းဆုံး ကိုယ့်ပတ်ဝန်းကျင် ကောင်းစားရေးကို စွမ်းဆောင်နိုင်ရမည်" ဟု ဆိုသည်။

"လူဟာ ကိုယ်ကျိုးစွန့်လွှတ်တဲ့စိတ်နဲ့ အများအတွက် အနစ်နာခံနိုင်တဲ့စိတ် မရှိရင် တခြားသတ္တဝါတွေနဲ့ ဘာထူးခြားတော့မလဲ အတွက်ရယ်" ဟု ဒေါ်တင်တင်ကြီးက အတွက်ကို ပြောခဲ့သည်။

ဒေါ်တင်တင်ကြီး နိမိတ်ဖတ်သည့်အတိုင်း ဖရက်ဒီက တက္ကသိုလ်ရောက်တော့ သူတို့အသိုင်းအဝန်းက အေမီနှင့် ယူလိုက်ကြသည်၊

ကိုကိုနိုင့် ခံစားချက်

ကိုကိုနိုင်သည် ချစ်ဦးသူ ဖရက်ဒီရှိပြီးသော မွေးကို သဘောထားကြီးစွာနှင့် ခွင့်လွှတ်၍ လက်ထပ်ခဲ့သည်။ မြတ်နိုးစွာ ပေါင်းခဲ့သည်။ ကြီးမားလှသော မွေးတို့မိသားစုတာဝန်ကို ခွဲဝေယူခဲ့သည်။ အမှန်တော့ ကိုကိုနိုင်သည် တာဝန်ကျေသော လင်သားတယောက် ဖြစ်ခဲ့သည်။ မွေးအနေနှင့်သာ မွေးဒုက္ခကြီးမားလွန်းသည်ဟု ဆိုရပါမည်။

ကြီးမားသော မေတ္တာထားခဲ့ရပါသော ဇနီးသည်မွေးနှင့် မွေး၏မိသားစုမှ အသိုက်အဝန်း ကြားတွင် ကိုကိုနိုင် ခံစားရပုံကို ကျွန်မ စာတပိုဒ်နှင့် ဖော်ပြခဲ့ပါသည်။ ကိုကိုနိုင်သည် ထိုစာကို ရေးပြီးမှ မွေး၊ စိတ်ထိခိုက်မှာစိုး၍မထည့်၊ ဘောင်းဘီအိတ်ထဲ ထည့်ထားရင်းမှ မွေးက ထိုစာကို သွား၍ဖတ်မိခြင်းဖြစ်ပါသည်။

ထိုစာကို ဖတ်ကြည့်လျှင် ကိုကိုနိုင့်စိတ်ခံစားကို အထင်အရှား သိနိုင်ပါသည်။ စာမှာ အဆုံးမသတ်ပါ။ တပိုင်းလက်စနှင့် ရပ်ထားပါသည်။

ချစ်ဇနီးကြီးမွေး

အတူနေခဲ့ကြတဲ့တန်ဖိုးကို ခွဲခွာနေကြရမှပဲ ထင်ရှားသိရတော့တာပဲ။

မွေးပြန်သွားတဲ့နေ့က အိမ်ကြီးဟာ သဲကန္တာရလိုပဲ ခြောက်သွေ့နေတော့တယ်။ အဲဒီနေ့မှာ သီချင်းဆိုနေကျ ငှက်ကလေးတွေတောင် အိပ်ပျော်နေကြသလား၊ အောက်မေ့ရတယ်။ အထူးပဲ တိတ်ဆိတ် ငြိမ်သက်ပြီး ဘာသံမှ မကြားရဘူး။

ကိုကိုနိုင်ရဲ့အားလပ်ချိန်တွေကို ဘယ်လိုသုံးရမယ်ဆိုတာ ကိုကိုနိုင် မတွေးတတ်တော့ဘူး။ Mess မှာလဲ မပျော်ဘူး။ ခက်တာက အရက်ခွက် မကိုင်လိုတော့တဲ့အဖြစ် ရောက်နေတော့ ပိုဆိုးနေတယ်။ စာဖတ်မယ်လို့ စာအုပ်ကိုင်လိုက်တိုင်းလဲ အနားမှာ အမြဲထိုင်ပြီး၊ စာဖတ်ဖော်၊ စာဖတ်ဖက်ဖြစ်နေတဲ့ မွေးကို ကိုကိုနိုင် သတိရစရာဖြစ်လာပြန်ရော...

တောကို ထွက်လာရတဲ့ ရက်တွေကျပြန်တော့လဲ တောတန်းရဲ့သာယာပုံ၊ ပန်းတွေရဲ့လှပပုံကို မြင်ရရင် သဘာဝကို မြတ်နိုးတတ်တဲ့ ငါ့ချစ်သူဟာ ဒီလိုအလှအပလေးတွေကို မြင်ရင် ချစ်တတ်ရှာပေတယ်၊ ပျော်ရှာမှာပဲလို့ တွေးရတာကို အမောပဲ။

'ဟာ' တာက ရင်ထဲမှာ အားလုံးဟာနေတယ် မွေး၊ ကိုကိုနိုင်ရင်ထဲမှာ ဟာချင်တာ ဟာရပါစေတော့။ မွေးဟာ စိတ်ချမ်းမြေ့သာယာစွာနဲ့ နေရတယ်ဆိုရင် ကိုကိုနိုင် ဖြေသာပါတယ်၊

ဟိုရက် ရန်ကုန်ကို ပြန်လာတုန်းက မွေးနေရတာ မြင်ရတာ ကိုကိုနိုင့်ရင်ထဲမှာ နာနေတော့တယ်။ အမှန်တော့ မွေးကို ကိုကိုနိုင့်အရိပ်မှာခိုပြီး နားနေစေချင်တယ်။ မွေးဟာ ကိုကိုနိုင့်ရင်ခွင်ထဲမှာတောင် နှစ်နှစ်ခြိုက်ခြိုက် မအိပ်နိုင်တဲ့ အဖြစ်ပါကလားလို့ တွေးမိတိုင်း မွေးအတွက် သိပ်မောမိတာပဲ။ မွေးနဲ့ ကိုကိုနိုင် လက်ထပ်ကြတာဟာ တခြား အိမ်ထောင်ရေးတွေနဲ့ မတူခဲ့ဘူး။ ပိုက်ဆံနဲ့ ပေးဝယ်ပြီး ဂုဏ်ချင်း ဖလှယ်ခဲ့ကြတာလဲ မဟုတ်ဘူး၊ မွေးကို မြတ်နိုးတဲ့စိတ်နဲ့သာ လက်ထပ်ခဲ့တာပဲ။ ကိုကိုနိုင်ဟာ အကြိုက်ဆုံး မိန်းမကို ရခဲ့တာအမှန်ပဲ။ ကိုကိုနိုင် သဘောအကျဆုံး မိန်းမရဲ့ပုံစံဟာ မွေးပါပဲ၊ ဒါပေမဲ့ လက်ထပ်ပြီးချိန်ဟာ အမြဲပဲ ခြောက်သွေ့နေရတာကို တွေးမိတိုင်း ကိုကိုနိုင်တို့ နှစ်ယောက်ဟာ ဘာကြောင့်များ ဒီလောက်ကြာရှည်အောင် ခွဲခွာနေကြရသလဲလို့ တွေးမိပြန်ရော။

ကိုကိုနိုင် မွေးနဲ့ အကြာကြီး ခွဲမနေချင်ဘူး။ အခုလည်း (၆) လကြာမှ တခါတွေ့ပြီး မတွေ့ရတာ နှစ်ချီပြီး ကြာခဲ့ပြီ။ ဘာလို့ ခဏခဏ ပြန်မလာလဲဆိုရင် တီဘီရောဂါသည်ကြီးနားမှာ မောကြီးပန်းကြီး အလုပ်လုပ်နေရတဲ့ မွေးကို မမြင်ရက်လို့ပဲ။ အေးလေ မွေးတယောက်တည်း

လင့်အပေါ်ရော၊ မိသားစုအပေါ်မှာရော ထောင့်စေ့ဖို့ ဆိုတာကလည်း ဘယ်ဖြစ်နိုင်မလဲ။ ကိုကိုနိုင်လေ…

ဤစာကို ကြည့်လျှင် ကိုကိုနိုင်ဒုက္ခကလည်း မသက်သာသည်ကို တွေ့နိုင်ပါသည်။ ကိုကိုနိုင်တယောက် နောက်မိန်းမ ယူကိုယူသင့်သည့်အဖြစ် ရောက်အောင် ဤစာနှင့် ပို့ခဲ့ပါသည်။

လူထဲက လူသားများ

မွေး၊ အာရောဂျံကအပြန် ရန်ကုန်ရောက်တော့ ကိုကိုနိုင်မိန်းမ ကလေးမွေးနေသည်ကို တွေ့ရသည်။ မွေးသည် နောက်မိန်းမ ယူသည်ကို ခွင့်လွှတ်နိုင်သည်။ နောက်မိန်းမက ယောကျ်ားလေး မွေးသည်ဟု ဆိုသည်နှင့်တပြိုင်နက် သားဟူသော အတွေးကြောင့် ကိုကိုနိုင်မျက်နှာ ဝင်းလက်သွားရ၏။ ကိုကိုနိုင်၏သားလိုချင်သောဆန္ဒကို ကိုကိုနိုင့် မျက်လုံးတွင် မြင်ရသောမွေးက သားမွေးမပေးနိုင်သော သူ့အဖြစ်ကြောင့် စိတ်ဓာတ်ကျသွားခြင်းဖြစ်သည်။

အမှန်တော့ ကျွန်မ၏ဇာတ်ကောင်ဖြစ်သော မွေး၊ ကိုကိုနိုင်၊ အတွတ်၊ ဖရက်ဒီတို့သည် လူသားများ ဖြစ်ကြပါသည်။ မွေးသည် မိသားစုတာဝန်ကိုထမ်းဆောင်ရင်း ကိုယ့်ကိုယ်အတွက်လည်း ဖွဲနှင့်ကြိုးစားသော မိန်းကလေးတယောက်ဖြစ်သည်။ သဘောထားကြီးသည်။ ကိုယ်ရေးစွန့်၍ အနစ်နာခံသည်။ ပြီးတော့ သမီးကောင်းတယောက်ဖြစ်ဖို့ အများဆုံး ကြိုးစားပါသော်လည်း ချစ်ဦးသူနှင့် တွေ့တော့ မိခင်စကားကို နားမထောင်သောကြောင့် မှဲ့တပေါက်စွန်းခဲ့ပါသည်။

ကိုကိုနိုင်သည်လည်း အရာရာ ခွင့်လွှတ်နိုင်စွမ်းသော တာဝန်ယူရဲသော စိတ်ထား မြင့်မြတ်သည့် ယောကျ်ားတယောက် ဖြစ်ခဲ့ပေမယ့် ဇနီးသည်နှင့် ဝေးကွာနေချိန်တွင် အတွေ့ မရှောင်နိုင်ဘဲ အငိုက်မိကာ နောက်မိန်းမ ယူမိသွားသည်။

အတွတ်ကတော့ နှုတ်နည်း၍ အရာရာနောက်ကျတတ်သော အချိန်ကို မတွက်ဆတတ်သော သူငယ်ဖြစ်သည်မှလွဲ၍ မွေးအပေါ် စေတနာစစ်နှင့် ချစ်သူတယောက်ဖြစ်၏။

ဖရက်ဒီကတော့ ရေလိုပါပင်တည်း။ ထည့်ရာခွက်ပုံသဏ္ဌာန်လိုက်၍ ဆိုးသောအရောင်သို့ ပြောင်းလဲလွယ်သော သူတယောက်။

အစဉ်ပျံ့မွှေးနေသော မွေး

အမှန်တော့ သူတို့အားလုံး ခြောက်ပြစ်ကင်း သဲလဲစင်များ မဟုတ်ကြပါ။ ကျွန်မဇာတ်ကောင် များမှာ အပြစ်အနာအဆာကလေးများနှင့်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လူသားများ ဖြစ်သောကြောင့်တည်း။

ဖရက်ဒီမှအပ ကိုကိုနိုင်၊ အတွတ်၊ မွေးတို့သည် ပေးဆပ်လာသော ဘဝ၏ဒုက္ခများကို လူးလိမ့်ခံစားကြရင်း သူတို့ဘဝပတ်ဝန်းကျင်အတွက် အတတ်နိုင်ဆုံးကောင်းအောင် ကြိုးစား သွားကြပြီး အကောင်းဆုံး ရလဒ်ကိုတော့ မရ။ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရသည်ကတော့ အနတ္တ၏ သဘောပေပဲ။

မည်သို့ပင်ဆိုစေ စာဖတ်ပရိသတ် နှလုံးသားတွင် အစဉ်ပျံ့မွှေးနေစေသော ‘မွှေး’ ဟူသည့် အမည်ကို ပေးခဲ့ပါသော ဖရက်ဒီအား ကျေးဇူးတင်ပါ၏။

လုံမလေး အမျိုးသမီးမဂ္ဂဇင်း

၁၉၈၇-ခုနှစ်၊ ဇန်နဝါရီလ

■ ■ ■

ယခုလိုအချိန်သို့ရောက်ပြီဆိုလျှင် အတွတ်နှင့် မွေးတို့ အတူတကွ မွေးဖွားခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွက်များထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်။

■

မတ်လ သို့ပင် တိုင်သော်လည်း အာရောဂျံ၏နံနက်ခင်းတွင် အအေးငွေ့သည် မပြေသေးပေ။ အရှေ့မြောက်နှင့် အရှေ့တောင်ဘက်တွင် ဝန်းရံပတ်နေသော ကျောက်တောင်ကုန်းများကို ဖြတ်ကျော်တိုက်ခတ်လာသော နံနက်ခင်းလေတွင် ဆောင်း၏ နှင်းကြွင်းနှင်းကျန်လေးများသည် တစွန်းတစ ပါလာခဲ့၏။

ဤနေရာကို ‘အာရောဂျံ’ ဟု နာမည်ပေးသူ၏ စိတ်ကူးမှာ ယဉ်လွန်းစွတကား။ တကယ်လည်း အဆုတ်နာရောဂါသည်များအတွက် အနားယူရာစခန်း ဖြစ်ပေသည်။

အိန္ဒိယပြည်တောင်ပိုင်း မဒရပ်နယ် မဒနာပလီမြို့အနီးတွင် ဖွင့်လှစ်ထားသော အေးချမ်းသည့် စခန်းတခုပင် ဖြစ်ပေသည်။ အာရောဂျံပတ်ဝန်းကျင်သည် နှစ်မိုင်ပတ်လည်ခန့် ကျယ်ဝန်း၍ မြို့ငယ်လေးတခုလိုပင် အချိုးတကျ တည်ရှိပေသည်။

လူနာများ နေရာသည်လည်း ရွာငယ်ရှိ အိမ်များကဲ့သို့ပင် လူနာတယောက်ကို တိုက်ငယ်တလုံးစီနှင့် ထားသော်လည်း ပြွတ်ညပ်ခြင်း မရှိဘဲ တခုနှင့်တခု ပေ ၅၀ မှ ပေ ၁၀၀ အထိ ခြားပေသည်။ လူနာများအိမ်၏ နောက်ဘက်တွင်မှ ဆေးရုံ၊ ရုံး၊ စာတိုက်နှင့် စမ်းသပ်ခန်း၊ ခွဲစိတ်ခန်းများ၊ ဓာတ်မှန်ရိုက်ခန်းများ၊ စာကြည့်ခန်းများနှင့် လူနာလာရောက်ပို့သူတို့ ခေတ္တနားရာ ဧည့်သည်ဂေဟာတခုလည်း ရှိပေသည်။

အဆုတ်နာရောဂါသည်ကို လာရောက်ပို့သူတို့အတွက် ရောနှောကူးစက်ခြင်း မရှိရန် သီးသန့်ထားသောနေရာ ဖြစ်ပေသည်။

ထိုအဆောက်အအုံတို့နောက် မိုင်ဝက်အကွာလောက်တွင်မှ ဆေးရုံအုပ်ကြီးနှင့် အိမ်ထောင်သည် ဆရာဝန်တို့၏ အိမ်လေးများကို စိန်ပန်းပင်များကြားတွင် တွေ့ရပေသည်။

မဒနာပလီမှလာသော လမ်းမကြီးသည် ဆေးရုံဝင်းနှင့် လူပျိုဆရာဝန်တို့ အဆောက်အအုံကို အလယ်မှ တား၍ထားပေသည်။ လမ်းမကြီးတဖက်တွင် လူပျိုဆရာဝန်ဂေဟာနှင့် ဘောလုံးကွင်း များကို

ကျောက်တောင်လွင်ပြင်တို့အခြေတွင် သပ်ရပ်စွာ တွေ့ရပေသည်။

နံနက်ခင်းတွင် အာရောဂျံသည် အလုပ်ရှားဆုံးအချိန်ဖြစ်သည်။ ငှက်ငယ်များသည်လည်း စောစီးစွာ နိုးလာကြ၏။ လူနာများသည် အိပ်ရာထက်မှာပင် နားနေရင်း အလှည့်ကျ လာရောက် ကြည့်ရှုမည့် ဆရာဝန်ကို စောင့်မျှော်ကြရသည်။

လူနာများ၏ အစေခံများမှာ ဆရာဝန် ပြန်သွားပြီးနောက် လူနာသောက်ရန်အတွက် နွားနို့၊ ကြက်ဥ၊ ပေါင်မုန့်များကို အဆင်သင့်ပြင်၍ နေကြရသည်။

ဒေါက်တာမိုးကောင်းသည်လည်း လူပျိုဆရာဝန်များအနက် မြန်မာပြည်မှ ရောက်လာ၍ သင်တန်းတက်နေသော ဆရာဝန်တယောက် ဖြစ်သည်။ ဘောင်းဘီအဖြူ၊ အပေါ်ကုတ်အင်္ကျီ အဖြူဝတ်ကာ လည်စည်းအညိုကို စည်း၍ထားသော်လည်း သူ့မျက်နှာသည် မြန်မာပီသသော ရုပ်ပင်တည်း။ အရပ်မြင့်၍ သူ လမ်းလျှောက်ပုံမှာ ကြည့်ကောင်းသလိုရှိသည်။ မျက်နှာမှာ ချောမောသည် မဆိုသာသော်လည်း ကြည့်ကောင်းသော လူငယ်တယောက် ဖြစ်၏။

နံနက်တိုင်း ဖြတ်ကျော်သလိုပင် မဒနာပလီလမ်းမကြီးကို ဖြတ်၍ ဆေးရုံဝင်းသို့ သူသည် ပေါ့ပါးရွှင်လန်းစွာပင် လျှောက်၍လာသည်။

စိတ်ထဲတွင်တော့ ယနေ့နံနက်သည် ပို၍ရွှင်မြူးစရာကောင်းသလို ဖျတ်ဖျတ်လတ်လတ် ဖြစ်နေသည်။ စိန်ပန်းပွင့်များသည် ယခုတချိန်တွင် စောစီးစွာ ဖူးနေကာ အကိုင်းအခက်တို့ကြားတွင် ထွက်ပြူစပြုနေလေသည်။ ဥဩငှက်သည်လည်း ပန်းဖူးပန်းငုံတို့ကြားတွင် နံနက်တေးကို ရွှင်ရွှင်ကြည်ကြည် သီဆိုနေတော့သည်။

ငှက်ငယ်၏တေးဆိုသံကို သူသည် တအံ့တဩ ခေါင်းမော်၍ ကြည့်မိ၏။ သူ့ရုံးခန်းသို့ အရောက်ထိပင် ဥဩငှက်ငယ်သည် တပင်မှတပင်ကူးကာ လိုက်လာသည်ဟု ထင်ရပေသည်။ ငှက်ငယ်၏ ချိုအေးသောအသံကြောင့် သူ့မျက်နှာပင် ပြုံးရွှင်လာလေသည်။ ရုံးခန်းသို့ ဝင်လိုက်လျှင် ပြတင်းအပြင်မှ ကိုင်းညွတ်နေသော တမာပန်းခက်တို့၏ ရနံ့သင်းပျံ့ပျံ့မှာ သူ့ကို ဆီးကြိုဟန် ရှိသည်။

သူ့လိုပင် ဒေါက်တာအသီးသီးမှာ နံနက်ခင်းတွင် လုပ်ဆောင်ရမည့် တာဝန်များအတွက် စီစဉ်ခန့်ခွဲနေကြပေသည်။ အချို့ဆရာဝန်များမှာ အသစ်ရောက်လာသော လူနာများ၏ ရောဂါ ရာဇဝင်၊ ကိုယ်ခန္ဓာအစိတ်အပိုင်း အခြေအနေကို စစ်မေးရန် သက်ဆိုင်ရာအခန်းသို့ သွားကြရသည်။

တချို့ဆရာဝန်များမှာ Screening reading ခေါ် အမှောင်ခန်းထဲတွင် လေးထောင့်ကြက် ထားသော မှန်သားအား လူနာ၏ရင်မှာကပ်၍ ရောင်ခြည်ထိုးကာ အဆုတ်ကိုကြည့်သော အလုပ်ကိုလုပ်ရန် ထွက်ခွာသွားကြသည်။

Tomography ခေါ် အဆုတ်၏အထဲသို့ ရောက်အောင်အထိ တလွှာချင်း ဓာတ်မှန် ရိုက်နေသော အလုပ်ကိုမူ နေ့ခင်းတိုင်မှ လုပ်ကြရသည်။

အချို့ဆရာဝန်များမှာ လူနာသစ်များ၊ တိုင်းရင်းသား အိန္ဒိယသားများအား ကြည့်ရှု စစ်ဆေးလျက် ရှိကြသည်။ တိုင်းရင်းသား ဆင်းရဲသားများနှင့် ခရစ်ယာန် ဘာသာဝင်တို့အတွက်မူ လူနာ ၂၀ ခန့်စီထားသော ဟင်းလင်းပွင့် အခန်းရှည်ကြီးများထဲတွင် အခမဲ့ကုသခွင့် ရပေသည်။ ယနေ့အဖို့ ဒေါက်တာမိုးကောင်းအတွက်မူ လူနာများကို နံနက်ပိုင်း လှည့်လည် ကြည့်ရှုရမည် ဖြစ်ပေသည်။

ဂွန်ဆင်သည် ဒေါက်တာရှေ့မှ ထွက်ခွာသွားနှင့်ရန် အဆင်သင့်ဖြစ်၍ နေပေသည်။ အိန္ဒိယတိုင်းရင်းသားတယောက် ဖြစ်သော်လည်း ခရစ်ယာန်ဘာသာဝင် ဖြစ်သည့်အတွက် သူ့အမည်မှာ ဂွန်ဆင်ဖြစ်ဟန် ရှိလေသည်။ ဦးထုပ်ဖြူ အပြားကြီးအောက်တွင် ဂွန်ဆင်၏ မျက်နှာသည် မည်းမည်းခွံ့ခွံ့ကြီး ပေါ်လွင်လျက်ရှိ၏။ ဘောင်းဘီအညိုပေါ်တွင် ဖားလျားကျအောင် ရှည်သော ရှပ်အင်္ကျီအဖြူမှာလည်း ဂွန်ဆင်၏အသားရောင်ကြောင့် ပိုမိုဖြူဖွေးနေဟန် ရှိပေသည်။ သူ့လက်ထဲတွင်မူ လူနာများတဦးစီ၏ ရောဂါဖြစ်ပျက်ပုံ အလုံးစုံမှတ်သားထားသော ဖိုင်တွဲများကို ပိုက်ထားလျက် ရှိသည်။ ထိုဖိုင်တွဲများထဲတွင် ရောဂါအခြေအနေ ဖြစ်ရင်းအစမှစ၍ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း စသည်တို့ကို အစုံအစေ့ ရေးမှတ်၍ ထားပေသည်။ တပတ်တခါ စစ်ပြီးတိုင်း မှတ်တမ်းတင်ထားရသောကြောင့် ထိုဖိုင်တွဲမှာ လူနာများအတွက် အရေးအကြီးဆုံး ဖြစ်သလို ဂွန်ဆင်အတွက်လည်း အရေးကြီး၏။ ဤဖိုင်တွဲကို ဆရာဝန်မှလွဲ၍ မည်သူမျှ ကြည့်ခွင့်မရ။ သို့သော် စည်းမစောင့်သောလူနာများက ဆရာဝန်မရောက်ခင် ဂွန်ဆင်လာ၍ တင်ထားနှင့်သော ဖိုင်တွဲကို ခိုး၍ကြည့်ကြသည်။ ကြည့်ခွင့်ရရန် ဂွန်ဆင်ကို ငွေတကျပ်လောက် ပေးလိုက်လျှင် ဂွန်ဆင်က ကျေကျေနပ်နပ်ကြီး ကြည့်ခွင့်ပြု၏။ သည်လိုနှင့် လူနာများသည် ကိုယ့်ရောဂါ အခြေအနေ သိအောင်လုပ်ရင်း ဂွန်ဆင်ကို လုပ်ကျွေးကြသည်။

ဆာရီအဖြူကိုဝတ်၍ ဦးထုပ်ဖြူနှင့် သူနာပြုဆရာမလေး အဘီဂေးလ်မှာမူ ဒေါက်တာနှင့် အတူ လိုက်ပါရန် အဆင်သင့်ပင်ဖြစ်၍ နေပေသည်။ အဘီဂေးလ်သည် ထိုဆေးရုံ၏ အဆုတ်နာ လူနာဟောင်းတယောက်ပင် ဖြစ်ပေသည်။ သူ့ရောဂါ ပျောက်သွားပြီးနောက် အခြားသို့ မသွားတော့ဘဲ ထိုဆေးရုံတွင်ပင် အလုပ် ဆက်၍လုပ်နေပေသည်။ သူ့ကိုယ်သည်

သွေ့ခြောက်ခြောက် ရှည်လျားလေးမို့ လမ်းလျှောက်လျှင် အဝတ်ဖြူတလွင့်လွင့်နှင့် ဝိညာဉ်လေး တခု ရွေ့လျားနေသလို ထင်ရပေသည်။ အင်္ဂလိပ်စကားကို သွက်လက်စွာ ပြောတတ်သော်လည်း အိန္ဒိယတောင်ပိုင်းသားတို့ အသံဝဲကာ လျှာလိပ်လွန်းလှပေသည်။

ဂျွန်ဆင်မှာ ရှေ့က ထွက်သွားနှင့်ပြီဖြစ်၍ ဒေါက်တာမိုးကောင်းနှင့် အဘိဂေးလ်သည်လည်း နောက်မှ လိုက်ကြရန် ပြင်ဆင်နေကြသည်။

“ဟဲလို... ကောင်းသောနံနက်ခင်းပါ ဒေါက်တာမိုး....” အင်္ဂလိပ်လို နှုတ်ဆက်လိုက်သော အသံတသံမှာ အပြင်ထွက်ရန် ပြင်နေသော ဒေါက်တာမိုးကောင်း၏ ခြေလှမ်းများကို ရပ်တန့်သွားစေလေသည်။

သူ့ကို နှုတ်ဆက်သူမှာ ဆေးရုံဆရာမကြီး မစ္စလွန်း ဖြစ်သည်။ မစ္စလွန်းသည် ဆွစ်ဇာလန်မှ လာရောက်အလုပ်လုပ်နေသော အသက် ၆၀ ရှိ ဆရာမအပျိုကြီးတဦး ဖြစ်သော်လည်း အလုပ်ကို ယခုတိုင် သွက်လက်စွာ လုပ်ကိုင်နိုင်ပေသေးသည်။ သူ့အသံသည် သားငယ်ကို စကားပြောသော မိခင်အသံလို ချိုချိုအေးအေး ရှိသည်။

“ကောင်းသောနံနက်ခင်းပါခင်ဗျာ၊ ကျွန်တော် ဘာများ အကူအညီပေးစရာ လိုပါသလဲ” သူက ပြန်၍ မေးသည်။

“ဒီလို မိုးရေ၊ ညနေက မင်းတို့ မြန်မာပြည်က မိန်းကလေးတယောက် ရောက်လာတယ်။ အခန်းနံပါတ် ၂၉ မှာ ရှိတယ်။ မင်း ဒီနေ့သွားရင် ဂရုပြုလိုက်ပါကွယ်။ သူသိပ်အားငယ်နေတယ်၊ စရောက်ကတည်းက ငိုနေတာ ခုထိပဲ။ သူ့တယောက်တည်း ဆိုတော့ ကြောက်နေပုံလည်း ရတယ်”

“တယောက်တည်း...၊ သူ့ကို ဘယ်သူမှ လိုက်မပို့ဘူးလား”

“လိုက်ပို့တဲ့လူတွေက ချက်ချင်းပဲပြန်သွားတယ်၊ သူ့မိတ်ဆွေတွေ ထင်ပါတယ်၊ ကိုယ်လည်း ညနေကျ လာပါဦးမယ်လို့ ပြောလိုက်ပါ”

မစ္စလွန်းက ပြောပြီး အပြင်သို့ထွက်သွားတော့၏။ သူ့စိတ်ထဲတွင်မူ လမ်းလျှောက်ရင်း ထိုမိန်းကလေးကို တွေးလာသည်။ တန်းလျားတခုပြီးတခု ဝင်ရောက်စစ်ဆေးပြီး ဖြတ်လာခဲ့၏။ တိုက်ငယ်ကလေးများ တဆောင်ပြီး တဆောင် ဝင်လာခဲ့၏။ မိန်းကလေး၏အခန်းသို့မူ မရောက်သေးပေ။

ဘယ်သူများပါလိမ့်။

ဘာကြောင့် ဒါလောက် ငိုနေပါလိမ့်။

တယောက်တည်းများ ဘာကြောင့် လာပါလိမ့်။

စိတ်ထဲတွင် မမြင်ရသေးသော မိန်းကလေးအတွက် တွေးတော စိတ်မကောင်း ဖြစ်နေလေသည်။ အာရောဂျံမှာ ကျန်းမာရေး အနားယူရန် ကောင်းမွန်၍ စိတ်ချမ်းမြေ့သူတို့အဖို့ ကြည်နူးဖွယ် မြက်ခင်းများနှင့် သာယာသော်လည်း အမှန်တော့ သွေ့ခြောက်တိတ်ဆိတ်ကာ လူနာတယောက်အဖြစ် စိတ်အားငယ်သူအတွက် ကြေကွဲလွမ်းဆွတ်စရာနေရာ ဖြစ်နေတော့သည်။

စိတ်အားအငယ်ရဆုံးမှာ အစားအသောက်နှင့် ပတ်သက်၍ ဖြစ်သည်။ ဖြုန်းခနဲ ရောက်ရောက်ချင်း အစီအစဉ်မရှိလျှင် အလွန်ဒုက္ခရောက်သည်။ ရန်ကုန် ဆေးရုံမှာကဲ့သို့ စာရင်း မပေးရသေးခင် တရုတ်တန်းမှာ အစားအသောက် အဝယ်လွှတ်ကာ ဝယ်စား၍ မရပေ။ အရင်ရောက်နှင့်သော မြန်မာလူနာများက ကရုဏာသက်ရောက်ကာ ဟင်းတခွက်စီ၊ ထမင်း တပန်းကန်စီ ဆိုသလို ပို့၍သာ အစီအစဉ်မရှိသူများအဖို့ အကူအညီရပေသည်။ ထို့ကြောင့်ပင် အချို့လူများအဖို့ 'အာရောဂျံ' ကို ခြောက်သွေ့သော ငရဲပြည်လို မြင်ခြင်း ဖြစ်ပေသည်။ နံနက်ပိုင်းတွင် ဆရာဝန်ခွင့်ပြုသော လူနာတချို့ လမ်းလျှောက်ခြင်းနှင့် နံနက်ဈေးလေးတွင် လူနာ၏အစေခံများ ဈေးဝယ်သည်ကလွဲ၍ လှုပ်လှုပ်ရှားရှား မရှိပေ။ နေ့လယ် ၁၂ နာရီကျော် လူနာများ အနားယူချိန်တွင်မူ ကမ္ဘာ့ဌာန်း ရိပ်သာလေးလို တိတ်ဆိတ်နေသည်။

ရွက်ခြောက်လေးများ ကြွေသံ၊ မြေကိုထိသံများကိုသာ တီးတိုးကြားနေရပေသည်။

ထိုမျှ သွေ့ခြောက်သောနေရာကို တပြည်တရွာမှ ဘာကြောင့်များ တယောက်တည်း လာခဲ့ပါလိမ့်။ များသောအားဖြင့် ထိုဆေးရုံတွင် အိန္ဒိယပြည်ထဲ နယ်တခုခုမှ လာသူများပင် အဖော်တယောက်၊ နှစ်ယောက် ပါကြသည်။ မြန်မာပြည်ကဆိုလျှင် နှစ်ယောက်၊ သုံးယောက် ဆိုသလို ပါလာကြသည်။ တချို့မှာ လာပို့၍ လူနာ နေသားကျမှ ပြန်သွားကြလေသည်။ အဖော်ရှိသော ယောကျ်ားရင့်မာကြီးများပင် ရောက်စတွင် ခဏ ခဏ ငိုသည်ကို ဒေါက်တာများ တွေ့နေကျ ဖြစ်ပေသည်။

အခန်းနံပါတ် ၂၉ သို့ ခြေလှမ်းစတွင် သူ့ရင်များသည် လှုပ်ရှား၍ နေပေသည်။ အခန်းဟု ဆိုသော်လည်း သီးသန့် အုတ်ကြွပ်မိုးတိုက်လေးတလုံးဖြစ်ကာ တယောက်တည်း နေရလေသည်။

ထိုအိမ်ရှေ့တွင် ကွင်းပြင်ကြီးတခုရှိ၍ တခြား မြန်မာလူနာများ အိမ်နှင့် အတော်လှမ်းပေသည်။

လူနာမိန်းကလေးသည် အိပ်ရာပေါ်တွင်လှဲကာ မျက်နှာကို လက်ကိုင်ပဝါတခုဖြင့် အုပ်၍ ထားလေသည်။

"ကျန်းမာပါရဲ့လား ခင်ဗျာ..."

သူသည် ခုတင်ဘေးတွင် မတ်တတ်ရပ်ကာ လူနာကို နှုတ်ဆက်လိုက်၏။ လူနာသည် အိပ်ပျော်နေခြင်း မဟုတ်။ ရုတ်တရက်ပင် မျက်နှာမှ လက်ကိုင်ပဝါကို ခွာလိုက်ကာ သူ့ကို မော့ကြည့်လိုက်၏။ မိန်းကလေးမျက်နှာကို ကြည့်ကာ သူ့မှာ ထိတ်လန့်သလို ဖြစ်သွားလေသည်။ ငိုထားလွန်း၍လား မသိ၊ မျက်လုံးကြီးများမှာ မို့၍ရောင်နေကာ မျက်ခမ်းလွှာများသည်လည်း ထူထူရဲရဲကြီး ဖြစ်နေလေသည်။

သို့သော် သူ့မျက်လုံးများသည် မိန်းကလေးမျက်နှာမှ ခွာမရ၊ စေ့စပ်သေချာစွာ ကြည့်ရာမှ ပါးစပ်အဟောင်းသားဖြစ်ကာ အသက်ပင် မရှူနိုင်သလို ဖြစ်သွားလေသည်။

"မွေး..."

သူ့အသံများသည် ဟစ်အော်ခေါ်လိုက်သလို အကျယ်ကြီးထွက်၍ သွားလေသည်။

"အတွတ်..."

မိန်းကလေး၏ နှုတ်ဖျားလေးမှာမူ လှုပ်ရုံမျှ ရွေ့လျားကာ အသံတိုးတိုးလေးနှင့် တုန်တုန်ယင်ယင် ထွက်၍လာလေသည်။ မျက်ရည်များမှာ မျက်လုံးအိမ်မှ လိမ့်၍ကျလာပြန်ကာ ကိုယ်မှာ သိမ့်သိမ့်တုန်နေတော့သည်။ သူ့ကို မြင်ခါမှ ရှိုက်ကာငင်ကာ ငိုနေပြန်တော့သည်။

"တိတ်... တိတ်၊ ငိုမနေနဲ့လေ မွေး၊ ကိုယ်နဲ့ တွေ့ရပြီပဲ၊ တိတ်တော့လေ တိတ်တော့၊ အမှန်တော့ ဝမ်းသာစရာကြီး၊ ကိုယ်တို့ ကွဲနေကြတာ ဘယ်လောက်ကြာပြီလဲ ဟင်၊ ကဲ.. တော်ကြာ ဆေးခန်းက ရောဂါစစ်ဆေးရအောင် လာခေါ်ရင် ငိုရုပ်ကြီးနဲ့ လိုက်သွားရမှာ မရှက်ဘူးလား၊ တိတ်စမ်း၊ ငယ်စိတ်ကလည်း ခုထိ မပျောက်သေးဘူး၊ မစ္စလွန်း ပြောလို့ ဘယ်သူလဲလို့ စိတ်ထဲမှာ တထိတ်ထိတ်နဲ့ လာလိုက်ရတာ တွေ့တော့မှ မွေးမှန်း သိရတော့တယ်၊ ကဲ... ရောဂါအတွက်လည်း စိတ်မပူနဲ့၊ အခု ဆီးတွေ၊ ဝမ်းတွေ သူတို့ လာယူပြီ မဟုတ်လား၊ ဒီနေ့ ကိုယ်ကို စမ်းသပ်ကြည့်၊ ဓာတ်မှန်ယူပြီးရင် ရောဂါအခြေအနေ သိရမှာပဲ၊

ရောဂါသိပ်မများရင် မြန်မြန်ရပါတယ်ကွ၊ အတွက်တို့ သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ရတာ မွေး မပျော်ဘူးလား ဟင်၊ ဒါကြောင့် မနက်ကလေ ဥသြလေးက ကိုယ့်ခေါင်းပေါ်ကနေ အော်နေတာကိုး...”

သူသည် ဝမ်းသာအားရ မိန်းကလေးကို နှစ်သိမ့်အောင် ရွှန်းရွှန်းဝေဝေ ပြောပြနေသည်။

“ဝမ်းသာပါတယ် အတွက်ရယ်၊ ဒါပေမင့် ရောက်ရောက်ချင်း မွေး သိပ်အားငယ်တာပဲ၊ အိပ်ရာပေါ်ကလည်း မထရ၊ ထမင်းချက် ကုလားမကလည်း ကုလားစကားကလွဲလို့ မတတ်၊ မွေးကလည်း ကုလားစကား မတတ်၊ ဘယ်လိုမှလည်း မလုပ်တတ်ဘူး””

“ညကကော မွေးနဲ့အိပ်ဖို့ ကုလားမ ချက်ချင်းရရဲ့လား၊ ညစာကော စားရရဲ့လား၊ ဒီမှာ အစီအစဉ် မရှိရင် သိပ်ဒုက္ခရောက်တယ်”

“စားရပါတယ်၊ ဦးပုဆိုတာက အပို့လွှတ်လိုက်တယ်၊ ဘယ်မှာ ထမင်းမျိုကျမလဲ အတွက်ရယ်၊ စောင့်အိပ်တဲ့ ကုလားမကတော့ အင်္ဂလိပ်စကား တတ်တယ်၊ ဒါပေမင့် ည ၈ နာရီ လာပြီး မနက် ၅ နာရီ ပြန်တာ၊ ဘာလုပ်မလဲ”

“ကဲ... ဒါတွေ တဖြည်းဖြည်း အဆင်ပြေအောင် လုပ်ကြတာပေါ့၊ ခု... မငိုနဲ့တော့ နော်၊ ဒီက မြန်မာလူနာတွေကလည်း အင်မတန် ခင်တတ်ပါတယ်ကွယ်၊ တော်ကြာ မွေး ပျော်လာမှာပါ”

သူသည် စားပွဲပေါ်မှ ဖိုင်တွဲကို လှန်ကြည့်ရင်း ပြောပြနေ၏။

“တခြား လူနာတွေ ကြည့်ဦးမယ်နော်၊ မအားသေးဘူး၊ ညနေကျ အားတယ်၊ မွေးအနားမှာ ကိုယ်လာနေမယ်၊ ကဲ... ကဲ... တိတ်တော့၊ ကိုယ်သွားတော့မယ်”

သူ့မျက်နှာသည် ပြုံးရွှင်ကာ မွေး၏နဖူးကို လက်နှင့်သပ်၍ ထွက်သွားတော့သည်။ လူနာမိန်းကလေးသည် ဒေါက်တာထွက်သွားရာကို အိပ်ရာပေါ်မှ လှမ်းကြည့်နေ၏။ ယခုလို ပြန်လည်၍ မမျှော်လင့်ဘဲ တွေ့ရသည်မှာ ဘုရားသခင် တန်ခိုးတော်ပေပဲ။ ညကလိုသာ အမြဲအားငယ်နေရလျှင် ရောဂါကြောင့်မသေ၊ စိတ်ဆင်းရဲ၍ သေရမည်ဖြစ်သည်။

အိမ်တလုံးလို သတ်သတ်ဖြစ်ရသည့်အထဲ အဝတ်အစားအခန်းနှင့် ရေချိုးခန်း တွဲ၍ ထားသော အိမ်နောက်ပိုင်းမှလွဲ၍ အကာအရံမှာ မျက်နှာစာတွင် လုံးဝ မရှိပေ။ ညဥ့်သို့ရောက်လျှင် ကွင်းပြင်ကြီးထဲတွင် အိပ်နေရသလို လေက

ဒလဟော တိုက်နေသည်။ ယင်းချပ်ကြီးများ၏ အင်္ဂတေတိုင်ကို ရိုက်ခတ်သံသာ ကြောက်စရာလို လှုပ်ရှားလေသည်။ ပတ်ဝန်းကျင်တခုလုံး ပိန်း၍ မှောင်အတိကျနေသည်က ပို၍ အားငယ်စရာ ကောင်းပေသည်။

ခြေရင်း သမံတလင်းပေါ်တွင် အစောင့်ကုလားမသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်၍ ပျော်နေသောကြောင့် သူ့ဟောက်သံမှာ ပို၍ စိတ်ချောက်ချားစရာ ကောင်းတော့သည်။ မည်းမှောင်နေသော ကန္တာရထဲတွင် နေရသလို ကြောက်၍ ကြောက်၍ လာသည်။ ကြောက်စိတ် များလာတိုင်း ပို၍ ပို၍ ငိုရပြန်သည်။

နံနက်တွင် မျက်လုံးများက ဖွင့်မရလောက်အောင်ပင် ရောင်၍နေတော့သည်။ ဒေါက်တာ မိုးကောင်း ထွက်သွားပြီးနောက် တကိုယ်လုံး ကာကီယူနီဖောင်း ဝတ်ထားသော ကုလားလေး တယောက်သည် လန်ချားတခုကိုဆွဲကာ သူ့အိမ်လေးရှေ့တွင် ရောက်၍လာလေသည်။ ကုလားလေးသည် လက်ထဲမှစာကို မွှေးအား ထုတ်၍ပြသည်။

စာထဲတွင် ရောဂါစစ်ဆေးကြည့်ရှုရန်အတွက် လူနာများကို စာရင်းအလိုက် ခေါ်ခိုင်းခြင်း ဖြစ်ပေသည်။

သူသည် အဝတ်အစားလဲကာ လန်ချားပေါ်သို့ တက်၍ လိုက်သွားသည်။

ထိုဆေးရုံတွင် မွှေးအတွက် ထူးခြားသည်မှာ အပူချိန်ကို မြန်မာပြည်မှာကဲ့သို့ ပါးစပ်တွင် ပြဒါးတိုင် ထည့်၍မတိုင်းဘဲ စအိုဝမှ ယူခြင်းနှင့် လန်ချားစီးရခြင်းပင် ဖြစ်လေသည်။ ဆေးရုံလူနာများ စစ်ဆေးရာအခန်းသို့ ရောက်လျှင် သူသည် အခန်းတခုထဲသို့ ဝင်၍ သွားရသည်။

"ရှင် အင်္ကျီတွေချွတ်ပြီး ရင်ရှားထားပါ၊ ရှင့်ကို ဆရာဝန်တွေ နားကြပ်နဲ့ အဆုတ်ကို စမ်းသပ်ကြမယ်၊ ပြီးတော့ ရှင့်ရောဂါရဲ့ စတင်ဖြစ်ပျက်ပုံတွေကို စစ်ဆေးပါလိမ့်မယ်"

မစ္စစ်ဆိုင်မွန်ဆိုသူ ဆရာမလေးသည် သူ့အား မြန်မာလို ဆီးကြိုပြောပြ၏။ သူသည် အိန္ဒိယတိုင်းသူ ဖြစ်သော်လည်း မြန်မာပြည်တွင် ကြီးသူဖြစ်၍ မြန်မာစကားကို ရည်ရည်မွန်မွန် ပြောတတ်ကြောင်းလည်း ထပ်၍ပြောပြပြန်သည်။ ဆရာဝန်ရောက်လျှင် စက္ကူပါးလေးတခုကို မွှေးအား လှမ်းပေးကာ ကုလားထိုင်တခုတွင် ထိုင်ခိုင်းသည်။ အင်္ကျီများအားလုံးကို ချွတ်ထားသော မွှေးသည် အသက်ကို မှန်မှန်ရှူနေရ၏။ သူတို့ပေးသော စက္ကူပါးလေးကို ပါးစပ်တွင် ကပ်ကာ ချောင်းဆိုးပြရသည်။

မွှေးသည် ချောင်းတခါဆိုးလိုက်၊ အသက်တခါရှူလိုက်နှင့် ၁၀ ခါလောက်

လုပ်ပြရသည်။ ထိုအချိန်တွင် ဆရာဝန် သုံးယောက်ခန့်သည် ကျောအထက်ပိုင်းနှင့် ရင်အထက်ပိုင်းကို နားကြပ်များနှင့် အသီးသီးနားထောင်ကြသည်။

"ကျွန်တော် မေးခွန်းအနည်းငယ် မေးပါရစေ ခင်ဗျာ"

စမ်းသပ်သော ဒေါက်တာထဲမှ တယောက်သည် သူ့အား အင်္ဂလိပ်ဘာသာဖြင့် ပြောကာ ခွင့်တောင်း၏။

"ဟုတ်ကဲ့၊ မေးနိုင်ပါတယ်"

"နာမည်ကတော့ 'မွေး' ပဲနော်"

"မှန်ပါတယ်"

"ဒီကို မလာခင် ဒီရောဂါအတွက် ဆေးကုခဲ့ပါသေးလား"

"ဟုတ်ကဲ့၊ ရန်ကုန်ဆေးရုံကြီးမှာ နှစ်လ တက်ခဲ့ပါတယ်"

"မွေးမှာ မိဘ ရှိသေးလား"

"အဖေပဲ ရှိပါတယ်၊ အမေတော့ မရှိတော့ပါဘူး"

"အိုး... ဝမ်းနည်းပါတယ် ခင်ဗျာ၊ ဘာရောဂါနဲ့ ဆုံးပါသလဲ"

"အဆုတ်နာ"

မွေးသည် အံကြိတ်၍ ဖြေလိုက်သည်။

"ဪ... သားချင်းများကော"

"ခုနစ်ယောက်ရှိပါတယ်"

"အားလုံးပဲ အခု ရှိတယ်နော်"

"ဟင့်အင်း သုံးယောက် ဆုံးပါပြီ။ နှစ်ယောက်က ရိုးရိုးရောဂါနဲ့၊ အစ်မတယောက်ကတော့ အဆုတ်နာ"

သူသည် အံကြိတ်ရာမှ ထိုစကားလုံးကို မနည်း ပါးစပ်ထဲမှ ထွက်ရ၏။

"အဆုတ်နာ" ဟူသော စကားလုံးကို သူ့ပါးစပ်မှ ခဏ ခဏ မရွတ်ချင်၊ ရွတ်ဆိုရမှာကို ရင်ထဲမှာ ကြောက်၏၊ ရွံရှာ၏၊ စက်ဆုပ်၏။ ပြင်းထန်သော လှိုင်းတံပိုးသည် ကမ်းပါးကို ရိုက်ချိုး ပုတ်ခတ်၍ ကမ်းကို ပြိုစေသလို သည်ရောဂါက

သူတို့မိသားစု၏ ပျော်ရွှင်မှုကို ရိုက်ပုတ် ချိုးဖဲ့ ဖျက်ဆီးခဲ့သည်။

သွေးစုပ်ဘီလူးကြီးလက်လိုပင် သူတို့မိသားစုထဲမှ မေမေနှင့် မမတို့အား တယောက်စီ၊ တယောက်စီ ဆွဲထုတ်ယူသွားခဲ့၏၊ ထိုဘီလူးကြီးအရိပ်သည် သူတို့မိသားစုလေးအပေါ်တွင် ထိုးကျစိုးမိုးနေပြန်သည်။

ယခင်က သာယာသည်၊ ချမ်းမြေ့သည်၊ ပျော်ရွှင်စရာ ကောင်းသည်ဆိုသော သူတို့မိသားစု၏ အသိုင်းအဝိုင်းမှာ ဖရိုဖရဲ ဖြစ်ခဲ့ရသည်မှာ ကြာပါပကော။

လောကဓံကို အထပ်ထပ် ရင်ဆိုင်ရတိုင်း မိန်းမပင် ဖြစ်သော်လည်း မကြောက်မရွံ့ အပြုံးမပျက်ခဲ့သော မေမေသည် ထိုရောဂါကို ဒူးထောက်ခဲ့ရ၏။ ယဇ်ပလ္လင်တွင် အပူဇော်ခံရသော သားကောင်လို အဆုတ်နာ ယဇ်ပလ္လင်တွင် အသက်ပျောက်ခဲ့ရသည်။

လွန်ခဲ့သော ဆောင်းဦးပေါက်က လှပ၍ အေးဆေးသော သူ၏မမကို အဆုတ်နာ ဘီလူးကြီးသည် ဆွဲ၍ ယူသွားခဲ့ပြန်သည်။ ရင်ထဲမှာ နာနေရုံမက ကြောက်ရွံ့၍ နေပေသည်။ ခိုကိုးရာမဲ့သလို အားငယ်နေသောစိတ်က ထိုရောဂါမှ လွတ်မြောက်ရာကို ကြောက်အားလန့်အားနှင့် ကြည့်နေရသည်။

ခြသေ့်ဖမ်းခံနေရသော ယုန်ကလေးလို တုန်တုန်ယင်ယင်နှင့် လွတ်မြောက်ရာကို ရှာနေခဲ့ရသည်မှာ ကြာပါပကော။

ဒေါက်တာသည် မွေး၏မိခင်နှင့်အစ်မများ သေဆုံးရခြင်း ရောဂါကို ရေးမှတ်ပြီး သူ့ကို ပြန်ကြည့်လိုက်သောအခါတွင် မွေး၏မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်နေပြန်သည်။

"မငိုပါနဲ့ခင်ဗျာ၊ ဒီလို စိတ်ညစ်စရာကောင်းတဲ့ မေးခွန်းကို မေးရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ တကယ်ကတော့ မွေးရဲ့ရောဂါဟာ ဆွေစဉ်မျိုးဆက်အရ ကူးစက်လာတာလား၊ အမျိုးထဲမှာ မရှိဘဲ အားနည်းရာကနေ ရောဂါဝင်လာတာလားဆိုတာ သိချင်လို့ မေးရတာပါ"

"မှန်ပါတယ်၊ ဒေါက်တာ့အနေနဲ့ မေးသင့်ပါတယ်၊ ကျွန်မ စိတ်မနိုင်လို့ ငိုမိတာကိုလည်း ခွင့်လွှတ်ပါ။

"အိုး... ဒီလိုပါပဲ၊ အရင်တုန်းကဆို ဒီရောဂါဟာ အင်မတန် ကြောက်စရာ ကောင်းပါတယ်၊ တစ္ဆေလိုပဲ လူတွေရဲ့စိတ်ကို အမြဲခြောက်နေတာပါ၊ လွန်ခဲ့တဲ့ဆောင်းဦးကမှ ခင်ဗျားရဲ့အစ်မ ကွယ်လွန်ခဲ့ရတယ် ဆိုတော့ စိတ်ထိခိုက်စရာပါပဲ၊ ဒါပေမင့် မွေးဟာ ဒီက ညွှန်ကြားချက် အတိုင်း လိုက်နာ နေထိုင်မယ်ဆိုရင် မွေးရဲ့ရောဂါဟာ မများပါဘူး၊ ကုလို့

ပျောက်နိုင်ပါပြီ၊ ကင်ဆာရောဂါအတွက်သာ ကုနည်းရှာလို့ မတွေ့ကြသေးတာပါ။ အထူးသဖြင့် စိတ်ချမ်းသာမယ်၊ လုံလောက်တဲ့ အနားယူမှု၊ ကုသမှု ရတယ်ဆိုရင် ချက်ချင်း ကျန်းမာလာမှာပါ”

ဆရာဝန်ခမျာမှာ ဆရာဝန်ထုံးစံအတိုင်း သူ့ကို အားပေးရှင်းပြရှာသည်။ သူ့စိတ်ထဲမှာမူ သူ့ရောဂါ ကု၍မှ ပျောက်ပါ့မလားဟု သံသယ ဖြစ်နေဆဲပင် ဖြစ်ပါသည်။

“ဒါနဲ့... မွေးမှာ အိမ်ထောင်ရှိပါသလား”

“ဟုတ်ကဲ့”

“သူကတော့ ကျန်းကျန်းမာမာပဲနော်”

“ဟုတ်ကဲ့”

“မွေး ဒီရောဂါဖြစ်တယ်လို့ သိရတာ ဘယ်တုံးလောက်ကလဲ”

“မွေးရဲ့မမဆုံးပြီး တအိမ်လုံးစစ်ဆေးကြရမှ မွေးရဲ့အဆုတ်မှာ အစက်တစက် တွေ့ရတယ်လို့ သိရတာပါပဲ”

“လွန်ခဲ့တဲ့ နှစ်လက ဆိုပါတော့”

“မှန်ပါတယ်”

“အဲဒီအတွင်း ဘာများ ထူးထူးခြားခြား ဖြစ်ခဲ့သေးလဲ”

“ကိုယ်အလေးချိန်ဟာ တပတ်အတွင်း ငါးပေါင်လျော့လာခဲ့လို့ ကိုယ့်ဟာကိုယ် သင်္ကာမကင်း ဖြစ်လာတာပဲ”

“ကိုယ်အလေးချိန် ရုတ်တရက် လျော့ကျလာတာဟာ စိုးရိမ်စရာတော့ ဟုတ်ပါတယ်၊ ဒါပေမင့် တခြားရောဂါကြောင့် ဖြစ်တတ်ပါတယ်၊ ကြီးကြီးကျယ်ကျယ် ဘာရောဂါမျိုး မွေး ဖြစ်ခဲ့ဖူးသလဲ”

“Jaundice”

“ဘယ်လောက်ကြာလဲ၊ ဘယ်တုံးလောက်ကလဲ”

“သုံးလနီးနီးလောက် လဲနေခဲ့ပါတယ်၊ လက်မထပ်ခင်ကပါ”

“ဪ... ဒါနဲ့ မွေးရောဂါ အခြေအနေနဲ့ ပတ်သက်ပြီး အမြန်ဆုံး

အကြောင်းပြန်ဖို့ ဗိုလ်မှူးနိုင် ဆိုတဲ့သူဆီက သံကြိုးတစောင် ဆေးရုံအုပ်ကြီး မစ္စတာ ဂျေဇူဒင့်ဆီကို ရောက်လာပါတယ်၊ ကျွန်တော်တို့ အစီရင်ခံလိုက်ပါ့မယ်၊ မွေးရဲ့ရန်ကုန်လိပ်စာကရော"

"အဲဒီ ဗိုလ်မှူးနိုင်ဟာ မွေးရဲ့ခင်ပွန်းပါပဲ"

"ဪ ဒီလိုဆို ပြီးတာပါပဲ၊ ကဲ ဓာတ်မှန်ရိုက်ကြဦးစို့နော်၊ Screening reading တော့ နက်ဖြန်မှ ယူပါ့မယ်။ Tomography လည်း ဒေါက်တာ ဂျေဇူဒင့်က လိုတယ်ဆိုရင် ကျွန်တော်တို့ ယူပါ့မယ်"

ဆရာဝန်သည် မွေးပြောကြားသမျှထဲမှ အကြောင်းအရာတချို့ကို ရေးမှတ်၍ ဖိုင်တွဲများကို သိမ်းဆည်းကာ အပြင်သို့ ထွက်သွားသည်။

မစ္စစ်ဆိုင်မွန်က မွေးအား အဝတ်အစား ပြန်ဝတ်စေကာ ဓာတ်မှန်ခန်းဘက်သို့ ကူးလာကြသည်။

ဒီနေ့အဖို့ မွေး၏ သွေး၊ ဆီး၊ ဝမ်း နှင့် ကိုယ်ခန္ဓာကို စစ်ဆေး၍ ပြီးခဲ့လေသည်။

တိတ်ဆိတ်သော အာရောဂျံ၏ နေ့လယ်ပိုင်းတွင် နွေဦးလေသည် အပူငွေ့များကို ဆောင်ယူ၍ လာသောကြောင့် နံနက်က နှင်းကြွင်းငွေ့လည်း ပျောက်ပျက်သွားတော့သည်။

လူနာအားလုံးပင် အိပ်ရာထက်တွင် နားနေအိပ်စက်ကြလေပြီ။

မန်ကျည်းရွက်ခြောက်လေးများသည် လေဝှေ့လိုက်တိုင်း လူနာခန်းများဆီသို့ ဝဲကာ ဝိုက်ကာ သွန်ကျလာကြသည်။ တမာပွင့်ဖတ်များသည်လည်း မြေပြင်တွင် ဖွေး၍ နေကြတော့သည်။ မွေးသည် အိပ်ရာထက်တွင် အိပ်မပျော်နိုင်သလို ထမင်းစားပြန် ခေတ္တနားချိန်တွင် အိပ်ရာပေါ်တွင် လှဲနေသော ဒေါက်တာ မိုးကောင်းအဖို့လည်း မေး၍ မရ။

မွေးမျက်လုံးထဲတွင် ဒေါက်တာ မိုးကောင်းကို မမြင်။ "အတွတ်" ဆိုသော သူငယ်ကိုသာ မြင်ယောင်၍ ဒေါက်တာမိုးကောင်းမျက်လုံးများထဲတွင်လည်း ဆံရစ်ဝိုင်း သျှောင်ထုံးလေးနှင့် "မကျည်းတန်လေး" ၏ မျက်နှာသည် တရိပ်ရိပ် ပေါ်လာသည်။ အတိတ်ဆိုသည်ကလည်း မေ့ပျောက်နိုင်ခဲသော အရာတခုပါတကား။

အဝေးမှ ကျောက်တောင်နံရံကို ပဲ့တင်ပြန်လာသော ဥသြငှက်၏ အသံကလည်း ညင်းတွဲ့တွဲ့နှင့် သူတို့နှစ်ဦးကြားတွင် လူးလာယှက်နေသလို ကြား၍

နေရပေသည်။

ဥညြသံသည် အနီးကပ်ကြားရချိန်တွင် နွေဦး၏ တမန်တော်သဖွယ် လှပညွတ်နူးစရာ ကောင်းသည့် နွေ၏သာပုံ၊ တော၏သာယာဟန်များကို ရင့်ကျူးသီဆို၍ ကောင်းချီးပေးကာ လူသားတို့အား ပြောပြနေလေသလားဟု ထင်ဖွယ်ဖြစ်သော်လည်း အဝေးမှနေ၍ ဥညြငှက်၏ သာသာညင်းညင်း လေးလေးတွဲ့တွဲ့ တွန်မြည်သံကမူ ဝေးခဲ့ကွာခဲ့ပြီဖြစ်သော အတိတ်၏ ပုံပြင်တို့ကို ပြန်လည် ဖွဲ့နွဲ့၍ တင်ပြဟန် ရှိခဲ့၏။

ဥညြသံသည် မျှဉ်းမျှဉ်း၍ အဝေးတွင် ကွယ်ပျောက်လုမတတ် သဲ့သဲ့မျှသာ ကြားရသော်လည်း သူတို့နှစ်ဦး၏ နှလုံးသားတွင် ထင်း၍ ထင်း၍ အသစ်ဖြစ်ကာ ပေါ်လာရပြန်သည်။ သူတို့နှစ်ဦး၏ အတွေးအာရုံတွင် အာရောဂျံသည် မှုန်ကာမှေးကာ နစ်မြုပ်ပျောက်ကွယ်သွားတော့သည်။ မဒနာပလီလမ်းမကြီးသည် တသွင်သွင် တငြိမ့်ငြိမ့် စီးဆင်းလျက်ရှိသော ဝါးခယ်မမြစ်အသွင်သို့ ပြောင်းလဲသွားတော့၏။

ထိုမြစ်ကြောင်းတကွေ့တွင် အတွတ်နှင့် မွှေးတို့ တွေ့ခဲ့ကြ၏။ မြစ်ရေလျဉ်စီးသလို ဘဝဆိုသည်က ရပ်တည်မနေဘဲ ရေကြောင်းပြောင်းခဲ့သည်မှာ ကာလကြာမြင့်ပါပကော။

အတွတ်ကတော့မူ ဘယ်တော့မှမမေ့။ မြစ်ရေလျဉ်သည် ပင်လယ်သို့ စီးဆင်း၍ အစပျောက်ဆုံးတော့ သူသည် ဗွေအဏ္ဏဝါဝယ် ပြီးခဲ့သော ပုံပြင်အစကို လိုက်၍ ရှာဦးမည်။ ပြန်လည် တွေ့ဆုံနိုးနှင့် ဤအဏ္ဏဝါတဖက်တွင် စောင့်နေဦးမည်သာ ဖြစ်သည်။

ယခုတော့ သူ မျှော်လင့်သလို ပြန်လည်၍ တွေ့ဆုံကြရပါပကော။

မွှေးဆိုသည့် မိန်းကလေးကလည်း ဟိုခပ်ငယ်ငယ် မကျည်းတန်လေးအဖြစ်နှင့်ကတည်းက ဝါးခယ်မမြစ်ကို ဒီမှာဘက်မှ ဟိုမှာဘက်သို့ ရောက်အောင် နေ့စဉ် ကူးနေရသော မွှေးပါတကား။ ယခုလည်း သူ့မှာ မြစ်ကို ကူးနေရဟန် ရှိသေး၏။

မိန်းကလေးနယ် ဘာကြောင့်များ ကမ်းတဖက်ဖက်တွင် အခြေမစိုက်နိုင်သေးပါလိမ့်။ မြစ်ကို ကူးသည့်အဖြစ်က မြင်နေကျမို့ မခဲယဉ်းသလို၊ အကြောင်းမထူးသလို ရှိနေသော်လည်း တကယ်တော့ အန္တရာယ်များလှသည်။

လှိုင်းကလည်း ထန်ချင် ထန်မည်။ မိုးသက်က ဆင်ချင် ဆင်မည်။ သဘော်ကြီးတွေကလည်း မွှေးလို လှေငယ်ရှင်အတွက် အန္တရာယ်ကြီးလှပါတကား။

အမှန်တော့ မွှေး နားချိန်တန်ပေပြီ။

မွှေးသည် မြစ်ကြောင်းကိုများ အလျားလိုက် ကူးနေလေသလား။

မွှေး၏အကြောင်းကို ပြန်လည်တွေးရသည်မှာ ရင်နာစရာ ကောင်းပေမယ့် အတွက်အဖို့ အရသာရှိသလို အမြဲတွေးနေချင်သည်။ အခြေအနေအရ ဘဝအမျိုးမျိုး ကူးပြောင်းခဲ့၍ ယခု ဆရာဝန်တယောက်အဖြစ် လူကြီးဘဝသို့ ပြောင်းလဲခဲ့သော်လည်း ဤမိန်းကလေး၏ ပုံပြင်က သူ့နှလုံးသားထဲမှ မထွက်၊ ဘယ်တော့မှလည်း မရိုးနိုင်ခဲ့။

လရောင်အောက်မှ မြကြိုးလို သွယ်ပျောင်းတောက်ပနေသော ဝါးခယ်မမြစ်။ မိုးဦးလေတွင် ယိမ်းနွဲ့လှုပ်ရှားနေသော စပါးပင်ပျိုများ။

ကောလိပ်ကျောင်းရုံးရှေ့ရှိ ရေတမာပင်ကြီး... ပြီးတော့ ဗိုလ်မှူးနိုင်။

သူ့ခေါင်းထဲတွင် ထိုကဏ္ဍများသည် တသတ်စီ ရှိခဲ့ကြသည်။

“တေးဆိုကြ ပျော်ကြတာတွေ၊

ငယ်ငယ်က သဘာဝအခြေ၊

မြင်ယောင်လို့နေ ခုနေများ၊

ဟိုခေတ်ခါတွေ၊ ယှဉ်ကာပဲ

ကြည့်လိုက်ရင်လေ၊ လွန်ကွာခြားပေ။

အမြဲပဲ တွေ့ပါရစေ၊ အခါခါ ဆုတောင်းနေ၊

ကျောင်းဘုရား သွားကာပင်၊

တူယှဉ် မကွဲပေ”

သူသည် ခေါင်းဖြီးရင်း၊ ရေချိုးရင်း၊ ဤသီချင်းလေးကို မရိုးနိုင်အောင် ခဏ ခဏ ဆိုမိသည်။ ဆိုပြီးတိုင်း အသံတိမ်ဝင်ကာ မွှေး၏အာရုံသို့ ကူးပြောင်းသွားရသည်မှာ များပါသည်။

■

ဝါးခယ်မတဖက် ဤမြစ်ကမ်းခြေတွင် သူတို့မိသားစု နှစ်အိမ်ထောင်၏ ဘိုးဖွားများသည် ဘယ်တုန်းကများ အခြေစိုက်ခဲ့သည်ကို အတွက်မမှတ်မိပေ။

တခါတရံတော့ ဆင်ဝင်ခန်းတွင် အတွတ်ကို မေမေက ပုံပြောသလို ပြောပြ၏။ ဘိုးဖွားများ အညာမှ ပန်းတနော် ရောက်လာပုံ။ ပန်းတနော်မှ သူ့အဘိုးများ လက်ထက်တွင် ဝါးခယ်မ မြစ်၏ ဤမှာဘက်၌ အခြေစိုက်လာပုံတို့ကို ပြောပြ၏။ သို့သော်... ပုံပြင်များမှာ ရှည်ကြာလွန်း၍ ဝိုးတိုးဝါးတားနှင့် ကွယ်ပျောက်ခဲ့လေသည်။

ထင်ထင်ရှားရှား မှတ်မိသည်မှာ မွေးတို့မိသားစုနှင့် ခြံချင်းကပ်နေရခြင်း ဖြစ်၏။ သူတို့ အိမ်နေရာများမှာ သော်ကရွာနှင့် ရွာသစ်ကြားတွင်ဖြစ်၍ သီးသန့်အိမ်နှစ်ဆောင်လို ဖြစ်နေသည်။ အိမ်ပုံစံနှစ်ခုသည် ဆင်တူ၍ ရေးကျလှသည်၊ လေးပင် သုံးခန်း နှစ်ထပ်အိမ်မြင့်ကြီးတွင် ဆင်ဝင်ခန်းများသည် ခံ့ခံ့လွင့်လွင့်ကြီး ဖြစ်၍နေပေသည်။

တောအိမ်ဖြစ်၍ ခြံဝင်းများက ကျယ်ပြန့်လှသည်။ အိမ်နှစ်ခုကြား စည်းရိုးနှစ်ခု ဆုံရာတွင် ပိတောက်ပင်ကြီးသည် မြင့်မြင့်မှိုင်းမှိုင်းနှင့် နှစ်ဖက်မြေပေါ်တွင် မိုး၍နေကာ နောက်ဘက်တွင်မူကား ကံ့ကော်ပင်များ အုပ်၍ နေပေသည်။ တောင်လေတိုက်ခတ်ချိန်တွင် မြစ်ဘက်မှ လေထန်သည်မို့ ပိတောက်ပင်ကြီး၏ လှုပ်ရှားသံကို လှိုင်းဂယက်သံတို့ကြားမှ ကြား၍ နေရသည်။

မြောက်လေ ပြန်လည်လျှင်လည်း ကျောဘက် လယ်ကွင်းများဆီမှ ရွှေရောင်စပါးတို့၏ တံစဉ်လက်သို့ မရောက်ခင် တီးတိုးညည်းညူသံများမှာ အိမ်ပတ်ဝန်းကျင်တွင် လွင့်ပျံ့နေသည်။ ဆောင်းနှောင်းသို့တိုင်လျှင် မြောက်လေတွင် ရိုးပြတ်ရနံ့သည် သင်းပျံ့၍ လာခဲ့၏။

အိမ်များသည် မြစ်ဘက်သို့ မျက်နှာမူသော်လည်း လယ်များရှိရာ နောက်ဘက် မျက်နှာစာတွင်လည်း အပေါ်ထပ်၌ ဆင်ဝင်လို အဆောင်ပိုလေးများ ထုတ်၍ထားသည်။ ထိုဆင်ဝင်မှ ကြည့်လျှင် လယ်ကွက်များအလယ်၌ ရွှေရောင်ဝင်းနေသော သော်ကဘုရားကြီးကို ညွတ်နူးဖွယ် ဖူးမြင်နေရပေသည်။

တခါတုန်းက ဤဆောင်ခန်းများမှ သူ၏အဘိုး၊ အဖွားတို့သည် သော်ကဘုရားကို အာရုံပြုကာ ကြည်ညိုခဲ့ကြသည်ဟု မေမေက ပြောပြဖူးသည်။ မွေးတို့မိခင် ဒေါ်တင်တင်ကြီး၏ မိဘများလည်း ဤသို့ပင် အနောက်ဆောင်လေးမှ ဘုရားကို အာရုံပြုကြသည်ဆို၏။ သူတို့ နှစ်အိမ်ထောင် ဘိုးဖွားများ၏ အယူအဆ အတွေးအခေါ် တူညီခဲ့ကြဟန် ရှိပေသည်။

မွေးတို့မောင်နှမတသိုက် ကျောင်းထားချိန်တွင်မူ မွေးတို့ခြံစောင့် ဦးဆယ်သည် လှေတစင်းနှင့် ကလေးများကို တင်ကာ ဝါးခယ်မဘက်ကမ်းသို့ ကျောင်းသွားပို့ရ၏။ အငယ်ဆုံး ထွေးမှလွဲ၍ သူတို့အားလုံး ကျောင်းသွားကြရသည်။

မွေးအစ်ကိုကြီးနှစ်ယောက်မှာ အကြီးတန်းသမားများ ဖြစ်ကြသော်လည်း အစ်မဖြစ်သူ အေး၊ မွေးနှင့် လေးတို့မှာ အတွတ်လိုပင် မူလတန်းသားများ ဖြစ်သည်။

အတွတ်သည် အလွန် အဆင်မပြေမှ တယောက်တည်း ကျောင်းသို့သွားသည်။ များသောအားဖြင့် မွေးတို့မောင်နှမတစုနှင့်သာ သူ ကျောင်းသွားခဲ့သည်။

ဆောင်းရာသီသည် သာယောင့်သာယာ ရှိသော်လည်း စာမေးပွဲနီးသောကြောင့် ကလေးများအတွက် အမှတ်မထင် ကုန်လွန်ခဲ့ရသည်။

နွေသို့ ရောက်လျှင်မူ ကျောင်းပိတ်ရက်လည်း များလာခဲ့၍ ခြံဝင်းများထဲတွင် ရှည်လျားသော အရိပ်များ မိုးလာသည်နှင့်တပြိုင်နက် မွေးတို့မောင်နှမတစုနှင့် အတွတ်မှာ သစ်ပင်များကြားမှ မထွက်တော့ပေ။

လသာသော ညများတွင်မူ လယ်ကွင်းစပ် ပပ်ကြားအက်ပေါ်တွင် စိန်ပြေးတမ်း ကစားရချိန်သည် အတွတ်တို့အတွက် မမေ့နိုင်ကောင်းသော ညများသာတည်း။

တခါတရံ ခြံစောင့်ခွေးများသည်ပင် သူတို့ ကစားရာမှာ ပါခဲ့ကြသည်။

လေထဲတွင် မိုးသက်ပါလာချိန်မှာမူ သရက်ကင်းတို့ ကြီးစပြုလာ၏။ လေတချက် ဝှေ့လိုက်တိုင်း သူတို့သည် တဖြုတ်ဖြုတ် ကြွေသော သရက်ကင်းလေးတွေကို အပြိုင်အဆိုင် အပြေးအလွှား ကောက်ခဲ့ကြရသည်။

ကျောင်းတက်ရက်များတွင် ကလေးတို့အတွက် ကစားချိန်လျော့၍ လာခဲ့သည်။ ကျောင်းမသွားခင် နံနက်ပိုင်းလေးတွင်မှာတော့ သူ့ဆရာမအဖို့၊ ငါ့ဆရာမအဖို့နှင့် ရာသီလိုက် ပွင့်သော ပန်းရုံများနားတွင် ပန်းပွင့်လုကြရသည်မှာလည်း သူတို့အတွက် အလုပ်တခုပင်။ တခါတရံ အတွတ်တို့ခြံထဲမှ ပန်းရုံကို ရောက်လာကြသည်။ တခါတရံတော့ မွေးတို့ပန်းချုံမှာ ဖြစ်သည်။ သို့သော် ဘယ်အခါမဆို အတွတ်သည် မွေးတို့ မောင်နှမတစုကြားတွင် လုံးလုံး လုံးလုံးနှင့် ပါခဲ့သည်သာ ဖြစ်သည်။

မွေးအစ်ကိုများ ခုနစ်တန်းအောင်ပြီး အခြားမြို့များသို့ ကျောင်းပြောင်းသွားချိန်တွင်မူ မွေးသည် လှေကို ပဲ့ကိုင်နိုင်လောက်အောင် လှေလှော်ကျွမ်းကျင်လာသည်။ ထိုစဉ်ကတည်းက သူ့တက်နှင့်သူလှော်ကာ အေးနှင့်တကွ ညီမလေးများကို တင်ကာ ကျောင်းသွားခဲ့သည်။ သည်တော့လည်း အတွတ်သည် အတူပါလာခဲ့သည်က များခဲ့၏၊ မွေး ပင်ပန်းပုံပေါ်သောအခါတွင် မွေး၏လက်မှ လှော်တက်ကို လှမ်း၍တောင်းတိုင်း မွေးသည် အတွတ်ကို မပေးခဲ့ပေ။

ထိုစဉ်ကတည်းက ခေါင်းမာသော ကောင်မလေးတယောက်အနေနှင့် မွေးကို စိတ်ထဲက ခပ်ချဉ်ချဉ် ဖြစ်မိသည်။

သူ ရှင်ပြုသောနေ့က မွေးနှင့် ရန်ဖြစ်ခဲ့ရသည်။ သူသည် ခဏ ခဏ ရှင်ပြုခဲ့ရ၏။ ဖွားဖွား ဆုံးခါနီးတုန်းကလည်း သင်္ကန်းဝတ်၍ ပြခဲ့ရ၏။

ခမ်းခမ်းနားနား ရှင်ပြုရသည်မှာ ၁၂ နှစ်သားတုန်းကဖြစ်သည်။ မေမေက သားတယောက်တည်းမို့ အငြိမ့်တွေ၊ ကွက်စိပ်တွေနှင့် အခမ်းအနား လုပ်ခဲ့၏။

ထိုညြှော်ခံသောနေ့က မွေးတို့မောင်နှမအားလုံး လာသည်။ ထိုစဉ်က သူသည် မွေးကို မကျည်းတန်ဟုပင် ခေါ်သည်။ သူ၏မျက်စိထဲတွင် ညီအစ်မအားလုံးထဲ၌ မွေးသည် အလွန် အကျည်းတန်သော ကလေးမပင်တည်း။

အစ်ကိုတွေက ထောင်ထောင်မောင်းမောင်း ယောကျာ်းပီပီ ချောကြသည်။ မွေးထက် အကြီး အေးက မင်းသမီးလေးလို ဖြူဖြူနွဲ့နွဲ့ ဖြစ်၏။ သူ့ဆံပင်လေးများသည် ကွေ့ကွေ့ဝိုက်ဝိုက် နွယ်ကာ ဖြူနေသော နဖူးအိအိလေးပေါ်တွင် ဝဲနေသည်။ သွားတက်လေးပေါ်အောင် ပြုံးနေလျှင် မမအေးသည် ပိုမို၍ လှပ၏။ စကားနည်းနည်းပြောကာ ငြိမ်ငြိမ်သက်သက်လေးပင် နေတတ်သည်။ အပျိုဖော်ဝင်စတွင် ဖြူဖြူမြင့်မြင့်လေးမို့ ပိုးတောင့်တဲလေးလို ချစ်စရာကောင်းပေသည်။ လေးနှင့် ထွေးတို့ နှစ်ယောက်ကလည်း ဖြူဖြူဝဝလေးတွေ ဖြစ်၏။ မျက်လုံး၊ မျက်ခုံးများမှာ အားလုံး တောက်ပ မည်းနက်ကြသည်။

မကျည်းတန်ကတော့ အားလုံးထဲတွင် အသားညိုလွန်းရသည့်အထဲ သူ့လည်ပင်းက ပုတိုတိုလေးနှင့် အေးကဲ့သို့ သွယ်သွယ်ပျောင်းပျောင်း မနေပေ။ စကားပြောလျှင်လည်း သွက်သွက်နှင့် ပြတ်ပြတ် ပြော၏၊ ထိုနေ့က မွေးသည် နားကွင်းအကြီးကြီး နားတွင် ပန်ကာ ရွှေတောင် ပိုးလုံချည် အနီရဲရဲကို သူ့ညီမများနှင့် ဆင်တူဝတ်ထား၏။ ဂျပန်ပိုးအင်္ကျီအနီ ဖားဖားကြီးနှင့် မွေးကို ကြည့်ရသည်မှာ ကုလားမနှင့် တူနေသည်။ ပြီးတော့ သူသည် သူ့အစ်မများ၊ ညီမများကဲ့သို့ သနပ်ခါးကို သပ်သပ်ရပ်ရပ် လူးတတ်ပုံ မရပေ။

"ရုပ်ကိုကဟယ်...နန္ဒင်းမှုန့်ရောင်းတဲ့ ကုလားမ ကျနေတာပဲ"

မွေးက သူ စားရန် ကြာဆံကြီးကို အမှတ်တရ သူ့ဆီ လာပို့ချိန်တွင် သူက မွေးကို ရက်ရက်စက်စက် ပြော၏၊ အတွက်မှာ သင်္ကန်းမဝတ်ခင် ရှင်လောင်းဖြစ်နေ၍ လှလှပပဝတ်ကာ ငြိမ်ငြိမ်နေရသောအချိန် ဖြစ်သည်။ မွေးက သူ့ကို မျက်စောင်းကြီး ထိုးလိုက်၏။ မွေး ဿျောင်ထုံးကြီးမှာမူ နက်နက်ချောချောကြီး ဖြစ်၏။

“ညနေကျ သက်န်းဆီးပြီးရင် လာခဲ့မယ်၊ မကျည်းတန်၊ ငါ့ကို ရှိခိုးရမယ်နော်”

“ဘယ်တော့မှ မရှိခိုးဘူး၊ အတွတ်လာရင် မွေးလည်း ထွက်မလာဘူး”

မွေးသည် နှုတ်ခမ်းကြီးစူကာ ခပ်ဆောင့်ဆောင့် ပြော၍ ထွက်သွားသည်။ မွေးက သူ့ထက် တနှစ်ငယ်၍ “နင်၊ ငါ” နှင့် သူ့ကို မပြောပေ။

ညနေစောင်း၍ ဆံချတရားနာပြီး သော်ကကျောင်းသို့ သူ့ကို သွားပို့ချိန်တွင် အားလုံး မောင်နှမ ပါသော်လည်း မွေးသည် နေခဲ့၏၊ စည်းရိုးအနီးမှ ကရမက်ချုံနားတွင် နှုတ်ခမ်း ထော့ထော့စကာ သူ့ကို ကြည့်နေသည်။ သူသည် ခေါင်းတုံးပြောင်လေးနှင့် သက်န်းရုံထားရပြီဖြစ်၍ ဣန္ဒြေကြီး လုပ်နေရ၏၊ လိုက်ပို့ကြသည့် လူစုထဲတွင် မွေး မပါဘူး ဆိုတော့လည်း သူ့စိတ်က ဝမ်းနည်းချင်သည်။

အတွတ် လူထွက်ပြီး နောက်တနေ့တွင် နှစ်စဉ်ကျင်းပမြဲ သော်ကဘုရားပွဲတော်မှာ စ,လေသည်။ အနောက်ဘက် လယ်ကွင်းတွင် စပါးများ ရိတ်သိမ်းပြီး၍ လယ်မြေပြင် ပပ်ကြား အက်၍ နေပေသည်။

ဘုရားသို့ ကုန်းကြောင်းလျှောက်၍ ရသော်လည်း မွေးတို့က သူတို့ဖွားဖွား လုပ်ပေးခဲ့သော လှည်းယဉ်နှစ်စီးကို ပြင်၍ထား၏၊ မွေးတို့ပါသောလှည်းမှာ သူ့မေမေနှင့် မွေးမေမေ ပါကြသည်။ အေးက လှည်းအလယ်တွင် လူကြီးများနှင့် အတူထိုင်၏၊ မွေးနှင့် အငယ်နှစ်ယောက်က လှည်းနောက်မြီးတွင် ခြေတွဲလဲလေးတွေ ချကာ စီ၍ ထိုင်နေကြသည်၊ သူတို့ခြေလေးများ လှည်းဆောင့်၍ လှုပ်တိုင်း ခြေချင်းများမှာ တလက်လက်တောက်ပ၍ တချွင်ချွင် မြည်နေသည်။

သူသည် မွေးအစ်ကိုများနှင့်အတူ မွေးတို့လှည်းနောက်မှ လိုက်ရသည်။ ညနေစောင်းတွင် အနောက်ဘက် လယ်ကွင်းစပ်၌ နေလုံးရဲရဲကြီးမှာ နစ်စပြုနေလေသည်။ ဝါဖျော့ဖျော့ နေရောင်ထဲတွင် လှည်းနှစ်စီး ပြေးနေသည်မှာ ကြွရွ၍ မြူးရွှင်စရာ ကောင်းပေသည်။

အဝေးတွင် ရွှေပိန်းနေသော သော်ကစေတီကြီးသည် ဝင်ဆဲနေတွင် ရွှေတောင်ကြီးလို ညီးညီးပြောင်နေသည်။ ပွဲခင်းထဲမှ လူသံ၊ တေးသံတွေမှာ လေညင်းတွင် လွင့်ပျံ့နေသည်။

မွေးတို့ ညီအစ်မသုံးယောက်သည်လည်း သီချင်းဆိုနေကြသည်။ သူသည် သီချင်းသံကို အစက သေချာ နားစိုက်မထောင်မိပေ။ သေချာစွာ နားထောင်လိုက်သည့်အခါမှ မွေးတို့ ဆိုနေသည်မှာ သီချင်း မဟုတ်ပေ။

"ကိုရင်လူထွက် ငါးပိချက်၊ ကတုံးပြောင် အုန်းမောင်၊ နှပ်ချေးထူ"

ထိုစကားလုံးတွေကိုသာ လက်ခုပ်တီး၍ အော်ဆိုနေမှန်း သူ သိရသည်။ သူ၏ကတုံးကို သရော်သည့်အတွက် သူ့စိတ်ထဲက ဒေါသဖြစ်သွား၏။ သို့သော် မွေး၏အစ်ကိုများ သီချင်းသံတွင် သူ့ဒေါသ ပြေသွားရလေသည်။

ဘုရားသို့ရောက်လျှင် မွေးဖွားဖွား၏ တန်ဆောင်းထဲရှိ ကျောက်ဆင်းတု ရုပ်ပွားတော်ရှေ့၌ ဆီမီးပူဇော်ကြရသည်။ သူသည် မွေးနှင့်အတူယှဉ်၍ ဖယောင်းတိုင်များကို တတိုင်ပြီး တတိုင်ညှိ၏။ သူတို့ရှေ့တွင် ဒေါ်တင်တင်ကြီးနှင့် မေမေက မီးမညှိရသေးသော ဖယောင်းတိုင်များကို စိုက်နှင့်၏။ ဒေါ်တင်တင်ကြီးလက်မှ ဖက်ထုပ် စိန်လက်စွပ်ကြီးမှာ မီးရောင်နှင့် ရောထွေး တောက်ပနေပုံရသည်။

မွေးကို ဒေါသဖြစ်နေသော်လည်း မေမေ့ရှေ့တွင် ရန်မဖြစ်သေးပေ။ ဖယောင်းတိုင်တတိုင်ကို မီးကူးနေသော မွေး၏ လက်ချောင်းကလေးများကို စိုက်၍ ကြည့်နေ၏။

"မကျည်းတန်ရာ၊ မင်း ရုပ်သာ မလှတယ်၊ မင်းလက်ချောင်းကလေးတွေဟာ ဖောင်းဖောင်း လှလှလေးနော်"

သူသည် ဒေါသကို မေ့ကာ ပြောလိုက်လျှင် မကျည်းတန်သည် မဲ့ပြုံးပြုံး၍ နေတော့သည်။

ခုနစ်တန်းအောင်ပြီးနောက် တောင်လေတိုက်စပြုလာသော နှစ်ဦး၌ အတွက်မှာ စာအုပ် သေတ္တာများကို ပြင်နေရ၏၊ သင်္ကြန်လွန်ပြီး တပတ်တွင် သူ ရန်ကုန်ကျောင်းသို့ ပြောင်းရမည်ကို မေမေက ပြောထားနှင့်ပြီး ဖြစ်သည်။

ဝါးခယ်မ အရှေ့ပိုင်းက ဝတ်လုံ ဦးဘလှသား နေသောကျောင်းတွင် ထားမည်ဟုဆို၏၊ ဦးဘလှသည် ဝါးခယ်မသားတယောက်ဖြစ်၍ ရန်ကုန်တွင် ဝတ်လုံလိုက်နေသည်ဆိုသည်ကလွဲ၍ သူသည် ဦးဘလှကိုရော သားဖြစ်သူကိုပါ မမြင်ဖူးပေ။

"ဖရက်ဒီဘလှက သားနဲ့ ရွယ်တူပဲ၊ သူလည်း ခုနစ်တန်းမှာ၊ ဟိုကျ သားပျင်းမှာ မဟုတ်ပါဘူး" ဟု ဖေဖေက ဆို၏။

သို့သော် သူ့စိတ်ထဲတွင် မွေးတို့ ညီအစ်မတစုနှင့် လှေစီးကာ ဝါးခယ်မဘက်ရှိ ကျောင်းသို့ပင် သွားချင်နေပေသည်။

ညဘက်တွင် မွေးကို နှုတ်ဆက်ချင်၍ ခြံစည်းရိုးတဖက်ကို ကူးလာခဲ့သည်။

မလွယ်ပေါက်သည် ပိတောက်ပင်ခြေတွင် ဖောက်ထား၍ ပိတောက်ပင်ကြီးအောက်မှ ဖြတ်လျှောက်လာခဲ့၏။

အေးနှင့်မွေးမှာ စံပယ်ရုံဘေးတွင် စံပယ်ပန်းလေးများကို သီပြီး ကြေးနန်းကြိုးလေးများနှင့် ပန်းခိုင်ဖြစ်အောင် ခိုင်နေကြပေသည်။

လေးနှင့် ထွေးကတော့ ထဘီလေးတွေ ခါးတောင်းကျိုက်ကာ ခြံထဲ မြေနီလမ်းပေါ်မှာ ခွေလိုမ့်နေကြပေသည်။

"ဟယ်... အတွက်ပါလား၊ လာ ထိုင်လေ"

အေးက သူ့ကို ခုံတန်းလျားတဖက်စွန်း၌ နေရာပေး၏။ မွေးကမူ စံပယ်ပွင့်လေး တပွင့်ကို ကိုင်ကာ သူ့ကို ငေးကြည့်နေသည်။

"ကျွန်တော် မမအေးတို့ကို လာနှုတ်ဆက်တာ၊ ရန်ကုန်ကျောင်းကို သွားရတော့မယ်"

သူ ပြောနေစဉ်တွင် သူ့အသံများသည် တုန်နေသလို ဖြစ်နေပေသည်။

"ဒေါ်ဒေါ်စိန်ကလည်း ပြောတယ်၊ အတွက်ကို စိန့်ပေါလ်ကျောင်းကို ပို့မလို့တဲ့"

မွေးက သူ သိပြီးသလို ပြန်ပြောလိုက်၏။

"ဟုတ်တယ်၊ ကိုယ်ကတော့ မသွားချင်ဘူး။ ဒါပေမင့် ဖေဖေက အင်္ဂလိပ်စာ သိပ်တော်စေချင်တာ။ ဟိုမှာ ဖရက်ဒီဘလှလည်း ရှိတယ်လို့ ပြောတာပဲ။ ကိုယ်တော့ ပျင်းမှာပါပဲ"

သူတို့ညီအစ်မနှစ်ယောက်သည် ခေါင်းများကို ပြိုင်တူ ညင်ညင်သာသာ ညိတ်၍ နေကြသည်။

"အိမ်ထဲမှာ ကိုကိုတို့ရှိလား၊ ကြီးကြီးတင်တို့၊ ဦးတို့ကိုလည်း ကိုယ် သွားကန်တော့ဦးမယ်"

"သွားလေ၊ မမအေး လိုက်ခဲ့မယ်"

သူနှင့် မမအေးသည် အိမ်ဘက်ဆီသို့ သွားကြသည်။ မွေးက ပန်းခုံတွင် နေရစ်ခဲ့သည်။

မွေးအစ်ကိုများဖြစ်သော ကိုနောင်နှင့် ကိုအောင်သည် ဘာကို

ဆွေးနွေးနေသည်မသိ၊ လူစိမ်းသုံးလေးယောက်နှင့် အချေအတင် စကားပြောနေ၍ နှုတ်ဆက်ရန် အတော်စောင့်ခဲ့ရသည်။ အပြန်တွင် စံပယ်ရုံနား၌ ခြင်းတောင်းလေးထဲတွင် ပန်းခက်များကို စီ၍ထည့်နေသော မွှေးကို တယောက်တည်း တွေ့ရသည်။ နေရောင်မှာ ဖျော့လွန်း၍ မှောင်ရိပ်ပင် သန်းလာစ ပြုနေပုံရ၏။

"မွှေး၊ ရန်ကုန်ကို ဘာမှာချင်သေးသလဲ"

သူသည် ခပ်တိုးတိုးပင် မွှေးအနားသို့ ကပ်၍ မေးလိုက်၏။ မွှေးက ပြုံး၍ပင် ကြည့်နေကာ သူ့ကို ဘာမှ ပြန်မပြောပေ။

"တို့ ရန်မဖြစ်ရတော့ဘူးနော်၊ ကိုယ် ဟိုရောက်ရောက်ချင်း စာရေးမယ်၊ မင်း စာပြန်နော်"

"ပြန်ပါ့မယ်"

"ကဲ…ကိုယ်သွားတော့မယ်၊ နက်ဖြန်ညနေ သင်္ဘောဆင်းရင် မင်းတို့ လိုက်ပို့ပါလား"

"မေမေ ခိုင်းရင် လိုက်ပို့မယ်လေ"

သူသည် မွှေး၏မျက်နှာကို စေ့စေ့ကြည့်ကာ အလိုလိုဝမ်းနည်းလာ၏။

"သွားမယ်ကွာ၊ ကိုယ် စိတ်ညစ်သလိုပဲ"

သူသည် မွှေး၏ခြင်းထဲမှ ပန်းတခက်ကိုယူကာ မလွယ်ပေါက်ဆီသို့ ပြန်လာခဲ့သည်။ ညဦးတွင် တောင်လေသည် ပို၍ပြင်းပြင်းတိုက်ခတ်လာ၏။ မိုးသက်ပါလာဟန် ရှိသော်လည်း လေသည် ကံ့ကော်ပန်းရနံ့ဖြင့် မွှေး၍နေသည်။

မွှေးတို့အိမ်ကြီးဘက်ဆီမှ ညီမတစု၏ ဝတ်တက်သံသည် လေထဲတွင် ဝဲကာ ပါလာပြန်သည်။ သူသည် အိမ်ခန်းပြတင်းမှ လှမ်း၍ ကြည့်မိ၏။ လရောင်အောက်တွင် အိမ်မြင့်မြင့်ကြီးကို မြင်နေရသည်။ အိပ်ရာဆီသို့ ကမန်းကတန်း ပြေးကာ ခေါင်းအုံးနှင့် မျက်နှာအပ်၍ ရှိုက်ကြီးတငင် သူ ငို၍ နေမိသည်။

မကြာခင်ပင် အေးချမ်း၍ သာသော ကြေးစည်သံကို သူ ကြားလိုက်ရပေသည်။

သူ့လက်ထဲတွင် မွှေးထံမှယူခဲ့သော စံပယ်ပန်းလေးများသည် ကြေမွ၍ နေကြပေပြီ။

■

နောက်နှစ် (နွေဦးကျောင်းပိတ်ရက်တွင်) ဝါးခယ်မကို သူပြန်လာခဲ့သည်။ ရောင်ခြည်ပျို့စ နီတွေးတွေး ရေပြင်ပေါ်တွင် သင်္ဘောကြီးသည် အပြေးအလွှားပြေးကာ ဝါးခယ်မဆိပ်ကမ်းသို့ ကပ်၍ လာခဲ့သည်။

သူသည် တဖက်ကမ်းကိုမျှော်၍ ကြည့်၏။ မွေးတို့အိမ်ရှေ့မှ ရေဆင်းတံတားလေးကို မှုန်မွှားသော ရောင်ခြည်တွင် ခပ်ရေးရေး မြင်နေရသည်။

စိတ်က ဘာရယ်လို့ မဟုတ်၊ မွေးတယောက်များ ရေဆင်းတံတားလေးတွင် သူ့ကို စောင့်များ စောင့်နေမည်လားဟု ထင်ယောင်နေသည်။ အိမ်ကြီးပေါ်ရှိ ဘုရားခန်းဘက်ဆီမှာမူ မီးရောင် လင်းနေသည်။

သင်္ဘောရပ်လျှင် ကိုသာဘော် လှော်လာသောသမ္ဗန်သည် သင်္ဘောဘေးတွင် ယှဉ်ရပ်ကာ သူ့ကို လာကြိုသည်။ ဖေဖေနှင့် မေမေက သူပါလာသော အပေါ်ထပ်ကို ပြေးတက်လာ၏။ မေမေက "သား" ဟု အော်ခေါ်လိုက်ကာ သူ့ခေါင်းလေးကို လက်နှင့်ဖက်၍ ထားလေသည်။ သမ္ဗန်ပေါ်သို့ ပစ္စည်းများအားလုံးတင်ပြီး တငြိမ့်ငြိမ့်နှင့် အိမ်ဘက်သို့ ကူးလာကြ၏။

အိမ်မှာတော့ သူ ပြန်လာမှာမို့ အိမ်သားများ ပျားပန်းခပ်နေပုံ ပေါက်သည်။ ဖေဖေကမူ ကျောင်းအကြောင်းတွေကိုသာ အမျှင်မပြတ် မေးလွန်းသောကြောင့် သူ စိတ်တိုလာသည်။

သူသည် လက်ဖက်ရည်ကြမ်းပွဲ ပြင်နေသော မေမေ့အနား ထ၍လာသည်။ မေမေ၏ ဗန်းထဲတွင် စားတော်ပဲပြုတ်၊ ငါးခြောက်ဖုတ်နှင့် ကောက်ညှင်းပေါင်းတို့မှာ အဆင်သင့် ထည့်ပြီး ဖြစ်သည်။

"မေမေ၊ မွေးတယောက် နေကောင်းရဲ့လား"

"အမယ်လေး... စောစောစီးစီး သူ့မွေးအကြောင်း မေးလိုက်ရတာဟယ်။ နေကောင်းပါတယ်၊ ကလေးမလေးက စာသိပ်တော်တာပဲ၊ အေးတော့ ကျောင်းထွက်ပြီ"

"သူက သားဆီကို စာလည်း မရေးပါဘူး မေမေရာ"

သူသည် ပဲပြုတ်များကို ကော်ခပ်၍ စားနေသည်။ နှမ်းဆီအရသာက လျှာပေါ်တွင် ဆိမ့်၍ ဆိမ့်၍ နေ၏။ ပြီးတော့ ရေနွေးကြမ်းကို သောက်ချလိုက်လျှင် ကျောင်းက စားရသည်များနှင့် ဘာမျှ မတူသော အရသာကို သူတွေ့ရသည်။

မိုးစင်စင်လင်းလျှင် မွေးတို့ခြံဘက်ကို ကူးလာခဲ့မိ၏။

အဖိုးကြီးတယောက်ကို တွဲယူကာ မွေးသည် နေရောင်ခြည်ထဲသို့ ထွက်လာ၏။ သူ့ကိုမြင်လျှင် မွေးက အားရပါးရ ပြုံးရယ်လိုက်ကာ အတွတ် ပြန်လာကြောင်းကိုလည်း အိမ်ထဲသို့ လှမ်းအော်ပြောလိုက်သေးသည်။ သူသည် မွေးအနားတွင်ရပ်ကာ မွေးကို ရွှန်းရွှန်းစားစား ပြုံးကြည့်နေ၏။ မွေးသည် ခွဲသွားစကထက် အရပ်မှာ ပို၍မြင့်လာသည်။ မြို့မဆံတောက်ကြောင့် မိန်းမထွားကြီးဟန် ပေါက်နေသည်။

မွေး တွဲခေါ်လာသော အဖိုးကြီးအား နေခြည်ထဲရှိ ကြိမ်ကုလားထိုင်ပေါ်တွင် မွေးက နေရာချထားခဲ့၏။ ညီမလေးတွေရော ဒေါ်တင်တင်ကြီးကပါ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြ၊ သတင်းမေးကြနှင့် တအိမ်လုံး ဆူသွားတော့သည်။ အိမ်ကြီးမှာလည်း ကျယ်ဝန်းသလောက် လူတွေ များနေပုံရ၏။ ရုပ်ချင်းတူသော အသက် သုံးဆယ်ကျော်ခန့် မိန်းမနှစ်ယောက်ကိုလည်း အိမ်သားသစ်များအဖြစ် သူ တွေ့ရသည်။

အတွတ်သည် မွေးအနားသို့ ကပ်ကာ ထိုမိန်းမများအကြောင်းကို မေးကြည့်ရသေးသည်။

> "ပန်းတနော်ကို ခဏလာနေတဲ့ မေမေ့ညီမဝမ်းကွဲတွေလေ၊ ဒေါ်လေးသူဇာနဲ့ ဒေါ်လေး မူယာ။ ဒေါ်လေးမူယာ့ယောကျ်ားက ပညာတော်သင်သွားနေလို့ သူတို့တိုက် ရန်ကုန်မှာ ငှားထားပြီး ဒီမှာ ခဏလာနေတာ"

အတွတ်မှာ သည်တော့မှ မေမေ စကားစပ်မိတိုင်း ပြောပြသော ပန်းတနော်ဆက်တွေကို ပြန်တွေးမိ၏။ အိမ်သားအားလုံးကို နှုတ်ဆက်ပြီး ထွက်အလာတွင် အဝတ်အစားနွမ်းနွမ်းနှင့် လူ ၁၀ ယောက်ခန့် မွေးတို့အိမ်ထဲသို့ ဝင်လာသည်။

မွေးအစ်ကိုအကြီးဆုံး ကိုအောင်နှင့် အိမ်ရှေ့ခေါင်းရင်းခန်းဘက်ရှိ စားပွဲတလုံးတွင် ဝိုင်းထိုင်ကာ စကားပြောနေကြသည်။ သူတို့ စကားဝိုင်းမှ ရေကြီးသည့်အကြောင်း၊ စပါးထွက် နည်းကြောင်း တချက် တချက် သူ ကြားလိုက်ရလေသည်။

အတွတ် ပြန်ချိန်တွင် ပိတောက်ပင်ကြီးအောက်အထိ မွေးက သူ့ကို လိုက်၍ပို့လေသည်။ သူ ခြံဘက်သို့အကူးတွင် မွေးတို့နောက်ဘက် ခြံစည်းရိုးဆီမှ ခုန်ဆွ ခုန်ဆွနှင့် ပြေးလာသော လူတယောက်ကို သူ တွေ့ရပြန်သည်။ သေသေချာချာ ကြည့်မှ မွေး၏ ဖေဖေမှန်း သိရတော့၏။

“တို့မေမေ လာပါပြီ၊ တို့မေမေ လာပါပြီ”

လက်ခုပ်နှစ်ခုကို အားရပါးရ ကလေးငယ်လေးသဖွယ် တီးခတ်ကာ ပြေးလိုက် ခုန်လိုက်နှင့် လုပ်နေလေသည်။ သူ့စိတ်ထဲ၌ မွေးတို့ တအိမ်လုံး ဘာဖြစ်နေသည်ကို တွေး၍မရပေ။ အိမ်ရောက်လျှင် သူ့အိပ်ခန်းသို့ တက်၍သွား၏။ ညက အိပ်ရေးပျက်သောကြောင့် အိပ်ရန် ပြင်လိုက်သည်။ မေမေက အညာစောင်ပါးပါးလေးကို သူ့ကိုယ်ပေါ်မှာ လာ၍ခြုံပေး၏။

“မေမေရာ.. မွေးတို့အိမ်က ဘာဖြစ်နေတာလဲ၊ လူတွေလည်း များလိုက်တာ၊ သူ့အဖေကြီးကလည်း မနက်က ကလေးလိုပဲ ခုန်ပေါက်ပြေးနေလိုက်တာ”

မေမေက သူ့ဘေးတွင်ထိုင်ရင်း သူ့မေးခွန်းကိုဖြေ၏။

“မွေးရဲ့ဖေဖေက စိတ်နောက်သွားတယ်။ ပြီးတော့ မွေးရဲ့ဘကြီးကလည်း ခြေမသန်လို့ သူ့အိမ် လာနေတယ်၊ မနက်က နေရောင်ထဲကို မွေးတွဲပြီး ထုတ်လာတာ သား မမြင်ခဲ့ဘူးလား။ မနက်တိုင်း ခြေထောက်ကို နေပူလှန်းပေးနေရတယ်။ ပန်းတနော်က ကြီးတော်ခင်တို့ သားအမိတတွေက တင်တင်ကြီးနဲ့အတူ လာနေကြတယ်”

“ဪ... အဲဒီအထဲမှာ မွေးရဲ့အစ်ကိုအကြီးဆုံး ကိုကိုအောင်ကလည်း လူတွေ တပြုံကြီးနဲ့ ဘာတွေပြောမှန်း မသိဘူး၊ ရေကြီးတဲ့အကြောင်းတွေ ပြောနေတယ်”

“အေးလေ... မိုးတွင်းတုန်းက ရေတွေ ကြီးလိုက်တာ မေမေတို့ ခြံဝင်းတွေတောင် မြုပ်တယ်၊ စပါးပင်ပျက်ပြီး လယ်သမားတွေ အတော်ဒုက္ခရောက်တယ်၊ တင်တင်ကြီး စပါးစည်တွေကလည်း ရေမြုပ်တော့ လှောင်ထားတဲ့စပါးတွေ အကုန်ပစ်ရ၊ ကျန်တာတွေလည်း အညှောက် ထွက်ကုန်တယ်၊ ဒါကြောင့် လယ်သမား အမတော်ကြေး ရဖို့၊ လယ်ခွန်တော်လျှော့ဖို့၊ သီးစားခလည်း အပြေမပေးနိုင်ကြဘူး။ အဲဒါတွေ ဘယ်လို လုပ်ရမလဲ ဆိုတာ မောင်အောင်ဆီ လာတိုင်ပင် ကြတာပေါ့”

“မွေးတို့ရဲ့ ကိုကိုအောင်က ဒါတွေ လုပ်ပေးတယ်”

“အကုန်လုံး ညီအစ်ကိုနှစ်ယောက်လုံး လုပ်ပေးတာ၊ ရေမကြီးခင် တပတ်က မွေးရဲ့အစ်ကို အငယ်ဆုံး နောင်နောင် ဆုံးသွားတယ်လေ”

“သူတို့ သားကို ဘာမှလည်း မပြောပြဘူး။ ဒီနှစ် တော်တော် ဒုက္ခရောက်ကြတာပေါ့နော်။ သားဆုံး၊ လင်က စိတ်နောက်၊ ပစ္စည်းပျက်...”

“ဒါပေမင့် သားရယ်၊ တင်တင်ကြီးက အပြုံးမပျက်ပါဘူး၊ ဒီလိုမိန်းမမျိုး ရှားပါတယ်၊ သား အိပ်လေ… အိပ်…”

မေမေက ကျောကိုပုတ်လိုက်လျှင် ငယ်ငယ်တုန်းကလို မျက်လုံးလေးမှိတ်၍ မှိန်းနေလိုက်၏။

သူ့ဘဝလေးက အတော် ကျဉ်းမြောင်းသည်ပဲ။ သူ မွေးဖွားရာဇာတိ မြစ်ဝကျွန်းပေါ် ဒေသဘက်တွင် ရေကြီးလိုက်သည်ကို မသိလိုက်။ စပါးခင်းတွေ ဘာဖြစ်သွားသည်ကိုလည်း ဂရုမထားမိ။ ကျောင်း၏ နံရံလေးဖက်မှလွဲ၍ သူ ဘာကိုမျှမမြင်ပါတကား။

အိမ်ပြန်ရောက်တော့လည်း သူ့ကမ္ဘာက ဖေဖေနှင့် မေမေပဲ ဖြစ်ပေသည်။

ကျောင်းပိတ်ရက် ညနေများတွင်တော့ ရိုးပြတ်များပေါ်တွင် မွေးနှင့် သူ လမ်းလျှောက်ကြသည်။ လိမ္မော်သီးကြီးလို မိုးကုပ်စက်ဝိုင်းတွင် တင်နေသော နေဝန်းကြီးကို နှစ်ယောက်သား ငေးမျှော်ကြည့်နေကြသည်။ သော်ကရွာစွန်ရှိ သရက်တောအုပ်ဆီမှ ဥဩငှက်၏ လေးတွဲ့တွဲ့ တွန်မြည်သံသည် သူ့နှလုံးသားကို နွေးနွေးလေး ဖြစ်၍ သွားစေသည်။

တခါတရံ သူ့ဘေးတွင် မွေးသည် တည်ငြိမ်စွာထိုင်ကာ အဝေးသို့ ပျံသွားသော ဗျိုင်းဖြူတအုပ်ဆီသို့ ပေး၍ နေပေသည်။

သူသည် မွေးကို ကျောင်းအကြောင်း ပြန်၍ပြောပြ၏။ ဖရက်ဒီဘလှသာ သူ့မိတ်ဆွေဖြစ်၍ ကျန်သော သူငယ်ချင်းများနှင့် ကစား၍ မရကြောင်း ပြောပြမိသည်။

“ဖရက်ဒီတဲ့လား သူ့မှာ မြန်မာနာမည် မရှိဘူးလား”

မွေးက ဖရက်ဒီအကြောင်း ပြန်မေး၏။

“ရှိတယ်၊ တင်အောင်ထွန်းတဲ့လေ…”

“ဩော်… အတွက်ရဲ့ ကျောင်းနာမည်ကကော..”

သူသည် ရှက်သလို ပြုံးရယ်လိုက်ပြီးမှ ဖြေ၏။

“ဂျော့သင်းမောင်၊ ဒါပေမင့် ကိုယ့်ကို အတွက်လို့ပဲခေါ်ပါ မွေးရယ်၊ ကိုယ်လေ… ကျောင်းနာမည်ကို မုန်းတယ်။ ပြီးတော့ မောင်မိုးကောင်းဆိုတဲ့နာမည်ကိုလည်း မုန်းတာပဲ။ ဖရက်ဒီကိုလည်း အတွက်ပဲ ခေါ်ခိုင်းတယ်၊ သူ့ကိုတော့ ကိုယ်က ‘ဖရက်’ လို့ ခေါ်တယ်။ လူအေးလေးကွယ်၊

ညိုညိုနွဲ့နွဲ့လေးပဲ။ သူ ဝါးခယ်မမှာ မွေးပေမယ့် ကြီးမှ ပြန်မရောက်ဘူး။ ပြီးတော့ ကိုယ့်မှာလေ သိပ်ချစ်တဲ့ သူငယ်ချင်း မကျည်းတန်ဆိုတာ ရှိတယ်လို့ ဖရက်ကို ခဏ ခဏ ပြောပြတယ်"

မွေးက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီးမှ -

"အတွတ် မွေးကို ချစ်တယ်ဆိုတာ မယုံပါဘူးကွာ" ဟု ဆိုပြန်၏။

"ငယ်ငယ်တုန်းကသာ မုန်းတာပါကွာ"

အတွတ်သည် ရိုးပြတ်လေးများကို ဖွဲ့၍ ဖွဲ့၍ လွှင့်ပစ်ရင်း ခေါင်းငုံ့ပြော၏။

"ကိုယ် မွေးအကြောင်း ပြောတိုင်း ဖရက်က အကျည်းတန်သော ဘဲကလေး (Ugly Duck) ပုံပြင်လားတဲ့၊ အမြဲမေးတယ်။ မွေးလည်း ခုနစ်တန်းအောင်ရင် ရန်ကုန်ကျောင်း ပြောင်းပါလား"

"ဝါးခယ်မမှာ ဆယ်တန်း ဖြစ်တော့မယ်။ ဒီမှာပဲ ဆက်နေမှာပေါ့"

"အေးကွယ်... ထူးတော့ မထူးပါဘူး၊ စိန့်ပေါလ်တို့ ဘာတို့ ဆိုတာကတော့ အင်္ဂလိပ် စကားပြော ကောင်းတာ ရှိတာပဲ"

"မေမေကတော့ အဲဒီ စိန့်ပါတဲ့ ကျောင်းထွက်တွေဟာ ပုံမကျပါဘူးတဲ့၊ အတွတ်ရဲ့ မေမေကိုတောင် သတိပေးနေသေးတယ်"

"မေမေကလည်း မထားချင်ပါဘူးဟာ၊ ဖေဖေရယ် ဘာမှန်းမသိဘူး၊ အတင်းပို့တာပဲ။ ကိုယ်ဖြင့် မိုးရွာလာရင် မေမေ့ကိုရော၊ မွေးကိုရော အားကြီး လွမ်းတာပဲ။ တညတုန်းကလည်း မိုးရေထဲမှာ မွေးနဲ့ကိုယ် သရက်ကင်းစလေးတွေ ကြွေတာ ဆင်းကောက်တယ်လို့ အိပ်မက် မက်လို့ ဖရက်ကို ပြောပြရသေးတယ်။ နောင်နှစ် နွေကျောင်းပိတ်ရင် ဖရက်ကို အလည်ခေါ်ခဲ့မယ်။ မင်းလည်းပဲ ဖရက် တွေ့ရင် ချစ်မှာပါ""

"သူတို့ ဝါးခယ်မမှာ မနေဘူးလား"

"သူ့အဖေအလုပ်က ရန်ကုန်မှာ၊ သူ့မှာလည်း အမေ မရှိတော့ သူ့အဒေါ်တွေရယ်၊ သူ့အဖေရယ် တူတူနေတယ်။ ကိုယ့်စိတ်ထဲမှာ ထင်တယ်။ သူသာ နဖူးကျယ်သလို မျက်လုံးလေး ဝိုင်းရင် အတွတ်ထက် ချောမှာ"

မွေးက ရတ်တရက် ရယ်လိုက်ရင်း...

"ခုတော့ အတွတ်က ချောနေသလား"

အတွက်သည် ဘာမှ ပြန်မဖြေပေ။

"မွေးက အလှမကြိုက်ပါဘူး၊ အတွက်သာ ငယ်တုန်းက မွေးကို မလှလို့ မချစ်ရုံတင် မဟုတ်ဘူး၊ မကျည်းတန်လို့တောင် ခေါ်သေးတာပဲ"

"ဒါတွေ မေ့လိုက်ပါတော့ မွေးရယ်"

သူတို့နှစ်ယောက်သည် ဘာမျှအရေးကြီးလှသည် မဟုတ်သော အကြောင်းများကို လျှောက်ပြောရင်း ပျော်နေ၏။ နေလုံး ပျောက်ကွယ်သွား၍ အလင်းရောင် မှေးမှေးသာ လယ်ကွင်းပေါ်တွင် ကျန်ရစ်တော့မှ နှစ်ယောက်သား ခြံစည်းရိုးအနားမှကပ်ကာ လျှောက်၍ ပြန်လာခဲ့ကြ၏။

■

သည်လိုပင် နွေမှာ ပြန်၍ မိုးဦးကျတွင် အတွက် ကျောင်းသွားခဲ့ရသည်။ နွေမှာ ပြန်ရသည်ကို ပျော်သော်လည်း မိုးဦးကျ ကျောင်းပြန်ချိန်တွင် သူက ငိုချင်သည်။

လူပျိုပေါက်ပင်ဖြစ်နေပြီမို့ ငိုရမလားဟု မေမေက ဆိုတတ်သည်။ လူပျိုပေါက် ဖြစ်လာသည်က တခြားပင် ဖြစ်၏။ မိုးတဖြိုက်ရွာပြီးလျှင် လယ်ကွင်းများထဲတွင် ရေပြည့်လာ၏။ တောင်လေသုတ်သုတ် တိုက်ခတ်လာပြန်တော့လည်း ပျိုးပင်စိမ်းစိမ်းတို့ ရေပြင်ပေါ်တွင် ခေါင်းပြူထွက်လာဟန်မှာ ကလေးငယ်တို့လိုပင် ချစ်ဖွယ်ကောင်းသည်ဟု ထင်သည်။

မုတ်သုံလေကြောင့် အုံ့မှိုင်းညို့မှောင်နေသော ကောင်းကင်နောက်ခံတွင် သော်ကဘုရား၏ ရွှေရောင်မှာ ဝင်းပ၍ လယ်ကွက်များပေါ်သို့ မိုးနေသည်။ သူ့ဇာတိရှိ ထိုမြင်ကွင်းများကို သူ ရှာကြံ၍ ကြည့်တတ်၏။ ချစ်တတ်၏။

ကျောင်းဖွင့်ချိန်တွင် ကျောင်းသို့ပြန်ရတိုင်း ဘာကိုမျှ မမြင်ရ။ ကတ္တရာစေးလမ်းနှင့် မော်တော်ကားတွေကိုသာ မြင်နေရသည်မှာ စိတ်ဆင်းရဲစရာ ဖြစ်နေ၍ ကျောင်းနေရသော အချိန်များကို မြန်မြန်ကုန်လိုက်ချင်သည်။

သူ့ဆုတောင်းသည် ပြည့်၍လာလေသလားမသိ။ ကိုးတန်းနှစ် ဆောင်းဦးပေါက်တွင် ကျောင်းပိတ်ရက် မဟုတ်ဘဲ ဖေဖေက လာခေါ်သည်။

သူသည် အရူးအမူး ပျော်မိ၏။ အစီအစဉ်မရှိဘဲ ကသုတ်ကရက် ပြန်လာရသည်ကိုပင် ပျော်စရာလို့ ထင်မိသည်။ ဖေဖေကတော့ စစ်ကြီးဖြစ်တော့မှာမို့ စာသင်ပျက်ရမည်ကို ညည်းညည်းညူညူ ပြောနေပြန်သည်။

အပြန် သင်္ဘောပေါ်တွင် ဖရက်ဒီတို့ မိသားစု ပါလာသည်။

ဦးဘလှနှင့် သူ့နှမများသည် ဖေဖေနှင့် လမ်းတလျှောက်လုံး စကားလက်ဆုံကျတိုင်း ဂျပန် စစ်ကြေညာကြောင်း၊ ပုလဲဆိပ်ကမ်း ဗုံးကြဲကြောင်း၊ စစ်၏ကြောက်မက်ဖွယ်ရာ ကောင်းကြောင်း များကိုသာ သူတို့သည် မျက်ကလူးဆန်ပျာ ပြောနေကြ၏။ ဦးပိုင်း၊ ပွဲပိုင်း ရှိသမျှ လူတွေကလည်း မြန်မာပြည်သို့ ဦးတည်လာသော စစ်ကြောင်းအကြောင်းကို ကိုယ့်ထင်မြင်ချက်နှင့်ကိုယ် ဝေဖန်နေကြသည်။

အတွက်ကတော့ ဘာကိုမှ မကြေးလို။ ဖရက်နှင့် နှစ်ယောက်သား ကော်ဇောပေါ်အိပ်၍ လိုက်လာကြသည်။ သူ့အတွေးထဲတွင် နောင်နှစ် ကျောင်းပြန်မသွားရမည်ကိုဘဲ တွေး၍ ပျော်နေသည်။

မနက်လင်းတွင် ဝါးခယ်မသို့ ရောက်၏။ ရောက်ရောက်ချင်း မွှေးတို့၏အိမ်ဆီသို့ ပြေးရပြန်သည်။ မွှေးတို့အိမ်မှာ ယခင်ကလို လူရှုပ်မြဲရှုပ်နေကာ ခြေမသန် အဖိုးကြီးကိုလည်း နံနက်ခင်း နေခြည်ထဲသို့ မွှေးက ထုတ်မြဲ ထုတ်နေ၏။ ပန်းတနော်မှ အမြွှာညီအစ်မကိုလည်း တွေ့ရသေးသည်။ ကြီးတော်ခင်ကမူ အခန်းတခုထဲတွင် နာတာရှည်နှင့် လဲနေလေသည်။

သူ မမြင်သည်မှာ ကိုကိုအောင်တယောက် ဖြစ်၏။

“မွှေး… ကိုကိုအောင်တယောက် မတွေ့ပါလား”

မွှေးသည် ခေါင်းကို ညွတ်လိုက်ကာ အသံ တိုးတိုးလေးနှင့် ပြောပြ၏။

“ကိုကိုအောင် သာယာဝတီထောင်မှာ”

“ဟယ်… ဘာဖြစ်လို့လဲ”

“အင်္ဂလိပ်အစိုးရကို ဆန့်ကျင်လို့ပေါ့။ တကယ်လို့ စစ်ကြီးဖြစ်လာရင် အင်္ဂလိပ်အစိုးရဘက်က မြန်မာပြည် ဝင်မတိုက်ဘူး။ လွတ်လပ်ရေး ပေးရင်တော့ ဝင်တိုက်မယ်ဆိုတဲ့ ကြေညာစာတမ်းကို ဖတ်လို့”

“အို… ကိုကိုအောင်ကလည်း အေးအေးနေရောပေါ့”

သူသည် ထိုစဉ်က ကလေးအတွေးထက် ဘာမျှ မပိုခဲ့ပေ။

“ဘာဖြစ်လို့ အေးရမှာလဲ၊ တပြည်လုံး ပူနေရတာ။ တို့မိသားစုက အေးနေရမလား။ အစိုးရက ပြောတယ်။ ဒီလို နောင်ကို မလုပ်ပါဘူးလို့ တောင်းပန်ဝန်ချရင် ကိုကို့ကို လွှတ်ပစ်မယ်တဲ့”

"ဒီလိုဆို သူတို့ ပြောတဲ့အတိုင်း လုပ်လိုက်ပါလား"

မွေးက မျက်လုံးပြူးကာ သူ့ကိုကြည့်ရင်း...

"အတွက်ကလည်း သတ္တိ မရှိလိုက်တာကွယ်၊ မေမေက ပြောတယ်။ ငါ့သားတယောက် အနေနဲ့ ဘယ်တော့မှ ဗြိတိသျှအစိုးရကို ဒူးမထောက်ရဘူးတဲ့၊ ကဲ... ပြီးရော မဟုတ်လား၊ ကိုကို့ကို နှစ်နှစ်နဲ့ကိုးလ ထောင်ချပစ်လိုက်တယ်"

"ဖြစ်မှ ဖြစ်ရလေဟာ... ထောင်ထဲမှာ"

သူ့အသံများသည် တုန်တုန်ယင်ယင် ဖြစ်သွား၏။

"အဲဒါကြောင့် မေမေကပြောတာ။ စိန့်ပါတဲ့ကျောင်းတွေမှာ ထားတာ အင်္ဂလိပ်စာ တော်သလောက် မြန်မာလေးတွေ နှလုံးသားထဲက မျိုးချစ်စိတ် ဇာတိမာန် မျိုးစေ့လေးတွေကို ဖျက်ဆီးခံရတာ အသည်းနာစရာ ကောင်းတယ်တဲ့။ အပြင်မှာ အရေးတော်ပုံတွေ ဘာဖြစ်နေသလဲဆိုတာ အတွက်တို့ မသိဘူး"

"ဟယ်... မွေးစကားတွေကလည်း ကြီးကျယ်လိုက်တာဟာ၊ မင်း... မင်း အသက် ဘယ်လောက်ရှိပြီလဲ"

"၁၆ နှစ်ထဲမှာ"

"အင်း... ကိုယ်လည်း ၁၇ နှစ် ပြည့်တော့မယ်"

သူသည် အသက်များကို ရေတွက်ရင်း မွေး၏အသိဉာဏ်များ ပြောင်းလဲလာပုံကို အံ့သြနေသည်။

"အတွက်အကြောင်း ဒေါ်ဒေါ်က လာပြောပါတယ်။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံတုန်းကလဲ သပိတ်မမှောက်ဘဲ အတွက်ဦးလေးအိမ်မှာ သွားနေတယ်ဆို"

အတွက်က ပြုံး၍ပြကာ "ငါ ဘာလုပ်ရမှန်းမှ မသိဘဲ" ဟု ဆို၏။

"တို့များ မောင်နှမတွေတော့ အားလုံး သပိတ်မှောက်တယ်။ တချို့မိဘတွေကတော့ မွေးတို့ စိတ်ဓာတ်တွေ ကူးကုန်မှာစိုးလို့ သူတို့ကလေးတွေ မွေးတို့နဲ့ ပေးမကစားဘူး"

"ဟင်... ကိုယ်ကတော့ မွေးတို့မိသားစုနဲ့ အမြဲ နေချင်တာပါကွာ"

"ဒါပေမင့် သပိတ်မှောက်တာ၊ နိုင်ငံရေးလုပ်တာက တခြား၊ စာကတော့ ကြိုးစားရတယ်။ မေမေက စာမကြည့်ရင် မရဘူး။ သပိတ်လှန်လို့ စာမေးပွဲထိုင်တော့ အစိုးရစစ်မှာ သပိတ်မှောက်တဲ့ မွှေးတို့ သူငယ်ချင်းတွေ မရှင်ရော၊ မလှရင်ပါ အောင်တယ်။ မမှောက်တဲ့လူတွေ ကျလို့ နောက်ဆက်တွဲ ထိုင်ရသေးတယ်"

မွှေး ပြောပုံဆိုပုံ အမူအရာများကို သူက ကြည့်၍ နှစ်သိမ့်နေသည်။ သူတို့ စကား ပြောနေကြသည်မှာ ဧည့်ခန်းတွင်ဖြစ်၍ စာကြည့်ခန်းထဲမှာ စာအုပ်များကို လှမ်း၍မြင်နေရသည်။ စာကြည့်ခန်းသို့ ထ၍သွား၏။ ဗီရိုထဲတွင် သူ မတွေ့ဖူးသေးသော စာအုပ်များ အများကြီး တွေ့ရသည်။

"အဲဒီ စာအုပ်တွေ အားလုံးလိုလို မေမေဝယ်ပေးတယ်။ အိုင်ယာလန်ပြည် အရေးတော်ပုံနဲ့ ပတ်သက်ပြီး မရှင်းတာတွေရှိရင် မေမေက ရှင်းပြတယ်"

မွှေးက သူ့နောက်မှလိုက်ကာ စာအုပ်များ ရာဇဝင်ကို ပြောပြနေ၏။

"ကိုယ် ကြီးကြီးတင်ကို သွားတွေ့ဦးမယ်။ ပြီးတော့ ညနေ ဖရက် လာလည်ရင် မွှေးဆီ ခေါ်လာခဲ့မယ်နော်..."

မွှေးက ခေါင်းညိတ်ပြ၏။

ကြီးကြီးတင်ရှိရာ နောက်ဘက်ဆောင်သို့အကူးတွင် လေးကို ရုတ်တရက် တွေ့ရ၏။ လေးမှာ အတော်ပင် လှနေရုံမက ဖဲကြိုးပြာပြာလေးနှင့် အုပ်လုံးသွင်းစဆံပင်တိုကို ချည်ကာ အလှပြင်တတ်၍ နေပါပကော။

ကြီးကြီးတင်ကိုမူ အနောက်ဆောင်ထဲ၌ အပြန့်ကြီးတခုဘေး၌ တွေ့ရ၏။ အပြန့်မှာ မေမေ့အပြန့်လိုပင် ကျောက်ကာပေါ်၌ ဆေးနီသုတ်၍ထားသည်။ အပြန့်ထဲမှာ ဆေးရိုးများကို ရှမ်းဖက်ထဲ ထည့်ကာ လိပ်ရန် ပြင်ဆင်နေသည်။

"ဟော... အတွတ် ပြန်လာပြီလား။ ဒီတခါ ငါ့သား သိပ်ထွားလာတာပဲ"

သူ့ကို စတင်၍ ကြီးကြီးတင်က နှုတ်ဆက်သည်။

ညိုစိမ့်စိမ့်၊ ပြုံးအေးအေးနှင့် တည်ငြိမ်သော ကြီးကြီးတင်၏မျက်နှာကို သူသည် စူးစိုက်၍ ကြည့်နေမိသည်။ သည်အဒေါ်ကြီးမျက်နှာ ကြည့်ရသည်မှာ အားရှိစရာ ကောင်းသလိုလို၊ ရင်အေးသလိုလို ဖြစ်သည်ဟု သူ့စိတ်ထဲတွင် ထင်လိုက်မိသည်။

ကိုကိုအောင်အကြောင်းနှင့် တခြားအကြောင်းတွေကို သူက မေး၏။

စကားပြောရာမှ ဆူညံသံကြား၍ အိမ်နောက်ဖေးဘက်ကွင်းဆီသို့ ကြည့်လိုက်ရာ ထွေးနှင့် သူ့ဖေဖေတို့ ကျည်းသားကောက် ကစားရာမှ ငြင်းခုံနေကြခြင်း ဖြစ်ပေသည်။

ဖရက်နှင့် မွေးတို့ တွေ့ရပုံမှာ ဘာမှဖွဲ့နွဲ့စရာမရှိသလို ထင်ခဲ့၏။ မွေးသည် သူ့မေမေနှင့် မမရှေ့တွင် ခပ်ရှိုးရှိုးပင် ဧည့်ခံခဲ့သည်။ သူ့အမူအရာသည် ဖရက်အား ထူးထူးထွေထွေ ဂရုစိုက်ဟန် မရှိပေ။

သို့သော် ထိုညနေက မြက်ခင်းပေါ်ရှိ ခုံတန်းပေါ်တွင် ထိုင်နေကြသည်ဖြစ်၍ နေရောင် ဝင်းဝင်းလေးမှာ မွေးကိုယ်ပေါ်တွင် ကွက်၍ကျနေသည်ကို ဖရက်ရော အတွတ်ပါ ဂရုပြုမိကြသည်။ ဆောင်းနှောင်း၏ ညနေ နေခြည်များ ဖြစ်သောကြောင့် မွေးအတွက် အပူငွေ့ မပြင်းစေတော့ပေ။

မွေးသည် မိုးကောင်းကင်လို အပြာရင့်ရင့် ထဘီပေါ်တွင် ပိတောက်ခပ်ကျဲကျဲလေးများ ပါသော လုံချည်ကို ဝတ်၍ထား၏။ ပဒုမ္မာထူထူ အင်္ကျီကြောင့် လုံချည်သည် ပို၍ ပြာသလို ဖြစ်နေပေသည်။

ဖရက် ပြန်ချိန်၌ မြစ်ပြင်ပေါ်၌ မြူလေးများပင် ဆိုင်းစပြုလာ၍ နောက်ဘက် လယ်ကွင်းဆီမှ လေစိမ့်စိမ့်အေးအေးပင် တိုက်ခတ်လာလေသည်။

အတွတ်သည် သူတို့အိမ်ရှေ့ ရေဆင်းတံတားဆိပ်အထိ ဖရက်ကို လိုက်၍ပို့သည်။ ဖရက် လှေကောင်းကောင်း မလှော်တတ်သေးသောကြောင့် ဖရက်ကို ခြံစောင့် ဦးကွန့်ကြီးက လှေလှော်၍ ပို့ရသည်။ တံတားဦးထိပ်တွင် လှေပေါ်မှထိုင်ကာ ဦးကွန့်က ဖရက်ကို စောင့်နေသည်။ ဖရက်သည် လှေပေါ်ကို ရုတ်တရက် မဆင်းသေး။ မှုန်ပြာပြာဖြစ်နေသော မြစ်ပြင်ကို ငေး၍ကြည့်နေသေး၏။ သူ့မျက်လုံးထဲတွင် အခိုးအငွေ့များ သန်းနေသလို ထင်နေရသည်။ သူသည် အတွတ်ကို သေသေချာချာ ကြည့်ပြီးမှ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်၍ စကားပြောတော့သည်။ အတွတ်ကမူ သူ့အမူအရာကို နားမလည်ပေ။

"ကျောင်းမှာ အတွတ် ခဏ ခဏပြောတဲ့ မကျည်းတန်ဟာ သူပဲလား"

"ဟုတ်တယ်"

ခေါင်းသာ ညိတ်လိုက်ရသော်လည်း အတွတ်သည် ရုတ်တရက် ဖရက် ဘာအဓိပ္ပာယ်နှင့် မေးသည်ကို နားမလည်ပေ။

"မင်းက မကျည်းတန်လို့ ဘာလို့ ခေါ်တာလဲ"

"ငယ်ငယ်တုန်းက အကျည်းတန်လို့ ကိုယ်က ခေါ်တာ။ သူ့နာမည်အစစ်က

မွေးပါ”

“ဟုတ်တယ်၊ မွေးဆိုတဲ့ နာမည်က ချစ်ဖို့ကောင်းတယ်။ ပြီးတော့ လှတယ်လို့ မဆိုနိုင်ပေမယ့် စွဲမက်စရာ ကောင်းတယ်လို့ ပြောရမလား မသိဘူး။ သူ့ပါးလေးတွေက ညိုတယ်ဆိုတောင် စိုစိုဝင်းဝင်းနော်၊ သူ့မျက်လုံးတွေဟာ စကားပြောနိုင်သလိုပဲ”

ဖရက်၏ စကားအဆန်းများကြောင့် အတွတ်က မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

“ဖရက်၊ ဘာတွေ ပြောနေတာလဲ”

အတွတ်စိတ်တွင် ဖရက် ပြောနေသော စကားများကို နားမထောင်ချင်သလို ဖြစ်လာသည်။

“ဒီလိုပါ... မွေးရဲ့မျက်လုံးတွေက တန်ခိုးရှိတယ်လို့ ပြောတာ။ ဝန်းဝန်းမှောင်မှောင်နဲ့။ အမှန်တော့ သူ့မမက တော်တော်ချောတာပဲ။ ဒါပေမင့် သူ့မမကို ကြည့်ရတာ လှလို့ ဆက်ကြည့်နေချင်စရာပဲ ကောင်းတယ်။ မွေးကို ကြည့်ရတာက မွေးက ပြန်ကြည့်လိုက်ရင် ရင်ထဲမှာ နွေးသလို၊ အေးသလိုပဲ”

“ဟား...ဟား...ဟား...ဟား”

အတွတ်သည် အသံကုန် တဟားဟားဟစ်၍ ရယ်၏။

“မင်း အရူးလားကွ”

ဖရက်က မျက်နှာကြီး နီ၍ ဆို၏။

“ငါက ငါ့ရင်ထဲမှာ တခါဖူးမှ မခံစားဖူးတဲ့ အဖြစ်ကို ပြောပြတာ၊ ရယ်စရာလားကွ”

“မင့်ကို သောတာ မဟုတ်ပါဘူးကွာ။ စိတ်မဆိုးပါနဲ့။ စကားလုံးတွေက မိန်းမဘွဲ့ ကျနေတာပဲ”

“ကိုယ့်ကို မင်း သိသားနဲ့။ ကိုယ် ဘယ်တုန်းက မိန်းမအကြောင်း ပြောလို့လဲ။ တို့များ ပြောဖို့လည်း ငယ်သေးတယ်ဆိုတာ ကိုယ် သိပါတယ်။ ကိုယ် သွားတော့မယ်”

ဖရက်က အတွတ်ကို တောင်းပန်ရင်း လှေပေါ် ဆင်းသွားလေ၏။ လှေလေး

ရေဆင်းတံတားက ခွာမှပင် သူ ပြန်တက်လာသည်။

တက်လာသော်လည်း အိမ်ဘက်ကို မပြန်ချင်သေး။ မွေးရှိရာကို ပြန်၍သွားချင်သည်။ ဖရက် ပြောသည်ကို ကြားကတည်းက စိတ်ထဲတွင် ဘာဖြစ်နေမှန်း မသိပေ။ မွေး၏အလှကို သူ မသိသေးဘဲ ဖရက်က ဖော်ထုတ်ချီးကျူးသွားသည်ကိုပင် မခံချင်သလိုလို။ ဘာရယ်လို့ မပြောနိုင်သော စိတ်က ရင်ထဲတွင် လှုပ်ရှားလာ၍ မွေးတို့ခြံဘက်သို့ ပြေး၍လာခဲ့မိသည်။ မွေးတို့ကို ခြံထဲတွင် မတွေ့ရတော့ပေ။ အိမ်ထဲသို့ လိုက်သွားတော့မှ မွေးကို စာဖတ်ခန်းထဲတွင် တယောက်တည်း တွေ့ရ၏။

"ဘာလုပ်နေလဲ မွေး"

"မေမေ ဘုရားရှိခိုးနေလို့ တို့များ ဝတ်တက်ဖို့ စောင့်နေတယ်"

မွေးက ဘာမှမဖြစ်သလို စာတအုပ်ကို လှန်လှောနေရာမှ သူ့ကို ပြန်၍ပြော၏။ အပြင်မှာ မှောင်စပျိုးနေသော်လည်း အလင်းရောင်မှုန်မှုန်လေး ကျန်နေပေသေးသည်။ စားပွဲတင် မှန်အိမ်မှ မီးရောင်မှာ မွေး၏မျက်နှာတခြမ်းပေါ်ကို လင်း၍ ကျနေသည်။

မွေးသည် ညနေကကဲ့သို့ပင် ဝတ်၍ထား၏။ တပတ်လျှိုပြည့်ပြည့်ထုံးထားသော နောက်တွဲ ဆံထုံးအောက်မှ မဝင့်တဝင့် ဖြစ်နေသော ဆံစဆံနွယ်လေးများမှာ ကုပ်ပေါ်တွင် တစွန်းတစ ကျနေလေသည်။

မွေး အုပ်လုံးသိမ်းသည်မှာ ဘာမျှမကြာသေးသည်ကို သူ အမှတ်ရလိုက်၏။ မီးရောင် ဖြာကျနေသော ပါးမို့လေးမှာ ညိုစိမ့်စိမ့် ဖောင်းဖောင်းလေး ဖြစ်နေသည်။ မကျည်းတန် ဘဝတုန်းကလို ညိုမည်းမည်း ခြောက်သွေ့သွေ့လေး မဟုတ်တော့သည်ကို သတိပြုမိပြန်သည်။

"အတွတ်၊ ထိုင်လေ ဘာငေးနေတာလဲ"

မွေးက မျက်လုံးကိုလှန်ကာ သူ့ကို ကြည့်၍ပြောလိုက်၏။ သူ့စိတ်ထဲတွင် မွေး၏ မျက်လုံးများသည် ည၏ မှောင်ဝန်းထဲ၌ ပြေးနေသော ကြယ်ပွင့်တန်းများလို ဝင်းလက် လှုပ်ရှားသွားသည်ဟု ထင်သည်။

ဒါကိုပင် ဖရက်ပြောသည် ထင်ပါရဲ့။

သူသည် အသက်ပြင်းပြင်းရှူရှိုက်လိုက်ကာ မွေးနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

"စာဖတ်ချင်လို့လား"

မွေး၏ မေးခွန်းကို မဖြေပေ။

"မချောစရာ၊ ချောစရာလျှင်၊ ကေသာဆံလွ၊ ထုံးနောက်စနှင့်၊ ချုပ်ညရီတွင်၊ ဖြုတ်ချည်း မြင်သည်၊ ရှင်သာ ရခိုင်တန်ဆောင်လော ဆိုတဲ့ ကဗျာ ဘယ်သူစပ်တာလဲလို့ မေးမလို့"

သူသည် ရင်ထဲမှ လှိုင်းခတ်လာသော ကဗျာလေးကို ရွတ်လိုက်သည်။ ထိုကဗျာကို ခြောက်တန်းတွင် သင်ခဲ့ရ၏။ သို့သော် မြန်မာကျောင်းများလို အသေးစိတ် မသင်ခဲ့ရပေ။

"အောင်မယ် ဘာများလဲလို့၊ မြန်မာကဗျာတွေ ဘာတွေ ဂရုစိုက်လာပါပကော၊ ရှင်တေဇောသာရ ရေးတာလေ၊ သိပ်ကောင်းတာပဲနော်။ အထက်တန်းကဗျာ ကောက်နုတ်ချက်ထဲကပေါ့"

မွေး၏အဖြေကို နားထောင်ရင်း မွေး၏ မျက်လုံးများကို စိုက်၍ ကြည့်ပြန်၏။

"မိန်းမတွေဟာ ညနေဆည်းဆာမှာ ပိုပြီးလှတယ် ထင်ပါရဲ့။ သူရေးတဲ့စာထဲမှာ ညနေစောင်းလေးမှာ တွေ့တယ်လို့ အမြဲပါတယ်"

"ဪ... သူ့အမြင်ကို သူပေါ်အောင် ဖော်တာပေါ့။ ဒါပေမင့် အတွတ်ရယ်... နောက်ဆုံးပိုဒ်လေးကျတော့ သနားပါဆယ်နော် 'စုလည်းမဆင်၊ နောက်တုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးလိုပါလည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့' ဆိုတော့ သူက ချစ်ချင်ပေမယ့် ကုသိုလ်ကံ မဆုံစည်း၊ အကြောင်းက မတိုက်ဆိုင်လေတော့ သူတို့နှစ်ယောက် မပေါင်းရဘူးပေါ့နော်"

အတွတ်သည် ခေတ္တ ငိုင်၍သွားကာ ပါးစပ်မှ လေကို မှုတ်ထုတ်လိုက်၏။

"ငါလည်းလေ... မြန်မာစာ သိပ်တော်ချင်တာပဲ၊ ငါချစ်တဲ့ကောင်မလေး တွေ့ရင် သူတို့ထက်လှတဲ့ ကဗျာတွေကို ဖွဲ့ချင်လို့"

မွေးက သူ့စကားကို နားထောင်ရာမှ ရယ်မော၍ ပစ်လိုက်တော့သည်။

သင်္ကြန်ရက်အတွင်း မိုးဖြိုင်ဖြိုင်ရွာလိုက်သောကြောင့် ပိတောက်ပွင့်များသည်လည်း ဖြိုးဖြိုးဝေနေကြလေသည်။ ခြံဝင်းနှစ်ဖက်စလုံးထဲသို့ ပိတောက်ခက်များသည် ရွှေနွယ်များလို အိ၍ ညွတ်ကျနေသည်။ လေတိုက်ပုံကလည်း စိမ့်စိမ့်အေးအေးနှင့် ပန်းရနံ့ကလည်း မွှေးနေသည်။ ဦးကွန့်၊

ဦးဆယ်တို့နှင့်အတူ အတွတ်သည် ပိတောက်ပင်ပေါ် ရောက်၍နေလေသည်။ မြေကြီးပေါ်တွင်မူ မွေးတို့ညီအစ်မတွေနှင့် မေမေက ပိတောက်ခက်များကို ကောက်၍ သိမ်းနေကြသည်။ ပိတောက်ကိုင်းများနှင့်အတူ ရေစက်ရေမွှားများသည် ပင်ခြေသို့ တဖြောက်ဖြောက် ကျလာကြသည်။

ပိတောက်တကိုင်းကို အတွတ်က လှမ်းချိုးလိုက်သည်တွင် ပင်ခြေမှ မွေး၏ စူးစူးရှရှ အော်သံကို ကြားလိုက်ရသည်။ ချိုးပြီးအကိုင်းကို လွှတ်မချဘဲ မွေးရှိရာသို့ သူ လှမ်း၍ ကြည့်လိုက်၏။

ဖရက်သည် ရေတပုံးကိုကိုင်ကာ မွေး၏ကိုယ်ပေါ်သို့ အားရပါးရ လောင်းနေသည်ကို တွေ့ရလေ၏။ စိတ်ထဲတွင် ခုန်ဆင်းလိုက်ချင်သည်။ လက်ထဲမှ ပိတောက်ကိုင်းကိုလည်း ဖရက်ခေါင်း တည့်တည့်ပေါ်သို့ ပစ်ချလိုက်ချင်သည်။ သို့သော် သင်္ကြန်ဆိုသည်မှာ မည်သူက မည်သူ့ကိုမဆို ရေသွန်းလောင်းနိုင်သည် မဟုတ်ပါလား။

သူ့စိတ်ထဲတွင်မူ မွေးကိုယ်ပေါ်တွင် သူ လောင်းသော ရေကလွဲ၍ ဘယ်ရေမှ မစွတ်စေလိုပေ။

ဖရက်ကို မွေးက ခပ်ထေ့ထေ့ နှုတ်ခမ်းစူကာ ဘာတွေ ပြောနေသည် မသိ။ အိမ်ဘက်သို့ မွေး ထွက်သွားသောအခါတွင် မြေပေါ်ရှိ ပိတောက်ခက်များကို ဖရက်က ပွေ့ချီကာ မွေးနောက်မှ လိုက်သွားတော့သည်။ သူ ဆင်း၍ လိုက်ချင်ပေမယ့် သစ်ပင်ပေါ် ရောက်နေသောကြောင့် သူ လိုက်ရမည့်အချိန်မှာ နောက်ကျ၍ နေပါပကော။

ပိတောက်ပွင့်သောရက်များ ကုန်ပြီးသည့်နောက် ဖရက်သည် နေ့စဉ်လိုလို အတွတ်ဆီသို့ ရောက်လာသည်။ လသာသောညများတွင် မြသားလို ပြာနေသော မြစ်ပြင်ပေါ်၌ လရောင်ခြည် ဖြာလာမှ ဖရက် တဖက်ကမ်းသို့ ပြန်တော့သည်။

စစ်ဖြစ်သည် ဆိုသော်လည်း ဝါးခယ်မမှာမူ အစစ အေးအေးချမ်းချမ်းပင် ရှိပေသည်။ ဂျပန်ခေတ်၏ဒုက္ခ မငြိမ်းချမ်းသောကာလ၏ အန္တရာယ်များကို မတွေ့ကြသေးပေ။ သူတို့အားလုံး ကျောင်းတက် မပျက်ကြပေ။

မိုးသည်းထန်စွာရွာနေသော ညနေက မေမေနှင့်အတူ မွေးတို့အိမ်သို့ လိုက်သွားရ၏။ မွေးတို့ မိသားစုအားလုံး ပျော်နေကြလေသည်။ ဒေါ်တင်တင်ကြီးသည် သားကြီး ထောင်မှလွတ်၍ ဗမာ့လွတ်လပ်ရေး တပ်မတော်ထဲသို့ ဝင်သွားကြောင်း၊ မြန်မာပြည် မြောက်ပိုင်းဘက်သို့ စစ်ချီသွားကြောင်းများကို သူ့မေမေအား အားပါးတရ ပြောပြနေသည်။

သူ့စိတ်ထဲတွင်တော့ သံယောဇဉ်ငြိကာ ချစ်နေသော ကိုကိုအောင်ကို ပြန်မတွေ့သေး၍ စိတ်မကောင်းပေ။ သူသာ ကိုကိုအောင်လို စစ်ထဲလိုက်သွားလျှင် မေမေသည် ဒေါ်တင်တင်ကြီးကဲ့သို့ ဝမ်းပန်းတသာ ရှိမည် မဟုတ်ပေ။

ကျောင်းကိုသွားစ နှစ်တုန်းကတောင် သဘော်ာဆိပ်အဆင်းတွင် ဖေဖေ့ကွယ်ရာ၌ မေမေက ငိုသေးသည်။

တကယ်ဆိုတော့လည်း စစ်ဆိုသည်မှာ ဘယ်လိုများနေသည်ကို သူ မသိ။ ထိုစဉ်က ဝါးခယ်မသည် လောကနိဗ္ဗာန်လေးလိုပင် မဟုတ်ပါလား။ ကျောင်းပိတ်ရက်များမှာပင် စာသင် မပျက်ဘဲ အင်္ဂလိပ်စာ အပိုသင်တန်းများကို တဖက်ကမ်းကူးကာ မှန်မှန်တက်ခဲ့၏။

ပြီးတော့ ဗမာ့တပ်မတော်ဆိုသည်ကလည်း ဘာပါလိမ့်။ အတွက်၏အဘိဓာန်၌ ထိုစကားလုံးများ ဘာမျှ မရှိသေးပေ။

အမှန်တော့ သူသည် အလွန်ပင် ငယ်ပါသေး၏တကား။

မွေးက သူ့ကို “အပြင်တွင် ဘာတွေ ဖြစ်နေသည်ကို မသိရကောင်းလား” ဟု ပြောလိုက်စဉ်က ရှက်စိတ်တော့ ပေါ်လိုက်မိသည်။ ဒါပေမင့် သူ့အသိုင်းအဝိုင်းက ဘာကိုမျှသိခွင့်မရဘဲ ဖေဖေ လုပ်နေသည်ဆိုသော လွှစင်များရှိရာကိုပင် သူ တခါတည်းသာ ရောက်ခဲ့ဖူးသည်။ ဂေါ်ဒူသောင်ဘက်ရှိ လယ်များရှိရာကိုမူ ခြေဦးမျှ မလှည့်မိခဲ့ပေ။

မွေးတို့အိမ်ကအပြန်တွင် အိမ်အထိ လက်ဆွဲမှန်အိမ်လေးနှင့် ဦးဆယ်က လိုက်၍ပို့သည်။ မိုးရေကြောင့် ခြံမြေဗွက်ထနေကာ သူ့ခြေထောက်များတွင် ရွှံ့ပေနေလေသည်။

အိမ်ရောက်လျှင် ဖရက်ကို မျှော်လင့်ဘဲ တွေ့ရ၏။

“ဟော့... စောင့်နေတာ ကြာပြီလား”

သူသည် တံစက်မြိတ်အောက်ရှိ ရာဝင်အိုးကြီးထဲမှ ရေခပ်ကာ ခြေဆေးရင်း ဖရက်ကို လှမ်းမေးလိုက်သည်။

“ကြာပါပြီဆိုပါတော့၊ မိုးသိပ်ရွာရင် အတွက်တို့အိမ်မှာ အိပ်မယ်လို့ ဖေဖေ့ကို ပြောခဲ့တယ်”

“လာလေကွာ၊ ကိုယ့်အိပ်ခန်းကို သွားကြစို့၊ မင်းမပြန်ပါနဲ့တော့၊ လေကလည်း သိပ်ထန်တယ်။ ကိုကိုအောင့်သတင်းကို ကြားချင်လွန်းလို့သာ

မွေးတို့အိမ် သွားရတယ်။ ချမ်းလိုက်တာ လွန်ရော၊ လာ... လာ”

သူနှင့် ဖရက်သည် အိမ်ပေါ်သို့ တက်လာ၏။ အတွက်၏အိပ်ခန်းမှ ကြည့်လျှင် မွေးတို့အိမ်ခြေရင်းဘက်ရှိ မွေး၏အိပ်ခန်းကို မြင်နေရသည်။ သို့သော် ထိုညတွင် မိုးသည်းထန်နေ၍ တံခါးများကို ပိတ်ထားရသည်။

ဖရက်က သူ့အိပ်ရာပေါ်တွင် လှဲနေ၏။

“ကိုယ် အခု လှေကောင်းကောင်း လှော်တတ်ပြီ။ နောင်ကို ကိုယ့်ဘာသာပဲ လှော်လာတော့မယ်။ တကယ်လို့သာ ဒီမြစ်ကြီးဟာ ရေတွေ မဟုတ်ဘဲ မြေကြီးဆိုရင် ကိုယ်လာတာနဲ့ တခါပြန်ပြီး မြစ်ဖြစ်သွားမှာ”

အတွက်က စားပွဲတင်မီးအိမ်ကို ထွန်းပြီးမှ ခုတင်ဘေးတွင် လာထိုင်ကာ ဖရက် ပြောသည်ကို နားထောင်နေ၏။ ဖရက်၏ စကားလုံးများသည် မရှင်းလှပေ။

“ဒီလိုဆိုလည်း မင်း ငါတို့အိမ် လာနေပါလား”

“မဖြစ်ဘူး၊ မနက်ဆို မြန်မာစာတော်အောင် အိမ်မှာ စာသင်သေးတယ်”

“ကိုယ့်ကိုလည်း မွေးတို့နဲ့အတူ ရှေ့အပတ်ကစပြီး စာသင်ရမယ်လို့ ပြောထားတယ်။ ကျောင်းတွေပိတ်တုန်း တို့များ စာသင်မပျက်အောင်တဲ့။ ဖရက်ပါ လာသင်ပါလား။ ပြီးတော့ ဆယ်တန်း ဝင်ဖြေရမယ်”

“မဖြစ်နိုင်တော့ဘူး။ ကိုယ် မွေးရဲ့မေမေကို သိပ်ကြောက်သွားပြီ”

“ဟယ်... ဘာဖြစ်လို့လဲ။ သိပ်သဘောကောင်းပါတယ်ကွာ”

“အဲဒါ ပြောပြမလို့၊ ဒီနေ့ မွေးဆီက စာပြန်လာတယ်”

ဘုရား... ဘုရား၊ အတွက်ရင်ထဲတွင် တဒိတ်ဒိတ် ခုန်ကာ တလှပ်လှပ် ဖြစ်လာ၏။ ဘယ်လို အခြေအနေများဆိုက်၍ နေကြပြီလဲ။ သူ့မှာတော့ ဘာမျှ မသိလိုက်ရပါတကား။

“ဘယ်လို ပြန်လာလို့လဲ”

သူ့အသံကို မနည်းထိန်းပြောရပေမယ့် နှုတ်ခမ်းများက တုန်နေသည်။

“ဒီသူငယ်လက်ရေးကို ကြည့်ရုံနဲ့ သမီးအပေါ်မှာ သစ္စာရှိမှာ မဟုတ်ဘူးတဲ့။ ဒါကြောင့် ကိုယ့်ကို မချစ်ရဘူးတဲ့ကွာ”

“မင်း... မင်း ဘယ်တုံးက မွေးကို စာပေးလဲ”

"အတွတ်ကို ဖွင့်မတိုင်ပင်တာ စိတ်မရှိနဲ့နော်၊ သကြၤန်ပြီးတုန်းက ပေးတာပဲ။ ဒါပေမင့် မွှေးကို ကိုယ်ချစ်နေတာက ဟိုညနေ ထဘီအပြာလေးနဲ့ တွေ့ကတည်းကပဲ"

ကျောင်းသွားရမည့်ညနေက တယောက်တည်း ငိုသလို အတွတ်က ငိုချင်လာသည်။ ဘာမဆို သူသည် အလွန်အချိန်နောက်ကျ လုပ်တတ်သော သူငယ်လေးပါလားဟု ကိုယ့်ကိုယ်ကိုယ် နောင်တရနေသည်။ တကယ်ဆိုတော့ မွှေးနှင့် တွေ့လာသည်မှာ သူက အရင်ဖြစ်သည်။ မွေးကတည်းက ဆိုကြပါစို့။ လည်ပင်းဖက် ကြီးလာသူတွေ ဖြစ်၏။

ဘာကြောင့်များ သူသည် မွှေး၏အလှကို မကြည့်တတ်ခဲ့ပါသလဲ။ မွှေး၏နှလုံးသားကို ချစ်မြတ်နိုးရမှန်း မသိခဲ့ပါသလဲ။ မွှေးသည် မြတ်နိုးစရာကောင်းသော သူငယ်မလေး တယောက်ဟု ဖရက်က ပြောသော ညနေက အပြေးအလွှား မွှေးကို သွားကြည့်ခဲ့ရ၏။ ထိုညကတော့ သူသည် လူပျိုပေါက်စအရွယ်တွင် မဖြစ်ဖူးသော စိတ်လှုပ်ရှားမှုကို ခံစားလိုက်ရ၏။ ဆံတောက်သိမ်းစ ဆံထုံး ကပိုကရိုနှင့် မွှေးကို မြင်တော့လည်း စိတ်ထဲက ကြည်နူးမိသား၊ အလှဘွဲ့ကဗျာကိုပင် ရေရွတ်လိုက်မိသေးသည်။

ခုတော့ ဖရက်က ပိတောက်ပန်းတို့ ပွင့်ပြီးသောရက်များတွင် မွှေးကို စပြီးခဲ့ပါပကော။ သူ့ခေါင်းကို ဖော်၍ မရသေးပေ။ အပြင်မှ လေများသည် ပြင်းပြင်းထန်ထန် တိုက်ခတ်ကာ အရွယ်ရောက်စ သူငယ်လေးနှစ်ယောက်၏ အချစ်စိတ်မြူးပုံကို ထိုးဆွနေပုံရသည်။

"ဘာလို့ ငိုင်နေတာလဲအတွတ်။ ကိုယ် မွှေးကို တကယ်ချစ်တာပါ။ ကိုယ်ကတော့ ဘာဖြစ်ဖြစ် မွှေးကို ရအောင်ယူမှာပဲ။ မွှေးရဲ့စာထဲမှာ သူ့မေမေက တခြားအကြောင်းတွေကိုလည်း ပြောသေးတယ်တဲ့။ လူတယောက်ဟာ ကိုယ်လူ့ဘောင်က လူသားအားလုံးရဲ့ ကောင်းကျိုး ချမ်းသာ ဖြစ်နိုင်ရေးအတွက်၊ တတိုင်းပြည်လုံးအတွက် မတတ်နိုင်လည်း ယုတ်စွအဆုံး ကိုယ်နေတဲ့ရပ်ကွက်က လူတွေ ကောင်းကျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ် ဆောင်ရွက်ရဲတဲ့ သတ္တိ ရှိရမယ်တဲ့။ အကြောင်းနှစ်ခုပေါင်းမှ ဘဝတခု ဖြစ်သတဲ့။ ကဲ... သူ့မေမေရဲ့ စကားတွေက ကြီးကျယ်လိုက်တာကွာ"

အမှန်တော့လည်း စကားလုံးများမှာ သူတို့ အတွေးအခေါ်နှင့် စာလိုက်လျှင် မြင့်လွန်းလှသည်ကို အတွတ်က နားလည်၏။ သို့သော် အဖွားကြီးက စာအလွန်ဖတ်သော အဖွားကြီး ဖြစ်၏။

"မွေးကတော မင်းကို ဘာပြန်ပြောလဲ"

"သူဟာ ဘိက္ခုနီမလုပ်မယ့် မိန်းမတော့ မဟုတ်ဘူးတဲ့။ ဒါပေမင့် လောကကြီးမှာ သူ့ 'ချစ်သူ' နဲ့ သူ 'လက်ထပ်ရမယ့်သူ' ဟာ တယောက်တည်းပဲ ဖြစ်ချင်သတဲ့။ အသက်အရွယ် ကြီးရင့်လာကြတဲ့ အလျောက် အတွေးအခေါ်တွေဟာလည်း ပြောင်းလဲလာကြမှာမို့ ခုလို ငယ်တုန်းမှာ ဘာမှ မဆုံးဖြတ်ချင်ဘူးတဲ့။ ဒါပါပဲ သူ ရေးတာကတော့"

အတွတ်က သက်ပြင်းကြီး ချလိုက်၏။ ဖရက်ကလည်း ငြိမ်သက်၍ သွားပြန်သည်။

"ကိုယ်လေ စစ်ပြီးရင် ကျောင်းပြန်နေမယ်။ ဒီဂရီရပြီးရင် မွေးကို လက်ထပ်မယ်ကွာ။ ဘာဖြစ်နေနေ၊ ဘယ်သူတွေက သဘောတူတူ၊ မတူတူ ရအောင်ကို ယူမယ်"

ဖရက်က စိတ်ပါလက်ပါ ပြောနေစဉ် အတွတ်သည် လွတ်နေသော ခေါင်းအုံးတခြမ်းပေါ်သို့ ပစ်၍ လှဲလိုက်၏။ သူ့ရင်ထဲတွင် နုပ်နုပ်စဉ်းခံနေရသလို ခံပြင်းလှပါတကား။

"ကိုယ် အခု မြန်မာစာ သင်နေရပြီ။ အစတုန်းကတော့ မွေ့နွန်းမင်းသမီးရဲ့အလှကို မြင်တာနဲ့ မင်းနန္ဒာဟာ ဒဂုန်ကနေ သန်လျင်ဘက် ခဏ ခဏ ကူးတာကို လွန်လွန်းတယ်လို့ ထင်မိတယ်။ ကိုယ်တွေ့ကြုံတော့မှ မလွန်ဘူးဆိုတာ သိတယ် သူငယ်ချင်းရေ၊ ကိုယ်လည်း တဖက်ကမ်းကနေ တဖက်ကမ်း ကူးကူးနေတာ ဘယ်တော့ ရင်ကွဲနာကျ သေမလဲ မသိဘူး"

အတွတ် စိတ်ထဲမှာတော့ ဖရက်စကားများသည် နည်းနည်းပိုသည်ဟု ထင်သည်။ သို့သော် နောက်ဆုံး သူသည် မွေးရွတ်ပြသော ကဗျာလေးကို ရွတ်ဆိုကာ မျက်စိမှိတ်လိုက်၏။

"စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့။"

ဂျပန်ခေတ် နောက်ပိုင်းကို ရောက်လာသောအခါတွင် မွေး၊ ဖရက်နှင့် အတွတ်တို့သည် ဆယ်တန်းစာမေးပွဲကို အောင်မြင်ပြီးကြသည်။

မွေးသည် တဖက်ကမ်းကို မကူးတော့ပေ။ အိမ်တွင်ပင် မြန်မာစာကို ညီမများနှင့်အတူ တနေ့ တနာရီ မှန်မှန်သင်ရ၏။

အတွက်ကမူ အင်္ဂလိပ်စာ အပိုသင်တန်းအတွက် တဖက်ကမ်းသို့ ကူးရလေသည်။ အခုတလောတွင် မေမေက ဘေးရန်ကင်းပုံမပေါ်၍ ဝါးခယ်မဘက်သို့ ကူးကာ စာသင်သည်ကို ခွင့်မပြုတော့ပေ။ အမှန်တော့ တဖက်ကမ်းတွင် ဘာဘေးရန်ရယ်လို့ ရှိလှသည်လည်းမဟုတ်။ မြို့ထဲတွင် ကောလာဟလ သတင်းများကတော့ မျိုးစုံ၍ နေပေသည်။ မျက်မြင်တွေ့ရသည်မှာ တခါတရံ လယ်ကွင်းစပ်ကို ဖြတ်၍သွားသော လေယာဉ် မည်းမည်းကြီးများဖြစ်၍ လယ်ကွက်ထဲတွင် ရှောခနဲ၊ ချောင်းစပ်တွင် မဲခနဲနှင့် ပေါ်၍ ပေါ်၍ လာတတ်၏။ အဝေးမှ စက်သေနတ်သံသဲ့သဲ့ကိုသာ ကြားရတတ်သော်လည်း ဝါးခယ်မမြို့တွင်မူ ထိခိုက် ဒဏ်ရာရသူ ဟူ၍ မရှိသလောက် ဖြစ်ခဲ့သည်။

နံနက်တိုင်းလိုလို မွေးတို့ညီအစ်မတစုနှင့်အတူ တနာရီခန့် စာသင်ရသော်လည်း ယခင်ကလောက်တော့ မွေးနှင့် အတွက် မတွဲရပေ။ လယ်ကွင်းစပ်များဆီသို့ သူတယောက်တည်းသာ လာခဲ့ရချိန်များ၏။

ကမ်းခြေစပ်တွင်လည်း သူတယောက်တည်းသာ ထိုင်ခဲ့ရချိန်က များ၍ လာလေသည်။ တခါတရံ တိမ်တောက်သောညနေ၌ မွေးသည် သူထိုင်နေရာသို့ ရောက်၍လာတတ်၏။ မွေး၏ မျက်လုံးကလေးများသည် ယခင်ထက် တောက်ပဟန်ရှိ၍ စကားပြောပုံကလည်း သွက်၍ လှပလာသည်။ ရင်သားမို့မို့လေးမှာ မွေး အရွယ်ရောက်လာသောအချိန်၏ အပြောင်းအလဲကို ပြနေဟန်ရှိသည်။ ယခင်က စကားပြောလျှင် မွေးမျက်နှာနှင့် လယ်ကွင်းပြင်ကိုလည်းကောင်း၊ တောအုပ်ဆီသို့လည်းကောင်း ကြည့်တတ်သော်လည်း ယခုတော့ သူ့မျက်လုံးများသည် မွေး၏ မို့သော တင်ပါးနှင့် ပေါင်တံများဆီသို့ ခဏ ခဏ ကြည့်မိသည်။

မွေးသည် အရွယ်ပြောင်းလာသည့်အတွက် သူနှင့် သိပ်မတွဲတော့ခြင်းဖြစ်သည်ဟု သူက ယူဆ၏။ မွေးကို သူ ဘာမျှမမေးပေ။ မွေးကတော့ ငယ်ငယ်တုန်းကလိုပင် စကားပြောရာ၌ ရောရောဝင်ဝင် ပြောတုန်းပင် ဖြစ်သည်။

ဂျပန်ခေတ်တွင် သော်ကဘုရားပွဲတော်လည်း မကျင်းပဖြစ်တော့၍ သူတို့မိသားစု နှစ်အိမ်ထောင် သိုက်သိုက်ဝန်းဝန်း သွားရသည်လည်း မရှိတော့ပေ။

တွေ့ရသောအချိန်များတွင် ကြည့်လိုက်တိုင်း မွေးကသာ အလှအပ ကိုယ်ခန္ဓာ အသွင်အပြင်တို့ ပြောင်းလဲလာသည် ထင်သည်။ သူကမူ ဘာမျှ မပြောင်းလဲသလို ဖြစ်နေ၏။

တခါတရံ သန်းခေါင်ယံတွင် ရုတ်တရက် နိုးနေတတ်သည်သာ ဖြစ်၍

လာတတ်သည်။ မေမေက ညနေပိုင်းတွင် လှုပ်လှုပ်ရှားရှား ကစားခိုင်း၏။ တယောက်တည်း ကစားရသည်ကိုလည်း သူ ပျင်းလာသည်။ ဖရက်တို့ဘက်ကမ်းကိုလည်း သူ သိပ်မကူးချင်ပေ။

ခုတလော ဖရက်ကလည်း မွေးကို စပြီးပြီဆိုကတည်းက ခဏခဏ မလာရဲသလို ဖြစ်နေပုံရသည်။

အိပ်မပျော်သောညများတွင် သူစာဖတ်၏။ စာဖတ်မရလျှင် မီးမှိတ်ကာ အခန်းထဲတွင် တယောက်တည်း ငြိမ်နေတတ်၏။

ဤပျင်းရိငြီးငွေ့ဖွယ်ကောင်းသော စစ်ကာလမှာ ဘယ်သောအခါမှ ကုန်ဆုံးပါမည်နည်း။

တဖက်ကမ်းတွင် သူငယ်လေးများ လှုပ်ရှားနေသော သင်းပင်းအဖွဲ့အစည်းများတွင်လည်း သူ ပါဝင်ခွင့် မေမေက မပေးပေ။

တန်ဆောင်မုန်းလဆန်းတွင် လသာပုံသည် ပို၍လှခဲ့၏။ ညဥ့်သို့တိုင်လျှင် မြစ်ရေပြင် ကိုလည်း တလှည့်ကြည့်ရသည်။ စပါးနှံတို့ဖုံးစ စပါးပင်ပျိုများ လှုပ်ရှားဟန်ကိုလည်း တလှည့် ကြည့်ရသည်။ လရောင်အောက်တွင် သော်ကစေတီတော်ကိုလည်း မျှော်၍ ဖူးရသေးသည်။ စေတီတော်သည် ယခင်ကလိုတော့ ရွှေရောင်ဖြင့် ဝင်းပခြင်း မရှိတော့ပေ။ တခါတရံ စပါးပင် ရှည်ကြီးများ၏ တေးညည်းသံ ဝိုးတဝါးကို နားစွင့်ရင်း ငိုက်မျဉ်းအိပ်ပျော်သွားတတ်၏။

လဆန်း ၁၄ ရက်ညကမူ တဖက်ကမ်း၏ တန်ဆောင်တိုင်မီးများကို ရေဆင်းတံတားဦးထိပ်မှ မျှော်ငေးကာ စောစောပင် အိပ်ရာဝင်ခဲ့သည်။ သို့သော် သန်းခေါင်ယံတွင် သူ့အကျင့်အတိုင်း တရေးနိုးပြီးကာ ပြန်၍ အိပ်မရတော့ပေ။

လမင်း၏အရောင်မှာ မှန်ပြတင်းပိတ်ထားသည့်ကြားကပင် အိမ်ခန်းထဲသို့ လင်း၍ ကျနေပေသည်။ လယ်ကွင်းဘက်ဆီမှ စပါးပင်တို့ ယိမ်းနွဲ့လှုပ်ရှားသံ၊ မြစ်ပြင်ဆီမှ လှိုင်းဂယက်တို့ ရိုက်ခတ်သံများသည် ညဥ့်လယ်၏ သဘင်ပွဲတွင် သဘာဝ၏ တေးဆိုသံလို သာယာချမ်းမြေ့ လှလေသည်။ အပြင်တွင် သဘာဝသည် ဘယ်လောက်များ လှနေမည်လဲ။

မှုန်ဝါးသော လရောင်ခြည်သည် ညဥ့်လယ်၏ အလှအပများကိုကြည့်ရန် သူ့ကို ဖိတ်ခေါ်၍ သူသည် အိပ်ရာမှထကာ ဘေးဘက်ပြတင်းကို ဖွင့်လိုက်သည်။

လရောင်သည် မှန်ထဲမှာ မြင်ရသည်ထက် အပြင်တွင် ရွှန်းရွှန်းပပ သာနေပေသည်။ မွေးတို့အိမ် မားမားမြင့်မြင့်ကြီးမှာ လရောင်အောက်တွင် ငြိမ်သက်

တိတ်ဆိတ်နေသည်။

သစ်ရွက်ကလေးများပေါ်တွင် နှင်းစက်လေးများ ပြန့်ကျဲနေကြသောကြောင့် လရောင် ထိလိုက်လျှင် ဆောင်းနတ်မယ်၏ ဝတ်ရုံလို တလက်လက် တောက်ပနေပေသည်။ စိမ်းသော စပါးခင်းပေါ်တွင် လမင်း၏ ငွေရည်များကလည်း ပုလဲမှန်လို သွန်းကျနေကြပေ၏။

ညဥ့်ငှက်သည် မြစ်ကိုစုန်ကာ ညဥ့်သုံးယံတေးကိုကျူးရင့်ရှာသည်။ ဂဃက်စိတ်ကလေးများ တဖျပ်ဖျပ် လှုပ်ရှားကာ တောက်ပနေသော ငွေရေပြင်ပေါ်တွင် လူးလာတံ့ကာ ချစ်သူကို ရှာဟန်ရှိ၏။

ပူလောင်သော ဇောစိတ်တို့ဖြင့် အမောကြီးမောကာ လူသားတို့ အိပ်ပျော်နေချိန်ဖြစ်၍ သဘာဝ၏ အလှနတ်များသည် တိတ်ဆိတ်သောညလယ်တွင်မှ နိုးကြွလာကြကာ အလှသဘင်ပွဲကို ဆင်နွှဲလျက် ရှိကြပေသည်။

ဆောင်းရာသီကိုကြိုသော လေညင်းတွင် ကရမက်ပန်းရနံ့ကလည်း သင်းသင်းမွှေးကာ ပါ၍ လာခဲ့လေသည်။

အတွတ်သည် မြစ်လယ်ဘက်ဆီသို့ မျှော်၍ကြည့်မိ၏။ မြစ်လယ်ဆီမှ လှေငယ်တစင်းသည် သူတို့အိမ်များရှိရာဘက်သို့ ကပ်လာသည်။ လှေလေးသည် မွှေးတို့ရေဆိပ်တွင် ရပ်နားလိုက်၏။ လရောင်အောက်တွင် တယောက်တည်းသောလူငယ်၏ လှုပ်ရှားဟန်များကို အတွတ် အားလုံး မြင်နေလေသည်။ လူငယ်သည် မွှေးတို့ ခြံထဲသို့ ဖြည်းညင်းစွာ ဝင်၍သွားလေသည်။

“ဖရက်များလေလား”

ဤသွင်ပြင်ကို သူ ဘာမှ မမှတ်မိစရာမရှိ။ ဖရက်မှ ဖရက်အစစ်ပင်။ သူ၏ရင်တို့သည် တလှပ်လှပ် လှုပ်ရှားစပြုလာသည်။ လူရိပ်သည် ခြံရိပ်တွင် ပျောက်ကွယ်သွားပြီးနောက် မွှေး၏ အိပ်ခန်းဘေးမှ မတ်တတ်တံခါးမှာ ပွင့်၍လာသည်။

ဝရန်တာကိုဖြတ်ကာ လှေကားမှ ဆင်းလာသော မွှေးသဏ္ဍာန်ကို သူ ပြတ်သားစွာ မြင်ရသည်။ မွှေးသည်လည်း မြေပေါ်ရောက်လျှင် ပန်းရုံတခုအောက်တွင် ပျောက်၍သွားပြန်သည်။

သူတို့နှစ်ယောက် ညတွင် တွေ့ဆုံကြသည့်စခန်းသို့ပင် ရောက်ပါပကော။ သူသည် မောလှစွာ တံခါးဘောင်ကို မှီလိုက်ရ၏။ အသက်ကို မနည်းရှူရသလို ရင်ထဲက ကျပ်၍လာသည်။ မျက်လုံးများကတော့ ခြံဝင်းထဲတွင်

ချစ်သူနှစ်ယောက်ကို ရှာမိ၏။ အမှန်တော့ လှပသော ဤညခင်းသည် ချစ်သူတို့အတွက်ပါကလား။ ယခုမှပင် ညသည် ပို၍ လှပလာသည်။ ညဉ့်၏ အရှင်နတ်သမီးသည် ချစ်သူနှစ်ဦးတို့အတွက် ဤညများကို ဖန်ဆင်းလေသလား။ ချစ်သူတို့ တွေ့ဆုံ ချစ်တင်းနှီးနှောဟန်ကို သီဆိုကျူးရင့်ရန်ပင် ငှက်ကလေးများကို တမန်တော်အဖြစ် စေလွှတ်လေသလား။

ကြယ်ပွင့်လေးများပင် ပိုမိုတောက်ပလာကာ ပန်းတို့သည်လည်း ငုံရာမှ ပွင့်လာကြသည် ထင်သည်။ လေညင်း၏ ရနံ့သည် ပို၍ သင်းပျံ့လာပါပကော။

ဩော်… မိရွှေမွှေးကိုလည်း ဆုံးရှုံးရပြန်ပကော။

ယခုမှ လက်လွတ်ရခြင်းသည် ပို၍သေချာလာပြီ ဟူသောအသိက အတွက်၏နှလုံးသားကို ဆုပ်၍ ဆွဲကိုင်လှုပ်ရှားပစ်လိုက်သည်။ လမင်းသည် အနောက်သို့ စောင်းငဲ့လာသောအခါ ကြေးနီရောင်သို့ ပြောင်း၍လာခဲ့၏။ ညဉ့်ငှက်ငယ်သည်ပင် အသိုက်သို့ ပြန်ပြီဖြစ်၍ မိုးသောက်ရာကို ကြိုမည့် ငှက်ကလေးတို့၏ အသံကို ကြားရပေပြီ။

သူကတော့ ပြတင်းဘောင်မှ ခွာမရ။ ဖရက်သည် မွှေးပခုံးကို ဖက်ကာ လှေကားရင်းအထိ လိုက်ပို့သည်။ ဖရက်၏ရင်ခွင်တွင်းသို့ မွှေး၏ကိုယ် ယိုင်ညွှတ်သွားသည်ကိုမူ သူသည် မကြည့်ပေ။ မျက်နှာကို လက်ဖဝါးနှင့်အုပ်ကာ ခုတင်ဆီသို့ ပြန်လာခဲ့၏။

နံနက် လေးနာရီ ထိုးပြီဖြစ်၍ ဝါးခယ်မဘက်ကမ်းမှ သကျမဟာသီရိ ဘုရားကြီးကို မျက်နှာသစ်တော်ရေ ကပ်ချိန်တွင် တီးမှုတ်သော နရည်းသံသည် ငြိမ့်အေးညက်ညောစွာ လေညင်းတွင် ပါ၍လာလေသည်။

အတွက်အဖို့တော့ ဆုံးရှုံးခြင်း အထိမ်းအမှတ်အတွက် တီးခတ်သော နရည်းသာတည်း။

■

နံနက်တွင် အကြောင်းမရှိဘဲ ခြံနောက်ဘက်တွင် တယောက်တည်း ဇော့ကာ ပတ်ကာ လျှောက်နေသည်။ ရပ်တည်ရာမရ ဆိုသည်မှာ သည်လိုအဖြစ်မျိုးများပေလား။

မီးဖိုဆီမှ ဖေဖေ့အသံရော၊ မေမေ့အသံရော ဆူဆူ ဆူဆူနှင့် တလှည့်စီ ကြားနေရပေသည်။ သူသည် ထင်းပုံဘေးမှ မီးဖိုဘက်သို့လှည့်ကာ ထိုင်၍ကြည့်နေ၏။ မေမေ့ရှေ့တွင် အဝတ်တပုံမှာ ပုံလျက်ဖြစ်နေပေသည်။

"ခေတ်ကြီးက မကောင်းတော့ဘူးဆိုတာ ကိုသင်းမောင် အသိပဲ၊ နေ့ သေမလား၊ ည သေမလား မသိတဲ့အချိန်မှာ အစုတ်ပလုတ်ထဲကများ ငွေထွက်အောင် ရှာမနေပါနဲ့တော့။ အလကား ပေးလိုက်တော့ ဘာဖြစ်လဲ"

မေမေ့အသံမှာ ကျယ်သော်လည်း ဒေါသဖြစ်ပုံ မပေါ်သေးပေ။ ဖေဖေ့မျက်နှာကတော့ နီ၍ နေပေသည်။

"ငါက ရောင်းရတာ မဟုတ်ပါဘူး။ မသက်စု သမက်ကိုက ခြင်ထောင်တလုံး ငါးရာကျပ်နဲ့ ရောင်းပါ ပြောနေလို့"

တကွက်မှ ရှာမရအောင် ဖွာလန်ကြဲနေသော ဇာခြင်ထောင် တခုကို မ, ကြည့်လိုက်၏။

"အလကား ပေးရတာတောင် ပေးရတဲ့သူက ရှက်ဖို့ကောင်းသေး။ ဒါကို ဘယ်လိုများ ချုပ်မလဲ မသိ"

"မင်းအော်လို့ လန့်ပြေးတာ၊ ဒီက အစုတ်ကို သူတို့ သေသေချာချာ ကြည့်ပြီးပြီ။ ယူမယ်တဲ့၊ အမိုးပိတ်ကိုလည်း အင်္ကျီချုပ်ရမယ်တဲ့"

"သိန်းဖေ... သိန်းဖေ၊ ရော့... အဲဒီ ခြင်ထောင်ရော၊ ဟိုခေါင်းဆုံးစွပ်အစုတ်ရော ယူသွား၊ ဒေါ်သက်စုသမက် စံမောင်အိမ် သွားပို့"

မေမေသည် သိန်းဖေဘက်သို့ အဝတ်ပုံကို ထိုးပေးလိုက်သည်။

"ရှင်နဲ့ ကိုဘလှနဲ့ အတူတူပဲ။ သူများတွေ ဒုက္ခရောက်နေပါတယ်ဆိုမှ၊ တယ်... ငွေရှာကောင်းတယ်။ မနေ့က တင်တင်ကြီးကလည်း ကိုဘလှတို့ကို ဒေါသထွက်လို့"

"ဘာဖြစ်လို့လဲ"

ဖေဖေက မျက်လုံးလေးပြူး၍ မေးပြန်၏။

"ဘာဖြစ်ရမလဲ၊ မသက်စုတို့က အညာဘက်က ဆန်ပို့တုန်းက ငွေလိုတာနဲ့ မြလက်ကောက်နဲ့ ရွှေငါးကျပ်သား ကိုဘလှတို့မောင်နှမဆီ ထားခဲ့ပြီး ငွေယူတယ်။ ခု ငွေပေါ်လို့ သွားရွေးတော့ မြလက်ကောက်ဟာ ရောင်းတာဆိုပြီး အပိုင်ယူထားလိုက်တယ်"

"သူတို့က စာမချုပ်ဘူးလား"

"ဩော်... တင်တင်ကြီးဆီမှာ ထားတုန်းကလိုပေါ့။ ဒီလိုပဲ ယုံကြည်မှုနဲ့ ထားနေကျပေါ့။ ခု တင်တင်ကြီးက မတတ်နိုင်တော့ ဟိုသွားတာပဲ။ ကိုဘလှနှမကလည်း မသိတာမှ မဟုတ်၊ မသက်စုက ဇာတ်စုံလာခင်းတယ်။ စံမောင့်လေ့ကလည်း စက်သေနတ်ထိပြီး နစ်လို့။ ဒီကြားထဲကများ ရှင်က ခြင်ထောင်တလုံး ငါးရာကျပ်နဲ့ ရောင်းစားချင်သေးတယ်။ မြို့ရေး ရွာရေးကိုလည်း သူတို့မောင်နှမ ဘယ်တုံးက ပါခဲ့လဲ။ အင်္ဂလိပ်ခေတ် လယ်တွေ ရေမြုပ်တုန်းကများ သူတို့က လယ်သမားတွေအပေါ် တပြား အလျှော့မပေးခဲ့ဘူး။ လည်ပင်းညှစ်ပြီး သူတို့ရဖို့သာ မရမက ယူခဲ့တယ်။ ဒါကြောင့်လည်း တင်တင်ကြီးနဲ့ မျက်နှာချင်းဆိုင် မရကြတာ"

ဖေဖေက မျက်နှာကြီးနီကာ ငုံ့နေရာမှ တချက် ဝင်ပြောပြန်သည်။

"မင်း တင်တင်ကြီးကတော့ တရားလွန်ပါတယ်။ ကိုယ့်အခြေအနေ ပျက်လာတာတောင် သားတွေကို စီးပွားရေး မလိုက်စေရဘူး၊ နိုင်ငံရေးပဲ"

"ဒါကတော့ တိုင်းပြည်အတွက်ဆိုရင် တကြောင်း မကူ၊ တကြောင်း ကူရမှာပဲ။ ကျွန်မတို့သားကို နိုင်ငံရေးမှာ မထည့်နိုင်တော့ တို့ဗမာအစည်းအရုံးကစပြီး ငွေရေးကြေးရေးနဲ့ ကူခဲ့ရတာပဲ။ ခုလည်း အခြေအနေကတော့ တခုခု ပြောင်းလဲလာဦးမှာပဲ"

မေမေသည် ရှေ့စကား မဆက်တော့ဘဲ ထ၍သွားတော့သည်။ အတွတ်ကမူ ထင်းပုံဘေးမှ ရွှေ့၍မရ။ ဘာတွေများ ပြောင်းလဲလာဦးမှာလဲ။ မေမေက သူ့ကို ကလေးလေးလို နေရာ မပေးဘဲ ဖယ်ထားလွန်းလှသည်ဟု သူ့စိတ်ထဲမှာ ထင်မိ၏။

မျက်လုံးထဲမှာမူ ညကမြင်ကွင်းသည် မပျောက်နိုင်သေး။ ဤဒေါ်တင်တင်ကြီး၊ ဤဦးဘလှ ဆိုသော အခြေခံချင်း လုံးဝမတူကြသည့် နှစ်အိမ်ထောင်မှ ပေါ်ထွက်လာသော သက်တံ ပေါင်းကူးတံတားပေါ်တွင် အတူလျှောက်နေကြသည့် မွေးနှင့် ဖရက်တို့ လမ်းခရီးကကော မည်မျှ ကြာကြာ ခိုင်မြဲပါမည်နည်း။

■

မတ် တော်လှန်ရေးပြီးသည့်နောက် နွေရာသီ၏ နှောင်းချိန်သည် သာယာောင့်သာယာ ရှိလှသည်။

နွေရာသီ၏နေရောင်များလို သူတို့၏ ဟန်ပန်များကလည်း ယခုမှ ပွင့်လင်းလှုပ်ရှားဟန် ပေါ်လာတော့သည်။

မွေးတို့အိမ်ဘက်တွင်မူ ယခင်ကထက် တိတ်ဆိတ်နေသည်မှာ

ထူးခြားသည့်အသွင်ပင် ဖြစ်ပေသည်။ ယခင်တပတ်က တပ်မတော်သား စစ်ဗိုလ်တချို့ လာရောက် တည်းခိုသွားကြ၏။

မွှေးက အတွတ်တို့အိမ်ဘက် မကူးသည်မှာ ကြာခဲ့ပြီ။ တော်လှန်ရေးအချိန်အတွင်းတွင် လည်း အတွတ်တို့မိသားစု ဝါးခယ်မဘက်သို့ ခေတ္တပြောင်းကာ အိပ်ကြ၏။ အတွတ်တို့ ပြန်လာသည်မှာလည်း ငါးရက်လောက်ပင် ရှိသေးသည်။ မွှေးတို့ ခြံနောက်ဘက် စည်းရိုးနားရှိ သော်ကပင်ကြီးသည် ရွက်နုတို့ နီတွေးတွေးနှင့် ပန်းရောင်ပွင့်များ ဝေလျက်ရှိသည်။

ပွင့်ဖတ်ကြွေများသည် မြေညီခင်းပေါ်ဝယ် ပြန့်ကျဲလျက်ရှိ၏။ မြေပေါ်တွင် ကြွ၍ ပေါ်နေသော သစ်မြစ်ကြီးပေါ်တွင် မွှေးသည် တယောက်တည်း ထိုင်လျက်ရှိသည်။ လက်ထဲမှ ဝါးခြမ်းပြားစဖြင့် မြေပြင်ပေါ်ရှိ ပွင့်ဖတ်လေးများကို တခုချင်း ဖယ်၍ပစ်နေသည်။ လက်က လှုပ်ရှားနေသော်လည်း သူ့စိတ်များသည် ပွင့်ဖတ်လေးများနှင့် ဝါးခြမ်းကို ဂရုထားဟန် မတူပေ။ သူတို့အိမ်ကြီးမှာလည်း အထူးတိတ်ဆိတ်နေသည်။

အတွတ် သူ့အနားတွင် လာရောက်ထိုင်သည်ကိုပင် သူ သတိမထားမိပေ။

"မွှေး"

အတွတ်အသံသည် တိုး၍တုန်ယင်နေသည်။ မွှေးက အတွတ်ကို လှမ်းကြည့်လိုက်သော် လည်း အံ့ဩပုံ မရ။ ငြိမ်လွန်းလှသည်။

"မေမေက ပြောလို့ မင်းကို လိုက်ရှာလိုက်ရတာ။ ဒီမှာ လာကုပ်နေတာကိုး။ မင်း မေမေ့အနားမှာနေဖို့ ကောင်းတယ်"

အတွတ်က အားငယ်ဟန်နှင့်ဆို၏။

"မေမေက စိတ်ထိန်းနိုင်ပါတယ်။ မွှေးသာ စိတ်မထိန်းနိုင်လို့ တနေရာတည်း ရပ်မနေချင်ဘူး"

"ဒီသတင်းက ဘယ်လောက် မှန်မှာလိုက်လို့ကွယ်၊ သိပ်လည်း စိတ်မပူပါနဲ့"

"တနေ့ကလာတဲ့ စစ်ဗိုလ်ဟာ ကိုကိုအောင်နဲ့ အတူတူ အနောက်မြောက်တိုင်းမှာ ဂျပန်တော်လှန်ရေး တာဝန်ကျတဲ့သူတွေပေါ့။ ဒါကြောင့် ကိုကိုအောင် ကျဆုံးသွားတာကို မေမေ့ဆီကို လာပြောကြတာ"

သူတို့နှစ်ယောက်လုံးသည် ငြိမ်သက်သွားကြပြန်သည်။ သော်ကပင်ထက်ရှိ ရွှတ်သစ်နုတို့မှာ တော်လှန်ရေးမှာ ပေါ်ပေါက်လာသော အင်အားသစ်တို့၏ဟန်ဖြင့်

တက်ကြွမြူးရွှင်လျက် ရှိသော်လည်း တဖြုတ်ဖြုတ်ကြွေကာ မြေသို့ဆင်းသက်သည့် ပန်းပွင့်လွှာများကမူ ကျဆုံးရှာသော တော်လှန်ရေး ရဲဘော်များကို ကိုယ်စားပြုဟန် ရှိသည်။

"ဖေဖေကတော့ နက်ဖြန်ကို ရန်ကုန်သွားမလို့၊ ဟိုမှာ အတွက် ကျောင်းနေဖို့အတွက် စီစဉ်မယ်လို့ ဆိုတာပဲ"

"ကောင်းပါတယ်၊ မွှေးတို့တော့ ဘာလုပ်ရမလဲ မသိဘူး၊ ဂျပန်ခေတ်မှာ ဆယ်တန်း အောင်ထားတာပဲ ရှိတယ်"

"အေး... ဒါကြောင့် ခုဖွင့်မယ့် အရေးပေါ် တက္ကသိုလ်မှာ ငါတို့ နေနိုင်တာပေါ့။ ဖေဖေနဲ့ အတူတူ ဖရက်တို့အဖေလည်း လိုက်မယ်။ မေမေက ကိုယ့်ကို ဆရာဝန်လိုင်း လိုက်ခိုင်းတယ်။ ပြီးတော့ အများအတွက် အသုံးကျအောင်လုပ်တဲ့"

မွှေးသည် ပို၍ငြိမ်သက်စွာ နားထောင်နေ၏။ ပြီးတော့ သူ သက်ပြင်းချလိုက်သည်။ သူသည် ဘာကိုများ လေးလေးနက်နက် စဉ်းစားနေသည် မသိပေ။ မျက်လုံးများသည် လဟာပြင်ထဲတွင် တခုခု ရှာနေဟန်ကိုလည်း ပြ၏။

"မင်းကော အရေးပေါ်တက္ကသိုလ်မှာ ဆက်နေမလား"

"မေမေ ဘာပြောဦးမလဲ မသိဘူး မွှေးတော့ နေရမယ် မထင်ပါဘူး။ ဒါကြောင့်လည်း မဟုတ်ပါဘူးလေ။ မွှေးတို့အိမ် စီးပွားရေးက ဘာမှရှိတော့တာ မဟုတ်တော့ အလုပ်လုပ်ချင် လုပ်ရမှာ"

"ဒါနဲ့ ဘာဆိုင်လဲ၊ မျက်နှာသာမပေးတာနဲ့"

"မွှေး... ဖရက်ကို ချစ်နေလို့"

အစက သိပြီးဖြစ်သော်လည်း မွှေးပါးစပ်နှင့် တည့်တည့်လင်းလင်း ပြောလိုက်သောအခါ အတွတ်စိတ်ထဲတွင် နင့်သွားတော့သည်။

မွှေးသည် ဝါးခြမ်းလေးကို မြေပေါ်တွင် ထောက်လိုက်ပြန်၏။

"မေမေ့ကို ဖွင့်ပြောကတည်းက မေမေက မချစ်နဲ့လို့ ယတိပြတ်ပြောသား။ ခက်တာက အတွတ်ရေ... မွှေး ဖရက်ကို မချစ်ဘဲနေလို့ မရဘူး။ စိတ်ကလည်း ဘာကြောင့် ထိန်းမရလဲ မသိ။ ကိုယ် သွားတော့မယ်"

မွှေးသည် မျက်နှာကိုငုံ့ကာ သူ့အပါးမှ ထ၍သွားတော့သည်။ အတွတ်ကမူ ဘာလုပ်ရမှန်း မသိ။ ကြောင်၍ ကျန်ရစ်၏။ နောက်မှ ကြီးကြီးတင်ကို သွားတွေ့ရန်

ထသွားလိုက်မိသည်။ ကြီးကြီးတင်သည် အနောက်ဆောင်ခန်းတွင်ပင် ဆေးလိပ်ပတ်ရန် ချည်ရစ်လျက်ရှိသည်။ သူ့မျက်လုံးများသည် အားနည်းနေပုံရ၍ စိတ်မပျော်ဟန်ပြသော်လည်း သူ့စိတ်ကို အလုပ်တခုခု ပေး၍ ဖြေနေပုံလည်း ရပေသည်။

သူ့ကို မြင်မြင်ချင်းပင် "ထိုင်ပေ့ သားရေ၊ ရေနွေးကြမ်းသောက်ဦး" ဟု စတင် နှုတ်ဆက်သည်။

အတွတ်က ခပ်ကျုံ့ကျုံ့ပင် ထိုင်နေသော်လည်း ဘာစကားပြောရမှန်း မသိသလို ဖြစ်နေသည်။

"မိမွေးကို တွေ့ရဲ့လား"

အဖွားကြီးက ထပ်မေးပြန်၏။

"ဟုတ်ကဲ့၊ တွေ့ပါတယ်။ ကိုကိုအောင် တိုက်ပွဲကျတယ်ဆိုတာ မေမေပြောပေမယ့် မယုံလို့ မွေးပြောပြမှပဲ ယုံတော့တယ်"

"အေး... ဟုတ်ပါတယ်။ သားတို့အဖေလည်း နက်ဖြန် ရန်ကုန်လိုက်မလို့ဆို"

"ဟုတ်ကဲ့"

"အတွတ် ကျောင်းနေဖို့အတွက် စီစဉ်မယ်ဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ်၊ မွေးကော ကျောင်းဆက်ထားဦးမလား ကြီးကြီး"

"သူ အလုပ်လုပ်ရမယ် ထင်တယ်။ ဖရက်နဲ့ မွေးတို့အကြောင်း သိပြီးပြီလား။ ငါ့သားကျတော့ မောင်နှမလိုပဲ၊ သိသင့်ပါတယ်"

အဖွားကြီးအမေးမှာ ရှင်းခနဲ ဖြစ်သွားလွန်း၍ အတွတ် ဘာပြန်ဖြေရမှန်း မသိပေ။

"ကြီးကြီးတင် စိတ်ထဲမှာ သား ကျဆုံးသွားတာကို ဂုဏ်ယူနိုင်သလောက် မွေး ဖရက်နဲ့ ကြိုက်သွားတာကို ရင်နာလို့ မဆုံးဘူး။ သူ တနေ့သိမှာပဲ။ ခုနစ်တန်း၊ ရှစ်တန်း ပညာနဲ့ တွက်တောင် ရသေးတယ်။ အက္ခရာသင်္ချာသဘောလိုပဲ။ အခြေခံချင်း မတူတဲ့ဂဏန်း နှစ်ခုဟာ ဘယ်မှာ ပေါင်းလို့ရမလဲ။ ရိုးရိုးဂဏန်းမှာ သုံးနဲ့ နှစ်ပေါင်းရင် ငါးဖြစ်နိုင်သေးတယ်။ က ခနဲ့ စ ဆဟာ ပေါင်းလို့ ငါးဆိုပြီး ဘယ်မှာလုံးသွားမလဲ။ တကယ်က အပေါင်းဂဏန်းကြီး ခံပြီးကခ + စဆ ဖြစ်မှာပဲ။ အလကားပဲကွယ်၊ မိန်းကလေး သိပ်မှားတာပဲ"

အတွက်မှာ ကခရော စဆရော နားထဲတွင် လုံးထွေးသွားကာ ငိုင်မြဲနိုင်မိ၏။ စိတ်ထဲမှာလည်း ရှုပ်ရှုပ်ပွေပွေ ဖြစ်သွားသည်။ ဘာကိုပြောရပါ့မလဲ။ ကြီးကြီး နှစ်သိမ့်အောင် ပြောရမလား။ ဖရက်အကြောင်း ပြောရမလား။ သည်လို ဝင်ရောက်စွက်ဖက်နိုင်လောက်အောင် သူသည် အရွယ်ရောက်ပြီလား။ သူ့ကို နေရာထား၍သာ ကြီးကြီးတင်ကလည်း ပြောခြင်းဖြစ်သည်။

"ငယ်ရွယ်သူတွေ ဆိုတာကတော့ စိတ်ကူးယဉ်တတ်တာပဲ။ ခုနေ ကြီးကြီးတင် ဖွင့်ဝင်ပါရင် ငယ်စိတ်ကြွနေတုန်း မဟုတ်တရုတ်တွေ ဖြစ်သွားနိုင်တယ်။ အရှိန်ကျသွားတဲ့အခါ ကျတော့လည်း မြင်လာမှာပေါ့"

ကြီးကြီးတင်က ဆက်ပြော၏။

အိမ်ရှေ့ဘက်မှ ပစ္စည်းများ ရွှေ့သံ၊ သယ်ယူသံများ ကြားနေရပေသည်။

"ကြီးကြီး၊ ဘယ်သူတွေ ဘယ်ပြောင်းမလို့လဲ"

"သူဇာနဲ့ မူယာ ရန်ကုန် ပြောင်းတော့မယ်။ မူယာ့ယောက်ျားလည်း ဦးဝိစာရလမ်းကအိမ် ဂျပန်လက်ထဲက ပြန်ရသတဲ့"

"ဩော်... ကျွန်တော်တော့ ကိုကိုအောင်ကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ အမြဲသတိရနေတယ်။ ကိုကိုအောင်တို့လိုလူတွေ အသေခံတိုက်လို့သာ ကျွန်တော်တို့တတွေ စာအေးအေး ပြန်သင်နိုင်ရတော့မယ် ဆိုတာကိုတော့ ကျွန်တော် အမြဲ သတိရနေမှာပဲ"

"ကျေးဇူးတင်ပါတယ် သားရယ်၊ အမှန်တော့ လက်နက်စွဲပြီး တပ်ထဲဝင်တဲ့သူတွေသာ ကျေးဇူးတင်ထိုက်တာ မဟုတ်ဘူး။ ဒီတော်လှန်ရေးမတိုင်ခင် လက်နက်မဲ့ဘဝနဲ့ ဗြိတိသျှအစိုးရကို အန်တုတိုက်ခိုက်ခဲ့လို့ စစ်ဖိနပ်၊ ပုလိပ်ဖိနပ်အောက်မှာ လှိမ့်ခံခဲ့ရတဲ့ လယ်သမားကြီးတွေ၊ အလုပ်သမားကြီးတွေဟာလည်း လွတ်လပ်ရေးရဲ့ကျေးဇူးရှင်တွေပဲ"

ကြီးကြီးတင်အသံမှာ သိမ်မွေ့၍ အေးလှသည်။

"ကျွန်တော်တို့လည်း တိုက်ရေးခိုက်ရေးမှာတော့ မစွမ်းဘူး။ မေမေက စာမေးပွဲအောင်ရင် ငွေထက် လူတွေရဲ့အသက်ကို ကယ်နိုင်အောင် ကြိုးစားဖို့ ပြောပါတယ်။ ဒါကြောင့် ဆရာဝန်လိုင်း လိုက်ခိုင်းတာပဲ"

"ကောင်းပါတယ်၊ လူတွေဟာ မေတ္တာ၊ ဗြဟ္မစိုရ်ဆိုတဲ့ စိတ်နဲ့ အများအတွက် အနစ်နာခံနိုင်တဲ့စိတ် နှစ်ခုပေါင်းရှိမှ လူ့ဘဝဟာ အဓိပ္ပာယ်ရှိတာပဲ။ နို့မို့ရင်

လူဟာ အခြား သတ္တဝါနဲ့ ဘာများ ကွာတော့မလဲ…”

“ဟုတ်ကဲ့၊ မွေးအတွက်လည်း သိပ်မစိုးရိမ်ပါနဲ့။ သူဟာ သိပ်မဆိုးပါဘူး။ ဆိုးဆိုးဝါးဝါးလည်း မဖြစ်နိုင်ပါဘူး"

“အေး... မင်းနမ ကံပေါ့။ ကြီးကြီးတင်က ထိန်းပေးနိုင်ရုံပဲ။ သားသမီးအပေါ် နိုင်ထက်စီးနင်း ဆိုတာလည်း မလုပ်ချင်ဘူး...”

“ကျွန်တော် ပြန်ဦးမယ် ကြီးကြီးတင်”

သူသည် နှုတ်ဆက်ကာ အိမ်ရှေ့ဘက်ကို လှည့်ထွက်လာခဲ့၏။ အလယ်ခန်းမတွင် မမအေးသည် တောသို့ ဖောက်သည်ပေးမည့် အထည်ကြမ်းများကို ချုပ်လုပ်နေသည်။ မွေးကလည်း အနားက စက်တလုံးဖြင့် ဘော်လီချုပ်နေသည်။ သူ့ကို လှမ်း၍ နှုတ်ဆက်သော်လည်း မွေးမျက်နှာက မပြုံးပေ။

■

ကျောင်းဖွင့်ရက်သည် တဖြည်းဖြည်း နီးကပ်လာ၏။ အတွတ်နှင့် ဖရက်တို့မှာ ပစ္စည်းပစ္စယများကို တိုင်တိုင်ပင်ပင် ပြင်ဆင်နေကြသည်။ မွေးကိုမူ အတွတ်သည် ယခင်ကထက်ပင် အမြင်ရဝေး၍ လာတော့သည်။

လဆန်း ၁၄ ရက်ညများသည်လည်း ရာသီသို့ လိုက်၍ပြောင်းလဲခဲ့၏။ တခါတရံ ထိုညတွင် နှင်းမှုန်တို့ သွန်ကျ၊ လရောင်ခြည်ကို ရွှန်းရွှန်းပပ မမြင်ရခဲ့။ တခါတရံ နွေ၏ရွက်သစ်ဦးများပေါ်တွင် သစ်လွင်သော လရောင်ခြည်ကို တွေ့လိုက်ရ၏။

မိုးသို့တိုင်လျှင် လဝန်းသည် တိမ်ညိုတို့နောက်မှ ကောင်းကင်ကို ထွန်းပနေသော်လည်း လဝန်းကိုမူ မမြင်စွမ်းနိုင်ပါတကား။

ဤကုန်ခဲ့သော လဆန်း ၁၄ ရက်ညများတွင် အတွတ်အဖို့ လဝန်းကို မြင်ရသည်ဖြစ်စေ၊ မမြင်ရသည်ဖြစ်စေ ရွှန်းပသော ရောင်ခြည်သည် ကောင်းကင်တွင် ဖြိုးဖြိုးဝေနေသည့်နောက် ဤစကြဝဠာ၏ တနေရာရာတွင် လမင်း ရှိနေလိမ့်မည်ကို မှန်းဆနိုင်ပြီ ဖြစ်၏။

မွေးတို့နှစ်ယောက် တွေ့ဆုံကြပုံကိုလည်း သူ တပ်အပ်သေချာစွာ မမြင်ရပေမယ့် မြူးကြွနေသော ချစ်ရောင်ခြည်များ ယှက်သန်းနေသည့်နောက် ဤလှပသော ခြံကြီးတနေရာတွင် မွေးနှင့် ဖရက် ချစ်သူနှစ်ယောက် ရှိနေကြမည်ကို အတွတ်ကသိ၏။ ယခင်ကုန်ခဲ့သော လဆန်း ၁၄ ရက် ညများတွင်တော့ အတွတ်သည် ဘယ်တော့မှ အိပ်မပျော်ခဲ့။

အကယ်၍သာ သူတို့ ကျောင်းသို့သွားကြရပြီဆိုလျှင် လဆန်း ၁၄ ရက်ညများတွင် မွေးတယောက် ဘယ်လိုများ ရှိနေရှာမည်နည်း။ အတွတ်က မွေးအတွက် သနား၏။

ဝါဆိုဦးညများတွင် အဖိတ်နေ့သို့တိုင်လျှင် ဝါးခယ်မဘက်မှ အရဏ်တော် ဝတ်အသင်း၏ ညဉ့်ဘက် လှည့်လည်၍ ချိုချဉ်ခဲဖွယ်များ ခံယူရင်း တီးမှုတ်သွားသော တေးသံများသည် မြစ်ပြင်ကို ဖြတ်၍ မွေးတို့ရှိရာသို့ လွင့်လာခဲ့ပါလျှင် ကိုယ်ထီးကျန်ဖြစ်သော မွေးတယောက် ရင်နင့်ကာ လွမ်းနေရှာမည်လား။

မြစ်ပြာကြီးကမူ ငွေလရောင်အောက်တွင် တသွင်သွင် စီးမြဲ စီးနေမည်သာတည်း။ လဝန်းသည်လည်း မှန်မှန်ပင် ပြည့်ကာ တလပြီးတလ ကုန်လွန်မည်သာတည်း။ ယခုလည်း လဝန်း ပြည့်သည်နှင့်အမျှ သူတို့ ကျောင်းဖွင့်ရက်သည် နီးကပ်လာ၏။ နီးလာသည်နှင့်အမျှ အတွတ်အဖို့ သူချစ်သောမွေး၊ သူချစ်သောမြင်ခင်းတို့နှင့် ခွဲခွာရမည့် အချိန်သည်လည်း မဝေးတော့ပေ။ အနောက်ဘက် လယ်ကွင်းများထဲတွင် စပါးစေ့များသည် အိပ်ပျော်ရာမှ နိုးကြ၊ နိုးရာမှ နေရောင်ခြည်ကို ပြုံး၍ ကြည့်ကြ၏။

သွန်းသွန်းဖြိုးကာ ရွာကျလာကြသော မိုးပွင့်မိုးပန်းတို့ တောအလယ်ဝယ် ခြံုထည်စိမ်းလေး များနှင့် စပါးစေ့လေးတို့ ပျော်ကြ၏။ အရှေ့မြောက်လေသည် စပါးပင်လေးများပေါ်သို့ နှင်းမှုန်များ ကြဲလိုက်လျှင်မူ ခြံုထည်စိမ်းကို စွန့်၍ အဝါရောင်ဝတ်ရုံကို လဲကြပြန်သည်။

ဆောင်းနှောင်းသို့တိုင်လျှင် စပါးစေ့လေးတို့သည် ငိုက်မျဉ်းကိုင်းညွတ်ကာ ပပ်ကြားအက်ထဲ၌ နားနေအိပ်စက်ရမည့်အချိန်ကို စောင့်မျှော်နေကြသည်။

ယခုတော့ ထိုမြင်ကွင်းများကို စွန့်၍ အတွတ်သည် ကျောင်းသို့ သွားရပြန်ဦးတော့မည်။ မိုးဦးကျလာချိန်တွင် ရန်ကုန်သို့ ဖရက်တို့ သားအဖနှင့်အတူ အတွတ်တို့ သားအဖ ထွက်လာခဲ့ကြသည်။ ဝါးခယ်မတွင် ဖရက်၏အဒေါ် အကြီးတယောက်သာ ဆရာမလုပ်၍ ကျန်ရစ်ခဲ့သည်။ အတွတ်အဖို့ ငယ်ငယ်တုန်းကလိုပင် နွေမှာ အိမ်သို့ပြန်၍ မိုးဦးတွင် ကျောင်းသို့ လာခဲ့ရ၏။ တက္ကသိုလ်မှာလည်း မဂိုလမ်း အရေးပေါ်တက္ကသိုလ်မှ အင်းလျားကန်ဘေး တက္ကသိုလ်သို့ ပြောင်းရွှေ့လာခဲ့ရသည်။ တက္ကသိုလ်တွင်မူ ဖရက်က အဆောက်အအုံ အင်ဂျင်နီယာဘက်လိုက်၍ အတွတ်က ဆရာဝန်ဘက် လိုက်ပေသည်။ ဖရက်သည် နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်တိုင်း အတွတ်နှင့်အတူ ပါလာခဲ့၍ တပတ်ခန့် ဝါးခယ်မတွင် နေပြီးမှ ပြန်သည်။ သုံးနှစ်မြောက် နွေရာသီကျောင်းပိတ်ရက်တွင်မူ ဖရက်သည် အတွတ်နှင့်အတူ ပါမလာတော့ပေ။

အတွတ်သည် ဖရက်ကိုယ်စား ရှည်လျားသောစာများကိုသာ မွှေးထံသို့ ယူခဲ့၏။ မွှေးမှ စိတ်ချမ်းသာပါစေတော့ဟု စာကို ယူလာခဲ့ရသော်လည်း ကိုယ်တိုင်ပေးရသောအခါတိုင်း ရင်ထဲမှာ နင့်၍သွား၏။

မွှေးကတော့ ချစ်သူထံမှ စာရသောအခါတွင် မျက်နှာလေးမှာ ဝင်းထိန်သွားတော့သည်။

"မွှေး... မင်းကို ချစ်လွန်းလို့ စိတ်မှချမ်းသာပါစေတော့လို့ ဒီစာတွေကို ငါ့လက်နဲ့ ယူလာခဲ့ရတာ။ ငါ ဘယ်လောက် ရင်နာမယ် ဆိုတာတော့ မွှေး မသိဘူး"

သူသည် ဖရက်ထံမှစာကို မွှေးအား ပေးရတိုင်း နှုတ်ခမ်းများပင် တလှုပ်လှုပ်ဖြစ်ကာ ဖွင့်၍ ပြောလိုက်ချင်သည်။ သို့သော် သူ့ထုံးစံအတိုင်း ပါးစပ်ဖျားတွင် စကားလုံးများသည် ပျောက်ကွယ်၍ သွားကြသည်။

ကျောင်းဖွင့် အပြန်ရက်တွင်မူ ကြီးကြီးတင်ထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရ၏။

"ဒီတခါ အတွတ် ကျောင်းပြန်သွားရင် မွှေးကို ရန်ကုန်ထည့်ရလိမ့်မယ်"

"ဗျာ.."

သူသည် ဝမ်းသာအံ့သြသလို ရုတ်တရက် အာမေဍိတ်သံ ထွက်၍သွား၏။

"ဟုတ်တယ်၊ ဟိုမှာ အလုပ်လုပ်ဖို့ မူယာနဲ့ စီစဉ်ပြီးပြီ။ မွှေးက မူယာတို့အိမ်ကနေ အလုပ်တက်လိမ့်မယ်"

"ကောင်းတော့ ကောင်းပါတယ်ခင်ဗျာ... ပိုကောင်းတာက သူ ကျောင်းဆက်နေနိုင်ရင်..."

"ဒါကတော့ အတိုင်းထက်အလွန်ပဲ၊ ဒါပေမင့် မဖြစ်နိုင်သေးဘူး..."

ကြီးကြီးတင်က ဒါပဲ ပြောကာ သူနှင့် စကားစပြတ်သွား၏။

သူသည် အိမ်ကြီးကို ပတ်ပတ်လည်လှည့်ကာ မွှေးကို ရှာရပြန်သည်။

အိမ်ကြီးသည် ခြောက်သွေ့နေ၏။ ပန်းခင်းများမှာလည်း ယခင်ကလောက် စည်စည်ပင်ပင် မရှိတော့ပေ။ ခြေမသန်သော ဘကြီးကို အိမ်ဦးခန်းတွင် တွေ့ရ၍ အစုတ်အပြဲ တပုံကို သီချင်း တကြော်ကြော်နှင့် လက်ချုပ်ချုပ်နေသော မွှေးအဖေကိုလည်း ထိုဘကြီးအနားတွင် တွေ့ရပြန်သည်။

သူသည် အနောက်ဆောင်ဘက်သို့ ကူးခဲ့၏။ မီးဖိုထဲတွင် ထမင်းချက်နေသော အေးကို လှမ်းမြင်နေရ၏။ မွေးကိုမူ အနောက်ဆောင်ရှိ စက်ပေါ်၌ ဘော်လီချုပ်နေသည်ကို တွေ့ရသည်။

"မွေး... မင်း ရန်ကုန်ကို လိုက်ရတော့မယ်ဆို"

မွေးသည် သူ့ကို မော်ကြည့်ကာ ပြုံးလိုက်၏။ မွေး၏ အပြုံးသည် ပေါ့ပေါ့ပါးပါး မရှိလှပေ။

"ဒီလိုဆို မင်း ပိုပြီး စိတ်ချမ်းသာမှာပေါ့နော်""

အတွတ်က စက်ခုံပေါ် လက်ထောက်ကာ ခပ်တိုးတိုး မေးပြန်သည်။

"တကယ်လို့သာ ကျောင်းနေဖို့ ဟန်နဲ့ပန်နဲ့ သွားရရင်တော့ ဝမ်းသာစရာပေါ့။ အခုတော့ အလုပ်လုပ်ရမှာ၊ ပြီးတော့ မောင်နဲ့လည်း မတွေ့ရဘူးတဲ့။ မေမေက ကတိတောင်းတယ်"

အတွတ်သည် ပါးစပ်ကလေး ဟ၍သွားသည်။

"မောင်" သူက ထပ်၍ ဆိုလိုက်၏။

"ဖရက်ကို ပြောတာပါ"

မွေးသည် ရှက်ဟန်နှင့် ခေါင်းငုံ့သွားရင်း စကားဆက်ပြော၏။

"ဒီမှာက မမအေးတယောက်တည်း စက်ချုပ်တဲ့ဝင်ငွေနဲ့ဆိုတော့ သိပ်အဆင်မပြေဘူး မွေး ပညာတွေ သင်ထားတာ အိမ်ကိုကူဖို့ အလှည့်ရောက်လာပြီပေါ့"

"အေးကွယ်... ပစ္စည်းဆိုတာ သင်္ခါရပါပဲ"

သူက လူကြီးလေးလို ညည်းလိုက်၏။ နားထဲမှာတော့ "မောင်" ဆိုသော လေသံမှာ ခုန်ကာ ပျံကာ ရစ်ဝဲ၍ နေတော့သည်။

ထိုနေ့က ထမင်းစားပြီးမှ မွေးတို့အိမ်က ပြန်ခဲ့သည်။ ဘယ်သူနှင့်မှ စကားမပြောတော့ဘဲ သူ့အိပ်ခန်း ရှိရာသို့ တောက်လျှောက်တက်လာခဲ့သည်။ အိပ်ခန်းထဲတွင်မူ မေမေကို မမျှော်လင့်ဘဲ သူ တွေ့လိုက်ရသည်။

"သား... ခုမှ ပြန်လာလား... ထမင်းစားချိန်ကတော့ အခေါ်လွှတ်မလို့၊ သိန်းဖေကို ပြောသွားတယ်ဆို၊ မွေးတို့အိမ်မှာ စားမယ်လို့..."

“ဟုတ်ကဲ့ မေမေ”

သူသည် ခုတင်ပေါ် အသာလှဲလိုက်၏။

“သားကို မေမေ စကားပြောချင်လို့ စောင့်နေတာ”

ထူးထူးဆန်းဆန်း သူ့ကို လူရာသူရာ မေမေကသွင်း၍ စကားပြောချင်သည်ဆိုတော့ သူ့မှာ တအံ့တသြ ဖြစ်သွားရပြန်သည်။

“သားက… ကျောင်းမှာ လူပျိုလည်း ဖားဖားဖြစ်နေတော့ ရည်းစားတွေ ဘာတွေများ ရှိလားလို့”

မေမေက သူ့ကို စေ့စေ့ကြည့်ကာ မေးလိုက်၏။ သူသည် မဲ့ပြုံးလေး ပြုံးလိုက်ကာ…

“မရှိပါဘူး မေမေရာ… သား ဘယ်သူ့ကိုမှ ချစ်လို့ မရပါဘူး”

သူက အဓိပ္ပာယ်နှင့် ပြောသည်ကို မေမေ နားလည်မည်မဟုတ်။ မွေးကလွဲ၍ ဘယ်မိန်းကလေးကိုမှ ချစ်မရသည်ကို သူ့ကိုယ်သူသာ သိပေမည်။

“ဒီလိုဆို မေမေ မိန်းကလေးတယောက်နဲ့ စေ့စပ်ချင်လို့”

“ဗျာ”

အတွတ်သည် မိန်းကလေးတယောက်ကို ချစ်ရမည် ဆိုသည်ကိုပင် လန့်၍သွား၏။

“ဒါကတော့ ခမ္မတာပဲ။ သားကို ဇာတ်စုံခင်းရဦးမယ်။ မေမေတို့ နှစ်အိမ်ထောင်ဟာ ဘိုးဖွားကစပြီး ဒီနေရာမှာ အခြေစိုက်လာတာ အမျိုးလိုဖြစ်နေပြီ။ ဒါပေမင့် တင်တင်ကြီးမှာ အခန့်မသင့်တော့ စီးပွားကလည်းပျက်။ လင့်ရောဂါကလည်း ကုမရတော့ဘူး။ သားကလည်း တော်လှန်ရေးမှာ ကျသွားတော့ သူ့စီးပွားရေးဟာ တော်တော်ကျပ်သွားတယ်။ အရွယ်မရောက်သေးတဲ့ ကလေးတွေကိုလည်း ပညာသင်ပေးရသေးတယ်။ ခုတောင် အေးတယောက်တည်း စက်ချုပ်တဲ့ ဝင်ငွေနဲ့ ဘယ်ဖြစ်မလဲ။ ဒါကြောင့် မွေး ရန်ကုန် အလုပ်သွားလုပ်ရမယ်”

မေမေ့စကားမှာ ဘယ်ကို ရောက်သွားမှန်း အတွတ် မသိပေ။

“ဒီတော့ သား ဒီဂရီရရင် အေးနဲ့ လက်ထပ်ဖို့ ခုကတည်းက စေ့စပ်ထားရင် မကောင်းဘူးလား။ တို့များဟာ တင်တင်ကြီးအပေါ် သစ္စာရှိရာ၊

ရှိင်းပင်းရာလည်း ကျတာပေါ့”

အတွတ်သည် မမျှော်လင့်သော စကားအတွက် အတန်ကြာပင် ငိုင်သွားသည်။

“မေမေ သဘောမတူတာကို သား မယူပါဘူး။ မမအေးကို သားက အစ်မလိုပဲ ချစ်လို့ ရတာပါ။ မဖြစ်နိုင်ပါဘူး မေမေရာ”

“အေးလည်း... အရွယ်ရောက်ပြီပဲ”

“ဟာ... သူက လှလွန်းပါတယ်”

မေမေ့မှာ သူ စကားပြန်ပုံကို အံ့ဩသလို၊ ရယ်ချင်သလိုနှင့် ကြည့်နေသည်။

“ဒါဖြင့် သား မွေးကို”

“မွေး... မွေး... ကို ဟုတ်လား...”

အတွတ်သည် အသံမြှင့်၍ ပြောပြီးမှ -

“မွေးကို ချစ်ပါတယ် မေမေရာ၊ မွေးက သားကို မချစ်ပါဘူး... မချစ်ပါဘူး”

သူသည် တခါတုန်းကလိုပင် ခေါင်းအုံးတွင် မျက်နှာအပ်ကာ ဝမ်းနည်းပန်းနည်း မေမေ့ကို အော်ပြောလိုက်၏။

ဘာမှ နားမလည်သော မေမေမှာ သားကို ဆက်မပြောတော့ဘဲ နေရာမှ ထသွားတော့သည်။

အမှန်တော့ မေမေ ဆောင်ကြဉ်းသမျှကို ထိုစဉ်က လက်ခံလိုက်ပါလျှင်လည်း မွေးနှင့် လက်ထပ်ဖြစ်နိုင်ပေသေးသည်။ သို့သော် မွေး မချစ်ဘဲနှင့် မွေး၏ လင်သားဘဝကိုတော့ အတွတ်က မလိုချင်ပေ။ မွေးသည် သူချစ်သောသူနှင့်ရကာ စိတ်ချမ်းသာစေချင်သည်။

■

သင်္ဘောစက်အရှိန်ကြောင့် ရေပန်းရေဟုန်များမှာ တဖွားဖွား လှိုင်းကြွကာ သင်္ဘော နောက်တွင် ကျန်ရစ်သည်။

အတွတ်နှင့် မွေးကမူ သင်္ဘောဝရန်တာမှ မခွာကြသေးပေ။ လက်တဖွေ့ဖွေ့ တယမ်းယမ်း ပြကာ နိမ့်တုံမြင့်တုံ ဖြစ်နေသော ပဲ့ပိုင်းမှ သမ္ဗန်ကို နှုတ်ဆက်နေသည်။ သမ္ဗန်ပေါ်တွင် မွေးအမေ ဒေါ်တင်တင်ကြီး၊ အတွတ်မေမေ

ဒေါ်သောင်းစိန်နှင့် အေးတို့ပါ သူတို့နှစ်ယောက်ကို လက်ပြနေသည်။ တဖက်ကမ်းရှိ သူတို့အိမ်ရှေ့တွင်မူ အသံကုန်ဟစ်ကာ ခုန်မတတ် လက်မြှောက်နေသော ဖေဖေ့ကို မွေးက လှမ်း၍ မြင်နေရသည်။

မိုးစင်စင်လင်းပြီမို့ မြင်ကွင်းများသည် ထင်ရှားပြတ်သားလာသော်လည်း သင်္ဘောက တဖြည်းဖြည်း ဝေးကွာလာသောကြောင့် သူတို့အိမ်ကြီးများမှာ မှေးမှုန်ကာ ကျန်ရစ်တော့သည်။ မွေးသည် ထပ်၍ မြင်ရဦးတော့မလို လည်ဆန့်၍ မျှော်ကြည့်၏။ သူ မွေးကတည်းက တခါဖူးမျှ မခွဲခဲ့သေးသော ချက်မြှုပ်ဇာတိကို ယခုတော့ စွန့်ရပေပြီ။ ကာလမည်မျှ ကြာအောင်များ အပြင် သံသရာတွင် လည်ရဦးမည်မသိ။ မွေးသည် အလုပ်သမားတယောက်လို ထွက်ခွာလာရခြင်းဖြစ်၍ ကျောင်းသားလို တနှစ်တခါ ပြန်ရမည်ဆိုသောအတွေးမှာ တွေး၍ မဖြစ်ပေ။

"တို့များနှစ်ယောက် မြစ်ကြီးကို စုန်လာခဲ့ပြီနော်"

အတွတ်က မွေးအနားမှ မခွာသေးဘဲ ပြောပြ၏။

"တို့ဖိုးဖွားတွေက ဒီမြစ်ကမ်းခြေမှာ အခြေစိုက်၊ တို့များက ဒီမြစ်ကမ်းကို ခွာပြီး အခြေသစ်၊ အနေသစ်တွေကို ရှာရဦးမယ်နော်"

ယခု အတွတ် ပြောပုံ၊ ဆိုပုံကတော့ လေးလေးနက်နက် ရှိလာသည်။ မွေးသည် အတွတ်မျက်နှာကို စေ့စေ့ပြန်ကြည့်လိုက်၏။ အတွတ်က စကားဆက်ပြောမြဲ ပြောနေသည်။

"ကိုယ် ကျောင်းသွားစကလည်း ဒီလိုပဲ။ စိတ်တော်တော် ထိခိုက်တယ်။ အလုပ်လုပ်ရတယ် ဆိုတာကတော့ သူများစိတ်နဲ့ ကိုယ့်ကိုယ်ကိုး။ ခွင့်ရတဲ့အခါ ပြန်နိုင်ပါတယ်။ ကျောင်းသားလိုတော့ မလွတ်လပ်ဘူးပေါ့။ စစ်ပြီးခေတ်ဒဏ်တွေပဲ။ ဒီလိုပဲ တောမြို့က မိန်းကလေးတွေ စစ်ပြီးမှ ရန်ကုန်လာ အလုပ်လုပ်ကြတာပဲ"

ဝါးခယ်မမြို့သည် သူတို့မျက်စိအောက်မှ လုံးဝ ပျောက်ကွယ်သွားတော့သည်။ သင်္ဘောကြီးကမူ မြစ်ကို ဆက်၍ စုန်လာခဲ့၏။ မွေး၏ ရင်ထဲတွင်မူ...။

"ကြက်ကားတတွေး၊ ဒေါင်းတငေးမျှ၊ မဝေးကြဘူး" ဟူသော ကဗျာပိုဒ်လေးကို သတိရနေသည်။ ရှင်မဟာသီလဝံသ၏ မွေးရပ်မြေကိုချစ်ရသော နှလုံးသားမှ ထွက်လာသည့် ကဗျာ စာလုံးများတည်း။ သူလည်း မွေးရပ်မြေကို စွန့်ခွာရသောအခါတွင် ဆွေးဆွေးမြည့်မြည့်နှင့် တမ်းတစရာများ ပေါ်လာခဲ့၏။ တဖက်ကလည်း ချစ်သောသူနှင့် နီးရမည်မို့ ဝမ်းပင်သာရမည်လား မသိပေ။

သို့သော်လည်း "နီးရမည်" ဟူသော စကားလုံးကို မွေးက ဒိဋ္ဌ မတွေးရဲသောအခါ အသက်ရှူရသည်မှာ တင်းတင်းကျပ်ကျပ် ဖြစ်၍လာလေသည်။

■

ဒေါ်လေးမူယာသည် ဆင်း၍ မကြိုသောကြောင့် အတွတ်က ဦးဝိစာရလမ်းအိမ်အထိ လိုက်ပို့ရ၏။ အိမ်ဝတွင် ဒေါ်လေးမူယာ စောင့်နေဟန်ရှိသော်လည်း မျက်နှာသွင်ပြင် ပျူပျူငှာငှာ မရှိ၊ ခပ်အေးအေးပင် တွေ့ရသည်။

အိမ်တွင်းဘက်သို့ ထွန်းမောင်ဆိုသူအား လှမ်းခေါ်လိုက်ကာ မွေး၏ပစ္စည်းများကို တနေရာသို့ သယ်သွားခိုင်း၏။

ညှော့ခန်းတွင် မွေးနှင့် အတွတ်တို့ကို ခဏထိုင်ခိုင်းရင်း သူက စကားပြောနေ၏။ အိမ်မှာ နှစ်ထပ်တိုက်အိမ်ဖြစ်၍ ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ အမှောင်ပျိုးလာ၍ ညှော့ခန်းတွင် မီးများ လင်းလာသည်။

ဒေါ်လေးမူယာက အရင် မတ်တတ်ရပ်ကာ -

"ကဲ... အတွတ်လည်း ကျောင်းဆောင်သွားရမှာ မိုးချုပ်မယ်။ မွေးနေရမယ့်အခန်းကို မသိန်း လိုက်ပို့လိမ့်မယ်" ဟု ဆို၏။

အတွက်နှင့် မွေးသည် မသိန်းဆိုသူနောက်သို့ လိုက်၍သွားကြ၏။ ညှော့ခန်းမဘေး တံခါးမကြီးမှ ထွက်ကာ တိုက်နောက်ဘက်ဆီသို့ လျှောက်လာကြသည်။ မီးဖို၏ အနောက် တောင်ဘက်တွင် ခြေတံရှည်အိမ်တခုနှင့် အနောက်မြောက်ဘက်တွင် တန်းလျားတခုကို တွေ့ရသည်။ မသိန်းသည် ခြေတံရှည်အိမ်ဘက်သို့ ခေါ်သွား၏။ အိမ်အောက်တွင် ကာထားကာ အပေါ်မှာ အခန်းနှစ်ခန်း တွေ့ရသည်။

သူတို့သည် မှောင်နေသော လှေကားကို စမ်း၍တက်ရ၏။ လှေကားဆုံးလျှင် လက်ဆွဲမှန်အိမ် ထွန်းထားသော ၁၀-၁၅ ပေခန့်ရှိ အခန်းတခုထဲတွင် မွေး၏ ပစ္စည်းများကို တွေ့ရသည်။

"ဒါဟာ မွေး နေဖို့ အခန်းလား"

"ဟုတ်ပါတယ်။ မနေ့ကပဲ ကျွန်မတို့ ရှင်းထားတယ်"

အတွတ်သည် မွေး၏မျက်နှာကို လှမ်း၍ကြည့်လိုက်သည်။ မွေးက ခပ်အေးအေးပင် ပြုံး၍ပြလိုက်သည်။ အတွတ်ကတော့ အံကြိတ်လိုက်၊

သက်ပြင်းချလိုက် လုပ်ကာ မွေးပစ္စည်းများကို နေရာချပေးနေသည်။

“အတွတ် မိုးချုပ်ပြီ… သွားတော့လေ။ ကျောင်းပိတ်ရက်တွေကျ လာတာပေါ့”

“အင်း”

သူသည် လက်ကိုင်အိတ်ကို ကိုင်ကာ လှေကားမှ တလှမ်းချင်း ဆင်းသွားတော့၏။

အတွတ် သွားလျှင် မွေးသည် အဝင်တံခါးကို အလုံပိတ်လိုက်၏။ မှန်အိမ်ကို သေတ္တာပေါ် တင်ကာ အိပ်ရာကို ဖြန့်ခင်းလိုက်သည်။ ခေါင်းရင်းပြတင်းကို ဖွင့်လိုက်လျှင် လေအေးများ အခန်းတွင်းသို့ ဝင်လာကြသည်။ သူသည် အိပ်ရာပေါ်သို့ ပစ်လှဲလိုက်၏။ အသက်ကို ပြင်းပြင်း ရှူကြည့်သည်။ အသက်ရှူရသည်မှာ မဝသလို ကျပ်တည်းလှသည်။ အခန်း၏အနံ့က မှိုနံ့ဖြင့် အောက်တောက်တောက် ဖြစ်ကာ ထိုင်းမှိုင်းလှသည်။

ဘယ်လိုပင် ဆင်းရဲသည် ဆိုပေမယ့် မေမေ့အိမ်က ကျယ်ပြောလှသည်။ လေက လတ်ဆတ်၍ စပါးနံ့နံ့ဖြင့် သင်းပျံ့လှပေသည်။

ဩော်… အမေ၏ အသိုင်းအဝိုင်း၊ အမေ၏ ပတ်ဝန်းကျင်မှ ထွက်လိုက်သည်နှင့် တပြိုင်နက် ပြင်ပလောကသည် စိတ်မောနွမ်းရိစရာ ကောင်းလှသည်တကား။ ခုမှ ဘဝအစသို့ ရောက်ပြီကို မွေးက သတိပြုလိုက်မိ၏။

နောက်တနေ့ မနက်တွင် ကိုထွန်းမောင်၊ မသိန်းတို့က သူ့စားရေးသောက်ရေးအတွက် စီစဉ်ပေးကြသည်။ ဒေါ်လေးမူယာနှင့်တော့ ကြာကြာ စကားမပြောဖြစ်ခဲ့ပေ။ ဒေါ်လေးသူဇာသည် လွန်ခဲ့သော ခြောက်လခန့်ကပင် အိမ်က သဘောမတူသူ လူတယောက်ကို ယူ၍ ဒေါ်လေးမူယာ ပြန်၍ မကြည့်တော့ကြောင်း ကိုထွန်းမောင်ထံမှ မွေးက သတင်းမေးယူရ၏။

ဒေါ်လေးမူယာ ယောကျ်ားကလည်း မွေးကို တွေ့စဉ်တွင် ဟက်ဟက်ပက်ပက် မရှိလှသောကြောင့် မွေးသည် အိမ်ကြီးဘက်သို့ မသွားတော့ပေ။

ထမင်းစားချိန်တွင်သာ ကိုထွန်းမောင်သည် ချိုင့်တလုံးဆွဲ၍ လာပို့၏။ အတွတ်ကို နောက်လဆန်းမှပင် တွေ့ရသည်။ အတွတ် ခဏ ခဏ လာပေမယ့် မွေး အလုပ်သွားနေ၍ မတွေ့ရခြင်း ဖြစ်၏။

ယနေ့တော့ တနင်္ဂနွေနေ့ဖြစ်၍ ဆိုက်ဆိုက်မြိုက်မြိုက် မွေးကို အတွတ်

တွေ့ရသည်။ ခုတင်လေးပေါ်တွင် စာတအုပ်ကို မွေးက ခွေခွေလေး ဖတ်နေရာမှ တံခါးဝတွင် အတွတ် လာရပ်သောအခါ ဝမ်းသာအားရ ဆီး၍ကြိုသည်။ အတွတ်သည် အခန်းပတ်ဝန်းကျင်ကို ကြည့်ရင်း မျက်နှာပျက်သွားသည်။

“မွေးကို အိမ်ပေါ်မှာ ဘာလို့ မနေစေတာလဲ”

“မွေး ဘယ်သိမလဲ”

မွေးက အေးအေးပင် ဖြေ၏။ ခုတင်ခြေရင်းဘက်သို့ ရွှေ့ပေးကာ အတွတ်အတွက် နေရာပေးသည်။

“ထိုင်ဦးလေ၊ ဖရက်ကို တွေ့ပြီးပြီလား၊ မွေး ဒီရောက်နေတာတော့ သူ့ဆီကို စာကြိုပေးထားလို့ သိပြီးရောပေါ့”

“သိပါတယ်၊ ဒီမှာ စာပါလာတယ်”

သူ့အိတ်ထဲမှ စာထုတ်ကာ အတွတ်က မွေးလက်ထဲသို့ ထည့်လိုက်၏။ ခုတင်ခေါင်းရင်းတွင် ထိုင်ရင်း သူ့မျက်နှာမှာ တခုခု အလိုမကျသလို ဖြစ်၍ နေပေသည်။

“မဟုတ်သေးပါဘူး မွေး၊ မင်းတို့အိမ်မှာ သူ့တို့နေတုန်းကတော့ အိမ်ပေါ်ထပ်မှာ အတူတူစား၊ အတူတူနေ၊ မင်းလာနေတဲ့အလှည့်ကျတော့ ဒီအစေခံတန်းလျားမှာ၊ ထမင်းစားတော့ကော”

အတွတ်၏ မေးခွန်းကို မွေးက ရုတ်တရက် မဖြေသေးဘဲ ငေးနေ၏။ ဖရက်ထံမှ စာလေးကို တယုတယ ကိုင်ရာမှ သူ မဖြေချင့်ဖြေချင်နှင့် ဖြေလိုက်၏။

“ထမင်းဆိုင်မှာ”

“ဟေ... တကယ် ပြောတာလား မွေး”

“ညာစရာ မလိုပါဘူး၊ ဆိုင်မှာတော့သွားမစားရဘူး။ ထမင်းချိုင့်ကို ထွန်းမောင် ယူပေးတယ်”

မွေး ဖြေသံသည် တိုး၍ မပွင့်တပွင့် ဖြစ်သည်။

“မွေး အလုပ်ဝင်လုပ်တာ လခ ဘယ်လောက်ရလဲ”

“တရာ့ငါးဆယ်ကျပ် ရတယ်။ မေမေ့ဆီ တရာကျပ် ပို့တယ်။ ထမင်းလခက သုံးဆယ့်ငါးကျပ်”

"ကျန်တဲ့ တဆယ့်ငါးကျပ်က ခရီးစရိတ်လား"

"ရုံးက ပြည်လမ်းမှာ ဆိုတော့ သိပ်မကုန်ပါဘူး"

အတွတ်သည် ခေါင်းကို တွင်တွင် ခါယမ်းလိုက်၏။

"မဟုတ်သေးဘူး မွေးရယ်၊ မွေး ဆင်းရဲလွန်းလှတယ်။ မွေး ဒီလိုနေတာတွေ ကြီးကြီးတင် သိမှာမဟုတ်ဘူး ထင်တယ်၊ ကိုယ် စာရေးလိုက်မယ်"

"မွေးကိုချစ်ရင် မွေး နေရ၊ ထိုင်ရတဲ့ ဒုက္ခတွေကို မေမေ မသိပါစေနဲ့ အတွတ်ရယ်၊ မေမေဟာ မလွှဲသာလို့ မွေးကို ခွဲလွှတ်ရတယ်ဆိုတာ မွေး နားလည်တယ်။ မွေး ဒီလိုနေရတာသိရင် မေမေ ရင်ကွဲမှာပေါ့။ အတွတ် မပြောရဘူး"

အတွတ်သည် ငိုင်၍ သွားတော့၏။

"ဒါတွေ အဆန်းမဟုတ်ပါဘူး။ ကိုယ်တို့မြို့က လာပြီး အလုပ်လုပ်ရတဲ့ မိန်းကလေးတွေ ပြည့်လို့ပါကွယ်။ သူတို့လည်း ဒုက္ခရောက်ကြတာပဲ။ အတွတ်ကလည်း ငိုင်မနေပါနဲ့။ မွေး ဒီလိုစီစဉ်တယ်။ နောက်လကျရင် မေမေ့အထဲက ငွေနှစ်ဆယ်ယူမယ်။ ရုံးရှေ့က ဆရာမက စာသင်ပေးမယ်တဲ့။ မွေးက ဂျပန်ခေတ် ဆယ်တန်းဆိုတော့ ရုံးအုပ်က အလုပ်သာခန့်တယ်၊ အထင်သေးသလိုပဲ။ ဒီနှစ် မက်ထရစ်အောင်အောင် သင်မယ်"

မွေး၏ ငွေရေးကြေးရေး အခက်အခဲများကို အတွတ်က ကူချင်သည်။ သို့သော် မာနကြီးသော ကောင်မလေးသည် သူ့ထံမှ ငွေအကူအညီကို လက်ခံမည် မဟုတ်သောကြောင့် အတွတ်သည် ပါးစပ်မှ ငွေပေးလိုကြောင်း မထွက်ရက်ပေ။

"စာအုပ်တွေ ဘာတွေ အတွတ် ရှာပေးမယ်နော်။ လိုတာပြော"

မွေးကို မှာခဲ့၍ ပြန်သာလာခဲ့ရသည်။ အတွတ်အဖို့ တလမ်းလုံး စိတ်မကောင်းတော့ပေ။ မွေးသည် အတွတ်ပေးခဲ့သော ဖရက်ထံမှ စာလေးကို ဖွင့်၍ ဖတ်၏။

အချစ်...

ရန်ကုန်ကို ပြောင်းလာတယ်ဆိုတော့ မောင် သိဝမ်းသာတယ်။ ဒါပေမင့် ခေတ်ပျက်ပြီး ရှုပ်ထွေးနေတဲ့ရုံးတွေမှာ အချစ် အလုပ်လုပ်ရတာကိုတော့ မောင် မကြည့်ရက်ဘူး။ တတ်နိုင်ရင် အလုပ်ထွက်ပြီး ပြန်ပါအချစ်ရယ်။

မောင် နှစ်စဉ် မှန်မှန် ဝါးခယ်မကို ပြန်လာခဲ့မယ်။

မောင့်ရဲ့မွေးကို မောင် မမွေးရတာ ကြာခဲ့ပါပြီကော အချစ်ရယ်... တွေ့ကြဦးစို့။

မွေးရဲ့ ကိုမွေး

မွေးသည် စာဖတ်ရင်း မျက်ရည်များ စို့၍စို့၍ လာသည်။ ပြီးတော့ ရှိုက်ကာ ရှိုက်ကာ ငိုမိသည်။ မျက်ရည်စများကို သိမ်းလိုက်ကာ ကြမ်းပေါ်တွင် ထိုင်လိုက်၏။ စာရေးစက္ကူစာအုပ်ကို သေတ္တာပေါ်မှ ဆွဲယူကာ မောင့်ထံကို သူသည် အသေးစိတ် စာရေးလိုက်တော့သည်။

မောင်...

စာကို တွေ့ရတော့ ဝမ်းသာတာနှင့်အမျှ ဝမ်းလည်းနည်းမိတယ်။ ဘဝဟာ မွေးတို့ထင်သလို စိတ်ကူးယဉ်ကဏ္ဍ မဟုတ်ပေဘူး ဆိုတာလည်း မွေးတော့ ရန်ကုန်ရောက်မှပဲ သိတော့တယ်။ မောင်က အလုပ်မလုပ်စေချင်သလို မွေးလည်း မလုပ်ချင်ပါဘူး။ ဟိုတုန်းက အတွေးတွေကတော့ မိန်းမပီသအောင် နေမယ်။ စာကြိုးစားမယ်။ အိမ်ထောင် ထိန်းသိမ်းနိုင်မယ့် အချိန်ကျရင် လက်ထပ်မယ်ပေါ့။

ခုတော့ မွေး အလုပ် ကြိုးစားလုပ်ရမယ်။ မိန်းမ ပီသဖို့တို့ ဘာတို့ ဆိုတာတွေကို ခဏ မေ့ထားရဦးမယ်။

စစ်အတွင်းတလျှောက်လုံး မွေးတို့ရဲ့ စီးပွားရေးဟာ ဘာမှမရှိခဲ့ဘူး။ စစ်ပြီးတယ်ဆို မွေးတို့ လက်ထဲမှာ အိမ်ကလွဲလို့ အင်္ဂလိပ်ငွေတောင် တပြားမှ မရှိဘူး။ အားကိုးရာရယ်လို့ ယောကျ်ားမားမားလည်း မရှိဘူး။ ပြီးတော့ စစ်ပြီးခေတ်မှာ အဆမတန် တက်လာတဲ့ ဈေးနှုန်းတွေက မိသားစုတအိမ်ထောင်မှာ လူစုံတက်စေ့ အလုပ်လုပ်နိုင်မှ ဝလင်တော့မယ့် အခြေ ဖြစ်နေတယ်။

မောင့်ကို မွေးတည့်တည့်လင်းလင်း ရေးပြဖို့ အချိန်ရောက်နေပြီလို့ ယူဆတယ်။ ခုနေရတာလည်း ပျော်လှတယ် မထင်နဲ့။ မွေးနေတဲ့အခန်းလေးက အစေခံ တန်းလျား၊ စားရတာက ထမင်းဆိုင်က ထမင်းပဲ။ မောင်ကတော့ ထင်မယ်။ ဒါလောက် အခြေပျက် အနေပျက် ဖြစ်ရသလား မိန်းကလေးရယ်လို့ ထင်လိမ့်မယ်။ မွေးကိုယ်တိုင်တောင် ဒါလောက် အပြောင်းအလဲ မြန်လိမ့်မယ်လို့ မထင်ဘူး။ ဒါပေမင့် အခြေတွေ ဘယ်လိုပျက်ပျက် မွေးစိတ်ကတော့ မပျက်အောင် မွေး အစဉ်ထိန်းမှာပဲ။

'အခြေ' ဆိုတဲ့ သဘောကတော့ မွေးမှ မပိုင်တာဘဲဟာ။

မွေးလည်း မောင့်ကို တွေ့ချင်ပါတယ်။ မေမေ့ကိုတော့ မတွေ့ပါဘူးလို့ ကတိပေးခဲ့တယ်။

ခုတော့ စိတ်နောက်နေတဲ့ အဖေ၊ အိုမင်းလာတဲ့ အမေနဲ့ အရွယ်မရောက်သူ ညီမငယ် များအတွက် အေးကို မွေး ကူနေရတာပဲ။ ဒါပေမင့် မက်ထရစ်အောင်အောင် ကြိုးပမ်းလိုက်ပါဦးမယ်။ အဆင်သင့်ရင် မောင်နဲ့အတူ မွေး တက္ကသိုလ်မှာ နေနိုင်ဦးမှာပေါ့။

လဆန်း ၁၄ နေ့တိုင်ရင်သာ တမြေထဲ နေပေမယ့် မတွေ့နိုင်တဲ့ မွေးနဲ့ ချစ်သူကို မျှော်မှန်းလိုက်ပါဦးမယ်။

ချမ်းမြေ့ရွှင်လန်းပါစေ

မောင့်ရဲ့မွေး

ထိုစာကိုလည်း အတွတ်မှတဆင့် ဖရက်သို့ ပေးခဲ့ရ၏။

နွေရာသီ ကျောင်းပိတ်ရက်နီးချိန်တွင် အတွတ်သည် မွေးကို လာတွေ့၏။ စာမေးပွဲ ရက်များအတွင်းက နှစ်ယောက်လုံး စာကြိုးစားနေ၍ မတွေ့ခဲ့ကြပေ။

ကျောင်းပိတ်အပြန်တွင် ဝါးခယ်မကို မှာစရာရှိတာ မှာရန် အတွတ်က သက်သက်လာ တွေ့ခြင်း ဖြစ်ပေသည်။

ယခုအခါ မွေးကို တွေ့တွေ့ချင်း အတွတ်က အံ့သြသွား၏။ မွေးသည် အတော်ပင် ပိန်၍ သွားသည်။ မျက်နှာဝိုင်းဝိုင်း မို့မို့လေးမှာ ရှည်သွယ်သွယ် ဖြစ်၍နေတော့၏။ မျက်နှာကတော့ ခပ်ပြုံးပြုံးဟန်နှင့်ပင် အတွတ်ကို ဆီးကြိုနှုတ်ဆက်၏။

"မွေး ဘာဖြစ်လဲဟင်။ နေလို့ မကောင်းဘူးလား"

တခါမှ မထိစဖူး မွေး၏နဖူးကို လက်နှင့်ထိ၍ မေးလိုက်သည်။

"ဝမ်းပျက်နေတယ်။ အစားမမှန်လို့ ထင်တယ်။ ဒီနေ့ ဆရာဝန်ဆီက ဝမ်းစစ်တဲ့စာ ရပြီ။ ဖတ်ကြည့်ပါဦး"

မွေးက ပေးတဲ့စာကို အတွတ်က ဖတ်ကြည့်၏။ ဝမ်းတွင် ဝမ်းကိုက်ပိုးများ ရှိရုံမက ဥပင် တွယ်၍နေပြီ။

“ဝမ်းက သိပ်မကောင်းဘူး၊ အစားအစာလည်း မသန့်ရင် ဖြစ်တတ်တယ်”

“မသန့်တာကတော့ မပြောနဲ့။ ဟိုတနေ့က ငါးကြော်ခေါင်းထဲမှာ ပိုးတွေ။ ပြီးတော့လည်း ထမင်းဆိုင်ဆိုတာလည်း ဘယ်သန့်မလဲလေ။ ဒီလိုပဲပေါ့။ ကျောင်းက မနက်ကနေ စာသင်ပြီး ရုံးဆက်သွား ဆိုတော့လည်း မနက်စာ မစားရတာက များတယ်။ ရုံးမှာ ခေါက်ဆွဲ ဝယ်ဝယ်စားတာလည်း ဝမ်းပျက်တယ် ထင်ပါရဲ့”

အတွတ်က လျှာထုတ်ခိုင်းကြည့်၏။ မျက်လုံးကို ဖြဲ၍ကြည့်၏။ မွေးမှာ သွေးအားလည်း အတော်နည်းနေသည်။

“ကိုယ် ဆေးလာပြီး ထိုးပေးမယ်လေ။ ဒီဂရီ မရသေးပေမယ့် နောက်ဆုံးနှစ် ပထမပိုင်းသမားတွေလည်း ဆေးထိုးနိုင်ပါတယ်”

မွေးသည် သူ့ရောဂါအကြောင်းကို ဆက်၍ ပြောချင်ပုံ မရပေ။ ရုတ်တရက် စကားကြောင်း ပြောင်းလိုက်၏။

“နေပေစေတော့ အတွတ်၊ ခု ဆရာဝန်ကလည်း ဆရာမရဲ့ မောင်ပဲ။ ကဲ သိပ် မစိုးရိမ်ပါနဲ့၊ စာမေးပွဲ ဖြေနိုင်ရဲ့လား”

“မွေးကော ဖြေနိုင်လား”

“ဖြေနိုင်ပါတယ်“

“ကြီးကြီးတင်တို့ဆီ ဘာမှာဦးမှာလဲ”

“သာကြောင်း မာကြောင်းနဲ့ မွေး စာမေးပွဲဖြေထားတာသာ ပြောလိုက်ပါလေ။ ဖရက်ကိုလည်း မတွေ့ပါဘူးဆိုတာ ပြောလိုက်ပါ”

“ဖရက်ကို တွေ့ချင်လို့လား”

အတွတ်က မွေးကို သနားသလို မေးလိုက်၏။

“တွေ့ချင်တာပေါ့ အတွတ်ရယ်။ ဘယ်လိုပြောပါလိမ့်။ ဒါပေမင့် ဖရက်နဲ့ တွေ့တာတွေ သွားတာတွေကို ဒေါ်လေးမူယာ သိရင် မွေးကို မိန်းမပျက်၊ မိန်းမပေါ့လေးလို့ ထင်မှာပေါ့။ အတွတ်နဲ့တောင် မွေး သွားလို့လား။ ဖရက်ဆီကို တပတ်တစောင် စာထည့်ပါတယ်။ ကျောင်းပိတ်မှာတော့ သူ့အိမ်ကို ရေးလိုက်တယ်”

“သူနဲ့တောင် မတွေ့တာ ကြာသွားပြီ။ တွေ့ရင်ကော မွေးရဲ့ဒုက္ခတွေကို

ကိုယ်ပြောလိုက်ရမလား”

“မွေးကိုယ်တိုင် စာရေးလိုက်ပြီးပြီ”

အတွက်မှာ မွေးကိုကြည့်ရင်း စိတ်မောလှ၏။ နှမြောသလိုလည်း ဖြစ်သေးသည်။ ဝါးခယ်မတွင် နေစဉ်က နှင်းစက်နှင့်ပွင့်လာသော ပန်းလေးလို လန်းလန်းဆတ်ဆတ် ရွှင်ရွှင်လေး ဖြစ်၏။ ယခုမြင်ရသည်မှာ မိုးဒဏ်လေဒဏ်ကြားတွင် ပွင့်နေရသောပန်းလို နွမ်းခွေခွေ ကြွေလုလု ဖြစ်နေတော့သည်။

မက်ထရစ် အောင်စာရင်းများ ထွက်ချိန်တွင် မွေးနာမည်သည် ပါ၍လာခဲ့သည်။ မေမေ့ထံမှလည်း စာအရှည်ကြီးတစောင် ရောက်လာ၏။

သမီးလေးမွေး

မနေ့က သတင်းစာထဲမှာ သမီး စာမေးပွဲအောင်တာ တွေ့ရတော့ အိမ်သားတွေအားလုံး ပျော်ကြတယ်။ ဖေဖေဆိုတာတော့ မပြောနဲ့တော့။ စိတ်လွတ်နေတဲ့သူဆိုတော့ ကွေးနေအောင် ကတာပဲ။ သမီးစိတ်ထဲမှာ ဘာတွေ ဖြစ်နေမလဲဆိုတာ အမြဲ တွေးလျက်ပါပဲ။

ခုလို စာမေးပွဲအောင်တော့ သမီးလေး ကောလိပ် ဆက်သွားချင်မှာပဲ။ မေမေကလည်း သမီးကို အားပေးချင်ပါတယ်။ မိခင်တယောက်အနေနဲ့ သမီး လိုချင်သလောက် ပညာမပေးနိုင်လို့ မေမေဟာ တာဝန်မကျေဘူးဆိုတာ သိပါတယ်။

သမီး ရန်ကုန်မှာ ဘယ်လိုနေရတယ် ဆိုတာကိုလည်း သမီး ဘယ်လိုပဲ ဖုံးပေမယ့် မေမေ အားလုံး သိရလို့ တနေ့မှ စိတ်မပျော်ဘူး။

ဒါပေမင့် သမီး... ဘဝဆိုတာ ဒီလိုပဲ။ ကံ၊ ကံ၏အကျိုးတရား၊ အကြောင်းတရား ဆိုတာကတော့ ဘယ်သူမှ မလွန်ဆန်နိုင်ဘူး။ ဆင်းရဲတာဟာ အပြစ် မဟုတ်ပါဘူး။ တခုပဲ၊ ဘယ်လိုပဲ ဆင်းရဲပေမယ့် ကိုယ်ကျင့်တရား မပျက်ဘဲ ကြံ့ကြံ့ခံနိုင်ဖို့တော့ သမီး သတ္တိရှိရလိမ့်မယ်။

မေမေ မကြာခင် ရန်ကုန်ပြောင်းနိုင်အောင် ကြိုးစားရက်ပဲ။ မေမေတို့နဲ့ တူတူနေရတော့ သမီး စိတ်ချမ်းသာမှာပေါ့။

ထမင်းစားဝိုင်းမှာ ဖြစ်ဖြစ်၊ ပရိတ်ရွတ်ချိန်မှာ ဖြစ်ဖြစ် တနေရာ လစ်နေတာ တွေ့ရတိုင်း မေမေလည်း မပျော်ဘူး။

သမီးသူငယ်နဲ့ မတွေ့ရတာကိုလည်း မေမေ့ကို သမီး အပြစ်တင်ချင်မှာပဲ။ ဒါပေမင့် သမီးရဲ့ ခံစားနေရတဲ့ဒုက္ခတွေကို ကုန်စင်အောင် သမီးချစ်သူဆီ စာရေးကြည့်ပါ။ ရေးပြီးတော့မှ တွေ့ကြတာပေါ့။

ညတိုင်းတော့ ဓမ္မစကြာ မပြတ်ရွတ်စေချင်တယ်။ သံသရာမှာ ကျင်လည်သရွေ့ တွေ့ရမယ့် ဒုက္ခတွေက လွတ်မြောက်ရာ အခြေခံတရားကတော့ ဓမ္မစကြာပဲ သမီး။ အတွတ်အပြန်မှာ သမီးစားဖို့ ငါးကြော်နဲ့ ငါးပိကြော်ကို ငရုတ်သီး နည်းနည်းပဲ ထည့်ပြီး ကြော်ပေးလိုက်မယ်။

မိဘလုပ်ကျွေးသူ သမီးကို ဘုရားသခင်က အစဉ်စောင့်ရှောက်ပါလိမ့်မယ်။

သမီးလေး ချမ်းမြေ့ရွှင်လန်းပါစေ…။

မေမေ

မွေးသည် စာရွက်ကို နမ်းလိုက်၏။

"မွေးဒုက္ခတွေနဲ့ မွေးရဲ့အခြေအနေအမှန်ကို မောင့်ဆီ စာရေးလိုက်ပြီးပါပြီ မေမေ"

သူသည် တိုးတိုးလေးရွတ်ကာ ပြောလိုက်သည်။

စားပွဲပေါ်တွင်မူ အဆင်သင့် ဖြည့်စွက်ပြီး တက္ကသိုလ် ကျောင်းဝင်ခွင့် လျှောက်လွှာသည် လေတိုက်၍ တဖျပ်ဖျပ် လှုပ်နေသည်။

စာမေးပွဲ အောင်ပြီးစမို့ မွေးသည် အရူးလေးနှင့် တူနေသည်။ မျက်စိထဲ မြင်နေရသည်မှာ တက္ကသိုလ်ဘွဲ့ထူး။ ပြီးတော့ ဖရက်နှင့် လက်ထပ်ကြမည်။

အမှန်တော့ သူ့အတွေးများသည် သက်တံပေါ်တွင် ဥယျာဉ်တည်သောအဖြစ်ကို မွေးသည် ရုတ်တရက် သတိမရ။ စာမေးပွဲအောင်သောအရှိန်က မွေးစိတ်ကို ဘက်ထရီအား သွင်းပေးလိုက်သည်နှင့် တူနေသည်။ ဘာပဲဖြစ်ဖြစ် စာဆက်သင်ရန် သူ့လျှောက်လွှာကို သွားတင်ဖို့ ထွက်လာခဲ့သည်။ ခြံဝတွင် ဒေါ်လေးမူယာနှင့် သွား၍ ဆုံနေလေသည်။ ဒေါ်လေးမူယာသည် အေးစက်စက်ဟန်နှင့်ပင် မွေး အပြင်ထွက်သွားသည်ကို မကြိုက်သလို ကြည့်နေသည်။

"မွေး ကောလိပ်ကို ခဏသွားဦးမယ်"

မွေးက ကိုယ်ကို အနည်းငယ် ယို့လိုက်ကာ ခွင့်မတောင်းလိုက်၏။

ဒေါ်လေးမူယာသည် မွှေး စာမေးပွဲ အောင်သည်ကို မသိဘာသာ နေဟန်ရှိပေသည်။

"အိုင်အေမှာ ဆက်နေချင်လို့ လျှောက်လွှာသွားတင်မလို့။ ရုံးက ခွင့်တရက် ယူထားတယ်"

မွှေးက ဝမ်းသာသလို၊ မရဲသလို အသံတုန်တုန်နှင့် ထပ်၍ ပြောပြန်၏။

"ဘာ... အိုင်အေဆက်နေမလို့။ ကိုယ့်ဘဝလည်း ကိုယ်သိဦးလေ။ ကျောင်းဆက်နေလို့ အိမ်ကလူတွေ ဘာသွားစားမလဲ။ ဘယ်သူက ထောက်ပံ့ဦးမှာတဲ့လဲ"

ဒေါ်လေးသည် ဒါပဲပြောကာ ပုဏ္ဏရိက်ပန်းရုံဘက်ဆီသို့ ထွက်သွားသည်။

မွှေးရင်ထဲတွင် ထင့်ခနဲ ဖြစ်၍သွားသည်။ ဒေါ်လေးစကားသည် သတိပေးတာလား၊ ဘဝင်မြင့်သည်ဟု ရှုတ်ချတာလား၊ ကိုယ့်ဘဝ ကိုယ်သိဖို့တော့ လိုသည်။ မွှေးက မသိသည်မှ မဟုတ်ဘဲ။ ဒါပေမင့် ထည့်တော့ စဉ်းစားစရာတွေ အများကြီးပင် ဖြစ်သည်။ သူ ကျောင်းဆက်နေလျှင် ကျောင်းစရိတ်တွေ လိုလာမည်။ အိမ်စရိတ်အတွက်ကလည်း လိုလာမည်။ လူလားမမြောက်သေးသည့် ကျောင်းသားတွေကလည်း အိမ်မှာ ရှိသေးသည်။

မွှေးသည် နှုတ်ခမ်းကို ကိုက်လိုက်၏။ အံကို ကြိတ်လိုက်သည်။ သူ့ရင်ကို မတ်မတ်ထားကာ ကားလမ်းဘက်သို့ ခပ်မြန်မြန်ထွက်၍ သွားသည်။

"ဘယ်နည်းနှင့်မဆို အိုင်အေကိုတော့ အောင်ရမည်"

သူ့ရင်ထဲတွင် ဒါတခုကို သတ်မှတ်ထားလိုက်တော့သည်။

အင်းစိန်ကားသည် လှည်းတန်းထိပ် အဝိုင်းကြီးတွင် ရပ်လိုက်သည်။ မွှေးသည် အင်းလျားလမ်းကို ဖြတ်ကာ ဘွဲ့နှင်းသဘင်လမ်းမပေါ်တွင် ခပ်သွက်သွက် လျှောက်လာသည်။ ရှေ့မှ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးကိုသာ မွှေးက အထီးတည်း မြင်နေပေသည်။

သူ ဘယ်လောက် မြန်မြန်လျှောက်လာသည်မသိ။ ညာဘက်ရှိ တက္ကသိုလ်ရုံးအနီးရောက်မှ အတော်လေးမောနေမှန်း သတိရလာသည်။ နွေလနောက်ပိုင်း ရောက်နေ၍ မိုးဦး ဆိုသော်လည်း နေရောင်သည် ခပ်ပြင်းပြင်း ပူ၍နေပေသည်။ မွှေးသည် ရေတမာပင်ရိပ်အောက်ကို ခေတ္တဝင်၍ ရပ်နေသည်။ ရေတမာပင်များသည် ရုံးရှေ့ ဘွဲ့နှင်းသဘင် လမ်းမကြီးတလျှောက် စီ၍ ပေါက်နေသည်။

ရုံးခန်းထဲတွင် ကျောင်းသူ ကျောင်းသားများ၏ အဝင်၊ အထွက်မှာ ရှုပ်ယှက်ခတ်နေသည်။ သူတို့မျက်နှာလေးများ ရွှင်လန်းတက်ကြွနေပုံမှာ ဆောင်းဦး၏ ပွင့်စပန်းတို့နှင့် တူလှ၏။ ငယ်သွေးကြွဟန်၊ စိတ်ပျိုမျစ်ခြင်း၏ အရောင်ပြန်ဟပ်ဟန်တို့မှာ သူတို့မျက်နှာများ၏ အလှများပေပဲ။ ကျောင်းသူများအားလုံးသည် လှပသည် မဆိုသာသော်လည်း လှသရွေ့တော့ လှကြသည်။ မလှဘူး ဆိုသူတို့ပင် ဝတ်ပုံစားပုံ သပ်ရပ်ကြော့ရှင်းသည်။ နိုင်လွန်ပေါ်စမို့ အသားရောင်လေးတွေမှာ ထူးလှပစွာ နိုင်လွန်သားအောက်မှာ ပေါ်လွင်နေကြပေသည်။

တဝက်ဖြတ် ဆံပင်ကောက်လေးများကို ဖဲပြားစနှင့် ချည်ထားသည့်ဟန်များမှာလည်း တော်တော်များများလေးပင် ဖြစ်သည်။ ထိုကျောင်းသူတွေထဲမှ ရေတမာပင်အောက် ရပ်နေသော မွေးကို ကြည့်ရသည်မှာ တောကျီးကန်းမလေးနှင့် တူနေသည်။ ဘဝ၏ ဒဏ်ချက်များအောက်မှ မျက်နှာဝိုင်းဝိုင်းလေးမှာ ရာသီဥတုဒဏ်ကြောင့် ရင့်ရော်နေသော တံငါသည်၏ မျက်နှာနှင့် တူနေသည်။ မွေးအင်္ကျီသည် ပင်နီဖျင်မဟုတ်၊ ပိတ်အင်္ကျီ ဖြစ်သည်။ မွေးသည် နိုင်လွန်ပေါ်နေသည်ကို သိပေမယ့် ပေါ်စ တကိုက် လေးဆယ့်ငါးကျပ်ကို ဝယ်၍ မဝတ်နိုင်သေးပေ။ သူ့သရက်ထည် ထဘီတိုတိုအောက်မှ ခြေမျက်စိ ပြည့်ပြည့်လေးသာ ပေါ်နေသည်။ နဖူးမှ ချွေးကို လျှောက်လွှာစာရွက်နှင့် ခတ်ရင်း မွေးသည် လျှောက်လွှာ တင်သင့်၊ မတင်သင့်ကို စဉ်းစား၍ နေပေသည်။ သက်ကြီးတက္ကသိုလ်ရှိသည် ဆိုပေမယ့် မွေးတက်ဖို့ နေရာဝေးလှသည်။ မွေးရှေ့တွင် ကားများသည် တစင်းပြီးတစင်း ရပ်လိုက်၊ ထွက်လိုက်၊ ဖြတ်၍သွားလိုက်နှင့် ရှုပ်ယှက်ခတ် နေပေသည်။ မွေး လိုချင်သည်က ဆရာဝန်အတတ် ဖြစ်၏။ ကျောင်းမတက်ဘဲ လက်တွေ့ ဆင်းစရာတွေနှင့် စာမေးပွဲအောင်ဖို့ ခဲယဉ်းလှသည်။ မွေးနဖူးမှာ ချွေးများ စို့လာပြန်သည်။ အင်းလျားရေပြင်ထက်ဆီမှ တချက် တချက် လေအေးများ တိုက်ခတ်လာလျှင် မွေးရင်ထဲတွင် အေး၍ သွားပြန်သည်။

ခုနေများ မောင်တယောက် ဘယ်ဆီတွင် ရှိနေမည်လဲဟုလည်း သူ့စိတ်ကူးနှင့်သူ မျှော်၍ ကြည့်နေသည်။

စတေရှင်ဝက်ဂွန်း ကားညိုတစီးမှာ မွေး၏ရှေ့တည့်တည့် လမ်းပေါ်တွင် ထိုးရပ်လိုက်သည်။ ကားမောင်းသူသည် မွေးကို စေ့စေ့ကြည့်နေသည်။

“မောင်...”

မွေးက လေသံလေးထွက်ကာ တိုးတိုးလေး ခေါ်လိုက်မိသည်။ မွေးမျက်နှာ ဝင်းထိန်၍ သွားသည်။ ကားမောင်းလာသူသည် ဖရက်ပေပဲ။ ဖရက်သည် မွေးကို စေ့စေ့ကြည့်ပြီးမှ ဆင်းရန် ဖွင့်အံ့ဆဲဆဲ ကားတံခါးကို ပြန်ပိတ်ကာ ကားစက်ပြန်နှိုး၍

မောင်းထွက်သွားလေတော့သည်။ လျှပ်ပြက်သလို မြန်ဆန်သော အချိန်အတွင်းတွင် ဒက်-ဒက်နှင့် ဖြစ်လိုက်သည်မှာ တရားမှတ်သလို ဘာမျှမကြာလိုက်။ ကားသည် မွေးမျက်စိအောက်တွင် ပျောက်ကွယ်၍သွားသည်။

မွေးကိုယ်တိုင်လည်း ဘာအဓိပ္ပာယ်မှ နားမလည်လိုက်။ ပြီးတော့မှ အသက်မှန်မှန် ပြန်ရှူရသည်။ ဝေ့လာသောမျက်ရည်ကို ပြန်ထိန်းလိုက်ရသည်။ နှုတ်ခမ်းကို ပြန်ကိုက်၍ စိတ်ကို ပြန်တင်းလိုက်ရသည်။ ရေတမာပင်ကို အားပြုကာ လက်တဖက်နှင့် မြဲမြဲဆုပ်၍ ထားလိုက်ရသည်။ လက်ထဲမှ လျှောက်လွှာစာရွက်ကို မွေးက အစိတ်စိတ် အမွှာမွှာ ဖြဲ၍ မြက်ခင်းပေါ် ကြဲပစ်လိုက်သည်။ မျက်စိထဲတွင် ဘွဲ့နှင်းသဘင်ခန်းမသည် ဟင်းလင်းပွင့်ကာ မြေပြင် လွင်တီးခေါင်ကိုသာ မြင်လိုက်တော့သည်။

သူသည် အားလုံးကို ကျောခိုင်းလိုက်၏။ ဘွဲ့နှင်းသဘင် လမ်းမကြီးတလျှောက် လျှောက်ကာ ကားဆိပ်ဆီသို့ ထွက်လာခဲ့သည်။ လမ်းလျှောက်သည်မှာ ပြေးလုလုဖြစ်အောင် မြန်လှ၏။

ကျောင်းကြီးပျော်တို့၏ ကားပုံစံအမျိုးမျိုးများသည် အနားမှ သီကာပွတ်ကာ ဖြတ်၍ ဖြတ်၍ မောင်းသွားကြသည်။

မွေးသည် ခြေထောက်ကို လှမ်းရသည်မှာ အားယူ မ နေရသလို ပင်ပန်းလှ၏။ ယခုပင် စစ်ကိုင်းဆောင်ရှေ့သို့ ရောက်စ ရှိပေသေးသည်။

“ထွေပြားသစ္စာဆိုသူ မေတ္တာညိုမှ ငြီးငြီးထင့်လေ... သွေလျှားပစ်ခွာ သစ္စာဆိုသူ ရှိပြီထင့်လေ...”

စစ်ကိုင်းဆောင်ပေါ်မှ ကျောင်းမသွားဘဲ ကျန်ရစ်ဟန်ရှိသော ကျောင်းကြီးပျော်တယောက်၏ သူ့အတွေးနှင့်သူ ဟစ်လိုက်သော သီချင်းသံမှာ မွေးနှလုံးသားကို ဆုပ်၍ ခြေသလို ဖြစ်သွားသည်။ မွေးသည် ဤကျောင်းဆောင်ရှေ့မှ တဟုန်ထိုး ဖြတ်ပြေးသွားလိုက်ချင်သည်။ ဝေ့လာသော မျက်ရည်က ပြည့်၍ ပြည့်၍ လာသောကြောင့် လက်ကိုင်ပဝါဖြူနှင့် ခဏခဏ တို့ရသေးသည်။

ဘွဲ့နှင်းသဘင်လမ်းမကြီး ဆုံးလျှင် ညာကွေ့ကာ အင်းစိန်ဘတ်စ်ရှိရာသို့ အမြန်သွား၏။ မှတ်တိုင်တွင် အဆင်သင့် တွေ့ရသော ကားတစီးပေါ် ပြေးတက်သွားတော့သည်။

သူ့နောက်မှ အပြေးအလွှားလိုက်လာသော အတွက်ကိုပင် သူ မတွေ့၊ သတိမထားမိတော့ပေ။ တက္ကသိုလ်၏ အသိုင်းအဝိုင်း အလှအပတို့သည်

မွေးအတွက် သုသာန်တစပြင်သာတည်း။

အတွတ်က မမီလိုက်တော့သဖြင့် ကားဂိတ်တွင် မောလွန်း၍ ထိုင်ချလိုက်၏။ ကျောင်းသား တချို့က သူ့ကို ဝိုင်းကြည့်၏။ ဘယ်သူကြည့်ကြည့် သူ့မျက်လုံးများမှာ မြက်ခင်းပေါ်တွင်သာ ပုံကျနေတော့သည်။

ဖြစ်ပုံကလည်း ပြောမပြောချင်တော့။ မွေး ရေတမာပင်အောက်မှာ ရပ်နေပုံ၊ ဖရက် ကားထိုးရပ်ပြီးမှ ထွက်သွားပုံတို့ကို သူ အားလုံးမြင်လိုက်သည်။ မွေး စာရွက်များ ဆုတ်ဖြဲ၍ ထွက်အသွား အပြေးအလွှား လိုက်မည်အလုပ်တွင်မှ ဆရာတယောက်နှင့် တွေ့၍ ဣန္ဒြေရရ ရပ်ကာ စကားပြောနေရသေးသည်။

ယခုတော့ မွေးကို မမီလိုက်တော့ပေ။ ယခုတကြိမ်လည်း နောက်ကျရပြန်သည်တကား။

သည်လိုအဖြစ်တွေ တနေ့နေ့ ဖြစ်လာမည်ကို အတွတ်က သိပြီးဖြစ်သည်။ သူသည် ဖရက်အကြောင်း မွေးကို ပြောပြရန် နူတ်လေးသည်။

ဖရက်က အင်းလျားရေပြင်တွင် “လှေကလေးကို လှော်မည်” ဇာတ်ထုပ်ကို ဒေါ်ရစ် အောင်ကြီး၊ စတယ်လီလာ၊ အေမီတို့နှင့် ခင်းကျင်းသည်မှာ တတိယနှစ် အင်ဂျင်နီယာသင်တန်း တက်ကတည်းကပင် ဖြစ်သည်။ မွေး၏ ဖရက်သည် အရင်လို ရိုးရိုးအေးအေး မဟုတ်တော့သည်ကို အတွတ်က ဘယ်လိုမှ ပြောမထွက်တော့ပေ။

တကယ်တော့ ဖရက်သည် အံ့ပုန်းလေးပါတကား။

သူ့ရှေ့တွင် ကားတစီး ရပ်ပြန်သည်။ ကားမောင်းသူမှာ ဖရက်ဖြစ်သည်။ သူငယ်ချင်း တယောက်ကို ကားဂိတ်သို့ လာပို့ဟန်ရှိသည်။ သူသည် ဖရက်ရှိရာသို့ ထပြေးသွား၏။ ဖရက်က သူ့ကို တအံ့တဩ ကြည့်နေသည်။

“မွေး မွေးကို မင်း တွေ့လိုက်လား”

ဖရက်သည် မဖြေသေးဘဲ ကြောင်ပြီး ကြည့်နေပြီးမှ ခေါင်းခါလိုက်၏။

“ဖြောင်လိမ်တဲ့ကောင်ကွာ၊ စေ့စေ့ကြည့်၊ ဆင်းမယ်လုပ်ပြီးမှ ကားမောင်းထွက်သွားတာ ငါ မြင်တယ်”

“အခု အတွက် ဘယ်သွားမလို့လဲ... ကိုယ် လိုက်ပို့မယ်”

ဖရက်က အသံတုန်တုန် မျက်နှာပျက်သွားကာ ပြော၏။

“မပို့ပါနဲ့၊ အေမီကို သွားတင်ပါကွာ၊ ငါတော့ မွေးဆီသွားမယ်။ မွေး စိတ်ချမ်းသာအောင် အားပေးရမယ်။ ခုတော့ မင်းပြောခဲ့တဲ့စကားတွေ မင်း မေ့ပြီပေါ့။ အချစ်စစ်၊ အချစ်မှန်ဆိုတာ ဘယ်လို အခက်အခဲတွေ၊ ဖြားယောင်းမှုတွေ တွေ့ပေမယ့် ကျောက်တိုင် ကျောက်စိုင်လို ခိုင်ခိုင်မြဲမြဲ ရှိရမတဲ့။ ထွီ... ရေ.. ရေ... ရေလို အကောင်”

သူသည် ဒေါသအလွန်ထွက်လာကာ အော်ပစ်လိုက်၏။ ဖရက်မျက်နှာသည် ဖြူပြာပြာ ဖြစ်၍ ကျန်ရစ်သည်။ သူကတော့ နောက်လာသော အင်းစိန်ဘတ်စ်ကားပေါ်သို့ ပြေးတက်သွားတော့သည်။

■

နောက်ပိုင်းတွင် မွေးကို ကြည့်ရသည်မှာ မြေမျက်နှာပြင်၏ သွင်ပြင်ဟန် ပေါက်လာသည်။ သူ့နှလုံးသားသည် ရင့်ကျက်လာသည်နှင့်အမျှ သူ့မျက်နှာသည်လည်း တည်ငြိမ်၍ လာခဲ့လေသည်။ တခါတရံသာ နှလုံးသားတွင် နာကြည်းခံခက်သောဒဏ်ရာကို သူ့မျက်လုံး၏ အရိပ်အယောင်တို့မှ တစွန်းတစ မြင်ခဲ့ရ၏။

မွေးသည် ကလေး မဟုတ်တော့ပြီပဲ။ နှစ်ဆယ်ကျော် ဆိုသည်မှာ အတွေးအခေါ်တို့ အနည်ထိုင်စ ပြုလာသောအချိန်ဖြစ်၏။ ဟိုတုန်းကတော့ မွေး၏ နှလုံးသားပြင်တို့သည် ရေမျက်နှာပြင်လို လေညင်းတိုက်ခတ်ရုံမျှနှင့်ပင် လှိုင်းဂယက်ထကာ လှုပ်ရှားခဲ့၏။ တည်ငြိမ်မှုကို မရနိုင်ခဲ့။ ခုတော့ မြေမျက်နှာပြင်လို သူသည် ကြံ့ကြံ့ခံနိုင်သောစွမ်းရည်တို့ ရခဲ့ပြီး တော်ရုံတန်ရုံ လေမုန်တိုင်းဆင်ရုံလောက်နှင့်တော့ မွေး၏ အသည်းနှလုံးတို့သည် တုန်လှုပ်တော့မည် မဟုတ်ပေ။

မွေးထံသို့ ရောက်လာတိုင်း အတွက်က အားငယ်နေမည်လား၊ ဝမ်းနည်းကြေကွဲ နေမည်လား ဟု စိုးရိမ်၏။ သို့သော် ကျန်းမာရေး ယုတ်လျော့သည်ကလွဲ၍ မွေးသည် သူ ထင်သလောက် မဆိုးခဲ့။ စာ ပို၍ကြည့်နေသည်ကိုသာ တွေ့ရသောအခါ အတွက်မှာ စိတ် သက်သာ၍လာသည်။ မွေး ဖတ်ရန် ရာဇဝင်နှင့် အင်္ဂလိပ်ကဗျာစာအုပ်များကို ရှာဖွေပေးပို့ခဲ့၏။ အဝတ်အစားနှင့် ပတ်သက်၍မူ မွေးနေ့လက်ဆောင်ကိုပင် မွေးက အတွက်ထံမှ လက်မခံခဲ့ပေ။

မွေး အိုင်အေ အထက်တန်းကိုပင် မက်ထရစ်အောင်ပြီး လေးနှစ်ကြာမှ ဖြေဆိုရသည်။ ထိုစာမေးပွဲ နီးချိန်တွင်ပင် အတွက်သည် သတင်းတခု ပြော၍ပြ၏။ သူ့စိတ်ထဲတွင် မွေးသည် ထိုသတင်းကို ဆောက်တည်ရာမရ တုန်လှုပ်ရှာလိမ့်မည်ဟု

ထင်သော်လည်း မွေးက သူ ထင်သလို လှုပ်လှုပ်ရှားရှား မဖြစ်။

“ဘယ်သူနဲ့လဲ...” ဟုသာ အေးအေးသက်သာ ပြန်မေး၏။

“မေမြို့က အေမီနဲ့ သူတို့ စေ့စပ်ပြီးတာ မကြာသေးဘူး။ ရှေ့အပတ်ထဲ ဖရက် လန်ဒန်မှာ ဆက်သင်ပြီး ဒီဂရီယူမယ်။ လဖ်ဘရာ (Lough Borough) တက္ကသိုလ်မှာ ထင်တယ်”

မွေးက ပြုံးပင် ပြုံးလိုက်သေး၏။

“စေ့စပ်တာကို သတင်းစာထဲ ထည့်ရောပေါ့။ အခုလို သူ့ရည်ရွယ်ချက်အတိုင်း နိုင်ငံခြားမှာ ဒီဂရီယူနိုင်တာကိုပဲ ဝမ်းသာပါတယ်”

အတွတ်သည် မွေး စကားပြန်ပြောနေသည်ကို နားထောင်စဉ် စိတ်ထဲကတော့ ဒေါ်တင်တင်ကြီးကို သတိရနေသည်။

“အခြေခံချင်း မတူတဲ့ ဂဏန်းနှစ်ခုဟာ ဘယ်တော့မှ ပေါင်းလို့ မရဘူး”

အတွတ်သည် သက်ပြင်းချလိုက်၏။ ထိုအမျိုးသမီးတွင် ဒိဗ္ဗစက္ခုများ ရှိလေသလား။ မွေးသည် အတွက်ရှေ့မှာပင် နေရာမှထသွားကာ သေတ္တာကို ဖွင့်လိုက်၏။ အထဲမှ တတောင်ပတ်လည်ခန့်ရှိ ယွန်းသေတ္တာတခုကို ထုတ်လိုက်ပြန်သည်။ ယွန်းသေတ္တာထဲမှာမူ စာရွက်များ တထပ်ကြီး ဖြစ်လေသည်။

“အဲဒီစာတွေ ဖတ်မလား။ မောင်က မွေးဆီ ပေးတဲ့စာတွေလေ၊ ဒါတွေက သူ့ဓာတ်ပုံတွေ”

မွေးသည် ဓာတ်ပုံလေးများကို လက်ထဲသို့ ထည့်လိုက်သောအခါ အတွတ်ရင်ထဲတွင် တုန်တုန်ရီရီ ဖြစ်သွား၏။ လက်ဆန့်ကာ ဓာတ်ပုံလေးများကို ယူကြည့်လိုက်သည်။ ဓာတ်ပုံ နောက်ကျောတွင် “မောင်မှ အချစ်သို့” ဟု စာတန်းလေးများ ရေးထားလေသည်။ ဖရက်သည် ဓာတ်ပုံထဲတွင် ပြုံးပြုံးအေးအေးလေးဖြစ်၏။ အားလုံးလိုပင် တပိုင်းများဖြစ်၍ တပုံမှာ ဆေးတံ ကိုက်၍ထားသည်။ အတွတ်က ဆေးတံကိုခဲကာ မခို့တရို့ ပြုံးနေသော ဖရက်ရုပ်ကို တအံ့တသြ ကြည့်နေသည်။

“အဲဒီ နောက်ဆုံးပုံ ပေးတော့ မောင့်စိတ်တွေဟာ သိပ်မဟန်တော့ပါဘူး... တန်ဆောင်တိုင် ပွဲတွေမှာ ကျောင်းသူတွေနဲ့ တွဲနေပြီဆိုတာ မွေး ကြားသားပဲ။ ဆန်းတော့ မဆန်းပါဘူးလေ။ ဆင်းရဲဒုက္ခ ရောက်လာတယ်ဆိုရင် အသက်ပေးချစ်ပါတယ် ဆိုတဲ့ လူတွေလည်း အဝေးကို ခွာပြေးကြတာပဲပေါ့”

"အခု ဒီစာတွေ ဘာလုပ်မလို့လဲ၊ မီးရှို့မလို့လား"

အတွတ်က မွေးလက်ထဲမှ စာများကိုကြည့်ကာ မေးလိုက်၏။ မွေးက ထပ်၍ပင် ရယ်လိုက်သေးကာ

"မွေးက မိန်းမပေမယ့် မိန်းမ မဆန်ပါဘူး" ဟု ပြောလိုက်၏။

"မောင့်ဆီက စာလာတယ်။ မွေးစာတွေလည်း သူ အားလုံး မီးရှို့ပစ်လိုက်ပြီတဲ့။ သူ့စာတွေလည်း မီးရှို့ပစ်လိုက်ပါတဲ့။ မွေး ဒါမျိုးမလုပ်တတ်ပါဘူး အတွတ်ရယ်။ ချစ်တုန်းကတော့ "ချစ်လှချေရဲ့နဲ့ အမျိုးမျိုး ဖွဲ့နွဲ့ချဲ့ပြီး မုန်းမှ မုန်းသလို လုပ်ကြတာဟာ စိတ်နုလွန်းပါတယ်။ မွေး အသက်ရှိသရွေ့ သူ့စာတွေ၊ သူ့ဓာတ်ပုံတွေကို ရိုရိုသေသေ သိမ်းထားမှာပဲ။ တနေ့နေ့ သူ့လက်ထဲကို ကောင်းကောင်းမွန်မွန် ပြန်အပ်ခဲ့မှာပါ။ ခုမှပဲ နားလည်တော့တယ် အတွတ်ရေ... လောကကြီးက တယောက်နဲ့ တယောက် ချစ်ကြတာထက် အရေးကြီးတဲ့ လူမှုရေး၊ စားဝတ်နေရေးတွေက တပုံကြီးပဲဆိုတာ"

မွေးက အရှည်ကြီး ဆက်ပြောပြန်သည်။

"အမှန်တော့ တွေးကြည့်ကြပြန်ရင်လည်း ငယ်ငယ်ရွယ်ရွယ် ၃၀ မကျော်ခင် ချစ်ကြတယ်ဆိုတဲ့ စိတ်တွေဟာ များသောအားဖြင့် အတွေးအခေါ် ဆင်ခြင်စိတ်တွေ သိပ်မပါလှပါဘူး။ Emotional ခေါ်မှာပေါ့။ ရူးရူးမူးမူး စိတ်လှုပ်ရှားတုန်းခဏ လှိုင်းကြွသလို ဖြစ်လာတာကိုး။ ဒါပေမင့်လည်း အဲဒါက မေ့မရအောင် စိတ်ထဲမှာ စွဲတဲ့သူတွေ အဖို့ကျတော့လည်း တသက်လုံး နှလုံးသားမှာ ပါသွားတော့တာပဲ"

"အင်းပေါ့၊ ရည်းစားလို ချစ်တာထက် မြတ်နိုးတဲ့စိတ်နဲ့ ချစ်တဲ့သူတွေအဖို့ကျတော့ ပိုဆိုးတာပေါ့ မွေး။ ဘယ်တော့... အို... ဘယ်တော့မှ မေ့မရဘူး"

အတွတ်သည် ယခုအခါ အဓိပ္ပာယ်အများကြီးနှင့် မွေးကို ပြောပြလိုက်၏။

"ဒါကြောင့် ၁၅၀၀ နဲ့ ချစ်တဲ့သူတွေ ပြတ်လွယ်ပေမယ့် မိဘ၊ မောင်နှမချစ်တွေဟာ ဘယ်လိုပဲ စိတ်နာအောင်လုပ်လုပ် မပြတ်နိုင်တာပေါ့"

အတွတ် ဆိုလိုသည့် အဓိပ္ပာယ်ကို နားလည်လေသလား၊ မလည်သလား အမူအရာ မွေးက မပြသော်လည်း စာရွက်များကိုမူ တရွက်ပြီးတရွက် လှန်၍ ကြည့်နေရာမှ မိန်းမကြီးတယောက် ဟန်ပန်မျိုးနှင့် ပြောနေ၏။ အတွတ်က

ဓာတ်ပုံများကို မွေးလက်ထဲ ပြန်၍ထည့်လိုက်၏။ မွေးသည် ၁၀-၁၀-၄၅ မှ နေ့စွဲနှင့် စာတစောင်ကို လက်ထောက်ပြလိုက်၏။

"ဒီစာထဲမှာပေါ့။ မောင်နဲ့ အချစ် စေ့စပ်ပြီး နိုင်ငံခြားမှာ ဒီဂရီသွားယူမယ်လို့ သူ ရေးခဲ့တာလေ"

အတွတ်သည် မွေး ထောက်ပြသည်ကို အသာလှမ်း၍ ကြည့်လိုက်၏။

"မေမေသာ သိရင် မေမေ အစက မပြောဘူးလားသမီးလို့ မွေးကို မေးမှာပဲ"

"ကြီးကြီးတင်ကို ဘာမှမပြောပါနဲ့။ အမှန်တော့ မင်းတို့နှစ်ယောက် မညားတာကို ကြီးကြီးတင်က သဘောကျပါတယ်။ ဒါနဲ့ ကိုယ်တို့ မေမေလည်း ဒီပြောင်းလာတော့မယ်။ ဟိုမှာ ကေအင်ဒီအိုတွေ လှုပ်လာတာ သိပ်မဟန်ဘူးတဲ့။ ပြီးတော့ မင်းတို့အိမ်မှာ ကြီးတော်ခင်လည်း ဆုံးသွားပြီဆို"

"ဟုတ်တယ်။ မေ့မေ့အတွက်လည်း ကမာရွတ်ဘက်မှာ အိမ်လေးတခု တနေ့က မွေး သွားကြည့်တယ်။ ခြေမသန်တဲ့ ဘကြီးလည်း သူ့သမီးများ လာခေါ်လို့ မေမေ့မှာ တာဝန် လွတ်သွားပြီ။ မွေး ငှားထားတဲ့အိမ်က အိမ်ဆိုရုံပဲ။ အောက်ခင်းက အုတ်ခဲတွေ စီထားတယ်။ ဝင်းလေးကတော့ ကျယ်သားပဲ။ တလ ၅၀။ ရေ မရ၊ မီး မရဘူး"

"အေးကွယ်၊ အဲဒီမှာ နေရလို့ ကြီးကြီးတင် စိတ်ဆင်းရဲမလား"

"မေမေ့စာထဲမှာက သားသမီး တကွဲတပြားနဲ့ နေရတာဟာ စိတ်အဆင်းရဲဆုံးပဲတဲ့။ မွေးအဖို့လည်း မေမေနဲ့ ခွဲနေရတာဟာ သိပ်ပြီး ဟာတာပဲ"

အတွတ်သည် မွေးမျက်နှာလေးကို စေ့စေ့ကြည့်ပြန်သည်။ ရေခဲရေ အေးမြသည် ဆိုသည်မှာ တကယ်တော့ စမ်းရေယဉ်၏အအေးဓာတ် မမီနိုင်ပါတကားဟု တရားကျနေ၏။ ယခုတော့ အအေးဆုံးသော မေမေ့ရင်ခွင်မှတပါး မွေးသည် ခိုဝင်နားနေစရာ မရတော့ပေ။ မွေးအခန်းဝသို့ လရောင် ရောက်လာမှ အတွတ်သည် မွေးကို နှုတ်ဆက်ကာ ပြန်ခဲ့၏။ ဒေါ်မူယာတို့၏ ခြံကြီးကို ဖြတ်လျှောက်စဉ်တွင် လရောင်သည် မြသစ်ရွက်များပေါ်တွင် တောက်ပ၍ နေပေသည်။ အတွတ်သည် လဝန်းကို မော်ကြည့်လိုက်၏။ ထင်းရှူးရွက်မွှားတို့ အဖျားတွင် မပြည့်သေးသော လဝန်းကို မြင်လိုက်သည်။

နက်ဖြန်သည် လဆန်း ၁၄ ရက်နေ့ ဖြစ်သည်။ လမင်း၏ ရောင်ခြည်များ

သစ်ရွက်နှင့် ပန်းပွင့်လေးများပေါ်တွင် လူးလာလှုပ်ရှားနေသည်ကို ဤခြံကျယ်ကြီးထဲ၌ မြင်ရသော မွေးအဖို့ တကိုယ်တည်း အားငယ်၍များ နေရှာမည်လား။

သူသည် နောက်ဆုံး စိတ်ကို ယတိပြတ် ဆုံးဖြတ်လိုက်၏။ နောက်နှစ် ဒီဂရီရပြီးလျှင် မေမေ့ကို ဖွင့်ပြော၍ မွေးနှင့် စေ့စပ်လိုက်မည်။ ပြီးတော့ သူလိုချင်သော သီးသန့်လိုင်းဖြစ်သည့် အဆုတ်နာ ကုသနည်း၊ အဆုတ်ကို ခွဲစိတ်ကုသပုံတို့ကို နိုင်ငံခြားသို့ သွားရောက်သင်မည်။ မွေးက သဘောတူညီခဲ့ပါလျှင် တပါတည်း လက်ထပ်၍ မွေးကိုပါ ခေါ်သွားမည်။

အတွက်၏ ခြေထောက်များသည် ပေါ့ပေါ့သွက်သွက်လေး ဖြစ်လာ၏။ နှုတ်ခမ်းများမှာ လေအေးလေးဖြင့် လေချွန်ကာ သူ့မျက်နှာ၏အပြုံးသည်လည်း ကောင်းကင်မှ လမင်းနှင့်ပြိုင်၍ ကြည်လွင်နေသည်တကား။

သောင်းကျန်းမှုများ မြန်မာတပြည်လုံး လှုပ်ရှားနေချိန်တွင် ဖရက်သည် လန်ဒန် ရောက်ကာ အတွက်အတွက်လည်း စာကြည့်မပျက်ပေ။ ကေအင်ဒီအိုများလက်ထဲ အင်းစိန်ကျနေချိန် ခေတ္တသာ ကျောင်းပိတ်ထား၍ ကျောင်းတက်ရက် ပျက်ခဲ့၏။

အတွက်၏ အမေက ဝင်ဆာလမ်းသို့ ပြောင်းလာ၍ မွေးမေမေကလည်း မွေးငှားထားသော ကမာရွတ်အိမ်လေးတွင် လာ၍နေသည်။ မွေးသည် မိသားစု သိုက်သိုက်ဝန်းဝန်းနှင့် နေရ၍ သူ့ကျန်းမာရေးမှာ ပို၍ ကောင်းလာပုံရသော်လည်း မေမေက ခဏ ခဏ ဖျားတတ်၏။ တက္ကသိုလ်၏ မရန်းပင်ပျိုကိုင်းများတွင် ဥဩသံ ဝေလာသည်နှင့်တပြိုင်နက် ကျောင်းစာသင်တန်းများသည်လည်း ရပ်နား၍ စာမေးပွဲများ စတင်စစ်ဆေးစပြုလာလေသည်။

မွေးသည် အိုင်အေ အထက်တန်းအတွက် နောက်ဆုံးဘာသာကို ကျကျနန ဖြေဆိုခဲ့သည်။ စာမေးပွဲခန်းမှ ထွက်ချိန်တွင် နေပူရှိန် ပြင်းပြနေသလောက် နွေရူးလေများသည်လည်း ထန်လျက် ရှိသည်။ သူသည် ကမာရွတ်ဘက်ကို ခြေကျင်လျှောက်ရန် ဘွဲ့နှင်းသဘင်ခန်းမ နောက်ဘက်ကို ထွက်ကာ အင်းလျားကန်ဘေးလမ်းတွင် တယောက်တည်း လျှောက်လာသည်။ ရပ်ထားသော ဂျစ်ကားစိမ်းတစီးကို ဖြတ်လိုက်လျှင်ပင် “ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ” ဟူသော အသံကို ကြားလိုက်ရ၍ မွေး၏ ခြေများတုံ့ကာ ခေတ္တရပ်လိုက်သည်။

သူ့ရှေ့တွင် သူတခါမှ မမြင်ဖူးသည့် လူတယောက် မတ်တတ်ရပ်နေသည်။ ထိုလူမှာ အရပ် ခပ်မြင့်မြင့်နှင့် ပခုံးကျယ်သလောက် ရင်ကို ချီထား၏။ နဖူးမှာ ကျယ်ပြန့်၍ နှာတံပေါ်သော်လည်း သူ့မျက်နှာသည် ပြေပြစ်လှသော ရုပ်ကြမ်းမျိုး

ဖြစ်၏။ မွေးမျက်နှာမှာ ဣန္ဒြေဆောင်ထားသော်လည်း စိတ်ထဲကမူ ထိတ်၍ နေပေသည်။

"ကျွန်တော် ခုလို အနှောင့်အယှက် ပေးရတာ အများကြီး ဝမ်းနည်းပါတယ်။ ရုတ်တရက် ကြုံတော့လည်း လွဲသွားမှာစိုးလို့ ကမန်းကတန်း နှုတ်ဆက်ရတာပါ။ ကျွန်တော့်ကို မွေး သိမှာ မဟုတ်ဘူး။ မွေးကိုတော့ ကျွန်တော် သိတာ လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်လောက်ကပဲ"

မွေးသည် ရုတ်တရက် ကြောင်တက်တက် ဖြစ်နေ၏။ ထိုလူ့ဟန်ပန်မှာ သိမ်သိမ်မွေ့မွေ့ရှိ၍ ကြောက်စိတ် အနည်းငယ်ပြေ၍လာသည်။

"ကျွန်မကို သိတယ်"

"ဟုတ်ကဲ့၊ ကျွန်တော့်အထင် ပြောရင် မွေး မက်ထရစ်အောင်ပြီးစကပေါ့။ ဟို ရေတမာပင် အောက်မှာ စာရွက်တွေ ဆုတ်ဖြဲပြီး ထွက်သွားတုန်းကလေ"

မွေးမျက်နှာတွင် ရှက်ရောင်များ သန်းလာ၍ နီရဲသွားတော့သည်။

"ခွင့်လွှတ်ပါ ခင်ဗျာ၊ ကျွန်တော် ရိုင်းသွားသလား"

မွေးသည် ဣန္ဒြေပြန်ဆည်လိုက်၏။

"အဲဒီတုန်းက မွေးကို မြင်တယ်လား"

"မြင်ပါတယ်၊ ကျွန်တော်က အတွတ်နားမှာ၊ မွေးကို တော်တော်စောစောက ကျွန်တော် တွေ့နေတယ်။ ဒါပေမင့် ကျွန်တော် တခါမှ မသိဘူးဘဲဟာ။ စာရွက်ဆုတ်ပြီး ထွက်သွားတော့မှ ကျွန်တော့်စိတ်ထဲ ထူးထူးဆန်းဆန်းဖြစ်ပြီး ကျန်ရစ်တယ်။ အဲဒီနေ့က မွေးနဲ့ အတွတ် မတွေ့ဘူးလား"

ထိုသူ့ပြောဟန်များသည် မိတ်ဟောင်းဆွေဟောင်းများလို ရင်းနှီးလှပေသည်။

"တွေ့ပါတယ်"

"အဲဒီနေ့ညဘက် အတွတ် အခန်းကူးပြီး မွေးရဲ့သတင်းကို မေးကြည့်ရတာပဲ။ ဒါကြောင့် ကျွန်တော်ဟာ မွေးကို တဝက်လောက်တော့သိနေတာပေါ့။ နောက်ပိုင်းတော့ ခွင့်မသာခဲ့ဘူး။ အမ်ဘီဘီအက်စ် မလိုက်ဖြစ်ဘဲ စစ်ထဲ ဝင်သွားခဲ့တယ်။ ခု ခွင့်ရတာနဲ့

စာကြည့်ပြီး ရိုးရိုးဘီအေ လာဖြေတယ်”

“ဟုတ်ကဲ့ မွေးကို ခုလို ဂရုပြုတယ်ဆိုတာ သိပ်ဝမ်းသာတာပါပဲ။ နောက် တွေ့ကြသေးတာပေါ့”

“ပြီးတော့...”

ဆက်လက် လမ်းလျှောက်ရန် ဟန်ပြင်နေသော ခြေလှမ်းမှာ ထိုသူ၏ “ပြီးတော့” ကြောင့် ရပ်၍ သွားတော့သည်။

“ပြီးတော့ ကျွန်တော် စစ်ထဲမှာ ဝါးခယ်မက ဆာဂျင်လေးတွေ၊ စစ်သားလေးတွေဆီက မွေးရဲ့ သတင်းအကြောင်းစုံတွေကိုလည်း စုံစမ်းခဲ့ပါတယ်။ ဒါကြောင့် လူချင်း မရင်းနှီးပေမယ့် ကျွန်တော့ စိတ်ထဲက တော်တော်သိနေပြီ။ ခု မွေးကို ကျွန်တော် လိုက်ပို့နိုင်ပါသလား”

မွေးက ပြုံးကာ ခေါင်းခါပြလိုက်၏။ ပါးစပ်မှ “ကျေးဇူးတင်ပါတယ်” ဟုသာ ဖြေလိုက်သည်။

“ကျွန်တော့် နာမည်ကတော့ မောင်မောင်နိုင်လို့ ခေါ်ပါတယ်။ အတွတ်နဲ့ တွေ့တဲ့အခါ မေးကြည့်ပါ”

“ဟုတ်ကဲ့၊ မွေးကို သွားခွင့်ပြုပါဦး”

မွေးသည် သည်တခါတော့ ခွင့်တောင်းကာ ခပ်သုတ်သုတ် ထိုသူ့အပါးမှ ခွာခဲ့တော့သည်။ ရင်ထဲတွင် ကြောက်စိတ် ပြေသွားသော်လည်း သူနှင့် တခါမျှ မတွေ့ဖူးဘဲ သူ့အပေါ် စိတ်ဝင်စားနေသော လူတယောက်အတွက် အံ့သြ၍ နေတော့သည်။

အိမ်ရောက်လျှင် ချွေးသီးချွေးပေါက်ကျကာ မော၍နေပေသည်။ အတွတ်က သူ့ကို ဆီးကြို၏။

“စာမေးပွဲ ဖြေနိုင်လား မွေး၊ ကြီးကြီးတင် နေမကောင်းဘူးဆိုလို့ ကိုယ် လာကြည့်တယ်”

“ဖြေနိုင်ပါတယ်၊ ထူးထူးဆန်းဆန်း တွေ့ခဲ့လို့ အတွတ်ကို မေးမလို့”

မွေးသည် လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်ကာ အတွတ်အနားမှာ လာထိုင်၏။

“အတွတ်မှာ မောင်မောင်နိုင်ဆိုတဲ့ မိတ်ဆွေ ရှိလား”

အတွတ်က ခဏ စဉ်းစားနေ၏။

"ရှိတာပေါ့၊ ကိုကိုနိုင်ကြီးလေ။ သူ့ကို ကိုယ်တို့ကတော့ ကိုကိုနိုင်လို့ ခေါ်တယ်။ အစက တခန်းတည်း အတူတူပဲ။ သူက တနှစ် စီနီယာပိုကျတယ်။ အကြမ်းဖက် သောင်းကျန်းသူတွေ ထလာတော့ ကျုပ် မနေနိုင်တော့ဘူးဆိုပြီး ကျောင်းက ထွက်သွားတယ်။ စစ်တပ်ထဲမှာ အခု ဗိုလ်မှူးဖြစ်ပြီ ဆိုလားပဲ။ အဲဒါ ဘာဖြစ်လို့လဲ"

"မွေးနဲ့ တွေ့ခဲ့တယ်။ သူက မွေးကို ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်တာ၊ မွေးကလည်း တခါမှ မသိတော့ ကြောင်နေတာပေါ့"

"သိမှာပေါ့၊ အတွတ်က စကားဆုံမိတိုင်း မွေးရဲ့အကြောင်းကို ခဏခဏ ပြောနေမိတာကိုး။ ခုမှ သတိထားမိတာ၊ ရေတမာပင်အောက်မှာ မွေး စာရွက်ဆုတ်ပစ်နေတော့ သူက အနားမှာပဲ။ လူက လူတော်ပါပဲ။ တဦးတည်းသား၊ အမေပဲ ရှိတယ်။ အမေကလည်း လိုလေသေးမရှိ သူ့ဆန္ဒ လိုက်ပါတယ်။ ကွန်မြူနစ် သဘောတရားရေးဆရာ ကိုအောင်စိုးကြီးနဲ့ တခန်းတည်းပေါ့။ သူတို့နှစ်ယောက် ဘယ်လောက် ထူးဆန်းလဲဆို ကိုကိုနိုင်ကျတော့ သမထဆရာ"

မွေးက အတွတ် ပြောသည်ကို ရယ်ချင်လာပုံရ၏။

"အဟုတ်ပြောတာ၊ ဆေးကောလိပ်ရောက်တဲ့နှစ်ကဆို သူ့အခန်းထဲမှာပဲ တခါ တခါ သမထ ထိုင်နေတာပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အဲဒီတုန်းက တိုင်းပြည် အတိဒုက္ခရောက်နေတဲ့အခါ ကျောင်းစာသင်ခန်းကို စွန့်ပြီး ဝင်ဆောင်ရွက်တဲ့ ကျောင်းသား တော်တော်များများ စိတ်ဓာတ်ကိုတော့ ချီးကျူးစရာပဲ။ ကြီးကြီးတင်ပြောတဲ့ ကိုယ်ကျိုးမငဲ့တဲ့စိတ် ဆိုတာမျိုး ထင်ပါရဲ့"

မွေးသည် သူ စ၍မေးသော မေးခွန်းကို ဖြေနေသော အတွတ်၏စကားကို ဆက်လက် နားထောင်လိုဟန် မရှိတော့သလို လက်ထဲမှ ဖြေဆိုခဲ့ပြီး မေးခွန်းလွှာကို ဖြန့်၍နေတော့သည်။ သူ ဖြေဆိုခဲ့သည့်အဖြေများ မှန်၊ မမှန် အတွတ်ကို ပြန်၍ မေးတော့သည်။

ပြီးတော့မှ ကြီးကြီးတင် အိပ်နေရာသို့ သူတို့နှစ်ယောက် ဝင်လာကြသည်။ ကြီးကြီးတင်သည် အိပ်ရာပေါ်မှာ လှဲနေရ၍ ပျင်းရိနေပုံ ရပေသည်။ မျက်နှာမှာ ဖြူရော်၍ အတော်ပင် ပိန်ကျနေပေသည်။

"ခုနပဲ ကြီးကြီးတင်ကို အတွတ် ဆေးထိုးပေးခဲ့တယ်။ တနေ့

နို့လေးဆယ်သားနဲ့ ကြက်ဥ နှစ်လုံးတော့ မှန်မှန်တိုက်ရင် ကောင်းမယ် မွေး”

မွေးသည် မေမေ့လက်များကို ဆုပ်နယ်လိုက်၏။ မေမေ့မျက်နှာသည် နှစ်သိမ့်ခြင်းဖြင့် ပြုံးယောင်ယောင် ဖြစ်နေသည်။

“မေမေ့ရောဂါက နားရင် ပျောက်လွယ်တာပဲ။ ဘာမှမပူပါနဲ့ မေမေရာ၊ မွေးလခလည်း နှစ်ရာ့ငါးဆယ်တောင် ရလာပြီပဲ။ မေမေ မြန်မြန် ကျန်းမာလာမှာ။ ဆရာဝန်တယောက်လုံး အနားမှာ ရှိတာပဲ။ ဆေးဖိုးလည်း မပူနဲ့တော့”

မွေးက အတွတ်၏မျက်နှာကို လှမ်းကြည့်၍ ပျော်ပျော်ရွှင်ရွှင် ပြောလိုက်သောအခါ အတွတ် စိတ်ထဲတွင် အနာဂတ်ကို တွေး၍ ကြည်နူးလိုက်မိပေသည်။

မမအေးသည် ကြက်ဥနှင့် နွားနို့ ပေါင်းပြီးသား ထည့်၍ထားသော ပန်းကန်ကို ဇွန်းငယ်တွင် ထည့်ကာ ယူလာသည်။

“မွေး ရောက်နေတာတောင် မမအေး မသိဘူး။ မိလေးနဲ့ မိထွေးလည်း မက်ထရစ် ဖြေနိုင်လို့တဲ့ ရွှင်နေတာပဲ”

“သူတို့ကတောင် မွေးထက် ဒီဂရီစောရဦးမယ်။ မွေးက ပြတ်တောင်း ပြတ်တောင်းနဲ့ ဖြေရတာ”

မေမေသည် မွေးမျက်နှာကို ကွက်ခနဲ လှမ်းကြည့်လိုက်သောကြောင့် မွေးစိတ်ထဲတွင် ထင့်၍ သွားပြန်သည်။ မေမေက ထထိုင်၍ မမအေး လက်ထဲကပန်းကန်ကို လှမ်းယူလိုက်၏။ မမအေးက မပေးဘဲ မေမေ့ကို ဇွန်းနှင့်ခပ်ကာ ကလေးငယ်လို ကျွေး၍နေသည်။

အတွတ်နှင့် မွေးသည်လည်း အပြင်သို့ ခဏထွက်လာကြသည်။

“မင်းကလည်း ကျောင်းမနေရတာတွေ၊ စာမေးပွဲ မဖြေဖြစ်တာတွေ လွှတ်ခနဲ လွှတ်ခနဲ မပြောပါနဲ့ကွာ၊ ကြီးကြီးတင် စိတ်မကောင်းဘူး”

“အေးကွယ်... မွေး နောက် သတိထားပါ့မယ်”

“ဒီနေ့ ဓာတ်မှန် Result ရော၊ တံတွေးစစ်စာရော ရခဲ့ပြီ။ ကြီးကြီးတင် ရောဂါက တော်တော် ကျွမ်းနေပြီ။ တကယ်လို့ ဆေးရုံမှာနားပြီး တနှစ်လောက်ကြာလို့ ညာဘက်အဆုတ် ကောင်းသွားရင် ဘယ်ဘက်ကို ခွဲစိတ်ပြီး ထုတ်ပစ်ကုသရင်တော့ ကောင်းမယ်တဲ့။ ဒါက

ဒေါက်တာသန်းအောင်ပေးတဲ့ အကြံဉာဏ်ပဲ။ ကိုယ်လည်း သူယူဆပုံကို သဘောကျပါတယ်”

မွေးက နားထောင်ရင်း ခွေနုန်းနုန်း ဖြစ်သွား၏။ သည်ရောဂါမှာ ကြီးကျယ်ခမ်းနားရုံမက ရှည်လျားစွာ အနားယူရခြင်း၊ အဖိုးတန် အားရှိသော အစားအစာများကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် စားနေရခြင်းမှာ လူနာများအတွက် စိတ်မောစရာ ဖြစ်သည်ကို မွေးက နားလည်ပြီးဖြစ်၏။

“ဆေးရုံမှာ နားတာတော့ ပိုပြီးကောင်းတာပဲ။ ဒါပေမင့် ရန်ကုန်ဆေးရုံကြီးရဲ့ အဆုတ်နာ အခန်းအကြောင်းကို အတွတ် သိမှာပေါ့”

အတွတ်က ခေါင်းညိတ်ပြလိုက်၏။

“နေရာ... နေရာဟာ သိပ်လိုတာပဲ။ တော်ရုံလူနာဟာ ဒီအခန်းတက်တာနဲ့ အချင်းချင်း ပြန်ကူးမှာတောင် စိုးရတယ်။ ပြီးတော့လည်း ခုတင်တခု ရဖို့ဟာ မလွယ်ဘူး”

အတွတ်က စိတ်ပျက်စွာ ပြောပြ၏။

“အေးကွယ်...ပိုက်ဆံခန်းကို မွေး ကြိုးစားမယ်။ မေမေ သဘောတူရင် တင်ရအောင်”

“ဒါကလည်း မွေး စဉ်းစားကြည့်၊ အထူးခန်းတခုလုံးမှ ဒေါက်တာသန်းအောင်က နှစ်ခုတင်ပဲ ရတယ်။ တီဘီလူနာတယောက် တခါ နားရင် ခြောက်လကနေ တနှစ်အထိ ကြာတယ်။ နောက်တယောက် တက်ဖို့ ဘယ်လောက် စောင့်ရမလဲဆိုတာ စဉ်းစားကြည့်ပေတော့၊ ကိုယ် တီဘီရိုးရိုးအခန်းတွေဘက် ကျတုန်းက တော်တော်စိတ်မချမ်းမြေ့စရာတွေ တွေ့ခဲ့ရတာပဲ။ နားချင်တယ် ထားဦး၊ နေရာမရှိလို့ ပြန်လွှတ်ခဲ့ရတာတွေ၊ လာပြတုန်းအချိန်က အချိန်မီ ရောဂါအခြေအနေက မဆိုးသေးပေမယ့် နေရာကြောင့် ပြန်သွားရပြီး ပြန်လာတော့ ရောဂါလွန်နေတာတွေဟာ တော်တော် စိတ်မချမ်းမြေ့စရာပဲ။ ဒေါက်တာတွေအနေနဲ့လည်း ဆေးနဲ့ကုသနည်းသာ တတ်နိုင်တာကိုး။ အခန်းပြဿနာ၊ ခုတင်ပြဿနာကို သူတို့ သိပ်ခေါင်းခဲတာပဲ”

“ဒီလိုဆို မေမေ့ကိစ္စ ဘယ်လိုလုပ်ရင် ကောင်းမလဲ”

“အတွတ်လည်း ဒေါက်တာသန်းအောင်ကို တိုင်ပင်ကြည့်မှာပါ။ ခု ဒီခြံက လေကောင်း လေသန့် ရသားပဲ။ ဒီမှာနားနိုင်ပါတယ်။ မွေးတို့ကိုယ်ကိုလည်း ဂရုစိုက်ပါ။ သောက်ရေခွက်၊ စားခွက် မရောဘဲ သီးခြားထား။ ကိုယ်လည်း

ဆေးမှန်မှန် လာထိုးမယ်။ ဒေါက်တာ သန်းအောင်က အခန်းအားတဲ့အခါ အကြောင်းကြားမယ်တဲ့။ ဒီတော့မှ အထူးခန်း တင်တာပေါ့။ အထူးခန်းမှာဆို ကြီးကြီးတင်လည်း စိတ်ချမ်းသာမယ်။ ရိုးရိုးအခန်းက လူနာအချင်းချင်း မြင်ရတာနဲ့ စိတ်မချမ်းသာပြီး ရောဂါတိုးမှာ”

မွေးသည် ခေါင်းငုံ့ကာ နားထောင်မြဲ နားထောင်နေ၏။

“ကဲ... ကိုယ်ပြန်ဦးမယ်၊ ကိုကိုနိုင်လည်း တွေ့တဲ့အခါ အတွက်ခေါ်လာခဲ့ဦးမယ်”

မွေးက ခေါင်းတချက် ညိတ်ပြကာ ကျန်ရစ်တော့သည်။

ကိုကိုနိုင် ခွင့်ရက်မစေ့၍ မပြန်သေးခင် အတွက်သည် နှစ်ကြိမ်လောက် ကိုကိုနိုင်ကို မွေးတို့အိမ်သို့ ခေါ်လာခဲ့သည်။ နောက်ပိုင်းတွင် ကိုကိုနိုင်သည် သူတယောက်တည်း ခဏခဏ သွား၏။ မွေးတို့မိသားစုကို တွေ့တွေ့ချင်းပင် မိတ်ဆွေဟောင်းများလို ရင်းရင်းနှီးနှီး ဆက်ဆံသည်။ တခါတရံ မျက်နှာပြုံးလိုက်၊ ငိုလိုက်နှင့် ကွေးနေအောင် ကနေသော မွေးအဖေကြီးနှင့် ပင် ခြံထောင့်၌ စကားလက်ဆုံကျအောင် ပြော၍ နေတတ်ပေသေးသည်။

နောက်ဆုံးပြန်ခါနီး တခေါက်တွင်မူ ကြီးကြီးတင်၏ အိပ်ခန်းထဲ၌ ရောဂါအကြောင်းများ၊ သူ့စစ်တပ်အကြောင်းများကို ပြော၍ပြနေ၏။ ကြီးကြီးတင်ကလည်း တော်လှန်ရေးအကြောင်း၊ သူ့သားအကြောင်းကို ပြန်လည်ပြောရင်း သူတို့ရင်းနှီးပုံများမှာ အံ့ဩစရာလို ဖြစ်၍လာတော့သည်။

သူတို့နှစ်ယောက် ပြန်ချိန်တွင်မူ မွေးသည် ခြံဝသို့ လိုက်၍ပို့၏။ ကိုကိုနိုင်က သူ့ကားကို မောင်း၍ ထွက်သွားသည်အထိ မွေးကို လက်ဝှေ့ယမ်းကာ နှုတ်ဆက်လိုက်သေးသည်။

“မွေးလည်း တော်တော်ပိန်တယ် အတွက်၊ ကျန်းမာရေး ဂရုစိုက်ခိုင်းပါဦးဗျာ”

ကိုကိုနိုင်က ကားမောင်းရင်း အတွက်ကို ပြော၏။

“ဒဏ်ကလည်း ပြင်းတယ် ကိုကိုနိုင်။ ရန်ကုန်မှာ ငွေရှာရတယ်။ ကျောင်းကလည်း တဖက် တက်နေရတယ်ဆိုတာ လွယ်တာ မဟုတ်ဘူး။ ညနေ ရုံးဆင်းချိန်ကျရင်လည်း သတင်းစာတိုက် တခုမှာ အလုပ်သင်ပြီး ဝင်ကူနေတယ် ကြားတယ်။ အဲဒီက သူ ငွေပိုလေး ဘာလေး ရသတဲ့။ အယ်ဒီတိုရီရယ်အဖွဲ့ထဲတောင် ပါသလိုလိုပဲ။ မွေးက ခေါင်းကလည်းမာ၊ ဘယ်သူ့အကူမှလည်း လက်မခံဘူး။ ပြီးတော့ တီဘီလူမမာတယောက်

အိမ်ရှိနေတယ်ဆိုရင် ငွေကတော့ ဒလဟောပဲ။ သူများ မိန်းကလေးဘဝကို စကြတယ် ဆိုတာက သူညက စရတာ။ မွေးက သူညမှာ နောက် အနုတ်လက္ခဏာ ပါသေးတယ်”

“ကျွန်တော်တော့ မွေးကို ဘာသဘောကျမှန်း မသိဘူး၊ သိပ်သဘောကျတာပဲ။ သူ့ပုံစံဟန်ပန်က စစ်သားလို ပြောရရင် မာတယ်၊ သွက်တယ်၊ ထက်ပုံရတယ်ဗျ။ မျက်လုံးကရော၊ အတွေးအခေါ်နဲ့ စွမ်းရည် အတော်ရှိတဲ့ မျက်လုံးမျိုး”

အတွတ်ရင်ထဲတွင် တဒိတ်ဒိတ် ခုန်လာပြန်သည်။ ယခု ရင်ခုန်သံသည် လွန်ခဲ့သော ခုနစ်နှစ်ကျော် ရှစ်နှစ်လောက်က ရင်ခုန်သံနှင့် ထပ်တူထပ်မျှပါတကား။ ဘုရား ဘုရား၊ လွန်ခဲ့သော ရှစ်နှစ်လောက်က မွေးတို့အိမ်သို့ ဖရက်ကို သူပင် ခေါ်လာခဲ့သည် မဟုတ်ပါလား။

“စကားပြောပုံကလည်း မရှင်းဘူးလား၊ မပြတ်သားဘူးလားဗျာ။ ကျွန်တော်သာ မွေးနဲ့ စကား ပြောနေရရင် ဘယ်တော့မှ ငြီးငွေ့မယ် မထင်ဘူး”

ကိုကိုနိုင် စကားသံသည် ကားမောင်းရင်း လေတိုးသံကြောင့် မကြားပါရစေနှင့်ဟု အတွတ်က ဆုတောင်းမိ၏။ သို့သော် စကားသံများမှာ ပိုမို၍ပင် ပြတ်သားစွာ ကြားနေရပေသည်။ ကိုကိုနိုင်သည် နောက်နှစ်ရက်တွင်ပင် မေမြို့သို့ ပြန်သွားခဲ့ပေသည်။

ဧပြီလ၏ နောက်ဆုံးပတ်သို့တိုင်လျှင် စာမေးပွဲ အောင်စာရင်းများ ထွက်လာခဲ့သည်။ မွေးတို့ညီအစ်မ သုံးယောက်လုံး စာမေးပွဲ အောင်မြင်ကြသည်။ အတွတ်သည်လည်း အမ်ဘီဘီအက်စ် ဒီဂရီရ၍ ကိုကိုနိုင်လည်း ဘီအေအောင်၍ သွားတော့သည်။

အတွတ်က သူကိုယ်တိုင် အောင်သည်ထက် မွေး အောင်သည်ကို ပျော်ရွှင်ကျေနပ်၍ မဆုံးပေ။ သူ့အတွက်မူ လန်ဒန်သို့ ဆက်လက်ပညာသင်သွားဖို့ စီစဉ်နေသည်။ ဒီကြားအချိန်တွင် မွေးနှင့် မေမေ့ကို သူ ဘယ်လို ဖွင့်ပြောရပါ့။ အလိုလိုသာ မွေးသည် သူ့စိတ်ကို သိတတ်ပါလျှင် မည်မျှအဆင်ပြေမလဲဟု စိတ်ကူးကလည်း ယဉ်ပေသေးသည်။

မွေးက လက်ခံသည် ဆိုမှလည်း မေမေ့ကို ပြောချင်သည်။ မေမေကတော့ ပင်ကိုက ပေးစားချင်ချင်မို့ မွေးတို့မေမေကို နားဖောက်ဖို့ အများကြီးလွယ်သည်။ မွေးကများ ခေါင်းခါ လိုက်ပါလျှင် သူ ရင်ကျိုးရချေရဲ့၊ တယောက်တည်း မထွေးနိုင်၊ မအန်နိုင်နှင့် နိုင်ငံခြားသို့ ထွက်ခွာရမည့် အချိန်မှာ တဖြည်းဖြည်း နီးလာတော့သည်။

ကြီးကြီးတင်ကို သွားကြည့်ရသည့် ညနေတိုင်း မွှေးမျက်နှာကိုသာ ပန်းပွင့်အလှ ကြည့်သလို ကြည့်၍ပြန်ခဲ့၏။ သူ့ရင်ထဲတွင် ဘာတွေ ဖြစ်နေသည်ကို စာထဲတွင်လည်း ချရေးလို့ မရ၊ ပါးစပ်ကလည်း ဘယ်က စပြောရမည်ကို တွေး၍ မတတ်ပေ။

တညနေကများ မိုးတွင်းဖြစ်၍ စံပယ်ပန်းများ လှိုင်လှိုင်ဖူး၍ နေချိန်ဖြစ်သည်။ အေးမှတပါး ကျန်ညီအစ်မသုံးယောက်မှာ စံပယ်ဖူးများကို ခူး၍ ဗန်းခုံးလေးများထဲတွင် ထည့်နေကြသည်။ သူသည် ကြီးကြီးတင်ကို ဆေးထိုးပြီး အိမ်အဝထွက်ကာ မတ်တတ်ရပ်နေသည်။ မွှေးတို့ဆီသို့ မျှော်ကြည့်ရင်း စိတ်က အလိုလိုမောနေသည်။ ဤခေတ်တွင် သူ့လို နှုတ်နှေးသူ သူငယ်တယောက် ရှိနေသေးသည်ဆိုလျှင် မည်သူကမျှ ယုံမည် မဟုတ်။

နေ့လယ်က မိုးစိမ့်စိမ့်ရွာထားသောကြောင့် မြေမှာ သိပ်နေသည်။ ညနေ နေသာပုံလေးသည် ရွှင်ကြည်ကြည်နှင့် လေကလည်း အေးမြမြ တိုက်လာသည်။ မွှေးအနားသို့ သွားရန် ဆုံးဖြတ်လိုက်၏။ ဘာပဲဖြစ်ဖြစ် မွှေးကို လက်ထပ်ပြီး လန်ဒန်ကို တပါတည်း ခေါ်သွားမည့်အကြောင်းကို သူသည် ဘာစကားမျှ ပလ္လင်မခံဘဲ ပြောရန် ထွက်သွားတော့သည်။

မွှေးရှေ့ရောက်လျှင် မွှေးသည် လက်ထဲမှ ပန်းပွင့်တချို့ကို သူ့ကို လှမ်းပေးလိုက်၏။

"မိုးရေ ထိသွားပေမယ့် ပန်းလေးတွေက မွှေးနေတုန်းပဲ အတွတ်ရယ်"

အတွတ်သည် ဘာမျှမပြော။ မွှေးကိုကြောင်၍ ကြည့်နေသည်။ နှုတ်ခမ်းများ လှုပ်ရန် အားယူပြီးမှ...

"ကြီးကြီးတင်ဟာ မိုးအေးလို့ထင်တယ်၊ ရောဂါတိုးနေတယ်" ဟု ပြောချလိုက်သည်။ မွှေးသည် သူ့မျက်နှာကို ထိတ်လန့်သလို ဖျတ်ခနဲ ကြည့်ကာ မြေပေါ်မှ ဗန်းခုံးကလေးကိုပင် မကောက်တော့ဘဲ အိမ်ထဲသို့ ပြေးဝင်သွားတော့သည်။

အတွတ်သည် သူ့အဖြစ်ကို ရယ်ရမလား၊ ငိုရမလား တွေး၍မတတ်တော့ပေ။ စိတ်ထဲမှာလည်း ရှုပ်ထွေးလာတော့သည်။ တချီဖြင့် လွတ်၍သွားပြန်သည်တကား။

ယခုလည်း မေမေက မွှေးတို့အိမ်ကို သွားနှုတ်ဆက်ရန် ပြောနေသည်။ မနေ့ကပင် ကြီးကြီးတင်ကို သွားကြည့်ရင်း သူ လာနှုတ်ဆက်မည့်အကြောင်းကို ပြောပြခဲ့သည်ဟု ဆို၏။ သူသည် ကားလေးကို ကိုယ်တိုင်မောင်းကာ

ကမာရွတ်ဘက်သို့ ထွက်လာတော့သည်။ မွေးတို့ခြံဝတွင် ဖီးယက်မီးခိုးရောင်ကား တစီးကိုလည်း တွေ့ရသည်။

"ဘယ့်နှယ်လဲ၊ ကောလိပ်ကျောင်းသူ အသစ်စက်စက်ကြီး စာလိုက်နိုင်ရဲ့လား"

"လိုက်နိုင်ပါတယ်"

အထွေးက သူ့မေးခွန်းကို ဖြေ၏။ သည်လိုပြောရဖို့ နှုတ်က သွက်သလောက် မွေးနှင့် ဟိုလိုပြောရဖို့ အချိန်ဆိုလျှင် သူနှုတ်လေးလှသည်။ ကြီးကြီးတင်ခုတင်ဘေးတွင် ကိုကိုနိုင့်အမေကို တွေ့ရသည်။

"အတွတ်ပါလား၊ ထိုင် သားရေ... မောင်မောင်နိုင့်အမေကို သားသိတယ် မဟုတ်လား"

"သိပါတယ်"

အတွတ်က ပြုံးကာ ပြန်၍ နှုတ်ဆက်လိုက်သည်။

"ဒါလည်း ကျွန်မသား ဆိုပါတော့၊ ဝါးခယ်မတဖက်ကမ်းမှာ ခြံချင်းကပ်ရက် တမြေတည်းနေ တရေတည်းသောက်တွေပေါ့"

ကြီးကြီးတင်က သူ့အကြောင်းကို ဖော်ပြောနေသည်။

"အတွတ်တော့ မောင်မောင်နိုင်ကလည်း ခင်ပါတယ်"

ကိုကိုနိုင့်အမေကြီးမှာ ကိုကိုနိုင်လို မဟုတ်။ အသားလတ်၍ ခပ်နွဲ့နွဲ့ ဖြစ်သည်။ ဘယ်တုန်းကများ အမေကြီးမှာ သည်အိမ်ကို ဝင်ထွက်နေသည်ကို အတွတ်က မသိပေ။

"သား... ဘယ်တော့လောက် လန်ဒန်သွားမလဲ"

"ရှေ့အပတ် ဗုဒ္ဓဟူးနေ့ပဲ ကြီးကြီးတင်၊ ကျွန်တော်မရှိလည်း အားမငယ်ပါနဲ့။ ကျွန်တော့်ဆရာ ဒေါက်တာသန်းအောင်ကလည်း လာကြည့်ပါ့မယ်တဲ့"

"အေးကွယ် သာဓု သာဓု၊ အတွတ်ကိုလည်း ကြီးကြီး အများကြီး ကျေးဇူးတင်ပါတယ်"

အတွတ်သည် ခေါင်းငုံ့နေ၏။

"ကျွန်တော် မွေးကို သွားရှာဦးမယ်""

သူသည် အဖွားကြီးနှစ်ဦး အနားမှ အသာထလာခဲ့သည်။

မွှေးတို့အိမ်မှာ တဲသာသာမို့ ယခင်လို စာဖတ်ခန်းဟူ၍ သတ်သတ်မရှိပေ။ မီးဖိုမရောက်ခင် ညီမလေးယောက် စီ၍ အိပ်သော အိပ်ခန်းဝတွင် စားပွဲကလေး ချ၍ထား၏။ မွှေးတို့အားလုံး၏ စာအုပ်များမှာ ထိုစားပွဲပေါ်တွင် ဖြစ်သည်။ သူသည် စားပွဲနားတွင် မွှေးကို ရှာမတွေ့။ စားပွဲပေါ်တွင်မူ အထဲက စာမရှိဘဲ ဖောက်ပြီးထားသော စာအိတ်တခုကို တွေ့ရ၏။

စာအိတ်ပေါ်တွင် “မွှေး” သို့ လိပ်စာတပ်ကာ စာအိတ် ဘယ်ဘက်ထောင့်တွင်မူ “မောင်မောင်နိုင်” ဟူ၍ လက်မှတ်ထိုးထားပေသည်။

သူသည် မီးဖိုခန်းကိုဖြတ်၍ နောက်ဘက် အိမ်အပြင်သို့ ထွက်လိုက်၏။ ခြံစည်းရိုးအနီး တရုတ်စံကားပင်အောက်ရှိ ခုံတန်းလျားလေးပေါ်တွင် မွှေးသည် လျှောက်လွှာစာမျက်နှာ ခုနှစ်မျက်နှာခန့်ရှိ စာရွက်များကို ဖတ်၍နေပေသည်။

သူလာသည်ကို မြင်လျှင်မြင်ချင်းပင် မွှေးက စာရွက်ကို လှမ်းပေးကာ သူ့ကိုခေါ်၏။

“ထိုင်ပါဦး အတွက်ရယ်... အင်မတန်ထူးတဲ့စာ ဖတ်ကြည့်ပါဦး”

အတွက်စိတ်ထဲတွင်တော့ ထိုစာသည် သူ့စားပွဲပေါ်တွင် တွေ့ခဲ့ရသော စာအိတ်ထဲမှ ဖြစ်ရမည်ဟု တထစ်ချ တွက်ပြီး ဖြစ်လေသည်။

“ဘယ်ကလဲ”

“ကိုကိုနိုင့်ဆီကလေ”

အတွက်သည် စာကို လှမ်းယူလိုက်သည်။ စာမှာ လက်ရေးနှင့် ရေးထားသောကြောင့် ပို၍ ရှည်လျားဟန် ရှိသည်။

“မွှေးရယ်... မင်းစာက ဘာစာလဲ၊ ဝတ္ထုစာမူလား”

အတွက်က စာဖတ်ရင်း မေးလိုက်မိလေသည်။

မွှေး....

ယခုစာကို ရေးတဲ့အချိန်ဟာ သန်းခေါင်ကျူးလို့ အရုဏ်ဦးသို့ ပြောင်းတဲ့အချိန်ပေါ့။ တော်တော်လှမ်းလှမ်းဆီက ခပ်ဆွဲဆွဲ တွန်လိုက်တဲ့ ကြက်သံကလေးတွေဟာလည်း လောကဓာတ် တခုလုံးကို ပိုပြီး အိပ်မောကျစေမှာပဲ။ လေညင်းကလေးတွေကလည်း လူတကိုယ်လုံးကို ဖျန်းတော့

ပိုပြီး လန်းနေသလိုပဲ။ သဘာဝလောကကြီးဟာ တယ်ပြီး သာယာပါကလား မွေးရယ်။

ကိုကိုနိုင်တို့မှာ နေ့ရှိသမျှ အချိန်ရှိသမျှ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မီးတွေ လောင်တဲ့အထဲမှာ အာရုံပြုနေကြတော့ ဒီလို သာယာတဲ့ သဘာဝအရသာကို ဂရုမထားနိုင်ခဲ့ ကြဘူး။ ခုတော့မှပဲ မွေးဆိုတဲ့ ညီမငယ်တယောက်ရဲ့ ဂုဏ်ရည်ကလေးတွေကို တွက်ချက်ရင်းပဲ စိတ်အာရုံထဲမှာ မွေးရဲ့သဘာဝအရသာကလေးတွေဟာ ဖျောက်မရအောင် စွဲနေရာက ခုလို သဘာဝအရသာကို ခံစားလိုက်ရပြန်တယ်။

"ဟော့... ကိုကိုနိုင်၊ ကမ္ဘာလောကကြီးထဲ ရှိရှိသမျှ အရသာထဲမှာ ဘယ်အရာကို အတပ်မက်ဆုံးလဲလို့ မေးရင် အဲဒီသဘာဝ အေးမြကြည်လင် အပြစ်ကင်းစင်ပြီး အားယူနေတဲ့ လေညင်းကလေးတွေ၊ အေးချမ်းပြီး၊ ငြိမ်ဆိမ်ပြီး အိပ်မောကျနေတဲ့ လူ့လောကပေါ်မှာ ခပ်အေးအေးကလေး ဖျန်းထားတဲ့လရောင်နဲ့ ပူလောင်မှုကင်းတဲ့ အရုဏ်ဦး ကြက်တွန်သံတွေကို အတပ်မက်ဆုံးပဲလို့ ဖြေရမှာပဲ။

ဒီလိုအချိန်မျိုးလေး ကြုံတုန်းမှာ ကိုကိုနိုင် အတပ်မက်ဆုံး၊ အမြတ်နိုးဆုံးဆိုတဲ့ အကြောင်းအရာကလေးတခုရယ်၊ သူနဲ့ပတ်သက်တဲ့ မေတ္တာတေးချင်းကလေး တပုဒ်ရယ်ကိုတော့ ကိုကိုနိုင်ရဲ့ ဝါသနာအလျောက် သီကုံးလိုက်ချင်သေးတယ်။

အင်း... ဒါတွေရေးပြတော့ မွေးအနေနဲ့ ရယ်လိုက်ချင်မှာပဲ။ ဒါပေ့ါလေ၊ တဦးရဲ့ပင်ကို,ကို နားလည်မထားသေးတော့ အမှန်ကို ရုပ်လုံးဖော်ကြည့်လို့ ဘယ်မှာရနိုင်ပါလိမ့်။ သိပါတယ်၊ မွေးတို့ အမြင်မှာကတော့ ကိုကိုနိုင်ကြီးဟာ ယောက်ျားကြီး၊ စစ်သားကြီး၊ အရာရှိကြီး အစရှိသည်ဖြင့် ပေါ့လေ။ အပြင်ပန်းကို မြင်လိုက်တာနဲ့ တပြိုင်နက်တည်း အတွင်းစိတ်ထားကိုပါ တပါတည်း အရောင်ဟပ်မြင်ကြမှာကိုတော့ သိပါသေးတယ်။ နှလုံးသားကြီးတွေကလည်း ကျွဲပခုံးထအောင် ကြမ်းပြီး မာတယ်။ ဦးနှောက်တွေကလည်း ရွှံ့ဗွက်ရောင် ပေါက်ပြီး မကြည်လင်နဲ့ စသည်ဖြင့် မြင်ကြပေမှာပဲ။

မွေးတို့အမြင် ဒီလိုမြင်မယ်ဆိုတာလည်း မြင်ကြပေမှာပေါ့။ ကိုကိုနိုင်တို့အနေနဲ့ တချို့ အစိတ်အပိုင်းတွေကို သဘောပေါက်အောင်က လုပ်မှ မပေးနိုင်ကြသေးဘဲကိုး။ အမှန်တော့ ကိုကိုနိုင်တို့ တခေတ်သားတွေဟာ အကြောင်းကြောင်းတွေ ဆုံစည်းကြလွန်းလို့သာ အခုလို တိုင်းပြည်ကာကွယ်ရေးမှာ အမှုထမ်းနေကြရတာပါ။ အသည်းကြမ်းကြီးပိုက်မွေးလာပြီး ငါ ကြီးလာရင် စစ်သားကြီး လုပ်ရလိမ့်ဦးမယ်လို့လည်း မသိခဲ့ကြပါဘူး။ သူလိုကိုယ်လိုမွေး၊ သူလိုကိုယ်လို ကျောင်းအတူတူနေပြီး ကြီးလာကြရာက အပေါင်းအသင်း

ပတ်ဝန်းကျင်တွေနဲ့ ကမ္ဘာ့စစ်မီး တောက်လာတဲ့အတွင်းမှာ ထားရာကနေပြီး ပြဇာတ်ကလာကြရသလိုပါပဲ။

တကယ့်တကယ်ကျတော့ သာမန် လုပ်စားကိုင်စားတွေထက်တောင် တခါတခါ နှလုံးသားတွေဟာ နူးညံ့နေကြပါသေးတယ်။

အကြောင်းပြချက်တခု ပေးမယ်။ သဘာဝတရားဟာ အမြဲတမ်း မျှပေးလေ့ရှိတယ်။ အမြဲတမ်း အပူချည်းလည်း မဟုတ်ဘူး။ အမြဲတမ်း အအေးချည်းလည်း မဟုတ်ဘူး။ ကာကွယ်ရေး အတွက် လက်နက်ကိုင်ရတဲ့သူဟာ သာမန်ထက်တော့ သွက်ရတယ်၊ မြန်ရတယ်၊ လျင်ရတယ်၊ မာရတယ်၊ ထက်ရတယ်။

ကဲ- အဲဒီလိုချည်း ရက်ဆက် အပူတပြင်းလုပ်နေတာကို ဘယ်အသည်းနှလုံးက ခံနိုင်ဦးမလဲ။ ပေးထားတဲ့ အပူဒီဂရီထက် တိုးပြီး လောင်မြိုက်ခြင်းကို ဘယ်မှာခံနိုင်ပါ့မလဲ။ အချိန်တန်တော့လည်း အပူဒီဂရီဟာ တက်ရာက ကျလာရတော့တာပဲ။ အဲဒီလို ကျလာတဲ့ အချိန်ကလေးမှာဖြင့် မွေးရယ်... ဘယ်လောက်များ နူးညံ့ပြီး သိမ်မွေ့လိုက်မလဲဆိုတာ၊ ခုလို သဘာဝအရသာကလေးတွေကို ဝအောင် ခံစားလိုက်ချင်တယ်။ ချစ်စရာ၊ ကြည်နူးစရာ၊ မြတ်နိုးစရာ အကွက်ကလေးတကွက် တွေ့လိုက်ရင် ဝအောင်၊ အီအောင် တွေ့ပစ်လိုက်ချင်တယ်။

ကဲ - ကဲ၊ ကိုကိုနိုင်လိုလူနဲ့ သဘာဝ အေးမြသာယာမှုတွေဟာ ဘယ်လောက် ဟပ်စပ်လိုက်မလဲ ဆိုတာကို ဒါလောက်နဲ့ပဲ တခန်းရပ်လိုက်ပါဦးမယ်။

ဒါလောက်ဆိုရင်ပဲ လူမြင်ရုံနဲ့တော့ အသည်းနှလုံးဟာ ဒီလိုနေမှာပဲလို့ ပုံသေနည်းနဲ့ မှတ်မထားနိုင်လောက်ဘူး ထင်ပါတယ်။ ကိုကိုနိုင်ဟာ လူကြမ်းကြီး မဟုတ်ဘူးဆိုတာ သဘောပေါက်ပြီးတဲ့နောက် “လက်ထပ်ကြခြင်း” ဆိုတဲ့ အကြောင်းပေါ်မှာ ကိုကိုနိုင် ယူဆတာကို တင်ပြပါရစေ။

သမီးရည်းစားတဲ့၊ နှစ်ဖက်မိဘက သဘောတူကြလို့ မင်္ဂလာဆောင်တယ်တဲ့၊ မိန်းကလေးက ရိုးလိုက်တာ ဘာမှမသိဘူးတဲ့၊ ဒါပေမင့် အခု အိမ်ထောင်ကျပြီး ကလေးတယောက် မွေးပြီတဲ့ စတဲ့ စကားလုံးတွေဟာ ကိုကိုနိုင်အတွက်တော့ ဘဦး ရေကူးနေသည်၊ ဆေးကုဍ် မရပါဆိုတာလောက်ပဲ။ နားရှိလို့သာ ကြားရတယ်။ အလွတ်ရနေတယ်။ တော်တော်လည်း ရယ်စရာ ကောင်းတယ်။ ရွံစရာလည်း ကောင်းတယ်။ အော့နှလုံးလည်း နာတယ်။ နနွင်းစိမ်းစော် နံတယ်။ ကြက်သွန်နီနဲ့ ဘဲဥရောပြီး ပန်းကန်ဆေးတဲ့ ရေပုပ်ထဲ ပစ်ထားတော့ နံတဲ့အနံ့မျိုး ရတယ်။

အဲဒါတွေကို ချစ်စရာတွေလို့ မအောက်မေ့ဘူး။ လူဖြစ်လာကြပြီး လူ့ဘဝအတွင်း တသက်တာမှာ သံပတ်ပေးထားတဲ့ စက်ရုပ်လိုပဲ၊ ဘာရယ်လို့

မဟုတ်ပါဘူး ထင်ပါရဲ့။ မွေးကြ၊ ကြီးကြ၊ လင်မယား လုပ်ကြ၊ အိုကြ၊ သေကြ။ အဲဒီလို မလုပ်မိမှာစိုးပြီး လုပ်နေကြတာပဲ။ တကယ်တော့ အချစ်ဆိုတဲ့ အသက်ဝိညာဉ် မပါပါဘူး။ ချစ်စရာကလေး၊ ကြည်နူးစရာကလေး၊ သာယာစရာကလေး ဆိုတာက အဲဒါတွေနဲ့ တခြားစီပဲ ထင်ပါတယ်။

မွေးလိုက်၊ ကလေးဖြစ်လိုက်၊ အရွယ်ရောက်လိုက်၊ လင်မယား လုပ်ကြ၊ အိုကြ၊ နာကြ၊ သေကြဆိုတဲ့ သံသရာက လူ့ဘဝရဲ့အတတ်ပညာတခုနဲ့ပဲ တူပါတယ်။ ကိုယ်ချစ်ချင်တာကလေးတွေ၊ ဟင်းခန်း သက်ပြင်းချပြီး လှုပ်ရှားသွားအောင် အကြောတွေစိမ့်၊ အသည်းနှလုံးတွေ ခုန်နေအောင် ချစ်စရာကလေးအတွက် လှုပ်ရှားလိုက်ရတဲ့ လှုပ်ရှားမှုမျိုး ပါမယ်လည်း မထင်ပါဘူး။ ဘာနဲ့ တူသလဲဆိုတော့ တကယ့်ပိတောက်ပန်းကလေးများ အနံ့ရတာနဲ့ လူဟာ တုန်နေပြီး ပန်းအုံကြီးကို လက်ထဲပွေ့ရှူလိုက်ရရင် အာဟာရပြည့်ပြီး လူကို ဝလာတယ်လို့ ထင်ရလောက်အောင် အားရတယ်။ အရောင်တူအောင်၊ အပွင့်တူအောင်၊ အခက်တူအောင် လုပ်ထားတဲ့ ပန်းစက္ကူလိပ်က ဖြစ်လာတဲ့ ပိတောက်ပန်းကျတော့ ပန်းနဲ့တူကလွဲလို့ ဘာ တကွက်များ အရသာတွေ့စရာ ရှိသလဲ။

မရေးတတ်လို့ စကားတွေ လုံးနေရင်လည်း ခွင့်လွှတ်ပါဦး။ စိတ်ထဲက ပြောချင်တာကတော့ အချစ်ဆိုတာဟာ အလွန်အရသာ ရှိရမယ့်ဟာ တခုပဲလို့ ဆိုချင်တာပါ။ အတုတွေကို ချစ်စရာ လုပ်နေတာတို့၊ အချစ်ဘာညာပေါ့လေ... ခေါ်နေကြတော့ တကယ့်အချစ်ရဲ့ အနှစ်သာရဟာ ကြာရင် ပျောက်ကုန်မှာစိုးလို့ ခွဲခြား ရေးနေတာပါ။

မွေးရယ်... ကိုကိုနိုင်ကတော့ မွေးကို ချစ်နေပြီလို့ ဆိုလိုက်ရင် တလုံးတည်း ပြီးတာပါပဲ။ ဒါပေမင့် မွေးက ပြောမှာပေါ့၊ လာပြန်ပြီ အချစ်၊ ဘာအချစ်လဲ၊ နင်ချစ်တာ ငါသိပါတယ်လို့ပြောရင် ကိုကိုနိုင်လိုချင်တဲ့ အချစ်ရဲ့အရသာပါ တသက်အတွက် အဲဒီတလုံးတည်းနဲ့ ပျက်တာပဲ။ အဲဒါကြောင့် အချစ်ကို အလွဲသုံးစားလုပ်တဲ့အထဲ ပါသွားမှာစိုးလို့ ဘာမှလည်း မဟုတ်ဘဲနဲ့ ထည့်နေရတာပါပဲ။

ကဲ - ထပ်ပြီး ရေးပြဦးမယ်၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ကိုကိုနိုင်မှာ အလုပ်ကလည်း ပြီးသွားလို့ ခေတ္တနားချိန်ကလေး ရတယ်။ ကိုကိုနိုင့်မိတ်ဆွေတဦးမှာ အခါလည် သားကြီး ကလေးတယောက်ရှိတယ်။ အခါလည်သာ ဆိုတယ်။ ကလေးကြီးက တုတ်တုတ်ဝဝ ဖြူဖြူ ပုံကြီး။ သူ့မအေနဲ့ ဖအေက မအားလို့ ထင်တယ်။ သူ့ချည်းတယောက်တည်း ဧည့်ခန်းထဲက ကြမ်းပေါ် ထိုင်ထားခဲ့တယ်။ မလှုပ်ဘူး။ ပုံပုံကြီးထိုင်နေပြီး ရှေ့တည့်တည့်ပဲ သူ့မျက်လုံးက ကြည့်နေတယ်။ ကိုကိုနိုင် သူ့ရှေ့ရောက်သွားတော့လည်း တချက်ပဲ လှမ်းကြည့်လိုက်ပြီး မူလ ကြည့်မြဲနေရာပဲ ခပ်တည်တည် ကြည့်နေတယ်။

သူ့မျက်လုံးကြီးက ကြည်မြပြီး ဘာအရိပ်အယောင်မှ မပါဘူး။ အပြစ်ကင်းမဲ့တဲ့မျက်လုံး၊ သူတွေးချင်ရာတော့ တွေးနေမှာပဲ။ ဒါပေမင့် အပြစ်ကင်းမဲ့တဲ့ တွေးပုံမျိုး။ ခြင်္သေ့ကြီးလိုပဲ လက်နှစ်ဖက် ရှေ့ထောက်ပြီး ဖွံ့ဖွံ့ကြီး ထိုင်နေတာပဲ။ ဝါတော် ငါးဆယ်လောက်ရတဲ့ ဆရာတော်ကြီးများ သမထထိုင်နေတာ ကျနေတာပဲ။

ကြည့်ရင်း ကြည့်ရင်းပဲ ကလေးကြီး ပွေ့ခေါ်သွားပြီး လမ်းဘေးကဆိုင်မှာ ကြံရည် တိုက်ဦးမှပဲလို့ စိတ်ကူးပြီး သူ့ကို မ ပြီး ပွေ့ထားတယ်။ ခပ်တည်တည်ပဲ ပါလာတာပဲ။ ကြံရည်ကုလားကလည်း မနေနိုင်ဘူး ထင်တယ်၊ သူ့ကို မပြီး ပွေ့ပြန်ရော။ ကုလားလက်ထဲမှာ ဖြူဖြူပုံ့ပုံ့ကြီး ထင်းနေတာပဲ။ ကြံရည်ခွက် ပါးစပ်တပ်လိုက်တယ်။ တပျတ်ပျတ်နဲ့ သောက်တော့တာပဲ။ ပြီးတော့လည်း စားပွဲပေါ် ပြန်ချထားလိုက်တယ်။ ပုံ့ပုံ့ကြီး ဂွမ်းစိုင်ကြီး တင်ထားသလိုပဲ။ သူ့ကို ကြည့်ရင်း ကြည့်ရင်း ချစ်စရာအကွက် တွေ့မလာဘူးလား။ အင်မတန် သန့်ရှင်း ကြည်လင်ပြီး ဘာဆေးမှ အရောင်မတင်ရဘဲ သဘာဝတောက်ပနေတဲ့ မျက်လုံး၊ အလွန်သန့်ရှင်းတဲ့ သူ့အတွေးအခေါ်တွေ၊ သူ့ရုပ်ရည်၊ သူ့သဘောကောင်းတာတွေဟာ စိတ်ထဲမှာ လှိုက်လှိုက်ပြီး တက်လာတယ်။ သူ့ကို စားပွဲမှာခွဲထားပြီး ကိုယ်က တခြားမှာ ထိုင်နေရတာကို မခံနိုင်ဘူး။ နောက်ဆုံး သူ့ကို တအားပွေ့ပြီး သူ့ကျောကို ပါးနဲ့ အပ်ထားလိုက်ရော၊ လက်ထဲမှာ ခပ်အေးအေးနဲ့ သူ့မျက်စိကလေး မှိတ်ပြီး အိပ်ပျော်လိုက်လာတယ်။

ကဲ… အသည်းနှလုံးတွေဟာ ကြည်လင်မလာဘူးလား။ ဒီနေရာမှာ လုပ်ရမယ်ထင်လို့ ဝတ္တရားအတိုင်း လုပ်တာတွေ တခုမှ မပါဘူး။ အလွန်သန့်ရှင်းပြီး ချစ်စရာအကွက်ထဲမှာ တကြိမ် နစ်မွန်းနေမိတာပဲ။ အဲဒီအချိန်ကလေးအတွင်းမှာ ဘယ်လောက် အေးမြပြီး စိတ်သက်သာလိုက်မလဲ ဆိုတာ တွေးကြည့်ပေတော့။ အဲဒီလို မွန်းပြီး ဝသွားလောက်တဲ့ ချစ်စရာ အချိန်တချိန် တွေ့လိုက်ရတယ်ဆိုရင် လူကို ပိုပြီး အားပြည့်သွားတယ်လို့တောင် ထင်မိတယ်။ နောက်ကျတော့ ဒီကလေးကြီးအပေါ်မှာ ထားလိုက်ရတဲ့ စေတနာ မေတ္တာ၊ အားအားရှိရင် သူ့ဆီကို သွားနေမိတယ်။ ဒီအကောင်ကြီးကို ချစ်တယ်ဆိုတဲ့ စကားလုံးဟာ ဟို ချစ်တယ်ဆိုတာတွေနဲ့တော့ တခြားစီပဲ မဟုတ်လား။

ကိုကိုနိုင့်အနေနဲ့ မိန်းမတယောက်ကို အရမ်းချစ်ပါတယ်လို့ တသက်မှာတော့ တခါမှ မရှိသေးပါဘူး။ ဘာလို့တုံးဆိုတော့ တယောက်နဲ့တယောက် ပေမီချင်မှ မီတာ။ ကိုယ်က ချစ်တယ် ဆိုပေမယ့် သူက ဟိုလို နားလည်လိုက်ပြန်ရော၊ ရှုံ့သွားပြန်ရော၊ အဲဒါလောက်ပဲ ရေးပါရစေတော့။ အတုအယောင် သဘောတွေ များနေတယ်။ ချစ်စရာအကွက် မရှိဘဲနဲ့တော့လည်း ကိုကိုနိုင့်အနေနဲ့ မညာချင်ဘူး။ ညာလို့လည်း ရမှာ မဟုတ်ဘူး။ ရှုံ့လွန်းအားကြီးပြီး

ဟန်လုပ်မရတဲ့ တနေ့ကျရင် ပေါ်မှာပဲ။

မိန်းကလေးတွေကို မြင်လိုက်ရင် ကိုကိုနိုင့်စိတ်ထဲမှာ သူတို့ရဲ့လှုပ်ရှားပုံဟန်နဲ့ သူတို့ အတွေးအခေါ်၊ အဲဒါကိုပဲ မှတ်ထားပြီး ပန်းကလေးတွေနဲ့ ရုပ်လုံးဖော်ပြီး ခပ်ဝေးဝေး စိတ်ကူးထဲမှာပဲ သူကတော့ နှင်းဆီလိုပဲဟာလေး၊ သူကတော့ စံပယ်ပွင့်လေး၊ သူကတော့ ကလော်မှာပွင့်တဲ့ ဒေလီယာကြီးပါ၊ အဲဒါကြီးကတော့ ခေါင်ရန်းပွင့်ညိုးကြီးပဲ ဆိုပြီး စာဖွဲ့ စိတ်ကူးယဉ် အရသာခံမိတာပဲ။ ဘာလို့တုံးဆိုတော့ သူတို့တွေ အနားကပ်လာရင် ကိုယ် စိတ်ကူးသလို မဟုတ်ဘဲ ဟိုကိစ္စက ပါလာ၊ ဒီကိစ္စ ပါလာနဲ့ လူ့ရဲ့အတတ်ပညာတွေ (ပညာတတ် နှိပ်စက်နည်းတွေ) ဟာ ပါလာတော့ စိတ်ပျက်ပျက်သွားတယ်။

သူ့အတတ်ပညာထဲမှာ ကိုယ်နဲ့ နီးစပ်တဲ့ပညာ၊ ကိုယ်နဲ့ မနီးစပ်တဲ့ပညာ ဆိုပြီး ပါလာတတ်တယ်။ ကိုယ်ချစ်တတ်တဲ့ ပန်းကလေးနဲ့လည်း နှိုင်းလို့ရမယ်၊ လုပ်ရည်ကိုင်ရည် အစွမ်းမှာလည်း နီးစပ်မယ်ဆိုရင် ချစ်စရာအကွက်၊ စွဲလမ်းစရာအကွက်၊ တသက်မှာ လက်တွဲ သွားလို့ရမယ့် အကွက်တွေ ပါလာတယ်။

အဲဒီအခါမှာ အခြေအနေက ခွင့်ပြုရင် နီးစပ်ပြီး နောင်တသက်မှာ မိတ်ဆွေကောင်းအဖြစ် တသက်လုံး လက်တွဲသွားလို့ ရတာပဲ။ ပူးပေါင်းလို့ ရတာပဲ။ အဲဒါမှလည်း တအားတက်ပြီး လောကမှာ ကိုယ်နှစ်သက်တဲ့ လုပ်ငန်းမှာ ရှုပ်ရှုပ်ချွံချွံ လုပ်သွားအား ရှိမှာပဲ။

ကိုကိုနိုင့်အနေနဲ့တော့ အချစ်အကြောင်းကို အဲဒီလိုပဲ နားလည်တယ်။ တိုလီမိုလီတွေ ကိုတော့ ထည့်လည်း မစဉ်းစားဘူး၊ နားလည်း မလည်ဘူး...

အတွတ်သည် စာဖတ်ခြင်းကို ခဏနားကာ ကိုကိုနိုင် ဘာဆိုလိုသည်ကို စဉ်းစားရသေး၏။ ပြီးမှ ဆက်၍ ဖတ်ရသည်။

အခုအပိုင်းမှာဆိုရင် မွှေးကို ကိုကိုနိုင်က ဟောဒီလို စိတ်ကူးမိတယ်။ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး ပထမ ကြည့်ရတာကတော့ ပေမီတယ်၊ အသားအရေ ပြည့်ဖြိုး ကျစ်လျစ်တယ်။ အချိုးကျတယ်။ မျက်နှာပြည့်တယ်။ မျက်လုံးက အေးမြကြည်လင်တယ်။ ဘာပဲ အလုပ်တွေ များများ၊ ဆင်းရဲလို့ ဖယားရှုပ်တယ်ပဲ ပြောပြော၊ အဲဒီအကြားကနေပြီး အပြစ်ကင်းတဲ့ တွေးခေါ်ပုံ ရှိတယ်။ ဉာဏ်သွက်တယ်ဆိုတဲ့ မျက်လုံးဟာ ပေါ်နေတယ်။

ကျန်းမာသန်စွမ်းတယ်။ အများစုနဲ့ ကိုယ်လက်လှုပ်ရှား ကစား လေ့ကျင့်ခဲ့ဖူးတယ်ဆိုတဲ့ ကိုယ်လုံးကိုယ်ပေါက် ရှိတယ်။ သွက်လက်တယ်။ အမြဲတမ်း ကြည်လင်ပြီးနေတယ်။ အလုပ်လုပ်နေဖို့ ရွှင်ပျကြည်လင်စွာနဲ့ အသင့်လုပ်ထားတဲ့ဟန်ပန် ရှိနေတယ်။

လုပ်လည်း လုပ်နေတယ်။ အသားအရောင်လည်း မဆိုးပါဘူး။ မိန်းကလေးနဲ့ တူသားပဲ။ သင်ရတယ်။ ယတိပြတ် (clear cct) ရှိတယ်၊ သန့်တယ်။ ခန္ဓာကိုယ်အကြောင်းနဲ့ ပတ်သက်ပြီး လုံလောက်ပြီ။

ကိုကိုနိုင်ရဲ့ မူလစိတ်ဝင်စားဆုံးအပိုင်းဖြစ်တဲ့ နှစ်သိမ့်စရာအကွက်တွေ၊ ဟင်းခနဲ သက်ပြင်းချပြီး အေးအေးကလေး အနားရနိုင်မယ့် အကွက်တွေ (အဲဒါတွေက တသက်တာ တွဲသွားရမယ့် စွဲလမ်းစရာ၊ ချစ်စရာ အကွက်တွေပေါ့) အကြောင်း မြင်သလောက် ပုံဖော်ရရင် သဘောထားကြီးတာက စရမှာပဲ။ ဒီ့ပြင်လူတွေကတော့ ပြောမှာပဲ၊ မိန်းမဟာ အူတိုမျိုးလို့ မဟုတ်ပါဘူး။

အခု မွှေးဟာ အသက်နုနုလေးနဲ့ အိမ်ထောင်ကြီးအတွက် တွက်ခြေချပြီး အလုပ် လုပ်နေတယ်။ မောရပန်းရမှန်းမသိ လုပ်တယ်။ ကိုကိုနိုင်hမျက်စိရှေ့မှာ မြင်နေရတာပဲ။ မခိုမကတ် လုပ်နေတယ်။ အများကိစ္စတွေမှာလည်း ကိုယ်မောလို့ လဲသေပစေ၊ အပြုံးလေး မပျက်ဘဲနဲ့ လုပ်ပေးတာတွေ မြင်နေရတာပဲ။ ဒါမျိုးမှ သဘောထားမကြီးဘူး ဆိုရင် ဘယ်ဟာမျိုးကို ဆိုရဦးမလဲ။

တက်ချင်လိုက်ရတဲ့ တက္ကသိုလ်၊ လိုချင်လိုက်ရတဲ့ ဒီဂရီ၊ အရှုံးကလေးကျနေတာပဲ။ ဒါပေမင့် အောင့်အည်းပြီး အိမ်ထောင်ကြီးအတွက် ကျိတ်ပြီး အလုပ်လုပ်နေရတယ်။ ရေဆန်ကို လက်ပစ်ကူးနေသလို နေမှာပေါ့။ တခါတလေ မောပေမှာပဲ။ ဒါပေမင့် မမောပါဘူးဆိုပြီး ကျိတ်လုပ်နေတယ်။ ဝတ္တရား မလစ်ဟင်းရရုံမကဘူး။ ရေရှည်နဲ့ အကွက်ကျယ်ကျယ်ကြည့်ပြီး စေတနာနဲ့ကို လုပ်ပေးနေတယ် ဆိုတာဟာလည်း ထင်ရှားသားပဲ။

မွှေးရဲ့ရုံးမှာရှိတဲ့ အလွန်တော်ပြီး တတ်နေတဲ့လူတွေအကြားမှာ မျက်နှာကလေး ငယ်ငယ်နဲ့ မမီမကမ်း အကွက်မိအောင် လိုက်နေရတဲ့ ဒုက္ခကိုလည်း မိုတ်ကြိတ်ခံပြီး လိုက်နေတာပဲ မဟုတ်လား။ ထားရာကနေ၊ ကျွေးသလောက် စားပြီး အကွက်မဟာရအောင် လိုက်နေတာဟာ သာမန်မှ မဟုတ်ဘဲ။ ကိုကိုနိုင်တို့ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့မျိုးချစ် တပ်မကော် ရဲဘော်တွေ စိတ်ထားမျိုးပဲ၊ ဘောင်းဘီဝတ်ပြီး သေနတ်မကိုင်တာဘဲ ကွာတာပဲ။ အတွတ်သည် စာကို ခေတ္တကိုင်ကာ ဆက်မဖတ်ဘဲ နားနေရပြန်သည်။

ခုံစွန်းမှ မွှေးကို လှမ်းကြည့်လိုက်လျှင် သူသည် လက်ထဲမှ တရုတ်စံကားပွင့်များကို တဖတ်စီခြွေကာ ငေးကြောင်ကြောင် ဖြစ်နေသည်။

အတွတ်သည် စာရွက်ကို တလှည့်၊ မွှေးကို တလှည့် ကြည့်မိ၏။ သူတို့မတော့ ရေးတတ်လိုက်သည့်ဖြစ်ခြင်း။

သူ့မှာတော့ ပွဲထဲက ပြောသကဲ့သို့ “ကျွန်တော်ပြောမယ့်စကားတွေဟာ

သူပြောတာနဲ့ အတူတူပါပဲ” ဆိုသလိုပင် ကိုကိုနိုင် မြင်သလို မွေးကို သူက မြင်ခဲ့ပါ၏။

သို့သော် သူသည် သူ့ရင်ထဲမှ ခံစားရချက်ကို ကိုကိုနိုင်လို မဖော်ပြတတ်ပါကလား။ ထို့ကြောင့်ပင် သူများ ရေးထားသောစာကို သူ ဆက်ဖတ်ရပြန်၏။

... ကိုကိုနိုင်တို့ စစ်ဗိုလ်ဆိုတာ ကျဉ်းထဲကျပ်ထဲ အခက်အခဲ ရောက်လာရင် ကိုယ့်စွမ်းရည် ကိုယ်အားကိုးပြီး ရွှပ်ရွှပ်ချွံချွံ တိုက်ခိုက်တတ်တဲ့ စစ်သားကို ချစ်တတ်တယ်။ မွေးကလည်း မွေးဘဝတိုက်ပွဲမှာ သတ္တိရှိပုံ၊ ခေါင်းမာပုံ၊ ရွှပ်ရွှပ်ချွံချွံတွေကို ကိုကိုနိုင် အသည်းစွဲခဲ့တာပဲ။ ယောကျ်ားတိုင်းက မတူကြပါဘူး။ တချို့ကတော့ ကလောဒေလီယာလို ဖောင်းဖောင်းအိအိကြီး တွေမှ နှစ်သက်ပေမယ့် ကိုကိုနိုင်ကတော့ ဒါကြီးမျိုးတွေ ကြောက်တယ်။ သူတို့ဟာ အခက်အခဲ ရောက်လာရင် စွမ်းရည် မထုတ်ချင်ဘဲ သူတို့အလှ ရောင်းစားချင်တာပဲ ရှိမယ်။ အဲဒါမျိုးကြီးတွေက ခန္ဓာကိုယ်ချင်းသာ ပူးပေါင်းလို့ ကောင်းမှာ၊ စိတ်ဓာတ်ကတော့ ရမှာမဟုတ်ဘူး။ ခန္ဓာကိုယ်ချင်း ပူးပေါင်းဖို့လောက်အတွက်နဲ့တော့ ကိုကိုနိုင် ကြီးကြီးကျယ်ကျယ် အိမ်ထောင်ကြီးတခု မထူထောင်ပါရစေနဲ့။

တာဝန်တခု မယူချင်ပါဘူး။ စိတ်စေတနာ တကယ်သက်ရောက်ပြီး ပူးပေါင်းနိုင်တဲ့ မိန်းမမျိုးကျတော့ တဘဝလုံး ပခုံးထမ်းပို့ပါရစေ။ ကိုကိုနိုင် မမောပါဘူး။ ပြီးတော့ မိန်းမ ပီသလွန်းပြီး ထမင်းပွဲ ကိုကို လာမှ စားမယ်ဆိုပြီး ထိုင်စောင့်နေတာမျိုးလည်း မလိုချင်ပါဘူး။ ကိုကိုနိုင့်ဘေးမှာ ကိုကိုနိုင်လို စာဖတ်၊ ကိုကိုနိုင် လိုချင်တဲ့၊ ဖြေချင်တဲ့ ပြဿနာတွေမှာ နှစ်ယောက်လက်တွဲ ရှင်းသွားနိုင်ရင် ကိုကိုနိုင် ကျေနပ်ပြီ။

တနေ့က မေမြို့မှာ ရုပ်ရှင်ကြည့်ရင်း ပါလာတဲ့ ကြော်ငြာလေးတခုကို သွားသတိရတယ်။ Tarzan and his made ဆိုတဲ့ ဇာတ်ကားကို ကြော်ငြာထိုးပြတဲ့နေရာမှာ for the love of Tarzan ဆိုတာ ထိုးပြပြီး...

She made her home

She made her love

She made her culture.

ဆိုတဲ့စာကို ပြတယ်။ ဒါကို မြင်တယ်ဆို မွေးကို ချက်ချင်း သတိရတယ်။ အင်မတန် အဖိုးတန်တဲ့ စာပိုဒ်လေး သုံးပိုဒ်ပဲ။ အနောက်တိုင်းက အနုပညာဆရာကြီးက သူ့မင်းသမီးရဲ့ စွမ်းရည်ကို တိုတိုနဲ့

သရုပ်ဖော်ပေးလိုက်တာပဲ။

ကိုကိုနိုင် ဆိုလိုချင်တာလည်း ဒါပဲ။ အဲဒီသုံးချက်ဖြစ်ဖို့ဆိုတဲ့ အမျိုးသမီးဟာ အတော့်ကို ရှားတယ်။ မွေးမှာတော့ သဘာဝကိုက ဒီလိုဖြစ်နေတာ ပါရမီတရပ်ပဲ။ ဒီလိုမိန်းမမျိုးဟာ ဒီ့ပြင်လူတွေနဲ့ညားရင် ဟိုလူအဖို့ သိပ်ကံကောင်းတာပဲ။

ဟိုလူဆိုလို့ မွေးမှာ ဖရက် (ခေါ်) တင်အောင်ထွန်းလို့ခေါ်တဲ့ ချစ်သူ ရှိခဲ့ဖူးတယ်လို့ သိရတယ်။ သူ့အချစ်ကို ကိုကိုနိုင် ဝင်လုတယ်လို့တော့ မထင်စေလိုပါ။ အဲဒီလန်ဒန်ပြန်ကြီးကို စောင့်ဖို့ အခွင့်ရှိသေးရင်လည်း စောင့်ပါလေ။ ကိုကိုနိုင်ကလည်း မွေးကို စောင့်မှာပဲ။

အို... ဘယ်လောက်ပဲ စောင့်ရ စောင့်ရ စောင့်မှာပဲ။ စိတ်ပျက်လိမ့်မယ်လို့တော့ မအောက်မေ့နဲ့။ မွေးမှာ ကလေးခုနစ်ယောက် မွေးပြီးသား အအိုကြီးပဲ ဖြစ်နေပါစေ၊ ကိုကိုနိုင်ကတော့ ချစ်မှာပဲ။ အမှန်တော့ ချစ်တယ်ဆိုတဲ့ စကားလုံးထက် မြတ်နိုးတယ်လို့ သုံးရင် ပိုမှန်မယ်။

ဖရက်လို အချစ်အညွှန့်အဖူးကို မပေးတောင်မှ သဗ္ဗေသတ္တာထက်ကျော်ပြီး ကျွန်တော် မောင်မောင်နိုင့်ကို စေတနာနဲ့ ချစ်စေချင်တာပဲ။

ကဲ... မွေးရယ်၊ အရှေ့ကလည်း ရောင်နီပျိုးလာပြီ။ မေမြို့ရဲ့မိုးတွင်းဟာ ရန်ကုန်လို မဟုတ်တော့ စိမ့်အေးနေတာပဲ။ မွေးဆီကို စာရေးနေရတယ်ဆို စာလုံးလေးတွေကိုက ကိုကိုနိုင်ကို ထွေးနွေးထားသလိုပါပဲ။ စိတ်ထဲရှိတာတွေ ဆက်ရေးရရင် ခုနစ်ည မိုးအလင်းဖြစ်မှာပဲ။ မွေးလည်း စာဖတ်ရလို့ ညောင်းလှရော့မယ်။

အမှန်တော့ ဒီရည်းစားစာဟာ တသက်စာအတွက် ရေးတာပါ။ အခြေအနေ မဟန်ရင်လည်း ဒီစာဟာ နောက်ဆုံးရေးခြင်းပဲ မွေး၊ ဒါလောက် ရှည်လျားတဲ့စာကို သည်းခံဖတ်တာပဲ ကျေးဇူးတင်လှပါပြီ။

ကိုကိုနိုင့်ကို ခွင့်ပြုပါ။

မွေးတယောက် ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ ရွှင်လန်းပါစေ။

ကိုကိုနိုင်

မေမြို့

အတွတ်သည် စာဖတ်၍ဆုံးလျှင် သက်ပြင်းကြီးချကာ မွေးကို

လှမ်း၍ကြည့်ပြန်သည်။ မွေးလက်ထဲတွင် ပွင့်ဖတ်များ အားလုံးခြွေပြီး၍ ပန်းပွင့်အူတိုင်ပင် မကျန်ရစ်တော့ဘဲ အညှာကလေး တခုသာ ရှိတော့သည်။ မွေးမျက်နှာကလည်း အပျိုဖော်ဝင်စက ဖရက်ထံမှ စာလေးများ ရတုန်းကလို ရှက်စနိုး ပြုံးတုံ့တုံ့နှင့် သွေးနီရောင် လွှမ်းနေပုံ မရပေ။ သူသည် ခပ်ငြိမ်ငြိမ်အေးအေးပင် စံကားပင်ပေါ်ရှိ အပွင့်ဖြူများကို ငေးကြည့်နေသည်။

"ကိုကိုတွတ်ရေ... မေမေက ခဏ လာပါဦးတဲ့"

ထွေးက သူတို့ရှိရာသို့ ပြေးထွက်လာကာ လာ၍ခေါ်၏။

"အေးအေး... လာမယ်"

အတွတ်က အထွေးသို့ ပြန်ဖြေပြီး သူ့လက်ထဲမှစာကို မွေးလက်ထဲ ပြန်ထည့်လိုက်၏။

"ကိုယ် ပြန်လာခဲ့ဦးမယ် မွေး၊ ဒီကပဲ စောင့်နေနော်"

မွေးက သူ့ကို ခေါင်းညိတ်ပြ၏။ ကြီးကြီးတင်အခန်းရှိရာသို့ လျှောက်လာသော်လည်း အတွတ်စိတ်ထဲတွင် ပေါ့ပေါ့ပါးပါး မရှိလှ။ သူ အခန်းထဲသို့ ဝင်လာချိန်တွင် ကိုကိုနိုင်၏ မေမေကိုလည်း မတွေ့ရတော့ပေ။

"သား... ကြီးကြီးတင်အနားမှာ ထိုင်ပါဦး၊ မောင်မောင်နိုင့်အမေလည်း ခုပဲ ပြန်သွားတယ်"

အတွတ်သည် ကြီးကြီးတင်ဘေးတွင် ဝင်ထိုင်လိုက်၏။ မျက်နှာအရောင်မှာ အင်မတန် ဖျော့တော့၍ သွေးအားနည်းဟန်ရှိသော်လည်း ကြီးကြီးတင်မျက်လုံးများသည် အရောင်တောက်ပ၍ နေပေသည်။ သို့သော် လက်ချောင်းများက မြောက်ရသည်ကိုပင် အနိုင်နိုင် အားယူရဟန်ရှိ၏။

"သား... သွားခါနီးမှာ ကြီးကြီးတင် ပြောစရာတွေ အများကြီးရှိတယ်"

ကြီးကြီးတင်က "သား" ဟူ၍ ခေါ်လိုက်တိုင်း သူ့ရင်ထဲတွင် ဒိတ်ခနဲ ဒိတ်ခနဲ ဖြစ်၍သွား၏။

"ကြီးကြီးတင်တို့ အခြေအနေကို သားလည်း သိပြီးသားပဲ။ ကြီးကြီးဟာ မောင်အောင်တို့၊ မောင်နောင်တို့ မရှိကြတော့တဲ့နောက် အတွတ်ကိုပဲ သားလို ချစ်ခဲ့တယ်။ ဒီတော့ သားကို ကြီးကြီး ပြောခဲ့ချင်တယ်။ ကြီးကြီးရောဂါဟာ အပြုအစုကောင်းလို့ အသက်ရှင်နေတာပဲ။ အရွယ်ကျလို့ အားဆုတ်ချိန်မှာ ကျွမ်းနေတဲ့ တီဘီရောဂါသမားတယောက်အဖို့ အသက်ရှင်ဖို့ဟာ မျှော်လင့်စရာ

မရှိပါဘူး။ ဒီတော့ ကြီးကြီးတင်မျက်ကွယ်ရောက်ရင် အေးတို့ညီအစ်မတွေဟာ ဘယ်လောက် ကသီမလဲဆိုတာ သားတွေးမိမှာပဲ။ သူတို့မှာ အဖေကျန်ရစ်တယ်ဆိုပေမယ့် ဦးနှောက်ကျပ်ပြည့်တဲ့သူ မဟုတ်၊ အဲဒီအဖေကပဲ သူတို့ကို အားကိုးရမယ်။ သားသိတဲ့အတိုင်း အဒေါ်တွေကလည်း မွေးတယောက် လာနေတာတောင် ဘယ်လိုနေရလဲ။ တိတိကျကျ တာဝန်ယူ အားကိုးဖို့ဆိုတော့ ဆင်းရဲတဲ့သူတွေအတွက် ဆွေမျိုးဟာ မရှိဘူး။ အေးကလည်း အကြီးဆုံးပေမယ့် အင်မတန် အေးရှာတယ်။ သူ့ကို လက်ထပ်ဖို့လည်း ကြီးကြီး ဘယ်လိုမှ တိုက်တွန်းလို့ မရဘူး။ ဒီတော့ မွေးကို လက်ထပ်ပေးခဲ့ဖို့ ကြီးကြီးတင် စီစဉ်ချင်တယ်”

အတွတ်၏ မျက်နှာကလေးမှာ ရွှင်ရွှင်ပျပျ တောက်ပလာသည်ဟု အတွတ်က သူ့ကိုယ်သူ ထင်မိ၏။

“ဟုတ်ကဲ့၊ ဒီအစီအစဉ်ဟာ အင်မတန် ကောင်းပါတယ်”

“ဘုရား... ဘုရား”၊ အတွတ်သည် ရင်ထဲတွင် အလိုလို ဖိုလာပြန်၏။

ဘုရား၊ သိကြား မလို့ သူနှင့် မွေးကို ပေးစားချင်သည့်အကြောင်း ကြီးကြီးတင်က ဖွင့်ပြောခဲ့ပါလျှင် သူသည် သည်တခါတော့ ခေါင်းညိတ်လိုက်တော့မည်။ ကိုကိုနိုင့်စာတွေ ဘာတွေက မွေးစိတ်ကို လှုပ်ရှားအောင် တတ်နိုင်တော့သည်မှ မဟုတ်။ သူက အတင်းဝင်လုသည်လည်း မဟုတ်၊ အကြောင်းက အလိုလို ဖြစ်လာခြင်း ဖြစ်သည်။

“သားကလည်း မွေးစိတ်ကိုသိတဲ့အတိုင်း တချီချီ အင်မတန် ခေါင်းမာတယ်။ သူ့ဖရက်ကလွဲလို့ ကမ္ဘာမြေပြင်မှာ ယောကျ်ားမရှိတော့သလိုပဲ။ မွေးရဲ့ဒုက္ခသုက္ခတွေကို သိတဲ့ တနေ့ ဖရက်ဟာ မွေးကို စွန့်ပြေးမယ့်သူငယ်လေးပါ”

အတွတ်သည် စိတ်ထဲမှ ပြုံးမိ၏။ မွေး၏နောက်ပိုင်းဇာတ်လမ်းကို ကြီးကြီးတင် မသိရှာသေးသော်လည်း ကြီးကြီးတင် ဗေဒင်ကြိုဟောထားသကဲ့သို့ ဖြစ်လာခဲ့ပေပြီ။

“မွေးအပေါ် သဘောထားကြီးကြီးနဲ့ စောင့်ရှောက်နိုင်မယ့်သူမှ မွေးလက်ထပ်လို့ ဖြစ်မှာပဲ။ ဒီတော့ ကြီးကြီးတင်ဆန္ဒက”

အတွက်ရင်များသည် တဆတ်ဆတ် ခုန်ကာ လက်ဖျားများ အေးလာ၏။

“မောင်မောင်နိုင်နဲ့ မွေးကို...”

နောက်ဆက်သော စကားလုံးများကို အတွတ်သည် မကြားသလို

ဖြစ်သွား၏။ မျက်လုံးက ပြာတာတာ ဖြစ်သွားကာ ရင်ထဲ၌ လှိုင်းတံပိုးထလာသလို အခံရ ကျပ်လာတော့သည်။ ဒဏ်ရာ အပြင်းထန်ဆုံးရ၍ သေအံ့ဆဲဆဲလူနာ တွေ့ချိန်ကပင် သူ ဒါလောက် စိတ်မလှုပ်ရှားဖူးပေ။ မျှော်လင့်ချက် ဆုံးပြန်ပြီတကား။

"မောင်... မောင်နိုင်"

သူသည် တလုံးစီ တုန်တုန်ယင်ယင်နှင့် ရေရွတ်၏။ ကြီးကြီးတင်က ဘာမျှ သိရှာဟန် မတူပေ။ စကားစဉ်မပျက် ဆက်ပြော၏။

"အေး... မောင်မောင်နိုင်ဟာ မွေးအတွက် အတော်ဆုံး လက်ထပ်သင့်တဲ့လူလို့ ကြီးကြီး ယူဆတယ်။ သူ့မှာ သဘောထားကြီးရုံမက အတော်ဆုံး အရည်အချင်းက သူဟာ သူ့ကိုယ်ကျိုး ကြည့်တတ်တဲ့ သူငယ် မဟုတ်ဘူး။ သူ့အမေကလည်း သုံးလေးခေါက် ရှိပြီ လာပြီးတော့ မွေးကို တောင်းနေတယ်"

အတွက်သည် တင်းထားသမျှ အားတွေကို အကုန်လျှော့ပစ်လိုက်၏။ ကိုကိုနိုင်က စစ်ဗိုလ်တယောက်ပေပဲ။ တိုက်ပွဲတပွဲကို အောင်နိုင်ရေးအတွက် နည်းပရိယာယ် အမျိုးမျိုး သုံးကာ စစ်ဆင်ရေးတွင် ဘယ်တောင်ပံတွင် ဘယ်သူချီတက်၍ ညာတောင်ပံတွင် ဘယ်သူက ဘာလက်နက်ကို သုံးရမည်ကို ခန့်ခွဲတတ်သူ ဖြစ်၏။ မွေးကိုရဖို့နေရာတွင်လည်း တဖက်က လူကြီးချင်း လွှတ်၍ ချဉ်းကပ်၏။ တဖက်က မွေး၏စခန်းသို့ သူကိုယ်တိုင် ဝင်ရောက် ထိုးဖောက်လာ၏။ အတွက်သည် သူ့ကိုယ်ကိုယ် အလိုလို အထင်သေးသလို၊ ရှုံ့သလို ဖြစ်လာသည်။ ရရှိသည့် အခွင့်အရေးကို မြန်မြန်ထက်ထက်နှင့် ယိုင်ယိုင်ညွတ်ညွတ် ပြုရမည့်နေရာတွင် သူသည် ဘာကြောင့် နှောင့်နှေးခဲ့သည်ကို မတွေးတတ်ပေ။

ကြီးကြီးတင် စကားသံသည် အဝေးကြီးမှ ပြောသလို တိုးတိုး တိုးတိုး ကြားနေရ၏။

"ကြီးကြီးတင် တောင်းပန်ချင်တာကတော့ အတွက်က အတွက်ရဲ့ညီမလေးကို ကူပြီး နားချပေးပါ"

ကြီးကြီးတင်သည် စကားကို အဆုံးသတ်လိုက်၏။

အတွက်သည် သူ့စိတ်ကိုသူ ယခုမှ နားလည်၏။ အမှန်တော့ ကြီးကြီးတင်က သူ့ကို သားလို ချစ်သည်။ မွေးတို့က အစ်ကိုလို ချစ်သည်။ သည်လို မြတ်နိုးသန့်စင်သော အချစ်နှင့် သူ့ကို အားထားတိုင်း သူသည် မွေးအပေါ် ချစ်ခွင့်ကို ဖွင့်ပြောဖို့ရာ၌ တုံ့ဆ တုံ့ဆနှင့် နှောင့်နှေးခဲ့မိခြင်း ဖြစ်၏။

ယခုတော့လည်း အစ်ကိုတယောက်စိတ်မျိုး မွေး၍ ညီမငယ် နောင်ရေးကို မျှော်ခေါ်ကာ နားချပေးရဦးတော့မည်။ သူချစ်သောသူအား သူများနှင့် လက်ဆက်ရန် နားချသောအလုပ် ဆိုသည်မှာ ဆင်းရဲတကာ့ ဆင်းရဲတွင် ကြီးစွာသော ဆင်းရဲပါတကား။

"သား မသွားခင် ကြီးကြီးတင်ကို ဒါတခုတော့ ဆောင်ရွက်ပေးခဲ့ပါ။ ကြီးကြီးလည်း စိတ်ချမ်းသာနိုင်မှာပဲ။ မွေးက သားကို ချစ်လည်းချစ်တယ်၊ နာလည်း နာခံပါတယ်"

အတွတ်သည် ကြီးကြီးတင် မျက်နှာကို စူးစိုက်၍ ပြန်ကြည့်မိ၏။ သူ့တကိုယ်လုံးတွင် ချွေးများပြန်သလို ပူရှိန်းလာပြန်သည်။

"ဟုတ်ကဲ့၊ ကြီးကြီးတင် စိတ်ချမ်းသာအောင် နေပါ။ ဒီရောဂါက စိတ်ချမ်းသာဖို့ အရေးကြီးတယ်။ အတွတ် မွေးကို ရေလည်အောင် ပြောပြပါ့မယ်။ မွေးဟာ ခေါင်းမာတယ် ဆိုပေမယ့် အမေကို သိပ်ချစ်ပြီး အမေ့အတွက်ဆိုရင် သိပ်ငဲ့တဲ့ မိန်းကလေးပါ"

"ကျေးဇူးတင်ပါတယ် သားရယ်၊ သူ့ကိုယ်သူ စက်ကြီးလို အောက်မေ့ပြီး မွေးတယောက် မနားမနေ အလုပ်လုပ်သွားဖို့ကိုလည်း ကြီးကြီးတင် မကြည့်ရက်ဘူး။ ပြီးတော့ သူ့ခန္ဓာကိုယ်ကကော ခံနိုင်မလား။ မွေးဟာ အသက်တိုမယ်"

"ဟုတ်ပါတယ်၊ ကိုကိုနိုင်နဲ့ဆို သူနားရမှာပဲ။ ကျွန်တော် ခုပဲ သွားပြောမယ်"

အတွတ်သည် စိတ်ထဲမှ အားတင်းကာ ထိုင်ရာမှ ထလျှောက်လာ၏။ ကြီးကြီးတင်အနားမှာ ကြာကြာမနေချင်ပေ။ မွေးအနားရောက်ချိန်ထိ အံကြိတ်ထားမိပေသည်။ အသက်ကိုလည်း ပြင်းပြင်းရှူပစ်လိုက်၏။

"မရွှေမွေးရဲ့၊ ခင်ဗျားကတော့ ဘာမှမသိဘူး၊ သိရဲ့လား။ ကျုပ်မှာတော့ ကျုပ် အသည်းကွဲရမယ့် ဇာတ်လမ်းကို ကျုပ်ကိုယ်တိုင် ဝင်ကရတော့မယ်... သိလား"

အတွတ်သည် ယခုလိုပင် အော်၍ ပြောလိုက်ချင်သော်လည်း စကားလုံးများသည် နှုတ်ခမ်းဖျားမှ မထွက်ပေ။ သည်လိုသာ မျိုရဖန်များလျှင် စကားလုံးတို့ အဆုတ်မှာ ကျပ်ကာ တီဘီရောဂါ စွဲရချေရဲ့။

"မွေး၊ ကိုကိုနိုင့်ဆီကစာ ဖတ်ပြီးတော့ ဘယ်လို စဉ်းစားလဲ"

"ဘယ်လိုမှ မစဉ်းစားဘူး"

ခပ်အေးအေးပင် ဖြေပြန်သည်။

"တခုခုတော့ စဉ်းစားရမှာပေါ့ မွေး"

"ဘာ..."

မွေးသည် မျက်လုံးလေးပြူးကာ သူ့ကို အထူးအဆန်းသဖွယ် ကြည့်၍မေး၏။

"စဉ်းစားရမယ်လို့ ပြောတာ။ မွေးရဲ့လက်ထပ်ရေးဟာ မွေးတို့မိသားစုရဲ့ နောင်ရေးပဲ။ မွေးက အားမာန်တွေတင်းပြီး ဒီခရီးအထိ လာခဲ့တာ ဝတ္တရားကျေပါတယ်။ ရှေ့ဆက်ပြီး ကြီးကြီးတင် မရှိတဲ့နောက် မွေးတို့ညီအစ်မတသိုက် နေရေးထိုင်ရေးဟာ မလွယ်ဘူး"

"အတွတ်ကကွယ်၊ ဒီတခါ ကြီးကြီးကျယ်ကျယ်စကားတွေ ပြောလိုက်တာ"

မွေးသည် မျက်လုံးကလေး ပြူးရယ်ရယ်နှင့် ငယ်ငယ်တုန်းက ဟန်မျိုးနှင့် သူ့ကိုဆို၏။ အတွတ်ကတော့ အလွန်မျက်နှာညှိုးနေတော့သည်။

"မှန်တယ် မွေး၊ ဟိုတုန်းကတော့ မင်းနဲ့ ကိုယ်နဲ့ဟာ လယ်ကွင်းဘေးမှာ ရန်ဖြစ်ကြတဲ့ အချိန်တွေပဲ။ တည့်တဲ့အခါလည်း ပြေးလွှားကစားတဲ့အချိန်တွေပေါ့။ အခုတော့ တို့များ နှစ်ယောက်ဟာ တို့ဇာတ်လမ်းတွေမှာ ဇာတ်ကောင်တွေ၊ ဇာတ်လိုက်တွေအဖြစ် ပါလာကြရပြီ၊ ဒီတော့ တို့ဟာ တခါတလေ လေးလေးနက်နက် စဉ်းစားပြီး လေးလေးနက်နက် ပြောရတော့မယ်"

မွေးမျက်နှာသည် အံ့ဩသလို တမျိုးပင် ပြောင်းလဲသွားကာ အတွတ်ကို လေးလေးစားစား ကြည့်၏။

"ကြီးကြီးတင် ရောဂါအခြေအနေကလည်း တည့်တည့်လင်းလင်း ဖွင့်ပြောရရင် သိပ်မဟန်ဘူး။ ဆေးရုံမှာ နားခွင့်ရလို့ အခန်းရတောင် အနည်းဆုံး ခြောက်လ၊ အများဆုံး တနှစ်ပဲ။ သူ မရှိတဲ့နောက် အတွတ်တို့က မွေးတို့ ညီအစ်မတစုကို မောင်လို၊ အစ်ကိုလို..."

သူသည် အသံများ တုန်လာလွန်း၍ စကားကို ခဏရပ်ထားရ၏။ မျက်လုံးကို မွေးမျက်နှာမှ လွှဲပစ်လိုက်ကာ ခြံစည်းရိုးတန်းရှိ ကင်ပွန်းချဉ်ပင်များပေါ်သို့ ကြည့်လိုက်ရ၏။ နောက်စကားလုံးများ အတွက် မနည်းအားယူရပြန်သည်။

"... စောင့်ရှောက်နိုင်တယ်ဆိုဦး၊ အဝေးကပဲ နေနိုင်ကြမယ် မဟုတ်လား။ ဦးလေး ထွန်းအေး ဆိုတာတော့ သူ့ဘဝက သွားပြီပဲ။ မွေးက ဒီလိုပဲ

ဆက်အလုပ်လုပ်သွားမယ်ဆိုဦး၊ ပင်ပန်းလွန်းလှတယ်။ အငယ်မတွေ ဒီဂရီရအောင်၊ ပြီးတော့ ကြီးကြီးတင်စရိတ်ကြွေးတွေ ဘယ်လို တင်လာပြီ ဆိုတာလည်း အတွက် သိပါတယ်။ ဒီတော့ လျှော့လိုက်ပါ မွှေးရယ်။ မင်း လက်ထပ်ပါတော့။ မွှေးလက်ထပ်မှ ကြီးကြီးတင်လည်း အသေဖြောင့်မယ်။ အားလုံးအဖို့လည်း ပြေပြေပြစ်ပြစ် ချောချောမောမော ရှိမယ်”

သူ့အသံသည် ပြောရင်း တိမ်၍ ဝင်သွားသည်။ တံတွေးမျိုချလွန်း၍ လည်ချောင်းသည် ခဏ ခဏ လှုပ်ရှားနေ၏။

“ပြီးတော့ ကိုကိုနိုင့်အပေါ်မှာ အမြတ်ထုတ်တာမှ မဟုတ်ဘဲ။ ကိုကိုနိုင်ကလည်း အားလုံး သိပြီးသားပဲ။ သဘောထားကြီးတယ်၊ ပညာတတ်တယ်၊ ရည်မွန်တယ်၊ အမျိုးချစ်တဲ့စိတ် ရှိတယ်ဆိုတဲ့ လူတယောက်ကိုမှ လက်မထပ်ရင် ဘယ်သူ့ကို လက်ထပ်မလဲ မွှေး။ ကိုယ့်ကို ခွင့်လွှတ်ပါ။ ကိုယ် နှိုင်းယှဉ်ပြရရင် ဖရက်ဟာ တကယ်ဆို မွှေးကို လက်မထပ်ရင် နေပါ။ ဒုက္ခတွေ အနန္တရောက်နေပြီလို့ သိတဲ့အချိန်မှာ မိတ်ဆွေကောင်းအနေနဲ့ ဖြစ်ဖြစ် “မွှေး… ဒီတကွေ့တော့ အားခဲဦး” လို့ အားပေးသင့်တယ်။ Encourage လုပ်သင့်တယ် မဟုတ်လား။ နောက်မှ တဖြည်းဖြည်း နောက်ဆုတ်ချင်ဆုတ်ပေါ့။ ခုတော့ မွှေးအဖို့ တွယ်ရာမဲ့၊ အားကိုးရာမဲ့ အဆိုးဆုံးအချိန်မှာ မွှေးကို မုန်းပြီလို့ လုံးလုံးပစ်ရက်တဲ့သူပဲ။ ဖရက်ဟာ အတွက်နဲ့ အချစ်ဆုံး သူငယ်ချင်းပါပဲ။ ကိုကိုနိုင်ကတော့ မွှေးကို အနစ်နာခံပြီး ချစ်နိုင်တဲ့စိတ်ရှိတယ်။ အဆိုးဆုံးအချိန်မှာ လက်တွဲပြီး ဝင်ကူချင်တဲ့စိတ် ရှိတယ် မဟုတ်လား”

သူသည် မောင်ကြီးက ညီမငယ်ကို ပြောဟန်မျှား တဖြည်းဖြည်း ဝင်လာ၏။ လောင်သော တဏှာဖြင့် ပွမ်းသည့်အချစ်မှ တဖြည်းဖြည်း မွန်မြတ်သော မောင်နှမချစ်သို့ ကူးပြောင်း၍ ပြောဆိုရသောကြောင့်လား မသိ၊ သူ့မျက်နှာသည်လည်း တဖြည်းဖြည်း အေး၍ ကြည်နူးရလာသည်။

“အတွက်တို့၊ ဖရက်တို့ကမှ တိုင်းပြည် မီးလောင်ချိန်မှာ ကျောင်းစာသင်ခန်းက ဖင်နေရာ မရွေ့ခဲ့ဘူး။ ဟိုကောင်ဆို ပညာတော်သင်ဘဝနဲ့ အေးလို့၊ ကိုကိုနိုင်ကြီးလည်း အေးနိုင်သားပဲ။ သူ့တယောက်တည်း။ အတွက်ဆို ခု ဒေါက်တာ ကောင်းကောင်းဖြစ်နေပြီ။ ဒါပေမင့် တိုင်းပြည် မီးလောင်နေပြီဆို သူ့အပေါင်းအဖော်တွေနဲ့ စာသင်ခန်းထဲက ထွက်သွားကြတာပဲ။ အဲဒီ စိတ်ကလေးတွေဟာ မြတ်နိုးစရာ မကောင်းဘူးလား။ မွှေးရဲ့စိတ်ကို သိပ်လည်း တင်းမထားနဲ့။

မွှေးဟာ မိန်းမ၊ အသည်းနှလုံးတို့၊ ဦးနှောက်တို့ ဆိုတာတွေမှာ အကန့်အသတ် ရှိကြတယ်။ သူတို့ရှိတဲ့အား၊ သူတို့ခံနိုင်ရည်အင်အားထက်

အလုပ်ပိုမလုပ်နိုင်ကြဘူး။ လုပ်လာရင် မြန်မြန် ပျက်စီးသွားမှာပဲ။ ခုလို မနားမနေ အလုပ်လုပ်၊ တဖက်က စာသင်၊ တဖက်က တာဝန်ကြီးတခုနဲ့ဆို မွေး မြန်မြန် အသက်တိုမယ်၊ မင်းမေမေကိုကြည့်၊ ငါးဆယ့်သုံးနှစ်ဆိုတာ အများကြီး နေပျော်ပေမယ့် သူ ခံလိုက်ရတဲ့ဒဏ်တွေကြောင့် သူဟာ ရှေ့နှစ်ဆို လူ့လောကမှာ မနေရတော့ဘူး။ မွေး၊ အတွတ် ပြောတာတွေ သဘောပေါက်တယ်နော်”

သူသည် မွေးဘက်ကို ပြန်လှည့်ကာ မေးလိုက်၏။ မွေးသည် ခေါင်းမဖော်တော့။ မျက်ရည်ပေါက်များမှာ မွေးပေါင်ပေါ်သို့ တပေါက်ပေါက် ကျဆင်းနေတော့သည်။ အတွတ်၏ ရင်ထဲတွင်လည်း ထိုအချိန်မှာ ခံစားရသော ဝေဒနာကို ဘယ်လို ထုတ်ဖော်မပြောနိုင်တော့ပေ။

“ကိုယ် နားလည်ပါတယ် မွေး။ မင်းက ဖရက်ကို အသက်လို ချစ်တယ်ဆိုတာ၊ ငယ်က အချစ် အနှစ်တရာ မမေ့သာဘူးပေါ့။ ဒါပေမင့် သူကတောင် ကိုယ့်ကိုစိမ်းပြီး အေမ့ီရင်ခွင်မှာ ပျော်နိုင်သေးတာပဲ။ မွေးက ဆိုးရတာမှ မဟုတ်ဘဲ မွေးရယ်... တိတ်ပါ။ တိတ်၊ တိတ်၊ မငိုနဲ့”

သူသည် တသိမ့်သိမ့်လှုပ်နေသော မွေးပခုံးလေးကို ပုတ်လိုက်၏။

“ကြီးကြီးတင် သိရင် စိတ်ညစ်ဦးမယ်၊ အတွတ်လည်း ပညာတော်သင် သွားရတော့မယ်။ အတွတ်လည်း စိတ်ချလက်ချ သွားနိုင်တာပေါ့”

သူသည် ထိုစကားကို မနည်းဟန်ဆောင် ပြောလိုက်ရပြန်သည်။

“ကဲ... အတွတ် ကြီးကြီးတင်ကို နှုတ်ဆက်ပြီး ပြန်မယ်။ မွေး ငိုတဲ့ရုပ်ကြီးနဲ့ ကြီးကြီးအနား မသွားနဲ့နော်။ တိတ်ပါကွယ်။ လောကကြီးဟာ ဒီလိုပဲ။ ကိုယ်လုပ်ချင်တာ လုပ်လိုက်တိုင်းလည်း စိတ်ချမ်းသာဖို့ အကြောင်းတွေက ဖြစ်ချင်မှဖြစ်လာတယ်။ ကိုယ် မလုပ်ချင်တာကို လုပ်လိုက်ပေမယ့် လည်း စိတ်ချမ်းသာစရာ အကျိုးတွေ ဖြစ်ချင် ဖြစ်လာတတ်တာပဲ။ သွားတော့မယ် မွေး”

သူသည် မွေး၏ ခေါင်းလေးကို ပုတ်ကာ အိမ်ထဲသို့ ဝင်သွားတော့၏။ ဝင်လုဆဲ နေရောင်မှာ ငိုနေသော မိန်းကလေး၏ ပတ်ဝန်းကျင်တွင် ပြန့်ကျဲ၍ နေရစ်တော့သည်။

■

လန်ဒန်သို့ မထွက်ခွာခင် သူသည် ဝါးခယ်မသို့ တညအိပ် ထွက်လာခဲ့၏။ မေမေကတော့ အခြေအနေ မကောင်းသေး၍ သူတို့ဘက်ကမ်းတွင် မအိပ်ဘဲ ဝါးခယ်မဘက်တွင် အိပ်ရန် မှာလိုက်သည်။ အတွတ် စိတ်ထဲတွင်တော့ သူ့အိမ်တွင် အိပ်ဖြစ်အောင်အိပ်ရန် ဆုံးဖြတ်လာခဲ့သည်။

မြို့သည် ကမ်းခြေတလျှောက် တဲများဖြင့် ရှုပ်ပွ၍ နေတော့သည်။ သကျမဟာသီရိ ဘုရားကြီးသာ ရွှေရောင်တဝင်းဝင်း၊ ပန်းရနံ့တသင်းသင်းဖြင့် မပျက်မစီး မပြောင်းလဲသလို ရှိတော့သည်။

ကျန်သည့်အခြေအနေများကတော့ သူ ငယ်စဉ်က နေသွားရသည်နှင့် ဘာမျှမတူပေ။ သူ့ကိုပင် မြို့နေလူများက တစိမ်းတရွာသားတယောက်လို စိန်းစိန်းကြည့်ကြ၏။ ဘုရားဖူးပြီး တဖက်ကမ်းသို့ ဦးကွန့်နှင့်အတူ ကူးလာခဲ့သည်။ ကမ်းနဖူးတွင် အိမ်အိုကြီးနှစ်ဆောင်ကို မြင်လိုက်သည့် တပြိုင်နက် သူ့ရင်ထဲတွင် ဆို့၍သွားသည်။

ရေဆိပ်တံတားကို တလှမ်းချင်း တက်ရင်း မျက်ရည်ဝေ့မလာအောင်ပင် စိတ်ကို တင်းရတော့သည်။ အတွတ်လေးတို့၊ မွေးလေးတို့ ပြေးလွှားကစားသံ၊ တေးသံလေးများ သစ်ပင်များကြားမှ ထွက်လာသလို ဖြစ်လာသည်။

ခုတော့ အိမ်ကြီးနှစ်ဆောင်သည် သေ့ခြောက်နေသည်။ မွေးတို့အိမ်မှာ အသစ်ပြုပြင် မွမ်းမံမည့်သူ မရှိ၍ ပို၍ဟောင်းနွမ်းကာ တချို့အဆောင်များမှာ ယိုင်လုလု ဖြစ်နေတော့သည်။ ပိတောက်ပင်ကြီးတပင်တည်းသာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ရှည်လျားသည့်ဘဝအတွက် ညည်းညူလှုပ်ရှားနေဟန် ရှိပေသည်။

သူသည် ပိတောက်ပင်အောက်တွင် ခဏရပ်လိုက်၏။ ဤနေရာမှဖြတ်ကာ မွေးထံ ခဏခဏ သွားခဲ့ရသည်။ ဤနေရာတွင်ရပ်ကာ မွေးနှင့် မျက်နှာဆိုင်ကာ စကားပြောခဲ့ရ၏။ စိတ်ထဲတွင် မိုးမှုန်လေးများပင် သွန်ကျလာကာ ပိတောက်၏ရနံ့သည် လေတွင် သင်းပျံ့လာခဲ့ဟန်ရှိ၏။

ပန်းများ ပွင့်သောနေ့က သူချစ်သောမွေးကို ဖရက်စခဲ့၏။ ပန်းခိုင်ရွှေဝါပွင့်များကို ပွေ့ကာ ဖက်ကာ ပြေးနေသော မွေးသဏ္ဍာန်ကို မြင်ယောင်ပြန်သည်။

ပန်းရနံ့သည် လေတွင် ပျောက်သွားပြန်၏။ သြော် မိရွှေမွေးကို တမ်းတရသောစိတ်၊ ချစ်ခဲ့ရသောစိတ်တို့ကမူ နှလုံးသားမှ ဘယ်တော့မှလည်း မပျောက်၊ နှလုံးသားအပြင်သို့လည်း ထွက်၍ ဖွင့်ဟရန် ခဲယဉ်းခဲ့လှပါတကား။

သူ အိမ်ဘက်သို့ ပြန်ကူးလာကာ လှေကားကို တလှမ်းချင်း တထစ်ချင်း တက်လာခဲ့၏။ အနောက်ဆောင်သို့ သွားရာလမ်းမှာ ဖုန်များထပ်နေ၍ လင်းနို့ချေးနံ့ နံလျက် ရှိနေပေသည်။ အနောက်ဆောင်သည် ရေညှိများနှင့် စိမ်းညစ်ညစ်ရောင်ပေါက်နေ၏။ သော်ကဘုရားဘက်ဆီသို့ မျှော်ကြည့်လိုက်သောအခါတွင်မူ မျက်ရည်များမှာ ဝေ့၍ လာတော့သည်။

စေတီ၏လုံးပတ်တော်သည် ရွှေရောင်မှိန်ကာ မည်းညိုညိုကြီး ဖြစ်နေတော့သည်။ နားထဲတွင် ချူသံ၊ လှည်းသံ၊ မွေး၏ မျက်လုံးလေးရီရီနှင့် သီချင်းဆိုသံများမှာ စီစီညံညံ ပေါ်လာပြန်၏။ ဝင်ဆဲနေလုံးရဲရဲနှင့် အရောင်ဟပ်နေသော စေတီတော်၏ ကြည်ညိုဖွယ်ရာ သပ္ပာယ်သော မြင်ခင်းသည်လည်း ရိုးရိပ်မျှမြင်ကာ ပျောက်၍ သွားတော့သည်။

"ဦးကွန့်ရေ၊ လာဗျာ၊ ဟိုဘက်က ဦးဆယ်ကိုပါခေါ်၊ ကျွန်တော်တို့ သော်ကဘုရား သွားရအောင်၊ ဖယောင်းတိုင်လည်း ယူခဲ့..."

သူ့နောက်တွင် ရပ်နေသော ဦးကွန့်မှာ ပါးစပ်လေးဟကာ ကြောင်နေသည်။

"အတွတ်ရယ် ဖြစ်ပါ့မလား၊ တော်ကြာ အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ တွေ့နေမှ..."

"အိုဗျာ ကျွန်တော့်မှာ ရန်သူမရှိပါဘူး။ ကျွန်တော်တို့သုံးယောက် စုတ်စုတ်နုပ်နုပ် သွားတာပဲဟာ။ သွားခေါ်ဗျာ၊ သွားမယ်။ လှေပါထုတ်၊ ဒီအချိန်မှာ လယ်ကွင်းထဲက သွားလို့ မဖြစ်ဘူး။ သော်က ကူးတို့ဆိပ်ထိ လှေလှော်၊ ဟိုကျမှ လျှောက်သွားတာပေါ့"

ဦးကွန့်မှာ သူ စီစဉ်သည့်အတိုင်း လုပ်၍ ပေးရှာ၏။

သော်က ကူးတို့ဆိပ်မှ ဘုရားသို့ သွားရာအုတ်လမ်းသည် အတော်ပင် ပျက်စီး၍ နေတော့သည်။ အုတ်လမ်းသည် မိုင်ဝက်ခန့် ရှည်လျား၏။ နှစ်ဖက်မှ ကုက္ကိုပင်တန်းမှာ အချို့အပင်များ ယိုင်စပြု၍နေပေသည်။ ဘေးဘက်လယ်ကွင်းများထဲတွင်မူ စပါးပင်များ စိမ်းပေသေးသည်။ သူတို့ ငယ်ငယ်တုန်းကလိုတော့ ကလေးတို့သည် လယ်ရိတ်သိမ်းပြီးချိန်တွင် ပြေးလွှားဆော့ခွင့် မရှိတော့ပေ။

မငြိမ်းချမ်းသောကာလတွင် ကလေးတို့၏ရယ်သံသည်လည်း ဆိတ်သုဉ်းခဲ့ပြီတကား။ လယ်တောသူတို့၏ တေးသံသည်လည်း ငြိမ်ကာ နွေအလှူခင်းမှ ဗြောသံသည်လည်း ပျောက်ခဲ့ရပြန်ပကော။

တန်ဆောင်းကြီးမှာ ပြိုပျက်နေ၍ အမိုးတခြမ်းပင် ဟင်းလင်းပွင့်နေသည်။ ဂန္ဓကုဋိ တိုက်ခန်းရှိ ကျောက်ဆင်းတုနှစ်ဆူမှာ အလယ်မှ အင်္ဂတေကွဲအက် နိမ့်ကျသွား၍ ဒူးတော်နှစ်ခု ဆိုင်ကာ ယိုင်လဲလု ဖြစ်နေတော့သည်။

မွေးတို့ အခြေပျက်ခဲ့သလိုပင် မွေးဖွားဖွား၏ ဒါနအဆောက်အဦသည်လည်း ပျက်စီး ယိုယွင်းခဲ့၏။ အတွတ်သည် ဦးကွန့်လက်မှ ဖယောင်းတိုင်ကို လှမ်းယူကာ ဘုရားရှေ့တွင် ထွန်းညှိလိုက်သည်။

ဖယောင်းတိုင်အဖျား၌ မီးရောင် တငြိမ့်ငြိမ့် တလှုပ်လှုပ် ထွက်ပေါ်လာလျှင်ပင် လှပသော လက်ချောင်းရှည်ကို သတိရမိပြန်သည်။ မွေးသည် လှပသောလက်ချောင်းများဖြင့် ဤနေရာတွင် တခါက အတွတ်နှင့်အတူ ဖယောင်းတိုင်လေးများ စိုက်ထူကာ ဘုရားမီး ပူဇော်ခဲ့၏။ ထိုလက်ချောင်းလေးများ၏ ပိုင်ရှင်နှင့် တမြေတည်းတွင် မွေးဖွား၍ တရေတည်းသောက်ကာ အတူတကွ ကြီးပြင်းလာခဲ့ပါလျက်နှင့် ချစ်ခွင့်ကိုမူ သူ မရခဲ့ပါတကား။

သူသည် တန်ဆောင်းအပြင်သို့ ထွက်လာခဲ့၏။ လယ်ကွင်းဘက်ဆီမှ လေအေးများ တိုက်ခတ်လာကြသည်။ ဗျိုင်းဖြူအုပ်သည် စိမ်းသောလယ်ကွင်းကိုဖြတ်၍ ညိုညိုပြာပြာ ကောင်းကင်တွင် ပန်းပွင့်တန်းကြီး ရွေ့လျားသလို ပျံ့၍သွားကြသည်။ မွေးနှင့်အတူ ငွေဗျိုင်းဖြူ တို့ကို မကြည့်နိုင်တော့ပြီတကား။

"အဲဒီလယ်ကိုတောင် ကမန်းကတန်း စိုက်ကြ၊ ပျိုးကြရတယ် အတွတ်ရဲ့။ ဝေးတဲ့ ခေါင်တဲ့ နေရာကျတော့ အကြမ်းဖက် သောင်းကျန်းသူတွေကို ဆက်ကြေးပေး၊ အကြမ်းဖက် သောင်းကျန်းသူတွေနဲ့ နားလည်မှုယူပြီး စိုက်ကြပျိုးကြရတာပဲ"

ဦးကွန့်ကတော့ အတွတ်သည် သူ့လယ်ယာများအကြောင်းကို သိချင်မည်ထင်၍ နောက်က လိုက်ကာ ပြောပြ၏။

"မမသောင်းစိန် လယ်သမားတွေထဲကဆို ကိုဖိုးမောင်တို့က တော်တော်သစ္စာရှိတယ်။ ရသမျှ စပါးရော၊ လယ်ခရော မနှစ်က လာပေးရှာတယ်"

"ကဲ... ပြန်စို့ဗျာ"

သူသည် ရှေ့မှ ခပ်စိုက်စိုက်လျှောက်ကာ ဘုရားပရဝဏ်မှ ပြန်ထွက်လာ၏။ ဦးကွန့်ကတော့ စကားတပြောပြောနှင့် နောက်မှ လိုက်လာခဲ့၏။

"ဝါးခယ်မကတော့ ဘုရားတန်ခိုးတော်ပဲ။ မြို့ပေါ်မှာ တိုက်ပွဲ ဖြစ်တယ်လို့ မရှိခဲ့ဘူး။ မြို့ဖျားတော့ ခဏ ခဏ လာပစ်တယ်။ ဒါပေမင့် ရာသီလိုက်ပွဲတော်တွေကတော့ မပျက်ဘူးကွဲ့၊ သီတင်းကျွတ်လည်း စည်တာပဲ။ တန်ဆောင်မုန်းရောက်လို့ ကထိန်ပွဲ ရောက်ရင် မမတို့ကို တယ် သတိရတယ်"

"တော်ပါတော့ဗျာ၊ ကျွန်တော်လည်း အမြဲ လွမ်းရက်ပါပဲ" သူသည် ဒါပဲ ပြန်ပြောလိုက်၏။

သူတို့သည် တိတ်ဆိတ်စွာ လမ်းလျှောက်ပြန်လာခဲ့ကြ၏။

အိမ်ရောက်လျှင် အတွတ်သည် သူ့အိပ်ခန်းလေး ရှိရာသို့သာ တန်းတန်းမတ်မတ် တက်လာခဲ့သည်။ ဦးကွန့်က သူ့အတွက် အိပ်ရာခင်းပေး၏။ သူသည် အိပ်ရာပေါ်လှဲရင်း မမြင်ရသော အငွေ့အသက်တို့ကို ပြန်၍ လွမ်းဆွတ်မိသည်။ သူ လွမ်းဆွတ်တမ်းတချိန်တွင် ဖရက်သည် သူ့ကို သတိမှ ရပါလေစ။ မွေးကရော သူ့ကို တမ်းတပါလေစ။

ညဉ့်သို့ ရောက်သောအခါတွင်မူ မွေး၏ အိမ်ဘက်ဆီသို့ ငေးမောမိပြန်သည်။ အိမ်ကြီးသည် မည်းမှောင်နေသောကြောင့် လရောင်ရေးရေးတွင် မလှပတော့ပေ။ ခြံကြီးထဲတွင်မူ လရောင် အကွက်အပြောက်ကလေးများကို ခပ်ရေးရေး မြင်ရ၏။

တခါက ဤအိမ်ကြီးပေါ်မှ ကြေးစည်သံ၊ ပရိတ်ရွတ်သံတို့သည် သူ့ဆီသို့ အေးငြိမ့်စွာ လွင့်လာကြသည်။ တေးသံနှင့် ရယ်သံသည်လည်း ပျံ့လွင့်လျက် ရှိခဲ့၏။

ယခုတော့ အစိုးမရခြင်း၏သဘော၊ ပြောင်းလဲခြင်းသဘောတို့က ဤအိမ်ကြီး၏ သာယာ ချမ်းငြိမ်းခြင်းကို အားလုံး ဖျက်ဆီး၍ ပစ်ခဲ့လေသည်။

အတွတ်သည် လရောင်မှုန်မွှားမွှားအောက်တွင် တငြိမ့်ငြိမ့်နှင့် ရေအလျဉ်မပြတ်ခဲ့သော မြရောင်မြစ်ကို လှမ်းမျှော်ကြည့်ကာ နောက်ဆုံး ပြတင်းတံခါးကို ပိတ်လိုက်တော့သည်။

■

ရန်ကုန်သို့ နောက်နေ့တွင် ပြန်လာပြီးနောက် ဗုဒ္ဓဟူးနေ့မတိုင်ခင် ညနေတွင် သူ မွှေးကို နောက်ဆုံး တွေ့ခဲ့၏။ မွှေးသည် သူနှင့် ကြီးကြီးတင်တို့၏ အစီအစဉ်ကို လက်ခံကြောင်း ကြီးကြီးတင်ထံမှ သိခဲ့ရ၍ မွှေးကို နောက်ထပ် သူ ဘာမျှမပြောတော့ပေ။

သို့သော် ပြန်ခါနီးတွင် မွှေးအား ခြံဝရှိ ဇီဇဝါပင်နားအထိ သူ ခေါ်လာခဲ့သည်။ မွှေးသည် သံပတ်ပေးထားသော အရုပ်ကလေးလို အသက်မပါသော လှုပ်ရှားခြင်းမျိုးဖြင့် လျှောက်ကာ သူ့နောက်မှ လိုက်ခဲ့၏။

သူတို့အနားတွင် ဇီဇဝါပန်းရနံ့သည် သင်းပျံ့လျက် ရှိသည်။

"မွှေး၊ ကိုယ် နက်ဖြန် သွားတော့မယ်၊ မင်းနဲ့ ကိုယ်နဲ့ ဒီနေ့ နောက်ဆုံးတွေ့ရခြင်းပဲ။ မင်းတို့ လက်ထပ်ပွဲကို မစောင့်နိုင်တဲ့အတွက် ခွင့်လွှတ်ဖို့ ကိုကိုနိုင်ကို ပြောပေးပါ။ ကိုယ်ကတော့ အင်္ဂလန်မှာ သင်ပြီးလည်း မပြန်လာသေးဘူး။ ဆွစ်ဇာလန် သွားမယ် စိတ်ကူးတယ်။ ကိုယ် ပြန်လာချိန်ကျရင် မွှေးလည်း သားတွေ၊ သမီးတွေနဲ့ သိုက်သိုက်ဝန်းဝန်း ရှိရောပေါ့နော်။ မွှေးရဲ့ အိမ်ထောင်ရေးဟာ သာယာချမ်းမြေ့ပါစေလို့ ဆုတောင်းခဲ့ပါတယ် မွှေး...။

"ရော့ - ဒါ မွှေးအတွက်၊ ခေါင်းမာတဲ့ ကောင်မလေးအတွက်၊ အတွတ်ဆီက ဘာအကူအညီမှ မလိုချင်တဲ့ မိန်းကလေးအတွက် အတွတ်ရဲ့ မင်္ဂလာလက်ဆောင်ကို ပေးခဲ့ပါတယ်"

အတွတ်သည် ကျောက်ရုပ်လို ရပ်နေသော မွှေး၏ဘယ်လက်ကို ဆွဲယူလိုက်၏။ မွှေး၏ လက်ခလယ်တွင် သူသည် တလုံးတည်း စိန်လက်စွပ်ကလေးတကွင်းကို ဝတ်၍ပေးလိုက်သည်။ လှပ၍ နူးညံ့သော လက်ဖမိုးလေးကို မ,ယူကာ သူသည် နမ်းရှုပ်လိုက်၏။ မွှေးမျက်နှာကို လှမ်းကြည့်လိုက်သောအခါတွင် ရွဲ၍ဝိုင်းစက်နေသော မျက်လုံးလှလှကြီးတွင် မျက်ရည်များ စို့နေတော့သည်။

မွှေးကို မြင်ခဲ့ရသော တသက်တာ၌ ထိုအချိန်တွင် မွှေး၏မျက်လုံးတို့သည်

အလှပဆုံးပါတကား။

မွေး၏လက်ထပ်ပွဲကို တန်ဆောင်မုန်းလထဲတွင် စီစဉ်ကြသည်။ လက်ထပ်ပွဲမတိုင်ခင် ဆေးရုံမှာ သွားနေချင်သည်ဟု မွေး၏မေမေက ဆိုသည်။ မထနိုင်သော လူနာကြီးတယောက် အဖြစ်နှင့် မင်္ဂလာပွဲတွင် ပါဝင်ရန် အားတုံ့အားနာ ဖြစ်နေပုံရပေသည်။ ဒေါက်တာကလည်း ရိုးရိုးအခန်းတွင် ခေတ္တတက်ရောက်နေမှ ပိုက်ဆံအခန်း ရလျှင်ရချင်း ပြောင်းရသည်မှာ လွယ်ကူကြောင်း၊ ဆေးရုံတွင် ပိုမို၍ သင့်လျော်မည့်အကြောင်း အကြံဉာဏ်ပေးပေသည်။

ကိုကိုနိုင်သည် လက်ထပ်ပွဲမတိုင်မီ တပတ်စောရောက်လာ၏။ မွေးတို့ညီအစ်မတစုအတွက် ကမာရွတ်မှာပင် လက်ရှိအိမ်ထက် ကျယ်ပြန့်သည့် ခြေတံရှည် ပျဉ်ထောင်အိမ်တခုကို ကိုကိုနိုင်၏အမေ ဒေါ်မညွန့်က ရှာ၍ပေး၏။ လူနာကို ဆေးရုံပို့ပြီး သူတို့အားလုံးက အိမ်သစ်သို့ ရွှေ့ပြောင်းကြရန် ဖြစ်ပေသည်။

ကိုကိုနိုင်သည် မွေးနှင့်အတူပင် ဒေါ်တင်တင်ကြီးကို ဆေးရုံသို့ လိုက်၍ပို့သည်။ ၁၅ ပေခန့် ကျယ်သော အခန်းထဲတွင် လူနာအတွက် ခုတင်တလုံး ရပေသည်။ ထိုအခန်းလေးထဲတွင် အားလုံး ခုတင်ခြောက်လုံး ရှိ၏။ ခြေရင်း ခေါင်းရင်း ခုတင်များရှိ လူနာများကို ကြည့်ရသည်မှာ အတော် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ပေသည်။ တကိုယ်လုံး ဝါထိန်ကာ ဖောနေသော မိန်းမကြီးတယောက်မှာ မျက်လုံးပိတ်နေ၍ လူရုပ်နှင့် မတူတော့ပေ။ သူ့ဆံပင်များသည် ကျဲ၍ လက်တဆစ်ခန့်စီ အပေါ်သို့ ထောင်နေပေသည်။ ဆေးရုံ အဝတ်အစားများမှာ များသောအားဖြင့် သွေ့ခြောက်ခြောက်၊ အရောင်အဆင်း ကင်းမဲ့သော အပြာရောင်များဖြစ်၍ လူနာရုပ်မှာ ပိုမို ကျက်သရေ ကင်းမဲ့နေတော့သည်။

မေမေနှင့် အနီးဆုံးခုတင်တွင်မူ ဝါးခြမ်းလောက်ရှိ လက်ချောင်းများကို ထောင်ကာ ညည်းညူနေသော မိန်းမတယောက် ဖြစ်၏။ သူသည် ကိုကိုနိုင်တို့ ရပ်နေသော တနာရီအတွင်း တွင်ပင် ဝမ်းလေးခါမျှ သွား၍ ပြီးပေပြီ။

တောင်ဘက်နံရံတွင်ကပ်နေသော လူနာကမူ မျက်လုံးမှတပါး လှုပ်လှုပ်ရှားရှား မရှိတော့ပေ။ ငြိမ်သက်စွာပင် သေရမည့်အချိန်ကို စောင့်မျှော်နေဟန်ရှိ၏။ မြောက်ဘက်နံရံတွင် ခုတင်လွတ်တလုံး ကပ်ထား၍ ထိုခုတင်အနီးတွင်မူ တရုတ်မကြီးတယောက် ချောင်းတဟွပ်ဟွပ် ဆိုးလိုက်တိုင်း သွေးများပါ၍ ထွေးခံထဲသို့ အန်ချလိုက်၊ ဆိုးလိုက် ဖြစ်နေသည်။ သူ့အသားများမှာ ဖျော့တော့၍ မျက်လုံးတွင်လည်း လုံးဝ အရောင် မရှိသလို ဖြစ်နေတော့သည်။ ကိုကိုနိုင်သည် ဒေါ်တင်တင်ကြီး၏ မျက်နှာကို လှမ်း၍ကြည့်၏။ လူနာသည် စိတ်တင်းထားပုံရသော်လည်း ပတ်ဝန်းကျင် အနိဋ္ဌာရုံများကို

ကြောက်ရွံ့သောဟန်မှာ သူ့မျက်လုံးတွင် ဖုံးကွယ်၍ မရပေ။

ဆရာမတယောက် ရောက်လာ၏။

"ရော့... ဒီဆေးရုံအင်္ကျီတွေကို ဝတ်၊ ဒီမှာ ရှင့်အိမ်က အဝတ်အစားတွေကို မဝတ်ပါနဲ့"

ဆရာမပြောပုံမှာ မာကျောလှသည်။ ဆေးရုံအဝတ်တွေကလည်း ဘယ်လိုပင် ပိုးသတ်၍ သန့်ရှင်းသည်ပြောပြော မျက်စိထဲတွင်တော့ အကွက်မပေါ်၊ အစုတ်ကလည်း ပါသေးသည်။ ကျက်သရေ အတော်တုံးသော အဝတ်အစားများသာတည်း။

မွေးသည် ဆရာမ ပေးသွားသော အဝတ်အစားများကို လှမ်းယူလိုက်ကာ မေမေ့အနားသို့ တိုးကပ်သွား၏။ ကိုကိုနိုင့်စိတ်မှာလည်း အတော်ပင် ရှုပ်ထွေးလာသည်။ လူနာများသည် နှာခေါင်းနှင့် ပါးစပ်တွင် အဝတ်စည်းထားသော်လည်း တာရှည် မတပ်ထားနိုင်ကြပေ။

"မွေးရာ မေမေ့ကို အိမ်ပြန်ခေါ်သွားပါစို့။ ဆေးရုံဆိုတာ စိတ်ချမ်းသာစရာ ကောင်းမှုပေါ့။ ခုမြင်ရတာ ကိုကိုနိုင်တောင် သေချင်တယ်"

မွေးသည် မေမေ့မျက်နှာကို တလှည့်၊ ကိုကိုနိုင်ကို တလှည့် ကြည့်နေ၏။ မေမေကတော့ ဘာမှျ မပြောပေ။

"ကိစ္စမရှိပါဘူး မေမေ၊ ကျွန်တော်တို့ လက်ထပ်ပွဲက တနေရာမှာလုပ်မှာ၊ မေမေ့ကိုလည်း အနှောင့်အယှက် မဖြစ်ပါဘူး"

"သားတို့ကို အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ"

"ဟာ... ကိစ္စမရှိပါဘူး။ ဒီနေရာတော့ မထားချင်ဘူး"

သူတို့ စကားပြောနေတုန်းပင် ဆရာဝန်ကြီး ပေါက်လာ၏။

"မွေး... သိပ်ကံကောင်းတာပဲဟေ့။ ခုပဲ ထားဝယ်ကလူနာ ချက်ချင်း ဆင်းချင်လှချေရဲ့ဆိုပြီး လာပြောတယ်။ သူ့အခြေအနေလည်း အတော်ကောင်းသွားပြီ၊ အခန်းတစ် (ဘီ) အားသွားပြီ။ ကဲ... ပိုက်ဆံခန်း ရွှေ့နိုင်ပြီ"

မွေးမှာ ဝမ်းသာ၍ မဆုံးတော့ပေ။

"အတွတ်ဆီကကော စာလေး ဘာလေး လာရဲ့လား"

"လာပါတယ် အန်ကယ်"

"ကဲ... အန်ကယ် ဆိုင်ရာကို ပြောလိုက်မယ်။ သူတို့ လာရွှေ့လိမ့်မယ်နော်"

ဆရာဝန်ကြီးသည် လူနာကို စမ်းသပ်ကြည့်ပြီး ထွက်သွားမှ သူတို့အားလုံး အသက်ရှူ ချောင်သွားတော့သည်။

"ကဲ... မေမေ အခန်းရွှေ့ပြီးတဲ့အထိ မွှေး စောင့်နေ၊ ကိုကိုနိုင် ငွေပြန်ယူပြီး ဟိုကို လိုက်လာခဲ့မယ်။ ပထမဆုံး ငွေ ၂၀ဝ တင်ထားရသေးတယ် မဟုတ်လား"

မွှေးသည် ဘာပြန်ပြောရမှန်း မသိသလို ငိုင်နေစဉ် ကိုကိုနိုင်သည် ခပ်မြန်မြန် အပြင်သို့ ထွက်သွားတော့၏။

■

ကိုကိုနိုင်မှာ ခွင့်ရက်များများ မရ၍ မေမေ့ကို ဆေးရုံတင်ပြီးပြီးချင်းပင် လက်ထပ်ပွဲကို စီစဉ်ရသည်။ ကိုကိုနိုင်၏အမေမှာ နောက်ဆုံး အခန်းအပ်သည်အထိ လက်ထပ်ပွဲကို သိပ်သိပ်သည်းသည်း စီစဉ်ပေးရှာသည်။ သူ၏ ချိုပြုံးသောမျက်နှာနှင့်ပင် မွှေးအနားကို ခဏ ခဏ ကပ်လာ၏။

"မေမေလည်း အရွယ်ထောက်လာတော့ သား အတည်တကျ ရှိပြီဆိုရင်ပဲ ဘယ်လို ဝမ်းသာမှန်း မသိဘူး။ မေမေ့မှာ သွေးတိုးရောဂါကလည်း ရှိတယ်မဟုတ်လား။ သမီးတို့မေမေ လည်း မြန်မြန် ကျန်းမာလာမှာ၊ သမီး ဘာမှ မပူနဲ့"

မွှေးက သူ့တွင် ထိုမျှ ကြင်နာသော မိခင်လို ယောက္ခမ ရလာလိမ့်မည်ဟု တခါမျှ မမျှော်လင့်ဖူးပေ။

ဧည့်သည်များအားလုံး မရှိတော့သည့်အချိန် ညဘက်ရောက်မှ အဖွားကြီးက အိမ်သို့ ပြန်ရန်ပြင်၏။ ကိုကိုနိုင်ရော မွှေးပါ ကန်တော့ကြ၏။ မွှေးသည် ကားပေါ်အထိ လက်တွဲကာ ယောက္ခမကို လိုက်၍ပို့လိုက်သည်။ ကားထွက်သွားလျှင်မူ ကိုကိုနိုင်သည် သူ့အပါးကပ်၍ ရပ်လျက်ရှိသည်။ အိမ်သည် အမြင့်ဖြစ်၍ ပြတင်းများမှ မီးရောင်မှာ တချို့နေရာများတွင် ခြံထဲသို့ မိုးကာ လင်းနေပေသည်။

"ကဲ... မေမေကရော မွှေးကို ဘယ်လောက်ချစ်သလဲ။ မွှေးကိုယ်ကိုသာ ကန္တာရထဲ ရောက်နေသလို မွှေးက ထင်နေတာ။ အမှန်တော့ အချစ်တွေ၊ အချစ်တွေဆိုတာ မွှေးပတ်ဝန်းကျင်မှာ ပုံသိပ်နေတာပဲ"

မွေးသည် ငြိမ်သက်စွာ ခေါင်းငုံ့နေ၏။ သူတို့နားတွင် လရောင်မှာ ထိန်ထိန်သာ၍ နေတော့သည်။ အံ့ဩဖွယ်ကောင်းသည်မှာ မွေး လက်ထပ်သောနေ့သည် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ဖြစ်၏။ မွေးသည် လမင်းကို မော်၍ မကြည့်ရဲသလို ဖြစ်နေသည်။

လွန်ခဲ့သော ခုနစ်နှစ်က ထိုလရောင်အောက်တွင် မွေးနှင့်အတူ ယှဉ်ရပ်ခဲ့သည်မှာ ဖရက်ဖြစ်၍ ယခုညတွင်မူ သူ့အပါးမှာ ရပ်သူမှာ ကိုကိုနိုင် ဖြစ်ပေသည်။

"ဘယ့်နှယ်လဲ မိန်းကလေးရယ်" ဟု လမင်းကပင် သူ့ကို မေးတော့သလို သူ့စိတ်ထဲတွင် စိတ်မလုံတော့ပေ။

"မွေးကို ခွင့်လွှတ်ပါ လမင်းကြီးရယ်၊ မွေးအပြစ် မဟုတ်ပါဘူး။ မွေးရဲ့ချစ်မေတ္တာဟာ လမင်းကြီးရဲ့ ရောင်ခြည်လိုပဲ အစဉ်သန့်ပြန့်ခဲ့ပါတယ်"

သူသည် စိတ်ထဲမှ လမင်းကို စကားပြောနေမိ၏။

"မွေး"

ကိုကိုနိုင်သည် သူ့ပခုံးလေးကို ဖျစ်ညှစ်၍ ဖက်ထားသော လက်တဖက်မှ မွေး၏ မေးစေ့လေးကို ကိုင်ကာ မွေးမျက်နှာကို ဆွဲယူမော့လိုက်သည်။ မွေးမျက်လုံးများသည် လရောင်ခြည် ကြောင့် အရောင်တဖျပ်ဖျပ် တောက်ပနေသည်။

"မွေး မပျော်ဘူးလားဟင်၊ လရောင်ကလည်း သိပ်လှတာပဲ နော်"

"မွေးက လရောင်ကို ရှက်နေလို့ပါ"

"ဟောဗျာ.."

ကိုကိုနိုင်သည် ပြုံးရယ်လိုက်၏။

"လရောင်ကို ရှက်တယ်လို့"

အဓိပ္ပာယ်နားမလည်သလို ပြောလိုက်၏။

"ဟုတ်တယ်၊ ဟိုလွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က တန်ဆောင်မုန်းလဆန်း ၁၄ ရက် နေ့ညရဲ့ လရောင်အောက်မှာ မွေးတွေ့ခဲ့တာက ယောကျ်ားတယောက်ဆိုတော့ ကိုယ့်သိက္ခာကိုယ် ရှိသေတဲ့

မိန်းကလေးဆိုရင် လမင်းကြီးကို ရှက်တာပေါ့”

“သိပါတယ်ဗျာ၊ ကိုကိုနိုင် မသိတာမှ မဟုတ်ဘဲ။ အဲဒီလူက တင်အောင်ထွန်း (ခေါ်) ဖရက်ဒီ မဟုတ်လား”

မွှေးသည် ခေါင်းငုံ့နေ၏။ ကိုကိုနိုင်က မွှေးကို တင်းကျပ်စွာ ဖက်လိုက်ပြီးမှ -

“ဒီလို လက်ထပ်ညဦးဆိုရင် ချစ်သူနဲ့ မပေါင်းရတဲ့သူတွေဟာ ကိုယ့်အချစ်ဦးကို သတိရတာ ဓမ္မတာပဲ။ ကဲ… ဒါတွေ မေ့လိုက်ပါတော့။ မွှေးရဲ့ဘဝက ဟိုဘက်မှာ ပြည်ဖုံးကားချလိုက်ပြီပဲ။ ဒီမှာဘက်မှာ ကိုကိုနိုင်နဲ့အတူ ကဏ္ဍအသစ်တခု ဖွင့်ရတော့မယ်။ မိန်းကလေးရယ်၊ စိတ်ကို ပျော်ပျော် ထားလိုက်စမ်းပါ။ ကိုကိုနိုင်ဟာ မွှေးကို တကယ်မြတ်နိုးတဲ့သူပါ၊ ယုံစမ်းပါကွယ်”

ကိုကိုနိုင်သည် မွှေး၏ မျက်နှာလေးကို မ,ယူကာ သူ့ပါးနှင့် အပ်လိုက်သည်။ မွှေးပါးပေါ်မှ မျက်ရည်စများကြောင့် အေးသောအတွေ့မှာ ကိုကိုနိုင့်အသည်းသို့တိုင်အောင် စိမ့်၍ သွားတော့သည်။

ခွင့်ရက်စေ့၍ ပြန်သည့်တိုင်အောင် မွှေးနှင့်အတူနေခဲ့ရသော ရက်သတ္တပတ်နှစ်ပတ်ကို ကိုကိုနိုင်က ကျေကျေနပ်နပ် ရှိခဲ့၏။ မွှေးသည် ကျွမ်းကျင်လိမ္မာသော အိမ်ထောင်ရှင်မကြီးဟု မဆိုနိုင်သော်လည်း သူသည် တတ်သမျှ မှတ်သမျှကိုတော့ စေတနာရှိရှိနှင့် ပြုစုဆောင်ရွက်ပေးသည်ဆိုသောဟန်မှာ အမြဲပေါ်လွင်နေ၍ ကိုကိုနိုင်က ကျေနပ်၏။ သည်လိုဟန်ပန်များကပင် လင်သားတယောက်၏ အသည်းနှလုံးကို အစဉ်ပူနွေးစေသည် မဟုတ်ပါလား။

“အမှန်ကတော့ မွှေးကို ကိုကိုနိုင် ခွဲပြီး မထားရစ်ခဲ့ချင်ပါဘူး။ ဒါပေမင့် ကိုကိုနိုင့်နေရာက ရှမ်းပြည်မြောက်ပိုင်း နယ်စပ်ဘက်ကို ပြောင်းရမယ်။ မွှေးအဖို့ ပင်ပန်းမှာစိုးတယ်။ ပြီးတော့ မွှေးမေမေ ကျန်းမာရေးအခြေအနေ ဆိုးနေတုန်း မွှေးကို ခေါ်သွားလို့ ကိုကိုနိုင် ဘယ်တရားမလဲ။ ကျန်းမာရေးကို ဂရုစိုက်၊ အလုပ်လည်း ထွက်လိုက်တော့နော်”

မွှေးသည် သင်္ကလတ်အင်္ကျီကို ဝက်မှင်ဘီးနှင့် ပွတ်တိုက်နေရာမှ ရပ်လိုက်၏။ ကိုနိုင်ကို ကြင်နာစွာ ကြည့်လိုက်ပြန်သည်။

“ကိုကိုနိုင် ခေါ်တဲ့အခါကျရင် မွှေး အလုပ်ထွက်ပြီး လိုက်ခဲ့မယ်။ ခုတော့ ကိုကိုနိုင့်မေဂျာလခနဲ့ မွှေးတို့ တအိမ်ထောင်ရော ကိုကိုနိုင်ပါ ခွဲသုံးရမှာ။ မေမေ့ ဆေးရုံခန်းခက ထိုးဆေး၊ ဘာဆေးမပါ တလကို ၄၅၀ ကျတယ်။

ဒီတော့ မွေး အချိန်ရှိတုန်း အလုပ်လုပ်ပါရစေ”

“အို… ကိုကိုနိုင်ရဲ့ မေမေတယောက်လုံး ရှိပြီပဲကွယ်၊ မွေးကလည်း”

“မဟုတ်ဘူး ကိုကိုနိုင်၊ ကိုယ့်အိမ်ထောင်နဲ့ကိုယ် ဖြစ်လာတဲ့အခါ အမေ့ကို တာဝန် မပေးသင့်ဘူး။ အမေကတော့ လိုရင် ပေးမှာပဲ။ မွေးလည်း သိပ်မကြာပါဘူး။ လေးတို့ ဒီဂရီရပြီးရင် လက်လွတ်ရော၊ တာဝန်လည်း ကျေရော။ ဒီကြားထဲ မွေး ကိုကိုနိုင်ကို ကူပါရစေ။ ခု လခတိုးတော့ ၃၅ဝ ဆိုတဲ့ငွေဟာ မနည်းဘူး။ ဒီအတိုင်းကြီး နေရမှာတော့ မွေး ကိုကိုနိုင့်ကို အားနာတယ်”

“ဟား…ဟား…ဟား”

မွေး ပခုံးလေးကို ထဖျစ်ကာ ကိုကိုနိုင်သည် ခွက်ထိုးခွက်လန် ရယ်၏။

“လင်ကို အားနာတဲ့ မိန်းမတဲ့ကွာ”

သူ့ဘာသာသူ တယောက်တည်း သဘောကျနေတော့သည်။

ကိုကိုနိုင် ပြန်သွားပြီးနောက် မေမေ့အခြေအနေမှာ ဆိုးရွားလာခဲ့သည်။ နေ့ဘက်တွင် အေးက အနားမှာစောင့်ကာ ညဘက်တွင် မွေးက စောင့်၍အိပ်ရပေသည်။ မွေးတို့တွင် သိုက်သိုက်ဝန်းဝန်း အမျိုးအဆွေ မရှိလှပေ။ ဒေါ်လေးမူယာထံကမူ ဟောလစ်တပုလင်း ကိုထွန်းဆောင်ကို အပို့လွှတ်လိုက်၏။ တီဘီဖြစ်၍ လာမမေးရဲကြောင်းကို မှာလိုက်သေးသည်။ မွေးအဖို့ ထိုလောကဓံလောက်ကို မမှုတော့ပေ။

တညဦးတွင်မူ ဒေါက်တာသန်းအောင်သည် အလည်သဘောမျိုး မွေးထံ ရောက်လာခဲ့ သည်။ မေမေက အိပ်ရာပေါ်တွင် မှိန်းနေ၍ သူ့ကို ဝရန်တာဘက်တွင် ဒေါက်တာက စကားပြောရန် ခေါ်သွားလေသည်။

“အတွက်က သွားခါနီး မွေး စိတ်ချမ်းသာအောင် ကူညီဖို့ တတွတ်တွတ် မှာခဲ့တယ်။ အန်ကယ်လည်း သူ့ကို တော်တော်ချစ်တယ်။ ဒါကြောင့် မွေး စိတ်ချမ်းသာပါစေတော့ လို့သာ မင့်မေမေကို လက်ခံလိုက်ရတယ်။ ဆေးရုံတင်စကတည်းက အန်ကယ်တော့ သိပ်အားမရဘူး”

မွေးသည် ဒူးတွင် အားမရှိတော့သလို ယိုင်ညွတ်ညွတ် ဖြစ်သွားတော့သည်။

“ခုလည်း ပွင့်ပွင့်လင်းလင်း ပြောရရင် ဘာမှ မျှော်လင့်စရာတော့ မရှိတော့ဘူး။ အန်ကယ့် သဘောပြောရရင် ငွေကုန်ရုံပဲ ရှိမယ်။ မွေး

တကယ်လို့ အိမ်ပြန်ခေါ်ချင်လည်း ခေါ်နိုင်တယ်။ ဒီမှာ ထားချင်လည်းထား။ ဘယ်ဘက် အဆုတ်တဖက်က ကောင်းလာလိမ့်မယ်လို့ မျှော်လင့်တာ။ မျှော်လင့်သလို ဖြစ်မလာဘူး။ လူကလည်း အရွယ်ကျသွားပြီ မဟုတ်လား။ ညာဘက်တော့ လုံးလုံး မကောင်းတော့ဘူး။ အဆုတ်ကို ထုတ်ပစ်ပြီး ကုဖို့က သူ့မှာ ခံနိုင်ရည်အား လည်း မရှိဘူး။ ဒီမှာလည်း မလုပ်နိုင်ဘူး”

မွေးသည် ငြိမ်သက်နေ၏။ ဘာလုပ်ရမှန်း မသိပေ။

“ကဲ… အန်ကယ် ပြန်ဦးမယ်။ မင်းတို့ ကျန်းမာရေးလည်း ဂရုစိုက်၊ မွေးက ပိန်တယ်”

“ကျေးဇူးတင်ပါတယ် အန်ကယ်။ မွေးလည်း စဉ်းစားပါဦးမယ်”

မွေးနားထဲတွင် ဒေါက်တာ၏ တဒေါက်ဒေါက်နှင့် ဖိနပ်သံမှာ သူ့အသည်းကို ခေါက်နေသလို နာကျင်နေတော့သည်။ ဝရန်တာအပြင်ရှိ အမှောင်ထုသည် ပိုမို၍ အားငယ်စရာ ကောင်းနေတော့သည်။ မွေးစိတ်ထဲတွင် လူတယောက် သေရတော့မည်ကို သိပါလျက်နှင့် ဘာမျှ မလုပ်နိုင်သည်ကို မခံချိမခံသာ ဖြစ်နေသလိုလည်း ခံစားနေရပေသည်။

မေမေ--

မကြာခင် သူ ချစ်သော မေမေ့ကို ခွဲရတော့မည်။

မေမေသည် သူ့ကိုယ်ကိုယ် သူ ကြိုတင်၍များ တွက်တတ်၍လား မသိ။ သမီးလက်ထပ်ပွဲကို အမြန်စီစဉ်ခဲ့သည်။ အခြေတကျ ဖြစ်အောင် စီမံခဲ့ပေသေးသည်။

ဘယ်လိုပင် အလုပ်က မော၍ လူကနွမ်း၍နေဦးတော့ ပြုံးရွှင်ကြည်လင်သော မေမေ့ မျက်နှာက ဆီး၍ကြိုလိုက်လျှင် ချမ်းမြေ့အေးချမ်း၍ သွားခဲ့ရသည်တကား။ ဘာမျှ မကူညီနိုင်သည် ထားဦး၊ မေမေ ရှိနေသေးသည်ဆိုသော အသိက စိတ်ကို အမြဲအားပေးနေသည်။ အိမ်ထောင်ကြီး တခုလုံးကို မေမေသည် အိပ်ရာပေါ်ကပင် စီစဉ်ထိန်းသိမ်းခဲ့၏။

“မွေး… ဟဲ့ မွေး… ဘာငိုင်နေလဲ”

မွေး၏လက်ကို တယောက်ယောက်က ဆွဲလှုပ်နေ၏။ မွေးလည်း ဘေးကို လှည့်ကြည့်လိုက်ပြီး အံ့အားသင့်သွားတော့သည်။

“ဒေါ်လေးသူဇာ… ဒေါ်လေးသူဇာ… မွေးတို့ကို သတိရတယ်နော်”

မွေး၏အသံများ တုန်ကာ မျက်ရည်များမှာ လိမ့်၍ ဆင်းလာတော့သည်။ ဒေါ်လေး သူဇာမှာလည်း အသံတုန်တုန်နှင့် သူ့ကို ကိုင်ရင်း စကားပြန်ပြော၏။

“သတိရပါတယ် တူမရယ်။ ဒေါ်လေးဘဝက အစ်မကလည်း စွန့်ထားတာနဲ့ စိတ်ညစ်ပြီး ဘယ်ဆွေမျိုးနဲ့မှ အတွေ့မခံတာ။ မင်းတို့အားလုံးကို အမြဲသတိရတယ်။ ဝါးခယ်မမှာ မင်းတို့နဲ့ အတူနေခဲ့ရတဲ့အချိန်တွေကိုလည်း အမြဲသတိရ ကျေးဇူးတင်ပါတယ်။ မင့်အမေဟာ ဒေါ်လေးတို့ ကျေးဇူးရှင်မကြီးပဲ။ မင်းတို့အကြောင်းတွေကိုလည်း အမြဲနားစွင့်ရက်ပဲ။ ခု မမတင် နေမကောင်းဘူး ကြားလို့ လာခဲ့တာ”

“ဟုတ်တယ်၊ ဒေါ်လေးမူယာကတော့ တီဘီကူးမှာ ကြောက်လို့တဲ့၊ မွေးတို့အိမ်ဘက်ကို ခြေဦးမလှည့်ဘူး”

“အေး... သူ့သတင်းတွေလည်း ကြားပါတယ်။ မမတင်ကတော့ ဒေါ်လေးအဖြစ်ကို သိပါ့မလား၊ ခွင့်လွှတ်နိုင်ပါ့မလား”

“မေမေဟာ အားလုံးကို ခွင့်လွှတ်နိုင်တဲ့ မိန်းမပါ။ အနစ်နာလည်း ခံနိုင်တဲ့ မိန်းမပါ။ ဒါကြောင့်လည်း သူ လူ့ပြည်မှာ ကြာကြာမနေရတော့ဘူး”

မွေးသည် အသံများ တုန်လာ၏။ ဒေါက်တာသန်းအောင် ပြောခဲ့သည်ကို ဒေါ်လေး သူဇာအား ဖွင့်၍ပြောပြလိုက်၏။ ဒေါ်လေးသည် လူနာအခန်းဘက်သို့ကြည့်ရင်း မျက်နှာကို လက်ဝါးနှင့် အုပ်ကာ ကျိတ်၍ ငိုရှာသည်။

“ကြံဖန်ပြီးတော့ စိတ်ကိုဖြေပါ တူမရယ်။ သူဟာ လူ့ပြည်မှာနေခဲ့တဲ့ အချိန်အတွင်းမှာ တိုင်းပြည် အပေါ်မှာရော၊ သူနဲ့နီးစပ်သမျှ ပတ်ဝန်းကျင် အသိုင်းအဝိုင်းအပေါ်မှာရော အင်မတန် စေတနာ ကောင်းကောင်းနဲ့ မျှမျှတတ သဘောထားကြီးခဲ့တဲ့ မိန်းမတယောက်ပဲ။ ဒီအကျိုးတွေက တမလွန်မှာ သူ့ကို အေးချမ်းစေမှာပါ။ သားတွေ နိုင်ငံရေးလုပ်ချိန်မှာလည်း စီးပွားရေး လှည့်ကြည့်ပါလို့ တလုံး မဟာဘူး။ သူကပဲ ကလေးတွေ အတွေးအခေါ် ရင့်သန်အောင် စာအုပ်စုပေး၊ အကြံဉာဏ်တွေ ပေးခဲ့တယ်။

သားကြီး ထောင်ကျလို့ နောက်ဆုံး တိုက်ပွဲမှာ အသက်စွန့်ခဲ့တဲ့အထိ သူဟာ ကြံ့ကြံ့ခိုင်ခိုင် စိတ်တင်းနိုင်တယ်။ လင်သားအပေါ်မှာလည်း စိတ်နောက်နေတဲ့ အရူးကြီးကို မိခင်လို စောင့်ရှောက်ခဲ့ပါတယ်။ လင်ဘက်ကအမျိုးဆိုရင် ခြေမသန်တဲ့ ဘကြီးတို့၊ ကြီးတော်ခင် တို့က မမတင်ကို ခိုကိုးရတာပဲ။ သူများဆိုရင် လင်ဘက်အမျိုးဆို အိမ်ရိပ်နင်းတာတောင် မကြိုက်ဘူး မဟုတ်လား။ ဒီဒဏ်တွေကို ခံရတော့ မင့်မေမေမှာ အသက်တိုရတာပဲ။ စိတ်ကိုဖြေပါ

မွေးရယ်။ တို့ဟာ လူ့လောကမှာ သူ့လိုမှ ဝတ္တရား ကျေပွန်နိုင်ပါ့မလား မသိဘူး”

ဒေါ်လေးသူဇာသည် မျက်ရည်သုတ်ကာ တိုးတိုးတိတ်တိတ်နှင့် ပြော၏။

“မင်းတို့က ငယ်လို့ မသိတာ။ အဲဒီဘကြီးရဲ့ကြွေးတွေလည်း ထောင်သောင်းချီပြီး မမတင်က ဆပ်ပေးခဲ့တာပဲ။ ကြီးတော်ခင်ကလည်း ထမင်းကျတော့ မမတင်ဆီမှာ စားခဲ့ပေမယ့် သူ့မှာရှိတဲ့ ရွှေတွေကျတော့ သူ့အခြားအမျိုးတွေ ပေးခဲ့တယ်။ မမမူယာအပေါ်မှာရော၊ သူ့လုပ်ပုံမျိုးဆို ဘယ်သူမှ ခွင့်မလွှတ်နိုင်ဘူး မဟုတ်လား”

လူနာမှာ အနည်းငယ် လှုပ်လာ၍ သူတို့နှစ်ယောက်သည် စကားလက်စသတ်ကာ အခန်းထဲသို့ တဖြည်းဖြည်း ဝင်လာကြ၏။

ဒေါ်လေးသူဇာကို မြင်မြင်ချင်း မေမေက လက်ကမ်းပေးလိုက်၏။ ဒေါ်လေးသူဇာ၏လက်ကို ဖြည်းညင်းစွာ ဆုပ်နယ်ရင်း အားယူ၍ ပြုံးနေသည်ကို ဒေါ်လေးသူဇာသည် မကြည့်ရက်တော့ပေ။

“မူယာတယောက်ကော နေကောင်းရဲ့လား”

“ကောင်းပါတယ် မမတင်”

မေမေသည် ခပ်ပြုံးပြုံးပင် ငြိမ်သက်နေရာမှ ဒေါ်လေးသူဇာလက်ကို လွှတ်လိုက်၏။ ဒေါ်လေးသည် မေမေ့ဘေးမှ ကုလားထိုင်တွင် ထိုင်ချလိုက်၏။ မွေးမျက်နှာကို မေမေက စေ့စေ့ကြည့်ရင်း ပို၍ ပြုံးလာပြန်သည်။

“ဒီညနေ မေမေ မေးလိုက်ရတာ အားပြည့်သလိုပဲ သမီးရယ်။ ဒါပေမင့် မေမေ နေရတာ ပေါ့လည်း မလာဘူး။ သမီးလက်ကို မေမေ ကိုင်ချင်တယ်”

မွေးသည် သူ့လက်ကို အဖွားကြီးလက်ထဲသို့ ထည့်လိုက်၏။ မေမေ့လက်မှာ ပူနွေး၍ နေတော့သည်။

“သမီးကို မေမေ အများကြီး ကျေးဇူးတင်ပါတယ်””

မွေးတကိုယ်လုံးသည် သိမ့်သိမ့်တုန်ကာ စကားမပြောနိုင်ဘဲ ပါးစပ်ဟနေမိတော့သည်။

“မောင်မောင်နိုင်ဆီ စာရေးရင်လည်း မေမေက ကျေးဇူးတင်တဲ့အကြောင်း ထည့်ရေးပါ။ မေမေလည်း ငယ်ရာက ကြီးလာသူပါ။ လက်ထပ်ပြီးစ ဇနီးကို မေမ့အတွက် ခွဲထားရစ်တာ လည်း ဘယ်တော့မှ မမေ့ပါဘူး"

မွေးသည် မျက်ရည်မကျအောင် အားခဲထားရ၏။

"သမီးတို့ကသာ မေမေ့ကို ကျေးဇူးတင်ရမှာ။ မေမေ့ကျေးဇူးတွေက ဆပ်လို့ မကုန်ပါဘူး"

"မေမေ နားလည်ပါတယ် သမီး။ သမီး အခြေအနေနဲ့ တလ လေးရာ့ငါးဆယ်ကျပ် ခန်းမှာ မေမေ့ကို ထားဖို့ဟာ တော်ရုံ သဒ္ဓါစေတနာနဲ့ မဖြစ်နိုင်ပါဘူး။ ကျေနပ်ပါတယ်ကွယ်၊ ကျေးဇူးလည်း တင်ပါတယ်"

မွေးသည် ကျောက်ရုပ်သဖွယ် ငြိမ်သက်နေမိတော့သည်။ မိခင်၏ မေတ္တာအဟုန် ဆိုသည်မှာ ရေတံခွန်လို အစဉ် စီးဆင်းနေသော်လည်း မကုန်ခန်းနိုင်ပါတကား။ ထိုမကုန်ခန်းနိုင်သော မေတ္တာရှင်တို့က သားသမီးတို့ထံမှ ရေတစက်စာမျှ ကျေးဇူးတုံ့ပြန်မှုကို တွေ့ရလျှင် သူတို့စိတ်ထဲ၌ ထိုရေတစက်ကို ပင်လယ်အဏ္ဏဝါဖွေမျှ ထင်ကာ ကျေးဇူးတင် မဆုံးတော့ပေ။

မေမေသည် မွေးတို့အားလုံးအား နှောင်နှစ် ကဆုန်လဆန်းလောက်တွင် ခွဲခွာ၍သွား၏။ သနားစရာ အကောင်းဆုံးမှာ အေး ဖြစ်၏။ သူသည် သူ၏အိမ်လေးထဲတွင် မေမေ့ကို ကမ္ဘာတခုလို ပေါင်းသင်းနေရသူ ဖြစ်၏။ လေးနှင့် ထွေးလို ကျောင်းမိတ်ဆွေလည်း မရှိ။ မွေးလို ချစ်သူရယ်၊ ချစ်လင်ရယ်ဟူ၍ ရှိရှာသည် မဟုတ်ပေ။ ဘယ်နေရာတွင် သူထိုင်ထိုင် တအိမ်လုံးသည် သွေ့ခြောက်၍ ဟာနေတော့သည်။

မွေး အလုပ်သွားပြီး ညီမငယ်နှစ်ယောက် ကျောင်းသွားချိန်တွင် အေးသည် မျက်ရည် တစိမ့်စိမ့်နှင့် ကျန်ရစ်၏။ ဖေဖေကလည်း သတိကောင်းစဉ်တွင် ငိုလိုက်၊ သတိလွတ်စဉ်တွင်မူ သီချင်းတကြော်ကြော် ဟစ်၍ နေတော့သည်။

ဝါဆိုဦးတွင် ကိုကိုနိုင်က မွေးကို လာခေါ်သည်။ ကိုကိုနိုင့်အမေကလည်း မွေး လိုက်သွားစဉ်တွင် အေးတို့ညီအစ်မတစုအား လာရောက် စောင့်ရှောက်မည်ဟု ဆိုသည်။

မွေးရင်ထဲတွင်မူ အေးတို့ကို ထားရစ်၍ လိုက်သွားရန် မသွားရက်သလို ဖြစ်နေတော့သည်။ သူ့စိတ်ကိုလည်း ကိုကိုနိုင်အား ဖွင့်မပြောရဲ။ ညီမတွေနှင့်လည်း မခွဲနိုင်ပေ။

"မွေး လိုက်သွားမှပေါ့၊ လက်ထပ်ပြီးကြပြီပဲ။ သူက ဒါလောက်ခွဲပြီး ထားရစ်တာပဲ တို့များ ကျေးဇူးတင်ရဦးမယ်။ ကိုယ့်မှာ ဝတ္တရားရှိတယ်။ မွေး လိုက်သွား။ မမအေးတို့အတွက် မပူနဲ့"

အေးက ညီမငယ် စိတ်ချမ်းသာအောင် ဖျောင်းဖျနေသလောက်

မွေးရင်ထဲတွင်မူ မထွေးနိုင် မအန်နိုင်သလို ဖြစ်လာပြန်၏။

ကိုကိုနိုင်ကတော့ ထင်းရှူးပုံးတွေကိုသာ တခုပြီးတခု ဝယ်နေတော့သည်။

"စခန်းက လားရှိုးမှာဆိုတော့ မွေး လာရှိုးမှာ နေရမယ်။ ဟောဒါက ဆေးထည့်ဖို့ပုံး။ ဟောဒါက ဂွမ်းကပ်ထည့်ဖို့။ ဒါက မွေးဖတ်ဖို့ စာအုပ်တွေ ထည့်ဖို့။ သက္ကလတ် စောင်တွေကတော့ သံသေတ္တာနဲ့ထည့်"

ကိုကိုနိုင် စီမံပေးသလို လေးနှင့် ထွေးတို့က လိုက်၍ လုပ်ကြသည်။

"မောင်မောင်နိုင်၊ သားရေ၊ မင်းငှားထားတဲ့အိမ်က ဆောင်းတွင်းမှာ အအေး လုံပါ့မလား။ မွေးက ကျန်းမာရေး သိပ်မကောင်းဘူး။ ပြီးတော့ ဘဆောင်တို့ လင်မယားကို မေမေ ထည့်လိုက်မယ်။ မွေး၊ ရေအေး မချိုးနဲ့။ သူတို့ကို ရေနွေး အမြဲတည်ခိုင်း၊ သိလား"

ယောက္ခမကြီးက ထပ်၍ သတိပေးပြန်သည်။

"စိတ်ချပါ မေမေရာ၊ တပ်ထဲကအိမ် မဖြစ်တောင် မွေးအတွက် သတ်သတ်တလုံး ရှာထားသေးတယ်။ ဟိုမှာ နွားနို့လည်းပေါ၊ ကြက်ဥလည်းပေါ၊ လူဟာ ကောင်းကောင်း နားပြီး အစာအာဟာရ ကောင်းကောင်းစားရင် တီဘီ မဝင်နိုင်ပါဘူး။ ဟုတ်တယ်နော် မွေး"

မွေးသည် သူ့ဘဝကိုသူ နားမလည်သလိုပင် အူကြောင်ကြောင် ဖြစ်လာတော့သည်။ သူ့ဘဝသည် ကံကောင်းသည်ဟု ဆိုရမည်လား။ ကံဆိုးသည်ဟု ဆိုရမည်လား။ မတွေးတတ်ပေ။ ကိုကိုနိုင် ဝယ်လာသော ဆေးပုလင်းများကို မွေးက ထင်းရှူးပုံးတခုနှင့် သတ်သတ် ထည့်၏။ ဟဲလီဘက်အဝိုင်း၊ စကော့အီမာရှင်း၊ နေဗီတာမော့၊ ဘီဝမ်း၊ ဘီတွဲ၊ မာလတီဗိုက်တာ ပလက်စ်၊ ကလ်ဒီစီ၊ ဟတ်ပါတိုဂလိုဘင်၊ ဗိုက်တာမင် အေနှင့်ဒီ။

မွေးသည် ဆေးပုလင်းများအပေါ်မှ စာကို ဖတ်ရင်း စိတ်ရှုပ်လာ၏။ တမျိုးကို အနည်းဆုံး သုံးပုလင်းစီလောက် ဝယ်လာသည်။ တချို့မှာ ဒါဇင်ဝက်ရှိ၏။

"ကိုကိုနိုင့်ဟာက မလွန်ဘူးလား။ ဒါတွေအားလုံး မွေး သောက်ရမယ်"

"ဒီလိုလေ၊ ဒေါက်တာနဲ့ တိုင်ပင်ပြီး ဝယ်လာတာ၊ စကော့အီမာရှင်းက အအေးခံနိုင်တယ်။ အဆုတ်အတွက် ကောင်းတယ်။ ဟယ်လီဘတ်အဝိုင်းနဲ့ မာလတီဗိုက်တာပလက်စ် ဆိုတာက နေ့စဉ်လိုတဲ့ အာဟာရဓာတ်တွေပဲ။ ဟိုက တောမြို့ မဟုတ်လား။ လိုလိုမည်မည် ဝယ်သွားတာပေါ့ မွေးရယ်။ လိုရင် အသုံးချရတာပေါ့"

အေးတို့ ညီအစ်မသုံးယောက်သည် မွေးကို ချစ်ရှာသော ကိုကိုနိုင်အား ကျေးဇူးတင်၍ မဆုံးတော့ပေ။

သို့သော် မွေး လားရှိုးသို့ လိုက်သွားသောနေ့တွင်မူ ဝါးခယ်မက မွေး ထွက်သွားသည့် နေ့ကကဲ့သို့ပင် ငိုမဲ့ ငိုမဲ့ မျက်နှာကလေးများနှင့် ကျန်ရစ်ကြတော့သည်။

လားရှိုးတွင် သူတို့သည် မိုးနှင့် ဆောင်းကို တွေ့ကြရသည်။ မိုးဥတုသည် အေးစိမ့်၍ စိုစွတ်၏။ ဆောင်းဥတုမှာမူ အေးမြကာ ခြောက်သွေ့ပေသည်။

မိုးရာသီ၏ ညဦးများတွင် အိမ်ပြင်၌ ရာသီဥတု မသာယာပေ။ သူတို့နှစ်ဦးသည် အိမ်တွင်း မီးဖိုဘေးတွင် အချိန်ကုန်လွန်ခဲ့သည်က များသည်။

မွေးဖတ်ရသော စာအုပ်များမှာ ရှည်လျားပေသည်။ ချာချီရေးသော “ဒုတိယကမ္ဘာစစ်” ဆိုသောစာအုပ် ဖြစ်သည်။

အင်္ဂလိပ်လိုရော၊ ဗမာလိုရော ဖြစ်ပေသည်။

ကိုကိုနိုင် မရှိသော နေ့များတွင်မူ မွေးအဖို့ ညနေစောင်း၍ လမ်းလျှောက်ကာ ညဦးတွင် စာအုပ်နှင့်သာ အချိန်ကုန်ရသည်။ နံနက်ခင်းတွင်မူ မီးဖိုနောက်ရှိ ဟင်းသီးဟင်းရွက်ခင်းများထဲတွင် ပန်းစေ့ပျိုးရင်း၊ မြက်နုတ်ရင်း အချိန်လွန်ခဲ့ရပေသည်။

ကိုကိုနိုင်က ခရီးထွက်သွားရတိုင်း သူ့ကိုယ်စား စာအုပ်တပုံကို ပေးခဲ့၏။ ချာချီ၏ စာအုပ်ကို ဖတ်စေချင်သည်မှာ ချာချီ၏ အင်္ဂလိပ်စာ ရေးဟန်ကို သိစေလို၍ တကြောင်း၊ အတွေးအခေါ်ကို ဖော်ပြရာတွင်လည်း “ဒုတိယကမ္ဘာစစ်အတွင်း ကျွန်တော် လုပ်ကိုင်ဆောင်ရွက်ပုံများသည် အမှန်ချည်းပင် ဖြစ်ပါသည်” ဟု ဖော်ပြရေးသားထားခြင်း မရှိသော်လည်း စာအုပ် ဆုံးသောအခါ စာဖတ်သူစိတ်တွင် ချာချီ၏ ခြေလှမ်း၊ ချာချီ၏ ဆောင်ရွက်ပုံမှာ သူ့အချိန်နှင့်သူ အံကိုက်ပါတကားး ထင်မြင်ယူဆလာအောင် ရေးတတ်ပုံကို သိရှိလို၍ ဖတ်ခိုင်းသည်ဟု ကိုကိုနိုင်က ဆိုပေသည်။ မြန်မာဘာသာပြန် စာအုပ်ကို ဖတ်ခိုင်းရခြင်းကမူ ဗိုလ်အေးမောင်၏ ဘာသာပြန် သိပ်သည်း ရှင်းလင်းပုံကို သိစေလို၍ဟု ဆိုသည်။

မွေးကတော့ ကိုကိုနိုင် ပေးခဲ့သမျှကို အချိန်ရတိုင်း ကောက်၍ဖတ်၏။ စာအုပ်များကို ဖတ်ရင်း သူ့အတွေးအခေါ်ကတော့ ဘယ်လိုပေါ်လာသည် မသိပေ။ တခါတရံလည်း ရှေးဟောင်း မြန်မာကဗျာများနှင့် သူ ကြိုက်နှစ်သက်သော အင်္ဂလိပ်ဝတ္ထုရှည်များကို ဖတ်၏။ ဆောင်းဥတု မတိုင်ခင်ကမူ အတွက်ထံသို့ မြန်မာကဗျာစာအုပ်များကို ခပ်များများ ရှာဖွေစုဆောင်း၍ မွေးက ပို့ခဲ့သည်။

ဆောင်းဦးပေါက်တွင် ကိုကိုနိုင်နှင့် မွေး အတူနေရသော အချိန် တော်တော်ကလေး များလာ၏။ တခါတရံ လသာသောညဦးများတွင် နှင်းမှုန်ဖွဲဖွဲ ကျနေသော လရောင်အောက်မှာ တောင်ကုန်းကလေးများကို တခုပြီးတခု ကျော်ကာ ဖြတ်လျှောက်ကြ၏။ မွေး၏ တေးသံလွင်လွင်မှာ ကိုကိုနှလုံးသားကို ပြုံးရွှင်စေပေသည်။ ဆောင်းလယ်သို့ ရောက်လာလျှင် လားရှိုး၏ အအေးသည် ပြင်းထန်လာ၍ ည၏အလှများကို မှန်ပြတင်းမှသာ မျှော်၍ ကြည့်နိုင်တော့သည်။

အငွေ့တထောင်းထောင်းနှင့် အနံ့သင်းသော ကော်ဖီပြင်းပြင်း ခပ်ကျကျကို မွေးက ဖျော်ကာ မီးဖိုဘေးတွင် ချ၍ပေး၏။ ကိုကိုနိုင်သည် သူ့အလုပ်ကို မီးပုံဘေးတွင်ပင် လုပ်ကာ မွေးကို သူ့အပါးတွင် စာဖတ်စေသည်။

ထင်းစများကို တဖြောက်ဖြောက် ဝါးမျိုနေသော မီးတောက်မီးလျှံ၏ ဝါနီရောင်မှာ ချစ်သူနှစ်ဦး မျက်နှာကို အရောင်ပြန်ဟပ်၍ နေတော့သည်။ ကိုကိုနိုင်သည် လက်စသတ်ပြီးသော သူ့ရုံးအလုပ်များကို ဘေးသို့ချလိုက်၏။ ကော်ဖီပန်းကန်ကို ကောက်ကိုင်ရင်း မွေးကိုကြည့်လိုက် သည်။ မွေး လက်ထဲတွင် သူ ဖတ်ခိုင်းသော ချာချီ၏စာအုပ်ကို မတွေ့တော့ပေ။

“အီဂျစ်ပြည်သား” (Egyptian)ဆိုသော ဝတ္ထုစာအုပ်တအုပ်ကို တွေ့ရ၏။

မွေး... ချာချီရဲ့ ဒုတိယကမ္ဘာစစ်ကို ဖတ်ပြီးပြီလား”

သူက အချိန်မြန်မြန်နှင့် စာဖတ်ပြီးသွားပုံကို အံ့သြသလို မေးလိုက်၏။ မွေးသည် သူ့စာအုပ်လေးကို ပိတ်လိုက်၏။ ကိုကိုနိုင့်ကို လှမ်းကြည့်လိုက်သည်။

“ပြီးပြီ ဆိုပါတော့၊ ဘာဖြစ်လို့လဲ”

“ရှည်လွန်းအားကြီးလို့ပါ၊ မွေး စာဖတ်ရတာ ပျင်းလား။ ကိုကိုနိုင်နဲ့ လိုက်နေရတာ ပျော်ရဲ့လား”

မွေးသည် ခပ်ပြုံးပြုံးပင် ကြည့်၍နေ၏။

“အကောင်း မေးတာပါ မွေးရဲ့၊ ပျော်ရဲ့လား”

“ပျော်ပါတယ်၊ မွေးစိတ်ထဲမှာ ကိုကိုနိုင့်ကို နှမြောလို့ပါ။ ကိုကိုနိုင် နေချင်တဲ့ဘဝနဲ့ ကိုကိုနိုင် လုပ်နေတဲ့ အလုပ်က တခြားစီမို့ပါ”

ကိုကိုနိုင်က ဘယ်လို သဘောပေါက်သည် မသိ။ ခပ်ပြုံးပြုံးလုပ်၍ နေပြန်သည်။

“ကဲ.. ဆိုပါဦး၊ ချာချီစာအုပ် ဖတ်ပြီး ကိုကိုနိုင် ယူဆသလို

သဘောပေါက်လာသလား”

“ဟုတ်ကဲ့၊ အဲဒီလိုပဲ ချာချီအပေါ်မှာ တွေးမိပါတယ်။ ဒါပေမင့် မွေးဟာ အဲဒါတွေ အားလုံး ခေါင်းထဲ မစွဲဘဲ သူ ရေးတဲ့အထဲက တခြားဟာတွေ စွဲကျန်ရစ်တယ်”

“ဘာကိုလဲ”

“ဂျာမနီ နိုးကြားထကြွလာပုံနဲ့ ဟစ်တလာ တန်ခိုးတက်လာပုံရယ်၊ သူ့နောက်က နာဇီတပ်မတော်ရယ်၊ အဲဒါက ခေါင်းထဲက မထွက်လို့ပါ”

“ကဲ... ဆိုစမ်းပါဦး”

“မွေးသာ တကယ်လို့ အဲဒီခေတ်က နာဇီတပ်မတော်ရဲ့ တပ်သားတယောက်ယောက်ရဲ့ မိခင်ပဲ ဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ဖြစ်ခဲ့ရင် ရင်နာလို့ ဆုံးမှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ကြေးစားစိတ်ဟာ ရှိသလောက်တော့ ရှိပေမယ်လို့ ‘စိတ်ဓာတ်’ ဆိုးတာသာ မပါရင် တပ်မတော်ရဲ့ တူပေဓားပေဒဏ် ခံနိုင်ဖို့ တော်တော် ခက်သားလား။

အဲဒီခေတ်တုန်းကလည်း ဝိုင်းအနှိမ်ခံရတဲ့ ဂျာမန်တမျိုးသားလုံး စစ်ရှုံးလိုက်တဲ့ အဖဂျာမနီပြည်ကြီး တပြည်လုံး ပြန်ပြီး နာလန်ထူနိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်သာ ဂျာမန်တွေ စိတ်မှာ မရှိခဲ့ရင် ဂျာမန်တပ်မတော်နဲ့ ဟစ်တလာရဲ့ပေါ်ပေါက်လာပုံဟာ ဒါလောက် မြန်ဆန်မှာ မဟုတ်ဘူး”

ကိုကိုနိုင်သည် မွေးပြောပုံကို စိတ်ဝင်စားလာ၏။ ခေါင်းတညိတ်ညိတ်နှင့် “အင်း” လိုက်လာ၏။

“ကဲ... မိခင်တွေရဲ့စိတ်မှာရော၊ သားကို စစ်မြေပြင်မှာ ခိုင်းစားဖို့ဆိုတဲ့ စိတ်ဟာ အင်မတန် နည်းပါတယ်။ ငါ့အဖဂျာမနီပြည်အတွက်၊ ကမ္ဘာမှာ ဝိုင်းအနှိမ်ခံရတဲ့ ငါ့အမျိုးသားအတွက် ဆိုတဲ့ စိတ်ဓာတ်နဲ့သာ စစ်တပ်ဆိုတဲ့ သေဘေးမျိုးစုံနီးတဲ့ တပ်မတော်ထဲမှာ သားကို ထည့်တာပေါ့။ ဒါပေမင့် ခေါင်းဆောင်သူရဲ့ အတွေးအခေါ်တွေ ပြောင်းလဲလာတာနဲ့အမျှ တပ်မတော်ရဲ့ပုံသဏ္ဍာန်ကလည်း ပြောင်းလဲလာလိုက်တာ နောက်ဆုံး ဟစ်တလာဆိုတဲ့ အာဏာရှင်တယောက် တည်မြဲဖို့ ထောက်ခံဆောက်လုပ်ထားတဲ့ နာဇီဝါဒစက်ရုံကြီးရဲ့ ဝက်အူလေးတွေ ဖြစ်မှန်းမသိ တပ်မတော်ဟာ ဖြစ်လာခဲ့တယ်။ ဒုတိယကမ္ဘာစစ်လည်း ပြီးရော တပ်မတော်သားတွေဟာ အင်မတန် ဆိုးရွားယုတ်မာတဲ့ နာဇီတပ်သား ဘီလူးသရဲတွေ အမြင်နဲ့ ကမ္ဘာက အမြင်ခံရပြီး သူတို့

အသက်စွန့်သွားရတယ်။ သူတို့ကိုယ် သူတို့လည်း သိချင်မှ သိရှာမယ်။ မွှေးသာ အဲဒီ စစ်သားတယောက်ရဲ့မိခင်ဖြစ်ခဲ့ရင် ရင်ကွဲနာကျ သေပြီ”

“အလို... မွှေးကလည်း တယ်ဆိုပါလား”

“ဟုတ်တယ်လေ၊ မွှေးရဲ့သားဟာ သူ့တိုင်းပြည်၊ သူ့လူမျိုးအတွက် သေရတယ်ဆိုရင် စစ်မြေပြင်မှာ ဆယ်ပြန်သေပါစေ။ ခုတော့ သူတို့ဇွတ်သွင်းချင်တဲ့ဝါဒကြီး တည်တံ့စေချင်လို့ ကိုယ့်သားကို ပစ္စည်းကိရိယာတခုလို၊ ဝက်အူချောင်းတခုလို အသုံးချသွားပြီး သေရတာတော့ မခံနိုင်ဘူး။ အဲဒါတွေ တွေးပြီး ကျဆုံးသွားရှာတဲ့ ဂျာမန်စစ်သားလေးတွေ၊ သူတို့ရဲ့ မိခင်တွေကိုပဲ မွှေးက သနားတယ်”

“အဲဗျာ မွှေးက ပိုတွေးနေပြီကိုး”

“စာအုပ် ဖတ်တဲ့နောက် ဒီအပေါ်မှာ တည်ပြီး ကိုယ်တွေးချင်ရာ တွေးမှာပေါ့ ကိုကိုနိုင်ရ”

မွှေးက ပြုံးမဲ့မဲ့နှင့် ဆို၏။

“လက်ထဲက ဂျေစ်ရှန်ကော ဖတ်ကောင်းလား”

“သိပ်ကောင်းတာပဲ၊ ဖတ်ဖူးသမျှထဲမှာတော့ အကြိုက်ဆုံးပဲ။ ကိုကိုနိုင် အားရင် ဖတ်စမ်းပါ။ နှစ်ပေါင်း သုံးထောင်လောက်က ရေးပေလို့ပဲ။ လက်ရှိအီဂျစ်ကိုရော၊ တိုင်းပြည် အသီးသီး အခြေအနေနဲ့ရော ဟပ်ပြီးကြည့်နိုင်တယ်။ ဒီဝတ္ထုဟာ ဘယ်တော့မှ ရိုးမှာ မဟုတ်ဘူး”

“မွှေး ဟိုတုန်းကကော စာသိပ်ဖတ်သလား”

“ခုမှ ပိုဖတ်တယ် ဆိုပါတော့။ ရန်ကုန်မှာတော့ ကျောင်းစာနဲ့ ရုံးအလုပ်နဲ့ ပြီးခဲ့တာပဲ"

“ဒီလိုဆို ကိုကိုနိုင်နဲ့ နေရတာ ပျော်တယ်ပေါ့”

“ကိုကိုနိုင် ဘာလို့ ထပ်ကာထပ်ကာ မေးနေတာလဲ”

ကိုကိုနိုင်သည် မွှေးပါးကို ဆွဲ၍ ဖျစ်လိုက်၏။

“ဩော်... ကိုကိုနိုင်နဲ့ အတူတူနေရတဲ့အချိန်တွေဟာ မွှေးအတွက် ငြိမ်းငြိမ်းချမ်းချမ်း ရှိစေချင်လို့ပါ”

"စိတ်ချမ်းသာပါတယ်ရှင်…၊ ပျော်ပါတယ်ရှင်…"

မွေးက ခပ်နောက်နောက် ဖြေလိုက်၏။

"စာအုပ်သေတ္တာထဲမှာ ကိုကိုနိုင် မဖတ်ရသေးတဲ့ စာအုပ်တွေ အများကြီးပဲ"

"ဟုတ်တယ်၊ ဒီစာအုပ်ကို ကိုကိုနိုင် ဖတ်ကြည့်၊ အဲဒီအထဲမှာ ဇာတ်လိုက်ဆီနူး ပြောတဲ့ စကားလေးတလုံး မွေး သိပ်သဘောကျတာပဲ။ သူ့မိတ်ဆွေ စစ်ဗိုလ်ကြီးက ဘုရင့်သမီးကို သိမ်းပိုက်၊ ဘုရင်ကို သတ်ပြီး အီဂျစ်ရဲ့ ဖာရောဇ်အဖြစ် အုပ်ချုပ်တဲ့အခါမှာ ဆီနူးကို ပြောတယ်လေ။ သူ့သစ္စာခံပြီး သူ့အတွေးအခေါ်တွေကို လက်ခံဖို့၊ အဲဒီလိုဆိုရင် သူ ချီးမြှောက်မယ့်အကြောင်း၊ ဒီတော့ ဆီနူးက ဘာပြန်ပြောလဲဆို "ပညာဟာ အာဏာ တန်ခိုးကို ဘယ်တော့မှ ဦးမညွတ်ဘူး" တဲ့။

"ဘယ်လောက်ကောင်းတဲ့ စကားလုံးလဲ၊ မွေးတော့ သိပ်သဘောကျတာပဲ"

သဘောကျသည် ဆိုရာ၌ မွေးသည် မျက်လုံးလေးများ မေးကာ နှစ်နှစ်ခြိုက်ခြိုက် ပီတိဟန်နှင့် ပြော၏။ ကိုကိုနိုင်စိတ်ထဲတွင် ဤမိန်းကလေး၌ ဦးနှောက်အပြင် ချစ်စရာ ဟန်အမူအရာများလည်း အများကြီး ရှိပါလားဟု မှတ်ချက်ချလိုက်၏။

"ပြီးတော့ ကိုကိုနိုင် ဖတ်ခိုင်းထားတဲ့ 'ရှိမယ်လ်' လည်း ပြီးသွားပြီ"

မွေးက နောက်ဆက်တွဲ ဆက်ပြောပြန်သည်။

"အဲဒီ စာအုပ်အပေါ်မှာကော ဘယ်လို ယူဆလဲ"

"မွေး ထင်မြင်တာကို တကယ် ပြောရမှာလား"

"ပြောလေ"

"ရှိမယ်လ်ရဲ့ တိုက်နည်းတွေ၊ စစ်ဆင်နည်းတွေက စစ်သားအဖို့တော့ တန်ဖိုးရှိမှာပဲ၊ မွေးအနေနဲ့ စာတအုပ်လုံး ဖတ်ပြီး လန့်သွားတယ်"

"ဘာကို လန့်တာလဲ"

"ကမ္ဘာမှာ 'ရှိမယ်လ်' သေနည်းတွေ ပြန့်သွားမှာကို လန့်သွားတယ်"

ကိုကိုနိုင်သည် ပါးစပ်ကလေး ဟသွား၏။

"ဟုတ်တယ် ကိုကိုနိုင်ရဲ့၊ 'ရှိမယ်လ်' သေတာဟာ ရှေ့ကလာတဲ့

ရန်သူ့ကျည်ဆန်နဲ့ သေရတာမှ မဟုတ်ဘဲ၊ နောက်က ကျည်ဆန်နဲ့ သေရတာ၊ ပြီးတော့ သူ့မိန်းမကို သိခွင့်ပေးတဲ့အချိန်ကျတော့ ကားတိုက်သေတဲ့အနေနဲ့ သိရတော့တယ်၊ ဒီလို ကြောက်စရာ ကောင်းတဲ့ အမှောင်ခေတ်ကြီးတခေတ် ကြီးစိုးလာပြီး တကယ်တော်တဲ့လူတွေ နောက်က ကျည်ဆန်နဲ့ သေရတဲ့နည်းတွေ ကမ္ဘာမှာ ပြန့်လာမှာ မွှေးက စိုးရိမ်သွားတယ်”

“တော်ပြီ တော်ပြီ မွှေး၊ ကိုကိုနိုင် မွှေးကို ဒီစာအုပ်တွေ မဖတ်ခိုင်းတော့ဘူး၊ စိတ်ရွှင်လန်းစရာကောင်းတဲ့ စာအုပ်တွေ ရွေးရအောင်နော်။ ဒါနဲ့ နေ့လယ်က စာတစောင် ကိုကိုနိုင်ရုံးကတဆင့် မွှေးဆီ ရောက်လာတယ်၊ အတွက်ဆီက ထင်တယ်၊ ကိုကိုနိုင် ယူနီဖောင်းထဲမှာ သွားယူဦးမယ်”

မွှေးသည် ထသွားသော ကိုကိုနိုင်ကို ငေးကာကြည့်နေမိ၏၊ သူ့မိန်းမအား စစ်သား တယောက်လို သင်တန်းပေးသူပင်တည်း။ ဒါကို ဖတ်၊ သည်လိုပင် တွေးစေချင်ဟန် ရှိ၏။ မွှေးက သူပေးထားခဲ့သောပုံကို မဝင်ချင်ပေ။ ကိုယ်တွေးချင်သလို တွေးလိုပေသည်။ အမှန်တော့လည်း ကိုကိုနိုင်သည် ပုံသွင်းချင်သူတယောက် ဟုတ်ချင်မှလည်း ဟုတ်မည်ဟု မွှေးက လှည့်၍ စဉ်းစားမိပြန်သည်။

“ရော့ ရော့ ဒီမှာ စာ”

မွှေးက စာကိုယူ၍ ဖောက်ဖတ်လိုက်၏။ စာလေးမှာ ကဗျာနှင့် စထားသော်လည်း ခပ်တိုတိုပင် ရေး၍ထား၏။

“နတ်တော်ဆန်း၍၊ လျှံထွန်းရောင်ဝါ၊ သူရိယာလျှင်၊ အဝါမမူ၊ အဖြူအနီ၊ စုံစီခြယ်လွင်၊ ပြင်ထပ်တွင်၍၊ နေဝင်မြင်သည်၊ ဝရွှေပြည်ကား၊ ဆီးရည်ပတ်ချုပ်၊ မှိုင်းအုပ်ပျပျ ပုညတောင်ဆီ၊ ရည်လျက်မလင်း၊ မဝင်းအုံ့မှိုင်း၊ စစ်ကိုင်းတဖက်၊ သန်လျက်ပေါ်ထွန်း၊ ကျွန်းများ တံခွန်၊ နန်းဗိမာန်မှာ၊ လေသွန် ပြည့်လှည့်လိမ့်တကား…”

မွှေး

အထက်က ကဗျာကတော့ မင်းပေးလိုက်တဲ့ ကဗျာစာအုပ်တွေထဲက ရှင်ထွေးနာသိန်ရဲ့ ကဗျာပဲ။ သူသေလွန်တဲ့အခါ သူ့ခေါင်းအုံးအောက်က တွေ့ရတဲ့ မွေးရပ်မြေ အင်းဝကို တမ်းတတဲ့ ကဗျာပေါ့။

ကိုယ့်မှာတော့ သူတို့လို စာဆို မဟုတ်လေတော့ ကိုယ့်ဌာနေကို လွမ်းပေမယ့်လည်း စာမဖွဲ့တတ်ဘူး။

အရုပ်ဆိုးလှတဲ့ အင်္ဂလန်ရဲ့ဆောင်းရာသီအောက်မှာ နေရရင်း လွမ်းနေတာကတော့ ကိုယ်တို့မြို့လေးရဲ့ဆောင်းအလှပဲ။ ခုလောက်ဆို တို့များ အိမ်နောက်က လယ်ကွင်းတွေထဲမှာ စပါးတွေ မှည့်တော့မယ်။ မုန့်ဆန်းလည်းပေါ်လို့ မီးခိုးတလူလူနဲ့ လယ်တဲတွေနားမှာ မုန့်ဆန်း ထောင်းကြတော့မယ် ထင်ပါရဲ့။

မွေးရေ... ကိုကိုနိုင်ကိုလည်း အတွတ်က သတိရကြောင်း ပြောပြလိုက်၊ အတွတ် ပြန်လာရင်သာ သားသမီးတွေ တထမ်းနဲ့ လာကြိုလှည့်ပါ။

အမှန်တော့ အတွတ် ဘယ်အချိန် ပြန်ရမယ်လို့ မမှန်းဆသေးဘူး မွေး။

မွေးတို့ဇနီးမောင်နှံ ချမ်းမြေ့ ရွှင်လန်းပါစေ

အတွတ်

မွေးသည် မျက်နှာလေးညိုကာ စာကို ကိုကိုနိုင်လက်ထဲသို့ ကမ်းပေးလိုက်သည်။

"ဖတ်ကြည့်ပါဦး ကိုကိုနိုင်၊ သူသာ မြန်မာစာကို ကျကျနန သင်ရရင် စာပေမှာ တော်တော် တော်မှာပဲ၊ ခုတောင် တော်တော် မြန်မာစာပေကို အရသာခံတတ်တယ်"

ကိုကိုနိုင်သည် စာကို ဖတ်လိုက်၍ စာဆုံးလျှင် မွေးကို ကြည့်ကာ မေးပြန်သည်။

"ဝါးခယ်မဟာ ဒါလောက်ပဲ သာယာသလား မွေး

"ဪ... တခြားလူတွေ အမြင်နဲ့တော့ မြစ်ပတ်လည်ဝိုင်းပြီး ဗွက်ထူတယ်လို့ မြင်ချင်မြင်မှာပေါ့။ မွေးတို့အနေနဲ့ကတော့ မွေးဇာတိလည်းဖြစ်၊ ရာသီအလိုက် ပွဲလမ်းသဘင် သဘာဝရှုခင်းတွေရဲ့အငွေ့အသက်တွေက ခံစားနေရတော့ အလှကွက်တွေကို ကြည့်တတ် မြင်တတ်တာပေါ့၊ ကိုကိုနိုင်ကော... ကိုယ့်ဇာတိကိုယ် မလွမ်းဘူးလား"

"လွမ်းတာပေါ့ဗျာ၊ လွမ်းလိုက်တာမှလေ.. လဆန်း ၁၄ ရက်ညဆို ဖရက်ဆိုတဲ့ ကောင်လေးနဲ့ တွေ့ရတာကွ..."

"ဟာ... ကိုကိုနိုင်၊ မွေးကို မစောင်းနဲ့၊ သိလား"

"မွေးက ထုမည့်ဟန်ပြင်လိုက်လျှင် ကိုကိုနိုင်သည် မွေးကို လှမ်းယူ၍ ပွေ့လိုက်၏။ ကဲ... ကဲ စိတ်မဆိုးပါနဲ့၊ ဖရက်နဲ့တွေ့တဲ့ ပုံပြင်လေး ဘာလေး

ပြောပြပါဦး၊ နို့မို့ရင် အိပ်ရာအစောကြီး ဝင်ရမှာ ပျင်းစရာကြီး”

ကိုကိုနိုင် ပြုံးပြုံးရွှင်ရွှင်နှင့် အရွှန်းဖောက်လိုက်၏။ မွေးသည် တကယ်ပင် ကိုကိုနိုင် ရင်ခွင်ထဲမှာခွေကာ လသာသောညများ၏ပုံပြင်ကို ပြောပြတတ်ပေသည်။

လားရှိုးတွင် ရှည်လျား၍ အေးမြသော ဆောင်းရာသီမှာ ကုန်ဆုံးစ ပြုလာလေသည်။ သန့်စင်ရန့်သည်လည်း လေတွင်ပါ၍ မလာသည်မှာ ကြာမြင့်ခဲ့ရုံမက နှင်းများအောက်တွင် ချယ်ရီပန်းတို့သည် တဖြည်းဖြည်း ပျောက်ကွယ်သွားကြ၏။ ပူနွေးသောနေရှိန်မှာ မသိမသာ ဝင်ရောက်လာလေသည်။

မွေးက ပစ္စည်းများကို သိမ်းလျက်ရှိ၏၊ ကိုကိုနိုင်ကမူ တယောက်တည်း စာကြည့်စားပွဲ ဘေးတွင် ထိုင်လျက်ရှိသည်။ သူ့လက်ထဲရှိ စာရွက်ကို ကြည့်လိုက်၊ သူ့ရင်ထဲတွင် ငြိမ်ငြိမ်ထိုင်၍ မရသလို ဖြစ်လာလိုက်နှင့် ပြတင်းဘက်ဆီသို့ ထသွားပြန်သည်။

စာရွက်ကလေးသည် စားပွဲပေါ်တွင် ကျန်ရစ်၏။ စာရသောနေ့ကတည်းက ကိုကိုနိုင့်စိတ်မှာ ပေါ့ပေါ့ပါးပါး မရှိလှသော်လည်း မွေး၏စိတ်ကို အနှောင့်အယှက် မဖြစ်စေချင်ပေ၊ စာမှာ အထွေးထံမှ ဖြစ်သည်။ မမအေးရောဂါ အခြေအနေမှာ ဆိုးဝါးလာ၍ မွေးပြန်လာရန်စာဖြစ်၏။ မမအေးရောဂါမှာ ဘယ်နည်းနှင့်မဆို တီဘီပဲ ဖြစ်ရမည်ဟု ကိုကိုနိုင်က ယူဆပြီးဖြစ်သည်။ သူချစ်သောမယားကို ထိုတီဘီမြို့ကြီးထဲသို့ မဝင်စေချင်ပေ။ ဒါပေမင့် သူ၏ လှပသောစိတ်များက ရက်ရက်စက်စက် ကိုယ့်ကိုယ်ကျိုးကြည့်ရန် မဆုံးဖြတ်ရက်ပေ။ “မပြန်ပါနဲ့ မွေး” ဟူ၍လည်း မတားရက်ပေ။ သူသည် မွေးကို မြင်စ၊ မွေးကို လက်ထပ်မည်ဟု ရည်ရွယ်ကတည်းက မွေး ခံစားရမည့် ဒုက္ခ၊ သုခ မှန်သမျှ လက်တွဲ၍ ခံကြရန်၊ လက်တွဲ၍ မွေးကို ကူညီရန် ဆုံးဖြတ်ခဲ့သည် မဟုတ်ပါလော။

ပြီးတော့ စာရတဲ့နေ့က မွေးက ပြောပြ၏။

“မွေးမှာဆို ချစ်ရမယ့်၊ အားကိုးရမယ့် ကိုကိုနိုင် တယောက်လုံး ရှိတယ်။ သူတို့တွေမှာ အမေလည်း မရှိဘူး၊ လင်သားလည်း မရှိဘူး။ အဖေကလည်း သိတဲ့အတိုင်းပဲ။ ဒီတော့ မွေး သူတို့ကို ပစ်မထားရက်ဘူး ကိုကိုနိုင်။ မမအေးဟာ အင်မတန် သနားစရာကောင်းတဲ့ မိန်းကလေး၊ ကိုကိုတို့လူစု နိုင်ငံရေးလုပ်နေတုန်းကရော၊ မွေးတို့ စီးပွားရေးလျှော့ပြီး စာသင်တုန်းကရော မမအေးဟာ သူ့လက်မှုပညာလေးနဲ့ တအိမ်ထောင်လုံးကို ကူညီခဲ့တာ။ ဒါကြောင့် မွေး သူ့ကိုပြန်ကြည့်ဖို့ ကိုကိုနိုင် ခွင့်လွှတ်မယ်ဆိုတာ မွေး ယုံကြည်တယ်”

ကိုကိုနိုင်သည် ထိုနေ့ကတည်းက မွေးကို ဘာမျှပြန်မပြောတတ်။

မျက်လုံးလေး အကြောင်သားနှင့်သာ ကြည့်နေမိ၏။ ပစ္စည်းများကို တိတ်တိတ်ဆိတ်ဆိတ်ပင် ကူသိမ်းပေး၏။

"အကြောင်းက ဖြစ်လာပြီပဲ၊ ဘဝဆိုတာ ဒီလို အားငယ်တွယ်ရာမဲ့တဲ့လူတွေကို ကူညီ စောင့်ရှောက်ကြရင်း တန်ဖိုးကို ဆုံးဖြတ်ရတာပဲ"

သူ့စိတ်ကိုတော့ သူ ကျိတ်၍ သည်လိုပင် ဖြေခဲ့၏။ ရင်ထဲမှာတော့ မွှေးကို သူ့ရင်ခွင်တွင် အေးချမ်းစွာ နားနေစေချင်ပေပြီ။ မွှေးသည် သူနှင့်အတူ လိုက်နေမှ ယခင်ကထက် ပိုမို စိုပြည်လာ၏။ ပါးမို့လေးများပင် သွေးရောင်လျှမ်းကာ နီတွေးတွေး ဖြစ်လာသည်။ ဆရာဝန် အကြံဉာဏ် ပေးသည့်အတိုင်း အပတ်တိုင်း ကိုယ်အလေးချိန် ချိန်လာသည်မှာ သိသိသာသာ တပတ် နှစ်ပေါင်ကျ တိုး၍ လာခဲ့၏။

မွှေး ရန်ကုန်သို့ ပြန်လျှင် ဟိုမှာ မောရမည့်ပုံတို့ကို ကိုကိုနိုင် မြင်ယောင်နေပေသေးသည်။ ပြန်ရမည့် နံနက်ကမူ ရုံးမှ ခွင့်ယူထား၏၊ တမနက်လုံး ကိုဘဆောင်တို့လင်မယား အလုပ်ရှုပ်သလို သူသည် မွှေးအတွက် တယောက်တည်း အလုပ်ရှုပ်နေ၏။ ခေတ်မီးဖိုနှင့် နွားနို့ကို ကိုယ်တိုင် ကျိုသည်။ မွှေးသည် နားမလည်သလို ကိုကိုနိုင်လုပ်ပုံများကို ကြည့်၏၊ နွားနို့ ဆူလာလျှင် ဘယ်တော့မှ ကြက်ဥကို ကိုယ်တိုင် ဖောက်မသောက်သော စစ်ဗိုလ်သည် ကြက်ဥကို ဖောက်လိုက်၏၊ ကော်ဖီပန်းကန်ထဲကို ထည့်သည်။ ပြီးတော့ ဆူနေသောနွားနို့ကို ငှဲ့၍ ထည့်လိုက်၏။ လက်ဖက်ရည်ဇွန်းနှင့် ကြက်ဥ ကြေအောင်မွှေပြီးမှ အိပ်ခန်းထဲသို့ ယူလာသည်။

"မွှေး ဘာမှ မလုပ်နဲ့နော်၊ နောက်ဖေး သွားပြီးပြီလား၊ ဝမ်းသွားပြီးရင် အဲဒီနွားနို့ သောက်၊ ငှက်ပျောသီးတလုံးလည်း စားဦး၊ ကဲ… စားစမ်း"

မွှေးသည် ကိုကိုနိုင့်ရှေ့တွင် စားပြရင်း စိတ်ထဲမှ စိတ်မကောင်းသလို ဖြစ်လာသည်။ ကိုကိုနိုင်ကတော့ လက်ဆွဲအိတ်ထဲမှ ဆွယ်တာတထည်ကို ထုတ်လိုက်၏။

"ရော့- ဒါက လေယာဉ်ပျံပေါ်မှာ အေးမှာ၊ မွှေး ဝတ်သွားဖို့"

"ကိုကိုနိုင်ကလည်း မွှေးဘာသာ လုပ်ပါ့မယ်"

"အိုး နေစမ်းပါကွယ်၊ ကိုကိုနိုင် အားလုံး လုပ်ပေးမယ်၊ ဟိုကျရင် အမြဲသတိထားရမှာ ကျန်းမာရေးပဲနော်၊ ကျန်းမာရေးက တစ်၊ ကျန်းမာရေးက နှစ်ပဲ"

သူသည် ဆွယ်တာကို မွှေး၏ပခုံးပေါ်သို့ ခြုံ၍ပေး၏။

မွေးမျက်လုံးလေးများမှာ အားငယ်၍ မျက်ရည်များ သန်းလာသည်ကို ကိုကိုနိုင် တွေ့ရ၏။

"သူလည်း ငါ့ကို မခွဲချင်ပါဘူးလေ"

သူ့စိတ်ထဲမှာ တယောက်တည်း ပြောလိုက်၏၊ အမှန်တော့ မွေးပြန်သွားလျှင် တိတ်ဆိတ် ခြောက်သွေ့နေမည့်အချိန်များကို ရင်ဆိုင်ရမှာ သူ့စိတ်ထဲတွင် ကြောက်နေသည်။ တိုက်ပွဲများများ ဆင်းရပါစေဟုသာ ဆုတောင်းနေမိ၏။

မွေးကိုယ်တွင် အရောင်များ ရှိနေသလားဟု သူ့စိတ်မှာ ထင်သည်။ မွေးသည် ဘယ်နေရာ ရောက်နေနေ သူရောက်နေသောနေရာလေးတွင် သူ့အသိုင်းအဝိုင်းမှာ သူ့အရောင်ကို ထွန်းပစေသည်။ ထိုအရောင်အရှိန်သည် မွေး၏တန်ဖိုးပေပဲ။ ထိုအရှိန်အငွေ့ကလေးက မွေးပတ်ဝန်းကျင်ကို စိုပြည်စေသည်။ လှုပ်ရှားစေသည်။ မွေး မရှိတော့လျှင် အရောင် မေးမှိန် ပျောက်ကွယ်သွားသလို ဟာ၍မှောင်ကာ ကျန်ရစ်တော့မည်။ ထိုပတ်ဝန်းကျင်လေးသည်လည်း ဘာမျှလှုပ်ရှားမှု မရှိတော့သလို ငြိမ်နေတော့မည်။ ထိုကဲ့သို့ ငြိမ်သက်ခြင်းမျိုး လက်ထပ်ပြီးစ မွေးကို ခွဲထားရစဉ်က တခါ ခံစားခဲ့ရဖူးပြီ။

ယခုလည်း ခံစားရပေဦးတော့မည်ဟူသော အသိက သူ့နှလုံးသားကို ခဲဆွဲထားသလို လေးလေးတော့သည်။

မွေး လိုက်ပါသော လေယာဉ်ပျံ ထွက်သွားလျှင် ခြောက်သွေ့ တိတ်ဆိတ်နေသော သူ့အိမ်ရှိရာသို့ တယောက်တည်း ပြန်လာခဲ့၏။ ပစ္စည်းများမှာ Mess ကို ပြောင်းရွှေ့ရန်အတွက် အဆင်သင့် စုပုံသိမ်းဆည်းပြီး ဖြစ်သည်။ မွေးနှင့်အတူ နေခဲ့ရသည်မှာ တနှစ်ပြည့်ရန် တလမျှ လိုတော့သည်။ သူသည် သံသေတ္တာတခုပေါ်တွင် ထိုင်လိုက်၏၊ အိမ်ထောင်ဆိုသည့်အကြောင်းကို စဉ်းစားမိသည်။ စဉ်းစားရင်း အိမ်ခန်းအားလုံး ဟိုဟိုသည်သည် ကြည့်မိသည်။ ယခင်က မွေး၏ သီချင်းသံလေးများသည် အခန်းထောင့်လေးများဆီက ထွက်ပေါ်နေကျဖြစ်၏။ ခပ်မြန်မြန် သွက်သွက် လျှောက်ပုံ၊ သွားပုံများသည် ဤအိမ်ထောင်ကြီးတခုလုံး အသက်ဝင်နေ ပုံများတည်း။

ရာသီဥတု ပူနွေးလာပြီဆိုသော်လည်း နှင်းကြွင်းများကို ဆောင်ယူလာသော လေက ပြတင်းဘက်မှ ခပ်အေးအေး တိုက်ခတ်လာပြန်သည်။ သူ့ပတ်ဝန်းကျင်သည် ပိုမို၍ အေးစက်သွား သည်ဟု ကိုကိုနိုင်က ထင်၏။ သူသည် သက်ပြင်းရှည်လျားစွာ ချမိ၏။ မွေးသည် သူ့မိသားစု အပေါ်တွင် ထားသင့်ထားထိုက်သော သံယောဇဉ်ထက် ပို၍ များနေလေသလား၊ သူ့မိသားစုကို ခင်တွယ်သောစိတ်သည်

လင်ဖြစ်သူကို ချစ်သော စိတ်ထက်ပင် ပိုလေသလား၊ ထိုအတွေးကလည်း ကိုကိုနိုင့် ခေါင်းထဲသို့ ဝင်ရောက်လာပြန်သည်။

"မကြာပါဘူး၊ သူ့မမ နေကောင်းရင် သူ ပြန်လာမှာ" ဟု ဖြေသာအောင် တွေးလိုက်ရာမှပင် -

"အင်း... တီဘီဆိုတာက တခါ ပြန်မာလာဖို့ အနည်းဆုံး ခြောက်လ၊ အများဆုံး တနှစ်၊ နှစ်နှစ် စောင့်ရမယ်၊ ကိစ္စမရှိပါဘူးလေ၊ တို့စစ်သားဆိုတာ မိန်းမက ခွဲမသွားလည်း အရေးကိစ္စပေါ်ရင် မိန်းမကိုတောင် ခွဲခဲ့ရသေးတာပဲ"

သူသည် တယောက်တည်း တွေး၊ တယောက်တည်းမေးနှင့် တယောက်တည်း ဖြေနေ၏။ သူသည် တခါဖူးမျှ လူတဦးတယောက်အပေါ်တွင် တမ်းတမ်းတတ လွမ်းဆွတ်ခြင်း မဖြစ်ဖူးသေးပေ။ မွေးကို ဘာကြောင့်များ ဒါလောက် တမ်းတမိသည်ကို သူ မတွေးတတ်။ ဤမိန်းကလေးတွင် သူတကာမိန်းမတို့ကဲ့သို့ အလှအပ မရှိပါဘဲလျက် ဘာကများ စွဲလမ်းနှစ်သိမ့်စရာ ဖြစ်နေပါလိမ့်။

တဂျိုင်းဂျိုင်းနှင့် မောင်းနှင်လာသော စစ်ကားကြီးမှာ သူ့ပစ္စည်းများ သယ်ရန် အိမ်ရှေ့တွင် ထိုးရပ်လိုက်၏။ ထိုအချိန်ကျမှပင် သူသည် အတွေးကို ရပ်ပစ်လိုက်တော့သည်။

■

နောက် ခြောက်လတွင် ကိုကိုနိုင်သည် ရုံးကိစ္စနှင့် ရန်ကုန်ကို ဆင်းလာခဲ့၏။ မွေးက သူ့ကို မီးရထားဘူတာတွင် လာကြိုသည်။ ဖျတ်လတ်သွက်လက်ပုံမှာ ယခင်ကလိုပင် ရှိသေး၍ မျက်လုံးများမှာ တောက်ပနေသော်လည်း အတော်ပိန်သွားပုံရသည်။

မမအေး နေကောင်းကြောင်း၊ ကိုကိုနိုင့်မေမေ လာကြောင်း၊ သူ အလုပ်ဝင်၍ လုပ်နေကြောင်းကို လမ်းမှာ ပြောလာသည်။ အိမ်မှာ ယခင်ကလိုပင် ဘာမျှ အပြောင်းအလဲမရှိလှ။ ခေါင်းရင်းဘက် ဖေဖေအိပ်သောအခန်း၏ ခြေရင်းခန်းတွင် မမအေးကို ပထမ သွား၍ နှုတ်ဆက်၏။ အခန်းဝ ဝင်ဝင်ချင်း သူ့ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားတော့သည်။

"ရတော့မည် မဟုတ်" ဟူသော အသိက ခေါင်းထဲတွင် အလိုလိုဝင်လာသည်။ အေး၏ မျက်နှာသည် သွေးမရှိသလို ဖြူနေသည်။ မျက်ခုံးနှင့် မျက်လုံးသာ မျက်နှာ၏အသွင်ကို ဆောင်နေပုံရ၏။ အတော်ပင် ကျ၍နေတော့သည်။ သူ့ကို အားယူပြုံးကာ နှုတ်ဆက်လိုက်သော နှုတ်ခမ်းနှစ်ခုမှာ

ဖြူဖွေး အားနည်းလှသည်။

"အေး၊ တော်တော် နေကောင်းလာပြီနော်"

သူသည် ကြံ့ဖန်၍ ပြောလိုက်ရသော်လည်းစိတ်က လူမမာ၏ အခြေအနေကို သိနေ၏။ အေးက ခေါင်းကိုသာ ညင်ညင်သာသာ ညိတ်၍ ပြ၏။

အေးအခန်းမှ ထွက်လာလျှင် သူ့အခန်းထဲသို့ ဝင်ကာ မောလာသလို လှဲချလိုက်သည်။ မွေးက သူရေချိုးရန် စီစဉ်နေ၏။

"မွေး ခဏလာဦး"

မျက်နှာသုတ်ပဝါကို ပိုက်ထားသော မွေးမှာ သူ့အနား ကပ်လာသည်။

"အေးကို ဒီလိုပဲထားရင် ဒုက္ခရောက်သွားမှာပေါ့၊ ဆေးရုံ မတင်ဘူးလား"

မွေးသည် အတော်ပင် မျက်နှာညှိုး၍ သွား၏။

"မမအေးက ဆေးရုံကို သိပ်ကြောက်တယ်၊ ဆေးရုံ ဇွတ်တင်ရင် သူတို့ ငါ့ကို အိမ်မှာ မနေစေချင်လို့ဆိုတဲ့အတွေး သူ့ခေါင်းထဲ ဝင်သွားမှာ စိုးတယ်"

ကိုကိုနိုင်သည် သက်ပြင်းချကာ ဘာမျှ မပြောဘဲ ငြိမ်၍ ထိုင်နေ၏။

"တဖြည်းဖြည်းတော့ နားလည်အောင် မွေးလည်း ပြောရက်ပဲ၊ ဒေါက်တာ ခဏခဏ လာနားချလို့ အရင်ကလောက်တော့ မငြင်းပါဘူး၊ ဒါပေမင့် အခန်းက ခက်သေးတယ် မဟုတ်လား၊ ရိုးရိုးအခန်းကို မွေးလည်း ကြောက်နေပြီ"

"အင်း... ဒီအခန်းနေရာ ပြဿနာကိုက အဆုတ်နာလူနာတွေအတွက် စဉ်းစားစရာပဲကွယ်၊ လာပါဦး မွေးရယ်၊ ရေမချိုးချင်သေးပါဘူး"

ရပ်နေသော မွေးကို လှမ်းဖက်လိုက်ကာ ရင်ခွင်ထဲတွင် သိပ်လိုက်၏။

"ငါ့မိန်းမကြီး အတော်မောလှရော့မယ်"

ပါးစပ်မှ ပြောကာ မွေး၏ ပါးပြင်ပေါ်သို့ သူ့ပါးအပ်၍ ထားလိုက်သည်။

ညသို့ ရောက်လျှင် သူသည် မိခင်နှင့် အကြာကြီး ခွဲနေရသော ကလေးလို မွေးအနားမှာပင် ခွေ၍ နေချင်သည်။ လေးနှင့် အထွေးတို့မှာ စာကြည့်နေကြပြီဖြစ်၍ အိမ်မှာ တိတ်ဆိတ်နေသည်၊ အဖိုးကြီးသည် အရင်ကလောက် ကလိုက် ခုန်လိုက် မရှိတော့ဘဲ ဣန္ဒြေရလာသည်။ ခပ်စောစောပင် အိပ်ရာဝင်၏။

မွေးက အေးအခန်းထဲ သွားကာ လုပ်ကိုင်ပေးပြီးမှ သူ့အိပ်ခန်းကို ဝင်၍လာသည်။ ခွေနေသော ကိုကိုနိုင့်ဘေးတွင် ဝင်၍ လှဲလိုက်၏။ ကိုကိုနိုင်သည် သူ့ရင်ခွင်ထဲသို့ မွေးကို ဆွဲသွင်းကာ ဘာမျှမပြောဘဲ ငြိမ်သက်နေသည်။ ထိုငြိမ်သက်နေခြင်းက မွေးကို မည်မျှ နားစေချင်သည်ဆိုသော အဓိပ္ပာယ်ကို ဖော်ပြလျက် ရှိ၏။

"အဟွတ်... အဟွတ်... အင့်..."

အဆက်မပြတ် ဆိုးနေသော ချောင်းသံမှာ တဖက်ခန်းမှ ပေါ်လာ၏။

"ဟော- ကိုကိုနိုင်၊ မမအေး သိပ်ချောင်းဆိုးနေပြီ၊ မွေး သွားဦးမယ်"

မွေးသည် ကိုကိုနိုင့် လက်ကို ဖြေကာ ကမန်းကတန်း ထသွားတော့၏။ ကိုကိုနိုင်ကတော့ သက်ပြင်းချကာ ကျန်ရစ်တော့သည်။

မွေး ပြန်လာချိန်မှာ သန်းခေါင်သို့ ရောက်နေပေပြီ။ ကိုကိုနိုင်သည် တခန်းလုံး မှောင်ချကာ ပြတင်းပေါက်နားရှိ ကုလားထိုင်ပေါ်တွင် ဆေးလိပ်သောက်နေ၏။ မွေး၏နူးညံ့သော နှုတ်ခမ်းဖျားသည် သူ့လည်ပင်းကို လာထိ၏။ သူသည် ဆေးလိပ်ကို ဘေးချကာ မွေးကိုယ်ကို ဆွဲယူလိုက်သည်။

"ကိုကိုနိုင် အိပ်နှင့်ပါလား၊ မွေးကို စောင့်နေတယ် ထင်တယ်"

"မအိပ်ချင်သေးဘူး"

"အားနာလိုက်တာ။ မမအေးက ခုလို ဆက်တိုက် ဆိုးလာရင် အပူရှိန်ကလည်း ပြင်း၊ ချွေးတွေပြန်ပြီး သိပ်ပင်ပန်းတာပဲ။ ဘေးမှာ ကလေးမ ရှိပေမယ့် မွေးတို့ရှိတော့ သူ အားရှိတာပေါ့"

ကိုကိုနိုင်သည် ဘာမျှ ပြန်မပြော။ မွေး၏နှုတ်ခမ်းလေးများပေါ်ကိုသာ သူ့နှုတ်ခမ်းကိုဖိ၍ ထားလိုက်သည်။ ညဥ့်သည် တိတ်ဆိတ်သော်လည်း ပူနွေး၍နေ၏။ ကိုကိုနိုင့် စိတ်ထဲတွင် မတွေးနိုင် မအန်ရက် ဖြစ်နေသည်။ ဒီလိုသာ လူနာနားမှာ သန်းခေါင်တိုင်အောင်နေ၊ နေ့ဘက်တွင် အလုပ်လုပ်ဆိုလျှင် မွေး ခံနိုင်ပါဦးမလား။ သူသည် မွေးအတွက် ဖွင့်၍ပြောချင်သော်လည်း သူ့ကို အထင်လွဲမှာ၊ အထင်သေးမှာ စိုးရိမ်နေတော့သည်။

ထိုညတညလုံးတွင် သူသည် မွေးအား ရင်ခွင်ထဲ၌ အေးချမ်းစွာ အိပ်ပျော်အောင် သိပ်သော်လည်း မမအေးချောင်းဆိုးသံ ကြားတိုင်းမွေး၏ ကိုယ်လေးမှာ တွန့်ခနဲ ဖြစ်ကာ လှုပ်ရှား၍ သွားတတ်ပေသည်။

သက်ပြင်းတချချ ရင်တမမနှင့်ပင် မွေးနှင့် ငါးရက် အတူနေကာ သူ ပြန်လာခဲ့၏။ အလွန်အချစ်ကြီးသော မိန်းကလေးအား ရပ်နားရန် ဖန်တီးပေးသော်လည်း မွေးသည် မနားသေးပါတကား။

ပြန်မည့်ညကမူ နှစ်ယောက်လုံးစိတ်ထဲတွင် လင်မယားဖြစ်ပါလျက်နှင့် သမီးရည်းစားလို ဖြစ်နေသည်။ သည်တခါ ခွဲခွာရခြင်းနှင့် ပြန်လည် တွေ့ကြုံရမည့်အချိန်ကို တွက်ချက်ရခြင်းသည် ဘာကြောင့်မှန်း မသိ၊ ရေရေရာရာ မရှိလှ။ မွေးကလည်း သည်တခါ ကိုကိုနိုင် ပြန်မှာကို ရင်ခုန်လိုက်တာဟု ဆို၏၊ ကိုကိုနိုင့်စိတ်တွင်လည်း ပြောပြ၍ မတတ်သော ခံစားမှုတခုမှာ လေးနေတော့သည်။ သို့သော် ဘာကိုမျှ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရှည်ရှည်လျားလျား ပြော၍တော့ မရကြ။ နှစ်ယောက်ဆုံကြတိုင်း ရင်ထဲတွင်တော့ တခုခု သိုမှီးထားကြသလို ဖြစ်နေပေမယ့် တိတ်တိတ်ဆိတ်ဆိတ် နေမိကြသည်။

မွေးက သူ့ထုံးစံအတိုင်း နှုတ်ဆက်အနမ်းကို နမ်းစဉ်ကမူ ယခင်ကလို ကြည်ကြည်ရွှင်ရွှင် မရှိလှ။ မျက်ရည်ဖြိုင်ဖြိုင်ကျကာ ရှိုက်၍ ငိုနေသည်။

"မွေးကို လက်ထပ်ရတာ ကိုကိုနိုင် ဒုက္ခပါပဲ"

ဟုသာ ပြောသည်။ ကိုကိုနိုင်ကမူ ဘာတလုံးမျှ ပြောမထွက်ပေ။

ကိုကိုနိုင် ပြန်သွားပြီးနောက် ခြောက်လလောက်မှ မမအေးကို ဆေးရုံတင်ရန် နားချ၍ ရတော့၏။ အမေဖြစ်သူ ဆေးရုံတက်စဉ်က ဆေးရုံဒုက္ခကို တွေ့ရသောအေးသည် ဆေးရုံကိုပင် ကြောက်စရာလို ထင်မိ၏။ ထို့ကြောင့် သူ့ရောဂါကို ဖွင့်မပြောဘဲ ကြိတ်မှိတ်ခံခဲ့သည်။ ယခု ဆေးရုံရောက်ချိန်တွင် လပိုင်းမှ နှစ်ပိုင်းသို့ ရောက်လာသော်လည်း အေး၏ရောဂါမှာ ကျွမ်းစပြုလာလေသည်။ တရံတခါ ညများတွင် မွေးသည် အစ်မကို ကိုယ်တိုင်သွားစောင့်၏။ အဖော်မိန်းကလေး မအေးသင်မှာ သစ္စာရှိ၍ ကြင်နာတတ်၏။ ဆရာမလေးတယောက်လို အေးကို ပွေ့ပွေ့ပိုက်ပိုက် ပြုစု၏။

မမအေး ချောင်းဆိုးနေတုန်းကဆိုရင် "မမမွေး၊ ခြင်ထောင်ထဲ မဝင်နဲ့၊ ရောဂါ ကူးစက်တတ်တယ်" ဟူ၍လည်း သတိပေးတတ်၏။

ညပိုင်းတွင် မမအေးသည် ပြင်းပြင်းထန်ထန် ချောင်းဆိုးလာ၏၊ ချောင်းဆိုးသံ ကြားလျှင် မွေးသည် ခြင်ထောင်မကာ ကြည့်နေမိသည်။ ချွေးစို့နေသော နှုတ်ခမ်းနှစ်ခုမှာ ချောင်းဆိုးလျှင် ဆတ်ဆတ်တုန်နေသည်။ ရင်မှာ မောလွန်း၍ လှိုင်းလို လှုပ်ရှားနေတော့သည်။ နားထင်မှ စီးကျလာသောချွေးများမှာ ဆံပင်များကို စိုရွှဲနေတော့သည်။ အပူရှိန်မှာ တရာကျော်၍ လာတော့သည်။ မွေးသည် ရေမွေးဆွတ်ထားသော လက်ကိုင်ပဝါလေးနှင့် အေး၏ နဖူးစများကို

တို့ကာ တို့ကာ ပေး၏။ ရေမွှေးရနံ့ဖြင့် အမောပြေအောင် လုပ်ပေးသည်။ တခါတရံ အပူကျသွားသော်လည်း ချောင်းဆိုး၍ တညလုံးလိုလို မအိပ်ရပေ။

ခဏမျှ မှေးနေချိန်တွင် မမအေးမျက်နှာသည် အားနည်းလှနေသည်။ ရောဂါကြီး၏ အရှိန်ဒဏ်ကို မခံနိုင်သလို မျက်နှာညှိုးကျနေတော့သည်။

အဖော်ကလေးမလေးသည် မွှေးကို လက်ကုတ်၍ ခေါ်၏။ အခန်းအပြင်ဘက်ကို ရောက်လျှင် နားနားကပ်ကာ -

"မမအေးကို ကျွန်မ ပြုစုပါ့မယ်။ မမမွှေး သိပ်အပင်ပန်းမခံပါနဲ့" ဟု ပြောလိုက်၏။

"ဘာပြုလို့လဲ၊ ငါ့အစ်မကို ငါ ပြုစုချင်တာပေါ့၊ သူ ချောင်းဆိုးတိုင်း ငါ့ရင်ထဲကို အပ်နဲ့ ဆွသလိုပဲ၊ ငါ အိပ်လို့ မရဘူး"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒါပေမင့် ကိုကိုနိုင်က မပြန်ခင် ကျွန်မကို မှာသွားတယ်၊ နင့်မမမွှေး နားချိန်ရဖို့ရယ်၊ ကျန်းမာရေးအတွက်ရယ် အမြဲသတိပေး ဂရုစိုက်ရမယ်တဲ့။ မမမွှေး ကိုယ့်ကိုယ်ကိုယ်လည်း သတိထားဦး"

"မတတ်နိုင်ဘူး မအေးသင်၊ အထွေးတို့လည်း စာမေးပွဲနီးနေတာ"

အထဲမှ မမအေး လှုပ်သံကြား၍ မအေးသင်သည် စကားစဖြတ်ကာ အခန်းတွင်းသို့ ဝင်သွား၏။ မွှေးသည် မှောင်ထဲတွင် တယောက်တည်း ရပ်နေခဲ့၏။ ဆေးရုံအခန်းတိုင်းလိုလို တိတ်ဆိတ်နေသော်လည်း နံပါတ်ရှစ်အခန်းမှ စပါယ်ရှယ် ဆရာမတယောက်သာ ရေနွေးဇလုံနှင့် အလုပ်ရှုပ်နေသည်။

ကိုကိုနိုင့်မျက်နှာမှာ မွှေး မျက်စိထဲတွင် ပေါ်လာပြန်သည်။

"သူ မအေးသင်ကို ငါ့ကျန်းမာရေးအတွက် မှာခဲ့သေးတယ်" မွှေးသည် သက်ပြင်းချမိ၏။

"မတတ်နိုင်ဘူး၊ မတတ်နိုင်ဘူး"

ခေါင်းကို ယမ်းကာ လက်ကို တင်းတင်းဆုပ်မိ၏။ ဖြစ်လာတာတွေက ကိုယ်ဖန်တီးသည်မှ မဟုတ်ဘဲ။ သူတို့ကလည်း ဖန်တီးကြသည်မဟုတ်။ အကြောင်းတရားတွေသာ ဖြစ်၏။ မေမေရော၊ မမရော အပြစ်မဲ့သူတွေသာ ဖြစ်သည်။ သူတို့သည် လူ့လောကတွင် ပြဖွယ်ကိစ္စများကို ပြုကြရင်း ဒဏ်ခံကြရသည်သာ ဖြစ်၏။ သည်အခြေအနေကျမှ ကိုယ်က တယောက်တည်း ခေါင်းရှောင် ထွက်သွားဖို့ ဆိုသည်က ဘဝကို သစ္စာမဲ့လွန်းရာ၊ ကိုယ်ကျိုး

ကြည့်လွန်းရာကျသည်ဟု မွေးက တွက်ပြန်၏။

"အဟွတ်… အဟွတ်… အဟွတ်…"

ချောင်းသံမှာ အဆက်မပြတ် ထွက်လာပြန်၏။ မွေးသည် အေးရှိရာသို့ ခြေဖျားထောက်ကာ ပြေးသွား၏။ မမအေးသည် မခံမရပ်နိုင်အောင် မောနေပုံရ၏။ မွေးက ပွေ့ယူတိုက်မှ ချောင်းဆက်ပျောက်သွားသော်လည်း ရင်အုံမှာ မငြိမ်သေးပေ။

မအေးသင်သည် ဘယ်အချိန်က ထွက်သွားသည် မသိ။ တာဝန်ကျဆရာမလေးမှာ သူ့နောက်တွင် ပါလာသည်။ ဆရာမက ဆေးတလုံး ထိုးပေးမှ အေးမှာ အမောသက်သာ သွားတော့သည်။ အမောပြေတော့လည်း အေးသည် သူ၏အပြုံးလေးကို အားယူပြုံးကာ မွေးကို ကြည့်၏။

"ဆေးရုံမှာနေတော့ မောတဲ့ပြုတဲ့အခါ ချက်ချင်း ဆေးရတော့ သက်သာတယ်"

သူသည် မွေးကို တိုးတိုးနှင့် ဖြည်းဖြည်းပြော၏။

"ဟုတ်တယ်၊ မွေးက အစောကြီးက ဆေးရုံတင်ချင်တာ၊ မမအေးက မျက်စိမျက်နှာ ပျက်အောင် ကြောက်နေတော့ မတင်ချင်တော့ဘူး၊ ဖွတ်တင်ပြန်ရင်လည်း ရောဂါကူးမှာစိုးလို့၊ အိမ်မှာ မနေစေချင်လို့လို့ လူနာ အထင်လွဲမှာလည်း ကြောက်တယ်"

အေးသည် မွေး၏လက်ကို ညင်သာစွာ ဆွဲယူလိုက်၏။ သူသည် ပျော့ပျောင်းစွာပင် ထပ်မံ ပြုံးလိုက်ကာ…

"မမအေးက မွေးအပေါ်မှာ ဘယ်တော့မှအထင်မလွဲပါဘူး၊ အများကြီး ကျေနပ်ပါတယ်ကွယ်၊ ကျေးဇူးလည်း သိပ်တင်ပါတယ်"

မွေးသည် နောက်စကားလုံးများကို ဆက်မကြားတော့။ မမအေးလက်ကို တင်းတင်းဖျစ်၍ ထားလိုက်၏။ ဘာမျှလည်း သူ ပြန်ပြော၍ မတတ်တော့ပေ။

မေမေသည် မဆုံးခင်တပတ်က သည်လိုပဲ "ကျေးဇူးတင်ပါတယ်" ဟု မအေးရင့်မာကြီးက သမီးကို ပြောခဲ့၏။ ယခုလည်း မမက ဆိုပြန်သည်။

"မွေးကို ကျေးဇူးမတင်ကြပါနဲ့၊ မတင်ကြပါနဲ့"

မွေးသည် ကျပ်တည်းနေသောရင် ပွင့်အောင် အော်ချင်သော်လည်း စိတ်ထဲမှာသာ ရေရွတ်မိ၏။ သန်းခေါင်ကျော်လျှင် အေးသည် ငြိမ်သက်စွာ အိပ်၍သွားပြန်သည်။

နောက်နေ့တွင် မွှေးသည် ရုံးက ခွင့်ယူလိုက်ရ၏။ တညလုံး အိပ်မရသောဒဏ်ကြောင့် ခေါင်းက မူးဝေနေသည်။

မအေးသင်နှင့်ပင် အေးကို ထားခဲ့ကာ အိမ်ကို ပြန်လာခဲ့သည်။

ညီမငယ်နှစ်ယောက်မှာ ကျောင်းသို့သွားချိန်ဖြစ်၏။ အဖိုးကြီးကမူ နို့ဆီခွက်၊ ပုလင်းလွတ် များကို စုပုံကာ အိမ်ရှေ့လှေကားတွင် ငုတ်တုတ်ထိုင်နေသည်။

မွှေးကို မြင်လျှင် ရယ်လိုက်၏။

“ ငါ ဒါတွေရောင်းပြီး ဝါးခယ်မ ပြန်မလို့”

မွှေးသည် ခေါင်းကိုညိတ်ပြကာ ခပ်မြန်မြန်ပင် လှေကားကို တက်လာခဲ့သည်။ အဖိုးကြီးအတွက် စိတ်မညစ်၊ စိတ်မရှုပ်နိုင်တော့ပေ။ စိတ်လွတ်၍ ထင်ရာသွားကာ ကခုန် မနေသည်ကိုဘဲ မွှေးက ကျေးဇူးတင်မိ၏။

အိမ်ပေါ်ရောက်လျှင် အထွေးကို အိမ်ခန်းထဲတွင် ခွေလျက်တွေ့ရသည်။ အထွေးမျက်နှာသည် ရွှင်ရွှင်လန်းလန်း မရှိ၊ မွှေးသည် အထွေးနဖူးကို စမ်းလိုက်၏။

“အထွေး၊ ဘာဖြစ်လဲ၊ ကိုယ်လည်း မပူဘူး၊ ဒီနေ့ ကျောင်းမှာ Class မရှိဘူးလား၊ လေးရော၊ မွှေးက ကျောင်းသွားတယ် ထင်နေတာ”

“လေး ကျောင်းကနေ ဆေးရုံဆက်သွားလိမ့်မယ်။ ခုန ရဲဘော်တယောက် စာတစောင်နဲ့ သေတ္တာနှစ်လုံး လာပို့သွားတယ်။ ဒီမှာစာ၊ အစ်ကို့ဆီကလို့ ပြောသွားတယ်”

အထွေးသည် ခေါင်းအုံးအောက်မှ စာလေးကို ထုတ်ပေးလိုက်၏။ မွှေးက စာကို တယုတယ လှမ်းယူလိုက်သော်လည်း သူ့မျက်လုံးကမူ ညီမမျက်နှာမှ ခွာမရပေ။

“အတွေး၊ ဘာဖြစ်လဲ ပြောစမ်း၊ မျက်နှာ ဘာလို့ ဒါလောက် ညှိုးနေတာလဲ”

အထွေးသည် အတော်ပင် မျက်နှာညှိုးနေရာမှ “စိတ်မကောင်းလို့ပါ” ဟု ဖြေ၏။

“ဘာ စိတ်မကောင်းတာလဲ”

အထွေးမျက်ရည်လေးများလည်လာကာ ဝမ်းနည်းပန်းနည်း ပြောပြ၏။

“ကျောင်းမှာ နေ့လယ်စာကို စိမ်းစိမ်းအခန်းထဲမှာ

အထွေးတို့သူငယ်ချင်းတွေ အတူ စားနေကျ။ ခုတလော ထွေး ဝင်သွားရင် သန်းသန်းတို့၊ ရင်ရင်တို့ ဖယ်ဖယ်သွားတယ်။ ဒီနေ့ အထွေး စုံစမ်းကြည့်တော့မှ အထွေးအစ်မကလည်း တီဘီသမား၊ အမေကလည်း တီဘီနဲ့ သေလို့တဲ့၊ သူတို့က အထွေးကို အရောမဝင်ချင်တော့ဘူး”

အထွေးသည် ဝမ်းနည်းအားငယ်လာဟန်ရှိ၏။ မျက်ရည်များ ကျလာသည်။

“အထွေးကလည်းကွယ်၊ သူတို့ ဘယ်လိုပဲထင်ထင် အထွေး ဓာတ်မှန်ရိုက်၊ တံတွေးတွေ ဘာတွေ စစ်ပြီးတာ သုံးလပဲ ရှိသေးတာပဲ။ ဘာမှမရှိဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေပြီဟာ၊ ဝမ်းမနည်းပါနဲ့”

အထွေးသည် သူငယ်ချင်းတချို့ ဝိုင်းပယ်သည့်အတွက် ဝမ်းနည်းနေဟန်ရှိသည်။

“သူငယ်ချင်းတွေစိတ်ကို သိရတာပေါ့။ သူစိမ်း မပြောနဲ့၊ ဒေါ်လေးမူယာတောင် မေ့မေ့ဆီကို ကိုယ်တိုင်မလာဘူး၊ ကူးမှာ ကြောက်လို့တဲ့၊ ဖွင့်ပြောတာပဲဟာ။ ဒါတွေ မတွေးနဲ့ အထွေး။ ကဲ... ပျော်အောင်အိပ်စမ်း၊ ညနေကျ တို့နှစ်ယောက် ဆေးရုံသွားရအောင်”

အထွေးကို သိပ်ခဲ့ကာ သူ့အခန်းရှိရာသို့ ပြန်လာခဲ့သည်။ ကိုကိုနိုင်ထံမှ စာကို ဖောက်ဖတ်လိုက်၏။

မွေး

နယ်ခြားဘက်ဆီ တခါ ထပ်သွားရမှာမို့ မလိုတဲ့ အဝတ်အစားသေတ္တာနဲ့ စာအုပ် သေတ္တာတခု ပြန်ပို့လိုက်တယ်၊ ဝန်ပေါ့အောင်လို့ပဲ၊ နောင်မှ စာရှည်ရှည်ရေးလိုက်မယ်။

ကိုကိုနိုင် စိတ်ချမ်းသာစေချင်ရင် မွေးရဲ့ ကျန်းမာရေးကိုပဲ အစဉ်ဂရုစိုက်ပါ။

ချမ်းမြေ့ရွှင်လန်းပါစေ

မွေးရဲ့ ကိုကိုနိုင်

မွေးသည် စာရွက်ကို ပါးမှာအပ်ကာ ခုတင်ပေါ်သို့ လှဲလိုက်သည်။ မှုံးနှောက် ဝေနေသောခေါင်းမှာ အနည်းငယ် ကြည်လင်လာသလို ရှိတော့၏။

နေ့လယ်ပိုင်း ရေချိုးလိုက်၍ ပေါ့ပါးသွားသောကြောင့် သေတ္တာနှစ်လုံးကို ဖွင့်၍ ရှင်းလင်းရန် ပြင်လိုက်သည်။ စာအုပ်သေတ္တာမှာ များ၍ အထွေးတို့နှင့်မှ အတူလုပ်ရန် နောက်ချန်ထား၏။ အင်္ကျီသေတ္တာကိုမူ အလျင်ဖွင့်လိုက်သည်။

သေတ္တာထဲတွင် ရိုးရိုး ပိုးအပေါ်အင်္ကျီ၊ ရှပ်အင်္ကျီနှင့် ဘောင်းဘီအဟောင်းများ၊ ဇန်ကောက်လုံချည်များ ပါလာသည်။ နယ်ခြားဘက်ဖြစ်၍ အနွေးထည်နှင့် အကြမ်းထည်များသာ ယူသွားဟန်ရှိပေ၏။

မွေးသည် အင်္ကျီအိတ်များ၊ ဘောင်းဘီအိတ်များကို ရှင်းလင်းကာ နေပူလှန်းရန် ပုံ၍ထား၏။ ကိုကိုနိုင်သည် ရုံးစာမဟုတ်သော စာတိုစာစ ဟူသမျှ အင်္ကျီအိတ်၊ ဘောင်းဘီအိတ်များတွင် ထည့်ထားလေ့ ရှိပေသည်။

နွေဘက် ညဝတ်အင်္ကျီ အပါးစားတထည်၏ အိတ်ထဲမှာမူ လိပ်စာမတပ်ထားသော လေကြောင်းစာပို့ စာတအိတ်ကို တွေ့ရသည်၊ စာရွက်များမှာ အိတ်ကို ဆွဲအထုတ်တွင် အန်ကျလာ၏။ မွေးသည် စာရွက်အစ တရွက်ကို ကောက်ကိုင်ရင်း အံ့အားသင့်သွား၏။ စာမှာ မွေးထံသို့ ခေါင်းစဉ်တပ်ထားသောကြောင့် ဖြစ်ပေသည်။

ချစ်ဇနီးကြီး မွေး…

အတူနေခဲ့ကြရတဲ့ တန်ဖိုးကို ခွဲခွာနေရတဲ့အချိန်ကျမှပဲ ထင်ရှား သိရတော့တာပဲ။ မွေး ပြန်သွားတဲ့နေ့က အိမ်ကြီးဟာ သဲကန္တာရလိုပဲ ခြောက်သွေ့နေတော့တယ်။ အဲဒီနေ့မှာ သီချင်း ဆိုနေကျ ငှက်ကလေးတွေတောင် အိပ်ပျော်နေကြသလား အောက်မေ့ရတယ်။ အထူးပဲ တိတ်ဆိတ်ပြီး ဘာသံမှ မကြားရတော့ဘူး။

အလုပ်တွေဟာ အမြဲတမ်း များနေပါစေ၊ တိုက်ပွဲ အစဉ်ပဲ သွားနေရပါစေလို့ ဆုတောင်းနေမိတယ်။ ကိုကိုနိုင်ရဲ့အားလပ်ချိန်တွေကို ဘယ်လိုသုံးရမယ်ဆိုတာ ကိုကိုနိုင် မတွေးတတ်တော့ဘူး။ Mess မှာလည်း မပျော်ဘူး။ ခက်တာက အရက်ခွက် မကိုင်လိုတော့တဲ့အဖြစ် ရောက်နေတော့ ပိုဆိုးတယ်။ စာဖတ်မယ်လို့ စာအုပ်ကို ကိုင်လိုက်တိုင်းလည်း အနားမှာ အမြဲထိုင်ပြီး စာဖတ်ဖော် စာဖတ်ဖက် ဖြစ်နေတဲ့ မွေးကို ကိုကိုနိုင် သတိရလာပြန်ရော။

တောကို ထွက်လာရတဲ့ ရက်တွေကျပြန်တော့လည်း၊ တောတန်းရဲ့ သာယာပုံ၊ ပန်းတွေရဲ့ လှပပုံကို မြင်ရရင်ပဲ သဘာဝကို မြတ်နိုးတတ်တဲ့ ငါ့အချစ်ဟာ ဒီလို အလှအပလေးတွေကိုမြင်ရင် ချစ်တတ်ရှာပေတယ်၊ ပျော်ရှာမှာပေပဲလို့ တွေးရတာကို အမောပဲ။

Mess က ရဲဘော်ရဲ့လက်ရာက အနောက်ဆန်ဆန် မခေပေမယ့် မွေးရဲ့ အငွေ့ တထောင်းထောင်း ထနေတဲ့ ကြော်ချက်ဟင်းလောက် ကိုကိုနိုင် မမြိန်တော့ဘူး။

'ဟာ' တာကတော့ ရင်ထဲမှာ အားလုံးဟာနေတယ် မွေး။ ကိုကိုနိုင်ရင်ထဲမှာ ဟာချင် ဟာပါစေတော့။ မွေးဟာ စိတ်ချမ်းမြေ့ သာယာစွာနဲ့ နေရတယ်ဆိုရင် ကိုကိုနိုင် ဖြေသာပါတယ်။

ဟိုရက် ရန်ကုန်ကို ပြန်လာတုန်း မွေးနေရတာကို မြင်တော့ ကိုကိုနိုင့်ရင်ထဲမှာ နာနေတော့တယ်။ အမှန်တော့ မွေးကို ကိုကိုနိုင့်အရိပ်မှာ ခိုပြီး နားနေစေချင်တယ်။ မွေးဟာ ကိုကိုနိုင့်ရင်ခွင်ထဲမှာတောင် နှစ်နှစ်ခြိုက်ခြိုက် မအိပ်နိုင်တဲ့ အဖြစ်ပါကလားလို့ တွေးမိတိုင်း မွေးအတွက် သိပ်မောမိတာပဲ။ မွေးနဲ့ ကိုကိုနိုင် လက်ထပ်ကြတာဟာ တခြားအိမ်ထောင်ရေးတွေနဲ့ မတူဘူး၊ ပိုက်ဆံနဲ့ ပေးဝယ်ပြီး ဂုဏ်ချင်းဖလှယ်ခဲ့ကြတာလည်း မဟုတ်ဘူး။ အမြတ်ထုတ်ချင်၊ အပိုင်စီးချင်တဲ့ သဘောတွေကို မပါဘူး။

မွေးကို မြတ်နိုးတဲ့စိတ်နဲ့သာ လက်ထပ်ခဲ့တာပဲ။ ကိုကိုနိုင်ဟာ အကြိုက်ဆုံး မိန်းမကို ရခဲ့တာပဲ။ ကိုကိုနိုင် သဘောအကျဆုံးမိန်းမရဲ့ပုံစံဟာ မွေးပဲ။ ဒါပေမင့် လက်ထပ်ပြီးချိန်ကြီးဟာ အမြဲပဲ ခြောက်သွေ့နေတာကို တွေးမိတိုင်း ကိုကိုနိုင်တို့နှစ်ယောက်ဟာ ဘာကြောင့်များ ဒါလောက် ကြာရှည်အောင် ခွဲခွာနေရသလဲလို့ တွေးမိပြန်ရော။

မွေးတို့မိသားစုရဲ့ချစ်ခင်ကြပုံကိုလည်း ကိုကိုနိုင်ကြောင့် ဖရိုဖရဲ မဖြစ်စေချင်ဘူး၊ မွေးဟာ ကံခေသူပဲနော်၊ ကိုကိုနိုင် ရေးရင်း ဘာရေးရမယ်ဆိုတာ တွေးမရပြန်ဘူး၊ ခက်တာက အထင်လွဲမှာ စိုးတယ်၊ မွေး အထင်လွဲခံရမှာစိုးတယ်။ တကယ်ပြောချင်တာကတော့ ကိုကိုနိုင် မွေးနဲ့ အကြာကြီး ခွဲမနေချင်ဘူး။ ခုလည်း ခြောက်လ တခါတွေ့ပြီး မတွေ့ရတာ နှစ်ချီပြီး ကြာခဲ့ပြီ။ ဘာလို့ ခဏ ခဏ ပြန်မလာတာလဲဆိုရင် တီဘီရောဂါသည်ကြီးနားမှာ မောကြီးပန်းကြီး အလုပ်လုပ်နေရတဲ့ မွေးကို မမြင်ရက်လို့ပဲ။

အေးလေ... မွေးတယောက်တည်း လင့်အပေါ်ရော၊ မိသားစုအပေါ်ရော ထောင့်စေ့ဖို့ ဆိုတာလည်း ဘယ်တတ်နိုင်မလဲ။ ကိုကိုနိုင်လေ...

သူ့စာမှာ ဆက်မရေးထားတော့ဘဲ ထိုနေရာတွင် ပြတ်နေတော့သည်။ ထိုစာကိုရေးပြီး အဆုံးမသတ်တော့ဘဲ ထားဟန်ရှိ၏။ သိမ်းဆည်းထားရင်းမှ ပါလာခြင်းဖြစ်ဟန်တူသည်။ မွေးသည် စာရွက်ကို ရင်တွင် အပ်ထားမိပြန်၏။ ကိုကိုနိုင် ဘယ်လိုနေမည်ကိုလည်း သူ တွေးမိ၏။ သူ့ရင်ထဲတွင် နင့်၍ လာတော့သည်။ စာ၏ရက်စွဲမှာ စက်တင်ဘာလ တတိယပတ်ထဲတွင် ရေးထား၏။ ယခု သေတ္တာများရောက်သောအချိန်မှာ ဒီဇင်ဘာလလယ် ဖြစ်ပေသည်။ သူသည် သမီးကောင်းတယောက်၊ ညီမကောင်းတယောက် ဖြစ်မည် ဖြစ်သော်လည်း မယားကောင်း တယောက် မဖြစ်သည်ကို တွေးမိသောအခါ မျက်ရည်များ

စို့လာပြန်တော့သည်။ အင်္ကျီပုံများ ပေါ်တွင် လှဲချလိုက်ကာ အလုပ်ဆက်၍ မလုပ်တော့ပေ။

တခါတရံ ကောင်းတာတွေ လုပ်ရင်းက စိတ်မချမ်းမြေ့စရာများ အများအပြားပင် ဖြစ်လာပါတကားဟု သူတွေးမိ၏။ သူတို့ဇာတ်လမ်းထဲတွင် လူဆိုး မပါဘဲလျှက် ဘာကြောင့် စိတ်မချမ်းမြေ့စရာ အကွက်များ ပါ၍လာပါလိမ့်။ ဘဝဆိုသည်မှာ အလွန်ဆန်းပြားသော ဇာတ်လမ်းတို့ ကပြရာသာတည်း။ မွေးသည် သူတို့နှစ်ယောက် ဘဝကို နှမြောတသလာမိပြန်သည်။

အမှန်တော့ မြတ်နိုးကြသည်၊ တယောက်နှင့်တယောက် နားလည်ကြသည်၊ ဝင်ငွေ ကောင်းသည် ဆိုသည့်နောက် အိမ်ထောင်ရေးသည် ပြေပြစ်ဖို့ ကောင်း၏။ ယခုတော့ လူဆိုးမပါဘဲ စိတ်မချမ်းမြေ့စရာ ဇာတ်ကွက်ကို သူတို့နှစ်ယောက် ကပြလျှက် ရှိပေသည်။ သူသည် ဘာမှ မလုပ်ဘဲ အလိုလို မောဟိုက်လာ၏။ ရှင်း၍ မရသော ချည်ခင်ကြီးများကို တထွေးပြီး တထွေး ဖြေနေရသလို စိတ်ထဲမှာ နောက်ကျို၍ ရှုပ်လာတော့သည်။ အမှန်တော့ ချည်ခင်ကို တနေရာရာမှ တိခနဲ ဖြတ်လိုက်လျှင် အစပေါ်ကာ ရှင်းလာမည် ဖြစ်သော်လည်း ဖြတ်ရမည့်နေရာကိုကား မွေး ရှာ၍ မတွေ့သေးပေ။

ထိုနေ့ညနေတွင် အထွေးကိုသာ ဆေးရုံသို့ လွှတ်လိုက်၍ သူသည် အိပ်ခန်းထဲမှ မထွက်တော့ပေ။

နောက်နေ့ ဆေးရုံသို့ ထမင်းသွားပို့နေချိန်တွင် မွေးသည် မမအေး အခန်းဝသို့ ဝင်ဝင်ချင်း ခြေလှမ်းတုံ့သွား၏။ မမအေးဘေးတွင် ဒေါ်လေးသူဇာသည် ပရိတ်များကို ရွတ်ဖတ်လျှက်ရှိကာ မမအေးက မျက်စိကို မှိန်းနေပေသည်။

မွေးသည် သူ့မှာ ဒုက္ခရောက်နေသော ကျဉ်းထဲကျပ်ထဲ အချိန်ကျလျှင် ဒေါ်လေးသူဇာ ရောက်လာတတ်၍ စိတ်ထဲမှ ကျေးဇူးတင်မိသည်။

"မွေးလား"

မမအေး မျက်လုံးဖွင့်၍ မေးလိုက်၏။

"ဟုတ်တယ် မမအေး၊ မွေး ညက နည်းနည်းပန်းနေတာနဲ့ လာမအိပ်တာ"

သူသည် ခေါင်းကိုညိတ်၍ မွေးကို အနားသို့ခေါ်၏၊ မွေးက နားဝကို အေးပါးစပ်နားသို့ ကပ်လိုက်၏။

"ညက တညလုံး မမအေး မောလိုက်တာ၊ အောက်ဆီဂျင်ရှူရတယ်၊ ဒီနေ့ မနက်ကျလေ မမအေး ခြေထောက်တွေ အေးနေပြီ၊ စမ်းကြည့်စမ်း၊

မေမေ့တုန်းကလည်း ဒီလိုပဲ အေးလာတာပဲ”

မမအေးသည် တလုံးချင်း အားယူ ပြောသော်လည်း မျက်နှာပုံပန်းက တချက်မျှ မပျက်၊ တည်တည်ငြိမ်ငြိမ်ပင် ဖြစ်၏။ မွေးရင်ထဲမှာမူ တဒိတ်ဒိတ်ခုန်ကာ ပြောင်းဆန်သွားတော့သည်။ အေးသည် သူသေရတော့မည်ကို သိပါလျက်နှင့် မတုန်လှုပ်သည်ကို မွေးက အံ့သြ၏။ အေးကို ပျော့ညံ့သည်၊ အေးစက်သည်၊ သတ္တိကြောင်သည် ဟူသော အယူအဆများသည် တမဟုတ်ချင်း ပျောက်သွားတော့သည်။

သူသည် စွာကျယ် စွာကျယ်နှင့် သတ္တိရှိသည်ဟု အများအထင်တွင် အထင်ခံခဲ့ရသော်လည်း သေခြင်းတရားကို ယခုလိုများ ရင်ဆိုင်ရပါလျှင်၊ သေမည်ကို သိရပါလျှင် မမအေးလိုမှ တည်တည်ငြိမ်ငြိမ် ကြံ့ကြံ့ခံနိုင်မည်လား။

“ဒေါ်လေးသူဇာ ရွတ်ပြီးရင် မွေး ဓမ္မစကြာကို ရွတ်ပြနော်… ကဲ… ငြိမ်ငြိမ်နားထောင်စမ်း”

အေးသည် ပါးစပ်မှ ပြောနေသော်လည်း မျက်စိကိုမူ မှေးကာ ပရိတ်ကို ဆက်လက် နားထောင်နေ၏။ မွေးကမူ ငြိမ်ငြိမ်မနေနိုင်၊ ပျာယာခတ်နေပေပြီ။ သူသည် အခန်းစောင့် ဆရာဝန်ထံ ပြေးသွား၏။ ထိုနေ့မှာ ဒေါက်တာ ဒေါ်မြကြည်အလှည့် ဖြစ်ပေသည်။ သူ့ကိုမြင်မြင်ချင်း ဒေါ်မြကြည်က ခေါင်းကို ဖြည်းညင်းစွာ ယမ်း၍ပြ၏။

မွေးသည် လူက ကျောက်ရုပ်လို ငြိမ်သက်သွားသော်လည်း စိတ်ကမူ ဆောက်တည်ရာ မရသလို အော်ဟစ်၍ ထွက်ပြေးသွားချင်သည်။

“မနက်က ဒေါက်တာ ကိုကိုကြီးရော ဦးသန်းအောင်ရော လာပါတယ်။ သူ့ရောဂါက လွန်နေပြီပဲကွယ်။ သိပ်မောတဲ့ဒဏ်ကို မခံရအောင် ကိုယ်တို့ လုပ်ပေးပါ့မယ်၊ သူသွေးဆုတ်နေပြီ”

ဒေါ်မြကြည်သည် သူ့ပခုံးကိုပုတ်၍ ညင်သာစွာ ပြောပြ၏။ မွေးသည် မျက်ရည် အဖြိုင်ဖြိုင် ကျရပြန်သည်။ ခဏ ခဏ ငိုကြွေးရသောဒုက္ခမှ ဘယ်သောအခါမှ လွတ်မြောက်ရပါလိမ့်။ လူ့ဘဝ ဆိုသည်မှာ မျက်ရည်တို့ဖြင့် လွှမ်းနေသော ပင်လယ်ပြင်များလေလား။

သူသည် ဆရာဝန် အခန်းမှ ထွက်ကာ မျက်နှာကို ရွှင်လန်းအောင် ပြုပြင်ပြီးမှ အေးထံသို့ ဝင်သွားသည်။ အေးသည် လှမ်း၍ပြုံးပြ၏။ သည်လို ပြုံးပြလေလေ မွေးရင်ထဲတွင် မချိလေပဲ ဖြစ်၏။ သူတို့သားအမိသည် သေခြင်းတရားကို ရင်ဆိုင်ရသည့်တိုင်အောင် အပြုံးမပျက်ကြပါတကား။

“ကဲ… မွေး ရွတ်လေ”

အေးက ဆိုပြန်၏။ မွေးသည် ဖမ္မစကြာကို စ၍ရွတ်နေစဉ် ဆရာမတယောက်သည် အေးကို ဆေးတလုံးလာထိုးပြန်၏၊ အေး၏အသက်ရှူပုံမှာ မြန်လာသည်၊ အောက်ဆီဂျင်ပိုက်ကို သယ်ယူလာကာ နှာခေါင်းဝတွင် ပြွန်တံလေး တပ်ထားပေး၏။

“ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခာ၊ မရဏံပိ ဒုက္ခံ၊ အပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ၊ တံပိ ဒုက္ခံ၊ သံခိတ္တေန၊ ပဉ္စ ပါဒါနက္ခန္ဓာ ဒုက္ခာ”

မွေးက ထိုအပိုဒ်ကို ရွတ်ဖတ်ရင်း အသံဖြည်းဖြည်း တုန်လာ၏။ ကွယ်လွန်ရအံ့ဆဲဆဲ လူတယောက်ကို ဤသံသရာဝယ် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေ နေရခြင်းတို့နှင့်တကွ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲ၊ လိုချင်ခြင်းကို မရသော ဆင်းရဲတို့ကို အဖန်တလဲလဲ ခံရခြင်းမှ လွတ်မြောက်ရာသည် မဂ္ဂင်ရှစ်ပါး တရားသည်သာလျှင် အခြေခံ ဖြစ်သည်ဟု သတိပေးလို၏။ သို့သော် သတိပေးချင်သူ မွေးကိုယ်တိုင်က ဆောက်တည်ရာမရ၊ တရားမဲ့လှ၏။ အသံမှာ တုန်၍ တုန်၍ လာလေသည်။ အေးကတော့ ငြိမ်သက်စွာပင် နားထောင်မြဲ ဖြစ်၏။

“မွေးကလည်း အသံတွေတုန်လိုက်တာ၊ ပီပီရွတ်ပါကွယ်”

အေးကပင် ပြန်၍သတိပေးပြန်၏။ မွေးသည် စိတ်ကိုတင်းကာ အဆုံးသတ်အထိ ရွတ်ဖတ်ရပြန်သည်။ နောက်တကြိမ်တွင်မူ မွေးသည် ရတနသုတ်ကို သတိရ၏၊ ကံအကြောင်း ကုန်ပြီဖြစ်၍ မစိုးပိုင် မတားဆီးနိုင်သော သေခြင်းတရားကို နောက်ဆုံးအကြိမ်တားဆီး၍ ရလိုရငြား သူသည် ရတနသုတ် အနက်ကို ရွတ်ဖတ်ပြန်၏။

မျက်စိစုံမှိတ်၍ စိတ်ကို ထိန်းကာရွတ်၏။

နွေဦးလေးလတို့တွင် ရှေးဦးစွာ နွေလဖြစ်သော တန်ခူးလတို၌ ဖူးပွင့်စည်ကား ပင်လုံးကျွတ် အဖျားရှိသော တောအုပ်ကြီးသည် ရွှန်းရွှန်းအိအိ အသရေရှိသကဲ့သို့ ထိုတောအုပ်ကြီးသဖွယ် တင့်တယ်လှသော နိဗ္ဗာန်ရောက်ကြောင်း ပရိယတ္တိ တရားတော်မြတ်ကို လောကုတ္တရာစီးပွား အလို့ငှာ မြတ်စွာဘုရား ဟောကြားတော်မူလေပြီ။ ဤမြတ်စွာဘုရားသာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော အမြတ်ဆုံး ရတနာအစစ် ဖြစ်တော်မူ၏။ ဤမှန်သော သစ္စာစကားကြောင့် သတ္တဝါတို့နှင့်တကွ တပည့်တော်မ၏ အစ်မဌေး ကပ်ရောက်သော ဘေးရန် ဝေဒနာ ခပ်သိမ်းသည် ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

“စကြဝဠာတိုက်တိုင်…”

မွှေး၏လက်ကို တစုံတယောက် လာ၍ လှုပ်၏။ မွှေးသည် မျက်လုံးကို ဖွင့်ဖွင့်ချင်း မမအေး မျက်နှာပေါ်သို့ သူ့မျက်လုံး ရောက်သွားတော့သည်။ မမအေးသည် ခပ်ပြုံးပြုံးပင် ငြိမ်သက်စွာ အိပ်ပျော်နေဟန် ရှိ၏။ သူ့ရင်အုံတို့သည် ဘယ်သောအခါမျှ မလှုပ်သော ငြိမ်သက်ခြင်းနှင့် ငြိမ်သက်လျက် ရှိပေပြီ။

သေခြင်းတရားကို ပြုံးရွှင်စွာပင် ရင်ဆိုင်နိုင်သူကလေးအတွက် ကောင်းရာသုဂတိသို့ လားစေရန် နောက်ဆုံးဆုမွန်ကိုသာ မွှေးက တောင်းမိ၏။ သူ့မှာတော့ မျက်ရည်ဖြိုင်ဖြိုင်တို့သည် သာလျှင် မိုးသို့ စွေ့ရပြန်သည်တကား။

မတ်လဆန်းတွင် စစ်စခန်း တနေရာမှ ကျိုင်းတုံသို့ ကိုကိုနိုင် ခေတ္တ ပြန်ရောက်လာ၏။ မမျှော်လင့်ဘဲ သူ့မိခင်ထံမှ စာတစောင် ရောက်နေတော့သည်။ သူက မွှေးထံမှ စာရောက်နေမည် ထင်သော်လည်း မွှေး၏စာ အစအနကိုမျှ မတွေ့ရပေ။

မေမေ့ထံမှ စာကို ဖောက်၍ ဖတ်လိုက်၏။

သား

မေမေ စာရေးလိုက်တယ်။ သားဟာ မေမေ့ထံက စာကို ချက်ချင်း ရမည် မဟုတ်ဘူး ဆိုတာကိုတော့ သားရဲ့တပ်ရင်းမှူးပြောလို့ သိရပါတယ်။ ဒါကြောင့် မေမေ စီစဉ်ပုံတွေကို သားထံ ကြိုတင် အကြောင်းမကြားတာကို သားခွင့်လွှတ်လိမ့်မယ်လို့ မေမေ မျှော်လင့်တယ်။

အဖြစ်တွေကတော့ တော်တော်ဖရိုဖရဲပဲ။ ဒီဇင်ဘာလတုန်းက အေး ဆုံးသွားတယ်၊ အေး ဆုံးပြီး မွှေးဟာ သိပ်အားနည်းပြီး လဲတာပဲ။

ကိုကိုနိုင်သည် စာကို ဆက်မဖတ်ရဲသလို လန့်သွား၏။

“ထင်သားပဲ၊ တီဘီ တွယ်ပြန်ပြီ”

သူသည်တယောက်တည်း ပြောပြီးမှ စာဆက်ဖတ်၏။

မွှေးကို ချက်ချင်း ဆေးရုံတင်၊ နှစ်ကြိမ်လောက် စစ်ဆေး၊ ဓာတ်မှန်ရိုက်ကြည့်တယ်၊ သားဆီ အကြောင်းကြားချင်ပေမယ့် သားဟာ ပြန်လာနိုင်မယ့်အခြေ မဟုတ်ဘူးလို့ သိရတယ်။ အဆက်ကလည်း ဝေးလွန်းလို့ပဲ။ မွှေးရောဂါက တီဘီပဲ။ ဒီရောဂါဟာ အားနည်းနေတုန်း ရောဂါရှိသူ အနားမှာနေရင် ခြောက်ပတ်အတွင်း အလျင်အမြန် ကူးစက်နိုင်တယ်။ မေမေကတော့

မေမေ့သဘောနဲ့ အစီအစဉ်တခု အမြန်ဆုံးလုပ်ပြီး ဆရာဝန် ညွှန်ကြားချက်အတိုင်း မဒရပ်ကို ပို့လိုက်တယ်။ သားက သားကို မတိုင်ပင်ဘဲ ဖြုန်းစားကြီးလုပ်တာကို မေမေ့ကို အပြစ်တင်လိုမှာပဲ။ မေမေ့ဆန္ဒကတော့ အဆုတ်နာအမြစ်ကြီးကို မွေးတို့အိမ်မှာ ပြတ်သွားစေချင်တယ်။ ဒါကြောင့် အထွေးနဲ့ လေးလည်း စာမေးပွဲဖြေရင်းတန်းလန်းမို့ ကျန်ရစ်ကြတယ်။ သူတို့နှစ်ယောက်တော့ မေမေနဲ့ အတွတ်ရဲ့အမေ စောင့်ရှောက်ထားပါတယ်။ မွေးကို ဆရာဝန် လူကြုံတယောက်နဲ့ ထည့်လိုက်တယ်။ သား ခွင့်ရရင် ပြန်လာခဲ့ပြီး အိန္ဒိယကို လိုက်ချင် လိုက်သွားပါ။

မေမေရဲ့အစီအစဉ် မြန်ဆန်ပုံကိုသာ ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ မေမေလည်း အကောင်းဆုံးကို တွေးလုပ်လိုက်တာပဲ။

သား... ချမ်းမြေ့ပါစေ...

မေမေ

ကိုကိုနိုင်သည် ရတ်တရက် ကြက်သေ သေနေမိ၏။ ဘာလုပ်ရမှန်းမသိ။ ရန်ကုန် ပြေးလိုက်သွား၍လည်း မွေးနှင့် တွေ့ရတော့မည်မဟုတ်။ ဒါလောက် သေရေးရှင်ရေးကိစ္စတွင် မေမေသည် ယခုလို မြန်မြန်ကြီး စီစဉ်လိုက်ခြင်းမှာ မသင့်လျော်လှဟု တွေးမိပြန်သည်။ သူ့ကို စောင့်သင့်သေးသည်ဟု သူ့ဘက်မှ တွေးမိသော်လည်း သေရေးရှင်ရေး ဖြစ်လို့သာ မေမေက အလျင်အမြန် စီစဉ်ခြင်း ဖြစ်ချင်ဖြစ်မည်။ ယခုစာပင် တလနီးမှ သူ့ထံရောက်လာ၏။ မွေးမှာ အဆုတ်မှ ရှိသေးရဲ့လား။ ဒါလောက်မြန်မြန်နှင့်တော့လည်း အဆုတ်မှာ အပေါက်တွေ ဘာတွေ ဖြစ်သည်အထိတော့ မဖြစ်နိုင်ဟူ၍လည်း ရော်ရမ်းကာ သူတယောက်တည်း တွေးမိပြန်၏။

ချက်ချင်း မွေးထံသို့ သံကြိုးရိုက်မေးရန် ထမည်လုပ်ပြီးမှ မွေး၏လိပ်စာကိုလည်း မသိ၊ မွေး ဘယ်ဆေးရုံ တက်သည်ကိုတောင် မသိသောအဖြစ်ကို တွေးမိပြန်ကာ မေမေ့ကို ဒေါသဖြစ်လာပြန်သည်။ မေမေထံသို့ သံကြိုးအရှည်ကြီးရိုက်ရန် ပြင်ဆင်ပြီးမှ စိတ်ကို လျှော့လိုက်ပြန်၏။ မွေး၏လိပ်စာကို ပို့ပေးရန် သံကြိုးတစောင်သာ မေမေ့ထံ ရိုက်လိုက်၏။

အိန္ဒိယကို လိုက်သွားဖို့အထိ တပ်၏အခြေအနေမှာ မဖြစ်နိုင်သေး။ ခွင့်ရက်ရှည်လည်း မပေးနိုင်သေးဆို၍ ကိုကိုနိုင်အဖို့ ဘာမှမလုပ်ဖြစ်တော့ပေ။ သူသည် ရင်ထဲမှ တင်းကျပ် ရှုပ်ပွလာသော အရှိန်ဒဏ်ကို မခံမရပ်နိုင်သလိုသာ ဖြစ်လာတော့သည်။ ဒေါ်တင်တင်ကြီးနှင့် မမအေး၏ ဖြူရော်ရော် ခြောက်သွေ့သွေ့ မျက်နှာတွေမှာ သူ့မျက်လုံးထဲတွင် ပေါ်၍ ပေါ်၍ လာ၏။ မွေးကို အိပ်ရာပေါ်တွင် သည်လိုများ ခွေခွေလေး မြင်ရဦးမှာလား။

မွေး မသေပါစေနဲ့၊ သူများတွေကို စောင့်ရှောက်ရင်းမှ သူပါ သေသွားမှဖြင့်… ကိုကိုနိုင်သည် ကြောက်စရာ၊ စိတ်မချမ်းမြေ့စရာများကို တွေးရင်း တွေးရင်း စိတ်တိုလာသည်။ နှစ်လဆိုသည့် အချိန်အတွင်း မွေး ဘာဖြစ်နေသည်ကို သူ သိသင့်သည် မဟုတ်ပါလား။ တကယ်ဆို ခယ်မများက ဖြစ်ဖြစ်ချင်း စာရေးသင့်သည်။ သူသည် ခယ်မလေးများကို ဒေါသဖြစ်လာပြန်သည်။

မွေးသည် အိန္ဒိယကိုများ ဝမ်းနည်းအားငယ်စွာနဲ့ လိုက်သွားရလေသလား။

ဘာမဆို သူများအလှည့်ကျရင် "မေမေ အားငယ်နေလိမ့်မယ် ကိုကိုနိုင်၊ မမ ဝမ်းနည်းနေတော့မယ်" စသည့် တွေးခေါ်မှုတွေနှင့် အားပေးလိုက်ရသည့်ဖြစ်ခြင်း၊ သူ့အလှည့်ကျတော့ တယောက်တည်း ဖရိုဖရဲ ထွက်ခွာသွားရသည်ကို ကိုကိုနိုင့်ရင်ထဲတွင် တဆွေ့ဆွေ့ ဖြစ်နေသည်။

လိုက်သွားမည်ဟု ကြံစည်တိုင်း တာဝန်က နောက်ပိုင်းမှ ချည်ထားပြန်သောကြောင့် သူ့ရင်ထဲတွင် တနှံ့နှံ့သာ ဖြစ်လာပြန်တော့သည်။ သူသည် မကျေမနပ်ဖြစ်ရင်းနှင့်ပင် နယ်ခြားဘက်သို့ တခါပြန်၍ ထွက်သွားရပြန်တော့သည်။

မွေး၏ပုံပြင်တပိုင်းတွင် ကိုကိုနိုင် ပါဝင်ရသောအခန်းမှာ ဤအတိုင်းသာ ဖြစ်ခဲ့ပေသည်။ မွေး၏အတိတ်သည် ဝါးခယ်မမြစ်ကမ်းခြေမှ စခွာကတည်းက မလှမပ အဖြစ်တွေ တပုံတပင်။ လှပသောဘဝပုံရိပ်များတဖြည်းဖြည်း ရွေ့လျားပျောက်ကွယ်ခဲ့လေသည်။

ယခုတော့ ပုံပြင်ထဲရှိ အရုပ်ဆိုးသော မိန်းကလေးသည် မဒနာပလီသို့ သွားသော လမ်းမကြီးပေါ်တွင် အတွတ်နှင့် ပြန်လည်၍ တွေ့ဆုံရပါပကော။

မြစ်ကြောင်း အစပျောက်သလို မွေးနှင့် တွေ့ခဲ့ရသောအချိန် အဖြစ်အပျက်လေးများသည် မြန်မာပြည်တွင် ကျန်ရစ်ကာ တဖြည်းဖြည်း အတွတ်နှင့် ဝေး၍ မေ့ပျောက်တိမ်ကောသွားလိမ့် မည်ဟု အတွတ်က ထင်၏။ သို့သော် ရေအောက်ရေစီးကြောင်းများကဲ့သို့ ကွယ်ပျောက်ရာမှ မွေးသည် ဖွားခနဲ ပေါ်လာခဲ့ပြန်သည်။

ထိန်းချုပ်ရခက်သော စိတ်ကြောင့်သာ မွေးကို မတွေ့လို မမြင်လို ထင်သော်လည်း အမှန်တော့ သူ့စိတ်လေးများသည် မွေးကို ပြန်လည် တွေ့ဆုံရခြင်းအတွက် ကျေနပ်ရွှင်လန်း ဟန်ကိုပြ၏။

သူသည် တိမ်တိုက်များ လွင့်သလိုပင် လွင့်ပျံထွက်ခွာသွားတော့မည့် အစီအစဉ်နှင့် မွေးအပါးမှ ခွာခဲ့သည်။ အင်္ဂလန်တွင်နေပြီး ဆွစ်ဇာလန်သို့

ရောက်ခဲ့၏၊ ဆွစ်ဇာလန်မှအထွက်တွင် အမေ့ဆီသို့ပင် အကြောင်းမကြား။ ဘဲလိုးသို့ဝင်ကာ အဆုတ်ထုတ်၍ ကုသနည်းကို လေ့လာ၏။ ထိုမှ အာရောဂျံကို ရောက်လာခြင်း ဖြစ်သည်။

သူချစ်သောတိုင်းပြည်ကို ပြန်သည့်အချိန်တွင်ပင် သူသည် မွေးနှင့် ဝေးသောနေရာတွင် အစဖျောက်ကာ အဆုတ်နာ ဒုက္ခသည်များကို ကုသရန် စီစဉ်ပြီး ဖြစ်ပေသည်။

သို့သော်... "အကြောင်း" ဆိုသည့် သဘောမှာ စကားနှစ်လုံးတည်းသာရှိ၍ ဆုပ်ကိုင်ပြနိုင်သော အရာသာ မဟုတ်သော်လည်း ထိုအကြောင်းတရားများကိုမူ မည်သူမျှ ပြုပြင်ဖန်တီး၍ မရ။ ကြိုတင် တွက်ဆ၍လည်း မရပါတကား။

ယခုတော့ အတွတ်အဖို့ ကောင်းတာတွေ ဖြစ်လာမည်လား၊ မကောင်းတာတွေ ဖြစ်လာမည်လား မတွေးတတ်သော်လည်း စိတ်မှာ ယခင်ကထက် ချမ်းမြေ့လာသည်။ ယခင်ကလို အာရောဂျံတွင် နေချိန်များသည် ပျင်းရိရိ သွေ့ခြောက်ခြောက် မဖြစ်တော့ပေ။ ညနေစောင်းလျှင် တာဝန်ရှိသောရက်များမှအပ မွေးထံသို့ အမြဲ လျှောက်လာ၏။

မွေးသည် အတော်ကြာပင် အိပ်ရာထဲတွင် နေရပေဦးမည်။ သူ့ဘေးရှိခုံပေါ်တွင် ထားရစ်သော အပူချိန်ပြ နေ့စဉ်မှတ်တမ်းထဲတွင် အဝါရောင်ပင် ရေးထားသေး၏။ အဝါရောင် ရေးသားသရွေ့ အိပ်ရာမှာ အမြဲလှဲနေရမည်ပင် ဖြစ်ပေသည်။ မွေး၏အိမ်ရှေ့တွင် တမာပင်မှ ပွင့်ဖတ်လေးများသည် မြေပြင်ပေါ် တဖွေးဖွေးကျလာကာ ပန်းမွေ့ရာခင်းသကဲ့သို့ ဖွေးဖွေးလှုပ် နေတော့သည်။ တခါတရံ ပွင့်ကြွေများသည် မွေး၏ ခုတင်ရှိရာသို့ လွင့်ပျံလာကြသည်။

မွေးသည် ပန်းခက် ပန်းပွင့်လေးများကို ငေးမျှော်ရင်း အတွတ်လျှောက်လာသည်ကို မြင်လျှင် မျက်နှာလေးမှာ ဝင်းဝင်းပပ ဖြစ်၍ လာတတ်ပေသည်။

တွေ့တဲ့အခါတိုင်းလည်း "မွေး ဘယ်တော့ လမ်းလျှောက်ရမလဲ အတွတ်ရယ်" ဟူသော မေးခွန်းကိုသာ ခဏ ခဏ မေးတတ်လေသည်။

"ကိုကိုနိုင်ဆီက ဒီနေ့ စာလာတယ် အတွတ်ရဲ့"

တခါတရံလည်း သူ့ချစ်လင်ထံမှ စာရကြောင်း၊ အိမ်အကြောင်းတွေကို တသီကြီး လျှောက်၍ မွေးက ပြောတတ်၏။

အိပ်ရာပေါ်တွင် နေရချိန်များကို မွေး ပျင်းရိငြီးငွေ့မည်ဆိုလျှင်လည်း ငြီးငွေ့စရာပင် ဖြစ်သည်။

နွေအရိပ်အယောင်များပင် အာရောဂျံဝယ် တစတစ ပျောက်၍လာတော့သည်၊ တောင်ဘက်ဆီမှ တောင်တန်းပေါ်တွင် ညိုမှောင်သောမိုးသား မိုးခြေများကို မြင်ရစပြုလာ၏၊ တခါတရံတွင် ညင်သာစွာ တိုက်ခတ်လာသောလေတွင် မိုးသက်ရနံ့ပင် ပါ၍လာခဲ့လေသည်။ ဥသြသံသည်လည်း နွေနှင့်အတူ တဖြည်းဖြည်း ထွက်ခွာသွားတော့မည် ဖြစ်သည့်အတွက် နွေကို တမ်းတသော ရင့်ရှသံ သေးသေးနွဲ့နွဲ့ကိုသာ အဝေးမှ ကြားရတော့သည်။

"အတွတ်... မွေး လမ်းမလျှောက်ရသေးဘူးလား"

အတွတ်သည် မွေး၏မေးခွန်းကို အလွတ်ရပြီး ဖြစ်၏၊

"လျှောက်ရမှာပေါ့ မွေးရယ် ဖြည်းဖြည်းပေါ့၊ ဒီရောဂါက စိတ်ရှည်ရတယ်။ စိတ်အေးအေး ထားရတယ်၊ စိတ်အေးသရွေ့ ကျန်းမာရေး ကောင်းလာမှာပဲ၊ မွေး အခုလို စိတ်ပူမယ် စိတ်စောနေမယ်ဆိုရင် ဘယ်လိုနားနား အလေးချိန် တက်မှာမဟုတ်ဘူး၊ အလေးချိန်က မွေးလာကတည်းက ၉၄ ပေါင်၊ ခုထိ မတက်သေးဘူး၊ စိတ်အေးအေးထားပေါ့၊ ပြီးတော့ ဂျွန်ဆင်ကြီးရဲ့လက်ထဲက ဖိုင်တွဲကို ပိုက်ဆံပေးပြီး မကြည့်ရဘူးနော်၊ သစ္စာဆိုတာ ရှိရမယ်"

အတွတ်က ညီမငယ်လိုပင် မွေးကို ပြောပြ၏။ မွေးသည် သူ့ကိုပင် ကမ္ဘာထင်နေသလား မသိ၊ ငြိမ်သက်စွာ နားထောင်နေ၏။

"ဒီမှာ မစ္စတာဘာတင် ဆိုတဲ့ ပိုးတွေ... ဘာတွေ စစ်တဲ့ဘက်က လူကြီးဟာ ဒီရောဂါ ခြောက်နှစ်လုံးလုံး ခံစားရပြီး ဒီဆေးရုံမှာ ကုတယ်၊ ရောဂါပျောက်တော့ သူ အလုပ်ဝင်လုပ်ပြီး သူ့လို ဒုက္ခရောက်ရှာတဲ့ လူနာတွေကို ကုနေတယ်။ ကဲ... မွေးက ဘာကြာမှာလိုက်လို့"

"အတွတ်ကလည်း ပြောတာပဲ၊ မွေးလည်း ပျင်းလှပြီ။ စာလည်း ဖတ်ချင်သလောက် မဖတ်ရဘူး၊ အိမ်ကိုလည်း အောက်မေ့တာပေါ့၊ ခုလောက်ဆို မြန်မာပြည်မှာ ပိတောက်ပန်းတွေ ပွင့်တော့မယ်"

"ဟုတ်တယ်... တို့များ ဝါးခယ်မက အိမ်ဝင်းထဲမှာလေ"

သူတို့နှစ်ယောက်သည် ငြိမ်သက်သွားကြ၏၊ အေးချိုသော ပိတောက်ပန်းရနံ့ပင် သင်းပျံ့၍ လာသလို ထင်ယောင်လာကြတော့သည်။ အပြင်မှာ နေရောင်သည် တဖြည်းဖြည်း ကျသွားတော့၏။

"တညလွဲတာကိုပင် ရက်ပေါင်းခုနစ်ရာ ဆွေးခဲ့တယ်၊ မောင့်မှာ ခင်နဲ့ ဝေးခဲ့တာဖြင့် ကြာပါပြီကောကွယ်... မိုးတွေ ညို့ရင် မျက်ရည်စို့တယ်။

စောင့်စားကာပဲ မောင့်မှာ တဝဲလည်လည်”

အသံလွှင့်တိုင်ကြီး မကျိုးခင် မြန်မာ့အသံမှ ရေဒီယိုသီချင်းသံမှာ သူတို့နှစ်ယောက်ဆီသို့ လွင့်လာပြန်သည်။ ခပ်ဝေးဝေးတွင် တကိုယ်တည်းနေသော လူပျိုကြီး ဦးထွန်းတင်အခန်းမှ သီချင်းသံပင် ဖြစ်တော့သည်။ သူသည်လည်း အာရောဂျံသက် သုံးနှစ်တိုင်ခဲ့ပြီ။

မိုးဦးကျပြီဖြစ်၍ မိုးသက်လေမှာ ထန်လာကာ တဖြိုက်တော့ ခပ်သည်းသည်း ရွာချလိုက်၏။ မိုးရွာပြီးမှ အာရောဂျံ၏ညနေသည် ပိုမို၍ လှပနေသည်။ နေရောင်သည် ရွှေရောင်ဖျော့ဖျော့ အသွေးဖြင့် စိမ်းနုသော ရွက်ပျိုနုများပေါ်တွင် လူး၍နေတော့သည်။ သဲမြေများပေါ်တွင် ရေစိမ့်ဝင်သွားပြီဖြစ်သည့်အတွက် လမ်းလျှောက်ရသည်မှာ ပို၍ သန့်ရှင်း၏။

ယခုလို လှပသောညနေခင်းတွင် မရွှေမွှေးတယောက် လမ်းလျှောက်ချင်ရှာတော့မည်ဟု အတွက်က တွေးမိ၏။ သူသည် မွှေးထံသို့ ခပ်သုတ်သုတ်ပင် လာခဲ့လေသည်။

ယနေ့ညနေတွင်တော့ မွှေးခုတင်ပတ်လည်တွင် ပရိသတ် စည်ကားနေတော့သည်။ သူ ရောက်လာလျှင် ဆီး၍ ကြိုကြ၏။

“ထိုင်ပါဦး ဒေါက်တာမိုးရဲ့”

ဝမ်းသာအားရ နေရာပေးကြသည်။ ဧည့်သည်များမှာ မြန်မာပြည်မှ လူနာများ ဖြစ်ကြသည်။ သူတို့သည် မွှေးနှင့် အတော်ရင်းနှီးနေကြပေပြီ။

သူတို့ ဆွေးနွေးလက်စ စကားကို ဆက်၍ပြောကြ၏။ စိတ်ပါလက်ပါပြောနေသူမှာ ရခိုင်သား ကိုသန်းမောင်ပင် ဖြစ်သည်။ အတွက်သည် မွှေးခုတင်နှင့် အနီးဆုံးကုလားထိုင်တွင် ဝင်၍ ထိုင်လိုက်၏၊ မွှေးက စံပယ်ကုံးကို ဆံထုံးတွင် ပန်ကာ သနပ်ခါးရေကျဲ လူး၍ထားပေသည်။ ကိုသန်းမောင် စကားပြောသည်ကို အားလုံးပင် နားထောင်နေကြသည်။

“စကားပြော ဆက်ဆံတာ ရိုင်းရုံတင် မကဘူး၊ တချို့ ဆရာမတွေကလည်း ဘယ်လိုလဲ မသိပါဘူးဗျာ”

ကိုသန်းမောင်သည် ရန်ကုန်ဆေးရုံကြီးမှ တချို့ဆရာဝန်လေးတွေ၏ ဆက်ဆံရေးသည် ညံ့ဖျင်းပုံကို ပြောနေဟန်တူ၏။ သူသည် အာရောဂျံသက်တမ်း ခြောက်လကျော်ပြီဖြစ်၍ ရောဂါ သက်သာသောကြောင့် လမ်းလျှောက်ခွင့် ရပေပြီ။ ဦးသော်ဇင်ဆိုသူမှာ အဖိုးကြီးဖြစ်၍ ညာဘက်မှ နံရိုးသုံးချောင်း ကျိုးကာ ခွဲစိတ်ကုသပြီးဖြစ်၍ နှစ်လမျှ နားပြီးလျှင် ပြန်ရတော့မည် ဖြစ်သည်။ သူကလည်း

ရန်ကုန်ဆေးရုံကို နာကြည်းဟန်ရှိ၏။

"ကျွန်တော့်တုန်းကဆိုရင် ဒေါက်တာက ငြိမ်ငြိမ် အိပ်ခိုင်းတယ်၊ နောက်ဖေးတောင် ထမသွားခိုင်းဘူး။ ဟိုဘက်ကလူနာက ဗိုက်ခွဲပြီးလို့ ဆင်းရတော့မယ်၊ အဲဒါဗျာ... ကျွန်တော့်ဆီက နောက်ဖေးသွားတဲ့ မတ်တတ်ကမုတ်ကို ယူပြီး အဲဒီဆင်းတဲ့လူနာကို အိမ်အထိ ငှားလိုက်တယ်၊ ကျွန်တော်ဖြင့် အံ့ရော။ ကျွန်တော့်ရောဂါ မကြီးလို့ အိမ်သာရောက်အောင် သွားဆိုရင် သွားပါတယ်ဗျာ၊ ခုတော့ ဟိုလူနာကျ စေတနာပိုပြီး ဆေးရုံကပစ္စည်း အိမ်အထိ ငှားလိုက်တာတော့ တရားလွန်တယ် ထင်တယ်။ နောက်နေ့ကျ ငှားလိုက်တဲ့ ဆရာမနဲ့ မတည့်တဲ့ ဆရာမ ခေါင်းမြီးရှည်လေးတယောက် မေးကြည့်တော့မှ ဘရိုကိတ် အကောင်းစားတထည် ရလိုက်တယ် ဆိုပဲ"

"အဲဒါတွေကို သိသိချင်း ဆေးရုံအုပ်ကြီး တိုင်ဖို့ ကောင်းတယ်၊ လူကြီးတွေသိရင် ချက်ချင်း အရေးယူပါတယ်"

အတွက်က ဆေးရုံဘက်က ကာကွယ်၍ ပြောလိုက်၏။

"မတိုင်လိုပါဘူးဗျာ၊ သူတို့နဲ့ အလွမ်းသင့်အောင်ပဲ အတော် လိုက်လျော ပေါင်းနေရတာ၊ တိုင်မိရင် စွာတဲ့အကောင်ဆိုပြီး ဘေးဖယ်ထားမှ ဒုက္ခရောက်နေမယ် "

အဖိုးကြီးက ခေါင်းလေးပွတ်ကာ ရယ်မောရ၍ ပြောပြ၏။

"ပြီးတော့ အလွမ်းသင့်သူတွေ ဆေးရုံတက်ရင် ပွဲတော်လားတောင် အောက်မေ့ရတယ်၊ စားဟယ်... သောက်ဟယ်--- တပြုံးပြုံးနဲ့၊ အချိန်လည်း မကန့်သတ်ဘူး၊ ကျွန်တော့်နှမ ဗိုက်ခွဲတုန်းက ကိုယ်တွေ့၊ သူတို့ မလိုတဲ့သူကျတော့ အစောင့်တယောက်ကို ဆရာဝန်လက်မှတ်နဲ့ ထားတာတောင် ဘာဖြစ်ပြန်ပြီ၊ ညာဖြစ်ပြန်ပြီနဲ့၊ ကျွန်တော်တော့ ဆေးရုံကို မလွှဲသာလို့ တက်ရတယ်၊ စိတ်ကုန်ပါတယ်ဗျာ။ ဒါတောင် ပိုက်ဆံခန်းရဲ့ဒုက္ခနော်"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမင့် ဒီမှာကျတော့ကော ဆက်ဆံပုံတော့ ပြေပြစ်ပါရဲ့၊ ဆရာဝန်မျက်နှာ မနက်တခါ မြင်ရပြီး ပျောက်သွားရော၊ သူနာပြုဆရာမကလည်း တနေ့ သုံးကြိမ် အပူချိန် လာယူတာကလွဲလို့ အနားမှာမရှိ၊ ဦးထွန်းစိန်ကြီး ရောဂါသည်းလာတာ ဘယ်သူမှ သွားခေါ်လို့ မရတာ ကြည့်လေ"

ဦးပုက ဝင်၍ စိတ်ဖြေသာအောင် ပြောလိုက်သည်။ ဦးပု ရောက်လာသည်မှာ တနှစ် နီးပေတော့မည်။ သူ့အဆုတ်တဖက်တွင် အပေါက်ရှိ၍ လာရောက်ကုသခြင်း ဖြစ်ပေသည်။

“ဒါကြောင့် အကောင်းဆုံးနည်းက ကျွန်တော် စဉ်းစားတယ်၊ ဒီမှာလည်း ဒီပီ အေ အက်စ်နဲ့ အိုက်ဆိုနက်စ် စားပြီး ထိုးဆေးက စထရက်တိုမိုက်စင် ထိုးရတာပဲ၊ တခုပဲ သာတာက စည်းကမ်းကြီးတော့ လူတွေကလည်း လိုက်နာတယ်၊ ရေနဲ့လေကောင်းတယ်၊ နေရာက ကျယ်ဝန်းတယ်။ ဒီတော့ မြန်မာပြည်မှာ ဒီလိုလုပ်နိုင်ရင် ကျုပ်တို့လည်း ဒုက္ခမရောက်ဘူး၊ ခုတော့ ငွေမလောက်လို့ ငွေရှာရတဲ့ ဒုက္ခ၊ သားတကွဲ မယားတကွဲ ဒုက္ခ”

“ဟုတ်တယ်ဗျို့”

ကိုသန်းမောင်သည် ဦးပုစကားကို ဆက်လက်၍ ထောက်ခံလိုက်၏။

“ဟုတ်တယ်၊ ဘယ်လိုဖြစ်လဲ မသိ၊ တကယ်လိုတဲ့ တကယ့်လူနာကျတော့ ငွေစစ်လိုက်တာ ဒီမှာ မနည်း ချွေတာသုံးရတယ်၊ လူနာယောင်ဆောင်ပြီး လာကုတဲ့လူကျတော့ ငွေ နှစ်ထောင်လောက်များ အေးအေးပဲ ရတယ်”

“အိုး... ဒီလို လူတွေ ရှိသေးတယ်”

မွှေးက ရောဂါနှင့်ပင်း၍ ငွေရှာသည့်အဖြစ်ကို အံ့သြစွာ မေးလိုက်၏။

“မွှေး ဘာမှမသိသေးဘူး၊ တချို့က ရောဂါက တော်တော်ရယ်၊ ကုလားတွေနဲ့ ပင်းပြီး ငွေခိုးထုတ်တာ တပုံကြီးပဲ”

ကိုသန်းမောင် အဖြေကြောင့် မွှေးမှာ မျက်လုံးလေးပြူးသွား၏။

“ဖြစ်နိုင်ရင်တော့ ကောင်းပါတယ်၊ ဒီလို သွေ့ခြောက်တဲ့လေ တိုက်တဲ့ ရာသီဥတုရှိတဲ့ နေရာတွေ မြန်မာပြည် အလယ်ပိုင်းမှာ ရှိနေတာပဲ၊ အဲဒီမှာ နေရာ ကျယ်ကျယ်ဝန်းဝန်း ရှာ၊ ပစ္စည်းကိရိယာနိုင်ရင် ဆရာဝန်တွေလည်း ရှိလာမှာပဲ။ ပြီးတော့ ရေကလည်း ထုံးဓာတ်ပါတဲ့ရေ ရနိုင်တာပဲ”

အတွက်သည် ထိုလုပ်ငန်းကို စိတ်ပါလာဟန်ရှိကာ ဝင်၍ ဆွေးနွေး၏။ ဦးပုက ခေါင်းညိတ်ရင်း ဆက်ပြော၏။

“တခု ဒေါက်တာမိုး စဉ်းစားကြည့်၊ ဒီအာရောဂျံကို ထူထောင်တုန်းက ခုလို အကြီးကြီးမှ မဟုတ်ဘဲ၊ မစ်ရှင်သူနာပြုတွေက စတာပဲ၊ ဟိုရှုံးအနောက်က အဆောက်အအုံဟာ လူ ၂၀ လောက်ပဲ ဆံ့တယ်၊ အဲဒါက စခဲ့တာ၊ ခု ဟောင်းလို့ပြိုနေပြီလေ၊ အဲဒီက တစတစ ရောဂါပျောက်ကင်းသူတွေမှာ ဆင်းရဲသူတွေလည်း ပါတယ်၊ သူဌေးလည်း ပါတယ်၊ သူဌေးတွေက တဆောင်စီ တအိမ်စီ လှူရင်းက ခုလို ကျယ်လာတာ၊ သူတို့လည်း အစမှာ အစိုးရကို အပူမကပ်ပါဘူး”

ကဲ... ဦးပုတို့ လမ်းလျှောက်ကြဦး၊ ဟိုဘက်က ဆရာမတယောက် ဖြတ်လျှောက်သွားတာ မြင်တယ်၊ လမ်းလျှောက်ချိန် မလျှောက်ရင် လာဆူဦးမယ်"

ဒေါ်မြည္သွန်နှင့် ဒေါ်အေးကျင်ဆိုသူ အမျိုးသမီးနှစ်ဦးက သတိပေးလိုက်မှ သူတို့သည် လမ်းလျှောက်ရန် ထသွားတော့သည်။ မွေးအနားတွင် အတွက်တယောက်တည်း ကျန်ရစ်၏။

"ဒီဆေးရုံရဲ့ ထုံးစံက လမ်းမလျှောက်နဲ့ဆိုလည်း မလျှောက်ရဘူး။ လျှောက်ခွင့်ပြုတဲ့ လူကျရင်လည်း မှန်မှန်လျှောက်ရတယ်၊ တတိုင်းတပြည်မှာဆိုတော့လည်း လူနာတွေက နာခံတယ်"

"အတွက်၊ စားပွဲအံဆွဲထဲက နေ့စဉ်မှတ်တမ်းကို ယူကြည့်ပါဦး၊ ဒေါက်တာ ဂျေဗူ ဆေးရုံအုပ်ကြီးကိုယ်တိုင် လာတယ်၊ အဝါရောင်ဖျက်ပြီး အပြာနဲ့လို့ ရေးသွားတယ်။ မွေး ထိုင်ရပြီ သိလား၊ ပြီးတော့လည်း လေးနဲ့ အထွေးလည်း ဒီဂရီ ရပြီတဲ့၊ ဒီနေ့ စာလာတယ်၊ သူတို့ အလုပ် လုပ်ပြီး မွေးဆီကို ငွေပို့မယ်တဲ့"

မွေးက အားရဝမ်းသာပြော၏။

"ဒါကြောင့် မရွှေစာ ပန်းတွေပန်၊ သနပ်ခါးတွေ လူးနေတာကိုး၊ မြန်မြန် ကျန်းမာလာမှာပါ၊ ကဲ... ကဲ ထ၊ အတွက် ကုလားထိုင်ရွှေ့ပေးမယ်။ ရှေ့ဘက်က မြေကွက်လပ်မှာ ဆင်းပြီးထိုင်"

အတွက်နှင့် အဖော်ကုလားမသည် ကုလားထိုင်နှစ်လုံးကို ရွှေ့လိုက်ကြ၏၊ မွေးသည် ကုလားထိုင်ပေါ် ထိုင်ရင်း အသက်ဝဝရှူလိုက်သည်။

"အမယ်လေး... ခုမှပဲ ကမ္ဘာကြီးမြင်ရတာ ကျနေတာပဲ"

မွေးက ရွှင်လန်းစွာ ဆို၏။

"ဒီလိုပဲ မွေး... တချို့ဆို တနှစ်လုံးလုံး နေရတယ်။ မွေးနေတာ ခြောက်လ ကျော်ကျော်လေးပဲ"

"အတွက် နေကြည့်ပါလား၊ အိပ်ရာထဲ ခြောက်လ နေရတဲ့ဒုက္ခကိုသိမယ်"

မွေးက ရန်တွေ့လိုက်မှ အတွက်က ဟက်ဟက်ပက်ပက် ရယ်လိုက်တော့သည်။ သူတို့အနားတွင် လေများသည် ဖြည်းညင်းစွာ တိုက်ခတ်၍ စိတ်ရွှင်လန်းစရာ ဖြစ်နေပေသည်။ အဝေးရှိ ကျောက်တောင်ကုန်းများပေါ်တွင်လည်း ရွှေဝါနုရောင်ခြည်တွေက လွှမ်းခြုံထားသော ကြောင့် ရွှေတောင်ထွတ်များသဖွယ် လှပလှလေသည်။

စကားဝိုင်းမှ ထသွားသူတို့ လျှောက်သွားသော မြောက်ဘက်ယွန်းယွန်း နေရာတွင်မူ စိမ်းစိုသော တောအုပ်ငယ်လို သစ်ပင်ပျိုတို့ စုရုံးလျက် သာယာလှသည်။ လေတိုက်လိုက်တိုင်း နေရောင်ခြည်အောက်တွင် မြသစ်ရွက်များသည် လှပစွာ လှုပ်ရှားကြလျက် ကြက်တူရွေးငယ်တို့၏ အော်သံမှာလည်း တပြိုင်နက်လိုလို ကြားရတတ်၏။ မွေးသည် အနီးကပ်၍ မကြည့်နိုင်သော ဥယျာဉ်ဆီသို့ လည်ဆန့်၍ မျှော်ကာ ကြည့်ရသည်။ သူ့အခန်းရှေ့တည့်တည့် လွင်ပြင်ကို ကျော်လိုက်လျှင် အရှေ့တောင်ဘက် ယွန်းယွန်းတွင် အပြင်လူနာများအတွက် ဆေးပေးရုံကို တွေ့ရပြီး ဆေးပေးရုံနောက်တွင်မူ သဘာဝအလျောက် ဖြစ်နေသော ကျောက်သားလွင်ပြင်ကြီးကို တစွန်းတစ တွေ့ရသည်။ သဘာဝမှာ လှသည်ဆိုသော်လည်း ကိုယ့်ဌာနီ မဟုတ်လေသောကြောင့် မွေးအဖို့ ပျော်စရာလို မမြင်ပေ။ မြက်ခင်းသည် ကြည်နူးဖွယ်ရာသာတည်း။

မွေးအဖို့ ကိုယ်အလေးချိန် မှန်မှန် မတက်လေသမျှ လမ်းလျှောက်ခွင့် နှောင့်နှေးမည်ဖြစ်၏၊ လမ်းလျှောက်ခွင့် မရလျှင်လည်း ထိုကျောက်တောင်ကုန်းများနှင့် တောအုပ်ဆီသို့ သွားရဦးမည် မဟုတ်ပေ။ အဝေးကသာ မျှော်မှန်းရမည် ဖြစ်ပေသည်။ အကယ်၍သာ ယခုလို နားရပုံမျိုးနှင့် မြန်မာပြည် အစားအစာများသာဆိုလျှင် လူနာတယောက်အတွက် အလေးချိန်သည် လျှင်မြန်စွာ တက်နိုင်မည်ဖြစ်သည်။ အိန္ဒိယတွင်မူ အစားအသောက်ကလည်း မြန်မာဟန်နှင့်မတူ၊ လိုချင်တာကိုလည်း မရပေ။ ကြက်ဥ၊ နွားနို့ကိုသာ ညှီစော် ဘယ်လိုပင်နံနံ နှစ်၍သောက်ရ၏။ ဆိတ်သားနှင့် ကြက်မှတပါး ဆေးရုံဈေးတွင် တခြားအသား မရှိပေ။ အတွတ်သည် မွေး လည်တဆန့်ဆန့်နှင့် မျှော်ကြည့်နေရာအနားသို့ ကပ်လာ၏။ မွေး၏ ရွှင်ပျလန်းဆန်းလာသော ဟန်ကို မြင်ရသည့်အတွက် သူ့စိတ်ထဲမှာလည်း ချမ်းမြေ့လာပေသည်။

"မွေး ဟိုဥယျာဉ်ကို ကျော်လိုက်ရင် မဒနာပလီ သွားတဲ့လမ်းမကြီးကို ရောက်ရော၊ အဲဒီ လမ်းမကြီးဘေးမှာ မန်ကျည်းပင်လေးတွေ စီပြီး ပေါက်နေတာ သိပ်လှတာပဲ၊ အညာ ကျေးလက်တွေနဲ့ တူတယ်။ အဲဒီကနေ အတွတ်တို့နေတဲ့အိမ်ဆီ လာနိုင်တယ်၊ မွေး အလေးချိန် မှန်မှန်တက်ရင် မကြာဘူး လမ်းလျှောက်ရမယ်"

အတွတ် လက်ညှိုးညွှန်ရာသို့ မွေးက မျှော်ကြည့်လိုက်လေ၏။ သူ အလေးချိန်တက်ဖို့ သိပ်မမျှော်လင့်ပေ။

"ကိုယ်အလေးချိန်တက်ဖို့ အသားများများ စားရမယ်လို့ ဒေါက်တာက ပြောပါတယ်။ အထူးသဖြင့် အမဲသား စားခိုင်းတယ်၊ မွေးကလည်း ဒါတွေ မစားချင်ဘူး..."

"ဘာလို့ မစားချင်တာလဲ"

"ဟင်... အတွက်ကလည်း အမဲသားလည်း မွေး မစားဘူး၊ ဈေးက ကြက်နဲ့ ဆိတ်ပဲ ရတာ၊ ဒီမှာ ငါးနဲ့ ပုစွန်က မြင်တောင် မမြင်ရဘူး။ ကြက်က အရှင်ကြီး၊ ကုလားမက သူသတ်ပေးမယ် ပြောပါတယ်။ ဟိုဘဝက အကုသိုလ်ကြီးလွန်းလို့ ခုဘဝ ဒုက္ခတွေ အနန္တ ခံရတဲ့အထဲ ဒီကြက်တော့ မသတ်ခိုင်းတော့ဘူး၊ ဆိတ်လည်း ဆိတ်စော်နံလှပြီ"

အတွက်သည် ခေါင်းတညိတ်ညိတ်နှင့် အယူသီးလွန်းလှသော သူ့မွေးကို အထူးအဆန်း သဖွယ် ကြည့်နေ၏။

"ဒီတော့ ဦးပုတို့ပြောသွားသလို မွေးတို့ မြန်မာပြည် ပြန်ရောက်ရင် အဖွဲ့တခုဖွဲ့ပြီး ဆောင်ရွက်ရအောင်၊ ဒီမှာ နေရတာ ငရဲပြည်ပဲ"

"အင်း... အတွက်လည်း သဘောကျပါတယ်၊ အတွက် အများကြီးကူနိုင်တယ်၊ အစိုးရဆီမှာ လခစား မလုပ်တော့ဘူး၊ ဒီအဖွဲ့ရဲ့လုပ်ငန်း အောင်မြင်အောင် ထူထောင်မယ်"

"ဒီလိုလုပ်ဖြစ်ရင် အစိုးရမှာလည်း နိုင်ငံခြားငွေ အကုန်သက်သာမယ် မဟုတ်လား"

"သက်သာရုံတင် မကဘူး၊ ငွေကြေး မတတ်နိုင်လို့ သေရတဲ့ လူမမာတွေအတွက်လည်း ကာကွယ်ရာကျမယ်။ ဟိုမှာက ရိုးရိုး ကုသိုလ်ဖြစ် အခန်းမှာကို ခုတင်တခု ရဖို့ ခဲယဉ်းတယ်။ ပြီးတော့ အဆုတ်နာ ဆိုပြန်တော့ တခြားလူနာတွေနဲ့ ရောထားဖို့ ဆရာဝန်တွေက လက်မခံချင်ဘူး။ ဒီ တိုးချဲ့ အဆုတ်နာခန်းမှာမှ ထားလို့ဖြစ်တာ။ အမှန်ဆိုရင် ဒီရောဂါဟာ ဖြစ်စမှာ ကောင်းကောင်း နားပြီး ကောင်းကောင်းစားရင် သိပ်ပျောက်လွယ်တယ်။ ရန်ကုန်လို ပွတ်သိပ်နေတဲ့ သေတ္တာလို အိမ်လေးတွေမှာ နေရတဲ့လူတွေအဖို့ ဘယ်မှာ သွားနားနိုင်မှာလဲ၊ ဆေးရုံကလည်း ခုတင်ရတယ် ထားဦး၊ နေရာကျဉ်းတော့ နည်းနည်းဖြစ်တဲ့လူကို များများဖြစ်တဲ့လူဆီက ကူးမှာ စိုးရပြန်ရော"

မွေးသည် နားထောင်နေရာမှ သက်ပြင်းချရင်း ခေါင်းကို ဖြည်းဖြည်းယမ်းလိုက်၏။

"ဆရာဝန်တွေက ဘယ်လိုပဲပြောပြော မွေး စိတ်ထင်တာက ဒီရောဂါဟာ လွန်လာတဲ့ အချိန်မှာကုရင် ရောဂါကို မတိုးအောင်သာ လုပ်လို့ရမယ်၊ လူစဉ်တော့ မီမယ်မထင်ပါဘူး။ ဒီတော့ ရောဂါတွယ်မှန်း သိသိချင်း မြန်မြန်နား၊ မြန်မြန်စားနိုင်အောင်ကို လုပ်ပေးရမယ်။ ရောဂါပိုး တွယ်တာကို မခံမှဖြစ်မယ်။

ဒီရောဂါရဲ့ဒုက္ခဟာ အသည်းခိုက်အောင် ဒုက္ခပေးပြီး တအိမ်ထောင်လုံးရဲ့ စီးပွားရေး၊ တခြား တိုးတက်ရေးတွေပါ ဘယ်လောက် ထိခိုက်တယ်ဆိုတာ ဒီဝေဒနာကို ခံစားရဖူးသူမှ တကယ်သိတာ”

အတွက်သည် လန့်သွား၏၊ သူ့စကားများသည် မွှေးစိတ်ဓာတ်ကို မြင့်အောင် လုပ်မပေးဘဲ ပိုမိုပင် ကျဆင်းအောင် ပြောမိနေသလား။

“ဘာဖြစ်လို့လဲ မွှေး၊ လူစဉ်မီပါတယ်၊ ဆေးရုံက ဆင်းသွားပြီးမှ အလုပ်လုပ်နေတဲ့ လူတွေ အများကြီးပဲ”

“တချို့တော့ ဟုတ်ပါတယ်လေ၊ ဒါပေမင့် ဘယ်နှနာရီ အလုပ်လုပ်ရမယ်၊ ဘယ်နှနာရီ နားရမယ်နဲ့၊ သူဌေးနာကြီး။ ဆင်းရဲသူ ဆင်းရဲသားမှာ အချိန်ရသလောက် အလုပ်လုပ်ရတာပါ။ ဒီတော့ သူတို့ညွှန်ကြားသလို မလိုက်နာနိုင်ရင် မြန်မြန်သေတာပေါ့။ ဒီရောဂါဟာ အင်မတန် စိတ်ချောက်ချားစရာ ကောင်းပါတယ်။ အမျိုးတွေကတောင် ဝိုင်းပယ်၊ အပေါင်းအသင်းတွေကလည်း ဝိုင်းပယ်နဲ့ နူနာလိုပဲ”

မွှေးသည် မျက်နှာညှိုးကျကာ ပြောပြ၏။ သူတို့ စကားပြောနေစဉ် ကျောက်တောင်ကုန်း ဆီမှလာသော လမ်းလေးပေါ်တွင် သူငယ်တစု လမ်းလျှောက်လာကြသည်။

“မွှေး၊ ဟို သူငယ်လေးတွေထဲမှာ ရှေ့ဆုံးက ဖြူဖြူမြင့်မြင့်နဲ့ မြန်မာ သူငယ်လေးတယောက် တွေ့လား”

အတွက်က လူငယ်လေးများဆီသို့ ညွှန်ပြကာ မေးလိုက်သည်။

“တွေ့ပါတယ်”

“ဒီသူငယ်လေးဆို အသက် ၂၀ ကျော်ပဲ ရှိသေးတယ်၊ လောကကြီးမှာ တက်စအရွယ် ဘယ်လောက် ပျော်ရွှင်စရာတွေကို ခံစားလို့ ကောင်းတဲ့အရွယ်လဲလို့။ မိဘက ချမ်းလည်း ချမ်းသာတယ်။ သူ့နာမည် မောင်ရန်ခွင်းလို့ ခေါ်တယ်၊ ဒါပေမင့် အဆုတ်နာကြောင့် သွေးအန်လို့ ဒီမှာ လာကုရတယ်၊ သူ့ဘဝကိုသူ ဝမ်းနည်းမနေဘူး၊ သူဝါသနာပါတဲ့ ကင်မရာလေးတလုံးနဲ့ သူ့စိတ်ကိုသူ အလုပ်ပေးနေတာပဲ၊ ဒီမှာနေတာ တနှစ်နီးတော့မယ်”

အတွက်သည် မွှေးအား စိတ်ဖြေသာအောင် စကားပြောင်း၍ ပြောပြနေပေသည်။ လူငယ်တစုသည် သစ်ခက်များ၊ တောပန်းရိုင်းအပွင့်များကို ကိုင်ကာ သီချင်းဆို၍ သွားကြတော့သည်။

နောက်နေ့ နံနက်တွင် စိတ်မချမ်းမြေ့စရာကောင်းသည့် အလုပ်တခု လုပ်ရမည်မို့ မွေးသည် စိတ်ညစ်နေ၏။ ထုံးစံအတိုင်း အဝတ်အစားလဲကာ လန်ချားပေါ်တွင် လိုက်ပါသွားရသည်။ တလတခါ မှန်မှန် ဓာတ်မှန်ရိုက်ခြင်း၊ အမှောင်ခန်းတွင် ကြည့်ခြင်း၊ သွေးစစ်ခြင်း၊ ကိုယ်ခန္ဓာကို စစ်ဆေးရခြင်းများကို မွေးက မကြောက်ခဲ့ပေ။ ယနေ့ သွား၍လုပ်ရမည်မှာ ပိုက်ကို မျိုချ၍ အစာအိမ်ထဲမှ အရည်ကိုထုတ်ကာ စစ်ဆေးကြည့်မည် ဖြစ်၏။ လစဉ်လတိုင်း မွေးသည် ကြိုးစား၍ မျို၏။ ပိုက်ကို မျို၍ မကျပေ။

အခန်းထဲတွင် အသက် ၄၀ ခန့် ကုလားကြီးတယောက်နှင့် ၁၀ နှစ်အရွယ် ကလေး တယောက် ရောက်နေနှင့်၏။ သူတို့သည် ဇလုံတလုံးစီ ရှေ့ချကာ ပိုက်ကို စ၍ မျိုနေကြပြီ။ သူတို့အနားတွင် ရာဘာပိုက်အဖျား အစာအိမ်သို့ရောက်လျှင် စုပ်ယူရန် ကိရိယာနှင့်အတူ သူနာပြုဆရာမများသည် စောင့်နေသည်။ မွေးက အခန်းထဲ ဝင်ဝင်ချင်း ပျို့လာသည်။ ကလေးငယ်သည် ပိုက်ကို ကြိုးစား၍ မျိုနေစဉ် တံတွေးများမှာ နှုတ်ခမ်းဝတွင် ပလုံစီကာ ထွက်နေတော့သည်။ မွေးသည် အလိုလို အန်ချင်လာ၏။ သူ့အတွက် ရာဘာပိုက်မှာ ရေနွေးနှင့် ပြုတ်နေတုန်း ဖြစ်ပေသည်။

ဆရာမလေးသည် ရာဘာပိုက် အဆင်သင့်ဖြစ်လျှင် သူ့ထံ ယူလာသည်။

"အသက်ဝဝ ရှူလိုက်ပါ"

ဆရာမလေး၏ အင်္ဂလိပ်စကားပြောပုံမှာ နှုတ်ခမ်းလေးများ လှပသော်လည်း၊ မွေးက ကြောက်ရွံ့နေသည်။ အသက်ဝဝရှူလိုက်ကာ ပါးစပ်ဟပေးလိုက်လျှင် ဆရာမသည် ပိုက်အဖျားကို အာခေါင်တွင် ချကာ မျိုခိုင်းတော့၏၊ မွေးသည် ကြိုးစား၍ မျိုချသော်လည်း ပျို့၍ ပျို့၍သာလာကာ ပိုက်ကို အန်ထုတ်လိုက်တော့သည်။ သုံးခါလောက် အန်ထုတ်လိုက်လျှင် ဆရာမသည် စိတ်တိုလာပုံ ရ၏။

"ဟို ကလေးကြည့်စမ်း၊ မျိုရလို့ ဝမ်းထဲက အရည်တောင် စုပ်ထုတ်နေပြီ။ ရှင် မရဘူးလား"

ဆရာမက ဒေါသသံနှင့် ငေါက်လျှင် မွေးကလည်း ဒေါသဖြစ်လာ၏။ ပိုက်မျိုချမရ၍ မောနေသည့်အထဲ ဆရာမ ငေါက်သည်ကို စိတ်တိုလာ၏။

"ဒါလောက်ပဲ ဒီအရေကို လိုချင်သလား"

"လိုချင်တယ်၊ ရှင့်အစာအိမ်မှာ တီဘီပိုး ရှိ၊ မရှိ စစ်ဆေးကြည့်ရမယ်။ အခု ရှင် ခြောက်လ ကျော်လာပြီ၊ တခါမှ မျိုမရဘူး"

"ကျွန်မလည်း ကြိုးစားမျိုတာပဲ၊ မောလို့ သေတော့မယ်၊

ဒါလောက်လိုချင်ရင် ဗိုက်ခွဲပြီး အစာအိမ်ထဲက အရေထုတ်ယူလေ”

မွေးက ခပ်ပြတ်ပြတ် ပြောလိုက်မှ ဆရာမမှာ လက်လျှော့သွားကာ မွေးကို ပြန်ခွင့် ပြုလိုက်တော့သည်။ မွေးသည် မောလည်းမော၊ စိတ်လည်းတိုလာ၍ လစဉ်လတိုင်း ဗိုက် မျိုနေရသည်မှာ ငရဲခံရသလို သူ့မှာ ခဲယဉ်းနေသည် တခြားလူများ အလွယ်တကူ မျိုရလျက်နှင့် သူ ဘာကြောင့် မရသည်ကိုလည်း တွေးမရပေ။

အခန်းသို့ ပြန်ရောက်လျှင် သူအိပ်နေတော့၏။ နံနက်စာကို နဂိုက စားမရသည့်အထဲ ဗိုက်ကို မျိုရ၍ လည်ချောင်းမှာ နာကျင်နေတော့သည်။

သူသည် စိတ်ပျက်လက်ပျက်နှင့် လှဲ၍နေ၏။ ထမင်းမစားတော့လျှင် ချက်ပြီးသား ထမင်းများကို သူယူကာ ထမင်းစားပြန်တော့မည့်အကြောင်း ထမင်းချက်ကုလားမက လက်ဟန် ခြေဟန်နှင့် ပြော၏။ မွေးသည် သူ့ကုလားမနှင့် စကားပြော နေရာကျ၍ လာလေသည်။ ကုလားမကို ပြန်လွှတ်လိုက်ကာ အိပ်မြဲ အိပ်နေလိုက်သည်။

တရေးနိုးလျှင် တဂျိုင်းဂျိုင်းနှင့် လှည်းတခု သူ့အိမ်ခြေရင်း လမ်းပေါ်မှ ဖြတ်သွားသံကို ကြားရ၏။ နေ့လယ်၏ တိတ်ဆိတ်ပုံမှာ တမျိုး ခြောက်သွေ့ရသည့်ထဲ ထိုလှည်းသံမှာ စိတ်လှုပ်ရှားစရာလို့ သူ ထင်မိ၏။ မျက်လုံး ဖွင့်ကြည့်မိလိုက်လျှင် သူသည် လန့်သွား၏။ ဟင်းလင်းဖြစ်နေသော လှည်းပေါ်တွင် ခေါင်းကြီးတခုကို အဝတ်ဖြူစနှင့် အုပ်ထား၏၊ အာတ်ဖြူစပေါ်တွင် ပန်းသုံးပွင့် ခပ်ကျဲကျဲ တင်ထားသည်။ ကုလားနှစ်ယောက်သည် ထိုခေါင်းကြီးကို ကျောက်တောင်ကုန်းမြင့် ဘေးဘက်ဆီသို့ တွန်း၍ ယူသွားကြသည်။ ကျောထဲမှ စိမ့်ခနဲဖြစ်ကာ အလိုလို ကြောက်သွားသည်။

“ဘုရား ဘုရား၊ ဘယ်သူများပါလိမ့်၊ သူတို့ သယ်သွားနေတာ သင်္ချိုင်းများလား”

သူသည် မျက်စိမှိတ်ထားသော်လည်း အိပ်မရပေ။ လေရှိန်က ခပ်ပြင်းပြင်း တိုက်လာပြန်သည်။ ဂျပ်ဂျပ် ဂျပ်ဂျပ်နှင့် ယင်းမှ ဝါးလုံးများ တိုင်ကိုရိုက်သံသည် တယောက်တည်း နေစဉ် ပိုမိုကျယ်လာသလို ဖြစ်လာပြန်သည်။ သူသည် ထထိုင်လိုက်၏။ လူနာများသည် အိပ်နေဆဲ ဖြစ်ဟန်ရှိ၏။ အနီးအနား အိမ်များကလည်း ငြိမ်သက်နေသည်။ နေ့ခင်းကြီးကြောင်တောင် ထိုမျှ ငြိမ်သက်နေသည်ကို သူ့မှာ အနေခက်တော့သည်။

“ကိုထွန်းရေ... ကိုထွန်းရဲ့ အဖွဲ့ကို တယောက်တည်း ထားခဲ့တော့မလား...”

"ဟော... ဘုရားရေ"

မွေးသည် အသံထွက်အောင် အော်လိုက်၏။ သူကြားသောအသံမှာ စကားလုံးကွဲသော်လည်း အဝေးမှ ကြားသော အသံသဲ့သဲ့ ဖြစ်၏။

"တို့မြန်မာလူမျိုးထဲက သေတာ ဖြစ်မယ်၊ ဒုက္ခပါပဲ"

သေသည့်လူအတွက် ဝမ်းနည်းသည် မှန်သော်လည်း ကျန်ရစ်သူအတွက် ပို၍ စိတ်မချမ်းမြေ့ပေ။ သူသည် ခုတင်ခြေရင်းသို့ ဆင်းကာ ကျောက်တောင်ခြေရှိရာသို့ စူးစိုက် ကြည့်နေမိ၏။ မြန်မာ လေး..ငါးယောက် ခပ်လှမ်းလှမ်းတွင် စုနေသည်ကို မြင်ရတော့သည်။ ညနေ ၃ နာရီတွင် အဘီဂေးလ်သည် လာနေကျအတိုင်း သူ့ဆီလာကာ အပူချိန်လာယူ၏။

"ရှင်တို့ မြန်မာထဲကပဲ၊ ဦးထွန်းစိန်ဆိုတာ ဆုံးသွားပြီ၊ ဒီကနေ့ပဲ မီးသင်္ဂြိုဟ်တယ်"

အဘီဂေးလ်က သူ့ကို ပြောပြ၏။

"ကျွန်မ သူ့မိန်းမကို သွားမတွေ့ရဘူးလား"

"ဟင့်အင်း.. ဆရာဝန်ကြီး ဆူလိမ့်မယ်၊ ရှင် လမ်းလျှောက်ခွင့်မှ မရသေးဘဲ။ ရလည်း ဘာဖြစ်လို့ စိတ်မချမ်းသာစရာတွေ သွားကြည့်မှာလဲ၊ အေးအေး အိပ်နေပါ"

အဘီဂေးလ် ထွက်သွားသည့်တိုင်အောင် သူ့နားထဲတွင် "ကိုထွန်းရေ" ဆိုသော အသံသာ ကြားယောင်နေတော့သည်။ သည်လိုနေရာတွင် မြန်မာထုံးစံအတိုင်း သရဏဂုံတင်ရန် ဘုန်းတော်ကြီးလည်း ရှိရှာလိမ့်မည် မဟုတ်ပေ။

ထိုတညနေလုံးတွင် အထူးတိတ်ဆိတ်နေပေသည်။ မြန်မာများလည်း လမ်းလျှောက် မထွက်ကြ။ သူတို့စိတ်ထဲတွင် ဦးထွန်းစိန်အတွက် ဝမ်းနည်းနေဟန် ရှိ၏။

မွေးသည် ညဦးတွင် အရှည်ကြီး ဘုရားရှိခိုးကာ မေတ္တာပို့၊ အမျှဝေရသည်။ အထူးသဖြင့် ဦးထွန်းစိန်ကို ရည်ရွယ်၍ အမျှဝေတော့သည်။ ခြောက်သွေ့သော ညကြီး တညလုံးတွင် သူသည် မျက်စိကြီး အကြောင်သားနှင့် အိပ်၍ မရပေ။ ရှည်လျားသော ခွေးအူသံများမှာ သန်းခေါင်ယံကို ပို၍ ခြောက်ချားစေပေသည်။

မနက်မိုးလင်း လမ်းလျှောက်ချိန်တွင် ဦးပုနှင့် ဦးထွန်းတင်တို့က သူ့ထံ သတင်းဝင်ပေး သွားကြ၏။ ဦးထွန်းစိန်ရောဂါမှာ ဘဲလိုးသို့ သွားရောက်စစ်ဆေးရန်

စောင့်နေစဉ် သေဆုံးသွားကြောင်း၊ အဆုတ်မှာ ကင်ဆာလား၊ အဆုတ်နာလား ခွဲခြားမရခင် လည်ချောင်းမှာလည်း ကင်ဆာလိုဖြစ်ကာ အစာမဝင်တော့ဘဲ မောလာကြောင်း၊ အမောဖောက်၍ သေဆုံးသွားပုံ၊ သူ့ဇနီး စိတ်အားငယ်စွာ ကျန်ရစ်ပုံများကို ပြောလျှင် မွှေးက သူပါ ရော၍ ငိုချင်လာသည်။

"ပြီးတော့ဗျာ သူတို့ဆီ သေရတာ ဂေါ်ရင်ဂျီသေနည်း ကျနေတာပဲ။ ဘုရား၊ သိကြား မ,လို့ ကျုပ်တို့အားလုံး မြန်မာပြည် ပြန်ရောက်ပါစေလို့ ဆုတောင်းပါတယ်"

ဦးပုသည် ဆုတောင်းကာ ထွက်သွား၏။ သူတို့မှာလည်း စိတ်ခေတ်ပျက်နေပုံ ရတော့သည်။

မွှေးသည် ယခု သုံး လေးရက် အိပ်မပျော်နိုင်ဘဲ စိတ်က ချောက်ချား၍နေပေတော့သည်။ အတွတ်ကလည်း ညနေတိုင်း မပေါ်လာသည်မှာ နှစ်ရက်ပင် ရှိ၍သွားလေသည်။ သုံးရက်မြောက် ညနေတွင် အတွတ်သည် ခပ်သွက်သွက် လျှောက်လာ၏။

"မွှေး…"

မွှေးသည် ခုတင်ပေါ်တွင် ခွေနေရာမှ ရုတ်တရက် ထထိုင်လိုက်၏။

"ဟော… အတွတ်၊ ခုတလော ဘာလို့ မလာတာလဲ"

အတွတ်သည် ကုလားထိုင်တခုကို ဆွဲထိုင်ရင်း… "ခုတလော မအားဘူး မွှေး" ဟု ပြောလိုက်၏။

"ထူးဆန်းလိုက်တာ၊ မြန်မာပြည်က လူနာကလေးတယောက် ကိုယ်အမြဲသွားကြည့်တယ်။ သနားစရာ အလွန်ကောင်းပဲ။ ငွေမတတ်နိုင်လို့ အဖော်မပါဘဲ တယောက်တည်း လာနေရတယ်။ ကိုယ်ကလည်း စကားမစပ်မိတော့ သေသေချာချာ မမေးဘူး။ ဒီကနေ့ မနက် ထမင်းစားရင်း သွေးအန်ပြီး သေနေလေရဲ့"

"ဟယ်…"

မွှေးသည် ပါးစပ်ဟောင်းလောင်းနှင့် ကြောင်သွားတော့သည်။

"အဲဒါ ဘယ်သူထင်သလဲ။ သူ့လိပ်စာနဲ့ ဘာနဲ့ အခြေအနေ အနားကလူတွေ မေးကြည့်မှ မောင်မောင် ဖြစ်နေတယ်"

"ဘယ်က မောင်မောင်လဲ"

“တို့များ ဝါးခယ်မ ဘုရားကြီးလမ်းက ကိုအီဆွတ်သား၊ အငယ်ဆုံးသားလေးလေ။ အတွတ် ထွက်လာတော့ သူတို့က ငယ်ငယ်ရှိသေးတာ။ သူတို့မှာ အမေလည်း မရှိဘူးလေ”

“သိပြီ… သိပြီ”

မွှေးသည် ပိုမို၍ စိတ်မချမ်းမသာ ဖြစ်လာသည်။ သူသည်ပင် မြန်မာပြည်သို့ ပြန်ရောက်ပါဦးမလား ဟူသောစိတ်မှာ ခြောက်၍ လာတော့သည်။

“အဲဒါကွယ် ငွေလည်း ဘာမှ မကျန်တော့လို့ ဦးထွန်းလှိုင်တို့၊ ဦးသာညဏ်တို့နဲ့ ဝိုင်းစုပြီး သင်္ဂြိုဟ်ဖို့ စီစဉ်ပေးနေရတယ်။ မွှေး စိတ်ငယ်သွားပြန်ပလား။ တခါမှ ဒီလို ဆက်တိုက် မြန်မာပြည် လူနာတွေ မသေဖူးဘူး။ ဘယ်တတ်နိုင်မလဲ။ အခန့်မသင့်ရင် ဖြစ်တတ်တာပဲ။ မွှေးရောဂါက သေကို မသေနိုင်ဘူး စိတ်ချ။ သိပ်ပြီး ကောင်းလာပြီ၊ စိတ်မပျက်နဲ့”

မွှေးက ဘာမျှပြန်မပြောဘဲ ငိုင်ချင်သလိုသာ ငိုင်၍ နေမိတော့သည်။

“ခုတလော ကြားရတာတွေက စိတ်မချမ်းမြေ့စရာချည်းပဲကွယ်”

“ညဘက်ဆို အိပ်မပျော်ဘူး ထင်တယ်။ မျက်နှာချောင်နေတယ်”

မွှေးသည် အိပ်ရာပေါ် ပြန်ခွေလိုက်၏။

အတွတ်မျက်နှာမှာ အနည်းငယ် ပျက်သွားတော့သည်။

မွှေး စိတ်ငယ်နေပြီကို သိပြီး ဖြစ်ပေသည်။

“ဘယ့်နှယ် အိပ်ရမလဲ…”

“ဘာမှ မဖြစ်ပါဘူးကွယ်၊ ညကျ မေတ္တာသုတ်ကို ရွတ်ပြီးအိပ်။ အတွတ်လည်း မွှေးဆီကို အထူးမေတ္တာပို့ပါတယ်။ စိတ်ချမ်းသာအောင် နေနော်။ တော်ကြာ ကိုယ်အလေးချိန် လျော့သွားလို့ Yellow bed ပြန်အလျှော့ခံနေရဦးမယ်။ ကဲ… အတွတ် ပြန်ဦးမယ်”

မွှေးက ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်၏။

ထိုညတွင် မွှေးသည် ခေါင်းရင်းဘက်နံရံတွင် ချိတ်ထားသော ဘုရားရုပ်ပုံတော်ရှေ့တွင် မီးများ ထိန်ထိန်ညီးအောင် ပူဇော်ထား၏။ ဗောဓိပင်ခြေရှိ ပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဘုရားသခင်၏ မျက်နှာတော်မှာ တည်ငြိမ်လျက် ရှိပေသည်။ ပလ္လင်တော်မှာမူ မီးရောင်ကြောင့်

တလက်လက် တောက်ပနေ၏။ ဗောဓိညောင်ရွက်များကမူ စိမ်းစိုနုပျိုနေကြပေသည်။

မွေးသည် ဘုရားရှိခိုးပြီး မေတ္တာသုတ်ကို ရွတ်၏။ အဝေးစစ်မြေရှိ ချစ်လင်ထံသို့ မေတ္တာပို့ရင်း မျက်ရည်များ စို့လာသည်။ ညီမလေးများနှင့် အဖေ့ထံ မေတ္တာထပ်ပို့ကာ ကွယ်လွန်သူ မေမေ၊ မမနှင့် ဦးထွန်းစိန်၊ မောင်မောင်တို့ကိုပါ မှန်းဆ၍ အမျှဝေလိုက်ရပြန်သည်။

ဘုရားသခင်၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်လားမသိ၊ သူ့စိတ်မှာ အတော်ပင် ငြိမ်သက်ကာ အေးချမ်းမှုကို ရတော့သည်။

ဘုရားရှိခိုးပြီး ထကာ ဖျာကို သိမ်းနေစဉ် ညစောင့်အိပ်သော ကုလားမသည် သူ့အနားတွင် မတ်တတ်လာရပ်၏။ ဘုရားရုပ်ပုံကို မော့ကြည့်ရင်း လက်ညှိုးထိုးပြနေသည်။

“ဒီပုံကို ဒီမှာ ဘာလို့ ချိတ်ထားတာလဲ အစ်မ”

မွေးသည် ကုလားမ ပြောသည်ကို ရုတ်တရက် နားမလည်ပေ။

“ဘာပြောတယ်”

“ဒီပုံကို ဒီမှာ ချိတ်ထားတာတွေ့ရင် မစ္စလွန်းက ဖြုတ်ခိုင်းလိမ့်မယ်”

မွေး၏ ငြိမ်နေသောစိတ်များကို လာ၍ဆွပြန်သည်။ ညစောင့်ကုလားမမှာ ခရစ်ယာန် ဖြစ်ပေသည်။

“ကိုယ် အမြဲ ရှိခိုးဖို့ပေါ့...”

“အစ်မ ဖြုတ်ထားရင် ကောင်းမယ်၊ မစ္စလွန်း တွေ့သွားရင် ဖြုတ်ခိုင်းလိမ့်မယ်”

မွေးသည် ခုတင်ပေါ် ပစ်ထိုင်လိုက်၏။

“ဟေ့- မင်း ဘာမှ မပြောနဲ့၊ ငါ့ဘုရားကို ငါ့ဘာသာ ကိုးကွယ်တာ။ မင်းတို့ဆေးရုံမှာ ဒီဘုရားပုံတော်ကို မချိတ်ရဘူး၊ မရှိခိုးရဘူးဆိုရင် ငါ သေသွားပစေ။ ဒီမှာလည်း ဆေးမကုတော့ဘူး။ ငါပြန်မယ်။ ဘယ်သူ လာဖြုတ်ခိုင်း ဖြုတ်ခိုင်း ငါမဖြုတ်ဘူး။ အေးအေး အိပ်စမ်း...”

မွေး စိတ်တိုလာသည်ကို သိ၍လား မသိ။ ကုလားမသည် ငြိမ်သွား၏။

မွေးစိတ်ထဲမှာလည်း ယခုတလော သုံးလေးရက်အတွင်း ပိုက်မျိုရသည့် နေ့ကတည်းက အဆင်မပြေ။ စိတ်မချမ်းမြေ့သည်မှာ ယနေ့ညတိုင်အောင် ဖြစ်လာ၍ ဒေါသထွက်နေတော့သည်။ အမှန်လည်း ထိုဆေးရုံမှာ ခရစ်ယာန်သာသနာပြု ဆေးရုံဖြစ်၍ လူနာများက ကိုယ်ကိုးကွယ်လိုသော ဘာသာအလိုက် ရုပ်ပုံရုပ်တုများကို လူမြင်သာသောနေရာတွင် ထုတ်၍ထားခြင်းကို ယခင်က ခွင့်မပြုဟု ဆိုပေသည်။

သို့သော် မွေး၏နံရံတွင် ချိတ်ဆွဲထားသော ဘုရားပုံတော်အတွက်ကိုမူ ဆရာဝန်များက ဘာမှ တစုံတရာ ပြောသည်ကို မတွေ့ရပေ။ ညစောင့်အိပ်သော ကုလားမက သက်သက်ဗိုလ်ကျခြင်း ဖြစ်၏။

နောက်နေ့နံနက်တွင် Screening reading ခေါ် အမှောင်ထဲတွင် ရောင်ခြည်ဖြင့် အဆုတ်ကို စမ်းသပ်ကြည့်ရှုစစ်ဆေးရန် ဆေးရုံဘက်သို့ တခါ သွားရပြန်သည်။

သူ့အိမ်နှင့် မျက်စောင်းထိုးအိမ်မှ အိန္ဒိယတိုင်းသူတယောက်မှာလည်း နောက်မှ လန်ချားတစီးပေါ်တွင် တလှုပ်လှုပ် ပါလာ၏။ ထိုမိန်းမနောက်တွင် ခေါင်းဆွတ်ဆွတ်ဖြူနေသော အသက် ၆၀ ခန့် အဖိုးကြီးသည် မြေတွင် လျှောက်ကာ ပါ၍ လာလေသည်။

အခန်းထဲသို့ ရှေ့ဆင့် နောက်ဆင့် ဝင်ရောက်သွားကြသည်။ ကြည့်တော့မည့်အချိန်တွင် လူနာအား လေးထောင့်မှန်နောက်တွင် ရပ်ခိုင်း၍ မှန်သားကို ရင်ဘတ်ဖြင့် ထိထား၏။ ဆရာဝန်မှာ မှန်ရှေ့တည့်တည့်တွင် သားရေအင်္ကျီအထူကြီးကို ဝတ်ကာ ထိုင်နေလေသည်။ ထိုရောင်ခြည်မှာ လူ၏အသားအရေကို ထိခိုက်စေ၍ လူကောင်းဆရာဝန်အဖို့ အကာအကွယ် ယူထားခြင်း ဖြစ်သည်။ လူနာတယောက် ကြည့်ချိန်မှာလည်း သိပ်ကြာရှည်ခြင်း မရှိလှ။ စက္ကန့်ပိုင်းလောက်ပင် ဖြစ်သည်။ ကြည့်မည့်အချိန်ရောက်လျှင် မှောင်ချလိုက်ကာ ခလုတ်တခုကို နှိပ်လိုက်လျှင် မှန်သားပေါ်တွင် လူ၏ ခန္ဓာကိုယ်ထဲမှ အဆုတ်နေပုံကို တိုက်ရိုက်မြင်ရသည်။ မွေးသည် သူ့ကိုယ်သူ ကြည့်ရှုပြီးလျှင် ထွက်မသွားသေးဘဲ အိန္ဒိယသူကို ကြည့်ရန် စောင့်နေ၏။ ဆရာဝန်နောက်မှရပ်ကာ ကြည့်နေစဉ် မှန်ထဲ၌ မြင်ရသော ထိုကုလားမလူနာ၏ အဆုတ်မှာ ဘယ်ဘက်တခြမ်းသည် လုံးဝမည်းနေ၍ ညာဘက်မှာမူ ဖြူနေကာ အပေါ်တွင် အမည်းစက်လေးများ သန်းနေတော့သည်။

သူသည် အဓိပ္ပာယ်ကိုတော့ ဘာမျှ နားမလည်ပေ။ အခန်းအပြင်သို့ ရောက်လျှင် ထိုမိန်းမကို ဂရုစိုက်ကြည့်မိ၍ အသားမှာ ဝါဝါညိုညိုကြီး ဖြစ်ကာ ပိန်ချည့်နေတော့သည်။ ဆံပင်ဖြူဖြူနှင့် အဖိုးကြီးက သူ့ကို တွဲ၍ လန်ချားပေါ်

တင်ကာ ထွက်သွားကြသည်။

မွေးသည် ထမင်းချက် တပည့် ဘီဘီကိုမူ တမာပင်အောက်တွင် တွေ့ရသည်။ မွေး တယောက်တည်း အားငယ်မည်စိုး၍ သူ လိုက်လာကြောင်း လက်ဟန်ခြေဟန်နှင့် ပြ၏။ မွေးသည် သူ့အိမ်သို့ ပြန်ရောက်လျှင် အရှေ့တောင်ဘက်ရှိ ဆီးပင်အောက်တွင် ထိုင်ကာ လူနာမိန်းမ ရှိရာကိုသာ လှမ်း၍ကြည့်နေမိသည်။ ဘီဘီက မီးဖိုထဲတွင် ထမင်းချက်လျက် ရှိ၏။ ခဏကြာလျှင် ဆံပင်ဖြူဖြူအဖိုးကြီးသည် ကုလားလို စာတစောင်ကို ဖတ်ပြလိုက်၊ ပြောလိုက်နှင့် လုပ်နေသည်ကို လူနာက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

မွေးသည် သူတို့ ဘာပြောသည်ကို သိချင်လာ၏။ ဘီဘီကို မေးလျှင် ဘီဘီသည် လက်ဟန်ခြေဟန်ထက် ပို၍ ပြောပြတတ်မည် မဟုတ်ပေ။ ခပ်လှမ်းလှမ်းမှ ဆေးရုံစာရေးကလေး တယောက် လျှောက်လာ၍ ထိုလူနာနှင့် အဖိုးကြီးအနားမှာ ရပ်ကာ ဝင်ရောက် စကားပြော နေလေသည်။ ထိုစာရေးလေးမှာ အိန္ဒိယသားပင် ဖြစ်သော်လည်း အင်္ဂလိပ်လို မွတ်နေတော့သည်။

“အဖိုးကြီးက ဒီမိန်းမနဲ့ ဘာတော်လဲ”

မွေးက စာရေးလေးကို မေးလိုက်၏။

“သူ့အဖေလေ၊ ဟိုက်ဒြာဗတ်က လာဆေးကုတာ။ သူ့မှာ ကလေးသုံးယောက်ရှိတယ်။ အဲဒါ ရှေ့လကုန်ရင် သူ့ယောကျ်ားက ခေါ်ပြီး လာပြမလို့တဲ့။ တယောက်တည်း သမီးမို့ အဖေကိုယ်တိုင် လိုက်ပြုစုတာ”

“ဪ... ဪ သူ့ယောကျ်ားဆီက စာလာလို့ သူ နားထောင်နေတာကိုး၊ သူ့ကလေးတွေနဲ့ တွေ့ရတော့မယ်နော်”

“ဟုတ်တယ်၊ ဟိုလကတည်းက သူက စာရေးလိုက်တယ်။ သူ ဒီမှာနေတာ သုံးနှစ်ရှိပြီ။ သူ့ရောဂါဟာ ကုမရတော့ဘူး။ သိပ်ပြီးလည်း ကြာမှာမို့ နောက်မိန်းမ ယူတော့လို့ သူက စာရေးလိုက်တယ်တဲ့။ ဒါကြောင့် သူ့ယောကျ်ားက ရှေ့အပတ်ဆို မိန်းမယူတော့မယ်တဲ့။ စာလာလို့ အဖိုးကြီးက ဖတ်ပြနေတာ”

“ဘုရားရေ”

မွေးသည် ဘုရားတမိ၏။

“ကျွန်တော် သွားဦးမယ်”

စာရေးလေးက နှုတ်ဆက်ကာ ထွက်သွား၏။ မွေးသာ တယောက်တည်း ငိုင်ကာ ကျန်ရစ်၏။ နောက်မိန်းမယူသည်ပဲ ထားဦး၊ ဘာကြောင့်များ မယားရှိရာသို့ စာရေးပါသနည်း။ ထိုစာကိုရော အဖေလုပ်သူက ဘာကြောင့် ဖတ်ပြသည် မသိပေ။ မွေးသည် သားအဖနှစ်ယောက်ကို အံ့ဩနေပေသည်။

လူနာသည် ကြည့်ရသည်မှာ ကလေးများကို တွေ့ရတော့မည်မို့ စိတ်ရွှင်လန်းနေလေ သလား။ သူ့ချစ်သူ လင်သားအပေါ် စိတ်လျှော့ကာ ခွင့်လွှတ်လိုက်ပြီမို့ နေသာနေလေသလား မသိ။ ခပ်ပေါ့ပေါ့ ခပ်အေးအေးဟန်ကို တွေ့ရတော့သည်။

မွေးစိတ်ထဲတွင် ထိုအိန္ဒိယသူကို ချီးကျူးနေမိသည်။ အမှန်တော့ ထိုဆေးရုံတွင် တကယ့်ဝတ္ထုများ အများအပြား ရှိကြသည်သာတည်း။ တီဘီရောဂါကြီးက ဝမ်းနည်းကြေကွဲဖွယ် ကောင်းသော ဇာတ်လမ်းအနန္တကို ဖန်ဆင်း၍ပေး၏။ လူနာ လူသားများသည် ခေါင်းငုံ့ကာ ကပြကြရ၏။ မရွှင်သောနှလုံးကို အားယူ၍ဖုံးကာ အနိုင်နိုင် ပြုံးကြဟန်မှာ ရင်ထဲတွင် မချိစရာပါတကား။

သူ့မျက်စိထဲတွင် စစ်သားတယောက်ပီပီ ရင်ချီနေသော ကိုကိုနိုင့်ရုပ်ပုံလွှာသည် အထင်းသား ပေါ်လာ၏။ သက်ပြင်းချလိုက်ရင်း စိတ်မှာမောသွားတော့သည်။ တလ နှစ်ကြိမ်ကျ သူ့ထံသို့ စာမှန်မှန် ထည့်ရှာသည်။ သူသည် လက်ချိုး၍ ရေတွက်ကြည့်၏။ မြန်မာပြည်မှ ထွက်လာသည်မှာ ခြောက်လကျော် ခုနစ်လအတွင်းသို့ ဝင်ခဲ့ပြီ။ အိန္ဒိယသို့ မထွက်ခွာခင် ခွဲခွာနေခဲ့သည်မှာ နှစ်နှစ်ကျော် သုံးနှစ်နီးပါး ကြာခဲ့၏။

မမအေး မဆုံးခင်က တကြိမ် နှစ်ယောက် တွေ့ခဲ့ကြရသည်။ ထိုအချိန်မှာ နောက်ဆုံး တွေ့ရခြင်းသာတည်း။

သူ့အနားဝယ် ဆီးရွက်ခြောက်တို့သည် ပုရွက်ကောင်လေးများလို ပျံဝဲကာ ကျလာကြ၏။ တောင်လေသည် ခပ်ထန်ထန်ပင် တိုက်လာကာ မိုးသားတို့ အုံ့မှိုင်းလာကြပြန်သည်။

သူ စိတ်မပျော်သည်မှာ သုံးရက်လုံးလုံးပင် ဖြစ်၏။

နွေဦးပေါက်လာလျှင် မွေးသည် လွတ်လပ်လာ၏။ လွန်ခဲ့သော တပတ်ကတည်းက ၄ ဖာလုံ လမ်းလျှောက်ခွင့်ကို မွေး ရခဲ့လေသည်။

အတွတ်နှင့် တရက်ခြားလောက်လိုလို ညနေခင်းဘက်တွင် လမ်းလျှောက်ကြသည်။ တခါတရံ မဒနာပလီလမ်းမကြီးပေါ် လျှောက်ကာ ဝင်လုဆဲ

နေရောင်အောက်မှာ ကျောက်တောင်တန်းများကို ကြည့်ကြသည်။ ကျောက်တောင်များသည် သဲပထဝီမြေပုံထဲကလို အဝေးတွင် အဖျားချွန်ချွန်လေးများဖြင့် မြင်နေရ၏။ တောထူထပ်သည့်နေရာမဟုတ်၍ တောင်တန်း တောင်ထွတ်များသည် မြေမှ ဖွားဖွားကြီး ပေါ်နေကြပေသည်။

တခါတရံ သူတို့နှစ်ယောက်သည် မဒနာပလီဘက်မှ ကုန်များ တင်လာသော လားအုပ်ဘေးတွင် လမ်းလျှောက်လာကြသည်။ လားများသည် ပုကြသော်လည်း ပစ္စည်းများ ကျောပိုး၍ လျှောက်လာဟန်မှာ ချစ်ဖွယ်ကောင်းပေသည်။ မန်ကျည်းရွက်ကြွေများသည် လားများပေါ်တွင် ဝဲကာပျံကာကျလာကြသည်။ လမ်းဘေးတွင်မူ အိန္ဒိယတိုင်းရင်းသားများ၏ တဲငယ်များမှာ ဖရိုဖရဲနှင့် ခပ်ကျဲကျဲ တွေ့ရပေသည်။

မွေးသည် ရှုမျှော်ခင်းအသစ်များကို မြင်ရ၍ စိတ်ပြောင်းလာဟန်ရှိပေသည်။ အတွတ် မျက်စိထဲတွင်မူ ငယ်တုန်းက လယ်ကွင်းဘေးတွင် လမ်းလျှောက်ကြစဉ်ကလို မွေးသည် နုပျို ရွှင်လန်းကာ အားတက်လာဟန်ရှိသည်ဟု ထင်မိ၏။

မွေး၏ပါးလေးများတွင် သွေးရောင်သန်းလာကာ ငယ်တုန်းကလို မျက်စိကလည်း ကြည်ကြည်လင်လင် တောက်တောက်ပပ ရှိလာပြန်သည်။

တညနေ မွေးထံသို့ ထွက်မလာခင် အတွတ်သည် စာတစောင်ကို ဖတ်နေ၏။ စာမှာ ကိုကိုနိုင်ထံမှ ဖြစ်ပေသည်။ သူသည် စာကိုသိမ်းဆည်းထားလိုက်ပြီး မွေးထံသွားရန် စိတ်မပျော်သလို ဖြစ်လာသည်။ သူမသွားလျှင် မွေးက မျှော်နေကာ အိမ်ထဲက ထွက်တော့မည် မဟုတ်သည်ကို သတိရပြန်သည်။

မွေးကို ငဲ့သောစိတ်၊ တွယ်တာသော စိတ်တို့မှာ ပို၍သာ ပြင်းလာရပါတကား။ မွေးကိုတော့ ညနေတိုင်း တွေ့ချင်၏။ မွေးရောက်လာကတည်းက ပစ္စန္တရစ်လို ထင်ခဲ့ရသော အာရောဂျံသည် နေပြည်တော်လို သာယာခဲ့၏။ သို့သော် ယနေ့ရရှိသော စာက ခေါင်းထဲတွင် ဝင်နေသောကြောင့် မွေးရှေ့ရောက်လျှင် သူ ဟန်ပျက်မှာကို စိုးနေ၏။

သူသည် စာကို မေ့ပစ်ကာ အဝတ်လဲ၍ မွေးရှိရာကို ထွက်လာခဲ့သည်။ မွေးသည် သူ့ကို အဆင်သင့် ကြိုနေသည်။

အမြဲမပြတ် ပွင့်နေသော အာရောဂျီ၏ စံပယ်ပန်းကို သီကာ ဆံထုံးတွင် ပန်ထားပြန်သည်။ သူ့လုံချည်သည် နန်းလုံးကြိုင်လို အဝါလုံးလေးများ ကျဲကျဲပါသော အပြာခံလုံချည်ပင်တည်း။ ပဒုမ္မာလက်တိုလေးနှင့် သူ့ဘေးတွင်

ယှဉ်ကာ လိုက်ပါလာ၏။

မွေး၏ ကြည်ပြုံးသောမျက်နှာလေးကို မြင်လေလေ အတွတ်သည် ဟန်ပျက်၍ ပျက်၍ သွားတော့၏။ စကားစများကို ရှာဖွေကာ သူသည် တတွတ်တွတ်ပြောလာ၏။

"ဒီတခါ တို့များ ရေပေးတဲ့ကန်ဘက် လျှောက်ရအောင်နော် မွေး"

မွေးက ငှက်ငယ်လေးလိုပင် ကြော့ကြော့မော့မော့နှင့် ခေါင်းညိတ်ပြ၏။

"အဲဒါက ပဲခူးက လာဆေးကုနေတဲ့ မမဝင်းတို့အိမ်လေ။ သူ့ညီမ မမစန်းက လာပြီး ပြုစုနေရတာ။ သူတို့လည်း မိန်းမသားနှစ်ယောက်တည်းပဲ။ ဟိုဘက်ကဟာက မွေးကို တခါက အတွတ်ပြောတဲ့ မောင်ရန်ခွင်း နေတာ။ ဒီဘက်တွဲနေတာက ဦးစစ်ကူးတို့ပေါ့။ ကဲ... လာ ဒီလမ်းလေးက ရေပေးကန်ကို သွားတဲ့လမ်းပဲ"

သူတို့သည် ဆင်ခြေလျှောတခုကို ဆင်းလိုက်လျှင် လမ်းလေးတခုကို တွေ့ရ၏။ ထိုလမ်းတလျှောက်တွင်မူ လျှော်ပင်အခက်အဖျားချွန် အပင်ကြီးများမှာ တန်း၍ပေါက်နေလေသည်။ ထနောင်ပင်တန်းမှာ ရေကန်ဘက်သို့ နီးလာလေလေ စိပ်၍လာ၏။ ဆေးရုံအလုပ်သမားတို့၏ နေအိမ်တန်းလျားများ၏ ဥယျာဉ်ဝင်းကလေးများကို ဖြတ်ကျော်လာပြီးမှ ရေကန်ရှိရာသို့ ရောက်လာသည်။ ရေကန်မှာ ပေ ၅၀ ခန့် အကျယ်ရှိ၍ အရှည်ပေမှာ ပေ ၁၀၀ ကျော်ခန့် ခပ်မျှော့မျှော့ပင် တူး၍ထားပေသည်။ အုတ်နံရံများစီကာ အထူးသန့်ရှင်းအောင် လုပ်ထား၏။ မွေးက မောသည်ဟုဆိုကာ ထနောင်းပင်ခြေရင်းတွင် ထိုင်၍နေပေသည်။ နေညိုစ ပြုလာပြီ ဖြစ်သောကြောင့် ချိုးကူသံမှာ ပျင်းတွဲ့တွဲ့လွမ်းဟန် ပေါက်လာ၏။ အဝေးရှိ ဆူးချုံ စည်းရိုးလေးများ အနက်တွင် ဆိတ်ငယ်လေးများသည် ခုန်ပေါက်ပြေးလွှားနေကြပေသည်။

အတွတ်က မွေးအနားတွင် လာ၍ ထိုင်ပြန်သည်။ မွေး၏မျက်နှာပြင်မှာ ညနေ နေခြည်ဝါ ရွှေရွှေလေးကြောင့် ပိုမို၍ လှပနေသည်ဟု သူကထင်၏။

"ကိုကိုနိုင် တယောက်တော့ ပျင်းနေမှာပဲ။ ခုလို လမ်းလျှောက်တာတို့၊ ညဘက် လရောင်အောက်မှာ လမ်းလျှောက်တာတို့ သူ သိပ်ဝါသနာပါတာပဲ"

မွေးက အဝေးသို့ မျှော်ကြည့်ရင်းမှ ကိုကိုနိုင့်ကို တမ်းတလာမိဟန်ရှိပေသည်။

"ပြန်ရတော့မှာပါကွာ။ ကိုယ်လည်း နောက်ခြောက်လဆို ပြီးရော၊ အတွတ်နဲ့ အတူတူ ပြန်ပေါ့"

“ဆရာဝန်ကကော မွှေးရဲ့ အခြေအနေကို ဘာပြောလဲ”

“အို… အနာက ခြောက်လာပြီ။ နောက်ဆို ကျက်သွားရော၊ နောက်ထပ် ခြောက်လဆို ပြန်ရပါတော့မယ်။ အနာကို ဘယ်တော့မှ မတွေးနဲ့၊ ပျော်ပျော်သာနေ”

“အတွတ်က ပျော်ဖို့သာပြောနေ။ ဘယ်ပျော်နိုင်မလဲ၊ တခါတခါ ကိုကိုနိုင့်ကို တွေးမိရင် သိပ်ဝမ်းနည်းတာပဲ။ သူဟာ မွှေးရဲ့ ဒုက္ခမြုံကြီးကို သက်သက်ဝင်သယ်ရသလိုပဲ”

မွှေးသည် ဝါးခြမ်းလေးတခုနှင့် မြေပြင်တွင် ဟိုခြစ် ဒီခြစ် ခြစ်ရင်း ပြော၏။

“ဒီလိုပဲပေါ့၊ သက်သက်ရယ်လို့တော့ ဘယ်ဟုတ်မလဲ။ တကယ်ချစ်လာတော့ ဒုက္ခရယ်လို့ လည်း မထင်ပါဘူး။ ကဲ… မွှေးကို အတွတ်က ကိုကိုနိုင့်ကို ယူဖို့ ပြောတုန်းကဆိုရင် မွှေး စိတ်ထဲမှာ သိပ်စိတ်ချမ်းသာမှာ မဟုတ်ဘူး။ လက်ထပ်ပြီးတော့ ကိုယ်ပြောတာထက်တောင် ကိုကိုနိုင်ဟာ သဘောထားကြီးတယ်၊ စိတ်ပြည့်တယ် မဟုတ်လား။ ရှင်းရှင်းပြောရရင် ဖရက်နဲ့ မညားခင်က ကွဲသွားကြရတာ ဘုရားမ,တာပဲ။ နို့မို့ရင် မြင်ယောင်သေးတယ်၊ မွှေးကို ကလေးတွေနဲ့ ဒီကောင် ပစ်ပြေးမှာ။ မွှေးရဲ့ဒုက္ခတွေကို ဒီကောင် ဘယ်ခံနိုင်မလဲ”

“ဟုတ်တော့ ဟုတ်ပါတယ်။ မွှေးဒုက္ခတွေကကော မလွန်လွန်းဘူးလား”

“ဒါတော့ တမင်ဖန်တီးကြတာမှ မဟုတ်ဘဲ။ အကြောင်းက ဖြစ်လာတာကို။ ဒါပေမင့် ချစ်လာပြီ ဆိုရင် လူတယောက်ဟာ နိမ့်တာမှာရော၊ မြင့်တဲ့အခါမှာရော လက်တွဲနိုင်မှပေါ့ မွှေး”

“ကျေးဇူးတင်ပါတယ်၊ အတွတ်ရဲ့စေတနာကို ကျေးဇူးတင်ပါတယ်။ အမှန်တော့ ကိုကိုနိုင့်ကို မေမေ စိတ်ချမ်းသာပါစေတော့လို့သာ မျက်စိမှိတ်ပြီး လက်ထပ်လိုက်ရတယ်။ စိတ်ထဲက နှစ်နှစ်ခြိုက်ခြိုက် မရှိလှဘူး။ ဒါပေမင့် နောက်ပိုင်းမှာ ကိုကိုနိုင်ဟာ မွှေးထင်တာထက် မွှေးအပေါ်မှာ သည်းခံနိုင်တယ်။ ယုယတယ်၊ ကြင်နာတယ်၊ ပြီးတော့လည်း စစ်သားဖြစ်ပေမယ့် မွှေး ကြိုက်နိုင်တဲ့ စာပေသမားတယောက် ဖြစ်နေတော့တယ်”

“ဒါပေါ့၊ မိဘစကား နားထောင်တိုင်းလည်း အခါခပ်သိမ်း စိတ်မချမ်းသာရတယ်လို့ မဟုတ်ပါဘူး။ တခါတလေ ကိုယ်ကြိုက်တာယူပြီး ဒူးနဲ့မျက်ရည်သုတ်နေရတာတွေ ပြည့်လို့”

“အံမယ်… အတွတ်က ကြီးကြီးကျယ်ကျယ် ပြောနေလိုက်တာ။ အတွတ်ကတော့ တယောက်တည်း ဘာလို့နေလဲ၊ အတွတ် လက်ထပ်ဖို့ မစဉ်းစားသေးဘူးလား”

မွေးသည် ငယ်တုန်းကဟန်လေးမျိုးဖြင့် ခေါင်းလေးငဲ့ကာ ခပ်ရိုးရိုးလေး မေးလိုက်၏။ အတွတ်မှာ မွေးမျက်နှာကို ရဲရဲမကြည့်ရဲသလို အဝေးရှိ ခြံစည်းရိုးများဘက်သို့ မျက်နှာလွှဲလိုက်သည်။

"စဉ်းစားတာကတော့ အမြဲပေါ့"

သူသည် ခပ်တိုးတိုးဖြေ၏။

"စဉ်းစားရင်လည်း ဒီကပြန်ရင် ရန်ကုန်ကျ လက်ထပ်ဖို့ ကောင်းပြီ။ ယောကျ်ားလေးတွေဟာ တယောက်တည်း အကြာကြီး နေလို့ မကောင်းဘူး"

မွေးက ထပ်၍ပြောလာပြန်သည်။ အလိုက်မသိတတ်သော မိန်းကလေးကို ဘယ်လိုများ အဖြေပေးရပါ့။ အတွတ်သည် သက်ပြင်းချလိုက်ကာ ခေါင်းယမ်းပြန်၏။

"ခက်တယ် မွေးရေ၊ အတွတ်က ဆရာဝန်သာ ဖြစ်တယ်။ စိတ်ကူးယဉ်သမားလည်း ဆန်သား။ တသက်မှာ တခါသာ မြတ်မြတ်နိုးနိုး ချစ်ချင်တယ်။ ချစ်မိတဲ့သူကလည်း ကိုယ့်အပေါ်မှာ မချစ်၊ အဲဒီမိန်းကလေးကိုချစ်တဲ့ အချစ်မျိုးနဲ့လည်း တခြားမိန်းမအပေါ်မှာ ချစ်မရလေတော့ ခက်တယ်။ အတွတ်မှာ အိမ်ထောင်ရယ်လို့ ဖြစ်မယ် မထင်ပါဘူး"

အတွတ်က ခပ်ညည်းညည်း စကားစသတ်လိုက်၏။ မွေးမျက်နှာမှာမူ ပကတိ စင်ကြယ်လျက်ပင် ရှိပေသေး၏။

"ဒီလိုဆို ရန်ကုန်ကျ ပြောပါ။ မွေး ဆောင်ရွက်ပေးမယ်။ ဒီမိန်းကလေးကလည်း စိတ်ညွတ်စေရမယ်။ အတွတ်မေမေ ဒေါ်ဒေါ်သောင်းစိန်ကိုလည်း မွေးကိုယ်တိုင် ပြောပြမယ်။ အတွတ်တို့လက်ထပ်ပွဲကို မွေးကိုယ်တိုင် စီစဉ်ပေးမယ်။ အတွတ်ကိုလည်း မွေး မြလက်စွပ်လေး လက်ဖွဲ့မယ်။ ဒီမှာ အတွတ်လက်ဖွဲ့တဲ့ စိန်လက်စွပ်လေးလေ"

မွေးက ခပ်သွက်သွက်လေး ပြောရာမှ ဘယ်လက်ခလယ်ရှိ စိန်လက်စွပ်လေးကို ထောင်ပြ၏။

"မြလက်စွပ်ဆိုကတည်းက စိမ်းတဲ့သဘောပေါ့လေ"

အတွတ်မှာ လွှတ်ခနဲ ပြောလိုက်ပြီးမှ ကြောင်သွား၏။

"ဒီလိုဒီလို၊ မင်းနဲ့ ကိုယ် ငယ်ငယ်တုန်းက ခဏ ခဏ ရန်ဖြစ်တဲ့ အထိမ်းအမှတ်လား"

သူသည် ကမန်းကတန်း သူ့စကားကို ပြန်အုပ်လိုက်၏။

မွေးသည် ဟက်ဟက်ပက်ပက် ပွင့်ပွင့်လင်းလင်း ရယ်လိုက်၏။

"မဟုတ်ပါဘူး၊ အတွတ်ရာ၊ မြရဲ့သဘောက အေးချမ်းတဲ့သဘောမို့လို့ပါ။ အတွတ်တို့ ချမ်းမြေ့အေးချမ်းပါစေလို့ပါ"

အတွတ်သည် ခပ်မဲ့မဲ့ပင် ပြုံး၍ ပြလိုက်သည်။

■

မွေးသည် တနှစ်နှင့် ခြောက်လတိုင်တိုင် အာရောဂျံတွင် နေခဲ့ရ၏။ မြန်မာပြည်သို့ ပြန်ရမည့်နေ့တွင်မူ မွေး၏ပျော်ရွှင်ပုံမှာ မြက်ခင်းပေါ်ရှိ သမင်ငယ်လို မြူးကြွရွှင်ပျလျက် ရှိ၏။ သူ့အသုံးအဆောင် အစားအသောက်များကို အားလုံးဝေငှခဲ့သည်။ လူနာအိမ်များမှ အစေခံများမှာ အားလုံး ဝိုင်းလာကြသည်။ မွေးသည် ငွေနှစ်ကျပ်စီ သုံးကျပ်စီ ပေးခဲ့၏။

မနက် လင်းအားကြီး အတွတ် လာခေါ်ချိန်တွင် ဘီဘီသည် သူ့မျက်နှာ ညှိုးငယ်စွာနှင့် လာ၍ နှုတ်ဆက်ရင်း ကားပေါ်သို့ ပစ္စည်းများ သယ်တင်ပေးသည်။ ကားထွက်လျှင် မွေး၏ အိမ်မည်းမည်းလေးတွင် တယောက်တည်း ငုတ်တုတ်ထိုင်ကာ သူနေရစ်တော့သည်။

မွေးကတော့ လွတ်ပြီ ကျွတ်ပြီ သဘောမျိုးဖြင့် အာရောဂျံကို နောက်တွင် မေ့ကာ ထားခဲ့တော့သည်။ သူတို့နှစ်ယောက်သည် မဒနာပလီမှ ကပဒီအထိ ကားစီးကြသည်။ ကပဒီတွင် မီးရထားသို့ ပြောင်းစီးကာ မဒရပ်သို့ ထွက်လာကြ၏။

မီးရထားပေါ်တွင် မွေးသည် အထူးပျော်ရွှင်နေပုံရလေသည်။

"ကိုကိုနိုင်ဆီကို သံကြိုးရိုက်ပါဦး အတွတ်။ သူ ရန်ကုန်မှာ ရှိပါ့မလား။ နောက်ဆုံး စာမှာတော့ ခွင့်ယူပြီး ရန်ကုန်မှာ လာစောင့်နေမယ်တဲ့။ ဆက်ဆက်ရိုက်နော်။ လေယာဉ်ပျံပေါ်က ဆင်းဆင်းချင်း ကိုကိုနိုင် တွေ့ရမှ၊ မတွေ့ရရင် အတွတ်တော့ အသိပဲ"

မွေးက ကလေးငယ်လို သွက်လက်ရွှင်ပျစွာ ပြောလေ အတွတ်က မောလေပင်ဖြစ်၏။ သူသည် မျက်နှာ ပျက်၍ ပျက်၍ သွားသောကြောင့် ချက်ချင်းပင် ပြင်ရသည်မှာ အလုပ်တခု ဖြစ်တော့သည်။

မဒရပ်ရောက်လျှင် လေယာဉ်ပျံလက်မှတ်အတွက် နှစ်ရက်လောက် နားကြရသည်။ ဗစ်တိုးရီးယားဟိုတယ်တွင် တည်းခိုနေစဉ်အတွင်းတွင် မွေး ဈေးသွားရာသို့ အတွတ်က လိုက်ရသည်။ ဘယ်နေရာရောက်ရောက်၊ ဘာကိုဝယ်ဝယ် -

"ကိုကိုနိုင်ဖို့လေ၊ ကိုကိုနိုင် ကြိုက်တဲ့ အရောင်လေး"

ဟာ… ဒါ ကိုကိုနှင့် ဘောင်းဘီချုပ်ပေးဖို့။ ပလေကပ်လုံချည်လည်း ဖေဖေနဲ့ ကိုကိုနိုင်ဖို့ ဝယ်သွားရမယ်"

အတွတ်သည် ခေါင်းတညိတ်ညိတ်နှင့် နောက်မှ ပစ္စည်းများပိုက်ကာ သယ်ကာနှင့် လိုက်၍လာတတ်သည်။ မွှေးပါးစပ်ဖျားမှ ကိုကိုနိုင်ဆိုသော စကားလုံးများကို သီးနေလေလေ သူ့ရင်ထဲတွင် ကျပ်တင်းတင်းကြီး ဖြစ်လာတော့သည်။

"ဒါက အတွတ်မေမေနဲ့ ကိုကိုနိုင့်မေမေဖို့။ အထွေးတို့ နှစ်ယောက်အတွက်က အရောင်နုနု ရွေးရမယ်"

ဆာရီ လုံချည်များကိုလည်း သူကြိုက်ရာ ရွေးနေ၏။ အတွတ်ရင်ထဲတွင်မူ မြန်မာပြည် ပြန်ရောက်မည့်အချိန်အတွက် ရင်လေးနေသည်ကို မွှေးက မသိပေ။

မဒရပ်မှ မထွက်ခွာခင် ညနေခင်းတွင်မူ သူတို့သည် မဒရပ် ပင်လယ်ကမ်းခြေတွင် လမ်းလျှောက်ကြသည်။

လှိုင်းပြာများသည် ကမ်းမှ ဝေးလေလေ အပြာရောင်ရင့်ကာ မှိုင်း၍သွား၏။ မွှေးသည် အတွတ်အပါးတွင်ရပ်ကာ ပင်လယ်ပြင်ကို ကြည့်နေသည်။ သူ့မျက်လုံးလေးများသည် သောက ကင်းသော ရွှင်ကြည်တောက်ပနေပုံ ရသည်။ ချစ်သူနှင့် တွေ့တော့မည့်ဇော ကြွနေပုံရပေသည်။ မွှေး ထိုနေ့ညက ဝတ်ထားသော လုံချည်မှာ ပင်လယ်ပြာနှင့် ဟပ်နေသည်။ မီးခိုးရောင်ပေါ်တွင် နှင်းဆီပွင့်ကျဲကျဲများ ဆင်ထားသော လုံချည်ဖြစ်၍ ပင်လယ်ပေါ်တွင် မိုးနေသော ကောင်းကင်ရှိ တိမ်များကို ညိုမှိုင်းမှိုင်းနောက်ခံတွင် ပုစွန်ဆီရောင် အသွေးများက ယှက်သန်းနေပေသည်။

ခြုံထားသောပဝါပါးမှာ လေထဲတွင် လွင့်နေ၏။

"ဒီကပြန်ရင်လေ ကိုကိုနိုင်က ခွင့်ရက်ရှည် ယူထားမယ်တဲ့။ ပြီးတော့ ပင်လယ်ကမ်းခြေ တခုခုကို သွားလည်မယ်လို့ ပြောတယ်။ အတွတ်လည်း လိုက်ခဲ့နော်"

သူသည် အတွတ်ကို လှမ်း၍ပြောကာ သဲပြင်ပေါ် ထိုင်ချလိုက်ပြန်သည်။

"သူများ ချစ်သူနှစ်ယောက်ကြားမှာ ရှုပ်ပါတယ်၊ မလိုက်ချင်ဘူး"

သူက မွှေးကို မကြည့်ဘဲ ပြောလိုက်၏။

မွေးကပြုံးကာ သူ့ခြေသလုံးကို ပုတ်လိုက်သည်။

“ဒီတခါတော့ မွေး ကိုကိုနိုင်နဲ့ မခွဲတော့ဘူး။ ကိုကိုနိုင် ဘယ်သွားနေနေ လိုက်မှာပဲ၊ တောင်ကြားထဲမှာ နေနေ၊ တောထဲမှာနေနေ လိုက်မှာပဲ”

အတွတ်သည် သက်ပြင်းကို ချမိပြန်၏။ မတ်တတ်ရပ်ရင်းသာ မွေးပြောသော စကားများကို မကြားသလို ပင်လယ်ပြင်ကို ငေးမောကြည့်နေ၏။

ပင်လယ်ပြင်တွင် နေရောင်ခြည် ပျောက်သွား၍ ပြန်ရန်အတွက် မွေးကို ငုံ့ကြည့်လိုက်သည်။ မွေးသည် သဲပြင်ပေါ်တွင် တုတ်ချောင်းလေးနှင့် ခြစ်ကာ စာရေးနေသည်။ သဲပြင်ပေါ်မှ စာလုံးများကို သူက ဖတ်ကြည့်လိုက်သောအခါတွင် “ကိုကိုနိုင်” ဟူ၍ တွေ့ရတော့သည်။

ရန်ကုန်သို့ ပြန်၍ရောက်သောနေ့မှာ မိုးဦးကျစ ဖြစ်သော်လည်း ရာသီဥတု ကြည်လင်လျက် ရှိသည်။ မွေးသည် သူဝယ်လာသမျှကို အကောက်ဌာနတွင် တင်ပြရင်း ခြေကမူအပြင်သို့ တဖက်လှမ်းနေပေသည်။ သူ့မျက်နှာကလည်း အပြင်ခန်းဘက်ဆီသို့သာ တကြည့်ကြည့်ဖြစ်နေ၏။ အားလုံးကိစ္စများပြီးလျှင် အတွတ်သည် မွေးထံမှ လက်ဆွဲအိတ်ကိုလှမ်းယူကာ အပြင်ထွက်ရန် ပြင်လိုက်၏။ မွေးသည် ရှေ့မှ ခြေလှမ်းကျဲကြီးနှင့်သွားကာ ဆွဲတံခါးကို တွန်းလိုက်၏။ ဧည့်သည်များ စောင့်ရာအခန်းမှ လေးနှင့်အထွေးက ပြေးလာကာ မွေးကို ဖက်လိုက်သည်။ မွေးသည် မျက်ရည်လေး လည်လာအောင်ပင် ပွေ့ဖက်နှုတ်ဆက်၍ ဝမ်းသာသွားတော့သည်။

သို့သော် သူ့မျက်လုံးများသည် ဧည့်ခန်းဆောင်အတွင်း ကိုကိုနိုင်ကို လှည့်ပတ်ရှာ၏။

ကိုကိုနိုင်၏ အရိပ်အယောင်ကိုမျှ မမြင်ရပေ။

မွေးသည် ညီမများနှင့်တူ ကားပေါ်တက်ရသော်လည်း စိတ်ထဲမှ ကိုကိုနိုင် လာမကြိုသည်ကို မကျေနပ်နိုင်ပေ။ အတွတ်ကတော့ မျက်နှာမသာမယာနှင့်ပင် သူ့ကိုလာနှုတ်ဆက်၏။

“ကဲ... မွေး၊ အထွေးနဲ့ သွားတော့နော်။ အတွတ် ညမှ လာခဲ့မယ်”

မွေးသည် ခေါင်းသာ ညိတ်ပြလိုက်၏။

“ကိုကိုတွတ်ကြီး၊ လေးတို့ဖို့ ဘာပါလဲ။ ဒါပဲ ညနေကျ ယူခဲ့ရမယ်နော်”

ညီအစ်မ နှစ်ယောက်က ပြုံးကာရွှင်ကာ ပြောသည်ကို အတွတ်သည်

လက်ပြရင်း သူ့ကားရှိရာသို့ ထွက်သွားတော့သည်။

ညီမငယ်နှစ်ယောက်က ပြန်လည်၍ တွေ့ဆုံကြချိန်တွင် ဝမ်းသာအယ်လဲ စကားပြော လာသလောက် မွှေးကမူ သွက်သွက်လက်လက် သိပ်မရှိလှပေ။

ခွင့်ယူကာ ရန်ကုန်တွင် လာစောင့်နေမည် ဆိုပါလျက် ယခု ဘာကြောင့် မလာပါသနည်း။ ကိုကိုနိုင် မလာနိုင်လျှင်လည်း ယောက္ခမကြီးဖြစ်ဖြစ် လာကြိုသင့်သည်။ မွှေးသည် တလမ်းလုံး အတွေးနှင့် ပျော်ရွှင်လာသလောက် ယခုရောက်ချိန်တွင် စိတ်ထင့်လာတော့သည်။ သူရိုက်လိုက်သော သံကြိုးများ မရလေသလား။ အထွေးတို့ထံနှင့် ယောက္ခမကြီးတို့ထံသို့ တပြိုင်နက် သံကြိုး ပို့လိုက်ခြင်း ဖြစ်၍ အထွေးတို့ကရပြီး ကိုကိုနိုင် မရဘူး ဆိုသည်မှာ မဖြစ်နိုင်ပေ။ ကိုကိုနိုင်များ ရန်ကုန် လာခွင့် မရ၍လား...

"ကိုကိုနိုင် ရန်ကုန်မှာကော ရှိလား"

မွှေးက ဖြုန်းခနဲ မေးလိုက်၏၊ အထွေးနှင့် လေးသည် မျက်နှာထား အနည်းငယ် ပျက်သွား၏။

အထွေးက သွက်လက်သူပီပီ ဣန္ဒြေဆည်လိုက်ကာ -

"ရှိပါတယ်၊ မနေ့က လေယာဉ်ပျံကွင်းမှာ ဆုံကြဖို့ အားလုံး အစီအစဉ် လုပ်ထားပါတယ်။ ကိုကိုနိုင်မှာ စစ်ရုံးက အရေးကြီးကိစ္စများ ပေါ်လို့လားမသိ" ဟု ပြောလိုက်၏။

"သူ ခွင့်မယူသေးဘူးလား"

"နက်ဖြန်၊ သန်ဘက်ခါလောက်မှ စယူမယ် ထင်တယ်"

ကားမှာ ကမာရွတ်အဝိုင်းကိုကျော်ကာ ပြည်လမ်းအတိုင်း မြို့ထဲမောင်းလာ၏။ မွှေးသည် သူ့ကို ဘယ်ခေါ်လာသည်ကို တွေးမရပေ။ သူတို့အိမ်မှာ ကမာရွတ်ထဲမှာ ဖြစ်သည် မဟုတ်ပါလား။

"ခု... ဘယ်သွားမလို့လဲ လေး"

"ကိုကိုနိုင့်အိမ်ကိုလေ။ ဒီလို၊ မမမွှေး စိတ်မချမ်းသာမှာစိုးလို့ စာမရေးတာ။ လွန်ခဲ့တဲ့နှစ် အောက်တိုဘာတုန်းက ကိုကိုနိုင် မမမွှေးဆီ လိုက်မလို့ပဲ။ ဒီရောက်တော့ သူ့မေမေ မမာတာနဲ့ မလိုက်ရဘူး။ အဖွားကြီးဟာ သွေးတိုးရောဂါနဲ့ ဆုံးသွားတယ်"

"ဟယ်... မေမေ ဆုံးသွားပြီ"

မွှေးသည် အတော်လေးပင် တုန်တုန်လှုပ်လှုပ် ဖြစ်သွား၏။ သူ့အပေါ်တွင် မိခင်လို ကောင်းသော ယောက္ခမဖြစ်၍ စိတ်ထဲတွင် အတော်ပင် ထိခိုက်သွားမိ၏။

"ဟုတ်တယ်၊ ဒါကြောင့် ကိုကိုနိုင်လည်း အိန္ဒိယကို မလာဖြစ်ဘူး။ အဖွားကြီးကို ဆေးရုံမှာ သူ ကြည့်ရသေးတာကိုး။ အဖွားကြီးက မသေခင် သူ ပြင်ဆောက်ခဲ့တဲ့ အိမ်ရော၊ သူ့အတွင်းပစ္စည်းရော မမွှေးနဲ့ ကိုကိုနိုင်ကို လွှဲပေးခဲ့တယ်။ အဲဒီအိမ်ကို မမမွှေး တခါတည်း တက်နေဖို့ ကိုကိုနိုင်က စီစဉ်ထားတာ။ မနေ့ကဆိုတာ သူ့မှာ ဖတ်ဖတ်မောနေတာပဲ။ အိမ်ကို ကိုဘဆောင်တို့ လင်မယားနဲ့ လှအောင်ပြင်ရတာ"

လေးက စကားစသတ်လိုက်လျှင် မွှေးရင်ထဲမှာ နည်းနည်းပေါ့သွား၏။ ကောင်မလေးတွေ လုပ်ကြံ၍ ပြောသည်တော့ မဟုတ်တန်ရာ။ ကိုကိုနိုင်သည် အသက်နှင့်ကိုယ် မြဲ၍တော့ နေတန်ကောင်းပါရဲ့။ စစ်ဗိုလ်ဆိုသည်မှာ အသက်အန္တရာယ် နီးကပ်လွန်းလှ၍ တယောက်နှင့် တယောက် ခွဲခွာပြီး ပြန်တွေ့ချိန်ကို မှန်းဆကောင်းသည် မဟုတ်ပေ။

ကားသည် အလုံလမ်းသို့ချိုးကာ ရှမ်းလမ်းဘက်သို့ မောင်းလာ၏။ ရှမ်းလမ်းထဲတွင် အရှေ့ဘက်သို့ မျက်နှာပြုနေသော တိုက်ခံနှစ်ထပ်အိမ်တခုဝင်းထဲသို့ ချိုးဝင်လိုက်သည်။

ကိုဘဆောင်တို့လင်မယားမှာ မွှေးကို အားရဝမ်းသာ ကြိုဆိုကြရင်း ပစ္စည်းများကို မာလီနှင့်ဝိုင်းကာ သယ်ကြသည်။ မွှေးသည် အိမ်ကြီးထဲသို့ စိတ်တထင့်ထင့်နှင့် ဝင်လာခဲ့ရ၏။ အိမ်မှာ ပုံစံရိုးသော်လည်း အထဲက ခမ်းနားလှသည်။ ဝင်ဝင်ချင်းအခန်းမှာ လှေကားဦးတိုက်ဖြစ်၍ ဘယ်ဘက်တွင် ဧည့်ခန်း၊ ညာဘက်တွင် ထမင်းစားခန်း ရှိလေသည်။ အပေါ်ထပ်တွင် အိပ်ခန်းများ ရှိဟန်တူသည်။ အောက်ခြေကြမ်းပြင်များသည် ပြောင်လက်ချောမွေ့နေ၏။

"ဗိုလ်မှူးနဲ့ လမ်းမှာ လွဲလာကြပြီ ထင်တယ်၊ ဧည့်ခန်းမှာ ထိုင်ဦးလေ၊ ပစ္စည်းတွေ ကျွန်တော်တို့ အပေါ်သယ်သွားပါ့မယ်"

ကိုဘဆောင်က တကယ့်အိမ်တော်ပါ အဖော်ကြီးသဖွယ် ပြုစု၏။ ကိုဘဆောင်မိန်းမသည် မွှေးတို့ သောက်ရန် လိမ္မော်ရည် ယူလာပြန်သည်။

"ဗိုလ်မှူးရယ်၊ မနေ့က တနေ့လုံး မွှေးအိပ်ခန်းကို ပြင်ရတာအမော။ နေရောင်ခြည် ကောင်းကောင်းရပြီး လေရရမယ်ဆိုလို့ အရှေ့တောင်ဘက်အခန်းကို ပြောင်းရတယ်။ ကျွန်မတို့ မနေ့က တနေ့လုံးပဲ မအားဘူး"

"ဟုတ်ကဲ့... ဟုတ်ကဲ့... အတော်မောကြမှာပဲ၊ ကျေးဇူးတင်ပါတယ်"

မွေးသည် ဟန်ဆောင်ကာ ပြုံး၍ စကားပြောရပေမယ့် လင့်မျက်နှာကို မြင်ရမှ ရင်ထဲက အလုံးကျနိုင်မည် ဖြစ်ပေသည်။ လိမ္မော်ရည်ဖန်ခွက်ကို ကိုင်သောက်နေရသော်လည်း ဝမ်းထဲသို့ မျိုမကျနိုင်သေးပေ။ ညှော့ခန်းစားပွဲပေါ်တွင် ကြည်မြသော ဖန်ပြာအိုးထဲ၌ သစ္စာပန်း အဖြူရောင်ကို စိုက်ထိုးထား၏။ အဝင်ဝနှင့် မျက်နှာချင်းဆိုင်နံရံပေါ်တွင် ကြာတောတခု၏ ပန်းချီကားကို ဆွဲချိတ်၍ ထားပေသည်။ ခန်းဆီးများသည် မီးခိုးရောင်အနုနှင့် ပန်းစားပေသည်။

"ကဲ... မမမွေး၊ အပေါ်တက်ပြီး နားဦး၊ အထွေးတို့ ညနေမှ လာခေါ်မယ်။ အိမ်မှာ ဖေဖေတယောက်တည်းရယ်""

မွေးသည် ရင်ထဲမှာ အလိုလို ဟိုက်နေ၏။ ဘာဖြစ်၍များ သူတို့သည် ကိုကိုနိုင် လာသည်အထိ မစောင့်လိုကြပါလိမ့်။

"အေးလေ အပေါ်မှာ လှဲနေဦးမယ်။ ကိုကိုနိုင်လာမှ ဖေဖေ့ဆီ လာခဲ့မယ်။ အထွေးနဲ့ လေးဖို့ လုံချည်ရယ်၊ ဖေဖေ့ဖို့ လုံချည်ရယ် တက်ယူကြ"

မွေးက မတ်တတ်ရပ်လိုက်လျှင် ကိုဘဆောင်ဇနီးသည် လှေကားဝတွင် အဆင်သင့် စောင့်နေ၏။

"ကဲ... အပေါ်အိပ်ခန်းကို ကျွန်မ လိုက်ပြပါ့မယ်။ ပြီးတော့ ကိုကိုနိုင်ပြောထားလို့ နွားနို့၊ ကြက်ဥနဲ့ ပန်းသီးတွေ အဆင်သင့်ရှိပါတယ်။ မွေး လိုချင်တဲ့အချိန် ပြောပါ"

မွေးသည် သူ့အတွက် လိုလေသေးမရှိ စီစဉ်ထားသော ချစ်လင်ကို ကျေးဇူးတင် မဆုံးသလောက် ရောက်ရောက်ချင်း မတွေ့သည်ကိုပဲ စိတ်ထဲက ထင့်နေ၏။

အပေါ်အိပ်ခန်းမှာ နံနက်နေခြည်ဝင်နိုင်သောအခန်းဖြစ်၍ ပြတင်းပေါက် များပေသည်။ အိပ်ရာဖုံးသည် မွေးကြိုက်သော အဖြူခံဖြစ်၍ အပေါ်တွင် ပန်းရောင်နုနု ပဒုမ္မာကြာပန်းပွင့်များ ခပ်ကျဲကျဲ ရိုက်ထား၏။ ကြမ်းပြင်သည် ချောမွေ့ကာ ခုတင်ဘေးတွင် နီညိုရောင် ကော်ဇောတခု ခင်းထားပေသည်။

မွေးသည် ဆိုဖာတခုပေါ်၌ထိုင်ပြီး လက်ကိုင်အိတ်ထဲမှ သော့ကိုယူကာ လေး၏လက်ထဲသို့ ပေးလိုက်၏။

"ကဲ... သေတ္တာဖွင့်ပေတော့၊ လေးတို့အတွက် ဆာရီနှစ်ထည်၊ ဖေဖေ့ဖို့ ပလေကပ် လုံချည်တထည် ပါတယ်။ ပြီးတော့ အပိုဝယ်လာတဲ့အထဲက လုံချည်နဲ့ ချည်ထဘီတထည်လည်း ထုတ်ပြီး ကိုဘဆောင်တို့ လင်မယားကို ပေးလိုက်ပါ"

မွေးက ဆိုဖာပေါ်တွင် ခဏမှီနေရင်း လေးတို့ကို ကြည့်နေ၏။

"မွေး... ကျွန်မတို့ကိုခေါ်ရင် ခုတင်ခေါင်းရင်းမှာ ဘဲလ်တပ်ထားတယ်၊ နှိပ်ပါနော်။ ကိုကိုနိုင်က မွေး လှေကား အဆင်း အတက် သိပ်မလုပ်စေချင်လို့တဲ့"

"ကောင်းပါပြီ... ကောင်းပါပြီ"

မွေးသည် ကျေနပ်စွာ ပြုံးလိုက်၏။ ကိုဘဆောင်မိန်းမသည် ခေါင်းညွတ်ကာ အခန်း အပြင်သို့ ထွက်သွားတော့သည်။ အထွေးနှင့် လေးကလည်း ပစ္စည်းများယူကာ မွေး၏ပါးကို တချက်စီ နမ်း၍ ထွက်ခွာသွားကြ၏။

မွေးသည် တယောက်တည်း ဆိုဖာပေါ်တွင် မှီကာ နေရစ်သည်။ လုံချည်၊ အင်္ကျီကိုပင် လဲလိုစိတ် မရှိသေးပေ။

"ကလင်... ကလင်... ကလင်"

ရုတ်တရက် မြည်လိုက်သော တယ်လီဖုန်းသံကြောင့် မွေးက လန့်သွား၏။ ပြီးမှ နံရံနားမှ တယ်လီဖုန်းစားပွဲရှိရာကို ထသွားမိသည်။ ကိုကိုနိုင့်ဆီက သူ ရောက်၊ မရောက် မေးသော တယ်လီဖုန်း ဖြစ်ရပေမည်။ သူသည် မြူး၍ ရွှင်သွားတော့သည်။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်လျှင် တဖက်မှ မိန်းမသံကြောင့် သူ အံ့အားသင့်သွား၏။ တယ်လီဖုန်း လက်ကိုင်ကိုကိုင်ရင်း စကားမပြောနိုင်ဘဲ ငိုင်ကာ "အင်း" သာ တွင်တွင်လိုက်မိ၏။

"ဟုတ်ကဲ့... ဟုတ်ကဲ့၊ ပြောလိုက်ပါ့မယ် စိတ်ချပါ"

နောက်ဆုံး ထိုတလုံးသာ ပြောပြီး သူသည် တယ်လီဖုန်းကို လွှတ်ချလိုက်၏။ ဆိုဖာရှိရာသို့ မနည်းအားယူသွားရသည်။ ဆိုဖာပေါ်ထိုင်ရင်း ဘာတွေဖြစ်နေကြသည်ကို သူတွေး၏။ ဘာကိုမှ နားမလည်ပေ။ စိတ်ထဲတွင် ပဟေဠိများ အများကြီး ဖြေနေသလို ကျဉ်းကျပ်လာတော့သည်။

ဒေါက်... ဒေါက်နှင့် ဖိနပ်ခွာသံ ကြား၏။ သူ့ခြေသံပေပဲ။

ကိုကိုနိုင် လာပြီ။ မွေးသည် အခန်းဝသို့ လှမ်း၍ ကြည့်လိုက်၏။ ကိုကိုနိုင်၏ ရင်ချီနေသော ကိုယ်လုံးသည် အခန်းဝတွင် ဖွားခနဲ ပေါ်လာသည်။

ကိုကိုနိုင်ကို မြင်လျှင်မြင်ချင်း မွေးသည် ကြိုးစား၍ ရပ်လိုက်၏။ သို့သော် ခြေများက ကပ်နေသလို ထ၍မရပေ။ သူသည် အားယူကာ အနိုင်နိုင် ပြုံးနေသော်လည်း သူ့အပြုံးသည် မဲ့၍ပင်နေလေသလား။ တကယ်မှ ပြုံးလေသလား မသိပေ။ နှုတ်ခမ်းကလေးနှစ်ခုမှာ ဆတ်ဆတ် တုန်နေ၏။ စီးသွန်ကျလာမည့်

မျက်ရည်ကို မနည်းထိန်းထားနေရပေသည်။ ထိုင်ရာမှပင် လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။ ကိုကိုနိုင်သည် သူ့လက်များနှင့်ကိုယ်ကို သိမ်းယူပွေ့လိုက်ကာ ဆိုဖာပေါ် ထိုင်လိုက်၏။ မွေး၏ ပါးလေးကို အထပ်ထပ် နမ်းရှုပ်လိုက်၏။

"မွေး ပြန်လာပြီနော်၊ ကိုကိုနိုင် လာအကြိုလွဲသွားတာကို ခွင့်လွှတ်ပါ"

ကိုကိုနိုင်သည် ဒီဂရီအမြင့်ဆုံး ရောက်နေသလို တက်တက်ကြွကြွ ရှိသလောက် သူ့ရင်ခွင်ထဲက မွေးမှာ ငြိမ်သက်နေသည်။

"မွေး နေလို့ကောင်းရဲ့လား"

သူသည် ငုံ့ကာ မေးပြန်သည်။

"နေကောင်းပါတယ် ကိုကိုနိုင်။ မွေး ပြောစရာတခု ရှိနေလို့၊ ခုန တယ်လီဖုန်း ဒပ်ဖရင်က လာတယ်။ ကိုကိုနိုင့်ဇနီး သားလေး မွေးတယ်တဲ့"

"ဟာ... သားလေး"

ကိုကိုနိုင့်မျက်နှာသည် ရုတ်တရက် ဝင်းထိန်သွားပြီးမှ ချက်ချင်း မျက်နှာပျက်သွားတော့ သည်။ သူသည် မွေးကို စေ့စေ့ကြည့်ရင်း ငိုတော့မလို ဖြစ်လာသည်။ မွေးသည် သူ့ရင်ခွင်မှထကာ ဆိုဖာစွန်းတွင် ပြောင်းထိုင်လိုက်၏။

"မွေး... ကိုကိုနိုင်လေ"

သူသည် ဘာမျှမပြောနိုင်သလို မောလာ၏။ ပြင်းထန်စွာ အသက်ရှူချရင်း မွေး၏ပခုံးလေး နှစ်ဖက်ကိုင်ဆုပ်ကာ ဖျစ်ပြန်သည်။

"မွေး ရောက်ရောက်ချင်းနေ့မှာ ဒီလိုဖြစ်ရတာ သိပ်စိတ်ထိခိုက်စရာပါပဲ မွေး။ ကိုကိုနိုင် သိတယ်။ မွေး ဘယ်လောက် စိတ်ထိခိုက်မယ်ဆိုတာ သိတယ်။ ကိုကိုနိုင် သေချင်တယ်။ ကိုကိုနိုင့် အဖြစ်ဟာလေ ဘယ်လိုဖြစ်တယ်လို့ ကိုကိုနိုင် ဘယ်လိုပြောရမလဲ မွေးရယ်"

သူသည် မွေး၏ ပခုံးနှစ်ဖက်ကို မ ယူညှစ်ကာ၊ မျက်နှာချင်း ထိလုမတတ် ဆိုင်ကာ မေးပြန်သည်။ မွေးကတော့ အသက်မရှိသလို ငြိမ်သက်စွာ ပျော့ခွေနေသည်။

"ဝမ်းနည်းစရာကောင်းလိုက်တာ အချစ်ရယ်"

ကိုကိုနိုင်သည် အားမရသလိုပင် တတွတ်တွတ် ပြောနေ၏။ မွေးကို

လှွတ်လိုက်ကာ လက်နှစ်ဖက် ပေါင်ပေါ်တွင် ထောက်ရင်း ခေါင်းကို ညွှတ်ထားလိုက်၏။ သူ့အသံများသည် တုန်ကာ ထွက်လာပြန်သည်။

“ဒီမိန်းမနဲ့ဖြစ်တဲ့အဖြစ်ကို ကိုကိုနိုင် လျှို့ဝှက်မထားချင်ပါဘူး။ မွေးဆီကို အသိပေးချင်လို့ အတွတ်ဆီ စာလှမ်းရေးပါသေးတယ်။ မွေးရဲ့အခြေအနေဟာ ဒီအကြောင်းတွေကို သိရင် စိတ်ထိခိုက်ပြီး ရောဂါတိုးမလား။ စိတ်ကိုတင်းနိုင်ပြီလား။ ခံနိုင်ရည် ရှိပြီဆိုရင်လည်း ဖွင့်ပြီး ရေးတော့မယ်လို့ အကြောင်းကြားလိုက်သေးတယ်”

ကိုကိုနိုင့်လည်ချောင်းထဲတွင် တံတွေးများ တစ်နေသလို ဖြစ်လာပြန်သည်။

“အတွတ်က ဖြစ်သမျှအကြောင်းတွေ မြန်မာပြည်ကျမှ ရှင်းတဲ့။ ခု မွေးကို ဘာမှ အသိမပေးနဲ့ ဆိုလို့ ကိုကိုနိုင် မရေးတာ။ ကိုကိုနိုင် လျှို့ဝှက်ထားတာ မဟုတ်ပါဘူး မွေး”

မွေးသည် ငြိမ်သက်မြဲ ငြိမ်သက်နေ၏။ ကိုကိုနိုင့်ကို ကြည့်နေဖို့အတွက် မျက်လုံးကို မနည်း အားယူဖွင့်နေရသည်။ သူ့ခန္ဓာကိုယ်တွင်မူ သွေးမှရှိသေးရဲ့လားဟု အောက်မေ့ရလောက်အောင် ပျော့ခွေနေတော့သည်။

“ကိုကိုနိုင် ကိုယ့်ကိုယ်ကိုယ် မကာကွယ်ချင်ပါဘူး။ ဒီမိန်းမ ဖမ်းတာကို မိသွားတာဟာ ကိုကိုနိုင့်အပြစ်လည်း ပါပါတယ်။ ကိုကိုနိုင်ဟာ တခါပဲ မှားပြီး အဝေးမှာနေခဲ့တယ်။ သူ့ကို မိန်းမလို အသိအမှတ် မပြုခဲ့ပါဘူး။ ဒါပေမင့် ကလေးရှိလာတယ်ဆိုတော့ တာဝန်အတိုင်း မွေးပေးလိုက်ပါတယ်။ ဒါမှလည်း ကိုယ် တရားမယ်လို့ ယူဆတယ်။ မွေး ဒီအထိ လက်ခံတယ်မို့လား။ နောက်ဆုံး မွေးသိစေချင်တာက သူနဲ့ ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ မွေးအပေါ်မှာ ကိုကိုနိုင့် အချစ်တွေ မလျော့ခဲ့ပါဘူး မွေး။ မွေးဟာ ကိုကိုနိုင်ရဲ့ တဦးတည်းချစ်သူပါ။ စိတ်ရော ကိုယ်ရော မြတ်နိုးတဲ့သူပါ။ ကိုကိုနိုင်ရဲ့အချစ်ဆုံးမယားပါ မွေးရယ်”

ကိုကိုနိုင်သည် မွေးကိုယ်ကို ကိုင်လှုပ်ပြန်ကာ အကျယ်ကြီး အော်လိုက်၏။

“အချစ်ရယ်၊ ဒီလိုကြီး ငြိမ်မနေပါနဲ့ဟင်။ စကားတလုံးလောက် ပြန်ပြောစမ်းပါကွယ်”

မွေးသည် စကားပြောနိုင်ဖို့ထက် အသက်ကို မနည်းရှူဖို့ ကြိုးစားနေရသည်။ ကိုကိုနိုင်သည် ထိုင်ရာမှ ထလိုက်ပြန်ကာ မွေးရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ မိုးဦးလေမှာ အခန်းထဲတွင် ဝှေ့ယမ်းတိုက်နေသည်ကလွဲ၍ အားလုံး ငြိမ်သက်သလို ဖြစ်နေသည်။ မွေးသည် မျက်လုံးကို မှိတ်ထား၏။ ကိုကိုနိုင့်ကို ဘာစကားမျှ ပြော၍မရ။

သူ့ဘဝအကြောင်းဒဏ်ကို သူသည် ကြိုးစား၍ခံရန် စိတ်ကို တင်းနေရပြန်သည်။ ကိုကိုနိုင့်အဖြစ်ကလည်း ဆောက်တည်ရာမရသလို လူးလာခတ်နေပေသည်။ အခန်းထဲရှိ တိုင်ကပ်နာရီမှ ၃ နာရီခွဲပြီဖြစ်၍ ဒင်ခနဲ အသံထွက်လာသည်။

ကိုကိုနိုင်သည် မွေး၏အပါးတွင် ကပ်၍ ထိုင်ပြန်သည်။

"စိတ်မောနေပြီလား မွေးရယ်။ ကိုကိုနိုင် မွေးအပေါ် စေတနာ ဘယ်လိုထားခဲ့တယ် ဆိုပေမယ့် ကာယကံမြောက်အလုပ်က မွေးကို နှိပ်စက်ပြီ ထင်ပါရဲ့"

သူသည် မွေး၏ဆံစလေးများကို သပ်လိုက်ပြန်သည်။

"ကဲ ကိုကိုနိုင်အပေါ်မှာ မွေး ဘယ်လိုတွေးလဲ။ ဘယ်လိုယူဆလဲ။ စကားလေး တလုံးလောက် ပြန်ပြောပါဦး အချစ်ရယ်"

ကိုကိုနိုင့်ရုပ်သည် အနှစ်နှစ်ဆယ်ခန့် ပို၍ အိုမင်းရင့်ရော်လာဟန် ပေါက်တော့သည်။ ယူကျုံးမရခြင်း၊ နှမြောတသခြင်း ဝေဒနာများမှာ လပေါင်းများစွာ ခံစားခဲ့ဟန်ရှိ၏။

မွေးသည် ကိုကိုနိုင့်လက်များကို ဖြည်းညင်းစွာ ဖယ်လိုက်ရင်း စကားပြောရန် အားယူလိုက်သည်။ နှုတ်ခမ်းများသည် သွေးမရှိတော့သလို ဖြူရော်နေရုံမက လှုပ်ရှားရန်လည်း အားမရှိတော့သလို အသံသည် ဖြည်းညင်းစွာ ထွက်လာ၏။

"မွေး စကားမပြောပါရစေနဲ့ဦး၊ မွေးကို ခွင့်လွှတ်ပါ ကိုကိုနိုင်။ မွေး သုံးလေးရက် စဉ်းစားပြီးမှ စကားပြန်ပါရစေ။ ခု သုံးနာရီခွဲပြီ၊ ဆေးရုံမှာ ကိုကိုနိုင့်သားလေးကို သွားကြည့်ပါဦး"

ကိုကိုနိုင်သည် နှုတ်ခမ်းကို ပြတ်မတတ် ကိုက်ထားမိပြန်သည်။ ရင်ထဲမှဒဏ်ကို မခံနိုင်သလို ခေါင်းကို ပြင်းထန်စွာ ယမ်းလိုက်၏။

"သားလေးလို့ မွေး ပြောလိုက်တုန်းက ကိုကိုနိုင့်မျက်နှာဟာ ကြည်ပြီး ဝင်းသွားတာပဲ။ သားကို တွေ့ချင်မှာပေါ့။ ဟိုမိန်းမကလည်း ကလေးမွေးပြီး အပင်ပန်းဆုံးအချိန်မှာ ကိုကိုနိုင့်ကို တွေ့ချင်မှာပဲ။ သွားလေ ကိုကိုနိုင်၊ သွားလေ။ မွေး ဒီမှာ နားဦးမယ်"

မွေးသည် အားယူ၍ ထလိုက်၏။ ကိုကိုနိုင်က ချက်ချင်းပင် မွေးကို ပွေ့ယူကာ ခုတင်ပေါ်တွင် ယုယစွာ သိပ်လိုက်၏။ မွေးမျက်နှာကို စေ့စေ့ကြည့်ပြီးမှ မျက်နှာလွှဲလိုက်၏။ တလှမ်းချင်း လှမ်းသွားသော ကိုကိုနိုင့်ခြေသံမှာ အခန်းကြီးကို

ချောက်ချား၍ ကျန်ရစ်စေတော့သည်။ မွေးသည် မဒရပ်ကမ်းခြေကို သတိရ၏။ အဝေးသို့ တလိမ့်လိမ့် လိမ့်ကာ ကွယ်ပျောက်သွားသော လှိုင်းလုံးကြီးများလို သူ၏အစီအစဉ် အတွေးတို့သည် အဝေးသို့ တဖြည်းဖြည်း လွင့်ကာ ပျောက်ကြပါပြီကော။

အိန္ဒိယအပြန်တွင် ခွင့်ရက်ရှည်ယူမည်၊ ပင်လယ်ကမ်းခြေတခုခုကို သွားရောက် လည်ပတ် နားနေမည် ဆိုသော အစီအစဉ်များမှာ စိတ်ကူးယဉ်သက်သက်သာ ဖြစ်တော့၏။ ဒါကြောင့် ထွေးနှင့် လေးတို့ကလည်း မနေတတ် မထိုင်တတ်နှင့် ပြန်ကြသည်။ အတွတ်ကလည်း ကိုကိုနိုင်ကို လေဆိပ်၌ မတွေ့သည့်တပြိုင်နက် မျက်နှာပျက်ရခြင်းတို့ကို မွေးက ယခုမှ တွေးမိ၏။ မွေးသည် ငိုဖို့ကို သတိမရ။ ယခုအချိန်တွင် ဘာလုပ်ရမည်ကိုလည်း သူ စဉ်းစားနေမိသည်။ ဝမ်းနည်းအားငယ်၍ ငိုနေလို့ကော အကြောင်းထူးမည်လား။

သူ့စိတ်ထဲတွင် ရန်ကုန်ကို ထွက်ခါစအချိန်ကို သတိရ၏။ သူများအိမ်၏ အစေခံတန်းလျားမှာ နေ၊ ထမင်းဆိုင်မှာစား၊ သောက်တော့ ရေအိုးစင်ဘဝကို မရောက်ရုံတမည်လေး နေရချိန်တွင် သူ ချစ်လှပါသည်ဆိုသော သူ့အချစ်ဦး ဖရက်ဒီက သူ့ကို စွန့်ခွာသွား၏။ သည်တုန်းက ထိုအချိန်သည် သူ့ဘဝတွင် "အမှောင်ကြီးကျချိန်" သာတည်း။

ထိုစဉ်ကသာ သူသည် စိတ်လျှော့၍ စုန်ပစ်မျှောလိုက်လျှင် မမှန်းဆနိုင်သော ကစဥ့်ကရဲ အဖြစ်တွေက အများကြီး ဖြစ်နိုင်၏။ ထိုစဉ်တုန်းကပင် သူသည် အံကြိတ်၍ ရင်ကော့ကာ လင်းအရုဏ်တိုင် ကြံ့ကြံ့ခံ၍ ဒုက္ခမှောင်ထဲတွင် တိုက်ခိုက်လာခဲ့နိုင်သေးသည် မဟုတ်ပါလား။

ယခု အဖြစ်က ရင်ကွဲစရာတော့ မှန်သည်။

သို့သော် သူ့တွင် ယခင်ကလို ခြေမဲ့ လက်မဲ့ "မှောင်ကြီးကျချိန်" မဟုတ်တော့။ ယခု သူ့တွင် သက်တမ်းကလည်း ရင့်လာခဲ့ပြီ။ သက်တမ်းတလျှောက် ခံနိုင်ရည်သတ္တိအတွက် တရားဓမ္မ၏ အဆုံးအမကိုလည်း သူ ရခဲ့ပြီ မဟုတ်ပါလော။

စစ်မြေပြင်ဝယ် အတွေ့အကြုံများသော စစ်သားလိုပင် သူသည် ဘဝတိုက်ပွဲတွင် ဒဏ်ရာ ဒဏ်ချက် အမျိုးမျိုးရခဲ့ပြီဖြစ်၍ တော်ရုံတန်ရုံ ဒုက္ခသည် သူ့ဦးခေါင်းကို မညွတ်နိုင်စေတော့ပေ။ ယခု တွေ့ရသော အကွေ့ကို ဘယ်လို ကျော်တက်ရမည်ဆိုသော နည်းကိုသာ စဉ်းစားနေမိ၏။ ငိုကြွေးဖို့ ဆိုရန်ကမူ မျက်ရည်တို့သည် စောစွာသောကာလကပင် ခဏ ခဏ ငိုရ၍ ခန်းခြောက်ကုန်ကြလေပြီ။

ပြတင်းအပြင်တွင် မိုးသားများ အုံ့ဆိုင်းလာသော ကောင်းကင်ကို မွေးသည်

မွေ့ရာထက်မှ လှမ်းမျှော်၍ မြင်နေရသည်။ နေ့လယ်ကပဲ ရာသီဥတုမှာ ကြည်လင်၍ နေသေး၏။ ဘဝဆိုသည်မှာလည်း အံ့တခါ ကြည်တလှည့်ပေပေါ့။

အာရောဂျံတွင်ပင် သူ့ထက်ကံဆိုးရှာသူ အိန္ဒိယတိုင်းသူကို တွေ့ခဲ့သေးသည် မဟုတ်ပါလော။ ထိုမိန်းမ၏ ညိုဝါဝါ သွေ့ခြောက်ခြောက် မျက်နှာမှာ မွေး၏မျက်လုံးထဲတွင် ထင်းခနဲ ပေါ်လာပြန်သည်။ ထိုအချိန်က သူ့ရုပ်သွင်၏ အေးဆေးပုံ၊ ဟန်မပျက်ပုံကို မွေးက သတိရလာ၏။ သူ့မှာ ကလေးတွေလည်း ရှိသည်။ ရောဂါကလည်း အိမ်ပြန်ရက်ကို မမှန်းနိုင်ပေ။ အမှန်ဆိုလျှင်တော့ သေဘက်ကိုသာ နီးကပ်လျက်ရှိသည်။ ထိုမျှ အားယုတ်လျော့နေချိန်တွင် လင်ဖြစ်သူထံမှ နောက်မိန်းမ ယူမည့်အကြောင်း ပေးပို့လိုက်သောစာကို ဖတ်ပြစဉ်တွင် သူသည် တည်ငြိမ် အေးဆေးစွာ နားထောင်နိုင်ခဲ့သေးသည်။ ဒုက္ခအပေါင်းနှင့် တွေ့သော်လည်း တည်ငြိမ်စွာ ရင်ဆိုင်၍ တုန်လှုပ်ခြင်း မရှိသော အရည်အချင်းမှာ လူ့ဘောင်တွင် ရခဲလှစွာတကား။ အာသဝေါ ကုန်လေပြီးသော ရဟန္တာတို့၏ စွမ်းရည်သတ္တိမျိုးသာတည်း။

မွေးသည် ချီးကျူးဖွယ်ကောင်းသော အိန္ဒိယတိုင်းသူ၏ အရည်အချင်းကို သတိရရင်း သူ့စိတ်ကို ဖြေ၏။ သူ့မှာက အသက်နှင့်ခန္ဓာကိုယ် မြဲနေသေးသည်။ မှန်မှန်နားနေသရွေ့၊ ဆရာဝန့်စကားကို နားထောင်နေသရွေ့ အသက်ရှည်စရာလမ်း အများကြီး ရှိ၏။ အသက်ရှင်နေသေးသရွေ့တော့ လူ့လောကတွင် အများကြီး အလုပ်လုပ်နိုင်သေးသည်။ တန်ဖိုးရှိသေးသည် မဟုတ်ပါလား။

တောသုံးတောင်ကို အစိုးရသော ခွန်အားဗလပြည့်စုံသည့် ခြင်္သေ့အသေကြီးနှင့် နှိုင်းစာလျှင် အသက်ရှိသေးသော ခွေးပိန်ညှော်ဝဲစားလေးသည် တန်ဖိုးအများကြီး ရှိသေး၏။

မွေးသည် စိတ်ဖြေရင်း ဖြေရင်း ရင်တမမနှင့် အသက်ဝဝရှူရ၏။ အလကားနေရင်း လေများမှာ လည်ချောင်းဝတွင် တစ်နေသလို ဖြစ်နေသည်။

နေ့လယ် လေယာဉ်ကွင်းက ရောက်စတွင် ညှော့ခန်းပေါ်ရှိ ပန်းအိုးထဲ၌ လှပဖြူစင်သော သစ္စာပန်းခိုင်ကို တွေ့ခဲ့ပါသေး၏။ ထိုပန်းပွင့်ကို မြင်မြင်ချင်း ကိုကိုနိုင်၏ ချစ်မေတ္တာသည် ဖြူစင်သန့်ရှင်းစွာ တွေ့ပေသေးသော နိမိတ်ဟူ၍ သူက ယူဆခဲ့၏။ ယခုတော့ ထိုသစ္စာပန်း၏ လှပလန်းဆန်းခြင်းသည် တခြားသူ၏အတွက်ပါလား။

မွေးသည် ရင်ထဲမှာ ပို၍ ပို၍ နာကြည်းလာ၏။ ယခင်က အဆုတ်နာကို ရွံရှာမုန်းတီးသည်ထက် သူသည် ဆယ်ဆမက နာကြည်းလာခဲ့သည်။ ရွံရှာလာခဲ့သည်။ သူ့ချစ်သူများ၏ ချစ်ခြင်းကို အဆုတ်နာက ခွင်းခဲ့သည်။ မေမေ့ကို ချစ်သည်။ မမကို

ချစ်သည်။ သူတို့နှစ်ယောက် ကိုလည်း အဆုတ်နာကြောင့် စွန့်လွှတ်ခွဲခွာခဲ့ရ၏။ ယခု သူချစ်သော ကိုကိုနိုင်နှင့်လည်း အဆုတ်နာက ခွဲခွာသွားရအောင် လုပ်ပြန်သည်။

အသက်ရှင်နေသေးသရွေ့တော့ ထိုအဆုတ်နာကို တိုက်ဖျက်ပစ်ရမည်။ သူ့လိုပင် အဆုတ်နာကြောင့် ဒုက္ခအန္တရာယ်ရောက်နေသော လူသားတို့ကို ကယ်တင်နိုင်ရန်အတွက် ဆောင်ရွက်ဖို့သာလျှင် သူ၏တခုတည်းသော ရည်ရွယ်ချက်အဖြစ် သန္နိဋ္ဌာန် ချလိုက်တော့ သည်။

သူသည် ခေါင်းရင်းမှ ဘဲလ်ကို လှမ်းနှိပ်လိုက်လျှင် ကိုဘဆောင်မိန်းမ မမယ်ခင်သည် အပြေးလေး ရောက်လာ၏။

"ကိုကိုနိုင့်အတွက် အိပ်ရာတခု ခေါင်းရင်းခန်းမှာ ပြင်ပေးလိုက်ပါ။ မွှေးအခန်းထဲကို ဘယ်သူမှ မလာပါစေနဲ့။ ညဘက် အတွတ် လာရင်တော့ လွှတ်လိုက်နော်"

မွှေးပြောသမျှကို ငြိမ်သက်စွာ နားထောင်၍ မယ်ခင်က ထွက်သွားတော့သည်။ မွှေးသည် အဝတ်အစားများ လဲကာ အိပ်ရာပေါ် ပြန်လှဲနေ၏။ မျက်လုံးထဲတွင် "သားလေး" ဟု ပြောစဉ်က ရွှင်ပျသွားသော ကိုကိုနိုင့်မျက်နှာသာ ပေါ်၍ ပေါ်၍ လာတော့သည်။

ညဉ့်ဘက် အမှောင်သန်းလာလျှင် အတွတ်သည် မွှေးတို့အိမ်ဝင်းထဲသို့ သူ့ကားလေးနှင့် ရောက်လာ၏။ ဧည့်ခန်းထဲသို့ ရောက်လျှင် အခန်းထောင့်တွင် ငြိမ်သက်စွာ ထိုင်နေသော ကိုကိုနိုင်ကို တယောက်တည်း တွေ့ရ၏။ ကိုကိုနိုင်သည် ဖြူရော်သော မျက်နှာနှင့် သူ့ကို ခေါင်းညိတ်ခေါ်၏။ သူသည် ကိုကိုနိုင့်အနားက ဆိုဖာပေါ်တွင် ထိုင်လိုက်၏။

"မွှေး ကျွန်တော့်အကြောင်း သိသွားပြီ"

"ဟုတ်လား"

အတွတ်သည် သက်ပြင်းချလိုက်၏။

"သူ သိပ်ပင်ပန်းသွားပြီ ထင်တယ်။ လဲနေပြီ။ ခုထိလည်း ဘာမှမစားဘူး။ ညနေက နွားနို့နဲ့ ကြက်ဥ သွားပို့တာလည်း ပြန်ပေးလိုက်တယ်"

အတွတ်၏ရင်ထဲတွင် မွှေး ကျန်းမာရေးအတွက် စိုးရိမ်လာပြန်သည်။

"ဘယ်လို ဖြစ်တာလဲ ကိုကိုနိုင်၊ ဖြည်းဖြည်းသိရင် ကောင်းမှာ"

"ကျွန်တော်လည်း မတွေးတတ်ဘူး။ ဘယ်လို တိုက်ဆိုင်ပြီး ဖြစ်ကြတယ်

မသိပါဘူး။ ဟိုမှာ ကလေးမျက်နှာ မြင်ရခက်တယ်ဆိုလို့ ကျွန်တော် ခဏသွားတွေ့ပြီး လေဆိပ်ကို ဆင်းတာပဲ။ ဟိုမိန်းမကလည်း နည်းနည်း မကျော့ပ်တိုင် တက်ချင်တယ် ထင်ပါရဲ့။ ကလေးမျက်နှာမြင်ပြီးတော့ ဆရာမကို အိမ်တယ်လီဖုန်း ဆက်ခိုင်းလိုက်သတဲ့။ တခါတည်း မွေးနဲ့ ဆုံနေတာပေါ့။ အဲဒီအချိန် ကျွန်တော်က လေယာဉ်ပျံကွင်းမှာ။ တမင်လုပ်ရင် ဒါလောက် တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မှာ”

ကိုကိုနိုင်သည် သက်ပြင်းချကာ စကားအဆုံးသတ်လိုက်၏။

“ကျွန်တော်ကတော့ ဟိုစာရကတည်းက သိပ်စိတ်မကောင်းတာ။ မွေးဟာ ကိုကိုနိုင်ကို လက်ထပ်ပြီးမှ ပိုပြီးနားလည်လာတယ်။ မြတ်နိုးလာပုံရတယ်။ အာရောဂျံက စထွက်ကတည်းက မွေးဟာ တနိုင်တည်း နိုင်လာတာပဲ။ စျေးထဲမှာလည်း ကိုကိုနိုင်ဖို့၊ ဟိုဟာ မြင်လည်း ကိုကိုနိုင်ဖို့နဲ့ သူ ဘယ်နေရာမှ ကိုကိုနိုင့်ကို မမေ့ခဲ့ဘူး။ ပင်လယ်ကမ်းခြေမှာ လေညင်းခံပြီး လမ်းလျှောက်ကြတုန်း ကတောင် သူ သဲပြင်ပေါ်မှာထိုင်ပြီး ကိုကိုနိုင့်နာမည်ကို သဲပြင်ပေါ်မှာ ရေးခဲ့သေးတယ်”

အတွက်သည် ကြမ်းပြင်ကို ကြည့်ကာ တလုံးချင်း ပြောနေလေသည်။

“ပြီးတော့ ကိုကိုနိုင့်စာထဲမှာ ရန်ကုန် ပြန်ရောက်ရင် ခွင့်ယူပြီး ပင်လယ်ကမ်းခြေတနေရာကို သွားလည်ဖို့ ပါတယ်ဆိုပြီး သူ့စိတ်ကူးနဲ့ တော်တော်ပျော်နေတာ။ သူက ဒီလိုဖြစ်လေ ကျွန်တော့်မှာ အနေရအထိုင်ရ ကျပ်နေတာပဲ”

အင်း.. မွေးအဖို့ကလည်း ရင်ကွဲစရာကြီး

ကိုကိုနိုင်သည် မွေးက သူ့ကို မြတ်နိုးသည်ကို သိရလေလေ သူ့အဖြစ်အတွက် ရင်ထဲမှာ မခံချိမခံသာ ဖြစ်လာလေလေဖြစ်တော့၏။ ဖြစ်ခဲ့သည့် အဖြစ်ကလည်း မေ့ပစ်လို့ရသည့် အဖြစ်မျိုး မဟုတ်ပါတကား။ မွေးကိုသာ သူက သနား၍ သနား၍လာ၏။

“ခု မွေးက ဘယ်လို ဆုံးဖြတ်သတဲ့လဲ”

အတွက်က မေးလိုက်၏။

“ဘာမှလည်း မပြောသေးဘူး။ သူ စဉ်းစားဦးမယ်တဲ့။ သူ့အိပ်ခန်းကို အတွက်ကလွဲလို့ ဘယ်သူမှ မဝင်ရဘူးတဲ့။ ကျွန်တော့်ဖို့တောင် ခေါင်းရင်းမှာ အိပ်ခန်းပြင်ထားတယ်”

“အေးဗျာ၊ သူလည်း ဖြုန်းစားကြီး မကွေးမခေါ်တာတွေ ဖြစ်လာတော့

လဲမသွားတာဘဲ ကံကောင်း”

“ကျွန်တော်လည်း ဒါပဲ စိုးရိမ်တာပဲ။ ဘယ်လိုပဲ သူ ကျွန်တော့်အပေါ် ဆုံးဖြတ် ဆုံးဖြတ် သူ့ကျန်းမာရေး မထိခိုက်အောင်တော့ အတွတ် လုပ်ပေးပါဦး။ ခုပဲ ဘာမှ မစားတော့ဘူး”

“ကျွန်တော် သွားတွေ့ပါ့မယ်”

“တတ်နိုင်ရင် ကျွန်တော် တောင်းပန်ချင်တာက ဒီည အတွတ် အိမ်မပြန်ပါနဲ့။ ကျွန်တော် အိပ်ခန်းတခု ပြင်ပေးပါ့မယ်။ ညဉ့်ဘက် ရုတ်တရက် မွေး သတိလစ်သွားမှာ ဘာမှာ ကျွန်တော် သိပ်စိုးရိမ်တယ်။ ကျွန်တော်နဲ့ တွေ့စက သူ့လက်ဖျားတွေ ကိုင်လိုက်တော့ အေးစက်နေတာပဲ”

“ကဲ ကျွန်တော် အပေါ်တက်ဦးမယ်။ တယောက်ယောက်နဲ့ ပန်းသီးရယ်၊ နွားနို့ရယ် ပို့ခိုင်းလိုက်ပါ”

အတွတ်သည် ကိုကိုနိုင့် အပြစ်အတွက်လည်း အတော့်ကို စိတ်မကောင်း။

အမှန်တော့ သူ ကျူးလွန်မိသော ပြစ်မှုအတွက် မွေးကို ဂရုစိုက်မှုမှာ ပိုလွန်၍နေကာ သနားဖို့ ကောင်းလာတော့သည်။ မွေးနှင့် သူတို့၏ ဘဝသက်တမ်းတွင် ကိုကိုနိုင်သည် ဖျက်မရသော အမည်းစက်တခုကို ထင်အောင် လုပ်ခဲ့၏။ ထိုအမည်းစက်ကို ပျက်စေလို၍ လုပ်လိုက်ရသည့် ဖြစ်ခြင်း၊ ယောက်ျားရင့်မကြီး ဖြစ်ပါလျက်နှင့် သူနှင့်မဆိုင်သော အိမ်ရှေ့မြက်ခင်း၊ အိမ်တွင်း အိပ်ခန်း၊ မီးဖိုချောင်အထိ အားလုံး လိုက်၍လုပ်ပေးပေသည်။ သို့သော် အမည်းစက်သည် မွေး၏ အသည်းနှလုံးမှ ပျောက်ပါမည်လော။

လှေကားကို တလှမ်းချင်း တက်ရင်း အတွတ်သည် မွေးတို့လင်မယားနှစ်ယောက်၏ ကံကို စဉ်းစားလာသည်။ သူကိုယ်တိုင်သည်လည်း ဘာကြောင့်များ ဤမွှေးမွေး၏ အချစ်ရေး၊ ကိုယ်ရေးကိစ္စတို့တွင် ဇာတ်လိုက်အဖြစ် ဝင်၍ ဝင်၍ ပါရပါသနည်း။

မွေး၏ အိပ်ခန်းထဲသို့ အတွတ် ဝင်လိုက်လျှင် ရိုးရိုးမီးတလုံးမှာ အခန်းအလယ်တွင် လင့်နေ၍ မွေးကို ခုတင်ပေါ်တွင် လှဲလျက် တွေ့ရသည်။ သူသည် ခုတင်ဘေးရှိ ဆိုဖာပေါ်တွင် ထိုင်လိုက်၏။ မွေးမျက်နှာမှာ အတော်နွမ်းနေပုံရပေသည်။ မွေးသည် သူ့ကို လှမ်းကြည့်ကာ ပြုံးလိုက်လျှင် အတွတ်ရင်ထဲတွင် နင့်သွားတော့၏။

“မင်း... ပြုံးနိုင်သေးတယ်နော်”

“မေမေတို့တောင် မွေးထက်မက ဒုက္ခတွေ တွေ့ရတုန်းက ပြုံးနိုင်ကြသေးတာပဲ”

မွေးသည် ခပ်အေးအေးပင် ပြန်၍ပြောလိုက်သည်။ သူ စကားပြောနေစဉ် မမယ်ခင်သည် နို့နှင့် ပန်းသီးကို ခုတင်ဘေးစားပွဲတွင် လာ၍တင်ကာ ပြန်ထွက်သွား၏။

“မွေး လေယာဉ်ပျံကွင်းက တက်လာကတည်းက ဘာမှ မစားဘူးဆို”

မွေးက ခေါင်းညိတ်ပြ၏။

“ပြုံးလို့တောင် နေနိုင်သေးတာပဲ၊ မွေး အစာစားဖို့လည်း တတ်နိုင်ရမှာပေါ့”

သူက ခပ်ဖြည်းဖြည်းပင် ဆရာဝန်တယောက်ဟန်နှင့် ပြော၏။

“အိန္ဒိယက ဒေါက်တာက ဘာမှာလိုက်လဲ။ ကောင်းကောင်း စားရမယ်။ ကောင်းကောင်း နားရမယ်လို့ မှာတယ် မဟုတ်လား”

“အခု နားနေသားပဲ၊ စားဖို့ကို ကြိုးစားပါ့မယ်”

အတွတ်သည် စိတ်ပြီးသား ပန်းသီးတစိတ်ကို လှမ်းယူကာ မွေးကို ပေးလိုက်၏။

“ဒါကို နည်းနည်း စားကြည့်ပါကွယ်။ မွေး ကိုကိုနိုင့်ကို ချစ်ရင် စားပါ။ မင်း အစာမစားလို့ သူ သိပ်ပြီး စိတ်ပူနေတယ်”

မွေးသည် အတွတ် လက်ထဲမှ ပန်းသီးစိတ်ကို ယူကာ ဝါးနေ၏။

“အမှန်တော့ အာရောဂျံမှာ ဟို... ရေပေးကန်လေးဘက် သွားတဲ့ညနေကို မွေး သတိရလား။ အဲဒီနေ့က ကိုကိုနိုင့်ဆီက စာရတယ်။ စာထဲမှာ သူ့အဖြစ်ကို မွေးကို အသိပေးချင်တဲ့အကြောင်း ရေးထားတယ်”

မွေးသည် အတွတ်ဘက်သို့ မျက်နှာလှည့်ကာ နားထောင်နေ၏။

“အတွတ်က အသိမပေးဖို့ စာပြန်လိုက်တယ်။ ခုကိစ္စမှာ ကိုကိုနိုင့်မှာ အပြစ်မရှိပါဘူးကွယ်။ မင်းတို့နှစ်ယောက်ရဲ့အိမ်ထောင်ရေးဟာ လားရှိုးမှာနေတဲ့ ခဏကလွဲလို့ လင်မယားနဲ့မျှား တူလို့လား။ မွေးက တခြား၊ သူက တခြား အမြဲလိုလို နေခဲ့တာ မွေး သတိရမှာပေါ့”

မွေးက ခေါင်းညိတ်ပြ၏။

"ယောက်ျားဆိုတာ ဘာပြောပြော ကိုယ့်မိန်းမနဲ့၊ ကိုယ့်အိမ်ထောင်လေးနဲ့ နေဖို့ကို သာယာတာပဲ။ အထူးသဖြင့် ကိုကိုနိုင့်လို 'အိမ်တွယ်တတ်သူ' အဖို့ ပိုပြီး သာယာတယ်။ ဒီကြားထဲ မွှေးက အိန္ဒိယ ထွက်လာရပြန်ရော၊ ခုခေတ်က မိန်းကလေးတွေကလည်း အမေရိကန် ဆန်ဆန်တွေ မဟုတ်လား။ သူတို့က အချစ်ရေးမှာ အရှက်တို့၊ သိက္ခာတို့ဆိုတာ သိပ်မထားဘူး။ သူတို့အချစ်ကလည်း အသည်းနှလုံးက မလာပါဘူး။ အကြောတွေက လာတာ။ အချစ်လို့တောင် ကိုယ်တော့ မခေါ်ချင်ဘူး။ ဒါတွေက သူတို့လိုချင်လာရင် မယားကြီးငုတ်တုတ် ရှိတာတောင် ကောက်ဖမ်းတာပဲ။ ကိုကိုနိုင်မှာလည်း မွှေးနဲ့ ခွဲနေချိန်တွေများတော့ ညွတ်သွားတာပေါ့။ ကိုကိုနိုင်ဟာ မွှေးကို ဘယ်လောက်ချစ်၊ ဘယ်လောက် ဂရုစိုက်လဲကွယ်။ မွှေးလည်း သိပါတယ်။ ဒီတော့ ကိုကိုနိုင်အပြစ်ကို မွှေးက ခွင့်လွှတ်ဖို့ကောင်းတယ်"

မွှေးသည် ပန်းသီးကျိုဝါးရာမှ မျိုမကျသလို နှစ်မျိုရင်း - - -

"မွှေး... ခွင့်လွှတ်နိုင်ပါတယ်" ဟု တိုးတိုးပြော၏။

"ဒီလိုဆိုတော့ ကိုကိုနိုင့်ကို ဘယ်လို ပြောလိုက်ရမလဲ။ ဘယ်လို စီစဉ်ရမလဲ"

အတွက်သည် မွှေး၏ အဆုံးအဖြတ်ကို သိချင်လာသည်။ မွှေးက ပြုံးလိုက်ပြန်၏။

"ဒါတော့ နောက်ရက်တွေမှ မွှေး ဖြည်းဖြည်းစဉ်းစားပြီး အဖြေပေးပါရစေ။ သုံးရက် အချိန်ပေးပါ။ ကိုကိုနိုင်ရော၊ သူ့မေမေရော အချစ်တွေ၊ ကျေးဇူးတွေက မွှေးအပေါ် ပုံနေပါပြီ"

အတွက်သည် သက်ပြင်းချလိုက်၏။ မွှေးကလည်း မျက်နှာလွှဲကာ ခြင်ထောင်အမိုးကို ငေးစိုက်၍ ကြည့်နေတော့သည်။

"နက်ဖြန်ကိုတော့ အတွက် လာနိုင်မှာမဟုတ်ဘူး။ ပြန်နှင့်တဲ့ လူနာဟောင်းတွေရယ်၊ ဆရာဝန်တချို့ရယ်၊ အဆုတ်နာသမားတွေအပေါ် ကူညီချင်တဲ့လူတွေရယ် စုပေါင်းပြီး အစည်းအဝေး လုပ်မလို့တဲ့။ ကိုယ် ပြောပြလို့ မွှေးပါ တက်ဖို့ လူကြီးတွေက လိုလားကြတယ်။ မွှေး တက်မလား"

"သူတို့ ကြိုက်တဲ့တာဝန်ပေးလေ၊ မွှေးယူဖို့ အဆင်သင့်ပဲ။ ဘယ်နေရာကပဲ လုပ်ရ လုပ်ရ။ နက်ဖြန်တော့ မလိုက်ပါရစေနဲ့ဦး"

"အေးအေး နားပါဦးလေ။ မွှေးရဲ့ကိုကိုနိုင်က မွှေးကို ဘယ်လောက်ချစ်တယ် အောက်မေ့လဲ။ ကိုယ် ဒီည မပြန်ရဘူးတဲ့။ မွှေး တခုခုဖြစ်ရင် ကုဖို့

စောင့်အိပ်ရမယ်တဲ့”

မွှေးသည် ပြင်းစွာ လေကို ရှူရှိုက်လိုက်ပြီးမှ---

“ကိုကိုနိုင် တသက်လုံး စိတ်ချမ်းသာအောင် မွှေး စီစဉ်ခဲ့မှာပါ” ဟု ပြောလိုက်၏။

“ခဲ့မှာပါ” ဟူသော စကားသုံးလုံးသည် အတွက်စိတ်ကို ရုတ်တရက် ချောက်ချား၍ သွားစေလေသည်။

မွှေး ဘယ်လိုများ ဆုံးဖြတ်မည်လဲ။ သူသည် မွှေးကို ဆက်လက် ဖျောင်းဖျလိုသော်လည်း သူ့နှုတ်ဖျားမှ စကားလုံးများကို မထွက်ရက်သလို ဖြစ်နေတော့သည်။ ကိုကိုနိုင့်ကို ယူရန်အတွက်ကိုလည်း ဟိုတချိန်တုန်းက သူ ရင်နာနာနှင့် တရားဟောခဲ့ရ၏။ သူသည် တရားဟောဆရာကြီးလို ကြိတ်မှိတ်၍ ပြောခဲ့၏။ ယခုအချိန်တွင်လည်း သူ ပြောရပြန်သည်။

မျက်လုံးလေး အကြောင်သားနှင့် ခြင်ထောင်အမိုးကို စိုက်ကြည့်နေသော မွှေးမျက်နှာမှာ ဘာအရိပ်အယောင်ကိုမှ မတွေ့ရ၍ သူ့စိတ်မှာ အံ့သြနေပေသည်။ မွှေး ဘာကို စိတ်ကူး၍ ဘယ်လို ဆုံးဖြတ်သည်ကို သိလိုနေ၏။

ညှိုငြိမ်သက်သော မျက်နှာလေးတွင် “ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ” ဟူသော သဘောကို နှလုံးသွင်းထားဟန် ပေါ်လွင်နေ၏။ ခေတ္တငြိမ်သက်နေသော သူတို့နှစ်ဦးရှိရာ အခန်းထဲသို့ ကိုကိုနိုင် ရုတ်တရက် ဝင်လာ၏။

“မွှေး၊ ကိုကိုနိုင့်ကို ခွင့်လွှတ်ပါ၊ အတွက်ရှိတုန်း ကိုကိုနိုင် ပြစရာတွေရှိလို့ ဝင်လာတာပါ”

ကိုကိုနိုင်သည် ခုတင်ဘေးတွင် မတ်တတ်ရပ်ကာ ပြောလိုက်၏။ သူ့လက်ထဲမှ ၁၀ လက်မခန့် အရှည်ရှိသော သားရေသေတ္တာတခုကို ဖွင့်ကာ မွှေးခုတင်ဘေးရှိ ပန်းသီးတင်ထားသော စားပွဲပေါ်သို့ တင်လိုက်၏။ မွှေးသည် ကိုကိုနိုင့်ဘက်သို့ မျက်နှာလှည့်ကာ ကိုကိုနိုင်လုပ်သမျှကို ကြည့်၍နေသည်။ သေတ္တာထဲမှ ကိုကိုနိုင် ဆွဲထုတ်လိုက်သော အရာများမှာ စာခေါက်တခေါက်နှင့် စိန်များ ဖြစ်၏။

စိန်များကို ကိုကိုနိုင်သည် မွှေးလက်ထဲသို့ ထည့်လိုက်သည်။

“ညနေက ဒီအကြောင်းကိုတောင် စကား မစပ်မိဘူး။ ဟိုကိစ္စ ရှုပ်ရတာနဲ့ပဲ”

ကိုကိုနိုင်သည် မွေး၏ဘေးဘက် ခုတင်စွန်းတွင် ထိုင်ကာ ပြော၏။

"ဒီစိန်တွေက မေမေ့ပစ္စည်းတွေပဲ။ သူမသေခင် မွေးကို ပေးဖို့ဆိုပြီး ကိုကိုနိုင့်လက်ထဲ အပ်ခဲ့တယ်။ စာရွက်ကတော့ ဒီအိမ်စာချုပ်ပဲ။ ကိုကိုနိုင်နဲ့ မွေးကို ပေးခဲ့တယ်"

မွေးသည် စိန်များကို လက်ဖဝါးထဲတွင် ပွတ်သပ်ကြည့်ကာ အိပ်ရာခင်းပေါ်သို့ ချထားလိုက်၏။

"မေမေဟာ ယောက္ခမပေမယ့် အမေအရင်းလိုပါပဲ၊ သူ့ကျေးဇူးတွေကို မွေး တသက်မှာ မမေ့ပါဘူး"

မွေးသည် စိန်များကိုကြည့်ကာ ပြောပြရင်း အိပ်ရာမှ အသာထ၍ စိန်လက်ကောက်၊ စိန်ဆွဲကြိုး၊ စိန်နားကပ်များကို သေတ္တာငယ်ထဲသို့ ပြန်ထည့်လိုက်၏။

"ဒါတွေ ကိုကိုနိုင် ပြန်သိမ်းထားလိုက်ပါဦး။ ကဲ... မွေးလည်း အိပ်တော့မယ်"

မွေးသည် သူတို့နှစ်ယောက်ကို ယဉ်ယဉ်ကလေးနှင့် နှင်လိုက်၏။ ကိုကိုနိုင်သည် စိန်များထည့်သော သေတ္တာကို ပိတ်လိုက်ကာ မ,ယူ၍ အခန်းထဲမှ ထွက်သွားတော့သည်။ အတွတ်က ကိုကိုနိုင့်နောက်မှ လိုက်သွားတော့သည်။

ထိုညတွင် အတွတ်သည် ခေါင်းရင်းဘက်ရှိ အိပ်ခန်းနှစ်ခန်းအနက် အနောက်ဘက် အိပ်ခန်းတွင် အိပ်ရ၏။ အရှေ့ဘက်တွင် ကိုကိုနိုင်က အိပ်သည်။

အခန်းပြတင်းများမှ မီးရောင်များသည် ခြံထဲရှိ သရက်ပင်များပေါ်တွင် လင်းနေ၍ တယောက်အခန်းမှ တယောက် မအိပ်သေးကြောင်းကို သိနိုင်သည်။

ညဉ့်ဦးပိုင်းသည် အမှန်တော့ တိုတောင်းလှသော်လည်း တိတ်ဆိတ်လွန်း၍ အင်မတန် ရှည်လျားလှသည်ဟု အတွတ်က ထင်သည်။ သူသည် လှပသောအိမ်ကြီးမှ တိတ်ဆိတ်နေသည်ကို သည်းမခံနိုင်သလို ဖြစ်လာ၏။ အိပ်ခန်းမှထွက်ကာ အပေါ်ထပ်လှေကားထိပ် ဧည့်ခန်းတွင် ထိုင်လိုက်သည်။

အပြင်တွင် လေထန်၍ မိုးသက်လေ တိုက်ခတ်နေပုံရ၏။ သူသည် ရေဒီယိုဂရမ်နားသို့ ကပ်လိုက်ကာ ရေဒီယို ဖွင့်လိုက်လျှင် ရေဒီယိုမှ ဂီတသံကြောင့် တိတ်ဆိတ်နေသောအိမ်မှာ အနည်းငယ် လှုပ်ရှားသလို ဖြစ်လာတော့သည်။

"ဖြေမပြေနိုင်ဘဲ ကြွေလုသည်း... မေတ္တာတောင်ထု ချစ်မှုပိုခဲ့တယ်။ လမင်းရောင်ရယ်... ရွှေအဆင်းပုံနှယ်၊ သာယာ... သာယာကြည်နူးလှတယ်။

အဲဒီအချိန်ဝယ် မောင့်အပါးမှာ ခင်လေးထိုင်လို့ရယ်... ပလီပလာ ပြောတတ်ရှာသေးတယ်...”

သီချင်းမဆုံးခင် ကိုကိုနိုင်သည် အိပ်ခန်းထဲမှ ကမန်းကတန်း ထွက်လာ၏။ အတွတ်ကို အံ့အားသင့်သလို ကြည့်ကာ “အတွတ် ဖွင့်တာလား” ဟု မေးလိုက်၏။

“ဟုတ်ကဲ့”

“တဆိတ် သည်းခံပါ အတွတ်ရယ်။ ဒီသီချင်းကို ကျွန်တော် နားမထောင်ပါရစေနဲ့”

အတွတ်သည် အသာထသွားကာ ရေဒီယိုကို ပိတ်လိုက်သည်။ အတွတ် ကုလားထိုင်တွင် ပြန်ထိုင်လိုက်လျှင် ကိုကိုနိုင်သည်လည်း သူ့အနားတွင် လာထိုင်သည်။

“ကျွန်တော် ခုခေတ် သီချင်းအဆိုကျော်တွေကိုရော၊ သီချင်းတွေကိုရော သိပ်အထင် မကြီးဘူး။ ဒီ ကိုမင်းသူရဲ့ ‘ပုံပမာ’ သီချင်းကိုတော့ ကျွန်တော် သိပ်စွဲတာပဲ။ ရသပါတယ် ဆိုရမှာပေါ့။ မွေးနဲ့ ခွဲနေရချိန် ဒီသီချင်းသံကို ကျွန်တော် နားထောင်လို့ မရဘူး။ ဒါလောက်ပဲ ကျွန်တော့်စိတ်ကို လှုပ်ရှားစေတာပဲ”

သူသည် စကားစသတ်ကာ စီးကရက်တလိပ် မီးညှိသောက်လိုက်၏။ အနားတွင် စီးကရက်ပြာများသည်လည်း ပြန့်ကျဲလာ၏။ အိပ်ချင်လာပုံ၊ ငိုက်မျဉ်းလာပုံလည်း မရပေ။ အသည်းအသန်ဖြစ်သော လူမမာကို စောင့်နေရသည်လည်း မဟုတ်ပေ။ သို့သော် ကိုကိုနိုင်ကို ကြည့်ရသည်မှာ ရင်မလင်းနိုင်သေး။ စိတ်မကျသေး၍ အိပ်ရန် စိတ်ရှိပုံ မရပေ။

“ကျွန်တော် ပြောရခက်တယ် အတွတ်၊ တနေ့နေ့ တချိန်တခါမှာ အတွတ်လည်း မိန်းမ ယူဦးမှာပဲ။ အခုလည်း မိန်းမတွေ အမြောက်အမြားကို အတွတ် တွေ့ခဲ့ဖူးမှာပဲ”

ကိုကိုနိုင်သည် စီးကရက်မှ တလိပ်လိပ်ထွက်လာသော မီးခိုးငွေ့ကို ကြည့်ရင်း ပြော၏။

“ယောကျ်ားတွေဟာ တခါ တခါ လက်ထပ်ပြီး မိန်းမတယောက်ကို ယူလိုက်ကြတိုင်း ရင်ထဲက နှစ်နှစ်ကာကာ မရှိဘူး။ ဆိုကြပါစို့၊ ခန္ဓာကိုယ်ချင်းသာ ပူးပေါင်းလို့ရတယ်။ စိတ်ချင်းက မရဘူး။ ဒါပေမဲ့ အဲဒါကိုပဲ ညားတယ်။ ပေါင်းသင်းတယ်လို့ ထင်နေကြတာကိုး။ တခါတခါတော့လည်း ကျွန်တော်တို့ရင်ထဲက အင်မတန် မြတ်မြတ်နိုးနိုးရှိတဲ့ မိန်းမကို ကျွန်တော်တို့ဟာ မရကြပါဘူး။ အတွတ်တဘဝမှာ၊ သက်တမ်းတခုမှာ မြတ်နိုးတဲ့သူရယ်လို့

တွေ့ခဲ့ဖူးမှာပဲ”

အတွက်သည် နားထောင်ရာမှ ပြုံးလိုက်ကာ ပြန်ပြောမိ၏။

“တွေ့ဖူးပါတယ် ကိုကိုနိုင်၊ ကျွန်တော် မြတ်နိုးတဲ့သူကို ကျွန်တော် ခုထိ စောင့်နေတုန်းပဲ”

“ဟုတ်လား၊ အေးဗျာ၊ လောကကြီးက တခါတခါ အင်မတန် မမျှော်လင့်တာတွေ၊ ဆန်းကြယ်တာတွေ ဖြစ်တတ်တယ်နော်။ ကျွန်တော်ကတော့ ကျွန်တော်တကယ်မြတ်နိုးတဲ့ မိန်းမကို တကယ်ရခဲ့တာပဲ။ ဒါပေမင့် ကျွန်တော်ရဲ့အမှားကြောင့် မွေးက ကျွန်တော့်ကို စိတ်နာမှာစိုးတယ်။ ကျွန်တော်လည်း ဘယ်လိုဖြစ်လဲမသိဘူး။ စိတ်လွတ်သွားတာပါပဲ။ မိန်းမက မေမြို့သူ ရှမ်းစပ်၊ အသားလှလှနဲ့ ပြည့်ပြည့်ဖြိုးဖြိုး ရှိတယ်။ ဒါပေမင့် အလှတွေဟာ ကျွန်တော့်ကို ဆွဲမထားဘူး။ ကျွန်တော် မှားပြီးတယ်ဆို သိပ်ကြောက်တာပဲ။ ဘာလို့လဲဆိုတော့ ဒီလိုဖွင့်ပြောရတာ ယောကျ်ား မပီသရာလည်း ကျပါတယ်လေ။ အဲဒီမိန်းမစားမျိုးတွေမှာ ဦးနှောက်ရဲ့စဉ်းစားဉာဏ်နဲ့ နှလုံးသားရဲ့ ခံစားမှုရယ်လို့ မရှိဘူး။

ကျွန်တော်ဆိုတဲ့အကောင်ကလည်း စာတအုပ်ဖတ်ပြီး ဆွေးနွေးချင်တယ်။ အဲဒီ ဆွေးနွေးဖို့၊ ပြဿနာတခုခုကို ဖြေရှင်းဖို့ ဆိုတာတွေ ဘာမှ သူ့ခေါင်းထဲမှာ မရှိဘူး။ နိုင်လွန်ပါတိတ်လောက်ပဲ သူတို့နှုတ်ခမ်းက ထွက်တယ်။ ခက်တယ်ဗျာ၊ ကျွန်တော် စစ်ဗိုလ်ကြီးဖြစ်ပြီး ကြောက်နေတယ်။ ဘာကိုကြောက်လဲဆိုတော့ မွေးက ကျွန်တော့်ကို စိတ်နာမှာ၊ ခွဲသွားမှာ”

သူသည် တကယ်ပင် ကြောက်ရွံ့စိုးရိမ်ဟန်ရှိ၏။ သူ့မျက်လုံးအသွင်အပြင်သည် တကယ်ပင် ပူပန်သောနှလုံးသားမှ အရိပ်အယောင်များ ပေါ်လွင်နေသည်။

“မွေးမှာ ကျန်းမာရေးသာ ကောင်းလိုက်ရင် တော်တော်ထောင်တက်မယ့် မိန်းမပဲ။ ကျွန်တော် သူ့ကို ချစ်တာက သူ့ဟာ သူဖန်တီးတတ်တယ်ဆိုတဲ့ သူ့ဒီအရည်အချင်းလေးကို ချစ်တာပဲ”

အတွက်သည် နှစ်ယောက်ထိုင် ကြိမ်ကုလားထိုင်ပေါ်တွင် လှဲချလိုက်၏။ လှော်တက်ကို ကိုင်ကာ ရေဆန်တလှည့်၊ ရေစုန်တလှည့် လှော်ခဲ့သောမွေး၏ ငယ်ငယ်ကသဏ္ဌာန်ကို မြင်ယောင်လာပြန်သည်။ ငယ်တုန်းက သည်လို လှေလှော်နိုင်သော စိတ်ဓာတ်ကို ချီးကျူးဖွယ် အရည်အချင်းဟူ၍ မအောက်မေ့၊ ချဉ်စရာ ခေါင်းမာသော ကောင်မလေးတယောက်အဖြစ် မှတ်ထင်ခဲ့၏။ ယခုမှ သူ့မျက်စိအောက်တွင် အတိဒုက္ခတွေ တပုံကြားက ရေဆန်လှော်ခဲ့သော အဖြစ်သည်

အရည်အချင်းတခုသာတည်း။ ရန်ကုန်ပတ်ဝန်းကျင်သည် တောမှ တက်လာသော ဆင်းရဲသူလေးများ ဒုက္ခရောက်ချိန်၊ စိတ်ခါတ်ပျက်ပြားချိန်တွင် အလွန်ဝါးမျိုဖျက်ဆီးလွယ်သော ပတ်ဝန်းကျင်ဖြစ်၏။ ကားနှင့် နိုင်လွန်ပင်လယ်ဝယ် စုံးစုံးမြုပ်ကာ ဘဝဆုံးကြသည်သာ များခဲ့၏။ မွှေးကတော့ ခံဖိနပ်စီး၍ ပိတ်အင်္ကျီဝတ်ကာ သူသည် မျက်စိစုံမှိတ်၍ ရေဆန်လှော်ခဲ့သည်တကား။ ယခု မွှေးအရည်အချင်းကိုသိ၍ ချီးကျူးမိ၍လည်း ချီးကျူးရုံသာ ရှိတော့မည်။ အချိန်ပေါင်း မြောက်မြားစွာ နောက်ကျခဲ့ပြီ မဟုတ်ပါလော။

ကိုကိုနိုင်သည် ဆေးလိပ်ကိုသာ ဖိသောက်ဆဲ ဖြစ်၏။ အတွတ်သည် ဘာကြောင့် သူတို့နှစ်ယောက် ယခုလို အချိန်ဖြုန်းနေသည်ကို တွေးကြည့်မိ၏။

"ကိုကိုနိုင်၊ အိပ်ကြစို့လား။ မွှေးလည်း အိပ်မှာပါ။ ပြီးတော့ ကျွန်တော်တို့ ဘာကို စောင့်နေကြတာလဲ။ မွှေးက အဖြေ ချက်ချင်းပြောမှာလည်း မဟုတ်ဘူး။ အိပ်ကြစို့နော်"

ကိုကိုနိုင်သည် ငေါက်ကနဲ ထလိုက်၏။

"မွှေးလည်း ဒီည အိပ်နိုင်မှာ မဟုတ်ပါဘူးဗျာ။ အာ... ဟုတ်တယ်။ ညဥ့်နက်နေပြီ"

သူသည် အပြောလွယ်သော်လည်း အိပ်မက်ရင်း လမ်းလျှောက်သူလို အခန်းထဲသို့ စိုက်လိုက်မတ်တတ် လျှောက်သွားတော့သည်။

■

အတွတ် မွှေးတို့အိမ်သို့ မရောက်သည်မှာ လေးရက်တိတိ ရှိသွားပေပြီ။ မနေ့က ညနေလောက်တွင် မွှေးသည် အဖြေတခုခုကို ကိုကိုနိုင်သို့ ပေးပြီးဖြစ်ပေမည်။ ယခုထိတော့ ဘာသတင်းမှ မကြားရသေးပေ။ မေမေကလည်း ဝါးခယ်မကို ပြန်နေ၍ အိမ်တွင် မရှိပေ။ သူ့မှာ တယောက်တည်း အဆုတ်နာလူနာများ စောင့်ရှောက်ရေးအသင်းအတွက် အလုပ်ရှုပ်နေသည်။ ထိုအသင်းတွင် လူနာဟောင်း ဦးကျော်မြင့်ဆိုသူက အတွင်းရေးမှူး တာဝန်ကိုယူကာ ဆရာဝန် တယောက်က တွဲဖက်အတွင်းရေးမှူး ဖြစ်ပေသည်။ နေရာရှာဖွေရေး အဖွဲ့ခွဲတွင်မူ မွှေးက အတွင်းရေးမှူးဖြစ်၍ သူက အဖွဲ့ငယ်၏ဥက္ကဋ္ဌ ဖြစ်၏။

ညနေပိုင်းတွင် မွှေးတို့အိမ်ဘက်ဆီသို့ ထွက်လာခဲ့၏။ ရာသီဥတုမှာ သာယာသည် မဆိုနိုင်သော်လည်း မိုးရွာ၍ မနေပေ။ ကောင်းကင်သည် မှုန်မှိုင်းမှိုင်းဖြစ်ကာ လေကစိမ့်၍ တိုက်နေ၏။ မိုးပြင်းထန်စွာ ရွာဦးမည့် အရိပ်အယောင်များပင်တည်း။ မိုးဦးကျတွင် တဖြိုက်လောက်သာ ခပ်စိပ်စိပ်

ရွာခဲ့ဖူး၏။

အိမ်ထဲသို့ ကားအဝင်လိုက်တွင် တအိမ်လုံး တိတ်ဆိတ်နေသည်။ အိမ်တံခါးဝကို ကိုဘဆောင် လာဖွင့်ပေး၏။

"ဗိုလ်မှူးနိုင် အိမ်ပေါ်မှာ ရှိပါတယ်"

ကိုဘဆောင်က ပြောပြ၍ သူသည် လှေကားကို တန်း၍တက်ခဲ့သည်။ ဗိုလ်မှူးနိုင် အိပ်ခန်းဘက်သို့သွားကာ ခန်းဆီးကို ဆွဲလိုက်၏။ နောက်မှီကြိမ်ကုလားထိုင်တလုံးပေါ်တွင် စီးကရက် တထောင်းထောင်းထအောင် ဖွာနေသော ကိုကိုနိုင်ကို တွေ့ရသည်။

"ကိုကိုနိုင်၊ မွေးကော"

ကိုကိုနိုင်က သူ့ထုံးစံအတိုင်း ခေါင်းညိတ်ကာ ခေါ်ပြန်သည်။

"ထိုင်ဦးလေ"

"ဆေးလိပ်တွေ သိပ်သောက်တာပဲဗျာ"

အတွတ်သည် မီးခိုးငွေ့များကို လက်နှင့် ယမ်းရင်း ထိုင်ကာ ပြော၏။

"ကဲ... မွေးက ဘာတွေ ဘယ်လို ဆုံးဖြတ်သတဲ့လဲ"

အတွတ်သည် အရေးတကြီး မေးလိုက်လျှင် ကိုကိုနိုင်သည် တစုံတရာ မပြောဘဲ မျက်လုံး အကြောင်ကြီးနှင့် သူ့ကို စိုက်ကြည့်နေ၏။

"ဘယ်လို ဆုံးဖြတ်သတဲ့လဲ၊ ဟုတ်လား"

သူ့ကိုပင်ထပ်ကာ ကိုကိုနိုင်က မေးခွန်းထုတ်လိုက်သေး၏။

"ဟုတ်တယ်လေ၊ မနေ့ညက သူ ပြောတဲ့ သုံးရက်စေ့တယ်လေ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အချိန်စေ့လို့ အဖြေပေးပါတယ်"

ကိုကိုနိုင့်အသံသည် အာခေါင်ခြောက်ကြီးနှင့် မောမောပန်းပန်း ပြောနေရုံမက မျက်တွင်းများကလည်း ချောင်ကျကာ အိပ်ရေးဝပုံ မရပေ။ ထိုင်ရာမှ ဒယီးဒယိုင်နှင့် ထသွားကာ သူ့ခေါင်းအုံးအောက်မှ စာအိတ်တအိတ်ကို ယူလာ၍ အတွတ်လက်ထဲ ထည့်လိုက်၏။

"ဒါ... ခင်ဗျားရဲ့မွေး အဆုံးအဖြတ်လေ"

"သူကော…"

"သူ ခုပဲပြန်လာလိမ့်မယ်။ အိန္ဒိယက ပြန်လာမှ သူ့ဖေဖေနဲ့ မတွေ့ရသေးလို့ သွားကန်တော့တယ်"

ဝုန်းခနဲပင် အသံမြည်အောင် ကိုကိုနိုင်သည် ကြိမ်ကုလားထိုင်ပေါ် ပစ်လှဲလိုက်သည်။ အတွတ်သည် စာကို တုန်တုန်ယင်ယင်နှင့် ဆွဲယူကာ ဖတ်လိုက်၏။

ကိုကိုနိုင်…

ရိုသေစွာ စာရေးလိုက်ပါတယ်။ အမှန်တော့ ခုစာထဲမှာ ရေးမယ့်ကိစ္စကို မွေးနဲ့ ကိုကိုနိုင် မျက်နှာချင်းဆိုင် ပြောသင့်ပေမယ့် မွေးမှာ ဒီစကားလုံးတွေပြောဖို့ အားမရှိပါဘူး။ မွေးရဲ့နှုတ်ခမ်းက မထွက်ရက်ပါဘူး။ ဒါကြောင့် စာပေါ်မှာ ရေးပြရတာပဲ။

ကိုကိုနိုင်ရဲ့မေတ္တာတွေ၊ ကျေးဇူးတွေကတော့ မွေးအပေါ်မှာ အနန္တပါပဲ။ မွေးအပေါ်မှာ မြတ်မြတ်နိုးနိုး ချစ်ခဲ့တာလည်း မွေး သိပါတယ်။

ကိုကိုနိုင် မှတ်မိဦးမှာပေါ့။ မွေးကို ချစ်တယ်ဆိုပြီး ပထမဆုံးပေးတဲ့ စာအရှည်ကြီးလေ။ အဲဒီအထဲမှာ မွေးရဲ့အရည်အချင်းတွေကို တော်တော်ချီးကျူးခဲ့ပါတယ်။ ဒါပေမင့် ကိုကိုနိုင်နဲ့ လက်ထပ်ပြီး မွေးဟာ ကိုကိုနိုင့်အတွက် ဘာများ ဆောင်ရွက်ပေးနိုင်ခဲ့သလဲ။

လက်ထပ်ကြတဲ့ ငါးနှစ်ဆိုတဲ့သက်တမ်းမှာ လားရှိုးမှာနေတဲ့ ၁၁ လသာ လင်မယားနဲ့ တူခဲ့ကြတာပဲ။ မွေးရဲ့မိသားစု ဒုက္ခသုက္ခတွေနဲ့ပဲ မွေးဟာ အချိန်ကုန်ခဲ့တယ်။ အမှန်တော့ မိန်းမတယောက်အနေနဲ့ မွေး ဝတ္တရားမကျေခဲ့ဘူး။ မွေးဟာ ကိုယ့်မိသားစုအပေါ်မှာပဲ သိတတ်မှု ပိုခဲ့တယ်။

ကိုကိုနိုင် ပြောသလို မွေးဟာ အင်မတန်တော်ပြီး အစွမ်းရှိတယ်ဆိုတာ မှန်သင့်သလောက် မှန်ပေမယ့် မိန်းမမှာ တကယ်တမ်းရှိသင့်တဲ့ အရည်အချင်း မွေးမှာ ချွတ်ယွင်းခဲ့တယ်။ အဲဒါဟာ ဘာလဲဆိုတော့ မွေး သားမွေးပြီး မပေးနိုင်ခဲ့ဘူး။ ခုလည်း ဆရာဝန်က သားမွေးဖို့ အင်အား မွေးမှာ မလုံလောက်သေးလို့ ကလေး မရှိအောင် နေရမယ်ဆိုတော့ မွေးဟာ လူဖြစ်ရှုံးနေတဲ့ မိန်းမပဲ။

အိန္ဒိယက ပြန်ရောက်တဲ့နေ့က မွေးက "ကိုကိုနိုင့်မိန်းမ သားလေးမွေးတယ်" လို့ ပြောလိုက်တဲ့ တပြိုင်နက် ကိုကိုနိုင်ရဲ့မျက်နှာ ဝင်းပြီးကြည်သွားပုံမျိုး မွေးတခါမှ မတွေ့ဖူးသေးဘူး။

အတွတ်သည် ခေတ္တရပ်နားကာ ကိုကိုနိုင့်မျက်နှာကို လှမ်း၍ကြည့်မိ၏။ ကိုကိုနိုင်ကတော့ သူ့ကို မကြည့်၊ မျက်နှာကြက်တွင် တခုခုပဲ မြင်တွေ့နေသလို စိုက်ကြည့်နေသည်။ သူသည် ကတုန်ကယင်ဖြစ်ရာမှ စာကို ဆက်ဖတ်ပြန်၏။

သားဆိုတဲ့အသိက ကိုကိုနိုင်ရဲ့နှလုံးကို ဘယ်လောက်ရွှင်ပြုံးစေသလဲ။ မွေးအရှည်ကြီး မရေးပါရစေနဲ့တော့။ မွေးဟာ ကံကိုက ခေတဲ့လူပါ။ မွေးထိုက်နဲ့မွေးကံ ရှိပါစေတော့။

မေမေပေးခဲ့တဲ့အိမ်မှာ ကိုကိုနိုင့်သားရယ်၊ ကိုကိုနိုင့်မိန်းမရယ် အတူတူ နေရစ်ခဲ့ပါ။ မွေးတော့ လေးတို့နဲ့ အတူနေပြီး မွေးလိုပဲ အဆုတ်နာရောဂါကြောင့် ဒုက္ခတွေ အနန္တရောက်ကြရရှာတဲ့ လူသားတွေကို ကူညီဖို့ မွေးခန္ဓာကိုယ်ကို လှူလိုက်ပါတော့မယ်။

မွေးကို ပေးတဲ့ စိန်တွေကိုလည်း ကိုကိုနိုင့်မိန်းမကို ပေးပါ။ မပေးလိုလို့ မွေးကို အပိုင်ပေးပြီးသားဆိုရင်လည်း ဒီပစ္စည်းတွေကို အဆုတ်နာလူနာများ စောင့်ရှောက်ရေးအသင်းကို လှူခွင့်ပြုပါ။ မွေးကို ခွဲခွာရလို့ ခံစားရတဲ့ ဝေဒနာဟာလည်း သားသားလေးမျက်နှာကို မြင်ရတဲ့အခါတိုင်း တဖြည်းဖြည်း သက်သာမှာပါပဲ။

ခုလို ချစ်တဲ့သူတွေနဲ့ အဖန်ဖန် ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခတွေအနန္တကို ဒါလောက် တွေ့ရက်နဲ့ မွေး တရားမရသေးဘူးဆိုရင် မွေးလောက် မိုက်တွင်းနက်တဲ့သူဟာ မရှိတော့ဘူး။ သုခ၊ ဒုက္ခဆိုတဲ့ အကျိုးတရားတွေကို ဖန်တီးတာဟာ ဘဝအစဉ်အဆက်က စိတ်အကြောင်းရင်းခံပဲ။ ဒီစိတ်ရဲ့လောဘ၊ ဒေါသ၊ မောဟ အကြောင်းရင်းခံတွေကြောင့်၊ ဇောတွေကြောင့် မွေးဟာ ဝဋ္ဋဒုက္ခအစဉ်တွေကို ခံရတာပဲ။ ဒီအကြောင်းရင်းဖြစ်တဲ့ စိတ်ကို ပြတ်ရာပြတ်ကြောင်း တရားရှာဖွေလို့ တွေ့ခဲ့ရင်တော့ ကိုကိုနိုင်ရဲ့ မွေးတယောက် ဒုက္ခသံသရာက လွတ်ပြီလို့ အောက်မေ့ပေတော့။

မွေးကို ခွင့်လွှတ်ပါ။ နှစ်ယောက် အတူတကွ ပေါင်းသင်းခဲ့ကြစဉ်အတွင်းမှာ ကိုကိုနိုင့်အပေါ် မွေးပြုခဲ့တဲ့ အဆိုးတွေ ရှိခဲ့ရင် မွေးကို ခွင့်လွှတ်ပါ။ ကိုကိုနိုင်ရဲ့သဘောထားပြည့်ဝမှု၊ အနစ်နာခံမှုတွေကိုတော့ မွေး တသက် မမေ့ပါ။

ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ရွှင်လန်းပါစေ

မွေး

စာဆုံးလျှင် အတွတ်သည် ငိုင်သွားတော့၏။ ကာယကံရှင် ကိုကိုနိုင် မပြောနှင့်တော့၊ သူကိုယ်တိုင်ပင် စိတ်မထိန်းနိုင်ပေ။

"မွေးလေ... ကိုကိုနိုင်နဲ့ ဘယ်တော့မှ မခွဲတော့ဘူး။ တောထဲမှာပဲနေနေ၊ တောင်ကြားထဲမှာပဲ နေနေ မွေး လိုက်မှာပဲ"

အိန္ဒိယမှာတုန်းက မွေးပြောသော စကားလုံးများကို ကြားယောင်လာသည်။ မွေးသည် ဘယ်လိုများ ဆုံးဖြတ်လိုက်ပါလိမ့်။ ကိုကိုနိုင့်ဘက်သို့ လှည့်ကြည့်လိုက်လျှင် ကိုကိုနိုင်သည် လူသေကြီးလို မလှုပ်မရှား အတွတ်ကို စိုက်ကြည့်နေလေသည်။

"သူ ဒီကို ပြန်လာမှာလား"

အတွတ်က စိုးရိမ်တကြီး မေးပြန်သည်။

"လာမှာပါ၊ လာဦးမယ်"

"ဒီတော့..."

အတွတ်သည် ဘာဆက်မေးရမှန်း မသိပေ။

"ဒီတော့ မနေနဲ့တော့လေ။ သူစိတ်ချမ်းသာမှု ရစေချင်ရင် သူပြောတဲ့အတိုင်း လုပ်ပေးရမယ်လို့ မနေ့က ပြောတယ်။ သူပြောသလို ကျုပ်-ကျုပ် လိုက်လျောပါတယ်။ ဒါပေမင့် ဟိုမိန်းမကိုတော့ ကျုပ်တသက် မပေါင်းဘူး။ ပေးစရာရှိတာ ပေးလိုက်ပြီး သားအတွက် တာဝန်ယူတယ်။ မနေ့ကပဲ ဟိုမိန်းမကိစ္စကို ဝတ်လုံနဲ့ ရှင်းလိုက်တယ်"

ကိုကိုနိုင်သည် တုံးတုံးတိတိအသံနှင့် ပြောလိုက်၏။

"စိန်တွေ မွေးလက်ထဲ အပ်လိုက်ပါတယ်။ ကျုပ်မြတ်နိုးတဲ့သူကိုတောင် လက်လွှတ်ရ သေးတာပဲ။ ဒီစိန် ကျုပ် မလိုချင်ပါဘူး"

အတွတ်သည် ဘာမျှ မပြောနိုင်ဘဲ အကြောင်သား ငိုင်နေမိ၏။

"မွေးဟာ တော်တော်စိမ်းနိုင်တဲ့ မိန်းကလေးပဲ။ ကျွန်တော့်ကိုစာပေးခဲ့ပြီး သူ့ဖေဖေဆီကို ထွက်သွားလေရဲ့"

"ဟိုမိန်းမကို ကွာပြီပဲ၊ သူ လုပ်တာ အဓိပ္ပာယ် မရှိပါဘူး"

အတွတ်က ညည်း၏။

"သူ့ကြောင့်တဲ့ဗျာ၊ သူနဲ့ဝေးနေရင် ပြန်ဆက်ကြမှာပါတဲ့။ ဒါကြောင့် သူအဝေးကိုရှောင်သတဲ့"

ကိုကိုနိုင်သည် ဟိုညကတည်းက အိပ်ပုံမရ။ ဆံပင်များမှာလည်း ဖွာလန်ကျဲကာ ဆေးလိပ် လက်ကြားညှပ်၍ ဆောင့်ကြောင့်ထိုင်နေသည်မှာ အတော်ပင် ပုံဆိုးပန်းဆိုး ဖြစ်နေပုံရပေသည်။ သူတို့နှစ်ယောက်သည် အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြ၏။

“ခင်ဗျားနဲ့ သူ ခရီးထွက်ကြဦးမယ် ဆိုတယ်၊ ဘယ်တော့လဲ”

ကိုကိုနိုင်က အတွတ်ကို လှမ်းမေး၏။

“သန်ဘက်ခါ”

အတွတ်အဖြေဆုံးလျှင် ကိုကိုနိုင်ကလည်း “သန်ဘက်ခါ” ဟူ၍ လိုက်ဆိုလိုက်၏။ ကိုကိုနိုင့် စိတ်ထဲတွင် ထိုစကားလုံးကို ရွတ်ဆိုရသည်ကိုပင် မနှစ်မြို့သလို ဖြစ်လာသည်။

သန်ဘက်ခါ ဆိုသောနေ့ကို ရောက်ရပေဦးတော့မည်။ သူတို့အိမ်ထောင်၏ အပေါင်းအသင်း အတွဲအဆက်တို့၏ ပုံတမျိုးအပြောင်းအလဲသည် သန်ဘက်ခါပေါ်တွင် သန္ဓေတည်ပေဦးတော့မည်။ သန်ဘက်ခါမှစ၍ မွေးသည် ဤအိမ်ကြီးကို ခွဲခွာသွားမည်ဖြစ်၏။ ဤအပြောင်းအလဲကြီးတခုကို ကိုကိုနိုင်က လက်မခံနိုင်သည့်အတိုင်း သူ့စိတ်ထဲတွင် နည်းလမ်းရှာကြည့်၏။ အမှန်တော့ မွေး တင်ပြသော ရည်ရွယ်ချက်သည် မဆိုးပေ။

အပြောင်းအလဲ မဖြစ်ဘဲ ထိုရည်ရွယ်ချက် အောင်မြင်အောင် မလုပ်နိုင်ပေဘူးလား... ကိုကိုနိုင်သည် သူ့ကိုယ်သူ မေးခွန်းထုတ်လိုက်၏။ မွေးဘက်က ပြန်တွေးလိုက်လျှင်လည်း ဝမ်းနည်းစရာပင်တည်း။ ရှုပ်ထွေးနက်နဲသော ပေါင်းသင်းဆက်ဆံရေးအကြားမှလည်းကောင်း၊ ဘဝ၏အခက်အခဲကြားမှ လည်းကောင်း ခန္ဓာကိုယ်ရော စိတ်ပါ ကြိတ်မိုတ် ထိုးဖောက် လူ့အကြားသို့ ဝင်လာပြီးခါမှ ကိုယ်နှင့်ဘဝတူ ကိုယ်စား ရည်စရာ သားသမီးလေး တယောက်မှ မထားနိုင်ခဲ့သည်ကို မွေးအဖို့ ကျေနပ်နိုင်မည် မဟုတ်ပေ။

ကိုယ်စားရည်နိုင်သော အဆုတ်ရောဂါကု ဆေးခန်းကြီးတခုကို တည်ဆောက်ပြီး ထားခဲ့နိုင်သေးပါမူ သူ့ဘဝတွင် ကျေနပ်ဖွယ် အများကြီးပင် ဖြစ်၏။ အီဂျစ်၏ အစခေတ်ပိုင်းမှ ပိရမစ်ကြီးများလိုပင် ကျောက်သားဖြင့် ကမ္ဘာတည် အဆောက်အအုံကြီးများ မဖြစ်စေကာမူ လူဖြစ်ခဲ့ရဖူးသည့် အထိမ်းအမှတ်၊ လူသားတို့၏ လုပ်အားနှင့် အသွေးအသား ဆုတ်ယုတ် ကုန်ခန်းသည် အထိ ကြိုးစားပေးခဲ့ရသော အထိမ်းအမှတ်အဖြစ်တော့ ကျန်ရစ်ခဲ့၏။

သည်အထိမ်းအမှတ်တခု ကျန်ရစ်ရန်အတွက် သူ့ကို ခွဲခွာ၍ မွေး ထွက်သွားမည် ဆိုသည်မှာ လုံလောက်သောအကြောင်းအရာ မဟုတ်ပေ။ မိန်းမစိတ် ဆိုသည်ကလည်း သိနိုင် ခက်ခဲစွတကား။

မွေးစိတ်ထဲတွင် နောက်မိန်းမသည် သားမွေးပေးနိုင်၍ ကိုကိုနိုင်က မွေးထက် အချစ် ပိုချင် ပိုပေမည်ဟူသော အတွေးနှင့် သူ ရှောင်ထွက်ရန် စီစဉ်ခြင်း ဖြစ်ချင်ဖြစ်မည်။ ဒုတိယအချက်အဖြစ် မွေးက တင်ပြသည်မှာ သူရောဂါသည်ဖြစ်၍ ကွာသင့်သည်ဟု ဆိုသည်။ ကိုယ်လိုချင်တာတွေ၊ လုပ်ချင်တာတွေကို အောင့်အည်းမျိုသိပ်၍ သူများလုပ်လိုသမျှ လုပ်ပေးခဲ့သူတဦးအပေါ် ဒါလောက် စိမ်းကားရမည်မှာလည်း တရားသဖြင့် ဖြစ်ပါမည်လား။ ကိုကိုနိုင်သည်လည်း တနေရာတည်း မထိုင်တော့ပေ။ ဟိုဟိုသည်သည် လျှောက်ရာမှ စာအုပ်ဗီရိုရှိရာ ထသွား၏။

အတွတ်သည်လည်း ပြတင်းတွင်ရပ်ကာ အပြင်သို့ ငေးမိ၏။ ဟင်းလင်းပွင့်သော ကောင်းကင်ကို မြင်ရလျှင် ပြတ်သားသော အကြံဉာဏ်များ ရလိုရငြား မျှော်၍ကြည့်မိ၏။ ကောင်းကင်၏သွင်ပြင်ကလည်း အကြံအိုက်သူ၏မျက်နှာလို မိုးသားများနှင့် အုံ့မှိုင်းကာ ကြည်ကြည်လင်လင် မရှိပေ။ အမှန်တော့ အသည်းနှလုံးက ပေါ်လာသော သူ၏စိတ်ကူးကို ကောင်းကင်ပြင်က ဘယ်လိုမျှ အဆုံးအဖြတ် ပေးနိုင်မည်မဟုတ်ပေ။ သူ့ဦးနှောက်ကသာ ဆုံးဖြတ်ရမည် ဖြစ်၏။

ဆံရစ်ဝိုင်းလေးနှင့် နားကွင်းကျယ်ကျယ်ကိုပန်ကာ အသားမည်း အကျည်းတန်လှသော မျက်နှာဝိုင်းနှင့် ကလေးမလေး။ မျက်နှာသွင်ပြင်က ညိုစိမ့်စိမ့် စိုပြည်ပြည်ဖြစ်လာကာ မျက်လုံးလေး ဝင်းလက်လက်နှင့် ချစ်ဖွယ်ကောင်းလာသော မိန်းကလေး။

လက်ထပ်ပြီး နောက်ပိုင်းကျတော့လည်း ဖြစ်ပေါင်းစုံသော ဘဝဒဏ်အား ခံနိုင်ရည်ရှိသော နှလုံးသား၏ အထိမ်းအမှတ်သဖွယ် တောက်ပသော မျက်လုံးအစုံသည် တည်ငြိမ်၍ တန်ခိုး ရှိလာပြန်သည်။ ထိုမျက်လုံးလေးတွေနှင့် အစဉ်တွေ့ခဲ့ရတိုင်း သူ့နှလုံးသားတို့သည်လည်း အေးမြကြည်လင်ခဲ့ရ၏။ အိန္ဒိယမှာတုန်းကလည်း ထိုမျက်လုံးလေးနှစ်လုံးသာ သူ့ပတ်ဝန်းကျင်တွင် မရှိခဲ့ပါလျှင် သူ ထိုမျှကြာကြာ ပျော်ပျော်ရွှင်ရွှင် နေနိုင်မည် မဟုတ်ပေ။

သူက ပြတင်းမှ ခွာလိုက်၏။ သူ့ဆုံးဖြတ်ချက်အတိုင်း လုပ်ရန် ဆုံးဖြတ်လိုက်သည်။ သူက ပြတင်းကို နောက်ခိုင်း၍ အခန်းတွင်းသို့ ကြည့်လိုက်လျှင် ကိုကိုနိုင်သည် စာအုပ်ဗီရိုနားတွင် ရပ်မြဲရပ်နေ၏။ စာတအုပ်ကို သူ့လက်ထဲတွင်ဖွင့်၍ ညာလက်ဖြင့် ကိုင်ထားသည်။ ဘယ်လက်ကမူ

စာအုပ်ကြားထဲမှ ပန်းပွင့်ခြောက်နှင့်တူသော အခက်ခြောက်ကလေးတခုကို ကြည့်နေသည်။ အခက်လေးသည် ဝါညစ်ညစ် အရောင်ကလွဲ၍ အဆင်းမရှိ။ သွေ့ခြောက်ခြောက် ဖြစ်နေသည်။ ကိုကိုနိုင်က ထိုအခက်ကလေးကို ညင်ညင်သာသာ ကိုင်၍ နေသားတကျ စာအုပ်ထဲသို့ ပြန်ထားလိုက်၏။

■

မိုးသားများသည် အုံ့သည်ထက် အုံ့မှိုင်းကာ ပြိုတော့မလို ညိုမှောင်လာကြသည်။ ကမာရွတ်အိမ်တွင်မူ မွေးသည် ဖေဖေကို ကန်တော့၍ ပြီးပေပြီ။ သူ ယခင်က အိပ်သော အိပ်ခန်းလေးကို အထွေးအား ရှင်းခိုင်းလိုက်၏။ မိတ္ထီလာက ပြန်လာလျှင် သူလာ၍နေမည့် အစီအစဉ်ကို ပြောပြသော်လည်း သူတယောက်တည်းလား၊ ကိုကိုနိုင်နှင့်အတူလား ဆိုသည်ကိုမူ မွေးက တိတိကျကျ မပြောပေ။

အိမ်လေးကို အထူးအဆန်းသဖွယ် လှည့်ပတ်ကြည့်၏။ ထိုအိမ်လေးတွင် နှစ်ယောက် လက်ထပ်ခဲ့ကြသည်။ မွေးသည် သူ့ဘဝ၏ များပြားသော အကွေ့များ၊ မြန်ဆန်သော အပြောင်းအလဲ များကို ပြန်၍ တွေးမိ၏။

သူ့သဘောအလျောက် ဖြစ်ပျက်သော အကြောင်းတို့သာတည်းဟူ၍ စိတ်ကိုလွှတ်၍ ထားလိုက်ပြန်တော့လည်း သက်သောင့်သက်သာရှိ၍ သွားပြန်သည်။ အိမ်၏ ခေါင်းရင်းဘက် ဘုရားခန်းသို့ မဝင်ခင် ဧည့်ခန်းနံရံတွင်မူ ဘီးဆံထုံး မောက်မောက်ကြီးများနှင့် ဘီအေ၊ ဘီအက်စ်စီ ဒီဂရီဘွဲ့ဝတ်ရုံများကို ဝတ်၍ ရိုက်ထားသော လေးနှင့်ထွေးတို့၏ပုံမှာ ဧည့်ခန်း၏ ကျက်သရေလို ဖြစ်နေပေသည်။ သူတို့မျက်နှာများသည် လိုချင်သောဆန္ဒကို ဖြောင့်ဖြူးစွာ ရခြင်းဟူသော နှစ်သိမ့်မှုဖြင့် ရွှင်လန်းအားရ စိုပြည်လျက် ရှိပေသည်။

မွေးသည် ညီမများပုံကို အတန်ကြာ စိုက်ကြည့်ပြီးမှ ဘုရားခန်းထဲသို့ ဝင်ခဲ့၏။ မေမေ၊ မမနှင့် ဖွားဖွားတို့၏ ကွယ်လွန်သူပုံများမှာ ဘုရားစင်အောက် နံရံတွင် ချိတ်ဆွဲထားလျှက် ရှိသည်။

မွေးသည် ကြမ်းပြင်ပေါ် ထိုင်ချကာ ဘုရားကို ဝတ်ပြုလိုက်၏။ ဖယောင်းတိုင်ကို ယူကာ မေမေ့ရှေ့တွင် တတိုင်၊ မမရှေ့တွင် တတိုင် ထွန်းညှိလိုက်သည်။

“သမီးကို ခွင့်လွှတ်ပါ မေမေ၊ သမီးတသက်မှာ ဖရက်ကို ကြိုက်တာကလွဲလို့ မေမေ စိတ်တိုင်းကျ လုပ်ခဲ့ပါတယ်။ မေမေ့သမီးငယ် နှစ်ယောက်လည်း အခု ဒီဂရီရပါပြီ။ သမီး တာဝန်ကျေအောင် ဆောင်ရွက်ပေးပါတယ်။ သမီးဟာ ကိုယ်လုပ်ချင်တာကို ဘာမှမလုပ်ရဘဲ သူများ လုပ်ချင်တာကို လုပ်ပေးဖို့

မွေးဖွားလာတယ် ဆိုတာကိုလည်း နားလည်ပါ တယ်။ နောင်ကိုလည်း မေမေ့ဆန္ဒအတိုင်း အမျိုးကောင်းကျိုးအတွက် သမီးစွမ်းအားရှိသမျှကို လှူမယ်ဆိုတာ မေမေ့ ဓာတ်ပုံရှေ့မှာ သမီး ကတိပြုပါတယ်”

မွေးသည် ပါးစပ်မှ တီးတိုးရေရွတ်ကာ မေမေ့ကို ဦးချ၏။ အစ်ကိုတွေ နိုင်ငံရေး လုပ်ချိန်မှာရော၊ ညီမများ ကျောင်းထားချိန်မှာရော ခါးချိုး၍ အလုပ်လုပ်ရသူ အလုပ်သမားကြီး အဖြစ် မမပုံကို သူ ငေးမောနေမိ၏။ တမိသားစုမှာ ဖြစ်စေ၊ တနိုင်ငံမှာဖြစ်စေ တချိန်တွင် လူတစု ကောင်းစားရေးအတွက် လူတစုမှာ ခါးချိုးကာ ကုန်းခံရပါတကား ဟူသောသဘောကို မွေးက ပြန်၍ သုံးသပ်မိ၏။

“မမလိုပဲ မွေးလည်း ကျရာနေရာက အလုပ်လုပ်ဖို့ အမြဲ ကြိုးစားပါ့မယ်”

မွေးသည် အသံများ တုန်လာ၏။ သူ့မျက်လုံးတွင် မျက်ရည်များ ဝေ့လာသော်လည်း မမဓာတ်ပုံထဲက မျက်နှာက အေးမြကြည်လင်နေသည်။ သွားတက်လေးများက သူ့အပြုံးကို တောက်ပစေပေသည်။ သူသည် ဓာတ်ပုံများ အနားက ခွာလာခဲ့၍ အိမ်သားများကို နှုတ်ဆက်ကာ ကိုကိုနိုင်အိမ်သို့ ပြန်လာခဲ့သည်။

မိုးဖွဲလေးများ စတင် ရွာသွန်းလာကြသည်။ မိုးချုပ်လာ၍ အပြင်တွင် အတော်ပင် မှောင်၍ လာပေသည်။ ကိုကိုနိုင်နှင့် အတွတ်သည်လည်း အိမ်ပေါ်ခန်းမှ မထွက်ကြသေးပေ။ သူတို့အခန်းထဲတွင် ကိုဘဆောင်က မီးများ လာဖွင့်ပေးသွား၏။

အပြင်မှာ မိုးသည် တဖြည်းဖြည်း သည်းလာ၏။

ကိုကိုနိုင်သည် အတွတ်ကို ကြည့်ရင်း… “မွေးပြန်ချိန် နောက်ကျလိုက်တာ” ဟု စိုးရိမ်ဟန်နှင့် ဆိုသည်။ အတွတ်ကတော့ စိုးရိမ်သည်ထက် အလိုလို ထိတ်လန့်နေသည်။

မပြတ်နိုင်သော သံယောဇဉ်ကြောင့် ကိုကိုနိုင့်ရင်ထဲတွင် ဒုက္ခကြီးနေပုံရပေသည်။ အိမ်အောက်ထပ်မှ ကားတစီးဆိုက်သံ ကြားရလေသည်။

“ဟော… အတွတ်၊ သူ ပြန်လာပြီ ထင်တယ်”

ကိုကိုနိုင်သည် မတ်တတ်ရပ်လိုက်၏။ အတွတ်က အောက်ဆင်းရန် ခြေလှမ်းပြင်၍…

“ကျွန်တော် သူ့ကို သွားတွေ့ဦးမယ် ကိုကိုနိုင်” ဟု ဆို၏။ ကိုကိုနိုင်သည် မတ်တတ်ရပ်ကာ ကျန်ရစ်၏။ မွေးမှာ အပေါ်သို့ တက်မလာသောကြောင့်

အတွတ်က အောက်သို့ ဆင်းသွားသည်။

ညှော့ခန်းထဲတွင် အရှေ့မြောက်ထောင့် ဆိုဖာအနီးမှ မတ်တတ်မီးတိုင်လေးတလုံးသာ လင်းနေသည်။ ဂျပန်မီးအုပ်ဆောင်း ပန်းရောင်၏အရောင်မှာ ပတ်ဝန်းကျင်ကို ပြေပြေလေး လင်းနေပေသည်။ မွေးသည် မီးတိုင်အောက်တည့်တည့် ဆိုဖာပေါ်၌ ထိုင်လျက်ရှိ၏။ စိန်ကတ္တီပါ နှင်းကာအနက်မှာ မီးရောင်အောက်တွင် စိန်နက်လို တောက်ပနေသည်။ ပခုံးပေါ် ခြုံထားသော နှင်းကာအရောင်ကြောင့် မွေး၏မျက်နှာမှာ လှပစွာ လင်းနေပုံရသည်။ အနားယူထားသည့်အရှိန်၊ ဆေးကုထားပြီးသော အရှိန်ကြောင့် သူ့မျက်နှာသည် အပျိုဖော်စလို မနုသည်ကလွဲ၍ ပြည့်ပြည့်ဖြိုးဖြိုး၊ စိုစိုဝင်းဝင်းလေး ဖြစ်နေသည်။ အတွတ်ကို စူးစိုက်ကြည့်နေစဉ် မျက်လုံးများမှာ တဖျပ်ဖျပ် အရောင်ထွက်နေလေသည်။

အတွတ်သည် တဖြည်းဖြည်း လျှောက်လာကာ မွေးအနားတွင် ထိုင်လိုက်၏။ ဖရက်နှင့် မွေး ပထမဆုံးတွေ့သော ညနေကို အတွတ်က ပြန်လည်သတိရ၏။ ထိုညက သူသည် အပြေးအလွှား မွေးကို လာကြည့်စဉ် မီးတိုင်ဘေးဝယ် မွေးကို ယခုလိုပဲ တွေ့ရ၏။ ယခင် မွေး၏ကုပ်ပေါ်တွင် အုပ်လုံးသိမ်းစ မဝင့်တဝင့် ဆံပင်များ ဝဲနေသည်ကလွဲ၍ ယခုမွေးမှာ ဘာမျှမထူးခြားသလို သူ့စိတ်ထဲက ထင်သည်။ ယခုလည်း မွေးသည် နောက်တွဲဆံထုံးကို သပ်သပ်ရပ်ရပ် ထုံးထား၏။ ယမန်နေ့များက စိတ်ဆင်းရဲမှုဒဏ်ကို အပြင်းအထန် ခံစားထားရဟန် အရိပ်အယောင်မျှ မွေးမျက်နှာပေါ်တွင် မပေါ်ပေ။

“ဘယ်လို လုပ်လိုက်တာလဲ မွေး”

အတွတ်သည် ခပ်တိုးတိုးပင် မေးလိုက်၏။

“ဖြစ်သမျှအကြောင်း အကောင်းတွေချည်းပဲပေါ့ အတွတ်။ အဲဒီအကြောင်းတွေ ဘာမှ မပြောဘဲနေရင် မကောင်းဘူးလား။ ကဲ... အသင်းမှာ မွေး ယူထားတဲ့တာဝန်က ဘာ... နေရာ ရှာဖို့ ဟုတ်လား”

မွေးသည် စကားကြောင်းကို ဖွတ်ပြောင်းပစ်လိုက်၏။ အတွတ်ကတော့ အင်မတန် ရှုမော၍ မကုန်နိုင်သော လှနတ်သွင်ကို ကြည့်သလို မွေးကိုငေးကာကြည့်နေသည်။ သူ့ရင်ထဲတွင် တဖျပ်ဖျပ် လှုပ်ရှားကာ နှလုံးခုန်လာပြန်သည်။

“ဘယ်လိုပြောလိုက်တာလဲ မွေးရယ်။ ကိုကိုနိုင့်ကို မသနားတော့ဘူးလား”

အတွတ်သည် ထပ်မံ၍ ဖြည်းဖြည်းပြောပြန်သည်။

“ကိုကိုနိုင် မကြာခင် စိတ်ချမ်းသာလာမှာပါ အတွတ်၊ မွေးက ဒုက္ခကောင်ကြီးပါ။ ကိုကိုနိုင့်ကို အမြဲဒုက္ခပေးခဲ့တာပဲ။ သူ ရင်နာရရင် ခဏပေါ့။ ဒီအကြောင်းကို မပြောပါနဲ့တော့ အတွတ်ရယ်။ မွေး တောင်းပန်ပါတယ်။ အစည်းဝေးကသာ မွေး ဘာလုပ်ဖို့ ဆုံးဖြတ်မလဲ”

မွေးက ဇွတ်မေးနေတော့သဖြင့် အလုပ်အကြောင်းကို ပြောပြရသည်။

“မွေးရယ်၊ အတွတ်ရယ် ပြီးတော့ အင်ဂျင်နီယာတယောက်ရယ်၊ ဒေါက်တာ မောင်မောင်ကြီးနဲ့ လူနာဟောင်း ကုန်သည် ဦးအောင်ဇင်၊ အဲဒီ ငါးယောက် မိတ္ထီလာသွားပြီး နေရာကြည့်ရမယ်။ မိတ္ထီလာနဲ့ မလှိုင်သွားလမ်းတလျှောက်ကို ကြည့်ရမှာပဲ။ အဲဒီမှာ သစ်ပင်တွေ ပေါက်ပုံလည်း အာရောဂျံနဲ့တူတယ်။ လေကလည်း ခြောက်သွေ့တယ်။ နေရာလည်း ကျယ်တယ်။ ရေကိုတော့ ထုံးစာတ်ပါတယ်၊ မပါတယ် ဆိုတာကို ကိုယ်တို့စမ်းကြည့်ရမယ်”

“ငွေရေး ကြေးရေးကော”

“လူနာဟောင်းတွေ အကြံပေးသလို ခု စုရတဲ့ငွေနဲ့ ကိုယ်နိုင်သလောက် စမယ်လေ။ တဖြည်းဖြည်း ငွေရှာရသလောက် ပစ္စည်းကိရိယာ ဝယ်မယ်”

မွေးသည် ခေါင်းတညိတ်ညိတ် နားထောင်နေ၏။

“မွေးရဲ့စိန်တွေကို နက်ဖြန်ပို့လိုက်မယ်။ စာရင်းထဲမှာတော့ ကွယ်လွန်သူ ဒေါ်မမညွန့် လှူဒါန်းပါတယ်လို့ ကိုကိုနိုင့်အမေနာမည် ထည့်ပေးပါ”

“သူတို့သုံးယောက် နက်ဖြန် ခရီးစထွက်ပြီး မိတ္ထီလာကနေ စောင့်မယ်၊ အတွတ်နဲ့ မွေးက သန်ဘက်ခါမှ လိုက်ဖို့အတွက် စီစဉ်ထားတယ်၊ ဘာလို့လဲဆိုတော့ မေမေ့ကို စောင့်နေတယ်၊ မေမေ ဝါးခယ်မ ပြန်နေလို့ အိန္ဒိယက ပြန်မှ မတွေ့ရသေးဘူး”

“ကောင်းပါတယ်လေ”

မွေးသည် ပြတင်းအပြင်ကို ငေးမျှော်ကြည့်နေ၏။ အတွတ်ကတော့ မွေး၏မျက်နှာကိုသာ စေ့စေ့ကြည့်နေသည်။ သူ့အကြံအစည်ကို ထုတ်ဖော်ပြောသင့် မပြောသင့် ဆုံးဖြတ်မရဟန်ရှိလေ၏။ သူ့ရင်ထဲတွင်မူ တသက်တာတွင် မလှုပ်ရှားဖူးသော လှုပ်ရှားခြင်းမျိုးဖြင့် ရင်ခုန်နေတော့သည်။ တံတွေးများကို ခဏ ခဏမျိုရင်း စကားပြောရန် ကြိုးစားနေ၏။

နောက်ဆုံး သက်ပြင်းချလိုက်ကာ...

မွှေး

ဟူ၍ ခေါ်လိုက်သည်။ သူ့ခေါ်သံသည် တုန်တုန်ယင်ယင်ဖြစ်၍ မွှေးက အံ့သြစွာ သူ့ကို လှမ်းကြည့်လိုက်သည်။ သူ့မျက်လုံးများသည် အတော်ပင် အရောင်တောက်ပနေတော့သည်။ အမှန်တော့ အတွက်သည် ဝမ်းထဲက သတ္တိရှိလာသလောက် သူ့မျက်လုံးကပါ တောက်ပလာခြင်း ဖြစ်သည်။

"အိန္ဒိယမှာတုန်းက ဟိုရေပေးကန်သွားတဲ့ညနေကို သတိရသေးလား"

သူ့မေးခွန်းမှာ အရင်ကလည်း မေးဖူး၍ မွှေးက ပြုံးရယ်ပစ်လိုက်သည်။

"သတိရပါတယ်အတွက်ရဲ့ ဘာလဲ ကိုကိုနိုင်ပေးတဲ့စာအကြောင်း ပြောဦးမလို့လား"

"မဟုတ်ဘူး"

သူသည် သွက်သွက်ပြောလာ၏။

"အဲဒီညနေက အတွက် လက်ထပ်ဖို့ မွှေးက တိုက်တွန်းတာလေ၊ သတိရသေးသလား"

"ဪ... ဒါလား၊ သတိရပါတယ်။ ကဲ... ဟုတ်ပါရဲ့၊ ပညာစုံ၊ ကြင်ရာလည်းစုံ။ အဲဒီ မိန်းကလေးကို မွှေး ပြောပေးမယ်။ ဒေါ်ဒေါ်လည်း နက်ဖြန်ရောက်မှာ မဟုတ်လား"

မွှေးက ရွှန်းရွှန်းဝေဝေ ပြန်ပြော၏။

"ဟုတ်တယ်၊ အဲဒီ မိန်းကလေးက ဘယ်သူလဲဆိုတော့... မွှေးပဲ"

သူသည် တောက်လျှောက်ကြီး ပြောချလိုက်၏။ သူ့မျက်လုံးများကိုမူ မွှေးမျက်နှာမှ မခွာပေ။ သူသည် ဘာပဲဖြစ်ဖြစ် ဇွတ်နှစ်မည့်ဟန် ပေါက်နေသည်။

ဘုရားရေ... ဘုရား... ဘုရား

မွှေးက အလွန့်အလွန်ပင် အံ့သြခြင်း၊ အံ့အားသင့်ခြင်းဟန်ဖြင့် ကြောင်၍ကြည့်ကာ ဆိုဖာနောက်မှီသို့ ယိုင်သွားတော့သည်။

"ဘာပြောတယ်"

ဟု ခပ်ကြောင်ကြောင် ကြည့်ကာ မယုံသင်္ကာသလို မေးပြန်သည်။

"မွေးလို့ ပြောနေပါပကော"

မွေးသည် မလှုပ်မရှား ကျောက်ရုပ်လို ငြိမ်သက်ကာ သူ့ကို ကြည့်နေ၏။

"မွေးကတော့ ထင်မှာပဲ။ ကိုကိုနိုင့်အိမ်ပေါ်ကမှ မဆင်းရသေးခင် ဒီစကားတွေ ပြောရက်တာ အံ့ပါရဲ့လို့ ထင်မှာပဲ၊ ဒါပေမင့် ပြောရတယ် မွေး။ ကိုယ်နောက်ကျတတ်လွန်းလို့ ဒီတခါ ဖွင့်မိုက်ပြီး ပြောရတာ"

မွေးသည် သူ့ကို ရဲတင်းစွာပင် စိုက်ကြည့်နေဆဲ ဖြစ်သည်။ ယခုမှ အသက်ရှူဖို့ သတိရသလို တချက် ရှိုက်၍ ရှူလိုက်၏။

"ဖြစ်မှ ဖြစ်ရလေ အတွတ်ရယ်။ အတွတ် ဘာတွေ ပြောနေတာလဲ"

မွေးက ခပ်တိုးတိုး ဆို၏။

"အတွတ်ပြောတာ ရှင်းရှင်းလေးပဲ မွေး။ မွေးကို အတွတ်ချစ်တာ ခုမှမဟုတ်ဘူး။ အဲ-ဟိုကဗျာလေး ရွတ်ပြတဲ့ ညနေကတည်းက ချစ်ခဲ့တာပဲ။ "မချောစရာ ချောစရာလျှင်" ဆိုတဲ့ ရှင်တေဇောသာရကဗျာကို ရွတ်ပြတဲ့နေ့ကတည်းကပဲ။ ဒါပေမင့် ကိုယ်က ဝမ်းထဲက အချစ်ကို ဖော်မပြတတ်ဘူး။ အမြဲပဲ နှောင့်နှေးခဲ့တယ်။ ဖရက်က လက်ဦးသွားပြန်တော့ အတွတ် ဘယ်လောက် ရင်နာခဲ့ရတယ်ဆိုတာ မွေး မသိဘူးနော်"

အတွတ်သည် စကားပြောရာ၌ ရဲရဲဝံ့ဝံ့ ဖြစ်လာ၏။ သူသည် ထိုမျှ ရဲဝံ့စွာ အချစ်ရေးကိစ္စတွင် ပြောတတ်လိမ့်မည်ဟု သူ မထင်ခဲ့။ ယခုတော့ ဘာကများ တိုက်တွန်း၍မသိ။ သူသည် နှစ်ရှည်လများ ခံစားခဲ့ရသမျှကို ရင်ထဲမှ အန်ထွက်လာကြ၏။

"ဒါပေမင့် အတွတ် အချစ်ဟာ ငါရရင် ပြီးရောဆိုတဲ့ ကိုယ့်တဖက်တည်း ကြည့်တဲ့ အချစ်မျိုး မဟုတ်ခဲ့ပါဘူး။ ကိုယ်ချစ်တဲ့မွေးကို စိတ်ချမ်းသာစေချင်တယ်။ ဒါကြောင့် ဖရက်ထံက စာတွေကိုတောင် မွေး စိတ်ချမ်းသာပါစေတော့လို့ ကိုယ်တိုင်ယူပေးခဲ့တဲ့အခါများ ရင်ထဲမှာ နင့်နေခဲ့ပါတယ်"

မွေးသည် မျက်လွှာချလိုက်တော့သည်။ သူသည် စကားတလုံးမှ ပြန်မပြောတော့။ ကျောက်ဆစ်ရုပ်တုလေးကို လှပစွာ ငြိမ်သက်နေ၏။

"ဖရက် မွေးကို ခွဲသွားတော့ ရှင်းရှင်းဖွင့်ဝန်ခံရရင် အတွတ် ကျိတ်ဝမ်းသာမိခဲ့တယ်။ အင်္ဂလန်ကို မထွက်ခင် မွေးကို တောင်းယူမလို့။ မွေးနဲ့

ကြီးကြီးတင်တို့က အတွက်အပေါ် မောင်လို၊ သားလို အခင်ကြီး ခင်နေကြတဲ့စိတ်ကို ရင်မဆိုင်ရဲတာနဲ့ အတွက်အချစ်ကို မဖော်ပြနိုင်ခင် ကိုကိုနိုင်က လက်ဦးသွားပြန်ရော။ ကြီးကြီးတင်က ကိုကိုနိုင်နဲ့ သိပ်သဘောကျတယ်။ သူကပဲ အတွက်ကတဆင့် မွေးကို နားချခိုင်းပြန်တော့ ကိုယ်က ကိုကိုနိုင်နဲ့ မပေးစားပါနဲ့ဗျာ၊ ကျွန်တော်နဲ့ ပေးစားပါလို့ မပြောရက်ဘူး။ ဒါတွေဟာ ကိုယ်ညံ့တာတွေဆိုရင်လည်း ခံရမှာပဲ မွေး”

သူသည် ခေတ္တရပ်လိုက်၏။ မွေး၏ မျက်နှာမှစ၍ ခြေဖျားအထိ သူသည် အပြန်ပြန် ကြည့်မိသည်။

“အဲဒီနေ့တုန်းက ကိုကိုနိုင့်ယူဖို့ နားချရတုန်းကများ အတွက်ရဲ့နှလုံးသားတွေကို နုပ်နုပ်စဉ်းခံရသလိုပါပဲ။ ကိုကိုနိုင်ကလည်း အင်မတန် သဘောထား ပြည့်ဝသူမို့ ကိုယ်လည်း နောက်ဆုတ်ပေးလိုက်ပါတယ်။ အင်္ဂလန်ကို ထွက်သွားရတုန်းကများ တနေ့မှ မပျော်ရွှင်ဘူး။ မွေး နည်းနည်းမှ မရိပ်မိဘူးပေါ့”

မွေးက စကားတလုံးမှ ပြန်မပြော၊ မျက်လွှာပင် ဝင့်၍ မကြည့်ပေ။

“မွေး၊ အတွက်ကို စကားပြောပါဦး”

သူသည် ကိုယ်ကိုညွတ်ကာ မွေးမျက်နှာကို လိုက်ကြည့်ပြန်၏။

“အိန္ဒိယမှာ ကိုယ်တို့နှစ်ယောက် ပြန်တွေ့တော့ ဝမ်းသာလိုက်တာ မပြောနဲ့တော့။ ဒါပေမင့် အတွက် သစ္စာရှိရှိနဲ့ မွေးကို စောင့်ရှောက်ခဲ့ပါတယ်။ မင်းတို့နှစ်ယောက်ပေါ်မှာ ကိုယ်ထားခဲ့တဲ့ စေတနာကို မွေး သိရဲ့လား။ သိရင် မွေး ခေါင်းညိတ်ပြပါကွယ်”

မွေးသည် ခေါင်းညိတ်လိုက်၏။

“ဘာကြောင့် ဒီစကားပြောရသလဲဆို ကိုယ် သူများမိန်းမကို ကြာခိုချင်တဲ့အကောင် မဟုတ်ဘူးဆိုတာ သိစေချင်လို့။ ခုတော့ မွေးတို့နှစ်ယောက် ရေစက်ကုန်ကြပြီ။ အကြောင်းကံ ပြန်မဆုံတော့ဘူး။ ဆုံစရာ ရှိသေးတယ်ဆိုရင်လည်း ကိုယ့်စကားတွေကို ပြန်ရုပ်သိမ်းပါတယ်။ မဆုံကြတော့ဘူးဆိုရင်ဖြင့် အတွက် စောင့်စားလာရတဲ့ အနှစ်နှစ်အလလ ဆန္ဒကို ဖြည့်ပါ မွေးရယ်။ ကုန်ခဲ့တဲ့အချိန်တွေလို နောက်ကျမှာစိုးလို့ ချက်ချင်း စဉ်းစား၊ ချက်ချင်း ဆုံးဖြတ်ပြီး ပြောတာပါ။ ဟင်... မွေး ဘယ်လို ဆုံးဖြတ်လဲ မွေးရယ်၊ အတွက်ကို စကားပြောပါဦး”

မွေးသည် ငြိမ်မြဲတိုင်း ငြိမ်သက်နေရာမှ သူ့ခြေဖျားလေးများကို တဖက်နှင့်တဖက် ပွတ်နေ၏။ သူ့တသက်တွင် မမျှော်လင့်သော စကားကို

ကြားရရှိသာမက အတွတ်၏ ကြေကွဲဖွယ် ဇာတ်လမ်းအတွက် သူ မျက်နှာထားရခက်နေတော့သည်။

အတွတ်ကမူ သူ့ကို ကြည့်ကာ ပြောပြန်သည်။

"တခါမှ အချစ်နဲ့ပတ်သက်လို့ အတွတ် မပြောခဲ့ဖူးဘူး။ ခုပြောတာလည်း ခွင့်သာရင် ပထမဆုံးပြောခြင်းပဲ၊ ခွင့်မသာရင်တော့ နောက်ဆုံးပြောခြင်းပဲ မွေး၊ မွေးကို အတွတ် ဆက်ပြီး စောင့်ရှောက်ပါရစေ"

မွေးသည် သူ့ကို မော်ကြည့်၏။ ယခုအခါ မွေးမျက်လုံးတို့သည် တောက်တောက်ပပ မရှိလှ။ မျက်ရည်များ ရစ်ဝိုင်း၍ ရီမှုန်မှုန်ဖြစ်နေတော့သည်။

"မွေးမှာ အကုသိုလ်ကံကုန်ပါပြီ။ အတွတ်နဲ့ လက်ထပ်ပြီး ပျော်ပျော်နေကြပါစို့ အချစ်ရယ်။ အတွတ်ကို ချစ်နိုင်မယ် မဟုတ်လား"

အတွတ်သည် တောင်းတောင်းပန်ပန်ပြော၏။

"အတွတ်ကို ခွင့်လွှတ်ပါ။ ဖြုန်းစားကြီး ဘာကြောင့် ပြောတယ်ဆိုတဲ့ သဘောကို မွေး နားလည်ပြီလား၊ စိတ်မဆိုးနဲ့နော်..."

"နားလည်ပါတယ်။ စိတ်မဆိုးပါဘူး"

"ဒါဖြင့် မွေးရယ် မြန်မြန်ပဲ ဆုံးဖြတ်ပါ။ အဖြေပြောပါနော်၊ ကိုယ် တခါထပ်ပြီး နောက်မကျပါရစေနဲ့"

"နောက်မကျစေရပါဘူး အတွတ်"

မွေးက အားပျော့စွာ ပြောလိုက်၏။ အတွတ်၏ မျက်နှာမှာ ရွှင်လာသည်။

"နောက်ကျတဲ့အဖြစ် ရောက်အောင်လည်း နောက်တယောက်ကို မွေး မချစ်တော့ပါဘူး။ အတွတ်ကိုလည်း မွေး လက်မထပ်ပါရစေနဲ့ အတွတ်ရယ်"

မွေးသည် ဝမ်းနည်းပန်းနည်း တောင်းပန်နေ၏။ သူ၏ပြည့်ဖြိုးသော လက်ချောင်းလေး များဖြင့် လက်ကိုင်ပဝါဖြူကိုယူကာ သူ့မျက်လုံးကို တို့လိုက်သည်။ အတွတ်ရင်ထဲတွင် တော့ ဟာခနဲ ဖြစ်သွားပြန်သည်။

အတွတ်သည် မွေး၏လက်ချောင်းလေးများကို ဆုပ်ယူကာ နမ်းလိုက်ချင်တော့သည်။

"မွေးကတည်းက ငွေဇွန်းကိုက်မွေးလာတဲ့ ကံလှတဲ့ မိန်းမပျိုတွေ

အများကြီးပဲ။ သူတို့ထဲက တယောက်ယောက်ကို ယူပါ အတွတ်။ မွှေးကို မမျှော်လင့်နဲ့တော့နော်။ မွှေး လင်နဲ့ သားနဲ့ နေချင်ရင် ကိုကိုနိုင့်ကို ဘာလို့ ခွဲသွားမလဲ။ မွှေး ကပ်နေချင်ရင် နေနိုင်တာပဲဟာ။ မွှေးကို ခွင့်လွှတ်ပါ အတွတ်ရယ်။ ကျန်းမာရေးချို့တဲ့ပြီး သားတယောက်တောင် အဖြစ်ရှိအောင် မမွေးနိုင်တဲ့မိန်းမဟာ အိမ်ထောင်ရေးကို ဘယ်မှာသာယာစေတော့မလဲ။ လူမမာကို ပေါင်းရသလို နေမှာပေါ့"

မွှေးက တလုံးချင်း အားယူကာ ဖျောင်းဖျောင်းဖျဖျ ပြော၏။

"ကိုယ် ဆရာဝန်တယောက်ပါ မွှေး"

"မွှေး နားလည်ပါတယ်၊ ငယ်ငယ်တုန်းကလိုပဲ မွှေးတို့ သန့်သန့်ရှင်းရှင်းနဲ့ မောင်နှမလို ချစ်သွားကြရအောင် အတွတ်ရယ်"

"မွှေးဟာ သိပ်စိမ်းတာပဲနော်"

"မစိမ်းပါဘူး၊ မွှေးဟာ ချစ်တတ်လွန်းလို့ ရင်နာခဲ့ရတာ သေတော့မယ်။ အတွတ်လည်း သိပြီးသားပဲ။ ထပ်ပြီး မချစ်ပါရစေနဲ့တော့။ အတွတ်ကို လက်မထပ်နိုင်ပေမယ့် အတွတ်နဲ့အတူ မွှေး အလုပ်လုပ်မှာပဲ။ အတွတ်ဘေးမှာ အတူယှဉ်ပြီး အဆုတ်နာရဲ့ဒုက္ခ ခံစားနေတဲ့ လူသားတွေအတွက် ဆောင်ရွက်ပေးနေရင် အတွတ် ကျေနပ်ပါတော့။ ခန္ဓာကိုယ်ချင်း မပူးပေါင်းရပေမယ့် စိတ်ဓာတ်ချင်း ပူးပြီး ရည်ရွယ်ချက် တခုတည်းကို အတူဆောင်ရွက်သွားမှာ မဟုတ်လား"

အတွတ်သည် မျက်နှာကြီး နီမြန်းကာ ခေါင်းငုံ့နေမိပြန်သည်။ သူ့စကားများသည် နောက်ဆုံး ပြောခြင်းပင် ဖြစ်ဟန်တူတော့၏။

"ကိုယ် တခြားမိန်းမကို ချစ်ချင်မှတော့ ဒါလောက် ကြာအောင် အချိန်မဖြုန်းဘူး မွှေး၊ ဒါလောက် ကြာအောင်လည်း မစောင့်ခဲ့ဘူး"

"မွှေး သိပါတယ် အတွတ်၊ ဒါပေမင့် အချိန်တွေ လွန်ခဲ့ပြီလေ။ ဒါကိုလည်း သတိရဦးမှပေါ့"

"မလွန်ပါဘူး"

"အို... ဒီလို ဇွတ်မပြောနဲ့အတွတ်။ သတိထားပါ။ တနေ့နေ့ကျတော့ အတွတ်မှာ ချစ်ချင်သူ ပေါ်လာလိမ့်မပေါ့။ ကိုကိုနိုင်တောင် ပေါ်သေးတာပဲ"

အတွတ်သည် ကလေးငယ်လို ခေါင်းကြီးယမ်းကာ လက်ကာ၏။

“မွေး အယူအဆတွေမှားနေပြီ။ ကိုကိုနိုင်လည်း မတွေ့ဘူး။ ကိုယ်လည်း တွေ့မှာ မဟုတ်ဘူး။ ဟိုဟာက ပြည့်တန်ဆာသာသာတွေပါကွာ။ မွေး ထပ်မပြောပါနဲ့။ ဒီစကားတော့ ထပ်မပြောပါနဲ့... မင်းက ဖရက်လိုလူ တွေ့ခဲ့ဖူးတာနဲ့ ယောကျ်ားတိုင်းကို ဖရက်နဲ့ နှိုင်းနေတာ”

မွေးက မဲ့ပြုံးလေး ပြုံးလိုက်သည်။

“ယောကျ်ားတွေဟာ တယ်ပြီး စကားတတ်တယ်။ အတွတ် မပြောစေချင်ရင် မပြောဘူး။ မွေး အိမ်ပေါ်တက်တော့မယ်။ သန်ဘက်ခါမနက် ခရီးထွက်ဖို့ အဆင်သင့်လုပ်ပြီး စောင့်နေမယ် ဟုတ်လား”

အတွတ်က မဖြေ။ မွေးကို စိုက်ကြည့်နေ၏။ မွေးကို အိမ်ပေါ်မတက်စေချင်သေးဟန် ပေါ်နေ၏။

“တကယ်ပဲ မွေး အတွတ်ကို မချစ်နိုင်ဘူးပေါ့၊ လက်မထပ်နိုင်ဘူးပေါ့”

မွေးက ခေါင်းညိတ်ပြ၏။ အတွတ်သည် ကုလားထိုင်ကို နောက်ပစ်မှီလိုက်တော့သည်။

“သတိရသေးတယ်၊ ကိုယ်ကဗျာလေးကို ရွတ်ပြတဲ့ညနေက မွေးကလည်း ပြန်ဆို ပြသေးတယ်လေ။ “စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ် ကြမ္မာ မမီပါခဲ့” ဆိုတာ မွေး မှတ်မိသေးလား။ ခုလည်း အတွတ်မှာ မွေးကို လက်ထပ်ချင်ပေမယ့်၊ ချစ်ချင်ပေမယ့် ကုသိုလ်ကြမ္မာ မပါတော့ဘူးလို့ မှတ်ရမှာပေါ့ မွေး”

“ဟုတ်တယ်၊ ဘယ်လိုပဲချစ်ချစ် ကုသိုလ်ကြမ္မာဆိုတာ ရှိသေးတယ်”

မွေးက မတ်တတ်ရပ်လိုက်ကာ ဆက်ပြော၏။

“အတွတ်ရဲ့စကားလုံးလေးတွေ သိပ်လှတာပဲ။ အပျိုလေးတယောက်ရှေ့မှာ ပြောနိုင်ရင် သိပ်ကောင်းမှာပဲ။ မွေးကို ခွင့်ပြုပါဦး၊ မွေး အိပ်တော့မယ်”

မွေးသည် သူ့ရှေ့မှဖြတ်ကာ လှေကားဝဆီသို့ လျှောက်သွား၏။

မွေးပြောသည်မှာ မှန်၏။ ထိုမျှ လှပသော စကားလုံးများမှာ သူသည် မွေးနှင့် ပထမဆုံး တွေ့ရပါလျက် ဘာကြောင့်များမပြောခဲ့ပါလေသနည်း။ ခုမှတော့ အချိန်များသည် နှောင်းခဲ့ပါပကော။

အပြင်တွင် မိုးသက်လေသည် ပိုမို၍ ပြင်းထန်စွာ တိုက်ခတ်လာသည်နှင့်အမျှ မိုးမှာ သည်းထန်စွာ ရွာလာဟန်ရှိ၏။

အတွတ်သည် ကျောက်ရုပ်လို ငြိမ်သက်စွာ ရပ်နေ၏။ ယခုလို အခြေမဟန်ရင်ဖြင့် စကား အဖတ်တင်ခံကာ သူ့အချစ်ကို ဖွင့်ပြောမည် မဟုတ်ပါပေ။ တွက်ခြေလွဲခဲ့ရပြန်ပါပကော။ မွေးကို နောက်ထပ် ဘယ်လိုလုပ်ကာ မျက်နှာချင်းဆိုင်ရပါလိမ့်။

"မပြောဘဲနေမိရင် ကောင်းသား"

ဟူသော နောင်တမှာ ပေါ်လာပြန်သည်။ သူ့ကိုယ်သူလည်း အပြစ်တင်မိ၏။ ဘယ်လို မိန်းမပင်ဖြစ်ဖြစ် တယောက်နှင့်မှ မကွဲကွာရခင် တယောက်အချစ် လက်ခံဖို့ ဆိုသည်မှာ မလွယ်ပေ။ အထူးသဖြင့် မွေးလို မိန်းမအတွက် သာလွန်၍ မလွယ်ပါတကား။

ယခု တခါမှ သာ၍ ရှက်လည်း ရှက်သည်။ ငိုလည်း ငိုချင်သည်။ မြန်သင့်သည့် အချိန်တွေတုန်းက အမြဲ နှောင့်နှေးခဲ့၏။ နှေးကွေးရမည့်အချိန်ကျမှ အလောတကြီး လုပ်မိသည် တကား။ အချိန်ကို မတွက်တတ်သော သူ့အဖြစ်ကို ဒေါသဖြစ်လာ၏။

မိန်းမယူသောအတတ်နှင့် ဆရာဝန်အတတ်တို့သည် မတူပါတကားဟု သူ့စိတ်ကို သူဖြေကာ မတ်တတ်ရပ်လိုက်စဉ်တွင် လှေကားဘက်ဆီမှ ပြင်းထန်သော ခြေသံနှင့်အတူ ကိုကိုနိုင်ရော မွေးပါ ဧည့်ခန်းသို့ ဝင်လာသည်ကို အတွတ်က တွေ့ရ၏။

ကိုကိုနိုင်သည် အထူးပင် ရွှင်လန်းအားရဟန်ရှိကာ ဘယ်လက်တဖက်နှင့် မွေး၏ပခုံးကို ပိုင်ပိုင်နိုင်နိုင် ဖက်၍ လျှောက်လာသည်။ မွေး၏မျက်နှာတွင်မူ ဘာမျှ ထူးထူးခြားခြား အသွင်ကို မတွေ့ရရုံမက ကိုကိုနိုင့်အမူအရာကို အတွတ်လိုပင် နားမလည်ဟန်ရှိ၏။ ကိုကိုနိုင်သည် ညာလက်ထဲမှ စာတအုပ်ကိုလည်း ကိုင်လာခဲ့သည်။ သူသည် ရုတ်တရက် အားရစွာ ရယ်လိုက်၍ မွေးရော အတွတ်ပါ လန့်သွားသည်။

"မွေး… ဒီမှာ ထိုင်ဦး၊ အတွတ်လည်းထိုင်…"

သူသည် မွေးကိုယုယစွာ ထိုင်ခိုင်း၍ မွေးအနားတွင် သူက ထိုင်လိုက်သည်။

"မွေးကို ကိုကိုနိုင် တသက်လုံး ကွာမပေးဘူးဆိုတာ ပြောမလို့"

အတွတ်က ပါးစပ်ဟသွားကာ မွေးမျက်လုံးများကမူ အံ့ဩဟန်ရှိသွားသည်။ ကိုကိုနိုင်သည် လက်ထဲမှ စာအုပ်ကို ဖွင့်ပြလိုက်လျှင် စာအုပ်ထဲတွင် ညနေက တွေ့ရသော ပန်းခြောက်လေး ထွက်လာ၏။

"ကျွန်တော်က စစ်ဗိုလ်ပေမယ့် သိပ်စိတ်ကူးယဉ် တွယ်တာတတ်တယ်။ ဒီပန်းခြောက်ဟာ ကျွန်တော် ဆယ်တန်းနှစ်ကတည်းက သိမ်းလာခဲ့တဲ့ ပိတောက်ပန်းခြောက်၊ ပိတောက်ပန်းကို ကျုပ်က အမျိုးသားပန်းလို သဘောထားပြီး သိပ်မြတ်နိုးတဲ့အကောင်။ ပိတောက်ရနံ့ မွှေးလာရင် ကျုပ်ဟာ အားသစ်တွေ အမြဲကြွလာခဲ့တယ်။ ဒီပိတောက်ပန်းခက်ကို ခြောက်သွားချိန်မှာ စာအုပ်ကြားထဲ ညှပ်ပြီး သိမ်းခဲ့တယ်။ လွှင့်မပစ်ရက်ပါဘူး။ အနံ့လည်းမရှိ၊ အဆင်းလည်းမဲ့တဲ့ ပန်းခြောက်ကိုတောင် မစွန့်ပစ်ရက်တဲ့ ကျုပ်လိုကောင်က မွှေးကို စွန့်ပစ်ရမယ်ဆိုရင် ရာဇဝင် ရိုင်းလှတယ် အတွတ်"

အတွတ်သည် ယခုအခါ ပါဝင်စွက်ဖက်၍ မပြောတော့ပေ။

"မွှေးကလည်း ကျုပ်အချစ်ကို စမ်းတာ ဖြစ်ချင်ဖြစ်မယ်။ ကိုကိုနိုင့်အနေနဲ့တော့ မွှေးကို ကွာမပေးဘူး။ ဒီအိမ်ကြီးမှာ ကိုကိုနိုင်မိန်းမအဖြစ် မွှေးရှိနေရင် ကိုကိုနိုင် ကျေနပ်ပြီ။ မွှေးလုပ်ငန်းတွေမှာရော ကိုကိုနိုင် ဘာလို့မကူနိုင်ရမှာလဲ။ အပြောင်းအလဲ မဖြစ်ကြဘဲနဲ့ ကိုယ်လုပ်ချင်တဲ့လုပ်ငန်းတွေ အောင်မြင်ရင် သာပြီး မကောင်းဘူးလား"

ကိုကိုနိုင် စကားဆုံးလျှင် မွှေးသည် ကိုကိုနိုင် ဖက်ထားသောလက်ကို ဖယ်လိုက်၏။ သူ့မျက်နှာသည် တည်ငြိမ်ဆဲပင်ဖြစ်ကာ ကိုကိုနိုင့်အပါးမှ ခွာရင်း အသံမှန်နှင့် စကားပြောလိုက်၏။

"အပြောင်းအလဲကို မွှေးက သာမဖြစ်စေချင်သေးတယ်။ အထူးသဖြင့် ကိုကိုနိုင့်အပေါ် ထားရှိတဲ့ သဘောထားကို သာပြီးမပြောင်းချင်သေးတယ်။ ဒါပေမင့် ဒီအပြောင်းအလဲကို ဘယ်သူက ဖန်တီးခဲ့တာလဲ။ ရှိပါစေတော့။ ဒါတွေ မွှေးပြန်ပြီး ဘယ်သူ့အမှားရယ်ဆိုတာ စိစစ်မပြပါရစေနဲ့တော့။ အိမ်ထောင်ရဲ့သုခကို မပေးနိုင်တော့တဲ့ မိန်းမတယောက်ဟာ ဘယ်လိုပဲ အခွင့်သာသာ ကိုယ်ကျိုး တခုတည်း ကြည့်ပြီး တွယ်ကပ်ပေါင်းနေဖို့ မသင့်ဘူး။ တဖက်လူကိုလည်း ကြည့်ရမယ်။ တခုကလည်း မွှေးဟာ ပိတောက်ပန်း မဟုတ်ဘူး၊ လူ။ ပိတောက်ပန်းသာ ဗီရိုထဲမှာ အမြတ်တနိုး ထားလို့ရမယ်၊ လူဆိုတာကတော့ ထားရာမှာ နေလိုမှ နေချင်မယ်။ သူ့ကိုယ်ပိုင်တွေးခေါ်မှုလေးတွေ ရှိမှာပဲ။ အခုဆုံးဖြတ်ချက်ဟာ မွှေးကိုယ်ရေးအတွက် မဟုတ်ဘူး။ မွှေးရဲ့ကျေးဇူးရှင်အတွက်ပဲ။ မွှေးကို လွတ်လပ်ခွင့် ပေးကြပါတော့"

မွှေးသည် နောက်ဆုံးစကားလုံးများကို ဟစ်အော်ပြောဆိုလိုက်ကာ လှေကားရှိရာသို့ ပြေးသွားတော့သည်။

■

နောက်နေ့နံနက်စောစောတွင် မိုးများသည်းထန်စွာ ရွာကျနေကြလေသည်။ နံနက်ခင်း နေရောင်ခြည်ပင် ပြူထွက်မလာသေး၍ မှောင်ကျနေသလို ဖြစ်နေပေသည်။

အတွတ်၏ကားလေးသည် ကိုကိုနိုင်တို့အိမ်၏ဆင်ဝင်အောက်တွင် ရပ်လိုက်သည့် တပြိုင်နက် သံဆွဲတံခါးသည် ပွင့်၍လာသည်။ တံခါးဝတွင် မွေး၏နောက်မှ ကိုကိုနိုင် ထက်ကြပ်ပါ၍ လာခဲ့၏။ အတွတ်ရှိရာသို့ ကိုကိုနိုင်သည် ငုံ့၍ တချက်ကြည့်ကာ နောက်ပိုင်းတံခါးကို မွေးအတွက် ဖွင့်ပေးလိုက်သည်။

မွေးသည် ရှောစောင် အညိုတထည်ကို ခြုံကာ ငြိမ်သက်စွာ ကားပေါ်သို့ တက်လိုက်၏။ ကားတံခါးကို ကိုကိုနိုင်သည် ဖြည်းညင်းစွာ ပိတ်ပေးကာ တံခါးဝတွင် ငြိမ်သက်စွာ ကျောက်ရုပ်ပမာ ရပ်နေသည်။ ကိုဘဆောင်တို့က ပစ္စည်းများကို ကားထဲသို့ ထည့်လိုက်၏။ ကားသည် မိုးရေထဲသို့ လိမ့်ကာ မောင်းထွက်သွားတော့သည်။ အတွတ်သည် တဖက်မှ ကားမောင်းရင်း တဖက်မှ ကိုကိုနိုင်ကို လက်ဝှေ့ယမ်းကာ နှုတ်ဆက်လိုက်သည်။ ကိုကိုနိုင်က ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ မွေးသည် ကိုကိုနိုင်ရှိရာသို့ တချက် ငဲ့၍ ကြည့်လိုက်၏။ သူ့မျက်လုံးရှိ မျက်ရည်များကြောင့်လား၊ ရေစွတ်စိုနေသော ကားမှန်ကြောင့် လား မသိ။ ကိုကိုနိုင်ကို သဲကွဲစွာ မမြင်ရပေ။

မိုးမှာကား... ပိုမိုသည်းထန်ရွာကျလာကာ လိမ့်၍ ပြေးသွားသော ကားလေးပေါ်သို့ သွန်ကျလာကြသည်။

လက်မထပ်ရသည်ပင် ရှိစေဦးတော့၊ ယခုလို ချစ်သောသူနှင့် ရည်ရွယ်ချက်တခုတည်းသို့ အတူသွားရသည်မှာ အတွတ်အတွက် စိတ်ဖြေစရာပင်တည်း။

မိုးဖြိုင်ဖြိုင် ရွာသွန်းလာခဲ့သော ယခုလိုအချိန်သို့ ရောက်ပြီဆိုလျှင် အတွတ်နှင့် မွေးတို့ အတူတကွ မွေးဖွားလာခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွက်များထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်။

■

ခင်နှင်းယု



ကုသိုလ်ကြားမှာမမီပါခဲ့

ကုသိုလ်ကြားမှာ မမီပါခဲ့
ခင်နှင်းယု

ကုသိုလ်ကြမ္မာ မပါခဲ့

"ချစ်လှစွာသော မကျည်းတန်" တဲ့။

"ဟေး... ရစ်ချတ်... ရစ်ချတ်၊ လာပါဦး"

အလန့်တကြား ခေါ်လိုက်သော မိုနာ၏ အသံကြောင့် ရစ်ချတ်သည် သူ့အဖေ၏ အိပ်ခန်းသို့ ပြေးဝင်လာ၏။

"ဟင်... ဘာလဲ မိုနာ"

"ဒီမှာ ဖတ်ကြည့်စမ်း၊ ဒါ ရစ်ချတ်တို့ ဒက်ဒီ လက်ရေးမို့လား"

မိုနာသည် စားပွဲပေါ်မှ စာရွက်ပြာကလေးပေါ်သို့ လက်ညှိုးထိုးပြ၏။ ရစ်ချက်သည် စာရွက်ကို ဖတ်ကြည့်ရင်း -

"မထိနဲ့ မိုနာ၊ သူ့စာရွက်ကို မထိနဲ့၊ ဖေဖေက ခြေရာလက်ရာ ပျက်နေရင် ကိုယ့်ကို ဆူဦးမယ်၊ မိုနာ ဘာဖြစ်လို့ ဖေဖေ့ အိပ်ခန်းထဲ ဝင်သွားရတာလဲ" ဟု မေးလိုက်၏။

"ဩော်... ယောက္ခမလောင်းကြီးကို မျက်နှာလုပ်မလို့ ကော်ဖီသောက်ရအောင်လို့ ခေါ်တာ တွေ့လည်း မတွေ့ဘူး။ မျက်စိက စားပွဲပေါ် ရောက်သွားတာနဲ့ စာရွက်ကို ကြည့်မိလိုက်တာပါ။ မိုနာ ဘာကိုမှ မကိုင်သေးပါဘူး။ စားပွဲပေါ်မှာ ဒီစာကို ဖတ်မိလို့ ရစ်ချတ်ကို ခေါ်ပြတာ"

ဖေဖေ မနက်အစောကြီးက လမ်းလျှောက်ထွားပြီ၊ လာ ကော်ဖီသောက်လေ၊ ရစ်ချတ် ပေါင်မုန့်ကို ထောပတ် သုတ်ထားတယ်၊ သူများက ကော်ဖီစားပွဲက စောင့်နေတာ၊ သူကဖြင့် ဖေဖေ့အိပ်ခန်းထဲ ရောက်နေတယ်"

မိုနာသည် ရစ်ချတ်ဆွဲခေါ်ရာသို့လိုက်လာပြီး ပခုံးကလေးတွန့်ကာ ခေါင်းကို ခါယမ်းလိုက်၏။ ခေါင်းထဲမှာ မရှင်းသောဟန်နှင့် လက်ဆယ်ချောင်းစလုံး ဆံပင်ထဲသို့သွင်း၍ ဖရိုဖရဲကျနေသော ဆံပင်များကို သပ်လိုက်၏။ ရစ်ချတ်ဘေးတွင် ထိုင်ချလိုက်သည်။

"ပါးစပ်ဟာ"

ရစ်ချတ်သည် လှပစွာ ဖွင့်လိုက်သော မိုနာ၏နှုတ်ခမ်းနီနီပေါ်သို့

ပေါင်မုန့်ကို ထည့်ပေးလိုက်၏။ အနားမှ ကော်ဖီငှဲ့ပေးနေသော ဘကြီးပြော့ကို သူတို့သည် လုံးဝ သတိမထားမိ။ ဘကြီးပြော့သည် မကြည့်ရဲသလို ခေါင်းငုံ့၍ ဝက်အူချောင်း ကြော်ထားသော ပန်းကန်ကို ထပ်မံချပေးကာ မီးဖိုဘက်သို့ ဝင်သွားသည်။

မိုနာသည် ပေါင်မုန့်ကို ဝါးရင်းမှ ခပ်ဟစ်ဟစ် ရယ်သွမ်းသွေးလိုက်သည်။

"ယူတို့ဒက်ဒီ ရည်းစားနာမည်ကလည်း မကျည်းတန်တဲ့၊ အမယ်လေးဟဲ့၊ ပြီးတော့လည်း ယူတို့ ဖားသားကြီးက အသက် ၅၀ ပြည့်တော့မယ် ထင်တယ်"

"ဘာဖြစ်လို့လဲ မိုနာ၊ ၄၀ ကျော်လေး ရှိပါသေးတယ်"

"အမယ် ကိုယ်တို့ ဒက်ဒီတောင် ၅၂ နှစ်ရှိပြီ"

"၅၀ ပဲဖြစ်ဖြစ်၊ ၄၀ ပဲဖြစ်ဖြစ်၊ အဲဒါ ဘာဖြစ်လဲ"

"မိုနာ ရယ်ချင်လို့ပါ၊ အသက် ၅၀ နီးနေတဲ့ အဖိုးကြီးက ရည်းစားစာရေးနေလို့"

"မိုနာနော်.. တခြားဟာတွေတော့ အားလုံး အလိုလိုက်မယ်၊ ဖေဖေ့ကိုတော့ ရစ်ချတ် ခေါ်သလို ဖေဖေလို့ ခေါ်ချင်ခေါ်၊ အန်ကယ်လို့ ခေါ်ချင်လည်းခေါ်၊ ဟင်း... အဖိုးကြီးလို့တော့ မခေါ်ရဘူး"

မိုနာက တခစ်ခစ် ရယ်ပြန်သည်။

"မခေါ်ပါဘူး မခေါ်ပါဘူး၊ မိုနာပြောချင်တာက အဖိုးကြီးပဲ ဖြစ်တော့မယ်၊ ရည်းစားစာ ခုမှ ရေးတုန်းဆိုတော့ အမယ်လေး... ဘယ်တော့မှများ ညားတဲ့အခန်းရောက်မလဲလို့ မိုနာ သိချင်လို့ပါ"

ရစ်ချတ်သည် ပေါင်မုန့်နှစ်ချပ်ကြားတွင် ဝက်အူချောင်း ပါးပါးလှီးထားသည်များကို စီရီထည့်၍ မိုနာရှေ့ရှိ ပန်းကန်ပြားထဲတွင် ထည့်လိုက်သည်။ ပြီးတော့ သူသည် သူ့အတွက် ဝက်အူချောင်းနှင့် ပေါင်မုန့်ကိုစားရင်း ခပ်ငိုင်ငိုင်လေး စဉ်းစားနေ၏။

"နာမည်ကလည်း မကျည်းတန်တဲ့၊ ယူတို့ဒက်ဒီနဲ့ အသက်က မတိမ်းမယိမ်း ရှိနေမယ့် အရွယ်ပေါ့နော်။ ၄၀ ကျော်ပြီးတဲ့နောက်မှ မိန်းမတယောက်ဟာ လှပါဦးမလား၊ မိုနာ စဉ်းစားတာပါလေ၊ အတော်လှတယ်ဆိုတဲ့ မိန်းမတောင် ၄၀ ကျော်လာရင် အလှဟာ မှေးမှိန်သွားရော၊ အခု စာထဲအလိုဆိုရင် နာမည်က မကျည်းတန်၊ အရွယ်က ၄၀ ကျော်၊ ဟင်... လှပါဦးမလား၊ ဒီအမျိုးသမီးကို ယူတို့

ဒက်ဒီက ခုမှ စာစပေးရမယ်ဆိုတော့၊ အိုး... မိုနာတို့အဖို့တော့ အခိပ္ပာယ် မရှိပါဘူး။ အလှမရှိရင် အချစ်မရှိပါဘူးကွယ်၊ ဟဲ... ဟဲ ရစ်ချတ်ရယ်၊ မိုနာ့ကိုလည်း လှလို့ ယူချစ်တာ မဟုတ်လား၊ မိုနာ့နှုတ်ခမ်းလေးက မိုနာလီဇာနဲ့ တူတယ်ဆို၊ မိုနာ့ဒက်ဒီကလည်းလေ ကိုယ်တို့မာမီကို မိုနာလီဇာနဲ့ တူတယ်ဆိုပြီး ယူတာတဲ့၊ မိုနာ မွေးလာတော့ မာမီနဲ့ အဲဒီ နှုတ်ခမ်းလေးတခုပဲ တူတယ်။ ဒါပေမင့် ဒက်ဒီက ပန်းချီကားထဲက နှုတ်ခမ်းလေးနဲ့တူလို့ မိုနာလို့ မှည့်တာ၊ မော်လီတို့ မွေးနေ့တုန်းက တော်မီတို့၊ ဂျွန်တို့နဲ့ မော်လီတို့အိမ်မှာ ကပွဲလုပ်တော့ တော်မီကတောင် ပြောသေးတယ်၊ မိုနာရယ်၊ မင်းနှုတ်ခမ်းဟာ တကယ့် မိုနာလီဇာပါပဲတဲ့၊ ဟဲ... ဟဲ အဲဒီနေ့က ယူနဲ့ တော်မီတောင် ထပြီး ထိုးကြမယ် ဖြစ်သေးတယ်လေ”

“အို... အဲဒီညအကြောင်း ပြန်မပြောပါနဲ့၊ ကဲ... ထ၊ ဖေဖေက ကမ်းခြေက စောင့်ချင် စောင့်နေမှာ”

“အိုး... ဟိုးဟိုး... နေပါဦး၊ သွားတိုက်ရဦးမယ်”

မိုနာသည် ရေချိုးခန်းရှိရာသို့ သွားပြီး သွားတိုက်နေသည်။

“ဒေါ်သိန်း ရှိလား၊ ဘကြီးပြော့ ရှိလား၊ စားပွဲ သိမ်းတော့”

ရစ်ချတ်သည် မီးဖိုဘက်သို့ အော်ပြောလိုက်၏၊

မိုနာ ရေချိုးခန်းမှ ထွက်လာသောအခါ နှစ်ယောက် လက်တွဲ၍ ကမ်းစပ်ရှိရာသို့ ဆင်းသွားသည်။ ဒေါ်သိန်းသည် ထမင်းစားခန်းထဲသို့ ဝင်လာ၍ ဗန်းတချပ်နှင့် စားသောက်ပြီး ပန်းကန်များကို သိမ်းနေသည်။

“မသိန်း၊ သူတို့ သွားပြီလား”

ဘကြီးပြော့သည် ဝင်လာရင်း မေးလိုက်၏။

“သွားပြီလေ၊ ကျုပ်တော့ စိတ်မောလိုက်တာ ကိုရင်ရယ်။ ပေါင်မုန့်တွေ၊ ဝက်အူချောင်းတွေ စားပြီးမှ အဲဒီကလေးမ သွားတိုက်တယ်။ ခေါင်းကလည်း စုတ်ဖွားနဲ့၊ ပင်လယ်ကမ်းစပ်မှာ လမ်းလျှောက်ရင်း မမကြီးတို့၊ မမလေးတို့နဲ့ တွေ့ရင် ဒုက္ခပဲ။ မမလေးက အတင်းပြောရတတ်တဲ့ အထဲ။ အဲဒီကလေးမ ပုံပန်းကလည်း တမျိုးကြီးပါတော်၊ ရှင်က စောင့်ခိုင်းလို့ ဒီအနားက စောင့်နေရင်း သူတို့ ပြောတာ နားထောင်နေမိတယ်။ ဟာ... ကလီဇာရော၊ တော်ပီရော စုံလို့”

ဘကြီးပြော့သည် ရယ်လိုက်၏။

“မင်း တော်ကြာ နားယဉ်လာမှာပါ၊ သူတို့ပြောတာ မြန်မာစကားပါကွဲ့၊

နာမည်တွေက အင်္ဂလိပ်နာမည်တွေမို့လို့”

ဘကြီးပြော့သည် နောက်ဖေးခန်းကို ပန်းကန်များ ကူသယ်သွား၏။

“ဟိုဘက်အိမ်ကိုသာ တခါတည်း သယ်သွားတော့။ မနက်စာကို ဆရာကြီးရော၊ တွတ်နီတို့ လင်မယားရော မမကြီးတို့အိမ်ဘက် သွားစားမှာ၊ မမကြီးက သူ့သား စားဖို့ဆိုရင် ကိုယ်တိုင် ဟင်းအိုး ပြင်ရမှ ကြိုက်တာ”

“ဘာရခဲ့လဲ”

“ဒီနားက ဈေးပဲ သွားခဲ့တယ်။ နက်ဖြန်မှ ဆရာကြီးက ကားစီစဉ်ပေးမယ်တဲ့၊ အဲဒီတော့ သံတွဲဈေးကို သွားမယ်၊ ခု ပုစွန်ကျား ဆယ့်ငါးကျပ်သား ရခဲ့တယ်။ အဲဒါ ဆီပြန်ချက်၊ ရန်ကုန်က ပါလာတဲ့ ငါးခြောက်ရိုးနဲ့ ခရမ်းသီး၊ ရုံးပတီသီးရယ် ရောပြီး ကုလားဟင်းချက်မယ်။ ထင်းရှူးပုံးထဲက ငါးပိကြော်ပုလင်းလည်း ထုတ်ထား။ တိုလီမိုလီ လက်တိုလက်တောင်း ခိုင်းစရာရှိရင် မောင်မျိုးသန့် ခေါ်ခိုင်း”

“ဘယ်က မောင်မျိုးသန့်လဲ”

“ဟို... ယူဘီအေ တည်းခိုဆောင်က ထမင်းဆိုင်ရှင်ရဲ့သားလေ၊ ဟော... ပြောရင်းဆိုရင်း လာနေပြီ”

ရစ်ချတ်တို့ထက် အနည်းငယ် အသက်ငယ်သော သူငယ်လေးတယောက် သူတို့အနား ရောက်လာ၏။

“ဘကြီး ဘာလိုသေးလဲ၊ မနက်က ဘကြီး မှာသွားလို့ ထင်း ၁၀၀ ဟိုဘက် မီးဖိုချောင်မှာ ပုံထားလိုက်ပြီ”

“အေး... ထင်းရရင် တော်ပါပြီ၊ တခြားဟာ မလိုပါဘူး။ မောင်မျိုးသန့် ဟောဒီ မင်းကြီးတော် လိုချင်တာလေးရှိရင်သာ ကူလိုက်ပါကွယ်၊ သူနေတာက ပင်လယ်နဲ့ဝေးဝေး၊ ပေါက်မြို့သူ ဇာတိဘွဲ့၊ ပင်လယ်ကမ်းခြေတို့ ဘာတို့ မရောက်ဖူးသေးဘူး။ သူနဲ့ ဘကြီးနဲ့က ခုမှ လက်ထပ်ပြီးစ ရှိသေးတယ်”

ဒေါ်သိန်းသည် မျက်စောင်းတချက် ထိုးလိုက်၏။

“ကိုရင်ကလည်း ရှက်စရာတွေ၊ ဘာတွေ ပြောနေလဲ”

“အိုး... ရှက်စရာလား၊ ညားစမို့လို့ ညားစရှိသေးတယ်ပြောတာ”

ဘကြီးပြော့က ထပ်၍ ရှင်းလိုက်၏။

“ရှက်စရာ မဟုတ်ပါဘူး ကြီးတော်ရဲ့၊ ဒီကမ်းခြေမှာလေ အဲဒီလိုပဲ၊ ညားခါစ လင်မယား စုံတွဲတွေလည်း ဟန်းနီးမွန်းထွက်ဖို့ လာကြတာပဲ”

မောင်မျိုးသန့်က ရယ်ရင်းပြော၏။

“ဘာနီးမွန်း....”

ဒေါ်သိန်းသည် တကယ်ပင် နားမလည်သော ထိုစကားလုံး အဓိပ္ပာယ်ကို မောင်မျိုးသန့်အား မေးလိုက်၏။

“ညားခါစ လင်မယားစုံတွဲတွေ လွတ်လွတ်လပ်လပ် နေရအောင်လို့ ဒီပင်လယ်ကမ်းခြေကို လာတာကို ဟန်းနီးမွန်း ထွက်တယ်လို့ အင်္ဂလိပ်လိုပြောတာ ကြီးတော်ရဲ့”

“သိပ်ဆန်းတာပဲနော်၊ စကားလုံးတွေက”

ဘကြီးပြော့နှင့် မောင်မျိုးသန့်တို့ နှစ်ယောက်စလုံး ရယ်လိုက်၏။

“ကျွန်တော် ရယ်ချင်တာက ဘကြီးနဲ့ ကြီးတော်လည်း ညားခါစ ဟန်းနီးမွန်း ထွက်လာကြတာပေါ့... ဟဲ... ဟဲ”

“အို... ပေါက်ပေါက်ရှာရှာ၊ ဒီသူငယ်လေးကလည်း၊ ရေနစ်လို့မွန်းမှာ ဒေါ်သိန်း သိပ်ကြောက်တာပဲ၊ ဒေါ်သိန်း ရေမကူးတတ်ဘူး”

ဒေါ်သိန်းသည် မွန်းဆိုသော စကားကို သူ့အယူအဆနှင့်သူ ပြောလိုက်၏။

“ဘကြီးပြော့က ရေကူးသင်ပေးလိုက်ပေါ့၊ တချို့တော့လည်း အပန်းဖြေရအောင် လာတာပါ၊ သူတို့ ဘာတွေ ပင်ပန်းကြလဲ မသိဘူးနော်၊ သူတို့အပန်းဖြေတာကလည်း ကျွန်တော် ပန်းကန် သိပ်ဆေးရတာပဲ၊ ကျွန်တော်ကတော့ ရန်ကုန် ပြန်ချင်တယ်၊ အဖေ့ကို သနားလို့”

“ဟေ... မင်း ဒီသံတွဲက မဟုတ်ဘူးလား”

ဘကြီးပြော့က အံ့ဩဟန်နှင့် မေးလိုက်၏။

“မဟုတ်ဘူး ခင်ဗျ၊ ရန်ကုန်က၊ ရှစ်တန်းမှာ နှစ်နှစ်ရှိပြီ ကျတာ။ ဒီနှစ်တော့ အဖေက ငွေရာသီ ကျောင်းပိတ်ရက် အဖေ့ထမင်းဆိုင် လာကူပါဆိုလို့ လာကူတာ။ အဖေကလည်း ရန်ကုန်ကပဲ၊ ဒီမှာ ထမင်းဆိုင် လာဖွင့်တာ ကြာပြီ၊ ကျွန်တော့်အမေ ဆုံးကတည်းကပဲ၊ ဒီက သံတွဲသူတယောက်နဲ့ အိမ်ထောင်ကျနေတယ်။ အဖေကတော့ ပျော်နေပြီပေါ့၊ ကျွန်တော့်ကို အဖေ့နှမနဲ့ ရန်ကုန်မှာ ထားခဲ့တယ်။

ကျွန်တော်လည်း ကြိုးစားတာပဲ၊ ရှစ်တန်းကို မအောင်နိုင်ဘူး”

မောင်မျိုးသန့်သည် သူ့အကြောင်းကို နားထောင်သူ ရှိသောအခါ စိမ်ပြေနပြေ ပြောချင်သည်။

“တော်သေးတာပေါ့ကွ၊ မင်း ရှစ်တန်း နှစ်ခါကျ၊ တို့ရဲ့တွတ်နီက ရှစ်တန်းသုံးခါကျလေ”

ဘကြီးပြော့သည် ခုံခင်းကိုခါရင်း ပြော၏။

“တွတ်နီ... တွတ်နီ ဆိုတာ ဘယ်သူလဲ ဘကြီး”

“ဟို... မိုနာ့ယောကျ်ား၊ အဲ... အဲ တွတ်နီက ငယ်နာမည်၊ သူ့နာမည်က ရစ်ချတ်လေကွယ်၊ ဆရာဝန်ကြီးသား”

“ဪ... ဪ”

မောင်မျိုးသန့်သည် ခေတ္တ ငိုင်သွား၏။

“သူတို့... သူတို့၊ မိန်းမ ယူလို့ ရတယ်နော်”

“ရတာပေါ့ကွာ၊ ပြီးတော့ အဖေ့လုပ်စာ ထိုင်စားမှာပေါ့၊ မိုနာကလည်း အတွင်းဝန်သမီး၊ အဲဒီ မိန်းကလေးကလည်း ၁၀ တန်းကို မအောင်နိုင်ဘူး”

“ဟင်... ဒါနဲ့ အဖေက ကျွန်တော့်ကို ပြောတော့ ငါ့သား ၁၀ တန်းကိုတော့ အောင်အောင်သင်တဲ့၊ အလုပ်တခုခုလုပ်တဲ့၊ အလုပ်ရမှ ရည်းစားလည်းထား၊ မိန်းမလည်း ယူရမတဲ့”

“အေးပေါ့ကွယ်၊ ဒါမှ ဂုဏ်ရှိတာပေါ့၊ ကိုယ့်လုပ်စာနဲ့ကိုယ် ကိုယ့်မိန်းမ ကျွေးနိုင်တယ်ဆိုတာ ယောကျ်ားတိုင်း ဂုဏ်ယူရတယ်။ တို့ဆရာဝန်ကြီးသားက အဖြစ်ဆန်းရယ်၊ ရှစ်တန်း မအောင်နိုင်တာနဲ့ သူ့ဘွားအေက ဆူတော့ ရှက်တယ်ဆိုပြီး အိမ်က ထွက်ပြေးတယ်၊ မိုနာနဲ့ ဘယ်အချိန်က ကြိုက်လိုက်မှန်း မသိပါဘူးကွယ်၊ ပျောက်သွားလို့ လိုက်စုံစမ်းတော့မှ အဲဒီ မိုနာနဲ့ ကြိုက်ပြီး ထွက်ပြေးကြတာ သိတာပဲ”

“အဲ... ဒီမိန်းကလေးကလည်းတော် ခုမြင် ခုကြိုက်ပဲလား”

ဒေါ်သိန်းက ဝင်မေးလိုက်၏။

“မသိန်းရဲ့၊ မင်း ဒါကြောင့် အပျိုကြီးဖြစ်နေတာ၊ သုံးနှစ်သုံးမိုးဆိုတဲ့

မင်းတို့ခေတ် ကုန်ခဲ့ပြီ၊ ခုတော့ ငါ ယူလို့ မင်း ယောကျ်ားရတာ”

မောင်မျိုးသန့်သည် ရယ်၏။

“ကျွန်တော် အလုပ်အားတိုင်း ခဏ ခဏ လာကူပါ့မယ်။ လိုချင်တာရှိ ခေါ်ပါ၊ ခု သွားဦးမယ်၊ ခုလို မနက်စောစောရယ်၊ ထမင်းစားချိန် နှစ်ချိန်ရယ် အလုပ်ရှုပ်တယ်၊ နေ့လယ်တော့ အားပါတယ်။ ရေသွားတင်ဦးမယ်။ ဧည့်သည်တွေက ပင်လယ်ရေချိုးပြီး ရေချို ပြန်ချိုးရတော့ ရေတိုင်ကီမှာ ရေလုံလောက်အောင် တင်ထားရတယ်၊ သွားမယ်”

မောင်မျိုးသန့်သည် သူတို့အပါးမှ ထွက်ခွာသွား၏။

“သူငယ်ကလေးက သွက်သွက်လက်လက် ချစ်စရာလေး၊ ခုလို သားလေးတယောက်ရရင် ကောင်းမှာ”

“ခုမှ မင်းက ကောင်းမှာလုပ်နေ၊ သူကဖြင့် အဖွားကြီး ဖြစ်ခါနီးမှ လင်ယူပြီးတော့”

“ကိုရင်ကလည်း နားရှက်စရာတွေ ပြောမနေစမ်းပါနဲ့။ ခုနကလည်း မိုနာ ပြောနေသံ ကြားတယ်၊ ရှင့်ဆရာကြီးကလေ အကျည်းတန်တဲ့ မိန်းမတယောက်ကို ရည်းစားစာ ပေးမလို့တဲ့”

“ဟေ...”

ဘကြီးပြေ့သည် ရုတ်တရက် အဓိပ္ပာယ် နားမလည်လိုက်ပေ၊ ဆက်မေးဖို့ကလည်း ဒေါ်သိန်းက တောင်းငယ်တခုထဲတွင် ဆေးရန် ပန်းကန်များကိုထည့်၍ တဖက်အိမ် မီးဖိုချောင်ဆီသို့ ကူးသွားပြီ ဖြစ်သောကြောင့် မမေးတော့ပေ။

သူအိမ်ပေါ် ပြန်တက်လာ၍ အခန်းများကို ရှင်းလင်းနေ၏။ ဆရာဝန်ဦးမိုးကောင်း၏ အခန်းကို လှည်းခါ၍ အိပ်ရာများကို သပ်သပ်ရပ်ရပ် ပြင်ထားလိုက်၏၊ မိုနာတို့ အိပ်ခန်းဘက် ကိုလည်း ကူးသွားကာ အလုပ်များ ဆက်လုပ်နေသော်လည်း စိတ်ထဲတွင်တော့ ဒေါ်သိန်းစကားကိုပဲ စဉ်းစားနေမိ၏။

“အကျည်းတန်တဲ့ မိန်းမကို ဆရာကြီးက စာပေးမလို့တဲ့”

ဆရာကြီးသည် အခုအရွယ်မှာ မိန်းမယူမည်ဆိုတော့ ဘယ်သူများပါလိမ့်။ ဘကြီးပြေ့အား အဖော်ပြု၍ တောအနှံ့ တောင်အနှံ့ နေလာခဲ့သည်မှာ ကြာခဲ့ပါပြီကော။ ဘကြီးပြေ့ပင် ပထမအိမ်ထောင် ဆုံးခဲ့၏၊ ဆရာဝန်ကြီး “ပေါက်”

ကိုသွား၍ ဆေးဆိုင်ဖွင့်ရာတွင် သူ လိုက်သွားရာမှ ပေါက်မှ ဒေါ်သိန်းနှင့် သူ လက်ထပ်ခဲ့၏။

"အို... ဘယ်မိန်းမကိုပဲ သူ ယူယူ၊ ငါ သူ့ကို မခွဲပါဘူး၊ ပိုလို့လည်း အခြေအနေ ကော်လာမှာ၊ သူ့ကိုချစ်ရင် သူ့မိန်းမကိုလည်း ငါ ချစ်ရမှာပေါ့။ တို့လင်မယားနှစ်ယောက် သူတို့နှစ်ယောက်ကို ဆက်လက်ပြုစုခွင့် ဆရာကြီးက ပေးမှာပါ၊ ဒါလောက်အချိန်ထိ တကိုယ်ရေ တကာယ နေလာတာတောင် တော်လှပြီ၊ ငါဖြင့် မိန်းမဆုံးပြီး တနှစ်ကြာ မသိန်းကို ယူလိုက်တာပဲ။ ဆရာကြီး ယူမယ့်မိန်းမဟာ အကျည်းတန်တဲ့မိန်းမ ဖြစ်ပေမယ့် သဘောတော့ ကောင်းမှာပါပဲလေ"

ဘကြီးပြော့သည် သူ့စိတ်ကူးနှင့်သူ စိတ်ကို ဖြေလိုက်၏။

"မကျည်းတန်" ဟူသော အမျိုးသမီးတယောက်ပြဿနာမှာ ဘကြီးပြော့စိတ်ကို လှုပ်ရှားစရာ ဖြစ်လာသည်။

ပင်လယ်ကမ်းစပ်တွင် လမ်းလျှောက်နေသော ဆရာဝန်ကြီးကတော့ သူရေးထားသော "ချစ်လှစွာသော မကျည်းတန်" ဟူသော စာကြောင်းတကြောင်းအတွက် မိုနာတို့၊ ဘကြီးပြော့တို့ ပြဿနာတက်နေသည်ကို မသိပါပေ။

ငပလီကမ်းခြေသည် အရှေ့ဦးတွင် ပိုမို၍ ပျော်စရာကောင်း၏။ လူကလည်း ရှင်းနေဆဲ ဖြစ်သည်။ ပင်လယ်လှိုင်းသည် ခပ်ပြေပြေပင် ကမ်းစပ်ကို ထိလာ၏။ လှိုင်းလုံး သိပ်မကြီးသေး၍ လမ်းလျှောက်အပြန် ရေကူးလိုက်လျှင် အဆင်ပြေသည်။ ငြိမ်သက်သော လေပြည်လေညင်းသည် ပင်လယ်ပြင်မှ ဖြည်းညင်းစွာ တိုက်ခတ်လာသည်။ အားရစွာ ရှူရှိုက်လိုက်ရ၍ စိတ်ထဲတွင် လန်းလန်းဆတ်ဆတ်နှင့် လမ်းလျှောက်သူတို့ကို ပေါ့ပါး သွက်လက်လာစေသည်။

တစတစ တဖြည်းဖြည်း ပေါ်လာသော နေဝန်းသည် အဝေး ပင်လယ်ပြင်တွင် အပူရှိန် မရှိသေး၍ ရေပြင်သည် ငြိမ်သက်သော ပင်လယ်ပြာအလှကို ဆောင်နေသည်။ သဲပြင်သည်လည်း အေးမြလျက် ရှိသည်။

"ဟော... ဦးရွှေသာ၊ ဘာအလုပ်ရှုပ်နေလဲ"

သဲပြင်စပ်တွင် တင်ထားသော လှေအိုတခုအနားတွင် အလုပ်ရှုပ်နေသော လူတယောက်ကို ဆရာဝန်ကြီးသည် မေးလိုက်၏။

ဆရာဝန်ကြီး၏ ဟန်ပန်ကသာ ပင်လယ်ကမ်းခြေ၏အတွေ့ဖြင့် ပေါ့ပါးလန်းဆတ် နေသလောက် လှေအိုနှင့် အလုပ်ရှုပ်နေသူ၏ မျက်နှာကမူ

စိတ်ရှုပ်ထွေးနေသောဟန် ရှိနေသည်။ တစုံတခုကိုလည်း မကျေနပ်နေဟန်ရှိ၏။ သူအနားရောက်လျှင် သူ့ကို မော့ကြည့်ရင်း ပါးစပ်တွင် ခဲထားသော ဆေးတံကို ချွတ်လိုက်၏။

"ဆရာကြီး လမ်းလျှောက်က ပြန်လာတာလား"

"ဟုတ်တယ် ဦးရွှေသာ၊ ကုန်းကုန်း ကုန်းကုန်းနဲ့ ဘာများ အလုပ်ရှုပ်နေလဲလို့၊ ဒီနေ့ ငါးဖမ်းမထွက်ဘူးလား"

"မထွက်ဘူး၊ နားနေတယ်၊ မပြောချင်ပါဘူး ဆရာကြီးရယ်။ ဘယ်သူတွေလည်း မသိပါဘူး၊ ညတိုင်ကျရင် လှေပေါ် တက်တက်ဆော့တာ၊ သူတို့ကတော့ ဆော့တာပဲ"

ဦးရွှေသာသည် ဆေးတံကို အသာ သစ်တုံးတခုပေါ်တင်၍ အုန်းလက်ခြောက်များကို လှေပေါ်သို့ အစီအရီ တင်လိုက်၏။

"အဲဒီအုန်းလက်တွေက အကြောင်းရှိလို့ လှေပေါ်တင်ထားရတာ ခုလို နားနေတဲ့ရက်မှာ နေ့လယ်ကျရင် နေက သိပ်ပူတော့ လှေစပ်ကိုဖာထားတဲ့ ပွဲ့လျက်တွေ ပျော့ပြီး လှေစပ် အက်ကြောင်း ထင်လာမှာစိုးလို့ တင်ထားရတာ၊ ညက ဘယ်လိုကစားကြလဲ မသိဘူး၊ အကုန်လုံး အုန်းလက်တွေ ဘေးကျနေတယ်။ ပြီးတော့လည်း ကျုပ်တို့ထတဲ့အချိန်က မိုးမလင်းသေးဘူး၊ လှေဦးမှာ ဒီပိုက်ကို သေသေချာချာ ညကတည်းက ပြင်ထားရတယ်။ မနက်ကျ ရေထဲ တွန်းချပြီး ရေထဲချနိုင်အောင် ပိုက်ကိုလုပ်ထားတာ။ သူတို့က ဘယ်လို ကစားလဲ မသိပါဘူး၊ ရှုပ်ထွေးကုန်ပြီ၊ ဒီပိုက်တော့ အိမ်ကို တခါတည်း သယ်သွားမှပါပဲ ဆရာကြီးရယ်"

ဦးရွှေသာသည် လှေဦးတွင် ပုံထားသော ပိုက်ကို လက်ညှိုးညွှန်ပြရင်း သူစိတ်ရှုပ်ရပုံကို ပြောပြနေ၏။

"ကိစ္စမရှိပါဘူး ဦးရွှေသာ၊ ဆော့တဲ့ကလေးတွေကို ကျွန်တော် ပြောပြပါ့မယ်၊ ပိုက်ကို ထားခဲ့ပေါ့။ ဦးရွှေသာ သူတို့ကြောင့် အလုပ်ပိုလာတာတော့ မဖြစ်စေရဘူးပေါ့"

"တော်ကြာ တပတ်ထက် တပတ် ကလေး များလာမှာ၊ ဧည့်သည်တွေက လူစုံရယ်၊ ဆရာကြီး ဘယ်ပြောလို့ နိုင်မလဲ"

ဆရာကြီးသည် ပြုံးလိုက်၏။

"နောက်ရောက်လာတဲ့ ဧည့်သည်တွေ ရောက်လာမှ တခါ ကြည့်လုပ်ကြတာပေါ့ ဦးရွှေသာရယ်၊ ခု ဒီလှေကို ဘယ်သူဆော့လဲဆိုတာ ကျွန်တော်

သိပါတယ်”

“ဟို… ဟို ကမြင်းကောင်လေး လင်မယားက ပိုဆိုးတာပေါ့ ဆရာကြီးရဲ့”

“ဟား…ဟား”

ဆရာဝန်ကြီးသည် ဟက်ဟက်ပက်ပက် ရယ်၏။

“အဲဒါ ကျွန်တော့်သားနဲ့ချွေးမလေ၊ ကျွန်တော် ဒါကြောင့် တာဝန်ယူရဲတာပေါ့”

“ဟင်…”

ဦးရွှေသာသည် အားတုံ့အားနာဟန် ဖြစ်သွား၏။

“ကျွန်တော်က တောင်းပန်ရမှာပါ ဦးရွှေသာရာ”

“ဆရာကြီး လာတုန်းက သူတို့မှ ပါမလာဘဲ”

“ဟုတ်တယ်၊ သူတို့က မေမေတို့နဲ့ ပါလာကြတယ်”

“ကျုပ် သုံးလေးရက် အလုပ်ရှုပ်ပြီး ဆရာကြီးဆီ မရောက်တာနဲ့ မသိလိုက်ဘူး”

“ဟုတ်တယ်၊ သူတို့နဲ့ ပတ်သက်ပြီး မကျေနပ်တာရှိလို့ တိုင်စရာရှိရင် ကျွန်တော့်ကို ပြောသာပြော၊ အားမနာနဲ့”

ဦးရွှေသာသည် ခေါင်းညိတ်ကာ ဆေးတံကြီးကို ခဲ၍ ရွာဘက်သို့ ပြန်တက်သွားတော့သည်။

ချွေးမကိုတော့ တိုက်ရိုက်ပြော၍ မကောင်းလှသေး။ သူကလည်း သူ့ချွေးမအကြောင်းကို အစဉ်းသိ အတွင်းသိ မဟုတ်သေးပေ။ မနေ့တနေ့ကမှ တွေ့ရသော ချွေးမအသစ်စက်စက် ဖြစ်နေ၏။ သို့သော် မနေ့ညဦးက သူတို့နှစ်ယောက် သည်ဘက်ကို ထွက်လာသည်ကိုတော့ သူ သိလိုက်သည်။

သူသည် သူတို့ တည်းခိုရိပ်သာဆီသို့ လျှောက်လာခဲ့သည်။ တည်းခိုရိပ်သာသို့ မရောက်ခင်ပင် မိုနာနှင့်ရစ်ချတ် စုံတွဲကို ရေစပ်တွင် တွေ့ရ၏။

“တွတ်နီ… တွတ်နီ… ဖေဖေ့ဆီ ခဏလာဦး”

သူ လက်ယပ်၍ ပါးစပ်လည်း အော်ခေါ်လိုက်၏။ တွတ်နီသည်

တယောက်တည်း ပြေးလာ၏။ သူ့အနားရောက်လျှင် စုံရပ်နေ၏။ ဆရာဝန်ကြီးသည် လက်ထဲတွင်ပါသော လမ်းလျှောက်စဉ် ကိုင်သည့် တုတ်ကောက်ဖြင့် လှေအိုရှိရာသို့ ညွှန်ပြလိုက်၏။

"ဖေဖေထင်တယ်၊ ညက အဲဒီလှေအိုတက်ကို မင်းတို့နှစ်ယောက် သွားတယ်မို့လား"

တွတ်နီသည် အဖေကို ရိုသေဟန်ဖြင့် မျက်နှာလေးယဲကာ ခေါင်းညိတ်ပြ၏။

"အေး... အဲဒီမှာ ဘာလုပ်နေလဲ"

"ပထမတော့ လှေပေါ်ထိုင်ပြီး အေးအေး စကားပြောတာပါ၊ နောက်တော့ လသာတော့ မိုနာက ကစားရအောင်တဲ့၊ သူက လှေဦးက ပိုက်ကိုယူပြီး သဲပြင်ပေါ်မှာ ပြေးတယ်၊ ပိုက်ကို ဖြန့်ပြီး... ခြေကို ဆောင့်ပြီး "လာစမ်း နွားရိုင်းကြီး" ဆိုရင် ကျွန်တော်က သူဖြန့်ထားတဲ့ပိုက်ကို ခေါင်းနဲ့ ဝင်ဝင်တိုးရတယ်"

သားဖြစ်သူ၏ စကားကို နားထောင်ရင်း ဆရာဝန်ကြီးသည် ရယ်ချင်လာ၏။ သို့သော် တွတ်နီ ရောင့်တက်မှာစိုး၍ ဟန်ဆောင်နေရ၏။

"ဟို... ဟိုသင်း ကျွန်တော်တို့ ရန်ကုန်မှာ အဲဒီကစားနည်းကို ဘူးဖိုက်တာ ကစားနည်းလို့ ခေါ်တယ်"

"သိပါပြီ... သိပါပြီ၊ တယ်တော်... စပိန်ပြည်မှာ နွားရိုင်းနဲ့ လူသတ်ပွဲကို မင်းတို့ ကစားနည်း လုပ်တာပေါ့လေ"

တွတ်နီသည် အဖေကို မပြောရဲ ပြောရဲဟန်နှင့် ဆက်ပြော၏။

"ပျော်စရာကောင်းတယ် ဖေဖေရဲ့၊ ကျွန်တော်တို့ မွေးနေ့ပွဲတွေကျရင် မိုနာတို့၊ မော်လီတို့၊ ဒိုင်ယာနာတို့က အဝတ်နီနီရဲရဲကြီးတွေကို ဖြန့်ဖြန့်ပြီး "လာစမ်း နွားရိုင်းကြီး" လို့ အော်ရင် ကျွန်တော်တို့က ကိုယ့်အတွဲနဲ့ကိုယ် အဝတ်ကို နွားခွေ့သလို ဝင်ဝင်ခွေ့ရတာ"

"အောင်မယ် စကားလှအောင် မပြောစမ်းပါနဲ့၊ ကောင်မလေးတွေ ပေါင်ကို ခေါင်းနဲ့ ဝှေ့ချင်လို့ပါ။ ဟင်း - ကိုယ့်ကိုယ်ကိုယ်များ နွားလုပ် ကစားကြတယ်။ တခြား မြန်မာကစားနည်း မရှိဘူးလား၊ ဒါဟာ ကစားတာ မခေါ်ဘူး၊ ကမြင်းတာ ခေါ်တယ် တွတ်နီ။ မင်းတို့ ဘယ်လိုပဲ ကစား ကစား၊ ဖေဖေ တခုပြောမယ်၊ မင်းတို့ကတော့ ညားခါစမို့ အပျော်ကြူးပြီး ကစားနည်းသစ် ထွင်ကစားတာပဲ။ ကစားတာပဲဖြစ်ဖြစ်၊ ကမြင်းတာပဲဖြစ်ဖြစ် သူများကိုတော့ ထိခိုက်စရာ မဖြစ်စေနဲ့။ သွား... မိုနာကိုခေါ်၊

ဇီးဖြူကုန်းရွာထဲမှာ ဒီလှေပိုင်ရှင် ဦးရွှေသာ ရှိတယ်၊ ဘုန်းကြီးကျောင်းနားမှာ၊ သူ့အိမ်ကို မေးသွားပြီး တောင်းပန်လိုက်ကြ၊ နောက်ကို မလုပ်ပါဘူးလို့၊ အဲဒီပိုက်ကို သူတို့က ညဦးမှာ သေသေချာချာ ပြင်ထားတာ။ မနက်ကျရင် လှေကို ရေထဲ တွန်းချပြီး အဆင်သင့် ပိုက်ကိုချရုံပဲ၊ မင်းတို့က ညဘက် ဒီပိုက်ယူကစားတော့ တဖက်သားမှာ မနက်မှောင်ထဲ ပိုက်က ရှုပ်ထွေးပြီး ဘယ်လောက် အလုပ်ရှုပ်တယ် ထင်သလဲ။ ပြီးတော့ အုန်းလက်တွေလည်း လှေဝမ်းကို အေးအောင်၊ အရိပ်ရအောင်လို့ တင်ထားတာ၊ မင်းတို့ ဆွဲပစ်တယ်ဆို၊ အင်း... နောက်ကို မလုပ်နဲ့”

“ဟုတ်ကဲ့”

“တွတ်နီ ဖေဖေနဲ့ ခွဲနေတာ တခါတည်း ပစ်ရရော၊ ဖွားဖွားက ချစ်လို့ အလိုလိုက်ထားတာ မင်း ပျက်စီးဖို့ ဖြစ်နေပြီ”

တွတ်နီသည် ခေါင်းကြီး အောက်စိုက်ကာ ဘာမှ ပြန်မပြောဘဲ ငြိမ်သက်နေ၏။

“ဖေဖေ သွားလေရာခေါ်ရင် ကျောင်းခဏခဏပြောင်းရတာ မကောင်းဘူးလေဆိုပြီး ထားရစ်တာ၊ စောစောစီးစီး မဆူချင်ဘူး၊ ဖေဖေ နောက်မှ ပြောပြစရာ မင်းကို အများကြီး ရှိသေးတယ်။ မိုနာ့အဖေနဲ့အမေ နောက်တပတ် လေယာဉ်ပျံနဲ့ ရောက်လာမှာ၊ အခြေအနေက ဘယ်လိုဖြစ်မယ် မသိဘူး။ ကဲ... သွား... သွား”

တွတ်နီသည် မြူးပျံ့ရွှင်ပျသောဟန်ဖြင့် ရေစပ်သို့ ပြေးသွား၏၊ သားကို ငေးမော ကြည့်နေသော ဆရာဝန်ကြီး စိတ်ထဲတွင်လည်း သူ့သားငယ်၏ဟန်သည် ငပလီကမ်းယံ မိုးသောက်ဦး၏ ကျက်သရေလိုပင် ထင်မိ၏။ သား၏ဘဝသည် ကျက်သရေမင်္ဂလာတို့ဖြင့် ပြည့်ဝပါစေဟု ရင်ထဲမှ ဆုတောင်းရင်း ဆရာဝန်ကြီးသည် ဆက်လက်၍ လျှောက်လာ၏။ သူတို့သားအဖနေသော တည်းခိုအိမ်ထဲသို့ မဝင်သေးဘဲ ခေါင်းရင်းဘက်အိမ်ဆီသို့ လျှောက်သွား၏။

အိမ်ထဲတွင် ငြိမ်သက်နေ၏။

“ဘကြီးပြော့ရေ... မေမေတို့ ရောက်မလာသေးဘူးလား”

သူသည် လှေကားထစ်မှ လှမ်းအော်လိုက်၏၊ ဘကြီးပြော့မှာ မီးဖိုထဲတွင် စီမံနေရာမှ ပြေးထွက်လာ၏။

“မရောက်သေးဘူး ဆရာကြီး၊ မမသောင်းရော မမစီရော ယူဘီအေ တည်းခိုရိပ်သာဘက် လျှောက်ဦးမယ်တဲ့၊ သူတို့ မနက်က ဘကြီးနဲ့အတူ ဒီနားက ဈေးလေး လျှောက်လိုက်ကြသေးတယ်”

"အို... တယ်လည်း ဟုတ်ပါလား၊ ကျွန်တော်က မေမေတယောက် ဒါလောက် လျှောက်နိုင်မယ် မထင်ဘူး။ ဒေါ်လေးစီကတော့ မိန်းမကာယပညာအုပ် လုပ်လာတော့ သူ့အဖို့ လမ်းလျှောက်တာ မဆန်းတော့ဘူး၊ အေးဗျာ... မေမေတို့ နေရထိုင်ရတာ အဆင်ပြေအောင် ဘကြီးပြော့ လုပ်ပေးပါ။ ကျွန်တော် ဝရန်တာမှာ ထိုင်ရင်း မေမေတို့ကို စောင့်နေမယ်"

သူသည် အိမ်ပေါ်တက်ကာ ဝရန်တာရှိ ပက်လက်ကုလားထိုင်ပေါ် သက်သောင့်သက်သာ ထိုင်လိုက်၏။ မကြာခင် ဒေါ်သောင်းစိန်နှင့် ဒေါ်စိန်စီ ညီအမနှစ်ယောက် ရောက်လာ၏။

"ဟော... မေမေတို့ ပြန်ရောက်လာပြီ၊ ဒေါ်လေးစီ ဘယ့်နှယ်လဲ၊ လမ်းလျှောက်လို့ ကောင်းလား"

ဒေါ်စိန်စီသည် အပေါ်က သက္ကလတ်ရင်ဖုံးကို ချွတ်လိုက်၏။

"ကောင်းတယ် အတွတ်ရဲ့၊ ဒေါ်လေးစီ ချွေးပြန်လာပြီ၊ မင်းမေမေကတော့ အချမ်းပြေရုံပဲရှိတယ်"

"တပေါင်းဆိုတော့ နေမြင့်လာရင် ပူလာရော၊ ဒါပေမင့် သက်သောင့်သက်သာပါလေ၊ သိပ်အပူကြီး မဟုတ်ဘူး၊ ဘယ့်နှယ်လဲ မေမေ"

ဒေါ်သောင်းစိန်သည် သားဖြစ်သူအနား ဝင်ထိုင်လိုက်၏။

"ကောင်းပါတယ် သားရယ်၊ မေမေလည်း ဒါလောက် လမ်းလျှောက်နိုင်မယ် မထင်ဘူး၊ ခုတော့ တို့နှစ်ယောက် မောင်ပြောနဲ့ မနက်က ဈေးကလေးထဲ ရောက်ခဲ့ပြီ၊ အခုလည်း ကမ်းစပ်ကနေ တဖြည်းဖြည်း လျှောက်သွားကြတာ ယူဘီအေ တည်းခိုရိပ်သာလည်း ရောက်ခဲ့တယ်"

"ဟုတ်လား"

"နေပါဦး အတွတ်ရယ်၊ ဒေါ်လေး အဲဒီအဆောင်လေးတွေ ဝင်ကြည့်ခဲ့သေးတယ်။ ဧည့်သည်တွေ မများသေးလို့လား၊ သန့်လို့ရှင်းလို့ပါပဲ၊ သကြ်န်နီးပြီ ကျောင်းတွေ ပိတ်ရက်ရောက်မှ လူကျပ်တာတဲ့။ တို့များ မိသားစု အဲဒီတဆောင်ဆို လောက်တာပဲ။ တပတ်ကိုမှ (....) ပေးရတယ်တဲ့။ မီးဖိုကလည်း ကိုယ်ဟာကိုယ်ချက်၊ တနေ့မှ ထင်းဖိုး နှစ်ကျပ်ရယ်၊ မင်းဟာက တို့ညီအစ်မ နှစ်ယောက်က အိမ်တလုံး၊ မင်းတို့သားအဖက အိမ်တလုံးနဲ့ တဆောင်တယောင်ကွယ်၊ အကုန်အကျ များလိုက်တာ"

"အို... ဒေါ်လေးစီကလည်း၊ မေမေ ချမ်းသာတာတွေ ခုလို အိုချိန်မှာ

အေးအေးဆေးဆေး အပန်းဖြေဖို့ပေါ့။ ကျွန်တော့်အနေနဲ့လဲ ကျွန်တော့်ဝင်ငွေနဲ့ မေမေ့ကို နီးနီးစပ်စပ် မပြုစုတာ ကြာပြီ၊ အဲဒီတော့ ရောက်တဲ့အခါ မေမေ နားအေးပါးအေး စိတ်လွတ်လပ်ပါစေလို့ပါပဲ။ ဒီအိမ်လေးတွေကတော့ ယူဘီအေနဲ့ မဆိုင်ဘူး၊ ဒီရွာထဲက တတ်နိုင်တဲ့လူက ဆောက်ထားတာတွေ။ ရွာထဲမှာလည်း ဒီလိုအိမ်တွေ ရှိတယ်၊ သူတို့ကတောင် ထမင်းချက်ကျွေးတယ်၊ ပြန်တော့မှ တည်းခိုရိပ်သာတွေကို စာရင်းရှင်းရုံပဲ။ တခုကလည်း တွတ်နီတို့ စုံတွဲနဲ့ မေမေတို့၊ ဒေါ်လေးစီတို့ ရှေးမျက်စိနဲ့ မကိုက်ပါဘူး၊ တော်ကြာ စိတ်ရှုပ်နေကြမှာ”

“ဟား... ဟား... ဟား… ဟား”

ဒေါ်လေးစီသည် အားရပါးရ ရယ်၏။

“အတွတ်... အတွတ်... သားရယ်၊ ချွေးမရယ်နဲ့ ဖြစ်လာပြီ၊ ဒေါ်လေးစီ ငါ့တူ အတွတ်ကြီးကို သနားလိုက်တာ”

“သနားမနေနဲ့ မိစီ။ သူ့မှာ မိန်းမစံရွေးနေတာနဲ့ အချိန်တွေ ကုန်ကုန်လာခဲ့တော့ သားဖြစ်တဲ့ တွတ်နီကတောင် မစောင့်နိုင်တော့ဘူး၊ ယူလိုက်ပြီ”

ဒေါ်သောင်းစိန်သည် သားဖြစ်သူကို မေးငေါ့ကာ မျက်စပစ်ကာနှင့် ပြောလိုက်၏။

“ယူမယ်၊ တကယ်ကို ယူပြမယ်၊ ယူတော့သာ မေမေတို့ပဲ ကြေးမထူနဲ့”

“ယူသာယူစမ်းပါ သားရယ်၊ မင်းဖေဖေဖြင့် ငါ့သား မိန်းမယူတာ ငါမသေခင် ကြည့်ချင်တယ်နဲ့၊ မကြည့်သွားရဘူး”

“တွတ်နီကိစ္စ ပြီးရင် မေမေတို့ ကျွန်တော့်လက်ထပ်ပွဲကို ကျကျနန လုပ်ပေးရမယ်နော်”

“စိတ်ချ... စိတ်ချ... မမသောင်းက အိုလို့ မတတ်နိုင်တောင် အသေးစိတ် ဒေါ်လေးစီ စီမံပေးမယ်။ ဒါနဲ့ တွတ်နီယောက္ခမတွေက ဘယ်တော့ လာမှာလဲ”

“အဲဒါပေါ့၊ သူတို့အတွက်လည်း ကျွန်တော် ကြိုတင်စီမံထားတာ၊ သူတို့ ရောက်လာရင် ကျွန်တော် ဒီဘက်အိမ် ပြောင်းလာရင် ဟိုမှာ တွတ်နီနဲ့ မိုနာတို့ သားအဖတွေ နေပေါ့၊ ကျောင်းမှာသာ သူငယ်ချင်း ဖြစ်ခဲ့ပေမယ့် အခု ခမည်းခမက်အနေနဲ့ ဘယ်လိုတွေ့ရမယ် မသိသေးဘူး”

အတွတ်သည် ခပ်မောမောကလေး ညည်းတွားသလို ပြောလိုက်၏။

"ဒီလိုပဲ တွေ့ပေါ့၊ သူတို့က ကြီးကျယ် အကျယ်ချဲ့နေရအောင် တွတ်နီက ဘာမို့လို့လဲ"

"သူတို့က အမြီးကြိုက်မျိုးရိုးတွေ၊ အနည်းဆုံး ဒီဂရီတလုံး ပါမှ ကြိုက်တာ မစီရဲ့"

ဒေါ်သောင်းစိန်က ဝင်ထောက်လိုက်၏။

"ဒါတော့ မမသောင်းရယ်၊ အမြီးကြိုက်ရင်လည်း သူ့သမီးက အမြီးနဲ့လူ ယူပေါ့၊ ခုတော့ တွတ်နီက အမြီးမရှိဘူး ဆိုတာ သူ့သမီး သိသားပဲ၊ သူ့သမီးက ကြိုက်လို့ လိုက်လာပြီ၊ ခုမှ မကျေနိုင် မချမ်းနိုင် ဖြစ်နေလို့၊ မိန်မချင်း စဉ်းစားကြည့် ဘယ်လိုလုပ် အဖတ်ဆယ်မလဲ၊ အခု ကျွန်မတို့က သိပ်သိပ်သည်းသည်း ဂုဏ်ရှိအောင် လုပ်ပေးမှာပဲဟာကို၊ သူတို့က ဘာများ အတွန့်တက်ချင် ရသေးလဲ"

"မပြောတတ်ပါဘူး ဒေါ်လေးစီရယ်၊ ကျွန်တော့်အနေနဲ့က သားရှင်ပီပီ သူတို့ ကျေနပ်အောင် လုပ်ပေးရမှာပေါ့။ ဒီဝင်းတင်ကြီးကလည်း မိန်မကြိုးဆွဲရာ ကနေရတာပါ။ ငယ်ငယ်ကတော့ ကျွန်တော်နဲ့ ခင်ပါတယ်၊ သူက ဘီစီအက် စာမေးပွဲဝင်ပြီး ကွဲသွားကြရော၊ သူ့မိန်းမက ပုံတမျိုးပါ၊ သူက လုပ်တော့သာ အစိုးရဝန်ထမ်း၊ တဖက်က ပန်းချီဝါသနာပါလို့ ပန်းချီ အပျော်တမ်း ဆွဲဆွဲနေတာ။ အဲဒါ သူ့မိန်းမက ပန်းချီဆရာတွေ ဘာတွေနဲ့ ရောနှောနေတာ မကြိုက်ဘူးလေ"

"အို… ဒေါ်လေးစီနဲ့ တွေ့ကြသေးတာပေါ့"

"မစီကလည်း.. ကိစ္စတခု အေးအေးဆေးဆေး ဖြစ်အောင် လုပ်ပါ"

ဒေါ်သောင်းစိန်သည် မဟုတ်မခံ ခပ်စွာစွာ ပြောတတ်သော ညီမစိတ်ဓာတ်ကို သိပြီးဖြစ်၍ ခပ်အေးအေး ပြောလိုက်၏။

"ဪ… မမသောင်းကလည်း၊ ဒါကတော့ အခြေအနေအရပေါ့။ ဒါနဲ့၊ ငါ့တူ အတွက်ကြီး ဆရာဝန်လူပျိုကြီးဘဝနဲ့ မိန်းမတယောက်ရအောင် မယူနိုင်သေးဘူး။ ကိုယ့်သား တွတ်နီဆီမှာ ရှစ်တန်း မအောင်သေးဘဲ အတွင်းဝန်သမီး ရအောင် ယူနည်းလေး ဘာလေး သင်ဦး"

ဒေါ်စိန်စီက ရယ်စရာ ဆက်ပြောလိုက်သောအခါ အတွက် ခေါ် ဆရာဝန်ကြီး ဦးမိုးကောင်းသည် ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

■

"ဖေဖေ၊ သားကို ခေါ်တယ်ဆို"

ရစ်ချတ်သည် စာရေးနေသော ဖခင်စားပွဲအနီးသို့ ကပ်လာရင်း မေးလိုက်၏။

"အေးကွဲ့… မိုနာ အိပ်ပြီလား"

"အိပ်ပြီ ဖေဖေ"

"ရေကူးထားတော့ စောစော အိပ်ချင်မှာပဲ၊ သားကော အိပ်ချင်ပြီလား"

"ကျွန်တော် နေ့လယ်က ထမင်းစားပြီး အိပ်ထားသေးတယ်။ မိုနာက နေ့လယ်က ခေတ်ပုံ သွားရိုက်နေလို့"

"ကဲ ကဲ… ဖေဖေ စကားပြောချင်လို့ပါ၊ ဖေဖေ့အိပ်ရာပေါ် ခဏ လှဲနေဦး"

ရစ်ချတ်သည် အတွတ် ပြောသလို သူ့အဖေ အိပ်ရာပေါ်အိပ်ရင်း အတွတ်ဘက်လှည့်ကာ အတွတ်လုပ်သမျှ ကြည့်နေ၏။

အတွတ်သည် မိုနာ ခိုးကြည့်သော "ချစ်လှစွာသော မကျည်းတန်" အစရှိသော စာကို ဆက်ရေးနေပုံရ၏။ ရေးလက်စ စာရေးစက္ကူကတ်မှာ သူတို့နှစ်ယောက် ကြည့်ခဲ့သော စာရေးစက္ကူကတ်ပင် ဖြစ်၏။ အတွတ်သည် ပြီးသမျှ စာရွက်များကို အသာဖုံးအုပ်ထားကာ ဖိုင်တခုထဲတွင် ခေတ္တ ထည့်ထားလိုက်၏။

ရစ်ချတ်သည် စာများ ဘယ်နေရာထားသည်ကို မသိမသာ တစေ့တစောင်း ကြည့်ထားလိုက်၏။ အမှန်တော့ မိုနာတင်မက သူပါ ထိုစာကို စိတ်ဝင်စားနေမိ၏။ ဤစာ၏ အကျိုးအကြောင်းများက သူ၏အနာဂတ်ရော၊ သူနှင့် သူ့ဖေဖေ၏ အနာဂတ် ဆက်ဆံရေး များကိုရော တမျိုးတဖုံ ပြောင်းလဲနိုင်မည်ကို ရစ်ချတ် တွေးမိ၏။

သူသည် သက်ပြင်းရှိုက်လိုက်၏။ နားထင်စများနှင့် နဖူးစများတွင် သူ့ဖေဖေ ဆံပင်များသည် ဖြူစပြုလာပြီ။ သူသည် မိုနာကို ခိုး၍သာ ပြေးလာသည်။ တကြိမ်တခါမှ သူ့မိခင်အကြောင်းကိုရော၊ သူ့ဖေဖေအကြောင်းကိုရော ယခုလို လေးလေးနက်နက် မတွေးမိ။

စားပွဲတင် မီးအိမ်အရောင်ဖြင့် သူ့ဖေဖေမျက်နှာကို သူ စေ့စေ့ကြည့်မိ၏။ ကျယ်ပြန့်သော နဖူးပြင်တွင်လည်း အိုသော အရေးအကြောင်းများ

ထင်စပြုလာသည်။ သို့သော် နက်ရှိုင်း တောက်ပသော မျက်လုံးများကမူ သူ့အဖေ၏ စိတ်ထားဖြူစင်ပုံနှင့် ခုထိ တက်ကြွစွာ လှုပ်ရှားနေပုံကို ဖော်ပြနေ၏။

"ငါ့အသက် ၁၅ နှစ်ကျော်ပြီ၊ ဖေဖေဟာ တခါမှ အိမ်ထောင်ပြုမယ်လို့ မပြောဘူး။ မေမေ့အကြောင်းကိုလည်း မပြောခဲ့ဘူး။ ငါ့ကို မချစ်ရင် သူ အစောကြီးက အိမ်ထောင်ပြုမှာပေါ့၊ ငါကသာ ဖေဖေ့ကို ပစ်ပြီး ငါ ထင်တာ ငါလုပ်ခဲ့တယ်၊ ဖေဖေ ငါ့ကိုများ စိတ်နာသလား၊ သူ အခု ချစ်သူတွေ့ပြီ ထင်တယ်။ သူ့စာမှာ ခေါင်းစဉ်တပ်ထားတဲ့ "ချစ်လှစွာသော မကျည်းတန်" ဆိုတဲ့ မိန်းမနဲ့ အဆင်ပြေသွားရင် ဖေဖေတော့ မိန်းမ ယူတော့မယ်ထင်တယ်။ သူသာ မိန်းမ ယူရင်..."

ရစ်ချတ်သည် ယခုလိုဆိုတော့လည်း နှလုံးသားတွင် ကွယ်ဝှက်နေသော မနာလို စိတ်ကလေးသည် ရုတ်တရက် ပေါ်လာ၏။

"အို... ဖေဖေဟာ ငါ့ကိုပဲ ချစ်ရမယ်၊ တို့များ သားအဖကြားမှာ ဒီ... ဒီ မကျည်းတန် မဝင်လာရဘူး၊ ဖေဖေသာ တကယ်ယူမယ် ဆိုရင်တော့ ငါ တားမှာပဲ၊ ဟင်း... ဟုတ်သေးပါဘူး၊ ဖေဖေက ပြောမှာပေါ့၊ ဖေဖေ့ကိုတော့ မကျည်းတန်နဲ့ လက်ထပ်ရမလားလို့ အပြစ်တင်တယ်၊ သားကြီးကတော့ ဖေဖေနဲ့ သားနဲ့ကြားမှာ မိုနာဆိုတဲ့ မိန်းကလေးကို ခေါ်လာခဲ့တယ်၊ တို့သားအဖ နှစ်ယောက်ရဲ့ အင်မတန် ရှင်းလင်းနေတဲ့ အချစ်ကြိုး ရှုပ်သွားပြီလို့ ဖေဖေကပြောရင် ငါ ဘယ်လို ဖြေမလဲ၊ ဟင်း..."

သူ သက်ပြင်းရှိုက်လိုက်ပြန်၏။

"ငါကလည်း ခုမှ နောင်တတရားတွေနဲ့ ပူပန်လာလိုက်တာ၊ တကယ်တော့ ဖေဖေ့စာထဲမှာ ဘာမှမပါသေးဘူး၊ မိုနာပြောသလိုပဲ၊ ခုမှ ချစ်လှစွာသော မကျည်းတန်လို့ စာကဖြင့် အစရှိသေးတယ်၊ နောက်စာရွက်တွေမှာ ဘာဆက်ရေးတယ်ဆိုတာ ဆက်ဖတ်ဦးမယ်၊ စောင့်ကြည့်ဦးမယ်လေ၊ ဒါပေမင့် မကျည်းတန်ကို သိချင်လိုက်တာ"

"ဘကြီးပြော့ရေ၊ မအိပ်သေးရင် ကျွန်တော်တို့သားအဖ စကားပြောရင်း ကော်ဖီ သောက်ရအောင် ကော်ဖီနှစ်ခွက် ယူခဲ့ပါ"

အတွတ်သည် ဘကြီးပြော့ကို လှမ်းပြောရင်း ရစ်ချတ်လှဲနေသော ခုတင်နားသို့ ကုလားထိုင်ကို ရွှေ့ယူကာ ပြောလိုက်သောကြောင့် ရစ်ချတ်အတွေးသည် ပြတ်သွားတော့သည်။

"တွတ်နီ... သားကြီး၊ သက်ပြင်းတချချနဲ့ ဘာတွေ တွေးနေလဲ"

ရစ်ချတ်သည် ပြုံးနေ၏။ တွတ်နီ၏နဖူးကို အတွတ်သည် လက်သီးနှင့်မနာအောင် ထုလိုက်၏။

"သားကြီး၊ ခွေးတွတ်ကြီး... ဖေဖေ့မျက်စိထဲမှာတော့ ငါ့သားလေး တွတ်နီဆိုပြီး အနီးထဲမှာ တွတ်တွတ်ရဲနေတဲ့ ကလေးပေါက်စလေးလိုပဲ မြင်နေတယ်။ သားကြီးကတော့ မိန်းမနဲ့ ဘာနဲ့၊ မိုနာရဲ့ယောက်ျားတောင် ဖြစ်နေပြီ"

အတွတ် ပြုံး၍ ပြောလိုက်သော်လည်း ရစ်ချတ်သည် ရှက်ဟန်နှင့် မျက်လွှာကလေး ချလိုက်၏။ ဘကြီးပြောသည် သားအဖနှစ်ယောက်ကြားတွင် ခွေးခြေခုံငယ်ကိုချကာ ကော်ဖီ နှစ်ခွက်ကို ဗန်းနှင့် တင်လိုက်၏။

"တွတ်နီ... သောက်ဦး၊ ဖေဖေ ဖြည်းဖြည်း မေးမလို့ပါ"

ရစ်ချတ်သည် ထထိုင်ကာ ကော်ဖီပန်းကန်ကို အဖေ့ဘက်သို့ ကမ်းပေး၍ သူက ကျန်တခွက်ကို သောက်လိုက်၏။

"ဒီလိုဆိုတော့လည်း ငါ့သားက အဖေဆိုတဲ့ ဦးစားပေးတဲ့စိတ် ရှိသားပဲ"

ရစ်ချတ်သည် အတွတ် ပြောသည်ကို ကြားလျှင် ရင်ထဲတွင် တုန်သွား၏။

"ဖေဖေ မေးချင်တာက ထွေထွေထူးထူး မဟုတ်ပါဘူး၊ မေမေတို့က သားကို ရှာတွေ့ပြီ၊ သံတွဲကို ခေါ်လာခဲ့မယ်လို့ သံကြိုးပို့လို့ ဖေဖေတို့က အားလုံး စီမံထားရတာ။ မင်းရဲ့ ဖွားဖွားကိုရော၊ ဖေဖေ့ကိုရော ကြိုကြိုတင်တင် ပြောပါလား၊ မိုနာကို မယူခင်က အားလုံးကို သတိပေးရင် ဗရုတ်သုတ်ခလည်း ဘာမှဖြစ်စရာ မရှိဘူး၊ သားကြီး စာမေးပွဲ ကျရတာတွေမှာ ဖွားဖွားတို့ အလိုလိုက်တာလည်း ပါတာပေါ့။ ဖေဖေ တဖက်သတ် အပြစ်မတင်ချင်ပါဘူး။ ဖေဖေ သားနဲ့ ရင်အုပ်မကွာ မနေမိတာလည်း ပါတယ်။ ထားပါတော့လေ၊ အဖြစ်အပျက် တခုခု ဖြစ်တိုင်း တရားခံပဲ ရှာနေရတာ မောလှတယ်။ ဆိုစမ်း... ဘယ်လို ဘယ်လိုနဲ့ မိုနာကို ခိုးလာတာလဲ"

ရစ်ချတ်သည် ကော်ဖီပန်းကန်ကို ဗန်းပေါ် ပြန်တင်လိုက်၏။

"ကျွန်တော် ဖေဖေ ပြောသလိုပဲ၊ စာကို မကြိုးစားမိဘူး၊ ဖွားလေးစီက စည်းကမ်း ရှိပါတယ်။ အိမ်မှာတော့ ဖွားလေးစီ စည်းကမ်းကို လိုက်ပေမယ့် ကျောင်းမှာ ကျွန်တော် ဘယ်လိုနေလဲဆိုတာ ဖွားလေးစီ ဘယ်သိမလဲ။ ဖွားဖွားကြီးကလည်း ကျွန်တော်တို့ ခြေရာကို ဘယ်မီမလဲ"

"ကျွန်တော် မိုနာနဲ့တွေ့ပြီးတော့ ချိန်းချိန်းပြီး သူငယ်ချင်းတွေ မွေးနေ့ပွဲမှာ ကျွန်တော်တို့ ကကြတယ်၊ မော်လီတို့အိမ်မှာ ခဏ ခဏ တွေ့တယ်"

“မနက်ကပြောတဲ့ နွားရိုင်းအကလေးတွေ ဘာလေးတွေလည်း ကကြသပေါ့”

အတွတ်က အရွှန်းဖောက်လိုက်၍ ရစ်ချတ်သည် ရှက်ပြုံး ပြုံးလိုက်၏။ သြော်… သူ့အဖေသည် အပြုံးလေးများ၊ အရွှန်းလေးများနှင့် သူ့အား ဆက်ဆံတတ်ပါကလား။ သူ့အဖေ၏ ထိုအမူအရာလေးကို ယခင်က ဂရုမပြုမိ။

“တနေ့တော့ ဖွားဖွားကြီးက ပြောတယ်၊ တွတ်နီ၊ စာလည်း မကြိုးစားဘူး၊ မင်းနဲ့ ပြိုင်ဘက်တွေ၊ တတန်းတည်း သူငယ်ချင်းတွေ တက္ကသိုလ် ရောက်ကုန်ပြီ။ ဒီတခါ ကျရင်တော့ မင်းဖေဖေနဲ့ ဖွားဖွားကြီး ထည့်လိုက်တော့မယ်တဲ့။ ကျွန်တော် အဲဒီညက မော်လီတို့အိမ်မှာကရင်း မိုနာ့ကြောင့် တော်မီနဲ့ ကျွန်တော် ထိုးကြကြိတ်ကြရော။ ကျွန်တော်လေ မိုနာကို ခွဲမထားချင်ဘူး၊ မိုနာကို သိပ်ချစ်တာပဲ”

ရစ်ချတ်က လှိုက်လှိုက်လှဲလှဲ ပြော၏။ အတွတ်သည် သားငယ်မျက်နှာကို စေ့စေ့ကြည့်ရင်း သူ ဒီအရွယ်၊ တွတ်နီအရွယ်က မွှေးနှင့်နေခဲ့ပုံ၊ စစ်ကြီးဖြစ်၍ ကျောင်းပိတ်လိုက်သောအခါ သူ ဖရက်နှင့် ဝါးခယ်မ ပြန်ရောက်လာပုံ၊ မွှေးကို ဖရက် တွေ့သောနေ့က “မွှေးဆိုတာ ချစ်စရာလေးပါလား၊ မင်းကပြောတော့ မကျည်းတန်ဆို။ ဘယ်မှာ အကျည်းတန်လို့လဲ” ဟု ဖရက် ပြောလိုက်သည်တွင် သူ့ရင်ထဲ နင့်တင့်တင့် ဖြစ်သွားကာ အုပ်လုံးသိမ်းခါစ မွှေး၏ရုပ်ကို အပြေးအလွှား သွားကြည့်ခဲ့ပုံ၊ အို… ဒက်ဒက်နှင့် စိတ်အစဉ်သည် မြန်လိုက်သည့်ဖြစ်ခြင်း။ ချက်ချင်း အတိတ်၏ အရိပ်များသည် လှုပ်ရှားသွားလိုက်သည်မှာ စက္ကန့်ပိုင်းအတွင်းတွင် ဖြစ်၏။ ထို့ကြောင့် သူသည် စာနာစိတ်ဖြင့် ရစ်ချတ်စကားကို ဆက်နားထောင်နေ၏။

“မိုနာကိုလေ တော်မီလက်ထဲ ပါသွားမှာစိုးတယ်၊ ကျွန်တော့်မှာလည်း ဘာအလုပ်မှ မရှိဘူး၊ မိုနာတို့ ဒက်ဒီနဲ့ မာမီကိုလည်း ကျွန်တော် ရင်းရင်းနှီးနှီး မရှိဘူး။ သူတို့ ဒက်ဒီကလည်း အဲဒီတုန်းက ထားဝယ်ဘက်မှာ ခရိုင်ဝန် လုပ်နေတယ်။ မိုနာကလည်း သူ့အဒေါ် အပျိုကြီးတွေနဲ့ပဲ နေတယ်။ မိုနာနဲ့ ကျွန်တော် တိုင်ပင်ပြီး နောက်ဆုံး စာမေးပွဲတချီအကျမှာ မိုနာကိုခိုးပြေးပြီး ကျွန်တော်တို့ ပုန်းနေတာ နှစ်လလောက် ကြာတယ်။ ဖွားဖွားကို သနားလို့ ပြန်လာတာ၊ ချက်ချင်း အတွေ့မခံတာကတော့ မိုနာ့မေမေက စိတ်ကြီးတယ်၊ ကျွန်တော့်မှာ ဒီဂရီမရှိရင် သူ့သမီးကို ပေးစားချင်မှာ မဟုတ်ဘူး။ မိုနာနဲ့လည်း စစ်တွေက သူဌေးသားတယောက်နဲ့ လူကြီးချင်း စေ့စပ်ထားတယ်တဲ့”

အတွတ်သည် သားငယ်မျက်နှာကို စေ့စေ့ ကြည့်နေ၏။

"ဖေဖေရယ်--- လူကြီးတွေ စေ့စပ်ထားတဲ့ စစ်တွေက သူဌေးသားနဲ့ မိုနာနဲ့ ယူရင် တော်သေးတယ်၊ ကျွန်တော်နဲ့ ပြိုင်ဘက် တော်မီကို ယူရင်တော့လား ကျွန်တော် နည်းနည်းမှ ခံနိုင်မှာ မဟုတ်ဘူး၊ တော်မီကိုလည်း သတ်မိမယ်၊ ကျွန်တော်ရင်လည်း သေမယ်"

အတွတ်က ပြုံးလိုက်၏။

"သားရဲ့မခံချင်စိတ်ကို နေရာအမှန်မှာ အသုံးချလိုက်ရင် သိပ်ကောင်းမှာပဲကွယ်၊ အင်း... ခုတော့ ပြန်မရတာကတော့ ထားလိုက်တော့၊ ဖေဖေ့တာဝန်က အကောင်းဘက်ကို ဖြစ်နိုင်သရွေ့ ဖေဖေ လုပ်ပေးမယ်၊ မိုနာ့မေမေက ဘာပြောဦးမလဲ မသိ"

"သားမှာ ဒီဂရီ မရှိတာ တခုပဲ ဖေဖေ၊ ဖွားဖွားကြီးကလည်း ချမ်းသာတယ်၊ ဖေဖေကလည်း ဆရာဝန်ကြီးပဲဟာ၊ သူတို့ ဘာဂုဏ်ငယ်စရာရှိလဲ၊ ဟုတ်တယ် မဟုတ်လား"

သူ့အတိတ်ကို ဘာမှမသိရှာသော သားလေးတွတ်နီ၊ အတွတ်သည် တွတ်နီမျက်နှာလေးကို စေ့စေ့ကြည့်ရင်း သက်ပြင်းချလိုက်၏၊ သားလေး စိတ်ချမ်းသာပါစေ၊ သားလေးသည် ဆရာဝန်ကြီး ဦးမိုးကောင်း၏ သားအရင်းအဖြစ် စိတ်ခေတ်မြင့်နေဖို့ပဲ အရေးကြီး၏။ စိတ်ခေတ် မြင့်နေဖို့ သူက ဖန်တီးပေးနေသော်လည်း ဘဝင်မြင့်ခြင်းအဖြစ်သို့ ရောက်အောင် လုပ်မိသလို ဖြစ်နေပုံရ၏။

"ဒါတော့ ဒါပေါ့၊ ဖေဖေက မဖြစ်ဘူး၊ ဖြစ်ခဲ့သော် ပြောပြတာပါ။ မိုနာ့အမေက အယူအဆ ခွကျကျရယ်၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ"

"သား... မိုနာနဲ့ ခွဲရမှာလား"

"မခွဲရပါဘူး မခွဲရပါဘူး၊ စိတ်ချ... စိတ်ချ၊ ဖေဖေ တခုပဲ သားကြီးကို ပြောပြမယ်၊ သားကြီးမှာ ဖေဖေရဲ့ဂုဏ်၊ ဖွားဖွားရဲ့အမွေတွေ အများကြီးရှိတယ်။ ဘယ်လိုပဲ ရှိရှိပေါ့၊ သားကြီးမှာ ကိုယ်ပိုင်ဂုဏ် ရှိစေချင်တယ်၊ ဂုဏ်ဆိုတာ အရည်အချင်းကို ဆိုလိုတာ။ မိုနာကို ဖေဖေတို့၊ ဖွားဖွားတို့ ပိုက်ဆံနဲ့ ကျွေးနိုင်မွေးနိုင်၊ သူ့အမေလက်ထဲမှာထက် သာအောင် ထားနိုင်တယ်ပဲ ထားဦး၊ ဒါတွေဟာ သားရဲ့ ကိုယ်ပိုင်ဂုဏ်တွေ အရည်အချင်းတွေ မဟုတ်ဘူး၊ မိန်းမတယောက်ကို ယူတတ်ရင် ကိုယ့်ဝင်ငွေနဲ့ ကိုယ်လည်း ထမင်းကျွေးတတ်ရမယ်"

"ဂုဏ်ဆိုတာ အလုပ်ဆို၊ ကျွန်တော် ကားမောင်းတတ်တယ်၊ ကားမောင်းပြီး

မိုနာ့ကို လုပ်ကျွေးမယ်”

“ဟား... ဟား”

အတွတ်သည် ရယ်လိုက်၏။

“သားကြီး၊ လူတစုဟာ သူတို့ထင်တာ၊ သူတို့ လုပ်ချင်တာရယ်၊ သူတို့ ထွက်ပေါက် အသက်ရှုကွက်တကွက် ရချင်တာနဲ့ စကားလုံးကို အရမ်းထွင်ထွင်သုံးကြရော၊ လက်ခံယူကြတဲ့ ကလေးငယ်၊ မင်းတို့လို အရွယ်ပြောင်းစ အပြောင်းအလဲအရွယ် လူငယ်လေးတွေကလည်း စကားရဲ့အဓိပ္ပာယ် အရှည်၊ အတိုကို ကိုယ် လက်ခံချင်သလို လက်ခံယူဆမှုကြောင့်နဲ့ ပျက်စီးကြရဦးမှာပါလား၊ တိမ်တိမ်လေး မတွေးပါနဲ့”

ရစ်ချတ်သည် အတွတ်မျက်နှာကို စေ့စေ့ကြည့်နေ၏။

“ဂုဏ်ဆိုတာ အလုပ်ဆိုပြီး သားတို့အရွယ် ပညာ မပြည့်မစုံသေး၊ လူလားမမြောက်သေးတဲ့ ကောင်လေးတွေက ဒီနေ့ လူပျိုပေါက်ဖြစ်ပြီး မိန်းမကောက်ယူ၊ ရေထမ်းကျွေးမယ်၊ ထင်းခွေကျွေးမယ် ဆိုတဲ့ အတွေးအခေါ် တမျိုးကြီး ခေါင်းထဲ ဝင်နေပါပြီလား။ အဲဒီတော့ အရွယ်မတိုင်မီ မင်းတို့ခေါင်းထဲမှာ၊ မင်းတို့ အသည်းနှလုံးထဲမှာရှိတဲ့ အရည်အသွေးဟာ အညွန့်ချိုးလိုက်သလို ဖြစ်သွားမှာပေါ့။ ဖေဖေက ရေထမ်းတာ၊ ထင်းပေါက်တာ၊ ကားမောင်းတာ တွေဟာ အလုပ် မဟုတ်ဘူးလို့ မဆိုလိုပါဘူး။ လုပ်ရမယ့်အလှည့်ကျ မနွဲ့ရဘူးဆိုတဲ့ စကားလည်း ရှိသားပဲ။ ကြုံတွေ့ရတဲ့ဘဝတလျှောက်မှာ ကိုယ်တာဝန်ချထားခံရတဲ့အပိုင်းကို ကျေကျေပွန်ပွန် လုပ်တတ်ရမယ်၊ အလုပ်အပေါ်မှာ သစ္စာရှိရမှာပေါ့”

ရစ်ချတ်သည် သူ့ဖေဖေပါးစပ်မှ တခါမှ ထိုမျှ ရှည်လျားသောစကားမျိုး၊ ဆုံးမသြဝါဒမျိုး တခါမှ မကြားဖူးခဲ့ပေ။

“ဒါကို ဖေဖေက မကန့်ကွက်ပါဘူး၊ ဒါပေမင့် သား၊ ခုတော့ တောနေလူထုကို ဘာကြောင့် စာတွေ တတ်အောင် သင်ရတာလဲ သိလား။ အလိမ္မာ စာမှာရှိတယ် သားရဲ့၊ နကန်းတလုံးမှ စာမတတ်တော့ ဦးဆောင်မှုပေးတဲ့လူက ဘယ်လိုပဲပေးပေး၊ သူတို့မှာ အသိပညာ မရှိတော့ ထင်တာလုပ်မှာစိုးလို့၊ အတွေးအခေါ် အမှားကြီးတွေ ယူဆသွားမှာစိုးလို့ပဲ။

ဖေဖေတို့ မြန်မာ့ရိုးရာ ပုံပြင်မှာ ရှိတယ်လေ၊ တချို့က ရယ်စရာလို့ အောက်မေ့တယ်၊ လူတယောက်ကို ကလေး ကြည့်ထိန်းထားလိုက်ပါ။ ခြင်လည်း မကိုက်ပါစေနဲ့လို့ ကလေးအမေက မှာခဲ့ပြီး အပြင်ထွက်သွားရော၊ ဒီလူက တကယ်ပဲ

ရိုးရိုးသားသား၊ ကလေးကို ကြည့်နေရင်းက ခြင်တကောင် ကလေးရဲ့နဖူးကို ကိုက်နေတာမြင်တော့ အနားကတူနဲ့ယူပြီး ထုလိုက်တာ ခြင်လည်းသေ၊ ကလေးလည်းသေရော။ ဒီပုံကို အမေမှာ မှာတဲ့အတိုင်းလို့တောင် လူကြီးတွေက စကားပုံ လုပ်ထားသေးတယ်”

ရစ်ချတ်က ရယ်၏။

“သား ဒီပုံကို ကြားဖူးလား”

“မကြားဖူးပါဘူး”

“အေး ဖေဖေက သဘောပြောပြတာပါ၊ ကြားဖူးလို့ရှိရင်လည်း ဖေဖေ့ပုံက အမှားကြီး၊ တူမဟုတ်ပါဘူး၊ ရဲတင်းလို့များ အမှားပြင်ချက်ထုတ်ဦးမလားလို့။ တူဖြစ်ဖြစ်၊ ရဲတင်းဖြစ်ဖြစ်ပေါ့ကွာ၊ ဒီနေရာမှာ ကလေးကြည့်တဲ့သူဟာ အသိပညာရှိရင် ကလေးအသက် ချမ်းသာပြီး အန္တရာယ် ကင်းမှာပေါ့။ ခုလည်း မင်းတို့မှာ ပြောတဲ့လူတွေကလည်း စကားအရမ်းသုံး၊ မင်းတို့လို အတွေးအခေါ် ပြောင်းစတွေကလည်း ကိုယ်လိုချင်တဲ့အပိုင်းကနေ စကားအဓိပ္ပာယ် ယူသုံးနေကြတယ်။ ခုလည်း မင်းမှာ ဘာအရည်အချင်း၊ ဘယ်လို အလားအလာ အညွှန့်ရှိတယ် ဆိုတာ မတွေးမိဘူး။ ဂုဏ်ဆိုတာ အလုပ်၊ အဲ... တခါတည်း ဒီနေ့ လူဖြစ်၊ မိန်းမယူ၊ ကားမောင်းကျွေးမယ်တဲ့၊ သိပ်ဟုတ်တာပဲ... နော်... ဟင်း”

အတွက်က သက်ပြင်းချလိုက်၏။

“အဲဒီစကားလုံး ထွင်တဲ့လူတွေကို သွားမေးစမ်း၊ ဂုဏ်ဆိုတာ အလုပ်ဆိုပြီး ခင်ဗျားရဲ့သား အခြေခံစာလေးမှ မတတ်ခင် မိန်းမယူ ရေထမ်းကျွေးရင် ဘယ့်နှယ်နေမလဲလို့။ မိဘအနေနဲ့တော့ ရင်ကျိုးတာပဲ သား။ ဖေဖေတော့ ကိုယ့်ကိုယ်ကိုယ်လည်း မလိမ်ချင်ဘူး၊ အခြေခံပညာကိုတော့ လုံလုံလောက်လောက် ကိုယ့်သားကို ပေးလိုက်ချင်နေတာပဲ။ ရေခပ်နေနေ၊ ထင်းပေါက်နေနေ၊ ရေခပ်ရင်း၊ ထင်းပေါက်ရင်းက စာဟာ တဖက်က ဖတ်သွားရမှာပဲ၊ ကိုယ်နဲ့ သက်ဆိုင်ရာ ဘာသာရပ်ကို လေ့လာနေရမှာပဲ။

ဒီတော့လေ... မိုနာတို့မိဘတွေနဲ့ ဖေဖေ ပြေပြစ်အောင် စီစဉ်ပေးမယ်။ မိုနာကိုလည်း ကျောင်းပြန်ထားမယ်၊ ဘဝကံကြောင့် သား ပညာပါရမီနည်းလို့ ဒီဂရီတွေ မရချင်နေ၊ အခြေခံ ပညာတော့ ရစေချင်တယ်။ ကားမောင်းဦးတော့၊ စာတတ်တော့ ကိုယ့်အလုပ်နဲ့ဆိုင်တဲ့ ဗဟုသုတက စာမှာရှိတယ်၊ စာဖတ်ရင်း ကားမောင်းတတ်ရာကနေ ကားပြင်တတ်တယ်၊ ကားပြင်တတ်ရာကနေ ကားတခုလုံး လုပ်တတ်တဲ့အထိ သားဟာ တိုးတက်သွားမှာပေါ့။ ဖေဖေပြောတာ သဘောပေါက်လား”

ရစ်ချတ်သည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်၏။

“ဖေဖေ့ကို သား တခု မေးမယ်လေ”

အတွတ် ခေါင်းညိတ်ပြရင်း သား၏မေးခွန်းကို နားထောင်နေ၏။

“ဖေဖေ... လေ၊ သားနဲ့ တူတူ ဘာလို့ ရန်ကုန်မှာ မနေလဲ၊ ရန်ကုန်မှာ ဖေဖေနဲ့ ဆရာဝန် အတူဖြစ်တဲ့ ဆရာဝန်တွေဟာတဲ့ ကိုယ်ပိုင်ဆေးခန်းတွေ ဖွင့်ပြီး ချမ်းသာနေကြတယ်တဲ့၊ ဖွားဖွား ခဏ ခဏ ပြောတယ်။ ဖေဖေသာ သားနဲ့အတူ ငယ်ငယ်ကလေးကတည်းက နေမယ်၊ ဒီလိုပုံတွေ ဖေဖေကပြောလို့ သားနဲ့အတူနေရင် ကျွန်တော်လည်း စိတ်လေတတ်မှာ မဟုတ်ဘူး။

ဖွားလေးစီက မတော်လို့ မဟုတ်ပါဘူး။ သူ့ခေတ်က ပေတံကြီးနဲ့ တိုင်းတိုင်းပြီး ပြောပါများတော့ ကျွန်တော့်ရင်ထဲမှာလည်း ကျဉ်းကျပ်တယ်၊ ချုပ်ချယ်လွန်းတယ် ထင်ရော။ သားကြီးမှာ အပြစ်ရှိတယ် ဆိုတာလည်း သား ဝန်ခံပါတယ် ဖေဖေ၊ ကျွန်တော်နဲ့ အတူမနေတာဟာ သားကို မချစ်လို့လား”

“ချစ်ပါတယ် သားရယ်၊ ဖေဖေ ချစ်ပါတယ်”

အတွတ်သည် ရစ်ချတ်၏လက်ကို တင်းကျပ်စွာ ဆုပ်ထား၏။ သူသည် ရုတ်တရက် မဖြေနိုင်၊ စကားဆက်မပြောနိုင်ဘဲ သားမျက်နှာကိုသာ စေ့စေ့ကြည့်နေမိတော့၏။

“ဖေဖေ... စိတ်ထိခိုက်သွားသလား... ဟင်”

ရစ်ချတ်သည် သူ့စကားလုံးကြောင့် သူ့အဖေ အမူအရာ ပြောင်းသွားသည်ကို အံ့သြသွား၏။ အတွတ်သည် ပြောရမည့် စကားလုံးများကို မထွက်၊ သူ့ကိုယ်ကိုယ်လည်း မညာချင်၊ တွတ်နီကိုလည်း မညာချင်ပေ။

“ဖေဖေ ဖြည်းဖြည်း ပြောပြမယ်နော်”

သူသည် စကားလုံးရွေး၍ သားကို အေးအေးဆေးဆေး ပြောပြမည်။

သို့သော်... လိမ်သင့်သည့်နေရာ၌ လိမ်တာလေးတော့ ရှိရပါမည်။ စကားအဆိပ်သင့်မှာစိုး၍ လိမ်လိုက်ရသည့်အတွက် တရားပါမည်လော။ သူသည် ခေတ္တ အချိန်ယူ စဉ်းစားနေ၏။ ကံငါးပါးတွင် မုသာဝါဒသည် ကျူးလွန်ချိုးဖောက်ဖို့ အလွယ်ဆုံးသောသီလ ဖြစ်၏။ သိုးဆောင်းစကားတွင်တော့ White Lie ဆိုသည်မှာ အပြစ်မဲ့သော မုသားစကားကို ဆိုသည်။

ကျောင်းနေစဉ် ဆရာများကမူ သူ့အား ဆုံးမခဲ့ဖူး၏။

"တခါတရံတော့လည်း တဦးတယောက်မှာ စိတ်ထိခိုက်မှာ၊ အကုသိုလ် ဖြစ်မှာစိုးလို့ လိမ်ပြောရတာ ရှိတယ်။ ဒါမျိုးကျတော့လည်း လိမ်ရတာ ရှိတာပဲ အတွက်ရဲ့။ ဒါပေမင့်လည်း ဒါလောက်ကလေး လိမ်တာ အပြစ်မရှိပါဘူးနဲ့ တစတစ သီလတခုကို ချိုးလိုက်ရင် နောက် စောင့်ထိန်းအပ်တဲ့ အကျင့်သီလ၊ ကြီးမားတဲ့ပြစ်မှုကြီးတွေကို ကျူးလွန်ဖို့ မခဲယဉ်းတဲ့အလေ့ ပါသွားတတ်တယ်။ ဒီတော့ ကိုယ်သုံးတဲ့စကားလုံးမှာ သက်ရောက်မယ့် အကျိုးအပေါ်ကြည့်ပြီး အခြေအနေအလျောက် ပြောရတာပဲ"

ဟု သူ့ဆရာသမားများက ပြောဖူး၏။

ထို့ကြောင့် သူ့စကားကို အမှန်အတိုင်းလည်း သူ ပြောလိုသည်။ သား တွတ်နီ စိတ်ဓာတ်မကျအောင်လည်း သူ ထိန်းထားလိုပေသည်။ သူသည် ခပ်ဖြည်းဖြည်း စကားကို စ၍ ပြောရ၏။

"ဖေဖေ သားကို ချစ်ပါတယ်၊ သိပ်ကို ချစ်တာပါပဲ။ မေမေတို့ကလေ ဖေဖေ့ကို ဂျော့သင်းမောင်လို့ တမျိုး၊ မောင်မိုးကောင်းလို့ တမျိုး၊ အမျိုးမျိုး ကျောင်းနာမည် တရားဝင်တွေ မှည့်ပေမယ့် အိမ်မှာတော့ သူတို့ ချစ်စနိုးနဲ့ အတွတ်လို့ ခေါ်တယ်။ ဖေဖေကလည်း သားကြီးကို ချစ်လို့ ဖေဖေ့နာမည် အတွတ်ကို ရှေ့ကထားပြီး တွတ်နီဆိုပြီး မှည့်တာပေါ့။ ရစ်ချတ်လို့ တခါတလေ ခေါ်ရတာ အရသာ မရှိဘူး။ ဒါကြောင့် ဖေဖေက တွတ်နီ... တွတ်နီနဲ့ခေါ်တာ သား သတိထားမိမှာပေါ့"

"ဟုတ်ကဲ့"

တွတ်နီ၏မျက်လုံးများသည် အချစ်ခံရသူတယောက်၏ အေးမြသောရေစင်ဖြင့် သွန်းလောင်း ဆေးချခံရသလို တဖိတ်ဖိတ်တောက်ပလာ၏။

"ဖေဖေ့ကို ခွင့်လွှတ်ပါ၊ ယောကျ်ားလေးတယောက် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ် အရွယ် ဘယ်လို စိတ်ဓာတ်ပြောင်းလဲလာတယ်၊ နှစ်ဆယ်ကျော်လောက်ကျတော့ ဘယ်လို စိတ်ဓာတ် ဖြစ်လာတယ်၊ နွားသိုးကြိုးပြတ် ကမူးရှူးထိုး ဖြစ်တတ်တဲ့အရွယ်ဟာ ဘယ်အသက် အပိုင်းလောက်မှာ ဆိုတာတို့ ယောကျ်ားအချင်းချင်း ပိုပြီး သိတာပေါ့ သား။ ဒီအရွယ်တွေမှာ ဖေဖေ သားကြီးနဲ့ ရင်အုပ်မကွာနေပြီး ပြုပြင်လိုက်ရင် သား ခုလိုဖြစ်မှာမဟုတ်ဘူး။ သားတို့အရွယ်ဟာ တကယ်တော့ ပေါက်ရွက်လိုပဲ၊ ဘာအနံ့မှ မရှိဘူး။ အင်မတန် သန့်ရှင်းတယ်။ ဒါပေမဲ့ ငါးစိမ်းကို ထုပ်မိတော့လည်း ပေါက်ရွက်ဟာ ငါးညှီနံ့ နံတယ်၊ တောင်ဇလပ်ပန်းကို ထုပ်မိတော့လည်း ဇလပ်ပန်းနံ့ မွှေးတယ်ကွဲ့။ မွှေးတဲ့ပန်းကို ထုပ်မိအောင်က ဖေဖေ့မှာ တာဝန်ရှိတယ်။ ဒါကြောင့်

ဖေဖေ့ကို ခွင့်လွှတ်ပါလို့ သားကို ဖေဖေ တောင်းပန်ရတာက သားရဲ့မှားခဲ့တဲ့ကိစ္စထဲမှာ ဖေဖေ့တာဝန် မကင်းလို့ပါ”

တွတ်နီသည် သူ့ဖေဖေကို မြတ်နိုးစွာကြည့်၏။ သနားသလိုလို၊ ငိုချင်သလိုလို ရင်ထဲကလည်း စကားကို နားထောင်ရင်း ဖိုလှိုက်လာ၏။

“ဒါဖြင့် ရန်ကုန်မှာ အခြေတကျ မနေဘဲ တောအနှံ့ တောင်အနှံ့ ဘာလို့သွားနေလဲလို့ သားက မေးတယ်လေ၊ အကြောင်း နှစ်ကြောင်းကြောင့်ပေါ့ သားရယ်၊ တကြောင်းက ဖေဖေ ဆရာဝန်ဖြစ်စ အချိန်က ခု သားကြီးတို့ခေတ်လို မဟုတ်ဘူး၊ ဆရာဝန်လိုင်းကို လိုက်တဲ့သူလည်း နည်းတယ်။ ဆေးပညာကို သင်ရဖို့ သိပ်ပြီး ငွေကုန်ကြေးကျ များတယ်။ ဆရာဝန်တယောက်ဖြစ်ဖို့ ကျောင်းစရိတ်ငွေလည်း လို၊ ပညာလည်း လိုတယ်။ ငွေရှာချင်တဲ့သူတွေအဖို့ ဆရာဝန်ဖြစ်ပြီဆိုရင် ငွေအိုးတွေ့တာပဲ။ နိုင်ငံခြားသား ဆရာဝန်တွေ့ဆိုရင်လည်း ရန်ကုန်မြို့ပေါ် ဆေးဆိုင်ဖွင့်ရင် ငွေသဲ့ယူသလို ရတယ်။ များသောအားဖြင့် ဆေးပညာကို လူထုအကျိုးထက် ကိုယ်ကျိုးအတွက် အသုံးများတယ်”

အတွတ်သည် ခေတ္တနားပြီးမှ ဆက်ပြော၏။

“ဖေဖေ ဆရာဝန်ဖြစ်ချိန်မှာ ငွေအတွက် ဖေဖေ့မှာ ပူစရာ မရှိဘူး။ သားကြီးရဲ့ဘဘနဲ့ ဖွားဖွား ရည်ရွယ်ချက်ကိုက လူအများရဲ့အသက်ကို ကယ်နိုင်အောင်လို့ ဖေဖေ့ကို ဆရာဝန်ဖြစ်အောင် သင်ပေးတာတဲ့။ ဖေဖေ တတ်တဲ့ပညာနဲ့ ငွေရှာဖို့ မလိုပါဘူးပေါ့။ ဒါကြောင့် ဖေဖေဟာ လူတွေ အသွားအလာ ခက်ခဲတဲ့ တောရွာတွေ၊ တောင်တန်းဒေသ အစွန်အဖျားတွေ လှည့်ပတ်သွားလာပြီး ကိုယ်တတ်တဲ့ပညာနဲ့ သူတို့ကျန်းမာရေး၊ အသက်ရှင်ရေး ကူညီရတာပေါ့ သားရယ်။ ခုခေတ်တော့ ဆရာဝန်တွေ အဖွဲ့လိုက်စုပြီး နယ်ဆင်းကြတယ်။ ဒါလည်း တနည်း ကောင်းပါတယ်။ ဖေဖေကတော့ သံယောဇဉ်ကင်းတဲ့သူ၊ သားမယား မရှိတော့၊ အင်း... ဟိုသင်းလေ၊ သားကိုလည်း အပ်ထားစရာ ဖွားဖွား ရှိနေတယ်မို့လား”

သူ့စကားလုံး မှားသွား၍ မြန်မြန်ပြင်လိုက်၏။

“တနေရာမှာ အခြေကြာကြာစိုက်နိုင်လေ ကောင်းလေပေါ့။ ဖေဖေ ဆော့လော်နာဂတွေ ရှိတဲ့ နာဂတောင်တန်းဒေသမှာတုန်းက လူထုပညာရေးဌာန တာဝန်ခံတွေနဲ့အတူ အခြေချနေတာ သုံးနှစ်လောက် ကြာတယ်။ ချင်းတောင်မှာလည်း ဖို့တ်ဝှိုက်၊ တီးတိန်၊ မဏိပူရ် နယ်ခြားတဝိုက် သွားလာနေတာပဲ။ တောင်ပိုင်း ချင်းတောင်ဒေသဖြစ်တဲ့ မတူပီ၊ ကျောက်ထုတို့ ပေါက်တို့ အတော်စုံပါတယ်လေ။ ခုလည်း ဘော်လီဘဇား၊ ဟို... ဟို စိုင်းဒန်ရေတံခွန်ရှိတဲ့ နေရာလည်း သွားမယ်။ မေယုမြစ်ဖျားမှာ မင်းကြီးရွာရှိတယ်။

အဲဒီနေရာမှာ သုံးလေးနှစ် ဖေဖေ အခြေချမလို့၊ ခုတလော ပေလီမှာ ခဏနားရင်း အပန်းဖြေဦးမယ်ပေါ့။ ဦးရွှေသာတို့ကို သံယောဇဉ်တွယ်တာနဲ့ ဇီးဖြူကုန်းမှာ ခဏနေနေဆဲ သားတို့ကိစ္စပေါ်လာလို့”

“ဖေဖေ.... ခုလို သွားနေတော့ သားကို မလွမ်းဘူးလား”

“လွမ်းတာပေါ့”

သူ ဒါပဲဖြေ၍ ရှေ့စကား မဆက်ရဲသေးပေ။ သူ့စိတ်ထဲတွင် သူ့လိပ်ပြာသူ မလုံသည်က အကယ်၍သာ ရစ်ချတ်သည် သူ့သားဖြစ်ခဲ့သော် ဒါလောက် ကင်းကင်းပြတ်ပြတ် နေဖြစ်ချင်မှ နေဖြစ်မည်။ သူသည် အမှန်နှင့် နီးစပ်နိုင်သမျှကိုတော့ ပြောပြလိုက်၏။

“အေး... ဖေဖေကတော့ သားရဲ့ပညာရေး ထိခိုက်မှာစိုးတယ်။ ဖေဖေသွားလေရာ သားလိုက်ရင် အတန်းမရမှာစိုးလို့ ရန်ကုန်မှာ ဖွားဖွားတို့နဲ့ ထားခဲမှ သား ကောင်မလေးတွေနဲ့ ပွေ၊ အချိန်ဖြုန်း၊ စာမကြိုးစားဘဲ ခုတော့ မိန်းမတောင် ခိုးပြေးတော့ ဖေဖေ့စိတ်ထဲ ဘယ့်နှယ်ရှိမလဲ သား”

ရစ်ချတ်သည် စိတ်ထိခိုက်သွားသလို ခေါင်းကို ငိုက်စိုက်ချထား၏။ နောင်တရဟန်လည်း ရှိ၏။ အကယ်၍သာ အတွတ်သည် ဒါထက် ပွင့်ပွင့်လင်းလင်း အမှန်ကိုပြောလျှင် အများအတွက် မဖွံ့ဖြိုးသေးသော ဒေသများသို့ သွားရခြင်း။ စိတ်ကောင်းစေတနာရင်းကမူ သားဖြစ်သူ ရစ်ချတ်ကို သူပြောပြသည့်အတိုင်း မှန်ပါ၏။ ထိုရည်ရွယ်ချက် နောက်ကွယ်မှာမူ သူချစ်သောမွှေးနှင့် ခွဲခွာရသော ဝေဒနာက ပေါ်လာတိုင်း သူသည် ရန်ကုန်မှာကို စွဲစွဲမြဲမြဲ မနေချင်ပေ။ ဒါကိုတော့ သားကြီးကို မပြောပြချင်ပေ။ ဖွင့်မပြော၍ ဘယ်သူ့ကိုမှ ထိခိုက်စရာ မရှိလျှင် မပြောတာဘဲ ကောင်းသေး၏။

“ဖေဖေ ဒီလို သွားနေရင်း မေမေ့ကိုကော မလွမ်းဘူးလား၊ သားကြီးလေ ခုတလော တစိမ့်စိမ့် တွေးမိတယ်”

“အမယ် ဖေဖေ့သား ဒီလို အကြောင်းတခုခုကို တစိမ့်စိမ့် တွေးတတ်တယ်လို့ ဖေဖေ မထင်မိဘူး”

“ခုတလောမှပဲ ဖေဖေရယ်၊ ဒီပင်လယ်ပြင်ကို ကြည့်ကြည့်ပြီး သားလေ သိပ်တွေးချင်လာ တယ်။ ဘာဖြစ်မှန်းလည်း မသိပါဘူး။ တွေးမိတာကတော့ ဖေဖေဟာ ငါ့ကို ချစ်လိုက်တာလည်း တုန်လို့၊ ဒါပေမင့် စကားတွေ ဘယ်လိုပဲစပ်မိ ဖေဖေဟာ မေမေ့အကြောင်းကို တခါမှ ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောဘူးလို့”

ရစ်ချတ်က စကားကို အဆုံးသတ်သည်မဟုတ်၊ နားထောင်နေသော

အတွတ်ရင်ထဲမှာမူ ခုန်လာ၏။

"ဒီတော့ ကျွန်တော် တွေးမိတာက ဖေဖေဟာ မေမေ့ကို ချစ်မှချစ်ရဲ့လားလို့ ဟင်... ဖေဖေ... ဖေဖေ မေမေ့ကို မချစ်လို့လား၊ ဒါမှမဟုတ် မေမေဟာ ဖေဖေ့နှုတ်ဖျားက စွဲနေအောင် ချစ်စရာ ကောင်းတဲ့ မိန်းမတယောက် မဟုတ်လို့လား။ သား... သား သားကြီး သိချင်လိုက်တာ ဖေဖေ"

ဘုရား... ဘုရား၊ ရစ်ချတ်သည် အတွတ်၏ လက်နှစ်ဖက်ကို ဆုပ်ယူဆွဲကိုင်၍ လှုပ်ကာ လှုပ်ကာ မေး၏။

ဘုရား... ဘုရား၊ မဖြေပါရစေနှင့်၊ မဖြေပါရစေနှင့်။ သူ့သားငယ်ကို သူ အထင်သေးမိသည် ဖြစ်ခြင်း။ ခုတော့... သူ့သားသည် သူထင်သလောက် မတုံး။ အမယ်လေး မေးခွန်း မေးတတ်လိုက်တာ၊ သူ ဘယ်လိုလုပ်၍ ဖြေရပါမည်နည်း။

"သား မေးတာတွေ တခုမှ မဟုတ်ဘူး"

သူသည် တုန်တုန်ယင်ယင်နှင့် ဖြေတတ်သမျှ ဖြေလိုက်၏။

"သားတော့လေ မိုနာကို သိပ်ချစ်တော့ မိုနာ မပါရင်ကို စကားမပြောတတ်ဘူး။ မိုနာဟာ သားနှုတ်ခမ်းဖျားမှာ စီးနေတယ်"

"ဟင်း... သားရယ်၊ မိန်းကလေးတယောက်ကို ချစ်တဲ့အချစ်ဟာ နှုတ်ခမ်းဖျားမှာ စီးနေတာထက် အသည်းနှလုံးကို စီးနေတယ်ဆိုရင် ပိုပြီး အချစ်ဟာ လေးနက်မသွားဘူးလား"

ဘုရားတန်ခိုးတော်ပေပဲ။ ထိုစကားလုံးများကို ရုတ်တရက် ရှာတွေ့လိုက်သည့်အတွက် လက်ဖျစ်တတွက် တခဏအတွင်း သူ့စိတ်ကို ကျေးဇူးတင်လိုက်သည့်ဖြစ်ခြင်း။

"အင်း... အင်း... ဟုတ်ပါရဲ့"

ရစ်ချတ်၏ မျက်လုံးလေးများသည် ဝမ်းသာသွားသော အရှိန်ကြောင့် တောက်ပလာရုံမက ခေါင်းကို မော့၍ စကားသွက်လာ၏။

"အချစ်ဆိုတာ ပါးစပ်ဖျားမှာထက် အသည်းနှလုံးမှာ ရှိနေတာ ကောင်းတာပေါ့နော်၊ ဝမ်းသာလိုက်တာ၊ မေမေဟာ ဖေဖေ့အသည်းနှလုံးထဲမှာ ရှိနေတဲ့ မိန်းမတယောက်။ အို... ကျွန်တော် ဝမ်းသာလိုက်တာ။ မိုနာဟာလေ ကျွန်တော်တို့သားအဖကြား ရောက်လာလို့ ဖေဖေ့သားကြီးကို အချစ်လျော့မသွားပါဘူးနော်"

"မလျော့ပါဘူး သားရယ်"

ရစ်ချတ်သည် စကားပြောရင်း စာရေးစက္ကူကတ်ပြားပေါ်မှ "ချစ်လှစွာသော မကျည်းတန်" ဟူသော စကားလုံးများကို မြင်လာပြန်၏။

"ဟင်း…" ခနဲ သက်ပြင်းချရင်း -

"မိုနာကို သားယူတော့ ဖေဖေ အချစ်မပေါ့ပေမယ့် သားအဖြစ်ကို ခွင့်လွှတ်တယ်နော်။ သားလည်းလေ တနေ့နေ့ ဖေဖေ့ကို ခွင့်လွှတ်ရမယ် ထင်ပါတယ်"

"ဘာကို ဆိုလိုတာလဲ သား"

ရစ်ချတ်သည် "ချစ်လှစွာသော မကျည်းတန်" ဟူသည့် စကားလုံးများ၊ ထိုနောက်ဆက်တွဲကို ဖွင့်ဟမေးချင်လာ၏။ မေးလည်း မမေးရက်။ နောက်ရက်များတွင် သူ့ဖေဖေရေးသမျှ စာကို ဆက်ဖတ်ပြီးမှပင် မေးတော့မည်ဟု သူ စိတ်ပိုင်းဖြတ်လိုက်သည်။

သူသည် မျက်နှာထားကို ပြောင်း၍ ပေါ့ပေါ့ပါးပါး ပြုံးပြုံးရွှင်ရွှင်ပင် ပြော၏။

"ဘယ်ပြောနိုင်မလဲ၊ မိုနာလိုပဲ လှတဲ့ မိန်းကလေးတယောက် တွေ့လို့ ဖေဖေယူရင် သားက ဖေဖေ သားကို ခွင့်လွှတ်သလို ဖေဖေ့ကိုလည်း ခွင့်လွှတ်ရမှာပေါ့လို့ ပြောတာပါ ဟဲ… ဟဲ"

"အောင်မယ်… ဒီစကားတွေ မင်း ဘယ်က တတ်တာလဲ"

"တတ်လာတာပေါ့ ဖေဖေရ၊ ကျွန်တော့်ရင်ထဲမှာ သေသေချာချာ စဉ်းစားတိုင်း မနာလိုသလိုပဲ။ ဖေဖေ မိန်းမတယောက်ကိုများ ယူရင်လေ ကျွန်တော့်ရင်ထဲ ဘယ်လိုနေမလဲ မသိဘူးနော်၊ ဖေဖေယူတဲ့ မိန်းမဟာ အကျည်းတန် အရုပ်ဆိုးကြီးတော့ မဟုတ်ပါဘူးနော်"

အတွက်လည်း ဘာဖြေရမှန်း မသိ။

"အို… ဘယ်သိပါ့မလဲကွယ်"

"မိန်းမ ယူတော့ ယူဦးမှာလား ဖေဖေ"

အတွက်သည် ပြုံးလိုက်၏။

"သားတို့ခေတ် အဆိုတော် ချစ်စံပယ် သီချင်းလိုပေါ့ကွ၊ ယူတော့ ယူမှာပဲ

ခုတော့ မလွယ်”

အတွတ်က အရှွန်းဖောက်ကာ စကားကို ရပ်ပစ်လိုက်၏။

“ကဲ... သွားအိပ်တော့ တွေတ်နီ စကားအိုး၊ တော်ကြာ မိုနာနိုးနေရင် ငါ့သားကို ရှာမတွေ့လို့ ငိုနေဦးမယ်”

တွတ်နီသည် အတွတ်၏လက်ဖျားကို ဆွဲယူကာ နမ်းရှုပ်၍ ခုတင်ပေါ်မှ ပြေးဆင်း သွားတော့သည်။

အတွတ်သည် တွတ်နီလှဲသွားသော သူ့ခုတင်ပေါ် သူအိပ်လိုက်၏။ ပင်လယ်ပြင်မှ ရေလှိုင်းသံသည် တိတ်ဆိတ်နေသော ပေလီကမ်းခြေကို စိုးမိုးနေသည်။

တွတ်နီ လူ့ဘဝကို ရောက်လာပုံကို တနေ့တော့ အထုပ်ဖြေပြရမည် ဖြစ်၏။ သူက မဖြေပြချင်၍ ဘယ်လိုပဲ ဖုံးအုပ်ထားသော်လည်း အကြောင်းတခုခုကြောင့် အထုပ်ဖြေပြရန် အခန်းသို့ ရောက်သော် တွတ်နီပတ်ဝန်းကျင်သည် သူတို့ အသိုင်းအဝိုင်းအတွင်းမှ တွတ်နီကို ဘယ်သူကပဲ “ပ” ၍ ထားစေဦး၊ သူ့နှလုံးသားနှင့် ပွေ့ချီပိုက်ထွေးထားမည်ပဲ ဖြစ်၏။

သို့သော် သူ့သား တွတ်နီ၏ နှလုံးသားများက နုနယ်သေး၏။ တွတ်နီသည် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူး ထားဦးတော့။ သူ့ချစ်သူ မိုနာ၏ ပစ်ပယ်မှုကိုတော့ ခံနိုင်မည် မဟုတ်ရာပေ။ ထိုအခါတွင် သူ့သားလေးသည် ကလေကချေ စိတ်ခတ်ချောက်ချား၍သွားမှဖြင့် သားငယ်၏ အနာဂတ်ကို သူမတွေးရဲပေ။

အင်မတန် ရင့်ကျက်ပါပြီဟု သူ့ကိုယ်သူ ထင်ခဲ့သော သူကိုယ်တိုင်သော်မှ ဘယ်သူ့ အပြစ်မှမပါ၊ မွေးနှင့် ခွဲခွာခဲ့ရသောဒဏ်ကို ခုထိ ကုသလို့ မပျောက်သေးသည်ရှိသော် သားလို နွားသိုးကြိုးပြတ်အရွယ်တွင်မူ ပြောစရာ မရှိတော့ပြီ။

“အို... အဲဒီအကွက်ရောက်တော့လည်း ဒီဇာတ်ကို ငါနိုင်အောင် ကရမှာပေါ့၊ တွေးမပူတော့ပါဘူး။ တခါတလေ ဇာတ်ဆိုတာ ပြင်ဆင်မထားဘဲ လက်တန်းလျှောက်ရွတ်ရာက လမိုင်းကပ်ချင် ကပ်သွားတာပဲလေ”

တင်တင်မေ... မိုနာ့အမေ တင်တင်မေကိုသာ သူ ဘယ်လို ရင်ဆိုင်ရမည်ကို တွေးနေ၏။

တကယ်တော့ တွတ်နီ လူ့ဘဝ ရောက်လာခြင်းသည် သဘာဝကျကျ သူတကာလိုပင် လူ့ဘဝတနေရာကို ရယူခဲ့ခြင်း ဖြစ်သည်။

ဒါကိုပင် လူ့နယ်မြေကို ဘောင်သတ်လိုသော တန်ခိုးတော်အရှင်မ ဒေါ်တင်တင်မေက ဘယ်ပုံဘယ်ဟန်ဖြင့် လူတို့၏နယ်မြေကို ဝင်ရောက်လာရမည်ဟု ကြီးစိုးလိုစိတ် ဆန္ဒကြီးဖြင့် မိန်းမစွာကြီး လုပ်လာလျှင်တော့ လူ့ဘောင်နယ်မြေကို ကန့်သတ်သူ အသိုင်းအဝိုင်းအား သူသည် ပြတ်ပြတ်သားသား ရင်ဆိုင်ရတော့မည် ဖြစ်၏။

အို... အခါခပ်သိမ်း အချစ်သည် စိတ်ကို နှံ့စေသည် မဟုတ်ပါ။ အချစ်သည်ပင် သူ့စိတ်ကို ပြတ်သားမှု ဖန်တီးပေးလိုက်၏။

သူသည် မီးကို မှိတ်လိုက်သည်။

ပင်လယ်လှိုင်းများသည် သူတို့ ဘာသာစကားဖြင့် တရုံရောအခါက တွတ်နီခေါ် ရစ်ချတ် ဆိုသည့် လူငယ်တယောက် လူ့ပြည်ရောက်လာသော ပုံပြင်ကို ပြောနေကြသည်။

■

မိန်းကလေးသုံးဦး၏ မျက်နှာသည် အတွေးကိုယ်စီနှင့် ရှိနေကြ၏။ အသက် ၄၀ ကျော်ခန့် ရှိသော မိန်းမတဦးက သူတို့မျက်နှာကို ကြည့်ရင်း သံပန်းကန်ပြားကို ထိုးပေးလိုက်၏။

"ယူလေ.... ဟော့ တယောက် တချပ်စီ ယူ၊ ဒယ်အိုးထဲမှာ ထမင်းယူ ထည့်စား" ဟု ပြောလိုက်၏။ မိန်းမငယ် သုံးဦးသည် တယောက်မျက်နှာ တယောက် ကြည့်နေ၏။

"တော်ကြာကျရင် သူတို့ လာတတ်ကြတယ်။ ကိုယ်က ထမင်း အဆင်သင့် စားနင့်ထားတော့ ကောင်းတာပေါ့။ ပြီးတော့လည်း အရီးက မင်းတို့ကို တရက်ထက် ပိုကျွေးမထားနိုင်ဘူးလေ။ ဒီနေ့ ရောက်လာတဲ့ အိမ်ရှင်တွေလက်ထဲ ဦးရာလူ ထည့်ပေးမှာပဲ။ သန်းကြည်၊ နင်က ဧည့်သည် လုပ်မနေနဲ့လေ"

သန်းကြည် အခေါ်ခံရသော မိန်းကလေးသည် ဒယ်အိုးထဲမှ နနွင်းမှုန့်အရောင်ကြောင့် ဝါဝင်းနေသော ပဲပြုတ်နှင့် ထမင်းကြမ်းကြော်ကို ပန်းကန်သုံးခုထဲ ဝေထည့်လိုက်၏။ ကြမ်းပေါ် ချထားသော ငါးပိရည်ပန်းကန်ထဲမှ ငါးပိရည်ကို သူ့ပန်းကန်ထဲသူ လောင်းထည့်စား၏။

"ဟော့ စားကြ ကောင်မတွေ၊ ငေးမနေနဲ့"

သန်းကြည်က ခေါ်လိုက်မှ ကျန်နှစ်ယောက်က ပန်းကန်ကိုယ်စီ ကိုင်ကာ စားကြသည်။

"ကဲ စားထားကြ၊ ငါ ဈေးသွားဦးမယ်။ အရီးခေါ်ရင် ရိုရိုသေသေ စကားပြော၊ သန်းကြည်၊ နင်က ရှုလာနဲ့ ကြင်မြိုင်ကို အရီးအကြောင်း ပြောထားလိုက်လေ"

"ဟုတ်ကဲ့ ဒေါ်ထွေး"

ဒေါ်ထွေး ဆိုသူသည် ဈေးခြင်းဆွဲကာ ထွက်သွား၏။ သန်းကြည်သည် လက်အသွက်ဆုံး ဖြစ်၍ ထမင်းကို မြန်မြန်စားသည်။ ရှုလာကတော့ တလုတ်ချင်း ခပ်ဖြည်းဖြည်း စားရင်း ကြင်မြိုင်နှင့် သန်းကြည်ကို အကဲခတ်နေ၏။ ညက ဘာမှမစားဘဲ အိပ်ပျော်သွား၍လားမသိ။ ထမင်းကြမ်းကြော်သည် ရှုလာ့ပါးစပ်တွင် အရသာတွေ့လာသည်။ စိတ်မထင်ဘဲနှင့် တပန်းကန် ကုန်သွား၏။ နောက်ထပ် ထည့်စားစရာတော့ ဒယ်အိုးထဲတွင် မရှိပါပေ။

“အစ်မကသာ စိတ်ပူတာပါ။ အရီးပုကို ဆက်ဆံရတာ မခက်ပါဘူး။ ငါတော့ တလ တခါ ခွင့်ပြန်ရတဲ့အချိန် လခထဲကငွေနဲ့ ကြည့်ကန်တော့လိုက်တာပဲ။ သူကျေနပ်ရင် လည်ချင်တိုင်း လည်ရတာပဲ။ မနက်ကျမှ အိမ်ရှင်တွေရဲ့အိမ်ကို ပြန်ရော၊ အရီးပုက မူးနေရရင် ပြီးတာပဲ။ သောက်တော်ရေဖိုးသာ နင်တို့ ကောင်းကောင်းဆက်”

“အဲဒီ အရီးပုဆိုတဲ့ အဖွားကြီးက အရက်သောက်တတ်တယ်လား”

ရှဲလာက တကြိမ်မှ မြို့တက် အလုပ်မလုပ်ဖူး၍ မေးလိုက်၏။

“သောက်တတ်တယ်၊ ငါလည်း အစက မသိပါဘူး။ စည်းကမ်းကြီးတဲ့ မိန်းမကြီးလို့ အောက်မေ့တာ၊ ရောက်စလက ဟိုမိန်းမတယောက်အိမ်မှာ သွားလုပ်တယ်၊ ကျောင်းဆရာမပဲ၊ ငါ တလကြာတော့ ခွင့်တရက် ရလို့ ပြန်လာတာ။ အရီးပုအနားမှာပဲ နေရတယ်။ နောက်မှ ဒီလိုပဲ မိအေးက သင်လို့ သောက်တော်ရေဖိုး ဆက်လိုက်တော့ တနေ့လုံး လည်ခွင့်ပေးတယ်။ ဒါကြောင့်ပေါ့၊ ငါ ပေါတာနဲ့ ညားတာ”

ရှဲလာနှင့် ကြင်မြိုင်သည် ပန်းကန် ထဆေးကြ၏။

အခု ပေါတာက ဘယ်ရောက်သွားလဲ”

ကြင်မြိုင်က မေး၏။

“သိဘူးလေ”

သန်းကြည်က ခပ်ပေါ့ပေါ့ပင် ဖြေလိုက်၏။

“ဟိုတလောကတော့ မြို့ထဲက ဟိုတယ်တခုမှာ စားပွဲထိုး လုပ်နေတယ်၊ ခုတော့ မတွေ့တာ ကြာပြီ။ တချို့အိမ်ရှင်တွေက တော်ပါတယ်။ ရောက်ရောက်ချင်း ထမင်းစားခိုင်းတယ်။ ပြီးတော့မှ အလုပ်ကိုခိုင်းတာ။ တချို့အိမ်ရှင်မတွေက မနက်ပိုင်း လိုက်သွားမိရင် သူတို့ ထမင်းစားချိန်မှာတောင် မကျွေးဘူး။ နေ့လယ်တနာရီလောက်မှ စားရတယ်။ ညလည်း ထမင်းစားချိန်က ၉ နာရီလောက်မှ စားရတယ်”

“ဟင်... ငါနဲ့တော့ ဒုက္ခပဲ။ ငါက ထမင်း တနေ့ သုံးနပ်စားတာ”

ကြင်မြိုင်က သူ့ရှေ့ရေး တွေးပူလိုက်၏။

“နင်က ဘယ်ကလဲ။ အရင်က ရန်ကုန် လာအလုပ်မလုပ်ဘူးလား”

“ပုလုရွာက၊ ဟိုသင်းလေ၊ ကျုံမငေးမြို့မှာ လုပ်ဖူးတယ်။ ဟိုမှာတော့ ငါ့အိမ်ရှင်က ထမင်းသုံးနပ် ကျွေးပါတယ်”

ကြင်မြိုင်က ဖြေ၏။

“ဒါနဲ့များဟယ် ရန်ကုန်ကို ဘာလို့ လာရလဲ”

သန်းကြည်က ကြင်မြိုင်ကို တအံ့တသြနှင့် မေးလိုက်သည်။

“အမေက ပြောတော့ ရန်ကုန်က အနည်းဆုံး လခခြောက်ဆယ်က စရတယ်တဲ့။ ကျုံမငေးမှာ သုံးဆယ်ပဲ ပေးနိုင်တယ်။ စဝင်စက အစိတ်က စလုပ်ရတာ၊ ခုလည်း အမေ ထည့်လိုက်တာနဲ့ ငါလည်း လိုက်လာတာ”

“ဟယ်… နင်ကလည်း၊ ကျုံမငေးမှာ ကိုယ့်ရွာနဲ့လည်း မဝေးဘူး၊ လုပ်နေရောပေါ့။ ငါကတော့ ငါ့လင်တွေ သေတာနဲ့ စိတ်ပေါက်ပေါက်နဲ့ မပြန်တော့ဘူး”

“လင်တွေ”

ဟု ကြင်မြိုင်က အဓိပ္ပာယ် နားမလည်သလို မေးလိုက်သည်။ ရှဲလာကတော့ စိတ်ထဲတွင် သူတို့သုံးယောက် စကားပြောသည်ကို ကြားရကတည်းက ရူးချင်ချင် ဖြစ်လာသည်။

“အေးပေါ့… ဟာ၊ လင်တွေပေါ့၊ ငါ လင်သုံးယောက်ရှိပြီ… အဟီး”

သန်းကြည်သည် စိတ်မှန့်ရဲ့လားမသိ။ စကားပြောသည်မှာ ပေါ့တီးပေါ့ဆနိုင်လွန်းသည်ဟု ရှဲလာက ထင်၏။ သူ လင်များရခြင်းအကြောင်းကို သန်းကြည်က ရှင်းပြ၏။

“တို့ရွာက ပေါင်မြို့နားမှာ၊ ပေါင်ကမှတဆင့် သွားရတယ်။ အမေသေတော့ ငါက အပျိုပေါက်ရယ်။ အမေနဲ့အတူ နေတုန်းကတော့ အိမ်အလုပ်တွေ ကူလုပ်ပါတယ်။ အမေ သေတော့ အဖေ နောက်မိန်းမယူတာနဲ့ ငါသိပ်စိတ်ဆိုးတာပဲ။ အဖေကလည်း ငါ့ကိုချစ်လို့ ဘာမှမခိုင်းဘူး။ အလိုလိုက်ပါတယ်။ မိထွေးကလည်း ငါ့အဖေကို ကြောက်လို့ အလိုလိုက်ပါတယ်။ ငါကလည်း ငါပဲ”

သန်းကြည်သည် စကားပြောစလို ခပ်ပေါ့ပေါ့ မပြောတော့ဘဲ လေးလေးနှင့် မှန်မှန် ခပ်တွေတွေလေး ပြောလာ၏။

“တို့ရွာမှာ နွေဦးပေါက်တော့ အုန်းမှုတ်ခွက်စိန်တို့ဇာတ် လာကတယ်။ ငါလေ ညလုံးပေါက် သွားကြည့်တယ်။ မနက်မိုးလင်းမှ အိမ်ပြန်၊ တခါတည်းအိပ်၊

အဖေက နေ့လယ်ကျ နှီးပြီး ထမင်းကျွေး၊ ထမင်းစားပြီး ဆက်အိပ်၊ ညနေစောင်းတော့ ရေမိုးချိုး၊ ထမင်းစား၊ သန်းစိန်တို့နဲ့ တခါ သွားကြည့်၊ သုံးညဆက်တိုက်ပဲ ကြည့်တာ၊ အဖေက မျက်စောင်းထိုးလှပြီလေ။ မိထွေးကတော့ မပြောရဲလို့သာ ကြည့်နေတာပေါ့”

သန်းကြည်သည် သူ့ဘက်က လွန်သည်ကိုလည်း သတိရလာဟန်တူ၏။

“နောက်သုံးရက်ပြီးတော့ အုန်းမှုတ်ခွက်စိန်တို့ဇာတ် တခြားရွာကူးသွားတော့ ငါ လိုက်သွားပြီး ဆက်ကြည့်ရော…”

“ဟင်… နင်တယောက်တည်း”

ရှဲလာက သန်းကြည်သတ္တိကို အံ့သြဟန်နှင့်မေး၏။ သန်းကြည်သည် ခေါင်းညိတ်ပြပြီး ဆက်ပြော၏။

“ဇာတ်ထဲမှာ ယိမ်းသမ ကောင်မလေး အောင်မွှန်စိန်နဲ့ ငါနဲ့က အသိ၊ အဖေကတော့ ငါ့ကို ရှာနေမှာပါပဲ။ နောက်ည ဆက်ကြည့်မလို့လုပ်တုန်း တို့ရွာမှာ တိုက်ပွဲဖြစ်တယ် ကြားတော့ ငါ ညနေစောင်း ရွာကိုပြန်လာတာ။ အိမ်ရောက်တော့ ရွာလည်း ဖရိုဖရဲ၊ အဖေတို့လည်း မတွေ့၊ တို့ရွာက မီးလောင်ခံရတော့ ရရာယူပြေးကြရတာ။ ဘိုးသာတို့၊ မြဒင်ကြီးတို့ကိုပဲ တွေ့လို့ ငါအဖေတို့ အကြောင်း မေးနေတုန်း ရှိသေးတယ်။ နောက်ထပ် သေနတ်သံတွေ ကြားတော့ ငါ့ခြေရင်းမှာ အဖေတို့ ကျန်ရစ်ခဲ့တဲ့ သံသေတ္တာလေး အဟောင်းလေးတခုကိုပိုက်ပြီး ငါလည်း ခြေဦးတည့်ရာ ပြေးတာပေါ့။ ဟင်း… အဲဒီည အဖြစ်များ ငါ မပြောချင်ပါဘူး”

သန်းကြည်၏မျက်နှာသည် တကယ့်ကြေကွဲဟန်ကို ဖော်ပြနေပြန်သည်။ ရှဲလာသည် သန်းကြည်မျက်နှာပေးက စကားစစဉ်ကလို ပေါ့တော့တော့ စပ်ဖြဲဖြဲ မဟုတ်တော့၍ ရှဲလာကပါ မျက်နှာညှိုးသွား၏။ ကြင်မြိုင်က စိတ်ဝင်စားလာ၏။

“အပ်ချည်လုံး… အပ်ချည်လုံး…”

သန်းကြည်ပါးစပ်က ထိုစကားလုံး ဆက်၍ ပေါ်လာသောအခါ ကြင်မြိုင်သည် ရယ်လိုက်၏။ သန်းကြည်ကတော့ ခပ်တည်တည်ပင်။

“သန်းကြည်၊ နင့်ကို ငါ သနားမလို့၊ နင့်စကားက ဘယ်ရောက်သွားလဲ”

ကြင်မြိုင်က ဖြတ်မေး၏။

“သြော်… ငါပြောတာကို ဆက်နားထောင်ပါဦး။ ဒါကြောင့် အပ်ချည်လုံးများတွေ့ရင် ငါ သိပ်အသည်းနာတာပဲ။ ငါ အဲဒီညက မြဒင်ကြီးနဲ့

ညားရတာပေါ့”

“ဟင်း…”

နားထောင်နေသော ရှဲလာနှင့် ကြင်မြိုင်သည် ဇာတ်လမ်း မရှင်းသေးသော်လည်း သက်ပြင်း ပြိုင်တူချလိုက်၏။

“မှောင်ကလည်း မှောင်လာပြီ။ ရွာကလည်း ကျန်တဲ့အပိုင်း မီးလောင်၊ သေနတ်သံကတော့ ဘယ်ဘက်က ပစ်တယ်လို့ မပြောနိုင်ဘူး။ ဝက်ဝက်ကို ကွဲနေတာပဲ။ ငါလည်း ဝါးရုံပင်ကြား ဆက်မပြေးရဲဘဲ ဝပ်နေတယ်။ သေနတ်သံ စဲသွားတော့ မှောင်နေပြီ။ ဒါပေမင့် အသံတခုက ဂလောက်ဂလောက်နဲ့။ ငါလည်း တခြားအသံတွေ ငြိမ်သွားမှ ဒီအသံကို ကြားမိတယ်။ မှောင်ထဲမှာ ဘာမှလည်း မမြင်ရတော့ အရှာရလည်းခက်၊ အဲဒီ ဂလောက်လောက်ကလည်း မြည်နေတာပဲ။ တော်လည်းကြာရော ခြေသံတခု ကြားပြီး အမယ်လေးလို့ အော်တဲ့ မြဒင်ကြီးအသံ ကြားရတာပဲ”

“ဟင်…”

“မှောင်ထဲမှာ မြဒင်ကြီးက ငါ့ကိုမြင်တော့ အနားလာကပ်ကြည့်တယ်။ တို့လည်း လေသံနဲ့ ပြောရတာပေါ့။ လရောင်က နည်းနည်းရှိနေတော့ သူက သန်းကြည်လားတဲ့။ မြဒင်ကြီး အသံမှန်း ငါက သိတာပေါ့။ ခုချက်ချင်း ရွာပြန်လို့ မဖြစ်ဘူးတဲ့။ ဂလောက်ဂလောက်သံ ငါ ကြားလို့ ဒီအနား လူရှိမှာပဲလို့ ရှာရင်း နင့် တွေ့တာတဲ့။ ငါလည်း ရှာနေတာပဲလို့ ဆိုပြီး နှစ်ယောက်ရှာတော့ လားလား ငါယူလာတဲ့ သံသေတ္တာက ဝါးရုံပင်ကြားမှာ ငြိမ်ငြိမ်မနေဘူး။ ဝါးရုံပင်လှုပ်တိုင်း ဂလောက် ဂလောက်နဲ့၊ ဖွင့်ကြည့်တော့ ဘာမှ အဝတ်ဆို မပါဘူး။ ချည်မျှင်ရစ်ထားတဲ့ သစ်သားဘီးတလုံး၊ တို့ဆီမှာ သုံးတယ်။ ဆေးလိပ်ခုံတွေမှာသုံးတဲ့ သစ်သားအတိုင်နဲ့ ဘီးလုံးမျိုးလေ။ အဲဒီအလုံးက သေတ္တာမငြိမ်တိုင်း ဂလောက်ဂလောက် မြည်တာကိုး။ ရွာဘက်မှာ မီးက ဆက်လောင် သေနတ်သံကလည်း ပြန်ကြားလာတာနဲ့ အဲဒီည ဝါးရုံပင်အောက်မှာ တို့နှစ်ယောက် အိပ်ရတယ်။ ငါလည်း မြဒင်ကြီးနဲ့ ညားရော…”

အချစ်ဇာတ်လမ်းလိုလို ပြောနေသော်လည်း သန်းကြည်မျက်နှာက ရွှင်ပျမလာသောကြောင့် ရှဲလာရော၊ ကြင်မြိုင်ရော မရယ်နိုင်ပေ။

“ကောင်မတွေ နားလည်းထောင်၊ အစ်မ ပြန်လာရင် ကြိမ်းဦးမယ်။ ရှဲလာ၊ ဟိုသံပုံးချ၊ ရေတ်သီးဆယ်တောင့် ရေစိမ်။ ကြင်မြိုင်၊ ရေတ်ဆုံကို ရှဲလာ ပေးလိုက်၊ အဲဒါထောင်း။ ကြင်မြိုင်က ဆန်လေးလုံး ဒန်အိုးထဲထည့် ရေဆေး”

သန်းကြည်သည် ပါးစပ်ကပြောရင်း ရေနံဆီ မီးဖိုနားကပ်ကာ မီးမွှေးလိုက်၏။ သူ့ဇာတ်လမ်းကို ဆက်ပြော၏။

"မိုးလင်းတော့ ချည်လုံးပါတဲ့ သံသေတ္တာကို ငါပိုက်ပြီး မြဒင်ကြီးနဲ့အတူ ဇာသပြင်ဘက် ထွက်လာတယ်။ ဇာသပြင်မှာ မြဒင်ကြီးအမျိုးတွေ ရှိတာကိုး။ အဖေတို့သတင်းလည်း နားထောင်မယ်ပေါ့။ ဇာသပြင်ရောက်လို့ တပတ်တောင် မကြာလှပါဘူး။ ဇာသပြင်ဘူတာ အကြမ်းဖက် သောင်းကျန်းသူတွေ ဝင်အစီးမှာ ကိုမြဒင်ကြီးရယ်လေ ဘယ်သူ့ကျည်ဆန် မှန်မှန်း မသိပါဘူး၊ သေပါလေရော... သေပါလေရော"

သန်းကြည်သည် ရှိုက်ကြီးတငင် ငိုတော့သည်။ ရဲလာသည် မျက်ရည်တွေဝေလာ၏။ သူသည် မျက်ရည်ပေါက်မကျဘဲ ရှိုက်လိုက်၏။ ကြင်မြိုင်ကမူ ဆန်ဆေးပြီးသား ထည့်ထားသည့် ဒန်အိုးကို မီးဖိုပေါ် တင်လိုက်၏။

"ငါလေ မြဒင်ကြီးကို ချစ်ပါတယ်။ ငါ... ငိုပေမယ့် အဲဒီတုန်းက ငိုရုံပါပဲ။ အခုလို ရူးကြောင်ကြောင် ဖြစ်သွားတာက ကိုမြဒင်ကြီးနဲ့ ငါနဲ့ရတဲ့ကလေး မီးတွင်းထဲမှာ ဆုံးသွားကတည်းက ငါလေ စိတ်တွေ လေလွင့်ပြီး ရူးများ ရူးသွားမလား အောက်မေ့တယ်။ ပွဲစားတွေ အလာမှာ ငါ ရန်ကုန်လိုက်လာပြီး အရီးပုဆီကတဆင့် အလုပ်တွေ လျှောက်လုပ်တာပဲ။ ဒါပေမဲ့... ဒါပေမင့်၊ ငါ သူတို့သားအဖကို ဘယ်တော့မှ မမေ့ဘူး။ ပြီးတော့ အဖေရယ်... အဖေလေ ငါ့သားလေးကို ငါချစ်သလို အဖေ ငါ့ကိုလည်း ချစ်မှာပဲ။ အဖေ၊ အဖေ့ကို ငါ ရှာလို့ မတွေ့တော့ဘူး"

သန်းကြည်သည် လင်နှင့် သားကို တ,ရင်းမှ နောက်ဆုံး အဖေ့ကို တ,၍ငိုရှာသည်။ ဒေါ်ထွေး ဝယ်လာသော ဈေးခြင်းတောင်း ရောက်လာ၍ သူတို့ ထမင်းချက်ချိန် ရောက်တောင်နေ၏။ ဒေါ်ထွေးသည် အိမ်ရှေ့ထွက်သွား၏။ သူတို့သုံးယောက်သည် ကန်စွန်းရွက် ငါးစည်းကို ပြုတ်၏။ ချဉ်ပေါင်ဆယ်စည်းကို ထွင်ကြသည်။ ပုစွန်ခြောက် ဂုံညင်းလောက် စက္ကူလေးနှင့် တထုပ် ပါလာသည်။ ဟင်းခတ်လုပ်၍ ချဉ်ပေါင်ရေကျဲ ချက်လိုက်သည်။ ကန်စွန်းရွက်ပြုတ် တို့စရာ၊ ငါးပိရည်ကျို၊ ချဉ်ပေါင်ဟင်း။ သူတို့သည် စကားဆက်မပြောတော့ဘဲ တိတ်တိတ်ဆိတ်ဆိတ် ထမင်းကို ချက်ကြသည်။

"ဟော... ကားသံ ကြားတယ်။ အဲဒီမိန်းမနဲ့ ငါက လိုက်ရမယ် ထင်တယ်၊ နင်တို့ ခန်းဆီးကြားက အသာပဲ ငြိမ်ငြိမ်ကြည့်နေ၊ နင်တို့နာမည် မခေါ်ရင် ထွက်မလာနဲ့"

သန်းကြည်က လေသံနှင့်ပြော၏။ ကြင်မြိုင်နှင့် ရဲလာသည် ခန်းဆီးကြားမှ

ကြည့်နေကြသည်။ ဆံပင်ကောက်ကောက် ကျောတဝက်လောက်ကို အရင်းတွင်ချည်ထား၍ ဆင်းလာလာချင်း အပျိုလေးတယောက်လို ထင်ရသော အမျိုးသမီးတဦးကို ဒေါ်ထွေးက ဆီးကြို၍ အရီးပုဆီ ခေါ်လာသည်။

"ဩော်... ဘေဘီလား၊ ာလာ ထိုင်လေ"

"အမိုး... အဆင်သင့်ပဲလား"

အမျိုးသမီးက မေးရင်း အရီးပုရှေ့ရှိ ကုလားထိုင်တလုံးတွင် ထိုင်လိုက်သည်။

"အို ဘေဘီ မှာထားတာ တပတ်တောင် ရှိပြီပဲ။ အမိုးက အဆင်သင့် သူ့ကို ချန်ထားတာပေါ့။ မြန်မာဟင်းတော့ ကောင်းကောင်းချက်တတ်တယ်။ သန်းကြည်ရေ၊ သန်းကြည်"

အရီးပု ခေါ်လိုက်လျှင် သန်းကြည်သည် အသာထွက်သွား၍ ဧည့်သည်အမျိုးသမီးရှေ့ ထိုင်လိုက်၏။

"ကျွန်မနာမည် ဘေဘီက ငယ်နာမည် အမိုးရဲ့၊ နာမည်က ဘေဘီဆိုပေမယ့် မြန်မာပဲဟာ မြန်မာထမင်းဟင်း ကြိုက်တာပေါ့။ အခုက မနိုင်လွန်းလို့ ထမင်းချက်ငှားရတာ။ ကလေးတွေ အဖေက ရုံးသွား၊ ကျွန်မက ကျောင်းသွား၊ အမ်အေလည်း ဆက်တက်ချင်လို့၊ ကလေးတွေ ကြည့်ဖို့တော့ နာနီရှိပါတယ်။ အမေအိုက ရှိတော့ မြန်မာဟင်းကောင်းကောင်း ချက်တတ်တဲ့လူ လိုချင်လို့"

"ကဲ... သန်းကြည် ကြားလား၊ သူပဲ ဘေဘီရေ၊ သန်းကြည် ထမင်းချက်သက်တမ်း အတော်ရင့်ပြီ။ မသိတာရှိရင်လည်း သင်ပေါ့"

ဘေဘီဆိုသူ အမျိုးသမီးက သန်းကြည်ကို အကဲခတ်နေ၏။

"အင်းလေ အိမ်ကျမှ လက်ရာကြည့်သေးတာပေါ့။ ကျွန်မအိမ် ရောက်လာရင် အဆန်းချည်းပဲ၊ နာနီလည်း ကျွန်မက အသင်းက ခေါ်ပါတယ်။ ထမင်းချက်လည်း အသင်းက ခေါ်ပါတယ်။ အမိုးတို့ အလုံကအသင်း သိတယ်မို့လား။ အဲဒီအသင်းမှာ ကျွန်မဘက်က နာမည်ပျက် မရှိခဲ့ဖူးပါဘူး။ သူတို့ကို လခကောင်းကောင်း ပေးပါတယ်။ ခုတလော ထမင်းချက်တွေ ဘာဖောက်ပြန်တယ် မသိဘူး၊ ထမင်းချက်ဖို့ လိုက်လာပြီး အိမ်ရောက်တော့ ကုလားဟင်း ချက်ပါဆို၊ မန်ကျည်းရေ ထည့်ဖို့ မေ့နေလို့တဲ့။ ပုစွန်ကို အမြီးနဲ့ခေါင်း သူတို့ မသိဘူးတဲ့။ ဒါနဲ့ ကျွန်မကလည်း ဘိလပ်ပြန် တောသူတွေရယ် ငါချက်ပြမယ်ဆိုပြီး ချက်ပြပါတယ်။ နင်တယောက်ကြောင့်နဲ့ နင့်အသင်း နာမည်ပျက်တယ်။ ပထမလုပ်ခဲ့တဲ့အိမ်မှာ ဒီဟင်းတွေ မချက်ဖူးဘူးလား မေးတော့ ဝက်သားချည်း အမြဲစားတဲ့ တရုတ်အိမ်မှာ

လုပ်ခဲ့လို့တဲ့၊ ကဲ...”

ဘောဘီသည် ပြောရင်း ရယ်၏။ အရီးပုပါ ရော၍ ရယ်တော့သည်။

“ကဲလေ... အသင့်ပြင်ထား၊ ကျွန်မကလေးတွေ ကျောင်းသွားပို့ဦးမယ်၊ အပြန်ဝင်ခေါ်မယ်၊ ဟိုဟာကတော့ ထုံးစံအတိုင်းပေါ့”

“အေးပါ”

ဟု အရီးပုက ပြောလိုက်၍ ကားထွက်သွားလျှင် အရီးပုသည် သန်းကြည်ဘက် လှည့်လိုက်သည်။

“အလုံက အသင်းကလည်း ခု မိန်းကလေးတွေကို ထောက်ခံစာပါမှ အလုပ်အကိုင် ဆက်သွယ်ပေးတယ်။ သူတို့အသင်း နာမည်ပျက်မှာစိုးလို့။ သန်းကြည်၊ ဟိုဗိုလ်မှူးကတော် အိမ်လိုတော့ ညည်း ပေါက်ကရ မလုပ်လာနဲ့နော်။ ကဲ... ပြင်ဆင်ထား”

သန်းကြည်သည် မီးဖိုခန်းထဲ ပြန်ဝင်၏။ ရှဲလာနှင့် ကြင်မြိုင်သည် သန်းကြည်အနား ကပ်လာသည်။ သန်းကြည် အလုပ်ရသွား၍ ဝမ်းသာကြပါ၏။ သို့သော် သူတို့သည် သန်းကြည်နှင့် အတူနေရသော ရက်ပိုင်းလေးကို ပျော်မိသည်။ ကြင်မြိုင်က စပ်စုချင်လွန်းလာ၏။ အရီးပု မကြားအောင် သန်းကြည်ကို မေး၏။

“နင်... ဗိုလ်မှူးကတော်အိမ်မှာ ဘာလုပ်လာလို့လဲဟင်”

“မလုပ်ပါဘူး။ ငါနဲ့ ဗိုလ်မှူးကတော်နဲ့က အားလုံး အဆင်ပြေတယ်။ နာနီဆိုတဲ့ ကောင်မတွေ လူဝါးဝလွန်းလို့၊ ငါကလည်း စေတနာနဲ့ ချက်ကျွေးပါတယ်။ တခါလာလည်း နာနီဆိုတဲ့ ကောင်မတွေက ငါက ဘိုအိမ်ကလာတာ၊ ငါက ဂျပန်သံရုံးက အရာရှိအိမ်မှာ လုပ်လာတာ၊ ငါက အမေရိကန်သံရုံးက အရာရှိအိမ်မှာ လုပ်လာတာနဲ့... အလုပ်အတူတူ လုပ်ရတဲ့သူ အချင်းချင်း ဗိုလ်ကျတယ်။ စားပြီး ပန်းကန်တွေကို တခါတလေ ဧည့်သည်များလို့ ကူဆေးပေးပါဆို မဆေးပေးဘူး။ သူတို့ ထမင်းစားချိန်ဆို ငါက ကလေးကူထိန်းပေးပါတယ်။ သူတို့လည်း ငါးပိရည်ကို ငရုတ်သီးမှုန့် များများနဲ့ နယ်စားတာပဲ။ အဲဒါ ဗိုလ်မှူးကတော် ရောက်ရင် ငရုတ်သီးမှုန့် ငါတယောက်တည်း စားတယ်ဆိုပြီး ဦးအောင်တိုင်တယ်။

တနေ့တော့ ဘာပြောကောင်းမလဲ.. “ဟဲ့... အမေရိကန်အိမ်က လာတဲ့ကောင်မတွေ၊ ပေါင်မုန့် စားပါလား။ ဘာဖြစ်လို့ ငါးပိရည်ကျတော့ ရေသောက်သလို စားရလဲ။ နင်တို့ကလည်း ဘိုအိမ်က စတယ်လာ၊ ငါကလည်း သန်းကြည် ဆော်မလား” ဆိုပြီး အစေခံတန်းလျားမှာ သတ်လိုက်ကြတာ။ နာနီရဲ့ ချိုစောင်းကို ငါ ထင်းပေါက်ခြမ်းနဲ့ချတာ အတော်ပြဲသွားလို့ ချုပ်ယူရတယ်”

သန်းကြည်၏ ညိုညိုတုတ်တုတ် လက်မောင်းများမှာ တကယ်သတ်ရဲသည်ကို သက်သေ ထူလျက်ရှိ၏။

သန်းကြည်သည် ဟက်ဟက်ပက်ပက် ရယ်ရင်း ပြောလိုက်သည်မှာ အားရပါးရပင်တည်း။

"ဗိုလ်မှူးကတော်ကို နင်က အရင်ဦးအောင်တိုင်ပါလား"

ကြင်မြိုင်က သူ့စိတ်အရိုးခံအတိုင်း ပြောလိုက်၏။

"ဗိုလ်မှူးကတော်က တန်းလျားမှာ အရှက်မရှိ အော်ကြီးဟစ်ကျယ်နဲ့ သတ်တယ် ပုတ်တယ် ဆိုပြီး အမှုမဖြစ်အောင်တော့ လုပ်ပေးတယ်။ ငါ့ကိုရော သူ့နာနီနှစ်ယောက်ပါ အလုပ်က ထုပ်ပစ်လိုက်တယ်၊ အေးရော။ နင်တို့လည်း ငါပြောခဲ့မယ်။ အလုပ်ကိုတော့ စေတနာနဲ့ လုပ်ပါဟယ်။ တို့ဟာ ဒါပဲ လုပ်စားတတ်တာ။ ဒါပေမင့် အဲဒီ သံရုံးတို့၊ ဘိုအိမ်တို့က လာတယ်ဆိုတဲ့ ဟယ်လင်တို့၊ စတယ်လာတို့ဆိုတဲ့ ကောင်မတွေနဲ့များ အတူတူလုပ်ရလို့ ဗိုလ်ကျလာရင် ဆော်သာဆော် ခေါင်းငုံ့ခံမနေနဲ့"

သန်းကြည်သည် သူ၏အိမ်ဖော်ဘဝ အတွေ့အကြုံထဲမှ တခန်းကို သူတတ်သော စကားလုံးဖြင့် တန်ဆာဆင်ကာ သင်တန်းပို့ချလိုက်၏။ ခေတ်၏ သံသေတ္တာငယ်တွင် သစ်သား အူတိုင်နှင့် ဘီးလုံးလို သူ့ဘဝသည်လည်း တလိမ့်လိမ့်ဖြင့် ခလောက်ဆန်ခဲ့ရသည်တကား။ သော့တချောင်းဖြင့် သံသေတ္တာတလုံးကို ဖွင့်လိုက်၏။ ဤသံသေတ္တာသည် သန်းကြည်နှင့် မြဒင်ကြီးတို့ကို ဖူးစာဖက်ပေးလိုက်သော သံသေတ္တာများလားဟု ကြင်မြိုင်က သိချင်လာပြန်သည်။

"အဲဒီ သံသေတ္တာလား၊ နင်တို့ရွာ မီးလောင်တော့ နင် ပိုက်ပြေးတာ"

"ဘယ်ဟုတ်ရမလဲ။ ဟိုဟာက တထောင့်ထွာလောက်ရှိတာ၊ ဧာသပြင်မှာ ကျန်ရစ်ခဲ့ပြီလေ"

သူသည် ခပ်နွမ်းနွမ်းအဝတ်တစုံသာ ထုတ်၍ ပလတ်စတစ်ခြင်းထဲ ထည့်လိုက်၏။ မျက်နှာသုတ်ပဝါ တတောင်လောက်ကို ထပ်၍ ထည့်၏။

"ပထမလတော့ အဲဒါလောက်ပဲ ယူသွား။ အိမ်ရှင်မအခြေအနေကို အကဲခတ်ပေါ့ဟ။ တချို့တလေ အဝတ်တွေ ဟောင်းနေရင်၊ တစုံလောက်သာ ပါလာတာ တွေ့ရင် ထဘီ တပတ်နွမ်းတို့၊ အင်္ကျီတို့ ပေးတယ်။ တချို့ အိမ်ရှင်မကျတော့ မပြောနဲ့ဟေ့၊ ခေါ်တာကိုက ကောင်မတဲ့။ ပြီးတော့ နင်တို့လခနဲ့ နင်တို့ဝယ်ဝတ်တဲ့။ သူတို့ဝယ်ပေးရင်လည်း လခထုတ်ချိန်ရောက်တော့ လခထဲက

ဖြစ်တယ်။ ပန်းကန်တချပ်ကွဲရင်လည်း လခထဲက ဖြတ်တာပဲ”

သန်းကြည်သည် စကားစ ခဏဖြတ်ကာ ကြင်မြိုင်နှင့် ရှဲလာ နားနားကပ်၍ ဒေါ်ထွေး မကြားအောင် တိုးတိုးလေး ပြောပြပြန်သည်။

“ပထမရတဲ့လခကို ဒေါ်ထွေးလက်ထဲထည့်နော်။ သူတို့က အိမ်ရှင်ဆီကလည်း ရတယ်။ တို့ဆီကလည်း ပထမလခကို ပေးရတယ်။ နင်တို့ နားလည်လား”

သန်းကြည်သည် လချေးများ ကွာစပြုနေသော မှန်လေးတချပ်ကို သေတ္တာထဲမှ ထုတ်၏။ ကျောက်မြောင်းရပ်ကွက်တွင်ရှိသော သနပ်ခါးစက်မှ သနပ်ခါးခဲကို ကျောက်ပျဉ်ပေါ် ရေနှင့်သွေး၍ မျက်နှာလူးလိုက်သည်။ ညိုစုန့်စုန့်နှင့် သွယ့်ပါးဖောင်းဖောင်းအိအိလေးမှာ သနပ်ခါးနှင့် ဘာနှင့် ဆိုတော့လည်း ကျက်သရေ ရှိလာပေသား။ ဇာနိုင်လွန် အစိမ်းရင့်ရင့်အင်္ကျီကို ဝတ်လိုက်၏။ ပါတိတ်လုံချည်တပတ်နွမ်းကို ထုတ်ဝတ်သည်။

“ဒီလုံချည်ကလည်း ငါ နောက်ဆုံးတခေါက် ရွာအပြန် ဘုရားလမ်းအိမ်ကို ရွှေချောင်း သယ်လာပေးလို့ ဆုရတာလေ။ ခုတော့ ငါလည်းလေ အစုံလုပ် အစုံလုပ်၊ မြဒင်ကြီးသေတော့ အိမ်ဖော်ပွဲစား ဒီက အရီးပုတူ ကိုသိန်းဟန်နဲ့ ညားသေးတယ်။ သူလည်း သေသွားပြီ။ ပေါ်တာကိုတော့ ငါကပဲ မပေါင်းတော့ဘူး”

ကားသံကြား၍ သူ့စကား သူရပ်လိုက်၏။ သန်းကြည်သည် ရှဲလာနှင့် ကြင်မြိုင်ကို မျက်ရည်ဝဲ့သောမျက်လုံးနှင့် ကြည့်၏။ ရှဲလာသည် မျက်နှာကို အုပ်ကာ ငိုလိုက်၏။ ကြင်မြိုင်ကတော့ မီးဖိုတံခါးဘောင်ကိုမှီရင်း ငိုင်သွားသည်။

သန်းကြည်သည် အပြင်ကို ထွက်သွားတော့သည်။ ကြင်မြိုင်သည် နောက်ဖေးဘက်မှ အသာလှည့်ထွက်သွားကာ ဘေဘီနှင့်အတူ ယှဉ်လျှောက်သွားသော သန်းကြည်ကို ဝါးရုံပင်နားက မျှော်ကြည့်နေသည်။ နောက်ပိုင်းက ကြည့်လိုက်သောအခါ ကလေးတယောက်အမေ လင်သုံးလင် ရခဲ့ပြီဆိုသော သန်းကြည်၏တင်ပါးများသည် ဘေဘီဆိုသူ မိန်းမချောထက်ပင် မို့မို့လုံးလုံး ကြွကြွရွရွ ရှိနေပေသေးသည်။

ဘေဘီသည် ကားရှေ့မှာထိုင်လိုက်၏။ သန်းကြည်သည် ကားနောက်မှ ဝင်ထိုင်ရင်း အိမ်လေးမှ ထွက်ခွာသွားကြတော့သည်။

“ငါက ဘယ်သူ့နောက်ကို လိုက်ရမှန်းလည်း မသိပါဘူး။ ငါရောက်တဲ့အိမ်ဟာ သူတော်ကောင်းအိမ် ဖြစ်ပါစေ။ ငါကလည်း သန်းကြည်လို ဘယ်သူနဲ့မှလည်း နပန်းမလုံးရဲဘူး”

ကြင်မြိုင် သူ့ဘာသာသူ တွေးရင်းမှ ဝါးရုံဘေးတွင် ထောင်ထားသော အုန်းတံမြက်စည်းကို ယူ၍ သစ်ရွက်ခြောက်များကို လှည်းလိုက်သည်။

အရီးပု တန်းလျားရှည်လေးမှာ ပျဉ်ထောင်သွပ်မိုးအိမ်လေး ဖြစ်၏။ ရှစ်မိုင်ခွဲတွင်ရှိ၍ မြေမှာ မကျယ်လှပေ။ အရီးပုသည် သူ့တူသိန်းဟန်ကို ကိုယ်စားလှယ်ထားကာ တောနယ်မှလာသော အမျိုးသမီးလေးများနှင့် ရန်ကုန်အိမ်ရှင်မများကို ဆက်သွယ်ပေးသည်။ အရီးပု အရက် ကြိုက်တတ်သည်ကလွဲ၍ ကတိတည်သောကြောင့် အိမ်ရှင်မများက အရီးပုကို ဆက်ဆံရသည်က ကျေနပ်သည်။ မိန်းကလေးတယောက်၏ လုပ်ရည်ကိုင်ရည်လိုက်၍ အိမ်ရှင်မများဆီက သူ ကြိုတင်ငွေကို ယူသည်။ မိန်းကလေးက မပျော်၍ ပြန်လာလျှင် သူ ယူပြီးငွေကိုတော့ အတိအကျ ပြန်ပေးသည်။ သိန်းဟန်ကတော့ ကလိမ်ကျချင်သည်။ တရုတ်၊ ကုလားအိမ်များက သူ့ကို ပွဲခ ပိုပေးလျှင် သူသည် ကောင်မလေးများ၏ ဦးလေးဟန်ဆောင်သည်။

“သူ့အမေ ကျုံ့ဒိုးမှာ အသည်းအသန်ဖြစ်လို့ ခုမြန်မြန်ထည့်ပါ။ ညနေ ဘူတာ ဆင်းအိပ်ပြီး မနက်အစောကြီး မော်လမြိုင်ရထားနဲ့ သွားရမှာ” ဟု မဆန်းသော်လည်း မရိုးသော သူ့ဇာတ်ထုပ်ကို ခင်း၍ မိန်းကလေးများကို တအိမ်မှ တအိမ် ရွှေ့၍ လှည့်ထုတ်တတ်သည်။ ပထမအိမ်ကို ပွဲခငွေ ၂၀၀/- လျော်ရသည် ထားဦး၊ ကုလားအိမ်က ၃၀၀/- ရထားပြီးဖြစ်၍ တပတ်အတွင်း အလုပ်ဖြစ်လျှင် သူ ငွေ ၁၀၀/- အမြတ်ရသည်။ တချို့မိန်းကလေးများက လခ ၄၀ လောက်ပဲ ရရ အေးအေးနှင့် စိတ်ချမ်းသာသော၊ လူနည်းသောအိမ်တွင် လုပ်ချင်သည်။ တချို့အိမ်များမှာ လခရှစ်ဆယ် ရပေမယ့် မနက် လေးနာရီမှ ထကာ ည ၁၂ နာရီအထိ လုပ်ရသောအိမ်မျိုး ရှိကြသည်။ သန်းကြည်သည် တခါက ထိုအိမ်မျိုး ကြုံရ၍ ထွက်ချင်လွန်းသောကြောင့် သူ လာဘ်ထိုးရင်း သိန်းဟန်နှင့် ညားခဲ့ရသည်။ ထိုနောက်ဆက်တွဲ သူ့ပုံပြင်လေးကိုမူ ရှုလာနှင့် ကြင်မြိုင်အား သန်းကြည် ပြောရန် အချိန်မရခဲ့ပါပေ။

အရီးပုအိမ်တွင် နှစ်ရှည်စွာ ဆက်ဆံခဲ့သော မိန်းကလေးများကမူ အရီးပုထက် ဦးလေးကြီး သိန်းဟန်ကို ပို၍ကြောက်ကြသည်။ သိန်းဟန် သေသွား၍ ဦးလေးကြီးဇာတ်ထုပ်မှာ အရီးပုအိမ်တွင် ဆုံးသွားတော့သည်။

ကားတစီးအသံ နောက်ထပ်ကြား၍ ကြင်မြိုင်သည် ရင်တုန်သွား၏။ တံမြက်စည်းကို အသာချကာ နောက်ဖေးဆောင်လေးထဲသို့ ပြေးဝင်သွား၏။ သူ့လိုပင် ရှုလာသည် ပြူးတူးပြဲတဲ မျက်နှာလေးနှင့် မီးဖိုဝတံခါးပေါက်သို့ ပြေးလာသည်။ သူတို့သည် “ဒီတခါ ဘယ်သူ့အလှည့်လဲ” ဟူ၍ မျက်လုံးချင်း စကားပြော၍ မေးကြသည်။ ရှုလာသည် ကြင်မြိုင်၏ လည်ပင်းဖက်ရင်း လက်များက တုန်နေသည်။

"ငါ... ငါများ လိုက်သွားရမှာလား ကြင်မြိုင်"

"လာလေ ရှဲလာ၊ ခန်းဆီးကြားက ကြည့်ကြဦးစို့"

သူတို့နှစ်ယောက်သည် ခြေဖျားထောက်ကာ ဘေဘီကို ကြည့်နည်းမျိုးနှင့် ခန်းဆီး နောက်ကနေ၍ ကားပေါ်မှ ဆင်းလာမည့် အိမ်ရှင်မများ ဟန်ပန်ကို ကြည့်နေကြသည်။

"အရီးပုရေ၊ ဒေါ်သောင်းစိန်တို့ ညီအစ်မ"

ဒေါ်ထွေးက အိမ်ထဲသို့ လှမ်းပြောရင်း ကားတံခါးကို ဖွင့်ပေးလိုက်သည်။

"အရီးပု ရှိလား"

"အထဲကို ဝင်ပါ။ ရှိပါတယ်"

ဒေါ်သောင်းစိန်နှင့် ဒေါ်စိန်စီသည် အိမ်ထဲ ဝင်လာကြသည်။

"ဟော... ထိုင်ကြ ထိုင်ကြ၊ ဘယ့်နှယ် မလာကြတာကြာပြီ၊ နေလို့ ကောင်းကြရဲ့လား"

ဒေါ်သောင်းစိန်တို့ ညီအစ်မသည် ကုလားထိုင်တလုံးစီတွင် ထိုင်ကြ၏။

"နေကောင်းပါတယ် အရီးပုရယ်။ ကြိုကြိုတင်တင် ဘာမှပြောမထားမိလို့ အဆင်မှ ပြေပါ့မလားလို့။ ဒီလိုလေ ကျွန်မသားက လူပျိုကြီး ဆရာဝန်ရယ်။ သူ အရပ်ရပ် နယ်လှည့် သွားလေသမျှ အိမ်က ကျွန်မကို အမြဲပြုစုစောင့်ရှောက်နေတဲ့ ဘကြီးပြော့တို့ လင်မယားကို ထည့်ပေးထားတယ်။ အခု သားက မြစ်ကြီးနားမှာ၊ သူ့အတွက်က အဆင်ပြေပါတယ်။ ကျွန်မအနားမှာ လက်တိုလက်တောင်း ဆေးပေးမီးယူ မိန်းကလေးတယောက် လိုချင်လို့။ သားဆီကိုလည်း အလည်သွားချင်တယ်။ သားကလည်း ခုထိ မိန်းမ ပေးစားလို့ မရဘူး"

"ဒီလိုပေါ့လေ။ အိမ်ထောင်တခုမှာ ပြဿနာတခုစီနဲ့ပေါ့။ အရီးပုကလည်း မင်းတို့ စိတ်ချမ်းသာအောင် ကူညီရတာ ဝမ်းသာပါတယ်"

အရီးပုသည် ကွမ်းဝါးလွန်း၍ ညိုနေသော သွားများပေါ်အောင် ပြုံးကာ ပြောလိုက်၏။

"မထွေးရေ၊ ဒေါ်သောင်းစိန်တို့က လူအေးတွေရယ်။ ဘယ့်နှယ်လဲ...။ အေးအေးဆေးဆေး လူနဲ့မှ ကိုက်မှာနော်"

"ရှုလာနဲ့တော့ ကိုက်ပါလိမ့်မယ်..."

ခန်းဆီးကြားမှ ချောင်းကြည့်နေသော မိန်းကလေးနှစ်ယောက်သည် တယောက်လက်ကို တယောက် တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။

"ငါ ကြောက်လိုက်တာ"

ရှုလာက လေသံနှင့် ပြော၏။

"မကြောက်ပါနဲ့၊ အဖွားကြီးတွေ ကြည့်ရတာ သဘောကောင်းပုံ ရပါတယ်။ သူတို့က နှစ်ယောက် လိုချင်ရင် ကောင်းမှာနော်။ ငါလေ နင်နဲ့ မခွဲချင်ဘူး ရှုလာ"

ကြင်မြိုင်က တိုးတိုးလေးပြော၏။ သူတို့သည် ငြိမ်သက်စွာ ညှော်သည်များ စကားပြောပုံကို နားထောင်နေကြပြန်သည်။

"ရှုလာဆိုတော့ ကရင်မလေးလား"

ဒေါ်စိန်စီက မေးလိုက်၏။

"ဟုတ်ကဲ့... သူက စာလည်း တတ်ပါတယ်။ ခုနစ်တန်းလောက် တတ်ပါတယ်။ သူတို့ရွာ တောင်ပို့ကြီးက ဆရာမကြီးကဖြင့် သူနာပြုဆရာမတောင် လျှောက်ခိုင်းမလို့၊ အခြေအနေက မကောင်း၊ ရွာက ပျက်သလို ဖြစ်သွားတယ်"

ဒေါ်ထွေးက သူသိသမျှ ရှုလာအတ္ထုပ္ပတ္တိ အတိုချုပ်ပြောလိုက်၏။

"အတော်ပါပဲ။ ကျွန်မနဲ့ ကျွန်မသား ကြာကြာနေဖြစ်ရင် ကျွန်မသားကလည်း ဆရာဝန် ဆိုတော့ သင်ရင်းကြားရင်းက ကလေးမလေးလည်း သူနာပြုအတတ် တတ်သွားနိုင်တာ။ သူ အခု ဒီမှာရှိလား၊ အင်း - တခုပဲ၊ အတွတ်ရယ် မြို့ပေါ်မှာ ကြာကြာမနေတာ ခက်တယ်"

ဒေါ်သောင်းစိန်သည် သူ့ဘာသာ ညည်းတွားသလို ပြောလိုက်၏။

"ရှုလာ ရှုလာ"

ဒေါ်ထွေးခေါ်သံကြောင့် ရှုလာသည် အသာထ၍ ဖြည်းညင်းစွာ အရီးပုရှေ့တွင် ထိုင်လိုက်၏။ ရှုလာမျက်နှာမှာ ဝိုင်းဝိုင်းတိတိလေး ဖြစ်၏။ နှုတ်ခမ်းထူထူနှင့် နှာတံပိပိလေး ဖြစ်နေသော်လည်း သူ့မျက်လုံး ဝိုင်းဝိုင်းစက်စက်လေးများက ဖြူဆွတ်နေသော မျက်နှာပေါ်တွင် တောက်ပနေသော ကြောင့် အကြည့်ရ မဆိုးလှပေ။

“ညည်း… ဟောဒီ ကြီးကြီးတို့နဲ့ လိုက်သွားရမယ်။ သူက တခါမှ မြို့မှာ အလုပ် မလုပ်ဖူးဘူး ဒေါ်သောင်းစိန်”

အရီးပုသည် ဒေါ်သောင်းစိန်တို့ ညီအစ်မဘက်လှည့်ကာ ပြောလိုက်၏။

“တခါတည်း လိုက်နိုင်မှာလား”

“လိုက်နိုင်ပါတယ်၊ လခကတော့ ဘယ့်နှယ်လဲ ဒေါ်သောင်းစိန်၊ ဘယ်လောက်ပေးနိုင်မလဲ”

“ခြောက်ဆယ်ပဲပေါ့ အရီးပုရယ်။ အလုပ်လုပ်ကြည့်ရင်း သူကလည်း ပျော်တယ်။ အဆင်ပြေတယ် ဆိုရင်လည်း တနှစ်တခါ တိုးပေးဖို့ ကျွန်မတို့ ဝန်မလေးပါဘူး”

“ကဲ… ရှဲလာ၊ အဝတ်အစားတွေ သွားယူ”

ရှဲလာသည် ဖြည်းညင်းစွာ ထလာ၏။ ကြင်မြိုင်က ခန်းဆီးအတွင်းမှနေ၍ ရှဲလာကို ဆီး၍ ဖက်လိုက်သည်။ သူတို့နှစ်ယောက်သည် ငိုလည်း မငို၊ စကားပြော၍လည်း မရ။ ရှဲလာသည် သံသေတ္တာအသေးလေးကိုသာ လက်ဆွဲ၍ ခေါင်းငိုက်စိုက်နှင့် ဒေါ်သောင်းစိန်တို့နောက်ကို လိုက်သွားတော့သည်။

ကြင်မြိုင်သည် ရပ်တည်ရာ မရသလို ဝါးစည်းရိုးလေးနားထိ ပြေးသွားမိ၏။ ကားနောက်ပိုင်းကို ကြည့်နေမိသည်။ ရှဲလာက ပြန်မကြည့်။ ခေါင်းငုံ့ကာ ကားပေါ်တွင် လိုက်သွားသည်။

“ငါ… ငိုချင်လိုက်တာ၊ သူကော… သူလည်း ကားပေါ်မှာ ငိုသွားမှာပဲ”

ကြင်မြိုင်သည် စိတ်ထဲမှာတွေးရင်း တယောက်တည်း စကားပြောမိသည်။

“ဟဲ့… ကြင်မြိုင်၊ ဘာလုပ်နေလဲ။ အရီးပုအတွက် ထမင်းပြင်လိုက်”

ကြင်မြိုင်သည် ကမန်းကတန်း မီးဖိုရှိရာသို့ အိမ်ဘေးမှ ပတ်ပြေးကာ ဝင်သွားလိုက်သည်။

“အဆင်ပြေရင် မြစ်ကြီးနားကို ဒေါ်သောင်းစိန် သွားတဲ့အခါ ခေါ်သွားမယ်တဲ့။ ဒေါ်စိန်စီက ကျွန်မကို မှာသွားတယ် အရီးပု”

ဒေါ်ထွေးက အရီးပုကို ပြောလိုက်သံ ကြင်မြိုင် ကြားလိုက်သည်။

“အင်း… သူသာ မြစ်ကြီးနားလိုက်သွားရင်တော့ တလတခါ

ဒီအိမ်လေးမှာလည်း တို့ ပြန်ဆုံတော့မှာ မဟုတ်တော့ပါဘူး”

ကြင်မြိုင်သည် သက်ပြင်းကြီးကို ချလိုက်တော့သည်။

သူသည်လည်း ဘယ်သံသေတ္တာထဲတွင် ဘယ်လို လိမ့်ရဦးမည် မသိပါပေ။

■

"ဘုရားသခင် တန်ခိုးတော်ပေါ့..."

ရှဲလာသည် ပထမဦးဆုံး သူအလုပ်လုပ်ရသောဒေါ်သောင်းစိန်တို့အိမ်တွင် အဆင်ပြေမှုများကို တွေ့ရတိုင်း သူသည် ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်များကို အစဉ်ကျေးဇူးတင်မိ၏။

သန်းကြည်ပြောသလောက် ဇာတ်လမ်း ရှုပ်ရှုပ်ထွေးထွေးများကို သူ မတွေ့ရသောအခါ စိတ်ပျော်လာသည်။ နံနက် စောစောထ ဘုရားဆွမ်းတော်အတွက် ဆန်နို့ဆီဘူးတလုံး သူကိုယ်တိုင် တည်ရ၏။ ဆွမ်းကျက်လျှင် ဘုရားဆွမ်းတော်ပွဲ ပြင်ပေးရသည်။ ဘုရားပန်း လဲရသည်။ ဒေါ်သောင်းစိန်သည် ဘုရားရှိခိုးပြီးလျှင် အောက်ထပ်သို့ ဆင်း၍ ထမင်းစားခန်းတွင် ကော်ဖီနှင့် မုန့်များကို စား၏။ နေမကောင်းလျှင်တော့ အိပ်ခန်းတွင်းသို့ အစားအစာများကို အချိန်အလိုက် ရှဲလာက သယ်ယူပေးရသည်။

အိမ်သားများ စားဖို့အတွက် ဒေါ်စိန်စီက ထမင်းချက်နှင့် မီးဖိုတွင် ချက်ရေးပြုတ်ရေး စီစဉ်ချိန်တွင် ရှဲလာသည် တခါတရံ ဝင်ကူ၏။ တခါတရံတော့ မကူနိုင်။ အိမ်မကြီးပေါ်တွင် တံမြက်လှည်း ဖုန်သုတ်နှင့် မအားတော့ပေ။

"သူတို့ ဘယ်လိုများ နေပါလိမ့်..."

တခါတရံ ရှဲလာသည် သန်းကြည်နှင့် ကြင်မြိုင်ကို သတိရ၏။

"အေးနော်... ပြောလိုက်ပါပေရဲ့... ဒေါ်ဒေါ်စီက သိပ်ဆူတာပဲလို့ ကွယ်ရာမှာ အတင်းမပြောနဲ့၊ ဆူသင့်ရင် ဆူရမှာပဲ၊ ဘဝကံ အကျိုးပေးကောင်းလို့ တို့လိုအိမ်မှာ မင်းတို့ အလုပ်လုပ်ရတယ်လို့ အောက်မေ့ပါ၊ မမြင်ရင် မမြင်သလိုတော့ ပိုးစိုးပက်စက် မလုပ်ပါနဲ့"

ဒေါ်စီစီ ပင်စင်မယူခင်က တခါတခါ မီးဖိုတွင် ဆူသည် ကြိမ်းသည်ကလွဲ၍ သူတို့အိမ်ကြီးမှာ ကြီးကြီးကျယ်ကျယ် အရေးအကြောင်းများ မဖြစ်လှ။ အေးမြကလည်း တခါတရံ ဖွေထသည် ထင်ပါသည်။ ထမင်းကို အိုးလိုက် စား၏။

"ဒေါ်ဒေါ်စီတွေ့ရင် ဆူမှာနော်၊ ထမင်းအုပ်ထဲက ခူးစားပါလား၊ ကျန်ရင်လည်း အိုးထဲက ထမင်းဟာ သန့်သန့် ကျန်မှာပေါ့..."

ရှဲလာက အမြင်မတော်၍ ပြောမိလျှင် အေးမြသည် ပိုလုပ်၏။

"နင့်ဘာသာနင် အိမ်ပေါ်မှာနေ။ ငါ့မီးဖိုထဲ ဝင်မရှုပ်နဲ့..."

"နင်လုပ်တာမဟုတ်လို့ ရှဲလာက ဝင်ပြောတာ အေးမြ၊ အိုးထဲ နင့်လက်ကြီးနဲ့ နှိုက်စား၊ ထမင်းကျန်တာ မသန့်တော့ နင်က ခွေးကျွေးပစ်ပြန်ရော၊ ဒေါ်ဒေါ်စီက ဆူစရာရှိရင် အားလုံး တန်းစီဆူတာ၊ ငါ့ယောက်ျား အရင်အလုပ်လုပ်တဲ့အိမ်ကလေ ထမင်းချက် ဟယ်လင်တို့စားဖို့ ဇစိန်ဆန် သတ်သတ် ထားတယ်၊ ဟင်းလည်း တခြားချဉ်ရေတခွက်လောက်ပဲ ချက်ပေးတယ်၊ ခု သူတို့နဲ့တူတူ ငကြွဲဆန်ပဲ စားရတယ်၊ ဟင်းလည်း တူတူပဲ။ အေးမြ ဗွေမထနဲ့..."

ဒရိုင်ဘာ၏မိန်းမက ဝင်ပြောမှ ထမင်းချက် အေးမြသည် ငြိမ်သွား၏။ သို့သော် ရှဲလာသည် နောက်ထပ် မီးဖိုချောင်ကိစ္စများကို ဝင်၍မပြောတော့ပေ။ သူက လုပ်သက် လပိုင်းလောက်ပင် ရှိသေး၏။ အေးမြက သူ့ထက် ဝါရင့်နေပေပြီ။ ထို့ကြောင့် အေးမြနှင့် ယှဉ်ပြိုင်၍ မပြောလိုခြင်းပင် ဖြစ်၏။

အေးမြက သန္ဓေညှဉ်ပါသည် ဆိုရမည်လား မသိပေ။ သူသည် စားဖိုချောင်မှူးပီပီ မီးဖိုတွင် လက်ဝါးကြီး အုပ်ထားရသူ ဖြစ်၏။ ဒေါ်သောင်းစိန်နှင့် ဒေါ်စိန်စီ ထမင်းစားချိန်တွင်မူ ဖွယ်ဖွယ်ရာရာ ပြင်ဆင် ကျွေး၏။ ရှဲလာထမင်း စားချိန်တွင်မူ တခါတရံ ငါးပိရည်ကျိုနှင့် ဟင်းချိုတခွက်သာ ရှဲလာ စားရ၏။

"ငါ အားလုံးသိတာပေါ့ ရှဲလာ"

ဒရိုင်ဘာ၏ဇနီး မပြားက ပြောပြ၏။ ရှဲလာသည် မပြားပြောသည်ကို ကောင်းကောင်း နားမလည်ပေ။

"နင် ထမင်းစားချိန်ကို ငါတမင်စောင့်ကြည့်နေတာ..."

ရှဲလာသည် သူစားပြီးပန်းကန်များကို ဆေးကြောရင်း မပြား ပြောသည်ကို နားထောင်နေ၏။

"ဒီအိမ်မှာလေ အဘွားကြီးနှစ်ယောက်ပဲ ရှိတယ်။ ငါ့ယောက်ျားက ဒီအဘွားကြီးတွေနဲ့ ဆွေနီး၊ မျိုးစပ် တော်တယ်၊ နင်အမြင်ပဲ၊ ဒေါ်လေးစီက စကား နည်းနည်းများသေးတယ်။ မေမေကြီးကဆို အေးအေးပဲ။ ငါလည်း ကိုတာတီးနောက် လိုက်လာခါစက ခပ်ကြောင်ကြောင်ရယ်၊ နေသားကျလာတော့ အဘွားကြီးတွေအကြောင်း သိလာတော့ နေရတာ ပျော်လာတာပဲ။ ကျုံကနိကနေ ပြောင်းပြီး ဒီမှာ တို့ရောက်လာကာ ငါးနှစ်ရှိပြီ၊ တခြားအိမ်မှာ နှစ်လလောက် ခဏလုပ်သေးတယ်၊ နောက်ပြီး ဒီရောက်လာတယ်။ ဒရိုင်ဘာ တခါမှ မပြောင်းရသေးဘူး၊ ထမင်းချက်နဲ့ မေမေကြီးနားက မိန်းကလေးတွေသာ ပြောင်းပြောင်းသွားကြတာ ရှဲလာရယ်၊ နင်နေတတ်ရင် ဒီအိမ်မှာ နင်ပျော်သလောက်

နေနိုင်ပါတယ်။ အေးမြကြောင့်တော့ နင်မထွက်ပါနဲ့၊ နင်အခက်အခဲရှိလို့ ဒေါ်လေးစီကို မပြောရဲရင် ငါ့ကိုပြောနော်"

ရှုလာသည် ပြုံး၍ ခေါင်းညိတ်လိုက်၏။

ဒေါ်လေးစီ ရုံးပိတ်ရက်ဖြစ်သော စနေ တနင်္ဂနွေနေ့များတွင် လက်သုပ်မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ တခုခု ချက်စားတတ်၏။ တခါတရံတော့ ဘာမှမစား၊ လက်ဖက်ခွက်တခုနှင့် ဒေါ်သောင်းစိန်သည် ရေနွေးကြမ်းကိုသောက်ကာ ဧည့်ခန်းတွင် ဖျာလေးခင်း နေတတ်ပါသည်။

တနင်္ဂနွေနေ့တွင် ရှုလာသည် သူ ထမင်းစားပြီးချိန်၌ လက်ဖက်ခွက်ကို ပြင်၍ ယူသွား၏။ ဒေါ်သောင်းစိန်အနား ထိုင်နေဆဲ မီးဖိုဆောင်မှ ဆူသံကြားရ၏။

"ဘာဖြစ်ပြန်လဲမသိဘူး၊ မစီတယောက်ဟာလေ ပါးစပ်ကို မငြိမ်ဘူး"

ဒေါ်သောင်းစိန်က ညည်းလိုက်၏။ မကြာခင်ပင် ဒေါ်စိန်စီသည် ဒေါနှင့်မောနှင့် ဧည့်ခန်းတွင်းသို့ ဝင်လာသည်။

"ရှုလာ ရှုလာ"

ဒေါ်စိန်စီ အော်ငေါက်၍ ခေါ်လိုက်သံကြောင့် ရှုလာ တုန်သွား၏။

"လာပါပြီ ဒေါ်လေးစီ..."

"လာဖို့မလိုဘူး၊ ငါမေးတာ မှန်မှန်ပြောစမ်း၊ ဒီမနက် နင် ဘာဟင်းနဲ့ထမင်းစားလဲ..."

"ငါးပိရည်ထောင်းနဲ့ ကန်စွန်းရွက်ပြုတ်"

ရှုလာက တုန်တုန်ယင်ယင်နှင့် ဖြေ၏။

"မစီရဲ့ မေးစရာရှိလည်း ဖြည်းဖြည်းမေးပါ၊ ရှုလာကြောက်နေတယ်"

ဒေါ်စိန်စီသည် ဒေါ်သောင်းစိန်အနား လာထိုင်၏။

"မကြောက်ပါနဲ့ ရှုလာကို ကြိမ်းမလို့ လာတာမဟုတ်ဘူး၊ ဟိုကောင်မ အေးမြကို ဒေါသထလာလို့၊ မပြားပြောနေတာ ကြာလှပြီ မယုံဘူး၊ မမသောင်းကလည်း ကျွန်မကိုချည်း ဆူတာပဲ၊ ကျွန်မ ဘယ်တော့မှ အရမ်းမယုံဘူး၊ မပြားကများ သူနဲ့ အပေါင်းအသင်း မတည့်လို့ အေးမြကို တိုက်နေသလားလို့ စောင့်ကြည့်နေတာ၊ အို... ဒီအိမ်မှာ ထမင်းချက်မိန်းကလေးတွေ နေတာများလှပြီ၊

သူတို့ပြဿနာနဲ့ သူတို့ ထွက်သာသွားရော ရိုးရိုးအအကလေးတွေ၊ အေးမြကိုက စိတ်ယုတ်မာလွန်းတယ်"

"ဘာဖြစ်လာပြန်လဲ"

"ရှားတဲ့အခါလည်း ရှားသလို စားပေါ့၊ မနက်က ပုစွန်တွေ ငါးကျပ်ဈေးမို့ မပြား တပိဿာတောင် ဝယ်လာတယ်၊ ကျွန်မတို့ ထမင်းစားပြီးတော့ ပုစွန်ကြော် တပန်းကန် မပြားပေး၊ ရှဲလာကိုလည်း တခွက်ပေးဖို့ သေသေချာချာ ပြောခဲ့တယ်။ မပြားလည်း မပေးဘူး၊ ရှဲလာလည်း မပေးဘူး။ သူက တယောက်တည်း ပွဲတော်တည်တယ်။ ကိုယ့်ဟာကိုယ် စားရုံတင်မဟုတ်ဘူး၊ မပြားသွားပြီး အတင်းပြောနေတာ ကျွန်မက ကြားမိလို့ပဲ၊ အဘွားကြီးတွေက ပုစွန်လေး တကောင်လောက် ချက်ပြီး ဟိုလူ့ထည့်ပေး၊ ဒီလူ ထည့်ပေးဦး၊ ညစာမရှိတော့ ကျုပ်ကို အဆူခံရတယ်လို့ ပြောနေတယ်..."

"ဟဲ့... အသက်ရှူပါဦး မစီ..."

ဒေါ်သောင်းစိန်က ဝင်ထောက်လိုက်၏။

"မရှူနိုင်ဘူး မမသောင်း၊ ကျွန်မနောက်မှာ မရှိဘူးထင်ပြီး သူက သူတော်ကောင်း လုပ်နေ ပြောနေလိုက်တာ ကျွန်မက ဘာမှမပြောတော့ဘူး၊ အေးမြလို့ အော်လိုက်မှ သူတုန်သွားတယ်၊ ကြည့်လည်းပြော ပုစွန်က လက်မအရွယ် တပိဿာတိတိ၊ ဝယ်လာတဲ့သူက မပြားကိုယ်တိုင် ဝယ်လာတာ၊ ဟင်း ဘယ်လောက်ရှိလဲ ငါကိုယ်တိုင်ကြည့်မယ်၊ အိုးလိုက်ချက်ပြီးသား သွားယူစမ်း။ ငါ့ကို မပြားရှေ့မှာ ပြစမ်း ပြောတော့ ခိုးထုပ်ခိုးထည်နဲ့ မိသလိုပဲလေ။ မျက်စိပျက် မျက်နှာပျက်နဲ့ ပုဇွန်ဟင်းကို ယူလာတယ်၊ ပုစွန်တွေကဖြင့် အများကြီး၊ မပြားလည်း မကျွေးဘူးဘူး၊ ရှဲလာလည်း မကျွေးဘူး တယောက်တည်း နင့်အောင် စားတယ်၊ ဒီကလေးမကို စိတ်ထားယုတ်တယ်၊ နောက်တခါ ဒါမျိုးလုပ်ရင်တော့ သည်းမခံတော့ဘူး၊ ထုတ်ပစ်တော့မယ်၊ ထမင်းတလုတ် စားနေရတာ ဒေါသနဲ့ စားနေတော့ ဘယ်ကောင်းမလဲ"

"မစီကလည်းကွယ် သူ့ရဲ့ ပင်္ကိုသဘောစိတ်ပေါ့၊ ဒါမျိုးဟာ တရားဟောလို့ မရဘူး၊ ဆင်းရဲလို့ ငတ်လို့ လူဟာ ဖောက်ပြန်ရတယ်၊ အကျင့်ပျက်ရတယ်ဆိုတာ အခါခပ်သိမ်း မမှန်ဘူးဆိုတာ ခုသိရပြီမို့လား၊ ရှဲလာတို့ မပြားတို့လည်း ဆင်းရဲတာပဲ၊ သူတို့ကျတော့ ပင်ကိုဉာဉ်ကိုက ကောင်းနေတာကိုး... ဆူမနေစမ်းပါနဲ့ သေးဖွဲ့လိုက်တာ"

"မမသောင်းကလည်း အဲဒီသေးဖွဲ့တယ်ဆိုတဲ့ မီးဖိုချောင်က အိမ်တဆောင်လုံး ပြဿနာကို ရှုပ်ရှုပ်လာတာ၊ ဒါကြောင့် ကျွန်မက

ကြည့်ကြည့်နေတယ်၊ ခုတလော တို့အိမ်မှာ တို့ညီအစ်မ နှစ်ယောက်ကို ပြုစုတဲ့လူ မခြပါဘူ အကြောင်းတခုတော့ ရှိရမယ်လို့၊ ခုမှ လက်သည်ပေါ်တယ်။ သူက ကောင်မလေးတွေ ရောက်လာရင် ထမင်းဝအောင် မကျွေးဘူး၊ ဟင်းထည့်မကျွေးဘူး၊ ပြီးတော့ ကျွန်မတို့ညီအစ်မကို လက်ညှိုးထိုးပြတယ်လေ။ အဘွားကြီးတွေက ဟင်းမပေးဘူးလို့"

"တို့ကမှ ကိုယ်တိုင်မလုပ်နိုင်ဘဲကို... စိတ်တွေလျှော့လိုက်ပါတော့ မစီရယ်..."

ဒေါ်သောင်းစိန်သည် ရွှေပြည်အေးတရား ဟောလိုက်၏။

"အို... လျှော့ကာမှ လျှော့ရော ပြဿနာတခု ပေါ်လာရင် မူရင်း ဘယ်ကစသလဲလို့ ကျွန်မတော့ ရှာရမှ ကျေနပ်တယ်၊ အခုတော့ သတိပေးလိုက်ပြီ ဒါနောက်ဆုံးပဲလို့၊ နောက်တကြိမ် ဒါမျိုးတွေ့ရရင်တော့ တို့များအိမ်က စေတနာနဲ့ သဒ္ဓါတရားနဲ့ အုပ်ချုပ်တဲ့အိမ်နဲ့ နင်လို မိန်းကလေးမျိုးနဲ့ မတန်တော့ဘူးလို့၊ သွားတော့လို့ ပြောထားတယ်"

"ကဲ... ကဲ... ငါ့ညီမ၊ မောသွားပြီး ရေနွေးသောက်ဦး"

ရှဲလာသည် ညီအစ်မနှစ်ယောက် စကားပြောနေသည်ကို နားထောင်ရင်း စိတ်က သန်းကြည်ဆီ ရောက်နေ၏။ သန်းကြည်စကားလုံးများကိုလည်း ပြန်လည် ကြားယောင်လာ၏။

"အဲဒီ သံရုံးတို့ ဗိုလ်အိမ်တို့က လာတယ်ဆိုတဲ့ ဟယ်လင်တို့ စတယ်လာတို့ဆိုတဲ့ ကောင်မတွေနဲ့များ တူတူလုပ်ရလို့ ဗိုလ်ကျလာရင် ဆော်သာဆော်၊ ခေါင်းငုံ့မခံနဲ့"

ဟင်း... အေး မြကတော့ ဘယ်အိမ်က ရောက်လာသည် မသိပါပေ၊ မည်သည့်အလွှာတွင် ဖြစ်ပေစေ၊ ကိုယ့်အပိုင်းလေးနှင့် ကိုယ်ကတော့ ညာဉ်ဆိုးညာဉ်ကောင်း တိုက်ပွဲလေးတွေ ရှိကြ၏။ ငုံ့ခံသည့်သူက ခံနေပြန်တော့လည်း ခေါင်းပေါ် တက်ခုန်ကြပြန်၏။ ရှဲလာသည် အေးမြထက် ဆိုးသော ထမင်းချက်နှင့် ထပ်မံတွေ့ရမည်ကိုလည်း တွေးကြောက်နေမိပြန်သည်။ အိမ်ဖော်ဘဝကို ခြေချဖြစ်၍ သူသည် အလကားနေ အလကား တွေးကြောက်နေသလား၊ တောင်ပို့ကြီးက ဆရာမကြီးပြောသလို သူနာပြု သင်တန်း တက်မိရင် ကောင်းသား။

"တကယ်ပဲလား၊ မစီ အေးမြကို အလုပ်ဖြုတ်မလို့လား"

ရှဲလာသည် ဒေါ်သောင်းစိန်က သူညီမကို မေးသောမေးခွန်းကြောင့် သူ့အတွေးစ ပြတ်သွား၏။

"သူ ခုထက်ဗွေထလာရင်တော့ ဖြုတ်ရမှာပဲ"

ဒေါ်စိန်စီက ဖြေလိုက်၏။

"အေးပေါ့လေ ကြည့်လည်းလုပ်ပေါ့ မစီ၊ ဟိုဒင်းပြောတာမျိုးလို ဖြစ်နေဦးမယ်"

ဒေါ်သောင်းစိန်က ပြုံးပြုံးနှင့် ခပ်အေးအေး ပြောပြနေ၏။

"အာနန္ဒာက မြတ်စွာဘုရား ဆွမ်းခံကြွတော့ အမြဲလိုက်တယ်လေ၊ မာကဏ္ဍီ ပုဏ္ဏေးမက သူ့အိမ်ရှေ့ရောက်ရင် မြတ်စွာဘုရားနဲ့ ရဟန်းတွေကို... အမြဲ ဆဲဆိုတယ်၊ တနေ့တော့ ဘုရားသခင်ကို ရှင်အာနန္ဒာက လျှောက်ထားတယ်။ အရှင်ဘုရားတဲ့၊ မာကဏ္ဍီ ပုဏ္ဏေးမက တပည့်တော်တို့ကို အင်မတန် ဆဲရေး ပုတ်ခတ်တယ်တဲ့၊ တခြားရွာ ပြောင်းသွားရအောင်တဲ့၊ ဒီတော့ ဘုရားသခင်က ပြောတယ်၊ ချစ်သား အာနန္ဒာ တခြားရွာရောက်ရင် တခြား မာကဏ္ဍီနဲ့ မတွေ့ဘူးလို့ ဘယ်သူပြောနိုင်မလဲတဲ့၊ အဲဒီတော့ တို့ ဘယ်ရွာပြောင်းပြီး ဆွမ်းခံမလဲတဲ့၊ ချစ်သား အာနန္ဒာ ရွာတိုင်းမှာ မာကဏ္ဍီတွေ ရှိတယ်တဲ့... ခုလည်း မစီ ပညာအုပ် အကြီးရယ်၊ တို့များ နောက်အေးမြ တအေးမြနဲ့ ထပ်တွေ့နေပါဦးမယ်အေ၊ သတိထားပါ။ စဉ်းစဉ်းစားစားပေါ့၊ ခုခေတ်မှာ နေရာတိုင်းလိုလို အေးမြတွေ ပေါပါဘိသနဲ့"

ဒေါ်သောင်းစိန်သည် ပုံကလေးနှင့် စကားစ သတ်လိုက်၏။ ရှုလာသည်လည်း တွေးစရာ ပေါ်လာသည်။

"နေရာတိုင်း အေးမြတွေ ပေါပါဘိသနဲ့"

မေမေကြီးက ဆို၏၊ သူနာပြုဆရာမလောက ရောက်ပါလျှင်လည်း သူနာပြု ဆရာမ အေးမြတို့နှင့် တွေ့များတွေ့နေဦးမည်လား။

"မမသောင်းရယ်၊ ကျွန်မ အရမ်းမလုပ်ပါဘူး၊ အေးမြလို အေးမြကတော့ အိမ်ဖော် အတန်းအစားမှာပဲ ရှိတယ်လို့ ထင်မနေနဲ့၊ သူများကို ပညာသင်ပို့ချရတဲ့ ပညာရေးလောကမှာလည်း ရှိတာပဲ၊ သတိလည်း ပေးထားပါတယ် မကောင်းတာ လုပ်တာကိုတော့ လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူးပေါ့၊ ရောဂါကို မကူးစက်ခင် ကြိုတင် ကာကွယ်ရတာ၊ အေးမြရောဂါ မီးဖိုကနေ တပြည်လုံး ကူးစက်ကုန်မှ ဒုက္ခရောက်မှာ"

ပညာအုပ်မကြီးသည် ပွစိပွစိ၊ ဗျစ်တောက်ဗျစ်တောက်နှင့် သူပြောချင်သည်များကို ဆက်ပြောနေတော့သည်။

ရှုလာကတော့ အေးမြနှင့်သာ နောက်ထပ် ဟင်းပြဿနာ ထမင်းပြဿနာ

မရှုပ်ပါရစေနှင့်ဟု ဆုတောင်းမိ၏။

ရှဲလာ၏ ဆုတောင်းပြည့်လာ၏။

"ရှဲလာရေ မေမေကြီးတို့ ခရီးထွက်ဖို့ အဝတ်အစားတွေ ပြင်ရအောင်၊ မင်းတို့ ဒေါ်ဒေါ်စီ ခွင့်ရမယ်၊ အတွတ်ဆီ သွားလည်ရမယ်"

ရှဲလာသည် ဝမ်းသာသွား၏။ အေးမြနှင့် သူ ကြာကြာမနေလိုသောဆန္ဒ ပြည့်သွားပေပြီ။ အေးမြကိုလည်း ဒေါ်ဒေါ်စီက အိမ်ပြန်ခွင့်ပေးလိုက်၏။ ဒရိုင်ဘာလင်မယားကို အိမ်စောင့်ထားခဲ့ကာ သူတို့သုံးယောက် မြစ်ကြီးနားကို ထွက်လာခဲ့သည်။

ရှဲလာသည် အတွေးထဲတွင်တော့ ဆရာဝန်ကြီးဆိုသူကို စိတ်ကူးနှင့် မြင်ကြည့်၏၊ ဓာတ်ပုံထဲတွင်တော့ ခဏခဏ မြင်ဖူးသည်။ သူ့မေမေကြီးကမူ သားလေးအတွက် ငါ့သားလေး အတွက်နှင့် သူ့သားအကြောင်း စကားပြောမိတိုင်း ကလေးငယ်တယောက်လိုပင် ပြောတတ်သည်။

မြစ်ကြီးနား ရောက်ပေမဲ့ ဒေါက်တာမိုးကောင်းကို သူတို့ မတွေ့ရသေး။

"နယ်ထွက်သွားတယ် မမသောင်းရဲ့၊ မမသောင်း လာမယ်ဆိုတာလည်း သူကြိုပြီး မသိလို့ပါ၊ ကျွန်တော့်ကိုပါ ခေါ်သွားမလို့ ချစ်ပု နေမကောင်းတာနဲ့ ထားခဲ့တာ"

"မချစ်ပုက ဒီအရွယ်ဆိုတော့ သွေးဆုံးကိုင်တာ ထင်ပါရဲ့၊ တို့လည်း အေးအေးဆေးဆေး နေရအောင် လာတာပါ"

ပစ္စည်းများကို နေရာချရင်းမှ ဒေါ်သောင်းစိန်နှင့် ဘကြီးပြော့သည် ဆရာဝန်ကြီး အကြောင်းကို ပြောနေကြသည်။ သူတို့စကားကိုသာ နားထောင်ရင်း ရှဲလာသည် သူတွေ့ရမည့် ဆရာဝန်ကြီးဆိုသူကို ပုံဖမ်းကြည့်ပြန်သည်။

"ဒါနဲ့ ခရီးရောက်မဆိုက် ကိုယ့်တူအကြောင်း ကိုယ်မေးကြည့်ရဦးမယ် ဘကြီးပြော့၊ ရှင်တို့ဆရာဝန်ကြီး ခုထိအကြိုက်မတွေ့သေးဘူးလား"

ဒေါ်စိန်စီသည် ကုလားထိုင်တလုံးတွင် အညောင်းဆန့်ကာ ထိုင်ရင်း မေး၏။

"မတွေ့သေးဘူး ထင်ပါ့ဗျာ"

"တယ်လည်းခက်တဲ့ သူငယ်ပဲ၊ မမသားက ဒီလိုပဲ နေသွားကော့မှာလား မသိဘူး"

ဒေါ်စိန်စီက ညည်းညည်းညူညူပြော၏။

"ညည်းမနေစမ်းပါနဲ့ မစီရယ်...။ သူ့စိတ်ကြိုက်တွေ့တော့ သူယူမှာပေါ့။ သူလိုချင်မှ သူနာပြု ဆရာမလေးတွေထဲမှာလည်း သဘောကောင်း အကျင့်စာရိတ္တ ကောင်းကောင်း ဆရာမလေးတွေ၊ ရုပ်ကလည်း ချောတာတွေ ရှိသားပဲ။ ယူမှာပေါ့။ အရုပ်ရုပ်လည်း သူလှည့်နေတာပဲ ကိုယ်မြို့သူ ကိုယ်ပြန်ယူမယ်ဆိုလည်း ဝါးခယ်မမှာ မမသောင်းသူငယ်ချင်း အဆက်အနွယ်တွေ ပြည့်လို့ပါ၊ မစီ တူတော်မောင်ကိုက ရွေးနေတာ"

"မမကြီးကိုယ်တိုင်ကလည်း သားကြီးမယူလေ ကြိုက်လေပေါ့... ဟုတ်လား"

ဘကြီးပြော့က မေး၏။

"ဒါပေါ့ အိမ်ထောင်ပြုတယ် ဆိုတာကို သဘာဝမို့လို့သာ ခွင့်လွှတ်တာ၊ မမကြီး စိတ်ထဲမှာတော့ ကိုယ့်သားလေးကို နို့စို့ငယ်လေးလိုပဲ ရင်ခွင်ထဲ ပိုက်ထားချင်တယ်၊ သူများတွေက ဆရာဝန်ကြီးလို့ (ကြီး) တပ်ခေါ်ရင်တောင် ရင်ထဲ နင့်နင့်သွားတယ်။ ဩော်... တကယ်တော့လည်း သားလည်း အသက် တော်တော်ထောက်သွားပြီ"

"ကဲ... အဲဒီအခန်းမှာ ကြိုက်သလိုသာ နေကြပေတော့။ မမကြီးကြိုက်တဲ့ဟင်းကို ရှဲလာကိုသာ ပြောလိုက်၊ ကျွန်တော် အားလုံး ချက်ပြုတ်ကျွေးမယ်"

ဘကြီးပြော့သည် အိမ်ပေါ်ထပ် ခေါင်းရင်းခန်းတွင် နေရာတကျ ပြင်ဆင်ပေးပြီး မီးဖိုရှိရာသို့ ဆင်းသွားတော့သည်။

ဆောင်းဦးပေါက်ပြီဖြစ်၍ မြစ်ကြီးနား ရာသီဥတုသည် ရန်ကုန်ထက် ပို၍ အေးသည်။ ရှဲလာသည် ဒေါ်သောင်းစိန်ချိုးရန် နံနက်တိုင်းလိုလို ရေနွေးကျိုရ၏။ ရေနွေးစပ်ပြီးသားကို ရေချိုးခန်းထဲ ပို့ပေးရသည်။ သူတို့ကတော့ ရေအေးနဲ့ပဲ ချိုးတယ်။

တပတ်လောက်အကြာတွင်တော့ ရှဲလာ အအေးမိလားမသိ၊ ကိုယ်တွေ ချစ်ချစ်တောက် ပူလာသည်။ ရှဲလာသည် နောက်တနေ့နံနက်တွင် မထနိုင်တော့ပေ။

"ရှဲလာ... အိပ်ရာထဲမှာ ငြိမ်ငြိမ်ပဲနေ၊ မမေကြီးကိစ္စတွေ မမစီနဲ့ မောင်ပြော့နဲ့ လုပ်ပေးလိမ့်မယ်"

ရှဲလာကို သူတို့ခြေရင်းခန်းလေးတွင် အိပ်ရာပြင်၍ သိပ်ထား၏။ ရှဲလာသည်

အဖျားကြောင့် မျက်စိ မဖွင့်ချင်၊ ခွေနေချင်သည်။ နောက်တနေ့တွင် သူ မှိန်းနေဆဲ အောက်ထပ်မှ ဆူဆူညံညံ အသံကြား၍ ဆင်းကြည့်ချင်သည်။

"အတော်ပဲဟေ့... ရှဲလာဖျားတာနဲ့ သားကြီးရောက်လာတာနဲ့"

မေမေကြီး၏အသံကို ကြားလိုက်ရ၏။

ဟင်း... ဆရာဝန်ကြီး ခရီးထွက်ရာက ပြန်ရောက်လာပြီ ထင်တယ်။ ငါ့ကို စမ်းသပ်ကြည့်တော့မယ်။ ရှဲလာသည် ရင်ခုန်လာ၏။ ခေါင်းကလည်း မထူချင်၊ မျက်လုံးက မဖွင့်ချင်သောကြောင့် လှဲမြဲလှဲနေရသည်။ ပစ္စည်းများကို ကူ၍ သယ်ပေးသင့်လေသလား၊ ဆီးကြိုရမှာလား။ သူသည် ဘာလုပ်ရမည် မသိသလို လူက အိပ်နေရင်းမှ စိတ်က အလုပ်ရှုပ်နေသည်။

အောက်တွင် တနာရီလောက် မိသားစုတွေ စကားပြောနေဟန်ရှိသည်။ အတန်ကြာလျှင် ခြေသံများ ကြားလာတော့သည်။ သူ့အခန်းတံခါး ပွင့်သွားတော့သည်။ ရှဲလာသည် မျက်စိကို အသာဖွင့်လိုက်၏။ ပိန်ပိန်သွယ်သွယ်နှင့် အသားဖြူဖြူ လူတယောက်၊ သူ့မျက်လုံးသည် ကြည်လင် အေးချမ်းပုံရ၏။ မေမေကြီးတို့ ဒေါ်ဒေါ်စီတို့နှင့်အတူ သူ့ခုတင်နားသို့ ကပ်လာသည်။

ရှဲလာကို နားကျပ်နှင့် သေသေချာချာ ရင်ဘတ်ကို စမ်းသပ်၏။ လက်ကောက်ဝတ်မှ သွေးခုန်ပုံကိုလည်း ခဏခဏ စမ်းကြည့်၏။ ပြီးတော့ သူ စာနှစ်စောင် ကောက်ရေးလိုက်သည်။

"ဒေါ်လေးစီ ကျွန်တော့်ဒရိုင်ဘာ ခဏနားပြီးရင် ရှဲလာနဲ့ ဆေးရုံကြီးကို လိုက်သွားပါ၊ သွားမယ့်နေရာတွေကိုရော ဒီစာပြရမယ့်သူတွေရော ဘသော် သိတယ်၊ ကျွန်တော် အားလုံး ပြောလိုက်မယ်၊ စိတ်မပူနဲ့ ရှဲလာ၊ အဆုပ်ကို အအေးမိသွားတာပါ၊ ဖျားတာက မကြာပါဘူး။ ပျောက်သွားမှာပါ။ ကျွန်တော် ခု ဆေး တလုံးထိုးလိုက်မယ်၊ ကဲ... ကျွန်တော် နားဦးမယ်"

သူသည် ထသွားပြီး အခန်းဝရောက်မှ -

"ရှဲလာ မေမေတို့ ရန်ကုန်အိမ်ကို ရောက်လာတာ ဘယ်လောက် ကြာပြီလဲ"

သူသည် လည်ပြန်လှည့်ကာ မေးလိုက်၏။

"တလကျော်လောက်ပဲ ရှိသေးတယ် အတွတ်"

ဒေါ်စိန်စီက ဖြေလိုက်သည်။ အတွတ်သည် ဆေးတလုံး ရှဲလာကို ထိုးပေးပြီး သူခရီးပန်း၍ အပန်းဖြေရန် သူ့အိပ်ခန်းထဲသို့ ဝင်သွားတော့သည်။

နေ့လယ် လက်ဖက်ရည်သောက်ချိန်တွင် သူတို့ ထမင်းစားခန်းတွင် ဆုံမိကြ၏။

"သားကြီး အိပ်ပျော်သွားလား"

"ဟုတ်ကဲ့... မေမေ၊ အိပ်လို့ရပါတယ်"

ဒေါ်လေးစီသည် သေသေချာချာ ပိတ်ထားသော စာနှစ်စောင်ကို အတွတ်လက်ထဲသို့ ထည့်လိုက်၏။ အတွတ်သည် စာများကို သေသေချာများ ဖတ်နေသည်။

"သူတို့ အဲဒီစာနှစ်စောင်ကို ရေးပေးလိုက်တယ်။ ခတ်မှန်လည်း ရိုက်ယူထားတယ်"

အတွက်သည် သက်ပြင်းချရင်း...

"နက်ဖြန်ဆို ခတ်မှန်က တီဘီ ဟုတ် မဟုတ် သိရမှာပါ။ တီဘီဖြစ်လည်း ကောင်မလေး အခြေအနေက သိပ်ဆိုးဦးမှာ မဟုတ်သေးဘူး။ ကျွန်တော့်စိတ်ထင် ဆေးထိုးဖို့တောင် မလိုပါဘူး၊ ဆေးစားရုံနဲ့ ပျောက်မှာ၊ ရုတ်တရက် ဖျားတာကတော့ ရာသီဥတု အပြောင်းအလဲကြောင့် အအေးပတ်သွားတာ၊ ကျွန်တော် အိမ်မှာပဲ ကုမယ်၊ မပျောက်နိုင်တာက..."

အတွတ်သည် စကားစကို ခဏရပ်ပြီးမှ သူ့အမေမျက်နှာကို ကြည့်ပြောလိုက်၏။

"မေမေတို့... ကောင်မလေးမှာ ကိုယ်ဝန်ပါလာတယ်"

"ဟိုက်..."

ညီအစ်မနှစ်ယောက်စလုံး ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားသည်။

"ခေါင်းအေးအေး.. စဉ်းစားပါလေ။ မေမေတို့ မိန်းမချင်း ချော့မေးကြည့်ပေါ့။ ကျွန်တော် မနက်က စာနှစ်စောင် ရေးပေးလိုက်တာ တစောင်က မြစ်ကြီးနားဆေးရုံ ဆရာဝန်ကြီးဆီ၊ တစောင်က သားဖွားဆရာမဆီကိုပဲ၊ ကျွန်တော်ထင်တဲ့အတိုင်း ကိုယ်ဝန်က သုံးလ အနည်းဆုံး ရပြီတဲ့ ဆရာမစာထဲ ပါလာတယ်၊ ကောင်မလေးတွေ ဒီလိုပဲ မှားတတ်တယ်လေ၊ ကျွန်တော်တို့ ဆရာဝန်တွေအနေနဲ့တော့ ရိုးနေပြီ၊ ကဲ၊ ညီအစ်မနှစ်ယောက် နေ့လယ်စာ စားပြီးမှ အေးအေးဆေးဆေး ရှဲလာကို မေးကြည့်ပေါ့၊ ဆူဆူပူပူ မလုပ်ပါနဲ့ မေမေ"

အတွက်သည် ကော်ဖီပန်းကန်ကို မော့သောက်လိုက်၏။

"ရှုလာ မေးမြန်းပြီးရင် ခြံထဲ ဆင်းလာကြပေါ့၊ ကျွန်တော် နယ်လှည့်ရင်း စုလာတဲ့ သစ်ခွပန်းတွေ နေရာချဦးမယ်၊ ကျွန်တော် စိုက်ထားတဲ့ပန်းတွေ အမေတို့လည်း ကြည့်ကြပေါ့..."

အတွတ် ဟန်ပန်က အေးဆေးသလောက် ညီအစ်မနှစ်ယောက် တယောက်မျက်နှာ တယောက် ကြည့်ကာ မထွေးနိုင် မအန်နိုင် ဖြစ်နေကြသည်။ ကော်ဖီသာ ငုံ့သောက်လိုက်ကြသည်။ လည်ချောင်းထဲ ဘယ်လိုရောက်သွားမှန်း မသိတော့ပေ။

"ကျွန်မတို့ လုပ်လာတာတွေဟာ မမသောင်းရယ်၊ လူလေးအတွက် ခေါင်းပေါ် အထုပ်ကြီး လာပို့သလို ဖြစ်နေပြီ"

ဒေါ်စိန်စီသည် မျက်လုံးကြီးပြူးကာ ပြောလိုက်၏။

"ဒါကြောင့်ကို၊ သားဖွားဆရာမက သူတို့စမ်းသပ်တော့ ကျွန်မကို အခန်းထဲ ဝင်ခွင့်မပေးဘူး၊ အမလေး ဒုက္ခပါပဲ။ မိစိန်စီ ကျောင်းအုပ်ဆရာမရော ပညာအုပ်ရော လုပ်ခဲ့တာ ဒါကျတော့ နည်းနည်းမှ မရိပ်မိပါလား"

"မစီကလည်းဟယ် ညီမက အပျိုကြီး၊ ဒါတွေ ဘာသိပါ့မလဲ၊ မသောင်း သားတယောက် အမေတောင် မရိပ်မိဘူး"

"ကဲ... ပါလေ မမသောင်းရယ်၊ ကျွန်မ ကောင်မလေးကို သွားမေးဦးမယ်"

"ငါလည်း... လိုက်မယ်လေ"

ညီအစ်မနှစ်ယောက်သည် ရှုလာအိပ်ခန်းရှိရာသို့ တက်သွားကြသည်။ ရှုလာသည် ဘကြီးပြော့ လာချပေးသော ကော်ဖီနှင့် ဆေးတလုံး သောက်ရင်း မှိန်းနေသည်။ ဒေါ်စိန်စီတို့ ဝင်သွားချိန်တွင် ရှုလာသည် မျက်လုံးဖွင့်ကြည့်လိုက်၏။ ချွေးများမှာ တကိုယ်လုံး ရွှဲနေသည်။ ဒေါ်စိန်စီသည် ချွေးသုတ်၍ အင်္ကျီလဲပေး၏။

"နေသာရဲ့လား ရှုလာ..."

ဒေါ်သောင်းစိန်က မေးလိုက်၏။

"ဟုတ်ကဲ့ ... မေမေကြီး သိပ်ပေါ့သွားတာပါပဲ။ ရှုလာဘာသာ အဝတ်လဲပါ့မယ် ဒေါ်လေးစီ"

ရှုလာသည် ဒေါ်စိန်စီလက်ထဲမှ အင်္ကျီလှမ်းယူရင်း ပြောလိုက်၏။

"ကိစ္စမရှိပါဘူး၊ တို့နေမကောင်းတော့လည်း ညည်းပြုစုရတာပဲ၊ ဒီတခါ

တို့အလှည့်ပေါ့၊ ချစ်ပုကို လူနာစောင့် ထားပေးမယ် လုပ်ပါတယ်။ ချစ်ပုကလည်း အားနည်းလိုက်တာ၊ မကြာပါဘူး ရှဲလာ နေကောင်းလာမှာ"

"ဆေးရုံက ခတ်မှန်ရိုက်ယူထားတော့ ရှဲလာကို မေကြီးသား ဆရာဝန်ကြီးက အဆုတ်နာလို့ မသင်္ကာဘူးလား"

ရှဲလာသည် ဒေါ်သောင်းစိန်ကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

"အို... ဆရာဝန်ဆိုတာ လူနာတယောက်ကို ဘာရောဂါလဲဆိုတာ စေ့စေ့စပ်စပ် ရှာဖို့ တာဝန်ရှိတယ် ရှဲလာ၊ ရောဂါအစစ်တွေ့တော့ ကုရတာ လွယ်တာပေါ့၊ တီဘီဖြစ်နေရော ဘာဖြစ်လဲ၊ ခေတ်ဆေးတွေက ကောင်းပါဘိနဲ့၊ အတွက်က ပြောတော့ တီဘီဆိုတောင် သူ့စိတ်ထဲမှာ ထင်တယ်တဲ့၊ ဖြစ်စပဲ... ရှိသေးတယ် လို့တဲ့"

ဒေါ်သောင်းစိန်က စိတ်ရှည်စွာ ပြောပြ၏။

"ဖြစ်စပဲ ရှိသေးတယ်"

ရှဲလာသည် တလုံးချင်း စကားကို ဖြည်းဖြည်းရွတ်၏။

"ရှဲလာ ရွာမှာနေတုန်းက အိမ်နေရာက လေကောင်းလေသန့် မရလို့လား။ အိမ်ဖော်လည်း မလုပ်ခဲ့ဖူးတော့ အလုပ်လုပ်တဲ့အိမ်တွေက ကူးလာတာ မဟုတ်ပါဘူး၊ ရှဲလာ ဘာလုပ်လဲဟင် အလုပ် သိပ်ပင်ပန်းပြီး အနားမရရင် တီဘီဖြစ်တတ်တယ်။ အားနည်းတဲ့အခါ တီဘီရောဂါသည် အနားမှာ နေရင်လည်း ရောဂါ ကူးတတ်တာပဲ။ ရှဲလာတို့အိမ်သားထဲမှာ တီဘီရောဂါသည် ရှိလား"

ဒေါ်စိန်စီ၏ မေးခွန်းကို မဖြေခင် ရှဲလာသည် မျက်လုံးလေး ကလယ်ကလယ်နှင့် ဒေါ်စိန်စီကို ကြည့်ရာမှ မျက်ရည်ပေါက်ကြီးတွေ ကျလာ၏။ ဒေါ်သောင်းစိန်သည် ကျောမှီရန် ခေါင်းအုံးတလုံး ရှဲလာ့ကျောဘက်သို့ ထိုးပေးလိုက်၏။

"ဘာလို့... ဝမ်းနည်းရလဲ ရှဲလာ၊ တို့များ ဝါးခယ်မ နေတုန်းကတည်းက မွေးတို့မိသားစုမှာဆို မျိုးရိုးမရှိဘဲ မွေးရဲ့အမေဟာ တီဘီဖြစ်လိုက်တာ၊ သမီးအကြီး အေးရော မွေးရော တီဘီကူးတာပဲ၊ ဖိဖိစီးစီး ကုပစ်လိုက်တော့ နောက် သူတို့မိသားစု အဆက်အနွယ်တွေမှာ တီဘီ မရှိတော့ဘူး"

ဒေါ်သောင်းစိန်က ဖြည်းဖြည်းပြောပြနေ၏။

"ရှဲလာမှာလေ အဖေလည်း မရှိဘူး၊ အမေလည်း မရှိဘူး၊ ရှဲလာ

ကျောင်းအားရက်မှာ ပျိုးနုတ် ကောက်စိုက်လိုက်လုပ်တယ်၊ ပြီးတော့ ငါးပိလည်း လုပ်တယ်၊ အိမ်သားတွေက ကူးတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒါပေမဲ့ ဆရာကြီးပြောတာ ဖြစ်နိုင်ပါတယ်၊ ရှဲလာ တီဘီဖြစ်တယ်"

ရှဲလာသည် ဟန်မဆောင်နိုင်ပေ။ ရှိုက်ကြီးတငင် ငိုတော့၏။

"မေမေကြီးတို့နဲ့ တွေ့ပြီပဲ။ ရှဲလာ ဘာအားငယ်စရာရှိလဲ ပျောက်မှာပေါ့"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

"ဒါနဲ့... သူနာပြုသင်တန်းတောင် တက်မယ်ဆိုလား အရီးပုက ရှဲလာကို တို့သွားခေါ်တော့ ပြောလိုက်တယ်၊ ရှဲလာ စာတော်တော်တတ်သားနဲ့ အိမ်ဖော်အလုပ်အပြင် ဘာမှမလုပ်တတ်ဘူးလား၊ ရန်ကုန် ပြန်ရောက်လို့ ကျန်းမာရင် ဒေါ်လေးစီ ကျောင်းတခုခုမှာ အပ်ပေးမယ်လေ၊ ခုနစ်တန်း အောင်တဲ့အထိ နေပေါ့"

"ရှဲလာ ဉာဏ်ထုံတယ်၊ ရှဲလာတို့ရွာက အလယ်တန်းကျောင်းမှာ နေဖူးတယ်။ ခုနစ်တန်းမှာကို ကျတာ နှစ်ခါရှိပြီး ကျောင်းအုပ်ဆရာမကြီးက ထားပေးတယ်၊ နောက်တော့ ရွာမှာ တိုက်ပွဲဖြစ်၊ ကျောင်းလည်း ပျက်... ခုတော့ ကောင်းသွားပြီတဲ့၊ ရှဲလာလည်း ရွာကို ပြန်မရောက်တော့ဘူး"

"ရှဲလာ ဘယ်သူနဲ့နေလဲ... အတူနေတဲ့သူမှာ ရောဂါရှိလားလို့ ဒေါ်လေးစီ သိချင်လို့ပါ"

"ဆရာမကြီး... ဆရာမကြီးနဲ့... အတူနေတာ၊ ဆရာမကြီးမှာ ရောဂါမရှိပါဘူး... အို..."

ရှဲလာသည် ချုံးချငိုတော့သည်။

"မင်းကို စိတ်ဒုက္ခရောက်အောင် တို့လုပ်သလို ဖြစ်နေပါပြီး မဖြေပါနဲ့... ဆရာမကြီးမှာလည်း ရောဂါ မရှိတော့ အလုပ်လုပ်ဖက် တယောက်ယောက်မှာ ရောဂါရှိလို့သာပေါ့... ကဲ... ကဲ... မှိန်းနေဦး"

"ဆရာကြီးပြောတာ ဖြစ်နိုင်ပါတယ်၊ သူ... သူ့ကိုပြုစုတော့ ရောဂါကူးမှာ"

ညီအစ်မနှစ်ယောက်သည် မျက်စပစ်ကာ စကားစဆက်၍ နှိုက်ထုတ်ကြ၏။

"ဘယ်သူလဲဟင်..."

"ဆရာမကြီးရဲ့မောင်လေ... ရွာမှာ တိုက်ပွဲဖြစ်တော့ သူဒဏ်ရာရတယ်၊

ဆေးရုံမှာ အထင်အရှား ကုလို့ မရဘူး"

"ဘာဖြစ်လို့လဲ၊ ကရင်အကြမ်းဖက်သောင်းကျန်းသူမို့လို့လား..."

"ကရင်မဟုတ်ဘူး ဆရာမကြီးတို့က မြန်မာပဲ၊ ရွာထဲမှာပဲ ကျိတ်ကုရင်း ဒဏ်ရာကတော့ ပျောက်သွားတယ်၊ သူက တီဘီရှိတော့ သွေးအန်တယ်၊ ရှဲလာ သူ့ကိုပြုစုရင်း သူ သူ ကုမရဘူး၊ ဆုံးသွားပြီ ဆုံးသွားပြီ"

ရှဲလာ ငိုချလိုက်၏။ ရှဲလာဇာတ်လမ်းကို ဒေါ်စိန်စီတို့ ညီအစ်မနှစ်ယောက် စိတ်မောနေကြသည်။ သနားနေကြသည်။ မမေးရက်ကြပေ။

"ကဲ... မစီရယ်၊ မမကြီး အောက်ဆင်းလိုက်ဦးမယ်။ ဒီည ရှဲလာကို အစာကျွေးသင့်လား၊ မကျွေးသင့်လား အတွတ်ကိုမေးပြီး မောင်ပြော့ကို တခုခု လုပ်ခိုင်းဦးမယ်။ ရှဲလာအနားမှာ မစီနေရစ်ပါဦး"

ဒေါ်သောင်းစိန်သည် မျက်ရိပ်ပြကာ အောက်သို့ ဆင်းသွား၏။

"ဒါကိုပဲ စောစောကပြောရင် ပြီးတာပဲ၊ ဆရာဝန်ကတော့ သွေးစမ်း၊ သွေးစစ်၊ ဓာတ်မှန်တွေ ဘာတွေ ရိုက်ရင် ရောဂါအခြေခံသိရင် ရောဂါအစစ်အမှန် သိတာပဲ၊ ဆရာဝန်ကို ညာလို့မရဘူး၊ တို့ကတော့ ရိုးရိုးဖျားတာ ထင်တာပဲ။ ဟော ဆရာဝန်ဆိုတော့ တီဘီဆိုတာ သက်ာမကင်း ဖြစ်လာတာနဲ့ စစ်ဆေးခိုင်းရော၊ ရောဂါအမှန် ပေါ်လာတော့ ကုလို့ရတာပဲ၊ မီးယပ်ကိစ္စတောင် ကဲ... မနက်က သားဖွားဆရာမက စေ့စေ့စပ်စပ် စစ်တယ်မို့လား၊ ရှဲလာ မီးယပ်ကော မှန်ရဲ့လား"

ရှဲလာသည် ခေါင်းခါပြ၏။

"အေး၊ အဲဒါလည်း ဘာရက်စရာရှိလဲ၊ ဒေါ်လေးစီ ဘော်ဒါအုပ် ဆရာမကြီး လုပ်တုန်းက ဒီကိစ္စတွေကို အပျိုပေါက်ကျောင်းသူတွေကို မေးရမြန်းရတာ၊ သူတို့မိဘတွေကို ပြောပြရတယ်။ မရှက်သင့်တာ ရှက်တော့ ဓမ္မတာ မမှန်တာကနေ ဗိုက်ထဲ အလုံးတွေဖြစ်ပြီး ခွဲရစိတ်ရတဲ့... ဘဝ ရောက်ရတယ်။ တချို့များ မီးယပ်သွေးမမှန်လို့ ရူးတယ်"

ရှဲလာသည် မျက်လုံးလေးပြူးသွား၏။

"ရူးတယ်..."

"အေး... ရူးတယ်၊ တချို့လည်း အပျိုဖော်ဝင် ရည်းစားထားရင်းက ရည်းစားနဲ့ကိုယ် ရင်းရင်းနှီးနှီး နေမိရာက ကိုယ်ဝန်ရှိလာရော၊ မိဘကတော့ ဓမ္မတာ မမှန်ဘူး သွေးကျော်တယ်ပဲ ထင်တတ်တယ်။ သားဖွားဆရာမတွေကတော့

ဗိုက်ကိုင်ကြည့်တာနဲ့ အလုံးလား... ကလေးလား... ဒက်ခနဲ သိတာ..."

စကားအသွယ်ကောင်းသော ပညာအုပ်မကြီးကို ရှဲလာ မရှောင်တိမ်းနိုင်တော့ပြီ။

"အလုံးလား ကလေးလား သူတို့သိတယ်လား"

"အေးပေါ့။ ဒေါ်လေးစီက ပညာအုပ်လည်း လုပ်ဖူးတယ်၊ ဘော်ဒါအုပ်လည်း ရန်ကုန် ပြောင်းစက လုပ်သေးတယ်၊ ကျောင်းသူတွေ ထိန်းရတာ ဘယ်လွယ်မလဲ ရှဲလာရယ်"

"ဟင်... ဒီလိုဆို ရှဲလာ၊ ရှဲလာ သွေးကျော်တာလား၊ အလုံးလား ကလေးလား"

ရှဲလာသည် အလိုလိုပွင့်အန်လာတော့သည်။

"ဒေါ်လေးစီကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား ရှဲလာရယ်၊ ဒီမေးခွန်းကို ရှဲလာမေးရအောင် ရှဲလာက ယောကျ်ားလေးတွေနဲ့ ရင်းရင်းနှီးနှီး နေလို့လား"

ရှဲလာသည် ဒေါ်စိန်စီ ပခုံး မျက်နှာအပ်ကာ ငိုပါတော့သည်။

"သူ့အပြစ် ဘာမှမရှိပါဘူး။ သူ့ကို အပြစ်မတင်ပါနဲ့နော်၊ ရှဲလာပြုစုခဲ့တဲ့ တီဘီရောဂါရှိတဲ့သူနဲ့ ရှဲလာ နေမိတာ၊ သူသာ အသက်ရှင်ရင် ရှဲလာကို တကယ်ယူမှာပါ၊ ခုတော့ တောခိုနေတဲ့သူဆိုတော့ ပွင့်ပွင့်လင်းလင်း မကုရဲဘဲ သူသေသွားရတာ"

"အေးပေါ့... ကံအကြောင်းတရားတွေပေါ့။ မင်းသူငယ်ကိုလည်း အပြစ်မတင်ပါဘူး၊ ရှဲလာကိုလည်း အပြစ်မတင်ပါဘူး၊ ပွင့်ပွင့်လင်းလင်း သိတော့ ဒုက္ခမရောက်ခင် ကြိုတင် ကာကွယ်နိုင်မယ်၊ ဒေါ်လေးစီတို့လည်း အစွမ်းကုန် ကူညီပါ့မယ်၊ မင်း စိတ်အေးလက်အေး တို့အိမ်မှာနေပါ"

ရှဲလာသည် သက်ပြင်းချလိုက်၏။

"ရှဲလာရဲ့ကလေးကို ဆရာဝန်ကြီးက ဆေးတွေကျွေးပြီး ဖျက်ပစ်မှာလား"

ရှဲလာသည် ပူပန်စွာ မေးလိုက်၏။

"အို... ရှဲလာ မင်းဘယ်လိုယူဆနေလဲ၊ ဆရာဝန်ဆိုတာ လူမသတ်ရဘူးလေ"

ရှဲလာသည် ငြိမ်ကျသွား၏။

"ကဲ... မင်းကောင်းကောင်းနားနေတော့"

ရှဲလာသည် ငြိမ်သက်စွာ မှိန်းနေလိုက်သည်။ ဒေါ်စိန်စီသည် အောက်ဆင်းသွားကာ ရှဲလာ၏ ဇာတ်လမ်း အတိုချုပ်ကို သစ်ခွပန်းကြည့်နေသော အတွတ်တို့ သားအမိကို ပြောပြလိုက်၏။

မြစ်ကြီးနား၏ ညနေစောင်းသည် အေးမြလှသည်။ သစ်ခွအိမ်လေးအနားမှ မြက်ခင်းပေါ်တွင် သူတို့မိသားစုလေး ထိုင်၍ ရှဲလာ့ပြဿနာကို ဘယ်လို ရှင်းလင်းသင့်သည်ကို ဆွေးနွေး၍ နေကြလေသည်။

"ဘယ်လိုပဲ မေမေတို့ စဉ်းစား စဉ်းစား၊ ရှဲလာမွေးတဲ့ကလေးကိုတော့ ကျွန်တော် မွေးစားမယ်လေ"

ညီအစ်မနှစ်ယောက်စလုံး တယောက်မျက်နှာတယောက် ကြည့်ပြန်၏။

"မေမေ တာဝန်ယူနိုင်ပါတယ် သားရယ်၊ ဒါပေမဲ့ တို့ ခပ်အေးအေးထား စဉ်းစားပါ၊ တော်ကြာ တို့က အမှတ်မထင် စေတနာ မေတ္တာနဲ့ လုပ်လိုက်တဲ့ကိစ္စတခုဟာ တို့မိသားစုအတွက် နောင်ခါ အရှုပ်အထွေး ဖြစ်များလာမလားလို့"

"အရှုပ်အထွေး ဘာအရှုပ်အထွေးလဲ မေမေ၊ ကျွန်တော်တော့ ဘာမှဖြစ်နိုင်စရာ မတွေးမိဘူး"

နောက်တနေ့တွင် ထမင်းစားပြီး အတွတ်သည် အိပ်ခန်းထဲတွင် ခေတ္တနားနေပြန်၏။ ဒေါ်သောင်းစိန်သည် သူ့အပါးတွင် လာထိုင်၏။ အတွတ်ကိုယ်ပေါ်သို့ သက္ကလတ်စောင် ခြုံပေးရင်း ရေနွေးကြမ်း ထည့်ထားသော ကြွေအိုးကို မ,ကာ ရေနွေးကို ပန်းကန်ထဲသို့ ငှဲ့ထည့်လိုက်၏။

"မေမေကလည်း ဘကြီးပြော့ လုပ်နေကျတွေပါ၊ မေမေကိုယ်တိုင်လုပ်မှ ပြီးမှာကျနေတာပဲ"

"မေမေကိုယ်တိုင်ကို လုပ်ချင်လို့သား၊ မေမေ့မှာဖြင့် ဒီလိုက်လာဖို့ ပစ္စည်းတွေ ပြင်တော့ တခြားပစ္စည်းတွေ မင်းဒေါ်လေးစီနဲ့ ရှဲလာ ထည့်တာ၊ ဒီပစ္စည်းတွေကတော့ မေမေကိုယ်တိုင် ထည့်တာ၊ မြစ်ကြီးနားမှာ ဒါတွေ ရှားမှာပဲလို့၊ လက်ဖက်စား ဖျာပုံပုစွန်ခြောက်လေ၊ မေမေလေ နေပူသွေ့သွေ့လေး လှန်းပြီးမှ လေလုံလုံ သံဘူးလေးထဲ ထည့်ထားတာ၊ ပဲလှော်လေးလိုပဲ ရွနေတာပဲ၊ မစီကိုတောင် ပြောရသေး၊ မြစ်ကြီးနားက လက်ဖက် ကောင်းတယ်လို့၊ နှမ်းဆီကလည်း မွှေး၊

လက်ဖက်ကလည်း အိနေတာပဲ၊ ပုစွန်ခြောက်ကလေးနဲ့ ဝါးပါဦး"

အတွက်သည် ပြုံးရင်း အမေဖြစ်သူမျက်နှာကို ကြည့်နေမိ၏။ သူ့မေမေသည် သူ့အား မနေ့တနေ့ကမှ မွေးလိုက်သော သားငယ်လေးလို ယုယနေ၏။

"ဒါက ငါးပုပ်ခြောက်၊ ဆားလည်း အတော်ပဲ၊ ငါ့သားက ဒီလို ငါးပုပ်ခြောက် အရေခွံကို ကြွပ်နေအောင် ဖုတ်ပြီးရင် ဆီဆမ်းပြီး အလွတ်ဝါးတတ်တယ်လို့။ ပစ္စည်းတွေကို ထည့်လည်းထည့်၊ ပါးစပ်ကလည်း ငါ့သားလေး ကြိုက်တတ်တယ်။ ငါ့သားလေး ကြိုက်တတ်တယ် ပြောလွန်းတော့ မစီက မမသောင်းကလည်း တခါလာ ငါ့သမီး မယ်ထွေး ဈေးတင်ဖို့ချည်းပဲတဲ့"

"ဟုတ်သားပဲ... မေမေပြောတဲ့ မေမေ့သားလေးဆိုတာက အသက်ပဲ လေးဆယ်ကျော်နေပြီ... ဒါကြောင့် ထမင်းစားပြီးတိုင်း သားတော့ ခဏ တမှေး အိပ်တယ်"

အတွက်သည် သူကြိုက်တတ်သော ငါးပုပ်ခြောက် အရေခွံကြွပ်ကြွပ်ကို အိပ်လျက်မှ လှမ်းယူကာ ဝါးနေ၏။

"လေးဆယ်မကလို့ ခြောက်ဆယ်ပဲ ဖြစ်နေနေ၊ မိန်းမ မယူသေးသမျှ မေမေ့ရင်ခွင်ထဲက မထွက်သေးဘူးလို့ ထင်နေမှာပဲ"

"ဒါနဲ့များ မေမေက သားမိန်းမယူဖို့ ကြိုးစားနေတာ အမြဲပဲ"

"ဒါက ဒီလိုရှိတယ်လေ... အဆင့်အတန်း ခွဲခြားပြောတာ မဟုတ်ဘူး။ ချမ်းသာတိုင်း မိန်းမကောင်း မဟုတ်ဘူး၊ တချို့မိန်းမတွေက ငွေရှင်ကြေးရှင် ဆိုပေမဲ့ ကိုယ်ကျင့်တရား မရှိတဲ့ မိန်းမတွေက သားမှာရှိတဲ့ ငွေနဲ့ ဂုဏ်လောက် မက်ပြီး သားကို သွေးဆောင်ယူလိုက်ရင်"

"မေမေကလည်း သားက အရွယ်မရောက်သေးတာကျနေတာပဲ၊ သွေးဆောင်ယူလိုက်ရင်တဲ့"

အတွက်သည် အမေလုပ်သူ၏ စကားလုံးကို သဘောကျစွာနှင့် အားရပါးရ ရယ်လိုက်၏။

"အမလေး... သူတို့ကိုယ်သူတို့ အထင်ကြီးလိုက်တာ၊ လူလေးတို့ ယောက်ျားတွေလေ အသက် ဘယ်လိုကြီးကြီး မိန်းမလည်တွေ သွေးဆောင်ခံရတာ ပြည့်လို့၊ မိခင်တယောက်အနေနဲ့ ကတော့ ရိုးရိုးသားသား မိန်းမတယောက်ယောက်နဲ့ အခြေတကျ ပေးစားထားခဲ့ချင်တာပေါ့"

အတွက်သည် လှဲအိပ်နေရာမှထကာ ရေနွေးကြမ်းပန်းကန်ကို ယူသောက်လိုက်၏။

"ခုလည်း သား ကချင်ပြည်နယ်မှာ ခရီးထွက်ပြီးပြီလား၊ မေမေတို့နဲ့ အပြန်လိုက်ခဲ့ပါလား"

အတွက်က ပြုံး၏။

"မေမေက သား ဘာမှမသိသေးဘူး အောက်မှနေတာ၊ ဒေါ်လေးစီက ညဉ့်က ဘကြီးပြောခဲ့ကို ပြောနေတယ်။ မေမေတို့ ရန်ကုန်ကို တိုက်ရိုက်မပြန်သေးပါဘူး။ မိုးကုတ်ဝင်ဦးမယ်ဆို"

"အေးပေါ့လေ။ မေမေ မညာပါဘူး"

"မိုးကုတ်ဝင်မှာက ရိုးရိုးဝင်မှာမှ မဟုတ်ဘဲ၊ မိန်းမသွားကြည့်မလို့တဲ့"

"ဒီလိုပါ သားရယ်... သား မိုးကုတ် မလိုက်ချင်လည်း နေ... ရန်ကုန် ပြန်လိုက်ခဲ့ပေါ့၊ ခင်ထားမွန်တို့မိဘတွေက ရန်ကုန်မှာ နေတာပါပဲ၊ မိုးကုတ်က သူတို့ဌာနေချက်မြုပ်ကို အလည်လာပါ ခေါ်နေတာနဲ့ သွားရမှာ၊ ဘာပဲပြောနေနေ ဒီလက်ထပ်ရေးကိစ္စကတော့ နှစ်ဖက်ကျေနပ်ရင် ဘယ်နေရာမှာပဲပြောပြော ရပါတယ်၊ မေမေကတော့ စိတ်ပြေလက်ပျောက် ခရီးလည်း ထွက်ရင်း မိန်းကလေး ဂုဏ်သရေကို လေးစားတဲ့အနေနဲ့ သွားကြည့်မှာပါ"

အတွက်က သက်ပြင်းချလိုက်၏။

"ဘာစကားမှတော့ မလွန်ပါနဲ့ မေမေ၊ သားအသက် လေးဆယ်ကျော်ပြီပဲ သားဘာသာပဲ အေးအေးဆေးဆေး ကြိုက်တာ ရွေးယူပါရစေ"

သူ့မေမေသည် သည်စကားကို ခုမှပြောသည်မဟုတ်။ သူ တက္ကသိုလ်တွင် နေစဉ်က ကျောင်းထွက်ခါနီး ဝါးခယ်မမြစ်ကမ်းပါးက သူတို့အိမ်ကြီးပေါ်တွင် သူတို့သားအမိနှစ်ယောက် သူ့လက်ထပ်ရေးအတွက် ဒီလိုပင် ဆွေးနွေးခဲ့သည်။ သူ့ကို အညာစောင်လေး ခြုံပေးရင်း မေမေသည် အေးကို လက်ထပ်ရန် နားချခဲ့၏။

သူက အေးကို သူ့ထက် အသက်ကြီးသည်ဟု ငြင်းခဲ့သည်။ လေးကိုတော့ လှလွန်းသည်ဟု ငြင်းပယ်ခဲ့သည်။ ထွေးကတော့ အရွယ်မှ မတိုင်သေးဘဲ။

"ဩော်... မွေး မိရွှေမွေးတယောက်ကတော့"

သူသည် သက်ပြင်းရှိုက်လိုက်ပြန်၏။ ထိုစဉ်က မေမေ မေးသည်။ သူကကို "မေမေရာ... မွေး... မွေးဟာ ကျွန်တော့်ကို မချစ်ပါဘူးလေ" ဟု သူပြောခဲ့၏။

သူသည် သက်ပြင်းကို မှုတ်ထုတ်လိုက်ပြန်သည်။

"သက်ပြင်းကြီးတချချနဲ့ ဘာတွေစဉ်းစားနေလဲ သား၊ စိတ်ညစ်မနေနဲ့နော်၊ မေမေကလည်း ခင်ထားမွန်ကို ကြည့်ရှုကြည့်မှာ၊ ပြီးတော့ မင်းဒေါ်လေးစီမျက်လုံးနဲ့ တော်ရုံတန်ရုံ မိန်းကလေး အံမကိုက်ပါဘူးကွယ်၊ ဒီအတွက်များ သောကဖြစ်မနေပါနဲ့… မေမေက သား မိုးကုတ်ကို လိုက်လည်လည် မလည်လည် ရန်ကုန်ပြန်ရင်သာ လိုက်ခဲ့ပါလို့ ခေါ်တာ၊ ပြီးတော့ မေမေ သေခါနီးပြီ။ ဒီအချိန်ပိုင်းမှာ မေမေသားနဲ့တူတူ နေချင်လို့ပါ"

"မေမေ့ဆန္ဒ တနေ့တော့ ပြည့်မှာပေါ့ မမေရာ၊ ခုချက်ချင်းတော့ သားမလိုက်နိုင်သေးဘူး၊ သားက စဉ်းစားမိလို့ သက်ပြင်းချမိတာပါ"

"ဘာကိုလဲ…"

"ဪ….. ဝါးခယ်မ မြစ်ကမ်းဘေးက အိမ်ကြီးမှာလေ၊ မေမေက ဒီလိုပဲ မိန်းမယူဖို့ ပြောခဲ့သေးတယ်၊ အေးတို့ညီအစ်မထဲက တယောက်ယောက်နဲ့"

မေမေ့မျက်လုံးများသည် သူ့လိုပင် အတိတ်၏ အရိပ်အယောင်များ ယှက်သန်းလာ၏။

"အေး… အေး… ဟုတ်ပါရဲ့ကွယ်၊ သားမမေ့နိုင်သလို… မေမေလည်း မမေ့နိုင်ဘူး၊ မင်းဖေဖေ ဆုံးပြီး နောက်တနှစ် ဝါးခယ်မကို မေမေ ရောက်သေးတယ်၊ တို့သားအမိကသာ စိတ်မကုန်တာ၊ တချို့က ဝါးခယ်မကိုများ စိတ်မကုန်ဘူးလားတဲ့၊ ဘာအဓိပ္ပာယ်နဲ့ပြောလဲ မေမေတော့ မသိပါဘူး၊ မေမေသွားတုန်းက တန်ခူးလပြည့်နေ့နဲ့ တိုက်ဆိုင်နေတော့ သကျမဟာသီရိဘုရားကြီး မျက်နှာသစ်တော်ရေ ကပ်တဲ့ပွဲက လပြည့်နေ့ လုပ်တာကိုး… တနှစ်လုံး မြို့သူမြို့သားတွေ ဒီဘုရားကြီးမှာ ပြုခဲ့တဲ့ ကုသိုလ်အစုစုကို နှစ်သစ်ကူးလပြည့်မှာ စုပေါင်းရေစက်ချတဲ့ပွဲလား၊ မေမေ့မှာဖြင့် မျက်ရည်များတောင် လည်မိတယ်၊ မင်းဖေဖေကိုလည်း သတိရ၊ ငါ့သားလေး အတွက်ကလည်း ရောက်ရာပေါက်ရာ ဘယ်ဆီရောက်နေပါလိမ့်လို့၊ သော်ကဘုရားကြီး ရောက်တော့လည်း တပေါင်းဘုရားပွဲတော် ကျင်းပပြီးစ လယ်ကွင်းတွေထဲမှာတော့ ရိုးပြတ်တွေနဲ့ပေါ့၊ ဒီတော့လည်း မွေးတို့အမေ တင်တင်ကြီးနဲ့ လှူခဲ့တန်းခဲ့ စိတ်တူ သဘောတူ နေခဲ့တာတွေ သွားပြီး မျက်စိထဲ အထင်းသား မြင်လာတော့တယ်"

"ဟင်း မေမေက မြင်ရုံသာမြင်တာ၊ ဝါးခယ်မအကြောင်း၊ ရွှေဘိုမိသားစုအကြောင်း ပြန်တွေးမိရင် ကျွန်တော် လူပျိုပေါက်အချိန် ပြန်ဖြစ်သွားပြီး မေမေ့ရင်ခွင်ထဲ ခေါင်းဝှက်ပြီး ငိုချင်တယ် မေမေရဲ့" ဟု သူ စိတ်ထဲမှ ပြောမိ၏။

"ဘုရားကြီးနှစ်ဆူကလွဲလို့ အခြေအနေက ပြောင်းလဲသွားတာပေါ့။ မေမေတို့ အိမ်အိုကြီးတွေလည်း ဖရိုဖရဲနဲ့ မေမေလည်း မကြည့်တတ်တော့ဘူး၊ သားကလည်းလေ အဲဒီတုန်းက ဘာမှန်းလည်းမသိ ကြေးထူတာကို မွေးက ကျွန်တော့်ကို မချစ်ပါဘူးလေး... ဘာလေး၊ မွေးစိတ်ကိုများ မင်းက သိလို့လား"

အတွက်သည် မချိပြုံး ပြုံးကာ မိခင် စကားဆက်ပြောနေသည်ကို ငေးစိုက်၍ နားထောင်နေ၏။

"မေမေ့စိတ်ရင်းကတော့ ခေတ်သိချင်းလည်းဖြစ်၊ မိဘချင်းလည်း စိတ်တူသဘောတူ ဆိုတော့ သားနဲ့ မွေးနဲ့များ လက်ထပ်ပြီးရင် တိုးတိုးဖော် ချွေးမလေးနဲ့ ရင်းရင်းနှီးနှီး နေလို့ ဘယ်လောက်များ အဆင်ပြေမလဲ"

ဩော်... မေမေ... မေမေ မေမေ မသိတာတွေ အများကြီးကို အတွက် ပြန်မပြောချင်ဘူး မေမေ၊ သားမှာတော့ နောက်ကို ပြန်မတွေးချင်အဖြစ် ရောက်ခဲ့ရတာတွေကို မေမေမသိဘူး၊ အတွက်ရင်ထဲကလည်း တတွတ်တွတ်နှင့် ပြန်လည် ပြောမိ၏။ ဟင်း... ငါ့ဘဝကလည်း ရင်ထဲမှာပဲ ပြောနေရဆဲ ဘဝပါလား။

"မွေးကလေး၊ လင်ကံလည်း ကောင်းပါတယ်၊ မောင်မောင်နိုင်က သူ့ကို ရွှေလို ဥထားတာ၊ ပြီးတော့ ဒီကလေးမလေးကို သားက လူကဲခတ်မှားနေတာ"

ဆိုတော့ မေမေဆိုတော့။ အတွက်သည် ခေါင်းလေးညိတ်ပြ၏။

"ငယ်တုန်းကသာ စွာတယ်၊ အရုပ်ဆိုးတယ်နဲ့၊ ခုလေ... တင်တင်ကြီးလည်း စိတ်ချမ်းချမ်းသာသာနဲ့ သေသွားရှာတယ်။ အဖေဒုက္ခိတကြီးကိုလည်း လိုလေသေး မရှိပါဘူးကွယ်။ သူ ဘယ်တော့မှ ကိုယ်လွတ်ရုန်း မပြေးဘူး၊ ဒါကို မေမေ သိပ်ချစ်တာ၊ မေမေတို့ လူအိုတွေအနေနဲ့ ကြိုက်တဲ့အရည်အချင်း ပြောပြရတာလေ။ ညီမလေးတွေလည်း အားလုံး အခြေတကျ ဖြစ်သွားပြီ၊ ခုတလောသာ မောင်မောင်နိုင်နောက်ကို ကြိုကြားကြိုကြား မွေးလိုက်လိုက်သွားတာ"

"ဟုတ်တယ်။ ကိုကိုနိုင်ကလည်း အတော့်ကို သဘောထားပြည့်တဲ့သူပဲ။ မွေးနဲ့ လိုက်ပါတယ်လေ၊ ကျွန်တော့်ကံပေါ့ မေမေရာ"

"အေးပေါ့... အေးပေါ့၊ ခုတော့လည်း ကံတရားလို့ အောက်မေ့ရမှာပေါ့ လွတ်တဲ့ငါး ကြီးနေလို့လည်း အပိုပါပဲ"

မေမေက ခပ်ပြုံးပြုံးဖြင့် ပြော၏။

"ကျွန်တော်လည်း... ဝါးခယ်မကို ပြန်သွားချင်ပါတယ်။ ဒါပေမဲ့ မွေးနဲ့၊ အတူပြန်ချင်တာ"

"အေး... မင်းမှာ ထသွားလိုက်လည်း ပြီးတဲ့ကိစ္စ၊ မွေးနဲ့အတူမှလေး ဘာလေးနဲ့၊ ရှည်ကို ရှည်တယ်ဟဲ့..."

"ကျွန်တော်က လွမ်းတတ်တယ်... မေမေရဲ့၊ မွေးနဲ့အတူတူ ပြန်ရရင်တော့ ကိုယ်ငယ်ငယ်က အတူနေခဲ့တဲ့ ဝါးခယ်မဆိုပြီး စားမြုံ့ပြန်ရတာ အရသာပေါ့"

"အေးပေါ့လေကွယ်... ဟိုတခေါက် မေမေပြန်တုန်းကတောင် မွေးတို့ဘွားဘွားရဲ့ သစ်သားဇရပ်အိုကြီးကို ဖျက်ပြီး မွေးအစ်ကို ဝမ်းကွဲအကြီးဆုံးက အုတ်ကျောင်းဇရပ်အဖြစ် ဆောက်ထားတယ်၊ သံဃိကဒါနအဖြစ် တခါတည်း ရေစက်ချထားတယ်၊ ဒီအုတ်တိုက်ကျောင်းကို မြင်ရတော့လည်း အရင် မေမေတို့က အပျို၊ မွေးတို့ဘွားဘွား သီလယူသွားရင်လေ မေမေနဲ့ တင်တင်ကြီးက အတူလိုက်ရတယ်၊ မေမေတို့ခေတ်က ဆွမ်းအုပ်ခေတ်၊ ဆွမ်းအုပ်ရွက်တဲ့လူကရွက်၊ တခြား သီလယူဖို့ ပစ္စည်းတွေကို မေမေတို့က ယွန်းဇုန်းလေးတွေနဲ့ ပိုက်လို့၊ ဇရပ်မှာ အရပ်ထဲက သီလယူနေကျ အိမ်နီးနားချင်းတွေ သိုက်သိုက်ဝန်းဝန်းနဲ့ အတူ စောင့်ပြီး သီလယူကြတယ်။ မွေးတို့ဘွားဘွားက သီလယူဖို့ ဆွမ်းအုပ်သာ အိမ်မှာ ချက်ပြုတ်ပြီး ယူထည့်သွားတာ၊ ဥပုသ်ဇရပ်မှာတော့ ညဦးကတည်းက လာလာသမျှ ဥပုသ်ပြုတဲ့ လူတွေစားဖို့ ချက်ရတယ်။ ဝါတွင်းဆိုတော့ သူတို့ဇရပ်သွားတဲ့ လမ်းမှာ ရေလေးစပ်စပ်တက်လာပြီ၊ အို... မေမေဖြင့် ဘာလွမ်းရမှန်းမသိ လွမ်းလိုက်တာ၊ မျက်ရည်များကို လည်လာလို့ အုတ်တိုက်ကျောင်းကို မကြည့်နိုင်တော့ဘဲ ပြန်လာခဲ့ရတယ်။ သူတို့မိသားစု ဆွေစဉ်မျိုးဆက် ဗီဇရဲ့စိတ်ဓာတ်ကို ဒီအုတ်တိုက်ကျောင်းလေးက ပြောပြနေသလိုပဲ၊ ဘာပဲဖြစ်ဖြစ် ရပ်ရေးရွာရေးကိစ္စ အများစုကိစ္စဆို တယ်သိုက်သိုက်ဝန်းဝန်း လုပ်တတ်တဲ့ မိသားစုကွယ်"

ဒေါ်သောင်းစိန်သည် လက်ဖက်ကိုမြုံ့ရင်း သူ့ခေတ်နှင့်သူ အလွမ်းကို ဖော်ပြနေ၏။

"သားတို့က ငယ်တယ်... မမီလိုက်ဘူး၊ မွေးရဲ့ဘိုးအေ ဦးရွှေကုန်း။ ဒေါ်ကြီးခေတ်ကပဲ၊ ဦးရွှေကုန်းဆိုရင် အဲဒီလိုပဲ၊ အများနဲ့ သိုက်သိုက်ဝန်းဝန်း နေတတ်တယ်။ ဒေါ်စောခင် မွေးတို့ရဲ့ အဘွားလေးတို့ကလည်း ကုမ္မာရီအသင်းတွေ ထောင်လို့၊ ဒီတုန်းက အမျိုးသမီး လွတ်လပ်ရေး ကြိုးပမ်းမှု စတဲ့အချိန်၊ မွေးတို့ မိသားစုလက်ထက်ကျတော့ သားမျက်မြင်ပဲ။ မေမေပြောဖို့ မလိုဘူး၊ ဒီတိုင်းပြည်ရဲ့ လွတ်လပ်ရေးတိုက်ပွဲ အစဉ်အဆက်မှာ ခေတ်အလိုက် သူတို့မိသားစု ဆွေစဉ်မျိုးဆက် ဟာလေ ပါခဲ့ကြတာချည်းပဲ။ တို့မြို့လေးကိုက လူငယ်လေးတွေရော လူကြီးတွေရော တယ်ပြီး သိုင်းသိုင်းဝိုင်းဝိုင်း ညီညီညွတ်ညွတ် လုပ်တက်ကြတယ်ကွဲ့၊ မေမေဖြင့် ဝါးခယ်မသူ ဖြစ်ရတာ တကယ်ဂုဏ်ယူတယ်၊ တချို့ကျတော့လည်း ဘာဖြစ်မှန်း မသိပါဘူးကွယ်၊ ဝါးခယ်မကို စိတ်မကုန်သေးဘူးလားနဲ့ ဘာအဓိပ္ပာယ်နဲ့ မေးမှန်းမသိဘူး"

"ဩော်... မေမေကလည်း သူတို့မှာလည်း သူတို့နာကြည်းစရာ ကိုယ်ရေးကိုယ်တာလေးတွေ ရှိလို့ ဖြစ်မှာပေါ့"

"ဒါကတော့ သားရယ်၊ မေမေတို့ခေတ်တုန်းကလည်း မေမေတို့မြို့မှာ မကောင်းတဲ့ဘက် ကြည့်ရင် မကောင်းတာတွေ ရှိခဲ့တာပေါ့၊ ဒီလိုကွဲ့ သားရဲ့။ သား သတိထားမိလား မသိဘူး၊ ဝါးခယ်မမြို့တင် မဟုတ်ပါဘူး၊ တို့မြန်မာမှာလေ တချို့အကျင့်ရှိတယ်၊ ကိုယ့်မျိုးရိုးဇာတ်ရဲ့ ဂုဏ်ယူစရာတွေ၊ တို့ဘုရင်တွေရဲ့ဇာတိမာန် တက်ကြွစရာတွေကိုလေ အကောင်းဘက် ကောင်းခန်းက ဘယ်တော့မှ မကြည့်တတ်ဘူး၊ ရှုတ်ချရမယ့် ပြစ်တင်ရမယ့်ဘက်ကပဲ ကြည့်ချင်တယ်။ အကောင်းအဆိုး ဆိုတာတော့ ဒွန်တွဲနေတတ်တာပဲ။ ဒါကြောင့်လည်း တို့မြန်မာ နောက်ပေါက်ကလေးတွေမှာ ဇာတိမာန် ဇာတိသွေးစိတ် ခေါင်းပါးပြီး တခြား တနိုင်ငံကို အထင်ကြီးစိတ်ပဲ ဝင်နေတော့တယ်"

"အေးပေါ့ကွယ်၊ မေမေတော့ သားတို့ငယ်ငယ်ကခေတ်မှာ တင်တင်ကြီးလို မေမေ့မှာက သားကလည်း မပေါ၊ အမှန်အတိုင်း ပြောရရင် စစ်သားကြီး ဘကြီး လုပ်ရအောင် ငါ့သားကလည်း လူပျော့လေး၊ ဒီတော့ သားကို ဆရာဝန်လိုင်း လိုက်ခိုင်းရတာ၊ မေမေတို့၊ တင်တင်ကြီးတို့ ယူဆချက်က အကြီးအကျယ်ကြီး မဟုတ်ပါဘူး၊ ကိုယ် လူ့ဘဝရတဲ့တခဏမှာ ကိုယ့်လက်တကမ်း မီရာအတွက်တော့ အနည်းဆုံး ကြိုးစားသွားရင် ပြီးတာပါပဲ"

အတွတ်သည် မိခင်မျက်နှာကို သေသေချာချာ စိုက်ကြည့်မိ၏။ စရိုက်ချင်း တူရာ တူရာပေပဲ၊ မွေး၏မေမေ ဒေါ်တင်တင်ကြီးနှင့် ရင်းရင်းနှီးနှီး တွဲမိကြသည်မှာ စိတ်ဓာတ်ခံချင်းကလည်း တူကြပေသည်။ သူသည် ကျောင်းကြီးပိတ်၍ ဝါးခယ်မသို့ ပြန်လာတိုင်း ကြီးကြီးတင်ကို ကန်တော့ရင်း နှုတ်ဆက်လျှင် ကြီးကြီးတင်၏ ဆုံးမသြဝါဒများသည် အစဉ်သဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် တွဲဖက်လျက် ရှိ၏။

"အခုလည်း မေမေက သူလိုရာ ဆွဲသွားတယ် မထင်နဲ့၊ သားကြီးစိတ်ကြိုက် တောအနှံ့ တောင်အနှံ့ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေ သွားလာပြီး သားကြီးတတ်နိုင်တဲ့ဘက်က လုပ်တာ မေမေ မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ မေမေ အိုမင်းလာလို့ တကြိမ်တော့ မေမေနဲ့အတူ သားကြီး ပြန်လာနေပါဦးလို့ ပြောတာပါ"

"လာမှာပါ မေမေရာ၊ ချက်ချင်းမလိုက်နိုင်တာက သားရယ် ကဝိနဲ့ချိန်းထားလို့"

"စာရေးဆရာ မောင်ကဝိလား..."

"ဟုတ်ကဲ့... မေမေ"

"အေး... စာရေးဆရာထဲမှာတော့ သူက သူဌေးပဲနော်... ယောက္ခမက စာပုံနှိပ်စက်ပါ ထောင်ပေးတယ်၊ လုလုနွယ်ကလည်း စာပေဝါသနာ ပါတာပဲ... ကျောင်းသုံးစာအုပ်တွေ ရိုက်တာကိုက ဝင်ငွေက မနည်းဘူး"

"ဒါကြောင့်ပေါ့ မေမေရ၊ တနှစ်မှာ သုံးလလောက် အနားယူပြီး ကျွန်တော်သွားလေရာ လိုက်လိုက်လာတာ၊ သူက အမဲလိုက်ပစ်၊ သူ့ကိုယ်တွေ့ဝတ္ထုတွေ ပြန်ရေး၊ သူ့ပုံနှိပ်တိုက်ကပဲ ပြန်ထုတ် ဆိုတော့ စီးပွားရေးက တောင့်တာပေါ့။ စာရေးတာတခုတည်းနဲ့တော့ မြန်မာစာရေးဆရာတွေ ထမင်းဝဖို့တော့ မနည်း အားခဲရတာ၊ အသက်ကြီးချိန် စာရေးဆရာ အိုကြီးတွေကို ကျွန်တော် တယ်ပြီး သနားတယ်"

"အေးကွဲ့... တနေ့ကတောင် အိမ်ဘက်လှည့်လာရင်း ဝါးခယ်မ မုန့်ဟင်းခါး နာမည်ကြီးလို့ ချက်ကျွေးပါဆိုလို့ ကျွေးရသေးတယ်"

"ဒီကောင် မိန်းမ နည်းနည်းပွေတာကလွဲလို့ စိတ်ကောင်းရှိပါတယ်။ မေမေတို့အပြန် ဘကြီးပြော့နဲ့ ဒေါ်ချစ်ပု ထည့်လိုက်မယ်၊ ကျွန်တော်စုထားတဲ့ သစ်ခွပန်းတွေလည်း ပေးလိုက်မယ်၊ ကဝိကြိုက်တဲ့ပန်း တောင်းရင်လည်း ပေးလိုက်ပါ"

"မောင်ပြော့တို့နဲ့ ထည့်လိုက်လို့ သား ဘယ်သူချက်ကျွေးမယ်"

"ရပါတယ် မေမေ၊ အိုက်ပန်းလေးလည်း လားရှိုးက စောင့်နေမယ်တဲ့၊ ကျွန်တော် လားရှိုးမှာ ကဝိနဲ့ စတည်းချပြီး ကွတ်ခိုင်ဘက်နဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း လျှောက်သွားမှာ ဒေါ်ချစ်ပုက သွေးဆုံးကိုင်တော့ ကျွန်တော်က မြန်မာဆရာနဲ့ ခေတ်စာနဲ့လည်း ကျစေချင်သေးတယ်။ ဒါကြောင့် မေမေတို့ဆီ ထည့်လိုက်တာပါ"

ဒေါ်သောင်းစိန်သည် ခေါင်းလေး တည်တည်တိတ်နှင့် နားထောင်ရင်း သားဆီမှ ကတိတောင်းနေ၏။

"အင်း... ဒီတခါတော့ တနှစ်ပြည့်အောင်တော့ မေမေနဲ့ တူတူနေနော်"

"ကြိုးစားပါ့မယ် မေမေရာ..."

"ကဲ... ကဲ... နားဦး..."

■

၁၅ နှစ်ကျော်ကျော် ခွဲခွာလာခဲ့ရသော အိမ်ကလေး။ ရဲလာသည် ဝါးစည်းရိုး ဝင်းခတ်ထားသော ခြံဝင်းတံခါးဝမှ တန်းလျားရှည်လေးကို မျှော်ကြည့်လိုက်၏။ သူထွက်လာစကလို သွပ်မိုးပျဉ်ထောင်ကာ အိမ်ကလေး မဟုတ်တော့ပေ။ အိမ်လေးမှာ လေးပင်သုံးခန်း နှစ်ထပ်အိမ်ကလေး ဖြစ်နေ၏။

ပန်းအဆန်းများတော့ မဟုတ်ပေ။ အဝါပြောက်များပါသော ရွက်လှပန်း အဝါများကို အိမ်ပတ်ဝန်းကျင်တွင် သပ်သပ်ရပ်ရပ် စိုက်ပျိုးထား၏။ အရင် အရီးပု၏အိမ်မှ ဟုတ်ပါလေစ၊ မိန်းကလေးတယောက်သည် သူ့အား တံခါးဝတွင် လာတွေ့၏။

"ဘာကိစ္စ ရှိလို့ပါလဲရှင်"

မိန်းကလေး၏အသံသည် ရည်မွန်ယဉ်ကျေးလှ၏။

"ကျွန်မလေ အရီးပုနဲ့ တွေ့ချင်လို့"

"ဩော်… အရီးပု ဆုံးသွားပါပြီး သူ့တူမ ဒေါ်ထွေးရှိပါတယ်"

"ဒီလိုဆို ဒေါ်ဒေါ်ထွေးနဲ့ တွေ့ချင်ပါတယ်"

"ပြီးတော့… ကျွန်မခေါ်ပေးပါ့မယ်၊ ခုတော့ မအားကြသေးဘူး၊ အစ်မကြီး စာသင်တန်း ပေးနေတယ်၊ စာသင်ခန်းမှာ ခဏဝင်ထိုင်ပြီး စောင့်နေပါ"

မိန်းကလေးသည် သူ့ကိုခေါ်၍ အခန်းကျယ်တခု နောက်ဆုံးခုံတန်းတွင် ထိုင်ဖို့ နေရာပေး၏။ သူ့ရှေ့ ခုံတန်းများတွင် ဆယ့်ငါးနှစ်ကျော် နှစ်ဆယ်အတွင်း သူ့ဉာအိမ်သို့ ရောက်စအရွယ် မိန်းကလေးများသည် ခုံရှည်များပေါ်တွင် ငြိမ်သက်စွာ ထိုင်နေကြ၏။ ထိုမိန်းကလေးများရှေ့တွင်မူ လေးထောင့်စားပွဲခုံတခု ချထား၏။ အမျိုးသမီးကြီးတယောက်သည် အေးဆေးစွာ စကားပြောလျက် ရှိ၏။ သူ့အသံ သေးသော်လည်း သူ့စကားလုံးများမှာ သွက်လက်လှသည်။

ရဲလာသည် မိန်းမငယ်ညွန်ပြသော ခုံတန်းများ နောက်ဆုံးတွင် အသာပင် ဝင်ထိုင်လိုက်၏။

"ဒါက… အန်တီ ကိုယ်တွေ့မှ ပိုင်ပိုင်နိုင်နိုင် ပြောတာပါ…"

အစပြောစကားကို ရဲလာ မမီလိုက်၍ ဘာပြောနေသည်ကိုတော့ ရဲလာ

မသိပေ။ ရဲလာသည် မိန်းကလေးများနှင့်အတူ ထိုအမျိုးသမီးကြီး ပြောသည်ကို နားထောင်နေ၏။

"ဘာနဲ့တူလဲဆိုတော့ တခါတုန်းက ဘုရင်ကြီးတပါးရှိတယ်။ သူဟာ လေသာပြတင်းနားမှာ အပန်းဖြေနေကုန်း အင်မတန် သာယာတဲ့အသံနဲ့ ဆီးသီး... ဆီးသီးလို့ အော်ရောင်းတဲ့ မိန်းမငယ် တယောက်ရဲ့အသံကို ကြားတယ်၊ ဒါနဲ့ပဲ မင်းချင်းယောက်ျားတွေ ခေါ်ခိုင်းပြီး ဆီးသီးများကို ခေါ်ဝယ်စားရင်းက သာယာတဲ့အသံကို ဘုရင်ကြီး သဘောကျပြီး မိဖုရားငယ်အဖြစ် မြှောက်စားတယ်၊ တနေ့ကျတော့ ဘုရင်ကြီးဟာ အပန်းဖြေရင်းက ဒီဆီးသီးသည် မိဖုရားငယ်နဲ့ အတူ စံစားနေတာပေါ့... အဲဒီတော့ အထိန်းတော်များက ဘုရင်ကြီးနဲ့ မိဖုရားငယ် ပွဲတော်တည်ဖို့ ဆီးသီးများကို ရွှေခွက်မှာ ထည့်ပြီး ဆက်တာပေါ့၊ မိဖုရားငယ်ဟာ ဘုရင်ကြီးကို ဘယ်လိုလျှောက်ထားသလဲဆိုတော့ အရှင်ဘုရားတဲ့။ ဤနီနီအသီးများဟာ ဘာသီးများလဲတဲ့၊ ဘုရား၊ ကျွန်မ တခါမှ မမြင်ဖူးပါဘူးတဲ့"

"ဘုရင်ကြီးက ဝမ်းထဲက ပြုံးတာပေါ့၊ ပါးစပ်က ဖွင့်ဟ မပြောပေမဲ့ ဘုရင်ကြီးက သိပြီလေ၊ ဆီးသီးသည်ဘဝကလာတာ မိဖုရားလည်းဖြစ်ရော ခုခေတ်စကားနဲ့ပြောရရင် အောက်ခြေလွတ်တယ် ပေါ့။ "ကဲ... နီနီအသီးလေး မမြင်ဖူးရင် မြင်ဖူးအောင် ဆီးသီးသည်ဘဝ ပြန်သွားစေ" ဆိုပြီး မိဖုရားငယ်အဖြစ်က ချပြီး သူ့အိမ်ကို ပြန်ပို့လိုက်တယ်၊ ဒါဟာ အောက်ခြေလွတ်တယ် ခေါ်တယ်၊ ကိုယ့်ဘဝကိုယ် မေ့တယ်ခေါ်တယ်၊ ဒါမျိုးဟာ ဘယ်သူမှ မလုပ်ထိုက်အပ်တဲ့ အပြုအမူတရပ်ပဲ၊ မင်းတို့ထဲမှာ စာတတ်တဲ့သူလည်း ရှိတယ်၊ စာမတတ်တဲ့လူလည်း ရှိတယ်။ အန်တီ ရိုးရိုးရှင်းရှင်း အလွယ်ဆုံး ပြောပြတာပဲ၊ အန်တီ ကိုယ်တွေ့ ဘယ်လိုတွေ့ခဲ့ရသလဲဆိုတော့ အန်တီက ခြံနဲ့ဝင်းနဲ့ နေတယ်။ ဟင်းသီးဟင်းရွက်စုံစုံလည်း စိုက်ပျိုးထားတယ်၊ မင်းတို့လို အိမ်ဖော်ကလေးမလေးကို ဟင်းရွက်စုံ ဟင်းချိုတခွက် ချက်ခိုင်းတယ်၊ ခြံထဲဆင်းပြီး ဆူးပုပ်ရွက်နဲ့ ကင်းပုံရွက် ခူးခိုင်းတော့ ဘာပြန်ပြောလဲဆိုတော့ သူဟာ ဆူးပုပ်ရွက်နဲ့ ကင်းပုံရွက်ကို မမြင်ဖူးဘူးတဲ့"

နားထောင်နေသော မိန်းကလေးများထဲမှ တချို့က ရယ်ကြသည်။

"ငယ်ကြတဲ့အရွယ်တွေဆို အန်တီ ခွင့်လွှတ်ပါတယ်၊ ဒီထမင်းချက်တဲ့ သူငယ်မလေးက မင်းတို့လို နှစ်ဆယ်ကျော်အရွယ်ပေါ့၊ အန်တီကလည်း လက်ခုပ်တီးပြီး ဟက်ဟက်ပက်ပက် ရယ်တယ်...။ စာရေးဆရာမ ဆိုတော့လည်း စကားပေါက် စကားစကလည်း တတ်တယ်လေ၊ အိမ်သားတွေကို ရယ်ပြီး ပြောရသေးတယ်။ ငါတော့ဟော့ ဝန်ကြီးပဒေသရာဇာကို အသက်သွင်းပြီး ပြလိုက်ချင်တယ်၊ ဝန်ကြီးဟာ တောင်သူလယ်သမား မိသားစုကို သူ့ကဗျာမှာ သရုပ်ဖော်ချင်တော့ လယ်သမားမိသားစုကို ဆူးပုပ်ကယ်ကင်းပုံ၊ အလုံးစုံ ဖူးငုံသာ

ရောစ၍ ပြွမ်းသည်နှင့်လေး... လို့ စာစပ်ခဲ့တယ်။ ဝန်ကြီးတယောက်လုံးကတောင် ဆူးပုပ်၊ ကင်းပုံ ဟင်းရွက်မျိုးစုံကို သိသေးတယ်၊ ငါ့အိမ်ရောက်လာတဲ့ ထမင်းချက်တွေကတော့ စံပဲပဲဟော့၊ ဘိလပ်ပြန်တွေထင်တယ်၊ ဆူးပုပ်ရွက် မမြင်ဖူးတဲ့သူနဲ့ ကင်းပုံရွက် မသိဘူး ဆိုတဲ့သူနဲ့လို့ ပြောရသေးတယ်၊ ဒါမျိုးကျ ဘယ်သူမှ ခွင့်မလွှတ်နိုင်ဘူး၊ အောက်ခြေလွတ်တယ် ညစ်တယ် ခေါ်တယ်၊ ကဲ... အန်တီ ပြောတာ ရှည်သွားပြီ၊ နောက်အပတ်မှ ဆက်ပြောကြသေးတာပေါ့... မင်းတို့ ကျောင်းအုပ်ဆရာမကြီး ဆက်ပြောလိမ့်မယ်။ မင်းတို့ ကျောင်းထောင်တဲ့အဖွဲ့ထဲမှာ အန်တီပါလို့ တို့ကျောင်း နာမည်ပျက်မှာစိုးလို့ ပြောပြရတာ၊ မင်းတို့ကိုနှိမ့်ချချင်လို့၊ နှိမ်ချင်လို့ မဟုတ်ဘူး ဆိုတာတော့ အန်တီ့စေတနာကို နားလည်စေချင်တယ်"

ရဲလာသည် ရုတ်တရက်တော့ အခြေအနေကို ဘာမှမသိပါပေ။ ထိုအမျိုးသမီး စကား ပြောပြီးလျှင် ဝဝအသားဖြူဖြူနှင့် အရပ်မြင့်မြင့် အမျိုးသမီးတယောက် အခန်းတွင်းသို့ ဝင်လာ၏။ သူသည်လည်း စကားအပြောအဆို ညင်သာ၏။

"ကဲ၊ မင်းတို့ကို ဒေါ်ရှင်နှောင်းပြောတာ ကြားပြီးပြီနော်။ သူပြောတာက ကိုယ်တွေ့ကွဲ့၊ တချို့လည်း တကယ် မမြင်ဖူးတာဖြစ်မယ်။ တချို့လည်း တမင် ညစ်တာတွေ၊ အန်တီကတော့ လက်တွေ့ပဲ။ ဘယ်အသီးအရွက် မမြင်ဖူးလို့ ကျွန်မတို့ မချက်တတ်ဘူးလို့ မရှိရအောင် ဒေါ်နန်းမြစ်နဲ့ ဒေါ်ထွေးတို့နဲ့ အတူ ညနေကျ စိုက်ခင်းမှာ ရေလောင်းရင်း အားလုံး မသိတဲ့ အပင်ကို မေးထားပါ၊ အန်တီတော့ ဒီလိုပြောတဲ့ မိန်းကလေးမျိုးကို အံ့ဩတယ်၊ အန်တီတို့ကျောင်းကထွက်တဲ့ မိန်းကလေးထဲကတော့ ဒီစကားမျိုး ပြောတယ်လို့ မကြားပါရစေနဲ့၊ အန်တီတို့ဟာ မော်လမြိုင်မှာ ကျောင်းနေ၊ ဆရာဖြစ်တွေ အောင်ပေမဲ့ ငယ်ငယ်က အိမ်မှာ မီးဖိုချောင်ကို ကူရတာပဲ၊ ပြီးတော့ တောသူ တောခလေ့၊ ပလိုင်းလွယ်ပြီး ဟင်းရွက်စုံ ဟင်းရွက်ခူး ထွက်ခဲ့ရတာပဲ။ ဘယ်မြို့သူတွေလို ဟင်းချိုရွက်တစည်း တပြားတို့၊ ခုခေတ်ပိုက်ဆံနဲ့တော့ ငါးပြားပေါ့၊ ဘယ်ဝယ်စားမလဲ။ ဒီတော့ မင်းတို့အောက်ခြေမလွတ်ပါနဲ့ ကိုယ့်အလုပ်တာဝန်ကိုတော့ ကိုယ် ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်ပါစေ...။ ဒီတပတ် ပြန်ပို့ခံရတဲ့ မိန်းကလေးများရဲ့ ချွတ်ယွင်းချက်ထဲက အိမ်ရှင်မများ ပြောပြတဲ့ မကျေနပ်ချက်တခုကတော့ ဘာဟင်းပဲချက်ချက် အသားတခုခု၊ သို့မဟုတ် ပုစွန်ကို ကိုင်ပြီးရင် ဘယ်တော့မှ ဆားမနယ်ဘူးတဲ့။ ဆားမပါတဲ့ဟင်း၊ ဆားမပါတဲ့အသားဟာ ဘယ်အရသာရှိမလဲ..၊ ကဲ... အန်တီ အားလုံး ခြုံပြောတာ၊ ဟင်းအိုးကိုလည်း မမြည်းဘဲ ချတယ်တဲ့။ အဲဒီပြစ်ချက်တွေနဲ့ ပြန်ပို့ခံရတဲ့ မိန်းကလေးတွေရဲ့ စာရင်းကတော့ စားဖိုမှူး မသန်းကြည်လက်ထဲမှာ ရှိတယ်။ သူ တယောက်စီခေါ်ပြီး ပြလိမ့်မယ်၊ အခု သင်တန်းအချိန်ပြီးရင် မီးဖိုဆောင်ထဲကို အားလုံးသွားရမယ်။ အန်တီ နိဂုံးချုပ် ပြောချင်တာက အိမ်ရှင်မတွေကိုလည်း

အထင်မသေးနဲ့၊ ဈေးခြင်းဝယ်ပေးပြီး ဖဲဝိုင်းပြေးတဲ့ အိမ်ရှင်မ ရှိသလို၊ စေ့နေအောင် မိန်းမပီသပေမဲ့ လင်နဲ့အတူ အလုပ်ခွင်ဝင်ရတဲ့ အိမ်ရှင်မတွေလည်း ရှိတယ်။ မင်းတို့ဟာ စေတနာကောင်းနဲ့ တဖက်သားကို ကူညီပါ။ မင်းတို့ဘက်က အန်တီ အမြဲရှိတယ်၊ မင်းတို့ကို မတရား စော်ကားရင် အန်တီ ကာကွယ်ပေးဖို့ အဆင်သင့်။ မင်းတို့ကလည်း ကိုယ့်အလုပ်ခွင်မှာ ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်ပါ။ ဒါပါပဲ သွားနိုင်ပြီ..."

အားလုံးပင် စာသင်ခန်းထဲမှ စည်းကမ်းသေဝပ်စွာ ထွက်သွားကြ၏။ ရှဲလာသည် ခြေအနေကို ရုတ်တရက် နားမလည်ပေ။

"ဒေါ်ထွေးကိုတွေ့ချင်တယ်ဆိုတာ မင်းလား"

သူ့နောက်တွင် ဒေါ်ထွေး ရောက်လာ၏။ ဒေါ်ထွေးသည် သူရောက်စကလို ဖျတ်ဖျတ်လတ်လတ် သန်သန်မာမာပင် ရှိသေး၏။ သူ့ကို မမှတ်မိသည်ကတော့ အဆန်းမဟုတ်ပါလေ၊ ၁၅ နှစ်ဆိုသော အချိန်ကလည်း နည်းသည်မှ မဟုတ်ပါချေ။ သူ၏ရုပ်ရည်ကလည်း မည်မျှပြောင်းလဲနေသည် မသိ။

"အရီးပုတုန်းက ကျွန်မ ဒီမှာနေသွားတဲ့ ရှဲလာပါ၊ ဒေါ်ဒေါ်ထွေးကတော့ မှတ်မိမှာမဟုတ်ဘူး"

"အေးကွ မိန်းကလေးတွေက ဝင်လာလိုက်ကြ အလုပ်ရတော့ ထွက်သွားလိုက်နဲ့၊ ဒေါ်ဒေါ်ထွေးလည်း မမှတ်မိနိုင်ဘူး၊ တခြားမိန်းကလေးတွေ ခွင့်ရရင် တလတခါ ပြန်လာကြတယ်၊ မင်း ဘာဖြစ်လို့ ပြန်မလာတာလဲ၊ ဒီအိမ်က ထွက်သွားတာ ဘယ်လောက်ကြာပြီလဲ"

"၁၅ နှစ်..."

"အို... မနည်းဘူးပဲ၊ တို့အိမ်လေးရဲ့အပြောင်းအလဲကို သိရရင် မင်း ဝမ်းသာမှာပဲ"

ဒေါ်ဒေါ်ထွေးအသံ၊ ပြောဟန်ဆိုဟန်ကိုက အတော်ပင် သိမ်မွေ့ အေးချမ်းနေ၏။ ယခင်တွေ့စကနှင့် မတူပေ။

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်မ ဝမ်းသာချင်ပါတယ်"

ရှဲလာသည် ထစ်အဲ ထစ်အဲနှင့် ပြောလိုက်၏။

"အို ရှဲလာပါလား"

ဝမ်းသာအားရနှင့် ပြေးဝင်လာသော သန်းကြည်ကို ရှဲလာ တွေ့ရသောအခါ

ရုတ်တရက် မတ်တတ်ရပ်လိုက်မိ၏။ သန်းကြည်က ပြေးဖက်မှ ရဲလာသည် ငိုတော့သည်။

"ရဲလာလေ... ရဲလာ၊ ဒေါ်ဒေါ်ထွေးကတော့ လူကြီးဆိုတော့ ဘယ်မှတ်မိမလဲ၊ ကျွန်မမှတ်မိနေတာက အဲဒီနေ့တုန်းက ကြင်မြိုင်ရယ်၊ ရဲလာရယ်၊ ကျွန်မရယ် သုံးယောက်တည်းပဲ ရှိတယ်၊ သူက ပျော့ပျော့ အေးအေး ချောချောလေးမို့၊ ကျွန်မ မမေ့ဘူး... ဒေါ်ဒေါ်ထွေး၊ ကျွန်မ ဈေးဝယ်လာပြီး ဈေးခြင်းတောင်း ညွှန့်ရီကို အပ်ခဲ့တယ်... ကျွန်မ ခုပဲ လာခဲ့ပါ့မယ်"

"အေး... ရဲလာ အကြောင်းထူး ရှိရင်ပြော ဒီမှာလည်း နားနိုင်တယ်... သန်းကြည် ရဲလာကို အားလုံး ပြောပြလိုက်စမ်း၊ အဲ... ဒေါ်ဒေါ်ထွေးက မအားသေးဘူး သန်းကြည်အရင် မီးဖိုဆောင်ဝင်ရဦးမယ်"

ဒေါ်ဒေါ်ထွေးသည် ထသွား၏။

"အမလေး၊ ဘယ်လိုဖြစ်လာတာလဲ ရဲလာရယ်၊ ငါလေ နင့်ကို တွေ့ရတာ ဝမ်းသာလိုက်တာ၊ ဝမ်းလည်း နည်းတယ်၊ ကြင်မြိုင်နဲ့တွေ့တိုင်း တို့မှာ နင့်အကြောင်းကို ပြောလိုက်ရတာ နင့်ကတော့ တို့ကို မေ့သွားတာပေါ့လေ၊ ဇိမ်ကျတဲ့အိမ် ရောက်သွားလို့လား၊ တောင်ပို့ကြီးကို ပြန်သွားလို့လား"

အရင်ကလိုပင် သန်းကြည်စကားပြောပုံက သွက်လက် ဖျတ်လတ်တုန်း ဖြစ်၏။ အသားညိုညို ထောင်ထောင်မောင်းမောင်းကြီး ဖြစ်ကာ သန်းကြည်သည် တကယ့်ရည်မွန်သော မြို့ကြီးသူဂိုက် ဖမ်းနေတော့သည်။

"ဘာဖြစ်လာလဲဆိုတာ ပြောစမ်းပါ ရဲလာ၊ တို့ ဘာကူရမလဲ”

"ကိုယ်ဘာမှ မဖြစ်ပါဘူး၊ မင်းတို့အကြောင်းသာ ပြောပြစမ်းပါ၊ ရဲလာ အကြောင်းက ဖြစ်ရိုးဖြစ်စဉ်ထက် ဘာမှမထူးပါဘူး"

"မင်းကိုလေ၊ တို့များ အများကြီး ကူနိုင်ပါတယ်၊ ပွင့်ပွင့်လင်းလင်းသာ ဖွင့်ပြော၊ ငါကလေ ဒီမှာ မီးဖိုချောင်အုပ်၊ တလ ၁၀ ရတယ်၊ ဒီလိုလေကွယ် အရီးပုဆုံးတော့ သူ့တူမ လာသင်္ဂြိုဟ်တယ်၊ သူ့တူမက မော်လမြိုင် မော်တင်လိန်းကျောင်းမှာ ဘော်ဒါအုပ် လုပ်ဖူးတယ်။ သူ့ကျေးဇူးပေါ့၊ သူက ပင်စင်ယူပြီး ဒီလာတယ်။ အရီးပုနေရာမှာ လုပ်ရင်း တို့လိုမိန်းကလေးတွေ အလုပ်ရှင်အိမ်က ပြန်လာတိုင်း မေးတာပေါ့၊ သူများဇာတ်ထုပ်တွေ စုံတယ်ဆိုတာ တို့အိမ်ဖော်တွေ အိပ်နေသလောက်ပေါ့... ဟဲဟဲ၊ ငါတောင် ဇာတ်လိုက်လုပ်ရင် ရနိုင်ပြီ၊ ဇာတ်ထုပ်ပေါင်းစုံ အစုံကခဲ့တာလေ၊ ငါလည်း ကြည်ကြည်ဌေး ပါပဲ..."

ရဲလာရင်ထဲမှာလည်း ငါလည်း ကြည်ကြည်ဌေးပါပဲဟု ပြောချင်လာသည်။

သန်းကြည်သည် အားရပါးရ စကားဆက်ပြော၏။

"နင်သိတဲ့အတိုင်းပဲ၊ တချို့ကလည်း တို့ကောင်မတွေက လွန်တာမို့လား၊ တို့ကစပြီး အဆောင်ကူးလို့ ကလေးရတာတွေလေ၊ တချို့ကျတော့လည်း အိမ်ရှင်ရဲ့ဆွေမျိုးသားချင်း ယောကျ်ားတွေက စော်ကားလို့ ဗိုက်ပြဿနာ ပေါ်ရတာတွေ..."

ရှဲလာသည် ဗိုက်ပြဿနာဆိုတိုင်း ရင်ထဲမှာ ထိတ်သွား၏။

"တချို့ကျတော့လည်း ငယ်တယ်မို့လား၊ အရွယ်ရောက်စဆိုတော့ သူများအိမ် ထမင်းချက်မို့လို့၊ ဒီစိတ် မပေါ်ရဘူးလို့ ဘယ်ပြောနိုင်မလဲ၊ အချိန်အရွယ်လိုက်ပြီး ပေါ်လာတော့ ကိုယ့်ရည်းစားကိုယ်ထားပြီး မထိန်းနိုင်မသိမ်းနိုင် ခြေလွန် လက်လွန်ဖြစ်ပြီး ဗိုက်ပေါ်ရတဲ့အဖြစ် ရောက်ရရော"

ရှဲလာသည် သက်ပြင်းချရင်း သူ့သားလေးကို သတိရလာ၏။

"အရီးပုတူမက အတော့်ကို စေ့စပ်တယ်၊ ဒါတင်မကဘူး။ ဘယ်အိမ်မှာ ဘယ်လိုနေရလဲဆိုပြီး မေးတယ်၊ ခေါ်သွားတဲ့ အိမ်ရှင်မတွေကိုလည်း မိန်းကလေးတယောက်ကို ပြန်လာပို့တိုင်း မျက်နှာစုံညီ မေးတယ်၊ ဒီမိန်းကလေး မင်းပြန်ပို့တာလား၊ အပြစ်ရှိလို့လား၊ ရှိရင် ဘာအပြစ်လဲ၊ ကောင်မလေးတွေကိုလည်း မေးတယ်၊ ဒီတော့ ဇာတ်စုံတွေ သိရတာပေါ့ဟယ်..."

"တနှစ်လောက် သူ့အရီးပုနေရာမှာ လုပ်ပြီး သူ့လိုပဲ ပင်စင်ရပြီးသား ဆရာမကြီး နန်းမြစီရယ်၊ စားရေးဆရာမကြီး ထားဝယ်ရှင်နှောင်းရယ်၊ သူတို့သုံးယောက် စုငွေလေးတွေနဲ့ အဲဒီအိမ်ဆောက်တယ် ထားဝယ်ရှင်နှောင်းက မြန်မာ၊ သူတို့နှစ်ယောက်က ဗုဒ္ဓဘာသာ ကရင်တွေဖြစ်တယ်၊ ကျုံဒိုးတို့ မော်လမြိုင်တို့ဘက်ကရော၊ နင်တို့မြစ်ဝကျွန်းပေါ်ဘက်ကရော မိန်းကလေးတွေ ဘာသာမရွေး၊ လူမျိုးမရွေး လက်ခံတယ်။ ငါက ထမင်းချက် မီးဖိုချောင်အုပ်၊ ဟင်းချက်နည်း ပြုတ်နည်းမျိုးစုံကို ငါနဲ့ ဒေါ်ဒေါ်ထွေးက သင်တယ်၊ သူ့သူငယ်ချင်း သူနာပြုဆရာမ နန်းမြစီက အိမ်အလှအပ ပြုပြင်ပုံ၊ ခြံထဲမှာလည်း သစ်ပင်စိုက်ပုံတွေ သင်တယ်။ သူကတော့ တနေ့ နာရီဝက် အိပ်ခါနီး သင်တန်းပေးတာ၊ သူ့သင်တန်းကတော့ စေတနာကောင်း မပါရင် ဘာအလုပ်မှ မအောင်မြင်ခြင်း အကြောင်းပေါ့၊ ပြီးတော့ ခုလို သင်တန်းတချိန် ပေးတယ်၊ ဗိုက်ပြဿနာ ဘယ်လိုရှင်းလဲဆိုတော့ အဲဒီ သူ့သူငယ်ချင်း သားဖွားဆရာမက ဒီကပို့တဲ့ မိန်းကလေး ဘယ်မိန်းကလေးမဆို လာခေါ်တဲ့ အိမ်ရှင်ရှေ့မှာကို အပျိုစစ်ဆိုရင် အပျိုစစ်၊ တခုလပ်ဆိုရင် တခုလပ်၊ သူတို့အိမ်ရှင်မတွေလက်ထဲ အပ်စဉ်မှာ တခါတည်း လက်မှတ်ထိုးပေးတယ် အာမခံပေးတယ်"

ရှဲလာသည် သူ့အကြောင်း စောင်းပြောနေသလားဟူ၍ ထင်လာ၏။

"တလတခါ ခွင့်ရလို့ ပြန်လာတိုင်း မိန်းကလေးတွေကို ဆေးစစ်တာပေါ့ဟာ၊ အမှန်တော့ ဗိုက်စစ်တယ် ခေါ်ရမှာပေါ့။ အိမ်ရှင်တွေဘက်ကလည်း တာဝန်ယူရတယ်။ အိမ်ရှင်တွေလက်ထဲနေရင် တလမှာ တခါ ရာသီမပေါ်က ဒီကို အကြောင်းကြားပါ။ ဒီက လက်မှတ်ထောက်ခံစာပါလျှက်နဲ့ ဟိုမှာ တခုခု ဖြစ်ရင် အိမ်ရှင်က တာဝန်ယူရမယ်၊ ထိန်းသိမ်းမရအောင် ကမြင်းကြော ထလည်းဟယ် ချက်ချင်း တို့ဆီကို အကြောင်းကြားရမယ်ပေါ့"

ရှဲလာသည် ခေါင်းလေးတညိတ်ညိတ်နှင့် နားထောင်နေရင်းမှ သူ့အထုပ်အထည်နှင့် သူ့ဝန်ကြီးကို ပုံအပ်သော မေမေကြီးနှင့် ဒေါ်လေးမီတို့ ညီအစ်မကို တရေးရေး မြင်လာ၏။

"သူ အဲဒီအကြံဉာဏ်တွေ ဘယ်ကရလဲဆိုတော့ သူ့သူငယ်ချင်း ခုန ပထမ စကားပြောတဲ့ စာရေးဆရာမ ထားဝယ် ရှင်နှောင်းက ဒေါ်စောဖြူကို အကြံဉာဏ်ပေးတယ်"

"ဒေါ်စောဖြူက ဘယ်သူလဲ..."

"အရိုးပုတူမ နာမည်က ဒေါ်စောဖြူလေ၊ ဒုတိယစကားပြောတဲ့ အမျိုးသမီးကြီးပေါ့၊ သူက ကျောင်းအုပ်"

"ဪ... ဆိုပါဦး"

"မစောဖြူရယ်တဲ့ ငါတို့မှာ ယောကျ်ားစာရေးဆရာတွေလို မဟုတ်ဘူးတဲ့။ ယောကျ်ားတွေက စာရေးနေရင်း ရေနွေးကြမ်းကအစ မိန်းမက တည်ပြီး အနားချပေးတယ်တဲ့။ အချိန်တန်ရင် ထမင်းတလုတ်တော့ ရှိတာလေးနဲ့ မိန်းမက စီမံပေးတာ စားရတယ်တဲ့၊ တို့စာရေးဆရာမတွေ ကျတော့တဲ့... ငါက အပျိုကြီးမို့လို့ တော်သေး၊ လင်နဲ့သားနဲ့ စားရေးဝါသနာပါတဲ့ မိန်းမတွေမှာ မီးဖိုချောင်ကိစ္စ မငြိမ်းနိုင်တာ သိပ်ဒုက္ခရောက်တာပဲတဲ့။ စာရေးတယ်ဆိုတာလည်း မလွယ်ဘူးပေါ့၊ ထမင်းစားပြီးမှ ထမင်းချက်ပြီးမှ စာရေးမယ်လို့ ရုံးချိန်မှာ အလုပ်လုပ်သလို အချိန်ပိုင်း လုပ်လို့ မရဘူးဆိုပဲ၊ စိတ်ကူးက ပေါ်လာချင်တဲ့အချိန် ပေါ်လာတာ၊ ဒီလိုစိတ်ဇောသန်တဲ့အချိန် ကောက်ရေးမှလည်း စာဟာ အသက်ဝင်လာတာတဲ့၊ သူတင်မဟုတ်ဘူးပေါ့၊ အလုပ်ခွင်ဝင်ရတဲ့ အလုပ်သမား လခစားအမျိုးသမီးတွေ ကျောင်းဆရာမတွေမှာလည်း သူ့လိုပဲ မီးဖိုချောင် အခက်အခဲ ပြဿနာက မပြေလည်ဘူးပေါ့၊ လူတွေ နဂိုကမှ စားဝတ်နေရေးအတွက် မပြေလည်လို့ စိတ်ရှုပ်ရ၊ ဝင်ငွေနဲ့ ကုန်ဈေးနှုန်းတွေ ကြီးမြင့်လာလို့ မလောက်လို အိမ်မပစ်ပြီး အလုပ်ခွင်ဝင်ရတဲ့ အမျိုးသမီးတွေမှာ မီးဖိုချောင်က အေးချမ်းဖို့ သိပ်လိုတာပဲပေါ့၊

သူတော့ ပဋ္ဌိပက္ခမပါဘဲ ထမင်းတလုတ် အေးဆေးစားချင်တယ်၊ သူ့စိတ်ထဲမှာလည်း ပဋ္ဌိပက္ခပါမှ ထမင်းတလုတ် စားရတယ်ဆိုတဲ့အဖြစ်ကို ဘယ်တော့မှ မလိုလားဘူးတဲ့၊ မီးဖိုချောင်ကိစ္စ ပြေလည်မှ အလုပ်ခွင်မှာ ပြေလည်မှာဆိုပြီး ဒေါ်စောဖြူကို ပြောပြတယ်။ အေး... သူတို့သုံးယောက်အကြံဉာဏ် စုပေါင်းပြီး ဒီ သင်တန်း ဖွင့်ဖြစ်တာပဲ

"သူနာပြုဆရာမကြီး ဒေါ်နန်းမြစီက ထမင်းချက်ဝါသနာမပါတဲ့ အမျိုးသမီးတွေကို ကလေးပြုစုနည်း သင်ပေးတယ်၊ သူတို့က အနည်းဆုံး လေးတန်းလောက်တော့ စာရေးတတ် ဖတ်တတ်ရတယ်၊ ဒီကျောင်းကပို့တဲ့ ကလေးထိန်းဆိုရင် အနည်းဆုံး လခ ၁၀၀ ပေးရတယ်၊ ကလေးရဲ့ကျန်းမာရေးပါ တာဝန်ယူတယ်၊ ဟို... ဟယ်လင်တို့ စတယ်လာတို့ တခါလာ နိုင်ငံခြားသား ဗိုလ်အိမ်မှာ လုပ်လာတယ် ဆိုတဲ့ ကောင်မတွေလိုပေါ့။ ဆေးတိုက်ရ၊ ကလေးပြုစုရ၊ နို့ဖျော်တတ်ရတော့ စာဖတ်တတ်ဖို့ လိုတယ်၊ အချိန်နဲ့ ဘယ်လို ဆေးတိုက်ရမယ်၊ နို့တိုက်ရမယ်ဆိုတာ သိအောင်လို့ပေါ့။ ခုတော့ တို့ကျောင်းကပို့တဲ့ အမျိုးသမီးဆို အိမ်ရှင်နဲ့ ရန်ဖြစ်ရ၊ တရားစွဲရ၊ ရုံးရောက်ရကိစ္စတွေ ပြေလည်တော့ အိမ်ရှင်မတွေလည်း တို့နဲ့ဆက်ဆံရတာ ကျေနပ်တယ်၊ တို့မှာလည်း အေးချမ်းတယ်၊ ကဲ... လာ... လာ နောက်မှ စကားအေးအေးပြောမယ်၊ ငါ မအားသေးဘူး"

သန်းကြည်သည် ရှဲလာ့သေတ္တာလေးကို သယ်ယူကာ ရှေ့မှ ထွက်သွား၏။ သူနေသော အနောက်ဆောင် အပေါ်ထပ် အခန်းလေးထဲတွင် သူနှင့် အတူနေရန် နေရာချထားလိုက်၏။ အောက်ထပ်တွင်တော့ အလုပ်သင် မိန်းကလေးများနှင့် ခွင့်ရပြန်လာသော မိန်းကလေးများအတွက် ထမင်းစားခန်းရော မီးဖိုရော နှစ်နေရာ ခွဲ၍ထား၏။ အတန်ကြာလျှင် ဒေါ်ဒေါ်ထွေးက သူ့ကို လာခေါ်၍ ဒေါ်စောဖြူနှင့် တွေ့ပေး၏။ ဒေါ်စောဖြူသည် အိမ်မကြီးတွင် သီးသန့်ထားသော ရုံးခန်းလေး၌ သူကိုတွေ့၏။ အရီးပုနှင့် ဆင်ဆင်တူသလိုရှိ၏။ ဆံပင်များ အနည်းငယ် ဖြူစပြုနေသော်လည်း အသက်ငါးဆယ်ကျော် ခြောက်ဆယ်တွင်းဟု မထင်ရအောင် နုပျိုနေသည်။ သူ့အသံသည် စာသင်တန်းထဲတွင် စကား ပြောစဉ်ကလိုပင် အေး၍ ခပ်တိုးတိုးပင် စကားပြော၏။

"မင်းနာမည်က... ဘယ်သူ..."

"အရင် ဒီမှာ နေဖူးတယ်ပေါ့..."

“ဟုတ်ကဲ့... မသန်းကြည်တို့နဲ့ အတူတူပါပဲ"

"မသန်းကြည်ဆီက တို့အိမ်လေးအကြောင်း မင်းကြားပြီးရောပေါ့။ မင်းကို တို့ဘာကူညီရမလဲ။ သန်းကြည်ကတော့ တို့နဲ့ အဆက်မပြတ်ဘူး၊ သူနေတဲ့အိမ်တွေ

တအိမ်ပြီးတအိမ် ပြောင်းသွားလည်း တလတခါတော့ ပြန်ပြန်လာတော့ မှတ်မိနေတာပေါ့၊ ရှဲလာက ဒီရန်ကုန်မှာ မနေဘဲ တခြား လိုက်သွားရလို့လား..."

"ဟုတ်ပါတယ်... ကျွန်မရဲ့အိမ်ရှင်တွေက တော်ကြပါတယ်၊ ကျွန်မကိုယ်ရေးကိုယ်တာ ကြောင့် ကျွန်မတခါတည်း ထွက်သွားမိတာ"

ရှဲလာသည် ဆက်မပြောနိုင်သလို ငိုင်သွား၏။

"အို... ပြောသာပြောပြပါကွယ်၊ အကြောင်းမှန်ကို မသိရင် အဖြေရှာရတာ မလွယ်ဘူး"

"ကျွန်မအပြစ်တွေပါ ဒေါ်ဒေါ်ရယ်"

ရှဲလာသည် ဒေါ်သောင်းစိန်တို့အိမ်တွင် နေခဲ့ရပုံကို ပြောပြ၏။

"နောက်ဆုံး ကျွန်မသားလေးကို မွေးပြီး ကျွန်မရင်ထဲမှာ တွေးမိတယ်၊ ကျွန်မနဲ့တူတူနေရင် အိမ်ဖော်ရဲ့ ကလေးဆိုပြီး သားလေး ဂုဏ်ငယ်မယ်လို့၊ သားလေးကို ဂုဏ်လည်း ရှိစေချင်တယ်၊ မမကြီးတို့ စောင့်ရှောက်တဲ့မေတ္တာနဲ့ သဘောထားစိတ်ထားကိုလည်း ကျွန်မယုံကြည်တယ်၊ ဒါကြောင့် သားလေးကို မမကြီးတို့ မွေးစားဖို့ ထားရစ်ခဲ့ပြီး ကျွန်မထွက်လာတယ်။ ကျွန်မကတော့ ခရစ်ယာန် သီလရှင် တယောက်နဲ့ လိုက်သွားပြီး မိုးညင်း တီဘီဆေးရုံမှာ အလုပ်လုပ်နေပါတယ်"

"ဪ"

"အခု ဆေးရုံမှာနေရင်း စိတ်က သားလေးဆီပဲ ရောက်နေတယ်၊ တခါတခါ ရူးမလိုပဲ သားလေးကို တွေ့ချင်တယ်၊ ခုလောက်ဆို သူ လူပျိုပေါက်လေး ဖြစ်နေရောပေါ့"

ရှဲလာသည် သားလေးကို တမ်းတမ်းတတ ပြောလိုက်၏။

"မင်းရဲ့ဆရာဝန်ကြီးရော..."

"သူက အစိုးရအလုပ်ကို အစကတည်းက ဝင်မလုပ်ဘူး၊ သူ့ရဲ့ ထမင်းချက် လင်မယားနဲ့ လူတွေ အရောက်အပေါက် အသွားအလာနည်းတဲ့နေရာတွေ၊ လမ်းပန်းခက်ခဲတဲ့နေရာတွေမှာ ဆေးဆိုင်လေး ဖွင့်ဖွင့်ပြီး ဆေးကုပါတယ်။ ဒါကြောင့် ရန်ကုန်မှာ သူ့ကိုမတွေ့နိုင်ဘူး၊ မမကြီးတို့လည်း အရင်အိမ်မှာ မရှိတော့လို့ပါ။ ဒါကြောင့် ဒေါ်ဒေါ်တို့ဆီမှာ ရှဲလာနားပြီး ရှဲလာ့သားလေးကို ရှာပါရစေ။ မမကြီးတို့ဟာ ရှဲလာ ဘယ်အချိန် ပြန်သွားသွား လက်ခံမှာပါ"

"အို… နားနိုင်ပါတယ်၊ တာဝန်တခုခုတော့ ယူရမယ်၊ တို့ကတော့ ဝမ်းသာနေတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သိန်းဟန်ကြီးဆိုတာလည်း တို့နဲ့ ဆွေရိပ်မျိုးရိပ် မကင်းဘူး၊ တို့လုပ်တာ စနစ်ကျတော့ သိန်းဟန်လိုလူမျိုးလည်း မိန်းကလေးတွေအပေါ်မှာ ဗိုလ်မကျရတော့ဘူးပေါ့ကွယ်။ ပြီးတော့လည်း အရင်ကဆိုရင် မင်းတို့မိန်းကလေးတွေ ရက်ရှည်လများနားနေနိုင်အောင် အရီးပုက ကျွေးမွေးမထားနိုင်ဘဲ။ ဒီတော့ သိန်းဟန်အဖို့လည်း စားပေါက်ဖြစ်နေတာပေါ့၊ တို့များကတော့ နားနေတဲ့မိန်းကလေးတွေဟာ စိုက်ခင်းမှာ ကိုယ်တိုင် စိုက်ရတယ်။ ဒီကအသီးအရွက်နဲ့ အန်တီတို့က အသားဝယ်ချက်ရတော့ အပိုမိန်းကလေးတွေ ကျွေးရတဲ့စရိတ်လည်း မလိုဘူး၊ သိန်းဟန်ကြီးလည်းသေ၊ အရီးပုလည်း ဆုံးသွားပြီလေ၊ ဒေါ်ဒေါ်တို့က ဆက်ဆံရတဲ့အိမ်ရှင်လည်း ကျေနပ်အောင် လုပ်ပေးတယ်။ ဒီမှာ မိန်းကလေးတယောက် နားနေခိုက် စရိတ်ကိုလည်း လာခေါ်တဲ့အိမ်ရှင်က အချိုးကျ ခံရတယ်။ မိန်းကလေးတွေ လာထဲက ပွဲစားတွေလို ဒေါ်ဒေါ်က မဖြတ်ပါဘူး၊ အေး… လခခြောက်ဆယ်အောက် တလ တကျပ်၊ လခခြောက်ဆယ်အထက် တလ နှစ်ကျပ်၊ ဒီကျောင်းကို ရန်ပုံငွေအဖြစ် ထည့်ရတယ်၊ ဒါကလည်း သူတို့အတွက် တို့ယူရတာလေ၊ တချို့ကျတော့ ကလေးမလေးတော့ ရှစ်နှစ် ဆယ်နှစ်၊ စာလည်း မတတ်၊ မိဘတွေမှာ ပျိုးနုတ်ကောက်စိုက်၊ စပါးမျိုးဝယ်ချိန် ငွေသုံးလေးရာ လိုတယ်၊ ဒီတော့ သူတို့သမီးလေး လာအပ်ပြီး ငွေတောင်းတော့ ဒေါ်ဒေါ်တို့က စိုက်ပေးထားရတယ်။ တချို့ အိမ်ရှင်မတွေမှာ သူတို့ကလေးတွေ မူလတန်းကြို ကျောင်းအပ်ဖို့ အသက်မပြည့်၊ နာနီလည်း ထားဖို့ အရွယ်မဟုတ်တဲ့ သုံးနှစ် လေးနှစ် ကလေးတွေအတွက် ကစားဖော် ကလေးမလေးတွေ လိုလာတာပေါ့ကွယ်၊ အဲဒါလေးတွေအတွက် လာခေါ်တော့ ဒီရှစ်နှစ် ဆယ်နှစ်အရွယ်လေးတွေ ထည့်ပေးတယ်၊ ဒီတော့ အိမ်ရှင်တွေက ဒေါ်ဒေါ်တို့ ဒီကလေးတွေအတွက် မိဘတွေကို ကြိုတင် ချေးထားတဲ့ငွေကို ပေးရတယ်၊ စာမတတ်လည်း ကလေးမလေးတွေအတွက်တော့ ဒေါ်ဒေါ်ကိုယ်တိုင် တာဝန်ယူပြီး စာသင်ပေးရတာပေါ့"

စကားပြောသော လေသံကအစ အေးမြချမ်းငြိမ်၍၊ မျက်နှာထားကိုက ပြုံးပြုံးလေး ပြောနေသော ဒေါ်စောဖြူမျက်နှာကို မြင်ရသောအခါ သူ့ရင်ထဲတွင် ပူလာခဲ့သမျှ အေးသွားသလို ဖြစ်သွားသည်။ ကျက်သရေဆိုသည်မှာ ဒါပဲထင်ပါရဲ့။ အရီးပုက ဒေါ်စောဖြူထက် လှသလို ရှိသော်လည်း အရက် သောက်တတ်သော သူ့မျက်နှာနီနီကြီးမှာ မြင်ရသူကို အလိုလို ပူလောင်စေပေသည်။ တူဝရီးပင် ဖြစ်သော်လည်း စိတ်ဓာတ်ချင်း မတူပါပေ။

"မင်းရဲ့မေမေကြီးတို့ကိုလည်း တို့ကူရှာပေးပါ့မယ်… ဒီမှာနေတော့ ရှာရလွယ်ပါတယ် ခုလောလောဆယ် တော့ မင်း ကိုယ်နဲ့ပဲ တာဝန်တွဲယူပြီး

ကလေးမလေးတွေ စာသင်ပေးတာမှာ ကူသင်တာပေါ့။ ဒါပါပဲ မင်းသွားနိုင်ပြီ"

ရှုလာသည် သူ့ကိစ္စတခု ချောမောပြေပြစ်တိုင်း ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့၏။ ဘာသာချင်း မတူဘူးဟူ၍ ဘယ်လိုမှ ပဋိပက္ခစိတ် မရှိပါသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သမီးများ သဖွယ် ဖြစ်သော ဒေါ်စောဖြူတို့၏ နှလုံးသားကိုလည်း သူ ကြည်ညိုလေးစားစိတ် ဖြစ်လာသည်။

သူသည် ကလေးမလေးများ၏စာသင်ခန်းကို သင်ခန်းစာ မစခင် ဖုန်များ လှဲခါပေးရ၏။ ဒေါ်စောဖြူ ဝင်မလာခင် စာအုပ်များ နေရာတကျ ချပေးရ၏။ ကျောင်းစာရေးသဖွယ် လုပ်ပေးရသည်။

သူရောက်လာပြီး တပတ်တွင် လကုန်ရက် ရောက်လာတော့သည်။ ခွင့်တရက်စီရသော မိန်းကလေးများ ရောက်လာ၍ လည်ပတ်ချင်သူများကို အဆိုင်းလိုက် ခေါင်းဆောင်တယောက်စီ တာဝန်အပ်ကာ လည်ပတ်ရန် ဒေါ်နန်းမြစီက စီစဉ်နေလေသည်။

သူက ဒေါ်စောဖြူရုံးခန်းလေးကို ရှင်းလင်းနေဆဲ သူ့မျက်လုံးကို တစုံတယောက်က နောက်မှ ပိတ်လိုက်၏။ ပြီးတော့ ခိခိနှင့် ရယ်သံကြားရ၏။

"ဘယ်သူလဲ... ဘယ်သူလဲ... မသန်းကြည်လား"

ရှုလာက လက်ကို ဆွဲဖြုတ်ရင်း မေးလိုက်၏။

"ဝါး ဟား ဟား..."

လက်ကို ဆွဲဖြုတ်လိုက်သောအခါ ရှုလာသည် တုန်၍သွားအောင်ပင် ဝမ်းသာ၏။

"ကြင်မြိုင်... ကြင်မြိုင်၊ တို့ပြန်ဆုံရပြီ၊ အမလေး ဝမ်းသာလိုက်တာ ကြင်မြိုင်ရယ်"

"ငါလည်းပဲလေ မမျှော်လင့်ဘူး၊ သန်းကြည်ပြောပြတော့ ဝမ်းသာလွန်းလို့ မင်းကို တခြံလုံးလိုက်ရှာတာ၊ ပိန်သွားတယ် ရှုလာ၊ မင်းနေရတဲ့အိမ်တွေက သက်သောင့်သက်သာ ရှိရဲ့လား၊ သန်းကြည်ပြောပြတဲ့ စတယ်လာဆိုတဲ့ ကောင်မစားမျိုးတွေနဲ့ ထင်းပေါက်ခြမ်း ဇာတ်ထုပ် ခင်းရသေးလား"

"မခင်းရဘူးကွ၊ ငါ့စိတ်ရောဂါနဲ့ငါပါ"

"မင်း အလုပ်ပြီးပလား၊ လာ... သန်းကြည်ဆီ သွားရအောင်၊ သူ့ကို ထမင်းကူချက်ပေးရင်း ငါတို့ တိုင်ပင်ကြရအောင်"

ရှဲလာနှင့် ကြင်မြိုင်သည် သန်းကြည်ရှိရာ မီးဖိုတန်းလျားသို့ ဝင်လာ၏။ ဘူးသီးလှီးနေသော ကလေးမလေးများနှင့် သူတို့ဝင်လှီးရင်း သန်းကြည်ကို ကြင်မြိုင်က ပြော၏။

"သန်းကြည် ရုံးချိန်ရောက်ရင် ဒေါ်ဒေါ်ဖြူကို ငါပြောပြမယ်။ ငါ ပြန်လာတာ ကျုံမငေး ပြန်မလို့။ အမေရယ်... စာရေးခေါ်တယ်၊ ဆက်ဆက်ဖြင့် လာခဲ့ပါတဲ့၊ ငါလည်း အမေ့ကို ပြန်ကန်တော့ချင်တယ်၊ အမေတို့ဆီမှာ ထဘီ သိပ်ရှားတာပဲတဲ့၊ ငါ ငွေစုပြီး ဝယ်ထားတယ်၊ ထဘီနှစ်ထည်တောင် ရပြီ။ ခက်နေတာက ငါနေတဲ့အိမ်က ကောင်းတယ်၊ စာရေးဆရာအိမ်"

"စာရေးဆရာတွေ မွဲတယ်ဆို..."

သန်းကြည်က မေး၏။

"သူ့မိန်းမက ချမ်းသာတယ်ဟ၊ ပုံနှိပ်စက် ထောင်ပေးတယ်။ သူက ဝတ္ထုကို နှစ်နှစ်မှ တခါလောက် ရေးတယ်၊ ကျောင်းသုံးစာအုပ်တွေရေးလို့ သူက ဝင်ငွေကောင်းတာတဲ့၊ သူ့မိန်းမက ပြောတာပဲ"

"ကဲ... ဆိုစမ်းပါဦး"

"ငါ ကျုံမငေး ပြန်သွားတော့ သူ့မိန်းမကို အနားမှာပြုစုဖို့ လူလိုလေ၊ ငါလည်း သူတို့ကို ပစ်စလက်ခတ် စွန့်မသွားချင်ဘူး။ ကိုယ်ဒုက္ခရောက်တုန်း မှီခိုရတဲ့အိမ်တအိမ်ကို ကိုယ့်မှာ အဆင်လည်း ပြေရော ဘယ်လိုဖြစ်ကျန်ရစ် ကျန်ရစ်ဆိုပြီး စွန့်သွားနည်းမျိုး ငါမလုပ်ချင်ဘူး၊ ငါလုပ်တဲ့အိမ်နဲ့ ရှဲလာနဲ့ကိုက်မယ်၊ သူ့မိန်းမလည်း ရောဂါက သည်းတာမဟုတ်ဘူး"

"ဘာရောဂါလဲ ဟင်..."

ရှဲလာက မေး၏။

"စိတ်ရောဂါဟ၊ အရူးကြမ်းကြီး မဟုတ်တော့ စိတ်ရောဂါကုဆေးရုံလည်း ပို့လို့မဖြစ်။ သူက ယဉ်ယဉ်လေးရယ်၊ ပုံတော့ အလွန်ပြောပဲ..."

"ငါကလည်း စိတ်ရောဂါသမားပဲ။ နှစ်ယောက်သားတော့ တွေ့ပြီ"

ရှဲလာကပြော၏။

"နင့်စိတ်ရောဂါက ဘာလဲ... ရှဲလာရယ်၊ ပြောပြစမ်းပါ"

"အို... တနေ့တော့ သိမှာပေါ့လေ"

"ကောင်းပါတယ်လေ၊ ကြင်မြိုင့် အကြောင်း ဒေါ်ဒေါ်ဖြူကို ပြောပြပေါ့။ ရှဲလာလည်း အလုပ်ရတာပေါ့"

သန်းကြည်က ပြောလိုက်သည်။

ဩော်... သဲကန္တာရသည် ပူပြင်းခြောက်သွေ့သော သဲများ၊ ဆူးခက်ပြည့်သော အပင်များ အများအပြား ဖုံးလွှမ်းလျက်ရှိ၏။ သို့သော်... အိုအေစစ် တကွက်တော့ တနေရာ တထောင့်တွင် တွေ့ရသောအခါ သဘာဝတန်ခိုးရှင်အား ကျေးဇူးတင်ရပေဦးမည်။ လောကကြီး၌ နေပျော်ပါသေးသည်တကား။

"ဒေါ်ဒေါ်သောင်းတို့ ညီအစ်မပါလား"

စာရေးဆရာ မောင်ကဝိမှာ သံဆွဲတံခါးကို ဖွင့်ရင်း နှုတ်ဆက်လိုက်၏။ ညီအစ်မနှစ်ယောက်သည် ကားပေါ်မှ ဆင်း၍ ဧည့်ခန်းတွင် ထိုင်လိုက်သည်။

"ဘယ်က လှည့်လာကြလဲ"

"ဒီကိုလာတာပဲ၊ အတွတ်ကြီး စာထဲမှာ လှလှနွယ် စိတ်နောက်သွားတယ်လို့ သိရတယ်တဲ့။ အခြေအနေ ဘယ်လိုလဲ သွားမေးပါတဲ့ကွယ်၊ သူလည်း သူ့သား ကျောင်းဖွင့်ချိန်ရောက်လို့ ပြန်ပို့တဲ့အခါ ရန်ကုန်လာမှ မင်းကိုရော လှလှနွယ်ကိုရော လာတွေ့ဦးမယ်တဲ့"

ဒေါ်လေးစီက ရှင်းပြ၏။

"လှလှနွယ်ကတော့ ယဉ်ယဉ်လေးနဲ့ ဖြစ်သွားတာပါပဲ။ စိတ်ရောဂါကုဆေးရုံ ဆရာဝန်ကြီး ဦးမြဝင်းကတော့ လိုချင်တာမရသော ဆင်းရဲရဲ့ဒဏ်ကြောင့် စိတ်ရောဂါဝေဒနာသည်တွေ ကမ္ဘာမှာ ပိုများလာမယ် ပြောတာပဲ၊ ခုတော့ လှလှနွယ် သူ့အဖေရှိရာ မြင်းခြံကို သူ့ညီမတွေနဲ့ စိတ်ပြေလက်ပျောက် လိုက်လည်တယ်၊ သောမတ်စ်လည်း လှလှနွယ်နဲ့ ပါသွားတယ်။ သူ့ကိုပြုစုတဲ့ ကလေးမလေးလည်း ကျုံမငေး ခဏပြန်မှာမို့လို့ပဲ၊ ဒေါ်ဒေါ်သောင်းလည်း အသက်သာ ကြီးလာတယ် ကျန်းမာလို့ စိုလိုပြည်လို့ပါပဲလား"

မောင်ကဝိက ဒေါ်ဒေါ်သောင်းကို ကြည့်ရင်း ပြောလိုက်၏။

"စိုပြည်တာပေါ့၊ ကျန်းမာတာပေါ့ကွဲ့၊ မင်းဒေါ်လေးစီတောင် ဒေါ်ဒေါ်သောင်းအရင် 'အို-နာ' ရမှာ၊ လိုချင်တာ မရတဲ့ ဆင်းရဲခြင်းကြောင့် ဖြစ်လာတဲ့ ဝေဒနာက ရှင်တော်ဂေါတမဘုရားရဲ့ တရားကမှ ကုနိုင်တာ၊ စိတ်ရောဂါကုဆေးရုံ ခဓတ်နဲ့ သွားနှိပ်လည်း ခဏသက်သာမှာ..."

"အဲ... အဲ...၊ မင်း ဒေါ်ဒေါ်သောင်းကတော့ ဒေါ်လေးစီကိုပဲ ဆုံးမနေတာပဲ၊ မင်းမှာ အိမ်ဖော်ပြဿနာ မပြေလည်ရင် မစောနုဖြူကျောင်းကို သွားလေ... သူတို့က တခုကောင်းတာက အိမ်ရှင်တွေနဲ့ အိမ်ဖော်တွေ ပြဿနာ မပြေလည်ရင် အေးအေးဆေးဆေး ဝင်ရှင်းပေးတယ်ကွ"

"ဟုတ်ကဲ့... လူဟောင်း သူငယ်မကလည်း အဲဒီကပါပဲ၊ သူ လူစား

ထားခဲ့ပါလိမ့်မယ်"

"ဪ... ဒီလိုဆို မပူနဲ့" ဟု ဒေါ်လေးစီက ပြောလိုက်၏။ ဒေါ်ဒေါ်သောင်းသည် သူ့ထုံးစံအတိုင်း ရှမ်းဖက်ဆေးလိပ်ကို သူ့လက်ကိုင်အိတ်အရှည်ကြီးထဲမှ ထုတ်ယူ မီးညှိကာ ဖွာနေ၏။

"ဒေါ်လေးစီတို့ကို ခွင့်လွှတ်ပါကွယ်၊ မိတ်ဆွေတွေဝတ္တရား မကျေနိုင်ဘူး၊ မကြာပါဘူး ဒေါ်လေးစီ ပင်စင်ယူရရင်တော့ အတွတ်နဲ့ မိသားစု စည်းစည်းလုံးလုံး နေမလားလို့၊ မင်းအတွတ်ကလည်း မိန်းမ ပေးစားလို့မရ၊ ခု သူ့သားရစ်ချတ်ကလည်း တို့မှာ တာဝန်တခု၊ တို့အဘွားကြီးမျက်စိနဲ့ ရစ်ချတ်တို့ခေတ်ကလည်း မဟပ်မိ၊ တို့စည်းကမ်းကိုလည်း ရစ်ချတ်က မလိုက်နိုင်၊ အတွတ်က သူ့သားနဲ့ အတူနေချင်တယ်၊ သူ့သားကလည်း သူ့စကားပဲ နားထောင်တယ် ကွဲ့၊ သူ သွားလေရာ ပြောင်းလိုက်ရရင်လည်း ရစ်ချတ် ကျောင်းပျက်ပြီး အတန်းမရမှာစိုးလို့ တို့နဲ့ ထားရစ်ခဲ့တာ၊ တို့အဘွားကြီး ညီအစ်မမှာ မြေးတယောက်နဲ့ အလုပ်ရှုပ်နေတာ မပြောနဲ့တော့၊ ခုကျောင်းပိတ်ရက် သူ့ဆီ ရစ်ချတ်သွားနေတော့မှပဲ တို့လည်း အားတယ်"

ဒေါ်လေးစီက မြန်မာတို့ ပဋိသန္ထာရ အဆက်အစပ် စကားအတိုင်း သူတို့ လူနာ လာမမေးနိုင်ကြောင်း၊ ဝတ္တရားမကျေကြောင်းကို ခွင့်လွှတ်ပါရန် ဖြည်းဖြည်းဆေးဆေး ပြောပြနေ၏။

"ဒီ... အတွတ်ကြီးကလည်း မိန်းမယူဖို့ ခေါင်းထဲပဲ မထည့်နိုင်ကွာ၊ ကျွန်တော်ဖြင့် အိမ်မှာ အလုပ်အားလို့ ခေါင်းတခါရှင်းချင်တိုင်း သူပြောင်းတဲ့နေရာ လိုက်လိုက်သွားပြီး အမဲပစ်လိုက်ရတာ ပျော်တယ်၊ ကျွန်တော်ကလည်း အမဲလိုက်မှုဆိုး၊ စာရေးဆရာဆိုတော့ ဦးနှောက်လည်းရှင်း၊ ရေးစရာအကွက်တွေလည်း ရတာပေါ့။ တခါ သူ မြစ်ကြီးနားနေတုန်း ကျွန်တော် သွားသေးတယ်။ ဒီတုန်းက ဒေါ်လေးစီတို့လည်း ခဏခဏ လာတယ်ဆို၊ ကျွန်တော်နဲ့ မဆုံမိဘူး၊ ဟိုတနှစ်က ဒေါ်လေးစီတို့ မိုးကုတ်သွားရင်း မြစ်ကြီးနားကိုတောင် ဒေါ်လေးစီတို့ ခဏဝင်သွားသေးတယ်ဆို ဟုတ်လား"

"အေးပေါ့... မိန်းမ သွားကြည့်ရတာပါကွယ်၊ တို့မှာ ရစ်ချတ် တခါ ကျောင်းပိတ်ရင်း အတွတ်နဲ့ ဆုံအောင် သွားပို့လိုက်ကြ... တို့သွားချင်တဲ့နေရာ ညီအစ်မနှစ်ယောက် လျှောက်လည်လိုက်ကြနဲ့။ တို့ညီအစ်မလည်း ချမ်းသာပါရက်နဲ့ ပစ်တိုင်းထောင်ရုပ် ကြိုးရှုပ်ပြီး မငြိမ်းချမ်းနိုင်ဘူးလေ"

ဒေါ်သောင်းစိန်က ရယ်သွမ်းသွေး၍ ပြောလိုက်၏။

"အေးအေးဆေးဆေး စကားပြောကြပါဦး၊ ကျွန်တော် ဆတ်သားခြောက်နဲ့

ရေနွေးကြမ်း မီးဖိုထဲ သွားလုပ်ခိုင်းဦးမယ်၊ ထမင်းချက် စံထူးတော့ ရှိပါတယ်"

"မလုပ်ခိုင်းနဲ့ မောင်ကဝိ တွေ့ကြတုန်း စကားပဲ အေးအေးပြော၊ မင်း ဒေါ်ဒေါ်သောင်းက ခြေလေးချောင်းသား မစားဘူး"

"အို... ဒီလိုဆိုလည်း... ငါးရံ့ခြောက် ရှိပါတယ်၊ ဆတ်သားခြောက်က ကျွန်တော့်လက်ဖြစ်မို့ ကျွေးချင်တာပါ"

မောင်ကဝိသည် မီးဖိုချောင်ဖက် ထသွားရင်း ပြောလိုက်၏။ စံထူးကို သူခိုင်းခဲ့၍ ဧည့်ခန်းသို့ ပြန်လာကာ အတွတ်အကြောင်းကို သူမေးနေ၏။

"အဲ... ဒီတုန်းကရော အဆင်မပြေဘူးလား၊ အတွတ်သဘောထားက ဘယ်လိုလဲ"

"မင်းရဲ့အတွက်က ဘာမှ အဖြေမပေးခင်ကို... ဟောဒီမရွှေစီနဲ့ကို အဆင်မပြေခဲ့တာ... ခုခေတ် အထက်လွှာတွေလည်း ခေတ်တွေ ဘယ်လိုပြောင်းပေမဲ့ အဲဒီအိမ်ထောင်ရေးအပေါ် သဘောထားတွေက မပြောင်းပါဘူး မောင်ကဝိရယ်၊ ဒီဒေါ်ဒေါ်မြတ်တို့လူစုက သာဆိုးတာပေါ့၊ မိုးကုတ် ကျောက်တွင်းသူဌေးတွေဆိုတော့ ငွေကလည်း ချမ်းသာ၊ သူ့သမီးကို သိပ်အမွှမ်းတင်တာ၊ အေး... တဦးတည်းသော သမီးကို"

ဒေါ်သောင်းစိန်က ပြောပြနေစဉ် အစ်မဖြစ်သူ စကားမသတ်ခင်ပင် ဒေါ်လေးစီက ဝင်ပြောပြန်သည်။

"အမွှမ်းတင်ရပါတယ် မမသောင်းရယ်၊ မတင်ရဘူး မဆိုပါဘူး၊ ခုတော့ နည်းနည်း သည်းလွန်းလို့"

"ဘယ်လိုသည်းတာလဲ၊ မိုးကုတ်က ဒေါ်ဒေါ်မြတ်သမီး ခင်ထားမွန်မို့လား၊ တော်သားပဲ။ အတွတ်နဲ့ဆို ကောင်မလေးက အတော်ငယ်မယ်"

မောင်ကဝိက ဝင်ပြောလိုက်၏။

"အေးလေကွယ်။ သူ့တူအတွတ်ကဖြင့် သူ့မျက်စိထဲမှာ လူပျိုပေါက်စနလေး ထင်နေတာ၊ ခင်ထားမွန်ဘက်ကလည်း ကြည့်ပါဦး"

"ကြည့်ပါတယ်... ကြည့်ပါတယ် မမသောင်းရဲ့၊ မိစီက ထောင့်မျိုးစုံက လေ့လာတာ၊ ဒေါ်လေးစီ ရှင်းပြမယ် မောင်ကဝိ၊ မိန်းကလေးမိဘတွေဘက်က မိုးကုတ် လိုက်လည်ပါ။ ခင်ထားမွန်ကိုလည်း ကြည့်ရင်းပေါ့။ ဒေါ်လေးစီကလည်း သွားလည်ရင်း ဘော်ဒါအုပ်မျက်လုံးနဲ့ရော၊ ပညာအုပ်မျက်လုံးနဲ့ရော ကြည့်တာပေါ့၊

ကဲ... ကွယ် သူဌေးသမီး တယောက်တည်းသမီးမို့ အိမ်ဖော်မျိုးစုံနဲ့ ထားတာ မှန်ပါတယ်၊ မိုးလင်းလို့ တို့များ ညှော်သည်ရော အိမ်သားတွေရော ခုနစ်နာရီအချိန်လောက် ကော်ဖီစားပွဲ လူစုံနေပြီ သူတို့ရဲ့သမီးက မရောက်လာသေးဘူး၊ ကော်ဖီစားပွဲ ဆင်းလာတော့လည်း မျက်နှာက အပြောင်သား၊ သနပ်ခါးတစက် မရှိတာ မြန်မာမမျက်နှာတဲ့လား၊ ဆံပင်က တို့လောက်များ အရှည်ကြီးထားပြီး ဘီးဆံထုံးကို ကျောင်းတက် အချိန်မီ ထုံးရတဲ့ခေတ်ဆို ဒီမိန်းကလေးတွေ ‘လဲ’ သေမယ်၊ ဆီလည်း သပ်သပ်ရပ်ရပ် လိမ်းမထားဘူး စုတ်ဖွား"

"အိုး... ဒီနေရာမှာ ဒေါ်လေးစီက ခေတ်မမီတာ၊ ဒါဟာ အလှ ဒေါ်လေးစီရဲ့ ကပိုကရိုအလှ"

မောင်ကဝိက စာရေးဆရာစကားလုံးနှင့် ပြောပြ၏။

"အမလေး၊ ကပိုကရိုအလှ"

ဒေါ်စိန်စီက လက်ခုပ်လက်ဝါးတီးကာ ရယ်ရင်း...

"ကျုပ်ကို ခေတ်မမီတဲ့မိန်းမကြီး ပြောလည်း ခံရမှာပဲ၊ သူ့မျက်နှာပေါ်မှာ ဒေါ်လေးတော့ ‘အလှ’ ကို ရှာမတွေ့ပါဘူး၊ လူကလေးအတွက်လည်း ရှာလို့ တွေ့မှာမဟုတ်ပါဘူး၊ အလှ အလှနဲ့ စကားလုံး အဆန်းထွင်ပြောတာ၊ တကယ်တော့ အပျင်းထူတာပါတော် တို့အဘွားသာ အသက် ပြန်ရှင်လာရင်လေ အဲဒီမိန်းကလေးတွေကို အသူရကယ်မတွေ၊ ငရဲသူမတွေလို့ ထင်မှာ၊ တို့များငယ်ငယ်က တို့အိမ်မှာ ဝမ်းကွဲညီအစ်မတွေနဲ့ဆို စုစုပေါင်း ညီအစ်မ ခြောက်ယောက်ရှိတယ်။ သျှောင်ထုံးခေတ်ဆိုတော့ မိုးလင်း ခြောက်နာရီဆို အဘွားက ဘီးတချောင်း အုန်းဆီတပုလင်းနဲ့ မှန်တင်ခုံရှေ့ ထိုင်နေတာပဲ၊ အားလုံး ဆံပင် သပ်သပ်ရပ်ရပ်ဖြီး သနပ်ခါးရေကျဲ မျက်နှာပွတ်ပြီးမှ အိမ်ကိစ္စ ဝင်လုပ်ကြရတယ်၊ တအိမ်လုံးကြည့်ရတာ ကျက်သရေကိုရှိလို့... ခုတော့ တခြားအလုပ်တွေများ ရှိသလားလို့ ကြည့်ရင်လည်း မရှိ။ မောကြီးပန်းကြီး ကျောင်းချိန်အတွက် အလုပ်ချိန်အတွက်မို့ ဒီဆံပင်ကို သပ်သပ်ရပ်ရပ် လုပ်ရအောင် အချိန်မရဘူးဆိုလည်း ထားပါတော့၊ ခုတော့ ထမင်းချက်လည်းရှိ၊ အဝတ်ဖွပ်တဲ့လူက အဆင်သင့်၊ ထဘီလည်း မီးပူတိုက်ပြီး အဆင်သင့်၊ ဖုန်သုတ်တဲ့လူ၊ တံမြက်စည်းလှည်းတဲ့သူနဲ့ အမလေး တအိမ်လုံး အလုပ်သမား အပြည့်၊ ဘာမှ သူတို့မှာ အိမ်တာဝန်မရှိဘူး၊ ခင်ထားမွန်ဘက်က သူ့အဒေါ်တယောက်ကလည်း စကားက ခပ်စီးစီးရယ်၊ သူတို့တူမက ထမင်း ဘယ်ကဖြစ်တယ်ဆိုတာ မသိဘူး ဆိုတာမျိုး ပြောလာတော့... ဒီက မိစီကလည်း ဘာရမလဲ စောင်းသလိုလိုနဲ့ တဲ့တိုးပဲ ပြောခဲ့တယ်။ ကျွန်မတို့အမေက

စာဖတ်ဝါသနာ ပါတယ်လို့။ သိပ်လည်း မှတ်သားတတ်တယ်၊ အမေ့ကို ဘယ်သူကပြောလဲ မသိပါဘူး၊ အမေ ခဏခဏပြောတာ ကြားဖူးတယ်လို့၊ အခု အင်္ဂလန် ဘုရင်မ အယ်လီဇဘက်နဲ့ မာဂရက်တို့ရဲ့ဘွားအေ မေရီမိဖုရားကြီးဟာ ဂျော့ဘုရင်မင်းမြတ်ကို ဘယ်လိုပဲ စားတော်ကဲ၊ စားဖို့မှူးတွေ ရှိပေမဲ့ သူကိုယ်တိုင် ထမင်းချက်ပြုတ် ကျွေးတယ်လို့၊ ဒါတောင် ချစ်လို့ ယူထားတာ မဟုတ်ဘူး။ မေရီ မိဖုရားကြီးရဲ့အချစ်ဦးဟာ စစ်မြေပြင်မှာ ကျဆုံးသွားတယ်တဲ့။ အင်မတန်ကို မိန်းမပီသတဲ့ မိဖုရားကြီးလို့ အမေပြောတဲ့ပုံ ပြန်ပြောသလိုလို ဘာလိုလိုနဲ့ နှက်ခဲ့ရတယ် မောင်ကဝိရေ..."

မောင်ကဝိရော ဒေါ်သောင်းစိန်ရော ဟက်ဟက်ပက်ပက် ရယ်ကြသည်။ ဒေါ်စိန်စီကလည်း သူ့စကား သူခေတ္တရပ်ကာ ရယ်ပြန်၏။

"ဒါနဲ့ပဲ ခင်ထားမွန်မိဘတွေနဲ့ သားပေး သမီးယူကိစ္စက ပျက်သွားရောလား"

မောင်ကဝိက စကားထောက်လိုက်၏။

"ဒီအပေးအယူကိစ္စကြောင့် မဟုတ်ပါဘူး၊ ဒေါ်လေးစီတို့ဘက်က ဘာမဆို လိုက်လျောနိုင်ပါတယ်၊ ဒေါ်လေးစီကလည်း ခပ်သည်းသည်းကို ပြောခဲ့တယ်။ အသက် နည်းနည်းကြီးတာကလွဲလို့ အတွက်မှာ စိတ်ခတ်လည်း ပြောစရာ မရှိဘူး။ ပညာမှာလည်း မလိုဘူး၊ သူပိုင်ငွေနဲ့ သူ့ဟာသူ ရှာလို့ရတဲ့ ပစ္စည်းအပြင် တဦးတည်းသားပါ။ မသောင်းအမွေ အတွက်တယောက်တည်း ရမှာ၊ ဒီတော့ ခင်ထားမွန်ကိုလေ သုံးဆယ့်နှစ်ကောသမှာ တစ်ရတီရှိတဲ့ စိန်တလုံး စီပြီးကို တင်တောင်းနိုင်ပါသေးတယ်လို့၊ မိန်းကလေးဘက်က ကျွန်မလိုချင်တာ တခုတည်းပဲလို့၊ ဝမ်းဆက် ဝမ်းဆက်လို့ ဒေါ်လေးစီက အင်္ဂလိပ်လို ရွတ်လိုက်တယ်လေ။ သူတို့ကလည်း ဘာဝမ်းဆက်လဲ သိချင်လှပြီ၊ ဒေါ်လေးစီက လက်ချိုးပြလိုက်တယ်။ ၁။ ထမင်းချက်တယောက်၊ ၂။ အဝတ်လျှော်သမားတယောက်၊ ၃။ တံမြက်စည်းလှည်း ကြမ်းတိုက် ပုံထားတဲ့ ထဘီခေါက်ဖို့ မီးပူတိုက်ဖို့ တယောက်။ ၄။ စားပွဲထိုးတယောက်၊ ၅။ ဖားလျားကျနေတဲ့ ဆံပင် ခေါင်းပေါ် သပ်သပ်ရပ်ရပ် ထုံးပြီး ပေးဖို့ တယောက်၊ ၆။ လိုအပ်ပါလျှင် ဘယ်ကဖြစ်လာမှန်း မသိသော ပန်းကန်ပြားပေါ်က ထမင်းကို ခင်ထားမွန်ပါးစပ်ထဲ ရောက်အောင် ခွံ့ဖို့ တယောက်၊ ၇။ အဲဒီ ဒေါ်လေးစီပြောခဲ့တဲ့ ခြောက်ယောက်သောသူတွေအပေါ်မှာ ဦးစီးချုပ်ကိုင်ဖို့ ဟက်ဒ်ဘတ်တလာ (အိမ်ဖော်ချုပ်တယောက်)။ အဲဒီ လူဝမ်းဆက် (တစုံ) ထည့်ပေးနိုင်ရင် အချိန်မရွေး ကျွန်မတို့တူနဲ့ ပေးစားပါ့မယ် ပြောခဲ့တယ်၊ အေးရော"

စာရေးဆရာ မောင်ကဝိမှာ ဒေါ်လေးစီ၏ ပြောဟန်ရော စကားလုံးရော သဘောကျနေ၏။

"အဲဒါပဲကြည့်တော့ မောင်ကဝိရေ၊ မစီကလည်း စကားတံရှည်ရှည် စေ့လည်းစေ့စပ်ပုံနဲ့၊ အတွက်ကလည်း မိန်းမရွေးတာနဲ့၊ မင်းတို့သူငယ်ချင်း အတွက် အသက်လေးဆယ် ကျော်ပြီ၊ မိန်းမ မယူဖြစ်သေးတာ မထူးဆန်းပါဘူး"

"ဒေါ်လေးစီ လွှန်သလား မောင်ကဝိ၊ တမင်ကို အစွဲ့တိုက်ပြီး သည်းပြောလိုက်တာပဲ၊ ဒါမှ သူတို့သမီး မိန်းမ မပီတာ ပုံပေါ်သွားတယ်၊ အေးရော၊ အခု မိန်းကလေးတွေအဖြစ်က မိဘက ထားနိုင်လို့ လူတစုံ အိမ်အတွက် ထားပေးနိုင်တယ် ထားဦး၊ သူတို့က အဲဒီလူတစု သူ့နေရာနဲ့သူ အလုပ်ကွက်တိ လုပ်နိုင်အောင် ကွပ်ကဲစီမံခန့်ခွဲဖို့လည်း မတတ်၊ ခုနစ်နာရီသာ ထိုးရော တသမ်းသမ်း တဝေဝေ အိပ်ရာက မနိုးနိုင်သေးတာနဲ့ အလုပ်လုပ်ရမယ့် အိမ်ဖော်တွေ ထိုင်စောင့်နေရမှာ၊ သူတို့အထက်က ကွပ်ကဲမှု၊ စီမံမှုရှော်လို့ အလုပ်သမားတွေ အလုပ်မပြီးရင် ကိုယ်ရှော်တာ ကိုယ်ဝန်မခံဘဲ လင်ကို နားပူဦးမှာ၊ ဖြုတ်ထုတ် အသစ်ရှာပေးနဲ့လေ၊ အရမ်းလည်း အလုပ်ဖြုတ်ချင်သေးတာ၊ ဒါကြောင့် အိမ်ဖော်အုပ် တယောက်လည်း ထည့်ပေးပါလို့ ပြောရတာ၊ နို့မို့ရင် ငါ့တူလေး အတွက် အလုပ်သာ ထွက်သွားရော၊ အိမ်ဖော်တပုံကြီးရှိရက်နဲ့ ကော်ဖီလေးတခွက် သောက်မသွားရတဲ့အဖြစ် ရောက်မှာ"

မောင်ကဝိမှာ ခေါင်းလေးတညိတ်ညိတ် ဖြစ်လာ၏။ ပထမသော် ဒေါ်လေးစီ စကားတံရှည် ကြေးထူသလိုအဖြစ်နှင့် သူရယ်မိသော်လည်း တကယ်တော့ ဒေါ်လေးစီ ပြောသည်မှာ မဟုတ်တာ တခုမှ မပါပေ။

"အဲဒီအထက်လွှာက ဟာမတွေရောဂါက အလယ်အလတ်တန်း မိန်းကလေးတွေကို ကူးစက်လာရော၊ အလယ်တန်းစား မိန်းကလေးတွေကလည်း ဘာမှ အိမ်မှာ တာဝန် ပိပိပြားပြား မယူဘဲ ဂွီဂေါ်... ဂွီဂေါ်နဲ့။ နောက်ဆုံး မိန်းမ လမ်းသရဲ၊ ယောကျ်ားလမ်းသရဲတွေဖြစ်ပြီး မိန်းကလေးတွေလည်း မိန်းမဈေး ဖျက်တဲ့အဖြစ် ရောက်ရတာပဲကွဲ့၊ အေး... သူကြိုက်တဲ့သူ သူတွေ့လို့ အတွက်တယောက် မယားစံရွေးပြီး မယားခွေနဲ့ပဲရရ ကံအကြောင်းပေါ့လေ။ ဒေါ်လေးစီမျက်လုံးနဲ့တော့ အဲဒီဟာမလေးတွေနဲ့ မကိုက် မကိုက်"

လက်ချောင်းများကို မြှောက်၍ခါကာ ဒေါ်စိန်စီသည် သက်ပြင်းချရင်း စကားစသတ်လိုက်၏။

"ဩော်... မောင်ကဝိရဲ၊ ဒေါ်ဒေါ်သောင်းတို့ မျက်လုံးနဲ့တော့ ဘယ်ပုံကျနိုင်မလဲ၊ စိတ်တိုင်းလည်း မကျဘူးပေါ့၊ တို့မိဘတွေလည်း တို့ခေတ်ကို အားမလို အားမရနဲ့ သေသာသေသွားရော၊ တခေတ်ကို တခေတ်က စိတ်တိုင်းမကျရင်း သေသွားကြရတာပဲမို့လား၊ ကိုယ်ကတော့ ဖြစ်ချင်တာပေါ့၊ ဖြစ်နိုင်သလောက်တော့ ကြိုးစားရမှာပဲလေ၊ ကိုယ်ဖြစ်ချင်သလိုဆိုတဲ့

ပုံစံကွက်တိတော့ ဖြစ်လာမယ် မဟုတ်ပါဘူး၊ ဖြစ်ချင်တာ ဖြစ်ပေစေလို့ လက်လျှော့ရမယ်လို့ ဒေါ်ဒေါ်သောင်း မဆိုလိုပါဘူး၊ အတတ်နိုင်ဆုံးတော့ ကြိုးစားရမှာပဲ၊ တို့မျှားအမေ ဆုံးခါနီးက ခဏခဏပြောတယ်၊ "ငါသေရင် နင်တို့တော့ နှာခေါင်း ငရုတ်ကျည်ပွေ့ တွေ့မယ် တွေ့မယ်နဲ့၊ တို့ကလည်း နောက်တခေတ်ကို "နှာခေါင်း ငရုတ်ကျည်ပွေ့ တွေ့မှာ စိုးတာပဲ၊ အေး...၊ နောက်ဆုံးတော့ စိတ်ဖြေရတယ်။ သူ့ခေတ်နဲ့ သူ့ငရုတ်ကျည်ပွေ့ တွေ့ကြတာချည်းပါပဲလေ"

ဒေါ်သောင်းစိန်၏ လေအေးအေးနှင့် ပြောပုံကို မောင်ကဝိသည် နားထောင်ရင်း သူ့စရိုက်နှင့်သူ ညီအစ်မနှစ်ယောက် စကားလုံး သုံးပုံများကို သဘောကျနေတော့သည်။

"ကဲ... ပြန်ဦးမယ် မောင်ကဝိ၊ လှလှနွယ် ပြန်လာရင်သာ တို့မျှား လူနာလာမေးတဲ့အကြောင်း ပြောလိုက်ပါ၊ မင်းသူငယ်ချင်းကလည်း လှလှနွယ်အပေါ် စိုးရိမ်နေတယ်။ ဘယ်လိုဖြစ်ပြီး စိတ်ထိခိုက် သွားရတာလဲဆိုတာ သူသိချင်တယ်တဲ့၊ ခဏ ခဏ စာထဲမှာပါတယ်"

"ဟုတ်ကဲ့... သူက ယဉ်ယဉ်လေးရယ်၊ သူ့စကားပြောဟန်သာတွေ့ရင် တွေ့တွေ့ချင်းလူက သူ့ကို ဦးနှောက် မကောင်းဘူးလို့ ဘယ်သူမှ မယုံဘူး။ သူ့ညီအစ်မတွေတောင် မယုံဘူး၊ ခုမှယုံတာ။ ခုလည်း သူ့အနားက မိန်းမအဖော်လေး အသစ်မရခင် သူ့ညီမတွေက စိတ်ပြေလက်ပျောက် လည်ရအောင် မြင်းခြံ ခဏ ခေါ်သွားတယ်"

"မိန်းမအဖော်အတွက်လည်း စိတ်ချ၊ မစောဖြူကျောင်းကဆိုရင် အသန့်တယောက် ရှာပေးခဲ့ပြီးမှ အဟောင်းသူငယ်မတွေက ထွက်တယ်၊ မစောဖြူတို့ ထားဝယ်ရှင်နှောင်းတို့ ဒေါ်လေးစီတို့က မော်တင်လိမ်း အုပ်စုတွေလေ။ တော်တော်လေး စနစ်တကျ ရှိတယ်၊ ဆိုင်းဘုတ်ကြီးထောင် အသင်းရယ်၊ ကျောင်းရယ်လို့ နာမည်မတပ်တာကတော့ အမြတ်တော်ကြေး ကြောက်လို့ဟဲ့။ ထားဝယ်ရှင်နှောင်းက ပြောတယ်။ ဝင်ငွေရယ် အမြတ်ရယ်လို့ အဓိကထား လုပ်တာမှ မဟုတ်ဘဲ၊ အားလုံး အဆင်ပြေရေး လုပ်ရတာတဲ့။ သူပြောတာလည်း ဟုတ်တုတ်တုတ်... မင်းလည်း ယောကျ်ားစာရေးဆရာ အမြင်နဲ့ မစောဖြူတို့ကျောင်းလေးမှာ စကားလေး ဘာလေး လာပြောပါဦး၊ တချို့စာရေးဆရာတွေနဲ့ နိုင်ငံရေးသမားတွေက မီးဖိုချောင်စကား စရင်ပဲ သေးဖွဲ့တယ်လို့ အပြစ်တင်တယ် မီးဖိုချောင်ဟာ တဲကနေ နန်းတော်အထိ ရှိတယ်ဆိုတာကို သူတို့ပညာရှိကြီးတွေ သတိမပြုတာ ခက်တယ်ကွယ်၊ မီးဖိုချောင်က ပေါင်မုန့်ပြဿနာ အဆင်မပြေတဲ့ အကြောင်းတကြောင်းဟာ ပြင်သစ်တော်လှန်ရေး ဖြစ်ရတဲ့ အဓိက အကြောင်းတွေထဲမှာ

တကြောင်းပါတယ်ဆိုတာ သူတို့ လက်မခံနိုင်သလိုပဲကွယ်၊ ထမင်းမစားဘဲ လယ်လုပ်ရတဲ့ လယ်သမား၊ စက်ရုံအလုပ်သမား ရှိသလားကွဲ့၊ မအေးဘုံ ငါးပိ ကောင်းကောင်း ထောင်းတတ်တော့ ငစိန်ဆန်ထမင်း အေးစက်စက်ကို ကိုသာဆန်းလယ်ကန်သင်းပေါ် ထိုင်ရွေးရတာ အရသာ ရှိတာပေါ့ကွယ်... ဟဲ... ဟဲ... အကျယ်ပွားယူတော့ဟေ့၊ တခုကရှိတယ်၊ အင်မတန် ငါးပိလှိုင်လှိုင် စားတတ်တဲ့ လယ်သမား ငါးပိရှာမရတဲ့ ဒုက္ခလည်း ရှိသေးသနော်"

ဒေါ်စိန်စီ နေရာမှ ထတော့သည်။ ဒေါ်သောင်းစိန်က ကားပေါ်တက်ရင်း...

"ကဲ... ပြန်ဖြစ်ပြီ မောင်ကဝိရေ၊ မင်းဒေါ်လေးစီတော့ ဒေါ်လေး စကား တံရှည် ဖြစ်တော့မယ်၊ မကြာခင် သူလည်း ဖြစ်ချင်တာတွေ မဖြစ်ရတဲ့ ဝေဒနာနဲ့ လှလှနွယ်လို စိတ်ရောဂါကု ဆေးရုံ တင်ရလိမ့်မယ်" ဟု ပြောလိုက်၏။

မောင်ကဝိမှာ အားရပါးရ ရယ်မိ၏။ ညီအစ်မနှစ်ယောက် ကားပေါ်တက် နှုတ်ဆက်သွားကာ ကားထွက်သွားချိန်အထိ သူ့မှာ အရယ်မရပ်နိုင်သေးပေ။ သံဆွဲတံခါးကို ဆွဲနေပြီး စာကြည့်ခန်းထဲ ဝင်လိုက်၏။

သူ အမဲပစ်ထွက်စဉ် မှတ်သားထားသော မှတ်တမ်းအကြမ်းများကို ပြန်လည်ကြည့်ရှုနေ၏။ မကြာခင် စံထူးသည် စာဖတ်ခန်းထဲ ဝင်လာ၏။

"ဆရာ... ကြင်မြိုင် ပြန်လာတယ်၊ သူနဲ့အတူ မိန်းကလေးတယောက်လည်း ပါလာတယ်"

"အေး... ကောင်းပြီ၊ ထမင်းစားခန်းမှာ ထားဟေ့... ငါလာခဲ့မယ်"

မောင်ကဝိ ထမင်းစားခန်းထဲ ဝင်သွားသောအခါ ကြင်မြိုင်နှင့် မိန်းကလေးတယောက်ကို တွေ့ရသည်။ မိန်းကလေးနှစ်ယောက်သည် သူ့ကို ရိုသေစွာထ၍ နှုတ်ဆက်၏။

"ထိုင်ကြ... ထိုင်ကြ၊ ဒီမိန်းကလေးက ကြင်မြိုင့်နေရာ အစားဝင်မယ့် မိန်းကလေးလား..."

"ဟုတ်ပါတယ် ဆရာ၊ ပြီးတော့ ဆရာမကြီး ဒေါ်စောဖြူက မှာလိုက်ပါတယ်၊ ထောက်ခံစာရော၊ ဆေးစစ်တဲ့စာရော သူ့အတွက် လခရော အစစ စကား ပြောဖို့ ဆရာကိုယ်တိုင် ကျွန်မတို့နဲ့အတူ လာခဲ့ပါဦးတဲ့"

"အေးကွယ်... ငါ ဒီနေ့ အလုပ်အားတယ်။ ဒီနေ့ တခါတည်း ပြီးအောင်လုပ်မယ်... သူ့နာမည်က..."

"ရှဲလာပါ..."

ရှဲလာကို မောင်ကဝိသည် အကဲခတ်သလို ကြည့်လိုက်၏။

"အေး... ကျေးဇူးတင်ပါတယ် ရှဲလာ၊ ကဲ... ကြင်မြိုင်ကရော မင်းအန်တီအကြောင်း ရှဲလာကို အကုန်ပြောပြပြီးပြီလား"

"ဟုတ်ကဲ့"

"ငါ့သား သောမတ်စ်ကလွဲလို့ တို့အိမ်မှာ စိတ်ညစ်စရာ မရှိပါဘူး၊ ထမင်းချက်ဖို့လည်း စံထူး ရှိတယ်ကွဲ့၊ ရှဲလာ အထူးတာဝန်ယူရမှာက မင်းအန်တီကို ဂရုစိုက်နော်၊ သူပြောသမျှ ခေါင်းသာညိတ်၊ သူပြောတဲ့ပုံကို စိတ်ရှည်လက်ရှည် နားထောင်နော်၊ စံထူးရေ... မောင်ငွေကို ကားထုတ်ခိုင်း... ငါ ဒေါ်စောဖြူဆီ သွားမလို့"

မောင်ကဝိသည် အဝတ်အစားလဲကာ ကြင်မြိုင်တို့နှင့်အတူ ဒေါ်စောဖြူကျောင်းလေးသို့ ထွက်လာခဲ့၏။

အားလုံးကိစ္စများ တညနေအတွင်း ပြီးပြတ်ခဲ့သည်။ ရှဲလာသည် ဒေါ်လှလှနွယ်အခန်းနှင့် ကပ်လျက် သူ့အိပ်ခန်းလေးတွင် သူပိုင်ပစ္စည်းလေးများကို နေရာချလိုက်၏။

သူ့ထုံးစံအတိုင်း ဘုရားသခင်ထံ ဆုတောင်းရပြန်သည်။ ဤဦးကဝိတို့ မိသားစုသည်လည်း သူ့အတွက် သဘောထားကောင်းမွန်သော မိသားစု ဖြစ်ပါစေဟု ဆုတောင်းမိ၏။ သူမမြင်ရသေးသော ဦးကဝိသား သောမတ်စ်ဆိုသော သူငယ်လေးသည်လည်း သူသည်းမခံနိုင်လောက်အောင် ဆိုးသွမ်းသော သူငယ်လေး မဖြစ်ပါစေနှင့် ဆုတောင်းရပြန်သည်။

ထမင်းချက် စံထူးတို့လင်မယားထံမှ သူ စုံစမ်းရသမျှကမူ သောမတ်စ်သည် ဆယ့်ခြောက်နှစ် သာသာလောက်ပင် ရှိသေး၏ဟု သိရသည်။ သူ့သားလေးနှင့် အသက်မတိမ်းမယိမ်းပါပင်တည်း။

နောက်တပတ်တွင်မူ ဒေါ်လှလှနွယ်နှင့် သောမက်စ်တို့ မြင်းခြံမှ ပြန်ရောက်လာ၍ သူ့လုပ်ငန်း စရတော့သည်။

*

"ဟိုး..ရှေးရှေးတုန်းကလေ..."

ရဲလာသည် ဒေါ်လှလှနွယ် ပြောသမျှကို နားထောင်နေရမည်ဟု ကြင်မြိုင် သွန်သင်ထားသည့် အတိုင်း ခေါင်းညိတ်လိုက်၏။

"ဟင်းမလင်းဆိုတဲ့မြို့မှာ ကြွက်တွေဟာ သိပ်သောင်းကျန်းကြတာပဲတဲ့၊ မင်း အဲဒီပုံ နားထောင်ဖူးလား ကြားဘူးလား"

"မကြားဖူးပါဘူး အန်တီရယ်... အခု အန်တီပြောမှပဲ ကြားဖူးပါတယ်"

"သေသေချာချာ နားထောင်နော်၊ အဲဒီကြွက်တွေဟာဆိုရင် ပထမတော့ မြေကြီးထဲမှာ တွင်းလုပ်နေရင်းက အိပ်ပေါ်တက် အသိုက်တွေ လုပ်တယ်။ သစ်ပင်ပေါ်မှာလည်း လုပ်တယ်၊ အိမ်ခေါင်မိုးလည်း အသိုက်လုပ်၊ အိမ်ထဲမှာ မီးဖိုချောင်ထဲတွင်မက လူတွေရဲ့သေတ္တာ၊ ဦးထုပ်ထဲ ဝင်ပြီးနေတယ်။ နောက် အင်္ကျီချိတ်ထားတာတောင် အင်္ကျီအိတ်ထဲဝင်ပြီး အသိုက်လုပ်သတဲ့၊ မြို့သူမြို့သားတွေမှာလည်း ကြွက်တွေ သောင်းကျန်းတဲ့ဒဏ်ကို မခံနိုင်လို့ မြို့တော်ဝန် တိုင်ကြသတဲ့။ မြို့တော်ဝန်ဆိုတာ မြို့ရဲ့သန့်ရှင်းရေး၊ ကျန်းမာရေးကအစ တာဝန်ယူရတယ်။ မြို့သူမြို့သားတွေကလည်း ကြွက်တွေ သောင်းကျန်းတဲ့အဖြစ်က တဦးတယောက်တည်း လုပ်လို့ မရဘူးဆိုတာ သိလို့ မြို့တော်ဝန်ကို မြို့သူမြို့သားတွေဟာ ဝိုင်းကူကြပါတယ်။ ဒါပေမဲ့ ကြွက်ရန်ဟာ ဘယ်လိုမှ ကာကွယ် မရဘူးတဲ့ကွယ်..."

"ဟုတ်ကဲ့..."

ရဲလာက ဟုတ်ကဲ့ မှန်မှန်လိုက်၏။ သူ့ခများမှာလည်း တကယ်ပင် ဤပုံပြင်ကို မကြားဖူးပေ။ ယခင် မြို့ကြီးကျောင်းများတွင် နေဖူးသူများကမူ အင်္ဂလိပ် တတ်တတ် မတတ်တတ် ပုံပြောဆရာမ အချိန်ရောက်လျှင် မြန်မာ့ရိုးရာ ပုံပြင်များရော၊ အနောက်တိုင်း ပုံပြင်များရော အတော် စုံစုံလင်လင် ကြားဖူးနားဝတော့ ရှိစမြဲ ဖြစ်၏။ ယခုတော့ ရဲလာအဖို့ ကြားလည်း မကြားဘူးသောကြောင့် အတော်ကို စိတ်ဝင်စားလာ၏။ သူတို့ကသာ ဒေါ်လှလှနွယ်အား စိတ်ရောဂါဝေဒနာသည်ဟုသာ ပြောသည်။ သူ့စိတ်ထဲတွင် ပုံပြောကောင်းသော ဆရာမကြီးတယောက်ဟု ထင်သည်။

"နောက်ဆုံးတော့ ပုခက်ထဲမှာ သိပ်နေတဲ့ ကလေးတွေကိုတောင် ကြွက်တွေက ဝင်ကိုက်သတဲ့၊ ဒါလောက်အထိ ကြွက်ရန်က သောင်းကျန်းတော့ ဟင်းမလင်းမြို့ကြီးဟာ ပျက်လုနီးနီး ဖြစ်လာရော၊ လူတွေစားဖို့ အစားအစာဆိုလည်း မီးဖိုထဲမှာ ချက်ပြုတ်ထားရတာ မလွယ်၊ စပါးတွေ သိုလှောင်ထားတဲ့ စပါးကျီထဲလည်း ဝင်စားကြ သောက်ကြနဲ့၊ အို... ကြောက်စရာ

ကောင်းလာတာပေါ့"

"ဟုတ်ကဲ့"

ရှဲလဲ့စိတ်ထဲမှာလည်း တကယ်ပင် ကြောက်ရွံ့လာ၏။

"အဲဒါနဲ့ တနေ့ကျတော့ လူထူးလူဆန်းတယောက် သူတို့မြို့ကို ရောက်လာသတဲ့။ သူက သူဟာ အခု ဟင်းမလင်းမြို့မှာ သောင်းကျန်းနေတဲ့ ကြွက်တွေရန်ကို နှိမ်နင်းပေးနိုင်တယ်လို့ ပြောသတဲ့။ သူ့စကားဟာ မြို့သူမြို့သားတွေကတဆင့် မြို့တော်ဝန်နဲ့အပေါင်းပါ ရပ်ရွာလူကြီးတွေရဲ့ နားကို ရောက်သွားသတဲ့။ ဒါနဲ့ မြို့တော်ဝန်နဲ့ မြို့တာဝန်ခံ လူကြီးတွေဟာ ဒီလူထူးလူဆန်းကို ခေါ်ယူ တွေ့ဆုံကြတာပေါ့ကွယ်"

"ဟုတ်ကဲ့..."

"ခင်ဗျားဘယ်သူလဲလို့ မေးတော့ ကျုပ်ဟာ ပလွေဆရာကြီးပါတဲ့။ ခင်ဗျား ကျုပ်တို့မြို့မှာ သောင်းကျန်းနေတဲ့ ကြွက်တွေအကြောင်း ကြားလာမှာပေါ့လို့ မြို့တော်ဝန်က ပြောသတဲ့။ လူထူးလူဆန်းက သူသိပါတယ်လို့ ဖြေသတဲ့။ ဒီလိုဆိုရင် ကြွက်တွေကို တကောင်မှ မကျန်အောင် နှိပ်နင်းပါ။ ဒီကြွက်ရန်ကို နှိမ်နင်းလို့ အောင်မြင်ခဲ့ရင် ထိုက်တန်တဲ့ဆုလာဘ် ပေးမယ်ပေါ့။ ခင်ဗျား ဘာလိုချင်လဲ... တောင်းလို့ ပြောတော့ လူထူးလူဆန်းက ပြောတာပေါ့လေ။ အသပြာငွေ တထောင် ပေးရမယ်ဆိုတော့ အားလုံးကပဲ ဝမ်းသာအားရ ကျေနပ်ကြပြီး မြို့တော်ဝန်ကအစ ရွာလူကြီးတွေက အသပြာငွေတထောင်ပေးဖို့ ကတိထားကြတာပေါ့လေ"

"ဟုတ်ကဲ့"

"အဲ... ပလွေဆရာကြီးကလေ သူ့ရဲ့အင်္ကျီအိတ်ထဲက ပလွေကြီးကို ထုတ်ပြီး မှုတ်တော့တာပဲ။ အို... ပလွေသံကလည်း လွမ်းစရာလား၊ ပျော်စရာလား၊ ကြည်နူးစရာလားလို့ မပြောနိုင်အောင် အသံမျိုးစုံ အလှည့်တွေ၊ အဖွဲ့တွေနဲ့ပေါ့ကွယ်၊ သာမန်ပလွေမှုတ်သမားတွေ မှုတ်သလို မဟုတ်ဘူး၊ သိပ်ထူးဆန်းတဲ့ အသံပဲတဲ့"

"ဟုတ်ကဲ့"

"ပလွေဆရာကြီးက သူ့ပုလွေကို အဲဒီလိုပဲစပြီးလည်း မှုတ်ရော၊ အို... ကြွက်တွေ သစ်ပင်ပေါ်က အိမ်ပေါ်က၊ သေတ္တာထဲက၊ ဦးထုပ်ထဲက၊ တွင်းထဲ မြေကြီးထဲ အောင်းနေတဲ့ ကြွက်တွေဟာ ထွက်ထွက်လာလိုက်တာ မပြောပါနဲ့ကွယ်၊ မြင်မကောင်းပါဘူး၊ စပါးကျီထဲကလည်း ထွက်လာကြနဲ့၊ အားလုံးလည်း ထွက်လာရော ပလွေဆရာကြီးဟာ ဟင်းမလင်းမြို့အနားက ဗီယာမြစ်ဆိပ်ကမ်းအထိ သူ့ပလွေကို မှုတ်ရင်း လျှောက်သွားတာပေါ့လေ၊

သူ့နောက်ကလည်း ကြွက်တွေက လိုက်သတဲ့၊ နောက်ဆုံး တိုတိုပြောရရင် ကြွက်တွေအားလုံးဟာ အဲဒီမြစ်ထဲကို ခုန်ချလိုက်ကြတာ တကောင်မှ မကျန်ဘူး၊ အကုန်သေကုန်ရော"

"အမလေး... ထူးဆန်းလိုက်တာ၊ အံ့သြစရာပဲနော်"

ရှဲလာသည် ဟန်မဆောင်တတ်သူလေးပီပီ သူ့မျက်နှာက အံ့သြရုံမက စိတ်တကယ် ဝင်စားပုံကို ပြလိုက်သောအခါ ပုံပြောသူ ဒေါ်လှလှနွယ်သည်လည်း တကယ်ပင် ကျေနပ် နှစ်သိမ့်သွား၏။

"အဲ... အဲ... မင်းနာမည်က ဘယ်သူ..."

"ရှဲလာ...ပါ"

"အေး အေး.. မင်းက လူသစ်ဆိုတော့ အန်တီက မေ့တတ်လို့၊ မင်းအန်ကယ်က ရှဲလာလို့ ခဏခဏ ခေါ်နေတာတောင် မေ့မေ့သွားတယ် ရှဲလာရဲ့၊ ပုံက မဆုံးသေးဘူး"

"ဆက်ပြောပါဦး အန်တီ"

"ပြောရမယ်... ပြောရမယ်။ ရေမြေဆုံးတောင် ဒီပုံက မဆုံးဘူး အောက်မေ့လိုက်ပါ"

ဒေါ်လှလှနွယ်က ထိုစကားလုံးများကို မျက်လုံးလေးများ ဝင်းဝင်းတောက်ကာ ရေရွတ်လိုက်၍ ရှဲလာမှာ ပိုမိုစိတ်ဝင်စားလာရပြန်သည်။

"အဲဒါနဲ့ ကြွက်တွေ သေကုန်တော့..."

ဒေါ်လှလှနွယ်သည် ပုံကို ဆက်ပြောပြန်၏။

"မြို့တော်ဝန်နဲ့ မြို့မျက်နှာဖုံးလူကြီးတွေက ပလွေဆရာကြီးကို ထမင်းစားပွဲကြီးလုပ်ပြီး ကျွေးမွေး ဧည့်ခံတာပေါ့၊ မြို့သူမြို့သားတွေလည်း ကြွက်တွေ ဘေးရန်က လွတ်သွားတော့ စိတ်ချမ်းသာသွားတာ အလွန်ပါပဲတဲ့၊ ထမင်းစားပွဲပြီးတော့ သူ့တာဝန်လည်း ကျေပြီပေါ့၊ ပလွေဆရာကြီးက မြို့တော်ဝန်နဲ့ သက်ဆိုင်ရာ လူကြီးတွေကို ပြောပြတယ်လေ... သူ့တာဝန်ဖြင့် ကျေပါပြီ။ သူ့ကိုပေးဖို့ ကတိပြုထားတဲ့ ငွေသာ ပေးပါလို့ ဆိုပါသတဲ့၊ ဘာဖြစ်လို့မှန်းတော့ မသိပါဘူးကွယ်၊ အဲဒီမြို့တော်ဝန်ဟာလေ သူငွေပေးရမယ့်အလှည့်လည်းရောက်ရော တုတ်တုတ်မှ မလှုပ်ဘူး၊ လူကြီးလူကောင်းတို့ တာဝန်တခုခု ယူထားတဲ့သူတို့ ဆိုတဲ့လူတွေဟာ ကတိလည်း လွယ်လွယ်မပေးရဘူး၊ ထားခဲ့တဲ့ ကတိသစ္စာကိုလည်း

တည်ရတယ် သိရဲ့လား ရှဲလာ..."

"ဟုတ်ကဲ့"

"နောက်ဆုံးတော့ ပလွေဆရာကြီးဟာလေ ဒေါပွလာတာပေါ့၊ ကဲ... ဒီလိုသာ ကတိမတည်၊ လူကြီးလူကောင်း မပီသ၊ သစ္စာမရှိကြရင်ဖြင့် သူ လက်စားချေရပါလိမ့်မယ်ပေါ့၊ မြို့တော်ဝန်နဲ့ သက်ဆိုင်ရာလူကြီးတွေက ပလွေဆရာကြီးအပေါ် အထင်သေးထားလေတော့ ပလွေဆရာကြီးရဲ့ လက်စားချေတာဟာ ဘယ်လိုမှ သူတို့ကို ကြီးကြီးကျယ်ကျယ် ထိခိုက်နစ်နာမယ် မထင်ဘူး၊ ဒီတော့ သူတို့ကလည်း ဒီငွေကို ပေးရမယ့်အလှည့်မှာ ပေးကို မပေးဘူး၊ ပလွေဆရာကြီးဟာ သူ့ရဲ့ လက်စားချေပွဲကြီးကို စပါလေရော"

"ဟုတ်ကဲ့... ဘယ်လိုများလုပ်ပါလိမ့်..."

ရှဲလာက မေးလိုက်၏။

"အန်တီ ဖြည်းဖြည်းပြောပြမယ် နားသာထောင်၊ တခါတည်း သူ့ပလွေကို ထူးဆန်းလှတဲ့ သူ့အင်္ကျီအိတ်က ထုတ်ပြီး မှုတ်လိုက်တာအို... အသံဟာ သိပ်သာယာတာပဲတဲ့၊ ကြွက်တွေ ထွက်လာအောင် မှုတ်တုန်းကနဲ့ မတူဘူး၊ အလှည့်အနွဲ့တွေနဲ့ ပလွေသံဟာ သိပ်ကြည်နူးဖို့ ကောင်းတာပဲ၊ မြို့လယ်လမ်းမကြီးကနေ တဖြည်းဖြည်း မှုတ်သွားလိုက်တာ မြို့သူမြို့သားတွေက လည်း ထွက်ကြည့်တာပေါ့၊ မြို့တော်ဝန်နဲ့ သက်ဆိုင်ရာ တာဝန်ခံလူကြီးတွေကလည်း မြို့တော်ခန်းမ ဆင်ဝင်ဆောင်ကနေ ကြည့်နေကြတယ်။ အဲဒီအချိန်မှာ အရင်လို ကြွက်တွေ ထွက်မလာဘဲ အိမ်တိုင်းစေ့ ရှိရှိသမျှ လမ်းလျှောက်တတ်စ အရွယ်ကစပြီး ကလေးတွေဟာ ပလွေဆရာကြီးနောက်ကို ကခုန် မြူးထူးပြီး လိုက်သွားလိုက်တာ ဘယ်အိမ်မှာမှ ကလေးတယောက် မကျန်ခဲ့ဘူး၊ မိဘနဲ့ အုပ်ထိန်းသူတွေဟာ ဒီကလေးတွေကို မလိုက်ပါနဲ့လို့ တားလို့လည်း မရဘူး၊ သူတို့လည်း လှုပ်လို့တောင် မရဘူး၊ ပလွေသံမှာ မိန်းမောနေလိုက်ကြတာ"

"သိပ်... ထူးဆန်းတာပဲနော်"

"နောက်ဆုံးတော့ ပလွေဆရာကြီးနဲ့ ကလေးတွေဟာ မြို့ပြင် ရောက်သွားရော၊ မြို့ပြင်မှာ ကျောက်တောင်ကြီးတလုံး ရှိတယ်၊ အဲဒီ ကျောက်တောင်နားမှာ ပလွေကို ဆက်မှုတ်လိုက်တယ် ဆိုရင်ပဲ ကျောက်တောင်ရဲ့နံရံက တံခါးကြီးဟာ ဟင်းလင်းပွင့်သွားရာ၊ ကလေးတွေဟာ ကခုန်မြူးထူးပြီး ကျောက်တောင်ခေါင်းထဲကို အကုန်လည်း ရောက်ရော ကျောက်တောင်နံရံကြီးဟာ တခါတည်း ပိတ်သွားရော..."

"အမလေး... ကြောက်စရာကြီး၊ ကလေးတွေ ကလေးတွေ ဘာဖြစ်သွားလဲ"

"ကလေးလေးတွေလည်း ဘယ်တော့မှ ပြန်မလာတော့ဘူးတဲ့၊ 'ဟင်းမလင်း' မြို့ကြီးလည်း ကလေးတွေ တယောက်မှ မရှိတော့ တိတ်ဆိတ်ခြောက်သွေ့သွားလိုက်တာ တခါတည်း ကျက်သရေမဲ့သလို ဖြစ်သွားတာပေါ့"

"လူကြီးတွေ ကတိမတည်တာတခုနဲ့ ကလေးတွေ သေသွားတာပေါ့... နော်"

ရှဲလာသည် နားထောင်ရင်း မျက်ရည်များ ဝဲလာ၏။ ပုံပြောသူ ဒေါ်လှလှနွယ်သည်လည်း မျက်ရည်များ စို့လာ၏။

"အဲဒါနဲ့... ပလွေသံလည်း တိတ်ရော မြို့သူမြို့သားတွေဟာ ချက်ချင်း သူတို့ကလေးတွေနောက် လိုက်တော့ တယောက်မှ မတွေ့၊ ကျောက်နံရံကြီးလည်း ပိတ်၊ ပလွေဆရာကြီးလည်း ဘယ်ရောက်သွားလည်းမသိ၊ ပျောက်ခြင်းမလှ ပျောက်သွားတာပဲ၊ မိဘတွေဆိုတာ ဒီနေရာမှာ အလူးအလိမ့်ပေါ့၊ ရူးမတတ်ပဲ။ နောက်ဆုံး ကျောက်တောင်နားမှာ ခြေကျိုးပြီးနေတဲ့ ကလေးလေး တယောက်ကို တွေ့သတဲ့။ ကလေးလေးဟာ ငိုလိုက်တာ၊ ဒီကလေးဟာ ခြေမသန်တော့ သူများကလေးတွေလို ပလွေဆရာကြီးနောက်ကို မြန်မြန်ထက်ထက် မလိုက်နိုင်လို့ နောက်ဆုံးမှာ ကျန်ခဲ့တဲ့ကလေးလေးပေါ့၊ မိဘတွေဟာ ခြေမသန်တဲ့ကလေးကို အငိုတိတ်အောင် ချော့မော့ပြီး မေးမြန်းတော့ ကလေးငယ်က ပြန်ပြောသတဲ့။ ပလွေဆရာကြီးမှုတ်တဲ့ ပလွေသံဟာ သူတို့နားမှာတော့ သီချင်းတပုဒ် ဆိုသလို ကြားရသတဲ့၊ သီချင်းအဓိပ္ပာယ်ကတော့ ဦးလေးကြီးနောက်ကို လိုက်ခဲ့ကြပါ ကလေးတို့၊ တို့များအားလုံး အင်မတန်လှပတဲ့ ဥယျာဉ်ထဲမှာ ကြည်လင်တဲ့ ရေကန်ကြီးလည်း ရှိတယ်၊ ရေကန်ထဲမှာလည်း ကြာပွင့်တွေ၊ ကန်စွန်းနွယ်တွေ ရှိတယ်၊ ရွှေငါး၊ ငွေငါးလေးများလည်း ရေလွှာအောက်မှာ ကူးခပ်နေကြတယ်။ ကလေးတို့ ကြည်လင်တဲ့ ရေကန်ထဲမှာ ရွှေငါးလေးများနဲ့ ရေကူးကြရအောင်တဲ့။

ရေကူးလို့ မောလာရင် ကန်းအနီးက မြက်ခင်းပေါ်မှာ နေပူဆာ လှုံမယ်၊ နေရောင်ဟာ ပူနွေးရုံပဲ ရှိတယ်တဲ့၊ မျက်စိကို မကျိန်းစပ်ဘူး၊ အသားကို မပူလောင်စေဘူးတဲ့၊ ဦးလေးကြီး မင်းတို့စားဖို့ မုန့်တွေ၊ သစ်တော်သီးတွေ၊ စပျစ်သီးတွေ၊ ပန်းသီးတွေ ပေးမယ်၊ ဥယျာဉ်ထဲက အပင်တွေဟာ ပန်းမျိုးစုံတွင်မက မင်းတို့ ကြိုက်တဲ့ အသီးမျိုးစုံ သီးတယ်ကွဲ့၊ ရေပြင်ပေါ်မှာ ကစားပြီးရင် ဥယျာဉ်ထဲမှာ မြက်ခင်းထဲမှာ မင်းတို့ကြိုက်သလောက် ကစားနိုင်တယ်"... တဲ့ အဲသလို ပလွေသံဟာ သီချင်းဆိုပြီး သွားသလို ကလေးတွေ နားထဲမှာရော သူ့နားထဲမှာရော ကြားပါသတဲ့။ တခြားကလေးတွေကတော့ ခြေမြန်မြန် လျှောက်နိုင်တော့ ကျောက်တောင်ခေါင်းထဲကို ရောက်သွားပြီး သူ့မှာတော့

ခြေကျိုးလို့ ဖြည်းဖြည်း လျှောက်ရင်း ကျန်ရစ်ခဲ့တယ်ဆိုပြီး ငိုသတဲ့ ဟီး...ဟီး... အဟင့်... အဟင့်.."

ဒေါ်လှလှနွယ်သည် ပုံကို ဆက်မပြောတော့ဘဲ ငိုလိုက်၏။

"အန်တီငိုရင်လေ ဘာမှဆက်မမေးနဲ့..." ဟု ကြင်မြိုင် မှာထား၍ ရဲလာမှာ ဆက်မမေးရဲ။ သို့သော် ပုံလေးအဆုံးသတ်ကို သူကြားရ၏။ ဒေါ်လှလှနွယ်သည် ဆက်၍တော့ပြော၏။ ပုံအကြောင်း မဟုတ်ပေ။

"မင်း... မင်းရဲ့အန်ကယ်လေ... စာရေးဆရာကြီး ဦးကဝိလေ၊ သူက ဟင်းမလင်းမြို့က ပလွေဆရာကြီးပေါ့... ဟင့်... ဟင့်... တို့ဆရာကြီး ဂွမ်လျောင်က တို့ကျောင်းမှာ ပြဇာတ်လုပ်တော့ "စလေအညာဏ ပလွေဆရာကြီး" ဆိုပြီး ပြဇာတ်ရေးပြီး ကျောင်းသားတွေ ပြဇာတ် ကရတယ်၊ ဒီတုန်းက မြင်းခြံကျောင်းမှာ အန်တီ နေရတယ်ကွဲ့၊ အန်တီက ငယ်ငယ်ပဲ ရှိသေးတယ်၊ ခြေကျိုးတဲ့ ကလေးလေး လုပ်ရတယ်...။ ခုလည်း အန်တီ ကံကောင်းလို့ ကျန်ရစ်တာ၊ နို့မို့ရင်လေ သူ့ပလွေသံကို ယောင်မှားပြီး လိုက်တဲ့ တခြားမိန်းကလေးတွေလို ကျောက်တောင်ခေါင်းထဲမှာ အန်တီ ပိတ်သေမှာ...၊ အမလေး အသက်ရှူမဝလိုက်တာ အညို့ကောင်းတဲ့ ပလွေဆရာကြီး၊ ပလွေသံနဲ့ ကလေးတွေကို ညာခေါ်တဲ့ ပလွေဆရာကြီး၊ လူညာကြီး သူ့ကြောင့် ကလေးတွေ ကလေးတွေ သေရတယ်၊ ပျက်စီးရတယ်။ သူ့ဥယျာဉ်ကြီးက တကယ်လည်း မရှိဘဲနဲ့၊ ဟီး... ဟီး..."

"ဘာဆက်လုပ်" ဟူ၍ ကြင်မြိုင်က မမှာခဲ့၍ ရဲလာသည် ဘာဆက်လုပ်ရမှန်းမသိ။ ငိုရင်းမှ တက်၍များ သွားမလား၊ တက်သွား၍ လူနာတစုံတခု ဖြစ်ခဲ့သော် ဦးကဝိကများ သူ့ကို အပြစ်တင်လေမလား၊ အိပ်ဆေးတိုက်ရ ကောင်းမလား၊ ငြိမ်ဆေးတိုက်ရ ကောင်းမလား သူ ပျာယာခတ်လာ၏။

"သူ သိပ်ရက်စက်တာပဲ... သိပ်ရက်စက်တယ်..."

ဒေါ်လှလှနွယ်က တွတ်တွတ်... တွတ်တွတ်နှင့် ရွတ်ပြန်သည်။ ရဲလာက လွတ်ခနဲ ထွက်သွား၏။

"ဟိုဒင်းလေ အန်တီရယ်၊ ပလွေဆရာကြီးကိုပဲ တဖက်သတ် အပြစ် မတင်ပါနဲ့"

ရဲလာ ကြောက်အားလန့်အားနှင့် ပြောလိုက်သည်မှာ အကောင်းကွက် ဝင်သွား၏။ ဒေါ်လှလှနွယ်သည် ရုတ်တရက် အငိုတိတ်ကာ မျက်လုံးကြီးပြူး၍

သူ့ကိုကြည့်၏။

"ဟို... မြို့တော်ဝန်နဲ့ မြို့ရဲ့လူကြီးလူကောင်းတွေက ကတိမှ မတည်ဘဲ"

ရှဲလာက ဆက်ပြော၏။

"အေးလေ... အေးလေ... သူတို့အချင်းချင်း ကတိမတည်တာနဲ့ လက်စားပြန်ချေတော့ ကြားထဲက ကလေးတွေ အချောင် သေရ၊ ပျက်စီးရတယ်။ အို... စလေမြို့ကြီးလား ဟင်းမလင်း မြို့ကြီးလား ပျက်စီးသွားပြီလေ၊ ရှဲလာ... ရှဲလာ ကလေးတွေ အသံတိတ်သွားပြီ၊ ကတိမတည်တဲ့ မြို့တော်ဝန်ကြီးရဲ့ကတိကိုမတည် အကြံရိုင်းတဲ့ ဘိုးတော်ဦးဝိုင်းသည် မဆိုင်းမတွပင် ကြံစည်သူ စေခိုင်းလို့ သွေမစောင်း လေ့လောင်းနဲ့အတည် လက်ပြန်ကြိုး အမျိုးမျိုးချည်၊ အရမ်းမယ့်ကြံစည် ဖမ်းခဲ့ပါသည်။ သတ်ရန်ကို မဆိုထားနဲ့ ထင်ရှားအောင် မြင်ရမည်၊ ငါရေးပြပါတဲ့ ဝတလုံးကိုသာ အတည်၊ မင်းပျက်အောင် ဖျက်နိုင်လျှင် ငါ့ကို နိုင်လိမ့်မည်။ ထိုမင်းသည် အတင်းဖျက်လိုက်ပြန်တော့ အစက ဝ တလုံးဟာ နှစ်လုံး ဖြစ်လာသည်... နှစ်လုံးဖျက်ပြန်တော့ လေးလုံးပေါ်ခဲ့ပြီ၊ ဝတွေ ဝတွေ ဝလုံးတွေလည်း... သူမနိုင်ဘူး... ဟီး... ဟီး...."

လှလှနွယ်သည် သီချင်းကို ကပေါက်ကချာ ဆိုရင်းမှ ဟစ်၍ငို၏။

"အန်တီမောမယ်... ရေလေးသောက်လိုက်ပါဦး"

ရှဲလာသည် ရေတိုက်လိုက်၏။

"ဟော ဆေးကလည်း အချိန်စေ့နေပြီ။ ဆေးလေးပါ သောက်လိုက်ဦး အန်တီ"

ရှဲလာသည် စိတ်ငြိမ်ဆေး အစိမ်းလေးတလုံး ထပ်တိုက်၏။

"အန်တီ... ပုံပြောတာ သိပ်ကောင်းတာပဲ၊ မနက်ဖြန်ကျရင် ရှဲလာကို ဆက်ပြောပါဦး၊ အန်တီ ခဏအိပ်ဦးနော်၊ ရှဲလာလည်း ထမင်းဆာပြီ"

ရှဲလာသည် ချစ်စဖွယ်ပြုံး၍ ယုယုယယ ပြောရင်း လှလှနွယ်ခေါင်းလေးကို ပွေ့ကာ ခေါင်းအုံးပေါ် တင်လိုက်သည်။

"မင်းတယောက်ပဲ ပုံနားထောင်တဲ့ မိန်းကလေးထဲမှာ အန်တီကို ပြန်မေးမယ့်လူ ရှိတယ်၊ ဒီလိုမေးတဲ့သူရှိမှ အန်တီလည်း ပုံပြောရတာ ကောင်းတာ"

လှလှနွယ်သည် ယဲ့ယဲ့လေးပြုံးကာ မျက်စိလေးမှေးလိုက်၏။

"ဘုရားသခင်... အန်တီ ကောင်းမွန်စွာ အိပ်ပျော်ပါစေ"

ရှဲလာက ဆုတောင်းလိုက်၏။

■

"ဟာလို... အခု စကားပြောနေတာ ဘယ်ကပါလဲရှင်"

ရဲလာသည် တယ်လီဖုန်းခွက်ကို ကိုင်ကာ မေးလိုက်၏။

"ဒေါ်စိန်စီ စကားပြောနေတယ်၊ စာရေးဆရာ မောင်ကဝိရှိလား"

ရဲလာသည် ရုတ်တရက် မဖြေနိုင်၊ လက်များ တုန်လာသလို သူ့အသံကလည်း တုန်တုန်ယင်ယင် ဖြစ်လာ၏။

"မရှိပါဘူး။ အပြင်ခဏ ထွက်သွားပါတယ်"

သူသည် အသံကိုထိန်းကာ ကြိုးစား၍ ဖြေလိုက်၏။

"တယောက်ယောက် ခေါ်ပေးပါလား"

"ဟုတ်ကဲ့... ဟုတ်ကဲ့..."

ထမင်းချက် ကိုထူးကို ရဲလာသည် ပြေးခေါ်၍ ပြောလိုက်၏။ သူ့ရင်ထဲတွင် ကတုန်ကယင် ဖြစ်နေသည်။ သားလေးကို တွေ့ချင်စောနှင့် သူပြန်လာခဲ့သည်။ စုံစမ်းနေသည်။ ရှာဖွေနေသည်တော့ မှန်သည်။ ယခု တယ်လီဖုန်းထဲမှ ဒေါ်စိန်စီဟု ကြားလိုက်သောအခါ သူ့ရင်များ တုန်လာ၏။ မေမေကြီး၏ညီမ ဒေါ်လေးစီ ဖြစ်ပါစေဟုလည်း ဆုတောင်းမိ၏။ သူ ဆုတောင်းအတိုင်း ဖြစ်ခဲ့သော် သားလေးကို တွေ့ရတော့မည်။ ဝမ်းသာခြင်းအတွက် ရင်ခုန်လာသည်ပဲလား၊ သားလေးကို ဘယ်လိုများ တွေ့ရမှာလဲ၊ ထားရစ်ခဲ့တုန်းကတော့ ပိုးစိုးပက်စက် ထားခဲ့၍ ခုမှ လာတွေ့ရမှာလားဟု သူ့ကိုများ မေကြီးတို့ ညီအစ်မက ရန်တွေ့ လွှတ်မှာလား၊ သားလေးကရော မှတ်မိမှာလား၊ မမှတ်မိခဲ့သော်.... အို...။

ဤပြန်လည် တွေ့ဆုံရမည့် ဇာတ်လမ်းလေးကို သူ့မှာ မကြုံရခင် ကြောက်ရွံ့ခြင်းကြောင့် တုန်လှုပ်နေ သလား၊ သူ့ကိုယ်သူလည်း မတွေးတတ်၊ သူသည် ကိုစံထူး စကားပြောနေသည့် အနားတွင် လူကသာ ကျောက်ရုပ်လို ရပ်နေမိသည် စိတ်ကတော့ ချောက်ချားလှ၏။

"ဦးလေးထူး ဘယ်ကလဲဟင်"

မစပ်စုဖူး ရဲလာသည် စပ်စပ်စုစု မေးလိုက်၏။

"ဒေါ်လေးစီတို့အိမ်ကပါ"

စံထူး၏အဖြေ နောက်ကွယ်တွင် သူ မေးခွန်းပေါင်း မြောက်မြားစွာကို မေးချင်၏။ ကိုစံထူး သူ့အလုပ်နှင့်သူ သမာရိုးကျ လှုပ်ရှားနေသည်ကို သူက အလိုလို ကြောက်ရွံ့တုန်လှုပ်နေ၏။

"ဘာတဲ့လဲ ကိုထူး၊ ဒေါ်လေးစီက ဘာပြောလဲ"

ဘုရား ဘုရား၊ တော်ပါသေး၏။ သူအစား ဧည့်ခန်းတွင်းသို့ မမျှော်လင့်ဘဲ ဝင်လာသော ဒေါ်လှလှနွယ်က မေးခွန်း မေးလိုက်၏။

"ဆရာဝန်ကြီး ဦးမိုးကောင်း ပြန်ရောက်လာတယ်တဲ့။ ဆရာလာရင် ပြောပြပါတဲ့။ သစ်ခွပန်းတွေလည်း သယ်ရင်း ဒီညနေ သူတို့အိမ်မှာပဲ ညစာစားပါတဲ့"

"အို... ဟုတ်လား၊ ပန်းအသစ်အဆန်းတွေ ပါလာဦးမှာပေါ့၊ ဝမ်းသာလိုက်တာ၊ ရှဲလာရေ သစ်ခွအိမ်လေးကို ရှင်းကြဦးစို့၊ ကိုကိုပြန်လာရင် ကိုစံထူး ဆက်ဆက်ပြောပြနော်၊ ကိုကိုကလည်းလေ တခြားများ ခြေဆန့်နေဦးမှာလား၊ ညစာမီမှ ပြန်လာပါ့မလား၊ ရှင်တို့ဆရာကလေ ကျွန်မကို အရူးမဆိုပြီး ပွဲထုတ်မှာ မဟုတ်ပါဘူး... အို... ဘာပဲပြောပြော၊ ရှဲလာ ရှဲလာ ကိုကိုပြန်လာရင် အန်တီ့ကို တခု သတိပေးနော်၊ ဆရာဝန်ကြီး အတွက်ကို ထမင်းစား ပြန်ဖိတ်ဖို့ သိလား... ဟင်း... အတွက်ကမှ လှလှနွယ်ဖို့ ပန်းတွေဆိုပြီး လေးလေးစားစား ပို့တတ်တယ်၊ လှလှနွယ်ဟာ ပန်းတွေကို ချစ်တတ်တယ်လို့ သိတတ်သေးတယ်၊ ရောက်ရာနေရာက သစ်ခွပန်းတွေ စုပြီး ပို့တတ်တယ်... ရှင်တို့ ဆရာကဖြင့်..."

လှလှနွယ်သည် ဧည့်ခန်းဆိုဖာတွင် ထိုင်ရင်း တွတ်တွတ် တွတ်တွတ် စွတ်နေ၏။ ကိုစံထူးသည် ရယ်လိုက်၏။

"မမနွယ်ကလည်းလေ၊ စိတ်ထင်လို့ပါ၊ ဆရာ သွားလေရာက စုလာခဲ့တာမို့လား"

"ထင်သလား ကိုစံထူးရဲ့၊ အတွက်က စုထားတာကို သူက ယူရုံယူလာတာ သိရဲ့လား၊ ဟင်း... သူက သေနတ် တဒိုင်းဒိုင်းနဲ့ ယုန်လည်း မနေရ၊ မျောက်လည်း မနေရ၊ ဆင်လည်း မနေရ၊ ကျားလည်း မနေရနဲ့ တောသတ္တဝါဟူသမျှ မေတ္တာစူးနေတဲ့ မေတ္တာအိုး မုဆိုးကြီးလေ...၊ ရှဲလာ... ရှဲလာ အန်တီပြောပြမယ်၊ ရှဲလာ လင်ယူရင် စာရေးဆရာကို မယူနဲ့ သိလား... ကလောင်သာ အညှကောင်းတာ၊ တကယ် ပေါင်းကြည့်မှ နန်းဇာတိ အကုန်ပေါ်တာပဲ၊ ဟင်း... စာရေးဆရာမလည်း တူတူပဲ၊ သူတို့စာထဲမှာတော့ ဇာတ်လိုက်မိန်းကလေးတွေဟာ ဖန်ဆင်းထားလိုက်တာ တော်ဝင်တွေ တော်ဝင်တွေလေ။ သူတို့အိမ် သွားကြည့်ရင် ငါးပိအိုး လောက်တက်ပြီး သူတို့သမီးတွေ တူမတွေ သားတွေကလေ သရုပ်ပျက်

လမ်းသရဲသာသာရယ်"

လှလှနွယ်ကလည်း သူ့ရင်ထဲ နာလုံး အခံလေးနှင့် စိတ်ကလည်း မမှန်သူဖြစ်သဖြင့် ပြောချင်ရာ ပြောနေ၏။ ရှဲလာ့နားထဲတွင်လည်း လှလှနွယ် ပြောသမျှ "အင်း..." သာ လိုက်နေရသည်၊ မကြားတချက် ကြားတချက်။ သူတွေ့လိုသူများတော့ မှန်နေပြီး ဆရာဝန်ကြီးနာမည်ကလည်း အတွတ်ခေါ် ဦးမိုးကောင်း ဖြစ်နေ၍ မလွဲတော့ပေ။ သားလေးကို တွေ့ပါရစေဟု ဆရာဝန်ကြီးကို တောင်းပန်ဝန်ချ ပြောရမည်လား။ သားလေးကို ဘယ်လိုပုံစံနှင့်များ တွေ့ရပါမည်လဲ။ သူတို့လက်ထဲမှာမှ သားလေး ရှိပါသေး၏လော။

"အခုကော ကြည့်ပါလား၊ သောမတ်စ်ကို ဖေဖေ့ဆီပို့ထားတဲ့အဖြစ် ကိုစံထူးရဲ့၊ သူနဲ့သာ အတူထားရင် လမ်းသရဲဖြစ်မယ်၊ ကျောင်းပိတ်ရက်မှ ရန်ကုန်ပြန်ခေါ်ရတယ်လေ။ ခုလည်း သားလုပ်တဲ့သူက အိမ်မနားပါဘူး၊ ဟင်း... လမ်းသရဲဖြစ်တတ်တဲ့ လူငယ်လေးတွေ ကြည့်ရင်လည်း အဲ.. အဲ... အရာရှိကြီးတွေနဲ့ စာရေးဆရာကြီးတွေ သားတွေပဲ များသောအားဖြင့် တွေ့ရတာပဲ၊ ကျွန်မကို ဒေါက်တာအုံးမောင်ကလည်း စိတ်ရောဂါဝေဒနာရှင်တဲ့၊ စိတ်ရောဂါကုဆေးရုံ ဆရာဝန်ကြီး ဦးမြဝင်းကလည်း စိတ်ရောဂါ ဝေဒနာသည်တဲ့၊ တကယ်ဖြစ်နေတဲ့ စိတ်ရောဂါ ဝေဒနာသည်က စာရေးဆရာတွေ"

ကိုစံထူးသည် ပါးစပ်ကလေးဟကာ ငေးသွား၏။ ရှဲလာကလည်း ဘာပြောရမှန်းမသိ။

"သူတို့ဖြစ်ချင်တာ သူတို့မိသားစုမှာ ဖြစ်ချင်တာကို ဝတ္ထုထဲထည့်ပြီး ဖော်ထားလိုက်တော့ တယ်ကောင်း၊ ဖတ်ရတဲ့လူလည်း တကယ်စွဲ ဖန်ဆင်းထားတာတွေပဲ... ဟင်း... ဖန်ဆင်းထားတာတွေဟာ တန်ခိုးလည်း ပြေရော ဘာမှမရှိတော့ဘူးနော်။ ဘာမှမရှိတော့ဘူး ခဏလေးပါလား၊ ခဏလေးပါလား"

လှလှနွယ်အသံသည် တိမ်ဝင်သွားကာ ဆိုဖာနောက်မှီပေါ် ကိုယ်ကို လှဲချလိုက်၏။ ရီဝေသော မျက်လုံးလေးများမှာ အတိတ်တနေရာဆီသို့ ပြေးသွားကြဟန် ပေါ်လာပြန်၏။ သူ ဘာဆက်တွေးနေသည်ဟုတော့ ရှဲလာ မသိပေ။ ရှဲလာကလည်း သားလေးနှင့် တွေ့ရမည့်အခန်းကိုပဲ စိတ်ထဲမှ အချိန်ယူတွေးနေချင်၏။

ဘာပဲဖြစ်ဖြစ်၊ နက်ဖြန်ရောက်၍ အခွင့်သာလျှင်တော့ ဦးလေးကဝိအား သူ မေးမြန်းစုံစမ်း၍ သူ့အကြောင်းများကို ဖွင့်ပြောပြကာ အကြံဉာဏ်တောင်းရန် စိတ်ထဲမှ ဆုံးဖြတ်လိုက်၏။

လှလှနွယ် ဆုတောင်းကတော့ ပြည့်သွားသည်။ ဦးကဝိသည် ဒီညနေ

စောစောပင် ပြန်ရောက်လာ၏။ ဒေါ်လေးစီ ဖိတ်ကြားချက်ကို အားရဝမ်းသာ လက်ခံကာ သူညစာ ထမင်းစားသွားဖိတ်နေ၏။

"ဆရာ… မနက်က မမနွယ်က မကျေနပ်ချင်ဘူး၊ သူပါ လိုက်ချင်ပုံ ပေါ်တယ်…"

စံထူးက တယ်လီဖုန်းလာစဉ်က အကြောင်း ပြောပြ၏။

"ငါ… နွယ်ကျေနပ်အောင် ပြောပြပါ့မယ်ကွာ၊ တော်ကြာ ငါ့ကို ထမင်းစားပွဲမှာ ပလွေဆရာ ဇာတ်ထုပ် ခင်းပြီး ယဉ်ယဉ်လေးနဲ့ ဆဲနေပါဦးမယ်"

ဦးကဝိသည် အပေါ်အင်္ကျီဝတ်ရင်း လှလှနွယ်အခန်းကို ဝင်သွား၏။

"နွယ်ရေ… ကိုကိုလေ အတွတ်ကြီး ထမင်းစားဖိတ်တာ သွားဦးမယ်နော်။ အတွတ်ကိုလည်း နွယ်က ထမင်းစားဖိတ်တယ်လို့ ပြောခဲ့မယ်၊ သူ အဆင်ပြေတဲ့အချိန် ကိုကို ထမင်းစားခေါ်ခဲ့မယ်၊ ဟုတ်လား"

လှလှနွယ်သည် ပြုံး၍ စိတ်ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။ ခုတင်ခြေရင်းတွင် လုံ့ခြည်များ သိမ်းနေသော ရှဲလာသည်လည်း စိတ်ထဲမှ ဆုတောင်းမိ၏။ ဆရာဝန်ကြီး ထမင်းစားလာလျှင် သားလေးလည်း ပါလာပါစေ။

ဦးကဝိသည် ကားနှင့် ထွက်သွား၏။ ဒေါ်သောင်းစိန်တို့အိမ်အရောက်တွင် ဆီးကြိုသူမှာ ဒေါ်စိန်စီ ဖြစ်သည်။

"လာ… မောင်ကဝိ၊ အတွတ် အခုပဲပြန်လာမယ်၊ သားတော်မောင်ကို ရုပ်ရှင်ရုံ သွားပို့တယ်။ ဒီနေ့ ဒရိုင်ဘာ ဖျားနေလို့လာပါ ထိုင်ပါဦး၊ ဒေါ်လေးစီကို ညီအစ်မက ဒီထမင်းစားပွဲကို အမြတ်ထုတ်မလို့၊ အတွတ် ပြန်မလာခင် ဘယ်လို အမြတ်ထုတ်မလဲဆိုတာကို မင်းဒေါ်ဒေါ်သောင်းက ပြောလိမ့်မယ်"

ဧည့်ခန်းတွင် သူတို့သုံးဦး ထိုင်လိုက်ကြ၏။ ဒေါ်သောင်းစိန်သည် ရှမ်းဖက်လိပ်ကြီးကို ဖွာရာမှ အသာချလိုက်၏။

"ကဲ… တိုတိုပဲ ဒေါ်ဒေါ်သောင်းပြောချင်တယ် မောင်ကဝိရယ်၊ ငါ့တူ ဒေါ်ဒေါ်သောင်းကို ကူစမ်းပါ…"

"ဘာကူရမှာလဲ ဒေါ်ဒေါ်သောင်း ပြောပြပါ"

"မင်းကို ကြားလူအနေနဲ့ ပြောပြရတာပါ၊ လှလှနွယ်အမေနဲ့ ဒေါ်ဒေါ်သောင်းနဲ့တော့ အားလုံး အဆင်ပြေတယ်"

"ဘာကိုလဲ ဒေါ်ဒေါ်"

"လုလုနွယ်ညီမ အငယ်ဆုံး မြတ်လေးနွယ်ကို ဒေါ်ဒေါ်သောင်း အတွက်နဲ့ ပေးစားချင်တယ်"

ဦးကဝိသည် ပြုံးလိုက်၏။

"ဒေါ်ဒေါ်သောင်းကိုယ်တိုင် မြတ်လေးနွယ်အမေကို တီးခေါက်ကြည့်တော့ သူတို့ဘက်ကလည်း အားလုံး ကျေနပ်တယ်ကွဲ့"

"ဒေါ်လေးစီ ပေတံကြီးနဲ့ရော တိုင်းကြည့်တာ ကျေနပ်ရဲ့လား"

ဦးကဝိက အရွှမ်းဖောက်လိုက်၍ ဒေါ်လေးစီသည် ရယ်လိုက်၏။

"ကျုပ်ပေတံကို သိမ်းထားပါတယ်။ မောင်ရင်တို့ရယ်။ မောင်ရင်တို့ခေတ်မှာ ကျုပ်ရဲ့ အချစ်ပေတံကြီးက ခေတ်မမီလို့ ဒေါ်လေးစီတောင် အပျိုကြီး လုပ်နေတာ ကြည့်လေ။ ဒီဇာတ်ထုပ်တော့ ဒေါ်လေးစီ လုံးဝမပါပါဘူး။ ဒေါ်လေးပေတံနဲ့တိုင်းရင်လည်း ဘယ်သူမှ ပေမီမှာ မဟုတ်ပါဘူး"

ဒေါ်စိန်စီသည် ရယ်ရယ်မောမောပင် ပြန်ပြော၏။

"အခု... ဘာအခက်အခဲ ဖြစ်နေလို့လဲ..."

"ဒီလို... ခုထိ ဒေါ်ဒေါ်သောင်း လူလေးကို ဘာမှမပြောရသေးဘူး မြတ်လေးနွယ်အမေ ပြောပုံက လမ်းကျပါတယ်၊ သူ့သမီးကလည်း အတွတ်လောက်သာ အသက်မကြီးသေးပေမဲ့ အပျိုကြီးပေါ့၊ တက္ကသိုလ်မှာ လက်ထောက်ကထိကဆိုတော့ သူ့ဂုဏ်နဲ့သူ နေတာပဲလေ၊ သူတို့က အတင်းလည်း နားမချချင်ဘူး၊ ခုခေတ် ခုအချိန်မှာ သူတို့ချစ်သူ သူတို့ရွေးချင်တဲ့ ဆန္ဒရှိတယ်။ ဒါပေမဲ့ သူတို့ဆန္ဒလည်း ပြည့် တို့ရိုက်တဲ့အကွက်လည်း ဝင်ရင် အဆင်မပြေပါလား မောင်ကဝိရယ်"

ဦးကဝိသည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်၍ သဘောတူကျေနပ်ဟန်ကို ပြ၏။

"သူ့သမီးသိက္ခာကိုလည်း ရိုသေလေးစားချင်တယ်တဲ့။ ဒါတော့ ဟုတ်တယ်လေ၊ ဒေါ်ဒေါ်သောင်းတို့က လက်ခံရမယ်၊ တဦးသိက္ခာ တဦး လေးစားရမယ့် ဝတ္တရားရှိတယ်။ ခက်နေတာက မင်းသူငယ်ချင်း တွေတ်ကြီးရယ်"

"အင်း... ကျွန်တော်လည်း ဒါကိုပဲ မေးမလို့ ဒေါ်ဒေါ်သောင်းရဲ့"

"အေးပေါ့… ခက်တာက သားရယ်၊ ကြိုက်ပါဆိုလို့လည်း သူက ကြိုက်ချင်မှ ကြိုက်မှာ၊ မေမေ့ဆန္ဒကို လိုက်လျောပါ သားရယ်ဆိုလို့ လိုက်လျောတယ် ထားဦး၊ မြတ်လေးနွယ်စိတ်က ရှင်းရှင်းပြောကြစတမ်းဆိုရင် မြတ်လေးနွယ်က အတွက်ကိုယ်တိုင်က ချစ်ပါတယ်လို့ ဖွင့်ပြောစေချင်တယ်လေကွယ်၊ သမီးရည်းစား မဟုတ်ပေမဲ့ မြတ်လေးနွယ်ကို တန်ဖိုးထားတဲ့ အနေပေါ့။ မြတ်လေးနွယ်အမေက အဲဒီလို စကားလုံး ထွက်လာတယ်"

ဦးကဝိသည် သက်ပြင်းချလိုက်၏။

"ကဲ… ဒီတော့ ကျွန်တော်က ဒီဇာတ်ထုပ်မှာ ဘယ်အခန်းက ဝင်ကစေချင်လဲ"

"မောင်ကဝိကလည်း… ဝင် စဉ်းစားပေးပါ၊ ဒေါ်ဒေါ်သောင်းကိုလည်း အကြံဉာဏ်ပေးပါဦး"

"ခက်နေတာက သူမျှော်လင့်နေတဲ့ မိန်းမတယောက် ရှိနေတယ် ဒေါ်ဒေါ်"

"ရှိလည်း… ဒေါ်ဒေါ့်ကို ဖွင့်ပြောပြီးယူရင် ဒေါ်ဒေါ်မကန့်ကွက်ပါဘူး၊ ခုတော့ သူ့ဟာက ရစ်ချက်တောင် လူပျိုဖြစ်ပြီ"

"ကျွန်တော်တို့အမျိုးထဲ အတွက်ဝင်လာတာ ကျွန်တော် သိပ်ဝမ်းသာတယ်၊ အင်းလေ ကျွန်တော်လည်း စဉ်းစားပါ့မယ်၊ ကျွန်တော်ကတော့ ဖွင့်ပြောလိုက်ရင် ကောင်းမယ်ထင်တယ်၊ ဒေါ်ဒေါ်သောင်းတို့ မပြောနဲ့ပေါ့၊ ကျွန်တော်ပြောမယ်၊ မင်းအမေကတော့ တို့မြန်မာထုံးစံအတိုင်းပဲ သူမျက်စိမမှိတ်ခင် သားကို နေရာတကျ မြင်သွားချင်တယ်၊ သူတို့ကျေနပ်တာ မြတ်လေးနွယ်ပဲ။ မင်း အဘက်ဘက်က စဉ်းစားပြီး လက်ခံစေချင်တယ်ပေါ့၊ တခုက ဒီနေရာမှာ ဂုဏ်သရေလို့ စကားမသုံးဘဲ မြတ်လေးနွယ်သိက္ခာကို ရှိသေတဲ့အနေနဲ့ မင်းကိုယ်တိုင် လေးလေးစားစားတော့ လက်ထပ်ဖို့ ပြောပါလို့…"

"အေးကွဲ့… ဒေါ်ဒေါ်သောင်းလည်း အဲဒီလို စဉ်းစားမိပါတယ်၊ တော်ကြာ မင်းသူငယ်ချင်းက ကျွန်တော်က မိန်းကလေးတယောက်ကို သိက္ခာမထားလို့မှ မဟုတ်ဘဲ၊ ကျွန်တော်မကြိုက်လို့ ကျွန်တော်မပြောချင်တာပါလို့ ဖြေလိုက်မလားလို့ ဒေါ်ဒေါ်သောင်း စိုးရိမ်နေတာ၊ ခုများဖြင့် မင်းသူငယ်ချင်းက ငယ်ငယ်ကထက် ပိုစကားတတ်သလိုပဲ… တခုကလည်း"

ဝူးခနဲ ကားဆိုက်သံကြား၍ သူတို့စကားစ ဖြတ်လိုက်ကြ၏။

"ဟေး… ကဝိကြီးလားကွ…"

အတွက်သည် အားရပါးရ အော်ဟစ်ကာ ပြောပြောဆိုဆို ဧည့်ခန်းတွင်း ဝင်လာ၏။

"ငါရောက်လာတာ ကြာပြီကွ မင်း ရစ်ချတ်ကို ရုပ်ရှင်လိုက်ပို့တယ်ဆို"

"အေးပေါ့ကွာ... ငါမပို့လည်း သူ့ဘာသာ လစ်မှာပေါ့။ ခုခေတ်မှာ တို့လည်း သားမွေးနည်း အသစ် ထွင်ရတယ် စာရေးဆရာကြီးရေ။ တို့ငယ်ငယ်တုန်းကဆိုတဲ့ အနေမျိုးနဲ့ချည်း နှိုင်းလို့မရဘူး"

"တယ်ဟုတ်... သားတော့ မွေးတတ်နေပြီး မိန်းမတော့ မယူတတ်သေးဘူးလား"

"ယူတတ်သမှ သိပ်ယူတတ်တာပေါ့ကွာ၊ မယူချင်သေးလို့ ယူမပြတာ၊ ဒေါ်လေးစီရေ ထမင်းပွဲ အဆင်သင့်ပဲနော်... လာ ကဝိရာ ထမင်းစားရင်း စကားပြောမယ်ကွာ၊ လူစိမ်းတွေမှ မပါဘဲ"

အတွက်သည် ဦးကဝိအား ထမင်းစားခန်းသို့ ဆွဲခေါ်သွားရင်း စားပွဲတွင် ဝိုင်းထိုင်ကြ၏။

"ကဲ... မြိန်မြိန်စား မောင်ကဝိရေ၊ ဟင်းတွေကတော့ အတွက် အညာမှာ မစားရတဲ့ ဟင်းတွေပဲ၊ ပုစွန်ဥနဲ့ ကြာရိုးဟင်းခါးချက်၊ ပုစွန်ချဉ်သုပ်လို့ ငမြင်းဟင်းလည်း ဆီပြန် ချက်ထားတယ်"

ဒေါ်လေးစီသည် ထမင်းပွဲလိုက်ရင်း သူ့လက်ရာများကို ပြောပြနေ၏။

"ဒါနဲ့... နေစမ်းပါဦး ကဝိရယ်... လှလှနွယ်ရောဂါက ဘယ်လိုဖြစ်ရတာလဲ။ မင်းနဲ့ငါ လားရှိုး မသွားခင် ဆုံကြတုန်းကလည်း မင်းက ပြောမပြ"

"ဒီတုန်းက ဖြစ်မှမဖြစ်သေးဘဲ၊ အေးပါလေ ငါ့ကံပေါ့၊ ခုတော့လည်း ငါတရားခံ ဖြစ်ရတာပေါ့ကွာ၊ ငါ့အပြစ်လည်း ပါခဲ့ပေသကိုး"

"ဆိုစမ်းပါဦး ထမင်းလည်း ဖြည်းဖြည်းစား၊ စကားလည်း ဖြည်းဖြည်း ပြောပေါ့"

"သောမတ်စ်နောက်ကို ကလေးတယောက် မွေးတယ်၊ ဒီကလေး ကိုယ်ဝန်မရှိခင်က ကိုယ်ကလည်း ကျောင်းတုန်းက ခြေအတိုင်း ပွေမိတယ်၊ မင်းမှတ်မိသေးလား၊ တို့များခေတ်တုန်းက တက္ကသိုလ်မှာ ခင်စိန်ကြည်နဲ့ တင်တင်မေတို့ခေတ်လေ၊ ခင်စိန်ကြည်က စာရေးဆရာနဲ့မှ ပွေတတ်တယ်ကွ၊ မင်းက ဆေးကျောင်းရောက်သွားတော့ ငါက သူနဲ့ ပွေတာပေါ့၊ စာရေးတတ်စ

ကလောင်စမ်းတုန်းလေ၊ သူ့ညဉ်ကိုက တမျိုးပဲ။ ခုလည်း ကျောင်းသာထွက်ရော သူ ဘယ်သူ့မှလည်း အတည်တကျ မယူဘူး၊ သူ့ကျလည်း ကံတမျိုးပဲနော်၊ မိဘတွေလည်း ချမ်းသာသားနဲ့ စာရေးဆရာကို ကြိုက်တဲ့အရက် ပေးတိုက်ပြီး သူကပဲ တွဲချင်တဲ့အကောင်ကို ခေါင်းခေါက်ရွေးပြီး ခရီးရှည် ထွက်ထွက်ပြီး ပွေတာပဲ၊ မိဘတွေဂုဏ်ကြောင့် ပတ်ဝန်းကျင်ကလည်း ဘာမှမပြောဘူး"

သူ့စကား သူစိတ်ဝင်စားသွား၍ ဦးကဝိသည် အနားမှာရှိနေသော ဒေါ်လေးစီတို့ ညီအစ်မကို ခေတ္တမေ့သွား၏။

"နေပါဦး... တင်တင်မေက"

"ဝင်းတင်ကြီးနဲ့ ရသွားတဲ့ တင်တင်မေကွာ၊ သူက ကျောင်းတုန်းက ရည်းစားများတာတခုပဲ၊ လက်ထပ်ပြီးတော့လည်း ငြိမ်သွားသားပဲ"

"အင်း... ဆိုပါဦး... ထမင်းထပ်ထည့်ပါကွာ"

"နွယ်က စာရေးဆရာသာ မဟုတ်တာ၊ စာပေလည်း ဝါသနာပါ၊ ငါ့ကိုလည်း တဖတ်သတ်နဲ့ ငါရေးတဲ့ဝတ္ထုတွေကြိုက်ပြီး သူ့ခမျာ လိုက်လာတာလား၊ ယောက္ခမကြီးကလည်း တော်ရှာပါတယ် ကွာ၊ ပုံနှိပ်စက်ကအစ ထောင်ပေးတယ်။ ဒါကြောင့် စီးပွားရေး မပူရဘဲ စာကို ဇောက်ချရေးနိုင်လို့ ငါစားသာနေတာပေါ့၊ ငါကလည်း အမဲပစ်ဝါသနာပါတယ်၊ ငါရေးတဲ့ဘာသာရပ်ကလည်း မုဆိုးဘဝ ခေါ်မှာပေါ့။ စွန့်စားခန်းတွေလားကွာ၊ နွယ်က သိပ်ကိုမိန်းမပီသပြီး ဘုရား တရား ကြည်ညိုတယ်ကွ၊ သူ့စိတ်ထဲမှာ ငါနဲ့အတူ ငါ့ဝါသနာကို ဖြည့်နိုင်မယ်လို့ အထင်နဲ့ သူလက်ထပ်ခဲ့တာပါပဲ၊ အေး... အချိန်ကြာလာတာနဲ့အမျှ သူဟာ ငါယူလာတဲ့ သမင်ခေါင်းတွေ၊ ဆင်စွယ်တွေ၊ ကျားသစ်ရေတို့၊ ကျားရေတို့ကို မကြည့်ရဲဘူး၊ သူက ဘုန်းကြီးတွေ ဆွမ်းလုပ်ကျွေး၊ ဥပုသ်မှန်မှန်စောင့်လို့၊ ငါကလည်း အရက်ကလေး ဖိမ်နဲ့သောက်၊ ငါပစ်လာတဲ့ အမဲကောင်တွေထဲက အခြောက်လှန်းပြီး စံထူးလက်ရာနဲ့ အမျိုးမျိုးလုပ်ပြီး မြည်းတာပေါ့လေ၊ တနေ့တော့ကွာ နောက် ကလေးလေးကို မွေးပြီး နွယ်ကလည်း ဆေးရုံက ဆင်းလာစ၊ သူကလည်း သူ့အိပ်ခန်းထဲမှာ ကလေးကို နို့တိုက်နေတုန်း၊ ဖြစ်ချင်တော့ ကိုယ်ကလည်း သေနတ်တွေ၊ သားကောင်ပေါင်းစုံရဲ့ချိုတို့၊ သားရေတို့ထားတဲ့ အခန်းထဲမှာ ကိုယ့်ဘာသာ သေနတ် တိုက်နေတယ်၊ သေနတ်တလက်မှာ ကျည်ဆန်တတောင့် ကျန်တာလည်း ငါမသိ၊ တခါမှ ပေါ့ပေါ့ဆဆ ဒီလိုမဖြစ်ဖူးပါဘူး။ တိုက်နေတဲ့သေနတ် ကျည်ဆန်ထွက်သွားတာပဲ"

"ကလေးကို မှန်ရောလား..."

"မင်းကလည်း၊ နဂိုကမှ ကလေး ငါသတ်တာပါလို့ လူသတ်သမား

ဖြစ်နေရတဲ့အထဲ၊ မင်းကပါ ဝင်စောင်မနေပြန်ပြီ"

"ဆိုပါဦး"

"သေနတ်ကျည်ဆန်က သူတို့သားအမိ အိပ်ခန်းပြတင်းမှန်ကို သွားထိတာ မှန်ကွဲကျသွားရော၊ အသံတွေက သိပ်ဆူညံသွားတယ်ကွယ်၊ အိမ်သားတွေရော ငါရော နွယ်ရဲ့ အိပ်ခန်းကို ပြေးဝင်သွားတော့ ကလေးကလည်း တက်နေတော့တယ်၊ နွယ်လည်း သတိမေ့နေတယ်၊ နာနီကတော့ အနားမှာပဲ၊ ကလေးလည်း အဲဒီကတည်းကပဲ အပြင်းဖျားတာ၊ သေသာသေသွားရော အဖျားကမကျ၊ နွယ်ကတော့ မရှိမသေ ပြောရရင် သွေးတွေ အများကြီးဆင်းပြီး သွေးသွန်တယ် ပြောရမှာပေါ့။ သွင်းလိုက်ရတဲ့ ဂလူးကို့စ်တွေ သွေးအစစ်တွေ အသက်တော့ ရှင်ပါရဲ့၊ နေကောင်းလာပြီး ကလေးကို မမြင်ရကတည်းက စကားမပြောဘဲ ငြိမ်သွားလိုက်တာကွာ၊ နောက် ဆရာဝန်ကြီးတွေ ဝိုင်းကုလို့ စကားတော့ ပြောလာပါရဲ့။ တခါတည်း ပုံပဲပြောတော့တာပါပဲ"

"ဟေ..."

"ပြောတဲ့ပုံက တို့များဆယ်တန်းမှာ သင်ရတဲ့ (ပိုက်... ပိုက်ပါးအောဖ် ဟင်းမလင်း) လေ၊ မြန်မာလို ဆရာကြီး ဂွမ်လျှောက် (မောင်ဖြူး) ဘာသာပြန်ထားတဲ့ "စလေအညာက ပလွေဆရာ" ကွာ၊ နွယ်ဟာ မြင်းခြံမှာ ကျောင်းနေတုန်းက ဆရာကြီးက ကျောင်းကပွဲမှာ အဲဒီပြဇာတ် ကရတယ်၊ နွယ်က ခြေကျိုးတဲ့ ကလေးလေး လုပ်ရတယ်တဲ့။ ခုတော့ ငါ့မှာ သူပုံပြောတာ နားထောင်ပြီး သူ့ကို ပြုစုဖို့ ကလေးမလေးတယောက် အနားမှာ ထားပေးရတာပေါ့"

"ဒါမျိုးဖြစ်တတ်တယ်ကွဲ့၊ မင်းပွေတဲ့ စိတ်ရောဂါလည်း ပါပါတယ်၊ မင်းပွေတဲ့ရောဂါပိုးလည်း ဦးနှောက်ထဲ ရောက်သွားလားမှမသိ..."

အတွက်က ပြောလိုက်၏။

"ခုတော့ ငါအားလုံး ဆင်ခြင်ပါတယ်ကွာ၊ ပုံနှိပ်စက်ကအစ ငါ အေးအေးဆေးဆေး စာရေးနိုင်တာတွေဟာ နွယ်ရဲ့ကျေးဇူးတွေပါလားလို့ ငါ သတိရနေပါတယ်ကွယ်"

"မိန်းမဂုဏောအနန္တော ဖြစ်နေပြီပေါ့၊ ထမင်းထပ်ထည့်ဦး ကဝိရာ..."

"သားကလည်း စကားပဲ ပြောခိုင်းနေတော့ သူ့ခမျာ ထမင်းမှ အရသာခံ မစားရဘူး"

ဒေါ်သောင်းစိန်က ဟင်းများ ထပ်ဖြည့်ထည့်ရင်း ပြောလိုက်၏။

"အံမယ်... မုဆိုးလုပ်လာတဲ့ကောင်ပဲ မေမေရာ၊ သူတို့ အပြေးအလွှားတောင် ထမင်းစားတတ်သေး"

"အေးပါကွာ၊ ငါတကယ် ဝလို့ပါ၊ ထမင်းတော့ တော်ပြီ။ ငါ အေးအေးဆေးဆေး လာတာပါ၊ မင်းနဲ့လည်း စကားပြောချင်တယ်၊ ပြီးတော့ မင်း တရက် အချိန်ပေးရမယ်၊ နွယ်က မင်းကို ထမင်းကျွေးချင်လို့တဲ့၊ ကျွန်တော်တို့ ပြောချင်တာတွေ စွတ်ပြောနေကြတာ ခွင့်လွှတ်ပါ ဒေါ်လေးစီ"

ဦးကဝိသည် ထမင်းလက်စသတ်ရင်း ဒေါ်စိန်စီဘက်သို့လှည့်၍ တောင်းပန်စကား ပြောလိုက်၏။

"ဩော်... မင်းပြောသလိုဆိုတော့ နွယ်ဟာ အားလုံးသတိရနေလား"

"အို... ဘယ်သူမှ သူ့ကို တွေ့တွေ့ချင်း စိတ်နောက်နေတယ်လို့ မပြောနိုင်ဘူး၊ ယဉ်ယဉ်လေးရယ်၊ ပုံအဆုံး သီချင်းဟာစ်ဆိုတော့မှ သူ့စိတ်ထဲရှိသမျှ ပေါ်တော့တာပဲ။ ပုံပြောတုန်း ဆိုရင်လည်း ပုံပြောဆရာမကြီး ကျနေတာပဲ"

"မေမေ သားတို့ စိတ်အေးလက်အေး စကားပြောမှာ၊ မေမေတို့ နားချင်နားတော့လေ။ ရစ်ချတ်ကို သွားကြိုတော့မှ အချိန်စောသွားပြီး ကဝိကို ပို့ခဲ့မယ်။ ဘကြီးပြော့ရေ လက်ဖက်ခွက်နဲ့ ရေနွေးကြမ်း ဧည့်ခန်းပို့လိုက်ပေတော့"

သူငယ်ချင်းနှစ်ယောက် အေးအေးဆေးဆေး ဧည့်ခန်းသို့ ထွက်သွားတော့သည်။ အဘွားကြီး နှစ်ယောက်မှာ အိမ်ပေါ်သို့ တက်သွားကြ၏။ ဟန်ဆောင်နေရမည့် သူစိမ်းမရှိ၍ လက်ဖက်ခွက် နှိုက်ရင်း စကားစဆက်ကြပြန်သည်။

"ငါ... နေ့လယ်ကတည်းက မွေးတို့အိမ်သွားရင်း လှည့်ဝင်ခဲ့မလို့၊ အချိန်မရပြန်ဘူး"

"မွေးများတော့ ဘယ်ကိုပဲရောက်နေနေ ရောက်ရာအရပ်ကအပြန် ဦးသွားတိုက်ရတယ်"

"တိုက်တယ်ကွာ၊ ဘာဖြစ်သေးလဲ၊ မင်းက ဘာဥပဒေနဲ့ အရေးယူမလို့လဲ"

"မယူပါဘူး၊ ဩော်... ငယ်ကချစ်လည်း အနှစ်တရာ မနေသာဆိုတာ ငါ စာရေးဆရာ မောင်ကဝိ မင်းနဲ့ကျမှ လက်တွေ့ တကယ်ယုံတော့တယ်"

ဦးကဝိသည် ရယ်ပြော၏။

"သွားတော့လည်း မတွေ့ခဲ့ပါဘူးကွာ၊ ကိုကိုနိုင်ရယ် တပ်ရင်းမှူးအဖြစ်နဲ့

မော်လမြိုင် ပြောင်းရတော့ မွေးကို ဒီတခါ ခေါ်သွားတယ်တဲ့၊ မွေးကြိုက်တတ်တဲ့ သစ်ခွပန်းမျိုးတွေသာ မာလီကြီးလက်ထဲ အပ်ခဲ့ရတယ်"

"သူတို့နှစ်ယောက် အားလုံး အဆင်ပြေကြတယ်နော်"

"ပြေပါတယ်၊ ကိုကိုနိုင်လိုလူ ရှားပါတယ်။ ခုလည်းလေ မွေးကျန်းမာရေးက တီဘီတော့ မဟုတ်ဘူး။ သွေးအားကျကျသွားပြီး အားသိပ်နည်းတာပဲတဲ့"

ကိုကိုနိုင်က ကိုယ့်ဆီ ဟိုတလောက မွေးရဲ့ကျန်းမာရေး အခြေအနေကို စာရေးပါတယ်၊ ကိုယ် ရှမ်းပြည်နယ်ဘက် ထွက်သွားတာနဲ့ အဆက်အသွယ် ပြတ်သွားတာ။

"အေးကွာ ငယ်ငယ်က အကြောင်းတွေ ဆုံမိကြလို့ ပြန်ပြောပြန်ရင်လည်း ငယ်စိတ်တွေ ပေါ်လာပြီး တကယ့်ကျောင်းသားလေးစိတ် ဖြစ်သွားရောနော်၊ သားတွေမြင်တော့မှ သူတို့ လူပျိုပေါက် ဖြစ်လာကြပြီလို့ သတိထားမိတယ်၊ ဒီတော့မှလည်း တို့လည်း အိုလာပါလားလို့ သတိထားမိတယ်။ ဒီတော့လည်း တို့လည်း အိုလာပါပြီလားလို့..."

အတွတ်သည် ပြုံး၏။ သူ့အပြုံးက အဓိပ္ပာယ်ပါလှသည်။

"မင်းက ငေါ့ပြုံးပြုံးတယ်ပေါ့လေ။ ငါတကယ်ပါကွာ၊ နွယ့်ကိုလည်း သနားတာနဲ့ အသက်လေးဆယ် ပြည့်ကတည်းက အရက်ဖြတ်ပြီး လူကြီးတယောက်လို နေပါတယ်"

"ယုံပါတယ်ကွာ၊ ငါတော့ လူကတော့ အိုသွားမှာပေါ့လေ၊ ငါ့အချစ်ကတော့ ဘယ်တော့မှ မအိုဘူးပေါ့"

"ဟဲ... ဟဲ... ဒီလိုဆို ကိုယ်လည်း မြန်မာရိုက်တာဟက်ဂဒ် စာရေးဆရာကြီး လုပ်ဦးမယ်။ အနောက်က စာရေးဆရာကြီး ရိုက်တာဟက်ဂဒ်က "ရှီ" ဝတ္ထု ရေးတယ်လေ၊ သူ့ချစ်သူကို နှစ်ပေါင်းများစွာ စောင့်နေတယ်လေ။ သူ့ကိုယ်သူ မသိအောင်လုပ်ပြီး စောင့်တယ်၊ ငါက "ဟီ" ဆိုပြီး မင်းအကြောင်း ရေးဦးမယ်။ စောင့်လိုက်ရတဲ့ မွေးကို။ "ရှီ" လိုတော့ မီးပုံထဲ ခုန်မချလိုက်ပါနဲ့ မောင်ရင် နုပျိုမလာဘဲ ပြာဖြစ်သွားဦးမယ်"

ဦးကဝိစကားကို သဘောကျ၍ အတွတ်သည် ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

"ငါ့ဘာသာ မိန်းမမယူတာ "မွေး" တရားခံဖြစ်နေပြီ"

"မင်းတို့ဇာတ်ကြောင်းသိနေတဲ့ တို့အုပ်စုကတော့ အတွတ် လူပျိုကြီး ဖြစ်ရခြင်း အကြောင်းရင်းဟာ "မွေး" ပဲလို့ ပြောနေမိတာပဲ၊ ဒါနဲ့ မင်းတခါပြောတယ်။ မလှိုင်မြို့နားမှာ တီဘီဆေးရုံဆောက်ဖို့ လူနာဟောင်းအသင်းရဲ့အစီအစဉ် ဘယ်လိုဖြစ်သွားလဲ"

"ဘယ်လိုမှ ဖြစ်မသွားပါဘူး၊ အခြေအနေက ပြောင်းသွားတယ်၊ လူနာဟောင်းအသင်းရဲ့ အကူအညီရော၊ ဆရာဝန်ကြီး ဦးသန်းအောင် ကြိုးပမ်းမှုရော အစိုးရနဲ့ ပူးပေါင်းပြီး ခု အဆုတ်နာ တိုးချဲ့ဆေးရုံ ရန်ကုန်မှာ ဖြစ်သွားတယ်လေ။ နှစ်ရှည်လများ ကုဖို့၊ နားဖို့အတွက် အောင်ဆန်းမြို့မှာ ဆေးရုံသီးသန့် ရှိသေးတယ်လေ။ ခုနောက်ဆုံး ဆရာဝန်တွေ ယူဆချက်က အဆုတ်နာကု ဆေးရုံဟာ ရာသီဥတုနဲ့ မဆိုင်တော့ဘူးပေါ့။ အသွားအလာနဲ့ ဆရာဝန်တွေရဲ့ အဆင်ပြေမှုလည်း ရွေးတယ် ထင်ပါရဲ့ကွာ၊ ခုတော့ စိတ်ရောဂါကုဆေးရုံနားက မြေကွက်လပ်ကို ရွေးတယ်။ အဲဒီမှာ အာရောဂျံလို ဆေးရုံတရုံ ဆောက်မယ်ပေါ့၊ ကိုယ့်ဆရာကြီး ဦးသန်းအောင် ဆုံးတော့လည်း ကိုယ့်မှာ သင်္ဂြိုဟ်ခွင့် မကြုံလိုက်ရဘူး”

ဦးကဝိသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း သူလိုချင်သောအကွက်ကို ရောက်အောင် ဘယ်နေရာ စကားကို ပို့ပေးရမည်လဲဟု စဉ်းစားနေ၏။

"မိတ္ထီလာမြို့ပေါ်မှာတော့ ဆေးရုံဝင်းထဲမှာပဲ သီးသန့်အဆုတ်ဌာနတခု ဖွင့်မယ်ပေါ့၊ တနေ့တော့ အကောင်အထည် ပေါ်မှာပေါ့လေ။ တို့ရဲ့စိတ်ကူးဟာ အရမ်း နွေဦးအိပ်မက်လို စိတ်ကူးယဉ်မှ မဟုတ်ဘဲ၊ မွေးနဲ့ ကိုကိုနိုင်တို့လည်း သူတို့ပိုင် ငွေထဲက တတ်နိုင်သလောက် အဆုတ်နာ လူနာတွေအတွက် လှူသလို ငါလည်း ပညာနဲ့ ကူခဲ့တာပဲ၊ ငါ မွေးကို ချစ်မိတဲ့အဖြေဟာ စာရေးဆရာ၊ သီချင်းရေး အနုပညာရှင်တွေ စကားလုံးနဲ့ သုံးရရင် မွေးကိုချစ်တဲ့ ရလဒ်ဟာ တကယ်တော့ လေလွင့်တာတွေ အသည်းကြွေတာတွေ မဟုတ်ပါဘူး ကဝိရယ်။ ငါ့အသည်းနှလုံးကိုလည်း အရက်နဲ့ အဓိပ္ပာယ်မရှိ မစိမ်ပါဘူး။ ဒါတွေဟာ လူပျော့တွေရဲ့အလုပ်ပါ၊ မွေးကို ပေးအပ်ချင်သမျှ အချစ်တွေကို ကိုယ့်လူနာတွေအပေါ် လွှဲပြောင်းခွဲဝေပေးနေတာပါ။ ဒါကြောင့် တောအန္တ့ တောင်အန္တ့ သွားပြီး ကိုယ့်ရင်ထဲက အချစ်ပင်တွေကို အပွားခတ်ပြီး မြေမှာ ပျိုးကြဲခဲ့ပါတယ် သူငယ်ချင်း"

အတွတ်က တလုံးချင်း ဖြည်းညင်းစွာ လေးလေးနက်နက် ပြောလာတော့လည်း မောင်ကဝိသည် အတွတ်မျက်နှာကို စိုက်ကြည့်ရင်း သနားလာ၏။

"ကဲ... လေ၊ တနေ့ကျတော့ မင်းလက်ထပ်နိုင်မယ့် မိန်းမတယောက်ယောက်ကို တွေ့ပါပြီတဲ့။ မင်း ဘယ်လို သဘောထားမလဲ"

မောင်ကဝိသည် ခပ်ဆိုင်းဆိုင်းပင် မေးခွန်းကို မေးလိုက်၏။

"ကံ... အကြောင်း ဆုံလာရင် တယောက်ယောက်နဲ့တော့ ညားဦးမှာပေါ့ ကဝိ၊ ကိုယ်တသက် မိန်းမ မယူတော့ပါဘူး မပြောခဲ့ပါဘူး၊ အတွတ် တတ်နိုင်သလောက် စကားလုံး အရှင်းဆုံး ရွေးပြောမယ်၊ မင်းစာရေးဆရာနားနဲ့ သည်းခံနားထောင်ပါ"

အတွတ်သည် ခေတ္တနားနေ၏။

"မွေးကို ငါချစ်တဲ့အချစ်ကို ပြောရရင် "ကုသိုလ်" "မီးတိုင်" တို့နဲ့ နှိုင်းရမယ်။ ကုသိုလ်တခုခု ပြုခဲ့လို့ ကုန်ဆုံးသွားသလား။ ဘယ်တော့မှ မကုန်ဆုံးဘူး၊ ပြုခဲ့တဲ့ကုသိုလ်ကို အမြဲခွဲဝေပေးလို့ မကုန်နိုင်လို့ "အမျှ" "အမျှ" ဆိုတဲ့ စကားလုံးနဲ့ "ကောင်းလေစွ" "ကောင်းလေစွ" ဆိုတဲ့ "သာဓု" "သာဓု" စကားလုံး အနုမောဒနာ ပြုကြတဲ့ စကားလုံးဟာ တို့ဗုဒ္ဓဘာသာ မြန်မာတွေရဲ့ရင်ထဲမှာ ပါလာခဲ့တာကို မင်းလို စာရေးဆရာတယောက်ကို အတွတ် အထူးရှင်းပြနေစရာ မလိုပါဘူး။ ဖယောင်းတိုင်တတိုင် ထွန်းထားရင် နောက်တတိုင် ထွန်းဖို့ ညှိတဲ့အခါ ပထမ ဖယောင်းတိုင် ငြိမ်းသွားသလား၊ မငြိမ်းပါဘူး ကဝိရယ်၊ အတွတ် ဆိုလိုချင်တာကလေ အလွန်တိုထွာပြီး နယ်ကျဉ်းတဲ့အချစ်မျိုးနဲ့ ကိုယ် မွေးကို ချစ်တာမဟုတ်ပါဘူး... အို... ကိုယ် စကားလုံး ရှာမရတော့ဘူး"

အတွတ်သည် တကယ်ပင် အသက်ကို ရှိုက်၍ရှူကာ သူ့စကားကို ပိုရှင်းရန် စကားလုံး ရှာနေဟန် တူ၏။

"ရှင်းပါတယ် အတွတ်။ မင်းစကားလုံး ရှင်းပါတယ်"

"အေး... တခုတော့ရှိတယ်။ အတွတ်က ဘယ်လိုပဲ ကုသိုလ်ခွဲဝေပေးချင်လွန်းလို့ အမျှဝေခဲ့ပေမဲ့ ခံယူထိုက်မှလည်း သာဓုခေါ်ခွင့်က ကြုံကြိုက်ပေတယ်လေ၊ ပြုတဲ့ကုသိုလ်ကို ခွဲဝေခံယူဖို့ ဟိုတဖက် ပုဂ္ဂိုလ် သတ္တဝါမှာလည်း အခွင့်က ကြုံဦးမှကို... ကုသိုလ်ချင်းက ဆုံဦးမှကို"

"ရှင်းပါပြီလေ၊ ငါကလည်း တခုပြောချင်တယ်၊ အဲဒီလိုညှိလို့ မကုန် ခွဲဝေလို့ မကုန်ခန်းနိုင်တဲ့ မေတ္တာရှင်တဦးဖြစ်တဲ့ မင်းမေမေကိုလည်း မင်းအထူး လေးစားတယ်ပေါ့"

"ကဝိရာ ဘယ်လိုပြောတာလဲ"

"ငါဆိုလိုချင်တာက မင်းမေမေဟာ မင်းတယောက်တည်းကို တဘဝလို ထားနေတာပါကွာ၊ သူကလည်း ခွဲဝေမကုန်ခန်းနိုင်တဲ့ သူ့မေတ္တာကို တခြားအမျိုးသမီးငယ်တယောက်အပေါ်မှာ ခွဲဝေပေးချင်တယ်တဲ့"

"ငါ... နားလည်ပါပြီ ကဝိ၊ မေမေရယ် ငါ့ကို မိန်းမတယောက်ယောက်နဲ့ ယူစေချင်တယ်ပေါ့"

မောင်ကဝိသည် ခေါင်းကို အသာ ညိတ်ပြလိုက်၏။ အကွတ်သည် ငြိမ်သက်စွာ ဆက်လက် စဉ်းစားနေပုံ ရသည်။

"အတွတ်... မင်းသိပ်စကားတွေ တတ်လာတာပဲ... နော်၊ မင်းဟာ မွေးနဲ့ အရင်ဆုံး တွေ့ဆုံ ရင်းနှီးပြီး တမြေတည်းမှာ မွေးလာခဲ့တာပဲ၊ မင်း ဘာဖြစ်လို့ မွေး လွတ်လွတ်လပ်လပ် တချိန်က ခုလိုစကားလုံးတွေ မသုံးခဲ့တာလဲ"

အတွတ်သည် ဘာမှမဖြေ၊ သူ၏ရင်အုံကို လက်ညှိုးထိုးပြ၏။

"ဘာကိုပြောတာလဲ..."

"မင်းတို့ စာရေးဆရာတွေမှာ အသည်းနှလုံးကို မထိလာရင် စာပေဟာ အသက်မဝင်ဘူးဆို.."

"အင်း..."

"နှလုံးသားမှာ ခံစားရတဲ့ ဝေဒနာတိုင်းကိုရော လူတိုင်းဟာ ဖော်ပြတတ်သလား"

"ကိုယ်နားလည်ပြီ"

ကဝိက ဖြေ၏။

"အေး... ဖရက်ဒီ... ထက် ကိုယ်ကစောပြီး မွေးနဲ့ ရင်းနှီးခဲ့ပါတယ်။ ကိုယ့်စိတ်က ငယ်တုန်းကတည်းက တွေ့ရတဲ့ မွေးအပေါ်မှာ မောင်နှမသားချင်းလိုထက် မပိုခဲ့ဘူး၊ နောက်တော့ နဝဒေးကြီးရဲ့ စကားအတိုင်းဆိုရင် "နှလုံးသားဝယ် ထိလာ၏" ပါပဲလေ၊ ဒါပေမဲ့ ကိုယ်မဖော်ပြတတ်ဘူး။ မွေးရဲ့ပခုံးမှာ အတွတ်ပါးကို ဖိချင်တဲ့အချိန်ကျတော့လည်း အချိန်တွေဟာ နောက်ကျသွားတာပါပဲ... သူငယ်ချင်း၊ ခုတော့ ကိုယ့်နှလုံးသားက စကားတွေ ပြောတတ်လာပြီလေ"

"ကဲလေ... ငါတောင်းပန်ချင်တာကတော့ ဒီကဗျာ ငါဆက်စပ်ရင် "အပြုံးများဖွယ် ရှိစေချင်၏" လို့ ဆက်ပါရစေ အတွတ်ရာ၊ မင်းနှလုံးသားမှာထိတဲ့

အသိတွေကို မွေးကိုပေးတဲ့ စေတနာမျိုးနဲ့ အရင်အတိုင်း မပေးတောင် အပွားခတ်ပြီး ပေးစေချင်တယ်။ ငါ့ရည်ရွယ်ချက်ကတော့ မင်းမေမေရဲ့မျက်နှာဟာ မသေခင် ငါခုန စပ်တဲ့ကဗျာလို "အပြုံးများဖွယ် ရှိစေချင်လို့" ပါပဲ"

အတွတ်သည် ငြိမ်သက်စွာပဲ စဉ်းစားနေ၏။

"မင်းမေမေဆန္ဒနဲ့ ကိုယ်ကလည်း ပြောနေရတာပါ၊ မိန်းကလေးခမျာကတော့ ဘာမှမသိပါဘူး"

အတွတ်သည် မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်၍ ကဝိဘက်ကို ကြည့်လိုက်ရင်း နှစ်ယောက်ထိုင် ဆိုဖာပေါ် လှဲချလိုက်၏။ သူသည် အေးအေးဆေးဆေးနှင့် ပြောပြန်သည်။

"နှလုံးသား မပါဘဲ လှုပ်ရှားရတာမျိုးတော့ အတွတ် မလုပ်ချင်ဘူး ကဝိရာ၊ ဟိုတဖက် မိန်းကလေးကို ကိုယ် အားနာတယ်၊ ပြီးတော့ မင်းတို့ စဉ်းစားကြည့်လေ၊ ဟိုတဖက်ကလည်း ကျောက်ရုပ်မဟုတ်ဘူး၊ မင်းတို့က နှစ်ဦးသားကြရမယ့် ကာယကံရှင်တွေရဲ့ဆန္ဒကို ယူတယ်သာ ဆိုတယ်၊ မင်းတို့ လှုပ်ရှားစေချင်တဲ့ပုံစံနဲ့ မင်းတို့အကွက်ရောက်အောင် ပို့တာမျိုး၊ ဟိုတဖက်သားကရော ခံမှာတဲ့လား"

"ဒီလိုရှိပါတယ်လေ... ငါ စာရေးဆရာပါကွာ၊ ငါ နှစ်ဖက်မျှ စဉ်းစားပါတယ်၊ ကာယကံရှင် မိန်းကလေးကို မင်းတတ်တဲ့စကားလုံးနဲ့ပဲ တီးခေါက်ကြည့်ပါ၊ ဒါလောက်ထိတော့ မင်းလုပ်ရလိမ့်မယ်၊ မင်းမှာ စကားလုံးတွေ အများကြီး ရှိပါတယ်"

အတွတ်သည် သက်ပြင်းရှိုက်လိုက်၏။

"ဘယ်သူလဲ..."

အတွတ်က ထပ်မေးပြန်၏။

"ငါ့ခယ်မ အငယ်ဆုံး မြတ်လေးနွယ်နဲ့... နောက်ထပ် စကားမရှည်နဲ့တော့ အတွတ်ရာ၊ ဘယ်နေရာ ဘယ်လို တွေ့ရမယ်ဆိုတဲ့ အကွက်တော့ ငါဓာတ်ဆရာ မောင်ကျောက်ခဲ ကြည့်စီမံမယ်၊ ကဲ... မင်းက ပြန်မပို့တာ၊ တော်ကြာ နွယ်က ငါ့လျှောက်ပွေ့တယ်ထင်မယ်"

"အေး... ရစ်ချတ်လည်း ရုပ်ရှင်ပြီးခါနီးပြီ သွားစို့"

*

ဓာတ်ဆရာ ဦးကဝိ၏ ကိုယ့်ကုလားဖန် ကိုယ်ထိုးသောဓာတ်လမ်းအတွက်

ယခုအထိတော့ အဆင်ပြေနေသည်။ လှလှနွယ်က နံနက်စာ အတွက်ကို ဖိတ်ခေါ်ကျွေးသော ထမင်းစားပွဲကို ဦးကဝိသည် သူ့ဇာတ်လမ်းတွင် ထည့်၍ သုံးလိုက်၏။ အတွက်ကို နံနက်စာကျွေးရန် ပြင်ဆင်နေဆဲ ရှိလာသည် ကူ၍ လုပ်ကိုင်ပေးရင်း စိတ်ထဲမှ ဆုတောင်းနေမိ၏။ ဆရာဝန်ကြီးလာလျှင် သူ့သားလေးကို ခေါ်လာစေချင်သည်။ သူ့မှာတော့ ကျိတ်၍သာ ဆုတောင်းနေရ၏။ သူတို့အပေါ်လွှာတွင် တဖက်နှင့် တဖက် အပေးအယူများနှင့် အတွက်နှင့် မြတ်လေးနွယ် တွေ့ဆုံဖို့ အရေးအတွက် အလုပ်ရှုပ်နေကြသည် နှင့်အမျှ ရှုလာအတွက်ကလည်း သူလိုချင်သော အကွက်တကွက်အတွက် ဘုရားသခင်ထံမှာသာ ဆုတောင်းနေရ၏။ ဆုပဲ တောင်းနိုင်သည်။ ဆုတောင်းရုံကလွဲ၍ကော သူ ဘာမှမတတ်နိုင်။ အလုပ် လုပ်ရတာချင်း အတူတူ တခြားအိမ်ဖော်များထက် သူ ကံကောင်း၏။

မေမေကြီး ဒေါ်သောင်းစိန်တို့အိမ်မှာရော၊ ဦးကဝိ ဒေါ်လှလှနွယ် အိမ်မှာရော၊ အလွန် အဆင်ပြေ၍ မေတ္တာစေတနာ သူ့အပေါ် ထားကြသည်ကို သူ သံသယမရှိပါ။ သို့သော် တကယ်တော့ ရှုလာကို မည်မျှပင် ချစ်သည်ဟု ဆိုကြပါစေ၊ ရှုလာသည် အချယ်အလှယ်ခံ လူတန်းစားတရပ်၊ အအုပ်အချုပ်ခံ လူတန်းစားတရပ် ဖြစ်ပေသည်။ သူ့ဆန္ဒကို ထုတ်ဖော်ချင်၍ကော ဘယ်သူကမှ ရှေ့က မားမားရပ်၍ အိမ်ရှင်များကို ပြောပြနိုင်မည့်သူ ယခုထိတော့ မရှိသေးပေ။ အကယ်၍ သူ့ကိုသာ ပြောခွင့်ပေးလျှင်လည်း သူချစ်လှစွာသော သားလေး ရစ်ချက်ကို အတွက်အား ဖိတ်ခေါ်ကျွေးသည့် ထမင်းစားပွဲတွင် ခေါ်လာပေးပါ။ ဒါမှမဟုတ် မေမေကြီးတို့အိမ်သို့သွား၍ တွေ့ခွင့်ပေးပါဟု ပြောချင်ပါသည်။ ယခုတော့ သူ့ဆန္ဒကို တင်ပြပေးမည့်သူ မရှိ။ ဪ... အပေါ်လွှာက သူတို့တွေ့ဆုံပွဲလည်း အဆင်ပြေပါစေ။ ငါချစ်တဲ့သားလေးနဲ့လည်း ပြန်လည် တွေ့ဆုံရပါစေ။ အဲဒါကိုပဲ ရှုလာသည် အလုပ်လုပ်ရင်း ဆုတောင်းနေမိ၏။

"နွယ်ရေ အားလုံးအဆင်သင့်ရှိပြီလား ကိုကို အတွက်ကို သွားခေါ်တော့မယ်"

"ရှိပြီ ကိုကို ခေါ်တော့လေ"

ဦးကဝိ ကားနှင့် ထွက်သွား၍ ရှုလာ ရင်ခုန်ပြန်သည်။ ကားတစီး ထိုးဆိုက်သံကြားလျှင် ရှုလာသည် သံဆွဲတံခါးရှိရာသို့ ပြေးသွား၏။ ကားပေါ်မှ ဆင်းလာသူမှာ မြတ်လေးနွယ် ဖြစ်နေ၍ ရှုလာ့ရင်ထဲမှာ ဟာသွား၏။

"ဟော... မြတ်လေးနွယ် ရောက်လာပြီ"

"ဟုတ်ကဲ့ မမနွယ်၊ မမမြရယ် ကိစ္စတခုရှိနေလို့ သူမလိုက်လာနိုင်ဘူး"

"ကိစ္စမရှိဘူး မြတ်လေးရေ အားလုံး အဆင်ပြေတယ်၊ ကိုစံထူး ထမင်းစားပွဲ ပြင်ဆင်ထားတာပဲ၊ လိုတာထင်ရင် ကြည့်ဖြည့်ပေတော့"

မြတ်လေးနွယ်သည် ထမင်းစားခန်းသို့ ဝင်သွား၏။ အားလုံး သူ စိတ်တိုင်းကျ ဖြစ်နေ၍ သူကျေနပ်ပုံ ရသည်။

"ရှဲလာ... ဒီမှာ ဘာမှ မြတ်လေး ကူလုပ်ဖို့ မလိုဘူး ပန်းညှပ်တဲ့ ကတ်ကြေးသာ သွားယူပြီး မြတ်လေးနောက် လိုက်ခဲ့"

ရှဲလာသည် ပန်းညှပ်သည့်ကတ်ကြေး ယူ၍ မြတ်လေးနွယ် ဆင်းသွားရာ ခြံထဲသို့ လိုက်သွား၏။ တကယ် သူလုပ်ချင်သည်က သံဆွဲတံခါးအဝတွင် ရပ်ကာ ဆရာဝန်ကြီးအလာ ကားတံခါးကို ဆွဲဖွင့်ပေးချင်သည်။ တချက်ခုတ် နှစ်ချက်ပြတ်၊ ဆရာဝန်ကြီးကလည်း သူ့ကို မြင်စေချင်သည်။ သူ့သား ရစ်ချတ် ပါလာလျှင်လည်း သူ တခါတည်း တွေ့လိုက်ချင်သည်။ "အိုလေ တကယ်တော့ ငါလုပ်ချင်တာ လုပ်လို့မရတဲ့ဘဝပါလား" ရှဲလာသည် စိတ်ထဲမှသာ ရေရွတ်နေရ၏။ မြတ်လေးနွယ်သည် ပန်းများခူးပြီး သူ့ကို ကတ်ကြေးနှင့် ပန်းတချို့ ပေးလိုက်၏။

"ငါ... ဒီပန်းလောက်ပဲ ဧည့်ခန်းမှာ အလှပြင်ဖို့ ယူသွားမယ်၊ ရှဲလာ လက်ထဲကပန်းတွေကို ဘုရားခန်းမှာ သွားတင်ပေတော့"

ရှဲလာသည် စိတ်ထဲတွင် ကသိကအောက်နှင့် ပန်းများကို ယူကာ ဘုရားစင်ရှိရာ အိမ်ပေါ်သို့ ဖြည်းညင်းစွာ တက်သွားတော့သည်။ အောက်ထပ်တွင် ဘာတွေပြော၍ ဘာတွေဆိုနေကြမှန်းမသိ။ နောက်ထပ် ကားသံအကြားတွင်မူ သူသည် နောက်ဘက်မှ အသာဆင်းကာ မသိမသာ ဇာခန်းဆီးကြားမှ ဧည့်ခန်းတွင်းသို့ ကြည့်လိုက်၏။ ဧည့်ခန်းထဲတွင် ဆရာဝန်ကြီးနှင့်အတူ အိမ်သားများကိုသာ တွေ့ရသည်။ တခြားလူစိမ်း ဧည့်သည်တယောက်မှ အပိုပါမလာသည်ကို တွေ့ရသောအခါ သူရင်မောသွားပြန်သည်။ သူသည် ဘုရားဆောင်ရှိရာသို့သာ ခြေမသယ်ချင်၊ လက်မသယ်ချင်နှင့် ပြန်လည်၍ လာခဲ့တော့သည်။

"အတွတ်ရေ မမမြကတော့ ကိစ္စတခုရှိလို့ မလာနိုင်ဘူးတဲ့၊ သူက နွယ်တို့ညီအစ်မ သုံးယောက်မှာ အငယ်ဆုံး မြတ်လေးနွယ်"

လုလုနွယ်သည် အတွတ်နှင့် မြတ်လေးနွယ်ကို မိတ်ဆက်ပေးလိုက်၏။ မြတ်လေးနွယ်သည် သိမ်မွေ့စွာ ပြုံးလိုက်သည်။

"အတွတ်ကြီးနဲ့ ငါနဲ့သာ တွဲဖက်ဖြစ်နေတာ၊ လုလုနွယ်တို့မိသားစုနဲ့တော့ အတွတ်က မရင်းနှီးခဲ့ဘူး၊ ဒေါ်ဒေါ်သောင်းတို့ကတော့ ရန်ကုန်မှာ အတူနေကြတာမို့

အဝင်အထွက် ရှိပါတယ်"

ဦးကဝိက ပြောပြ၏။

"မြတ်လေး ဆရာဝန်ကြီးနဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ မြတ်လေးကို ခွင့်ပြုပါနော်၊ ကိုစံထူးတို့ကို သွားကူလိုက်ဦးမယ်"

"ဟုတ်ကဲ့ ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ်"

အတွတ်သည် အကဲခတ်သောမျက်လုံးများနှင့် မြတ်လေးနွယ်ကို ကြည့်လိုက်သည်။ သူတို့သုံးယောက် စကားပြောကျန်ရစ်ရာမှ အတွတ်မျက်လုံးများသည် နံရံပေါ်သို့ ရောက်သွား၏။

"ဒီပန်းချီကား ဘယ်သူဆွဲတာလဲ"

အတွတ် ညွှန်ပြသော ပန်းချီကားချပ်မှာ ထင်းစည်းရွက်ထားသော အမျိုးသမီးတယောက်ပုံ ဖြစ်၏။

"ဝင်းတင်ကြီးလက်ရာလေကွာ၊ သူလည်း နယ်လှည့်ပြောင်းရင်း အားလပ်ချိန်မှာ ပန်းချီဆွဲဆွဲနေတယ်ကွဲ၊ ငါ ရိုးမတောင်ခြေက ပန်းတောင်းတို့၊ ဆင်တဲတို့ အနားမှာ စခန်းချရင်း တောင်ခြေက တောထဲ အမဲပစ်သွားတုန်းက တွေ့တဲ့ ကောင်မလေးရုပ်နဲ့ တူလို့ ပြပွဲသွင်းတုန်း ဝယ်ထားတာ၊ နွယ် စိတ်မဆိုးနဲ့နော်"

လှလှနွယ်သည် ပြုံးလိုက်၏။

"အတွတ်ရဲ့ သူက လှလှနွယ်ကို သိပ်အထင်သေးတာပဲ၊ နွယ်က ဒါတွေကို စိတ်မဆိုးတတ်ပါဘူး၊ သူရေးတဲ့ "ယဉ်ကျေးသူ" ဝတ္ထုမှာ ဒီကလေးမလေးကို ရည်စူးပြီး ဇာတ်အိမ်ဖွဲ့တာ နွယ် သိသားပဲ၊ ဒီဝတ္ထုကိုလည်း နွယ်အကြိုက်ဆုံးမို့ သူနဲ့ ဒီဝတ္ထုကို မူတည်ပြီး တွေ့ခဲ့ရတာပဲဟာ၊ နွယ်သူ့ကို မကြိုက်တာက တခြားဟာတွေ"

အတွတ်သည် သူ့ကြောင့် လင်မယားရန်ပွဲ စပေးသလို ဖြစ်မှာစိုး၍ စကားကို လွှဲရန် တခြားဘက်ကို စကားကြောင်း ပြောင်းလိုက်ရ၏။

"အခု ဝင်းတင်ကြီး ဘယ်မှာလဲ"

"ထားဝယ်မှာကွာ၊ ဘိတ်... ထားဝယ် ငါသွားရင် အတွတ်ကို အကြောင်းကြားလိုက်မယ်၊ မြိတ်ကျွန်းစုတွေက ဆလုံတွေဆီကိုရော၊ ပထော် ပထက်တောင်ဘက်ရော တို့ခြေဆန့်ကြဦးစို့"

"အေး... ကိုယ် ရခိုင်ကပြန်ရင် သွားမယ်"

"ပြောရင်းဆိုရင်း နွယ်သတိရတယ် ကိုကို၊ ကိုဝင်းတင်ကြီး ပို့လိုက်တဲ့ ထားဝယ်က လင်းပိုင်ခြောက်၊ ထမင်းစားပြီး မြည်းရအောင်၊ နွယ်... ကိုစံထူး လုပ်ခိုင်းလိုက်ဦးမယ်"

လှလှနွယ် ထသွားမှပင် ဦးကဝိသည် သက်ပြင်းချလိုက်၏။

"ကဝိရ၊ ကိုယ့်မိန်းမ စိတ်ထိခိုက်တတ်တာ သိသားနဲ့ စကားပြောဆင်ခြင်မှပေါ့"

အတွက်က ပြောလိုက်၏။

"အေးကွာ... တခါတခါ လစ်လစ်သွားတယ်။ ငါက ဒီပန်းချီကားကို စိတ်ရောက်သွားလို့၊ "ယဉ်ကျေးသူ" ဝတ္ထုက ရိုးမတောင်ခြေမှာ ငါ အမဲပစ်ရင်း ကလေးမတယောက်နဲ့ တွေ့တဲ့ ဇာတ်လမ်းပါပဲ၊ ဇာတ်လမ်းက စွန့်စားခန်းနဲ့ အချစ်ကို ပေါင်းထားတာ... ဒါပေမဲ့ မြန်မာစကား တလုံးမှ မပြောတတ်တဲ့ ဒီမိန်းကလေးက ငါ့လို မုဆိုးလူရိုင်းကြီးကို မသိမသာ သိမ်းသွင်းလိုက်တာ ငါ နောက်ဆုံး သေနတ်ကို စွန့်တဲ့အထိ ရောက်သွားတဲ့အကြောင်းပေါ့၊ ဝတ္ထုကတော့ စွံပါတယ်ကွာ၊ ခုမှသာ ငါရေးရင် အနောက်နိုင်ငံက ဝတ္ထုဇာတ်လမ်းတွေကိုပဲ အထင်ကြီးတဲ့ ဝေဖန်ရေးသမားတွေက တလောက ပြသွားတဲ့ Trap "ထရက်ပ်" ကို ငါမှီးတယ်လို့ ပြောမှာ၊ တော်ပါသေး ငါက ဆယ်နှစ်လောက် စောပေလို့"

အတွက်သည် ခေါင်းညိတ်လိုက်၏။

"အေးကွာ ငါ ဆရာဝန်ပေမဲ့ ခုတလော ကိုယ့်မြန်မာစာကိုပဲ ပြန်ပြီး ဖတ်ရလေ့လာရတယ်၊ ခက်တာကကွယ် သိပ္ပံပညာနဲ့ပတ်သက်ပြီး တို့မသိတာတွေ နိုင်ငံခြားက ယူရမယ်၊ ဘာသာစကားရပ်တွေ ကိုလည်း သင်ရမှာပဲ၊ ဒါပေမဲ့ တို့အထဲမှာ နိုင်ငံခြားကိုမှ အထင်ကြီးတဲ့စိတ်က သိပ်များတာပဲ၊ ငါ အဲဒါကို အသည်းယားတယ်ကွာ"

အတွက်က ပြောလိုက်၏။

"ငါတော့ တတ်နိုင်သလောက် ထိန်းတာပဲ အတွက်၊ ငါတခုပြောမယ်၊ အမေရိကန်နဲ့ အနောက် ယဉ်ကျေးမှုရော၊ လက်ဝဲနိုင်ငံသမားတွေရဲ့ဝါဒရော တို့လူငယ်တွေ ဦးနှောက်ထဲ လွယ်လွယ်ဝင်လာရတာ တို့လူတွေရဲ့ ပင်ကို "အခံ" မခိုင်လုံလို့ပေါ့။ တို့ဟာ တို့ဘုရားရဲ့ ဟောကြားထားတဲ့ လောကုတ္တရာပိုင်း လောကီပိုင်း အကြီးအကျယ်ကြီး၊ အနောက်က သိပ္ပံပညာတွေကို ယှဉ်နိုင်တဲ့ ဓာတ်ပိုင်းဆိုင်ရာ ဘာသာရပ်တွေကို ထားပါတော့ အလွယ်အလွယ်ဆုံး

လူ့ကျင့်ဝတ်ဖြစ်တဲ့ မင်္ဂလာတရားကိုတောင် တို့လူငယ်တွေစိတ်ထဲ အခိုင်အမာ သွင်းမထားနိုင်ဘူးကွာ၊ ပြီးရော ပြီးရော... ဒီအမေရိကန်၊ အင်္ဂလိပ်၊ ရုရှားတို့၊ တရုတ်တို့ ပေါ်လာပြီးတော့မှ သူတို့ခံယူတဲ့ဝါဒတွေ မှီပြီး ယဉ်ကျေးလာရတဲ့ မြန်မာလူမျိုး ဖြစ်အောင် လုပ်တဲ့လူတွေက လုပ်တယ်၊ ရေးတဲ့လူတွေက ရေးတယ်ကွာ၊ ခုတော့ မင်္ဂလာတရားလေး ရွတ်ရင်ပဲ လူဆိတ်ကွယ်ရာမှာ ရွတ်ရမယ့်အတတ်၊ "ဘာသာရေး အမြင်ကျဉ်းမှု" တခုကို လက်ညှိုးထိုးထိုးပြပြီး တို့ဘိုးဘွား အစဉ်အဆက်ရဲ့ လက်ခံတဲ့ ယုံကြည်မှုတွေ၊ ကိုးကွယ်တဲ့ ဘာသာရပ် ယဉ်ကျေးမှုကို ဖျက်ဖျက်သွားတဲ့ စာရေးဆရာတွေကို ငါ သိပ်စိတ်ဆိုးတာပဲ၊ အဲဒီ ဖျက်တဲ့လူတွေပဲ သူတို့စိတ်ငြိမ်အောင် စာရေးတော့ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း ပရိဝုဏ်ထဲ သွားရေးတယ်ကွာ၊ အတော်ကျေးဇူးကန်းတဲ့ အကောင်တွေ"

"ဟား... ဟား"

အတွက်က သူ့သူငယ်ချင်း ပြောသည်ကို သဘောကျ၍ ရယ်လိုက်၏။

"အတွက် စာတွေ ပြန်ဖတ်နေတယ်ဆိုလို့ မင်း တခု သတိထားမိလား မောရစ်ကောလစ် ရေးတဲ့ နွေမာလာလေ"

"ဖတ်ဖူးပါတယ်"

"ငါလည်း မြိတ် တခါ ရောက်ခဲ့လို့ ပထက်တောင်နဲ့ မျက်နှာချင်းဆိုင် အဲဒီမြိတ်တောင်ကုန်းပေါ်က အိမ်ကြီးမှာ ငါတည်းခဲ့သေးတယ်၊ သူ့ဝတ္ထုရော မြိတ်ရော အကုန် သတိပြန်ရလို့ပါ၊ မြန်မာကို ချစ်ပါတယ်ဆိုတဲ့ မောရစ်ကောလစ်တောင် အဆုံးသတ်ဇာတ်လမ်းမှာ စန္ဒမာလာဟာ မျိုးနွယ်တူတဲ့ ဘုရင့်အဆက်အနွယ် မြန်မာမင်းသွေးပါသူ တယောက်ကို ခပ်ပေါ့ပေါ့ နေရာမှာထားပြီး အနောက် ပန်းချီဆရာကိုမှ ချစ်တယ်လို့ ဇာတ်လမ်းသိမ်းထားတယ်၊ ဝတ္ထုဇာတ်လမ်းဆင်ပုံတွေ၊ ဇာတ်သိမ်းပုံတွေ၊ အနုပညာမြောက်ပုံတွေရော၊ မောရစ်ကောလစ်ရဲ့ မြန်မာပြည်အပေါ်ထားတဲ့ စေတနာရော ငါ ကျေးဇူးတင်ပါတယ်၊ အပြစ်မတင်ပါဘူး၊ ငါဆိုလိုချင်တာက အဆုံးသတ်ကလေးမှာတော့ အင်္ဂလိပ် စာရေးဆရာတွေ ရေးပုံကို အကဲခတ်ကြည့်စမ်း၊ မသိမသာလေး တို့ကို ခေါ်သွားပြီး "တို့အင်္ဂလိပ် အမျိုးသားကို အထင်ကြီးပါ" ဆိုတဲ့ အဖြစ်ရောက်အောင် သိမ်းသွင်းသွားတာချည်းပဲ မောင်"

ဦးကဝိပြောသည်မှာ စိတ်ပါဝင်စားစရာ အချက်တချက်ပင် ဖြစ်၏။

"A Tale of Two Cities "အေတေးလ်အော့ဖ်တူးစီးတီး" ဖတ်ကြည့်ပါလား၊ စာရေးဆရာ ဒဂုန်ရွှေမျှားတောင် ဘာသာပြန်ထားတယ်လေ၊ မြို့တော်ညီနောင်၊

အဲဒီဝတ္ထုမှာရော အတွက် နိဂုံးချုပ် စာတတန်းလေးပဲ ဖတ်ကြည့်၊ ပြင်သစ်တော်လှန်ရေးဟာ နောက်ဆုံး လူသတ်ပွဲကြီးအနေနဲ့ ရုပ်ပျက် ဆင်းပျက် ဥပဒေမဲ့ ဖြစ်လာတော့ အင်္ဂလန်က ဝင်ကူတယ်လေ၊ အပြစ်မဲ့တဲ့ ပြင်သစ်ပြည်သူတွေနဲ့ ဘုရင့်မျိုးနွယ်တွေ နောက်ဆုံးဇာတ်သိမ်းမှာ ဇာတ်လိုက် ဆိုပါတော့ သူ့ချစ်သူ ကယ်လာတဲ့သူက ရေလက်ကြားဖြတ်ပြီး အင်္ဂလိပ်ကမ်းခြေလည်း မြင်ရရော... "ဒါဟာ အင်္ဂလန်" တဲ့ သယ်လာလိုက်ပုံက လွတ်လပ်ခွင့်၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ ရှိနေတဲ့ နေရာပေါ့လေ... ကဲလေကွာ၊ သူတို့စာရေးဆရာများ ရေးသွားလိုက်ပုံက သိသာအောင် မသိသာသောနည်းလေးနဲ့ပေါ့လေ၊ ငါတို့ဆီကတော့ တို့စာရေးဆရာ တယောက်က သူ့ချက်မြှုပ်ဇာတိကို "မြန်မာပြည်" ကိုယ်စားထားပြီး၊ ကိုယ့်ဇာတိ ကိုယ့်ရပ်မြေကို ချစ်တတ်အောင်လို့ ရေးသွားတာတောင် ဝေဖန်ရေး ဦးပေတံတို့က "ဒေသန္တရစိတ်များသော စာရေးဆရာ" တဲ့၊ သေပါတော့ကွာ၊ ဘယ်အမေရိကန်... ဘယ်ရုရှား ၊ ဘယ်တရုတ် တယောက်ယောက် ဆွဲထုတ်ပြစမ်း၊ သူတို့မွေးရပ်မြေကို မချစ်တတ်တဲ့သူ၊ ဒါကြောင့်ပေါ့ အမေရိကန်က စစ်ပွဲတောင် သူ့မြေ ရောက်လာမှာစိုးလို့ တို့အာရှမြေပေါ်က ဗီယက်နမ်မှာ စစ်ပွဲ လာချပေးထားတာ အတွက်မြင်လား၊ တနိုင်ငံက ဆရာသမားကြီးများ ကျတော့လည်း အကွက်တွေ မြင်လိုက်တာ၊ တကွက်ကျော်ချည်းပဲ... တို့..."

"ကဲပါ... ကိုကို စကားတံအိုး... ထမင်းပွဲ အဆင်သင့်ဖြစ်ပြီ၊ အတွက်ရေ နောက်မှ ခြံထဲမှာ စကားပြောကြတာပေါ့"

လှလှနွယ် လာခေါ်တော့မှ ဦးကဝိသည် အတွက်ကို ခေါ်ကာ စကားစ တန်းလန်းကို ဖြတ်၍ ထမင်းပွဲသို့ သွားတော့သည်။ ဩော်... စာရေးဆရာ... စာရေးဆရာ၊ ပင်ကိုဉာဏ်ကတော့ တယောက်တယောက် မကွာလှပေ။

ထမင်းစားပြီး သစ်ခွအိမ်လေးရှိရာသို့ သူတို့ ဆင်းလာကြ၏။ သစ်ခွပင်များအောက်တွင် ထိုင်ရင်း အတွက်သည် စရမည့်ဇာတ်လမ်းကို စဉ်းစားနေ၏။ ထမင်းစားပွဲတွင် မျက်နှာချင်းဆိုင် တွေ့ခဲ့ရသော မြတ်လေးနွယ်မျက်နှာကို သနားစရာလို ထင်လာ၏။ လှလှနွယ်လောက် မြတ်လေးနွယ်သည် မချောပေ။ ညီအစ်မဖြစ်၍ မျက်နှာချင်း ဆင်သော်လည်း လှလှနွယ်က နှာတံသွယ်၍ စင်းနေသည်။ အသားမှာ ဖြူ၍ သေးသွယ်သောနှာတံမှာ မျက်လုံးနှစ်လုံးကြားတွင် ပေါ်လွင်၍နေ၏။ မြတ်လေးနွယ်နှာတံမှာ လှလှနွယ်လောက် မပေါ်လှပေ။ သို့သော် တည်ငြိမ်သော ဣန္ဒြေကိုတော့ မြတ်လေးနွယ်၏ မျက်လုံးများက ဖော်ပြနေ၏။

သူ့ခမျာ အကျိုးအကြောင်းသာ သိလျှင် အတော်မခံချင်ဖြစ်မည်ဖြစ်၏။ မေမေကလည်း ကောင်းစေချင်၍ စီမံခြင်းဖြစ်၏။ အတွက်ကလည်း ကြိုးစား၍

မေမေ စိတ်ချမ်းသာပါစေ အနေနှင့်သာ လိုက်လျော၍ မြတ်လေးနွယ်ကို လာရောက်တွေ့ဆုံရခြင်းဖြစ်၏။ ကဝိကတော့ လှလှနွယ်ကို ပန်းများကို ပြကာ ပြကာနှင့် ခပ်လှမ်းလှမ်းသို့ ခေါ်သွားတော့သည်။ ဪ... စိတ်ထဲက မပါလာတော့လည်း ဘာစကားလုံးမှ မထွက်ပါလား။ မြတ်လေးနွယ်မှာလည်း သူ့အသိုင်းအဝိုင်းနှင့် တက္ကသိုလ်နယ်မြေတွင် ချစ်သူခင်သူ ရှိရှာပေမည်။ ဘယ်မိန်းကလေးမကို အကြောင်းကံဆုံ၍ လက်ထပ်ကာ ဘယ်ယောက်ျားနှင့်ပင် ရရ၊ တဦးသောချစ်သူက မြတ်နိုးလေးစားစွာ ချစ်ပါရစေကြောင်း ဖွင့်ဟပြောကြားခြင်းကို ခံယူလိုကြသည်ဟု အတွက်ကတော့ ယူဆ၏။ ယခုတော့ သိမ်မွေ့နူးညံ့သော ဤမိန်းကလေးအား သူလေးစားပါသည်။ တကယ် လေးစားပါလျှင် မည်သို့ပင်ဆိုစေ သူ့စိတ်ထဲက မပါဘဲ လက်ထပ်ဖို့အကြောင်းများကို ပြောခြင်းသည် ကာယကံရှင် မိန်းကလေးက သိသိ မသိသိ သူလုပ်သင့်လုပ်ထိုက်သော အလုပ်တခုမဟုတ်ဟု သူ့စိတ်များက သူ့အား သတိပေးသလို ဖြစ်လာ၏။

"ယောက်ျားဆိုတာ ကိုယ့်သိက္ခာ ကိုယ် ရှိသေရတယ်လေ၊ သူများတိုက်တွန်းလို့ စိတ်မပါဘဲ လုပ်ရတယ် ဆိုတာတော့ ကျိုးကြောင်းပြ မခိုင်လုံလှဘူး။ ချစ်မေတ္တာဆိုတာလည်း လုပ်ယူလို့ မရပါဘူး မေမေရယ်လို့ မေမေ့ကို အကျိုးအကြောင်း ရှင်းပြရင် မေမေဟာ နားလည်လွယ်တဲ့ အမျိုးသမီးကြီးတယောက်ပါ။ နောက်ခါမှ ကျွန်တော့်နှလုံးသားက အလိုအလျောက် နိုးကြားလာတဲ့ စိတ်အရှိန် ပေါ်လာတော့မှ မြတ်လေးနွယ်ကို ကျွန်တော် ထပ်တွေ့မယ်လို့ မေမေ့ကို ရှင်းပြမယ်၊ ကိုယ့်စိတ်ကိုလည်း... ကိုယ်... မယုံဘူး...၊ တခါ သူများခိုင်းလို့ လုပ်တယ်ဆိုရင် ဒီအိမ်ထောင်ရေး ဟာလည်း အောင်မြင်မှာ ဟုတ်ပါဘူး၊ ငါဟာ... လူသားယောက်ျားပါ၊ ရုပ်သေး မဟုတ်ဘူး... ရုပ်သေးမဟုတ်ဘူး သူ့စိတ်ထဲတွင် တယောက်တည်းသာ စကားပြောနေမိ၏။ သက်ပြင်း ခဏခဏ ချလိုက်၏။

"ဟော... ကိုကိုတို့ မမနွယ်တို့ ဘယ်ရောက်သွားလဲ၊ ကိုစံထူးရေ သစ်သားစားပွဲခုံလေး ဆရာဝန်ကြီးရှေ့ ချလိုက်ပါ"

မြတ်လေးနွယ်သည် ဟန်ပန် ဘာမှမပါ၊ အိမ်ရှင်တယောက် ဧည့်ခံနည်းမျိုးပင် ဧည့်ခံနေ၏။ ကိုစံထူးလက်မှ လင်းပိုင်ခြောက်နှင့် ဆတ်သားခြောက် မီးဖုတ်ထားသော ပန်းကန်များ၊ ရေနွေးကြမ်းအိုး၊ လက်ဖက်ခွက်များကို သူရှေ့ ချပေး၏။

"ကဲ... သောက်ပါဦး၊ မြတ်လေးက သူတို့ဆရာဝန်ကြီးအနားမှာ ရှိတယ်လို့ ထင်နေတာ၊ ဒီနေရာ နေမပူပါဘူးနော်"

"မပူပါဘူး... အတော်ပါပဲ... ကဝိရယ် လှလှနွယ်ကို ကျွန်တော်ပေးတဲ့

ပန်းတမျိုး ထပ်ပြနေတယ်၊ ကျွန်တော် နောက်ဆုံးပို့တဲ့ အင်ဒိုနီးရှားသစ်ခွကို ဟိုအောက်ချိုင့်ထဲမှာ ခဏထားတယ် ဆိုလားပဲ... ခုပဲ လာကြပါလိမ့်မယ်"

မြတ်လေးနွယ်သည် အတွတ်ရှေ့ ကြိမ်ကုလားထိုင်တခုပေါ်တွင် ထိုင်လိုက်၏။

"ကိုကိုကတော့ စကားဆုံမိရင် အတွတ်ပေးလိုက်တာတွေ ဆိုဆိုပြီး မနွယ်ကို ခရီးက ပြန်လာရင် ပန်းတွေ ပြပါတယ်။ ဒေါ်လေးစီတို့ကလည်း မြတ်လေးတို့အိမ် လာလာလည်ပါတယ်။ ဆရာဝန်ကြီးကိုသာ မြတ်လေး မတွေ့ဖူးတာ၊ ပြီးတော့ သူတို့က အတွတ် အတွတ်နဲ့ ခေါ်ခေါ်နေလို့ ဆရာဝန်ကြီးနဲ့ ကိုကိုနဲ့ အသက်အတူလောက်ပဲလား"

မြတ်လေးနွယ်က ညှော့ခံစကား စပြော၏။

ခက်ကပြီ၊ မေမေတို့ကလည်း သူ့သားလေး ငယ်ငယ် လူပျိုပေါက်အရွယ်လို လူပျိုစကား ပြောခိုင်းလိုက်သည်။ မြတ်လေးနွယ်ကလည်း ပညာစွမ်းပြသည် ထင်ပါသည်။ "ရှင့်အသက် ဘယ်လောက် ရှိပလဲ၊ အသက်က ကြီးလှပါပကော ခုမှ လူပျိုစကား ပြောမလို့လား" ဟု သွယ်ဝိုက်သောနည်းနှင့် မေးလိုက်ဟန်တူသည်ဟု လိပ်ပြာမလုံသော အတွတ်က ထင်၏။ အေးလေ... ဇာတ်ဆရာ မောင်ကဝိက မှာလိုက်ပေသားပဲ၊ တွေ့ရုံတွေ့ တော်ပြီဆိုတော့ တို့လည်း တို့ဇာတ်ထုပ် ခင်းချင်ရာ ခင်းရုံပါပဲ၊ အမလေး စိတ်မပါဘဲ လှုပ်ရှားရတာလောက် မောတာ မရှိပါလားနော်၊ အတွတ်သည် စိတ်ထဲမှ ညည်းမိ၏။

"ဟုတ်ကဲ့... ဒေါ်မြတ်လေးနွယ်ရဲ့... ကျွန်တော့်ကို မေမေတို့ကရော သူငယ်ချင်းတွေကရော အတွတ်လို့ ခေါ်တာ နှုတ်ကျိုးနေကြပြီ၊ ကျွန်တော် ကဝိထက် အသက်ကြီးပါတယ်"

"အို... မြတ်လေးကို ဒေါ်တပ်ခေါ်ဖို့ မလိုပါဘူး၊ မြတ်လေးတို့ညီအစ်မမှာ မြတ်လေး အငယ်ဆုံးပါ"

"ကျွန်တော့်မှာ မြတ်လေးရဲ့ဂုဏ်ကို ရှိသေဖို့ ဝတ္တရားရှိလို့ပါ"

မြတ်လေးနွယ်သည် ပြုံးလိုက်၏။

"ဆရာဝန်ကြီးတွေ မျက်စိအမြင်နဲ့ဆိုရင် မမနွယ်ရောဂါဟာ ပျောက်နိုင်ဦးမှာလားဟင်..."

"ဟုတ်တာပဲနော်... မြတ်လေးတို့ ကျောင်းမှာလေ၊ ဆရာတယောက်ဟာ အဲဒီလိုပဲ၊ ဆေးရုံပေါင်းစုံ၊ ဓာတ်မှန်လည်း အမျိုးမျိုးရိုက်၊ အသည်းတွေရော။

နှလုံးတွေရော၊ ကျောက်ကပ်ရော ရောဂါအမျိုးစုံကို နေရာအနှံ့ လိုက်ရှာတဲ့အခါ ဘာရောဂါမှလည်း မတွေ့ဘူး၊ သူ့မှာတော့ ပိန်ချုံးပြီး ကျောင်းသာ တက်နေတယ်။ အရိုးရုပ်ကလေးလိုပဲ အစားလည်း သိပ်မစားနိုင်ဘူး၊ နည်းနည်း... နည်းနည်းပဲ စားတယ်။ အိပ်ရာပေါ်တော့လည်း မနေပါဘူး"

"ဟုတ်ကဲ့... ဒါမျိုးလည်း တွေ့ဖူးပါတယ်"

"မမနွယ်ကိုတော့ မြတ်လေး သနားနေတာပါ၊ ကိုကိုကလေ အရင်က သူ့ဘာသာ ဘယ်လိုပဲနေနေ၊ ခုတော့ သိပ်ဂရုစိုက်တာပဲ"

"ဟုတ်ပါတယ်... ကဝိက ကျောင်းက ဝါသနာပါ၊ တကယ်တော့ နွယ်ရဲ့အပေါ်မှာ သူ လေးလေးစားစား ရှိပါတယ်၊ အသွင်အပြင်ချင်း မတူကြတာကတော့ နောက်မှ သိလာတာကိုး၊ အမဲပစ်သမားတွေဟာ ဒီလိုပဲ မြတ်လေးရဲ့၊ သူတို့ဘာသာ သူတို့ပစ်တဲ့ အမဲကောင်တွေက သင်ခန်းစာပြမှ ကျွတ်တတ်တယ်။ ဘယ်သူ တရားဟောဟော ဘယ်သူ ချွတ်ချွတ် မကျွတ်တတ်ဘူး၊ ဒီတောထဲမှာ လူကို အမဲကောင်ထင်ပြီး မှားပစ်တာတို့၊ တောင်ခြေရွာလေးက မုဆိုးတွေ ပြောပြတဲ့ အကြောင်းတွေမှာ အတော်များများပါတယ်"

"ခုလည်းပဲ ကလေးဟာ မသေရင် မမနွယ်စိတ် ဒါလောက်ထိခိုက်မယ် မထင်ဘူးနော်"

"ဟုတ်ပါတယ်"

"မြတ်လေးစိတ်ထဲမှာတော့၊ သားကိုချစ်တဲ့စိတ်ဟာ မိခင်တွေအဖို့ သူတို့ခင်ပွန်းကို ချစ်တဲ့စိတ်ထက် ပိုမယ်ထင်တယ်နော်"

မြတ်လေးနွယ်သည် ခပ်အေးအေးပင် သူ့မျက်နှာကို ကြည့်၍ မေး၏။

"ဟုတ်ကဲ့... ကျွန်တော်လည်း ဒီလိုပဲ ထင်တာပါပဲ။ လင်ကိုတော့ အားကိုးတာ ပိုချင်ပိုမှာပေါ့"

"လက်ဖက်စားပါဦး ဆရာဝန်ကြီး..."

မြတ်လေးနွယ်သည် လက်ဖက်ခွက်ကို ကမ်းပေးလိုက်၏။ သူကိုယ်တိုင်လည်း လင်းပိုင်ခြောက် တမြောင်းကို ယူ၍ ဝါးနေ၏။ ဆရာဝန်ကြီး... ဆရာဝန်ကြီးဟု 'ကြီး' ဟူသော စကားတလုံးဖြင့် သူ့ကိုများ အုပ်နေလေသလား။

"နောက် ကလေးလေးတယောက်များ တကယ်လို့ မွေးလာရင်လည်း မမနွယ် စိတ်ပြောင်းသွားမလား မသိ"

"ဖြစ်နိုင်ကောင်းပါရဲ့"

"မြတ်လေးဖြင့်လေ ရိုးရိုးအချိန်တွေကျရင် မေ့မေ့ပျောက်ပျောက်ပါပဲ၊ တခါတခါ သူ့ကလေးမလေးတွေ မရှိလို့ မြတ်လေးလည်း ကြုံတုန်း သူ့ပုံကို နားထောင်ရရင်လေ ကလေးတွေ တောင်ခေါင်းထဲ ရောက်သွားတဲ့နေရာ ရောက်ရင် မြတ်လေးပါ ငိုချင်ရော၊ ပုံပြောတဲ့အခါများ အံ့ဩစရာပဲ၊ သူ့မျက်နှာ အနေအထားကလေ တမျိုးပဲ..."

"ကျွန်တော်တော့ တခါမှ မကြုံကြိုက်သေးဘူး"

"ကလေးမှာ တန်ခိုးရှိတယ်နော်၊ လူကြီးတယောက်ရဲ့စိတ်အပြောင်းအလဲကို ကလေးငယ်ရဲ့ မျက်နှာဟာ သိပ်ဖန်တီးနိုင်တာပဲ"

"စိတ် အထိန်းအချုပ်လို့ ဆိုရမှာပေါ့"

"မြတ်လေးတို့ဌာနမှာ ကထိက ဒေါ်ခင်မျိုးသွယ်ရဲ့အဖေဟာ ခင်မျိုးသွယ် နှစ်နှစ်သမီးက သူတို့အမေ ဆုံးသွားတာ ခုထိ အိမ်ထောင်မပြုဘူး။ သူ့သမီးလေး မိထွေး နှိပ်စက်မှာစိုးလို့တဲ့၊ ခင်မျိုးသွယ်လည်း သူ့အဖေအချစ်ကိုငဲ့ပြီး သူလည်း အိမ်ထောင်မပြုနဲ့၊ သူတို့သားအဖ ဇာတ်လမ်းကလည်း သနားစရာပဲ။ မြတ်လေးတို့ကို တခါတခါ ခေါ်ခေါ်ပြီး အဘိုးကြီးက ထမင်းကျွေးတယ်၊ မြတ်လေးတို့က ခင်မျိုးသွယ် အဖေကို အန်ကယ်လို့ ခေါ်တယ်၊ မြတ်လေးတို့ကို သူ့သမီးလိုပဲ ဆက်ဆံတယ်၊ အန်ကယ်ကလည်း မိန်းမယူပါတော့ ခင်မျိုးသွယ်ကိုလည်း အိမ်ထောင်ပြုပေစေပေါ့လို့ ပြောတယ်၊ စိတ်စမ်းတဲ့အနေနဲ့ပါ၊ ရယ်ရယ်မောမော ပြောကြရင်း အန်ကယ်က ပြောပြတယ်"

"ကလေးတွေရဲ့တဲ့၊ မြတ်လေးတို့ကို ကလေးတွေလို့ပဲ သူက ခေါ်တယ်၊ တို့မှာလည်း ရွှေငုံးမင်းဇာတ်ထုပ် ရှိတာပါတဲ့"

အတွက်သည် မြတ်လေးနှယ် စကားပြောသည်ကို မသိမသာ စိတ်ဝင်စားလာ၏။

"ရွှေငုံးမင်း အမြီးမျှော်သလို၊ တနေ့သော် ပေါက်လိမ့်နိုးနဲ့ မျှော်လင့်စောင့်စားရင်းကပဲ အိုလာကြတာ လားတဲ့ ကလေးတို့ရဲ့၊ သူငယ်ချင်း ခင်မျိုးသွယ်ကို အန်ကယ် ချုပ်ချယ်မထားပါဘူးတဲ့၊ သူကြိုက်တဲ့ သူနဲ့တွေ့ရင် သူလည်း လက်ထပ်ပေါ့တဲ့... ခုတော့ သူ့စိတ်ကို တည်ငြိမ်အောင် သူ့သမီး ခင်မျိုးသွယ်က ထိန်းထားတာတဲ့၊ တနေ့နေ့တော့လည်း ရွှေငုံးမင်း အမြီးမျှော်တဲ့ ဇာတ်လမ်းလည်း စခန်းသိမ်းမှာပေါ့တဲ့၊ ခင်မျိုးသွယ်အဖေက တရားသူကြီး ဦးအောင်မိုးလေ။ စကားပြော သိပ်ကောင်းတာပဲ။ ခင်မျိုးသွယ်သာ မရှိရင် အဘိုးကြီး စိတ်ထင်ရာ

လုပ်ချင်လုပ်မှာနော်"

"ဒါပေမဲ့ သူ့စကားထဲမှာ ရွှေငုံးမင်း အမြီးမျှော်သလို ဆိုတော့ အမြီးမျှော်လင့်တဲ့ ဇာတ်လမ်းတော့ ရှိနေမှာပေါ့"

"ဟုတ်တယ်လေ၊ ခင်မျိုးသွယ်အမေ သေပြီးတောင် အမြီးမျှော်တဲ့ ဇာတ်လမ်းက ဆက်ရန် ရှိပေမဲ့ ခင်မျိုးသွယ်ကြောင့် ငုံ့ပြီး ဇာတ်လမ်း ဆက်မခင်းဘူးလို့ ဆိုလိုတာပေါ့"

"အေးပေါ့လေဗျာ။ အဘိုးကြီးပြောတာ မဆိုးဘူး၊ ငုံးမင်းဇာတ်လမ်းဟာ လူတိုင်း ကိုယ်စီ ရှိတတ်တာပဲနော်"

"ဆရာဝန်ကြီးက ပိုသိမှာပေါ့၊ ရစ်ချက်တို့မေမေဆိုလည်း ရစ်ချက် ဘယ်အရွယ်က ဆုံးသွားတာလဲ၊ ဟင်... ဆရာဝန်ကြီးရယ် မြတ်လေး စပ်စုတယ်လို့ မထင်ပါနဲ့"

အတွတ်သည် ရုတ်တရက် ကြောင်သွား၏။ လက်စသတ်တော့ ငါ့ထက် စကား တတ်ပါကလား၊ ငါ့ကို လူပျိုအစစ်လား၊ ကလေးတယောက် အဖေလား၊ စကားနှိုက်နေပြီး ကဝိရေ၊ မင်းထင်သလို ငါထင်သလို မြတ်လေးနွယ်ဟာ မတုံးသေးဘူးဟေ့၊ လူလည် စကားတတ်မလေး ပါလား။ သူ့စိတ်ထဲကပြောရင်း မြတ်လေးနွယ်မျက်နှာကို ကြည့်မိပြန်သည်။

"ဟိုဒင်းလေ မီးထွက်ပြီး ဆိုပါတော့"

"ဩော်... သနားစရာပဲ၊ ရစ်ချက်က ချစ်စရာ ကောင်းတယ်၊ ဒေါ်လေးတို့ကလည်း သိပ်ချစ်တာပဲ။ မြေးလေးကို အရိပ်ကြည့်နေတာပဲ၊ ဆရာဝန်ကြီးလည်း ခင်မျိုးသွယ်အဖေ ဦးအောင်မိုးကြီးလို ဖြစ်နေမှာပေါ့၊ သားလေးကို ချစ်တဲ့စိတ်နဲ့ အေးအေးဆေးဆေး နေလာလိုက်တာ၊ မြတ်လေးကတော့ ရစ်ချက်ကို ခဏခဏ တွေ့ပါတယ်"

"ဟုတ်တယ်...၊ ရစ်ချက်ကိုတွေ့ရင် ဆုံးမပါ ဆရာမရယ်၊ တက္ကသိုလ် မရောက်တောင် အခြေခံပညာတော့ အနည်းဆုံး မက်ထရစ် အောင်စေချင်တာပေါ့၊ ခုတော့ ရှစ်တန်းမှာ ကျကျနေတယ်"

"ဟော... ဟိုမှာ... မမနွယ်တို့တောင် လာပြီ"

သစ်ခွပန်းတချို့ကို ပိုက်လာသော လှလှနွယ်တို့နှစ်ယောက်အား မြတ်လေးနွယ်သည် လက်ညှိုးထိုးရင်း သူ့အစ်မရှိရာသို့ ထသွား၏။ လှလှနွယ်ကိုတွဲခေါ်ကာ မြတ်လေးနွယ်သည် အိမ်ပေါ်သို့ သွားပို့တော့သည်။

မကြာခင်ပင် အတွတ်သည် နှုတ်ဆက်ကာ ပြန်သွားသည်။

မြတ်လေးနွယ်က မပြန်သေးပေ၊ အောက်ချိုင့်ထဲသို့ ဆင်းသွား၏။ အောက်ဖက် မြေနိမ့်ပိုင်းတွင် ခေတ္တထားသော သစ်ခွပန်းအသစ်များကို သူလိုက်ကြည့်နေ၏။ မှိုင်တွေချနေသော ရဲလာကို အုန်းဆံများဘေးတွင် မြတ်လေးနွယ်က တွေ့ရသည်။

"မမနွယ် အိပ်နေလို့ ရဲလာ နားနေလား"

မြတ်လေးနွယ် နှုတ်ဆက်သံကြောင့် ရဲလာ လန့်သွား၏။

"ဟုတ်ကဲ့... ထုပြီး အုန်းဆံလည်း နည်းနည်း လိုချင်လို့"

"ခုတလော ရဲလာကလည်း ငိုင်ငိုင်နေတာပဲ၊ ကြင်မြိုင်မလာသေးသရွေ့တော့ မပြန်ပါနဲ့ ရဲလာရယ်။ နင် ပြန်ချင်လို့လား၊ မမနွယ်ကလည်း ရဲလာကို ချစ်ပါတယ်။ မြတ်လေးတို့က မမနွယ်ကို ချစ်ပေမဲ့ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ မမနွယ်ကို ပစ်ထားရသလိုပဲ၊ ရဲလာရှိနေတော့ မြတ်လေးတို့လည်း စိတ်ချတယ်၊ ရဲလာက လူနာပြုစုတတ်ပုံရတယ်တဲ့ ကိုကိုက ပြောတယ်"

"မပြန်ပါဘူး မမလေးရဲ့ ရဲလာ စိတ်တော့ညစ်တယ်"

"ဟင် ဘာကို စိတ်ညစ်တာလဲ မြတ်လေးကို ပြောလေ၊ မြတ်လေး ကူညီနိုင်တာဆို ကူမယ်"

မြတ်လေးနွယ်သည် အလှလုပ်ထားသော ကျောက်တုံးခုံတန်းလေးပေါ်တွင် ထိုင်လိုက်၏။ ရဲလာကတော့ မြက်ပေါ်တွင် ထိုင်နေသည်။

"မမလေး... ရဲလာကို အကြံဉာဏ်ပေးနော်"

"အေးပါ... ပြောမှာ ပြောစမ်းပါ"

"ရဲလာ တိုတိုပဲပြောမယ်၊ မလေးတို့ မနက်က ထမင်းကျွေးတဲ့ ဆရာကြီး ဦးမိုးကောင်းကိုလေ ရဲလာ သိတယ်၊ ရဲလာ တံခါးကြားက ချောင်းချောင်းကြည့်နေတယ်၊ ဒေါ်သောင်းစိန်သားမို့လား"

"ဟုတ်တယ်"

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ရဲလာ သူတို့အိမ်မှာ အလုပ်လုပ်ဖူးတယ်၊ ရဲလာလေ ကလေးတယောက် မွေးတယ်"

"ဟယ်... ဒီဆရာဝန်ကြီးနဲ့လား"

"အို... အို... မဟုတ်ပါဘူး"

ရှဲလာသည် အတိတ်ကို ပြန်ပြောရင်း အသစ်ဖြစ်ကာ မျက်ရည်က ကျလာပြန်သည်။

"ရှဲလာ့ဇာတ်ထုပ်မှာ ဘယ်သူမှ တရားခံ မဟုတ်ပါဘူး၊ ရှဲလာ ဘယ်သူမှ အပြစ်မတင်ပါဘူး၊ ရှဲလာ့ချစ်သူက သေသွားတာကို နို့မို့ရင် သူ တကယ်ယူမှာပါ"

မြတ်လေးနွယ်သည် ဟင်းခနဲ သက်ပြင်းချလိုက်၏။

"အဲဒါ... မင်းက ဘာလုပ်ချင်လို့လဲ"

"ဒီလိုပါ။ ခုတော့ ရှဲလာ့သားကို သိပ်တွေ့ချင်တာပဲ၊ ရှဲလာ့ရုပ်ကလည်း ဆယ့်ငါးနှစ်အတွင်း စိတ်က မပျော်လို့လား မသိ၊ သိပ်ကျသွားတာပဲ၊ ရှဲလာ့သားလေးကို တွေ့ချင်ပါတယ်ပြောရင် သူတို့က တွေ့ခွင့်ပေးမှာလား၊ သူတို့က ရှဲလာ့ကို မှတ်မိပါ့မလား၊ မှတ်မိတယ် ထားပါလေ၊ အဖေ အမေအရင်းက တွေ့ချင်ရင် တချို့ တွေ့ခွင့်မပေးချင်ဘူး၊ ပြီးတော့ ဒီရစ်ချတ်ဆိုတဲ့ ဆရာဝန်ကြီး သားဟာ ရှဲလာထားခဲ့တဲ့ သားလေးကိုပဲ ဆက်မွေးစားတာလား၊ သားလေး သေသွားပြီးနောက် မွေးစားတဲ့ ကလေးတယောက်လား"

"မင်း ကလေးကိုမြင်ရင် မမှတ်မိဘူးလား"

"မှတ်မိမယ်လို့ထင်တယ်၊ ဒါကြောင့် ရှဲလာ ခုတလော ကိုယ့်စိတ်နဲ့ကိုယ် ဂနာမငြိမ်တာ၊ ဒီဆရာဝန်ကြီး ကားလာရင် မမလေးတို့ပြောနေတဲ့ သူ့သား ရစ်ချတ် ပါလာမလားလို့ ချောင်းချောင်းကြည့်ရတာ၊ သား... သားကတော့ ရှဲလာကို မသိတော့ပါဘူး၊ မမှတ်မိတော့ပါဘူး"

ရှဲလာသည် မြတ်လေးနွယ် ဒူးပေါ် မျက်နှာအပ်ကာ ငိုတော့သည်။

"မငိုနဲ့ ရှဲလာရယ်၊ မမလေး စဉ်းစားပါဦးမယ်၊ ခုန သစ်ခွအိမ်ထဲမှာလည်း ဆရာဝန်ကြီးကို မမလေး မေးကြည့်တော့ ရစ်ချတ်ဟာ သူ့သားအရင်းတဲ့၊ သူ့အမေဟာ ရစ်ချတ်မွေးပြီး မီးထွက်စမှာပဲ ဆုံးသွားတယ်တဲ့"

"ဟင်း... ဒီလိုပဲပြောလား။ သူ ဒီလိုပဲပြောလား"

"တကယ်များလား မမလေးရယ်၊ သူ့မိန်းမက မွေးတယ်ဆိုရင် ဆရာဝန်ကြီးဟာ လူပျိုကြီး မဟုတ်ဘူးပေါ့နော်၊ သူ့မိန်းမ ဘယ်သူလဲ၊ ဒီတော့ ရှဲလာ့သားလေး ဘယ်ရောက်သွားလဲ၊ ရစ်ချတ်... ရစ်ချတ်ဟာ ရှဲလာ့သားလေး

မဟုတ်ဘူးလား၊ အို အို သားလေးရေ… သားလေး ဘယ်ရောက်သွားလဲ"

ရှဲလာသည် ဟိုဘက်ကြည့် ဒီဘက်ကြည့်နှင့် ထပြေးတော့မလို လုပ်တော့သည်။ မြတ်လေးနွယ်က လှမ်းဆွဲရင်း "နေပါဦး ရှဲလာ" ဟု ခပ်ငေါက်ငေါက်ကလေး ပြောတော့မှ ရှဲလာသည် ပြန်ငြိမ်သွား၏။

"စိတ်ကို အေးအေးဆေးဆေး ထားစမ်းပါ၊ ကိစ္စတခုဟာ ဖြည်းဖြည်း စဉ်းစားမှ အဖြေပေါ်မှာပေါ့၊ မရှူးမစမ်းနဲ့ မင်းကပါ ထပ်မဖောက်လိုက်ပါနဲ့ဦး၊ အရှုးနှစ်ယောက်ကြား မမလေးတို့ ဒုက္ခရောက်နေဦး မယ်"

ရှဲလာသည် သက်ပြင်းချလိုက်၏။

"ရစ်ချတ်နဲ့ မင်းနဲ့တွေ့ဖို့က မမလေး စီစဉ်ပေးမယ်၊ လွယ်လွယ်လေးရယ်၊ ငယ်ရုပ် မပျောက်ရင် ကိုယ့်သားပဲ ကိုယ်သိမှာပေါ့၊ မင်းလည်း ဘာမှမပြောနဲ့ဦး။ တခုက ဆရာဝန်ကြီးကို သူ့အိမ်က ဘာပြောထားလဲ မမလေးတော့ မသိဘူး၊ တို့များမေမေက ဒီဆရာဝန်ကြီးကို ငါနဲ့ လက်ထပ်စေချင်တယ်၊ ဘာမှတော့ ပြောစရာ မရှိပါဘူး။ ဒါပေမဲ့ အဲဒီရစ်ချတ်ရဲ့အမေအရင်းဟာ ဘယ်သူလဲလို့ ငါလည်း သိချင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ရှဲလာ စဉ်းစားကြည့်လေ… မမလေးဟာ ကိုယ့်ပညာ ကိုယ့်ဂုဏ်နဲ့ မမလေးတို့ တက္ကသိုလ် အသိုင်းအဝိုင်းမှာရော အပြင်မှာရော ကြိုက်စရာ ယောကျ်ားတယောက်ကို ခေါင်းခေါက်ယူနိုင်တယ်"

"ဟုတ်ကဲ့"

"ဒီဆရာဝန်ကြီးကိုလည်း ငြင်းစရာ မရှိပါဘူး၊ ဒါပေမဲ့ ငါက လူပျိုကြီးအစစ်တော့ ဖြစ်စေချင်တယ်၊ လူပျိုကြီးဘဝကနေ ဒီကလေးကို မွေးစားတယ်ဆိုရင် မမလေး လက်ခံနိုင်ပါတယ်။ ဆရာဝန် လူပျိုကြီးတွေ၊ အပျိုကြီးတွေဟာ ဒီလိုပဲ သားဖွားခန်းတွေ ဖွင့်ရင်း မိခင်တချို့ဟာ ကလေးတွေကို ဆက်လက် ပြုစုမပေးနိုင်လို့ ပေးခဲ့တာတွေ ပြည့်လို့၊ ခုတော့ မမလေး တခု စဉ်းစားမိတယ်"

ရှဲလာသည် မြတ်လေးနွယ်စကားကို စိတ်ဝင်စားလာပြန်သည်။

"မမလေးက ခုလို သူ့ကို တီးခေါက်ကြည့်ရင်း သူသာ တကယ်လို့ မြတ်မြတ်နိုးနိုးနဲ့ မမလေးကို လိုချင်ရင် မလေးမေးခွန်းကို ဆင်ဆင်ခြင်ခြင် ဖြေမှာပေါ့၊ ကလေးဟာလည်း မွေးစားသားပါလို့ ဖြေမှာပေါ့နော်…. ခုတော့ သူကလေ လွယ်လွယ်နဲ့ မြန်မြန်ပဲ ပြောတယ်၊ ကလေးအမေဟာ မီးထွက်လောက်က ဆုံးသွားတယ်တဲ့၊ မွေးစားသားပါလို့ သူမပြောဘူး"

"မပြောရက်လို့များလား"

"အို... ဒီနေရာမှာ မပြောရက်လောက်အောင် ကလေးဂုဏ် ထိခိုက်သွားမှာမှ မဟုတ်ဘဲ"

"ရှဲလာနဲ့ ရစ်ချတ်နဲ့ တွေ့လို့ ရစ်ချတ်ဟာ ရှဲလာ့သားလေးသာ မှန်ရင် ဆရာဝန်ကြီးကို မမလေး ယူပါနော်... ဆရာဝန်ကြီးတို့မိသားစုအားလုံးဟာ စိတ်ကောင်းရှိတာပဲ၊ ရှဲလာ သိတယ်"

"အောင်မယ်... ရှဲလာကလည်းဟယ်၊ အိမ်ထောင်ရေးဟာ ကန်စွန်းရွက် ရောင်းတာမှ မဟုတ်ဘဲ၊ ကန်စွန်းရွက် ရောင်းတာတောင် ဝယ်မယ့်သူဟာ နွမ်းတာ မနွမ်းတာ သေသေချာချာ ကြည့်ဝယ်တာပဲ။ ပြီးတော့လည်း မမလေးက အပြေးအလွှား ခုမှလိုက်ကြည့်ပြီး ဗျို့ ဆရာဝန်ကြီး လူပျိုအစစ်ဆိုရင် ကျွန်မ အခုယူမယ်လို့ လိုက်ပြောရမှာလား၊ ဆင်းရဲ ဆင်းရဲ ချမ်းသာ ချမ်းသာ မိန်းကလေးတယောက်ဟာ ကိုယ့်ကိုယ်ကို တန်ဖိုးထားရမှာပဲ"

ရှဲလာသည် စိတ်မောသလိုဖြစ်သွား၏။

"ရှဲလာ့ကို စိတ်မဆိုးပါနဲ့နော်... ရှဲလာက သူတို့အကြောင်း သိတဲ့အပြင် အခု သေသေချာချာ တွေးကြည့်တော့ ရှဲလာ မဆင်မခြင် လုပ်ခဲ့တဲ့ကိစ္စတခုကြောင့် ကျေးဇူးရှင် ဆရာဝန်ကြီးမှာ အရှုပ်အရှင်း ဖြစ်မှာစိုးလို့ပါ၊ ရှဲလာ့တာဝန် မကင်းဘူးပေါ့"

မြတ်လေးနွယ်သည် သူ့ခြေရင်း မြက်ခင်းပေါ် ထိုင်နေသော ရှဲလာ့မျက်နှာလေးကို ကြည့်၍ ခေါင်းကို သပ်လိုက်၏။

"အစက ရှဲလာရယ်... အဲဒီလိုတွေးပါလား၊ ကိုယ်လုပ်ချင်တာကိုလည်း ဒေါ်လေးစီတို့၊ ဒေါ်ဒေါ်သောင်းတို့နဲ့ တိုင်ပင်ပါလား၊ မင်းရဲ့ကိုယ်ဝန်ကိုတောင် မွေးတဲ့အထိ စောင့်ရှောက်ပေးတဲ့ မိသားစုမို့လား"

"ရှဲလာ့သားလေးရဲ့နောင်ရေးမှာ ရှဲလာနဲ့အတူ ရှိနေရင် အိမ်ဖော်မိန်းကလေးရဲ့သားဆိုပြီး မေမေကြီးတို့ ပတ်ဝန်းကျင်မှာများ သားလေးမျက်နှာငယ်မှာလားလို့"

"ကဲ ရစ်ချတ်ကလည်း ရှဲလာ့သားလေး ဟုတ်နေပြီတဲ့၊ သားကို တွေ့ချင်ရုံပဲလား၊ ရစ်ချတ်ကတော့ မင်းကို တွေ့လည်း မှတ်မိမှာ မဟုတ်ဘူး"

ရှဲလာသည် မျက်ရည်များ ဝဲလာပြန်၏။

"ဟုတ်ကဲ့... တွေ့ချင်ရုံပဲဆိုပါတော့... သားလေးကို မသိရကောင်းလားလို့ အပြစ်တင်စရာ မလိုပါဘူးလေ၊ ရှဲလာကို မြင်ရင် မေမေကြီးတို့က

ကောင်းကောင်းမှတ်မိမှာပါ"

"တို့ဇာတ်ထုပ်က တို့ဇာတ်ထုပ် တခြားပဲလေ၊ ရှဲလာအနေနဲ့ သားလေးကို တွေ့ရလို့ ရှဲလာ့သားဟာ ကောင်းကောင်းမွန်မွန် ရှိရင် ပြီးတာပဲမို့လား၊ ဘာထပ်ပြီး လုပ်ချင်လို့လဲ၊ ဟင်း... မမနွယ်အနားကတော့ ဘယ်မှမသွားနဲ့နော်၊ ဘာပဲလုပ်ချင် လုပ်ချင် မမလေးကို တိုင်ပင်ပြီးမှ လုပ်ရမယ်နော်"

ရှဲလာက ခေါင်းညိတ်ရင်း ခပ်ငိုင်ငိုင်လေး စဉ်းစားနေပြန်သည်။

"ဒေါ်ဒေါ်သောင်းတို့က အချစ်တွေပိုပြီး မင်းနဲ့ ရစ်ချတ်နဲ့ သားအမိ အရင်းမှန်း သိခွင့်မပေးလို့ ရှဲလာ့မှာ ဘာမှမထိခိုက်ပါဘူးထင်တယ်၊ မမနွယ်တို့အိမ်မှာ နေရင်ပဲဖြစ်ဖြစ်၊ တခြားအိမ်တအိမ်မှာ နေရင်းပဲ ဖြစ်ဖြစ် ရှဲလာ့သားလေး ကောင်းစားနေတာကို အဝေးကကြည့်နေဖို့ သင့်တယ်လို့ မမလေး ထင်တာပဲကွယ်၊ မမလေးကို မိခင်စိတ် မရှိဘူးပဲ မင်းထင်လေမလား၊ သားလေးမှာ ထိခိုက်ဖို့ အကြောင်း တစုံတရာ ကြုံလာရင်တော့ မင်းမှာ အသက်စွန့်ပြီး ဖြစ်ပေစေ ကာကွယ်ရမှာ မင်းဝတ္တရား၊ မိခင်တယောက် ဝတ္တရားပေါ့၊ ဒါကိုမှ မိခင်စိတ်လို့ ခေါ်တယ်လို့ မမလေးထင်တာပဲ၊ ဟင်း.. မမလေးလေ ရစ်ချတ်နဲ့ ရှဲလာ တွေ့ဖို့တော့ တာဝန်ယူပါတယ်။ ဖြစ်လာတဲ့အကြောင်းပေါ် မူတည်ပြီး မီးစဉ်ကြည့်ကကြသေးတာပေါ့ကွယ်။ ကဲ... လာ သွားကြစို့..."

ရှဲလာသည် အုန်းဆံထုပြီးသား သုံးလေးခုကို ကိုင်ကာ မြတ်လေးနွယ်နောက်သို့ လိုက်သွားတော့သည်။

မြတ်လေးနွယ်သည် ရှဲလာ့ကိစ္စကို ကူညီရန်အတွက် သူ၏ခဲအိုဖြစ်သူကို အိမ်မပြန်ခင် တွေ့ရန် ဆုံးဖြတ်လိုက်၏။ လှလှနွယ် နေ့လယ် တရေးအိပ်ရာမှ နိုးလာချိန်တွင် ရှဲလာကလည်း လှလှနွယ် ဝေယျာဝစ္စများကို အခန်းထဲတွင် လုပ်နေသည်။ ဦးကဝိတယောက်တည်း သူ၏ သားကောင်အခန်းထဲတွင် အလုပ်ရှုပ်နေသည်ကို တွေ့ ရသည်။

"ကိုကို... အလုပ်ရှုပ်နေလား၊ မြတ်လေးလေ ကိုကို့ကို စကားတခု ပြောချင်လို့၊ တော်ကြာ မမမြတို့ မြို့ထဲကအပြန် ဝင်ခေါ်ရင် မြတ်လေးက ပြန်ရမှာ"

"ပြောလေ..."

ဦးကဝိစိတ်ထဲမှာမူ မြတ်လေးနှင့်အတွက် တွေ့ပြီး ဘာဆုံးဖြတ်သည်ကို သိချင်၏။ ခဲအိုနှင့် ခယ်မ ပွင့်ပွင့်လင်းလင်း အိမ်ထောင်ရေးကိစ္စလို မေးထိုက် မမေးထိုက် အချိန်ယူ စဉ်းစားရင်း ဤအခန်းထဲတွင် အလုပ်ရှာလုပ်နေခြင်းဖြစ်၏။

ဩော်... အခြေအနေကလည်း ကိုယ့်ဆန္ဒလေးများနှင့်

ကိုယ်ဖြစ်ချင်သည်များကို ရော်ရမ်း မှန်းဆတွေးနေရဆဲ အချိန်ပါလား။

"ထိုင်လေ မြတ်လေး"

မြတ်လေးနွယ်သည် သမင်ရေကျက်ထားသော ခုံအဝိုင်းလေးပေါ်တွင် ထိုင်လိုက်၏။

"ကိုကို... သိပြီးလား မသိလားတော့ မြတ်လေး မသိဘူး"

"မမနွယ်ကိုပြုစုတဲ့ ရှဲလာကလေ၊ ဒေါ်ဒေါ်သောင်းတို့အိမ်မှာ ဟို... ဆယ့်ငါးနှစ်ကျော် လောက်က အလုပ်လုပ်ဖူးတယ်တဲ့"

"ဟုတ်မှာပေါ့၊ သူတို့က အိမ်အနှံ့ လုပ်လာခဲ့ကြတာတွေပဲ"

"သူလေ ဒေါ်ဒေါ်သောင်းတို့ အိမ်မရောက်ခင်ကတည်းက သူ့မှာ ကိုယ်ဝန်ပါလာတယ်တဲ့"

"ဪ... "

"ဒါပေမဲ့ သူက မသိဘူး။ မြစ်ကြီးနားကို ဒေါ်ဒေါ်သောင်းတို့ သွားလည်တော့မှ ဆရာဝန်ကြီး ဦးမိုးကောင်းက သူဖျားတာကို စမ်းသပ်ရင်း သူ ကိုယ်ဝန် ရှိတာကို သိသွားတယ်"

"အို... ဟုတ်လား"

"သူတို့ မြစ်ကြီးနားက ပြန်လာပြီး ရှမ်းလမ်းအိမ်ကြီးမှာ ဆက်နေရင်းက သူ့သားလေးကို မွေးတယ်လေ။ ဒီတုန်းက သူ့သားလေးနောင်ရေးကို သူထောက်ထားပြီး ကလေးကို အဘွားကြီးတွေနဲ့ ထားရစ်ပြီး သူထွက်သွားတယ်၊ မိုးညှင်းက ခရစ်ယာန်သာသနာပြု အဆုတ်နာ ဆေးရုံက သီလရှင် သူနာပြု ဆရာမကြီးတယောက်ဆီမှာ သူ အလုပ်ဝင်လုပ်နေတယ်၊ ခုတော့ ဆေးရုံတွေအားလုံး အစိုးရလက်အပ်ချိန် ရန်ကုန်ကို ရှဲလာ ပြန်ရောက်လာတယ်ပေါ့၊ သူ့သားလေးကိုလည်း သူ သိပ်တွေ့ချင်တယ်၊ ဒေါ်ဒေါ်သောင်းတို့က ရှမ်းလမ်းကနေ ဒီအင်းလျားကန်စောင်းကအိမ်ကို ပြောင်းသွားတော့ သူတွေ့ဖို့ အခွင့်မကြုံသေးဘူးပေါ့၊ သူ့သားကို ရှာရင်း အခု ကိုကိုတို့အိမ်မှာ အလုပ်လုပ်နေတာ"

"ဟေ... ဒါလောက်ထိတော့ ကိုကို အသေးစိတ်မသိဘူး ကိုကိုသိတာက အတွတ်ခေါ်တာနဲ့ ရှမ်းပြည် မြောက်ပိုင်းမှာ ဆုံရအောင်ဆိုလို့ ကိုကို သွားခဲ့တာပဲ။ မြစ်ကြီးနားမှာ ဒေါ်ဒေါ်သောင်းတို့နဲ့ မဆုံခဲ့ဘူး... အဲဒါ ဘာဖြစ်နေလို့လဲ"

"ရှုလာကလေ ဒေါ်ဒေါ်တို့လက်ထဲက ရစ်ချက်ဟာ သူမွေးခဲ့တဲ့သားကို ဆရာဝန်ကြီးတို့ ဆက်ပြီးမွေးစားထားတာလား၊ ဒါမှမဟုတ် သူ့သားလေးဟာ ဘယ်ရောက်သွားလဲ သူသိချင်နေတယ်။ ရစ်ချတ်ဟာ တခြားမိန်းမတယောက်နဲ့ ဆရာဝန်ကြီး ညားပြီး မွေးတာလား၊ သူ့စိတ်ထဲမှာ သံသယ ဖြစ်နေတယ်"

"ဩော်... အေးကွယ် တို့အတွက် ပေါ့ပေါ့ဆဆ ဖြစ်ရိုးဖြစ်စဉ်လို့ ဂရုမစိုက်တဲ့အကြောင်းအရာ တခုဟာ ရှုလာ့အတွက်တော့ သေရေးရှင်ရေးပဲ၊ ကိုကို သိရတာတော့ ရှုလာကို ဒေါ်ဒေါ်သောင်းတို့ အိမ်မှာ အိမ်ဖော်တယောက်အနေနဲ့တောင် မမြင်ဖူးလိုက်ဘူး၊ မြင်ဖူးတောင် သတိမထားမိဘူး ဆိုရမှာပေါ့၊ ရစ်ချတ်ကိုလည်း မြရတနာဆေးတိုက်မှာ မိခင်မမွေးနိုင်လို့ ထားခဲ့တဲ့ ကလေးတယောက်ကို ဒေါ်ဒေါ်သောင်းတို့က ယူမွေးတယ်လို့ပဲ ကိုကို သိတယ်။ ဒါတောင် ဆရာဝန် ဒေါ်မြမြအေးနဲ့ စကားစပ်မိလို့ သိတာ၊ ဒေါ်ဒေါ်သောင်းတို့ကရော အတွတ်ကရော ဘယ်တော့မှ မွေးစားတယ်လို့မပြော ချစ်လိုက်ကြတာ တုန်လို့၊ အတွတ်ကလည်း သူများတွေ နားလည်မှုနဲ့သာ သိနေတာ၊ ရစ်ချတ်ကို မွေးစားတာလားလို့ သူများမေးရင် သူ သိပ်စိတ်ဆိုးတာပဲ၊ ဘယ်တော့မှ ဖွင့်မပြောဘူး၊ အတွတ်မှာ တရားဝင် ဘယ်မိန်းမနဲ့မှလည်း လက်ထပ်တာ ကိုကိုတော့ မတွေ့ခဲ့ဘူး။ တရားမဝင် တခြားယောကျ်ားတွေလိုလည်း မိန်းမမှု မပွေခဲ့ပါဘူး"

မြတ်လေးနွယ်သည် သူ့အတွတ်တော့ သူသိလိုသော ပြဿနာ ပြေခဲ့ပြီ။ ရှုလာ့အတွက် သူ့ကတိအတိုင်း ဆောင်ရွက်ပေးရဦးမည်။

"ဒီတော့လေ... ကိုကိုတခုလုပ်ပေးရင် ကောင်းမှာပဲ၊ ရစ်ချတ်ကို မသိမသာ ဒီအိမ်ကို ခေါ်လာခဲ့ပြီး ရှုလာ့ကို ပြပေါ့၊ ရှုလာက သူသား ဟုတ်မဟုတ် ကြည့်ပါစေလေ"

"ရစ်ချက်ကတော့ မှတ်မိမှာမဟုတ်ဘူး၊ ရစ်ချတ်ကို တွေ့ရင်သာ ရှုလာက သူ့သားပါလို့ မှတ်မိတောင် ရစ်ချတ်ကို ဖွင့်မပြောဖို့၊ ရှုလာ ဣန္ဒြေမပျက်ဖို့ မြတ်လေး တာဝန်ယူရမယ်၊ နို့မို့ရင် တို့ဘယ်ကောင်းမလဲ၊ ဒေါ်ဒေါ်သောင်းတို့၊ အတွတ်တို့က အထင်လွဲမှာ၊ နောင်မှပဲ သူတို့ဘာသာ သားအမိ သိကာမှသိရော"

"ဟုတ်ပါတယ်၊ မြတ်လေး ရှုလာကို ပြောပြမယ်။ မြတ်လေးပြောချင်တာ ဒါပါပဲလေ"

မြတ်လေးသည် အခန်းပြင်သို့ ထွက်သွားတော့သည်။ ဦးကဝိသည် သက်ပြင်းချလိုက်၏။ သူသိချင်သည်က တမျိုး၊ မြတ်လေးပြောသွားသည်က တစ်ဇာတ်ထုပ်။ ဒီလိုပဲ ဖြစ်ရပေမည်။

*

အတွက် အိမ်ပြန်ရောက်လာသည်နှင့် ဒေါ်သောင်းစိန်ကလည်း အကျိုးအကြောင်းကို သိလိုလှပြီ။ သို့သော် စတင်မေးရမှာ စိတ်ထဲမှာ တမျိုးကြီး ဖြစ်နေလေသည်။

မောင်ကဝိက ပြောထားပြီး၍ မြတ်လေးနွယ်နှင့် တွေ့ခဲ့လားဟု မေးလိုက်လျှင် ပြီးပါသည်။ သို့သော် စကား ဘယ်လို စရမည်ကိုပင် ဒေါ်သောင်းစိန်သည် စိတ်က ဆိုင်းဆိုင်းတွတွ ဖြစ်နေသည်။

ညဦးသို့ရောက်လာ၏။ အတွတ်သည် ဘယ်ကိုမှမသွား။ သူ့အိပ်ခန်းဘေးရှိ ဝရန်တာတွင် တယောက်တည်း စိတ်အေးလက်အေး ထိုင်နေသည်။ အိမ်ပေါ်မှ ကြည့်ရာတွင် အင်းလျား ကန်ရေပြင်ကို အတိုင်းသား မြင်နေရ၏။ ခုလိုဆိုတော့ ဝါးခယ်မတဖက်ကမ်းရှိ အိမ်အိုကြီးပေါ်မှ မြစ်ပြင်ကို မြင်နေရသလို ဆင်တူပေသား။

လမင်းရောင်သည် ရေပြင်ပေါ်တွင် မှိန်မှိန်လေးကျရောက်နေသည်။ သူအရွယ်ရောက်ညများ။

အထူးသဖြင့် လဆန်းဆယ့်လေးရက် ညများ၊ ထိုညများက လမင်းရောင်သည် ထိန်ထိန်သာနေသည်။ သူသည် ပြတင်းမှ စပါးခင်းများကိုလည်းကောင်း၊ မြစ်ပြင်ကိုလည်းကောင်း ထ၍ ကြည့်နေမိ၏။ အရွယ် အပြောင်းအလဲတွင် စိတ်သည် ဘာရယ်လို့မဟုတ်၊ လမင်းရောင်နှင့် အတူ ကစားချင်သလို ဖြစ်နေခဲ့ရ၏။ မွေးတို့အိမ်ကြီးဆီမှ ညီအစ်မတစု ပရိတ်ရွတ်သံကို သူတို့အိမ်ကြီးပေါ်မှ သူနားထောင်နေမိ၏။ ယခုမူ ပရိတ်ရွတ်သံလည်း ဆိတ်သုဉ်းခဲ့ပြီ။

စပါးစေ့လေးတို့သည်လည်း အိပ်ပျော်ရာမှ နိုးချိန် မဟုတ်တော့ပေ။ မိုးဦးက အိပ်ပျော်ရာမှ နိုးလာသော စပါးစေ့လေးသည် ဦးထုပ်ချွန်လေးကို ချွတ်လိုက်ပြီ၊ သူ့အဖော်များနှင့်အတူ မိုးစက်မိုးမှုန်များအောက်တွင် ခြေဖြူးလေးများကို ဆန့်ရင်းမှ စိုပြည်သော လောကတခွင်ကို အားသစ်ဖြင့် ကြည့်ကြ၏။ မိုးဦးလေသည် လန်းဆန်း၍ သူတို့ကို နှုတ်ဆက်ရင်း ထိတွေ့ နမ်းရှုပ်သွားသည်။ တခါတရံလည်း ညိုမှောင်သောမိုးသားကို ခွဲထွက်၍ ပြူကြည့်လာသော နေခြည်တန်းများအောက်တွင် တပင်နှင့်တပင် မှီကာ လှပစွာ ကကြ၏။

နေခြည်အောက်တွင် ယခုတော့ မိုးဦးက ဦးထုပ်စိမ်းလေးများသည်လည်း သူတို့၏ မြကိုယ်လွှာရုံနှင့်အတူ ပျောက်ကွယ်သွားကြသည်။ နေနတ်သမီးပေးသော ရွှေဝတ်လွှာများ ဝတ်ဆင်ကာ စပါးစေ့လေးတို့သည် ပပ်ကြားအက်များကြားတွင် အိပ်ပျော်ခဲ့ရသော ညများ အကြောင်းကို ပုံတိုပတ်စလုပ်ကာ ပြောပြကြ၏။

စပါးစေ့လေးတို့ပုံမှာလည်း လွမ်းဆွတ် ကြေကွဲဖွယ် ကောင်းပေသား၊ မြေကြွက်ကြီးများနှင့် တွေ့ခန်းလည်း ပါသည်။ သူတို့ ထိတ်လန့်ကြောက်ရွံ့ ခဲ့ရသော နေ့များနှင့် ကောက်စိုက်သူတို့၏ တေးသံတွင် သူတို့ပျော်ခဲ့ရသော အကြောင်းများကို ကြံ့ရာဆုံရာ ပြောကြားကြရင်းပင် စပါးခင်း တခုလုံးသည် ကျက်စီ ကျွက်စီ ညံလာကြသည်။

မကြာခင် သူတို့သည် တံစဉ်ကို ဦးညွှတ်ကြရပေတော့မည်။

"တေးဆိုကြ ပျော်ကြတာတွေ ငယ်ငယ်က သဘာဝအခြေမြင်ယောင်လို့နေ၊ ခုနေများ ဟိုခေတ်ခါတွေ၊ ယှဉ်ကာပဲ ကြည့်လိုက်ရင်လေ လွန်ကွာခြားပေ၊ အမြဲပဲ တွေ့ပါစေ အခါခါ ဆုတောင်းနေ၊ ကျောင်းဘုရား သွားကာပင်၊ တူယှဉ်မကွဲပေ။ မြင်ယောင်ပါရဲ့ အဆွေ၊ ဖော်တသင်း မြူးလို့နေ၊ လှေလှော်ရင်းကစားခဲ့ပေ၊ သပြေသီးများလည်း စားကြ ပျော်ပျော်ပေ။ လှည်းယဉ်ကလေး စီးလို့နေ ကျောင်းတော်ခရီး သွားခဲ့ပေ။ ဆူကာညံကာ ပျော်ရွှင်တာတွေ၊ နားထဲမှာ ကြားယောင်ပါလို့နေ"

ရေဒီယို၊ ခေတ်ဟောင်းသီချင်းက အတွတ်အတွေးကို ရပ်လိုက်၏။

အသစ်တွေ ဘယ်လို ပြောင်းခဲ့သော်လည်း ခေတ်ဟောင်းသီချင်းကဖြင့် မရိုးနိုင်။ သူသည် အိပ်ခန်း ရှိရာသို့ ပြန်လာခဲ့၏။ တခုတင်စီ ဖြစ်သော်လည်း တခန်းတည်း အတူအိပ်သော သားငယ်ရှိရာသို့ ကြည့်လိုက်၏။ သားလေးသည် မျက်စိမှိတ်ကာ မှိန်း၍ပဲ နေလေသလား၊ အိပ်ပျော်၍ပဲ နေလေသလား။ အတွတ်သည် ဟနေသော ခြင်ထောင်ဇာစများကို ဖိလိုက်၏။ သူ့သားငယ်သည် မျက်စိမှိတ်ရင်းမှ သူငယ်တုန်းကလိုပဲ အိပ်မပျော်သောညများ အိပ်မက်ကို မက်၍များ နေလေသလား။ သားလေး၏ ရင်ထဲတွင်လည်း 'မွေး' အငယ်စားလေး တယောက်များ ဝင်ရောက်နေပြီလား။

"သား အိပ်နေပြီထင်တယ်"

မေမေ၏အသံကို သူ့နောက်မှ ခပ်တိုးတိုး ကြားရ၏။

"မအိပ်သေးပါဘူး မေမေ"

"မေမေ စကားပြောချင်လို့ သားကိုစောင့်နေတာ၊ လာ အပြင်ဧည့်ခန်းသွားရအောင်"

သူတို့နှစ်ယောက်သည် အိမ်ပေါ်ထပ်ရှိ ဧည့်ခန်းတွင် သွားထိုင်ကြ၏။

"ရစ်ချတ်ကိုလည်း မသွားခင် သေသေချာချာ မှာခဲ့။ ဒီညတော့ စောစောအိပ်

သား၊ သားမရှိရင်လေ ရစ်ချက်က နည်းနည်း ပွေချင်တယ်။ မိစီနဲ့ကလည်း ခက်ပါတယ်၊ သူက စိတ်တိုင်းမကျတိုင်း အော်ချင်တယ်၊ မေမေကတော့ သူတို့ခေတ်နဲ့ သူတို့မို့လား၊ တချို့နေရာမှာတော့ လွှတ်ပေးတာပဲ… စာမကြိုးစားမှာသာ စိုးတယ်"

“အင်းပေါ့ မေမေရယ်… ကျွန်တော်လည်း ပြောခဲ့ပါ့မယ်"

"နို့ သားက ဘယ်တော့လောက် ပြန်မလဲ"

"တပတ်လောက်ပဲ နေမယ်၊ ပေါက်မှာ လိုတဲ့ဆေးတွေ ရန်ကုန်က ရသမျှ စုဆောင်းဝယ်ပြီး ပေါက်ကို ကျွန်တော်ပြန်မယ်၊ ချောင်ကြိုချောင်ကြား နယ်တွေမှာ ဆေးတွေ သိပ်လိုတာပဲ"

"နို့ မေမေနဲ့ ရန်ကုန်မှာအတူနေဖို့ အစီအစဉ်ကော"

"ဖြစ်လာမှာပေါ့ မေမေရယ်၊ ကျွန်တော်လေ ရခိုင်ဘက်တော့ ကူးဦးမယ်၊ မေယုမြစ်ဖျားကို ဆန်ကြည့်ဦးမယ် မေမေ၊ မင်းကြီးရွာမှာ ခဏ စတည်းချမယ် စိတ်ကူးတယ်၊ ရွာက သေးသေးလေးရယ်၊ ရခိုင်က ပြန်ရင်တော့ ရန်ကုန်မှာပဲ မေမေတို့နဲ့ တူတူနေဖို့ အစီအစဉ် ရှိပါတယ်၊ သားလေးကလည်း အသက်နှစ်ဆယ် မတိုင်ခင် ကျွန်တော်နဲ့ အတူနေမှဖြစ်မှာပါ"

"အေးပါကွယ်"

"မေမေ သိချင်တာတွေ ဒါတွေမဟုတ်ပါဘူး"

အတွတ် ရုတ်တရက် ပြောစကားကြောင့် ဒေါ်သောင်းစိန်သည် အံ့အားသင့်သွား၏။ အမှန်တော့ သူ့သားပြောသည်မှာ မှန်၍ဖြစ်ပါသည်။

"မေမေ သိချင်တာက မြတ်လေးနွယ်နဲ့ တွေ့ခဲ့တဲ့အကြောင်းမို့လား"

ဒေါ်သောင်းစိန်သည် ပြုံးကာ ခေါင်းညိတ်လိုက်၏။

"ဒီလိုရှိပါတယ် မေမေရာ၊ သူလည်းပဲ မြတ်လေးနွယ်ပဲ၊ အာသာဝတီ နွယ်နီနတ်ပန်းတောင် ကုမုဒ္ဒာတထောင် စောင့်တဲ့အထဲက ခူးမယ့်သူ ရှိသေးတာပဲ၊ တနေ့ သူလည်း သူ့မှာ တကယ်ကိုပဲ သူ့ကို မြတ်နိုးတဲ့သူနဲ့တွေ့ပြီး ယူပါစေတော့။ ကျွန်တော့်သားနဲ့ ကျွန်တော် ကြည့်နေသွားပါ့မယ်၊ မြတ်လေးနွယ်စိတ်ထဲ သားကို ဘယ်သူ့သားလဲလို့ သိချင်နေပုံရတယ်"

"ဒါတော့ ဟုတ်တာပေါ့လေ"

"သားလေး တွတ်နီ စိတ်ခတ် အကျခံပြီးတော့ ကျွန်တော့်သား မဟုတ်ပါဘူးလို့ မပြောပါရစေနဲ့ မေမေရာ။ သိသာသိစေ မမြင်စေနဲ့ ဆိုသလို သူတို့ဘာသာသူတို့ စုံစမ်းလို့ သိချင်သိပေါ့၊ ကျွန်တော်ကတော့ မွေးစားတာပါ။ ရှဲလာ့သားပါလို့ မပြောချင်ဘူး၊ မေမေ့ပါးစပ်ကလည်း နောင်ခါကျမှ အကြောင်းကြောင်းကြောင့် ရစ်ချတ်ဘာသာ သိကာမှသိရော မေမေ့မြေးကိုလေ ကျွန်တော် မွေးစားတာလို့ မပြောနဲ့နော်"

"အို... မေမေ မပြောရက်ပါဘူး သားရယ်"

"အကြောင်းဆုံရင်လည်း ကျွန်တော် မြတ်လေးနွယ်နဲ့ညားမှာပေါ့၊ စိတ်ထဲ သိပ်ပင်ပန်းမခံပါနဲ့ ကဲ... အိပ်ပါ မေမေရာ..."

ဒေါ်သောင်းစိန်သည် သက်ပြင်းသာ ချလိုက်တော့၏။

"ကဲ... လာ မေမေ။ သားကိုယ်တိုင် မေမေ့ကို သိပ်မယ်"

သူသည် မိခင်ကို အိပ်ခန်းရှိရာသို့ ခေါ်သွား၏။ ဒေါ်သောင်းစိန် ခြင်ထောင်ထဲဝင်သွားမှ ဇာခြင်ထောင်ကို မွေ့ရာအောက် သေသေသပ်သပ် ဖိပေးကာ သူအပြင်ထွက်လာတော့သည်။

အောက်ထပ်မှ တယ်လီဖုန်းခေါင်းလောင်းသံ ကြားရ၍ ဆင်းလာ၏။

သူသည် တယ်လီဖုန်းခွက်ကို ကိုင်လိုက်သည်။

"ဘယ်လိုလဲ ဖိုးတွတ်ကြီးရေ... "

ကဝိအသံသည် တဖက်မှ ပေါ်လာ၏။

"ဘယ်လိုမှမလဲပါဘူး ကဝိရာ၊ မင်းတို့ထင်သလို မြတ်လေးနွယ်ဟာ ထားရာမှာနေပြီး သူများကြိုးဆွဲရာ ကမယ့် ရုပ်သေး မဟုတ်ဘူးကွ၊ မင်းပြောသလို တို့တွေ့ကြပြီးပြီပဲ၊ တို့လည်း တို့ဇာတ်လမ်း တို့ခင်းချင်တဲ့ဟန်နဲ့ ခင်းခဲ့ပြီးပြီ၊ နောက်ထပ်တော့ တို့ရဲ့အခွင့်အရေးကို မစော်ကားပါနဲ့တော့ မောင်ကဝိရာ၊ ခင်ဗျားတို့ဆင်တဲ့ ဇာတ်လမ်းအတိုင်း မကပါရစေနဲ့တော့၊ မြတ်လေးနွယ်ဟာ လိမ္မာပါးနပ်ပြီး ရည်မွန်တဲ့ မိန်းကလေးတယောက်ပါပဲ။ ကိုယ် အထူးလေးစားပါတယ်၊ မြတ်လေးနွယ် ဒါမှမဟုတ် မင်းရဲ့ခယ်မချော အာသာဝတီနွယ်နီ နတ်ပန်းဟာ တနေ့သောအခါ ဂန္ဓမာသန တောင်စောင်းမှာ ဘုန်းကံရှင်နဲ့သာ တွေ့ပါစေတော့ကွာ"

"အံမယ်... တယ်ဆိုတဲ့ စာပါလား"

တဖက်မှ အသံကြားရ၏။

"ကျွန်တော်မျိုး တွေတက်ကတော့ အခွင့်သာခဲ့ပါလျှင် ဝါးခယ်မမွေးရပ်မြေက ခရေပွင့်လေးကိုပဲ ပြန်ကောက်ပါရစေတော့၊ ဤတွင် ဇာတ်လမ်းတခန်း ရပ်ပေါ့ သူငယ်ချင်းရေး ကဲ… အိပ်တော့နော်"

တဖက်မှ သက်ပြင်းချသံသာကြားလိုက်ရ၏။ သူသည်လည်း တယ်လီဖုန်းချကာ လှေကားကို ဖြည်းညင်းစွာ တက်လာခဲ့သည်။

"ရွှေငုံးမင်း အမြီးမျှော်သလို၊ ခရီးတော် နီးရက်နဲ့ ဝေး…"

အတွက်သည် တိုးတိုးကလေး သီချင်းဆိုလာမိ၏။

*

အတွက် ပေါက်နယ်မြေ မျှားပိုင်းသို့ ပြန်သွားပြီးနောက် ကြိုတင်ဆင်မထားဘဲ အခြေအနေအရ ပေါ်လာသော ဇာတ်ထုပ်ကို စာရေးဆရာ ဦးကဝိသည် ဆက်လက်၍ အကွက်ဆင်ဦးမည်။ စာရေးဆရာကံ၊ ကိုယ်က အကွက်ဝင်၍ ဝင်၍ ဆင်တတ်သော ကံပေပဲလား၊ သူသည် နောက်တပတ်တွင် အတွက်တို့အိမ်သို့ ဖုန်းဆက်လိုက်၏။

"ဟလို… ဟလို… ရစ်ချတ်ရှိလား"

"မရှိဘူး၊ အပြင်ခဏထွက်သွားတယ်၊ ဒေါ်ဒေါ်သောင်း စကားပြောနေတယ်၊ အခုစကားပြောနေတာ ဘယ်သူလဲ"

"ကဝိပါ ဒေါ်ဒေါ်သောင်း၊ ကျွန်တော် လက်မှတ်ဝယ်ထားလို့"

"ရစ်ချတ်ပြန်လာရင်လေ ရုပ်ရှင်ကြည့်ဖို့ ကျွန်တော်လက်မှတ်ဝယ်ထားတယ်၊ သုံးနာရီခွဲပွဲ ကြည့်မယ်လို့၊ အပြန် ညစာ ရစ်ချတ်ကို အိမ်မှာ ထမင်းကျွေးပြီးမှ ပြန်ပို့မယ်နော်… စိတ်မပူပါနဲ့ ဒေါ်ဒေါ်သောင်း၊ သောမတ်စ်လည်း ရှိနေမယ်"

"အေးကွယ်… ခုလည်း ဘယ်ထွက်သွားလဲ မသိဘူး"

ဦးကဝိသည် တယ်လီဖုန်းချလိုက်၏။ သူသည် နောက်ဖေးဆောင်သို့ ဝင်လာသည်။

"စံထူးရေ၊ ညစာ ရစ်ချတ်ကို ဒီမှာ ထမင်းကျွေးမယ်။ အထူး ဘာမှပိုလုပ်စရာမလိုဘူး၊ တို့များ စားသလိုပဲ… ရှိလာကိုယ်တိုင် စားပွဲထိုးပစေ"

ရှဲလာသည် သူ့အတွက် ဤထမင်းစားပွဲလေးကို လုပ်ပေးကြောင်း မြတ်လေးနွယ် ပြောပြ၍ သိရှိပြီး ဖြစ်သည်။ တကယ်တွေ့ရမည် ဆိုတော့လည်း ရင်ထဲမှာ တထိတ်ထိတ်နှင့် နာရီကိုသာ မော့ကြည့်နေမိ၏။ ခြောက်နာရီကို မြန်မြန်လည်း ရောက်စေချင်သည်။ ရောက်လာခဲ့ပါလျှင်လည်း ဒူးမတုန် ရင်မခုန်ဘဲ အခြေအနေ အရပ်ရပ်ကို ရင်ဆိုင်နိုင်ဖို့ သူ့စိတ်ကိုသူပြင်ဆင်ထား၏။

တဖြည်းဖြည်းနှင့် မှောင်စပျိုးလာ၍ အိမ်ကြီးတအိမ်လုံး မီးလင်းလာသည်။ လှလှနွယ်ကလည်း အိမ်ပေါ်ထပ်က ဆင်းကာ ဧည့်ခန်းတွင် စောင့်နေသည်။

"ကိုကိုကပြောတယ် ရှဲလာရယ်၊ ကျောင်းဖွင့်ချိန်ရောက်ရင် သောမတ်စ်ကို မြင်းခြံ ဖေဖေတို့ဆီ ပြန်ပို့ရရော၊ အတွက်က ရစ်ချတ်ကို သူ့ဘွားဘွားရှိရာ ရန်ကုန်ကို ပြန်ပို့ရော၊ ကလေးနှစ်ယောက်ဟာ သူနဲ့ အတွတ် ရင်းနှီးသလို မရင်းနှီးဘူး၊ မေးထူးခေါ်ပြောပဲ၊ ခုလည်း သောမတ်စ် ပြန်မပို့ခင် ရစ်ချတ်နဲ့ အေးအေးဆေးဆေး ဆုံရအောင်လို့ ဒီညနေ ခေါ်လာခဲ့မှာတဲ့..."

"ဟုတ်ကဲ့"

လှလှနွယ်သည် ဘာကိုမှမသိ၊ သူသိတာလောက်အကြောင်းလေးကိုပင် အေးဆေးဆေး ပြောပြ၏။ ကားဆိုက်သံ ကြားရပြီ။

ရှဲလာသည် သံဆွဲတံခါးရှိရာ ပြေးရမလို၊ ထမင်းစားခန်း ပြေးဝင်ရတော့မလိုလိုနှင့် တကယ်တော့ ဘာမှမလုပ်ဘဲ လှလှနွယ်အပါးမှရပ်ကာ ကြက်သေ သေ၍ ဝင်လာသူများကို ကြည့်နေမိ၏။

ဦးကဝိနောက်တွင် သောမတ်စ်နှင့်အတူ လူငယ်တယောက် ပါလာသည်။

"နွယ်ရေ... ရစ်ချတ်ကြီးက ထွားလည်းလာတယ်၊ လှလည်းလှလာတယ်နော်၊ ကြည့်ပါဦး"

ရှဲလာတုန်နေ၏။ မျက်ရည်မကျအောင် ထိန်းထားသည်။

"ရှဲလာ လိမ္မော်ရည် သွားယူဟေ့။ ထမင်းပွဲလည်းပြင်တော့နော်"

"ဟုတ်ကဲ့"

ရှဲလာသည် တုန်တုန်ယင်ယင်နှင့် ထွက်သွားပြန်သည်။

"အေးကွယ် အန်တီနွယ်ဖြင့် ရစ်ချတ်တို့နဲ့ ကမ္ဘာခြားနေသလိုပဲ၊ ဒေါ်ဒေါ်သောင်းတို့ လာတဲ့အခါ ရစ်ချတ် လိုက်လိုက်လာပါ၊ သောမတ်စ် ဒီမှာ အမြဲရှိနေရင်လည်း မင်းက လာဖြစ်မှာ"

သောမတ်စ်နှင့် ရစ်ချတ်သည် တယောက်မျက်နှာ တယောက် ကြည့်ကာ ရယ်ကြ၏။

"ဒီတော့မှ နှစ်ယောက်တွဲပြီး ပွဲဖြစ်မှာ"

ဦးကဝိစကားကို လူငယ်နှစ်ယောက်လုံး ပို၍ သဘောကျသွားပြန်သည်။

"ဒီတခါ အပြန် ငါ့ကိုတောင် အတွက်ရယ် နှုတ်ဆက်မသွားဘူး"

"သူ့သူငယ်ချင်း ဒေါက်တာမြဇော်က မျှားပိုင်းက စောင့်နေမယ်ဆိုလားပဲ၊ ဆေးတွေ အရင်လိုလို့ ရသမျှ စုဆောင်းပြီး မြန်မြန်သွားရတာ"

ရှဲလာသည် လိမ္မော်ရည်ဖန်ခွက်များကို ဧည့်သည်များရှေ့ ချပေးလိုက်၏။ တဆတ်ဆတ် တုန်နေသော လက်ချောင်းလေးများကို ဦးကပိတယောက်သာ သတိထားမိ၏။ ရှဲလာသည် တဖြည်းဖြည်း ဣန္ဒြေရလာ၏။ ခန်းဆီးနောက်သို့ အသာပြန်ဝင်ကာ သေချာစွာ ရစ်ချတ်ကို ကြည့်နေမိ၏။

စောချစ်ထူး... စောချစ်ထူး၊ သူ့ချစ်သူ စောချစ်ထူး၊ တောင်ပို့ကြီးမှ သူ့ဆရာမကြီးမှာ မြန်မာအမျိုးသမီး ဖြစ်သော်လည်း ကရင်ကလေးထိန်းများက ဆရာမကြီး၏မောင်အား ချစ်၍ ပေးထားသော နာမည် ဖြစ်သည်။

သူနဲ့ သားကြီးနဲ့ သိပ်တူတာပါပဲလား၊ အရုပ်အမောင်းကတော့ ဆရာဝန်ကြီးနဲ့ တူလိုက်တာ၊ အို... ဖြစ်နိုင်တယ် ဖြစ်နိုင်တယ်၊ ကိုယ်ဝန်ရှိစကတည်းက အတူနေလာပြီး ငါ့ကျေးဇူးရှင်အနေနဲ့ ငါကြည်ညိုခဲ့တဲ့ ဆရာဝန်ကြီးနဲ့ တူတာလည်း မထူးဆန်းပါဘူး။ လိမ္မော်ရည်ခွက် ကိုင်သောက်တာ လည်း လက်သန်းလေးတချောင်း ထောင်လို့၊ လက်ဟန်ကပါ သူ့အဖေကို တူတာပဲ၊ အမယ်လေး... ခက်တာပဲ၊ သား... သား... သားကို မေမေ စိတ်တင်းပြီး မသိချင်ယောင်ဆောင် နေရမယ်တဲ့၊ အို... အို မဆောင်နိုင်ဘူး၊ မဆောင်နိုင်ဘူး၊ ငါ... ငါအရင်တုန်းကလည်း မဆင်မခြင် အရမ်းတွေ လုပ်ခဲ့မိလို့ ငါ့သားလေးနဲ့ ငါ မကွဲသင့်ဘဲ ကွဲခဲ့ရတယ်။ ငါ့အပြစ်တွေလည်း ပါတယ်၊ ငါကတိခံထားရတယ်လေ။ ဟုတ်တယ် သားလေးအတွက် ငါ့စိတ်ကိုဆက်ထိန်းရဦးမယ်... အို ဒီမှာ ကြာကြာရပ်နေလို့ ဖြစ်ပါဘူး"

ရှဲလာသည် ချာခနဲလှည့်ကာ နောက်ဖေးဆောင်သို့ ပြေးသွား၏။ မီးဖိုချောင်မှ စံထူးမှာ ပြူးတူးပြဲတဲ ပြေးလာသော ရှဲလာ့ကို တအံ့တသြ ကြည့်နေ၏။

"ဦးလေးစံထူး... ဦးလေးစံဘူး၊ အန်ကယ် မေးရင်လေ ရှဲလာ ခေါင်းသိပ်ကိုက်လာလို့ သူ့အိမ်ခန်းကို ပြန်သွားတယ်လို့၊ ဦးလေးစံထူးပဲ စားပွဲထိုးလိုက်ပါ"

"ဩော်... ဟဲ့ ဘယ့်နှယ် ရှဲလာ ဘယ်လိုကောင်မလေးလဲ"

ရှဲလာသည် သူ့အိပ်ခန်းသို့တက်ရာ နောက်ဖေးလှေကားဆီသို့ ပြေးသွား၏။ နောက်ဖေး လှေကားရင်းတွင် မြတ်လေးနွယ်ကို မားမားကြီးရပ်လျက် တွေ့ရ၏။ သူ့ကို ဆီးကြိုဖက်လိုက်၏။

"ဒီလိုဖြစ်မယ်ဆိုတာ မြတ်လေး သိတယ်၊ ကိုယ့်သားကို နှစ်ပေါင်းများစွာ ခွဲနေပြီး ပြန်တွေ့ရတဲ့ မိခင်တစ်ယောက်ဟာ ဣန္ဒြေတွေ ဘာတွေဆောင်ပြီး ဟန်လုပ်နေနိုင်ပါ့မလား... လာ... လာ မမလေး အိပ်ခန်းအထိ လိုက်ပို့မယ်။ အောက်မှာ သူတို့ကြည့်စီစဉ်လိမ့်မယ်"

မြတ်လေးနွယ်သည် နောက်ဖေးလှေကားမှ ရှဲလာကို အိပ်ခန်းရှိရာသို့ ခေါ်လာခဲ့၏။

"ကဲ... အားရအောင်ငို ရှဲလာ၊ တကယ်တော့ ဝမ်းသာစရာပါ၊ နောက်အချိန်တွေကျတော့လေ ဒေါ်ဒေါ်သောင်းကို ကျေနပ်အောင် ပြောပြပြီး သူတို့ ကျေနပ်ရင် မမလေး ဒေါ်ဒေါ်သောင်းတို့အိမ် သွားလည်တိုင်း ရှဲလာကို ခေါ်သွားမယ်လေ၊ ဒီတော့ မင်းဆန္ဒပြည့်တာပေါ့နော်"

"ဟုတ်ကဲ့"

"ရှဲလာနဲ့ သားလေးဟာ နီးရက်နဲ့ ဝေးရပြီပေါ့"

"ရှဲလာတယောက်တည်း မဟုတ်ဘူး၊ လူတိုင်းကိုယ်စီ နီးရက်နဲ့ဝေး ဇာတ်လမ်းတွေရှိတယ် ရှဲလာ၊ စိတ်ဖြေပါ၊ ဟိုတနေ့က ရှဲလာ ဆရာဝန်ကြီးနဲ့ မမလေးနဲ့ တွေ့ကြတော့ သူကပြောတယ်၊ ရွှေငုံးမင်းဇာတ်ထုပ်ဟာ လူတိုင်း ကိုယ်စီ ရှိကြသတဲ့၊ မင်းတို့ အင်မတန် ပြည့်စုံတယ်လို့ထင်တဲ့ မင်းရဲ့ဆရာဝန်ကြီးမှာတောင် ရွှေငုံးမင်း အမြီးမျှော်သလို ခရီးတော် နီးရက်နဲ့ဝေး ဇာတ်ထုပ် ရှိသေးတာပဲ ရှဲလာရယ်... တိတ်ပါ... တိတ်ပါ၊ စိတ်ငြိမ်သွားအောင် အသာလှဲနေနော်..."

ရှဲလာသည် သူ့အား ညင်သာသော အသံအေးလေးဖြင့် အားပေးနေသော မြတ်လေးနွယ်ကို ငေး၍ ကြည့်နေရင်းမှ မျက်လုံးကို မှိတ်လိုက်၏။ မျက်စိထဲတွင် ကျက်သရေရှိလှသော သားကြီး ရစ်ချတ်၏ မျက်နှာသည် ထင်ရှားစွာ ပေါ်လာပြန်တော့သည်။

*

မြတ်လေးနွယ်သည် ဆင်ဝင်အောက် ထိုးဆိုက်လိုက်သောကားကို သူကိုယ်တိုင် တံခါးဆင်းဖွင့်လိုက်၏။ ကားပေါ်မှ အမျိုးသမီးသည် ဖျတ်လတ်စွာဆင်းလာ၏။

"မြ... ရှိလား... မြတ်လေး..."

"ရှိပါတယ် မမမေ။ သူ တမင်ကို စောင့်နေပါတယ်၊ ဧည့်ခန်းမှာ ဝင်ထိုင်ပါဦး... မမမေကတော့ အမြဲပဲ လှနေတာပဲနော်"

"မေက လှနေတာထက် နုနေတယ်၊ ပျိုနေတယ်ဆိုရင် ပိုမှန်မှာ"

ဧည့်ခန်းမှ မြမြနွယ်သည် ဆီးကြိုရင်း ပြောလိုက်၏။ ရယ်မောသံများသည် ဧည့်ခန်းကို လွင်လွင်လေး ဖုံးလွှမ်းသွား၏။ သူတို့သည် ဧည့်ခန်းတွင်းသို့ ဝင်သွားကာ စကားစုံကို လှိုင်လှိုင်ကြီးပြော၍ ရယ်ကြ၏။ မြတ်လေးနွယ်သည် အိမ်ဖော်မလေးနှင့်အတူ ခွဲစိတ်ထားသော သစ်တော်သီးပန်းကန်များကို ဧည့်ခန်းတွင်းသို့ ယူလာ၏။

"စားပါဦး မမမေ၊ သစ်တော်သီးစားရင်း... စကားလည်း ပြောပေါ့"

သစ်တော်သီးပန်းကန်တချပ်နှင့် သစ်သီးစား ခက်ရင်းငယ်တခုကို မြတ်လေးသည် ဒေါ်တင်တင်မေ၏ လက်သို့ လှမ်းပေးလိုက်၏။

"မေ့ရဲ့အစီအစဉ်က ကောင်းပါတယ်၊ မြတော့ သဘောကျတယ်၊ ဒီမှာ ကြည့်လေ မြတ်လေးတို့ဆို ခုထိ မေက စိတ်မချနိုင်သေးဘူး"

"ဘာလဲ... ဘာပြောနေကြလဲ၊ မြတ်လေးကို ခလုပ်ဝင်တိုက်ကြပြန်ပြီ ထင်တယ်"

မေသည် ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

"မတိုက်ပါဘူး မြတ်လေးရဲ့၊ မေက သူ့သမီး မိုနာကိစ္စနဲ့ ထားဝယ်ကနေ ပြန်လာကာ၊ မိုနာကို ဦးသာကျော်ဖြူရဲ့သားနဲ့ လူကြီးချင်း စေ့စပ်ထားမလို့တဲ့။ ချက်ချင်းတော့ မပေးစားသေးပါဘူး၊ မမမြက ကောင်းတယ်လို့ ပြောတာပါ"

"အဲဒါနဲ့ မြတ်လေးက... "

"ဪ... စကားစပ်ရင်း မြတ်လေးအကြောင်း မမမြက ပြောပြတာပါ၊ အခု

မေမေတို့အဖြစ်ကလေ မေရဲ့မြတ်လေးကို မမမြတို့နဲ့ထားတာတောင် စိတ်မချနိုင်ဘူး၊ သူတို့အလုပ်ကလည်း မြင်းခြံမှာ ရှိနေတယ်မို့လား၊ နွယ်ကလည်း သူ့သား သောမတ်စ်ကို ရန်ကုန်ပတ်ဝန်းကျင်မှာ မကြီးစေချင်ဘူး၊ ဒီတော့ မြင်းခြံ... ပို့ထားတယ်၊ အဘိုးနဲ့ အဘွားမှာ မြေးသောမတ်စ်နဲ့ မြင်းခြံမှာ တစ်ဇာတ်ထုပ်၊ မေမေကလည်း မြတ်လေးကို ရန်ကုန်မှာ ခွဲထားရတာ စိတ်မချ... နောင်နှစ် မန္တလေးတက္ကသိုလ်ကို ပြောင်းရပါစေချည်း ဆုတောင်းနေတယ်"

"ဒါကတော့ မမမြကလည်း မေမေတို့ကိုက ပူပန်သောက လွန်လွန်းတယ်၊ မြတ်လေးက ဘာဖြစ်နေလို့လဲ

"ဘာမှတော့မဖြစ်ဘူးပေါ့ မြတ်လေးရဲ့။ မိဘဆိုတာ ဒီလိုပေါ့။ မေတောင် မင်းမမမြကို မေးကြည့်ပါလား၊ အင်မတန် ပျော်ပျော်နဲ့ လွတ်လွတ်လပ်လပ် နေတာ မိုနာကိုတောင် အဒေါ်အပျိုကြီးနှစ်ယောက်လက် အပ်ထားတာသာကြည့်။ ဒါတောင် ခုတော့ မိုနာ့အတွက် တွေးလာပြီ၊ စိတ်ပူလာပြီ...၊ မြတို့ကလည်း မြတ်လေးကို တယောက်ယောက်နဲ့ နေရာချပေါ့"

"အမလေး... မေ၊ အပူမရှာနဲ့၊ အပူမရှာနဲ့၊ သူက ထိပ်တင်မြတ်လေး နွယ်၊ အင်မတန် အချစ်ဈေး တက်တာ... သူ့အချစ်ကို ထိပ်တင်ထားတယ်"

မြတ်လေးနွယ်သည် အစ်မလုပ်သူ စကားကို သဘောကျ၍ ရယ်၏။

"တကယ်ပါပဲ၊ မေက သူ့အကြောင်း မသိသေးလို့၊ ဟိုတခေါက် မေမေ မြင်းခြံကလာတုန်းက သူတို့မိတ်ဆွေရင်းတွေပေါ့၊ ဒေါ်သောင်းစိန်က သူ့သား လူပျိုကြီး ဒေါက်တာမိုးကောင်းနဲ့ လာစပ်တယ်။ ဟိုခမျာမှာလည်း ဘာအပြစ်မှ မရှိရှာပါဘူး၊ သားတယောက်တော့ မွေးစားထားတယ်၊ သူတို့အိမ်မှာနေတဲ့ အိမ်ဖော်မလေး ရှဲလာရဲ့သား အဲဒါကိုလည်း သူအသိ၊ ရှဲလာကိုယ်တိုင်ကရော မောင်ကဝိကရော ဒေါက်တာမိုးကောင်းဟာ တရားဝင် မယားကြီးရော၊ တရားမဝင် မိန်းမရော မရှိပါဘူး၊ လူပျိုကြီးအစစ်ပါ ဆိုတာတောင် သူက မယူနိုင်ဘူးတဲ့လေ... အချစ်ဈေးကို တက်နေတယ်"

"တက်ရတာပေါ့ မမရယ်၊ မြတ်လေးလွန်သလား စဉ်းစားပါဦး၊ မမမြက ဈေးဆိုတဲ့ စကားလုံးသုံးတော့ အချစ်ဟာ ကုန်ပစ္စည်း ကျနေတာပဲ၊ ဟင်း... ဦးကြင်ဥစကားနဲ့ သုံးရရင် မြတ်လေးအချစ်ဟာ ပေါကုန် ရှုံးကုန်၊ ငါတို့ကုန် ရောင်းကုန် မဟုတ်လို့ ပြောရမှာ၊ သူ့ပါးစပ်ကကို ဒါဟာ ကျွန်တော့်မွေးစားသားပါ၊ မြတ်လေးနွယ်ကို လေးလေးစားစား ချစ်ပါတယ်လို့ ဒီစကားတလုံး ထွက်လာရင် မြတ်လေး ကျေနပ်ပြီ၊ ခုတော့ ဒီလူကြီးကလည်း မြတ်လေးကို ဒီစကား မထွက်နိုင်သေးတာ သူ့နှလုံးသားမှာ တခုခု ချည်ထားလို့ပေါ့..."

"ကဲ... အဲဒါသာကြည့် မေရေ၊ စကားတံအိုးမလေး"

"မြတ်လေးက မိုနာလို အပျိုပေါက် စိတ်ကစားတတ်တဲ့အရွယ် မဟုတ်ပါဘူး။ ဂုဏ်တွေ မာနတွေ သိပ်ကြီးနေလို့လည်း မဟုတ်ပါဘူး၊ မြတ်လေးကိုယ်ကို ကလပ်နဲ့ သူ့ခြေရင်းမှာ တင်ဆက်ရအောင် မြတ်လေးက ဘာမှ အစွန်းအထင်း မရှိဘူး၊ တက္ကသိုလ် ပတ်ဝန်းကျင်မှာ မေးကြည့်။ အရှေ့ဖျား သမိုင်းဌာန လက်ထောက်ကထိက မြတ်လေးနွယ်ဆိုရင် ကိုယ့်သိက္ခာနဲ့ကိုယ် မိန်းမပီပီနေတာ၊ တက္ကသိုလ် ကျောင်းသူဘဝတလျှောက်မှာလည်း မြတ်လေး မပွေခဲ့ဘူး"

"ဒါတော့ တို့ကို မစော်ကားနဲ့ဟေ့၊ ဟား...ဟား...ဟား..."

တင်တင်မေသည် အားရပါးရရယ်၏။

"မေက... သဘောကျသွားပြီ... သူ့ထိသွားလို့ သဘောကျသွားပြီ..."

မြမြနွယ်ကပါ ပြောပြန်၏။

"အခုလည်း... မိုနာက မေ့ခြေရာနင်းမှာ ကြောက်လို့လား"

"အေးပေါ့ဟ မြရေ။ ခုတော့ မိခင်စိတ်ဝင်လာတော့ ငါ့သမီးလေးများ ငါ တက္ကသိုလ်မှာ နေတုန်းက ပွေသလို ပွေရင် ဒုက္ခပဲလို့ စိတ်ပူလာသသားဟေ့"

မေသည် ခပ်ဟစ်ဟစ်ပင် ရယ်၏။

"ခက်တာက မြရဲ့၊ တို့တုန်းက ကောလိပ်ရောက်မှ ပွေတာ။ သမီးအတွက်လည်း စိုးရိမ်တယ်၊ ကဲ... ကဲ ပြန်မယ်... ကိုကိုဝင်း မျှော်နေတော့မယ်၊ အေးအေးဆေးဆေး ထားဝယ်ဘက်ကို ညီအစ်မတွေ လာခဲ့ပါဦး"

တင်တင်မေသည် လက်ဆွဲအိတ်ကိုဆွဲကာ ပြန်ရန်ထလိုက်၏။ မျက်နှာတွင် လျော့ပါးလာသော အရေးအကြောင်းများ ထင်လာသည်ကလွဲ၍ ချွန်မြသော ရင်သားမို့မို့နှင့် တင်သားအိအိနေပုံသည် တက္ကသိုလ်တွင် တချိန်က အလှပိုင်ရှင် ဖြစ်ခဲ့သည်ကို ဖော်ပြနေ၏။ ခုံမြင့်အချွန် ဖိနပ်လေးကို ခပ်ကြွကြွစီးကာ ဧည့်ခန်းပြင်သို့ မြမြနွယ်နှင့်အတူ ထွက်သွားတော့သည်။

ကားထွက်သွားမှ မြမြနွယ်သည် အိမ်ထဲပြန်ဝင်လာ၏။

"မြတ်လေးရေ... ပန်းကန်တွေသိမ်းဖို့ မိပုတို့ကို ပြောလိုက်ဦး၊ တို့ခေတ်တုန်းက လှလှနွယ် ယောကျာ်း ကဝိရဲ့အဆက်ဟောင်း ခင်စိန်ကြည်ရယ်၊ တင်တင်မေရယ်၊ ခင်သက်ဖုံရယ်ဆိုရင် ကျောင်းသားတွေက

အသည်းစားဘုရင်မတွေတဲ့လေ။ ဘွဲ့ကို ပေးရတယ်၊ ဒီကြားထဲ မောင်ကဝိက စာရေးဆရာပေါက်စ စကားလုံး ထွင်တတ်တော့ ကျောင်းဆောင် မိတ်ဆက်ပွဲတခုမှာ ပြောတယ်လေး "ချစ်တံငါသည်မများ" တဲ့။ နွယ်ရဲ့ မောင်ကဝိက စကားလုံးတွေ အထွင်ကောင်း..."

"ဘာ... ဘယ်လို"

မြတ်လေးနွယ်က အဓိပ္ပာယ်ကို မေး၏။

"ယောကျ်ားတွေအချစ်ကို ပိုက်ဖြန့်ပြီးဖမ်းတဲ့ တံငါသည်မတွေပေါ့"

"အမယ်လေးဟဲ့... ကိုယ့်ခေတ်နဲ့ကိုယ် ရှုပ်ကြ ပွေကြတာပဲနော်"

"အေးပေါ့ဟဲ့။ ကိုယ့်ခေတ်တုန်းကတော့ ထင်သလို သူများ ခြေမမီအောင် ပွေခဲ့ပြီး ခုမှ သူတို့က ပြန်တရားဟောဟောနေလို့ မမက ရယ်ချင်တယ်။ ခုလည်း မေ့ကိုကြည့်ပါလား"

"အောချပါရဲ့... အောချပါရဲ့"

မြတ်လေးနွယ်က လက်မြှောက်အရှုံးပေးဟန်ပြရင်း မီးဖိုဘက်သို့ မြမြနွယ်နှင့်အတူ ဝင်သွားတော့သည်။

မြတ်လေးနွယ်သည် ကြက်သွန်များကို အခွံသင်နေသော ကလေးမလေးကို ဧည့်ခန်းတွင်းရှိ ပန်းကန်များ သိမ်းခိုင်းလိုက်၏။ သူက ကြက်သွန်များကို ဆက်၍ ဝင်သင်နေသည်။

"တခုတော့လည်း ကောင်းသား၊ မေမေတို့ခေတ်ကဆို ကိုယ့်သားသမီး အိမ်ထောင် ချပေးမယ်ဆိုရင် ယောကျ်ားလေးကို မိန်းမပွေလား၊ အရက်သောက်တတ်လား စုံစမ်းရတာ အမောတဲ့၊ မမမြတ်တို့ လက်ထပ်ကြတော့ ယောကျ်ားလေးမိဘက စုံစမ်းယူရတယ်၊ ဒီမိန်းကလေး အရက်သောက်တတ်သလား၊ ကပွဲတွေ သွားတတ်သလား၊ ကျောင်းမှာတုန်းက ငြိမ်ရဲ့လားဆိုတာ၊ ကောင်းတော့လည်း ကောင်းသားဟဲ့၊ ယောကျ်ားလေးရှင် အလုပ်ပိုသွားတာပေါ့လေ"

မနွယ်က ရေခဲစက်ထဲမှ ကြက်ကိုယူရင်း ကိုယ်တိုင် ပေါင်သားများလှီးကာ စကားဆက်ပြော၏။

"ကလေးတွေရဲ့အန္တရာယ်ဟာ တနေ့တခြား ကြီးမားလာတယ်နော်။ စစ်ဖြစ်ချိန်လည်း မဟုတ်ဘူး၊ မိုနာတို့ သောမတ်စ်တို့ အရွယ်တွေ အစုအသင်းနဲ့ သောင်းကျန်းလာတဲ့အဖြစ်ဟာ နိမိတ်မကောင်းဘူး၊ အရွယ်အပြောင်းအလဲမှာ

စိတ်ဆိုတာကတော့ ဘယ်ခေတ်ရယ်လို့ မဟုတ်ဘူး၊ လေတတ်တာပဲ၊ စိတ်ကူးယဉ်ချင်လည်း ယဉ်တတ်တာပဲ၊ စစ်ဖြစ်တော့ မမတို့လည်း မိုနာတို့အရွယ်တွေပေါ့။ မြင်းခြံ အာရှလူငယ် အစည်းအရုံးမှာ မမြတို့ ပါခဲ့တာပဲ၊ လေလွင့်တတ်တဲ့စိတ်ကို တခြားအာရုံမှာ ပြောင်းလဲထားလိုက်ရတော့ လူငယ်တွေစိတ်ဟာ ထွက်ပေါက်ရှာကြတာချင်းအတူတူ ကောင်းသော ထွက်ပေါက် ဖြစ်သွားတာပေါ့လေ၊ သိုင်းသိုင်းဝိုင်းဝိုင်းနဲ့ လက်တွဲလုပ်တတ်တဲ့စိတ်၊ တခါတည်း အရွယ်ရောက်စမှာ ဝင်ဆိုသွားတာပဲ၊ ဂျပန်ခေတ်ကဆို မြတ်လေးတို့ကတော့ ငယ်သေးတာကို၊ ခုခေတ်ကျတော့လည်း ဒါလောက်တောင် ဘာ့ကြောင့် အရွယ် အပြောင်းအလဲ လူငယ်တွေဟာ သောင်းကျန်းကြလဲဆိုတာ စုံစမ်းရေးအဖွဲ့ကို ဖွဲ့ပြီး သုတေသနလုပ်ဖို့တောင် ကောင်းလာပြီ"

"အင်း... မမနွယ်ဟာ စိတ် ကတောက်ကတက် မဖြစ်ခင်ကတည်းက သောမတ်စ်အပေါ် သူပုပင်လာတာ မဆိုးဘူး၊ မြင်းခြံပို့ထားလို့ သက်သာတယ် ပြောမယ်၊ ရစ်ချတ်ကို ကြည့်ပါလား၊ ရန်ကုန်မှာနေတော့ ကောင်လေး ခြေ တော်တော်များပုံရတယ်"

"မထင်ပါနဲ့ မြတ်လေးရယ်၊ ရန်ကုန်လောက်သာ မဆိုးတယ်၊ နယ်မှာလည်း ဒီရောဂါတွေ ကူးစက်လာပါပြီ၊ နယ်ရယ် ရန်ကုန်ရယ်လို့ မဟုတ်ပါဘူး။ ရစ်ချတ်ဟာ ရှဲလာ့သားအနေနဲ့ဆိုရင် မိဘချို့တဲ့တော့ ပိုပြီး ကိုယ့်ဘဝအတွက် ကြိုးစားလာမလား မသိဘူး၊ ဆင်းရဲတဲ့သူတွေရဲ့ သားသမီးတွေကျတော့လည်း ကျောင်းမထားနိုင်ရတာနဲ့၊ အလုပ်တဖက်လုပ် ကျောင်းနေရတာနဲ့ လူ့ဘဝ ရပ်တည်ဖို့ ခက်ခဲလိုက်တာ၊ အေးအေးဆေးဆေး မိဘက ပညာသင်ပေးနိုင်တော့လည်း လူချမ်းသာ သားသမီးတွေက များသောအားဖြင့် ပေါ်ကြော့နေရင်းက ပျက်စီးပြန်ရော"

"ဒီလိုဆို... ဆင်းရဲလို့ ပျက်စီးရတယ် ဆိုတာဟာ မမှန်ဘူးပေါ့။ အဲဒါလည်း သေသေချာချာ စေ့ငုဖို့ ကောင်းတယ်နော်၊ ရန်ကုန်မှာ အပေါ်လွှာကလူစု သားသမီးတွေက ပိုပြီး ကသောင်းကနင်း ဖြစ်နေသလိုပဲ"

"မမြတော့ အားလုံးဟာ ကိုယ့်အစနဲ့ကိုယ် ရှုပ်ထွေးနေသလိုပဲ၊ ချည်ခင်ရှုပ်ကို တစတည်း ကိုယ်ဆွဲမိတဲ့နေရာက စဆွဲလေ ပိုရှုပ်ကြလေပဲ၊ ဆင်းရဲတယ် ချမ်းသာတယ်။ နယ်မှာမို့ ရန်ကုန်မှာမို့လို့ ထင်မိထင်ရာ စွတ်ပြောလို့ မရဘူး။ ဒီအရွယ်မှာ လူတန်းစားမရွေး စိတ်လေတတ်ရင် ဒီစိတ်ကို ထိန်းချုပ်ဖို့ အဖြေကို လေးလေးနက်နက် ရှာသင့်တာပေါ့၊ တကွက်တည်း ကြည့်ပြောလို့ မရပါဘူး။ သိပ်ကြိုးစားတဲ့ လူချမ်းသာ သားသမီးတွေလည်း ရှိတာပဲ”

မမြက ကြက်သားများကို တုံးတစ်ပြီး ရေဆေးလိုက်၏။

"ကဲ... မြတ်လေး၊ ပုမကို ငရုတ်သီး ထောင်းခိုင်းလိုက်တော့လေ၊ ချင်းပါ ထည့်ထောင်း၊ စပါးလင်နဲ့ ကာလသားချက် ချက်စားရအောင်၊ ဒီဟင်းမျိုး မေမေ ကြိုက်တတ်တယ်"

"မြတ်လေးလည်း သီတင်းကျွတ် ကျောင်းအဖွင့်ကို သောမက်စ်ကို မြင်းခြံ ပြန်ပို့ရင်း၊ မေမေတို့ဆီ လိုက်သွားဦးမယ်၊ ကျောင်းက ခွင့်ယူပြီး ဟိုမှာခဏနားဦးမယ်... မြတ်လေး ခွင့်မယူတာ ကြာပြီ၊ သီတင်းကျွတ် အမျိုးတွေလည်း ကန်တော့ရင်းပေါ့"

မြမြနွယ်သည် ဘာအဖြေမှပေးဘဲ ဟင်းချိုအိုးကို ဆက်၍ပြင်နေတော့သည်။

*

သီတင်းကျွတ် ရန်ကုန်မီးပွဲမှာ နယ်မီးပွဲလိုတော့ သိမ်သိမ်မွေ့မွေ့ မဟုတ်။ သို့သော် မြန်မာ့ရိုးရာ ဓလေ့ထုံးစံလေးက ထိန်းသိမ်းထား၍ တော်ပါသေး၏။ "သီတင်းကျွတ်ကိုပင် ဘယ်ပုံစံနှင့်ကျွတ်" ဟူ၍ နိုင်ငံခြားဝါဒပုံစံကို အသက်သွင်းလိုသူများက လွှမ်းမိုးလာလျှင်မူ ဘယ်လိုဖြစ်လာမည် မသိပေ။

ယခုတော့ တော်သေး၏။

ဒေါ်သောင်းစိန်သည် ဘုရားမီးများ ပူဇော်ပြီး အောက်ထပ် ဧည့်ခန်းသို့ ဆင်းလာ၏။

"အောက်ထပ်မှာ ဧည့်သည်တွေရောက်နေလို့ ဘယ်သူတွေလဲ အောက်မေ့တယ် အထွေးတို့ကို"

ဒေါ်သောင်းစိန်သည် နှုတ်ဆက်လိုက်၏။

"ဟုတ်ကဲ့ ဒေါ်ဒေါ်သောင်း၊ ဒေါ်လေးစီရော၊ အထွေး လာကန်တော့တာပါ"

ဒေါ်သောင်းစိန်သည် အထွေးအနား ထိုင်လိုက်၏။

"မွေး နေကောင်းရဲ့လား၊ ရန်ကုန်မှာ နေကြတာများ ဘယ်လိုပဲ ရင်းနှီး ရင်းနှီး တနှစ်နေလို့ တခါ မတွေ့ကြဘူးနော်"

"ဩော်... အဲဒါပေါ့၊ မမမွေးက မှာခဲ့တယ်၊ သီတင်းကျွတ်ရင် ဒေါ်ဒေါ်သောင်းတို့ကို သွားကန်တော့ရမယ် ဆိုလို့"

"မှာခဲ့တယ်ဆိုတော့"

"သူ မရှိဘူးလေ ကိုကိုနိုင်ဆုံးပြီး အိပ်ရာပေါ် လဲနေရာက အခု နှစ်လကျော်ကျော်မှာ ထူလည်းထူနိုင်ရော တောင်ကြီးဘက်ကို ထွက်သွားလေရဲ့"

"ဟော... ခက်တော့တာပဲ၊ ကျန်းမာရေးကလည်း မကောင်း၊ ဒီလိုသာ တယောက်တည်း လျှောက်သွားနေရင် မခက်ပါလား"

"မပြောနဲ့တော့ အထွေးလည်း ပြောမရ။ တမျိုးလုံး တဆွေလုံးက တရားချလည်း မရ"

"အေးလေ၊ သူက ခေါင်းမာမာရယ်၊ တခုကလည်း ခုချိန်တော့ သူလည်း ရပ်တည်ရာမရ ဖြစ်နေမှာပဲ၊ မောင်မောင်နိုင်ကိစ္စတုန်းက ဒေါ်ဒေါ်သောင်းတွေ့ရင် သူ့ကို တရားဟောခဲ့ပါသေးတယ်၊ ဘယ်သူမှ မမြဲကြပါဘူး၊ သဗ္ဗသင်္ခါရ အနိစ္စကြီးပါပဲနော် အထွေးရယ်၊ သူကတောင် ပြောသေးတယ်၊ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားဟာ သူအို၊ သူနာ၊ သူသေ၊ ရဟန်းကို တကြိမ်သာ တွေ့ရတာနဲ့ တောထွက်ဖြစ်ခဲ့တယ်၊ မွေးဖြင့် အရွယ်ရောက်ကတည်းက အကြိမ်ကြိမ် တွေ့လာလိုက်ရတာ ခုထိ သီလရှင်တဘာဝအဖြစ် ကျွတ်လွတ်မသွားနိုင်သေးဘူးတဲ့လေ ဝဋ်ကြီးလိုက်တာ ဒေါ်ဒေါ်သောင်းရဲ့ ဆိုပြီး ငိုတာပဲ"

"ကိုကိုတွတ်ကြီးရော"

"အေး... ဒေါ်ဒေါ်သောင်းလည်း သူ့ညီ မောင်မောင်နိုင်ကိစ္စကို အကြောင်းကြားထားတယ်၊ တခါတလေ သူရောက်သွားတဲ့နေရာတွေကို သတင်းစာရော၊ စာရော မရောက်နိုင်ဘူး၊ ရေဒီယိုတောင် ခတ်ခဲ ကုန်နေရင် ပြီးရော၊ လုံးဝ အိမ်နဲ့ အဆက်အသွယ် ပြတ်နေတာ"

"ကိုကိုတွတ်ကြီးရှိရင် တနည်းကောင်းမှာ၊ ခုချိန် မမွေး စိတ်ခတ်မကျအောင် ကိုကိုတွတ်တယောက်ပဲ ထိန်းထားနိုင်မယ့်လူရှိမယ်လို့ အထွေးတော့ ထင်တာပဲ"

"အေး... ဟော့... သူတို့နှစ်ယောက်လုံးဟာလေ ကိုယ့်နည်းနဲ့ကိုယ် နှစ်ဖက်စွန်း ရောက်နေကြတဲ့ နှစ်ယောက်ပဲ"

"အထွေး၊ ဒေါ်ဒေါ်သောင်းကို ကန်တော့မယ်၊ တခြားအိမ်တွေလည်း ဆက်သွားရမယ်"

"အေး အေး၊ မစီလာရင်လည်း ဒေါ်ဒေါ်သောင်း ပြောပြပါ့မယ်။ ဆက်ပါ၊ ဆက်ပါ သူလည်း ဆရာတော် ဦးကဝိကျောင်းမှာ ကထိန်ခင်းဖို့ သင်္ကန်းရဖို့အတွက် သက်ဆိုင်ရာနဲ့ သွားတွေ့သတဲ့၊ ထောက်ခံစာက ၅ နာရီနဲ့ ၈ နာရီ ကြားမှာဆိုလား

ရမယ်တဲ့၊ မိုးတောင် ချုပ်နေပြီ၊ ကဲ... ကဲ... ကန်တော့ ကန်တော့"

ကြမ်းပေါ်ခင်းထားသော ကော်ဇောပေါ်တွင် အထွေးသည် ကျုံ့ကျုံ့လေး ထိုင်ကာ ဒေါ်ဒေါ်သောင်းကို ကန်တော့၏။

"ဆင်းရဲနှင့် ငရဲကင်း၍ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ရောက်ကြောင်း တရားကို ကောင်းမွန်စွာ အားထုတ်နိုင်ပါစေ"

ဒေါ်ဒေါ်သောင်းက ဆုပေး၏။

"ပေးတဲ့ဆုနှင့် ပြည့်ပါစေ"

အထွေးသည် ပါးစပ်မှ ရွတ်ဆိုရင်း မျက်ရည်လေး လည်လည်နှင့် ထိုင်ရာမှ ထလိုက်တော့သည်။ အထွေးကို ကားပေါ်အထိ ဒေါ်သောင်းစိန်သည် လိုက်ပို့၏။ သူ၏ငယ်သူငယ်ချင်း အထွေးတို့မိခင် ဒေါ်တင်တင်ကြီးကို သတိရစရာ ဖြစ်လာပြန်တော့သည်။

သီတင်းကျွတ်ပြီး၍ ကထိန်ခင်းလျှင် သူသည် ဝါးမယ်မပြန်ကာ သော်ကဘက်တွင်ပင် ကထိန်ခင်းချင်သည်။ အခြေအနေက မပေး၍ သူတို့ ကိုးကွယ်သော ရန်ကုန်ရှိ ဆရာတော် ဦးကဝိန္ဒကျောင်းမှာပင် ကထိန်ခင်းရန် ဒေါ်စိန်စီက စီစဉ်နေရခြင်း ဖြစ်ပေသည်။

တန်ဆောင်မုန်းလဆန်း ပထမပတ်ထဲတွင် ကထိန်ခင်းမည်ဖြစ်သည်။

ညီအစ်မနှစ်ယောက်လုံး ကထိန်အတွက် လုံးပန်းနေချိန်တွင် ရစ်ချတ်ကမူ တန်ဆောင်တိုင် မီးထွန်းပွဲအတွက် အလုပ်ရှုပ်နေတော့သည်။

စမ်းချောင်းဘက်တွင်လုပ်မည့် တန်ဆောင်တိုင် မီးထွန်းပွဲအတွက် သူသွားရသည်မှာ ညဘက် ညဥ့်နက်မှ ပြန်၍လာတတ်တော့သည်။

*

"မိစီ... မိစီ အစက မမသောင်း မပြောဘူးလား၊ ခုတော့ ညည်းပေတံကြီးနဲ့ အတိုင်းကောင်းလို့ ငါ့မြေးလေး ငါ့မြေးလေး အမလေး သားကြီး ရစ်ချက်ရေ ဘယ်ရောက်သွားလဲ... အခု ဆက်ပါ... မောင်ကဝိဆီကို တယ်လီဖုန်း ဆက်ပါ... ဆက်ပါ..."

ဒေါ်စိန်စီပင် မျက်ရည်များ တွေတွေကျလာ၏။ ဆောက်တည်ရာ မရနိုင်ဘဲ ဒါလောက် ဣန္ဒြေပျက်အောင် သူ့အစ်မ ဒေါ်သောင်းစိန် ငိုသည်ကို သူ တခါမှ မမြင်ဖူးပေ။ ညည်းတွေ ငါတွေ စကားလုံးပင် သုံးလာ၏။

"ကျွန်မ ဆက်လိုက်ပါပြီ မသောင်းရယ်၊ စိတ်နည်းနည်း ထိန်းထားပါ၊ ကဝိလည်း ခုပဲ လာပါလိမ့်မယ်၊ အသက်အန္တရာယ် ဘာမှမဖြစ်နိုင်ပါဘူး"

"အို... ပြောနိုင်လား၊ ညည်းသတင်းစာထဲ မဖတ်ဘူးလားဟင်၊ အိမ်က ထွက်ပြေးကြနဲ့ ဒီအရွယ် ကောင်လေးတွေပေါ့၊ ဘယ်လိုဖြစ်ကြတာလဲ၊ ဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလား၊ အသည်းနှလုံး မရှိတဲ့ အပျိုကြီးမ ညည်းက ညည်းမြေးမှ မဟုတ်ဘူးကို၊ အမလေး ငါ့မြေးလေး မသေပါစေနဲ့... မသေပါစေနဲ့၊ တခြားဟာ ဘာဖြစ်ဖြစ် ငါ့မြေးလေး မသေပါစေနဲ့၊ အတွက်ကြီးသာ သိရင် ရူးမှာပဲ၊ ဂါတ်ကို တိုင်ရမှာလား၊ ဘယ်သူ့ပြောရမှာလဲ"

"မောင်ကဝိလာတော့ တိုင်ပင်ပြီး အေးအေးဆေးဆေး စီစဉ်တာပေါ့၊ ဘာမဆို တရားနဲ့ဖြေပါ မမသောင်းရယ်"

"ကျုပ်ကို ဘာတရားမှ လာမဟောပါနဲ့၊ မဟောကြပါနဲ့၊ မွေးရေ ဒေါ်ဒေါ်သောင်း ဝင်္ဂုလည်ပြီကွဲ့၊ မောင်မောင်နိုင်ဆုံးတော့ ဒေါ်ဒေါ်သောင်း တရားပြခဲ့တယ်လေ၊ ခုချိန်မှာတော့ မွေးကို တရားမပြပါနဲ့တဲ့၊ မွေးပြောခဲ့တာတွေ၊ ခုတော့ မိသောင်း ရူးတော့မယ်၊ မိသောင်းစိန် ရူးမယ် ရူးမယ်"

"မမသောင်းရယ် ခုသေတာမှမဟုတ်ဘဲ၊ မမမြေး မသေပါဘူး"

"လာပြန်ပြီ မသေနိုင်ဘူးဆိုတဲ့စကား"

"မိန်းမခိုးပြေးတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်"

"ခိုးပြေးရင် တော်တာပေါ့။ သူလိုချင်တဲ့ ကောင်မလေး မရလို့ သေလိုက်ပါပြီတဲ့၊ ဘာတတ်နိုင်သလဲ၊ ပြဿနာတခုခုကို အဆုံးထိ မတွေးဘူး၊ အေးပေါ့လေ ညည်းရင်မှာမှ မီးမတောက်သေးဘဲကိုး"

"ရစ်ချတ်ဟာလည်း ကျွန်မချစ်တဲ့ မြေးလေးပါ... ဟာ ကားဆိုက်သံ ကြားတယ်၊ မပြား... မမသောင်းအနားမှာ နေစမ်း... မမသောင်း အိပ်ရာပေါ် ခဏလှဲနေပါ"

ဒေါ်စိန်စီသည် ဒေါ်သောင်းစိန်အနားတွင် မပြားကို ထားခဲ့၍ အောက်ထပ်သို့ ဆင်းလာ၏။ သူထင်ထားသည့်အတိုင်း ကားနှင့်လာသူမှာ မောင်ကဝိ ဖြစ်၏။ ကဝိ၏နောက်တွင် မိန်းမငယ်တဦး ပါလာ၏။ ဒေါ်စိန်စီကို မြင်သည်နှင့် တပြိုင်နက် မိန်းမငယ်သည် ဣန္ဒြေမဆောင်နိုင်ဘဲ ကဝိကို ဖြတ်ကျော်၍ ဒေါ်စိန်စီကို ပြေးဖက်လိုက်သည်။

"ဒေါ်လေးစီ... ရှဲလာလေ.. ရှဲလာ... သားလေး ဘယ်ရောက်သွားလဲ၊

ရှဲလာကို ရိုက်ချချင်ချ၊ ရှဲလာ တမင် အန်ကယ်ကို တောင်းပန်ပြီး စွတ်လိုက်တာ၊ သားလေး ပျောက်သွားပြီးဆို"

"ရှဲလာ့သား၊ သား၊ ညည်းသားလေး ပျောက်သွားပြီ"

အိမ်ပေါ်ထပ်တွင် အစ်မဖြစ်သူရှေ့၌ ဣဆောင်နေခဲ့ရသမျှ ဒေါ်စိန်စီကလည်း ရှဲလာကိုဖက်၍ ငိုပါတော့သည်။

"မောင်ကဝိရဲ့ အခု ဒေါ်လေးစီ တရားခံဖြစ်နေပြီ၊ ရစ်ချတ်ပျောက်တာ တရားခံဖြစ်နေပြီ၊ ဘုရား သိကြားမလို့ သားလေး သေသွားတာ မဖြစ်ပါစေနဲ့... ရှဲလာရဲ့၊ ခုတလော စာလည်း ကောင်းကောင်း မကျက်၊ တန်ဆောင်တိုင်အပြီးမှာ ညဥ့်ဘက်လည်း လည်လွန်းလို့ ဒေါ်လေးစီ တခါ နှစ်ခါ ဆူမိတယ်၊ ညကတော့ လုံးဝအိမ်ပြန်မလာတော့ဘူး"

ဒေါ်စိန်စီသည် ငိုရင်းမှ အခြေအနေကို ရှင်းပြ၏။

"ကဲလေ ဒေါ်လေးစီလည်း တိတ်ပါ၊ အခုက သေမှန်းရှင်မှန်းလည်းမသိ။ ပြီးတော့ ၁၅ နှစ် ၁၆ နှစ်ရယ်လို့ မိန်းမ မခိုးပြေးဘူးလို့ မထင်နဲ့။ အမှန်အတိုင်း သိရအောင် ကျွန်တော်စုံစမ်းပေးပါ့မယ်၊ ပြီးတော့မှ ငိုသင့်တော့ ငိုပေါ့"

"မင်း... ဒေါ်ဒေါ်သောင်းကို သွားကြည့်ပါဦး၊ ပြီးတော့ ဒေါ်လေးစီ လိုက်လာခဲ့မယ်"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

မောင်ကဝိသည် လှေကားကို ပြေးတက်သွား၏။

"ရှဲလာ ညည်းက ဘယ်လိုဖြစ်ပြီး ပါလာတာလဲ"

"ဒေါ်လေးစီ တယ်လီဖုန်းဆက်လိုက်တော့ ရှဲလာ အန်ကယ့်အနားမှာ၊ အန်ကယ်ကလည်း လွှတ်ခနဲ ရစ်ချတ် ပျောက်သွားပြီလို့ အော်လိုက်တယ်၊ ရှဲလာ ဘယ်လိုမှ စိတ်မထိန်းနိုင်ဘူး ဒေါ်လေးစီရဲ့၊ ရှဲလာ အန်ကယ်ကို တောင်းပန်ပြီး အတင်းလိုက်လာတာပဲ... ရှဲလာ့ကို ခွင့်လွှတ်ပါ၊ မေမေကြီးတို့ ဒေါ်လေးတို့ စိတ်ဒုက္ခရောက်မှာစိုးလို့ ဘာမှဖွင့်မပြောပါဘူး၊ အန်ကယ်တို့အိမ်မှာ အလုပ်လုပ်ရင်း သားလေးကို တိတ်တိတ် ခိုးခိုးကြည့်နေပါတယ်၊ သားလေးကိုလည်း အသိမပေးဘူး။ ဒေါ်လေးစီတို့ လာလည်တဲ့အခါမှာတောင် ရှဲလာ အန်ကယ်တို့ဆီမှာ အလုပ်လုပ်မှန်းသိရင် သားလေးကို အန်ကယ်တို့အိမ် လာလည်ခွင့် မပေးမှာစိုးလို့ ရှဲလာ မမြင်အောင် ပုန်းနေပါတယ်။ ခုတော့ ခုလိုကိစ္စမှာ ဘယ်အမေမှ စိတ်ထိန်းမထားနိုင်ဘူး ဒေါ်လေးစီ၊ ရှဲလာ့ကို ခွင့်လွှတ်ကြပါတော့၊ ရှဲလာ

အားရအောင် ငိုပါရစေ၊ ရှဲလာ့သားလေးကို အသက်ရှင်ရက် ပြန်တွေ့ရပါစေ"

ရှဲလာသည် ကျိတ်မှိတ်ထားရသမျှ သွန်ချ၍ ငိုတော့သည်။

"ခွင့်လွှတ်ပါတယ် ရှဲလာ၊ ခွင့်လွှတ်ပါတယ်... တကယ်လို့များ ရစ်ချတ် ဖွ... ဖွ... ရစ်ချတ် သူ့ကိုယ်သူ သတ်သေရင်လည်း ဒေါ်လေးစီကြောင့်လို့ မစွပ်စွဲကြပါနဲ့... ဒေါ်လေးစီ ရှူးရလိမ့်မယ်"

"မစွပ်စွဲပါဘူး ဒေါ်လေးစီရယ်... သန်းကြည်ကလေ သန်းကြည်က ပြောတယ်။ မြဒင်ကြီး ဆုံးတုန်းက ငါဒီလောက် စိတ်မထိခိုက်ပါဘူးတဲ့၊ မီးတွင်းထဲမှာ ငါ့သားလေး ဆုံးတော့မှ ငါရူးကြောင်ကြောင် ဖြစ်သွားတယ်တဲ့၊ သန်းကြည်ပြောတုန်းက မယုံခဲ့ဘူး၊ ခုမှ အမယ်လေး ဒေါ်လေးစီ သားလေးကို အသက်ရှင်ရက် ပြန်မတွေ့ရရင်တော့ ရှဲလာ ရူးမယ်၊ ရှဲလာ ရူးမယ်၊ ဘုရားသခင် ကယ်တော်မူပါ"

"ရှဲလာ မမသောင်းအနား တို့သွားနေဦးမှ၊ အသက်ကကြီးတော စိတ်တခုခုဖြစ်သွားမှာ စိုးရတယ်၊ ညည်းလည်း စိတ်တင်းထားပါ၊ သူကလေ သူ့မြေးကို အတွက်ရဲ့မွေးစားသားပါလို့ ဘယ်တော့မှ မပြောဘူး၊ တုန်နေအောင် ချစ်တာ၊ လူလေးရယ်၊ ရစ်ချတ်ကြီးရယ် ဘွားလေးစီကို ဘာလုပ်ချင်လုပ်ချင် ဖွင့်ပြောဖို့ ကောင်းပါတယ်၊ ဟင်း... ခုတော့ ဘယ်ရောက်လို့ ဘာဖြစ်မှန်း မသိပါလား"

ဒေါ်စိန်စီသည် ပါးစပ်မှ တတွတ်တွတ်ပြောရင်း ရှဲလာကို လက်ဆွဲကာ အိမ်ပေါ်ထပ်သို့ တက်သွားကြ၏။ အိမ်ပေါ်ထပ်တွင် ဒေါ်ဒေါ်သောင်းအနား၌ ထိုင်၍ အားပေးနေသော မောင်ကဝိကိုပါ တွေ့ရသည်။ ဒေါ်သောင်းစိန်သည် အော်ဟစ်၍ မနေတော့ပေ။ မျက်ရည်ကမူ မစဲသေးပေ။

"ဒေါ်လေးစီ အခု ကျွန်တော် ဒေါ်ဒေါ်သောင်းကို ရှင်းပြနေတယ်။ ကျွန်တော့် သူငယ်ချင်းတွေထဲမှာ ရဲဘက်ရော စစ်ဘက်ရော ရှိပါတယ်၊ အကြောင်းမှန် သိရအောင် စုံစမ်းပေးမယ်၊ ရုတ်တရက် ချက်ချင်းတော့ အတွက်ဆီလည်း အကြောင်းမကြားနဲ့ဦးပေါ့၊ ဟိုကောင်က တခါ သိပြန်ရင်လည်း ပိုဆိုးမယ်... ဖြည်းဖြည်းတော့ အကြောင်းကြားမယ်၊ ငါ အဖေတယောက်လုံးကို ချက်ချင်း အသိမပေးရ ကောင်းလားလို့ အပြစ်တင်ရင်လည်း ကျွန်တော်ကိုယ်တိုင် ဝင်ပါမယ်လို့၊ ကျွန်တော့်အစီအစဉ်ကိုသာ လက်ခံပါ"

"အင်း... အင်း... ဟုတ်ပါတယ် မမသောင်းရယ်၊ ဖြည်းဖြည်းပေါ့၊ ကျွန်မစိတ်ထင်တော့ သူ့သူငယ်ချင်းတွေ အပြော ပထမတရက်က အိုပယ်ကား အဝါလေးနဲ့တဲ့။ မိန်းကလေးတယောက်နဲ့ အတူ သူတို့တွေ လိုက်တယ်တဲ့၊

ဗိုလ်မှူးကျော်သာဦးသား တော်မီက မနက်က တယ်လီဖုန်းထဲမှာ ပြောတာပဲ... ရည်းစားလည်း ရှိနေပြီထင်ပါတယ်"

"ကဲ... ရှုလာ နေရစ်ဦး၊ အန်ကယ် သက်ဆိုင်ရာတွေကို သွားစုံစမ်းဦးမယ်"

မောင်ကဝိ ထသွား၏။ ရှုလာသည် ကြမ်းပြင်ပေါ်တွင်ထိုင်ကာ ဒေါ်သောင်းစိန်ဒူးပေါ်တွင် နဖူးကို ထိထား၏။

“ရှုလာ... သမီးကြီးရယ်... မေမေကြီးကို ကြည့်ပါဦး၊ ကြီးတောင်ကြီးမားရောက်မှ ဒုက္ခရောက်လိုက်တာ... အတွက်ကလည်းလေ မေမေ့ကို ချစ်ပါတယ်... မေမေ့ကို ချစ်ပါတယ်နဲ့ မေမေ့အနားမှာ မနေ၊ ရစ်ချက်ကလည်း အဖေတူ၊ သူတို့သားအဖနှစ်ယောက်လုံး မိသောင်းစိန်ကြီးကို ဒုက္ခပေးကြတယ်။ ကဲ... မိစီ၊ ငါ့အနားမှာ ရှုလာရှိနေတုန်း သွားစမ်း ကားထုတ်၊ ဆရာတော် ဦးကဝိန္ဒဆီကိုသွား၊ ရစ်ချက်ဇာတာ ဘုရားစင်မှာ ရှိတယ်။ ကြာသပတေးသားနာမည်ကို မြန်မာအမည် မိုးသက်ဦးလို့ပြော၊ အပြန်မှာ ငါးကျည်းအရှင် ၁၇ ကောင်ဝယ်၊ သက်စေ့ ရတနာသုံးပါး အပါထည့်ပေါင်းတော့ အကောင်နှစ်ဆယ် ဝယ်လွှတ်ခဲ့"

"ရစ်ချက် ဆယ့်ခြောက်နှစ်ထဲမှာပါ"

"ဆယ့်ခုနစ်နှစ်ထဲမှာပါ...။ ညည်းမသိပါဘူး၊ သွားမှာ သွားစမ်းပါ၊ ၁၆-၁၇ တွေနဲ့ အရေးထဲ စာရင်းဇယား ကိုက်မနေစမ်းပါနဲ့၊ အရေးကြီးတာက ငါးအရှင်များများလွှတ်ပြီး ကုသိုလ် ဆက်ပေးရမယ်၊ ကုသိုလ် ကုသိုလ် ငါ့မြေးလေး အသက်ရှင်ရက် ဆက်တွေ့ရဖို့ အရေးကြီးတယ်၊ ရောက်တဲ့အချိန် အတိအကျ မသိပေမဲ့ သူတို့တွက်တတ်ပါတယ်၊ ယတြာချေဖို့ကို စာနဲ့ကို ရေးမှတ်လာခဲ့၊ ရှုလာ မပြားကို မေမေကြီးအနား ထားခဲ့၊ သောက်တော်ရေ ဘုရားစင်မှာ ဆယ့်ခုနှစ်ခွက် ကပ်ခဲ့ ရှုလာ... ဘုရားသခင်ဆီမှာလည်း မင်းတို့ ခရစ်ယာန်ထုံးစံအတိုင်း ဆုတောင်း သိလား"

"ဟုတ်ကဲ့..."

မြန်မာဘွားအေကို ထုံးစံအတိုင်း မြေးအပူတွေ လာပြန်တော့လည်း စီမံတတ်သရွေ့ အိပ်ရာပေါ်မှာ စီမံနေ၏။

ခေါင်းအုံးပေါ်လှဲရင်း ပါးစပ်မှ ဘုရားဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်၍ နေတော့သည်။

လှလှနွယ် စိတ်ထိခိုက်မှာစိုး၍ ရစ်ချက်အကြောင်းကို ရှုလာတို့က အသိမပေးခဲ့ပေ။ ဩော်.... သားတို့ရုပ်ရည် သီတာယယ်တည်၊ ရေကြည်ချမ်းမြ

တပေါက်ကလေး ကျရုံနှင့် မိဘတို့ဝမ်း ငြိမ်းစတမ်း ဆိုလိုသာပင်တည်း။

ရေသည်လည်း အပူဓာတ် ပေးလိုက်သောအခါ အင်ဂျင်စက်တခုလုံးကို တုန်ခါလာအောင် လှုပ်ရှားနိုင်သော အခိုးအငွေ့ အားအဖြစ်သို့ ပြောင်းလဲလာသေးသည်တကား။

တပတ်လောက်ကြာမှပင် မောင်ကဝိထံမှ သတင်းစကား ကြားရတော့သည်။

"ဒေါ်ဒေါ်သောင်း ဘာမှမပူနဲ့တော့၊ မသေတာတော့ သေချာပြီ"

မောင်ကဝိ ပြောလိုက်မှပင် အိပ်ရာပေါ်လဲနေသော ဒေါ်သောင်းစိန်သည် ငေါက်ခနဲ ထထိုင်လိုက်သည်။

"ဘုရား... ဘုရားရှင် တန်ခိုးတော်ပဲ... အင်း ဆိုပါဦး"

"နေရာလည်း... သိပြီ ကျွန်တော်ကိုယ်တိုင် သွားတွေ့မယ်"

"တို့လည်း လိုက်မယ်လေ..."

အဘွားကြီးသည် မြေးကို တွေ့လိုဇောနှင့် အလောတကြီး ပြောလိုက်၏။

"မဖြစ်သေးဘူး ဒေါ်ဒေါ်သောင်းရဲ့၊ ကျွန်တော် ရှင်းပြမယ် ဒေါ်ဒေါ်သောင်းမြေးက မိုနာကို ခိုးပြေးတယ်"

"မိုနာ"

"ဟုတ်ကဲ့.... ဝင်းတင်ကြီးနဲ့ တင်တင်မေရဲ့သမီး မိုနာ၊ သူ့အဒေါ်ကြီးတွေလည်း ကောင်မလေးမိဘတွေ ရှိရာ ထားဝယ်ကို သံကြိုးရိုက်ထားတယ်"

"အဲ... ဒါဘာဖြစ်လဲ၊ လူကြီးစုံရာနဲ့ ပြန်အပ်ပြီး မင်္ဂလာဆောင်ပြီးရင် ပြီးပါတယ်"

"မပြီးလို့ ခက်နေတာ"

"အမလေးတော် ကျုပ်မြေး နုနုထွတ်ထွတ်ကို သူတို့က မတူဘူး မတန်ဘူး ထင်လို့လား၊ ရွှေနဲ့စက် ပေးစားနိုင်တယ် အောက်မေ့လိုက်ပါ"

ဒေါ်စိန်စီသည် ထုံးစံအတိုင်း ရွှေစကား၊ ငွေစကား ဝင်ပြောလိုက်၏။

"အို… ဒေါ်လေးစီကလည်း သူတို့မှာလည်း သမီးလေး နုထွတ်ထွတ် တယောက်တည်း၊ အရေးကြီးတာက အသက်မပြည့်သေးရင် တခက်"

"ဟင်…. အမလေး၊ တော်ကြာ ကျုပ်မြေးလေး ရစ်ချတ်လည်း အဖမ်းခံရဦးမှာလား"

ဒေါ်သောင်းစိန်ကတော့ ပူဖို့ကိုသာ တွေးမိလိုက်မိ၏။

"ကျွန်တော် ဖြည်းဖြည်းပြောပြပါ့မယ်"

ညီအစ်မနှစ်ယောက်ကို ငြိမ်အောင်ကို ကဝိက ထပ်မံပြောပြန်၏။

"အခြေအနေက ဝင်းတင်ကြီးနဲ့ ကျွန်တော်နဲ့က ကျောင်းနေဖက်တွေ၊ ရင်းလည်း ရင်းနှီးပါတယ်၊ လာတဲ့အခါမှာ ကျွန်တော်ရှင်းပြမယ်လေ၊ သူတို့က ကျေကျေနပ်နပ်နဲ့ အားလုံး ပြေလည်သွားရင်လည်း ပြီးသွားတာပါပဲ၊ သူ့မိန်းမသဘောကိုတော့ ကျွန်တော်မသိနိုင်ဘူး၊ ဒေါ်ဒေါ်သောင်းတို့အနေနဲ့တောင် ယောကျ်ားလေးရှင် ဖြစ်ပေမဲ့ ခုလို အရှုယ်မရောက်ခင်၊ ပညာမစုံခင် ဖြစ်သွားတော့ ဆတ်ဆတ် တုန်သွားတာပဲ၊ သမီးရှင်ဆိုတော့ စဉ်းစားသာကြည့်တော့"

ဒေါ်သောင်းစိန်သည် ခေါင်းလေးတညိတ်ညိတ်နှင့် ငြိမ်သက်စွာ နားထောင်လာ၏။

"နွယ်ရဲ့မမအပြောတော့ ကောင်မလေးကို စေ့စပ်ထားတဲ့လူလည်း ရှိတယ်တဲ့၊ ဒီတော့ ခုချိန်ထိတော့ ကျွန်တော်လည်း မိတ်ဆွေတွေနဲ့ စဉ်းစားပြီး ဆုံးဖြတ်ကြတာပဲ။ လုံခြုံတဲ့နေရာမှာ သူတို့နေကြ၊ အခြေအနေ အေးချမ်းတော့ ခေါ်လာခဲ့မယ်၊ မိန်းကလေးက ကျွန်တော်တို့ဘက်မှာ ရှိနေရင် ပြီးတာပဲမို့လား… ဒေါ်ဒေါ်သောင်းက မယုံရင် သူတို့နှစ်ယောက်တွဲ ဓာတ်ပုံရိုက်ပြီး ယူလာခဲ့မယ်၊ ကျွန်တော်ကိုယ်တိုင် သူတို့ရှိတဲ့နေရာကို လိုက်သွားမယ်၊ ကျေနပ်လား"

"အမလေး… ကျေနပ်ပါတယ် ကျေနပ်ပါတယ်၊ မသေရင် ပြီးတာပါပဲ။ အတွတ်ကြီးဆီကိုသာ အကျိုးအကြောင်း စာရေးရဦးမယ်"

"ဘာမှတော့ ထိတ်လန့်တကြား မလုပ်ပါနဲ့၊ အတွတ်ကိုလည်း ဖြည်းဖြည်းဆေးဆေး အကြောင်းကြားမယ်၊ ကျွန်တော် ရစ်ချတ်နဲ့ သွားတွေ့ပြီးမှ အတွတ်ဆီ ဘယ်လိုအကြောင်းကြား သင့်တယ်ဆိုတာ စီစဉ်ကြသေးတာပေါ့၊ အခု သူဘယ်မှာလဲ"

"ဟို… တခါက စာမှာတော့ ရိုးမကိုဖြတ်ပြီး ကုန်းလမ်းကနေ ရခိုင်ကို သွားမတဲ့၊ နတ်တော်လကုန်လောက် သံတွဲ ငပလီကမ်းခြေမှာ နားနေမယ်တဲ့၊

ခုလောက်ဆို ပေလီ ရောက်နေရောပေါ့၊ သကြ်န်ကျော်မှ မေယုမြစ်ဖျားကို သွားမတဲ့၊ ခုလောလောဆယ်တော့ ဘယ်ဆီ ဘယ်လို အကြောင်းကြားရမလဲ မသိသေးဘူး။ ပေလီရောက်ရင် သံကြိုး ပို့လိုက်မယ်တဲ့၊ မောင်မောင်နိုင်ကိစ္စတောင် အကြောင်းကြားတဲ့စာ သူ့လက်ထဲ ရောက်မရောက် မသိသေးဘူး"

"ကဲ ကဲ ညီအစ်မနှစ်ယောက် စိတ်အေးအေးနေတော့"

"မသေဘူးဆိုတော့ တဝက်တော့ စိတ်အေးရတာပေါ့ မောင်ကဝိရယ်၊ တကယ်ဆိုတော့ မျက်စိနဲ့ကို ဒေါ်ဒေါ်သောင်းမြေးမျက်နှာကို မြင်ရမှ ရင်ထဲမှာ အလုံးကျမှာပဲ"

"အင်း... ခုလိုပုံတော့ ငါးဆက်ပြီး လွတ်ဦးမှာပေါ့လေ၊ မိစီရေ ငါးဆက်လွတ် ငါးဆက်လွတ်"

အဘွားကြီးမျက်နှာ ပြုံးလာတော့မှ မောင်ကဝိမှာ ဒေါ်သောင်း၏စကားလုံးများကို သဘောကျ ရယ်နိုင်တော့သည်။

အရင်အခြေအနေကဆိုလျှင် သူများ အသည်းကွဲမတတ် ဖြစ်နေပါတယ် ဆိုကာမှ မင်းရယ်နိုင်တယ်ပေါ့ ဟု စာရေးဆရာ မောင်ကဝိကို ညီအစ်မနှစ်ယောက် အပြစ်တင်ကြမည် ဖြစ်သည်။ မောင်ကဝိသည် အိမ်အပြန်လမ်းတွင် အခြေအနေ အရပ်ရပ်ကို တွေးလာခဲ့၏။

တပတ်လောက်ကြာမှပင် သူ ဦးဝင်းတင်နှင့် တွေ့ဖြစ်တော့သည်။ ကြားဝင်စေ့စပ်ရသည် ဆိုသည့်ကိစ္စက မလွယ်ကူလှပေ။ လစ်လျူရှု၍ နေလို့ရသောအဖြစ်ကလည်း မဟုတ်။ အသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်နှင့် နေကြသူများဖြစ်၏။ တဖက်ဖက် ဒုက္ခရောက်ပြန်လျှင်လည်း နှစ်ဖက်လုံးက မကင်းရာ မကင်းကြောင်း ခင်မင်ရင်းနှီးသူများဖြစ်၏။ ဘယ်သူပင် ဒုက္ခရောက်ရောက် သူ့မှာတော့ မရှုရက် မမြင်ရက်သော စေတနာဖြင့် ဝင်ကူခြင်းဖြစ်၏။ သို့သော် ဦးဝင်းတင်တို့ဘက်က မင်းစေတနာ တို့မယုံဘူး၊ ဘက်လိုက်တဲ့သူပါကွာဟု အထင်လွဲမှားပါလျှင်လည်း သူ့မှာတော့ ခံရမည်ဖြစ်၏။ နှစ်ဖက်လုံးက အထင်မှား၍ သူ့ကို ဝိုင်းတွယ်ကြလျှင်လည်း မတတ်နိုင်တော့ပြီ။ သူသည် ကလေးများ ဖရိုဖရဲ မဖြစ်လိုသော စေတနာအရင်းခံဖြင့် လုပ်ခြင်းဖြစ်၏။ သူ့စေတနာကိုသာ အထပ်ထပ် သစ္စာဆိုရပေတော့မည်။

ဦးဝင်းတင် သူနှင့် တွေ့ဖို့ကို မြမြနွယ်တို့အိမ်မှာပင် ချိန်းဆိုထား၏။ သူရောက်သောအခါ ဦးဝင်းတင် တယောက်တည်းကိုသာ တွေ့ရသည်။ ဦးဝင်းတင်သည် မျက်နှာ မကောင်းပေ။ မောင်ကဝိရင်ထဲမှာမူ တထိတ်ထိတ်နှင့် ဖြစ်နေ၏။

"ဝင်းတင်ကြီး နေကောင်းရဲ့လား၊ မေကော မပါဘူးလား"

သူသည် ငယ်ငယ်တုန်းက ခေါ်သလိုပင် ရင်းနှီးစွာခေါ်၍ ဦးဝင်းတင်ဘေးက ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

"ငါ... တမင် မခေါ်ခဲ့တာ ကဝိ၊ မင်းနဲ့ငါ စကားပြောကြည့်သေးတာပေါ့။ မေ့အနေနဲ့က မိခင်တယောက် ဖြစ်နေတော့ ဒီနေရာမှာ စိတ်မငြိမ်မသက် ဖြစ်နေရင် အကြောင်းကြောင်းက ပြီးပြတ်မှာ မဟုတ်ဘူး"

ဦးဝင်းတင်သည် ဖြည်းဖြည်းလေးလေးကြီး ပြောပြ၏။

"အေး... တော်ပါသေးရဲ့ကွာ၊ တို့သူငယ်ချင်း အချင်းချင်းဆိုတော့ ပြောရတာ ပွင့်လင်းတာပေါ့၊ ငါကလည်း အေးအေးဆေးဆေး ပြီးပြတ်စေချင်တဲ့ စေတနာနဲ့ ဝင်ပါတာပါ၊ မင်းနဲ့ ဘာဆိုင်လဲ ပြောရင်လည်း ခံရမှာပဲ။ ငါလေ အဘွားကြီး ညီအစ်မကိုလည်း သနားလွန်းလို့ပါကွာ"

"အေး... မင်းစေတနာ ဆိုတာကို ငါကလည်း ယုံကြည်ပါတယ်၊ သမီးရှင်အနေနဲ့ တို့ဘက်ကလည်း စဉ်းစားပါဦး၊ တို့မှာလည်း သမီးတယောက်မို့ ဖူးဖူးမှုတ်ထားတာ၊ ခုတော့ ပညာလည်း မစုံသေး၊ အသက်ကလည်း မပြည့်သေးတော့ ရင်ကျိုးရတာပဲ"

"ဒါတော့ ဒါပေါ့... ပြင်ရတဲ့ကိစ္စဆို တော်သေးတာပေါ့ကွာ။ တို့က ရှာလို့ပြန်တွေ့ပြီထား၊ မိုနာဟာ ခပ်ရိုင်းရိုင်း ပြောရရင် အပျိုပြန်မဖြစ်တော့ဘူးကွ၊ ဒီတော့ဖြင့် ပြန်တွေ့တောင် ကလေးတွေရဲ့အချစ်ကို မဖျက်ပါနဲ့ကွာ၊ တို့များ စိတ်ငြိမ်ငြိမ်နဲ့ ခေါင်းအေးအေးထား စဉ်းစားပါ"

ဦးဝင်းတင်သည် သက်ပြင်းချလိုက်၏။

"ပြီးတော့လည်း တဖက်နဲ့တဖက် နာစရာ မရှိပါဘူး၊ မင်းတို့ကြိုက်သလို ဒေါ်ဒေါ်သောင်းကို ငါပြောပေးပါ့မယ်။ ဘယ်လိုတင်တောင်းရမယ်။ ဘယ်လိုအခမ်းအနားနဲ့မှ ပေးစားနိုင်မယ်ဆိုတာကစ မင်းတို့အကြိုက်ဖြစ်အောင် ဒေါ်ဒေါ်သောင်းတို့က လိုက်လျောမှာပါ"

"ခက်တယ် ကဝိငါ ပြောရမှာ ခက်တယ်"

"အို... မင်းရင်ထဲက အခက်အခဲကို ဖွင့်ပြောမှလည်း ကူညီနိုင်တာပေါ့။ တို့အချင်းချင်းတွေပါကွာ၊ အတွတ်ဆိုလည်း တို့ပြောသမျှ ခေါင်းညိတ်မယ့်အကောင်ပါ၊ အတွတ်ကြီးက သနားစရာ ကောင်းပါတယ်၊ သူ့သား ရစ်ချတ်များ မင်းသမီးစိတ်နဲ့ တခုခုဖြစ်သွားရင် ဒီကောင်ရင်ကျိုးမှာ"

"မင်းက ဒါပဲ သိတယ်နော်၊ ငါ့မှာ မရှုနိုင် မကယ်နိုင် ဖြစ်နေတာက မေရယ် နဂိုကမှ သူ သမီးကို ဒီဂရီရှိတဲ့သူနဲ့မှ ပေးစားချင်တယ်၊ မိုနာနဲ့ စေ့စပ်ထားတာကလည်း စစ်တွေက ထိတ်ထိတ်ကြဲ သူဌေးသားတယောက်၊ ခုအဖြစ်က အတွတ်မျက်နှာထောက်ပြီး ငါက လိုက်လျောချင်ပါတယ်ထား။ မေက ပြောတယ်၊ ဟိုတခါလာကတည်းက မြမြနွယ် ပြောလို့ သူသိထားတယ်တဲ့၊ ရစ်ချတ်က အတွတ်သားအရင်း မဟုတ်ဘူး၊ အိမ်ဖော်မလေး ရှဲလာရဲ့သားတဲ့"

"သေပါတော့ကွာ"

ကဝိသည် အတော်မော၍သွား၏။

"ဖြစ်မှ ဖြစ်ရလေကွာ... ဟင်း..."

"အဲ့ဒီတော့... အဲဒီတော့ ငါက ဘာလုပ်ရမလဲ ကဝိ၊ ငါလည်း အဖေတယောက်အနေနဲ့ သေချင်တာပဲ ကဝိ၊ အတွတ်ရဲ့သားအရင်းဆိုရင် ဖြစ်လာတဲ့ မီးစဉ်ကြည့်ကပါတယ်၊ မင်းပြောသလို ငါလည်း ပြောပါတယ်။ မေက အပျိုပြန်ဖြစ်ရုံမကလို့ ဗိုက်ထဲကကလေး ပါလာပစေတဲ့ သူကြည့်စီစဉ်မယ်တဲ့... သူပြောတဲ့အဓိပ္ပာယ် နားလည်လား"

"နားလည်ပါတယ်... အမလေး ကြောက်စရာ ကောင်းလိုက်တာ... ဝင်းတင်ကြီး၊ ဒီနေရာမှာ မင်း ငါ့ကို သတ်ချင်သတ်၊ မေ့ကို မင်းပြောရဲရမယ်၊ ဒါလောက် ပက်စက်တဲ့အကြံ မေ့ခေါင်းထဲမှာ ဝင်လာတာကို မဝင်လာအောင် ယောကျ်ားတယောက်အနေနဲ့ မေ့အတွေးအခေါ်ကို ပြောင်းလဲရဲ ရမယ်၊ မေက မိုနာမှာ ကလေးပါလာတောင် ဒီကလေးကို လူ့ဘဝလာခွင့် မပေးဘူးပေါ့ ဟုတ်လား... ရက်စက်လိုက်တာ မေ"

ဝင်းတင်ကြီးသည် ခေါင်းကိုညိတ်ရင်း ညိတ်ရင်းက ခေါင်းမဖော်တော့ပေ။

"သေသေချာချာ စဉ်းစားပါ ဝင်းတင်ကြီး၊ ဟိုတဖက်မှာတော့ ရစ်ချတ်ဆိုတဲ့ကလေးလေး တယောက် လူ့ဘဝနယ်မြေမှာ တနေရာရဖို့ မေတ္တာတွေ၊ အချစ်တွေ၊ စေတနာတွေ ခြံရံလာလိုက်တာ၊ မင်းတို့ကတော့ ကလေးငယ်တယောက် လူ့ဘဝမရောက်ခင်က မင်းတို့ သုတ်သင်ပစ်တယ်။ ဟင်... ဒီအကြံဉာဏ် မင်းမိန်းမခေါင်းထဲ ရောက်လာတာကို မင်းက ထုတ်ဖယ်မပစ်နိုင်ဘူး၊ ဒီအတွေးအခေါ်ကို မင်းမပြောင်းပစ်နိုင်ဘူးဆိုရင် ငါတခုမေးမယ်"

ကဝိသည် စိတ်ထဲမှာ အတော်လေး ခံပြင်းလာ၍ "သတိ သတိ သတိ ရှိရမယ် ငါကကြားလူ ကြားလူ ငါက" ဟူ၍ သူ့စိတ်သူပြန်ထိန်းရ၏။ အကယ်၍သာ ရစ်ချတ်သာ သူ့သားဆိုလျှင် ပက်ပက်စက်စက် ပြောမိမည်ဖြစ်၏။

"ငါမေးတာကို ဖြေမလား..."

ဦးဝင်းတင်သည် ခေါင်းညိတ်ပြ၏။

"မင်း အတွင်းဝန်ကလေးအဖြစ် ရန်ကုန်အတွင်းဝန်ရုံးမှာ လုပ်တုန်းက ကဝိမင်းပါလိုက်ခဲ့ပါ လို့ ဖိတ်ပြီး သတင်းစာဆရာတွေနဲ့အတူ ကယ်ပါညီလာခံတက်ခဲ့တယ်လေ၊ လူတန်းစား ပပျောက်ရေးလေး ဘာလေးနဲ့ မင်းကိုယ်တိုင်တရားဟောခဲ့တယ်မို့လား၊ တို့ကိုလည်း ဝိုင်းပြီး ရေးပေးကြပါဆိုလို့ တို့စာရေးဆရာရော သတင်းစာဆရာတွေပါ ဝိုင်းကူခဲ့ကြတယ်၊ မှတ်မိသေးလား၊ မင်းခုတော့ ကယ်ပါလူထုကိုလည်း ညာတယ်။ မင်းညာရုံတင်မဟုတ်ဘူး၊ တို့စာရေးဆရာတွေနဲ့ သတင်းစာဆရာတွေကိုလည်း ဝိုင်းညာခိုင်းတယ်ပေါ့လေ ဟုတ်လား ဝင်းတင်ကြီး၊ သူငယ်ချင်း မင်းငါ့စကားလုံးတွေကို မခံနိုင်လို့ သတ်ပစ်ချင်လည်း သတ်ပစ်တော့၊ မင်းလိုသူငယ်ချင်းက သတ်ပစ်တာကို ငါခံနိုင်ပါတယ်... မင်းလုပ်ခဲ့တာတွေဟာ ဒီလိုဆိုတော့ မင်းရင်ထဲက လှိုက်လှိုက်လှဲလှဲ ခံယူချက်နဲ့ မင်းလုပ်ခဲ့တာ မဟုတ်ဘူးပေါ့၊ မင်းကုလားထိုင်လေး မြဲဖို့အတွက် ယုံကြည်ချက် မရှိဘဲ လုပ်ခဲ့တာတွေပေါ့လေ..."

"သူငယ်ချင်း... ကဝိ မပြောပါနဲ့တော့၊ ငါ့ကိုဆက်ပြီး မပြောပါနဲ့တော့"

ဝင်းတင်ကြီးသည် တကယ်ပင် စိတ်ပင်ပန်းလာသလို ကုလားထိုင်နောက်မှီပေါ် လှဲချလိုက်သည်။ ကဝိသည် သူ့လေသံကို ပြောင်းလိုက်၏။ စိတ်ထဲမှာလည်း ပြောတုန်းကသာ စိတ်လိုက်မာန်ပါပြောပြီး သူငယ်ချင်းတယောက် စိတ်ဒုက္ခရောက်သည်ကို မျက်ဝါးထင်ထင် မြင်လာရတော့လည်း စာရေးဆရာတယောက်ပီပီ စိတ်ထိခိုက်လာပြန်သည်။

"ခွင့်လွှတ်ပါ ဝင်းတင်ကြီး၊ ငါဖြစ်လိုတဲ့စေတနာကို ပြောပြရတာပါ။ မင်းအပေါ် အပြစ်တင်ချင်လို့ မဟုတ်ပါဘူး... ဒီနေရာမှာ ယောက်ျားတယောက်ပီပီ၊ မင်းသိက္ခာကို မင်းထိန်းပါကွာ၊ ခု ရစ်ချတ်ဟာ မင်းတို့ပြောတဲ့ ကယ်ပါသားတောင် မဟုတ်သေးပါဘူး"

"ရှဲလာ့သားပါ။ ရှဲလာမှ တို့အိမ်မှာ အလုပ်လုပ်နေတယ်၊ အင်မတန် သိမ်မွေ့နူးညံ့ပြီး စိတ်ထားကောင်းတဲ့ မိန်းကလေးတယောက်ပါ၊ တကယ်လို့များ သူ့ချစ်သူဟာ သေမသွားဘူး၊ အလင်းရောက်ခဲ့ပြီး ရစ်ချတ်ဆိုတဲ့ သူငယ်လေးအပေါ် မင်းတို့ ဘယ်လိုသဘောထားမလဲ... သေသေချာချာ စဉ်းစားပါ ဝင်းတင်ကြီး၊ နောက်ဆုံး ငါတခု ပြောပါရစေ၊ ဒီပွဲမှာ ငါဟာ ကာယကံရှင် မဟုတ်ပါ၊ နှစ်ဖက် မနာစေချင်တဲ့ စေတနာနဲ့ ဝင်ပါရခြင်းပါ၊ ပြေလည်သွားရင် အင်မတန်ကောင်းတဲ့ အချိန်လေးပါ၊ သိက္ခာရှိရှိနဲ့ ပြန်လည်ပြီး တွေ့နိုင်ကြမယ့် အခြေအနေမှာ ရှိပါတယ်။

တဖက် တဖက် တို့ပိုင်တယ်ဆိုပြီး လုပ်နေရင် မိုနာကို မင်းတို့က အတင်းဆွဲခေါ်လို့ပဲရရ၊ ဘယ်လိုနည်းနဲ့ပဲရရ၊ မိုနာဟာ ရစ်ချတ်ချစ်သူ ဖြစ်နေပြီ။ အဲဒါကိုက တို့ဘက်က တပန်းသာနေပါတယ်။ ကလေးချင်း ခွဲလိုက်လို့ ဒီစိတ် ဒီအရွယ်မှာ စိတ်မထိန်းနိုင်ဘဲ သူတို့အသက် သူတို့ရန်ရှာရင် ပြီးပါရော ပြီးပါရော၊ ဒီနေရာမှာ ရိုမီရိုတို့ ဂျူးလီယက်တို့ ဇာတ်လမ်း အဟောင်းကြီးကို ပြန်ပြပြီး မလွမ်းပါရစေနဲ့တော့ ဝင်းတင်ရယ်၊ မငိုချင်စမ်းပါနဲ့တော့ ဝင်းတင်၊ မိုနာ့ဝမ်းထဲက ကလေးကို မင်းတို့မသတ်ခင် မင်းတို့သမီး မိုနာ အရင်သေမှ လှနေမယ်"

"ငါ... အရင်သေမှာ ငါအရင်သေမှာ..."

ဦးဝင်းတင်ကြီးသည် ငိုသံကြီးနှင့် အော်၏။

"ကဲပါလေ... မောင်ကဝိရယ်၊ မေ့ဆီသွားပြီး မမမြနားချပါဦးမယ်၊ တကယ်တော့ ကိုဝင်းတင်ကြီးလည်း အဖေဆိုပေမဲ့ ကြားလူပါ၊ သူ သိပ်စိတ်ဆင်းရဲနေပါပြီ၊ လိမ္မော်ရည်လေး သောက်လိုက်ပါဦး ကိုဝင်းတင်"

မျက်စိစုံမှိတ်ကာ ဆိုဖာမှီအုံးပေါ် ခေါင်းမှီထားသော ဦးဝင်းတင်ရှေ့သို့ မြမြနွယ်သည် လိမ္မော်ရည်ကို ချလိုက်၏။ ကဝိကို မျက်စိမှိတ်ပြလိုက်သည်။ မြမြနွယ်သည် ဦးဝင်းတင်အနားတွင် ထိုင်လိုက်သည်။

မောင်ကဝိသည် ဧည့်ခန်းအပြင်သို့ ဖြည်းညင်းစွာ ထွက်သွားတော့သည်။ မြမြနွယ်သာ ဦးဝင်းတင်အား ဧည့်ခန်းအတွင်းတွင် တိုးတိုးပြော ကျန်ရစ်သည်။ မောင်ကဝိသည် ဧည့်ခန်းအပြင် ဝရန်တာတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ မကြာခင်ပင် မြမြနွယ် ထွက်လာသည်။

"ကဲ... မောင်ကဝိ ကိုဝင်းတင်ကြီးကို ပြန်ပို့ရင်း မြလိုက်သွားဦးမယ် မေနဲ့ သွားတွေ့မယ်"

မောင်ကဝိသည် ခေါင်းညိတ်ပြရင်း မြမြနွယ်အနားသို့ ကပ်ကာ တိုးတိုးလေး ပြောလိုက်၏။

"မမမြ ကျွန်တော်တော့ အဘွားကြီးနှစ်ယောက်နဲ့ မိုနာတို့ကို ငပလီပို့ဖို့ စီစဉ်လိုက်ပြီ၊ မေက အဆင်ပြေတယ်ဆိုရင်၊ ဝင်းတင်ကြီးတို့နဲ့ ကျွန်တော် လိုက်သွားရုံပဲ။ မေ့ကိုတော့ ဒီအကြောင်း ဖွင့်မပြောနဲ့ဦး... ဒီကပဲ စောင့်နေရမလား"

"ဟုတ်ကဲ့..."

မောင်ကဝိသည် သူငယ်ချင်းဖြစ်သူအား ကားပေါ်ရောက်အောင် သူကိုယ်တိုင် ပို့လိုက်၏။ သူပြောသည့်စကားလုံးများ လွန်သွားသလားဟုလည်း

စိတ်မကောင်းဖြစ်၍ ကျန်ရစ်သည်။

မြမြနွယ် ပြန်လာသည်အထိ စောင့်နေရ၏။ အားလုံး အဆင်ပြေပါစေဟုလည်း ဆုတောင်းရသည်။ မြမြနွယ် ပြန်လာချိန်တွင်မူ အခြေအနေအရပ်ရပ်သည် အဖြေတော့ ထွက်မလာသေးပေ။

"သူတို့လည်း ခေသူတွေမဟုတ်တော့ တပ်ဖြန့်ပြီး ရှာနေကြတာပဲ။ မောင်ကဝိ အစီအစဉ် အတိုင်း အမြန်ဆုံးသာ ငပလီရောက်အောင် မိုနာတို့ကို ပို့လိုက်တော့၊ မမမြလည်း နောက်ဆုံးတော့ ပြောရတော့တာပဲ၊ မေ တခုစဉ်းစားလို့၊ မေ တက္ကသိုလ်မှာနေတုန်းက ကဲခဲ့တာဟာ မိုနာ အိပ်နေသလောက် ရှိသေးတယ်လို့၊ "နွားငယ် လုမလှ နွားမကြည့်ရတယ် ဆိုတဲ့စကား ရှိတယ်မို့လားလို့၊ မေကိုယ်တိုင်က မိုနာအတုခိုးလောက်တဲ့ မိခင်အသွင်အပြင်မှ မနေနိုင်ဘဲလို့ ပြောရတယ်... ပြီးတော့ မောင်ကဝိတော့ မမမြ အားနာပါရဲ့။ ခု... မိုနာရဲ့အဖေ ကိုဝင်းတင်ကြီးနဲ့ လက်ထပ်တော့ မေဟာ အပျိုအစစ် မဟုတ်ဘူး..."

"ဟင်..."

"အေး... တို့အချင်းချင်းတော့ သိတယ်၊ သူတို့ ခင်စိန်ကြည်တို့ ခပ်ရှုပ်ရှုပ်ရယ်၊ မေ ပွေလိုက်ပုံက ပိုဆိုးတယ်။ အချစ်မှာ စည်းကမ်း မထားဘူး၊ အဆောင်မှာနေရင်း အဆောင်မှူးက ကိုယ်ဝန်ရှိတာသိလို့ တိုင်တော့ သူ့အမေက သားမက်ဖမ်း တော်တယ်၊ ကိုဝင်းတင်ကြီးအမေနဲ့ တိုင်ပင်ပြီး တက်သုတ်ရိုက်ပြီး ပေးစားလိုက်ရတာ၊ ဒီကိစ္စ ကာယကံရှင် ကိုဝင်းတင် သိမသိတော့ မသိဘူး၊ မမကတော့ သိတယ်။ အသက်ချင်းလည်း ကိုဝင်းတင်ကြီးထက် မေက အတော်ငယ်တယ်"

"အဲဒီတော့..."

"သူစဉ်းစားပါရစေဦးတဲ့၊ ရှာလို့မရမှ အဖြေပေးမယ် ထင်တယ်လေ၊ အဆင်ပြေရင် သူတို့က သွားမခေါ်ဘဲ မိုနာတို့ကလာဖို့ မောင်ကဝိ စီစဉ်သင့်ပါတယ်"

"ဒါက ကြည့်လုပ်ကြတာပေါ့"

မောင်ကဝိသည် ပြန်လာခဲ့တော့သည်။

ရစ်ချတ် လူ့ဘောင်နယ်မြေသို့ ခြေချလာခဲ့သည်မှာတော့ ဒီဇာတ်လမ်းအတိုင်းပင် ဖြစ်၏၊

ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် အချိန်သည် ဘာမှမကြာလှပေ။

နတ်သက်နှင့် တွက်လျှင်၊ ဘဝဆိုသည်မှာ ပန်းတခိုင်ခူးပါပင်တည်း။ မွေးကြ ဖွားကြ ငိုကြ ရယ်ကြနှင့် ပင်ပန်းမောဟိုက် ရှည်ကြာလှသောကာလဟု မနုဿလူသားတို့က လူ့ဘဝဟု ထင်ကြ၏။ တာဝတိံသာတွင် ပန်းအတူ ခူးနေကြသော နတ်မိမယ်တစုထဲမှ ပန်းခူးရင်း တယောက်ပျောက်၍ သွားသည်။

မကြာမီပင် အဖော်နတ်သမီးတို့ ဥယျာဉ်မှ မထွက်သေးခင် ပျောက်သွားသော နတ်သမီးက ပြန်ပေါ်လာ၏။

"ဟင်... ဘယ်ကိုများ သွားနေလဲ"

သူ့အဖော် နတ်သမီးများက ဝိုင်းမေးကြ၏။

ဩော်... နတ်မိမယ်များ ပန်းခူးချိန် နာရီပိုင်းလောက်အတွင်းတွင် ပျောက်သွားသော နတ်သမီးမှာတော့ လူ့ဘဝတဒင်္ဂမှာ ချစ်သူနှင့်ပင် နေခဲ့ရုံမက သားသမီးတွေ မွေးဖွားပြီး၊ သူ့ကုသိုလ်အဟုန်ကြောင့်ပင် နတ်ဘုံရင်းသို့ ပြန်ရောက်လာခဲ့၏။

ဩော်... ပန်းတခိုင်ခူး အချိန်မျှလောက်သာ မနုဿနယ်မြေဘဝသည် တိုတောင်းလှ၏။ ဤတိုတောင်းသောအချိန်လေးတွင် မနုဿသားတို့မှာတော့ မွေးကြဖွားကြ ချစ်ကြရ၊ ကွေကွင်းရနှင့်။

ပျောက်သွားသော နတ်သမီးကသာ မနုဿသားတို့ဘဝကို သိလာခဲ့ရသည်။ သူပြောပြသော ဇာတ်လမ်းမှာ နတ်ပြည်အတွက်တော့ ထူးဆန်းသော နတ်သမီးပုံပြင်လေးသာတည်း။ ရစ်ချတ်တို့မှာတော့ "တဘဝ...."

*

ငပလီကမ်းခြေတွင် လှိုင်းများကမူ မှန်မှန်ကြီး တလိမ့်လိမ့် သွားနေကြ၏။ ကမ်းပါးစပ် သောင်ပြင်သို့ အချိန်မှန် ရောက်လာကြ၏။ ပြီးလျှင် ပင်လယ်ပြင်ကျယ်သို့ ပြန်သွားကြသည်။

အတွက်ကမူ ရန်ကုန်မှ သတင်းကိုသာ နားထောင်နေသည်။ အားလုံး အေးဆေးနေ၏။ သူသည် ညပိုင်းတွင် စိတ်အေးအေးဆေးဆေးနှင့် စာရေး၏။ နေ့လယ်တွင် နားသည်။ နံနက် ရေချိုး အပြီးတွင်တော့ ဇီးဖြူကုန်းရှိ ဦးရွှေသာ အိမ်အနီးက သူ့ဆေးခန်းလေး ဖွင့်ထားသော အိမ်လေးသို့ သွားကာ လာရောက်သော လူနာများကို ကြည့်၏။

ဒေါ်သောင်းစိန်တို့ညီအစ်မအဖို့လည်း အေးချမ်းလှသည်။ ထမင်းစားပြီး နေ့လယ်တရေး အိပ်ရာမှနိုးလျှင် ညီအစ်မနှစ်ယောက် အုန်းပင်ရိပ်များ လွှမ်းနေသော သဲပြင်ပေါ်တွင် ဖျာကြမ်းခင်းကာ စိတ်လွတ်လက်လွတ် ထိုင်ကြသည်။ ဘကြီးပြော့၊ ဒေါ်သိန်းတို့နှင့် စကားဝိုင်းဖွဲ့ပြောရင်း လက်ဖက်တခွက်နှင့် ရေနွေးကြမ်း တွင်တွင် သောက်ကြသည်။

သူတို့ထိုင်နေသည်ကို မြင်သည့် တပြိုင်နက် ခရုပုတီးရောင်းသူများ ရောက်လာကြသည်။ စံပယ်ပန်းပွင့်နှင့် တူသော ခရုခွံအဖြူလေးများကို သန္တာဖြူလေးများနှင့် တဆစ်စီ တွဲကာ သီထားကြသည်။

ကျောက်ခက်ပန်းခြောက်များ၊ ကနု ကမာခွံ အကြီးကြီးများလည်း ပါလာတတ်သည်။

"ဟင် ဒါကျတော့ သေသေချာချာ ကြည့်ပါဦး၊ ခရုရုံအသေးလေးတွေ ပါလား"

ဒေါ်သိန်းသည် သူ မမြင်ဖူးသော ခရုပုတီးတကုံးကို ဆွဲပြ၏။ အမှန်တော့ တကိုယ်လုံးမှ ရွေးစေ့ငယ်လောက်ရှိသော ခရုခွံလေးများကို တကိုယ်လုံး သီထားခြင်းဖြစ်၏။

"မမကြီး သေသေချာချာ ကြည့်ပါဦး"

ဒေါ်သိန်းသည် ထပ်မံပြ၏။

"အရိုးတွေနော်၊ အရိုးတွေ"

"အေးပေါ့ဟ"

ဒေါ်စိန်စီက ဝင်ပြော၏။

"အာဖရိကလူမည်းတချို့ဟာ အရင်တုန်းက လူဦးခေါင်းရိုးတွေကို ပုတီးလုပ်ပြီး သူတို့လည်ပင်းမှာ ဆွဲတယ်။ ခုလည်း ဒီမှာ ခရုပုတီးအဖြစ် ဆွဲထားတာ သေးလို့သာနော်၊ လှတယ် ထင်ရတယ်။ အကြီးချဲ့လိုက်ရင် လူခေါင်းရိုးလိုပဲ။ ခရုအရိုးစုကြီးတွေ ကြောက်စရာပဲ"

"မိစီတယောက်ဟာလေ ကြံကြံဖန်ဖန်ကို တွေးတတ်၊ ပြောတက်တယ်"

"မဟုတ်ဘူးလား မမသောင်းရဲ့"

သူတို့နှင့် ရွှယ်တူလောက်ရှိ ခရုပုတီးသည် အဘွားကြီးကမူ ညီအစ်မနှစ်ယောက်ကို ငေး၍ ကြည့်နေ၏။

"အဒေါ်ကြီး ခရုတွေ ဘယ်လိုရောင်းလဲ၊ ဟိုသူငယ်မလေးတွေ ဗန်းထဲက ခရုလိုလည်း မလှပါဘူး"

အဘွားကြီး ဗန်းထဲမှ ခရုများသည် သာမန်သဲပေါ်မှ ရိုးရိုးတွေ့နေကျ ခရုများသာဖြစ်၍ အလှအဆန်း မပါပေ။

"ကျွန်မ ရောင်းဖို့လာတာ မဟုတ်ပါဘူး၊ အဲဒီခရုတွေ ယူထားလိုက်ပါ။ ထဘီ... ထဘီသာ နှစ်ထည်လောက် အဒေါ်ကြီးကို ပေးပါ"

ဒေါ်သောင်းစိန်သည် ခရုရောင်းသော အဘွားကြီးကို အသေအချာ ကြည့်မိ၏။ အမှန်တော့ အသက် ရွယ်တူလောက်ဖြစ်ဟန် ရှိကြသော်လည်း အခြေအနေ ချို့တဲ့သူပီပီ အသားများ ခြောက်သွေ့၍ အရေများ တွန့်လိမ်နေသည်။ ထဘီညစ်ထည်းထည်းက အဒေါ်ကြီးအား ပို၍ အိုစာစေသလို ဖြစ်နေတော့သည်။

"မသိန်း၊ မမကြီး ထဘီအဟောင်းနှစ်ထည် သွားယူစမ်း၊ မိုနာကိုလည်း ခေါ်ခဲ့၊ ခရုပုတီးလှလှလေးတွေ လာကြည့်လို့"

ဒေါ်သိန်းသည် လုံချည်နှစ်ထည်ယူကာ ပြန်လာ၏။

"မမလေး... မိုနာရယ် ငိုနေတယ်၊ မလိုက်လာဘူးတဲ့"

ဒေါ်သိန်းသည် ဒေါ်သောင်းစိန်လက်ထဲသို့ လုံချည်ထည့်ရင်း ဒေါ်စိန်စီကို မိုနာအကြောင်း ပြောလိုက်၏။

"မစီ သွားကြည့်စမ်း မိုနာ ဘာဖြစ်လို့ငိုလဲ မသိဘူး"

ဒေါ်စိန်စီသည် မိုနာတို့ရှိရာ အိမ်လေးသို့သွား၏။ မိုနာတယောက်တည်း ခုတင်ပေါ်တွင် ငိုနေ၏။

"အလို... မိုနာ ဘာဖြစ်လို့လဲ ပြောစမ်း၊ ဒီရစ်ချတ် ဘာလုပ်သလဲ၊ လူလေးရစ်ချတ် ဘယ်ရောက်သွားလဲ"

ဒေါ်စိန်စီသည် မိုနာကို ဖက်ကာ ချော့နေ၏။

"သူ မိုနာကို လက်သီးနဲ့... လက်သီးနဲ့..."

မိုနာသည် ရှိုက်ကာ ရှိုက်ကာ ငို၏။

"ဟို... အမလေး လက်သီးနဲ့ ထိုးတယ်လား၊ သူများသားသမီးကို ယူလာပြီး လက်သီးနဲ့ ထိုးတယ်၊ ရစ်ချတ် ဘယ်ရောက်သွားလဲ၊ ဒေါ်လေးစီ သူ့ကို ပြောဦးမယ်"

"မထိုးသေးဘူး၊ ရွယ်တယ် ရွယ်တယ်"

"ဟော... ဘာဖြစ်လို့ ရွယ်ရတာလဲ"

"ညကျရင် ဟို ယူဘီအေ တည်းခိုဆောင်တွေရှေ့က သဲပြင်မှာ မီးပုံပွဲ လုပ်မယ်တဲ့။ မိုနာ့ သူငယ်ချင်းတွေလည်း လာမယ်၊ ရွှေဝါချင်ဘက်က ကျောင်းသားတွေလည်း လာမယ်၊ ရစ်ချတ်က အမဲသားကင်ပြီး ကျွေးမယ်တဲ့၊ ကိုယ့်ဘာသာကိုယ် ကင်ပြီး စားမှာ၊ အဲဒါ မိုနာ ဝင်ကမလို့ ရစ်ချတ်က မကရဘူးတဲ့"

မိုနာသည် ရှိုက်၍ ငို၏။

"မိုနာ အဲဒီပွဲမှာ ကရင်တဲ့ လက်သီးနဲ့ ထိုးမယ်တဲ့"

"အို မိုနာကလည်းကွယ်၊ သူ လက်သီးနဲ့ထိုးရင် ဒေါ်လေးစီတို့ ဘာခံမလဲ။ ဒါပေမဲ့ မိုနာတယောက်တည်း ယောကျ်ားလေးတွေနဲ့ ဘာဖြစ်လို့ ကမလဲ မကနဲ့နော်"

"မိုနာ ယောကျ်ားရပြီပဲ၊ ရန်ကုန်မှာ အပျိုတုန်းကတောင် မော်တို့မွေးနေ့ဆို ကကြတာပဲ"

"အေး၊ ယောကျ်ားရှိလို့ မကနဲ့ ပြောတာ၊ လာလာ တော်ကြာ ဘွားဘွားကြီး စိတ်မကောင်း ဖြစ်နေမယ်၊ မျက်ရည်သုတ် လိုက်ခဲ့၊ ခရုပုတီးလေးတွေ ဝယ်ရအောင်"

မိုနာသည် စူအောင့်အောင့်နှင့် ဒေါ်လေးစီခေါ်ရာသို့ လိုက်လာ၏။ လှေကားအဆင်းသို့ ရောက်သည့် တပြိုင်နက် မောင်မျိုးသန့်သည် ပြေးလာ၏။

"အန်တီ... အန်တီ... ဆရာဝန်ကြီးက သွေးဆေး၊ ဦးဘဟန်သွေးဆေး ပေးလိုက်ပါတဲ့"

"ဘာဖြစ်ပြန်တာလဲ၊ လာ... လိုက်ခဲ့"

ဒေါ်စိန်စီသည် မိုနာကို ထားခဲ့ကာ သူတို့အိမ်လေးပေါ် အပြေးအလွှား တက်ရင်း သွေးဆေးပုလင်း ယူပေးလိုက်၏။

"ဟင်... ရစ်ချတ်များ တခုခုဖြစ်လား မသိ"

မိုနာသည် မောင်မျိုးသန့် နောက်သို့ ပြေးလိုက်သွား၏။

"ငါပါလိုက်မယ်"

ဒေါ်စိန်စီပါ လိုက်သွားပြန်သည်။ ယူဘီအေ တည်းခိုအိမ် စင်ရော်ဆောင်ပေါ်သို့ မောင်မျိုးသန့် ပြေးတက်သွား၏။ သူတို့နှစ်ယောက်ပါ လိုက်သွားကြသည်။

"ဟဲ့... ဘာဖြစ်လဲ အတွက်၊ ရစ်ချတ်ရော"

"ကျွန်တော် ဘာမှ မဖြစ်ပါဘူး"

ဆရာဝန်ကြီးအနားတွင် မတ်တတ်ရပ်ကာ မိန်းမတဦးကို ကြည့်နေသော ရတ်ချတ်က ပြန်ပြော၏။ မိုနာသည် ရစ်ချတ်အပါးသို့ ပြေးသွားကာ ရစ်ချတ်လက်မောင်းကို ကိုင်ထားသည်။ သူတို့ရှေ့ရှိ အမျိုးသမီးခေါင်းကို သွေးများသုတ်ကာ သွေးဆေးသိပ်၍ ဆရာဝန်ကြီးက ပတ်တီး စည်းပေးနေ၏။ မိန်းမငယ်၏ တကိုယ်လုံးမှာ ရေများ ရွှဲရွှဲစိုနေသည်။

"ဘာမှ မဖြစ်ပါဘူး၊ ကဲ... အဝတ်လဲပေးလိုက်ကြပေတော့"

ဆရာဝန်ကြီးတို့မိသားစုသည် အဆောင်လေးမှ ဆင်းကြ၏။

"ဘာဖြစ်တာလဲ"

ဒေါ်စိန်စီက မေး၏။

"ဟသ်ာဆောင်မှာတည်းတဲ့ တရုတ်ဟိုတယ်ပိုင်ရှင်ရဲ့မိန်းမဆိုလား၊ နေ့လယ်က လင်နဲ့ စိတ်ဆိုးပြီး ရေထဲ ဆင်းသေရအောင် သွားတာ၊

ရေထဲမရောက်ခင် ဟိုရေစပ်က ကျောက်ဆောင်နားမှာ ခြေချော်လို့ ကျောက်တုံးနဲ့ ခေါင်းနဲ့ ထိပြီး နားထင်ကွဲသွားတာပါ။ သွေးဆေး သိပ်ထားတာပေါ့။ ကျွန်တော့်မှာ တင်ချာကုန်နေလို့"

ဆရာဝန်ကြီးက ပြောပြ၏။

"ဖြစ်ရမယ်... ဖြစ်ရမယ်၊ အေးအေးဆေးဆေး အပန်းလာဖြေတာ လင်မယား ရန်ဖြစ်ရတယ်လို့"

ဒေါ်စိန်စီက ပြောလိုက်၏။

"မိုနာက ရစ်ချတ်များ ရေထဲဆင်းသေလားလို့"

"ဟော... မင်းက ဘာကိစ္စ ရေထဲဆင်းသေရမှာလဲ"

အတွက်က သားကို ငေါက်လိုက်သည်။

"မသေသေးပါဘူး ဖေဖေရာ၊ သူသာ ညမှာ မီးပုံပွဲမှာ ကရင်တော့ ကျွန်တော် ရေထဲ ဆင်းသေမယ်လို့ ပြောတာ"

"လာခဲ့ အဓိပ္ပာယ်မရှိ ပေါက်ကရတွေ မပြောနဲ့"

မိုနာသည် ပြုံးစိစိမျက်နှာနှင့် ရစ်ချတ်ကို မော့ကြည့်ကာ အတွက်နောက်မှ လိုက်သွားကြသည်။ ညဘက်တွင်မူ မိုနာသည် ဒေါ်သောင်းစိန်တို့အိမ်ဘက်သို့ ကူးကာ အဘွားကြီး နှစ်ယောက်နှင့် နေရစ်ခဲ့၏။

ယူဘီအေ တည်းခိုဆောင်များရှေ့ရှိ မီးပုံပွဲမှာ တေးသံ သီချင်းဆိုသံများကို တချီ တချီ ကြားရ၏။ မိုနာသည် မော်လီတို့ကို သတိရလာ၏။ ပြေးသွား၍သာ သူ့ထုံးစံအတိုင်း တုန်ကာ လှုပ်ကာဖြင့် ကချင်လာသည်။ ဒေါ်စိန်စီသည် မြေးချွေးမ၏မျက်နှာကို အကဲခတ်နေ၏။

"ရွှေဝါချိုင်က ကျောင်းသားတွေက လူရည်ချွန်တွေလား"

ဒေါ်စိန်စီက မေးလိုက်၏။

"မဟုတ်ပါဘူး၊ လူရည်ချွန်ကျောင်းသားတွေ လာဖို့ စောသေးတယ်။ သူတို့က ရိုးရိုးကျောင်းသားလေး တွေ ရွှေဝါချိုင်ဘက်မှာ ခဏတည်းတာ"

"မိုနာ့သူငယ်ချင်းဆိုတာတွေကရော"

"အို... ဟိုတနေ့က မိုနာ ခတ်ပုံသွားရိုက်ရင်း မိတ်ဆွေဖြစ်လာတာပါ။

သူတို့က စင်ရော်ဆောင်မှာ တည်းတယ်၊ သူတို့မှာလေ တိတ်ရီကော်တာလည်း ပါတယ်။ ဂီတာလည်း ပါတယ်၊ သီချင်းဆိုတတ်တဲ့ သူလည်း ပါတယ်"

"မိန်းကလေးတွေ ပါသေးလား"

"မပါပါဘူး"

"ဒါကြောင့် ရစ်ချတ်က မိုနာကို မခေါ်သွားတာပါကွယ်၊ မိန်းကလေး အဖော်ရှိရင် ရစ်ချတ်က ခေါ်သွားပြီး ရစ်ချတ်ပါ တူတူကမှာပေါ့"

မိုနာသည် ဘာမှမပြော။ အင်္ဂလိပ်သီချင်းတပုဒ်ကို တိုးတိုးလေး ညည်းကာ ခြေထောက်က စည်းချက်လိုက်၍ လုပ်နေသည်။

"လာကြပါဦးခင်ဗျာ၊ သေကုန်ပြီ"

မောင်မျိုးသန့်အသံကို ကြားရရုံမက ယူအေဘီ တည်းခိုဆောင်ဘက်မှ အော်သံဟစ်သံများ သည် ဆူညံလာ၏။

ဒေါ်စိန်စီသည် မိုနာလက်ကို ဆွဲထား၏။

"အမယ်လေး လာကြပါဦး၊ ဆော်... ဆော်ဟ၊ အဲဒီကောင်တွေ သေကုန်မှ အေးမယ်"

အော်ကြ ဟစ်ကြသံများ ဆူညံနေ၏။

"ဆရာကြီး လာပါဦး ကွဲပြဲကြပြီ"

ဦးရွှေသာအသံကြောင့် အတွတ်သည် တဖက်အိမ်ထဲတွင် စာရေးနေရင်းမှ ပြေးဆင်းသွားတော့သည်။

"ဘွားလေးစီ ရစ်ချတ် ရန်ဖြစ်တဲ့အထဲ ပါတယ်ထင်တယ်"

မိုနာသည် ဒေါ်လေးစီ ကိုင်ထားရာမှ သူ့လက်ကို ရုန်း၏။

"ဟဲ့... ဟဲ့... မိုနာ မသွားနဲ့ဦး၊ အခြေအနေကြည့်ဦး၊ မတော်တဆ တုတ်တွေ ခဲတွေ မိုနာကို မှန်ဦးမယ်"

"ဘာသံတွေလဲ"

ဒေါ်သောင်းစိန်ပါ မိုနာတို့ရှိရာသို့ ထွက်လာ၏။

"မီးပုံပွဲမှာ ကျောင်းသားတွေ ရန်ဖြစ်တယ် ထင်တယ်၊ ဒီမှာပဲနေပါ မမသောင်းရယ်၊ ရစ်ချုတ် မပါပါဘူး၊ ပြီးတော့ သွားကြတာပေါ့"

သူတို့သုံးယောက်သည် တယောက်လက် တယောက်ကိုင်ကာ ရန်ပွဲဖြစ်ရာ နေရာဆီသို့ မြင်လောက်သည့် စည်းရိုးနားမှ သွားကြည့်၏။ မကြာခင် ဒေါ်သိန်းပြန်လာ၏။

"ဦးဘဟန်၊ ဦးဘဟန်၊ ဦးဘဟန် သွေးဆေးပေးလိုက်ပါဦးတဲ့"

"ဘာလုပ်ဖို့"

"နည်းနည်းပါးပါး ပွန်းတဲ့လူတွေကို သိပ်ဖို့ပေါ့၊ နှစ်ယောက်ပဲ ခေါင်းက ပြဲတာ နက်သွားလို့၊ သံတွဲဆေးရုံကို ဆရာကြီးကိုယ်တိုင် ရွာထဲက ကားနဲ့ လိုက်ပို့မယ်"

ဒေါ်စိန်စီက ညည်းလိုက်၏။ ရန်ပွဲမှ ပြန်လာသော ဘကြီးပြော့နှင့် ဒေါ်သိန်းကို ဆီး၍ မေးကြ၏။

"ဘာက စဖြစ်တာလဲ"

"ဟာ... ဟိုတနေ့က ရေထဲ ဆင်းသေမယ်ဆိုတဲ့ မိန်းမစိတ်က မမှန်ဘူးလား မသိဘူး၊ ကျောင်းသားတွေ ကတာ သွားကြည့်သလိုလိုနဲ့ ငြိမ်ငြိမ်မနေဘူး၊ မီးပုံနား ထိုးထိုးထွန့်ထွန့် လုပ်တော့ စင်ရော်ဆောင်က ကောင်လေးတွေ လမ်းသရဲသာသာ မူးနေတယ်၊ ဆွဲလွဲပြီး ကရင်းက ရွှေဝါချိုင်ကျောင်းသားတွေက အမြင်မတော်လာတော့ စကားများရင်း ထရိုက်ကြတာပဲ။ ဗိုးဖြူကုန်း ရွာသားတွေ ဝင်ဖျဉ်ယူရတယ်"

"ငါ့သားကြီးအတွက် ကြွားထဲက မောလှတယ်"

ဒေါ်စိန်စီက ဆို၏။

"မောင်မျိုးသန့်က သာမောသေး၊ ဘိလပ်ရည်ကော အရက်ပုလင်းကော ဖောက်ပေးရတာ၊ လမ်းသရဲဘက်က အကောင်နှစ်ကောင် ထိပ်ပြဲတာ အတော် နက်တယ်၊ မေ့ဆေးပေးပြီး ချုပ်မှာမို့ သံတွဲဆေးရုံကို မြေကျေးရှင်းက ကားနဲ့ ဆရာဝန်ကြီး သွားပို့တာ"

ဘကြီးပြော့က ရန်ပွဲအကြောင်း အကျဉ်းရုံး ရှင်းပြ၏။

"အင်း ရေကူးကြး အရက်သောက်ကြ၊ ဖဲရိုက်ကြ၊ လက်စသတ်တော့ ဒီနေရာက ရေငုပ်မီးလှုံ၊ တုံးခုန် ဇယ်ခတ်တဲ့ အရည်းကြီးတို့ရဲ့စံပျော်ရာ

ဖြစ်နေပြီပေါ့"

"ငါ့ညီမ မိစီကတော့ ကင်ပွန်းတပ် တယ်ကောင်းတယ်ဟေ့"

ထိုညတွင် အဘွားကြီးများပါ ရင်တုန်၍ ဦးဘဟာန် သွေးဆေးသောက်၍ အိပ်ကြရသည်။

အတွတ်ကမူ ပြန်လာချိန်တွင် ရေချိုးပြီးမှ အိပ်ရာဝင်နိုင်တော့သည်။ တခြားညများတွင်တော့ စောစော အိပ်ရကာ မိုးလင်းခါနီးလျှင် သူစာထ၍ ရေး၏။ အတွတ်စာရေးတိုင်း မီးပွင့်လာလျှင် မိုနာသည် ရစ်ချတ်နားကပ်၍ တိုးတိုးလေး ပြော၏။

"နက်ဖြန် ရစ်ချတ်တို့ဖေဖေ၊ ဇီးဖြူကုန်းရွာထဲက ဆေးခန်းလေးသွားရင် တို့များ ရေမကူးဘဲ စာခိုးဖတ်ရအောင်၊ သူရေးတာ ဟိုဟို... မကျီးတန်ဆိုတဲ့ မိန်းမဆီကိုပဲ ဖြစ်ရမယ်"

"ရစ်ချတ်လည်း ထင်တယ်၊ ဘယ်နရက် ဆက်ရေးမလဲမသိ၊ တို့ရောက်တာ တပတ် ပြည့်တော့မယ်"

သူတို့နှစ်ယောက်သည် ငြိမ်သက်စွာ ပြန်အိပ်သွားကြ၏။

နောက်နေ့တွင် သူတို့ အစီအစဉ်အတိုင်း ရေကူးမဆင်းကြဘဲ အတွတ် ဆေးခန်းသွားချိန်ကို စောင့်နေကြသည်။ အတွတ် အဝတ်လဲနေတုန်းပင် ဦးရွှေသာ ရောက်လာသည်။

"ဆရာကြီး ဆေးခန်းမသွားနဲ့ဦး၊ ငါးညိုခြောက်သည် စံကြော့မ သမီးလေး ဝမ်းနာနေပြီး ရွာလက်သည်က ပြောတော့ ဆုံပိုင်းမွေးမယ်တဲ့"

အတွတ်၏ဆေးလွယ်အိတ်ကို ရစ်ချတ်က အဆင်သင့်ယူကာ ဦးရွှေသာလက်ထဲသို့ ထည့်လိုက်၏။ အတွတ်နှင့် ဦးရွှေသာ ထွက်သွားလျှင် သွားချင်း ရစ်ချတ်နှင့် မိုနာသည် အတွတ်အိပ်ခန်းဘက်ဆီသို့ ပြေးလာကြသည်။ စားပွဲပေါ်တွင် ဖိုင်နှင့် သေသပ်စွာ တွဲထားသော သူတို့ဖတ်လိုသောစာကို တွေ့ကြ၏။ နှစ်ယောက်သား ငြိမ်သက်စွာ ဖတ်ကြသည်။

ချစ်လှစွာသော မကျည်းတန်...

အတွက် စာရေးလိုက်ပါတယ်။ ဒီစာကို အတွက် ရေးနေချိန်မှာ မွေး ဘယ်နေရာမှာ ရောက်နေမယ်လို့ ဆိုတာ အတွက် မသိဘူး။

ကိုကိုနိုင်ရဲ့သတင်းကိုလည်း မေမေ စာရေး အကြောင်းကြားပေမဲ့ အတွက်နေတဲ့နေရာက အင်မတန် ခေါင်ပြီး ခရီးလွန်နေတယ်။ သတင်းစာ မရောက်၊ ပါသွားတဲ့ ရေဒီယိုကလည်း ဓာတ်ခဲ မရှိတော့လို့ မြို့နဲ့ရော မေမေတို့နဲ့ရော လုံးဝ အဆက်အသွယ် ပြတ်နေတယ်။ ဒါကြောင့် မွေး အင်မတန် အရေးအကြီးဆုံးအချိန်မှာ မွေးရဲ့အပါးကို ပြေးမလာနိုင်တဲ့ အတွက်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်၊ မွေး အတွက်နဲ့ ပတ်ဝန်းကျင်မှာ "အတွက်ဆိုတဲ့အကောင်ဟာ ဘယ်ခါမဆို အချိန်ကို မတွက်တတ်တဲ့သူ၊ အစစ အရာရာ လက်နှေးတဲ့သူရယ်" လို့ နာမည်ကြီးလာခဲ့ရသူမို့ ဒီတခါလည်း ဒါလောက်မှာဖြင့် ဒုက္ခတွေ အနန္တ ရောက်ပြီး ဆောက်တည်ရာ မရနိုင်တဲ့အချိန်မှာ မွေးရဲ့အပါးကို ပြေးလို့ မလာဘူးလို့ ထပ်မံပြီး အတွက်ကို အပြစ်တင်မှာစိုးလို့ ရှင်းပြရတာပါ။

ခုလည်း မေမေ့စာရလို့ ကိုကိုနိုင် ဆုံးတဲ့အကြောင်း သိတယ်ဆို၊ အတွက်ခံစားရတဲ့ ဝေဒနာဟာ မွေးထက် မပိုသော်လည်း မွေး ခံစားမှုထက်တော့ မလျော့ဘူးဆိုတာ အတွက် ပြောပြချင်ပါတယ်။

အတွက် ပြေးလာမယ် လုပ်ပြန်တော့ မေမေရဲ့ နောက်ထပ်စာထဲမှာ မွေး တောင်ကြီးကို ထွက်သွားတာ ရန်ကုန် မရောက်သေးဘူးတဲ့။ ပြီးတော့ တောင်ကြီးတနေရာထဲကို သွားတာ မဟုတ်ဘူးတဲ့။ ငွေရော အဝတ်အစား အပြည့်အစုံ ယူပြီး ထွက်သွားလို့ တားလို့လည်း မရဘူးတဲ့၊ ဘယ်ကိုများ လျှောက်သွားတာလဲ မွေးရယ်။

အတွက် သိတယ်၊ ခေါင်းမာတဲ့၊ အတွက် ချစ်တဲ့၊ မကျည်းတန်ဆိုတဲ့ မိန်းကလေးစရိုက်ကို အတွက် သိပါတယ်။

မှတ်မိပါသေးတယ် မွေး၊ ဝါးခယ်မဘက်ကမ်းမှာရှိတဲ့ ကျောင်းကို ပြောင်းရတဲ့အချိန်မှာ မွေးတို့ညီအစ်မတွေနဲ့ အတွက် အတူတူ ကျောင်းတက်ခဲ့ရတယ်။ ရေစီးသန်လို့ မိုးသက်ထန်နေတဲ့ အချိန်မှာ လှေကို ကိုယ်တိုင်ကိုင်ပြီး မွေး မြစ်တဖက်ကိုကူးတော့ အတွက်ကဖြင့် စေတနာနဲ့ တဖက်က မီးမရောက်ခင် မြစ်လယ်ကောင်မှာ လူတွေ လှေအပြည့်တင်ပြီး လှော်ရတာ

လက်ပန်းကျမှာစိုးလို့ အတွက် တလှည့် လှော်ပါရစေဆိုပြီး လှော်တက်ကို တောင်းတော့ မွေးက ခေါင်းခါပြတယ်လေ။ တဖက်ကမ်း ရောက်အောင်လို့ တယောက်တည်းပဲ ကျုံးလှော်ခဲ့တယ်။ အမှန်တော့ အဲဒီတုန်းက ငယ်စိတ်နဲ့ အင်မတန် ခေါင်းမာတဲ့ ကောင်မလေးလို့ စိတ်ထဲက ခပ်ချဉ်ချဉ် ဖြစ်မိတယ်။ "ဇွဲ" ဆိုတဲ့ အရည်အချင်း တရပ်ပါလားလို့ တန်ဖိုးမဖြတ်ခဲ့မိဘူး။

ခုလည်း မွေးကို ခေါင်းမာတယ်လို့ ဆိုတာ မွေးကို အပြစ်ပြောတာ မဟုတ်ပါဘူး မွေးရယ်၊ ခုချိန်မှာဖြင့် ကျန်းမာရေးလည်း မွေးမှာ ချို့တဲ့နေတယ်တဲ့။ ဘာပဲပြောပြော မွေးတဘဝ တကမ္ဘာလို့ ထင်တဲ့ ကိုကိုနိုင်ရဲ့ရင်ခွင် မွေးအပါးမှာ မရှိတော့တဲ့နောက် စိတ်ဓာတ်လည်း ချောက်ချားနေမှာပါ။ ဒီအချိန်အခါမှာ ရပ်တည်ရာမရ ရောက်တတ်ရာရာ၊ စိတ်လေလွင့်တိုင်း သွားနေဖို့ မသင့်ပေဘူး။ ငယ်ငယ်ကတည်းက လှော်တက်ကို တလှည့် ကိုင်ခွင့်ပေးပါလို့ တောင်းပန်ခဲ့တဲ့ အတွက်ကို လှော်တက် ကမ်းပေးပြီး အတွက်ရဲ့ရင်ခွင်မှာ အပန်းတလှည့် ဖြေပါဦး မွေးရယ်။ မကျည်းတန်လို့ ဒီစာရဲ့အစမှာ ခေါ်တာကတော့ တို့များနှစ်ယောက် အတူမွေးဖွားလာတဲ့ ဝါးခယ်မတဖက်ကမ်း သော်ကမြစ်ခြေမှာနေခဲ့တဲ့ တချိန်လေးကို သတိရစေချင်တဲ့သဘောပါ။ အတွက် ရန်မဖြစ်ချင်တော့ ပါဘူး။ မွေး စိတ်ဆိုးအောင် ငယ်ငယ်တုန်းကလို စချင်လို့ "မကျည်းတန်" လို့ ခေါ်တာ မဟုတ်ပါဘူး။ တို့မွေးရပ်မြေကလေးကို အမြဲတမ်းတပြီး ချစ်နေပါသေးတယ်ဆိုတဲ့ သဘောကို ဖော်ပြချင်လို့ပါ မွေး"

စာဖတ်ရင်း မိုနာသည် အသက်ပြင်းစွာ ရှူလိုက်ကာ လက်တဖက်က ရစ်ချတ်၏လက်များကို တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။ သူ့မျက်လုံးကမူ စာလုံးစာများပေါ်မှ မရွေ့။ ရစ်ချတ် စာဖတ်နေပုံကလည်း အသက်မရှူတော့သလို တည်ငြိမ်နေသည်။

"သတိရသေးလား မွေး၊ ကိုကိုနိုင်ဆီက ပထမဆုံး စာရတော့လေ မွေးက အတွက် ဖတ်ကြည့်ပါဆိုလို့ အတွက် ဖတ်ကြည့်ခဲ့တယ်လေ။ စာက ဝတ္ထုတိုတပုဒ်နီးနီးလောက် ရှည်တယ်။ စာဖတ်ရင်း နောင်တလည်း ရခဲ့တယ်။ ဩော်... ကိုကိုနိုင်ဟာ မွေးကို ရသင့်တယ်လို့ ခံစားလည်း ခံစားမိတယ်။ သူဟာ စစ်ဗိုလ်ပင် ဖြစ်သော်လည်း သူ့ရင်ထဲက ခံစားချက်တွေကို အတိအကျ ခုခေတ်စကားသုံးရရင် အရှိကို အရှိတိုင်း တင်ပြရာမှာ ထိရောက်တယ်၊ အနုပညာ မြောက်တယ်လို့ ဆိုရမယ်။

မွေးရဲ့အချစ်ကိုရဖို့ အတွက် သူ့စာကို ရေးပြရာမှာ လိမ်ကွက် တကွက်မှ မပါဘူး။ နှလုံးသားမှာ ထိတွေ့တဲ့အချစ်ကို ချယ်လှယ် တင်ပြတတ်ရခြင်းဟာ ရည်းစားစာရဲ့တန်ဖိုးတရပ်လို့ ဆိုရမှာပဲ။ မွေးလို့ မိန်းကလေးတယောက်ကို မေတ္တာစာ စတင် ကမ်းလှမ်းတဲ့အချိန်မှာ "ကောင်း ခြောက်ဆယ့်လေးရပ်

သွေးထပ်ထပ် လုပ်ညီ" ဆိုတဲ့ စကားလုံးတွေနဲ့ လာရင်တော့ ဒီနေရာမှာ ကိုကိုနိုင် အောင်မြင်စွာ ဆုတ်ခွာရမှာပဲ။ ဘာကြောင့်လဲဆိုတော့ မွေးရဲ့အရည်အချင်း၊ သဘာဝ အခြေခံက ဖွဲ့၊ ပင်ကိုမွေးလာတဲ့ မိန်းကလေးတယောက်မှာ အလှမှာ ရွက်ကြမ်းရေကျိုလောက် ရှိတယ်။ ဒီလိုပင်ကိုဟန်နှင့် အမျိုးသမီးကို ကောင်း ခြောက်ဆယ်လေးရပ် စကားလုံးနဲ့ အစချီပြီး ရည်းစားစာ သွားပေးရင် တွေးခေါ်တတ်တဲ့ မိန်းကလေးတိုင်းဟာ ဒီလူ ငါ့ကို ညာနေတာပါဆိုတာ သိပြီး၊ ကိုကိုနိုင် နောက်ဆုတ်ရမှာပဲ။ ဒီတုန်းက စာဖတ်ရင်း...

"ဩော်... စစ်ဗိုလ်ဆိုတာ ပြတ်ပြတ်သားသား စစ်တိုက်တတ်တယ်ဆိုတာ တခုတည်း မဟုတ်ပါလား၊ အနုပညာစိတ်နဲ့ မိမိရဲ့စေတနာအချစ်ကို တင်ပြတတ်ရပါလားလို့လည်း အတွက် ယူဆခဲ့မိပါတယ်။

မွေး... ကိုကိုနိုင်ဟာ စစ်သုံးစကားနဲ့ ပြောရရင် သေနင်္ဂဗျူဟာနည်းမှာ မှန်ကို မှန်တယ်။ တဖက်ကလည်း လူကြီးစုံရာနဲ့ မွေးအချစ်ကို လေးလေးစားစား အရေးထားပြီး မွေးရဲ့အုပ်ထိန်းသူ မေမေ့ကို ချဉ်းကပ်ပုံမှာလည်း မှန်ခဲ့ပါတယ်။

မွေးရဲ့အချစ်ကို ရယူလိုပါကြောင်း တောင်းခံတဲ့နေရာမှာ အကြမ်းအရမ်း တစက်မှ မပါဘူး။ စော်ကားခြင်း၊ ဗလက္ကာရဆိုတဲ့သဘောလည်း မရှိခဲ့ဘူး။ ခပ်ရိုးရိုး အတွက် ရေးပြရရင် ကိုကိုနိုင်က အတင်းသာ "ဖက်နမ်းခဲ့" လို့ မလွှဲမရှောင်သာနိုင်ဘဲ မိန်းကလေးတယောက် ဣန္ဒြေကို အစော်ကားခံရလို့ မထူးတော့ပါဘူးဆိုတဲ့အဖြစ်နဲ့ မွေးက ကိုကိုနိုင်ကို ယူခဲ့ရရင်လည်း မွေးတို့ အိမ်ထောင်ရေးဟာ ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူး။ ကသိကအောက်ကြီး ထာဝရ ဖြစ်နေမှာပဲ။ ဒါကိုလည်း အတွက် သင်ခန်းစာ အများကြီး ရခဲ့ပါတယ်။

အတွက် အခွင့်ကြုံလို့ ရေးပြပါရစေ။ ပေါက်မှာ ကရင် အမျိုးသမီးကျောင်းဆရာလေးတဦးနဲ့ တွေ့တယ်။ သူက ပန်းတနော်ကတဲ့။ ဒီပေါက်နေရာကို အထက်တန်းပြ ဆရာမလေးအဖြစ် ခန့်ထားခံရလို့ ပြောင်းလာတာတဲ့။ စကား စပ်မိစပ်ရာ ပြောကြရင်း သူက ပြောပြတယ်။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်က သူတို့နယ်မြေကို ရှမ်း သေနတ်ကိုင်တပ်ရင်း ၁ ရောက်လာခဲ့တယ်တဲ့၊ ပထမတော့ ရှမ်း ၁ ဆိုတာ လူသားတောင် စားရဲတယ်လို့ နာမည်ကြီးပြီး သူတို့ကို အပြစ်မဲ့တဲ့ ကရင်အမျိုးသားတွေအနေနဲ့ အလွန်ကြောက်ခဲ့တယ်၊ ထိတ်လန့်ခဲ့ကြတယ်တဲ့၊ အကြမ်းဖက်သူတွေ ရှိသလို၊ အေးချမ်းစွာ ကိုယ့်အမျိုးသားအချင်းချင်း တမြေတည်းမှာ တရေတည်း သောက်ပြီး ငြိမ်းချမ်းစွာ နေချင်တဲ့ ကရင်အမျိုးသားတွေ ရှိပါတယ်တဲ့"

နောက်ပိုင်းမှာ ရှမ်း ၁ ရဲ့ဆက်ဆံပုံဟာ ဘယ်လောက် သိမ်မွေ့လဲဆိုရင်

ရဲဘော်တချို့ရဲ့ ဆက်ဆံပုံ အမှား အနည်းအကျဉ်းရှိတာကိုတောင် နယ်မြေလူထုက ခွင့်လွှတ်ပြီး အကြမ်းဖက်သူ ရွှေ့ရှားပုံ သတင်းအမှန်ကို ကရင်အမျိုးသားများ ကိုယ်တိုင်က သတင်းပို့ပေး ကူပြီး ထောက်လှမ်းပေးတဲ့ အခြေအနေကို ရောက်သွားခဲ့ပါတယ်တဲ့။

ရှမ်း ၁ တပ်ရင်းမှာ အလှူကြီးပေးတော့ ရွာနီးချုပ်စပ်က ရွာသူရွာသားတွေကို အတင်းဆင့်ခေါ်ဖို့တောင် မလိုဘူး၊ ဘာသာမရွေး ကရင် အမျိုးသား အမျိုးသမီးတွေ လာပြီး ကူညီကြတာ ဝက်ဝက်ကိုကွဲရောတဲ့၊ ကျွန်မတို့ကိုယ်တိုင် အလှူသွားရင်း စားကြ သောက်ကြတော့ ဒီတပ်ရင်းက အရာရှိဇနီးတွေဟာ အရာရှိဇနီးတွေပါလားလို့ကို မသိရအောင် သူတို့နဲ့ လက်ရည်တပြင်တည်း ပန်းကန်ဆေး၊ တံမြက်စည်း လှည်းတာကအစ အတူတကွ လုပ်ကြတာတွေ တွေ့ရတော့ ကျွန်မတို့လည်း သူတို့အပေါ် အချစ်ပိုခဲ့ရတယ်တဲ့။

ဒါနဲ့ အတွက်က ဒီတုန်းက တပ်ရင်းမှူးတာ ဘယ်သူလဲလို့မေးတော့ "ဗိုလ်မှူးနိုင်" ဆိုတဲ့သူတဲ့။

ကဲ... မွေးရေ မင်းချစ်သူဟာ မိန်းမတယောက်အချစ်ကို တောင်းခံတဲ့နေရာမှာတင် မဟုတ်ဘူး၊ နယ်မြေလူထုရဲ့အချစ်ကို တောင်းခံရာမှာလည်း သိမ်မွေ့သော ရိုးသားတဲ့နည်းလမ်းနဲ့ စည်းရုံးသွားပါလားလို့ အတွက် သင်ခန်းစာထပ်ရခဲ့တယ်။

တခါ သီပေါဘက်မှာ ဦးအိုက်ရွက်ဆိုတဲ့ ရှမ်းရဲဘော်ဟောင်းကြီးနဲ့ ဆုံခဲ့တယ်။ သူက ပြောပြတယ်။ သူ ရှမ်း ၁ မှာ အမှုထမ်းစဉ်က ရှမ်း ၁ ဟာ မအူပင်အနီး ပန်တပွတ်မှာ တပ်ရင်းစခန်း ချထားတယ်။ သူဟာဖြင့် တပ်ရင်းမှူးအိမ်မှာ ခြံကိုပြုပြင်ရတဲ့ မာလီရဲဘော်ကြီးပေါ့။ သူက စိုက်ပျိုးရေးကို ဝါသနာပါတယ်တဲ့။ ဆန်ပြဿနာတွေ အခက်အခဲကြုံတော့ ရဲဘော်တွေလည်း နယ်မြေလူထုနဲ့အတူ ကြုံခဲ့ပါတယ်တဲ့။ ဒီတော့ တပ်ရင်းမှူးဇနီးဟာ သူ့ရှိသမျှ ဆန်ထဲက နှစ်ပြည်ကို ချန်ထားပြီး ကျန်သမျှဆန်ကို ဦးအိုက်ရွက်တို့ မိသားစုရယ်။ ကလေးများတဲ့ ရှမ်းရဲဘော် နှစ်အိမ်ထောင်ရယ်ကို မျှဝေခိုင်းလို့ ရွှေကျင်က ရှမ်းအမျိုးသမီး နန်းမြစိန်နဲ့အတူ သူဝေခဲ့ရတယ်တဲ့။ နန်းမြစိန်လည်း အချိုးကျ ဆန်ဆေးပလုံးနဲ့ လေးလုံးရခဲ့တယ်တဲ့။

ပြီးတော့လည်း သင်္ကြန်ရောက်လို့ အတက်နေ့ကျတော့ ရှမ်းအမျိုးသားတို့ ထုံးစံအတိုင်း တပ်ရင်းမှူး ဇနီးမောင်နှံကို ကန်တော့ပွဲ ကျင်းပပြီး ကန်တော့တဲ့အခါမှာ သူတို့လည်း ကန်တော့ပြီးရော တပ်ရင်းမှူး ဇနီးက "ကျွန်မကို ခွင့်လွှတ်ပါ၊ ရာထူးအဆင့် ကွာခြားပေမယ်လို့ ရှမ်းအမျိုးသားထဲမှာ တနေ့တရက် တမနက်ကြီးသောသူများကို ကျွန်မ ပြန်လည် ကန်တော့ပါတယ် ဆိုပြီး

ကန်တော့တယ်" သူကအစ ကန်တော့ခံရတဲ့ ရှမ်းရဲဘော်ကြီးများဟာ ကြက်သီးထသွားမိတယ်။ အခု ပင်စင်ရလို့ သီပေါမှာ ခြံစိုက်စားဖို့ တပ်ကသာ ထွက်ခဲ့ရော ဒီတပ်ရင်းမှာ နေခဲ့တဲ့အချိန်ကို သူ အမြဲပဲ သတိရနေတယ်တဲ့။ အတွတ်က မေးတယ်။ အဲဒီတုန်းက တပ်ရင်းမှူးဟာ ဘယ်သူလဲလို့မေးတော့ "ဗိုလ်မှူးနိုင်" တဲ့။ အတွတ်ဖြင့် ဦးအိုက်ရှက် ကြက်သီးထသွားသလို ထသွားမိတယ်။ စားအတူတူ၊ သွားအတူတူ၊ နေအတူတူ၊ ထိုင်အတူတူ ဆိုတဲ့သဘောကို တရားတလုံးမှ မဟောဘဲ ရှမ်းအမျိုးသားတွေသိအောင် ရင်ထဲခံစားချက်နဲ့ လှုပ်ရှားပြသသွားတဲ့ ကိုကိုနိုင်ကြီးပါပဲ။

ဩော် အဲဒီလို လူတယောက်ရဲ့အချစ်ကို မြတ်နိုးစွာ ပေးအပ်ခံရတဲ့ မွေးဟာလည်း ဒီအချစ်ကို အင်မတန် တန်ဖိုးထားရှာမှာပဲလို့ အတွတ် တွေးမိတိုင်း မွေးကို သနားစိတ် ပိုခဲ့ပါတယ် မွေး။

တခါ အတွတ် ငပလီမှာ စခန်းမချခင်ကလေးပဲ ဗိုလ်ကြီး ရေကြည်ဆိုတဲ့သူနဲ့ သံတွဲမြို့မှာ ခေတ္တဆုံရင်း ဗိုလ်မှူးနိုင်အကြောင်း စကားရောက်သွားတယ်။ သူကပြောတယ်၊ ဗိုလ်မှူးနိုင် အင်းမမှာ တပ်ခွဲမှူးလုပ်တော့ သူနဲ့အတူ တွဲလုပ်ခဲ့ရတယ်တဲ့။ ရဲဘော်တွေ ဒုဗိုလ်တွေနဲ့ သွားလေရာမပြတ် စစ်ဆင်ရေးမှာ အမြဲကပ်ပြီး သတိပေးတယ်။ အမျိုးသမီးနဲ့ ရောက်ရာနေရာမှာ ဆက်ဆံရေးလည်း သတိပေးတော့ စိတ်ထဲက သိပ်ရှုပ်တဲ့လူကြီးလို့ ထင်ခဲ့မိတယ်တဲ့၊ နောက်တော့ ဗိုလ်သင်တန်းမှာ ဗိုလ်မှူးနိုင်ကို ဗိုလ်မှူးဘဝနဲ့ဆုံတော့ "တို့ သတိတချက်လွတ်ရင် တို့ ရဲဘော်တယောက်ရဲ့ အသက်တသက် လွတ်ရတယ်၊ ဒါကြောင့် အပ္ပမာ၊န သမ္မာဒေထ" လို့ ငါ ရွတ်ရွတ်ပြီး မင်းတို့နောက် ထက်ကြပ်မကွာ လိုက်တာဟာ ငါ့ရဲဘော်တွေ အသက်အတွက်ပါပဲ။ နေရာတိုင်း ဝင်ရှုပ်ချင်လို့ မဟုတ်ဘူးတဲ့။ ဒီ "အပ္ပမာဒေန သမ္မာဒေထ" ဆိုတဲ့ စကားလုံးဟာလည်း ငါ့စကားလုံး မဟုတ်ပါဘူးကွယ်။ တို့များ ရှင်တော်ဘုရားရဲ့စကားလုံး၊ တို့တပ်မတော်ရဲ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တို့တပ်မတော် ရဲဘော်တွေရဲ့ နှလုံးသားထဲ ရောက်အောင် တဆင့်ကမ်းခဲ့တဲ့ စကားလုံးတဲ့။

ဗိုလ်မှူးနိုင် ရုတ်တရက် ဆုံးသွားပြီလို့ ကြားလိုက်တော့ သူဟာ ဘယ်လိုတုန်လှုပ်သွားမှန်း မသိဘူးတဲ့။ အခု သူဟာ တပ်မတော်မှာ ရာထူးတက်ပြီး တာဝန်ထမ်းဆောင်ရလေလေ၊ ဒီ "အပ္ပမာဒေန၊ သမ္မာဒေထ" ဆိုတဲ့ မမေ့မလျော့ မပေါ့ကြကုန်လင့်လို့ ဗိုလ်မှူးနိုင်ရွတ်တဲ့ စကားလုံးကို ကြားယောင်ပြီး သူ့အထင်လွဲခဲ့သမျှ လိုက်ပြီး တောင်းပန်ချင်တယ်တဲ့။

သူတို့တွေ အသီးသီးနဲ့ ဆုံခဲ့ရပြီးတော့ သူတို့ဆီက ဗိုလ်မှူးနိုင်အကြောင်း ကြားရလေလေ၊ ဗိုလ်မှူးရဲ့ချစ်သူ မွေးရဲ့ဝေဒနာကို ကြေကွဲစွာ ခံစားမိပါတယ် မွေး။

ဒါကြောင့်လည်း ရှည်ရှည်လျားလျား ဒီစာကို ရေးနိုင်လာတယ်၊ ဘာကြောင့်လဲဆို... အတွက် နှလုံးသားမှာ ထိလာပြီလေ။

မွေး ဒီစာကိုဖတ်ရချိန်မှာ အတွက်သာ အနားမှာရှိရင် ဘာတွေပြန်ပြောမယ်ဆိုတာ အတွက် သိပါတယ် မွေး။

"အတွက်ထင်သလို မွေးမျက်လုံးတွေဟာ ကြယ်များလို မတောက်ပတော့ပါဘူး။ ဖြတ်သန်းလာခဲ့ရတဲ့ ခရီးလမ်းဒဏ်ကြောင့် ခန္ဓာကိုယ်ကြီးဟာလည်း အဘွားအိုလို လျော့ပါးပြီး အလှအပ မရှိတော့ပါဘူးလို့ ပြောမှာပါ"

ဒီနေရာမှာ အတွက် ထပ်ပြီး နည်းနည်း ရှင်းပြပါရစေ၊ အရမ်း အတွက်အဆမရှိ မွေးထံက အချစ်ကို တောင်းခံခြင်း မဟုတ်ပါ။ ဘယ်လိုဖြစ်ရပ်တွေနဲ့ တွေ့ကြုံရမယ်ဆိုတဲ့ အခြေအနေ အရပ်ရပ်ကို အကြိမ်ကြိမ် သုံးသပ်ပြီးမှ ဒီစာကို ရေးတာပါ။

ဘုရားလောင်း မျောက်မင်းက ချောက်ထဲကျနေတဲ့ ပုဏ္ဏားကို ကယ်ခဲ့တဲ့ပုံပြင်ကို မွေးသိပြီးသားမို့ အတွက် အကျယ်ချဲ့ မပြလိုပါဘူး။

ဒါပေမဲ့ အတွက် ပြောပြချင်တာ တခုရှိတယ်။ ဘုရားလောင်း မျောက်မင်းဟာ ပုဏ္ဏားကို ကယ်တင်ရာမှာတောင် ချစ်လှချည်ရဲ့၊ သနားလှချည်ရဲ့ဆိုပြီး အရမ်းမကယ်ခဲ့ဘူး၊ ကယ်တင်ရှင် ဖြစ်ချင်ဇောနဲ့ မျက်ကန်းလို မလုပ်ဘူးဆိုတာ မွေး သတိပြုမိသလား မသိဘူး။ ပုဏ္ဏားကို ပခုံးပေါ်တင်၊ တွင်းထဲကနေ ချောက်ကမ်းပါး အမြင့်ကို ခုန်တက်ရာမှာ မတော်တဆ ဝန်က လေးပြီး ကမ်းပါး လမ်းခုလတ်မှာ သေမှာစိုးလို့ ပုဏ္ဏားနဲ့ အလေးချိန်ညီတဲ့ ကျောက်တုံးနဲ့ ရှာရသေးတယ်၊ သူ့ပခုံးပေါ် ကျောက်တုံးကို တင်ပြီး အကြိမ်ကြိမ် အစမ်းခုန်ကြည့်ပြီး သေချာမှ စိတ်ချရမှ ပုဏ္ဏားကို ပခုံးပေါ်တင်ပြီး ချောက်ကမ်းပါးထိ ရောက်အောင် ပို့ပေးတယ်။

မွေးရေ ဒီပုံပြင်ဇာတ်မှာ ဒီအခန်းဟာ အသက်ပါပဲ။ အရမ်း မျက်ကန်း ကယ်တင်ရှင်တွေ သင်ခန်းစာ ပြလိုက်တာပါပဲ။

အတွက်ဟာ အလောင်းတော်မျောက်မင်းလို ပါရမီ မရင့်ကျက်သေးသော်လည်း အရမ်းမျက်ကန်း ကယ်တင်ရှင်ကြီးများ ဂိုဏ်းဝင် မဟုတ်ဘူးဆိုတာကို ပြောပြချင်လို့ပါ။ အချစ်ဆိုတဲ့ စကားလုံးကို နာမည်ဖျက်ကြလွန်းလို့ပါ။

မိမိထားတဲ့ မေတ္တာအလေးချိန် ပမာဏအတိုင်း အရှည်အလျောက်

မျောက်မင်းရဲ့ပခုံးပေါ်က ကျောက်တုံးကလည်း ကြီးမားရတယ်။ ထမ်းရတဲ့ဝန်ကလည်း လေးမှာပဲ။ ပုဏ္ဏားကို ကျုပ် ကယ်တင်ချင်လွန်းလို့ပါဗျာ ဆိုပြီး မဟာကယ်တင်ရှင် နာမည်ခံရုံနဲ့တော့ မရဘူး။ ကယ်ချင်တဲ့ စေတနာအလျောက် ထမ်းရတဲ့ ဝန်အလေးဒဏ်ကို ခံရမယ်ဆိုတာ မကယ်ခင်ကတည်းက ဘုရားအလောင်း မျောက်မင်းကတော့ တွေးထားတယ်။

ပုဏ္ဏားကိုကယ်ပြီး ဝန်က လေးလွန်းတော့မှ မင်းဟာမင်း သေချင်သေလို့ မျောက်မင်းဟာ ကိုယ်လွတ်ရုန်း မပြေးဘူး။

ဒါကြောင့်လည်း အတွတ် တွေးကြည့်တာပေါ့၊ ပုဏ္ဏားတယောက်ကို ကယ်ချင်တာတောင် သေချာအောင် ဒီပုဏ္ဏားအသက် လုံခြုံမှုရှိအောင် ကျောက်တုံး ကျောပေါ်တင်ပြီး အကြိမ်ကြိမ် ခုန်ရတဲ့အကျင့်ကို ဒီတဘဝမှာ မျောက်မင်းဟာ ကျင့်ခဲ့ရတယ်။ ဝေဏေယျသတ္တဝါကို ကယ်တင်ချင်တော့ ပါရမီဆိုတဲ့အကျင့်ကို လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကျင့်ခဲ့ရတယ်ဆိုတာ မဆန်းပါဘူး။ နှစ်သိန်းလေးသောင်း အထုရှိတဲ့ မြေကြီးပမာဏတောင် နှိုင်းလို့ မရအောင် ဘုရားလောင်းဟာ သူ့အသားတော်များကို လှူခဲ့တယ် မွေး။

သမုဒ္ဒရာအစင်းစင်းက ရေတွေနဲ့အညီအမျှမက အသွေးတော်ကိုလည်း ဖောက်ပြီး လှူခဲ့တယ် မွေး။

အို… ဒါတွေကို အတွတ် ဆက်မပြောလိုတော့ပါ။ မွေး သိပြီးသားပါပဲ။ လုပ်တာက နည်းနည်းရယ်၊ ကယ်တင်ချင်လွန်းလို့ပါဗျာဆိုတဲ့ အသားယူကွက်ငါဆိုတဲ့ အကွက်တကွက်မှ ဘုရားရှင်နဲ့ မဟာ ကရုဏာ မေတ္တာခန်းမှာ မပါခဲ့ပါဘူး မွေး။ ထားရှိအပ်သော ကရုဏာအလျောက် ဖြည့်ဆည်းရမယ့် အလုပ်ဆိုတဲ့ ပါရမီဟာလည်း မသေးငယ်ပေဘူး။

ဒီနေရာမှာ မွေးကို ပုဏ္ဏားနဲ့ နှိုင်းလိုလို့ မဟုတ်ပါဘူး။

မွေးကို လက်ထပ်ပါရစေလို့ တောင်းခံခြင်းရဲ့နောက်ပိုင်းမှာ ဖြည့်ဆည်းရမယ့် ခံစားရမယ့် သုခဒုက္ခကို အားလုံး တွက်ချက်ပြီးမှ ဒီစာကို အသည်းထဲ နှလုံးထဲက အလိုအလျောက် အန်ထုတ်လိုက်ခြင်းပါပဲ။

ဒါကြောင့် ကိုကိုနိုင်ရဲ့စံချိန်မီ ဒီစာကို ရေးသားနိုင်လာရတာပေါ့။

မိုနာသည် ခေတ္တစာဖတ်ခြင်းကို ရပ်ကာ ရစ်ချတ်မျက်နှာကို မော့ကြည့်လိုက်၏။

"ရစ်ချတ် ဒီမကျည်းတန်ဆိုတဲ့ ရစ်ချတ်ဖေဖေချစ်တဲ့ မွေးကို မိုနာ တွေ့ချင်လာပြီ"

"အို... ဆက်ဖတ်စမ်းပါဦး မိုနာ"

သူတို့နှစ်ယောက်သည် စာကို ဆက်ဖတ်ပြန်၏။

အတွက် စာရှည်ရှည် ရေးတတ်လာပြီ၊ အသည်းနှလုံးက လှုပ်ရှားလာတတ်ပြီလေ၊ နှလုံးသားက ပြောကြားတတ်မှလည်း ဒီစကားလုံးက အသက်ဝင်လာတာ၊ အစကတော့ သိပ္ပံပညာရှင်ကြီး တွေတ် ဖြစ်ချင်လိုက်ရတာ။ သိပ္ပံပညာရှင်ကြီး မျက်စိအောက်မှာ ပြက်ပြက်ထင်ထင် မြင်နေရတဲ့ သဘာဝအဖြစ်ကို မမြင်မိဘူး၊ မလေ့လာမိဘူး၊ မဆင်ခြင်မိဘူး။

အဲဒါဟာ ဘာလဲဆိုတော့ ကိုယ် ဆရာဝန်လိုင်းကို စလိုက်ကတည်းက ဖားလေးတွေ ခွဲရာကအစ လူကောင်ကြီးတကောင်လုံး ခွဲစိတ်ကုသလာခဲ့တယ်။ နှလုံးသားဆိုတာလေးတခု ခုန်လာမှ အလုပ်လုပ်လာမှ သတ္တဝါတွေ လှုပ်ရှားလာတတ်ပါလားဆိုတာ မျက်စိကပဲ ရုပ်သဘောနဲ့ မြင်တယ်။ အဲဒီအကြောင်းကနေ ဆက်သွယ်လာတဲ့ အကျိုးတရားကို မဆင်ခြင်မိဘူး။

မမြင်နိုင်တဲ့အချစ်ဆိုတာ ဒီနှလုံးသားထဲ ဝင်လာတော့မှ သတ္တဝါတို့ဟာ ဇောစိတ်မျိုးစုံနဲ့ လှုပ်ရှားလာကြ တာကိုး။ နှလုံးသားအတုကို ဖန်ဆင်းပြီး စက်ကိရိယာ အမျိုးမျိုးတပ်ပြီး နှလုံးသား ခုန်လာအောင် စမ်းသပ်ကြည့်၊ လူရုပ်တော့ ပေါ်လာမယ်။ အဲဒီလူရဲ့လှုပ်ရှားမှုဟာ ဘက်ထရီအားနဲ့ လှုပ်ရှားတဲ့ ဂျစ်ကားတစီး မောင်းလို့ရတဲ့ အဖြစ်နဲ့ ဘာမှမခြားနားတော့ဘူး။

ဒီစာပိုဒ်ရောက်တော့ မွှေး သရော်မယ်ဆိုတာ ကိုယ်သိပါတယ်။ ပါးစပ်ကလည်း ပြောမှာပဲ။ "လက်ချိုးရေကြည့်ပါဦး အတွက်ရဲ့ မင်းသိလားလို့ ဆင်ခြင်မိတော့ မင်းအသက် လေးဆယ်ကျော်ပြီ လို့" မွှေးစိတ်ထဲက ပြောနေမှာပဲနော်။ ခုတော့မှ ဒီစကားလုံးတွေ ရွတ်ဖတ်လို့ ရေးပြလို့ နောက်ကျလှ ပါပကော အတွက်ရယ်လို့ ပြောမှာပဲ။

နောက်မကျသေးပါဘူး မွှေး။ အတွက် အခုဘဝကို စတော့မယ်။ အနှစ်လေးဆယ်လုံးလုံး အသက်မပါသော စက်ရုပ်တခု လှုပ်ရှားမှုမျိုးနဲ့ တွေတ်တကောင် လှုပ်ရှားလာခဲ့သမျှ ခုမှ အသက် ဝင်လာပြီ။ ဘာဖြစ်သေးလဲ၊ ဘယ်သူတွေ ဘာပြောပြော အတွက်တော့ မွှေးရှိတဲ့ဆီကို ပြေးလာမယ်။

ကိုကိုနိုင်ကို အသက်ပြန်သွင်းပေးနိုင်တဲ့ပညာ ဆရာဝန် အတွက်မှာ မရှိပေမဲ့ မွှေးရဲ့ အသည်းနှလုံး ပြန်ခုန်လာအောင် စိုပြည်လာအောင် အတွက်မှာလေ ပညာရပ်တွေ တတ်ပါတယ်။

အတွက်ဆင်ခြင်မိတဲ့ အချစ်အကြောင်းကို ရေးပါရစေဦး မွှေးရယ်။

သည်းခံဖတ်ပါ။ တော်စတွိုင်ဟာ သူ့ဝတ္ထုတပုဒ်ထဲမှာ အချစ်ရှိသောနေရာမှာ ဘုရားသခင် ရှိ၏တဲ့။ အချစ်ဆိုတဲ့ စကားပုံကို အနောက်တိုင်းဆန်ဆန်နဲ့ တလုံးတည်း သုံးလိုက်တော့သာ "အချစ်" လို့ ပြောရတာ။

တို့များ ရှင်တော်ဘုရား၊ ဂေါတမမြတ်စွာဘုရားသခင်ဟာ မဟာကရုဏာ ကြီးစွာသော မေတ္တာကို သတ္တဝါများကို ထားတော်မူတယ်။ အဲဒီမေတ္တာတရား ထားနိုင်လောက်အောင် သူ့နှလုံးသားက ခိုင်မာလို့ပဲ။ သံသရာ ဒုက္ခကြောမှာ မျောနေတဲ့ သတ္တဝါ အနန္တကို ကယ်တင်ဖို့ သူဟာ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်ခဲ့တယ်။

ကောင်းကင်မှာ ကြယ်ပွင့်တွေကို ရေလို့သာ ရမယ်။ မြတ်စွာဘုရားသခင်ရဲ့မျက်လုံးတွေဟာ ဘဝအဆက်ဆက် လှူခဲ့တာ ကြယ်ပွင့်တွေထက် များမယ်၊ မရေတွက်နိုင်ဘူး။

အနန္တစကြဝဠာမှာ သမုဒ္ဒရာအစင်းစင်း ရှိကြတယ်။ အဲဒီ သမုဒ္ဒရာရေထက် မြတ်စွာဘုရားသခင်ကိုယ်က သွေးတွေကို ဘဝအဆက်ဆက်မှာ လှူဒါန်းခဲ့တာက ပိုလွန်ခဲ့တယ်။

စကြဝဠာ အနန္တမှာရှိတဲ့ ပထဝီမြေသား ကမ္ဘာလုံးတွေဟာ တို့ကမ္ဘာလုံးကြီးလိုပဲ။ သူ့အဆိုင်းနဲ့သူ ရှိတယ်။ အဲဒီကမ္ဘာလုံးက မြေသားထက်လည်း မြတ်စွာဘုရားသခင်ရဲ့အသားတွေ လှူတာဟာ များပါသေးတယ် မွေးရယ်။ ဘာကြောင့် ဒါလောက်ကြီးစွာသော အလှူကြီးတွေ လှူပြီး ပါရမီ ဖြည့်ရတယ်ဆိုတော့ မြတ်စွာဘုရားသခင်ရဲ့ကရုဏာတော်ကလည်း မဟာကရုဏာပေကိုး၊ နှလုံးသားက ပေးအပ်တဲ့ ကရုဏာ အကျယ်အပြော အမျိုးအစားအလိုက်၊ အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်းဆိုတဲ့ ပါရမီအလုပ်ဟာလည်း အမျိုးအစားလိုက်ပြီး ကွာခြားသွားရတယ်၊ သိပ္ပံ စကားလုံးနဲ့ဆိုတော့ စကားလုံး နည်းနည်း ကြမ်းသွားတယ် မွေးရေ...။

ဆရာဝန်တယောက် စကားလုံးနဲ့ သုံးရရင် အချစ်ဆိုတာ သိပ္ပံပညာလိုပါပဲ။ သိပ္ပံပညာဟာ လက်ခံ ကျင့်သုံးတဲ့ သိပ္ပံပညာရှင်နဲ့ နှလုံးသား အတိမ်အနက်အလျောက် လူ့ဘောင်ကို အကျိုးပေးတဲ့ နေရာမှာ ကွာခြားသွားတယ်။

သိပ္ပံပညာရှင်က ယုတ်မာရက်စက်တဲ့လူဆိုရင် သိပ္ပံပညာကို လူသားတွေ အသက်ရှည်ဖို့၊ သစ်ပင်ပန်းမန်တွေ ရှင်သန်းဖို့၊ အသုံးချဖို့အစား လက်နက်တွေနဲ့ ရောဂါပိုးတွေကိုသာ ထုတ်လုပ် ဖန်တီး ပေးမှာပဲ။

သိပ္ပံပညာရှင်ရဲ့နှလုံးသားက သိမ်မွေ့နူးညံ့တဲ့ ကရုဏာရှင် ဖြစ်ခဲ့ရင်လည်း သိပ္ပံပညာနဲ့ အနာဂတ်လူ့ဘောင်ကို သာယာလှပအောင် ဖန်တီးသွားမှာပဲ။

အချစ်ဆိုတာလည်း မွေး၊ နာမည်ဖျက်သူတွေက ဖျက်နေတော့ "အချစ်" ဆိုတဲ့ စကားလုံးဟာ နာမည် ပျက်နေတယ်။ စာရေးတာတောင် ဝေဖန်ရေးဆရာ စာရေးဆရာကြီးများက အချစ်ဝတ္ထုများကို မရေးသင့်ဘူးတဲ့။ ဘယ်လိုအချစ်မျိုးကို စာမဖွဲ့သင့်ဘူးရယ်လို့ ပြောကြဖို့ ကောင်းပါတယ်။ သူတို့က သုခမိန်တွေဆိုတော့ အတွတ်လို ဆေးပညာသမားက သူတို့နဲ့တော့ စကားနိုင်လု မပြောလိုပါဘူး။ တခုတော့ ပြောချင်တယ် မွေး။ အချစ်သည် တောင်တန်းများ ပေါ်တွင်လည်း ရှိ၏။ မြေပြင်တွင်လည်း ရှိ၏။

အချစ်သည် ဘုံနန်းပြာသာများတွင်လည်း ရှိ၏။ တဲငယ်တွင်လည်း ရှိ၏။

အချစ်သည် လယ်ကွင်းများထဲတွင်လည်း ရှိ၏။ စက်ရုံများထဲတွင်လည်း ရှိ၏။

အချစ်သည် ပင်လယ်ပြာထဲတွင်လည်းရှိ၏။

သဲကန္တာရထဲနှင့် အိုအေစစ်များထဲတွင်လည်း ရှိ၏။

လယ်သမားများ၏နှလုံးသားထဲမှာလည်း ရှိ၏။ အလုပ်သမားများ၏ နှလုံးသားထဲမှာလည်း ရှိ၏။ လယ်သမားရဲ့နှလုံးသားထဲမှာလေ အချစ်မရှိရင် စပါးနှံတွေ ဖွဲပြာ ဖြစ်သွားနိုင်တယ်။ စက်ရုံအလုပ်သမား နှလုံးသားထဲမှာလည်း အချစ်မရှိရင် စက်ရုံဟာ မီးခိုးတိတ်လို့ သွားနိုင်တယ်။

အချစ်ဆိုတဲ့စကားလုံးကို အရမ်းသုံးမှုကြောင့် အချစ်လည်း နာမည်ပျက်ရရော။

အချစ်ကို ရာဂဆိုတဲ့ တပ်နှစ်သက်ခြင်း တဏှာနဲ့ ပေါင်းစပ်လိုက်တော့ အချစ်ရဲ့ အကျိုးသက်ရောက်မှုဟာ ခုန အတွတ်ရေးပြုတဲ့ သိပ္ပံပညာလိုပေါ့၊ ယုတ်မာညစ်ညမ်းတဲ့ တဏှာရာဂ အနေနဲ့ မိမိတို့ လိုချင်ခြင်း တခုတည်းကိုသာ ကြည့်တတ်တဲ့ အာသာဆန္ဒဘက်ကို ပုံစံကူးပြောင်းပြီး လူ့ဘောင်ကို ပျက်စီးသွားမှာပဲ။

အချစ်ကို ကရုဏာနဲ့ ပေါင်းစပ်လိုက်တော့ သာယာစိုပြည်တဲ့ လူ့ဘောင်အလှကို ဖန်တီးနိုင်ပြန်ရော၊ ကိုယ်တော့ ဘာပြောပြော အတွတ်တကောင်ဟာ အချစ်ရဲ့သားကောင်ပါပဲ၊ အဲဒီအချစ်ကြောင့် သားတယောက် ရခဲ့တယ်။

အတွတ်ရဲ့နှလုံးသားအချစ်ဆိုတဲ့ အနီးဖြူဖြူစင်စင် ပိတ်စနဲ့ ပိုက်ထွေးယုယ မွေးဖွားလို့ တွတ်နီဆိုတဲ့ သားလေးတယောက် ရခဲ့ပြီ၊ တွတ်နီကို အိမ်ဖော် မိန်းကလေးတယောက်နဲ့ တောခိုလက်နက်ကိုင် အမျိုးသားတယောက်က မွေးခဲ့တဲ့

ကလေးရယ်လို့ ပတ်ဝန်းကျင်က စွန့်ပစ်မှာစိုးလို့ အတွတ်ကတော့ တွတ်နီကို အတွတ်ရင်ခွင်က မချခဲ့ဘူး။

ရစ်ချတ်သည် ထိုနေရာရောက်လျှင် စာကို ဆက်မဖတ်နိုင်၊ သူ တုန်လှုပ်သွား၏။

"မိုနာ... မိုနာ ရစ်ချတ်ဟာလေ ဖေဖွေ့သားအရင်း မဟုတ်ပါလား၊ အို... ရစ်ချတ်ကို ဖုံးထားတယ်"

မိုနာသည် ရစ်ချတ်မေးစေ့ကို လှမ်းကိုင်ကာ စေ့စေ့ကြည့်၏။

"ရစ်ချတ်... စာကိုသာ ဆက်ဖတ်ပါဦး၊ ရစ်ချတ်ဟာ စိတ်ထိခိုက်လွယ်လိုက်တာနော်၊ အဆုံးအဖြတ်က မိုနာ ပေးရမှာပါ"

ရစ်ချတ်သည် ရုတ်တရက် တုန်လှုပ်သွားကာ သူ့အမူအရာကို ပြန်ထိန်းလိုက်၏။ စာကို မိုနာနှင့်အတူ ဆက်ဖတ်ရင်း စိတ်ကတော့ မငြိမ်တော့ပေ။

ဘာဖြစ်လို့ အချစ်ပါရမီ ဒါလောက်ပြည့်နေလဲ အတွတ်ရယ်လို့ မေးရင် တွေးကြည့်စမ်း မွှေး။ အတွတ်တို့သာ မိဘအမွေအနှစ်တွေနဲ့ အစဉ်အဆက် ချမ်းသာခဲ့တယ်။ ကိုယ့်ပညာနဲ့လည်း လူ့ဘောင်အတွက်လည်း အကျိုးပြုခဲ့တယ်၊ မွှေးဟာလည်း ဘဝမှာ အလူးအလိမ့် ခံခဲ့ရတယ် ဆိုပေမဲ့ တို့များ ဆင်းရဲတယ်ဆိုတာ တိုက်ကြီးပေါ်နေပြီး ကားကြီးစီးပြီး ခံစားနေရတဲ့ စိတ်ဒုက္ခဝေဒနာပါ။ တခြားသူတွေမှာ ထမင်းရည်အိုးအောက်က ကရွတ်လိုဘဝမှာ ထမင်းတလုတ်စားဖို့ အပူရှိန်ပြင်းစွာနဲ့ ခံစားကြရတဲ့ဒုက္ခတွေမို့လား။ အတွတ်တို့ အတိတ်ဘဝက ဘာအကုသိုလ်တွေ ပြုခဲ့မှန်း မသိဘူး။ သဲခံရေအိုးအောက်က ကရွတ်လို အေးအေးလေးနဲ့ တမြေ့မြေ့ ဆွေးရတဲ့ ဝဋ်တွေလေ၊ ဒါကြောင့် အဲဒီ သံသရာ ဝဋ်ဆင်းရဲက လွတ်ရပါစေကြောင်း အချစ်ပါရမီဖြည့်ပြီး အခွင့်အလမ်းကြုံသမျှ နီးစပ်ရာကို ကူညီနေခြင်းပါပဲ မွှေး။

အာရောဂျံမှာတုန်းက ရန်ကုန် ပြန်ရောက်ရင် အတွတ်သင့်တော်တဲ့ အမျိုးသမီး တယောက်ယောက်နဲ့ လက်ထပ်ဖို့ မွှေး ပြောခဲ့တယ်လေ။ မြလက်စွပ်တခုကိုလည်း မွှေးက လက်ဖွဲ့မယ်တဲ့။

အတွတ်ကလည်း မွှေးနဲ့ ကိုကိုနိုင်ကို စိန်လက်စွပ်တကွင်း လက်ဖွဲ့ခဲ့တယ်။ မွှေးရဲ့ လက်ချောင်းလေး ပေါ်မှာ အတွတ်ကိုယ်တိုင် စွပ်ပေးခဲ့တဲ့ စိန်လက်စွပ်ဟာ ခုထိ အရောင်တဖိတ်ဖိတ် တောက်ပဆဲပါမို့လား။

အာရောဂျံမှာ မွှေး အတွတ်ကို လက်ဖွဲ့မယ်လို့ ပြောတဲ့ မြလက်စွပ်ကိုဖြင့် တခြား အမျိုးသမီး တဦးတယောက်ရဲ့လက်ပေါ်မှာ မတင်လိုပါ။ မွှေးကိုယ်တိုင်ပဲ

ဒီမြလက်စွပ်ကို မွေးလက်မှာ ဝတ်ဆင်ဖို့ အခွင့်သာပါစေလို့ အတွက် ဆုတောင်းပါတယ်။

အတွက်ရဲ့အချစ်ကို ဖွင့်ဟပြီး ပထမဆုံး ပြောစဉ်က မွေးက ပြောခဲ့တယ်။

"စုလည်း မဆင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့..." လို့ ကဗျာလေးကို ရွတ်ရင်း ဘယ်လိုပဲချစ်ချစ် ကုသိုလ်တို့ ကြမ္မာတို့ဆိုတာ ရှိသေးတယ်လို့ မွေး ပြောခဲ့သေးတယ်။

ခုတော့ ရှင်တေဇောသာရကို ခွင့်ပန်ပြီး အတွက် တောင်းပန်မယ်။ ရခိုင်မြေပေါ်မှာ ရခိုင်မင်းသမီးကို မြင်တော့ ရှင်တေဇောသာရဟာ ရှင်သာရခိုင် တန်ဆောင်လော ကဗျာကို ဖွဲ့နွဲ့နွဲ့လို့ ခုထက်တိုင် အတွက်တို့မှာ အကြောင်းဆုံတိုင်း သူ့ကဗျာလေးကို အတွက်တို့ ရွတ်ဆိုခဲ့ရတယ်။

"အရှင်တေဇောသာရဘုရား... အတွက်ဆိုတဲ့ လူတယောက်ကိုဖြင့် သနားချစ်ခင်စွာ စေတနာ ထားပြီး စကားလုံးတလုံး ပြောင်းပြီး ရွတ်ဆိုခွင့် ပေးပါလို့ အတွက် ရွတ်ချင်တာကတော့လေ... "စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလို၏။ ကုသိုလ်ကြမ္မာ၊ မီကောင်းပါရဲ့..."

ချမ်းမြေ့ရွှင်လန်းပါစေ...

အတွက်

ခေတ္တ ရခိုင်မြေ

မိုနာသည် စာဆုံးလျှင် ရစ်ချတ်လည်ပင်းကိုဖက်၍ အားရစွာ ရှိုက်၍ငို၏။

"မိုနာ... ဘာဖြစ်လို့ ငိုလဲမိုနာ၊ ရစ်ချတ်ဟာ အိမ်ဖော်မသားမို့လို့ မုန်းသွားပြီလား၊ ဟုတ်လား မိုနာ"

မိုနာသည် ဖြည်းညင်းစွာ ခေါင်းခါယမ်းရင်း ရစ်ချတ်မျက်နှာကို မျက်ရည်ပြည့်သော မျက်လုံးများဖြင့် ကြည့်၏။

"မိုနာ ဘယ်လိုပဲလှလှ ဒီလိုအချစ်ကို တောင်းခံတဲ့စာမျိုး တခါမှ မရခဲ့ဖူးဘူး၊ မိုနာ့ ပတ်ဝန်းကျင်က တော်မီတို့၊ ဝီလီတို့ မိုနာကို တောင်းခံတဲ့အချစ်ဟာ နှင်းစက်တစက်လောက်ပဲ။ အလှအတိုင်းအရှည်ရှိတဲ့ အချိန်လေးမှာပဲ သူတို့အချစ်တွေ တည်မှာနော်။ ရစ်ချတ်ဖေဖွေ့ အချစ်ကတော့ မိုနာ ဒီစာဖတ်ရင်း ဘယ်လောက်ကြာမြင့် ရင့်ညောင်းပြီး ခိုင်မာလာတယ်ဆိုတာ ဖတ်ရင်း ဖတ်ရင်း

သဘောပေါက်လာတယ်"

"ဒီတော့... ဒီတော့"

ရစ်ချတ်သည် စိုးရိမ်စွာနှင့် စကားစ ထောက်လိုက်၏။

"ကိုယ်တို့ ရန်မဖြစ်ကြတော့ဘူးနော် ရစ်ချတ်၊ ဒီစာဟာ မိုနာတို့ရင်ထဲက အချစ်ကို ရင့်ကျက်အောင် ပြောပြနေသလိုပဲ"

"ရစ်ချတ်ဖေဖေ စာထဲမှာ ပါသလိုပါပဲ၊ တကယ်တော့ မိုနာရဲ့ရင်ထဲမှာရှိတဲ့ အချစ်ဟာ တန်ဖိုးရှိတဲ့အချစ် မိုနာ ဖြစ်ချင်တယ်။ ဒီတော့လည်း ဒီအချစ်ရဲ့တန်ဖိုး ပမာဏအလျောက်တဲ့၊ စွန့်လွှတ်ရမယ်တဲ့၊ သည်းခံရမယ်တဲ့။ ကြိုတင်ပြီး စွန့်လွှတ်ရမယ့် အနာခံရမယ့် အတိုင်းအရှည်ကို လည်း မှန်းဆထားရမယ်တဲ့။ ရှဲလာ့သားကို ယူလို့ ဒက်ဒီတို့ မာမီတို့က မိုနာကို စွန့်ပစ်တောင် မိုနာလေ သူတို့ စွန့်ပစ်တဲ့ဒဏ်ကို ခံရဲတဲ့သတ္တိ ရှိလာပါပြီ ရစ်ချတ်"

"ဟော... ဒါဘာလုပ်တာလဲ..."

အတွတ်အသံ နောက်ကကြား၍ နှစ်ယောက်သားဖက်ရင်း အတွတ်ဘက်လှည့်ကာ စုံရပ်နေမိ၏။

"ကျွန်တော်နဲ့ မိုနာ ဖေဖေ့စာခိုးဖတ်မိလို့ ခွင့်လွှတ်ပါ ဖေဖေ"

"အေး... အဆုံးထိဖတ်ပြီးပြီပေါ့။ ဖေဖေရှေ့မှာထိုင်ဦး"

သူတို့နှစ်ယောက်သည် အတွတ်ရှေ့ရှိ ကုလားထိုင်တွင် ထိုင်ကြ၏။

"အခြေအနေအားလုံးကို နှစ်ယောက်လုံး သဘောပေါက်သွားပြီလား"

"မိုနာရော... ရစ်ချတ်ရဲ့မိဘအရင်းတွေဟာ ဘယ်သူတွေဆိုတာကို သိတဲ့အချိန်မှာ ရစ်ချတ်အပေါ် ဘယ်လိုသဘောထားလဲ"

"မိုနာဟာ အတွတ်ဆိုတဲ့ ဦးမိုးကောင်း ဆရာဝန်ကြီးချွေးမပါ၊ ဦးမိုးကောင်းစာ ဖတ်ပြီးကတည်းက သူ့ယောက္ခမရဲ့အချစ်အပေါ် ခံယူတဲ့ သဘောထားကို မိုနာ နားလည် လက်ခံလာပါပြီ၊ ဒါကြောင့် မိုနာ ဒေါ်ရှဲလာရဲ့ချွေးမအဖြစ် လက်ခံဖို့လည်း အဆင်သင့်ပါပဲ"

ရစ်ချတ်သည် သူ့ချစ်သူ မိုနာ၏ ယခုတခါလို မျက်လုံး၏ တည်ငြိမ်ခြင်း၊ စကားပြောပုံ သိပ်သည်းခြင်းမျိုးကို မတွေ့ဖူးပေ။ အတွတ်၏စာသည် မိုနာအား အသည်းနှင့် နှလုံးနှင့် မိန်းကလေးအဖြစ်သို့ ပုံပြောင်းလိုက်တော့သည်။

"ကဝိဆီက မနေ့က စာရောက်လာတယ်။ ဟိုမှာ အားလုံး အဆင်ပြေပြီတဲ့ မိုနာ့စိတ် ဘာမှ အပြောင်းအလဲ မရှိဘူးဆိုရင် နောက်တပတ် ဘွားဘွားကြီးတို့နဲ့ အားလုံး ရန်ကုန်ကို ပြန်တော့နော်၊ ဟိုမှာလေ သားတို့လက်ထပ်ပွဲကို ဘွားဘွားကြီးတို့အားလုံး စီမံပေးလိမ့်မယ်"

"ဒီတော့ သားတို့လက်ထပ်ပွဲကို ဖေဖေ မတက်ဘူးပေါ့"

ရစ်ချတ်က မေးလိုက်၏။

အတွတ်သည် သက်ပြင်းရှိုက်လိုက်သည်။

"သားကြီးရဲ့အောင်ပွဲ၊ မင်္ဂလာ ကျက်သရေ ဖြိုးဖြိုးဝေတဲ့အချိန်ကိုကြည့်ပြီး ပီတိဖြစ်ရတဲ့ အရသာ အလှူကို ဖေဖေ တွတ်နီရဲ့မိခင်ရင်း ခံစားဖို့ ပေးလိုက်ပါတယ် သား၊ ဖေဖေတို့ မွေးစားမိဘတွေဟာ ဝမ်းမနာရသော်လည်း ဇာတ်လမ်းရဲ့အထွတ်အထိပ် ရောက်လို့ ဇာတ်ပေါင်းခါနီး ရောက်ရင် ရင်နာရတဲ့သူတွေပါ။ ကျေနပ်ပြီလား၊ သားကို ဖေဖေ ဘယ်လိုပဲ ချစ်ပေမဲ့ ဝမ်းနဲ့မလွယ် သားမမည်ဘူးတဲ့။

ဖေဖေ့မှာတော့...

"ခရီးကြားဝယ် ခဏနားသည့်

အပန်းဖြေရာ ကျွန်းသာတည်း... "

တွတ်နီသည် မျက်ရည်တွေပြည့်ကာ တုန်ယင်သော သူ့လက်များဖြင့် အတွတ်လက်ကိုဆွဲ၍ နမ်းရှုပ်ရင်း မျက်ရည်ပေါက်ပေါက်ကျလာ၏။

"အန်ကယ်... အန်ကယ်... အန်တီ မကျည်းတန်ကို မယူတော့ဘူးလား"

မိုနာသည် ကြောက်ကြောက်လန့်လန့်နှင့် မေး၏။

"ဒီစာကို မေမေ့လက်ထဲ အန်ကယ်ထည့်လိုက်မှာ၊ မင်းတို့အန်တီ မကျည်းတန်ဆီ ရောက်အောင်ပို့ဖို့လေ။ သူ့ဆီက ပြန်စာအပေါ်တည်ပြီး အန်ကယ့်ဘဝ ဆက်လက် လှုပ်ရှားရမှာမို့ မင်းတို့ရဲ့အန်တီ မကျည်းတန်နဲ့ တွေ့ရင် အဖြေပေးဖို့သာ ဝိုင်းပြီး ပြောကြပေတော့။ သားကြီးတို့ မင်္ဂလာပွဲမှာတော့ ရှဲလာ့ကို တွတ်နီရဲ့မိခင်အဖြစ် ပွဲထုတ်ဖို့ အဖေ ဘွားဘွားကြီးကို မှာလိုက်မယ်နော်။ ဖေဖေကတော့ ရခိုင်မြေကနေပြီး မကျည်းတန်အဖြေကို စောင့်နေတယ်လို့သာ အန်တီမကျည်းတန်ကို တွေ့ရင် မိုနာ ပြောပြနော်..."

မိုနာပါ အတွတ်လက်ကို နမ်းရင်း ငိုတော့သည်။

*

သူတို့အားလုံး အေးဆေးစွာ ပြန်သွားကြပြီ။

အတွတ်သည် တယောက်တည်း သူ့အိမ်လေးရှိရာသို့ ပြန်လာခဲ့၏။ လှေကားရင်းတွင် သူလိုပင် တယောက်တည်းသော သူငယ်လေးကို ထိုင်လျက် တွေ့ရ၏။

"မောင်မျိုးသန့်"

"ဟုတ်ကဲ့ ကျွန်တော် ဆရာကြီးကို စောင့်နေပါတယ်"

မောင်မျိုးသန့်သည် လက်ထဲမှသော့ကို လှမ်းပေး၏။ အတွက်သည် သော့ကို မယူဘဲ မောင်မျိုးသန့် ခေါင်းကို သူ့ရင်ခွင်ထဲတွင် ထားကာ ဖက်လိုက်၏။

"မင်း... မင်းတယောက် ငါ့ကို စောင့်ဖော်ရသေးတယ်နော်"

ပင်လယ်ပြင်သည် ဆည်းဆာညနေတွင် ရတနာများကို ဖြန့်ခင်းထားသည်။

သို့သော် တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့် အထီးကျန်ခြင်းတို့သည် သဲသောင်မြေကို လွှမ်းမိုးနေတော့သည်။

"ကုသိုလ်ကြမ္မာ၊ မီကောင်းပါရဲ့..."

အတွက်သည် ကဗျာလေးကို ရွတ်ဆိုလိုက်၏။ မောင်မျိုးသန့်မျက်လုံးများကမူ အတွတ်မျက်နှာကို ငြိမ်သက်စွာပင် ကြည့်နေ၏။ ကဗျာ၏ ရည်ညွှန်းခြင်းကို သူမသိပါပေ။

■

ခင်နှင်းယု

၃ - ၇ - ၇၂

ခင်နှင်းယု
ခင်နှင်းယု

အတွင်ရေ

အခန်း (၁)

မလေးတဲ့ မောင့်သူဇာ

မောပြေအောင် ဖန်ပြာခွက်နဲ့

ကျောက်စက်ရေ ကြည်ကြည်လဲ့ကို

ပေးတိုက်ပါတဲ့။

အပြာကို တဏှာလို့ ရည်ညွှန်း. . .။

မလေးတဲ့ မောင့်သူဇာ

မောပြေအောင်

မြစိမ်းခွက်နဲ့

ကျောက်စက်ရေ ကြည်ကြည်လဲ့ကို

ပေးတိုက်ပါတဲ့။

မြလွှာကို မာတယ်လို့ ရည်ညွှန်း. . .။

မလေးတဲ့ မောင့်သူဇာ

မောပြေအောင် နီးညိုခွက်နဲ့

ကျောက်စက်ရေ ကြည်ကြည်လဲ့ကို ပေးတိုက်ပါတဲ့။

နီးလွှာမှာ မရှည်ကြာလို့ ရည်ညွှန်း...။

ဖန်ပြာနဲ့လည်း မတန်ပါ၊

မြလွှာနဲ့လည်း မတန်ပါ၊

နှီးညိုနဲ့လည်း လက်မကမ်း။

တွေးခက်တယ် ရေစင်စက်ကို ဘယ်ခွက်နှင့်မှန်း။

အတွတ်ရေ…

"ကန်တော်မင်းကျောင်း၊ မေတ္တာလောင်းသော၊ ဘုန်းပေါင်းကျက်သရေ၊ ပရမေသီရို၊ ကိတ္တိဂုဏဝန်၊ ထန်သည့်တေဇာ၊ အချာသူ့ထိပ်၊ နှိပ်လျက်စိုးသော၊ ဝှန့်ဖြိုးရတနာ၊ ရွှေဂူဒါယကာ၊ မဟာဓမ္မရာဇ်"

အဲဒီ စာပိုဒ်ကလေးတွေ မွေး ရေးတာ မဟုတ်ပါဘူး။ ကန်တော်မင်းကျောင်း မေတ္တာစာရဲ့ အစစာပိုဒ်ပေါ့။ ကန်တော်မင်းကျောင်း ဆရာတော်က သူ့မေတ္တာစာ ပေးလိုတဲ့ ဒကာတော် ရေမြွေရှင်ကို မေတ္တာရှေ့ထားပြီး ခေါ်တဲ့ အာလုပ်စကားပါပဲ။

မေတ္တာစာ ပုံစံတွေ မြန်မာစာပေသမိုင်းမှာ အသီးသီးရှိခဲ့တာတွေတော့ တက္ကသိုလ် မြန်မာစာဌာနက ပါမောက္ခတွေကအစ နည်းပြဆရာတွေအဆုံး သူတို့ အသိဆုံးပါပဲ။

မွေးကနေ အတွတ်ဆီကို ပြန်ရမယ့်ပြန်စာကတော့ ကန်တော်မင်းကျောင်း မေတ္တာစာ ပုံစံလည်း မဟုတ်။ ဦးပုည မေတ္တာစာလိုလည်း သောကွက်တွေ၊ ဘဝကို သရော်တဲ့ပုံစံ၊ နာကြည်းဟန် ငေါ့တော့တော့ စကားလုံးတွေနဲ့ ရေးလို့လည်း မဖြစ်။ ကျည်းကန်ရှင်ကြီး မေတ္တာစာလို…

"ကျောက်ဖြူကိုလည်း မနမ်းနဲ့၊ အောက်သူကိုလည်း မစမ်းနဲ့" ဆိုတဲ့ ဆုံးမစာ ဆန်ဆန်ရေးတဲ့ မေတ္တာစာပုံစံနဲ့လည်း ရေးလို့ မဖြစ်ဘူး။

တကယ်တော့ အတွတ်က မွေးကိုချစ်လို့ ရေးပေးတဲ့စာကို မွေးက ချစ်တယ်၊ မချစ်ဘူး၊ လက်ထပ်နိုင်မယ်၊ မထပ်နိုင်ဘူး ဆိုတာကို ပြန်ရမယ့်စာပါပဲ။

ရှင်းရှင်း ခေတ်စကားနဲ့ ပြောရရင် ရည်းစားစာပဲ။ ဒါပေမင့် ဆယ်ကျော်သက်ကနေ အသက်နှစ်ဆယ်မတိုင်ခင် မိန်းကလေးနဲ့ ယောကျ်ားလေး ချစ်လို့ပေးတဲ့ ရည်းစားစာကလည်း ပုံစံတမျိုးပဲ။ အဲဒီအရွယ်တွေ ရေးကြတာက Emotion ဆိုတဲ့ ခံစားမှု ဝေဒနာကစတဲ့ ရည်းစားစာ ဆိုတော့ ဘဝအကြောင်း၊ သံသယအကြောင်း၊ သံသရာအကြောင်းတို့ ပါချင်မှ ပါပေလိမ့်မယ်။ ဆင်ခြင်တာတွေ၊ စဉ်းစားတာတွေ ပါချင်မှ ပါမယ်။

"မေတ္တာစုမြဲ ချစ်,ချစ်တာ တခုတည်းပင်" ဆိုတဲ့ တမျိုးပဲ။

အသက်နှစ်ဆယ်ကျော်တော့ လူ့ဘဝဟာ ရင့်ကျက်ချိန် အစပျိုးလာလေတော့ ဘဝအကြောင်းကို နီးနွယ်လာပြီ။ ချစ်တာတခုတည်းသိတဲ့ ရည်းစားစာပုံစံမျိုး မဟုတ်ပြန်ဘူး။ မွှေးကနေ အတွက်ဆီကို ပြန်ရမယ့်စာကတော့ အသက် ၄၀ ကျော်မှ ပြန်စာဆိုတော့ ရည်းစားစာက သီးသန့်ပုံစံ ဖြစ်နေမှာပဲ အတွက်ရယ်။

ဘဝအကြောင်းရော၊ သံသယရဲ့အကြောင်းရော၊ သံသရာရဲ့အကြောင်းရော အစုံပါမှာပဲ။ အချစ်နဲ့မကင်းတဲ့ လောကီသားတွေဆိုတော့ အချစ်ဟာ အပြစ်မဟုတ်ဘူး။ ချစ်၍ နှစ်ခြင်းသည်သာ အပြစ်လို့ မွှေး ယူဆတယ် အတွက်။

ချစ်လို့ နှစ်တော့မှ နစ်ကြတော့တာကိုး နစ်အောင်ချစ်တာမျိုးတော့ ဘယ်သူ့နှလုံးသားမှာမှ မရှိစေချင်ပါဘူးလေ။

မွှေးလေ အတွက် ငယ်ငယ်ကခေါ်သလို မကျည်းတန်ဆိုတဲ့ မိန်းမတယောက်ဟာ သူငယ်ငယ်က အကျည်းတန်ပါတယ်။ ညီအစ်မ ၄ ယောက်ထဲမှာတင် မဟုတ်ပါဘူး။ သူ့သူငယ်ချင်း ကျောင်းသူတွေထဲမှာလည်း မွှေးဟာ အကျည်းတန်တဲ့ ကောင်မလေးဆိုတာ အတွက် အသိဆုံးပါပဲ။

ဒါပေမင့်လည်း တခြားကျောင်းသူအလှတွေလိုပဲ ရည်းစားစာ အပေးခံရတာပဲ။

ငယ်ရွယ်သူတွေရဲ့ဓမ္မတာ၊ ကိုယ့်ချစ်သူအလှကို ဖွဲ့ရတဲ့ အဖွဲ့ဟန်က ပါရစမြဲကိုး “အသားရယ်ဖြူ လူပေမို့လား၊ အသားတော်ညိုပြာညက်ကယ် နန်းတော်ထက်ဖွား” ဆိုတဲ့ကဗျာကို မွှေးကိုပေးတဲ့စာတွေထဲမှာ အများဆုံး သုံးလာတာကို တွေ့တယ်။ အသားဖြူဟာ မြင်းတပြေး၊ အသားညိုဟာ ကွမ်းတယာညက် အကြည့်ခံတဲ့အလှလို့လည်း စာဖွဲ့ကြတယ်။ အသားညိုချော သဘောကောင်းမို့ ပိုမိုချစ်ရပါတယ်ဆိုတဲ့ အဖွဲ့တွေ ပါလာတာပေါ့လေ။ ဘာကြောင့် ချစ်တယ်ပဲ ပြောပြော မိန်းကလေးအနေနဲ့ ဘဝင်ကျစရာပေါ့ အတွက်ရယ်။

ဒါပေမင့်လေ အတွက်သိပြီးသားကို ထပ်ပြောရရင် မွှေးရဲ့ဘဝကို ယခုအထိ ပုံစံ အမျိုးမျိုး ပြောင်းလဲသွားစေတဲ့ ရည်းစားစာပိုင်ရှင် သုံးယောက်ကတော့ ကိုတင်အောင်ထွန်း (ခေါ်) ဖရက်ဒီရယ်၊ ကိုကိုနိုင်ရယ်၊ အတွက်ရယ်ပဲ။

မွှေးလေ မျက်နှာများသူ၊ ရည်းစားများသူ မဖြစ်ချင်တော့ များလည်း မများခဲ့ဘူး။ များအောင်လည်း မနေခဲ့ဘူး။ တယောက်ဆို တယောက်မှပဲကွယ်ဆိုတဲ့စိတ်နဲ့ ဣန္ဒြေကိုလည်း ထိန်းချုပ်ခဲ့တယ်။

ဖရက်ဒီဆီကို စာပြန်ခဲ့တော့လည်း “ဖရက်ရေ၊ လက်ထပ်တဲ့သူနဲ့

ချစ်တဲ့သူဟာ မွေးရဲ့ဘဝမှာ တယောက်တည်းပဲ ဖြစ်စေချင်တယ်” လို့ မွေး သူ့ဆီကို စာပြန်ခဲ့ဖူးတယ်။

မေမေက အတန်တန် မချစ်ပါနဲ့လို့ တားတဲ့ကြားက ဖရက်ဒီကို အသည်းနှလုံးပုံပြီး ချစ်ခဲ့မိတယ်၊ ကိုယ်ကိုတော့ မပုံခဲ့ပါဘူး။

ဒါကြောင့်လည်း ကွဲရတဲ့အခါမှာ သမီးရည်းစားပင်ဖြစ်ပေမင့် မွေးနှလုံးရောဂါ အဲဒီက စခဲ့တာပါ။ မွေး မလိမ်လိုပါဘူး။

ဒုတိယ စာကတော့ ကိုကိုနိုင့်ဆီကစာ၊ သူ့စာရဲ့ အဖွဲ့အနွဲ့ကို အတွက်ကိုယ်တိုင် ဖတ်ခဲ့ဖူးပြီ၊ သူ့စာကို အတွက်ကိုယ်တိုင် ဖတ်ပြီး မွေးကိုလည်း ကိုကိုနိုင်နဲ့ လက်ထပ်ဖို့ အတွက် နားချခဲ့တာ သတိရသေးလား။

နောက်ဆုံး စာကတော့ ကိုကိုနိုင် ဆုံးပြီးမှ အတွက်ဆီက ရတဲ့စာပဲ။ ဒီစာဟာ မွေးဘဝမှာ နောက်ဆုံး (Turning Point) အရေးအပါဆုံး ဘဝခရီးတကွေ့မို့ မွေး သတိထားပြီး စာပြန်ရပါတယ် အတွက်။

ပန်းတွေ ဖွေးဖွေး ကြွေတဲ့လမ်းမှာ တယောက်လက်တယောက်တွဲပြီး စိတ်ကူးယဉ်ယဉ်နဲ့ လျှောက်ရမယ့် အရွယ်တွေလည်း မဟုတ်။

လေညင်းရဲ့စောင်းသံအောက်မှာ သစ်ရွက်နုလေးတွေ ကဗျာသီဆိုနေတာကို နှစ်ယောက် မိန်းမောပြီး နားထောင်ရမယ့် အရွယ်တွေလည်း မဟုတ်တော့ဘူး။

အသည်းကြေကွဲလို့ လေလွင့်ပြီး အတွက်တယောက် နစ်သွားရပြီကောလို့၊ မွေးကိုချစ်လို့ ဒီလိုအဖြေ (ရလဒ်) ကိုလည်း အတွက် မရစေချင်ဘူး၊ မရထိုက်တော့ဘူး။

ကျောချင်းကပ်ပြီး တရွေ့ရွေ့ဝေး တကမ္ဘာစီခြားသွားအောင် မစိမ်းပင်အချစ်မျိုးနဲ့လည်း မွေး အတွက်ကို မပစ်ခဲ့ရက်ပါဘူး။

ရွှေငုံးမင်း အမြီးမျှော်သလို ခရီးတော်နီးရက်နဲ့ဝေးခဲ့ရတဲ့ အတွက်ဆိုတဲ့ မင်းကျန်ရစ်ကို မွေး စေတနာ ကရုဏာ ရှေ့ထားပြီး ဒီစာကို ရေးလိုက်တယ် ဆိုတာကိုတော့ အတွက် သတိပြုစေချင်ပါတယ်ကွယ်။

အတွက်ရဲ့စာကို ချွေးမချော မိုနာ့လက်ကတဆင့် ရခဲ့ပါတယ်။ ရခဲ့ပြီးလို့လည်း အထပ်ထပ် မွေး ဖတ်ခဲ့ပြီးပါပြီ။

ပထမတော့ စာမပြန်ဘဲ နေမလို့၊ အတွက် ရန်ကုန်ပြန်လာမယ့်အချိန်မှာ လူချင်း တွေ့ဆုံပြီး အခြေအနေ အရပ်ရပ်ကို ပြောပြမလို့ပါပဲ။

အတွက်ရဲ့ချွေးမချော မိုနာက အတွက်ရဲ့စာကို ပေးရုံတင်မဟုတ်ဘူး၊ နောက်ဆက်တွဲပါ ဆက်ပြီးပြောသွားလို့ ဒီစာကို ရေးဖြစ်အောင် ရေးရတယ် အတွက်။

မိုနာဟာ မိန်းမချောလေးပဲနော်။ ရုပ်တင်ချောရုံ မဟုတ်ဘူး၊ စကားပြောလည်း ပြေပြစ်လိုက်တာ။ သူ့ယောက္ခမ ဒေါက်တာမိုးကောင်းခေါ် အတွက်နဲ့ ဘာမှ မတူပါလား။

မိုနာက ပြောတယ်၊ "အန်ကယ်မိုးက မှာလိုက်တယ်" တဲ့၊ ""မင်းတို့အန်တီ မကျည်းတန်ဆီက ပြန်စာအပေါ် မူတည်ပြီး အန်ကယ့်ဘဝ ဆက်လက်လှုပ်ရှားရမှာမို့ ဒီပြန်စာမှာ အဖြေဆက်ဆက် ရေးပေးပါ" လို့ မှာလိုက်ပါတယ်တဲ့။ ခုတော့ အန်ကယ်မိုးဟာ ရခိုင်နယ်မြေမှာ ခရီးဆက်လက်သွားရင်း အန်တီရဲ့ ပြန်စာကို စောင့်နေမယ်တဲ့။ နွေဦးပေါက်တရာသီလုံး မေယုမြစ်ကို ဆန်တက်ပြီး စိုင်းဒန်ရေတံခွန်အထိ သွားမယ်တဲ့။ ဘူးသီးတောင်၊ မောင်တော၊ ဘော်လီဘဇားထိလည်း ရောက်မယ်တဲ့။ မင်းကြီးရွာမှာ အခြေချပြီး အနီးအနားတဝိုက်ကို ခရီးဆန့်မယ်လို့ မိုနာက ပြောသွားတယ်။

မိုးဦးကျမှ ငပလီကို ပြန်နားလိမ့်မယ်တဲ့။ ဒါကြောင့်မို့ ငပလီကိုနားဖို့ ပြန်အလာမှာ အန်တို့စာကို အမောပြေ အန်ကယ်မိုး ဖတ်ရပါစေလို့ မိုနာ ဆုတောင်းပါသတဲ့။

မိုနာလေ လှလှပပ သူ့နှုတ်ခမ်းလေးနဲ့ စကားလုံးလေးတွေကိုပြောပြီး အတွက်စာကို မွေးလက်ထဲ ထည့်သွားပါတယ်။

မွေးရဲ့ပြန်စာဟာ ရခိုင်မြေအနှံ့ ခရီးဆန့်ပြီး မောပန်းတကြီး ပြန်လာတဲ့အတွက် အတွက် ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ ဖြစ်ရမှာပေါ့နော်။

ဆရာဝန်အလုပ်ဟာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝမို့ စိတ်ထားတတ်ရင် အလွန် မြင့်မြတ်တဲ့ အလုပ်ပဲ။ အခု အတွက်သွားမယ့်နေရာတွေဟာ ရခိုင်ပြည် မြောက်ပိုင်းမို့ မိုးရာသီဆိုရင် မိုးရေချိန်လက်မ ၁၀၀ ကျော် များပါတယ်။ ရွာမိရင် မိုးစွေလို့ မဆုံးပေဘူးပေါ့။ ယခုလို ဆောင်းဦးပေါက်နဲ့ နွေရာသီတခုလုံး မြောက်ဘက်ပိုင်းကို သွားတာ ကောင်းပါတယ်။ မိုးရာသီမှာ ငပလီ ပြန်နားတာလည်း ကောင်းပါတယ်။

မိုနာပြောတော့ ငပလီစခန်းနောက်က ဇီးဖြူကုန်းရွာလေးမှာ အတွက် အိမ်တအိမ်ငှားပြီး ဆေးခန်းဖွင့်ထားတယ်ဆို၊ စိတ်ချမ်းမြေ့စရာပါပဲ။

ခုခေတ် တေးဆိုတဲ့ ကလေးမလေးတွေ အလိုအရဆိုရင် အတွက်ဆိုတဲ့ ဆရာဝန်ကြီး အပါးမှာ မွေးဟာ သူနာပြုဆရာမလေးဖြစ်ရင် သိပ်ကောင်းပေါ့နော်။

ဩော်... အကောင်းဘက်ကတွေးရင် အားလုံး အကောင်းချည်းပဲပေါ့ အတွက်ရယ်။ အားလုံး အကြောင်းတွေကိုလည်း အကောင်းပဲ ဖြစ်ပါစေလို့ မွေး ဆုတောင်းပါတယ်။

အတွက်ဆိုတဲ့ ဆရာဝန်ကြီးရဲ့တရားဝင်နာမည်ကိုကလည်း ဒေါက်တာမိုးကောင်းဆိုတော့ အကောင်းတွေတော့ စုပေါင်းနေတာပေါ့လေ။ တကယ်ကောင်း၊ မကောင်းကတော့ ဘဝအကြောင်းပေါ်မှာ တည်လေရဲ့။ တို့များနှစ်ယောက်ရဲ့ဘဝအကြောင်းက တို့ရဲ့အနာဂတ်ကို ဖန်တီးမှာပေါ့။

မွေးရဲ့နာမည်ကသာ ငယ်တုန်းက အတွက်ခေါ်ခဲ့တာ "မကျည်းတန်" တဲ့။ ပညတ်သွားရာ ဓာတ်သက်ပါတတ်တဲ့ သဘောအရဆိုရင် မွေးရဲ့ဒုတိယအရွယ်နဲ့ တတိယအရွယ်မှာ မွေးဆိုတဲ့ နာမည်အတိုင်း ဘဝရဲ့အဆုံးအထိ မွေးဘဝဟာ မွေးပါစေ၊ အေးပါစေလို့ ကိုယ့်ကိုယ် ကိုယ်ပဲ ဆုတောင်းရတယ် အတွက်။

ဟုတ်တယ် အတွက်၊ ကိုယ့်ကိုယ်ကိုယ်ပဲ ဆုတောင်းရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မွေးအတွက် ဆုတောင်းမေတ္တာ ပို့သပေးမယ့် အရင်းနှီးဆုံးသူဟာ ဒီမြေပေါ်မှာ မရှိတော့ဘူး။ ဘဝ အကြောင်းများ တယ်ကြောက်ဖို့ ကောင်းတယ်နော်။ အတွက်လည်း တယောက်တည်း ပါပဲ။ ဒါပေမင့် ခုနေ အတွက်သေရင်လေ သားကြီးရစ်ချတ်ကအစ ငိုမယ့်သူတွေ တပုံကြီးနော်။ မွေးမှာတော့ သေရင်တောင် ငိုမယ့်လူ ရှိပါ့မလား မသိဘူး။

စကားစပ်လို့ ရေးရဦးမယ်။ တနေ့က သူငယ်ချင်းတယောက်နဲ့ ရောက်တတ်ရာရာ ပြောကြရင်းက မွေးက အဲဒီစကားလုံးကို ပြောမိတယ်။ ဒီတော့ သူကပြောတယ် "မွေးကလည်း ကွယ်တဲ့၊ မင်းသေရင် ကျိတ်ငိုမယ့်သူတွေ တပုံကြီးပါ" တဲ့။

ဩော်... လူများဟာ တယ်ပြီး ကိုယ့်ကိုယ်ကိုယ် ဘက်လိုက် တွေးတတ်တဲ့သဘော သိပ်ရှိတာပဲနော်။ သေပြီးတဲ့နောက် ဒီခန္ဓာကိုယ် အတ္တဘောက ဘာမှ ခံစားမှု မရှိတာတောင် ကိုယ့်နာမည်ကို ဖော်ထုတ်ဟစ်ကြွေးပြီး ငိုစေချင်တဲ့ဆန္ဒ ရှိရသေးတယ်။ အတွက်တယောက်တော့ ကျိတ်ပြီးငိုတဲ့အထဲ ပါကောင်းပါရဲ့နော်။ စကားစပ်မိလို့သာ ရေးပြတာပါ။ မိမွေ့မွေးအတွက် ဘယ်သူ့မျက်လုံးကမှ မျက်ရည်တစက် မကျစေချင်ပါဘူး။

ဝမ်းနဲ့မလွယ် သားမမည်ဘူးတဲ့။ မိဘက သားသမီးအပေါ်ထားတဲ့ မေတ္တာဟာလည်း ဘယ်မေတ္တာနဲ့မှ မယှဉ်သာပါဘူး။ ဒီလိုပဲ

သားသမီးလိမ္မာတော့လည်း မိဘအပေါ် တယုတယ ပြုစုတဲ့မေတ္တာဟာ ခံစားရတဲ့မိဘအဖို့ အင်မတန် ကြည်နူးနှစ်သိမ့်စရာ ကောင်းပါတယ်။

ဘဝအကြောင်း မကောင်းတဲ့ မွေးအဖို့တော့ ဝမ်းကလွယ်ပြီး သားတယောက်ကို အဖြစ်ရှိအောင် ကျကျနန မမွေးခဲ့နိုင်တဲ့ မိန်းမတယောက်ပေကိုး။ ဒီတော့ ဝမ်းနဲ့ လွယ်မွေးတဲ့ သားများမိခင်တွေလို သားသမီးအစစ်ရဲ့ ချစ်မေတ္တာကို မွေး ခံစားခွင့် ဘယ်ရှိပါ့မလဲ။

ဒါအတွက် ဝမ်းနည်းစရာလား ဆိုတော့လည်း မဟုတ်ပါဘူး အတွက်။ ကိုယ့်ကိုယ်ကိုယ် ရှေ့တန်းတင်ပြီး သိပ်သနားနေရင်တော့ ၃၁ ဘုံမှာ သတ္တဝါဟူသမျှ သနားစရာချည်းပဲ။

ဗုဒ္ဓရဲ့ အဘိဓမ္မာအရဆိုတော့ အတိတ်ကံအကြောင်းရင်းက မွေးရဲ့ပစ္စုပ္ပန်ဘဝ အကျိုးပေးကို ဖန်တီးလေတော့ ကြေကွဲဝမ်းနည်းစရာ မဟုတ်ပါဘူး။

သူငယ်ချင်း တယောက်က အကြံဉာဏ်ပေးတယ်။ ကြီးတဲ့အခါ လက်တိုလက်တောင်း ဆေးပေးမီးယူရအောင် မိန်းကလေးတယောက်ကို လူမှန်းမသိခင် အရွယ်ကစပြီး မွေးစားပါလားတဲ့။

သူ့အကြံဉာဏ်ကို မွေးက ပြုံးပြီးနားထောင်ခဲ့တယ်။ ဘာမှ အဖြေမပေးခဲ့ပါဘူး။ သူကလည်း ကောင်းစေလိုလို့ အကြံဉာဏ်ပေးတာပါပဲလေ။

ဘာဖြစ်လို့ မွေး ပြုံးလဲဆိုတာတော့ အတွက်တယောက်ကို ရေးပြရဦးမယ်။ ဝါးခယ်မက အသိတယောက်ရဲ့ဈာပနကို မွေး သွားခဲ့တယ်။ သူ့အမည်က ဒေါ်ပြည့်ဝတဲ့။ ဝါးခယ်မသူပဲ။ ရန်ကုန်မှာ အနိစ္စရောက်တယ်။ အတွက်နဲ့တော့ မရင်းနှီးပါဘူး။ မွေးတို့နဲ့ ရင်းနှီးတယ်။ ဝါးခယ်မသူ၊ ဝါးခယ်မသားတွေဟာ ရင်းရင်းနှီးနှီးပဲ စုဝေးလာကြပြီး ဒေါ်ပြည့်ဝဈာပနကို သင်္ဂြိုဟ်ကြတယ်။

မွေးက ထူးထူးခြားခြား လူစုလူဝေးကို ကြည့်မိဘယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ပြည့်ဝဟာ သမီး ၃ ယောက်၊ သား ၂ ယောက် မိခင်ပေါ့။ မွေးလို အထီးကျန် မိန်းမတယောက် မဟုတ်ပါဘူး။ ဒေါ်ပြည့်ဝဆိုတဲ့အတိုင်း သားသမီးအပြည့်အဝပါပဲ။ သေတကံ၊ ရှင်တကံ ဘဝကံက ဖန်တီးလာတော့ အဲဒီ ဒေါ်ပြည့်ဝဈာပနမှာ သားအငယ်ဆုံးလေးကလွဲလို့ ဘယ်သူမှ သူတို့မိခင်ကို လာပြီး မသင်္ဂြိုဟ်ကြဘူး။ ပရိသတ်ဆိုတာက ဈာပန ပြာချပြီးတဲ့နောက် အတင်းလေးတွေ ပြောကြပြီး ပြန်လာကြတာ၊ ဈာပနအတင်းပေါ့လေ။

“ဒေါ်ပြည့်ဝဟာ အခု သေတဲ့အချိန်မှာ မပြည့်ဝရုံတင် မဟုတ်ဘူး။ ဆေးရုံမှာ

ရောဂါသည်းလို့ တင်ထားချိန်မှာတောင် ဘယ်သားသမီးတယောက်မှ လာမကြည့်ကြဘူးတဲ့”

တယောက်က ဝင်ပြောတယ်။

“ဘယ်လာကြည့်မလဲကွာ၊ သေတဲ့ရောဂါရတာကိုက ဖဲဝိုင်းနာကွ။ ဖဲချရင်း အညောင်းအမိ လွန်ပြီး စားရမှန်း မသိ၊ အိပ်ရမှန်း မသိ၊ မိုးလင်းအထိ ဖဲချလို့ ရတဲ့ရောဂါ၊ ပြီးတော့လည်း သမီးတွေရဲ့ လက်ဝတ်လက်စားတွေပေါင်ပြီး ဖဲချတာ၊ ဒီမိန်းမ သေတာ ကောင်းသတဲ့”

မွေးဖြင့် ကြက်သီးဖြန်းဖြန်း ထသွားမိတယ်။ ကြားရတာ ကြောက်စရာ မကောင်းဘူးလား အတွက်။

ဒီတော့ တယောက်က ဝင်ပြောပြန်တယ်။

“ဟေ့ - သမီးတွေရဲ့ လက်ဝတ်လက်စား ပေါင်ပြီး ဖဲချလို့ ဒီမိန်းမ အပြစ်ရှိရင် သူ့အပြစ် သူခံရမှာပေါ့” တဲ့။

“သူ့လင် မသေခင်က ဒီကလေး ငါးယောက်ကို ဝမ်းနဲ့လွယ် မွေးခဲ့ရတဲ့ ဒီမိခင်ရဲ့ကာယိက ဒုက္ခကိုပဲ ထောက်ထားဦး။ ဒီသမီး ၃ ယောက်ဟာ မိခင်ရဲ့ နောက်ဆုံးအချိန်မှာတော့ လာရောက် ပြုစုသင့်တယ်။ လင်သေတော့ မုဆိုးမဘဝနဲ့ ဒီမိန်းမဟာ ကလေးငါးယောက်ကို လူဖြစ်အောင် ဘယ်လို မွေးလာရတယ်ဆိုတာ ငါ အသိဆုံးပါကွာ။ ဟေ့ - နောက်ဆုံး ကုန်ကုန်ပြောမယ်၊ ဖဲချရုံမကလို့ ပြည့်တန်ဆာပဲလုပ်သွားသွား မိခင်ဟာ မိခင်ပဲ။ သေခါနီးအချိန် လာမကြည့်တဲ့ သားသမီးတွေကို ငါတော့ ခွင့်မလွှတ်ဘူး”တဲ့။

ဒါက ယောကျ်ားတွေရဲ့အသံ။

အမျိုးသမီးတယောက်က ပြောပြန်တယ်။

“မိခင်တယောက်ဟာ သားတယောက် ဖွားမယ့်အခါကျရင် ဘယ်လို ဝမ်းမနာဆေး စားထားထား ဆီးကင်းလောက် ချွေးတပေါက် မကျဘဲ မမွေးဘူးမှတ်။ ဪ... ခုတော့ နို့တလုံးဖိုး ကျေအောင် ကျေးဇူးဆပ်ဖို့ နေနေသာသာ ချွေးတပေါက်စာတောင် ကျေအောင် သားသမီးက ပြုစုတာ မခံစားရပါဘူး။ အသည်းနာစရာ ကောင်းလိုက်တာ” တဲ့။

ဒါက အသံတသံ။

“ဟဲ့... ခုခေတ်မှာ ချွေးတပေါက်စာ၊ နို့တလုံးစာ ကျေးဇူးပြန်ဆပ်ဖို့

တွေးတော မျှော်လင့်မနေနဲ့။ ခြေဖဝါး အခွဲမခံရရင်၊ ဗိမ္ဗိသာရရောဂါ မရရင်ဘဲ သားသမီး အရှင်သခင်တို့ကို ကျေးဇူးတင်ပါ” တဲ့။

နောက်ဆုံး အမျိုးသမီးတယောက်က ဝင်စွက်ပြောလိုက်တော့ ပရိသတ်က ဘယ်လို လက်ခံ သဘောပေါက်သလဲမသိ ဝါးခနဲ ရယ်လိုက်တယ်။ မွေးလည်း အသာပဲ သူတို့အနားက ခွာပြီး ကိုယ့်ကားရှိရာ ကိုယ်လျှောက်လာခဲ့မိတယ်။

အိမ်အပြန်ကားပေါ်မှာ တွေးလာခဲ့မိတယ်။ လူတွေကလည်း သူတို့အမြင်နဲ့ သူတို့ ကောက်ချက်ချတာပေါ့လေ။ ဒေါ်ပြည့်ဝရဲ့အတိတ်ကံနဲ့ သားသမီးတွေရဲ့ လက်တွေ့အဖြစ်က ဘာအစပ်အဟပ် မတည့်လေသလဲမှ မသိ။ အကြောင်းရင်းအမှန်ကို ငါ ဘာမှမသိသေးဘဲ စိတ်မောမနေနဲ့ဦးလို့ ကိုယ့်အတွေးမြင် ကိုယ်သတ်လိုက်ရတယ်။

တခုသင်ခန်းစာ ရတာကတော့ ဝမ်းရေ ၅ ခါ (ငါးကြိမ်) တိုင်တိုင် အစပ်ခံ၊ အနာခံပြီး သားသမီးငါးယောက်ကို ဝမ်းနဲ့ လွယ်မွေးခဲ့ပေမယ့် ပြုစုခံထိုက်မှ ခံရတာပါလားလို့ သဘောပေါက် လာတယ်။ မိဘမှာတော့ ရင်နာရတာပေါ့။

ဝမ်းရေတခါမှ မစပ်ဖူးတဲ့ မွေးအတွက် ပြုစုမယ့်သူ မရှိဘူးလို့ ဝမ်းနည်းစရာ မလိုဘူး၊ ရင်ကျိုးစရာလည်း မလိုဘူးပေါ့။

သူငယ်ချင်းတွေ အကြံဉာဏ်ပေးသလို ကလေးမွေးစားဖို့ ဆိုတာက ဒီလိုမွေးစားရင် သူတို့ဆီက ပြုစုခံရမှာပဲလို့ မျှော်လင့်ထားရအောင်က ဒီမျှော်လင့်ချက်ကို ဘယ်သူက အာမခံ ထားမှာတဲ့လဲ။

ဒါကြောင့် မွေးဟာ ကလေးမွေးစားဖို့လည်း စိတ်မကူးဘူး အတွက်။ မိမဲ့ဖမဲ့တွေကို သနားမေတ္တာစိတ်နဲ့ ကူညီချင်ရင် လူမှုဝန်ထမ်းဌာနကို ကိုယ်ဖိရင်ဖိ သွားကူရုံပဲ။

တရုတ်ကြီး ဝက်မွေးသလို မွေးပြီး “စား” လိုတဲ့ ရည်ရွယ်ချက်နဲ့တော့ ကလေးမွေးစားတာ မကောင်းပေဘူး။ တယောက်ယောက်ဆီက အပြုအစု အချစ်ကို ရယူတောင်းခံလိုတဲ့သဘောနဲ့ဖြင့် ဘာမှ မလုပ်တာဘဲ ကောင်းတယ်။

“နေပါဦး မွေးရယ်၊ အတွက်ရေးတဲ့စာက ရှင်းရှင်းပြောရရင် (၄၀) ကျော်နှောင်းသက်ရဲ့ ရည်းစားစာပါကွယ်။ ဒီ ရည်းစားစာကို မွေးပြန်ရေးနေတာက “ဒေါ်ပြည့်ဝအကြောင်း မာတောဝါဒ ဆုံးမစာကြီးလို့” စာဖတ်ရင်း အတွက် အပြစ်မတင်နဲ့ဦး။ မွေး အကြောင်းရှိလို့ ရေးတာ။

အရင့်အရင်က (၂၀) ကျော်အချစ်၊ အိပ်မက်ရိပ်အောက်မှာ လရောင်ကို ဆီမီးလုပ်ပြီး ပန်းဝတ်လွှာဖြူကို စက္ကူအဖြစ်ထားပြီး ရေးခဲ့တဲ့ ကိုကိုနိုင်တို့၊

အတွက်တို့ရဲ့ရည်းစားစာတွေကို၊ တခါတည်းကို မဆုံးနိုင်တဲ့ စာရှည်ကြီးတွေကို မွေး ဖတ်ခဲ့ရပြီ။ အခု မွေးက ရေးရတဲ့အလှည့်။ အတွက်က ဖတ်ရမယ့်အလှည့်။ ဒါပဲနော်၊ "အလှည့်ကျတော့ မနွံ့ရဘူးတဲ့"၊ ဟဲ ဟဲ ဒီစကားလုံးလေးဟာ သိပ်ကောင်းတာပဲကွယ်။ မွေးတော့ သိပ်သဘောကျတာပဲ။ အလှည့်ဆိုတာ ရှိစမြဲမို့ လောကခံဆိုတဲ့ စကားလုံးကလည်း ဘဝရဲ့အဘိဓာန်မှာ ပါလာရတာပေါ့။ မိန်းမ တယောက်လုံး ယူရမယ့်အချိန်မှာ ခံစားရမယ့်ဒုက္ခတွေကို အသာထားလိုက်ပါ။ မွေးရေးမယ့် ပြန်စာရှည်ရှည်ကိုပဲ သည်းခံပြီး ဖတ်နိုင်အောင် ကြိုးစားလိုက်ပါဦး အတွက် လူပျိုကြီးရယ်။ ကိုယ့်အလှည့်ကျတော့မှ ချစ်သလား၊ မချစ်ဘူးလား၊ လက်ထပ်မှာလား၊ လက်မထပ်ဘူးလား၊ ဒီမေးခွန်းနှစ်ခုကိုပဲ တို-ကျဉ်း-ရှင်း ဖြေရမှာ။ တကတဲ၊ ပြန်စာကိုက ဗာရာဏသီ ချဲ့ပြီး ယမုံနာသီတာ၊ ရောဝတီရော၊ ဂင်္ဂါရော၊ အတ္တလန္တိတ် အာတိတ်စက်ဝိုင်းက ရေခဲတောင်တွေပါမကျန် ဖွဲ့နွဲ့ရေးလိုက်တာလို့ စာဖတ်ရင်း ဒေါ်မပွနဲ့၊ အလှည့်ကျတော့ မနွံ့နဲ့။

သူရေးတဲ့ရည်းစားစာကျတော့ ဗိုလ်ချုပ်ကြီးအောင်ဆန်းရဲ့ "အပ္ပမာဒေန သမ္ပာဒေထ" လည်း ပါတယ်။ သိပ္ပံပညာရော၊ မျောက်မင်းရော၊ ပုဏ္ဏားရော၊ ငါးရာ့ငါးဆယ် နိပါတ်တော်တွေ ကုန်ပြီလား၊ ရေးထားလိုက်တာ၊ ဒီရည်းစားစာ ရေးပုံဟန်ကိုတော့ သဘောကျပါပြီ၊ အသေးစိတ်လည်း ဖတ်ပါတယ်၊ ပြက်ရယ်လည်း မပြုပါဘူး။ အတွက်ကို လေးစားတဲ့သဘောအပြည့်ရှိလို့ တခမ်းတနား ဒီစာကို လေးလေးစားစား ပြန်ရေးနေဘယ်ဆိုတာတော့ အတွက် သဘောပေါက်စေချင်ပါတယ်။

ဒီလိုဆို ချစ်တာကို ဖွဲ့တဲ့ အချစ်ဘွဲ့ကို စာပြန်ရာမှာ မဆီမဆိုင်တာတွေ ဘာလို့ ထည့်ရလဲလို့ အတွက်က ဆိုမယ်။

ခုတလော စာပေပညာရှင်ကြီးတွေက မိန့်ခွန်းခြွေကြတယ်။ သူတို့အဆိုအမိန့်အရ သမိုင်း နောက်ခံ လှုပ်ရှားမှု မပါရင် ဘာစာမှ အသက်မဝင်ဘူးဆိုပဲ။ ဒီတော့လည်း အတွက်ဆီကို စာရေးဆဲအချိန်တွေမှာ ပတ်ဝန်းကျင် လှုပ်ရှားမှုက အနည်းအကျဉ်း ပါသွားရတာပါ။ ဒါကိုပဲ အချစ်ဆီ စာပြန်ရင် အချစ်ကြောင်းပဲရေး၊ သမိုင်းတွေ၊ အင်းစိန်တွေပါရင် အတွက် မဖတ်ချင်ဘူးလို့ အချစ် အာဏာရှင်ကြီးက ရွှေဒေါ်တော် မထလိုက်ပါနဲ့ဦး။ အချစ်အကြောင်းချည်းပဲ သီးသန့် ရေးပါ့မယ် ကိုရွှေတွက်ရယ်။

အဲဒီတော့လည်း ဘဝအကြောင်းကို ဘာမှမသိ၊ လေ့လာသုံးသပ်မှု မရှိတဲ့ အချစ် သက်သက်သာ နားလည်တဲ့ အချစ်ရူးမ "မရွှေမွေး" ရယ်လို့ မဝေဖန်လိုက်နဲ့ဦး။ အမယ်လေး စာရေးရတာ မလွယ်လိုက်တာနော်။ တကယ်တော့ ခုချိန်မှာ အချစ်နာကျနေချိန်ဆိုတော့ အတွက်ရဲ့ မွေးတယောက် အချစ်အကြောင်းသာ ရေးရမယ်ဆိုရင် စစ်တောင်းစက္ကူစက်က

လုံလောက်အောင်သာ စက္ကူထုတ်ပေးပါ။ စိုင်းဒန်ရေတံခွန်နားက စက္ကူစက်ကြီးလည်း ပြန်ဆောက်လိုက်ပါဦး။

အီဂျစ်နဲ့ အစ္စရေး အရေးအခင်း ပြေပြစ်ပြီး စူးအက်တူးမြောင်းကြီးလည်း ဖွင့်ပါစေ။ ဒီတခါ မွေးရဲ့အချစ်ပြန်စာတွေ ရေးဖို့၊ မဟာအချစ်စာတမ်းတွေ ပြုစုဖို့ ပင်လယ်ကူးသင်္ဘောကြီးတွေရယ် မြေထဲပင်လယ်ဖြတ်ပြီး ဟော်လန်တို့၊ ပိုလန်တို့က စက္ကူချောတွေ အမြန်ဆုံး သယ်လာနိုင်ပါစေ။

မွေး အချစ်ဘွဲ့တွေ ရေးပြပါ့မယ်။ အတွတ်သာ နိုင်အောင်ဖတ်နော်။ ပြီးတော့သာ လူကို အပြစ်မတင်နဲ့၊ အချစ်သာသိတယ်၊ ဘဝကို မသိဘူးလို့။

သိသမှ အကုန်သိပေါ့ အတွတ်။ မသိချင်ယောင်ကို ဆောင်နေရတယ်လေ။ မွေးတို့ နှစ်ယောက်ဟာ ဖူးစာကံ မဆုံကြလို့ မောင်နှမလိုပဲ ချစ်လာခဲ့ကြသူတွေ ဖြစ်ပေမင့် မွေး ပြန်လည်ခဲ့ရတဲ့ ဘဝအသေးစိတ်ကို မွေးရဲ့ချစ်သူ ခင်ပွန်းသည်ကြီး ကိုကိုနိုင်တောင် အတွတ်လောက် မသိခဲ့ဘူးမို့လား။

ပြီးတော့ လက်ရှိအမြင်မှာတော့ ယောက္ခမကြီးရဲ့အမွေကို ခံစားရတဲ့ အမျိုးသမီးတယောက်။ ခင်ပွန်းသည်ကလည်း ဒု-ဗိုလ်မှူးကြီးဘဝမှာ ကွယ်လွန်ခဲ့ရလေတော့ ခံစားပိုင်ခွင့် ပင်စင်လစာကို အပြည့်အဝ ခံစားနေရတဲ့သူဆိုတော့ ဘဝအကြောင်း ဘာမှ မသိနိုင်လောက်အောင် ပြည့်စုံနေတဲ့ သူလို့ ခေါ်ရမှာပဲ။ ဒီခေတ်မှာတော့ မွေး အချမ်းသာဆုံးပေါ့လေ။

ငေါ့တော့တော့နဲ့ လက်ဝဲဆန်ဆန် ရေးရရင်တော့ ဘုံခုနစ်ဆင့်၊ မြေကြီးကို မမြင်ရတဲ့ အပေါ်ဆုံးထပ်မှာ မြသားကို လေသာပြတင်းမှာကာပြီး ရွှေမှုန်စား မွေးတဲ့ ရတနာ့ကြေးမုံ မင်းသမီးလေးပေါ့။

မြပေါင်းချောင်ကို ရိုက်ခွဲပြီး လောကကို ရဲရဲတောင် မကြည့်ရဲဘူး။ မြသားက မြက်ခြောက်ကို ရွှန်းစိုစေတယ်မို့လား။ မြသားပေါင်းချောင်ကို ရိုက်ခွဲလိုက်ရင် ကောက်ရိုးခြောက် အရိုးချောင်ကို မြင်ရဲရှုရဲတဲ့အားတောင် မရှိဘူး။ ရိုးပြတ် ကောက်ရိုးကို လယ်တောင်သူ မီးအရှို့လိုက်မှာ တငွေ့ငွေ့ ထွက်ပေါ်လာတဲ့ လယ်မီးအနံ့ကို ရှူလိုက်မိရင်ပဲ ကတ္တီပါကြာရိပ် အလယ်မှာ မိန်းမောသွားတဲ့ ရတနာ့ကြေးမုံ မင်းသမီးလေးပဲ၊ တမင်ကို လုပ်နေရတယ်၊ မထူးဆန်းဘူးလား။

တကယ့်မိရွှေမွေး အစစ်ကတော့ ရင်းပြားမြစ်ကို သွေးသောက်ပြီး ဆန္ဒင်းမှုန့်ကိုစားပြီး မွေးလာခဲ့တဲ့ အကြမ်းဘုံသူတယောက်ပါပဲ။ အတွတ် အသိဆုံးပါလေ။

ဘုံကြမ်းသူ မိန့်မှမ်းဟာ ဘဝခရီး ခယောင်းတောကြီးကို ကောင်းကောင်းကြီး

သိပေမင့် တခါတရံ မသိချင်ယောင် ဆောင်နေရတာပဲ။

အခုတော့ ရတနာ့ကြေးမုံ မင်းသမီးလေးဟာ မဟာဆန်ဆန်ပဲ နေပါတယ်။ မတော် တဆ မြသားအတိပြီးတဲ့ လေသာပြတင်းကိုများ ဖွင့်လိုက်မိလို့ လေစိမ်းလာဟပ်သွားရင် နေ့များ လဲသွားရင် ရခိုင်မြို့ကျေး တနေရာက ဆရာဝန်ကြီး အတွတ် ပြေးလာခဲ့ပါနော်။ မေယုမြစ်ရေကို ဖန်ပြာခွက်နဲ့ သယ်ယူလာပြီး မွေးကိုယ်ပေါ်မှာ ဆွတ်ဖျန်းလိုက်ပါ။ အိပ်ပျော်နေသော မင်းသမီးလေး နိုးလာမှာပေါ့။ အတွတ်သိပြီး ဖြစ်ပေမင့် ဒီပုံလေးကို ပြန်လေ့လာရအောင်။

သိုးဆောင်းတွေရဲ့ နတ်သမီးပုံပြင်တွေထဲမှာ ဒီမင်းသမီးလေး အကြောင်းဟာလည်း စိတ်ဝင်စားစရာ ကောင်းတယ်နော်။

ဒဏ္ဍာရီ ပုံပြင်ဆိုပေမင့် တယောက်နဲ့အများ၊ အများနဲ့တယောက် ဆက်စပ်နေပုံကို သရုပ်ဖော်ထားတာ မသိမသာနဲ့ သဘာဝကျသားပဲ။

လက်ကို အပ်စူးရင်ဖြင့် ဒီမင်းသမီးကလေး အိပ်ပျော်သွားလိမ့်မယ်လို့ မင်းသမီးလေးရဲ့ ပုခက်တင်မင်္ဂလာပွဲမှာ နတ်သမီးတယောက်က အနိဋ္ဌာရုံနိမိတ် ဖတ်ကြားသွားခဲ့တယ်။ ခမည်းတော်၊ မယ်တော်တွေဟာ သူတို့သမီးတော်လေး မနိုးသောအိပ်ခြင်းနဲ့ အိပ်ပျော်သွားမှာစိုးလို့ အပ်ဆိုရင် မမြင်ဖူးအောင် သိမ်းဆည်းလိုက်ရတာ အမောပဲ။

မင်းသမီးလေးရဲ့အကုသိုလ်နဲ့ တိုင်းသူပြည်သား အကုသိုလ်က ကြုံရမယ့်ကိန်း ဆိုက်လာတော့ အပ်တိုတချောင်းတောင် မမြင်ရအောင် သိမ်းဆည်းထားရာက မင်းသမီးလေးလက် အပ်စူးရတယ်။ အပ်စူးလို့ မင်းသမီးလေး အိပ်ပျော်သွားတာနဲ့ တပြိုင်နက် နန်းတော်ကြီးတခုလုံးနဲ့ တိုင်းပြည်ကြီးတခုလုံးဟာ လူသေတွေလို မလှုပ်မရှား အိပ်ပျော်သွားကြရတယ်။ ဒီနေရာမှာ ဗုဒ္ဓဘာသာအတွေးအခေါ် ဆန်လိုက်တာ၊ တိုင်းသူပြည်သား သတ္တဝါတွေရဲ့ အကုသိုလ်က ဖန်တီးလာတော့ ကြုံကြုံဖန်ဖန် သူတို့ ခမျာများမှာ ဘာမှ မလုပ်ရဘဲ ဒီမင်းသမီးလေး လက် အပ်စူးတာနဲ့ ဒီတိုင်းသူပြည်သားတွေမှာ အသက်ရှင်ရက် သေသူတွေလို ဖြစ်သွားကြရတယ်။ ကဲ... ကံ၊ ကံ၏ အကျိုးတရား၊ အကြောင်းတရားများ အံ့သြစရာ မကောင်းပေဘူးလား။

ဒါကြောင့် မြတ်စွာဘုရားသခင်က ကံသာလျှင် မိမိဥစ္စာရှိသည်၊ ကံသာလျှင် အမွေခံရှိသည် ကံသာလျှင် အကြောင်းရင်းရှိသည်၊ ကံသာလျှင် အဆွေအမျိုးရှိသည်၊ ကံသာလျှင် ကိုးကွယ် လဲလျောင်းရာ ရှိ၏လို့ ဟောကြားတော်မူခဲ့တယ်။

အနောက်တိုင်းက လူတွေ ကံကို မယုံဘူးလို့ မထင်နဲ့၊ သူတို့

ပညာရှင်တွေစကားမှာလည်း -

No Matter How Much One May Try, One Cannot Moldor Shan One's Destiney.

"တစုံတယောက်သောသူဟာ ဘယ်လိုပဲ ကြိုးစားပေမင့် မိမိရဲ့ဘဝအတိတ်ကံ အကျိုးပေးကို ရှောင်လွှဲသွေဖည်လို့လည်း မရပါဘူး။ အတင်းဖြစ်ရမယ်လို့လည်း ပြုပြင်လို့ မရပါဘူး" တဲ့။

မြတ်စွာဘုရားသခင်က အတိတ်မှာရော၊ ပစ္စုပ္ပန်မှာရော မိမိလုပ်သမျှ အလုပ်ကံရဲ့ဆိုးမွေ၊ ကောင်းမွေကို မိမိသာလျှင် ခံရမယ်တဲ့။

အနောက်တိုင်းက အဘိဓမ္မာဆရာကြီးတွေကလည်း ဒီလိုပဲ ပြောတာပဲ။

Men Are Defeated By Their Ohn Strenth.

"မိမိပြုသမျှဒဏ် မိမိဘာသာပဲ ခံရမယ်" တဲ့။

ဒီလိုဆို အတွက်က မေးမယ်။ တိုင်းသူပြည်သားတွေက ဘာမှမလုပ်ဘဲနဲ့ အချောင်သက်သက် ရွှေနန်းတော်ထက်ဖွား အဲဒီမင်းသမီးလက် အပ်စုးတာနဲ့ လူသေကြီးလို အိပ်ပျော်သွားကြရတယ်။ တိုင်းပြည်ကြီးကို တိုင်းပျက်ပြည်ပျက်ကျနေတာပဲ။ ရွှေမြို့တော် အလယ်ကောင်တောင် မြက်တွေပေါက်၊ နန်းတော်တိုင် နွယ်ပတ်ရတဲ့အဖြစ် ရောက်ရသလားလို့ မေးမယ်။

ဒါကျတော့ အတိတ်ကံမှာ မင်းသမီးလေးနဲ့ တိုင်းသူပြည်သားနဲ့ အဆက်အစပ် ရှိခဲ့တာကို သာမန်မျက်စိနဲ့ မမြင်နိုင်ဘူး။ မြတ်စွာဘုရားသခင်ရဲ့ သဗ္ဗညုတဉာဏ်အရာသာဖြစ်တယ်။

အတိတ်ကို မြင်နိုင်တဲ့ မြတ်စွာဘုရားသာ ရှိရင်တော့ မင်းသမီးလေးနဲ့ တိုင်းသူပြည်သား အတိတ်ကံ အဆက်အစပ်ဇာတ်ဟောင်းကို ဟောကြားနိုင်မှာပဲ။ ဒါမျိုးကျ သိပ္ပံပညာရှင်တွေ လိုက်လို့ မမီပြန်ဘူး။

မင်းသမီးလေးမှာတော့ ဘုန်းရှိတဲ့သူ ဖြစ်တယ်။ ဒီတော့ သူ့ဘုန်းဟာလည်းပဲ သူ့တိုင်းပြည်နဲ့ အဆက်စပ်ရှိနေမယ် ဆိုတာကတော့ မလွဲပါဘူး။ ဒါကြောင့် တယောက်သော အုပ်ချုပ်သူရဲ့ ဆိုးမွေ၊ ကောင်းမွေဟာ အုပ်ချုပ်ခံလူတန်းစား တိုင်းသူပြည်သားအပေါ်မှာ အရောင် ဟပ်နေသလို အုပ်ချုပ်ခံ လူတန်းစားဖြစ်တဲ့ တိုင်းသူပြည်သားရဲ့လှုပ်ရှားမှု ကောင်းမွေ၊ ဆိုးမွေဟာလည်း အုပ်ချုပ်သူအပေါ် အရောင်ပြန်ဟပ်မှာပဲ။

ဘာဘုန်းသမ္ဘာမှ မရှိတဲ့ မွေးလိုမိန်းမတယောက်ရဲ့ လှုပ်ရှားမှုတောင်မှ ရိုးမတောင်တန်းကြီး တခုလုံးခြားနေတဲ့ အတွတ်ရဲ့အသည်းနှလုံးကို ကောင်းခြင်း၊ မကောင်းခြင်း ဆိုတဲ့ သောမနဿ၊ ဒေါမနဿ ဝေဒနာတွေ ဖြစ်ပွားရတယ်မို့လား အတွတ်။ ဒါကြောင့် စိတ်ရဲ့ ရောင်ပြန်ဟပ်မှု အဆက်အသွယ်တွေဟာ လက်နဲ့ကိုင်မပြနိုင်ပေမင့် ကျိုးကြောင်းဆက်သွယ်မှု ရှိနေတာဟာ သိပ်အံ့ဩဖို့ ကောင်းတာပဲ။

သိပ္ပံပညာ ထွန်းကားနေတဲ့ ဒီတခေတ်မှာ တချို့လူတွေရဲ့ အသုံးအနှုန်း စကားလုံး ကောက်ချက်လွဲမှုကြောင့် သိပ္ပံပညာဆိုတဲ့စကားလုံးဟာ အချောင်နာမည်ပျက်ရတော့မယ် ထင်ပါရဲ့။

တချို့ကလည်း သိပ္ပံပညာကို စကားလုံးအနေနဲ့တောင် သဘောမှ ပေါက်ရဲ့လား မသိဘူး။ သိပ္ပံနည်းကျကျ၊ သိပ္ပံနည်းကျကျ ဆိုတာကို နေရာတိုင်းမှာ သုံးတယ်။ ပြီးတော့လည်း လက်ဆုပ်လက်ကိုင် ရုပ်ဝတ္ထုကို ကိုင်မပြနိုင်ရင် မယုံဘူးလို့လည်း ပြောတယ်။ အဲဒီလူတွေလည်း ဟိုဂိုဏ်း၊ ဒီဂိုဏ်း ခတ်လုံးတွေ လက်ဖွဲ့တွေ၊ အစီအရင်နဲ့ ဂိုဏ်းတွေကို ပွဲအမျိုးစုံပြင်ပြီး ကိုးကွယ်နေကြတာတွေကို မွေးတို့ ရန်ကုန်မှာ အံ့ဩစရာ ကောင်းလောက်အောင် တွေ့ရတယ် အတွတ်။

မျက်လုံးနဲ့ မမြင်ရသော်လည်း လေလှိုင်းရဲ့တုန်ခတ်အားကို လိုင်းချင်းညီအောင် ဖမ်းယူနိုင်လို့ တနိုင်ငံနဲ့ တနိုင်ငံ ရေဒီယိုဆက်သွယ်မှုတွေ ရခဲ့တာပေါ့။

ဒီတော့ မမြင်ရတဲ့ စိတ်ခတ်အားဟာ ကမ္ဘာတခုကိုသာမက စကြဝဠာကိုပါ ပျံ့နှံ့ ဆက်သွယ်မှု ရှိနေတာကို ဘာမှ သံသယရှိစရာ မလိုပါဘူး။

ကမ္ဘာသူ၊ ကမ္ဘာသားတွေရဲ့စိတ်ခတ် ပျက်ပြားလာရင် ကြောက်မက်ဖွယ်ကောင်းတဲ့ စစ်ဆိုတဲ့ကပ်ဟာ ဆိုက်လာတတ်တယ်။

အတွတ် တခါတလေကျ မတွေးမိဘူးလား။

“ပွန်ပီအိုင်မြို့၏ နောက်ဆုံးနေ့ ဝတ္ထုမှာရော၊ ရုပ်ရှင်မှာရောလေ၊ မကောင်းမှု အကုသိုလ် ကံမျိုးစုံကို လူတွေဟာ လုပ်လာလွန်းတော့ ဒီသတ္တဝါတွေရဲ့ အကုသိုလ်ကံ စိတ်ခတ်အဟုန်ကြောင့် မီးတောင်ကြီးပေါက်ကွဲပြီး ပြာပုံတွေအောက်မှာ ပွန်ပီအိုင်မြို့ကြီးလည်း ပျောက်ကွယ်သွားရတယ်။

အိပ်ပျော်နေတဲ့ မင်းသမီးလေးအကြောင်း ရေးရာက ပွန်ပီအိုင်မြို့ကြီးရဲ့နောက်ဆုံးနေ့ကို ရောက်သွားရပြန်ပြီ။

စာလက်ဆုံ ကျသွားရပြန်ပြီလို့ ဆိုရမယ်။ မွေးကို ခွင့်လွှတ်ပါ အတွတ်ရယ်။

အင်မတန် သွေ့ခြောက် ပူပြင်းတဲ့ နွေရက်တွေအောက်မှာ၊ ပျင်းရိငြီးငွေ့စရာ ကမ္ဘာ့ဌာန်းကျောင်းလို အာရောဂျံ ဆေးကုဌာနမှာ အတွတ်နဲ့ တွေ့တော့မှ မွေးလေ အားပြန်တက်လာတယ်။ စကားပြောဖော် ရလာတယ် ဆိုရမှာပေါ့။

ခုလည်း မွေးမှာ အထီးကျန် သိပ်ငြီးငွေ့တဲ့အခါ ခရီးဆန့်ချင်တယ်။ ဒါပေမင့် အရင်က ခရီးသွားရတာ နယ်ကျယ်တယ်။ ခြေဆန့်ချင်သလောက် မြန်မာပြည်အနှံ့ ခြေဆန့်လို့ ရခဲ့တယ်။ အတွတ်က မေးမယ်၊ ခုကော သွားချင်ရာ ထသွားလိုက်ပါလား၊ မွေးကို ဘယ်သူက ခြေချုပ်ထားသလဲ လို့ မေးမယ်။

ဒီခန္ဓာကိုယ်ဟာ မွေးရဲ့အလိုကို မလိုက်လေတော့ မွေးတယောက်တည်း ခရီးသွားလို့ မတော်ဘူး။ အရင်ကတော့လည်း ကိုယ့်အပါးမှာ သွားလေရာ ကိုယ့်ချစ်သူနဲ့အတူ သွားကြလေတော့ အဖော်လည်း ရှိတယ်။

"ခုလည်း သင့်တော်တဲ့မိတ်ဆွေတယောက်နဲ့ သွားပါလားဗျာ" လို့ ဆိုစရာ ရှိတယ်။ ခုတလောမှာ မိန်းမချည်းပဲ သွားလို့လာလို့ မတင့်တယ်ဘူး။ လုံခြုံမှု မရှိဘူးလို့ ဆိုရမယ် အတွတ်။ ကျန်းမာရေးလည်း ခနော်ခနဲ့ဆိုတော့ တစိမ်းခရီးဖော်ကို ဒုက္ခမပေးချင်ဘူး။

ရဲဘော်ရဲဘက်လို ချစ်ခင်တဲ့ ယောကျ်ားမိတ်ဆွေတွေနဲ့ ခရီးထွက်ပါလားလို့ အတွတ်က ထပ်တွန့်စရာ ရှိတယ်။

အဲဒီတော့ မွေးက မေမေ ဆိုတတ်တဲ့ တေးအို တေးဟောင်းလေးကို ပြန်ရွတ်ပြချင်တယ်။

ဆင်တော်ရန် ကေသာဖြီးရင်လည်း

လင်မျှော်ပြန်ပြီတော်လို့

အများပြည်ရွာက ညည်းရှာကြ

အထီးကိုယ်ပင် စရော့သလား

သမီးကိုယ် ညီမကဲ့သို့

အများက မစာနာပါသတော်

ကြားရပါတဲ့ စကားလာ"

ဒီတေးအို တေးဟောင်းလေးဟာ မြန်မာ့ပတ်ဝန်းကျင်မှာ မြန်မာနဲ့လိုက်တဲ့ ကဗျာလေးပဲ။ အရွယ်မလွန့်တလွန်မှာ ချစ်သူကင်းမဲ့သွားသူ

အမျိုးသမီးတယောက်ရဲ့နေထိုင်ရပုံ မလွယ်ကူပုံကို သရုပ်သကန် ပီပီသသနဲ့ ဖော်လိုက်တာပဲ အတွက်။

ဒါကြောင့် ခရီးသွားရင်းလည်း စိတ်ဝမ်းကိုဖြေလို့ မရလို့ ရင်ထဲရှိသမျှ ဘာရယ်လို့ မဟုတ်ဘူး၊ အတွက်ဆီ စာရေးရင်း ဖွင့်ရေးတာတွေကို ခွင့်လွှတ်ခြင်းနဲ့ ဖတ်ပါနော်။

အိပ်ပျော်နေတဲ့ မင်းသမီးလေးပုံပြင်ကနေ ပွန်ပီအိုင်မြို့ရဲ့နောက်ဆုံးနေ့ရောက်အောင် ကပေါက်ချိ ကပေါက်ချာတွေ ရေးနေတယ်လို့ မထင်ပါနဲ့၊ ဖတ်မယ့်သူကလည်း အတွက် တယောက်တည်း ရှိတယ်။ မွေးလေ ရင်ထဲမှာ ပေါ့သွားရင် အတွက်ကို ကျေးဇူးတင်ရမှာပေါ့။

ခရီးသွားဖို့ကလည်း အကြောင်းကြောင်းတွေကြောင့် မလွယ်ကူဘူး။ ပြဿနာတခုခု ဖြစ်လာပြန်လည်း တီးတိုးဆွေးနွေးဖို့က သာပြီး မလွယ်တာပေါ့။ ကိုယ့်အထာ၊ ကိုယ့်သဘောကို နီးနှောတိုင်ပင်ဖို့ အရင်းနီးဆုံးသူ ဆိုတာကလည်း ကိုယ့်ချစ်သူသာ ဖြစ်တယ်။ သူသာလျှင် အပေးအယူ မျှမျှတတနဲ့ ပြောပြဆွေးနွေးလို့ ရတယ် အတွက်ရယ်။

တယ်ဆိုတဲ့စာပါလားလို့ ဆိုမယ်။ ဟုတ်တယ် အတွက်၊ မွေးရဲ့လက်ခံချက်၊ ခံစားချက်၊ ယုံကြည်ချက်တွေကို တင်ပြဆွေးနွေးရင် ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောရမယ်။ ဒီတော့ ကိုကိုနိုင်က လက်ခံသင့်တာကိုလည်း သူ ထောက်ခံမယ်၊ တဖက်စွန်းရောက်နေရင်လည်း မွေး ခံယူချက်ကို သစ္စာရှိစွာနဲ့ ပြင်မယ်၊ မိဘလိုလည်း လိုအပ်တာတွေရှိရင် ဖြည့်စွက်ဆုံးမမယ်။ တခြားသူ တယောက်ကို ပြောပြဆွေးနွေးဖို့ကတော့ မလွယ်ကူရုံမက ခံယူချက်ချင်း မတူရင်၊ သစ္စာမရှိရင်၊ သဘောမပေါက်ရင် "အရူးမကြီး၊ တနေ့တနေ့ ဘာတွေ ပြောနေလဲ" လို့တောင် ထင်မယ်။

ကိုကိုနိုင် ပြောခဲ့တာတွေ မွေး ကြားယောင်နေတယ်။

"တပ်မတော်ကိုဝင်စ ဂျပန်ခေတ်ကတည်းကရော၊ တပ်မတော် မရောက်ခင်ကရော မိန်းမပုံစံတွေ ကိုကိုနိုင် အမျိုးမျိုး တွေ့ခဲ့တာပေါ့။ မ ဆိုရင် မုန်းတယ်ဆိုပြီး မိန်းမမြင်ရင် မျက်လွှာချနေတဲ့လူစားမျိုး ကိုကိုနိုင် မဟုတ်ပါဘူး။ ချစ်လည်းကြည့်တယ်၊ စိတ်ကလည်း ပေါင်းကြည့်တယ်။ အဲဒီမိန်းမတွေဆီက အတွေ့အထိနဲ့ ကြည်နူးမှုတွေကတော့ ရမှာ သေချာတယ် မွေးရယ်။ ဒါပေမဲ့ အိမ်ထောင်ရေးမှာ ဒါလောက်နဲ့ မပြီးဘူး။ တကယ်တမ်း ကိုယ့်ရင်ထဲ ရှိတာတွေကို တင်ပြဆွေးနွေးတဲ့အခါမှာ ရဲဘော်ရဲဘက်လို သစ္စာရှိရှိနဲ့ ကိုကိုနိုင်ကို အမီလိုက်နိုင်တဲ့ မိန်းမမှ ရေရှည်ကျရင် ကိုကိုနိုင်နဲ့ ဖြစ်မှာဆိုတာကို တွေးမိတာနဲ့ တပြိုင်နက် ငါ

ယူသင့်တာ "မွေး" ပဲဆိုပြီး အဓိဋ္ဌာန်ကို စီမံကိန်းတခုလိုကို သတ်မှတ်ပြီး မွေးကို ယူခဲ့တာ"တဲ့။

မွေးဘက်ကလည်း ဒီလိုပဲ ဖြစ်နေတယ် ဆိုတာကို ခုမှ ပိုသိတယ်။ ကိုကိုနိုင် မရှိမှ ပိုသိတာပေါ့။

ဒါကြောင့်လည်း တမြည့်မြည့် ဆွေးမိတယ် အတွက်ရယ်။

အနောက်တိုင်းသူတွေလို ခန္ဓာကိုယ်အတွေ့ကိုသာ ရှေးရှုရင်တော့ လွယ်ပါတယ်။ ကြီးကြီးကျယ်ကျယ် ဥပမာပြောရရင်လည်း မစ္စစ်ကနေဒီတို့ဆို သမ္မတကြီး ဂျွန်ကနေဒီ ကွယ်လွန် သွားပြီးတဲ့နောက် အိုနာစစ်ဆိုတဲ့ သူဌေးတဦးကို လက်ထပ်လိုက်တာပဲ၊ မလိုချင်တော့လည်း ကွာပစ်လိုက်တာပဲ။

ကိုကိုနိုင် မဆုံးခင် သွားကြည့်တဲ့ ဟောလိဝုဒ်က ရုပ်ရှင်တခုမှာ ဗီဗီယံလေး ဇာတ်လိုက် လုပ်တယ်လေ။ Roman Holiday of Mrs Stone ဆိုတဲ့ ရုပ်ရှင်ကားပေါ့။ မစ္စတာစတုံး ဆိုတဲ့ သူဌေးကြီး သေသွားတယ်ဆို သူ့ဇနီး မစ္စစ်စတုံးဟာ ငြီးငွေ့စရာကောင်းတဲ့ သူ့ဘဝကို ရောမမြို့ကို သွားပြီး အကောင်ပေါက်စလေးတွေနဲ့ ဖြေဖျောက်တဲ့ဇာတ်လမ်းပေါ့။ ဇာတ်လမ်းတွေ ဘာတွေကို မွေး ဘာမှ မဝေဖန်ချင်ပါဘူး။

မွေးတို့အဖို့လည်း လွယ်ပါတယ်၊ တကယ်တော့ လွယ်ပါတယ်။ ဘာကိုမှလည်း အကြောင်းပြစရာ မလိုဘူး။ ဘယ်သူ့ကိုမှလည်း ထောက်ထားဖို့ သားငယ်သမီးငယ် မျက်နှာရယ်လို့ မွေးမှာ မလိုပါဘူး။ ခုယူမလား၊ ခုလင်တရာပဲယူယူ ဖြစ်ပါတယ် အတွက်ရယ်။ ရုပ်ရဲ့ပြေငြိမ်းဖို့ ရှာရလွယ်သလောက် ဒီစိတ်ငြိမ်းဖို့က မလွယ်ဘူးနော်။ ရုပ်ပြေငြိမ်းမှု ဆိုတာကလည်း ဆန္ဒဆိုတဲ့ စိတ်ရဲ့တောင့်တမှုပဲ။

ဒါပေမင့် - ဒါပေမင့် မွေး လိုချင်တာက ကိုကိုနိုင်၊ အတွက် သဘောပေါက်ပြီလား။ ကိုကိုနိုင်လိုပဲ အတွက်ကိုသာ လက်ထပ်ရင် လွတ်လပ်စွာ ပြောပိုင်ခွင့် (Freedom of Speech)၊ လွတ်လပ်စွာ တွေးခေါ်ခွင့် (Freedom of thought) လည်း ရနိုင်ပါတယ်လို့ အတွက်က ဆိုကောင်း ဆိုမယ်။

ဒီတော့ မွေးကလည်း တခုပဲ ပြန်ပြောချင်တယ်။ အတွက်ကို ယုံပါတယ်။ ဒါပေမင့် အဲဒီ အချိန်ကို မရောက်ခင် အခု မွေးရေးပြတဲ့ စာလွှာတမ်း၊ သို့မဟုတ် ပျို့မှာတမ်းရှည်ကိုပဲ လက်ခံ ဖတ်ရှုကြည့်ပါဦးနော်။ ဒါကိုပဲ စိတ်ရှည်ရှည်ဖတ်ပြီး မွေးဆိုတဲ့ မိန်းမတယောက်သဘောကို နားလည်မှုရှိရင်ဖြင့် ရွှေပြည်ကြီး နီးအောင်ဖန်ဆိုသလိုပဲ ရွှေပြည်တော်မှာ နှစ်ယောက် လက်ချင်းဆုံဖို့ လှေကားတထစ် နီးလာပြီလို့ ဆိုရမှာပေါ့။

တခုတော့ရှိတယ် အတွက်ရယ်။ မွေးလေ စိတ်ထဲမှာ ထင့်နေတယ်။ အိပ်ပျော်နေတဲ့ မင်းသမီးလေး ပုံပြင်မှာ မင်းသမီးလေးလက်ကို အပ်စူးလို့ အိပ်ပျော်သွားတယ်နော်။

မွေးရဲ့အသည်းနှလုံးမှာလေ နောက်ထပ်မြားတစင်း ထပ်ပြီး စိုက်ရင်ဖြင့် မွေး ဘယ်တော့မှ နိုးလာတော့မယ် မဟုတ်တော့ဘူးလို့။

မွေးကလည်းကွယ် ကလေးဆန်လိုက်တာလို့ အတွက် ဆိုချင်ဆို။ မွေးရင်ထဲမတော့ တစုံတယောက်က တီးတိုးပြောနေသလိုပဲ။ မင်းရဲ့အသည်းနှလုံးကို နောက်ထပ် မြားတစင်း စိုက်တာကို ခံယူဖို့ မင်းမှာ အင်အားမရှိတော့ဘူးတဲ့။ မွေးရဲ့ဇာတ်လမ်းမှာ မြားက အရင်စိုက်ပြီး ဒဏ်ရာနဲ့ မိန်းမောသွားမှာလား။ ဒီတော့မှ အတွက်က ရေစင်လာဖျန်းရမှာလား။ ဇာတ်ဆရာက ဇာတ်လမ်းကို ဘယ်လိုဆက်မယ်ဆိုတာ မွေးလည်း မသိပါလားနော်။

မွေးမှာ ဘုန်းသမ္ဘာမရှိလေတော့ မွေးရင်မှာ မြားတစင်းထပ်မံစိုက်ခန်း “မြားစိုက်သော ဇာတ်လမ်း” ဟာ တတိုင်းပြည်လုံးကို ထိခိုက်မယ် မဟုတ်ပေမင့် အတွက်တယောက်အတွက် ပြဿနာတရပ် ဖြစ်လာမယ်ဆိုတာတော့ မွေး လက်ခံယုံကြည်ပါတယ်ကွယ်။

အသည်းကို မြားစိုက်တာဟာ ချစ်ခြင်းရဲ့လက္ခဏာသဘောနဲ့ မြားနတ်မောင်ပုံလေးတွေကို ရေးခြယ်ပြကြတယ်။

ဒါပေမင့် ဆဒ္ဒန်ဆင်မင်းကြီးရဲ့အသည်းနှလုံးကို မြားစိုက်ခန်းကတော့ ကမ္ဘာကြေသော်လည်း အမြဲဥဒါန်းတွင်ရစ်တဲ့ ချစ်တဲ့သူ့ငယ်ချစ်ဟောင်း စူဠသုဘဒ္ဒါရဲ့မဟာလက်စားချေပွဲ ကြီးပါလားနော်။

ပွင့်ဖတ်နုနု ပန်းပွင့်လေးတွေကနေ အချစ်ဇာတ်လမ်းကို စခဲ့တဲ့ ဆဒ္ဒန်ဆင်မင်းကြီးမှာ ဒီပန်းပွင့်လေးတွေကြောင့်ပဲ နှလုံးသားကို မြားနဲ့ပစ်ခံရပြီး မလှမပ ဇာတ်သိမ်းရတယ်။

ပိုပြီးအသည်းနာစရာ ကောင်းတာက မဟာသုဘဒ္ဒါ မိဖုရားကြီးမှာ သူ့ချစ်လင်ရဲ့ရန်သူဟာ ကောင်းကင်က လာမယ်ထင်ပြီး မိုးပျံနိုင်တဲ့ ဆင်အပေါင်းနဲ့ ဟိမဝန္တာတောင်တန်းပေါ်ကို ပျံတက်ပြီး ရှာလိုက်ရတာ၊ မွေးလေ ဒီဇာတ်လမ်းကို ဖတ်ပြီး ဒီနေရာရောက်ရင်...

“အထင်မလွဲနဲ့ မဟာသုဘဒ္ဒါ၊ သင့်ချစ်လင်နှလုံးသားကို ခွဲပြီး အစွယ်ယူမယ့်သူဟာ ကောင်းကင်ကလည်း မလာ၊ ဟိမဝန္တာမှာလည်း မရှိ၊ ဆင်မင်းကြီးရဲ့ ဗိုက်အောက်တည့်တည့်မှာ ရှိတယ်” လို့ အရပ်စကားနဲ့ပဲ

အော်ဟစ်ပြောချင်တယ်။

ပွဲကြည့်ပရိသတ်တို့၊ စာဖတ်တဲ့သူတို့ဆိုတာ ရေးပြသမျှ ဖတ်၊ ကပြသမျှ ကြည့်နဲ့ စေတနာ ဘယ်လိုညွှန်းပေမင့် ပါးစပ်က တခွန်းမဆိုနိုင်တော့ လူဖြစ်ရှုံးတဲ့ဘဝပဲ။

မွေးရဲ့ဇာတ်လမ်းမှာလည်းပဲ တွေးရတယ် အတွက်ရယ်။ မြားပုံစံ အမျိုးမျိုးရှိပါတယ်လို့ ဘယ်လိုပဲဆိုဆို မြားဟာမြားပဲ၊ အသည်းနှလုံးကို မြားစိုက်ပြီဆိုမှဖြင့် သွေးစိမ့်ယိုရတော့မယ်။ အတွက်က ဆိုမယ်၊ အဆိပ်လူးမြားမှ မဟုတ်ဘဲ၊ ရွှေရည်တွေ လူးထားတဲ့ မြားပါလို့ ဆိုကောင်း ဆိုမယ်။

တရားဆန်ဆန် ရေးရရင် စေတနာမြားပဲဖြစ်စေ၊ တဏှာမြားပဲဖြစ်ပါစေ။ အချစ်ဆိုတဲ့ မြားဟာ အသည်းနှလုံးကို စိုက်လာရင် ကိလေသာဆိုတဲ့ အပူသောကကတော့ ရင်မှာပိုက်လာမှာပဲ။ မြားစိုက်ခန်းမှာ ဆဒ္ဒန်ဆင်မင်းလို အင်အားတောင့်တင်းတဲ့ ဆင်မင်းကြီး၊ ခံနိုင်ရည်ရှိတဲ့ ဆင်မင်းကြီး၊ ရွှေတောင်ကြီးလို ပါရမီရှင်ကြီးတောင် မြေမှာ ဗုန်းဗုန်းကြီးလဲရတယ်။

နဂိုက သွေးစိမ့်ယိုရောဂါနဲ့ ခပ်ယွဲယွဲ မိရွှေမွေးအသည်းနှလုံးကို ဘယ်ပုံစံနဲ့ ဘယ်မြားပဲ လာလာ မွေး အစိုက်ခံရမယ့်အတွက် တွေးတောစရာတွေက များလှတယ် အတွက်ရယ်။

သူရဲဘောနည်းတယ်၊ သတ္တိကြောင်တယ်ဆိုလည်း ခံရမှာပဲ။ ဒါပေမင့် စေ့စေ့တွေးစမ်းပါဦး၊ အရပ်သဘောပဲ တွေးပါ။ အဘိဓမ္မာတွေ၊ တရားသဘောတွေနဲ့ မတွေးပါနဲ့လေ။

ရိုးရိုးတွေးတောင် သုဝဏ္ဏသာမ၊ စန္ဒကိန္နရီ၊ ဆဒ္ဒန်ဆင်မင်း စတဲ့ ဇာတ်လမ်းတွေမှာ အသည်းနှလုံးကို မြားစိုက်ခန်းတွေဟာဖြင့် ဇာတ်ပေါင်းခန်းမှာ သစ္စာတရားနဲ့ အေးချမ်းစွာ အဆုံးသတ်လေသတည်း ဆိုပေမင့် နှလုံးသားက သွေးယိုတဲ့ဒဏ်ရာနဲ့ မြေမှာ လူးကြရတာချည်းပဲ။

ဒီတော့ဖြင့် မွေးဖြစ်နေတဲ့ သံသယ ကျိန်စာကြီးကိုလည်း ယုတ္တိမရှိပါဘူးလို့ အတွက် ပြောမယ့်အစား အချစ်မြားမစူးဘဲ၊ သွေးထွက်သံယိုမရှိဘဲ အတွက်နဲ့မွေး ဇာတ်လမ်းပေါင်းရရင် ပိုလို့ မကောင်းပေဘူးလား။ ဇာတ်လမ်းက ဟောင်းသော်လည်း ကောင်းသောဇာတ်ပေါင်းခန်း ဖြစ်ချင်လို့ အချိန်ယူရေးတဲ့ မွေးရဲ့စာကို ခွင့်လွှတ်ခြင်းနဲ့ ဖတ်ပါလို့ မွေး တောင်းပန်ရတာပါ။

အတွက်စာထဲမှာ ကိုကိုနိုင် ဆုံးတယ်ဆိုတဲ့သတင်း ကြားကြားချင်း အတွက် လာချင်ပေမင့် ခရီးလွန်နေလို့ မလာနိုင်ဘူးလို့ပါတယ်။ အတွက်ဟာ မွေးအတွက်

အလွန်လိုလားအပ်ဆုံး အချိန်တိုင်း မွေးအပါးမှာ မရှိရတာတွေ၊ မွေးဆီကို ပြေးမလာနိုင်တာတွေဟာ စင်စစ် တကယ် တွေးကြည့်တော့လည်း မွေးငယ်ငယ်က ရွတ်ပြဖူးတဲ့ ရှင်တေဇောသာရရဲ့ကဗျာလိုပဲ။

"စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်

မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း

ကုသိုလ်ကြမ္မာ မမီပါခဲ့"

ကုသိုလ်ကြမ္မာကလည်း နှစ်ယောက် ဆုံစည်းဖို့မလွယ်၊ ကြံဖန်လွဲကြရတာထင်ပါရဲ့။ အတွတ်ကို မွေး အစဉ်ခွင့်လွှတ်ပါတယ်ကွယ်။ ဆရာဝန်တယောက်ဘဝနဲ့ တပ်မတော်သား တယောက်ဘဝဟာ အတူတူပါပဲ။ ကိုယ့်ချစ်သူကို အားငယ်နေမှာလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ပတ်လည်ဝိုင်းနေတဲ့ လူနာအများကို ပစ်ထားခဲ့ပြီး ဆရာဝန်တယောက်ဟာ ပြေးလာလို့ မဖြစ်ပေဘူး။ တပ်မတော်သားတယောက်မှာလည်း ချစ်သူကို ဦးစားပေးပြီး စစ်မြေပြင်က ပြန်ပြေးလာတယ်၊ စစ်မြေကို မထွက်ဘူးဆိုတာ သူတို့အဘိဓာန်မှာ မရှိဘူးလေ။

ဒါကြောင့် ကိုကိုနိုင် ကွယ်လွန်ချိန်မှာ အတွတ်တယောက် ပြေးမလာတာကို မွေး ခွင့်လွှတ်ပါတယ်။

မွေးမှာတော့ ရာသီချိန်ပြည့် ရင်နာရသူပါ။ စပါးစေ့လေးတွေ အိပ်ပျော်ရာက နိုးကြတဲ့ မိုးအစ ရောက်ရင်လည်း မြကောက်ပင် ပတ်လည်ဝိုင်းတဲ့ ဝါးခယ်မ မွေးဌာနကို လွမ်းအားနဲ့ တမ်းတရသူပါ။

ဩော်... ဆရာ မင်းသုဝဏ်လိုသာ ကာရန်ကို ရင်မှာပိုက်ပြီး မွေးလာတဲ့သူ ဆိုရင်ဖြင့်...

"ရွှေခြံဂါမ၊ ကျွန်ုပ်ဌာနကို

လွမ်းအားနှင့် ဆွေးမိပေါ့

မထွေးနိုင် မအန်နိုင်

ကြက်ဆောင်းသို့ တိုင်သောအခါ"

ဆိုတဲ့ ကဗျာများကို မွေး စပ်မိမှာပဲ။

အတွတ် လန်ဒန်ကနေ ရေးတဲ့စာထဲမှာ ပါတယ်မို့လား ကဗျာလေးတပုဒ်။

“နတ်တော်ဆန်း၍၊ လျှံထွန်းရောင်ဝါ

သူရိယာလျှင်၊ အဝါမမူ၊ အဖြူအနီ

စုံစီခြယ်လွင်၊ ပြင်ထပ်တွင်၍

နေဝင်မြင်သည်၊ ဝရွှေပြည်ကား

ဆီးရည်ပတ်ချုပ်၊ မှိုင်းအုပ်ပျပျ

ပုညတောင်ဆီ၊ ရည်လျက်မလင်း

မဝင်းအုံ့မှိုင်း၊ စစ်ကိုင်းတဖက်

သန်လျက်ပေါ်ထွန်း၊ ကျွန်းများတံခွန်

နန်းဗိမာန်မှာ၊ လေသွန် ပြည့်လှည့်လိမ့်တကား”

ရှင်ထွေးနာသိန်ရဲ့မွေးရပ်မြေ အင်းဝကို တမ်းတတဲ့ကဗျာ၊ စစ်သုံ့ပန်းကြီးရဲ့မွေးရပ်မြေကို လွမ်းတဲ့ ကဗျာဟာ အင်းဝရွှေပြည်ရဲ့ ချိန်ဆည်းဆာကို အဖွဲ့မှာ လှပလိုက်တာနော်။ မွေးမှာကော အသည်းနှလုံးကြားမှာ မွေးရပ်မြေကို သတိရတဲ့စိတ်ဟာ စပါးစေ့လေးတွေနဲ့အတူ အိပ်ရာကများ နိုးလာသလားလို့ အားတက်စိတ်နဲ့ တရေးနိုးမိတယ်။

မတ်လကို ရောက်ပြန်တော့ နှစ်စိတ် အတွက်ရေ။

ပပ်ကြားအက်နေတဲ့ မြေဝတ်လွှာမို့ ယာလယ်မှာ စပါးစေ့လေးတွေဟာ ပြန်ပြီး အိပ်ပျော်သွားကြပြီ။

ရွှေရောင်ကောက်ပင်ရိုးခြောက်တွေလည်း လယ်တောင်သူရဲ့ရှို့မီးမှာ ဘဝပြောင်းသွားကြ တယ်။ တချိန်က အဝါရယ်၊ အစိမ်းရယ်၊ အနီရောင်ရယ် သုံးရောင်ခြယ်အလံမှာ အလယ်က တူတံစဉ်နဲ့ ဒီအလံတော်ကို အဲဒီလယ်ပြင်တောမှာ မားမားမတ်မတ်နဲ့ ရုပ်နီညိုတွေကိုဝတ်ထားတဲ့ လက်ရုံးတပ်မတော်သားကြီးတွေက ကိုင်ဆောင်လို့၊ သူတို့နောက်မှာက လယ်တောင်သူတွေဟာ ရုပ်နီညိုတပ်သားကြီးတွေရဲ့ ခေါင်းဆောင်မှုနောက်မှာ အားနဲ့မာန်နဲ့ တိုက်ပွဲသွင်ပြင်သဏ္ဌာန် ချီတက်သွားပုံတွေဟာ အရုဏ်ဦးရဲ့ ပန်းချီကားချပ်ပဲ။

မြန်မာ့ရာဇဝင်သမိုင်းရဲ့ အနုပညာပြတိုက်မှာ ဒီပန်းချီကားချပ်ဟာ ဘယ်တော့မှ မပျောက်ရမယ့် ကားတချပ်ပါ။

အဲဒီတော့လည်း… ရုပ်နီညိုဝတ်ထားတဲ့ တပ်သားတွေရဲ့ ရိုးတိုးရိပ်တိပ် မသဲကွဲတဲ့ ပုံသဏ္ဍာန်တွေကြားမှာ တစိတ်တဒေသ ပါဝင်ခဲ့တဲ့ ကိုကိုတို့ကို ပြန်လည်သတိရတော့ မျက်ရည်စတွေနဲ့ ကောက်ရိုးပြတ်တွေကို ဖျန်းဆွတ် အသက်သွင်းပြီး လယ်တောပြင်ရဲ့ ပုံပြင်အဟောင်းကို ပြန်ပြောစေချင်တယ်။

ဩော်… ကောက်ရိုးပြတ်တွေသာ အသက်ရှိရင် လယ်မြေပေါ်က ဒဏ္ဍာရီတွေကို သူတို့သားမြေး စပါးစေ့လေးတွေကို အိပ်မပျော်ခင် ပြောလိုက်ကြမှာ သောသောညံနေမှာပဲ။ ဟော- အခု အဲဒီ ရုပ်နီညိုတပ်သားကြီးတွေက အရင်းခံမွေးဖွားလာတဲ့ တပ်မတော်ကြီး။ ဒီတပ်မတော်ရဲ့ သားတယောက်ဖြစ်တဲ့ ကိုကိုနိုင်ကို မွေး လက်ထပ်လာခဲ့မိပြန်တော့တာပေါ့။

တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သူကိုယ်တိုင် ဦးစီးခေါင်းဆောင်ပြီး အခြေခံ ဥပဒေကို ရေးဆွဲခဲ့စဉ်က ရွေးချယ်ခဲ့တဲ့ အလံတော်ကြီးဟာ မွေးတို့အိမ်ခြံဝင်းမှာ တပ်မတော်နေ့ ရောက်ရင် တလွင့်လွင့်နဲ့၊ အလံတိုင်အောက်မှာ မွေးတယောက်တည်းပဲ တပ်မတော်ကို ဦးတည်ပြီး ဗိုလ်ချုပ်ကြီးအောင်ဆန်းကအစ၊ ကိုကိုနိုင်အလယ် တပ်မတော် ရဲဘော်သားလေးတွေ အဆုံး မေတ္တာပို့ ဆုတောင်းရတယ်။ အဲဒီအချိန်မှာလေ၊ လေမှာလွင့်နေတဲ့ အလံတော်အဖျားလိုပဲ မွေး အသည်းနှလုံးတွေဟာ တဖျပ်ဖျပ် လှုပ်ရှားရတယ် အတွက်။

ဩော်… အလံတော်ကြီးသာ အသက်ရှိရင်လည်း ပြောပြမယ့် ပုံပြင်ဟောင်းတွေက လေဟာပြင်မှာ အသံလွင့်သလို နေမှာပဲ။

အဝေးမှာ စစ်ချီသီချင်းတွေ သီဆိုပြီး တပ်မတော်နေ့ အခမ်းအနားကို ချီတက်သွားကြတဲ့ ရဲဘော်တွေအသံ ကြားရတော့ သူသာရှိရင်ဆိုတဲ့အတွေးနဲ့ မွေးလေ မတ်လ ၂၇ ရက် နေ့ ရောက်ရင် ရပ်တည်ရာ မရနိုင်ဘူး အတွက်ရယ်။

အဲဒီ သမိုင်းအစစ်ရဲ့ကဗျာကို ဘယ်စာဆို ရေးဖွဲ့ပါ့မလဲ။ မွေးလေ ကာရန်မနိုင် ကလောင်ကို မပိုင်လို့ပေါ့။ မွေး ကဗျာဆရာ ဖြစ်ချင်တယ်။ ကာရန်အကျိုးအပဲ့နဲ့လည်း ကိုယ့်တပ်မတော်သမိုင်းကို မော်ကွန်းကဗျာအဖြစ် မဖွဲ့ချင်ဘူး။

မတ်လရဲ့နွေပြင်တောမှာ စိတ်မောကို ဖြေပေမင့်လည်း မပြေနိုင်ဘူး အတွက်။ ကိုကိုတို့ကို အလွမ်း၊ လင်ကိုအလွမ်းနဲ့ ဘုံကြမ်းသူ ခယောင်းတောမှာ မောလှပါပေ့။ ဒီလယ်တောကိုမှီပြီး တည်ပြီး မိုးအစနဲ့ နွေအလယ်မှာ မွေး ခံစားရတဲ့ အဖြစ်ကို အတွက်ကို ရေးပြရတာပါ။

မွေး စာအစမှာ ရေးပြသလို အတွက်လည်း ရခိုင်မြေအနှံ့ ခြေဆန့်ရင်းက

ငပလီကို ပြန်အနားမှာ မွေးရဲ့ပြန်စာကို ဖတ်ရရင် ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ သောက်ရသလို အမောပြေချင်တယ်မို့လား။

မွေးရဲ့ဘဝလမ်းမှာလည်း ဆက်လက်ခရီးသွားရရင် လက်ရှိခရီးလမ်းရဲ့ နွမ်းနယ်တဲ့ဒဏ်ကို ပြေနိုင်မယ့် ကျောက်စက်ရေကို သောက်ရမှ အမောပြေမယ် အတွက်ရေ၊ သဘောပေါက်လား။ ဒါမှ နောက်အိမ်ထောင်ပြုရခြင်းရဲ့အကျိုးကို ခံစားရမှာ။

ကျောက်စက်ရေကိုလည်း "ဖန်ပြာခွက်နဲ့ထည့်မယ်ဆိုရင် အပြာရဲ့သဘောကို ခုခေတ်မှာ အဓိပ္ပာယ်ဖွင့်ကြတာက တဏှာ" ဆိုတဲ့ ကာမဂုဏ်သဘောတဲ့။

ဒီတော့လည်း ဒီကျောက်စက်ရေကို ဖန်ပြာခွက်နဲ့ထည့်ရင် ရေရဲ့ မူရင်း အအေးခံ မေတ္တာဓာတ်သဘောကို ပျောက်သွားမှာလည်း စိုးမိတယ်။

"မြစိမ်းခွက်" နဲ့ ထည့်တဲ့ရေ ဆိုပြန်တော့လည်း အစိမ်းရောင်ဟာ အေးမြခြင်းကို ကိုယ်စားပြုတယ် ဆိုပေမင့် မြသားဟာ အရောင်သာအေးပြီး အရင်းခံ ဓာတ်သဘောက မာကျောလေတော့ မေတ္တာရေစင်ကို "မြစိမ်းခွက်" နဲ့လည်း မထည့်စေချင်ဘူး။

တပြည်ထောင်နဲ့ တပြည်ထောင် ခေါင်းဆောင်အချင်းချင်း ချစ်ကြည်ရေး ဖလှယ်ပွဲမှာ ဖန်ခွက်ချင်း တွေ့ပြီး၊ အဖျော်ယမကာ သောက်ပြီးတော့ ချစ်ကြည်ရေး ရှည်ကြာစေကြောင်း ဆုမွန်တောင်းကြတယ်။

မွေးနဲ့ အတွက် မေတ္တာချင်း ဖလှယ်ကြမယ့်အရေးမှာ မေတ္တာရေစင်ကို ဘယ်ခွက်နဲ့ ထည့်ပါ့မယ်ဆိုတဲ့ ခွက်အရောင် အမျိုးအစားကို ပထမ ရွေးချယ်ကြဦးစို့ အတွက်ရယ်။

■

အခန်း (၂)

အတွက်ရေ…

ပဏ္ဏာဦးပေမို့
တရန်စာလက်ဝတ်ထူးကိုတဲ့
မောင့်သက်မှူး ဆင်စေချင်။
ပြိုးပြက်ရောင် ရွှေလှော်သစ်ရယ်နဲ့
မောင့်ဘဏ္ဍာ ရံရံဆင့်တော့ကာ
တင့်ပါလိမ့် ရွှေရုပ်သွင်
သံလွင်က တျာ-တျေ-တျော။
ရပ်ကြီးသူ ယဉ်ခလေ့ပါကွဲ့
တဖက်သာ နားဝင်မြွေမယ်ထင့်
တသက်မှာ အစဉ်အေးမယ်ပ လေးခင့်မနော။

မတ်လရဲ့ နွေဦးပေါက် အိပ်မက်ခန်းမှာ စပါးစေ့လေးတွေတော့ မပါတော့ဘူး။ မြေမဆန်တဲ့ ကောင်းကင်ဘုံသူတွေ နေရာယူလာကြပြီ။

ရွက်ကြွေတောလို့လည်း မပြောနိုင်တဲ့ သစ်ညိုကိုင်းတွေပေါ်မှာ မြလွှာခြုံတဲ့ နွေဦးပျော် မင်းသမီးလေးတွေ ရောက်လာပြန်တော့ တပေါင်းရဲ့အလှဟာ ပြန်လည်ဆန်းသစ်လာတော့မှာပါပဲ။

တခါက မတ်လ၊ တမာနံ့သင်းတဲ့ အာရောဂျံ ဆေးကုစခန်းမှာ အတွက်နဲ့ မွှေး ပြန်လည် တွေ့ခဲ့ကြတယ်။ အဲဒီ မတ်လမှာပဲ မွှေးလေ ကိုကိုနိုင်ကို ခွဲလာခဲ့ရတယ်။

ဩော်… တဦးကိုတွေ့ဖို့ တဦးကို ခွဲထားရတာပါပဲနော်။ အာရောဂျံမှာ မွှေး နေခဲ့စဉ်တုန်းက ပြုမူလှုပ်ရှားပုံတွေဟာ အတွက်အတွက် စိတ်ထိခိုက်လှုပ်ရှားစရာတွေ တော်တော်များများ ဖြစ်နေလိမ့်မယ်ဆိုတာ မွှေး ခုမှ

တစိမ့်စိမ့်တွေးမိတယ်။

တို့များနှစ်ယောက် မြန်မာပြည်ကိုပြန်ဖို့ ထွက်လာကြတော့ မဒရပ်မှာ ခေတ္တနားကြသေးတယ်လေ။

မွေးရဲ့ အဲဒီတုန်းကအပြုအမူဟာ တော်တော်ကလေးဆန်တယ်။ တော်တော်ရူးသေးမှာပဲ၊ မဒရပ်ရဲ့ပင်လယ်ကမ်းခြေသဲပြင်မှာ ကိုကိုနိုင်ကို သတိရလွန်းလို့ "ကိုကိုနိုင်" ဆိုတဲ့ စာလုံးကိုတောင် ရေးခဲ့မိတယ်။ အဲဒီတုန်းက မွေးအနားမှာရှိနေတဲ့ အတွက်ခံစားရမှု ဝေဒနာအတွက် စာနာမိပါတယ် အတွက်ရယ်။ မွေးလေ ဘာမှမသိဘဲ လုပ်နေတာတွေဟာ တဦးအတွက် စော်ကားသလို ဖြစ်နေတာပဲနော်။ သိရက်နဲ့ ကျူးလွန်မိတာ မဟုတ်လို့ ခွင့်လွှတ်နိုင်ပါလိမ့်မယ်။

သဲပေါ်မှာ စာရေးတယ်ဆိုလို့ မွေး တခု သတိရမိတယ် အတွက်။

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင့်ငါးရာ (၂၅၀၀) ကျော်က မွေးလို အချစ်ရူးမတယောက် ရှိခဲ့ဖူးတယ်။ သူ့နာမည်က ပဋာစာရီတဲ့။

လင်ရော၊ သားသမီးရော၊ မိဘရော၊ ပစ္စည်းတွေရော ရုတ်တရက် ပျက်စီးသွားရတော့ ချစ်သောသူများနဲ့ ကွေကွင်းရခြင်း ဒဏ်ချက်ကို မရှုမလှ ခံရတဲ့နေရာမှာ လောကီဘွဲ့ထူးတွေအနေနဲ့ အချစ်ရူး ပဋာစာရီလို့ တေဒဂ်ပေးသင့်တယ်။

သွက်သွက်ခါရူးတဲ့ ပဋာစာရီဟာ နောက်ဆုံး ဘုရားသခင်ရဲ့ကျောင်းတော်ရာရောက်မှ တည်ငြိမ်အေးချမ်းပြီး တည်ရာမှီရာ ရခဲ့တယ်။

အဲဒီအချိန်တုန်းက နောက်ဆုံး ပဋာစာရီရဲ့ ကျွတ်တမ်းဝင်ခန်းလေးဟာ စိတ်ဝင်စားစရာ ကောင်းတယ်။

သူဟာ သူတရားအားထုတ်နေတဲ့ ကမ္မဋ္ဌာန်းဆောင်ရှေ့မှာ ညအိပ်ရာဝင်ခါနီး ရေအိုးထဲက ရေခပ်ပြီး သူ့ခြေကို ဆေးသတဲ့။

ခြေဆေးတဲ့ရေတွေဟာ ခြေဖမိုးပေါ်က စီးသွန်ပြီး သဲပြင်ပေါ်ကျသွားကြတယ်။ သဲထဲမှာ ရေစီးကြောင်းတွေ စိမ့်ယို ပျောက်ကွယ်သွားတာကို မြင်ရတဲ့ ပဋာစာရီဟာ ရေစက်တွေ ကွယ်ပျောက် ချုပ်ငြိမ်းသွားပုံကို မြင်တာနဲ့ပဲ မမြဲတဲ့ အနိစ္စသဘောကို ဆင်ခြင်မိတယ်။

အဲဒီညမှာ ပဋာစာရီဟာ သူ့ခန္ဓာကိုယ် လှုပ်ရှားမှုကို အသေးစိတ် ရှုမှတ်ပြီး

အိပ်မလို့ ဆီမီးတိုင်ကိုလည်း ငြိမ်းသတ်လိုက်ရော တခါတည်း သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ကို ဆိုက်သွားတယ်။

ဘဝပါရမီကလည်းကောင်း၊ တရားပြသူကလည်း မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ဆိုတော့ ဆရာကောင်းနဲ့ တွေ့ရတဲ့ ပဋာစာရီရဲ့ ရှုမှတ်မှု ဝီရိယအားကလည်း စေ့စပ်သေချာလေတော့ ပဋာစာရီ တရားတွေ့သွားပုံကို မွေး အားကျလိုက်တာ။ တရားစာထဲကဟာကို ကူးရေးပြတာ၊ တကယ့် တမဂ်တဖိုလ်ဆိုက်ဖို့ ဘယ်လို ကျင့်ရတယ်ဆိုတာ မွေး ဘာမှ မသိသေးဘူး။

မွေးတို့မှာနော် သဲပေါ် ရေစီးကြောင်းလေး ကျတာတောင် မဟုတ်ဘူး။ အိန္ဒိယဆိုတဲ့ မဟာသမုဒ္ဒရာက လှိုင်းလုံးကြီးတွေက သဲပြင်ပေါ် မွေးရေးခဲ့တဲ့ ကိုကိုနိုင်ဆိုတဲ့ စာလုံးပေါ် လွှမ်းလိုက်တာတောင် ဘာတရားမှလည်း မရှုမှတ် မဆင်ခြင်မိဘူး။ ကိုကိုနိုင်ဆိုတဲ့ လူတကိုယ်လုံး ပျောက်သွားတော့လည်း တွေ့နိုး တွေ့နိုးနဲ့ပဲ ရှာမိတာပဲ။

တနေ့တော့ဖြင့် နည်းမှန်လမ်းမှန်ကို ပြနိုင်တဲ့ ဆရာကောင်းတွေနဲ့တွေ့ခဲ့ရင် မွေးရင်ထဲက အပူမီး ငြိမ်းကောင်းပါရဲ့။

စိတ်ထဲကတော့ တခု သိနေတယ် အတွက်။ မြတ်စွာဘုရား မပွင့်မီကရော၊ ပွင့်ပြီးမှရော သတ္တဝါမျိုးစုံဟာ လောဘ၊ ဒေါသ၊ မောဟ မီးတွေရဲ့လောင်ကျွမ်းမှုကို ခံနေရမှာပဲ။ ဒီလောင်ကျွမ်းမှုဒဏ်ကို ခံရတဲ့အခါမှာ စာဖတ်ရုံ၊ ဆင်ခြင်ရုံ၊ ဥပုသ်စောင့်ရုံ၊ ဒါနပြုရုံနဲ့တော့ မပြီးသေးဘူး ဆိုတာတော့ မွေး သိနေတယ်။

ဘာကြောင့်လဲဆိုတော့ ဒါန၊ သီလ၊ ဘာဝနာရယ်လို့ ဆိုထားတယ်။ မွေးတို့ဟာ ကျပ်ကျပ်တည်းတည်း သိပ်ဆင်းရဲခဲ့သူတွေ မဟုတ်တော့ ဒါနကိုလည်း အထိုက်အလျောက် ပြုခဲ့ကြပြီ၊ သီလဆိုတာလည်း သီတင်းနေ့တိုင်း တောသူတွေဆိုတော့ တောကရွာကျောင်းကို သွားပြီး မွေးတို့ သီလဆောက်တည်ခဲ့တာ အတွက် အသိပဲ။

အဲ... နောက်ဆုံး ဘာဝနာဆိုတာ မွေး သဘောမပေါက်သေးဘူး။ စာဖတ်ရုံနဲ့တော့ ဘာဝနာဆိုတာ ပွားများခြင်းတဲ့။ ဒီတော့ ဘယ်လို ပွားများရမယ်ဆိုတဲ့ လက်တွေ့အားထုတ်ရတဲ့ အပိုင်းတော့ ရှိရမယ် အတွက်၊ ဒါကို မွေး ရှာနေတယ်။

လောလောဆယ် ရန်ကုန်မှာလေ အတွက်သိတဲ့အတိုင်း မွေးပတ်ဝန်းကျင်က စစ်ဗိုလ်ကတော်တွေ၊ တခြား အရပ်ဘက် အရာရှိကတော်တွေ၊ မိန်းမပွဲစားမျိုးစုံနဲ့ လိုင်စင် ကုမ္ပဏီပျက် သူဌေး တပတ်ရစ်တွေပေါ့။

သူတို့ပတ်ဝန်းကျင်၊ သူတို့လောက စိတ်ရှုပ်လို့ ရန်ကုန်ဆင်ခြေဖုံးသွားလည်း တောပြေး ပတ်ဝန်းကျင်၊ လက်လုပ်လက်စား ပတ်ဝန်းကျင်ပေါ့။

သူတို့တွေ ဘာတွေလုပ်နေလဲဆိုတော့ စီးပွားပူ၊ အချစ်ပူ၊ ရာထူးပူတွေပေါ့လေ။ အဲဒီ အပူသမားတွေဟာ ပွဲတွေပေးပေးပြီး ဘုန်းကြီးဆရာ၊ လူဆရာ၊ ဂိုဏ်းဆရာတွေနဲ့ လိုက်နေကြတာပဲ။

ကုန်ကုန်ပြောမယ်၊ သားလုပ်တဲ့သူ မက်ထရစ် မအောင်တာကို ငွေငါးရာနဲ့ ပွဲပေးပြီး အောင်အောင် လုပ်ခိုင်းနေတာကို တွေ့ရတယ်။

ဘာဝနာသဘောမှာလည်း တချို့ အားထုတ်ပုံတွေဟာ ပုဂံခေတ် အရည်းကြီးဆန်ဆန်ရယ်။ ရေငုပ်၊ မီးလှုံ၊ တုံးခုံ၊ ဇယ်ခတ် ဆိုတာတွေလုပ်ပြီး ကိုယ့်ကိုယ်ကိုယ် ညှဉ်းပန်းနှိပ်စက်နည်းတွေနဲ့ ကိလေသာငြိမ်းအောင် လုပ်နေသလိုပဲ တွေ့ရတယ်။

မွေးက ဒီဘက်ကျတော့ ခေတ်ဆန်နေပြန်ရော၊ သိပ္ပံပညာရှုထောင့်နဲ့ကြည့်ရင် လုံးဝ သဘာဝ မကျဘူး။

ဒီတော့ သိပ္ပံပညာပေတံနဲ့ တိုင်းလည်း စမ်းသပ်စစ်ဆေးခံနိုင်ရမယ်၊ အားလုံးသော အပူတို့ငြိမ်းရာ တရားကတော့ တကယ်ရှိဦးမှာပဲ။ မွေး ဒါကိုတော့ လိုက်ရှာနေဆဲပဲ အတွတ်။

ဟော... အတွတ်ဆီ ဒီစာရေးနေတုန်း အတွတ်ရဲ့ချွေးမချောကြီး မိုနာ ရောက်လာပြန်ပြီ။ သူ့မျက်နှာလေးဟာ အရင်လိုပဲ ချောမွေ့လှပနေသေးတာပဲ။ ဒါပေမဲ့ သူ့ကိုယ်မှာတော့ (မာတာနီတီကုတ်) ဗိုက်ဖုံးအင်္ကျီလေး ဝတ်လို့၊ ရှေးနှစ် ခုချိန်ဆို အတွတ်ကြီးတယောက် "ဘဘ" လို့ အခေါ်ခံရတော့မယ်။ မြေးချီရတော့မယ်နော်။

သူလေ မွေးကို ကန့်ကလျန့် ပွေ့ပွေ့ပိုက်ပိုက် နှုတ်ဆက်ရုံတင် မဟုတ်ဘူး။ မွေးရဲ့နဖူးကို ညင်ညင်သာသာ နမ်းလိုက်သေးတယ်။ သူ့လှုပ်ရှားမှုတွေဟာ သိမ်မွေ့နေတယ်။ သူ့မျက်လုံးလေးတွေ ကလည်း တစုံတရာ ပြောချင်နေသလိုပဲ။

"မိုနာလေ၊ အန်တီနဲ့ အချိန်ယူ စကားပြောဖို့ အေးအေးဆေးဆေး လာခဲ့တာ" တဲ့။ "အေးပါကွယ်၊ အန်တီကလည်း အားပါတယ်။ ခုချိန်မှာ အန်တီလို ချမ်းသာတဲ့လူ ဘယ်သူမှ မရှိဘူး" လို့ ပြောလိုက်တယ်။

မိုနာ့မျက်နှာဟာ ယှဲ့ယှဲ့လေး ပြုံးလိုက်တယ်။ လှိုက်လှိုက်လှဲလှဲ ပြုံးနည်းမျိုး မဟုတ်ဘူး။ "ဟုတ်တာပေါ့နော်၊ မိုနာလေ အန်တီ့ကို မြင်ရတာ သိပ်စိတ်အေးချမ်းတာပဲ။ အန်တီနေတာထိုင်တာ တယောက်တည်း ဆိုပေမင့်

ခြောက်ခြောက်သွေ့သွေ့ ငြီးငွေ့စရာ နေနည်းမျိုး မဟုတ်ဘူးနော်။ မိုနာတောင် ဒီအိမ်မကြီးထဲကို ဝင်လိုက်လို့ ဒီအိမ်ရိပ်ခိုလိုက်ရင် ငြိမ်သက် ချမ်းမြေ့တဲ့ အရသာ တမျိုးကို ခံစားရတယ်။ ဟိုသင်းလေ၊ မိုနာ ရှင်းအောင်တော့ မပြောတတ်ဘူး။ တချို့ အိမ်ကြီးတွေလေ လှပခမ်းနား တောက်ပနေပေမယ့် သူတို့အိမ် အရိုန်က ပူလောင်လောင်ကြီး၊ အန်တီ သဘောပေါက်လား၊ မိုနာ ဆိုချင်တာ”

မွှေးက ခေါင်းညိတ်ပြလိုက်တယ်။

“ခြံဝင်းကလည်း ရှမ်းပြည်တောင်ပေါ်မြို့လေးတွေလိုပဲ၊ ထင်းရှူးပင်တွေ တန္တဲ့န္တဲ့နဲ့၊ အန်တီ့ခြံမြေကလည်း တောင်ကုန်းလေးတွေ အဆင့်ဆင့်နဲ့”

မိုနာက မွှေးရဲ့ခြံမြေကို ချီးကျူးခန်း လုပ်နေလို့ မွှေးက ပြောသေးတယ်။ “ဩော် -ပေးတဲ့သူကလည်း အေးချမ်းတဲ့မေတ္တာနဲ့ ပေးအပ်ခဲ့တာကိုး မိုနာရယ်။ သူ့ရဲ့ သဒ္ဓါတရား ရိပ်ရောင်တွေဟာ ဒီအိမ်ကြီးမှာ လွှမ်းမိုးကျန်ရစ်တာကိုး။ မေတ္တာတရားနဲ့ စခဲ့တဲ့ ဇာတ်လမ်းဟာ မေတ္တာနဲ့ ဆုံးမှာပေါ့။ မင်းရဲ့ယောက္ခမ အန်ကယ်မိုးကောင်းကို မေးကြည့်ရင် အန်တီရဲ့ချစ်သူ ကိုကိုနိုင်နဲ့ သူ့မိဘတွေရဲ့မေတ္တာတရားကို မိုနာ သိမှာပေါ့” လို့ မွှေးက ပြောလိုက်တယ်။

“ဦးလေးနိုင်ကြီးကိုလည်း မိုနာ တွေ့ဖူးချင်လိုက်တာ။ ဒါပေမင့်လည်း အန်တီရယ်၊ အန်ကယ် မိုးကောင်းရဲ့စေတနာတရားဟာလည်း ဦးလေးနိုင်ကိုသာ မကျော်ရင် နေမယ်၊ မလျော့ဘူး ဆိုတာကိုတော့ မိုနာ အာမခံပါတယ်” တဲ့။

“တယ်တော်တဲ့ မိုနာလေး၊ သူ့ယောက္ခမဘက်က ရှေ့နေလိုက်ကောင်းလိုက်တာ” မွှေးက ဒီလိုပြောတော့ မိုနာရယ် လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်တယ်။

“တကယ်တော့ အန်တီဟာ တကယ် ကံကောင်းတဲ့မိန်းမပါ။ ယောကျ်ားတွေရဲ့အချစ်စစ် အချစ်မှန်ကို တော်ရုံ မိန်းမ လက်ခံရရှိဖို့ မလွယ်ဘူး။ မိုနာ့သူငယ်ချင်း ရီတာဆိုရင် ချောလိုက်တာ မပြောနဲ့၊ သူလေ မိုနာ သွားလည်တိုင်း မျက်ရည်ဝဲဝဲနဲ့ သူ့ယောကျ်ားအကြောင်း ပြောနေတာပဲ။ တခါတလေလည်း ရှိုက်ကြီးတငင် ငိုတာပဲ။ သူ ဒါလောက် လှရက်သားနဲ့ သူ့ယောကျာ်းအချစ်ကို မပိုင်ဘူးတဲ့။ မိုနာလေ အဲဒီတော့ တခုတွေးမိတယ်။ အလှနဲ့ အချစ်ဟာ ဆက်စပ်နေသလား၊ မနေဘူးလား”

မွှေးကို အချစ်ပါရဂူကျနေတာပဲ၊ မိုနာက လေးလေးနက်နက် မေးနေတယ်။ မွှေး မဖြေခင် မိုနာက သူ့စကား သူဆက်ပြောတယ်။

“ရီတာဟာ တခါတလေ ကြောင်နေသလား အောက်မေ့ရတယ်။ အခြား

အရာရှိ ကတော်တွေလိုပဲ ပွဲတွေပေး၊ ဆေးဖယောင်းတိုင်တွေ ထွန်းမလို့တဲ့။ ဒါနဲ့ မိုနာ တခုတော့ ပြောခဲ့တယ်၊ တကယ့်အချစ်မှာ ပီယဆေးနဲ့ ဆေးဖယောင်းတိုင် မလိုပါဘူးလို့”

“အေးပါကွယ် မိုနာရယ်၊ မိုနာလည်း အိမ်ထောင်သည်တယောက်ပါပဲ၊ အိမ်ထောင်ရေးမှာ အချစ်နဲ့ လက်ထပ်ခြင်းကို ခွဲခြားပြီး နားလည်လောက်ပါပြီ”

မွေးက မိုနာကို ဒါပဲပြောလိုက်တယ်။ မိုနာဟာ မွေးရဲ့စကားကိုကြားရင် မျက်လုံးလေး ပြူးပြီး ပခုံးလေးတွန့်လိုက်တယ်။

“မထင်နဲ့ အန်တီမွေး၊ ကံအလွှာ ပါသေးတယ်နော်၊ အန်တီဟာ ကံကို ကောင်းပါတယ်”

“အင်းလေ - ဆိုပါတော့၊ ဘဝတခု တခုမှာ တကွက်ကောင်းတော့ ပါဦးမှာပေါ့” အဲဒါနဲ့ပဲ - “မိုနာ သိချင်တာက အန်ကယ်မိုးကောင်းဆီ ရေးနေတဲ့စာက ခုထိ မဆုံးသေးဘူးလား” တဲ့။ သူက မေးတယ်၊ မွေးက ခေါင်းခါပြလိုက်တာပေါ့။

“အန်ကယ် ရေးလိုက်တဲ့ စာကိုကလည်း အရှည်ကြီးနော်။ မိုနာလေ...” သူဟာ သက်ပြင်းကို ဖြည်းဖြည်းလေးရှိုက်ပြီး စကားတလုံးချင်း စိတ်ပါလက်ပါ ဆက်ပြောတယ်။ သူ့မျက်လုံးတွေဟာ မွေးရဲ့ခြံဝင်းဘက်ဆီကို ငေးမျှော်ကြည့်ရင်း စဉ်းစဉ်းစားစား ပြောနေတယ်။ ရုပ်ရှင်မင်းသမီးလေး စကားပြောနေသလိုပဲ။

“ပေလီမှာတုန်းက အန်ကယ်မိုးကောင်းစာကို ဖတ်ပြီး မိုနာ စိတ်ခတ်တွေ ပြောင်းခဲ့တာပဲ။ ကိုယ့်ယောက္ခမမို့လို့ ကိုယ်ပြောတာ မဟုတ်ပါဘူး အန်တီရယ်။ မိုနာ စာဖတ်ဝါသနာ ပါတယ်၊ အချစ်ဝတ္ထုတွေ ဖတ်တယ်၊ အင်္ဂလိပ်လိုရော ဗမာလိုရောလေ၊ ခုဆို တခါတခါ တွေးမိတယ်။ ရိုက်ဒါဟက်ဂဒ်ကြီးဟာ “ရှီ” ဆိုတဲ့ဝတ္ထု ရေးတယ်မို့လား။ ဆရာကြီးရွှေဥဒေါင်းက ဘာသာပြန်တယ်လေ။ ဒီဝတ္ထုမှာ ဘုရင်မကြီးဟာ သူ့ချစ်သူကို စောင့်လိုက်တာနော်၊ လောကီ ဆေးဝါး အစီရင်တွေနဲ့ သူ့ကိုယ်ကိုလည်း မအိုအောင် လုပ်ပြီးနေတယ်။ သူပေါင်းသင်းခဲ့ဖူးတဲ့ သူ့ချစ်သူ ရုပ်အလောင်းကိုလည်း မပုပ်မသိုးအောင် ဆေးဝါးစီရင်ပြီး ထားလိုက်တာနော်။ ဒီဘုရင်မ အချစ်ဟာ ရှည်ကြာလိုက်တာ။ “ရှီ” ဝတ္ထုကို တခမ်းတနား ရေးသင့်ပါတယ်။ မိုနာသာ ဝတ္ထုရေးဆရာဆိုရင် အန်ကယ်မိုးကောင်း အကြောင်းကို “ဟီ”(He) ဆိုပြီး ဝတ္ထုတပုဒ် ရေးမယ်”

မိုနာစကားဆုံးတော့ မွေးက ပြုံးတယ်။

“မပြုံးပါနဲ့ အန်တီရယ်” တဲ့။

“အို... လေးလေးစားစား ပြုံးတဲ့ အပြုံးပါ” လို့ မွေးက ပြန်ပြောရတယ်။

လေးစားရင်လည်း စာကို ဆက်ပြီးရေးပါ။ စာရဲ့နိဂုံးကလည်း မိုနာ မျှော်လင့်သလို ဖြစ်ပါစေလို့ ဆုတောင်းပါတယ်”

“ခုန မိုနာ ပြောသလိုပေါ့၊ ကံအလွှာလည်း ပါသေးတယ်လေ”

“ဟုတ်တယ်… ဟုတ်တယ်” ဆိုပြီး မျက်ရည်စတွေ ဝဲနေတဲ့မျက်လုံးနဲ့ မွှေးလက်နှစ်ဖက်ကို ဆုပ်လိုက်တယ်၊ ပြီးတော့ သူ စကားဆက်ပြောတယ်။

“မိုနာလည်း မိုနာ့ပတ်ဝန်းကျင်မှာ အတော်လှပါတယ်၊ ကိုယ့်အလှကိုယ်သိပါတယ်၊ မိုနာ တခု စဉ်းစားမိတယ်၊ အန်ကယ့်စာကို ငပလီမှာ ဖတ်ရတော့ အန်တီတို့အကြောင်းတွေလည်း သိတယ်။ စပ်စုတယ်ပဲဆိုဆို အန်တီတို့ ငယ်ငယ် ကျောင်းနေစဉ်တခေတ်က သူတွေထဲမှာ အန်တီမွှေးတို့ အကြောင်းတွေ သိတဲ့သူတွေလည်း မိုနာ လိုက်စုံစမ်းတယ်။ အန်တီ့ကို အန်ကယ်ဦးမိုးကောင်းဟာ မကျည်းတန်လို့ ခေါ်လောက်အောင် တကယ် အကျည်းတန်တယ်တဲ့။ အရွယ်ရောက်တော့ ကြည့်ပျော်ရှုပျော် ရွက်ကြမ်းရေကျိုတော့ လှလာတာပဲတဲ့။ လင်းတလောက်တော့ ငှက်တိုင်းလှဆိုတဲ့ အလှမျိုးတဲ့။ မိုနာ ဒီလိုပြောတာကို အန်တီ စိတ်မဆိုးပါနဲ့နော်။ သူများက ပြောပြတာကို အရင်းအတိုင်း ပြောပြတာပါ”

“အို… ဘာစိတ်ဆိုးစရာရှိလဲ မိုနာ၊ အန်တီမွှေး ကိုယ့်ကိုယ်ကိုယ် သိပါတယ်” မိုနာဟာ တောင်းပန်တဲ့ မျက်လုံးလေးနဲ့ ကြည့်ပြီး သူ့စကားသူ ဆက်ပြောတယ်။ “ဒါပေမင့် မိုနာ ရှင်းရှင်းနဲ့ တဲ့တိုးမေးချင်တာက မိုနာရဲ့အလှ တဝက်လောက်မရှိတဲ့ အန်တီဟာ ဘာကြောင့် အန်ကယ် မိုးကောင်းရဲ့ တဖက်သတ်အချစ်၊ ရှည်ပင်ရှည်ကြာပေမယ်လို့ မလျော့ မပျက်ပြယ်တဲ့အချစ်ကို ခုထိ ခံယူနိုင်သလဲ၊ နံပါတ် (၂) ဦးလေးနိုင်လို လူတယောက်ရဲ့လေးလေးစားစား မြတ်မြတ်နိုးနိုး အချစ်ကိုလည်း ဦးလေးနိုင် သေသည်အထိ ဘာကြောင့် ရယူနိုင်ခဲ့သလဲ၊ ဟင်… အန်တီမွှေး။ မိုနာကို ရှင်းရှင်းလေး ပြောစမ်းပါ အန်တီရဲ့၊ မိုနာလေ မိုနာ သိချင်တယ်”

သူဟာ အတော် တုန်တုန်ယင်ယင် လှုပ်လှုပ်ရှားရှားနဲ့ ဒီမေးခွန်းကို မေးနေတယ်။ ပြီးတော့ သူ့မျက်လုံးက ဘာကြောင့် မျက်ရည်ဝဲနေလဲ မသိဘူး။

“ဖြေစမ်းပါ အန်တီရယ်” တဲ့၊ ထပ်မေးပြန်တယ်။ မွှေးလည်း သက်ပြင်းကြီး ချလိုက်မိတယ်။

“ဒီမေးခွန်းကို အန်တီ မဖြေတတ်ဘူး၊ တကယ့်ကို မဖြေတတ်လို့ပါ မိုနာရယ်၊ မင်းတို့ရဲ့ ဦးလေးနိုင်ကတော့ မရှိတော့ဘူး၊ ဒီတော့ ကာယကံရှင် ကျန်သေးတဲ့ အတွတ်တယောက်ကို မေးကြည့်ပါလား။ အဲဒီတော့ အကြောင်းရင်းမှန်ကို သိမှာပေါ့။ သူတို့ယောကျ်ားတွေ အချစ်ဟာလည်း

ဆန်းကြယ်ပါတယ် မိုနာရယ်။ သိနိုင်ခက်ခဲလှတဲ့အကြောင်းထဲမှာ အချစ်အပေါ် ထားရှိတဲ့ ယောကျ်ားတို့သဘောဟာလည်း အသိခက်တဲ့အကြောင်း တကြောင်းပါပဲ။

မွေးလည်းလေ ဝမ်းနည်းစရာအကြောင်း မဟုတ်ပေမင့် တုန်တုန်ယင်ယင်နဲ့ သူ့မေးခွန်းကို ဖြေမိတယ်။ ပြီးတော့ မွေးက ဆက်ပြောလိုက်တယ်။

“တိုက်ဆိုင်တဲ့ အကြောင်းသဘောလေးတွေ ရှိလို့ ဖြစ်မှာပေါ့ မိုနာရယ်၊ ငယ်ငယ်က ကျောင်းသားဘဝနဲ့ ကလေးစကား ပြောရရင် အတွက်ကို သူတို့ ယောကျ်ားလေးသူငယ်ချင်းချင်း ပြောချင် ပြောကြမှာပေါ့။ “အဲဒီ မွေးဆိုတဲ့ သူငယ်မကို မင်းသာ တဖက်သတ်အချစ်နဲ့ သံသရာ ဆုံးအောင်စောင့်နေ၊ တို့များ အလကား လာပေးတောင် မယူဘူး” လို့ ပြောချင် ပြောမှာပေါ့”

မွေးလည်း သူ့မေးခွန်းက လွယ်မလိုနဲ့ အဖြေရခက်တော့ စွတ်ရွတ်ပြီး ဖြေလိုက်တယ်။ ဘာကြောင့်များ မိုနာဟာ အဲဒီအချိန်မှာ အဲဒီ မေးခွန်းတွေ လာမေးနေလဲ မသိဘူး။

“အို - အဲဒီလို မွေးဆိုတဲ့မိန်းမကို အလကား လာပေးတောင် မယူချင်ပါဘူးလို့ ပြောတဲ့သူ ရှိချင်လည်း ရှိမှာပဲ၊ ထားလိုက်ပါလေ၊ သူတို့က မိုနာ့မေးခွန်းနဲ့ မဆိုင်ဘူး”

မိုနာဟာ သွက်သွက်လက်လက် ဆရာမကြီးတယောက် လက်ချာပေးနည်းဟန်နဲ့ သူ့စကားကို ဆက်ပြောပြန်တယ်။

“ယောကျ်ားတွေဟာတဲ့ Sexual Feeling ခေါ်တဲ့ အလှအပ အပိန် အဖောင်း အထိအတွေ့တွေ ရှိရင်လည်း ဒီမိန်းမကို တမ်းတမ်းစွဲ သိပ်ချစ်တတ်ကြတာပဲတဲ့။ အန်တီမှာလေ မိုနာ သိသလောက် အဲဒီဟန်ပန်အမူအရာ၊ အိုလေ - အပိန် အဖောင်းတွေလည်း မရှိဘူး” မိုနာဟာ ရူးများနေသလား မသိပါဘူး အတွက်ရယ်။ နှိုက်နှိုက်ချွတ်ချွတ်ကို အချိန်ယူပြီး ပြောနေတယ်။ ပြီးတော့ သူ တခါ ဆက်ပြောပြန်သေးတယ်။

“မိုနာ ခုဆက်ပြောမယ့်အကြောင်းကိုလည်း အန်တီမွေး သည်းခံပြီး ဆက်နားထောင်ပါ၊ စိတ်လည်း မထိခိုက်ပါနဲ့၊ စိတ်လည်း မဆိုးပါနဲ့”

မွေးက ခေါင်းညိတ်ပြလိုက်တယ်။

“အန်တီရဲ့ကျောင်းနေစဉ်က ချစ်ဦးသူ ဦးတင်အောင်ထွန်း၊ ဖရက်ဒီ ဘာလှလေ၊ အဲဒီအကြောင်းကိုလည်း မိုနာ လိုက်စပ်စုတာပဲ။ အန်ကယ်မိုးရယ်၊ အဲဒီ ဦးတင်အောင်ထွန်းရယ်၊ မိုနာရဲ့ဒက်ဒီရယ်၊ ဦးလေးနိုင်တို့ဟာ တက္ကသိုလ်ကို တခေတ်တည်း ရောက်ကြသူတွေတဲ့။ ဒက်ဒီနဲ့ ဦးတင်အောင်ထွန်းနဲ့လည်း

ရင်းနှီးတာပဲတဲ့။ တက္ကသိုလ် ဆိုတာကတော့ တယ်မထူးလှပါဘူးလေ။ သူ့တခေတ်နဲ့ သူ့ဇာတ်လမ်းနဲ့ပါပဲ။ အဲဒီ ဦးတင်အောင်ထွန်းဟာ အန်တီအေမီနဲ့ လက်ထပ်ပြီး သားတယောက်တည်းပဲ မွေးတယ်။ ဒက်ဒီနဲ့ တခါက တွေ့တယ်တဲ့။ အဲဒီ အန်တီအေမီဟာ တကယ်လှတာပဲတဲ့။ မိဘတွေ ဘာတွေ ဘာမှ အရှုပ်အထွေး မပါပါဘူး။ အဲဒီလူကြီးက အန်တီအေမီကို ချစ်လို့ကို ယူလိုက်တာ။ အဲဒါလေ... အဲဒါ ဟိုတလောက ဒက်ဒီနဲ့ တွေ့တယ်။ သူ အရက်တွေ သိပ်သောက်တာပဲတဲ့"

"မိုနာကလည်းကွယ်၊ စပ်စပ်စုစု၊ ဘာတွေ လျှောက်ပြောနေတာလဲ။ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေတော့ မိုနာရယ်။ အန်တီမွေးလေ သူတို့ အကြောင်းတွေကို ဘာမှ ဝေလည်း မဝေဖန်လိုဘူး၊ အပြစ်လည်း မတင်လိုဘူး၊ သိလည်း မသိချင်ဘူး၊ ဒီလို အဖြစ်တွေဟာ မဆန်းပါဘူး"

အို... မိုနာ့အဖို့ ဆန်းနေတယ်။ ဆန်းနေရမှာပဲ။ မိုနာရဲ့ ပထမမေးခွန်းကို အန်တီမွေး ဖြေတုန်းက အချစ်နဲ့ အိမ်ထောင်ရေးဟာ တခြားစီလို့ ပြောခဲ့တယ်။ မိုနာ ခုပြောချင်တာက အချစ်နဲ့ အိမ်ထောင်ရေး မဟုတ်ဘူး။ "အချစ်နဲ့ အလှ"၊ အလှဆိုတဲ့ သဘောတရပ်ဟာ ဘာဖြစ်လို့ အချစ်ကို ကြာရှည်အောင် မထိန်းနိုင်ရတာလဲ... ဟင်..."

"အောင်မယ်လေး၊ မောလိုက်တာ မိုနာရယ်..."

မွေးလေ သူ့စကား နားထောင်ရင်း တကယ်လည်း ပင့်သက်ချပြီး မောသွားတာပဲ။ ဖြေစရာ စကားလည်း တကယ်ပဲ စဉ်းစားလို့ မရပါဘူး။ ဒီတော့ တခြားစကားတခုကို ပြောင်းလဲပြီး သူ့ကို မေးခွန်း ပြန်ထုတ်လိုက်ရတယ်။

"အန်တီမွေးဟာ မိုနာ ထင်သလို မဟုတ်ပါဘူး။ ကိုကိုနိုင်နဲ့ အတွက်ကသာ အန်တီကို လေးလေးစားစား ချစ်တာပါ၊ ကဲလေ - ခုနကပြောတဲ့ ဦးတင်အောင်ထွန်းက ဘာလို့ အေမီနဲ့ တက္ကသိုလ်က မိန်းကလေးတွေကို တွေ့တော့ အန်တီမွေးကို အမေ့ကြီး မေ့သွားရတာလဲ၊ သူ့အချစ်ကို အန်တီမွေး ဘာကြောင့်မရသလဲ၊ အန်တီမွေးမှာ အစွမ်းရှိတယ်ဆိုရင် သူ တခြားမိန်းကလေးတွေကို တက္ကသိုလ်ရောက်လို့ တွေ့လည်း အန်တီမွေးအပေါ်မှာ သစ္စာရှိနေရမယ်၊ မိဘတွေ၊ အသိုင်းအဝိုင်းတွေက ဝိုင်းဖျက်တောင် ကိုယ့်ချစ်သူ ကိုယ်ယူရဲတဲ့သတ္တိ ရှိရမှာပေါ့။ အန်တီမွေး ဆိုလိုတာက အန်တို့မှာ သာမန် တခြားမိန်းကလေးတွေလိုပဲ အရည်အသွေး ရှိတာပါ၊ တခြား ဘာမှ မရှိပါဘူး၊ တချို့ အန်တီတို့ တခေတ်ရော၊ စစ်မဖြစ်ခင် တခေတ်ကရော တက္ကသိုလ်မှာ ရည်းစားကို ရာထောင်ထားပြီး ထဘီလဲသလိုကို တယောက်ပြီးတယောက် ထားနိုင်အောင် ချစ်သူပေါ်တဲ့၊ အစွမ်းရှိတဲ့မိန်းမတွေ အပြည့်"

"အို... အန်တီ သိရက်နဲ့ စကားကို လွှဲမဖြေပါနဲ့၊ အဲဒါတွေက အပျော်ရည်းစားများတဲ့ မိန်းမတွေပါ၊ မိုနာသိသလောက် အန်တီ မျက်နှာလည်း မများဘူး။ အန်တီငယ်ငယ်က ချစ်ခဲ့တာ ဦးတင်အောင်ထွန်းတယောက်ပဲ။ ဦးလေးနိုင်က မိဘပေးစားလို့ ယူခဲ့တာ၊ အန်ကယ် မိုးကောင်းက အန်တီမွှေးကို တဖက်သတ် ချစ်နေတဲ့သူ။ ပြီးတော့လည်းလေ အန်တီ ပြောနိုင်လား၊ ဦးတင်အောင်ထွန်းဟာ သူ့အကျင့်ကြောင့် ဖောက်လို့သာ ဖောက်သွားရော အန်တီမွှေးကို မေ့သွားပြီလို့ ထင်လား"

"ဟား... ဟား... ဟား... ဟား"

မွှေးရယ်သံဟာ တိတ်ဆိတ်နေတဲ့ မွှေးတို့အိမ်ကြီးကို ပဲ့တင်ထပ်သွားတာပဲ။ မွှေး သရော်လိုက်မှန်း မိုနာ သိတယ်။

"သူ့အကြောင်းကို ဒီတင် ရပ်ပါလို့ အန်တီမွှေး မိုနာကို ပြောခဲ့တယ်မို့လား။ အဆက်အစပ် မရှိတဲ့ နှစ်ဘဝမှာ တယောက်ရဲ့လှုပ်ရှားမှုဟာ တယောက်ကို ဘယ်တော့မှ အရှိန်မဟပ်ဘူး။ အဆက်အစပ် ရှိလာရင်တော့ ကဲ... ရိုးမတောင်တန်းကြီး ခြားနေတဲ့ အတွက်က ဒီမှာ မွှေးဖြစ်သမျှ ဘာဖြစ်ဖြစ် သူ့ကို ဂယက်ရိုက်နေတာပဲ၊ အရှိန်ဟပ်နေတာပဲ" လို့ မွှေးက ဆက်ပြောလိုက်တယ်။

"အန်တီမွှေး ပြောတာနဲ့၊ မိုနာမေးတာနဲ့ နည်းနည်းတော့ လွဲနေတယ်။ ဘာလွဲနေတယ် ဆိုတာလည်း မိုနာ စဉ်းစားရဦးမယ်"

မိုနာဟာ တကယ်ပဲ ခဏ စကားရပ်ပြီး စဉ်းစားနေတယ်။ ပြီးတော့ ဆက်ပြောတယ်။

"ထပ်ပြီး မတွန့်ပါနဲ့ ဆိုပေမင့် မိုနာ နည်းနည်းလေးတော့ တွန့်ပါရစေ။ အန်တီမွှေးက ဘယ်သူနဲ့မှလည်း အဆက်အစပ် မရှိ၊ အဲဒီ နန်းတော်ကြီးလို အိမ်ကြီးမှာ ပင်တိုင်စံလုပ်နေတော့ ဘယ်သူ့အကြောင်းမှ ဘာမှ မသိတာကိုး၊ မိုနာတို့ကတော့ သိတယ်၊ သုတေသနကို လိုက်လုပ်နေတာ။ အဲဒီ ဦးတင်အောင်ထွန်းဟာ အရက်ကို မူးအောင်သောက်ပြီး သိပ်မူးလာရင် "မွှေးရေ" လို့ ကုန်းအော်တာပဲတဲ့။ ကဲလေ... ဒီတော့ သူ့အသည်းထောင့်တနေရာမှာတော့ အန်တီမွှေးဟာ ကျန်စွဲနေတာပဲ"

"ဟောတော့်"

"မဟောတော့်နဲ့"

"မဟုတ်ပါဘူး မိုနာရယ်၊ အသေးစိတ်လွန်းလှချေလား၊ အန်တီမွှေး ဒီစကားကို ယုံလည်း မယုံဘူး၊ ဖြစ်လည်း မဖြစ်နိုင်ဘူး"

“အသေးစိတ်သမှ သိပ်ပြီးစိတ်တာပေါ့။ မိုနာက အလွတ်စုံထောက်လိုပဲ အချစ်ကို သုတေသန လုပ်ပြီး အန်တီမွေးတို့ဇာတ်လမ်းကို အသေးစိတ်ကို စုံထောက်နေတာ။

“ကဲ - ရှင်းပလား ဒါကြောင့် ကာယကံရှင် အန်တီမွေး မသိတာတွေလည်း မိုနာသိတာပဲ။ မိုနာတို့ဘဝကလေ ကြက်သွန်ပြဿနာလည်း မရှိဘူး၊ ငရုတ်သီးပြဿနာလည်း မရှိဘူး၊ ဘာတော်လှန်ရေးမှလည်း မရှိဘူး၊ ဂျပန်ခေတ် ဆင်းရဲခြင်းမျိုးဆိုတာလည်း မိုနာတို့ အိပ်မက်တောင် မမက်ဖူးဘူး။ ကျောင်းနေလည်း ဒက်ဒီတို့၊ မာမီတို့က လိုလေသေးမရှိ ထားတယ်၊ ကားလည်း ကြိုက်တာ စီးရတယ်၊ တဖက်က ဝမ်းစာရှာပြီး ကျောင်းတက်ရတာတွေ၊ ကိုယ့်ဝမ်းစာတောင် မဟုတ် မိဘသားချင်းတွေအတွက်လည်း အန်တီမွေးလို တာဝန်ယူစရာ မရှိခဲ့ဘူး။ ဒါကြောင့်လည်း အနုရုဒ္ဓါရောဂါစွဲပြီး ဒီမိုက်တလုံး ရတာပေါ့”

ကဲ… ဘုရားသခင် “မ” ပါ၊ မွေးစိတ်ထဲက ဘုရားတောင် တ,မိတယ်၊ သူပြောပုံဟာ စကားလုံးလည်းဆန်း၊ သွက်လည်း သွက်လက်တယ်၊ စေ့လည်း စေ့စပ်တယ်၊ မွေးတော့ ငြိမ်ငြိမ်ပဲ ဆက်နားထောင်နေရာက သူတို့ခေတ်မှာတော့ သူတို့ကို ဆရာတင်ရတော့မှာကိုး၊ နည်းနည်းပါးပါးပဲ သူ့စကားကို ဝင်ထောက်မိတယ်။

“အနုရုဒ္ဓါရောဂါ ဆိုတာက ဘာရောဂါလဲ”

“မရှိတာကို မသိတဲ့ရောဂါလေ၊ အန်တီမွေးကလည်း သိရက်သားနဲ့ မသိချင်ယောင် ဆောင်မနေပါနဲ့”

“မိုနာပြောသလိုပဲ၊ နန်းတော်ထဲမှာ ပင်တိုင်စံမင်းသမီး လုပ်နေတော့ မွေးက Out Of Date ဖြစ်နေပြီ၊ မိုနာတို့ခေတ်ကလည်း စကားလုံးတွေက ဆန်းတယ်မို့လား”

“ဟုတ်တယ်လေ၊ မိုနာတို့ခေတ်မှာ လူ့မလိုင်ဆိုတဲ့ အတန်းအစားတရပ်မှာ သူတို့ သားသမီးတွေဟာ မရှိတာကို မသိတဲ့ အနုရုဒ္ဓါရောဂါ တကယ်စွဲကပ်နေတာပဲ။ အဝတ်ဆိုပဲ ဘယ်တိုင်းပြည်က ထွက်တာ ဝတ်မလဲ။ လှိုင်းကြီး၊ လှိုင်းလေး ဆိုတာတွေ ခေတ်တောင် မမီတော့ဘူး။ မိုနာတို့အသိုင်းအဝိုင်းမှာတော့ လက်ဆွဲရေဒီယိုလောက်များဆို ဟို အန်တီမွေးတို့ ငယ်ငယ်တုန်း တခေတ်က အိုးပုတ်တလုံးပြီးတလုံး ရိုက်ခွဲပြီး မလိုချင်လို့ လွှင့်ပစ်နိုင်ကြသလိုကို လွှင့်ပစ်နိုင်တယ်”

“ယုံပါတယ်၊ ယုံပါတယ်”

“ချောကလက်ဆိုလည်း ပြူးရာချောလလက် (Pure Chocolate) အစစ်၊ စထရော်ဘယ်ရီ သီးတွေပေါ်ချိန်ဆို နွားမကထွက်တဲ့ ပြည်တွင်းဖြစ် နွားနို့တို့၊ ကျောက်တိုင်တံဆိပ်အပေါစား နို့ဆီတို့နဲ့ မိုနာတို့ မသောက်။ အရင် အန်တီမွေးတို့ ငယ်ငယ်က နိုင်ငံခြားကလာတဲ့ နက်စ်လေက ထုတ်တဲ့ မလိုင်ဘူးလေးတွေလေ၊ အဲဒါနဲ့မှ မိုနာတို့ သောက်တာ”

မိုနာဟာ ကြွားပြောနေတာ မဟုတ်ပါဘူး။ သူ့ဟာသူ ပြောပြနေတာပါ။

“အေးပါကွယ်၊ မင်းတို့ ကံကောင်းတာပေါ့၊ အန်တီမွေးတို့မှာတော့ သူဌေးမကြီး ဇိမ်ရှိတယ် ဆိုတာတောင် ပ-ပ-က နို့ဆီ တလ တဘူး ထုတ်ပေးတာကို စောင့်ပြီး ထုတ်သောက်ရတယ်။ ခုတော့ နွားနို့နဲ့ ကော်ဖီဖျော်ရတယ်”

“အဲဒါတွေကို မိုနာပြောပြရတာက ဒီလိုပါလေ၊ အန်တီမွေးကို ရှင်းပြစရာရှိလို့၊ အဲဒီလို မိုနာနဲ့ မိုနာတို့ပတ်ဝန်းကျင်က ဖြစ်နေတယ်။ မိဘတွေကိုလည်း ဒါတွေ ဘယ်ကရလဲလို့ မေးတောင် မမေးဘူး။ အဲဒီတော့လည်း အနုရုဒ္ဓါရောဂါက စွဲတော့တာပေါ့။ ကိုယ့်အုပ်စုနဲ့ကိုယ် ခုမှ အမေရိကန် ဇိမ်တိုင်းပြည်ကြီးကျနေတာပဲ။ ပါတီ အလှည့်နဲ့လုပ်ပြီး မိုနာတို့ ကခုန်တီးမှုတ်နေတာပဲ။ ထမင်း ဘယ်က ဖြစ်တယ်ဆိုတာကို မသိဘူးဆိုတဲ့ စကားလုံးကိုပဲ ဂုဏ်ယူပြောနေမိကြတယ်။ ရစ်ချတ်တို့၊ တော်မီတို့ ဘဝကလည်း ဒီလိုပဲ၊ အဲဒီမှာ တွေ့ကြရာက ရှေ့ရေးလည်း မရှိ၊ နောက်ရေးလည်း မတွေး၊ ချစ်စရာရှိ ချစ်ပစ်လိုက်တာပဲ။ မုန်းစရာရှိလည်း မုန်းပစ်လိုက်တာပဲ။ တထိုင်တည်းကို အချစ်နဲ့ အမုန်းကို ဆုံးဖြတ်လိုက်တာပဲ။ ရစ်ချတ်ကို ယူတော့လည်း မော်လီတို့ကို မခံချင်လို့၊ မင်းတို့ ဝိုင်းဝိုင်းလည် ကြိုက်နေတဲ့ ရစ်ချတ်ကို ယူပြမယ်ဆိုပြီး ယူပြတာပဲ အန်တီမွေး”

မိုနာဟာ စကားစကို ခဏရပ်ပြီး သက်ပြင်းချလိုက်တယ်။ ပြီးတော့မှ ဆက်ပြောတယ်။

“အဲ... ငပလီမှာ အန်ကယ်မိုးကောင်းစာ ဖတ်ပြီးမှ မိုနာလေ ဘုရား - ဘုရား၊ သူတို့ခေတ်မှာမှ တကယ့် သုံးနှစ် သုံးမိုး စောင့်တာတွေ၊ အချစ်ကို လေးလေးနက်နက် နေရာထားတာတွေ တကယ်ပါလားလို့ စဉ်းစားမိတယ်။ အန်တီရေ၊ အဲဒီတော့မှ ဒက်ဒီပြောတာ စဉ်းစားမိတယ်”

“မင်းတို့ ဒက်ဒီက ဘာပြောပြလို့လဲ”

မွေးက မေးကြည့်မိတယ်။

“ဒက်ဒီကလေ နယ်ကနေ လာတဲ့အခါ မိုနာ့ကို ပြောပြဖူးတယ်။

ဒီစကားဟာတဲ့၊ မိခင်က သမီးကို ပြောပြရမယ့်စကားတဲ့။ ဒါပေမင့် မင့်ရဲ့မာမီကလည်း သမီးနဲ့တွေ့ချိန် နည်းလွန်းပါတယ်တဲ့။ တွေ့လည်း သူ့ပတ်ဝန်းကျင်က သမီးတို့သာသာရယ်တဲ့။ ဒက်ဒီပြောချင်တာက သမီးဟာ အရွယ်ရောက်လာပြီဆိုတော့ တနေ့နေ့ အချစ်ကိစ္စ ပေါ်လာမှာပဲ၊ ဒါဟာ ဓမ္မတာမို့ ဒက်ဒီတို့ တားမြစ်စရာ မရှိဘူး။ တခုပဲ အိမ်ထောင်ရေးဟာ မိန်းကလေးတွေအတွက် အရေးကြီးလို့ မိန်းကလေးတယောက်ရဲ့အချစ်ဟာ ဆင်းရဲ ဆင်းရဲ၊ ချမ်းသာ ချမ်းသာ အင်မတန် တန်ဖိုး ရှိပါတယ်တဲ့။ ခြင်္သေ့ဆီဟာ သိင်္ဂီရွှေခွက်နဲ့ပဲတန်တာမို့ သမီးတို့ မိန်းကလေးတွေဟာ ကိုယ့်အချစ်ကို တန်ဖိုးထားပါကွယ်တဲ့။ ရွှေခွက်ဆိုတဲ့စကားကို ဒက်ဒီ ဒီနေရာမှာ ချမ်းသာတာတို့၊ ဂုဏ်တို့ ဆိုတာတွေကို မဆိုလိုဘူး။ အရည်အသွေး အရည်အချင်းကို ဆိုလိုတာတဲ့”

မွှေးက ခေါင်းတညိတ်ညိတ် နားထောင်နေရာက ဦးဝင်းတင်စိတ်ကို ချီးကျူးမိတယ်။ ဖခင်ပေမယ်လို့ ခေတ်မီပေသားပဲနော်၊ မိုနာကလေ လက်ခုပ်လက်ဝါးတီးပြီး ခပ်ဟစ်ဟစ်လေး ရယ်ရာက ဆက်ပြောပြန်တယ်။

“တကယ့် သူ့သမီး မိုနာကတော့လေ ဘာမှလည်း မတွေးပါဘူး။ အချစ်ဆိုတာ ပျော်စရာကြီး ပါလားဟေ့ ဆိုပြီး ချဉ်ချဉ်တူးတူး မူးပြီးရောဆိုတဲ့ မိုနာတို့ ပတ်ဝန်းကျင် ဝါသနာအတိုင်း အချစ်ကို ထန်းရည်၊ ဘရန်ဒီ၊ ဘီယာ၊ ရမ်လို သဘောထားပြီး အုန်းမှုတ်ခွက်၊ နှီးခွက်၊ ကြုံတဲ့ခွက်နဲ့ကို သောက်ပစ်ကြတာပဲ၊ အေးရော။ တကယ်တော့ အန်တီမွှေး၊ ကြောက်စရာကြီးနော်၊ ကြောက်စရာကြီး။ မိုနာ ကံကောင်းပေလို့ ကြောက်စရာ အိပ်မက်ဆိုးကြီးတွေကို မမက်ခဲ့ရတာ။ နို့မို့ရင် မိုနာလေ မော်လီလို ဗိုက်တလုံးနဲ့ ကျန်မှာ”

“ဘုရား...”

မွှေးက သူ့စကားကို ဘုရားတ နားထောင်မိတယ်။

“ဘုရား မတနဲ့ အန်တီမွှေး၊ ကြောက်စရာ အိပ်မက်ဆိုးတွေအကြောင်းကို မကြားချင်နဲ့တော့၊ မိုနာ စကားပြောတာလည်း ရှည်လှပြီ၊ အကျဉ်းချုံးတော့မယ်။ ကံကောင်းလို့ ရစ်ချတ်နဲ့ တွေ့ရတာပေါ့၊ ဖွားဖွားကြီးတို့ကလည်း ချမ်းသာတယ်၊ စာနာတတ်တယ်။ အန်ကယ် မိုးကောင်းကလည်း သူတော်ကောင်းကြီး၊ မိုနာတို့နှစ်ယောက် လုပ်ပုံက ပညာသင်ချိန်မှာ အိမ်ထောင်ပြုမိတယ်၊ ခုတော့ မိုနာ စာမေးပွဲ ဆက်ဖြေတယ်။ မိုနာကတော့ ပြီးခဲ့တဲ့နှစ်က စာမေးပွဲအောင်ပြီး တက္ကသိုလ် ဆက်သွားရတယ်။ ရစ်ချတ်ကတော့ ကောလိပ်စော်မနံပါဘူး။ အစကတည်းက မိုနာတို့အုပ်စု၊ မိုနာတို့ပတ်ဝန်းကျင်ဟာ အချစ်ကို ယစ်မူးစေတတ်တဲ့ သေအရက်လို သဘောထားပြီး ကြုံရာခွက်နဲ့ သောက်တတ်ကြလေတော့ မိုနာတို့ အချစ်တွေကလည်း အန်ကယ် မိုးကောင်းတို့ တခေတ်က အချစ်လို ရေစိမ်ခံ၊

တာရှည်ခံ မဟုတ်တာ ဘယ်ထူးဆန်းတော့မလဲ။ နှစ်ဖက်မိဘသာ အခံမကောင်းရင် မိုနာတို့အိမ်ထောင်ရေးဟာ ကြောက်စရာပဲ”

မိုနာဟာ ဘယ်ဆိုးလို့လည်း အတွက်ရယ်။ သူ့ကိုယ်ကိုရော၊ သူ့ပတ်ဝန်းကျင်ကိုရော အဝိဇ္ဇာ မပါဘဲ ဘက်မလိုက် ပြန်လှေ့လာနိုင်တာ ချီးမွမ်းစရာပဲ။

“မိုနာပြောခဲ့တဲ့ စကားတွေထဲမှာ အန်တီမွေး စိတ်ထိခိုက်စရာတွေ ပါတယ်ဆိုရင်လည်း မိုနာ့ကို ခွင့်လွှတ်ပါ။ တချို့ မေးခွန်းတွေအတွက် အန်တီမွေး ဖြေတာ မပြေလည်သေးဘူး၊ နောက်မှ အေးအေးဆေးဆေး လာတွေ့ဦးမယ်။ တခုက ရစ်ချတ်ရဲ့မာမီရှဲလာဆီကို နောက်တပတ် တနင်္ဂနွေ မိုနာတို့ သွားစရာကိစ္စရှိလို့ အန်တီမွေးလည်း စိတ်ပြေလက်ပျောက် လိုက်ခဲ့ပါနော်”

“ရှဲလာက အခု ဘယ်မှာလဲ”

“အင်းတကော်နားမှာလေ၊ ဖွားဖွားဒေါ်သောင်းစိန်က သူ့မြေတကွက်ကို ပေးထားလို့ ခြံလည်း လုပ်၊ မွေးမြူရေးလည်း လုပ်တယ်”

မွေးလည်း ခေါင်းညိတ်ပြလိုက်တယ်။ မိုနာလေ၊ မိခင်လောင်းဖြစ်နေတဲ့ မိုနာဟာ စကားတွေ စုံအောင်ပြောပြီး သွက်သွက်လက်လက်ကလေးပဲ ထပြန်သွားတယ်။

ဩော်... သူ ပြောပြသွားတာတွေဟာ စုံစေ့နေတာပဲနော်။ သူ တကြိမ် လာလည်လိုက်တာ မွေးအတွက် တံခါးလေးတချပ်ကို အသာဖွင့်ပြီး ဘဝရဲ့ရှုကွက်တကွက်ကို တကြိမ် ကြည့်လိုက်မိသလိုပဲ။

ဟိုနေ့တနေ့ဆီက မိုနာတို့၊ ရစ်ချတ်တို့လိုပဲ ဘဝတကွေ့လေးမှာ အတွက်ရယ်၊ ကိုကိုနိုင်ရယ်၊ ဖရက်ရယ်၊ မွေးရယ် တွေ့ဆုံပြီး တဇာတ်ထုပ် ခင်းလာလိုက်ကြတာနော်။ အတွက်ရေ၊ တို့များ ခု ဖိုးဖိုး၊ ဖွားဖွားဇာတ်လမ်း ခင်းရတော့မယ်။

ဘဝရယ်၊ အချစ်ရယ်၊ အလှရယ်၊ ဘဝစလို့ အချစ်ဖြစ်ရတာလား၊ အချစ်ဖြစ်လို့ ဘဝကို စကြတာလား။

ဘဝဆိုတာ အချစ်လား၊ ဘဝရဲ့အလှကကော အချစ်လား၊ သူတို့ရဲ့တခေတ်မှာ အချစ်ကို ဘဝရဲ့အလှတပါးလို လေးလေးမြတ်မြတ် ပူဇော်ပုံ မရဘူး။

ဘဝရဲ့ယဇ်ပလ္လင်မှာ အချစ်ကို ယဇ်နတ် ပူဇော်သလို ပူဇော်ပြီး

အချစ်သားကောင်ရဲ့ လည်လှီးပြီး ထွက်လာတဲ့ သွေးကို မြိန်ရေရှက်ရေ သောက်ကြပေတာကိုး။ ဒီတော့လည်း အချစ်မှာ အလှကို ရှာမတွေ့တာဟာ သူတို့အတွက် မထူးဆန်းပါဘူး။

အချစ်မှာ အလှရှိတယ်။ ရှာတတ် ဖွေတတ် တွေ့မြင်တတ်သူတွေအတွက် အချစ်ရဲ့ မွန်မြတ် ချမ်းငြိမ်းခြင်း အလှကို တွေ့ထိခံစားနိုင်တာပါပဲ။

ဘဝက ယဇ်ပလ္လင်ပဲ။ သတ္တဝါဟူသမျှ ယဇ်ပလ္လင်ပေါ် ရောက်ကြရတာပဲ။ ဘဝဟာ သတ္တဝါတို့ ဆုံရာဖြစ်ပြီး ယဇ်နတ်သမီးရဲ့စီမံသမျှ ခံကြရတယ်၊ တဏှာရှင်မ ယဇ်နတ်သမီးထံမှာ အချစ်ကို ပူဇော်ပသခြင်း မပြုဘဲ ဗုဒ္ဓဟောပင်ရင်းရဲ့ပလ္လင်မှာ အချစ်ကို ပူဇော်တော့လည်း အလှဆိုတဲ့ အေးမြတဲ့ ကုသိုလ် ချမ်းငြိမ်းခြင်း၊ ချမ်းမြေ့ခြင်းကို ရတတ်ပေတာပဲနော် အတွက်ရယ်။

မိုနာရဲ့စကားကို မွေး နားထောင်ရာမှ ဖြစ်လာတဲ့ မွေးရဲ့စိတ်အစဉ် ခံယူချက်ကို တင်ပြတာပါနော်။

ဒီတော့ မွေး ဒီနေရာမှာ အတွတ်ကို ပြောချင်တာက

(၁) တို့များနှစ်ယောက်ရဲ့ အသက်ဟာ ၄၀ ကျော်ပြီ၊ မိုနာတို့အသက် ၂၀ ကျော် မတိုင်မီ အတွေးလို ခံယူချက်နဲ့ လက်ထပ်ခြင်းအပေါ် စဉ်းစားလို့ မရဘူး။

(၂) အချစ်ကို မူးယစ်စေတတ်တဲ့ သေအရက်လို သဘောထားပြီး ချဉ်ချဉ်တူးတူး မူး ပြီးရောဆိုပြီး ကြုံရာခွက်နဲ့ သောက်လို့လည်း မတင့်တယ်ဘူး။

(၃) သေခြင်းနဲ့ ချစ်ခြင်းဟာ ဘဝမှာ မလွဲမသွေ သတ္တဝါတိုင်း တွေ့ကြရမယ်။ ဒီတော့ ဇနကမင်းသားရဲ့သေခြင်းအပေါ်သဘောကို မွေး အတွတ်ကို ပြောပါရစေ။ ဇနကမင်းသားဟာ ပင်လယ်မှာ ကူးခပ်ရင်း မဏိမေခလာ နတ်သမီးနဲ့ တွေ့တယ်။ ဇာတ်ကြောင်းရှည်ကိုတော့ မလှန်တော့ဘူး။

မဏိမေခလာ နတ်သမီးကို ဇနကမင်းသားက ပြောတယ်။

"နတ်သမီး၊ ဘဝတခုမှာ သတ္တဝါတွေဟာ သေခြင်းနဲ့ အဆုံးသတ်ကြရတယ်။ သို့သော် သေရတာချင်း အတူတူ အပြစ်ကင်းလွတ်အောင်သေဖို့ အရေးကြီးပါတယ်။ ငါနဲ့ အတူပါတဲ့ သင်္ဘောသားငါးရာဟာ ငါး၊ လိပ်၊ မကန်းတွေရဲ့အစာဖြစ်ပြီး သေသွားကြပြီ။ ငါသာ ဖွဲ့မရှိဘဲ ဟိုလူတွေနဲ့အတူ သေသွားရင် ပြည်ထောင်အချင်းချင်း မင်းတို့က ကြားရင် ဒီမင်းသားဟာ ခွန်အားဗလ ရှိပါရက်နဲ့ ကြိုးစားပြီး မကူးခဘူး၊ ဖွဲ့မရှိလို့ သူလိုငါလို သေရတယ်လို့ သေခြင်းအပေါ်မှာတောင် သူတကာတွေ ကဲ့ရဲ့ပြစ်တင်ခံရပြီး သေရမယ် နတ်သမီး။ ခု ငါ့ခွန်အား၊ ငါ့ဖွဲ့ကို အားကိုးပြီး လင်းယဉ်တိုင်အတိုင်ဖျားက

ခုန်ချလို့ ငါး၊ လိပ်တွေ ဘေးကလည်း လွတ်ခဲ့ပြီ။ ဖွဲနဲ့ကူးလို့ နေရတဲ့ အသက်ရှည်ရတဲ့ဘဝမှာ မွန်မြတ်တဲ့သီလကို ငါစောင့်ထိန်းလို့ သေလည်း ရဲရဲသေရဲပြီ။ ပြီးတော့ အသက်မသေတောင် သူတကာ မမြင်ဖူးတဲ့ အသင်နတ်သမီးကို ငါ မျက်ဝါးထင်ထင် မြင်ရဖူးပြီ။ သေချင်လည်း သေပါစေ၊ ငါ သေရကျိုးနပ်ပြီ။ သင်နတ်သမီး ထင်သလို သေခါနီးဆဲဆဲ ကြောက်အားလန့်အားနဲ့၊ သွေးရူးသွေးတန်းနဲ့ ကူးခပ်နေတယ် မထင်နဲ့။ သင်နတ်သမီး ကယ်လိုမှ ကယ်၊ မကယ်လိုလည်း နေနိုင်တယ်” တဲ့။ မရွှေမွေးရယ်၊ ကျွန်တော်မျိုး အတွက်က ခင်ဗျားဆီ မျောက်မင်းရော၊ ပုဏ္ဏားရော ရေးပြတာနဲ့ ခင်ဗျားက တကတဲ ဇနကဇာတ်တော် ချီလာပြန်ပြီလားလို့ ဆက်မဖတ်ဘဲ မနေနဲ့ဦးနော်။

မွေးဆိုလိုတာက ဘဝမှာ သေခြင်းကိုလည်း အပြစ်ကင်းစွာ သေရခြင်းဖြစ်သလို ချစ်ခြင်းမှာလည်း အပြစ်ကင်းစွာ ချစ်ရခြင်း မွေးနဲ့ အတွက်ကြားမှာ ဖြစ်စေချင်ပါတယ်။ ရိုင်းရိုင်းရေးရရင် အသက် ၄၀ ကျော်မှ ဘာစိတ်ရူးထပြီး နန့်ကြောဆွဲလည်း မသိပါဘူးလို့ ချစ်ခြင်းအပေါ်မှာ သူများ ကဲ့ရဲ့ပြစ်တင် ရှုတ်ချခြင်း မဖြစ်စေလိုဘူး အတွက်ရယ်။

ဒီလောက် အေးမြချမ်းငြိမ်း ပြည့်စုံနေပါရက်နဲ့ စိတ်ကို တချက် မထိန်းနိုင်လို့၊ ဖွဲမရှိလို့ တဏှာရေပြင်မှာ မွေးတယောက် စုံးစုံးနစ်သေရတဲ့အဖြစ်ကို မရောက်ချင်ဘူး ကယ်တင်ရှင်ကြီးရယ်။

ဦးမေခလာကြီးရဲ့ကယ်တင်ချင်တဲ့စေတနာ အပြည့်အဝကို မွေး လေးစားပါတယ်။ သို့သော် ကယ်လိုမှလည်း ကယ်ပါ။ မွေးဟာ အပြောကျယ်တဲ့ အချစ်သမုဒ္ဒရာမှာ ကြောက်အား လန့်အားနဲ့ ကူးနေတဲ့ သတ္တိနည်းသူ မုဆိုးမတယောက်ရယ်လို့တော့ ထင်မှတ်မမှားစေလိုဘူး။ သွေးရူးသွေးတန်းနဲ့ တဏှာရူး ရူးနေတာ မဟုတ်ပါဘူး။

ဘဝဆိုတာကို ဂျော်မက်ထရီနည်းနဲ့ပြောရရင် နေ+ဝတ်+စား+အချစ် = ဘဝ၊ နေတတ်ခြင်း၊ ဝတ်တတ်ခြင်း၊ စားတတ်ခြင်း၊ ချစ်ခြင်းများကို သင့်တင့်လျောက်ပတ်စွာ လုပ်တတ်သွားသည်နဲ့အမျှ ဘဝဟာလည်း သင့်တင့်သွားတတ်ပါတယ်။

လင်ရိုတုန်းက ရွှေထီးဆောင်းခဲ့ရသူမို့ ခုလည်း ရွှေထီးဆောင်းရမှ ကျေနပ်နိုင်မှာပဲလို့ ရွှေထီးကို မရမနေ လိုက်ရှာနေလည်း ရွှေထီးရှာဒုက္ခကို ကိုယ့်ဘာသာကိုယ်ခံ ဘယ်သူမှ သနားမှာ မဟုတ်ပေဘူး။

ချစ်ခြင်းမှာလည်း ချစ်သူပျောက် ရှာပုံတော်ဇာတ်လမ်းကို အပြောကောင်းလို့ နားထောင်နေလည်း ကိုယ့်ဇာတ်လမ်း ကိုယ်သာ လွမ်းတာ၊

ဘယ်သူကမှ တပတ်ကကျော်ရင် ပိုပြီး နားမထောင်ချင်ကြဘူး။ ကိုယ်လိုပဲ သူတကာလည်း ချစ်တဲ့သူနဲ့ ကွေကွင်းတဲ့ဒုက္ခကို ခံစားကြရတာပဲ။ ကိုယ့်ထက်တောင် သူတကာတွေ ဇာတ်လမ်းက ပိုပြီး ဆန်းကြပေဦးမယ်။

အချစ်ပျောက်လို့ အချစ်ကို ရှာလည်း နောက်ထပ်ရှာတဲ့ အချစ်သစ်ဟာဖြင့် မပျောက်တော့ပါဘူးလို့ ဘယ်သူက အာမခံဝန်ချက်ပေးမှာလဲ အတွတ်ရယ်။

ဒီတော့လည်း ဇနကမင်းသားကို ပြန်ညွှန်းရဦးမယ်။ ဖုန်မှုန့်တွေ လူးနေတဲ့ သတို့သမီးငယ်လေးဟာ သီဝလိဒေဝီလို မိဖုရားခေါင်ကို ဘဝသင်ခန်းစာ ပေးခဲ့တယ်နော်။

သတို့သမီးငယ်ဟာ လက်ကောက်တဖက်တည်း ဝတ်ပြီး ဇယ်ခုတ်တယ်။ ဘာဖြစ်လို့လဲ ဆိုတာကို ဇနကမင်းကြီးက မေးတော့ -

“အရှင့်သား၊ လက်ကောက်အများဝတ်ပြီးတော့ ဇယ်ခုတ်ရင် အသံတချွင်ချွင်မြည်ပြီး နားငြီးလို့ တဖက်တည်းပဲ ဝတ်တာပါ” လို့ ဖြေခဲ့တယ်။ ဇနကမင်းကြီးက သီဝလိဒေဝီကို ဒီသတို့သမီးငယ်ကို ပြပြီး တရားချတာပဲ။

လောကမှာ တဦးချင်း နေခြင်းလောက် ငြိမ်းချမ်းတဲ့အရသာ မရှိပါလားဆိုတာကို သိပါရက်နဲ့ လက်ကောက်တရန် ဝတ်ချင်ရင် အသံတချွင်ချွင်မြည်တဲ့ နားငြီးဒုက္ခကို ကိုယ့်ဘာသာပဲ ခံရမှာမို့ လက်ကောက်တရန် ဝတ်သင့်လေသလားဆိုတာ အချိန်ယူ စဉ်းစားရဦးမယ် အတွတ်ရယ်။

■

အခန်း (၃)

ဝတ်ရုံလွှာ တိမ်မင်ခိုးနဲ့၊ ညဥ့်ယံကို သဘင်ပျိုးလို့၊

မုတ်သုံကြိုး စောင်းသံလွင်၊ မိုးနတ် လုလင်၊

ပုလဲမွန် ဒီလမ်းက၊ လာလိမ့်မယ် ထင်အမှန်းနဲ့၊

ညသူဇာ ဝတ်မှုန်ကျင်းလို့၊ လှခင်းကိုပြင်။

အို...သခင့် မိုးနတ်ရှင်၊ ဘယ်သွင်နဲ့ ဘယ်လိုလှမ်း။

ပန်းလွှာငုံ ရွှေရည်ညှက်ကို နမ်းဆက်ရုံလား။

အို...သခင့် မိုးနတ်ရှင်၊ ဘယ်သွင်နဲ့ ဘယ်လိုလှမ်း။

မြပျိုးပင် ပါးကွက်စိမ်းကို

တို့မလို ဆိတ်လိမ့်နိုးနဲ့

မျှော်ကိုးသူ ခန်းသာရိပ်မှာ၊ သည်းထိတ်ထိတ်မှန်း။

အို...သခင့် မိုးနတ်ရှင်၊ ဘယ်သွင်နဲ့ ဘယ်လိုလှမ်း၊

ဝင်္ကပါ ချစ်သူပွဲမှာ

မဟာဆန် ကြာရုံကပေလား

ကြေးနီမှုန် ဝတ်ပုဆိုးနဲ့

တတ်မျိုးစုံ သဘင်ကွက်က၊ လျှို့ဝှက်ပုံဆန်း။

အို...သခင့် မိုးနတ်ရှင်၊ သင့်မှာတော့ သဘင်ထူး၊

ပျော်ကြူးပါနဲ့ ယစ်မူးသူရာရှင်ရဲ့

သန်းရွှေစင် ရတက်ပွားအောင်၊

စိန်မြားတံ ထိန်ထိန်လက်လို့၊

ပုဆိန်ဆင် တောင်ရှည်ကွက်ရယ်နဲ့၊

ညဉ့်ရှုံတော် အခြေပျက်တယ်၊ သိုင်းကွက်ကကြမ်း။

အတွတ်ရေ…

မိုနာရဲ့ဖိတ်ခေါ်ချက်ကြောင့် မွှေး အင်းတကော်ဘက်ကို ခရီးထွက်ခဲ့တယ်။ ကိုကိုနိုင် ဆုံးပြီးမှ ရန်ကုန်မြို့ပြင်ကို ဒီတခါ ခရီးစထွက်ခြင်းပဲ။

စွဲလမ်းတဲ့စိတ်ဟာ အတော်ခက်တယ်နော်။ မွှေးလေ၊ မှော်ဘီဘက်ကိုလည်း မသွားရဲဘူး။ မှော်ဘီဘက်ကိုသွားရင် သူ ဗိုလ်သင်တန်းကျောင်းမှာ အမှုထမ်းစဉ်က အတူနေခဲ့တဲ့ ညောင်ညိုပင်ရဲ့ အောက်က အိမ်လေးက ချစ်သူနှစ်ယောက် အတူနေသွားတဲ့ ပုံပြင်ကို ပြောပေလိမ့်မယ်။

သူတကာ မကြားပေမယ့် မွှေး ကြားတယ် အတွတ်ရဲ့၊ မြလွှာခင်းတဲ့ မြက်ခင်းအဆုံးမှာ ဝါးရုံတောကို မေးတင်နေတဲ့ နေလုံးကြီး ပတ္တမြားမောင်က မွှေးကို မေးတော့မှာပဲ။ “မွှေး တယောက်တည်းလားလို့” မေးရင် မွှေး ဘယ်လိုဖြေရမှာလဲ။ အင်းတကော်ဘက်ကို ခရီးထွက်ရင်လည်း သူ အမှုထမ်းခဲ့တဲ့ ခြေမြန်တပ်ရင်း (၁၀၁) တပ်စခန်းကို မွှေး ဖြတ်ပြီး သွားရမယ်။ ဒီတော့လည်း အတိတ်ကို အတိတ်မှာပဲ ထားခဲ့ရစ်အောင် မပြတ်နိုင်တဲ့စိတ်က အတိတ်က အရိပ်တွေကို အသက်သွင်းတော့မယ်။

မွှေးလေ၊ အင်းတကော်ကို ဖြတ်လို့ မသွားရဲဘူး။

ဒါပေမင့်၊ ရှုလာရဲ့စိုက်ခင်းက (၁၀၁) ခြေမြန်တပ်ရင်းကို မရောက်ခင်လေးမှာပဲ ရှိတယ်။ သူ လာမယ့်အကြောင်း မိုနာ ကြိုတင် အကြောင်းကြားထားတယ် ထင်တယ်။

ရှုလာဟာ မွှေးမသိတဲ့ အမျိုးသမီးတယောက်နဲ့ ရစ်ချတ်လိုအရွယ် လူငယ်တယောက်နဲ့အတူ ဆီးကြိုကြတယ်။

သူတို့မျက်နှာလေးတွေက ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်ပဲ။

“မာမီရှဲလာ၊ ဒီက အန်တီကလေ မိုနာ ခဏ ခဏပြောနေတဲ့ အန်တီမွှေး ဆိုတာပေါ့”

မိုနာကလည်း သွက်သွက်လက်လက် မိတ်ဆက်ပေးပါတယ်။

“ရှဲလာလည်း အန်တီမွှေးနဲ့ ဆရာဝန်ကြီးက တမြို့တည်းသားချင်း ဝါးခယ်မမှာ အတူနေလာခဲ့သူ၊ ခြံနီးနားချင်းတွေ၊ သိပ်ခင်မင်တယ်ဆိုလို့ နာမည် ကြားကတည်းက တွေ့ချင်နေတာပါ”

ရှဲလာကလည်း ဖော်ဖော်ရွေရွေ ပြန်ပြောတယ်။

“ဟုတ်ပါတယ်၊ ရစ်ချတ်တို့ လက်ထပ်တုန်းကလည်း မွှေးက ကျန်းမာရေး မကောင်းလို့ လူထူထူကို ရှောင်နေရလို့ ရှဲလာတို့ဆွေမျိုးစုံနဲ့ မဆုံမိတာ။ ဝါးခယ်မမှာတုန်းကတော့ ဒေါ်ဒေါ် ဒေါ်သောင်းစိန်နဲ့က သားအမိလိုပါပဲ၊ သော်ကဘက်ကမ်းမှာ အိမ်ချင်းကပ်နေတာပဲ”

“အန်တီမွှေး၊ ရှဲလာအိမ်လေးမှာ ကြိုက်သလို လွတ်လွတ်လပ်လပ်နေ၊ ဒီက ရှဲလာရဲ့ ယောက်မ နော်ထူးဖော၊ ဒါက သူ့သား စောဝေဘဲလ်။ ရစ်ချတ်နဲ့တော့ ရင်းနှီးကြပါတယ်။ ခက်သားလား အန်တီမွှေးရဲ့၊ မုဆိုးမပေမင့် ရှဲလာအရွယ်က ငယ်သေးတော့ အလုပ်လုပ်စားရတာ မလွယ်ဘူး။ အဲဒါနဲ့ စောဝေဘဲလ်တို့မိသားစုကို ခေါ်ထားရတာ၊ အလုပ်သမားကို အုပ်ချုပ်ရတဲ့ ပြဿနာက မလွယ်ဘူးလေ”

ရှဲလာ သူ့ဘဝကို အတိုချုံးပြောရင်း သူ့အိမ်လေးအောက်ထပ်ကို ခေါ်သွားတယ်။ စောဝေဘဲလ်နဲ့ ရစ်ချတ်ဟာ တယောက်ပခုံး တယောက်ဖက်ပြီး နောက်ကလိုက်လာကြတယ်။

“စောဝေဘဲလ်ကလေ ခြံထဲမှာလည်း ကူတယ်။ ပဲခူးကနေ ၁၀ တန်းကို ဝင်ဖြေတာ ကျူရှင်မယူဘဲနဲ့ ဂုဏ်ထူးတောင် ချိတ်တယ်။ သူက ခုတက္ကသိုလ်မှာ စာဆက်သင်နေတယ်”

မွှေးကို စောဝေဘဲလ်နဲ့ မိုနာ မိတ်ဆက်ပေးပုံက ရစ်ချတ်ကို နောင်တရစေမယ့် စကားလုံးကို သုံးလိုက်တယ် အတွက်ရဲ့။

ရစ်ချတ်နဲ့စောဝေဘဲလ်ကတော့ မွှေးတို့ကို ခွင့်ပန်ပြီး စိုက်ခင်းနဲ့ ကြက်ခြံတွေဘက်ကို ထွက်သွားတယ်။

သူ့ခြံက စိုက်ခင်းထက် နွားနဲ့ကြက်ကို ဦးစားပေးမွေးတော့ စောဝေဘဲလ်လို တူသားမျိုးနဲ့ သိပ်အဖော်ရတာပေါ့။

"အန်တီမွေး၊ မုန့်ပျားသလက်ကို ကြက်ဥနဲ့ လုပ်ထားတယ်။ နွားနို့စစ်စစ်လည်း ကော်ဖီအစား သောက်ပေါ့။ မနက်စာကို နေမြင့်မှစား"

စောဝေဘဲလ်အမေကလည်း သူ လုပ်ထားတဲ့မုန့်နဲ့ ညှော်ခံတယ်လေ။ ဝါးခယ်မနဲ့ ဝေးကတည်းက မုန့်ပျားသလက်နဲ့လည်း ဝေးနေတော့ ခုတခါ စားရတာ သိပ်အရသာရှိသလိုပဲ အတွတ်ရယ်။ တနေ့နေ့တော့ ဝါးခယ်မ မုန့်ပျားသလက်တို့၊ မုန့်ဟင်းခါးတို့ကို အတွတ်နဲ့အတူ ပြန်စားကြဦးစို့ရဲ့လေ။ မုန့်ပျားသလက် ပူပူနွေးနွေးကို ဆီရွှဲရွှဲလေးနဲ့ တို့စားရတော့လည်း မွေး အတွတ်ကို သတိရပါတယ်။

မိုနာဟာ စားသောက်ပြီး တအောင့်လောက် နားပြီးတော့မှ သူ လာရင်းအကြောင်းကို စပြောတော့တာကိုး။ ပထမတော့ မွေးလေ မိုနာ့စကားကို စိတ်မဝင်စားမိဘူး။ ရှဲလာရဲ့အိမ်လေးနဲ့ ကြည်နူးစရာကောင်းတဲ့ စိုက်ခင်းကလေးကိုပဲ စိတ်ရောက်နေတယ်။ မွေးဘဝက တော်သေးတာ ပေါ့နော် အတွက်ရယ်။ ရှဲလာဆိုရင် မုဆိုးမဆိုတဲ့ သူ့ဘဝလေးကို သူများ အစော်ကား၊ အတင်းပြောလွတ်အောင် တဖက်က ကာကွယ်ရင်း သူ့ဘဝလေး သူလျှောက်သွားပုံဟာ ချီးကျူးစရာပဲ၊ စောဝေဘဲလ်တို့မိသားစုဟာ သူ့အတွက် အကာအကွယ်လည်းရ၊ လုပ်ငန်းမှာလည်း အဖော် ဖြစ်တာပေါ့နော်။

မိန်းမဆိုတာ အပျိုကြီးပဲ လုပ်နေနေ၊ တခုလပ်ပဲ ဖြစ်ဖြစ်၊ မုဆိုးမပဲ ဖြစ်ဖြစ်၊ အုပ်ထိန်းခြင်းက ကင်း၍ မတင့်တယ်ဆိုတာ သိပ်မှန်တာပဲနော်။ ကိုယ့်ထမင်း ကိုယ်စားနေတယ် ဆိုပေမင့် သူတပါး လက်ညှိုးထိုးကင်းအောင် နေရတာ အရှေ့တိုင်းသူ မုဆိုးမတွေရဲ့ ကြ္မေတမျိုးပဲ။

မွေး အတွေးထဲနစ်နေရာက မိုနာရဲ့ငိုသံပါ အသံလေးက မွေးအတွေးကို ရပ်သွားတယ်။ သူ ပြောနေတဲ့ စကားလုံးတွေကလည်း မဆိုးဘူး အတွတ်ရေ။

"ရစ်ချတ်ကို မိုနာ ချစ်လို့ပဲ လက်ထပ်ခဲ့တာပါပဲ။ ခုထိတော့ ဘဝမှာ ဘာမှ ကသိကအောက် မဖြစ်သေးပါဘူး မာမီရှဲလာ၊ ဒါပေမဲ့ တနေ့ ဖြစ်စရာလမ်းတွေ အများကြီး ရှိလာတယ် ဆိုတာကတော့ မိုနာ လက်ထပ်ပြီးမှ တွေးမိလာတယ်။ ရစ်ချတ် နောင်ရေးအတွက် မိုနာ တွေးမိပြီး ပြင်ဆင်သင့်တာ ပြင်ဆင်ရအောင် အန်တီမွေးကို အဖော်ခေါ်ပြီး မာမီရှဲလာဆီ လာခဲ့တာပဲ။ သူ့အကြောင်းကို တိုင်ပင်ဖို့ လာတာလို့ ရစ်ချတ်ကိုယ်တိုင် မသိပါဘူး။ အန်တီမွေးလည်း မသိပါဘူး။ အန်တီမွေးပါ ရစ်ချတ်ကိစ္စကို ဝင်ပြီးစဉ်းစားပေးပါ။ အခြေအနေမှန်ကို တကယ်သိပြီး တကယ် သည်းခံ ချိန်ဆနိုင်တာက ရစ်ချတ်အပေါ်မှာ သူ့မိခင်ရင်း မာမီရှဲလာပဲ ရှိတယ်"

မိုနာဟာ မျက်ရည်သုတ်ပြီး မိန်းမကြီးတယောက်လိုပဲ သူ့စကားကို

သူဆက်ပြောတယ်။

“မိုနာ ဒီလိုပြောတာကို အန်တီမွှေးတို့၊ မာမီရှဲလာတို့က ထင်မယ်။ သူ့ဖွားဖွားတွေကို တိုင်ပါလား၊ သူ့အဖွားတွေကကော မချစ်ဘူးလား၊ သည်းမခံဘူးလားလို့ မေးစရာရှိတယ်။ မချစ်လို့၊ သည်းမခံလို့ မဟုတ်ပါဘူး။ အချစ်က ပိုလွန်းလို့၊ သည်းခံကြတာလည်း လွန်လွန်းလို့ မိုနာ တမင်ပဲ အန်တီမွှေးပါခေါ်လာပြီး မာမီရှဲလာကို လာတွေ့တာပါ”

မိုနာ့စကားကို ကြားတော့ ရှဲလာက ပြုံးတယ်။ သူ ဘာကြောင့် ပြုံးရတယ်ဆိုတာလည်း မွှေး ရိပ်မိပါတယ်။ မိုနာကတော့ ယောက္ခမဖြစ်သူကို သူ့စကား သူဆက်ပြောတယ်။

“ဖွားအေတွေရဲ့အချစ်ဟာ မြေးအပေါ်ချစ်လွန်းတော့ ဘက်လိုက်တဲ့အချစ် ဖြစ်သွားတယ်။ ဘယ်အချစ်ဖြစ်ဖြစ် ဘက်လိုက်ရင် မျက်ကန်းအချစ် ဖြစ်သွားတတ်တာပဲ။ မျက်ကန်းအချစ်ဟာ ချစ်တဲ့သူကိုရော၊ အချစ်ခံရတဲ့သူကိုရော ဘယ်တော့မှ ကောင်းကျိုးမပေးဘူး။ ဘက်လိုက်ရတာကို မကောင်းပါဘူးလို့ ပြန်ပြောရတာက အဖွားတွေ၊ လူကြီးတွေ ဖြစ်နေတော့ မိုနာရဲ့အဆိုး ဖြစ်မယ်။ ဒါပေမဲ့ နောက်ဆုံး ပျက်စီးခြင်းငါးပါးတိုင်ရမှာက မာမီသားရစ်ချတ်။ ရစ်ချယ်ရဲ့ဆိုးမွေ၊ ကောင်းမွေကို ခံရမှာက မိုနာနဲ့ ဟောဒီဗိုက်ထဲက ကလေး”

မိုနာက တိတိလင်းလင်း ပြတ်ပြတ်သားသား တတွတ်တွတ်နဲ့ ပြောနေတယ်။ သူ့စကားတွေဟာ ငယ်ရွယ်သူစကား ဆိုပေမယ့် အမှန်ချည်းပဲ အတွတ်ရယ်။

ရှဲလာက ငြိမ်ငြိမ်သက်သက် နားထောင်ရာက ဝင်ထောက်လိုက်တယ်။

“မိုနာတို့ လက်ထပ်ပြီးစက မိုနာ့မိဘတွေ အိမ်မှာနေတာ ကောင်းသားပဲ၊ သူလည်း ကျိုးနွံသွားတာပေါ့။ မိုနာ ဘာဖြစ်လို့ ဖွားဖွားတို့အိမ် ပြောင်းဆင်းရတာလဲ” တဲ့။

“ဟုတ်တယ် မာမီရှဲလာ၊ ဒီမေးခွန်းကို မေးသင့်တယ်။ မိုနာလေ အကြောင်းနှစ်ကြောင်းကြောင့် သူ့နောက်လိုက်ပြီး သွားတာ။ တကယ်တော့ မိဘအရိပ် မိဘအိမ်ထက် စိတ်ချမ်းသာတာ ဘယ်မှာရှိမလဲ။ မာမီတို့အိမ်မှာ မိုနာ ဘယ်လောက်ဇိမ်ကျကျ နေနိုင်လဲဆိုတာ မာမီရှဲလာ အသိပါပဲ”

“ဟုတ်ပါတယ်”

မွှေးရော ရှဲလာပါ သူ့စကားကို ဝင်ထောက်လိုက်တယ်။

"မိုနာလေ အန်ကယ်မိုးကောင်းကို ဘယ်လို ကျေးဇူးတင်မှန်း မသိဘူး"

မိုနာရဲ့စကားလမ်းကြောင်း ပြောင်းသွားလို့ စိတ်များ ကယောက်ကယက်ဖြစ်သွားလားလို့ မွေး အံ့ဩသွားတယ်။ နောက်မှ သူ့စကားလမ်းကြောင်း ပြောင်းပေမယ့် အစီအစဉ် မှန်ပါတယ်။ ယောက္ခမကြီးအတွက်ကို ချီးကျူးလိုက်ရတာလည်း အမောပဲ အတွက်ရေ။ သူ့စကားလုံးလေးတွေကို ဆက်ဖတ်ပါဦးနော်။

"ဘာဖြစ်လို့ မိုနာ ရစ်ချတ်ရဲ့ဖေဖေကို ကျေးဇူးတင်သလဲဆိုတော့ ရစ်ချတ်ရဲ့ဖေဖေ အန်ကယ်မိုးကောင်းက အန်တီမွေးဆီပေးတဲ့စာ ဖတ်ပြီးကတည်းက မိုနာ့ဘဝဟာလေ ဆွဲယူ ပြောင်းလိုက်သလိုပဲ။ အတွေးအခေါ်ရော၊ အနေအထိုင်ရော ပြောင်းသွားတယ်။ ငါ ရစ်ချတ်ကို တကယ်ချစ်ရင် ငါ သက်သောင့်သက်သာ ချမ်းသာရာကို မကြည့်ရဘူး။ ချစ်သူရဲ့အကျိုးနဲ့ ချစ်သူ စိတ်ချမ်းသာဖို့ကို ကြည့်ရမယ်။ ငါ့အချစ်ကလည်း ဘက်လိုက်တဲ့အချစ် မဖြစ်ရဘူးလို့ ဆုံးဖြတ်ထားတယ်။ ဒီလို စိတ်ထားတတ်လာတာ အန်ကယ်မိုးကောင်းရဲ့စာကြောင့်ပေါ့"

ရှဲလာနဲ့ မွေးလည်း သူ့စကား တဖြည်းဖြည်း လိပ်ပတ်လည်လာလို့ ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေမိတယ်။

"မာမီတို့အိမ်မှာ ဆက်မနေချင်တဲ့ ပထမအကြောင်းက ရစ်ချတ်ကို မိုနာ ယူကတည်းက ဒက်ဒီနဲ့ အသိုင်းအဝိုင်းတွေကြောင့်သာကိုး၊ မာမီက သဘောတူတာ မဟုတ်ဘူး။ ဒက်ဒီကတော့ သမီးအပေါ် စိတ်ရှည်တယ်။

ကိုယ့်ချစ်သူနဲ့ ပေါင်းရပြီပဲကွယ်၊ သမီးဆန္ဒပြည့်ပြီ မဟုတ်လားတဲ့။ ဒီတော့ သမီးလေး နောင်ရေးအတွက်မို့ စာဆက်သင်ပါဆိုပြီး သူ့ကိုရော၊ မိုနာ့ကိုရော မက်ထရစ် အောင်အောင် ကျောင်းဆက်ထားတယ်။ ကဲ - မိုနာက ဒီဗိုက်ပြဲပြဲနဲ့ စာကြိုးစားလိုက်တာ ဒီတောင် ချိတ်သေးတယ်။ သူ့မှာတော့ အေနဲ့တောင် မအောင်ဘူး

မိုနာပြောတာတွေဟာ အမှန်ချည်းဖြစ်နေတော့ ရှဲလာလည်း ခေါင်းတညိတ်ညိတ် လုပ်နေပုံ ရတယ်။

"သူ့အဖြစ်က အဲဒီလိုဖြစ်နေတော့ မာမီအဖို့ ပြောစရာအကွက် ဖြစ်လာတာပေါ့။ ဒီကောင်ဟာ အဖြစ်ရှိတဲ့အကောင် မဟုတ်ဘူးဆိုတာ သိပြီလား။ ဖွားအေတွေအရိုန်၊ အဖေ ဆရာဝန်အရှိန်နဲ့ အရောင်တောက်နေတဲ့ ရွှေတောင်ပေါ်ကိုနားတဲ့ ကျီးကန်း ဖြစ်နေတယ်တဲ့၊ ကိုယ်စွမ်းကိုယ်စ ဘယ်တော့မှ ထွက်မယ့်ကောင် မဟုတ်ဘူး။ မာမီ့စကားလုံးတွေက မိဘကိုပါ ခိုက်လာရော၊

အတွက်ရဲ့သားအရင်းမှ မဟုတ်ဘဲ၊ မိမစစ်ဖမစစ်သား ဘာညာနဲ့ဆိုလာတော့ မာမီကသာ မိုနာကို ကျိတ်ပြီး ကြိမ်းပေမင့် ကြာတော့ သူပါ ကြားလာတာပေါ့၊ မိဘကို ထိလာတော့ သူ နာကြည်းလာတာပေါ့”

“အေးလေ၊ ဒါကတော့ သားသမီးမကောင်း မိဘခေါင်းပေါ့။ ရစ်ချတ် လုပ်ပုံကလည်း မဟုတ်ဘဲကို”

ရှဲလာရဲ့စကားလုံးက မိခင်ကောင်းတယောက် ပြောသင့်တဲ့ စကားလုံးပါပဲ။

ပညာ ဆက်မသင်ချင်၊ ဒီဂရီ မရချင် နေတဲ့၊ အလုပ်တခုခုကို ဖင်သေသေနဲ့ ခါးချိုးလုပ်ပါလားတဲ့၊ မာမီက ပြောတယ်။ မိုနာလည်း သူ့ကို တီးတိုးပြောပါတယ်။ ဒါပေမင့် မရဘူး မာမီရှဲလာ၊ သူလေ ကားတစီးနဲ့ပဲ လူပျိုတုန်းကလို မော်လီတို့ တော်မီတို့အုပ်စုနဲ့ပဲ ပွေချင်နေတယ်။ ချစ်စရာ မိုနာတယောက်လုံး ရှိနေပြီပဲ၊ ဘာလို့ သူက အဲဒီ မော်လီတို့ဆီ ပျော်တော်ကြူးချင်ရတာလဲ”

ငိုသံလေးနဲ့ မိုနာပြောသံကြားတော့မှ မွေး စဉ်းစားမိလာတယ်၊ သတိရလာတယ်။ မွေးတို့အိမ် မိုနာ လာလည်တုန်းက သူ့မေးခွန်းလေးတွေလေ၊ မိန်းမတယောက်ဟာ လှပါရက်နဲ့ ယောကျ်ား တယောက်ရဲ့အချစ်ကို ဘာကြောင့် မပိုင်လဲဆိုတဲ့ သူ့မေးခွန်းလေးကို မွေး ပြန်ပြီး ကြားယောင်လာတယ်။

ဩော်... ငယ်သေးတဲ့မိုနာ၊ ဘဝမှာ မရင့်ကျက်သေးတဲ့မိုနာ၊ ခြေဖဝါးနုနုနဲ့ ဘဝလမ်းကို စပြီး လှမ်းရတဲ့အခါ သိလာပြီပေါ့နော်။

သူတို့ကိုသာ အစောကြီးက မိဘတွေက အသက် ၂၀ မကျော်ခင် အိမ်ထောင်ရေးတို့၊ အချစ်ရေးတို့ မစဉ်းစားပါနဲ့လို့ဆိုရင် မာမီတို့ကော၊ ဒက်ဒီတို့ကော မချစ်ခဲ့ဘူးလား၊ အချစ် မရှိခဲ့ဘူးလားနဲ့ စကားတန်အိုးတွေလေ နှုတ်လုံ့ထိုးမှာ အတွက်ရဲ့ သိလား။

လူငယ်တွေကို ပြင်မရ ထိန်းမရအောင် ငါးပါးမှောက် ဖြစ်သွားမှာစိုးလို့သာ ဘဝ အပူမမိအောင် ကြိုတင်ပြီး မိဘတွေက၊ အုပ်ထိန်းသူတွေက သတိပေးရတာ၊ ဒန်အိုးပူလောက် ဆိုရင်တော့ ကိုင်ကြည့်လို့ လွှတ်ပေးလိုက်တာပဲ ကောင်းတယ်။ ဒါမှလည်း သူတို့အဖြေ သူတို့ ဘဝထဲမှာ ရှာတတ်လာမှာ။ ဘဝထဲကရတဲ့ သင်ခန်းစာကမှ သူတို့အဖို့ လေးလေးနက်နက် ယုံကြည်မှာ၊ တရားဟောနေလို့တော့ သူတို့ မကြုံဖူးတော့ မယုံဘူး အတွက်ရေ။

မွေး ဘာဖြစ်လို့ အဲဒီလို ရေးရလဲဆိုရင်၊ အထူးသဖြင့် မွေးတို့ မိန်းမလေးတွေပေါ့၊ မိရွှေမွေးက ကိုယ်တွေ့လေ။

မေမေက သမီး အသက် ၂၀ မကျော်ခင်မှာ ဘဝဟာ မရင့်ကျက်သေးတာမို့

အချစ်အကြောင်းကို စဉ်းစားတာမှာ စောပါသေးတယ်လို့ ဖရက်ဒီကို မချစ်ဖို့ မေမေတားတုန်းကများ မေမေ့ကို ပါးစပ်ကသာ ပြန်မပြောရဲတာ၊ စိတ်ထဲကတော့ ပြန်ပြီး ချေပမိတယ်။ ဖရက်လို ရိုးသားတဲ့လူ၊ စိတ်ထားတည်ငြိမ်တဲ့လူ၊ အေးအေးချမ်းချမ်း ရှိတဲ့လူ မရှိတော့ဘူးလို့ ထင်ခဲ့မိတယ်။

ခုတောင် အရူးလိုပဲနော်၊ သူငယ်ငယ်တုန်းကတော့ ငါ့ကို တကယ်ချစ်တာပါပဲလေ၊ တက္ကသိုလ်ရောက်မှ အပေါင်းအသင်းစုံပြီး အင်းလျားကန်ရေငွေ့ကလည်းဟပ်၊ ကန်ထဲက လူသားကို မျိုတတ်တဲ့ နဂါးမရဲ့အငွေ့သင့်ပြီး ငါ့ကို အမေ့ကြီး မေ့တာပဲရယ်လို့ ကိုယ့်ချစ်သူကို သာပဲ ခွင့်လွှတ်အတွေးနဲ့ တွေးမိတယ်။

တကယ်ဆိုတော့ တဖက်က အေမီမှာ ဘာအပြစ်မှ မရှိဘူး။ မေမေသာ အမြော်အမြင် မကြီးခဲ့ရင် ဖရက်ဒီ အခုလို အရက်ကြိုက်ပုံ၊ အပျော်ကြူးပုံနဲ့၊ မွှေးက အရက်ကြောက်ပုံနဲ့ တလမ်းစီပဲနော်။

မွှေးသူငယ်ချင်းတွေက မင်းနဲ့ ဖရက်ဒီ ခွဲခွာရခြင်းဟာ မွှေးအတွက် ကံကောင်းခြင်း၊ ကောင်းသော ခွဲခွာရခြင်းတဲ့၊ ဗြိုရိုကရက်အခြေခံ ဆွေမျိုးစုနဲ့ တော်လှန်ရေးသမား အခြေခံ ဆွေမျိုးစုက ထွက်လာတဲ့ မင်းတို့နှစ်ယောက် အိမ်ထောင်ရေးဟာ ဘယ်တော့မှ သာယာမှာ မဟုတ်ဘူးတဲ့။ ခုလို သမီးရည်းစားဘဝက ညောင်ညိုပင်စခန်း မရောက်ခင်ကပဲ လမ်းခွဲရတာ ကံကောင်းလေခြင်းလို့ မွှေးရဲ့သူငယ်ချင်းအုပ်စုက ဝေဖန်ကြတယ်လေ။

အမှန်တော့လည်း အတွတ်ရေ၊ ဘဝကပြောတဲ့ ပုံပြင်မှ ဒဏ္ဍာရီလိုလိုနဲ့ တကယ့် ဇာတ်လမ်းပါလားနော်။ မိုနာလည်းလေ၊ သူ့အသိတရားလေးက သူ့ကို ဆုံးမလာတော့ မိုနာ လိမ္မာလာလိုက်တာနော်။ ရှုလာလည်း သူ့သား ရစ်ချတ်ဟာ အလုပ် မလုပ်တာတင် မဟုတ်ဘူး၊ အပျော်ကြူးတတ်၊ ဇိမ်ခံတတ်တာကိုပါ သိတော့ စိတ်မကောင်း ဖြစ်သွားတယ် ထင်တယ်၊ ရှုလာ ပြောပြပုံကလည်း စိတ်ဝင်စားစရာပဲ။

“မိုနာ သမီးရယ်၊ မငိုပါနဲ့တော့ကွယ်၊ လူတွေဟာ ခက်တယ်နော်။ ဆင်းရဲလွန်းတော့လည်း စိတ်ဓာတ်ကျပြီး ပျက်စီးလွယ်တယ်။ သားကျတော့လည်း ဘဝမှာ ဆင်းရဲတာဆိုတာ မကြုံသေးတော့ လေချောင် တေချောင်တယ်။ သူ့ဘဝက “စံ” ခန်းကြီးပဲကို” တဲ့။

“သားအဖနှစ်ယောက်ကံ မတူလိုက်တာနော်၊ မာမီရှုလာရဲ့ယောကျ်ားဟာလေ မြန်မာ အမျိုးသားစစ်စစ်၊ ရှုလာတို့ကျောင်းသူတွေဟာ သူ့အစ်မ ဆရာမကြီးဆီမှာ စာသင်ရင်း သူနဲ့

ရင်းနှီးခဲ့တာ။ သြော် သူ့ဘဝကျတော့လည်း "စွန့်" ခန်းချည်းပဲနော်။ သူ့တသက်တော့ ရှဲလာ တွေးကြည့်တိုင်း စွန့်စားရတာရယ်၊ စွန့်လွှတ်ရတာရယ် ဒီနှစ်ခုပဲ ရှိတယ်။ သူ့ယုံကြည်ချက်ကို အလျှော့မပေးဘဲ နောက်ဆုံး အသက်ကိုတောင် စွန့်သွားရတာပဲ" လို့ ရှဲလာက ပြောတယ်။

"ဟုတ်တယ်လေ၊ မာမီရှဲလာသားရဲ့ဘဝကတော့ "စွန့်" ခန်းကို အိပ်မက်တောင် မမက်ဖူးဘူး၊ ဇိမ်နဲ့စံရတဲ့ အခန်းချည်းပဲမို့လား။ ဒါကြောင့် ရစ်ချတ်ကို အနုရုဒ္ဓါရောဂါစွဲနေတာလို့ မိုနာပြောတာ။ မိုနာက တခါတလေ သူ့ကို ခြောက်တဲ့အနေနဲ့ ခွဲသွားတော့မယ်ပြောရင် သူ့ဖွားအေ ဒေါ်စိန်စီက ငါ့မြေး အစက ဘယ်လိုအစားလဲဆိုတာ မိုနာ မသိဘူးလားတဲ့။ ကဲ… ဘော်ဒါအုပ်လုပ်လာပြီး စနစ်ကောင်းတယ် ဆိုပေမင့် သူ့မြေးနဲ့ကျလာတော့ ဘက်လိုက်ပြီးတော့ကို တွေးတတ်တာပဲ။ ဒါကြောင့် သူ့မြေးအကြောင်း ကောင်းကောင်းသိအောင်၊ သူတို့မြေး မြေကြီးနဲ့ကွာပြီး အောက်ခြေ လွတ်နေတာကို သိရအောင်လို့ ဖွားဖွားတို့အိမ်ကို မိုနာ တမင်ပြောင်းပြီး လိုက်လာတာ။

ဒုတိယအချက်ကတော့ မိုနာက မြေးချွေးမ၊ သူ့မြေး ဖြုန်းသမျှ သူ့ဖွားအေတွေက ပိုက်ဆံ ပေးရတော့မယ်။ ခဏ ခဏ လက်ဝါးဖြန့်တောင်းရင် မြေးကိုတော့ သဒ္ဓါတာပေါ့၊ မြေးချွေးမ အပေါ်ကျတော့ ကြာရင် အဖွားကြီးတွေ ကြည်ဖြူမှာ မဟုတ်ဘူး။ ဒီတော့မှ မိုနာ့အဖြစ်ကို စာနာတတ်လာမယ်၊ မိုနာ သုံးဖို့ လိုလာတိုင်း ရစ်ချတ်က တောင်းတော့မယ်။ မိုနာ့ကို ဖွားဖွားတို့က ကြာလို့ မကြည်ဖြူလာရင် "ဖွားဖွားတို့မြေး ဝင်ငွေရှိအောင် သူ့ကို အလုပ်လုပ်ခိုင်းပါ" လို့ မိုနာ ပြောထွက်အောင်လို့ တမင်ကို သူ့ဖွားဖွားတွေအိမ် ပြောင်းလာတာ။

ဒက်ဒီတို့၊ မာမီတို့နဲ့ ဆိုရင်လေ ရစ်ချတ်က မိုနာကိုပဲ မင့်ဒက်ဒီတို့က ကျွေးဖို့ မသဒ္ဓါဘူးလား၊ ခါတ်ဆီဖိုး တောင်းပေးနဲ့ ကားတဘီးလိမ့်ရင် ရွှေနဲ့ စက်ရမတတ် ခါတ်ဆီဈေး တက်နေတာလည်း သူ မသိဘူး။ ဒီလို အကြောင်းကြောင်းတွေကြောင့် မိုနာ ဖွားဖွားတို့အိမ် ပြောင်းနေတာ၊ ဖွားဖွားတို့အိမ်မှာဆိုရင် မာမီရှဲလာလည်း အဝင်အထွက်ရှိတော့ ရစ်ချတ်ကို မိုနာရော၊ မာမီရှဲလာရော နှစ်ဖက်ညှပ်ထိန်းရင် ရစ်ချတ်ဘဝ မျှော်လင့်စရာ အများကြီး ရှိသေးတယ် မာမီ"

မိုနာလည်း စကားအဆုံးသတ်ရော ပြောတဲ့သူတော့ မသိဘူး၊ မွှေးနဲ့ ရှဲလာနဲ့ မောလိုက်တာ အတွတ်ရယ်၊ သက်ပြင်း ပြိုင်တူချလိုက်မိကြတယ်။

မိန်းမတွေဟာ တကယ်တော့ သနားစရာ ကောင်းပါတယ် အတွတ်ရယ်။ သမီးရည်းစား ဘဝမှာသာ သူတို့မှာ ဖူးဖူးမှုတ်ခံရပေမင့် လက်ထပ်ပြီးတယ်ဆို မိုက်တဲ့မိန်းမပဲဖြစ်ဖြစ်၊ လိမ္မာတဲ့ မိန်းမပဲဖြစ်ဖြစ် လင်ရဲ့ရှေ့ရေး၊ သားသမီးရှေ့ရေး၊ နောက်ရေး တွေးတောပူပန် ပြင်ဆင်ရတာဟာ သဘာဝတာဝန်ပဲနော်။

"သူတို့ မိန်းမတွေဘက်ကချည်း ရှေ့နေလိုက်တယ်။ လက်ထပ်ပြီးမှ လင်ကို နွားလို ခိုင်းစားလို့ ထဘီရဲ့ကျွန်ဖြစ်ရတဲ့ ယောကျ်ားတွေကိုကော ထည့်မပြောဘူးလားလို့ အတွက်က ပြန်မေးချင်မှာပဲ။ မှန်ပါတယ်လေ၊ ဘယ်လိုပဲ ဆိုးဆိုး တေတေ၊ မိန်းမမှန်ရင် အာဝေဏိက ငါးပါးက မလွတ်တာကို မွေး ပြောပြတာပါ။

အဲဒီနေ့က မွေးလေ ချွေးမနဲ့ ယောက္ခမ သားကြီးရစ်ချက် ပြဿနာကို ဘယ်လိုဖြေရှင်းမလဲ၊ ရှဲလာ ဘယ်လိုကိုင်တွယ်မလဲဆိုတာ စဉ်းစားရင်းနဲ့ အတွက်တို့၊ မွေးတို့ငယ်ငယ် ရစ်ချက်တို့ အရွယ်က ကြုံခဲ့တဲ့ အဖြစ်တွေကို တွေးမိတယ် အတွက်ရယ်။ အာရှလူငယ်ခေတ်ကို ပြောတာနော်။

အဲဒီတုန်းက တို့များ ၁၄-၅ နှစ်အရွယ်ပဲ ရှိသေးတယ်နော်။ အတွက်က တဦးတည်းသားမို့ အများနဲ့ စုပေါင်းလှုပ်ရှားတတ်တဲ့ မွေးတို့အုပ်စုထဲ မပါခဲ့ပေမင့် အတွက် မွေးဖွားလာတဲ့ သော်ကရွာ မြေပြင်ကိုက ဝါးခယ်မမြို့နဲ့ မြစ်တမြစ်သာ ခြားတယ်။ လယ်မြေကွက်တွေ ပတ်လည်ဝိုင်းပြီး လှေထောင်တွေ၊ သမ္ဗန်ဆောက်တဲ့ လူတွေကလည်း သော်ကရွာကနေ ရွာသစ်၊ ထော်ကနွတ် တရုတ်တန်းအထိ ရှိတယ်။ ဆန်စက်တွေကလည်း ရှိတော့ လယ်သမားတွေ၊ အလုပ်သမားတွေဘဝနဲ့ မစိမ်းတဲ့အပြင် သူတို့လှုပ်ရှားမှုတွေမှာ အတွက်တယောက် မပါခဲ့ပေမင့် သူတို့ဘဝတွေနဲ့ အတွက်ဘဝဟာ သီးခြားကင်းလွတ်မနေဘူး။ အတွက်ရဲ့မေမေကလည်း သားလေးကို ရွှေလို ဥထားတယ် ဆိုပေမင့် သူ့စိတ်ဓာတ်ဟာ သူ့ပတ်ဝန်းကျင်နဲ့ လက်ရည်တပြင်တည်း ဖြစ်နေတော့ သားကို ပညာအဆုံးတိုင်ပေးပြီး ဆရာဝန် ဖြစ်ပြန်တော့လည်း တချို့မိခင်တွေလို သားဆရာဝန်ကို မြို့က တဖဝါးမခွာစေဘဲ ပိုက်ဆံ မရှာခိုင်းဘူး။ တောင်ပေါ်ကျေးလက်တွေကို သွားချင်တဲ့ စိတ်ဓာတ်ရှိအောင် သူ့သားကို ငယ်ငယ်ကတည်းက ပုံသွင်းပေးထားတာ အတွက်မေမေ ဒေါ်သောင်းစိန်ရဲ့ စိတ်ဓာတ်မွန်မြတ်မှုနဲ့ လိမ္မာကျွမ်းကျင်မှုပေါ့။

မွေးတို့ကျတော့လည်း သူငယ်ချင်းကျောင်းသူ အသိုင်းအဝိုင်းတွေနဲ့ အများနဲ့ဆိုင်ရာ အဆောက်အအုံတွေရော၊ ဘာသာရေး၊ သာသနာရေးဆိုင်ရာ ဇရပ်၊ တန်ဆောင်း၊ လူသွားလမ်းပေါ်က အမှိုက်သရိုက်ကအစ နွားချေး၊ ခွေးချေးကျုံးပြီး သန့်ရှင်းခဲ့တာတွေ၊ နွေချိန်ရောက်လို့ ရေ မလုံလောက်တဲ့ ကျောင်းကန်တွေကို ရေခပ်သယ်ပေးတဲ့ အကျင့်တွေဟာ အများနဲ့ စုပေါင်း လှုပ်ရှားပြီး အများအတွက် လုပ်ပေးတတ်တဲ့ စိတ်ဓာတ်အမွေ ပါလာတာပေါ့ အတွက်ရယ်။

အာရှလူငယ်အစည်းအရုံးရဲ့စည်းရုံးမှုနဲ့ ဒီပင်ကိုမြေခံရေခံ စိတ်ဓာတ် ပေါင်းလိုက်တော့ တို့များ လူငယ်တခေတ်က စိတ်ချမ်းသာစရာကြီးနော်။

ခုတောင်မှ အဲဒီစိတ်ဓာတ်က ဘယ်လောက်လွှမ်းမိုးနေသလဲဆို လမ်းပေါ်မှာ၊ အများသုံး စကြံပေါ်မှာ၊ ဘုရားကျောင်းပရဝဏ်ထဲမှာ ခွေးချေးပုံတွေလည်း ကျုံးပစ်ချင်တယ်။ အမှိုက်သရိုက် တွေလည်း စုပုံလှည်းခါပြီး မီးရှို့ပေးချင်တယ်။ မြက်ပင်တွေ ရှည်နေတာမြင်လည်း မြက်ခုတ်ဓားနဲ့ ခုတ်ထွင် ရှင်းလင်းပေးချင်နေတယ်။

အသည်းယားတာ တခု ရှိသေးတယ်။ တက္ကသိုလ်ပတ်ဝန်းကျင်နဲ့ ဗိုလ်ချုပ်ဈေးထဲ ရောက်ရင် တချို့ကျောင်းသူတွေ၊ အမျိုးသမီးတွေ မျက်နှာကို အဝတ်စရေဆွတ် သုတ်ပေးချင်တယ် သိလား အတွတ်။ မွှေးတို့ငယ်ငယ်ကလည်း မိန်းမတွေ အလှပြင်တယ်။ နှုတ်ခမ်းနီဆိုး၊ ပါးနီဆိုးရုံပဲ။ ခုမိန်းကလေးတွေကျတော့ သက်တံရောင်နဲ့အပြိုင် မျက်နှာပေါ် သက်တံ ရေဆင်းသောက်နေလေရဲ့။ ရောင်ခြည်တော်ခုနစ်ပါး ထွက်နေတယ်။ မျက်ခုံးနဲ့အပေါ် မျက်ခမ်းလွှာ ကြားမှာကို အရောင် ဘယ်နှမျိုးလဲ မသိဘူး။ သူတို့ မျက်တောင်တခါခတ်ရင် မွှေး လန့်လန့်ပြီး သွားတယ်။ နှုတ်ခမ်းကိုလည်း အဖြူရောင် ဆိုးသတဲ့။ အနောက်နိုင်ငံ ရုပ်ရှင်ကားထဲက သွေးစုပ် တစ္ဆေ ဇာတ်လိုက်မျက်နှာလိုပဲ မြင်ရတာ ကျောထဲ စိမ့်စိမ့်သွားတယ်။ တခါ... ဆံပင်ကလည်း ဖားလျားဆိုတော့ မွှေးရင်ထဲမှာ သူတို့ဆံပင်တွေကို ကြိုးနဲ့ချည်ပေးချင်သလိုလို၊ ကျစ်ဆံမြီးပဲ ကျစ်ပေးချသလိုလို၊ နောက်တွဲဆံထုံးကို ကျစ်ကျစ်ပါအောင် ထုံးပေးချင်လိုက်တာ လက်ယားနေတာပဲ။

ယောကျ်ားလေးတွေ မြင်တော့လည်း ခါးက ပုဆိုးက ချက်ပြုတ်လုလုဝတ်လို့၊ အောက်မှာက ခြေမျက်စိဖုံးလို့၊ မွှေးတို့ငယ်ငယ်က မိန်းကလေးတောင် ထဘီဖျားဟာ ခြေမျက်စိပေါ်မှာ။ လုပ်စရာရှိလည်း လက်မောင်းပေါ် အင်္ကျီလက်ပင့်တင်ပြီး အားရပါးရ အလုပ်လုပ်ခဲ့ရသူတွေဆိုတော့၊ အမယ်လေး သူတို့ရုပ်အင်္ကျီလက်ရှည်တွေကိုလည်း ခေါက်တင်ပေးချင်တယ်။ ပုဆိုးလည်း ယောကျ်ားပီပီ ခြေသလုံးတပတ်ရစ်ဆွဲပြီး တင်းတင်းရင်းရင်း ဝတ်စေချင်တယ်။ ခေါင်းက ဆံရှည်တွေကိုလည်း ဗိုလ်အောင်ကျော်ဆံတောက်လို ကတုံးဆံတောက်သာ ညှပ်ပေးချင်လောက် အောင် အသည်းယား လက်ယားနေမိတယ်။

ခုတော့လေ မွှေး လမ်းလျှောက်ရင် တရားမပေါက်ဘဲနဲ့ စက္ခုန္ဒြေချသွားမိတယ်။ လက်ရှိ ရစ်ချတ်တို့လူငယ်တခေတ်က မွှေးတို့၊ အတွတ်တို့ လူငယ်တခေတ်နဲ့ ကွာခြားဘိခြင်း။

မွှေးလေ တခုစဉ်းစားမိတာက တို့ဟာ အာရှလူငယ်အစည်းအရုံး စိတ်ဓာတ်ကို အမွေခံပြီး ခုပစ္စုပ္ပန်ကို ဦးစီးနေကြတဲ့ အသိုင်းအဝိုင်းတခုအဖြစ် ရောက်နေတယ်မို့လား။

တို့များအလှည့်ကျတော့ တို့သားသမီးတွေကို အာရှလူငယ်ခေတ် စိတ်ဓာတ်၊ လွတ်လပ်ရေး တိုက်ပွဲဝင်နေဆဲစိတ်ဓာတ် သွင်းမပေးဘဲ တို့များ မုန်းတီးပါတယ်ဆိုတဲ့ ဖြူရိုကရက် သားသမီးတွေ ပုံစံရောက်အောင် တို့များ လုပ်ပေးနေမိတယ်။ သူတို့လူငယ်သဘာဝ ကျူးလွန်မှုတွေကိုလည်း မသိမသာ အကာအကွယ် ပေးနေမိကြတယ်။ အဲဒါဟာ ဘာဖြစ်လို့လဲဆိုတာ အဝိဇ္ဇာ မပါဘဲ ကိုယ့်အပြစ်၊ ကိုယ့်အချစ်တွေကို ဆန်းစစ်ကြည့်သင့်တယ်နော်... အတွတ်ရယ်။

မွှေးရင်ထဲရှိသမျှ လင်မယားအချစ်ကိစ္စတင် မဟုတ်ဘူး၊ ပတ်ဝန်းကျင်အရှိန်ဟပ်သမျှကို တီးတိုးဆွေးနွေးစရာ ကိုကိုနိုင်ကြီး မရှိတော့လို့ အတွတ်စာထဲ ထည့်ထည့်ရေးတာကို ခွင့်လွှတ်ပါဦးလို့ ဒုတိယမွှေ ထပ်မံတောင်းပန်ပါတယ် အတွတ်ရယ်။

ရှဲလာနဲ့ မိုနာ ဆွေးနွေးကြတဲ့စကားတွေထဲက ‘စံ’ နဲ့ ‘စွန့်’ အကြောင်း မွှေးက ဆက်တွေးမိပြန်တယ်။ တယောက်တည်းပဲ နေရတာများတော့ အတွေးဟာ မွှေးအတွက် အဖော် ဖြစ်နေတယ်။ မွှေးရဲ့ခံယူချက်၊ တွေးခေါ်မှုတွေဟာ တခြားသူအတွက် စိတ်ဝင်စားစရာ မဖြစ်သော်လည်း အတွတ်အတွက်တော့ စိတ်ဝင်စားကောင်း ဝင်စားပါလိမ့်မယ်။ ပွဲမဝင်ခင် အပြင်က ကျင်းပ ဆိုသလိုပဲ။ အကယ်၍များ မွှေးသည် အတွတ်စာကို လက်ခံစဉ်းစားသည်ရှိသော် မွှေးဆိုတဲ့ မိန်းမတယောက်ကို ငါသည် ရွှေဆင်ရန်လည်း မလိုပါ၊ စိန်ဆင်ရန်လည်း မလိုပါဟု မှတ်ပေတော့။ မြဲမြေတိုက်တာလည်း မလိုပေဘူး။ ကားဆိုလည်း ဖဝါးတော်နုနု သွေးခြည်ဥ နေသူ မဟုတ်လို့ မြေတလင်းမှာ ခါးစည်းပြီး ခရီးကြမ်းနှင်တတ်တဲ့အကျင့်ကို ချစ်တဲ့သူ ကိုကိုနိုင်က သူ့ရဲဘော် တယောက်လို ပုံစံသွင်းခဲ့သူမို့ မလိုပေဘူး အတွတ်ရေ။

အဲ... ခုလိုသာ မွှေးရဲ့ခံယူချက်၊ တွေးခေါ်ယူဆချက်တွေကိုဖြင့် တင်ပြဆွေးနွေးတဲ့အခါမှာ ချစ်တဲ့သူ ကိုကိုနိုင်ကြီးလိုပဲ လွတ်လပ်စွာ တင်ပြခွင့်၊ ဆွေးနွေးခွင့် ပေးရင်လေ မွှေးကျေနပ်ပြီ။ စကြဝတေးမင်းရဲ့မိဖုရားစည်းစိမ်ကို ပေးပါ့မယ်။ ကမ္ဘာတွင်မက လေးကျွန်းလုံးကို စကြာယာဉ်နဲ့ လှည့်လည်သွားလာခွင့် ပေးမယ်ဆိုသော စကြဝတေးမင်းကြီး အတွတ်ပြောမယ့်စကားကိုသာ ဖောင်းတော်ညိတ် စိတ်တော်သိ အင်းလိုက်ရမယ်ဆိုရင်တော့ ခုကတည်းက နောက်ဆုတ်လိုက်ပါ အတွတ်ရယ်။ နှစ်ကိုယ်စံ ကြံတိုင်းဝေး၊ ရွှေပြည်တော် မျှော်တိုင်းဝေးကြရပေမယ်။

မွှေးဟာ နဂိုက ကံ၊ ကံ၏အကျိုးတရား၊ အကြောင်းတရားကို ယုံခဲ့သူမို့ ခုန “‘စံ’ နဲ့ ‘စွန့်’ အကြောင်းကို ဆက်တွေးတဲ့အခါမှာ ဘဝကံအကြောင်းဟာ အများကြီး အခြေခံတယ်နော်။ ရုရှားက ရုပ်ရှင်ဇာတ်လမ်းတခုရဲ့အမည်က The fate of aman လူတယောက်ရဲ့ကံကြမ္မာတဲ့။ ဒီအမည်တပ်ပုံထောက်တော့

လက်ရှိရှုရှားပြည်ကြီးမှာကို ကံကို ယုံကြည်ခြင်း ရှိတယ်လို့ မွေး ယူဆတယ်။ လက်ဝဲနိုသက်စိုခံ တချို့လူတန်းစားတစုဟာ ကံဆိုသည်မှာ မရှိလို့ ဘာကြောင့် ဟစ်အော် ကြွေးကြော်ကြပါလိမ့်။

ဘဝအတိတ်ကံ ခံစားဖို့ ဇာတာပါမလာသူတွေကျတော့ ငယ်ငယ်ကတည်းက အများအတွက်ရော၊ ကိုယ့်ကိုယ်ကိုယ်အတွက်ရော သေသည်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေမင့် သူတို့ဘဝမှာ စံစားတဲ့အလှည့် တခါဖူးမှ မကြုံရရှာပေဘူး။

မြန်မာတပြည်လုံးနဲ့ ခြုံပြီးတော့ မပြောလိုဘူး။ မွေးရဲ့ပတ်ဝန်းကျင်ကွက်ကွက်လေး မှာတောင် ဘယ်တုန်းကမှ အများအတွက် မကြိုးပမ်းခဲ့သူတွေဟာ အခု မျက်မှောက်လောလောဆယ် သဘင်ပွဲမှာ ပန်းမွှေ့ရာ ရွှေကော်ဇောနဲ့ စံစားကြရတဲ့အခန်းမှာချည်းပဲ ဝင်ကနေကြရတာကို တွေ့ရတာပဲနော်။

အဲဒီလို ဖြူရိုကရက် အဆက်အနွယ်တွေကပဲ ဒုတိယတန်းလို နေရာတိုင်းမှာ နေရာယူ နေလေတော့ တော်လှန်ရေးအမွေခံ လူတန်းစားတစုရဲ့ ခေါင်းဆောင်မှုနောက်မှာ တကည်ီလက်ညီ လိုက်ပါနိုင်ခြင်း မရှိတာဟာ ဘာပဲဖြစ်ဖြစ် အောင်မြင်ခြင်းပန်းတိုင်ကို သွားတဲ့နေရာမှာ အားအရှိန် လျော့ပါးသွားစေတာပဲ။

ပြီးတော့လည်း စွန့်ရတဲ့အခန်းက ပါခဲ့ဖူးတဲ့လူစုဟာ ဝါဒအားဖြင့် ခံယူချက် ကွဲပြားပေမင့် ငါတို့လုပ်သမျှဟာ တိုင်းပြည်အတွက်ပဲဆိုတဲ့ ဦးတည်ချက်မှာတော့ အားလုံး တသဘောတည်းပဲ။ အဲဒီကြီးမြတ်တဲ့သဘောထားက ဘယ်ခေတ်မဆို စံစားရတဲ့အခန်းက ပါရတဲ့လူမျိုးကို မြင်တော့လည်း သဘောထားကြီးစွာ ခွင့်လွှတ်နိုင်ကြတယ်။

ခွင့်သာမလွှတ်နိုင်ရင်တော့ ပြင်သစ်တော်လှန်ရေးလို ဘယ်သူက ပဒေသရာဇ်အမျိုး၊ ဘယ်ဝါက ဧကရာဇ်အဆက်နဲ့ လိုက်သာ သတ်ရရင်တော့ ပြီးရော... ပြီးရော။

တခုလည်း မွေးက စဉ်းစားပြန်တယ်။ ဗြူရိုကရက် မျိုးရိုးစဉ်ဆက် အဆက်အနွယ်တွေဟာ...

"တို့များဟာဖြင့်ရင် တော်လှန်ရေးသမားတစုရဲ့အနစ်နာခံ စွန့်လွှတ် တိုက်ပွဲဝင်ခဲ့ကြတာတွေ ကြောင့် တို့လူစုဟာ စံစားခန်းကချည်းပဲ။ ပန်းမွှေ့ရာပေါ်က တချက် မရွေ့ နေရပေတယ်လို့ အမြဲ သတိရှိပြီး ကိုယ့်တိုင်းပြည်အတွက် ခါးစည်းပြီး ရုန်းကန်ရမယ့်နေရာမှာ ပါဝင်ကြရင် တိုင်းပြည်ရဲ့ အနာဂတ်ကံကြမ္မာဟာ

သိပ်ကောင်းမှာပဲနော်။

ခုတော့ ကားရယ်၊ မယားရယ်၊ ကုလားထိုင်အတွက်ရယ်ပဲ ဦးတည်ချက်ကလွဲလို့ တာဝန် ယူရဲတဲ့၊ ကိုယ်လုပ်တဲ့လုပ်ငန်းတွေမှာ အဝိဇ္ဇာ မပါဘဲ ပြန်လည်သုံးသပ်ရဲတဲ့စိတ်တွေ လျော့ပါး လျော့ရဲလာတာပဲ မြင်ရတော့ မွေးရင်ထဲမှာ မပျော်ဘူး၊ မသက်သာဘူး။

မွေး ကိုကိုနိုင်နဲ့ လက်မထပ်ခင်က သတင်းစာတိုက်တတိုက်မှာ အချိန်ပိုင်းနဲ့ အလုပ် လုပ်ခဲ့ဖူးတာကို အတွတ်သတိရမိမှာပဲ။ အဲဒီတုန်းက မွေးတို့တိုက်က အယ်ဒီတာကြီးက "လူကို ပြန်လည်ထူထောင်ခြင်း" ဆိုပြီး အခန်းဆက် ဆောင်းပါးရှည် ရေးဖူးတယ်။

စစ်ပြီးခေတ် ပြန်လည် ထူထောင်ရေးတပ်တွေ ဖွဲ့သလို စစ်ကြောင့် ပျက်စီးဆုတ်ယုတ် သွားတဲ့ စိတ်ဓာတ်ကိုလည်း ပြန်လည်ထူထောင်ဖို့ သူရေးတာတွေ သိပ်ကောင်းတာပဲ။ ဒီဆောင်းပါးတွေများ ပြန်ရှာတွေ့ရင် မျက်မှောက်ခေတ်နဲ့ သိပ်တိုက်ဆိုင်မှာ။

ရစ်ချတ်အကြောင်း ရေးရင်းက သဝေထိုးသွားပြန်ပြီ။ ခက်တယ် အတွတ်၊ အတွတ် သိတဲ့အတိုင်း ရစ်ချတ်တို့လို လူငယ်လေးတွေကလည်း ခေတ်ရဲ့ရေစီးကြောင်းမှာ နေရာ ယူလာကြတော့မှာမို့ မွေးလေ ဆက်စပ်တွေးမိတာပါ။

တခုကလည်း မွေးစားတယ်ပဲပြောပြော၊ ဘာပြောပြော အတွတ်ရဲ့သားဟာ မွေးရဲ့သားလိုပဲ။ ကဲ... အခု ရှဲလာနဲ့ မိုနာ ရစ်ချတ်ပြဿနာကို တင်ပြဆွေးနွေးလာတော့ မွေးလည်း မနေသာပေဘူး၊ စိတ်ဝင်စားလာရပြန်ရော။

မိုနာတင်ပြချက်ကို ရှဲလာ ဘယ်လိုဆက်စဉ်းစားမလဲ၊ သူ့သားကို ဘယ်လိုကိုင်တွယ်မလဲ ဆိုတာ မွေးက ပွဲကြည့်ပရိသတ်အနေနဲ့ ကြည့်နေမိတယ်။

ရှဲလာက ပင့်သက်ကလေးချပြီး ပြောပြတယ်။

"ခုထိ မိုနာလုပ်သမျှ အားလုံး မှန်ပါတယ်။ ရစ်ချတ်ကို ပြန်လည် အဖတ်ဆယ်ဖို့ မာမီမှာ တာဝန်အရှိဆုံးပေါ့ သမီးလေးရယ်" တဲ့။ "ဆရာဝန်ကြီးကအစ ဖွားဖွားကြီး၊ ဖွားဖွားငယ်တို့မှာ ဘာအပြစ်မှ မရှိပါဘူး" လို့ ရှဲလာက ပြောတယ်။ ပြီးတော့ သူ့ခြံထဲ တနေကုန် အေးအေးဆေးဆေး စားသောက် အပန်းဖြေနေဖို့ ပြောတယ်။

ရှဲလာ မီးဖိုဆောင်ဘက် ထွက်သွားတော့ မိုနာလည်း သူ့ယောက္ခမကို ကူညီဖို့ လိုက်သွားတယ်။

အိမ်လေးက နှစ်ထပ်တလိုင်းအိမ် ခြေတံရှည်နဲ့၊ အောက်ထပ်မှာ ဧည့်ခန်း၊ ထမင်းစားခန်းနဲ့ မီးဖိုရှိတယ်။ ကုလားထိုင်စားပွဲတွေရဲ့ဘေးက ကွပ်ပျစ်ပေါ်မှာ ဖျာချောခင်းပြီး ခေါင်းအုံးပါ ချပေးထားတယ်လေ။ ဧည့်သည်တွေ စိတ်လွတ်လက်လွတ် နားနားနေနေ နေဖို့ပေါ့။ သားကြီး ရစ်ချတ်နဲ့ စောဝေဘဲလ်တို့ကတော့ စိုက်ခင်းတွေနဲ့ ကြက်ခြံတွေဘက်က ပြန်မရောက်လာကြသေးဘူး။

မွှေးလည်း ကွပ်ပျစ်ပေါ်က ဖျာချောပေါ်မှာ ကျောဆန့်ရင်း ဆက်တွေးနေမိတယ်။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်ကတပိုင်း။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေရဘူးဆိုတဲ့ စိတ်ကတပိုင်း။ ဒီခံယူချက်သဘောတရားနှစ်ခုဟာ ခေတ်တခုမှာ အားပြိုင်နေတယ်။

တချို့ကျတော့လည်း သင်္ဘောကြီးပျက်ရာ ဆန်ဆေးပလုံးနဲ့ ဆယ်လည်း အပိုပါပဲ၊ နှမ်းတလုံးနဲ့ ဆီမဖြစ်ပါဘူးဆိုပြီး ပြည်သူ့ဘဏ္ဍာမကလို့ ဘယ်သူ့ဘဏ္ဍာဖြစ်ဖြစ် ပစ်စလက်ခတ် လုပ်ပစ်ကြတာပဲ။ တာဝန်ယူရမယ့်နေရာမှာလည်း သူများတွေတောင် ရေသာခိုနေတာပဲ။ ငါလည်း ခိုမှာပဲ။ ဘာထူးလဲဆိုပြီး လုပ်ငန်းခွင်မှာ စိတ်မဝင်စားလာကြတော့ဘူး။ တယောက်က တရာ ဒီစိတ်တွေ ကူးစက်လာရင် တိုင်းပြည် မခက်ပေဘူးလား။

ဘာကြောင့် ဒီစိတ်တွေ ကူးစက်လာရသလဲလို့ ဆိုင်ရာ တာဝန်ခံတွေကလည်း အသေးစိတ် ရင်းမြစ်ထိ မတွေးခေါ် မလေ့လာကြဘူး။

ဘယ်သူ တရားပျက်ပျက် ငါမပျက်စေရဘူး ဆိုတဲ့စိတ်နဲ့ နေ့စဉ်ထမင်းတလုတ် စားတာကိုတောင် သမ္မာအာဇီဝနဲ့ ကောင်းစွာကြိုးပမ်း အားထုတ်ပြီး ရှာဖွေတဲ့ ထမင်းလုတ် ဟုတ်ပါရဲ့လားလို့ စိစစ်ပြီးစားတဲ့ လူဦးရေက တနေ့တခြား နည်းပါးလာတယ်။

ခေတ်ဆိုတဲ့ မြင်းမိုရ်တောင်ကြီးဟာ လေးဖက်လေးတန်က အကျင့်ပျက်ခြင်း၊ လောဘ၊ ဒေါသ၊ မောဟ လေတွေ တိုက်ခတ်လာတာနဲ့အမျှ တအိအိပြိုတော့မယ် အတွတ်ရဲ့။

မြင်းမိုရ်တောင်ကြီး ပြိုတော့မယ်လို့ မွှေးရဲ့အော်သံကြားလေတော့ မြေပြိုပြီဆိုပြီး အိပ်ရာမှ အိပ်မှုန်စုံမွှား ထပြေးတဲ့ ယုန်သူငယ်ရဲ့အော်သံလို အထင်သေးရင်လည်း အတွက် ဂရုမစိုက်နဲ့ပေါ့။

အမှန်တော့ မြင်းမိုရ်တောင်ဟာ တအိအိပြိုလာပြီ။ ဒီမြင်းမိုရ်တောင်ဟာ လေးကျွန်းလုံးနဲ့ ဆိုင်တဲ့မြင်းမိုရ်။ မွှေးရဲ့ခံယူချက်ကတော့ အချိန်မနှောင်းခင်မှာ လေးကျွန်းသားအားလုံး လက်ဖဝါး ကိုယ်စီနဲ့ တက်ညီလက်ညီ ကာကြရင်

လေးဖက်လေးတန်က လေရဲ့ဒဏ်ကို ကာကွယ်နိုင်မှာ အမှန်ပါ။

ငါနဲ့မဆိုင်၊ ငါ့လက်တဖဝါး မပါတာနဲ့ မြင်းမိုရ်တောင်အဖို့ အကျိုးပိုမထူးပါဘူးလို့ လက်ဖဝါးတခုစီ ပြန်ရုပ်ထားရင် လစ်လပ်တဲ့နေရာက လေတိုးပေါက်တွေ များလာပြီး မြင်းမိုရ်တောင်ကြီး ပြိုလိမ့်မယ်။

ယုန်သူငယ်ရဲ့အိပ်မက် မဟုတ်ပေဘူး။

မြင်းမိုရ်တောင်ကြီး ပြိုရင် နေမင်းကြီးလည်း ပျောက်၊ လမင်းကြီးလည်း ကွယ်၊ လေးကျွန်းလုံးလည်း သမုဒ္ဒရာမှာ စုံးစုံးနစ်လိမ့်မယ်။

နေရယ်၊ လရယ်၊ နက္ခတ်တာရာတွေရယ်ဟာ ယုဂန္ဓိုရ်တောင်ထွတ်ဖျားကို ဗဟိုပြု သွားလာလှည့်ပတ်နေရတာမို့ အစဉ်သဖြင့် စကြဝဠာတခုလုံးဟာ အဆက်အစပ် ရှိနေကြတယ် ဆိုတာ အားလုံး သတိပြုမိစေချင်တယ်။

ဒါကြောင့် မွေးရင်ထဲ အတွတ်ကမှတဆင့် သံယောဇဉ်တွယ်လည်းဖြစ်၊ မတွယ်လည်း ဖြစ်တဲ့ ရစ်ချတ်တို့လို လူငယ်တခေတ်ရဲ့ကိစ္စပြဿနာကို ဆက်လက်တွေးနေမိတာ အတွတ်။

မွေးက စိတ်ကူးကောင်းနေတုန်း ဝူးခနဲ ကားတစီး ထိုးဆိုက်သံကို အိမ်ရှေ့ဘက်က ကြားရလို့ မွေး ခေါင်းထောင်ကြည့်မိတယ်။ မီးဖိုခန်းဘက်က ထမင်းချက်နေတဲ့ ရှဲလာနဲ့ မိုနာလည်း မွေးရဲ့အပါးကို ရောက်လာကြတယ်။

ကားက မာစီဒီးအမျိုးအစားပါပဲ။ ကားထဲမှာတော့ ချောချောခံ့ခံ့ အမျိုးသမီးကြီး တယောက်နဲ့ လူငယ်တယောက် ရှေ့ဘက်က စီးလာတယ်။ လူငယ်ဟာ သူကိုယ်တိုင် ကားကို မောင်းလာတယ်။ နောက်ဘက်ကလူတွေ မဆင်းခင် လူငယ်ဟာ ကားတံခါးကို ဖွင့်ပြီး ဆင်းလာတယ်။ နေကာမျက်မှန်အနက်ကိုလည်း ချွတ်လိုက်ရော “ကိုကိုနိုင်” လို့ မွေးလေ ရုတ်တရက် အော်ခေါ်လိုက်မိတယ်။ မွေးအနားက ရှဲလာတို့အုပ်စုကလည်း မွေးကို တအံ့တဩ ကြည့်နေကြတယ်။ ကားပေါ်က ဆင်းလာတဲ့လူစုကလည်း မွေးကို အံ့အားကြီးသင့် ကြည့်နေကြတယ်။

မွေးရဲ့လှုပ်ရှားပုံတွေဟာ သတိလက်လွတ်သူလို ဖြစ်သွားတော့တာပဲ။

ကိုယ့်ကိုယ်ကိုယ်တောင် ကိုယ် ဘာလုပ်မိလဲ မသိဘူး။ သတိရတော့မှ မွေး ဘာလုပ်မိလဲ ဆိုတာကို သိတယ်။ ကားပေါ်က ဆင်းလာတဲ့ ကားမောင်းသူ သူငယ်လေးအနား မွေး ရောက်နေတော့တယ်။

မွေးလေ သူ့ပခုံးကို ကိုင်ပြီး ပါးစပ်ကလည်း -

"ကိုကိုနိုင်"

"ကိုကိုနိုင်" လို့ မပြတ်ကို အော်နေမိတော့တယ်။

သူငယ်လေးက အရပ်ပိုမြင့်ပြီး အသားဖြူတာကလွဲလို့ ကိုကိုနိုင်မှ ကိုကိုနိုင်ပါပဲ။

"သည်းခံပါ အန်တီ၊ ကျွန်တော် ကိုကိုနိုင် မဟုတ်ပါဘူး" တဲ့။

သူငယ်လေးရဲ့ပြန်ပြောသံလည်း ကြားရော သူ့ပခုံးပေါ် မျက်နှာအပ်ပြီး ငိုချမိတယ်။ လူလည်း ဒူးပါညွတ်ပြီး ပျော့ကျသွားတာပဲ။

လူငယ်လေးဟာ တယုတယနဲ့ မွှေးကို ကိုင်ထားတယ်။ မိုနာနဲ့ ရှဲလာက တွဲခေါ်ပြီး ဧည့်ခန်းက ကုလားထိုင်မှာ ပြန်ထိုင်ဖို့ ခေါ်လာကြတယ်။ မွှေးလေ ဣန္ဒြေကိုတောင် မထိန်းနိုင်တဲ့ အဖြစ်ကြောင့် ရှက်သွားမိတယ်။

"ညီမရယ်၊ သတိထားပါ။ မမ ဒီကိစ္စတွေကို အစအဆုံး ရှင်းပြပါ့မယ်" ဆိုတဲ့ အသံ ကြားတော့မှ မွှေးလည်း စိတ်ထိန်းပြီး လက်ကိုင်ပဝါနဲ့ မျက်ရည်စတွေသုတ်ပြီး ခေါင်းမော် ကြည့်မိတယ်။

မွှေးသာ ငိုနေတာ မဟုတ်ဘူး။ သူငယ်လေးအပါးမှာ ထိုင်နေတဲ့ သူ့ကိုယ်သူ မမလို့ပြောတဲ့ အမျိုးသမီးကြီးကလည်း မျက်ရည်စတွေနဲ့ မွှေးကို ကြည့်နေပြီး စကားဆက်ပြောနေတယ်။ သူ့အသံကလည်း တုန်တုန်ယင်ယင်နဲ့ပဲ။

"ဒီခြံမြေရဲ့ ဟိုဘက်ကခြံကို ဝယ်လိုက်တဲ့ ဒေါ်ခင်မမပါ။ ဒီရှဲလာကလည်း မမကို ဒီခြံကို ဝယ်ထားသူအဖြစ်နဲ့သာ သိတာပါကွယ်။ မမတို့အကြောင်းဇာစ်မြစ်ကို ဘာမှ မသိသေးဘူး။ ဒီနေ့ ဒီက သားကြီးကိုလည်း ဝယ်ထားတဲ့ခြံကိုပြရင်း အစားအသောက်တွေ ချက်ပြုတ်ယူလာခဲ့ပြီး ဒီမှာ စားမယ်လို့ ထွက်လာတာက အကြောင်းတိုက်ဆိုင်ချင်တော့ ညီမနဲ့ လာတွေ့ရတာပဲနော်။ ညီမက ဘယ်သူလဲ"

မွှေးက လည်ချောင်းမှာ တစ်ဆို့ပြီးတော့မှ မဖြေနိုင်ခင်ဘဲ မိုနာက သွက်သွက်လက်လက် ပြောပြတယ်။

"ဒီက အန်တီမွှေးက ကွယ်လွန်သူ ဒု-ဗိုလ်မှူးကြီး မောင်မောင်နိုင်ရဲ့ ဇနီးပါ"

မိုနာရဲ့ဖြေသံလည်း ကြားရော ဒေါ်ခင်မမက ပါးစပ်အဟောင်းသားနဲ့ ကြက်သေ သေသွားတယ်။ ပင့်သက်ကြီးရှူပြီး သူလည်း ခဏတော့ စကားမပြောနိုင်ဘူး။ ပြီးတော့မှ ဝဲလာတဲ့ မျက်ရည်တွေ သုတ်ပြီး အေးအေးချမ်းချမ်း စကား စပြောတယ်။ ဒီတခါတော့ သူ့အသံဟာ တည်ငြိမ်ပါတယ်။

ပြော်... လက်စသတ်တော့ မွေး... မွေး၊ မောင်မောင်နိုင်ရဲ့မွေးကိုး။ မမ အခုပြောမယ့် စကားတွေကို မွေးရော၊ သားကြီး မြင့်လွင်နိုင်ရော သည်းခံပြီး နားထောင်ပါ” တဲ့။

ဒေါ်ခင်မမက စကားပလ္လင်ခံပြီး ဆက်ပြောတယ်။

“ကိုကိုနိုင်လို့ ဟစ်ခေါ်ပြီး လူမှားလည်း မှားစရာပါပဲ မွေး၊ ဒီက သားကြီးမြင့်လွင်နိုင်ဟာ မောင်မောင်နိုင်ရဲ့သားပါ”

မွေးလေ ဒီတော့လည်း အရူးမကြီးကျနေတာပဲ။ သူငယ်လေးရဲ့လက်ကို လှမ်းပြီး တအား ဆုပ်ကိုင်မိတယ်။

“သားကြီး... သားကြီးနာမည်က မြင့်လွင်နိုင်တဲ့လား”

သူ့ခမျာလည်း ဘယ်လောက် စိတ်လှုပ်ရှားနေသလဲဆိုတာ မွေးရဲ့မေးခွန်းကို ခေါင်းညိတ်ပြီးတော့ပဲ ဖြေနိုင်တယ်။ သူ့မျက်လုံးနဲ့ လည်ချောင်းရဲ့လှုပ်ရှားပုံက သူ့ရင်တွင်းက မထွေးနိုင်၊ မအန်နိုင် ခံစားရချက်ကို ဖော်ပြနေသလိုပဲ။

မမ ဆက်ပြောပါရစေဦး။ သားကြီးမြင့်လွင်နိုင်ရဲ့အမေ တင်မမက ဒီက မမရဲ့ညီမပါ။ မမတို့ဟာ မြန်မာအမျိုးသမီးအစစ်တွေပါ။ မမတို့က မိုးညှင်းသူဇာတိတွေပါ။ သီပေါစော်ဘွားရဲ့ ဘဏ္ဍာထိန်းနဲ့ မမလက်ဆက်ပြီး သီပေါမှာ အခြေချတယ်။ မမမှာ လက်ဖက်၊ လိမ္မော်ခြံနဲ့ သစ်တော်သီးခြံတွေ ရှိပါတယ်။ ညီမဖြစ်တဲ့တင်မမကို မေမြို့မှာ ပိုးစာပင်နဲ့ မက်မုံသီးခြံကို လုပ်ဖို့ မြေဝယ်ပေးထားပါတယ်။

တင်မမက ကွန်ဗင့်ကျောင်းထွက်၊ ခေတ်လည်းဆန်တယ်၊ ချောလည်းချော၊ ဖြူလည်းဖြူ၊ ဆိုရှယ်လည်းကျတယ် ဆိုရမယ်။ ဟိုတုန်းက ဗိုလ်သင်တန်းက မေမြို့မှာ ရှိတယ်။ မေမြို့ဟာ စစ်ဗိုလ်မြို့တော်ပေါ့။ ညီမမွေး အသိပါပဲ။ ဘာမှ တင်မမအဖို့ ပူစရာ ပင်စရာ မရှိဘူး။ သူက ခပ်ပျော်ပျော်ပဲ။ စန္ဒရားတလုံးနဲ့ ဆိုမယ်၊ တီးမယ်၊ ကမယ်၊ ပျင်းရင် ကားတစီးနဲ့ မေမြို့၊ လားရှိုး၊ သီပေါကို သူကြိုက်တဲ့စစ်ဗိုလ်တွေနဲ့ တွဲပြီး ခရီးထွက်တတ်တယ်။

အဲဒီအချိန်မှာ ဒီက ညီမရဲ့ခင်ပွန်း မောင်မောင်နိုင်နဲ့ သွားရင်းလာရင်း ရင်းနှီးတွေ့ဆုံပြီး သူတို့နှစ်ယောက်ဟာ သားကြီးမြင့်လွင်နိုင် မွေးတဲ့အဖြစ်ထိ ရောက်ခဲ့ရတယ်”

မွေး နားထောင်ရင်း ဒေါ်ခင်မမစကား ဒီနေရာရောက်တော့ လှုပ်ရှားနေတဲ့စိတ်တွေ အတော် ငြိမ်သက်လာပြီ အတွက်ရယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျန်ဇာတ်လမ်းရဲ့ ဂယက်ရိုက်ခတ်မှုကို အာရောဂျံက

ပြန်လာတဲ့နေ့က မွေး ခံစားရပြီးပြီမို့လား။ ဒေါ်ခင်မမကတော့ ဆက်ပြောတယ်။

"မောင်မောင်နိုင်ဟာ ကိုယ်လွတ်မရုန်းရှာပါဘူး။ ဒီနေရာမှာ မမ အမှန်အတိုင်း ဝန်ခံပါရစေ။ မောင်မောင်နိုင်သာ လူလွတ်ဆိုခဲ့ရင် မမလေ တင်မမနဲ့ တခါတည်း ပေးစားပါတယ်။ မမတို့လို လူကြီးမျက်စိမှာတော့ မောင်မောင်နိုင်လိုလူတယောက်ကို ဘယ်လိုလုပ်ပြီး လက်လွတ်ခံချင်မလဲ။ ကိုယ့်လင်သားရဲ့အရည်အချင်းကို မွေး သိခဲ့ပြီးမို့ မမ ထပ်မံ ချီးကျူးဖို့ မလိုတော့ပါဘူး"

မွေးက ခေါင်းညိတ်ပြလိုက်တယ်။ ဒေါ်ခင်မမဟာ တော်တော် စကားပြောကောင်းတဲ့ အမျိုးသမီးပဲ အတွတ်ရယ်။

"သားကြီး မြင့်လွင်နိုင်ကို မွေးပြီးတယ်ဆိုရင်ပဲ ဒီဇာတ်လမ်းကို အကောင်းဆုံး ဖြစ်အောင် မမ ဝင်ပြီး စီမံခဲ့တာပဲ။ လူကြီးတယောက်ပီပီ တင်မမကို အုပ်ထိန်းသူ အစ်မတယောက်အနေနဲ့ မမ စီမံခဲ့တာပါ။ သားကြီး မြင့်လွင်နိုင်ကို မောင်မောင်နိုင်ဟာ အလွန်ချစ်သလို ညီမကြီး မွေးကိုလည်း မောင်မောင်နိုင် ဘယ်လို မြတ်နိုးတယ်၊ ချစ်တယ်ဆိုတာ မမ သိတယ်"

မြင့်လွင်နိုင်ဟာ ဒီစကားရောက်တော့ သက်ပြင်းရှိုက်ရှာတယ် အတွတ်ရယ်။

သူ့ကံကြမ္မာကလည်း ဖန်တီးပုံ တမျိုးပဲနော်။

"မမတို့အိမ်လာပြီး လည်ပတ်တဲ့အခါ စန္ဒရားပဲ တီးတာပဲ၊ သူ ဆိုလေ့ ဆိုတတ်ရှိတဲ့ သီချင်းကတော့ မန်းတောင်လက်ျာနဲ့ မလှရွှေရဲ့မိုးဒေဝါပဲ။ သူ့အသံဝါကြီးနဲ့ အဆိုလည်းပိုင်၊ အတီးလည်း ကောင်းတဲ့သူပဲ။ ခေတ်ပေါ်သီချင်းထဲကဆို ကိုမင်းသူရဲ့ပုံပမာလေ။ အဲဒီသီချင်း သူ သိပ်ကြိုက်တယ်။

အို... သူ့ကိုလေ၊ တခါတလေ ဝိုင်းပြီးသောကြတဲ့ စစ်ဗိုလ်သူငယ်ချင်းတွေတောင် မောင်မောင်နိုင်များ ပုံပမာသီချင်းကို ဆိုပြီးတီးရင် အသံတိတ်သွားပြီး သူ့ရဲ့ဂီတရဲ့လွှမ်းမိုးမှုကို ခံသွားကြရတာပဲ။ မမကိုယ်တိုင် နားထောင်ခဲ့ရတာကိုး။ အဲဒါသိလား မွေး၊ ညီမကြီးမွေးကို သူချစ်လွန်းလို့ သီချင်းဆုံးတဲ့အခါ စန္ဒရားခုံက ထလာရင် သူ ပြောလေ့ ပြောထရှိတဲ့စကားက "တညလွဲတာကို ရက်ပေါင်း ၇၀၀ ဆွေးလို့ မပြီးဘူးဆိုတာ ကျွန်တော် ယုံတယ်ဗျို့၊ ကျွန်တော့်မှာတော့ ချစ်ဇနီးကြီး မရွှေမွေးနဲ့ ခွဲခဲ့ရတာ တည ဘယ်ကမလဲဗျာ၊ ပြန်တွေ့ရမယ့် အချိန်ကို လက်ချိုးရေနေရတာပဲတဲ့"

မွေးလေ မျက်ရည်တွေ ပေါက်ပေါက် ကျလာတယ်။ မွေးမှာတော့ ခုထိလည်း ရေဒီယိုက ပုံပမာသီချင်း ကိုမင်းသူ ဆိုသံကြားရင် မွေး

ဆောက်တည်ရာမရ ဖြစ်ခဲ့ရတာကိုး အတွက်ရယ်။

ဒေါ်ခင်မမအသံဟာ ပုံပြောကောင်းဆရာမကြီးလို ပေါ်လာပြန်တယ်။

"ဒီတော့လည်း ညီမကြီးမွှေးက မေးစရာရှိတယ်။ မွှေးကိုလည်း ချစ်တယ်ဆိုသေးရဲ့ မမညီမ တင်မမနဲ့ ကိုကိုနိုင် ဘယ်လိုဖြစ်ရတာလဲလို့ ပြောမယ်။ ဒီစကားကို မမပြောတဲ့အခါမှာ သားကြီးမြင့်လွင်နိုင်ဟာ သည်းခံပြီး နားထောင်နော်။ သားကြီး၊ မင်းဖေဖေ မောင်မောင်နိုင်ကိုတူတဲ့ အဖေတူသားကြီးမို့ စိတ်ခေတ်ကြွခိုင်ပြီး ဖြစ်တယ်လို့ ကြီးကြီးခင်ယူဆပြီး ဒီစကားကို သားကြီးရှေ့မှာ ကြီးကြီးပြောတာ၊ သားကြီး ခွင့်လွှတ်နော်"

သူ့တူတော်မောင်ဘက်လှည့်ပြီး ဒီစကားကိုပြောလိုက်တော့ မြင့်လွင်နိုင်ဟာ ခေါင်းကို ဖြည်းဖြည်းလေး ညိတ်ပြတယ်။

"မမရဲ့ညီမ တင်မမဟာ ရုပ်ချောပြီး ဆိုရှယ်ကျသလို အလှမာန်လည်း ရှိတယ်။ သူ့ရှိတဲ့ အလှမာန်က တမျိုးပဲ၊ ကြောက်စရာကောင်းတဲ့ ဉာဉ်ဆိုးနဲ့ ယှဉ်နေတယ်။ မမဟာ ညီမကို ဒီဉာဉ်မျိုး မထားသင့်ဘူးလို့ ဆုံးမပေမယ့် တင်မမဟာ မရခဲ့ဘူး။ ယောကျ်ားတယောက်ဟာ တည်ကြည်တယ်၊ တခြား မိန်းမတယောက်ကို မြတ်မြတ်နိုးနိုး ချစ်တယ်ဆိုရင် "ဒီလူက ရဟန္တာ ဈာန်ပျံမို့ ခံနိုင်မှာလား" ဆိုတဲ့သဘောနဲ့ တခါတည်း သူ့အလှ အတွေ့အထိကို အစွမ်းထုတ်ပြီး ရအောင် ဆွဲတတ်တယ်။ လက်တည့်စမ်းတတ်တယ်။ တော်တော်များများ မိန်းမတွေမှာ ဒီအကျင့် ရှိတတ်တယ်။ မောင်မောင်နိုင်ရဲ့အပြစ်ကလည်း ဒီအချိန်မှာ အထီးကျန် ဖြစ်နေချိန်ဆိုတော့၊ ကိလေသာ ကုန်ခန်းတဲ့ ရဟန္တာလည်း မဟုတ်ရှာတော့ တင်မမညွတ်ကွင်းက မလွတ်ဘူး ဖြစ်သွားရတယ်။ မောင်မောင်နိုင်ကို ညီမကြီး ခွင့်လွှတ်ပါ"

"မွှေးတို့ ဒီပြဿနာကို အပြေအလည် နားလည်မှု ရခဲ့ပြီးမို့ ခုတော့ မွှေးရင်ထဲမှာ ကိုကိုနိုင်ကို ဆယ်ပြန်မက ခွင့်လွှတ်နိုင်ပါတယ် မမရယ်။ အိန္ဒိယက ပြန်လာစ သိသိချင်းတော့ မွှေး အတော် တုန်လှုပ် ချောက်ချားပါတယ်"

မွှေးဟာ ဒေါ်ခင်မမစကားကို ဖြတ်ပြီး ဝင်ပြောလိုက်တယ်။

"မှန်ပါတယ်၊ ညီမကြီးကို မမြင်ခဲ့ရဖူးသော်လည်း မွှေးရဲ့ခံစားချက်ကို မမ မိန်းမချင်းမို့ ကိုယ်ချင်းစာလို့ ဒီဇာတ်လမ်းကို အပြေပြစ်ဆုံးဖြစ်အောင် စီစဉ်ခဲ့တာပါ။ တင်မမကိုလည်း မမ ကောင်းကောင်း ဆုံးမတယ်။ သိရက်နဲ့ ကျူးလွန်တဲ့အပြစ်မို့ မမ သူ့အပေါ် ခွင့်မလွှတ်နိုင်ခဲ့ဘူး။ မောင်မောင်နိုင်ကတော့ သူတို့နှစ်ယောက်ရဲ့တဒင်္ဂပဟာန် စိတ်မထိန်းနိုင်မှုကို အပြစ်မဲ့သူ သူ့သား မခံရစေဘူးဆိုပြီး သူ့သားကြီး မြင့်လွင်နိုင်အတွက် အစစ လိုလေသေးမရှိ

စီမံခဲ့ပါတယ် မွေး။ တင်မမဟာ မမရင်ခွင်မှာ ဒီသားကြီးကိုအပ်ပြီး မိုးညှင်းကို ပြန်တယ်။ မိုးညှင်းမှာ ခရစ်ယာန် သာသနာပြု အဆုတ်နာကုဆေးရုံက လက်ထောက်ဆရာဝန် ဒေါက်တာရော်နဲလ်နဲ့ လက်ထပ်ပြီး အနောက်တိုင်းဓလေ့ကို ပျော်တဲ့သူပီပီ ရော်နဲလ်အပြန်မှာ တခါတည်း လိုက်သွားပါတယ်။ မမလည်း သူ့သားအကြီးကို ရင်ခွင်ပိုက်ပြီး သီပေါမှာ နေခဲ့တယ်။

သားကြီး ဘီအက်စီ (စိုက်ပျိုးရေး) ဒီဂရီ ရတဲ့အထိ မောင်မောင်နိုင်ပေးခဲ့တဲ့ ငွေကြေးနဲ့ပဲ မမ ပညာပေးခဲ့တယ်။ သားကြီးကိုလည်း တင်မမပိုင်တဲ့ မြေမြို့ခြံတွေကို မမ လွှဲပေးခဲ့တယ်။

လခစားလည်း မလုပ်စေချင်လို့ပဲ။ မမကတော့ စီးပွားရေးသမားပီပီ စီးပွားရေးအကွက်ပဲ မြင်တယ်လေ။ ဒီတော့ ရန်ကုန်မြို့ကြီးဟာ ငတ်နေတဲ့မြို့ကြီးလိုပဲ၊ စားသောက်ကုန်တွေကို မတန်တဆ ပေးပြီး မဝတဝ စားနေရသလိုပဲ။ မမ ထားရှိတဲ့ စီးပွားရေးအမြင်က ဝိသမလောဘ ဖောက်ပြန်ပြီး၊ သူတကာ အငတ်ထားပြီး လည်ပင်းညှစ်ချင်တဲ့ နိုင်ငံခြားသား ဓနရှင်ရဲ့ စီးပွားရေး အမြင်မျိုး မဟုတ်ပါဘူး။ သားကြီးလည်း သမ္မာအာဇီဝဖြစ်အောင်၊ ကိုယ်ထူးကိုယ်ချွန် စိတ်လည်း ဖြစ်တယ်။ သားကြီးလို လူငယ်တွေ စုပေါင်းပြီး ဒီစိတ်တွေဝင်လာရင် အများလည်း ဝလင်အောင် စားရ၊ ကိုယ်လည်း ဝမ်းဝဆိုပြီး မမ ဒီရန်ကုန်နဲ့ အနီးဆုံးမှာ မြေဝယ်တယ်။ ဟင်းသီးဟင်းရွက် စိုက်ခင်းလုပ်မယ်။ မွေးမြူရေးလည်း လုပ်မယ်။

သားကြီးဟာ သိပ်ဝါသနာပါတယ် မွေး။ မမ ရှင်းရှင်းပြောရရင် မြင့်လွင်နိုင်တို့ဟာ တသက်လုံး ဒီလိုနေသွားမှာ မဟုတ်ပါဘူး။ အချိန်တန်တော့ သဘာဝအတိုင်း ကိုယ့်အိုးကိုယ့်အိမ်နဲ့ နေချင်လာကြမှာ၊ အုပ်ထိန်းသူအနေနဲ့ ဒါတွေက စီမံပေးရမှာ မမ တာဝန်ရှိတယ်လေ။ ရှမ်းပြည်မှာ စိုက်ခင်းတွေ အောင်မြင်ပေမယ့် ရန်ကုန်အရောက် ခရီးလမ်းသယ်ရပိုးရ ယာဉ်ရထားကြောင့် စားသောက်ကုန်တွေဟာ အဆမတန် ဈေးနှုန်း ကြီးမြင့်သွားရတာ တကယ်လုပ်တဲ့လူတွေ အသိပဲ။ ဒါကြောင့် မမ အင်းတကော်မှာ မြေဝယ်လိုက်တာ။ ခုတော့ ကောင်းသောမြေဝယ်ခြင်း ဖြစ်သွားလို့ မမ ဝမ်းသာလိုက်တာ ညီမကြီးရယ်၊ မောင်မောင်နိုင်ရဲ့အဆက်အနွယ်တွေနဲ့ ပြန်လည် တွေ့ဆုံရတဲ့ ဇာတ်ပေါင်းခန်းမို့ ညီမကြီးရော၊ သားကြီးရော ဝမ်းသာစမ်းပါနော်”

တကတဲ... တကတဲ အသံရော၊ ဟန်ရော ရွှန်းရွှန်းဝေဝေ ဒေါ်ခင်မမ စကားပြော ကောင်းလိုက်ပုံက အတွတ်ရေ မိုဘီကင်မရာလေးနဲ့ ရုပ်ရှင်ရိုက်ယူထားဖို့တောင် ကောင်းသေးတော့။ စောစောပိုင်းက ဆွေးမြည့်သူတွေရဲ့ ဇာတ်လမ်းဟောင်းက လွှမ်းမိုးနေတဲ့ ရုံလာရဲ့ ဧည့်ခန်းဆောင်လေးဟာ တမဟုတ်ချင်း ဒေါ်ခင်မမရဲ့ ပေါက္ခရဝဿမိုးအောက်မှာ ရွှန်းစို စိမ်းလန်း

စိုပြည်သွားတော့တာပဲ။ မွေးရဲ့စိတ်ကိုလည်း တည်တည်ငြိမ်ငြိမ်နဲ့ စကားပြောနိုင်အောင် ထိန်းလို့ရသွားတယ်။

မမကျေးဇူး အများကြီး ကြီးမားပါတယ် မမ။ မွေးအနေနဲ့ မမရဲ့ညီမ တင်မမအပေါ် အပြစ်မယူနိုင်ဘဲ ကျေးဇူးတောင် တင်ရပါဦးမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုကိုနိုင် အင်မတန် မြတ်နိုး တောင့်တတဲ့ သားရတနာကို မမရဲ့ညီမ တင်မမက ကိုကိုနိုင်ကို ပေးခဲ့လို့ပါပဲ။ မွေးဟာ ဒီအစွမ်းအစ မရှိခဲ့လို့ မွေးရဲ့ကိုယ်စား အစွမ်းအစရှိသူက ကိုယ့်ချစ်သူ လိုအင်ဆန္ဒကို ဖြည့်ခဲ့ရင် မွေး ကျေနပ်ရမယ်၊ ဝမ်းသာရမယ်၊ ဒါမှလည်း မွေးဟာ ကိုကိုနိုင်ကို တကယ်ချစ်ရာရောက်မယ် ဆိုတာ နောက်ပိုင်းမှာ မွေး သဘောကောင်းကောင်းပေါက်လာပါတယ် မမရယ်”

မွေး ကိုယ့်ကိုယ်ကိုယ် ဒါလောက် သိပ်သိပ်သည်းသည်း စကားပြောနိုင်မယ် မထင်မိဘူး။ စိတ်ပါပဲနော်၊ ရင်ထဲက လှိုက်လှိုက်လှဲလှဲ စေတနာပါလာတော့ စကားပြောလို့ ကောင်းလာတယ်။ မွေး ဒေါ်ခင်မမကို ကျေးဇူးတင်ကြောင်း ပြောပြီး သားကြီးမြင့်လွင်နိုင်ဘက်ကို လှည့်ပြောမိတယ်။

“သားကြီးကိုလည်း အန်တီမွေး ပြောပြစရာတခု ရှိပါတယ်။ အန်တီဟာ အတော် ကံကောင်းတဲ့မိန်းမတယောက်ပါ။ မင်းဖေဖေ ကိုကိုနိုင်ဟာ၊ ကလေးစကား ပြောတယ် မထင်နဲ့နော်၊ အန်တီ့ကို ချစ်လည်း ချစ်တယ်၊ မြတ်လည်း မြတ်နိုးတယ်၊ သူဟာ ပန်းပွင့်တပွင့်ကို ကြည့်သလို အပင်က မခူးရက်ဘဲ ဒီပန်းရဲ့အလှကို ကြည့်နေတာပဲ။ ပန်းရဲ့အလှ ရှည်ကြာဖို့လည်း မပြတ် ပြုစုနေတာပါ။ ချစ်သူတယောက်အပေါ်မှာ ယောကျ်ားတယောက်ရဲ့ကြည်ကြည်နူးနူး ကြည့်နည်းမျိုးစုံကို အန်တီ အကြည့်ခံခဲ့ရတယ်။ သူ့မျက်လုံးရဲ့အရောင် ဟန်ပန်ဟာ သူ့ရင်တွင်း အချစ်ရဲ့နက်ရှိုင်းပုံကို အမြဲ ဖော်ပြနေတယ်။

ဒါပေမင့် အန်တီပြောချင်တာက သားရဲ့မေမေ ဒပ်ဖရင်ဆေးရုံမှာ သားကြီးမွေးတဲ့အကြောင်း သတင်းကောင်းပါးလိုက်လို့ အန်တီက ကိုကိုနိုင့်မိန်းမ သားလေးမွေးတယ်လို့ ပြောလိုက်တဲ့ အချိန်ခဏမှာ မင်းဖေဖေရဲ့မျက်လုံးအကြည်ဓာတ်ရဲ့ တောက်ပရွှန်းလက်ပြီး ပီတိဖြာသွားဟန်မျိုး၊ အန်တီမွေးလေ သူနဲ့ပေါင်းသင်းလာတဲ့ သက်တမ်းမှာ တခါမှ မတွေ့ခဲ့ဘူး။

မွေးရဲ့စကား ဒီနေရာရောက်တော့ မြင့်လွင်နိုင်ရယ် မျက်ရည်တွေကို ဝိုင်းလာတာပဲ အတွတ်ရယ်။

“အန်တီမွေး ဆိုလိုချင်တာက သားကိုချစ်တဲ့ မင်းဖေဖေ ကိုကိုနိုင်ရဲ့ မေတ္တာအတိုင်းအတာ အတိမ်အနက်ကို သားကြီး ခုလောက်ဆို မှန်းဆနိုင်ပါတယ်”

လို့ ပြောပြရတယ်။

"ကျွန်တော် သဘောပေါက်ပါတယ်၊ နားလည်ပါတယ် အန်တီမွေးရယ်။ ဖေဖေနဲ့ ကျွန်တော် မတွေ့နိုင် မဆုံနိုင်ဖြစ်ရတဲ့ အဖြစ်တွေကတော့ ကျွန်တော့်ကံကြမ္မာလည်း ပါတယ်။ မေမေရဲ့ မလိမ္မာမှုတွေလည်း ပါပါတယ်။ ဖေဖေ့အပေါ် ကျွန်တော် အများကြီး ခွင့်လွှတ်ပါတယ်" တဲ့။

"အန်တီအပေါ်မှာလည်း တို့သားအဖနှစ်ယောက် အသက်ရှင်ရက် မတွေ့နိုင်အောင် ကြားက ကာဆီးထားတယ်လို့ သားကြီး မထင်ပါနဲ့နော်။ သားကြီးပြဿနာ ပေါ်လာတဲ့ တပြိုင်နက် အန်တီဟာ ဘယ်လောက်ထိ စွန့်လွှတ်တယ်ဆိုတာ ပြောပြပါရစေ။ လက်ရှိနေတဲ့ အိမ်ကြီးမှာ သားကြီးတို့သားအမိကို ခေါ်တင်ပြီး နေရစ်ပါတော့လို့ သားဖေဖေကို အန်တီမွေး ပြောခဲ့ပါတယ်။ ဟောဒီ မိုနာတို့၊ ရစ်ချတ်တို့ဖေဖေ ဒေါက်တာမိုးကောင်းရှေ့မှာပဲ"

အတွက်ရေ၊ အတွက်ကိုပဲ မွေးက သက်သေထူပြောမိတယ်။

"သား ယုံပါတယ် အန်တီမွေးရယ်။ ခုလည်း မြင်မြင်ချင်း မိခင်ငတ်နေတဲ့ သားအဖို့ အန်တီမွေးကို မိခင်အရင်းလိုပဲ ချစ်လည်းချစ်၊ သနားလည်း သနားမိတယ်။ ကျွန်တော့်မေမေ ဒေါ်တင်မမအပေါ်မှာလည်း အန်တီမွေးတို့ရဲ့မေတ္တာလမ်းကြောင်း အထစ်အငေါ့ ဖြစ်စေအောင် ဖန်တီးခဲ့သူမို့ ခွင့်လွှတ်ဖို့ ကျွန်တော် ထပ်ပြီး တောင်းပန်ပါတယ်"

"ဒီအတွက် အန်တီမွေး စိတ်ဖြေနိုင်ပါတယ်။ အန်တီမွေးရဲ့ဘဝကံကြမ္မာက အချစ်နဲ့ ပတ်သက်လာရင် လူဆိုးမပါဘဲ ဇာတ်လမ်းကိုက ကြေကွဲစရာမို့ အန်တီမွေး ဘယ်သူ့မှ အပြစ်မတင်ပါဘူး။ ဘဝဝဋ်ကြွေးတွေ ကျေအောင်လို့ အန်တီ့မှာ အစီအစဉ်ရှိပါတယ်။

"ကဲ... ဒေါ်ခင်မမရော၊ သားကြီးရော၊ ရှဲလာတို့မိသားစုရော နောက် တနင်္ဂနွေမှာ မွေးရဲ့အိမ်မှာ ဆုံကြဖို့ မနက်စာပါ ကျွေးချင်လို့ စောစောလာခဲ့ကြပါ" လို့ ဖိတ်ခေါ်ရင်း 'ချစ်သူတို့ပွဲ' ဆုံစည်းရာ ဇာတ်လမ်းကို ခေတ္တ အနားပေးလိုက်ရတယ်။

အတွက်သာ ရှိရင်လည်း ဝမ်းသာမှာပဲနော်။ သွားတုန်းကတော့ အတွက်ရဲ့သားကြီး ရစ်ချတ်ပြဿနာကို ပြေလည်အောင် သူ့မိခင်ရင်း ရှဲလာနဲ့ တိုင်ပင် ဆွေးနွေးဖို့ သွားကြတာ။ မွေးတို့ရဲ့ကြေကွဲဆွေးမြည့်စရာ ဇာတ်လမ်းပါ တပါတည်း ကောင်းသောဇာတ်ပေါင်းခန်းအဖြစ် ကြုံလာရတယ်။

ရှေ့လျှောက်ပြီး ကောင်းတဲ့စခန်းတွေပဲ ဖြစ်လာမယ့်နိမိတ်လို့ မွေး

ယူဆမိပါတယ် အတွက်ရယ်။

ကောင်းတယ်ဆိုရာမှာလည်း လောကီရဲ့ကောင်းခြင်း၊ လောကုတ္တရာရဲ့ကောင်းခြင်း နှစ်မျိုး ရှိတယ်လေ။ ဒီနေရာမှာ ဒီစာကို ရေးရင်း ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာတပိုဒ်ကို မွှေး သတိရမိတယ်။

“ဖိုမလင်းပြာ၊ တွန်သံသာနှင့်

ဆပ်ပြာစမ်းတွင်၊ တွေ့ကြိမ်မြင်သော်

စုံလင်ဖိုမ၊ နိမိတ်ပြ၏၊ ဉာဏကဝိ

ပဏ္ဍိတစစ်၊ ငါတည်းဖြစ်မည်၊ အနှစ်သာရ

သုံးပုံမျှ၏၊ အစ အလယ်၊ အဆုံးဝယ်၌

ဓိပ္ပာယ်ကျွမ်းသိ၊ မှတ်သားမိလျက်”

သူက ရွှေစက်တော်ခရီးလမ်းမှာ ချိုးလင်းပြာဖိုမရဲ့ တွန်သံကို ဆပ်ပြာစမ်းချောင်းလေးကို ဖြတ်အသွားမှာ ကြားတော့ သူသာ အကယ်၍ ယခုအတိုင်း သက်န်းဝတ်နဲ့ စာပေပရိယတ္တိ ဆက်လက် ဆည်းပူးသွားရင်လည်း ပိဋကတ်သုံးပုံကို အစ၊ အလယ်၊ အဆုံး သိမြင်နှံ့စပ် ကျွမ်းကျင်တဲ့ ပညာရှင် ပဏ္ဍိတအစစ် ငါဖြစ်လိမ့်မယ်လို့ အားတက်ဖွယ်နိမိတ်ကို သူ ကောက်ယူခဲ့တယ်။

တခါ ချိုးဖို၊ ချိုးမ တဦးက တိုင်၊ တဦးက ဖောက်နဲ့ ငှက်နှစ်ပါး သွားမြိုင်ထနဲ့ တေးတျာ ကျူးနေတာကို မြင်တော့လည်း...

“ဇာတိလိုက်လျော်၊ ချိုးနှစ်ဖော်မူ

ရွှင်ပျော်အမြဲ၊ မကွဲတူကွ၊ နေသည်ဆသော်

ကာမလူ့ဘောင်၊ မရှောင်နိုင်ချေ

ညာကြကျော်စော၊ သဘောစင်စစ်

ရှင်၏ဖြစ်မှ၊ တဆစ်လူ့ခွင်၊ ဝင်လာဦးမည်

ချစ်ကြည်မျိုးနွယ်၊ ဥစ္စာကြွယ်သည်

လူဝယ်လူကောင်း၊ အကြောင်းရုံးစည်း

ဖြစ်မည်တည်းဟု၊ စနည်းနိမိတ်၊ ချိုး၏ဟိတ်ကို

တိတ်တိတ်မှတ်ယူ၊ နှလုံးမူလျက်၊ မပူမဆာ၊ ရေသီတာသို့”

အကယ်၍သာ ကာမဘုံသားတို့ ပျော်စရာ လူ့ဘောင်ကို သူဟာ ရှင်ပဥ္စင်းအဖြစ် ဆက်မနေဘဲ ဝင်ရောက်ခဲ့ရင်လည်း ချစ်ကျွမ်းသူနဲ့ အတူယှဉ်တွဲပြီး လူကောင်းသူကောင်း အိမ်ထောင်ရှင်ကောင်း တယောက် ဖြစ်ပေလိမ့်မယ်လို့ ချိုးဖိုစုံတွဲရဲ့ နိမိတ်ကို ဒီလိုပဲ ကောက်ယူခဲ့တယ် အတွက်ရယ်။

ဩော်... ဒီတုန်းအခါက ရှင်မဟာရဋ္ဌသာရ စာဆိုအရှင်မြတ်ဟာ ငယ်ရွယ်သေးသူ ရဟန်းဝတ်ပီပီ ဘဝဆည်းဆာမှာ သူ့ခံစားရချက်ကို တိတိလင်းလင်းပဲ ဖော်ပြရှာတယ်။

ဆည်းဆာဆိုတာ နံနက်ဆည်းဆာ၊ ညနေဆည်းဆာရယ်လို့ ရှိလေတော့ ရှင်မြတ်စာဆိုရဲ့ ဆည်းဆာချိန်မှာဖြင့် အကောင်းဘက် နိမိတ်ချည်းပဲမို့ နံနက်ဆည်းဆာလို့ ခေါ်သင့်တယ်။ ရဟန်းဘဝ အရှည်ဆက်နေသွားလည်း ပညာပြည့်စုံ ပိဋကတ်သုံးပုံ မွေနှောက်နိုင်တဲ့ ပညာရှင် ရဟန်းအဖြစ် ရောက်နိုင်မယ်။

လူ့ဘုံခန်းဝါကို ဝင်ရောက်ရင်လည်း အောင်မြင်တဲ့ လူသားတယောက်အနေနဲ့ သူ့ဘဝ ခရီးလမ်းမှာ ချစ်သူနဲ့အတူ လှမ်းနိုင်မယ်ပေါ့။

ဒါဟာ မွေးရဲ့ယူဆချက်ပါနော်။ ကဗျာဆိုတာ မူလစာဆိုရှင် အသက်ထင်ရှား မရှိလေတော့ သူ့ရဲ့ကဗျာဆိုလိုချက်ကို နောက်လူတွေ ကောက်ချက်ချရာမှာ မူကွဲရှိတတ်တာမို့ သုခမိန်တွေရဲ့ ယူဆချက်နဲ့တော့ မွေးအထင်ဟာ လွဲချင်လွဲနေမှာပေါ့။

အခုလည်း မွေး ဆိုလိုချင်တာကတော့ ရဲလာတို့အိမ်မှာ မြင့်လွင်နိုင်တို့မိသားစု၊ အတွက်ရဲ့ သားကြီးနဲ့ ချွေးမ မိသားစုတွေ့ဆုံပွဲဟာ ဝက်ပါတောင်ခြေစခန်းမှာ ဝေဿန္တရာ ဆွေမျိုးတို့ဆုံပွဲလို ကောင်းသောဆုံရခြင်း ဖြစ်တယ်လို့ မွေး ယူဆမိတာပါ။

အတွက်နဲ့ မွေးရဲ့ အချစ်ဆည်းဆာဟာလည်း နံနက်ဆည်းဆာ ဖြစ်လိမ့်မယ်၊ ဘဝရဲ့ အရုဏ်ဦး လင်းရောင်သစ် အစပျိုးရာ ဖြစ်ပေလိမ့်မယ်။

အဲဒီအခါမှာ ရွာမယ့် ချစ်၍ရွာသော ပေါက္ခရဝဿမိုးဟာလည်း တဏှာရေစင်နဲ့ စွတ်စိုလိုသော သူကိုလည်း စွတ်စေစိုစေ အေးမြစေပေါ့။ ကရုဏာမိုးရေစင်နဲ့ စွတ်စေလိုသော သူကိုလည်း စွတ်စေ စိုစေ အေးမြစေပေါ့။ မွေး ဆုတောင်းလေး ကောင်းတယ်မို့လား အတွက်ရယ်။

ဆုတောင်းရတယ် အတွက်။ အချစ်နဲ့ မိုးဟာ အစိုးမရဘူး၊ အတူတူပဲ။

မိုးနတ်သား လာတော့မယ်လို့ မုတ်သုံစောင်းကြိုးကို ရိုက်နှိုးသံကြားရင်ပဲ မိုးနတ်ရှင် လာမယ်ထင်တဲ့လမ်းကို ပုလဲမှုန်ခင်းပြီး သူ့ချစ်သူတွေက ကြိုကြရတယ်။

ညမှာပွင့်တဲ့ ညမွှေးပန်းငုံလေးတွေလည်း မိုးစက်မိုးမှုန်တို့ရဲ့ နူတ်ဆက်အနမ်းနဲ့ ပွင့်ရမှာလားလို့ မျှော်ရတယ်။

တောသူ ပျိုးပင်ပျိုတွေကလည်း ပါးကွက်စိမ်းနဲ့ပါးပြင်ကို မှုန်နံ့သာသပြီး သူတို့ချစ်သူ တောလမ်းကများ လာလေမလားလို့ မျှော်ရတယ်။

တိမ်မင်ခိုးရောင် ချိတ်ပုဆိုးကို မဝတ်ဘဲ ကြေးနီရောင်မှုန်းထားတဲ့ ဝတ်လဲတော်နဲ့ ဝင်္ကပါတောင်ယံမှာ ဝေဿန္တရာမင်းကြီးနဲ့ မဟာနွယ်တို့ တွေ့စဉ်တုန်းက ရွာတဲ့ဟန်နဲ့များ လာလေမလားလို့လည်း မျှော်မိတယ်။

လာမယ့်လာတော့ ပုလဲမှုန်ခင်း ရာဇမတ်ကာထားတဲ့လမ်းကလည်း မလာ။ စောင်းသံကလည်း ဂီတသံ မလွင်၊ အသည်းကွဲမတတ် ထစ်ချုန်းပြီး တမိုးလုံး ချောက်ချားလို့ မြေလွှာတောင် တုန်ဆင်းသွားတာပဲ။

လျှပ်ပန်းနွယ်တွေကလည်း ညရဲ့ကောင်းကင် မိုးပန်းအသွင်ကို မဆောင်ဘဲ ချစ်တဲ့သူတွေရဲ့ နှလုံးသားကိုခွင်းမယ့် စိန်မြားတံတွေကို ပစ်လွှင့်လိုက်တာ တထိန်ထိန် တလက်လက်ပဲ။ မိုးရိုန်ကလည်း ပုဆိန်ပေါက် ရွာချလိုက်တော့ သူပြုမှ နုရမယ့် ပန်းဝတ်လွှာတွေကလည်း အလှပျက်လို့။ ချစ်လွန်းလှပါတယ်ဆိုတဲ့ လယ်တောသူ ပါးကွက်စိမ်းသထားတဲ့ လယ်မြေတွေလည်း ကစဉ့်ကရဲ ရေဖွေးဖွေးလျှံလို့ သီးနှံတွေ ပျက်ရတော့တယ်။

ဦးမင်းကျော်ဟန် သိုင်းကွက်နင်းပြီး သူရာမောင်က သန်းခေါင်ကို ညလယ်မှတ်၊ အရပ်ကိုမှလည်း အားမနာဘူး၊ သူထင်သလို သူ့ကပွဲသဘင်ကို အကျင်းအပ ကောင်းလိုက်တာလေ။ သူ့မှာတော့ အပျော်ကြူးတဲ့ သဘင်ထူးကြီးပေါ့။ သန်းခေါင်ယံ သူရဲကောင်းကြီးပေါ့။

မြေလွှာမှာ ခေါင်းငုံ့ခံရတဲ့ အားနွဲ့သူ ပန်းလွှာငုံတို့မှာတော့ အနမ်းအကြမ်းသာ ရလေတော့ ညဉ့်ရုံတော် အလှခင်းပျက်ရတယ် အတွက်ရယ်။

အချစ်ဆိုတာလည်း မျှော်လင့်သလို ဖြစ်မလာဘဲ ညဉ့်ရုံတော် အခြေပျက်ရုံလေးပဲ ဆိုရင်တော့ ရင်ကျိုးရချေရဲ့။

■

အခန်း (၄)

ပုဏ္ဏာမီ၏

ရင်သွေးသူဇာ၊ ဆင်းလာသောည၊

ကုမုဒြာ၊ မင်းကုမ္မာနှင့်၊ ကန်သာမြဝယ်၊

ဖွဲ့နွဲ့သွယ်နှော၊ တေးသီပြောစဉ်။

မှုန်မှုန်ငွေနှင်း - - - -

ဖြန့်သွင်းပြေပြေ၊ ဆောင်းလေချိုတယော

နှောလေသည့်၊ မြဂယက်ငွေစည်းသံ၊

ညဥ့်ယံ၏ ချစ်သူပွဲသည်

ကြည်စွ သာစွ တင့်မောစွ။

ငွေချည်ဇာပြင်...

အလှဆုံးဆင်၍၊ ယခင်လပြည့်

ကြုံခဲ့နေ့လို၊ ရင်ခိုချင် ဘော်ငွေစင်

ဧကရီ လာပြန်ချေပြီကော။

သြော်... ပြောရခက်ခက်

ဆောင်းရက်လေလည်း၊ ပလွေမနှော။

မြဂယက် စီးမခတ်၊ ညဥ့်ငှက်ပင်

အသံဆိတ်၊ တောလုံးတိတ်၊ ရိပ်လုံးငြိမ်

လှစ်ံအိမ်တွင်၊ ယမန်နေ့ည၊ မင်းယက္ခ

မုန်တိုင်း၊ လှိုင်းကြီးထ၍ ချစ်ကြင်သူ

လပကြာ၊ သူ့လက်ပါကြောင်းကို

မပြောလို ဆိုမသီ၊ ညဥ့်ရိပ်ရှည်သည်

မကြည်ရှိုက်မော လွမ်းသံနှော။

ရွှင်ကြည်ချမ်းမြေ့...

တေးဆိုတွေ့ခဲ့၊ ဘယ်မမေ့သည်

"နောက်ဆုံးနေ့ရက်" သိခက်နောက်ကျ

ဖြစ်ရသခင်၊ ကြိုတင်သိမှု

"သုံးရွှေ့ဇမ္ဗူတွင်၊ မယ်ခူး၍ လှူခဲ့ပ"

ချစ်သူရွှေတုံး၊ ပျောက်ဆုံးပုံဆန်း

ကြမ်းလှသည့် ဒဏ္ဍာရီ၊ တဖျစ်ဖျစ်

ဆိုမြည်၍၊ သီကရီ သူ့နန်းကို

တလှမ်းချင်း ကွဲချေပေါ့ ။

တတောလုံးရင်မ...

တသသသည်၊ ညယံသဘင်စဲ

လွမ်းသူတို့ပွဲ။

■

အတွက်ရေ...

အင်းတကော်မှာ တွေ့ဆုံခဲ့တဲ့ ဆွေစုမျိုးစုကို မွေးရဲ့အိမ်မှာ ပြန်လည်တွေ့ဆုံဖို့ ဖိတ်တဲ့နေ့ အကြောင်းကို ရေးပြရဦးမယ်။

၅ နှစ်လုံးလိုလို ရွှေတံခါးကြီးပိတ်ပြီး တိတ်တိတ်ဆိတ်ဆိတ် နေရာက ဒီနေ့ဟာဖြင့် ရွှေတံခါးကြီး ဖွင့်သောနေ့ပါပဲ။

ဒေါ်ခင်မမရယ်၊ ကိုကိုနိုင်ရဲ့သားကြီး မြင့်လွင်နိုင်ရယ်၊ ရစ်ချတ်တို့ ဇနီးမောင်နှံနဲ့ ရှဲလာတို့ သမီးယောက်မ လာကြတယ်။ စောဝေဘဲလ်ကတော့ ကိစ္စတခုရှိလို့ ပဲခူးဘက်ကိုသွားလို့ မလိုက်နိုင်တဲ့အကြောင်း မှာလိုက်တယ်။

မွေးလေ သိုက်သိုက်ဝန်းဝန်း ဒီလို ပြန်လည်တွေ့ဆုံရတော့ မွေးရဲ့အိမ်ကြီးဟာ သက်ဝင် လှုပ်ရှားလာသလိုပါပဲ။

ဩော်- ဆွေမျိုးတို့ ပြန်လည် တွေ့ဆုံပွဲဟာ စိတ်ချမ်းမြေ့စရာကောင်းလိုက်တာ နော်။

ဒါကြောင့်လည်း ဝက်ပါတောင်လို နက်ရှိုင်းတဲ့ တောကြီးခေါင်ခေါင်မှာတောင် ကြေးနီရောင် ပေါက္ခရဝဿမိုး ရွာချပေးရပေတယ်။ အားလုံးပဲ ဒီအိမ်ကြီးမှာ ပျော်ရွှင်ချမ်းမြေ့စွာ ပြန်လည် တွေ့ဆုံရရင် ဘယ်လောက် ကောင်းမလဲနော်။

ထမင်းကို မွေး ချက်ပြုတ်ကျွေးမွေးတဲ့ နံနက်စာ စားသောက်အပြီး ဧည့်ခန်းမှာ ဧည့်သည်တွေနဲ့အတူ မွေးထိုင်နေတုန်း ဆင်ဝင်အောက်မှာ ကားတစီး ထိုးရပ်လိုက်တယ်။ ကားပေါ်က ဆင်းလာသူကတော့ ဝတ်လုံတော်ရ ဦးရဲဒင် ဖြစ်တယ်။ ကြိုတင် စီစဉ်ထားတဲ့ မွေးကလွဲလို့ ဦးရဲဒင် လာခြင်းအကြောင်းရင်းကို သူတို့ မသိကြဘူး။

ဦးရဲဒင် ဧည့်ခန်းမှာဝင်ထိုင်တော့မှ မွေးအားလုံးကို ရှင်းလင်းပြောပြလိုက်တယ်။

"ဝတ်လုံတော်ရ ဦးရဲဒင်ကတော့ ကျွန်မရဲ့ပိုင်ဆိုင်တဲ့ ပစ္စည်းရေးရာနဲ့ ပတ်သက်ပြီး ဥပဒေကြောင်းနဲ့ ဆောင်ရွက်ပေးရတဲ့ ပုဂ္ဂိုလ်တဦး ဖြစ်ပါတယ်။ အခု အားလုံး လူကြီးစုံရာနဲ့ ဝတ်လုံတော်ရ ဦးရဲဒင်ရှေ့မှာ မြင့်လွင်နိုင်ဟာ ကိုကိုနိုင်နဲ့ မွေးတို့ရဲ့ တရားဝင် တဦးတည်းသော သားအဖြစ် ကျွန်မ အတိအလင်း ပြောကြားလိုပါတယ်။ အမွေစား အမွေခံ တဦးတည်းသောသား ဖြစ်ကြောင်းကိုလည်း စာချုပ်စာတမ်းတွေကို ဆက်လက်လုပ်ပါ"

မွေးက ကြိုတင်လုပ်ခိုင်းထားတာမို့ အားလုံးစာချုပ်ကလည်း အဆင်သင့်ပါပဲ။ အသိ သက်သေအဖြစ် ဒေါ်ခင်မမနဲ့ ရှဲလာက လက်မှတ်ရေးထိုးကြတယ်။ မွေးနဲ့ မြင့်လွင်နိုင်လည်း စာချုပ်ကို လက်မှတ်ရေးထိုးပြီး ရီဂျစ်စတာ မှတ်ပုံတင်ဖို့ ဦးရဲဒင်လက်ကို ပြန်အပ်လိုက်တယ်။ ဦးရဲဒင်ပြန်သွားတော့ ဒေါ်ခင်မမဟာ မွေးရဲ့လက်ကို ဆုပ်ကိုင်ပြီး မျက်ရည်တွေတွေ ကျရှာတယ်။

"မွေးရယ်၊ မမထင်တာထက် မွေးဟာ သဘောထားကြီးပါတယ်။

စိတ်ဓာတ်မြင့်မားပါတယ်။ လောကမှာ အပြန်အလှန် သဘောတရားတွေ ရှိပါတယ်။ ဘာသဘောတရားလဲဆိုတော့ မေတ္တာဆိုတဲ့ တရားပေါ့။ မမဆိုလိုချင်တာကို ထပ်ရှင်းပါရစေ။ မွေးကတော့ သက်တမ်းအတူနေရင် မွေးသာ အရင်သေမှာမို့ ကိုကိုနိုင်နဲ့ မွေးပိုင်သမျှ ကျန်ရစ်တဲ့ အမွေပစ္စည်းဟူသမျှ မြင့်လွင်နိုင် ခံစားပါစေဆိုတဲ့ စေတနာနဲ့ ဒီစာချုပ်ကို ချုပ်ဆိုတာ မမ သိပ်ပြီး ကျေးဇူးတင်ပါတယ်။

အပြန်အလှန် မေတ္တာရှေ့ထားပြီး မွေးအပေါ် ပြန်ပြီး ပြုပါရစေ။ ကံတပါး တပါးဖြတ်လို့ မြင့်လွင်နိုင်ဟာ မွေးအရင် ဆုံးပါးသွားတောင် မမညီမ တင်မမပိုင် ဟူသမျှ၊ မြင့်လွင်နိုင်ကို အပြီးအပြတ် ပေးထားသမျှ မွေးသာ ခံစားခွင့်ရှိဖို့လည်း မမ တရားဝင် စာချုပ်ချုပ်ပေးပါ့မယ်” တဲ့။

“အများကြီး ကျေးဇူးတင်ပါတယ် မမ။ ဒီလောကမှာ ကျေးဇူးတရား သိတတ်ဖို့နဲ့ မေတ္တာတရား ခေါင်းပါးလို့ အမျိုးမျိုး ဒုက္ခရောက် ကပ်ကြီးသုံးပါးဆိုက်ပြီး သံကန္တာရလို ပူပြင်းတဲ့ လောကကြီး ဖြစ်နေပါတယ်။ ဒီနေ့ ဒီအချိန်မှာ အိုအေစစ်လို အေးမြတဲ့နေရာကတော့ မွေးရဲ့အိမ်ပါပဲ” လို့ မွေးက ပြောလိုက်တယ်လေ။

သူတို့ကြိုက်သလို မွေးရဲ့အိမ်ကြီးမှာ လွတ်လွတ်လပ်လပ် အပန်းဖြေကြဖို့ပြောပြီး မွေး အိမ်အပေါ်ထပ်ကို တက်ခဲ့တယ်။

ဘုရားခန်းနဲ့ ကပ်ရက် ခန်းမဆောင်ကြီးထဲကို မွေးဝင်ခဲ့မိတယ်။ အဲဒီအခန်းကိုလေ မွေးတို့ ဆွေစဉ်မျိုးဆက် သမိုင်းဝင်အခန်းလို မွေး ပြင်ဆင်ထားတယ်။

ခေါင်းရင်းဘက် အခန်းရဲ့နံရံမှာ ကိုကိုနိုင်ရဲ့ဖေဖေ၊ မေမေ ဓာတ်ပုံရယ်၊ မွေးရဲ့ဓာတ်ပုံရယ် ချိတ်ထားတယ်။ ညာဘက်နံရံမှာတော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံရယ်၊ ကွယ်လွန်သွားပြီဖြစ်တဲ့ မွေးရဲ့ ကိုကိုနှစ်ယောက်ပုံနဲ့ ကိုကိုနိုင်ဓာတ်ပုံကို မွေး ချိတ်ထားတယ်။

ဘယ်ဘက် နံရံမှာတော့ မမရဲ့နွဲ့နွဲ့လေးနဲ့ အေးချမ်းစွာ ပြုံးနေတဲ့ ဓာတ်ပုံလေးကို ဆွဲချိတ်ထားတယ်။

တခါတုန်းက အာရှောဂျံက ပြန်လာတဲ့နေ့က ကြုံလာတဲ့ အဖြစ်တွေကြောင့် စိတ်ထိခိုက်ရသမျှ ကမာရွတ်အိမ်လေးကို ပြေးသွားပြီး မေမေ့ဓာတ်ပုံရှေ့မှာ တိုင်တည်ရေရွတ် တမ်းတမိတယ် အတွက်။

ခုလည်း ကိုကိုနိုင်ဓာတ်ပုံရှေ့က နှင်းဆီပန်းတွေ ဝေနေတဲ့ခုံလေးပေါ်မှာ

ဖယောင်းတိုင် တတိုင် ထွန်းပြီး ကိုကိုနိုင်ကို ဦးချရတယ်။

"ကိုကိုနိုင်၊ မွေးလေ အတတ်နိုင်ဆုံး မယားကောင်း ပီသအောင် ကြိုးစားခဲ့ပေမင့် မွေးဟာ တခါတခါ သမီးကောင်းတယောက်သာ ဖြစ်ခဲ့တယ်၊ မယားကောင်းတယောက် မဟုတ်ပါဘူး။ ကိုယ့်လင်ကို ကာလရှည်လျားစွာ ပစ်ခွာထားပြီး နေတတ်သူမို့ ကိုကိုနိုင်နဲ့ တင်မမ ဖြစ်ရတဲ့ကိစ္စမှာ မွေးရဲ့အမှား အများကြီးပါပါတယ်။ ဒီနေ့မှာဖြင့် မွေးရဲ့ အမှားကို ရာဇဝင်ကြွေး ဆပ်တဲ့အနေနဲ့၊ အချစ်ကြွေးဆပ်တဲ့အနေနဲ့ ကိုကိုနိုင်ရဲ့သားကြီး မြင့်လွင်နိုင်ကို မွေး တရားဝင်သားအဖြစ် စာချုပ်စာတမ်းနဲ့ မွေးလိုက်ပါပြီ။ မွေးကို ခွင့်လွှတ်ပါ ကိုကိုနိုင်"

မွေးလေ သူ့ဓာတ်ပုံရှေ့မှာ တယောက်တည်း စကားလုံးတွေကို ရွတ်ဆို တိုင်တည်မိတယ်။

အတွက်ရယ်၊ ဝတ္ထုရေးဆရာတွေလေ သူတို့မွေးတဲ့ ဇာတ်ကောင်၊ ဇာတ်ဆောင်၊ ဇာတ်လိုက်တွေကို ခြောက်ပြစ်ကင်းသဲလဲစင် ဖြစ်စေချင်လွန်းလို့၊ စေတနာဘက်လိုက်ပြီး ရေးကြလို့ လူစစ်နဲ့မတူဘဲ တချို့စာရေးဆရာတွေရဲ့ ဇာတ်ကောင်တွေဟာ လူအတုတွေ ဖြစ်ခဲ့ရတယ်။ မွေးလည်းလေ ဘဝမှာ သမီးကောင်းလည်း ဖြစ်ချင်တယ်၊ မယားကောင်းလည်း ဖြစ်ချင်တယ်၊ ဆွေစုမျိုးစုရဲ့ မှီရာတည်ရာ ဖြစ်ချင်လိုက်တာ အမေ။ စာရေးဆရာတွေ ဖန်ဆင်းတဲ့ ခြောက်ပြစ်ကင်း သဲလဲစင် ဇာတ်လိုက်မင်းသမီးလေး မွေးရဲ့ဘဝဝတ္ထုမှာ ဖြစ်ချင်တယ်၊ ဖြစ်နိုင်အောင်လည်း ကြိုးစားခဲ့ပါတယ်။

လူဟာ လူပဲမို့ မွေးရဲ့မပြည့်မစုံ ဟာကွက်တွေကို တမလွန်က ကိုကိုနိုင်ဟာ ခွင့်လွှတ်နိုင်ကောင်းပါရဲ့နော်။ တခါတလေတော့လည်း လူဟာ ပုံစံမမီ ဘယ်လိုပဲ ကြိုးစားပေမင့် ဖြစ်ချင်မှ ဖြစ်တယ်ဆိုတာ မွေးရဲ့ကိုယ်က မွေးကို တရားပြပေသားပဲ။ ဒီနေရာမှာ မွေးဟာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်စိစစ်မိတယ်။ စိတ်စေတနာရင်းဆိုတာ အပေါ်ယံ စိစစ်ကြည့်ရင် အဖြေတမျိုးထွက်ပြီး သေသေချာချာ စေ့ငုကြည့်မှ အဝိဇ္ဇာမပါဘဲ၊ ဘက်မလိုက်ဘဲကြည့်ရင် အဖြေတမျိုး ထွက်တတ်တယ်။

ကိုကိုနိုင်ဟာ တင်မမနဲ့ သားတယောက် ရခဲ့တယ်။ ဒီသားကို ရတယ်လို့ သိသိချင်း မွေးဟာ ကိုကိုနိုင်နဲ့ တင်မမတို့သားအမိကို ဒီအိမ်ကြီးပါ လွှဲခဲ့ပြီး ကိုကိုနိုင့်အပါးက ထွက်ခွာသွားဖို့ စီစဉ်ခဲ့တာ အတွက် အသိပဲ။

ရုတ်တရက်တော့ ဒီအပြုအမူဟာ သဘောထားကြီးခြင်း၊ ခွင့်လွှတ်ခြင်းလို့ မွေးကိုယ်မွေး ထင်ခဲ့မိတယ်၊ ယူဆမိတယ်။

စင်စစ် သေသေချာချာ လေ့လာကြည့်ရင် စိတ်နာကြည်းလွန်းလို့

ကိုကိုနိုင်ကို စွန့်ခွာပြီး အဝေးကို ထွက်ခွာသွားချင်တဲ့ မွေးရဲ့အတွင်းစိတ်ကို နှလုံးသားထောင့် တနေရာမှာ တွေ့ရတယ်။

ကိုကိုနိုင်အဖို့ ဒီသားလေးကို သူချစ်တာ အမှန်ပဲ။ သူအချစ်ဆုံး ရတနာ၊ အပြစ်ကင်းတဲ့ ကျောက်မျက်ရွဲနဲ့လည်း တူပါတယ်။ ဒါပေမင့် ဒီကျောက်မျက်ရတနာက ခိုးယူလို့ ရခဲ့တာမျိုး ခိုးရာပါ ပစ္စည်းလို ဖြစ်နေတယ်။ ခိုးရာပါပစ္စည်းများ လူရှေ့မှာ ထုတ်သုံးဖို့ ကာယကံရှင်တွေဟာ ကိုယ့်စိတ်ကိုယ်မလုံ ဖြစ်တတ်တယ်။ အထူးသဖြင့် သူချစ်မြတ်နိုးတဲ့ မွေးရှေ့မှာ ဒီပစ္စည်းထုတ်ပြီး ဆင်ယင်မိရင် မွေး စိတ်ထိခိုက်မှာစိုးတယ်။ မွေးဂုဏ်သရေကိုလည်း ထိခိုက်မှာစိုးတဲ့ ကိုကိုနိုင်ဟာ သူချစ်တဲ့သားကို ဖခင်တို့ ဝတ္တရားရှိတဲ့အတိုင်း သူ့ရဲ့ပစ္စည်းနဲ့ တိတ်တခိုးပဲ စောင့်ရှောက် ပြုစုခဲ့တယ်။

တကယ်ဆို စစ်မှုထမ်းတွေ ထုံးစံအတိုင်း မြင့်လွင်နိုင်ကို သူ့သားရင်းအဖြစ် (Part (2) Order) ထုတ်ခဲ့ပြီး အခိုင်အမာ အမွေခံအဖြစ်လုပ်ခဲ့ရင် မွေး ဘာတတ်နိုင်မှာလည်းနော်။ သူ ကွယ်လွန်တဲ့အခါ သူ့ခံစားခွင့်ကို သူ့သားတယောက်အနေနဲ့ မြင့်လွင်နိုင် အလိုအလျောက် ခံစားရမှာပဲ။

ဩော်... ကိုကိုနိုင်၊ ကိုကိုနိုင်။ မွေးအပေါ်မှာ တရားဝင်သဘောရော (ဥပဒေခန်းသဘော ဆိုရမှာပေါ့) စိတ်ထိခိုက်အောင်၊ ဂုဏ်သရေထိပါးအောင် ဘာမှ မလုပ်ခဲ့ပါဘူး။

ဒါလောက် ချစ်မြတ်နိုးပါတဲ့ လင်သားတယောက်ကို မွေး တကယ်ချစ်မြတ်နိုးရိုး မှန်ရင် သူ ကွယ်လွန်တဲ့အခါ သူ ချစ်မြတ်နိုးသူကို ဆက်လက်စောင့်ရှောက်ရမယ်။

မွေးလေ၊ အဲဒီတော့မှ မွေးရဲ့ချို့ယွင်းချက်ကို ပြန်လည်သတိရ ဆင်ခြင်မိပြီး မြင့်လွင်နိုင်ကို သူ့ဖေဖေ ကိုကိုနိုင်ဆီက မွေးရသမျှ၊ ခံစားရသမျှ မွေးနဲ့ ညီတူညီမျှ ခံစားပိုင်ခွင့်တွေကို ခွဲပေးလိုက်တာပါပဲ အတွက်ရယ်။

မွေး သေတော့လည်း မြင့်လွင်နိုင်ဟာ ဒီတရားဝင်စာချုပ်အရ အားလုံး ခံစားပိုင်ခွင့် ရှိသွားတာပေါ့နော်။

လင်ကို ချစ်လှပါတယ်ဆိုပြီး လင်သေဆုံးတော့မှ ကိုကိုနိုင့်ခေတ်ပုံပြ၊ လင်ရဲ့အလောင်း ရှေ့တန်းတင်ပြီး မွေး စီးပွားရှာရင် မွေးရဲ့ကိုယ်ကျိုးပဲ ရှာရာဖြစ်တယ်။ တခါတလေကျ ဖြစ်တတ်တယ်လေ။ ကွယ်လွန်သူ စိတ်တိုင်းကျ လုပ်ပါတယ်၊ သူ့ရည်ရွယ်ချက်အတိုင်း လုပ်ပါတယ် ပြောပေမင့် ကိုယ့်အတွက် အမြတ်ထုတ်သလို ဖြစ်နေတယ်။ ကိုယ်လုပ်ပုံကိုင်ပုံဟာ ကွယ်လွန်သူရဲ့ မြတ်နိုးချစ်ခင်သူတွေအပေါ်မှာ တကယ် အကျိုးသက်ရောက်တယ်၊

မသက်ရောက်ဘူးဆိုတာ သေသေချာချာ လေ့လာသင့်တယ်နော်။ မသက်ရောက်ရင် ကိုယ့်ရဲ့လုပ်ပုံလုပ်နည်းကို ပြင်ရမယ်။ တရားသေသဘော မထားသင့်ဘူးပေါ့။

ဪ... လူဆိုတာ ခက်ပါလား။ လုံးလုံးကို မသိလို့ မှားနေတာကို ပြင်ရတာက လွယ်သေးတယ်။

မသိဖြစ်နေတာကို သိတယ် မှန်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်ထင်နေတာက သိပ်ဆိုးတာပဲနော်။ မိစ္ဆာပတိပတ္တိ၊ အဝိဇ္ဇာလို့ စာတွေထဲက ညွှန်းတယ်။ ဆရာတော်များက ဟောပြောကြတယ်။

မှောင်တကာ့မှောင်မှာ ကာမမှောင်အမိုက်ဆုံးလို့ ပညာရှိတွေပြောပေမင့် မွှေး ထင်တာကတော့ ကာမမှောင်က ကိုယ် ဒီအမှောင်ကို ကြိုက်လို့ လိုက်စားရင် ကိုယ်ပဲ ခံရတယ်။

မသိ ဖြစ်နေတာကို သိတယ်၊ ငါ မှန်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်ထင်ပြီး ဇွတ်တိုးလုပ်၊ သူတပါးက မှားနေပါတယ်လို့ပြော လက်မခံ၊ နည်းနည်းမှ အပြင်မခံ၊ အဝေဖန် မခံနိုင်တဲ့အဖြစ်ဟာ ကိုယ့်ပတ်ဝန်းကျင်တခုလုံးကိုပါ စုံးစုံးနစ် ဒုက္ခရောက်စေတာပဲနော်။ အတွက်ရယ်၊ ခုတော့လေ၊ မွှေး တယောက်တည်း နေရလေလေ အတွေးကြွယ်လေလေ။ ဒါပေမင့် အဲဒီအတွေးတွေထဲမှာ ငါ အသက်ရှင်စဉ် လုပ်ခဲ့သမျှ မှန်သလိုလိုနဲ့ မှားခဲ့တာတွေ၊ ကိုယ်လုပ်ပုံ ပွင့်လင်းသလိုလိုနဲ့ သူတပါးကို မေတ္တာရှိ နှိပ်စက်သလို ဖြစ်နေတာတွေကို ပြန်လည်သတိရ ဆင်ခြင်ပြီး ပြင်ဆင်နေရတယ်။

ကိုကိုနိုင်ရဲ့အပေါ်မှာ ချစ်ကြွေးအနေနဲ့ ပေးဆပ်ရမယ့်တာဝန်တခု ကျန်သေးတယ်။ ဒီကိစ္စကို အတွတ်ရယ်၊ မွှေးရယ် ကိုကိုနိုင်ရယ်ပဲ သိခဲ့ရတယ်။

ငွေရေးကြေးရေး ဆွေကိစ္စ မျိုးကိစ္စတွေကြောင့် လင်မယား တခါမှ ပဋိပက္ခ မဖြစ်ခဲ့ကြဘူးနော်။ ဒါပေမင့် မွှေး ဟိုတနေ့ကိုတော့ တွေးမိတိုင်း စိတ်မကောင်းခဲ့ဘူး။

မိတ္ထီလာနဲ့ မလှိုင်ကြားမှာ အဆုတ်နာကုဆေးရုံဆောက်ဖို့ ဝေဒနာရှင်အဟောင်းတွေ စုပေါင်းပြီး ကြိုးစားတုန်းကလေ၊ အတွတ်က ကူညီဖို့အသွား မွှေးက ဒီအလုပ်မှာပဲ မွှေး ဇောက်ချ ဆောင်ရွက်တော့မယ်ဆိုပြီး အတွတ်နဲ့အတူ ထွက်ခွာသွားတဲ့နေ့၊ မွှေး အိမ်ပေါ်က ဆင်းသွားတဲ့နေ့ သံဆွဲတံခါးဝကနေ လက်ပြပြီး စိတ်မြန်လက်မြန် လုပ်တတ်တဲ့ဇနီးကို သဘောထားကြီးစွာနဲ့ ကိုကိုနိုင်ကြီးတယောက် ငေးကြည့်ပြီး ကျန်ရစ်တဲ့နေ့ပဲနော်။

ဒီတုန်းက သူ သည်းခံပြီး မွှေးကို လူမသိ၊ သူမသိခင် အိမ်ပေါ်ရောက်အောင်

ပြန်ချော့ခေါ်ခဲ့တယ်။ လူသာသိခဲ့ရင် မွှေးနဲ့ အတွတ်ကို အဲဒီကတည်းက ပတ်ဝန်းကျင်က သမုတ်ခံရမှာ။

ဘက်မလိုက် အဝိဇ္ဇာမပါဘဲ မွှေး အဲဒီနေ့က လုပ်ကိုင်ခဲ့ပုံကို ပြန်လည်သုံးသပ်မိတယ်။ အတွတ်နဲ့အတူ အဆုတ်နာရောဂါ ကာကွယ်ကုသရေးလုပ်ငန်းကို လုပ်မယ်ဆိုပြီး ဒီအိမ်ကြီးပေါ်က ဆင်းသွားတာက နောက်မှ ရည်ရွယ်ချက် ဖြစ်တယ်။ ဆင်းသွားခြင်းရဲ့ မူလအခြေခံအကြောင်းက ကိုကိုနိုင်ကို စိတ်ကောက်တာ၊ စိတ်ဆိုးတာ ပါတယ်လို့ဆိုတာ အဖြေထွက်လာတယ်။ မဟုတ်ဘူးလား အတွတ်။

ကိုကိုနိုင်ရဲ့နောက်မိန်းမ ဒပ်ဖရင်ဆေးရုံမှာ သားလေး မွေးတဲ့အကြောင်း သိပြီးပြီးချင်း ဒီကိစ္စကို မွှေး ဘယ်လိုသဘောထားသလဲ။ ဘယ်လို စဉ်းစားသလဲ၊ ဆုံးဖြတ်သလဲလို့ ကိုကိုနိုင် သိချင်လို့ အဖြေတောင်းခဲ့တယ်။ မွှေးလည်း (၃) ရက်လုံးလုံး စဉ်းစားပြီးမှ အဖြေပေးခဲ့တယ်။

အဖြေပေးပြီး (၃) ရက်မြောက်နေ့မှာ အတွတ် မိတ္ထီလာအသွား မွှေးဟာ အတွတ်နဲ့အတူ ကိုကိုနိုင်ရဲ့အိမ်ကြီးက ထွက်ခွာလာခဲ့တယ်။ တကယ်တော့ နာကြည်းလို့ပဲ ထွက်သွားသွား၊ အဆုတ်နာ ကာကွယ်ရေးလုပ်ငန်းကို ကူညီဖို့ပဲ ထွက်သွားသွား မွှေးတယောက်တည်း သွားဖို့ ကောင်းတယ်။

ခုတော့ မွှေးကိုလည်း အတွတ်က ချစ်ပါရစေ၊ လက်ထပ်ပါရစေလို့ ခွင့်ပန်ထားတာကို သိပြီး ဖြစ်ရက်နဲ့ ကိုကိုနိုင်ရဲ့အိမ်က မွှေး ထွက်ခွာသွားပုံသွားနည်းဟာ (နည်းဗျူဟာ စစ်စကားလုံးနဲ့ သုံးရတာလေ) မမှန်ခဲ့ဘူးနော်။ ထွက်ခွာသွားခြင်းရဲ့ ရည်ရွယ်ချက် ကောင်းသော်လည်း ထွက်ခွာသွားပုံသွားနည်း မမှန်ဘူးလို့ ဆိုရမယ်နော်။

ဪ မွှေးမွှေး။ တခါတလေတော့လည်း ဇွတ်ထင်တာတွေ စွတ်ထင်ပြီး လုပ်ခဲ့မိတယ်။ အဲဒီအပြစ်အတွက်တော့ မွှေး အချစ်ကြွေးဆပ်တဲ့အနေနဲ့ တခု စဉ်းစားမိတယ်။ အစိုးရအနေနဲ့ရော၊ အဆုတ်နာ ဝေဒနာရှင်ဟောင်းအသင်းအနေနဲ့ရော ပူးပေါင်းဆောင်ရွက်ရာမှာ အကြောင်းကြောင်း တွေကြောင့် မိတ္ထီလာနဲ့ မလှိုင်ကြားမှာတော့ ဆေးရုံအသစ် ဆောက်ဖို့ကိစ္စ မလုပ်ဖြစ်တော့ဘူး။ မိတ္ထီလာဆေးရုံဝင်းထဲမှာတော့ သီးသန့်အဆုတ်နာကု ဆေးရုံ ဖြစ်မြောက်သွားပြီ။

နောက်ဆုံး ဆရာဝန်တွေ အယူအဆအရ အဆုတ်နာဟာ ရာသီဥတုအပေါ် မတည်တော့ဘူးတဲ့။ အဲဒါကြောင့် ရန်ကုန်မြို့နဲ့နီးနီး အောင်ဆန်းမြို့မှာ တိုးချဲ့အဆုတ်နာကု ဆေးရုံတရုံ ဆောက်ပြီးပြီ။ ဒါကတော့ အတွတ် အသိပဲ။ အခု

စိတ္တဇဆေးရုံနောက်မှာ အောင်ဆန်းမြို့က ဆေးရုံထက် ပိုမိုကျယ်ပြန့်တဲ့ အာရောဂျံလို အဆုတ်နာကုဆေးရုံတခု ဆောက်လုပ်ဖို့ အစိုးရမှာ ရည်ရွယ်ချက်ရှိတယ်။ အဲဒီကိစ္စမှာတော့ မွေးလေ ကိုယ်ဖိရင်ဖိ စွမ်းအားရှိသမျှ အကူအညီပေးဖို့ ဆုံးဖြတ်ထားတယ် အတွက်ရယ်။ အဲဒီနည်းနဲ့ မွေး ကျူးလွန်ခဲ့တဲ့ အပြစ်ရဲ့တန်ဖိုးကို ပေးဆပ်ရမှာပဲ။ ဝတ္ထုထဲက ဇာတ်ကောင်တွေလို စင်းလုံးချော မဖြစ်နိုင်တာအတွက်တော့ ပူပန်ပိုကြွေးနေလို့ မဖြစ်တော့ဘူး။ အတတ်နိုင်ဆုံး၊ အကောင်းဆုံးလုပ်ဖို့၊ လုပ်နည်းလုပ်ဟန် မှန်ကန်ဖို့ ငါ့ဘက်က “တာ” မပေါက်အောင်ကြိုးစားရမှာဆိုတဲ့ သဘောနဲ့ မွေး ကြိုးစားဆောင်ရွက်ရတာပဲ အတွက်ရယ်။ ခေတ်ပုံထားတဲ့အခန်းက မွေး ပြန်လည်းထွက်လာရော၊ အိမ်အောက်ထပ်က စန္ဒရားသံနဲ့အတူ သီချင်းဆိုသံ ကြားရတယ်။

“ချစ်သမျှကို မြင်းမိုရ်ရွှေတောင်

လုံးသို့လေ၊ လေးဆူဒီပါ၊ သီတာရေမြေ

ဆုံးစေတော့လေ × × ×”

မွေးလေ လှေကားထိပ်ကနေ တထစ်ချင်း လှမ်းပြီး ဖြည်းဖြည်းဆင်းလာခဲ့တယ်။ စန္ဒရားကို မြင်သာတဲ့နေရာကနေ ရပ်ပြီးတော့ ကြည့်နေမိတယ်။

မြင့်လွင်နိုင်ရယ် သူကိုယ်တိုင်ဆို၊ သူကိုယ်တိုင် တီးနေတယ်။ သူ့အသံဝါကြီးဟာ အခန်းမကြီး တခုလုံးကို လွှမ်းမိုးနေတယ်။ သူ့အပါးမှာတော့ အတွက်သားကြီး ရစ်ချတ်က စည်းလိုက်နေတယ်။

၅ နှစ်တိုင်တိုင် ဂီတသံဆိတ်သုဉ်းနေတဲ့ အိမ်ကြီးဟာ အသက်ဝင်ပြန်လည်လှုပ်ရှားလာ သလိုပဲ။ မျက်စိထဲမှာ မြင့်လွင်နိုင် ပျောက်သွားပြီး စန္ဒရားတီးနေသူဟာ ကိုကိုနိုင် ဖြစ်နေတော့တယ်။ ဘေးက စည်းတီးနေသူက မွေးလေ။

“ဟိုရှေးလေ ရာဇဂြိုဟ်ပြည်လို

စည်ပဟိုရ်တော်က ဟိန်းတာမို့×××

ဘေးရန်ခပ်သိမ်းလေးတွေတို့ ×××

ငြိမ်းလေ ငြိမ်းလေပါလို့၊ ကြာတံဆိပ်နှင့်

ဗျာဒိတ်တော်လာ၊ မိန့်ခွန်းလေ

ခွန်းလေ ချိုမြသာ၊ ယဉ်ရော ပတ်ကာဝိုင်းသည်

တိုင်းလေဌာနီ ရွှေပြည်ရွှေဘုံနန်း×××

ပုံမဝေးဘု... ရောက်လုပါပြီ

မြတ်နောင်ညီ၊ သာကီနေသို့ထွန်း × × ×”

နောက်ဆုံး တွေ့ရတဲ့နေ့၊ ခွဲခွာရတော့မယ့်နေ့၊ နောက်တပတ်မှာ အဆုံးသတ် ခွဲခွာရတော့မယ်လို့ လုံးဝမသိတဲ့ ချစ်သူနှစ်ယောက် ဒီနေရာမှာ အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ ဆိုတာကို လုံးဝ သတိမပြု သတိမရှိလိုက်ဘူးနော်။ တယောက်မျက်နှာ တယောက် ကြည့်ပြီး ဂီတစျာန်ဝင်စားနေမိတယ်။ ကြည်နူးမိတယ်။ သူ့ရဲ့စန္ဒရားခလုတ်သံက လက်သွက်လိုက်တာ။

"မွှေး... ကိုကိုနိုင် ရှေ့အပတ်မှာ ဆေးရုံက ဆင်းရမယ်။ ကိုကိုနိုင်မှာလေ ဘာရောဂါမှ မရှိဘူး။ ခု စနေမှာ စန္ဒရားလက်ပျက်သွားမှာစိုးလို့ အိမ် ခဏပြန်လာတာ" တဲ့။

“မွှေး စည်းလိုက်ပေးပါဦး” တဲ့။

ဩော်... နောက်ဆုံး သူ ဒီအိမ်ကြီးက ထွက်ခွာရခြင်းရယ်လို့ သူသာ သိရင်ဖြင့် အဲဒီနေ့မှာ ကိုကိုနိုင် ဆေးရုံကို မပြန်တော့နဲ့လေလို့ တားလိုက်မိမှာပါပဲ အတွက်ရယ်။

အိုလေ... အဲဒီနေ့အကြောင်းရယ်၊ စစ်ဆေးရုံမှာ မွှေးမျက်စိအောက်က ရုတ်တရက် လဲကျသွားတဲ့ ဩဂုတ်လ ၂၂ ရက်နေ့အကြောင်းရယ်။

စက်တင်ဘာလ ၅ ရက်နေ့အကြောင်းရယ်ကို မွှေး ပြန်မရေးချင်တော့ဘူး။ ပြန်ရေးရင် အနာဆွေးက ပြန်ပေါ်လာမှာမို့ပါ။

“××× ချစ်ခြင်းငယ်ပြိုင် ×××

မြစ်မင်းပိုင် အဏ္ဏဝါက ××× ပြန်တရာကဲ × × ×

ယွင်းစေဝသုန် ××× ငွေဝန်း... သော်တာယုန်သို့

ကမ္ဘာကုန်ကျယ်သရွေ့ငယ်မှာ၊ × × × ဘယ်မေ့လိမ့်လဲ × × ×”

မြင့်လွင်နိုင်ရဲ့ သဖြန်ဆုံးတော့မှ မွှေး မြင်ခင်းအစစ်ကို ပြန်မြင်တော့တယ်။

မွေး လှေကား တထစ်ချင်း သက်မဲ့စက်ရုပ်လို တဖြည်းဖြည်း ဆင်းလာတာ အောက်ဆုံး လှေကားထစ်ကို ရောက်မှ သတိရလာတော့တယ်။

မြင့်လွင်နိုင်ရယ် စန္ဒရားခုံက ထလာပြီး မွေးရှေ့တည့်တည့် လာရပ်တယ်။ မွေးရဲ့ပခုံးကို အသာကိုင်ပြီး ပါးပေါ်က မျက်ရည်စတွေကို တယုတယ သုတ်ပေးတယ်။

"မေမေ၊ စိတ်ထိခိုက်နေမလား။ မငိုပါနဲ့" တဲ့။

"အို... ကျွန်တော် မေ့သွားတယ် အန်တီမွေး၊ ကျွန်တော်... ကျွန်တော် မေမေလို့ ခေါ်ချင်လွန်းလို့ပါ" တဲ့။

"ခေါ်ပါ သားရယ်၊ မင်းဖေဖေ ကိုကိုနိုင်ဟာ သူ့နားနဲ့ သူ အလွန်ချစ်တဲ့သားက ဖေဖေလို့ ခေါ်သံကို ကြားမှ ကြားသွားရဲ့လား မသိဘူး။ ခုလို အန်တီမွေးကို မေမေလို့ ခေါ်တယ်ဆိုရင်လည်း သူ တမလွန်က နှစ်သိမ့်မှာပါ"

အတွတ်ရယ်၊ မွေးလေ တသက်နဲ့တကိုယ် ရင်ထဲက လှိုက်လှိုက်လှဲလှဲ သားတယောက်က မိခင်ကို ချစ်ခြင်းမေတ္တာနဲ့ ခေါ်တဲ့အသံကို မခံစားရဖူးတဲ့ မိန်းမဆိုတော့ မြင့်လွင်နိုင်က မေမေလို့ ခေါ်သံ ကြားလိုက်ရတာ ရင်ထဲမှာ ကြက်သီးမွေးညင်းတောင် ထသွားမိတယ်။

ဩော်... စိတ်-စိတ်၊ ကြားချင်လိုက်ရတာ၊ မြင်ချင်လိုက်ရတာ ဆိုတဲ့ ဆန္ဒစိတ်က နှိပ်စက်လိုက်တာနော်။ အနားယူ အပန်းဖြေနေတဲ့ ဧည့်သည်တွေလည်း အိပ်ခန်းကိုယ်စီက ထွက်လာကြပြီး ပြန်တော့မယ့်အကြောင်း နှုတ်ဆက်ကြတယ်။

သူတို့ သူတို့အားလုံး မွေးအိမ်ကြီးက ပြန်လည် ထွက်ခွာသွားကြပြီ။ ဧည့်သည်တွေ အားလုံး ပြန်သွားကြပြီ။

တခါတုန်းက ချစ်လှစွာသော လင်တော်မောင်ဘုရားကို သံဆွဲတံခါးဝမှာ တယောက်တည်း ထားရစ်ခဲ့တဲ့ မိရွှေမွေး ဝိပါကဝဋ်ကြွေး လည်လာပြီပေါ့။

သူတို့ အားလုံး လက်တပြပြနဲ့ ထွက်ခွာသွားကြပြီ။

လူဟာ ဘာပြောပြော ကိုယ့်ကိုယ်ကိုယ် တရားတယ်ထင်တယ်၊ သနားတတ်တယ် နော်။

မွေးလေ ကိုကိုနိုင် ဆုံးပြီးစက ခရီးရှည်ထွက်ချင်လို့ အိမ်ကထွက်သွားမိတယ်။ အိမ်က အထွက်လည်း တယောက်ယောက်ကို လက်ကလေး တပြပြနဲ့ နှုတ်ဆက်သွားချင်တယ်။ လေယာဉ်ကွင်းမှာ လေယာဉ်ပျံ

မြေကြွသွားတဲ့အထိ မြေပေါ် ကျန်ရစ်သူ လက်ပြသူတွေကို ကိုယ်ကလည်း နှုတ်ဆက်သွားချင်တယ်။ ကိုယ်ပြန်လာချိန်မှာ ချစ်တဲ့သူတွေထဲက တယောက်ယောက်က လှိုက်လှိုက်လှဲလှဲ ပြေးလာဆီးဖက်ပြီး ကြိုဆိုတာကိုလည်း ခံစားချင်တယ်။ ဒါတွေဟာ အသေးအဖွဲလေးတွေပါကွယ်လို့ ဆိုပေမင့် မဟုတ်ဘူး အတွတ်၊ မဟုတ်ဘူး။ တကယ်တွေ့လာတော့ အဲဒီအသေးအဖွဲက နှလုံးသားကို တကယ်ထိတာနော်။

ကိုကိုနိုင်လည်း ဆုံးပြီးရော ရေခဲအိမ်ကြီးက အရုပ်ကြီးတရုပ် ထသွားသလိုသွား၊ ဘယ်သူ့မှလည်း လက်ပြစရာမရှိ၊ ပြန်လာချိန်လည်း ဆီးကြိုလက်ကမ်းမယ့်သူရယ်လို့ မရှိ။ သွေ့ခြောက်လိုက်တာနော်။ ညီမလေး အထွေးကတော့ ဘယ်သွားသွား အပို့အကြို သူ လုပ်ပေးမယ် ဆိုပေမင့် ကိုယ်ဆောက်တည်ရာမရတိုင်း သူတပါးကို နှိပ်စက်သလို ဖြစ်မှာလည်းစိုး။ သူတို့လည်း သူတို့ပြဿနာနဲ့ ရှုပ်ထွေးနေကြချိန်မှာ ကိုယ်က တထောင့်က ပြဿနာတက်တယ်လို့ ထင်မြင်ယူဆ မှားမှာကြောင့် ဘယ်သူ့မှလည်း တာဝန်မပေးချင်ဘူး။

ဩော်... တကယ်ထိမှ တကယ်သိတာ။ မွေးလိုဒုက္ခ ဘယ်သူမှ မခံစားရပါစေနဲ့လို့ အမြဲ ဆုတောင်းပါတယ် အတွတ်ရယ်။

ခုလည်းလေ သူတို့ကို လက်တပြပြနဲ့ နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့တဲ့မွေးဟာ ဧည့်ခန်းရဲ့ သံဆွဲတံခါးကို ချက်ချင်း ပြန်မပိတ်ဘူး။ သူတို့ ကားတွေရဲ့နောက်မြီးက မီးနီလေးတွေ အလျှို အလျှိုနဲ့ မွေးမျက်စိအောက်က ပျောက်သွားတဲ့အထိ မွေး သံဆွဲတံခါးကိုမှီပြီး ကျောက်ရုပ်လို ရပ်နေမိတယ်။ ပြီးတော့ ကောင်းကင်ကို မော့ကြည့်မိတယ်။ ကိုကိုနိုင်နဲ့ အတူနေခဲ့တဲ့ ရှမ်းကုန်းမြင့်နဲ့တူအောင် ဖန်တီးစိုက်ပျိုးထားတဲ့ ထင်းရှူးပင် ရွက်မွှားတွေက ညင်ညင်သာသာ ရွှေ့လျားနေကြတယ်။

ပထမတော့ ဧည့်ခန်းမကြီးကို ခြေပြန်မလှမ်းရဲသလို ကြောက်နေတယ်။ အထီးကျန် တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင် အေးစိမ့်စိမ့်ကြီးကို၊ အေးအေးစက်စက် အတွေ့ကြီးကို မတွေ့ရဲသလို ကြောက်နေတယ်။

အိုလေ မွေးမွေး နောက်ဆုံး ဘာလုပ်တယ် ထင်သလဲ။

ဧည့်ခန်းရှိရာကို ပြေးသွားပြီး စန္ဒရား အဖုံးကြီးကို ဖွင့်တယ်။ အသံကုန် ဟစ်လိုက်မိတယ်။

“ရှမ်းမလေးတွေ အချောတွေပေါတယ်။ အေးချမ်းလှတဲ့ ရာသီမယ်၊ ပါးလေးတွေ နီမြန်းလို့ရယ် ချစ်စရာ ကောင်းပါပေတယ်။

ကြိုက်စရာကောင်းပါပေတယ် ကိုကိုရယ်”

ရှေ့ဆက်လည်း မဆိုနိုင်ဘူး၊ လက်ဆယ်ချောင်းစလုံးနဲ့ ခပ်ကြမ်းကြမ်း တီးလိုက်တဲ့ စန္ဒရားသံတွေဟာလည်း မိုးထစ်ချုန်းသလို ဆူညံပြီး ဝက်ဝက်ကွဲသွားတာပဲ။ နောက်ဆုံး စန္ဒရား အဖုံးပေါ်မှာ မျက်နှာအပ်ပြီး ပုံရက်ကျသွားတော့တယ်။

စန္ဒရားခလုတ်တွေက လက်ချောင်းတွေနဲ့မက တံတောင်ဆစ်ရော၊ မျက်နှာရော သူတို့အပေါ် ပိသွားတော့ ကဗျာသံမဟုတ်တဲ့ အသံတသံ ပွဲတင်ထပ်ပြီး ထွက်လာတော့တယ် အတွတ်ရယ်။ နံရံတွေများ ပြိုကွဲပျက်ကျသွားလေသလား။

■

အခန်း (၅)

သစ်ရွက်စိမ်းကလေး…

မာမာကျောကျော၊ မြသဘောမဆန်

အများနှင့်ဝိုင်း၊ တရွက်မှတကိုင်း

တကိုင်းမှ တပင်ထက်၊ လက်ချင်းဆက်ယူ

မြိုင်ဂူငယ်ဆိုင်းဆိုင်း၊ ရှိုင်းရှိုင်းညို့ညို့

ဟောဝန်တောကို၊ မောသူဖြေရန်

ဖန်ဆင်းခဲ့ပြန်သလေ။

ဩော်- ချစ်ဖွဲ့မူရာ…

မြကန်သာ၊ သန္ဓေယူ

သူဇာဟန်ရောင်ပြိုးပြက်လို့၊ လှမျိုးဆက်မိမိငယ်

ဝတ်လွှာလျှလျှ၊ ရင်လွှမ်းစရှယ်

တိမ်းနဲ့တိမ်းပါး၊ ပျော်ပါးတထောက်

မာနရယ်မောက်လို့၊ ပြတ်တောက်စွန့်ခွာ

မာယာကြူးလို့၊ မြူးပျံသွားလည်း

ထားသည့်သစ္စာ၊ ကွန်းညိုမြ သူ့ရင်မွှာမှာ

ရှိုက်မောသံ၊ ပင့်သက်ညင်းကို

ရောင်းရင်းတို့ သိစေဘူး။

လိပ်ပြာမ ပွေလေလေ..

ကြုံရာနှင့်တေအပြီး၊ မစောင့်စည်းနိုင်

ကမ္ဘလာရှင်းသန့်သန့်တွင်

စိမ်းဖန့်ဖန့်ဖြူနုနု၊ ရောင်မျိုးစုံဥခွဲလည်း

ပိုးတောင့်တဲဖြစ်သည်ထိ၊ လွဲအိမြင့်သက်

မြပုခက်တန်းဆင်၊ ညင်ညင်ပျော့ပျော့

ကလေးချော့လည်း တတ်ပေသား။

အားတိုင်းသံလွင်၊ ရင်မှာခုန်လှုပ်

ကဗျာရုပ်ကို၊ ဖွင့်ထုတ်တေးသီ

ကာရန်ညီသော၊ မညီသော

ပြောလိုရာ ပြောကြသည့်၊ မာဂဓာစာဆိုသစ်တို့

တေးဟစ်ဆိုတိုင်း နားရိုင်းတယ်လို့ သူမညို။

ရွှေအိုပင် ရွှေရှည်စ၊ လည်မှာခလို့

မဟာသာကီ၊ သူ့ရွှေဆီကို

သိင်္ဂီနှင့်မှ အဖိုးပြသည့် ရာဇရာဇာ။

ပန်းလွှာပွင့်ကြောင့်၊ ရင်ဖွင့်ခံရ

စွယ်တော်မြအရှင်

ထင်မြင်ယူမှား၊ လှတရားကြောင့်

နွယ်ဖျားတွင်ချိုငြိ

မချိုရသည့် ဇာတ်လမ်းငယ်ပုံပြင်။

သားမျိုးစုံလင်လည်း

ကိုယ့်မြို့မှာ၊ ကိုယ်မင်းမူသောအခါ

ဖြူစင်လိုက်လျော၊ အကြောသိတတ် တော်ပေစွ။

ညော်-ချမ်းမြွေအေးငြိမ်း…

ဘဝကိုစိမ်းလေသည့် ခပ်သိမ်းသောမြတ်ရဟန်း။

ကမ္ဘဌာန်းပြုချင်လည်း၊ သူ့ရင်ခွင်ကို အစဉ်ပြင်လင့်လို့

ဖွင့်ကာသာ ကြိုတော့တယ်။

ရှိုင်းပါပေ့ တေပါပေ့…

အရည်းကြီးမလေ့ဆန်၊ ပြေချိန်တန်၍မှ

မပြေနိုင်ရန်ငြိုး၊ မုဆိုးသိုင်းဝိုင်း

ဂိုဏ်းပေါင်းစုံခြေတော်နင်းလည်း

သာညင်းချမ်းမြေ့၊ ကရုဏာရင်ငွေ့တွင်

ပွေ့သိပ်ကာ ချော့ခဲ့သည်။

ဩော်- ဖြစ်စေချင်ဘိ…

သစ်ရွက်ငယ်ပုံတူ၊ ကျွန့်သည်းအူ

ကျောက်နှစ်မြွာကို ဘယ်သူလာလို့ ထွင်းပါ့မယ်။

ပန်းပုငယ်ဆရာ၊ လက်ရာပင်ကောင်းသော်လည်း

တောင်းပန်ပါရစေ၊ မနှောင်းခင်ကို

မယ်ကြိုတင်လို့ ဆိုပါ့မယ်။

စူးဆောက်စွမ်းထက်၊ ရုပ်သဘောသက်သက်ဖြင့်

ခက်လိမ့်မည် သခင်။

မမြင်သာသည့်၊ သစ်ရွက်ငယ်ပုံလွှာ

အမြင်စိမ်းသော်လည်း မတိမ်းမစောင်း

ပင်ကိုပျောင်းအိ ညှိတတ်သည့်ဝိညာဉ်

သူ့စိတ်သွင် သဘောဓမ္မာ အခြေကို

စောကြောနှင့်ပါလေဦး။

■

အတွက်ရေ…

သားကြီးမြင့်လွင်နိုင်နဲ့ ပတ်သက်ပြီးတော့ ကိုကိုနိုင် စိတ်တိုင်းကျ ဖြစ်နိုင်သမျှဖြစ်အောင် မွေး လုပ်ခဲ့ပြီးပါပြီ။

အခု မွေးရေးမှာကတော့ အတွက်ရဲ့သားကြီး ဩရသ ရစ်ချတ်ကိစ္စ။ ဘယ်လို ပြီးပြတ်တယ် ဆိုတာရယ်နဲ့ မွေးအကြောင်းကို အတွက် ကြိုတင် သိထားစေချင်တဲ့ အချက်တခုရယ်ပါပဲ။

ဩော်… လူတခု ပူမှုရယ်တဲ့ ဆယ်ကုဋေ၊ အသက်တရာ မနေရသော်လည်း အမှုတရာ တွေ့စမြဲဆိုတာ သိပ်မှန်တာပဲနော်။ ပတ်ဝန်းကျင်နဲ့ တွေ့ထိ ဆက်စပ်နေသူ မှန်သမျှတော့ ဘယ်လိုပဲ အထီးကျန် လုံးချင်းဘဝနေပါတယ် ဆိုတာတောင် ပစ်တိုင်းထောင်ရုပ် ကြိုးရှုပ်တယ်ဆိုတာ အတွက်တို့၊ မွေးတို့လို လူစားမျိုးတွေပဲ။

ကိုယ့်ရင်မှာ ၏ဖြစ်တဲ့ သားတကောင်၊ သမီးတယောက် မရှိသော်လည်း အတွက်မှာ ၏လည်း အတွက် အပူနဲ့ပဲ။ မွေးမှာလည်း မွေးအပူနဲ့ပဲ။ အဲဒါကိုလည်း ပူနေပါလားရယ်လို့ သတိမရ အတောမသတ်နိုင်ဘူး။

မွေးအကြောင်းကို ကြိုတင် သိစေချင်တဲ့ အချက်တခုကတော့ မွေးလေ ဘာရယ်လို့ ၏တော့ မဟုတ်ဘူး။ ရှမ်းပြည်မှာ ကိုကိုနိုင်နဲ့ တူတူနေတုန်းက သူ တာဝန်နဲ့ သွားနေလည်း မွေးတယောက်တည်း စာဖတ်၊ အိမ်မှုကိစ္စတွေလုပ် ကျန်ရစ်တာပဲ။ သူ ပြန်လာတဲ့အခါ အပန်းဖြေ နားနေရင်း တခါ တခါ သူက ပြောတယ်။

“ကဲညက ဘာအိပ်မက် မက်သေးလဲ။ ဝါးခယ်မက အိမ်အိုကြီးရယ်၊ မေမေရယ်၊ မရယ်၊ ဖရက်ဒီခေါ်တဲ့ တင်အောင်ထွန်းရယ် အိပ်မက်ထဲ တွေ့သေးလား” လို့ မေးတတ်တယ်။ မေမေတို့၊ မမတို့ကို စိတ်စွဲသမျှ ပြောတာက တော်သေးတာပေါ့လေ။ ဖရက်ဒီအကြောင်းကိုလေ မွေး တကယ်တော့ မပြောသင့်ဘူးနော်။ မွေး တတွတ်တွတ်နဲ့ ပြောနေလည်း သူ စိတ်ရှည်လက်ရှည်နဲ့ ထိုင်နားထောင်နေတာပဲ။ တခြားယောကျ်ားသာဆိုရင်ဖြင့် ဒါလောက် ဖရက်ဒီနဲ့ ဒီလုတာ၊ ဒီဦးဟယ် ဒီဦးဟယ်ဆိုပြီး ထရိုက်မှာပဲနော်။ မွေးလေ အေးအေးလေးနဲ့ ကိုကိုနိုင်အပေါ် ဆိုးခဲ့ခြင်းတမျိုးပဲ အတွက်ရယ်။

ခုလည်း ဒီအကြောင်း ပြန်လည်စဉ်းစားပြမိတာက မေမေ ပြောဖူးတယ်။

“သမီး၊ စကားကုန်အောင် မပြောနဲ့၊ အစားသာ ကုန်အောင်စားလို့ ရှေးလူကြီးတွေ ပြောတာ မှန်တယ်တဲ့။ တချို့လူတွေဟာ မယားငယ်လည်း

မဖြစ်ချင်ဘူး။ ကိုယ်နဲ့ရင်းပြီးလည်း မတော်တရော် စီးပွားမရှာချင်ဘူး။ ဒါပေမင့် ကမ္ဘဝင္ဆိုတဲ့ အတိတ်ကံအကြောင်း ပါလာခဲ့ရင် သူတို့ပစ္စုပ္ပန်ဘဝမှာ ခံကြရတယ်တဲ့။ ကိုယ် မလုပ်ချင်ပေမင့် လုပ်ရတယ်၊ မဖြစ်ချင်ပေမင့် ဖြစ်ရတယ်တဲ့"

ဒါက မေမေ့စကား၊ ခုလည်း မွေးလေ အပြတ်တော့ မပြောရဲပါဘူး အတွတ်ရယ်။ အတိတ်ကံက မွေးမှာ အတွတ်နဲ့ လက်ဆက်ကြဖို့၊ နဖူးစာဆုံဖို့ ကုသိုလ်ကြမ္မာ ပါလာခဲ့ရင် မွေးနဲ့ အတွတ် လက်ထပ်ဖြစ်မှာပဲ။

အဲဒီအခါကျရင်လေ စွဲလမ်းစိတ် ပြင်းထန်တတ်တဲ့ မွေးဟာ ကိုကိုနိုင်၊ ကိုကိုနိုင်နဲ့ တနိုင်တည်း နိုင်နေမိဦးမှာပဲ။ တနေ့ကပဲ ဗိုလ်ချုပ်ဈေး ရောက်တော့ သူ ကြိုက်တတ်တဲ့ ပိရမစ်တံဆိပ် ယောကျ်ားလက်ကိုင်ပဝါမျိုးအဆင် ဆိုင်တဆိုင်မှာ တွေ့တယ်။ ပြီးတော့ မီးခိုးရောင်နဲ့ အဖြူကွက် ယောကျ်ားဝတ်ပုဆိုး၊ ဥပုသ်ဆင် ခေါ်တဲ့ အဖြူခံပေါ် အနက်ကြိုးကွက်စင်း လုံချည်တွေ တွေ့တော့ အမယ်လေး ကိုကိုနိုင်ကြိုက်တဲ့ အဆင်လေးတွေပါလားဆိုပြီး ဝယ်မယ် လုပ်မိသေးတယ်။ ပြီးတော့မှ သူမှ မရှိတော့ဘဲလေဆိုတာ သတိရပြီး ဈေးကြီးအလယ်ကောင်မှာ ကြောင်တောင်တောင် နဲ့ ငိုင်သွားမိသေးတယ်။

ဩော်... မိန်းမများ ချစ်မိလည်း ကြောက်စရာပဲ။ မုန်းမိလည်း ကြောက်စရာပဲ။ တကယ် ဆိုတော့လည်း ယောကျ်ားရယ်၊ မိန်းမရယ် မဟုတ်ပါဘူး။ သမုဒယဆိုတဲ့ တွယ်တာမှုဟာ လက်ခံသူရဲ့ နှလုံးသားကို သိပ်နှိပ်စက်တာဘဲနော်။

ကိုကိုနိုင်ရဲ့အိမ်ကြီးထဲမှာနေပြီး ကိုကိုနိုင့် ဝိညာဉ်ရဲ့လွှမ်းမိုးမှုအောက်က ထွက်မပြေးချင် နေတဲ့ မွေးဟာ အတွတ်ကို လက်ထပ်ခဲ့မိသည်ရှိသော် စားစား သွားသွား ကိုကိုနိုင်ကို တသသ ပြောနေမိမယ့်ဉာဉ်ကို မွေးက စွန့်နိုင်ဦးမှာ မဟုတ်ဘူး။

အဲဒီတော့သာ နိုင်ဦးဟယ်၊ နိုင်ဦးဟယ်လို့ ထပြီးတော့ မထောင်းပါနဲ့ အတွတ်ရယ်။ မွေး ကြိုတင် ပူပန်မိသမျှ ရေးပြထားရတာတွေလေ။

ဒီမိုကရေစီ သဘောအရဆိုရင် မွေးနဲ့အတွတ် လက်ထပ်ဖို့ အတွတ်ဘက်က ထောက်ခံမယ့် လူတွေ အများကြီး ရနေပါတယ်။

အမိပ္ပာယ်ကို ရှင်းရဦးမယ်။ ဒီစာကို နိဂုံးချုပ် လက်စသတ်တော့မယ်လို့ စဉ်းစားနေတုန်း အတွတ်ရဲ့အဒေါ် ဒေါ်လေး ဒေါ်စိန်စီဆီက တယ်လီဖုန်းလာတယ်။

"သူတို့မြေး ရစ်ချတ်အကြောင်း လာပြီး တိုင်ပင်ချင်တယ်" တဲ့။

"ဒေါ်ဒေါ် ဒေါ်သောင်းစိန်လည်း ပါမယ်" တဲ့။

မွေးကတော့ လူကြီးတွေဆီကို မွေးကသာ သွားသင့်တယ်မို့လား။ ဒါကြောင့် မွေးပဲ လာပါ့မယ်၊ သူတို့ မလာပါနဲ့ ပြောတာ မရဘူး။ သူတို့ညီအစ်မ လာလည်ကြတယ်။

အဲဒီနေ့ဟာ မွေးရဲ့မေမေနဲ့ အတွတ်ရဲ့မေမေတို့ သော်ကရွာလေးမှာ အတူနေခဲ့ကြတဲ့ အချိန်ကို သတိပြန်ရစေတဲ့နေ့ပါပဲ အတွတ်ရယ်။ မွေးလည်း ဝမ်းသာအားရ ကျွေးမွေးညှော့ခံရင်း ဒေါ်လေးစိန်စီက ရစ်ချတ်အကြောင်း စကားစပြောတယ်။

“ရစ်ချတ် တည်တည်ငြိမ်ငြိမ်နဲ့ အလုပ်လုပ်ဖို့ ရှဲလာရော၊ မိုနာရော ကြိုးစားကြတာ မွေးသိပြီးလို့ ဒေါ်လေးစိန်စီ အသစ်ပြန်မပြောလိုပါဘူး။ ရစ်ချတ် ဖြစ်ရတဲ့အဖြစ်တွေမှာ တို့အဖွား နှစ်ယောက်ရဲ့အပြစ်ကလည်း ပါတယ် မွေးရဲ့။ “မြေးဖျက်တော့ အဖွား” ဆိုတဲ့ စကားပုံတောင် ထွင်သင့်နေတယ်။ ခေါးကို ဖျက်တော့ ဝါးမျက်၊ ရှင်ကို ဖျက်တော့ ဇဂေ်၊ လူကိုဖျက်တော့ အရက်ဆိုတဲ့ စကားပုံသာ ရှိတာ။ ခုတော့ တို့ညီအစ်မနှစ်ယောက် လက်ထက်ကျမှ “မြေးကို ဖျက်တော့ အဖွား” လို့ စကားပုံလက်သစ် ထွင်ရတော့မယ်” တဲ့။

အတွတ်ရဲ့အဒေါ်ကနော် မွေးနဲ့ မရင်းနှီးဘူး။ သူက စစ်မဖြစ်ခင်ကလည်း သူ့အလုပ် သူ့အကိုင်နဲ့ ရန်ကုန်မှာ အနေများနေတာကိုး။ တကယ်တော့ ကျောင်းဆရာမကြီးတယောက်၊ ဘော်ဒါအုပ်တယောက်၊ ပညာအုပ်ဟောင်းတယောက်၊ အမျိုးမျိုး အမှုထမ်းလာတော့ စကားပြောတာ အကွက်စေ့စေ့နဲ့ ချစ်ဖို့ ကောင်းတယ်နော်။ သူက ဆက်ပြောတယ်။

“ကျောင်းသူတွေကို အုပ်ချုပ် ထိန်းသိမ်းလာတယ် ဆိုပေမင့် ရစ်ချတ်အပေါ်ကျတော့ ဒေါ်လေးစီလည်း ဘက်လိုက်မိတယ်။ နက်ဖြန်၊ သန်ဘက် ဆိုသလို ကလေးအဖေ ဖြစ်တော့မယ့် မြေးတယောက်လုံးကို ခုထိပဲ ဒေါ်လေးရင်ခွင်ထဲက သားငယ်လေးလို ထင်မိနေတယ်။ ထမင်းစားတဲ့အခါ ညီအစ်မနှစ်ယောက် မိုနာကို အပြစ်တင်နေမိတယ်။ လင်ကို အနားက အရိုးထွင်မပေးကောင်းလားလို့။ အေး - ရစ်ချတ်ကို ထမင်း စစားတတ်စကတည်းက အဖွား နှစ်ယောက် အရိုးများတဲ့ ငါးဟင်းတင် မဟုတ်ဘူး ကြက်သားလို ဟင်းမျိုးကစ အရိုးမဝါးမိအောင် အသားထွင်ပေးနေကျဆိုတော့ ဒီကလေး ကြီးလာတဲ့အထိ ရေသာခိုတတ်တဲ့စိတ် ဖြစ်နေတာ အဆန်းမဟုတ်ဘူး မွေးရဲ့။ တို့များ အပြစ်တွေ၊ တို့များရဲ့အပြစ်တွေပါကွယ်။ ဒီကလေးမျိုး ကြီးလာတော့လည်း ဘဝမှာ ဘာလေးမှ ဖွဲ့နဲ့ ကြိုးစားချင်စိတ် ဘယ်ရှိတော့မလဲ။ အစစ နို့သက်ခံ စို့နေတတ်တဲ့အကျင့် ပါလာနေတာပေါ့” တဲ့။

ဒေါ်လေးစီက သူတို့ အဖွားကြီးနှစ်ယောက် မြေးမွေးပုံကို

ပြောပြနေတယ်လေ။

"တနေ့ကတော့ မိုနာရော၊ ရှဲလာကရော ဒေါ်လေးစီတို့ကို ပြောတယ်။ တဖက်ကနေ ဟန်ဆောင်ပြီးတော့ဖြစ်ဖြစ် ဒေါ်လေးစီတို့က တင်းပေးပါတဲ့၊ ရစ်ချတ်ကို ပြောပါတဲ့၊ မင်း ကလေးအဖေ ဖြစ်တော့မယ်။ ဒီတော့ ကိုယ့်စီးပွား ကိုယ်ခွဲပြီးလုပ်ပါ။ ရှဲလာရဲ့ခြံမြေအနားမှာ စိုက်ခင်းတွေ၊ မွေးမြူရေးတွေ လုပ်ချင်လည်း ဖွားဖွားတို့ မြေဝယ်ပေးမယ်၊ လုပ်ပါလို့ ပြောခိုင်းတယ်။

ဒေါ်လေးစီက ဒါနဲ့ ရစ်ချတ်ကိုပြောတော့ ရစ်ချတ်က ဒီလိုပြောတယ် မွေးရဲ့။ စောဝေဘဲလ်တို့က သူတို့ဝါသနာနဲ့ သူတို့လုပ်တာ၊ မြင့်လွင်နိုင်လည်း ဒီလိုပဲတဲ့။ သူ့မှာတော့ ဒီဂရီလည်း မရသေးဘူး။ သူ စိုက်ပျိုးရေးလည်း ဝါသနာ မပါဘူးတဲ့။ သူ ဝါသနာမပါတာလည်း မလုပ်ချင်ဘူးတဲ့။ သူ ဝါသနာပါတာက မော်တော်ကားတဲ့။ အဲဒီတော့ ကားပြင်ဆိုင် (Work Shop) တခုလည်း ထောင်ချင်တယ်။ တွင်ခုံလည်း ထောင်ပေးပါတဲ့။ သူတွဲလုပ်မှာက ရွာသစ်ဘက်မှာ မမသောင်းစိန်တို့ရဲ့မိတ်ဆွေ မော်တော်စက်တွေတည်၊ သမွန်တည်တဲ့ ကိုဖေကြီးသားနဲ့ တွဲလုပ်မတဲ့"

ရစ်ချတ်ပြောတာလည်း မဆိုးဘူး အတွက်ရယ်။ အလုပ် အလုပ်ဆိုပေမင့် ဝါသနာ မပါတာကို ဇွတ်လုပ်နေရတာလည်း မကောင်းပါဘူး။ ဒါနဲ့ မွေးက အကြံဉာဏ်ပေးလိုက်တယ်လေ။

"ကောင်းသော အားထုတ်မှုနဲ့ လုပ်ဆောင်တဲ့ အသက်မွေးဝမ်းကျောင်းမှု ဟူသမျှတော့ အားပေးသင့်ပါတယ်။ သူတို့ဝါသနာပါရာ လုပ်ကိုင်ခွင့်ပြုသင့်ပါတယ် ဒေါ်လေးစီရယ်" လို့ ပြောလိုက်တယ်။

ဒေါ်လေးစီက ခေါင်းညိတ်ပြီး ပြန်ဖြေတာမှာ အတော်စိတ်ဝင်စားစရာ ကောင်းသားပဲ။

"ဟုတ်တယ် မွေး၊ ဒီနေရာမှာ အလုပ်ဆိုတိုင်း ဒေါ်လေးစီ ခွင့်မပြုချင်တာက အကြောင်း ရှိလို့ပါ။ ခေတ်က အရင်လိုမဟုတ်ဘူး။ ခုတလော ဒေါ်လေးစီလည်း မိုနာနဲ့အတူ အပြင်ထွက်၊ ရစ်ချတ်မအားရင် ဒရိုင်ဘာနဲ့သွား၊ ကားပစ္စည်းလိုလို့ ဝယ်တာကအစ မိန်းမပေါက်ကျော်တွေလေ၊ စပ်စုလိုက်ကြတာ။ ဒရိုင်ဘာ မောင်ပုကလည်း ဒေါ်လေးစီတို့ကို သင်တယ်ဟေ့၊ ကားပစ္စည်း ဝယ်ချင်လည်း မြန်မြန်နဲ့ ကိုယ်လိုချင်တာ ရချင်ရင်တဲ့ ဗာဒံပင်အောက်ကလူကို ကပ်ထားတဲ့။ သူက အဝေးက ပြထားတယ်လေ၊ ပင်နီအကျႌနဲ့ လူရည်သန့်သန့်၊ အောင်မယ်လေး ဘယ်ပစ္စည်း လိုရင်တော့ ဘယ်တမာပင်အောက်က အပေါ်အကျႌ အနက်ရောင် ဝတ်ထားတဲ့လူကို ကပ်ပေါင်းထားတဲ့။ မပြောနဲ့ မပြောနဲ့တော့ မွေးရေ၊

ဒေါ်လေးစီသာ စာရေးဆရာဆိုရင် ဗာဒံပင်အောက်မှာ၊ တမာပင်အောက်မှာ ဆိုပြီး စာပေသစ်တွေရေးမှာ။ ပိုက်ဆံကတော့ နင့်နေအောင် ပေးပေတော့။

အဲဒါတွေက တမျိုးနော်၊ လူငယ် လူပျိုပေါက်ကလေးတွေကလည်း တကတဲ ကော့ကရိတ် မှသည် မိုးကုတ်ထိ ခြေသွက်ပြီး စီးပွားရှာတာ ဘယ်မှာ ကောင်းသောကုန်သွယ်ခြင်း ဖြစ်ပါ့မလဲ။ အကုန်လုံး မြေအောက်ရတနာဟူသမျှလည်း ခိုးထုတ်ကြတာပဲ။ ဒါကြောင့် ဒေါ်လေးစီနဲ့ မိုနာကလည်း အလုပ် အလုပ် ဆိုတိုင်း ပိုက်ဆံရပြီးရောဆိုပြီး အားမပေးရဲဘူး မွေးရယ်။ စိတ်မောစရာ ကောင်းလိုက်တာ”

ဒေါ်လေးစီကလေ စိတ်ရှည်လက်ရှည်ပြောပြရင်း မောသွားပုံရတယ်။ အတွက်တို့ မေမေက တလှည့် ဝင်ပြောတယ်။

“နောက်ဆုံးတော့ မွေး ဒေါ်ဒေါ်လည်း ကိုယ့်မြေးကို စကားခံပြောရတယ်။ ဘာကိုပဲ လုပ်လုပ် ကောင်းသော ကြိုးပမ်းအားထုတ်မှုနဲ့ အသက်မွေးမှုဖြစ်ရင် ပြီးပါတယ် လူကလေးရယ်လို့ ပြောရတယ် မွေးရေ”

လက်ဖက်ကလေး တမြုံ့မြုံ့ဝါးရင်း စိတ်အေးလက်အေး ပြောပြနေတဲ့ အတွက်ရဲ့ မေမေကို ကြည့်မိတယ်။ အဖွားကြီးလည်း အတော်အိုမင်းသွားပြီနော်။

လူငယ်တွေရဲ့အသက်မွေးဝမ်းကျောင်းကလည်း စိတ်ပူစရာပဲ အတွက်။ အဖွားကြီးတွေ စိတ်ပူမယ်ဆိုလည်း ပူစရာပဲ။ သရေခေတ္တရာ ပျက်ရတာဟာ ဆင်းရဲလွန်းလို့ မဟုတ်ဘူး။ ရွှေတွေကို အလွယ်တကူ ရနေတော့ ဘယ်သူမှ ကြိုးကြိုးပမ်းပမ်းလုပ်မှ ရတဲ့ငွေကို မလိုချင်ဘူး။ လွယ်လွယ်နဲ့ ငွေရတဲ့အလုပ်ကိုပဲ လုပ်ကြတယ်။ ကိုယ့်ရဲ့ သမားရိုးကျလုပ်ငန်းမှာ စိတ်မဝင်စားတော့ဘူး။ အလုပ်လုပ်ချင်စိတ် ပျက်ရတာဟာ သရေခေတ္တရာ ပျက်ရခြင်း အကြောင်းရင်းပဲ။ ခုလည်း နယ်ခြားမြို့တွေသွား ဘိန်း အဖြူ အမည်းချ၊ ရွှေခိုးထုတ် မှောင်ခိုကုန်ကူး အလုပ်တွေဟာ လုပ်နေကျ လူတွေတင်မဟုတ်၊ အဲဒီအလုပ် လုပ်တဲ့ကုန်သည်တွေက အရာရှိတွေနဲ့ အရွယ်ရောက်စ လူငယ်တွေကို ငွေနဲ့ဝယ် အိတ်ထဲထည့်ထားတာ။ ကြိုးကြိုးပမ်းပမ်း အလုပ်ထက် အလွယ်တကူ အဲဒီကုန်သည်တွေ ခိုင်းတာလုပ်ရင်းက စိတ်ဓာတ်ပျက်ပြားကုန်ကြတာ။

ကိုကိုနိုင် ဆုံးစက မွေးရဲ့အိမ်မှာ ထမင်းချက်တို့၊ မာလီတို့ အသစ်ပြောင်းတဲ့အခါ အလုပ်သမားတွေ အလုပ်လာလျှောက်ကြတယ်။ မွေးက -

(၁) အလုပ်ချိန်မှာ အရက်မသောက်ရဘူး။

(၂) မှောင်ခို မလုပ်ရဘူး။

(၃) သူစိမ်းဧည့်သည် လက်မခံရဘူး ဆိုတော့ အလုပ်လုပ်မယ့်သူတောင် မရှိဘူး။ ကျုံဒိုး၊ မော်လမြိုင်၊ သထုံ ပတ်ဝန်းကျင်က ထမင်းချက် လာအလုပ်လုပ်တဲ့ အဖွားကြီးတွေကအစ အပျိုလေးတွေ အဆုံး ငွေရတ်ကောင်းနဲ့ ပါတိတ်တော့ ခါးကြားညှပ်ရင်း အလုပ်ဖြစ်နေကြတာပဲ။

လူလတ်နဲ့ လူငယ်ပိုင်းကတော့ လင်မယားတစုံက အိမ်တအိမ်မှာ လင်က မာလီလုပ်၊ မယားက ထမင်းချက် အိမ်ခန်းလှည်းရတာပေါ့၊ ရွာက ရန်ကုန် အလည်လာတာ၊ ဘုရားဖူး လာတာပါနဲ့၊ တကယ်တော့ မာလီရဲ့အိမ်ခန်းကို အမှီပြုပြီး မှောင်ခိုကုန်ကူးရာ ဗဟိုဌာနဖြစ်လို့ အိမ်ရှင်ကတော့ မသိရှာဘူး။

မွှေး ဒါကြောင့် အိမ်ဖော်၊ ထမင်းချက်၊ မာလီတွေကို စည်းကမ်း ကန့်သတ်ရတာ အတွက်ရယ်။ ကိုကိုနိုင် ဆုံးစကလေ ခြံတံခါး သော့ခတ်ပြီး တယောက်တည်းပဲ နေမယ်လုပ်လို့ ဆွေမျိုးတွေကတောင် ဝိုင်းရယ်တယ်။

"မွှေးရယ်၊ ဒါလောက်လည်း စည်းကမ်းမကန့်သတ်ပါနဲ့" တဲ့။ "မင်းခြံမှာ ဘယ်သူမှ လုပ်မယ့်သူ ရှိမှာ မဟုတ်ဘူး" တဲ့။

"မရှိလည်းနေ၊ မြက်ရှည်လို့ တောဖြစ်တော့မှ အမဲလိုက်တော့မယ်။ ထမင်းလည်း ကိုယ့်ထမင်းကိုယ် ချက်စားတော့မယ်လို့" တမင်ပဲ ပြောမိတယ် အတွက်ရယ်။

ကောင်းသော ကုန်သွယ်ခြင်း၊ ကောင်းသော လယ်လုပ်ခြင်းဆိုတဲ့ တခေတ် ပြန်လည် ထွန်းကားအောင် ဘယ်လိုများ ကြိုးပမ်းရပါ့မလဲ။

ခုလည်းလေ အတွက်ရဲ့သားတော်မောင် ရစ်ချတ်အတွက် အလုပ်လုပ်ဖြစ်တော့လည်း ဖွားအေတွေနဲ့ မိုနာ စဉ်းစားပုံကလည်း သည်းတယ် ထင်ရမလိုနဲ့ မဆိုးဘူးနော်။ တွင်ခုံလုပ်၊ ကားပြင်ဆိုင် ထောင်တာတောင် ကြက်တန်းလို မှောင်ခိုတန်းနဲ့ ဗာဒံပင်အောက်ကလူကို အမှီပြုနေရတော့ ဘယ်မှာ သန့်ရှင်းတော့မလဲ။

မွှေး ရစ်ချတ်ရဲ့အလုပ်ကို စဉ်းစားနေတုန်း -

"ကဲ... လူကလေးကိစ္စတော့ ပြီးပြီ။ လူကြီးကိစ္စ စကားစရဦးမယ်တဲ့" ဒေါ်လေးစိန်စီက ကောက်ကာငင်ကာ စကားချီတော့တယ်။

"မွှေးရေ တို့များ ညီအစ်မမှာ မလိခမြစ်ဆုံကနေ ဝိတိုရိယအငူထိ ရောက်ရော တို့သားကြီး ဩရသအတွက် မိန်းမရှာလိုက်ရတာလေ၊ ဒီကောင် အရိုးများသလေး ချေးခါးသလေး ကြေးများလှချေရဲ့နဲ့ ခုမှပဲ ပြောင်ပြောင်ဖွင့်ပြောမှပဲ ရိပ်မိတယ်။ မိုနာနဲ့ ရစ်ချတ်က ပြောတယ်၊ ဒေါ်လေးစီသာ အရိုးဆွေးမယ်၊

ဖေဖေ့အတွက် မိန်းမရှာလို့ ရမှာ မဟုတ်ဘူးတဲ့၊ ကျွန်တော်တို့ သိတယ်တဲ့၊ သူကြိုက်နေတာကလေ အန်တီမွှေးကိုတဲ့၊ အန်တီမွှေးကို ပေးဖို့ ရည်းစားစာရေးတာ ပေလီကမ်းခြေမှာ ကျွန်တော်တို့ ဖတ်ခဲ့ပြီးပြီ။ မိုနာကိုယ်တိုင် ယူလာပြီး အန်တီမွှေးရဲ့လက်ထဲ ထည့်ရသတဲ့”

အစချီကတည်းက ဒီဘူတာ ဆိုက်မယ်ဆိုတာ သိပေမင့် ဒေါ်လေးစီ စကားဆုံးရင်ပဲ မွှေးမျက်နှာ ရှက်အမ်းအမ်း ဖြစ်သွားသေးတယ် အတွတ်ရယ်၊ တခါ အတွတ်ရဲ့မေမေက လေအေးအေးနဲ့ တလှည့်ပြောတယ်။

“သော်ကဘက်ကမ်းမှာ ခြံနီးချင်းနီးစပ်နေကတည်းက ဒေါ်ဒေါ်ကလေ တင်တင်ကြီးနဲ့ ဆွေမျိုးချင်း ဆက်ချင်လွန်းလို့ သူ့သမီးတွေထဲက အေးကိုယူပါ သားရဲ့ ဆိုတော့လည်း သူ့ထက် အသက်ကြီးတယ်လို့ ခေါင်းခါတယ်။ လေးကျတော့လည်း လှလွန်းသတဲ့၊ ထွေးကျတော့လည်း၊ ငယ်သေးသတဲ့။ မွှေးကို ယူမလား မေးတော့လည်း မွှေးကလေ ကျွန်တော့်ကို မချစ်ပါဘူးလို့ ပြောလိုပြောနဲ့ အံ့ပုန်းကြီး၊ ဘယ်လိုကောင်ကြီးလည်း မသိဘူး မွှေးရယ်။ ဒေါ်ဒေါ်ကလည်းလေ ရိပ်ကို မရိပ်မိဘူး”

“မမကြီးကိုယ်တိုင်ကလည်း အကဲခတ်ညံ့ပါတယ်။ မိစိန်စီသာ ဒီတုန်းကရှိရင် ဒီကိစ္စ စောစောက ပြီးတယ်”

“ဩော်… မစီရယ်၊ လူငယ်တွေကိစ္စ မမကြီးလည်း ဘယ်ရိပ်မိမလဲ”

“ဒါကြောင့် ငါ့သားကြီး မင်းကျန်ရစ်ဇာတ်ထုပ် ခင်းရတာ ပြောမပြောချင်ဘူး၊ ဒါမျိုးပေါ့ ရွှေငုံးမင်း အမြီးမျှော်သလို ခရီးတော်နီးရက်နဲ့ ဝေးဆိုတာ။ ကဲ… ရစ်ချတ်ပြောလို့ မွှေးတို့ ဇာတ်ထုပ်ကိုလည်း သိရော ဒေါ်လေးစီ ဝမ်းသာလိုက်တာ။ ရစ်ချတ်က ပြောသေးတယ်လေ။ ဖေဖေက အန်တီမွှေးကို ပေးတဲ့စာကလည်း အရှည်ကြီးပဲ ဖွားလေးစီရယ်တဲ့၊ ဘုရားဟော နိပါတ်တွေရော၊ သိပ္ပံပညာရော၊ အသည်းနှလုံးရော စုံနေတာပဲတဲ့။ ရစ်ချတ်တို့ခေတ်မှာတော့ ဒါလောက် စာရှည်ရှည် မရေးပါဘူး။ အားလုံး အော်တိုမက်တစ်ပဲတဲ့ ဒေါ်လေးစီလည်း လက်ခုပ်လက်ဝါးတီးပြီး သူ့စကားကို နားထောင်ရင်း ရယ်မိသေးတယ် မွှေးရဲ့။

ဒါနဲ့ ဒေါ်လေးစီက ပြောရသေးတယ်။ အေးပေါ့၊ လူလေးတို့လက်ထက်မှာ မျက်စိတမှိတ်အတွင်း အော်တိုမက်တစ် တွေ့ကြ၊ အော်တိုမက်တစ် ချစ်ကြပြီး အော်တိုမက်တစ်ပဲ ကွဲကြတာတွေပေါ့ကွယ်လို့ ပြောရသေးတယ် မွှေး။

ဒေါ်လေးစီ တောင်းပန်ချင်တာကတော့ မွှေးရဲ့အချစ်၊ မွှေးရဲ့ကြင်နာကို ဟင်းရွက် ကန်စွန်းရွက်လို အောက်မေ့ပြီး ခုလို မြန်မြန်ထက်ထက် လက်ထပ်ဖို့

ဒေါ်လေးစီတို့ညီအစ်မ လာပြောတယ်လို့ မထင်ပါနဲ့ မွေး။

တကယ် တွေးကြည့်ရင် အတွတ်ရဲ့အချစ်ဟာ ရှည်ပင်ရှည်ကြာလို့ ပေါင်းခဲ့နှောင်းခဲ့ပါပြီ၊ ပေါင်းခဲ့ နှောင်းခဲ့ပေမယ့် သံချေးတက်၊ ငွေချေးတက်နေတဲ့ သံခွက်၊ ကြေးခွက်တွေလို မဟုတ်ပါဘူး မွေးရယ်။ ခြသေ့်ဆီဟာ သိင်္ဂီရွှေခွက်နဲ့မှ တန်သလို မွေးရဲ့အချစ်နဲ့ တကယ်တန်တဲ့ ရွှေခွက်ပါ။ တူတော်မောင်လို စာရှည်ရှည် မရေးတတ်ပေမင့် ဒေါ်လေးစီက အပြောနဲ့ ကူပေးရတာပါ မွေး။

ညီအစ်မနှစ်ယောက် သေခါနီး အိုဇာတာ ကောင်းလိုက်လေ။ အစစ စိတ်အေး စိတ်ချမ်းသာရအောင် မွေးရယ် အတွတ်ကြီးကို လက်ထပ်ဖို့ ဒေါ်လေးစီတို့ညီအစ်မ လာနားဖောက်တာပါနော်” တဲ့။

ကဲလေ အတွက်ရေ၊ ညီအစ်မနှစ်ယောက် အတိုင်အဖောက် ပြောလိုက်ကြတာ မွေးဖြင့် မျက်နှာ ဘယ်ထားရမှန်း၊ ဘာဖြေရမှန်းလည်း မသိဘူး။ တော်တော်ကြောင်တောင်တောင်နိုင်တဲ့ အလုပ်ပဲ၊ ပြန်ခါနီး အဖြေတောင်းကြတော့တာပဲ။ မွေးက မတင်မကျပဲ ပြောရတယ်။

မွေးနဲ့ အတွတ် ငယ်တော့တဲ့အရွယ် မဟုတ်တော့ပါဘူး ဒေါ်ဒေါ်တို့ရယ်။ မွေးတို့ကိစ္စ မွေးတို့ဘာသာပဲ ဆုံးဖြတ်ပါရစေ။ အားလုံး စိတ်ချမ်းသာအောင် အတတ်နိုင်ဆုံး မွေး ကြိုးစားပါ့မယ် လို့ ဖြေလိုက်ရတယ်။

“တို့များ ညီအစ်မ ကောင်းသောလာခြင်း ဖြစ်ပါရစေ မွေးရယ်။ ဒါနဲ့ နယုန်လပြည့် ရောက်ရင် ဒေါ်လေးစီ ကိတ္တိမသား မောင်အောင်ကြီးကို ဆရာတော် ဦးကဝိန္ဒကျောင်းမှာ ဒုလ္လဘရဟန်း ခံပေးမလို့၊ မွေး ဆက်ဆက်လာခဲ့ပါ” တဲ့။

ဒေါ်လေးစီရယ် ပြန်ခါနီး အလှူလာဖို့ ဖိတ်ပြီး ပြန်သွားကြလေရဲ့။

အဲဒီအလှူကို မွေး သွားမိတာ သိပ်ကံကောင်းတာပဲ။ ဘာကြောင့်လဲ ဆိုတော့ အတွတ်ရဲ့ စာကို မွေး ပြန်ကြားတဲ့ ဒီစာမှာ ဘယ်လို အဆုံးသတ်ရေးရမယ် ဆိုတဲ့အဖြေကို ဒီအလှူမှာ ရလာခဲ့လို့ပဲ။

အတွတ် တယောက်ကလည်း ဟယ်... သေသေချာချာ တွေးရင် ဘာအရူးထသလဲ မသိဘူး၊ (၄၀) ကျော် (၅၀) ထဲ အသက်တွေ ရောက်တော့မှ ပြဿနာမရှိ ပြဿနာဖော်တယ်။ ခုနေများ အတွတ်သာ မွေးအနားမှာရှိရင် ထပြီး ခေါင်းခေါက်မိလို့ သတ်မိကြဦးမှာ။

အစကတော့ သူများကို မိကျည်းတန်၊ နှုတ်ခမ်းက ဝက်ဖင်ကျနေတာပဲ၊ မျက်ခုံးမွေး ခြေမလောက် ရှိတယ်၊ အသားက မည်းတယ်၊ ဆံပင်ကလည်း ဆီရွှဲရွှဲနဲ့ ဆနွင်းမှုန့်ရောင်းတဲ့ ကုလားမကျနေတာပဲ၊ နားကွင်းကြီးက ဝိုင်းစက်စက်နဲ့၊

စကားပြောလည်း စွာတာတာလို့ သူများကို ပြောခဲ့တာတွေလေ၊ သတိရသေးလား။

ခုတော့ ရာဇဝင်ပါ အမှားကို ကျူးလွန်တဲ့ ဖိုးတွတ်ကြီး၊ အိုက်တင်ကလည်း ခံလိုက်တာ ဇနကအိုက်တင်။

ရာဇဝင်အမှားဆိုတာ သိလား၊ ပုဂံရာဇဝင်မှာ မင်းယဉ်နရသိင်္ခဟာလေ သူ့ကို ဝါးထဲမှာ သန္ဓေတည်တဲ့ ဝေဠုဝတီ မင်းသမီးကို အရင်လာပြီးတော့ ဆက်ရက်သားနဲ့ ခြေသလုံးကြီးသလေး၊ နားဘက်ကျယ်သလေးနဲ့၊ မကြိုက်နိုင်ပါဘူး၊ မိဖုရားဖြစ်ထိုက်တဲ့ အင်္ဂါနဲ့လည်း မညီဘူးဆိုပြီး ညီတော် နရပတိစည်သူ ပေးလိုက်တယ်။

မယ်တော်ဖြစ်သူက အလှပြင်ဆင်တတ်တယ် ထင်ပါရဲ့၊ ချွေးမကို နန်းတော်ပုံစံဖြစ်အောင် အလှပြင်လိုက်တာ ဝေဠုဝတီမင်းသမီးဟာ ညီတော်ရဲ့မိဖုရားအဖြစ် ရောက်တော့ လှမျိုးစုံ ဖြစ်နေတော့တယ်၊ ဒီတော့မှ သူများလက်ထဲရောက်တော့မှ ဝေဠုဝတီကို လိုချင်ဇောကြောင့် ကိုယ့်ညီအရင်းတောင် လုပ်ကြံသတ်ရတဲ့အဖြစ် ရောက်ရော။

မိန်းမတယောက်ရဲ့အလှကို ကြည့်လည်း မကြည့်တတ်ဘဲနဲ့၊ အတွက်လည်းလေ လူမသတ်တာကလွဲရင် ရာဇဝင်ပါအမှားကို ထပ်ပြီးကျူးလွန်တဲ့လူလို့ မွေးက စွပ်စွဲချင်တယ်၊ သိလား။

ပြီးတော့လည်း ဇနကမင်းသားအိုက်တင်ဆိုတဲ့ စကားလုံးကတော့ ခေတ်လူငယ်တွေ စကားနဲ့ မွေး ရေးတာပါ၊ ဘုရားလောင်း ဇနကမင်းသားကို စော်ကားချင်လို့ မဟုတ်ပါဘူး။ အဓိပ္ပာယ်ကို မွေး ရှင်းပြဦးမယ်။

ဇနကမင်းသားဟာ ဖုတ်သွင်းရထားဆိုက်လို့ ကျောက်ဖျာပေါ်က နန်းတော်ပေါ် ရောက်နေပြီပဲ။ သီဝလိဒေဝီ မင်းသမီးရဲ့အလှရော၊ ပညာရော၊ တိုင်းပြည်တပြည်တောင် ဖခမည်းတော် မရှိတဲ့နောက် အုပ်ချုပ်နိုင်တဲ့အစွမ်း ရှိတယ်ဆိုတာရော သိပြီးသား။ မင်းသမီးကလည်း ဇနကမင်းသားကို အကဲခတ်မိသား၊ မိန်းမတို့ဣန္ဒြေ ထိန်းနေရလေတော့ ပညာရှိအမတ်ကိုသာ အကြံလွှတ်ရတယ်။ အမတ်ရဲ့လျှောက်ထားတဲ့စကားကို အလောင်းတော်မင်းသား ကြားကြားချင်း ချက်ချင်း သူထသွားရင် ထီးတော်မိုးတို့၊ ဘဏ္ဍာစိုးတို့၊ အမတ်ကြီးတို့လို မိန်းမငမ်းတတ်တယ်လို့ အထင်လွဲခံရမှာစိုးတော့ ဇနကမင်းသားလေ ဟန်ဆောင်နေလိုက်ရတာ သီဝလိဒေဝီ အကြံလွှတ်တဲ့ အမတ်စကားလည်း မကြားချင်ယောင် ဆောင်နေရတာနဲ့၊ ထီးနန်းအကြောင်း ဆွေးနွေးပြီး ထသွားတော့လည်း ကြီးကျယ်ခမ်းနားတဲ့ နန်းတော်ကြီးအလှကို မမြင်ဖူးလို့ တဆောင်ဝင် တခန်းထွက် လှည့်လည်ကြည့်သလိုလိုနဲ့ မှူးမတ်တွေ

ခြံရံပြီး နောက်ဆုံးမှ သီဝလိဒေဝီ အဆောင်တော်ကို ကြွတော်မူတယ်။

ဒွဲကောင်းတာတင် စံတင်ထိုက်တာ မဟုတ်ဘူး။ ဇနကမင်းသားဟာ အိုက်တင်ခံတဲ့ နေရာမှာလည်း ဇနကအိုက်တင်လို့ စံတင်လောက်တယ်ကွယ်။

ဒီနေရာမှာ တို့များ အတွက်ကြီးလည်း ဇနကအိုက်တင်မျိုးနဲ့ ဝမ်းထဲက ချစ်နေတာကို အိုက်တင်အခံကောင်းလိုက်ဟာ မွေးက သီဝလိဒေဝီ မဟုတ်တော့ မင်းသားကြီး ကျုန်ရစ်ဖြစ်ရော။ စိတ်မဆိုးပါနဲ့ အတွက်ရယ်နော်၊ မွေးက ငယ်ငယ်တုန်းကလို ရင်းရင်းနှီးနှီး စာထဲမှာ ရေးနေတာပါကွယ်။

"ပြုအပ်သော ယောကျ်ားတို့ လုံ့လသည် ရည်ရွယ်ချက်ပန်းတိုင်သို့ မရောက်စေကာမူ အားထုတ်သမျှ လုံ့လရဲ့အကျိုးကို ခံစားရစမြဲပဲ" လို့ ဇနကမင်းသား ပြောခဲ့သလိုပါပဲ။ မွေးကို ဒွဲနဲ့ စောင့်ခဲ့တဲ့ အတွက်ကြီးကိုဖြင့် တနည်းမဟုတ် တနည်း ကောင်းကျိုးခံစားရလိမ့်မယ်လို့ မွေး ယုံကြည်ပါတယ်ကွယ်။

ဒေါ်လေးစီကလည်း အပြောကောင်းပါပေတယ်။ တူတော်မောင်ဆရာဝန်ကြီး အတွက်လည်း အရေးအသား ပြောင်မြောက်ပါပေတယ်။ အတွက်စာကို အထပ်ထပ်ဖတ်ရင်း မင်းရာဇာနဲ့ မွန်အမတ်သီဟပတွေတို့ ကြံစုပ်ပွဲကို သတိရမိတယ်။

ဒီနေရာမှာ ခေတ်စကားနဲ့ ကလေးဆန်ဆန် ကြံစုပ်ပွဲလို့ ရေးပေမယ့် တကယ်တော့ မွန်ပညာရှိ သီဟပတွေနဲ့ မြန်မာပညာရှိ မင်းရာဇာတို့ ချစ်ကြည်ရေးစကားဆိုပွဲပေါ့။

မွန်ပညာရှိက မင်းရာဇာကို ကြံနဲ့ ဧည့်ခံတယ်။ အမတ်ကြီး မင်းရာဇာက ကြံကို အဖျားက စ စားတယ်၊ ဘာဖြစ်လို့ အဖျားက စ စားပါသလဲလို့ မွန်ပညာရှိအမတ်ကြီး သီဟပတွေက မေးတော့ ဗေဒင်ကျမ်းကို မှီပြီး ကြံကို အဖျားက စ စားမှ တရွေ့ရွေ့တိုပြီး ကြံက အရင်းရောက်လေ ချိုလာလေဖြစ်တဲ့ အရသာကို ခံစားရတယ်လို့ ပြန်ဖြေတယ်။ ဒီတော့ မွန်ပညာရှိက အမတ်ရှိကြီးတဲ့၊ မြတ်စွာဘုရားသခင်ရဲ့တရားတော်အရ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေခြင်းသဘောဟာ မြန်ဆန်လှပါတယ်။ ဒါကြောင့် အရသာကောင်း ရှိတဲ့နေရာ မရောက်ခင် အမတ်ကြီး အနိစ္စရောက်ခဲ့သော် ချိုတဲ့အရသာကို မစားရဘဲ ရှိတော့မှာပေါ့တဲ့။

မင်းရာဇာက ချက်ချင်း သတိရပြီး တော်ပါပေတယ်လို့ မွန်ပညာရှိကို ချီးကျူးတယ်၊ သူကတော့ ကြံကိုစုပ်ရာမှာ ဗေဒင်ကျမ်းလောက်ကိုပဲ ကိုးကားလက်ခံပြီး သုံးဆောင်မိခဲ့တယ်တဲ့၊ သီဟပတွေက

ရှင်တော်မြတ်ဘုရားရဲ့တရားကိုမှီပြီးဆိုတဲ့အတွက် သူ့စကားအထောက်အထားထက် မွန်ပညာရှိရဲ့သတိပေးစကားဟာ ပိုမိုပြီး သင့်မြတ်လှပါတယ် အဖိုးတန်လှပါတယ်လို့ ချီးကျူးတယ်တဲ့ အတွက်ရဲ့။

အခုလည်း အတွက်ရဲ့ရည်းစားစာက ဒီနေရာမှာ မြတ်စွာဘုရားသခင်ရဲ့မဟာကရုဏာဘွဲ့ကို အခြေခံပြီး ချီလာလိုက်တာ တကယ့်စံနှုန်းကိုက် မေတ္တာဘွဲ့သဝဏ်လွှာတခုအနေနဲ့ လေးစားပါတယ်၊ အတွက်က မွန်ပညာရှိကြီးပေါ့လေ။

မွေးရဲ့ပြန်စာမှာ အတွက်ကို မမီသော်လည်း မလျော့စေချင်လို့ တတ်သမျှ မှတ်သမျှရော လောကီ၊ လောကုတ္တရာ ဘုရားဟောကျမ်းတွေပါ လက်လှမ်းမီသမျှ မွေး ထည့်ရေးမိတာပဲ အတွက်။

အမှန်တော့ အတွက်ရဲ့စာကို မွေး ပြန်ရေးတဲ့အခါ မြန်မာစာပေသမိုင်းက အရှင် ဦးသြဘာသကို ထိုင်ရှိခိုးဖို့ ကောင်းတယ်။

ဘာဖြစ်လို့လဲဆိုတော့ မွေးကလေ ဦးသြဘာသရေးတဲ့ ဘုရားအလောင်းတော် ဇာတ်ကြီး ဆယ်ဘွဲ့ထဲက ဇနကမင်းသား ဇာတ်တော်ကို အစကအဆုံး ပုဒ်မပါ ကျုံးပြီး အတုံးလိုက် အတစ်လိုက် ချသုံးထားလို့ပါပဲ အတွက်ရယ်။

ကိုယ်ခိုးချရင်လည်း ခိုးချတဲ့အကြောင်း ဖွင့်ဟဝန်ခံဦးမှ၊ နို့မဟုတ်ရင် ဆရာ ကာပြန်လို့ အာခေါင် လှုံစူးတဲ့ကိန်းဆိုက်မှာ စိုးရသေး။ ရည်းစားစာ ရေးတာပဲရယ်လို့လည်း ပေါ့ပေါ့သေးသေး မလုပ်ရဲတော့ဘူး၊ ကိုယ်ကူးချတဲ့မူရင်းကို မဖော်ရင် အသည်းမှာ မြားစိုက်သေမှာ ကြောက်လို့။

ဇနကမင်းသားက အိုက်တင်ခံတယ် ဆိုပေမင့် အချိန်ကို တွက်တတ်တယ်။ သီဝလိ ဒေဝီလည်း အချိန်ကို တွက်တတ်၊ အခါအခွင့်ကို သိတတ်တယ်လို့ ဆိုရမယ်။ အဖွင့်ဋီကာလေး နည်းနည်း ပြန်ချဲ့ပါရစေဦး၊ ခေတ်စကားနဲ့ ရေးရဦးမယ်။

သီဝလိဒေဝီဆီက အမတ်က အကြိုထောက်ရင်ပဲ ပထမ မသိချင်ယောင် ဆောင်သလိုလိုနဲ့ အချိန်ကော်လောက်ပြီလည်း ဆိုရော ရာဇဏ္ဍေလည်း မပျက်အောင် ယောက်ျားဆိုတဲ့ တန်ဖိုးကိုလည်း မလျော့သွားအောင် (တနည်း ယောက်ျားဈေး မပျက်အောင်) ဇနကမင်းသားက အချိန်ကို တွက်သွားတော့ အံကိုက်ပဲ၊ သီဝလိဒေဝီသုံးတဲ့ စကားလုံးကို ပြန်လှေ့လာရင် လောကီမှာ သိပ်အဖိုးတန်တာနော်။

“ငါငင်လို့ သူမတိမ်း၊ သူသိမ်းမှ ငါပါရချေမည်” တဲ့။

ရှင်းရှင်းပြောရရင် ဇနကမင်းသားက အရင် လူလေးယောက်လို တဏှာရူး မဟုတ်တော့ သိပ်ပြီး မူနေလို့ မဖြစ်ဘူး၊ သူက သိမ်းပိုက်မှ ငါ ပါရမယ့်အခြေအနေ ဖြစ်နေတယ်။ လှူအဖိုးတန်နဲ့ တွေ့တဲ့အခါ ငါက ဟန်တွေလုပ်နေလို့ မဖြစ်ဘူးဆိုပြီး ဇနကမင်းသား အဆောင်တော်ဦး ရောက်လာရင်ပဲ ထပြီး ကြိုရတယ်လေ။ အဲဒီမှာ မိန်းမတွေရဲ့အတွင်းစိတ်ကို မသိမသာ ဖော်ပြတာ သိပ်သိမ်မွေ့တာပဲနော်။

ပြီးတော့လည်း ယိုင်ယိုင်ညွတ်ညွတ် ပြုရမယ့်နေရာမှာ ခိုင်ခိုင်မတ်မတ် လုပ်လိုက်ရင် အခါအခွင့် လင့်တတ်တယ် ဆိုတာကို သီဝလိဒေဝီဟာ တွက်တတ်တယ်။

ခုလည်း အတွတ် မွေးကို လက်လွတ်ရတဲ့အကြောင်းမှာ အတွတ်ဟာလေ အချိန်လည်း မတွက်တတ်ဘူး၊ အခါအခွင့်လည်း မသိတတ်ဘူး။ ဒါက အတွတ်ကို မွေးက ဝေဖန်ခန်းပေါ့။

သေသေချာချာ တွေးကြည့်တော့လည်းလေ ဇနကနဲ့ သီဝလိဒေဝီကလည်း ပါရမီရှင်တွေ ဆိုတော့ တို့များနှစ်ယောက်ထက် ပိုတော်မှာပေါ့လေ။ ဒါကြောင့်လည်း ဘုရင်တွေ၊ မိဖုရားတွေ ဖြစ်ပြီး တိုင်းပြည်ကို အုပ်ချုပ်စိုးစံရတာပေါ့နော်။ အုပ်ချုပ်စိုးမိုးသူဆိုတာကတော့ ဒါလောက်တော့ လည်း တော်ဦးမှာပေါ့။ တချို့အလုပ်တွေဟာ လောကီမှာ ယိုင်ယိုင်ညွတ်ညွတ် လုပ်ရမယ့်နေရာမှာ ခိုင်ခိုင်မတ်မတ် ပြုမိတယ်၊ ခိုင်ခိုင်မတ်မတ် လုပ်ရမယ့်နေရာမှာလည်း ပျော့နေမိကြတယ်၊ ‘ဟာ’ နေမိကြတယ်။ တို့များဘုရားသခင်ရဲ့အဖြစ်တော်တွေ၊ နိပါတ်တော်တွေ၊ တရားတော်တွေဟာ တကယ့်ကို အဖိုးတန်တာပါပဲလား အတွတ်။ ကြီးမားကျယ်ပြန့်တဲ့ ပြဿနာများသာမက တို့များ အပြန်အလှန်ပေးတဲ့ အသေးအဖွဲ ရည်းစားစာမှာလည်း ဘယ်လောက်အသုံးကျလိုက်လဲနော်။ ကြီးကြီးမားမားကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းရတဲ့ ပုဂ္ဂိုလ်တွေဟာ တချို့က ဗုဒ္ဓအဘိဓမ္မာတွေ၊ တရားတွေ၊ ဖြစ်တော်ပေါင်း ဘဝဇာတ်လမ်းတွေဟာ လောကီကို အကျိုးမပြု၊ လောကုတ္တရာ သက်သက်သာ အကျိုးသက်ရောက်တယ်လို့ ထင်မှတ်မှားကြတာ သိပ်အယူလွဲတာပဲ။

တခါတုန်းက အမရပူရ၊ တောင်မြို့ဆရာတော်ဘုရား အရှင်ဇနကာဘိဝံသကို မွေးရဲ့ သူငယ်ချင်း ဆရာမ ဒေါ်မိမိလေးက သူမသိတာတွေနဲ့ ပတ်သက်ပြီး လောကီကြောင်းမှာ မေးမြန်းတော့ ဆရာတော်က စုံစေ့နေတာပဲတဲ့၊ ဖြေရှင်းဟောကြားလိုက်တာပေါ့။

ဒါနဲ့ ဒေါ်မိမိလေးက “ဩော်... အရှင်ဘုရားဟာ သိလိုက်တာ၊ လောကီရော လောကုတ္တရာပါ စုံနေပါလား။ ဘုန်းကြီးဆိုတော့ လောကီနဲ့ စိမ်းနေသလားလို့ ထင်မိတယ်” လို့ သူက ပြောမိသတဲ့။ ဆရာတော်က ဒေါ်မိမိလေးကို ပြန်ဖြေသတဲ့။

"ဆရာတော်တို့က ခုခေတ်လူတွေနဲ့ စကားပြောရုံတင်မက၊ ဟိုနှစ်ပေါင်း ၂၅၀၀ ကျော် မြတ်စွာဘုရားသခင် မပွင့်မီခင်က လူတွေနဲ့တောင် စကားပြောနေကြတဲ့ ဗုဒ္ဓရဲ့သားတော်များ ဖြစ်တယ်။ ဒါကြောင့်လည်း လူတွေအကြောင်း သိတာပေါ့" လို့ ဖြေသတဲ့။

အတွတ်ရယ်၊ ဆရာတော်ဘုရားဖြေတဲ့ စကားလုံးတွေဟာ သိပ်အဖိုးတန်တာပဲနော်။ တကယ်တော့ ငါတို့ မြတ်စွာဘုရားသခင်ရဲ့နိပါတ်တော်၊ ဇာတ်တော်တွေဟာ တို့ဝတ္ထုတွေရဲ့ အစမြစ်ဖျားခံရာပါပဲ။ ပါရမီရှင်ကြီးရဲ့ဖြစ်တော်ပုံတွေထက် ဆန်းကြယ်နက်နဲတဲ့ ဝတ္ထုတွေကိုလည်း ဘယ်သူမှ အထူးတလည် မရေးနိုင်ပါဘူး။

မွေးတို့မှာ သေသေချာချာ တွေးကြည့်ရင် ဗုဒ္ဓရှင်တော်ဘုရားရဲ့ ပါရမီမျိုး မပြောနဲ့ သစ်ရွက်ကလေး တရွက်လောက်တောင် ပါရမီက မရင့်ပေဘူး။

သစ်ရွက်ကလေးများ အရောင်သာ စိမ်းတယ်၊ စိမ်းကားရက်စက်တဲ့ သဘောလည်း မရှိ၊ မြသားရောင်က စိမ်းမြလို့ ရင်အေးတယ်ဆိုပေမယ့် မာကျောတဲ့ ဓာတ်ခံကြောင့် အများသုံး သဘော၊ အများသုံး ရတနာလည်း မဖြစ်နိုင်ခဲ့ဘူး။ သီးသန့်တော်ဝင် ဂုဏ်ကြီးရှင် ကျောက်မျက်တွေပဲ ဖြစ်ခဲ့တယ်။

သစ်ရွက်ကလေးတွေဟာ အရွယ်ပုံစံ တမျိုးနဲ့တမျိုး မတူပေမင့် တပြေးညီ အရောင်က စိမ်းတယ်။ သူ့ရင်ခွင်မှာ ရောင်မျိုးစုံ ဘယ်ပန်းပဲ ပွင့်သွားသွား သစ်ရွက်စိမ်းနဲ့ မလိုက်တဲ့ ပန်းပွင့်ရောင်ရယ်လို့ ဘယ်မှာများ ရှိသလဲ အတွတ်ရယ်။

ရောင်မျိုးစုံနဲ့ အလှဂုဏ်ကြွယ်ပြီး ချစ်တဲ့သူ တွေ့တဲ့အခါ သူတို့ရင်ခွင်ကို စုံကန်လို့ပဲ ထွက်သွားသွား၊ ဗုဒ္ဓရှင်တော်ဘုရားကို တင်ဖို့ အနူးအညွတ်ပဲ စွန့်ခွာသွားသွား သစ်ရွက်စိမ်း ကလေးများဟာ ကွဲကွာရခြင်း ဝေဒနာကို ခံစားရတဲ့ ပင့်သက်ရှူသံကိုတောင် ပတ်ဝန်းကျင် မကြားရအောင် မျိုသိပ်နိုင်တယ်။

အလှရှင်မ လိပ်ပြာတွေလည်း သစ်ရွက်စိမ်းလေးတွေကို သားဖွားဆေးရုံကျနေတာပဲ၊ သူတို့ဘာသာ ကြုံရာချစ်သူနဲ့ အလေလိုက်ပြီး သစ်ရွက်ပေါ်မှာ ဥမျိုးစုံဥခဲ့လည်း သူတို့မှာ သိမ်းပိုက် ယုယပြီး ဥပေါက်လို့ မွေးဖွားပြီးတဲ့အထိ ပွေ့ပိုက်ပြုစုကြရတာ နာနီကျနေတာပဲ။

တရွက်ချင်းဆက်ပြီး သူတို့ အစုအပေါင်းက သစ်တောတအုပ် ဖြစ်လာပြန်တော့လည်း သားငှက်မျိုးစုံ၊ ခြသေ့်တွေ၊ ဆင်တွေ၊ သမင်၊ ဒရယ်တွေရဲ့ ခိုလှုံရာဖြစ်တယ်။

တရားရှာလိုတဲ့ ရှင်တော်သူမြတ်တွေကိုလည်း အရိပ်အာဝါသ ပေးတဲ့အပြင်

လူကြမ်းကြီး၊ တောသူပုန်ကြီးတွေ ခြေတင်လည်း သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ခဲ့တာပဲ အတွတ်ရယ်။

သစ်ရွက်ကလေး တရွက်လောက်တောင် တကယ်တမ်း တွေးကြည့်ရင် မွေးတို့ အတွတ်တို့မှာ ပါရမီခံ မရှိပေဘူးနော်။

အတွတ်စာထဲမှာလေ မွေးရဲ့ချစ်တဲ့သူ ကိုကိုနိုင်ကို အသက်ပြန်မသွင်းနိုင်သော်လည်း ရေခဲလို အေးစက်သွားတဲ့ မွေးရဲ့နှလုံးသားကိုတော့ ထွေးထွေးနွေးနွေး ဖြစ်အောင် ပညာရပ်တွေ တတ်ပါသတဲ့။

ကျေးဇူးအများကြီး တင်ပါတယ် အတွတ်ရယ်၊ အသည်းနှလုံးကို ပြန်ပြီး ထွေးထွေးနွေးနွေး ဖြစ်ရုံတင် မဟုတ်၊ သစ်ရွက်စိမ်းလေးရဲ့ အဘိဓမ္မာ တရားသဘော အခြေခံ နာမ်ခန္ဓာကိုလည်း အသည်းနှလုံးထဲမှာ သွင်းပေးနိုင်အောင် ကြိုးစားစမ်းပါဦး အတွတ်ရယ်။

ခုရှုပ်မှ နောင်ရှင်းမို့ ကြိုကြိုတင်တင် တွေးတောမိသမျှ ရေးပြရတာတွေလေ၊ အတွတ်နဲ့ မွေး ချစ်ကြည်ရေး မေတ္တာဖလှယ်ပွဲမှာ သစ်ရွက်အဘိဓမ္မာတွေ၊ မွန်-မြန်မာ မေတ္တာစကားဆိုပွဲဖြစ်တဲ့ ဘိုးရာဇာလျှောက်ထုံးထဲက စကားလုံးတွေ၊ ဇနကဇာတ်တွေထည့်ပြီး စာပြန်ရေးနေတာဟာ အတွတ်ထက် ခြေညံ့သွားမှာစိုးတဲ့ အကြောင်းတခုတည်းတင် မဟုတ်ဘူး အတွတ်၊ တို့နှစ်ယောက် လက်ထပ်ရေးဟာ နှစ်ယောက်တည်းကိစ္စပါ ဆိုသော်လည်း နှစ်ယောက်တည်းဟာလည်း အများနဲ့ ဆက်စပ်နေတဲ့သဘောတွေ ရှိရုံမက အခါအခွင့်၊ အချိန်ကို တွက်ဖို့ မွေးစာဟာ ဦးတည် ရည်ညွှန်းနေတယ် ဆိုတာကိုလည်း အတွက် နားလည်စေချင်ပါတယ်။

■

အခန်း (၆)

သူငယ်ချင်းကောင်း ယောက်မတို့ရေ . . .

သတင်းစကား ကြားပါစ၊

ရှင်မလေးရဲ့ရက်ကန်းစင်၊ ချည်သစ် လွန်းသစ်ပြင်

နှပ်ကြောင်းမှာ ချည်မျှင်သွင်း

လက်ခတ်သံက တညင်းညင်း။

ကြိုးကြီးချိတ်လား၊ ချည်ချောလား၊

တိမ်ခိုးဆင်လား၊ မဲပြာလား၊

တခွန်းလည်း သူမဖြေ၊ နှစ်ခွန်းလည်း သူမပြော

ကြယ်ညီနောင် လှခေါင်ရွှန်းမှာ

လွမ်းရိပ်ကနှော။

သူငယ်ချင်းကောင်း ယောက်မတို့ရေ...

သတင်းစကား ကြားပါစ

ရွာလယ်မက ရက်ကန်းလေး၊ လွန်းသံ ခပ်နှေးနှေး၊

မျက်နှာထား ခပ်အိုအို

ငိုမလို သံချိုနှော တီးတိုး တို့ကိုပြော။

လွန်းတရာလည်း သူမချိတ်

မဲပြာကိုလည်း သူမတင်

တိမ်ခိုးဆင်လည်း သူမမက်

ခဝဲမှာ နှင်းမှုန်ဖက်မှ ရှင်တော်ကို ဝတ်ရုံဆက်ဖို့

မလေး ရက်တယ်တော်။

သူငယ်ချင်းကောင်း ယောက်မတို့ရေ...

သတင်းစကား ကြားပါစ၊ မဂ်ဖိုလ်ရှုယ်လို့

ရက်ကန်းရှုယ်၊ လက်ခတ်သံက နေ့းလှတယ်

သဒ္ဓါနှံ့လို့ လက်သံအေး

တို့အမေးကို မဖြေသေး။

မေးစမ်းပါနဲ့ မယ်တို့ရယ်

သဒ္ဓါနှံ့လို့ မဟုတ်ဘူးကွယ်

မကန်းကွက်ရောင်စုံခြယ်ဖို့

တဖက်လူ ကိုဖြူနွဲ့က၊ မှာခဲ့တယ်တော်။

မှာပါရက်ကနဲ့

ဘယ်တွက်ကယ် ဝါရောင်ဖက်တယ်လို့

မေးပြန်ရင် ဖြေပုံခက်သမို

မိလေးလုံ ရတက်မအေးတယ်

လက်ခတ်သံကနေ့း... ဝေ့ ဝေ ဝေး...။

■

အတွတ်ရေ . . . . .

ဒေါ်လေးစီရဲ့ ကိတ္တိမသား ရဟန်းခံပွဲကို ဆရာတော် ဦးကဝိန္ဒကျောင်းမှာ လုပ်တယ်။ မွေးလည်း တခြားကိစ္စတွေ အလုပ်နည်းနည်းရှိတာနဲ့ အိမ်က အထွက် နောက်ကျသွားတယ်။ ဒါပေမင့် စောစောက မွေး ရေးပြသွားသလိုပဲ၊ အတွတ်ဆီ ရေးတဲ့စာကို ဘယ်လို နိဂုံးချုပ်ရမယ် ဆိုတာ ဒီအလှူက ရတာမို့ သွားရကျိုးနပ်ပါတယ် အတွတ်ရယ်။

ကံ... ကံ၏အကျိုးတရား၊ အကြောင်းတရားများ အံ့သြဖို့ မကောင်းဘူးလား။ ဒေါ်ဒေါ်သောင်းစိန်ရယ်၊ ဒေါ်လေးစီရယ် သူတို့ညီအစ်မဟာ မွေးမြင်ခဲ့ရတဲ့ တသက်တာမှာ ဘာမှ ပင်ပန်းတကြီး လုပ်ကြရ၊ နေကြရတယ် မရှိဘူးနော်။

အေးအေးပဲ ဒါနကုသိုလ် ပြုလိုက်ကြ၊ ဥပုသ်စောင့်လိုက်ကြနဲ့၊ ပိုက်ဆံချမ်းသာတိုင်းလည်း သူတို့လို မအေးချမ်းတဲ့သူတွေ ပြည့်လို့။

မွေး အလှူရောက်တော့ ပရိသတ်နည်းနည်းပါပဲ၊ သူစိမ်း ဧည့်သည်တွေ ဖိတ်ထားပုံ မရဘူး။ ရေစက်ချ တရားနာနေပြီမို့ မွေးလည်း သင့်ရာကထိုင်ပြီး တရားနာမိတယ်။ တရားဟောတဲ့ ဆရာတော်က ဒီကျောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော် မဟုတ်ဘူး။ သာသနာ့ရိပ်သာက ဆရာတော် ဖြစ်တယ်။ ဆရာတော်က စကားပလ္လင် အရှည်ကြီး မခံဘဲ စဟောတယ်။

“ဒုလ္လဘ ရဟန်းခံပွဲမှာ ဒုလ္လဘတရားအကြောင်းလည်း ဆရာတော် မဟောလိုဘူး။ ဘာကြောင့် ဒုလ္လဘ ခေါ်တယ်၊ ဒုလ္လဘတရား ဘယ်နှပါး ရှိတယ်၊ သံဃဂုဏ်တော်တွေဟာ ဘာလဲ ဆိုတာကတော့ ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးဖြစ်တယ်။ မသိသေးသူကလည်း စာအုပ်တွေထဲမှာ ဖတ်ကြည့်ရင် လွယ်လွယ်ပဲ သိနိုင်တယ်။

ဒီလိုဆိုရင် အရှင်ဘုရား ဘာတရားဟောမှာလဲလို့ မေးဖို့ ရှိပါတယ်။ သိသလိုလိုနဲ့ ဒကာ၊ ဒကာမများ မသိသေးတဲ့ ရှင်တော် ဂေါတမ မြတ်စွာဘုရားသခင်ရဲ့ အဆုံးအမခံ တပည့်သား သံဃာတွေအကြောင်းပဲ။

ဆရာတော်က မဟာစည်သာသနာ့ရိပ်သာက ဘုန်းကြီးဖြစ်နေတော့ လက်ရှိပရိသတ် ကြားနေကျအသံမျိုး၊ တရားမျိုး မဟုတ်လို့ တချို့လည်း ကြိုက်ချင်ကြိုက်မယ်၊ တချို့လည်း ကြိုက်မယ် မဟုတ်ဘူး။

ဆရာတော်တို့ ကိုရင်ဘဝလောက်ကတည်းက တချို့ ဓမ္မကထိက ရဟန်းတွေရဲ့ တရားဟောသံဟာ ဓာတ်ပြားတွေထဲမှာ ဇာတ်မင်းသားတွေရဲ့အချွဲ၊ အပဲ့ လေသံတွေနဲ့တူလို့ ဘာသာမျိုးခြားတွေကရော၊ ဘာသာတူ ဗုဒ္ဓဘာသာဝင်တချို့ကရော ဓမ္မကထိက ရဟန်းများကို အထင်သေးရုံမက တချို့ စာရေးဆရာများကတောင် ဒီမင်းသားသံနဲ့ တရားဟောတဲ့ ဓမ္မကထိက ရဟန်းတော်များကို အကြောင်းပြုပြီး ရဟန်းလောက၊ သံဃာ့လောက တခုလုံးကို ပြစ်တင် ရှုတ်ချ ခံခဲ့ရဖူးတယ်။

အမှန်တော့ ဂီတသံ၊ သီချင်းသံဖြစ်တဲ့ ဇာတ်မင်းသားတွေလို အချွဲ၊ အပဲ့နဲ့ ဟောပြောတဲ့ ဓမ္မကထိက ရှိသော်လည်း ဒီလိုတရားတော်ကို ဟောပြောတဲ့နည်းဟန်မျိုးကို မြတ်စွာဘုရား သခင်က ပြစ်တင် ရှုတ်ချ တားမြစ်တော်မူတယ်။

အင်္ဂုတ္တိုရ် ပါဠိတော် ဂီတဿရသုတ်မှာ အတိအလင်း ပါပါတယ်။

ရဟန်းတို့၊ ရှည်စွာသော သီချင်းသံဖြင့် တရားဟောသောပုဂ္ဂိုလ်၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

အဘယ် ငါးမျိုးတို့နည်းဟူမူ -

မိမိ ကိုယ်တိုင်လည်း ထိုအသံ၌ စွဲမက်၏။

သူတပါးတို့သည်လည်း ထိုအသံ၌ စွဲမက်ကုန်၏။

ငါတို့ သီချင်းဆိုသကဲ့သို့ ထို့အတူ သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတော် တို့သည် သီချင်းဆိုကုန်၏ဟု လူဒါယကာတို့ ကဲ့ရဲ့ကုန်၏။

အသံပြုပြင်ခြင်းကို အလိုရှိသော ရဟန်းအား သမာဓိပျက်စီးခြင်း ဖြစ်၏။

နောင်လာ နောက်သားသည် အတုလိုက်၏။

ရဟန်းတို့၊ ရှည်စွာသော သီချင်းသံဖြင့် တရားဟောသောပုဂ္ဂိုလ်၏အပြစ်တို့သည် ဤငါးမျိုးတည်းဟု မိန့်တော်မူတယ်။

ဆရာတော်တို့ကတော့ မဟာစည်သာသနာ့ရိပ်သာမှာ တရားဟောနေကျမို့ မဟာစည် ဟန်အတိုင်း သံပြတ်နဲ့ လိုရင်းပဲ ဟောနေကျ ဖြစ်တယ်။

ပြီးတော့ ရဟန်းဆိုတာ မြတ်စွာဘုရားသခင်ရဲ့တရားတော်များကို အများသတ္တဝါ ဝေနေယျတို့ သိရှိနားလည်အောင် ပို့ချ ဟောပြောရသူများ ဖြစ်တယ်။ မြတ်စွာဘုရားရဲ့ တရားတော်ဟာ သံသရာမှ လွတ်ကြောင်း၊ သံသရာပြတ်ကြောင်းတရား၊ အပူသောကတွေ ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်းတရား ဖြစ်တယ်။

ဒီတရားကို လိုချင်လို့ နာခါမှ တရားနာပရိသတ်မှာ တရားဟောသံကို သီချင်းသံလို စွဲလို့ တဏှာဖြစ်ရတယ်၊ ပူပန်ရတယ်၊ ငိုကြွေးရတယ်ဆိုရင် အဓိပ္ပာယ်ရှိဦးမှာလား။ ဟောပြောသူ ရဟန်းကိုယ်တိုင်ကလည်း ပရိသတ်ကြိုက်အောင် ရွှေမန်းတင်မောင်တို့လို၊ ရွှေကျီးညိုမင်းသားတို့လို အသံ အချို၊ အပဟဲတွေကို ကျနရကတည်းက ဘယ်မှာ ကောင်းတော့မလဲ၊ မြတ်စွာဘုရားသခင် အလိုနဲ့လည်း လုံးဝ ဆန့်ကျင်တယ်။

ဘုန်းကြီးတို့ ငယ်ငယ်က မန္တလေးမှာ အဖွားဖြစ်သူနဲ့ အိမ်နီးချင်း အဖွားကြီးတွေ တရားသွားနာတယ်။ ပြန်လာရင် ဘာတရားလဲဆိုတော့ ငိုတရား၊ ရယ်တရားတဲ့။ ငိုတဲ့သူကငို၊ ရယ်တဲ့သူကရယ်နဲ့ ဘုန်းကြီးတို့ကလည်း ငယ်တော့ ဘယ့်နှယ်လည်း မြတ်စွာဘုရားသခင်ရဲ့ တရားဟာ မငိုရာ၊ မရယ်ရာ၊ မအိုရာ၊

မသေရာ သံသရာပြတ်ကြောင်း အပူငြိမ်းတရား ဖြစ်ပါရက်နဲ့ ပြန်လာရင် အဖွားတွေဟာ ပိုကြ၊ ရယ်ကြနဲ့လို့တောင် ထင်မှတ်မှားခဲ့တယ်။

စင်စစ် ဓမ္မကထိက တချို့ရဲ့အမှားနဲ့ တရားနာပရိသတ်အချို့ အကြိုက်သာဖြစ်တယ်။ မြတ်စွာဘုရားသခင်ရဲ့အလိုဆန္ဒ ရည်ရွယ်ချက် မဟုတ်ဘူး ဆိုတာကိုတော့ ဒကာ၊ ဒကာမများ သိစေချင်တယ်။

ဘုန်းကြီးတို့ကတော့ တိုတိုနဲ့ လိုရင်းကို ရှင်းရှင်းပြတ်ပြတ်ပဲ ပြောဟောမှာမို့ နားစိမ်းသူ ပရိသတ်ပါရင် သည်းခံပြီး တရားနာစေချင်ပါတယ်။

ခေတ်အဆက်ဆက်မှာ တိုင်းပြည်အလိုက် တပြည်မှာ ဝါဒတခု လက်ခံကြတယ်။ တချို့ တိုင်းပြည်တွေကျတော့လည်း တိုင်းပြည်တပြည်ထဲမှာကို မိမိကြိုက်ရာ ဝါဒအသီးသီးကို လက်ခံပြီး ကိုယ့်အစည်းအရုံးနဲ့ကိုယ် နေကြတယ်။ ဘာသာရေးဖြစ်ဖြစ်၊ နိုင်ငံရေးဖြစ်ဖြစ်ပဲ ကိုယ်ယုံကြည်ရာ လက်ခံကိုးကွယ်ကြတာပဲ။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကနေ ခုထိ ပြိုကွဲ ပျက်စီးခြင်း မရှိဘဲ ခိုင်မာတဲ့ အစည်းအရုံးကြီးကတော့ သံဃာ့အစည်းအရုံးပဲ။

သူတို့ဟာ ဗုဒ္ဓဘုရားသခင်ရဲ့အဆုံးအမကို နာခံတဲ့ သားတော်များ ဖြစ်တယ်။

သူတို့ရဲ့ပိုင်ဆိုင်ခွင့်ဟာ ပရိက္ခရာရှစ်ပါးပဲ၊ သင်္ကန်းသုံးထည်၊ သပိတ်တလုံး ဆိုပါတော့။ ခြေသလုံးပဲ အိမ်တိုင်ပြုလို့ ရရာမှာ ဆွမ်းခံပြီး ရရာဆွမ်းကိုပဲ ဘုဉ်းပေးရတယ်။ ကိုယ်ပိုင်ပစ္စည်းဆိုလို့ ထားဖို့နေနေသာ မွန်းလွဲတဲ့တပြိုင်နက် ဘာမှ ဘုဉ်းမပေးရတဲ့အပြင် နောက်တနေ့အတွက်ရယ်လို့ ချန်လှပ်စုဆောင်းခြင်း မပြုရဘူး။ ၂၂၇ ပါးသော သိက္ခာပုဒ်ကို စည်းကမ်းတကျ လိုက်နာတဲ့ ရဟန်းများအဖို့ အင်မတန် စည်းကမ်းစနစ် ကျနလှပါတယ်။ ဒါကြောင့် ရဟန်းဘဝသည် ဖြစ်တောင့်ဖြစ်ခဲလို့ ဒုလ္လဘလို့ ဆိုလိုရင်းပဲ။

မြန်မာပြည်မှာ လူမှုရေးနဲ့ကြည့်ရင် ဘယ်သူမှ ခြေမချချင်တဲ့ တောကျေးလက် ရွှံ့ပေါ် ဗွက်ထူအရပ်တွေက တောင်သူ လယ်လုပ် သားသမီးတွေကို မျက်စိဖွင့်ပြီး ရွာက မခွာဘဲ ပညာပေး၊ အ အာ၊ အိ အီ၊ နမောတဿကနေ မင်္ဂလသုတ်၊ ရတနာရွှေချိုင့်၊ ဇာတ်ကြီး ဆယ်ဘွဲ့အထိ သင်ကြားပို့ချပေးတဲ့ သူတွေဟာ ဗုဒ္ဓရှင်တော်ဘုရားရဲ့တပည့်သား သံဃာတော်တွေပဲ ဖြစ်တယ်။

ဘုန်းကြီးဆိုတာ အလုပ်မလုပ်ချင်လို့ သင်္ကန်းဝတ်၊ သပိတ်ပိုက်၊ လူတကာလှူတဲ့ ထမင်း တောင်းစားနေတဲ့ လူပျင်းတွေလို့ တရားဟောတဲ့ လူပုဂ္ဂိုလ် တချို့တောင် သူတို့ခိုကိုးရာ မဲ့ချိန်မှာ ရဟန်းတော်များ ကျောင်းပရဝဏ်ထဲ ရောက်ရင် ပိုလျှံသမျှ အစားအစာတွေကို ချကျွေးတာလည်း ဒီရဟန်းသံဃာတွေပါပဲ။

ကုန်ကုန်ပြောမယ်၊ ရဟန်းသံဃာတွေကို ဆဲရေးရှုတ်ချလိုတဲ့ လူတစုက သူတို့ရဲ့ ဆဲရေးရှုတ်ချတဲ့ တရားပွဲကို ဒီကျောင်း အရံအဝိုင်း၊ ပရဝုဏ်အတွင်းမှာ လုပ်ချင်တယ်ဆိုလည်း ခွင့်ပြုတာပဲ။

သူတို့မှာ မြတ်စွာဘုရားသခင်ရဲ့အဆုံးအမအတိုင်း ငါဆိုတဲ့ အတ္တစွဲ မရှိတဲ့အပြင် ငါပိုင်တာဆိုလည်း မရှိ၊ ငါ့ရှေ့ရေးအတွက် ဆိုပြီး စုဆောင်းထားခြင်းလည်း မရှိဘူး။

ခုနပြောတဲ့ ခိုကိုးရာမဲ့ ကလေးသူငယ် ကျောင်းသားများကနေ ဘုရင့်သားတော်တွေအထိ ဘုရင်အထိ ဆိုပါစို့၊ လူတန်းစားမရွေးကို ဆုံးမသွန်သင်ဖို့၊ တရားဟောပြောဖို့၊ စာပေသင်ကြား ပေးဖို့အတွက် ရဟန်းများ ပညာခံ ပြည့်ဝရန် ကိုယ်ကိုယ်တိုင် ပညာရှာဖွေ ဆည်းပူးတာကလွဲရင် သံဃာမှာ ကိုယ်ပိုင်ဥစ္စာ ဘာမှ မရှိဘူးဆိုတာ ဒကာ၊ ဒကာမများ သိစေချင်တယ်။

ဒါကြောင့် တရားဦးအစ ဆရာတော်ပြောခဲ့တဲ့ သံဃာ့အစည်းအရုံးကြီးဟာ ပြိုကွဲပျက်စီးခြင်း မရှိတာပဲ။ ဒီသံဃာ့အစည်းအရုံးကြီးကို ဒကာတော် ဦးအောင်ကြီး ဝင်ခဲ့ပြီ၊ အရှင်ဣန္ဒကဆိုတဲ့ ဘွဲ့ကို ရခဲ့ပြီ။ ရဟန်းဘဝသည် ရခဲလှသော ဒုလ္လဘ ဘဝဆိုတဲ့ စကားအရ သင်္ကန်းဝတ်၊ ဆွမ်းတနပ်စား ရဟန်းသိက္ခာ စောင့်ရုံဆိုရင်တော့ ရဟန်းတော့ ဖြစ်ပါရဲ့၊ ဒုလ္လဘဆိုတဲ့ စကားအဓိပ္ပာယ် သိပ်ပြီး မပြည့်စုံပေဘူး။

ဒီတော့ အရှင်ဣန္ဒကကို ဆရာတော် မေတ္တာရပ်ခံချင်တာက မြတ်စွာဘုရား သားတော်အစစ် ရဟန်းဘဝကို လိုချင်ရင် ဒီသင်္ကန်းဝတ်နေဆဲမှာ ဘာဝနာကိုပါ ပွားများပါ။ ဘာဝနာဟာ ၂ မျိုး ရှိတယ်၊ သမထ ဘာဝနာနဲ့ ဝိပဿနာ ဘာဝနာ။ မဟာစည် သာသနာ့ရိပ်သာမှာကတော့ ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ရတယ်။ အထင်အရှား အသိလွယ်ဆုံးဖြစ်တဲ့ ဝမ်းဗိုက်ဖောင်းတာနဲ့ ပိန်တာက စမှတ်ရမှာပဲ၊ အဲဒီလို မှတ်ရင်းက

၁။ ရုပ်ခန္ဓာကိုယ်ကြီးရဲ့လှုပ်ရှားမှုတိုင်းကို ရှုမှတ်ပါ။

၂။ ရုပ်ခန္ဓာကိုယ်ကြီးမှာ ပေါ်လာသမျှ ဝေဒနာကို ရှုမှတ်ပါ။

၃။ စိတ်ကူးကြံစည်သမျှ ရှုမှတ်ပါ။

၄။ ဒီအရင်းခံ ဝမ်းဗိုက်ဖောင်းတာ၊ ပိန်တာကအစ မဖောင်းချင်လို့လည်း မရ အလိုလိုဖောင်း၊ အဖောင်းဆုံးတော့ တားထားလို့ မရ၊ အလိုလိုပိန်သွား၊ ဘာကိုမှ ငါ့သဘော ငါလုပ်ချင်တာရယ်လို့ မရှိ၊ သူ့သဘော သူဆောင်နေကြတဲ့ သဘောတွေပါလား၊ ဖြစ်လာသမျှ ပျက်သွားရတဲ့ သဘောကို ရှုမှတ်ပါ။ အသေးစိတ်

ရှုမှတ်နည်းဖြစ်တဲ့ ထိုင်ပုံ၊ မှတ်ပုံ၊ စင်္ကြံသွားပုံ နည်းလမ်းအသေးစိတ်ကိုတော့ ကျောင်းထိုင်ဆရာတော် ဦးကဝိန္ဒက ညွှန်ကြားပြသလိမ့်မယ်။

နောက်ဆုံး ကမ္မဋ္ဌာန်းနည်းပြဆရာ ပြသမှု လိုက်နာအားထုတ်ရင် ဝိပဿနာဆိုတာ ဘာလဲဆိုတာ သိလိမ့်မယ်။ စာတွေဖတ်ရုံ၊ ဥပုသ်စောင့်ရုံ၊ ဒါနပြုရုံ၊ သက်န်းတွေ၊ ယောဂီရောင် အဝတ်တွေ ဝတ်ရုံနဲ့ မပြီး၊ တကယ့်ကို ဖွဲ့နဲ့ ကြိုးစားအားထုတ်ရတဲ့ လက်တွေ့တရားပါလား ဆိုတာကို သိမယ်။

အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာ ဘာလဲ ရှင်းလာမယ်။

သတ္တဝါဟူသမျှ သုခ၊ ဒုက္ခတွေ ရှိကြတာပဲ။ ဒီသုခတွေ၊ ဒုက္ခတွေဆိုတဲ့ အကျိုးတရားတွေဟာ ဘယ်ကစလဲ၊ သမုဒယဆိုတဲ့ တွယ်တာမှု အကြောင်းရင်းခံကြောင့် ဖြစ်ရတယ်။ အကြောင်းရင်းခံကို ပယ်သတ်နိုင်မှ ဒုက္ခ၊ သုခတွေကို ပယ်သတ်နိုင်တဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရောက်မယ်။ အပြီးသတ်ဘဝ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မရောက်ခင် တမဂ်တဖိုလ်ကို မျက်မှောက်ပြုနိုင်ရင်ပဲ ဘယ်လောက် စိတ်အေးချမ်းသာတယ်ဆိုတာ တကယ်အားထုတ်ဖူးသူတိုင်း သိတယ်။ အဲဒီ စိတ်နှလုံး အေးချမ်းစေနိုင်တဲ့ တမဂ်တဖိုလ်ကို လိုချင်ရင် ဝိပဿနာလျှင် ရှေ့ဆောင်ရှိသော မဂ္ဂင်ရှစ်ပါး ယာဉ်ရထားကို စီးသွားပါ။ ဤလမ်းကသွားသော် အေးချမ်းသော အကျိုးတရားကို ရမယ်။

ဒါကြောင့်လည်း ဝိပဿနာ ကျင့်ကြံအားထုတ်သောလမ်းသည် သောကအားလုံး ချုပ်ငြိမ်းရာသို့ ရောက်စေသော တခုတည်းသော မွန်မြတ်တဲ့ လမ်းပါလို့ မြတ်ဘုရား ဟောခဲ့တယ်။

ဝိပဿနာတရားကို အပျော်တမ်း ပျော်ပွဲစားထွက်သလိုတော့ ထင်မှတ်မမှားလိုက်ပါနဲ့၊ တခါ အားထုတ်ဖူးရုံနဲ့ အေးတန်သမျှ မအေးသေးဘူး၊ ကိုပူလောင်တွေ၊ မပူလောင်တွေဘဝပဲ ရှိနေသေးရင် ငါ့ကိုက ဆရာပြတာ သေချာစွာ မလိုက်နာသေးဘဲ အမှတ်မှားနေပါလားဆိုတာ သတိရပြီး ပြန်လည် အားထုတ်ပါ။ ကိုယ့်အမှားကို မြတ်စွာဘုရားတရားတော်နဲ့ ရိပ်သာအပေါ် အပြစ် မပုံလိုက်ပါနဲ့။

အခုလည်း ဆရာတော် ဦးကဝိန္ဒကျောင်းကြီးကို ရေစက်ချလှူတဲ့ ကျောင်းအမ ဒေါ်သောင်းစိန်နဲ့ ဒေါ်စိန်စီလည်း ဒါနတွေသာ ပြုတယ်၊ သီလသာ ဆောက်တည်တယ်၊ ဝိပဿနာ တရားကိုတော့ ခါးလေးတညောင်းတထိုင်တောင် မထိုင်ဖူးဘူးလို့ ဆရာတော် သိရတယ်။ တရားအားထုတ်ဖြစ်အောင် ကြိုးစားပါဦး။

ကဲ... ဒုလ္လဘ ရဟန်းဘဝ တလဝတ်ရင်းက ဝိပဿနာတရားကို အားထုတ်ခြင်းဖြင့် နိဗ္ဗာန် မျက်မှောက်ပြုရာ မဂ်တရား ဖိုလ်တရားကို

ရရှိပါစေသတည်း

အတွက်ရေ... မဟာစည်သာသနာ့ရိပ်သာက ဆရာတော် ဦးကဝိန္ဒ တရားဟောပြောပုံဟာ မွေးအဖို့ သိပ်ထူးခြားနေတာပဲ။ အရင်က ရဟန်းခံရှင်ပြုပွဲမှာ တရားနာချိန်ဆို အနည်းဆုံး ၂ နာရီလောက် ကြာတယ်။ အစ္ဆဲ၊ အပဟဲတွေနဲ့ ဘုန်းကြီးတွေဆိုလည်း မဆုံးနိုင်တော့လို့ ခါးကို တွန့်လိမ်ပြီး ဖင်ပူအောင် နာရတယ်။ ပါဠိပါဠ်သားနဲ့ ဟောတဲ့ ဘုန်းကြီးကျတော့လည်း ဓမ္မပုခက်နဲ့ သိပ်သလား အောက်မေ့ရတယ်။ ကိုယ်က ဘုန်းတော်ကြီးလို စာမတတ်လေတော့ ပါဠိကို နားမလည်ဘဲ အိပ်ချင်လိုက်တာ။ မွေးတို့ ဘာပဲပြောပြော ခေတ်လူငယ်တွေမို့လား၊ ဗုဒ္ဓဘာသာ ဆိုပေမင့်လည်း တရားနာရမယ်ဆိုရင် ပျင်းချင်တယ်၊ ခုတခါတော့ ဒေါ်လေးစီ အလှူကို နောက်ကျခံပြီး သွားတာ မွေးအတွက် ကောင်းကွက်ကို သွားတိုးနေမိတယ်။ ဘုန်းကြီးလည်း တရားဟောပြီးရော ဒေါ်လေးစီက ထလာတယ်။

"မွေးကလည်း သူစိမ်းကျနေတာပဲ နောက်ကျလိုက်တာ" တဲ့။

"လာလာ အုန်းနို့ခေါက်ဆွဲ စားရအောင်၊ ခင်မမတို့၊ မြင့်လွင်နိုင်တို့လည်း ရောက်နေတယ်။ တခါတည်းစား၊ ကိုယ့်အမျိုးတသိုက်ပဲ၊ ဘယ်သူမှ သူစိမ်း မဖိတ်ပါဘူး" တဲ့။

မွေးလည်း ဒေါ်လေးစီခေါ်ရာ ဒေါ်ခင်မမတို့ဝိုင်းကို ဝင်ထိုင်မိတယ်။ မွေးအတွက် စားစရာပွဲသစ်ကို မိုနာနဲ့ ရှိလာက ပြင်ပေးနေတာနဲ့ စောင့်ရင်း ဒေါ်ခင်မမနဲ့ ဧည့်သည်တယောက် စကားပြောနေတာ မွေး နားထောင်နေမိတယ်။

ဧည့်သည်အမျိုးသမီးက ဒေါ်ခင်မမကို ပြောပြနေတယ်။

"ကျွန်မမှာ တနည်းလှည့်ပြီး စိတ်ဖြေရတယ် ဒေါ်ခင်မမရယ်၊ ကျွန်မတို့ တပ်မတော်သားကို လက်ထပ်ယူထားသူတွေဟာ သတ္တိတော့ မကြောင်လှပါဘူး။ တနေ့သော် သူတို့ဟာ စစ်မြေပြင်မှာ ကျဆုံးရမှာပါပဲလို့ ယူဆထားပါတယ်။ ခုတော့ ကိုကြီး ဆုံးသွားပုံက သေပါတယ် ဆိုတာတောင် မယုံနိုင်သလိုဘဲ။ ဒါပေမင့် သူဆုံးခါနီးမှာ ကျွန်မကလေ ကိုကြီး ငြိမ်လှချေလား၊ ခံသာရဲ့လားဆိုတော့ ကိုကြီး ဝေဒနာကို မပြတ် ရှုမှတ်နေပါတယ်လို့ ပြောတယ်။

ခုတော့လေ ဒီစကားသံကို ပြန်ကြားမိတိုင်း ငါ့ရဲ့ခင်ပွန်းဟာ သေခါနီး သွေးရူးသွေးတန်းနဲ့ မကောင်းတဲ့ဇောတွေပြန်ပြီး သေရတာမျိုး မဟုတ်ဘူး။ ဘိန်းစားလို ဘိန်းမူးပြီး မူးမူးမေ့မေ့နဲ့ သေရတာမျိုးလည်း မဟုတ်ဘူး။ သူ သမာဓိအားကောင်းကောင်းနဲ့ ဝေဒနာကို နိုင်အောင်မှတ်ပြီး ကောင်းသောသေခြင်းပါလားလို့ စိတ်ဖြေရတယ် ဒေါ်ခင်မမ။

လင်ကိုလေ အပါယ်လားအောင် လုပ်တာလည်း ဒီမိန်းမတွေပဲ။ လင်ကို မျက်မှောက် အကျိုးတင် ကောင်းအောင် ပြုစုရုံတင် မဟုတ်ဘူး၊ ဘဝကူးကောင်းအောင် တမလွန်မှာ ငြိမ်းအေးမယ့် ဘဝသစ်တဖန် ပြန်မဖြစ်တဲ့ နိဗ္ဗာန် မျက်မှောက်ပြုနိုင်အောင် လုပ်ပေးနိုင်တာလည်း ဒီမိန်းမပဲ။ ကဲ... ကျွန်မက ရောက်တာကြာပြီ၊ ပြန်တော့မယ်။ ဦးအောင်ကြီးနဲ့ ကျွန်မက သိပ်ခင်တာ”

ဆိုပြီး ညှို့သည်အမျိုးသမီးဟာ ဒေါ်ခင်မမကို နှုတ်ဆက်ပြီး ထသွားတယ်။ သူ့စကားပြောသံဟာ တည်ငြိမ်တယ်၊ စကားလုံးကတော့ တလုံးနဲ့တလုံး လေဆက်နေးတယ်။ တမင်လုပ်ပြောနေသလိုပဲ၊ အဲဒီအမျိုးသမီး ခပ်လှမ်းလှမ်းရောက်မှ –

“သူ့ကို သိလား” တဲ့။ ဒေါ်ခင်မမက မေးတယ်။

“မသိဘူး” လို့ မွေးက ဆိုတော့...

“စာရေးဆရာမ ခင်နှင်းယုတဲ့၊ ကျန်းမာရေး ခုမှ ကောင်းလာတာတဲ့၊ စကားပြောတာတော့ အရင်လို မသွက်သေးလို့ လေဆက်သိပ်မမီဘူး” တဲ့။

ဒေါ်ခင်မမက ပြောတယ်၊ ပြီးတော့ ဆက်ပြောတယ်။

“ခင်နှင်းယုက ပွဲတွေ့အမြတ်တရား ဆိုတဲ့စာတမ်းကို ရေးထားတယ်။ ဓမ္မဒါနအဖြစ် လှူဖို့ဟာ စက္ကူပြဿနာ မပြေလည်သေးလို့ လက်နှိပ်စက်နဲ့ရိုက်ပြီး ဦးအောင်ကြီး ရဟန်းခံမှာ ဝေတယ်။ အားလုံးမှ ကော်ပီ ဆယ်ခုလောက်ပဲ ရှိမယ်။ မမ ရထားတာကို မွေးလည်း ဖတ်သင့်တယ်” ဆိုပြီး ပေးလိုက်တယ်။

မွေးလေ သူ ထသွားရာကို ခုမှ လှမ်းကြည့်မိတယ်။ မွေးထက် အသက်ကြီးပုံ ရတယ်။ မျက်မှန်လည်း တပ်လို့၊ သူ့ကို မြင်ရတာ ဘာဖြစ်လို့မှန်း မသိဘူး၊ မွေးရင်ထဲ အေးလိုက်တာ။ သူက သူ့စကားထဲမှာ “တပ်မတော်သားကို ယူထားတဲ့ အမျိုးသမီးတွေဟာ” ဆိုတဲ့ စကားလုံး ပါလာတော့ ဘဝတူချင်းဆိုတဲ့ စိတ်က လှုံ့ဆော်လို့လားမသိ မြင်မြင်ချင်း ချစ်မိတယ်။

အိမ်ရောက်တော့ ဒေါ်ခင်မမ ပေးတဲ့ “ပွဲတွေ့အမြတ်တရား” ဆိုတဲ့ ခင်နှင်းယု ရေးတဲ့စာကို ဖတ်မိတယ်။ ဆုံးလည်းဆုံးရော တရားအခံ မရှိလေတော့ မျက်ရည်သွယ်သွယ် ကျမိတယ် အတွက်ရယ်။

ဒါပေမဲ့ သတိချက်ချင်းဖြစ်လာတာကတော့ ဖြစ်ပြီးတာတွေ ရှိစေတော့၊ ခင်နှင်းယုဟာ သူ့ချစ်သူကို မျက်မှောက်ဘဝမှာတင် တတ်နိုင်သလောက် ပြုစုတာ မဟုတ်ပါဘူးတဲ့။ တမလွန် ဘဝမှာ ကောင်းကျိုးအတွက်လည်း အေးချမ်းငြိမ်သက်အောင် သူဟာ ဝိပဿနာတရားကို သူ့ခင်ပွန်းသည်

အားထုတ်ဖြစ်အောင် ကြိုးပမ်းခဲ့မိလို့ သူတို့နှစ်ယောက် သေကွဲ ကွဲသော်လည်း သူ စိတ်ဖြေသာပါသတဲ့။ သူပြောတဲ့စကားကို ကြားယောင်နေတယ်။ ခုမှ မွေးဟာ "ကိုကိုနိုင်ရဲ့၊ ဝိပဿနာတရားကို အားထုတ်ပါဦး" လို့ လိုက်ပြောလို့လည်း မဖြစ်၊ မွေးကိုယ်တိုင်ကလည်း ဝိပဿနာဆိုတာ ဘာလဲလို့ အစတောင် မသိတဲ့ဘဝ။

ဒီတော့ မွေး စဉ်းစားမိတယ် အတွတ်။

ခင်နှင်းယုရေးတဲ့ "ပွဲတွေ့ အမြတ်တရား" စာတမ်းကို ဒီစာနဲ့အတူ ပေးလိုက်တယ်။ အတွတ် သေသေချာချာ ဖတ်ပါနော်။ တဖြည်းဖြည်း ဖတ်မှ သူ့စာရဲ့အရသာက တမြည့်မြည့် ခံစားရမှာ။ ကုသိုလ်ကြမ္မာ အတိတ်ကံက မပါခဲ့လို့ အတွတ်နဲ့မွေး တဏှာရာဂနဲ့ မချစ်မိဘဲနဲ့ မောင်နှမလို ချစ်ကြတာ၊ တကယ်ကတော့ ယောကျ်ား သူစိမ်း သူငယ်ချင်းထဲက ရင်းရင်းနှီးနှီး ပထမဆုံး တွေ့သူဟာ အတွက်ပဲ။

မွေးဘဝမှာ ဇနကမင်းသားလို ကျောက်ဖျာမှာ စံတဲ့ကိန်း မရောက်ခင် သမုဒ္ဒရာ ကူးခန်းကို ကြုံခဲ့တယ်လေ။ ပလက်ဖောင်းပေါ်မှာ မအိပ်ရရုံတမည်ဘဲ။ အစေခံတန်းလျားမှာနေ၊ မစားဖူးတဲ့ လမ်းဘေးက ထမင်းဆိုင်မှာ စားရတဲ့အဖြစ်၊ ကိုယ့်ဘဝ အဲဒီလို ဖြစ်နေရပါလားရယ်လို့ မိဘတွေသိရင် ရင်ကျိုးမှာစိုးလို့ မေမေတို့ မသိအောင် ဖုံးရဖိရတာတမျိုး။

အသည်းလှိုက်အူလှိုက် ချစ်ရပါတယ်ဆိုတဲ့ ကိုတင်အောင်ထွန်း ချစ်ဦးသူက တက္ကသိုလ်မှာ အပျော်ကြူးပြီး ငယ်ချစ် မိန္ဒွေမွေးကို အမေ့ကြီး မေ့နေချိန်မှာလည်း အစေခံတန်းလျားမှာ မွေးကို လာတွေ့ပြီး အားမငယ်ဖို့၊ စိတ်ဓာတ်မကျဖို့ အစဉ်အားပေးသူကလည်း အတွတ်ပဲ။ ခုခေတ် တချို့ မိန်းကလေး၊ ယောကျ်ားလေးတွေနဲ့များ မွေးတို့ ဆုတောင်းချင်း မတူလိုက်တာနော်။ ခုခေတ်များ သူတို့ အသည်းကွဲဝေဒနာတို့၊ အဆွေးနာတို့ကို မိဘထမင်းကို ထိုင်စားရင်း ကံ့ကော်ရိပ်မှာ၊ ပိတောက်ရိပ်မှာ၊ တမာရိပ်မှာ မိန်းမော ဆွေးမြည့်နိုင်ဖို့ အချိန်ရပဲ ရတယ်နော်။ သူတို့မှတော့ ကောင်းလိုက်တဲ့ကံ။

ငယ်ရာက ကြီးလာတော့ ဒီလူ့ဘဝ၊ ဒီသံသရာလမ်းမှာ အချစ်ဆိုတာ မကင်းဘူး၊ လျှောက်ဖူးသူတိုင်း သိတယ်။ မွေးတို့ဘဝက အလုပ် အလုပ်ဆိုတဲ့ အလုပ်သမားဇာတာ ပါတယ် ထင်ပါရဲ့။ ချစ်သူနဲ့ ကွေကွင်းရခြင်း ဆင်းရဲကို ခံရတာတောင် ကိုယ့်ရဲ့ အလွမ်းအဆွေးဒဏ် ထိထားတဲ့ အသည်းနှလုံးကို အသာလေး ထုပ်သိမ်းထားရတယ်။ လက်တွေ့ ထမင်းတနပ်စာ (ကိုယ့်မိဘရော၊ ညီမသားချင်းရော၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း အတွက်ရော) ထဘီတိုတိုဝတ်၊ အင်္ကျီလက်မောင်းပင့်ပြီး တခါတည်း လုပ်လိုက်ရတာနော်။ ညဉ့်အိပ်ခါနီး ပင့်သက်ချ နားနေချိန် ရောက်မှ နှလုံးသားမှာ ထိထားတဲ့ အချစ်ဒဏ်ရာကို ဖွင့်ကြည့်ရတယ်၊ ဆန္ဒန်းမှုနဲ့ သိပ်ရတယ်။

သြော်… ငါ့နှယ် ဖြစ်မှဖြစ်ရတယ်လို့ ကိုယ့်ကိုယ်ကိုယ်ပဲ သနားမိတယ်လေ။ ဟုတ်တယ် မညာချင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် မသနားလို့ ဘယ်သူ သနားမှာလဲနော်၊ ကောသလမင်းကြီးနဲ့ မလ္လိကာမိဖုရား ဒီစကားလုံးကြောင့် ပြဿနာဖြစ်ကြတာ ဘုရားသခင်ဆီတောင် ရောက်ကြတယ်။ ကောသလမင်းကြီးက မလ္လိကာမိဖုရားကို မေးသတဲ့။ "ဘယ်သူ့ကို အချစ်ဆုံးလဲ" လို့ မောင်တော်ဘုရားကို အချစ်ဆုံးပါလို့ အဖြေရလိမ့်နိုးနဲ့ မျှော်ကိုးမေးတဲ့ မင်းကြီးဟာ မလ္လိကာ မိဖုရားဆီက "ကိုယ့်ကိုယ်ကိုယ်သာ အချစ်ဆုံး" ဆိုတဲ့ စကားလုံးသာ ကြားရတော့ မကျေမနပ် အချစ်ပြဿနာတက်ပြီး ဘုရားသခင် ရှေ့တော်မှောက်တောင် ရောက်ခဲ့ရတယ်။ ဘလ္လာတိယပျို့ကို ဟောပြောပြပြီး သတ္တဝါတို့မည်သည် ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံးပဲ၊ မလ္လိကာမိဖုရားကြီး ဖြေတာ မှန်တယ်လို့ မြတ်စွာဘုရား ဟောပြရတယ်။

ခုလည်း မွေးမှာ ကိုယ့်ကိုယ်ကိုယ် သနားလိုက်ရတာလေ အမောပဲနော်။ မွေးလေ အာရောဂျံ ဆေးရုံမှာ ဆေးသွားကုနေတုန်းကလည်း တယောက်တည်း သိပ်အားငယ်နေတုန်းမှာ အနားရောက်ပြီး အားပေးပြုစုခဲ့တာလည်း အတွက်ပါပဲ။ ဒါကြောင့်မို့ ကိုကိုနိုင် ဆုံးချိန်မှာ မွေးထံပါးကို ပြေးမလာဘူးရယ်လို့ အတွက်ကို အာဃာတ မထားလိုပါဘူး အတွက်ရယ်။ မုန်းသွားတာတော့ မဟုတ်ဘူး၊ ကြောက်ရွံ့ခြင်းပြင်းစွာနဲ့ မတွေ့လို၊ မဆုံလို၊ မတွေ့ရဲတဲ့ ကိုတင်အောင်ထွန်း (ဖရက်ဒီ) ကိုတောင် မွေး အာဃာတမထား၊ ငါ့ကံတရားပဲလို့ စိတ်ဖြေ ခွင့်လွှတ်မိပါတယ် အတွက်ရယ်။

ခုချိန်မှာ အာဃာတတွေ မထားရမယ့်အချိန်ပဲဆိုတာ ကိုယ့်စိတ်ကို ဆုံးမနေရက်ပါပဲ။ အတွက်နဲ့မွေး သမုဒယဆိုတဲ့ ရက်ကန်းစင်မှာ သံယောဇဉ်ချည်မျှင်သစ်တွေ ဆင်ပြီး အကွက်ဆန်း ရက်ဖို့ ပြင်ဆင်နေချိန် ဖြစ်နေတယ်မို့လား အတွက်၊ ဗေဒင်ဆရာစကားလုံး သုံးရရင် ဇနကမင်းသား ကျောက်ဖျာပေါ် အိပ်နေတုန်း ဖုတ်သွင်းရထား ဆိုက်တဲ့ကိန်း မွေးမှာ ကြုံနေပြီ ကွဲ့။ ဘာပဲပြောပြော အတွက်ဟာ တဖက်သတ်အချစ်နဲ့ မွေးအပေါ်မှာ ချစ်ပြီး ဖွဲကောင်းကောင်းနဲ့ စိတ်ရှည်ရှည် စောင့်စားလာခဲ့တဲ့ တဖက်လူအချစ်ကိုလည်း မွေးက လေးစားပါတယ်။ တနည်းမဟုတ် တနည်းနဲ့ ပြန်လည် တုံ့ပြန်သင့်ပါတယ်။

နှပ်ကြောင်းမှာ ချည်မျှင်ရှည်တွေ သွင်းပြီးပြီဆိုတဲ့ နောက်လည်း အဆင်တမျိုး ပြောင်းရက်ဖို့တို့ ဘာတို့ဆိုတာ မလွယ်ပေဘူး အတွက်။ ပြီးတော့ ရက်ကန်းရက်တဲ့နေရာမှာလည်း စိတ်ပါလက်ပါ ပျော်ပျော်ရွှင်ရွှင်နဲ့ ရက်မှ လက်ခတ်သံ တလွင်လွင်နဲ့ လွန်းလေးသွားပုံကအစ သွက်မှ ပျော်စရာလည်း ကောင်း၊ အထည်လည်း ပြီးလွယ်တယ်နော်။

နှပ်ကြောင်းကြားက ချည်မျှင်က တထောက်ထောက်ပြတ်လို့

ပြတ်ကြောင်းကို ရှာရ၊ ဆက်ရဆိုရင် အသက်အရွယ် ထောက်လာတော့ မလွယ်ဘူး။ ငယ်ရွယ်သူ မျက်စိကောင်းတွေလို ချည်မျှင် လိုက်ရှာရတာလည်း မလွယ်၊ အိုလေ... ချည်တထောက်ထောက် ပြတ်တယ် ဆိုကတည်းက ဘယ်ကောင်းမလဲ။

ဒါပေမဲ့လည်း ချည်မျှင်ကလည်း မစိုးမပိုင်သဘော ဆိုတော့ မပြတ်ပါနဲ့ကွယ်ရယ်လို့ ပြောလို့ ရမှာ မဟုတ်ဘူး။

ဒါကြောင့် ခင်နှင်းယုလိုပဲ တို့များ နှစ်ယောက်လည်း တို့ရက်ကန်းမှာ ချည်မတင်ခင် ဝိပဿနာတရားကို စမ်းပြီး အားထုတ်ကြည့်ရအောင်နော်။ အတွတ်ကိုလည်း မွှေးက သံသရာ့ကျွန်၊ တဏှာကျွန်၊ ထဘီရဲ့ကျွန် ဖြစ်ရုံလောက်ပဲ ချစ်ရင်တော့ အတွတ် မွှေးကိုချစ်ရင်း နစ်သွားမှာ စိုးပါတယ်။

မွှေးပေးလိုက်တဲ့ ခင်နှင်းယုရဲ့ “ပွဲတွေ့အမြတ်တရား စာတမ်း” ကို ဖတ်ပြီးရင် မွှေးရဲ့ တောင်းဆိုချက်ကို စဉ်းစားပါ။ အတွတ်လေ ပေလီက ပြန်လာခဲ့နော်၊ ပြန်မယ့်ရက်ကို သံကြိုးရိုက်၊ မွှေး လေယာဉ်ကွင်းက ဆင်းကြိုပါ့မယ်။

ပြီးတော့ အိမ်ရောက်ရင် တပတ်လောက် အနားယူပါ အတွတ်ရယ်။ အတွတ်ရဲ့သားကြီး ရစ်ချတ်ရယ်၊ ကိုကိုနိုင်ရဲ့သား မြင့်လွင်နိုင်ရယ် မဟာစည်သာသနာ့ရိပ်သာမှာ ဒုလ္လဘ ရဟန်းခံပါကွယ်၊ မွှေးက ရဟန်းအမ လုပ်မယ်၊ အတွတ်တို့လည်း ရဟန်းဘဝနဲ့ ဝိပဿနာတရားကို အားထုတ်ပါ၊ မွှေးလည်း ရိပ်သာမှာ တခါတည်း တရားဝင်မယ်။ ဝိပဿနာဆိုတာ ဘာလဲ၊ တမဂ်တဖိုလ်၊ နိဗ္ဗာန်ရောက်ကြောင်းတရား ဆိုတာ ဘာလဲဆိုတာကို လက်မထပ်ခင် မွှေးနဲ့ အတွတ် သိရရင် မကောင်းပေဘူးလား၊ ခင်နှင်းယုတောင် လက်မထပ်ခင်က တကြိမ် အားထုတ်ဖူးတယ်။

ဒါကြောင့် သူဟာ ဘဝမှာဖြင့် သူသူငါငါလို စွဲလမ်းမှု သမုဒယတွေကြောင့် ဒုက္ခမျိုးစုံ တွေ့ရတာတွေ၊ သူ့ခင်ပွန်းသည်အတွက် ပူပန်မိတာတွေအတွက် သူ ခံသာနေဟာတဲ့၊ ငါ့လင် တရားမှ အားထုတ်မသွားရဘူးလို့လည်း နောင်တ တဖန် မဖြစ်တော့ဘူးတဲ့ အတွတ်ရယ်၊ တကယ့်ကို သေရဲ နေရဲတဲ့ တရားတဲ့။

မွှေးလေ ပရိက္ခရာ အစုံကို ဝယ်ပြီး အသင့် စောင့်နေမယ်နော်။

■

အတွက်ရေ...

အတွတ်ရဲ့စာ နိဂုံးချုပ်မှာ ရှင်တေဇောသာရရဲ့ ကဗျာ လွှမ်းမိုးခံရတဲ့သူပီ၊ ရှင်တေဇောသာရရဲ့ ကဗျာကို ဖော်ပြထားတာကို မွှေး ဖတ်ရတယ်။ မူရင်းကဗျာကို

စကားလုံး တလုံးပြောင်းပြီး ရွတ်ဆိုခွင့် တောင်းထားတာကိုလည်း မွေး ဖတ်ရတယ်။ အတွက်က မဆိုးပါဘူးကွဲ့၊ ဆရာဝန် ဆိုပေမင့် ကဗျာဉာဏ်ရှိသားပဲနော်။ အတွက်စာထဲ ရေးပြသလိုပဲ -

"စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်

မြင်လျှင်ပင်ကို၊ ကြိုးပါလို၏

ကုသိုလ်ကြမ္မာ၊ မီကောင်းပါရဲ့" လို့ ဆိုတဲ့ ဆုတောင်းလည်း ပြည့်စေချင်ပါတယ်။

မွေးကတော့ ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာတွေ အများဆုံး လွှမ်းမိုးခံရသူဆိုတော့ မွေးလည်း ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာတပိုဒ်ကို ရေးသားပြပါရစေ။

"ပုရေနိသင်၊ ဆက်တိုင်းကြင်၍

အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်

ထပ်ရစ်လက်သင်၊ ထုံးစတွင်၌

သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်

ဆရာမိဘ၊ ကွပ်ဆုံးမလည်း

ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု

သန်းခေါင်မဟူ၊ အတူယှဉ်နွဲ့

သန်လွဲမခန့်၊ အသက်စွန့်၍

ဝေးခွန့်ခရီး၊ ချုံကြီးတောစုံ

ဝါးရုံဝါးစေး၊ သစ်ကျားဘေးကို

မတွေးဆံဖျား၊ မလေးစားတည့်

တရားသံဝေ၊ အောက်မေ့ချေသော်

ကြေးရွှေဂဟော၊ မစပ်ချေသို့

စာပေတတ်ပွန်၊ ခမ္မကွန်နှင့်

ကျမ်းဂန်သိမြောက်၊ ပဋ္ဌင်းရောက်က

ထပ်လျောက်ကြင်ဖွယ်၊ ရှေးသောနှယ်ကို

အဘယ်ကြိုးရှာပေတော့မည်။

ချမ်းမြေ့ရွှင်လန်းပါစေ။

အတွတ်ရဲ့ မကျည်းတန်

၅-၇-၇၅

အခန်း (၇)

ပွဲတွေ့ အမြတ်တရား

ပျို့သက်တမ်းမှာ ရာမပြည့်သေးသော်လည်း၊

ညို့ရမ္မက်လွမ်းနာ အသားပျက်ဆွေးတွေက

နှလုံးမှာ စကာကွက်ကလေးလိုပ၊ မြေးယှက်လို့ ရာထောင်ချီ။

“မယ့်သည်းအိမ် ဘာနှင့် ထေးပါ့မလဲ” တဲ့

ဆေးမတွေ့ အထင်ရှိသူက၊ ကူမည့်ဟန် ကရုဏာဖြင့် မေးပြန်တော့၊

လမ်းကလေးသာသာမှာ၊ ပန်းဖွေးဖွေး ကမ္ဗလာကို ထပ်ခါမက်ရင်ဖြင့်

ဆက်လိမ့်မည် သံသရာကြောင့် “တန်ပါပြီဘုရား”

သမားအကျော်အမော်က၊ အပေါ်ယံ အနာကျက်ဆေးတွေနဲ့

အေးပါစေ သဒ္ဓါနှင့် ပေးသော်လည်း

သည်အဆွေး သည်အနာက ပြည်တည်ရာ လှိုက်ကာစားပြီမို့

လောကီဟန် ကုကာစားပေမင့်၊ ပွားလို့ဖြင့် ရှင်မကြည်။

သူ့အမေး မယ့်အဖြေ မပြေတဲ့ သည်စကား

တရားတကယ်မြင်တော့၊ ပျက်အစဉ် ပြင်ခဏပေပ

စိတ်အလျဉ်ကို အတိတ်တွင် အမျှင်သတ်ပါလို့

ယှဉ်သမျှ သမုဒယအညီ၊ ဆက်ရှည်လို့ မေ မပွား

အဖြစ်အတည်ရယ်လို့လည်း မေ မထား။

“အနာဂါမ် မယ် မဟုတ်ပါဘုရား” ကမ်းလက်ကို မေ မဆုပ်သည်က

ပစ္စုပ္ပန် အနေချုပ်ပြီမို့၊ သည်းပုပ်နာ ပြည်စိုစိုနဲ့၊ ချစ်တေးကို မဆိုချင်ဘု

လမ်းအိုတွင် ပန်းညိုကောက်ပါလို့

မလှမ်းသာ အလွမ်းတရာ အနာပြည့်သော်လည်း

အသည်းတမြည့်မြည့်ကျွမ်းအောင် အမှတ်မမှားတော့ပါဘု

(သခင်ရယ်...) ပွဲတွေ့အမြတ်တရား။

■

"တခါတုန်းကပေါ့၊ ကူးတို့သမားတယောက် ရှိတယ်။ သူက မြစ်တဖက်ကမ်းကနေ တဖက်ကမ်းကို ခရီးသည်တွေတင်ပြီး ကူးခပ်နေရတာ နေ့တိုင်းပဲ။

မိုးရာသီရဲ့ တနေ့မှာ ခရီးသည်များများ မရှိဘူး။ ဆာဒူးကြီးတယောက်တည်း သူ့သမ္ဗန်ပေါ် ပါလာတယ်။ ဆာဒူးကလည်း အကျင့်သိက္ခာနဲ့ ပြည့်စုံပြီး တရားလည်း အားထုတ်တဲ့အပြင် စာလည်းတတ်တယ်။ ကူးတို့သမားကလည်း သူ့သမ္ဗန်ကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ လှော်ခတ်လာတယ်။

ဆာဒူးကြီးဟာ ငြိမ်ငြိမ်သက်သက် ထိုင်နေရာက ကူးတို့သမားကို လှမ်းမေးတယ်။ "မင်း စာတတ်လား" တဲ့။

ကူးတို့သမားကြီးက "စာမတတ်ဘူး" လို့ ရိုးရိုးသားသားပဲ ပြန်ဖြေသတဲ့။ အဲဒါနဲ့ သူတို့သမ္ဗန်လည်း မြစ်လယ်ထဲရောက်ရော မမျှော်လင့်ဘဲ ကောင်းကင်မှာ မိုးသားတွေ မည်းမှောင်လာပြီး လေကျလာတော့မယ့် အရိပ်အယောင်တွေ ပေါ်လာတယ်။

သမ္ဗန်သမားက ဆာဒူးကြီးကို လှမ်းမေးသတဲ့။

"ဆာဒူးကြီး ရေကူးတတ်လား" တဲ့

ဒီတော့ ဆာဒူးကြီးကလည်း "ရေမကူးတတ်ဘူး" လို့ ဖြေသတဲ့။ သမ္ဗန်သမားက ပြောတယ်။

"ဆာဒူးကြီး၊ တရားဓမ္မလည်း အားထုတ်ထားလို့ ကျွန်တော် အများကြီး ကြည်ညိုပါတယ်။ စာလည်း တတ်မြောက်ပါပေတယ်။ ခုတော့ဖြင့် မြစ်လယ်မှာ မိုးသက်မုန်တိုင်းကျပါတော့မယ်။ ကျွန်တော်တော့ တတ်နိုင်သလောက် ကြိုးစားမယ်။ သမ္ဗန်မနစ်ရအောင်နဲ့ မုန်တိုင်းက လွတ်အောင်ပါပဲ။ ဒီနေရာမှာတော့ ဆာဒူးကြီးရေ၊ စာတွေတတ်ဖို့ထက် ရေကူးတတ်ဖို့ ပိုအရေးကြီးပါတယ်။ သမ္ဗန်မှောက်ရင် ဆာဒူးကြီး ရေကူးတတ်မှ ရေနစ်မသေဘဲ ဒီမုန်တိုင်းက လွတ်မှာလို့ ပြောသတဲ့။

"ဒီပုံကို ကြားဖူးလား ဒကာမကြီး"

သိမ်ဖြူ ဆရာတော်ဘုရား အရှင်နာဂသေနာဘိဝံသသည် ပုံပြင်ကို ဤနေရာတွင်ရပ်၍ ကျွန်မကို ဤမေးခွန်း ဆက်မေး၏။

"တပည့်တော် မကြားဖူးပါ ဘုရား" ကျွန်မက ဖြေ၏။

"အေး... ဒကာမကြီးလည်း စာတွေ ရေးတတ်ပြီး ကလောင်တချောင်းပိုင်တဲ့သူ ဖြစ်ပေမယ့် အခု မြစ်ကို ကူးနေရပြီ၊ မိုးသက်မုန်တိုင်းလည်း ကျလာနေပြီ။ စာ ဘယ်လိုတတ်ပေမင့် ရေကူးတတ်ဖို့ လိုတယ်နော်"

ဆရာတော်ဘုရား၏မိန့်ခွန်းသည် တိုတိုနှင့် လေးနက်ကျယ်ပြန့်လှပါ၏။ ကျွန်မ၏ သွေးချိုန် လျော့ကျသော ရောဂါနှင့်တကွ သွေးထဲတွင် သွေးနီဥများ နည်းပါးသောရောဂါကို အမျိုးမျိုး ကုသပါသော်လည်း ကု၍ မရသည်မှာ ၁၀ နှစ် ကျော်ခဲ့ပြီ။ သွေးအစစ်ကို သွင်း၍ ကုသော်မှ မရခဲ့ပါ။

နောက်ဆုံး ကျွန်မ၏ ဆရာမကြီး ဒေါ်သန်းဆွေ (မြန်မာစာကထိက) သည် ကျွန်မအား ဆရာတော်ဘုရားထံ ခေါ်ယူ၍ ပြသ ကုသစေပါသည်။

နှလုံးအားနည်းရုံတင်မက တခြားသော ခန္ဓာကိုယ်တွင် အလုပ်လုပ်ရသော အစိတ်အပိုင်းတိုင်းလိုလို အင်အားလျော့ပါးနေပြီဖြစ်၍ သည်းခံပြီး စိတ်ရှည်စွာ အကုအသခံရန် ဆရာတော်က ပထမဆုံး ကတိတောင်း၏။ နှလုံးရောဂါ အစစ်သာဆိုလျှင်လည်း သူ အာမခံနှင့် ကုသနိုင်ကြောင်း ပြောပြပါသည်။

ကျွန်မရောဂါအခြေအနေကိုလည်း နှစ်ရှည်စွာ ခံစားလာရပါသောကြောင့် ဆရာဝန်ကြီးများ ဖွင့်မပြောတောင် ကျွန်မဘာသာတော့ ကျွန်မ နားလည်သိရှိလာပါသည်။

ဆရာတော်သည် နှလုံးအားဆေး၊ အစာစားပြီး အစာကြေ လေသက်နိုင်သောဆေး၊ အဖောအရောင် ကျဆေး၊ သွေးနီဥများ အားကောင်းရန် သံဓာတ်ပါသောဆေး စသည်များကို သူ့အချိန်နှင့်သူ သောက်ရန်ပေးသည့်အပြင် ဓာတ်စာကိုပါ အတိအကျ စားရန် ပေးခဲ့ပါသည်။

"တချို့လူတွေက မင်းရောဂါကို ကျောက်ကပ်ဖောထင်ပြီး ရေတွေသောက်ခိုင်းလည်း နင်းကန်မသောက်နဲ့။ မင်းဖောတာတွေဟာ ကျောက်ကပ်ဖော မဟုတ်ဘူး" ဟု ဆရာတော်က သတိပေး၏။ ဆေးများကို ရေနွေးနှင့်သာ သောက်စေ၍ သောက်ရေကိုလည်း ရေကျက်အေးကိုသာ သောက်ခိုင်းပါသည်။ ရေအေးချိုးခိုင်း၍ ရေအေးချိုးချိန်ကို နံနက် ၁၀ နာရီမှ ၁၂

နာရီအတွင်းသာ အချိန်ပေးပါသည်။

ဆရာတော်ထံ ကျွန်မသွားပြစက လူတွဲ၍ သွားရသည့်အပြင် ခေါင်းမတ်မတ်ထား၍ မရပါ။ မော်တော်ကားစီးလျှင်ဖြစ်ဖြစ်၊ ဝမ်းသွား၊ ဆီးသွားလျှင်ဖြစ်ဖြစ် တယောက်ယောက်က ခေါင်းကို အစဉ်ကိုင်ထားရပါသည်။

တနှစ်ကြာ၍ လာသောအခါ ယခင်က သွေးချိန်တိုင်း သွေးချိန် (၁၀၀) မကျော်သော ကျွန်မသည် ၁၀၀ ပြည့်၍ လာပါသည်။ ယခင်က ၁၀၀ မပြောနှင့် ၉၀ ပြည့်ရန် ခဲယဉ်းသည့်အပြင် အထူးသွေးအားလျော့ချိန်တွင် ၅၀ အထိ လျော့ကျသွားတတ်ပါ၏။

ဆရာဝန် ဒေါ်မြမြအေးက "လူတယောက် ရုတ်တရက် သေသွားတောင် သေခါနီး သွေးချိန်ဟာ မယုလောက် မလျော့ဘူး။ အစစ သတိထား၊ လမ်းသွားလည်း တယောက်တည်း မသွားပါနဲ့" ဟု သူ အစဉ်သတိပေး၏။ သူ့ဆေးတိုက်တွင် ၂ လနီးနီး အခန်းခ မယူဘဲ အနားယူစေကာ ဆရာဝန်ကြီး ဦးမင်းစိန်နှင့် ကုသစေပါသည်။ ကျွန်မ၏ခင်ပွန်းသည် ဆုံးပြီးမှ သိမ်ဖြူဆရာတော်၏ ဆေးကုသမှုကို ခံယူခဲ့ပါသည်။

ဆေးကုသစဉ် ထိုပုံပြင်ကို ဆရာတော်ဘုရား ပြောပြသည်မှာ ပြောသင့်ပါသည်။ ဆရာတော်သည် ကျွန်မအား လူစုလူဝေးမှ ရှောင်ရှားနေရန်၊ စကားမပြောရန်၊ ပရိတ်ရွတ်ဖတ်သည် ကိုမှ စိတ်ထဲမှသာ ရွတ်ရန်၊ အသံထွက် မရွတ်ဖို့နှင့် ဆူညံသောအသံ ဟူသရွေ့ နားမထောင်ရန်၊ အမြင့် မတက်ရန်များကအစ အသေးစိတ် ညွှန်ကြား၏။ ရှောင်ရန်နှင့် စားရန်ကိုလည်း ခတ်စာ အတိအကျ ပေးပါသည်။ (အထူးရှောင်ရသည်မှာ ၅ မျိုး ဖြစ်ပါသည်။ ဝက်သား၊ ဘဲသား၊ မြေပဲ၊ အုန်းနို့နှင့် သခွားသီး ဖြစ်ပါသည်။) ဆရာဝန်များ မပေးသော ငါးခူ၊ ငါးပိချက်၊ အရည်ကျိုငါးပိနှင့် မှျင်ငါးပိကို စားခွင့်ပြု၏။ ငါးပိကြိုက်သော ကျွန်မသည် ငါးပိ စားရကတည်းက ထမင်းမြိန်လာပါ၏။ ယခု နောက်ဆုံးသွေးချိန်မှာ အပေါ် ၁၁၀၊ အောက် ၈၀ ဖြစ်လာ၏။ ကျွန်မတသက်တွင် မတက်လာဖူးသောသွေးချိန် (Blood Pressure) ဖြစ်ပါသည်။ လူသေလို အစဉ် ဖြူဖွေးနေသော ကျွန်မနှုတ်ခမ်းဖျားသည် ယခု နှုတ်ခမ်းနီ မဆိုးရဘဲ ပန်းနုရောင် ဖြစ်လာ၏။

ကျွန်မ၏ အခြေအနေ ကျန်းမာရေး ကောင်းလာသည်ကို ဆရာတော်အား ဝမ်းသာအားရ လျှောက်ထားလိုသော ဆရာမကြီး ဒေါ်သန်းဆွေသည် ကျွန်မကို လာခေါ်၏။ ကျွန်မကလည်း "ကျွန်မ၏ချစ်သူ" စာတအုပ်လည်း ရေးပြီးကြောင်း ဆရာမကြီးအား ဝမ်းသာအားရ ဆီး၍ ပြောလိုက်၏။

"ကဲ... စာအုပ်ယူခဲ့ပါ၊ ဆရာတော်ဘုရားကို ကန်တော့ရင်း ကျန်းမာရေး ကောင်းလာကြောင်းလည်း ပြော၊ စာအုပ်လည်းကပ်" ဟူ၍ ဆရာမကြီးက ပြောပါသည်။

ဆရာတော်ဘုရားထံ ရောက်၍ ကျွန်မအလှည့်တွင် ရောဂါအခြေအနေကိုလည်း မေး၏။ ကျွန်မ ဆက်ကပ်သော စာအုပ်ကိုလည်း လက်ခံ၏။ တခု ထူးထူးခြားခြား မေးသည်မှာ "ဒကာမကြီး ဒီမလာခင် ဘာဟင်းနဲ့ စားလာလဲ" ဟူသော မေးခွန်း ဖြစ်၏။

"တပည့်တော် ငါးသလောက်နဲ့ ပုန်းရည်ကြီးဟင်း ချက်စားလာပါတယ် ဘုရား"

ဆရာတော်ဘုရားသည် ကျွန်မ၏အဖြေကို ကြားရပြီးနောက် ဆောင်းပါးအစမှ ပုံပြင်ကို ပြောပါတော့သည်။ အပြန်ကားပေါ်တွင် ဆရာမကြီး ဒေါ်သန်းဆွေက ကျွန်မကို ပြောပြပါ၏။

"မယုကို ဆရာတော်ဘုရားပြောတဲ့ ပုံပြင်အဓိပ္ပာယ်ကို သဘောပေါက်လား"

"ရိပ်မိပါတယ် မမ"

"မယုဟာ ကလောင်တချောင်း ကိုင်နိုင်တဲ့၊ အောင်မြင်နေတဲ့ စာရေးဆရာတယောက် ဖြစ်နေတယ် ဆိုတာကို ဆရာမလည်း လက်ခံတယ်။ ကိုယ့်တပည့်ဖြစ်တော့ ဝမ်းလည်း ဝမ်းသာပါတယ်။ ဒါပေမင့် ဆရာတော်ဘုရား သတိမပေးတောင် မယုက ကိုယ့်ရောဂါနဲ့ အစားအသောက်ကို ဆင်ခြင်ဦးမှပေါ့။ ခုတော့ ငါးသလောက်နဲ့ ပုန်းရည်ကြီးတဲ့။ ဆရာတော် ဘုရားကတော့ တည့်တည့်ဖွင့်မပြောပါဘူး။ ဆရာမကတော့ ရိပ်မိတယ်။ ပြီးတော့လည်း ကျန်းမာရေး ကောင်းလာရင် ပိုမိုပြီး အားအင်တောင့်တင်းလာမယ်။ အစားအနေ မှားသွားတောင် ခံနိုင်ရည်ရှိအောင်လို့ အားမွေးဦးမှပေါ့။ မယု စာတွေ မရေးရဘူးလို့ ဆရာတော်ကရော၊ ဆရာမကရော မတားလိုပါဘူး။ ဒါပေမင့် ကိုယ့်အသက်နဲ့ခန္ဓာကို ဉာဏ်နဲ့ယှဉ်ပြီး ဆင်ခြင်ရတယ်။ ကိုယ့်အသက် တရက်ရှည်သည်နှင့်အမျှ မြတ်စွာဘုရားရဲ့တရားတော်ကို ဆင်ခြင်နှလုံးသွင်းနိုင်ခွင့် အချိန်တရက် ပိုရတာ ဘယ်လောက်တန်ဖိုးရှိလဲ။ ခုတော့ မယု လုပ်တာ အရမ်းကြီးပဲ"

ကျွန်မသည် ဆရာမကြီးစကားကိုလည်း နားထောင်ရင်း စိတ်ထဲက ပြုံးလည်း ပြုံးမိ၏။ "ငါလုပ်တာတွေကလည်း အရမ်းကြီးပဲနော်" ဟု ကိုယ့်ကိုယ်ကိုယ် တရားချမိ၏။

နောက်တပတ် အိမ်တွင် စာအုပ်ထုတ်ဝေသူ ဦးအောင်ကြီးနှင့် တွေ့၍

ကျွန်မ နှုတ်ဆက်၏။ တရားအားထုတ်ရန် ရိပ်သာသို့ သွားတော့မည့်အကြောင်းနှင့် သိမ်ဖြူဆရာတော်ဘုရား ပြောပြသော ပုံပြင်ကိုလည်း ပြောပြ၏။

"ဆရာတော်က ပြောသင့်တဲ့ပုံပြင်ပဲ။ ခုလည်း တရားအားထုတ်ဖို့ သွားတော့မယ်ပေါ့လေ"

"ဟုတ်ကဲ့၊ ကျွန်မ အခ္ဆိဌာန်ပြုပြီးပြီ၊ ရက်ရှည်တော့ မဟုတ်သေးဘူး"

"အေးဗျာ ခင်ဗျားက သစ္စာဆို အဓိဋ္ဌာန်ပြုပြီးရင် မပြင်ချင်တဲ့ မိန်းမဆိုတော့ ခက်သား။ ကျုပ်တို့ ဘီအိုင်အေ၊ ဘီဒီအေ ရဲဘော်အချင်းချင်းဟာ ဘယ်ဝါဒကိုပဲ လက်ခံ လက်ခံ ပင်ကိုစိတ်ရင်းတွေကတော့ ညီရင်းအစ်ကိုလို ချစ်ကြလေတော့ ဖိုးကျော်သောင်းကို သစ္စာရှိသလို ကျွန်တော်တို့ဟာ ခင်ဗျားအပေါ် ဆက်လက်သစ္စာရှိရမယ်၊ စောင့်ရှောက်ရမယ်။

ဆရာတော်ဘုရားကလေ ခင်ဗျားကို သာသာနဲ့ နာနာလေး နှက်လိုက်တာ၊ မြစ်ကူးတယ် ဆိုတာ ဘဝတခုကို ကူးတာနဲ့တူတူပဲ။ ဒီတော့ အင်း... ရေကူးတတ်ဖို့ လိုပါတယ် ခင်ဗျ။ ခုလည်း ကျန်းမာရေး ဒါထက် ကောင်းလာမှ တရားသွားထိုင်ရင် ပိုမကောင်းပါလား။ ကျွန်တော် တားရင် ခင်ဗျားက ကွန်မြူနစ်ကြီးက တရားထိုင်တာကို တားမြစ်တယ်လို့ အထင်လွဲမှာ စိုးတယ်။

ကျွန်တော် ကွန်မြူနစ်တယောက် ဖြစ်ပေမင့် ဗိုလ်သိန်းတန် ညွှန်ကြားလို့ မဟာစည် ဆရာတော်ဘုရား ရေးတဲ့ "ဝိသုဒ္ဓိမဂ် မြန်မာပြန်" ပထမတွဲရော၊ ဒုတိယတွဲရော ဖတ်ပြီးပြီ။ ရင်ထဲမှာလည်း ခုမှပဲ ဗုဒ္ဓမြတ်စွာဘုရားသခင်ရဲ့အဆုံးအမရော၊ လောကီ၊ လောကုတ္တရာမှာ နေရေးထိုင်ရေး ဗုဒ္ဓလမ်းစဉ်ကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ယုံကြည်သဘောပေါက် လာပါတယ်။

ဒီတော့ ကွန်မြူနစ်ကြီးမို့လို့ ခင်ဗျားကို တားတယ်လို့တော့ မထင်နဲ့ဗျနော်၊ ခင်ဗျား ကျန်းမာရေး မကောင်းရင် တရားလည်း အားမထုတ်နိုင်ဘူး။ စာလည်း မရေးနိုင်ဘူးဆိုတာ အမြဲသတိပြုဖို့တော့ ကျွန်တော် တောင်းပန်ပါတယ်"

ဦးအောင်ကြီးသည် ဒါပဲပြော၍ ပြန်သွားပါသည်။ ကျွန်မ၏ခင်ပွန်းသည်တွင် ငယ်သူငယ်ချင်း အညာသားမိတ်ဆွေများသာမက ဘီအိုင်အေ၊ ဘီဒီအေ ရဲဘော်ဟောင်း၊ တော်လှန်ရေးရဲဘော်၊ တပ်နီ၊ အလံနီ၊ ရဲဘော်ဝါ၊ ရဲဘော်ဖြူ၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ တောတွင်းပြန်တို့နှင့်တကွ ကျောင်းသားသမဂ္ဂ၊ ကျောင်းနေဖက်တွေ စုံလှပါ၏။

"ကိုကြီးကိုချစ်ရင် ကိုကြီးရဲ့ရဲဘော်အားလုံးကို မိချို ချစ်ရမယ်" ဟူသော

သူ၏ အဆုံးအမအတိုင်း ကျွန်မက သူ့ရဲဘော်များကို ချစ်ရ၊ လေးစားရပါ၏။ သူတို့ ရဲဘော်အချင်းချင်း စိတ်က တလုံးရရင် တခြမ်းစီ ခွဲပေးမယ်ဆိုသော စိတ်ဓာတ်မျိုး ဖြစ်၏။

ယခုလည်း သူ ကွယ်လွန်မသွားခင်ကတည်းက "ကိုအောင်ကြီးတယောက် ထုတ်ဝေသူ လုပ်နေတယ်၊ မိချို ဝတ္ထုအသစ်တပုဒ် ရေးပေးလိုက်ပါ" ဆိုသော်လည်း အကြောင်းကြောင်းတို့ ကြောင့် ရေးမပေးဖြစ်ခဲ့ပေ။ ယခု သူကွယ်လွန်ပြီး ၃ နှစ်ကြာမှ "ထိပ်စုဖုရား မဖျိုင်း" ဝတ္ထုရှည် လုံးချင်းတပုဒ်ကို ရေးပေးဖြစ်ခဲ့ပါသည်။ ထိုဝတ္ထုရှည်ရေးအပြီးတွင် ကျွန်မ မဟာစည်သာသာနာ့ ရိပ်သာသို့ ဝင်ခဲ့ပါ၏။

လက်မထပ်ခင်က ရိပ်သာတွင် တရားအားထုတ်ကာ ဉာဏ်စဉ်နာခဲ့ပါ၏။ ထိုကတည်းက ကျွန်မ ရိပ်သာနှင့် အဆက်ပြတ်နေ၏။ ရောဂါကြောင့် ဆရာဝန်များက ဥပုသ်စောင့်ခွင့်မပြု။ သို့သော် ကျွန်မသည် ၁၀ ရက်၊ သို့မဟုတ် ၇ ရက် အဓိဋ္ဌာန်ပြုကာ အိမ်တွင် ဥပုသ်စောင့် တရားထိုင်၏။ တခါတရံ လုံးဝ စကားမပြောဘဲ နေ၏။ အစားအစာကို အချိန်နှင့် အခန်းထဲ လာပို့စေပါသည်။

မဟာစည်ရိပ်သာ၏ တရားမှာ ဉာဏ်စဉ်နာခြင်းသည် အဓိကအကြောင်း မဟုတ်ပေ။ မိမိတရား ဘယ်အခြေအနေ ရောက်နေပြီဆိုသည်ကို ယောဂီကိုယ်တိုင် သိရှိဆုံးဖြတ်နိုင်အောင် ဉာဏ်စဉ်နာစေခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် ဉာဏ်စဉ်နာပြီးလည်း အခါအခွင့်သင့်တိုင်း ရိပ်သာသို့ ရက်ရှည်ဝင်နိုင်လျှင် (အနည်းဆုံး တနှစ်တွင် တခါ၊ တခါဝင်လျှင် တလလောက် သွားရောက် အားထုတ်နိုင်လျှင်) ပို၍ ကောင်းပါသည်။

အိမ်ရှင်မတယောက် ဖြစ်လာတော့လည်း အိမ်အုပ်ချုပ်မှုတာဝန်က သေးသည်မဟုတ်။ ထို့ကြောင့် ရိပ်သာသို့ မသွားနိုင်သော်လည်း အိမ်တွင် ၁၀ ရက်တန်သည်၊ ၇ ရက်တန်သည် ဥပုသ်စောင့်ကာ တရားထိုင်ရင်း နှလုံးသား၏ ငြိမ်သက်ရာကို ရှာရပါ၏။ ဥပုသ်ထွက်သော အခါတွင်လည်း နေမကောင်းလျက် အိပ်ရာပေါ်မှပင် အိမ်မှုကိစ္စကို စီမံခန့်ခွဲရပါသည်။ မိန်းမတယောက်အနေနှင့် အိမ်ကိစ္စတွေ ပြီးပြတ်မှ ရိပ်သာကို ရက်ရှည်ဝင်မည် ဟူ၍တော့ မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် မိန်းမဟူသည် အိမ်နှင့် ကင်းကွာ၍ မရပါသော မွေးရာပါ ကံကြမ္မာကို လက်ခံယူရပါသည့် မနုဿလူသားတမျိုး ဖြစ်သောကြောင့်ပါတည်း။

ထို့ကြောင့် စားစား-သွားသွား-နေနေ ကြားထဲကပင် အချိန်ရသ၍ အိမ်မှာတွင်ပဲ အားထုတ်နေရပါ၏။ နှလုံးသား မပူပန်ဖူးသူများအဖို့၊ သို့မဟုတ် တရားဆန်ဆန် ပြောရလျှင် ဒုက္ခသစ္စာကို ပြက်ပြက်ထင်ထင် မမြင်မတွေ့

မကြုံရသေးသူများအဖို့ တရားထိုင်ခြင်းကို ပြက်ရယ်ပြုကြမည်မှာ ဓမ္မတာပါတည်း။ သူတို့ကိုလည်း အပြစ်တင်စရာ မလိုပါပေ။

မနုဿ လူ့ဘုံဆိုသည် ငရဲ၏တစိတ်တဒေသဟု လက်ခံထားသော ကျွန်မအဖို့ သတ္တလောကတွင် ဘယ်နေရာသို့ပင် ပြေးပြေး ဆင်းရဲခြင်း ဒုက္ခသည် အစဉ် ရှိနေ၏။

ထိုအခါ လွတ်မြောက်ပြေးသွားဖို့ အချိန်ယူ၍ နည်းလမ်း မရှာဖွေနိုင်မီ အတောအတွင်းတွင် ထိုဒုက္ခကို ရင်ဆိုင်ရင်း လောကခရီးကို ဆက်လက်သွားဖို့ စိတ်ထားကို မွေးမြူရပေမည်။ ထိုစိတ်ဓာတ်ကို မထားတတ်လျှင် ဒုက္ခ၏ ထိုးနှက်ချက်တို့ဖြင့် နှလုံးကွဲ၍ သေပွဲဝင်ရပေမည်။ ထို့ကြောင့် လက်ထပ်ပြီးကတည်းက ရက်ရှည် မဝင်နိုင်သော်လည်း ကြိုးကြား ကြိုးကြား အိမ်တွင်ပင် အားထုတ်ရ၏။ တရား၏အကျိုး ဘယ်ကဲ့သို့ခံစားရသည်ကိုတော့ ကိုယ့်ဟာကိုယ်သာ သိသည်။ သိသောကြောင့် တရားတော်အပေါ်၌ ယုံကြည်မှု သဒ္ဓါစိတ်သည် ပိုမို ခိုင်မြဲလာရပါ၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သည်ထားဦး၊ တဒင်္ဂ ကျွန်မတွင် အကျိုးထူးသည်ကတော့ ခံစားနေရသော ရောဂါနှိပ်စက်ခြင်းမှ ဝိပဿနာ ရှုမှတ်နေဆဲ၌ လွတ်မြောက်နေခြင်းမှာ “အေးငြိမ်းခြင်း” တခုပါပင်တည်း။

ဒုတိယ ပိုမို ယုံကြည်သဒ္ဓါစိတ် ပေါက်လာခြင်း အကြောင်းတရပ်ကို ကျွန်မ ရေးပြလိုပါသည်။ ကျွန်မတွင် ဟန်သာရှိသည်၊ ခံနိုင်ရည် (ခန္ဓာကိုယ်အင်အား) မရှိပြီကို ကျွန်မကိုယ်ကျွန်မသာ သိသည်။ အထင်အရှားဆုံး အဖြစ်အပျက်မှာ ကျွန်မ၏ခင်ပွန်းသည် ကွယ်လွန်ခါနီးအချိန်တွင် ကျွန်မ၏ရောဂါ အခြေအနေမှာ ဆရာဝန်များ စိုးရိမ်နေကြချိန် ဖြစ်၏။ အားလုံးကပင် ကျွန်မကို ဂရုစိုက်ရန် ကျွန်မ၏ခင်ပွန်းသည်အား သတိပေးထားချိန် ဖြစ်၏။

သူက ဖျိုးဖျိုးဖျတ်ဖျတ်နှင့် မျက်စိရှေ့တွင် ဗုန်းဗုန်းကြီး လဲကျသွား၏။ သူ၏ နောက်ဆုံးအချိန်ကို ကျွန်မ မားမားရပ်၍ အားပေးနိုင်ရန်မှာ သာမန်အင်အားနှင့် ကျွန်မ မတ်တတ်ပင် မရပ်နိုင်ပါ။ သို့သော် ကားပေါ်မှအဆင်း လူနာ၏အခန်းဝသို့ အရောက် အစဉ်ပင် တရားကို မိနစ်ပိုင်းလေးပဲဖြစ်ဖြစ် ရှုမှတ်၍ သူ့အခန်းသို့ ဝင်သွားရ၏။

ထိုအခါ၌ ကျွန်မမျက်နှာသည် လန်းဆန်း၍ ခြေလှမ်းမှန်မှန်နှင့် သူ့အပါးတွင် သွား၍ရပ်ကာ သူ နာကြားလိုသောတရားကို တည်ငြိမ်စွာ ရွတ်ဖတ်ပြနိုင်ပါသည်။

ဆေးရုံက အပြန်တွင်တော့ ဆရာဝန်မလေး ဒေါက်တာမမရီနှင့် အစ်မကြီး ဒေါ်မမလေး (အပျိုကြီး) မှာ ကျွန်မကို အိပ်ရာပေါ်သို့ တွဲယူရပါသည်။

သူ့ကို ဂူသွင်းမည့်ရက်တွင်မူ ကျွန်မ၏ခန္ဓာကိုယ်ကို ဆရာဝန်က ဆေးထိုးပေးထား၏။ ကျွန်မ၏စိတ်ခါတ်ကိုမူ ကျွန်မသည် ဝိပဿနာရှုမှတ်မှုတွင် ပုံအပ်ထားရ၏။ ကားပေါ်မှဆင်း၍ ခြေလှမ်းတိုင်းတွင် အမှတ်သတိ ပို၍ထား၏။ သူ့ရင်ဘတ်ပေါ်တွင် သစ္စာပန်းကို တင်ရချိန် တွင်လည်း အသေးစိတ် ရှုမှတ်နေရ၏။ နောက်ဆုံး စစ်ထုံးစံအတိုင်း သူ့ကို ဂူမသွင်းခင် ဝမ်းနည်းခြင်း အထိမ်းအမှတ်ဖြင့် စစ်ခရာသံ မှုတ်နေဆဲတွင်ပင် “ကြားတယ်၊ ကြားတယ်” လောက်ကိုသာ ရှုမှတ်နေရ၏။ စာရေးဆရာစိတ်ဖြင့် နှလုံးသားကို ဦးစားပေး၍ ချစ်သူနှင့် နောက်ဆုံး ခွဲခွာရခြင်း ဝေဒနာကို လွှတ်သာပေးလိုက်ရလျှင် ကျွန်မ၏ခန္ဓာကိုယ်အင်အားမှာ နေရာတွင်ပင် နှစ်ယောက်ပြိုင်တူ ဂူသွင်းရမည့် အဖြစ်ပါပင်တည်း။

ထိုနေ့ ဝိပဿနာ ရှုမှတ်မှု သမာဓိဆေးအရှိန်ကောင်း၍သာ သူ့အုတ်ဂူကို နောက်ဆုံး ဣန္ဒြေရရ ခွဲခွာခဲ့နိုင်ခြင်း ဖြစ်ပါသည်။

ယခု သိမ်ဖြူ ဆရာတော်ဘုရား၏ ဆေးကုသမှုကို ခံယူခဲ့သည်မှာ တနှစ်ပြည့်မြောက် လာခဲ့ပါသည်။ ကျွန်မရောဂါကို ကျွန်မ နားလည်ပါသည်။

အမရပူရ တောင်မြို့ဆရာတော်ဘုရား အရှင်ဇနကာဘိဝံသက ကျွန်မ၏သူငယ်ချင်း မငြိမ်းကို မိန့်မှာလိုက်ဖူး၏။

“ဒကာမ မယ်ယု၏ရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ၄ ပါးမှာ စိတ်ကြောင့် ဖြစ်တဲ့ ဝေဒနာက ပိုမိုလွန်ကဲနေလို့ စိတ်ကိုကုပါ” ဟု မှာကြားပါ၏။

ကျွန်မကိုယ် ကျွန်မလည်း သိရှိခဲ့ပါသည်။ အနောက်တိုင်း ဆေးပညာရှင်တို့၏ ကုထုံးအရ လူသွေးအစစ်ကိုလည်း ကျွန်မသွေးကြောထဲသို့ နှစ်ကြိမ်တိုင် သွင်းခဲ့ရ၏။

ဂလူးကို့စ် ပုလင်းများကိုလည်း ၁၂ ကြိမ်၊ ၁၂ ရက်တိုင်တိုင် ဆေးနှင့်ရော၍ သွင်းခဲ့ရသည်။

ကျွန်မ သွေးထဲတွင် ဆရာဝန်ကြီးများ မျှော်မှန်းသလောက် သွေးနီဥများ တိုးတက်လာခြင်း မရှိခဲ့ပါ။ အကျိုးရှိတန်သလောက် ရှိခဲ့ပါ၏။

သိမ်ဖြူဆရာတော်ဘုရားနှင့် မြန်မာဆေးဝါးကုသမှုကို အထက်၌ ကျွန်မရေးသားသလို ခံယူခဲ့ပါ၏။ “ရွှေပြာသံရောက် သိဒ္ဓိပေါက်” ဟူသောနည်းအရ ဆရာတော်ဘုရားက သံခါတ်ပါသော ရွှေပြာနှင့် ဖော်စပ်ထားသည့် ရသာယနဆေးကို ၂ ဖုံ စားပြီးသောအခါမှာ ကျွန်မ၏ သွေးပေါင်ချိန် (Blood Pressure) မှာ ၁၁၀ ဖြစ်လာ၏။ ဟီမိုဂလိုဘင်အား များလာကာ လက်ဖျားနှင့် နှုတ်ခမ်းဖျားများ ပန်းရောင်သွေးပေါက်လာခဲ့ပါသည်။

သို့သော် “ဤအရာကား ဆေးကုစ၍ မရပါ” ဟူသော ငယ်စဉ်က ပထမတန်းဖတ်စာတွင် ဖတ်ရသည့် စာတန်းလေးတတန်းကို ကျွန်မ အစဉ်သတိရနေ၏။ ထိုစာတန်းလေးမှာ ငယ်စဉ်က ပြောပလောက်အောင် တန်ဖိုးမရှိဟု ထင်ခဲ့ပါ၏။ ယခုတော့ ကျွန်မ သိပါသည်။

ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာတွင် ရုပ်ကိုပြုပြင်ပြောင်းလဲ တောင့်တင်းခိုင်မာဖို့ သိမ်ဖြူဆရာတော် ဘုရားအား ကျွန်မ၏ခန္ဓာကိုယ်ကို အပ်ခဲ့ပါပြီ။ နာမ်ခန္ဓာဟူသော ကျွန်မစိတ်ကို ကုသရပေတော့မည်။

“စိတ်ကို ဘယ်လို ကုသရမလဲ”

ကျွန်မကိုယ်ကျွန်မ မေး၏။

ကျွန်မခင်ပွန်းသည် ဆုံးစက ဝမ်းနည်းကြေကွဲကြောင်း ပြည်တွင်းနှင့် နိုင်ငံခြားမှ သူ့ရဲဘော်ဟောင်းများထံမှ စာများ ကျွန်မရခဲ့၏။

ကျွန်မကိုချစ်သော စာဖတ်ပရိသတ်များထံကလည်း ကျွန်မ ရခဲ့၏။ ကျွန်မရင်ထဲတွင်မူ ကိုယ့်ကိုယ်ကိုယ် ခဏ ခဏ မေးမိ၏။

“ဪ... သူကတော့ လူ့ဘဝကို အနိုင်နဲ့ ပိုင်းခဲ့ပြီ။ ငါ့မှာတော့ တယောက်တည်း၊ ဒါလောက် ချည့်နဲ့တဲ့ခန္ဓာကိုယ်နဲ့ လူ့ဘဝခရီးကြမ်းကို ဘယ်လို ဆက်လှမ်းရမလဲ။ ခန္ဓာဝန်ရှိလေသမျှ ဆက်ပြီး မလျှောက်တော့ပါဘူးရယ်လို့ ငုတ်တုတ် အသေခံလို့လည်း မရဘူး။ မစိုးမပိုင်သော ဒီခန္ဓာကိုယ် ရှိနေသမျှ ငါ ဆက်ပြီး ဒီဘဝခယောင်းတောကို ရဲရဲပဲ လှမ်းရမယ်။ ဘယ်လို လှမ်းရမလဲ”

ခဏ ခဏ ဆိုသလိုပင် အိပ်ရာထဲ လဲနေရာမှ တွေးမိ၏။

ဝမ်းနည်းကြောင်းစာများကို တုန်တုန်ယင်ယင် ဖြစ်နေသော လက်ချောင်းငယ်များနှင့် ကိုင်ဖတ်ရင်း စာပုံများကြားတွင် စာအုပ် ၂ အုပ်ကို တွေ့ရ၏။ စာအုပ် ၂ အုပ်သည် မျိုးတူ အမည်တူ၊ ရေးသူမှာ ကမ္ဘာကျော် စာရေးဆရာမကြီး ပါးလ်ဘတ် ဖြစ်ပါသည်။ ကျွန်မထံကို ပေးပို့သူ မိတ်ဆွေနှစ်ယောက်မှာမူ တယောက်က သူငယ်ချင်း လက်ထောက်ကထိက မခင်ရီဖြစ်၍ တယောက်မှာမူ ကျွန်မ မသိသော ကျွန်မကိုချစ်သူ ခင်ရင်မြဆိုသည့် စာဖတ်ပရိသတ် တယောက်ထံမှ ဖြစ်ခဲ့ပါသည်။ စာအုပ်အမည်မှာ - A Bridge For Passing ဖြစ်သည်။

စာရေးဆရာမကြီးသည် သူ၏ခင်ပွန်းသည် ကွယ်လွန်ပြီးသည့်နောက် အထီးကျန်ဘဝ ခရီးလမ်း ဖြတ်သန်းခဲ့ရသော သူ့ခံစားမှုဝေဒနာကို ရေးသား ဖော်ပြထားချက်များ ဖြစ်၏။ အတွင်းစာသားများကိုမူ ကျွန်မ ယခုထိ

မဖတ်ရသေးပါ။ မျက်စိက အလွန်အားနည်းနေသေး၍ ဖြစ်ပါသည်။

စာရေးဆရာမကြီး ပါးလ်ဘတ်သည် တရုတ်ပြည်မှာ မွေးသော်လည်း အမေရိကန်သူ (ဝါ) အနောက်တိုင်းသူတယောက် ဖြစ်၏။

ကျွန်မက အရှေ့တိုင်းသူအစစ်၊ မြန်မာ့မြေတွင် မွေးပါသော မြန်မာမတယောက်၊ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဆုံးအမကို ခံယူကာ ရတနာသုံးပါးကို ကိုးကွယ်သူ ဗုဒ္ဓဘာသာ တယောက် ဖြစ်သည်။

စာအုပ် ပေးပို့သူတို့၏ စေတနာ၊ မေတ္တာကို လေးစားပါသော်လည်း အခြေအနေအရ စာအုပ်များကို သိမ်းဆည်းထားလိုက်ပါ၏။

ရုပ်နှင့်နာမ်ဟူသော အကြောင်းတရား ၂ ပါးကို ခွဲခြားစိတ်ဖြာ၍ ဟောကြားပြသထားသော ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမကို ခံယူထားပါလျက် ယခုကဲ့သို့ ချစ်တဲ့သူနှင့် ကွေကွင်းရခြင်း ဒုက္ခဆင်းရဲကို ခံစားရချိန်တွင် အနောက်တိုင်း “ဟန်”၊ အနောက်တိုင်းပုံစံနှင့် ကုသ၍ သဘာဝမကျပါပြီ။

ခန္ဓာကိုယ်၏ ဖောက်ပြန်ပြောင်းလဲ အားနည်းချက်များကိုပင် မြန်မာ့ကုထုံးနည်းဖြင့် ကုသရန် သိမ်ဖြူဆရာတော်ကို အပ်နှံပြီးခဲ့ပြီ။

စိတ်ကို ကုသရန် နည်းလမ်းကို ရှာရာ၌ ကျွန်မကိုယ်ကျွန်မ ဆုံးမရ၏။ ဆုတောင်းခန်းပျို့တွင် ရှင်မဟာသီလဝံသ ရေးသားသော စာတမ်းများကို ပြန်လည် အောက်မေ့ ဆင်ခြင်ရ၏။

သုမေဓာရှင်ရသေ့လောင်းသည် သူကြွယ်ဘဝ၌ ရှိစဉ်က အပုံအယင် များလှစွာသော ပစ္စည်းများကို စွန့်လွှတ်၍ တကိုယ်တည်း တောသို့ဝင်ကာ တရားအားထုတ်ရန် စီစဉ်ခဲ့၏။

သူကြွယ်သားသည် သူ့ကိုယ်သူ ဆုံးမရာ၌ -

“ကြည်လင်အေးမြသော တဖက်ဆည်ကန်ကြီး ရှိ၏။ ရှိသည်ကိုလည်း သိပါလျက် နွံအလိမ်းလိမ်း ပေကျံလျက်ရှိသော ထိုလူသားသည် ရေကန်၏ရေဖြင့် မိမိကိုယ်ကိုယ် ဆေးကြောခြင်း မပြုပါက ရေကန်၏အပြစ် မဟုတ်၊ ထိုလူသား၏ အပြစ်ပင်တည်း”

ဟူ၍ သူကြွယ်သားသည် သူ့ကိုယ်သူ ဆုံးမ၏။

ယခု ကျွန်မသည်လည်း လက်မထပ်ခင်ကပင်လျှင် သာသနာ့ရိပ်သာတွင် မဟာစည် ဆရာတော်ဘုရား၏ထံမှောက်၌ ဝိပဿနာတရားကို ကျင့်ကြံ

အားထုတ်ဖူးပါလျက် ယခုကဲ့သို့ သတိမေ့လျော့ စိတ်ဓာတ်ပင်ပန်းနွမ်းလျကာ ပုံကျနေခြင်းမှာ မဖြစ်ထိုက် မဖြစ်သင့်သော အကြောင်းတခုပင် ဖြစ်၏။

ထူထူထောင်ထောင် ဖြစ်လာသည်နှင့် တပြိုင်နက် ခန္ဓာကိုယ်ကိုကုသော သိမ်ဖြူဆေးများကို ယူကာ ရိပ်သာကို ၁၀ ရက် ပထမဆုံး ပြန်ဝင်လိုက်၏။

"ဖြစ်ပါ့မလား" ဟု သမီးကြီး "မိ" ကလည်း ဆို၏။ ဆွေမျိုးများကလည်း ဆို၏။ ရိပ်သာရှိ တရားအားထုတ်ဖက် ယောဂီအမျိုးသမီးကြီးများကလည်း ကောင်းမွန်စွာ ကြိုဆိုကြပါသော်လည်း ကျွန်မ၏ ဖောသွပ်သွပ်မျက်နှာ၊ ခြေလက်တို့နှင့် ဝါထိန်ထိန် အသားအရေတို့ကို အားမရကြပေ။

အမျိုးသမီး ယောဂီများကို တရားပြသရန် တာဝန်ယူသော ဆရာတော် ဦးဇနကထံသို့ ပထမ ဝင်ရောက်ဖူးမြော်ရာ၌ ကျွန်မ၏စကားလုံးများမှာ မသဲကွဲ၊ လေဆက်ကလည်း မမီ၍ နားထောင်သူ ဆရာတော်ကိုပင် အားနာမိပါ၏။ ဆရာတော် ဦးဇနကမှာ ကျွန်မ ရိပ်သာနှင့် ခေတ္တ အဆက်ပြတ်နေသော သုံးလေးနှစ်အတွင်း ရောက်ရှိလာသော ဆရာတော်ဖြစ်၍ ယခင်က မတွေ့ဖူး မမြင်ဖူးပါ။ "ခင်နှင်းယု" အနေနှင့်သာ စာပေမှတဆင့် ဆရာတော်က သိရှိထားခြင်း ဖြစ်၏။

ဆရာတော် ဦးသုဇာတကမူ ဆရာရင်း တပည့်ရင်း ဖြစ်ခဲ့ဖူး၏။

ကျွန်မ ကန်တော့သောအခါ –

"အေး... ခင်နှင်းယု ဆိုတော့မှပဲ ပြန်သတိရတော့တယ်။ ရုပ်ရည်ရော၊ အသံရော အားလုံး ပြောင်းလဲသွားပါပကော။ ဘာမှ အရင်ကနဲ့ မတူတော့ဘူး" ဟု မိန့်ကြား၏။

နှလုံးသားကို လောင်မြိုက်ပါသော အပူမီးသည် ကျွန်မ၏ရုပ်ခန္ဓာကို မမှတ်မိအောင် ပြောင်းလဲစေခဲ့ပါ၏။

ကွယ်လွန်သူ ခင်ပွန်းသည်၏ ဥပဇ္ဈာယ်ဆရာဖြစ်သော ဆရာတော် ဦးပဏ္ဍိတကလည်း ဝမ်းမြောက်စွာ ကြိုဆို၏။

အမှန်တော့ အင်အားလျော့ပါးနေချိန်တွင် ညစာမစားဘဲ သီလဆောက်တည်ကာ တရား အားထုတ်ခြင်းမှာ အနောက်တိုင်း ဆေးပညာနှင့်တော့ ဆန့်ကျင်ဘက် ဖြစ်၏။

သို့သော် မဟာစည်ဆရာတော်ဘုရား၏ ဝိပဿနာရှုနည်းကျမ်းအရ သီလဝိသုဒ္ဓိ မစင်ကြယ်ဘဲ ကျွန်မ တရားကို အားမထုတ်ချင်။

အများယောဂီများ အနည်းဆုံး ၈ ပါးသီလခံယူမှ ရိပ်သာတွင် တရားအားထုတ်သော စည်းကမ်းရှိပါလျက် ဂိလာနပုဂ္ဂိုလ်အနေနှင့် အကြောင်းပြကာ ညစာစားသော အခွင့်အရေးကိုလည်း မယူချင်ပေ။

အိမ်ယောဂီအနေနှင့် အားထုတ်လျှင် ညစာစားခွင့် ရမည်ဖြစ်သော်လည်း အိမ်ဆိုသော ချည်တိုင်နှင့် သာသနာ့ရိပ်သာချည်တိုင်သည် မတူပါပေ။

"ဒကာမကြီး မခင်ယု၊ ရုန်းကန်ထွက်သွားချင်တဲ့နွားကို ချည်တိုင် ခိုင်ခိုင်စိုက်ပြီး မထားရင် တချက် ရုန်းတာနဲ့ ဒီနွားဟာ ချည်တိုင်ကလွတ်ပြီး သွားချင်ရာသွားမှာပဲ။ ဒါကြောင့် ရိပ်သာဆိုတဲ့ နယ်မြေမှာ သီလတရားနဲ့တူတဲ့ ချည်တိုင်ကို ခိုင်ခိုင်ထူပြီး ဝိပဿနာကြိုးနဲ့ချည်မှ စိတ်ရိုင်းနဲ့တူတဲ့ နွားဟာ ထွက်မပြေးမှာပေါ့" ဟု ဆရာတော် ဦးပဏ္ဍိတက မိန့်ကြား၏။

ကျွန်မ ပြန်လည်၍ တရားအားထုတ်ပါပြီ။

အနှစ်နှစ်ဆယ်နီးနီးမျှ လုံးဝ မဟုတ်သော်လည်း အဆက်အသွယ် ပြတ်လုမတတ် ကင်းဝေးခဲ့ပါသော ရိပ်သာ၏သြောင်ညိုရိပ်သို့ ကျွန်မ ပြန်လည် ခိုဝင်ခဲ့ပါ၏။

သြော်... သမုဒယသစ္စာ။

စင်စစ်ကတော့ သမုဒယသစ္စာဟူ၍ တဆက်တည်း စကားကို သုံးပါသော်လည်း သမုဒယ ဟူသော စကားက တခြား၊ သစ္စာက တခြား ဖြစ်၏။ သမုဒယဟူသော တွယ်တာမှု၊ ချစ်မှု၊ ခင်မှု၊ လိုချင်မှုတည်းဟူသော "ချင်" ဟူသည့် စကားတလုံး၊ ဆန္ဒတခုကြောင့် သံသရာကို စခဲ့ကြ၏။ ဤ "ချင်" ကြောင့် ပူပန်သောက ဆွေးမြည့်ခြင်းဟူသော ဝေဒနာကို ရခဲ့ကြသည်။

ထို့ကြောင့် သောက ဟူသော ဝေဒနာသည် "ချင်" ဟူသော ဆန္ဒကြောင့် ဖြစ်ရခြင်း ဖြစ်၏။ ဤသဘောတရားသည် အမှန် (သစ္စာ) တရားဖြစ်၏ဟု ဆိုလိုရင်း ဖြစ်သည်။ တဆက်တည်း တွဲခေါ်၍ သမုဒယသစ္စာဟု ပြောခဲ့ကြသည်။

သမုဒယသည် ဒုက္ခဖြစ်ခြင်း အကြောင်းရင်း ဖြစ်၏။ တနည်း စာသံပေသံနှင့် ပြောရလျှင် သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်ပေါ်ရခြင်းပင်။

ဘီအေဝိဇ္ဇာတန်းကို ဖြေဆိုအောင်မြင်ခဲ့ပါသောကြောင့် ပဋိစ္စသမုပ္ပာဒ်စာအုပ်ကို ဦးပုည လေသံနှင့် ပြောရပါလျှင် ပုဒ်မပါကျုံး၍ အစအဆုံး သင်ကြားပြီးခဲ့ကြ၍ ကျွန်မတို့သည် စာတွေ့သာ ပြောကြစတမ်းဆိုလျှင် ဒီသမုဒယသစ္စာတွေ၊ ဒုက္ခသစ္စာ စကားလုံးတွေပါသော ပဋိစ္စသမုပ္ပာဒ် တရားကို "ပုဒ်မ" ပါကျုံး၍ ရွတ်ပြနိုင်ပါသည်။

ဒီလိုဆိုလျှင် ခင်နှင်းယုသည် သမုဒယသစ္စာကို သိပါသလား။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသော၊ မသိသော ခင်နှင်းယုက သိပါသည်ဟု ဖြေမည်။ ကျောင်းမှာ စာမေးပွဲအောင်ရန် အတွက် သင်ကြားခဲ့သော စာအုပ်ပါစာများကိုပါ ရွတ်ပြနိုင်ရုံနှင့် မိမိကိုယ်မိမိ သမုဒယသစ္စာကို သိသည်ဟု ထင်သည်။

တကယ်သာ ခင်နှင်းယုသည် သမုဒယသစ္စာကို ပိုင်းခြားထင်ထင် သိမြင်ခဲ့ပါလျှင် ဒုက္ခသစ္စာကို မြင်မည် ဖြစ်သည်။ ထိုအခါ ဒုက္ခ၏ဖြစ်ရာ အစ အကြောင်းရင်းခံကို ရှာမည် ဖြစ်သည်။ ရှာမှ တွေ့မည်၊ တွေ့မှ မြင်မည် ဖြစ်သည်။

ယခုတော့ ခင်နှင်းယုသည် ဒုက္ခ၏ဖြစ်ရာအကြောင်းရင်းကို မရှာ။ "ချစ်သူပျောက်ကိုသာ" ရှာနေခြင်း ဖြစ်၏။

သူသည် မျက်ရည်လိမ်းကျံသော မျက်လုံးတို့ဖြင့် ချစ်သူပျောက်ကို ဟိုမှသည်မှ လိုက်လံ ရှာဖွေ၏။ ဆရာတော် ဦးပဏ္ဍိတကို တွေ့ပါလျက် ဆရာတော်ဦးပဏ္ဍိတကို မမြင်။ "ဆရာတော်ဘုရား၊ အမယ်လေး... ကိုကြီးရဲ့ဦးပဇ္ဈာယ်ဆရာတော်ပါလား။ သူ့ကို ဥာဏ်စဉ် နာရသည်အထိ တရားပြခဲ့တယ်။ သူ ဆုံးခါနီး သုံးရက်အလိုမှာ ဆရာတော်ကို ဖူးတွေ့သွားချင်လို့ စီစဉ်ပေးပါဆိုတာ ငါ အိပ်ရာပေါ်လဲနေလို့ ဆရာတော်နဲ့ သူ လွဲခဲ့ရတယ်" ရင်တွင်းက စကားဆိုကာ ဆရာတော်ကိုဖူးရင်း မျက်ရည်က တဖြိုင်ဖြိုင်ကျလာပြန်၏။ ကျွန်မ တရားအားထုတ်ရာ ဇရပ်မှ နေ့စဉ် အချိန်မှန် ဖလ်ယဉ်ဓမ္မာရုံကြီး ရှိရာသို့ သွားရ၏။

နံနက်စာစားပြီး သွားရ၏။ ညနေတွင် ပြန်၏။ ဆရာတော် ဦးပဏ္ဍိတ၏ ကျောင်းခန်းရှေ့မှ ခြေသွားလမ်းကို ဖြတ်သန်းသွားရ၏။ ကျောင်းခန်းရှေ့ရှိ ခြေသွားလမ်းပေါ်တွင် ချစ်သူပျောက်၏ ခြေရာကို ရှာမိပြန်သည်။

"သူ သာသနာ့ရိပ်သာမှာ တရားအားထုတ်တုန်းက ဒီသဲခင်းတဲ့ ခြေသွားလမ်းပေါ်မှာ စင်္ကြံသွားခဲ့တယ်။ သူ့ခြေရာတွေကိုများ တွေ့ဦးမှာလား"

တွေ့နိုး တွေ့နိုးနှင့် အဆင်းတွင်လည်းကောင်း၊ အတက်တွင်လည်းကောင်း ရှာမိခဲ့ပြန်၏။ ရဟန်းခံရာသိမ်၏ ရှေ့ကို လျှောက်ပြန်တော့လည်း...

"ဒီသိမ်ကြီးပေါ်မှာ မဟာစည်ဆရာတော်ဘုရားဟာ သူ့ကို ဒုလ္လဘရဟန်းခံပေးခဲ့တယ်။ "ရှင်ဂုဝမ္ပတိ" ဆိုတဲ့ဘွဲ့ကို ပေးခဲ့တယ်။ သိမ်ကြီးပေါ်သို့ ပြေးတက်သွားလိုက်လျှင် ရဟန်းဝတ်နှင့် သူ့ကိုများ တွေ့လိမ့်ဦးမည်လား"

သိမ်ကြီးပေါ်ကို ပြေးတက်သွားရနိုးနိုး ဖြစ်လာပြန်၏။

နေ့လယ် ၂ နာရီမှ ၃ နာရီအထိ နေ့စဉ် အမျိုးသမီးများအား တရားပြသော ဆရာတော် ဦးဇနကသည် ယောဂီအမျိုးသမီး အသစ်အဟောင်းများကို

တရားဟော၏။ သီတင်းနေ့များတွင်မူ မဟာစည်ဆရာတော်ဘုရား အမှူးရှိသော ကမ္မဋ္ဌာနာ စရိယဆရာတော်များ၊ ဦးသုဇာတ၊ ဦးဇနကာ၊ ဦးသံဝရ၊ ဟန်လင်းကြီး ဆရာတော် အစရှိသော ဆရာတော်တို့ပါ အလှည့်ကျ တရားဟောပြော ပြသကြ၏။

ဆရာတော်ဘုရားတို့၏ တရားများကို စုပေါင်းအကျဉ်းရုံးလိုက်လျှင် သစ္စာလေးပါးတရား ဖြစ်၏။ ဒုက္ခနှင့် ဒုက္ခ၏ဖြစ်ရာအစကို ဖော်ပြ၏။ ဖြစ်ရာအစကို တွေ့လျှင် အဆုံးကို ရှာရမည်။ အဆုံးကိုရှာရန် 'လမ်း' ကိုလည်း ပြသ၏။ ထိုလမ်းမှသွားသော် ဒုက္ခအားလုံး၏ငြိမ်းရာ အဆုံးဖြစ်သော နိဗ္ဗာန်တရားသို့ ရောက်ကြောင်း ဟောပြောပြသကြ၏။

ခင်နှင်းယု ကြားပါသလား။

ခင်နှင်းယုသည် ရှင်းရှင်းဝန်ခံရပါလျှင် တရားနာရင်း စိတ်ထဲမှ ဆရာတော်ဘုရားများကို ပြန်လည် ပြောဆိုနေမိ၏။ တတွတ်တွတ် ပြောမိ၏။ ရိုင်းရိုင်းပြောရလျှင် ရန်တွေ့မိ၏။

သုတ္တန်တွေ၊ အဘိဓမ္မာတွေ၊ ဝတ္ထုကြောင်းတွေ၊ ပုံပြင်တွေနှင့် အနမတဂ္ဂသံသရာက ချစ်သူပျောက် ရှာပုံတော်ဇာတ်လမ်းများကို ဟောပြောရင်း အဆုံးသတ် နိဗ္ဗာန်ရောက်ကြောင်းတို့ တွင် နိဂုံးချုပ်သွားကြ၏။

"အရှင်ဘုရားတို့ကတော့ ဘယ်သိမလဲနော်။ အရှင်ဘုရားတို့မှာတော့ ရဟန္တာလိုပဲ တည်ငြိမ်ပါတယ်။ ဒုက္ခက ကင်းငြိမ်းတဲ့ မျက်နှာတော်တွေဟာလည်း လမင်းကြီးလိုပဲ ငြိမ်သက် ကြည်လင်ပါပေတယ်။ အရှင်ဘုရားများရဲ့တရားတွေဟာ ညမှာ ကျလာတဲ့ နှင်းပွင့်များလို ချမ်းမြေ့ အေးချမ်းပါတယ်။ အရှင်ဘုရားများရဲ့စကားသံများဟာလည်း ဆောင်းညများရဲ့ သန်းခေါင်ယံ လေပြည်လေညင်းလို ညှို့သက်ညင်းပျောင်းကြပါတယ်။

လဝန်းဟာ ကမ္ဘာသူ၊ ကမ္ဘာသားအတွက် ညဘက်မှာ အလင်းရောင်ရစေပြီး မြင်မြင်သမျှ သတ္တဝါတွေကို စိတ်ချမ်းမြေ့စေပါတယ်။ ဒါပေမဲ့ တခါက ဒီလရောင်အောက်မှာ ချစ်သူနဲ့ တွေ့ခဲ့တဲ့ သူတယောက်ဟာ ချစ်သူပျောက်သွားချိန် အထီးကျန်ဘဝမှာ ဒီလမင်းမျက်နှာပြင်ကို မြင်ရရင် မပြုံးနိုင်၊ မရွှင်နိုင် မျက်ရည်ဖြိုင်ဖြိုင် ကျမိပါတယ် ဘုရား။ အပြစ်ကင်းစင်တဲ့ လဝန်းမျက်နှာပြင် ကိုသော်မှ မော်လို့ မကြည့်ရဲပါဘူး ဘုရား။

အရှင်ဘုရားတို့ ဟောကြားတဲ့ တရားတွေကလည်း အားလုံးသော ဒကာ၊ ဒကာမတွေကို ခြုံပြီးဟောပေမင့် တပည့်တော်ကို စောင်းပြီး ဟောနေသလိုပါပဲ။

ပဋ္ဌာစာရီဟာ တကယ်တော့ ရူးသင့်ပါတယ် ဘုရား။ ဝတ်လစ်စားလစ်

အရှက်ကင်းမဲ့သည် အထိ စိတ်ခတ်ချောက်ချား ရူးသွားသင့်ပါတယ် ဘုရား။

"တပည့်တော်မမှာ ချစ်သူခင်ပွန်းသည် ပျက်စီးသွားရုံပဲ ဘာမှ အခြေအနေ မပျက်ပါဘူး ဘုရား။ ပဋာစာရီမှာတော့ တပြိုင်နက်တည်း သားငယ်ကို စွန်ချီ၊ သားကြီးက ရေမှာမျော၊ လင်သည်က မြွေပေါက်ခံသေရ၊ မိဘမြို့ရွာ ပြန်ရောက်တော့ လေကြီးမိုးကြီးကျလို့ အိမ်ကပြိုကျ။ ပစ္စည်းတွေဆုံး၊ မိဘတွေလည်း အိမ်ပိလို့ သေကြရ။ ဒီတော့ ပဋာစာရီ မရူး ခံနိုင်ပါ့မလား၊ သွက်သွက်ခါ ရူးသင့်တာပေါ့။

ပဋာစာရီမို့လို့ပေါ့၊ တပည့်တော်လိုသာဆိုရင် ခုလို နှလုံးအားနည်းပုံနဲ့ ငုတ်တုတ် နှလုံးကွဲပြီး သေပွဲဝင်မှာ"

မဆီမဆိုင် ပဋာစာရီဘက်က ရှေ့နေလိုက်ကာ ဆရာတော်ဘုရားများကို စိတ်ထဲမှ ချေပပြောဆိုမိ၏။

"မြတ်စွာဘုရားသခင်သာ ကိုယ်တော်ထင်ရှားရှိရင် တပည့်တော် လျှောက်ထားချင်ပါတယ်။ မြတ်စွာဘုရားရှင်ဟာ ပရမာဏုမြူကိုတောင် အစိတ်စိတ်ခွဲလို့ ရုပ်သဘောကို ဟောပြော ပြသနိုင်ပါတယ်။ တပည့်တော် မျက်ရည် တစက် တစက် ကျတိုင်းဟာဖြင့် မျက်ရည်တစက်ကို ခွဲခြမ်းစိတ်ဖြာလိုက်ရင် ရာခိုင်နှုန်း ဘယ်လောက်က ခင်ပွန်းသည် ဒု-ဗိုလ်မှူးကြီး ကျော်သောင်းကြောင့် ကျတဲ့မျက်ရည်၊ ဘယ်မျက်ရည်စက်များက ဘယ်သူ့အတွက် ကျတဲ့ မျက်ရည် ဆိုတာ ခွဲခြမ်း စိတ်ဖြာပြနိုင်မှာပါ ဘုရား။

မခင်ယုအနေနဲ့ မဟုတ်၊ ခင်နှင်းယုဆိုတဲ့ စာရေးဆရာတယောက် အနေနဲ့ဆိုရင်လည်း ပတ်ဝန်းကျင်မှာရှိတဲ့ အာရုံငါးပါးနဲ့ ထိတွေ့သမျှ ဝေဒနာတွေ၊ ခံစားမှုတွေ ဖြစ်ရပါတယ်။ ဒီတွေ့ထိ ခံစားရသမျှ ဒုက္ခ၊ သုက္ခများကိုလည်း ပတ်ဝန်းကျင် သတ္တဝါတွေနဲ့ ထပ်တူထပ်မျှ ခံစားရပြီး ဒီဝေဒနာတွေက ပေါ်ထွက်လာတဲ့ စိတ်ကူးတွေ၊ အကြံအစည်တွေကို ရေးသားတင်ပြ ဖော်ထုတ်ရပါတယ်။ အဲဒီဝေဒနာကြောင့် ကျရတဲ့ မျက်ရည်များကလည်း မျက်ရည်တစက်ကို ခတ်ခွဲတိုင်း ရာခိုင်နှုန်း ဘယ်လောက်ပါတယ် ဆိုတာ မြတ်စွာဘုရား ကိုယ်တော်တိုင်ကိုသာ တပည့်တော် လျှောက်ထားလိုက်ချင်ပါတယ်"

ကဲ... ခင်နှင်းယုအဖြစ်က ပထမ ၁၀ ရက်တွင် ဘာသစ္စာတရားကိုမှ မမြင်၊ သာသနာ့ ရိပ်သာကြီးအလယ် ငုတ်တုတ်ထိုင်ရင်း သမုဒယသစ္စာ၏ ဖြစ်ရာအကြောင်းရင်းကိုမရှာ၊ သမုဒယ ကိုတောင် စာရေးဆရာစိတ်ဖြင့် အတွေးနယ်ချဲ့၍ နေမိ၏။

ဆုတောင်းခန်းပျို့တွင် ပါသော လူမိုက်က တဖက်ဆည်ကန်ကြီး ရှိရာကို

သိပါလျက် မိမိကိုယ်တွင် ပေကျံနေသော ရွှံ့နွံအညစ်အကြေးတို့ကို သွားရောက်၍ ဆေးကြောခြင်းမပြု။

ကျွန်ုမ မိန်းမမိုက် ခင်နှင်းယုက တဖက်ဆည်ကန်ကြီးအလယ် ကိုယ်ကို ရေနှစ်စိမ်ပြီး ဖြစ်ပါလျက် အညစ်အကြေးတို့ကို ဆေးကြောကာ ကန်လယ်မှ ပြန်တက်ရာလမ်းကို မရှာ၊ ရွှံ့နွံကို ပွတ်သပ်မပစ်၊ ကန်လယ်ရေရိပ်တွင် ချစ်သူမျက်နှာကို တွေ့လိမ့်နိုးနှင့် ရှာဖွေနေ၏။ ဤအဝိဇ္ဇာ၊ ဤမသိခြင်းထက် ဆိုးရွားသော အကြောင်းတရားသည် ရှိပါဦးမည်လော။

ကန်ရေပြင်သာ အသက်ရှင်၍ စကားဆိုတတ်လျှင်...

"ကျုပ်ရဲ့အေးမြသန့်စင်တဲ့ရေဟာ သုံးချိုးသူတို့ကို ရွှင်လန်းချမ်းမြေ့စေပါတယ်၊ အညစ်အကြေးတို့ ကင်းစင်ပြီး လန်းဆတ်ပေါ့ပါးစေပါတယ်။ ဝေဒနာများကိုလည်း ပပျောက်စေ ပါတယ်။ ခင်ဗျားတယောက်တည်း ရေကန်လယ်မှာ ကိုယ့်ကိုယ်ကိုယ်နှစ်ပြီး သမုဒယလှိုင်း ပုတ်တာကိုလည်း အရသာတခုလို ခံစားနေတာတော့ ကျုပ်လည်း မတတ်နိုင်ပါပြီ"

ဟု ပြောကောင်း ပြောမည် ဖြစ်သည်။

အိမ်ပြန်ရောက်သော် သမုဒယ ဖွဲ့မီးက နှလုံးသားကို တမြည့်မြည့် လောင်ဆဲဖြစ်၏။ သူ ကွယ်လွန်စက ကိုယ့်ဘာသာ ရေးစပ်ခဲ့သောကဗျာကိုပဲ ထပ်တလဲလဲ ရွတ်ဆိုမိ၏။

"စာအတွေ့သော်မှ၊ မမေ့နိုင် ကိုယ်နှင့် နှိုင်းခဲ့ရ

ရိုင်းလိုက်လေ ဒီတသုတ်မှာဖြင့်

ကိုယ့်လိပ်ပြာ၊ ရုတ်ခြည်း တကယ်ခွာတော့...

မယုံသာ ယုံတဝက်ကယ်နှင့်

မြက်ပင်ကို လက်လျင်ကာ အဖြတ်စောသူရဲ့

လောကခံ ဒီတကြောမှာ

ချစ်ဇာကို ဘယ်လို ဖြေရပါ့၊ ဆုထူးခွေ့သီဝလိသော်မှ

တုန်ချည့်ကာ၊ မြေမှာ လဲပါသတဲ့

ပါရမီ ကံနည်းသူမို့၊ အံခဲကာ ဟန်ကိုလုပ်ပေမင့်

အနာဂါမ် မယ် မဟုတ်လေတော့

နာမ်-ရုပ်ကို ပြတ်ပြတ်စဲအောင်ပ

အားထုတ်စဉ် ခဏတာပဲပေထင့်၊ မြဲလေသည့်သတိယှဉ်

မဆင်ခြင်နိုင်ဘု ကျန်စခန်း”

ကဗျာကို ရွတ်ရင်း မြက်ပင်များပေါ်တွင် ထိုင်နေမိ၏။ မြက်ခင်းပေါ်ထိုင်လိုက်လျှင် ယခင်က သူနှင့်အတူ ဆွေးနွေးခဲ့သောစကားများကို ပြန်လည်ကြားရလေမည်လား၊ ရိပ်သာတွင် တရား အားထုတ်နေစဉ်က ဤနေရာတဝိုက်တွင် ကျန်ရစ်သော မြက်နုစိမ်းတို့သည် ယခု ကျွန်မ ပြန်လာချိန်တွင် သွေ့ခြောက်သွားကြပြီ။

မဟာဇနကမင်းသည် မြက်ပင်ကိုပြ၍ သီဝလိဒေဝီနှင့် လောကီစခန်းကို အပြတ်ရှင်းခဲ့၏။

ကျွန်မကတော့ ဤမြမြက်ခုံတွင် တချိန်သောအခါက အတူယှဉ်တွဲထိုင်ခဲ့သော ချစ်သူကိုသာ တသမိ၏။ မြက်ပင်တို့သာ စကားဆိုတတ်ပါလျှင်လည်း...

“ကျွန်ုပ်တို့ဟာ သခင်မ ချစ်သူနှင့်အတူ ရှိစဉ်က ယှဉ်တွဲထိုင်ခဲ့ပါသော မြကမ္ဗလာ မြက်ခင်းပြင်များ မဟုတ်တော့ပါ။ မိုးလယ်မှ မြက်များ ခြောက်သွေ့သွားကြပါပြီ။ ကျွန်ုပ်တို့မှာ အသစ်ဖြစ်လာသော မြက်များသာ ဖြစ်၏။ ဤမြက်ခင်းပေါ်တွင်ထိုင်ရင်း သခင်မနှင့် သင့်ချစ်သူတို့ အတူယှဉ်တွဲ၍ မည်သည့်စကားကို ဆိုခဲ့သည်ကိုလည်း ကျွန်ုပ်တို့ မသိပါ။ နွေဦးပေါက်လျှင် ကျွန်ုပ်တို့လည်း သွားကြပါတော့မည်။ သင့်ချစ်သူလည်း ဘယ်သောအခါမှ ပြန်လာမည် မဟုတ်ပါ” ဟု မြက်ပင်တို့သည် သင်္ခါရ၏သဘောကို ပြောပြကြပါသော်လည်း ကျွန်မက မကြား။ ဤမြမြက်ခုံတနေရာမှ သူပြောခဲ့သော စကားသံများကို ပြန်လည် ကြားယောင်နိုးနှင့် စောင့်နေမိ၏။

ကျွန်မမျက်လုံးများသည် ခြံ၏တောင်ဘက်ရှိ အုန်းပင်တန်းများပေါ်သို့ ရောက်သွား၏။ “သခင့်ကျေးဇူး ကြီးမားပါပေသည်။ သူ မရှိသည့်နောက် သခင်မအတွက် သီးနှံပင်များကအစ ရိက္ခာ အပြည့်အစုံ ထားရစ်ခဲ့ပါသည်။ သို့သော် အုန်းသီးများရော၊ အကိုင်းအလက်များရော သင့်ချစ်သူ ရှိစဉ်က အရွက်များ၊ အသီးများ မဟုတ်တော့ပါ။ အသစ်ဖြစ်သော သီးရွက်များသာဖြစ်၍ သခင်နှင့် အရှင်မ၏ ဇာတ်လမ်းအစကို ကျွန်ုပ်တို့ မသိပါ။ သင့်ချစ်သူကို ဤနေရာတွင်လည်း

မရှာပါလေနှင့်။ သခင့်ကျေးဇူးကိုသာ သတိရ ဆင်ခြင်ပါ”

မှန်၏။ အုန်းပင်များက အမှန်စကားကို ပြောကြားပါသော်လည်း ကျွန်မက မကြားပါပေ။

နယုန်လတွင် မိုးစက်မိုးဖွားများနှင့်အတူ စံကားဝါပွင့်တို့ ပြူထွက်လာကြပြန်သည်။ “သခင်စိုက်ခဲ့သော စံကားပင်မှ ပွင့်လွှာများဖြင့် မြတ်ဘုရားအား ပူဇော်၍ သခင့်ကိုသာ အမျှဝေပါ။ ချစ်ဖွယ်ကောင်းသော ဤရွှေရောင်ပွင့်များသည် ယခု မိုးဦးမှ ပေါ်လာကြခြင်းဖြစ်၍ သခင်တို့၏ အတိတ်အကြောင်းအရာများကို ဘာမှ မသိတော့ပါ။ နုနယ်လှပသော ဤပန်းပွင့်ငယ်များအား သင်၏သောက အပူရှိန်ငွေ့ဖြင့် နွမ်းနယ်ခြင်း မဖြစ်ပါစေလင့်”

စံကားပင်၏ ဆိုစကားကိုလည်း ကျွန်မသဘောမပေါက်၊ ကျွန်မ၏ ရင်တွင်းအပူငွေ့ကို မှုတ၍ မခံကြလိုပါတကား ဟူ၍ပင် ပန်းပွင့်များအပေါ် အပြစ်တင်ချင်လာသည်။

အိမ်ထဲသို့ ပြန်ဝင်ခဲ့၏။ အိပ်ခန်းဝတွင် ကြက်သေသေကာ မတ်တတ်ရပ်နေမိ၏။

“ရွှေဘုန်းတော် နေလာဝေဖြာ၊ မန်းလကျာ

နတ်ရွာ ရေသို့အေး၊ ဒုမ္မာလေ ဒုမ္မာ

ကြိုင်ပျံ့မွှေးတယ် မွှေးတယ်လေး။

နန္ဒာကန်သာရေမြ၊ အေးတယ် အေးတယ်

အေးတယ်လေး”

ပဒုမ္မာကြာပွင့်နှင့် ခြသေ့်ရုပ်နှစ်ကောင်ကို ရုပ်လုံးဖော်ထွင်းထားသော ပတ္တလားအိမ်မှ ညိုးညံ့ညင်သာသော တီးလုံးသံများ ထွက်ပေါ်လာ၏။ နံရံလေးဖက်ဆီမှ “မန်းတောင်လကျာ” မန္တလေးမြို့တော်ဘွဲ့ သီချင်းသည် သူ ဆိုနေကျအသံအတိုင်း သီကျူးလျက်ရှိ၏။

ထူးဆန်းသောစစ်သားကြီး၊ ဂီတကို သီကျူး၍ သူကိုယ်တိုင် ပတ္တလားနှင့် သီချင်းကြီး သီချင်းခံများကို တီးမှုတ်ခဲ့သည်။ ဆေးရုံတက်နေစဉ်ကပင် စနေနေ့တိုင်း အိမ်ပြန်လာကာ တခြား ဘာမှ မလုပ်။

“လက်ပျက်သွားမှာစိုးလို့ပါ မိချိုရယ်” ဟု ဆိုကာ သူကြိုက်သော

သီချင်းများကို ပြန်လည်နှုး၍ ပတ္တလားကို အမြဲတီး၏။

ဘုရား ဘုရား၊ ဤနံရံလေးဖက်မှ လွတ်ရာသို့ ကျွန်မ ပြေး၍မရပြီ။ ယခင်ကတော့ ကျွန်မ ထင်သည်။

"မိချိုကို ကိုကြီး သိပ်ခိုင်းတာပဲ။ မိချိုဟာ အလုပ်သမားမိချိုပဲ ဖြစ်ရမယ်။ ရဲဘော်ပုံစံအတိုင်း အဘက်ဘက်က စွယ်စုံတော်ရမယ်" ဆိုသော သူ့ဥာဉ်အတိုင်း သူ ကျွန်မကို ပုံစံသွင်းခဲ့၍ ကျွန်မ သူ့အား "ဦးပုံစံ" ဟူ၍ အမည်ပေးခဲ့၏။

'မိချို' ဝတ္ထုရေးကာ သူနှင့် ကျွန်မဘဝကို တစိတ်တဒေသဖော်ကာ သူ့ကို သတိပေးခဲ့ပါသည်။

စစ်သားသည် စစ်သားဖြစ်၍ မယားသည် မယား ဖြစ်၏။ သူ့ပုံစံကို ကျွန်မအင်အား၊ ကျွန်မ ကျန်းမာရေးနှင့် မလိုက်နိုင်သော် ကျွန်မ လမ်းထက်ဝက်တွင် အားပြတ်၍လဲကာ သေရပါတော့မည်။ ဝတ္ထုထဲမှ မိချိုသည် ဝိညာဉ်ရှင်သဖွယ် သူ အိပ်စက်နားနေသော အိပ်ခန်းနံရံများမှ စကားဆိုမည်။ ယခုတော့ ကျွန်မ ကြိုတင်တွေးခေါ်ထားသလို ကျွန်မ၏စကားဆိုသံကို သူ နားထောင်ရသော အဖြစ်သို့ မရောက်၊ ကျွန်မကသာ သူ့စကားဆိုသံ၊ တီးမှုတ်သံ၊ တေးသီသံတို့ကို ကြား၍ နေရပေပြီ။

"ဩော်... ကြိုတင်တွေးခေါ်သလို မဟုတ်ဘဲ၊ မကြံစည်ဘဲ၊ မမျှော်လင့်ဘဲနှင့်လည်း အကြောင်းတရားတို့သည် ဖြစ်ပေါ်လာတတ်ပါတကား"

ဘယ်နေရာမျှ ရပ်တည်ရာမရ၊ သူနှင့် ကင်းလွတ်ရာသည် ဘယ်နေရာမှ ကျွန်မတွင် မရှိ၊ အိပ်ခန်းတွင်းသို့ စိတ်တင်း၍ဝင်ကာ ကျွန်းသားဗီရိုကြီးရှေ့တွင် မတ်မတ်ရပ်နေမိ၏။ စာပေ... ကျွန်မ နှစ်သက်သောစာပေ၊ သူ မြတ်နိုးသောစာပေ၊ ဤစာပေတွင် ကျွန်မနှလုံးသားကို မြှုပ်နှံသော် ကျွန်မနှလုံးသားတို့ တည်ငြိမ်၍ ဘဝင်ကျကောင်းပါရဲ့။

ကျွန်းသားဗီရိုကြီးကို ဖွင့်လိုက်၏။

ပို၍ ဆိုးသည်။ ထိုအခါမှ ပို၍ ဆိုးသည်။

လယ်တီဆရာတော်ဘုရားနှင့်တကွ မဟာစည်ဆရာတော်ဘုရားတို့၏ ဗုဒ္ဓကျမ်းစာများ၊ ဝိပဿနာရှုနည်းများ၊ ဗီရို၏အထက်ဆုံးအထပ်တွင် စီ၍ ကျွန်မအား တည်ငြိမ်စွာ ကြည့်နေ၏။

"မိချို စာရေးဆရာမကြီး သေရင် ဝတ္ထုတွေ စွဲပြီး ဝတ္ထုသရဲမကြီး ဖြစ်လိမ့်မယ်၊ ဒါကြောင့် ဘာသာရေးဆိုင်ရာစာအုပ်တွေ ဖတ်ပြီး ကိုယ့်စိတ်ကို

တည်ငြိမ်အောင် ထိန်းရမယ်”

သူ တတွတ်တွတ် ပြောကာ ဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်များကို ကျွန်မအတွက် စုဆောင်းထားခဲ့၏။

ဗီရို၏ ဒုတိယထပ်တွင် လောကီစာပေများကို ရေးသားပြုစုတိုင်း အထောက်အထား ရရန် ခေတ်ပေါ်စာရေးဆရာများ၏ စာအုပ်များကို တွေ့ရ၏။ တတိယထပ်တွင် စစ်ဆင်မှုဆိုင်ရာ စာအုပ်များ။

“မိချို… အပျင်းမကြီး၊ အားလပ်ချိန်ရရင် အလကားမနေနဲ့၊ စာဖတ်ရမယ်”

တရား၊ ဂီတ၊ စာပေ၊ စစ်ဆင်ရေး၊ ဘယ်လိုပုံစံနှင့် စစ်သားကြီးပါလိမ့်။ ပင့်သက်ရှူ၍ ဗီရိုတံခါးကို ဖြည်းညင်းစွာ ပိတ်လိုက်၏။

သူ မကွယ်လွန်ခင်ကတည်းက ဤအခန်းနှင့် ကျွန်မ ခွဲခွာခဲ့၏။ သူ၏ခြေရင်းခန်း အိပ်ခန်းတွင် ကျွန်မ သီးခြားအိပ်၏။ ယနေ့တော့ ဤအိပ်ခန်းသို့ ကျွန်မ ပြန်လည်ပြောင်းရွှေ့ကာ အိပ်မည် စီစဉ်သည်။ ကျွန်မ၏အလှပြင်မှန်တင်ခုံကိုပါ အခန်းထောင့်သို့ ရွှေ့ပြောင်းယူခဲ့၏။ ကျွန်မ၏တိုက်သည် ကျွန်မတို့မိသားစုနှင့်ဆိုသော် ကျယ်ဝန်းပါ၏။ ကမ္ဘာမြေပြင်သည်လည်း ကျယ်ပြန့်လှပါ၏။ သို့သော် ကျွန်မအတွက် ထိုင်စရာတကွက် မရှိပြီ။ မှန်တင်ခုံရှေ့တွင် ပန်းလျစွာ ထိုင်လိုက်၏။ မှန်ပြင်ထဲမှာကော ကိုကြီး ပေါ်လာဦးမှာလား။ မှန်ပြင်သားကို စေ့စေ့ ကြည့်နေမိ၏။

“ခင်နှင်းယု ကောင်းကောင်း နားထောင်ပါ”

မှန်သားအတွင်းမှ မခင်ယုသည် စာရေးဆရာ ခင်နှင်းယုကို ပြတ်သား ကြည်လင်စွာ စကားပြောကြား၏။

“စာရေးဆရာတွေဟာ မာန်ကြီးကြတယ်။ ကိုယ့်မာန်နဲ့ကိုယ် ကိုယ်စီရှိကြတာပဲ။ “မာန” ကသာ နှလုံးသားအခံအလျောက်၊ ရင့်ကျက်တဲ့ အတွေ့အကြုံ အသိတရားအလျောက် ကွာခြားကြတယ်။ ဒါကြောင့်လည်း သူတို့ကိုယ်ကိုယ် သူတို့ ပြန်မမြင်ကြဘူး။ ဒါအတွက်လည်း ဝမ်းနည်းစရာ မဟုတ်ပါဘူးလေ။ တနေ့ သော် ကိုယ်ကိုယ်တိုင်က မိမိကိုယ်ကိုယ် တရားပြလာမှာပဲ။

“မင်း ၁၀ ရက် သာသနာ့ရိပ်သာမှာ တရားထိုင်ပြီး ပြန်လာခဲ့တယ်။ တဖက်ဆည်ကန်နဲ့တူတဲ့ ရေပြင်လယ်မှာ ကိုယ်ကို နှစ်စိမ်ခဲ့ပေမင့် ပွတ်သပ်ဆေးကြောခြင်း မပြုခဲ့လေတော့ နှစ်ပေါင်း လေးဆယ်ကျော်ပတ်လုံး အသည်းနှလုံးမှာ ကျပ်နေတဲ့ သမုဒယ ရွှံ့နွံအနှစ်ခြောက်တွေကို ကြေးပွရုံ၊ နူးရုံလောက်သာ ဖြစ်ခဲ့လို့ ပိုလို့တောင် ဆိုးတယ်မို့လား။

သမုဒယဖွဲ့မီးကို အပြီးသတ်မငြိမ်းလို့ သည်းတမြည့်မြည့်ကျွမ်းပါတဲ့ ပွဲတွေ့အလွမ်းကပဲ မတက်နိုင်တော့ဘူး။

မီးဖိုမှာ တောက်လောင်နေတဲ့မီးကို ညှော်ခန်းမှာ ရေဖျန်းရုံနဲ့ မီးဖိုကမီးက ငြိမ်းမှာ မဟုတ်ဘူး။ မီးဖိုကိုသွားပြီး စတင်လောင်ကျွမ်းတဲ့ ထင်းစမီးစာကအစ အကြွင်းအကျန် မီးခဲပြာပူအထိ ငြှိမ်းသတ်မှ မီး အစသတ်ငြိမ်းမယ်။

အခုလည်း မင်းရဲ့သမုဒယမီးက ဘယ်က လောင်နေပါသလဲ။ နှလုံးသား၊ သို့မဟုတ် မင်းစိတ်က အပူမီးဆိုတော့ စိတ်ကို မငြှိမ်းသတ်သ၍ ဒီအပူက ငြိမ်းမှာ မဟုတ်ဘူး။

ဒီတော့ မင်းရဲ့ဟန်အတိုင်း ငါက စကားပြောပါရစေ၊ မင်းဟာ လောကမှာ နှစ်ကိုယ်ခွဲ နေတယ်ဆို။ ခင်နှင်းယုဆိုတဲ့ စာရေးဆရာအနေနဲ့တကိုယ်၊ မိချိုဆိုတဲ့ မိန်းမငယ်တယောက်အနေနဲ့ တကိုယ် နေလိုက်ပါ။

စာရေးဆရာဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ အာရုံခြောက်ပါးကို အစဉ် ခံစားနိုင်အောင် ဖွင့်လှစ်ထားရမယ်။ ဒီအာရုံတွေကို လက်ခံသိမ်းပိုက်ပြီး မင်းရဲ့ အသိဉာဏ်နဲ့ မင်းရဲ့ ခံစားမှုဝေဒနာကို အဆင့်ဆင့်ပွားပြီး လူသားတို့ကို ပေးအပ်ရမယ်။ ဒါက ခင်နှင်းယုရဲ့အလုပ် မှန်တယ်။ တာဝန်ဝတ္တရားတခု မလွဲမသွေ ကျေပြွန်ရမယ့်တာဝန်။

ကဲ... မိချို -

ဒု-ဗိုလ်မှူးကြီးကျော်သောင်းရဲ့ချစ်ဇနီး မိချိုအနေနဲ့ ငါ ပြောပါရစေ။

သတင်းထောက်ကလေး မောင်ကျော်သောင်းအဖြစ်နဲ့ သိရှိနားလည်ခဲ့ပြီး လက်တွဲလာခဲ့တဲ့ ချစ်သူကို ရုတ်တရက် လက်တွဲဖြုတ်ပြီး အပြီးသတ် လမ်းခွဲခဲ့ရတဲ့အခါ မင်းရဲ့အပူကို ငါ့ထက် သိတဲ့လူ မရှိခဲ့ပါဘူး။

မင်း သတိပြန်ရစမ်းပါ။ ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်အတွေ့ကို အပြဟ္မစရိယဆိုတဲ့ သီလ သိက္ခာပုဒ်နဲ့ မင်းတို့နှစ်ဦး အသက်ရှင်စဉ်က နောက်ပိုင်းမှာ ထိန်းချုပ်ခဲ့ကြတယ်။

သီလဆိုတာ ထိန်းချုပ်ရုံပဲ၊ စောင့်ထိန်းရုံပဲ၊ အပြီးအသတ် ငြှိမ်းသတ်ခြင်းကို မပြုနိုင်ဘူး။ မာတုဂါမဆိုတဲ့ မိန်းမသားတွေရဲ့ပုံသဏ္ဌာန်တွေ၊ အမူအရာတွေကြောင့် ဖြစ်ပေါ်လာတဲ့ ကာမဂုဏ် စိတ်ဓာတ်ကို ယောကျ်ားတယောက်ဟာ သီလတရားနဲ့သာ 'မတော်ပါလား၊ မဖောက်ပြန်သင့်ပါလား' လို့ သီလနဲ့ ထိန်းချုပ်ခြင်း ဖြစ်တယ်။ အပြီးသတ် မပယ်သတ်နိုင်ဘူး။ ဒါဟာ ပုထုဇဉ်တို့ဓလေ့ပဲ။

တဏှာရာဂနဲ့ယှဉ်တဲ့ ခန္ဓာကိုယ်သွေးသားကို လောင်မြိုက်တဲ့မီးဟာ သီလနဲ့ ထိန်းသိမ်းလို့ ရတယ်။ သမုဒယတွယ်တာမှု သံယောဇဉ်မီးက ဖွဲမီးလို တငွေ့ငွေ့ လောင်တတ်တာမို့ သီလ စောင့်ထိန်းရုံနဲ့ ငြိမ်းသတ်လို့ မရပေဘူး။ အပျိုကြီး၊ လူပျိုကြီး ပုထုဇဉ်တွေ၊ ရဟန်းတွေ၊ သီလရှင်တွေဟာ ဒီသံယောဇဉ်ဖွဲမီးကို အပြီးသတ် မငြိမ်းနိုင်လို့ အပြဟ္မစရိယ သီလကို ထိန်းနိုင်သော်လည်း အပူက မကင်းပေဘူး။

ရှင်းပြီလား မိချို။ တချို့ကလည်း ပြောကြတယ်။ "ကျုပ်တို့ သီလရှင် ခြောက်နှစ် ဝတ်လာတာမို့ ဒီတရား အားထုတ်ဖို့ မလိုတော့ဘူး" လို့ ပြောကြတယ်။ သူတို့ထင်သလို နိဗ္ဗာန် ရောက်ကြောင်းတရားဟာ သီလစောင့်ရုံနဲ့ ဖြစ်တယ်ဆိုရင် သီလရှင်တွေ၊ ဘုန်းကြီးတွေဟာ ရိပ်သာလာပြီး တရားအားထုတ်ကြတော့မှာ မဟုတ်ဘူး။ ဒါကြောင့် သီလစောင့်ထိန်းခြင်းသည်လည်း နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ပဲ ဖြစ်တယ်။

မိချိုကို ထပ်ပြီး ပြောပြချင်သေးတယ်။ ဆေးသိပ္ပံပညာရှင် ဆရာဝန်တွေက ဆိုကြတယ်။ 'ခြင်' ကောင်ဟာ ငှက်ဖျားနဲ့အတူ သွေးနဲ့ပတ်သက်တဲ့ ရောဂါဝေဒနာတွေကို ဖြစ်စေတယ်။ ကူးစက်ပြန့်ပွားစေတယ်။ ဒါကြောင့် ခြင်ကောင်ကို မပေါက်ပွားအောင် နှိမ်နင်းပါလို့ ဆိုတယ်။ ခကွေး ရရစ် သေတ်နဲ့ စာလုံးပေါင်းတဲ့ သက်ရှိသတ္တဝါ 'ခြင်' ကောင်ထက် ကြောက်မက်ဖွယ်ရာ လက်ဆုပ်လက်ကိုင် မပြနိုင်တဲ့ အသံတူစာလုံးပေါင်းကွဲတဲ့ "ချင်" က တိရစ္ဆာန်ခြင်ထက် အဆပေါင်းများစွာ ကြောက်မက်ဖွယ်ရာ ကောင်းတယ်။

ဒီ "ချင်" ကြောင့် သံသရာကို စခဲ့ရတယ်။ ဒီ "ချင်" ကြောင့် သမုဒယမီးဟာ ပွားခဲ့ရတယ်။ စားချင်တယ်၊ နေချင်တယ်၊ ဝတ်ချင်တယ်၊ ချစ်ချင်တယ်၊ မုန်းချင်တယ်၊ ကာမဆန္ဒတွေ နှိပ်စက်သမျှ သတ္တဝါတွေ ခံရတာပဲ။ လက်ခံသိမ်းပိုက်ထားသူကို အပူမီးပွားစေလို့၊ သောက ပွားစေလို့ ဒီ "ချင်" ကို ပါဠိလို "ကိလေသာ" လို့ ဆိုရင်လည်း မမှားဘူး။

ဒါကြောင့် ရှင်တော်ဘုရားက ဓမ္မစကြာမှာ ချစ်တဲ့သူနဲ့ ကွေကွင်းရတဲ့အခါ ပြန်လည် တွေ့ 'ချင်' ရက်နဲ့ မတွေ့ရတာလည်း ဒုက္ခပဲတဲ့။

မချစ်မနှစ်သက်တဲ့ လူနဲ့ အတူပေါင်းသင်းနေရပြန်တော့ အတူမနေ 'ချင်' တာကလည်း ဒုက္ခပဲတဲ့။

အကြင် လို 'ချင်' တဲ့ အရာတို့ကို မရ၊ ထို မရတာတွေကို ထပ်ကာ ထပ်ကာ လို 'ချင်' ရတာလည်း ဒုက္ခပါပဲတဲ့။

ဒီသတ္တဝါ၊ တိရစ္ဆာန် 'ခြင်' ကောင်ကို မပေါက်ပွားအောင်

ရှင်းလင်းသုတ်သင်တဲ့ ဆေးတွေ၊ နည်းတွေ ရှိသလို သတ္တဝါကောင် ထင်ရှားမရှိတဲ့ လောဘဆိုတဲ့ 'ချင်' ကို ရှင်းလင်းသုတ်သင်ဖို့ နည်းလမ်း ရှိပါတယ်။

အရင်းရှင်နိုင်ငံတွေမှာရော၊ ရုပ်ဝါဒလွှမ်းမိုးရာနိုင်ငံတွေမှာရော သန်းကြွယ်သူဌေးကြီးတွေက ဒီ "ချင်" ကို မငြိမ်းသတ်နိုင်လို့ ဗေလျှံတူး (၂) တို့၊ (၅) (၁၀) တို့နဲ့ ရလီဇင်း စတဲ့ စိတ်ငြိမ်ဆေးတွေ စားလိုက်ရတာ အမော၊ သံကန့်လန့်ကာအတွင်းက ရုပ်ဝါဒကို လက်ခံထားတဲ့ ခေါင်းဆောင်ကြီးတွေ ကျတော့လည်း သန်းကြွယ်တွေလို မဟုတ်ဘဲ အာဏာကို လုယူသွားမှာစိုးလို့ သတ်ရ၊ ရှင်းရ၊ သုတ်သင်ရတာလည်း ဒီ "ချင်" ကြောင့်ပဲ။ အခုတော့ စိတ္တဇဆရာဝန် သိပ္ပံပညာရှင်တွေက သူတို့ ထုတ်လုပ်တဲ့ စိတ်ငြိမ်ဆေး၊ ခေါင်းအေးဆေးတွေကို သတ္တဝါတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ နောက်ကို အမီလိုက်ထုတ်လုပ်ရာမှာ အင်အားမမျှလို့ ခုတော့ ဝန်ခံရပြီ။

"ဝိပဿနာ ရှုမှတ်မှုသည်သာလျှင် တကယ်စိတ်ငြိမ်သက်အေးချမ်းမှုကို ပေးပါတယ်" တဲ့။

မင်းရှေ့တင် မျက်မြင် နိုင်ငံခြားသားတွေ မဟာစည်သာသနာ့ရိပ်သာမှာ တရားအားထုတ်ပြီး ဝန်ခံသွားကြတယ်။

လက်ရှိ ရန်ကုန်စိတ္တဇဆေးရုံက ဒေါက်တာအုန်းမောင်ကတောင် မင်းကို တနေ့ ပြောသွားသေးတယ်။ စိတ်ကို မနိုင်နိုင်လို့ ယဉ်ယဉ်လေးနဲ့ ရူးသွားတဲ့လူတွေကို နောက်ဆုံး ဝိပဿနာနည်းလမ်းကိုပဲ ပေးရတော့တယ်တဲ့၊ မှတ်မိသေးရဲ့လား။

နိုင်ငံခြားက အားထုတ်လာသူ ဟူသမျှ ဒီဝိပဿနာတရားကို လေးစားယုံကြည် လက်ခံ သွားကြတယ်။ လာလှည့်၊ ရှုလှည့်၊ လက်တွေ့ စမ်းသပ်လှည့်ပါ။ ဒီတရားဟာ အစမ်းအသပ်ခံ (ဝိဇ္ဇာနည်းနဲ့ စမ်းသပ် စမ်းသပ်၊ သိပ္ပံနည်းနဲ့ စမ်းသပ် စမ်းသပ်) အစမ်းသပ်ခံနိုင်တဲ့ ဂုဏ်တော်နဲ့ ပြည့်စုံပါပေတယ်။

"ကြားရုံမျှပင် အပူစင်၍ ကျင့်လျှင် ချမ်းသာ ရတတ်ပါ၏" ဆိုတဲ့အတိုင်း လက်တွေ့ ကျင့်ဖို့တော့ တကယ်လိုတယ်။

မိချိုကိုတော့ အပြစ်မတင်လိုပါဘူး။ ဝေပုလ္လတောင်ဆိုတာ ဘယ်မှာနေမှန်း မသိဘူး။ ဝေပုလ္လတောင်ယံက ပတ္တမြားကို မျှော်မှန်းတမ်းတပြီး အထင်ကြီးကြတယ်။ ကိုယ့်လက်ထဲက ရတနာထုပ်ကို ဖြေထုတ်ပြီး မသုံးစွဲတတ်တဲ့အကျင့်ဟာ မြန်မာပြည်သူတွေရဲ့အားနည်းချက်တခုမို့ မင်းကို ခွင့်လွှတ်ပါတယ်။

မိချို၊ မင်းဖြစ်တာဟာ မဆန်းပါဘူး။ ခရီးအတန်ငယ် ဝေးကွာတဲ့ အိမ်တခုကို တောလမ်းက ဖြတ်သန်းပြီး သွားရောက်ခဲ့ဖူးတဲ့ သူတယောက်ဟာ တခါရောက်ဖူးရုံနဲ့ လမ်းကို မမှတ်မိတာဟာ မဆန်းပါဘူး။

ဒီတခါ ထပ်သွားပါ။ လမ်းကို စေ့စေ့စပ်စပ်၊ သေသေချာချာ မှတ်သွားပါ။ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ပြီး ရောက်ပါလိမ့်မယ်။

"အစ်မကြီး ဒေါ်မမလေးကို ဆရာတော် ဦးဇနကက မှာတယ်မို့လား။ ၁၀ ရက်တည်းနဲ့ မိချို အပူမစင်သေးလို့ ပြန်ခဲ့ပါဦးဆိုတာ"

မှန်ရှေ့တွင် ထိုင်နေသော ကျွန်မ မိချိုအား မှန်ထဲရှိ မခင်ယုသည် အမှန်အကြောင်းများကို စိစစ်ဝေဖန်ပြ၏။

တကယ်တော့လည်း မခင်ယုသည်သာလျှင် မိချို၏ အားနည်းချက်၊ ဖောက်ပြန်ချက်ကို ဆန်းစစ်ဝေဖန် တင်ပြနိုင်ပါသော အချစ်ဆုံးသူပါတည်း။ ထို့ကြောင့် မြတ်စွာဘုရားသခင်က အတ္တသမံ ပေမံ နတ္ထိ ဟူ၍ မိန့်ကြားခဲ့၏။

ဒီတခါတော့ ကျွန်မသည် ခေတ်စကားနှင့်ဆိုလျှင် ခင်နှင်းယုကို အပြတ်ရှင်းခဲ့၍ ရိပ်သာသို့ ဝါဆိုလ၏ နောက်ဆုံးပတ်တွင် ဝင်ခဲ့၏။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့မှ ဝင်ရောက်လာသော အာရုံဟူသမျှ၊ ထိတွေ့သမျှ အသေးစိတ်ကို ရှုမှတ်တော့၏။

ဖောင်းတယ်၊ ပိန်တယ်ကိုလည်း အသက်ရှုသွင်း၍ ဗိုက်က တဖြည်းဖြည်း ဖောင်းရာမှ အမြင့်ဆုံး၊ အဖောင်းအရှိန် ဆုံးအချိန်ထိ လိုက်မှတ်၏။ ယခင် အမှတ်ကျဲစဉ်က ဖောင်းတယ်ဟု တချက်တည်းသာ မှတ်လိုက်၏။ ယခုတော့ တရွေ့ရွေ့ လေ၏လှုပ်ရှားမှုကြောင့် ဗိုက်သားပြင် ရုပ်အသား ဖောင်းကြွမြင့်တက်လာခြင်းကို သေချာစွာ ရှုမှတ်သောအခါ လေးကြိမ် မှတ်ယူ၍ရ၏။ "ပိန်တယ်" ဟု မှတ်ယူချိန်သည် "ဖောင်းတယ်" ဟု မှတ်ချိန်ထက် တိုု၍ မြန်သည်ကို သတိထားမိ၏။ ဝင်သက်လေသည် နှေး၍ ထွက်သက်လေသည် မြန်သည်ကို သိလာသည်။

ဝေဒနာကတော့ အပျိုဘဝ အားထုတ်စဉ်ကလိုပင် ရှုမှတ်သည်နှင့် တပြိုင်နက်တည်း မပေါ်လာတော့ပေ။ တခါတရံ ၂ နာရီလောက်ကြာမှ ညောင်းခြင်း၊ ခြေကျဉ်လာခြင်းဖြစ်၍ ပြောင်းလိုက်ရ၏။ ရက်ကြာလာသည်နှင့်အမျှ ၃ နာရီ၊ ၄ နာရီအထိ တောက်လျှောက် ထိုင်၍ ရလာသည်။

ယခင်က ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်ဟု ရိုးရိုးလမ်းသွားသလိုပင် စင်္ကြံကို မှတ်၏။ ယခုတော့ ကြွချင်တယ်ဆိုသော ဆန္ဒကအစ တရွေ့ရွေ့ ကြာလာမှ

လှမ်းဖို့ အားယူပုံ၊ လှမ်းပုံ၊ ခြေကိုချရန် ပြင်ပုံ၊ ချနေဆဲ ကြမ်းပေါ် ခြေထိထိမိမိ ချမိသည်အထိ အမှတ်စိပ်လာ၏။ ထိုင်နေဆဲတွင်လည်း တံတွေးမျိုချင်သည်ကအစ ဆန္ဒ ဖြစ်လာခြင်း၊ တံတွေးများ လျှာပေါ် စုလာပြီး မျိုလိုက်ပြီ၊ မျိုတယ်အဆုံး အသေးစိတ်မှတ်လာသည်။

ဝေဒနာရှင် ဂိလာနမို့ ဇရပ်ထဲတွင် တယောက်တည်း အားထုတ်ခွင့်ပေး၏။ ဖလ်ယဉ် ဓမ္မာရုံသို့ နေ့လယ် ၂ နာရီမှ ၃ နာရီထိ တရားနာချိန်သာ လာရ၏။ ကျန်းမာသူ ယောဂီ အမျိုးသမီးများမှာမူ မနက် ၅ နာရီမှ ၉ နာရီထိ (နံနက်စာစားချိန် ကိုယ့်ဇရပ်ကိုယ် ပြန်စားခွင့်ပြု၏။) ဖလ်ယဉ်ဓမ္မာရုံတွင် အထိုင်တလှည့်၊ စင်္ကြံတလှည့်ဖြင့် မနားတမ်း တရစပ် အားထုတ်ရ၏။ ဓမ္မာရုံမှ ဆင်း၍ ကိုယ့်နေရာ ပြန်ရောက်တော့လည်း မပြတ်မစဲ အားထုတ်ရသည်ပင်။

ယခုတကြိမ်တွင်တော့ ကျွန်မ ဆရာတော် ဦးပဏ္ဍိတကျောင်းခန်းရှေ့ ဖြတ်ချိန်တွင် လည်းကောင်း၊ သိမ်ကြီးရှေ့ ဖြတ်ချိန်တွင်လည်းကောင်း ချစ်သူခြေရာကို စာရေးဆရာ ခင်နှင်းယု စိတ်ဖြင့် မရှာတော့ပါ။ သမုဒယကို အတွေးနယ်မချဲ့တော့ပါ။ တခါတရံ စိတ်ရောက်သွားတောင်မှ စိတ်ကူးနေတာ၊ ကြံစည်နေတာဆိုသော သတိက ကပ်၍ ယှဉ်၍ ပေါ်လာသည်နှင့် တပြိုင်နက်တည်း အတွေးသည် ပြတ်သွား၏။ အတွေးကို မှီ၍ တည်၍ ပေါ်လာသော ဝေဒနာ သောကတို့သည် လုံး၀ ဖြစ်ခွင့် မကြုံတော့ပေ။

ကျွန်မ၌ သွားဖုံးသွေးယိုသော ရောဂါကလည်း ရှိသည်။ ညအိပ်ချိန်တွင် ထွေးခံတလုံးထဲ ရေအနည်းငယ်ခံ၍ ခုတင်ဘေးတွင် ထား၍အိပ်ရ၏။ အိပ်ရင်း တံတွေးထွေးလိုတိုင်း ကြမ်းပေါ်မှ ထွေးခံကို လှမ်း၍ ယူရ၏။ တရေးနိုး ခြင်ထောင်ကိုမ၍ လက်ကို မ,ပုံ၊ တရွေ့ရွေ့ ထွေးခံရှိရာသို့ ဆန့်သွားပုံ၊ ထွေးခံကို ထိပုံ၊ ထွေးခံကို မ ရာမှ ကြွလာပုံ၊ တစတစ အမှတ်ကို စိပ်နိုင်သမျှ စိပ်အောင် မှတ်၏။ တညတွင်တော့ စိတ်ထဲတွင်မှတ်ရင်းမှ ဤ လက်ချောင်းများသည်၊ လက်မောင်းတံများသည် တခြားက အသားစိုင် အသားခဲကြီးတခု ရွေ့လျားလာသလို ဖြစ်သွား၏။ မိမိ၏ ခန္ဓာကိုယ် တစိတ်တပိုင်း တခု လှုပ်ရှားသည်ဟုပင် မထင်၊ ကရိန်း ဝန်ချီစက်တခု ရွေ့လျားသွားသည်ကို မှတ်နေရသလို ထင်လာသည်။ ရုပ်ခန္ဓာကို မိမိနှင့် မဆိုင်သော သူစိမ်းပြင်ပအနေဖြင့် (ပရတော) အမှန်အတိုင်း သိသော အနတ္တာနုပဿနာဉာဏ်ဖြစ်ကြောင်း ဆရာတော် ဦးဇနက ရှင်းပြ၍ သိရ၏။

တခါတရံ ဖောင်းတာလည်း မရှိ၊ ပိန်တာလည်း မရှိ၊ ဗိုက်သားကြီးသည် ချပ်ပြားကြီး ငြိမ်နေသည်။ သေသည်လည်း မဟုတ်၊ ဖောင်းမည့်အချိန်ကို စောင့်၍ နေမိသလို ဖြစ်နေ၏။ ထိုအချိန်၌ ချပ်ပြားငြိမ်သက်နေသော တခြားအရုပ်ကြီးတခု ခုတင်ပေါ်တွင် ကျန်ရစ်သလို ဖြစ်သွား၏။ မြင်တယ်၊ သိတယ်ဟု မှတ်နေသော စိတ်ကလေးသည်လည်း ဘယ်ကို ရောက်နေလဲ မသိပါပေ။ နောက်ဆုံး အရှုအမှတ်ခံ

ရုပ်ဝတ္ထုပစ္စည်းလည်းမရှိ၊ တွေ့ထိမှု အာရုံကို သိသော စိတ်ကလည်း မရှိ၊ ထိခြင်းနှင့် သိခြင်းပင် မရှိတော့ပေ။

ရက်ပေါင်း ကြာရင့်လေလေ အာရုံခြောက်ပါးကို လက်ခံသိမ်းပိုက်ခံစားမှု ဝေဒနာ ဖြစ်ရာ ဒွါရခြောက်ခုတို့မှ ဘာမှ ဖြစ်ခွင့် မကြုံအောင် ရှုမှတ်မှုက နိုင်လာ၏။ သမာဓိအားက ကောင်းလာ၏။ ထိုအခါမှ ဘာပူပင်သောက ဝိတက်၊ ဝိစာရမှ ကျွန်မစိတ်ထဲတွင် ပေါ်မလာ တော့ပေ။ ပေါ်မလာခြင်းမှာ ပေါ်ခွင့် မကြုံအောင် ရှုမှတ်စိတ် တစပ်တည်း ဖြစ်နေသောကြောင့် ဟူသော သဘောကို နောက်မှ နားလည်ဆင်ခြင်လာမိတော့သည်။

သာသနာ့ရိပ်သာတွင် ရက်ရှည် ဒုတိယအကြိမ် ပြန်လည်၍ ဝင်ရောက်ခဲ့ခြင်းမှာ သီတင်းကျွတ် လပြည့်ကျော် ၁၀ ရက်နေ့၌ ၂ လတင်းတင်း ပြည့်ခဲ့၏။

ထိုနေ့က ကျွန်မ အမှတ်တရားနှင့် ဖလ်ယဉ်ဓမ္မာရုံသို့ တရားနာရန် တက်လာသောအခါ ထုံးစံအတိုင်း ဆရာတော်ဦးပဏ္ဍိတ ခေတ္တ တည်းခိုရာ ကျောင်းခန်းရှေ့မှ ဖြတ်လာခဲ့၏။

အမှတ်တရားကို ခြေလှမ်းတိုင်းတွင် ထား၏။ မျက်စိအာရုံကိုလည်း ခလုတ်မတိုက်ရုံ အကွာ အဝေးတွင်ပဲ စက္ခုန္ဒြေချကာ သွား၏။

“ဒကာမကြီး မခင်ယု၊ ညနေကျရင် တခြားယောဂီတွေလို ၅ နာရီထိုးအထိ ဖလ်ယဉ်ဓမ္မာရုံမှာ တရားထိုင်မနေနဲ့တော့။ ၅ နာရီ ဘုန်းကြီးနဲ့တွေ့ဖို့ ဒီကျောင်းခန်းကို ဦးဇနကကို ခွင့်တောင်းပြီး ဆင်းလာခဲ့”

ကျွန်မ ထိုအခါကျမှ ခေါင်းမော်၍ ဖူးလိုက်၏။ မိန့်ကြားသူမှာ ဆရာတော် ဦးပဏ္ဍိတ ဖြစ်၏။

“တင်ပါ့ဘုရား”ဟု ပြန်လည်ဖြေကြား၍ ဆရာတော်ဦးဇနက တရားဟောရာ ဖလ်ယဉ် ဓမ္မာရုံသို့ ကျွန်မ ဆက်၍ သွား၏။

ထိုနေ့က ဆရာတော် ဦးဇနက ဟောကြားသော တရားကလည်း ကျွန်မအတွက် ထူးခြားနေ၏။

“ဒီနေ့ဟာဖြင့် နောက်ဆုံး ကွင်းပိတ်တရားပဲ” ဟု အစချီကာ ဆရာတော် တဝါတွင်းလုံး ဟောခဲ့သော တရားများကို အဆုံးသတ် နိဂုံးချုပ်လိုက်၏။

၁။ လောကမှာ ဖြစ်ဖြစ်သမျှ ရုပ်နာမ်ဟာ ဒုက္ခ အမှန်ချည်းပဲ။

၂။ တွယ်တာမှု သမုဒယကြောင့် ဒီဒုက္ခဆင်းရဲတွေ ဖြစ်တယ်။

၃။ ဒီဒုက္ခဆင်းရဲက လွတ်ငြိမ်းရာ အမှန်တရားသည် အမှန်တကယ်ရှိ၏။

(နိဗ္ဗာန်ဆိုသည်မှာ အရှိတရားဖြစ်၏။ အပြုပြင်ခံရသော ရုပ်သဘော၊ နာမ်သဘော ဟူသမျှသည် အဖြစ်တရားဖြစ်၍ အဖြစ်နောက်က အပျက်ကပ်ပါရသည်မှာ ဓမ္မတာမို့ ဘယ်ဟာမှ မမြဲ၊ ဖြစ်လျှင် ပျက်ရမည်။ "အရှိတရား" မှာကား ဖြစ်မှုမရှိ၍ အပျက်လည်း မရှိ၊ ထို့ကြောင့် "အရှိသဘော" ဖြစ်မှု မရှိ၍ အပျက်လည်း မရှိ၊ ထို့ကြောင့် "အရှိသဘော" သည် မပျက်စီးဘဲ တည်မြဲ၏။ အရှိတရားနှင့် အဖြစ်တရားကို ဆရာတော် ခွဲခြားဟောသည်မှာ ရှင်းလှ၏။ နောက်မှ အခွင့်သင့်သလို ကျွန်ုပ်မ ရေးပြပါမည်။)

၄။ ထိုလွတ်ငြိမ်းရာ ချုပ်ငြိမ်းရာ သွားရာလမ်းကြောင်းတွင် ထိန်းသိမ်း ကျင့်သုံးသွားရမည့် အချက်ရှစ်ချက်၊ ပါဠိလို စာသံနှင့်ဆိုသော်...

(က) သမ္မာဒိဋ္ဌိ (မှန်စွာ သိမြင်မှု)

(ခ) သမ္မာသင်္ကပ္ပ (မှန်စွာ ကြံစည်မှု)

(ဂ) သမ္မာဝါစာ (မှန်စွာ ပြောဆိုမှု)

(ဃ) သမ္မာကမ္မန္တော (မှန်စွာ ပြုလုပ်မှု)

(င) သမ္မာအာဇီဝေါ (မှန်စွာ အသက်မွေးမှု)

(စ) သမ္မာဝါယာမော (မှန်စွာ ကြိုးစားအားထုတ်မှု)

(ဆ) သမ္မာသတိ (မှန်စွာ သတိကပ်မှု)

(ဇ) သမ္မာသမာဓိ (မှန်စွာ စူးစိုက်တည်ငြိမ်မှု)

ဤလမ်းစဉ်အတိုင်း၊ သို့မဟုတ် ဤလမ်းမမှ အမှတ်စိပ်စိပ်နှင့်သွားလျှင် အပူသောက ဗျာပါဒတို့ ချုပ်ငြိမ်းရုံတင်မက ဘဝတဖန် ပြန်မဖြစ်ပါသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

ကဲ... အမှန်တော့ ငယ်ငယ် စာဖတ်တတ်ကတည်းက ဓမ္မစကြာရွတ်တိုင်း ဒီဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာတရားလေးပါးကို ကြက်တူရွေး စာကျက်သလို အလွတ်ရခဲ့ ရွတ်ဖတ်လာခဲ့သည်မှာ ကြာခဲ့ပြီ။

ကျောင်းနေလာသော အထက်တန်း ၁၀ နှစ်တွင်လည်း သစ္စာတရားလေးပါးကို ပိုင်းခြားထင်ထင် သိမြင်အောင် မြတ်စွာဘုရားသခင်က ပဉ္စဝဂ္ဂီငါးဦးကို တရားဟောသောနေ့ 'ဓမ္မစကြာအခါတော်နေ့' ကျင်းပတိုင်းလည်း ထိုတရားကို ကြားနာခဲ့၏။

ယခုမှပင် သစ္စာလေးပါးကို အလွတ် အမြန် ပြန်ရွတ်ခဲ့သော ကျွန်မသည် ကိုယ်တွေ့ ကျင့်ခဲ့သော ဝိပဿနာတရားနှင့်ယှဉ်၍ သုံးသပ်ဆင်ခြင်မိတော့သည်။ လမ်းတွင် ရောက်ခဲ့သော နေရာများ၊ ကြုံတွေ့ခဲ့သောအဖြစ်များနှင့် နောက်ဆုံး မျက်မှောက်ပြုခဲ့သော အာရုံကို သတိရ၍ ဝမ်းမြောက်ချမ်းမြေ့သွားရသည်။

"ကဲ - ဒီတရားကို မြတ်စွာဘုရားသခင် ဟောကြားစဉ်ကတော့ ပဉ္စဝဂ္ဂီရဟန်းငါးဦး အနက် အရှင်ကောဏ္ဍညဟာ တရားအဆုံးမှာ ဓမ္မစက္ခု (တရားမျက်စိ) ခေါ်တဲ့ သောတာပတ္တိ မဂ်ဉာဏ်နဲ့ နိဗ္ဗာန်မျက်မှောက်ပြုခဲ့တယ်။ ကျန်တဲ့လေးပါးကတော့ ဓမ္မစကြာတရားတော်မှာပါတဲ့ မဂ္ဂင်ရှစ်ပါး အလယ်လမ်း အကျင့်အတိုင်း ဆက်လက်အားထုတ်ခဲ့ကြလို့ မကြာခင်ပဲ ဓမ္မစက္ခုကို အသီးသီး ရသွားကြတယ်။ ကဲ - တို့တပည့်တွေတော့ ဘာများ ရကြသလဲ။ ဘယ်သူ ဘယ်ဉာဏ် အဆင့်အထိ ရပြီ ဆိုတာကိုတော့ တို့ ဟောပြော ရှင်းပြတာတွေနဲ့ တိုက်ဆိုင်ပြီး ကိုယ့်ဟာကိုယ် ဆင်ခြင်ကြည့်ကြပေတော့"

တရား အဆုံးသတ်လျှင် ခေတ္တနား၍ ယောဂီသစ်များကို တရား စစ်၏။ ယောဂီဟောင်းများကတော့ ဆက်လက်၍ တရားမှတ်၏။

ဆရာတော် ဦးပဏ္ဍိတ မှာလိုက်သည့်အတိုင်း ဆရာတော် ဦးဇနကထံ ခွင့်ပန်၍ တနာရီ စောဆင်းကာ ငါးနာရီတိတိတွင် ဆရာတော် ဦးပဏ္ဍိတကျောင်းခန်းသို့ ဝင်ခဲ့၏။

"ဒကာမကြီး မခင်ယု၊ မြတ်စွာဘုရားသခင်သော်မှ ကျွတ်ထိုက်သသူကို အရင်ဆုံး ဉာဏ်တော်ဖြင့် ရှာပြီးမှ တရားဟောတယ်။ ပြီးတော့လည်း ချွတ်ရမယ့်ပုဂ္ဂိုလ်ရဲ့ ဖြစ်ဆဲ အခြေအနေကို ကြည့်ပြီးမှ သူနဲ့ သူနဲ့ ထိုက်တဲ့ တန်တဲ့တရားကို ပုဂ္ဂိုလ်ရဲ့ ဓာတ်ခံ အနု အရင့်ကို ကြည့်ပြီး ဟောတယ်။

ဆရာတော် မန္တလေးကို ကြွမသွားခင်က ဒကာမကြီး ရိပ်သာကို ပြန်ဝင်ခဲ့သေးတယ်။ ဒကာကြီး ဆုံးပြီးစကလည်း ရက်လည်ဆွမ်းသွတ်တော့လည်း ဒကာမကြီးကို ဆရာတော် တွေ့ခဲ့တယ်။ အဲဒီကတည်းက ဒကာမကြီး ကျန်းမာရေးနဲ့တကွ သွားလာလှုပ်ရှားပုံ ကာယိန္ဒြေက အစ ဆရာတော် အကဲခတ်ကြည့်တယ်။ ဒီနေ့ထိပဲ။

ဒကာမကြီးကတော့ ကိုယ့်အမှတ်တရားနဲ့ကိုယ် ဖလ်ယဉ်ဓမ္မာရုံကို နေ့တိုင်း

သွားတာပဲ။ ဒီနေ့တော့ ဆရာတော် တရားဟောဖို့ အချိန်ရောက်ပြီ။

ပထမဆုံး ဆရာတော် မေးခွန်းတခု မေးမယ်။ ယောဂီ မခင်ယုအနေနဲ့ မဖြေနဲ့၊ စာရေးဆရာ ခင်နှင်းယုအနေနဲ့ ဖြေပါ”

ဆို၍ မေးခွန်းတခု မေးပါသည်။

အာရုံခြောက်ပါးအပေါ်တွင် စာရေးဆရာတယောက်၏ ခံယူချက် သဘောထားနှင့် ရုပ်နှင့်နာမ် အပေါ်တွင် စာရေးဆရာအနေနှင့် ခံယူချက်ဖြစ်ပါသည်”

ဆရာတော် မေးခွန်းမှာ ဒါပဲ ဖြစ်ပါသည်။

ကျွန်မသည် “ဇီဝဇိုး” ဆောင်းပါးတွင် ရေးသားထားသည့်အတိုင်း စာရေးဆရာကတော့ ကြံစည်ခြင်း၊ စိတ်ကူးခြင်းဖြင့် ဝိတက်ပွားသူတို့ ဖြစ်၏။ ဒွါရခြောက်ခု၊ တံခါးခြောက်ပေါက်ကို ဖွင့်ထား၍ ကြုံတွေ့သမျှ အာရုံတို့ကို မိမိ၏ခံစားမှုမှ အကျယ်ပြန့်၍ စာဖတ်သူကို ပေးဝေရ၏။ အင်မတန် သောကကြီးသူတို့အလုပ်ဖြစ်၍ အပူပွား၏။ ရုပ်နှင့်နာမ်၊ သို့တည်းမဟုတ် ပတ်ဝန်းကျင် ရုပ်ဝတ္ထုတို့အပေါ်၌ စိတ်၏လွှမ်းမိုးကြီးစိုးပုံကို ကျွန်မ ရေးသားခဲ့သော “နှင်းဆီမွှေ့ရာ”၊ “ခန္ဓာနှင့်အာရုံ”၊ “မနောဝိညာဉ်” ၊ “ပန်းပုဆရာ ဦးသာယာ” တို့ကို တင်ပြ၍ ကျွန်မ၏ ခံယူချက်ကို ဖြေကြားလိုက်၏။

ကျွန်မ အဖြေဆုံးလျှင် ဆရာတော် ဦးပဏ္ဍိတသည် ဣန္ဒြိယသံဝရ တရားကို ဟောကြားပါ၏။ ဒွါရခြောက်ပါးဟု ပါဠိဆန်ဆန်ပြောသော အာရုံကို လက်ခံသော ဌာနခြောက်ပါး၌ အာရုံ ထင်လာသောအခါ၊ ဝင်လာသောအခါ ကိလေသာဖြစ် မရအောင် ဝိပဿနာအမှတ်ပြုမှုသတိဖြင့် မည်သို့ ပိတ်ဆို့သည်ကို ဟောကြားတော်မူတော့သည်။ သီလ၊ သတိ၊ ဉာဏ၊ ခန္တီ၊ ဝီရိယ ဟူသော သံဝရတရား ၅ ပါးဖြင့် ဣန္ဒြေကို ထိန်းချုပ်ပုံကို အကျယ်ချဲ့၍ ဟောပြ၏။ ဆရာတော် ၂ ပါးသည် တနေ့တည်း တချိန်တည်း တိုင်ပင်၍ ထားလေသလား အောက်မေ့ရအောင် အပူကြီးလှသော၊ ကိလေသာ ရတက်မီး ပွားတတ်သော မိချိုကို အပြီးသတ် ချေချွတ်တော်မူကြ၏။

ထိုနေ့၌ ဇရပ်သို့ ကျွန်မ အပြန်လမ်းခရီးသည် ချောမွတ်အေးချမ်းသာယာစွတကား။

သိမ်ဖြူ ဆရာတော်ဘုရားကိုလည်း -

“တပည့်တော်သည် မျက်မှောက်လူ့ဘောင်၏မြစ်ကို လည်းကောင်း၊ သံသရာ၏မြစ်ကို လည်းကောင်း ကူးရန်အတွက် ရေကူးတတ်ပါပြီဘုရား” ဟု

သွားရောက် လျှောက်ထားရဦးမည်။

A Bridge for Passing ပါးလ်ဘတ်၏စာအုပ်ကို လက်ဆောင်အဖြစ် ပေးသော ချစ်လှစွာသော မိတ်ဆွေနှစ်ယောက်ကိုလည်း ချစ်သူပျောက်ကို ရှာရင်းမှ ကျွန်မ၏ တယောက်သွားသာရုံ ခရီးလမ်းဖြင့် ရောက်ခဲ့ အာရုံပြုခဲ့ရပါသော ထာဝရ အေးချမ်း ငြိမ်သက်သည့် ရိပ်ငြိမ်သို့ သွားရာ၌ ဖြတ်သန်းခဲ့ရသောတံတား ၈ ခု အကြောင်းကို အခွင့်သင့်လျှင် စာတအုပ်ရေး၍ သူတို့ကို လက်ဆောင် ပြန်၍ ပေးရပေဦးတော့မည်။

ရှင်မဟာသီလဝံသ သက်တော်ထင်ရှား ရှိပါလျှင်လည်း -

"တပည့်တော်သည် တဖက်ဆည်ကန်ရေပြင်လယ်၌ ချစ်သူမျက်နှာကို မရှာတော့ပါဘုရား။ ကြေးပွရုံ စိမ်ခြင်းမဟုတ်ဘဲ ရှို့ ရှို့နှစ်တို့ကို ပွတ်သပ်ဆေးကြောခဲ့ပါပြီ ဘုရား" ဟု လျှောက်ထားချင်ပါသည်။

နောက်ထပ်တဖန် ကျွန်မကိုယ်၌ ရှို့နွံလိမ်းကျံပေရေလာလျှင်တော့ အနေမတတ်သော ကျွန်မ၏အပြစ်သာဖြစ်၍ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရား အမှူးရှိသော ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့၏ အပြစ် မဟုတ်ပါတော့ပြီ။

■

ကျွန်မ၏ ဒုတိယအကြိမ် ရက်ရှည်တရားထိုင်ပြီးနောက် ရိပ်သာမှ အိမ်သို့ ပြန်လာခဲ့ပါသည်။ ယခုတကြိမ်သည် ၂ လနှင့် ၁၀ ရက် ကြာခဲ့၏။ လက်မထပ်ခင်က တရားဝင်ခဲ့သည်မှာ ၂၂ ရက် ဖြစ်ခဲ့ပါသည်။

ကျန်းမာရေး ချွတ်ယွင်းနေချိန်တွင် ညစာမစားဘဲ ဥပုသ်စောင့်ကာ တရားထိုင်ပါသောကြောင့် ကျန်းမာရေးများ ထိခိုက်လေမလားဟု ကိုယ့်ဘာသာ စိုးရိမ်မိ၏။

ဘေးလူတို့က မဆင်မခြင် ရိပ်သာတရားကို အပြစ်တင်မှာကိုလည်း စိုးရိမ်မိ၏။ သို့သော် ကျွန်မအိပ်ခန်းတွင်းရှိ မှန်တင်ခုံရှေ့တွင် ထိုင်လိုက်သောအခါ စိုးရိမ်စိတ်များ ပျောက်သွားသည်။

ယခင်က ဖောသွပ်သွပ်နှင့် အဝါရောင်လွှမ်းနေသော မျက်နှာသည် ယခု သွယ်၍ကျသွားကာ သွေးရောင်လွှမ်းနေတော့သည်။ ဖြူရော်နေသော နှုတ်ခမ်းများသည် နီတွေးစပြုလာ၏။ ရိပ်သာတွင် နေ့စဉ် လုံးဝ မှန်မကြည့်ပါသောကြောင့် ကိုယ့်မျက်နှာကိုကိုယ် ယခုမှ မှန်ထဲတွင် ထင်ရှားစွာ တွေ့ရပါတော့သည်။

"မိချို၊ ပြန်လာခဲ့ပြီလား"

ပထမဆုံး မှန်ထဲမှ ဒေါ်ခင်ယုသည် ကျွန်မကို ဆီးကြိုနှုတ်ဆက်၏။

"ဟုတ်ကဲ့၊ ပြန်လာခဲ့ပါပြီ"

ဟု ကျွန်မက ဖြေသည်။ မှန်ပြင်ကိုကြည့်နေစဉ် ကျွန်မ သိုးဆောင်းတို့ ပုံပြင်ထဲမှ မနှင်းဖြူခေါ် Snow White ပုံပြင်ကို သတိရလာသည်။

ထိုပုံပြင်ထဲတွင် ဘုရင်မသည် သူ့အလှကို အလွန်မာန်တက်သည်။ သူ့ထက်လှသည့်သူ ကမ္ဘာမြေပြင်တွင် မရှိစေလိုပါ။ သူ့ကို အမှန်အတိုင်း ဘယ်သူကမှ မပြောရဲ။ သူကြည့်နေကျ မှန်ကြီးကသာ ပြောရဲသည်။ သူသည် နံနက်တိုင်း မှန်ကိုကြည့်ရင်း...

"ဒီကမ္ဘာမှာ ဘယ်သူ အလှဆုံးလဲ" ဟု မေးတတ်၏။

ယခုတကြိမ် သူ မေးသည်ကို မှန်ကြီးက ဖြေပုံမှာ ယခင်လို "ဘုရင်မ အလှဆုံးပါ" ဟု မဖြေပေ။

“ဘုရင်မကြီးထက် လှတဲ့သူ ရှိပါတယ်” ဟု ဖြေ၏။

“ဘယ်သူလဲ”

“မနှင်းဖြူဆိုတဲ့သူဟာ အလှဆုံးပါပဲ” ဟု ဖြေလိုက်၏။ ဘုရင်မကြီးမှာ မနှင်းဖြူကို လိုက်သတ်ရပြန်သည်။

ဪ... ဘုရင်မကြီးသည် “ကမ္ဘာတွင် အလှဘုရင်မ” ဆိုသော ဘွဲ့ကို လိုချင်မှုကြောင့် လူသတ်မှုကို အကြိမ်ကြိမ် ကျူးလွန်ခဲ့ရ၏။ ထိုသို့သော အကြောင်းတို့ကြောင့် သိုးဆောင်းတို့ ပုံပြင်တွင် မနှင်းဖြူနှင့် လူပုလေး ခုနစ်ယောက်အကြောင်းသည် တကဏ္ဍ ပါဝင်ခဲ့ပါသည်။ ကျွန်မနှင့်တော့ ဘာမှမဆိုင်ပါပေ။ သို့သော် မှန်ပြင်သားသည် စကားအမှန်ကိုသာ ဆိုတတ်ပါသောကြောင့် ယခု မှန်ပြင်ကြီးရှေ့တွင် ကျွန်မသည် သူ စစ်ဆေးသမျှ အမှန်ကိုသာ ဖြေဆိုရမည်သာမက သူ၏အမှန်တင်ပြချက်များကိုလည်း နာခံရပါတော့မည်။

မှန်ထဲမှ ဒေါ်ခင်ယုသည်သာလျှင် ကျွန်မစိတ်ကို အဝိဇ္ဇာကင်းစွာ လေ့လာနိုင်သူ ဖြစ်၏။ တခါတခါ ပုထုဇဉ်တို့ဓလေ့သည် ကိုယ့်ကိုယ်ကိုယ်တောင် လိမ်ချင်ပါသည်။

“တရားအားထုတ်ပြီး ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်ပြီးတော့ ကျေနပ်ရဲ့လား”

“ကျေနပ်ပါတယ်၊ အားရပါတယ်၊ လုံးဝ စင်ကြယ် အေးချမ်းပြီး ကိလေသာက ငြိမ်းသွားပြီလို့တော့ မလိမ်ပါရစေနဲ့”

မှန်ထဲမှ ဒေါ်ခင်ယုသည် ကျွန်မကိုကြည့်ကာ ပြုံး၏။

“လိမ်စရာ မလိုပါဘူး၊ မိချိုကို နားလည်ပါတယ်၊ မင်းမျက်လုံးများရဲ့ဣန္ဒြေက မင်းစိတ်ဓာတ် ဘယ်လောက်အထိ တည်ငြိမ် အနည်ကျလာတယ်ဆိုတဲ့ အတိုင်းအရှည်ကို ပြနေတယ်။ ဒါကြောင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်တွေကို ယောဂီရဟန်း၊ ယောဂီအမျိုးသား၊ အမျိုးသမီးတွေဟာ မညာနိုင်တာပေါ့”

“ဟုတ်ပါတယ်”

“မိချိုကို ထပ်မံပြီး ကိုယ်နည်းနည်းရှင်းပြမယ်။ ဆရာတော်ဦးပဏ္ဍိတ ဟောကြားတဲ့ ဣန္ဒြိယသံဝရနဲ့ ပတ်သက်ပြီးတော့ ရှင်းပြချင်တယ်။ ဣန္ဒြေဆိုတာ အစိုးရခြင်း၊ ကြီးမှူးခြင်းပါပဲ။ သံဝရကတော့ ထိန်းချုပ်ခြင်း၊ စောင့်စည်းခြင်း၊

ပိတ်ဆို့ခြင်းလို့ အဓိပ္ပါယ်ရတယ်။ မြင်ခြင်းကိစ္စမှာ မျက်စိအကြည်ဓာတ်ကသာ ကြီးမှူးတယ်၊ အစိုးရတယ်၊ ဒါကြောင့် ဣန္ဒြေလို့ ခေါ်တယ်။ အဲဒီ မျက်စိအကြည်ဓာတ်ကမှတဆင့် ဝင်လာတဲ့အာရုံ ကိလေသာ မပွားရအောင်၊ တနည်း ဝေဒနာ မပွားအောင် သတိနဲ့ ကပ်ပြီး ရှုမှတ်ထိန်းချုပ်ရတယ်။ အဲဒါက သံဝရပဲ။

အဲဒီ မျက်စိအကြည်၊ နားအကြည်၊ နှာအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်အကြည်ဓာတ်တွေက ဝင်ရောက်လာသမျှ အာရုံတွေကို ကိလေသာအပူမပွားအောင် ဘယ်လောက် ထိန်းချုပ်နိုင်တယ်ဆိုတဲ့ အတိမ်အနက်ကို ယောဂီတဦးရဲ့ လှုပ်ရှားမှုဟန်ပန်က ဖော်ပြနေလို့ မင်းကို ငါကလည်း ကျေနပ်သင့်သလောက် ကျေနပ်ပါတယ်”

မှန်ထဲမှ ဒေါ်ခင်ယုပြောကြားချက်ကို ကျွန်မ တစုံတရာ မဆွေးနွေးခင် ကျွန်မ၏ စိတ်ဓာတ် အပြောင်းအလဲတခုကို သတိပြုမိရ၏။

ဆရာတော်ဦးဇနကနှင့် ဆရာတော် ဦးပဏ္ဍိတ တညနေတည်းတွင် သစ္စာ ၄ ပါး အကြောင်းနှင့် ဣန္ဒြိယသံဝရအကြောင်း ဟောပြောသော ညနေကို ချက်ချင်း သွားး၍ သတိရမိ၏။

ထိုနေ့က ဆရာတော်ဦးပဏ္ဍိတ ကျောင်းခန်းသို့ အဝင်တွင် ဆရာတော်ကို ဦးချလိုက်ပါ၏။ ဆရာတော်က ဣန္ဒြေခြောက်ပါးကို သီလ၊ သတိ၊ ဉာဏ၊ ခန္တီ၊ ဝီရိယတို့ဖြင့် ထိန်းချုပ်ပုံကို မဟောကြားမီ…

“ဒကာမကြီး ခင်နှင်းယု၊ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပေတော့”

ဟု ပထမဆုံး ပြောလိုက်ပါသည်။

ဘုန်းတော်ကြီးကသာ လောကုတ္တရာအသိနှင့် လောကုတ္တရာဆန်ဆန် ပြောလိုက်ပေမင့် ယခင်ကသာ ဆရာတော်ဘုရား၏ ထိုစကားသံ၊ စကားလုံးများကိုကြားလျှင် ခင်နှင်းယုနှင့် မိချို မကွဲပြားသေးပါသော ကျွန်မသည်…

“အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေလား

နှောင်းခဲ့တဲ့ သစ္စာရှင်ကြီးရယ်၊ ပြန်ကာ လှန်ကာ

မတွေးပါရစေနဲ့ကွယ်၊ ချစ်ခြင်းမေတ္တာဆိုတာ

အက္ခရာသင်္ချာနည်းနဲ့

တွက်ဆလို့ ရမယ် မထင်နဲ့ လှပျို့ဖြူရယ်”

ဆိုသော အနှစ် (၂၀) အတွင်းက တေးတပုဒ်ကို ဆက်လက်သီဆိုကာ နှောင်းခဲ့သော သစ္စာရှင် အသေတွေကိုရော၊ အရှင်တွေကိုရော သတိပြန်ရကာ ချစ်၍ ရှာသောမိုးတို့က ကျွန်မ မျက်လုံးများမှာ ဦးမည် ဖြစ်၏။ ယခုတော့ ဆရာတော်၏ စကားလုံးများကို ကြားပါသော်လည်း တည်ငြိမ်စွာ ဖူးမြော်နိုင်ရုံမျှမက အတိတ်က အတိတ်ပေပဲ ဟူသော အမှတ်မှလွဲ၍ ဘာမျှ ဆက်လက် မတွေးတော့ပေ။

မှန်ထဲမှ ဒေါ်ခင်ယုသည် "ကျေနပ်သင့်သလောက် ကျေနပ်သည်" ဟု ဆိုသည်မှာ မှန်ပေသည်။ အူဝဲဟု ဆိုကတည်းက ကျွန်မနှင့် အတူယှဉ်တွဲ ကပ်ပါလာသော ဒေါ်ခင်ယုသည် ကျွန်မ၏ကိုယ်ဟန်လှုပ်ရှားမှု အပြောင်းအလဲကို လည်းကောင်း (ကာယိန္ဒြေ)၊ စိတ်၏ အပြောင်းအလဲ လှုပ်ရှားမှု (မနိန္ဒြေ) ကို လည်းကောင်း အကဲခတ်သိရှိ၍ ပြုံးသည်မှာ ပြုံးသင့်ပါသည်။ ကျွန်မ အရွယ်ရောက်သည်နှင့်တပြိုင်နက် ကျွန်မတို့အိမ်အိုကြီးတွင် အပြောင်းအလဲတခု ကြုံခဲ့သည်။ ရွှေထီးဆောင်းခဲ့စဉ် တခေတ်ကတော့ ဤအိမ်အိုကြီးတွင် အစေခံ၊ အခြွေအရံတွေ အတော်ပေါခဲ့ပုံ ရသည်။ ကျွန်မ ဝိုးတဝါးအသိဖြင့်တောင် လူအတော်များများကို သတိရမိ၏။

မေမေတို့က လယ်ကေအများကြီးကို ပိုင်သော လယ်ပိုင်ရှင်များ မဟုတ်၊ သော်ကဘက်တွင် စပါးကျီ (စပါးစည့်) ကြီးများ ဆောက်ကာ စပါးသိုလှောင်၍ ရောင်းချသူများ ဖြစ်၏။ မေမေ့ လယ်အပိုင်မှာ ဂေါ်ဒူသောင်နှင့် ထီးပနန်းရွာကြားရှိ မြေနုကျွန်းကြီးတကျွန်းသာ ရှိခဲ့ဖူးသည်။

ကျွန်မ အိပ်လိုသော အိပ်ခန်းသည် ဤအိမ်အိုကြီး၏ အတိတ်ကို ထိန်းသိမ်းထားရာ ရာဇဝင်ပြတိုက်ကြီးနှင့် တူနေ၏။ အိမ်အပေါ်ထပ် အနောက်ဘက်ဆုံးတွင် ဤအခန်းဟောင်းကြီး ရှိသည်။ သံသေတ္တာအဟောင်းကြီးများထဲမှ အော်ဒီမင် စာချုပ်ခေါ်သည့် စာအုပ်ဖြတ်ပိုင်းများတွင် "မြို့ရှင် ဦးရွှေဂုံး၊ ဒေါ်ကြီးသမီး မသိန်းတင်" ဟူ၍ တွေ့ရ၏။ မေမေ၏ ညီမဝမ်းကွဲတော်သူ သန်းသန်းက ပြတိုက်မှူးကြီးသဖွယ် ပြောပြ၏။

"ကလေးတို့မေမေ ငယ်ငယ်က ငွေချေးစားခဲ့တယ်" ဟု ပြောပြ၍သာ မေမေတို့၏ အတိတ်စီးပွားရေး တစိတ်တဒေသကို သိခဲ့ရ၏။

မေမေကတော့ ဘာမှ ပြန်မပြော တခါတရံသာ စကားစပ်မိလျှင်...

"သမီးတို့ကြီးရင် ပိုက်ဆံ ဘယ်လိုပဲ ချမ်းသာ ချမ်းသာ အတိုးအညွန့်ယူပြီး သူများကို ငွေချေးတဲ့အလုပ် ဘယ်တော့မှ မလုပ်နဲ့၊ တခြားအလုပ် လုပ်စား"

ဟု ပြောခဲ့ဖူးပါသည်။

ဤအိမ်အိုကြီးကို ရှင်းရာတွင် ယွန်းထည် ဆွမ်းအုပ်များ၊ ကျောက်ကာဆွဲခြင်း၊ ကျောက်ကာဇုန်း၊ သရဖူတံဆိပ် ရှေးဟောင်းထမင်းစား ကြွေပန်းကန်ကြီးများ၊ ကော်ဖီပန်းကန်နှင့် ကြွေရည်သုတ် မောင်းထောင်ခွက်များ၊ လင်ပန်းများ အလျှူကြီးတလျှူ ပြုလုပ်နိုင်အောင် များလှပါသည်။

ကျွန်မ ငယ်ငယ်တုန်းက မှတ်မိသည်ကတော့ ကန်ဦးကျောင်းရှေ့ရှိ ဖွားဖွားဇရပ်သို့ သီတင်းနေ့တိုင်း ဥပုသ်စောင့်သွားလျှင် ဇရပ်သို့ ညဦး သွားအိပ်ကြ၏။ ဤဆွမ်းတော်အုပ်ကြီးများကို အိမ်ဖော်မလေးများ သယ်သွားသည်ကို မြင်မိ၏။ ကျွန်မ ဖွားဖွားနှင့်အတူ လိုက်ချင်သည်ကတော့ ဇရပ်နောက်ဖေးဆောင်မှ အောက်သို့ကြည့်လျှင် ကြည်လင်သော ရေထဲတွင် ငါးရံ့သားပေါက်နှင့် တခြားငါးလေးများ ကူးနေသည်ကို ကြည့်ရသည်မှာ ပျော်သောကြောင့် ဖြစ်ပါသည်။

ကျွန်မ၏ မျက်စိအသစ်နှင့် ဤအိမ်အိုအဟောင်းတို့ တွေ့ကြပြီ။ သို့သော် ကျွန်မမျက်စိ အသစ်ကို ဖွင့်ချိန်တွင် ပစ္စည်းဟောင်းတို့ကို မွမ်းမံပြုပြင် ထိန်းသိမ်းမည့်သူတို့ မရှိတော့ပေ။ ပြတိုက်မှူး ဒေါ်သန်းသန်းတယောက်သာ ကျန်ရစ်၏။

ပစ္စည်းဟောင်း၊ ပန်းကန်ခွက်ယောက်တို့ကလည်း မိမိတို့၏ အတိတ်ကိုသာ ဇာတ်မြုပ်ကာ ပင့်ကူအိမ်တို့ကြားတွင် ခေါင်းလျှိုနေကြဟန်တူပါသည်။ ဤပန်းကန်ခန်းကို ကျွန်မအိပ်ခန်းအဖြစ်သို့ ပြောင်းလဲ၍ ရှင်းတော့မှ...

“ကျုပ်တို့လည်း ကျုပ်တို့ကို သ မယ့်သူတွေ ရှိတုန်းက ဒီအိမ်သစ်ကြီးမှာ ပြောင်ပြောင်လက်လက် ထည်ထည်ဝါဝါနဲ့ တခမ်းတနား နေခဲ့သူတွေပါ” ဟု တီးတိုးပြောကြ၏။

ယခုတော့ အိမ်အို၏အခန်းဟောင်းတွင် ဖုန်အလိမ်းလိမ်းကပ်သော မျက်နှာလွှဲလေးများနှင့် သနားစရာပါပင်တည်း။

ကျွန်မ ဤအခန်းဟောင်းမှ ပစ္စည်းတွေအားလုံး ထုတ်၍ အိပ်ခန်းအဖြစ်သို့ ပြောင်းလိုက်၏။

ပန်းကန်တွေရော၊ ယွန်းထည်တွေရော အိမ်အောက်ထပ်သို့ ရောက်လာ၏။ သန်းသန်းက အိုလာပြီဖြစ်၍ ကျွန်မ၏ တမဟုတ်ချင်း ပြောင်းလဲမှုကို မကူနိုင်။ သူ့ခမျာ လက်ညှိုးထိုး၍သာ အတိတ်သမိုင်းဟောင်းကို ပစ္စည်းဟောင်းတို့နှင့် ယှဉ်ကာ ယှဉ်ကာ အထောက်အထားပြု၍ ပြောပြ၏။ သံဆန်ခါကြောင်အိမ်နှင့် မှန်အလှပြဗီရိုတွေထဲကိုသာ ပန်းကန်ခွက်ယောက်များကို ဖုန်များ ပွတ်တိုက်၍ ပြန်လည် ထည့်သွင်းရ၏။ တယောက်တည်း လုပ်ရ၍ ပင်ပန်းသော်လည်း

အသစ်မွမ်းမံချင်သော ကျွန်မသည် ပင်ပန်းသည်ဟု မထင်ပါပေ။

မမှာ ထမင်းချက်များ မရှိပြီ ဖြစ်ပါ၍ ဤအိမ်အိုတွင် သူက မီးဖိုချောင်ထိန်းသိမ်းသူ စားဖိုမှူး ဖြစ်ပါသည်။ သူ့အလုပ်ကလည်း မသက်သာ။ အိုးခွဲချက်စားသော ဆွေစုမျိုးစု မပါ၊ တအိုးတည်း အတူစားပင် အိမ်သား ဆယ့်ငါးယောက်လောက် ရှိပါသည်။

ဂျပန်ခေတ်ဖြစ်၍ ဤအိမ်အိုတွင် စစ်ပြေးဒုက္ခသည်တွေရော၊ တောမှ ပြေးလာသူတွေရော၊ လူအို၊ လူသစ်၊ လူလတ်၊ လူငယ်တွေနှင့် အပြည့်။

လူအိုတွေကလည်း ပုံစံအိုနှင့် နေလိုသည်။ သူတို့အတွက် သန့်ရှင်းလိုသော စေတနာနှင့် ကျွန်မ လုပ်ပေးသည်ဟု မမြင်။

“ဒီကြမ်းပေါက်ကို ဖွင့်ပြီး ဆီးတွေ၊ ဝမ်းတွေ နေ့တိုင်း သွားနေတာပဲ။ ဟောဒီ မိချိုကို ရှည်တယ်”

လူအိုများက ညည်း၏။ လူအိုများထဲတွင် လူနာများကလည်း ပါကြသေး၏။ တောအိမ်ဖြစ်၍ အပြင်ထုတ်ထားသော အိမ်သာသို့ မသွားနိုင်ကြသောကြောင့် သူတို့အိပ်ရာဘေးတွင် အပေါက်ဖောက်ကာ ဆီး၊ ဝမ်း သွားကြ၏။

ကျွန်မနှာခေါင်းနှင့်တော့ အသက်ရှူ၍ မရ၊ အနံ့နံစော်လှ၏။ ဖျန်ဖြေရေးသမားကြီး မေမေသည် ကြားဝင်လာရပြန်၏။ ကြေးနီအေးကွင်းတပ် ကန့်လန့်ကာများကို ထုတ်ပေး၏။

“သမီး၊ ဘဘတို့အခန်းကို ကာပေးလိုက်၊ ပါးစပ်က ဘာမှပြန်မပြောနဲ့” ဆို၍ အိပ်ရာနေရာကို သီးသန့် အိပ်ခန်းသဖွယ် ခန်းဆီးတပ်ပေး၏။ ဖွားဖွား အိပ်သွားသော အခန်းဟောင်းကို ရှင်း၍ ဝမ်းသွား၊ ဆီးသွားသော နေရာကို လုပ်ပေးရ၏။

“တင့်တင့်သမီးကို ရှည်တယ်၊ ကြမ်း ဒါလောက် ပြောင်အောင် တိုက်ထားတော့ နေရတာ အနေကျုံ့တယ်"

ဟု လူလတ်အိမ်သားများက ကျွန်မကို စွဲချက်တင်သည်။ မေမေ့ကို တိုင်ကြပြန်သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သားငယ်များသည် ရွှံ့ပေသော ခြေထောက်များနှင့် ခြံထဲမှ တက်လာတိုင်း ခြေထောက်ကို ရေဆေးရ၊ သုတ်သင်ရ၍ အလုပ်ပိုလာသောကြောင့် ဖြစ်သည်။

“ဆောင်းတွင်းမနက် ချမ်းပါတယ်ဆိုမှ ကြမ်းအေးစက်ကြီးကို ခြေထောက်နဲ့ နင်းရတာ ချောတောကြီး”

ဆိုရှ် တောပြောင်းဆွေမျိုးတစုက ကျွန်မ၏ ကြမ်းပြောင်အောင် တိုက်ခြင်းကိုပင် မေမေ့ကို အရေးယူပေးရန် တိုင်ကြပြန်သည်။

ရော… ခက်ကပြီ။ အိမ်ဖော်တယောက်မှ မရှိချိန် လေးပင်-သုံးခန်း နှစ်ထပ်အိမ်ကို ကြမ်းပြောင်အောင် တိုက်ရသည်မှာ ဖတ်ဖတ်မောရ၊ ဆွေစုမျိုးစုကတော့ "မိချိုလုပ်နေပုံက တို့ အနေကျုံ့တယ်" ဟု မေမေ့ကို တိုင်ကြ၏။

သမီးစိတ်ကိုသိသော မိခင်က "သမီး ဘာမှ ပြန်မပြောနှင့်" ဟု ဆို၏။

"မေမေ့စကားကို သမီး နားထောင်ပါ့မယ်။ သမီးပြောတဲ့အကြံလည်း မေမေ လက်ခံပါ။ မေမေတို့ အောက်ထပ်မှာ မအိပ်ပါနဲ့၊ လာပါ ကိုယ့်အိမ်က အကျယ်ကြီး၊ အဲဒီ မကောင်းတဲ့ အနံ့အသက်တွေနဲ့ အောက်ထပ်မှာ မအိပ်ပါနဲ့"

မေမေတို့ အိပ်ရာကိုလည်း အိမ်ပေါ်ထပ်သို့ ရွှေ့ပြောင်းလိုက်၏။ ဂျပန်ခေတ်တွင် ဒိုဘီပေးသော အိမ်၏စနစ်ကို ပြောင်းလဲရ၏။ အဝတ်အထည် ပြဲလာမှာကို စိုးသောကြောင့် ဖြစ်သည်။ ခြင်ထောင်တလုံးကို အဟောင်းပင်လျှင် ကျပ်ငွေ ၅၀၀ိ မှ ၁၀၀ိ ဈေးအထိ ရှိသည်။

မေမေ၏ ကိုယ်လုံးပေါ်မှန်ဗီရိုကို ဖွင့်ကြည့်မိ၏။

"ကလေးတို့မေမေက ကလေးခုနစ်ယောက် မွေးခဲ့တာမှာ သားဖွားဆရာမနဲ့ ပေါ်တဝိုင် သောက်ပြီး ဘိုဆန်ဆန်မွေးပေမင့် ခြင်ထောင်ကတော့ ကလေးတယောက်ကို ပိတ်ခြင်ထောင်တလုံး ချုပ်တယ်။ လူကြီးရော၊ ကလေးရော ညှော်လုံအောင်လေ။ ခြင်ထောင်ကလည်း မီးနေခန်း အပြည့်ပဲ၊ အကြီးကြီး"

သန်းသန်းက ခြင်ထောင်အဟောင်းများကို လက်ညွှန်ပြရင်း ပြောပြ၏။

ကျွန်မတော့ ဝမ်းသာလိုက်သည်ဖြစ်ခြင်း၊ ခြင်ထောင်များသည် အဟောင်းများဟုသာ ဆိုရသည်။ ဆုတ်၍ပင် မပြဲ၊ အခိုင်အခံ့ကြီး ရှိသေးသည်။

တမဟုတ်ချင်းပင် စက်ပေါ်တွင် ခြင်ထောင်တို့သည် ဘဝပြောင်းသွားကြ၏။ တချို့က ခေါင်းအုံးစွပ် ဖြစ်သွား၏။ တချို့က မွေ့ရာခင်းများ၊ တချို့က အိမ်နေရင်း ဝတ်ရန် အချိတ်ဆင် ထဘီရိုက်ဖို့ သန်းသန်း လက်ကို အပ်လိုက်ရ၏။

ကျွန်မစိတ်တွင် အိမ်သစ်တခု ဖန်ဆင်းလိုက်ရသလို ပြောင်လက်သော ကြမ်းပြင်၊ ဖြူဖွေးနေသော မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထောင်များနှင့် အလွန် ကျေနပ်နှစ်သိမ့်မိပါသည်။ ဘဘတို့ ဆီး၊ ဝမ်း သွားဖို့ကိုလည်း သီးသန့်ခန်းဆီး ကာပေးကာ ကြမ်းတိုက်ရင်း မသန့်ရှင်းသော နေရာများကို နေ့စဉ်ဆေးသောအခါ အိမ်အိုကြီးသည် အနံ့ နံစော်သောအိမ်ကြီး မဟုတ်ပါတော့ပေ။

မေမေတို့ မေမေ၏ ဒေါ်လေးတို့ လက်ထပ်စဉ်က သုံးခဲ့သော ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် စားပွဲအနိမ့်လေးများထား၍ စားပွဲပေါ်တွင် ဖန်အိုးငယ်များထဲ၌ ရာသီလိုက်ပွင့်သော ပန်းလေးများနှင့် ဝေနေအောင် အမြဲ ပြင်ထား၏။

အိမ်ကို ကြည့်ရင်း နှစ်သိမ့်ကြည်နူးနေမှုသည် ကိုယ်တိုင် ဖွပ်ရ၊ လျှော်ရ၊ သိမ်းရ ဆရ၊ ပြင်ဆင်ရခြင်းအတွက် ပင်ပန်းရခြင်းကို မလွှမ်းမိုးနိုင်ကြပါပေ။

အိပ်ရာခင်း ဖြူဖြူ၊ ခေါင်းအုံးစွပ် ဖြူဖြူနှင့် ခြင်ထောင်ဖြူကို တပ်နှစ်သက်သော ရမ္မက်စိတ်ကြောင့် ဆောင်းတွင်း အေးလှသော နံနက်ခင်းတွင်ပင် အဝတ်လျှော်၏။ ထမင်းစားပြီး အာရုအသင်း၊ ဝန်ထမ်းအသင်းကိစ္စတွေကို ဆရာမကြီးဒေါ်ပိုက်မိ အမှူးရှိသော သူငယ်ချင်းများနှင့် လုပ်ရဦးမည်။ နောက်နေ့မှ ကြေးမီးပူကြီးနှင့် ဖွပ်ပြီးသော အဝတ်အထည်များကို မီးပူတိုက်ရ၏။ စစ်ပြီးစတွင် ကျွန်မ အလွန် တပ်နှစ်သက် စွဲလမ်းပါသော အိမ်အိုကြီးကို လူအိုကြီးများနှင့် ထားခဲ့၏။

ကံ၊ ကံ၏အကျိုးတရား၊ အကြောင်းတရားကို လေးလေးနက်နက် ယုံကြည်ပါသော မေမေနှင့် ကျွန်မသည် ဤအိမ်အိုကို လုံးဝ ဖြတ်ခဲ့ပါသည်။

“ဖေဖေ” ဝတ္ထုတွင် ရေးခဲ့သလိုပင် ကျောက်ပျဉ်ကြီး၊ ကျောက်ရေစစ်အိမ်၊ မှန်ဗီရိုနှင့် နာရီများသာ ဖေဖေ့ကောင်းမှုကြောင့် ရန်ကုန်သို့ ပါလာခဲ့ခြင်း ဖြစ်၏။

“ဒါတွေကလေ သမီးတို့မေမေ အပျိုတုန်းက ပစ္စည်းတွေ၊ ဖေဖေ ပါအောင်ယူခဲ့တာ”

သူ့ချစ်သူ၏ ငယ်သုံးပစ္စည်းများကို ဖေဖေက အမြတ်တနိုး သိမ်းဆည်း၍ ပါအောင် ယူခဲ့၏။

ကျွန်မ မိချိုကတော့ တွယ်ရ စွဲရလျှင်လည်း နှစ်ယောက်မရှိ၊ ပြတ်ရမည်ဆိုလျှင်လည်း ပြန်၍ မကြည့်။

“မေမေ၊ ဒီအိမ်ကြီးထက် နှစ်ဆသာတဲ့ အိမ်ကြီးမှာ မေမေနဲ့ ဖေဖေကို သမီး ထားနိုင်အောင် ကြိုးစားမယ်”

ကျွန်မသည် သားချင်းထဲမှ သူတယောက်၏ အမွေစကားဆိုမှုကို နာကြည်းလွန်း၍ ရန်ကုန်ကို ရောက်ကတည်းက အိမ်အိုကို ပြတ်ခဲ့၏။ ဘုရားကြီးလမ်းတွင် အိမ်သစ်များ ရှေ့တက် ဆောက်လာ၍ ယခု ကျွန်မ၏ ချက်မြှုပ်အိမ်လေးသည် ခပ်ကုပ်ကုပ်ပင် နောက်တွင် ကျန်ရစ်၏။ ကျွန်မက ဝါးခယ်မမြို့ကို လွမ်း၍ ပြန်ချိန်မှာပင် အိမ်အိုကြီးကို လှည့်မကြည့်ပါတော့ပေ။

သို့သော် အိမ်ထောင်ပရိဘောဂ၊ ပန်းကန်ခွက်ယောက်နှင့် ဖြူဖြူရွရွ အိပ်ရာခင်း၊ အိပ်ရာဖုံးကိုမှ နှစ်သက်သော သမုဒယတွယ်တာစိတ်က မိချိုရင်တွင် မပျောက်ခဲ့ပေ။ ဖွားဖွား၏ စိတ်ရင်းခံတတ်ခံကလည်း ကျွန်မတွင် အစွယ်ပွားလာခဲ့၏။

"ငါဟာ တနေ့ ကံကြမ္မာ ပါလာခဲ့ရင် ငါ့အဖွားလိုပဲ ပစ္စည်းပစ္စယ အပြည့်အစုံနဲ့ အိမ်ထောင်ရှင်မကြီး ဖြစ်လာမှာပဲ" ဟု ယုံကြည်၏။

ရန်ကုန်ပြောင်းစ အိမ်ပြဿနာ မပြေလည်ခင်ကသာ အိမ်ပေါက်စနလေးနှင့် နေခဲ့ရ၏။ ဆရာမကြီး ဒေါ်ပိုက်မိကမူ...

"မိချိုရယ်၊ မင်းတို့ မရှိတယ်ဆို ဝါးခယ်မအိမ်ကို မြင်ရတိုင်း စိတ်မချမ်းသာ ဖြစ်ရတယ်။ ဩော်... သူ့အိမ်ကို တသသနဲ့ လုပ်လိုက်ရတာ။ မိချိုတို့မိသားစုလည်း မရှိရော အိမ်ကြီးလည်း ဆေးရုံပျက်ကြီးကျနေတာပဲ" ဟု ခဏခဏပြော၏။

မှန်၏။ အိမ်၏ဒုတိယအလယ်ဆောင် မီးဖိုမရောက်ခင် အခန်းတွင် ထင်းခွဲကြသည်ဟု ကြားကတည်းက သဗ္ဗေသတ္တာတို့ကို ကျွန်မ လျစ်လျူရှုလိုက်ပါသည်။

ရန်ကုန်တွင် မေမေတို့သည် အိမ်ကျဉ်းလေးတခုကို တလ ငါးဆယ်နှင့် ခေတ္တသာ နေလိုက်ရသည်။ မေမေတို့သည် တိုက်ပေါ်တွင် မသေခင်အထိ စိတ်ချမ်းသာစွာ နေသွားရ၏။ မေမေ့စေတနာ မေမေ့ကို အကျိုးပေးခြင်း ဖြစ်၏။

ယခု ကျွန်မမိသားစုတွင် ကျွန်မ အကြီးအမှူး ဖြစ်လာသောအခါ၊ အိမ်ထောင်ဦးစီး ဖြစ်လာသောအခါ ကျွန်မသည် ဖွားအေခြေရာအတိုင်းပင် နင်းလာပါသည်။ တခုတော့ ကွာသည်။ ဖွားဖွားသည် အိမ်၏ပရိဘောဂကို စုဆောင်းသည်နှင့်အမျှ စိန်ရွှေကိုလည်း မျှတစွာ စုဆောင်းတတ်ပါသောကြောင့် တဦးတည်းသောသမီး မေမေ့ကို စိန်နှင့် ညွတ်နေအောင် ဆင်နိုင်၏။

ကျွန်မကတော့ ဝယ်လိုက်သည့် အိပ်ရာခင်း၊ အိပ်ရာဖုံး၊ ပန်းကန်အစုံလိုက် အစုံလိုက်များ၊ ခန်းဆီးတွေ၊ မွေ့ရာတွေ၊ ခြင်ထောင်တွေ၊ ပန်းကန်သုတ်ဖို့ အဝတ်ကအစ အညာထည် အကြမ်းများကို အုပ်လိုက် ဝယ်သည်။ စိန်၊ ရွှေ၊ လက်ဝတ်ရတနာများ ကောင်းကောင်း မရှိပါ။ ညီမအထွေးဆုံး နုနုနှင့် သမီးကြီးမိ ဝတ်ရန်သာ အလှကျောက်မျက်များကို လုပ်ပေးသည်။ ကျွန်မမှာ စိန်နားကပ် ကောင်းကောင်းတရန်သာ ရှိသည်။

ကြမ်းကိုတော့ ပြောင်နေမှ၊ အိပ်ရာခင်းက ဖွေးနေမှ၊ အိပ်ရာဖုံးပန်းခက်က လှနေမှ၊ စားပွဲခင်းက ဘယ်လို ခင်းရမယ်၊ ပန်းကန်တွေက ထမင်းစားခါနီး ရေစင်အောင်သုတ်၊ ဖွန်းက ဘယ်လို ချပါနှင့် သေသေချာချာ တွေးကြည့်တော့

အိမ်ပရိဘောဂကို တပ်မက်လွန်းသော အရှူးမနှင့် တူပါသည်။

တဖြည်းဖြည်း အိပ်ရာပေါ် လဲရာမှ နောက်ပိုင်း လေးနှစ် ဗုန်းဗုန်းလဲကျသွားချိန်မှာမူ အိမ်ဖော်တွေကို ဘာမှပြန်မကြည့်နိုင်၊ ပစ္စည်းတွေကိုလည်း လက်ဖျားနှင့်မှ မတို့နိုင်ပါချေ။ ထိုအကြောင်းအရာများကို သိသော ဒေါ်ခင်ယုက မှန်ထဲမှနေ၍ ပြုံးသည်မှာ မထူးဆန်းလှပါ။

"ကဲ... မိချို၊ အဲဒီ ပြောင်မှ လက်မှ ဖွေးမှဆိုတဲ့ စိတ်တွေကို ဘယ်လောက်အထိနိုင်ခဲ့ပြီလဲ"

ဒေါ်ခင်ယုက မေး၏။

"ဟုတ်ကဲ့၊ သန့်ရှင်းသပ်ရပ်ရုံကလွဲလို့ ကျန်တာတော့ "လျှော့လိုက် လျှော့လိုက် မသီတာ" ဆိုတဲ့ စကားလုံးကို ရွတ်ရတာပေါ့" ဟု ကျွန်မက ဖြေ၏။

"ဒီစကားလုံးက စာရေးဆရာ ခင်နှင်းယုရေးတဲ့ ဆောင်းတွင်းပန်းဝတ္ထုမှာ ဇာတ်လိုက် မသီတာကို သူ့ဖွားအေ ဆုံးမ သတိပေးတဲ့စကားမို့လား။ ပထမဆုံး ဖွင့်ဖွင့်ချင်း စာမျက်နှာမှာလေ"

"ဟုတ်ပါတယ်"

"ကဲလေ... ဒီတော့ မိချိုရယ်၊ စာရေးဆရာတွေဟာလေ သူတို့ဇာတ်ကောင်တွေကိုသာ နေရာတကျ မွေးထုတ်ပေမင့် သူတို့ဇာတ်ကောင်တွေလောက်တောင် တခါတရံ တရားမပြည့် ခြေလွတ်တတ်တယ် ဆိုတာ ဝန်ခံပြီလား"

"ဝန်ခံပါတယ်၊ ဝန်ခံပါတယ်"

မှန်၏၊ ကျွန်မ ယခု ဝန်ခံရမည်။ ဒေါ်ခင်ယုသည် ဆက်လက် ပြောပြ၏။

"ပြီးတော့ မိချိုငယ်ငယ်က နိုင်ငံရေးအသိုင်းအဝိုင်းမှာ ကြီးလာတယ်မို့လား၊ မိချိုရဲ့ အစ်ကိုတွေဟာ တို့ဗမာအစည်းအရုံးဝင် သခင်တွေ ဖြစ်လာကြတယ်။ ဒီတော့ သူတို့ လယ်သမားတွေ အပေါ် စည်းရုံးပုံ စည်းရုံးနည်းနဲ့အတူ ကြွေးကြော်သံ၊ သီချင်းသံတွေဟာ မိချိုပတ်ဝန်းကျင်မှာ အစဉ်လွှမ်းမိုးတယ်။ ကိုယ့်ကိုယ်ကိုယ်တော့ မလိမ်ချင်ပါတယ်။ သူတော်ကောင်းကြီး လုပ်ပြီးတော့လည်း မလိမ်ချင်ပါတယ်" ဆိုတဲ့ "မိုး ဒူးနဲ့တိုက်" သီချင်းမှာ ပါခဲ့သလိုပဲ မိချိုကိုယ်ကို ဘေးကကြည့်ရင် ပျော့စိပျော့စိနဲ့ စိတ်က မိုးကိုတက်ပြီး ဒူးနဲ့တိုက်ပြချင်တဲ့ စိတ်တွေကကော ဘယ်လောက်ထိ ကျန်သေးလဲ"

ကျွန်မသည် ဒေါ်ခင်ယု အမေးကိုဖြေရန် ခေတ္တ အချိန်ယူလိုက်ပါသည်။

"တိုင်းပြည်မှာ ပြဿနာအရပ်ရပ် ကြုံတိုင်း ခင်နှင်းယုအနေနဲ့ သူရပ်တည်ရမယ့်နေရာကို သူ ရွေးတတ်ပါတယ်။ ဘက်မလိုက် စာရေးဆရာအနေနဲ့ သူယုံကြည်ရာကို စွတ်တင်မှာပဲ။ သူ့ရဲ့ကိုယ်ပိုင်ခံယူချက် မရှိဘဲနဲ့တော့ ဘယ်သူ့ကိုမှ ဦးညွတ်မှာ မဟုတ်ဘူး။

ဒေါ်ခင်ယု ကြားဖူးမှာပေါ့။ မိခင်တယောက်ဟာ သားကို ချစ်တဲ့ဇောနဲ့ သားလေး ငယ်ငယ်က ခိုးလာတဲ့ ပစ္စည်းကို လက်ခံမိတယ်။ အချစ်ဟာ အဝိဇ္ဇာတမျိုးမို့ သားငယ်ကို မဆုံးမမိဘူး။ နောက်ဆုံး သားငယ်ဟာ သူခိုးကြီးဖြစ်ပြီး ကားစင်တင် အသတ်ခံရတယ်။ မိခင်ဖြစ်သူကတော့ နားရွက်ပြတ် မိခင်အဖြစ် ရာဇဝင်တွင်ရစ်ကော။

ခင်နှင်းယုအနေနဲ့ နားရွက်ပြတ် စာရေးဆရာလည်း မဖြစ်ပါရစေနဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း မလိမ်ချင်ဘူး။ ချစ်လို့ရော၊ မုန်းလို့ရော ဘက်လည်း မလိုက်ပါရစေနဲ့။ သူ့ပတ်ဝန်းကျင်ရဲ့ လှုပ်ရှားမှုကို သူ့ခံယူချက်၊ သူ့ခံစားတဲ့နေရာမှာ မိုး ဒူးနဲ့ တိုက်ရုံမက လဲလို့ပဲ သေသေ၊ စာရေးဆရာဖြစ်ရင် ဘာဖြစ်မယ်ဆိုတဲ့ နောက်ဆုံးလမ်းအတွက် သူ ကြိုတင်ပြင်ဆင်ထားရမှာပေါ့။ အထီးတည်း တကိုယ်ကောင်း စာရေးဆရာလည်း မဖြစ်လိုဘူး။ ဒါဟာ ခင်နှင်းယုအနေနဲ့ ခံယူချက် အကျဉ်းချုပ်။

မိချို့အနေနဲ့ကတော့ ဘယ်လို ဆင်ခြင်မိလဲဆိုရင် သတ္တဝါတဦးရဲ့ကံကို သတ္တဝါတဦးက ဖန်တီးလို့ မရပေဘူး။ လက်ရှိကမ္ဘာမှာ ကြည့်ပါလား။ လူတွေဟာ ဓနကြေးငွေ ချမ်းသာတဲ့ နိုင်ငံတွေက ဓနကို အင်အားတရပ်လို သုံးပြီး အားငယ်သူတွေကို နှိမ်ချင်တယ်။ မြေဆီမြေနှစ် ကြွယ်ဝတဲ့နိုင်ငံတွေကလည်း သူတို့မြေဆီတွေကို အင်အားတရပ်လို အသုံးချပြီး ပြုပြင်ဖို့ထက် ဖျက်ဆီးဖို့၊ အကျပ်ကိုင်ဖို့ကို အားယူနေကြတယ်။ တဦးနဲ့တဦး ဖလှယ်ပြီး မိတ်ဆွေသဘောနဲ့ အကျိုးဖြစ်ထွန်းရာမှာ မြေဆီမြေနှစ်ကပေးတဲ့ ပစ္စည်းတွေကို အသုံးချဖို့ မစဉ်းစားကြဘူး၊ မိချို့ကတော့ စိန္တကျော်သူဦးဩ ရေးသလို "မြေက ရယ်သည်" ဆိုတာကိုပဲ သတိရမိတယ်။ သူတို့အားလုံး ဘယ်သူကပဲ ဘယ်သူ့ကို တိုက်တိုက် နောက်ဆုံး မြေပုံကို ဦးတိုက်မယ့်သူတွေမို့ မြေက ရယ်သံကိုပဲ ကြားနေပါတယ်။

ပြီးတော့ ဗုဒ္ဓအဘိဓမ္မာကို သေးသိမ်အောင် လုပ်ချင်သူတွေနဲ့ သူတို့ရဲ့အာဏာကို ကြီးစိုးအောင် အားထုတ်ချင်သူတွေက ဗုဒ္ဓရဲ့ဝါဒကို လူ့စိတ်ကိုပျော့ညံ့ပြီး လောကုတ္တရာသက်သက် သာ အသုံးကျတယ်လို့ ဝါဒဖြန့်တယ်။

မိချိုအနေနဲ့ ခံယူချက်က သိပ္ပံပညာဟာ ခေတ်တို့သဘောကို ပြုပြင်ဖန်တီးစူးစမ်းမှု၊ လေ့လာမှု ပြုလုပ်ပြီးတော့ လူ့ဘောင်ကို သာယာတိုးတက်အောင် ပြုလုပ်ရမယ်။ ဒီသိပ္ပံပညာကို လေ့လာဖန်တီးသူ လူသားတယောက်ဟာ မဂ္ဂင်ရှစ်ပါး တရားသာ အားထုတ်ခဲ့ဖူးရင် လူ့လောကီမှာ ဒီတရားအရှိန်ဟာ အကျိုးပြုမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မှန်စွာ သိမြင်မှု၊ မှန်စွာ ကြံစည်မှု၊ မှန်စွာ ပြောဆိုမှု၊ မှန်စွာ ပြုလုပ်မှု၊ မှန်စွာ အသက်မွေးမှု၊ မှန်စွာ ကြိုးစား အားထုတ်မှု ဆိုတာတွေဟာ လက်ရှိလောကီမှာ တကယ် လိုလားအပ်နေတာတွေပါ။ ကုသိုလ်လုပ်ငန်းတွေကို သတိရနေမှု၊ ဒီလုပ်ငန်းတွေအပေါ်မှာ စိတ်တည်ငြိမ်မှု မှန်သမျှဟာ သမ္မာသတိ၊ သမ္မာသမာဓိပါပဲ။

ဝိပဿနာဆိုတဲ့ စကားမသုံးဘဲ ဘယ်ဘာသာဝင်၊ ဖြစ်ပါစေ သိပ္ပံပညာရှင်တယောက်ဟာ ဒီရှစ်ပါးနဲ့အညီလိုက်ရင် ကိုယ့်ပညာနဲ့ ကြိုးစားတီထွင်လာလို့ ထွက်ပေါ်လာတဲ့ အကျိုး အာနိသင်ကိုလည်း ကမ္ဘာသူ၊ ကမ္ဘာသားတွေ ကောင်းကျိုးအတွက်သာ အသုံးချလိုတဲ့စိတ် အမြဲရှိမယ်။ ဥပမာဆိုရင် အဏုမြူဗုံး လုပ်မိတဲ့သူဟာ ဟီရိုရှီးမားနဲ့ နာဂါစကီး ပျက်စီးရပုံကို အမြဲသတိရပြီး ဒီအကုသိုလ်ဟာ သူ့စိတ်ကို သရဲလို လိုက်ခြောက်ပြီး နောက်ဆုံး ဦးနှောက်ပျက် ရူးသေရတယ်။

ဗုံးအစား၊ ဒုံးပျံလက်နက်လုပ်မယ့်အစား ကမ္ဘာမှာ တကယ်လိုအပ်နေတဲ့ ရိက္ခာနဲ့ တို့မြေဆီဆိုတဲ့ ရေနံတို့ကိုသာ ပိုမိုထုတ်လုပ်မယ်ဆိုရင် ကမ္ဘာမှာ လူဦးရေ ဘယ်လောက်ပဲတိုးတိုး မျှမျှတတ စားလောက်မှာပဲ။ လူဦးရေဖောင်းပွမှုဆိုတဲ့ ပြဿနာလည်း ရှိကို မရှိနိုင်ဘူး။ ဒီတော့ သိပ္ပံပညာရှင်နဲ့ ကမ္ဘာ့ခေါင်းဆောင်ကြီးတွေမှာ ဒီမဂ္ဂင်ရှစ်ပါးနဲ့သာ စိတ်ကိုထိန်းချုပ် အလုပ်လုပ်ရင် လောကီမှာ ဘယ်လောက် အကျိုးသက်ရောက်မယ်ဆိုတာ ထင်ရှားပါတယ်။

ကမ္ဘာမှာ အကျဉ်းချုံးရင် ဘယ်လူတန်းစားကပဲ ဘယ်စနစ်နဲ့ အုပ်ချုပ်သည်ဖြစ်စေ အုပ်ချုပ်ခံ လူတန်းစားနဲ့ အုပ်ချုပ်သူ လူတန်းစား နှစ်ရပ်သာ ရှိပါတယ်။ သူတို့မှာသာ မဂ္ဂင်ရှစ်ပါး သတိက အမြဲယှဉ်ကပ်နေရင် တယောက်နဲ့တယောက် ရန်သူလို မမြင်ဘဲ တယောက်အကျိုး တယောက် ကြည့်လာခဲ့ရင် ဘာမှ ပဋိပက္ခ မရှိပါဘူး။

ပဋိပက္ခဆိုတာ ဘယ်သူကပဲဖြစ်စေ "အင်အား" ဆိုတာကို လက်နက်လို အသုံးချပြီး နှိမ်လို့ အနှိမ်ခံရသူမှာ "မိုး ဒူးနဲ့တိုက်စိတ်ခေတ်" တွေနဲ့ "မိုးကိုတက်ပြီး မီးနဲ့ရှို့ချင်တဲ့ စိတ်ခေတ်" တွေ ပေါ်လာရတာကိုး"

ကျွန်မ၏ဖြေဆိုသံဆုံးလျှင် မှန်ထဲက ကြေးမုံပြင်နတ်သမီး ဒေါ်ခင်ယုက ပြုံးပါသည်။

နောက်နေ့များတွင် လူကသာ အိမ်တွင် နေသည်။ စိတ်ကတော့ ရိပ်သာတွင် ရှိ၏။ ထို့ကြောင့် သီတင်းနေ့တိုင်း ရိပ်သာကို ပြေးသွားရသည်။ ရိပ်သာသို့ သွားရာလမ်းတွင် ခြေလှမ်းက အသွားကျ အသယထိုရ်မြင်းလို ရိပ်သာပုံစံအတိုင်း ဖြစ်နေသည်။ အမှတ်သတိက ယှဉ်ရက်ပါလာ၏။ မျက်စိကလည်း ခလုတ်မတိုက်မိရုံသာဘဲ မျက်လွှာချ၍ သွားနေမိသည်။

"ပြေးသွားရသည်" ဆိုသော ဝိသေသနကို အထူးပြုလုပ်သည်ကတော့ ကျန်းမာရေးအတွက် ဆေးစစ်ရန် ကိစ္စတခုနှင့် အမြတ်တော်ခွန်ကိစ္စ၊ ကျွန်မ လက်မှတ်ထိုးမှ ပြီးသော ကိစ္စများအတွက်သာ အိမ်ကို ပြန်လာရခြင်း ဖြစ်၏။

သို့သော် အိမ်ဆိုသော ပင့်ကူမျှင်က ခဏလေး ပြန်လာသည်ကိုမျှ အညှာမပေး။ သူ၏ ခြံဝင်းအပြင်သို့ထွက်တိုင်း အမျှင်တန်းလန်းနှင့် ရစ်ပတ်ကာ ဆွဲ၍ ဆွဲ၍ ထားပါသောကြောင့် သီတင်းနေ့များတွင်တောင် တပတ်တခါရောက်အောင် အတင်းသွားရသည်။ ထို့ကြောင့် ပြေးသွားရသည်ဆိုသော ဝိသေသစကားကို ကျွန်မ အထူးပြုသုံးခြင်း ဖြစ်သည်။

ဒါတောင် မဟာစည်ဆရာတော်ဘုရား ပြောဟောသလို "မမြင်ကွယ်ရာ၊ ကိလေသာ၊ သူဟာ ချုပ်ငြိမ်းသည်" ဆိုသည်ကို အမြဲနှလုံးသွင်း၏။

မီးဖိုချောင်ဝင်လျှင် မြင်မိသမျှ ပြောမိမည်။ ကိုယ့်စိတ်နှင့် မတိုက်ဆိုင်လျှင် ဒေါမနဿ ဖြစ်လာမည်စိုး၍ မီးဖိုချောင်သို့ လုံးဝ မဝင်။ ကလေးမများ ဘာဟင်းနဲ့ ချက်ကျွေးကျွေး အကုန်စားသည်။

ငါးပိရည်ဖျော်ကောင်းကောင်း မထောင်းသည်ကို တွေ့သော်မှ -

"ငါက မှားတာ။ ငါက သူတို့ အရည်အချင်းကို သူတို့မှာ ရှိတာထက် ပိုမှန်းထားတာ၊ တို့သာ ငါးပိရည်ကျိုတခွက်ဖြစ်ဖို့ ကြက်သွန်ဖြူ၊ ပုစွန်ခြောက်နဲ့ ထောင်းပြီး ငရုတ်သီးစိမ်းလေး မီးသင်းပြီးမှ ရောထည့်ထောင်းပြီး စားတာ။ သူတို့ တောမှာတော့ ပုစွန်ခြောက်ဆိုတာ ဝေးလို့ ငါးပိရည် အသားလွတ် စားဖို့တောင် မနည်းခဲရမှာ"

မှန်ပေ၏။ ကျွန်မ စိတ်အေးလက်အေး မေးကြည့်သောအခါ သူတို့စားသော ငါးပိရည်ကျိုတွင် တခါတရံ ငရုတ်သီးပင် မပါပါပေ။

အရင်ကတော့ -

"ဘိလပ်ပြန်တောသူတွေ၊ ငါကတော့ ဝန်ကြီးပဒေသရာဇာ ကဗျာ ရွတ်ရွတ်ပြီး တောသူလေးတွေချက်တဲ့ဟင်းချို သောက်ချင်လိုက်ရတာ၊ စိတ်ကူးထဲမှာ ဟင်းချိုကလည်း ချိုလိုက်တာ၊ လက်တွေ့ချက်တော့ ဟင်းချိုကလည်း ဘယ်လို ဟင်းချိုလဲ" ဟု မေးကြည့်မိ၏။ "ဩော်... အန်တီကလည်း၊ ဒီအိမ်လိုသာ ဟင်းချိုတခွက်ကို တခမ်းတနား ချက်နေရရင် အလုပ်လုပ်ချိန် ဘယ်ရမလဲ။ ချက်စရာ ပုစွန်ခြောက်တွေ၊ အချိုမှုန့်တွေ၊ ငံပြာရည်တွေလည်း မရှိဘူး။ တောမှာတော့ စိမ်းစားငါးပိနဲ့ ရေကျက်အောင်ပြုပြီး ဘူးသီးဖြစ်ဖြစ်၊ တွေ့ရာ ဟင်းရွက်စုံ ခတ်သောက်တာပဲ။ မောမောပန်းပန်းနဲ့ လယ်တောကအပြန်ဆိုတော့ ငါးပိရည်ကျိုနဲ့ ငစိန်ဆန်ထမင်း စားပြီး ဟင်းချိုသောက်ချ မြိန်တာပဲ"

သူတို့က ဖြေ၏။

"ဟုတ်မှာပါပဲလေ၊ သူတို့ကျန်းမာရေးကလည်း ကောင်းနေတော့ ဘာစားစား ကောင်းတာပေါ့။ ငါကတော့ လျှာအရသာကို ပျက်နေတာ၊ ဟင်းက ကောင်းသား၊ ခံတွင်းက မကောင်းတာဘဲဟု စိတ်ဖြေလိုက်နိုင်၏။

နေမကောင်း၍ အိပ်ရာပေါ် လဲနေလျှင် ကြေးမထူမှန်း၊ မဆူမှန်း သိလေတော့ ကလေးမလေးများသည် ကျွန်မကို ထမင်းစားပွဲတွင်ပင် ကောင်းကောင်း ပြင်မကျွေးကြတော့ပေ။ ထမင်းပန်းကန်ပေါ် ဟင်းပုံပြီး လာချကျွေး၏။ ကျွန်မသည် ဆိတ်ဆိတ်နေ၏။ သမီးကြီးမိ အလုပ်က ပြန်လာချိန်တွင်တောင် ပြောမပြတော့ပေ။

ဒီနှစ် ဆောင်းဦးပေါက်တွင် တုပ်ကွေးရောဂါ အားလုံးလိုလို ဖြစ်၏။ ရိပ်သာဆရာတော် များပင် ဆွမ်းသုံးပတ်လောက် မစားနိုင်ဘဲ ဖြစ်သွားသည် ဆိုသည်။ ကျွန်မက ဘာဖြစ်မှန်းမသိ။ သွားနှင့်အညီ သွားဖုံးများ ရောင်ကြွလာ၍ ထမင်း လုံးဝ မမျိုနိုင်။ ဆန်ပြုတ် သောက်ရ၏။

ဆန်ပြုတ်က တခါတရံ ထမင်းချက်ကလေးမ စိတ်ရလျှင်တော့ ဆန်ပြုတ်နှင့် တူ၏။ သူတို့ စိတ်မရှည်လျှင်တော့ ခွေးအန်ဖတ်က ကောင်းပေဦးမည်။ အရည်မရှိ။ အဖတ်ကလည်း ဖြုန်းစပ်စပ် နှင့် ဖြစ်၏။ စားနိုင်လျှင်လည်း နှစ်၍ မျိုသည်။ မစားနိုင်လျှင် သူတို့ကို ဘာမှပြန်မပြော။ ဝေဒနာကို ရှုမှတ်ကာ ငြိမ်းချမ်းစွာ အိပ်လိုက်၏။

အစ်မကြီး ဒေါ်မမလေးမှာ လူနာ လာမေးရင်း "အမယ်လေး၊ အဲဒီလိုသာ နေရင် သေလိမ့်မယ်" ဆို၍ စွပ်ပြုတ်တခွက်နှင့် အာလူးကက်တလိတ်ကို အမြဲပို့၏။

မိ ကျောင်းမသွားရသောနေ့တွင် မိသည် အစ်မကြီးက ဟင်းပို့ပေးရသည်ကို မြင်သွား၏။

"အိုး - ကြီးကြီးမမလေးက နေ့တိုင်း ဒီလိုပဲ ပို့ပေးရတယ်လား။ စုမေကလည်း မိကို ဘာမှ မပြောဘူး၊ အားနာစရာကြီး"

သူသည် နောက်နေ့တွင် ခေါက်ဆွဲကို ငါးရံ့သားနှင့် စွပ်ပြုတ်လုပ်ပုံပါ ကလေးမအား ပြော၍ ကျောင်းသို့ ထွက်သွား၏။ မိမှာ တခါတရံ ခြောက်နာရီခွဲကတည်းက ထွက်သွားရသည်မှာ ည ကိုးနာရီ၊ ဆယ်နာရီမှ အိမ်ပြန်ရောက်၏။ မိကသာ မှာခဲ့သည်။ အချိန်တိုင်သော်လည်း ခေါက်ဆွဲပြုတ်က မရောက်လာ။ ခေါက်ဆွဲတစျေးလုံးတွင် မရှိဟု အကြောင်းပြကာ ကျွန်မအတွက် ထိုနေ့ နံနက်စာကို ဘာမှလုပ်မပေးပါ။

တရားရှုမှတ်ကာ အိပ်လိုက်ပါသည်။ သမာဓိအား ကောင်းသောအခါ မှတ်သိပ် ဆာလောင်ခြင်း မရှိပါတော့ချေ။ နောက်နေ့တွင် သူ့လိပ်ပြာသူ မလုံ၍လား မသိ၊ ကျွန်မတို့ မိသားစု မဆုံခင် ထိုမိန်းကလေးသည် အလုပ်မှ သူ့ဘာသာထွက်သွားပါသည်။

"ကြည့်စမ်း၊ မိကိုလည်း ပြောမပြ။ ကျုပ်ကိုလည်း အားနာလို့ လာမပို့နဲ့တော့ ပြောတယ်။ ဒီလိုနေရင် သေမှာပဲ"

အစ်မကြီးမမလေး သိသွားသောအခါ ရင်ဘတ်စည်တီး ပြောပြန်၏။

"အစ်မကြီးကလည်း မသေလို့ ငုတ်တုတ်ကြီး တွေ့ရတာပေါ့။ အစ်မကြီး ခဏ ခဏ ပြောနေတာကိုး။ မိချိုတယောက်ဟာ "ခြင်း" တလုံးကို မနိုင်သေးဘူး။ ပြောရက်လေခြင်း၊ လုပ်ရက်လေခြင်းဆိုတဲ့ အကျိတ်အခဲ စိတ်ထဲမှာ အတေးအမှတ် သိပ်ကြီးတယ်။ ဆရာတော် ဦးဇနကလည်း ဒီလိုပဲ ကျွန်မကို စိတ်ကြီးတယ်၊ စိတ်အေးအောင် မထားတတ်ဘူးလို့ ပြောတယ်ဆို။ အခု အဲဒါတွေကို လက်တွေ့ကျင့်ကြည့်တာလေ။ ဘာကို စားချင်တယ်လို့လည်း မပြောတော့ဘူး။ လုပ်ရက်လေခြင်းလို့လည်း မိကို ပြန်မတိုင်တော့ဘူးလေ။ ကျေနပ်ပြီလား"

"ဟဲ့ - ဒီလို ကြာကြာနေတော့လည်း အိမ်ထောင်ကြီးတခုလုံး ခက်ကုန်လိမ့်မယ်။ မိချိုကို နှစ်ကိုယ်ခွဲ နေရမယ်။ ရိပ်သာမှာ မိချို နေတဲ့အခါ ယောဂီပုံစံနဲ့ နေပေါ့။ အိမ်မှာ နေရင်တော့ အိမ်ရှင်မပုံစံနဲ့ နေပေါ့။ နို့မို့ရင် အိမ်ထောင်ရှင်မ၊ အိမ်ထောင်ဦးစီးတယောက်အနေနဲ့ ပြဿနာတခုခု ကြုံတင်ဖြစ်မှာကို သိပါရက်နှင့် ကြိုတင်မကာကွယ်ရင် မိချို တရားခံပဲဖြစ်မှာ။ အစ်မကြီးပါ တရားခံဖြစ်မှာပါတော်"

သူသည် ရယ်ရယ်မောမော ပြောပြ၏။

"ဟုတ်ပါတယ်လေ၊ ကျွန်မလည်း စိတ်ကို ဘယ်လောက်အထိ ငါ

အေးအောင် ထားနိုင်မလဲလို့ ကျင့်ကြည့်တာ။ မြေခွေးဟာ စပျစ်သီးကို မရနိုင်လို့ ချဉ်တယ်ပြောပြီး ထွက်သွားတာ၊ မရနိုင်လို့ လက်လျှော့တာ၊ မနိုင်လို့ သည်းခံရခြင်း ဆိုတာနဲ့ သဘောချင်း ခပ်ဆင်ဆင် တူတယ်။ မြေခွေးဟာ စပျစ်သီးကို အာလယ တကယ်ပြတ်တာမှ မဟုတ်ဘဲ။ စပျစ်သီးချိုချို ပါးစပ်နား ရောက်လာတာကို မစားဘဲ အမှတ်တရားနဲ့ ထိန်းချုပ်နိုင်မှ တကယ်ပြတ်တယ်လို့ ဆိုရမှာ။ ခုလည်း ကိုယ်ခိုင်းတဲ့ ကိုယ့်လက်အောက်ကလူ စော်ကားသမျှ ငါ ဘယ်လောက် ခံနိုင်မလဲလို့ လက်တွေ့ ကျင့်ကြည့်တာလေ။ ကိုယ့်ထက် အင်အားကြီး၊ ဂုဏ်ကြီးသူတွေကို လက်လျှော့ အရှုံးပေးတာက မနိုင်လို့ သည်းခံခြင်းပေပဲ”

ဟု ကျွန်မ ဖြေလိုက်ပါသည်။

တချို့ ကလေးမလေးများ အလုပ်သာ ထွက်သွားရော ကျွန်မကို မည်မျှ ရိုင်းပျစွာ ဆက်ဆံသွားကြသည်ကို သမီးတို့အား ယခုတိုင် ကျွန်မ မပြောပြပါ။ အဘယ့်ကြောင့်ဆိုသော် မိတို့ စိတ်ကွက်လျှင် နှစ်ဖက်စလုံး အကျိုးမဲ့ ငရဲဖြစ်နိုင်ပါသည်။

တရားအားမထုတ်ခင်ကတည်းက မင်္ဂလာတရားတော်ကို ရွတ်ဆိုတိုင်း အာရတီ၊ ဝိရတီ အပိုဒ်ကို အကျယ်ချဲ့၍ တွေးဖူး၏။

ကျောင်းမှာ စာသင်နေရစဉ် အနက်ပြန်ကြရာတွင် “မကောင်းမှုတို့ကို၊ အာရတီစ – ဝေးစွာ ရှောင်ကြဉ်ရခြင်းသည် လည်းကောင်း၊ ဝိရတီစ - အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည် လည်းကောင်း” ဟု ပြန်ထားသည်ကို တွေ့ရ၏။

ကျွန်မ ဆရာတယောက်ကို မေးကြည့်သောအခါ သူက ပြော၏။

ဝေးစွာ ရှောင်ကြဉ်ခြင်းဆိုတာ မကောင်းမှုကို မပြုဘဲ၊ မပြုမိအောင် ဝေးဝေးက ရှောင်ကြဉ်ရမယ်လို့ ဆိုလိုတာ။ ဝိရတီ - အထူးသဖြင့် ရှောင်ကြဉ်ရမယ်ဆိုတာက မကောင်းမှုကံ တခုခုကို ကျူးလွန်ဖို့၊ တနည်းဆိုတော့ လက်ထိလက်ရောက်ကို ပြုလုပ်ဖို့ အခွင့်က ကြုံလာတယ်၊ မျက်စိအောက် ရောက်လာတာကိုတောင်မှ မကျူးလွန်ဘဲ ကိုယ့်စိတ်ကို သတိနဲ့ ထိန်းနိုင်ရမယ်လို့ ဆိုလိုတာ” ဟု ရှင်းပြပါသည်။

ဆရာဆိုသည့်အတိုင်း ကျွန်မ စိတ်ကို စမ်းကြည့်ရန် အခွင့်ကို စောင့်ကြည့်မိ၏။ တနေ့တော့ မျှော်မှန်းမိသည့်အတိုင်း ကြုံလာသည်။ အလွန် မိန်းမပီသသော အမျိုးသမီးတဦးနှင့် အိမ်တအိမ်တွင် တွေ့ခဲ့ရ၏။ စင်စစ်တော့ ကျွန်မကို သူကလည်း စာရေးဆရာတဦး ဟူ၍သာ သိသည်။ ဘယ်သူ ဘယ်ဝါ ဘာရယ်လို့ လုံးဝ မသိပါပေ။

ကျွန်မ သူ့ကို ကူညီချင်၍ အိမ်ရှင်များ မရှိချိန်တွင် ချက်ပြုတ်ရေး၌ ဝင်ကူ၏။

"ဘာလဲ၊ နိုင်ငံကျော် စာရေးဆရာမ လုပ်နေပြီးတော့ ကြက်သွန်နီကို နန်းကျအောင် လှီးရမယ် ဆိုတာ မလှီးတတ်ဘူးလား၊ ဖြစ်အောင်လှီး"

ကျွန်မလက်ကိုက နဂိုက တုန်ချည့်ချည့်၊ အရေးထဲ စာကြည့်မျက်မှန် မပါလျှင် မျက်စိကလည်း ထမင်းစေ့ကိုပင် မသဲကွဲ။ ထို့ကြောင့် သူစိတ်တိုင်းကျ ကြက်သွန်ကို လှီး၍ မပေးနိုင်။ ကျွန်မလက်ထဲမှ ကြက်သွန်ကို ဆောင့်အောင့်၍ ဆွဲယူလိုက်၏။

အရင် ငယ်စိတ်နှင့်သာဆိုလျှင် ပြန်၍ ရန်တွေ့မိမည် ဖြစ်သည်။ သို့သော် ရုတ်တရက် ယခု တကြိမ်တွင် ရစ်ချတ်ဘုရင်ကြီးကို ဖျတ်ခနဲ သတိသွားရ၏။

ရစ်ချတ်ဘုရင်ကြီးသည် စစ်ရှုံးနိမ့်၍ လယ်တောတခုတွင် ဝင်ရောက်ခိုလှုံနေရ၏။ တဲပိုင်ရှင် လယ်သူမကြီးသည် သူ့အား ရစ်ချတ်ဘုရင်မှန်း မသိ။

"အပြင်မှာ အလုပ်ကိစ္စရှိ၍ ခေတ္တသွားဦးမည်။ သူ့ပေါင်မုန့်များကို ဖုတ်ထား၍ မီး အပူအအေး ကြည့်ပေးရန်" မှာခဲ့၍ လယ်သူမကြီး ထွက်သွားသည်။

ရစ်ချတ်ဘုရင်ကြီးသည် ပထမတော့ ကြည့်နေသည်။ ကြည့်နေစဉ် သူ စစ်ပွဲ၌ ဘာကြောင့် ရှုံးနိမ့်ခဲ့သည်ကို ပြန်လည်လေ့လာ စိစစ်ရင်း ဘယ်ကဲ့သို့ သူ့စစ်တပ်ကို ပြန်လည် စည်းရုံးကာ စစ်ဆင်ရမည်ကို အတွေးလွန်သွားသောကြောင့် ပေါင်မုန့်များကို မေ့သွားသည်။ လယ်သူမကြီး အပြင်က ပြန်ရောက်လာလျှင် မီးကျွမ်းနေသော ပေါင်မုန့်များကိုသာ တွေ့ရသည်။ ရစ်ချတ်ဘုရင်ကြီးကို မြည်တွန်တောက်တီး ဆူပူလိုက်သည့် ဖြစ်ခြင်း၊ ဘုရင်ကြီးသည် ဘာတလုံးမှ ပြန်မပြော၊ ခေါင်းငုံ့နေ၏။

အချိန်တန်၍ သူ၏ စစ်သည်တော်များနှင့် ပြန်လည်ဆက်သွယ်မိကာ ထိုးစစ်ပြန်ဆင်ချိန်တွင် လယ်တဲလေးမှ ခွဲခွာခဲ့၏။ သူ၏စစ်ပွဲများကို ပြန်နိုင်သောအခါမှ ဘုရင့်အခမ်းအနားနှင့် လယ်သူမကြီးကို လာရောက်၍ ကန်တော့သည်။ လယ်သူမကြီးသည် နေစရာ မရှိအောင်ပင် အားနာလာကာ သူ တချိန်က ဘုရင်ကြီးအပေါ် စော်ကားမိသည်ကို တောင်းပန်၏။

ဘုရင်ရင့်မာကြီးပင် လယ်သူမကြီးအပေါ်၌ ခွင့်လွှတ်နိုင်ခဲ့၏။ ကျွန်မက ဘာမို့လို့လဲ၊ ကျွန်မသည်လည်း ချက်ချင်းပင် သတိဖြင့် ထိန်းချုပ်လိုက်၏။

"ငါ့လက်တွေကိုက တုန်ချည့်နေတာလည်း သူ မသိ၊

မျက်စိမှုန်နေတာကိုလည်း သူ မသိရှာဘူး။ ငါကိုက မိန်းမ မပီသတော့ သူကြိုက်တဲ့ ကြက်သွန်ကို နန်းကျအောင် ဘယ်လှီးပေးတတ်မလဲ။ ဒီနေရာမှာ သူက ငါ့ထက်တော်ပါတယ်၊ တို့ကလည်း စာရေးဆရာမသာ လုပ်နေတာ၊ ဟင်းတခွက်ကျတော့လည်း အစပ်တည့်အောင် သူ့လိုမှ မချက်တတ်ပေဘဲ၊ အိမ်ရှင်တွေက သိရင်လည်း သူ့ကိုပဲ အဆူခံရမယ်၊ ငါ့မှာက နေစရာ အိမ်တွေပြည့်လို့၊ သူ့မှာ ငါ့ကြောင့် အလုပ်ပြုတ်သွားရင် တခြား ခိုလှုံစရာ အိမ်ရှင်တွေက လက်ရှိအိမ်ရှင်တွေလို ကောင်းချင်မှ ကောင်းမှာ” ဟု စိတ်ကို ချက်ချင်း သတိနှင့် ထိန်း၍ သူ့ကို ခွင့်လွှတ်လိုက်ရပါသည်။

ယခုတော့ ကျွန်မ၏ဇာစ်မြစ်နှင့် နေပုံထိုင်ပုံကို သူ သိသွားပုံရပါသည်။ ကျွန်မ သွားရောက် လည်ပတ်တိုင်း ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေ ဆက်ဆံ၏။ အိမ်ရှင်များထက်ပင် ကျွန်မကို ညှော်ဝတ်ကျေပွန်စွာ ညှော်ခံ၏။

ဩော်... ကျွန်မ သူ့ကို ခွင့်လွှတ်ရကျိုးနပ်ပေပြီ။ သို့သော် ဤကိစ္စက အသေးအဖွဲလေးဖြစ်၏။

■

အမှန်တော့ တရားအားထုတ်ပြီးမှ မဟာစည်ဆရာတော်ဘုရား စာအုပ်များကို ပြန်လည် ဖတ်ရှုလျှင် ပိုမို၍ ကောင်းပါသည်။

ယခင်ကတော့ "တရားအားထုတ်ပြီးတော့ ဉာဏ်စဉ်နာပြီးလည်း တနှစ်၊ နှစ်နှစ် ကြာရင် ပြန်လည်အားထုတ်ပါ" ဆိုသော ဆရာတော်တို့၏စကားကို ကြားလျှင် ဘာဖြစ်လို့ပါလဲဟု တွေးမိ၏။

ဒုတိယအကြိမ် တရားဝင်သောအခါ ပြန်လည် ဖတ်ရှုရန် ပိုမို အချိန်ရခဲ့ပါ၏။ ယခင်ကတော့ ခင်ပွန်းသည်၏ ဝေယျာဝစ္စ၊ အိမ်ကိစ္စ၊ ကျန်းမာရေး ကောင်းနေတော့လည်း စာရေးရ၊ ပေါင်းသင်း ဆက်ဆံရေး၊ သာရေး၊ နာရေး ကိစ္စတွေ ဝတ္တရားကျေအောင် လုပ်ရနှင့် မနားရပေ။

ယခုတော့ ကျန်းမာရေး မကောင်းသည်ကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေပါသည်။

ယခုတော့ ပေါင်းရေးသင်းရေးတွင်လည်း သာရေးဖြစ်စေ၊ နာရေးဖြစ်စေ ကျွန်မ မသွားလည်း "သူ့ခမျာ နေမကောင်းလို့ မလာတာဘဲ၊ နို့မို့ရင် မနေတတ်ဘူး" ဟု ခွင့်လွှတ်စကား ဆိုလာကြ၍ မိတ်ဆွေများကို ကျေးဇူးတင်ရပါသေးသည်။ ကျွန်မအကျင့်ကလည်း ချမ်းသာသည့်သူကိုတော့ ဝတ္တရားကျေရုံပဲ သွားတတ် လာတတ်ပါသည်။ ချို့ငဲ့သူတို့ နာရေးဆိုလျှင် ကိုယ်ဖိရင်ဖိ ခန္ဓာကိုယ် အားနဲ့လည်း ကူမိ၏။

ယခုတော့ ခြံဝင်းကို တံခါးပိတ်၊ လူကလည်း အိပ်ရာပေါ်က ထူနိုင်တလှည့်၊ မထူနိုင် တလှည့် ဖြစ်နေ၏။ စာပေဆွေးနွေးသူများကိုပင် အာလေးလျှာလေးနှင့် လေသံက နေးလွန်း၍ ဘယ်သူ့ကိုမှ မတွေ့ချင်ပေ။

အကြောင်းကြောင်းတို့ကြောင့် တချို့ မျက်နှာကြီး မိတ်ဆွေများကလည်း မလာရဲကြ။ တနည်းအားဖြင့် ကောင်းလေစွဟု စိတ်ထဲ နှလုံးသွင်းမိ၏။ အဘယ်ကြောင့်ဆိုသော် အိပ်ရာပေါ် ပက်လက်ကလေးနေရချိန် များလာတော့မှ အိပ်ရာဘေးတွင် မဖတ်ဘဲ ကြွေးတင်နေသော လောကီ၊ လောကုတ္တရာစာများကို ပိုမို၍ ဖတ်ရှုနိုင်လာ၏။

အိမ်ကိစ္စများတွင်လည်း ဘုရားဆောင်မှသည် နောက်ဖေး မီးဖိုအမှိုက်တွင်းအထိ "ငါ့မပါ ဘယ်နေရာမှ မပြီး" ဟူသော ဇာတ်ထုပ်ကို တနေ့တနေ့ ခင်းနေရသည်မှာ ဖတ်ဖတ်ကို မောပါတော့သည်။ ယခုတော့

သမီးလည်း ဒီဂရီ ရလာပြီ၊ သူ့အလုပ်နဲ့သူ ဖြစ်နေပြီ။ တလောကမှ သမီးကြီး “မိ” က ညည်း၏။

“ဒေါက်တာ ဒေါ်ဝင်းကြည်ရဲ့မေမေကလေ လမ်းမလျှောက်နိုင်တာတခုပဲ၊ လက်တွန်းလှည်းနဲ့ တအိမ်လုံးကို သူကိုယ်တိုင် အုပ်ချုပ်နေတာပဲ”

မှန်၏။ တအိမ်သားလုံးကိုသာ မဟုတ်၊ ခြံကြီးတခြံထဲတွင် သားများ၊ သမီးများကို တအိမ်စီ ဆောက်ပေးထား၍ သူက အိမ်မကြီးပေါ်မှ တခြံလုံးကိစ္စကို စီမံခန့်ခွဲပေးနေ၏။ ကျောရိုးမှာ ရှိသောရောဂါကြောင့် ထူပေးမှထနိုင်၏။ လက်တွန်းလှည်းနှင့် သွားရလာရသည်။ “တလအတွက် ငွေဘယ်လောက်” ဆိုပြီး သူ့မေမေကို အပ်လိုက်တာပဲ။ ဒါကြောင့် သူကတော့ ဆီတွေ၊ ဆန်တွေ ကိစ္စလည်း မသိဘူး။ မိကို စုမေမေက အိမ်ကို လွှဲတဲ့အချိန်ကျတော့ ကုန်ဈေးနှုန်းတွေ တက်ချိန်နဲ့ သွားတိုးနေတော့ သမီး ဦးနှောက်ခြောက်တော့တာပေါ့”

ဟု သူ့မိတ်ဆွေ ဒေါက်တာ ဒေါ်ဝင်းကြည် မိသားစုအကြောင်းကို ပြောပြရင်း သူ ဝမ်းနည်းစကား ဆို၏။

“ဟုတ်တာပေါ့ သမီးရယ်။ ဒါပေမင့် ဒေါ်ဝင်းကြည်က အပျို၊ သမီးက သားနှစ်ယောက်မိခင်။ စုမေမေ ရောဂါကြောင့် သေသွားရင်ပဲဖြစ်ဖြစ်၊ သမီးအလုပ်နဲ့ပဲဖြစ်ဖြစ်၊ ကိုယ့်ယောကျ်ား ပြောင်းရာကိုပဲ လိုက်ရ လိုက်ရ ကိုယ့်အိမ်ထောင်ကို ကိုယ် ဦးစီးရမှာပဲ။ သမီး လက်ထပ်ချိန်မှာ ငယ်သေးတာလည်း တကြောင်း၊ ဆရာဝန်တယောက်ဖြစ်ဖို့ ခုနစ်နှစ်ဆိုတဲ့ စာကြိုးစားရချိန်မှာ သမီး ဖိဖိစီးစီး စာကြိုးစားနိုင်အောင်လို့ စုမေတို့က သမီးကို အိမ်တာဝန်မပေးတာ” ဟု သမီးကို ရှင်းပြရ၏။

သူ့ဖခင် ဦးပုံစံကြီး မကွယ်လွန်ခင်က အဖေကလည်း ပုံစံနဲ့၊ ပေတံနဲ့၊ သမီးကလည်း တိကျလိုက်သည်မှာ အလွန်။ ထို့ကြောင့် “ဦးပုံစံနှင့် သမီးလေး မတိကျ” ဟူ၍ သူတို့သားအဖ အကြောင်းကို ကျွန်မ ရေးသားခဲ့ပါသည်။ ထိုစဉ်ကတည်းကပင်...

“တို့များသမီးက တော်ကြာ ‘ဂွတ္တလစ်နဲ့ မက်သဒစ်’ နှစ်ခုပဲ သိတဲ့ သမီးပဲ ဖြစ်နေဦးမယ်။ ဘဝအကြောင်းလည်း သိပစေဦး မိချို”

ဟု ကျွန်မကို ခဏ ခဏ သတိပေး၏။

“ဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့။ အိုးထိန်းသည်တောင် အိုးကောင်း လိုချင်ရင် အောက်ကလည်း အိုးထိန်းစက်ကို မှန်မှန်လည်ပေးရတာ။ အပေါ်ကလည်း လက်ခတ်နဲ့ ဖြည်းဖြည်း မှန်မှန် ပုံသွင်းရတာ။ ကိုယ်လုပ်ချင်တဲ့ပုံစံ

ချက်ချင်းရရမယ်ဆိုပြီး အိုးဖုတ်တဲ့ မီးကျင်းထဲ မချခင် လက်ခတ်နဲ့ အတင်းရိုက်ကြည့်ပါလား၊ အိုးကောင်းမရတဲ့အပြင် ကြေမွ ကွဲကုန်မှာပေါ့”

တဖက်ကလည်း ဦးပုံစံကြီးကို ပြောပြရပါသေးသည်။

မှန်၏၊ အုပ်ထိန်းသူ ဆိုသည်မှာလည်း အရှည်ကို မြင်ထားရရုံမက လက်ရှိ သားသမီး စိတ်ဓာတ်အခံကိုလည်း ကြည့်ရပါသေးသည်။ သို့မဟုတ်လျှင် “အိုးတော်လုပ် ဖုတ်ရင်းက မကျက်” ဓာတ်ထုပ် ဖြစ်လာတတ်ပါသည်။ ထိုအခါကျမှ မီးကိုက ကျက်အောင် မပေးလို့၊ လက်ခတ်က ညှံ့လို့နှင့် ဘေးကို အပြစ်တင်၍ မရပြီ။ ငါတို့ လုပ်ပုံကိုကလည်း ဘာတွေ ချွတ်ယွင်းခဲ့သလဲ ဆိုသည်ကို မိဘပင် ဖြစ်စေကာမူ ကိုယ့်ကိုယ်ကိုယ် ပြန်လည် စိစစ်၍ ကိုယ့်အပြစ်ကို သိရမည် ဖြစ်သည်။

ထို့ကြောင့် သမီးကို အချိန်နှင့် အချိန်နှင့် အသာပြောင်းနေခြင်းကို ဦးပုံစံသည် တခါ တခါ အားမရ ဖြစ်နေတတ်ပုံ ရပါသည်။ ယခုလိုများ သူ့သမီးသည် တနှစ်မှ မကျဘဲ စာမေးပွဲ အမှတ်ကိုလည်း သူ မှန်းထားသလို အဆင့်မှ အောင်ခဲ့သည်ကို သိရပါမူ သူ အလွန် နှစ်သိမ့် ဝမ်းသာရှာပေမည်။

သူ့ကံက နည်းပေ၍ သူ ကွယ်လွန်သွားချိန်တွင် သူ့အိမ်၏ အောင်မြင်ခြင်းများကို တွေ့မသွားရသည်မှာတော့ ဘဝအကြောင်းပေပဲ။

ယခုတော့ သမီးကို အိမ်တာဝန် လွှဲပေးရင်း ပြောပြရ၏။

“စုမေမေကတော့ သမီးကို မချစ်လို့ မကူတာ မဟုတ်ဘူး၊ စုမေ ငြီးငွေ့လှပြီ။ အရင်ကတော့ ခြံထဲမှာ အားရင် မြက်နုတ်တယ်၊ ခုတော့ “ငါ” တွေ လိုက်နုတ်နေတယ်”

သမီးကြီးသည် ပထမတော့ ကျွန်မစကားကို သဘောမပေါက်သလို ကြောင်၍ ကြည့်နေ၏။

“အရင်ကဆိုရင် လိုသမျှ ကွက်လပ် ငါ ဖြည့်ဦးမှဆိုပြီး သမီးတို့အိမ်ရဲ့ကွင်းဆက်တွေထဲမှာ “ငါ” လိုက်ဖြည့်နေတာ။ ခုတော့ “ငါ” တွေ လိုက်နုတ်ဖို့ အချိန်တန်ပြီ။ သေမင်းက စုမေကို ခေါ်သွားရင်လည်း သမီးဘာသာ သမီးမိသားစုကို ကိုယ့်လင်သားနဲ့အတူ ထိန်းသွား ရမှာပဲ၊ သမီး စိတ်ထင်နေလို့၊ အခု စုမေ ရိပ်သာထွက်သွားလည်း သမီးတို့ ဖြစ်နေပြီ။ သမီးတို့ ဖေဖေ ပြောလေ့ပြောထ ရှိတယ်။ တို့တပ်မတော်မှာ အများစုနဲ့လည်း စုပေါင်းလုပ်တတ်ရမယ်၊ တယောက်တည်းကျန်လည်း လုပ်တတ်ရမယ်၊ တယောက် မရှိလို့ လှုပ်ရှားမှုတွေ ငြိမ်းသွားရတယ် ဆိုတဲ့ မလုပ်တတ် မကိုင်တတ် စိတ်ဓာတ် မရှိရဘူးတဲ့။ ပြီးတော့ သမီးဟာ သိပ် ကံကောင်းတာပဲ။ သမီးမှာ ဘာမှ မလိုဘူး။ သက်မွေးပညာ ပြည့်ပြီ၊

ကြင်ရာဆိုတာကလည်း မိုလ်မှူး၊ နေဖို့လည်း တိုက်ခြံ၊ ကဲ - ဒါတွေထက် ဘာပိုရှိရဦးမှာလဲ။ လူတယောက်မှာ ဒါတွေ တပြိုင်နက် ပြည့်စုံဖို့ဆိုတာ မလွယ်ပါဘူး သမီး၊ သမီးမှာ ဘဝကံကောင်းသူမို့ ဒီလို ပြည့်ပြည့်စုံစုံ ဖြစ်လာပြန်တော့ အတိတ်ကံကို ကျေးဇူးတင်ရမယ်။ ဘဝကို မမေ့ရဘူး၊ ဘဝကို မမေ့ရဘူး ဆိုတာက အတိတ်ကံကောင်းပေလို့ လက်ရှိပစ္စုပ္ပန် ကံကောင်းနေရတယ်။ အနာဂတ် ကံကောင်းအောင်တော့ သမီး ဒီဘဝမှာ ကောင်းမှု ဆက်လုပ်ပါ။ ပြီးတော့လည်း မက်ထရစ် ဖြေပြီးခါစက ရိပ်သာဝင်ပြီး အားထုတ်ခဲ့တဲ့ တရားကိုလည်း မမေ့မလျော့ ပြန်အားထုတ်နော်။ သမီးဖေဖေ လိုချင်တဲ့ ဆန္ဒအတိုင်း လူနာတယောက်ကို ကုပြီးတိုင်း ကုသိုလ်ပြုသလို သဘောထားပါတဲ့။ အမြဲလည်း ဆုတောင်း၊ “ငါ ကုသလို့ လူနာတွေ ဝေဒနာ ပျောက်ကင်း စိတ်ချမ်းသာရသလို ငါတို့မိသားစုလည်း ချမ်းသာပါစေ” ဆိုတာ ဆုတောင်းမေတ္တာပို့၊ နောက်ဆုံးကတော့ နိဗ္ဗာန်ဆုပဲ။ သမီးဆီက စုမေမေ လိုချင်ဆုံးဆုကတော့ “ပြုံးပါ”၊ အပြုံးကို အလှူဒါန တခုလို သဘောထားပြီး လှူစမ်းပါ သမီးရယ်”

သမီးသည် သူ့ဖခင်လို ခေါင်းမာသည်။ စကားကို တိုရှင်းပြတ် ပြောတတ်၏။ မျက်နှာထားက တည်၏။ ထို့ကြောင့် သူ့ထံမှ “အပြုံး” ကို အလှူခံရခြင်း ဖြစ်၏။

ယောဂီကြီးသည် သမီးကိုတော့ တရားဟောပြီး ‘ငါတွေ’ ကိုလည်း တအိမ်လုံး လိုက်နုတ်နေမိ၏။ ယခင်ကတော့ စာရေးဆရာ ခင်နှင်းယုအနေနှင့် “ငါ” ဆိုသော ဝတ္ထုကိုရေးကာ စာတွေ့နှင့် ငါကို နုတ်ကြည့်၏။ ယခုတော့ လက်တွေ့ နုတ်နေရသည်။ ထိုအခါကျမှပဲ ကိုယ့်ကိုယ်ကိုယ် ပို၍ သဘောပေါက်၏။ ကိုယ်အားထုတ်ခဲ့သော တရားကိုလည်း ပြန်၍ ရှင်းလင်းစွာ သုံးသပ်နိုင်လာ၏။

မှန်၏။ ပထမအကြိမ် တရားအားထုတ်စဉ်က ညဘက် အမြန်ရထားနဲ့ မန္တလေးသွားပြီး နေ့ချင်းပြန်ခဲ့ရသလို ဖြစ်နေသည်။

ဘာဘူတာတွေ ဆိုက်၍ ဘယ်မြို့များကို ဖြတ်သန်းလာခဲ့မှန်း မသိ။ မန္တလေး ရောက်တော့လည်း ဖင်နွေးအောင်မှ မနေရ၊ ကိစ္စပြီးသည်နှင့်တပြိုင်နက် နေ့ချင်းပြန်ခဲ့ရပုံနှင့် တူနေ၏။

ယခုအကြိမ်ကတော့ မော်တော်ကားနှင့် နေ့ဘက် ခရီးထွက်ခဲ့၍ မန္တလေးအထိ ကားလမ်းတွင် ဖြတ်သန်းလာခဲ့သော မြို့ပေါင်းစုံ မြို့တို့၏ အနေအထားပါမကျန် လေ့လာနိုင်ခဲ့၏။ ယခုမှပင် စာတွေ့နှင့် လက်တွေ့ ယှဉ်ကြည့်ရသည်။ ဆီပွတ်ကျည်ပွေ့လို ခဏ ခဏ အိပ်ရာပေါ် လဲနေရင်းမှ တရားကို ပြန်၍ အားထုတ်ရသည်။ ကိုယ့်စိတ်ကိုလည်း ခဏ ခဏ ဆန်းစစ်ကြည့်ရသည်။

"ငါ့ဒေါသတွေကို ဘယ်လောက် သိမ်းခဲ့နိုင်ပြီလဲ"

ကိုယ့်ကိုယ်ကိုယ်ပဲ မေးကြည့်ရပြန်သည်။

ဆရာတော် ဦးသုဇာတကမူ အဦးစိတ်ကိုထိန်းသိမ်းနိုင်လျှင် ရုတ်တရက် ပေါက်ကွဲလွယ်သော ဒေါသစိတ်ကို နိုင်သည်ဟု ဆိုပါသည်။ အဦးစိတ် ဖြစ်သည်ကို ရုတ်တရက် သိပါမှလည်း ထိန်းချုပ်မှု သတိဆိုသည်က ထိုအဦးစိတ် အရှိန်ကို တားမြစ်နိုင်ပေမည်။ တခါတရံ ကိုယ်ဘာသာကိုယ် ဒေါသထွက်နေသည်ကိုလည်း ကိုယ် မသိပါပေ။

ထို့ကြောင့်ပင် တချို့လူတွေက ဒေါသ ထောင်းခနဲ ထလာရင် မျက်စိထဲ ပြာလာပြီး ဘာတွေ လုပ်မိမှန်း မသိဘူး ဆိုသည်မှာ မှန်ပေသည်။

ဝိပဿနာသတိ ရှိလာသောအခါ ဒေါသဖြစ်စရာ အာရုံကိုမြင်လျှင် မြင်သည်ဟူ၍ လောက်သာ သတိပြု၍ အဦးစိတ်က ဒေါသ ဆက်လက်ထွက်ခွင့် မပေးတော့ပေ။

ငယ်ငယ်ကတည်းက ဒေါသကြီးလှသော အကျိတ်အခဲ စိတ်စွဲကြီးလာသော ကျွန်မသည် ကျွန်မကိုယ်ကျွန်မ ပြန်စဉ်းစားမိ၏၊ မည်သူ့ကိုမျှတော့ လက်စားမချေတတ်သော်လည်း ကျွန်မကို နာကြည်းအောင် ပြောထားဆိုထား သူတို့အား ဘယ်တော့မှ မမေ့တတ်ပေ။

ကျွန်မရေးခဲ့သလိုပင် မေမေ၏အိမ်ရိပ်တွင် အားလုံး ပျော်ရွှင်စွာ ခိုလှုံခဲ့ကြသော ဆွေမျိုးတစုသည် မေမေ ယိုင်လာချိန်၌ မေမေ့ကို အမွေစကား ဆို၏။ ဖေဖေ့ကို သူရူးတယောက်လို မထီမဲ့မြင် ဆက်ဆံ၏။ ထိုသူများကို ကျွန်မ ရန်ကုန်ရောက်လာသောအခါ လုံးဝ မျက်နှာချင်း မဆိုင်ချင်တော့ပေ။

သို့သော် လက်မထပ်ခင် ပထမအကြိမ် တရားအားထုတ်ပြီးခါစကမူ စိတ်ကို တပတ် လျှော့ပါ၏။ မထီမဲ့မြင် ဆက်ဆံသူတို့အား အိမ်ပေါ်တင်၍ ကျွေးမွေးခဲ့ပါသည်။

ဖေဖေနှင့် မေမေကို ဝစီကံမြောက် ဆဲရေးခဲ့သူ၊ အိမ်အိုကြီးတွင် မနေတတ်အောင် လုပ်ခဲ့သူကိုမူ ကျွန်မ ဘုရားတွင် သစ္စာဆိုကာ တသက် စကားမပြောတော့ပါဟု ဆုံးဖြတ် လိုက်၏။

ကျွန်မစိတ်က တမျိုးပင်၊ မေမေ့ကို ချစ်သော်လည်း ဖေဖေ့ကို ဒုက္ခိတမို့ ပိုသနားသည်။ ဖေဖေ့ကို ပြောစရာရှိလျှင် ကျွန်မသာ ပြောမည်။ ဖေဖေ့ကို စော်ကားလာလျှင်တော့ ယောကျ်ားနှင့် မိန်းမဖြစ်၍ မနိုင်ဘူးဆိုသည်ကို သိသော်လည်း အသက်ပင်သေသေ ယှဉ်ပြိုင်၍ တိုက်ပစ်ချင်သည်။

ကျွန်မအကြောင်းကို ဆွေမျိုးသဖွယ် အစဉ်းသိသော အစ်မကြီးမမလေးသည်...

"မယုတယောက်ဟာကွယ်၊ အဲဒီ "ခြင်း" ကို မနိုင်သေးဘူး။ ပြောရက်လေခြင်း၊ လုပ်ရက်လေခြင်း၊ ခံရလေခြင်း ဆိုတာတွေကို တရားအားထုတ်ထားရင် ဖြေဖျောက်နိုင်ရမယ်။ "ခြင်း" ကို အကျိုတ်အခဲလုပ်ပြီး စိတ်ထဲ အမှတ်မထားရဘူး" ဟု ကျွန်မကို ခဏ ခဏ ဆုံးမ၏။

"အဲဒီခြင်းကိုတော့ ကျွန်မရင်ထဲက မဖျောက်နိုင်သေးဘူး"

ကျွန်မသည် အမှန်တိုင်းပင် အစ်မကြီးအား ဝန်ခံလိုက်ပါ၏။

သို့သော် ယခုတကြိမ် တရားအားထုတ်အပြီးတွင်မူ ထိုသူနှင့် တွေ့သောအခါ စကားတော့ မပြောပါ။

"ဖေဖေနှင့် မေမေကို ဝါးခယ်မမှာ မနေနိုင်အောင် သူ လုပ်ခဲ့တာပဲ၊ မေမေတို့ဟာ တခဏပဲ ပြေးခဲ့ရတာပဲ၊ သူ့မှာတော့ တဘဝလုံး ပြေးနေရတာပဲ၊ သံသရာမှာလည်း ပြေးနေရဦးမယ်"

မှန်၏။ မေမေတို့သည် သေသည်အထိ သာယာချမ်းမြေ့စွာ အိုးအိမ် အတည်တကျ နေသွားရ၏။ သူ့မှာ သိန်းချီ ချမ်းသာခဲ့ပါသော်လည်း အိမ်တခုပေါ်တွင် ရပ်တည်၍ မနေနိုင်ခဲ့။ ရပ်က ချောပါသော်လည်း ငြိမ်သက်သော အမူအရာ သပ်ရပ်လှပခြင်း မရှိပေ။

ကျွန်မရင်ထဲတွင် သူ့ကို မြင်တိုင်း အင်္ဂုလိမာလသုတ်ကို သတိရနေသည်။ မိခင်ကိုလည်း ပြေးအောင် ဓားဆွဲ၍ နောက်မှလိုက်၏။ မိခင်နှင့် သူ့ကြား တရားပြလိုသူ မြတ်ဘုရားကိုပင် ပြေး၍ လိုက်ရုံတင်မက...

"ရှင်ကြီး ဂေါတမ၊ သေရမှာ ကြောက်၍ ပြေးသလား"

ဟု နှုတ်ဖြင့်လည်း စော်ကား၏။

"ငါ မပြေးဘူး အင်္ဂုလိမာလ၊ သင်သာလျှင် ဒီဘဝလည်းပြေး၊ သံသရာမှာလည်း ပြေးခဲ့ပြီ"

ဟု အစချီကာ လူဆိုးဗိုလ်ကြီး အင်္ဂုလိမာလအား တရားပြခဲ့၏။

"အင်္ဂုလိမာလကို တရားပြမယ့် ဘုရားသခင် ရှိခဲ့လို့ သံသရာကို ဆက်မပြေးခဲ့ရဘူး။ ငါ့မိဘတွေကို တခဏပြေးအောင် လုပ်ခဲ့သူမှာတော့ တရားပြမယ့်သူလည်း မရှိ၊ ခုဘဝမှာလည်း ရပ်တည်ရာမရ ပြေးနေတာပဲ၊

သံသရာမှာလည်း ပြေးနေရဦးမှာပဲ”

ဟု သနားစိတ်နှင့်ယှဉ်သော အတွေးက ဝင်ခဲ့ပါသည်။

ယခင်ကမူ မြင်လျှင်မြင်ချင်း ဒေါသထောင်းခနဲ ထွက်လာကာ လက်သီးကို နာနာ ဆုပ်ထားမိ၏။ အဘယ်ကြောင့်ဆုပ်ထားသနည်းဆိုသော် သူက ကျွန်မကွယ်ရာ၌ “ဒီကောင်မလေးကို နားရင်းပိတ်အုပ်ပြီး သေအောင်ကို သတ်ပစ်မယ်” ဟု ဆွေမျိုးများကို ပြောပြထား၏။

ကျွန်မနှင့် တွေ့တွေ့ဆိုင်ဆိုင် မျက်နှာချင်းဆိုင် တချိန် တွေ့သောအခါကလည်း…

“အမယ်လေး… နင့်ကို မြင်ရတာ ငါ့ရင်ထဲမှာ သိပ်ပူတာပဲ၊ နင် မြန်မြန်သေမှ အေးမယ်” ဟု ဆိုကာ သတ်ပုတ်ရန် ဟန်ပြင်လိုက်၏။

ကျွန်မသည် ချက်ချင်းပင် ငယ်ငယ်က အစ်ကိုများ သင်ထားသောကြောင့် အင်္ဂလိပ် လက်ဝှေ့တိုးနည်း (ဘောက်ဆင်) အတိုင်း နေရာယူကာ သူ့ကို ခံချဖို့ လက်သီးကို အသင့်ပြင်ထားလိုက်၏။

(ယခုသော် ဤအဖြစ်ကို တွေးမိတိုင်း ရယ်မိ၏။ ဘယ်သူကမှလည်း ခင်နှင်းယု ဆိုသော နန်းမတော် မယ်ယု၊ လက်နှင့်တို့လိုက်လျှင် ပြိုလဲမတတ် ယိုင်သွားတတ်သည့် ရတနာကြေးမုံ မင်းသမီးသည် ဘောက်ဆင်ထိုးတတ်သည်ကို ယုံမည် မဟုတ်ပေ။)

ကျွန်မယောက်မကြီး ဒေါ်မြရီ အရောက်မြန်လာ၍ ဤရန်ပွဲမှာ ဆက်လက်မဖြစ်တော့ပေ။ ထိုသတင်းကို ကြားသော ကိုကိုကြီး (ဦးနု) က ကျွန်မကို ခေါ်တွေ့၏။

“မိခင်ယု၊ ဘယ်သူ့ကိုမှ အကောင်းမပြောတဲ့ ဒီကောင်နဲ့ယှဉ်ပြီး ရန်ဖြစ်နေလို့ အကျိုးထူးမလား၊ မိုက်လိုက်တာကွယ်၊ တကယ်ဆို ဆွေမျိုးထဲမှာ ငါ့ညီမက အငယ်ဆုံး (လူလား မြောက်သူတို့တွင် ကျွန်မအငယ်ဆုံး ဖြစ်ပါသည်။ ကျွန်မအောက်တွင် အရွယ်မရောက်သေးသော ညီမလတ် အကြွယ်နှင့် ညီမအထွေး နုနုသာ ရှိပါသည်) သူ ရိုက်လည်း မင်းခံရမှာပဲ၊ ဘာဖြစ်လို့ ကြီးတဲ့သူကို ပြန်လုပ်ရမှာလဲ”

“အိုး… တရားမှ မတရားတာ၊ ကိုကိုကြီးက မယု မလိမ္မာလို့ ရိုက်နှက်ဆုံးမရင် ဆုံးမခံမယ်။ သူ့အနေနဲ့တော့ မယုကိုနည်းနည်းထိကြည့်၊ ခံတွယ်ပစ်မှာပဲ” ဟု ကိုကိုကြီးကိုပင် သူ့အတွက်ကြောင့် ပြန်ပြောမိ၏။

ယခု နောက်ဆုံးအကြိမ် အတွေ့တွင်မူ ထူးခြားသွားသည်။ ထောင်းခနဲ ဒေါသက ထွက်မလာ။ ဆရာတော် ဦးသုဇာတပြောသလို အဦးစိတ်က ဖျတ်ခနဲ ပေါ်လာသည်။ ပေါ်လာသည့်စိတ်ကို ကျွန်မ ပြန်မှတ်ကာ ဘာစိတ်လဲဟု ကျွန်မ ဆင်ခြင်မိ၏။ အင်္ဂုလိမာလကို တွေးနိုင်အောင် သနားစိတ် ဖြစ်နေသည်။

"ခံချမှာပဲ၊ အသင့်ပြင် နေရာယူ၊ ဖေဖေနှင့် မေမေကို စော်ကားခဲ့သူ" ဆိုသော အတိတ်ကို နွေးသည့်စိတ်က မပေါ်လာ၊ မပေါ်လာ၍ ဒေါသက မဖြစ်။ ဒေါသ မဖြစ်၍ နှလုံးက ဒိုင်းဒိုင်း ဟု မခုန်လာပါ။

သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း မြင်တယ်ဟု မှတ်လိုက်၏။ ထိုင်၍ အမှတ်နှင့်ပင် သူ့ကို ရှိခိုးလိုက်၏။ ကျွန်မပါးစပ်ကမူ စကားတလုံးမှ ပြော၍ မထွက်သေးပါ။

အစ်မကြီး မမလေး သတိပေးသော ကျွန်မ၏ရင်ထဲမှ "ခြင်း" သုံးခြင်းအနက် ခြင်း တလုံးကတော့ အနည်းငယ် ပျော့သွားပါသည်။ လုံး၀ ပျောက်သွားပြီဟု မဆိုနိုင်ပေ။ အဘယ်ကြောင့် ဆိုသော် လုံး၀ မရှိဘူးဆိုလျှင် ကျွန်မ ဦးစွာ သူ့ကိုမြင်လျှင် ပျူပျူငှာငှာ နှုတ်ဆက်မိမည် ဖြစ်သည်။

သူ့ကို နောက်တဖန် တွေ့၍ စကားပြောနိုင်လျှင်တော့ ကျွန်မ အနာဂါမ်ဖြစ်ကောင်းပါရဲ့။

မည်သို့ပင်ဆိုစေ လောလောဆယ် ဝိပဿနာအသိစိတ်က ကယ်ပေလို့၊ သို့မဟုတ်လျှင် မူကား သံသရာပြေးကြီးနဲ့ အပြေးပြိုင်ကောင်းမှုကြောင့် အမောဆို့၍ ကျွန်မ မြရတနာဆေးတိုက်သို့ တက်ရပေဦးမည်။

■

"ယဉ်ကျေးသည့် လစကြာ

ကြယ်ပြိုင်စုသလို၊ စံပယ်ခိုင်အနု ရှုမဝနိုင်တော့သည်

အတုလကာရီ၊ ဒေဝီကတောင် လက်ဆောင်ဆက်ရသည်"

ထိုသီချင်းမှာ အဆိုကျော် ကွယ်လွန်သူ ခင်မောင်ရင် သီဆိုသည့် ခေတ်ဟောင်းသီချင်း တပုဒ် ဖြစ်ပါသည်။။

မိန်းမတို့၏အလှသည် အနုပညာသည်တို့၏ နှလုံးသားနှင့် တွေ့သောအခါ ကဗျာ၊ ဂီတ၊ သီချင်းများအဖြစ် သာယာနာပျော်ဖွယ် ထွက်ပေါ်လာကြ၏။

ရှင်မဟာရဋ္ဌသာရပင် ငယ်နုစဉ်က အလှကို တွေ့သောကြောင့်...

"ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်

ပျိုမျစ်ချစ်လျှင်၊ ကျစ်လျစ်တင့်စံပယ်

ဆံသွယ်မြမြိတ်စို့"

စသော မိန်းမလှဘွဲ့ကဗျာနှင့် အင်းဝစာဆိုတော်ကြီးအဖြစ် လောကတွင် နေရာယူခဲ့၏။ သူ့ခမျာ ထိုအလှဘွဲ့တို့ကြောင့် လောကီဆန်သော ရဟန်းဟု ရှင်တိသာသနတို့က စွပ်စွဲတာ ခံခဲ့ရဖူး၏။ သို့သော် ဘဝတကွေ့ တွေ့သောအခါ ရှင်မဟာရဋ္ဌသာရသည် ကိုးခန်းပျို့လို ဓမ္မဆန်သော လင်္ကာ၊ ပျို့ကဗျာတို့ကို ဖွဲ့နွဲ့၍ လောကဓမ္မ နှံ့စပ်ပါသော စာဆိုကြီးအဖြစ် စွပ်စွဲမှုများကို ပယ်လှန်လိုက်ပါ၏။

လူနှင့် ရဟန်းတို့ကိုပင် မဆိုထားနှင့် နတ်လောကတွင်ပင် သူရိယဝစ္ဆသာ၏ အလှကို မြင်ပါသော ပဥ္စသိခနတ်သားသည် နတ်ကဗျာဆရာ၊ နတ်စာဆို ဖြစ်လာသည်။ သူ့ချစ်သူ သူရိယဝစ္ဆသာ နတ်သမီး၏အလှကို သူ၏နတ်စောင်းနှင့် ကဗျာသီကျူးဖွဲ့ဆိုနိုင်၍ဖြစ်ပါသည်။

မိန်းမများ၏ အလှသည် ထိုမျှ လောကီကို လွှမ်းမိုးနိုင်ပါ၏။

ထိုသို့ဆိုလျှင် သူရိယဝစ္ဆသာ အပါအဝင် မိန်းမများ တကယ်လှပါသလား၊ နတ်ပြည်တွင် သူရိယဝစ္ဆသာ အလှဆုံး ဖြစ်လေသလား။ လူ့ပြည်တွင် ခေမာမိဖုရားသည် အလှဆုံး ဖြစ်ပါသလား။ ကျွန်မ မမြင်ဖူး၍ မသိပါပေ။ သို့သော် ကျွန်မတို့ညီအစ်မလေးယောက်တွင်မူ ကျွန်မ အကျည်းတန်ဆုံးမို့

အကျည်းတန်သော ဘဲကလေးအဖြစ် ကျွန်မတို့မိသားစုတွင် ကျွန်မ ပါဝင်ခဲ့ရပါသည်။

သို့သော် အကျည်းတန် မှန်ကြိုက် ဆိုသလို ကျွန်မတို့ အိမ်အိုကြီး၏ အိမ်အပေါ်ထပ် ကျွန်မအိပ်ခန်းတွင်းမှ မှန်ကို ရေမိုးချိုးပြီးလျှင် ပထမဆုံး ကြည့်ပါသည်။ သနပ်ခါးလူး၊ အဝတ်အစား လဲပြီး လှေကားမှဆင်းလျှင် လှေကားခြေရင်းတိုင်တွင် ဆွဲထားသော အသေးစား ကိုယ်တဝက်ပေါ်မှန်ကို ကြည့်ရသည်။ အိမ်ရှေ့ဧည့်ခန်း ရောက်ပြန်တော့ မေမေတို့၏ ကိုယ်လုံးပေါ် မှန်ကြီးကို ရှေ့မှန် နောက်မှန် ကြည့်ပြီးမှ အိမ်အပြင်သို့ ထွက်မိတော့သည်။

ဘယ်သူက အကျည်းတန်သည်ပဲ ပြောပြော ကိုယ့်ကိုယ်ကိုယ်တော့ လှသည်ဟုပဲ ထင်ပါသည်။ ထိုအထဲတွင် အရွယ်ရောက်ပြန်တော့…

"မင်းရဲ့ ကျန်ညီအစ်မတွေ လှတယ် ဆိုတာက အသားဖြူ မြင်းတပြေး၊ မင်းလှတာကမှ အသားညို ကွမ်းတယာညက်၊ တကယ့်ကို အကြည့်ခံတဲ့ အသားညိုချော"

မြှောက်လေသလား၊ တကယ်ပဲ ကျွန်မအလှက ကွမ်းတယာညက် အကြည့်ခံလေသလား တော့ မပြောတတ်ပေ။ မရွှေယုကို ချစ်သူတွေက စာဖွဲ့လျှင် သည်းခြေကြိုက်သည်မှာတော့ အမှန်ပါပဲ။ ပြန်တော့ မကြိုက်ခဲ့ပါ။

"ခြယ်ခြယ်မင် မသုံးသည်နှင့် သန်းခါမှောင်၊ မျက်လုံးတော်ရောင် သောက်ရှူး ကြယ်ညီနောင်၊ မြမျက်တောင် ကော့ကော့ရွှန်း"

"မိချိုရာ မင့်အလှမှ အလှစစ်၊ တခြားကျောင်းသူတွေက မျက်ခုံးမွေးကို ရိတ်ချပြီး မင်ဆွဲထားရတာ၊ မင့်ရဲ့မျက်ခုံးမွေးကတော့ သဘာဝအတိုင်း မင်ဆွဲစရာ မလိုဘူး၊ နက်မှောင် နေတာပဲ။ မျက်လုံးကလည်း သောက်ရှူးကြယ်လိုပါပဲ၊ အစဉ်ပဲ လှပရွှန်းလက်နေတာပဲ" ဟု စာဖွဲ့တတ်သူ ချစ်သူနှင့် တွေ့ပြန်တော့ နတ်ရူးဘုံမြှောက် ဖြစ်မိပါသည်။

"မင်းရုပ်သာ မလှလို့ မကျည်းတန်လို့ မင်းတို့အိမ်သားတွေက ဘယ်လိုပဲခေါ်ခေါ် မင်းလက်ချောင်းလေးတွေဟာ သိပ်လှတာပဲ၊ လက်ဖဝါးပြင်ကလည်း ဂြိုဟ်ခုံတွေကိုက မြင့်မောက် ပြည့်ဖြိုးပြီး တချို့နေရာတွေမှာ ချွန်တောင်နေသေးတယ်"

လက္ခဏာဆရာဆန်ဆန် ချစ်သူနဲ့ တွေ့တော့လည်း ကျွန်မ၏လက်ကို အလှဖွဲ့၍ ချီးကျူး၏။ ဩော်… ကျွန်မ မိချို အလှရူးမပါပေတည်း။

တလောက မဟာစည်ဆရာတော်ဘုရား တရားဟောရာတွင်

ရှင်နန္ဒအကြောင်း ရောက်သွားပါသည်။ ညီတော် နန္ဒမင်းသား၏ချစ်သူ ဇနပဒကလျာဏီမင်းသမီးသည် သူ့ခေတ်တွင် သူတို့၏ မဟာသာကီဝင်ပတ်ဝန်းကျင်၌ အလှဆုံး ဖြစ်ပေလိမ့်မည်။ မဟာစည်ဆရာတော်ဘုရားကမူ တိုတိုနှင့် လိုရင်း ဟောသွား၏။ နန္ဒမင်းသားကို ကျွတ်ချိန်တန်၍ ဘုရားသခင်သည် နတ်ပြည်သို့ ကြွရာတွင် ခေါ်သွား၏။ နတ်သမီးများအလှနှင့် ဇနပဒကလျာဏီအလှကို ယှဉ်ကြည့်ခိုင်းသောအခါ သူ့ချစ်သူအလှသည် မျောက်အိုမကြီးနှင့်သာ တူပါသည်ဟု နန္ဒမင်းသားသည် မြတ်စွာဘုရားသခင်ကို လျှောက်ထား၏။

"နတ်သမီးကို လိုချင်သလား" ဟု မြတ်စွာဘုရားက မေး၏။

"လိုချင်ပါသည်" ဟု နတ်သမီးတို့အလှတွင် တိမ်းညွတ်ယစ်မူးပါသော ပုထုဇဉ် ယောက်ျားတို့ သဘာဝအတိုင်း နန္ဒမင်းသားသည် ဖြေလိုက်ပါသည်။

"ထိုနတ်သမီးကို လိုချင်လျှင် တရားအားထုတ်ပါ" ဟု လူ့သဘာဝစရိုက်ကို သိသော မြတ်စွာဘုရားသည် ထိုစဉ် တခဏက ဇနပဒကလျာဏီအလှနှင့် ရစ်ပတ်နေသော နန္ဒမင်းသား၏ စိတ်ကို ရုတ်တရက် ပြတ်ရန် သဘောနှင့် ဤစကားကို ဆိုဟန်ရှိပါသည်။ နန္ဒမင်းသားကလည်း နတ်သမီးကို လိုချင်ဇောနှင့် ပထမ အားထုတ်၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာ ပတ်ဝန်းကျင်၌ -

"နတ်သမီးကို လိုချင်လို့ နန္ဒမင်းသား တရားအားထုတ်သတဲ့"

ထိုသတင်း ပျံ့လွင့်နေ၏။ နန္ဒမင်းသားသည် သူ့သတင်း သူ ပြန်ကြားသောအခါ ရှက်ရမှန်း သိလာ၏။

မှန်သည်။ ရည်ရွယ်ချက် မမှန်သောအခါ ဝိပဿနာဉာဏ်သည် မဖြစ်ပေါ်ပါ။ ဝိပဿနာသည် သမုဒယတဏှာကို ပယ်သတ်ငြိမ်းချမ်းလို၍၊ ငြိမ်းအေးသော နိရောဓသစ္စာ ချုပ်ငြိမ်းရာကို ရလို၍ ကျင့်အပ်သောတရား၊ နန္ဒမင်းသား၏ရည်ရွယ်ချက်က ကာမတဏှာကို ပွားစေပါသော နတ်သမီး အလှကို လိုချင်၍ ကျင့်ခြင်း ဖြစ်နေပါတော့သည်။

ခေတ်စကားနှင့် ဆိုရသော် နန္ဒမင်းသား၏ ရည်ရွယ်ချက်သည် အပေါစားဆန်လှသည်။ နန္ဒမင်းသားသည် ထိုအခါကျမှ တခြားသောရဟန်းတို့၏ ဝိပဿနာတရားကို အားထုတ်ခြင်း၏ ရည်ရွယ်ချက် ပန်းတိုင်နှင့် သူ့ရည်ရွယ်ချက်မှာ အရှေ့နှင့်အနောက် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်ကို သတိတရားရကာ ရှက်စိတ်ဝင်မိ၏။ ထိုအခါမှ ဘဝကို သိလာ၏။

နန္ဒမင်းသားသည်လည်း အလှကို ရှာရာမှ ဘဝကို တွေ့လာ၏။ ဘဝကို

တွေ့တော့မှ ဘဝအစကို ဆင်ခြင်မိကာ ဘဝ၏အဆုံးသတ်ရာ ငြိမ်းရာ နိရောဓသေစ္စာ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ခဲ့ပေသည်။

ကျွန်ုပ်မသည် ဆရာတော်ဘုရား တရားကိုနာပြီး အိမ်အပြန်လမ်းတွင် စဉ်းစားလာ၏။ ခင်နှင်းယုစိတ်ဖြင့် ဝတ္ထုပုံစံအတိုင်း ပထမ စဉ်းစားမိ၏။

"နန္ဒမင်းသားသည် ဇနပဒကလျာဏီ တွေ့တော့လည်း ကိုယ့်ချစ်သူအလှသာ အလှဆုံးဆိုပြီး ထင်ခဲ့တာပဲ။ နတ်ပြည်ရောက်လို့ နတ်သမီး အလှနှင့် တွေ့ပြန်တော့ ချစ်သူကို ချက်ချင်း မေ့ပစ်လိုက်တာပဲ။ "ကွယ်ရင်မေ့၊ တွေ့ သေအောင်လွမ်း" ဆိုတာ သူတို့ယောကျ်ားတွေ အကျင့်ပဲ။ သံသရာတလျှောက် ယောကျ်ားတွေကလည်း တို့မိန်းမတွေရဲ့အလှတွေကို ဖွဲ့နွဲ့ပြီး လိမ်ကြ၊ တို့မိန်းမ အလှရူးတွေကလည်း အလိမ်မိပြီး တို့ကိုယ်တို့လိမ်၊ တို့ကလည်း သူတို့ကို လိမ်လိုက်ကြတာ။ ယောကျ်ားက မိန်းမကိုလိမ်၊ မိန်းမကလည်း ယောကျ်ားတွေကို လိမ်နဲ့ သံသရာ စကတည်းက အလိမ်ဇာတ်ထုပ်ခင်းပြီး အလိမ်ဝတ္ထုတွေ ရေးလာခဲ့ကြတာ ဆုံးပဲ မဆုံးတော့ဘူး။

ငါလည်း အလိမ်ဝတ္ထုများကို ရေးပါသော စာရေးဆရာ ခင်နှင်းယုပါတကား။

အလှကို ရှာခဲ့ရတာ အမော၊ အလှရှာရင်းက ဘဝကို ငါတွေ့ခဲ့တယ်၊ ဘဝအကြောင်းတွေကို ရေးလို့ပဲ ခင်နှင်းယုဘဝဟာ သူတို့ဘဝနဲ့ တူလိုက်လေဆိုပြီး စာဖတ်ပရိသတ်က ငါ့ကို ခုထက်တိုင် မမေ့နိုင်ဘဲ သူတို့အသည်းနှလုံးမှာ လက်ခံတာ။

ငါ့ဘဝမှာ ချစ်သူပျောက်တော့လည်း စုံနံ့သာမြိုင် ဦးကြော့ စာဆိုတာတောင် နည်းသေး တယ်။ "မင်ဘီးငယ်ကွာသည် လင်မီးစာမွှေးမိပေါ့" ဖြစ်လိုက်ရတာ၊ အဖြစ်ကသည်းသည်းရယ်၊ သံသရာမှာလည်း ချစ်သူပျောက်လို့ ငါ ဘယ်လောက် ရှာခဲ့လဲ မသိပါဘူး။

ဦးကြော့ရဲ့ စုံနံ့သာမြိုင် ရှာပုံတော်မှာ...

နံ့သာမြိုင်၊ ရဂုံတွင်း

ထုံသင်းငယ်ကြိုင်

ဂနိုင်ဟေမ နွေအစ ရွှေမြကလျာ

ဟို ခင်ကို လျှောက်ပါလို့

လမ်းပျောက်ကိုတဲ့ ရှာခဲ့တယ်”

ဆိုပြီး ဖွဲ့ခဲ့တယ်၊ ငါလည်းပဲ ချစ်သူပျောက် ရှာရင်းက ဝိပဿနာကို တွေ့ခဲ့ပြီ၊ ဝိပဿနာကို ဘယ်လို တွေ့တယ်ဆိုတဲ့ ဝတ္ထုအစစ်ကို ငါ ရေးချိန်တန်ပြီ။

သံသရာမှာ တယောက်တလမ်း သွားခဲ့ကြရတာကို အတူတွဲ အတူလာသလို ထင်မှတ်မှားခဲ့တယ်။ ခုလည်း သံသရာလမ်းခွဲမှာ သူ ဘယ်ဘဝ၊ ဘယ်ရောက်နေမှန်း မသိတာကိုဘဲ သံသရာမြစ်တဖက်ကမ်း အချစ်ပင်ကြီးအောက်မှာ ငါ့ကိုပဲ သူ စောင့်နေသလိုပဲ။ ခုပဲ မြစ်ထဲ ခုန်ချလိုက်ရင် သူနဲ့ တွေ့ရတော့မလား အောက်မေ့မိတယ်။ ယခုထက်တိုင် သူလည်း ငါ့ကို စောင့်နေသေးတယ်လို့၊ သူ့ကို မြဲတယ်လို့ ထင်မှတ်မှားတာကိုကလည်း မှားသောအယူ၊ မှားသော နှလုံးသွင်းမှု (အယောနိသော မနသိကာရ) ပဲ။

နှလုံးသွင်းမှုကိုကပဲ မှားတော့ အဲဒီနှလုံးသားက ရောင်ပြန်ထွက်လာတဲ့ ဝတ္ထုကလည်း “ကလေးလိုပဲ တွေးချင်တယ်” ဆိုတဲ့ပုံစံနဲ့ ကိုကြီး ဆုံးစက ရှုမဝထဲ ငါ ရေးခဲ့မိတယ်။ သူ့ကိုလည်း မြဲတယ်၊ သူ့အချစ်ကိုလည်း မြဲတယ်၊ ငါ့အချစ်ကလည်း မြဲတယ်၊ ဘုရားကို လှူတဲ့ ပန်းတွေကိုပဲ ဒီပန်းတွေဟာ ချစ်သူရှိရာ တာဝတိံသာကိုပဲ ရောက်သွားပါစေ။ ချစ်သူကိုတောင်မှ ဘက်လိုက်ပြီး တွေးလိုက်တာ။ ကွယ်လွန်ခါနီး ဇောကပ်လွဲပြီး အဂတိဘုံတွေကို ရောက်မှာပဲလို့ မတွေးဘူး။ ကိုယ်ချစ်သူ သေတော့ လားရာဂတိတောင် နတ်ပြည်က လက်တလုံး မလျှော့နိုင်ဘူး။ မိချို လှူလိုက်တဲ့ပန်းတွေဟာ ကက္ကရု၊ မဥ္ဇူသက၊ အာသာဝတီနွယ်နီ ဆိုတဲ့ နတ်ပန်းတွေအလယ်မှာ သီးသန့်ကျော်လွှားပြီး ကိုကြီး မြင်ပါစေတဲ့။ အမယ်လေး... တရားရှင်တွေ မျက်လုံးနဲ့ ဖတ်လိုက်ရင် အလွန်ရူးသော ခင်နှင်းယုလို့ မြင်မှာပဲ။

ဒါကြောင့်လည်း ကိုကြီးရဲ့ဆရာတော် ဦးပဏ္ဍိတနဲ့ ငါတို့ တရားပြဆရာတော် ဦးဇနကက...

“တို့ရဲ့ ဦးပဥ္စင်း ရှင်ဂဝမ္ပတိ ကွယ်လွန်ချိန်မှာ ကျန်ရစ်သူ ဒကာမ အချစ်ရူးကို မဟာကရုဏာ ရှေ့ထားပြီး ညီမသဖွယ် ချေချွတ်ပြီး တရားပြမှပဲ” လို့ နှလုံးသွင်းပြီး ငါ့ကို သာသနာ့ရိပ်သာမှာ ပြန်ပြီး ရက်ရှည်တရားဝင်ပါဦးလို့ အစ်မကြီး ဒေါ်မမလေးကတဆင့် ငါပြန်လာအောင် ခေါ်ခဲ့တာပဲ။ ငါ ဒီတုန်းက ရေးခဲ့တဲ့စာက ရှုမှတ်မှုကင်းပြီး ရောက်တတ်ရာရာကို အလိုရှိတိုင်း နှလုံးသွင်းမှု ဖြစ်တယ်။

ဒီလို အနိစ္စကို မမြင်ဘဲ ရောက်တတ်ရာရာကို အလိုရှိတိုင်း နှလုံးသွင်းမှုများသည် “လိုလားအပ်သော စီးပွားချမ်းသာ အစစ်ဖြစ်သည့် ဝိပဿနာ မဂ်ဖိုလ်တို့ကား မဖြစ်စေနိုင်။ အကျိုးမဲ့ကိုသာ ဖြစ်စေနိုင်သောကြောင့် အယောနိယော မနသိကာရ မည်၏။ အကုသိုလ်ဟူသမျှ သည် အယောနိယော

မနသိကာရလျှင် အကြောင်းရင်းရှိ၏” လို့ မဟာစည် ဆရာတော် ဘုရားကြီး ဝိပဿနာကျမ်းမှာ ရေးပြခဲ့တာပဲ။

ဝိပဿနာဆိုတာ အမှန်ကို အမှန်အတိုင်း ရှုမှတ်မှုပဲ။

(ခုခေတ် စကားအရဆိုလျှင် အရှိကို အရှိအတိုင်း ရှုမှတ်ရမယ်။)

ချစ်သူအပေါ်မှာပဲ ဗုန်းဗုန်းကြီး လဲသေပြီးသွားတာတောင် အနိစ္စသဘော၊ မမြဲသောသဘော ရှိတာကို မျက်ဝါးထင်ထင် မြင်ပါရက်နဲ့ ဝိပဿနာရှုပွားမှု လက်လွတ်သွားတယ်ဆို နှလုံးသွင်း ဆင်ခြင်မှုလည်း လွဲမှားပြီး ငါ့မှာ ပူပင်မှုသောက ကိလေသာပွားခဲ့ရတယ်။

အခုလည်း ငါ့အိမ်ကိုအပြန် ခြေလှမ်းတိုင်းမှာ အရင်တုန်းကဆိုရင် ခြေထောက်အလှကိုပဲ ကြည့်ပြီး သွားခဲ့၊ လာခဲ့တယ်”

မှန်ပါသည်။ ဖောရောင်သည့်ရောဂါ မရခင်ကတောင် ကျွန်မသည် ခြေပြည့်လက်ပြည့်သူ ဖြစ်၍ ခြေဖဝါးရော၊ ခြေဖမိုးရော ပြည့်ဖြိုးနေပါသည်။ ကိုယ့်ခြေမို့မို့ကို ကြည့်၍ တင့်တယ်သည်ဟု အစဉ်ကျေနပ်လာခဲ့သူ ဖြစ်၏။

ယောက်ျားများနှင့် စာဆိုများက ကျွန်မတို့အလှကို ကြည့်၍ စာဖွဲ့ကာ လိမ်ခဲ့သည်ဟု နှလုံးသွင်းမှုကပင် မှားသေးသည်။ စင်စစ်တော့ ကျွန်မတို့မိန်းမများကလည်း ကိုယ့်ကိုယ်ကိုယ် လိမ်ခဲ့သည်။

ကျွန်မကိုယ် ကျွန်မပင် ရှုမှတ်မှု မှားခဲ့သည်။ အပေါ်ယံအမှတ်မှားမှု ဆိုလျှင်လည်း သောက်ရှူးကြယ်ညီနောင်ကဲ့သို့ တောက်ပရွှန်းလက်ပါသည်ဆိုသည့် မျက်လုံးများကလည်း မျက်မှန်ချွတ်၍ မှန်ကိုကြည့်လျှင် ရှင်အဇ္ဇဂေါဏလို တဖက်ကျဉ်း တဖက်ကျယ် ဖြစ်၍ နေလေပြီ။

“ပိတုန်းရောင်ကေသာ၊ ဖြေကာချတော့၊ ရှုမဝနိုင်တယ်” ဆိုသော ဆံပင်များကလည်း ကျွန်မက ဘာကံကောင်း၍ နက်နေသေးသည် မသိ၊ အရွယ်တူ သူငယ်ချင်းများမှာ ဆံပင်ဖြူလာ၍ ဆေးအနက်ကို ဆိုးကာ ပြုပြင်နေရပေပြီ။

“ဒီဆံပင်တချောင်းပဲ ဟင်းခွက်ထဲ ကျတာနဲ့ ပျို့လိုက် အန်လိုက်ရတာ၊ အဲဒီ ပျို့တဲ့ ဒကာမတွေ၊ မာတုဂါမတွေပဲ ဆံထုံးတခု ငွေ ငါးဆယ် တရာပေးပြီး ထုံးကြ သကြရတာ အမောပဲ”

ဆရာတော် ဦးသံဝရသည် ထိုကဲ့သို့ပင် တခါက ဟောခဲ့ပါသည်။

တခါက ထမင်းချက် ကလေးမလေးတယောက် ကျွန်မတို့အိမ်တွင်

အလုပ်လာ၍ တောင်း၏။ ထုံးစံအတိုင်း ကျွန်မက ဘယ်အိမ်မှာ လုပ်ဖူးပါသလဲ၊ နောက်ဆုံးလုပ်ခဲ့တဲ့အိမ်က ဘယ်သူ့အိမ်လဲ၊ ဘာကြောင့် အလုပ်ထွက်ခဲ့သလဲ ဟုမေးမိ၏။

"ဟင်းခွက်ထဲမှာ ဆံပင်ချည် တွေ့တယ်၊ စားပွဲထိုးကလည်း မိန်းကလေးပဲ၊ ဘယ်သူ့ ဆံပင်ခြည်မှန်း မသိဘူး။ အိမ်ရှင်မမက ကျွန်မကိုသာ ခေါ်ဆူတာနဲ့ စိတ်တိုပြီး ကျွန်မဆံပင်တွေကို ဖြတ်ပစ်တယ်။ ကျွန်မလည်း အလုပ်က ထွက်လိုက်ရော"

သူသည် သူ့၏ခေါင်းမှ ဆံပင်တုံးတိတိကို ပြ၏။ အမှန်တော့ အိမ်ရှင်မကလည်း ညစ်ပတ်မှု မသပ်ရပ်မှုကို တားဆီးလိုခြင်းသဘောနှင့် ဖြည်းဖြည်းပင် ဆုံးမသလို ပြောဖို့ ကောင်းသည်။ ထမင်းချက် မိန်းကလေးကလည်း စိတ်တို စိတ်မြန်၍ ဆံပင်ဖြတ်လိုက်ဖို့ မကောင်းပါပေ။

ယခုတော့ ဆံခြည်မျှင်တမျှင်ကြောင့် အလုပ်ပြုတ်ဇာတ်လမ်းများ၊ အချစ်ပြယ်ဇာတ်လမ်းများ ဖြစ်ခဲ့ရသည်။

ဆံပင်တို့၊ သွားတို့ကလည်း ပါးစပ်သာရှိလျှင် ပြောမည်။

"ကာယဆိုတဲ့ ခန္ဓာကိုယ်ဟာ ဘာမှ အတွေ့အထိ အာရုံတွေကို မသိဘူး မတည့်တဲ့ ဓာတ်သဘောချင်း တွေ့ရင် ပျက်စီးတတ်တဲ့သဘောပဲရှိတယ်။ ဒီရုပ်ခန္ဓာမှာ ဆံပင်ကလည်း ရုပ်ရဲ့အစိတ်အပိုင်း တခုအနေနဲ့ ဦးခေါင်းကို နှာမစေးအောင် သူ့သဘာဝနဲ့သူ ပေါက်လာတဲ့ သဘာဝကပေးတဲ့ ဆံပင် ရုပ်ပစ္စည်းတခု၊ သွားကလည်း ရုပ်ခန္ဓာကို အားဖြစ်အောင် အစာ ပေးရာမှာ ကြေညက်အောင် ဝါးစားနိုင်ဖို့ သူ့နေရာနဲ့သူ ပေါ်လာတဲ့ ရုပ်ပစ္စည်းတခု၊ ကျုပ်တို့ကိုယ်တိုင် ကျုပ်တို့ ဘာမှလည်း မပြောဘဲနဲ့ ခင်ဗျားတို့ကိုယ်တိုင် ခင်ဗျားတို့ ပိတုန်းရောင်လေး၊ ပုလဲသွယ်လေးနဲ့ စာဖွဲ့ ဇာချဲ့ပြီး ချစ်ကြ။ ယောကျ်ားတွေက လက်ဖျားက သန္တာရောင်၊ နှင်းဆီနှုတ်ခမ်း ဆိုတာနဲ့ လက်ဖျားက လက်သည်းခွံရော၊ ခြေသည်းရော မနေရ၊ နှုတ်ခမ်းကအစ တမျက်နှာလုံးလည်း ဆိုးလိုက် ခြယ်လိုက်ရတာ ပန်းချီမျက်နှာ ကျနေတာပဲ။ ခင့်မျက်လုံးက သောက်ရှူးကြယ် ညီနောင်လိုပဲ ဆိုတဲ့သူတွေကို မျက်လုံးချည်းပဲ သက်သက်ပေးကြည့်ပါလား၊

ချက်ချင်း အဖြေသိရမှာပဲ။ ကျုပ်တို့ အရှိ အရှိအတိုင်း အပုပ် အအေး သဘာဝဓာတ်တွေ မညီမျှမှုကြောင့် ပျက်စီးလာခြင်း၊ ဖောက်ပြန်လာခြင်းကို ပြတာတောင် ခင်ဗျားတို့ အမှတ်မှား၊ နှလုံးသွင်း ဆင်ခြင်မှု မှားတာတွေကိုတော့ ကျုပ်တို့လည်း မတတ်နိုင်ဘူး" ဟု ပြောကောင်း ပြောပေမည်။

ကျွန်မတို့ ငယ်ငယ်က မိုးညှင်းဆရာတော်ဘုရား၏ ယောဂီဖြစ်၍

ဆရာတော်၏စာများကို ကျက်ရမှတ်ရ၏။

"အနူကိုယ်ကြီး ကျပ်တွေစည်းသို့

ပုံမှီး၍သာ၊ ဤခန္ဓာ၊ အစာရေစာကျွေးရမယ်။

အပုပ်ပြည်၊ အပုပ်ရည်တို့ဖြင့် တစိစိ တစိုစို

အမြဲယို၍နေသော ဤကိုယ် နာမ်ရုပ် အကောင်ပုပ်ကြီးတို့သည်

စက်ဆုပ်ရွံရှာဖွယ်ကြီးတို့ပါတကား"

ဟု ကျက်ရုံသာ ကျက်ခဲ့၏။ တကယ် ရှုမှတ်၍ တကယ် မြင်ပါသလားဆိုလျှင် မမှတ် မမြင်၍သာ ဤခန္ဓာအလှတွင် ကိုယ့်ကိုယ်ကိုယ် သာယာခဲ့ပါသည်။

တနေ့က ကျွန်မ ဖျားတော့လည်း ဖျားတာက တရက်ပင် ဖြစ်၏။ နောက်ရက်တွင် သွားများနှင့်အညီ သွားဖုံးက ကြွ၍ရောင်လာ၏။ လျှာကလည်း တောင့်တောင့်ကြီး ဖြစ်၍ လှုပ်မရ၊ စကားပြော၍မရ၊ လည်ချောင်းက မျိုမရ၊ သွားကြားမှ သွေးစိမ့်ယိုလာသည်မှာ ကြည့်၍ပင် မကောင်း၊ ရတ်တရက်သော် ကျွန်မ သတိမရှိဘဲ ငိုနေမိသည်။

နောက်မှ သတိရကာ ဝေဒနာကို နာသည့်နေရာများကို စူးစိုက်မှတ်၏။ ဒုတိယ ဝေဒနာ ခွာကာ ဖောင်းတယ်၊ ပိန်တယ်ကို ပြန်၍ စူးစိုက်မှတ်၏။ မိုးသောက်ခါနီးတွင် ရှုမှတ်မှုသမာဓိအား ကောင်းလာသောအခါ ခန္ဓာကိုယ်သည် သီးသန့် အတ္တဘောတခုလို အိပ်ရာပြင်ပေါ်တွင် ကျန်ရစ်ခဲ့ပြီ။ ထိုခန္ဓာကိုယ်ကြီးနှင့် နာကျင်ခြင်းဝေဒနာကို လက်ခံသော အာရုံခံစားစိတ်တို့ ကင်းပြတ်သွားသော အခါ နာကြည်းသော ဝေဒနာ မရှိ၊ ထိုအခါကျမှ ကောင်းစွာ အိပ်နိုင်၏။

စာအတွေ့များနှင့် နှလုံးသွင်း ဆင်ခြင်မှု ဆိုသည်က နောက်မှ ဆင်ခြင်သောစိတ်ဖြစ်၍ လက်တွေ့ကတော့ အနာကွာအောင် ချက်ချင်းကို ရှုမှတ်ပစ်ရပါသည်။ ကျွန်မကတော့ ကျွန်မ လက်တွေ့နည်းဖြင့် မခံသာသော ဝေဒနာများကို ဒီလိုဖြင့်သာ ကုသရပါသည်။ သို့မဟုတ်ပါလျှင် မခံသာသည်နှင့်ပင်လျှင် သေရမည် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်မရောဂါများသည် ၃၂ ကောဋ္ဌာသတွင် အစုံအစေ့ဟု ဆိုရမလောက် ရှိနေကြပါသည်။

နောက်တနေ့ အိပ်ရာက နိုးတော့မှ သမီး မိနှင့်အတူ ဤသွားဖုံးတို့ကြားမှ သွေးပြည်တို့ကို ထုတ်ယူပစ်ရန် သွားဆရာဝန် ဒေါက်တာမောင်မောင်ဂိုးဆီ

သွားရပါသည်။

အမှန်တော့လည်း ခန္ဓာကိုယ်က ရစရာ မရှိအောင် တနေ့တခြား ပျက်စီး ယိုယွင်းခြင်းကို ပြ၏။ မာခြင်း၊ ပျော့ခြင်းတို့မှလွဲ၍ ဘာမှမရှိပါ ဆိုသည်ကို ပြ၏။ တစိစိ တစိုစို အမြဲယို၍နေသော သဘောတွေ သီးသန့် နှလုံးသွင်းဖို့တောင် မလိုအောင် ခန္ဓာကိုယ်က စိမ့်ယိုတာကိုပင် ကျွန်မတို့ဘာသာ ကျွန်မတို့ အမှတ်မှားခဲ့ခြင်းပင် ဖြစ်၏။

"ခံစားသော ဝေဒနာစိတ် ရှိနေ၍ ဝေဒနာခံရသည့်" သဘောကိုသာ ဆင်ခြင်သော သတိရှိလျှင် စောစီးက အမှတ်သတိပေါ်ကာ ထိုဝေဒနာကို နိုင်အောင်မှတ်မည် ဖြစ်သည်။

တင်ပါးက ခြေလှမ်း၍ သူ့ဘာသာ လှုပ်သွားသည်။ လှုပ်တာကို၊ မြင်တာကို မြင်တယ်ဟု မှတ်လျှင်ပြီးသား၊ ရှည်၍ ဒီတင်ပါးလေးက မို့မို့လေး၊ ဒီမိန်းကလေး ရရင် ကောင်းမယ် ဆိုသော အာရုံကို လက်ခံနှလုံးသွင်းသော စိတ်မှတ်မှားမှုကြောင့် သမုဒယ၊ တဏှာ နှီးနွှယ်၍ ရာဂစိတ် ဖြစ်ရခြင်း ဖြစ်၏။ အသားစိုင်တခုဖြစ်သော မိန်းကလေး၏တင်ပါး လှုပ်ခြင်းကလည်း အပြစ် မဟုတ်၊ မြင်သောမျက်စိ အကြည်ဓာတ်ကို အပြစ်တင်၍ ဖောက်ပစ်ဖို့ကလည်း မဟုတ်။ ကိုယ့်ဘာသာ ရှုမှတ်သောစိတ်က အမှန် မရှုမှတ်၊ သတိမရှိခြင်းပင် ဖြစ်သည်။

ဝိပဿနာ သတိစိတ်သာ အမြဲရှိလျှင် အလှကိုရော၊ သဘာဝကိုရော ခွဲခြား၍ အမြဲ မြင်မည်။ ထိုအခါ သမုဒယကလည်း ဘယ်တော့မှ မဝင် မဖြစ်သောအခါ ကျွန်မတို့ဘဝ ငြိမ်းကြလေပြီတကား။

ဩော်... အလှကိုရှာရာမှ ဘဝကို တွေ့ပါပြီ။ ဘဝကို မတွေ့ခင် ကိုယ့်ကိုယ်ကိုယ်တောင် အလှဆုံး ထင်ခဲ့သော ကျွန်မအား တရားရှင်တို့ အမြင်နှင့် ခွင့်လွှတ်ပါရန် တောင်းပန်ပါ၏။ အရိုးရုပ်ခွက်၊ အသားဟောက်ပက်နှင့် အရိုးစုရုပ်တခုကို အရှိအတိုင်း မြင်သည်ကိုတောင်မှ ထိုအရိုးရုပ်အောက်တွင် "ကျွန်မ ၁၆ နှစ်ပါရှင်" ဆိုသော စာတန်းကို မြင်သော ယောကျ်ားတယောက် သည် ၁၆ နှစ်အရွယ် အပျို၏တင်ပါးကို အသားဖြည့်ကာ အတွေး စိတ်ကူးနှလုံးသွင်းမှုကြောင့် ရာဂစိတ် ဖြစ်ခဲ့ပေသည်" ဟု မဟာစည်ဆရာတော်ဘုရား စာအုပ်တွင် ဖတ်ရှုခဲ့ရပါ၏။ ဒါဟာ စိတ်ကူးနေတာပဲ၊ ကြံစည်နေတာပဲ ဆိုသည်ကို အမှန်အတိုင်းသိ၍ စိတ်ကူးတယ်၊ စိတ်ကူးနေတယ် ဟု မှတ်လိုက်လျှင် ရာဂစိတ်သို့ ကူးပြောင်းမည် မဟုတ်ပေ။ ထိုမျှပင်လျှင် စိတ်၏နှောင်အိမ်မှ မလွတ်ပါသော စိတ်၏ အကျဉ်းသမား ဖြစ်နေပါလျက် ရုပ်သာလျှင် အဓိကဟူ၍ အယူမှတ်မှားသော ရုပ်ကြမ်းဝါဒသမားများကိုလည်း ရုပ်နှင့်နာမ် အညီအမျှ လက်ခံယူဆ၍ နှလုံးသွင်းနိုင်သော ဗုဒ္ဓမြတ်စွာဘုရား၏ခံယူချက်သည် ထိုသူတို့အား မေတ္တာဖြင့်

လွှမ်းမိုးကာ သတ္တဝါတို့ ငြိမ်းချမ်းပါစေသတည်း။

■

တိမ်စင်သာသည့်

“Everyday is 19th July”

“ကျွန်မစိတ်ထဲမှာဖြင့် နေ့တိုင်းဟာ ဇူလိုင် ၁၉ ရက်နေ့လို့ ထင်နေပါတယ်”

ထိုစကားလုံးကို ပြောဆိုသူမှာ တပ်မတော်၏ဖခင် ဗိုလ်ချုပ်ကြီး၏ဇနီး ဒေါ်ခင်ကြည် ပြောခြင်း ဖြစ်သည်။ သူ၏ချစ်သူ ဗိုလ်ချုပ်ကြီးအောင်ဆန်းနှင့် နောက်ဆုံး ခွဲခွာရသောနေ့၏ ခံစားရသော ဝေဒနာကို သူ့ရင်ထဲရှိသမျှ သူ ဖော်ထုတ်ခဲ့သော စကားလုံး ဖြစ်၏။

“ကျွန်မတို့တပ်ထဲမှာ လူပျိုရဲဘော်တွေရှိပါရက်နဲ့ ကျုပ်လင်မှ ကွက်ပြီး သေရသလားတော်”

ထိုငိုချင်းလေးကလည်း ကဗျာဟန် မပီမသ၊ စာပေဆန်သည် ဖြစ်စေ၊ မဆန်သည် ဖြစ်စေ ရဲဘော်ဇနီးတယောက်၏ ချစ်သူနှင့် ခွဲခွာရချိန်တွင် နှလုံးသားမှ ကွဲထွက်လာခြင်းဖြစ်၏။ ကျွန်မ ရှမ်း (၁) တပ်ရင်းမှူး၏ ဇနီးအဖြစ် ပန်တပွတ်တွင် လိုက်ပါသွားစဉ်က တိုက်ပွဲတနေရာတွင် ကျဆုံးသော ရဲဘော်တယောက်ကို သင်္ဂြိုဟ်စဉ်က ရဲဘော်ဇနီး၏ ငိုကြွေးသံပင် ဖြစ်၏။

“အမယ်လေး... ကျုပ်ကျောပြင်ကို ကိုဖိုးတုတ် ထောင်းတာနဲ့ တူလေခြင်း”

ထိုစကားလုံးများကတော့ တောသူအရိုင်း ထန်းတက်သမား ကိုဖိုးတုတ်၏ဇနီး ချစ်သူနှင့် ကွေကွင်းရချိန်တွင် နန်းမဆန်ပါသော တောဟန်နှင့် ငိုချင်းဖြစ်၍ တောကဗျာဟု ဆိုသင့်၏။ ထန်းရည်မူးတိုင်း ဇနီး၏ကျောကို ထောင်းထုတတ်သော လင်သည်မျိုးကိုပင် သူ့ခမျာ တသ၍ မဆုံး၊ ခင်ပွန်းသည် မရှိသောအခါ သူတယောက်တည်း ထန်းရည်ချိုကိုပင် ဝမ်းစာအတွက် ခံရလေသလား၊ တယောက်တည်း လွမ်းတိုင်း ထန်းပင်အောက် တဝဲလည်လည်နှင့် သွား၍နေလေသလား၊ ထိုသို့ နေရင်းမှ ထန်းသီးက ကျောပေါ်ကြွေကျသောအခါ သူ့ရင်ထဲမှ ခံစားရသော ဝေဒနာကို ရုတ်တရက် ဖော်ထုတ်လိုက်ခြင်း ဖြစ်၏။

“အပုပ်တော် ကိုယ်တော်ကျပြီမို့

ရုပ်အိမ်တော် ညိုကာကြွသော်လည်း

ငိုသော်မှ မယ်မငို။

မကြံတတ်လေဘု၊ ဇရပ်မှာ ညွှတ်သည်ဆုံးသည်သို့

ဖုန်းပြုသကို

ထီးဖြူတော်ရှစ်ချက်ကျင်းပါလို့

ကျောက်နီတင်ရွှေသန်လျင်းရယ်နဲ့

အမယ်မင်း သခင့်ကိုယ်

ရွှေဖိုနှင့် တင်ချင်သား။

ကြောင်းမခိုင်

မပေါင်းပိုင် အခြေစိုက်တာကြောင့်

နှစ်လောင်းပြိုင် သေကာလိုက်ချင်ပေါ့

သောင်းတိုက်ညာဖွား”

ထိုကဗျာမှာ လှိုင်ထိပ်ခေါင်တင် အိမ်ရှေ့မိဖုရားသည် အိမ်ရှေ့စံ ကနောင်မင်းသား ရုတ်တရက် လုပ်ကြံခံရ၍ နန်းရင်ပြင်တွင် နတ်ရွာစံခဲ့၏။ လှိုင်မိဖုရားသည် ခင်ပွန်းသည်၏ ဈာပန ပြင်ဆင်ထားခြင်းကို ပထမဆုံး လာရောက်ဖူးမြော်ရာတွင် လက်တန်းစပ်ဆိုလိုက်သော ကဗျာ ဖြစ်၏။

ဩော်… တကယ်ဆိုတော့ ဗိုလ်ချုပ်ကြီး၏ဇနီး ဖြစ်စေ၊ ရဲဘော်၏ဇနီး ဖြစ်စေ၊ မိဖုရားထိပ်ခေါင်တင်ပင် ဖြစ်စေ၊ ထန်းတက်သမား၏ဇနီးပင် ဖြစ်စေ ချစ်သူနှင့် ကွေကွင်းရချိန်တွင် နှလုံးသား၏ ခံစားမှုကတော့ အပူချိန် ဒီဂရီမှာ အတူတူပါပင်တည်း။

ထိုသို့ဆိုလျှင် မိန်းမတွေပဲ ကွက်ပြီး ပူပါသလားဟု မေးစရာရှိပါ၏။

“စောဗုဒ္ဓါ ဟောကြားတဲ့ လောကုတ္တရာတရားနဲ့ ဖြေသော်လည်း မပြေ”

ထိုသီချင်းမှာ တနေ့က ရေဒီယိုနားထောင်စဉ် “ယောကျ်ားမှာလည်း အသည်းနှလုံးနဲ့” ဆိုသော သီချင်းထဲမှ စာသားတပိုဒ် ဖြစ်၏။ တပုဒ်လုံး အဓိပ္ပာယ်မှာ ချစ်သူနှင့် ကွေကွင်းရချိန်တွင် မိန်းမသားများလို ရင်ထဲရှိသမျှ ဖွင့်ဟပြီး ဟစ်အော်ငိုကြွေးလို့လည်း မရ။ ယောကျ်ားဆိုသော သိက္ခာကို တဖက်ကလည်း ထိန်းသိမ်းရပါသေးသည်။

သို့သော် ယောကျ်ားမှာလည်း “အသည်းနှလုံး” နှင့်ဖြစ်၍ ချစ်သူနှင့် ကွေကွင်းရခြင်း ဆင်းရဲကို ခံစားရသော ဝေဒနာအား ရှင်တော်မြတ်ဘုရား ဟောကြားသော လောကုတ္တရာ တရားတို့ဖြင့် ဘယ်ကဲ့သို့ပင် ဖြေသော်လည်း မပြေပါဘူးဟု သမုဒယကြောင့် ဖြစ်လာသော ဒုက္ခသစ္စာတရားကို ဖွဲ့နွဲ့သော

ယောကျ်ားတယောက်၏ အဖွဲ့အနွဲ့ပါပင်တည်း။

ကျွန်မတို့မှာ မိန်းမသားဖြစ်၍ ရိုးရိုးချစ်၍ ပူခြင်းသာမက ချစ်သူ ရုတ်တရက် ပျောက်သွားရာတွင် ဆောက်တည်ရာမရ၊ ခြေထောက်အောက်မှ ရပ်တည်နင်းထားရာ မဟာပထဝီ မြေကြီးပင် ပျောက်ကွယ်သွားသလို ခံစားလိုက်ရပါသည်။ အမှန်တော့ အားကိုးရာမဲ့ခြင်းပင် ဖြစ်၏။ ကျွန်မလိုသာ စာရေးဆရာ ဖြစ်လျှင်လည်း လှိုင်ထိပ်ခေါင်တင်အစ ဗိုလ်ချုပ်ကြီးဇနီး အလယ်၊ ထန်းသမားဇနီး အဆုံး သူတို့အားလုံး “ကျွန်မ၏ချစ်သူ” စာအုပ်များ ရေးလိုက်ကြမည်မှာ စွယ်စုံကျမ်းထက်ပင် ထူပေလိမ့်မည်။ အတွဲလိုက် အတွဲလိုက်ပင် ထွက်ပေလိမ့်မည်။ ချစ်ခြင်းဟူသော သမုဒယသည် ထိုမျှလောက်ပင် သတ္တဝါတို့ကို အပူပွားစေလေ့၏တကား။

ထို့ကြောင့်ပင်လျှင် ချစ်သူပျောက်ကို ရှာရင်းမှ သွက်သွက်ခါ အရူးကြီး ရူးရသော ပဋာစာရီသည် ဝိပဿနာကို တွေ့သွားရခြင်း ဖြစ်၏။

“သတိထားလော့ နှမ ပဋာစာရီ၊ မိမိကိုယ်ကိုယ် ထိန်းသိမ်းပါလော့”

မြတ်စွာဘုရားသခင်၏ အေးချမ်းသိမ်မွေ့သော အသံ၏ တန်ခိုးတော်ကြောင့် ကြားရုံလေးမျှလောက်ပင် ပဋာစာရီ၏စိတ်တို့ ငြိမ်သက်သွား၏။ အရှက်ကိုမျှပင် မထိန်းနိုင်သော၊ ဟင်းလင်းဖြစ်နေသော ကိုယ်ဖြင့် တရားနာပရိသတ်ထောင့်တွင် ရပ်နေမိသော ပဋာစာရီသည် တရားနာသူတယောက် လှမ်းပေးသော အဝတ်ကို ကိုယ်မှာလွှမ်းရုံကာ မြတ်ဘုရား၏ သတ္တဝါ သခၤါရတို့၏ မမြဲခြင်းတရားကို ဆက်လက်နာယူ၏။

စင်စစ်တော့ အဖြေသည် ဤနေရာတွင် တွေ့၏။ စိန်ကတုံးကြီး ခေတ်ကောင်းစဉ်က ပဋာစာရီဇာတ်ထုပ် ခင်းလျှင် ပရိသတ်သည် မိုးလင်းသော်မှ ထမပြန်ကြပေ။

တရားကို တွေ့နေသောကြောင့် မဟုတ်။ တုံးလုံးကျွတ် ပဋာစာရီ၏ကိုယ်လုံးကို ဟိုတုန်းက မြန်မာ့မျက်လုံး ယဉ်ကျေးမှုနှင့် ကိုက်အောင် အသားကပ်အင်္ကျီများဝတ်၍ ပဋာစာရီ လုပ်သော မင်းသမီးသည် မြတ်စွာဘုရားသခင်၏ကျောင်းကိုအရောက် ကန့်လန့်ကာ အချလိုက်တွင် စိန်ကတုံးကြီး၏ဇာတ် အဆုံးသတ် သယ်ပုံကောင်းသောကြောင့် မိုးလင်းသော်မှ ပရိသတ် ထမပြန်ဟု ကြားခဲ့ရဖူးပါသည်။ စိန်ကတုံးသည် သူ့ဇာတ်ကို ပရိသတ်စွဲအောင် ထိုသို့ ဆွဲခဲ့၏။

တကယ့် ဇာတ်လမ်းအဆုံးက ပဋာစာရီသည် ကိုယ်တုံးလုံးနှင့်ရပ်မနေ၊ “ယောကျ်ားမှာလည်း အသည်းနှလုံးနဲ့” သီချင်းထဲကလို မြတ်စွာဘုရားသခင်၏

လောကုတ္တရာတရားနှင့်လည်း စိတ်ကို ဖြေရုံသာ ဖြေနေခြင်း မဟုတ်ပေ။ သတ္တဝါသင်္ခါရတို့၏ ခဏမစဲ ဖြစ်ပြီးတိုင်း ပျက်စီးသွားရသဖြင့် မမြဲသောသဘောကို တရားနာရင်း ရှုသိနေသောကြောင့် တရားအဆုံးတွင် သောတာပန်ဖြစ်ခြင်း ဖြစ်၏။

"ဤနေရာတွင် အဖြေ တွေ့သည်" ဟု ရေးခဲ့သည်မှာ ဝေဒနာကို ဖြေနေရုံနှင့် မရ။ ကျမ်းကြီး၊ ကျမ်းငယ်ကို လိုက်ဖတ်၍လည်း ပြေမည် မဟုတ်။ အဆွေးတရာ၊ အလွမ်းတထောင် စာအုပ်များ ရေးသော်လည်း ချစ်သူပျောက်ရှာပုံတော်က ဆုံးမည် မဟုတ်။

"ကျင့်လျှင် ချမ်းသာ ရတတ်ပါ" ဟူသော စကားအတိုင်း ကိုယ်တိုင်ကျင့်မှသာ ရပါ၏ဟု ကျွန်မ ပြောချင်ပါသည်။ ချစ်သူပျောက်ရှာနေသူ သောကရှင်တို့အားလည်း သီလတရားကတော့ ကာယကံနဲ့ ဝစီကံ မကျူးလွန်မိအောင်၊ တနည်း ကိုယ်နဲ့နှုတ်က မကောင်းမှုကို မကျူးလွန်အောင် တားမြစ်နိုင်ပါသည်။

"စိတ် တကယ်ချမ်းမြေ့အောင်၊ မနောကံတွေ မဖြစ်ပေါ်နိုင်အောင်ကတော့ ဝိပဿနာ တရားကို လက်တွေ့အားထုတ် အလုပ်လုပ်မှ သောကမှာဖြစ်တဲ့ စိတ်ဒုက္ခ ဝေဒနာအားလုံးကို ပယ်သတ်နိုင်ပါတယ်" ဟု ပြောပြလိုခြင်းပင် ဖြစ်ပါ၏။

ကျွန်မလည်း ဆရာတော် ဦးဩဘာသလို လောက၊ ဓမ္မ ကြွယ်ဝသော အသုံးအနှုန်းနှင့် စာရေးတတ်ပါလျှင် မဒ္ဒီဒေဝီ၏ ဟိဝမန္တာချီးမွမ်းခန်းလို စာတအုပ်ထပ်၍ ဖွဲ့ချင်ပါသည်။ လိမ္မာပါးနပ်သော မဒ္ဒီသည် ချစ်သူမဲ့သော "မယ်တကိုယ်ဇာတ်လမ်း" ဖြင့် အထီးကျန်၍ နန်းစည်းစိမ် ခံစားရကာ မနေရစ်လို။ ဖုန်အလိမ်းလိမ်း ကပ်သောကိုယ်ဖြင့် ဟိမဝန္တာတောရပ်တွင် ချစ်သူနှင့်အတူ တောသူပုံစံနှင့်ပင် နေပါရစေဟု ဆိုချင်သည်ကို ယောက္ခမ သိဥ္စည်းမင်းကြီးနှင့် ဖုသတီ မိဖုရားတို့အား လှည့်ပတ်၍ လျှောက်ထားပါသောကြောင့် ဟိမဝန္တာချီးမွမ်းခန်းသည် မြန်မာစာ ကဏ္ဍတွင် ကျောက်တိုင်တတိုင် စိုက်ထူခဲ့ခြင်း ဖြစ်သည်။

မဒ္ဒီလို နန်းစည်းစိမ် အပြည့်အစုံနှင့် ယောက္ခမဖြစ်သူ ဘုရင်တွေက အရိပ်လိုမိုးနေသူတောင် ချစ်သူမှတပါး အားကိုးမရှိဟု ခံယူချက် ရှိခဲ့ပါသေး၏။ ကျွန်မတွင်မူ အပေါ်ကြည့်လျှင် အရိပ်လိုမိုးသူ၊ ထီးသဖွယ် အားကိုးလိုသူတို့ကလည်း မရှိတော့။ ခြေထောက်ဖြင့် မှီရာတည်ရာ ပထဝီမြေကြီးလို ချစ်သူကလည်း ပျောက်တော့မှ အားကိုးရာကို ကြောက်အားလန့်အားနှင့် ရှာမိ၏။ ကျွန်မသည် သတ္တိကောင်းသူ မဟုတ်ပါ။

မဟာစည်ဆရာတော်ဘုရား၏အရိပ်ကို ပြန်လည် ခိုမိသောအခါမှ

ကျွန်မ၏အားကိုးရာသည် ရတနာသုံးပါးမှတပါး တခြား မရှိတော့ကြောင်းကို ကောင်းကောင်းကြီး သဘောပေါက်လာပါတော့ သည်။

ဤခန္ဓာကိုယ်ကို မှီ၍ တည်၍ ဖြစ်ပေါ်သော ဝေဒနာအား ခန္ဓာကိုယ်ကို စူးစိုက်ရှုမှတ်မှ ပျောက်သည်။

စိတ်သောကပူပင်မှုကို မှီ၍တည်၍ဖြစ်သော စိတ်ဝေဒနာကိုလည်း ရှုမှတ်သောသတိဖြင့် ထိန်းချုပ် ပယ်သတ်ပါမှ စိတ်နှလုံးက အေးချမ်းမည်။ စိတ်အေးသော ဤမျက်နှာ၏ အလှသည်လည်း လှဆေးတရာ ခြယ်ထားသော မျက်နှာ၏ အလှအတုထက် အဆပေါင်း သာပါသော အလှစစ် အလှမှန်၊ တိမ်စင်သာသော စန္ဒာမင်းလို အလှပါပင်တည်း။

ခန္ဓာနှင့် ဝိညာဉ်၊ တနည်း စိတ်နှင့်ကိုယ်၏ ငြိမ်းချမ်းရာ တရားစစ် တရားမှန်ကို ပြပေးသော မြတ်စွာဘုရားသခင်အား ရိုသေစွာ ကန်တော့ပါ၏။

ထိုတရားတို့ကို မပြတ်လေ့လာ၍ ချစ်သူပျောက်၊ ပစ္စည်းပျောက်ကို ရှာဖွေနေရပါသော သမုဒယအရှုး တဏှာကျွန်တို့ကို တရားဟောပြ ဆုံးမတော်မူသော မြတ်ဘုရား၏ သားတော် သံဃာတို့အားလည်း ရိုသေစွာ ရှိခိုးပါ၏။

လောကမီး အလျှံတို့ကတော့ ဘဝရှိနေသမျှ သတ္တဝါဟူသမျှကို လောင်မည် ဖြစ်၏။ ဘုရားလောင်း ယုန်မင်းသည် မိမိခန္ဓာကိုယ်ကို လှူချင်သော သဒ္ဓါစိတ်ဖြင့် မီးပုံ အလယ်သို့ ခုန်၍ပင် ချသော်လည်း ရင့်သန်သော ပါရမီအအေးက မီးလျှံကို တားမြစ်ပါသောကြောင့် ယုန်မင်း၏ မွေးညင်းတပင်ကိုမှ မီးမခ။

ပါရမီကံနည်းသူ ကျွန်မတို့တွင်လည်း သောကမီးရှိန်က ယခင်လို နှလုံးသားကို ဟပ်သော်လည်း ဝိပဿနာတရားနှင့် တားနိုင်သောအခါ သည်းအိမ်၏အနာကို အပူမပွားတော့ပါ။ ထိုမျှ အမှတ်သတိ ထိန်းချုပ်မှုလေးဖြင့်တောင် စိတ်အေးဆေးမှုကို ပေးပါသော ဤတရားတော်ကို လည်း ရိုသေစွာ ကန်တော့ပါ၏။

ယခုသော်...

"ပြောစမ်းပါ ဘုရား၊ မိနှမ်းကို မကြင်လေသလား၊ ဘုံကြမ်းကို မခင်လေသလား၊ စကားတွေ ထွေထွေဆက်ပါလို့၊ တသက်မှာ တခါရှုံးတာပဲ၊ မရှက်သာ၊ ပဋ္ဌာလူးသည်သို့၊ ကိုရှိရာ အပြတ်ကူးခဲ့မယ်၊ လွှတ်လိုက်လေ၊ ကိုယ့်သက်မှူးရယ်လို့ ရင့်ကျူးကာ ပြစ်တင်ရက်တောင်မှ မရှက်ပေါင်၊ တငွေ့ငွေ့ မနွမ်းပါရစေနဲ့၊ သည်းတမြည့်မြည့် ကျွမ်းပါတဲ့ (သခင်ရယ်) ပွဲတွေ့အလွမ်း"

ဟူသော ကဗျာကို စပ်ဆိုခဲ့ပါသော ခင်နှင်းယုအား ယခု ဘာကဗျာကို စပ်ဆိုပါသလဲဟု မေးလျှင်...

စင်စစ် သေချာစွာ တွေးကြည့်လျှင် ဝိပဿနာ ထိုင်အားထုတ်နေဆဲမှာ မဂ္ဂင်ရှစ်ပါးသည် အထူးကျင့်ကြံ စောင့်ထိန်းနေဖို့မလို၊ အားထုတ်ရင်း ရှစ်ပါးစလုံးက အလိုလိုပြည့်စုံနေ၏။ ရိပ်သာမှထွက်၍ အပြင်လောက ပြန်အထွက်တွင်တော့ အားလုံးနှင့် ညီအောင်တော့ ဝိပဿနာ သတိက ထိန်းချုပ်နေမည်သာ ဖြစ်သည်။

မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို သဘောပေါက် သိရှိနားလည်ပြီးလျှင် လောကီတွင် အများဆုံး အကျိုးသက်ရောက်နိုင်ပေသည်။ ခေါင်းဆောင်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများသာ မဟုတ် ကုန်သည် ဆိုလျှင်လည်း...

"ငါ လုပ်နေတာဟာ ကောင်းသောကုန်သွယ်ခြင်း ဖြစ်ဖို့လိုတယ်။ ဝိသမလောဘ ဖောက်ပြန်တဲ့စိတ်နဲ့ အမြတ်ရဖို့တခုတည်းသာ ရှေးရှုရင် ငါ့ပတ်ဝန်းကျင်ရော၊ ငါတိုင်းပြည်ရော ငါးပါးမှောက်နိုင်တယ်။ သမ္မာအာဇီဝ ကောင်းသောအသက်မွေးမှုဖြစ်အောင် ငါကြိုးစားရင် ငါရော၊ ငါ့ပတ်ဝန်းကျင်ရော၊ ငါ့တိုင်းပြည်ရော အကျိုးရှိနိုင်မယ်" ဟူသော သတိတရားသည် ကုန်သည်တို့ကိုလည်း ထိန်းချုပ်မှု ဖြစ်၍လာနိုင်ပေသည်။

လယ်ကွင်းပြင်တွင်လည်း လယ်သမားတယောက်သည် ဝိပဿနာတရားကို အားထုတ်ခဲ့ဖူးပါက ဝိပဿနာသတိက အမြဲယှဉ်ကာ ထိန်း၍ ကပ်၍ လာမည် ဖြစ်၏။

ထိုအခါ လယ်သမားကလည်း. . .

"ငါ လုပ်နေတာ ငါတယောက်တည်း ထမင်းစားဖို့ မဟုတ်ဖူး။ ငါ့အတွက် ချန်ပြီး ပိုလျှံသမျှ တိုင်းပြည်စားဖို့ အများအတွက်ပါကလား။ ကောင်းသောလယ်လုပ်ခြင်းဖြစ်အောင် ငါ အားထုတ်ရမယ်။ ငါ လယ်လုပ်နိုင်ဖို့အတွက် ရင်းနှီးမှု ထုတ်ပေးသူတွေကိုလည်း ငါ ကျေးဇူးတရား သိစွာနဲ့ ရင်းနှီးငွေကို အမတော်ကြေး ပြန်လည်ပေးဆပ်ရမယ်" ဟူသောမှန်စွာ ပြုလုပ်မှုသည်လည်း လယ်သမားတွင် ကောင်းစွာ နှလုံးသွင်းမိပြီဖြစ်၍ လယ်ယာမြေ ပြဿနာသည်လည်း အေးချမ်းစွာ ပြေလည်နိုင်မည် ဖြစ်သည်။

စက်ရုံတွင်း ရောက်လာပြန်တော့လည်း မဂ္ဂင်ရှစ်ပါးလမ်းစဉ်နှင့်ယှဉ်သော ဝိပဿနာ သတိ၏ ထိန်းချုပ်မှုသည် အလုပ်သမားတို့စိတ်ကို မြင့်မြတ်လာအောင် ဖန်တီးပေးနိုင်ပေသည်။

ဥပမာ[illegible] ရက်ကန်းသည် တယောက်ပင် ဖြစ်စေဦး...

"ငါ ချည်တထုပ်မှာ လုံချည်ဆယ်ကွင်း ရအောင် သက်ဆိုင်ရာက ရက်ခိုင်းတယ်။ ချည်စာများများကျွေးပြီး ဆယ့်တထည်ရအောင် ရက်ရင် ချည်တထုပ်ကုန်တိုင်း အပို လုံချည်တကွင်း ရမယ်။ ချည်ဆယ်ထုပ်ကုန်ရင် ငါ လုံချည်ဆယ်ကွင်း အပြင်ထုတ်ပြီး ရောင်းစားရင် ငါ့ဖို့လည်းကျန်၊ သက်ဆိုင်ရာကိုလည်း လုံချည်တရာ အပ်နိုင်တယ်"

ဆိုသော စဉ်းလဲသော ကိုယ်ကျိုးကြည့်မှု စိတ်၏အစား - "ငါ ခါတိုင်းလိုလုပ်ရင် သက်ဆိုင်ရာကတော့ ချည်ကို အလေးချိန် ပြည့်တယ်လို့ လက်ခံပေမင့် ဝတ်ဆင်ရမယ့် တိုင်းသူပြည်သားမှာ တခါတည်း ရေလျှော်လိုက်ရော လုံချည်လည်း ချည်စာကျွေးထားတာတွေ ကုန်ပြီး လျော့ရဲကုန်ရော၊ ငါတကိုယ်ကောင်း ကောင်းကျိုးအတွက် ဝတ်ရသူ အများပြည်သူမှာ ထိခိုက်နိုင်တယ်။ သက်ဆိုင်ရာက မသိလည်း ငါ့ကိုယ်စောင့်နတ်က သိမယ်။ တဦးချင်းရဲ့ စိတ်ယုတ်ညံ့မှုဟာ အများကို ကူးစက်မှုကြောင့် တို့ကုန်ပစ္စည်းတွေဟာ အရည်အသွေး ညံ့ဖျင်းလာပါကလား။ ငါဒီလို တကိုယ်ကောင်း မလုပ်သင့်ဘူး"

ဆိုသော ထိန်းချုပ်မှု သတိတရားသည် ရက်ကန်းတစင်တွင်မကဘူး စက်ရုံတရုံလုံးကိုပါ ထိန်းချုပ်လာနိုင်ပေသည်။

ထို့အတူ မျိုးပါချီ၍ ပျက်စီးသွားနိုင်သော လူငယ်များ ပြဿနာတွင်လည်း ကျောင်းပိတ်ရက် အားလပ်ချိန်တွင် အချိန်ရသလောက် ဝိပဿနာတရားကို အားထုတ်လာခဲ့လျှင် ထိုလူငယ်တို့မှာ အပြင် လောကီကိစ္စတွင် မဂ္ဂင်ရှစ်ပါးနှင့်အညီ ကြိုးစားအားထုတ်လာမည် ဖြစ်သည်၊ ကောင်းသော နှလုံးသွင်း ဆင်ခြင်မှုက လူငယ်တို့စာရိတ္တကို ထိန်းသိမ်းလာပြီး ဖြစ်သောကြောင့် ဆေးခြောက်ရှူ၊ ဆရာကြီးပင့် ပြဿနာကအစ လမ်းသရဲပြဿနာအထိ အလိုလို ပြေလည်သွားနိုင်သည်။

ဤတိုင်းပြည်မှာ သန်းပေါင်းများစွာ လူဦးရေ များပြားလှသည့် တိုင်းကြီးပြည်ကြီး နှစ်ခုကြားတွင် ညပ်၍နေရပါသော သန်းနှစ်ဆယ်သာရှိသော တိုင်းပြည်ငယ်ကလေးတခုသာ ဖြစ်၏။ လက်နက်မပါနှင့်ကို လူဦးရေနှင့်ပင် မျိုးမလား။ ဝါဒရေးရာအားဖြင့် မျိုးမလား၊ အကျင့်စာရိတ္တ ပျက်ပြားအောင် သူတို့ယဉ်ကျေးမှုတွေနှင့် အစားထိုးကာ လူငယ်တို့ကို ပျက်စီးအောင် ဖျက်ဆီးခြင်းဖြင့် ဤတိုင်းပြည်ကို မျိုးမလား။ အစားငတ်၊ အဝတ်ငတ်နေသော အမျိုးသမီးတို့ကို လက်ထပ်ယူခြင်းဖြင့် သူတို့ဘာသာကို သိမ်းသွင်း၍ပင် မျိုးမလား။ (မြန်မာအမျိုးသမီး ဆိုသည်ကလည်း စစ်ပြီးစက ချောကလက်တထုပ်၊ ဘီစကွတ်တချပ်၊ လေထီးတစနှင့်ပင် မိမိကိုယ်ကို လဲလှယ်ကာ ကပ္ပလီ နီဂရိုးကို ယူဖြစ်အောင် ယူလိုက်သေးသည်။) "အမျိုးပျောက်မှာ စိုးကြောက်လှပါသည်၊ ကြာလျှင် နစ်မွန်းမည်" ဆိုသော ကျွန်မ ငယ်ငယ်တုန်းက သီချင်းလေးကို ပြန်လည်

ကြားယောင်နေမိပါသည်။

ယခုလည်း မြန်မာနိုင်ငံ၏ အရှေ့နယ်စပ်နှင့် အနောက်နယ်စပ်တလျှောက်လုံးကို ခရီးဆန့်ကြည့်လျှင် မြင်တတ်သည့်သူအဖို့ အိပ်မပျော်နိုင်အောင် တိုင်းပြည်အနာဂတ် အရေးသည် ရင်လေးစရာပင်တည်း။

အကယ်၍သာ လေးလေးနက်နက် ခံယူချက်ဖြစ်သော မဂ္ဂင်ရှစ်ပါး လမ်းစဉ်အရ ဝိပဿနာ သတိက အစဉ်ထိန်းချုပ်ထားလျှင် အမျိုး၏ ပင်မမိခင်ဖြစ်ရမည့် အမျိုးသမီးတိုင်းက "ငါ့အဝတ်ကလေး တစ ဝတ်ချင်မှုအတွက်၊ အစားတလုတ်အပေါ် အာလယ မပြတ်နိုင်တဲ့အတွက် ငါ့ခန္ဓာကိုယ်ကို တရုတ်၊ ကုလားလက် အပ်လိုက်မိလျှင် မကြာခင် ငါ့လူမျိုးရော၊ ငါ့ဘာသာရော ပျက်တော့မှာပါလား" ဟူသော ဆင်ခြင်မှုက မလွဲမသွေ ပေါ်လာမည် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဗုဒ္ဓ၏ အဘိဓမ္မာ (တရား) သည်ကသာလျှင် မည်သည့်ဝါဒ ဘာသာရေး၏ ထိုးနှက်မှုကိုမဆို စမ်းသပ်မှု၊ ထိုးဖောက်မှုများကို ခံနိုင်စွမ်းရည် ရှိသောကြောင့်ပင်တည်း။ ရုရှားပြည်တွင် သမ္မတကြီးကအစ အနိမ့်ဆုံး တံမြက်လှည်း အလုပ်သမားအထိ တနှစ်တွင် တလ အနားယူခွင့်ရကာ ကြိုက်ရာပုံစံနှင့် အနားယူနိုင်၏။ ယခုလည်း သက်ကြီးရွယ်အိုများထက် လူငယ်သားသမီးများကို မိခင်တိုင်းလိုလိုက သာသနာ့ရိပ်သာသို့ ပို့သင့်၏။ တနှစ်တွင် အနားယူချိန်အထဲမှာ သင့်လျော်သော ကျောင်းပိတ်ရက် တချိန်ချိန်တွင်ဖြစ်သည်။ ယခုတလော လူငယ်များ၊ အလုပ်သမားများ စိတ်ဓာတ် ကြံ့ခိုင်ရန် 'ဖောင်ကြီး' သင်တန်းကို သက်ဆိုင်ရာက တက်စေ၏။ ဖောင်ကြီး၏ စည်းကမ်းစနစ်သည် လူငယ်များနှင့် အလုပ်သမားတို့အား လိုအပ်သော စည်းကမ်းစိတ်ဓာတ်ကို ပေးအပ်သော ရည်ရွယ်ချက် ကောင်းသည့် လောကီသင်တန်းဖြစ်၍ မြင့်မြတ်ပါ၏။

သာသနာ့ရိပ်သာသည်လည်း လောကီရော လောကုတ္တရာပါ မိမိတို့သားသမီးများကို မည်မျှ ထိန်းချုပ်၍ စည်းကမ်းကျနစွာ ထိန်းသိမ်းပြုပြင်သည်ကို ခေတ်မီသူ မိခင်တိုင်း (သူတို့သားသမီး များကို ရိပ်သာသို့ ပို့ပြီးသော မိခင်တိုင်း) သိရှိနားလည်လာခဲ့ကြပေသည်။ "ကရူးဆိတ်စစ်ပွဲဟာ ဘာသာရေးကြောင့်၊ ဒါကြောင့် ဘာသာဆိုတာ မရှိတာ ကောင်းတယ်" ဟု အဖျားဆွတ်ကာ ကိုယ် လိုချင်တာ ကိုယ်စွတ်ပြောသော သူတို့ကြောင့် ဘာသာရေးမှာ နာမည်ပျက်ခဲ့ရ၏။ ခရစ်တော်သည် မေတ္တာရှင်သာ ဖြစ်၏။ ဂျေရုဆလင်ကို လောဘမသတ်နိုင်သော လူသားတို့ သူတို့ဘာသာ မြေလိုချင်မှုကြောင့် ဖြစ်ရသော စစ်ပွဲကို ဘာသာရေးကို ပုံမချသင့်ပါ။ ခရစ်တော်ကိုလည်း အပြစ်မတင်သင့်ပါ။ ကိုယ့်ဘာသာကိုယ် ကရူးဆိတ်စစ်ပွဲအကြောင်းကို စေ့ငုလေ့လာပါလျှင်

စစ်ဖြစ်ရခြင်းအကြောင်းရင်းသည် အထင်းသား ပေါ်လာမည်ဖြစ်သည်။ ဘယ်အခါမဆို၊ ဘယ်ရာဇဝင် သမိုင်းမဆို လက်တွေ့အဖြစ်အပျက် အကြောင်းအပေါ် တခုတည်း ကောက်ချက်ချ၍ ပြော၍ မဖြစ်ပါ။ Remote Caure နှင့် Emergency Caure ခေါ် စစ်ကို ဖြစ်ပွားစေသောအကြောင်း အတိတ်ဖြစ်ရပ်များနှင့် လောလောဆယ် အရေးပေါ် ကောက်၍ဖြစ်လာသော အကြောင်းနှစ်ရပ်ကို သေချာစွာလေ့လာမှ တစုံတခု ဖြစ်ရခြင်း အကြောင်းရင်းအား သိရှိနားလည်နိုင်မည်ကို ရာဇဝင် သုတေသီတိုင်း သိရှိပြီး ဖြစ်သည်။ မြန်မာပြည်တွင်တောင် မိမိဘာသာ ပုတီးမစိပ်လို၊ သီလ မထိန်းလိုသည်နှင့် စကား အရမ်းပြောကာ "မြန်မာပြည် နယ်ချဲ့သမားလက်ရောက်တာ မင်းတုန်းဘုရင်ကြီး ပုတီးစိပ်နေလို့" ဟူ၍ စွပ်စွဲပါသည်။

အရှေ့တိုင်းရာဇဝင်တွင် အမည်းစက် မပျောက်နိုင်အောင် ယခုတိုင် အသည်းနာဖွယ် ကောင်းသည့် တရုတ်ပြည်ကြီး ဖရဲသီး အခွဲခံရသလို ခံရခြင်း "ဇာတ်လမ်း" နှင့် အရှေ့တောင်အာရှ တခုလုံးလိုလို ပြင်သစ်နှင့် အင်္ဂလိပ်နယ်ချဲ့သမားလက်အောက် ရောက်ရခြင်းမှာကော တိုင်းပြည်ရှိ ဘုရင်များအားလုံး ပုတီးစိပ်နေ၍လား ဟူ၍ မေးလျှင် ဘယ်ကဲ့သို့ ဖြေမည်နည်း။

ဗုဒ္ဓ၏အဘိဓမ္မာအရ ဆိုသော် အကြောင်းရင်းခံကို သေချာစွာ စေ့ငုလျှင် ဖြစ်ပေါ်သော ဆိုးကျိုး၊ ကောင်းကျိုးတို့၏ ဖြစ်ရင်းကို သိလာမည်ဖြစ်၍...

"ဝိပဿနာတရား အားထုတ်ပြီးလျှင် လောကီမှာ အနုတ်ပြမှာလား" ဟူသော သံသယမှာ ယခု ကျွန်မ ဒါလောက် တင်ပြရုံနှင့်ပင် ပြေလည်နိုင်ပါသည်။

မိုး ဒူးနဲ့တိုက်မတတ် နှစ်ဖက်စွန်းသို့ ရောက်တတ်သော မိချို၏စိတ်အား ယခုသော် ဝိပဿနာ နဖားကြိုးက အမြဲထိန်းပါသောကြောင့် ကျွန်မ အလယ်အလတ် နှလုံးသွင်းတတ်လာပြီကို လက်တွေ့ပြောပြရခြင်းသာ ဖြစ်ပါသည်။ မယုံလျှင် လက်တွေ့အားထုတ် စမ်းသပ်ကြည့်ပါလေ။ "လာလှည့်ကုန်၊ အားထုတ်လှည့်ကုန်၊ စမ်းသပ်လှည့်ကုန်၊ အခါမလင့် အကျိုးပေး၍ မည်သည့် စစ်ဆေးစမ်းသပ်မှုကိုမဆို လက်တွေ့ခံနိုင်ရည်ရှိသောတရားဖြစ်သည်" ဟူ၍ တရားတော်မြတ် ဂုဏ်တော်တွင် မြတ်စွာဘုရား တိတိလင်းလင်း ရဲရဲကြီး အာမခံထားသော တရား ဖြစ်ပါသည်။

မိမိကိုယ်တိုင်က ဝီရိယကို ထိပ်တန်းတင်၍ အစ၊ အဆုံး ကြိုးပမ်းအားထုတ်ဖို့ ဖွဲတော့ လိုသည်ကို သုတေသီတို့ သတိချပ်သင့်၏။

■

“ပျို့သက်တမ်းမှာ ရာမပြည့်သေးသော်လည်း

ညို့ရမ္မက်လွမ်းနာ အသားပျက်ဆွေးတွေက

နှလုံးမှာ စကာကွက်လေးလိုပ၊ မြေးယှက်လို့ ရာထောင်ချီ။

“မယ့်သည်းအိမ် ဘာနှင့် ထေးပါ့မလဲ"တဲ့

ဆေးမတွေ့ အထင်ရှိသူက၊ ကူမည့်ဟန် ကရုဏာဖြင့် မေးပြန်တော့

လမ်းကလေးသာသာမှာ၊ ပန်းဖြေးဖြေးကမ္ဘလာကို ထခါမက်ရင်ဖြင့်

ဆက်လိမ့်မည် သံသရာကြောင့် “တန်ပါပြီဘုရား”

သမားအကျော်အမော်က၊ အပေါ်ယံ အနာကျက်ဆေးတွေနဲ့

အေးပါစေ သဒ္ဓါနှင့် ပေးသော်လည်း၊

သည်အဆွေး သည်အနာက ပြည်တည်ရာ လှိုက်ကာစားပြီမို့၊

လောကီဟန် ကုကာစားပေမင့် ပွားလို့ဖြင့် ရှွင်မကြည်။

သူ့အမေး မယ့်အဖြေ မပြေတဲ့ သည်စကား

တရားတကယ်မြင်တော့ ပျက်အစဉ် ပြင်ခဏပေပ၊

စိတ်အလျဉ်ကို အတိတ်တွင် အမျှင်သတ်ပါလို့

ယှဉ်သမျှ သမုဒယအညှီ၊ ဆက်ရှည်လို့ မေ မပွား၊

အဖြစ် အတည်ရယ်လို့လည်း မေ မထား။

“အနာဂါမ် မယ် မဟုတ်ပါဘုရား”၊ ကမ်းလက်ကို မေ မဆုပ်သည်က၊

ပစ္စုပ္ပန် အနေချုပ်ပြီမို့ သည်းပုပ်နာ ပြည်စိုစိုနဲ့ ချစ်တေးကို မဆိုချင်ဘု၊

လမ်းအိုတွင် ပန်းညိုကောက်ပါလို့

မလှမ်းသာ အလွမ်းတရာ အနာပြည့်သော်လည်း

အသည်းတမြည့်မြည့်ကျွမ်းအောင် အမှတ်မမှားတော့ပါဘု

(သခင်ရယ်...) ပွဲတွေ့အမြတ်တရား”

ဟူသော ကဗျာကို စပ်ဆိုမည် ဖြစ်ပါသတည်း။

(သာသနာ့ရိပ်သာတွင် တရားအားထုတ်စဉ် ဆရာတော်ဦးသုဇာတ၊ ဦးပဏ္ဍိတ၊ ဦးသံဝရ၊ ဟန်လင်းကြီး ဆရာတော် ဦးဝိဇယနှင့် ဆရာတော်ဦးဇနကတို့အား "ပဋ္ဌာစာရီဟာ ရူးသင့်ပါတယ် ဘုရား" ဟု ပဋ္ဌာစာရီဘက်က စိတ်ထဲကနေ ရှေ့နေလိုက်မိခြင်း၊ "တပည့်တော်ကိုမှ အရှင်ဘုရားတို့ စောင်း၍ တရားဟောလေသလား" ဟု ပြစ်မှားမိခြင်းကို ခွင့်လွှတ်ပါရန် ဤစာတမ်းဖြင့် တောင်းပန်ကန်တော့ပါ၏။ ဤစာတမ်းရေးရသောကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း။)

အားလုံးသောသတ္တဝါများ

ချမ်းမြေ့ ရွှင်လန်းပါစေ

ခင်နှင်းယု

(သာသနာ့ရိပ်သာတွင် အေးချမ်းစွာ တရားအားထုတ်ခဲ့ရပါသော ဇရပ်အမ ဒေါ်အေးကြည်၊ ဒေါ်တင်ရီ၊ ညီမသဖွယ် ယုယပြုစုပါသော ဒေါ်ဒေါ်အေး၊ ဒေါ်မမလေးတို့အား ကျေးဇူးစကား ဆိုပါ၏။)


ခင်နှင်းယု
ကျွန်တော်တင်အောင်ထွန်း

ကျွန်တော် တင်အောင်ထွန်း

အခန်း (၁)
ပန်းများ မွှေးသောသည

ဒေါ်ခင်နှင်းယု ခင်ဗျား...

ကျွန်တော်ကတော့ နပိုလီယံ မဟုတ်ပါဘူး။

နပိုလီယံဗိုနာဘတ်ဟာ ဥရောပရာဇဝင်မှာ စစ်တိုက်ပွဲတွေကြောင့် ကျော်ကြားခဲ့ရုံမက အချစ်ပွဲတွေမှာလည်း ကျော်ကြားခဲ့တဲ့သူတယောက် ဖြစ်ခဲ့ပါတယ်။ တနည်း ပြောရရင်တော့ မိန်းမတွေနဲ့ အသည်းခွဲတမ်း ကစားတဲ့နေရာမှာ ကမ္ဘာကျော်ကြီးပေါ့ ခင်ဗျာ။

ဒါကြောင့်လည်း နပိုလီယံကနေ ပေးတဲ့ ချစ်သဝဏ်လွှာ၊ မေတ္တာဘွဲ့၊ ရှင်းရှင်း အရပ်သုံးနဲ့ ရေးရင်တော့ ရည်းစားစာတွေဟာ စာတစောင် ပေတဖွဲ့ ကျန်ရစ်တာပေါ့။

သူပဲ စာရေးတော်လို့လား၊ သာမန် စစ်ဗိုလ်လေးဘဝကနေ ဧကရာဇ် ဘုရင်မင်းမြတ်ကြီး ဖြစ်လာလို့လား၊ နပိုလီယံဗိုနာဘတ် မင်းဆက်မင်းနွယ်ကို ပထမဆုံး စတင်တည်ထောင်သူရဲ့ စာမို့လို့လား၊ ဂုဏ်ကိုလိုက်ပြီး သူ့စာတွေဟာ ကမ္ဘာကျော်ခဲ့ရတာလား။ ဒါကိုတော့ ကျွန်တော် မသိ။ ရာဇဝင်သုတေသီတွေ ကျွန်တော့်ထက် ပိုသိမှာပေါ့။ အမှန်တော့ အသည်းစားဘုရင်ကြီးပေါ့။

လူ့လောကများ သိပ်အံ့သြဖို့ ကောင်းတာပဲ။ ဧကရာဇ် မင်းမျိုးမင်းနွယ်၊ မင်းဆက်တွေက ပြင်သစ်လူထုကို ညှဉ်းပန်းနှိပ်စက်လို့ ပေါ်ပေါက်လာရတဲ့ ပြင်သစ်တော်လှန်ရေးကြီး၊ ဒီကမ္ဘာကျော် ပြင်သစ်တော်လှန်ရေးက ပေါက်ပွားလာတဲ့ စစ်ဗိုလ်လေး နပိုလီယံက ဘယ့်နှယ် ဘယ့်နှယ် တော်လှန်ရေး လမ်းစပျောက်ပြီး သူကိုယ်တိုင် ဧကရာဇ်ဘုရင်အဖြစ် သူ့ကိုယ်သူ ကြေညာပြီး သက်ဦးဆံပိုင် ဘုရင်ခေတ်ကိုပဲ ပြန်လည် အသက်သွင်းခဲ့တယ်။ ဂျိုးဇက်ဖင်းကို မိဖုရားခေါင်ကြီး အဖြစ် တင်မြှောက်တဲ့နေရာမှာ ဂိုဏ်းချုပ်ကြီးတွေကသာ ဘုရင်၊ မိဖုရားတွေကို သရဖူ ဆောင်းခဲ့ပေမယ်လို့ သူ ဧကရာဇ်ဖြစ်တော့မှ သူကိုယ်တိုင် ဆောင်းပေးခဲ့တယ်လို့ ကျွန်တော် ဖတ်ဖူးပါတယ်။

ဒါပေမင့်လည်း ဂျိုးဇက်ဖင်းကို မတွေ့ခင်က အရပ်သူကအစ သူ စစ်တိုက်လို့နိုင်တဲ့ တိုင်းပြည်ငယ်လေးတွေက မင်းသမီးတွေ အဆုံး၊ မိန်းမတွေရဲ့အသည်းအမျိုးမျိုးကို ကင်လိုကင်၊ ဖုတ်လို ဖုတ်ပြီး ပြင်သစ် အရက်ချိုနဲ့

မြည်းခဲ့တဲ့ နပိုလီယံ အသည်းစားဘုရင်ကြီးကို ဘယ်သူမှ မမေ့ခဲ့ကြဘူးနော်။

ကျွန်တော့်ကိုတော့ မေ့ကြပါပြီ။

ကျွန်တော်က နပိုလီယံမှ မဟုတ်ဘဲကိုး။

ဒါပေမင့် နပိုလီယံလို ကမ္ဘာကျော် မဟုတ်သော်လည်း မိန်းမတွေကို အသည်းခွဲတမ်း ကစားတဲ့နေရာမှာတော့ နပိုလီယံ မသာသော်လည်း တန်းတူလိုက်နိုင်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဖော်ကောင် လုပ်ပါရစေ ဒေါ်ခင်နှင်းယု ခင်ဗျား။

ဟုတ်တယ်၊ ကျွန်တော် ဖော်ကောင် လုပ်ရမယ်၊ ကျွန်တော် ဝန်ခံရမယ်၊ အသည်းနာနာနဲ့ ဖွင့်ဟ ထုတ်ဖော် ဝန်ခံရတော့မယ်။

တကယ်လည်း ကျွန်တော့်အသည်းတွေဟာ အရက်ကြောင့် အသည်းကြွပ်ရောဂါ၊ အသည်းကျွမ်းရောဂါ ဖြစ်ခဲ့ပြီကိုး။ ခုခေတ် မြိုးကောင်ပေါက်တွေလို အသည်းကွဲစာ ရေးတော့မယ်လို့ အထင်မသေးပါနဲ့နော်။ ဆုံးအောင်လည်း ဖတ်ပါ။ စာရေးလေ့ မရှိတော့ တောင်းပန်ရသေးတယ်။ ထပ်မံပြီး ပြောပါရစေ။

ဒီစာရေးသူ ကျွန်တော်ဟာ တင်အောင်ထွန်းပေါ့။

ဒေါ်ခင်နှင်းယုကိုယ်တိုင် မွေးထုတ်တဲ့ ဇာတ်ကောင်အသီးသီးမှာ မွေးထုတ်သူကိုယ်တိုင် ပစ်ပယ်ခံရ၊ အမေ့ခံရ၊ ဝိုင်းပယ်ခံရတဲ့ တင်အောင်ထွန်းပါပဲ။

“မွေး”၊ “ကုသိုလ်ကြမ္မာ မမီပါခဲ့”၊ “အတွတ်ရေ” ဒီစာအုပ် သုံးအုပ်စလုံးကို ကျွန်တော် ဖတ်ခဲ့ပြီးပါပြီ။ ဒီသုံးအုပ်ကို ဖတ်ပြီးတော့မှ ဒီစာကို ဒေါ်ခင်နှင်းယုဆီ ကျွန်တော် ရေးမိတာပဲ။ ဒေါ်ခင်နှင်းယုဟာ ဇာတ်ကောင်အသီးသီး ဖြစ်ကြတဲ့ မွေး၊ ကိုကိုနိုင်၊ အတွတ်တို့ကို ပွဲထုတ်ပြီးခဲ့ပေမယ့် ကျွန်တော် တင်အောင်ထွန်းကိုတော့ မေ့ကျန်ရစ်ခဲ့လို့လား၊ စိတ်နာကြည်းလွန်းလို့လား၊ ဗီလိန် သို့မဟုတ် ငမိုက်သား၊ မုဆိုး၊ အသည်းစားကောင်ကို မုန်းလွန်းလို့လား ဒေါ်ခင်နှင်းယုရယ်၊ တင်အောင်ထွန်းဆိုတဲ့အကောင်ကို အေမီနဲ့ လက်ထပ်ပြီးတဲ့နောက် ဒေါ်ခင်နှင်းယုရဲ့ မွန်မြတ်တဲ့ ဇာတ်စင်ပေါ်ကို ဆွဲတင်မပြတော့ဘူး။

မတရားဘူးလို့တော့ မစွပ်စွဲလိုပါဘူး။ ဒါပေမင့် လောကရဲ့ဇာတ်သဘင်ကို အညီအမျှ ရှုတတ်သူသာ ဒေါ်ခင်နှင်းယု ဖြစ်ခဲ့ရင်တော့ ကျွန်တော် တင်အောင်ထွန်းကို ငယုတ်မာကြီး ဘဝအနေနဲ့ပဲဖြစ်ဖြစ်၊ အသည်းစား မုဆိုးအခန်းကပဲဖြစ်ဖြစ် ကျွန်တော့်ကို ကပြခွင့် တနေရာတော့ ပေးသင့်ပါတယ်။

ကျွန်တော် လျှောက်လဲပါရစေဦး။

အီဂျစ်ဘုရင် ဖာရောက်လို အသည်းစားကေရာဇ် ဖြစ်ရုံမက တိုင်းပြည်ရဲ့ ရေနံတွင်းတွေကို ကိုယ်ကျိုးအတွက် ရောင်းစားတဲ့ ဘုရင်တွေကျတော့ ဘုရင်ရင့်မာကြီးမို့လို့လားဗျာ၊ သူတို့အကြောင်းကို တခမ်းတနား ပွဲထုတ်ခွင့် ကမ္ဘာ့စာပေမှာ ရခဲ့ပါတယ်။

ကျွန်တော်ကတော့ သာမန်လူတယောက် ဖြစ်ပါတယ်။ ဒေါ်ခင်နှင်းယုဟာ ဘက်မလိုက် စာရေးဆရာ ဖြစ်ခဲ့ရိုးမှန်ရင် ကျွန်တော့်ကို ဒေါ်ခင်နှင်းယုရဲ့ တခြား ဇာတ်ကောင်များနဲ့အတူ အသိအမှတ်ပြုစေချင်တယ်။

ဒီစာကို မွေးရဲ့အပါးမှာ ကျွန်တော် ရောက်နေရင်းကနေ ရေးတယ်ဆိုရင် ဒေါ်ခင်နှင်းယု အံ့သြမှာပဲ။

"အတွတ်ရေ" ဝတ္ထုတအုပ်လုံးမှာ များသောအားဖြင့် ဇနကဇာတ်တော်လာ စကားလုံးတွေကို အများဆုံး သုံးခဲ့တယ်။ ကျွန်တော်လည်း ရင်ထဲက လှုပ်ရှားလာလို့ စာရေးချင်လွန်းလို့သာ ရေးရတယ်။ မွေးတို့၊ ကိုကိုနိုင်၊ အတွတ်တို့လိုတော့ စာရေး မကျွမ်းကျင်ပါ။

ကျွန်တော် ဆိုလိုတာကတော့ ဇနကမင်းသား ဥဒါန်းကျူးသလို လောကများ "မကြံဘဲနဲ့လည်း ဖြစ်တတ်တယ်၊ ကြံလျက်နဲ့ ပျက်တတ်၏" ဆိုတဲ့ စကား သိပ်မှန်တာပဲနော်။ 'မွေး' ဝတ္ထုကို ဖတ်ရင်း ဒေါ်ခင်နှင်းယုဆီ စာရေးဖို့ ကျွန်တော် ကြိုးစားပါတယ်။ "ကုသိုလ်ကြမ္မာ မမီပါခဲ့" ဝတ္ထုကို ဖတ်ပြီးတော့လည်း စာရေးမယ်လို့ ထပ်မံ ကြိုးစားပါတယ်။

"အတွတ်ရေ" ဝတ္ထု ဖတ်ပြီးတော့ဖြင့် ကျွန်တော် မနေနိုင်တော့ဘူး။ ရေးဖြစ်အောင် ရေးချင်တဲ့ အသည်းနှလုံးက၊ ဆန္ဒက တိုက်တွန်းလာတဲ့အခါ ကျွန်တော် ကလောင်ကိုင်ပြီ ရေးဖြစ်လာပြီ။

ဒေါ်ခင်နှင်းယုရဲ့စာပေစဉ်မှာ 'ကျွန်းကေရီ" နဲ့ "မိန်းမရိုင်း" ဝတ္ထုဟာ ထင်ရှားတဲ့ မှတ်တိုင်တတိုင်အဖြစ် နေရာယူခဲ့တယ်။

"ကျွန်းကေရီ" ရဲ့ဇာတ်ကောင် ဗိုလ်တင်မောင်ဟာ သူ့ဖွင့်ဟချက်ကို ကျွန်းကေရီမှာ တင်ပြခဲ့တယ်။ "မိန်းမရိုင်း" မှာတော့ ဦးကျော်မင်းရဲ့ ဖွင့်ဟ ဝန်ခံချက်ကို ဒေါ်ခင်နှင်းယု တင်ပြခဲ့တယ်။

ခုလည်း မွေးရဲ့အကြောင်းကို "မွေးတည့်လေ" ဆိုတဲ့ ဝတ္ထုရှည်ကြီးအနေနဲ့ စာတစောင် သီးသန့် စင်တင်တဲ့နေရာမှာ ကျွန်တော် တင်အောင်ထွန်း ပါမှ ပြီးပြည့်စုံခြင်းအဖြစ်သို့ ရောက်မယ် ဆိုရင် ဒေါ်ခင်နှင်းယုက ကြီးကျယ်တယ်

ထင်မှာပဲနော်။

ပထမတော့ ဖြစ်သမျှအကြောင်းစုံတွေကို ရင်မှာ မျိုသိပ်ပြီး ကိုယ့်စခန်းကိုယ် သိမ်းတော့မလို့ပါပဲ။

ဒါပေမဲ့...

"ယခုလို အချိန်သို့ရောက်ပြီဆိုလျှင် အတွတ်နှင့် မွေးတို့ အတူတကွ မွေးဖွားခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွင်းများထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်" အဲဒီ စာတန်းလေးကို ဒေါ်ခင်နှင်းယု မွေးရဲ့ ဝတ္ထုအစမှာ ရေးခဲ့တယ်။

ကျွန်တော်ဟာ တခြားအချိန်တွေမှာ မအေမီရဲ့ရင်ခွင်ကြားမှာ လူးလိမ့်ပျော်ပါးနေရခိုက်၊ တခြား တခြားသော ကျွန်တော်ရဲ့သားကောင် သမင်မလေးတွေရဲ့အသည်းကို အရက်နဲ့ မြည်းနေခိုက် ဆိုရင်တော့ မွေးကို မေ့နေရိုး အမှန်ပါ။

ခုလို မိုးစက်ငွေမျှင်နဲ့ ပိတောက်ရွှေပွင့်လွှာတို့ နှုတ်ခမ်းချင်းဆက်ချိန် ရောက်ရင်ဖြင့် ကျွန်တော့်ချစ်ဦး သော်ကရွာ ကျေးတောသူ မွေးကို ကျွန်တော် ဘယ်မေ့ပါလိမ့်မလဲ ဒေါ်ခင်နှင်းယုရယ်။

ငတွတ်ကြီး စခဲ့တဲ့ ဇာတ်လမ်းလေ။

တကွာသိုလ်မှာ နေခဲ့တဲ့ရက်တွေလေ။

အတွတ်ကြီးရယ်၊ ရေချိုးခန်းဝင် ရေချိုးတဲ့ အချိန်မှာလည်း ရေချိုးခန်း မင်းသားကြီးအဖြစ် အော်လိုက် ဟစ်လိုက်ရတဲ့ သီချင်း၊ မှန်ရှေ့မှာ ခေါင်းဖြီးချိန်လည်း ဟစ်လိုက်၊ ဆိုလိုက်ရတာလေ။

တေးဆိုကြ၊ ပျော်ကြတာတွေ၊ ငယ်ငယ်က သဘာဝအခြေ၊ မြင်ယောင်လို့နေ၊ ခုနေများ ဟိုခေတ်အခါတွေ ပြန်ကာပဲ တွေးကြည့်ရင်လေ၊ လွန်ကွာခြားပေ။

သူငယ်ချင်းတွေ သင်းဖွဲ့ကာရယ် မြူးပျော်လို့နေ၊ မိုးဥတု ရောက်ရင်လေ၊ မြစ်ကမ်းခြေ ရေများ လွှမ်းကာနေ၊ ဆားချိုချို သံဆိုရင်းနဲ့ ပျော်ခဲ့တာတွေ၊ ငယ်ချစ်ဆွေရ စိတ်က မျှော်မှန်း ရော်ရမ်းကာနေ။

အမြဲပဲ တွေ့ပါစေ အခါခါ ဆုတောင်းနေ၊ ကျောင်း ဘုရား သွားကာပင် တူယှဉ်မကွဲပေ။

မြင်ယောင်ပါနဲ့ အဆွေ၊ ဖေတသင်း မြူးလို့လေ၊ လှေလှော်ရင်း ကစားကြပေ၊ သပြေသီးများလည်း စားကြ ပျော်ပျော်လေ။

လှည်းယဉ်ကလေး စီးလို့လေ၊ ပွဲတော်ခရီး သွားခဲ့ပေ။ ဆူကာ ညံကာ ပျော်ရွှင်တာတွေ၊ နားထဲမှာ ကြားယောင်ပါလို့နေ။

အာကာဗွေ မြူတွေဆိုင်း၊ အုံ့မှိုင်းရီဝေ မိုးသက်ဆင်ပြီလေ၊ မိုးရွာရင် ရေတွေချိုး၊ တိုးကာပင် ပျော်ပါသေး အေးလို့တုန်နေ။

အိုးပုတ် အိုးပုတ်ကလေးတွေ ရှိပါတယ်လေ။

ချိုးရုပ် ချိုးရုပ်ကလေးနဲ့ ကစားမယ်လေ။

လာလာလေ၊ လာလေမလား၊ မလာချင်ရင် နေပါလားလေ။

အဲဒီအခါက အကြောင်းတွေကိုလေ၊ ငယ်ချစ်ဆွေရေ

အဝေးက မျှော်မှန်း ရော်ရမ်းကာနေ...။”

ကဲ... ကျွန်တော်ကတော့ အတွတ် ဆိုနေကျ သီချင်းကို တပုဒ်လုံး အစအဆုံးကို ရေးပြလိုက်တာပဲ။

ဒီသီချင်းက မဆန်းပါဘူး။ တကယ့်ကို ဟောင်းတဲ့ ခေတ်ဟောင်းသီချင်းတပုဒ်။ ဒါပေမင့် အနှစ်နှစ်ဆယ် ခေတ်ပြားတို့၊ ခေတ်ဟောင်းသီချင်းတို့ လာရင် ကျွန်တော်တို့တခေတ် လူတစုဟာ ရေဒီယိုနားကို ပြေးသွားမိကြတယ်။

တကယ်လည်း အနှစ် နှစ်ဆယ်လောက် ပြန်ငယ်သွားကြတယ်လို့ အောက်မေ့မိကြတယ်။

ကိုယ့်ဇာတ်လမ်းနဲ့ ကိုယ့်ဇာတ်ထုပ် တခုစီ ရှိကြသလို ကိုယ့်ငယ်ကြိုက် သီချင်းတပုဒ်လည်း ဇာတ်လမ်းနဲ့ ယှဉ်တွဲ ရှိစမြဲပဲ။

ဘယ်သူပဲဖြစ်ဖြစ် ငယ်ရာက ကြီးလာတဲ့သူတွေကိုး။ ခုတော့ နှစ်ဆယ်ကျော် ငါးနှစ် ပတ်လည်ကနေ လေးဆယ်ကျော် ငါးဆယ်ပတ်လည် ရောက်ခဲ့ပေမယ့်လည်း ဘယ်သူက ကိုယ့်ငယ်ဘဝကို မေ့မလဲ။

အတွတ်က ဒီသီချင်းကို ဘယ်မေ့နိုင်မလဲ။ သူနဲ့ မွေးဘဝကို အကျဉ်းချုပ်လိုက်ရင် ဒီသီချင်းလေးတပုဒ်အတိုင်းပဲ။ မြရောင် ပျိုးပင်တွေ ပတ်လည်ဝိုင်းနေတဲ့ သော်ကကျေးရွာရဲ့ တဖက်ကမ်းက ဝါးခယ်မမြို့ကလည်း

မိုးဦးကျဆိုရင် စပါးခင်းတွေ မြရောင်လွှမ်းချိန်မှာ ဟိုတုန်းကတော့ သာယာတာ အမှန်ပဲလေ။

အဲ... တည်င်းခွံတွေ ဗွက်ထဲမှာ ပုပ်နေတဲ့ ဈေးပတ်ဝန်းကျင်တဝိုက်တော့ သွားကြည့်ပြီး ဝါးခယ်မမြို့ဟာ ပုပ်စော်နံတဲ့မြို့လို့ ဆုံးဖြတ်ရင်တော့ ကျယ်ပြန့်တဲ့အမြင် မဟုတ်ပေဘူး။

သိမ်ကြီးဈေးနောက်က ကုန်စိမ်းရွက်ပုပ်တွေ လွှမ်းနေတဲ့ လမ်းကြားကိုကြည့်ပြီး ရန်ကုန်မြို့ အလှကို ဆုံးဖြတ်လို့ မရသလိုပါဘဲ။

ခုမှတော့ ဝါးခယ်မမြို့ရဲ့အလှဘွဲ့ကို သီကျူးထုတ်ဖော်မနေပါနဲ့၊ အစကသာ အရုပ် ဆိုးမလိုလိုနဲ့၊ တကယ်တမ်း သာယာပျော်မွေ့စရာကောင်းတဲ့ ဝါးခယ်မမြို့လေးကို ချစ်တတ်ရင်ဖြင့် ဝါးခယ်မမြို့သူ မွေးကိုလည်း ကိုတင်အောင်ထွန်း ပစ်ခွာမပြေးပါဘူးလို့ ဒေါ်ခင်နှင်းယုက ဒီစာဖတ်ရင်း စိတ်ထဲက ရန်တွေ့နေမယ် ဆိုတာ ကျွန်တော် သိပါတယ်။

ဆိုလိုရင်း ပျောက်သွားပြန်ပြီ။ ကျွန်တော် ပြောချင်တာက ပြီးခဲ့တဲ့သင်္ကြန်မှာ မွေးတို့ ခြံဝင်းကြီးရဲ့ညာဘက်ထောင့်မှာ အငြိမ်းစား သံအမတ်ကြီးတဦးရဲ့ ရေသဘင်မဏ္ဍပ် ရှိတယ်။ သူက မွေးတို့ခြံနဲ့စပ်ရက်၊ သင်္ကြန်အခါတိုင်း မဏ္ဍပ်ထိုးပြီး ရေကစားတယ်၊ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ပါပဲ။

မွေးတို့ ခြံထောင့်မှာလည်း ပိတောက်ပင်ကြီးက အပွင့်တွေ ဝင်းဝါလို့၊ အလှပြကားတွေဟာ သံအမတ်ကြီး မဏ္ဍပ်မှာ ကပြပြီး ရေကစားသွားကြတယ်။

အဲဒီအထဲမှာလေ... အဆိုကျော် အံ့ကြီးတို့၊ မြကြီးတို့အုပ်စု ပါကြတာပေါ့။ နောက်တခေတ်ပေါ် မောင်ဝင်းဦးတို့လည်း ပါတယ်။ သူတို့ဟာ သူတို့ ကိုယ်ပိုင်သီချင်းတွေကို မသီဆိုဘဲ အတွတ် ဆိုနေကျ ‘ငယ်ချစ်ဆွေ’ သီချင်းကို ဆိုသွားကြတယ်။

ဒီအခါမှာ ကျွန်တော် မလွှမ်းဘဲ နေပါ့မလား၊ သူတို့တောင် သူတို့ရဲ့ငယ်ဘဝကို ဒီသီချင်းလေးကို ရွတ်ဆိုရင်း တမ်းတသွားကြတယ်။

ကျွန်တော် အပယ်ခံ တင်အောင်ထွန်းက ဒီသီချင်း ကြားပြီး စိတ်ချောက်ချားနေချိန်မှာ အဝေးခြံထောင့်မှာ ကြည့်လိုက်တော့ ကျွန်တော့်အချစ်ဦး မွေး အရင်ကလို ငယ်အလှနဲ့ မစိုပြည်တော့ပေမယ့် ရင့်ကျက်တည်ငြိမ်တဲ့ သူ့မျက်နှာဟာ ကျက်သရေတမျိုးပဲ။

သူလည်း ဒီသီချင်းရဲ့လွှမ်းမိုးမှုကို ခံစားနေရတယ်လို့ ကျွန်တော် ထင်တယ်။

သူ့မျက်နှာ ညှိုးညှိုးလေးနဲ့ ပိတောက်ပွင့်ခက်တွေကို ပိုက်ပြီး သူ့အိမ်ကြီးရှိရာကို တလှမ်းချင်း လှမ်းတက်သွားတယ်။

"မွေးရေ" လို့ ဟစ်ခေါ်ချင်လိုက်တာ၊ ငယ်တုန်းက တခါဆုံခဲ့တဲ့ သင်္ကြန်ရက်လို သူ့အပါးကို ပြေးလိုက်ပြီး ငွေဖလားနဲ့ ရေသွန်းချင်လိုက်တာ၊ လက်ထဲက ပိတောက်တခက်ကို မွေးခေါင်းပေါ်မှာ ပန်ပေးချင်လိုက်တာ။

အို... အသံမထွက်နိုင်တဲ့ဘဝ။

ပြေးလိုက်ရအောင် ခြေလှမ်းကို ပိုင်ဆိုင်ခွင့် မရှိတဲ့ဘဝ။

"အချစ်ရဲ့၊ မောင် ဒီမှာလေ"

လို့ ကိုယ့်ရင်ဘတ် ကိုယ် ပုတ်ပြီး ပြောလို့မရတဲ့ ဘဝ။

အို... ဒေါ်ခင်နှင်းယုရယ်၊ ကျွန်တော် စာရေးဆရာ ဖြစ်ချင်တယ်။ အဲဒီတနေ့ရဲ့ စိတ်အစဉ် ခံစားမှုလေးကိုပဲ ရေးခြယ်ပြချင်တယ်။

ဝေဒနာ ခံစားမှုရှိမှ စာရေးတတ်တယ်ဆိုတဲ့ ဒေါ်ခင်နှင်းယုရဲ့နှလုံးသားထဲကို ကျွန်တော် တင်အောင်ထွန်း ဝိညာဉ်ပူးပြီး ပြောချင်တယ်၊ ရေးချင်တယ်။

အဲဒီည အိပ်မပျော်တော့ဘူးလေ။

ဝဋ်တွေ လည်ခဲ့ပြီကော...၊ ပိတောက်သင်းတဲ့ သင်္ကြန်ချိန်မှာ အတွတ်ချိုးပေး၊ ခူးပေးတဲ့ ပိတောက်ခက်ကို အသာယူပြီး မွေးဆံပင်မှာ ပန်ပေးခဲ့တဲ့ တင်အောင်ထွန်း။

ကျွန်တော်တို့နှစ်ယောက် ပိတောက်ပင်အောက်မှာ ကြည်မွေ့နေတဲ့အဖြစ်ကို ပိတောက်ပင် ပေါ်ကနေ ကြည့်ရင်း အတွတ်ကြီးတယောက် ခံစားတဲ့ ဝေဒနာကို ခုတော့ ကျွန်တော် စာနာတတ်ပြီ၊ ခံစားနေရပြီလေ။ အနိုင်ယူခဲ့တဲ့ အကြွက်တွေ တဘဝတောင် မကူးဘူး၊ မျက်မှောက်မှာကို ခံနေရပြီ။

ဝိညာဉ်လေးသာ ဖြစ်ရင် ဒေါ်ခင်နှင်းယုကို ပူးပြောချင်တယ် ဆိုတာတောင် ဝိပဿနာတွေ အထပ်ထပ် ရှုမှတ်နေတဲ့ ဒေါ်ခင်နှင်းယုအပါးကို ကျွန်တော့်လို နတ်ဆိုးနဲ့တူတဲ့ အကောင်ရဲ့ ဝိညာဉ်ဟာ မကပ်နိုင်ပါဘူးလေ။

ဒါကြောင့် ဒီစာကို အဝေးကနေ ရေးရခြင်းပါ ဒေါ်ခင်နှင်းယု။

ပြေပြစ် ကျစ်လျစ် သိပ်သည်းခြင်း မရှိရင်လည်း၊ အစီအစဉ် မကျရင်လည်း

ခွင့်လွှတ်ပါ။ ဒါပေမင့် ဆုံးရင်တော့ ဒေါ်ခင်နှင်းယု ကျွန်တော့်အပေါ် နားလည်မှာပါ။

အသည်းစား နတ်ဆိုးလေးရဲ့ အိပ်မပျော်သောညများမှာ ပြောကြားတဲ့ ပုံပြင်လေးတွေလိုပဲ သဘောထားပြီး ကျွန်တော့်စာကို ဖတ်ပါနော်။

ကျွန်တော်သာ မွေးစာတွေကို မီးရှို့မပစ်ခဲ့ရင် ခုလို စာရေးတဲ့အခါ အထောက်အထား ကောင်းကောင်း ရမှာ၊ ကျွန်တော်… ကျွန်တော်… ပက်စက်လိုက်တာ၊ အင်္ဂလန် မသွားခင် တပတ်မှာ မွေးရဲ့စာတွေကို မီးရှို့ပစ်ခဲ့တယ်။

ရောမမြို့ မီးလောင်တဲ့ မီးတောက်ကို ကြည့်ပြီး ဘဝင်ခိုက် ကြည်နူးပြီး စောင်းတီးလို့ ပျော်မွေ့နေတဲ့ နီရိုးဘုရင်လို။

ခုချိန်ခါ မွေးမှာဖြင့် ဒုက္ခတွေ ပင်လယ်ဝေလို့ ဘဝလမ်းမှာ မီးလျှံကြားထဲ သွားနေရတဲ့ မွေး၊ မွေး အသည်းနှလုံးကို လောင်နေတဲ့ မီးရောင်ကို လမင်းအရောင်လို ကြည့်ပြီး အေမီရဲ့ရွှေရင်စုံကို မျက်နှာအပ်ပြီး ပျော်ခဲ့တဲ့ အကောင်လေ။

ဒီကောင် ခုတော့ ခံရပြီလေလို့ ပက်ပက်စက်စက် မရယ်လိုက်ပါနဲ့ဦး။

ကျွန်တော်က စိန့်ပေါလ်ကျောင်းထွက် ဆိုတော့ စိန့်ပေါလ်လေသံနဲ့ပဲ ပြောပါရစေ။ ကျွန်တော် ငယ်ငယ်တုန်းက ရိုတ်စပီးယားရဲ့ “ဗင်းနစ်မြို့ကကုန်သည်” ဆိုတဲ့ ဝတ္ထုကို သင်ခဲ့ရတယ်၊ ဖတ်ခဲ့ရတယ်၊ ဝေဖန်ခြင်းမှာ အဆင့်မြင့်တဲ့ အင်္ဂလန်က စာပေဝေဖန်ရေးသမားထဲက တယောက်က ဒီဝတ္ထုမှာ ရိုတ်စပီးယားကို ပြောခဲ့တယ်၊ ဝေဖန်ခဲ့တယ်။

“လူဆိုးခန်းနေရာမှာ ပါဝင်ကပြရတဲ့ ဂျူးလူမျိုး ရှိုင်းလော့ကို အပြစ်ဒဏ်ပေးတဲ့နေရာမှာ စာရေးဆရာ ရိုတ်စပီးယားဟာ ရှိုင်းလော့ ကျူးလွန်တဲ့အပြစ်ထက် စာရေးဆရာပေးတဲ့ အပြစ်ဒဏ်က ပိုမို ကြီးမားနေတယ်” လို့ ဝေဖန် ရေးသားထားတယ်။

ခုလည်း ကျွန်တော် ငမိုက်သား တင်အောင်ထွန်းအပေါ်မှာ စာရေးဆရာ ဒေါ်ခင်နှင်းယု ပေးထားတဲ့ အပြစ်ဒဏ်ရယ်လို့တော့ သိပ်မရှိပါဘူး။ ဒါပေမင့် ဘဝက ကျွန်တော် ပြုခဲ့တဲ့ အမှုထက် ကျွန်တော် ခံစားနေရပါသော ဆိုးကျိုး အပြစ်ဒဏ်က ပိုမို ကြီးမားပါတယ်လို့ ဘဝသခင် ကံမင်းကြီးကို လျှောက်လဲနေရခြင်းပါ။

ဒီလျှောက်လဲချက်ကြီးကိုသာ ပြည်သူ့တရားခွင် ရောက်အောင် ဝတ်လုံတော်ရကြီး ဒေါ်ခင်နှင်းယုက တင်ပြပေးပါ။

ကျွန်တော် ပြောချင်တာက ကျွန်တော်ဟာ သူတော်ကောင်းကြီး

တင်အောင်ထွန်းပါလို့...။

ကဲ... ဒီလိုဆို တင်အောင်ထွန်း ခေါ် ဖရက်ဒီဘက်က သက်သေခံ အထောက်အထား ပြပါလို့ ဆိုရင် မိုးကောင်းကင်က လမင်းကြီးကိုပဲ သက်သေထူရမယ့် ဘ၀ပါ။

လောကမျှား ဖရက်ဒီတို့ ကောင်းစားစဉ် တခေတ်ကတော့ တက္ကသိုလ်နယ်မြေမှာ ဖရက်ဒီ လို့တောင် နာမည်ကို အဆုံး မခေါ်ရက်ကြပေဘူး။ ဖရက်လို့ပဲ ကျောင်းသူနယ်မြေမှာ သတင်းမွှေးခဲ့တဲ့ ကျွန်တော်ပေါ့။

ခုတော့လည်း ကျွန်တော့်ဘက်က သက်သေလိုက်မယ့်သူ လမင်းကြီးမှာတောင် စကား မပြောနိုင်။ လမင်းကြီးသာ စကားဆိုနိုင်ခဲ့ရင် ကျွန်တော့်ပြဿနာ အလွယ်ဆုံး ပြေလွယ်ပါတယ်။ ဘာလဲ... ဟိုသင်းလေ... ကိုယ်ကိုယ်တိုင် စာမရေးတတ်သော်လည်း စာဖတ်ခဲ့သူမို့ ဒေါ်ခင်နှင်းယုတို့ထက် တခေတ်စော ကျော်ကြားခဲ့တဲ့ စာရေးဆရာမ ဒေါ်ကြည်အေး အသုံးအနှုန်းနဲ့ ပြောရရင် သက်သေလိုက်မယ့် လမင်းကြီးကိုယ်တိုင်သော်မှ “နှစ်ဆယ်ရာစုနှစ် အလွမ်း” ဆိုတဲ့ ကဗျာကို ရွတ်ဆိုပြီး ငိုချင်းချနေရတဲ့ တခေတ်ပါလား။

ဩော်... လောကခံဆိုတာ ဒါပဲ ထင်ပါရဲ့။ အလှည့်ကျတော့လည်း မနွှဲ့ရပေဘူးပေါ့လေ။ လုံး၀ သက်သေ မရှိ။ ရှေ့နေ မရှိ။ လောကခံခုံရုံးမှာ အပြစ်ဒဏ် ခံသွားရင်း မျက်စိမှိတ် ခံသွားရတဲ့ သူတွေနဲ့စာတော့ တော်သေးတာပေါ့လို့ ကျွန်တော် ဖြေပါတယ် ဒေါ်ခင်နှင်းယုရယ်။ သက်သေ လိုက်ရမယ့် ၄၉ ယူဇနာ ကျယ်၀န်းပါတယ်ဆိုတဲ့ လမင်း။

တသောင်းသော စကြ၀ဠာတိုက် အမှောင်ဇာတ်ခင်းနေရစဉ်က ကမ္ဘာဦးသူများရဲ့ဆန္ဒအရ တက်လာရတဲ့ လမင်း။

“ဆန္ဒ” ဆိုတဲ့ အမည်က ကာလရွေ့လျောပြီး “စန္ဒာ” လို့ လှပတဲ့ အမည်တလုံး ရထားတဲ့ လမင်း။

အို... လမင်းကြီးရယ်၊ အရှင်လမင်းကြီးကိုသော်မှ မနုဿလူသား အမှောင်ဇာတ် ခင်းခဲ့သူတွေက ပြန်လည်တော်လှန် ပုန်ကန်ခဲ့လို့ အလှများ ပျက်တော့မှာလားလို့ တထိတ်ထိတ် စိုးရိမ်နေရတဲ့တခေတ်မှာ ငမိုက်သား ပမွှား ကျွန်တော် တေင်အောင်ထွန်း သက်သေမဲ့ အပြစ်ဒဏ် ခံနေရတာ မဆန်းပါဘူးလေ။

ဒီနေရာမှာ စာရေးဆရာတွေကို အားကိုးရမှာပဲ။ ကျွန်တော် သိရသလောက် စာရေးဆရာ ဆိုတာ ဘက်မလိုက်ရဘူး။ တယောက်ပဲဖြစ်စေ၊ အများပဲဖြစ်စေ မတရားသဖြင့် ခံနေရရင် ခံနေရတဲ့သူဘက်က မားမားမတ်မတ် ရပ်ဖို့ ပေါ်လာရတဲ့

လူတန်းစားတရပ်လို့ ကျွန်တော် အသိအမှတ် ပြုထားပါတယ်။

ဒါကြောင့်မို့ ကျွန်တော့်ဘက်က လျှောက်လဲပေးပါလို့ ဒေါ်ခင်နှင်းယုကို အကူအညီ ခေါ်ရတာပါ။

တန်ဆောင်မုန်းလဆန်း ၁၄ ရက်...

တန်ဆောင်မုန်းလပြည့် လဝန်းဟာ ၁၂ ရာသီမှာ အကြည်လင်ဆုံးလို့ စာဆိုတို့ စာဖွဲ့ခဲ့တယ်။ အဲဒီ လပြည့်ကိုအကူး၊ ည ၂ ချက်တီးမှာ သာနေတဲ့ လမင်းကြီးကို တိုင်တည်မှာပါ။

တိမ်တိုက်တွေဖုံးပြီး သူကိုယ်တိုင် ရန်သူတွေ အလွှမ်းမိုးခံနေရချိန်ကို တိုင်တည်မှာ မဟုတ်ပါဘူး။

တေးဆိုပြီး မြစ်ကို စုန်သွားကြတဲ့ ညငှက်ကလေးများလည်း ဝါးခယ်မမြစ်ရဲ့ပတ်ဝန်းကျင်မှာ မရှိကြလေတော့ ကျွန်တော့်ဘက်က မျက်မြင်သက်သေ မဲ့ရတာပေါ့လေ။

ညမှာ ပွင့်ခဲ့ကြတဲ့ ညပန်းများလည်း ငုံခဲ့ကြပြီ။ ပန်းများ မပွင့်၊ ပန်းများ မလှ၊ ပန်းများ မမွှေးကြတော့ဘူး။

"အတွတ်ရေ" နောက်ဆက်တွဲမှာ ဒေါ်ခင်နှင်းယု ရေးခဲ့တဲ့ ပွဲတွေ့ အမြွတ်တရားထဲက နှလုံးသွင်း ဆင်ခြင်ပုံနဲ့ ဆိုရင်တော့ မမြဲ ဆင်းရဲသဘောပဲလို့ သင်္ခါရနယ်မြေကို သင့်တင့် လျောက်ပတ်အောင် နှလုံးသွင်းသင့်ပါတယ်။

ဒါပေမင့် အဆင့်မမြင့်သေးတဲ့ ကျွန်တော့်အတွက် ယောဂီကြီး ဒေါ်ခင်နှင်းယု သာသနာ့ ရိပ်သာက ခဏထွက်ခဲ့ပါ။

နိဗ္ဗာန်ချမ်းသာကို တယောက်တည်း ခံစားမသွားပါနဲ့ဦး။ ဒေါ်ခင်နှင်းယုရဲ့ယုံကြည်ရာ၊ အားထားရာ မွေးဖခင်အစစ် ရှင်တော်မြတ်ဘုရားသော်မှ လောကရဲ့အစီးအပွား၊ အဆွေအမျိုးတို့ရဲ့ အစီးအပွားအတွက် လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်လာခဲ့တဲ့ မဟာကရုဏာရှင်ကြီးပါ။

ဒီကရုဏာရှင်ရဲ့ သမီးတော် ဒေါ်ခင်နှင်းယုရဲ့အသည်းနှလုံးမှာ ကျွန်တော့်ကို ခိုဝင်ခွင့်ပေးပါ။ ဘုရားပါရမီတော်နဲ့စာရင် ဂင်္ဂါမြစ်ကမ်းခြေမှာ ရှိတဲ့ သဲပွင့်အမှုန်နဲ့ သဲတပွင့်လောက် ပါရမီချင်း ကွာခြားနေပါတယ်လို့ ဒေါ်ခင်နှင်းယု ဆိုကောင်း ဆိုမှာပါပဲ။

ဒါပေမင့် အားကိုးရမယ့်ချိန်မှာ သဲတပွင့်ကိုပဲ ဆုပ်ရ ဆုပ်ရ အားရှိပြီး လွတ်မြောက်ချိန်ကို မျှော်လင့်ရတာပါပဲ။

ခုချိန်မှာ နေရောင်နဲ့ ထိတွေ့ပြီး တဖိတ်ဖိတ် တောက်ပနေတဲ့ ရွှေ့ဆောင်ကြယ်မင်းရဲ့ အားကိုးနေရချိန်ပဲလို့ဆိုရင် မမှားပါဘူး။

ညငှက်ကလေးများလည်း တေးဆိုပါစေ။ ညပန်းများလည်း မွှေးပါစေ။ လမင်းကြီးလည်း သာပါစေ။

■

အခန်း (၂)
မြတဘက်ရှင်၏ သောက

မွေးနဲ့ ကျွန်တော်နဲ့ ဇာတ်လမ်းမှာ လဆန်း ၁၄ ရက်များဟာ အရေးပါအရာရောက်တဲ့ နေရာမှာ ပါဝင်ခဲ့ပါတယ်။ တခါတလေ ဗေဒင်ဟောကိန်း၊ လက္ခဏာဟောသမားတွေက လူတယောက်ရဲ့ကံကြမ္မာနဲ့ ဂြိုဟ်များ၊ နက္ခတ်များ၊ ဂဏန်းများ ဆက်သွယ်နေပုံကို ဟောတဲ့အခါ ဟိုခေတ် ကျွန်တော်တို့ လူငယ်ပိုင်းတွေဟာ မယုံချင်ကြဘူး။ ခုခေတ် 'သိပ္ပံနည်းကျကျ' စကားခေတ်စားနေချိန်မှာတော့ ပိုလို့ပဲ မယုံကြည်ကြဘူးပေါ့လေ။

သို့သော်လည်း ကျွန်တော်နဲ့ မွေးရဲ့ ကံကြမ္မာမှာ ဒီလဆန်း ၁၄ ရက်၊ "၁၄" ဆိုတဲ့ ဂဏန်းဟာ ထူးထူးခြားခြား ပါဝင်ခဲ့တယ်။ '၁' နဲ့ '၄' ပြန်ပေါင်းလိုက်တော့ ၅ (ငါး) ဆိုပါတော့လေ။ ၅ ဂဏန်း ဆိုရင်လည်း မမှားဘူး။

ဘာဖြစ်လို့လဲဆိုရင် မွေးနဲ့ ကျွန်တော် ပထမဆုံး တွေ့တဲ့ညဟာ တန်ဆောင်မုန်း လဆန်း ၁၄ ရက်နေ့ည။

ကိုကိုနိုင်နဲ့ မွေး လက်ထပ်ကြတာဟာလည်း တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ အင်္ဂလိပ်ရက်နဲ့ဆိုရင်လည်း သူတို့နှစ်ဦး လက်ထပ်ရက်ဟာ နိုဝင်ဘာလ ၂၃ ရက် ဆိုတော့ '၂' နဲ့ '၃' ပေါင်းရင်လည်း '၅' ပဲ။

ကိုကိုနိုင် ဆုံးတဲ့နေ့ဟာလည်း စက်တင်ဘာလ ၅ ရက် ဆိုတော့ ၅ ဂဏန်းဟာ မွေးဘဝကို စိုးမိုးခြယ်လှယ်နေတယ်လို့ ဆိုရမှာပေါ့လေ။

ဒီလဆန်း ၁၄ ရက် ညများမှာ ကျွန်တော်တို့နှစ်ယောက် ကျွန်တော်တို့ဘဝရဲ့ အနာဂတ်ကို တွေ့ဆုံ ဆွေးနွေးလေ့ ရှိတယ် ဆိုပါတော့။

ဒီတုန်းကတော့ စစ်က မပြီးသေးဘူးပေါ့လေ။ ဝါးခယ်မ မြို့လေးကတော့ စစ်ဘေးဒဏ်က ဝေးခဲ့လေတော့ ကျွန်တော်တို့ နှစ်ယောက်လည်း အေးအေးချမ်းချမ်း တွေ့ဆုံခွင့်ရတယ်။ ဆွေးနွေးလို့ မပြီးပြတ်သေးတဲ့ ပြဿနာလေးတွေကို နောက်နေ့ကျတော့ စာရွက်ပေါ်မှာ တင်ရေးပြီး အတွက်တို့ အိမ်က ကိုသာဘော်ကြီးနဲ့ အပေးအယူ လုပ်ခဲ့ကြရတာပေါ့။

မွေးစာတွေကို ကျွန်တော် မီးရှို့ပစ်ခဲ့ပြီလို့ ပြောခဲ့ပါတယ်။ သတိရသမျှလေးတွေ၊ မရေးမဖြစ်တဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းလေးတွေ ကျွန်တော် သတိရသလောက် ပြောပြချင်တယ်။

မွေးဟာ ကျွန်တော်နဲ့တွေ့စဉ် တည်ငြိမ်ရှာပါတယ်။ သူ့သဘောကို တင်ပြ ဆွေးနွေးတော့လည်း မကောက်ကျစ်၊ မစဉ်းလဲဘူး။ သူ့သဘော အယူအဆကို ပွင့်ပွင့်လင်းလင်း ပြောပြရှာတယ်။ ကျွန်တော်ကတော့ ယောကျ်ားလေးဆိုတော့ ဒီတုန်းက ဆွေးနွေးချက်တွေမှာ ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာထက် ဖြစ်ချင်တာတခုကိုပဲ ဇွတ်တင်ပြခဲ့တယ်။

စစ်ပြီးငြိမ်းခဲ့သော်...

ကျွန်တော် ရန်ကုန် ပြန်ရမှာပေါ့။ မွေးနဲ့ ခုလို မြစ်တမြစ်သာ ခြားတဲ့နေရာကနေ ပိုလို့ဝေးတဲ့နေရာကို ခွဲခွာသွားရမယ်။ ဖေဖေတို့က ဝါးခယ်မသား၊ ဝါးခယ်မဇာတိ ဆိုပေမယ့် ရန်ကုန်မှာပဲ အခြေချထားတော့ ရန်ကုန်ကို သူ့အလုပ်အတွက်ရော၊ ကျွန်တော့်ပညာရေး အတွက်ရော ပြန်ရမှာက သေချာတယ်။ တည တွေ့ကြဆဲမှာ မွေးက ပြောတယ်။

"စစ်ပြီးငြိမ်းခြင်းဟာ အများပြည်သူအတွက် ကောင်းတဲ့နိမိတ်ပဲ၊ မွေးနဲ့ မောင်ကတော့ ခွဲရမှာ သေချာတယ်၊ မွေးလေ လဆန်း ၁၄ ရက် ညတိုင်း အဲဒီလရောင်အောက်မှာ မွေးတယောက်တည်း ကျန်ရစ်မှာ" တဲ့။

ကျွန်တော်ကတော့ တွေ့ရင် သေအောင် လွမ်းတတ်တဲ့သူ ဆိုတော့...

"အို... မွေးတယောက်တည်း မနေရစ်ခဲ့ရဘူး၊ မောင့်နောက်ကို လိုက်ခဲ့ရမယ်၊ မွေးနဲ့ မောင် တက္ကသိုလ်တွေ ပြန်ဖွင့်ရင် စာဆက်သင်ပြီး ဒီဂရီကို နိုင်ငံခြားမှာ သွားယူမယ်၊ မောင့်ကို ချစ်ရင် မွေး မောင့်နောက်ကို လိုက်ခဲ့နော်"

"မဖြစ်နိုင်တာတွေကို မတွေးနဲ့ မောင်၊ မွေးနဲ့ မောင်ဘက်ကချည်း မကြည့်နဲ့၊ တကယ်တော့ မွေးနဲ့ မောင် တွေ့တာဟာ စောတယ်"

"ဘာ... စောတယ်၊ အမယ်လေး... အတွေ့တောင် နောက်ကျသေးတယ်လို့ မောင် ထင်တယ်"

သူဟာ မို့မို့အိအိ သူ့လက်ချောင်းလေးတွေနဲ့ ကျွန်တော့်နှုတ်ခမ်းလေးတွေကို ဖိလိုက်တယ်။

"ဒီလိုမပြောနဲ့ မောင်၊ ၁၇ နှစ်၊ ၁၈ နှစ် ဆိုတော့ teenage ဆိုတဲ့အရွယ်၊ အတွေးအခေါ် မရင့်ကျက်သေးတော့ မွေးနဲ့ မောင် တွေ့ချိန်ဟာ စောတယ်၊ မေမေပြောတာတွေဟာ မှန်တယ်၊ မိန်းကလေးတွေ၊ ယောကျ်ားလေးတွေဟာ တသက်တာ အိမ်ထောင်ရေးကိစ္စကို အသက် ၂၀ ကျော်မှ စဉ်းစားသင့်တယ်တဲ့။ ခုလည်း မောင်ကတော့ ပြောတာပဲ၊ မွေးရဲ့မောင့်နောက်ကို လိုက်ခဲ့ပါ၊ လဆန်း ၁၄ ရက် လမင်းကြီးအောက်မှာ မွေးတယောက်တည်း လွမ်းကျန်ရစ်ခဲ့မှာ မောင်

မကြည့်ရက်၊ မထားရက် ဆိုပေမယ့် လက်တွေ့မဖြစ်နိုင်ဘူး မောင်”

“ဘာဖြစ်လို့”

“မောင်ပြောတာတွေဟာ ငယ်ရွယ်တဲ့ ခံစားချက်နဲ့ အချစ်တခုတည်းကိုသာ ကြည့်တဲ့ မောင်နဲ့ မွှေးဘက်ကတော့ မှန်မှာပေါ့၊ မောင့်မိဘတွေဘက်က မောင် ကြည့်သင့်တယ်၊ သူတို့ရဲ့ တဦးတည်းသောသားလေးဟာ ဒီဂရီမှ မရခင် မိန်းမယူလာတော့ ရင်ကျိုးရှာမှာပေါ့၊ ဒါကြောင့် မောင့်ဖေဖေတို့ ရန်ကုန်ပြန်ရင် မောင် အေးအေးလိုက်သွားပါ၊ စာဆက်ပြီးသင်၊ ဒီဂရီရတော့ မောင့်နောက်ကို မွှေး လိုက်ခဲ့မယ်၊ မွှေးလည်း ဒီဝါးခယ်မမှာပဲ စာဆက်သင်မှာပါ၊ မေမေဟာ မွှေးတို့ စာသင်ဖို့အတွက် အစီအစဉ် လုပ်ထားပါတယ်၊ အဆင်ပြေရင် မွှေးနဲ့ မောင် တက္ကသိုလ်တောင် အတူ စာသင်ခွင့် ရချင်ရမှာ၊ ပညာဆုံးခန်းတိုင် ရထားတော့ မောင့်ဖေဖေလည်း စိတ်ချမ်းသာတာပေါ့၊ ဒီဂရီတခု ရထားတော့ ကိုယ့်ခြေထောက်ပေါ်လည်း ကိုယ်ရပ်တည်နိုင်တယ်၊ မွှေးတို့နှစ်ယောက် စီးပွားရေးဟာ မိဘကို အပူမကပ်ရတော့ဘူး”

“ဒီလိုဆို မွှေး ချစ်တာဟာ မောင့်ကို မဟုတ်ဘူး၊ ဒီဂရီကိုပေါ့”

ကျွန်တော် ဒီလို မေးလိုက်တော့... သူက ခပ်အုပ်အုပ်ကလေး ရယ်သွမ်းသွေးလိုက်တယ်။

“မောင်ရေ အခု မွှေးနဲ့ မောင် ၁၀ တန်း (ဂျပန်ခေတ် ၁၀ တန်း) ရှိသေးတယ်လေ၊ အဲဒီတော့ မွှေး ချစ်တာဟာ ဒီဂရီလား၊ မောင့်ကိုလားဆိုတာ မောင် သိသင့်ပါတယ်၊ ပြီးတော့ မွှေး ဝင်ရောက်လာတဲ့အတွက် မောင်တို့မိသားစု အသိုင်းအဝိုင်းလေးဟာ ဖရိုဖရဲ ဖြစ်ရတယ်၊ ကသိကအောက် ဖြစ်ရတယ်ဆိုတဲ့ ဂယက် မဖြစ်စေချင်ဘူး၊ အေးချမ်းတဲ့ အိမ်သားတယောက်အနေနဲ့ မောင်တို့မိသားစုထဲကို ဝင်ချင်တယ်၊ မွှေး ခု မလိုက်ချင်ဘူး ဆိုတာ မောင့်ကို ချစ်လွန်းလို့”

“မွှေး ပြောတာ အဆန်းကြီးပဲ”

“မဆန်းပါဘူး၊ တကယ် မောင့်ကို ချစ်လို့၊ မောင့်ရှေ့ရေးကို မွှေး ကြည့်ပြီးပြောတာ၊ တကယ် လူတယောက်ကို ချစ်ရင် သူ့ရဲ့ရှေ့ရေး ကောင်းစားရေးကို မြင်မြော်တွေးခေါ် ပေးရမယ်၊ အနစ်နာခံသင့် ခံရမယ်လေ၊ မောင် ပညာသင်ကြားရေးမှာ လွတ်လွတ်လပ်လပ် သင်ကြားနိုင်ဖို့ အတွက် လက်ထပ်ရေးကို ဒီဂရီရပြီးမှ စဉ်းစားပါလို့ မွှေး ပြောရတာ၊ မွှေးက မိန်းမသားပါ၊ တယောက်တည်း ခွဲကျန်ရစ်မှာကို သာပြီးတော့ မလိုလားသေးတယ်၊ ဒီလမင်းကြီးအောက်မှာ မွှေးတယောက်တည်း လွမ်းရစ်ခဲ့ရမှာဆိုတဲ့ အကွက်လေး

တကွက်တည်း ကြည့်ပြီး မောင့်နောက်ကို မွေး ထလိုက်လို့ မဖြစ်ဘူး၊ မွေး မလုပ်ရက်ဘူး”

ဒီနေရာမှာ ကျွန်တော့်အပြစ်ကို ပွင့်ပွင့်လင်းလင်း ရေးပြပါရစေ၊ ကလက်တယ်လို့ မထင်ပါနဲ့၊ ရှေးတုန်းက မြန်မာစာပေမှာ ဘုရင်တပါး ဖြစ်ဖြစ်၊ ပညာရှိတယောက် ဖြစ်ဖြစ် တရားအစီအရင် ဆုံးဖြတ်ချက် မှန်ရင် ထီးချက်စောင့်နတ်သမီးဟာ သာဓု သုံးကြိမ် ခေါ်တယ်၊ ကျွန်တော်ကတော့ မွေး ပါးလေးကို သုံးကြိမ်တိတိ နမ်းမိတယ်။ (သာဓုခေါ်နည်း လက်သစ်ဆိုရင် မမှားပေဘူးပေါ့။)

“မောင် သဘောပေါက်ပြီ မွေး၊ ဒီဂရီရရင်သာ မွေး မောင့်နောက်ကို လိုက်ခဲ့ဆိုရင် ဘယ်သူတွေတားတား မွေး လိုက်ရမယ်နော်၊ ဘယ်သူ့ကြောင့်လဲ၊ ဘာကြောင့်၊ နေပါဦးဆိုတဲ့ အကြောင်းပြချက် တခုမှ မပြရဘူး၊ မွေးရဲ့စကား တည်ပါစေ”

“အို… ဒီစကားက မွေးက ပြောရမှာပါ၊ နောက်တော့မှ ပုဆိုးကိုပိုက်၊ စောင်ကိုပိုက်ပြီး အထုပ်ကြီးတထုပ်နဲ့ မွေးတယောက်တည်း အရှုးမဖောက် မခင်းပါရစေနဲ့ မောင်၊ ဘယ်လိုက်ရမှန်း မသိ ဖြစ်နေဦးမယ်”

“မွေးလေး မောင့်ကို စိတ်ချ၊ လစဉ် မပြန်နိုင်တောင် ပွဲတော်ရက်၊ ကျောင်းပိတ်ချိန်တွေဆိုရင် မောင်လေ မွေးဆီ ရောက်အောင် ပြန်ခဲ့မယ်”

ကျွန်တော် တင်အောင်ထွန်း ချစ်သူကို ကတိတွေ တပုံကြီး ပေးခဲ့လိုက်တာ၊ ခုနေများ သော်ကဘက်ကမ်းကို ကူးသွားခဲ့ရင် ဒီတုန်းက ကျွန်တော်တို့အပါးမှာ ပေါက်နေတဲ့ မြသစ်ရွက်စိမ်းတွေက ဟား ဟား ဟား… နဲ့ သရော်ကြမှာ၊ ကတိမတည်တဲ့ အသည်းစား ဘုရင်ကြီး လာပြီဟေ့လို့ ဝိုင်းသရော်ပြီး မောင်းထုတ်ကြမှာပဲနော်။

ဘာဖြစ်လို့လဲဆိုရင် မဂိုလမ်း (အခု ရွှေဘုံသာလမ်း) အရေးပေါ် တက္ကသိုလ်ကနေ အခုတက္ကသိုလ်ကြီးလည်း ရောက်ရော တန်ဆောင်မုန်းလဆန်း ၁၄ ရက် တက္ကသိုလ်အသင်းတွေရဲ့ ပွဲနေ့တွေမှာ ကျွန်တော် တင်အောင်ထွန်းဟာ လူဖမ်းသူ ကျောင်းသူ အနုအရွတွေနဲ့ တွဲမိနေပြီလေ။ မွေးတို့ရဲ့ သော်ကကျေးရွာလေးကို ခြေဦးတောင် မတည်မိဘူး။

တနေ့က မိုးစက်တွေ ဖြာကျပြီး မြက်ခင်းတွေ စိမ်းလာချိန်မှာ မွေး ပြောခဲ့တဲ့စကားတခုကို သတိရမိတယ်။ ဒီတုန်းက ညဘက် မဟုတ်ဘူး။ နေ့လယ်အချိန်ပါပဲ။ အတွတ်တို့ အိမ်ခြံစည်းရိုး နောက်မှာ လမ်းလျှောက်ရင်း မွေး ပြောခဲ့တယ်။ ဒီအချိန်ဟာ မိုးဦးကျစ ကျွန်တော်တို့ အပြီးအပိုင် ရန်ကုန်ကို

မပြောင်းကြခင် တပတ်ပေါ့။

မွေးက သော်ကဘုရားကြီးကို လက်ညှိုးထိုးပြတယ်။ ပျိုးပင်စိမ်းစိမ်းအလယ်မှာ စေတီတော်ကြီးဟာ မြတဘက်ပေါ်က ရွှေဆွမ်းအုပ်ကြီးလိုပဲ ကျွန်တော်တို့ တွေ့ရတယ်”

“မောင်... သော်ကဘုရားကြီးရဲ့ သမိုင်းကို သိလား” တဲ့။

“မသိဘူး မွေး”

“သမိုင်းအစစ်ကတော့ ဘယ်ဟာမှန်းလဲ မသိဘူး၊ မွေးလည်း အတိအကျ မသိဘူး၊ မွေး တခု သိထားတာ ရှိတယ်၊ ဒီသော်ကဘုရားကို တည်သူဟာ မွန်ဘုရင်မ ရှင်စောပုတဲ့၊ တိုင်းရေးပြည်ရေး မငြိမ်မသက်တဲ့တချိန်မှာ ဘုရင်မကြီးဟာ သူ့ရင်ထဲ သောကတွေ လှိုက်ဆူပြီး ပူပန်နေရချိန်မှာ အပူသောကတွေ ကင်းအောင် သူ့ရင်မှာ လွှမ်းခြုံထားတဲ့ မြတဘက်ကို ဥပနာပြီး ဒီသော်ကဘုရားကြီးကို စတင်တည်ခဲ့တာတဲ့။ နောက် မွမ်းမံသူတွေကတော့ ဝါးခယ်မဘက်က သူဌေး ဒေါ်အေးမြနဲ့ မွေးတို့ရဲ့ဘိုးဘွားတွေပေါ့လေ။ ပူပင်သောကတွေ ဘုရင်မကြီးရင်ထဲ လှိုက်ဆူနေချိန်မှာ တည်ခဲ့တာမို့ “သောကဘုရား” လို့ အမည်တွင်ရစ်တာထက် နောက်မှ ကာလ ရွေ့လျားလို့ သော်ကဘုရားလို့ ဖြစ်လာတာ”

“အဲဒါ ဘာဖြစ်လဲ”

မွေးလေ... ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ရင်း သူ့နှုတ်ခမ်းလေးတွေဟာ ကြိုးစားပြီး ပြုံးရှာပေမယ်လို့ သူ့မျက်လုံးဝိုင်းဝိုင်း တောက်တောက်ကြီးမှာ မျက်ရည်တွေ ဝေလို့။

“မွေး... ဒုတိယ ရှင်စောပု ဘုရင်မကြီး မဖြစ်ပါရစေနဲ့၊ မောင်နဲ့ ခွဲရလို့ အသည်းစိမ်းစိမ်း မြတဘက်ရောင်ကို ဥပနာ မြှုပ်နှံပြီး သော်ကဘုရား အသစ်တဆူကိုလည်း မွေး ထပ်ပြီး မတည်ပါရစေနဲ့ မောင်ရယ်”

ကဲ... ကျွန်တော် တင်အောင်ထွန်းဟာ မွေးက တည့်တည့် ပြောတော့မှပဲ ရိပ်မိတော့တယ်။ မွေးရဲ့မျက်ခမ်းစက မျက်ရည်ဥတွေကို ကျွန်တော် လက်ကိုင်ပဝါဖြူနဲ့ တို့ပေးမိတယ်။

“မွေးရဲ့အသည်းနှလုံးဟာ ပျိုးပင်စိမ်းလေးတွေလို အားလုံးရဲ့ မှီတည်ရာ မျိုးရိက္ခာကို ပေးနိုင်တဲ့ စပါးနှံများရဲ့မိခင်အနေပဲ ဖြစ်ပါရစေ၊ ချစ်တဲ့သူနဲ့ ကွေကွင်းရခြင်း ဆင်းရဲကြောင့် အပူသောကဓာတ်အား လွန်ပြီး မြေကြီးဘဝကနေ တဖြစ်လဲတဲ့ ကျောက်စိမ်း အသည်းနှလုံးကို ရင်မှာ မပိုက်ပါရစေနဲ့” တဲ့။

မွေး တတွတ်တွတ် ပြောခဲ့တဲ့ စကားလုံးလေးတွေကိုလည်း ခုမှ ပြန်လည်ကြားယောင် လာတယ်။ ကျွန်တော် စျာပန ပြာချခဲ့တဲ့ စာရွက်လေးများပေါ်မှာ ရေးခဲ့တဲ့ စာသားလေးတွေထဲက နက်နဲတဲ့ အဓိပ္ပာယ်၊ အယူအဆ၊ အတွေးအခေါ်တွေကိုလည်း ခု အသက် ၄၀ ကျော်မှ တန်ဖိုးထားမိတယ်။ ပြန်လည်မြင်ယောင်မိတယ်။ အတိမ်အနက်ကို ပြန်လည် ဆင်ခြင်မိတယ်။

ခုတော့မှလည်း သူ့နှလုံးသား စိမ့်ပျော့ပျော့လေးဟာ မွန်ပြည်သူတို့ရဲ့ဘုရင်မ ရှင်စောပုရဲ့ မြတဘက်လို စိမ်းပျော့ နူးညံ့ပါပေတယ်။ ဒါကြောင့်မို့လို့လည်း သူ့မိသားစု၊ သူ့ပတ်ဝန်းကျင်၊ သူနဲ့ တွေ့ထိ ဆက်ဆံရသူတွေကို နူးညံ့တဲ့ နှလုံးသားနဲ့ တတ်နိုင်သလောက် ကူညီ ကယ်တင်၊ မိမိကိုယ်ကျိုးလည်း စွန့်လွှတ် အနစ်နာခံခဲ့သူပါလား၊ မြပဝါ စိမ်းနုနုနဲ့ သူတဖက်သား နှလုံးသား ပူလောင်သမျှကို ထွေးပိုက်ယုယခဲ့သူလေးပါလား ဆိုတာ ကျွန်တော် လေ့လာ တန်ဖိုးထားမိတယ်။

ဘုရင်မ ရှင်စောပုဟာ မွန်ပြည်သူတွေကို မျိုးရိက္ခာ ဖူလုံစေပြီး အစာရေစာ ဝဖြိုးအောင် ကျွေးမွေးပြုစုခဲ့သလိုပဲ မွေးကလေ သူ့ဆုတောင်းလေးမှာတောင် သူ့အသည်းနှလုံးရဲ့အစိမ်းရောင်ဟာ လူသားတို့ ရိက္ခာဖြစ်တဲ့ စပါးနှံများရဲ့ မိခင်ပျိုးပင်လို အစိမ်းရောင် ဖြစ်ပါရစေတဲ့။

ဘယ်လိုပဲ အဖိုးတန်တန်၊ ပွဲလယ်တင့်တင့် မာကျောတဲ့ မြသားလို ကျောက်စိမ်းလို အသည်းနှလုံးမျိုးကို မပိုင်ချင်တဲ့ သဘောပေါ့။ မှန်ပါပေတယ်။ ဪ... အစိမ်းရောင်၊ အရောင်စိမ်း တခုတည်းမှာကို သဘော သက်ရောက်ပုံ၊ ပတ်ဝန်းကျင်ကို အကျိုးပြုပုံ၊ စုပေါင်း ဖွဲ့စည်းထားတဲ့ ဓာတ်အစုအဝေး တခုနဲ့တခု မတူခဲ့ပါလား။

ဣတ္ထိယ ခေါ် မိန်းမတို့သည် လေ့နဲ့ မြင်းလို မယွင်းဘဲ တူညီ၊ ပွဲကိုင်ရာ လူနောက် စီးရာကိုသာ ပါတတ်သည်လို့ အဆိုကျော် ခေတ်ဟောင်းတေးသံရှင် ဦးခင်မောင်ရင်ရဲ့ မိန်းမဠီကာကို ကောက်ချက်အဖွင့် ဆိုရာမှာ နေရာတကာတိုင်း မမှန်ဘူး ဆိုတာကိုလည်း ကျွန်တော် တင်အောင်ထွန်း နှလုံးသွင်းမိပြီ။

ဘုရင်မကြီး ရှင်စောပုကို မွန်ပြည်သူတို့ ဦးထိပ်ထား မြတ်နိုးသလို ကျွန်တော် မွေးကို မြတ်နိုး လေးစားလာပါပြီ ဆိုတာကို အမြင်သာ နီးသော်လည်း ခရီးဝေးလို့ မဖွင့်သာ မလှစ်သာတဲ့ တောင်အောင်ထွန်းကိုယ်စား ကျွန်တော့်ချစ်ဦးသူ မွေးကို ဒေါ်ခင်နှင်းယုကတဆင့် တင်ပြ ပြောကြားပေးပါနော်။

ကျွန်တော့်ရဲ့စကားအစကို ပြန်ကောက်ပါရစေတော့၊ ကျွန်တော့်ကိုယ်ကျွန်တော် ဘာကြောင့် သူတော်ကောင်းပါလို့ လျှောက်လဲရလဲ

ဆိုရင် ပထမ အမှတ် ၁ အနေနဲ့ပဲ ပြောပါရစေ။

ကျွန်တော်နဲ့ မွေး လမင်း အလင်းအောက်၊ တိတ်ဆိတ်ငြိမ်သက်တဲ့ ပတ်ဝန်းကျင်၊ မွေးပျံ့တဲ့ ညပန်းများအလယ်၊ တေးဆိုတဲ့ ညငှက်လေးများရဲ့ဂီတသံကို ကျူးရင့်ချိန်၊ အဲဒီအချိန်မှာ တွေ့ဆုံခဲ့ကြတယ်၊ တကြိမ်တည်းလည်း မဟုတ်ခဲ့ပါဘူး၊ ဒါပေမင့် ယုယကြင်နာလို့ နှင်းဖွဲ နှင်းမှုန် အအေးက မွေးကို ကာကွယ်ပေးဖို့ နွေးပါစေလို့ ကျွန်တော့်ရင်ငွေ့နဲ့ ပိုက်ထွေး ယုယခဲ့တာ အမှန်။ သူ့ရဲ့ချစ်ဖွယ်ကောင်းတဲ့ ပါးအို့ စိုစိုပြည်ပြည်ကို ကျွန်တော် ပါးချင်းအပ်ခဲ့တာကလွဲလို့ ပဥ္စငါးပါးနဲ့ လွန်ကျူးတဲ့အတွေ့၊ ယောကျ်ားတိုင်း မထိန်းနိုင်တဲ့ အတွေ့မျိုးနဲ့ မွေးအပေါ် ကျွန်တော် မကျူးလွန်ခဲ့ပါဘူး။

ဒါကြောင့်လည်း တခုသော လဆန်း ၁၄ ရက်နေ့၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှာ စင်ကြယ်သော အပျိုစင်ဘဝနဲ့ မွေးဆိုသော မိန်းကလေးတယောက်ဟာ ဗိုလ်မှူးနိုင်ဆိုတဲ့သူနဲ့ လက်ထပ်နိုင်ခဲ့ခြင်း ပါ။ လတ်ဆတ်သော ပန်းဦးကို တင်ဆက်ခဲ့ခြင်းပါ။

အတိုနဲ့ လိုရင်း ရှင်းရှင်းတင်ပြရာမှာ နိဒါန်းသွယ်လှချေလားလို့ အပြစ်တော် မတင်လိုက်ပါနဲ့ စာရေးဆရာမကြီးရယ်။ ကျွန်တော် လိုရင်းကို သိပ်ထိရောက်စေချင်တဲ့ စေတနာ လွန်သွားလို့ပါ။ ဒုတိယ ကျွန်တော့်အကြောင်းပြချက်လေးကို ဆက်ဖတ်ပါဦး။

ကျွန်တော်တို့ ယောကျ်ားများဟာ အရှင်နန္ဒနွယ်ဝင်တွေပါ။ ဒီနေရာမှာ ဒေါ်ခင်နှင်းယုက ကိုယ့်ဟာကိုယ် ကိုယ့်ချစ်ဦးသူနဲ့ ကိုယ့်အချစ်အကြောင်း ဖွဲ့နွဲ့ရာမှာ မြတ်စွာဘုရားသခင်ရဲ့ ညီတော် အရှင်နန္ဒကို ဆွဲမထည့်ပါနဲ့လို့ အပြစ်မဆိုပါနဲ့ဦး။

ကျွန်တော်ဟာလည်း ဒေါ်ခင်နှင်းယုလိုပဲပေါ့။ ပွဲတွေ့ အမြတ်တရား စာတမ်းမှာ အရှင်နန္ဒအကြောင်း ထည့်သွင်းရေးထားတာ ဖတ်လိုက်ရတော့ ကျွန်တော့်လျှောက်လဲချက်ကို ပြီးပြည့်စုံအောင် အကောင်အထည် ပြရာမှာ ဝတ်လုံတွေလိုလည်း ဥပဒေအကြောင်းအချက်ကို ကိုးကားမပြတတ်တဲ့သူမို့ ကိုယ်ဖတ်ဖူးတဲ့ စာရေးဆရာတွေဆီက အထောက်အထားကို ဆွဲယူ တင်ပြရတာပါ။

ညီတော် မင်းနန်လို့ခေါ်တဲ့ အရှင်နန္ဒ အလောင်းအလျာဟာ သက်န်းမဆီးခင်၊ သောတာပန် အဖြစ် မဆိုက်ရောက်ခင် သူ လက်ဆက်ခဲ့သူဟာ ဇနပဒကလျာဏီမင်းသမီး။ မဟာသာကီတွေထဲမှာ သူ့တခေတ် သူ့အလျောက်တော့ အလှမှာ ကျော်ကြားခဲ့တဲ့ မင်းသမီးပေါ့။ လက်ထပ်ဆွမ်းကျွေးပြီး မြတ်စွာဘုရားသခင်ဟာ ညီတော်မင်းနန် သပိတ်ပိုက်ပြီး ကျောင်းတော်ကို လိုက်ပို့စေခဲ့တယ်။ ညီတော်ဟာ မြတ်စွာဘုရား နောက်တော်ပါးက သပိတ်ပိုက်ပြီး

လိုက်ပါသွားတဲ့အခါ လေသာပြတင်းက လက်ကလေး တပြပြနဲ့ ကျန်ရစ်တဲ့ အလှပိုင်ရှင် ဇနပဒကလျာဏီ မင်းသမီးကို မျက်လုံးထဲက မဖျောက်နိုင်ဘူး။

မြတ်စွာဘုရားသခင်က တောလမ်းကနေကြွသွားတော့ မီးလောင်ထားတဲ့ သစ်ငုတ်တိုပေါ်မှာ မျောက်မောင်းမတကောင် ငုတ်တုတ်ကြီး ထိုင်နေတယ်။

"ညီတော် နန္ဒ၊ ယခု သင် လက်ထပ်ခဲ့တဲ့ ဇနပဒကလျာဏီ အလှနဲ့ ဒီမျောက်မောင်းမ ဘယ်သူလှလဲ" လို့ မေးတော့...

ညီတော်မင်းနန်က ဇနပဒကလျာဏီ လှပါတယ်လို့ ပါးစပ်က အသံထွက် လျှောက်ထားတဲ့ အပြင် စိတ်ထဲကလည်း ဘုရားသခင်ကို အပြစ်တင်မိသတဲ့။ "မေးပဲမေးရက်တယ်၊ ငါ့ချစ်ဦးသူ ဇနပဒကလျာဏီ အလှနဲ့ နှိုင်းတောင်မှ မနှိုင်းယှဉ် မနှိုင်းသာတဲ့ ဒီမျောက်မောင်းမကြီးနဲ့များ နှိုင်းပြီး မေးရက်ပါပေတယ်" လို့ ဘုရားရှင်ကိုတောင် အပြစ်တင်ခဲ့တဲ့ ညီတော် မင်းနန်။

ဒီနန္ဒမင်းသား ဘုရားနဲ့အတူ နတ်ပြည် ကြွသွားတော့လည်း နတ်သား၊ နတ်သမီးတွေကို တွေ့တယ်။ နတ်သမီးရဲ့အလှဟာ လူမိန်းမတွေနဲ့ ကွာချင်တိုင်း ကွာခဲ့တာပေါ့။

ဒီအခါမှာ မြတ်စွာဘုရားဟာ ညီတော် မင်းနန်ကို မေးပြန်တယ်။

"ညီတော်၊ ဇနပဒကလျာဏီနဲ့ ယခု နတ်သမီးများ ဘယ်သူလှသလဲ" လို့ မေးတော့... "မနှိုင်းသာပါဘုရား" လို့ ဖြေခဲ့တယ်လို့ ကျွန်တော် ကြားဖူး၊ ဖတ်ဖူးပါတယ်။ ဒါတင်မက မြတ်စွာဘုရားသခင်ရဲ့ကျောင်းတော် ပတ်ဝန်းကျင်မှာ တရားအားထုတ်သူ အရိယာတွေအလယ်မှာ အရှင်နန္ဒလောင်း ပထမအကြိမ် ရည်ရွယ်ချက် မှားလို့ အထင်အမြင် သေးခံခဲ့ရတဲ့အထိ အရှင်နန္ဒဟာ နတ်သမီးအလှမှာ မိန်းမောခဲ့တယ်။

ဝိပဿနာဆိုတာ သံသရာကို ပြတ်အောင်၊ "ချင်" ဆိုတဲ့ဆန္ဒကို ပြတ်အောင် အားထုတ်ခြင်းပါ ဆိုမှ ညီတော်မင်းနန်တယောက် နတ်သမီး လိုချင်လို့ တရားအားထုတ်တယ်လို့ သတင်းဆိုးကြီး ဖြစ်အောင်ကို နတ်သမီးအလှကို ညီတော်မင်းနန် တပ်မက် စွဲလမ်းခဲ့ပါတယ်လို့ ဒေါ်ခင်နှင်းယုရဲ့ ပွဲတွေ့ အမြတ်တရားမှာ ကျွန်တော် ဖတ်ဖူးခဲ့ပါတယ်။

ဒီနေရာမှာ နောက်တဘဝ နိဗ္ဗာန်ဝင်မယ့် အရှင်နန္ဒ အလောင်းအလျာတောင်မှ အလှကြိုက်၊ အလှနဲ့တွေ့ရင် အရူးအမူး ဖြစ်ခဲ့သေးတာ၊ နိဗ္ဗာန်ဆိုတဲ့လမ်းကို ရေးရေးမှ မမြင်သေးတဲ့ ကျွန်တော် အပါအဝင် ယောကျ်ားသား ငနွားတွေ အလှကို ကြိုက်တာ၊ အေမီရဲ့အတွေ့ကို မရှောင်နိုင်တာ ဆန်းပါသလား

ခင်ဗျာ။

ကျွန်တော် ထပ်မံ ရှင်းပြပါရစေ။

ခေတ်တွေသာ ပြောင်းသွားပေမယ့် တက္ကသိုလ်နယ်မြေမှာ စစ်မဖြစ်မီနဲ့ စစ်ကြီးအပြီး အခြေအနေဟာ အပြောင်းအလဲ သိပ်မရှိလှဘူးလို့ ကျွန်တော် ထင်ပါတယ်။

ရှေးခေတ် တက္ကသိုလ်အကြောင်း၊ တက္ကသိုလ်ကျောင်းသားတွေရဲ့ အရှုပ်အပွေ၊ အနောက်အပြောင် ဇာတ်လမ်းတွေ ရှိခဲ့သလို ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းပြည်ကို အကျိုးပြုခဲ့တဲ့ တိုင်းပြည်အတွက် သားကောင်းရတနာတွေကိုလည်း ဒီတက္ကသိုလ်က မွေးထုတ်ခဲ့ပါတယ်။ ကျောင်းသူတွေဆိုလည်း စာပေဘက်မှာရော၊ တိုင်းပြည်အတွက်ရော ရှုပ်ရှုပ်ချွံချွံ တိုင်းပြည်အတွက် အကျိုးသက်ရောက်မယ့် ကျောင်းတော်သူကြီးတွေကို မွေးထုတ်ခဲ့သလို၊ အလှပြရုံ၊ လင်ရှာရုံ တက္ကသိုလ်နယ်မြေကို အသုံးပြုခဲ့သူတွေဟာ အများကြီးပဲ။

ဒီလို ကျောင်းသူတွေကို ခုလည်း တွေ့ရဦးမယ်၊ နောင်ကိုလည်း တွေ့ရဦးမယ်။ ဒါဟာ မဆန်းပါဘူး။ ကျွန်တော်တို့တခေတ်မှာလည်း အေမီတို့အုပ်စု၊ အထူးသဖြင့် အေမီရယ်၊ ခင်မာဝင်းရယ်၊ သန်းလှအေးရယ် ကုသိုလ်ကြမ္မာ မမီပါခဲ့အထဲမှာ ပါတဲ့ ဝင်းတင်ကြီးရဲ့ဇနီး မေ ခေါ် တင်တင်မေတို့ အုပ်စုတဖွဲ့ဆိုရင် ကျောင်းသားတွေ အာသာငမ်းငမ်း တက်ခဲ့ကြရတဲ့ အုပ်စုပေါ့။

အမေရိကန် နိုင်လွန်ပေါ်စ တကိုက် ၄၅ ကျပ်ကို သူတို့အုပ်စုက ဘရာစီယာနဲ့ တက္ကသိုလ် နယ်မြေမှာ စတင် ဝတ်ချိန်ပဲ။ ပန်းနုရောင်သွေးကြွနေတဲ့ ဖြူဖြူလှလှ ကိုယ်တွင်းသားတွေမှာ နိုင်လွန်အဖြူဟာ လွှမ်းရုံလေး လွှမ်းထားသလို ဖြစ်နေတယ်။ နှင်းဆီပန်းရောင်သွေး ပွင့်ဖတ်ကို လက်ဖျားလေးနဲ့ တို့ကြည့်ရင် နုအိနေသလို အနားများ ဖြတ်လျှောက်သွားကြရင် လိုက်လို့သာ တို့ချင်လောက်အောင်ကို အသားရောင်တွေက ပန်းသွေးကြွနေတယ်။

ရင်အလှကို သာမန်ထက် ထွားအောင် ဘရာစီယာ ခံထားပြန်တော့ ကျွန်တော် အသက်ရှူ မမှားလောက်ပေဘူးလား။

ဒီတုန်းက ပိုးပါတိတ်တို့၊ ချည်ပါတိတ် အကောင်းစားတွေဟာ အဆင်ဆန်းတွေ ခင်ဗျ။ အမောက်တွေနဲ့ ကြက်တွေလည်း ပါတယ်။ ရေခဲသမင်ရုပ်တွေလည်း ပါတယ်။ ဝင်းတင်ကြီးကလေ ပန်းချီဝါသနာပါတဲ့လူဆိုတော့ သူ့ချစ်သူ မေရဲ့အလှကို ကျွန်တော်တို့ကို တနေ့ ပန်းချီဆရာအမြင်နဲ့ ပြောပြတယ်။

“မေများ လမ်းလျှောက်သွားရင်လေ၊ ရေခဲသမင်လေးတွေ နှင်းခဲပြင်ပေါ်မှာ ပြေးသွားသလို သမင်ချိုလေးတွေဟာ လှုပ်ရှားကြွေ့နှော့နေတာပဲ” တဲ့။

မလွန်ပါဘူး၊ သူ ဖွဲ့တာ မလွန်ပါဘူး။

ကျွန်တော်ရဲ့အေမီ တင်ပါးကိုဆော့ပြီး လမ်းလျှောက်သွားရင်တောင် သူ့တင်ပါးဝိုင်းဝိုင်း ပေါ်က အမောက်ရဲရဲနဲ့ ကြက်ဖလေးတွေဟာ စပါးစေ့လေးတွေ တဒေါက်ဒေါက်နဲ့ ကောက်စား နေသလား ထင်ရအောင် တင်ပါးကို ကြွရွလှုပ်ရှားပြီး သူတို့ လမ်းသွားတတ်တယ်။

တင်ပါးအလှကို ပိုလို့ ပေါ်လွင်စေတဲ့ ခြောက်လက်မ သံချွန်ခုံမြင့်ဖိနပ်တွေရဲ့ သမံတလင်းပေါ် တဒေါက်ဒေါက် ထိသွားတဲ့အသံဟာ ကြက်ဖတွေ၊ နှင်းခဲပြင်ပေါ်က ရေခဲသမင် တွေကို လှုပ်လှုပ်ရွရွ ဖြစ်လာအောင် အသက်သွင်းပေးတဲ့ ဂီတသံတွေလိုပါပဲလေ။

ဒီတော့လည်း မှော်ရုံတောမှာ ကျွန်တော်တို့ သမင်ဖမ်း၊ ကြက်ပစ်ထွက်တာ ကျွန်တော်တို့ လွန်ပါသလား ခင်ဗျာ။

အင်းလျားကန်ရဲ့ရေပြင်မှာရော၊ အင်းလျားကန် အလယ်ကျွန်းမှာရော ရေသူမလေးတွေနဲ့ လှေကလေးကို လှော်မည် ဇာတ်ထုပ်ကို ကျွန်တော် ခင်းချိန်မှာ အေမီတို့က ပါးပေ နပ်ပေတယ်။ ဒီနေရာမှာ “တို့” လို့ ဗဟုဝုစ်ကိန်း သုံးရတာ ကျွန်တော်နဲ့ အေမီ နှစ်ယောက်တည်း မဟုတ်ဘူးလေ။ ကိုယ့်အုပ်စုနဲ့ ကိုယ်ပေကိုး။

ပါးနပ်တယ်ဆိုတာက ယယ်တုန်းက ယယ်အမြင်နဲ့ ပြောရတာပါ။ အေမီက ပန်းဦးကို အပေးအကမ်း ရက်ရက်ရောရော ဖောဖောသီသီ ရှိလေတော့ အတွေ့သဘောမှာ အေမီအပေါ် အလေးသာခဲ့တာပေါ့။

ဝါတော် ခြောက်ဆယ်ရ ရသေ့မကြီးလို အထိန်းအချုပ် ဣန္ဒြေတွေနဲ့ ကျွန်တော့် ချစ်ဦးသူ (ဒေါ်ရွှေမွှေး) ကြီးနဲ့ ဒီနေရာမှာ ကွာခဲ့ကြတာပေါ့လေ။

အမှန်တော့ မိန်းမတို့ဣန္ဒြေ ပန်းဦးကို တန်ဖိုးထားတဲ့စိတ်ကို လေးစားရမှန်း မသိတဲ့ ကျွန်တော်တို့ ယယ်စိတ်ပေကိုး။ နောက်မှ နောင်တ ဆိုတာ ရတတ်သလိုပဲ ဒီခေတ် နယ်မြေမှာ ဝမ်းအက်ဖ်၊ တူးအက်ဖ်၊ သရီးအက်ဖ် ထိခဲ့ဖူးတဲ့ ကျောင်းသူတချို့ဟာ (F) ပြဿနာကို ဆေးပြားလေးတွေနဲ့ပဲ ဖြေရှင်းခဲ့ကြတာပဲ။

ကျွန်တော်တို့စိတ်ထဲမှာတော့ ကျွန်တော်တို့ဟာ ချစ်ဦးသူ ပန်းဦးပန်တွေလို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့ကြရာမှာ ကျွန်တော်နဲ့ ဝင်းတင်ကြီး နံပါတ်တစ်ပေါ့။ ဝမ်းအက်ဖ် (One F) ထိပြီးသားလို့ မေတို့၊ အေမီတို့ကို ကျွန်တော်တို့ သိရချိန်ဟာ သားတယောက်ဖခင် ဖြစ်မှပဲ ဆိုကြပါစို့။

ကျွန်တော် လွန်ခဲ့ပါတယ်လေ။ မွေးတုန်းကဆိုရင် မွေးရဲ့အချစ်ဦးဟာ မောင်ပဲ ဖြစ်ရမယ်လို့ တိုထွာခဲ့ရတာ အမော။ ကျောင်းသား ငယ်စရိုက်နဲ့ ဝါးခယ်မဘက်ကမ်းက ကျောင်းကြီးမှာ ဂျပန်ခေတ် ကျောင်းနေစဉ်က တခြားကျောင်းသားက မွေးကို ချစ်ပါတယ်လို့ ကျောင်းသား အချင်းချင်း ပြောရင်တောင် ကျွန်တော်ရယ် လက်သီးချင်း ဖြေရှင်းပြီး အချစ်သူရဲကောင်း လုပ်လိုက်ရတာလေ။

ကျွန်တော့်စာတွေထဲမှာလည်း...

“မွေး အချစ်ဦးဟာ မောင်သာ ဖြစ်ရမယ်”

“မွေးကို ဘယ်သူမှ မချစ်ရဘူး”

“မွေးနဲ့ မောင် ချစ်ပြီးမှ တခြားယောကျ်ားလေးတွေပေးတဲ့စာ ရရင် မောင့်ကို ပေးဖတ်ရမယ်” နဲ့၊ အမယ်လေး အချစ်သဝန်ကြောင်လိုက်ရတာ အမော။

စကားစပ်မိလို့ ရေးပြပါရစေဦး။ အဲဒီ ဂျပန်ခေတ်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်အတွက် စစ်သားစုဆောင်းရေး ဝါးခယ်မမှာ လာလုပ်သွားတော့ ကျွန်တော့်သူငယ်ချင်း ကိုခင်မောင်ဦး ပါသွားတယ်။ ခုတော့ သူ မရှိတော့ဘူး။ တိုက်ပွဲတနေရာမှာ ကျဆုံးသွားရှာပါပြီ။ သူ ရှေ့တန်း စစ်မြေပြင်တွေကနေ ကျွန်တော့်ဆီ စာလှမ်းလှမ်းပြီး ကြုံရင် ကြုံသလို ရေးမှာတယ်။ တနေ့တော့ သူ့စာထဲမှာ အကြောင်းတခု ပါလာတယ်။

တင်အောင်ထွန်း

ငါ ဒီနေ့ စိတ်မကောင်းဘူး၊ စိတ်မကောင်းတာကို သက်သာစေချင်လို့ မင်းဆီကို လှမ်းရေးမိတာပဲ။ အကြောင်းကလည်း တိုက်ဆိုင်နေလို့ပဲ။ ငါ့ရဲဘော် ဝါးခယ်မသား မြသင်းရယ်လေ၊ ငါ့ရင်ခွင်မှာပဲ ကွယ်လွန်ခဲ့ပြီ။ ရန်သူနဲ့ တိုက်လို့ရတဲ့ ဒဏ်ရာနဲ့ပဲပေါ့။ သူက မသေခင် ပြောတယ်၊ ခင်မောင်ဦးတဲ့၊ သူ့ဘယ်ဘက်အိတ်ထဲမှာ စသတစောင် ရှိတယ်၊ မွေးဆီရောက်အောင် ပေးပါလို့ ပြောခဲ့တယ်။

ငါ စိတ်ထိခိုက်မိတာက ဒီစာကို သူ့ရင်ဘတ်ပေါ်က အိတ်ထဲက ငါ ထုတ်ချိန်မှာ ရဲဘော်မြသင်းရယ် အသက် မရှိတော့ဘူး။ သူ့စာရွက်ဖြူဖြူရဲ့အနားသတ်တွေဟာ တမင်များ လိုင်းသား ဘောင်ခတ်ထားတယ် ထင်ရအောင် ရင်ညွန့်က သွေ့နလုံးသွေးတွေနဲ့ စိုရွှဲလို့။ သူ့စာကတော့ ရိုးရိုးလေးပါပဲ။ ဝါးခယ်မမြေပေါ်က ခွာခဲ့ကတည်းက တိုင်းပြည်ချစ်စိတ်နဲ့ တိုက်ပွဲအလီလီ ဝင်ခဲ့ပေမယ့် မွေးကို တနေ့မှ မမေ့ခဲ့ဘူး။ တဖက်သတ်လူရဲ့အချစ်ကို ဖော်ထုတ်ဖို့

သူ့မှာ တိုင်းပြည်ကို ဦးစားပေးနေရချိန်မို့ မွေးဆီ စာမရေးဖြစ်ခဲ့ဘူး။ မသေခင်တော့ ရေးဖြစ်အောင် ရေးပြီး သူ့အိတ်ထဲမှာ အမြဲထည့်ထားတယ်တဲ့။ သူသေရင်တော့ ဒီစာဟာ မွေးဆီ ရောက်တန်ကောင်းပါရဲ့တဲ့။ ငါ့ဖြင့် ရဲဘော်မြသင်းစာကို ဖတ်ရင်း လက်တွေလည်း တုန်လာတာပဲ၊ စာထက် သူ့အလောင်းကို ဦးစားပေး သယ်ရမှာ ငါ့တာဝန် ဖြစ်တော့ သူ့အလောင်း သယ်ပြီး သူ့စာ ယူလိုက်တဲ့အခါ စာရွက်ဟာ သွေးတွေ ပေကျံပြီး အရောင်တွေ ပြာရုံမကဘူး စက္ကူလေးလည်း ပျော့အိကြေမွသွားလေတော့ ဒီစာဟာ မွေးလက်ကို မရောက်တော့ဘူး။

သူငယ်ချင်း တင်အောင်ထွန်း၊ မင်းချစ်ဦးသူ မွေးကို တဖက်သတ် ချစ်သူတွေ ပေါပါတယ်။ ဒီအထဲမှာမှ မင်းကို သူ့ခမျာ ခေါင်းခေါက်ရွေးခဲ့သူမို့ မွေးရဲ့အချစ်ကို လေးစားပါ။

ခင်မောင်ဦး

ဆိုတဲ့ စာကို ရတုန်းကများ လူတန်းစားဉာဉ်ရှိတဲ့ ဗျူရိုကရက်သား ကျွန်တော် တင်အောင်ထွန်းဟာလေ ရဲဘော်မြသင်းကိုတောင် အချစ်သဝန်ကြောင်မိတယ်။ နောက်မှ တဖက်သတ် ချစ်သူပဲရယ်လို့ စိတ်ကို ဖြေရတယ် ဒေါ်ခင်နှင်းယုရယ်။

မွေးကလည်းလေ ကျွန်တော်နဲ့ ချစ်ပြီးမှ သူ့ဆီကို ရောက်လာတဲ့ အပေးခံရတဲ့ ရည်းစားစာ ဟူသမျှ ကျွန်တော့်ဆီ ပို့ပေးပါတယ်။

မွေးကို ဒါလောက် ချုပ်ချယ်ခဲ့သလောက် အေမီနဲ့ကျမှ “ဝဋ်လည်တယ်” ထင်လို့သာ မမေရှင်ကြီး သီချင်းကိုသာ ကျွန်တော် ဟစ်ဆိုချင်တော့တယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် အင်္ဂလန်မှာ စာဆက်သင်နေတုန်း မအေမီရယ် စောင်းတော်ရှင် ကိုသစ္စာနဲ့ ဝမ်းအက်ဖ် ထိကြသေးသတဲ့၊ ကဲ...။

စောင်းတော်ရှင် ကိုသစ္စာအကြောင်းလည်း ကျွန်တော် တခန်း ရေးပြပါ့မယ်။ တော်ကြာ ဒေါ်ခင်နှင်းယုက စောင်းတော်ရှင် ဇာတ်ကားထဲက ပြည်လှဖေကြီးနဲ့ မှားနေမှာစိုးလို့။ စာကလည်း ဟိုရောက် ဒီရောက် ကပေါက်ချိကပေါက်ချာလို့ မထင်ပါနဲ့နော်။ အေမီတို့လို အလှကြွယ်သူ ကျောင်းသူတွေနဲ့တော့ ကျွန်တော်တို့ နွားကျခံခဲ့ပုံကို ပေါ်လွင်စေချင်လို့ ပြန်ရေးပြရာမှာ အစီအစဉ် အဆီအငေါ် မတည့်ရင် ခွင့်လွှတ်ပါနော်။

မွေးကတော့ ဒီအချိန်မှာ တခါတလေများ ဖျင်ကြမ်းပင်နီအင်္ကျီနဲ့၊ မြို့မစိမ်း လုံချည် ဝတ်ပြီး လွှာဖိနပ်ကြီးနဲ့၊ သူ့ကို တွေ့လိုက်တိုင်း သူ့အတွက်သူ စာသင်နေရတာရယ်၊ သူ့မိသားစု ဝမ်းရေးအတွက် ရုံးတက်နေရတာရယ်၊ ပြီးတော့

သူ့ဝါသနာ ကန်တော်ကြီးစောင်းက ရုပ်စုံ ဂျာနယ်တိုက် တခုမှာ ဝင်ပြီး ညနေဘက် အချိန်ပိုင်းအလုပ် လုပ်နေရတာနဲ့ပဲ ပြီးနေတာပဲ။

ဩော်... သူ့အတွက် အလုပ် အလုပ် အလုပ်... တကယ့်ကို ဒီမိန်းမ ဝဋ်ဒုက္ခ ကြီးပါပေတယ်ဗျာ။ ရှင်းရှင်းရေးရရင် ဒီတုန်းက အလုပ်လုပ်ခြင်းဟာ ဂုဏ်ယူစရာလို့ မထင်ခဲ့မိပေဘူး။

ဇိမ်ခန်းတနေရာမှ မပါခဲ့တဲ့ မွှေးရဲ့လှုပ်ရှားနေရချိန်တွေမှာ ကျွန်တော်ဟာ အေမီနဲ့ အင်းလျားကန် ရေလယ်ကျွန်း မှော်ရုံတောမှာရော၊ တခြား ကျောင်းသူတွေကို အလှည့်နဲ့ ကျွန်တော်တို့ အလွှာအုပ်စု ကားကိုယ်စီနဲ့ လှည့်ထုတ်ပြီး ဇိမ်ကျနိုင်ကြတဲ့အချိန်ပဲပေါ့။

အတွတ်နဲ့တွေ့တဲ့အခါ တကြောင်း၊ နှစ်ကြောင်းလောက်ပဲ မွှေးဆီ ဝတ်ကျေတမ်းကျေ စာရေးတော့တယ်။ ကျွန်တော့်သူငယ်ချင်း အတွတ်ကို ဒီနေရာမှာ ကျွန်တော် ချီးကျူးပါတယ်။ သူဟာ မွှေးရဲ့သက်တော်စောင့်၊ အပါးတော်မြဲကြီး ကျနေတာပဲ၊ မွှေးရဲ့ဘဝအစမှာ ကသိကအောက် ဖြစ်လာချိန် ဆိုရမှာပေါ့။ သူ အပါးကမခွာ မွှေးကို စောင့်ရှောက်ခဲ့တယ်။

“ဖရက်ရယ်... မွှေးအနေနဲ့ သူ့မိဘတွေနဲ့အတူ ဝါးခယ်မမှာနေတုန်းကလို ဘာမှ အဆင်မပြေတော့ဘူး။ ခက်တာကလည်းကွာ... သူနေတဲ့အိမ်ကို ညစာ အချိန်မီ ပြန်မရောက်နိုင်လို့ ထမင်းဆိုင် တခုခု ဝင်စားပြန်တော့လည်း အတွတ်ရယ် မွှေး မျက်နှာ မထားတတ်ဘူးဆိုပြီး တလုတ်၊ နှစ်လုတ် စားပြီး တော်ပစ်လိုက်ရော”

လို့ အတွတ်က မွှေး အစားဆင်းရဲပုံကို ပြောပြတယ်။ အဲဒီအချိန်က ကန်တော်ကြီးစောင်း ဗဟန်းတဝိုက်မှာ မြင်ရုံကလည်း မဖျက်သေး။ ထမင်းဆိုင်၊ စားသောက်ဆိုင်၊ အပ်ချုပ်ဆိုင်တွေ၊ ခု မြေကျေးရှင်း နေရာကနေ တိရစ္ဆာန်ရုံအဝ၊ အင်္ဂလိပ်သင်္ချိုင်းနားအထိ လိုချင်တာ ရတဲ့အချိန်ပါပဲ။

“ကိုယ့်မှာ မွှေးတယောက်တည်း ကန်တော်ကြီးစောင်းကနေ ဦးဝိစာရလမ်းအိမ်အထိ ညနေစောင်းပြန်ရတာ စိတ်မချလို့ ပြန်ပို့ရတာကွ၊ ဟိုကျ ထမင်းလခ ပေးစားတဲ့ ထမင်းချိုင့်ကလည်း အေးစက်ကြီး။ အဲဒီတော့လည်း စားတယ်ဆိုရုံ စားပြီး တော်ပစ်လိုက်ရော၊ ဒီလိုသာ မွှေး ကြာကြာနေရင်တော့ လဲသွားမှာပဲ။ ခက်တာကကွာ... ဒီမိန်းကလေး ပတ်ဝန်းကျင်ကို ဂရုစိုက်လွန်းပါတယ်။ ထမင်းဆိုင် ဘာဖြစ်သေးလဲ၊ ကိုယ့်ထမင်း ကိုယ် ဝယ်စားတာပဲ၊ ဝအောင် စားပါ မွှေးလို့ ကိုယ်ကပြောရင် “ဟာ အတွတ်ကလည်း ဒီမတော်တရော်အချိန် ယောကျ်ားလေး တယောက်နဲ့အတူ ဒီဆိုင်တွေမှာ ထမင်းစားတာ သူစိမ်းတွေမြင်ရင် အကြောင်းမသိသူတွေက အပျက်လို့

ထင်သွားမှာပေါ့တဲ့၊ ခက်လိုက်တာ အလွန်ပါပဲ။ ခုခေတ်မှာ မဆန်းပါဘူး မွေး။ အရက်ဆိုင်၊ ဟိုတယ် ညကလပ်တွေမှာ မိန်းကလေးတွေ ဒီလို ထမင်းစားရုံတင် မဟုတ်ဘူး၊ ကိုယ့်အတွဲနဲ့ကိုယ် ဖန်ခွက်ချင်းတော့၊ ရင်ချင်းအပ်၊ ပဥ္စငါးပါး အကုန်အပ်ပြီး လုပ်ချင်တာ လုပ်နေတာ၊ မွေးကလည်း ထိန်းတဲ့ သီလတွေ များလိုက်တာ၊ ကြာရင် မင်း သေလိမ့်မယ်လို့ ကိုယ် ပြောရသေးတယ် ဖရက်ရယ်”

အတွတ် ပြောသလိုပါပဲ၊ မွေးအဖို့သာ ဆန်းနေ၊ ဒီတုန်းက မေရိမလင်းကလပ်တို့၊ ပြည်ထောင်စုကလပ်တို့၊ ပဲခူးကလပ်တို့ ဆိုတဲ့ အထက်တန်းလွှာတွေရဲ့ကလပ်ပေါင်းစုံမှာ နိုင်ငံခြားက ရင်ချင်းအပ် ကပွဲတွေ ခြိမ့်ခြိမ့်သဲပေါ့ ဒေါ်ခင်နှင်းယုရယ်။

ခုမှ နိုင်ငံခြားယဥ်ကျေးမှုကို တိုက်ဖျက်ပစ်ရမယ်လို့ လက်သီးလက်မောင်းတန်းပြီး လက်ဦးအောင် ကြွေးကြော်ခဲ့သူ အရာရှိများဟာ ကန်တော့ပါရဲ့ အပြာဇာတ်ထုပ် အပြာဇာတ်လမ်းကို နိုင်ငံခြားက ခိုးသွင်းပြီး သူတို့အိမ်တွေမှာပြ၊ ကိုယ့်ပြည်တွင်းဖြစ် အပြာမယ်တင်မက နိုင်ငံခြား အပြာမယ်ကိုတောင် တင်ပို့သွင်းကုန်လုပ်ပြီး ခြေတော်တင်နိုင်ကြတဲ့ အဖြစ်တွေကိုဗျ။

ဟဲ... ဟဲ... ဆရာတင့်တယ် လေသံနဲ့ သုံးရရင်တော့ “မသိရင် ကောင်းကြသပေါ့၊ သိရင် ဘယ်မှာ ကောင်းနိုင်ကြမတုံး” လို့သာ ဟစ်ဟစ်ပြီး ကျွန်တော် သူကောင်းသား ငိုချင်းချချင်တယ်၊ အတွတ် ပြန်ပြောချက်အရ သီလကြီးသူ မွေးကို မခံချင်အောင် အတွတ်က ပြောတယ်တဲ့။ “မင်းအစ်ကိုတွေ နိုင်ငံရေးလုပ်တုန်းက မင်း လယ်သူမတွေနဲ့အတူ ဆားနဲ့ စားခဲ့ဖူးတယ် ဆိုလို့၊ စိတ်ကို ဆွပြောလည်း လယ်သူမနဲ့အတူ ဆားနဲ့ စားရတော့ ဘာဖြစ်လဲ၊ ခု အတွတ်နဲ့အတူ အချိန်မတော် ထမင်းဆိုင်မှာ သူ မစားနိုင်ဘူး၊ ဟင်းကို ထမင်းကို ပြောနေတာ မဟုတ်ဘူး။ စားရတဲ့အချိန်၊ တွဲရတဲ့အဖော်ကို ပြောနေရတာ၊ လယ်သူမနဲ့ တွဲစားပြီး စက်တိုင်တက်ရကော ဘာအရေးလဲတဲ့”

အတွတ်ဟာ မွေးဆီက ပြန်လာတိုင်း မွေးအကြောင်းကို အဖိုးအိုလေးလို တတွတ်တွတ် ပြောနေပေမယ့် ကျွန်တော်ဟာ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ သူစိမ်းတယောက်အနေနဲ့ နားထောင် နေမိတော့တယ်။

ဩော်... အဲဒီတော့လည်း တက္ကသိုလ် ဘွဲ့နှင်းသဘင် လမ်းမကြီးပေါ်က သစ်ပုပ်ပင်ကြီး အောက်မှာ ကျွန်တော့်ကို ရေလိုအကောင်၊ ဆိုးတဲ့ ဆေးရောင်လိုက်ပြီး အရောင် အပြောင်းအလဲ မြန်တဲ့ အကောင်ဆိုပြီး အတွတ် ကျွန်တော့်ကို ဆွဲထိုးတာ ထိုးသင့်ပါတယ်လေ။ ဒေါ်ခင်နှင်းယု လေသံနဲ့ ပြောရရင် “ထိုးသင့်သောအကြောင်းကို ပြုမိသောကံကြောင့် အထိုးခံရခြင်း အကျိုးကို

ခံစားရခြင်းပေတည်း” လို့ အကြောင်းအကျိုး ဆက်သွယ်ခြင်းသဘောကို ကျွန်တော် အခု အသက် ၄၀ ကျော်မှာ စဉ်းစားဆင်ခြင်မိပါပြီ။

အတွက်က ကျွန်တော် ဖောက်ပြန် ပြောင်းလဲတာတွေကို ရိပ်မိတာတင် မဟုတ်ဘူး။ မျက်မြင်လည်း တွေ့နေရပြီကိုး။ သူက ဆက်ပြောသေးတယ်။

“အဝတ်အစားနဲ့ ပတ်သက်ပြီးတော့လည်း အတွက် တခါတလေ ဒေါပွပြီး မွေး အဲဒီ သိက္ခာခြောက်ဆယ်ရ ရသေ့အိုမကြီးလိုပဲ ဝတ်စားနေတော့မှာလား၊ မွေးမှာ ပိုက်ဆံ မရှိလည်း အတွက် ဝယ်လာခဲ့မယ်လို့ ပြောမိတယ်။ အတွက်ကလည်းကွယ်၊ ကြည့်ကောင်းပြီး သန့်ရှင်း သပ်ရပ်ရင် တော်ရောပေါ့၊ မွေးရဲ့လခက ဖေဖေတို့ မေမေတို့ဆီလည်း ပြန်ပို့ရသေးတယ်၊ ပြီးတော့လေ မွေး ပညာသင်ရေး ဘယ်လိုပဲနေနေ၊ လေးတို့၊ ထွေးတို့ကို ဒီဂရီရအောင် ပညာသင်ပေးရဦးမယ် အတွက်။ ဖေဖေဟာ ရုတ်တရက် ဝိပါကဝဋ်ကြောင့် နားမကြား၊ စိတ်ချောက်ချားပြီး၊ ရှင်းရှင်းပြောရရင် ရူးသွားရပေမယ့် သူ့ရည်ရွယ်ချက်က ငါ့သား၊ ငါ့သမီးတွေ ပညာဆုံးခန်းတိုင် ရောက်ရမယ်ဆိုတာ သူ့ရည်ရွယ်ချက်၊ သူ စိတ်ချောက်ချားလို့ တနေ့လုံး ဘာလုပ်လုပ်၊ ညနေစောင်းရင် စာကြည့်မှန်အိမ်ပြောင်းကို ပြောင်လက်နေအောင် တိုက်၊ စာကြည့်စားပွဲ အလယ်ကောင်မှာ မှန်အိမ်ထွန်းပြီး သူ့သားသမီးအစုံ စာကြည့်ချိန်မှာ ဆုံစေရတယ်၊ ပြီးတော့လေ... အတွက် ဘာသိလဲ၊ အတွက်တို့က လောကဓံကိုလည်း ဘာမှ မခံစားရဖူးဘူး၊ တဦးတည်းသော သူဌေးသား၊ မွေးတို့မှာ ဖေဖေလည်း ရောဂါရ၊ မေမေ့လယ်တွေလည်း ပျက်၊ စပါးတွေလည်း အညှောက်ပေါက်၊ အစ်ကိုတွေကလည်း စီးပွားရေးကို လှည့်မကြည့်၊ နိုင်ငံရေးကို ခြေစုံပစ်ဝင်ချိန်မှာ မွေးတို့အခြေအနေတော့ ယိုင်ပြီဆိုပြီး ဆွေမျိုးတွေကအစ ဝိုင်းနှိမ်တယ် အတွက်ရဲ့ သိလား၊ အရူးရဲ့သားသမီးတွေ ဘယ်တော့မှ ပညာဆုံးခန်းတိုင်ရောက်မှာ မဟုတ်ဘူးလို့ ဝိုင်းအထင်သေးတဲ့ အဲဒီအမျိုးတွေကိုလည်းလေ မွေးအကြောင်းပြချင်တယ်၊ အလုပ်နဲ့ သူတို့ရဲ့ အထင်သေးမှုကို ပယ်ဖျက်ပြချင်တယ်။ ပြီးတော့ မွေးသာ အစစ ခြိုးခြံပြီး လက်ရှိ ရန်ကုန်မြို့ရဲ့ ပတ်ဝန်းကျင်ဒဏ် သာယာမှုကို ခံနိုင်ရည် ရှိပေမယ့် ကောင်မလေးတွေ၊ လေးတို့၊ ထွေးတို့ ပညာမပြည့်စုံဘဲ ရန်ကုန်ရုံးတွေမှာ အလုပ်ဝင်လုပ်ရင် အတွင်းဝန်တွေကအစ ရုံးအုပ်အထိ ခြေတော်တင်ခံရမှာ သိလား။

ဒါကြောင့် မွေးဘက်က ခြိုးခြံပြီး သူတို့ကို ပညာဆုံးခန်းတိုင်ရောက်အောင် ပေးရတာ၊ မွေး အဝတ်ဝယ်မယ့်အစား သူတို့ကို ဖို့ရတာ သိလား အတွက်ရဲ့ ဆိုပြီး ကိုယ့်ကို ရန်တွေ့သေးတယ် ဖရက်ရယ်”

အတွက်ပြောတာ မှန်တယ် ဒေါ်ခင်နှင်းယု။ မွေးက အတွက် ပြောပြသလိုပဲ၊ မိန်းကလေးတွေရဲ့ဝမ်းစာရှာရေး၊ စီးပွားရေးဟာ အကာအကွယ် မတတ်ရင် မိန်းကလေးတွေ အတွက် အရာရှိဆိုးတွေ အန္တရာယ်ဟာ အင်မတန် ကြီးပါတယ်။ ဟဲ

ဟဲ... ဒီနေရာမှာ ကျွန်တော် ဖော်ကောင် လုပ်ပါရစေ။ ဗျူရိုကရက်နွယ်ဝင် ကျွန်တော် တင်အောင်ထွန်းလည်း ဗျူရိုကရက် ကုလားထိုင် ထိုင်ရတဲ့ အရာရှိဘဝ ရောက်လာတဲ့အခါ ကျွန်တော့်ဘိုးအေ ဗျူရိုကရက်များလို မြည်းစမ်းခဲ့ဖူးလို့ပါပဲ၊ ခြေရာနင်းခဲ့လို့ပါပဲ။

မွေးဟာ သူပြောသလိုပါပဲ၊ အလုပ်တွေ ပတ်ချာဝိုင်းလုပ်ရင်းက တက္ကသိုလ် စာမေးပွဲတွေကို အပြင်က ဖြေဆိုရင်း ဘီအေဒီဂရီကို ရသွားတယ်လေ။ သူ့ခမျာ သူ့ချစ်သူနဲ့အတူ စာသင်ချင်လှတဲ့ တက္ကသိုလ်နယ်မြေကို နင်းမသွားရရှာဘူး။

ကျွန်တော့် အေမီကတော့ တက္ကသိုလ်နယ်မြေက အောင်မြင်စွာ ဆုတ်ခွာသွားတယ်လို့ ဆိုရမယ်။ သူဟာ ဒီဂရီ မရခဲ့ဘူး။ "အောင်မြင်စွာ" လို့ ဘာကြောင့် အထူးပြုစကားလုံးကို သုံးရသလဲ ဆိုရင် ကျွန်တော့်လို ဘိလပ်ပြန် ဆိုပါတော့၊ ဘီအက်စီ အဆောက်အအုံ အင်ဂျင်နီယာ တယောက်ကို အလုပိုက်ကွန်ဇွေကြိုးနဲ့ ရက်ထားတဲ့ ကွန်ရက်နဲ့ သေသေချာချာ အုပ်ဖမ်းပြီး အိုင်အေ မအောင်ဘဲ တက္ကသိုလ်နယ်မြေက စာမေးပွဲ (F) ရော၊ ဟိုသင်း (F) ရော၊ အက်ဖ်ပေါင်းစုံ ထိပြီး ထွက်ခွာသွားတယ်။

သူတို့အဖို့ ဘာအက်ဖ်ထိထိ မဖြုံသာဘူးလေ။ သူတို့အဖေ သူဌေးမင်းက ကျွန်တော်နဲ့ လက်ထပ်တော့ စိန်တဆင်စာ၊ တိုက်တလုံး၊ ကားတစီး လက်ဖွဲ့ရုံတင်မက အကြီးအကျယ်ဆုံး လက်ထပ် အခမ်းအနားကြီးလည်း အကုန်အကျခံပြီး သူတို့ရဲ့ တဦးတည်းသောသမီးကို ရေစက်သွန်းချပြီး ကျွန်တော့်ကို ပေးလှူလိုက်ပါတယ်။

ကျွန်တော့်မေမေနဲ့ အဒေါ်တို့ရဲ့ သည်းခြေကြိုက်၊ နှလုံးကြိုက် ပွဲသဘင်ပေပေါ့။ ဒီနေရာမှာ ဖေဖေ မပါဘူးလားလို့ ဆိုရမယ်။ ကျွန်တော့်ပြစ်မှုထဲမှာ ဖေဖေပါ ပါတယ်။ ခုအချိန် ဖေဖေ ကွယ်လွန်သွားပြီမို့ ကျွန်တော် မသိခဲ့သေးတဲ့၊ ဒေါ်ခင်နှင်းယု မသိခဲ့သေးတဲ့ ဖေဖေ့အကြောင်း ကျွန်တော် ဖွင့်ဟ တင်ပြပြီးမှ ဒီပြည်သူ့ခုံရုံးမှာ လျှောက်လဲချက်ဟာဖြင့် စွဲချက်တင်ထိုက်၊ မတင်ထိုက် ပြည်သူတို့က ဆုံးဖြတ်စေချင်ပါတယ်။

တခြားလူတယောက်ရဲ့အပြစ်ကို ချေပ ပြောဆိုပိုင်ခွင့်၊ ကာကွယ်ပိုင်ခွင့်ကျတော့ ပါးစပ်ကို အာစေးထည့်၊ အမျိုးမျိုး ခြိမ်းခြောက်ထားပြီး ကိုယ်က အပေါ်စီး အထက်စီးနဲ့ သူတပါးရဲ့ အပြစ်ကိုသာ စွဲချက်တင်တတ်သူ ယောက်ျားသားတချို့ လူစားမျိုးနဲ့စာတော့ ကျွန်တော် တင်အောင်ထွန်းကို ဒေါ်ခင်နှင်းယု ယောက်ျား အာဇာနည်အဖြစ် အမှုကွန်းတင်ထိုက်ပါတယ်ဗျာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ ကျွန်တော် ဘာလုပ်တယ် ဆိုတာကို ရိုးသားစွာ မထိမ်မချန် တင်ပြခဲ့တယ်။ စွဲချက်တင်မယ်ဆိုလည်း အတင်ခံရပါတယ်။

အပြစ်ဒဏ်ပေးလည်း အပြစ်ခံရဲပါတယ်။ မွေးဖခင်အကြောင်းကိုတောင် ကွယ်ဝှက်ထိမ်ချန်ထားခြင်း မရှိ ကျွန်တော် တင်ပြပါတယ်။

ဒီနေရာမှာ သေသောသူအကြောင်း မကောင်း မပြောရ ဆိုပေမယ့် ဖေဖေဟာ ကျွန်တော်နဲ့ ကံကြမ္မာတူ ခံစားရသူမို့ ဖေဖေ့ဘက်ကလည်း စေတနာကောင်းလေးနဲ့ လျှောက်လဲလိုတဲ့သဘောပါ။

ဝေဿန္တရာဇာတ်တော်ထဲ ပါတဲ့ ဇာလီရဲ့စိတ်ထားကို အားကျလို့ပါ။ မြင်းမိုရ်တောင်ကို တိုက်ခတ်တဲ့လေကို လက်ဖဝါးနဲ့ ကာသလိုပဲ၊ သူ့ဖခင်ကို မင်းပရိသတ်က ပြစ်တင် ပြောဆိုသမျှ ဇာလီဟာ ငယ်ပင် ငယ်သော်လည်း သူ့အမြင်၊ သူ့အသိနဲ့ မင်းရင်ပြင်မှာ ဖခင်ဘက်က လျှောက်လဲခဲ့ဖူးပါတယ်၊ ဒီသဘောပါပဲ။

■

အခန်း (၃)
ကျွန်တော့်ဖေဖေ

မွေးလည်း ကိုကိုနိုင်နဲ့ လက်ထပ်ပြီးကြပြီ။ ကျွန်တော်လည်း အေမီနဲ့ လက်ထပ်ပြီးပြီ။ အတွက်ကြီးတယောက်ကတော့ လန်ဒန်မှာ ရှိနေချိန်ပဲ။

တနေ့တော့ ကျွန်တော် ကိစ္စတခုနဲ့ ဝင်ဆာလမ်းက အတွက်မေမေ ဒေါ်သောင်းစိန်ကြီးကို သွားတွေ့တယ်။ အိမ်မှာ အဘွားကြီးတွေ မရှိဘူး။ အပြင် ခဏထွက်သွားတယ်။ ထိုင်စောင့်နေပါဦးလို့ အိမ်ဖော် ကလေးမလေးက ကျွန်တော့်ကို ပြောပြီး ညှော့ခန်းမှာ နေရာပေးတယ်။ ဒါပေမင့် ညှော့ခန်းမှာ ညှော့သည် သုံးလေးယောက် အားရပါးရ စကားပြောနေကြတယ်။ အတွက်တို့ အိမ်ညှော့ခန်းဟာ သော်ကရွာက မွေးတို့အိမ် ညှော့ခန်းလိုပဲ။ တောဆန်ဆန် ညှော့သည်တွေလည်း ဒီညှော့ခန်းမှာပဲ ထိုင်တတ်တယ်။ သူတို့ရဲ့ သော်ကဘက်က လွှထောင်အလုပ်တွေ၊ သမ္မန်ခတ်သူတွေ အဝင်၊ အထွက် မပျက်ခဲ့ဘူး။ မွေးရှည်ကော်ဇောကြီးတွေ ခန်းလုံးပြည့် ခင်းထားပေးမယ့် တောညှော့သည်ဖြစ်ဖြစ်၊ မြို့ညှော့သည်ဖြစ်ဖြစ် ဒီညှော့ခန်းရဲ့ဆိုဖာတွေပေါ်မှာပဲ ထိုင်စေရတယ်၊ ညှော့ခံတယ်။ အဘွားကြီး ကိစ္စရှိလို့ အပြင်ထွက်သွားချိန်မှာ အဘွားကြီး လက်စွဲတော် ကိုသာဘော်က တောညှော့သည် ဆိုလည်း ဝါးခယ်မ ငါးရံ့ခြောက်နဲ့လက်ဖက်သုပ်၊ ရေနွေးကြမ်းနဲ့ တောအကြိုက် ညှော့သည်အကြိုက် ညှော့ခံထားနှင့်ရတယ်။ မြို့ညှော့သည်ဆိုလည်း မြို့အကြိုက် ကော်ဖီတို့၊ မုန့်တို့ပေါ့လေ။

အတွက်ရဲ့မေမေကို အဲဒါလေးတွေ ကျွန်တော် သဘောကျတယ် ခင်ဗျ။ သူ မရှိတုန်း ဘယ်ညှော့သည် လာလာ အစားအသောက် တခုခုနဲ့ ညှော့ခံမထားရင် အိမ်သားတွေကို ဆူတယ်။

ကျွန်တော့်တို့ အိမ်မှာကတော့ ဝါးခယ်မနယ်မြေက ကျွန်တော်တို့ လယ်တွေကိုလုပ်တဲ့ လယ်သမားတချို့ ကိစ္စရှိလို့ လာရင် နောက်ဖေးက လာရတယ်။ ထမင်းစားခန်း မရောက်ခင် မီးဖိုနဲ့ တဆက်တည်း အခန်းက ကွပ်ပျစ်ပေါ်မှာပဲ ထိုင်စေရတယ်။ ဒါတောင် သူတို့လက်မှာ ငှက်ပျောသီး၊ သရက်သီး၊ ငါးရံ့ခြောက်၊ ငံပြာရည် တခုခုတော့ ပါလာစမြဲပါပဲ။ မှိုင်းလုံးခံ ကော်ဇောအပြည့် ခင်းထားတဲ့ ဆိုဖာခုံနဲ့ ကျွန်တော်တို့ညှော့ခန်းကို သူတို့အုပ်စု လှမ်းလို့တောင် ကြည့်ဖူး၊ မြင်ဖူးမယ် မထင်ပါဘူး။

ကြီးကြီးထားရော၊ မေမေရော ဒီနေရာမှာ တသဘောတည်းပဲ။ ဒီလို တောညှော့သည်တွေကို ကျွန်တော်တို့စားတဲ့ ပန်းကန်နဲ့ မကျွေးရဘူး။ သီးခြား

သံပန်းကန် ကြွေရည်သုတ်နဲ့ ကျွေးရတယ်။

"ဟော့... သူတို့လက်ထဲ ပါလာတဲ့ လက်ဆောင်နဲ့ တန်ဖိုးတူ ဟင်းပဲချက်" ဆိုတဲ့ စကားကို ကြီးကြီးထားဟာ ပါးစပ်ကမျှားတောင် ဖွင့်ပြောတယ်။ ကျွန်တော် ဒါတွေကျတော့ မေမေတို့၊ ကြီးကြီးထားတို့ သဘောထားကို မကြိုက်ပါဘူး။ ဒါပေမင့် ကျွန်တော်တို့ သားအဖဟာ အိမ်ကြီးရှင် သခင်မ နှစ်ပါးရဲ့ မီးဖိုဆောင်အပေါ် ထားရှိတဲ့ ဝါဒရေးရာကို ဘယ်လိုမှ မပယ်လွန်နိုင်ခဲ့ပါဘူး။

မေမေကတော့ အစေခံတွေ လခထုတ်ချိန်ဆို တလလုံးမှာ ပန်းကန် ကွဲသမျှ၊ ဇွန်း၊ ခက်ရင်း အပျောက်အရှ ရှိသမျှ စာရင်း အကုန်စစ်၊ လခထဲက ဖြတ်တော့တာပဲ။ ဖေဖေက -

"တလတည်းမှာ စုမဖြတ်နဲ့ကွယ်၊ အရစ်ကျ နည်းနည်းဖြတ်"

လို့ တခါတလေ နည်းနည်းပါးပါး ဝင်ပြောရင် -

"ဒါဟာ စနစ်၊ နို့မို့ရင် စည်းစနစ် မရှိဘဲ စည်းကမ်း မရှိသေရင် အိမ်က ပန်းကန်တွေ၊ ဇွန်း၊ ခက်ရင်းတွေ ကုန်ရောပေါ့"

လို့ ဖေဖေ့ကို ပြန်ပြောရင်ပဲ ဖေဖေက မေမေ့ကို ဘာတလုံးမှ မစွက်ဖက်တော့ဘူး၊ မပြောတော့ဘူး။

အလုပ် ရှိသေအောင်လို့ စည်းကမ်းတကျ လခထဲက ဖြတ်တာကို ဖေဖေကလည်း မကန့်ကွက်လိုပါဘူး။ ဒါပေမင့် တလတည်း စုဖြတ်တော့ လခထုတ်ချိန်မှာ စားပွဲထိုး၊ ထမင်းချက် တချို့ဟာ လစာမကျန် ဖြစ်သွားတာကို ဖေဖေက စိတ်မသက်မသာ ဖြစ်ဟန်တူပါတယ်။ ကျွန်တော်တို့အိမ်မှာ သုံးတဲ့ ပန်းကန်၊ ဇွန်း၊ ခက်ရင်းတွေက ဟိုတုန်းက ရိုးကုမ္ပဏီက ပစ္စည်းတွေ ဆိုတော့ တန်ဖိုးကလည်း ကြီးတော့ မတော်တဆ ကွဲပျက် ပျောက်ရှတဲ့နေရာမှာ လျော်ကြေးပေးရတဲ့ ထမင်းချက်၊ စားပွဲထိုးတွေအနေနဲ့ မသက်သာဘူးပေါ့လေ။

မေမေဟာ သစ်တောမင်းကြီးသမီး၊ ရွှေတောင်ကြားလမ်းမွေး ရွှေမင်းသမီးလေး ဆိုတော့လည်း ကျွန်တော့်ဖေဖေရဲ့ ဝါးခယ်မ ရွှံ့မြေကိုလည်း နင်းဖူးမယ် မထင်ပါဘူး။ ကျွန်တော်တောင် အဲဒီစစ်ပြေးမှ မေမေနဲ့အတူ ဖေဖေတို့ဇာတိကို လိုက်ခဲ့ရလို့ ဝါးခယ်မကို ရောက်ခဲ့တာ။ ကျွန်တော်က ရန်ကုန်မြေဖွား၊ ရန်ကုန်သား၊ ဒပ်ဖရင် သားဖွားဆေးရုံရဲ့ ပန်ကာအောက်မှာ ပြင်သစ်ပြည်လုပ် ဝိုင်အရက်ချိုကို မေမေ သောက်ပြီး ဖွားခဲ့တာပေါ့လေ။ ကိုယ့်ဂုဏ်ပုဒ်တွေကို ကိုယ် ချီးကျူး ဖော်ထုတ် ရေးရတာပါပဲ။

တခါတလေတော့လည်း မေမေနဲ့ ကြီးကြီးထားဟာ ဇော်ဇော်ချင်း

ထိပ်တိုက်တွေ့ တတ်ကြတယ်။ မေမေကလည်း စစ်ပြေးချိန်မို့ ခေတ္တခဏသာ ဝါးခယ်မအိမ်မှာ လာနေပေမယ့် ဝါးခယ်မသူ ဝါးခယ်မသားဆို ဘယ်သူနဲ့မှ မဆက်ဆံဘူး။ ကြီးကြီးထားကလည်း မေမေပါလာတဲ့ အိမ်ထောင်ပရိဘောဂ၊ ပန်းကန်ခွက်ယောက်ကို ကျွန်တော်တို့မိသားစု သုံးရတယ်။ သူ့ပစ္စည်းဆို ဘာမှ မီးဖိုချောင်မှာ လက်ဖျားနဲ့ မတို့ရဘူး။

ရန်ကုန် ပြန်ရောက်ကြတော့လည်း မေမေက မေမ့နယ်မြေမှာ သူက ကြီးစိုးပြန်လေတော့ သူ့ပန်းကန်ခွက်ယောက်ကို ကြီးကြီးထား လက်ဖျားနဲ့ မတို့ရဘူးလေ။ အဲ... အဲ အစေခံ လခဖြတ်ဖို့တို့ ဘာတို့ဖို့ နေရာကျတော့ အကျိုးတူ လက်တွဲပြီး ပူးတွဲနှိမ်နင်းတဲ့နေရာမှာ တသဘောတည်းပါပဲ။

အခုစိတ်နဲ့ ပြန်တွေးကြည့်တော့ ကျွန်တော်တို့မိသားစုထဲ မွေးတယောက် ပါဝင် မလာတာဟာ ကံကောင်းလေခြင်း၊ မွေးအတွက် ကောင်းသော မလာမိခြင်းပေပဲလို့ တွေးမိတယ်။ သေသေချာချာ တွေးကြည့်ရင် မိသားစုလေးကသာ လေးယောက် ရှိတယ်။ အတော် ဦးနှောက် ခြောက်စရာကောင်းတဲ့ ကျွန်တော်တို့အိမ်ပဲ ခင်ဗျ။

ကျွန်တော် စကားစ လမ်းလွဲသွားပြန်ပြီ။ အဲ... အဲဒီတနေ့အတွက် မေမေ မရှိတာနဲ့ ကျွန်တော့်ကိစ္စကလည်း အဘွားကြီးကို စောင့်တွေ့ရမှာမို့ စောင့်မယ်ကြံတော့ ဧည့်ခန်းမှာ ဧည့်သည်တွေနဲ့ ကိုသာဘော် အာပေါင်အာရင်းသန်သန်နဲ့ စကားပြောနေကြတာကိုး။ ဧည့်သည်ကြီး စကား အားရပါးရ ပြောနေတာကို နားစိုက်ထောင်နေရင်း စိတ်ဝင်စားနေတော့ ကျွန်တော် လာတာကိုတောင် ကိုသာဘော်ကြီး မမြင်ဘူး။ ဒါနဲ့ ကျွန်တော်လည်း စန္ဒရားခန်းဘက်ကိုသွားပြီး စန္ဒရားတီးရင်း စောင့်မယ် စိတ်ကူးမိတယ်။

တော်ကြာ ကျွန်တော့်စန္ဒရားသံဟာ သူတို့ စကားဝိုင်းကို အနှောင့်အယှက် ဖြစ်မှာစိုးလို့ စန္ဒရားတီးတဲ့ခုံပေါ်မှာပဲ ထိုင်ရင်း သူတို့ စကားသံတွေကို နားထောင်နေမိတယ်။ စန္ဒရားခန်းဟာ သီးခြားအခန်းတခု ဖြစ်ပေမယ့် ဧည့်ခန်းကို တိုက်ရိုက် မြင်နေရတယ်။ ဇာခန်းဆီးတွေ တပ်ထားတော့ ဧည့်ခန်းက လူပေါင်းစုံကိုလည်း မြင်ရတယ်။ သူတို့ စကားသံကိုလည်း ကြားရတယ်။ လက်ဟန်၊ ခြေဟန်ကိုလည်း ပြတ်ပြတ်သားသား မြင်ရတယ်။

သူတို့ဟာ မွေးမေမေ ဒေါ်တင်တင်ကြီး ဆုံးတဲ့အကြောင်းကို ဝိုင်းဖွဲ့ ပြောနေကြပုံရတယ်။ ဒေါ်တင်တင်ကြီးကို သင်္ဂြိုဟ်တဲ့အချိန်မှာ ဝါးခယ်မက လာကြတဲ့ သိဟောင်းကျွမ်းဟောင်းတွေ ထင်တာပဲ။ လူပိန်ပိန်၊ မွန်မွန်ရည်ရည် လူတယောက်ကတော့ တီဘီရောဂါအကြောင်းကို ပြောရင်းက တယောက်က ဝင်ပြောတယ်။

"ဒီမိန်းမ တီဘီရောဂါနဲ့ သေတာပဲ ကံကောင်းတယ် ဆိုရမယ်၊ နှလုံးရောဂါ မပါတာဘဲ တော်သေး၊ တကတဲဗျာ... လင်ပြဿနာ၊ ဆွေစုမျိုးစုကြီးရဲ့ပြဿနာ၊ သားတွေရဲ့နိုင်ငံရေးပြဿနာ၊ သူ့အိမ်ပေါ် ရောက်လာသမျှ ပြေလည်နိုင်သမျှ ပြေလည်အောင် ကိုင်တွယ်တတ်တယ်ဗျာ။ တင်တင်ကြီး တင်တင်ကြီး... အသေစောလေခြင်း၊ သူကယ်ခဲ့လို့ ခေါင်းမပြတ်ခဲ့ရတဲ့ လူစုကဖြင့် သူ သေဆုံးတာကို စိတ်ထိခိုက်ဖို့ နေနေသာသာ သိမှ သိကြရဲ့လား မသိ။ တခြား အချိန်တွေထက် တင်တင်ကြီးအစွမ်းကို ကျုပ် ဒီအချိန်မှာ အတော် လေးစားမိတယ်။ အဲဒီတုန်းက မြို့ပြအုပ်ချုပ်ရေး ကင်းမဲ့သွားချိန်လေးပေါ့။ ဒီစပ်ကူးမပ်ကူးလေး မှာ ဝါးခယ်မ သခင်တစု ကယ်ခဲ့ပေလို့၊ နို့မို့ရင်လား... ဦးဘဖေကြီးတို့၊ မောင်ဘလှတို့မိသားစု ကိစ္စအချောပဲ"

ဒီစကားလုံးတွေကိုပြောနေတဲ့ လူကြီးကို ကျွန်တော် မသိဘူး ခင်ဗျ။ သူ့မျက်နှာကို မြင်ဖူးသလိုတော့ ရှိတယ်။ သူဟာ စကားပြောချိန်မှာ အာပေါင်အာရင်းသန်သန်နဲ့ ချက်ကျလက်ကျ သိပ်ရှိတာပဲ။ ဝဝဖိုင့်ဖိုင့်၊ ထောင်ထောင်မောင်းမောင်း၊ မျက်နှာက ရွှင်ရွှင်ပျပျနဲ့ လူပျော်ကြီးပုံပဲ။

ကျွန်တော်ဟာ ကျွန်တော့်အဖိုး ဦးဘဖေဆိုတဲ့ စကားလုံးရယ်၊ ကျွန်တော့်အဖေနာမည် ဦးဘလှဆိုတဲ့အသံ ကြားတာနဲ့ သူတို့စကားဝိုင်းကို ပိုမို စိတ်ဝင်စားလာတယ်။ စူးစူးစိုက်စိုက် နားထောင်နေမိတယ်။

အဲဒီလူကြီးက ဆက်ပြောတယ်။

"တခြားမြို့တွေမှာဆို အဲဒီလို ရတ်တရက် အင်္ဂလိပ် အုပ်ချုပ်ရေးအဖွဲ့က အဆုတ်၊ ဂျပန်အုပ်ချုပ်ရေး မလာခင်မှာ တောကြောင်တွေ၊ ခားပြတွေ အသတ်ခံရလို့တမျိုး။ ကျောင်းတော်က ရန်စ၊ နိုင်ငံရေး ရန်စတွေကြောင့် မြို့ပေါ်က ကြေးရတတ်တွေ၊ စက်ပိုင်ရှင်တွေဟာ လက်နက်ကိုင် သခင်ပေါက်စ လူငယ်တချို့ရဲ့ကလဲ့စား အချေခံရတယ်၊ ကိုဘလှတို့မိသားစုကသာ မသိတာ မောင်ရင်ရေ့၊ ဦးဘဖေကြီးကတော့ ကောင်းကောင်းသိ၊ သူတို့အပါအဝင် ဝါးခယ်မသူဌေးတွေကို ဝါးခယ်မ သခင်တစု ကယ်ခဲ့တယ်ဆိုတာကို၊ ဒါကြောင့်မို့ ဦးဘဖေကြီးဟာ သေသာသွားရော၊ ဝါးခယ်မ သခင်အုပ်စုကို ကျေးဇူးတင်လို့ မဆုံးခဲ့ဘူး"

ကျွန်တော်တို့ရဲ့ဘိုးအေ ဦးဘဖေကြီးဟာ ဂျပန်ခေတ်အတွင်း ဆုံးသွားတယ်။ ဒီလူကြီး ဆက်လက်ပြောပြတဲ့ အကြောင်းတွေကို ကျွန်တော် ငယ်သေးလို့လည်းတကြောင်း၊ မနီးစပ်လို့လည်း တကြောင်း ဖိုးဖိုးတို့ဆီက မသိခဲ့ဘူး။ သူ့စကားက စိတ်ဝင်စားစရာ ကောင်းလာတဲ့အပြင် ကျွန်တော့်ကိုလည်း သတိတရား ရစေပါတယ်။ ပြီးတော့ စကားမပြောခင် သီချင်းတပုဒ်ကို

ဆိုလိုက်တယ်။

"နောင် ဥဒါန်း ဘယ်မကြေစရာ... ကမ္ဘာတခွင်မှာတော့... ဗမာအထင်အရှား၊ တို့ခေတ်တွင်မှ ညံ့ကြတော့မှာလား၊ တို့ဗမာ တို့ဗမာ မဟုတ်လေသလား၊ တို့ဗမာ... ဒါ ငါတို့ဗမာ.. ရဲရဲဗမာပီပီ... ဗမာပြည်... တို့ဗမာဖို့ပါ..."

သူဟာ အဲဒီသီချင်းကို လက်သီးလက်မောင်း တန်းရင်း အားရပါးရ ဆိုပြလိုက်တာ သူ့ပါးစပ်ထဲက ကွမ်းတချို့တောင် အပြင် ထွက်စဉ်သွားတယ်။ ဘေးကလူတွေက ဝိုင်းရယ်တယ်။ ကျွန်တော့်စိတ်ထဲ ဘာများဖြစ်သွားလဲ အောက်မေ့တယ်။ ပြီးမှ ဆက်ပြောပြန်ရော။

"ဒီသီချင်းဟာ တို့ဗမာသီချင်း၊ ဒီသီချင်းကိုများ အခု ဟစ်ဆိုလိုက်ရရင် နှစ်ပေါင်း သုံးဆယ်လောက် ငယ်သွားသလိုပဲ၊ အဲဒီအပိုဒ်ပြီးမှ ခု ကမ္ဘာမကြေ အမျိုးသားသီချင်းကို ဆက်ဆို ရတာ၊ ဆိုတဲ့အခါတိုင်းလည်း ဗြိတိသျှအစိုးရကို ရွှပ်ရွှပ်ချွံချွံ တိုက်ခဲ့တဲ့ ကိုယ့်ရဲဘော်ရဲဘက် ရောင်းရင်းသခင်တွေကို သတိရတယ်ဗျာ၊ ကျုပ်ဟာ အင်္ဂလိပ်အစိုးရ မြို့ပြအုပ်ချုပ်ရေး သခင် အဖွဲ့ထဲမှာ ပါခဲ့တယ်။ သခင်တွေ အုပ်ချုပ်ရေး ဝင်ကိုင်ရချိန်မှာ ကျုပ်တို့ ဆိုခဲ့တဲ့သီချင်းကတော့ -

အဆင်ပြေစွာ... သခင်တွေမှာ ရန်ရန်ချင်း မတုံ့နှင်းဘဲ

စိတ်ရင်းညီမျှစွာ... ခင်မင်စွာ... ကြင်နာစွာ...

သတ္တဝါ ရင်ဝယ်သားလို...

တရားလမ်းကြောင်းနဲ့ နှိမ်နင်းမယ်... ယုံပါ...

ဆိုတဲ့ သီချင်းကို ဆိုကြတာပေါ့လေ။ ဒါပေမင့် ကျုပ်တော့ တို့ဗမာသီချင်း ဟစ်ဆိုရသလို အရသာ မတွေ့ အာမတွေ့ပါဘူးဗျာ။ သီချင်းထဲ စိတ်ရောက်သွားတာနဲ့ ကျုပ် ပြောပြတဲ့ စကားကြောင်း ပြောင်းသွားတယ်၊ စင်စစ်တော့ တင်တင်ကြီးအဆုံးအမက သခင်တစုကို လွှမ်းမိုးသွားတယ်။ သူသာ မကယ်ရင် ကိုဘလှတို့မိသားစု ခေါင်းအပြုတ်ပဲ၊ သခင်ပေါက်စ လူငယ်လေးတွေမှာ သခင်သန်းတင်က အထက်မြက်ဆုံး အဆိုးဆုံးလို့ ဆိုရမယ်၊ သူ့ဘက်က ကြည့်တော့လည်း သူ မှန်ပါတယ်၊ ဒီလိုဗျ... ကိုဘလှရဲ့လက်ရှိဇနီးက ဒီရန်ကုန်က သစ်တောမင်းကြီး ဦးဘစမ်းရဲ့သမီး မမြသွယ်၊ ကိုဘလှဟာ လက်ရှိမိန်းမ ဒေါ်မြသွယ်ကို လက်မထပ်ခင် မိန်းမတယောက် ရှိခဲ့တယ်"

ကျွန်တော်ဟာ ကျွန်တော့်အဖေရဲ့ ကျွန်တော် မသိတဲ့ နောက်ကြောင်းကို အစဖော်လာတော့ ပိုပြီး စိတ်ဝင်စားမိလာတယ်။

"အဲဒီ ပထမမိန်းမက သခင်သန်းတင်ရဲ့အစ်မပဲ၊ သခင်သန်းတင်တို့ဟာ ထော်ကနွတ် ဘက်မှာ နေပေမယ့် လယ်ပိုင်၊ ချောင်းပိုင်၊ သူ့အဖေကြီးကလည်း ထော်ကနွတ်ရွာ မျက်နှာဖုံးပဲ၊ မော်တော် ထောင်တယ်၊ သမ္မာန်လည်း ခတ်တယ်၊ သခင်သန်းတင်အစ်မ မနှင်းကြည်က မိန်းမချောလေးပဲ၊ သူက ဝါးခယ်မ အရှေ့ပိုင်းကျောင်းမှာ ဆရာမ၊ ကိုဘလှက လူငယ်ချင်း မေတ္တာမျှတာနဲ့ မနှင်းကြည်ကို လက်ထပ်ပြီး သူတို့အိမ်မှာ ထားခဲ့ရတယ်၊ သူကတော့ ဝတ်လုံအတတ်ကို ဘိလပ်မှာ သွားသင်တယ်လေ။ ဒီနေရာမှာ မနှင်းကြည်ခမျာ ဆရာမ ဆိုပေမယ့် အဲဒီကိုဘလှအမ ဒေါ်ဇီဇာရဲ့ဆေးလိပ်ခုံလည်း အုပ်ထိန်းရသေးတယ်၊ ဒေါ်ဇီဇာရဲ့ မီးဖိုချောင်ကို လည်း တဖက်က ထိန်းရသေးတယ်။ နာမည်ကိုက မဇီဇာဆိုတဲ့အတိုင်း သိပ်ဇီဇာများတာပဲ၊ ရန်ကုန်မှာတော့ သူ့နာမည်က ဒေါ်ထားထားပေါ့၊ အခု ရွှေတောင်ကြားလမ်းမှာ သူတို့ တိုက်တလုံး ရှိတယ်။ သူ့လယ်တွေကို သိမ်းပြီးစ စပါးသွားခြင်ရင် ခါးမှာ ခြောက်လုံးပြူးထိုးပြီး သန်းခေါင်ကျော် မီးထွန်းပြီးတော့ကို ယောကျ်ားတွေနဲ့ တန်းတူ စပါးခြင်တဲ့ မိန်းမဗျ၊ သူက သူ့မောင် ကိုဘလှ ယူလို့သာ သဘောတူလိုက်ရတာ၊ သူ့မောင်ဟာ မနှင်းကြည်တို့လို မိန်းကလေးမျိုးနဲ့ တန်တယ် မထင်ဘူး"

ဉ္ဇေသည်ကြီးဟာ ရေနွေးကြမ်းကို တချက် မော့ပြီး ဆက်ပြောတယ်။

"ကိုဘလှလည်း လန်ဒန် ထွက်သွားရော မနှင်းကြည်ကို ပညာပြတော့တာပဲ၊ တကယ်တော့ ကလေးမလေးဟာ သေသေဝပ်ဝပ်နဲ့ ကြန္ဒြေရှင်လေးပါ။ နောက်ဆုံးတော့ သူလုပ်ပုံက မနှင်းကြည်ဟာ ထွက်ပေါက်ကို မရတော့၊ နေမရအောင်ကို နှိမ်လွန်းလို့ အညာက ရှမ်းဖက် ပွဲစားလေးနဲ့ ထွက်ပြေးရတယ်၊ ရိုးရိုးထွက်ရခြင်း မဟုတ်ဘဲ သူ့အစ်မ ဇာတ်လမ်းဟာ လင်ငယ်နေ ဇာတ်လမ်း ဖြစ်ရခြင်းမှာ တစ် တရားခံဟာ ဒေါ်ဇီဇာပဲဆိုတာ သခင်သန်းတင်က အသည်းစွဲထားတာ၊ ကျုပ်သာ စာရေးတတ်ရင် ဒီဇာတ်လမ်း ဝတ္ထုတပုဒ် ဖြစ်သေးတယ်။ ကိုဘလှ ပြန်လာတော့လည်း မဇီဇာက မနှင်းကြည် လင်ငယ်နောက်ကို လိုက်သွားပြီး အဖြစ်နဲ့ ဇာတ်လမ်းကို တခန်းရပ်ခိုင်းပြီး ကိုဘလှကို သူတို့ တဆွေလုံး တမျိုးလုံးကြိုက် ခု သစ်တောမင်းကြီး ဦးဘစမ်းသမီး မမြသွယ်နဲ့ လက်ထပ်ပေးလိုက်တာပါပဲ။ နောက်ပိုင်း ဝါးခယ်မမှာ ကြီးပြင်းလာတဲ့ လူငယ်လေးတွေတောင် မနှင်းကြည်ရဲ့ဇာတ်လမ်းအမှန်ကို မသိရှာကြဘူး"

ဖေဖေနဲ့ ဆရာမ မနှင်းကြည်ရဲ့ဇာတ်လမ်းလိုပဲ ကျွန်တော်တို့၊ မွေးတို့၊ အတွက်တို့ရဲ့ ဇာတ်လမ်းကိုလည်း ဝါးခယ်မမြို့မှာ ဒဏ္ဍာရီလို အကြောင်းသိတွေဟာ တီးတိုး ပုံပြင်လေးတွေကို ပြောရစ်ကြမှာပဲနော်။ ဒီလူကြီးက ဆက်ပြောတယ်။

"တင်တင်ကြီးတို့အိမ်မှာပဲ တချို့ သခင်ကြီးကြီးပိုင်းတွေ အရေးကြီး

ပြဿနာတွေ၊ နိုင်ငံရေးအကြောင်း၊ စည်းရုံးရေးအကြောင်း ရေနွေးကြမ်းဝိုင်းမှာထိုင်ရင်း ပြောလေ့ပြောထ ရှိကြတယ်၊ ဒီတုန်းက တင်တင်ကြီးပြောပြပုံက ကျူပ်ရင်ထဲတောင် တမျိုး အရသာပဲ၊ သူက တခြား သခင်တွေကိုလည်း သူ့သားတွေကို ခေါ်သလို သားတို့ရေ... လို့ပဲ ခေါ်တတ်တယ်။ သူက ဘာပြောသလဲဆို တံစဉ်ဆိုတာ မြန်မာတပြည်တည်းက လယ်သမားတင် ကိုင်တာ မဟုတ်ပါဘူးကွဲ့” တဲ့၊ “တိုင်းပြည်တိုင်းက လယ်သမားတွေဟာ စက်မှုလယ်ယာ မထွန်းကားချိန်မှာ ဒီတံစဉ်ကို ကိုင်ခဲ့ရတာပါ” တဲ့။ “ကမ္ဘာသူ ကမ္ဘာသားတွေ မျိုးရိက္ခာစပါး ကုံလုံကြွယ်ဝဖို့ အစားပြဿနာ ပြေလည် ဖြေရှင်းအောင် သံခေတ် လယ်သမားတွေ လက်ထက်ကတည်းက တံစဉ်ကို လက်စွဲခဲ့တာ၊ ဒီတံစဉ်နဲ့ စပါးနှံကို ရိတ်ဖြတ် သိမ်းဆည်းပေးရတာပါ” တဲ့၊ “လူတွေရဲ့လည်ပင်းကို ဖြတ်ဖို့ လယ်သမားလက်မှာ တံစဉ်ကို အပ်ခဲ့ကြတာမှ မဟုတ်ဘဲ” တဲ့။

“တူကလည်း ဒီလိုပါပဲ၊ အလှည့်ကျ မန္တရားဘူး၊ တူဖြစ်ရင်လည်း ထုရမယ်၊ ပေဖြစ်ရင်လည်း ခံရမယ် ဆိုပေမယ့် တူဟာ အိုးအိမ်ကို ဆောက်လုပ်ဖို့၊ လူသားတွေ ခိုလှုံဖို့၊ တိုက်တာ အဆောက်အအုံတွေ ဆောက်ဖို့၊ အလုပ်သမားတွေလက်ကို အပ်ခဲ့တာပါ။ တယောက်နဲ့ တယောက် မသင့်မြတ်ကြတိုင်း တူနဲ့ ထုသတ်ဖို့၊ လက်စားချေဖို့ တူဘဝကို ရောက်လာတာ မဟုတ်ဘူး။ အလုပ်သမားတွေကိုလည်း စွဲကိုင်စေတာ မဟုတ်ဘူး” တဲ့။

သခင်သန်းတင်ကို ကွပ်ကဲမနိုင်လို့ ကိုဘလှမိသားစု လည်ပင်းပြတ်ပွဲ ဖြစ်ခဲ့ရရင် ဝါးခယ်မ သခင်တခုရဲ့အမည်းစက် ဇာတ်လမ်းကြီးဟာ ဝါးခယ်မမြေပေါ်မှာ ထင်ရစ်မှာ။ ဒါကြောင့်မို့ အားလုံးမှာ တာဝန်ရှိပါတယ်။ လက်ကျဲထဲ အုပ်ချုပ်ရေးမဲ့ချိန်မှာ ဝါးခယ်မက အုပ်ချုပ်ရေးတာဝန်ခံ သခင်တစုဟာ ဝါးခယ်မမြို့ကို သွေးတစက် မကျအောင် ကွပ်ကဲ ထိန်းအုပ်ခဲ့တယ်ဆိုတဲ့ ရာဇဝင်လှလှကိုပဲ ဒီမြို့သက်တမ်းမှာ တွင်ရစ်ပါစေ” တဲ့...၊ ကဲဗျာ.. ဘယ်လောက် စကားပြော တော်တဲ့ မိန်းမလဲ၊ အစက သတ်ပါ့မယ် ပုတ်ပါ့မယ် တကဲကဲနဲ့ လက်သီးလက်မောင်းတန်းတဲ့ သခင်သန်းတင်လည်း ငိုင်ကျသွားတာပဲ၊ တဖြည်းဖြည်း စဉ်းစားပြီးမှ သခင်သန်းတင်က ကတိတခု ပေးတယ်၊ သူ့လက်ချက်နဲ့တော့ ကိုဘလှတို့မိသားစု မသေစေရဘူး ဆိုတဲ့ ကတိပါပဲ၊ ဩော်... တင်တင်ကြီး၊ တင်တင်ကြီး... သူ့အိမ် ပြဿနာတခုခု ရောက်လာရင် ပြေပြေလည်လည်နဲ့ ငြိမ်းသွားအောင် လုပ်နိုင်တဲ့ အမျိုးသမီးကြီး တယောက်ပါပဲ၊ ဆုံးရှာပြီနော်”

သူက သူ့စကားကို ကြေကွဲစွာနဲ့ အဆုံးသတ်တယ်။

လူပိန်ပိန်တယောက်က ဘာပြန်ပြောသလဲဆိုရင်...

"အဲဒီတုန်းက ကျွန်တော်တို့ကလည်း ငယ်စိတ်နဲ့ဆိုတော့ သခင်သန်းတင်ကို ထောက်ခံမိတယ်။ ကျုံမငေး သခင်ဘဇင်ကြီးရဲ့အပြတ်ရှင်းဝါဒကို သဘောကျမိတာကိုး။ သခင်ဘဇင်ကြီးရဲ့အပြတ်ရှင်းဝါဒကတော့ မြေပိုင်ရှင်တွေ အာဏာရှိချိန်မှာ၊ တန်ခိုးရှိချိန်မှာ တင်းတောင်း နှစ်မျိုးထားပြီး သူတို့ ယူချိန်မှာ တင်းတောင်းကြီးနဲ့ချိန်၊ လယ်သမားကို ဝမ်းစာပေးချိန်မှာ စံမကိုက် တင်းတောင်းသေးနဲ့ ပေးတဲ့ လယ်ပိုင်ရှင်၊ စက်ပိုင်ရှင်တွေကို အဲဒီလို အုပ်ချုပ်ရေးမဲ့ချိန်မှာ သူ့လက်ထဲရှိတဲ့ လက်နက်နဲ့ အပြတ်ကို ရှင်းတာပဲဗျို့၊ ငယ်သွေး ငယ်စိတ်နဲ့ ဆိုတော့ အဲဒီ ကျုံမငေး သခင်ဘဇင်ကြီးရဲ့ အပြတ်ရှင်းဝါဒကို တယ်ကြိုက်၊ သိပ်ကြိုက်ပေါ့။ ခုမှ သွေးအေးချိန် ပြန်တွေးမှ ဪ... ဝါးခယ်မ သခင်တစု တော်ပါပေတယ်၊ အမြော်အမြင် ကြီးတယ်၊ ဒါကြောင့် အင်္ဂလိပ်အစိုးရလက်ထက်ကလည်း မြောင်းမြပဟာ ဒိစတြိတ်မြို့ပေမယ့် ဝါးခယ်မလို နယ်ပိုင် ရုံးစိုက်တဲ့ မြို့မှာ မြောင်းမြစီရင်စု တို့ဗမာအစည်းအရုံးကို ဝါးခယ်မမြို့ပေါ်မှာ ထားရတယ်။

ဘာသာရေး၊ သာသနာရေးမှာ ဆိုနိုင် ခက်ခဲတဲ့ လူငယ်တစု မဟုတ်ပေဘူး။ တက်ကြွတဲ့ သခင်လူငယ်ပိုင်းနဲ့ ဝါးခယ်မ လူကြီးပိုင်း ဦးရှင်ကြီး ပသပွဲနဲ့ ပတ်သက်ပြီး ပဋိပက္ခဖြစ်ချိန်မှာ သခင်ကိုယ်တော်မှိုင်းကြီး ဝင်ရောက် ဖျန်ဖြေပေးတာကိုလည်း ရိုရိုသေသေ လိုက်နာခဲ့ကြပေတယ်လို့ ခုမှပဲ ကိုယ့်အုပ်စု စွမ်းရည်ကို ကိုယ် ပိုပြီး ကြည်ညိုမိတယ်ဗျာ"

ကျွန်တော့်မှာတော့ သူတို့အုပ်စုရဲ့ သူတို့မြို့ကလေးကို ဂုဏ်ရည်သွေး ပြောနေတာကို နားထောင်ရင်း ဝမ်းနည်းလာတယ်၊ ငိုချင်လာတယ်၊ ဖေဖေနဲ့ ဆရာမ မနှင်းကြည် ပြဿနာ အတွက်လည်း ကာယကံရှင်တွေကို တောင်းပန်ချင်စိတ် ပေါ်လာတယ်၊ ကျွန်တော် ဝမ်းပန်းတနည်း နားထောင်နေရဆဲမှာ တယောက်က...

"ကျုပ်ကလေ၊ ကျုပ်က ကိုဘလှတို့၊ မမြသွယ်တို့ကို မရင်းနှီးပါဘူး၊ မဇီဇာကိုတော့ လယ်သမားတွေအပေါ် လုပ်ပုံထက် ဆေးလိပ်ခုံသမားတွေအပေါ် ဆက်ဆံပုံကို နည်းနည်းမှ မကြိုက်ဘူး။ ဆေးလိပ် လိပ်သမတွေဟာ သူတို့ရေ သူတို့ သောက်ရတယ်၊ ရောဂါကူးစက်မှာမို့ အိုး သီးခြားပေးထားတယ်ဆိုလည်း ထားဗျာ၊ မတော်တဆ သူတို့ရေအိုးထဲက ရေ ခပ်သောက်မိရင် တခါတည်း သွန်ပစ်တယ်။ ဒါတော့ လူလူချင်း စော်ကားတာ။ မနှင်းကြည်နဲ့အတူ သူ့တူမ ကြူကြူသင်းကို အလုပ်သမားတွေ အုပ်ချုပ်ဖို့ ထားတော့လည်း ကြူကြူသင်းဝတ်တဲ့ အစနဲ့ တူတဲ့ ထဘီ၊ အင်္ကျီ ဆင်တူတာဆို ဆေးလိပ်ခုံသမတွေ လုံးဝ မဝတ်ရဘူး၊ ဒါဟာ အလုပ်ခွင် ပြဿနာမှ မဟုတ်ဘဲဗျာ"

"ကဲလေ... တော်ကြပါတော့၊ ပြောကြတာက ပြဿနာများကို အေးချမ်းစွာ ဖြေရှင်းတတ်တဲ့ ဒေါ်တင်တင်ကြီးအကြောင်း ပြောရင်း ပြောရင်းက

စကားကြောင်းက အနာဟောင်းကို ပြန်ဆွပြီး အာဃာတပွားစေတဲ့အကြောင်း ဖြစ်နေတယ်၊ ရပ်လိုက်ကြပါတော့ ဗျာ” တဲ့။

သူတို့စကားဝိုင်းဟာ အတွတ်အမေ ဒေါ်သောင်းစိန်လည်း ပြန်ရောက်လာတာနဲ့ စကားကြောင်း ပြောင်းသွားပြီး လူစု ကွဲသွားကြတယ်။

ကျွန်တော်လည်း ဒေါ်ဒေါ် ဒေါ်သောင်းစိန်နဲ့ ကိစ္စရှိတာ ပြောဆို ပြန်လာခဲ့တယ်။ အဲဒီညမှာ ကျွန်တော် အိပ်လို့ကို မပျော်ခဲ့ဘူး။ အကျိတ်အခဲ ကျွန်တော့်ရင်ထဲမှာ တခါက ဖြစ်ခဲ့ရတဲ့ မွေးရဲ့ မေမေအပေါ်လည်း ကျွန်တော် ခွင့်လွှတ် ကျေနပ်ခဲ့တဲ့စိတ်နဲ့ နောင်တရမိတယ်။

ယောက္ခမကြီးအဖြစ် မတော်လိုက်ရတဲ့အတွက် ကျွန်တော် ကံဆိုးခြင်း တကွက်ပေါ့လေ။ ကျွန်တော် မွေးမေမေအပေါ် မကျေမနပ်ခဲ့တာလေးလည်း ရှင်းပြပါရစေဦး။ တပိုင်းစီ ရှင်းမှ ပြဿနာက ပြေလည်မှာမို့ပါ။

ကျွန်တော်နဲ့ မွေးဟာ စတွေ့ပြီး အပြေအလည် ဖြစ်မလိုလိုနဲ့ မပြေလည်ခဲ့ရတာတွေ၊ အဖြစ်တွေ အများကြီးပဲ။ ကျွန်တော်ရဲ့နောက်ပိုင်းစာတွေ သူ့မေမေ မိသွားချိန်မှာ သူ့မေမေက ကျွန်တော့်အပေါ် အထင်သေးရက်လေခြင်းလို့ ကျွန်တော် စိတ်ဆိုးမိတဲ့အချိန်ပါပဲ။ မွေးကလေ ကျွန်တော့်အပေါ် သူ့မေမေရဲ့ထင်မြင်ချက်ကို ညတညမှာ ကျွန်တော့်ကို ပြောပြတယ်။

“မေမေကလေ… မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလို့၊ မွေးမျက်စိရှေ့မှာ မေမေ တခါမှ ဒီလို မငိုဘူး မောင်ရယ်၊ သူချစ်တဲ့သားတွေ နိုင်ငံရေး အပြစ်ဒဏ်ကြောင့် ထောင်ကျတုန်းကလည်း သူ ဒီလို မငိုဘူး။ တိုက်ပွဲမှာ ကျသွားတော့လည်း ဒီလို မငိုဘူး၊ သူ့စိတ်ကို ကြံ့ကြံ့ခံ တင်းထားတယ်။ မွေးနဲ့ မောင် ချစ်နေပြီဆိုတာကို အခိုင်အမာသိရတဲ့ အဲဒီနေ့မှာ လှိုက်လှိုက်လှဲလှဲ ငိုတော့ မွေး ကျူးလွန်တဲ့ ပြစ်မှုဟာ သိပ်ကြီးနေလို့ပေါ့”

“အပြစ်… ဟုတ်လား၊ မွေး မောင့်ကို ချစ်တာ အပြစ်”

ကျွန်တော်လေ… ဒီနေရာမှာ ဒေါသထွက်သွားမိတယ်။ မွေးကို မဟုတ်ပါဘူး၊

မွေးရဲ့မေမေကို။

“မောင် ဒေါသမဖြစ်နဲ့လေ၊ မွေး ပြောတာတွေကို ဆက်နားထောင်ဦးလေ”

သူဟာ ကျွန်တော့်ပခုံးကို ပုတ်ပြီး သတိပေးသလို ပြောလိုက်မှ သူ့စကားကို ကျွန်တော် အေးအေးဆေးဆေး ဆက်နားထောင်မိတယ်။ ကျွန်တော်သိချင်တဲ့

မေးခွန်းကိုလည်း ဆက်မေးမိတယ်။

"ပထမဆုံး မောင် စာတွေ စာပေးပြီးတော့ မောင့်စာတွေကို မွှေးရဲ့မေမေကို တင်ပြခဲ့တယ်ဆို၊ ဒီတော့ မွှေးရဲ့မေမေကို အသိပေးပြီးမှ မောင့်ကို ချစ်တယ်လို့ မောင် ယူဆတယ်၊ ခုမှ ဘယ်လို ဖြစ်တာလဲ"

"ဒီလိုပါ မောင်၊ မေမေ့ဘက်ကလည်း မှန်ပါတယ်၊ မောင့်ဘက်ကလည်း မှန်ပါတယ်၊ ပထမဆုံး စာတွေ တင်ပြစဉ်က မေမေ့ကို တိုင်ပင်ရုံ၊ အကြံဉာဏ် ရယူရုံသဘောပဲ၊ မွှေးကလည်း ပြန်စာထဲမှာ မွှေးချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူဟာ တယောက်တည်းပဲ ဖြစ်စေချင်တယ်လို့ မွှေး ရေးပြခဲ့တာ မောင် သတိရသေးလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

"မေမေ့စိတ်ထဲမှာလည်း မောင့်စာတွေ ဖတ်ပြီး ဆွေးနွေးရုံ၊ အကြံပေးရုံသဘောပဲ ပြောပြခဲ့တာတဲ့၊ ဘယ်နည်းနဲ့မှ မောင်တို့အသိုင်းအဝိုင်းမှာ မွှေးဟာ အံဝင်ခွင်ကျ ဖြစ်မှာမဟုတ်လို့ သမီးရဲ့အိမ်ထောင်ရေးဟာ မြဲလည်း စိတ်ဆင်းရဲမှာပဲ၊ မေမေဟာ သမီးစိတ်ကို နားအလည်ဆုံး မိခင်ပါ၊ သမီးစိတ်ကို နားလည်သလို၊ သူတို့ မိသားစုအသိုင်းအဝိုင်း ပတ်ဝန်းကျင်ကို သမီး သိတာထက် မေမေ ပိုသိတာပေါ့၊ သမီးလေး ငယ်သေးတယ်၊ သမီး မသိတာတွေ အများကြီး ရှိသေးတယ်၊ ပြီးတော့... ပြီးတော့ သမီးဟာလေ မေမေ့အပေါ် သစ္စာရှိသလိုလိုနဲ့ သမီးဟာ မေမေ့ကို ညာတယ်၊ ဒီသူငယ်ကို ပြန်ချစ်တဲ့အချိန်မှာ မေမေ့ကို အသိမပေးဘူး၊ မေမေ စာကို မိပေလို့ပေါ့ဆိုပြီး မေမေက ရှိုက်ကြီးတငင် ငိုတယ် မောင်ရယ်"

မွှေးဟာ သူ့မေမေ ပြောစကားကို ပြန်ပြောပြီး...

"မွှေး... မွှေးဟာ မေမေ့ကို ညာ၊ မေမေက သဘောမတူနိုင်ဘူးဆိုတဲ့ မောင့်ကို ချစ်မိပါပကော"

ဆိုပြီး ကျွန်တော့်ပခုံးပေါ်မှာ သူ့မျက်နှာလေး အပ်ပြီး ချုံးချပြီး ငိုတော့တယ်။ ဒီတုန်းက အင်မတန် အေးမြတဲ့ ဆောင်းညလယ်ရဲ့ သန်းခေါင်ယံ လေတွေရော၊ ငွေနှင်းမှုန်စက်တွေရောဟာ ငယ်ရွယ်သူ ကျွန်တော်တို့နှစ်ယောက်ရဲ့နှလုံးသား အပူမီးကို မငြိမ်းသတ်နိုင်ခဲ့ဘူး။ ကျွန်တော်ဟာ တကယ့် ကရုဏာ၊ မေတ္တာနဲ့ပဲ မွှေးကို တင်းတင်းကျပ်ကျပ် ဖက်ပြီး နှစ်သိမ့်စေခဲ့ပေမယ့် ရင်ထဲမှာတော့ သူ့မေမေကို မကျေနပ်နိုင်ခဲ့ဘူး။

ကျွန်တော် ရေးတာ ဒေါ်ခင်နှင်းယုရဲ့ ရေးပြီး ဝတ္ထုထဲမှာ မပါသေးတဲ့ ကျွန်တော်တို့ နှစ်ဦးသာ သိတဲ့ အချက်အလက် အချို့ကိုသာ ကောက်နုတ်ချက်

ရွေးချယ်တင်ပြတာမို့ အဆက်အစပ် မရှိသလို ဖြစ်ကောင်း ဖြစ်မယ်။

သူ့မေမေကို မကျေနပ်တယ်လို့ပဲ ဆိုရမယ်။ ခံပြင်းစိတ် ကျွန်တော့်မှာ ဖြစ်သွားတယ်လေ။ ကျွန်တော့်လိုကောင်ကို ဘာလို့ သူ့သမီးနဲ့ သဘောမတူရမှာလဲ။ သူ့သားတွေလို နိုင်ငံတော်အတွက် စစ်မှုထမ်းဖို့၊ နိုင်ငံရေး အစည်းအရုံးတွေမှာ ဝင်ရောက် လှုပ်ရှားဖို့က ကျွန်တော်တို့ အသိုင်းအဝိုင်းနဲ့ နီးမှ မနီးစပ်ဘဲ။ ဒီလို မနီးစပ်လို့ ပါဝင်လှုပ်ရှားခြင်း မရှိတာ တခုတည်းကို ထောက်ပြပြီး အမျိုး မချစ်ဘူး၊ အများအကျိုးအတွက် ကိုယ်ကျိုးကို စွန့်လွှတ်ရဲတဲ့သတ္တိမရှိဘူးလို့ ငါ့ကို အထင်သေးတယ်။ သူ့သမီးနဲ့ လက်ထပ်ဖို့ တားမြစ်တာ အဘွားကြီး မတရားဘူးလို့ ဒီတုန်းက မဖောက်ပြန်သေးသော မောင်တင်အောင်ထွန်းလေး ဥမှ ပေါက်စ ငယ်နုသွေးဟာ မွှေးရဲ့မေမေအပေါ် နာကြည်းခဲ့မိတယ်။

ဝါးခယ်မမြို့တင်မက မြန်မာ့လူနေမှုစနစ်မှာ စစ်မဖြစ်ခင် အိမ်ထောင်ရေးအပေါ် သဘောထားမှာ အုပ်ထိန်းသူတွေရဲ့သဘောထားကို ဒေါ်ခင်နှင်းယု သိပြီးသားပါ။ တချို့ကလည်း သားသမီးကို လက်ထပ်ရေးမှာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ပေးခဲ့တယ်။

တချို့ ငွေရှင်ကြေးရှင်တွေကတော့ အိုင်စီအက်စ်၊ ဘီစီအက်စ်၊ ဘိလပ်ပြန် ဝတ်လုံတော်ရ၊ အင်ဂျင်နီယာတို့၊ ဆရာဝန်တို့၊ အမြီးရှည် ရှည်သလောက် ငွေနဲ့ စိန်နဲ့ စက်ဝယ်ချိန်ပဲမို့လား။ သူတို့ရဲ့ သမီးတွေမှာသာ နောက်ပိုင်းကျတော့ ပွဲတက်မယားသာ ဖြစ်ခဲ့တယ်။

တနည်း ဗန်ကောက်လုံချည်ပေါ့ဗျာ။ ဗန်ကောက်လုံချည်တို့၊ ချိတ်ပုဆိုးတို့ဆိုတာ မင်္ဂလာပွဲ ပွဲနေပွဲထိုင်မှာ တင့်တယ်ရုံသာ ထုတ်ဝတ်ပြီး ကျန်ရက်ပေါင်းများစွာမှာ ကျွန်းသားဗီရို အမှောင်ခန်း အတွင်း အလှောင်ခံနေရတဲ့ဘဝပေပဲ။

သူကောင်းသား လူလည်တွေကလည်း ငွေနဲ့ စိန်နဲ့ အသိမ်းပိုက်ခံပေမယ့် ယောက္ခမကြီးများ စိတ်ကျေနပ်အောင် ချိတ်ပုဆိုး ဇနီးကို ခဏသာ ပွဲထုတ်ပြီး နေ့စဉ်တော့ ကိုယ်ကြိုက်တဲ့ လုံချည်ကို ထည်လဲဝတ်ပြီး နွှဲခဲ့ကြတယ်လေ။ ဟဲ ဟဲ... သူ့တွက်ကိန်း၊ ကိုယ့်တွက်ကိန်းနဲ့ နှစ်ဦးနှစ်ဖက် အမြတ်ထုတ်လိုက်ကြတာ တွက်သားကိုက်လို့။

ကျွန်တော်တို့ခေတ်မှာ ဒီအရှိန်ဟာ မကုန်သေးလေတော့ ကျွန်တော်တို့လိုလူဆိုတာ ပညာ မပြည့်စုံ၊ စစ်မပြီးသေးလို့ တက္ကသိုလ်ကို ဆက်ပညာမသင်ရသေး။ နိုင်ငံခြား ဒီဂရီတွေ မရသေးပေမယ့် ဘိလပ်ပြန် ဝတ်လုံတော်ရကြီး ဦးဘလှရဲ့တဦးတည်းသောသားဆိုတဲ့ အရှိန်။ ဝါးခယ်မ

အရှေ့ပိုင်းမှာဖြင့် မြေပိုင်ရှင်၊ ဆေးလိပ်ခုံပိုင်ရှင် သူဌေးမကြီး ဒေါ်ဇီဇာ (ခေါ်) ဒေါ်ထားထား ဆိုတဲ့ အရှိန်နဲ့ ချစ်သူ ဝိုင်းဝိုင်းလည်နေတဲ့ အချိန်ပါဗျာ။

စစ်ပြီးလို့ ရန်ကုန်ရောက်ရင်လည်း သမီးရှင်များ မျက်စိကျ သည်းခြေကြိုက်၊ သမက်ဖမ်းဖို့၊ ကျောက်မျက်ရတနာ ခြယ်ထားတဲ့ ပိုက်ကွန်ကို အိမ်လာပြရတဲ့ ကျွန်တော့်လိုကောင်ကို မွှေးရဲ့ မေမေက သူ့သမီးနဲ့ သဘောမတူနိုင်လို့ ချုံးပွဲချ ငိုတယ်ဆိုတော့ ကျွန်တော့်ရင်ထဲ ခုရုံမက ကျွန်တော့်သိက္ခာကို စော်ကားတယ်လို့ ထင်မှတ်မှားမိတယ်။

ကျွန်တော်နဲ့ မွှေးဟာ…

"ချိန်းတဲ့ညကျမှ… ရွှေလမောင် သူ တွင်ကျယ်…

ကမ္ဘာမြေတခုလုံး… မြူမဖုံး တိမ်မကွယ်

ထက်ကောင်းကင်အလယ်… ထိန်ထိန်သာတော့တယ်…

အံ့တကြိတ်ကြိတ် ထိတ်များ ထိတ်ပါတယ်။"

အဲဒီလို မြို့မငြိမ်းရဲ့ "နှစ်ယောက်တည်း နေချင်တယ်" သီချင်းထဲကလို အံ့တကြိတ်ကြိတ် ဇာတ်လမ်းထဲက လသာသောညများမှာ သူများချစ်သူတွေလို မခင်းမိပါဘူး။ ချစ်ဖို့ လွယ်သလောက် လက်ထပ်ရေးဟာ မလွယ်ပါလား ဆိုတာကို လက်တွေ့ သိရတာပဲ။

အဲဒီတချိန်မှာ မွှေးမေမေကို ကျွန်တော် မကျေနပ်ခဲ့ဘူး။ ဒုတိယတချိန်ဟာဖြင့် ကျွန်တော်တို့ နှစ်ဦးရဲ့ကြားမှာ ပြဿနာလေးတွေ ရှိသလို တိုင်းပြည်မှာလည်း ပဋိပက္ခ စလာတဲ့အချိန်လို့ ဆိုရမယ်။ ဒေါ်ခင်နှင်းယုကတော့ စာဖတ်ရင်း ထင်မယ်၊ အမယ်လေး… ကိုရွှေထွန်းရယ် ကြီးကျယ်လှချေလား၊ ရှင်တို့နှစ်ဦးရဲ့ပြဿနာဟာ တိုင်းပြည် အခြေအနေနဲ့ ဆက်သွယ်နေတယ်လို့ ပြောမယ်။ ကြီးကျယ်တာလည်း မဟုတ်ပါဘူး။ ဘုရင့်သားတော် သမီးတော်များလည်း မဟုတ်ပါဘူး။ တောင်ငူမြို့စားနဲ့ အင်းဝ ဘုရင့်သမီးတော်တို့ မပြေလည်ကြလို့ အင်းဝနဲ့ ဟံသာဝတီ စစ်ဖြစ်ရတဲ့ အခြေမျိုးတော့လည်း မဟုတ်ပါဘူး။

ဒါပေမင့် "အတွက်ရေ" ဝတ္ထုထဲမှာ ဒေါ်ခင်နှင်းယု ရေးပြသလိုပဲ၊ မင်းသမီးလေးလက် အပ်စူးတာနဲ့ တိုင်းပြည် တပြည်လုံး အိပ်ပျော်သွားကြရတယ်။

ကာလဒေဝီလရသေ့နဲ့ နာရဒရသေ့နှစ်ပါး ပြဿနာ မပြေလည်လို့ တတိုင်းပြည်လုံး မှောင်အတိကျ အလုပ်လုပ်လို့ မဖြစ်ခဲ့ဘူးလို့ ကျွန်တော်

ဒေါ်ခင်နှင်းယုရဲ့ “ထိပ်စုဖုရား မဖျိုင်း” ဝတ္ထုထဲမှာ ဖတ်ခဲ့ဖူးပါတယ်။

နှစ်ယောက်တည်း ပြဿနာဟာလည်း တိုင်းပြည်နဲ့ ဆက်သွယ်နေပါတယ်။ တိုင်းပြည်ရဲ့ ပြဿနာဟာလည်း နှစ်ယောက်တည်းကို အရှိန်ဟပ် ဂယက်ရိုက်စေတယ်လို့ ကျွန်တော်ဆိုလိုရင်းပါ။

ဒေါ်ခင်နှင်းယု သိပြီးအတိုင်း မွေး ရန်ကုန် ရောက်လာတော့ ကျွန်တော့်စာတွေကို အတွတ်က မွေးဆီကို သယ်သွားရတဲ့အချိန်ပေါ့။ ကျွန်တော်ဟာ တဖက်သောခြေကို အေမီရဲ့မြေထဲမှာ စတင်ချချိန်၊ တဖက်သောခြေကဖြင့် မွေးအပါးက ခွာရန် ရုပ်သိမ်းဖို့ ပြင်စအချိန်လို့ ဆိုရမယ်။ အတွတ်က ကျွန်တော့်လုပ်ပုံ မငြိမ်တာကို တနေ့တော့ ပွင့်ပွင့်လင်းလင်း သတိပေးတယ်။

တခြား ကျောင်းသားတွေတော့ အိပ်ပျော်ကြပြီ။ စစ်ကိုင်းဆောင် ဝရန်တာမှာ ကျွန်တော်တို့ နှစ်ယောက်တည်း စကားပြောနေကြတယ်၊ အတွတ်က ပြောပြတယ်။

“မင်းကလည်း မွေးကို အထင်သေးလာပြီပေါ့၊ မွေးတို့ဟာ လုပ်မှကိုင်မှ စားရတဲ့အဖြစ်၊ အေမီလို မချမ်းသာဘူး၊ အေမီလို မလှဘူးလို့ မင်း မွေးကို အရေးပေး မဆက်ဆံတော့ဘူးပေါ့ ဖရက်၊ ဟုတ်လား၊ အေမီကိုတော့ မင့်အဖေ ကားသစ်ကြီးနဲ့ ခေါ်ထုတ်သွားတယ်။ မွေးကိုတော့ ဘတ်စ်ကားနဲ့ ဘယ်လိုက်ခဲ့ပါ၊ ညာလိုက်ခဲ့ပါနဲ့။ မွေးဟာ အစုတ်ပလုတ် မင်းထင်သလို မဟုတ်ဘူး ဆိုတာ ဖရက် ဝါးခယ်မမှာနေတုန်းက သူတို့ရဲ့အခြေအနေကို သိတယ် မဟုတ်လား။ ကံအကြောင်း မသင့်လို့ ခုလို နိမ့်ကျသွားချိန်မျာ မင်း ခွာရက်တယ် ဖရက်ရယ်”

အတွတ်နဲ့ ကျွန်တော်ဟာ ညီအစ်ကိုရင်းလို ချစ်လာတဲ့သူတွေဆိုတော့ ကျွန်တော့်အဖြစ်ကို ပွင့်ပွင့်လင်းလင်းပဲ သူ ပြောလာတယ်။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ မွေးကို ဘတ်စ်ကားနဲ့ ချိန်း၊ ရုပ်ရှင်ကြည့်ရအောင် ခေါ်တဲ့အခါ ရုပ်ရှင်ကြည့်ဖို့ ပိုက်ဆံကအစ မွေးကိုပဲ အကုန်ခံခိုင်းမိတယ်။ မွေးက ကျွန်တော်နဲ့အတူ ရုပ်ရှင်လည်း မကြည့်ပါဘူး။ တခါပဲ ဘတ်စ်ကားနဲ့ လိုက်လာပြီး စကား တခွန်း နှစ်ခွန်း ပြောတာကလွဲလို့ သူ ကျွန်တော်ခေါ်ရာကို ဘယ်တော့မှ မလိုက်တော့ဘူး။ ကျွန်တော် ဆက်ဆံပုံဟာ သူ့အပေါ် နှိမ်ပြီး အေမီကို အရေးပေး လေးစားလာခဲ့ပြီကို ရိပ်မိသွားပြီ ခင်ဗျ။ ဒီအကြောင်း မွေးရဲ့ ရင်ထဲမှာ ခုနေသမျှ လန်ဒန်မှာ ကျွန်တော် ရောက်နေချိန် သူ လှမ်းစာရေးတော့မှ ပေါ်လာတယ်။

ဒီစာအကြောင်း ကျွန်တော် ဆက်လက် ဖော်ပြပါ့မယ်၊ ခုတော့ အတွတ်နဲ့

ကျွန်တော် ဆွေးနွေးခဲ့တာကိုပဲ ရေးပြပါရစေဦး။

အတွတ် ပြောသမျှကို ကျွန်တော် ငြိမ်ငြိမ်သက်သက် နားထောင်နေမိပါတယ်။ ပါးစပ်ကသာ မလှလို့၊ မချမ်းသာလို့ မဟုတ်ပါဘူးကွာလို့သာ ပြောရတယ်၊ ဒါဖြင့်ရင် ဘာကြောင့် မွေးကို ပစ်ခွာသွားသလဲဆိုတဲ့ အမေးကျတော့လည်း ကျွန်တော် မဖြေနိုင်ဘူး။ အဲဒီအချိန်မှာ အတွက်က ဆက်ပြောတယ်။

"မွေးဟာ သောက်တော့ ရေအိုးစင်၊ စားတော့ ထမင်းဆိုင် ဆိုသလို ပလက်ဖောင်းပေါ်မှာ လွယ်အိတ်တလုံးနဲ့ သူ့ခမျာ ပြေးလွှားနေရပေမယ့် ဖရက် ထင်သလို အထိန်းအကွပ်မဲ့ ကလေကချေ မဟုတ်ဘူး။ သူ့အမေရယ်၊ သူ့ဦးလေးတွေရယ် အစောင့်အကြပ်တွေကြားက မင်းကို သူ ချစ်နေရတာ"

"ဘာပြောတယ် အတွတ်၊ ကိုယ် နားမလည်ဘူး"

"နားမလည်ရင် သေသေချာချာ နားထောင်၊ သူ့မေမေအကြောင်းတော့ မင်း သိပြီးပြီ၊ သူ့မေမေက မွေးကို မလွှဲသာလို့ ရန်ကုန် လွှတ်ရပေမယ်လို့ ဗျူရိုကရက် မိသားစု အသိုင်းအဝိုင်းထဲမှာ သူ့သမီး မရောက်စေရဘူးဆိုတာ အမြဲလည်း သူ့သမီးကို သတိပေးတယ်။ အဘွားကြီးက သူ့မောင်ဝမ်းကွဲတွေကို မွေးခြေလှမ်းကို အမြဲကြည့်ဖို့ အထောက်တွေ ချထားတယ် သိရဲ့လား၊ မွေးရဲ့ ဦးလေးတွေကလည်း ကိုကိုနောင်တို့လို နိုင်ငံရေးသမားတွေပဲ၊ မင်း သိတယ်မို့လား"

"အေး..."

"အခု ဖဆပလမှာလည်း နိုင်ငံရေးပဋိပက္ခ ဖြစ်လာတော့ ကွန်မြူနစ်ပါတီ ပြဿနာ ပေါ်လာတယ်။ မွေးဟာ သူအလုပ်လုပ်တဲ့ သတင်းစုံဂျာနယ်မှာ လုပ်ရင်း သူ့ကိုချစ်တဲ့ စာပေသမားတွေ ရှိတယ် မောင်ရင်ရေ့၊ မင်းက အေမီတို့လို လှမှ ဂုဏ်ရှိမှ ငွေရှိမှ ချစ်သူ ဝိုင်းဝိုင်းလည်နေတယ် မထင်ပါနဲ့၊ မွေးကို တဖက်သတ် ချစ်နေကြတဲ့ စာသမား၊ နိုင်ငံရေးသမား၊ သူ့အစ်ကိုတွေရဲ့ရဲဘော်ဟောင်းတွေ ပြည့်လို့။ မွေးရဲ့ရင့်ကျက်တဲ့ ဣန္ဒြေ အကာအကွယ်ကို မထိုးဖောက်ရဲလို့ သိလား။ သူ့ဦးလေးက မွေးဟာ ၁၈ နှစ်ကျော်ခဲ့ပြီမို့ သူ့လက်ထပ်ရေးကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ပေးသင့်တယ်လို့ အဘွားကြီးကို၊ ကြီးကြီးတင်ကို သူ ပြောပေမယ့် သူ့ရဲဘော်ဟောင်းဖြစ်တဲ့ ကွန်မြူနစ်ပါတီဝင် သူငယ်ချင်းတွေ၊ မွေးရဲ့အလုပ်ဆင်းတဲ့ ဂျာနယ်တိုက်မှာ မွေးကို လာတွေ့ ဆက်ဆံကြရင် သူကလည်း ကွန်မြူနစ်ကို ချစ်ရင်ဖြင့် သူ့တူမ ရုပ်ကြမ်းဝါဒသမားတွေအလယ် ရောက်သွားပြီး ဗုဒ္ဓဘာသာကို မကိုးကွယ်တော့ပါဘူး ဆိုပြီး တကတဲမှပဲ ထိန်းချုပ်ရတာ၊ တရားဟောရတာ အမော။

မွေးမှာလေ အဲဒီ အခက်အခဲတွေ၊ ပြဿနာတွေကြားက မင်းကို သူ ချစ်နေရှာတာပါ ဖရက်၊ ခုလည်း မင်းစာတွေမရတာ ကြာပြီ၊ ပြတ်ပြတ်သားသား မင်းစိတ်ကို သိချင်တယ်တဲ့၊ မွေးက ပြောလိုက်တယ်”

အတွတ်က အဲဒီစကားပြောပြီး သူ့အခန်းကို ထသွားတယ်။ ကျွန်တော်နဲ့ မွေးမှာ ရိုမီယိုနဲ့ ဂျူးလီယက် မဟုတ်ပေမယ်လို့ အမေက ဗျူရိုကရက်ကို မချစ်ရဘူး၊ ဦးလေးတွေက ကွန်မြူနစ်ကို မချစ်ရဘူးနဲ့ မွေး စိတ်ဆင်းရဲသောက ရောက်လိုက်ရတာနော်။ အဲဒီအတွေးက ခုမှ တွေးမိတာပါ။ မွေးအပေါ် ကရုဏာသက်ရောက်သော အတွေးက ၄၀ ကျော်မှ ပေါ်လာတာ။ စစ်ကိုင်းဆောင်ပေါ်က ဝရန်တာမှာ အတွေးကတော့ သူတို့သမီး၊ သူတို့တူမကို အဖြစ်သည်းလိုက်တာ၊ ဒီကောင်က အေမီတို့လိုအလှွာတွေထဲက မိန်းကလေးတွေကို ခေါင်းခေါက်ရွေးနိုင်တဲ့ အကောင်ဆိုပြီး တွေးရင်း တွေးရင်း ဒေါ်ထပြီး အတွတ်အခန်းကို ပြေးဝင်သွားမိတယ်။ အတွတ်လည်း ကျွန်တော့်လှုပ်ရှားမှုကို ကြည့်ပြီး အံ့အားသင့်နေပုံရတယ်။

“ဒီမှာ အတွတ်၊ ကိုယ့်လိုအကောင်ကို သူ့အမေ၊ သူ့ဦးလေးတွေက သဘောမတူနိုင်ရအောင် ငါက ကလေကချေ ကလေကဝ သားသမီးလားကွ၊ မနက်ဖြန် သန်ဘက်ဆို အင်ဂျင်နီယာဘွဲ့ကို နိုင်ငံခြား သွားယူမယ့်သူ။ အေမီလို ကျောက်စိမ်းတွင်းပိုင်ရှင် သမီး၊ ဝန်ထောက်၊ အရေးပိုင် အရာရှိ၊ ကျောက်စိမ်းတွင်းသူဌေး၊ စက်သူဌေးရဲ့သမီးတွေ၊ သမီးတွေ ငါ့ကို လိုချင်လို့ အိမ်ပေါ်မှာ ရွှေကလပ်နဲ့ လာဆက်လာရတဲ့သူပါ။

ဟေ့... ဦးပုညပြော ပြောရရင် “ဗျာဆံဝိုက်၊ ဗျာဆံခါ အပျိုတွေ လာလွန်းလို့ ဆရာတော် ကျောင်းပေါ်က ကြိမ်ဆော်၍ ချရသေးသည်” ဆိုရလောက်အောင် ငါတို့အဆင့် ရှိပါတယ် အတွတ်”

“ဟာ ဟာ ဟ...”

အတွတ်က သရော်ရယ် ရယ်လိုက်တယ် ခင်ဗျ။

“ဟုတ်ပါတယ် ဖရက်ရယ်၊ မင်းဘာသာ ကြိမ်ဆော်ပြီး ချချ၊ ဘာနဲ့ပဲ ကန်ချချ၊ အဲဟို... မင်း ပြောတဲ့ သူဌေးကြီး အရာရှိကြီး ကြီးလေးကြီး အရှင်မျိုးစုံတွေက ရွှေကိုယ်တော်လေး ငွေကိုယ်တော်လေးနဲ့ သူ့သမီးများကို စက်ပြီး ဆက်သ ဆက်သ၊ ဝါးခယ်မသူ ငါတို့ရဲ့မွေးဟာ မင်း ပြောခဲ့တဲ့ သူဌေးသမီးများလို ပေါကုန် ရှုံးကုန်၊ ငါတို့ကုန် ရောင်းကုန် မဟုတ်ပေဘူးဆိုတာ မောင်ရင် မြဲမြဲမှတ်ထားပါ၊ ပြီးတော့ အိမ်ထောင်စုတိုင်းမှာ ကိုယ့်မိသားစုထဲကို ဝင်လာမယ့် လူတယောက်ကို တိုင်းတာတဲ့ ပေတံချင်းလည်း မတူဘူးဆိုတာ မောင်ရင်

လေးလေးနက်နက် စဉ်းစားပါ။ မင်းတို့ မိသားစုလို အတိုးတွက် တွက်သားကိုက်အောင် ငွေကြေးဖလှယ် ကုန်သည်ဆန်ဆန်၊ ငွေရှင် မြေရှင်တွေဆန်ဆန် အိမ်ထောင်ရေးမှာ မွေးတို့မိသားစုက မလုပ်တတ်ဘူး၊ ဒါပဲ သိထားပါ။ အတွက် အိပ်တော့မယ်" တဲ့။

ဒီစကားပြောပြီး ယဉ်ယဉ်လေးနဲ့ အတွက်ဟာ ကျွန်တော့်ကို မောင်းထုတ်လိုက်တယ်။ ကျွန်တော်လည်း ကျွန်တော့်အခန်း ပြန်သွားပြီး မွေးဆီကို စာရေးလိုက်တယ်။

မွေး...

ကိုယ့်စာတွေ မီးရှို့လိုက်ပါတော့...

တင်အောင်ထွန်း"

ဆိုတဲ့ စာကြောင်းပါပဲ။ မွေးရဲ့စာများ အားလုံးကိုလည်း စျာပန ပြာချလိုက်။ ကဲ.. မှတ်ကရော။

ဟင်း... ရင်ထဲမှာ အခုတော့ ပူလိုက်တာ။ အဲဒီစာတွေကို မီးရှို့စဉ်က ပြာတွေ ပြာတွေလေ၊ သစ္စာကြီးသူရဲ့စာကနေ ဖြစ်လာတဲ့ ပြာတွေလေ၊ ခုတော့မှ ကျွန်တော့်နှလုံးထဲ အသည်းထဲကို တစိမ့်စိမ့်ဝင်ပြီး တွယ်ကပ်လာပြီ ထင်ပါရဲ့၊ အမယ်လေး ပူလိုက်တာဗျာ။

ဒေါက်တာနေဝင်းကြီးနဲ့ ဒေါက်တာအုန်းမောင်တို့ရဲ့ မကယ်နိုင်တော့ဘူးလား။ ကျွန်တော့်စာ ဖတ်နေရင်း ဒေါ်ခင်နှင်းယုက အရူးစာ ဖတ်နေရတာကျနေတာပဲ၊ ပူလိုက်တာ၊ လောင်လိုက်တာ၊ ကယ်ပါ၊ ယူပါနဲ့လို့ စာဖတ်ရင်း မညည်းပါနဲ့ဦး။

အခုစာကိုလေ... စိတ်ရောဂါအထူးကု ဆေးရုံကြီးပေါ်ကနေ ရေးနေရပါတယ်။ မူးယစ်ဆေး အဖြတ်ခံဖို့ ရောဂါကုသရင်း ရေးနေချိန်ပါ။ ရင်ထဲမှာ ပူလိုက်တာဗျာ။

ဖေဖေ့အကြောင်းကို အတွက်တို့အိမ်မှာ သခင်တစု ပြောပြနေကြလို့ ကျွန်တော် သိခဲ့ရပြီ။ မွေးမေမေ ဒေါ်တင်တင်ကြီးအပေါ် ကျွန်တော် မကျေမနပ် အကျိတ်အခဲ ရှိသမျှလည်း ပြေလည်သွားပြီ ဆိုပါတော့။ အဘွားကြီးစိတ်ဓာတ်ကို အဲဒီတော့မှ သဘောပေါက်ပါတယ်။

မွေးရဲ့စာများအားလုံးကို ကျွန်တော် ပြာချလိုက်ပေမယ့် စာတစောင် ကျွန်တော့်လက်ထဲမှာ ထူးထူးခြားခြား ကျန်ရစ်တယ်။ တစောင်ဆို

ဆိုသလောက်ပါပဲ။

ဒီစာကို လန်ဒန်မှာ ကျွန်တော် ရှိနေတုန်း သူ ရေးလိုက်တာ။ ဒီအကြောင်းကို နောက်တခန်းမှ ကျွန်တော် ဖော်ပြမယ်။

■

အခန်း (၄)
ပန်းစားဘီလူး

"ဖေဖေ... မိန်းမတွေကို ကြောက်တယ်"

ဒီစကားကို ဖေဖေ ကျွန်တော့်ကို ပြောပြချိန်ဟာဖြင့် သူ အိပ်ရာပေါ်မှာ နားနေရချိန်ပဲ။ ရောဂါရယ်လို့တော့ မရှိဘူး၊ မေမေဟာ လွန်ခဲ့တဲ့နှစ်က နှလုံးရောဂါနဲ့ ဆုံးသွားပါပြီ။ ကျွန်တော်ဟာ အေမိနဲ့အတူ သီးခြားနေရာက တယောက်တည်းသောသားဖြစ်နေတော့ ဖေဖေ အထီးကျန်နေချိန်မှာ ကျန်းမာရေး ချို့ယွင်းလာတော့ ဖေဖေ့အနားကို ပြန်လာကြတာပါ။

ဒေါ်ဇီဇာကတော့ ဝါးခယ်မမှာ အနေများတယ်။ ကျွန်တော်တို့ သားအဖနှစ်ယောက် ဆွေးဆွေးနွေးနွေး ဒီလို တခါမှ တွေ့ဆုံ စကားပြောဖို့ ကျွန်တော် လက်ထပ်ပြီးကတည်းက အချိန် မရခဲ့ဘူး။

"သားကို ဖေဖေ သနားပါတယ်၊ ခုမှ ပိုသနားတယ်"

လို့ ဖေဖေက အဆက်အစပ် မရှိ ကျွန်တော့်ကို ပြောတယ်။ ဖေဖေ ထူးထူးခြားခြား စကားပြောတာနဲ့ ကျွန်တော်လည်း အံ့အားသင့်သွားတယ်။

"ဖေဖေဟာ သားကို ပြောသင့်တာတွေ အများကြီး ရှိတယ်၊ မပြောခဲ့တာဟာ ဖေဖေ့ အမှားပါပဲ၊ ခု ပြောပြမှာကတော့ ဖေဖေ မောင်မြင့်မောင်နဲ့ တွေ့တယ်"

မောင်မြင့်မောင်ဆိုတာ ကျွန်တော့်သူငယ်ချင်း တယောက်ပဲ။ သိပ်ရင်းနှီးပြီး သောက်ဖော် သောက်ဖက် ဆိုပါတော့။ သူက ပြည်ထောင်စုဘဏ်မှာ အလုပ်လုပ်တယ်။ ဂေဇက်ဝင် အရာရှိ တယောက်ပါပဲ။

"ဟုတ်ကဲ့ ဖေဖေ"

"သူက ပြောတယ်၊ သားဟာ အိမ်မှာတင် သောက်ရုံမက လမ်းဘေး ဘားတွေမှာလည်း စည်းမရှိ ကမ်းမရှိ သောက်လာပြီဆို"

ကျွန်တော်ဟာ ခေါင်းမဖော်ရဲဘူး။ ကိုယ့်အပြစ်နဲ့ကိုယ် ဖြစ်နေတာကိုး။

"ပြီးတော့ အရက်မှိုလို့ အမူးလွန်ပြီး အောက်ခြေလွတ်လာပြီဆိုရင် မောင်မြင့်မောင်တို့က ဆွဲပြီး ကားပေါ် တင်ရတယ်တဲ့၊ ဒီအချိန်မှာ "မွှေးရေ" "မွှေးရေ" လို့ အသံကုန် အော်တာပဲဆို"

"အို… ဖေဖေရယ်၊ ကျွန်တော် ငိုချင်လိုက်တာ၊ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီအကြောင်း မေးရတာလဲ ဟင်"

ကျွန်တော်ဟာ ဖေဖေ့ကို ပြန်ပြောရင်း တကယ်လည်း ငိုချင်လာတယ်၊ ကျွန်တော်တို့ အရက်သမားဆိုတာ ငိုလွယ်၊ ရယ်လွယ်ကိုး။

"မွေးကို မသနားဘူးလား သားရယ်၊ ကိုယ့်ဘာသာ ဖြစ်ချင်တာဖြစ်၊ ဒီမိန်းကလေးကို သား တပြီး ငိုဖို့ မကောင်းတော့ပါဘူး၊ သား သူ့ကို မေ့ပစ်သင့်ပါပြီ"

"မွေးကို ကျွန်တော် မေ့ပစ်ရမယ်လား ဖေဖေ၊ ဟုတ်လား"

ကျွန်တော်ဟာ အသံအကျယ်ကြီးနဲ့ အော်လိုက်မိတယ်၊ ခုတင်ပေါ်က ဖေဖေရဲ့ လက်တဖက်ပေါ်မှာ မျက်နှာ အပ်ထားပြီး ရှိုက်နေမိတယ်။ အသက်ပြင်းပြင်း ရှူနေမိတယ်။ ပြီးတော့ ကျွန်တော် ခေါင်းကို ခါယမ်းလိုက်ပြီး ဆက်ပြောမိတယ်။

"ဖေဖေ… ဆရာမ ဒေါ်နှင်းကြည်ကို မေ့လို့ရရင် ကျွန်တော်ဟာ မွေးကို မေ့လို့ရမယ်"

"ဟင်… သား ဒီအကြောင်းကို သိပြီးနှင့်ပြီ ဟုတ်လား"

လို့ သူ ပြန်မေးတယ်။

"ခွင့်လွှတ်ပါ ဖေဖေ၊ သား သိခဲ့ပြီးပါပြီ။ ဖေဖေ့ကျန်းမာရေးအတွက် ခုလို နားနေရချိန်မှာ သား ဖေဖေ စိတ်ထိခိုက်အောင် ပြောမိသွားပြီ"

"ဖေဖေ စိတ်မထိခိုက်တတ်ပါဘူး။ မနှင်းကြည်အကြောင်း သိရတော့ ဖေဖေ့ကို သား အထင်သေးမသွားဘူးလား"

"မသေးပါဘူး ဖေဖေ၊ ကျွန်တော့်ရင်ထဲ တင်းခံနေတဲ့ ပြဿနာတွေတောင် လျော့ပါးသွားပါတယ်"

ကျွန်တော်ဟာ ဒီစကားကနေ ဖေဖေနဲ့ ဆရာမ ဒေါ်နှင်းကြည်အကြောင်း သိခဲ့ရတဲ့ နေ့အကြောင်း၊ အတွက်တို့ အိမ်မှာ ဝါးခယ်မက သခင်တစုနဲ့ ဆုံကြတုန်း ကျွန်တော် ကြားခဲ့တဲ့ စကားတွေကို ဖေဖေ့ကို ပြောပြလိုက်တယ်။

"ဟုတ်တယ်၊ အဲဒီအကြောင်းတွေဟာ အကုန် အမှန်ချည်းပဲ၊ ဒီတော့ သားက မေးစရာ ရှိတယ်၊ ဒီလို ကိုယ်ကိုယ်တိုင် ခံစားရပါရက်သားနဲ့ သားနဲ့ မွေး ချစ်နေပါတယ်လို့ သိတဲ့အချိန်မှာ ဖေဖေကလည်း မေမေနဲ့အတူ မွေးကို မချစ်ရဘူး၊ လက်မထပ်ရဘူးလို့ ဖေဖေကပါ ဝင်ပြီး ဖျက်ရသလဲ၊ ဖေဖေ ထိပ်ဆုံးက ပါရသလဲလို့

မေးစရာ ရှိတယ်”

ဖေဖေကလည်း တကယ့် အကြားအမြင်ရှိတဲ့ ဗေဒင်ဆရာကြီး ကျနေတာပဲ၊ ပြောနေလိုက်တာလေ။ ကျွန်တော်က ငြိမ်ငြိမ်သက်သက် စူးစူးစိုက်စိုက် နားထောင်နေမိတယ်။

“မွေးကို သနားလို့”

ဖေဖေ့ရဲ့ဒီစကားလုံးလည်း ကြားရော ကျွန်တော် သက်ပြင်းချလိုက်မိတယ်။ မမျှော်လင့်တဲ့ စကားတွေကိုပဲ တလုံးချင်း တလုံးချင်း ကြားနေရတော့တယ်။

“မွေးဟာ ဖေဖေတို့အသိုင်းအဝိုင်းထဲကို ဝင်လာရင် ဒုတိယ မနှင်းကြည် ဇာတ်ထုပ် ခင်းရတော့မယ်၊ ဖေဖေနဲ့ သားရဲ့အကြောင်းက တူမလိုလိုနဲ့ မတူဘူး၊ သားက အေမီကို သားကိုယ်တိုင်လည်းချစ်၊ သားရဲ့မေမေကိုလည်း မလွန်ဆန်ချင်ဘူး၊ ဒီတော့ သားနဲ့ အေမီ လက်ထပ်ရေးဟာ သိပ်ပြေပြစ်တာပဲ၊ အေမီ့အဖေရဲ့ငွေကြေးအင်အားကလည်း သားရဲ့မေမေနဲ့ ကြီးကြီးထား အကြိုက်ပေကိုး။ ဘာပဲပြောပြောပေါ့လေ၊ မင့်မေမေ နှလုံးရောဂါနဲ့ သေရတဲ့ အကြောင်းမှာ သားရဲ့ပယောဂ မပါဘူးလို့ စိတ်ဖြေပါ သားရယ်၊ သားမှာ ဖြေသာပါတယ်”

(ဒီနေရာမှာ ဒေါ်ခင်နှင်းယုကို တချက်တော့ ရှင်းပြပါရစေ။ ကျွန်တော်လည်း ဖတ်ပြီးတဲ့ “မွေး” ပထမစာအုပ်မှာ ကျွန်တော့်မှာ အမေ မရှိဘူးလို့ ပါတယ်။ မှန်တယ်။ သို့ပေမယ့် မေမေက အစောကြီး ဆုံးသွားတာ မဟုတ်ပါဘူး။ အေမီနဲ့ လက်ထပ်ပြီးမှ ဆုံးတာပါ။)

“အမှန်တော့ မိန်းကလေး သုံးယောက်ဟာ သုံးပုံစံ ထွက်လာတယ်ကွဲ့၊ ဖေဖေပြောတာ နားလည်လား"

ကျွန်တော် ခေါင်းခါပြလိုက်တယ်။

“မနှင်းကြည်က သိပ်ညည်းတယ်၊ သူ့ယောက်မကြီး နှိမ်သမျှကို မရှုနိုင် မကယ်နိုင်လွန်းလို့သာ သူ့ခမျာ ထွက်ပေါက်ရှာသွားရတာ၊ ဖေဖေ ကိုယ့်ချစ်သူအကြောင်း ကိုယ် အသိဆုံးပေါ့၊ နာမည်နဲ့ကို လိုက်တယ်၊ စကားပြောလည်း အေးအေးချိုချိုနဲ့ မျက်နှာက အင်မတန် ကြည်လင်တယ်”

ဖေဖေဟာ သူ့ချစ်သူကို ဒီလို ချီးမွမ်းခန်း ဖွင့်နေချိန်မှာ သူ့မျက်နှာကလည်း ကြည်လင် နေသလိုပဲ။

“သားသာ သူ့ကို မြင်ဖူးရင်လည်း သူ့ကို ချစ်မှာပါ”

"ဟင်... ဖေဖေ ဘာလို့လိုက်မရှာလဲ ဟင်၊ ဖေဖေ ဝတ်လုံဘွဲ့ယူပြီး ပြန်လာချိန်မှာ လိုက်ရှာသင့်ပါတယ် ဖေဖေရယ်၊ ကြီးကြီးထားနဲ့ အတူမနေဘဲ သီးခြားနေလိုက်ရင် ပြီးရော"

"ပြောသင့်ပါတယ် သားရယ်၊ နောင်တဆိုတာ နောင်မှ ရကြတာပဲ၊ ရုတ်တရက် သတင်း ကြားကြားချင်း မမကြီးသြဇာကိုလည်း မပယ်လှန်နိုင်ဘူး၊ ပြီးတော့ စိတ်ထဲမှာ သူတယောက်တည်း ထွက်သွားပြီး ဖေဖေ အင်္ဂလန်က ပြန်လာချိန်ထိ စောင့်စေချင်တယ်လေ၊ သူ ထွက်သွားပုံကို ရင်ထဲ ခုသွားပြီး လိုက်မရှာမိဘူး၊ လိုက်ရှာလည်း အို... ဖေဖေတို့မိသားစုကို သူ သိပ်နာကြည်းသွားပါပြီ သားရယ်၊ ဖေဖေ့ရင်ထဲမှာ အဲဒီတုန်းက အမြင်တွေ မပြတ်သားဘူး၊ ဆုံးဖြတ်ချက်တွေ မပြတ်သားဘူး၊ ပထမက နာကြည်းစိတ်၊ ဒုတိယက ငါ့ကို ချစ်လို့သာ မနှင်းကြည် လိုက်လာခဲ့ရတယ်၊ စည်းကတည်းက မမထား လက်အောက်မှာ အမှန်တော့ တနေ့မှ မပျော်ခဲ့ရဘူး၊ ဝတ်လုံတော်ရ ကတော်၊ သူဌေးမကြီးရဲ့ယောက်မ ဖြစ်လာသော်လည်း တခါမှ အိမ်ထောင်သုခ မခံစားရတော့ ခုချိန်မှာ သူ့ရဲ့ နောက်ချစ်သူနဲ့အတူ ပျော်ပါစေဆိုတဲ့ ခွင့်လွှတ်စိတ်လည်း ပါခဲ့ပါတယ်။ ပြီးတော့... ပြီးတော့ ဖေဖေလည်း သားလိုပဲပေါ့၊ ထဘီကျွန်ပဲ၊ သားတို့မေမေ မင်းကြီးသမီးကို မမထားက အဆင်သင့် ဒီမှာ ပြင်ဆင်ပြီးဖြစ်တော့ ဒီကြိုးက ဖေဖေ့ကို အတင်း ထုံးချည်လိုက်တာပဲ၊ သား... သဘောပေါက်လား"

ကျွန်တော်လည်း ခေါင်းပဲ ညိတ်ပြနိုင်တယ်။ မိထွေးလို့လည်း မပြောနိုင်တဲ့ ဖေဖေရဲ့ ပထမဇနီးကို ကျွန်တော်တောင် လိုက်ရှာချင်သလိုပဲ။

"ဖေဖေ ခုတော့ မိန်းမတွေကို ကြောက်တယ်၊ ကိုယ် အပြစ်မရှိတိုင်း ကြောက်ရသလားလို့ ဆိုမှာပဲ၊ မနှင်းကြည် ဘယ်လောက် အေးပြီး ဘယ်လောက် ပျော့လဲဆို ဖေဖေ့ကို ဆေးလိပ်သမ တယောက်ဖြစ်တဲ့ မဝက်က ပြောပြတယ်၊ မဝက်ဟာ ဆေးလိပ်ခုံ အမျိုးသမီးထဲမှာ ခေါင်းဆောင် ဆိုပါတော့၊ ဖေဖေ့ကို ကိုကိုကြီးလို့ပဲ လေးလေးစားစား ခေါ်တယ်။

ဆေးလိပ်ခုံ အမျိုးသမီးထဲမှာ တချို့လည်း သူတော်ကောင်း ပါပါတယ်၊ တချို့ကျတော့ သူတော်မကောင်းလို့ မဟုတ်ဘူး၊ မမထားကို တမင်ကို ရွဲ့ချင်လို့ ရှမ်းဖက်တွေကို ကတ်ကြေးနဲ့ ထိုးဖောက်၊ နောက်ဖေးက လှည့်ထုတ် ရောင်းစားချင် စားတာ၊ အဲဒါ မနှင်းကြည်က အလုပ်ခွင်မှာ လုပ်တဲ့ ပစ္စည်းကို ရိုသေဖို့၊ တဖက်က အလုပ်သမားတွေဟာ အလုပ်ခွင်ပစ္စည်းကို မရိုသေရင် အလုပ်သမတွေကိုက သူခိုးတွေမို့ဆိုတဲ့ အကြောင်းပြချက် ဆေးလိပ်ခုံပိုင်ရှင်မှာ ရသွားမယ်၊ ဒါကြောင့် လုပ်ငန်းပိုင်းမှာ ကိုယ့်ဘက်ကတော့ အပြစ်မရှိအောင် နေဖို့ အလုပ်သမားတွေကို တရားဟောပါတယ်။ တဖက်ကလည်း သူက စေတနာနဲ့ မမကြီး မသိအောင်

ဒီအလုပ်သမ လုပ်တာကို ဖုံးထားမိတယ်၊ မင်းရဲ့ကြီးကြီးက မဝက်တို့ရှေ့မှာပဲ ဒီကိစ္စကို သိလည်းသိရော၊ ငါ့ပစ္စည်းကို ဖျက်လိုဖျက်ဆီးလုပ်တဲ့ အလုပ်သမားကို အားပေးတယ်ဆိုပြီး မနှင်းကြည်ပါးကို ရိုက်တာပဲ၊ ဒီကတည်းကိုက ဖေဖေ့ချစ်သူဟာ ဝါးခယ်မ ဒေါ်ဇီဇော့အိမ်ရိပ်က ပျောက်သွားတာပါပဲ”

ဖေဖေ မောမောနွမ်းနွမ်းကြီး ဖြစ်သွားပုံရတယ်။

“ဖေဖေရယ်.... ဖြစ်ပြီးခဲ့တဲ့ စိတ်မောစရာ အတိတ်ကြီးကို ပြန်မဖော်ချင်ပါနဲ့တော့လေ”

“ဆုံးအောင် နားထောင်ပါဦး သား”

ကျွန်တော်ဟာ ဖေဖေ့လက်တွေကို ဖြည်းဖြည်း ဆုပ်နယ်ပြီး နားထောင်နေလိုက်တယ်။

“မနှင်းကြည်ကတော့ အစစ ပြေပြစ်အောင် လုပ်တယ်၊ သူ့အပေါ် အလုပ်သဘောနဲ့ရော၊ ကာယကံမြောက် ကျူးလွန်စော်ကားတာရော လင်မသိအောင် ငုံ့ခံပြီး ဖေဖေတို့ မြို့ကြီးကို ပဋိပက္ခ မဖြစ်ပွားစေဘူး၊ ဖေဖေ ခုနပြောသလို မိန်းမ သုံးယောက်က သုံးပုံစံဆိုတာ ဆက်ရှင်းမလို့...။

သားရဲ့ချစ်သူ မွှေးကို ဖေဖေ မြင်ဖူးသားပဲ၊ ဂျပန်တခေတ်လုံး ဝါးခယ်မမှာ နေစဉ် မြင်ဖူးပါတယ်။ အတွတ်ကလည်း သားတို့လူငယ်ချင်း ပြောင်နောက် စကားပြောချိန်မှာ မကျည်းတန် - မကျည်းတန်လို့ သူ့ပါးစပ်ဖျားမှာ ပြောနေတာ ဖေဖေ ကြားသားပဲ၊ ဒါပေမင့် မွှေးဟာ အကျည်းမတန်ပါဘူး၊ သူတို့ ညီအစ်မတွေထဲမှာတော့ အကျည်းတန်ဆုံးပေါ့လေ၊ ပြီးတော့... ပြီးတော့ သားရဲ့အေမီလောက်တော့ မလှဘူးပေါ့လေ”

“ဖေဖေရယ်.... ဒီစကားလုံးတွေကိုတော့ ထပ်မသုံးပါနဲ့၊ မှန်တဲ့အတိုင်း ပြောတာ ဆိုပေမယ့် ကျွန်တော့်ကို ငေါ့နေသလိုပဲ”

“အဖေနဲ့ သားဆိုတာ တယောက်နဲ့ တယောက် ငေါ့နေဖို့ မလိုပါဘူး၊ သား စိတ်ထိခိုက်ရင် ဖေဖေ နောက်ထပ် ဒီလိုစကားလုံးမျိုး ထပ်မသုံးပါဘူး၊ အဲ... အဲ... ခုန စကား ဘယ်ရောက်သွားလဲ၊ မွှေးဟာ မလှပေမယ့် ကျက်သရေရှိတယ်၊ သူ့မျက်နှာ အပြုံးဟာ သူ့ပတ်ဝန်းကျင်ကို တောက်ပ ကြွရွနေစေသလိုပဲ၊ သူ့လှုပ်ရှားပုံဟာ ဖျတ်ဖျတ်လတ်လတ်နဲ့ သူ့စိတ်စေတနာက သူ့မျက်နှာမှာ ပေါ်လွင်နေတယ်။ တချို့ မိန်းကလေးတွေ သား မြင်ဖူးသားပဲ၊ မျက်နှာ လှနေပေလို့ပဲ၊ ငေးငိုင်ငိုင်၊ တွေတွေဝေဝေ၊ ဆူဆူအောင့်အောင့် သူတို့မျက်နှာ မြင်ရတာကို ရင်လေးတယ်၊ ဖေဖေက မင်းတို့ သူငယ်ချင်းတွေ ဝါးခယ်မမှာ ဆုံမိလို့ တယောက် တယောက်

နောက်ပြောင်ရင် ဖေဖေတို့ လူကြီးတွေနဲ့ မဆိုင်လို့သာ၊ ဖေဖေ ကြားသားပဲ၊ အဲဒီမှာ မောင်မြင့်မောင် ပြောပြောနေတာ မှန်တယ်ကွဲ့၊ မွေးတို့များ အကျည်းတန်တယ် ဆိုပေလို့၊ အကျည်းမတန်ရင် ခက်မယ်တဲ့၊ ချစ်သူ ဝိုင်းဝိုင်းလည်နေတာပဲတဲ့၊ အေး... ဒီနေရာမှာ သားနားလည်ရမှာက မွေးရဲ့အပြုံးဟာ မိန်းမရွှင် အပြုံး၊ တဏှာပြုံး မဟုတ်ဘူးနော်”

“သား နားလည်ပါတယ် ဖေဖေ”

“ပန်းချီကျော်ကြီးတွေပြောတဲ့ မိုနာလီဇာအပြုံးလည်း မဟုတ်ပါဘူး။ အေး... ဂျပန်ခေတ် ဝါးခယ်မမှာ နေတုန်းက အာရှလူငယ်တွေ လုပ်ငန်းတခုခု လုပ်လို့ ဖေဖေတို့ကို မြို့မျက်နှာဖုံးအနေနဲ့ ဖိတ်ရင် ငါ့သားချစ်တဲ့ မွေးဆိုတာ ဘယ်လို မိန်းကလေးမျိုးပါလိမ့်လို့ သတိထား အကဲခတ်လို့ ဖေဖေက မွေးပုံစံကို အခု အသေးစိတ် ပြောပြနေတာပါ။ ဒါပေမင့် မွေးက မနှင်းကြည်နဲ့ မတူတာ တခု ရှိတယ်၊ သူ တက်တက်ကြွကြွ အများအတွက် အလုပ်တွေ လုပ်ပေးတယ်။ ရွှင်ရွှင်ပျပျ ရှိတယ်၊ ဒါပေမင့်နော်... သူ့ကို နှိမ်တဲ့သဘောတော့ သွားမချိုးလိုက်နဲ့၊ ပေါက်ကွဲလွယ်တယ်၊ ဆတ်ဆတ်ကြဲပဲဟေ့၊ မာန်ရှိတယ်”

ကျွန်တော်လေ ဖေဖေ့မျက်နှာ ကြည့်ရင်း ဒီစကား ရောက်တော့ ဩော်... ဒါကြောင့်လည်း သူ ငါ့အဖေ ဖြစ်တာပဲ၊ သူပြောတာတွေ မှန်လိုက်လေလို့ စိတ်ထဲက တွေးနေမိတယ်။

“အဲဒီတော့ ဟေ့၊ တကယ်လို့များ မွေးဟာ တို့မိသားစုအထဲ ရောက်လာရင် ပြီးပါရော၊ သူပုန်မလေး ဖြစ်မှာ၊ ငါ့သားလည်း စိတ်ဆင်းရဲ၊ မွေးလည်း စိတ်ဆင်းရဲ၊ မင်းမေမေရော၊ ကြီးကြီးထားရော အကုန် အကုန် တခါတည်းကို မွေးက တွယ်ပစ်မယ့်ပုံ၊ ဒါကြောင့်ပါ သားရယ်၊ ဖေဖေဟာ သား မွေးကို ကြိုက်တယ်လို့ ဖေဖေတို့ကို ပြောပြစဉ်က မွေးကို မထောက်ခံတာဟာ ကိုယ့်မိသားစုအကြောင်း ကိုယ်သိလို့ပါ၊ မွေးမှာ အပြစ်ရှိလို့ မဟုတ်ပါဘူး”

ဖေဖေဟာ သူပြောချင်တာ တချို့တဝက်ကို ပြောပြရလို့ ရင်ထဲမှာ ပေါ့လည်သွားပုံ ရပါတယ်။ ပြီးတော့ ဆက်ပြောတယ်။

“သားဆီကို မွေးရေးတဲ့ စာတချို့ကို ဖေဖေ ကြားက ဖျောက်ဖျက်ခဲ့တာတွေ ရှိတယ်၊ သားကလည်း မောင်မြင့်မောင်ဆီကို တချို့ အပ်ထားတယ်တဲ့၊ ဟုတ်လား”

“ဟုတ်ပါတယ် ဖေဖေ”

“ဖေဖေလည်း တချို့စာတွေ ဖတ်ရင်း မီးရှို့ ဖျောက်ဖျက်ခဲ့ပေမင့် တစောင်ကိုတော့ သိမ်းထားပြီး မောင်မြင့်မောင်လက်ထဲပဲ အပ်ခဲ့တယ်၊

ကာယကံရှင်တောင်မှ မှတ်မိရဲ့လား ဟင်”

ဖေဖေ့အမေးကို ကျွန်တော် မဖြေရဲဘူး။ ဘာလို့လဲဆိုတော့ ဒီစာကို ကျွန်တော် သတိရရုံတင် မဟုတ်၊ ကျွန်တော် အခုမှ ဒီအကြောင်း တွေးမိရင် ရှက်လို့။

“သိမ်းမြစ်ကမ်းပါးမှာ ကျွန်တော် ဖတ်ခဲ့တဲ့ စာလား ဖေဖေ”

“ဟုတ်တာပေါ့၊ မင်းက ဒီစာကိုဖတ်ပြီး မြစ်ထဲ ပစ်ချမလို့၊ မောင်မြင့်မောင်က ဆွဲယူပြီး သိမ်းထားလိုက်တယ်၊ သူ ဘဏ်အဖွဲ့နဲ့ ပြန်လာတော့ ဒီစာ ဖေဖေ့ကို ပြတယ်၊ ဖေဖေက တနေ့ မွေးရဲ့ စိတ်ကို အထောက်အထား ခိုင်ခိုင်လုံလုံ ပြနိုင်မှ မွေးကို ဘာကြောင့် တို့မိသားစုထဲမှာ မဝင်စေချင်တာလဲ၊ ဖေဖေ့စေတနာအပေါ် သားကြီးရော၊ မွေးရော နားလည် သဘောပေါက်အောင် တနေ့ ရှင်းပြဖို့ ဒီစာက အရေးကြီးလို့ မောင်မြင့်မောင်ကိုပဲ ပြန်သိမ်းထားခိုင်းတယ်။ သား ဖတ်ပြီးသော်လည်း လိုအပ်လို့ သုံးချင်ရင် မောင်မြင့်မောင်ဆီမှာ တောင်းယူပါ။ ဖေဖေ့စကားတွေဟာ မွေးကို အပြစ်တင်နေတာ မဟုတ်ဘူးနော်၊ မွေး ဒီအချိန်က ဒီမာန် ဒီစိတ် ရှိသင့်တယ်၊ ဖေဖေ့သမီးသာဆိုရင်လည်း ဒီလိုမာန် မရှိရင် ဖေဖေက သွင်းပေးမှာ၊ သို့သော် ချွေးမအဖြစ် တော်ခဲ့ရရင်တော့ မွေးတယောက် ဒီမာန်ကြောင့် တို့မျှားမိသားစုအလယ်မှာ စိတ်ဆင်းရဲမှာမို့ သားတို့ရဲ့ချစ်ခြင်းကို ဖေဖေ ခွဲရတာပါ”

“ကဲ... အလှဧကရီ မအေမီကတော့ ကောင်းကင်က တမန်တော် ဖန်ဆင်းပြီး လွှတ်လိုက်တဲ့ ကောင်းကင်နတ်သမီးဆိုတော့ သူ့မှာ ငွေ၊ အစေခံ၊ အခြွေအရံ အပြည့်အစုံနဲ့ ဖေဖေတို့ မိသားစုထဲ ဝင်လာတာ၊ သူ ကြိုက်သလို နေမယ်၊ သူ ကြိုက်သလို စားမယ်၊ သွားမယ်ပဲ၊ သူမွေးတဲ့ ကလေးပေမယ့်လည်း သူ ကြည့်ချင်မှကြည့်မယ်လေ၊ နာနီကို ထည်လဲ သုံးနိုင်တယ်၊ မင်းမေမေ အကြိုက်၊ ကြီးကြီးထား အကြိုက် မြန်မာ့ပုံစံ၊ မြန်မာ့ဟန် ချွေးမစားမျိုးတော့ မဟုတ်ဘူး”

ဖေဖေဟာ သူ့ချွေးမအပေါ် ရှင်းရှင်းပဲ ဝေဖန်ပြတယ်။

“မီးဖိုချောင်မှာ သူ ကြိုးကိုင်သမျှ ထားရာနေ စေရာသွား၊ ပိပိပြားပြား မဟုတ်တော့ဘူး၊ မမထားလည်း သူတို့တင်တဲ့ စစ်ကဲ သူတို့ မနိုင် ဖြစ်တော့တာပဲ။

မင်းမေမေဟာလည်း နိုင်ငံရေးသမားတွေနဲ့ တချို့ မရှုနိုင် မကယ်နိုင်အောင် ငွေကြေး ဒုက္ခ ခံစားရသူတွေလို ဖြစ်ရတဲ့ နှလုံးရောဂါမျိုး ဟုတ်မှမဟုတ်ဘဲ၊ သူ့အဖေ မွေးကတည်းက ငွေဇွန်းကိုက် မွေးလာတာ၊ အစစ ပတ်ဝန်းကျင်က လိုလေသေးမရှိပေမယ့် ဝင်ဆံ့အောင် စိတ်ထားမတတ်လို့ ဖြစ်ရတဲ့ နှလုံးရောဂါမျိုး၊ ယောနိသော မနသိကာရဆိုတဲ့ သဘောကို ပေါက်ကို မပေါက်လို့ ဖြစ်ရတဲ့ ရောဂါမျိုး ဆိုတော့ ဖေဖေလည်း မတတ်နိုင်ဘူး"

ဖေဖေ ပြောသည်မှာ မလွန်ပါ။ တနေ့ တနေ့ မေမေမှာ အစေခံချုပ် ရှိပေမယ့်လည်း မျက်နှာမလွှဲနိုင်။ ထမင်းချက်က ဆီ ပိုသုံးနိုးနိုး၊ ပန်းကန်ခွဲနိုးနိုး၊ ဟင်းများ ခိုးစားမလား၊ သူ သောကများလိုက်ရတာ။ ကျွန်တော်တို့သဘောကတော့ အိမ်မှာ ပန်းခြံထားတာ၊ မာလီထားတယ် ဆိုတာ ခြံမှာ သပ်ရပ်သန့်ရှင်းပြီး စိတ်ချမ်းသာအောင် ထားတာပဲ။ ပန်းအိုးတလုံး ကွဲမှာစိုးလို့၊ ပန်းတပွင့်ပျောက်ပြီး မာလီ ခိုးသွားမှာစိုးလို့ ပူပန်ရနဲ့။

ဩော်... မေမေ၊ မေမေ၊ သေသေချာချာ တွေးကြည့်တော့လည်း အတော်အဖြစ်ဆိုးတဲ့ရောဂါ၊ ကျွန်တော်တို့မှာလည်း ဘာတရားမှ မရှိတော့ တရားမပြနိုင်ဘူး။ သူက သူ့စိတ်သူ မနိုင်တော့ ကုသိုလ် အလှူပြုရာမှာတောင် စိတ်ကို အပြတ်မထားနိုင်ဘူး။ စေတနာသုံးတန်ပြတ်ပြီး မလှူ၊ ငါ လှူနေတုန်း ဝိုင်းကူတဲ့လူတွေ ပစ္စည်းတွေ အရမ်းသုံးမလားဆိုပြီး နောက်ဆံအမြဲတင်းတတ်တယ်။ ဒါကြောင့်လည်း အသက်က ရှောရှောရှူရှူ မထွက်၊ သူများ နှလုံးရောဂါ ဖြန်းဒိုင်းသေပေမင့် မေမေဟာ ဝေဒနာကို အတော်ခံစားရပြီးမှ ကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့သူတွေ အများကြီးပဲ။

ကျွန်တော်တို့ သားအဖနှစ်ယောက် ဒီနေ့ဟာဖြင့် မိန်းမဆိုသော သတ္တဝါများကို ခွဲခြမ်း စိတ်ဖြာ လေ့လာတယ် ဆိုရင် မမှားဘူးပေါ့။

“ကဲ... မင်းမေမေအပေါ် အထင်သေးဖို့ ဖေဖေပြောတဲ့ ရည်ရွယ်ချက် မဟုတ်ဘူး၊ သားလည်း မေမေ့အကြောင်း သိပြီးသားပဲ၊ မိန်းမတွေကို ကြောက်တယ်လို့ ဖေဖေ အစချီခဲ့လို့၊ ဖေဖေတို့ မိန်းမ ငါးယောက်အကြောင်း လေ့လာတင်ပြတာပါလေ၊ တကယ် ဖေဖေ ပြောချင်တာက သားအကြောင်း”

“ကျွန်တော့်အကြောင်းလား”

ကျွန်တော်ဟာ ကျွန်တော့်ရင်ဘတ်ပုတ်ပြပြီး မေးလိုက်တယ်။ ဖေဖေက ခေါင်းညိတ်ပြတယ်။

“အေးပေါ့၊ ဖေဖေ့စကားမှ မဆုံးသေးဘဲ၊ မောင်မြင့်မောင်က မင်း အရက်သောက်ပုံ ဣန္ဒြေမရ အရမ်းကျလာတာက အစ နောက်ဆုံး ဘာပြောလဲဆိုတော့ မင်း အေမီကိုကွာဖို့ သူ့ကို တိုင်ပင်တယ်ဆို”

ကျွန်တော်ဟာ ဒီစကား ကြားပြန်တော့ သက်ပြင်းချပြီး ဖေဖေ့အပါးက ထလာမိတယ်။ ဟင်းလင်းပွင့်နေတဲ့ ပြတင်းပေါက်နား သွားရပ်နေမိတယ်၊ အသက်ရှူမဝသလို ဖြစ်သွားတယ်၊ လက်ပိုက်ပြီး ဖေဖေ့ဘက်တော့ လှည့်လိုက်တယ်၊ ဖေဖေ့အနားတော့ သွားမထိုင်မိဘူး။

"ခုမှ ဒီစိတ်ကူးရတာ မဟုတ်ပါဘူး ဖေဖေရယ်" လို့ ပြောမိတယ်။

"ဘယ်အချိန်လောက်တုံးကလဲ"

"ကျော်ထွန်းဦးကို မွေးပြီးမှပဲ ဆိုပါတော့"

"ကဲ... ဆက်ပြောပါဦး"

"ပထမအကြောင်းကတော့ သေးဖွဲ့ သိမ်ငယ်လွန်းပါတယ်လေ၊ ငါ အ,လို့ ငါ ခံရတာပဲ၊ ငါ့လိုပဲ တချို့ယောက်ျားတွေဟာ ဒီခေတ်မှာ ခံရတာပဲ၊ မဆန်းပါဘူးလို့ စိတ်ဖြေတယ်"

"ဆိုပါဦးလေ၊ ပထမအကြောင်းကို"

"ကျွန်တော် လန်ဒန်မှာ နေတုန်း စာရေးဆရာ မောင်သစ္စာနဲ့ သူ... သူ ဖြစ်ပြီး ကုလားဆရာဝန်တယောက်နဲ့ သူ ဣန္ဒြေမပျက် သူ့ကိစ္စကို ရှင်းလိုက်တယ်လို့ သိတဲ့နေ့ပဲ"

"ဟင်..."

"ဟုတ်ပါတယ် ဖေဖေရယ်၊ သား ပြန်ပြောရတာတောင် ရှက်ပါတယ်၊ နောက်တော့လည်း မင်းဆက်ငါးသွယ် ရှင်ဘို့မယ် ဆိုတာတောင် ရှိပါသေးတယ်လို့ ကျွန်တော် စိတ်ဖြေပါတယ်၊ ကိုယ်ကလည်း လူကြီးလူကောင်း အရာရှိတယောက် ဖြစ်နေတော့ ကျွန်တော် အကျယ်မပွားချင်လို့ နေလိုက်တယ်၊ ဒုတိယ..."

ကျွန်တော်က ဒုတိယအကြောင်းကို တောက်လျှောက်ကြီး ဆက်မပြောနိုင်ဘူး။

"ဒုတိယအကြောင်း ဆက်ပါဦး"

ဖေဖေက စကားထောက်ပေးတယ်။

"ဖေဖေတော့ သတိထားမိလား၊ မထားမိလား မသိဘူး၊ လောပိတမှာ လျှပ်စစ်ဓာတ်အား အသုံးချဖို့ စချိန်၊ အင်ဂျင်နီယာတွေ နေဖို့၊ အလုပ်သမားတွေ နေဖို့ ကျွန်တော် အဆောက်အအုံ တာဝန်ခံ သွားရောက်လုပ်ပေးရတုန်းကပါပဲ။ သားလေးကို နာနီနဲ့ ဖေဖေတို့အိမ်မှာပဲ ထားခဲ့တယ်လေ...၊ သူနဲ့ ကျွန်တော် နှစ်ယောက်တည်း အေးအေးလူလူလည်း ရှိအောင်ဆိုပြီး လောပိတကို ထွက်လာတဲ့အချိန်၊ ကြံကြံဖန်ဖန် ဖေဖေရယ်၊ လွိုင်ကော်က ပြည်ထောင်စုနေ့မှာ ပွဲတော်လုပ်တော့ ရွှေမန်းအောင်ဝင်းဖေဇာတ် လွိုင်ကော်မှာ လာကတယ်၊ အဲဒီဇာတ်အဖွဲ့က နာမည်ကြီးထိုက်ပါတယ်။ ဖေဖေတို့ကတော့ ဒီဇာတ်ပွဲတွေကို

စိတ်မဝင်စားဘူး။ ကျွန်တော်လည်း ရုပ်ရှင်ကြည့်ရင်တောင် မြန်မာရုပ်ရှင်ကားကို အထင်သေးလို့ ဘယ်တော့မှ မကြည့်ဘူး။ မြန်မာဇာတ်ပွဲဆိုတော့ ဝေးရော။ ဒါပေမင့် ရွှေမန်းအောင်ဝင်းဖေအဖွဲ့က နာမည်ကြီးသလောက် တော်လည်း တော်တယ်၊ ခေတ်လည်း မီတယ် ဖေဖေ၊ အဲဒီအဖွဲ့မှာ ဘယ်သူ ပါလာတယ် ထင်သလဲ၊ စာရေးဆရာ မောင်သစ္စာ ပါလာတယ်”

“ဟင်… စာရေးဆရာဆိုတာ ဝတ္ထုတွေ၊ စာတွေ ရေးတာ မဟုတ်ဘူးလား”

“ဟုတ်ပါတယ်၊ သူက ဘက်စုံတယ် ဖေဖေ၊ စာပေနယ်မှာ စာရေးဆရာ မောင်သစ္စာအနေနဲ့ ကျော်ကြားသလို ဇာတ်သဘင်လောကမှာ စောင်းတော်ရှင် မောင်သစ္စာလို့ ကျော်ကြားသူပဲ”

"ဩော်…”

“ကျွန်တော်တို့ကလည်း မိန်းမတွေ ဘာကြောင့် ဒီလူကို ကြိုက်ပါလိမ့်လို့ လေ့လာ အကဲခတ်ရင်းက ကျွန်တော်တို့ပါ သဘောကျသွားတယ်။ လူပုံက မြန်မာဇာတ်မင်းသားတွေလို ဆံပင်ရှည်နဲ့ ဘာနဲ့ မဟုတ်ဘူး။ ဇာတ်ထဲမှာ မင်းသားလို ဝတ်တဲ့အခါမှ သျှောင်တစောင်းကို ဆံပင်ပုံစံနဲ့ ထုံးတာ၊ သူက မကဘူး။ အဆိုနဲ့ အတီးမှာ သိပ်တော်တာပဲ။ အထူးသဖြင့် စောင်းကောက် တီးတာမှာ တော်လို့ စောင်းတော်ရှင် မောင်သစ္စာလို့ သူ့ကို လူတွေက ခေါ်တာ၊ တိုတိုပဲ ပြောပါရစေ ဖေဖေရာ၊ ကျွန်တော်တို့ အုပ်ချုပ်ရေးမှူးက ရွှေမန်းအောင်ဝင်းဖေတို့အဖွဲ့ကို ဖိတ်ခေါ် ကျွေးမွေး ဧည့်ခံတယ်လေ။ လာဖို့ ခက်ခဲတဲ့ ဒီလိုဒေသတွေမှာ မြန်မာဇာတ်သဘင်တွေ အလာနည်းတာကို သူ စေတနာထား ဦးစားပေးပြီး လာကတာကို ကျေးဇူးတင်ကြောင်း အထိမ်းအမှတ် ဧည့်ခံပွဲ ဆိုပါတော့၊ အဲဒီပွဲမှာ စစ်ဘက်ရော နယ်ဘက်ရော အရာရှိစုံပေါ့။ ဧည့်ခံပွဲမှာ ဘယ်လောက်များ ဧည့်ဝတ်ကျေလဲဆို ကျွန်တော့်အေမီ ထိပ်ဆုံးကပေါ့။ တခြား အရာရှိတွေလည်း မျက်စိရှုပ်အောင်ကို အေမီဟာ ခွက်ချင်း အပြိုင်တော့ပြီး ဧည့်ခံလိုက်တာမှ ကျွန်တော် ဟန်လုပ်ပြီးသာ နေရတယ်၊ သိပ်ရက်တာပဲ။ ညီညီမျှမျှဆို တော်သေးတယ်၊ မောင်သစ္စာက စောင်းကောက်နဲ့ သူတို့ ဇာတ်တဖွဲ့လုံးကိုယ်စား ပြန်လည် ဖျော်ဖြေခဲ့တယ်။ မောင်သစ္စာကို ဣန္ဒြေပျက်အောင် အေမီက ဦးစားပေး ဧည့်ခံတယ်၊ အဲဒီနေ့ အိမ်ပြန်လာတော့ အကြီးအကျယ် ရန်ဖြစ်တာပဲ၊ ရှင်းရှင်းပြောရရင် ကျွန်တော် သေနတ်ကိုတောင် ဆွဲမိတယ်၊ ဒီစကားတွေ ဒီတင်ပဲ ဖြတ်လိုက်ပါစို့ ဖေဖေရာ၊ နားပါတော့”

“နားပါတယ်၊ အနားလည်း ရပါတယ်၊ ဖေဖေ မပင်ပန်းပါဘူး၊ သားကို ပြောသင့်တာလေး ဆုံးအောင်တော့ ပြောချင်တယ်။ သားကို အဆိုးမဆိုပါဘူး၊ ခက်သားလားကွယ်၊ မိန်းကလေးတွေဟာ မိခင်မျိုးဆက်တွေပါပဲ။

သူတို့ရဲ့သားအိမ်ဟာ ဖေဖေ့အယူအဆကတော့ လူသားတို့ရဲ့မျိုးဆက် ပြန့်ပွားအောင် တာဝန်ယူ တန်ဖိုးထားရ၊ သူတို့ကလည်း သားအိမ်မှ သားငယ်လေးကို မေတ္တာနဲ့ စောင့်ရှောက်လာခဲ့သူမို့ မိခင်မျိုးနွယ်အနေနဲ့ အမိကို ရှေ့တင်ပြီး “မိဘ” လို့ ကျေးဇူးတရား ဖော်ထုတ်ပြီး ရှိခိုး ပူဇော်ကြရတာ။

အေး… တချို့ မိန်းကလေးတွေဟာ အဲဒီတန်ဖိုး မသိဘဲ “သားသတ်” ဇာတ်ထုပ် ခင်းကြတာ သိပ်ကြောက်ဖို့ ကောင်းတာပဲ၊ သူတို့လုပ်တာ လူမသိဘူး ထင်ပေမယ့် အဲဒီလို မိန်းမမျိုး မျက်နှာဟာ ဘယ်လောက်လှလှ ကျက်သရေမရှိဘူး သား။

ကဲ… ထားတော့၊ ဖေဖေ ပြောချင်တာက အေမီမှာ အပြစ်မရှိဘူး မဟုတ်ဘူး၊ ရှိပါတယ်၊ အဲဒါ သားဟာ ဝင်္ခ လည်တာ၊ ဖေဖေလည်း သားကို ပွင့်ပွင့်လင်းလင်း ပြောရရင် သားလည်း လန်ဒန်ကို မသွားခင် တချိန်မှာ သား တခြားမိန်းကလေးတွေအပေါ် မှာ ပွေခဲ့ ရှုပ်ခဲ့တာကိုး၊ သားသတ်ဇာတ်ထုပ် ခင်းခြင်းရဲ့ တစ် တရားခံဟာ ရှင်တို့လို ယောကျ်ားတွေကြောင့်ပဲလို့ ပြောရင် သား ဘယ်လိုဖြေမလဲ”

“ဟုတ်ပါတယ် ဖေဖေ၊ သားလည်း စဉ်းစားမိပါတယ်၊ ဆိုရှယ်ကျတဲ့ မိန်းကလေးတွေအတွက် ဘာမှ ကိစ္စမရှိပေမယ့်၊ ရိုးရိုးသားသား ကျောင်းသူလေးတွေအပေါ် ကျွန်တော် ကျူးလွန်ခဲ့တဲ့မိုက်ပြစ် သား စိမ်ရေသင့်တာပဲလေလို့ ယူဆလိုက်လို့ ခုထိ အေမီနဲ့ ကွာတဲ့ ရှင်းတဲ့အဖြစ် မရောက်သေးတာဘဲ။ စိတ်ထဲမှာတော့ မျိုသိပ်ရလွန်းလို့ ကိုမြင့်မောင်ကို ဖွင့်တိုင်ပင်မိတာ”

“အေး… ဖေဖေ ဆိုလိုချင်တာက သားမှာလည်း သားတယောက်ပဲ ရှိတယ်၊ သူ ရှေ့နှစ်ဆို ငါးတန်း၊ ဘာပဲပြောပြော သူ့ရဲ့စံပြဟာ သူ့အဖေပဲ၊ သား နေပုံထိုင်ပုံ မဟုတ်ရင်ဖြစ်ဖြစ်၊ သားနဲ့ အေမီ ကွဲခဲ့ရင်ဖြစ်ဖြစ် သားတို့ချမ်းသာတဲ့ ပိုက်ဆံတွေဟာ သားရဲ့ကလေး အကျင့်စာရိတ္တကို ကယ်မှာ မဟုတ်ဘူး၊ ကလေးကို ထိခိုက်မယ်ဆိုတာ မြဲမြဲမှတ်ထား၊ ဒီတော့ မင်းရဲ့သား မျက်နှာကို ထောက်ထားပြီး အေမီကို ကွာဖို့ ရှင်းဖို့ မစဉ်းစားပါနဲ့ဦး သားရယ်”

ဖေဖေက သူ့စကားကို အဆုံးသတ်လိုက်တယ်။ ကျွန်တော် ဖေဖေ့ကို အချိန်နဲ့ တိုက်ရမယ့် ဆေးတွေ တိုက်ပြီး သိပ်ခဲ့တယ်။ ဘာကတိမှတော့ မပေးခဲ့ဘူး။

စိတ်ထဲမှာ အဲဒီတနေ့လုံးဟာ ကြည်နူးသလို၊ ဝမ်းနည်းသလိုပဲ။ ကြည်နူးမိတာကတော့ ဖေဖေ့ရဲ့ မွေးအပေါ် ထားရှိတဲ့ စိတ်ထားပါပဲ။ မွေးကို ပြောပြချင်တယ်။

မွေး မောင်တို့အပေါ် ထားရှိတဲ့ သဘောထားဟာ ဘာပဲပြောပြော တင်းမာနေပါတယ်။ မွေးအမေက ပြောထားသလို မောင်တို့ အိမ်ပတ်ဝန်းကျင်ဟာလည်း အတော့်ကို စိတ်ပျက်စရာ ကောင်းတဲ့ အသိုင်းအဝိုင်း မှန်ပါတယ်။ ဒါပေမင့် ဖေဖေဟာ ခါးခါးသီးသီး လူငယ်တွေ ချစ်ခြင်းကို ခွဲချင်လို့ မဟုတ်ပါဘူး။ မွေး ဒုက္ခရောက်မှာစိုးလို့၊ မွေး ဒုတိယ မနှင်းကြည်ဇာတ် ခင်းရမှာစိုးလို့ ဖေဖေက မွေးကို မောင်တို့မိသားစုထဲ မဝင်စေတာပါ မွေးရယ်... လို့။ ဖေဖေ့ရဲ့နောက်ဆုံးရက်တွေကို လက်ချိုး မျှော်လင့်နေရတဲ့ အချိန်မှာ...

"ခွင့်လွှတ်ပါတယ်"

ဆိုတဲ့ စကားလုံးလေး လာပြောစေချင်လိုက်တာလေ။ မွေးပါးစပ်က အဲဒီစကားလုံးလေးတွေ ကြားရရင် ဖေဖေဟာ သိပ်ကြည်နူးမှာပါပဲ။

ဇာတ်ရည် မလည်သေးလေတော့ အချိတ်အဆက် မမိသလို ဖြစ်နေတယ်။ မွေးကို ဒီတုန်းက ဆက်သွယ်ပိုင်ခွင့်၊ ပြောပိုင်ဆိုပိုင်ခွင့်သာ ရှိခဲ့ရင် ဖေဖေ့ရဲ့နောက်ဆုံးနေ့မှာ ကျွန်တော် မွေးကို သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြရင် မွေးဟာ ဖေဖေ့ကို လာရောက် တွေ့ဆုံဖို့ ဝန်လေးမယ့် မိန်းမတယောက် မဟုတ်ပါဘူး။

ဒါပေမင့် ကျွန်တော်ကလည်း အေမီ အဆိပ်တက်ချိန်၊ ဒေါ်ဒေါ်ထား လွှမ်းမိုးမှုကလည်း ရှိနေချိန်ဆိုတော့ မွေးနဲ့ ကျွန်တော် တွေ့ဆုံဖို့က ကမ္ဘာခြားနေပြီ၊ ပြေလည်သင့်တာတွေ မပြေမလည် ဖြစ်ခဲ့ရတာပေါ့လေ။

ကဲ... ဖေဖေ့ရဲ့ မွေးအပေါ် ကောက်ချက်ချပုံ၊ မွေးစိတ်ဓာတ်အပေါ် ဖေဖေ လေ့လာပုံကို မှန်ကန်ကြောင်း ကျွန်တော်ကလည်း အထောက်အထား ပြရပေမယ်။ ဒါကြောင့် ဒီစာကို ဆေးရုံပေါ်မှာ ရေးနေဆဲ၊ ကိုမြင့်မောင် ကျွန်တော့်ကို လာတွေ့တဲ့ နေ့တနေ့မှာ မွေးစာကို တောင်းယူလာပြီး ပူးတွဲ ဖော်ပြလိုက်ပါတယ်။

မွေးဟာ အဲဒီစာကို ကျွန်တော် လန်ဒန်မှာရှိစဉ် ပေးလိုက်တာ။ တခြားစာတွေကို ပြာချပြီးနောက် ဒီစာကို လန်ဒန်မြို့က သိမ်းမြစ်ထဲကို ဆုတ်ခြေချခဲ့မလို့၊ ကိုမြင့်မောင်က တားမြစ်ပြီး သိမ်းယူထားပေလို့။

ဩော်... စိတ်... စိတ်၊ ချစ်လုံးလုံး မုန်းလားလား၊ မွေးသာသိရင် ကျွန်တော့်ကို သိပ်စိတ်နာမှာ။ အစစ ကျွန်တော့်ရဲ့မိုက်စိတ်နဲ့ တခါတခါ တေခဲ့ ပေခဲ့တဲ့ အကျင့်တွေကို ကိုမြင့်မောင် ထိန်းခဲ့ပေလို့ပဲ။

ဒီတုန်းက ကိုမြင့်မောင်က ပညာတော်သင်အနေနဲ့ ကျွန်တော့်ဆီ ရောက်လာတာ မဟုတ်ပါဘူး။ ဘဏ္ဍာငွေကိစ္စအတွက် အစိုးရမစ်ရှင်အဖွဲ့မှာ

ပါလာတာ။ စက္ကူတစပေါ်က စာတကြောင်းဟာ တိုင်းပြည်ကြီးတခုရဲ့သမိုင်းမှာ မပြောနဲ့တော့၊ ကျွန်တော့်ဖေဖေ ပြဿနာမှာတောင် ကျန်ခဲ့ရင် ကျန်ခဲ့သလို အရေးပါလာတာပဲ။

ကဲ... မွေးရဲ့စာကို ဆက်ဖတ်ပါဦး ဒေါ်ခင်နှင်းယု။

မောင်

ရှိသေစွာ စာရေးလိုက်ပါတယ်။

ဒီစာဟာ ဒုတိယ မွန်ဘုရင်မ ရှင်စောပုထံက ရေးတဲ့စာပေါ့။ ဘုရင်မကြီးလို မြတဘက် မရှိလေတော့ သူ့ရဲ့အသည်းလွှာ စိမ်းပျော့ပျော့ကို ဥပနာတိုက်သွင်းပြီး ဒုတိယ သော်ကဘုရားကို တည်ရတော့မယ့် ဘုရားအမကြီး မွေးလေ။

အရင်ကလို စာရေးတဲ့အခါမှာ မောင့်ရဲ့အချစ်ကို အချစ် စာရေးလိုက်ပါသည် မောင်လို့ စာအစရဲ့ကဏ္ဍကို ဖွင့်ပိုင်ခွင့် မွေးမှာ မရှိတော့ဘူး။

တခါက မွေးနဲ့ မောင် အတွတ်တို့ရဲ့ခြံစည်းရိုးနောက်မှာ ထိုင်ကြရင်း စကားပြောခဲ့တဲ့ တနေ့ကို မောင် သတိရဦးမှာပေါ့။

အဲဒီတုန်းက အချစ်က ပြောခဲ့ဖူးတယ်။

ဘုရင်မကြီး ရှင်စောပုဟာ ပူပန်သောကတွေ များလို့ သောကဗျာပါဒတွေ ငြိမ်းလိုသော ဆန္ဒနဲ့ သူ့မြတဘက်ကို ဥပနာပြီး ဒီသော်ကဘုရားကြီးကို တည်ခဲ့တယ်။

အချစ်ဟာဖြင့် ဒုတိယဘုရင်မကြီး ရှင်စောပုလည်း မဖြစ်ပါရစေနဲ့၊ ဒုတိယ သော်ကဘုရားကို မတည်ပါရစေနဲ့လို့ မွေးပြောခဲ့တာကို မောင် သတိရသေးလား။

ခုတော့... မွေးဟာ ဘုရင်မကြီး မဖြစ်လိုသော်လည်း အကြောင်းကံ ပါလာပြီမို့ သောကတွေ ရင်မှာပိုက်ရတဲ့ ဘုရင်မကြီး ဖြစ်လာရတာပေါ့၊ ဘုရားအမကြီး ဖြစ်လာရတော့မှာပေါ့၊ ကိုယ့်ကိုယ်ကိုယ် ကြီးကြီးကျယ်ကျယ် ဒုတိယမွန်ဘုရင်မကြီး ရှင်စောပုလို့ အမည်ခံပြီး ဒီစာကို ရေးလိုက်တာ မောင် သဘောပေါက်ပြီပေါ့နော်။ မောင်... အေမိနဲ့ စေ့စပ်သွားပြီး အင်္ဂလန် ထွက်ခွာသွားချိန်ဟာ လောကဓံ လက်ဝှေ့ကြိုးဝိုင်းမှာ ဒုတိယအကြိမ် နံရိုးအောက်ကို တဖက်လူ လက်သီးအထိုးခံလိုက်ရခြင်းပါပဲ။

ပထမတချီကတော့ မေမေရဲ့အရိပ်အောက် သော်ကဘက် ခြံမြေကြီးမှာ မိသားစု သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်ပျော်ရွှင်ရွှင် ကြီးပြင်းလာတဲ့ မွေးဟာ

လောကရဲ့ဘဝ၊ ရှေ့လာမယ့် အချိန်တွေဟာ ပြေပြစ် ချောမွေ့စွာပဲ နေရမယ်လို့ ထင်တာပဲ။

စာတွေကို ကြိုးစားသင်၊ ဒီဂရီလည်း ရရော ကိုယ်ကြိုက်တဲ့သူနဲ့ လက်ထပ်ကြရော၊ မွေးရဲ့ အတွေး၊ မွေးရဲ့ရည်ရွယ်ချက်ဟာ ငယ်ငယ်တုန်းက ဒါ့ထက် မပိုခဲ့ပါဘူး။

မေမေရဲ့အဆုံးအမကတော့ သမီးရယ်... တဲ့၊ လူဖြစ်လာတယ်ဆိုတာ စားဝတ်နေ ဒီသုံးခုအတွက်တင် ဖြစ်လာရင် တို့များလည်း အကြောင်းသုံးခုကိုသာ သိတဲ့ တိရစ္ဆာန်ထက် ဘာထူးဦးမှာလဲ၊ ဒါကြောင့် ကိုယ်ကိုယ်တိုင် စားဝတ်နေဖို့ အကြောင်းသုံးခုအတွက် လှုပ်ရှားတိုင်း ကိုယ့်ရပ်ကွက်၊ ကိုယ့်မြို့၊ ကိုယ့်တိုင်းပြည်၊ ဒါထက်ပိုနိုင်ရင် လူ့ဘောင် လူသားတို့အတွက် တတ်နိုင်သမျှ လုပ်သွားပါ ဆိုတာကို မွေးနားမှာ အစဉ် ကြားရက်ပါ။

မေမေရဲ့ ဒီလို အဆုံးအမကြောင့် ဒီဂရီရရင် သတင်းစာတိုက်တတိုက်မှာထိုင်၊ သတင်းစာ ဆရာ၊ သို့မဟုတ် ကျောင်းဆရာမ အလုပ်နဲ့ အသက်မွေးပြီး ကိုယ့်ပတ်ဝန်းကျင်ကို အလုပ်အကျွေး ပြုမယ်ပေါ့။

ဇနကမင်းသား ဥဒါန်းကျူးစကားထဲမှာ ပါလာသလိုပါပဲ။ မကြံဘဲနှင့်လည်း ဖြစ်တတ်၏၊ ကြံလျက်နှင့်လည်း ပျက်တတ်၏တဲ့။ အမှန်တော့ ဇနကမင်းသားက မစိုးမပိုင်သောသဘောကို ဆင်ခြင်ပြီး ဥဒါန်းကျူးခဲ့တာပဲ။ မွေးဘဝမှာလည်း ဘာမှ ထင်သလိုမဖြစ်ဘဲ ဝါးခယ်မမြစ်ကြီး စုန်လာကတည်းက ဇနကမင်းသား သင်္ဘောပျက်ကိန်း ကြုံလိုက်ရတာ၊ ရပ်တည်ရာ မရခဲ့ဘူး။ မေမေလည်း တီဘီရောဂါ ရပြီး ခုတော့ မေမေ လူ့လောကမှာ ကြာကြာ မနေရတော့ဘူး။

ဒီပြဿနာဟာဖြင့် မွေး ပထမအရွယ်မှာ လောကဓံ လက်ဖျော့ကြိုးဝိုင်းကို အဝင် ပထမဆုံး ခံရတဲ့ လက်သီးဒဏ်ပဲ။ ကျွန်မဟာ မိန်းမသားပဲဆိုပြီး ခွေကျသွားလို့ မဖြစ်ပြန်တော့ ပြန်ထလာဖို့ အားယူရပြန်တာပေါ့။

နိုင်ငံရေးသမားတွေကတော့ မိုးသောက်ကြယ်၊ ခူဝံကြယ်တွေဟာ လမ်းမှန်ကို ရှေ့ဆောင် ပြခဲ့ရုံမကဘူး။ အားသစ် အင်သစ် စိတ်မာန်သစ်တွေကို ပွားစေတယ်ပေါ့။ မွေးအဖို့တော့ ရွှေရောင် တလက်လက် ဝင်းပနေတဲ့ ရင်ခတ်ပန်း၊ ဒီပန်းရွှေဝါကိုကြည့်ပြီး မွေး အားသစ် စိတ်သစ် မွေးခဲ့ရတယ် မောင်။

ဝါဆို ဝါခေါင် ရေဖောင်ဖောင်မှာ မွေးတို့ သော်ကရွာ ပတ်ဝန်းကျင်မှာ စပါးပျိုးပင်တွေ ပြည့်ဖြိုးနေကြပြီ။ သော်ကဘုရားရင် ရွှေစေတီတော်ကြီးကလည်း ရွှေတောင်ကြီး မိုးသလို မြလယ်ကွင်းတွေ ပတ်လည်မှာ လယ်မြေ မိသားစု မောပန်းလေသမျှ အားပေးပြီး အားတက်ဖွယ် စိတ်တန်ခိုးတွေနဲ့ စိတ်ဓာတ်ကို

ငြိမ်းအေးအောင် ဖန်တီးနေချိန်ပါပဲ။

ဒီချိန်မှာလေ တရားလေသလား၊ မတရားလေသလား မသိ၊ လက်နက်နဲ့ အာဏာသာ ရှိရင် ဝိုင်းပြီး ရှိခိုးချီးမြှောက် ပူဇော်ပသ ဦးညွှတ်တတ်တဲ့ လူတစုဟာ ဘာတွေလုပ်နေတယ် ထင်သလဲ၊ တောင်ပြုန်းမင်းညီနောင် ပွဲသဘင်ကို ခြိမ့်ခြိမ့်သဲ ကျင်းပပြီး ကပွဲကြီး ကျင်းပနေချိန်ပေါ့။

မွေးသာ တန်ခိုးအာဏာ ပိုင်ဆိုင်ခွင့်ရှိခဲ့ရင် သူတပါး ကိုးကွယ်ပသ ပူဇော်ပွဲကိုလည်း မဖျက်ပါဘူး။ နတ်ကပွဲကိုလည်း မဖျက်ပါဘူး။ ဒါပေမင့် မွေးလေ... မွေး ဘာလုပ်မလဲ သိလား။ ရင်ခတ်ပန်းဘုရင်မရဲ့ပွဲသဘင်ကို ခြိမ့်သဲ ကျင်းပမယ်။ ရင်ခတ်ပန်းဘုရင်မဆိုတာ ဘယ်သူလဲ သိလား။ တောင်တော်သခင်မပေါ့။ သူ့နာမည်ရင်းကတော့ ကျေးတောသူ မယ်ဥပါ။ ဒါပေမင့် သူဟာ တောင်တော်သခင်မဆိုတဲ့ ဘွဲ့ကိုလည်း ရထိုက်တယ်။ ရင်ခတ်ပန်းဘုရင်မဆိုတဲ့ ဘွဲ့ကိုလည်း ယူထိုက်တယ်။ ညို့မှိုင်းနေတဲ့ သူ့တောင်ပေါ်မှာ သူ့ရက်ကန်းခတ်သံကို ကြားယောင်နိုးနဲ့ မွေး မန္တလေးကို ရောက်ရင် မျှော်ခဲ့ မှန်းခဲ့ နားစွင့်ခဲ့ရတယ်။ သူ့လက်ခတ်သံဟာ သောင်းတိုင်က ကြားအောင်၊ ထက်မိုးယံက အမှား၊ အမှန်ကို ဆုံးဖြတ်တတ်တဲ့ တာဝတိံသာပျော် သိကြားမင်းကြီးကို တိုင်တည်နေသလိုပဲ။

လက်နက်ကြီးသခင် တောင်ပြုန်းမင်းလေးဟာ မယ်ဥအချစ်ကို ခားမိုးပြီး တောင်းခံလည်း မယ်ဥဟာ မပေးခဲ့ဘူး။ မင်းလေးရဲ့ လက်သပ်မွေး စီးတော်ကျားနဲ့ ခြိမ်းခြောက် တိုက်သတ်ပြီး မယ်ဥ အချစ်ကို တောင်းခံပေမယ့် ဒီနေရာမှာ ရက်ကန်းသည်မလေး၊ သူ့ကိုကြည့်ရင် ရိုးသားနုနယ်တဲ့ အနုပညာနဲ့ အသက်မွေးသော်လည်း တောင်ပြုန်းမင်းလေး ဘယ်လိုပဲ ခြိမ်းခြောက် ခြိမ်းခြောက် အသက်သာ စွန့်ခဲ့တယ်၊ သူ့အချစ်ကို မပေးခဲ့ဘူး။

သူ့ချစ်သူ ကိုရင်မောင်မျက်ကွယ်မှာ စီးတော်ကျား ကိုက်သတ်လို့ ရက်ကန်းသည်မလေး သေခဲ့ရပြီ။ နှိမ်ချင်တဲ့သဘော၊ စိုးမိုးချင်တဲ့သဘောတွေကို တော်လှန် တိုက်ဖျက်တဲ့ မယ်ဥ စိတ်ဓာတ်ကို မွေးအနေနဲ့ အမြဲ လေးစားမိတယ်။ ရက်ကန်းစင်ပေါ်ကနေ တောင်ပြုန်းမင်းလေး ခေါ်ရာကို လိုက်ခဲ့ရင်ဖြင့် တောင်ပြုန်းမင်း ကြင်ရာတော် ချီးမြှောက်ခံရမယ့်သူပေါ့။ ကြင်ရာတော် မယ်ဥကို နတ်ကတော်တွေ ဝိုင်းဝိုင်းလည်ပြီး ပူဇော်ပသရမယ့်အချိန်ပေါ့။ သို့ပေမဲ့ ချော့လို့လည်း မရ၊ ခြောက်လို့လည်း မရ၊ မတရားသဖြင့် ခားကိုင် အရက်သောက်၊ စီးတော်ကျား အားကိုးနဲ့ အဲဒီတခေတ်မှာ လွှမ်းမိုးနေတဲ့ တောင်ပြုန်းမင်းလေးကို ခေါင်းမာမာနဲ့ ရင်ဆိုင်ခဲ့တာ ရက်ကန်းသည်မလေး မယ်ဥတယောက်ပဲ ရှိခဲ့တယ်။

မယ်ဥကို စီးတော်ကျားက ကိုက်သတ်ပြီး ချီယူသွားချိန်မှာ ဆံထုံးပျက်လေတော့ ဆံပင်က ကြွေကျပြီး မြေခကျန်ရစ်တဲ့

ရင်ခတ်ပွင့်လေးတွေဟာ စီးတော်ကျားရဲ့သွားရာ မြေပြင်မှာ လွင့်စဉ်ပြီး ကျန်ရစ်တယ်။ ဒီပန်းလေးတွေဟာ ခုတော့ တပွင့်ချင်း ဖယ်စက်သလို တောင်ပေါ်ကနေ တောင်ခြေအထိ လမ်းတလျှောက် အထိမ်းအမှတ် လမ်းစဉ်ကို ပြခဲ့တယ် မောင်။

ရင်ခတ်ပန်းရနံ့ လေထဲမှာ သင်းပျံ့လာချိန်ဆို မွှေးလေ... ရင်ခတ်ပန်းဘုရင်မ ပွဲသဘင်ကို တပြည်လုံး ကျင်းပပြီး သူ့ကို ပူဇော်ချင်တယ်၊ ပသချင်တယ်။

မွှေး ဘာတွေ ရေးနေတာလဲလို့ မောင်က ထင်မယ်။

မွှေးဟာ တောင်တော်သခင်မနဲ့တော့ မတူခဲ့ပါဘူး။ ဒါပေမင့် သူ့စိတ်ဓာတ်ကို ရယူနိုင်အောင် ကြိုးစားပြီး နှလုံးသားထဲမှာ မွှေးခဲ့တော့မှ ဒီလောက ခရီးကြမ်းကို ရဲရဲတင်းတင်း လှမ်းရဲ့ခဲ့လို့ ကျေးဇူးတော်ရှင် သခင်မကို ပူဇော်ပသလိုခြင်းပါ။ နတ် ကိုးကွယ်ချင်တာလည်း မဟုတ်ပါဘူး။

လောကမှာ ချစ်တာဟာလည်း မဆန်းပါဘူး။ အိမ်ဦးခန်းမှာ လက်က ဓမ္မပဒ စာအုပ်ကြီး ဖွင့်ကိုင်ပြီး “ဟဲ့.. အချစ်ဝတ္ထု မဖတ်နဲ့၊ စိတ်တွေ လေတယ်၊ လွင့်တယ်၊ တနေ့ တနေ့ နင်တို့ လင်ယူဖို့၊ ရည်းစားထားဖို့လောက် စိတ်ကူးနေတယ်” လို့ ဆူကြိမ်းနေတဲ့ အဘွားကြီးတွေလည်း ငယ်တုန်းက ရွှေမြင်းမိုရ်တောင်လုံးကို တုံးမှတ်လို့ ခုန်ခဲ့ကြတဲ့အဖြစ် ရောက်အောင် ပုဆိုးပိုက်ကာ စောင်ပိုက်ကာနဲ့ ချစ်သူတွေနောက် လိုက်ခဲ့ကြလို့ အခု ဆုံးမစရာ သားသမီးတွေ၊ မြေးတွေ မွှေးခဲ့ကြတာပဲ မဟုတ်လား။

မွှေးလည်း အချစ်နဲ့ မကင်းခဲ့ပါဘူး။ ချစ်တဲ့နေရာမှာ မောင့်အပေါ်မှာရော၊ မိဘ ဆွေမျိုးသားချင်း၊ ကိုယ့်ပတ်ဝန်းကျင် ဆက်သွယ်နီးနှောလေသမျှ ချစ်လွန်လွန်းလို့ ချစ်စရာရှိရင် သူများထက်လည်း သဲပိုလွန်းလို့ ခံစရာ ရှိတော့လည်း အလူးအလိမ့် ခံရတာပေါ့။ ဒီအတွက်လည်း မွှေး ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး။ ချစ်အားစိတ် အရှိန်လွန်တော့ အချစ်လေးညှို့ကြီးဟာ ဆွဲအားပြင်းရင် ပြင်းထန်သလောက် တဖက်လူကိုလည်း စူးတတ်တယ်။ ပြတ်ထွက်တော့လည်း ကိုယ့်ဘက်ကိုသာ ပြန်မှန်စမြဲပဲ။

ဒါပေမင့်လည်း အချစ်ကို ပူဇော်ပသရာဆိုပြီး တနေ့ တနေ့ ငေးငိုင်တွေဝေပြီး အချစ်နတ်သမီးရဲ့ ယဇ်ပလ္လင်အောက်မှာ ဒူးထောက်ထိုင်နေဖို့ အချိန်လည်း မရှိဘူး။

“အသည်းနှလုံးကို ပြန်ပေးပါ” လို့ နတ်သမီးတန်ခိုးနဲ့ မောင့်ဆီ ပေးအပ်ထားတဲ့ အသည်းနှလုံးကို ရယူပါလိုကြောင်း ဆုတောင်းနေချိန် မရပါဘူး

မောင်။

ည နှစ်ချက်တီးခါနီး ကြေးနီရောင် လမင်းကြီး ထွန်းပချိန် ရောက်လို့ သစ်ရွက်တွေပေါ်မှာ ငွေမှုန်နှင်းစက်ကို တလက်လက် မြင်ရင်ဖြင့် လနတ်ဖမ်းစားတဲ့ အချစ်ဖျားဒဏ်ကို ခိုက်ခိုက်တုန်အောင် ခံရပါတယ်။ ဒီအတွက်လည်း မွေး မလိမ်လိုပါဘူး။ မနက် အရုဏ်ဦး လင်းရောင်ရဲ့ရှေ့ပြေးကို တွေးတွေးနီနီ မြင်လိုက်တဲ့ တချက်တည်း ပျော့သမျှ၊ နွမ်းသမျှ၊ လွမ်းသမျှကို ညအမှောင်ထဲ ထားခဲ့ပြီး ကိုယ့်မိသားစုအတွက်၊ ကိုယ့်ပတ်ဝန်းကျင်အတွက် ခြေပြင်ပြီး ခရီးစကြတာပါပဲ။

မောင်ကဟော့ ဖုတ်ဖက်ခါပြီး မောင်တို့ ဗျူရိုကရက် မျိုးတူ အေမီနဲ့ စေ့စပ်ပြီး အင်္ဂလန်ကို ထွက်သွားလိုက်တာပဲ။ မွေးမှာတော့ လသာညများမှာ မောင်နဲ့ အချစ် ဆွေးနွေးခဲ့ကြသလို မွေးတို့ရဲ့ လက်ထပ်ရေးဟာ လွယ်မယောင်နဲ့ ခက်ကြရတယ်။ တခါတလေတော့လည်း ကလေးတွေးပဲ တွေးမိတယ်။ လောကကြီးမှာ ဓနရှင် ဆိုတာတွေ၊ အရင်းရှင်တွေ၊ နယ်ချဲ့သမားတွေ၊ လက်ဝဲ လက်ယာ ဗျူရိုကရက်တွေရော မရှိရင် ကမ္ဘာကြီးများ ငြိမ်းချမ်းလေမလားလို့။

အန္တာတိတ်တို့၊ အာတိတ်တို့ စက်ဝိုင်းလို ရေခဲပြင်မှာ နယ်မြေသတ်မှတ်ပြီး သူတို့အုပ်စုတွေ နေကြဆိုပြီး သွားပို့ထားချင်လောက်အောင် မွေး အဲဒီပတ်ဝန်းကျင်ကို ငြီးငွေ့မိတယ် မောင်ရယ်၊ သူတို့ အားပြိုင်တဲ့ဒဏ်ဟာ အပြစ်မဲ့သူ နှလုံးသား နုနယ်ယယ်ရွယ် ဖြူစင်သူလေးတွေကို သိပ်ထိခိုက်စေရတာပဲ။

တကယ်တော့လည်း မြတ်ဘုရား တရားတော်နဲ့ ညှိရင် လောဘ၊ ဒေါသ၊ မောဟ မကင်းလေသမျှ ဘယ်ဘုံသူဘုံသားမှ မအေးချမ်းနိုင်ပါလားနော်။ ဩော်... အမြင်သာ ကွဲသော်လည်း ဆင်းရဲဖြင့် အတူတူပါလား မောင်။

မွေးလေ... စိတ်ဓာတ်ကိုတော့ ခုနရေးပြခဲ့တဲ့ တောင်တော်သခင်မ စိတ်ဓာတ်ကို မွေးရတယ်။ သူ့စိတ်ဓာတ် ဒီလိုရင့်ကျက်ခဲ့တာကလည်း ရေခံမြေခံ မာကျောတဲ့ အညာမြေဒေသမှာ မွေးဖွားသူ ပေမို့လား မသိဘူး။

တကယ့် မွေးရဲ့စိတ်ရင်းကတော့ ပျော့ညံ့တယ်လို့ ဆိုရမယ်။ မြစ်ဝကျွန်းပေါ်သူမို့ပါ။ တောင်တော်သခင်မ စိတ်ဓာတ်ကိုသာ မသွင်းခဲ့ရင် မောင် နှိမ်ခဲ့တဲ့ တချိန်မှာ အချစ် ဒူးထောက်ပုံရက် အရှုံးပေးရမှာလေ။ အချစ် ရှင်းပြမယ်။

မောင့်ကို အားကိုးရာ၊ မှီခိုရာ၊ အားထားရာအဖြစ်နဲ့ လက်ကို မြဲမြဲကိုင်ချင်တယ်၊ မေမေက ပြောလည်း မောင့်ကို မေမေ သေသေချာချာ ပေါင်းမကြည့်သေးလို့ပါ၊ မောင်ဟာ လူတော်လေးပါလို့ စိတ်ထဲက အမြဲပဲ မောင့်ဘက်ကလည်း ချေပ လျှောက်လဲမိတယ်။

ကိုယ့်ဘာသာ အလုပ်တွေရှုပ်ပြီး ပလက်ဖောင်းပေါ်က မွေးအနေနဲ့ ဇာတ်စုံကျဲနေရချိန်မှာ သူငယ်ချင်းတွေဆီက မောင့်သတင်း ဘယ်လိုကြားကြား မွေးမယုံခဲ့ဘူး။

အေမီ့ကိုလည်းအပြစ်မတင်ဘူး။ မောင်ဟာလေ ငါ့လိုပဲ သူ့အသိုင်းအဝိုင်းကို မလွန်ဆန်နိုင်လို့ အေမီကို လက်ထပ်ရမှာပါလေလို့ အမြဲ ခွင့်လွှတ်စိတ်နဲ့ တွေးမိပါတယ်။

ခုတော့ မောင်ကိုယ်တိုင်က အေမီကို ချစ်၊ မွေးအပေါ် ထားခဲ့တဲ့ ကတိသစ္စာကို မောင်ကိုယ်တိုင် ချိုးဖောက်ခဲ့တာပဲ။ ဘယ်သူ့ပယောဂမှ မပါဘူးဆိုတာ သိရပြီ။

မြန်မာပြည်မှာ ပုံပြင်နဲ့ စကားပုံတခု ရှိတယ်လေ။

"ပုစွန်တုပ်ကြီးလဲမှ ရှင့်အချစ်၊ ရှင့်စေတနာကို သိရတော့တယ်" ဆိုတာ။ အရှည်ကိုတော့ အချစ် ရေးမပြတော့ဘူး။

အချစ်လည်းပဲ မောင့်ကို သေသေချာချာ ပြန်တွေးကြည့်မှ မောင့်လှုပ်ရှားမှုတွေရဲ့ အသေးစိတ် နောက်ပိုင်း မောင့်စေတနာတွေ ပေါ်လာတယ်။

မြေနုကျွန်းသူ မွေးမှာတော့...

ရေနဲ့ မြေနဲ့ နုန်းနဲ့ ရွံ့နဲ့ မကင်းနိုင်တဲ့၊ ကင်းလို့ မဖြစ်ကြတဲ့ ကြာပန်းလိုပဲ အစဉ်နေရမယ် မောင်။ ချစ်စရာကောင်းတဲ့ ကြာပဒုံဟာ ဘဒ္ဒကမ္ဘာဦး တည်ကတည်းက ဘုရားငါးဆူအတွက် သင်္ကန်းငါးစုံကို ရင်မှာပိုက်လာတဲ့ ကမ္ဘာဦးအစ ပန်းဦးပန်းမြတ် ဖြစ်ပါတယ်။ ဘယ်တော့မှ ရတနာသုံးပါးနဲ့ ကင်းလို့ မဖြစ်ဘူး။

မင်းသုံးတဲ့ မြနန္ဒာကန်ညိုမှာလည်း မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်တွေကို စိတ်နှလုံး ရွှင်ကြည်အေးမြစေပြီး မင်းပါးစိုးခွင် အထက်လွှာမှာ စံစဉ်နေဆဲမှာ သူ့အချိန်အလျောက် သူ့ပတ်ဝန်းကျင်မှာ ဝင်ဆံ့ရမှာပဲ။

ကမ္ဘာဦး ဗြဟ္မာကြီးများနဲ့အတူ ပေါ်လာတဲ့ ပန်းဦးပန်းမြတ်ပေပဲလို့ အစဉ်လည်း မာန်မဝင်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ မွေးတို့ မြစ်ဝကျွန်းပေါ် ပန်းပဒုမ္မာဟာ လယ်တောခွင်လယ်မှာ လယ်တောကိုလည်း အလှဆင်လို့။ ကောက်စိုက်သူ ပျိုဖြူတွေကို အမြဲ လက်တွဲပြီး သူတို့ နှလုံးသားကို ရွှင်ပြုံးစေတဲ့ မြေဆန်တဲ့ပန်း ဖြစ်ပါတယ်။

စက်ရုံတွေ ထွန်းကားတဲ့ လမ်းတလျှောက် မီးရထားတွေ ဖြတ်သန်းသွားရင်

မောင် မြင်မှာပေါ့။ ညစ်ပတ်ပေရေနေတဲ့ မြို့နောက်ဘက်၊ ရွာနောက်ဘက်၊ စက်ရုံဝင်းတွေရဲ့နောက် ရေပုပ် ရေညှိ ရေမည်းတွေ ပြည့်နေတဲ့ ရေအိုင် ရုပ်ဆိုးတွေမှာလည်း ဝင်ဆံ့အောင်၊ ပတ်ဝန်းကျင်နဲ့ ကိုက်အောင် နေတတ်တဲ့ အောက်ခြေမလွတ်တဲ့ပန်း ဖြစ်တယ်။

သူ့ရင်ကဖြစ်တဲ့ ကြာဝတ်ဆံကလည်း ကြာခွက်အဖြစ် ကလေးငယ်တွေကို အာဟာရလည်း ပေးတယ်။ ကြာရိုးကို အဆစ်ချိုးလို့ ကလေးတွေ ကစားစရာဖြစ်အောင် ပျော်ရွှင်မှုကို ပေးတတ်တဲ့ ပျော်တော်ဆက်ပန်းလည်း ဖြစ်ပါတယ် မောင်ရယ်။

မြကန်သာမှာပဲ ပွင့်ပွင့်၊ ရေအိုင် အရုပ်ဆိုးမှာပဲ နေနေ၊ အညစ်အကြေး ရွှံ့ပုပ် ရွှံ့ရေ မစဥ်အောင်၊ သူ့ဝတ်လွှာကို သန့်ရှင်းအောင်နေတတ်တဲ့ ပန်းလည်းဖြစ်တယ်။ မွေးဟာ အလွှာအသီးသီးနဲ့ ဝင်ဆံ့တဲ့ ကြာပန်းများနဲ့အတူ မြစ်ဝကျွန်းပေါ်မှာ မွေးဖွားလာသူမို့ ကြာပန်း ဆန်ရမယ်လို့ မွေးကိုယ်ကိုယ် တတ်နိုင်သလောက် ဆုံးမခဲ့ရတယ်။

ကိုယ်ကသာ ကြာပန်းဖြစ်အောင် ကြိုးစားပေမယ်လို့ တချို့လူတွေအဖို့ မွေးရဲ့လှုပ်ရှား ဆောင်ရွက်မှုတွေဟာ ငရဲပန်းအသွင် ဖြစ်နေလို့ပဲ စိတ်ကို ဖြေပါတယ်။

မွေးစာလည်း ရှည်သွားပြီ။ လွန်လေ ရေးခါတုန်းကတော့ မောင့်ဆီကို စာတွေရေးရင် ရှည်ရှည်ကြီး ရေးပါ အချစ်ရဲ့ပေမယ့် ခုချိန်မှာတော့ အချစ်ရဲ့စာတလုံးဟာ အဏုမြူဗုံးတလုံးလို ကြောက်မက်ဖွယ်ရာ မောင် ထင်မယ်၊ အချစ် သိပါတယ်။

ခု စာရေးရရင်းအကြောင်းကလည်း မောင့်အပေါ်ထားခဲ့တဲ့ ကတိကြောင့်ပါ။ မောင့်မေတ္တာကို လက်ခံပြီးတဲ့နောက် အချစ်ဆီကို လာသမျှစာ၊ အချစ်ရဲ့မေတ္တာကို ခံယူလိုပါကြောင်း ဘယ်လူကပဲ နောက်ထပ် လာပြောပြော မောင့်အသိပေးရမယ်လို့ ကတိတောင်းထားတယ်လေ။ ဒီကတိအတိုင်း အသိပေးရတာပါ။ နောက်ထပ်ရတဲ့ မေတ္တာစာအသစ်တွေကိုတော့ တမြေတည်း နေစဥ်ကလို မဟုတ်တော့လို့ မလွယ်ကူလို့ ပို့မပေးနိုင်တော့ဘူး။

ဦးလေးတော်တွေ ဆန္ဒကြောင့် မွေးအိမ်ထောင်ရေးကို ကွန်မြူနစ်လူငယ်ပိုင်းက သူတွေကိုလည်း မရွေးရဘူး။ သို့သော် မွေးဟာ ဗုဒ္ဓအဘိဓမ္မာကို သေသေချာချာ လေးလေးနက်နက် လေ့လာပြီးရင်ဖြင့် သူတို့ မွေးရဲ့ဆုံးဖြတ်ချက်တွေအပေါ်မှာ ဝင်ရောက် မစွက်ဖက်ပါဘူးတဲ့။

မေမေကလည်း မောင့်ကို ပြောခဲ့သလိုပဲ၊ မောင်တို့ရဲ့ ဗျူရိုကရက်

ပတ်ဝန်းကျင်မှာ သမီး တသက်လုံး စိတ်မချမ်းသာမှာမို့ မောင့်ကို လက်မထပ်ရဘူးတဲ့။

မိခင်တို့မည်သည် သူငယ်ချင်းလို၊ မိတ်ဆွေကောင်းလို အပေးအယူနဲ့ သားသမီးအပေါ် ဆက်ဆံရပေမယ့် တခါတရံ ကိုယ့်သားသမီးမှာ အန္တရာယ် ကျရောက်မယ်ထင်ရင် လူဆိုးဇာတ်ခင်းပြီး ရှေ့က ရင်စည်းခံရမယ်တဲ့။

သူ့မှာ တီဘီရောဂါကြောင့် လောကကို စွန့်ခွာရမယ့်ဆဲဆဲမှာ မေမေ အကြိုက်ဆုံး အိမ်ထောင်ဖက်ကို ရွေးချယ်ပေးခဲ့မယ် ဆိုတယ်။ မေမေရွေးတဲ့သူက ဗိုလ်မှူးနိုင်တဲ့။ မောင်နဲ့ တက္ကသိုလ်မှာ ရင်းနှီးမယ် မထင်ဘူး။ အတွတ်နဲ့တော့ ကျွမ်းကြတယ်။ လက်ထပ်ရက်ကတော့ ဝေးပါသေးတယ်။ စေ့စပ်ပွဲကတော့ ရှေ့အပတ်ထဲမှာ လုပ်မှာမို့ မောင့်ဆီကို အကြောင်းကြားခြင်းပဲ။ အချစ်တသက်မှာ တိတ်တိတ်ကလေး ကျိတ်လုပ်တာရယ်လို့ မလုပ်တတ်ဘူး မောင်။

ဘဝ… ဘဝ… ချစ်သောသူနှင့် ကွေကွင်းရခြင်း ဆင်းရဲ…

မချစ် မနှစ်သက်သူတို့နှင့်အတူ နေရခြင်း ဆင်းရဲ…

ချစ်ပင် ချစ်သော်လည်း… သဘောချင်း မညီတဲ့သူတွေနဲ့ အတူနေရခြင်း ဆင်းရဲမှ ကင်းလွတ်ရပါလို၏။

ချမ်းမြေ့ရွှင်လန်းပါစေ

မွေး

P.S ဒုတိယဘုရင်မ ရှင်စောပု၏ နောက်ဆုံးစာ ဖြစ်ပါသည်။

ကဲ… မွေးရဲ့စာအဆုံးမှာ ဖေဖေ မွေးအပေါ် လေ့လာချက် မှန်၊ မမှန် ဒေါ်ခင်နှင်းယု လေ့လာနိုင်ပါပြီ။ ဒီတော့ ဖေဖေ့ဘက်က ကျွန်တော် ပြောပြချင်တာတခုကတော့ ခုခေတ် စကားနဲ့ဆိုရင် ကျွန်တော်တို့ဆွေမျိုးတစုဟာ သွေးစုပ်ဘီလူး၊ သားစားကြူးတဲ့ အစွယ်ပေါက် အရင်းရှင် ဓနရှင်တွေကို အလုပ်အကျွေးပြုတဲ့ ဗျူရိုကရက်အုပ်စုအနေနဲ့ ကျွန်တော်တို့ဟာ သီးသန့် လူတန်းစားတရပ် ဖြစ်ခဲ့တာ အမှန်ပါပဲ။

ဒါပေမင့် ဖေဖေ့လိုလူကျတော့ လုပ်ဟန်သည် အစွယ်ပေါက်ဘီလူး အသိုင်းအဝိုင်းကို ထောက်ခံနေသော်လည်း သက်ရောက်သော အကျိုးနဲ့ စေတနာက မွေးအပေါ် တကယ့်မေတ္တာ၊ စေတနာမို့ ဖေဖေသည် သားစားဘီလူး မဟုတ်ပါ။ တောင်တော်ရွှေပုပ္ပားက မယ်ဝဏ္ဏတို့နွယ်ဝင် ပန်းစားဘီလူးပဲ ဖြစ်ပါတယ်လို့

မွေးကိုပြောပြချင်လိုက်တာ။ ဒေါ်ခင်နှင်းယုကိုလည်း ပြောပြပါတယ်။

ရင်ခတ်ပန်းဘုရင်မရဲ့ပွဲသဘင်ကို ခြိမ့်ခြိမ့်သဲ ကျင်းပချင်တဲ့ အချစ်ဦး မရွှေမွေးကို ပုပ္ပားဆို ညောင်ညိုရိပ်က ကျွန်တော် ဝေဝင်းအောင်ထွန်းတို့ သားအဖ ပန်းစံကားဝါရွှေသွေးကို ပဏ္ဏာချင်း လဲလှယ်ပြီး ပြေရာပြေကြောင်း တောင်းပန်ချင်ပါတယ်။ အမျိုးပင် မတူသော်လည်း ရင်ခတ်ပန်းနဲ့ စံကားဝါပွင့်ဟာ ရွှေရောင်ပြိုးပြက်လို့၊ ပန်းလောကကို မွှေးရနံ့ပေးတဲ့ ပန်းတွေပဲလို့ တီးတိုး ပြောချင်လိုက်တာနော်။

ပုပ္ပားတောင်တော်ရဲ့ဇာတ်လမ်းကွဲတွေကလည်း ကြေကွဲစရာတွေပါပဲလေ။ ဗျတ္တလို လူစွမ်းကောင်းကို ဧကရာဇ်က သတ်ပစ်တဲ့ ဇာတ်လမ်းကလည်း ပုပ္ပားတောင်ခြေရဲ့ဇာတ်လမ်းပဲ။

ပုပ္ပားဟာ မီးငြိမ်းတောင်မို့ ပုပ္ပားကို မှီလို့ တည်လို့ ဖြစ်လာတဲ့ ဇာတ်လမ်းတွေဟာ သောကအပူငြိမ်းတဲ့ ဇာတ်လမ်းတွေပဲ ဖြစ်စေချင်တယ်။ တကောင်းပြည်သား မီးရှို့ အသတ်ခံရတဲ့ မောင်တင့်တယ်ဟာလည်း ပုပ္ပားတောင်ခြေကျမှ အပူငြိမ်းရတယ်ဆိုရင် မမှားပါဘူး။ ဒါကြောင့် ကျွန်တော်ဟာ အေးချမ်းသောနယ်မြေအဖြစ် ပုပ္ပားတောင်ခြေကို ရာဇဝင် တွင်စေချင်တယ်။ ကျွန်တော် ပြင်ရေးမယ့် ရာဇဝင်သစ်မှာတော့ တကောင်းဘုရင်ကြီးသည်လည်း ချို့ယွင်းချက် မရှိသော ဘုရင်ကြီး၊ မင်းကျင့်တရား ဆယ်ပါးနဲ့အညီ တိုင်းပြည်ကို အုပ်စိုးလို့၊ တိုင်းသူပြည်သား ကိုလည်း ရင်ဝယ်သားကဲ့သို့ အုပ်စိုးသော ဘုရင်ကြီး၊ လယ်တွင်း ကိုးခရိုင် အပါအဝင် ပုပ္ပားတောင်ခြေကို စိုပြည်းလန်းစေတဲ့ ဘုရင်နော်ရထာလို ဘုရင်မျိုး ဖြစ်စေရမယ်။

အဲဒီအခါမှာ မောင်တင့်တယ်ဟာလည်း တကောင်းပြည့်ရှင် ဘုရင် ယောက်ဖတော်ဖြစ်လို့ ရှင်ထွေးလှနဲ့ စောမယ်ရာလည်း ဘုရင်က ရွှေလက်တွဲပြီး မိဖုရားမြှောက် နန်းသိမ်းပွဲ ကျင်းပ၊ အမယ်လေး… ကျွန်တော့် ရာဇဝင်သစ်ကြီး ဘယ်လောက် ကောင်းလိုက်မလဲ။ ဦးကုလား ရာဇဝင်ထက်တောင် ကျွန်တော့်စာအုပ်က စွံဦးမယ်။ မီးဖိုထိုးပြီး အသတ်ခံရတဲ့ မောင်တင့်တယ် အပူဇာတ်လမ်းကလည်း မပါလာတော့ဘူး။ မောင်တင့်တယ်ဟာ မီးဖိုတင်ပြီး အသတ်မခံရတော့ဘူး ဆိုကတည်းက အေးချမ်း ငြိမ်သက်စွာ ကောင်းသောသေခြင်း ဖြစ်တယ်ဆိုရင်ပဲ မီးပူငြိမ်းအောင်၊ ရင်ပူငြိမ်းအောင် အုန်းရည်သောက်ရ၊ အုန်းသီး ကပ်ရတဲ့ အဖြစ်ကလည်း မရှိတော့၊ ကဲလေ… တိုင်းပြည်မှာလည်း ခုခေတ်လူငယ်တွေ စပါးမွေး စူးနေတဲ့ နတ်အုန်းသီး ပြဿနာလည်း ပြေလည်သွားရင်ကို အိမ်ခြေ တသန်းဆို အုန်းသီး အလုံး တသန်း ပြည်သူလူထု အသုံးချဖို့ အပိုထွက်လာရော။

“ရွှေညာသားကို ပျားလို ချစ်ပါ မင်းတကာတို့”

ဆိုတဲ့ မင်းမဟာဂီရိ နတ်ချင်းထဲကလို ဘုရင်နဲ့ နတ်နဲ့ရော၊ အုပ်ချုပ်ခံ လူတန်းစား ပြည်သူနဲ့ရော ပြေလည်ကြတဲ့ ရာဇဝင်သစ်ကြီး မဟုတ်ပါလား ဒေါ်ခင်နှင်းယုရယ်။

ကျွန်တော် တင်အောင်ထွန်းသည် ဘယ်သောအခါ ရာဇဝင်အသစ်ကို ပြင်ရေးနိုင်သော စာရေးဆရာ ဖြစ်ပါ့မလဲ။ စာရေးဆရာဖြစ်ဖို့ ဆိုတာကလည်း လွယ်မယောင်နဲ့ ခက်ပါကလား။ ဩော်… ဖြစ်များဖြစ်နိုင်ရင် မွေးဆီကို စာတစောင် ပေတဖွဲ့ ပြန်ကြားချင် လိုက်တာ။

မောင်ရဲ့အချစ် မွေးရယ်…

ဒုတိယဘုရင်မ ရှင်စောပု ဖြစ်အောင်လို့ မွေးရဲ့အသည်းနှလုံးမှာ မီးမွေးပေးခဲ့တဲ့ မောင်ဟာလည်း ခုတော့ ဒုတိယ နော်ရထာဘုရင် ဖြစ်ချင်ပါတယ်လို့။

မီးငြိမ်းတောင် ပုပ္ပားတောင်ညိုရိပ်မှာ အာဃာတတွေ ပြေတဲ့ “ချစ်ပြုံးပြေ” စေတီကို တည်ချင်ပါတယ်။

ဒီဘုရားရဲ့မုခ်ဝတွေမှာ ရင်ခတ်ပန်းနဲ့ စံကားဝါကို ယှဉ်တွဲစိုက်ချင်တယ်၊ ဘုရား မုခ်ဝတိုင်းမှာ ရှိတတ်တဲ့ အစောင့်ဘီလူးတွေ ရုပ်ဟာလည်း အစွယ်မပါ၊ နတ်ဘီလူးလိုလှတဲ့ နတ်သားလေးတွေ ပုံကို မောင် ထုချင်တယ်။ နတ်သားလက်မှာ ငွေခရုကိုင်လို့ စီးသွန်းတဲ့ ရေဟာ ပုပ္ပားတောင်ခြေကို ရွှန်းပစိုပြည်တဲ့ သီးစိုပြည် ဖြစ်ရပါစေ့မယ်လို့…

ဖြစ်ချင်တဲ့ဆန္ဒပဲ ရှိခဲ့တယ်၊ ဘာစာတလုံးမှ တဦးနဲ့ တဦး ဆက်သွယ် ရေးပိုင်ခွင့် မရှိတော့ဘူးနော်။

ကျွန်တော့်ဖေဖေဟာ နွေဦးပေါက်ရာသီကိုမှ မစောင့်တော့ဘူး။ ဆောင်းရာသီ ကုန်ဆုံးခါနီး ဖေဖော်ဝါရီလထဲမှာပဲ ကွယ်လွန်အနိစ္စ ရောက်ခဲ့တယ်။

သူ မကွယ်လွန်ခင် ကျွန်တော့်ကို ပြောခဲ့တဲ့စကား၊ နောက်ဆုံး အဆုံးအမ ဆိုပါတော့။ ဒီစကားကိုတော့ ဒေါ်ခင်နှင်းယုကို ရေးပြပါရစေ။

“သား” တဲ့၊ “ဖေဖေတို့ သားတို့မှာ ငွေကြေးတွေ ပြည့်စုံပါတယ်” တဲ့။

“ဖေဖေ ခုလို အိပ်ရာပေါ် လဲနေချိန်မှာ ဖေဖေ့ကို ပြုစုဖို့ ဖေဖေ့ငွေထဲကနေ စပါယ်ရှယ် နာ့စ် ငှားဖို့လည်း အလုံအလောက် ရှိတာပဲ။ သားမှာလည်း ငွေရှိတာပဲ။

ခုလည်း ဖေဖေ အိပ်ရာပေါ် လဲနေချိန်၊ သားက အလုပ်သွား၊ သမီးမိန်းကလေးကလည်း မရှိတော့ ဖေဖေ သူနာပြုဆရာမနဲ့ပဲ နေရတာပဲ။ အေး... သူကလည်း လိုလေသေးမရှိအောင် ပြုစုပါတယ်။

သားဟာ ဘယ်လိုပဲ အရက်သောက်သောက်၊ ဖေဖေ့သား ငတင်အောင်ထွန်းကြီးတယောက် အရက်ဖိုဝင်ပြီး ဈာန်ပျံနေနေ၊ ဟော... ခုလို ညဥ့်အိပ်ခါနီး ဖေဖေ နေကောင်းရဲ့လားလို့ စကားလေး တခွန်း မေးပြီး ခြေဆုပ်လက်နယ် ပြုတာလေ၊ ဖေဖေ ဘယ်လို ကြည်နူးမှန်း မသိဘူး" တဲ့။

ဘုရား ဘုရား... ဖေဖေ အဲဒီလို ကြည်ကြည်နူးနူး အေးအေးသာသာ ပြောသံကြားတော့ ကျွန်တော်လေ ထများတောင် ကချင်တယ်။ အို... ဘယ်လို ဝမ်းသာမှန်း မသိဘူး။

"ခုခေတ်မှာလေ၊ စိတ်ထဲက အမြဲ စေတနာရှိတာပဲ။ အချိန်မှ မရှိဘဲ၊ နှာစ် ငှားပေးထားသားပဲ၊ ပြီးရောပေါ့ ဆိုပြီး မိဘရဲ့နောက်ဆုံးရက်တွေမှာ ဖေဖေ၊ မေမေ နေကောင်းလားလို့ တခွန်းမှ မမေးသူတွေ ရှိတယ်၊ ရှိတတ်တယ်ဆိုတာ သား ယုံသလား"

ကျွန်တော်လေ ဖေဖေ့လက်ဖျားလေးတွေကို ဆုပ်ရင်းက ခေါင်းညိတ်ပြမိတယ်။

"သာဓု... သာဓု... ဖေဖေ့သားလေး ဝဋ်ဆင်းရဲက ကျွတ်လွတ်ပြီး အမှန်ကို မြင်ပါစေ" တဲ့။

ကဲ--- ဖေဖေ့ရဲ့ နောက်ဆုံးစကားကို ကျွန်တော် အခုထိ ကြားယောင်ရက်ပဲ။ ဖေဖေရဲ့ နောက်ဆုံးရက်၊ မေမေ့ရဲ့နောက်ဆုံးရက်တွေဟာ ကျွန်တော့်အတွက် သိပ်အဖိုးတန်တာပဲ။ ဘာကြောင့်လဲ ဆိုတာကို ကျွန်တော် ဆက်ပြီးရေးပြတဲ့အခါ ဒေါ်ခင်နှင်းယု သဘောပေါက် လာပါလိမ့်မယ်။

နောက်ဆုံးတွေ့ရတဲ့ နောက်ဆုံးရက်ကတော့ ကျွန်တော့်ရဲ့ ကြီးကြီးထား ဒေါ်ဇီဇာရဲ့ နောက်ဆုံးရက်ပါပဲ။

သူ့လုပ်ငန်းက ဆေးလိပ်လုပ်ငန်း။ ဆေးရိုးစပ်တာက အစ ဆေးလိပ်ဖောက်သည်လက်ထဲ ရောက်သည်အထိ သူ အသေးစိတ် ပါဝင်ခဲ့တာပဲ။ ဝါးခယ်မမှာ အကြီးဆုံး ဆေးလိပ်ခုံ သုံးခုံအနက် ကြီးကြီးထားရဲ့ "ထားဆေးလိပ်ခုံ" က တခု အပါအဝင်ပဲ။ လယ်မြေတွေက ဘယ်လိုပဲ ဝင်ငွေ ကောင်းကောင်း သူ့ရဲ့ဆေးလိပ်လုပ်ငန်းကို မစွန့်လွှတ်ခဲ့ဘူး။

ကျွန်တော်တို့ တိုက်ခံအိမ်ကြီးဟာ ဝါးခယ်မအရှေ့ပိုင်းမှာ

ရွာလယ်ကျောင်းကို လွန်ပြီး သွားရတယ်။ တခြား ကြေးရတတ် မြေပိုင်ရှင်တွေလည်း ကျွန်တော်တို့အိမ်နဲ့ တတန်းတည်း၊ ကမ်းနားလမ်းမှာ ဝါးခယ်မ မြေကြီးကို မျက်နှာချင်းဆိုင် ဆောက်ထားကြတယ်။

ကျွန်တော်တို့ခြံဝင်းက အားလုံး သူဌေးတွေထဲမှာ အကျယ်ဆုံးလို့ ထင်တယ်။ ကြီးကြီးထားဟာ နောက်ဘက်မှာ ဆေးလိပ်ခုံအတွက် တန်းလျားရှည်ကြီးကို နေရာယူ ဆောက်ထားဖို့ ဒါလောက် ခြံဝင်းအကျယ်ကြီးကို ဝယ်ထားတာ ဖြစ်ပါလိမ့်မယ်။ အမှန်တော့ အဲဒီ ခြံမြေဟာ ဖေဖေနဲ့ ကြီးကြီးထား နှစ်ယောက်ပိုင်ပါပဲ။

ကျွန်တော့်အနေနဲ့ ဝါးခယ်မမြေကို မရင်းနှီးတာကတော့ ကျွန်တော်ရေးခဲ့သလိုပဲ ရန်ကုန်မွေး၊ ရန်ကုန်ကြီး ဖြစ်နေတယ်။ မွေးနဲ့ မဆုံပါသော ဖူးစာကံက “ကြုံ” လာတော့ ကျွန်တော်ဟာ စစ်ပြေးချိန်မှာ အေးမြချမ်းငြိမ်းတဲ့ ဝါးခယ်မမြို့အရိပ်ကို ခိုဝင်နားနေဖို့ ရောက်လာရတာပေါ့။

ခု ကြီးကြီးထားရဲ့နောက်ဆုံးရက် ရောက်လာတော့ ကျွန်တော် သူ့ကို ရန်ကုန်ဆေးရုံကြီး ခေါ်လာတယ်။ ကျွန်တော်က ဆေးပညာ နားမလည်တော့ မသိဘူး။ သမားတော်ကြီး ဒေါက်တာ ကြည်ပေါကတော့ အဆုတ်နာ (တီဘီ) မဟုတ်ဘူး၊ အဆုတ်ကင်ဆာလို့ ပြောတယ်။ ဖြစ်နိုင်ပါတယ်၊ နှစ်ရှည်လများ သူ့ရဲ့ဆေးစပ်၊ ဆေးမှုန့်တွေက အဆုတ်ကို ညစ်ညမ်းလာစေတယ် ထင်ပါရဲ့။ ဒီတုန်းက ကင်ဆာဝဒ် (ကင်ဆာသီးသန့်ခန်း) ရယ်လို့ မရှိသေးဘူး။ ပရိုက်ဗိတ်ဝဒ် ခေါ်တဲ့ သီးသန့်ခန်းတွေ ဆေးရုံကြီး နောက်ဘက်မှာ ရှိနေသေးတယ်။ တနေ့ကို ၁၅ ကျပ်၊ နေ့သူနာပြု ဆရာမ၊ ညသူနာပြုဆရာမ ထားနိုင်တယ်။

“အေမီရော၊ ဖရက်ရော ကြည့်မှ မကြည့်နိုင်ဘဲဟာ၊ နာ့စ်ပဲ ခေါ်ထားလိုက်ပါ” လို့ အေမီက ပြောတယ်။ အေမီရဲ့လွတ်လပ်ခြင်းဝါဒအရ ကျွန်တော်တို့မှာလည်း ငွေကြေး ပြည့်စုံနေတော့ အဆင်ပြေပါတယ်။

ကျွန်တော်လည်း နေ့တိုင်း ရုံးဆင်းချိန် ရောက်တဲ့အခါလည်း ရောက်တယ်။ တရက်ခြား၊ နှစ်ရက်ခြားလည်း ရောက်ပါတယ်။

တညနေဟာ အပေါ်ထပ် ယောက်ျားအခန်းက စပါယ်ရှယ်နာ့စ် ‘ဒေါ်ရစ်’ ဟာ ကြီးကြီးထား အခန်းကို ပြေးလာတယ်။ ကျွန်တော်တို့ရဲ့သူနာပြုဆရာမ “စတယ်လာ” နဲ့ ခေါင်းချင်းရိုက် တီးတိုး ပြောနေကြတယ်။

“ဒါဟာ ဆရာဝန် မတတ်နိုင်ဘူး”

လို့ သူတို့ လေသံ တချက် တချက် ထွက်လာတယ်။ ကျွန်တော်နဲ့

ဆရာမလေးတွေနဲ့က အဖွဲ့ကျပြီး ရင်းနှီးပြီး ဖြစ်နေတယ်။ ကျွန်တော်တို့ရဲ့သူနာပြုဆရာမလေးက လေသံနဲ့ ကျွန်တော့်ကို လာပြောတယ်။

“ဖရက်၊ ဒေါ်ရစ်နဲ့ ခဏလိုက်သွားပြီး သူ့ကို ကူလိုက်စမ်းပါ” တဲ့၊ “အန်တီထားအနားမှာ လူမရှိမှာစိုးလို့ စတယ်လာ မလိုက်နိုင်ဘူး” တဲ့။

ကျွန်တော်လည်း ဘာမှန်း ညာမှန်း မသိ ဒေါ်ရစ်ခေါ်ရာကို လိုက်သွားရတယ်။ ဒေါ်ရစ်ရဲ့ လူနာဟာ ဖေဖွေ့သူငယ်ချင်း မင်းကြီးဦးသော်ဇင် ဖြစ်နေတယ်။ သူဟာ ရက်ပိုင်းအတွင်း ကွယ်လွန်တော့မယ်လို့ ဒေါ်ရစ်က ပြောတယ်။

“ဆရာမ၊ ဆရာမ လိုက်သွားလေ၊ ဆရာမ… ဟော လူမည်းကြီးတွေ လာခေါ်ပြီ၊ အခန်းဝမှာ ခွေးနက်ကြီး၊ မောင်မောင် ရောက်မလာသေးဘူးလား၊ မောင်မောင် လိုက်သွား၊ မင်း လိုက်သွား”

ဆိုတဲ့အသံကို အခန်းထဲရောက်တော့ ကျွန်တော် ကြားရတယ်။ တုန်တုန်ရီရီနဲ့ ပြောနေတဲ့ လူနာအဖိုးကြီးတယောက်ကိုလည်း တွေ့ရတယ်။ အင်မတန် အားနည်းနေတဲ့ အထဲကကို ဖျစ်ညှစ် အော်နေတယ်။ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဘူး။

“သူ့သား မောင်မောင် ဘုန်းကြီး သွားပင့်တယ်၊ သူ့ဇနီးလည်း လာတော့မယ် ဖရက်၊ ဒေါ်ရစ် ဘာမှ မရွတ်တတ်ဘူး၊ တတ်သမျှ မှတ်သမျှ ရွတ်စမ်းပါ” တဲ့။

ဒေါ်ရစ်က ခရစ်ယာန်မို့လို့ မရွတ်တတ်တာ အဆန်းမဟုတ်ပါဘူးလေ။ ကျွန်တော် ဗုဒ္ဓဘာသာက ဘာရွတ်ရမှန်း မသိ၊ ဘာက စရွတ်ရမှန်းကို မသိတော့ဘူး။

“ခွေးနက်ကြီး… လက်ကို စကိုက်ပြီ၊ ဆရာမ ဒေါ်ရစ် မကယ်တော့ဘူးလား”

လူနာရဲ့အော်သံ ထပ်ပြီးကြားပြန်တော့ ကျွန်တော် ရင်နာလိုက်တာ။ ကျွန်တော်ဟာ ဣတိပိသောထဲက သမ္ဗုဒ္ဓေကို ရွတ်ရတယ်။ မကြာခင်ပဲ ဦးသော်ဇင်ရဲ့ဇနီးနဲ့အတူ ဘုန်းတော်ကြီး တပါးလည်း ကြွလာတယ်။ သူ့သား မောင်မောင်လည်း ရောက်လာတယ်။

ကျွန်တော်က သမ္ဗုဒ္ဓေ ဆုံးတော့ ခဏ ဝရန်တာကို ထွက်ပေးလိုက်တယ်။ ဒေါ်ရစ်လည်း ဘုန်းတော်ကြီး ရွတ်ဖတ်သရဇ္ဈာယ်နေတုန်း ဆိုတော့ ခေတ္တရှောင်ပေးတယ် ထင်ပါရဲ့။ ကျွန်တော့်အနား လာရပ်တယ်။

“ဖရက်… ဖရက် သေခါနီးဇောဆိုတာ ခုမှ ဒေါ်ရစ် ယုံတော့တယ်၊ လက်တွေ့မှ ယုံတော့တယ်” တဲ့။

ကျွန်တော့်ကို သူ လေသံလေးနဲ့ ပြောတော့ ကျွန်တော်လည်း အတော်တုန်လှုပ်သွားတယ်။

"ကျွန်တော့်ဖေဖေဟာ သူတော်ကောင်းကြီးပါ ခင်ဗျာ၊ အရက်လည်း မသောက်၊ မိန်းမလည်း မလိုက်ဘူး၊ အို... ကွယ်လွန်ခါနီး ခုလို ဇောမကပ်အောင် ဖေဖေ့ကို ဘာတရား ကယ်ပါ့မလဲ"

အသက် ၂၀ လောက် ရှိသေးတဲ့ သူ့သားလေး မောင်မောင်ဟာ ကျွန်တော့်အနားကို လာငိုတော့တယ်။ ကျွန်တော်လည်း မောင်မောင့်ကို နှစ်သိမ့်ရတယ်။ သေခါနီးဇောပြန်ပုံနဲ့ ဘဝတခု တခု ချုပ်ငြိမ်း ကူးပြောင်းပုံကို ကျွန်တော်လည်း မသိ။ နာရီဝက်လောက်ကျမှ လူနာရှင်တွေကို နှစ်သိမ့်စကားပြောပြီး ကြီးကြီးထားအခန်းကို ပြန်လာရတော့တယ်။ လှေကားကို အဆင်း ကျွန်တော် စဉ်းစားမိတယ်။ မင်းကြီးဦးသော်ဇင်လို သူတော်ကောင်းတောင် သေခါနီး ဘာစွဲလမ်းပြီး ဇောဖောက်လာတာလဲ မသိဘူး။ သူ့နောက်ဆုံးအချိန်ဟာ စိတ် ချောက်ချားစရာ ကောင်းလိုက်တာ။ ကျွန်တော့်လို အရက်သမား၊ မိန်းမပွေသူ ဆိုရင်တော့ ပြီးပါလေရော၊ ပြီးပါလေရော။ ဘာတွေ စွဲလို့ ဘာတွေ ဇောကပ်လာမလဲ မသိဘူး။

တော်ပါသေးရဲ့၊ ဖေဖေဟာ တည်တည်ငြိမ်ငြိမ်ပဲ သေခြင်းတရားကို ရင်ဆိုင်သွားလို့ ကျွန်တော် စိတ်ဖြေနိုင်သေးတယ် ခင်ဗျ။

ကြီးကြီးထား အခန်းဝရောက်တော့ ကျွန်တော့်ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားတယ်။ လူနာကတော့ ဘာမှမဖြစ်ပါဘူး။ စတယ်လာတိုက်တဲ့ ကြက်စွပ်ပြုတ်အရည်ကို ဖြည်းဖြည်းလေး သောက်နေတယ်။ သူ အဖတ်မဝင်တာ လဆန်းစကတည်းကပဲ။

ကျွန်တော် ဒိတ်ခနဲ ဖြစ်ရတဲ့အကြောင်းက "ယောက်မလုပ်သူကို ပါးရိုက်၊ နို့င့်ထက်စီးနင်း လုပ်၊ ဆေးလိပ်ခုံသမားတွေအပေါ် နိုင်တိုင်းဖိ၊ လယ်သမားတွေအပေါ် စပါးပေး ပေးရာမှာလည်း တင်းမမှန်၊ တောင်းမမှန် ခြင်တဲ့ ငါ့ကြီးကြီးထား၊ သူများ သေခါနီးရင် ဘာဇောများ ဆိုက်ဦးမလဲ" ဆိုတဲ့ အတွေးက ဝင်လာလို့ပါပဲ။

အို... အိမ်ရောက်တော့လည်း အိပ်မပျော်ဘူး။ ကိုယ့်နံဘေးမှာ အိပ်ပျော်နေတဲ့ အေမီကို ကြည့်ရင်းလည်း အသက်ရှူ မှားမိတယ်။

ပါဏာတိပါတာကံဆိုတာ သူများအသက်ကို သတ်တာလို့ ဗုဒ္ဓဘာသာတိုင်း သိပါတယ်။ ကျွန်တော်လည်း တခြား ဗုဒ္ဓဘာသာတွေ အသိထက် မပိုခဲ့ပါဘူး။ တခါတလေတော့လည်း ခြင်ကောင်လေး၊ ကြမ်းပိုးလေးကအစ၊

ပုရွက်ဆိတ်ကလေးတွေပဲဖြစ်ဖြစ် သေစေချင်တဲ့စိတ်နဲ့ သတ်တာလည်း ရှိတယ်၊ မတော်တဆ သတ်မိတာလည်း ရှိတာပေါ့လေ။

မအေမီ လူသတ်ပုံကတော့ ကိုယ့်ရင်သွေးကို သန္ဓေဖျက်ဆေးတွေ သောက်ပြီး ဖျက်ရက်၊ သတ်ရက်တဲ့ လူသတ်မကြီးပါလားဆိုပြီး အသက်ရှူမှားတာပါ။ ယခင်ကတော့ ကျွန်တော်ရဲ့ အိပ်ရာဝင် ညဥ့်မျှားဟာ နတ်သမီးရင်ငွေ့နဲ့ အတွေ့ထူး အငွေ့ထူးတွေကြောင့် ဗိမ်ကျပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ပါတယ်။

ခု ကျွန်တော့်အဖြစ်ကတော့ အသူရကာယ်ဘုံက နတ်သမီးနဲ့ စံစားမိတဲ့ မင်းသား ဖြစ်နေတယ်။ မသိခင်ကတော့ ပန်းမွှေ့ရာခင်းတဲ့ သလွန်ပေါ်မှာ နတ်သမီးရဲ့ ညအတွေ့တွေကို ကုန်လွန်ခဲ့ရတယ်။ ဒီမင်းသားဟာ တည တရေးနိုးချိန်မှာ သူ့အပါးက မင်းသမီး ပျောက်သွားတော့ လိုက်ကြည့်တယ်။ သူ့မင်းသမီးဟာ အသူရကာယ်ဘုံက နတ်သမီးဖြစ်တော့ ညဥ့်သန်းခေါင် ရောက်ရင်ပဲ သူတို့နှစ်ဦး နေ့လယ်က ပျော်မြူးခဲ့တဲ့ ဥယျာဉ်အလယ်က ရေကန်ကို ဆင်းပြီး ခွေးနက်ကြီး စားမျိုတာကို ခံရတယ်။

အသူရကာယ်ဆိုတာ ငရဲဘုံပဲဖြစ်တော့ အရုဏ်လင်းခါနီးရောက်ရင် လှပတဲ့ လူသားမင်းသမီး အသွင် ပြန်ဖြစ်ပြီး ရေကန်ပေါ် တက်လာရတာကိုး။

ဒီအကြောင်းကို မြင်တွေ့သွားကတည်းက မင်းသားဟာ မပျော်တော့ဘူး။ သူ့ရဲ့ ထွက်ပေါက်ကို ရှာနေတော့တယ်။

ကျွန်တော်လည်း မပျော်တော့ဘူး၊ အသက်ရှူ မှားနေပြီ။ ဩော်... ဝဋ္ဋပဲ ဖြစ်လိုက် စမ်းပါတော့။ ဝဋ္ဋသာဆို အေမီနဲ့ ကွာရှင်းပြီး တရားတွေကျတဲ့ တင်အောင်ထွန်းဟာ ဘုန်းကြီး ဝတ်သွားရောလို့ နိဂုံးချုပ်လိုက်ရင် ပြီးသွားမှာပါပဲ၊ တကယ့် လူ့လောကက ဒီလို ဖန်တီးချင်တိုင်း ဖန်တီးလို့ မရပါလားနော်။

စာက ရေးချင်တာကနေ ချော်သွားပြန်ပြီ။

အင်း... မလွဲမသွေ တွေ့ရတဲ့ ကြီးကြီးထားရဲ့နောက်ဆုံးရက်ကို ကျွန်တော် ရေးပြရမှာပါ။ သူ့နောက်ဆုံးရက်ကလည်း တဘာသာ အဆန်းပဲ။

သူ့ညီမဝမ်းကွဲ ဝါးခယ်မက ဆရာမဒေါ်မာလေးနဲ့ သူ့ဆေးလိပ်ခုံက သူ့ရဲ့ကိုယ်စားလှယ် ဆိုပါတော့၊ ဖေဖေပြောတဲ့ မဝက်လည်း လာပြီး ပြုစုတယ်။ ဆေးရုံမှာ မကွယ်လွန်စေချင်တာနဲ့ လက်လွှတ်ပြီလို့ ဆရာဝန်တွေကလည်းဆိုရော အိမ်ကို ခေါ်လာကြတယ်။ နေ့သူနာပြု ဆရာမ၊ ည သူနာပြုဆရာမလည်း ထားရက်ပါပဲ။ သူ့ညီမဝမ်းကွဲကတော့ ဝါးခယ်မမှာကတည်းက အတူမနေဘူး။

ဝါးခယ်မ အနောက်ပိုင်းမှာ သူ့သီးခြားအိမ်နဲ့ပဲ နေတယ်။ ကျောင်းဆရာမ အပျိုကြီးပါပဲ။

သူလည်း အနားမှာ အမြဲရှိတယ်။ အိပ်ရာဝင်ခါနီးတိုင်း ကြီးကြီးထားအနားမှာ ပရိတ်ရွတ်လို့။ ကြီးကြီးထား ကြီးမှူးပြီး ဝါးခယ်မ၊ မုံရွာကျောင်းမှာ ဘုံကထိန် ခင်းခဲ့တာတွေ၊ ရန်ကုန် မင်းကွန်းကျောင်းတိုက်မှာ ကြီးကြီးထားရဲ့ ပြုခဲ့တဲ့ ကုသိုလ် အဆောက်အအုံတွေ စာရင်းကအစ အန်တီမာလေးဟာ အဆင်သင့်သလို သူ့အစ်မကို ပြောပြတယ်။ သူ့အစ်မ ကုသိုလ်ပွားစေချင်တဲ့ သဘောပေါ့။

ဒါပေမင့် သူတို့လည်း စိတ်ညစ်၊ ကျွန်တော်လည်း စိတ်ညစ်တဲ့အကြောင်းက အိမ်သားတွေကို တွေ့တိုင်း ပက်လက်ကနေ လက်နှစ်ဖက်ကို ဝိုင်းဝိုင်းပြတယ်။ အသံကလည်း သိပ်မထွက်တော့ဘူး။

"အန်တီမာလေး၊ ကြီးကြီးထား ဘာကို ပြတာလဲ ဟင်"

ကျွန်တော် မေးတဲ့အခါတိုင်း အန်တီမာလေးလည်း စိတ်ရှုပ်သွားတယ်။

"မပြောတတ်ဘူး တင်အောင်ထွန်းရေ၊ လက်ကိုသာ ဝိုင်းဝိုင်းပြနေတာပဲ၊ မဝက်... ညည်းကော မသိဘူးလား"

"မသိဘူး မမာမာရဲ့"

"ခက်တော့တာပဲ၊ တခုခုတော့ စွဲနေပြီ၊ ခက်သားလား၊ အန်တီမာလေးက ခဏ ခဏ သတိပေးတယ်၊ ကိုယ့်မှာ ကိုယ်ပိုင်အလုပ်လည်း ဖြစ်တယ်၊ ကြိုက်တဲ့အချိန် အနားယူလို့ ရတယ်၊ သီတင်းနေ့ ဥပုသ်စောင့်ပြီး အလှူဒါနတွေချည်းပဲ လုပ်လို့ မပြီးဘူး၊ သေခါနီး ဇောမဖောက်အောင်၊ စိတ်ငြိမ်အောင်၊ စိတ်ပြတ်အောင် ဝိပဿနာတရားကို အားထုတ်ပါ၊ မဟာစည်သာသနာ့ရိပ်သာကို မသွားချင်တောင် မိုးကုတ် ဟံသာဝတီ၊ စွန်းလွန်း အစရှိတဲ့ ရိပ်သာတခုခုမှာ အားထုတ်ပါ၊ ခဏ ခဏ သတိပေးတယ်၊ မရဘူး၊ မရဘူး၊ ခုအချိန်ကျမှ ဘယ်လို လုပ်ရပါ့မလဲ"

အန်တီမာလေးက ညည်းလည်း ညည်းစရာပဲ။ အန်တီမာလေးဟာ ကျောင်းဆရာမပေမယ့် နွေရာသီ ကျောင်းပိတ်ရင် ရန်ကုန် လာပြီးနေတယ်။ ကျွန်တော်တို့အိမ်မှာ ခဏပဲ တည်းပြီး မဟာစည် သာသနာ့ရိပ်သာမှာ တရားဝင်နေတာပဲ။ ကျောင်းဖွင့်ခါနီးမှ ဝါးခယ်မကို ပြန်တယ်။

ကျွန်တော်ရယ်၊ အန်တီမာလေးရယ်၊ မဝက်ရယ်၊ သုံးယောက် ခေါင်းချင်းဆိုင် တိုင်ပင်ကြတယ်။ အိမ်ဆရာဝန်ကို ဖွင့်ဟပြောကြပြီး နောက်ဆုံးပေါ်

ဂျပန်ဆေးကို ကြီးကြီးထားကို ထိုးပေးကြတယ်။ ဒီဆေးအစွမ်းက လပိုင်းတော့ မတတ်နိုင်ဘူး။ ရက်ပိုင်းအတွင်းတော့ လူနာဟာ သတိကောင်းပြီး သေခါနီး လုပ်ချင်တာ၊ မှာချင်တာတွေ လုပ်လို့ရသတဲ့။ နောက်ဆုံး ဆေးအစွမ်းနဲ့ ကြီးကြီးထားဟာ အသံနည်းနည်းထွက်ပြီး စကားပြောလာတယ်။

အန့်တီမာလေးက -

"လက်ချောင်းတွေ ကွင်းကွင်းပြတာ ဘာလုပ်ချင်တာလဲ မမကြီး" လို့ ကမန်းကတန်း မေးရတယ်။

"အထုပ်... အထုပ်"

လို့ လေသံနဲ့ ပြန်ဖြေတယ်။ ကျွန်တော်နဲ့ အန့်တီမာလေးကတော့ ကြောင်ပြီး နားမလည်ကြဘူး။ မဝက်ကတော့ ချက်ချင်း သိတယ်ဗျ။

"မမကြီးရဲ့လက်ဝတ်လက်စားထုပ်လား"

လို့ မေးတော့ ကြီးကြီးထားဟာ ခေါင်းညိတ်ပြပြီး ခဏ မှိန်းသွားတယ်။ မဝက်က သက်ပြင်းကြီး ချပြီး ရှင်းပြောပြတယ်။

"ဆရာမကြီး၊ ဒီအထုပ်အကြောင်း ကျွန်မသိတယ်၊ သူ့လက်ဝတ်လက်စား စိန်တွေကို သီးသန့်ထုပ်ထားတယ်၊ ဘာလို့ သိလဲဆိုတော့ ဝါးခယ်မမှာ တမြို့လုံး ကင်းချပြီး ခားပြ အတိုက်ခံရတော့ တခြားပစ္စည်း ဘာမှမယူဘူး၊ သူနဲ့ ကျွန်မ အဲဒီအထုပ်ယူပြီး နောက်ဖေးက ဆပ်သွားဖူးချုံနောက်မှာ ပုန်းနေရတယ်၊ ဒီအထုပ်ကို စွဲလမ်းနေမှာ"

မဝက် စကားဆုံးတော့မှ အန့်တီမာလေးရယ်၊ ကျွန်တော်ရယ် ကြီးကြီးထား ပေးထားတဲ့ သော့နဲ့ သူ့မီးခံသေတ္တာကို ဖွင့်ကြတယ်။ မဝက်ပြောတဲ့၊ သူပိုင် သူဝတ်တဲ့ လက်ဝတ်လက်စား စိန်ထုပ်ကို တွေ့တယ်။

ကျွန်တော်တို့ တူအရီးနှစ်ယောက် ဒီအလုပ်ကို ယူပြီး ကြီးကြီးထား မျက်လုံးဖွင့်ပြချိန်မှာ ပြပြီး သူ ဝိုင်းဝိုင်းပြနေတဲ့ လက်နှစ်ဖက်ထဲကို ထည့်လိုက်ကြတယ်။ ခေါင်းညိတ်ပြပြီး မျက်လုံးတွေဟာ ဝင်းပပြောင်လက်သွားတာပဲ။ အံ့ဩစရာ ကောင်းလိုက်တာ။ ဘယ်လောက်များ ဒီအထုပ်ကို မြဲမြဲဆုပ်ထားသလဲ ဆိုတာ၊ သူသေတော့ လက်ချောင်းလေးတွေကို မနည်း ဖြေယူရတယ်။ ဆွေမျိုးတွေ မလာခင် အန့်တီမာလေးဟာ ပြင်းပြင်းထန်ထန် ငိုတယ်။

"တင်အောင်ထွန်း၊ မင်း ဘာမှမသိဘူးနော်၊ မင်းတို့ ကြီးကြီးထားဟာ

အဲဒီစိန်ထုပ်ကို စွဲလမ်းသွားပြီ” တဲ့။

“အန်တီမာလေးကလည်း သူလိုချင်တာ သူ့ရင်ဘတ်ပေါ်မှာ တင်ပြီး ဆုပ်ကိုင်ပြီး သေသွားတာ၊ ကျေကျေနပ်နပ် ရှိသွားတာပေါ့”

“အဲဒီလို မဟုတ်ဘူး၊ ဒီစိန်ထုပ်ကို ငါ သေရင် ဘယ်နေရာ ဘာကို လှူလိုက်လို့မှ မပြောဘဲ၊ တခါတည်းကို မြဲမြဲကြီး ဆုပ်ထားတာ သုံးရက်လုံးလုံး၊ နောက်ဆုံး ဆရာဝန် ဆေးထိုးတဲ့အထိ သတိပြန်လည်လာလည်း လှူဖို့ မပြောဘူး၊ အမယ်လေး ကြောက်စရာ ကောင်းလိုက်တာ၊ အဖြစ်ဆိုးလိုက်တာ မမကြီးရဲ့”

ဆိုပြီး ခပ်အုပ်အုပ်လေး အသံဖွင့်ပြီး ငိုရှာတယ်။

တခြားပစ္စည်းတွေတော့ သင့်သလို ဝေခွဲပြီး ဒီစိန်ထုပ်ကိုတော့ အန်တီမာလေး အကြံဉာဏ် ပေးတဲ့အတိုင်း ကျွန်တော် လုပ်ပါတယ်၊ ကျွန်တော်တို့ အိမ်ကြီးနောက်က ဆပ်သွားဖူးတောကို ရှင်းပြီး မူလတန်းကျောင်း ဖွင့်တယ်။ သူ့ဆေးလိပ်ရုံသမားတွေရဲ့သားသမီးတွေ နေစေပြီး ဒီကျောင်းရဲ့ အုပ်ချုပ်ရေးတာဝန်ကိုတော့ အန်တီမာလေး ယူပါတယ်။

ကျွန်တော်တို့ မဟာသာကီအုပ်စုဝင် မဟာရဲတိုက်ကြီးက သုံးဦးသော မဟာနွယ်တို့ရဲ့ နောက်ဆုံးနေ့များရဲ့ဇာကို ကျွန်တော် တင်ပြပြီးပါပြီ။

■

အခန်း (၅)

ပွဲတွေ့အမှား

“သရဏဂုံ တည်ရတယ်... သရဏဂုံ တည်ရတယ်”

အန်တီမာလေးရဲ့အသံဟာ ဒေါသသံနဲ့ ပေါက်ကွဲလာတဲ့အသံ။ ကျောင်းဆရာမပီပီ စကားပြောရင် သူ့မိသားစုနဲ့ရော၊ ကျွန်တော်တို့ မိသားစုနဲ့ရော ဆက်ဆံ ပြောဆိုတဲ့နေရာမှာ ကြီးကြီးထားတို့လို မခက်ထန်ဘူး၊ သိပ်ပြီး သာသာညင်းညင်း တိုးတိုးသက်သာ ပြောတတ်တယ်။ ခုတခါ ခုနစ်သံနဲ့ကို အော်နေတာပဲ။ ဘာများ အိမ်ကြီးပေါ်မှာ ဖြစ်နေပါလိမ့်။

ရုံးကဆင်းလာတဲ့ ကျွန်တော်ဟာ အိမ်ပေါ်မှာ ဘာဖြစ်နေတယ်လို့ မသိဘူး။ ပထမတော့ အိမ်ကြီးပေါ်ကို ပြေးတက်သွားမလို့။ တက်တော့မယ့်ဆဲဆဲ ခြေလှမ်းကို အေမီရဲ့အသံဟာ တန့်ရပ်သွားစေတယ်။

“ဘာသရဏဂုံလဲ၊ သူများအိမ်ကို နိမိတ်မရှိ နမာမရှိ မပြောပါနဲ့၊ သရဏဂုံဆိုတာ သေမှ တင်ရတာ”

ကျွန်တော်လည်း ခြေလှမ်းကို ပြန်ဆုတ်ပြီး အသာ လှေကားရင်းနံဘေးက ကုလားထိုင် တလုံးမှာထိုင်ပြီး အိမ်ပေါ်က စကားသံတွေကို နားထောင်နေတယ်။ ကျွန်တော် ထင်တာကတော့ အေမီချွတ်ခန်းလို့ ထင်လို့ပဲ။

“ဒါ ဗုဒ္ဓဘာသာလား အေမီ၊ သရဏဂုံဆိုတာတောင် ဘာမှန်းမသိဘူး၊ အန်တီမာလေး ရက်လိုက်တာ၊ ဒီအိမ်ကြီးက ကျက်သရေရှိ၊ မင်္ဂလာရှိလိုက်တာမှ အလွန်ပါပဲ၊ ကျက်သရေမင်္ဂလာ မရှိတာက အေမီတို့လင်မယား၊ အန်တီမာလေး သာသာညင်းညင်း ပြောလို့ရမယ်ထင်လို့ ပြောနေတာ၊ အေမီ အော်သလို အန်တီ အော်နိုင်တယ်၊ သရဏဂုံဆိုတာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ရာဟူ၍လည်း ဆည်းကပ်ပါ၏တဲ့၊ နားလည်ပြီလား၊ မင်းတို့အိမ်မှာ ကိုကိုကြီးရော၊ မမထားရော၊ မမမြသွယ်လည်း မရှိကြတော့ဘူး၊ နှစ်ယောက်လုံး အိမ်ထောင်ဦးစီးအဖြစ်နဲ့ နေရမယ့်အချိန်မှာ အိမ်ထောင်ဦးစီး လုပ်ရမယ့်သူတွေက မိုးလင်းက မိုးချုပ်”

“ဘယ်လိုနေနေ၊ ဒါ အေမီတို့အိမ်ပါ၊ အေမီတို့ အိမ်ရေးကိစ္စမှာ အန်တီမာလေး ဘာမှ ဝင်မစွက်ဖက်ပါနဲ့၊ အေမီ ဘာလုပ်လုပ် အန်တီမာလေး ဘာမှ ဝေဖန်စရာ မလိုဘူး၊ နေပုံထိုင်ပုံကို မကြိုက်ရင် အန်တီမာလေး တခြားမှာ သွားနေ၊ ပိုက်ဆံ လိုချင်ရင်၊ အမွေဆိုင်တယ်ထင်ရင် ကြိုက်သလောက် ခွဲယူသွား”

"ဟား... ဟား.. ရိုင်းရိုင်းပဲ အန်တီမာ ပြောတော့မယ်။ ငါဟာ နင်တို့လို တရားမဲ့တဲ့ မိန်းမ၊ တွယ်တာစွဲလမ်းတတ်တဲ့ မိန်းမ မဟုတ်ဘူးဟေ့၊ ဒီအိမ်ပေါ်မှာ ဒီစကားကို ပြောရတာ ငွေတပြား၊ ပျဉ်တချပ်ကို လိုချင်လို့လို့ မထင်နဲ့။ ငွေလည်း မလိုဘူး၊ ရွှေလည်း မလိုဘူး။ ဝါးခယ်မမှာ ကျောင်းဆရာမကြီး ဒေါ်မာလေးဆိုရင် ငါ့အိမ် ငါ့ရာ ငါ့ငွေကြေး အပြည့်အစုံနဲ့ ခိုင်ခိုင်မာမာ နေနိုင်တဲ့ မိန်းမ သိရဲ့လား။ ငါ ငါ ဆိုတာ စကားအဖြစ် ပြောရပေမယ့် အဲဒီပစ္စည်းတွေကိုလည်း ငါ မစွဲလမ်းဘူး၊ တရားဝင် ငါ ပိုင်ဆိုင်ခွင့်ရှိတဲ့ ဟောဒီအိမ်ကြီးက ရသင့်တဲ့ အမွေကိုလည်း အန်တီမာလေး တပြားမှ မယူဘူး အောက်မေ့လိုက်၊ သူများမိသားစုကိစ္စမှာ ဝင်ရှုပ်ချင်လို့၊ ဝင်ပြီး ဝေဖန်ချင်လို့ ဒီစကား ပြောရတာ မဟုတ်ဘူး။ တခြားမှာ သွားနေလို့ နှင်ချဖို့လည်း မလိုဘူး။ အစတုန်းက မမထား ကိစ္စပြီးရင် ဝါးခယ်မကို ချက်ချင်းပဲ ပြန်မလို့၊ ခု အန်တီမာလေးကို နှင်ချလို့ ဟောဒီအိမ်ကြီးမှာ တမင်ကို နေမယ်၊ သာသနာပြုပြီးမှကို အန်တီမာလေး ဝါးခယ်မကို ပြန်မယ် သိလား"

ဟေ့... ဘတ္တလာ၊ ဟေ့... ဘတ္တလာ ဂျင်မီ"

အေမီရဲ့အော်ခေါ်သံ ပေါ်လာပြီး သူ့ဘတ္တလာ ဂျင်မီ လှေကားပေါ်ကို ပြေးတက်သွားတယ်။ ကျွန်တော်လည်း ကျွန်တော့်ကိုယ်ကို မမြင်အောင် ဧည့်ခန်းထောင့်တနေရာမှာ ဝင်ပုန်းလိုက်တယ်။

"ငါ့ပစ္စည်းတွေ အကုန်သိမ်း၊ ဝင်ဒါမီယာကအိမ်ကို အကုန်ပြောင်း၊ ဒရိုင်ဘာဘရှင်နဲ့ ငါ အခု လာခဲ့မယ်၊ ကားအဆင်သင့် ထုတ်ထားလိုက်"

အေမီရဲ့အမိန့်ပေးသံကို ကြားရတယ်။ ဖေဖေ နေမကောင်းလို့ လာမနေရခင်က ကျွန်တော်တို့ လင်မယားအတွက် ဖေဖေလက်ဖွဲ့ထားတဲ့ ဝင်ဒါမီယာကအိမ်မှာ သီးခြားနေကြတယ်။

"အများ မသိပါစေနဲ့ဆိုပြီး တိုးတိုးကျိတ် ဆုံးမပြောရင် မရချင်ဘူး၊ မနက်ဖြန် သန်ဘက် အရွယ်ရောက်လာမယ့် ဒီသားလေးဟာ အေမီတို့လင်မယား အရက်နဲ့ နေ့တိုင်း ပွဲတော် တည်နေတာကို မြင်ရင် အဲဒီကလေးက အဲဒီမိဘခြေရာကို နင်းလာမှာပေါ့၊ ခုထိ ဒီကလေး သရဏဂုံ သုံးပါးကို မသိသေးဘူး၊ ကိုကိုကြီး ဆုံးခါနီး သက်နှံချည်ပြလိုက်တာကလွဲလို့ ဒီကလေးလည်း သက်နှံမဆီးရသေးဘူး၊ ဟောဒီသားလေးကို ကျောင်းပိတ်ရက် ရှင်ပြုပြီးမှ အေးအေးဆေးဆေး ဝါးခယ်မကို ပြန်မယ်၊ ဟောဒီအိမ်မှာ သာသနာကို ပြုပြီးမှ ပြန်မယ်၊ ကြိုက်သလို အမွေ ခွဲဝေယူကြ၊ အန်တီမာလေး တပြားမှ မယူဘူး"

"ကိုယ့်မိဘ ကိုယ့်ငွေကြေးနဲ့ နေလာတာ၊ အေမီဆိုတဲ့ကောင်မကို ဘယ်သူ စွက်ဖက် ဝေဖန်တာကိုမှ ခံခဲ့တာ မဟုတ်ဘူး။ ကိုယ့်တိုက်ကိုယ် သွားနေမယ်၊

ဖရက်ကို ပြောလိုက်၊ သားကြီး ကျောင်းဆင်းရင် ကလေးခေါ်ပြီး လိုက်ချင် လိုက်လာခဲ့နိုင်တယ်လို့”

“ပြောလိုက်မယ်၊ ပြောလိုက်မယ်၊ သူက အပျိုကြီး ဘာမှမသိဘူး၊ ဝင်ရှုပ်တယ်လို့ ဘယ်လိုပဲ ထင်ထင် ဒီကလေးကြောင့် ဒီစကား စရတာ၊ ဒီကလေးကို ရှင်ပြုပြီးရင် လာခေါ်ကြ၊ ရှင်မပြုသေးမချင်း ဒီကလေးကို လာမခေါ်ပါနဲ့၊ ဘယ်တော့မှ ထည့်မှာ မဟုတ်ဘူး၊ အသည်းမရှိဘူး ပြောပြော၊ နှလုံးမရှိဘူးပြောပြော၊ ရုံးကနေ ဥပဒေနဲ့ခေါ်ခေါ်၊ ဒီကလေး ရှင်ပြုမပြီးမချင်း အန်တီမာ မထည့်ဘူး၊ ငါ့မှာ မဆိုင်ဘဲ ဒီပြဿနာ ဝင်ခေါင်းတည်ရတယ်၊ အမှန်တော့ ငတင်အောင်ထွန်း ရှော်လို့၊ ညံ့လို့ ငါ ဝင်ပါရတာ မိအေမီ”

အန်တီမာလေး အသံဟာ အော်ဟစ်ရုံမကဘူး၊ တုန်တုန်ရီရီနဲ့ ကြေကွဲသံရော ငိုသံရော ပါလာတယ်။

“ပြီးတော့ အန်တီမာလေးသဘောနဲ့ ဒီစကားတွေကို ပြောနေတယ် မအောက်မေ့နဲ့၊ စကား မပြောချင်လို့ မမထား သင်္ဂြိုဟ်ဖို့ကိစ္စအတွက် လာကတည်းက မျက်နှာချင်း မဆိုင်ရလေအောင် တမင်နေတာ သိရဲ့လား။ မနေ့က အေမီရဲ့မာမီက ပြောခိုင်းလို့၊ သိပြီလားဟေ့၊ သိပြီလား”

“ဘာ မာမီက ပြောခိုင်းတယ်”

“အေး… ပြောပြမယ်၊ ဘာပြောတယ်ဆိုတာ သေသေချာချာ နားထောင်၊ နားထောင်ပြီးမှ ဖြည်းဖြည်း စဉ်းစား၊ ဖြည်းဖြည်း ဆုံးဖြတ်”

အန်တီမာလေးအသံဟာ ခဏ ရပ်သွားပြီးမှ ငိုသံနဲ့ပဲ ဆက်ပြောတယ်။

“အေမီ့ကို ဘာမှ မပြောကြတော့ဘူးလားတဲ့၊ သူတော့ လက်မြှောက်ပြီတဲ့၊ သားအမိမို့လို့ မျက်နှာချင်းဆိုင်ပြီး နေရေးထိုင်ရေး ဆွေးဆွေးနွေးနွေး ပြောမယ်ဆိုရင် သူ့ကို ကျောခိုင်း ထိုင်နေတယ်၊ မျက်နှာကလည်း ရှစ်ခေါက်ချိုးနဲ့၊ ထစ်ခနဲဆို ဒက်ဒီနဲ့ ပဲရစ်မှာ သွားနေမယ်၊ အေမီ ဒီမှာ နေလို့မဖြစ်ဘူးဘဲ ပြောနေတယ်တဲ့”

အေမီရဲ့အဖေဟာ ပဲရစ်နဲ့ မိုးကုတ် ပတ္တမြား ကုန်ကူးနေတဲ့ ကျောက်တွင်းသူဌေးဆိုတော့ အေမီဟာ စိတ်တိုင်းမကျလို့ သူ့မိခင်က တခုခုပြောရင် အေမီ ပဲရစ်မှာ သွားနေမယ် ဆိုတာတော့ လက်သုံးစကားပဲ၊ ကျွန်တော်နဲ့ ရန်ဖြစ်ရင်လည်း ပဲရစ်ကို ခြေကုပ်ရပြီး မြန်မာပြည်ကို ခြေကန်ထွက်သွားဖို့ အေမီ့အနေနဲ့ သိပ်လွယ်နေတယ်လေ။ အဖွားကြီးပြောတဲ့စကားကို အန်တီမာလေးက ဆက်ပြောတယ်။

"သူ့ရဲ့ကျန်းမာရေးဟာ မကောင်းဘူး၊ တနေ့တခါ ဝေးလို့ တခါတလေတောင် ဒီတယ်လီဖုန်းလေးနဲ့ မာမီ နေကောင်းရဲ့လားလို့ မေးဖော်မရဘူးတဲ့၊ ကိုယ့်သမီးအဖြစ် ကိုယ့်အထုပ် ဖြေရတာ ရှက်လှပါတယ် ဆရာမကြီးရယ်၊ မဖြစ်လွန်းလို့ပါ၊ သူ့အဖေကလည်း ပဲရစ်မှာ အနေများ၊ ငွေကိုလည်း ရေလိုသုံးနိုင်တယ်၊ ကျွန်မ စိတ်ချမ်းသာမှုတွေဟာ သူရှာပေးတဲ့ ငွေတွေအပေါ်မှာ မတည်ဘူး ဆရာမရဲ့၊ အလုပ်များလို့ တခြားမိန်းကလေးတွေလို လခစား အလုပ်လုပ်နေရတယ် ဆိုရင် မိခင်တယောက်အနေနဲ့ သူ့နေပုံထိုင်ပုံတွေကို ခွင့်လွှတ်နိုင်ပါတယ်တဲ့၊ ကျွန်မပစ္စည်းနဲ့ ကျွန်မပါ၊ သမီးက မပြုစုလည်း နေ့ ည ဆရာမလေးတွေ ထားရင် ရောဂါအတွက် ပြုစုဖို့ မလိုပါဘူးတဲ့၊ လည်လွန်းတဲ့ဘီး ချေးသင့်မှာ စိုးရတယ်၊ မိဘ စိမ်ရေသင့်မှာ ကျွန်မ ကြောက်တယ်တဲ့၊ အဲဒီလို အေမီရဲ့မာမီက ပြောတယ်၊ စိမ်ရေဆိုတာကော သိရဲ့လား၊ သူ ဘာကိုကြောက်နေလဲ အေမီ သိသလား၊ ဟင်... အေမီ သိသလား"

"မသိဘူး"

အန်တီမာလေး မေးသံကို အေမီဟာ အသံပြတ်နဲ့ ဖြေတယ်။

"အေမီ့ကို လူသတ်ခံရမှာတဲ့၊ သိရဲ့လား"

အန်တီမာလေးရဲ့ပြောသံကို ကြားတဲ့ အေမီတော့ ဘယ်လိုခံစားရမလဲ မသိဘူး။ ကျွန်တော်တော့ ကျောစိမ့်သွားတာပဲ။

"ဘာ... ဘာကိစ္စ အေမီ့ကို လူသတ်ရမှာလဲ"

"အန်တီမာလေးတို့က ဆရာမကြီးတွေ၊ ဘီအီးဒီတွေ ဆိုပေမယ့် တောမြို့က ဆရာမကြီးတွေ ဆိုတော့ ရန်ကုန်မြို့က အရှုပ်တော်ပုံကို မသိဘူးဟေ့၊ အေမီရဲ့မာမီ ပြောပြမှ ကြက်သီးများတောင် ထမိတယ်၊ သူက ပြောပြတယ်၊ ဆရာမရယ်... သတင်းစာ မဖတ်ဘူးလားတဲ့၊ ဟိုတလောက ဆရာဝန်ကတော် လှဥမ္မာကို လူသတ်သွားတာတဲ့၊ အဲဒီဆရာဝန်ကတော်ဟာ အေမီတို့၊ မာဂရက် ကျော်အေးထွန်းတို့၊ ပင်စီမင်းကျော်တို့နဲ့ ပွဲဖော်ပွဲဖက်တွေတဲ့၊ ည ကလပ်တွေသွား၊ သန်းခေါင်ကျော် မိုးလင်းမှ ပြန်ကြနဲ့ မိန်းမအုပ်စုအနေနဲ့ ဒါလောက် ပွဲတော့ ပြန်ပေးဆွဲခံရသလိုလို၊ လင်ကြီးကပဲ သတ်ခိုင်းသလိုလိုနဲ့ သေရပါကောလားတဲ့၊ လင်ဆရာဝန်ခများလည်း သူ့မိန်းမကို လူဆိုးတွေ ငွေပေးသတ်ခိုင်းတယ်ဆိုပြီး ကြားထဲက အဖမ်းခံရ၊ ထောင်ချခံရတယ်တဲ့၊ ဘယ်လိုနည်းနဲ့သေသေ မိခင်တယောက်အနေနဲ့ ကိုယ့်သမီးတယောက် မရှုမလှ သေရမှာကို ကျွန်မ တွေးတွေးကြောက်သတဲ့"

"အိုး... ဒါတွေဟာ သူ့အကြောင်းနဲ့ သူတို့ဖြစ်တာပါ၊ အေမီ မြန်မာပြည်မှာ

ကြာကြာမနေပါဘူး”

“ဒီစကား ဒီလိုပြောမယ်ဆိုတာ အန်တီမာလေး သိပြီးသား၊ အေမိရဲ့ မာမီကိုယ်တိုင်က ပြောပြီးသား၊ ဒီတော့ သူ တောင်းပန်ချင်တာက ဒီနွေကျောင်းပိတ်မှာ သူ့မြေး ကျော်ထင်ဦးကို ရှင်ပြုပြီးမှ ဆရာမကြီး ဝါးခယ်မကို ပြန်ပါတဲ့၊ သူ့ဟာသူ ပဲရစ်မကလို့ ဘယ်ပဲသွားနေနေ၊ သူ့မြေးကိုတော့ သူ ခုလို ထူနိုင်ထနိုင်တုန်း ရှင်ပြုသွားချင်တယ်၊ ဆရာမကြီး အစစ စီစဉ်ခဲ့ပါတဲ့၊ ရှင်လူထွက်ပြီးတော့ သူ့သားသူ မြောက်ဝင်ရိုးစွန်းကိုပဲ ခေါ်သွားသွား ခေါ်ပေတော့ ကဲ... အေမိရဲ့ မာမီ ပြောတာတွေကို အန်တီမာလေး ပြောပြတာ”

“အို... ဒီကိစ္စအားလုံးဟာ အေမိနဲ့ ဖရက် ဒီမိဘအနေနဲ့ လုပ်ရမှာတွေ အန်တီမာလေး ဘာမှ မဆိုင်ဘူး၊ နောက်မှ ကြည့်ရှင်းမယ်၊ ခု သွားမယ်”

ကျွန်တော့်ရဲ့အေမိဟာ ဒိုင်း.. ဒိုင်း.. နဲ့ တခါတည်းကို လှေကားပေါ်ကနေ တောက်လျှောက် ဆင်းလာပြီး သူ့ကားနဲ့သူ ထွက်သွားတာပဲ၊ ဧည့်ခန်းထောင့်ချိုးမှာ ထိုင်နေတဲ့ ကျွန်တော့်ကိုတောင် မြင်ပုံ မရဘူး။

ကျွန်တော်လည်း အသက်မှန်မှန် ရှုပြီးမှ လှေကားကို တလှမ်းချင်းတက်ပြီး အန်တီမာလေး ရှိရာကို သွားရတယ်။ အိမ်ပေါ်ထပ် ဧည့်ခန်းမှာ ဆိုဖာတခုပေါ် ထိုင်ရက် ငိုနေတဲ့ အန်တီကို ကျွန်တော် တွေ့ရတယ်။ သူဟာ ကျွန်တော့်ကို တွေ့တယ်ဆို စကားပြောမလို့ ဟန်ပြင်တယ်။ ကျွန်တော် လက်ဝါးကာပြလိုက်ပြီး သူ့ဘေးက နေရာလွတ်မှာ ထိုင်လိုက်တယ်။

“ကျွန်တော် အားလုံး ကြားပါတယ်၊ အန်တီမာလေး စိတ်အေးအေးထားပါ၊ ကဲ.... ဒေါ်ဝက်ရေ၊ အန်တီဖို့ရော၊ ကျွန်တော် သောက်ဖို့ရော အအေးတခုခု ယူခဲ့ပါ”

ကျွန်တော်ဟာ ကျွန်တော့်အဒေါ်ကို စိတ်ငြိမ်သွားအောင် နှစ်သိမ့်လိုက်တော့မှပဲ အန်တီမာလေးဟာ ဝမ်းနည်းပန်းနည်း ပိုပြီး ငိုရှာတယ် ခင်ဗျာ။

“မငိုပါနဲ့ အန်တီမာလေး၊ ဒီဇာတ်ထုပ်ဟာ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်တော် သိပြီးသားပါ၊ မလွဲမသွေ တနေ့ ရင်မဆိုင်ရ၊ တနေ့ ရင်ဆိုင်ရမယ် ဆိုတာ ကျွန်တော် သိပါတယ်၊ အမှန်တော့ ဒီဇာတ်လမ်းရဲ့အစ တရားခံဟာ ကျွန်တော်ပါပဲလေ၊ ကဲ... စိတ် အေးအေးထား၊ လိမ္မော်ရည် သောက်လိုက်ဦး”

အန်တီမာလေးဟာ ပဝါဖြူနဲ့ မျက်ရည်သုတ်ရင်း -

“ငါ့တူကြီး ဒီလို သဘောပေါက် နားလည်ရင် အန်တီမာလေး ဝမ်းသာပါတယ်၊ ဒီအပျိုကြီးမ တို့မိသားစုထဲ ဝင်ရှုပ်တယ်လို့သာ အထင်မလွဲပါနဲ့၊

ဒီကိစ္စဟာ ဖြည်းဖြည်းပြောပြီး အေးအေးဆေးဆေး ပြီးဖို့ စကားတောင် မစသေးဘူး၊ ခုနစ်သံနဲ့ သူက အော်ပြီး အန်တီမာလေးရဲ့ မျက်နှာကို အရက်နဲ့ ပက်လို့…”

“ဟင်…”

“ဒေါသမဖြစ်ပါနဲ့ ဖရက်၊ ခွင့်လွှတ် ခွင့်လွှတ်၊ မင်းက မေးစရာရှိမယ်၊ ယောဂီဖြစ်ပြီး အန်တီမာ သည်းမခံနိုင်ဘူးလားလို့၊ သည်းခံနိုင်ပါတယ်၊ ဒါပေမင့် ဖြည်းဖြည်းပြောမရမယ့် မိန်းမဗို့ သူက အာဋ္ဌာဝကသံနဲ့ အော်လာတော့ အန်တီမာလေးလည်း အာဋ္ဌာဝကအသံနဲ့ ဝက်ဝက်ကွဲအောင် ပြန်အော်ရတာ၊ ပြောတဲ့သူကတောင် ရှက်သေး”

သူဟာ လိမ္မော်ရည်သောက်ပြီး ဖြည်းဖြည်း ဆက်ပြောတယ်။

ကျွန်တော်လည်း သဘောပေါက်ပါတယ်။ သူ့ကို ထောက်ခံရင်း -

“ဟုတ်ပါတယ် အန်တီမာလေးရယ်၊ ကျွန်တော်ဟာ အားလုံးကို ခွင့်လွှတ်နိုင်အောင် ကြိုးစားပါတယ်၊ ဖေဖေ့စကားကို နားထဲမှာ ကြားယောင်နေလို့ပါ။ ကျွန်တော် ပထမတကြိမ် သူ့ကို ကွာဖို့ စဉ်းစားတုန်းက ကျွန်တော့်အကြံကို ဖေဖေ သိသွားတယ်၊ ဖေဖေကလည်း အန်တီမာလေး ပြောသလိုပဲ အရေးအကြီးဆုံးက ကျော်ထင်ဦးရဲ့နောင်ရေးကို ကြည့်ပြီး သားတို့လင်မယား ကွာဖို့ ရှင်းဖို့ ပြဿနာ မဖြစ်ပါစေနဲ့လို့ တောင်းပန်ထားလို့ ကျွန်တော့်ရဲ့အကြံဟာ ပထမအကြိမ် မအောင်မြင်တာပါ အန်တီမာလေး”

လို့ ပြောပြတယ်။

“အို… ခု ကွာဖို့ ရှင်းဖို့ အန်တီမာလေး ဖရက်ကို တိုက်တွန်းပြောနေတာ မဟုတ်ဘူး၊ အန်တီတို့ဆွေမျိုးက ဒီလို သူများသားသမီးကို ကွာမှာ ရှင်းမှာကို အန်တီမာလေး မထောက်ခံဘူး”

“ကျွန်တော်လည်း နားလည်ပါတယ်၊ ဖြစ်ပြီးတဲ့အကြောင်းတွေကိုပြောပြတာ အန်တီမာလေး၊ ရှေ့ဆက်ပြီး ကျွန်တော်က ခွင့်လွှတ်နိုင်လို့ ဆက်လို့ပဲ ပေါင်းပေါင်း သူ့အကြောင်းက သူ နေပုံထိုင်ပုံ အပေါ်မှာ တည်တာပဲ”

“မှန်ပါတယ်လေ၊ အန်တီမာလေးတို့ကတော့ တရားအားထုတ်ထားသူတွေမို့ ဖြေနိုင်ပါတယ်၊ သူ့သဘော သူဆောင်နေတာ၊ အကြောင်းကြောင့် အကျိုးဖြစ်တာ၊ သတ္တဝါတဦးရဲ့ကံဟာ သူ ပြုလုပ်မှုအပေါ်မှာ တည်တာပဲ၊ ဘုရားသခင်တောင် ချွတ်မရတဲ့ သတ္တဝါတွေအပေါ်မှာ ငါဘုရား မကယ်နိုင်ပြီလို့ ညည်းညူမိတဲ့အဖြစ် ရောက်ရပါတယ်။

သူ့အမေအနေနဲ့ကလည်း မိခင်တယောက်အနေနဲ့ စိတ်ပူသင့်တာပေါ့၊ အန်တီတို့ ပတ်ဝန်းကျင်မှာတော့ လူတယောက်ဟာ မကောင်းမှု အကုသိုလ်တွေကို ဆက်တိုက် ကျူးလွန် လာရင်ဖြစ်ဖြစ်၊ ငါ.. ငါ.. ဆိုပြီး ထင်တာတွေကို လုပ်လာရင်၊ အကုသိုလ် ဝင်လာရင် ကုသိုလ် ဆက်ပေးတာတို့ ဘာတို့ လုပ်သေးတယ်၊ တင်အောင်ထွန်း... ခက်ပါတယ်လေ... လူလေး ဖရက်ရယ်... မင်းကလည်း ရှော်လွန်းပါတယ်”

အန်တီမာလေးရဲ့စကား ဒီနေရာ ရောက်တော့ ကျွန်တော် ဒီအခါ ဣန္ဒြေမဆောင်နိုင်ဘူး၊ မျက်နှာ လက်ဝါးနဲ့အုပ် ငိုမိတယ်။

“ဒါလောက်အထိ လင်မယားနှစ်ယောက်စလုံး ခြေလွတ်နေတယ်လို့ အန်တီမာလေး မသိဘူး၊ ယောကျ်ားတွေဓမ္မတာ အိမ်မှာ ဣန္ဒြေရရ အနည်းအကျဉ်းတော့ သောက်ကြစမြဲပဲ။ သူ့အိမ်မှာ သူ့ထုံးစံ၊ ငါ ဘာမှဝင်မပါသင့်ဘူးဆိုပြီး နေတာ၊ ခု ကြာကြာနေမှ ဖရက်တို့ အဖြစ်ကလည်း ဆိုးလှချေလား လူလေးရယ်”

သူ ခဏနားပြီး ဆက်ပြောတယ်။

“ဖရက်ဒီ၊ ဆိုးခဲ့တာတွေကို ပြန်မတွေးနဲ့တော့၊ ပြီးခဲ့တာတွေလည်း ပြီးပြီ ဖရက်ဒီ၊ ဒီနေ့ကစပြီး အရက်ဖြတ်ဖို့လည်း ကြိုးစားပါ။ အေမီရဲ့မာမီ ဆန္ဒအတိုင်း ကျော်ထင်ဦးကိုလည်း ရှင်ပြုပေးလိုက်၊ ဖရက်ဒီကလည်း အေမီကို မကွာနဲ့၊ သူ့နောက်ကို လိုက်သာသွား၊ သူ့ကို တမင်အရွဲ့တိုက်ပြီး အန်တီမာလေးပြောတာ၊ ဖရက်ဒီတို့ရဲ့သား ကျော်ထင်ဦးကို အန်တီမာလေးမှာ သိမ်းပိုက်ထားခွင့် မရှိပါဘူး”

“ဟင့်အင်း၊ ဒီတခုတော့ ကျွန်တော့်အစီအစဉ်ကို အန်တီမာလေး နားထောင်ပါ”

“ဖရက်ဒီ ဘာစီစဉ်ထားသလဲ”

“ကျွန်တော်ဟာ အရက်ချိုးကပ်နေပြီ ဆိုပါတော့၊ ကြိုးစားပြီး တဖြည်းဖြည်း အရက်ဖြတ်ဖို့ ကျွန်တော့်တာဝန်ထားပါ၊ ကွာဖို့ ရှင်းဖို့လည်း ကျွန်တော် မလုပ်သေးပါဘူး။ ဒီအိမ်ဟာ ကျွန်တော့် အဖေအိမ်၊ ကျော်ထင်ဦးက ကျွန်တော့်သား၊ အန်တီမာလေးနဲ့ မဆိုင်ပေမယ့် ကျွန်တော်နဲ့ လုံးဝ ဆိုင်တယ်၊ ကျွန်တော့်သားနဲ့ ကျွန်တော်နဲ့ ဒီအိမ်မှာ နေရစ်တာကို ဘယ်သူမှ ကန့်ကွက်ပိုင်ခွင့် မရှိဘူး၊ ကျွန်တော့်ကိုလည်း ဖရက်၊ သားကြီးကိုခေါ်ပြီး လိုက်လာခဲ့လို့ သူ့မှာ အမိန့်ပေးပိုင်ခွင့် မရှိဘူး ဆိုတာတော့ အန်တီမာလေး နားလည်ထားပါ”

“ဒီတော့... ဒီတော့... ဘာလုပ်မှာလဲ”

"လောလောဆယ် သားကြီးနဲ့ အန်တီမာလေး ဒီအိမ်ကြီးမှာ နေရစ်ပါဦး၊ အေမီရဲ့မာမီ ပြောသလိုပဲ ပုတီးစိပ်တို့၊ ရှင်ကျင့်ဝတ်တို့ သင်ထားပြီး နွေကျောင်းပိတ်ရင် ကျော်ထင်ဦးကို ရှင်ပြုပြီးမှ အန်တီမာလေး ဝါးခယ်မကို ပြန်ပါ။ သူ့မာမီကို ကျွန်တော် ညနေ သွားတွေ့ပြီး အဖွားကြီး စိတ်အေးချမ်းအောင် ကျွန်တော် ကတိသွားပေးမယ်၊ ကျွန်တော့်မှာ ရှေ့လ ပထမပတ်မှာ ကွမ်းလုံဘက်က တံတားရော၊ အဆောက်အအုံတွေရော စစ်ဆေးဖို့ တာဝန်ရှိတယ်၊ တလလောက်ကို ကြာမယ်၊ ကျွန်တော်အပြန် သားကြီး ရှင်ပြုမှာနဲ့ အတော်ပဲ၊ ဟုတ်လား၊ အန်တီမာလေး ကျေနပ်လား"

"ကျေနပ်ပါ့ဘိ ဖရက်ရယ်၊ ဟင်း... ဝမ်းနည်းစရာ ကောင်းလိုက်တဲ့ အဖြစ်တွေ၊ ငွေကြေး ပြည့်စုံ၊ ဘာမှ ပူပင်စရာ မရှိဘဲနဲ့၊ ဘုရား ဘုရား... ဒုက္ခဆင်းရဲတွေ ရောက်လိုက်ကြရတာနော်။ အကုသိုလ်တွေ ကျူးလွန်လိုက်ကြရတာနော်၊ လူတွေဟာ ဆင်းရဲလို့ အကုသိုလ် အမှုတွေ ပြုတာပါ ဆိုတဲ့ စကားဟာ ဖရက်ဒီတို့မိသားစုအတွက် မမှန်ပါလား"

အန်တီမာလေးဟာ ညည်းညည်းညူညူ ဖြည်းဖြည်းလေး ပြောပြီး အိပ်ခန်းကိုထသွားတယ်။

ကျွန်တော်လည်း ခေတ္တနား၊ ရေမိုးချိုးပြီး အေမီရဲ့ အမေနေတဲ့အိမ်ကို ကားမောင်းပြီး ထွက်သွားရတယ်။ မသွားခင်တော့ သားကြီး ကျော်ထင်ဦး ကျောင်းဆင်းလာရင် -

"မာမီနဲ့ ဒက်ဒီ၊ ဘွားဘွားကြီး နေမကောင်းလို့ သွားမေးတဲ့အနေနဲ့ ပြောထားပါ၊ အေမီအကြောင်း ဘာမှမပြောပါနဲ့"

လို့ အန်တီမာလေးကို မှာခဲ့ရသေးတယ်။

သားကြီးကုသိုလ်ကလည်း တမျိုးပဲ။ သူဌေးတွေရဲ့မြေး ဖြစ်ပေမယ့် သူ့မှာ မွေးကတည်းက နာနီရင်ခွင်မှာပဲ ကြီးပြင်းလာရသူ ဖြစ်နေတယ်။ အိပ်လည်း နာနီနဲ့ သူနဲ့က တခန်း အိပ်ရတာကိုး။ သူ့အဖို့ ညဦးတွေကလည်း ကျွန်တော်နဲ့ ကုန်လွန်ခဲ့ရတာ များတာပဲ။ ကြာတော့လည်း ကျော်ထင်ဦးဟာ သူ့မာမီနဲ့ ခွဲနေရတာ အကျင့်ရနေတော့ အေမီကို တမ်းတမ်းတတ စွဲစွဲလမ်းလမ်း ဖြစ်မနေတာကိုဘဲ ကျေးဇူးတင်နေရသေးတယ်။

အေမီရဲ့အမေအိမ် ရောက်တော့လည်း ထုံးစံအတိုင်း သူဌေးအိုမကြီးတွေရဲ့ပုံစံကို တွေ့ရတာပေါ့လေ။ သမီးအတု သူနာပြုဆရာမလေးကို အဖော်လုပ်လို့ ကတ္တီပါ ပိန်းတန်း အပါးလေးကို စီးပြီး ကျွန်တော့်ကို သူ့ခုတင်ကနေ ထလာပြီး အိပ်ခန်းဝကို လာကြိုတယ်။

"အို… မာမီကလည်း ကျွန်တော် လာမှာပေါ့၊ ခုတင်မှာ လှဲနေပါ"

ကျွန်တော်က နှုတ်ဆက်ရင်း သူ့လက်ဖျားကို ကိုင်လိုက်တယ်ဆို အဖွားကြီးမျက်လုံးတွေဟာ ကြည်နူးနှစ်သိမ့်တဲ့ ပီတိနဲ့ ရွှန်းစိုသွားတာပဲ။

"မာမီ မထနိုင်တာမှ မဟုတ်တာ ဖရက်ဒီ၊ အစားသာ ဝင်အောင် မစားနိုင်လို့ အားနည်းနေတာ၊ အေမီရော… ကျော်ထင်ဦးရော ပါမလာဘူးလား၊ ခုတလော မလာတာကြာလို့ နေမျှား မကောင်းကြဘူးလားလို့"

သမီးနဲ့ မြေးကို တွေ့ချင်တဲ့ဇောနဲ့ လှမ်းမေးရှာတယ်။ ကျွန်တော်ဟာ သူ့ခုတင်ဘေး ဆိုဖာပေါ်မှာ အဖွားကြီးကို ခေါ်သွားပြီး ထိုင်ဖို့ ပြောရတယ်။

"ကျော်ထင်ဦး ကျောင်းမဆင်းသေးဘူး မာမီ၊ အေမီလည်း အလုပ်တွေ နည်းနည်း ရှုပ်နေလို့"

အဖွားကြီးအပါးမှာပဲ ကျွန်တော်ဟာ ဖြည်းဖြည်းလေး ထိုင်ချလိုက်ရတယ်။

"မာမီ အိပ်လို့ကောပျော်လား၊ ခုတလော ကြီးကြီးထား ဆုံးတဲ့ကိစ္စနဲ့ရောပြီး အလုပ်တွေ များနေလို့ ကျွန်တော် အလာနည်းသွားတာ၊ မာမီကလည်း ပျော်အောင်အိပ်၊ အစားလည်း ကြိုးစား စားပြီး ကိုယ့်စိတ်ကိုယ် ချမ်းသာအောင် နေပါ မာမီရယ်၊ မာမီတို့မှာ ဘာမှလိုလေသေး မရှိတာဘဲဟာ"

"မှန်ပါတယ် မှန်ပါတယ်၊ သမက်တယောက်အနေနဲ့ ဒီလို အားပေးတာ ကျေးဇူးတင်လို့ မဆုံးပါဘူး ဖရက်ဒီရယ်၊ မာမီရဲ့ဆေးကို ဖရက်ဒီ သိသားပဲမို့လား၊ စကားလုံး အလှအပ၊ အပိုအချွဲတွေကိုလည်း မာမီ မလိုချင်ပါဘူး၊ ဖရက်ဒီပြောသလောက် စကားလုံးတောင် မများပါနဲ့၊ တလမှာ တခါပဲ တယ်လီဖုန်းထဲကနေ မာမီရေ… နေကောင်းလားလို့ သမီးအလိမ္မာက မေးရင် မာမီ ဆေးသောက်ဖို့ မလိုတော့ပါဘူး သားရယ်၊ နှစ်လမှာ တခါလောက် မျက်နှာချိုချိုနဲ့ မာမီ့ကိုများ လာကြည့်ရင်တော့လေ မာမီရှိတဲ့စည်းစိမ်နဲ့ အေမီရဲ့အပြုံးကို လဲတယ် လဲတယ်၊ သားကြီး တင်အောင်ထွန်းရေ… တမြစ်ရိုးလုံး နောက်ပေမယ့် သောက်ရေအိုး ကြည်ရင် ပြီးရောလို့ စကားပုံသာ ကြားဖူးတယ်၊ တမြစ်ရိုးလုံး ကြည်ပြီး သောက်ရေအိုးမှ ကွက်ပြီး နောက်တဲ့အဖြစ်၊ အားလုံးနဲ့ ဆက်ဆံရေး ကောင်းပြီး မအေတယောက်အပေါ်မှာ တင်းမာလွန်းတော့ စိမ်ရေသင့်မှာ စိုးတယ်"

ကဲ… ဘာပြောကောင်းမလဲ ခင်ဗျာ။ ကျွန်တော် ခုရက်အတွင်း ဘာဇာတ်ထုပ်တွေ ခင်းနေရသလဲ မသိ။ အဖွားကြီးတွေကိုပဲ ချော့နေရတယ်။ သူ့ခမျာလည်း မျက်ရည်စမ်းစမ်းနဲ့ လက်ကိုင်ပဝါဖြူလေး မျက်လုံးကို တို့ကာ တို့ကာနဲ့ ပြောပြန်ရော။

“ကျွန်တော်လည်း သူတော်ကောင်း မဟုတ်ပါဘူး မာမီရယ်၊ ကျွန်တော့်ရှိတဲ့ တရားနဲ့ပဲ ကျွန်တော် တရားပြတာပါ၊ သူ့အပြုံး မရတော့ မာမီမှာ အဘက်ဘက် ပြည့်စုံပါရက်နဲ့ တကတဲ… လိုချင်တာမရသော ဆင်းရဲကို ခံနေရတယ်မို့လား၊ လိုချင်တာ မရရင် မလိုချင်တာနဲ့ ပြီးတာပဲ”

“ပြောရက်လိုက်တာ သားကြီး ဖရက်ဒီရယ်၊ ပြောရက်လိုက်တာ၊ လိုချင်တာ မရသော ဆင်းရဲကို မလိုချင်ခြင်းနဲ့ ဖြတ်လိုက်ရမယ်လား၊ အမယ်လေး လွယ်လိုက်တာ သားရယ်၊ ပြောတော့ လွယ်သလောက် အဲဒီ လိုချင်သော ဆင်းရဲ၊ ဆင်းရဲဆိုသော စိတ်ဒုက္ခကို ဘာတရားနဲ့ ဖြတ်ရပါ့မလဲ”

အမှန်တော့ အဖွားကြီးပြောတာ မှန်တယ်လေ။ ကျွန်တော်လည်း တတ်သမျှ မှတ်သမျှနဲ့ အဖွားကြီး သက်သာအောင်လို့သာ ပြောလိုက်တာ။ ကျွန်တော်ကိုယ်တိုင်က လိုချင်သော ဆင်းရဲနောက်ကို အမြဲပဲ လိုက်နေပြီး ဒုက္ခတွေ ပင်လယ်ဝေနေတဲ့ ငတင်အောင်ထွန်း ဖြစ်နေတာကို အဲဒီတချိန်က သတိမရှိမိဘူး၊ မတွေးမိဘူး။ သောက်ချင်သော အရက်ခွက်ကို တရက် ဖြတ်ဖို့တောင် စိတ်မကူးမိဘူး။ ဒါပေမင့် ကျွန်တော် တတ်သမျှ မှတ်သမျှ အရက်သမားတရားပဲ ဆိုပါတော့ ခင်ဗျ။ ယောက္ခမကြီးကို တရားပြရတယ်။ အမှန်တော့ ကျွန်တော့် ပတ်ဝန်းကျင်က ကျွန်တော့်ကို သင်ထားတဲ့တရားတွေပါ။ သူတပါးလို စာပေတွေဖတ်၊ ဘုန်းကြီးတရားတွေ နာပြီး ဟောတဲ့ တရားတွေ မဟုတ်ပါဘူး ခင်ဗျာ။

“မာမီကို ရက်ရက်စက်စက် ပြောတာ မဟုတ်ပါဘူး မာမီရယ်၊ ကျွန်တော့်မှာလည်း တရား မရှိပါဘူး၊ ကျွန်တော် စဉ်းစားမိသလောက် ပြောပြရတာပါ၊ ကျွန်တော်တို့မိသားစု၊ ကျွန်တော်တို့ ပတ်ဝန်းကျင်ကိုပဲကြည့်၊ ဖေဖေကတော့ မပါဘူးလေ၊ မေမေဟာ လိုလေသေးမရှိ ဝတ်လုံတော်ရ ကတော်၊ သစ်တောမင်းကြီးရဲ့တဦးတည်းသောသမီး၊ ဖေဖေက အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့ လင်သားတယောက်၊ ချမ်းသာတာလည်း နှစ်ဖက်မိဘဥစ္စာနဲ့ ပိုလျှံနေတာပဲ၊ ဘဝတခုမှာ ဒါထက် ဘာများပြည့်စုံနိုင်မှာလဲ၊ ဒါပေမင့် ကိုယ့်အိမ်ထောင်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ ခွင်ကျသွားအောင် လိုက်လျောပြီး မနေတတ်၊ စိတ်ထား မတတ်တော့ နှလုံးရောဂါနဲ့ကို သေရော၊ ကဲလေ… မဟုတ်ဘူးလား၊ သေသေချာချာ စဉ်းစားကြည့်ပါ မာမီ၊ တခါတခါ ပတ်ဝန်းကျင်က ကိုးလိုးကန့်လန့် အဆင်မပြေနိုင်အောင် ဆိုးဝါးနေတာ မဟုတ်ဘူး၊ ကိုယ်က ဆန့်ကျင်ဘက်ကြီး ဖြစ်နေတာ၊ ကြီးကြီးထားအဖြစ်လည်း မပြောနဲ့တော့၊ မာမီတို့အသိပဲ၊ အဲဒီတော့ သူတို့ရဲ့ရောဂါတွေကို ဇီဝကလည်း မတတ်နိုင်ဘူး၊ လိုချင်တာ မပြည့်စုံတာ လိုက်ကြည့်နေရင်တော့ ဘာမှ ပြည့်စုံမှာ မဟုတ်ဘူး၊ မာမီ စိတ်ဒုက္ခရောက်ရင် ခြံထဲကို ဆင်းလျှောက်၊ မာမီ သနားလို့ ခေါ်ထားတဲ့ တရုတ် ဘိန်းစားကြီးကိုကြည့်၊

သူ့ကို ဘယ်သူမှလည်း မခိုင်းချင်တော့ဘူး၊ သူလည်း ဘာမှ မလုပ်နိုင်ဘူး၊ ဝါးချွန်တခု၊ တောင်းတလုံးနဲ့၊ မာမီ့ခြံထဲ သစ်ရွက်ခြောက်တွေ လိုက်ထိုး၊ တောင်းထဲထည့်၊ တောင်းပြည့်ရင်း မီး တခါရှို့ရင်း၊ ဘာ ဘုရား၊ တရားမှလည်း မရှိဘူး၊ မာမီက ထမင်း အလကား ကျွေးထားပေလို့၊ ကဲလေ... သူတို့ ဘဝထက်စာရင် အမယ်လေး မာမီ့ဘဝက အဆတရာ သာတယ်၊ အဲဒါတွေကို ကြည့်ဖြေဦးမှပေါ့ မာမီရယ်”

ကျွန်တော်လည်း တတ်သမျှနဲ့ တရားပြရတာ။ မာမီက သီးသန့်မာလီ ရှိပေမယ့် ဘိန်းဖြတ်ပြီး ဘိန်းမစားတော့တဲ့ တရုတ်အဖိုးအိုတို့၊ ဆင်းရဲတဲ့ မြန်မာအဖိုးအိုတို့ကို အဲဒီလို ထမင်းကျွေးပြီး စောင့်ရှောက်ထားတတ်တယ်။ မာမီရဲ့မိဘများဟာ ကျောက်စိမ်းတွင်းပိုင် တရုတ်ကပြားတွေ ဖြစ်တယ်။

“မှန်ပါတယ်၊ မှန်ပါတယ် ဖရက်ရယ်၊ မာမီလည်း ဒီလို စိတ်နဲ့ဖြေခဲ့လို့ စိတ်သက်သာနေတာပေါ့၊ မာမီက စည်းစိမ်ဥစ္စာတွေ ထပ်ပြီး လိုချင်နေတာ မဟုတ်ပါဘူး၊ ခု တရုတ် အဖိုးကြီးတွေ၊ မြန်မာအဖိုးကြီးတွေ မာမီ ထားတာလည်း ကုသိုလ်လိုချင်လို့၊ အိုခြင်းဆင်းရဲဆိုတဲ့ (ရောဂါကို ဆိုလိုတာ မဟုတ်ဘူးနော်) အိုချိန်ဘဝမှာ အထီးကျန် ပြုစုမယ့်သူ မရှိ အပစ်ပယ်ခံရတဲ့ ဘဝကို ကြောက်လွန်းလို့ မာမီ ရှာကြံ ကုသိုလ်ပြုနေတာပါ၊ မာမီဖြစ်နေတဲ့ စိတ်ဆင်းရဲက ဖရက်ဒီလည်း သိပြီးပါ၊ ဆရာမ ဒေါ်မာလေး ဖရက်ကို တချို့တဝက် ပြောပြပြီးပြီပေါ့”

“တဝက် မဟုတ်ပါဘူး မာမီ၊ အားလုံး ပြောပြပြီးပါပြီ”

“အေး... လင်မယားဆိုတော့ မိအေမီအကြောင်း ဖရက် ပိုသိမှာပေါ့၊ ကိုယ့်ပေါင်ကို ကိုယ် လှန်မထောင်းချင်ပေမယ့် ရင်သွေးတယောက်ရဲ့အန္တရာယ်ကို ကြိုတင်ကာကွယ်ရမယ်ဆိုရင် မိခင်တယောက်မှာတော့ ပေါင်ကို လှန်ထောင်းရုံတင် မဟုတ်ဘူး၊ ဖြတ်ပစ်တဲ့ ဝေဒနာကိုတောင် ခံဖို့ မာမီ အသင့်ပြင်ပြီးပါ ဖရက်ရယ်၊ အေး... အရင်အချိန်တွေကဆိုရင်တော့ အေမီကို ငယ်ငယ်ကတည်းက ထားခဲ့တာကိုက ပြင်ဦးလွင်က ကွန်ဗင့်ကျောင်း၊ ဒီတော့ သူလည်း မြန်မာ ဘယ်ဆန်တော့မလဲလေ၊ သမီးလေးအပြစ် မဟုတ်ဘူး၊ တို့မိဘတွေ အပြစ်လို့ ကိုယ့်စိတ်ကို ဖြေပါတယ်၊ တကယ်တော့ ကွန်ဗင့်နဲ့လည်း ဆိုင်သင့်သလောက် ဆိုင်ပါတယ်၊ တက္ကသိုလ် ရောက်တော့လည်း ဒီဂရီတခု ယူခဲ့ရင်ဖြင့် ပဲရစ်မှာ သူ့အဖေနဲ့ အတူထားပြီး ဘွဲ့တခု ထပ်ယူစေချင်ပါတယ်၊ ရန်ကုန်တက္ကသိုလ်မှာ ဖရက်ကိုသာ ရခဲ့တယ်၊ ဒီဂရီတော့ မရခဲ့ဘူး၊ သူ တွဲတဲ့ ခရစ်ယာန်ကျောင်းသားတွေကြောင့်လို့ ဆိုရအောင်လည်း မာမီနေခဲ့တဲ့ ကြည့်မြင်တိုင် အေဘီအမ်က ဆရာမကြီးတွေ ကြည့်စမ်း၊ ဣန္ဒြေလည်းရှိ၊ မီးဖိုမှာလည်း စေ့လို့၊ အချုပ်အလုပ် ဆိုတာမှာလည်း ပထမတန်း ခရစ်ယာန် အမျိုးသမီးကြီးတွေပါ၊ မာမီလေ... ကျောင်းပိတ်ရက်ရောက်ရင် မြန်မာမှု

မြန်မာဆန်အောင် အမြဲ ကြိုးစားပါတယ်၊ မရဘူး၊ နေ့တိုင်း မဟုတ်တောင် မာမီရဲ့ဘုရားခန်းကို တလ တခါ လာဖူးပါ သမီးရယ်... ဆိုတာတောင် စိတ်ထဲရှိပြီးတာပဲ၊ ကဲ... ခရစ်ယာန် အမျိုးသမီးတွေကမှ တနင်္ဂနွေနေ့တိုင်း သူတို့ဘုရားရှိခိုးကျောင်း သူတို့ တက်သေးတာ”

အဖွားကြီး ခဏ စကားစ ဖြတ်ထားတုန်း သူ့ရဲ့သူနာပြုဆရာမလေး နန့်ဝါမေဟာ နို့တဖန်ခွက်၊ ပန်းသီးစိတ်တွေ၊ စပျစ်သီး နီညိုရောင်တွေကို ဖန်ပြာပန်းကန်လေးတွေနဲ့ ထည့်ပြီး ကျွန်တော့်ရှေ့ လာချတယ်။

“မာမီ နွားနို့သောက်ဖို့ အချိန်တော်ပြီ” တဲ့။

“အေး... ဟုတ်ပါတယ်၊ ဖရက်ဖို့ လိမ္မော်ရည် ယူခဲ့ဖို့ မသန်းရှင်ကို ပြောလိုက်ပါဦး ဆရာမရယ်၊ မာမီလေ... ညဘက်ကျရင် ထမင်းမစားနိုင်တော့ နို့တဖန်ခွက်ပဲ မှန်မှန် သောက်ရတယ်၊ ဒီပန်းသီးနဲ့ စပျစ်သီးက အေမီတို့ဖေဖေ လေယာဉ်ပျံနဲ့ ပို့လိုက်တာမို့ စားသွားဦး၊ ဖရက်ရယ် အပြန်ကျရင်လည်း မာမီမြေးကြီး ကျော်ထင်ဦးဖို့ ပန်းသီးတွေ ယူသွားစမ်းပါ၊ သူ တယ်ကြိုက်တယ်၊ သူ့ဘဘ ပဲရစ်က ပို့လိုက်တာလို့၊ သြော်... ဖရက်ဒီ ပြောလည်း ပြောစရာပဲ၊ ကိုပြည့်မောင်ရယ်လေ လေယာဉ်ပျံနဲ့ တပတ်တခါ မှန်မှန် ပို့ပေးတယ်၊ မာမီနဲ့ ဘာတည့်လဲ၊ မာမီကြိုက်တတ်တဲ့ အစားအစာ၊ စပျစ်သီး၊ ပန်းသီးတို့ အစုံပို့ပေးတယ်၊ ဒါက စပါယ်ရှယ်လေ၊ ဩစတြေးလျပန်းသီးလေ၊ လိုချင်တာရှိလည်း မှာတဲ့၊ တနေ့ကတော့ မာမီ စာတစောင် သူ့ဆီ ရေးလိုက်တယ်၊ အေမီရဲ့ဒက်ဒီရယ်၊ ပို့သမျှ အားလုံး ရလို့ ဝမ်းလည်းသာ၊ ကျေးဇူးလည်း တင်ပါတယ်လို့၊ ကျွန်မ ဘာစားချင်လဲဆိုတော့ သားအဖ သုံးယောက် ထမင်းတဝိုင်းတည်းထိုင်၊ မျက်နှာချင်းဆိုင်ပြီး ငါးရေချိုဟင်းလေး ချက်ပြီး ရှမ်းပဲပုပ်ချက်ကို မြစ်ကြီးနား တညင်းသီးနဲ့ တို့စားချင်တယ်လို့...”

အဖွားကြီး ဆိုချင်တဲ့ စကားလုံး အဓိပ္ပာယ် အပြည့်အစုံ လေးလေးနက်နက်ကို သိတဲ့ ကျွန်တော်ဟာ စိတ်ထိခိုက်သွားမိတယ်၊ အပေါ်ယံကတော့ မျက်နှာထားမပျက် ပြုံးရင်း၊ သူကျွေးတဲ့ ပန်းသီးကို ဝါးစားလိုက်ရတယ်။

“မာမီပြောတာက ပဲပုပ်ချက်ပဲ စားရ စားရ၊ သားအဖသုံးယောက် မျက်နှာချင်းဆိုင် ပျော်ပျော်ရွှင်ရွှင် ထမင်းတနပ် စားရရင် သေပျော်ပါပြီ”

သူဟာ နွားနို့ဖန်ခွက်ကို ယူပြီး တဖြည်းဖြည်း သောက်ရာက ဆက်ပြောတယ်။ ခုတော့ သုံးယောက်တည်း နေရတာ သုံးကွဲ ကွဲလို့ မအေကိုလည်း ရန်သူတော်ကြီးလိုပဲ၊ တနေ့က ရာဇဝတ်ဝန်ကြီး စောလှမင်းက မာမီ

နေမကောင်းတာ လာကြည့်တယ်၊ ကြည့်ရာက ပြောပြတာ သနားစရာပဲ၊ အတိုချုပ်လိုက်တော့ သူ့မိန်းမ ခင်လှမင်းအကြောင်းပေါ့၊ သူလည်း ပြောမရတော့ လက်ပိုက်ကြည့်နေရတော့တယ်တဲ့၊ ပြီးခဲ့တဲ့ စနေနေ့က သူ့အုပ်စုတွေနဲ့ မေရိုမရင်း ကလပ်ကို သွားမယ်ဆိုတာပဲ၊ သူ သိတယ်တဲ့၊ ညသန်းခေါင်ကျော်တော့ မရမ်းကုန်းဌာနာက သူ့တပည့် ဌာနာအုပ်က တယ်လီဖုန်းဆက်လို့ အမြန်လာပါ ဆိုတော့၊ သူလည်း ကမန်းကတန်း သွားရတယ်၊ ဟိုရောက်တော့ သူ့တပည့်က အင်းလျားကန်စောင်း ခေါ်သွားတော့ ကားတခုထဲမှာ ခင်လှမင်းက အိပ်ပျော်နေတယ်၊ ပတ္တရောင် ရဲသားတွေ ကင်းလှည့်ရင်း မိန်းမတယောက် ကားထဲမှာ အိပ်ပျော်ရက် တွေ့တယ်ဆိုတာနဲ့ သူ သွားကြည့်တော့ ခင်လှမင်းကို ဌာနာအုပ်က သိတယ်၊ ဒါနဲ့ အစောင့် ရဲတယောက် ကားအနားမှာ ချပြီး သူ့ဆီ ဖုန်းဆက်လိုက်တာတဲ့၊ သူလည်း တပည့်တွေရှေ့မှာ ရှက်ရှက်နဲ့ပဲ ခင်လှမင်းကို သူ့ကားပေါ် ပြောင်းခေါ်ပြီး မောင်းလာခဲ့ရတယ်၊ အဖြစ်အပျက် အားလုံးကို သူ့တပည့်တွေဆိုတော့ သူ ပြည်ဖုံးကားချခိုင်းတာပေါ့လေ၊ အဲဒီကားက သံရုံးအရာရှိ တယောက်ရဲ့ကားတဲ့၊ ကဲ… အိမ်ရောက်တဲ့အထိ ခင်လှမင်းဟာ အိပ်ရာက နိုးနေပေမယ့် အမူးမပြေသေးဘူး၊ သူလည်း ခင်လှမင်းဆွေမျိုးတွေကို ညတွင်းချင်းပဲ ခေါ်ပြလိုက်တယ်တဲ့၊ ဆိုးလိုက်တဲ့အဖြစ်၊ ဆွေမျိုးတွေက ခင်လှမင်းကို လွန်လွန်းချေရဲ့ဆိုပြီး ဝိုင်းဆူတာကိုး၊ ဒီလို သူ့ကို အမျိုးတွေ ဝိုင်းကြိမ်းရမလား၊ ရှက်လှချေရဲ့ဆိုပြီး အဆိပ်သောက်လို့တဲ့၊ ကဲ… သူကပဲ သောက်ရသေးတယ်ကွယ်၊ ဦးစောလှမင်းလည်း ခုတော့ ဘာမှမပြောတော့ဘူး၊ အသက်ချင်းကလည်း ကွာ၊ ခင်လှမင်းမှာ ကလေး မရှိတော့ ပိုလွတ်နေတာပေါ့၊ အေး… ခင်လှမင်း ဘာပဲဖြစ်ဖြစ် အရေးကြီးတာက တို့သမီး အေမီ…”

အဖွားကြီးဟာ စကား အဆုံးသတ်ပြီး နို့ကို ကုန်အောင် သောက်လိုက်တယ်။

“မာမီ၊ သူ့အကြောင်းကို ဆက်မပြောနဲ့တော့၊ မောတယ်၊ သောက်နေကျ နို့လေးတောင် မာမီ မဝင်လို့ ဒုက္ခပိုရောက်မယ်၊ မတတ်နိုင်ဘူး မာမီ၊ တခုပဲ ကျွန်တော်တို့ တတ်နိုင်တာကို လုပ်မယ်လေ”

“တတ်နိုင်တာ… ဘာကို တတ်နိုင်လို့လဲ”

“မာမီပြောလိုက်တဲ့ကိစ္စ အန်တီမာလေးကို ပြောတဲ့ကိစ္စလေ၊ သားကြီး ကျော်ထင်ဦးကို နွေရာသီ ကျောင်းပိတ်ရက် ရှင်ပြုမယ်၊ အန်တီမာလေးလည်း ဒီကိစ္စပြီးမှ ဝါးခယ်မ ပြန်မယ်၊ ကျွန်တော် ရှေ့လဆန်းမှာ ကွမ်းလုံးဘက်ကို ခရီးထွက်မယ်၊ တလလောက် ကြာမယ်၊ မာမီ ဒီကြားထဲ ကျန်းမာရေး ပြည့်စုံအောင်နေ၊ ဟုတ်လား၊ ဒီအလှူမှာ မာမီ ဦးစီးရမယ်၊ ပဲရစ်ကိုလည်း စာရေးထားလိုက်ပေါ့၊ သားကြီးရဲ့ဘဘလည်း ဒီရှင်ပြုကို လာချင်မှာပဲ၊

ပျော်ပျော်သာနေ မာမီရေ၊ ကဲ... ကျွန်တော်လည်း ပြန်ဦးမယ်၊ ဒီကြားထဲ ကိစ္စရှိရင် ဖုန်းဆက်၊ ဟုတ်လား”

အဖွားကြီးဟာ ကျွန်တော့်လက်ကို တင်းတင်းကျပ်ကျပ် ကိုင်ပြီး နှုတ်ဆက်လိုက်တယ်။ ကျွန်တော် ဒီအိမ်ကြီးပေါ်က တလှမ်းချင်းလှမ်းပြီး အဆင်း၊ ကားပေါ်အတက်ဟာ ဘာဖြစ်လို့မှန်းလည်း မသိဘူး၊ စိတ်ထဲ လေးလေးကြီးပဲ ဒေါ်ခင်နှင်းယုရယ်။

အိမ်ရောက်တော့ မှောင်နေပြီ။ ကျွန်တော်လည်း အိပ်ခန်းကို တိုက်ရိုက်ဝင်ပြီး အိပ်ရာပေါ် ခြေပစ်လက်ပစ် ပစ်လှဲပြီး စိတ်ရော လူရော နားလိုက်တယ်။ ခရီးသွားမယ့်ကိစ္စကိုတော့ မနက်ဖြန်မှပဲ စီစဉ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

“ဒက်ဒီ... အိပ်ပျော်ပြီလား”

ဆိုပြီး သားကြီး ကျော်ထင်ဦးဟာ ကျွန်တော့်ခုတင်ပေါ် ခုန်တက်လိုက်တယ်။ ကျွန်တော့်လည်ပင်းကို တအားဖက်ပြီး နမ်းလိုက်တယ်။

“မာမီ ဘယ်မှာ နေရစ်လဲ”

“ဘွားဘွား နေမကောင်းလို့ ဘွားဘွားအနားမှာ နေရစ်တယ် သား၊ သားကြီး အိပ်ချိန်တန်ပြီ၊ ဘာဖြစ်လို့ မအိပ်သေးလဲ”

“ဒက်ဒီ့ကို စောင့်နေတာ၊ ဘွားလေး ဆရာမက ပြောတယ်၊ အိပ်ခါနီးရင် ကိုယ့်ဖေဖေ၊ မေမေကို ကန်တော့ပြီးမှ အိပ်ရတယ်တဲ့၊ ပြီးတော့လေ... ခုလို ဘွားဘွားကြီး နေမကောင်းရင် ကျောင်းပိတ်ရက်တွေ ရောက်တဲ့အခါ ကိုယ့်ဘွားဘွားအိမ် သွားရတယ်၊ နေကောင်းရဲ့လားလို့ မေးရတယ်တဲ့၊ ဒက်ဒီ နောက်တခါသွားရင် သားကြီးကို ခေါ်သွားရမယ်နော်”

“ခေါ်မယ်... ခေါ်မယ် သား”

ဪ... ကျွန်တော်တို့ လင်မယားနှစ်ယောက်ဟာ အင်မတန် ရိုးသားသော ပြုဖွယ်ကိစ္စ၊ ကိုယ့်မြန်မာ့ထုံးစံကို သားကြီးကို သင်ကြားပေးဖို့ မေ့လျော့နေအောင်ကို အပျော်ကြူးတဲ့ လင်မယားပါလားနော်။ ကျွန်တော်လည်း အဲဒီညက အထူးရှက်မိတယ်။

“ပြီးတော့တဲ့၊ ဘွားဘွားတို့အိမ် ရောက်ရင်တဲ့ ဘွားဘွား ခိုင်းခိုင်း မခိုင်းခိုင်း ခြေဖျား လက်ဖျားတွေကို ဆုပ်ပေး၊ နင်းနှိပ်ပေးပြီးမှ ပြန်လာရမယ်တဲ့၊ ခုလည်း ဒက်ဒီ ညောင်းလာလား၊ သားကြီး နှိပ်ပေးမယ်လေ”

“အို… ဖေဖေ မညောင်းပါဘူး၊ သားကြီး သွားအိပ်တော့နော်”

ကျွန်တော်ဟာ ငိုသံပါကြီးနဲ့ တုန်တုန်ရီရီ ပြောရင်း သားကြီးကို ဖက်နမ်းလိုက်တယ်။ သားကြီးဟာ ခုတင်ပေါ်က ဆင်းပြီး ကြမ်းပေါ်မှာ ကျုံ့ကျုံ့ယို့ယို့ ထိုင်ကန်တော့တယ်။

“သားကြီး ကိုယ်စိတ် နှစ်ဖြာ ချမ်းသာပါစေ”

လို့ ကျွန်တော် ဆုပေးလိုက်တယ်။

“ဒီနေ့ည နာနီနဲ့ မအိပ်ချင်ဘူး ဒက်ဒီ၊ ဘွားဘွား ဆရာမအခန်းထဲကို သွားအိပ်မယ်နော်၊ ဘွားဘွားကလေ အိပ်ခါနီးကျ ပုံတွေပြောပြတယ်၊ နာနီတွေပြောပြတဲ့ပုံနဲ့လည်း မတူဘူး၊ နောက်ညတွေကျရင်လည်းတဲ့… သိဒ္ဓတ္ထမင်းသားတို့၊ ရာဟုလာမင်းသားလေးတို့ အကြောင်းလည်း ပြောပြမယ်တဲ့၊ မနေ့ညကလေ ဘွားဘွားဆရာမက ဟိုပုံ… အရက်သောက်၊ မိဘကို ညှဉ်းဆဲတဲ့ မိတ္တဝိန္ဒကအကြောင်း ပြောတယ် ဒက်ဒီ၊ သားကြီး သိပ်သဘောကျတာပဲ”

သားကြီးဟာ သူ တတ်သမျှ အကျဉ်းချုပ် ပြောပြပြီး ကျွန်တော့် အိပ်ခန်းထဲက ပြေးထွက်သွားတယ်။ သြော်… ဘုရား ဘုရား၊ ဖေဖေရဲ့ နောက်ဆုံးနေ့များမှာ ဖေဖေ စိတ် ချမ်းသာအောင် ကျွန်တော် ပြုခဲ့တဲ့ ကုသိုလ်ဆက်ကြောင့် ထင်ပါရဲ့။ သားကြီးဟာ ကျွန်တော့်ကို ခြေဆုပ်လက်နယ်ပြုလို့ ကြည်နူး နှစ်သိမ့်စရာ ကောင်းလိုက်တာ။ အမိုက်မ မိအေမီဟာ သူ့အမေ နေမကောင်းတာကို ကိုယ်ဖိရင်ဖိ ပြုစုနှိပ်နယ်တာကို တခါမှ ကျွန်တော်ဖြင့် မတွေ့ခဲ့မိဘူး။ ကျွန်တော် ဘာဖြစ်မှန်းလည်း မသိဘူး။ အဲဒီအကြောင်း သွားတွေးမိတော့ ကြက်သီးတဖြန်းဖြန်း ထမိတယ်။

ကျွန်တော် ခရီးသွားမှာ တယောက်တည်း မဟုတ်ဘူး။ ကိုမြင့်မောင်ကလည်း ကွမ်းလုံကနေ နယ်စပ်ဘက်ကို ခရီးထွက်ချင်လို့ အတူလိုက်မယ်။ သူဟာ လက်ထောက် အုပ်ချုပ်ရေးမှူး (ဟိုတုန်းက အခေါ်) ပြည်ထောင်စုဘဏ်မှာ အလုပ်လုပ်တယ်။ ကျွန်တော်နဲ့ အတွတ်လိုပဲ ရင်းနှီးတယ်။ အတွတ်က မသောက်တဲ့သူ။ ကိုမြင့်မောင်က သောက်တဲ့လူမို့ စရိုက်တူပြီး ပိုရင်းနှီးတယ်လို့ ဆိုရမယ်။

ဒါပေမင့် ကိုမြင့်မောင်ဟာ အရာရှိတယောက်ပီပီ အရက်သောက်ပေမယ့် ဣန္ဒြေရရ အိမ်မှာပဲ သောက်တယ်။ ကျွန်တော့်ကို ထိန်းဖို့ကိုသာ လမ်းဘေးဘားတွေကို လိုက်လိုက်လာတာ။ သူ့မိန်းမက စည်းကမ်းရှိ ဣန္ဒြေရှိရှိ မိန်းမပေကိုး။ ကျွန်တော်ကတော့ နဂိုကလည်း အပျော်ကြိုက်၊ ထိန်းရမယ့် ဇနီးကိုယ်တိုင်က ကျွန်တော်နဲ့ ခွက်ပြိုင်မော့၊ ကျွန်တော်ဟာ အေမီကို

မနိုင်တဲ့စိတ်ရော၊ မွေးကို တမြည့်မြည့်နဲ့ သတိပြန်ရတဲ့ စိတ်ရော၊ ရောထွေးယှက်တင်လာရင် ထိန်းမရအောင်ကို စည်းမဲ့ကမ်းမဲ့ သောက်တာပဲ။

ကိုမြင့်မောင်ဟာ မွေးနဲ့ ကျွန်တော်နဲ့ ကိစ္စမှာလည်း မွေးထံက ရတဲ့ စာတချို့ကို ဖေဖေ၊ မေမေတို့ဟာ တခါက တင်းတင်းကျပ်ကျပ် စစ်ဆေးလာချိန်မှာ သူ့ဆီမှာ အပ်ထားတတ်တယ်။ ဒါကြောင့် ဆုတ်မပစ်၊ မီးမရှို့မိဘဲ ကျန်တဲ့ သိမ်းမြစ်ကမ်းပါးမှာ ကျွန်တော် ဖတ်တဲ့ မွေးရဲ့စာကို သူ့ဆီ ပေးထားမိပေလို့ပဲ။ ဒေါ်ခင်နှင်းယုဆီ ခုလို စာရေးတဲ့အခါ တွဲဖက် တင်ပြနိုင်တာ။

ပြီးတော့ ကျွန်တော် ခရီးထွက်ရင် လိုက်မယ့် အဖော်တယောက်ကတော့ မြကြေးမုံ ဖြစ်တယ်။ မြကြေးမုံဟာ ကျွန်တော့်ဘဝမှာ မထင်ရှားသော်လည်း ကျွန်တော့်အတွက် အရေးကြီးတဲ့ ဇာတ်ကောင်တယောက်အနေနဲ့ ဝင်ရောက် ကပြလာသူဖြစ်တော့ သူ ဘယ်သူလဲဆိုတာ ဒေါ်ခင်နှင်းယုနဲ့ မိတ်ဆက်ပေးပါရစေ။

ကျွန်တော့်ဘဝမှာတင် မဟုတ်ဘူး၊ သူ့ရဲ့ လက်ရှိဘဝကလည်း မထင်ရှားတဲ့ ယိမ်းသမလေး ဖြစ်တယ်။သူဟာ ဒေါ်ခင်နှင်းယု ဖြစ်စေချင်တဲ့ “ပန်းပန်လျက်ပါ” ဇာတ်ထုပ်ထဲက မဗေဒါလို အငြိမ့်သမမျိုး ဖြစ်ချင်တယ်။ ဖြစ်အောင် ကြိုးစားသော်လည်း မဖြစ်ဘူး ဆိုပါတော့လေ။ ဘဝကံအကြောင်းလည်း ပါတယ်။ အခြေအနေကလည်း မပေးဘူး။ ခုတော့ ရွှေမန်းအောင်ဝင်းဖေ ဇာတ်အဖွဲ့မှာ ယိမ်းခေါင်းဆောင်တို့၊ ဇာတ်ရံတို့အဖြစ် လိုနေတဲ့နေရာ ဖြည့်ရတဲ့ ကချေသည်မပဲ ဆိုပါတော့။

ရွှေမန်းအောင်ဝင်းဖေကို ကျွန်တော် ချီးကျူးမိပါတယ်။ သူဟာ ရွှေမန်းတင်မောင်လိုပဲ၊ သူတို့ရဲ့ ရတနာပုံ ရွှေမန်းမြို့တော်ရဲ့ဂုဏ်ကို ထိန်းတဲ့သူ၊ လေးစားတဲ့သူ ဖြစ်တယ်။

ပြီးတော့ တခု တော်တာက သူ့ရဲ့ ကိုယ်ပိုင် လက်ထပ်မယားကလွဲလို့ သူ့ဇာတ်အဖွဲ့ဝင် ကချေသည်လေးတွေအပေါ်မှာ သူ သစ္စာစောင့်တယ်၊ စောင့်စည်းတယ်ဆိုတာ မြကြေးမုံဆီက ကျွန်တော် သိရတယ်။ သူ့ဇာတ်အဖွဲ့မှာလည်း ကချေသည်မလေးတွေဟာ ကျွန်ခေတ်လို အရာရှိဆိုးတွေနဲ့ ကျွန်တော်တို့လို လူပွေတွေ ခေါ်ထုတ်ပြီး တည ပြဿနာရှင်းကြတဲ့ အလုပ်မျိုးကို မလုပ်ရဘူး၊ လုပ်တဲ့သူကို သူသာသိရင်လည်း ပြင်းပြင်းထန်ထန် အရေးယူတယ်။ “စနစ်ကတော့ ကောင်းပါတယ် ကိုကြီးတာရဲ့၊ တခါတလေ ကျွန်မတို့ ဇာတ်သမလေးတွေဘက်ကကို ဖောက်တာ” တဲ့။

ဒါက မြကြေးမုံရဲ့ဖွင့်ဟဝန်ခံချက်။ “ကိုကြီးတာ” ဆိုလို့ ဒေါ်ခင်နှင်းယုက ခေါင်းရှုပ်မသွားနဲ့ဦး။ ကျွန်တော်ဟာ မြကြေးမုံကို ကျွန်တော့်နာမည် အတိအကျနဲ့

ရာထူးကို ပြောမပြဘူး။ ကျွန်တော့်နာမည် "အတာ" လို့ ပြောထားလို့ သူ ကျွန်တော့်ကို "ကိုကြီးတာ" လို့ပဲ ခေါ်တယ်။

လူကုံထံနဲ့ ဂုဏ်သရေရှိ ကုလားရွှေရှင် အမျိုးသမီးလေးတွေနေတဲ့ တက္ကသိုလ် အမျိုးသမီး ဆောင်တွေမှာတောင် အဆောင်မှူးတွေ စည်းကမ်းတကျ ထိန်းချုပ်တဲ့ကြားက အစ်ကို၊ ဦးလေး အဖြစ်နဲ့ ဘင်္ဂလားမောင်နှမတွေအဖြစ် ဖန်ဆင်းပြီး၊ ကျောင်းသူတွေ လှည့်လှည့်ထွက်သွားလို့ F ပြဿနာ ထိလို့၊ အဆောင်မှူး အပျိုကြီးဆရာမတွေ ဦးနှောက်ခြောက်ရတာ ဒေါ်ခင်နှင်းယု အသိပဲ။ ဒီတော့ မြကြေးမုံရဲ့ ဖွင့်ဟပြောပြချက်ဟာ မထူးဆန်းပါဘူး။

ခုလည်း မြကြေးမုံဟာ ခွင့်တလ ယူထားပြီး ကျွန်တော့်ကို သူ့အစ်ကိုအနေနဲ့ အစ်ကိုနဲ့အတူ အညာဘုရားဖူး လိုက်မယ်ဆိုတဲ့ အစီအစဉ် စီစဉ်ထားတာကိုး။ ကျွန်တော်ကလည်း အေမီ မပါတဲ့လမ်း ဖြစ်နေတော့ ကွမ်းလုံနယ်ခြားရဲ့ အအေးဓာတ်ကို မြကြေးမုံ ရင်ငွေ့နဲ့ ကာကွယ်မယ်ပေါ့။

မြကြေးမုံဟာ ဇာတ်ဆောင်မင်းသမီး မဖြစ်သော်လည်း လုံးလုံးကျစ်ကျစ် တစ်တစ်ရစ်ရစ်နဲ့ စကားပြောလည်း အင်မတန်သွက်၊ ကျွန်တော်ရဲ့ ပွဲတော်တည်နေကျ ဟင်းတွေမှာ လျှာတွေ့တဲ့ ဟင်းတခွက် ဆိုပါတော့လေ။

ကျွန်တော်တို့ ခရီးထွက်တဲ့ညမှာ ကားနဲ့ သွားမှာမို့ ကားပေါ် ပစ္စည်းအပြည့်အစုံ တင်ပြီး ထမင်းချက်ရယ်၊ ဒရိုင်ဘာရယ် ခေါ်ပြီး ရွှေမန်းအောင်ဝင်းဖေ ကပြနေတဲ့ပွဲကို ဝင်ကြည့်တယ်။ သူတို့ ဇာတ်အဖွဲ့ဟာ လှိုင်မြစ်ကမ်းပါးမှာ ကပြနေကြတယ်။ ကားထဲမှာ တပည့်နှစ်ယောက် ထားခဲ့ပြီး ကျွန်တော်နဲ့ ကိုမြင့်မောင်ဟာ ပွဲဝင်ကြည့်တယ်။ မြကြေးမုံအခန်းပြီးရင် သူ့ပစ္စည်းတွေ ယူပြီး ကျွန်တော်တို့နဲ့ မြကြေးမုံလည်း လိုက်မယ်ပေါ့။

အဲဒီည 'စောင်းတော်ရှင် မောင်သစ္စာ' ရဲ့အခန်းကလည်း ကောင်းလိုက်တာဗျာ။ ခေတ်အခေါ် အော်ပရာ ဆိုပါတော့။ မောင်သစ္စာဟာ ကျေးတောသားလို ရိုးရိုးလေး ဝတ်ထားပေမယ့် လှတယ်။ သူဟာ နွေဦးရာသီမှာ သူ့စောင်းကို ပိုက်ပြီး "နွေရွက်ကြွေတောမှာ" စောင်းတီးနေတာ တခါတည်း ကောင်းကင်က နတ်သမီးလေးတွေ ဆင်းလာ ကကြတဲ့အခန်းပေါ့။ သူ့သီချင်းက ကောင်းတာသာ သိတယ်။ ကျွန်တော် မရတော့ဘူး။ ပထမဆုံး ရွက်တွေ ကြွေနေတဲ့ တောအခန်းလေး ပေါ်လာပြီး အရိုးခြောက်နေတဲ့ သစ်ကိုင်းလေးတွေပေါ်မှာ ရွက်သစ်ဦးလေးတွေ ပေါ်လာတယ်။ ပြီးတော့ ပန်းပွင့်ရောင်စုံလေးတွေ တပွင့်စီ ပွင့်လာပုံကို နောက်ခံတေးနဲ့ သရုပ်ဖော်တာမှာ ရွှေမန်းအောင်ဝင်းဖေရဲ့ တီထွင်ချက်ဟာ ပဲရစ်က ဘဲလေး၊ ပီကင်း အော်ပရာတွေကို မမီသေးသော်လည်း ရှိတဲ့ပစ္စည်း၊ ရှိတဲ့ ဆလိုက်မီးနဲ့ တင်ပြသွားပုံ က အောင်မြင်တယ် ဆိုရမယ်။

ပြီးတော့မှ ဥညြသံ အေးအေးနွဲ့နွဲ့လေး ပေါ်လာပြီး စောင်းတော်ရှင် မောင်သစ္စာ ထွက်လာတာပဲ။ မောင်သစ္စာရဲ့သီချင်းသား အတိုချုပ် ကျွန်တော် မှတ်မိသမျှကတော့...

သဘာဝရဲ့ အလှကို ဖော်ပြ မွေးထုတ်ပါသော လောကနတ်ကို သူ ပူဇော်ပသပါတယ်။

နွေဦးရဲ့ပန်းများကိုလည်း သူ ချစ်ပါသတဲ့။ နွေဦးရဲ့အလှကို တေးသီသူနဲ့ ဘဝတူ ငှက်ဥညြလေးကိုလည်း သူ ချစ်ပါတယ်။

သို့သော်လည်း သူ မသိတဲ့ ပြဿနာကို မေးပါရစေတဲ့။ ဥညြလေး ဂီတမောင် သီဆိုတဲ့ တေးဟာ နွေဦးအလှပန်းများကို ဖွဲ့တဲ့ တေးလား...။

မိခင်ပျောက်လို့ ရှာသော တေးလား... ချစ်သူပျောက်လို့ ရှာသော တေးလား.. သမုဒယနဲ့ ယှဉ်တွဲထွက်လာတဲ့ အလွမ်းတေးလား...။

ရွက်သစ်တွေ ကြွေတော့မယ့်အခါမှာ အရိုးပြိုင်းပြိုင်းနဲ့ အကိုင်းခြောက်တွေသာ အထီးကျန်မယ့် သင်္ခါရအဖြစ်ကို ဆင်ခြင်မိလို့ သီဆိုတဲ့ သံဝေဂတေးလား...။

ကဲဗျာ... ကျွန်တော် မှတ်မိသလောက် ရေးပြရတာ။ သီချင်းစာသား အစစ်က တကယ်ကောင်း။ သူ့စောင်းကောက်နဲ့ ဘက်ညီ၊ မြန်မာဟန် အပီသဆုံးနဲ့ အကောင်းဆုံး အခန်းတခန်းလို့ ဆိုချင်တာပဲ။ အဲဒီလို တီးနေတုန်းမှာမှ နတ်သမီး ခုနစ်ဖော် ကောင်းကင်က သက်ဆင်းလာပြီး သူ့အပါးမှာ ကကြတာပါပဲ။ နတ်သမီးလေးတွေ ဆိုတဲ့ သီချင်းက...

လူ့ဘောင်လောကသားတို့ရဲ့စိတ်နှလုံး ချမ်းမြေ့မှုကို ပေးတဲ့ အနုပညာမှာ သဘာဝရဲ့ အလှပန်းချီ၊ ပန်းမန် တော တောင် ရေ မြေတင် မဟုတ်ပါဘူးတဲ့။

အေးမြတဲ့ဂီတဟာလည်း တခု အပါအဝင်မို့ စောင်းတော်ရှင် ကိုသစ္စာကို သူတို့ ပူဇော်ပါတယ် ဆိုတဲ့ သီချင်းနဲ့၊ နတ်သမီးလေးတွေဟာ စောင်းတော်ရှင် ကိုသစ္စာကို ရှိခိုးပြီး ကွယ်ပျောက်သွားကြတယ်။

ဟင်း... ရေးရင်း ရေးရင်း ဒီနေရာရောက်တော့ မောလိုက်တာ ဒေါ်ခင်နှင်းယုရယ်။ ဇာတ်လမ်းထဲမှာ ချစ်ဖွယ် ခင်ဖွယ် ချီးကျူးစရာကောင်းတဲ့ မောင်သစ္စာကို အဲဒီညက နောက်ဆုံး တွေ့ရခြင်းပဲ။ ချွေးတွေ ပြန်လာလိုက်တာ။ ရှင်းအောင်တော့ ရေးပြပါဦးမယ်လေ။ အလောတကြီး ဖြတ်ရေးမိလို့ ဒေါ်ခင်နှင်းယု စိတ်ရှုပ်မသွားပါနဲ့နော်၊ ဆက်ဖတ်ပါဦး။

စောင်းတော်ရှင် မောင်သစ္စာ အခန်း ပြီးသွားပေမယ့် မြကြေးမုံတို့ ယိမ်းအဖွဲ့ ကပြီးတဲ့အထိ ကျွန်တော်နဲ့ ကိုမြင့်မောင် ဆက်ကြည့်နေကြတယ်။ မြကြေးမုံ အကလည်း ပြီးရော၊ ကိုမြင့်မောင် ကားဆီကို ထွက်သွားပြီး ကျွန်တော်ကတော့ မြကြေးမုံ အဝတ်လဲတဲ့ အခန်းရှိရာကို ထွက်လာတယ်။ ခါတိုင်းဆို အခန်းတွေ စောင့်တဲ့ ကောင်လေးတကောင်ကို ကျွန်တော် ပိုက်ဆံ ပေးထားနေကျ။ ဒီတခါတော့ သူနဲ့ ကျွန်တော် မဆုံမိကြဘဲ ကျွန်တော်ဟာ မြကြေးမုံ အဝတ်လဲခန်းကို စိတ်မှန်းနဲ့ သွားတယ်။ ဇာတ်စင်နောက်မှာ ရွက်ဖျင်ခန်းတွေရဲ့အပြောင်းအလဲကို ကျွန်တော် မသိတော့ “မြကြေးမုံအခန်း ဘယ်အခန်းလဲ” လို့ မေးမလို့ ရွက်ဖျင်ခန်းတခုရဲ့အဝကို ဆွဲဟပြီး ကြည့်လည်း ကြည့်လိုက်ရော မောင်သစ္စာနဲ့ မအေမီ တူပြိုင် ဂူလိုဏ် အရမ်းကျနေကြတာကို တွေ့တာပဲ။ အသားတွေ တဆတ်ဆတ် တုန်ပြီး အဲဒီအချိန်၊ အဲဒီအချိန်၊ အဲဒီဒေါသနဲ့ ကျွန်တော့် လက်ဆွဲအိတ်ထဲ အဆင်သင့် ပါလာတဲ့ သေနတ်နဲ့ မိအေမီကိုရော၊ မောင်သစ္စာကိုရော ကျွန်တော် ပစ်ထည့်လိုက်မလို့ ချိန်နေတုန်း သေနတ်သံတွေ ပေါ်လာတယ်။ ဒီတုန်းက အရာရှိတွေဟာ လိုင်စင်နဲ့ ကိုယ်ပိုင် သေနတ်တွေ ကိုင်ဆောင်ခွင့်ရတယ်။ နယ်ခြားဘက်ကို သွားရင် ကျွန်တော် အမြဲ သေနတ် ယူသွားတယ်။ အခန်းစောင့် သူငယ်လေးလည်း ဘယ်က ရောက်လာလဲ မသိဘူး။ အော်နေတုန်း...

“ကိုကြီးတာ... လာ လာ၊ ဒီမှာ ခဏပုန်းနေ”

ဆိုပြီး မြကြေးမုံဟာ ကျွန်တော်တို့ကို ဆွဲခေါ်သွားပြီး အဝတ်ပုံတခုထဲမှာ ဝှက်ထားလိုက်တယ်။ အပြင်မှာ ဘာတွေ ဘယ်လို ဖြစ်လဲတော့ မသိဘူး ခင်ဗျ။

“မီး... မီး” ဆိုတဲ့အသံ၊ လူတွေ ယောက်ယက်ခတ် ပြေးလွှားကြနဲ့၊ အရပ်ပျက်သလား အောက်မေ့ရတယ်၊ အော်သံ ဟစ်သံတွေ ကြားရတယ်၊ မြကြေးမုံဟာ ကျွန်တော့်ကို ဆွဲထုတ်ပြီး -

“လာလာ ပြေးပြေးကြစို့”

ဆိုပြီး ပြေးချိန်မှာတောင် မီးတွေ ဝိုင်းဝိုင်းလည်နေပြီ။ ကျွန်တော်ဟာ မြကြေးမုံခေါ်ရာကို တရွတ်ဆွဲ လိုက်ပါသွားနေမိတယ်။

နောက်ဆုံး ကျွန်တော် သတိရတာကတော့ လူတွေ အော်သံ ဟစ်သံနဲ့ မီးလောင်ကျွမ်းနေတဲ့ ဇာတ်ရုံကြီးဟာ ကျွန်တော်တို့နောက်မှာ ကျန်ရစ်တယ်။ ကျွန်တော်နဲ့ မြကြေးမုံသာ လှိုင်မြစ်ပေါ်မှာ လှေတစင်းနဲ့ ရှိနေတာပဲ သတိရတော့တယ်။ ပြီးတော့ ကျွန်တော် ဘာမှ သတိမရတော့ဘူး။

သတိရချိန်မှာ မျက်လုံး ဖွင့်ကြည့်တော့ မနည်း ကြည့်ရတယ်။ မျက်စိကလည်း မသဲကွဲ၊ မျက်နှာကလည်း နာ၊ ခြေထောက်တွေလည်း နာ၊

တကိုယ်လုံး ရိုက်ထားသလိုပဲ။

"ကိုကြီးတာ သတိရလာပြီနော်၊ စိတ်အေးအေးထား" တဲ့။

မြကြေးမုံရဲ့အသံကို ကြားရတယ်။

"ဘာမှ မတွေးနေနဲ့၊ နောက်မှ ကြေးမုံ အကြောင်းစုံကို ပြောပြမယ်၊ ဒါ အဖေတို့ရဲ့ယာတော" တဲ့။

တိုတိုပဲ ရေးပြပါရစေ။ မြကြေးမုံတို့သားအဖဟာ ကျွန်တော့်ကို မြန်မာဆရာနဲ့ သူတို့တဲမှာပဲ ကျိတ်ကုတယ် ဆိုပါတော့။ ဒဏ်ရာကတော့ ရှင်းရှင်းပျောက်ပါရဲ့။ မျက်စိကလည်း ကွယ်မသွားပါဘူး။ ဒါပေမင့် မျက်နှာမှာ မီးဟပ်တဲ့ဒဏ်ရာဟာ မျက်နှာတခြမ်းကို ဖူးဖူးကြွကြွ အမာရွတ်နဲ့ ဖုံးပြီး ကျွန်တော့်မျက်နှာတောင် ကျွန်တော် မမှတ်မိတဲ့အဖြစ် ရောက်နေတော့တယ်။ ခြေထောက်ကတော့ ငန်းမန်းလိုက်တယ် ဆိုရမှာပေါ့။ အနာသာ ပျောက်သွားရော၊ တဖက် အကြော နည်းနည်းလိုက်သွားလို့ လမ်းသွားရင် မစန့်ဘူး၊ ပုံပျက်နေတယ်။

မြကြေးမုံဟာ အကာသင်ချင်လို့ ကြည့်မြင်တိုင်မှာ သူ့ဦးလေးနဲ့အတူ ငယ်ငယ်ကတည်းက နေတာ။ ခု သူတို့အဖေ ရွာက ရွာနာမည်တောင် မရှိတဲ့ ရွာငယ်လေးပဲ။ ဒါလောက်ပဲ ခေါင်တဲ့ နေရာပါပဲ။ တွံတေးနဲ့တော့ မဝေးလှဘူး။ တကယ်တော့ လယ်သမားကို စော်ကားတဲ့အထဲ ကျွန်တော် မပါပါဘူး ဆိုပေမယ့် ဖေဖေတို့၊ ကြီးကြီးထားတို့ လယ်သမားတွေအပေါ် ဖိစီး နှိပ်စက်ခဲ့တဲ့ ဒဏ်အကြွေးကို ကျွန်တော် ဆပ်နေရပြီ။ ခုတော့ "ရောက်သမျှ ဘေးဒဏ် ပုဏ္ဏားခံကွဲ့လေး" ဆိုတဲ့ ဘဝကို ရောက်သွားရတယ်။

"ကိုကြီးတာ၊ အဲဒီညက ဘာဖြစ်လို့ ကိုသစ္စာကို သေနတ်နဲ့ ပစ်သတ်တာလဲ ဟင်"

လို့ မြကြေးမုံက အေးအေးဆေးဆေး တနေ့ မေးတယ်။

ကျွန်တော့်ဘဝမှာ အဲဒီညအကြောင်းကို ဘယ်တော့မှ ပြန်မတွေးချင်ဘူး။ သတိရရင် သရဲခြောက်သလို၊ အိပ်မက်ဆိုးကြီး မက်သလို ဖြစ်ပြီး ကယောင်ချောက်ချား ထဖြစ်တာပဲ။ ကြေးမုံတို့သားအဖလည်း ကျွန်တော့်ကို အရက်၊ သို့မဟုတ် ထန်းရည်ကို တိုက်ပြီး လူမှန်း မသိအောင် မူးပြီး အိပ်ပျော်သွားမှပဲ ကျွန်တော်ဟာ အိပ်မက်ဆိုးကြီးက လွတ်တော့တယ်။

"ကိုကြီးတာလေ ကြေးမုံကို တသက် သစ္စာရှိစွာ ပေါင်းပါ့မယ်လို့ သစ္စာဆိုပါ့မယ် ကြေးမုံရယ်၊ ကိုကြီးတာကို ချစ်ရင် ကြေးမုံကလည်း သစ္စာဆိုပါ၊ ဘယ်သောအခါမှ အဲဒီညအကြောင်း ကိုကြီးတာရဲ့ နောက်ကြောင်းရယ်ကို ပြန်ပြီး

မမေးတော့ပါဘူးလို့”

ကျွန်တော် ကြေကြေကွဲကွဲနဲ့ ပြောသံကို အပြစ်မဲ့တဲ့မျက်နှာလေးနဲ့ စူးစူးစိုက်စိုက် နားထောင်တယ်။ ကျွန်တော် ကာယကံရှင် ကိုယ်တိုင်ကလည်း သေနတ်ကို ချိန်သာ ချိန်ထားမိတယ်။ ဘယ်သူက လက်ဦးအောင် ပစ်လိုက်မှန်းကို မသိဘူး။

“သစ္စာဆိုပါတယ် ကိုကြီးတာရယ်၊ ကြေးမုံလည်း ဘယ်တော့မှ အငြိမ့်သမ မလုပ်တော့ဘူး၊ ဒီညအကြောင်းကိုလည်း ကိုကြီးတာ မကြိုက်ရင် ကြေးမုံ နောက်ထပ် မမေးပါဘူး။ ဒါပေမင့် ဆရာဦးအောင်ဝင်းဖေတို့လည်း အတော်ပျက်စီးသွားတယ်၊ အဲဒီညက အသေအပျောက် မီးထဲမှာ ပါသွားတာ အတော်များတယ်တဲ့၊ ဆရာကတော့ ရှိသမျှနဲ့ ပြန်ထူထောင်တယ်လေ၊ ရင်းစားတော့ မမီသေးဘူးပေါ့၊ ခေတ်ကြိုးက ရှော့ဖြစ်ပြီး လောင်တာတဲ့၊ ကြေးမုံသတင်း ကြားရသရွေ့ ပြောပြရတာ၊ မီးလောင်တာကတော့ ဝမ်းနည်းစရာကြီး၊ ဒါပေမင့် အစိုးရ အပြစ်ဒဏ်ကနေ ကိုကြီးတာကို မီးက ကယ်လိုက်တာ၊ အဲဒီညကလေ အသက်သာ မသေတာ၊ သတိလွတ်၊ ကယောင်ကတမ်း ဖြစ်နေတာကို တပတ်လောက် ကြာတယ်၊ အိုလေ… ဖြစ်သမျှအကြောင်း အကောင်းပေါ့ ကိုကြီးတာရယ်၊ ကြေးမုံလေ… နောက်ကိုလည်း အဲဒီညအကြောင်း ကိုကြီးတာကို မမေးတော့ပါဘူး”

သူလေ နောက်ထပ် အဲဒီည အကြောင်းရော၊ ကျွန်တော့်ရဲ့အတိတ်ဇာတ်ကြောင်းကိုရော မမေးတော့ဘူး။ ကျွန်တော့်မှာတော့ ဒေါ်ခင်နှင်းယုရဲ့ဝတ္ထုတွေထဲ ပါတဲ့…

“သည်းတမြည့်မြည့် ကျွမ်းပါတဲ့

(သခင်ရယ်) ပွဲတွေ့အလွမ်း

ဆိုတဲ့ လေးချိုးကဗျာကိုလည်း ဖတ်ခဲ့ရပါတယ်။

“သည်းတမြည့်မြည့် ကျွမ်းအောင်

အမှတ် မမှားတော့ပါဘု (သခင်ရယ်)

ပွဲတွေ့ အမြတ်တရား”

ဆိုတဲ့ လေးချိုးကဗျာကိုလည်း ဖတ်ခဲ့ရပါတယ်။ ကာရန် မနိုင်၊ ကဗျာ မပိုင်တဲ့ ကျွန်တော် ငတင်အောင်ထွန်းမှာတော့ ဒေါ်ခင်နှင်းယုလို ကဗျာမစပ်တတ်ဘူး။ ဒီတော့လေ သီပေါမင်း ပါတော်မူပြီးတဲ့နောက်

ရွှေမန်းစာဆိုတယောက် ဖွဲ့ခဲ့တဲ့ လေးချိုးကြီး အဆုံးသတ်ကို ဟစ်လို့သာ အော်ပြီး ဆိုချင်တယ် ဒေါ်ခင်နှင်းယုရယ်။ သူ့လေးချိုး အဆုံးသတ်က...

“သိလျက်နှင့်ပင်၊ ဝိပါက်ကြမ္မာငင်တော့

ရွှေညာဏ်ရှင် မဝေခွဲနိုင်ဘု

ပွဲတွေ့အမှား”

■

အခန်း (၆)

အဘ သမက်

“တူကို ကိုင်စွဲကြတဲ့ × အလုပ်သမား လူထုနဲ့ × တံစဉ်ကို ကိုင်စွဲကြတဲ့ × လယ်သမား လူထုနဲ့ × ပေါင်းရမယ်… မနရှင်ဘေး × တိုက်ဖျက်ရေး × ဆင်းရဲသူတွေ × ဘုံခေတ်ကြီးကို ×× ဆောက်တည်ကာကွယ် × နေပြီ တကယ်… အခက်အခဲ ×× မှန်သမျှ ပယ်ဖျက်ရမယ် ×ညီညီညာညာကွယ် × အလုပ်သမားတွေ အားစုကာနေမယ်…”

ကျွန်တော် ပျော်လွန်းလို့ ဒီသီချင်းကို ဟစ်ဆိုနေတယ် မထင်ပါနဲ့။ ဆိုသူက ကြေးမုံပါ။ ကြေးမုံကို သူတို့ရွာက “မိမှုံ” လို့ပဲ သိတယ်၊ ခေါ်တယ်။ မြကြေးမုံဆိုတဲ့ အငြိမ့်သမ အမည်ကို ဖျောက်ပြီး သူ့အဖေရဲ့လယ်တောမှာ သူ့ဘဝကို မြှုပ်လိုက်တယ်။ ကျွန်တော်ကတော့ ကျွန်တော့် ချစ်ဇနီးကို ဝတ်မှုန်လို့ပဲ ခေါ်တယ်။

သူ ဘာကိုပဲလုပ်လုပ်၊ သူ့ဝါသနာအလျောက် ဇာတ်ထဲမှာ ဆိုခဲ့ရတဲ့ သီချင်းတွေကို ဆိုပြီး လုပ်တတ်တယ်။ ခုလည်း ဒီသီချင်းကို တယောက်တည်း ဆိုနေပေမယ့် သူ့ဘေးမှာ ကျွန်တော်တို့ ရွာသားတချို့၊ လယ်သမားတချို့ ရှိနေတယ်။

ကျွန်တော်တို့ ဘာလုပ်နေလဲ သိလား။ ရွာဦးက ဦးပညာဇောတကျောင်းကို ပြင်နေကြတယ်လေ။ ဒီနေရာမှာ အဘသမက် ကိုဖိုးတာ သိပ်ကို အသုံးကျနေတာပေါ့ဗျာ။ (ဘယ်သူမှတော့ အဘသမက် ကိုဖိုးတာဟာ ဘိလပ်ပြန် အဆောက်အအုံ အင်ဂျင်နီယာကြီး တယောက်လို့ မသိဘူး။)

“အေးလေဗျာ.. ကိုဖိုးတာရေ၊ ခင်ဗျားတယောက် ဒီရွာကို ရောက်လာတာ အဘသာ ကံကောင်းတာ မဟုတ်ဘူး၊ ကျွန်တော်တို့ရော၊ ဟောဒီရွာရော ကံကောင်းတာ”

ဘုန်းကြီးကျောင်း ပညာအုပ် ကိုသောင်းစိန်က ပေါက်လာပြီး ကျွန်တော့်ကို အားပေးတယ်။ သူဟာ ဒီရွာထဲကို မဟုတ်ဘူး၊ ရွာ လေးငါးရွာမှာ ရှိသမျှ ဘုန်းကြီးကျောင်းတွေက ရွာက ကလေးတွေ စာပေ သင်ကြားတဲ့နေရာမှာ ပညာအုပ်အနေနဲ့ လိုအပ်တာ ကူညီရတဲ့သူဖြစ်တယ်။ စကားပြောရင်လည်း ပြုံးပြုံး ပြုံးပြုံးနဲ့ ချစ်ဖို့ကောင်းတဲ့ လူတယောက်။ ကွမ်း သိပ်စားပြီး လူက ပုညက်ညက်ရယ်။ ကျွန်တော့်ကို အားပေးရင်း သူ့လွယ်အိတ်ကြီး ဘေးချပြီး ထိုင်လိုက်တယ်။

ဝတ်မှုန်တို့အုပ်စုထဲက လာချသွားတဲ့ ရေနွေးကြမ်းကို တခွက်

မော့လိုက်တယ်။ ကျွန်တော်ကလည်း ရွာသားတချို့ကို သစ်ဟောင်းတွေထဲက အကောင်းကို ရွေးထုတ်ခိုင်းထားဆဲမို့ အမောပြေ ကျောင်းအောက် ကပြင်မှာ ထိုင်ရင်း ကောက်ညှင်းပြန်ပေါင်းကို ရေနွေးကြမ်းနဲ့ သောက်နေဆဲ။

“ဒီမှာဗျ ကိုဖိုးတာရဲ့၊ ခုခေတ်မှာ သစ်က အသစ်စက်စက် ရမှ၊ သွပ်အသစ် ရမှ၊ ဘာမှန့်သာ စောင့်နေရရင် အဲဒီကျောင်းကြီးသာ တအိအိ ပြိုမယ်၊ ဘယ်က ဒီပစ္စည်းတွေ တလုံးတစည်းတည်း ရမလဲ။ ပြီးတော့ ကျွန်တော်တို့ကျေးရွာတွေက ဆင်းဆင်းရဲရဲရယ်၊ ခုတော့ ဝမ်းသာလိုက်တာဗျာ၊ ဆရာတော်ကလည်း ခင်ဗျားကို ကျေးဇူးတင်တယ်”

သူဟာ ပထမပိုင်း တသုတ်ပြီးသွားတဲ့ ခြေတံရှည်ကျောင်းရဲ့ အပေါ်ထပ် ဆရာတော်နေတဲ့ အထပ်ကို မော့ကြည့်ပြီး ပြောတယ်။ အောက်ပိုင်းမှာတော့ ဆင့်တွေ ရိုက်ပြီးပြီ။ ပေပျဉ်ကြီးတွေ ခင်းပြီးရင်ဖြင့် ကျွန်တော့်စိတ်ထင် အနည်းဆုံး ကျောင်းသားတရာကို စာသင်နိုင်တဲ့ မူလတန်းကျောင်း ကောင်းကောင်း ဖြစ်နိုင်ပါတယ်။ ဆရာတော်ဟာ ဆွမ်းစားချိန် ၁၀ နာရီကနေ တချက်တီးထိ အနားယူတယ်။ ကျန်အချိန်မှာ ကျောင်းသားငယ်လေးတွေနဲ့ ကိုရင်လေးတွေကို အောက်ထပ်မှာ စာသင်တာပဲ။

“ဆရာတော် ဝမ်းသာတာက တခါတုန်းက တောကြီးတန်းက အလှူရှင်တယောက် ပေါ်တာနဲ့ ဒီကျောင်း ပြင်ဖို့ ဆွေးနွေးတာ၊ လက်သမားက လက်သမားခလည်း အဆမတန် တောင်း၊ သစ်လည်း တွက်ချက်ပြလိုက်တာ၊ အဟောင်း ပြန်မသုံးလိုဘူးပေါ့ဗျာ၊ ခုတော့ စပ်စပ်ဖာဖာ ခင်ဗျား လုပ်တတ်တာကိုပဲ ဆရာတော်က ဝမ်းသာနေတယ်၊ ကျွန်တော်တို့လည်း အဘသမက် ကိုဖိုးတာ လက်သမားတတ်မှန်း မသိဘူးဗျာ”

“ဟုတ်… ဟုတ်ကဲ့… ကျွန်တော် ဝတ်မှုန်နဲ့ မညားခင် တွံတေးမှာနေတုန်းက လက်သမား လုပ်စားပါတယ်”

ကျွန်တော်ဟာ ထစ်အဲ ထစ်အဲနဲ့ ပါးစပ်ထဲ တွေ့သမျှ ဖြေရတာ။

“တွံတေးကနေ မအူပင်အထိ သဘော်ာဆိပ်ရှိတဲ့ လေးအိမ်စုတို့၊ တာပေါတို့ အစရှိတဲ့ ရွာတွေက ဘာဖြစ်ဖြစ် ခေတ်မီသေးတယ်၊ ဒီနေရာ ရန်ကုန်နဲ့ နီးသလောက် ခေါင်တယ်၊ ရွာနာမည်တောင် မရှိဘူး၊ တွံတေး တောကြီးတန်းဆိုတာ အရင်တုန်းကဖြင့် သောင်းကျန်းသူတွေ အဖြတ်အသန်း များလို့ ရွာအနေနဲ့တောင် အခြေမတည်နိုင်ဘူး၊ ဒီရွာကိုလည်း တွံတေး တောကြီးတန်းနောက်လို့သာ ခေါ်နေကြတာ ကြည့်ပေတော့၊ ဒါလောက် အဆက်အသွယ်ပြတ်ပြီး ခေါင်တဲ့နေရာ၊ ခင်ဗျား ဒီဆရာတော် ဦးပညာဇောတ အကြောင်းကို သိလား”

"မသိဘူး ခင်ဗျ"

"ဒီဆရာတော်က စာတတ် ပေတတ်ဗျ၊ ရန်ကုန်သား မဟုတ်ဘူး၊ တခါကမှ စကားစပ်ပြီး ကျွန်တော် ဒီကိုယ်တော်အကြောင်း သိရတာ"

"ဆိုစမ်းပါဦး"

"ဟိုဗျာ... ဒီကိစ္စမှာ သိပ္ပံမောင်ဝလည်း ပါတယ်"

"ကျွန်တော်က ပညာအုပ် ဆိုတော့၊ ကျောင်းဆရာလည်း လုပ်ဖူးတော့ စကားကလည်း ခပ်များများရယ်၊ စကားပြောတာ လော,ကလည်း ကြီးသေး၊ ကျွန်တော့်ကို အဲဒီရွာက လူတွေက လာရင် ဘုရားလောက်နီးနီး ထားတော့ အာတွေ့ လျှာတွေ့ စကားပြောချင်လို့လည်း ဘက်ညီတဲ့လူ တယ်မရှိဘူးဗျ။ အဲဒီ ကိုယ်တော်တပါးပဲ ရှိတာ၊ ကိုယ်တော်ကလည်း အားလပ်ချိန် သိပ်မရှိဘူး၊ ကျွန်တော်တို့ ငယ်ငယ်ကလိုပေါ့ဗျာ၊ ဒီဦးပညာဇောတတို့ တခေတ်ကလည်း သိပ္ပံမောင်ဝတို့ ခေတ်စမ်းစာပေ လွှမ်းမိုးခံရချိန်၊ သူက ခု ရန်ကုန် ခြောက်ထပ်ကြီး စာသင်တိုက်ထွက် ဆိုတော့ လောကုတ္တရာစာပေမှာလည်း နှံ့စပ်တယ်၊ လောကီစာပေမှာလည်း တော်တော်စုံအောင် လေ့လာတယ်၊ ပဉ္စင်းငယ်ဘဝ ဆိုတော့ သိပ္ပံမောင်ဝရဲ့ တပေကုလားရွာက စာသင်ကျောင်း အကြောင်း ဖတ်ရပြီးကတည်းက မြို့ပေါ်မှာ မနေတော့ဘဲ ဒီလို လူအရောက်အပေါက်နည်းတဲ့ တောကျေးရွာတွေမှာ သာသနာပြုမယ် ဆိုပြီး ရန်ကုန်ကို ခွာလာတဲ့ ဆရာတော်..."

ကျွန်တော်ဟာ ဆရာတော်ရဲ့အကြောင်းကို သိလာတော့မှ ကျောင်းဆောက်ရာမှာ စေတနာ ပိုပြီး ထက်သန်လာပါတယ်။ သဒ္ဓါတရား ပေါက်လာတာပေါ့။

"ဒီရွာ ကံကောင်းချင်တော့ အကြောင်းအကျိုးက ဒီလို ဆက်လာတယ်ဗျ ပညာအုပ် ကိုသောင်းစိန်ဟာ သူ့ကိုယ်သူ မိတ်ဆက်သလို စကား လောဘကြီးတယ် ဆိုပေမယ့် သူ စကားပြောပုံက ငြီးငွေ့စရာ မကောင်းဘူး။ စိတ်ဝင်စားစရာ ကောင်းလာပါတယ်။ ခင်ဗျား တွံတေးမှာ နေခဲ့ဖူးတယ်ဆိုတော့ ဒီတဝိုက်မှာ တခါက နာမည်ကြီးခဲ့တဲ့ တပ်ရင်းအကြောင်း မသိဘူးလား"

ကျွန်တော် ဘယ့်နှယ် ဖြေရမှန်း မသိလို့ ဆက်ပြောပါဦးလို့ပဲ ပြောရတယ်။

"ကျွန်တော်ကတော့ မအူပင် ပညာဝန်ဆီမှာ လခထုတ်ရင်း သိတယ်၊ ဒီတပ်ရဲ့တပ်ရင်းက ပန်တပွတ်မှာဗျ၊ သူတို့ စစ်ဆင်ရေးဟာ ရွှေတောင်မှော်တို့၊ လေးအိမ်စုတို့၊ တပေကုလားတို့ကအစ ဒီ တွံတေး တောကြီးတန်းဘက်ရော အစုံအစုံပါပဲ၊ ကျွန်တော်ကလည်း ပညာအုပ်အနေနဲ့ သွားနေရတာ အတည်တကျ

တနေရာတည်း ဘယ်ဟုတ်မလဲ၊ တခါတလေ ချောင်းကြို မြောင်းကြား လှေတစင်းနဲ့ သွားရင်း အဲဒီတပ်ရင်း စစ်ဆင်ရေးနဲ့ သွားတိုးတဲ့အခါ အသက်ရှူပေါက် မှားခဲ့ရသေးတယ်"

သူက သက်ပြင်းချလိုက်တယ်။

"အဲ... အဲဒီတပ်က တပ်ရင်းမှူး ဗိုလ်မှူးနိုင်လေ၊ သူကလည်း ဒီနယ်တဝိုက်နဲ့ကို အကြောင်းဆက်တယ်ဗျာ၊ ကျွန်တော်ပြောတာ လိုရင်းမရောက်ဘဲ ရှည်နေပြီလား"

"မရှည်ပါဘူး၊ ကျွန်တော် စိတ်ဝင်စားပါတယ်"

"ဟဲ ဟဲ... ကျွန်တော် စကားပြောရင် အဲဒီလို အားပေးသူလည်း ရှိမှ"

သူဟာ စကားကြောင်းကို ဆက်ပြောတယ်။

"ဗိုလ်မှူးနိုင်က ရှမ်း ၁ နဲ့အတူ ပန်တပွတ် ရောက်မလာခင် ဒီနယ်တဝိုက် စစ်ဆင်ရေးကို ခြေမြန်တပ်ရင်း ၁၀၁ မှာ တပ်ခွဲမှူးအနေနဲ့ တာဝန်ယူလာခဲ့ဖူးတယ်၊ သူတို့ တပ်ခွဲက အင်းမမှာ ရှိပါတယ်၊ ဒါပေမင့် အဲဒီတုန်းကများ တပ်မတော်သားနဲ့ သောင်းကျန်းသူတွေဟာ ပြေးတမ်း လိုက်တမ်း ကစားနေသလား အောက်မေ့ရတယ်၊ အခြေအနေက ဘာမှ မတည်ငြိမ်ဘူး၊ အဲဒီအချိန်မှာ စစ်ဆင်ရေးတနေရာက ဘုန်းကြီးကျောင်းအိုတခုမှာ ဦးပညာဇောတက ကျောင်းထိုင်တုန်း သောင်းကျန်းသူတွေက ဆရာတော်ကျောင်းကို ခိုခိုပြီးမှ ဖြတ်သန်းသွားလို့ ဆရာတော်ကိုလည်း ဒီရွာ ပြောင်းနေပါ လျှောက်ထားပြီး ကျောင်းအဟောင်းကို ဖျက်ပြီး ဒီ ယူလာပြီး ပုံထားရတဲ့ သစ်တွေ၊ ခု ဒီသစ်တွေထဲက အသုံးကျလိုက်တာ"

"ဟုတ်ကဲ့၊ သစ်အဟောင်း ဆိုပေမယ့် ရှေးသစ် ပျဉ်းကတိုးနဲ့ ကျွန်းတွေဆိုတော့ ရွှေပေါ် ထိုးလိုက်ရင်ပဲ အသစ်လို ဖြစ်သွားပါတယ် ဦးသောင်းစိန်ရဲ့၊ ခိုင်တဲ့နေရာမှာတော့ မပြောနဲ့တော့ အိမ်အို၊ အိမ်ဟောင်းကြီးတွေ ကြည့်ပါလား"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အဲဒီ အကြောင်းလည်း ဦးပညာဇောတ ပြောပြလို့ သိရတာ၊ ခုဗျာ... ခင်ဗျားလက်ထဲ ရောက်တော့မှ စပ်စပ်ဖာဖာ အဟောင်းထဲက အကောင်း၊ စာသင်ကျောင်း တကျောင်း ဖြစ်လာရတာ ဝမ်းမသာဘူးလား ကိုဖိုးတာ၊ ၁၀၁ ရဲဘော်တွေ ကောင်းမှုကုသိုလ်ပေါ့ဗျာ"

"ကျွန်တော် တသက်ပြုလာတဲ့ ကုသိုလ်တွေမှာ ဒီကုသိုလ်ကို အမွန်မြတ်ဆုံးလို့ ယူဆပါတယ် ခင်ဗျာ"

"ခုတော့ ရွာတရွာ ဖြစ်လာလောက်အောင်ကို အိမ်ခြေ ရွာခြေ များလာ၊ ဘုန်းကြီးကျောင်းနဲ့၊ စာသင်ကျောင်းနဲ့ဆိုတော့ ဟန်ကျလာတာပေါ့၊ အရင်ကတော့ ကျွန်တော် စိတ်မောလိုက်တာ၊ အဘဦးစံတို့အုပ်စုလောက်ပဲ ရှိတာ၊ အိမ်ခြေ ကျိုးတိုးကျဲတဲ၊ ကလေးတွေကလည်း ဖရိုဖရဲ၊ ဘာမှ မသိ နားမလည်၊ အဲ... ဦးပညာဇောတနဲ့ ကျွန်တော် တိုင်ပင်ပြီး တဖြည်းဖြည်း ရွာဖြစ်လာအောင် ထူထောင်ရတာ ဆိုပါတော့ဗျာ၊ လွန်ခဲ့တဲ့ လေးငါးနှစ်က ရောက်ဖူးခဲ့သူသာဆိုရင် အခု အခြေအနေကို မြင်ရင် သိပ်အံ့ဩမှာ၊ ယုံနိုင်စရာ မရှိဘူး၊ ၁၀၁ ရဲဘော်တွေကို ခေါ်ပြချင်တယ်၊ ကျွန်တော် ရွာထဲဘက် သွားဦးမယ်၊ လိုအပ်တာလည်း ပြောပါ၊ ဒီကျောင်းပြီး မှ ကျွန်တော် ရန်ကုန်ဘက် တက်မယ်၊ ဆရာတော် လိုချင်တဲ့ စာအုပ်တွေလည်း စုရင်းပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း လက်စသတ်စရာလေးတွေ လုပ်လိုက်ဦးမယ်"

ပညာအုပ် ကိုသောင်းစိန် ရွာထဲဘက် ထွက်သွားမှ ကျွန်တော်တို့လည်း အောက်ကြမ်း ပျဉ်ခင်းတဲ့အလုပ်ကို စ,ရတော့တာပဲ။ ပါးစပ်က ကိုသောင်းစိန်ကို ပြောခဲ့သလိုပါပဲ။ စိတ်ထဲမှာလည်း တကယ် ကြည်နူးပါတယ်။ ကျွန်တော် အရာရှိတယောက်အဖြစ် အမှုထမ်းပြီး အစိုးရ အဆောက်အအုံ အမြောက်အမြား ဆောက်ခဲ့ပေမယ့် ဟိုအလုပ်တွေက အလုပ်သဘောသက်သက်ပါ။ ခုလို လူအရောက်အပေါက် နည်းပြီး အင်မတန် ခေါင်တဲ့ နေရာမှာ ဒီကလေးတွေအတွက် ကျောင်းလေး တဆောင် လက်ထိလက်ရောက် ဆောက်ပေးရတဲ့ ကုသိုလ်အပေါ်မှာဖြင့် တကယ့်ကိုပဲ လှိုက်လှိုက်လှဲလှဲ သဒ္ဓါစိတ်ပေါက်ပါတယ်။ စေတနာလည်း သက်ရောက်ပါတယ်။

ချစ်ဦးသူ မွှေးကိုလည်း ပြောလိုက်ချင်သေးတယ်။ မွှေးရေ... အကြောင်းကံမဆုံလို့ မပေါင်းရသော်လည်း မင်းချစ်သူ ခင်ပွန်းသည် ကိုကိုနိုင်နဲ့ တင်အောင်ထွန်းဆိုတဲ့ အကောင် ဒီနေရာမှာ ကြုံဖန်ပြီး ရေစက် ဆုံလာရတယ်၊ ကုသိုလ်ကောင်းမှု ပြုဖြစ်ကြတယ်ဆိုတာ ပြောပြချင်တယ်။ စိတ်ထဲမှာ ဒီကျောင်းကို လက်စသတ်ရင်း တမလွန်ကို ရောက်နေပြီဖြစ်တဲ့ ဗိုလ်မှူးနိုင်ကိုလည်း မေတ္တာပို့ အမျှဝေမိပါတယ်။ သူ့လက်ငုတ်လက်ရင်း သစ်ကြွင်းသစ်ကျန် အစုအပုံကို ကျွန်တော် အကောင်အထည် ဖော်ဖြစ်တာကိုလည်း တိုင်တည်ချင်တယ်၊ ပြသချင်တယ်။

ဒုတိယ မွှေးရဲ့မေမေ ဒေါ်တင်တင်ကြီး၊ မတော်လိုက်ရတဲ့ ယောက္ခမကြီးကိုလည်း ဗျူရိုကရက် သပေါက်သား တင်အောင်ထွန်းတယောက် ကြီးကြီးတင်ဆန္ဒအတိုင်း ခုခေတ် စကားနဲ့ဆိုရင် အများကိုအကျိုးပြုလိုက်တာမှ အဘတို့ကျေးရွာကို လာလို့ကြည့်ပါ၊ ကျွန်တော့်ဒါနကို သာဓုခေါ်ပါလို့

ပြောပြချင်တယ်။

ရွာကျောင်းကို ပြင်တဲ့ကိစ္စ တပတ်လောက်အတွင်း ပြီးသွားပါတယ်။ ကျောင်းဖွင့်ရက် ရေစက်ချ အခမ်းအနားကိုလည်း ရွာသားတွေအကြိုက် လုပ်ကြသေးတယ်။ အစားအသောက် ကလည်း ရွာဓလေ့အတိုင်း ရှိတာ ဆိုပေမယ့် ဝါးခယ်မတုန်းက စားခဲ့ရတဲ့ အုန်းကောက်ညှင်းပေါ့။ ကောက်ညှင်းကို လယ်သမားတွေက လှူတယ်။ ချောင်းဘက်ကလူတွေက ပုစွန်လှော်နဲ့ အုန်းသီး လှူတယ်။ ကောက်ညှင်းကို အုန်းနို့နဲ့ ဆီထမင်းလို ပေါင်းထားပြီးမှ တခါ ပုစွန်လှော် ညက်ညက်ထောင်း၊ အုန်းသီးမှုန့် ခြစ်ပြီးသားနဲ့ ရောမွှေထားတယ်။ အဲဒီနှစ်ခု တို့စားရတာ အရသာရှိလိုက်တာ။

ကျွန်တော် ကျောင်းဖွင့်ပွဲအပြီးမှာ ဆရာတော့်ဆီမှာ စိတ်ထဲကပဲ ဆုတောင်းမိပါတယ်။ ဒီကုသိုလ် အကျိုးဆက်ကြောင့် ကျွန်တော် ခွဲခွာနေရတဲ့ ကျွန်တော့်သားလေးနဲ့ မြန်မြန် ပြန်လည် တွေ့ဆုံပါစေလို့ ဆုတောင်းပါတယ်။ ဆရာတော်ကလည်း ဒါနကုသိုလ်အကြောင်း ဟောရင်းက နိဗ္ဗာန်ကို ရည်ညွှန်းပြီး အဆုံးသတ်ပါတယ်။

စားလို့ သောက်လို့ တပြုံးပြုံးနဲ့ ကျောင်းပတ်ဝန်းကျင်မှာ ကစားနေကြတဲ့ ကလေးအုပ်စုကို မြင်ရရင်လည်း ဝမ်းသာ ဝမ်းနည်း သားကြီးကိုပဲ တွေ့ချင်တယ်။ ဒါကြောင့် ပါရမီ မရင့်သေးတဲ့ ကျွန်တော်ဟာ နိဗ္ဗာန်ဆုကို သမားရိုးကျ တောင်းသာ တောင်းလိုက်ရသော်လည်း လောလောဆယ် ဆန္ဒကတော့ သားကြီးကို တွေ့လိုတဲ့ဆန္ဒပါပဲ။ ဒီကျောင်းမှာကို ရုပ်ရည် သန့်ပြန့်ပြီး ကြည်ညိုစရာ ကောင်းတဲ့ ကိုရင်လေးတပါးကို မြင်တိုင်း သားကြီးကို တွေ့လိုတဲ့စိတ် ပိုမို ပြင်းပြလာတယ်။ နွေရာသီကုန်လို့ မိုးဦးကျလာရင်လည်း ဒီအချိန်ရောက်ရင် သားကြီး ကျောင်းပြန်တက်ချိန်ပဲလို့ သတိရတယ်။

ကျွန်တော်နဲ့ ခွဲခါနီး သူ ကျွန်တော့်ကို ကန်တော့တာ၊ ဖက်နမ်းတာတွေ၊ အို... သားကြီး... အပြစ်မဲ့တဲ့ သူတော်ကောင်း သားကြီးဟာ ကျွန်တော်တို့ ဇနီးမောင်နှံ မိစ္ဆာဒိဋ္ဌိတွေနဲ့ မတန်လို့ သူ ဘိုးဘိုး၊ ဘွားဘွားတွေ အရိပ်အောက်မှာ အမွေအနှစ်များစွာနဲ့ ကျန်ရစ်ခဲ့တာပဲလို့ စိတ်ဖြေလိုက်ပါတယ်။

“ဒက်ဒီ... ခရီးထွက်ရင် ဖြစ်ဖြစ်၊ မိဘကို ခွဲသွားရင် ဖြစ်ဖြစ် ရိုရိုသေသေ ကိုယ့်အဖေ၊ အမေကို ကန်တော့ရတယ်တဲ့၊ အေးအေးသာသာ နှုတ်ဆက်ရတယ်တဲ့၊ မိတ္တဝိန္ဒက အရက်တွေ သောက်၊ သူ့အမေက မသွားသင့်လို့ မသွားပါနဲ့လို့ ပြောတဲ့ လမ်းကို အတင်းထွက်သွားတယ်၊ အမေကိုလည်း ရိုက်၊ သူ့အမေကို နှုတ်လည်း မဆက်၊ မကန်တော့လို့ ပင်လယ်လမ်းမှာ သင်္ဘောပျက်သွားရော၊ ကျွန်းတကျွန်းပေါ် ရောက်တော့ လွှသွားတွေ တပ်ထားတဲ့ ငရဲပန်းကို ခေါင်းပေါ် တင်ထားရတဲ့

ကျွန်းသားတွေနဲ့ တွေ့ရော၊ သူက ကြာပန်းထင်ပြီး တောင်းယူပြီး တင်လိုက်တာ တခါတည်း ချွတ်မရဘူး၊ မိတ္တာဝိန္ဒကဟာလေ၊ အရှင်လတ်လတ် ငရဲခံရတယ်”

သားကြီးဟာ သူ့ဘွားဘွားဆရာမ ပြောပြတဲ့ပုံကို အဲဒီညက သူ နားလည်သလို ကျွန်တော့်ကို ပြောနေတဲ့ သူ့အသံကိုပဲ ကျွန်တော် ကြားယောင်နေတယ်။ မိအေမီ ဘယ်တော့မှ မိဘကို… အထူးသဖြင့် အမေကို ကန်တော့ဖို့၊ နှုတ်ဆက်ဖို့ သတိမရလို့များ အသေဆိုးနဲ့ သေရလေသလား။ သူ့ရဲ့ မာမီ ဝမ်းနည်းတာက အေမီကို မွေးတုန်းက နို့ဘူး မတိုက်ဘူး၊ သူ့နို့ကို တိုက်ပြီး မွေးလာခဲ့တာ။

ကျွန်တော်ကတော့ ဖေဖေရဲ့နောက်ဆုံးနေ့များမှာ ခြေဆုပ်လက်နယ် ပြုခဲ့တဲ့ကုသိုလ်၊ ယောက္ခမကြီးကို နှစ်သိမ့်ခဲ့တဲ့ကုသိုလ်ကြောင့် အသက်ရှင် ကျန်ရစ်ခဲ့တယ် ထင်ပါရဲ့၊ ဩော်… အသက်ရှင်သော်လည်း သားကြီးနဲ့ ဘဝခြားခဲ့ပြီ။ သားကြီးနဲ့ ပြန်တွေ့ချင်သေးတယ်။

ဘယ်လိုများ ပြန်တွေ့ရပါ့မလဲ။

စောင်းတော်ရှင် ကိုသစ္စာ သရဲကလည်း အမြဲပဲ ကျွန်တော့်ကို လာခြောက်နေသလိုပဲ။ နွေဦးပေါက်လို့ တောတန်းဘက်က ဥသြလေး တွန်သံကြားရင် မောင်သစ္စာကို နောက်ဆုံး တွေ့ခဲ့ရ၊ ကြည့်ခဲ့ရတဲ့ ဇာတ်ကွက်လေးတခန်းဟာ ကျွန်တော့်မျက်စိထဲ ထင်းထင်းကြီး ပေါ်လာတယ်။

သူ့သီချင်းသံကို ပြန်ပြီး ကြားယောင်ရမယ့်အစား…

“ကျုပ်ကို သေနတ်နဲ့ ပစ်သတ်လိုက်တဲ့ ကိုတင်အောင်ထွန်းကြီးရဲ့ အစိုးရ အပြစ်ဒဏ်တော့ ခင်ဗျား လွတ်နေပြီ၊ ဒါပေမင့် မင်းပြစ်မင်းဒဏ်ထက် ဆိုးတဲ့ လောကငရဲကို ခင်ဗျား ခံနေရပြီ၊ အသက်ရှင်ရက်နဲ့ ချစ်တဲ့သူတွေနဲ့ ဘဝခြားခဲ့ရပြီ၊ တောအနှံ့ တောင်အနှံ့ မိခင်ပျောက်လို့ “မေကော မေကော… နဲ့ ဥသြလေးဟာ တကြော်ကြော် အော်ခေါ်ပြီး ရှာနေရသလို ခင်ဗျားသား ကျော်ထင်ဦးဟာ ဒက်ဒီရော၊ မာမီရော ရှာနေရပြီ၊ သိရဲ့လား၊ ဘိုးဘွားအမွေ၊ ငွေတွေ ကုဋေကုဋာ ပုံနေပေမယ့် မိဘရင်ငွေ့လောက် သားသမီးမှာ ချမ်းမြေ့ကြည်လင်တဲ့ အအေးဓာတ်ကို မရဘူး အောက်မေ့”

“တူသော အကျိုးကို ပေးပြီလေ၊ ခင်ဗျားတို့နှစ်ယောက် ဖောက်ပြန်ကြတဲ့ဒဏ်ကို သားလေးဟာ ခံနေရပြီ သိလား… ခံနေရပြီ”

ကိုသစ္စာဟာ စောင်းကြီး ပိုက်ပိုက်ပြီး ကျွန်တော့်နောက် လိုက်လိုက်ပြီး အော်နေသလိုပဲ။ ဩော်… တကယ်တော့ အရက်သမားထုံးစံ ကျွန်တော်

စိတ်ချောက်ချားနေတာပါ။ ကိုသစ္စာဟာ ကျွန်တော့်ကို လိုက်မခြောက်ပါဘူး။ ကျွန်တော့်စိတ်က ကျွန်တော့်ကို ခြောက်နေတာပဲ။

"ဟင့်အင်း... ကျွန်တော် သေနတ်နဲ့ ချိန်ရုံပဲချိန်တာ၊ ကျွန်တော် မသတ်ပါဘူး၊ မနောကံမြောက်တော့ ကျူးလွန်မိတာတော့ အမှန်ပါပဲ၊ ကျွန်တော် သတ်တာ မဟုတ်ဘူး"

လို့ အိပ်မက်ထဲမှာလည်း ခဏခဏ အော်မိတယ်။ အဲဒီလို စိတ် မငြိမ်မသက် ဖြစ်လာရင် ကျွန်တော် အလွန်အကျွံ မူးအောင်ကို ထန်းရည်တွေ သောက်ပစ်လိုက်ရော။ ကဲ... စိတ်ဒုက္ခ ကင်းအောင် အရက်နဲ့ပဲ ထွက်ပေါက်ရှာမိတယ်။

ကျောင်းဆောက်လုပ်ငန်း ပြီးတဲ့အခါတော့ ဆောင်းဦးမှာ အဘတို့ လယ်တောကိစ္စတွေဟာ တဖြည်းဖြည်း လက်စသတ်ကြပြန်ရော။ လယ်ကိစ္စပြီးရော၊ ဆောင်းသီးနှံတွေကို ဆက်စိုက်ဖို့ပါပဲ။

လွယ်အိတ်တလုံးနဲ့ ရွာစဉ်လည်တဲ့ ပညာအုပ် ကိုသောင်းစိန် ပေါက်လာပြန်တယ်။ သူဟာ ကလေးတွေနဲ့ရော ဒီရွာအဆင့်နဲ့ တော်တဲ့ စာအုပ်စာတမ်း တပတ်ရစ်တွေကို ဆရာတော်ကျောင်းကို လာပို့ပါတယ်။ ကျွန်တော့်မှာတော့ စာမတတ်တတတ် အနေမျိုး နေနေရတယ်။ ဒါပေမင့် မြို့နဲ့ ခွဲခွာနေရတာ ကြာတော့လည်း စာငတ်တယ် ခေါ်မှာပေါ့။ သတင်းစာ အဟောင်း၊ ဝတ္ထု မဂ္ဂဇင်း အစုတ်အပြဲတွေကိုပဲ အားလပ်ချိန်မှာ သိပ်ဖတ်ချင်တာပဲ။ ဆရာတော်ရဲ့ကျောင်းကို စာဖတ်ဖို့ သွားရင်း တနေ့တော့ ကိုသောင်းစိန်နဲ့ ကျွန်တော့်ကို ဆရာတော်က ခေါ်ပြီး ပြောပြ တိုင်ပင်တယ် ဆိုပါတော့။

"ဒီရွာက ရန်ကုန်နဲ့ နီးပေမယ့် အင်မတန် ခေါင်တော့ စာမတတ် ပေမတတ် နေလာခဲ့ရတဲ့ အဖြစ်ကတော့ လွတ်သွားပြီ၊ ဦးပဉ္စင်းဆန္ဒကို ကူညီနိုင်ရင်ဖြင့် ကူညီပါဦး" တဲ့။

"ဘယ်လို လုပ်ချင်သေးလို့လဲ ဘုရား"

လို့ ကိုသောင်းစိန်က လျှောက်တယ်။

"စာငတ်သလို ရေလည်း ငတ်တယ်၊ ရွာမှာ လူနေ နည်းတုန်းကတော့ ဦးပဉ္စင်းရဲ့ ကျောင်းဝင်းထဲက ရေတွင်းက ရေနဲ့ပဲ ရွာသူရွာသားတွေဟာ သောက်ရေပြဿနာ ပြေလည်ခဲ့ကြတယ်၊ ရွာနောက်ဘက် ကန်ကတော့ သူတို့ ဆောင်းတွင်း အသီးအနှံတွေအတွက် ရေပေးဖို့ အသုံးကျတယ်။ ဒီရွာက မြစ်နဲ့လည်း မနီး၊ ချောင်းဦးတိုတောင် မရှိဘူး၊ အတော် ကံနည်းတဲ့ရွာ၊ ဒီတော့ ဦးပဉ္စင်း

မိုးတွင်းတုန်းက စဉ်းစားမိတယ်၊ အလျှံပယ် ရွာလာတဲ့မိုးက စနစ်တကျ သိုလှောင်ထားနိုင်ရင် ခုလို ဆောင်းမှာ သူတို့ ယာခင်းတွေကို ရေလုံလောက်အောင် ပေးနိုင်လာမယ်၊ သောက်ရေကန်တခု သန့်သန့်ကိုလည်း သင့်တော်တဲ့နေရာမှာ ထပ်တူးရအောင်၊ ဒီရွာက လူတွေက ညွှန်ကြားလို့ ရှေ့ဆောင်မယ့်သူ ရှိရင် တက်တက်ကြွကြွ လိုက်လုပ်တတ်ပါတယ်။ သူတို့ ပင်ကိုအနေနဲ့ကတော့ အင်မတန် ရိုးတယ်၊ အ,တယ် ဆိုရ မှာပေါ့”

“မှန်ပါ့ဘုရား၊ သူတို့ အပြစ်လည်း မဟုတ်ပါဘူး”

ကိုသောင်းစိန်က ဘုန်းကြီးကို လျှောက်ထားပြန်တယ်။

“ကိုဖိုးတာကတော့ စကားအလွန်နည်း၊ ဒါပေမင့် လုပ်တတ်ကိုင်တတ်၊ ဒကာကြီး လက်ရာကို ဦးပဥ္စင်း အကဲခတ်မိလို့ စိတ်ထဲက ချီးကျူးမိပါတယ်၊ ဒီတော့ ကိုဖိုးတာနဲ့ ပညာအုပ် မောင်သောင်းစိန်တို့ တိုင်တိုင်ပင်ပင် ရှေ့ဆောင်ရှေ့ရွက် လုပ်ပါ၊ ရွာသားတွေ သဒ္ဓါစိတ်ပေါက်အောင် ဦးပဥ္စင်း တရားဟောပေးပါ့မယ်”

“ဟို ဟို... အဲ တပည့်တော် ရောဂါကြောင့် အသံကလည်း တိုးတခါ၊ ကျယ်တချက်နဲ့ မထွက်တထွက် ဖြစ်နေတယ် ဘုရား၊ စကားပြောစမှာ စကားပြောရတာ ထစ်အဲ ထစ်အဲ ဖြစ်နေလို့ပါ၊ ဦးပဥ္စင်းဆန္ဒကို တတ်နိုင်သလောက် ဖြည့်ဖို့ အဆင်သင့်ပါ”

“ဦးပဥ္စင်းလည်း အကဲခတ်မိပါတယ်၊ ရွာနောက်ဘက်ကန်ကို ပိုမိုကျယ်ဝန်းလာအောင် ဆည်ဖို့၊ ရေလှောင်ဖို့ ဦးပဥ္စင်း စိတ်ကူးမိတာကတော့ ဒကာကြီး ဦးစံနဲ့ တနေ့က စကားစပ်မိလို့ပါပဲ၊ ဒကာကြီးက ဒီနှစ် သူ့ယာမှာ မြေပဲစိုက်မယ်၊ ဆီကြိတ်ချင်လို့ကဲ့၊ ဒီတော့ ဦးပဥ္စင်း စဉ်းစားကြည့်တယ်၊ ဒီရွာက မွဲလည်း မွဲသေးတယ်၊ ဒကာကြီး ဦးစံ သူ့မိသားစုအတွက် ဆီတနှစ်စာ ဖူလုံအောင် မြေပဲ စိုက်သလို လာမယ့်နှစ် ရေပြဿနာ လုံလောက်ရင် တရွာလုံး မြေပဲကို စီးပွားဖြစ် စိုက်ကြရင် မကောင်းဘူးလား၊ ကိုယ့်ရွာက မြေပဲ ထွက်သမျှ ကိုယ့်ဆုံနဲ့ပဲ ကိုယ်ကြိတ်ပေါ့၊ ဦးပဥ္စင်းကတော့ စီးပွားဆိုတာ သူတို့တရွာလုံး အလုံအလောက် စားဖို့ ဆိုလိုတာပါ။ ပိုလျှံမှ တွံတေးတို့၊ မအူပင်တို့ဘက်ဆီကို ထုတ်ရောင်းဖို့ ပြောတာပါ၊ သိပ်လည်း မြေပိုမြေလျှံ ကျယ်ကျယ်ဝန်းဝန်း ရှိကြတာမှ မဟုတ်ဘဲ၊ ရေငတ်ပြဿနာနဲ့ ဆီငတ်ပြဿနာ ပြေလည်သွားတာပေါ့”

“အင်မတန် ကောင်းတဲ့ ရည်ရွယ်ချက်ပါ ဘုရား၊ တပည့်တော် ကျွမ်းကျင်သလောက်တော့ ကူညီမှာပါပဲ၊ လိုအပ်တဲ့နေရာမှာ ခိုင်းပါ ဘုရား”

ကျွန်တော်ဟာ ဆရာတော်ကိုလည်း စိတ်ပါလက်ပါပဲ လျှောက်ထားလိုက်ပါတယ်။

"တပည့်တော်ကတော့ ဒီရွာမှာ ပညာအုပ်ရယ်လို့ လူတော်လူကောင်း ဖြစ်နေတာ၊ မြို့ကျတော့လည်း တောသားသာသာရယ်၊ သူတို့ မြို့တွေမှာ စက်မှုလယ်ယာတို့၊ သိပ္ပံနည်းကျတို့ ဘယ်လိုပဲ အော်နေနေ၊ တပည့်တော်ဆန္ဒက ဖြစ်ချင်သော်လည်း မဖြစ်နိုင်သေးတဲ့ ကိစ္စတွေအတွက် စိတ်ပန်းနေမယ့်အစား ကိုယ့်ရွာနဲ့ကိုယ် တန်သလောက် ဖြစ်နိုင်တဲ့အခြေမှာ ကျွန်တော်တို့ ဓလေ့ ထုံးစံအတိုင်း ရှိတဲ့ ကိရိယာနဲ့ စိုက်ပျိုးသွားရင် ကိုယ့်ရွာထွက်ပစ္စည်းဟာ ကိုယ့်ရွာ ရိက္ခာအတွက် ဖူလုံတာပေါ့၊ အခုလည်း အရှင်ဘုရားအကြံ ကောင်းပါတယ်၊ မြန်မာဆိုတာ ဆီရယ်၊ ဆန်ရယ်၊ ငါးပိရယ် ရှိရင် ထမင်းတနပ် ဝတဲ့ လူစား၊ အာဟာရဓာတ် မချို့ယွင်းနိုင်ပါဘူး၊ တပည့်တော်တော့ ကျောင်းပညာအုပ်အနေနဲ့ ဒီလိုပဲမြင်ပါတယ်၊ ပြီးတော့ အရှင်ဘုရားတို့ရွာမှာ တပည့်တော် လုပ်ချင်တာ တခု ရှိသေးတယ် ဘုရာ့"

ကိုသောင်းစိန် လျှောက်ထားတာကို ဆရာတော်ဟာ စိတ်ဝင်တစားနဲ့ နားထောင်ပါတယ်။

"အင်း... ဆိုစမ်းပါဦး"

"အရှင်ဘုရား ဆန္ဒအတိုင်း ရေကိစ္စ ပြီးမှပါ၊ တရွာလုံး နွေဦးပေါက် နားချိန်ရောက် တပည့်တော်လည်း စာမေးပွဲတွေကိစ္စ ပြီးချိန်ဆိုတော့ အံကိုက်ပဲ၊ တပည့်တော် ဖြစ်ချင်တာကတော့ အိမ်သာကိစ္စ"

"အဲ အဲ... ဟုတ်ပါတယ် ဘုရာ့"

တကယ်တော့ ကျွန်တော့်ရင်ထဲမှာ ဒီကိစ္စကို လှိုက်လှိုက်လှဲလှဲ ဝင်ဆွေးနွေးချင်လိုက်တာ ဒေါ်ခင်နှင်းယုရယ်။ ပါးစပ်က ထစ်အဲနေတာကိုပဲ ကျေးဇူးတင်ရသေးတယ်။ နို့မို့ရင် ကျွန်တော့် ဇာတိတွေ ပေါ်ကုန်မှာပေါ့၊ ကျွန်တော်ဟာ ရောမရောက်ရင် ရောမလို ကျင့်ရမယ် ဆိုသလိုပဲ ဝတ်မှုန် လင်အဖြစ် ရောက်လာရလို့သာ ဒီရွာဓလေ့အတိုင်း နေရတာ၊ ဟန်ဆောင် လှည့်စားပြီးတော့လည်း မပြောပါရစေနဲ့၊ ကျွန်တော် တင်အောင်ထွန်း ကြီးပြင်းလာရတဲ့အချိန်က ကြွေကမုတ်ဖြူဖြူမှာ ဆွဲအိမ်သာနဲ့ နေလာခဲ့တဲ့ အကောင်တွေဆိုတော့ ရွာကို ရောက်စကဖြင့် အိမ်သာ သွားချိန် ရောက်တိုင်း စိတ်ဆင်းရဲရတယ်။

ကန်တော့ပါရဲ့၊ လောက်တဖွားဖွားနဲ့ အောက်က မစင်ပုံကို မြင်ရရင် ကျွန်တော် အသည်းယားလို့ မဆုံးဘူး။ မွေးတို့ ဝါးခယ်မကို ရောက်စတုန်းကလည်း ဇလားစနစ်ကို မြူနီစီပယ်က သုံးပေမယ့် ကျွန်တော် ရုတ်တရက် မသွားတတ်ဘူး။ ကျွန်တော် ဖတ်ခဲ့ရတဲ့ စာအုပ်တွေထဲမှာ "တိုင်းပြည်တခုရဲ့လူနေမှုအဆင့်အတန်းကို

ဆုံးဖြတ်ချင်ရင် အိမ်သာကို သွားကြည့်လိုက်ပါ” တဲ့။ ဒီစကားဟာ တယ်မှန်တယ်။ ခုလည်း ဦးပညာဇောတနဲ့ ပညာအုပ် ကိုသောင်းစိန်တို့ အချီအချ ပြောနေတဲ့စကားကို တောသားကြီး ကိုဖိုးတာအနေနဲ့ အသာ နားထောင်နေရတယ်။ စိတ်ထဲက ဖြစ်မြောက်စေချင်လိုက်တာ။

“ဒကာကြီးက ဘယ်လို လုပ်ချင်သလဲ”

“ရွာက လုပ်နိုင်ကိုင်နိုင် လူငယ် ရွာသားတွေ ဝါးခုတ်၊ ဝါးထရံကို တောင့်တောင့်ရက်၊ ကျွန်တော်တို့ ရွာသူတွေလည်း ထရံရက်တဲ့ကိစ္စမှာ ကူနိုင်ပါတယ်။ ကျင်းပေါင်းတွေ အကုန် မြေကြီးဖို့၊ ကျင်းသစ်တူး၊ မြေတွင်းထဲကို ကျူထရံ လေးဖက်ချ၊ တအိမ် တမိသားစုအတွက် တရွာလုံး ကူဆောက်ပေးတဲ့အနေနဲ့ လုပ်သွားရင် တလ မလုပ်ရပါ ဘုရား၊ အိမ်သာသစ်တွေ ဖြစ်သွားမှာ၊ တပည့်တော် ရှင်းရှင်းပြောရရင် ရွာလယ် လျှောက်သွားတိုင်း လူမစင်ခြောက်အနံ့နဲ့ နွားချေးနံ့ နံတာ တပည့်တော် တော်တော် စိတ်ညစ်တယ်”

ကိုသောင်းစိန်က ပွင့်ပွင့်လင်းလင်းပဲ ပြောတယ်။

ဦးပဉ္ဇင်းက ရယ်တော့ ကျွန်တော်လည်း ရယ်မိတယ်။

“အင်းပေါ့၊ ပညာအုပ်တို့ကလည်း ဘာပြောပြော မြို့ကြီးသားတွေကိုး၊ ကျေးဇူးတင်ပါတယ် ကိုသောင်းစိန်ရယ်၊ တဖြည်းဖြည်းပေါ့”

“တပည့်တော် ဒီတပတ် ရွာမှာ ကြာကြာနေဖြစ်မယ် ဘုရာ့”

“အင်း အင်း... အစစ အောင်မြင်ပါစေ”

ဆရာတော်က ဆုပေးလိုက်ပါတယ်။ ကျွန်တော်တို့လည်း အိမ်ပြန်ဖို့ ဆရာတော်ကို ကန်တော့ပြီး ကျောင်းအောက် ဆင်းလာတယ်။

“ကိုဖိုးတာ၊ ကျွန်တော် ခင်ဗျားတို့အိမ် လိုက်မလို့၊ မိမှုန် ရှိလား”

“ရှိပါတယ်”

“ထမင်းကော ကျွေးမလား”

“ကျွေးပါတယ် ပညာအုပ်မင်းရယ်”

ကလေးတွေ စာကျက်သံဟာ ကျွန်တော်တို့ နောက်မှာ ကျန်ရစ်တယ်။ ကျောင်းဝင်းအပြင် ရောက်မှ ကိုသောင်းစိန်က ဘာပြောလဲ ဆိုတော့...

"မိမှုန် အကူအညီ လိုချင်လို့ဗျ ကိုဖိုးတာရဲ့" တဲ့။

"မိမှုန်က အဆိုကောင်း၊ အပြောကောင်း၊ သူ သီချင်း ဟစ်ဟစ်ဆိုနေတာ ကျွန်တော် အမြဲကြားတယ်"

"ဆိုစမ်းပါဦးလေ၊ ဝတ်မှုန်က ဘာလုပ်ရမှာလဲ"

"ရေဒီယို မရှိ ဘာမရှိ၊ ဒီရွာလောက် ဆင်းရဲတဲ့ရွာ မရှိဘူး ထင်ပါရဲ့၊ ဒီတော့ ကျွန်တော် စာအုပ်အဟောင်းတွေ စုလာခဲ့ပြီ"

"ရေဒီယို အဆိုကျော် လုပ်ရဦးမှာလား"

ကျွန်တော် အရွှန်းဖောက်တော့မှ ကိုသောင်းစိန်လည်း ဟက်ဟက်ပက်ပက် ရယ်တော့တယ်။

"ဒီလိုဗျ၊ ရန်ကုန် မြန်မာတပြည်လုံး ဆွမ်းအုပ်နီလိုက်ကြတာ၊ ဆရာမင်းသုဝဏ်ရဲ့ ဆွမ်းအုပ်နီနီလေ၊ ဒီရွာမှာက ကလေးတွေ သနားစရာ၊ ကျွန်တော်က ကလေးတွေ စာသင်ရင်း ကဗျာ ရွတ်စေချင်တယ်၊ ဘာသာရေးနဲ့ ပတ်သက်ပြီးတော့လည်း မင်္ဂလာကဗျာလေးတွေ ဆိုစေချင်တယ်၊ ကျွန်တော်ဆိုတဲ့ အကောင်က သီချင်းအလိုက်တော့ ရပါတယ်၊ အသံက ဟစ်လေ မထွက်လေ၊ သာသာယာယာ မရှိတော့ ကလေးတွေ စိတ်မဝင်စားဘူး၊ ဒီတော့ ကျွန်တော်က အလိုက် မိမှုန်ကို ချပေးမယ်၊ မိမှုံက တနေ့မှာ နှစ်နာရီ အနည်းဆုံး အချိန် မပေးနိုင်ဘူးလားဗျာ"

"ပေးနိုင်ပါတယ်"

"မနက် တနာရီက မင်္ဂလာကဗျာ အစရှိတဲ့ ရှစ်လုံးဘွဲ့ ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ လင်္ကာလေးတွေ ကလေးတွေကို သင်ပေး၊ ညနေ ကျောင်းမဆင်းခင် တနာရီမှာ မင်းသုဝဏ် ကဗျာ ရွတ်ပစေပေါ့ဗျာ၊ ကျွန်တော့်ရွာတော့ ခုမှ အိပ်ရာကမှနိုးတယ် ပြောပြော၊ နိုးတဲ့အချိန်ဟာ နောက်မကျဘူးဘဲ"

ကျွန်တော်ဖြင့် ကိုသောင်းစိန် စိတ်ကူးစိတ်သန်းရော၊ လုပ်ပုံရော စိတ်ထဲက ချီးကျူးမိတယ်၊ ဒီလိုဘုန်းကြီးကျောင်း ပညာအုပ်မျိုး တောလက်ကျေးရွာအနှံ့ ရှိစေချင်လိုက်တာ။

သူ့ဆန္ဒအတိုင်း ဝတ်မှုန်ကလည်း လိုက်လျောပါတယ်။ ညနေ အဘယာခင်းက ကျွန်တော် စောစောပြန်ချိန်ဆိုရင် ဆရာတော် ကျောင်းဝင်းနားက ဖြတ်ပြန်လာတယ်။ ကျွန်တော်ဟာ ဝတ်မှုန်ကို ကျောင်းဝင်းအပြင် ခရေပင်အောက်က စောင့်ရတယ်။

ကျောင်းသားငယ်တွေ ကဗျာရွတ်သံကို ကြားရရင်တော့ အဲဒီ ဆရာမင်းသုဝဏ်ရဲ့ ကဗျာတွေကို သူ့အဆို၊ သူ့အတီးနဲ့ တတ်အောင် ဆရာမက သင်ပေးတယ်။ သူ့ရဲ့ ကဗျာရွတ်သံကို ကျွန်တော် ကြားယောင်လာတယ်။

သားကြီးဟာ ကြီးရင် ဘာဖြစ်မယ်လို့တော့ မပြောတတ်ဘူး။

"ငှက်ကလေးရယ် စိုးစီ စိုးစီ

ကျွန်းတောထိပ်မှာ မြည်"

ဆိုတဲ့ ကဗျာ သင်ရချိန်ဆိုရင် ဆရာမ သင်ပေးပြီးသွားရင် ကျွန်တော့်ဆီ ပြေးလာတတ်တယ်။

"ဒက်ဒီ၊ မနက် သားကြီး နိုးချိန်ဆိုရင်လေ၊ ပြတင်းပေါက်နားမှာ ငှက်ကလေးတကောင် လာအော်တယ်၊ သူက ဘယ်လို အော်လဲ သိလား၊ ပီကေကျော်... ပီကေကျော်... ပြုတ်ပြုတ်ကျော်... တဲ့၊ သားကြီးနာမည်ကို အော်အော် ခေါ်တယ်"

ကျွန်တော့်လည်ပင်းကို ဖက်ရင်း သူကြားတဲ့ ငှက်သံကို ပြောပြတယ်။

"အဲဒီတော့ သားကြီးလေ... ခေါက်ဆွဲပြုတ်ကြော် သိပ်စားချင်တာပဲ၊ ဒီညနေ ဒက်ဒီရယ်၊ မာမီရယ်... သားနဲ့ မြို့ထဲ သွားရင်း ခေါက်ဆွဲပြုတ်ကြော် ဝယ်စားမယ်နော်"

"မင်းကွာ သိပ်လူလည်လုပ်တာပဲ၊ ခေါက်ဆွဲပြုတ်ကြော် စားချင်ရင် စားချင်တယ် မပြောဘူး၊ ငှက်ကလေးပဲ ကျွန်တော့်နာမည် လာခေါ်ရပြန်တယ်တဲ့"

"အဟုတ် ပြောတာပါ ဒက်ဒီရဲ့၊ မယုံရင် နာနီ့ကို မေးကြည့်"

ကျော်ထင်ဦးဟာလေ၊ အဲဒီလောက် လူလည်ကျတယ် ခင်ဗျ။ မအေမီ ခြေငြိမ်နေဆဲ သားကြီး လေးနှစ်သားလောက်ကဆိုရင် ကျောင်းပိတ်ချိန် မတ်လကိုရောက်တိုင်း ပေလီကမ်းခြေကို အနည်းဆုံး တပတ်တော့ ဇိမ်ခံထွက်တယ်၊ ပြောရမှာပေါ့။ သူများတွေလို အပန်းဖြေ ဆိုရအောင် ကျွန်တော်တို့ ဇနီးမောင်နှံ ဘာမှ ပင်ပင်ပန်းပန်း မလုပ်ရဘဲ။

သဲဖြူငွေလွှလွှမှာ ပယင်းရောင် ဇိမ်ခံသောက်လို့။ အို... ငွေဖြူရောင် ဖန်ပယင်းရောင်၊ သက်တံရောင်တွေ၊ လှိုင်းတွေရဲ့ယိမ်း၊ အုန်းပင်လက်များရဲ့ရယ်မောသံ၊ ဩော်... သားအဖ သုံးယောက် ပေလီသောင်ယံမှာ ဇိမ်ခံကြဆဲတုန်းကလည်း သားကြီးဟာ နာနီနဲ့သာ သဲပြင်မှာ ကစားနေရတယ်။

လူကြီးတွေအဖို့ တပတ်ဟာ မကြာပေမယ့် သူ့အဖို့ ဒီသဲပြင်ကြီးမှာ တယောက်တည်း တပတ်နေရတာ ကြာလာတယ် ထင်ပါရဲ့။

"ဒက်ဒီ၊ မနက်တုန်းကလေ သားကြီးတို့ အိပ်ခန်းနားမှာ ကြက်ဖကြီးက လာတွန်တယ်"

"အောက်အီးအီးအွတ်... အဝေးကြီး အဝေးကြီးတဲ့၊ ညနေကျတော့လည်းလေ... အောက်အီးအီးအွတ်... ပြန်ချေပြီ၊ ပြန်ချင်ပြီတဲ့"

"လာခဲ့စမ်း... အဲဒီတွန်တဲ့ ကြက်ဖ"

ဆိုပြီး ကျွန်တော် သူ့ကို ပွေ့ယူပြီး ဖင်ကို သုံးလေးချက် ပုတ်လိုက်ရင် သူ ကျွန်တော့်လည်ပင်း ဖက်နမ်းလိုက်ရော။

"ဆွမ်းအုပ်နီနီ အမေရွက်လို့

နက်ဖြန်မနက် ကျောင်းထွက်မယ်"

ကလေးငယ် သုံးယောက်က ကျွန်တော့်အနား သံပြိုင်အော်လိုက်တော့မှ သားကြီးဆီ ရောက်နေတဲ့စိတ် ပျောက်သွားတယ်။

အင်္ကျီ မည်းတူ အစုတ်လေးတွေနဲ့ ပါးမှာ သနပ်ခါး ပေနေတဲ့ ချာတိတ် သုံးကောင်လေ၊ ကျွန်တော့်အနား ကပ်လာပြီး မဝတ်မှုန် သင်ပေးလိုက်တဲ့သီချင်းကို သံပြိုင်ဆိုကြတယ်၊ ကျွန်တော့်ကို ပြောင်ပြ၊ ပြုံးပြပြီး ထွက်သွားကြရော။

ဩော်... ကလေးတွေ ဆင်းရဲတယ်၊ ချမ်းသာတယ် မဟုတ်ဘူး၊ သီချင်း သီဆို ကစား ပျော်ရွှင်ရမယ့်နေရာမှာ သူတို့စိတ်ခတ် အတူတူပဲ။

အေး... မင်းတို့မှာတော့ နောင် မင်းတို့ရွတ်တဲ့ ကဗျာလေးတွေကို ဖွဲ့နွဲ့စပ်ဆိုတဲ့ ဆရာမင်းသုဝဏ်ဆိုတာ အဲဒီတွံတေးတောကြီးအနီးက ကွမ်းခြံကုန်းမြို့ဇာတိ ဆိုတာကိုတောင် မသိဘူး။

တနေ့တော့ မင်းတို့အထဲမှာ တပြည်လုံး သိသူ ပေါ်လာဦးမှာပေါ့ကွယ်... လို့ စိတ်ထဲက ပြောမိတယ်။ တွံတေးဆိုတာ အိုးလုပ်တဲ့မြို့လို့သာ လူသိများပေမယ့် ခုတော့ ပြည်သူချစ်တဲ့ အဆိုတော်တွေထဲမှာ တွံတေးသိန်းတန်တယောက် ပါလာခဲ့ပြီ။

ကျွန်တော် စိတ်ရင်းစေတနာနဲ့ လက်ထိလက်ရောက် ဆောက်လုပ်ခဲ့ရတဲ့ ကျောင်းက ထွက်တဲ့ ကျောင်းတော်သားကြီးတွေဟာ ထွန်းထွန်းပေါက်ပေါက် ဖြစ်ပါစေလို့ ဆုတောင်းမိတယ်။

“ကိုကြီးတာ ပြန်စို့လေ”

လို့ ဝတ်မှုန်ခေါ်သံ ကြားမှ ကျွန်တော် အတွေးရပ်ပြီး ကျွန်တော်တို့ အိမ်ကို ပြန်လာခဲ့တယ်။

■

အခန်း (၇)
ပြန်လည်၍ တွေ့ဆုံသည့်တိုင်အောင်

"နိုးတဲ့အချိန်ဟာ နောက်မကျဘူး"

ပညာအုပ် ကိုသောင်းစိန်ရဲ့ဆောင်ပုဒ်အတိုင်း သူ့ရဲ့ကျေးရွာလေးဟာ နိုးကြားချိန် အလွန်နောက်ကျနေပါသော်လည်း သူ့ကြိုးပမ်းမှုကြောင့် အခုတော့ဖြင့် ပထမတန်းစား ရွာလေးတရွာ ဖြစ်လာခဲ့ပြီ။

ကျွန်တော်ဟာ ကိုသောင်းစိန်ကိုရော၊ ဆရာတော်ကိုရော ဒီရွာလေးက ခွာဖို့ ခွင့်တောင်းမိတယ်။

"ဆရာတော်တို့ ကျေနပ်အောင် ကျွန်တော် အစစ ကူညီခဲ့ပြီးပါပြီ၊ လုံးဝ ကျွန်တော် ဒီရွာကို ပစ်ခွာသွားမှာ မဟုတ်ပါဘူး၊ ကျွန်တော့်ကျန်းမာရေး ကောင်းလာတဲ့အချိန်ကျ ပြန်လာခဲ့မှာပါ"

ကျွန်တော်ဟာ ဆေးကုသဖို့ကို အကြောင်းပြပေမယ့် တကယ်တော့ ကျွန်တော့်သားကြီးကို တွေ့လိုတဲ့ဆန္ဒကြောင့် ရန်ကုန်ကို ပြန်သွားချင်တာပါပဲ။ နောက်ကြောင်းတွေကလည်း မရှင်း၊ ဘယ်လိုရှင်းရမှန်းလည်း မသိသေးတာကြောင့် ဘယ်နေရာမှာ နေမယ်၊ ဘာလုပ်မယ် ဆိုတာကိုလည်း သူတို့ကို ဘာမှ မပြောခဲ့ပါဘူး၊ အဘကိုသာ...

"အဘတို့ ကျေးဇူး ကျွန်တော့်အပေါ် အများကြီး ရှိပါတယ်၊ ကျွန်တော် အဘ လယ်တောကိုလည်း ပစ်မထားပါဘူး၊ တနေ့နေ့ ပြန်လာခဲ့မှာပါ၊ ရန်ကုန်မှာ အလုပ်ရှာရလို့ အခြေချမိမှ အဘ ခေတ္တလာလည်ဖို့ ကျွန်တော် လာခေါ်ပါ့မယ်၊ ခေတ်မီဆေးဝါးတွေ ရန်ကုန်မှာ ရနေချိန်မှာ ကျွန်တော် စကားပြော မသွက်လက်တဲ့ ရောဂါကို ဆရာဝန်တွေ ပြသချင်တယ်၊ နွေဦးပေါက်နဲ့ မိုးမှာတော့ ကျွန်တော် ရန်ကုန် တက်နေပါရစေ၊ တခါတခါ စိတ်ချောက်ချားတဲ့ ကျွန်တော့်ရောဂါကိုလည်း ကုချင်တယ်"

လို့ ပြောလိုက်တယ်။ ဘယ်သွားသွား ယောက္ခမရတဲ့ ကုသိုလ်တော့ တကယ် ကောင်းတဲ့ ကျွန်တော် တင်အောင်ထွန်းပဲ။ အဘဟာ ကျွန်တော့်ကို ကျေကျေနပ်နပ် ခွင့်ပြုတယ်။ ကျွန်တော်နဲ့ ကြေးမုံ သူ့ကို ကန်တော့တဲ့အခါ ဆုမွန်ကောင်း တောင်းရင်း မျက်ရည်တွေ ဝဲလို့။

မြန်မာမိသားစုဟာ သိုက်သိုက်ဝန်းဝန်း ဒီလိုပဲရှိရမှာပေါ့ဗျာ။ မြန်မာဟာ

တရားလက်လွတ်တဲ့ လူမျိုးမှ မဟုတ်ဘဲ။ ချစ်လှခင်လှတဲ့ အဆွေအမျိုးတွေနဲ့ သေကွဲ ကွဲရခြင်း၊ ရှင်ကွဲ ကွဲရခြင်း ဆိုတာ အမြဲ ရှိစမြဲပဲလို့ အဘိဇ္ဈာသုတ်မှာ ဆိုထားတာပဲ။ (ဒီနေရာမှာ အဘိဇ္ဈာသုတ် ထည့်ရေးလို့ ကျွန်တော့်ကို သိပ်အထင်မကြီးပါနဲ့။ အနန်တီမာလေး ဘုရားရှိခိုးပြီးတိုင်း အမြဲရွတ်တော့ ကျွန်တော် ကြားနေကျဖြစ်ပြီး ရနေတာပါ။) ဒီတော့ ကောင်းသောလာခြင်း ဖြစ်ပါစေသတည်းလို့ ရှေးမြန်မာစာအုပ်တွေမှာ နှုတ်ဆက်စကား တွေ့ရတယ်မို့လား၊ အဲဒီလိုပဲပေါ့။ ဆွေမျိုးတွေ၊ မိတ်သင်္ဂဟတွေနဲ့ ကောင်းသော တွေ့ဆုံခြင်း ဖြစ်ရသလို မလွဲမသွေ ခွဲခွာရတဲ့နေ့တွေ ကြုံတဲ့အခါဟာလည်း ကောင်းသော ခွဲခွာရခြင်းပဲ ဖြစ်စေချင်ပါတယ်လေ။ ဪ... မိအေမီ... မိအေမီ... မိခင်ဖြစ်သူအပေါ်မှာ ကောင်းသောခွဲခွာခြင်းနဲ့ ချိုသာသော နှုတ်ဆက်ခြင်းမျိုးကို မပြုလုပ်ခဲ့တဲ့ အကုသိုလ်အကျိုးပေးကြောင့် သူဟာလည်း လူ့ဘဝကို မလှမပနဲ့ ခွဲခွာသွားရတယ် ထင်ပါရဲ့။

ဒီစာရေးနေတဲ့ ကျွန်တော် တင်အောင်ထွန်းဟာဖြင့် ယောက္ခမ လယ်တောင်သူကြီး အဘဦးစံကို ကောင်းသော ခွဲခွာခြင်းနဲ့ ခွဲခွာလာခဲ့ပါတယ်။

ကျွန်တော့်အဖို့တော့ မဒ္ဒီဒေဝီ ဖြစ်နေတဲ့ သူ့သမီး ကြေးမုံကိုလည်း အကြည်အသာ ထည့်လိုက်တယ်။ ကြေးမုံဟာ ဝတ်မှုန်အဖြစ် ကျွန်တော့်နောက်ကို ပုဆိုးပိုက်ကာ၊ စောင်ပိုက်ကာနဲ့ လိုက်လာခဲ့တယ်။

ယခင်ကတော့ ရန်ကုန်မြို့ကို ကားတဝီဝီနဲ့ ခြေတော်တင်ခဲ့တဲ့ ကျွန်တော် ဝတင်အောင်ထွန်းဟာ ခုတော့ ကိုဖိုးတာအဖြစ် ဝတ်မှုန်ခေါင်းဆောင်မှုကို ခံယူပြီး နောက်က လိုက်ရတယ်။ သူက သူတို့လယ်တောသူ အမျိုးသမီးလေးတွေ.. မြန်မာရော၊ ကရင်ရော လယ်ကိစ္စပြီး မြို့မှာ တက်အလုပ်လုပ်တဲ့ သူ့အဖော်တွေဆီက ဒီမိန်းကလေးတွေ လောက နေရထိုင်ရပုံကို သိပြီးသား။ သူက ဘာပြောလဲဆိုတော့...

“ဝတ်မှုန်တို့ အခုသွားမှာ အလုံက အသင်းလည်း မဟုတ်ဘူး၊ ပွဲစားတွေရှိတဲ့ဆီလည်း မဟုတ်ဘူး၊ ခဏပဲ ပစ္စည်းတွေထားမယ့် ဝတ်မှုန်ရဲ့သူငယ်ချင်းမအိမ်ကို သွားမယ်၊ ကိုကြီးတာ အတွက် ခဏဆိုပေမယ့် အစေခံတန်းလျားတွေမှာ တခြား အလုပ်သမားစုတွေနဲ့ အိပ်လို့ မဖြစ်ဘူး။ ကိုကြီးတာကော ကိစ္စအထူး ရှိသေးလား”

ကဲလေ... ကျွန်တော့်ရဲ့မဒ္ဒီဒေဝီလေးဟာ သူ့လင်တော်မောင်ကို နေရာ ဘယ်လောက် ထားသလဲဗျာ၊ ကျွန်တော်ကတော့ ရန်ကုန် ရောက်ရောက်ချင်း ကိုယ့်အခြေအနေရော၊ သားကြီးတို့ အခြေအနေရော ဘာမှန်း မသိသေး။ အေမီကို သတ်မှုကလည်း ဘယ်လို ဇာတ်သိမ်းမှန်း မသိသေးတော့ ပထမဆုံး

ကျွန်တော့်အပေါ် သစ္စာရှိတဲ့ ကိုမြင့်မောင်နဲ့ တွေ့ဖို့ကိုသာ ဆုံးဖြတ်လိုက်တယ်။ သူနဲ့ တွေ့ပြီးမှ ကျွန်တော့်နောင်ရေးကို စီစဉ်မယ်လေ။ ကျွန်တော့်အစီအစဉ်က ဒါပဲ။

"ကိုကြီးတာ ရန်ကုန် ရောက်ရောက်ချင်း မိတ်ဆွေတယောက်ကို သွားတွေ့စရာ ရှိတယ်၊ ဝတ်မှုန် လုပ်စရာရှိတာ လုပ်"

ဆိုပြီး ကျွန်တော်တို့ ပစ္စည်းတွေ တက္ကသိုလ်ဝင်းထဲက အိမ်တအိမ်မှာ ထားခဲ့တယ်။ ဝတ်မှုန်လည်း အလုပ်ရှာဖို့ နေရစ်တယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုဘဏ်ကို ထွက်လာခဲ့တယ်။ ကိုမြင့်မောင်ရုံးခန်းကို ရောက်တော့ သူ့ရဲ့ မင်းစေ ခွင့်ပေးချက်နဲ့ ကျွန်တော်လည်း ရိုရိုသေသေ သူ့အခန်းထဲကို ဝင်သွားပါတယ်။ သူဟာ ကျွန်တော့်ကို လုံးဝ မမှတ်မိတော့ပါဘူး။ အဲဒီလို မမှတ်မိကြတာ ကောင်းပါတယ်လေ။ ကျွန်တော့်ဘဝအတွက် ကောင်းဖို့ချည်းပါပဲ။

"ထိုင်ပါဦး၊ ဘာကိစ္စရှိလို့လဲ"

သူက သူ့ရဲ့မဟော်ဂနီရောင် စားပွဲကြီးရှေ့က ကုလားထိုင်မှာထိုင်ဖို့ ညွှန်ပြပြီး နေရာပေးပါတယ်။ ကျွန်တော်လည်း ထစ်အဲ ထစ်အဲ၊ လေဆက်မမီတဲ့ အသံလေးလေး အောအောကြီးနဲ့ ခွင့်တောင်းရတယ်။

"စာရွက်နဲ့ ခဲတံ ခဏပေးပါ"

သူလည်း ကျွန်တော့်ကို တအံ့တသြ အကဲခတ်သလို ကြည့်ပြီး စာရွက်နဲ့ ခဲတံပေးတယ်။

"ကိုမြင့်မောင် ကျွန်တော် တင်အောင်ထွန်းလေ၊ ဖတ်ပြီး ဒီစာကို မီးရှို့ပစ်လိုက်ပါ" ဆိုတဲ့ စာကြောင်းပဲ ရေးပြီး သူ့ရှေ့ ချလိုက်တယ်။ သူဟာ ဒီစာကိုလည်း မြင်ရော "ဖရက်ဒီ" လို့ လေသံနဲ့ ခေါ်ပြီးတော့ လက်တွေကို တင်းတင်းကျပ်ကျပ် ဆုပ်ထားလိုက်တာ၊ ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက်ဟာ ရင်ထဲရှိတဲ့ ဝေဒနာတွေကို တမိနစ်လောက် အချို့အတောအတွင်းမှာ စကားတလုံးမှ မပြောဘဲ မျက်နှာဟန်နဲ့ပဲ ထုတ်ဖော် ပြောပြလိုက်ကြတယ်။

"ကိုယ်နဲ့လိုက်ခဲ့ပါ၊ တိုင်ပင်စရာ ရှိတယ်"

လို့ ကျွန်တော်က လေသံနဲ့ ပြောတယ်။ သူဟာ ခေါင်းညိတ်ပြပြီး ချက်ချင်းပဲ ကျွန်တော် စာရေးပြတဲ့ စက္ကူလေးကို ဆေးလိပ်ပြာခွက်ထဲထည့် မီးရှို့လိုက်တယ်။

"လေ့ကားရင်းက စောင့်နေ၊ ကျွန်တော် နေ့ဝက် ခွင့်သွားယူခဲ့ပြီး လိုက်ခဲ့မယ်၊ တနေရာ သွားမယ်"

ကျွန်တော်လည်း ထော့နင်း ထော့နင်း ပုံပျက်ပန်းပျက်နဲ့ သူ စောင့်ခိုင်းတဲ့နေရာက စောင့်နေတယ်။ မကြာခင် သူ ဆင်းလာပြီး မြို့ပြင်က တရုတ်ဟိုတယ်တခုမှာ ဝင်ပြီး နှစ်ယောက်သား စကားပြောရတယ်။

"ဖြစ်ရလေခြင်း ဖရက်ရယ်၊ ကိုယ် လုံးဝ မမှတ်မိဘူး၊ အသံပါ ပြောင်းသွားတာကိုး၊ လက်ရေးသာ ရေးမပြရင် မင်းဟာ ဖရက်ဒီဆိုတာ ကိုယ် နည်းနည်းမှ ယုံမှာ မဟုတ်ဘူး"

ကျွန်တော့်အကြောင်းတွေ ကျွန်တော် အားလုံး ပြောပြလိုက်တယ်။ ဒါပေမင့် မောင်သစ္စာနဲ့ အေမီ သေရတဲ့အကြောင်းတော့ ချန်ခဲ့သေးတယ်။ အခြေအနေအလျောက် နောက်မှ တဖြည်းဖြည်း အသိပေးမယ်ဆိုတဲ့ စိတ်ကူးနဲ့ပါပဲ။ ကိုမြင့်မောင်ကလည်း အဲဒီညတုန်းက သူ့အဖြစ်ကို ပြောပြတယ်။

"ကျွန်တော်ကတော့ ကွမ်းလုံဘက် ခင်ဗျားနဲ့ ခရီးထွက်မှာမို့ ရသင့်တဲ့ ခွင့်ပေးဖို့ အကြောင်း ကျွန်တော်တို့ မန်နေဂျာကို အားလုံး အသိပေးပြီးမှ ခွင့်ယူတာ ကားဒရိုင်ဘာကလည်း သိနေတာပေါ့၊ မြကြေးမုံ လိုက်မှာကိုသာ ဘယ်သူမှ မသိတာ၊ ဒီတော့ ကျွန်တော်လည်း လိမ်တာ တခုမှ မပါဘူးလေ၊ မီးလည်း ငြိမ်းရော... ဌာနကို တန်းပြီးသွားတာပဲ၊ ကျွန်တော်တို့နှစ်ယောက်ဟာ ကားရှိတဲ့ဆီ ပြေးရာမှာ ပြေးတုန်းက တူတူ၊ နောက် လူချင်းကွဲသွားပါတယ်၊ ကျွန်တော့်သူငယ်ချင်း ဦးတင်အောင်ထွန်းကို ရှာပါလို့ ပြောရတာပေါ့။

မီးကလည်း ဆိုးဝါးလိုက်တာဗျာ၊ ဇာတ်ရုံကနေ ပွဲဈေးတန်း ဆိုင်လေးတွေရော၊ အနားက တဲအိမ်တွေဆီပါ ဆက်လောင်နဲ့၊ အသေအပျောက် များလိုက်တာ၊ မီးငြိမ်းတော့မှ အရပ်သားရော၊ ဇာတ်အဖွဲ့ဝင်ရော ပုံပျက်နေတဲ့ မီးကျွမ်းအလောင်းတွေကို မနည်းပဲ မီးသတ်တာဝန်ခံတွေနဲ့ သက်ဆိုင်ရာတွေဟာ ရှင်းယူရတယ်၊ ဇာတ်ဆရာ ရွှေမန်းအောင်ဝင်းဖေလည်း ပက်လက်လန်၊ မီးခိုးသင့်ပြီး မနည်း ကုယူရတယ်၊ ခင်ဗျားကိုလည်း သေစာရင်းထဲထည့်၊ မြကြေးမုံတို့၊ ကိုသစ္စာတို့ သူတို့အဖွဲ့ထဲ လူစုံတက်စေ့ မတွေ့သမျှ သေစာရင်းထဲ ထည့်ရတာပဲ၊ ပွဲကြည့်ပရိသတ်ထဲကလည်း အဲဒီလိုပဲ အမည်မဖော်နိုင်တဲ့ သေစာရင်းဝင် အများကြီး"

"ဘုရား ဘုရား... ကျွန်တော် သေပြီနော်၊ ကျွန်တော် သေပြီပေါ့" လို့ ပြောလိုက်မိတယ်။

"ဝမ်းမနည်းပါနဲ့ ဖရက်ဒီရယ်၊ ကိုယ်လည်း ဒါထက် ဘာမှ မလုပ်တတ်ဘူးလေ၊ ကဲ... ဒီတော့ ကိုယ် အခု ဘာကူရမလဲ၊ အိမ်ကို သွားမလား"

သူဟာ သူငယ်ချင်းကောင်းပီပီ ပြောပါတယ်။

"လောလောဆယ်တော့ ကိုမြင့်မောင်ရယ်... ကျွန်တော့်ဇာတ်လမ်းကို ဒီလိုပဲ ထားပါဦး၊ ကျွန်တော် နောက်မှ တဖြည်းဖြည်း တိုင်ပင်စရာ ရှိတယ်၊ အကူအညီလိုရင်လည်း ပြောပါ့မယ်၊ ကဲ... ဒုတိယ ကျွန်တော်သိချင်တာက မိအေးမီနဲ့ ကျွန်တော့်အဖြစ်ကို သားကြီးကို ဘယ်လို အသိပေးကြသလဲ"

ကိုမြင့်မောင်ဟာ ပင့်သက်ရှူပြီး ပြောပြပြန်တယ်။

"ဂါတ်ကို တရားဝင်ပြောပြီး ကျွန်တော်လည်း အန်တီမာလေးဆီကို သွားရတာပေါ့၊ အကျိုးအကြောင်းအားလုံး ပြောပြတယ်၊ အန်တီမာလေးကလည်း သူ့ခေါင်းတခုတည်းနဲ့ မဆုံးဖြတ်ပါဘူး၊ အေးမီရဲ့အမေအိမ်ကိုပဲ နှစ်ယောက်သား သွားပြီး အဘွားကြီးကို အားလုံး အသိပေးရတော့တာပေါ့။ အဘွားကြီးလည်း အတော် စိတ်ညစ်ရှာတယ် ခင်ဗျ၊ ဒါပေမင့် ဒီ အဘွားကြီးဟာ အိပ်ရာထဲလဲနေတာ များပေမယ့် တကယ် တော်တယ်ဗျာ၊ သူကပဲ သားကြီးကို ဘယ်လို အသိပေးသင့်တယ်ဆိုတာ အကြံဉာဏ် ပေးတယ်၊ ကျွန်တော်တို့ သုံးယောက်လုံးကလည်း ခင်ဗျား ဇာတ်ရုံထဲမှာ မီးလောင်လို့ သေပြီလို့ တကယ် ယူဆတယ်၊ ဌာနာနဲ့ ပတ်ဝန်းကျင်ကလည်း ဘာမှ ပြဿနာ တက်မလာဘူး၊ ဒီတော့ သားကြီးကလည်း သူ့ဖေဖေဟာ ပွဲခင်း မီးလောင်ရာမှာ ပါသွားတယ်လို့ပဲ ယူဆပါတယ်၊ ခက်နေတာက အေးမီ့ပြဿနာတဲ့။ အဘွားကြီး ပြောလည်း ပြောစရာပဲ၊ သူကတော့ သူ့သမီးကိုး၊ သူ သတိရတယ်တဲ့၊ ဘာဖြစ်လို့လဲဆို မီးလောင်ပြီး နောက်နေ့ကတည်းက အေးမီ အိမ်ပြန်မလာဘူးဆိုတာ သူ့အိမ်က အစေခံတွေက အဘွားကြီးကို တယ်လီဖုန်း ဆက်ထားပြီးပြီ၊ အဘွားကြီးဟာ ကျွန်တော်တို့ မရောက်လာခင်ကပဲ ရာဇဝတ်ဝန်ကြီး စောလှမင်းကို အေးမီ ပြန်မရောက်ကြောင်း ခေါ်ပြောထားပြီးပြီ၊ လူတယောက်လုံး ပျောက်တာ တိုင်ချက် မဖွင့်ရင်လည်း ပတ်ဝန်းကျင်နဲ့ ဆွေမျိုးတွေမှာ ဒုက္ခပေါ့၊ ဦးစောလှမင်းကလည်း ရှာပေမယ်လို့ အေးမီရဲ့ပျောက်သွားပုံကို အစအနတောင် လိုက်လို့ မရဘူး"

ကိုမြင့်မောင်ဟာ သူ့စကားကို ဒီနေရာ ခဏရပ်ပြီး သက်ပြင်းချလိုက်တော့ ကျွန်တော်လည်း မောသွားတာပဲ။ ချွေးစေးတွေလည်း ပြန်လာတယ်။

"သူနဲ့ တွဲနေကျ ကိုသစ္စာလည်း ဇာတ်အဖွဲ့က ရွက်ဖျင်အခန်းထဲမှာ ပိတ်မိပြီး မီးလောင်ပြီး သေတယ်ဆိုတာလည်း အားလုံး လက်ခံတယ်၊ ဒါပေမင့် အဲဒီညအဖြစ်က ဘယ်သူ့အလောင်း၊ ဘာရယ်လို့ ပုံဖော်ဖို့ကို မပီသအောင် ပုံပျက်နေကြတယ်၊ ဒီတော့ အေးမီ ပျောက်ဆုံးခြင်းဟာ သီးသန့်အမှုတခု ဖြစ်နေတယ်၊ ခုထိလည်း အေးမီကို မတွေ့ကြတော့ဘူး"

ကျွန်တော် ဘာတလုံးမှ ကိုမြင့်မောင်ကို မပြောဘူး။ ငြိမ်ငြိမ်သက်သက်ပဲ နားထောင်နေတယ်။

“သားကြီးကိုတော့ သူ့ရဲ့မာမီ အေမီဟာ သူ့ဖိုးဖိုး ဦးပြည့်မောင် အသည်းအသန်ဖြစ်လို့ ကြံ့ရာ လေယာဉ်နဲ့ ပဲရစ်ကို ညတွင်းချင်း အမြန်လိုက်သွားရတယ်၊ နောက်တော့မှ သားကြီး ရှင်ပြုချိန် အဖိုး ပြန်လာတော့ အေမီ ပဲရစ်မှာ ကားတိုက်လို့ သေပြီလို့ပဲ အသိပေးထားကြတယ်”

“ဟင်… ကျွန်တော့်သားကြီး ရှင်ပြုပြီးပြီနော်”

“ပြီးပြီလေဗျာ၊ ဖိုးဖိုးနဲ့ ဘွားဘွားတွေ ကမကထပြုပြီး သိုက်သိုက်မြိုက်မြိုက် ခမ်းခမ်းနားနားပါပဲ၊ အားလုံးကလည်း ခင်ဗျားတို့နှစ်ယောက်ကို သေစာရင်းဝင်အဖြစ် အမျှဝေ ကြတယ်၊ သားကြီးကတော့ သိပ်မသိတတ်သေးတော့ တော်သေးတယ်၊ အဘွားကြီးနဲ့ ဆရာမလေးတို့ကတော့ ထိန်းမရအောင် ချုံးပွဲချ ငိုတာပဲဗျာ”

“သာဓု သာဓု နတ်စိမ်း မဟုတ်ဘဲ၊ လူစင်စစ်ဘဝနဲ့ ဘဝခြားနေတော့ ကျွန်တော် သာဓု ခေါ်ရမှာပဲ၊ အေမီဟာ ကိုသစ္စာအခန်းထဲမှာ သေနေတောင် မြန်မာဇာတ်ခုံတွေရဲ့နောက်ဘက် အဝတ်လဲခန်းတွေက ရွက်ဖျင်တဲဆိုတော့ မီးလောင်သွားရင်ပဲ ဘယ်သူဟာ ဘယ်အခန်းထဲမှာ သေနေတယ်လို့ သိပါ့မလဲ”

ကျွန်တော်ဟာ မနည်း စိတ်တင်းပြီး ဒီစကားကို ပြောရတယ်။

“အေမီရဲ့အမေကတော့ ဆရာဝန်ကြီးကတော် သေနည်းမျိုး အပွေလွှန်ရာက လူသတ်သမားတွေ သတ်လိုက်ပြီလို့ ယူဆတယ်၊ ခုတော့ အေမီရဲ့ပျောက်ဆုံးမှုလည်း သဲလွန်စ ရှာမရတော့ အမှုပိတ်ထားတာပေါ့၊ ကဲ… ခင်ဗျားပြဿနာ အိမ်သွားမလား၊ အန်တီမာလေးကို ဖွင့်ပြောမလား၊ ဘာလုပ်ချင်လဲ”

“ဘာမှ မလုပ်ချင်ဘူး၊ ဘာမှ မလုပ်ချင်ဘူး၊ ကျွန်တော် တယောက်တည်း မဟုတ်ဘူး၊ မြကြေးမုံနဲ့ ကျွန်တော် ညားနေပြီ”

“ဘုရားရေ… သွားလေရာ မိန်းမ ရရပါစေရဲ့ ဆုတောင်းတော့ တကယ်ပြည့်တယ် ဖရက်ရယ်”

ငိုအားထက် ရယ်အားသန် ကျွန်တော့်ပခုံးကို ပုတ်ပြီး ကိုမြင့်မောင်က ပြောတယ်။

“အေးပေါ့လေ၊ ခုတော့လည်း မြကြေးမုံဟာ ဝတ်မှုန်ဖြစ်၊ ကျွန်တော်ကလည်း ကိုဖိုးတာအနေနဲ့ပဲ နေသွားဦးမယ်၊ ကျွန်တော့်ဇာတ်ထုပ်က ခုအထိ ဒါလောက်ပဲ ရပ်ထားသင့်တယ်၊ ကိုမြင့်မောင်လည်း ဇာတ်ဆရာ ကိုအောင်ဝင်းဖေ ယူဆသလို သူ့ယိမ်းသမ မြကြေးမုံ မီးထဲ ပါသွားတဲ့အနေပဲ ယူဆထားပါတော့ဗျာ၊ ကျွန်တော် လုပ်ချင်တာတခုပဲ ရှိတယ်”

"ဘာလုပ်ချင်လဲ၊ ပြောလေ"

"ကျွန်တော် သားကြီးကို တွေ့ချင်တယ်၊ ကျွန်တော်ဟာ သူ့ဖေဖေ တင်အောင်ထွန်းလို့တော့ အသိမပေးဘဲ အဝေးကပဲ တွေ့ချင်တာပါ"

ကိုမြင့်မောင်ဟာ နာရီကို စိုက်ကြည့်ရင်း ခဏ စဉ်းစားနေတယ်။

"ဒီလိုလုပ် ဖရက်၊ အချိန်ရှိသေးတယ်၊ ခင်ဗျား ကျွန်တော်နဲ့လိုက်ခဲ့၊ ကျွန်တော့် ဒရိုင်ဘာအနေနဲ့ လိုက်ခဲ့၊ ကျွန်တော်တို့ အန်တီမာလေးအိမ် သွားမယ်၊ သားကြီး ဒီအချိန် ကျောင်းဆင်းပြီ၊ သူ့ဖိုးဖိုးနဲ့ ဘွားဘွားက ဆရာမ ဒေါ်မာလေးကို သူတို့မြေး အပ်ပြီး ခင်ဗျားတို့ဖေဖေအိမ်ပဲ ထားတယ်၊ အန်တီမာလေးလည်း ဝါးခယ်မ မပြန်ရတော့ဘူး၊ အဘွားကြီးက သူ့သမီး အေမီဟာ သူ အုပ်ချုပ်ပုံ မဟုတ်လို့ ဒီလိုဖြစ်ရတာတဲ့၊ သူတို့မြေးဟာ သူတို့လက်ထဲမှာ ဆိုရင် ပျက်စီးမယ်၊ သူ့ဌေးရဲ့မြေးလည်းဖြစ်၊ မိတဆိုး ဖတဆိုးမို့ သူတို့ သိပ် အလိုလိုက်မိရင် ကလေး ပျက်စီးမှာစိုးလို့တဲ့"

"သူတို့ အစီအစဉ်အားလုံးပဲ ကောင်းပါတယ်၊ ကဲ... သွားကြစို့"

ကျွန်တော်ဟာ ကိုမြင့်မောင်နဲ့အတူ ကျွန်တော်တို့ အိမ်ကြီးကို ပြန်ရောက်သွားတယ်၊ အိမ်ရှေ့ မြက်ခင်းတဝက်ကို ကစားကွင်း လုပ်ထားတယ်၊ ကျွန်တော်တို့ကား ဆင်ဝင်အောက်မှာ ထိုးရပ်လိုက်တယ်ဆိုရင်ပဲ သားကြီးဟာ ကားရှိရာကို ပြေးလာတယ်၊ သူ့လက်ထဲမှာ တင်းနစ်ဘောလုံးနဲ့ ရိုက်တဲ့အတံ၊ ဘောင်းဘီရှည်အဖြူ၊ ဖိနပ်ဖြူနဲ့ သားကြီး၊ မြင့်မြင့်ထွားထွား ကြီးနဲ့ ခံ့ညားတဲ့ သားကြီးရဲ့ကျက်သရေဟာ ဘယ်သူနဲ့မှ မတူဘူးလို့ ကျွန်တော် ထင်မိတယ်။

"ဦးဦးမြင့်မောင် လာ လာ၊ ဒက်ဒီနဲ့ မာမီ မရှိတယ်ဆို ဦးဦးကလည်း ခဏခဏ မလာဘူး"

ဆိုပြီး သူကိုယ်တိုင် ကားတံခါး ဖွင့်ပေးတယ်။ ကျွန်တော့်ကို လုံးဝမမှတ်မိတဲ့ သားကြီးဟာ ကိုမြင့်မောင်ကို ကစားကွင်းဘေး မြက်ခင်းပေါ်က ကြိမ်ကုလားထိုင်မှာ ထိုင်နေတဲ့ အန်တီမာလေး ရှိရာကို ခေါ်သွားတယ်၊ အန်တီမာလေးကလည်း သုံးနှစ်အတွင်း အတော် ရုပ်ကျသွားတယ်၊ ဒါပေမင့် အပျိုကြီးဆိုတော့ ဖြူဖြူနွဲ့နွဲ့ လှနေသေးတာပဲ၊ ကျွန်တော့်သားကို စိတ်ခေတ်တင်မကဘူး၊ ကိုယ်ခန္ဓာ ကျန်းမာရေးကိုလည်း ဂရုစိုက်ပေးတဲ့ ဆရာမကြီးပဲ။

သားကြီးဟာ သူ့သူငယ်ချင်းတွေကို အလှည့်ပေးလိုက်ပြီး လက်ထဲက တင်းနစ်ရိုက်တံနဲ့ ဘောလုံးကို ခုံတန်းပေါ်မှာ ထားခဲ့တယ်။ ကလေးမလေး လာချတဲ့

လိမ္မော်ဖန်ခွက်ထဲက တဖန်ခွက် ယူပြီး ကားပေါ်က ကျွန်တော့်ကို ကိုယ်တိုင်လာပေးတယ်။ တုန်ရီတဲ့လက်တွေနဲ့ ကျွန်တော် လှမ်းယူရင်း စိတ်ထဲက ဒီဖျော်ရည်တိုက်တဲ့ ကုသိုလ်ကြောင့် သားကြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေလို့ မေတ္တာပို့မိတယ်။ ကျလုဆဲမျက်ရည်ကို မနည်း ထိန်းရတယ်။ အိမ်ကြီးကို ပြန်ရောက်လို့ တွေ့ချင်တဲ့ သားကြီးနဲ့တွေ့ပါသော်လည်း ဘဝခြားခဲ့ပြီ။ ကျွန်တော့် ခံစားနေရချက်ကို စာနာမိတယ် ထင်ပါရဲ့၊ ကိုမြင့်မောင်ဟာ ခဏ စကားပြောပြီး ပြန်လာတယ်။ ကားထွက်ခါနီး...

"နောက်မှ ဦးဦး အေးအေးဆေးဆေး အကြာကြီး လာလည်မယ်"

လို့ သူက နှုတ်ဆက်ခဲ့တယ်။ မြေးအဘွားနှစ်ယောက်ဟာ ဆင်ဝင်အောက်ကနေ လက်ဖှေ့ယမ်းပြရင်းကျန်ရစ်တယ်။ အပြန်လမ်းမှာ ကိုမြင့်မောင်ဟာ သူကိုယ်တိုင် ကားမောင်းတယ်။

"ခင်ဗျား စိတ်ဒုက္ခ သိပ်ခံစားနေရမှာစိုးလို့ စကားစ ဖြတ်ပြီး ကျွန်တော် မြန်မြန် ပြန်လာတာ" တဲ့။

ကားပေါ်မှာ ကိုမြင့်မောင်က ပြောပြတယ်။

"ဟုတ်တယ် ကိုမြင့်မောင်၊ ပြန်လည်တွေ့ဆုံကြတဲ့အချိန်မှာ ကျွန်တော် စိတ်ဝေဒနာ ဘယ်လိုပဲ ခံစားရ ခံစားရ ရှိပါစေ၊ ကျွန်တော့်အချစ်ဆုံး သားကြီးဟာ အခြေအနေမှန်၊ နေရာမှန်နဲ့ ခုလို တွေ့ရတာ ကျွန်တော် သိပ်စိတ်ချမ်းသာပါတယ်ဗျာ၊ ကဲ... ကြေးမုံ မျှော်နေမယ်၊ ကျွန်တော့်ကို ပုဂံလမ်းထိပ်မှာပဲ ချခဲ့တော့"

ကျွန်တော်ဟာ ဘွဲ့နှင်းသဘင်နောက်ဘက် လမ်းမကြီးကနေ ပုဂံလမ်းဘက် လျှောက်သွားခဲ့တယ်။ ရှေ့ဘက် လမ်းမကြီးပေါ်ကို မလျှောက်ရဲဘူး။ မွေးကို ရက်ရက်စက်စက် နှုတ်မဆက်ဘဲ ထားခဲ့ပြီး အေမီဆီကို တန်းတန်းစွဲ လိုက်သွားတဲ့နေ့က မွေး ငေးကြောင်ကြောင်နဲ့ ကျန်ရစ်တဲ့ သစ်ပုပ်ပင်ကြီးအောက် ကျွန်တော် ဖြတ်မသွားရဲလို့ပါပဲ။ စစ်ကိုင်းအဆောင်ရှေ့ကိုလည်း ဖြတ်မလျှောက်ရဲဘူး၊ လမ်းသွားရင်း အင်းလျားဆောင်ရှေ့ကို ရောက်တော့လည်း ကိုယ့်လိပ်ပြာ ကိုယ် မသန့်တော့ စိတ်ထဲမှာလေ အင်းလျားဆောင်သူတွေကပဲ လက်ညှိုး ငေါက်ငေါက် ဝိုင်းထိုးပြီး..

"ဘယ့်နှယ်.. ဖရက်၊ တခါက ကားမျိုးစုံနဲ့ မိန်းကလေး အဆောင်တွေကို ခြေတော်တင်ခဲ့တဲ့ သူကြီး၊ ခုတော့ ဘယ်ဘဝ ရောက်နေပြီလဲ"

လို့ လိုက်ပြောတော့မလိုပဲ။ ကျွန်တော် လန့်ဖျပ်ပြီး လမ်းလျှောက်ရင်း

ချောက်ချား လိုက်တာ။ ရှေ့က မောင်းလာတဲ့ ကားတစီးကတောင် သူက ဦးအောင် ရှောင်လိုက်ပေလို့၊ နို့မို့ရင် ကျွန်တော် သေမှာ။

တက္ကသိုလ်နယ်မြေက နတ်ကြီးတယ်နော်။ သူ့ကို အောင်မြင်စွာနဲ့ စွန့်ခွာခဲ့သည်ဖြစ်စေ၊ လက်မြှောက် ဆုတ်ခွာခဲ့သည်ဖြစ်စေ၊ အောင်မြင်စွာ ဆုတ်ခွာခဲ့သည်ဖြစ်စေ နှစ်ပေါင်းကြာလို့ ဒီမြေကို ပြန်နင်းတဲ့အခါကျရင် သစ်ရွက်ကလေးတွေဟာလည်း ခေါင်းချင်းဆိုင်လို့ အတိတ်ဒဏ္ဍာရီ တွေကို တီးတိုး အတင်းပြောကြတယ်၊ အင်းလျားကန်လယ်က ရေဂယက် လှိုင်းလေးတွေဟာ ကမ်းစပ်ကို ပြေးလာတွေ့ထိပြီး ထူးခြားဆန်းကြယ်တဲ့ ကန်လယ်ကျွန်းပုံပြင်နဲ့ ရေပြင်အောက်က ကြေကွဲစရာ အကြောင်းတွေကို ပြန်ပြောင်းလို့ ပြောကြတယ်လေ။

ခုတော့ အသည်းနှလုံးအပြည့် ရှိပါသော ကျွန်တော် တင်အောင်ထွန်းဟာ သူတို့က တီးတိုးသံအုပ်နဲ့ စကားတင်း ဆိုပေမယ့် ကျွန်တော့်နားမှာ မခံသာအောင် ကျယ်လောင်လာလို့ အမယ်လေး... နားပိတ်ပြီး ပြေးတော့မလိုပဲ။ ကျွန်တော် သုတ်ခြေတင် လျှောက်လိုက်ရတာ..။

“ကိုကြီးတာကလည်း သွားနေတာ ကြာလိုက်တာ၊ လာ ကားပေါ်တက်”

ဆိုတဲ့ ဝတ်မှုန်အသံ ကြားတော့မှ ပုဂံလမ်းထိပ် ရောက်လာမှန်း သိတော့တယ်။

“ဟင်.. ဘယ်ကားပေါ် တက်ရမှာလဲ”

ဝတ်မှုန်ဟာ ကားတံခါးကို ဆွဲဖွင့်ပေးပြီး ကျွန်တော့်ကို တက်ခိုင်းတယ်။ ကားပေါ်မှာ ဒရိုင်ဘာတယောက်ပဲ ပါတယ်။ ကျွန်တော်လည်း ကြောင်တိကြောင်တက်နဲ့ ကားပေါ် တက်သာလိုက်ရတယ်။ ဝတ်မှုန် ဘယ်ဇာတ်ခင်းလာမှန်း မသိဘူး ခင်ဗျ။ ကားပေါ် ရောက်လာမှ သူက အေးအေးဆေးဆေး ပြောပြတယ်။

“ဒီကားက ဆရာစံဝင်းရဲ့မိတ်ဆွေ ဆရာမရဲ့ကား၊ ဆရာမက သူ မအားတော့ ကားချည်းပဲ လွှတ်လိုက်တာ၊ ခုလေ ဝတ်မှုန်တို့ အလုပ်လုပ်ရမယ့်အိမ်ကို သွားရမှာ၊ ရန်ကုန်က ဒီလိုပဲ သေပြေးရှင်ပြေးချည်းပဲ၊ ထမင်းချက် ဆိုပေမယ့်လည်း မြန်မြန်ထက်ထက် သွားတွေ့နိုင်မှ၊ ဘုရား သိကြား မ,လို့ သူတော်ကောင်းအိမ်နဲ့ တွေ့ပါစေ”

ဝတ်မှုန်က ဆုလည်း တောင်းလိုက်သေးတယ်။ အတိုချုံးပြီး သူ စီမံထားသမျှ ပြောတော့မှ သြော်... ငါ့နှယ် ဖြစ်မှဖြစ်ရလေ။ ဝတ်မှုန်လို

ကျေးတောသူက “ရန်ကုန်မြို့ဆိုတာလေ” ဆိုတဲ့ ရန်ကုန်ဓလေ့အကြောင်း ပြန်လည်ပြောကြားခြင်းကို နားထောင်ရတဲ့ ဘဝပါလားလို့ သက်ပြင်းချမိတယ်။

ကန်တော်ကြီးပတ်ခ်လမ်းထဲက အိမ်ကြီးတအိမ် ဆင်ဝင်အောက်မှာ ကားထိုးရပ်လိုက်တယ်။ ကားဟာ ကျွန်တော်တို့ကို ချခဲ့ပြီး ပြန်ထွက်သွားပါရော။ မိန်းကလေးတယောက်က သံဆွဲတံခါးကို ဖွင့်ပေးတယ်။

“ထိုင်ပါဦး၊ ခုပဲ တယ်လီဖုန်းနဲ့ ဆရာ ဆက်ထားလို့ ကျွန်မ စောင့်နေပါတယ်၊ ဆရာက မအားလို့ သူကိုယ်တိုင် လိုက်မလာဘူး၊ သူ့မိတ်ဆွေကားနဲ့ပဲ လွှတ်လိုက်မယ်တဲ့၊ ဧည့်ခန်းမှာ ဝင်ထိုင်ပါ”

မိန်းကလေးဟာ ရည်ရည်မွန်မွန်နဲ့ စကား လက်ခံပြောပြီး ဧည့်ခန်းထဲ ကျွန်တော်တို့ နှစ်ယောက်ကို သွင်းခဲ့တယ်။ ကျွန်တော်လည်း မူးတူးမောတောကြီး ဖြစ်နေလို့ ဘာကိုမှ အကဲမခတ်နိုင်သေးဘူး။ မျက်နှာ အောက်ချပြီး ဝတ်မှုန်လွယ်အိတ်ထဲက ရှုဆေးအဖြူဘူးလေးကို ရှူနေရတယ်။ ကျွန်တော် နင်းထားတဲ့ မွေးရှည်ကော်ဇောအဖြူကတော့ တကယ့် အထက်တန်း အိမ်တွေမှာမှ သုံးနိုင်တဲ့ ကော်ဇောမျိုးပဲ။

ကျွန်တော်ထိုင်နေတဲ့ ဆိုဖာကတော့ အစိမ်းရင့်ရောင် တရုတ်ဖဲ ဘရိုကိတ်တွေအုပ်ထားတယ် ခင်ဗျ။ အရင်ကတော့ အထက်တန်းလွှာတွေဟာ ဆိုဖာတွေကို ပြင်သစ် ဘရိုကိတ်၊ အမေရိကန် ဘရိုကိတ်၊ ဒါမှမဟုတ်လည်း တရုတ် ဖဲဘရိုကိတ် အရောင်ရင့်ရင့်၊ အဆင်အသွေးကျကျတွေကို တခမ်းတနား အပေါ်က သီးသန့် ဖုံးကြတဲ့ဓလေ့ ရှိတယ်။

ကျွန်တော်တို့အိမ်မှာတော့ သက္ကလတ် အထူစားမျိုး၊ ပန်းကွက် ပန်းနွယ်တွေပါတဲ့ အစနဲ့ အပြီးချုပ်ထားတဲ့ ဆိုဖာကိုသာ မေမေက သုံးတယ်။ သီးသန့်အစွပ် အဖုံးကို မသုံးဘူး။ ကျွန်တော်ဟာ အသက်မှန်မှန် ရှူပြီး ခုမှပဲ အမောဖြေရတယ် ဆိုပါတော့။ ခေါင်းငုံ့ထားဆဲ မြင်ရတဲ့ မျက်စိတပိုင်း အမြင်နဲ့ အိမ်ရဲ့ အခြေအနေကို အကဲခတ် လေ့လာကြည့် ရတာပါ။

“ဩော်... ရောက်နေကြပြီလား”

ဆိုတဲ့ အသံကြားတော့ ကျွန်တော် မော့ကြည့်ရင်း ကြက်သေ သေနေမိတယ်။ အသံရှင်ဟာ ကျွန်တော့်အချစ်ဦး မွေး။ ကျွန်တော် ရောက်နေတဲ့အိမ်ဟာ ချစ်ဦးသူ မွေးရဲ့အိမ်။ ရုတ်တရက်တော့ ထပဲ ပြေးချင်သလိုလို၊ ဝမ်းသာအားရ “မွေး” ဆိုပြီးတော့ပဲ သူ့ကို နှုတ်ဆက် ခေါ်မိတော့မလိုလို ကျွန်တော် ပါးစပ်အဟောင်းသား ဟပြီး ငေးတေးကြီး ဖြစ်နေမိတယ်။ တော်ပါသေး၊ သူ လုံးဝ ကျွန်တော့်ကို မှတ်မိပုံ မရဘူး။

"မနက်ကတည်းက အထွေးက ဖုန်းဆက်ထားတယ်၊ အင်္ဂလိပ်စာဌာနက ဆရာစံဝင်းရဲ့ အဆက်နဲ့ အထွေးလည်း သိတာတဲ့၊ လင်မယား နှစ်ယောက်စလုံးကို စကားပြောကြည့်၊ တွေ့ကြည့်ပါဦးတဲ့၊ အိမ်ကကားက မောင်းတဲ့လူ မရှိလို့ သူ့ကား လွှတ်လိုက်တာ"

"ဟုတ်ကဲ့၊ ကျွန်မတို့ နှစ်ယောက်စလုံး အလုပ်လုပ်နိုင်ပါတယ်"

ဝတ်မှုန်က သွက်သွက်လက်လက် ဖြေလိုက်လို့သာပဲ။ ကျွန်တော့်အနေနဲ့သာဆို အင်း အဲ… နဲ့ ပါးစပ်ကလည်း ပြောထွက်မှာ မဟုတ်ဘူး။ အို - ဘုရား ဘုရား… ဘယ်လိုအဖြစ်ပါလိမ့်။ မွေးလည်း ကိုယ်ရေတွေ စစ်လို့။ ဒါပေမင့် ကျွန်တော် ချစ်တယ်ဆိုတဲ့ သူ့မျက်လုံးဝိုင်းဝိုင်းလေးတွေကတော့ မျက်ခုံးထူထူ မှောင်မှောင်အောက်မှာ တောက်ပနေဆဲပါပဲ။

"မင်း နာမည်က"

"ကျွန်မ နာမည်က ဝတ်မှုန်တဲ့၊ တောမှာတော့ မယ်မှုန်ပဲ ခေါ်ပါတယ်လေ"

"အိုကွယ်… ဝတ်မှုန် ဆိုတဲ့ နာမည်ကလေးက ချစ်ဖို့ ကောင်းပါတယ်၊ ဒီက နာမည်ကကော"

"ဟိုသင်းလေ၊ ဝတ်မှုန်ကတော့ ကိုကြီးတာလို့ ခေါ်တယ်၊ သူ့နာမည်က ကိုဖိုးတာပါ၊ ဆရာစံဝင်းကတော့ ပြောလိုက်ပါတယ်၊ ငါ့အသိ ဆရာမရဲ့အစ်မအိမ်တဲ့၊ ဆရာမကားနဲ့ ကမန်းကတန်း ကိုကြီးတာကို ခေါ်ပြီး လိုက်လာတာ၊ နေရမယ့် အိမ်ရှင်နာမည်တွေတောင် ဝတ်မှုန် မမေးမိခဲ့သေးဘူး၊ ဆရာက နင်တို့ စကားပြောလို့ နှစ်ဦးနှစ်ဖက် ကျေနပ်မှ သူတို့အိမ် နောက်တန်းလျှားမှာ ပစ္စည်းတွေ ပြန်ယူတဲ့"

"သြော်… ဆရာစံဝင်းတို့၊ ဒေါ်ခင်အေးကြည်တို့အိမ်မှာပဲ နေကြတာကိုး၊ မမမွေးအကြောင်း ဆရာစံဝင်းက ပြောမပြဘူးလား"

"ခဏ တည်းတာပါ၊ သူလည်း မအားလှဘူး"

မွေးဟာ ကျွန်တော်တို့ကို ကြည့်ပြီး လက်ညှိုးထိုးရင်းက -

"ကိုဖိုးတာက မာလီ လုပ်တတ်လား"

ကျွန်တော် ခေါင်းခါပြနေတုန်း ဝတ်မှုန်က ကောက်ကာင်ကာ ဖြေလိုက်တယ်။

"သူ မာလီ မလုပ်တတ်ဘူး မမ၊ ကားမောင်းတော့ ကျွမ်းကျင်ပါတယ်၊

သူ့မျက်လုံးနဲ့ ပတ်သက်ပြီး မစိုးရိမ်ပါနဲ့၊ မမ သူ မောင်းတာကို စီးကြည့်ပါဦးလေ၊ ကိုကြီးတာကလေ ရွာမှာ လယ်ထွန်စက်တွေ မောင်းနေကျ၊ ကျွဲအုပ်ကို အရှောင်လိုက်၊ လမ်းဘေးတဲနဲ့ တိုက်ပြီး မျက်နှာလည်း ရုပ်ပျက်ဆင်းပျက် ဖြစ်၊ ခြေထောက်လည်း ထိသွားလို့ပါ”

ဝတ်မှုန်ဟာ ရုတ်တရက် ထိုးဇာတ်နဲ့ ဖြေလိုက်ပေလို့ ကျွန်တော်ဖြင့် ဘာဖြေရမှန်း မသိဘူး။

“ရုပ်ပျက်ရုံသာပဲ ဖြစ်ပေလို့ပေါ့၊ မျက်လုံးအိမ်ပါ ပျက်သွားရင်တော့ ပြီးရော ပြီးရော၊ ကိုဖိုးတာ ဘာမှ လုပ်စားလို့ ရမှာ မဟုတ်ဘူး”

“ဟုတ်… ဟုတ်ကဲ့”

လို့ ကျွန်တော့်အသံ ထစ်အဲ ထစ်အဲနဲ့ ထွက်သွားတယ်။ သူများအပူ၊ သူများအဖြစ် ဒုက္ခကို ရင်းရင်းနှီးနှီး ကိုယ်တိုင် ခံစားရသလိုပဲ ပြောတတ်တဲ့ မွှေးရဲ့ဟန်ပန်ကတော့ ငယ်ငယ်တုန်းက အတိုင်းပဲ။

“ဆရာစံဝင်းအိမ်ကဆိုတော့ မမမွှေး စိတ်ချပါတယ်၊ သူဟာ မမမွှေးရဲ့မိတ်ဆွေရင်း တယောက်ပါပဲ၊ မမမွှေး တကယ်လိုချင်တာက ထမင်းချက်ပါကွယ်၊ ဝတ်မှုန်က ချက်တတ် ပြုတ်တတ်ရဲ့လား”

“မမ ခိုင်းကြည့်ပါ”

“အေးပေါ့လေ၊ မင်း ချက်ကျွေးရမှာက ပြေးကြည့်မှ မမ တယောက်တည်းပါ”

ဒီတော့မှ ကျွန်တော်ဟာ မွှေးတယောက်တည်း နေတယ် ဆိုတာကို သိတယ်။

“တူမလေးတွေ၊ တူလေးတွေက ကိုကိုနိုင် ဆုံးကတည်းက လာပြီး စောင့်ရှောက်ကြတယ်၊ ဓာတ်မသိတဲ့ သူတွေကိုလည်း မမက အိမ်မှာ မထားရဲဘူးလေ”

“ဟုတ်ပါတယ် မမရယ်၊ ကျွန်မတို့ကလည်း အိမ်ရှင်တွေကို အဆိုး မဆိုပါဘူး၊ တချို့ အိမ်ဖော်တွေ ဇာတ်ထုပ်က ခပ်ရှုပ်ရှုပ်ရယ်”

“မမအနေကလည်း လူတန်းစား မခွဲပါဘူး၊ အားလုံးကို ခွင့်လွှတ်နိုင်ပါတယ်၊ မမ သတိထားတာက အရက်သမား ဖြစ်နေမှာရယ်”

ကျွန်တော်လေ မျက်နှာ ဘယ်ထားရမှန်း မသိဘူး။ ရုတ်တရက် မျက်နှာ

လွဲလိုက်ရတယ်။ မွှေးကတော့ ဣန္ဒြေမပျက် သူ့စကား သူ ဆက်ပြောတယ်။

"မမရဲ့အစေခံတန်းလျားက နာမည်ကသာ အစေခံတန်းလျားပါ၊ တခါတည်း တည်းခိုရိပ်သာလို သပ်သပ်ရပ်ရပ်၊ ကိုကိုနိုင့်မိဘတွေက ဆောက်ထားခဲ့တာ၊ အောက်ထပ်က ကားထားပြီး အပေါ်မှာ ကားမောင်းတဲ့သူတွေ၊ ထမင်းချက်တွေ ထားတယ်၊ ဒီလို အိမ်မျိုး ထမင်းချက် စုံတွဲ၊ မာလီ လင်မယား စုံတွဲတွေက သိပ်နေချင်တာပေါ့"

"ဟုတ်ပါတယ် မမရယ်၊ အပျို ထမင်းချက်တွေက အရေးမကြီးဘူး၊ ကျွန်မတို့ အိမ်ထောင်သည်တွေက အိမ်ခန်း မရရင် မလုပ်နိုင်ဘူး"

အမျိုးသမီးနှစ်ယောက်ဟာ လက်ရှိ အလုပ်သမား အိမ်ထောင်သည်ဘဝကို နှစ်ဖက်အမြင်နဲ့ တင်ပြနေဆဲမှာ ကျွန်တော်ကတော့ မကြား တချက်၊ ကြား တချက်ပဲ။ ချစ်သူအပါး ပြန်ရောက်လာလို့ ဝမ်းသာရမှာလား၊ ကျွန်တော့်ကို ရိပ်မိမလား၊ ကျွန်တော် အရက် သောက်တာ သိရင် အလုပ်မှ ပေးပါ့မလား။

ကျွန်တော့်အတွက် အရေးမကြီးပါဘူး။ ဝတ်မှုန်ကို ခုလို လူနည်းနေည်းနဲ့ စေတနာ ကောင်းတဲ့ အိမ်မှာသာ လုပ်စေချင်တယ်လေ။ မွှေးက ဆက်ပြောတယ်။

နေချင်သူ ပေါတိုင်း လက်မခံရဲဘူး ဝတ်မှုန်ရဲ့၊ အရက်သောက်တတ်တာထက် သူတို့နောက်ပိုင်း လိုက်ကြည့်ရင် မှောင်ခိုအဆက်ချည်း များတယ်၊ တချို့များ သေးသေးဖွဲဖွဲ မဟုတ်ဘူး၊ ဂိုဏ်းကြီးတွေနဲ့ဆက်ထားတာ၊ အိမ်ရှင်ကတော့ ဘာသိမလဲ၊ မမမွှေးရဲ့မိတ်ဆွေ ဆရာဝန်တယောက် ထိပြီးပြီလေ၊ သူကတော့ ထမင်းချက်လင်မယားကို စိတ်ချလက်ချ ခေါ်ထားလိုက်တာ၊ သက်ဆိုင်ရာက လိုက်လာစစ်ဆေးတော့မှ သူ့အစေခံတန်းလျားဟာ မှောင်ခို ရွှေချောင်းနဲ့ ကျောက်စိမ်း ကုန်ကူးနေတဲ့သူတွေကို ဆက်သွယ်ပေးတဲ့နေရာ ဖြစ်နေတော့တယ်၊ ပတ်ဝန်းကျင်ကရော၊ လုံခြုံရေးအရာရှိတွေကရော ဆရာဝန်ကြီးကိုပါ ဒီကိစ္စထဲမှာ သဘောတူ ခွင့်ပြုထားတယ် အောက်မေ့လို့ မနည်း ရှင်းရတယ်"

"ဝတ်မှုန်တို့ကို ဆက်ဆံကြည့်၊ ခိုင်းကြည့်ပါ မမရယ်၊ ဝတ်မှုန်တို့က မြစ်ဝကျွန်းပေါ် ဘက်ကပါ၊ မော်လမြိုင်ဘက်က မဟုတ်ပါဘူး"

"ဪ... ဟုတ်လား၊ မမကလည်း ဝါးခယ်မသူ၊ နာမည်က မွှေး... တဲ့"

မွှေး... မွှေး.. သူ ဝါးခယ်မမြို့လေးကိုဖြင့် ဘယ်တော့မှ မမေ့ဘူး။ အမွှမ်းတင်လိုက်ရတာ အမော။

"ဒီလိုလုပ်ပါလေ၊ အချိန်လည်း မရှိဘူး၊ မမလည်း နားချင်သေးတယ်၊

ဝတ်မှုန်တို့ နေရမယ့် တန်းလျားကို မမ လိုက်ပြမယ်၊ ဒီမှာအိပ်၊ မနက်စောစောမှ ကိုဖိုးတာ ကားမောင်း ဘယ်လောက် ကျွမ်းကျင်လဲ သိရအောင် စမ်းရင်း မမနဲ့အတူ ဝတ်မှုန်တို့ပစ္စည်းတွေ ဆရာစံဝင်းတို့အိမ် သွားယူမယ်၊ မကောင်းဘူးလား၊ စိတ်ချလက်ချ နားနော်၊ ဒါနဲ့ ဒါနဲ့ ဝတ်မှုန်ပါးက အဖြူကွက်တွေကကော ဘာဖြစ်တာလဲ"

"ဟိုသင်းပါ မမ၊ ကိုကြီးတာရယ်... ထွန်စက်မောင်းတဲ့ ကားမှောက်တော့ ဝတ်မှုန်လည်း အတူပါတယ်၊ ကားရဲ့ဒီဇယ်ဆီနဲ့ ဘယ်လိုဖြစ်တယ် မသိဘူး၊ လမ်းဘေးထဲက ထမင်းချက်ဆဲ မီးဖိုနဲ့ သွားတိုးတာ၊ မီးလောင်တော့ မီးရှိန် ဝတ်မှုန် မျက်နှာကို ဟပ်သွားလို့ပါ"

"ဘုရား မ,တာပဲ၊ အေးကွယ်... တချို့တောတွေမှာ ဒီမြေထွန်စက်တွေကို နေရာတကျ မသုံးတတ်တော့ ကားမှောက်မှုတွေ ခဏခဏ ဖြစ်ရတယ်၊ ရောဂါဆိုရင်လည်း ပြောနော်၊ မမမွေး ကုပေးမယ်၊ ကျိတ်ပြီး ဘာမှမလုပ်နဲ့၊ ဆရာဝန်မကြီး ဒေါ်မြမြအေးဆိုတာ မြရတနာ ဆေးတိုက်ပိုင်ရှင်၊ သူကလည်း မမကို ညီမလေးလိုပဲ အထူးပဲ စောင့်ရှောက်ပါတယ်၊ တီဘီရှိလည်း ပြော၊ အခု အန်ကယ်ဦးသန်းအောင် ဆုံးသွားပေမယ့် ဆရာဝန်ကြီး ဦးကိုကိုကြီးတို့ ဒေါက်တာစောအောင်တို့ ဆိုတာတွေကလေ မမကိစ္စကို ကူညီကြပါတယ်။ အရေပြားရောဂါ ဆိုလည်း ဒေါက်တာဝင်းကြည်တို့၊ ဒေါက်တာစောလွင်တို့ ရှိတယ်၊ ကြိတ်မှိတ်သာ တိတ်တိတ်ပုန်း လုပ်မနေနဲ့ သိလား ဝတ်မှုန်၊ အခု မမကို အမြဲကုနေတဲ့ မိသားစုဒေါက်တာကတော့ မမရီ.. တဲ့"

ကဲဗျာ... ဘယ်တုန်းကများ စကားတွေ ပြောဖို့ စုထားလည်း မသိဘူး။ မွေးရယ်လေ... တောက်လျှောက်ကြီး ပြောနေလိုက်တာ၊ ဆရာဝန်အသိကလည်း စုံလည်း စုံပါပေ့၊ သူ့ကို ကြော်ငြာခိုင်းတာ ကျနေတာပဲ။ ဝတ်မှုန်က ပြုံးစိစိ နားထောင်ရာက စိတ်မလုံတဲ့ မျက်နှာလေးနဲ့ ခပ်ဖြည်းဖြည်း ပြောပြတယ်။

"မမကို ဝတ်မှုန် တခု ပြောပြပါရစေ"

"အို... ပြောပြပါကွယ်၊ မမကလေ အိမ်ရှင်နဲ့ အလုပ်သမားပေမယ့် တိတိလင်းလင်း၊ ရိုးရိုးသားသား ဆက်ဆံရင် သိပ်သဘောကျတာ"

"ဟိုသင်းပါ... သူရယ်လေ... သူ သူ... ကိုကြီးတာ အရက်သောက်တတ်တယ်"

ဝတ်မှုန်က ကျွန်တော့်ပေါင် ဆိတ်လိုက်လို့ ကျွန်တော်လည်း တွန့်ခနဲ ဖြစ်ရာက -

“ဟုတ် ဟုတ်… ဟုတ်ပါတယ် ခင်ဗျာ”

လို့ ပြောလိုက်တယ်။

“ဒါပေမင့် မမရယ်၊ အလုပ်ခွင်မှာ၊ နေ့လယ်မှာ သူ လုံးဝ မသောက်စေရပါဘူး၊ ဝတ်မှုန် အာမခံပါတယ်၊ ဟိုလေ… အိပ်ခါနီးလေးမှာတော့ သူ ငြိမ်ငြိမ်သက်သက် အိပ်ပျော်သွားအောင် ဝတ်မှုန် တခွက်တော့ တိုက်ပါရစေ”

ကဲလေဗျာ၊ ကျွန်တော့်ရဲ့ကြေးမုံ၊ မြကြေးမုံ ခေါ် ဝတ်မှုံဟာ ဘယ်လောက်များ ချစ်စရာ ကောင်းလိုက်လေသလဲ၊ မွေးဟာ ခဏလေး စဉ်းစားနေဆဲမှာ ဝတ်မှုန်က…

“ကျွန်မတို့အပေါ် မမက ကောင်းတော့ ဝတ်မှုန် မလိမ်ချင်ဘူး၊ ဒါကြောင့် ဖွင့်ပြောရတာပါ”

“မမကို ဒီလို ဖွင့်ပြောတာ အများကြီး ကျေးဇူးတင်ပါတယ်ကွယ်”

မွေး စကားမဆုံးသေးဘဲ ခပ်ငေးငေးလေး စဉ်းစားနေဆဲမှာ ကျွန်တော့်ရင်ထဲ တဒိတ်ဒိတ် ခုန်လာတယ်။ တံတွေးနင်သလို ဖြစ်လာပြီး သူ့အဆုံးအဖြတ် ထွက်လာမယ့် စကားလုံးကို မျှော်လင့်ကြီးစွာနဲ့ စောင့်စားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ခင်နှင်းယု ဘဝအခြေတွေ ဘယ်လိုပဲ ပြောင်းလို့ သမ္မာအာဇီဝ လုပ်စားကြရပေမယ့် ကျွန်တော့်လိုကောင် သူများအိမ်မှာ ဒရိုင်ဘာ လုပ်ရမယ့်အဖြစ်ဟာ အင်မတန် စိတ်ပင်ပန်းပါတယ်၊ ရှင်းရှင်းပြောရရင် မွေးကသာ ကျွန်တော့်ကို အလုပ်မပေးရင် ရွာပြန်၊ အဘဆီမှာပဲ… အဘ ယာတောကိုပဲ ကူတော့မယ်။ ကိုမြင့်မောင်ဆီမှာ ဒရိုင်ဘာ ဝင်လုပ်လို့ရတောင် ကျွန်တော့်ချစ်ဦးသူ မွေးအပေါ်ထားတဲ့ စေတနာမျိုး ကျွန်တော်ဟာ ကိုမြင့်မောင်မိန်းမအပေါ်မှာ မထားနိုင်ဘူးလေ။ မွေးအပေါ်မှာတော့ တင်ခဲ့တဲ့ ချစ်ကြွေး ရှိတယ်။ ဒီကြွေးကို ဆပ်ရမယ်။ ချစ်ကြွေးကို ဆပ်ချင်တဲ့သဘောနဲ့ စေတနာ သက်ရောက်စွာပဲ လုပ်ချင်တယ်။ ကောင်းသော စေတနာ ဦးတည်ချက် မရှိဘဲ ကျွန်တော် အလုပ် မလုပ်ချင်ဘူး။ ကျွန်တော်ဟာ ယစ်ထုတ်ကြီး တင်အောင်ထွန်းအဖြစ် ဖြစ်ချင်တာတွေ ဖြစ်ခဲ့ပေမယ့် အရာရှိဖြစ်ခဲ့တဲ့ အလုပ်သက်တမ်းတလျှောက်မှာ ကိုယ့်အလုပ်ကိုတော့ ကိုယ် ရိုသေခဲ့တဲ့ လူတယောက်ပါ။

ချစ်ဇနီးလေး ဝတ်မှုန် ပြောသလိုပဲ၊ တခြား ကြေးရတတ်အိမ်တွေမှာ ရရာအလုပ် ဝင်လုပ်ဖို့က လူပေါင်းစုံ အစေခံတန်းလျားမှာ ကျွန်တော် အများနဲ့ ရောနှောမနေနိုင်ဘူး။ အဘ ယာတောတဲလေးမှာ အသက်ဝဝရှူပြီး နေတော့မယ်။

“ဒီလိုဆို… ကိုဖိုးတာကို မွေး.. မွေး ချွတ်ရဦးမှာပေါ့နော်”

သူ့စကားသံ ကြားတော့မှ အတွေးပြတ်သွားတော့တယ်။

"ဟင်... မွေး... ဟုတ်ဘူး၊ မမ ကျွန်တော့်ကို ချတ်မယ်လား"

ကျွန်တော်လေ သူ့စကားကို ကြားရလို့ ဘယ်လောက် ဝမ်းသာသွားသလဲ မသိဘူး။ စကားတွေတောင် စွတ်ရွတ် ထွက်သွားတယ်။

"ဒီလိုလုပ်ပါ၊ တပတ်နေကြည့်၊ ကိုဖိုးတာတို့ နေပုံထိုင်ပုံ ကျေနပ်ရင် မွေးကလည်း အလုပ် ဆက်ခန့်မယ်၊ မွေး နေပုံထိုင်ပုံကိုလည်း ကိုဖိုးတာတို့က သဘောကျရင် ဆက်လုပ်ပေါ့... ဟုတ်လား"

"ကျေးဇူးတင်လိုက်တာ မမရယ်၊ ဝတ်မှုန် ဝမ်းသာလိုက်တာ"

"မွေးလေ... ဘဝ ဘဝ ဝဋ်ဆင်းရဲတွေကို အခုဘဝ စုခံရသူမို့ သူများဒုက္ခကို ကိုယ်ဖိရင်ဖိ ကူညီတာပါ၊ ဝတ်မှုန်ကလည်း လိမ္မာမှာပေါ့၊ ကိုဖိုးတာ အရက်ဖြတ်ဖို့ကိစ္စမှာ ဝတ်မှုန်လည်း ကူရမယ်နော်"

"ကူပါ့မယ် မမရယ်"

ဝတ်မှုန်ကလည်း ပြုံးစိစိနဲ့ ကျွန်တော့်မျက်နှာတလှည့်၊ မွေးမျက်နှာတလှည့် ကြည့်ပြီး ပြန်ဖြေတယ်။

"ကဲ... နားကြဦး၊ ပင်ပန်းမယ်၊ အန္တွ့ရေ... တန်းလျားသော့ယူပြီး အန်တီမွေးနောက်ကို လိုက်ခဲ့"

ကျွန်တော်နဲ့ ဝတ်မှုန်ဟာ မွေး လျှောက်သွားရာနောက်ကို လိုက်သွားကြတယ်။ သူပြောတဲ့အတိုင်း မှန်တယ်ဗျာ။ ကျွန်တော်တို့ သူဌေးမျိုး မိသားစုနဲ့ အိမ်တွေက အစေခံ တန်းလျားတွေထက်တောင် သန့်ရှင်းသပ်ရပ်တယ်။ လေကောင်းလေသန့်တွေ ရတယ်။ မွေးဟာ အန္တွ့ဆိုတဲ့ မိန်းကလေးလက်ထဲက သော့ယူပြီး ကျွန်တော်တို့လက်ထဲအပ်တယ်။ ကျွန်တော်တို့ လင်မယားကို နှုတ်ဆက်ပြီး သူ့အိမ်ကြီး ရှိရာကို ပြန်သွားတယ်။

မကြာခင်ပဲ အန္တွ့က စောင်တို့၊ ခြင်ထောင်တို့ ပိုက်ပြီး တခေါက် လာပို့တယ်။

"အန်တီမွေးကလေ သူ ရန်ကုန် လာနေစက သူ့အဒေါ်ရဲ့အစေခံတန်းလျားမှာ နေခဲ့ရတယ်၊ ညစ်ပတ်ပေရေပြီး အမိုးက မလုံဘူး၊ မိုးယိုသတဲ့၊ ဒါကြောင့် ဒီအိမ်ကြီးကို သူ့ယောက္ခမဆီက အမွေရတော့ ဒီတန်းလျားကို ပိုမိုပြီး သပ်ရပ်ကောင်းမွန်အောင် ပြုပြင်ထားတာပါ၊ သန့်ရှင်းဖို့ရယ်၊ ထမင်းချက်စားတဲ့အခါ ထမင်းရည် အရမ်းသွန်တာရယ်၊ ထမင်းကျန်၊ ဟင်းကျန်ကို

ပရမ်းပတာ စွန့်ပစ်တာရယ် သူ မကြိုက်ဘူး၊ တန်းလျားနောက်မှာ အမှိုက်တွင်း ရှိပါတယ်၊ ထည့်ပါနော်”

ကျွန်တော်တို့ ဘယ်လို နေထိုင်စေချင်တယ်ဆိုတာ အန္တကြ ပြောပြတယ်။

“အန္တကြ မမမွှေးနဲ့ ဘာတော်သလဲ”

ဝတ်မှုန်က မေးလိုက်တယ်။

“အဒေါ်ဝမ်းကွဲပါ၊ ကျွန်မက သော်ကရွာသူ၊ သော်ကရွာက မူလတန်းမှာ ကျောင်းဆရာမ၊ ကျောင်းမဖွင့်ခင် ခဏလာနေတာ ဝတ်မှုန်တို့သာ ဒီမှာ မြဲနေရင်တော့ ကျွန်မတို့ အန်တီမွှေးအတွက် စိတ်ချရတာပေါ့”

“စိတ်ချပါကွယ်၊ ဝတ်မှုန်တို့က သူ စိတ်ချမ်းသာအောင် နေမှာပါ၊ ဝတ်မှုန်တို့ကိုသာ မမက ကြိုက်၊ မကြိုက် မသိရတာ”

“သူ အစားအသောက် ဘာမှ ကြေးမထူဘူး၊ ကျွေးတာနဲ့ စားတာပဲ၊ ညစ်ပတ်တာနဲ့ ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် မနေတတ်တာကို မကြိုက်ဘူး၊ နေတဲ့သူတွေက စည်းကမ်း မရှိတော့ ကြွက်ပြဿနာ သိပ်ဖြစ်တာပဲ၊ စေတနာလည်း ကောင်းပါတယ်၊ စေတနာဟာ ရတနာတပါးပါပဲ၊ ရတနာရှိရာ ရတနာစု ဆိုသလို သူ့စေတနာကောင်းလို့လား မသိဘူး၊ အန်တီမွှေး အိုဇာတာ သိပ်ကောင်းတာပဲ”

ဝါးခယ်မသူများ တယ်စကားပြော ကောင်းတယ်နော်။ အန္တလည်း စကားပြော ကောင်းလိုက်တာ၊ ကျွန်တော်တို့ ငေးပြီး နားထောင်ယူရတယ်။

“သူ့ညီမတွေ ရှိသားပဲ၊ အန်တီလေးရယ်၊ အန်တီထွေးရယ်၊ ဘယ်သူ့အိမ်မှလည်း သူ လိုက်မနေဘူး၊ သူ့ဟာသူပဲ၊ ဦးလေးနိုင် ဆုံးကတည်းက ဖြစ်အောင် နေတယ်၊ ကဲ… ဝတ်မှုန်၊ အန္တနဲ့ လိုက်ခဲ့ပြီး ဝတ်မှုန်တို့နှစ်ယောက် စားဖို့ ညစာ လိုက်ယူပါ။

“အဲ အဲ… တခုတော့ ရှိတယ်၊ စကားအလုံး တရာပြောရင် သူ့ယောက်ျားအကြောင်းကတော့ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း ပါလိမ့်မယ်နော်၊ အဲဒါကိုတော့ နားမငြီးလေနဲ့” တဲ့။

အန္တလည်း စကားစသတ်ပြီး မမကြီးရှိရာကို ပြန်သွားရော။ အဲဒီညဟာဖြင့် ကျွန်တော့်ချစ်ဦးသူရဲ့မေတ္တာရိပ်ကို ပြန်လည်ခိုလှုံရတဲ့ညဆိုရင် မမှားပါဘူး။ ကိုယ့်အိမ်မှာခိုင်းတဲ့ ဒရိုင်ဘာနဲ့ ထမင်းချက်ကို ပေးတဲ့ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးတွေမှာတောင် ပရုတ်လုံးနဲ့ မွှေးပြီး အဟောင်း ဖြစ်သော်လည်း ဖွပ်လျှော်ထားလို့ သန့်ရှင်းနေတာပဲ။ ဪ… မွှေး… နာမည်တင်မက

ဘဝရဲ့တတိယအရွယ် ကံကြမ္မာဟာလည်း မွေးပါစေ။ နောက်တဘဝ လားရာဂတိလည်း မွေးပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။

ဝတ်မှုန်ဟာ ကျွန်တော့်ရင်ခွင်ထဲမှာ အိပ်ရင်း သူလည်း သူ့စိတ်ကူး၊ သူ့ဆန္ဒကို ပြောပြတယ်။

"ကိုကြီးတာရယ်၊ ခုထိ တည အမြင်အတွေ့ပေါ့၊ မမမွေးဟာ သိပ်စိတ်ကောင်းရှိပုံ ရတာပဲ၊ ဝတ်မှုန်တို့ကလည်း သူ့ဆန္ဒကို အပြန်အလှန် လေးစားရမှာပေါ့၊ ဝတ်မှုန်လေ သူ့ကို စားရေး သောက်ရေး လိုလေသေး မရှိအောင် ဝတ်မှုန် တတ်နိုင်သမျှ လုပ်ပေးမှာပဲ၊ သန့်ရှင်းသပ်ရပ်အောင် လည်း နေတတ်ပါတယ်။ ကိုကြီးတာကလည်း သူ စိတ်ချမ်းသာအောင် အရက်ကို တဖြည်းဖြည်း ဖြတ်နော်၊ သုံးခွက် သောက်မယ့်အစား တခွက်ပေါ့၊ တခွက် သောက်မယ့်အစား တဝက်ပေါ့၊ ဒီလိုနဲ့ တဖြည်းဖြည်း ပြတ်အောင် ကြိုးစားပါ ကိုကြီးတာရယ်"

"အေးပါဟယ်"

"ဘာဖြစ်လို့ဆိုတော့ ကိုကြီးတာ စိတ်ချမ်းသာအောင်လို့ မြို့ကို ဝတ်မှုန် လိုက်လာတာ၊ ဆရာ ဦးအောင်ဝင်းဖေရဲ့ဇာတ် ပြန်ပြီးထူထောင်ဖြစ်တောင်မှ ဝတ်မှုန် ဒီမျက်နှာ၊ ဒီရုပ်နဲ့ ကလို့ မဖြစ်တော့ဘူး၊ တခြားအိမ်တွေမှာလည်း ဝတ်မှုန် အစေခံ မလုပ်ချင်ဘူး၊ တခြားအိမ်တွေမှာ လုပ်မယ့်အတူတူ အဘတို့ လယ်တောကို ပြန်မယ်နော်"

"အေးပါဟယ်၊ ငါလည်းလေ ဝတ်မှုန်လိုပါပဲ၊ မွေးကသာ အလုပ်မခန့်ဘူးဆိုရင်တော့ အဘဆီပဲ ပြန်မယ်၊ တခြားမှာတော့ မလုပ်ဘူးလို့ စိတ်ကူးထားတယ်"

ကျွန်တော့်ချစ်ဇနီးလေး ဝတ်မှုန်ဟာ ကျွန်တော့်ရင်ခွင်ထက်မှာ အိပ်ပျော်သွားပါတယ်။ ကျွန်တော်လည်း ညဦးပိုင်းမှာ မောမောနဲ့ အိပ်ပျော်သွားတယ်။ ကျွန်တော် တရေးနိုးချိန်မှာ တခြံလုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်တော့်အနေနဲ့ မွေးဟာ ချစ်ဦးသူ ဖြစ်သော်လည်း အကြောင်းမပါလေတော့ ကံမဆုံခဲ့ကြဘူး။

ရွှေငွေအတိ ပုံလျက်နဲ့ အဆင်းကလည်း သူဇာလို လှပတဲ့ မအေမီနဲ့ ဖူးစာဆုံခဲ့ပါသော်လည်း ဇနီးလို မဟုတ်သော မယားမို့လို့ ကျွန်တော်ဟာ ခုထိ သူ့ကြောင့် စိတ်အဆင်းရဲကြီး ဆင်းရဲခဲ့ရတယ်။

ကချေသည် လူထွက် လယ်တောသူမပင် ဖြစ်ပေမယ့်

ကျွန်တော့်လက်ရှိဘဝအတွက် ဝတ်မှုန်ဟာ ပထမတန်းစား ဇနီးသည်ပါပဲ။

ကျွန်တော်လည်း ကိုကိုနိုင်လိုသာ စာဖွဲ့တတ်ရင်တော့-

For the Love of Tin Aung Tun

She made her Love

She made her Home

She made her Culture

လို့ပဲ ရေးပြချင်ပါတယ်။ ဒီနေရာမှာ အင်္ဂလိပ်လိုရေးပြလို့ ဒေါ်ခင်နှင်းယု ခွင့်ပြုပါ။ ဒီစာတန်းတောင် ကိုကိုနိုင်ရဲ့ရည်းစားစာထဲက ကူးယူ ဖော်ပြရတာပါ။

စကားအပြောအဆိုနဲ့ ပတ်သက်လို့လည်း ဝတ်မှုန် ကပြလာခဲ့တဲ့ ရွှေမန်းအောင်ဝင်းဇာတ်မှာ ဇာတ်ဝင်ခန်း စကားတွေ၊ သီချင်းစာသားတွေ ရေးရတဲ့ ဇာနည်ချစ်ဆွေဟာ အသင် အပြ ကောင်းတော့ သူ့ဇာတ်ကထွက်တဲ့ ဇာတ်သမတွေ၊ ဇာတ်အဖွဲ့သားတွေဟာ အပြော အဆို ယဉ်ကျေး သိမ်မွေ့လာတယ်လို့ ဝတ်မှုန်က ပြောပြဖူးတယ်။ ဒါကြောင့်လည်း ဝတ်မှုန်ဟာ မွှေးနဲ့ စကား အပေးအယူ အံဝင်ခွင်ကျ ဖြစ်သွားတာပဲ ကံကောင်းခြင်းတမျိုးလို့ ဆိုရမယ်။

ကျွန်တော်တို့နှစ်ယောက်ဟာ ဒီလိုနဲ့ပဲ မွှေးရဲ့အိမ်မှာ နေဖြစ်သွားပါတယ်။ ဘာမှလည်း ထွေထွေထူးထူး ပြဿနာ မရှိလှဘူး။ ကျောင်းသင်္ခမ်းလို တိတ်ဆိတ်နေတဲ့ အိမ်ကြီးဟာ တခါတလေ ဧည့်သည်တွေ လာမှပဲ အသက်ဝင် လှုပ်ရှားလာတယ်။ မွှေးဟာ အပြင်အပနဲ့ အဆက်အသွယ် မရှိသလောက်ကို နည်းလေတော့ ကျွန်တော်လည်း ကားမောင်းရတဲ့အချိန် နည်းပါတယ်။ အားလပ်ချိန်တွေမှာ ဒုတိယ ယောက္ခမကြီး အဘဦးစံ လယ်တောမှာ သင်ခဲ့တဲ့ ပညာရပ်တွေကြောင့် မွှေးရဲ့ခြံကို ထိပ်တန်းမာလီကြီးတွေလောက် မတော်ပေမယ့် သန့်ရှင်းသပ်ရပ်အောင် ကျွန်တော် လုပ်ပေးနိုင်ခဲ့တယ်။

“ဟောဒီ အုတ်ကန်လေးတွေ အလယ်မှာ သရက်ထည် ပန်းလေးတွေ စိုက်ချင်လို့ မြေဆွပြီး နောက်ချေး ချပေးပါ၊ ဒီပန်းက ပျိုးရာမှာ အနုစိတ်ရတယ်၊ ပျိုးတဲ့ ထင်းရှူးပုံးလေးတွေထဲမှာ မြေမှုန့်ကို ဆန်ခါချပြီးမှ မျိုးစေ့ကို ပျိုးရတာ၊ ဒီအသေးစိတ် အလုပ်တွေတော့ မွှေး လုပ်တတ်ပါတယ်၊ ကိုဖိုးတာကသာ မြေပြင်ပေးနော်”

မွှေးပဲ သူ လုပ်စေချင်တာကို အေးအေးဆေးဆေးပဲ ပြောပြတယ်။

“ကိုကိုနိုင် မဆုံးခင်ကလေ မွေးရဲ့ခြံဟာ ရာသီလိုက် ဆောင်းတွင်းပန်းတွေ၊ နေကြာတို့၊ ပန်းချဉ်ပေါင်တို့နဲ့ ဝေနေတာပဲ၊ တကယ်လှတာ ကိုဖိုးတာရဲ့၊ ကိုကိုနိုင်လည်း ဆုံးရော မွေးလည်း ပုံရက်ကျသွားလိုက်တာလေ၊ နာလန်တောင် တော်တော်နဲ့ မထူနိုင်ဘူး၊ ခြံတခြံလုံး မြက်တောာ မဖြစ်ရုံတမည်ပဲ၊ အင်း... ဟိုကုံ့ကော်ရယ်၊ ပိတောက်ရယ်... စကားဝါရယ်ပဲ မွေးကို သစ္စာရှိတဲ့ ပန်းတွေလို့ ပြောရမယ်၊ မပြုပြင်နိုင်လို့ ပစ်ထားတာတောင်မှ ရာသီချိန်ကျ သူ့အလိုလို ပွင့်ရှာကြတယ်”

မွေးဟာလေ ကျွန်တော် အကြမ်းပေါက်သွားတဲ့ မြေကြီးကို သုံးခွ မြေတူးခက်ရင်းနဲ့ ညှိရာက ကံ့ကော်ပင်ဘက်ကို လှမ်းကြည့်ရင်း သူ့အသံဟာ တိမ်ပြီး တုန်တုန်ရီရီ ဖြစ်သွားရော။ အနွဲ့ ပြောသွားတဲ့ “စကားလုံး ၁၀၀ မှာ ၇၅ ရာခိုင်နှုန်းဟာ သူ့ယောက်ျား ကိုကိုနိုင်အကြောင်း ဖြစ်လိမ့်မယ်၊ ဒါ တခုတော့ သည်းခံ နားထောင်နော်” ဆိုတဲ့စကားကို ကျွန်တော် သတိရသွားတယ်။

“သြော်... သူကိုယ်တိုင် စိုက်ခဲ့တဲ့ အဲဒီပန်းသုံးမျိုးဟာဖြင့် မွေးကို သစ္စာရှိပါတယ်၊ အဝေးကို ပစ်ခွာပြေးထွက်ပြီး မသွားဘူးလို့ ကိုကိုနိုင်သာ တမလွန်ဘဝကနေ သိရင် ပန်းလေးတွေကို သိပ်ကျေးဇူးတင်မှာ၊ ကိုဖိုးတာပဲ ဆက်လုပ်တော့နော်”

ဆိုပြီး တခါတည်း မျက်နှာလေးညှိုးပြီး အိမ်ထဲကို ဝင်သွားပြန်ပါရော ဒေါ်ခင်နှင်းယုရေ...။

သြော်... ဒီစိတ်ဝေဒနာကို သူ ကုစားလို့ မရနိုင်သေးဘူး ထင်ပါရဲ့နော်။

သူပြောတာလည်း ဟုတ်တာပဲ။ နွေဦးမတိုင်ခင်ကပဲ ကံ့ကော်ပန်းဟာ ကြိုပြီးကို ပွင့်တယ်။ ကျွန်တော်နဲ့ ဝတ်မှုန်ဟာ အိမ်ဘုရားမှာ တင်ဖို့ ခူးပေးရတယ်။ တခြံလုံးဟာလည်း ကံ့ကော်ရနံ့နဲ့ မွှေးနေတာပဲ။ အိမ်နီးနားချင်းတွေလည်း ဝေတယ်။ ရွှေတိဂုံဘုရားကြီးကိုလည်း ပွင့်ဦး အကိုင်းလိုက် ချိုင်ပြီး မုခ်လေးဝ အာရုံခံတန်ဆောင်းတွေမှာ ကျွန်တော်နဲ့ ဝတ်မှုန် သွားလှူရတယ်။ သူကတော့ဖြင့် ကားဝေးဝေး မစီးနိုင်လို့ မလိုက်ဘူး။ စံကားဝါ ပွင့်ချိန်မှာလည်း ဒီလိုပါပဲ။

“မမမွေးတို့မှာတော့ အကုသိုလ် နည်းလိုက်တာ၊ တနေ့ တနေ့ ကုသိုလ်ပွားလွန်းလို့ လျှံထွက်နေတာပဲ၊ ကိုကြီးတာကျတော့လည်း အကုသိုလ် မရှိလို့ အကုသိုလ်ရှာတယ်၊ ကိုယ့်ပြဿနာ ကိုယ်တက်ပြီး ဒီအရက်ပဲ သောက်နေတာပဲ၊ ဟင်းနော် ဒါပဲ၊ နောက်လမှာ တပုလင်း လျှော့သောက်ရင်သောက် မသောက်ရင်တော့ မမမွေးကို တိုင်လိုက်မယ်”

ဝတ်မှုန်ဟာ ညဦးယံ ကျွန်တော့်ကို သောက်တော်ရေဆက်ရင်း

လက်ညှိုးလေး တထောင်ထောင်နဲ့ ပြောတဲ့အခါ ကျွန်တော့်မှာ ရယ်ရသေးတယ်။

ဒီဆောင်းဦးပေါက်နဲ့ နွေရာသီမှာ အဘယာတောကို ပြန်လာမယ် ပြောခဲ့သော်လည်း ဒီမှာလည်း အဆင်ပြေနေတာနဲ့ အဘဆီ မပြန်နိုင်သေးကြောင်း ဝတ်မှုန်ကို စာရေးခိုင်းလိုက်ရတယ်။

ညနေစောင်းရင် မွှေးခြံထဲကို ဆင်းဆင်းပြီး လမ်းလျှောက်တယ်။ သူ့လက်ထဲမှာ လက်ဆွဲရေဒီယိုလေး အမြဲ ပါလာတတ်တယ်။ ကျွန်တော်တို့ လင်မယားကလည်း အားလပ်ချိန် ဆိုတော့ ခြံထဲမှာပဲ ဖင်ထိုင်ခုံလေးတွေနဲ့ ပန်းပင်တွေကြားက မြက်ကို ပေါင်းသင်နေတတ်တယ်။ မွှေးဟာ တညနေမှာ သစ်သားခုံလေး တလုံး ကျွန်တော်တို့အနားကို လာချပြီး…

“ကဲ ပေါင်းသင်ရင်း ရေဒီယို နားထောင်၊ မွှေးတော့လေ၊ တခြားသီချင်းတွေ သိပ်နားမထောင်ချင်ဘူး၊ ခေတ်ဟောင်းနဲ့ အနှစ် ၂၀ ခေတ်ပြားတွေပဲ ကြိုက်တာပဲ၊ ကိုဖိုးတာလည်း ကြိုက်မှာပဲ၊ ဝတ်မှုန်ကတော့ ခေတ်ဟောင်းသီချင်းကို အရသာခံတတ်မှာ မဟုတ်ဘူး”

လို့ ပြောတယ်။

“ဝတ်မှုန်က အဆို၊ အက ဝါသနာပါတော့ ဘာသီချင်းဖြစ်ဖြစ် ကြိုက်တာပါပဲ မမရယ်”

“ဟုတ်လား၊ ဒီနေ့ ကြာသပတေးနေ့ ဆိုတော့ ၅ နာရီမှာ ခေတ်ဟောင်း လာမယ်၊ ဒါကြောင့် မွှေး၊ ဝတ်မှုန်တို့အနား ရေဒီယို လာချထားတာ

သူဟာ ကျွန်တော်တို့နဲ့ ခပ်လှမ်းလှမ်းမှာ သူ့ထိုင်ခုံလေးနဲ့ထိုင်ရင်း တရုတ်စံကားပန်းကို ဝါးတံလေးနဲ့ သီနေတယ်။ အဲဒီနေ့ ခေတ်ဟောင်း ဓာတ်ပြားခန်းမှာ ခင်မောင်ရင်ရဲ့ ‘ဆိပ်ကမ်းသာ’ သီချင်း ပါလာတယ်။

“ပိုက်ကြိုးများနဲ့ × တံငါလှေတွေရယ် × ငန်းကို ထောင်ကာ ရေယဉ်ကြောမှာ အမြဲမျှော် ပိုက်ကိုချတယ် × ဝမ်းရေးကိုသာကွယ် × ရှာကြံနေကြတယ် ငါးတန် ရွှေကြင်းရယ် ပေါများကွယ်၊ ဟိုမြစ်လယ် × ငွေလရောင် ပြောင်အလင်း ဝင်းကြည်တယ် × စိတ်မှာလည်း ကြည်နူးဖွယ် × တောတန်းနဲ့ သောင်ကမ်းက သာယာပါပေတယ် × လောင်းလှေတွေများရယ် × ကူးခတ်လို့ နေ့တိုင်းပ ထာဝစဉ် အများအားဖြင့်ကွယ် ပျော်ကြတယ် တို့ကျေးရွာကြီး မြစ်ဆိပ်ကမ်းသာတယ် ××

မွှေးကလေ အဲဒီအပိုဒ်ကျတော့ စိတ်ပါလက်ပါ လိုက်ပြီးဆိုတယ်။ ခေတ်ဟောင်း ဓာတ်ပြားအပိုင်း ပြီးတော့ ရေဒီယိုကို အသံတိုးလိုက်တယ်။

"မွေးဖြင့်လေ ခေတ်ဟောင်းသီချင်းတွေ ကြားရရင် အနှစ် ၂၀ လောက် အသက် ပြန်ငယ်သွားသလိုပဲ၊ ခင်မောင်ရင်ရဲ့ ဆိပ်ကမ်းသာရော၊ တောသားကြီးရော... မွေး သိပ်ကြိုက်တာပဲ၊ ကိုဖိုးတာကော"

"ဟုတ်ကဲ့... ကျွန်တော်လည်း သိပ်ကြိုက်ပါတယ်"

"ဝတ်မှုန်တို့ရွာက မြစ်ကမ်းပါးမှာ မဟုတ်ဘူးလား၊ မွေးတို့ သော်ကရွာကဖြင့် ဝါးခယ်မ မြစ်ကမ်းပါးမှာဆိုတော့ ညနေ အားလပ်ချိန်ဆို ညီအစ်မကလည်း များများနဲ့ ရေဆင်းတံတားလေးမှာ ခုံတန်းလျားကလည်း ရိုက်ထားတယ်၊ အားရပါးရ သီချင်း ဆိုကြတာပဲ၊ လသာတဲ့ညဆို သာပြီး ပျော်သေးတယ်၊ ဝတ်မှုန်ကော ညီအစ်မတွေ မရှိဘူးလား"

"ဝတ်မှုန်က တယောက်တည်းပါ၊ ဒါပေမင့် သာပြီးတော့တောင် သီချင်းဆိုသေးတယ်၊ တယောက်တည်း ဆိုနေရ၊ ကနေရရင် ပျော်တာပဲ၊ မမတို့ သော်ကရွာလို မဟုတ်ဘူး၊ ဝတ်မှုန်တို့ ရွာက မြစ်နဲ့ ဝေးတယ်"

"မွေးတို့ငယ်ငယ်က အပျိုပေါက်စတွေပေမယ့် သိပ်လွတ်လပ်တယ်၊ ရန်ကုန်လိုလည်း အန္တရာယ် မများပါဘူး၊ လသာတဲ့ ညဦးဆို မွေးတို့နဲ့ ခြံချင်းကပ်ရက် ယောကျ်ားလေး သူငယ်ချင်း ဆိုလည်း အတွတ်တို့ လာပြီး သီချင်းဆိုတာပဲ၊ သူကတော့ မေရှင်တို့၊ တင်မောင်တို့ သီချင်းတွေဆို သိပ်ကြိုက်တာပဲ၊ အတွတ်ကလေ ပြီးတော့ ဟိုသင်း ပြည်လှဖေရဲ့ပန်းမဥ္ဇူသီချင်းကို ပိုကြိုက်တယ်၊ ရွှေငုံးမင်း အမြီးမျှော်သလို၊ ကိုဖိုးတာကော စွဲစွဲမြဲမြဲ ကြိုက်တာ ရှိလား"

"ဟုတ်ကဲ့၊ ခေတ်ဟောင်းထဲကတော့ မကြိုက်တာ မရှိပါဘူး၊ အားလုံး ကြိုက်တာပဲ၊ အနှစ် ၂၀ ခေတ်ပြားတွေမှာတော့ ကျွန်တော် ဗိုလ်ကလေးတင့်အောင်ဆိုတဲ့ 'ပြန်လည်၍ တွေ့ဆုံသည့်တိုင်အောင်' ဆိုတဲ့ သီချင်းကို သိပ်ကြိုက်တာပဲ"

"ဟုတ်ပါရဲ့... ဟုတ်ပါရဲ့... သူတို့ညီအစ်ကို သိပ်တော်တယ်နော်၊ အနှစ် ၂၀ ခေတ်ပြားထဲမှာလေ မေရှင်ရဲ့ ချစ်ဘက်သက်လျာ သီချင်းက အလာ သိပ်နည်းတာပဲ၊ သီချင်း စာသားရော၊ အလိုက်ရော သိပ်ကောင်းတယ်၊ မွေးနဲ့ ကိုကိုနိုင်လေ ပန်တပွတ်မှာ နေတုန်းက တပ်ရင်းမှူးအိမ်က မြစ်ကမ်းပါးမှာ၊ ရှေ့တန်းက ပြန်တဲ့ရက်ဆို သူက စန္ဒရား မရှိတော့ ပျင်းတတ်တယ်၊ မွေးကို ယပ်တောင်တချောင်းကိုင်၊ လိုက်ခဲ့လို့ပြောပြီး ရေဆိပ်တံတားမှာ လသာသာ အဲဒီဆိပ်ကမ်းသာသီချင်း ဆိုကြရော၊ မအူပင်မြစ်က ညဆို လရောင်အောက်မှာ သာယာတယ်၊ တကယ်လည်း ငါးမြင်းရင်း ပိုက်ချတဲ့ တံငါလှေတွေ ရှိတယ်၊ ဘာလို့ ယပ်တောင် တချောင်းစီ ကိုင်ရလဲ၊ သိလား"

မွေးက သူ့မေးခွန်း သူ မေးရင်း ဖြေတယ်။

"ခြင်ကိုက်လွန်းလို့ ဝတ်မှုန်ရယ်၊ အဲဒါ ခြင်ပုတ်ရင်း သီချင်းဆိုရတယ်၊ ကိုကိုနိုင် တို့များ ပြော မပြောချင်ပါဘူး"

ဆိုပြီး မျက်နှာလေး ညှိုးသွားပြီး အိမ်ဘက်ဆီ လျှောက်သွားပြန်ရော။

"ကိုကြီးတာ၊ နိဂုံးချုပ်တော့လည်း ဒီဘူတာ ဆိုက်တာပဲနော်""

"ဟဲ့... ဝတ်မှုန်ကလည်း တိုးတိုး ပြောပါဟယ်၊ မမ ကြားသွားပါ့မယ်၊ ငယ်ကပေါင်း အနှစ်တသောင်း မမေ့ကောင်း ဆိုတာ မကြားဖူးဘူးလား"

"ဟုတ်ပါတယ်၊ ဝတ်မှုန်က ဆရာမ အန္တီ့ ပြောခဲ့တာ သတိရလို့ ဦးလေးနိုင်အကြောင်းက စကားအလုံး ၁၀၀ မှာ ၇၅ ရာခိုင်နှုန်း ပါမယ် ဆိုတာလေ"

"ဟုတ်ပါတယ်၊ ဟိုနေ့ကလည်း ကိုကြီးတာကို ပန်းတွေအကြောင်း ပြောရင်းက ကိုကိုနိုင် စိုက်ခဲ့တဲ့ ကံ့ကော်တွေ၊ စံကားဝါတွေ၊ ပိတောက်တွေအကြောင်း ရောက်သွားပြီး မျက်ရည်ဝဲဝဲနဲ့ ထသွားပြန်ရော"

"အင်းပေါ့လေ... ဝတ်မှုန် အဲဒီလို တမြည့်မြည့် ဆွေးမကျန်ရစ်စေချင်ရင် ကိုကြီးတာ အရက်လျှော့သောက်ပါ"

"သူလည်းပဲ နိဂုံးချုပ်ရင် ဒီအရက်ဘူတာ ဆိုက်တာပဲ"

"ဆိုက်ရတာပေါ့၊ အရင် တောမှာတုန်းက စည်းမဲ့ကမ်းမဲ့ကို သောက်တာ၊ ခု မမမွေးအိမ် ရောက်တော့ လျှော့နိုင်သလောက် လျှော့လျှော့သောက်လာတာ ရောဂါကလည်း သက်သာ၊ မျက်နှာလည်း ဘယ်လောက် ကျက်သရေရှိလာသလဲ"

"ကျက်သရေ"

"ဟုတ်တယ်လေ၊ လုံးဝများ အရက်မသောက်တော့ရင် ဘယ်လောက် အသားအရေ ကောင်းလိုက်မလဲ၊ အနာရွတ်မကလို့ ဘာရှိရှိ ကျက်သရေဟာ ကျက်သရေပဲ၊ ကိုယ့်လင်တော့ ကိုယ်လှတယ် ထင်တာပဲ၊ တကယ်ပဲနော်... ကိုကြီးတာလည်း ငယ်ငယ်က လှမှာပဲ၊ အရက်ဖော ဖောနေလို့ ပွစိကြီး ဖြစ်နေတာ"

"ဖြည်းဖြည်းပေါ့ဟယ် ဝတ်မှုန်ကလည်း၊ တနေ့ ပြတ်မှာပေါ့"

"ဖြည်းဖြည်း ဖြည်းဖြည်းနဲ့ ဘယ်လောက် ကြာပြီလဲ၊ ဝတ်မှုန်ကလည်း ကိုယ့်လင်ကို သူတော်ကောင်းကြီးပါလို့ ကြွားချင်တာပေါ့"

“တနေ့တော့ ကြွားရမှာပေါ့ ဝတ်မှုန်ရယ်၊ ကဲ… တို့လည်း လက်စသတ်စို့”

အဲဒီညက ကျွန်တော်လည်း အိပ်ရာဝင်ချိန်မှာ ကျွန်တော့်အသံ ထစ်အဲအဲ အောအောကို ပြန်ပြီး စမ်းကြည့်မိတယ်။ သီချင်းဆိုလို့ မရတာ ကြာခဲ့ပြီလေ။ ကျွန်တော် ဆိုကြည့်တဲ့ သီချင်းကတော့…

ပြန်လည်၍ တွေ့ဆုံသည့်တိုင်အောင် ×

မေတ္တာယှက်ကူး × ပန္နက်ဖူး × သည်မောင်

ဘယ်လိုပဲ x အမြဲရှောင်ပုန်းပေမယ့်

မုန်းလေနဲ့ ထိပ်ခေါင်”

နောက်နေ့မနက် ကျွန်တော် ကားရေဆေးနေတဲ့နေရာကို မွှေး ရောက်လာတယ်။

“ကိုဖိုးတာရေ၊ ဖေဖေ့ဆီ သွားရအောင်နော်၊ ပြီးရင် ဆင်ဝင်အောက် လာခဲ့ပေတော့၊ ဟော… သူကလေ… မွှေးရဲ့ညီမအငယ်ဆုံး အထွေး”

ကျွန်တော်ဟာ ရေပိုက်ကိုင်ရင်းတန်းလန်းက မွှေးရဲ့နောက်က အမျိုးသမီးကို လှမ်းကြည့်မိတယ်။ အထွေး… အထွေး… တကယ့်မိန်းမကြီး ဖြစ်နေပါရောလား။ အပြင်မှာ ဆိုရင်တော့ ကျွန်တော် သူ့ကို လုံးဝ မှတ်မိမှာ မဟုတ်ဘူး။ ငယ်ငယ်တုန်းက သော်ကဘက် ကူးသွားပြီး အတွတ်နဲ့အတူ မွှေးတို့အိမ် သွားလည်ရင် တကတဲ ထဘီလေး ခါးတောင်းကျိုက်ပြီး သူ့ဖေဖေနဲ့ ကျည်းသားတောက်၊ ထွေခင်း၊ ခွေလိုမ့်နေတဲ့ ကောင်မလေးပေါ့။ သူကလည်း ကျွန်တော့်ကို လုံးဝ မှတ်မိပုံမပေါ်ပါဘူး။

“ခု… အထွေးက ရန်ကုန်တက္ကသိုလ်မှာ လက်ထောက်ကထိက၊ အထွေး၊ အဲဒီ ကိုဖိုးတာက ဆရာစံဝင်း ပို့လိုက်တာလေ”

“မပြောနဲ့တော့၊ မပြောနဲ့တော့၊ ရန်ကုန်မြို့အဖြစ်များ ညီအစ်မချင်းတောင် တနှစ်တခါ ဆုံဖို့ ခဲယဉ်းသား ကိုဖိုးတာရယ်၊ အထွေးဖြင့် တယ်လီဖုန်းထဲကပဲ မမမွှေး အဲဒီလင်မယားနဲ့ အဆင်ပြေရဲ့လားလို့ပဲ မေးမိတယ်၊ အဲဒီနေ့ကလည်း ကားသာ လွှတ်ရတယ်၊ သူကိုယ်တိုင် မလာနိုင်ဘူး၊ မမမွှေးကလည်း အဆင်ပြေတယ်၊ သိပ်တော်တဲ့လင်မယားလို့ ချီးကျူးသံပဲ ကြားနေရတယ်၊ အထွေး အမ်အေအတွက် စာတမ်းတင်ရတော့ မအားဘူး၊ ခု စာမေးပွဲအောင်မှ အသက်ရှူနိုင်တယ်၊ ကျောင်းအလုပ်တွေက များနဲ့၊ တစက်မှ မအားဘူး၊ သားသုံးယောက် မျောက်သုံးကောင်ကလည်း တမျိုး၊ သမီးတကောင် နွားတထောင်ကလည်း တမျိုး၊

သိပ်ကျေးဇူးတင်တာပါပဲ ကိုဖိုးတာရယ်၊ ဝတ်မှုန်ကလည်း ချစ်စရာလေးနော်”

အထွေးကလေ စကားပြောသံ ဟန်ပန်ကျတော့ ငယ်မူ မပျောက်ဘူး။ ရွှန်းရွှန်းဝေနေတာပဲ။

“ခုတောင် ဖေဖေ့ပြဿနာ ပေါ်လာလို့ ပြေးလာရတာ”

“အထွေးတို့က ဆိုက်ကို လိုတာကိုး၊ ကိစ္စမရှိဘူး၊ ဒီပြဿနာ ပြေလည်စေရမယ်” လို့ မွေးက ပြောပြီး ညီအစ်မနှစ်ယောက် အိမ်ထဲဝင်သွားပါရော။ ကျွန်တော်ကလည်း ကား ရေစင်အောင် သုတ်ပြီး ဆင်ဝင်အောက် သွားရပ်ထားလိုက်တယ်။ ညီအစ်မနှစ်ယောက် ဆင်းလာတယ်။ နောက်ကလည်း ဝတ်မှုန်ဟာ ဇွန်လစောင် အသစ်စက်စက် ပလတ်စတစ် အပါးလေးနဲ့ ဖုံးထားတာကို ကိုင်လို့၊ သူတို့ညီအစ်မလက်ထဲမှာလည်း ဇာခြင်ထောင် အသစ်၊ ပုဆိုး၊ အင်္ကျီတွေကို သယ်ပြီး ကားပေါ် တက်လာကြတယ်။

“ကဲ... ကိုဖိုးတာ၊ ဝတ်မှုန်လက်ထဲက စောင်ကို ယူလိုက်ပါဦး၊ ဝတ်မှုန်ရေ... တို့များ ဒီမနက် အထွေးအိမ်မှာ မနက်စာ စားမယ်၊ ဝတ်မှုန် စားနှင့်နော်၊ ကိုဖိုးတာကို မစောင့်နဲ့တော့”

ကျွန်တော်ဟာ အထွေးညွှန်ကြားချက်အတိုင်း ပြည်လမ်းဘက်ကို မောင်းလာခဲ့တယ်။

“မမွေးကသာ ငါတယောက်တည်း နေတာ အေးချမ်းပါတယ် အထွေးရယ်၊ အန္တရာယ်လည်း မရှိပါဘူး ဆိုပေမယ့် မမွေးရဲ့ဖေဖေကလေ သူ့သမီးကို ၁၆ နှစ် အောက်မေ့နေတာ”

ညီအစ်မနှစ်ယောက် ကားပေါ်မှာ စကားအချီအချ ပြောလာကြတယ်။

“မိဘဆိုတာ ဒီလိုပဲ အထွေးရဲ့”

“တနေ့ တနေ့လေ၊ ‘အထွေး မွေးတို့ဆီကို တယ်လီဖုန်းဆက်ရဲ့လား၊ တလတခါ ဖေဖေ့ဆီ လာပါလို့ ပြောပါ၊ သူ့အနားမှာ မောင်မောင်နိုင်လည်း မရှိတော့ဘူး၊ ယောကျ်ား မားမားမတ်မတ် အနေနဲ့ ငါ ရှိမှဖြစ်မယ်၊ မွေးဆီ ငါ ပြန်တော့မယ်’ ဆိုပြီး သေတ္တာပဲ ပြင်နေတာပဲ၊ အထွေးမှာဖြင့် မမွေး တလတခါ မလာတာ ကားအဝေးကြီး မစီးနိုင်လို့လို့ ပြောလိုက်ရင်၊ ဟင်... သူ့ရောဂါ ဆိုးလာပြန်ပြီလား၊ ဖေဖေ ခုသွားမှ ဖြစ်မယ်လို့ ပြောမှာစိုးလို့ ဒရိုင်ဘာ မရှိလို့ မလာတာ ဖေဖေရေ... လို့ စာရေးပြရတယ်”

“အေးပေါ့ဟယ် အထွေးရယ်... သူ့စိတ်တွေဟာ အရင်လောက်

မဆိုးတော့ဘူး၊ သိပ်ကို တည်ငြိမ်လာတာပဲ၊ မမမွေး ဟိုတခါလာတုန်းကလည်း သမီးမျက်နှာတွေဟာ ပွတတ ဖောတောတောကြီး၊ ဖေဖေ မကြိုက်ပါဘူးတဲ့၊ သမီးတို့မေမေ ငယ်ငယ်က ကျိုစားတဲ့ ရှားစောင်းလက်ပပ်ဆေး ကျိုးစားလေတဲ့၊ သမီး မကျိုတတ်ရင် ဖေဖေကိုယ်တိုင် ကျိုပေးမယ်ဆိုလို့ သမီး ကျိုတတ်ပါတယ်၊ စားပါ့မယ် ပြောခဲ့ရတယ်”

ညီအစ်မနှစ်ယောက်ဟာ သူတို့ဖေဖေအကြောင်း ကားပေါ်မှာ ပြောလာကြတယ်။ အဖိုးကြီး ရှိနေမှန်း ကျွန်တော်လည်း ခုမှပဲ သိတယ်။ ကျွန်တော့်ဖေဖေ ဆုံးသွားလို့ မွေးတို့ဖေဖေလည်း ဆုံးသွားပြီ အောက်မေ့နေတာ။

မွေး၊ မွေး… ကျွန်တော့်နောက် ကောက်ကောက်ပါအောင် မလိုက်နိုင်တဲ့အကြောင်းထဲမှာ သူ့အဖေ စိတ်မနှံ့သူကို အထူးငဲ့တဲ့ အကြောင်းလည်း တကြောင်း ပါတယ်။ ညားပြီးမှ အဲဒီအဖေကြီး ဘယ်လို အဖေကြီးပါလိမ့်လို့ ကျွန်တော်တို့ဆွေစုမျိုးစုက ဝိုင်းနှိမ်မှာ၊ အထင်သေးမှာကို သူ နည်းနည်းမှ မခံနိုင်ဘူး။ သူ့ဖေဖေကိုသာ အော်ချင်အော်မိမယ်၊ ငေါက်ချင်ငေါက်မယ်။ သူစိမ်းကတော့ သူ့ဖေဖေကို မျက်စောင်းတချက် ထိုးတာတောင် မကြိုက်နိုင်ဘူးလို့ သူ့သူငယ်ချင်းတွေဆီက ကျွန်တော် ကြားရတယ်။ အဖေကြီးကလည်း စိတ္တဇဝေဒနာသည်ဆိုတော့ မွေးအဖို့ သာမန်အဖေကို ပြုစုရတာနဲ့ မတူဘူး။ စိတ်တိုဒေါသဖြစ်ရတဲ့အခန်းတွေလည်း ပါလိမ့်မယ်ပေါ့။ ကျွန်တော့်ရဲ့ အတွေးကို အထွေးစကားသံက ပြတ်သွားစေပါတယ်။

“အဲဒါလေ အခု ဆန္ဒပြနေတယ်၊ မွေးဆီကို ငါ မပြန်ရရင် ရေလည်း မချိုးဘူး၊ အဝတ်လည်း မလဲဘူး၊ ငါ့သေတ္တာကိုလည်း ဘယ်သူမှ လက်ဖျားနဲ့ မတို့ရဘူးဆိုပြီး သော့ခတ်ထားတယ်၊ အိမ်က ဒရိုင်ဘာကိုလည်း မင်း ငါ့ကို မွေးရဲ့အိမ် လိုက်မပို့ရင် ငါ့အခန်းထဲ မဝင်ရဘူးတဲ့၊ တနေ့ ရေနှစ်ခါ ချိုးတဲ့လူဟာ အခု တပတ် ရှိပြီ၊ ရေလည်း မချိုးဘူး၊ အဝတ်လည်း မလဲဘူး၊ အဲဒါနဲ့ ကိုကြည်မောင်က အထွေးရေ… မဖြစ်တော့ဘူး၊ မမမွေး အကူအညီတောင်းပါဦး၊ ယောက္ခမကြီးက ဆန္ဒပြနေပြီဟေ့… ဆိုလို့ အထွေးလည်း မမမွေးဆီ လှမ်းပြီး အကူအညီတောင်းရတော့တာ”

မွေးက တဟဲဟဲနဲ့ ရယ်ပြီးမှ ပြောတယ်။

“စိတ်ချ… ဒီပြဿနာ ပြေလည်စေရမယ်၊ တို့သားအဖနှစ်ယောက်လေ အတူနေရင်လည်း ပူညံပူညံပဲ၊ ဒါပေမင့် ငါ့ဖေဖေအကြောင်း ငါသိပါတယ်၊ ပြေလည်စေရမယ်၊ သူ့ဆန္ဒ သိပ်ရှိနေရင်လည်း အခုပြန်၊ ဖေဖေ့ကို ထည့်လိုက်ပါလား၊ ကိုဖိုးတာတို့လင်မယား မွေးအနားမှာ ရှိနေပြီပဲ၊ ဖေဖေ့တာဝန် သူတို့ ယူနိုင်ပါတယ်”

"အမယ်လေး... အမယ်လေး... မလုပ်ပါနဲ့ မမမွှေးရယ်၊ ကျန်းမာလက်စနဲ့ ဆက်ပြီး အားမွေးပါဦး၊ မမမွှေး အခု သိပ်ပြီး အခြေအနေ ကောင်းလာတာပဲ၊ စိတ်အေးလက်အေးနဲ့ ဆက်ပြီး အနားယူ၊ ဖေဖေ့ဒဏ်က အနားအတူနေမှ သေသေချာချာ သိရတာ၊ မမမွှေး ပြန်သွားရင် ဒုက္ခ၊ စိတ်ကိုဖြေပါ မမမွှေးရယ်၊ အထွေးကလေ စကားအဖြစ် ပြောနေတာလည်း မပုတ်ဘူး၊ ကိုယ့်အစ်မ ကိုယ် မြှောက်ပြောနေတာလည်း မဟုတ်ဘူး၊ မမမွှေးအဖို့ မိဘအပေါ်၊ ညီမအပေါ်၊ သားချင်းဆွေမျိုးတွေအပေါ် ပတ်ဝန်းကျင်အပေါ်မှာ တာဝန်တွေ ကျေခဲ့ပါပြီ၊ ငါဟာဖြင့် လူ့ဘဝမှာ တာဝန်အကျေဆုံး သူတယောက်အနေနဲ့ စိတ်ချလက်ချ နားတော့၊ အထွေးအနေနဲ့ ဖေဖေ့တာဝန်ကို မမမွှေး မပြောတောင် အလိုက်သိစွာနဲ့ ပခုံးပြောင်းယူရမှာ၊ ခုကြည့် မိဘကို ပြုစုတာများ ဘဝမပြောင်းဘူး၊ ဒိဋ္ဌဓမ္မ အကျိုးပေးတယ်၊ အထွေး ဖေဖေ့ကို အိမ်မှာ ပြောင်းခေါ် ပြုစုကတည်းက တွေ့လား၊ ရာထူးလည်း တက်၊ စာမေးပွဲလည်းအောင်၊ အထွေး စိတ်ချမ်းသာပါတယ် မမမွှေးရယ်"

"သာဓုပါပဲ၊ ညီမလေးရယ်"

"မမမွှေးကို ပြောရဦးမယ်၊ ကိုယ့်အဖေရဲ့ခေါင်းမာပုံတွေ၊ ဖွဲတွေ သိတယ်မို့လား၊ အိမ်ရှေ့ သစ်ပုံကြီး နောက်ဖေးရောက်အောင် တယောက်တည်း ရွှေ့တယ်လေ၊ သစ်ပုံကြီးကတော့ ပြောင်းပြီးပါရဲ့၊ ချော်လဲလို့ လမ်းကောင်းကောင်း လျှောက်မရဘူး"

"အေး အဲဒီလို ဇွတ်လုပ်တတ်တာတွေ ရှိတယ်၊ အသက် ရှစ်ဆယ်ကျော်နေပြီ တဲ့၊ နည်းနည်းမှ အလျှော့မပေးချင်ဘူး"

"မမမွှေးတို့သားအဖ အတူတူပဲ၊ အတူတူပဲ၊ ဟော... ဟော... ကိုဖိုးတာရေ၊ စကား ကောင်းလိုက်ကြတာ၊ ရှေ့နားကျ ဖြည်းဖြည်းမောင်း၊ ညာဘက်က မြေနီလမ်းလေးကို ကွေ့လိုက်"

ကျွန်တော်ဟာ အထွေးပြောတဲ့အတိုင်း ကားကို မြေနီလမ်းထဲ ကွေ့ပြီး ပထမဆုံးတွေ့တဲ့ ခြံဝင်းထဲမှာ ဝင်ပြီး ရပ်လိုက်တယ်။ အိမ်ကလေးက တထပ်တိုက် သပ်သပ်ရပ်ရပ်လေးပါပဲ။

"ကဲ ကိုဖိုးတာ၊ ဒီဗန္ဒုလစောင်ကြီး သယ်ခဲ့ပါဦး"

ကျွန်တော်ဟာ စောင်ကိုသယ်ပြီး သူတို့ညီအစ်မနောက်ကို လိုက်သွားတယ်။ ဧည့်ခန်းထဲလည်း ရောက်ရော...

"ဟော... သမီး... သမီး၊ မွှေး ရောက်လာပြီ၊ ဖေဖေ သွားချင်တာ သူတို့က

လိုက်မပို့ဘူး သမီးရယ်”

မွေးဟာလေ သူ့အဖေကြီး ထိုင်နေတဲ့ ပက်လက်ကုလားထိုင်ရှေ့မှာ ထိုင်ချလိုက်တယ်ဆို အမယ်လေး... သူ့သမီးကို အရုပ်ကလေးတခုကို ကိုင်ကြည့်သလိုပဲ၊ လက်မောင်းကို ဆုပ်၊ နဖူးစမ်း၊ ခေါင်းကို သပ်နဲ့ ယုယနေလိုက်တာ။

“အဲ... ဒီမျက်နှာမျိုးမှ ဖေဖေက ကြိုက်တာ၊ ဖောတောတော မဟုတ်ဘူး၊ ကိုယ်ရေစစ်လို့၊ ဒီရှားစောင်းလက်ပပ်ဆေးက သမီးတို့ ငယ်ငယ်ကတည်းက သုံးတဲ့ မီးယပ်ဆေး၊ မိန်းမနဲ့ အလွန်သင့်တာ”

မွေးက ခေါင်းညိတ်ပြရင်း ကျွန်တော့်ဘက် လှည့်ပြီး -

“ကိုဖိုးတာ၊ ဒီမှာပဲ နေပါဦးနော်၊ ကိစ္စမပြီးသေးဘူး၊ ဒါက မွေးတို့ ဖေဖေလေ” တဲ့။ မွေးစကားကြောင့် ကျွန်တော်ဟာ ဧည့်ခန်း ကုလားထိုင်တလုံးပေါ်ထိုင်ရင်း ကြည့်နေရတယ်။ မွေးဟာ သူ့လက်ပွေ့အိတ်ထဲက စာရွက်နဲ့ ခဲတံယူပြီး စာရေးတယ် ခင်ဗျ။ ရေးပြီး သူ့အဖေကို ပြလိုက်တယ်။ အဖိုးကြီးက ခုနစ်သံနဲ့ကို အော်ဖတ်နေတယ်ဗျ။

“သမီးကို ဗေဒင်ဆရာတယောက်က ဟောတယ်၊ တနင်္လာသမီး ကျန်းမာစေချင်ရင် ယတြာချေရမယ်တဲ့၊ စနေသားကို မွေ့ရာခင်းအသစ်၊ ခြင်ထောင်အသစ်၊ စောင်အသစ် လဲပေး၊ အဝတ်အစားသစ်လဲ၊ ကိုယ်တိုင် ဝတ်ပေးရမယ်တဲ့၊ စနေသားက အဲဒီအိပ်ရာပေါ်မှာ တလတိတိ အိပ်ပြီး မေတ္တာပို့မှ တနင်္လာသမီးရောဂါ ကွင်းလုံးကျွတ်ပြီး ကျန်းမာမှာတဲ့”

အဖိုးကြီးဟာ စာဖတ်ပြီး -

“ဟေ... ဟုတ်လား၊ အို... ဒီလိုဆို ဖေဖေ လုပ်မှာပေါ့” လို့ အကျယ်ကြီး အော်ပြန်တယ်။

“ကဲ... အထွေးရေ၊ မောင်ကြည်မောင်ရေ၊ လာကြဟေ့၊ မမမွေးရဲ့ဆိုက်ကို ဒီတခါ အောင်မြင်သွားပြီ”

မွေးက ဝမ်းသာအားရ အော်ပြောလိုက်တယ်။ အထွေးတို့ လင်မယားရော၊ ဒရိုင်ဘာရော ပြေးဝင်လာကြတယ်။

“ကဲ... ကိုဖိုးတာဆီက စောင်ကို အထွေး ယူပြီး ဖေဖေ့အိပ်ရာ အကုန် အသစ် ပြင်ဟေ့”

သူ့ဖေဖေကို ညှော်ခန်းမှာပဲ ရေဝတ်တိုက်၊ ကျွန်တော့် အကူအညီနဲ့ အဝတ်သစ်၊ အစားသစ်တွေ လဲပေးတယ်။ မတော်ရတဲ့ ယောက္ခမကြီးကို ပြုစုနေရပါပကော။ ကျွန်တော့်ရင်ထဲမှာ ကြည်နူးမိပါတယ်။ အဖိုးကြီးက အရွယ်နဲ့ မလိုက်ဘူး၊ အသားအရေ ဖြူဖြူအိအိ၊ စိုစိုပြည်ပြည်ကြီး။ သူ့သမီး ပြုစုတာကို ငြိမ်ငြိမ်သက်သက် ခံရင်းက လှမ်းမေးတယ်။

"သမီးအနားမှာ ဘယ်သူ ရှိလဲ"

"သူတို့ လင်မယား ရှိတယ်"

မွေးက ခြေဟန် လက်ဟန်နဲ့ အော်ပြောပြီး ကျွန်တော့်ကို လက်ညှိုးထိုးပြတယ်။

"အေး အေး... ဖေဖေ့ဆီ အနည်းဆုံး တလတခေါက် မျက်နှာ လာပြပါ၊ စိတ်ချမ်းသာအောင် နေ၊ ဖေဖေဖြင့်လေ မရဏာမေဘဝိဿတိ၊ သေခြင်းလျှင် အဆုံးရှိ၏လို့ မနက်တိုင်း မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းတယ်၊ မောင်မောင်နိုင်အတွက်တော့ ပူမနေနဲ့တော့၊ ဒီသေမင်းဆိုသူက သူ့ကို စစ်ဖက်ပြိုင်တိုက်လို့ အနိုင်လည်း မရဘူး၊ လက်ကမ်းပြီး မိတ်ဆွေဖွဲ့ပါရစေလို့လည်း မိတ်ဖွဲ့လို့ရတဲ့ သူမျိုး မဟုတ်ဘူး၊ စိတ်ဖြေပါ သမီးရယ်၊ ဟေး... မင်းတို့ ငါ့သမီးအနား ရှိတယ်နော်"

လို့ အော်မေးလိုက်တော့ ကျွန်တော်လည်း လန့်ဖျပ်ပြီး ခေါင်းညိတ်လိုက်ရတယ်။ သူ့ကိုယ်ကြီးက ဝတော့ ကျွန်တော်ရယ်၊ မွေးရယ် တဖက်စီ တွဲရုံတင်မက အထွေးတို့ဇနီးမောင်နှံပါ ကူပြီး တွဲရင်း သူ့အိပ်ခန်းထဲမှာ သိပ်ထားရတယ်။

"သာဓု သာဓု သာဓု... တနလ်ာသမီးလေး ကျန်းမာပါစေ၊ မြန်မြန်ကျန်းမာပါစေ" တဲ့။ သူ့သမီးလေးကိုလည်း သူ မေတ္တာပို့ ဆုတောင်းတယ်လေ။ မွေးက အဖေကြီးကို ကျုံ့ကျုံ့ထိုင် ကန်တော့တော့ ကျွန်တော်လည်း မွေးနောက်က ထိုင်ပြီး ကန်တော့ရသေးတယ်။ ဩော်... ကျွန်တော့်အဖြစ်၊ ကျွန်တော့်အဖြစ်... ဒီလိုများ ဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိဘူး။

နံနက်စာ စားပြီး နေ့လယ်လောက်မှ အထွေးတို့အိမ်က ပြန်လာခဲ့တယ်။ အပြန်လမ်းမှာ နှစ်ယောက်တည်းပေါ့။ ကျွန်တော့်ရင်ထဲ လှုပ်ရှားလိုက်တာလေ။

စိတ်ထဲမှာ အချစ်ရယ်လို့ ခေါ်ပြီးတော့ ကျွန်တော့်အဖြစ်မှန်ကို ဖွင့်ပြောလိုက်ချင်တယ်။ မွေးကသာ စကား စမပြောရင် ကျွန်တော်ဟာ စိတ်ကို

ထိန်းမရဘဲ တခုခု ပြောမိမယ်ထင်တယ်။ သူက စကား စပေးလိုက်လို့ပေါ့။

“ကိုဖိုးတာရယ်၊ မွေးသာ ကျန်းမာရေး ဆက်ကောင်းလာရင် ဖေဖေ့ကို မွေးနဲ့အတူ ပြန်ခေါ်ထားချင်တယ်၊ ကိုဖိုးတာတို့လည်း ရှိနေသားပဲ၊ ဒါပေမင့် အထွေးက ပြန်မပို့ချင်တော့ဘူး၊ ကိုကိုနိုင် မဆုံးခင်ကတည်းက သူတို့ ဖေဖေကို လာခေါ်သွားတာ၊ မွေးနဲ့ ဖေဖေက တခါမှ ခွဲဖူးတာ မဟုတ်ဘူး၊ မွေးရောဂါကလည်း ကိုယ့်ကိုယ်ကိုယ် မသိ၊ ဆရာဝန်ကြီးတွေကလည်း အထွေးတို့ကိုရော၊ ကိုကိုနိုင်ကိုရော မွေးတော့ တဖြည်းဖြည်း သေလိမ့်မယ် ပြောထားတာ၊ သူတို့ကလည်း မွေးကို စိုးရိမ်တကြီးနဲ့ အသိမပေးဘဲ ပြုစုနေကြချိန်မှာ ကိုကိုနိုင်က ပိုးစိုးပက်စက် ဖျတ်ခနဲ သေရတယ် ကိုဖိုးတာရယ်၊ လောကကြီးမှာ ဘာမှ ကြိုတင် မျှော်မှန်းထားလို့ မဖြစ်ပါလား၊ မထင်ဘဲနဲ့လည်း ဖြစ်လာရတယ်နော်၊ ကြောက်စရာကြီး၊ ကိုဖိုးတာမှာကော မိဘတွေ ရှိသေးလား”

“ဆုံးသွားကြပါပြီ ခင်ဗျာ”

"ဩော်… ဟုတ်လား၊ ပြုစုကျွေးမွေးချိန် ရလိုက်ရဲ့လား၊ လူမှာလည်း ကံပါသေးတယ် နော်၊ မိဘကို ကျွေးမွေးပြုစုချင်တယ်ဆိုတောင် မိဘက ငယ်ငယ်တုန်းက ဆုံးသွားနှင့်တော့ မပြုစုရဘူး၊ ဘယ်လောက် ဝမ်းနည်းဖို့ကောင်းလဲ၊ ဒါကြောင့် မွေးတော့လေ နီးစပ်သမျှကို အမြဲ တိုက်တွန်းတယ်၊ အသက်ရှင်ဆဲ မိဘကို ငွေ ရာထောင်ချီပြီး ပေးဖို့ ကမ်းဖို့ မဟုတ်ပါဘူး၊ အနည်းဆုံး တလ တခါ စားဦးစားဖျား ဟင်းတခွက်တော့ ရောက်အောင် ပို့လို့”

“ဟုတ်ကဲ့၊ ကျွန်တော် မိဘတွေကို ပြုစုချိန် ရလိုက်ပါတယ်”

“သိပ်ကံကောင်းတာပေါ့၊ ဝတ်မှုန်ရဲ့အဖေ ယောက္ခမကြီး အဘဦးစံကိုလည်း ပစ်ထားလို့ မဖြစ်သေးဘူးနော်၊ ခုထက် အိုမင်းသွားလို့ သူ့ယာတောကို သူ ဦးမစီးနိုင်တော့တဲ့ အချိန်ရောက်ရင် ကိုဖိုးတာတို့နှစ်ယောက်လည်း မွေးကို ခွဲပြီး ယာတောကိုပြန်ရမှာပါ၊ အဲဒီအချိန်ကိုလည်း မွေး ကြိုတင်တွက်ပြီးပြီ၊ မွေး ဘယ်သူနဲ့မှ လိုက်မနေဘူး၊ ဒီအိမ်ကြီးကို မက်လွန်းလို့ မဟုတ်ပါဘူး၊ ကိုဖိုးတာအနေနဲ့ မိဘမရှိလည်း ယောက္ခမကို ရှိသေရင် ဆင်းရဲတောင် ပြောင်ပြောင်ရောင်ရောင်နဲ့ သူတကာထက်တော့ အေးအေးချမ်းချမ်း နေရတတ်တယ်”

“ဟုတ်ကဲ့… ကျွန်တော့်မိဘတွေကို ပြုစုတဲ့ကုသိုလ်၊ အဘဦးစံကို စောင့်ရှောက်ခဲ့တဲ့ ကုသိုလ်ကြောင့် ကျွန်တော်တို့လင်မယား မမအိမ်ရိပ်မှာ စိတ်ချမ်းချမ်းသာသာနဲ့ နေရတယ်လို့ ကျွန်တော် ထင်ပါတယ်၊ အခုလည်း အထွေးက

ခွင့်မပြုလို့ပါ၊ မမသာ စိတ်ချမ်းသာမယ်ဆိုရင် မမရဲ့ ဖေဖေကြီးကို ပြန်ခေါ်ထားပါ၊ ကျွန်တော် ဘဘကြီး ဝေယျာဝစ္စကို လုပ်နိုင်ပါတယ်၊ ဝတ်မှုန်ကလည်း မမကို ချစ်နေတော့ သူ ပစ်ပြီး မသွားပါဘူး”

အဲဒီစကားလုံးတွေကလေ ကျွန်တော့်ပါးစပ်က ထွက်တဲ့ စကားလုံးတွေ၊ တကယ့် ရင်ထဲမှာ ရှိတဲ့ မျိုချလိုက်ရတဲ့ စကားလုံးတွေကတော့ အဓိပ္ပာယ်ထူး စကားလုံးကွဲ ဆိုပါတော့။

“အချစ်အပေါ်မှာ မောင်ပြုခဲ့တဲ့ ဆိုးပြစ်တွေ ကျေအောင် မောင်လေ အချစ်အပါးက တဖဝါး မခွာဘဲ အချစ်ကို ပြုစုချင်ပါတယ် အချစ်ရယ်၊ ပါးပေါ်မှာ စိမ့်လာတဲ့ အချစ်ရဲ့မျက်ရည်တွေကို လက်တဖက်နဲ့ သုတ်ပြီး အချစ်ကို ကျွေးမွေးရမယ့် ကျန်းမာရေးအတွက် အစာတွေကို မောင် ကျန်တဲ့ လက်တဖက်နဲ့ ကျွေးချင်ပါတယ်၊ မောင့်ကို ခွင့်ပြုပါ”

လို့ ပြောချင်ပါတယ် ဒေါ်ခင်နှင်းယုရယ်။ အမှန်ပါ။ ဤမှန်သော သစ္စာစကားကြောင့် လက်ရှိ ခံစားနေရတဲ့ ဝဋ်ဆင်းရဲက ကောင်းသောလွတ်ခြင်းနဲ့ အမြန်ဆုံး လွတ်ရပါလို၏။

ကျွန်တော့်အလုပ်ဟာ ကျွန်တော့် ဆုတောင်းအတိုင်း အေးချမ်းပါတယ်။ ကားမောင်း အားလပ်ချိန် ညနေစောင်းမှာ ခြံထဲမှာ ပေါင်းသင်၊ မွေး ညွှန်ပြသလို ပန်းပင်တွေ စိုက်ပေါ့။

နေ့တိုင်းတော့ ခြံဝင်းတံခါးက အိမ်စာတိုက်ပုံး နီနီထဲမှာ တနေ့လုံး မွေးဆီ ရောက်လာသမျှ စာတွေ ယူရတယ်။ မွေးက ဖောက်ဖတ်ပြီး သူ ဆောင်ရွက်စေချင်တာ၊ သူ ခိုင်းသမျှ ကျွန်တော် စောင့်လုပ်ရတယ်။

တခါတလေတော့လည်း ကိုကိုနိုင် ဆုံးကတည်းက မရှင်းလင်းရသေးတဲ့ စာရွက်စာတမ်း၊ သတင်းစာ၊ ဂျာနယ်အဟောင်းတွေကို ဝတ်မှုန်နဲ့အတူ ရှင်းလင်းပေးရတယ်။ ဝတ်မှုန်ကတော့ အိမ်စေမိန်းကလေးတွေ ထုံးစံအတိုင်း သတင်းစာအဟောင်း၊ ဂျာနယ်အဟောင်း၊ မဂ္ဂဇင်း အဟောင်းတွေကို တခါတည်း ချိန်ရောင်းတာပဲ။ မွေးက သူလိုချင်တဲ့ တချို့ဂျာနယ်တွေကျရင်တော့ ပြန်စုပြီး သိမ်းတတ်တယ်။

“ကိုဖိုးတာက သတင်းစုံ ဂျာနယ်အဟောင်းတွေကို ပြန်ရှာကြည့်နော်၊ ‘မစံပယ်နဲ့ ကိုထင်းရှူး’ ဆိုတဲ့ ဝတ္ထုတိုလေးပါတဲ့ဂျာနယ် တွေ့ရင် မွေးကို ပေးနော်၊ ကုလားတွေရောင်းတဲ့အထဲ ထည့်မရောင်းလိုက်နဲ့”

ကျွန်တော့်မှာလေ အဲဒီဝတ္ထုတိုလေးကို ရှာရတာ အမော။

သူပြောတဲ့အတိုင်း ရှာတွေ့တယ်။ သူ အဲဒီတုန်းက ကလောင်နာမည်ကို မသုံးဘူး။ "မွေး" လို့ပဲ ရေးသူနာမည်ကို တပ်ထားတယ်။ မွေးလက်ထဲ မထည့်ခင် ဒီဂျာနယ်ထဲက ဝတ္ထုတိုလေးကို ဖတ်ကြည့်ရသေးတယ်။

ဝတ္ထုတိုလေး သဘောအတိုချုပ်ကတော့ စံပယ်ပင်လေးရဲ့ခံစားမှုပါပဲ။ စံပယ်ပင်လေး တပင်ဟာ ထင်းရှူးပင်လေးတပင်နဲ့ အတူ အဘွားအိုကြီးတယောက်ရဲ့ခြံကို ရောက်လာတယ်တဲ့။ စံပယ်ပင်လေးဟာ ၁၂ ရာသီ စံပယ်ဖြစ်တော့ မိုးကျကတည်းက စတင်ပြီး ၁၂ ရာသီမပြတ် ပွင့်တယ်။ ပွင့်သမျှ ပန်းပွင့်လေးတွေကို အဘွားကြီးက ခူးပြီး တချို့လည်း ဘုရားတင်တယ်၊ သီကုံးပြီးတော့လည်း မိန်းကလေးတွေက ခေါင်းမှာ အလှဆင်တယ်ပေါ့၊ သူ့ရင်မှ ခွဲထွက်သွားတဲ့၊ ပွားသွားတဲ့ စံပယ်မျိုးစဉ်ဆွေဆက်ဟာဖြင့် အားလုံးကို ဒီလို ကြည်နူး နှစ်သိမ့်အောင် အစွမ်းရှိတယ်၊ စွမ်းဆောင်ပေးတယ်လို့ သိရလို့ စံပယ်ဟာ ဝမ်းသာလို့ မဆုံးနိုင်ဘူးတဲ့။

"မစံပယ်ရေ သွားလိုက်ဦးမယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါဦး" ဆိုတဲ့ နှုတ်ခွန်းဆက်သံတခုကို ကြားလိုက်တယ်။ ဘယ်သူ့အသံလဲဆိုတော့ သူ့ရဲ့ချစ်သူ ကိုထင်းရှူးသံပါပဲတဲ့။ တနေ့တခြား မြင့်မားတဲ့၊ ကောင်းကင်ကို တလွင့်လွင့် တက်သွားတဲ့ ကိုထင်းရှူးကိုဖြင့် လည်တမော့မော့နဲ့ လသာသောညများမှာ မော်ကြည့်ရတာ မစံပယ်လည်တိုင်ကို ကျိုးမတတ်ပါဘဲ။ ကောင်းကင်လေကို ရှူရှိုက်ပြီး ကြယ်များနှင့်အတူ ပြေးလွှားသွားသလိုပဲ တွေ့လိုက်ရဲ့။ ကျယ်ပြန့်တဲ့ ရေပြင်ပြာမှာ လမင်းကို ငွေလှေလုပ်လို့၊ တိမ်သားပြင်ကို ရွက်လွှင့်လို့လည်း ဘရဏီသူဇာနဲ့ ပျားရည်ဆမ်းခရီးပျော် ထွက်ကြတာကိုလည်း မြင်တွေ့လိုက်သလို ရှိပါရဲ့တဲ့။

မိုးဦးရဲ့ညနေစောင်းတွေမှာလည်း သက်တံခုံးလေးပေါ်မှာ စီးလျှော့စီးသွားတဲ့ ကိုထင်းရှူး ပုံသဏ္ဍာန်ကို မစံပယ်ဟာ ဝိုးတဝါး တွေ့လိုက်ပါရဲ့။

မြေပြင်ပျော် မစံပယ်မှာတော့ တဖြည်းဖြည်း ဆွေဆက်မျိုးပွားလို့ အဘွားရဲ့တခြံလုံး စံပယ်ရနံ့တွေ သင်းလို့တဲ့၊ မစံပယ်ဟာ အထူးသဖြင့် လဝန်းတိတိ ပြည့်ရင်...

"ဘယ်တော့ ပြန်လာမှာလဲ ကောင်းကင်ပျော်ကြီးရယ်"

လို့ ရေရွတ်မိတယ်။ ဘရဏီနက္ခတ်ကိုစောင့်တဲ့ နတ်သမီးကို ခွဲခွာထားခဲ့ပြီး လနတ်သူဇာခင်ရဲ့ရင်ခွင်မှာများ ဆက်လက် ပျော်ပါးနေဦးမှာလား၊ မစံပယ် ရွက်ဟောင်းတွေ ခြွေခြွေရစ်ပြီး အရိုးပြိုင်းပြိုင်း ကိုင်းခက်တွေကို အသစ်လဲလို့ တစောင့်စောင့် မျှော်နေရတယ်၊ ဆောင်းနွေရက်တွေလည်း ကုန်ပါပြီ။

“အို… ဘုရား… ဘုရား”

ဆောင်းနှောင်းလို့ နွေဦးပေါက် တနွေရက်မှာဖြင့် မြေပြင်မှာ ဗုန်းဗုန်းလဲကျနေတဲ့ ချစ်သူ့မောင်ကို မရှုမလှ တွေ့ရပါပကော။ မစံပယ် မကြည့်ရဲလို့ မျက်လုံးလေးတွေ မှိတ်ထားရတယ်၊ သူ့ကို.. သူ့ကို… အပိုင်းပိုင်း ခုတ်ဖြတ်တဲ့ လှတိုက်သံ၊ ပုဆိန်သံတွေကိုပဲ ကြားရတယ်။ နောက်ဆုံး ကြားရတဲ့ အသံကတော့…

“ခြကလွဲလို့ မင်းကို ကြိုက်တဲ့လူ မရှိဘူး” တဲ့။

လူတစုအသံကိုသာ မစံပယ် ကြားလိုက်ရတယ်။ အတိုချုပ်လိုက်တော့ သူ့ဝတ္ထုတိုလေးဟာ ဒါပါပဲ။

“ဝတ်မှုန် ငိုချင်လိုက်တာ”

ကျွန်တော့်လိုပဲ စိတ်ဝင်တစားနဲ့ ကျွန်တော့်အပါးမှာ မစံပယ်နဲ့ ကိုထင်းရှူး ဝတ္ထုတိုကို ဖတ်နေတဲ့ ဝတ်မှုန်ဟာ သက်ပြင်းလေး ချပြီး ပြောလိုက်တယ်။

“မမဟာ အဲဒီတုန်းက စာရေးဆရာမလား မသိဘူး နော်”

“ဟုတ်မှာပေါ့၊ ဒီဂျာနယ် ထွက်တာ ကြာပြီပဲ၊ ဒီမှာ ရက်စွဲကြည့်ပါလား၊ ၁၉၄၈ ခုနှစ် ဆိုတော့ အနှစ် ၃၀ ပြည့်ဖို့ သုံးနှစ်ပဲ လိုတော့တယ်၊ ကဲ… သူ လိုချင်တာ ရှာခိုင်းတဲ့ ဝတ္ထုတို တွေ့ပြီ၊ ဝတ်မှုန် မမ ပြန်လာရင် သူ့စာကြည့်စားပွဲပေါ် တင်ထားလိုက်”

လို့ ကျွန်တော် ဝတ်မှုန်ကို ပြောပြီး ပေးလိုက်တယ်။

မွေးဟာ အဲဒီနေ့က သူ့မိတ်ဆွေကားနဲ့ သူငယ်ချင်းမတယောက်ရဲ့သမီး မင်္ဂလာဆောင်ကို သွားတယ်။ ကျွန်တော့်မှာ စာအုပ်ဟောင်းတွေကို ဆက်ရှင်းရင်း စိတ်မကောင်း ဖြစ်နေတယ်။ ဝတ်မှုန်ကတော့ ဘာမှ မသိရှာဘူး။

ကျွန်တော့်မှာတော့ မွေး ဒီတုန်းက ခံစားရချက်ကို ခု အသိနဲ့ သိပြီး ပြန်တွေးရင် စိတ်မကောင်းဘူး။

> “ရာသီကိုလည်း မဖွဲ့ချင်တယ် × တော တောင် ရေ မြေ၊ အထွေထွေကိုလည်း မဖွဲ့ချင် မနွဲ့ချင် × အဓိပ္ပာယ်တော့ ခပ်လွယ်လွယ် × မောင့်ကိုသာ တိုက်ရိုက်ရည်ရွယ်၊ တေးတေး၊ တေးကဗျာကိုကွယ် × ရေး ရေး၊ ရေးကာ ဆိုမယ် × တေးသံကို ကြားရုံမျှနဲ့ ဘယ်သူက ဘယ်သူ့ကို ရည်ရွယ် × သူကတော့ နားလည် × နားလည်း ချည်နှောင်ခဲ့ကြတဲ့ ချစ်ကြိုးသွယ်”

ဆိုတဲ့ သီချင်းလေးလိုပါပဲ။ မွေး ဒီတုန်းက ဘာကိုဆိုလိုတယ်။ ဘယ်သူ့ကို

ဆိုလိုတယ်ဆိုတာ ကျွန်တော် သိသပေါ့။ သိသမှ သိပ်သိပေါ့လို့ အော်လိုက်ချင်တယ်။ ဖြေရှင်း ပြောပြရမယ့် တချိန်လေးကိုလည်း ရောက်စေချင်တယ် ဒေါ်ခင်နှင်းယုရယ်။

ပြောပြချင်တာကတော့…

“မစံပယ်ရယ်၊ မင်းချစ်သူ ကိုထင်းရှူးဟာဖြင့် တချိန်က ကောင်းကင်ပျော် ဘရဏီနက္ခတ် သူဇာရဲ့ ရင်ငွေ့ခိုလှုံခဲ့မိတာ အမှန်ပါပဲ။ နောက်တော့ မြေမှာ ဗုန်းဗုန်းလဲလို့ ခြလောက်သာ ကြိုက်တဲ့ သစ်စာရင်းဝင် ဖြစ်ခဲ့ပေမယ့် ခုလို သစ်မာတွေ ရှားပါးချိန်မှာ ငထင်းရှူးရဲ့အသားကိုပဲ စက်နဲ့ ခွဲလို့ ဆင်းရဲသူတွေရဲ့တဲအိမ်မှာ အောက်ခင်း ကြမ်းပြင်အဖြစ်ရော၊ ပြည်သူတွေလိုတဲ့ ပစ္စည်းကို အလွယ်တကူ ပို့ဆောင်ဖို့ ထင်းရှူးပုံးအဖြစ်ရော အသုံးတော် ခံနေပါတယ်”

လို့ ပြောချင်တယ်၊ ပြောချင်တယ်။ လွတ်လပ်စွာ ပြောပိုင်ခွင့်၊ လွတ်လပ်စွာ နှစ်ကိုယ် တွေ့ပိုင်ခွင့်ကိုဖြင့် ဘယ်သောအခါ ရပါ့မလဲ။

အလုပ်ကို ဆက်လုပ်၊ အလုပ်ကို ဆက်လုပ် ဆိုပြီး ကျန်တဲ့စာရွက်စာတမ်းတွေကို ဆက်ရှင်းရင်းနဲ့ စိတ်ကို ကုစားလိုက်ရတယ်။ အချိန်တွေကို ကုန်လွန်စေခဲ့ရတယ်။

၃-၄ ရက် ကြာတော့ ဝတ်မှုန်က -

“ကိုကြီးတာ၊ ဝတ်မှုန်နဲ့ လိုက်ခဲ့ပါဦး” တဲ့။

“ဘယ်ကိုလဲ” မေးတော့ -

“စာဖတ်ခန်းထဲကို” တဲ့။

ဝတ်မှုန် ခေါ်လို့ ဘာများလဲ အောက်မေ့တယ်၊ မွေးရေးထားတဲ့ လက်ရေးစာမူ စာရွက်တချို့ကို ပြတယ်။

“မမမွေးလည်း စာရေးဆရာများ လုပ်မလို့လား မသိဘူး” တဲ့။

“နင့်မမ လာမှ ခွင့်တောင်းဖတ်လေ၊ တော်ကြာ တို့များကို သူ့စာတွေ ခိုးဖတ်တဲ့သူလို့ ဒါလေး တခုကြောင့်နဲ့ အထင်လွဲခံနေရဦးမယ်”

ကျွန်တော်တို့ စကားပြောနေတုန်း အိမ်ရှေ့က ဧည့်သည် ခေါင်းလောင်းသံကြားလို့ နှစ်ယောက်သား ထွက်ကြည့်ကြတယ်။ ဧည့်သည် ဟုတ်ပါဘူး၊ ကုလားတယောက် တွေ့ရတယ်။

“ဘာကိစ္စရှိလို့လဲ”

မေးတော့ ကြဲကြဲဖန်ဖန် အိမ်ရှေ့ ခြံဝင်းစပ်နားမှာ ပိတောက်ပင်တွေနဲ့ တတန်းတည်း ပေါက်နေတဲ့ ထင်းရှူးပင်ကြီးတွေကို ဖြတ်ရောင်းမယ်ဆိုရင် ဝယ်ချင်လို့တဲ့ဗျာ။ ကျွန်တော့်စိတ်ထဲက တိုက်ပဲ တိုက်ဆိုင်လွန်းတယ်။ မစံပယ်နဲ့ ကိုထင်းရှူးဝတ္ထုမှ ဖတ်ပြီးခါစ ဒီကုလားက လာဝယ်ပလေလို့။ ကျွန်တော်တို့ ဒီကုလားနဲ့ စကားပြောနေတုန်း မွေးက အပြင်က ပြန်ရောက်လာတယ်။ သူ့မိတ်ဆွေကား ပြန်ထွက်သွားတော့မှ –

“ဘာပြဿနာ ဖြစ်နေကြလဲ” တဲ့။

“မမရဲ့ထင်းရှူးပင်တွေကို ကုလားက ဖြတ်ရောင်းမလားတဲ့၊ ဝယ်ချင်လို့တဲ့”

ဝတ်မှုန်က ပြောလိုက်တယ်။ မွေးက ကုလားကို ပြုံးပြပြီး ခေါင်းခါလိုက်တယ်။ ကုလားလည်း ထွက်သွားရော မွေးက ခါးလေး ထောက်တဲ့ပြီး...

“အံ့ - အံ့ပါရဲ့တော်၊ နိုင်ငံခြားသားများ စီးပွားရေးကွက် သိပ်မြင်တယ်နော်၊ ကျုပ် လင်တော်မောင် ကိုကိုနိုင်နဲ့ အတူနေခဲ့တဲ့ ရှမ်းပြည်နယ်ကို သတိတရ ချစ်တဲ့စိတ်၊ မြတ်နိုးစိတ် အထိမ်းအမှတ်နဲ့ ထင်းရှူးပင်တွေကို တမင် မွေးထားတာ တော်ရေ့” တဲ့။

လက်ခုပ်လက်ဝါးလေးတီးလို့ ရယ်ရယ်မောမော ကျွန်တော်တို့ဘက် လှည့်ပြောတယ်။

“မမ ရေးတဲ့ မစံပယ်နဲ့ ကိုထင်းရှူး ဝတ္ထုတိုလေးလို ဖြစ်လာတယ်”

“အရင်က စာရေးဆရာလား၊ ဒီဝတ္ထုတိုလေး ရေးပြီး နောက်ဂျာနယ်တွေမှာ ဆက် မရေးဘူးလား ဟင်”

ဝတ်မှုန်က မေးတော့ မွေးဟာ အိမ်ထဲကို မဝင်သေးဘဲ အိမ်ဝက ကျောက်ခုံလေးမှာ ထိုင်ရင်း ဝတ်မှုန်အမေးကို ဖြေလိုက်တယ်လေ။

“မမက စာရေးဆရာ သိပ်ဖြစ်ချင်တာပေါ့၊ စာရေးဆရာ ဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး ကွယ်”

“ဝတ်မှုန်ကတော့ ဟို သတင်းစုံဂျာနယ်ထဲက ဝတ္ထုတိုလေး ဖတ်ပြီးကတည်းက မမ စာရေးဆရာ လုပ်ရင် ကောင်းမှာလို့၊ မမဝတ္ထုတွေ ဆက်ဖတ်ချင်တယ်”

“အေးပါကွယ်၊ ဟိုတုန်းက သတင်းစုံဂျာနယ်မှာ အလုပ်အားချိန်

ညနေစောင်းမှာ အလုပ်သင် ဝင်လုပ်တာက ဝတ္ထုရေးဆရာ မဖြစ်တောင် သတင်းစာဆရာဖြစ်ဖြစ်၊ ဂျာနယ် တခုခုမှာ အယ်ဒီတာဖြစ်ဖြစ် ဝါသနာပါလွန်းလို့ လုပ်ချင်လို့ပါပဲ၊ ကိုကိုနိုင်နဲ့ လက်ထပ်လိုက်တော့ စာဖတ်တဲ့ဘက်သာ အလေးသာသွားတယ်၊ ပြီးတော့လည်းလေ ဟိုတချိန် ဟိုတခါ ဟိုငယ်စိတ်နဲ့ ထင်းရှူးပင်တပင်အပေါ် မြင်တဲ့စိတ်ဟာ ခု အသက်လေးဆယ်ကျော် မြင်တဲ့စိတ်နဲ့ မတူတော့ဘူးကွဲ့၊ ကဲ… အဲဒီ မမ စာဖတ်ခန်းထဲက လက်ရေးမူကို ယူသွား၊ လင်မယားနှစ်ယောက် ဖတ်ပြီး ဝေဖန်စမ်း၊ မမက ရေးပါပြီတဲ့၊ မမရဲ့အတွေး အရေးကို ဘယ်မဂ္ဂဇင်းတိုက် ထည့်ပါ့မလဲ၊ ဟော ဟော့… ဝတ်မှုန်တို့နှစ်ယောက်တော့ ဖတ်မယ့် ပရိသတ် ရှိပြီ၊ မမ အဝတ်သွားလဲဦးမယ်”

သူဟာ ခပ်သောသောလေး ရယ်တယ်။ ကျွန်တော်တို့ကိုလည်း သူ့ရဲ့ စာတတ် ပေတတ် မိတ်ဆွေ ပတ်ဝန်းကျင်မှာ ပြောတဲ့ဟန်နဲ့ ရင်းရင်းနှီးနှီး ပြောပြီး အိမ်ထဲကို ဝင်သွားရော။

သူ ဘာတွေများ ရေးထားသလဲ။ ထင်းရှူးပင်အပေါ်၊ သို့မဟုတ် ကိုထင်းရှူးအပေါ် ထားခဲ့တဲ့ မစံပယ်ရဲ့စိတ်ဓာတ်ဟာဖြင့် အနှစ် ၂၀ ကျော်အတွင်း ဘယ်လိုများ ပြောင်းသွားသလဲ ဆိုတာ သိချင်တဲ့စိတ် ပြင်းထန်နေတဲ့ ကျွန်တော်ဟာဖြင့် ဝတ်မှုန်ကို မစောင့်တော့ဘဲ စာဖတ်ခန်းထဲ အရင် ဝင်သွားမိတယ်။

သူ့လက်ရေးမူနဲ့ စာရွက် ၄ ရွက်၊ ၅ ရွက်လောက် ရှိတဲ့ ရေးလက်စကို ယူပြီး ကျွန်တော့် တန်းလျားကို ပြန်သွားပြီး ဖတ်တယ်။ စာမူ ခေါင်းစဉ်က ‘မြကန်သာမှ ငရဲရိပ်’ တဲ့။ ပြောင်ပြောင်ကြီး ဆန့်ကျင်တဲ့ အပူနဲ့ အအေးကို ယှဉ်တွဲသုံးထားတဲ့အမည်ပါပဲ။ ဒါပေမင့် ကျွန်တော်ဟာ လက်ထဲက မချနိုင်တဲ့ သူ့စာမူကို ပြီးအောင်အထိ ဖတ်လိုက်ပါတယ်။

ရေဒီယိုက စီးသွန်ကျလာတဲ့ တေးသံ...

ငြိမ့်တယ်၊ နွဲ့တယ်၊ အေးတယ်။ ယိမ်းသမ ထင်းရှူးရွက်မွှားလေးတွေဟာ လက်တွဲပြီး တဖြည်းဖြည်း မြင့်တက်သွားတယ်၊ ပြီးတော့ လေညင်းမှာ ဒန်းစီးပြီး ဇော့ကာ ဇော့ကာနဲ့ ပြန်ဆင်းလာကြတယ်။ ကသူနဲ့ တီးသူလို။ ပြာတဲ့ ကောင်းကင်နောက်ခံမှာ မြရောင် ဆံမွှြာ ဖြန့်ကြဲလိုက်တယ်။

တွတ်တွတ်တာတာနဲ့ စာလေးငယ်လေးတွေ၊ သူတို့က မြဆံမွှြာကို ရီးလေးခိုပြီး တူတူပုန်းကြတယ်။ တေးသံနဲ့လိုက်အောင် ကခုန်သွားတဲ့ ရှေ့ဆောင်ငှက်လေးနောက်ကို ပျံတက် လိုက်သွားကြပြန်ပြီ။

ငြိမ့်ခြင်း၊ အေးခြင်း၊ သာယာခြင်း လေညင်းကလည်း ညင်သာလိုက်တာ၊ ရင်ထဲမှာလည်း အေးသွားတာပဲ၊ မြင်တဲ့သူစိတ်က ကြည့်တတ်သလိုပဲ အလှကို မြင်မိလေသလား၊ သူတို့က တကယ်လှနေတာလား။ အို... သူကပဲ လှလှ၊ ကိုယ်ကပဲ တီထွင်ပြီးမြင်မြင်၊ တဒင်္ဂ အမောပြေစေတော့ ထင်းရှူးရွက်မွှားလေးတွေရယ်၊ ငှက်ကလေးတွေရယ်၊ ရေဒီယိုကတေးသံရယ်ကို ကျေးဇူးတင်မိတယ်။

နေ့လယ်က မြို့လယ်ရှုခင်းနဲ့တော့ ဘာမှမတူဘူး။ လှတယ်တဲ့၊ မိန်းမချော မိန်းမလှလေးတွေ ဆံပင်တွေ ဖွာဆန်ကြဲလို့ အော်လိုက် ဟစ်လိုက်ကြတာ အဲဒါဟာ တေးသံတဲ့။ ချိုတေးသံတဲ့၊ တေးသံလား၊ အော်သံလား၊ ချိုသလား၊ အေးသလား မသဲကွဲမိဘူး။ ကိုယ်တွေက တွန့်လိမ်လှုပ်ရှားနေတယ်၊ ယိမ်းထိုးနေတယ်။

နံရံမှာလည်း ပန်းချီကားတွေ၊ ကားချပ်တွေပေါ်က မိန်းမငယ်ရုပ်တွေနဲ့ ကားချပ်အပြင်က အပျိုချောတွေနဲ့ ရောင်ပြန်ဟပ်နေကြတယ်။

အားလုံးဟာ ဖရိုဖရဲ၊ တိမ်ပန်းချီလှိုင်းထနေတဲ့ အကွေးအကောက်တွေက ကနုတ်ပန်းလည်း မဆန်ဘူး။ နတ်သူဇာလား၊ ငရဲသူဇာလား။

အပြာတွေရော၊ အဝါတွေရော၊ အနီတွေရော၊ လူသားမျက်နှာနဲ့လည်း မတူဘူး။ မျက်တောင်ခတ်တော့လည်း တလက်လက်နဲ့ မီးပွားတွေ ဖြာကျသွားသလိုပဲ။

ရာဂမီးတောက်တွေလား၊ အခိုး လွှတ်နေတဲ့ နတ်နဂါးမရဲ့ အရောင်၊ အဆိပ်အငွေ့ တွေပဲလား၊ အိုး ... သူတို့က အဲဒါ အလှတဲ့၊ မြကန်သာ လက်ထပ်ခန်းမမှာ လှသူဇာတွေပဲတဲ့။ တချို့ ဆံပင်ခွေတွေဟာ

တရုတ်လက်သမားရဲ့ရွှေပေါ်ထိုးပြီး ကျလာတဲ့ ရွှေပေါ်စာ အတိုအစတွေလို ပခုံးအပေါ်မှာ ဝဲပျံနေကြတယ်။

သူတို့အလှ၊ သူတို့ရဲ့ဂီတကို ကိုယ်က မကြည့်တတ်လို့ဘဲလား၊ ဘယ်လို ခံစားရမှာလဲ။ ရင်ခုန်သံဟာ တဒိတ်ဒိတ်နဲ့ မြည်လာတယ်။ တီးလုံးတွေ ကျွက်ကျွက်ညံလာတော့ အသက်ရှူရတာ ကျပ်လာတယ်။ နားတွေပဲ အကွဲပြီး ပင်းတော့မလို ဖြစ်လာတယ်။ လက်ထပ်ခန်းကို ခွာဖို့ သက်ဆိုင်သူတွေ ခွင့်ပန် ပြန်လာရတယ်။

ကားပေါ်မှာ အလိုလို မောလာပါလား။ အသက်ရှူကျပ်လို့ ကားမှန်ကို လျှော့ချပြီး လမ်းပေါ်ကို ကြည့်လိုက်တယ်။ လမ်းပေါ်မှာ၊ လမ်းပေါ်မှာ၊ လမ်းပေါ်မှာလည်း အို... ဘာဖြစ်လို့ မော်တော်ကားတွေ၊ မျက်လုံးတောက်တောက်ကြီးတွေ၊ စုံလုံးကန်း တဖက်ကန်း သူအိုကြီးတွေ လမ်းလျှောက်သလို တဖက်စောင်း အိသွားပြန်ပြီ။

ကလုံ... ကလွမ်... ဟော... ကားဘေးပေါက် တွဲလဲခိုတဲ့ သူငယ်အုပ်စု ထီးနဲ့ လမ်းဘေးက အထမ်းသမား တိုက်မိပြန်ပြီ။ ပန်းကန် ဘယ်နှချပ် ကွဲလဲ မသိ။ ထမ်းပိုးကြီး မြေကြီးပေါ် လျှော့ကျသွားပြန်ရော။ တို့ဟူးသုပ်သည်လား၊ မုန့်ဟင်းခါးသည်လား၊ နက်ဖြန် ရောင်းဖို့ ပန်းကန်မှ ရှိသေးရဲ့လား။

သူ့ပါးစပ်က မြည်တွန်တောက်တီးသံတွေ မသဲကွဲဘူး။ ကားနောက်မှာ လေထဲကျန်ရစ်ကြပြီ။ ကိုယ်တို့က မှန်ကားပေါ်က လေထဲမှာ ပျံနေတဲ့ မိုးပျံလူတန်းစားတရပ်၊ ကဲ... ဘာပြောဦးမလဲ။

မြကန်သာ လက်ထပ်ခန်းက အလှအပတွေ၊ အမယ်လေး... တကယ့် ကိုယ့်မှာတော့ မိုးပျံလူတန်းစားပဲလို့ အတင်းစိတ်က တင်းထားရာက မောလိုက်တာ၊ တနေ့ခင်း ဝဋ်သွားခံရတာပဲ။ ငါနဲ့ ဘာမှ မဆိုင်ဘူး။ ပန်းကန်ကွဲတာ၊ အိုးကွဲတာ၊ သူ့ဘာသာ ကွဲတာလို့ စိတ်တင်းထားတယ်။

ထင်းရှူးရွက်မွှားလေးတွေကို အပြစ်တင်မိတဲ့ ဟိုလွန်ခဲ့တဲ့ စာရေးဟန်ကို ပြင်ချင်လာတယ်။ စမ်းပြီး ရေးကြည့်ပေမယ့် စာရေးလို့လည်း မရဘူး။

တောင်းပန်ရမယ်။ ကိုထင်းရှူးကို တောင်းယုံရမယ်။

ပန်းကန်ကွဲတွေနဲ့ လမ်းပေါ် ကျန်ရစ်တဲ့ တို့ဟူးသည်ကိုလည်း တောင်းပန်ရဦးမယ်။ ကားရပ်ပြီး တကယ်တော့ တို့ဟူးသည်ကြီးရဲ့ပန်းကန်တွေကို ကူပြီး သိမ်းပေးသင့်ပါတယ်။ လမ်းပေါ်မှာ ဖိနပ်မပါဘဲ လျှောက်သွားတဲ့သူတွေ ပန်းကန်ကွဲ မရှအောင်။

တလုံးစီ ပြန့်ကျဲသွားတဲ့ ဒန်အိုး ဒန်ခွက်၊ ဆီချက်ခွက်၊ ပဲမှုန့်ခွက်၊ ငရုတ်သီးမှုန့်ခွက် တွေကိုလည်း ကူပြီး ကောက်ပေးသင့်ပါတယ်။

လုပ်ပေးသင့်ပါတယ် ဆိုလို့သာ တွေးမိပြီး မှန်ကားပြာကို အရပ်လည်း မခိုင်းမိဘူး။ ဆင်းပြီးတော့လည်း ဘာမှလည်း လုပ်မပေးဘူး။ ငြိမ့်ငြိမ့်လေး ပြေးနေတဲ့ ကားပေါ်မှာ စီးရင်း အိမ်ကိုသာ အရောက် ပြန်လာမိတယ်။

ဖဲကြောင်း ဖောက်ထားတဲ့ အိပ်ရာဖြူဖြူပေါ် လှဲအိပ်နေမိတယ်။ ဇာစပြာပြာကို မော့ကြည့်ရာက မျက်စိကို စင်းပြီး ကိုယ့်ကို ချော့သိပ်တယ်။ အိပ်စမ်းပါလို့ တိုးတိုးလေး ပြောမိတော့…

“အိပ်ဘူးတဲ့”

တန်ပြန်တော်လှန်တဲ့ အသံ။ ဘယ်သူက ပြောလိုက်ပါလိမ့်။ နှလုံးသားထဲမှာ စကား ပြောတဲ့သူ ရှိပြီ။

“ဟေ… ကျယ်ကျယ်ပြောပါ၊ တီးတိုးတီးတိုးနဲ့ တိုးတိုးပြောတာ နည်းနည်းမှ မကြိုက်ဘူး၊ တိုးတိုးပြောလို့ လို့စ္ဆဝီမင်းသားတွေ သွေးကွဲ၊ သွေးကွဲတော့ ပြည်ပျက်ရတယ်”

“ကျယ်ကျယ် ပြောတော့ နားမခံနိုင်ဘူးဆို၊ မင်းနှလုံးသားထဲမှာ ငါ မနေပါဘူး၊ လိစ္ဆဝီမင်းသားလည်း မဟုတ်ဘူး”

ပြန်ငေါက်လိုက်သံ ကြားရပြန်တယ်။

“ဒါဖြင့် ဘယ်သူလဲ၊ ဘယ်မှာ နေလဲ”

“နတ်ပုလေးလေ… မင်းတို့ခြံထောင့်မှာ ပေါက်နေတဲ့ လိမ်ပင်ပေါ်မှာ နေတယ်၊ ဒီအပင်ကို ဒန့်နွယ်လက်ဆက်လို့လည်း ခေါ်တယ်၊ ဘုရားသခင် လက်ထက်တော်က စရည်းပင်လို့ ခေါ်တယ်”

"အို ဘုရား ဘုရား… ပုလိုက်သမှ သိပ်ကို ပုတာပါပဲလား။

စိတ်မရှိပါနဲ့ နတ်ပုလေးရယ်၊ ဒီခြံထဲမှာ ရှိနေတယ်လို့လည်း မသိပါဘူး၊ ဒီလိုဆို ကျွန်မ ပို့တဲ့မေတ္တာ ရှင့်ဆီ ရောက်ပါရဲ့နော်၊ မနက်တိုင်း သမ္မာဒေဝနတ်တွေကအစ မြေဖုတ် ဘီလူးအထိ မေတ္တာပို့ပါတယ်၊ ဒါနဲ့ ဒါနဲ့ ရှင်က သမ္မာဒေဝနတ်ထဲ ပါတာလား၊ နတ်မိစ္ဆာလေးလား”

“ဟင်… မင်းတို့ လူသားတွေရဲ့ မေတ္တာဆိုတာကို ငါတော့ နည်းနည်းမှ မယုံဘူး”

"ယုံပါရှင်"

"ဒဏ္ဍာရီသဘောတွေပါကွယ်"

"ယုံစမ်းပါ၊ ကျွန်မလေ 'နတ်ပုလေး၏ ဒဏ္ဍာရီ' ဆိုပြီး စာရေးဦးမယ်"

"နတ်သမီးပုံပြင်လို့သာ ရှိတာ၊ နတ်ပုလေးရဲ့ဒဏ္ဍာရီလို့ ရှိမှမရှိဘဲ၊ မင်းရေးလည်း အယ်ဒီတာတွေက ထည့်မှာ မဟုတ်ဘူး"

"သူတို့လေ ကျွန်မရေးထားတဲ့စာကို ထည့်အောင်လို့ နတ်ပုလေး တန်ခိုးနဲ့ လုပ်ပေးရင်ကော မရဘူးလား၊ တချို့ စာမူပေါ်မှာ ဖိုးဖိုးလေး ပေးတဲ့ ဆေးဖယောင်းတိုင် ထွန်းလိုက်တာ တခါတည်း တကြိမ်တည်းနဲ့ကို စာအုပ်တွေ စုံပြီး တလတအုပ် မိုးပျံအောင် ထွက်တာပဲတဲ့၊ နတ်ပုလေးနဲ့ ကျွန်မက တယောက် တယောက် အကျိုးပြုနေသူပါ"

"ဟား ဟား..."

နတ်ပုလေးဟာ ခါးလေးထောက်၊ ခေါင်းတွေ မော့ယမ်းပြီး အူတက်မတတ် ရယ်တယ်။

"စာရေးဆရာလည်း လုပ်ချင်သေး၊ ခေတ်နောက်ကျတာ အလွန်ပဲ၊ အဲ... ဒါ စာရေးတာ မခေါ်ဘူး၊ ငွေလုပ်တာ ခေါ်တယ်၊ ငွေလုပ်တာ"

သူဟာ ရယ်သံရပ်သွားပြီး မျက်နှာပိုးသတ်ပြီး ပြောပြန်တယ်။

"မင်း ဘာလုပ်မလဲဆိုတာ ငါသိတယ်၊ လမ်းပေါ်က တို့ဟူးသည်အကြောင်းရေးပြီး မင်းက ပလက်ဖောင်းပေါ်က လူတန်းစားရှေ့နေဆိုပြီး ရှေ့နေခ ယူမယ်၊ ငွေလုပ်ဦးမယ်၊ လက်ခုပ်သံကို နားထောင်ဦးမယ်၊ အဲဒီတုန်းက ကားကိုရပ်၊ ကားပေါ်ကဆင်းပြီး ပန်းကန်ခွက်ယောက်တွေကို ဘာလို့ သိမ်းမပေးခဲ့လဲ၊ ဒရိုင်ဘာဆိုတာ မင်းတို့ခိုင်းရင် အကုန်လုပ်ရတာ၊ ကိုယ့်ကိုယ်ကိုယ် ဖိမ်မိနေတယ်၊ ဖိမ်ခံချင်နေတယ်ဆိုတာ သိလိုက်စမ်းပါ၊ ရေးရုံပဲလား၊ တွေးရုံပဲလား၊ ဘာလို့ လက်တွေ့ မလုပ်ရဲတာလဲ"

"ကျွန်မ ကျွန်မ အဲဒါကို စဉ်းစားမိနေပါတယ်၊ စဉ်းစားမိပါတယ်၊ နတ်ပုလေးရယ်၊ ကျွန်မ မေတ္တာကိုတော့ ယုံပါနော်"

နတ်ပုလေးကို တောင်းပန်ပေမယ့်...

"ယုံနိုင်ဘူး" လို့ အော်ပြန်ရော။

"မေတ္တာ မေတ္တာ... ဘာမေတ္တာလဲ၊ မေတ္တာဘွဲ့ဆိုတဲ့ စာပေတွေထဲမှာလည်း မေတ္တာဘွဲ့ကို ရှာမတွေ့ပါဘူး၊ မေတ္တာဆိုတဲ့ ချိုးငှက်ကိုဖြင့် အဏုမြူဒုံးပျံတွေနဲ့ ပစ်ပြီး ဖမ်းတော့ မြေပေါ်ကျလာတဲ့ မေတ္တာငှက်ဟာ သေနေပြီ။ အဲဒီငှက်သားကိုလည်း မင်းတို့ စားတယ်၊ မျိုးတူ ဇာတ်တူသား လူသားအချင်းချင်းကိုလည်း မင်းတို့ ပြန်စားတယ်၊ ပြီးတော့ ရွှေကွန်ချာ ငွေကွန်ချာ သံမဏိကွန်ချာတွေနဲ့ ကိုယ့်လူ ပြည်သတင်း ကိုယ် အုပ်ထားတယ်၊ ရလိမ့်မယ် စောင့်နေ၊ ဆိတ်ကွယ်ရာဆိုတာ ဘယ်မှာမှမရှိဘူး၊ နတ်မျက်စိဟာ သံမဏိကန့်လန့်ကာ ခုနစ်လွှာ အုပ်ထားပစေ တိုးဖောက်မြင်နိုင်တယ်၊ သိရဲ့လား"

"ကြိမ်းလိုက် မောင်းလိုက်တာနော် နတ်ပုလေးဟာ ပုသလောက် ဒေါသကြီးတယ်၊ အသံကျယ်တယ်၊ နတ်ဟာ ဒေါသမဖြစ်ရဘူးဆို"

"ဘယ်သူပြောလဲ၊ ဘယ်သူပြောလဲ၊ ကောင်းကင်ဘုံက နတ်ဘုရင် သိကြားမင်းတောင် လောဘ၊ ဒေါသ ရှိသေးတာပဲ"

"မြတ်စွာဘုရားကို ညဥ့်သန်းခေါင်ယံ ဆင်းတွေ့ရတာ သိကြားမင်း လောဘ မသတ်နိုင်လို့၊ နတ်သားတပါးဟာ နတ်ရထားကို စီးပြီး သိကြားမင်းရဲ့အပါးကဖြတ်ပြီးတော့ သူ့အခြွေအရံတွေ သွားတယ်၊ သူ့ရဲ့ကိုယ်ရောင်ကိုယ်ဝါဟာ သိကြားမင်းထက် တောက်ပနေလို့ သိကြားမင်းဟာ စိတ်မသက်မသာ ဖြစ်သွားမိတယ်၊ ဘယ်လိုအကြောင်းကြောင့်လဲဆိုတာ သိလိုတယ်၊ သူ့လက်အောက်ခံ နတ်ထက်သာတဲ့ ကိုယ်ရောင်ကိုယ်ဝါ ပိုတောက်ချင်သေးလို့ ဘုရားကိုတောင် သန်းခေါင်ယံ ဆင်းပြီး လျှောက်ထားရတယ်၊ အဲဒါ သိကြားမင်းမှာ လောဘ ရှိသေးလို့ပဲ၊ ဒေါသသိပ်ကြီးရင်တော့ နတ်သက်ကြွေတတ်တာပေါ့၊ အဲဒီ တာဝတိံသာအုပ်စုက မင်းတို့လူလို ရုပ်ကြမ်း မဟုတ်ဘူး၊ ရုပ်နု... ရုပ်နု"

"အဲဒီတော့ နတ်ပုလေးက ဘယ်ဘုံမှာ ပါတာလဲ ဟင်၊ ဒေါသဖြစ်လာရင် မသေဘူးလား"

"မင်းကလည်းနော်... အမေးအမြန်း ထူရန်ကော၊ လောဘ၊ ဒေါသ မကင်းဘူးလို့သာ ပြောတာ လူသားထက်တော့ နည်းပါးတာပေါ့၊ ကိုယ်က တာဝတိံသာအုပ်စုမှာလည်း မပါပါဘူး၊ အုပ်စုနဲ့ နေရတာ ပျင်းလွန်းလို့၊ ပြီးတော့လည်း အာကာသကို တက်လာပြီး မင်းတို့ ရန်ရှာစပြုနေပြီ၊ ချိုးငှက် မြေကျလာလို့ မြေကြီးလည်း ဟက်တက်ကွဲ၊ တောင်ပံစတွေ သမုဒ္ဒရာမှာ ပြန့်ကျဲစဉ်ကျသွားလို့ ရေတွေ လှိုင်းထ၊ မြစ်တွေမှာ ရေလျှံလာတာတောင် မင်းတို့လူသားတွေ သတိမရဘူး၊ ကိုယ် အာကာသထဲမှာ မနေ၊ သစ်ကိုင်းပေါ်မှာပဲ နေတယ်၊ မင်းတို့ အာကာသကို စစ်မဆင်ခင် မြေပြင်ကို ငဲ့ပရိသတ်က စစ်ဆင်မှာ၊

ထုနဲ့ကို ဆင်မှာ”

“အို... နတ်ပုလေးဟာ တန်ခိုး သိပ်ကြီးတာပဲ”

“ဟိုမှာ ကြည့်စမ်း”

နတ်ပုလေး ညွှန်ပြတဲ့ မြေတွင်းထဲမှာ ဖြူတကောင်၊ အမွေးတွေ ထောင်နေတာပဲ။

“ဖြူကောင်လား”

“ဘယ်ဟုတ်ရမှာလဲ မြေကြွက်၊ မြေကြွက်... သူတို့ မြေတွင်းထဲမှာ အောင်းနေရပြီ၊ နေရာယူနေကြပြီ၊ သူတို့ဟာ တရုတ်ပြည်ရဲ့မဟာတံတိုင်းကိုတောင် ပြိုလဲသွားအောင် တတ်နိုင်တယ်၊ ပြီးတော့ ကြည့်စမ်း ဟိုမှာ...”

“ခြကောင်များနဲ့ ပုရွက်ဆိတ်များပါလား”

“သူတို့ဟာ သိန်းသန်းမက ခေါဘိဏီ၊ ခေါဘိဏီတွေ၊ မြေပြင်စစ်ဆင်ရေးမှာ မင်းတို့ လူ့ဘုံရဲ့ တိုက်တာ အဆောက်အအုံတွေကို ဖျက်ဖို့ အဆင်သင့်ပဲ၊ ဒါတောင် သတိမရကြဘူး၊ တော်လည်းသံတွေ၊ လှိုင်းသံတွေ မကြားဘူးလား။

ခရစ်တော် အိပ်ပျော်နေတဲ့နေရာနားမှာ ပင်လယ်နီနဲ့ မြေထဲပင်လယ်၊ အို... ဂျော်ဒန် မြစ်ကမ်းပါးမှာလည်း အမြောက်သံ၊ ဗုံးသံ၊ ဗုဒ္ဓဘုရားသခင် ပွင့်တော်မူရာ မဇ္ဈိမတိုင်း မြောက်ဘက်က မြစ်ဖျားခံလာတဲ့ မြစ်ပြင်တွေ ကမ်းပါးမှာလည်း အမြောက်သံတွေ၊ ဗုံးသံတွေ၊ အသား အဖြူ အမည်းလေး ကွဲတာနဲ့ ကိုယ့်အချင်းချင်း သတ်ပြီး ကောင်းကင်ကိုလည်း စစ်ဆင်ဦးမယ်၊ ဒါကြောင့် ကိုယ်ဟာ မြေတွင်းအောင်း နေရာယူနေတဲ့ သူတို့အားလုံးကို မေတ္တာရပ်ခံထားရသေးတယ်”

“တော်ပါတော့ နတ်ပုလေးရယ်၊ စိတ်မောပါတယ် ဆိုခါမှ ဘာတွေ ပြောနေပါလိမ့်”

“အေးလေ၊ အမှန်တွေပြောတာ၊ မကြားနိုင်ရင်လည်း မှန်စိမ်းကာထားတဲ့ မင်းအိပ်ခန်းမှာ အေးအေးသက်သာပဲ အိပ်နေပါလား၊ အိပ်လေ... အိပ်... အိပ်...”

“ဟင်... အိပ်နေရမယ်လား၊ အမြဲတော့လည်း ဘယ်သူ အိပ်နေနိုင်မှာလဲ၊ ပြီးတော့လည်း မကြားအောင်၊ မမြင်အောင် နေစေချင်ရင် လူသားဆိုတဲ့ ကျွန်မတို့ကို ဘာဖြစ်လို့ နားရယ်၊ မျက်စိရယ်၊ လက်ရယ်၊ လျှာရယ် တပ်ပေးလိုက်ရလဲ ဟင်... ဟိုပြတိုက်ထဲက မြေအောက်က တူးဖော်ရရှိတဲ့ ကျောက်ရုပ်လို နှာခေါင်းအပြတ်၊ လက်မောင်း မပါ၊ မျက်လုံးကြီးတွေ ကြောင်တောင်ကန်းလို လုပ်ပေးလိုက်ပါလား၊

စကားမပြောနိုင်အောင် ဖန်ဆင်းပေးလိုက်ပါလား”

နတ်ပုလေးဟာ သက်ပြင်းချလိုက်တယ်။

“တုံးလိုက်ပါဘိ သူငယ်မရယ်... မင်းတို့ကို ဘယ်သူ ဖန်ဆင်းလို့လဲ၊ တွေးကြည့်ပါဦး၊ အို... မနုဿလူသား၊ ကိုယ့်ဘဝ ကိုယ့်တန်ဖိုး ရှိတာကိုဖြင့် မသိ၊ နတ်တွေ၊ သိကြားတွေတောင် လူလို အခွင့်အရေး၊ လူလို အသိဉာဏ် လိုချင်တယ်၊ သူတို့ထက် အသိမှာ ပိုတယ်၊ လောဘ၊ ဒေါသ၊ မောဟပဲ ကင်းစင်လို့ လူကဖြစ်တဲ့ ရှင်တော်ဂေါတမကို နတ်ဗြဟ္မာတွေ ဦးညွှတ်ရတာ၊ ကိုယ့်တန်ဖိုးကိုယ် မသိတာက မင်းတို့လူသားတွေ၊ မွေးရာပါ အခွင့်အရေး မျက်စိ၊ နား၊ လျှာ၊ လက်တွေ ပါလာတာကိုတောင် ဖြတ်ပေးလိုက်ပါလားတဲ့၊ ပိတ်မှောင်နေတဲ့ ခေတ်အမှောင်ထဲမှာ စိတ်သောကတွေနဲ့ အိပ်မောကျနေပြီးတော့၊ ဒါနဲ့များ စာရေးဆရာလည်း ဖြစ်ချင်သေးသတဲ့”

“ကျွန်မ အိပ်မောကျမနေပါဘူး၊ အိပ်လို့ မရဘူး၊ ဘာတွေပြောနေတာလဲ နတ်ပုလေးရယ်၊ အိပ်... အိပ်လို့လည်း ဆိုတယ်... အိပ်မောကျနေရမလားလို့လည်း အပြစ်တင်တယ်”

နတ်ပုလေးက အသံကို လျှော့လိုက်ပြီး -

“ဖြည်းဖြည်း ပြောမယ်၊ အေးအေးဆေးဆေး နားထောင်ကွဲ့ သူငယ်မရဲ့၊ စကားကို တင်စားပြီး ပြောတာ၊ စိတ်သောကတွေနဲ့ အိပ်မောကျနေတယ်ဆိုတာက အမှောင်ထဲမှာ တွေဝေပြီး နေတယ်လို့ ပြောတာ၊ ခူးခူးနဲ့ အိပ်ပျော်နေတယ်လို့ ပြောတာ မဟုတ်ပါဘူး၊ မင်းဟာ တွေဝေနေတယ်၊ မပြတ်သားဘူး၊ ကိုယ် ဘာလုပ်ရမယ်ဆိုတာ ပြတ်ပြတ်သားသား မသိတဲ့သူဟာ၊ မလုပ်တဲ့သူဟာ စာရေးဆရာ မလုပ်သင့်ဘူးလို့ ဆိုတာ”

“ရှင်းပါပြီ နတ်ပုလေး”

“တော်သားပဲ၊ တည့်တည့်ပြောတော့လည်း ရိပ်မိတယ်”

“ဟုတ်ကဲ့၊ တည့်တည့်ပဲ ပြောပါ"

“ကိုယ် ရွှေပေလွှာ ချခဲ့မယ်၊ သိကြားမင်း ရွှေပေလွှာကိုတော့ လူတွေဟာ သိပ် ကြောက်တာပဲ၊ ခုနစ်အိမ် ဝေဆိုရင် ချက်ချင်း ဝေကြတယ်”

“ကျွန်မ ကူးရေးမယ် နတ်ပုလေး၊ ရွှေပေလွှာကို ကူးရေးမယ်၊ ပြီးတော့ အယ်ဒီတာတွေကို ပေးလိုက်မယ်၊ သူတို့ မဂ္ဂဇင်းတွေထဲ ထည့်လိုက်ရင် သိကြားမင်း ရွှေပေလွှာထက်တောင် လူထု လက်ထဲအနှံ့ ရောက်သေးတယ်၊ ဟင်...

ပြောသာပြောရတယ်၊ အယ်ဒီတာက နတ် မယုံရင် ဒုက္ခ…”

“ဩော်… စစ်မရောက်ခင်က မြားကုန်နေတယ်၊ ငါ့ရွှေပေလွှာက သိပ္ပံနည်းကျကျ၊ သဘာဝနဲ့ ညှိနှိုင်းထားတဲ့ ရွှေပေလွှာ၊ ဒီနေ့ သိပ္ပံပညာရှင်တွေက ငါ့ရွှေပေလွှာကို သူတို့ သိပ္ပံပေတံနဲ့ကို တိုင်းကြည့်ပါစေဦး၊ အတိုင်းခံတယ်၊ နတ်ကို ကိုးကွယ်အောင် နတ်ကတော် ဘော်ချက်တဲ့ ရွှေပေလွှာ မဟုတ်ဘူး”

“ဟုတ်ကဲ့… ပြောပါ”

“အခု သာသနာတော်နှစ် ၂၅၂၀ မရောက်ခင် တို့ ဗုဒ္ဓဘုရား သက်တော် ၂၉ နှစ်မှာ တောထွက်ပြီး ၆ နှစ်တိုင်တိုင် ဒုက္ကရစရိယာကို ကျင့်ခဲ့တယ်။ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ကဆုန်လပြည့်နေ့ည ဘုရားအဖြစ်ကို ရောက်တော့မယ့်ဆဲဆဲ မာရ်နတ်မင်းဟာ ရွှေပလ္လင်လုပွဲကို ကောင်းကင်စစ်ဆင်ရေးနဲ့ စစ်ဆင်ခဲ့တယ်၊ မြားတွေ မြားတွေ မြားတွေ ဆိုတာ လက်ရုံးတထောင် ရှိတဲ့ သူ့လက်နက်နဲ့ ပစ်တာဆိုတော့ စဉ်းစားကြည့်၊ ဘယ်လောက် များလိုက်မလဲ၊ လေပြင်းမုန်တိုင်းတွေ တရကြမ်း တိုက်ခတ်ပြီး ဗောဓိပင်အမြစ်တွေ ပြုတ်ထွက်သွားအောင်၊ ကောင်းကင်စစ်ဆင်ရေးကို လုပ်ခဲ့တယ်၊ ဒီအခါမှာ ဝသုန္ဒြေမြေကိုစောင့်တဲ့ နတ်သားဟာ ပေါ်လာပြီး…

“တို့ မြတ်စွာဘုရားသခင်ဟာ ဒီပင်္ကရာဘုရားလက်ထက် သုမေဓာသူကြွယ်ဘဝ ဗျာဒိတ်ပန်ဆင်ပြီး လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်၊ အလှူဒါနပြုပြီး ရေစက်သွန်းချခဲ့တာ၊ ရေစက်သွန်းချပြီး လှူဒါန်းတဲ့အလှူ ဘယ်လောက်များလဲဆိုတာ မာရ်နတ်မင်း ငါ ပြမယ်”

ဆိုပြီး သူ့ခေါင်းပေါ်ကဆံပင်တွေကို ဖြေပြီး ညှစ်ပြလိုက်တာ တခါတည်း သမုဒ္ဒရာ ရေလျှံလာသလား အောက်မေ့ရတယ်၊ မာရ်နတ်နဲ့တကွ သူ့စစ်သည်တွေဟာ ဝသုန္ဒြေနတ်မင်းရဲ့ ဆံပင်ကျရေယဉ်မှာ မျောပါသွားကြရတယ်၊ မြေပြင်စစ်ဆင်ရေး၊ ကောင်းကင်စစ်ဆင်ရေးကို မိုးသောက်ယံမတိုင်ခင် အနိုင်ရလိုက်တယ်။

မင်းတို့ မနုဿလူသားတွေ၊ မြေကမ္ဘေးတဲ့ မြေသားတွေ ဖြစ်ပါရက်နဲ့ မျိုးတူ ဘဝဇာတ်တူတွေရဲ့ဘဝကို မေ့လျော့ကြတယ်၊ မြေပေါ်မှာ မဝတဝ ငတ်မွတ်ခေါင်းပါးလို့ ရိက္ခာပေးပါလို့ တစာစာ အော်တဲ့ လူသားအချင်းချင်းကို မင်းတို့ လှည့်မကြည့်ဘူး၊ မြေဆီလွှာကို ညှစ်ရတဲ့ဆီနဲ့ ကောင်းကင်ကို နယ်ချဲ့ဖို့၊ မင်းတို့ လက်နက်ကိရိယာတွေမှာ အသုံးချကြတယ်။

မေတ္တာဘွဲ့ဆိုသော်လည်း မင်းတို့ လူသားရဲ့အဘိဓာန်မှာ မေတ္တာဆိုတဲ့စကားလုံး ရှာလို့ မတွေ့ဘူး၊ ငါတွေ့တာ သံဆူးတွေ၊ သံခွာတွေ

တပ်ထားတဲ့ သားရေဖိနပ်၊ ဒီဖိနပ်နဲ့ လူသားချင်းချင်း လည်ပင်းကို လိမ့်နင်းကြတယ်။ သိပ္ပံပညာရှင်တွေကလည်း မေတ္တာငှက်ကို ဒုံးပျံနဲ့ ပစ်ထည့်လို့ ခိုကိုးရာမဲ့ နားစရာ အေးချမ်းတဲ့ မြေတကွက်ကို ကမ္ဘာမြေပြင်မှာ ရှာမတွေ့လို့ ခုတော့ဖြင့် သူ ကောင်းကင်က ပြန်ကျပြီး မြေပြင်မှာ ရင်ကွဲပြီး သေရှာပြီ”

“ဘုရား... ဘုရား”

“သူ့ရဲ့နှလုံးသားက မဇ္ဈိမဒေသမှာ ကျတယ်။ သူ့ရင်က ဥလေးတွေက အိန္ဒိယ သမုဒ္ဒရာ ပင်လယ်ထဲမှာ မျောနေတယ်၊ အချိန်မီ ဆယ်နိုင်ရင်ဖြင့် မေတ္တာငှက်မျိုး မပျက်သေးဘူး၊ သူ့နှုတ်သီးဟာ အာတိတ်စက်ဝိုင်း ရေခဲပြင်ပေါ်မှာ ကျတယ်၊ သူ့နှုတ်သီးက သွေးဟာ ပူပူနွေးနွေးပဲ ရှိသေးတယ်။ ဒါကြောင့် အာတိတ်စက်ဝိုင်း ရေခဲပြင်ကြီးတွေ အရည်ပျော်ပြီး သမုဒ္ဒရာမှာ ရေလျှံလာတယ်။ ရေဘေးကြုံပြီး မင်းတို့ လူသားတွေ ရေမှာ မျောလည်း သတိမရ၊ မေတ္တာငှက်ကို ပစ်မှတ် ပြင်းထန်သည့်နှင့်အမျှ တန်ပြန်လာတဲ့ လက်နက်ဆန်းတွေ မြေမှာထိတိုင်း မြေလျှင် တော်လည်းလို့ မြေကြီးတွေ ဟက်တက်ကွဲပြီ။

ကောင်းကင်လေမှာ အအေးဓာတ် ခန်းခြောက်လို့ မကြုံဖူးအောင်လည်း မိုးခေါင်ခဲ့ပြီ။ ဒါပေမင့်လည်း သတိမရပါဘူး။ မင်းတို့ တက်ရှာတဲ့ တခြားဂြိုဟ် အစိုင်အခဲ မြေလုံးတွေလိုပဲ မင်းတို့ ကမ္ဘာမြေကြီးဟာ တနေ့သောအခါ မဆုံးသော လောင်ခြင်းနဲ့ မီးလောင်နေပေလိမ့်မယ်။

ဒီကမ္ဘာဟာ စကတည်းက မြေ၊ ရေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်လေးခု စုပြီး ဖွဲ့လာခဲ့ရတဲ့ ကမ္ဘာ။ တို့ဗုဒ္ဓ ဟောကြားတဲ့ ဒီတရားသဘောကို မင်းတို့ သိပ္ပံပညာရှင်တွေ သွားမေးကြည့်၊ ငြင်းနိုင်ပါသလား။

ငါ ပြတဲ့အကောင်၊ မြေတွင်းအောင်း သတ္တဝါတွေက ဒါလောက် ကောင်းကင်ဆန်တဲ့ မနုဿ ဆိုတဲ့ လူသားတွေကို သူတို့ခေါင်းဆောင် ဝသုန္ဒရေမင်းကို ဦးဆောင်စေပြီး မြေပြင်စစ်ဆင်ရေးနဲ့ တခါတည်း တွယ်မလို့၊ သိရဲ့လား၊ သိရဲ့လား... ငါ မေတ္တာရပ်ခံထားပါတယ်။ ငါ မေတ္တာရပ်ခံထားလို့၊ နို့မို့ရင်... မြေထဲပင်လယ်ရော၊ ပင်လယ်နက်ရော သွေးချောင်းစီးတဲ့ ပင်လယ်နီ ဖြစ်တယ်။ အချိန်တွေ ရှိပါသေးတယ်။

ခရစ်တော်ကိုလည်း တိုင်တည်ချင်တယ်။ ဂျော်ဒန်မြစ်ရေစင်ကို ပက်ဖျန်းပြီး မြေထဲပင်လယ်နဲ့တကွ အာဖရိကကမ်းခြေကို အေးမြသာယာအောင် ပြုပေးတော်မူပါ။ မိုဟာမက် တမန်တော်ကိုလည်း အကူအညီ ခေါ်တော်မူပါ။

ပရိနိဗ္ဗာန်စံဝင်တော်မူပြီး ဖြစ်သော မြတ်စွာဗုဒ္ဓရဲ့ တခါက ငြိမ်းချမ်းရေးတရား ဟောရာ ဂင်္ဂါနဲ့ ရောဟိဏီမြစ် ဆုံရာ ရေစင်ကိုလည်း

ဘုရားသားတော်များ ဆင့်ပွားယူလို့ ကမ္ဘာအနှံ့ မေတ္တာရေစင် ဖျန်းတော်မူပါလို့ ငါ့မှာ တိုင်တည် မေတ္တာပို့ခဲ့ပါတယ်၊ ကောင်းမွန် ချမ်းမြေ့စွာ အိပ်ပျော်ပါစေ... အိပ်... အိပ်...”

နတ်ပုလေးရဲ့အသံဟာ တဖြည်းဖြည်း ဝေးဝေးသွားရာ ခပ်တိုးတိုးလေးပဲ ကြားရတယ်။ သူဟာ ပြတင်းက ထွက်ပျံသွားတယ်။ မှန်ပြတင်းက ကြည့်တော့ သူ့ကို မမြင်ရတော့ဘူး။ မိုးကုပ်စက်ဝိုင်းဆီကို ခရီးထွက်သွားတဲ့ ကြေးနီရောင် လခြမ်းလေးကိုပဲ တွေ့ရတယ်။ ထင်းရှူးရွက် သန်းခေါင်ယံ ညကေရီရဲ့ မြေဆီလွှာမှာ ငွေပွင့်နဲ့ စိန်မှုန်တွေ၊ ပုလဲခက်တွေ၊ ပုလဲသွယ်တွေ ဆင်လို့ လေညင်းမှာ တန္တဲ့နဲ့ ငေ့ယမ်းပြီး လဝန်းကို နှုတ်ဆက် ကျန်ရစ်ကြတယ်၊ သန်းခေါင်ယံ ညင်းလေပြည်ဟာ ရင်မှာ ထိလာတော့ အမောပြေသား၊ ဩော်... ဒီလိုတော့လည်း လောကကြီးဟာ နှစ်လို ချမ်းမြေ့စရာ ကောင်းပါသေးတယ်လေ။

■

သူ့ရဲ့စာမူက ဒီနေရာမှာပဲ ရပ်သွားတယ်။ သူ ဆက်ရေးရေး၊ မရေးရေး၊ စာရေးဆရာ သူ ဖြစ်ဖြစ်၊ မဖြစ်ဖြစ် သူ့စာမူကိုလည်း ထည့်မယ့်၊ လက်ခံမယ့် အယ်ဒီတာတွေ၊ မဂ္ဂဇင်း၊ ဂျာနယ်တိုက်တွေ ရှိရှိ၊ မရှိရှိ ကျွန်တော်တော့ ဖတ်ပြီးသွားပြီ။ အသက်ရှူရတာလည်း သက်သောင့်သက်သာ ရှိသွားတယ်။

ရင်တွင်းပဋိပက္ခရဲ့ အပူနဲ့ အအေးကို ပေါင်းစပ်ပြီး ပေါ်လာတဲ့ သူ့ဝေဒနာကို ဖော်ပြတဲ့ နေရာမှာ ဒီစာရွက်ကလေး သုံးလေးရွက်ဟာ အောင်မြင်တယ်။

ကျွန်တော်ဟာ ဒီနေရာမှာ တကယ့် စာပေဝေဖန်ရေးသမားကြီး ဖြစ်သွားတယ်။ ဟုတ်တယ်၊ စာတကြောင်း ဖြစ်အောင် မရေးနိုင်သော်လည်း ဝေဖန်ဖို့တော့ စာဖတ်သူဟာ နားလည်တယ်၊ ကျွမ်းကျင်တယ်။ အထူးသဖြင့် ကျွန်တော် နားလည်တယ်။

ကျွန်တော် ဘဝင်ကျသွားပြီ။ ဘာဖြစ်လို့လဲ သိလား၊ မွေးရင်ထဲမှာ လိပ်ခဲတည်းလည်း ဖြစ်နေတဲ့ ဝေဒနာအားလုံးကို သူ ဖြေလို့ ရသွားသည်နှင့်အမျှ ဝမ်းသာရသူက ကျွန်တော်ပဲ။ ကောင်းကင်ကိုပဲ အကျိုးပြုပြု၊ မြေကြီးကိုပဲ အကျိုးပြုပြု လက်ရှိ ကျွန်တော့်ကို အကျိုးပြုရင် ဒီစာရေးသူကို ကျွန်တော်က ကျေးဇူးတင်ရမယ်လေ။

“ကဲပါလေ ကဲပါ၊ ဘာလဲ မမမွေး ခြေရာနင်းပြီး စာရေးဆရာ လုပ်မလို့လား”

မဝတ်မှုန် အော်လိုက်မှ ကျွန်တော့်အတွေးကို ရပ်ပစ်ရတယ်။

“မမမွေးလည်းနော်၊ စာသာ ရေးဖြစ်ရင် စိတ်ဖြေသာမှာ၊ သူ့ဘဝက သူ

နေတတ်လို့သာ၊ တကယ်တော့ ပျင်းစရာကြီး၊ ခုတလောတောင် ဖေဖေကြီးအတွက် ဆေးရှာစရာရှိလို့ ခဏ အပြင်ထွက်တာ၊ ကဲ… ဝတ်မှုန် ဖတ်ဦးမယ်၊ အလုပ်အားသွားပြီ”

ဝတ်မှုန်က ကျွန်တော့်လက်ထဲက စာမူကို ယူဖတ်တယ်။ သူ့သဘောထားကိုဖြင့် ကျွန်တော်တို့ မဆွေးနွေးမိဘူး။ သူ့လက်ရေးစာမူလေးကိုတော့ ကျွန်တော် တောင်းယူပြီး သေသေချာချာ သိမ်းထားလိုက်တယ်။

နောက်လအတွင်းမှာ ဘဘကြီးဟာ အထွေးတို့အိမ်မှာပဲ ကွယ်လွန်သွားပါတယ်။ ကျွန်တော်တို့မိသားစုလို့ပဲ အမည်တပ်ချင်ပါတယ်လေ။ ဘာကြောင့်လဲဆိုတော့ မွှေးရယ်၊ ဝတ်မှုန်ရယ်၊ ကျွန်တော်ရယ်… သုံးယောက် မိသားစုစိတ်ဓာတ်နဲ့ နေကြတဲ့ အိမ်ထောင်လေးဟာဖြင့် စည်းစည်းလုံးလုံး အေးအေးချမ်းချမ်းပါပဲ။

သွေးနဲ့ အမျိုးမစပ်ပါသော်လည်း မေတ္တာရဲ့ရစ်ပတ်မှုဟာ တကယ့် ငြိမ်းချမ်းသာယာမှုကို ပေးလေတော့ ကျွန်တော်ဟာ ဒီဘဝမှာ ပျော်မိတယ်။ နှစ်သိမ့်ရောင့်ရဲမိတယ် ဆိုပါတော့။ တညချမ်းမှာတော့ ဝတ်မှုန်ဟာ ပြိုးပြိုးပျာပျာနဲ့ ကျွန်တော့်ကို သတင်းတခု လာပြောတယ်။

“ကိုကြီးတာ… ကိုကြီးတာ… မမမွှေးရယ်… လက်ထပ်တော့မယ်”

ဘာ… ဘာပြောလိုက်တယ်၊ ဘုရားရေ…

ကျွန်တော်လည်း ခေါင်းကို မိုးကြိုးပစ်လိုက်သလား အောက်မေ့ရတယ်။ ရင်ထဲမှာလည်း ဒိန်းခနဲဆို ဖြစ်သွားတာပဲ။ ဒီသတင်းဟာ ကျွန်တော်တို့ အသိုင်းအဝိုင်းလေး စည်းရုံးမှုကိုများ ပျက်စီးစေမှာလား။

“ဝတ်မှုန် ဘယ်ကကြားလဲ၊ ငါ့နားတောင် ငါ မယုံဘူး”

“ဝတ်မှုန်လည်း အပြင်က စကားဆိုရင်တော့ မယုံဘူး၊ နေ့ခင်းက ကိုကြီးတာနဲ့ မမမွှေး အပြင်ကို သွားနေတုန်း ဟို လုလုချောချောလေး ကောင်မလေးတယောက် ဒီအိမ်ကို တခါ တခါ လာတတ်တယ်လေ၊ ကလေးလေး မွေးလို့ တခါ လာပြတာ၊ သူတို့ လင်မယားလာတယ်”

“ဪ… မိုနာလား”

“အင်း အင်း… သူက ပြောတယ်၊ အန်တီမွှေးအတွက် စာပါလာတယ်ဆိုပြီး စာတစောင်လည်း မမမွှေးလက်ထဲ ထည့်ဖို့ ပေးသွားတယ်၊ ပြီးတော့ ဝတ်မှုန်ရှေ့မှာပဲ

သူ့ယောက်ျားကို ပြောပြနေတယ်၊ အန်တီမွေးက ဒီတခါ လူကိုယ်တိုင် လေယာဉ်ပျံကွင်းကို ဆင်းကြိုမှာ ဆရာတဲ့၊ အန်ကယ်နဲ့ အန်တီမွေး လက်ထပ်ပြီးရင်တော့ ဒီအိမ်ကြီးလေ စိုပြည်လာမှာတဲ့ ဆက်ပြောတယ်၊ ပြီးတော့ ကလေး နို့တိုက်စရာ ရှိလို့ မမမွေးတို့ ပြန်တဲ့အထိ မစောင့်နိုင်ဘဲ ပြန်သွားရတယ်လို့ ပြောလိုက်ပါတဲ့၊ ဝတ်မှုန်ကို ပြောသွားတယ်”

ကျွန်တော် ငိုင်ပြီး နားထောင်နေတုန်း ဝတ်မှုန်က ဆက်ပြောတယ်။

“မိုနာ့ယောက်ျားက ဘာပြောလဲ ဆိုတော့လေ၊ တို့များဖေဖေရဲ့ ရွှေငုံးမင်း အမြီးမျှော်တဲ့ ဇာတ် ခုမှပဲ ဇာတ်ပေါင်းခန်း ရောက်မှာတဲ့၊ ဖေဖေတို့များ အန်တီမွေးကို လူပျိုကြီးလုပ်ပြီး ဒီအရွယ်ထိ စောင့်တာများ အံ့ပါရဲ့တဲ့”

ကျွန်တော် ဒီစကားကြားရမှ အသက်ရှုနိုင်တော့တယ်ဗျာ။ ဝတ်မှုန်အတွက်တော့ ဇာတ်လမ်း အသစ်ပေါ့။ ကျွန်တော့်အတွက်တော့ ဇာတ်လမ်းအဟောင်း။

“ဟင်... ကိုကြီးတာ ဘာငိုင်နေလဲ၊ မမမွေး ယူမှာ လူပျိုကြီးလည်း ဆိုသေးရဲ့၊ သူ့သားက အဲဒီ မိုနာရဲ့ယောက်ျား၊ ဘာတွေလဲ ဟင်၊ ဝတ်မှုန် နားမလည်ဘူး”

“ဝတ်မှုန် မသိပါဘူးဟယ်”

“မသိလို့ မေးတာပေါ့၊ ကိုကြီးတာက သိတယ်လား၊ ဘယ်လိုလုပ် သိတာလဲ”

ကျွန်တော့်မှာ ကျွန်တော့်ဇာတ်လမ်းပဲ ဝတ်မှုန် မသိအောင် ဖုံးဖို့နဲ့ ရှေ့စကား နောက်စကား ညီအောင် ခဏ စဉ်းစားနေရသေးတယ်၊ ပြီးမှ - - -

“ကိုကြီးတာက မွေးလက်ထပ်မှာကို သိတာမဟုတ်ဘူး၊ ဟိုတခါ ဧည့်သည်တွေလာတုန်းက သူတို့အချင်းချင်း ပြောသံ ကြားတာပါ၊ တခါတလေ လာလည်တယ်လေ၊ ဟိုဘီးဆံပတ်ကြီးတွေနဲ့ အဘွားကြီးနှစ်ယောက်မှာ ဒေါ်သောင်းစိန်ရဲ့သား အတွက် ခေါ်တဲ့ ဆရာဝန်ကြီးက အဲဒီရစ်ချတ်ကို မွေးစားတာတဲ့”

ကိုယ့်စကားကို ယုတ္တိရှိအောင် ဖုံးရတယ်။

“ဩော်... တညနေတုန်းက မမမွေးက ခင်မောင်ရင်ရဲ့ ဆိပ်ကမ်းသာသီချင်းအကြောင်း ပြောတုန်းက သူ့သူငယ်ချင်း အတွက်ဆိုတာ ထင်တယ်”

“အေးပေါ့”

ဆရာဝန်ကြီးလည်း ဆိုသေးရဲ့၊ နာမည်က အတွက်တဲ့၊ အေးလေ... တခြားနာမည်လည်း ရှိဦးမှာပေါ့၊ ကိုကြီးတာမှာလည်း တခြားနာမည် ရှိမှာပဲ၊ ဝတ်မှုန်ကိုသာ ကိုဖိုးတာလို့ ပြောထားတာ၊ စကားပြောရာမှာ ခုမှ ထစ်အဲထစ်အဲ ဖြစ်သွားတာ၊ မီးမလောင်ခင်တုန်းက ကိုကြီးတာ စကားပြောတာ သိပ်တာတာပဲ၊ ကိုကြီးတာဟာ တာလည်း တာသေး၊ တေလည်း တေသေး၊ ကိုတာတေကြီးလို့သာ နာမည်ပေးဖို့ ကောင်းတယ်၊ ဘုရား၊ သိကြား,မလို့ အဲဒီဆရာဝန်ကြီး အတွက် ဆိုသူဟာ သူတော်ကောင်းကြီး ဖြစ်ပါစေ၊ မမမွေးလိုပဲ ဝတ်မှုန်တို့အပေါ် စေတနာကောင်း ရှိပါစေ”

ဝတ်မှုန်ဟာလေ သူ့စကား သူပြော၊ သူ့အမေး သူဖြေပြီး သူ့သောက ပူပန်မှုလေးကို ဖြေဖျော်နေတယ်။

“မပူပါနဲ့ ဝတ်မှုန်ရယ်၊ အဲဒီလူ စိတ်ကောင်း သဘောကောင်း ရှိလို့လည်း မင်းရဲ့ မမမွေးအနား ကပ်နိုင်တာလို့ ကိုကြီးတာ ထင်တာပဲ၊ မထိုက်ရင် မတန်ရင် လင်မယားအဖြစ်ကို မညားဖြစ်ဘူး၊ ဘယ်လောက်ပဲ ချစ်ချစ်၊ အေးလေ... ဆုလည်း တောင်းပေါ့၊ ငါ ပြောခဲ့ပါပကော၊ နေမဖြစ်လည်း အဘဆီ ပြန်ရုံပဲ”

“ဟင်း...”

ဝတ်မှုန်က မျက်စောင်းလေး တချက် ကျွန်တော့်ဘက် ထိုးလိုက်ပြီး -

“အဘဆီ ပြန်၊ အဘဆီ ပြန်၊ ဝတ်မှုန်က သာပြီး ပြန်ချင်သေးတယ် ကိုကြီးတာရေ၊ အစကတည်းက ရွှံ့ထဲမှာ မွေးလာ၊ ရွှံ့တွေ လူးနေတဲ့ မိမ့်ဟာ ရွှံ့အိုင်ထဲမှာသာ ပျော်တာ၊ ကျွဲမ ကျွဲမ ရွှေရေးဆောင်မှာ ရွှေအိုင်က ရေကိုချိုးပြီး ပျော်နိုင်တဲ့ ကောင်မ မဟုတ်ဘူး၊ ဟောဒီ ကိုကြီးတာဆိုတဲ့ ကိုဖိုးတာကြီးကြောင့် သိရဲ့လား၊ သူဟာ ငါ့ကို ချစ်လို့နေရတာ၊ ဘယ်လိုလည်း တောမှာ ပျော်တယ် ဆိုပေမယ့် တကယ်တော့ အရင်က အရာရှိတယောက် ဖြစ်ခဲ့တယ်၊ သူပျော်ရာ ငါ တလှည့် လိုက်ဦးမှ ဆိုပြီး မိမ့် အဘကိုပစ်ပြီး လင့်တမျက်နှာ တရွာထင်ပြီး လိုက်လာတာ၊ သိလား”

သူ့မျက်လုံးမှာ မျက်ရည်ဝဲ့ပြီး ကျွန်တော့်ကို လက်ညှိုးလေး တထောင်ထောင်နဲ့ ရန်တွေ့သလို ပြောတော့ သူ့ခေါင်းလေးကို ဆွဲယူပြီး ရင်ခွင်ထဲမှာ ပိုက်ထားလိုက်ရတယ်။ ဝတ်မှုန် ပြောတာ အမှန်တွေချည်းပါပဲလား။

ယောကျ်ားများနော်၊ တကယ်တော့ အချစ်ရေးမှာ သဝန်ကြောင်တဲ့စိတ် မိန်းမထက် ပိုပါတယ်။ မွေးဟာ ကျွန်တော်နဲ့ ဘာဆို ဘာမှမဆိုင် သိသားပဲ။

ဒါပေမဲ့လည်း မပိုင် မဆိုင်ရသော်လည်း ခုလို အတွတ်ကြီးနဲ့ လက်ထပ်ကြတော့မယ်လို့ သိရတော့ ရင်ထဲမှာ ကုန်လှုပ် မိသေးတယ်။ နှမြောသလိုလို၊ တားမြစ်ချင်သလိုလိုပဲ။

တချို့ယောကျ်ားတွေဟာ ကိုယ်သာ အလေလိုက်ပြီး ဆယ်မယား ယူယူ၊ ကိုယ်က တရားဝင် ကွာခဲ့တဲ့ မယားကြီးများ သူ့ဟာသူ နောက်အိမ်ထောင်ပြုရင် မကျေနပ်တာတွေ တွေ့ခဲ့ဖူးတာ အထူးအဆန်း မဟုတ်တော့ဘူးနော်။ ကျွန်တော်ဟာ အဲဒီယောကျ်ားတွေကိုလည်း ခွင့်လွှတ်စိတ် ဖြစ်လာပါတယ်။

အေးလေ... ဘာပဲဖြစ်ဖြစ် မွေးဟာ သူ့ကိုယ်သူ အဘွားကြီးဂိုက် ဖမ်းပြီး အဘွားအိုလေးလို နေလို့သာကိုး။ တကယ်တော့ သူဟာ အရွယ်ရှိသေးတယ်။ သူ့အနေနဲ့လည်း နောက်အိမ်ထောင် ပြုမယ်ဆိုရင် ဘယ်သူကမှ မွေးကို ဘာအကြောင်းပြပြီးမှ ကန့်ကွက်စရာ မရှိဘူး။

အထူးသဖြင့် အတွတ်ကြီးနဲ့ဆိုတော့ သာပြီး ဘက်ညီပါတယ်။ တနေ့နေ့မှာ တခြား ယောကျ်ားတယောက်ကို စိတ်ညွတ်ပြီး ယူသွားလည်း ကျွန်တော်တို့ ဘာတတ်နိုင်မှာလဲ ခင်ဗျာ။

ခုတော့ အတွတ်... အို... ကျွန်တော့် အချစ်ဆုံး သူငယ်ချင်း အတွတ်။ ကျွန်တော်လည်း သူ ခေါ်လို့ မွေးထံပါးကို ရောက်ခဲ့ရတာ။ ကိုကိုနိုင်ဆိုတဲ့သူကလည်း သူ တတွတ်တွတ်နဲ့ မွေးအကြောင်း ရွတ်ဖတ်သရဇ္ဈာယ်လွန်းလို့ မွေးဆိုတဲ့ ချုံနွယ်တွေ ပိတ်နေတဲ့ အချစ်နတ်သမီး ရုပ်ပွားလေးကို တူးဖော် ရှာဖွေ တွေ့ရှိသွားရတာပါ။

ခုမှပဲ သူ့မှာ သူ့ရဲ့ အချစ် ရွှေရုပ်တုကို သူ့ရင်ခွင်မှာ သိမ်းပိုက်ခွင့်ရတဲ့အတွက် ကျွန်တော်ဟာ သင့်တဲ့အခန်းက ပါဝင်ကူညီရမှာပေါ့။

မင်းလောင်း မောင်ဇနက (ခေါ်) ဖွဲကောင်းလှပါသော အတွတ်ကို ကြိုဆိုရမယ့်နေ့ ရောက်လာပါပြီ။ ဆွေစုမျိုးစုနဲ့အတူ ဖုတ်သွင်းရထားနဲ့ လေယာဉ်ပျံကွင်းကို သွားကြိုရတော့မယ်။ ဒေါ်သီဝလိဒေဝီ ခေါ် မွေးကတော့ သူ့ကားနဲ့ပဲ သွားမယ်တဲ့။ အဘွားကြီးတွေနဲ့ ရစ်ချတ်တို့က သွားနှင့်တယ်။

မွေးဟာ ဘယ်တော့မှ ဆန်းဆန်းပြားပြား မဆင်တတ်သလို ဒီနေ့လယ် သူ ဆင်ပြင်လာပုံက ခပ်ရိုးရိုးပါပဲ။ ဒါပေမင့် ကျွန်တော့်စိတ်ထဲ ဒီညနေ သူဟာ ပိုလှနေသလိုပဲ။

ပြီးတော့ ငယ်ငယ်တုန်းက အတွတ်နဲ့ ကျွန်တော် လိုက်သွားပြီး သူ့ကို ပထမဆုံး တွေ့တဲ့နေ့၊ သော်ကရွာက သူတို့ခြံဝင်းထဲမှာ တွေ့ခဲ့ရတဲ့

ညနေစောင်းမှာတုန်းကဝတ်တဲ့ လုံချည်များလား။ ဒီလုံချည်ဟာ နှစ်ပေါင်းသုံးဆယ် ခံနိုင်ပါ့မလား။ အသိမ်းအဆည်း၊ အဝတ်အစားကို ရိုသေရင်ကော ခံရင်လည်း ခံမှာပေါ့လေ။

အပြာပေါ်မှာ အဝါအခက်တွေပါတဲ့ လုံချည်ပါပဲ။ အင်္ကျီလက်ရှည် အဖြူ မထူမပါးကို ဝတ်လို့၊ ကတ္တီပါစဖိနပ် နက်ပြာပါးပါးလေးကို စီးထားတယ်။ နှုတ်ခမ်းကတော့ ပန်းနုရောင်ကို ပြေပြေဆိုးထားလို့ ခါတိုင်းလို ဖြူဖျော့ဖျော့ကြီး ဖြစ်မနေဘူး။

သူ့နဂိုမျက်ခုံး ညိုညိုမှောင်မှောင်ကြီးကတော့ ခုခေတ်လို မင်သဖို့လည်း မလို၊ ကာချယ် ဆွဲဖို့လည်း မလိုဘူးလေ။ အိမ်ပေါ် လှေကားက သူ ဖြည်းဖြည်း ဆင်းလာပုံကို ကျွန်တော် မသိမသာ ကြည့်ရတယ်။ ဪ... ခြေလှမ်းကတော့ အရင်လို မသွက်တော့ဘူး။ တက်တက်ကြွကြွ မရှိတော့ဘူး။

"ဝတ်မှုန်ရေ..." တဲ့။

လှမ်းခေါ်ပြီး လှေကားရင်းမှာ ခပ်ငေးငေးလေး စဉ်းစားနေတယ်။

"မမ... ဘာလုပ်မလို့လဲ"

သူ့ကိုယ်သူ ခပ်ညည်းညည်းလေး ပြောနေတယ်။

"အင်း... ခုလိုတော့ ရှိုးက အပြည့်ပါပဲ၊ လေယာဉ်ကွင်းမှာ လူတွေ ရုတ်ရုတ် မြင်ရရင် မွေးက ခြေလှမ်းတွေ ယိုင်သွားမှာ၊ ဒီတော့ ဝတ်မှုန်ကိုတွဲဖို့ ခေါ်သွားရကောင်းမလားလို့ပါ၊ ကိစ္စမရှိပါဘူးလေ၊ မိုနာ ရှိသားပဲ၊ အတွက်က ညစာ ဒီမှာစားမှာဆိုတော့ ဝတ်မှုန်ကလည်း မအားပါဘူး၊ ကိုဖိုးတာကသာ လေဆိပ်ညှော့ခန်းရောက်ရင် မွေးအနားမှာ နေနော်၊ မွေးကလည်း အဲဒီလေလုံခန်း အအေးကြီးကို မခံနိုင်ဘူး၊ အသက်မရှူတတ်ဘူး၊ ကဲ... သွားစို့"

တယောက်တည်း ပြောပြီး ကားရှိရာကို ရှေ့က ဆင်းသွားနှင့်တယ်။

ငပလီက လာမယ့် လေယာဉ်ဟာ ညနေ ငါးနာရီလောက် ဆိုက်တတ်တယ်။ သူ့နာရီကို လက်မြှောက်ကြည့်ရင်း ပြောတယ်။

"ကိုဖိုးတာ သွားစို့၊ မွေးတို့ နောက်မကျပါဘူးနော်၊ ခုမှ ၄ နာရီ ရှိသေးတာပဲ၊ အဘွားကြီးကတော့ စောစော ဆင်းစေချင်တယ်၊ မွေးကလည်း လူ ထူထူများများထဲမှာ ကြာကြာနေရင် မူးတူးမောတောကြီး၊ သူတို့ကလည်း ခွဲနေကြတဲ့အချိန်ကြာတော့ သားကို ပြန်တွေ့ရမှာ ဆိုတော့ ဝမ်းသာမှာပေါ့လေ၊ မွေးတို့ အချိန်မီ ရောက်မှာပါ"

"ဟုတ်ကဲ့..."

ကျွန်တော်လည်း ကားပေါ်တက်ပြီး လေဆိပ်ကို မောင်းလာခဲ့တယ်။ ကျွန်တော်နဲ့ မွေး လေဆိပ်ရောက်တော့ မိုနာနဲ့ ရစ်ချတ်လည်း လေဆိပ်ဆင်ဝင်အောက်ကနေ မွေးကို စောင့်နေတယ်။

"ဘွားဘွားတို့ အထဲမှာ ရောက်နှင့်နေပြီ" တဲ့။

မိုနာက ဆီးပြောပြီး မွေးကို စောင့်ခေါ်တယ်။ မွေးဟာ ခြေလှမ်းမှန်မှန်နဲ့ပဲ ဆင်းသွားပြီး ကျွန်တော် သူ့နောက်ကို လိုက်ခဲ့ဖို့ မှာသွားတယ်။

လေယာဉ်ဆိုက်တော့ အဘွားကြီးကလည်း သားကို ဖက်လဲတကင်းနဲ့ ဝမ်းသာအားရ ကြိုလို့၊ အတွတ်ဟာ အသား နည်းနည်းညိုသွားတာကလွဲလို့ ငယ်ရုပ်မပျောက်ပါဘူး။ ရစ်ချတ်လက်ထဲက သူ့မြေးကိုလည်း အသာယူပြီး နမ်းလိုက်သေးတယ်။ သူ့မေမေရဲ့ပခုံးကိုဖက်ပြီး မွေးရှိရာကို တန်းတန်းမတ်မတ် လျှောက်လာတယ်။

"ကဲ... မေမေတို့ သွားနှင့်မယ်၊ သားတို့ လိုက်ခဲ့ပေတော့" တဲ့။

အဘွားကြီးက ကလေးထိန်းနဲ့အတူ ပြန်သွားတယ်။

အတွတ်ဟာ မွေးအပါးမှာ ရပ်လိုက်တော့ ကျွန်တော်လည်း မွေးနောက်တည့်တည့် ထိုင်ခုံကနေ ထပြီး ကြိုမိတယ်။

"မွေး..."

အတွတ်ရဲ့အသံဟာ ကြည်လင် ပြတ်သားပြီး မျက်လုံးအရောင်ဟာ တဖိတ်ဖိတ် တောက်ပနေတယ်။ နှစ်သိမ့်ကြည်နူးမှု အပြည့် ရှိနေတဲ့ ရင်ထဲက ခံစားချက်ဟာ သူ့မျက်နှာပေါ်မှာ ပေါ်လွင်နေတယ်။ တကယ်တော့ သူ့ခမျာလည်း ခုမှပဲ သူ့ရဲ့အချစ်ပွဲမှာ အောင်ပွဲရမျက်နှာ ဒီတခါပဲ ရှိသေးတာကိုး။

"အတွတ်"

မွေးဟာ ကျွန်တော့်အပါးကနေ မတ်တတ်ရပ်ပြီး ကြိုလိုက်ပါတယ်။ သူ့အသံ ကတုန်ကယင်ဟာ သူ့ရင်တွင်း ခံစားမှုကို တဝက်တစိတ် ဖော်ပြနေပုံရတယ်။

"အတွတ်ကို ကိုယ်တိုင် လာကြိုတယ်နော်၊ ကတိတည်သားပဲ၊ အတွတ် သိပ်ဝမ်းသာတာပဲ"

"မွေးပြောတာတွေ လက်ခံပါ့မယ်၊ ဆက်ဆက်လာကြိုပါဆိုတော့ မွေးကလည်း ကတိတည်ရတာပေါ့" တဲ့။

မွေးက ပြုံးပြပြီး ပြောပါတယ်။

"သားတို့ကားမှာ ဖေဖေ့ပစ္စည်းတွေ အားလုံး ပြည့်သွားပြီ၊ ဖေဖေ အန်တီမွေးကားနဲ့ပဲ လိုက်လာခဲ့ပေတော့၊ သားတို့ သွားနှင့်မယ်"

"ဟုတ်တယ် အန်ကယ်၊ မိုနာတို့ အန်ကယ့်ပစ္စည်းတွေ အားလုံး အိမ်ကို ယူသွားမယ် စိတ်ချ"

မိုနာရော၊ ရစ်ချတ်ရော ဘေးတီးပေးသူတွေအနေနဲ့ တယောက် တယောက် မျက်စပစ်ပြပြီး အချစ်ရေးမှာ လက်နှေးတတ်တဲ့ အတွတ်ကြီးအကျင့်ကို သိပြီးသားအတိုင်း အတွတ်ကို မွေးရဲ့ ကားပေါ် တွန်းပို့နေကြတယ်။

"အန်တီမွေးက အန်ကယ့်အတွက် ညစာ စီစဉ်ပြီးသား၊ မိုနာတို့အိမ်မှာ အန်ကယ့်အတွက် ဘာမှ လုပ်မထားဘူး၊ အန်ကယ် ညစာ စားပြီးမှ ပြန်လာပေတော့"

မိုနာဟာ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောဆိုနှုတ်ဆက်ပြီး လေဆိပ်ရဲ့ခန်းမအပြင်ကို ထွက်သွားကြတယ်။

"အတွတ် ဘာပစ္စည်း ကျန်သေးလဲ"

"မကျန်တော့ဘူး မွေး၊ လက်ဆွဲအိတ်ပဲ ရှိတယ်"

အတွတ်က သူ့လက်ထဲက လက်ဆွဲအိတ်ကို ပြလိုက်တယ်။

"ကိုဖိုးတာကို ပေးလိုက်လေ အတွတ်၊ သူကလေ ကိုဖိုးတာတဲ့၊ မွေးကားကို မောင်းတဲ့သူ၊ ဒီညစာဟာ ကိုဖိုးတာရဲ့ချစ်ဇနီး ဝတ်မှုန်လက်ရာပဲ။ ကိုဖိုးတာ၊ ဒါက ခုန ရစ်ချတ်ရဲ့ဖေဖေ၊ ဆရာဝန်ကြီး ဦးမိုးကောင်း ခေါ် အတွတ်တဲ့၊ မွေးတို့ ဝါးခယ်မသားပဲ၊ မွေးတို့နဲ့ ခြံချင်းကပ်ရက်၊ သိပ်ခင်တာ"

အတွတ်က ကျွန်တော့်ကို ပြုံးကြည့်လိုက်တော့ ကျွန်တော့်ရင်ထဲ ဒိန်းဒိန်းနဲ့ ခုန်သွားတာပဲ၊ သူ လုံးဝ မှတ်မိပုံတော့ မပေါ်ပါဘူး။

ကျွန်တော် နှုတ်ခမ်းတွေ တလှုပ်လှုပ် တုန်လာပြီး...

"အတွတ်ရေ... ငါဟာ ဖရက်ဒီ၊ မင်းရဲ့အချစ်တော် တင်အောင်ထွန်းပါကွ" လို့ အော်ပြီးသာ ပြောလိုက်ချင်တယ်။ လည်ချောင်းဝမှာ ဆို့လာတဲ့ အလုံးကြီးကို

မျိုချလိုက်ပြီး သူ့လက်ဆွဲအိတ်ကို ယူဖို့ ကျွန်တော် လက်ကမ်းလိုက်တယ်။

"ကျွန်တော် နိုင်ပါတယ်၊ ခင်ဗျားနာမည်က ကိုဖိုးတာတဲ့လား၊ မွှေးကို ကိုဖိုးတာတို့ လင်မယား စောင့်ရှောက် ပြုစုနေတယ်လို့ သိရလို့ သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ လာ သွားစို့"

ဆိုပြီး သူတို့နှစ်ယောက် ရှေ့ကသွားနှင့်တယ်။ သူတို့စုံတွဲ ရှေ့ကထွက်သွားတာကို ခဏ ငေးနေမိတယ်။ နောက်မှ ကမန်းကတန်း လိုက်သွားပြီး ကားရှိရာကို ကျွန်တော် အရင်ဦးအောင် လျှောက်သွားရတယ်။ ကားကို မောင်းယူလာပြီး သူတို့ရှေ့မှာ ထိုးရပ်၊ ကားတံခါးကို အဆင်သင့် ဖွင့်ပေး၊ ဟိုသင်းပေါ့လေ၊ ဒရိုင်ဘာတို့ ဝတ္တရားရှိသည့်အတိုင်းပေါ့ ခင်ဗျာ၊ ကျွန်တော်ဟာ ပေါ့ပါးသွက်လက်စွာ လုပ်ပေးမိတယ်။ ကားနောက်ဘက်မှာ အတွတ်ရယ်၊ မွှေးရယ် ယှဉ်တွဲ ထိုင်လိုက်ပြီး ကျွန်တော်တို့ဟာ လေဆိပ်က ထွက်ခွာလာကြတယ်။ သြော်... နေဝင်ရိုးရီမှာ ချစ်သူသုံးဦးတို့ ရန်ကုန်မြို့ ဝင်လာခန်းဟာဖြင့် ဘယ်လို စာဖွဲ့ရမှာလဲ ဒေါ်ခင်နှင်းယုရယ်။

ဒါပေမင့် ကျွန်တော် ကျေနပ်ရမယ်လေ၊ ကျေနပ်ရမယ်။ ကားမောင်းရင်း ကိုယ့်တရား ကိုယ်ချပြီး စိတ်ကို ငြိမ်အောင်ထိန်းလိုက်တယ်။ ကားကိုလည်း ငြိမ်သက် ဖြောင့်မတ်အောင် ကျွန်တော် မောင်းလိုက်တယ်။ ကားပေါ်ပါလာသူ နှစ်ယောက်ဟာ တခါက ကျွန်တော့်ရဲ့အချစ်ဆုံးသူ နှစ်ဦး မဟုတ်ပါလား။

အတွတ်က မင်္ဂလာဒုံနယ်မြေ အလွန်လောက်မှာမှ မွှေးကို စကား စပြောတယ် ခင်ဗျ။

"ဒါပဲနော်၊ အိမ်ရောက်ရောက်ချင်း အတွတ်ပစ္စည်းတွေက မွှေး ဝယ်ထားတဲ့ သက်န်းပရိက္ခရာ အစုံလို့ ထိုးမပြရဘူး"

အတွတ်က ဒီလိုပြောတော့ မွှေးက အသံထွက်အောင် ရယ်တယ်။

"မွှေး နားလည်ပါတယ် အတွတ်ရယ်"

လို့ ပြန်ပြောလိုက်တယ်။

"သိနိုင်ဘူးလေ၊ မွှေး ဒါမျိုး သိပ်လုပ်တတ်တာ၊ လူများမှာဖြင့် သူ့စာကို မျှော်ရတာ အမော၊ စာကို ဖတ်တော့လည်း မရှင်းမလင်းနဲ့၊ နှောင်ကြိုးတွေ တသီကြီး၊ သူ့ကို ယူရမယ့်အရေး ဒုက္ခရစရိယာ ဘယ်နှနှစ် ကျင့်ရဦးမလဲ၊ ဒုလ္လဘရဟန်း ဝတ်ရင်လည်း ခုနစ်ရက် ပဲ ဝတ်နိုင်မယ် နော်၊ ဒါပဲ"

"ခုနစ်ရက်ပဲ ဖြစ်ဖြစ်၊ ခုနစ်နာရီပဲဖြစ်ဖြစ် ဝတ်ပေါ့"

“ပြီးတော့လည်း ဘယ်လို နားလည်ရမှာလဲ၊ နောက်ဆုံးသတ် ကဗျာက အဓိပ္ပာယ်တွေ များလိုက်တာ”

“တရားသံဝေ၊ အောက်မေ့ချေသော်

ကြေးရွှေဂဟော၊ မစပ်ချေသို့

စာပေတတ်ပွန်၊ ဓမ္မကွန်နှင့်

ကျမ်းဂန်သိမြောက်၊ ပဥ္စင်းရောက်က၊

ထပ်လျှောက်ကြွင်ဖွယ်၊ ရှေးသောနှယ်ကို

အဘယ် ကြိုးရှာပေတော့မည်တဲ့”

“အမယ်လေးဟဲ့၊ ကဗျာကို အလွတ်ရအောင်ကို ကျက်ထားတာပဲ၊ အိမ်ကျမှပဲ မေးစရာ ပြောစရာ ရှိတာ မေးပါ အတွက်ရယ်၊ အိမ်ရောက်အောင်တောင် မစောင့်နိုင်တော့ဘူး”

မွှေးစကား ဆုံးတော့မှ အတွက်က အားရပါးရ ရယ်လိုက်သံကို ကျွန်တော် ကြားရတယ်။

အိမ်ရောက်တယ်ဆို ဝတ်မှုန်ဟာ ဆင်ဝင်ဝက ဆီးကြိုပြီး ကားတံခါးကို ဖွင့်ပေးတယ်။ ပါလာတဲ့ပစ္စည်းတချို့ သယ်တင်သွားတော့မှ ကျွန်တော့်ကားကို ဂိုဒေါင်ထဲ မောင်းသွားပြီး တခါတည်း ကျွန်တော့်အိပ်ခန်းကို ပြေးတက်သွားမိတယ်။

အိပ်ရာပေါ် လှဲချလိုက်ပြီး အသက်မှန်မှန် ရှူနိုင်အောင် ကြိုးစားရတယ်။ မောနေသလိုလို၊ စိတ်အိုက်သလိုလိုပဲ၊ တကယ်တော့ ကျွန်တော့်ရင်ထဲ စိတ်တွေ ပြိုင်နေကြတယ်လေ။ ဝမ်းသာသလိုလိုနဲ့ ကျွန်တော် ဝမ်းနည်းနေတယ်။

မကြာခင်ပဲ ဝတ်မှုန်ဟာ ထမင်းချိုင့်ဆွဲပြီး အခန်းထဲကို ဝင်လာတယ်။

“ကိုကြီးတာ နေမကောင်းဘူးလား၊ ဝတ်မှုန် ထမင်းပြင်တော့မယ်နော်၊ ပူပူနွေးနွေးစားလိုက်”

“နေကောင်းပါတယ်၊ ခဏမောလို့ လှဲနေတာပါ”

“မမွှေးက မှာလိုက်တယ်၊ ကိုကြီးတာ ထမင်းစားပြီးရင် ကားသိမ်းနားပေတော့တဲ့၊ ဆရာဝန်ကြီးကလေ သူ့အိမ် တယ်လီဖုန်း ဆက်လိုက်တယ်၊ သူ့အိမ်က ကားလာကြိုမယ်”

"ဩော်..."

ကျွန်တော်ဟာ ဘာစကားမှ ဆက်မပြောဘဲ ဝတ်မှုန် ထမင်းပွဲလည်း ပြင်ပြီးရော ထစားလိုက်တယ်။

"ဆရာဝန်ကြီးကလေ၊ ဝတ်မှုန် ထမင်းစားရင်း အကဲခတ်ကြည့်တယ်၊ သဘောကောင်းပုံ ရတယ်နော်၊ မမမွေးကိုလည်း သိပ်ဂရုစိုက်တာပဲ၊ ပြီးတော့လည်းလေ ဝတ်မှုန် ထမင်းလိုက်တဲ့အခါ ဝတ်မှုန်မျက်နှာကို ပြုံးကြည့်ပြီး ပြောတယ်၊ ကျေးဇူးတင်လိုက်တာကွယ်... တဲ့၊ မင်းတို့ မမမွေးကို ခုလို စားချင်တာ ဖွယ်ဖွယ်ရာရာ ချက်ကျွေးပြီး ပြုစုနေတာ သိရလို့ ကိုယ် ဝမ်းသာလိုက်တာတဲ့၊ ကိုယ် သတင်းကြားနေတာက ကိုကိုနိုင် ဆုံးပြီးကတည်းက ဒီအိမ်ကြီးမှာ သူတယောက်တည်းလို့ သိနေတာတဲ့၊ ဝတ်မှုန်ကိုလည်း ပြောတယ်။

ပြီးတော့လေ... မမမွေးက ဘာမှပြောရတယ် မရှိဘူး၊ သူကချည်းပဲ ပြောတယ်၊ အစာလည်းဆေး၊ ဆေးလည်း အစာပဲတဲ့၊ အာဟာရဖြစ်တဲ့ အသား အသီးအနှံတွေကို များများစားပေးမှပေါ့ မွေးရဲ့ ဆိုပြီး ဟင်းဖတ်တွေ မမမွေး ပန်းကန်ထဲထည့်၊ ထမင်း မကုန်ချင်နေ၊ အဲဒီအသားနဲ့ ဟင်းသီးဟင်းရွက်ကြော်ကိုပဲ ထမင်းလွတ် စားစမ်းဆိုပြီး ကျွေးတာပဲ၊ မမမွေးကလေ...

ကဲပါလေ အတွက်ရယ်... အဲဒီဟင်းတွေ မွေး စီမံထားတာပါ၊ မွေးက အိမ်ရှင်၊ မွေးက ကျွေးရမှာတဲ့၊ အဲဒီတော့ ဆရာဝန်ကြီးက ပြန်ပြောတယ်၊ အဲဒီအိမ်ရှင်မက သူတပါးကိုသာ ထိုင်ကျွေးနေတယ်၊ သူ့ပါးစပ်ထဲဖြင့် အသားဖတ် ဝင်အောင် မစားလို့ မာလာငွေဖော့ ကြွေတော့မယ့်ပုံ ဖြစ်နေတာ သိရဲ့လား၊ ဆရာဝန်မျက်စိနဲ့ ဒီက အကောင်က လေယာဉ်ပျံပေါ်က အဆင်း လှမ်းကြည့်လိုက်ကတည်းက ဘယ်လို အာဟာရခာတ် ချို့ယွင်းနေတယ်ဆိုတာ သိပြီးပြီ၊ သိပြီးပြီ၊ ဒါပဲနော်၊ စားဆိုရင် စား၊ အိပ်ဆိုတဲ့အချိန် အိပ်ရမယ်၊ တခါတည်း "လေ" စားပြီး အငွေ့နဲ့ပဲ အစာဝတဲ့ နတ်သမီး ကျနေတာပဲတဲ့"

ဝတ်မှုန်ကလည်း အပြောကောင်းကောင်းနဲ့ လက်ဟန် ခြေဟန်ရော၊ ကျွန်တော် မမြင်ရသော်လည်း ငတွတ်ကြီးရယ်... မွေးကို ထမင်းကျွေးခန်းကို သရုပ်ဖော်နေတော့တယ်။ ပြီးတော့မှ သူ့မျက်နှာလေးဟာ စိုးရိမ်တဲ့ အမူအရာ ပြောင်းသွားပြီး...

"ဒီလိုဆိုတော့ ကိုကြီးတာရယ်၊ ဝတ်မှုန်တို့ကို သူနဲ့ မမမွေး လက်ထပ်ပြီးတောင် ဆက်ခန့်ထားဖို့ သေချာပါတယ်နော်" တဲ့။

သူလည်း စိုးရိမ်စိတ်ကို ဖော်ပြရှာတယ်။

“အေးပါဟယ်၊ မပူပါနဲ့၊ ဒီလူ သဘောကောင်းပါတယ်”

“အောင်မယ် ကိုကြီးတာက ဘယ်လိုလုပ်သိလဲ၊ သူဖြင့် ခုမှပဲ တွေ့ရပြီး...”

“ကိုကြီးလည်း ဝတ်မှုန်လိုပေါ့၊ တွေ့သမျှ အချိန်ကလေးမှာ အကဲခတ်ကြည့်ရတာလေ”

လို့ ကျွန်တော့်စကား ကျွန်တော် အဖုံး အပိတ်နဲ့ ပြန်ပြီး ပိတ်ရတယ်။

“ဒါတွေ မပူပါနဲ့ ဝတ်မှုန်ရယ်၊ တို့ မြို့တက်လာပြီး ကသိကအောက် ဖြစ်နေချိန်မှာ သူ့အိမ်ရဲ့ အရိပ်အဝန်းမှာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ နေခွင့်ပြုတဲ့ ကျေးဇူးရှင်တယောက်ဟာ သူ့ကို ကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်တဲ့ ချစ်သူတယောက် ရင်ခွင်ထဲ ရောက်သွားရတယ် ဆိုရင် တို့ ဝမ်းသာရမှာပေါ့”

လို့ ကျွန်တော် လေအေးနဲ့ ဝတ်မှုန်ကို ကျွန်တော့်ရဲ့စေတနာရင်း တရားကို ဟောလိုက်ရတယ်။ ဝတ်မှုန်လည်း သဘောပေါက်သွားပါတယ်။ ကျွန်တော်တို့ ထမင်းစားပြီး အိပ်ရာ မဝင်ခင်မှာပဲ ကားတစီး ရောက်လာသံကြားလို့ ဝတ်မှုန် အိမ်မကြီးဘက် ကူးသွားတယ်။ အတွတ် ပြန်သွားလို့ တံခါးတွေ အားလုံး ပိတ်ပြီးမှ ဝတ်မှုန် ပြန်လာတယ်လို့ ဝတ်မှုန်က ပြောပြတယ်။

■

အခန်း (၈)
ချင်

"ချင်" ဆိုတဲ့ အကောင်ဟာဖြင့် ကျွန်တော့်ကို ကိုက်လာပြန်ပါပြီ။ ဒေါ်ခင်နှင်းယုရေးတဲ့ ပွဲတွေ့အမြတ်တရားထဲက "ချင်" လေ။

တစိမ့်စိမ့် တွေးလေလေ၊ ဒေါ်ခင်နှင်းယု ရေးပြတဲ့ ခချွေး ယပင့် သတ် "ချင်" နဲ့ ခချွေး ယရစ် သတ် "ခြင်" စကားလုံးနှစ်လုံး အဓိပ္ပာယ်ကို ကျွန်တော် သဘောပေါက်လေပဲ။ ကျွန်တော်ဟာ သံသရာတို့၊ ဘဝတို့အကြောင်း တွေးတဲ့အကောင် မဟုတ်ပါဘူး။ တွေးလောက်အောင် သံဝေဂကလည်း ရစရာ ကျွန်တော်တို့မှာမှ မရှိခဲ့ဘဲ။ လောကကို ရှုံ့မုန်းလာတယ်၊ ဘဝတဖန် ဖြစ်လာမှာကို ကြောက်တယ်ဆိုတဲ့ လူတွေဟာ မုန်းစရာ၊ ကြောက်စရာ၊ အထိနာမှ သံဝေဂ ဆိုတာ ရတတ်တာမျိုး။ ကျွန်တော်တို့က မီးလောင်မခံရခင် ရှေ့ပိုင်းမှာ တင်အောင်ထွန်းတို့ လူတန်းစားက မိုးပျံနေတဲ့ လူတန်းစားဆိုတာ ဒေါ်ခင်နှင်းယု အသိပါပဲ။

ဒါကြောင့်လည်း ယပင့် "ချင်" တွေ သံသရာတလျှောက် ကိုက်လာတာကိုလည်း သတိမထားပါဘူး။ မျက်မှောက်ဘဝမှာ ဒီချင် ကိုက်ခံရလို့ အရိုးထိအောင် အကိုက်ခံရလည်း ပင်နီဆီလင်ကအစ ဆေးမျိုးစုံ ထိုးပြီး ဒီချင်ကိုက်လို့ရတဲ့ ရောဂါကို ကုသခဲ့ကြတာ။

ဒီချင်ကို ဘယ်လိုနှိမ်နင်းမယ်၊ ဒီချင်ကို ခန္ဓာကိုယ် အကိုက်မခံရအောင် ဘယ်လို ကာကွယ်မယ် ဆိုတာကို အိပ်မက်ထဲတောင် မမက်ခဲ့ဘူး။

"ချစ်ပင်လယ်ကြောဝယ် × နှစ်သွယ်မျှောမူ × ဆယ်သောသူ မုန်းလိမ့်မယ်" ဆိုတဲ့ သီချင်းထဲကလိုပါပဲ။ ဒီချင်ကိုက်လို့ ရတဲ့ရောဂါကို ကုလို့ ပျောက်တဲ့ဆေး ရှိပါတယ်လို့ လာပြောတဲ့သူကို ရန်သူလို့တောင် ထင်သေးတယ်။ စစ်ကြေညာလိုက်ချင်သေးတယ်။

ဩော်... တကယ်တော့ ယရစ် သက်ရှိ သတ္တဝါ ခြင်ကောင်က ရေအိုင်တွေ ဆေးဖျန်း၊ ရေဗွက်တွေ မြေဖို့၊ မြက်ရှင်းရုံနဲ့ ကာကွယ်လို့ ရတယ်။ အကိုက်ခံရလို့ ရောဂါကလည်း တဘဝပါ။ ကုသလို့ ပျောက်လွယ်ပါတယ်။ ကျွန်တော်တို့ ဂုဏ်ကြီးရှင်တွေမှာဆို ခြင်ဆန်ခါ တပ်ထားရုံနဲ့ ခြင်ထောင်တောင် မထောင်ရတော့ဘူး။ တအိမ်လုံး ခြင် ကာကွယ်နိုင်တယ်။

ယပင့် ချင်... ယပင့် ချင်... ဒီချင်ကတော့ သံသရာမှာ လိုက်ကိုက်၊ ခုလည်း ကိုက်။ ဒီချင်က ရတဲ့ ရောဂါပိုးက နောက်ဘဝအထိ ကူးစက်ပြီး ဘဝရှိသမျှ

အကိုက်ခံရတော့မှာပဲ။ ခုမှ ဒီအတွေးက တွေးမိတာပါနော်။

အခုလည်း ကျွန်တော်လုပ်ချင်တဲ့ ဆန္ဒတခု ပေါ်လာပြန်ပြီ။ ဒီဆန္ဒကတော့ ကောင်းသော ရည်ရွယ်ချက်နဲ့ လုပ်ချင်သော ဆန္ဒပါပဲ။

မွေးနဲ့ အတွတ်တို့ တရားဝင် စေ့စပ်ကြတော့မယ်တဲ့။ မွေးကတော့ အကဲခတ်ကြည့်ရတာ အတွတ်ကို ဒုလ္လဘရဟန်းခံပေးပြီးရင် သူတို့ လက်ထပ်ပွဲကို သိပ်သိပ်သည်းသည်းနဲ့ အကျဉ်းရုံးချင်ပုံ ရတယ်။

အတွတ်တို့ဘက်ကတော့ သိပ်သိပ်သည်းသည်း လုပ်တောင် အတွတ်အမေ ဒေါ်သောင်းစိန်ဟာ သမီးချင်း စာနာတဲ့သဘော၊ မွေးကို ဦးစားပေးချင်တဲ့သဘော ရှိတယ်။ ပြီးတော့ သူတို့ရဲ့သား လူပျိုကြီးဟာဖြင့် သူ့အမေ စိတ်ကြိုက်၊ သူ့စိတ်ကြိုက် မိန်းမကို လက်ထပ်ရမယ့် အချိန်မှာ ဝမ်းမြောက်ဝမ်းသာ တခမ်းတနား ချီးမြှောက်ချင်ပုံ ရပါတယ်။

မွေးဆန္ဒအတိုင်း အကျယ်မချဲ့သော်လည်း အပျိုနုနုထွတ်ထွတ်လေးကို လက်ထပ်ဖို့ အစီအစဉ် ထုံးစံအတိုင်း လုပ်ဖို့ ဒေါ်သောင်းစိန်ရဲ့စီမံမှုကို မွေးက လက်ခံလိုက်ပါတယ်။

ဒါကြောင့် မွေးကို လူကြီးစုံရာနဲ့ လာရောက်တောင်းဖို့၊ စေ့စပ်ဖို့နေ့ကို သတ်မှတ်လိုက်ကြ ပါတယ်။

အဲဒီရက်မတိုင်ခင် တပတ်လုံးလိုလိုပဲ ကျွန်တော် အိပ်မပျော်ဘူး။ ကျွန်တော့်အကြံအစည်ကို လုပ်သင့်၊ မလုပ်သင့် ဘယ်လိုလုပ်ရမယ် ဆိုတာကို တွေးနေမိတယ်။ နောက်ဆုံးတော့ ဖြစ်လာတဲ့ ပြဿနာကို နောက်မှ ကြည့်ရှင်းတော့မယ်လို့ ဆုံးဖြတ်ပြီး ကျွန်တော့်အလုပ်ကို စတင်လုပ်ပါတယ်။

"အန်တီမာလေး

ကျွန်တော် လာတွေ့ပါရစေ

တင်အောင်ထွန်း"

ဆိုတဲ့ စာကို ရေးပြီး ကိုမြင့်မောင်ကနေတဆင့် ပေးလိုက်တယ်။ ကိုမြင့်မောင် ပြောပြချက်အရ အန်တီမာလေးဟာ ဒီစာရွက်ကလေးကို ရင်မှာပိုက်ပြီး ငိုလိုက်တာတဲ့ ခင်ဗျား။ သေရွာပြန်သဘော သက်ဝင်နေတဲ့ သူ့တူကို တွေ့ချင်လွန်းလို့ ဝမ်းသာ၊ ဝမ်းနည်း ဖြစ်နေတယ်တဲ့။

ကိုမြင့်မောင်က ဖရက်ဒီမှာ အန္တရာယ်ရှိလို့ ပွင့်ပွင့်လင်းလင်း တွေ့လို့

မဖြစ်သေးဘူး။ သားကြီးလည်း မသိစေချင်လို့ပါ။ ဒါကြောင့် သားကြီး အိပ်ချိန်ရောက်မှ အန်တီမာလေးတို့ အိမ်ကြီးပေါ်က အခန်းတခန်းမှာပဲ တွေ့ပါရစေလို့ ပြောခဲ့ရတယ်တဲ့။

ကျွန်တော်ဟာ ဒီနည်းနဲ့ပဲ ညတညမှာ ကျွန်တော် မွေးဖွားခဲ့တဲ့ အိမ်ကြီးရဲ့နောက်ဘက် အခန်းတခုမှာ အန်တီမာလေးကို တိတ်တဆိတ် တွေ့ခဲ့ပါတယ်။

တွေ့တွေ့ချင်း မမှတ်မိနိုင်လောက်အောင် ပြောင်းလဲနေတဲ့ ကျွန်တော့်ရုပ်ကို ကြည့်ရင်း အံ့အားသင့်နေပုံရတယ်။ ပြီးမှ...

"တရားတွေကိုသာ အားထုတ်မထားရင် ဖရက်တို့ မိသားစုအဖြစ်ဟာ အန်တီမာလေးကို ရူးလောက်ပါတယ်၊ အဖြစ်ဆိုးလှချေလား လူလေးရယ်"

ဆိုပြီး ကျွန်တော့်ကို ဖက်ပြီး ငိုတယ်။ ကျွန်တော်ရော၊ ကိုမြင့်မောင်ရော၊ အန်တီမာလေးကို အတော် နှစ်သိမ့်ယူရတယ်။

"ကျွန်တော့်လက်ရေး မြင်မှ အန်တီမာလေးတို့ ယုံမှာမို့ ကျွန်တော် စာရေးရတာ၊ ဒီစာကို မီးရှို့ပစ်ပါ"

ဆိုမှ အန်တီမာလေးလည်း စာကို မီးရှို့ပစ်တယ်။

"အန္တရာယ်ရှိတယ် ဆိုလို့သာပါ၊ ရုပ်ပျက်ရုံမက တကိုယ်လုံးပဲ နူနေနေ၊ လူလေး ဒီအိမ်ကြီးပေါ် အချိန်မရွေး ပြန်လာပါ၊ လူလေးပိုင်ဆိုင်ခွင့်ရှိတဲ့ ပစ္စည်းတွေ လက်ခံပြီး မိဘမဲ့သူ သားကြီး ကျော်ထင်ဦးနဲ့ အတူနေပါ" တဲ့။

ဩော်... အန်တီမာလေး၊ တရားရှိသူများဟာ ဘယ်ပစ္စည်းကိုမှ မက်မောဟန် မပြဘူးနော်။

"အန်တီမာလေး၊ ကိုယ်ပျက်တာထက် ဆိုးတဲ့ ဂုဏ်သတင်း အကျင့်သိက္ခာ ကျွန်တော့်မှာ ပျက်ခဲ့လို့၊ အဲဒီအပျက်ရဲ့အရှိန်ဟာ ကျွန်တော်ချစ်တဲ့သားကြီး ကျော်ထင်ဦးကို ထိခိုက်မှာစိုးလို့ ကျွန်တော် ခုလိုနေတာပါ၊ တနေ့ ကံရှိသေးရင် ကျွန်တော်နဲ့ သားကြီး ဒီအိမ်ပေါ်မှာ ပြန်ဆုံရမှာပေါ့၊ ကျွန်တော် အခုလာတာ အမွေတို့၊ ငွေတို့၊ တခြားပစ္စည်းတွေ လိုချင်လို့ မဟုတ်ဘူး၊ အန်တီမာလေး သဒ္ဓါရင် ကျွန်တော့်ကို နှစ်ခုပဲ ပေးပါ"

လို့ ကျွန်တော် အန်တီမာလေးကို ပြောလိုက်တယ်။

"အို... အားလုံး လူလေးတို့ ပစ္စည်းတွေပါ၊ ဖရက်တို့ ချမ်းသာတာ

ဘာပစ္စည်းတွေ ရှိတယ် ဆိုတာ ဖရက် အသိပါ၊ အားလုံး ကြိုက်တာ ယူနိုင်ပါတယ်”

“ကျွန်တော် နှစ်ခုပဲ အန်တီမာလေးဆီမှာ တောင်းချင်တယ်၊ တခုက ဖေဖေ ဝတ်နေကျ စိန်ရုံထားတဲ့ မြလက်စွပ်တကွင်းရယ်၊ မေမေ ပန်နေကျ စိန်နားကပ် တရန်ရယ်၊ ဒါပဲ လိုချင်ပါတယ်”

လို့ ကျွန်တော် ပြောလိုက်တယ်။

ဖေဖေတို့၊ မေမေတို့နဲ့ အမြဲ လက်ပွန်းတတီး နေခဲ့တဲ့ အန်တီမာလေးဟာ ဖေဖေတို့မှာ ဘာပစ္စည်းတွေ ရှိတယ် ဆိုတာကို ကျွန်တော် သိသလို သူလည်း သိခဲ့ပါတယ်။ နှောင့်နှေးခြင်း မရှိဘဲ ကျွန်တော် ကန်တော့တော့လည်း...

“ရှိသမျှ ဝဋ်ကြွေးတွေ မြန်မြန်ကုန်ပြီး လူလေး တင်အောင်ထွန်း ဒီအိမ်ကြီးမှာ ပြန်လည် ရောက်ရှိလာပါစေ” တဲ့။

ဆုပေးလိုက်သေးတယ်။

အိမ်ပြန်ရောက်ပြီး နောက်နေ့မှာ ဝတ်မှုန်နဲ့ လေးတို့၊ ထွေးတို့ ညီအစ်မတွေ လာကြပြီး မွေးနဲ့ အတွတ် စေ့စပ်ကြောင်းလမ်းပွဲအတွက် အလုပ်ရှုပ်နေတာကို ကျွန်တော် တဖက်က ကူရင်း ကျွန်တော့်အလုပ်အတွက် ကျွန်တော့်အစီအစဉ်နဲ့ ကျွန်တော်လည်း အလုပ်ရှုပ်နေတယ်။ တပေါင်းလဆန်း ၁၄ ရက်နေ့ ညနေခင်းမှာ အတွတ်နဲ့ မွေး စေ့စပ်ကြောင်းလမ်းပွဲကို မွေးတို့ အိမ်ကြီးမှာ လုပ်ခဲ့ကြတယ်။ အကျယ်မချဲ့ဘူး ဆိုတာတောင် ဒေါ်သောင်းစိန်ရဲ့အစီအစဉ်အရ မင်္ဂလာဆောင် အသေးလေး ကျနေတာပဲ။

မွေးတို့ဘက်ကလည်း အဒေါ်တွေ၊ ညီမလေးတွေနဲ့၊ အတွတ်ဘက်ကလည်း ဆွေမျိုးစု၊ ရစ်ချတ်က မွေးတဲ့ သူ့မြေး ပေါက်စပါမကျန် စေ့စပ်ပွဲကို တက်တယ်။ ကျွေးတာ၊ မွေးတာကိုလည်း အားလုံး ဒေါ်သောင်းစိန်ကြီးက သူ့အသံစာစာနဲ့ မနက်ကတည်းက လာပြီး စီစဉ်ပေးတယ်။ အုန်းထမင်းနဲ့ ကြက်သားဟင်း ကျွေးပြီး မိုနာက သစ်သီးစုံကို နို့နဲ့ ဖျော်တိုက်တယ်လေ။

အားလုံး ပရိသတ်တွေ ပြန်သွားကြပြီ။ အိမ်ကြီးဟာ တိတ်ဆိတ်ကျန်ရစ်ပေမယ့် အရင်လို တိတ်ဆိတ်နည်းမျိုး မဟုတ်ဘူး။ အိမ်ရှေ့ မြက်ခင်းပေါ်က ခါတိုင်း ကြိမ်ကုလားထိုင် တလုံးတည်းဟာ နှစ်လုံး ဖြစ်လာတယ်။

တပင်တိုင်မြနန်းမှာ တကိုယ်တည်း စံမြန်းနေတဲ့ မရွှေမွေးရဲ့အပါးမှာ ခုတော့ မင်းသားကြီး အတွတ် ရောက်နေတယ်။

မွေးက ငြိုးစီစီကြီး ဖြစ်နေတယ်ဆိုလို့ အငြိုးပြေ လိမ္မော်ရည်နှစ်ခွက်

ဝတ်မှုန်က မွေးတို့ရှေ့မှာ လာချထားတယ်။

မွေးဟာ အဝတ်အစား မလဲသေးဘူး။ မင်္ဂလာရှိသော ညနေခင်းမှာ ကျွန်တော့်ချစ်ဦးသူဟာ အတွက် ရွတ်ဖတ်တတ်တဲ့ ကဗျာလေးအတိုင်းပါပဲ။

"သည်သခင်မူ၊ ရုပ်သွင်ပျိုချော

တင့်မောပေစွ၊ သဘောတည်ကြည်

မျိုးမြတ်မည်နှင့်၊ ရွှေရည်ရုပ်တု

ပုံညွှန်းပြုသို့၊ ပျိုနုလတ်လတ်

ဝင်းရှိမ်းမတ်မူ၊ သွယ်ပတ်ဝေဝေ

ထုံးနောက်ခွေနှင့်၊ တင့်နေစလှ

ဆည်းရီညဝယ်"

ညနေစောင်းလေးမှာ အပြင်အဆင် မဆန်းလို့လား မသိဘူး။ သူ့အလှက ဘယ်တော့မှလည်း မရိုးသွားဘူး။ အစဉ် အေးချမ်းတဲ့မျက်နှာဟာ ကျက်သရေနဲ့ တောက်ပနေတော့တယ်။ ကျွန်တော် ထင်တယ်လေ။ ခုခေတ် မချောစာတွေ လှသလို တရုတ်ဆေးရေး နတ်သမီးအလှလို၊ ကုလား ကွမ်းယာဆိုင်က ကုလားနတ်ဘုရားမ အလှတွေလိုတော့ မဟုတ်ဘူး ဒေါ်ခင်နှင်းယုရေ...။

ကဲ... ကျွန်တော့်အလုပ်ကို ကျွန်တော် ဘယ်လိုစလဲဆိုတော့ ဆေးရေးယွန်းဇုန်း အချောလေးမှာ ကျွန်တော် သိမ်းနေကျ အိမ်စာတိုက်ပုံးထဲက စာတွေကို စီတင်ပြီး သူတို့ရှေ့က စားပွဲခုံ အနိမ့်လေးပေါ် တင်လိုက်ရတယ်။

"မမ၊ ဒီနေ့ ပင်ပန်းနေလို့ ခုမှပဲ စာတွေ သိမ်းလာရတာပါ"

လို့ ကျွန်တော်က ပြောလိုက်တယ်။

"ဟုတ်တယ်... အတွက်ရေ၊ ကဲ... အတွက်ပဲ စာတွေ ဖောက်ပါကွယ်" တဲ့။

ကျွန်တော်ဟာ နေ့တိုင်းလိုပဲ မွေး စာတွေ ဖောက်ဖတ်နေဆဲဆို၊ သူ ဘာခိုင်းမလဲ၊ ဘာပြောမလဲဆိုတာ အနားက ရပ်ပြီး စောင့်နားထောင်ရတယ်။

အပေါ်ဆုံးက စာအိတ်ကို အတွက်က ကိုင်ကြည့်ရင်း -

"မွေး မွေး... အဲဒီလက်ရေးကို ကိုယ် မြင်ဖူးတယ်" တဲ့။ "ဟင်..

စာတိုက်တံဆိပ်လည်း မပါဘူး၊ ကိုဖိုးတာ၊ ပုံးထဲက ဒီလိုပဲ ယူလာတာလား၊ တယောက်ယောက် ထည့်သွားလိမ့်မယ်”

အတွတ်က မေးမေးပြောပြော ကျွန်တော့်ကို မော့ကြည့်တယ်။

“ဟို... ခါတိုင်း ခါတိုင်းလိုပါပဲ၊ ကျွန်တော် သော့ခတ်ထားပါတယ်၊ ယူချိန်မှ သော့ဖွင့် ယူခဲ့တာပါ”

လို့ ကျွန်တော်က ဖြေလိုက်တယ်။ မွေးဟာ အတွတ် လက်ထဲက စာကို ဆွဲယူကြည့်ရင်း...

“အတွတ်... အတွတ်... မောင်လေ... မောင့်လက်ရေး၊ အို... ကိုတင်အောင်ထွန်းလက်ရေး”

ဆိုပြီး ဖျတ်ခနဲ ဒီစာအိတ်ကို ရင်မှာ ပိုက်ထားလိုက်တယ်။ သူ့မျက်နှာဟာ တုန်ရီပြီး နှုတ်ခမ်းတွေ ဖြူသွားတယ်။ မျက်လုံးတွေ မှေးသွားလို့ ကျွန်တော်တောင် လန့်ပြီး ဆတ်ဆတ်တုန်သွားတာပဲ။ ဘုရား ဘုရား... မွေး စိတ်ထိခိုက်ပြီး ကျွန်တော့်ရှေ့မှာ မေ့မြောသွားမလား။ အမယ်လေး... အချစ်ရယ်၊ ကောင်းစေလိုလို့ လုပ်တာ တခုခုများ ဖြစ်သွားရင် မောင် ရင်ကျိုးရချေရဲ့လို့ စိတ်ထဲကပြောမိပြီး ကုန်းရမလို၊ ကွရမလို၊ သူ့လက်ပဲ ဖမ်းကိုင် ဆုပ်ရမလိုနဲ့ ဣန္ဒြေကို ပျက်သွားတာပဲ။

“မွေး သတိထားမှပေါ့၊ ဘဲရီး ဆင်ဆေးတစ် (Very Sensitive) ပဲကွယ်” တဲ့။

အတွတ်က အင်္ဂလိပ်လို ပြောရင်း မွေးရဲ့ပခုံးကို ဖက်လိုက်ပြီး လက်ဖျားလေးတွေကို ဆုပ်နယ်လိုက်တယ်။

“ရော့ ရော့ ဒီလိမ္မော်ရည်ကို သောက်ချပြီးတော့မှ စာကိုဖတ်” တဲ့။

အတွတ် တိုက်တဲ့ လိမ္မော်ရည်ကို မွေးက တကျိုက် သောက်ပြီးမှ -

“သူ သူ သေပြီဆို အတွတ်ရယ်”

လို့ ပြောပြီး စာကို ဖွင့်ဖတ်တယ်။

“ခု စာကို မြင်ရလို့ သူ မသေသေးဘူး ဆိုတာ သိရရင် တို့များ ဝမ်းသာရမှာပေါ့ မွေးရယ်” တဲ့။

မွေးဟာ စာအိတ်ကို ဖောက်လိုက်တော့ စာအိတ်ထဲမှာ စာတစောင် တိုတိုလေးနဲ့ ဂွမ်းဖြူဖြူနဲ့ ထုပ်ထားတဲ့ ကျွန်တော့်ဖေဖေရဲ့ စိန်လက်စွပ်လေး။

အချစ်ဦး မွေး...

ဒီစာနှင့်အတူ ပို့လိုက်သော စိန်ရံထားသော မြလက်စွပ်ကို အတွတ်ရဲ့လက်ခလယ်မှာ မွေးကိုယ်တိုင် ဝတ်ပေးပါ။

မွေးတို့နှစ်ယောက် လက်ထပ်ပွဲကို မောင်ကိုယ်တိုင်က တက်ချင်မှ တက်နိုင်မှာမို့ စေ့စပ်ပွဲအမီ မောင် ပို့လိုက်ပါတယ်။

မွေးရဲ့ တခါက ချစ်သူ

ကိုမွေး

မွေးဟာ တုန်တုန်ရီရီနဲ့ စာကို ဖတ်တယ်။ စာလည်း ဆုံးရော ဂွမ်းထုပ်ကလေးကို ဖြည်းဖြည်း ဖြေတယ်။ ဘာစကားမှ မပြောနိုင်ဘူး။ ဂွမ်းထုပ်ကလေးထဲက လက်စွပ်ကိုယူ၊ အတွတ်လက်ကို ဆွဲပြီးတော့ စွပ်ပေးလိုက်တယ်။ ဆက်လက်ပြီး ဣန္ဒြေမဆောင်နိုင်တော့တဲ့ ကျွန်တော်ဟာ ခေါင်းညွတ် အရိုအသေ ပြုသလိုလိုလုပ်ပြီး သူတို့အပါးက ခွာခဲ့တယ်။ ကျွန်တော့်မျက်လုံးက မျက်ရည်ပေါက်တွေ ကျသွားတာကို ခြေဖဝါးအောက်က မြက်နုလေးတွေသာ သိလိုက်ပါတယ်။

ကျွန်တော်ဟာ တန်းလျားကို မပြန်တော့ဘူး။ ထမင်းစားခန်းနဲ့ ကပ်ရက် ကျွန်တော်တို့ အပန်းဖြေတဲ့ အခန်းရဲ့ကွပ်ပျစ်ပေါ်မှာ ခြေပစ်လက်ပစ် လှဲပြီး နားနေလိုက်ရတယ်။ ဆက်လက် လှုပ်ရှားချင်တဲ့အား မရှိတော့သလိုပါပဲ။

ဝတ်မှုန်ကတော့ ညနေခင်းက ဧည့်သည်တွေကို ကျွေးမွေးလိုက်တဲ့ ပန်းကန်ခွက်ယောက် တွေကို ဆေးကြောသိမ်းဆည်းနေတယ်။

ကျွန်တော် မှိန်းနေတုန်း အတွတ်နဲ့ မွေးတို့ဟာ ခြံထဲကနေ အိမ်ထဲကို ဝင်လာကြတဲ့ အသံ ကြားတယ်။ မီးခလုတ်ကို ဖွင့်သံလည်း ကြားတယ်။

“ကဲ... စိတ်တုန်လှုပ်စရာတွေကို မေ့လိုက်စမ်း၊ အတွတ် စန္ဒရားတီးပြမယ်” ဆိုတဲ့ အတွတ် အသံကို ထပ်ကြားမှ ကျွန်တော်လည်း ငုတ်တုတ်ထိုင်ပြီး သူတို့ကို ကြည့်မိတယ်။ အတွတ်ဟာ စန္ဒရားခုံမှာထိုင်ပြီး စန္ဒရားကို လက်သံစမ်းပြီးမှ သီချင်းတပုဒ်ကို ကိုယ်တိုင် ဆိုတော့တယ်။

“ယုံ... ယုံကြည်စေကွယ်၊ မင်းအပေါ်မှာတော့ မေတ္တာတွေ ပိုတယ်... သချ်ောသချ်ာ ဘဝတွေ ပြောင်းတော့၊ မောင် ပေါင်းသင်းပါ့မယ်၊ သစ္စာတော် ရွှေကျမ်းကိုတော့၊ စိန္တေယျာဘုရားရှေ့မှာ မောင် ပြုပါမယ် ခင်ရယ်၊ ချစ်တဲ့စိတ်ဟာ ကြိတ်မနိုင် ခဲမရတယ် ××× ကိန္နရီမောင်နှံလို တူစုံတွဲကာ နွဲ့စို့ကွယ် ခင်ရယ်၊

နေ့တိုင်းများဖြင့် ခင့်မျက်နှာကိုကွယ်၊ မောင် ထင်တရေးနဲ့ မြင်ယောင်မိသေးတယ်”

စန္ဒရားခလုတ်ကို သွက်သွက်လက်လက်နဲ့ တီးပြီး ဆိုနေတဲ့ အတွက်ရဲ့အသံဟာဖြင့် လွင်ပြီး ချိုနေတာပဲ။ ဗိုလ်အောင်ဒင် ဇာတ်ကားထဲက ဗိုလ်အောင်ဒင်ဆိုတဲ့ သီချင်းပေါ့။ အတွက်က စန္ဒရားခလုတ်ကို ငုံ့ကြည့်ပြီး တီးလိုက်၊ မွှေးမျက်နှာကို တောက်ပ ကြည်လွှင်နေတဲ့ မျက်လုံးနဲ့ စိုက်ကြည့်ပြီး နေလိုက်နဲ့ သိပ်ပြီး တက်ကြွရွှင်ပျတဲ့ အမူအရာ ဖြစ်နေသလောက် မွှေးကတော့ဖြင့် အတွက် မော့ကြည့်တဲ့အခါ ပြုံးပြပြီး အတွက်မျက်လုံးတွေ စန္ဒရားခလုတ်ပေါ် ရောက်သွားတဲ့အခါ သူ့မျက်နှာလေးဟာ ညှိုးကျသွားတယ်။

အနားယူအခန်းလေးက ကြည့်နေတဲ့ ကျွန်တော်ဟာ မွှေးရဲ့ခံစားချက်ကို သိနေတယ်။ တကယ့်ကို သိနေပါတယ် ခင်ဗျာ။ သူ့ရင်ထဲမှာလေ အတွက်ကို မချစ်ဘူးလည်း မဟုတ်ပါဘူး။ ဒီစန္ဒရားရှေ့မှာ တခါတုန်းက ထိုင်ပြီး ဆိုနေကျ တီးနေကျ သူ့ချစ်သူ ခင်ပွန်းသည် ကိုကိုနိုင်ကို အောက်မေ့ သတိရနေမှာပဲ၊ ဘယ်သူ မလွမ်းဘဲ ရှိပါ့မလဲ၊ ဘယ်သူ မအောက်မေ့ဘဲ ရှိပါ့မလဲ၊ ကျွန်တော်တောင် မုဆိုးတပိုင်း မိန်းမရိုင်းကြီးလို တေချင်တိုင်းတေတဲ့ မိအေမီကို ဝတ်မှုန်ကများ ကျွန်တော့်ကို ခရာတာတာ နွဲ့တဲ့တဲ့ ပြောတဲ့အခါတွေဆိုရင် သွားသွားပြီး သတိရနေတာပဲ။

အတွက်ဟာ သီချင်းဆုံးတော့ စန္ဒရားအဖုံးကို မပိတ်သေးဘူး။

“မွှေး... အတွက်ကို ချစ်ရင် သီချင်းတပုဒ်လောက် ဆိုပါလားကွယ်၊ အတွက်က တီးမယ်လေ”

တဲ့။ မွှေးဟာ သက်ပြင်းလေး ရှိုက်လိုက်ပြီး ယဲ့ယဲ့လေး ပြုံးလိုက်ပါတယ်။

“အတွက်ကို မချစ်လို့ မဟုတ်ပါဘူးကွယ်၊ မွှေး ညနေခင်းတခုလုံး ဧည့်သည်တွေနဲ့ တွေ့ရလို့ နွမ်းနေတယ်၊ ပြီးတော့လေ ဘာပြောပြော ဒီညနေဟာ မွှေးစိတ်ကို လှုပ်ရှားရတဲ့ အပြောင်းအလဲကို အများဆုံး တွေ့ရတဲ့ ညနေမို့ မွှေး ပင်ပန်းသွားတယ် အတွက်ရယ်၊ ဒါကြောင့် မွှေး စောစောပဲ နားပါရစေ၊ နောက်နေ့တွေ အတွက် လာတဲ့အခါ သီချင်း ဆိုပြပါ့မယ် အတွက်ရယ်”

လို့ ဖြေလိုက်တယ်။

“အို.... ကေ” တဲ့။

အတွက်က ပါးစပ်က အော်လိုက်ရင်း စန္ဒရားအဖုံးကို ပိတ်လိုက်တယ်။

“အဲဒီအခါ ဆိုပြမယ့် သီချင်းကတော့ ဒီခေတ်တွင် မယ်ကြည်အောင်

ဆယ်ပြည်ထောင် ချော့တော့ မပြုံး ဆိုတဲ့ မမြလေးတို့၊ လှိုပ်ထိပ်ခေါင်တင်တို့ဆိုတဲ့ မျှော်တော်စိုက် ပတ်ပျိုးတွေ၊ ဘောလယ်တွေ မဆိုရဘူးနော်၊ မွေးဘဝဟာ အမျှော်စိုက်နေရမယ့် ဘဝအချိန် မဟုတ်တော့ဘူး၊ ကဏ္ဍာသစ်တခုကို အတွက်ရဲ့ရင်ခွင်မှာ ဖွင့်ရမယ့်အချိန်၊ အဲဒီမျက်နှာလေးဟာ ရွှင်မြူး တက်ကြွနေစမ်းပါနော်” တဲ့။

ပြောပြီး မွေးရဲ့မေးစေ့ကို ကိုင်ပြီး မ,လိုက်တယ်။ ပြီးတော့ မွေးလက်ဖျားလေးကို ဆွဲယူပြီး လိုက်တယ်။

“ဝတ်မှုန်ရေ... ဘာရှိလဲ၊ နို့ လတ်လတ်ဆတ်ဆတ် ရှိရင် တဖန်ခွက် မွေးအိပ်ခန်းထဲကို ယူခဲ့ပါ၊ နို့ မရှိရင် ဟောလစ် ဖျော်ယူခဲ့” တဲ့။

ဝတ်မှုန်ရှိရာ ထမင်းစားခန်းဆီကို အတွက်က လှမ်းပြောရင်း သူတို့နှစ်ယောက် လှေကားပေါ် တက်သွားရော။ ကျွန်တော် ကွပ်ပျစ်ပေါ် ပြန်ပြီးပုံကျသွားပြန်ရော။ အမှန်တော့ ထိုက်သင့်တဲ့သူဟာ ထိုက်သင့်တဲ့ နေရာမှန်ကို ပြန်ရောက်ပြီလို့ ဆိုရမယ်။ ဒီနေရာမှာ အတွက် ပြန်ရောက်ဖို့ ကောင်းနေတာဖြင့် ကြာပါပြီလေ။

တကယ်တော့ ကိုယ်နှစ်သက်ရာ အလှူကို လှိုက်လှိုက်လှဲလှဲ ပေးလှူပြီးတဲ့အခါ အဟောဝတ ကောင်းလေစွလို့ သာခု အနုမောဒနာ ပြုသင့်တဲ့အချိန်ပါပဲ။

မကြာခင်ပဲ ဝတ်မှုန် အပေါ်ကို တက်လိုက်သွားသံ ကြားရတယ်။ နာရီဝက်လောက် ကြာတော့ အတွက်ရော၊ ဝတ်မှုန်ရော ပြန်ဆင်းလာကြပြီး အတွက်က သူ့ကားသူ မောင်းပြီး ပြန်သွားရော။ ဝတ်မှုန်က တံခါးတွေပိတ်ရင်း ကျွန်တော်နေတဲ့ အခန်းတံခါးတွေ ပိတ်ဖို့ မီးတပွင့် ဖွင့်လိုက်မှ လှဲနေတဲ့ ကျွန်တော့်ကို မြင်တော့တယ်။

“ကိုကြီးတာကလည်းကွယ်၊ ဝတ်မှုန် လန့်လိုက်တာ၊ ဘာလဲ... နှစ်ပါးသွားတာကို ချောင်းကြည့်နေတာလား”

သူက ပြုံးပြီး ကျွန်တော့်ဘေးနားမှာ ထိုင်ရင်း ပြောတယ်။

“ဒါပေါ့ဟယ်... တို့ မင်းသားကြီးက ဒီနေရာမှာ မဆိုးပါဘူး၊ အဟဲ... အဆွဲ... အချွဲတွေနဲ့ ဖိုးစိန်ကြီး နှစ်ပါးသွားကျနေတာပဲ”

“အဲဒီသီချင်းက ကိုကြီးတာတို့ ငယ်ငယ်က ဗိုလ်အောင်ဒင်ဇာတ်ကားမှာ မင်းသားကြီး ခင်မောင်ရင် ဆိုတာနော်၊ သိပ်ကောင်းတာပဲ၊ ဝတ်မှုန်တို့က ငယ်သေးတော့ ခု ရန်ကုန်မှာ ပြန်ပြမှ ကြည့်ရ၊ ကြားရတော့တယ်၊

သိပ်ကောင်းတာပဲ၊ အိမ်ပေါ်ရောက်တော့လည်းလေ ဆရာဝန်ကြီးက မမမွေးကို ယုယလိုက်တာ၊ ဝတ်မှုန်လက်ထဲက နွားနို့ကို ယူပြီး၊ ကဲ... သောက်တဲ့၊ နောက်ကို အိပ်ခါနီး နို့တခွက်၊ ဟောလစ်တခွက်ကို မှန်မှန် သောက်ရမယ်တဲ့၊ ဝတ်မှုန်က မှန်မှန် အိပ်ခန်းထဲ လာပို့နော်၊ သူ မသောက်ဘူးဆိုပြီးနေတဲ့ညဆိုရင် အန်ကယ့်ဆီ တယ်လီဖုန်းဆက်၊ သိလား... တဲ့ ဆိုပြီး သူကိုယ်တိုင် တိုက်တယ်၊ မမမွေး အိပ်ရာထဲဝင်မှကို နှုတ်ဆက်ပြီး ဆင်းလာတယ်၊ လှေကားပေါ်မှာလည်း ဝတ်မှုန်ကို ပြောလာတယ်၊ သူ အစာမစားဘဲ အိပ်တဲ့ညတို့၊ နေမကောင်းတဲ့ ညတို့ဆိုရင် ဝတ်မှုန်ရော၊ ကိုဖိုးတာရော အောက်ခန်းမှာ လာအိပ်ကြနော်... တဲ့၊ ပြောသွားတယ် ကိုကြီးတာရဲ့"

ကျွန်တော်လည်း အင်း... လိုက်ပြီး ဝတ်မှုန်နဲ့အတူ တံခါးတွေ ပိတ်ပေးပြီး တန်းလျားကို ပြန်လာတယ်။ ဝတ်မှုန်ကလေ...

ရွှေမိုးပစ္စုန်ရယ် × အမှန်ကညင်း

တိမ်ယံတွင်းမှာတော့

ညိုပြာရီမှောင် × တိမ်တောင်တွေရယ်

မိလ္လာတွေ ဆိုင်းပြန်တော့ × အာကာဝေယံ

ဘုံပျံခွင်ဝယ် × ရှုမြင်သူ × ဘဝင်ထဲမှာ

ရွှေရင်ကွဲကာ × ကျွမ်းလုပေါ့နော်..."

ဗိုလ်အောင်ဒင် ဇာတ်လမ်းထဲကပဲ မေမေဝင်းဆိုတဲ့ သီချင်းကိုဆိုပြီး ကျွန်တော့်နောက်က လိုက်လာတယ်။

ဩော်... ကချေသည်မလေး၊ သူ့ဝါသနာကိုဖြင့် မဖျောက်နိုင်ဘူး။

ကျွန်တော့်ရင်ထဲမှာလည်း တကယ်တော့ အတွတ်နဲ့ မွေးရဲ့ ညဦးယံ နှစ်ပါးသွားကို ကြည့်ရင်း ရွှေရင်ကွဲကာ ကျွမ်းလုပေါ့နော် ဆိုပြီးတော့သာ ဝတ်မှုန်နဲ့အတူ သံပြိုင်ဟစ်လိုက်ချင်တယ်။ ဒါမှ ခံစားရချက်တွေဟာ ရင်ထဲမှာ ပေါ့သွားမှာပေါ့ ဒေါ်ခင်နှင်းယုရယ်။

တကယ်တော့ "နှစ်ပါးသွား" လို့ ကျွန်တော် ဒီနေရာမှာ ရေးရပေမယ့် ခုခေတ် ဇာတ်သဘင်၊ ရုပ်ရှင်တွေထဲကလို မောင်နဲ့ နှမ၊ သားနဲ့အမိ ကြည့်လို့မတော်၊ မြင်လို့မတော်တဲ့ တို့တော့မယ်တဲ့၊ ဆိတ်တော့မယ် နှစ်ပါးသွားမျိုးလည်း မဟုတ်ပါဘူး။

လူရှေ့မရှောင်၊ သူရှေ့မရှောင် ရင်ချင်းအပ် နှုတ်ခမ်းချင်း စုပ်ကြတဲ့ အနောက်ရဲ့ နှစ်ပါးသွားမျိုးလည်း မဟုတ်ပါဘူး။ အတွတ်နဲ့ မွှေးရဲ့နှစ်ပါးသွားက ပဝါတကမ်း၊ ယပ်တောင် တလှမ်းဖြစ်တဲ့ ကုန်းဘောင်ခေတ် နှစ်ပါးသွားပါ။

ကျွန်တော်တို့ တန်းလျားလေးကို ပြန်ရောက်တော့ ဝတ်မှုန်ဟာ အိပ်ရာပေါ်မှာ အပန်းဖြေ လှဲလိုက်တယ်။

"မောသွားပြီလား ဝတ်မှုန်"

"မောတော့ မောသွားပါတယ်၊ ဒါပေမင့် ဝတ်မှုန် စိတ်ချမ်းသာသွားပါပြီ၊ မမမွှေးအတွက်ရော၊ ဝတ်မှုန်တို့နှစ်ယောက်အတွက်ရော ဒီအပြောင်းအလဲဟာ ကောင်းသော ပြောင်းလဲခြင်းပါပဲ"

"အေး… ဒီလို စိတ်ထားနိုင်လို့ ဝတ်မှုန်ကို ကိုကြီးတာ ချစ်ပါတယ် ဝတ်မှုန်ရယ်"

"ကိုကြီးတာကလည်း စကားလုံးတွေ ဆန်းလိုက်တာ" တဲ့။

"မဆန်းပါဘူး ဝတ်မှုန် ကျေးဇူးတွေကို ဆပ်ရမယ့်နေ့ ရောက်လာပြီလို့ ကိုကြီးတာ ထင်ပါတယ်၊ ဝတ်မှုန်အိပ်နေတဲ့ ခေါင်းအုံးအောက်မှာ ကတ္တီပါဘူးလေး ရှိတယ်၊ ဝတ်မှုန် ဖွင့်ကြည့်စမ်း"

ဝတ်မှုန်ဟာ ကတ္တီပါဘူးလေး ဖွင့်ပြီး မျက်လုံးမျက်ဆန် ပြူးသွားတယ်။ ကျွန်တော်က သူ့အပါး ကပ်သွားပြီး အန်တီမာလေးဆီက ယူလာတဲ့ မေမေ့ရဲ့စိန်နားကပ်ကို သူ့နားမှာ ပန်ပေးလိုက်တယ်။

"ကိုကြီးတာ၊ အဲဒါ ဘယ်ကရတာလဲ၊ သိပ်လှတာပဲနော်"

"မေမေ့ရဲ့စိန်နားကပ်ပါ၊ ကိုကြီးတာ စင်စင်ကြယ်ကြယ် ရလာတဲ့ပစ္စည်းပါ၊ ဘယ်လို ရသလဲ ဆိုတာတွေကို အရင် အတိတ်အကြောင်းတွေကို မမေးခဲ့သလို ခုလည်း ဘာမှ မမေးနဲ့နော်"

သူဟာ ဝမ်းသာဝမ်းနည်းနဲ့ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်နေတယ်။

"ခုလောလောဆယ်တော့ ပြန်ချွတ်ပြီး သိမ်းထား"

လို့ ကျွန်တော် ပြောလိုက်တယ်။ အမှန်တော့ ဝတ်မှုန်တို့ လူတန်းစားအနေနဲ့ တသက်လုံး ကျုံးလုပ်တောင် ဒီလို စိန်နားကပ်မျိုး စုမိ ပိုင်မိဖို့ ခဲယဉ်းတယ်။ ဝတ်မှုန် အစဉ်ဝတ်ထားတာ မြင်ရင် ဝတ်မှုန်ကို မလိုသူတွေ စွပ်စွဲမယ့် အန္တရာယ် မြင်လို့ပါ။ ပြီးတော့ မေမေဟာ အိမ်ဖော် ကလေးမလေးတွေအပေါ်မှာ ဖွန်းတချောင်းကျိုး၊

ပန်းကန်တချပ်ကွဲတိုင်း လခဖြတ်တဲ့၊ လိုအပ်တာထက် ပိုပြုတဲ့အမှုကို နောက်ဘဝ ဝဋ်မခံရအောင်လို့ မေမေ့စိန်နားကပ်ကို ဝတ်မှုန်ကို ပေးတာပါ။

အငြိမ့်သမလေး ကျေးတောသူ ဝတ်မှုန် ကျွန်တော့်ရင်ခွင်ထဲမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတယ်။

ကျွန်တော့်မှာတော့ မအိပ်နိုင်ဘူး။ ကျွန်တော့်မျက်စိထဲမှာ ကျွန်တော့်လက်ရေးနဲ့ စာအိတ်ကို မွေး ဖတ်မိတဲ့အချိန် မွေးရဲ့လှုပ်ရှားမှု ခံစားရချက်ကိုပဲ အသေးစိတ် မြင်ယောင်နေတယ်။

မိန်းမများ ဘယ်လိုပဲ စိတ်ကို ထိန်းထိန်း၊ သူတို့ စိတ်ဝမ်းတွင်းခံစားခံကို ရုတ်တရက် အပြောင်းအလဲ တွေ့ရရင် ဖုံးကွယ်ဖို့ ခဲယဉ်းတတ်တယ်။

မွေးဟာ ကျွန်တော့်ရဲ့စာကို ရုတ်တရက် မြင်လိုက်တော့ သူ့ရင်ခွင်မှာ ပိုက်လိုက်တယ်နော်။ သူ့ရှေ့မှာ အတွတ်တယောက် ငုတ်တုတ်ကြီး ထိုင်နေတာကိုတောင် သတိမရနိုင်အောင် ဣန္ဒြေပျက်သွားတယ်။

အစွဲအလမ်းကြီးသော မိန်းကလေး၊ သူလည်း ကျွန်တော့်ကို မမေ့သေးပါလား။ အချစ်ရယ်... မောင်လည်း ဘယ်လိုပဲ တေပြီး လှမျိုးစု ချောကလျာတွေနဲ့ တွေ့ခဲ့ပေမယ့် အချစ်ကို မောင် မေ့မရခဲ့ပါဘူးလို့ စိတ်ထဲက ရေရွတ်မိတယ်။

အဖြစ်ချင်းက မတူပေမယ့် မိန်းမတွေအကြောင်းရေးရင်း ကျွန်တော် သွားပြီး သတိရမိတယ်။ ဦးပုည ကင်ပွန်းတပ်ခဲ့တဲ့ မုဆိုးတပိုင်း မိန်းမရိုင်းကြီးလေ။ စူဠသုဘဒ္ဒါကို ကျွန်တော် သတိပြန်ရတယ်။

မိန်းမတို့ရဲ့စိတ်လှုပ်ရှားမှု ဂယက်အရှိန်ကို တိုင်းတာရင် စူဠသုဘဒ္ဒါကို စံထားရမယ်။ တဘဝ ခြားလာခဲ့ပြီဆိုတဲ့ အခြေရောက်တောင်မှ ဘယ်လိုပဲ ရန်ငြိုးထားခဲ့တယ် ဆိုပေမယ့် ဘဝခြားခဲ့တဲ့ ငယ်ချစ်ဟောင်းရဲ့ စွယ်တော်နှစ်ဆူကို ရင်မှာပိုက်ပြီး အသက်ကုန်ဆုံးသွားရတဲ့ အဖြစ်အထိ စိတ်ထိခိုက်သွားရတယ်နော်။

သူ့စိတ်ကို ပြန်လည်စိစစ် လေ့လာရင် ပထမပိုင်းကသာ ဒေါမနဿဆိုတဲ့ ဒေါသအရှိန်နဲ့ အစွယ်တော်ကို ဖြတ်ခိုင်းမိပေမယ့် တကယ်ပဲ ငယ်ချစ်ဟောင်းရဲ့စွယ်တော်ကို ရပြန်တော့ ချစ်တဲ့စိတ်ရဲ့အပူမီးဒဏ် နှလုံးကို ခိုက်ပြီး ရုတ်တရက် သေရတယ်။

မွေးအဖြစ်က သူ့ဘက်က ဘာမှ ချို့ယွင်းခဲ့တာ မရှိတော့ ငယ်ချစ်ဦးရဲ့လက်ရေးကို နှစ်ပေါင်း ၃၀ ကျော်မှာ ရုတ်တရက် မတွေးမထင် မမျှော်လင့်တဲ့အချိန်မှာ တွေ့လိုက်ရတော့ ခုလို ဣန္ဒြေပျက်လောက်အောင်

ဖြစ်သွားရတာ မဆန်းပါဘူး။

ကျွန်တော် ဝေတင်အောင်ထွန်းတော့ ညသန်းခေါင်ယံသာ လွန်လာရော အိပ်မရ နေမရ၊ အရက်သမားထုံးစံ စိတ်ညစ်တော့လည်း ညစ်လို့ သောက်၊ စိတ်ပျော်တော့လည်း ပျော်လို့ သောက်၊ ကိုယ့်စိတ်ကို ကိုယ် အလျှော့ပေးလိုက်တာ။

ဝတ်မှုန်ထားတဲ့ စည်းကမ်းကိုတောင် မစောင့်နိုင်တော့ဘဲ ခွက်ခြင်တခွက် မဟုတ်ဘူး၊ ခေါင်းရင်း ကြောင်အိမ်ထဲက ပုလင်းလိုက်ကို တခါတည်း တပုလင်းလုံး မော့ချမိတယ်။

လဆန်း ၁၄ ရက်နေ့ ည၊ မွေးနဲ့ ကျွန်တော် သော်ကရွာ ခြံကြီးထဲမှာ တွေ့တဲ့ည၊ အို... လမင်းကြီးကလည်း ထိန်ထိန်သာသာ။ သကျမဟာသီရိဘုရားကြီးက ရေကြည်တော် ဝတ်အသင်းက ရေကြည်တော်ကပ်ချိန်မှာ တီးတဲ့ နရည်းသံ။ ကျွန်တော် အားလုံး ပြန်ကြားရပြီ၊ ပြန်ကြားရပြီ။

အေးလှတဲ့ တပေါင်းည လရောင်အောက်ကို ပြေးထွက်သွားမိတယ်။

"ပြန်လည်၍ တွေ့ဆုံသည့်တိုင်အောင် မေတ္တာယှက်ကူး၊ ပန္နက်ဖူးသည်၊ မောင် ဘယ်လိုပဲ အမြဲ ရှောင်ပုန်းပေမယ့် မုန်းလေနဲ့ ထိပ်ခေါင်"

ရှိသမျှ အသံကို ဖျစ်ညှစ်ပြီး အော်ဟစ်ပြီး ဒီသီချင်းကို ဆိုမိတယ်။ လနတ် ဖမ်းစားလိုက်တာ ကျွန်တော် ဘာဖြစ်သွားတယ်ဆိုတာ မသိတော့ပါဘူး။

"ကိုကြီးတာ၊ သတိရလာပြီလား၊ ငြိမ်ငြိမ်နေ... ငြိမ်ငြိမ်နေ"

ဆိုတဲ့ ဝတ်မှုန်အသံကို သဲ့သဲ့ကြားရတယ်။ ပြီးတော့မှ မျက်လုံးတွေလည်း ပြာနေရာက ကြည်လင်လာတယ်။ ကြားရတဲ့ အသံတွေလည်း ပြတ်သားလာတယ်။ ကျွန်တော်တို့ အခန်းထဲကို မွေးရယ်၊ အတွက်ရယ် ဝင်လာတယ်။

"ကဲ... ဆိုစမ်း ကိုဖိုးတာ၊ ဘယ်အဖြစ် ဖြစ်ရတာလဲ"

အတွတ်က ပြောပြောဆိုဆို ဆရာဝန်တို့ ထုံးစံအတိုင်း အင်္ကျီကြယ်သီးဖြုတ်၊ ရင်ဘတ်ကို ဟိုစမ်း ဒီစမ်း၊ နားကြပ်နဲ့ စမ်းတော့တာပါပဲ။

"ညက ဝတ်မှုန်လည်း မောမောနဲ့ အိပ်ပျော်သွားတယ်၊ ကိုကြီးတာက ဟိုဘက် ပြတင်းနားမှာ စောင်လည်း မခြုံ၊ တံခါးလည်း မပိတ်ဘူး၊ ညဦး အိုက်တယ်ဆိုပြီး ဒီအတိုင်း အိပ်တယ်၊ ဝတ်မှုန် တရေးနိုး ထကြည့်တော့ ကိုယ်တွေ ချစ်ချစ်တောက် ပူနေလို့ မနက် အစောကြီး မမမွေးကို သွားပြောရတယ်"

“ဟုတ်တယ်၊ မွေး လာပြီး အဖျားတိုင်းကြည့်တော့ တရာ့လေး (၁၀၄) ဒီဂရီ ရှိတယ်၊ ဒါနဲ့ပဲ အတွတ်ဆီ ဖုန်းဆက်ရတာ”

ဝတ်မှုန်နဲ့ မွေးက တလှည့်စီ ပြောပြကြတယ်။

“အင်း... အဆုတ်ကို အအေးပတ်သွားတယ်၊ အသည်းကလည်း နည်းနည်းရောင်နေတယ်၊ နေ့ပူလို့ ညချမ်း တပေါင်းလသရမ်း ဆိုတာ ကိုဖိုးတာ သတိထားမှပေါ့၊ ညဦး သိပ်အိုက်ပေမယ့် သန်းခေါင်လွန်ရင် တပေါင်းညဟာ အလွန်အေးတယ်၊ ကိုဖိုးတာ ကျွန်တော့်စကား နားထောင်ရမယ်၊ အဖျားကျအောင်ရယ်၊ အသည်းရောင်တာရယ်၊ ဆေးရုံတက်ဖို့ မလို ဒီမှာပဲ ပျောက်အောင် ကျွန်တော် ကုမယ်၊ ဒါပေမင့်... ဒီရောဂါတွေ ပျောက်ရင် အသောက်ကို အပြတ်ရှင်းရလိမ့်မယ်၊ အဲဒီအတွက်ကိုတော့ ဆရာဝန်ကြီး ဦးနေဝင်းလက်ထဲကို အပ်ရပါလိမ့်မယ်၊ မွေး သဘောတူလား”

“အို... မွေး အစောကြီးကတည်းက ကိုဖိုးတာကို အရက်တရား ဟောနေတာ”

“ကဲ... ဝတ်မှုန် အရည်ပဲတိုက်၊ ဆေး ဘယ်လို ကျွေးရမယ်ဆိုတာ မွေးကို ပြောခဲ့မယ်၊ ကိုဖိုးတာ၊ ကျွန်တော့်စကား နားထောင်နော်၊ ကျွန်တော် တနေ့ကို နှစ်ခေါက် လာကြည့်မယ်၊ ဒေါ်ဒေါ်မွေးရယ်... တကတဲ... ခင်ဗျားအိမ်ကလည်း စိတ္တဇဝေဒနာသည်ချည်းပါပဲလား၊ ဝတ်မှုန်ရေ၊ ကိုဖိုးတာကိုပဲ လာကြည့်တာ မဟုတ်ဘူးဟေ့၊ ဟောဒီ မင်းရဲ့မမ ဒေါ်ရွှေမွေးကိုလည်း အန်ကယ်က လာလာကြည့်ရတာ၊ သတိထားနော်၊ ဒီဆရာဝန်ကြီး စကားကို နားမထောင်ရင် ကိုဖိုးတာလိုပဲ စိတ်ရောဂါကုဆေးရုံ ဆရာဝန် ဦးနေဝင်းလက်ထဲ အပ်လိုက်မှာ” တဲ့။

အတွတ်က အရွှန်းဖောက်ပြီး စကားကို လက်စသတ်တယ်။ မွေးကတော့ -

“မဖြစ်ပါဘူး၊ ဝတ်မှုန်က သူ့ကိုကြီးတာကို အလိုလိုက်ပုံရတယ်၊ အရက်ပုလင်းတွေ အကုန်သိမ်းမှ”

ဆိုပြီး ကြောင်အိမ်ထဲ ရှိသမျှ ပုလင်းတွေ အကုန်ယူပြီး သူတို့နှစ်ယောက် အောက်ဆင်းသွားရော။

ဒီတော့မှ ဝတ်မှုန်က ကျွန်တော့် နားနားကပ်ပြီး တိုးတိုးလေး ပြောတယ်။

“ဟင်း... မမမွေး ဆိုမှာစိုးလို့ ဝတ်မှုန် ညာပြောရတယ်၊ ကိုယ့်အဖြစ်ကို ဘာဖြစ်လဲ သိရဲ့လား” တဲ့။

ကျွန်တော် ခေါင်းယမ်းပြလိုက်တယ်။

"ဝတ်မှုန် တရေးနိုးတော့ အခန်းထဲမှာ ကိုကြီးတာကို မတွေ့ဘူး၊ အဲဒါနဲ့ တံခါးလည်း ပွင့်နေတော့ ခြံထဲ လိုက်ရှာရတယ်၊ သီချင်းသံ သဲ့သဲ့ ကြားလိုက်သလို ရှိတာနဲ့ ခြံထိပ်အထိ သွားကြည့်ရတယ်၊ တော်ပါသေး၊ မမမွေးကလည်း အခန်းတံခါးတွေ အလုံပိတ်ထားလို့ ကိုကြီးတာ သီချင်းဆိုသံ မကြားရတာ၊ ဝတ်မှုန် ပိတောက်ပင်အောက် လာကြည့်တော့ အကျီက ဟာင်းလင်းပွင့်ကို ပက်လက်ကြီး လန်နေတော့တယ်၊ ပါးစပ်ကလည်း ဘာတွေ ဆိုနေမှန်း မသိဘူး၊ မနက်ထိသာ လဲနေရင်လေ တခါတည်း သေပြီး တောင့်နေမှာ၊ ခုတောင် မိုးလင်းခါလည်းနီးရော ကိုယ်တွေ ချစ်ချစ်တောက် ပူနေတာပဲ၊ ကလေးလည်း မဟုတ်၊ သူငယ်လည်း မဟုတ်၊ လူပျိုပေါက်စ ကျနေတာပဲ"

ဝတ်မှုန်လေ စိုးရိမ်သံလေးနဲ့ ကျွန်တော့်ကို ဆူတယ်။ ခုမှပဲ ကျွန်တော်ဟာ ညက လနတ်ဖမ်းစားသော ငန်းဖျားရောဂါ ထမိကြောင်း သတိရသွားရတယ်။

ကဲ… တိုတိုပဲ ရေးပါရစေတော့ ဒေါ်ခင်နှင်းယုရယ်။ ကျွန်တော် အဖျားပျောက်တော့ အတွတ်နဲ့ မွေးဟာ ကျွန်တော့်ကို ခွင့်ရက်ရှည်ပေးပြီး ကျွန်တော့်ကို စိတ်ရောဂါဆေးရုံ ဆရာဝန်ကြီး ဦးနေဝင်း လက်ထဲကို အပ်လိုက်ပါတယ်။ ခု မူးယစ်ဆေးဝါး အကုအသခံနေပါသော ငတင်အောင်ထွန်းဘဝ ရောက်နေပါတယ်။

ကျွန်တော့်ရဲ့ဒရိုင်ဘာရာထူး လစ်လပ်နေတဲ့ နေရာကို ငတွတ်ကြီး ယူထားတော့ အားလုံး အဆင်ပြေသွားတယ်။

နောက်… အရေးအကြီးဆုံး အဆင်ပြေသွားတဲ့ အကြောင်းတခုကို ကျွန်တော် ရေးပြပါရစေ။ ဒေါ်ခင်နှင်းယု စာပေများကို အချိန်ရတိုင်း ဖတ်ရင်း ဒေါ်ခင်နှင်းယုရဲ့ စကားတလုံးကို ကျွန်တော် သွားသတိရတယ်။

"နှလုံးသားမှာ ထိခိုက်မှု မရှိရင် ကျွန်မ ဘယ်တော့မှ စာမရေးဘူး"

ဆိုတာလေ၊ "ဝေဒနာမှ ပွင့်သောပန်း" မှာ ကျွန်တော် ဖတ်လိုက်ရတယ်။ ခုလည်း ဆေးရုံပေါ်မှာ နေရင်း ကျွန်တော့်ရင်ထဲမှာရှိတဲ့ ဝေဒနာတွေ၊ ခံစားရချက်တွေကို စာရေးချင်တယ်။ သိပ်ကို ရေးချင်တာပဲ ခင်ဗျာ။

"ချင်" ဆိုတဲ့ အကောင်ဟာ နှိပ်စက်လာပြန်ပြီ။ ဒါပေမင့် ဖွင့်ဟရေးရင် မိအေမီနဲ့ ငသစ္စာ ပြဿနာက ဘယ်လိုဖြစ်လာမလဲ။ တရားခွင်မှာ ဥပဒေကြောင်းအရ မရှင်းလင်းခင် ခံရမယ့် ဒုက္ခတွေကိုလည်း ကျွန်တော် မခံချင်ဘူး။ သူ့အမေကို သတ်သူပါရယ်လို့ ကျွန်တော့်သားကြီး ကျော်ထင်ဦးကလည်း ကျွန်တော့်အပေါ် မထင်စေချင်ဘူး။ ဒါပေမင့် စာရေးချင်တဲ့ဆန္ဒကိုတော့ ချိုးနှိမ်လို့ မရဘူး။ ကျွန်တော်ဟာ ဆေးရုံတက်နေကြောင်း ကိုမြင့်မောင်ကို စာရေးလိုက်တယ်။

သူ တပတ်တခါ မွေးတို့နဲ့ အချိန်လွဲချိန်မှာ လာကြည့်တယ်။ ကျွန်တော် လန်ဒန်မှာနေတုန်း မွေး ရေးတဲ့စာရော၊ မစံပယ်နဲ့ ကိုထင်းရှူးဝတ္ထုကိုရော၊ မွေးရဲ့လက်ရေးမူ "မြကန်သာမှ ငရဲခန်း" စာမူပါ ဆေးရုံကို ယူခဲ့တယ်။

ကိုမြင့်မောင်ဆီကပဲ စာရွက်နဲ့ ဖောင်တိန် တောင်းပြီး တနေ့ တရွက်၊ နှစ်ရွက် ရင်ထဲ ရှိသမျှ ချရေးနေတယ်။ နောက်ဆုံး ဖွင့်ဟဝန်ခံ သဘောပေါ့လေ။ ကျွန်တော့်အသက်ကိုလည်း ဆရာဝန်ကြီးတွေ အကုအသ ကောင်းပေမယ့် ကျွန်တော် စိတ်မချဘူး။ အရက်ကြောင့် အသည်းကင်ဆာသဘောမျိုး ဖြစ်လာခဲ့ပြီလေ။

ကျွတ်ချိန်တန်တော့ ကိုမြင့်မောင်ဟာ တနေ့ လာရင်း သတင်းစာတရွက်ကို ယူလာပြီး ပြတယ်။ သတင်းအတိုချုပ်ကတော့ အရင် အိုရီရင့်ကလပ်ရဲ့လက်ထောက် အုပ်ချုပ်ရေးမှူးက သူဟာ ကင်ဆာရောဂါနဲ့ သေရမယ့်ဆဲဆဲ ရဲချုပ်ဟောင်း ဦးစောလှမင်း၊ တရားသူကြီးများ၊ အေမီရဲ့အမေ ဒေါ်စောထယ်နဲ့ ဇာတ်မင်းသားကြီး ရွှေမန်းအောင်ဝင်းဖေတို့ကို ခေါ်ယူပြီး ဖွင့်ပြောသွားတယ်။

သူဟာ သေသွားရင် တရားဥပဒေအရ အရေးမယူနိုင်သော်လည်း သံသရာ ဝဋ်ဆင်းရဲကို မခံလိုလို့ မှန်ရာကို အစစ်ခံပါရစေတဲ့။

ရွှေမန်းအောင်ဝင်းဖေ ဇာတ်ရုံကြီး မီးမလောင်ခင် အချိန်ပိုင်းလေးမှာ ကိုသစ္စာနဲ့ မအေမီကို သေနတ်နဲ့ ပစ်သတ် အဆုံးစီရင်လိုက်တာ သူပါပဲတဲ့။ နောက်မှ မီးက လောင်လာတာတဲ့။ ဘာကြောင့် သတ်တယ်ဆိုတာကိုတော့ သေသူနှစ်ယောက် ဂုဏ်သရေကို သေပြီးမှ မထိခိုက်စေလိုလို့ မပြောလိုတော့ဘူး ဆိုပြီး ဖွင့်ဟဝန်ခံတဲ့အကြောင်းပါပဲ။ ဒီလူလည်း သေသွားပြီ။

ကဲ... ဒါကြောင့် ကျွန်တော်လည်း လွတ်လွတ်ရှင်းရှင်း ကျွန်တော် ငတင်အောင်ထွန်းရဲ့ ဖြစ်ကြောင်းရယ်မှ ကုန်စင်ကို တနေ့ တလံ ပုဂံ ဘယ်ရွှေ့မတုံး ဖွဲ့နဲ့ ရေးပြီး ဒေါ်ခင်နှင်းယုဆီ ရေးပို့လိုက်တာပါ။

ကျွန်တော့်စာကို သေသေချာချာ ဖတ်ပြီး ကျွန်တော့်ရဲ့မေးခွန်းများကိုလည်း သေသေ ချာချာ ဖြေစေလိုပါသည် ခင်ဗျား။

■

အခန်း (၉)

တရားဦး ဟောလှည့်ပါ

“ကာမဘောင် ရှုပ်အထွေးကိုလ၊

ပျိုလေးမယ် မခင်လို့၊ ရှန်းချင်ပြီ” ဆုပန်ကြွားရဲ့

တားမြစ်ဖို့ ခွင့်မသာ။

နှစ်ကိုယ်တူ တွဲကာပ

သည်ဝဲသံသရာက၊ သောင်ခေမာ ဟိုတဖက်ဆီသို့

ဖောင်မဂ္ဂင် ဆင်ကာကူးမယ်လို့ ဆုထူးကို ပန်ညီသော်လည်း

ပါရမီ မောင် မရင့်သောကြောင့်၊

သွားနှင့် သက်လျှာ။

ဇာတ်မတူ အမူကြမ်းသူဖြင့်

သောင်ကမ်း မမြင်နိုင်လို့

တပင်တိုင် နာဝါပျက်လိုပ

သံသရာ သည်ဂယက်မှာလ

စုန်တခါ ဆန်တချက်ကယ်နှင့်

မျောလျက်ကွဲ့ ယောင်ချာချာ

တွယ်ရာဖြင့် ရှိနိုင်ဘူး။

သို့ အကြောင်းရယ်ကြောင့်

ချစ်ဟောင်း နွယ်သာကီရဲ့

ပါရမီ ပြည့်လျှံဖြိုးကာပ

တန်ခိုးတွေ တလူလူနှင့်

ဘိက္ခုနီ ထေရီ ဖြစ်တော့ခါ

မောင်ချစ်ကို မယ် သနားတာဖြင့်

တရားမွန် မှန်သဘောကို

ဟောလှည့်အဦး။

▪

ဒေါ်ခင်နှင်းယုရေ...

ဒီကဗျာကို ရေးသူက ဆရာမင်းသုဝဏ်၊ ကူးယူသူက ကျွန်တော် တင်အောင်ထွန်း။ အကြောင်းရှိလို့ ကျွန်တော့်ရဲ့ စာနဲ့အတူ ဒီကဗျာကို ကျွန်တော် ပူးတွဲပေးပို့ရတာပါ။ ဒေါ်ခင်နှင်းယုရဲ့ ခင်ပွန်းသည် ကွယ်လွန်အနိစ္စရောက်ပြီး ၁၉၇၀ နိုဝင်ဘာလထုတ် ရှုမဝမှာ ဒေါ်ခင်နှင်းယုရဲ့ ကဗျာ” ပွဲတွေ့အလွမ်း” ကို ကျွန်တော် ဖတ်လိုက်ရပါတယ်။

အဲဒီကဗျာထဲမှာ...

“ပါရမီကံက နည်းသူမို့၊ အံခဲကာ ဟန်ကို လုပ်ပေမင့်၊ အနာဂါမ် မယ် မဟုတ်လေတော့ နာမ်-ရုပ်ကို ပြတ်ပြတ်စဲအောင်ပ၊ အားထုတ်စဉ် ခဏတာပဲပေထင့်၊ မြဲလေသည့် သတိယှဉ်၊ မဆင်ခြင်နိုင်ဘု ကျန်စခန်း”

ဆိုတဲ့ အပိုဒ်ကို ကျွန်တော် တွေ့ပါတယ်။

ဒေါ်ခင်နှင်းယုဟာ ချစ်တဲ့သူနဲ့ ရုတ်တရက် ကွေကွင်းလိုက်ရတဲ့ဒဏ်ကို ခံစားရချိန်မှာ ဒီကဗျာဟာဖြင့် ဝေဒနာမှ ပွင့်သော ပန်းတပွင့်ပါပဲ။

ကျွန်တော့်လို လူပြိန်းအနေနဲ့ ရသမြောက်လေသလား၊ မမြောက်လေသလား၊ ကာရန်က ဘယ်သို့၊ စကားလုံးက ဘယ့်နှယ်၊ အဖွဲ့အနွဲ့က ဘာဖြစ်တယ်လို့ ဝေဖန်လည်း မဝေဖန်တတ်ဘူး။ ပြောလည်း မပြောတတ်ဘူး။

သို့သော် အဲဒီကဗျာက ကဗျာကြမ်းပဲ။ စကားလုံး မလှဘူးပဲ။ ရေးစာဆိုတွေ၊ လက်ရှိ ကဗျာပညာရှင်တွေ အဖွဲ့အနွဲ့ကို မမီဘူးဘဲ ထားတော့၊ ကျွန်တော် ဖတ်တဲ့သူတယောက်အနေနဲ့ အသည်းနှလုံးမှာ ခံစားလိုက်တယ်။ မြှောက်ပြောတယ်လည်းမထင်နဲ့၊ မြှောက်စရာလည်း မလိုပါဘူး။

ဒါကြောင့် အဲဒီကဗျာကို ကျွန်တော် အလွတ်ကျက်ထားမိတယ်။ ကျွန်တော် ဖော်ပြတဲ့ ဒေါ်ခင်နှင်းယုရဲ့ ကဗျာစာပိုဒ်ထဲမှာ “ပါရမီကံက နည်းသူမို့” လို့

ရေးထားသော်လည်း ကျွန်တော့် ထက်စာရင် ဒေါ်ခင်နှင်းယုဟာ ပါရမီရှိပြီးသူတယောက်လို့ ကျွန်တော် ယူဆပါတယ်။ ဘာကြောင့်လဲ ဆိုတော့ "နာမ်-ရုပ်ကို ပြတ်ပြတ်စဲအောင်ပ၊ အားထုတ်စဉ် ခဏတာပဲပေထင့်" ဆိုတဲ့ အပိုဒ်ကြောင့်ပဲ။

ကျွန်တော့်မှာ အဘာသမက်ဘာဝ မရောက်ခင် စည်းစိမ်ဥစ္စာ ဘယ်လိုပဲ ပြည့်ဝခဲ့ပေမယ့် ဘာသာရေးဘက်မှာ အတော်တုံးခဲ့သူပါ။

မိဘက ရှိခိုး ဆိုလို့သာ ဘုရား ဦးသုံးကြိမ်ချတာကလွဲလို့ ရတနာသုံးပါးနဲ့ စပ်ဆိုင်တဲ့ အသိတရား ကျွန်တော့်မှာ ဘာမှ မရှိခဲ့ဘူး။ ရှိအောင်လည်း ဘယ်ဘုန်းကြီးအနားမှ မကပ်ခဲ့ဘူး။

လက်ထပ်ပြီးတော့လည်း ချစ်ဇနီး လှကေရီ အေမီက ဘုန်းကြီးနဲ့ အိုင်တို့တော့ စကားမပြောတတ်ဘူး ဆိုတာကို လူရှေ့မှာ အသားယူ ပြောတတ်တဲ့ဇနီး ဖြစ်လေတော့ ရတနာ သုံးပါးဆိုတာ ဘုရား၊ တရား၊ သံဃာပဲ ဆိုတာလောက်သာ နားလည်ခဲ့တယ်။ နေလာခဲ့တာလည်း စိန့်ပေါလ်ကျောင်းဆိုတော့ မြန်မာနိုင်ငံမှာ နေပြီး သာသနာပနေတဲ့ အဖြစ်ပဲ။

ဒီတော့လည်း "နာမ်-ရုပ်ကို ပြတ်ပြတ်စဲအောင်ပ အားထုတ်စဉ် ခဏတာပဲပေထင့်" ဆိုတဲ့ စာသား အဓိပ္ပာယ်ကိုတောင် ဘယ်လို လက်ခံရမှန်း၊ နားလည်ရမှန်း မသိရိုးအမှန်ပါ။ ဒါကြောင့် "ပါရမီကံ နည်းသူမို့လို့" ကိုယ့်ကိုယ်ကိုယ် ဘယ်လိုပဲ ဆိုသော်လည်း ကျွန်တော့်ထက်စာရင်ဖြင့် ပါရမီကံက ပြည့်သူမို့ ကောင်းကင်မှာ ဈာန်တွေနဲ့ မွေ့ပြီး မနေနိုင်သေးသော်လည်း၊ အနာဂါမ် မဟုတ်သေးသော်လည်း ကျွန်တော့်ကို မေတ္တာရှေ့ထားပြီး သဗ္ဗေသတ္တာထက် ကျော်ပြီး တရားဦး ဟောလှည့်ပါလို့ တောင်းပန်ရတာပါ။

ကျွန်တော့်အဖြစ်က ဆရာမင်းသုဝဏ်ကဗျာထဲကလို ဒေါ်ခင်နှင်းယု ဘိက္ခုနီထေရီမကြီး ဖြစ်တဲ့အထိ မစောင့်နိုင်တော့ဘူး။

ကျွန်တော် သိချင်တဲ့အကြောင်းတွေကို ဘုန်းကြီးတွေထံမှာ လျှောက်ထား မေးလျှောက်ဖို့က မလွယ်ကူဘူး။ ဆရာတော်များက တက္ကသိုလ်ဆရာများနဲ့ တူတယ်။ ကျွန်တော်က မူလတန်း ကျောင်းသားနဲ့ တူတယ်။

တက္ကသိုလ်ကျောင်းသားက မူလခတ်ခံ ပညာအရည်အချင်း ရှိတော့ ဆရာတော်တွေ ဟောလိုက်ရင်ပဲ နားမစိမ်းဘူး။ ချက်ချင်း နားလည်လွယ်တယ်။

ကျွန်တော့်လို ဘာမှမသိတဲ့သူက ဘုန်းတော်ကြီးတွေ ဘယ်လိုပဲ ရှင်းပြပြ အခံကလည်း မရှိတော့ ဘာတလုံးမှ နားလည်မှာ မဟုတ်ပါဘူး။ ဒေါ်ခင်နှင်းယု

ကဗျာကိုတောင် နာမ်-ရုပ်ကို ပြတ်စဲအောင် အားထုတ်နေစဉ် ခဏလေးပဲ သောကတွေက ငြိမ်းတယ် ပြောထားတယ်။ ဘယ်လိုများ ပြတ်အောင်လုပ်လဲ။ အဲဒီ နာမ်-နဲ့ ရုပ်ကြီး ပြတ်အောင် လုပ်မှ သေရောပေါ့လို့ တွေးမိပါတယ်။ ဒီစာ ဖတ်ပြီး မရယ်ပါနဲ့နော်။

အဲဒီတော့ ဒေါ်ခင်နှင်းယုရဲ့ ပွဲတွေ့အမြတ်တရားကိုလည်း ဖတ်ပြီးပါပြီ။ ကျွန်တော့်ကို တရားဦး ဟောနိုင်သူဟာဖြင့် ဒေါ်ခင်နှင်းယုပဲ ရှိပါတယ်။ ပွဲတွေ့အမြတ်တရားထဲက စကားလုံးကို တောင် သဘောမပေါက်နိုင်ဘူး။

မသေခင် မသေမီမှာ တဘဝလုံး ခံစားလာခဲ့ရတဲ့ သောကတွေကို ခဏတာပဲ မေ့လို့ရရ၊ ငြိမ်းအောင်ပဲ လုပ်လို့ရရ၊ ဒေါ်ခင်နှင်းယုလို နေတတ်ချင်ပါတယ်။ ကျွန်တော့်မှာတော့ အရက်နဲ့ ဖြေလည်း မပြေ၊ စိတ်ငြိမ်ဆေးတွေ ဆရာကြီးဦးနေဝင်းတို့ ဘယ်လိုပဲကျွေးကျွေး ရင်ထဲက အပူကဖြင့် မငြိမ်းလေတော့ဘူး။

ဒါကြောင့် ဒီစာကို ရေးရင်း ဒေါ်ခင်နှင်းယုကို မေးခွန်း မေးပါရစေ။ တတ်နိုင်သလောက်သာ ဖြေပါ။ ကျွန်တော် ကျေနပ်ပါတယ်။

ကျွန်တော့်ကိုတော့ အစစ ခွင့်လွှတ်ပါတော့နော်။

ငြိမ်းချမ်းရေးရဲ့ အရသာကို မငြိမ်းချမ်းသော ကာလ (စစ်ဖြစ်နေချိန်) မှပဲ သိတယ်ဆိုတာ တယ်မှန်တယ်။ စစ်ပြီးလို့ ရန်ကုန်မှာ တက္ကသိုလ်ကျောင်း ပြန်ဖွင့်တော့ သူငယ်ချင်းမျိုးစုံရဲ့ အဖြစ်မျိုးစုံကို ကျွန်တော် ကြားရတယ်။

စစ်ပြေးရင်း ခံစားရတာရယ်၊ တိုင်းပြည်အတွက် ဂျပန်တခေတ်လုံး တပ်မတော်လူထွက် လူငယ်လေးတွေလည်း ပညာဆက်သင်တော့ သူတို့ရဲ့ တွေ့ကြုံ ခံစားချက်တွေရယ်၊ စုပေါင်း သိရတော့မှ ဘုရား... ဘုရား... ၅ နှစ်တိုင် ကာလပတ်လုံး ဒီဒုက္ခတွေရဲ့ကင်းငြိမ်းရာ၊ လုံခြုံရာ ဝါးခယ်မမြို့ဆိုတဲ့ အေးရိပ်သာကို တို့မိသားစု ခိုလှုံခဲ့ရပါလား။ ငါဟာ သူ့မြေနင်း၊ သူ့ရေသောက်၊ သူ့အရိပ်ခိုပြီးမှ သူ့ကျေးဇူးကန်းပြီး၊ သူ့မြေက မွေးတဲ့ မွေး... ဆိုတဲ့ မိန်းကလေးကို ရက်ရက်စက်စက် စွန့်ခွာခဲ့သူပါလားလို့ ခုချိန်မှာ နောင်တတရား ရနေသူပါ။

ဒီဝဋ်ကြွေးကို ဆပ်တဲ့အနေနဲ့ ငတင်အောင်ထွန်း ဒရိုင်ဘာကြီးတယောက် လုပ်ပြီး မွေးအပါးမှာ သစ္စာရှိစွာ စောင့်ရှောက်ခဲ့ပြီမို့ ဒေါ်ခင်နှင်းယု ကျွန်တော့်အပေါ် အစစ ခွင့်လွှတ်ပါတော့ ဆိုတဲ့ စကားလုံး သုံးရခြင်းပါ။

ကဲ... ကျွန်တော် သိလိုတာကို စတင် ရေးပါရစေ။ မကြာခင်တင်ပဲ သေခြင်းတရားဟာ ကျွန်တော့်ကို ခြိမ်းခြောက်လာခဲ့ပါပြီ။

ဘယ်လိုပဲ ဆရာဝန်ကြီးတွေ၊ ဆေးတွေ စွမ်းလို့ပဲ ကုကု၊ အရက်ဒဏ်၊ ပွေခဲ့တဲ့ ဒဏ်တွေကြောင့် အလွန်အကျွံ ကျွန်တော့်အသက် ရှည်လှရင် ၅ နှစ်ပေါ့။

ကျွန်တော့်လက်ပေါ်မှာ ဖေဖေလည်း ကွယ်လွန် အနိစ္စ ရောက်ခဲ့တယ်။ မေမေနဲ့ ကြီးကြီးထားတို့လည်း ကွယ်လွန်ခဲ့တယ်။ ကျွန်တော် စိတ်တုန်လှုပ်တာကတော့ ကြီးကြီးထား နေမကောင်းစဉ်က ဆေးရုံပေါ်မှာ တင်ထားတုန်း ကျွန်တော် သွားရောက်ပြုစုခဲ့တယ်။ အဲဒီတုန်းက မင်းကြီး ဦးသော်ဇင်ရဲ့နောက်ဆုံးနေ့ပါပဲ။

သူဟာ သက်သတ်လွတ်စား၊ ကောင်းမှုဒါနတွေပြု၊ သီလတွေ ဆောက်တည်ပေမယ့် သေခါနီးဇောပြန်တာ မြင်ရတော့ ကျွန်တော် ကြောက်လိုက်တာ။

ခရစ်ယာန် သူနာပြုဆရာမလေး စတယ်လာနဲ့ ဒေါရစ်ကလည်း ပြောတယ်။ ဗုဒ္ဓဘာသာတွေတင် မဟုတ်ဘူး၊ ခရစ်ယာန်တွေမှာလည်း ဘုရားသခင်ထံမှာ အိပ်ပျော်သွားကြတယ် လို့ ဘယ်လိုပဲ ဆိုဆို သေခါနီး မငြိမ်မသက် အဲဒီလို အာရုံ နိမိတ်တွေထင်တဲ့လူနာတွေ သူတို့ ခဏ ခဏ တွေ့ရတယ်တဲ့။

အခု ကျွန်တော် အိပ်ရာပေါ် အိပ်ရင်း၊ ဝေဒနာတွေကို ခံစားရရင်း နောက်တဘဝဆိုတဲ့ အကြောင်း၊ ဇောဆိုတဲ့အကြောင်း၊ ဇောပြန်တယ်ဆိုတဲ့အကြောင်း တွေးမိလာပြီလေ။ အမယ်လေး... ဒေါ်ခင်နှင်းယုရယ်၊ တသက်လုံး ပွေလာတဲ့ ကျွန်တော့်ရဲ့နောက်ကိုလေ တသက်လုံး ပြုလာတဲ့ အမှုကံတွေဟာ လိုက်လာနှိပ်စက်ပြီး နိမိတ်ထင်လာမှ ဦးသော်ဇင်ထက် ဆယ်ဆ ဆိုးမယ်။

အိမ်စေ ကလေးမလေးတွေနဲ့ အခြွေအရံ အစေခံတွေအပေါ် မေမေ ဆိုးခဲ့သမျှ နှလုံးရောဂါကြီး မရှုမလှ ခံရပြီး သေရတာထက် ဆယ်ဆ ဆိုးမယ်။

အိုး... ခုတော့ နောက်ဘဝဆိုတာကိုလည်း ယုံတယ်။ ကံဆိုတာကိုလည်း ယုံတယ်။ ဒီတော့ ကျွန်တော် သေခါနီးရင် ဘယ်တရားကို အာရုံပြုလို့ ဘယ်လိုသေရပါ့မလဲ ဒေါ်ခင်နှင်းယုရဲ့။ ဒီဇောတွေ မကပ်နိုင်အောင် ကြိုတင်ကာကွယ်နည်းများ မရှိပေဘူးလား။ နောက်တဘဝ ဆိုတာကို ဘယ်လို ကူးပြောင်းကြတာလဲ။

ဒေါ်ခင်နှင်းယုအသိက သဲပွင့်လေးလောက်ပဲ ရှိတယ်ပဲဆိုဆို အဲဒီသဲပွင့် အလင်းရောင် လက်လက်ကလေးနဲ့ပဲ အမှောင်တွင်းမှာ ကျရောက်နေတဲ့ ကျွန်တော် ဝတင်အောင်ထွန်းကို လမ်းပြပေးပါနော်...

ချမ်းမြေ့ ရွှင်လန်းပါစေ...

ကျွန်တော်

တင်အောင်ထွန်း

■

ကျွန်မသည် ကိုတင်အောင်ထွန်း၏ ရှည်လျားလှသောစာကို ဖတ်ရှုပြီးသည်နောက် ရင်မောလှပါသည်။ ကြေကွဲမိပါသည်။ ကျွန်မ၏အဖော် ကလောင်တံလေးကိုပဲ ဆွဲယူ၍ ကိုတင်အောင်ထွန်းထံ စာရေးရပါသည်။

■

ကိုတင်အောင်ထွန်း

မသဲပွင့် စာပြန်ရေးလိုက်ပါသည်။

ဒီစာကို စရေးရေးချင်းပဲ ကျွန်မကလည်း တောင်းပန်ပါရစေ။ ကိုတင်အောင်ထွန်းရဲ့ ရှည်လျားတဲ့စာကို ကျွန်မ အိပ်ရာပေါ်မှာ အနားယူ လဲလျောင်းနေရာက တရွက်ချင်း ဖတ်သလို ကျွန်မရဲ့ပြန်စာကိုလည်း ကိုတင်အောင်ထွန်းဟာ အိပ်ရာပေါ်ကနေ စိတ်ရှည်စွာ ဖတ်ဖို့ တောင်းပန်ပါတယ်။

ဘာကြောင့်လဲဆိုရင် အမေး နွားကျောင်း၊ အဖြေ ဘုရားလောင်း ဆိုသလိုပဲ ကိုတင်အောင်ထွန်းကတော့ အမေးကို မေးလိုက်တာ စာတတန်း စကားတခွန်းပဲ။ ကျွန်မအနေနဲ့ ဖြေဆိုရမှာ မလွယ်ဘူး။

ဘယ်စာအုပ်ကို ဖတ်လို့ ညွှန်းရင်လည်း လွယ်ကူပါတယ်။ သာသနာ့ရိပ်သာမှာ မဟာစည် ဆရာတော်ဘုရား ရေးခဲ့တဲ့ စာအုပ်တွေဟာ အစုံပဲ ရှိပါတယ်။ တိုတိုနဲ့ လိုရင်း ရှင်းရှင်းပဲ ရေးထားပါတယ်။

ဒါပေမင့် ကိုတင်အောင်ထွန်းစာထဲ ပါသလို တိုကျဉ်းရှင်း ဘယ်လိုပဲ ရေးထားပေမယ့် အခံမရှိ ဘာသာရေးနဲ့ စိမ်းနေသူအဖို့ မူလတန်းကျောင်းသားကို ဝေဿန္တရာဇာတ်တော် ဖတ်ခိုင်းသလို ဖြစ်နေမှာပဲ ဆိုတာလည်း သဘောပေါက်ပါတယ်။

ဇာတ်တော်စစ်စစ်ကို ပုံလို သဘောပြောပြရင်တော့ မူလတန်းကလေးတွေ နားလည်ပါတယ်။ ဦးဩဘာသ စကားလုံးလို ရသတော့ မမြောက်ပေဘူးပေါ့။

တချို့ စာရေးဆရာဆရာတွေဟာ အရေးလည်းတော်၊

အပြောအဟောလည်း ကောင်း ကြပါပေတယ်။ ကျွန်မမှာတော့ ကိုတင်အောင်ထွန်းသာသာပဲ ဖြစ်နေတယ် ဆိုရင်ဖြင့် အံ့သြမှာပဲ။ တမင်လုပ်ပြောသလား ထင်ရအောင် မေးလေး၊ အာလေး၊ လျှာလေး ဖြစ်နေလို့ တတ်နိုင်သလောက် စကားပြော ဆင်ခြင်၊ ဟောပြောပွဲတွေကို အဝေးက ရှောင်နေရတဲ့ ဘဝပဲ။

ပြီးခဲ့တဲ့ ကဆုန်လပြည့်ကပဲ ဒုတိယအကြိမ် နှလုံးအားနည်းဒဏ်ကို ပြန်လည်ခံစားရ ပြန်တော့ သိမ်ဖြူဆရာတော်ဘုရားထံ ပြေးရသေးတယ်။ ဒီစာကိုဖြင့် ဆရာတော်ရဲ့အထူး နှလုံးဆေးကို စားပြီး ကျွန်မ ခင်နှင်းယုကလည်း ကျွန်တော် တင်အောင်ထွန်းထံကို စာပြန်ရခြင်းပါ။

ကိုတင်အောင်ထွန်းကမှ ဝတ်မှုန်ဆိုတဲ့ ချစ်စရာ ဇနီးလေး အပါးမှာ ပြုစုလို့ ကျွန်မထက် ကံကောင်းပါတယ်။ အထီးကျန် မိခင်ယုမှာတော့ အမှတ်တရားနဲ့ ဝိပဿနာအခံသာ ရင်ထဲမရှိရင် ဒီတပွဲ ဝါဆိုဦးမှာ ကိုတင်အောင်ထွန်းဆီကို ဒီစာ မရေးနိုင်တော့ဘူးလို့ မှတ်ပါ။

လောကဓံ ဒီတပွဲမှာလည်း ချစ်တဲ့သူတွေနဲ့ ရှင်ကွဲ ကွဲခဲ့ပြန်ပြီ။ လွန်ခဲ့တဲ့ ၆ နှစ်က ကျွန်မချစ်သူ ခင်ပွန်းသည်နဲ့ သေကွဲ ကွဲရတယ်။ အခု ဒီတချီမှာတော့ မခင်ယု ဝိပဿနာကို လက်ကိုင်ပြုလို့ မမြဲ ဆင်းရဲသဘောလို့ နှလုံးသွင်းရတယ်။ ကိုတင်အောင်ထွန်းရဲ့အန်တီ ဆရာမ မာလေး ပြောသလိုပဲ ချစ်သော အဆွေအမျိုး၊ အဆွေခင်ပွန်းတိုင်း သေကွဲသော်လည်းကောင်း၊ ရှင်ကွဲသော်လည်းကောင်း မလွဲမသွေ ကွေကွင်းခြင်း ဆင်းရဲကို ခံရမှာပဲ။

ငါ့မှာ ကံသာလျှင် မှီခိုအားထားရာ အဆွေခင်ပွန်းအစစ် ဖြစ်ပါပေတယ်လို့ စာသဘောနဲ့ ဆင်ခြင်ပြီး တဖက်ကတော့ ဝိပဿနာသဘောနဲ့ မပြတ်မလပ် တရစပ်ကို ရှုမှတ်လိုက်ရတယ်။

ဒါကြောင့် ဝါဆိုဦးမှာ တရားဦးကိုဖြင့် ကိုတင်အောင်ထွန်းဆီကို လူကိုယ်တိုင်လာပြီး မဟောနိုင်တာပါ။ ငါတို့မြေမှာ မွေးတဲ့ မွေးကို ရက်စက်သူပဲရယ်လို့ အမုန်းအာဃာတထားလို့ လာရောက်တွေ့ဆုံခြင်း မပြုဘဲ နေတယ်လို့ မထင်ပါနဲ့နော်။

အားလုံးကို ခွင့်လွှတ်ပါတယ်။ ကျွန်မဟာ သတ္တိနည်းသူပါ။ သံသရာကိုလည်း ကြောက်၊ လူတွေကိုလည်း ကြောက်လွန်းလို့ ဟိုသီချင်းလေးလိုပဲ ကြောက်ရွံ့တုန်လှုပ်မိပါသည် ဆိုသလို ဖြစ်နေပါတယ်။

ဒေါသဖြစ်နေတဲ့ အပြောအဆို မျက်နှာထားကိုတောင် ကျွန်မ မကြည့်ရဲလောက်အောင်ပဲ လူတွေကို ကြောက်လွန်းလို့ တယောက်တည်းပဲ

တရားနဲ့နေပါရစေလို့ ဘုရားမှာ ဆုတောင်းပါတယ်။

ကိုတင်အောင်ထွန်းရဲ့စာပိုဒ်ထဲမှာ ကျွန်တော့်အဖြစ်က ဒေါ်ခင်နှင်းယုဟာ ဈာန်တရားတွေနဲ့ ပျော်မွေ့ပြီး ဘိက္ခုနီထေရီ ဖြစ်တဲ့အထိကို မစောင့်နိုင်တော့ဘူးလို့ ပါပါတယ်။

ဒီစာပိုဒ်ကို ကြည့်ရုံနဲ့ကို ကိုတင်အောင်ထွန်းမှာ ဝိပဿနာတရားအခံ လုံးဝ စိမ်းနေသေးတယ် ဆိုတာ ကျွန်မ သဘောပေါက်ပါတယ်။

ဝိပဿနာသမားသည် တန်ခိုးတွေ တလူလူနဲ့ ကောင်းကင်မှာ ပျံနိုင်အောင် ဈာန်တရားကို မပွား၊ အားမထုတ် ဈာန်တန်ခိုး၊ ဈာန်ပျံခြင်းသည် သမထသဘောသည်သာလျှင် ဖြစ်တယ်လို့ ကျွန်မ နားလည်ထားပါတယ်။

ဒါကို ထားပါတော့လေ၊ စရေးရေးချင်းပဲ ကျွန်မ စကားလုံးကို ကိုတင်အောင်ထွန်း နားရှုပ်သွားတော့မယ်။ ကျွန်မ ခု ပထမဆုံး ကိုတင်အောင်ထွန်းကို စိတ်ခတ်မကျအောင် လောကီလိုပဲ အားပေးပါရစေ။

“မသဲပွင့်” လို့ ရေးရတာက အသည်းတွေ ပွင့်ထွက်သွားလို့ မဟုတ်ပါဘူး။ ကိုတင်အောင်ထွန်း စကားလုံးကို မှီ၍ တည်၍ ပွားလိုက်သော စကားလုံးပါ။ အမှောင်တွင်းမှာ ကျရောက်နေတဲ့ ကိုတင်အောင်ထွန်းအတွက် သဲတပွင့် အရောင်လေး လက်သလောက်ပဲ ပါရမီရှိသည် ဖြစ်ပါစေ ဒီသဲတပွင့်အရောင်ကို ကျွန်တော် အားကိုးရမှာပါဆိုလို့ ကျွန်မကိုယ်ကျွန်မ မသဲပွင့်လို့ စာရေးရတာပါ။

မှန်ပါတယ်။ အဖိုး ဂေါတမဘုရားသခင် ဖြည့်ဆည်းတော်မူခဲ့တဲ့ ပါရမီ၊ အဖ မဟာစည် ဆရာတော်ဘုရား ကျင့်သုံးခဲ့တဲ့ ပါရမီ၊ အကျင့်နဲ့ နှိုင်းလိုက်တော့ ကျွန်မရဲ့ကျင့်ကြံ အားထုတ်မှုဟာ သဲတပွင့်စာလောက်ပဲ ရှိပါတယ်။

ဒီလိုပဲ တရားအားထုတ်ရင်း ကိုယ်တွေ့ကြုံသမျှ ရေးရသားရသော ပါရမီကုသိုလ် အဟုန်ကြောင့် တနေ့သောအခါ ကျွန်မစာပေဟာ ဗုဒ္ဓသာသနာကို ပြုရာမှာ သဲတပွင့်မှသည် ရွှေဆောင် ပုဗ္ဗကြယ်ပွင့်ကြီးလို လောကကိုဖြင့် အလင်းပြနိုင်ပါစေလို့ ဆုတောင်းပါတယ် ကိုတင်အောင်ထွန်းရယ်။

ပါရမီကို ငှားပါ။

ဒီစကားကို သုံးတော့ ကိုတင်အောင်ထွန်း အံ့အားသင့်သွားမယ်။

တခါတလေ ကျွန်မတို့မှာ ဖြစ်တတ်တယ်။ ငွေကြေးအခက် ရုတ်တရက် ကြုံတတ်တယ်။ တနေရာမှာ လှည့်သုံးလိုက်မိလို့ ဘယ်လိုပဲ ချမ်းသာ ချမ်းသာ၊ ချမ်းသာလို့၊ ဆင်းရဲလို့ မဟုတ်ဘူး။ ငွေမလည်ရင်၊ ငွေကြေး မလည်ပတ်ရင်

အစိုးရတောင်မှ ပြင်ပနိုင်ငံတွေက ငွေချေးရသေးတယ်။ ကျွန်မတို့မှာလည်း ပါရမီကံက နည်းတဲ့အထဲ ရုတ်တရက် ပါရမီဆိုတာ ဖြည့်လို့လည်း မရတော့ ပါရမီကို ငှားရပါတယ်။ ကျွန်မလုပ်ပုံတွေကို ကိုတင်အောင်ထွန်းကို ပြောပြရတာပါ။

ကျွန်မဟာ သိပ်စိတ်ဆင်းရဲပြီး အထီးကျန်ဘဝနဲ့ လောကရဲ့ဒဏ်ချက်တွေကို ခဏ ခဏ ခံစားခဲ့ရပေါင်း များလှပြီ။ ပုထုဇဉ်ပေပဲ၊ တုန်လှုပ်တာပေါ့။ ကြံ့ကြံ့ခံနိုင်တယ်ပော့၊ မျက်ရည်တပေါက် မကျဘူးဟော့လို့လည်း မအော်ရဲပါဘူး။ ကယ်မ,ပါ၊ ပြုစုပါလို့လည်း သူများကို အကူအညီ သွားတောင်းရင် အဆင်းသာ ဘီးလိမ့်တတ်ပြီး တွန်းတတ်တဲ့ ပတ်ဝန်းကျင် ကျွန်မ ကြောက်တယ်။ ကိုယ့်ရောဂါနဲ့ကိုယ်တောင် ရောဂါကို အကျယ်ချဲ့ပြီး၊ ယိုးမယ်ဖွဲ့ပြီး ကိုယ့်ကိုယ်ကိုယ် သိပ်သနားနေတယ်လို့ အထင်ခံရတဲ့ အချိန်။

သိမ်ဖြူဆရာတော်ဘုရားနဲ့ ဆရာဝန်ကြီးများသာ ကျွန်မရောဂါအခြေခံကို သိလေတော့ ကိုယ့်ရင်မှာပဲ ပိုက်ထားရတယ်။

“ကျွန်တော်တို့မှာလည်း ကျွန်တော်တို့ပြဿနာနဲ့” လို့ ပက်ပက်စက်စက် အအော်ခံခဲ့ရ ကတည်းက ကျွန်မချစ်သူက “တယောက်တည်း နေတတ်အောင် ကြိုးစားပါ မိချိုရယ်” လို့ အသက်ရှင်စဉ်က ဆုံးမခဲ့တဲ့အတိုင်း ဖြစ်နေအောင် ကြိုးစားရတယ်။ ဟုတ်တယ်၊ ကိစ္စများမြောင်တဲ့ လူတို့ဘောင်မှာ သူတို့မှာလည်း သူတို့ ပြဿနာနဲ့ကိုး။

နေမဖြစ်ရင် ဘုရားရှေ့မှာ ကျုံ့ကျုံ့ထိုင်ပြီး ရိုသေစွာ ရှိခိုးပြီး ပါရမီ ငှားမိတယ်။

“အရှင်ဘုရား... ဘုရားအလောင်းတော် ငုံးမင်းလေးဖြစ်စဉ် ဘဝတုန်းက သစ္စာဆိုခဲ့တာကို ဝဋ္ဋသုတ်လည်း တပည့်တော် ရွတ်ဖတ် သရဇ္ဈာယ်တိုင်း သတိရပါတယ်။

ငါသည် အတောင်ဖြင့် ပျံသန်းနိုင်သောအရွယ် မဟုတ်။

ငါ၌ မိဘများလည်း ကွယ်လွန်ကြပြီ။ ယခု တောမီးကလည်း ပြင်းစွာ လောင်ကျွမ်း၍ ငါ၏ အသိုက်ရှိရာ သစ်ပင်အနီးသို့ ကပ်လာခဲ့ပြီ။ ငါ၌ ဘဝဘဝက ပြုခဲ့သော ပါရမီကလွဲ၍ အားကိုးအားထားရာ မရှိပါပြီ။

ဤမှန်သော သစ္စာစကားကြောင့် ယခု လောင်ကျွမ်းလျက်ရှိသော တောမီးသည် ခဏချင်းပင် ငြိမ်းပါစေသတည်း။ ငုံးမင်းရဲ့ဘဝကံ ပါရမီကြောင့် သစ္စာဆိုသောခဏ၌ တောမီးသည် ငြိမ်းပါသည် အရှင်ဘုရား။

ဘုရားတပည့်တော်မ၌ ငုံးမင်းလေးကဲ့သို့ ပါရမီလည်း မရှိပါ။ မိဘများလည်း

ကွယ်လွန်ခဲ့ကြပါပြီ။ အားကိုးရာ ခင်ပွန်းသည်လည်း မရှိတော့ပါဘုရား။ ပတ်ဝန်းကျင် အဆွေအမျိုး တို့ကိုလည်း လိုအပ်သည်ထက် ပိုမိုပြီး အကူအညီတောင်းဖို့ မသင့်ပါဘုရား။

တောမီးနှင့်တူသော လောကဓံမီးတို့သည် ညီးညီးလောင်လျက် တပည့်တော်၏အပါးသို့ ချဉ်းကပ်လာခဲ့ကြပါပြီ။

ငုံးမင်းလေး၏ ကြီးကျယ်မြင့်မြတ်လှသော ပါရမီကြောင့် တောမီးသည် ငြိမ်းခဲ့ဖူးပါ၏။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်မ၏ ပြင်ပ၌ လောင်ကျွမ်းသော လောကဓံမီးသည် လည်းကောင်း၊ ရင်တွင်း၌ ပြင်းစွာလောင်လျက်ရှိသော သောကမီးသည်လည်းကောင်း ငြိမ်းပါစေသတည်း”

လို့ အဲဒီလိုပဲ ဘုရားလောင်း ငုံးမင်းလေးရဲ့ပါရမီကို ငှားပြီး သစ္စာဆိုခဲ့ဖူးပါတယ်။ ဒေါ်ခင်နှင်းယုကလည်း ကြံကြံဖန်ဖန်လို့ မတွေးနဲ့၊ မပြောနဲ့၊ မရယ်ချင်နဲ့ ကိုတင်အောင်ထွန်း။ ကျွန်မဟာ တွေးလည်းတွေးတယ်။ ကိုယ်တွေ့ဖြစ်အောင် လုပ်လည်းလုပ်ကြည့်ပြီးမှ ရေးတတ်တယ်။ ဘယ်တော့မှ စိတ်ကူးယဉ်ပြီး တဆင့် ဖောက်သည်မချဘူး။

အခု ကိုတင်အောင်ထွန်းမှာ ဝတ်မှုန်ကလွဲလို့ မိန်းကလေးတွေကို ပြစ်မှားကျူးလွန်တဲ့စိတ် မရှိ။ အရက်လည်း မသောက်တော့၊ ငါးပါးသီလ မြဲနေချိန်မှာ သီလစင်ကြယ်သူအနေနဲ့ ကျွန်မ ပြောခဲ့သလို ပါရမီငှားပြီး သစ္စာဆိုကြည့်ပါ။ ထိရောက်ပါလိမ့်မယ်။

ကိုတင်အောင်ထွန်းရဲ့စာကို ကျွန်မ အထပ်ထပ် ဖတ်ကြည့်ပြီးပါပြီ။ ကိုတင်အောင်ထွန်းဟာ ပင်ရင်း သဘောထားစိတ်ခံ ကောင်းသူလို့ ကျွန်မ ယူဆမိလာပါတယ်။ အလှနဲ့ ကာမဂုဏ် သဘောတွေကို မက်တဲ့နေရာမှာ ယောကျ်ားတိုင်းထဲက ယောကျ်ားတယောက်မို့ ကိုတင်အောင်ထွန်း ကို ကျွန်မ အဆိုးမဆိုလိုတော့ပါဘူး။

အဖေကြီးပေါ်မှာ မကွယ်လွန်ခင် ပြုစုခဲ့တာ၊ ယောက္ခမဟောင်းအပေါ် ရှိသေတာတွေ၊ လက်ရှိယောက္ခမ အဘဦးစံအပေါ် ဝတ္တရားကျေပွန်စွာ ပြုစုခဲ့တာတွေ။

အထူးသဖြင့် ဝတ်မှုန်လို ကျေးတောသူ ဇနီးအပေါ်မှာ အညီအမျှ ရှိတတ်ပြီး ကျေးဇူးဆပ်တဲ့ အပြုအမူတွေ တွေ့ရတော့ ခုခေတ်စကားနဲ့ ပြောရရင်...

“ကိုတင်အောင်ထွန်း... ဘယ်ဆိုးလို့တုံး” လို့ ဆိုရမယ်။

ဒီကုသိုလ်ကံတွေဟာ တမလွန်ကို မစောင့်ပါဘူး။ မျက်မှောက်ဘဝမှာပဲ

အကျိုးပေး ပါလိမ့်မယ်။ မယုံရင် စောင့်ကြည့်ပါ။ အဲ... အရက်ကိုတော့ ပြန်ပြီး မသောက်နဲ့တော့နော်။

အားမငယ်ပါနဲ့

ပါရမီကို ငှားဖို့ တိုက်တွန်းပြီးပြီ။ အားမငယ်ပါနဲ့ ဆိုတဲ့ စကားလုံးနဲ့ အားပေးပါရစေဦး။ ကိုယ် ဖြစ်တဲ့အကြောင်းတွေကို တနွံ့နွံ့ ပြန်တွေးပြီး စိတ်သောက မဖြစ်နေပါနဲ့တော့။

လျှမ်းလျှမ်းတောက် သူဌေးသားဘဝ ဦးတင်အောင်ထွန်း (ခေါ်) ဖရက်ဒီလို့ သတင်းမွှေးခဲ့တဲ့ အရာရှိဘဝကနေ ဒရိုင်ဘာအထိ ပြောင်းလဲခဲ့ရတဲ့အတွက်လည်း စိတ်ထိခိုက်စရာ မရှိပါဘူး။ ကိုတင်အောင်ထွန်း စာအစမှာ ဖော်ပြခဲ့တဲ့ နပိုလီယံဘုရင် ဧကရာဇ်ကြီးဟာဖြင့် ဥရောပနယ်မြေကို ဖိမ့်ဖိမ့်တုန်စေခဲ့တဲ့ စစ်ဘုရင်ကြီးပါ။ အင်္ဂလန်ရော၊ ရုရှားရော၊ ပိုလန်၊ ဂျာမနီ၊ သြစတြီးယား အစရှိတဲ့ နိုင်ငံတွေ မဟာမိတ်ဖွဲ့ပြီးတော့ကို လက်တွဲ ဝိုင်းတိုက်ခဲ့ရတဲ့ မဟာစစ်သူကြီး နပိုလီယံ ဆိုပါတော့။ သူတောင် စစ်စလီကျွန်းမှာ တကိုယ်တည်း သာမန်အကျဉ်းသားဘဝနဲ့ ကွယ်လွန်ခဲ့ရတယ်။

ဘုံပြာသာဒ် တဝင်းဝင်းနဲ့ ခံစားခဲ့ရတဲ့ ဗြဟ္မာကြီးတွေလည်း ကုသိုလ်ကံ အဟုန် ပြတ်သွားရင် ဝက်စားကျင်းမှာ တလှည့် ကြုံခဲ့ကြရတာ ထောက်တော့ ကိုတင်အောင်ထွန်းအဖြစ်ဟာ စိတ်ထိခိုက်စရာ မဟုတ်ပါဘူး။

ဒီနေရာမှာ ကျွန်မရေးရင်း သန္တတိ အမတ်ကြီးကို သွားပြီး သတိရပါတယ်။ သန္တတိ အမတ်ကြီးဟာ စစ်ပွဲတွေ အောင်ပွဲခံခဲ့တော့ ကောသလဘုရင်ကြီးက သူ့ကို ချီးမြှောက်တယ်။ ဘုရင့်စည်းစိမ်ကို ၇ ရက် ခံစားစေတယ်။ သူသောက်ချင်တဲ့ အရက်မျိုးစုံကို သောက်ပြီး ရံရွေတော်များနဲ့ ဘုရင်ရဲ့စည်းစိမ်ကို ၇ ရက်ပတ်လုံး ခံစားရတဲ့ သန္တတိအမတ်ကြီးဟာ ၇ ရက် မြောက်တဲ့နေ့မှာ ဆင်စီးပြီး အခြွေအရံများနဲ့အတူ ရေဆိပ်မှာ ရေသွားချိုးတယ်။ လမ်းမှာ ဘုရားသခင်နဲ့ တွေ့တော့ ဆင်ပေါ်ကပဲ ဦးညွတ် အရိုအသေပြုတယ်။ ဒီအခါမှာ မြတ်စွာဘုရားက -

"ဒီအမတ်ကြီးဟာ ယနေ့ပဲ ငါ့ထံမှာ ဂါထာတပုဒ် ကြားနာပြီး လူဝတ်လူစားနဲ့ပဲ ရဟန္တာ ဖြစ်ပြီး ပရိနိဗ္ဗာန်ပြုလိမ့်မယ်လို့ ပြောတယ်"

ဒီစကားကို တိတ္ထိတွေကြားတော့ အရက် ဒါလောက် သောက်ပြီး အမူးလွန်နေတဲ့လူဟာ ဂါထာလေးတပုဒ် ကြားနာရတာနဲ့ ရဟန္တာဖြစ်၊ ပရိနိဗ္ဗာန်ပြုဖြစ်နိုင်ပါ့မလား၊ မုသားပြောတဲ့ ဂေါတမကို တို့များ ဝိုင်းပြီး နှိမ်ဖို့ အခွင့်ရပြီလို့ ကဲ့ရဲ့ကြတယ်။

သန္တတိအမတ်ကြီးဟာ ဒီနေ့မှာပဲ သူ အင်မတန်ချစ်တဲ့ ရံရွေတော်တယောက်ဟာ သူ့ကို ဖျော်ဖြေနေဆဲ ရုတ်တရက် ကွယ်လွန်အနိစ္စ ရောက်သွားတယ်။ ချစ်သောသူနှင့် ကွေကွင်းရခြင်း ဒဏ်ကို မခံနိုင်တဲ့ အမတ်ကြီးဟာ မြတ်စွာဘုရားထံတော်ကို ပြေးသွားတယ်။ ဘုရားသခင်ဟာ အမတ်ကြီးကို ဂါထာတပုဒ် ဟောကြားတယ်။ အဓိပ္ပာယ်ကတော့ -

"ရှေး၌ ဖြစ်ခဲ့တဲ့အတိတ်က အပူမီးကိုလည်း ပြန်ပြီး မပွားပါနဲ့၊ မတွေးပါနဲ့တော့ ဒီအတိတ်က ဖြစ်ခဲ့တဲ့အကြောင်းတွေကို စွဲပြီး လောင်ကျွမ်းတဲ့ ကိလေသာကိုလည်း ထပ်မံမဖြစ်ပါစေနဲ့။ နောက် ဖြစ်လာမယ့် ဒီရုပ်တရား၊ နာမ်တရားတွေပေါ်မှာလည်း စွဲလမ်းပြီး ရာဂဆိုတဲ့ အပူမီးကိုလည်း ထပ်ပြီး မမွေးပါနဲ့တော့၊ အခုဖြစ်တဲ့ ဒီရုပ် နာမ်ခန္ဓာပေါ်မှာ တဏှာနဲ့ စွဲလမ်းစိတ် မရှိဘဲ နေရင်၊ ကျင့်ကြံအားထုတ်ရင် သင့်မှာ ယခု လောင်ကျွမ်းနေတဲ့ ကိလေသာ အပူမီး ငြိမ်းသွားလိမ့်မည်" တဲ့။ သန္တတိအမတ်ကြီးဟာ ဒီဂါထာကို ကြားနာပြီး နှလုံးသွင်း ရှုမှတ်လို့ ရဟန္တာဖြစ်တယ်။ ဘုရားသခင် ဟောကြားတာကို လူတွေ ယုံမှားသံသယ ဖြစ်မှာစိုးလို့ တိတ္ထိတွေ စိတ်ထဲလည်း သံသယ ပျောက်အောင် ထန်းပင် ခုနစ်ဆင့် မြင့်တဲ့အရပ်သို့ ပျံတက်ပြီး ဒီနေ့မှာပဲ ပရိနိဗ္ဗာန်ပြုသွားတယ်။

ဒီနေရာမှာ ကိုတင်အောင်ထွန်းရေ... တရားနာရုံနဲ့ ချက်ချင်း ရဟန္တာဖြစ်တယ် မထင်နဲ့နော်။ ရှင်းရှင်း မြန်မာစကားနဲ့ ရေးရရင် အတိတ်လည်း မပြန်ဘူး၊ အနာဂတ်ကိုလည်း မကြံဘဲ ဖြစ်ဆဲ သူ့ခန္ဓာ ရုပ်နာမ်တွေအပေါ်မှာ တရားရှုမှတ်လို့ ရဟန္တာ ဖြစ်တာ စကားချပ်အနေနဲ့ ရေးပြတာပါ။ ဘယ်လို ရှုမှတ်တယ်ဆိုတာ နောက်ပိုင်းကျမှ ကျွန်မ ရေးပြမယ်။ အဲ အဲ... သန္တတိ အမတ်ကြီးလို ဘုရင့်စည်းစိမ် ၇ ရက် ခံစားပြီး သေသောက်ကြူးနေတဲ့သူတောင် ရဟန္တာ ဖြစ်နိုင်သေးရင် ခု အရက်မသောက်ဘဲ ကိုတင်အောင်ထွန်း တရားရှုမှတ်ရင် ရဟန္တာ မဖြစ်တောင် အပါယ်မလားဘူး။ အို လောလောဆယ် သေတောင် ကြီးကြီးထားတို့၊ ဦးသော်ဇင်တို့လို ဇောမပြန် ဇောမကပ်ဘဲ ငြိမ်သက်စွာ သေရမယ်ဆိုတာ ကျွန်မ ရဲရဲ အာမခံရဲပါတယ်။

ကိုတင်အောင်ထွန်းမှာ အမာခံ ကုသိုလ်တရားတွေ အများကြီး ရှိပါတယ်။ စိတ်မရှိပါနဲ့နော်။ ကျွန်မ ပွင့်ပွင့်လင်းလင်း တခုတော့ ပြောပြပါရစေ။

မြတ်စွာဘုရားသခင်ရဲ့ကရုဏာ၊ မေတ္တာတော်ဟာ အတိုင်းအဆ မရှိအောင် ကြီးမားတော် မူလွန်းလို့ "မဟာ" တပ်ပြီး မဟာကရုဏာလို့ သုံးစွဲကြပါတယ်။ မိဘမေတ္တာဟာလည်း မြင်းမိုရ်တောင်နဲ့ နှိုင်းယှဉ်လို့တောင် မနှိုင်းသာအောင် ကြီးမားတယ်။

သို့သော်လည်း မေတ္တာထုဟာ မိုးရေပါသော၊ ရေခိုးရေငွေ့ပါသော

တိမ်လွှာထုနဲ့ တူပါတယ်၊ မေတ္တာတိမ်လွှာဟာ ရွှသွန်းချင်လွှန်းလို့ မြေနဲ့ နီးနိုင်သမျှ နီးကပ်အောင် နိမ့်ဆင်းလာပြီး သတ္တဝါတို့နှင့်တကွ သစ်ပင်ပန်းမန်၊ တောတောင်တွေအပေါ် စိုပြည်လန်းဆန်းအောင် ပက်ဖျန်းစေလိုပါသော်လည်း အောက်ခံမြေက အအေးဓာတ်ခံ မရှိရင်၊ တောတန်းများ၊ တောင်တန်းများ မရှိရင် ရေခိုးရေငွေ့ဓာတ်ပါတဲ့ တိမ်လွှာထုဟာ အပေါ်ကို လွင့်ပျံတက်သွားရတယ်။

ဒါကြောင့် မိုးခေါင်ရေရှားရပ်ဝန်းနဲ့ သဲကန္တာရတွေ ကမ္ဘာမှာ ဖြစ်ပေါ်ရတာ ကျွန်မ အထူးရေးပြဖို့ မလိုပါဘူး။ ဦးတင်အောင်ထွန်းလို သိပ္ပံပညာရှင် အင်ဂျင်နီယာတယောက်ဟာ သိပြီးသားပါ။

ဦးတင်အောင်ထွန်းရဲ့ချစ်ဇနီး အေမီဟာ အအေးဓာတ်ခံဆိုတဲ့ ကုသိုလ်တရားကို သူ့ရင်မှာ ခေါင်းပါးခဲ့တယ်။ အထူးသဖြင့် မိခင်တယောက်အပေါ်မှာ တယ်လီဖုန်းလေးနဲ့တောင် မာမီ နေကောင်းရဲ့လားလို့ တခွန်း မမေး၊ ခြေဆုပ်လက်နယ် ပြုဖို့ နေနေသာသာ လက်ဖျားနဲ့တောင် မအေကို မတို့ဖူးတော့ အကုသိုလ်က အလွန်ကြီးမားလွန်းလို့ သူ့မိခင်က သူ့အပေါ် မေတ္တာ ဘယ်လိုပဲ ထားထား၊ မေတ္တာမိုးရေငွေ့ဟာ သိပ်သည်းစုပေါင်းပြီး အေးမြတဲ့ ရေစင်အဖြစ် သူ့အပေါ် မရွာသွန်းနိုင်ဘဲ သူ ပိုးစိုးပက်စက် သေရတဲ့အထိ ဖြစ်သွားရတာပါ။ ကိုတင်အောင်ထွန်းမှာတော့ အဖေကြီးကို ခြေဆုပ်လက်နယ် ကာယကံမြောက် ပြုခဲ့တဲ့ ကုသိုလ်တရားအခံက ရှိပြီးမို့ အားမငယ်ပါနဲ့။ မြတ်ဘုရားသခင်ရဲ့ကရုဏာ၊ မေတ္တာမိုးရေ ဆွတ်ဖျန်းခြင်း ခံရမှာပါ။ ရင်တွင်း အပူမီးကို ငြိမ်းအေးစေမယ့် တရားကို ဒီဘဝမှာ ရနိုင်ပါသေးတယ်။ အားမလျှော့ပါနဲ့။

ပွင့်ပွင့်လင်းလင်း ရေးပါရစေလို့ တောင်းပန် ခွင့်တောင်းရတာကတော့ အေမီဟာ တခါကဖြင့် ကိုတင်အောင်ထွန်းရဲ့အသည်းနှလုံးနဲ့ တူသော ရှုမငြီး ချစ်ဇနီး ဖြစ်ခဲ့လို့ပါ။

ငါ့ဇနီးကို ခင်နှင်းယုက အပြစ်ပြောတယ်လို့ အထင်လွဲမှားမှာ စိုးလို့ပါ။

အဆူဆူသော ဘုရားသခင်တို့ မေတ္တာရေငွေ့နဲ့ ကျွန်မတို့ လွဲခဲ့ကြရတာလည်း

ကျွန်မတို့မှာ ဘဝအဆက်ဆက်က အခံပါရမီ နည်းခဲ့လို့ပေါ့။

ပြီးတော့ ကိုတင်အောင်ထွန်းဟာ ကိုယ့်ကိုယ်ကိုယ် နားလည်တဲ့ လူတယောက်လို့ ကျွန်မ လက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော် သေရအံ့ဆဲဆဲ ဘာတရားကိုမှ နားမလည်သေးဘူး၊ ဒေါ်ခင်နှင်းယု ဘယ်တရားကို ဆင်ခြင်၊ ဘယ်လို နှလုံးသွင်းပြီး သေရမလဲလို့ သိတတ်လာတာ၊ ပြောကြားလာတာကိုက အင်မတန် တန်ဖိုးရှိပါတယ်။

(ဓမ္မပဒ-၆၃) ဂဏ္ဌိဘေဒက စောရ ဝတ္ထုမှာ

“မသိ မလိမ္မာသော သူမိုက်ပင် ဖြစ်စေကာမူ ငါဟာ မသိတတ်ဘူး၊ မိုက်တယ်ဟု သိလျှင် တော်သေး၏။ ကိုယ့်ထက် တတ်သိလိမ္မာသော သူတို့၏ အဆုံးအမကို နာခံ၍ လူလိမ္မာ ပညာရှိ တယောက် ဖြစ်နိုင်သေး၏။ မသိတတ်၊ မလိမ္မာသော လူမိုက်ဖြစ်ပါလျက် ငါဟာ ပညာရှိပဲ၊ ငါ သိတတ်တယ်၊ နားလည်တယ်ဟု ထင်မှားလျက်နေသော သူသည်ကား လူမိုက်အစစ်ပေတည်း။ မည်သူ၏ ဩဝါဒကိုမှ မနာခံ။ မည်သူ၏ ဝေဖန်မှုကိုမှ လက်မခံသောကြောင့် ထိုသို့သူမှာ လူမိုက်ဘဝမှ တက်လမ်း မရှိပြီ”

လို့ ဟောကြားတော်မူခဲ့ပါတယ်။ ကိုတင်အောင်ထွန်းဟာ ကိုယ့်အခြေအနေမှန်ကို လေ့လာတတ်သူ၊ နားလည်သူမို့ ခုအချိန်ဟာ နောက်မကျသေးပါဘူးလို့ ကျွန်မ ဆိုလိုတာပါ။ ဒါပေမင့် ကိုတင်အောင်ထွန်းကတော့ ကြီးမားပြီး အဆင့်အတန်း မြင့်လွန်းတယ်။ ရတ်တရက် တရားကျင့် လေ့ကျင့်ထ မရှိသူကို ပြောပြဖို့ ကျွန်မ မပြောနဲ့၊ ဘုန်းကြီးတွေ ဟောတောင် လက်တွေ့မရှိရင် နားမလည်ဘူး။ ဒီတော့ စာတွေ့အနေနဲ့ ဖတ်ဖို့ ကျွန်မ ကူးယူ ဖော်ပြတာကို ပထမ ဖတ်ကြည့်ဦး။

“စိတ်ဟာ ရှေ့သွားဖြစ်တယ်၊ အကြီးအကဲဖြစ်တယ်။ စိတ်ကောင်းရင် ဒီ့ပြင် နာမ်တရားတွေလည်း ကောင်းတယ်။ စိတ်က မကောင်းရင် ဒီ့ပြင် နာမ်တရားတွေလည်း မကောင်းဘူး။ စိတ်ဟာ လိုရင်းအချုပ်အခြာ အခရာပဲ။ ဒါကြောင့် စိတ်ဆိုး ပြစ်မှားတဲ့စိတ် ကြံရင် အကုသိုလ် မနောကံ ဖြစ်တယ်။ ပြောဆိုရင် အကုသိုလ် ဝစီကံ ဖြစ်တယ်။ ပြုလုပ်ရင် အကုသိုလ် ကာယကံ ဖြစ်တယ်။ ဒီကံသုံးပါးဟာ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရတွေဟာ ကြံတဲ့၊ ပြောတဲ့၊ ပြုတဲ့ အချိန်ကစပြီး အဲဒီပုဂ္ဂိုလ်ရဲ့ ရုပ် နာမ် အစဉ်သန္တာန်မှာ အကျိုးပေးဖို့ အရှိန်အဝါ သတ္တိအဖြစ်နဲ့ အစဉ်မပြတ် လိုက်ပါနေတယ်။ ကြံတိုင်း၊ ပြောတိုင်း၊ ပြုတိုင်း ဇော ခုနစ်ကြိမ် အကြိမ်ပေါင်းများစွာ အထပ်ထပ် ဖြစ်တယ်။

အဲဒီဇော ခုနစ်ကြိမ်၊ ခုနစ်ကြိမ်ထဲက ပထမဇောတွေက အကြောင်းညီညွတ်ရင် သေခါနီးမှာ ကံကမ္မနိမိတ်၊ ဂတိနိမိတ် ထင်စေပြီးတော့ အကျိုးမပေးတော့ဘူး။ အဟောသိကံ ဖြစ်သွားတယ်။

ပထမနဲ့ သတ္တမဇောကို ဖယ်ထားပြီး အလယ်က ဇောငါးချက် ရှိတယ်။ အဲဒီ အလယ်ဇော ငါးချက် ဆိုတာတွေကတော့ တတိယဘဝကစပြီး ပရိနိဗ္ဗာန် ဝင်စံရမည့် နောက်ဆုံးဘဝအထိ အကြောင်းညီညွတ်တဲ့အခါမှ သူက အကျိုးပေးတယ်။

ကိလေသာ ကုန်ခန်း ရဟန္တာဖြစ်လို့ ပရိနိဗ္ဗာန်ဝင်စံသွားမှပဲ သူက အဟောသိကံ ဖြစ်သွားတယ်။ ပရိနိဗ္ဗာန် မဝင်စံသေးခင်အတွင်းမှာတော့ ဘဝပေါင်း သိန်းသန်းကုဋေ အသင်္ချေ၊ ကမ္ဘာပေါင်း သိန်းသန်းကုဋေ အသင်္ချေ၊ ဘယ်လောက်ပဲကြာကြာ သူက အကျိုးမပေးရသေးရင် ကုန်သွားတယ်လို့ မရှိဘူး။ ပျက်သွားတယ်လို့ မရှိဘူး။ အကြောင်း ညီညွတ်ရင် အကျိုးပေးဖို့ရာ အသင့်နေတာပဲ။ အကျိုးပေးတော့ ဘယ်လို အကျိုးပေးပါသလဲဆိုရင် အကုသိုလ်ကံဆိုတာ ကိုယ်ဆင်းရဲ အမျိုးမျိုး၊ စိတ်ဆင်းရဲ အမျိုးမျိုးကိုပဲ ပေးတယ်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံဘဝတွေမှာ ဖြစ်စေပြီး ဆင်းရဲအမျိုးမျိုးကို ပေးတယ်။ ကုသိုလ်ကံ တခုခုက လူ့ဘဝကို ပို့ပေးလို့ လူဖြစ်လာပြန်ရင်လည်း အဲဒီလူ့ဘဝမှာ ကိုယ် ဆင်းရဲအမျိုးမျိုးတွေကို ဖြစ်စေတယ်။ ဥပမာအားဖြင့် လှည်းဝန်ကို ရုန်းဆောင်ပြီး သွားနေတဲ့ နွားရဲ့ခြေနောက် လှည်းဘီးက အစဉ်လိုက်နေသလိုပါပဲတဲ့။ နွားက တလှမ်း လှမ်းလိုက်ရင် လှည်းဘီးကလည်း တလှမ်းစာ လိမ့်ပြီး လိုက်လာတာပဲ။ နှစ်လှမ်း၊ သုံးလှမ်း စသည်ဖြင့် လှမ်းလိုက်ရင် လှည်းကလည်း နှစ်လှမ်း၊ သုံးလှမ်းစာ စသည်ဖြင့် လိမ့်လိမ့်ပြီး လိုက်လိုက် လာတာပဲ။ အဲဒါနဲ့ တူပါတယ်တဲ့။

အကုသိုလ်ကံ ပြုထားတဲ့သူ သွားလေရာ၊ ဖြစ်လေရာမှာ လိုက်ပြီး ကိုယ်ဆင်းရဲ အမျိုးမျိုးတွေ အဲဒီ အကုသိုလ်ကံက အကျိုးပေး နှိပ်စက်နေပါတယ်တဲ့။

ကဲ… အဲဒီစာ ဖတ်ပြီး ကိုတင်အောင်ထွန်း ဘယ်လို နားလည်လဲ၊ ပိုပြီး နားလည်ချင်ရင် သင်္ဂြိုဟ်တက်ပေတော့။ ကျွန်မတို့အနေနဲ့ကတော့ ပဋိစ္စသမုပ္ပာဒ်ကို တက္ကသိုလ်မှာ ဘီအေ(ဝိဇ္ဇာ) တန်းမှာ သင်ခဲ့ရတယ်။ စာမေးပွဲ အောင်ရုံတော့ အဝိဇ္ဇာ၊ တဏှာတို့အကြောင်း သိတယ်။ ပြတ်ရာပြတ်ကြောင်းကိုတော့ တကယ် အားထုတ်မှ ရှင်းခနဲ ရှင်းခနဲ သိသွားတယ်။

ဒါကြောင့် စာတွေကတော့ မဟာစည်ဆရာတော်ဘုရား ရေးတဲ့ ပဋိစ္စသမုပ္ပာဒ် တရားတော် စာအုပ်တွေ ဖတ်၊ နေကောင်းရင် သင်္ဂြိုဟ်သင်တန်း တက်ကြည့်ပဲ။

ငါတွေ့ မပါရင်တော့၊ ကြိုးပမ်းအားထုတ်မှု အလုပ် မပါရင်တော့ ကိုတင်အောင်ထွန်း ပြောတဲ့ နာမ်-ရုပ် ဆိုတာ ဘာလဲ၊ နာမ်-ရုပ်ကြီး ပြတ်သွားအောင် ဘယ်လိုလုပ်ရမှာလဲဆိုတဲ့ မေးခွန်းကို ကျွန်မ သေအောင် ဖြေပြလည်း ကိုတင်အောင်ထွန်း နားလည်မှာ မဟုတ်ဘူး။ ဘာကြောင့်လဲ ဆိုတော့ ဒီတရားက ကိုယ်တိုင်ကိုယ်ကျ ဝီရိယ၊ ဇွဲနဲ့ကို သေသေကျေကျေ၊ အရိုးကြေကြေ၊ အရေခန်းခန်း အားထုတ်မှ ကိုယ်လုပ်မှ ကိုယ်ရတဲ့တရားမို့ပါ။

ဖြစ်နိုင်ရင်တော့ ဆေးရုံက ဆင်းတဲ့အခါ မဟာစည် သာသနာ့ရိပ်သာကို သွားပါ။ ကျွန်မ အားလုံး စီစဉ်ပေးမယ်။ မသွားခင် ကျွန်မ သတိ တခု ပေးချင်တယ်။

ဉာဏ်စဉ်ဆိုတဲ့ စကားလုံးပဲ။ ဉာဏ်စဉ်ဆိုတဲ့ စကားလုံးဟာ ယောဂီသစ်တွေကို နှိပ်စက်နေတယ်။ အဲ ဉာဏ်စဉ်နာရရုံလောက်တော့ ရည်ရွယ်ချက်ထားပြီး ဒီတရားကို အားမထုတ်ပါနဲ့။ ဉာဏ်စဉ် နာရသည်ဖြစ်စေ၊ မနာရသည်ဖြစ်စေ တမဂ် တဖိုလ်ဖြင့် ငါ ရအောင် အားထုတ်မယ်ဆိုတဲ့ ဖွဲ့နဲ့၊ ရည်ရွယ်ချက်နဲ့ သွားပါ။

တခြား တရားကျင့်တဲ့ စခန်းများလို ၁၀ ရက်တို့၊ တလတို့ နေပြီး ပြန်မယ်လို့လည်း ရက်ကန့်သတ်မထားပါနဲ့နော်။ သေမင်းနောက်က လိုက်လာနေပြီကို သိပါရက်နဲ့ "ခဏ ရပ်နေပါဦးဗျာ၊ ကျွန်တော် အိမ် ခဏပြန်လိုက်ဦးမယ်" လို့ ပြောထားလို့ အဲဒီသေမင်းက ရပ်စောင့်နေမှာမှ မဟုတ်ဘဲ။ ဒီတော့ နောက်တဘဝအတွက် လုံခြုံမှုရှိအောင်၊ အာမခံချက် ရှိအောင် အပြတ်ရှင်းချင်ရင် ဉာဏ်စဉ်တို့၊ ရက်ပိုင်းဖြတ်မှုတို့ကို ခေါင်းထဲ မသွင်းပါနဲ့။

အတန်းထဲမှာ တချို့ အောင်မှတ်မပြည့်လည်း (Moderation Board) ထိုင်ပြီး အအောင်ပေးသင့်လည်း ပေးလိုက်ရတာပဲ။ ကမ္မဋ္ဌာန်းနည်းပြဆရာတွေ ကိုယ်တိုင်က ပြောတယ်။ ဉာဏ်စဉ်တရားဆိုတာကိုက ကိုယ် အားထုတ်စဉ် ဖြစ်လာတဲ့ တရားအတွေ့အကြုံဟာ ဆရာဟောတဲ့ ဉာဏ်စဉ်နဲ့ ကိုက်၊ မကိုက် ယောဂီကိုယ်တိုင် ဆင်ခြင်ဖို့ ဟောတာတဲ့။

ဉာဏ်စဉ် နာရရုံနဲ့ သောတာပန် ဖြစ်ပြီ၊ ဘာဖြစ်ပြီ၊ တရားပေါက်ပြီ ဘာညာနဲ့ ကြွားဖို့လည်း မဟုတ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးဖို့လည်း မဟုတ်ပါဘူးလို့ ဆရာတော်များ ခဏ ခဏ သတိပေးတယ်။

တချို့ ယောဂီတွေကျတော့လည်း ပုထုဇဉ်တွေဆိုတော့ ကိုယ့်အားထုတ်ကြိုးပမ်းမှု လိုသေးလို့ ဉာဏ်စဉ် မနာရတာကို နားမလည်ဘဲ ဆရာတော်တွေကို မျက်နှာလိုက်တယ်လို့ စွပ်စွဲကြသေးတယ်။ ဒါက တရားအားထုတ်တဲ့ ယောဂီတွေဘက်က ချို့ယွင်းမှုတွေ။

ပြင်ပ အားမထုတ်ဖူးသေးသူတွေအနေနဲ့ကတော့ သူတို့ဟာ သာသနာ့ရိပ်သာပြန် ယောဂီတွေကို ယောဂီတွေမှာရှိတဲ့ အရည်အချင်းထက် သူတို့က ပိုမိုတိုင်းထွာထားကြတယ်။ တနည်းတော့ ကျေးဇူးတင်သင့်ပါတယ်လေ။ သို့သော် ဘယ်လို ပြောတတ်ကြလဲဆိုရင် ရိပ်သာမှာလည်း တရားအားထုတ်နေသေးရဲ့၊ လောဘ၊ ဒေါသ ရှိတုံးပဲလားတဲ့။

အမှန်တော့ လောဘ၊ ဒေါသ ရှိတုန်းပဲလို့ ဖြေရမယ်။ အားထုတ်ခဲ့တဲ့

ယောဂီရဲ့အရည်အချင်း အခံအလျောက် နည်းပါးသွားတာပဲ ရှိတယ်။ အချို့ကျတော့လည်း အမှတ် စိတ်တယ်၊ အဦးစိတ်ကို ထိန်းချုပ်နိုင်တဲ့ သမာဓိအင်အား ကောင်းတော့ လောဘ၊ ဒေါသမရှိ ကင်းစင်သွားတာ မဟုတ်ဘူး။ ဖြစ်တော့မယ်ဆိုတဲ့ စိတ်ကို ကြိုတင်ထိန်းချုပ်နိုင်လိုက်လို့ ဖြစ်သင့်သလောက် လောဘလည်း မထွက်၊ ဒေါသလည်း မပေါက်ကွဲတာ၊ လုံးဝ မရှိတာ မဟုတ်ဘူး။

သတ္တဝါဟူသမျှ ဒုက္ခနဲ့ မကင်းသလို လောဘ၊ ဒေါသလည်း ဘယ်ကင်းမလဲ။ မြစ်ပြင်ကျယ်ကို ဖြတ်ကူးရသလိုပဲ။ လှေလှော်ကျွမ်းကျင်သူကတော့ လာတဲ့လှိုင်းကို လှေ ဦးတည်ပေးပြီး တက်မကို မြဲမြဲကိုင်တယ်။ ဒီတော့ လှေမမှောက်ဘူး။ လှိုင်းဟာ လှေအောက်ကိုပဲ ဝင်သွားတယ်။

လှေ မလှော်တတ်တဲ့သူက လှိုင်းကို ဘေးတိုက်ခံတယ်။ တက်မကို မြဲမြဲမကိုင်ဘူး။ ကြောက်အားလန့်အားနဲ့ ကိုင်တော့ လှိုင်းက လှေကို ဘေးတိုက်ပုတ်ပြီး စောင်းမှောက်သလို ဖြစ်သွားတတ်ပါတယ်။

လောကဓံလှိုင်းကို ခံရာမှာ ဝိပဿနာတရားရဲ့ သဘောက အခံကောင်းတဲ့နည်း ရတာရယ်၊ သတ္တိရှိလာတာရယ်၊ တရားအားထုတ်သူမှာ တိုးတက်လာတာပါပဲ။

ကဲ... ကျွန်မ အစွမ်းရှိသလောက် ကိုတင်အောင်ထွန်းအမေးကို ဖြေမယ်။ ဘာကိုမှ တွေးမနေနဲ့၊ ကြောက်မနေနဲ့၊ လောလောဆယ် အိပ်ရာကကို မထနိုင်သေးရင် အိပ်ရက်ပဲ ဗိုက်ပေါ် လက်တင်ပြီးထား။ ကျွန်မတော့ အိပ်စမှာ ပက်လက်လှန် မအိပ်ရင် အသက်ရှူမဝလို့ ပက်လက်လှန် အိပ်တယ်။ အကျင့်ရှိပြီးသားသူအဖို့တော့ လက်တင်ထားဖို့ မလိုပါဘူး။ ကိုတင်အောင်ထွန်းအဖို့တော့ လက်နှစ်ဖက်ကို ဗိုက်ပေါ်တင်ထားလိုက်ပေါ့။ လေရှူသွင်းလိုက်ရင်ပဲ ဗိုက်ဟာ တဖြည်းဖြည်း ဖောင်းလာလိမ့်မယ်။ အဲဒါကို ဖောင်းတယ်၊ ပိန်တယ်လို့ အမြင့်ဆုံး အဖောင်းထိမှတ်၊ ဗိုက်က ပြန်ပိန်သွားပြန်လည်း တဖြည်းဖြည်း ပိန်ပြီး ချပ်ပြားသွားတဲ့အထိ စူးစူးစိုက်စိုက်သာ မှတ်၊ မျက်စိကတော့ မှိတ်ထားပါ။

ဒီဖောင်းတာ၊ ပိန်တာက တရားလား၊ ဒါမှတ်ရုံနဲ့ ကိလေသာ အပူမီးက ချုပ်ငြိမ်းမတဲ့လား။ နိဗ္ဗာန်ဆိုတာ ရောက်မတဲ့လားနဲ့၊ လားပေါင်း တထောင်ကို တွေးမနေနဲ့။

အဲဒီလိုမှတ်နေတုန်း ယားတာက အစ၊ ကျဉ်တာ၊ ညောင်းတာ၊ ကိုက်တာ၊ ခဲတာ၊ ခန္ဓာကိုယ်မှာ ဖြစ်လာသမျှ ဝေဒနာတွေကို စူးစူးစိုက်စိုက်သာ ဖြစ်တဲ့နေရာကို စိုက်ပြီးမှတ်။

မှတ်နေဆဲ စိတ်ကူးပေါင်း ထောင်သောင်းက ကိုတင်အောင်ထွန်းကို ခုမှပဲ တသက်လုံး လုပ်သမျှ ထိုင်တွေးနေသလား အောက်မေ့လောက်အောင်ကို ပေါ်လာပါလိမ့်မယ်။ အဲဒီအခါလည်း စိတ်ကူးနေတယ်၊ စိတ်တွေ အပြင်ထွက်နေတယ် ဆိုတာကို သတိပြုပြီးမှတ်၊ တရက်နဲ့ မရလည်း စိတ်မလျှော့နဲ့၊ တပတ်လုံးပဲ မှတ်ရ မှတ်ရ ဆက်မှတ်ပါ။

တံတွေး မျိုချင်လာလည်း မျိုချင်လာတဲ့ဆန္ဒက အစမှတ်၊ တံတွေးတွေ လျှာပေါ် စုလာတယ်... မျိုတော့မယ်... မျိုဆဲ... မျိုချလိုက်ပြီဆိုတဲ့အထိကို မှတ်။

ပက်လက်ကနေ စောင်းချင်လည်း စောင်းချင်တဲ့ ဆန္ဒကနေ စမှတ်၊ စောင်းနေဆဲ.. စောင်းပြီးအထိ လက်ကို ကွေးချင်ချင်၊ ခြေထောက်ကိုပဲ ကွေးချင်ချင်... ကွေးချင်တဲ့ဆန္ဒကနေ စကွေးနေဆဲ... ကွေးသွားတဲ့ မိမိခန္ဓာကိုယ် ပြင်ပ လှုပ်ရှားသမျှ အသေးစိတ်မှတ်၊ သို့ပေမယ့် လှုပ်ချင်တိုင်း၊ ကိုယ်ဟန် အနေအထားကို ပြောင်းလဲချင်တိုင်းတော့ စိတ်လိုလိုက်ပြီး ရုတ်တရက် မပြောင်းနဲ့ပေါ့။

နေကောင်းလို့ ထိုင်နိုင်ပြီဆိုတော့ ခုတင်ပေါ်မှာ ကိုယ် သက်သာသလို ကြိုက်တဲ့ပုံစံနဲ့ထိုင်၊ ယောကျ်ားတွေတော့ များသောအားဖြင့် တင်ပျဉ်ခွေ ထိုင်တယ်။ ပေါင်ပေါ်မှာ လက်ကို ယှက်တင်ထားတယ်။ မှတ်နေကျလာတော့ ဗိုက်ပေါ်ကို လက်တင်ထားဖို့ မလိုဘဲ အလိုလို စိတ်က မှတ်လို့ ရလာလိမ့်မယ်။ ဗိုက် ဖောင်းတာ၊ ပိန်တာပဲ မှတ်လို့ လွယ်လွယ်လေးရယ်လို့ အထင်တော့ မသေးနဲ့နော်။ ဖောင်းတာ၊ ပိန်တာပဲ မှတ်မရလို့၊ မသိလို့ သာသနာ့ရိပ်သာက ပြန်ပြေးရတဲ့သူတွေ အများကြီးပဲ။

မှတ်ရင်းက ရေထသောက်ချင်တာတွေ၊ ဝမ်းသွားချင်တာ၊ ဆီးသွားချင်တာကအစ ပထမ ဖြစ်လာတဲ့ ဆန္ဒကနေပြီး ပြင်ပကိုယ်ဟန် လှုပ်ရှားသမျှကို မှတ်ပေတော့။

မှတ်သားကျလာတော့ ကိုတင်အောင်ထွန်းရဲ့စိတ်ဟာ ဘယ်မှ မပျံ့လွင့်တော့ဘူး။ လှုပ်ရှားတဲ့ ရုပ်နဲ့၊ မှတ်လိုက်တဲ့စိတ်နဲ့ကို တထပ်တည်း ကျလာလိမ့်မယ်။ ဒီလိုမှတ်တဲ့ စိတ်အား ကောင်းလာလေလေ အရင်က ဖြစ်တဲ့စိတ်ရဲ့ အတွေးအာရုံ သောကတွေဟာ ဘာမှ ခေါင်းထဲကို ဝင်မလာတော့ဘူး။ ခေါင်း မရှုပ်တော့ဘူး။ စိတ်လည်း တဖြည်းဖြည်း ကြည်လင် အေးချမ်းလာပြီး နှလုံးသားမှာ အတိတ် ဖြစ်လာတဲ့ ဇောအာရုံတွေဟာ ဝင်ခွင့်ကို မရတော့ဘူး။ လမ်းလျှောက်လည်း ခြေထောက်ကို လျှောက်မယ်လို့ ဟန်ပြင်ကတည်းက ခြေကြွချင်တဲ့စိတ်က စပြီးမှတ်၊ ခြေကြွတာရယ်၊ လှမ်းနေဆဲဖဝါးက ချနေဆဲ၊ ဖဝါးချလိုက်လို့ ကြမ်းပေါ်ကို ထိတဲ့အထိကို မှတ်ပေတော့။ အဲဒါက တရားအားထုတ်နေသူကိုတော့ စကြံသွားချိန် ခေါ်တာပေါ့။

အဲဒီလိုက နေကောင်းလာရင် ရိပ်သာကိုသာ ဝင်ပါတော့။ ဆရာတော်များက ဆက်လက်ပြီး နည်းပြပါလိမ့်မယ်။ အားထုတ်နေဆဲ၊ မျက်စိ မှိတ်ထားဆဲ၊ အရောင်လင်းလင်း ဝိုင်းဝိုင်းဝင်းဝင်းတွေ မြင်တာနဲ့ ဒါ တရားပဲဆိုပြီး အယူမမှားနဲ့ဦး။ အဲဒါမှ ဝိပဿနာရဲ့အစ ရှိသေးတယ်။

တချို့လည်း အမွှေးနံ့ ရတာနဲ့ တရား ရလာပြီလို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိကြတယ်။ တကယ့် ဝိပဿနာက မွှေးတာကိုလည်း မွှေးတယ်ပဲ မှတ်ရတာ။ မြင်တာ၊ ကြားတာ၊ နံတာ၊ ပါးစပ် အရသာ၊ ကိုယ်အတွေ့၊ စိတ်မှာ ထင်လာတဲ့ အာရုံရယ်၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတာတော့ အဲဒါတွေနဲ့ တွေ့ထိသမျှ အာရုံကို မပြတ်မလပ် မှတ်နေရမှာ။

ကျွန်မရဲ့ဆရာတယောက်ကဖြင့် သူ့မှာ အဲဒီမွှေးတဲ့အနံ့ ရလာတာပဲ တရားဆိုပြီး သူ တရားတွေ တက်လာပြီဆိုလို့ ကျွန်မဖြင့် ဘယ်လိုပြောရမှန်းလည်း မသိဘူး။ အာရုံကို ယိုင်ညွတ်ပြီး ခံစားတဲ့အထိ စိတ်ကို မလွှတ်ရဘူးလို့ပဲ ပြောပြတတ်တယ်။

တချို့လည်း ကျောင်းဆရာတွေ ဆိုတော့ ဆရာပဲ လုပ်ချင်တယ်။ ကမ္မဋ္ဌာန်းနည်းပြ ဆရာများ ပြသတာကို ကျိုးကျိုးနွံနွံ မလိုက်နာချင်ဘူး၊ ကျွန်မက တရားပြသနိုင်လောက်အောင် ဆရာဖြစ်လက်မှတ် မရသေးဘူး။ နည်းပြကျူတာတောင် မလုပ်တတ်သေးလို့ ဒီနေရာတင်ပဲ ရပ်ပါရစေ။ ကျန်တာကတော့ တပ်မတော်စကားနဲ့ ပြောရင် ဆက်လုပ်ပဲ ရဲဘော်ရေ...။

ရောဂါကိုက မသက်သာသေးလို့ သာသနာ့ရိပ်သာ မဝင်နိုင်သေးဘူး။ ကျွန်တော် စိတ္တဇဆေးရုံမှာပဲ ဆက်နေရဦးမယ်ဆိုရင် နေပါ။ ကျွန်မ ပြောသလောက်ပဲ အနည်းဆုံး မှတ်ကြည့်ပါ။

အနည်းဆုံးတော့ နှလုံးသွေး ကြည်လင်လာပြီး စိတ်အေးချမ်းလာလိမ့်မယ် ဆိုတာကိုတော့ ကျွန်မ ရဲရဲ အာမခံရဲပါတယ်။ မယုံမရှိပါနဲ့၊ ကိုယ်တွေ့ပါ။

အရက်သောက်ရမှ အိပ်လို့ ရတယ်ဆိုတဲ့ ဝေဒနာလည်း ပျောက်သွားလိမ့်မယ်။ ရိပ်သာမှာ တရားသွားထိုင်နိုင်လို့ တရားအားထုတ်ပြီးတော့မှ ကျွန်မ ယခုစာထဲမှာ ပူးတွဲ ဖော်ပြလိုက်တဲ့ စိတ်ဇောနဲ့ ပတ်သက်တဲ့ မဟာစည်ဆရာတော်ဘုရား ရေးတဲ့စာကိုလည်း ထပ်ဖတ်ကြည့်ပါ။ ဒီတော့မှ ရှင်းခနဲ ရှင်းခနဲ နေမယ်၊ သေခါနီးဇောတို့၊ ဘဝတို့ ဘဝကူးပြောင်းပုံ၊ နောက်ဘဝ ဘယ်လို ဖြစ်သလဲဆိုတဲ့ ကိုတင်အောင်ထွန်းရဲ့မေးခွန်းတွေ အလိုလို ပြေလည်သွားပါလိမ့်မယ်။

တရားအခံမှာ မူလတန်းကလေးလောက်ပဲ အသိရှိတယ်လို့

ကိုယ့်ကိုယ်ကိုယ်လည်း သိပ်အထင်မသေးပါနဲ့။ ဘီအက်စီ ဘီလပ်ပြန်တယောက်ရဲ့ဉာဏ်ဟာ မသေး၊ မထုံပါဘူး။ ကျောင်းမှာ ဉာဏ်ကောင်း၊ စာတော်တဲ့သူဟာ ဝိပဿနာ အားထုတ်ရာမှာလည်း ထက်မြက်တတ်ပါတယ်။ အဲဒီတော့မှလည်း ဩော်... ဝိပဿနာဉာဏ်လို့ သက်သက်ခေါ်ရအောင်ကို ဒီတရားဟာ ထူးခြားပါလား။

တယောက်တည်း ထိုင်၊ မျက်စိမှိတ်နေရုံနဲ့ တရားအားထုတ်တာ မဟုတ်သေးပါလား ဆိုတာ သေသေချာချာ နားလည်လာပါလိမ့်မယ်။

ကျွန်မ လာနိုင်ပါရက်နဲ့ ကိုတင်အောင်ထွန်းအပေါ် အာဃာတ အငြိုးမပြေလို့ ဒီတရားလေးတောင် စာနဲ့ပဲ ရေးဖြေတယ်၊ လူကိုယ်တိုင် လာမဟောဘူးလို့ ထင်မှတ်မမှားဖို့ ထပ်မံ တောင်းပန်ပါတယ်။

ကျွန်မ သာဓကပြတာ မှားချင်လည်း မှားမယ်။ ကျွန်မ တခုတော့ ရေးပြချင်တယ်။ ကျွန်မစာထဲ ရေးပြသလိုပဲ ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ် စိတ်ထဲမှာ ဂေါတမမြတ်စွာဘုရားသခင်ရဲ့ မြေးတော်၊ မဟာစည်ဆရာတော်ဘုရားရဲ့သမီးလို့ စွဲမှတ်ထားတယ်။

မြတ်စွာဘုရားသခင်သည် သတ္တဝါအများအတွက် ကြီးစွာသော ကရုဏာရှေ့ထားပြီး ပါရမီတွေ ဖြည့်ခဲ့တယ်။ အများအတွက် အကျိုးရှိမယ်လို့ သိရရင်လည်း အများကို ကယ်တင်ဖို့ တရားကို အလေးထားပြီး ကြွသွား ဟောပြတော်မူပါတယ်။ ဥပမာ မဟာသမယနေ့ ဆိုရင် သွေးချောင်းစီးမယ့် စစ်ပွဲကြီး မဖြစ်အောင် ကြွရောက် ဟောပြောတယ်။ တယောက်အတွက် အကျိုးရှိမယ်ထင်လည်း တရားဦးစားပေးပြီး ဟောလေ့ဟောထ ရှိပါတယ်။ မဟာစည် ဆရာတော် ဘုရားလည်း ဒီလိုပါပဲ။

ကိုတင်အောင်ထွန်း ကြားဖူးမယ် ထင်ပါတယ်။

တခါတုန်းက မြတ်စွာဘုရားသခင်ဟာ ဒေသစာရီ ကြွချီဖို့ ဇေတဝန်ကျောင်းတော်မှ နောက်ပါ သံဃာများနဲ့ ကြွချီတော်မူတယ်။ မြတ်စွာဘုရားကို ကောသလမင်းကြီးက အစ၊ အနာထပိဏ်တို့လို ဒကာ၊ ဒကာမ မျက်နှာကြီးတွေက ဝိုင်းဝန်းတားမြစ်ကြတယ်။ ဘယ်သူ တားလို့မှ မရဘူး။

အနာထပိဏ်သူဌေးကြီးက လက်မှိုင်ချပြီး ညည်းညူနေတာကို သူ့ကျွန်မ ပုဏ္ဏာက မြင်တော့ စိတ်မချမ်းမသာဖြစ်တဲ့ အကြောင်းရင်းကို မေးတယ်။

“မြတ်စွာဘုရားသခင်ကို တို့သူဌေးတွေ၊ ဒကာ၊ ဒကာမတွေ ဝိုင်းတားလို့ မရဘူး။ ဒေသစာရီ ကြွချီမလို့တဲ့၊ တို့မှာ ပြုနေကျ ကုသိုလ်လည်း မပြုရ၊

တရားလည်း မနာရတော့ဘူး”

လို့ ပြောပြတယ်။ ဒီတော့ ပုဏ္ဏာက -

“အရှင်သူဌေးမင်း၊ မြတ်စွာဘုရားကို ဇေတဝန်ကျောင်းတော်က ကြွချီမသွားအောင် လျှောက်ထားလို့ ရရင် ကျွန်တော်မကို ဘယ်လို ဆုချီးမြှင့်မလဲ”

လို့ မေးတယ်။

“မင်းကို ကျွန်အဖြစ်က လွတ်ခွင့်ပေးမယ်”

လို့ သူဌေးကြီးက ကတိပေးတယ်။ ပုဏ္ဏာဟာ မြတ်စွာဘုရားနောက်ကို လိုက်ပြီး ဒေသစာရီ မကြွဖို့ တားတယ်။

“ဘုရား ကျွန်မမှာ အစေခံ ကျွန်မမို့လို့ အထူးလှူစရာ ပစ္စည်းလည်း မရှိပါဘုရား၊ အရှင်ဘုရား တပည့်တော် လျှောက်ထားချက်ကို လက်ခံပြီး ဇေတဝန်ကျောင်းကို ပြန်လည် ကြွလာရင် အနာထပိဏ်သူဌေးကြီးက ကျွန်ဘဝကနေ ကျွန်မကို လွတ်လပ်ခွင့်ပေးမယ်၊ ဒါမှလည်း ငါးပါးသီလ မြဲပြီး သရဏဂုံ တည်နိုင်ပါလိမ့်မယ်”

လို့ လျှောက်ထားတယ်။ ဒီနေရာမှာ အစေခံ ကျွန်မ ပုဏ္ဏာရဲ့ရှေ့ရေး အကျိုးရှိရာကို မြင်တဲ့ မြတ်စွာဘုရားသခင်ဟာ တဦးတည်းအတွက်လည်း အကျိုးပြု ဆောင်ရွက်ပေးဖို့ ဦးစားပေးခဲ့တယ်။ ဇေတဝန်ကျောင်းတော်ကို ပြန်ကြွလာခဲ့တယ်။ အနာထပိဏ်သူဌေးလည်း သူ့ကတိအတိုင်း ပုဏ္ဏာကို ချီးမြှောက်ပြီး သမီးအဖြစ် မွေးစားတယ်။ ပုဏ္ဏာဟာ လွတ်လပ်စွာ ဘုရားကို ကိုးကွယ်ပိုင်ခွင့် ရသွားတော့ အချိန်မရွေး ဘုရားကျောင်းကို သွား၊ ကုသိုလ်ပြုနိုင်တော့မှ မြတ်စွာဘုရားထံတော်မှာ ရဟန်းမိန်းမ ပြုပြီး ဝိပဿနာတရား အားထုတ်တယ်၊ ရုပ်နာမ် အဖြစ်အပျက်ကို မြင်တဲ့ ဥဒယဗ္ဗယဉာဏ် ဖြစ်နေတဲ့အခါ မြတ်စွာဘုရားဟာ မိမိနေရာက ရောင်ခြည်တော်လွှတ်ပြီး အားပေးတရားကို ဟောပါတယ်။

ချစ်သမီး ပုဏ္ဏာ? ? ?

ကောင်းကင်၌ ၁၅ ရက် ပြည့်မြောက် ပေါ်ထွန်းသော လမင်းသည် ဝိုင်းဝိုင်းတိတိ အလုံးစုံ ပြည့်ဘိသကဲ့သို့ ဝိပဿနာတရားကို တင်းတင်းပြည့်အောင် အားထုတ်လိုက်ပါ။ ဝိပဿနာ အရိယာ မဂ်ပညာသည် ပြည့်စုံသည့်တပြိုင်နက် အသင်ဟာ ဝဋ်ဆင်းရဲ၏အဆုံးသို့ ရောက်လိမ့်မည်”

လို့ ဒီလို အားပေးတရား ဟောပါတယ်။ ပုဏ္ဏာဟာ ဘုရားသခင် ဟောကြားတဲ့အတိုင်း လိုက်နာလို့ အရဟတ္တမဂ်ဖိုလ် ဆိုက်ပြီး ရဟန္တာမ

ဖြစ်သွားပါတယ်။

ဒီတော့ ကျွန်မ ခင်နှင်းယုဟာ ကိုတင်အောင်ထွန်းရဲ့ တရားဦးဟောလှည့်ပါ ဆိုတဲ့ တောင်းဆိုချက်ကို ဖြစ်များဖြစ်နိုင်ရင် ပြေးလာပြီး ဟောလိုက်ပါရဲ့။ ဘိုးတော် ရှင်တော်မြတ်ဘုရား၏ အဆုံးအမအတိုင်း လိုက်နာပြီး လာမှာပါ။ ခုတော့ဖြင့် မတတ်သာလွန်းလို့ စာနဲ့ပဲ အားပေးတရား ရေးလိုက်တာကို ကျေနပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ပူးတွဲပါစာကိုတော့ ဖတ်လိုမှ ဖတ်ပါ။ မဖတ်ချင်လည်း နေနိုင်ပါတယ်။ မြတ်စွာဘုရားသခင် လက်ထက်က ကိုတင်အောင်ထွန်းလိုပဲ သေလုဆဲဆဲ ရောဂါခံရစဉ် ရဟန်းလေးတပါးရဲ့ အမေးကို မြတ်စွာဘုရား ဖြေထားတဲ့ ဝတ္ထု၊ မဟာစည်ဆရာတော်ဘုရားရေးတဲ့ ပုရာဘေဒသုတ်ထဲ ပါတဲ့အတိုင်း ကူးယူဖော်ပြလိုက်ပါတယ်။

အရေးကြီးတဲ့ ကုက္ကုစ္စ

ဒီကုက္ကုစ္စတွေထဲမှာ အထူးအားဖြင့် အရေးကြီးတာကတော့ ငါဟာ သီလတွေ ပြည့်ပြည့်စုံစုံ မကျင့်ရသေးဘူး ဆိုပြီးတော့ ပူပန်တတ်တယ်။ သမာဓိလုပ်ငန်းတွေကို မကျင့်ရသေးဘူး ဆိုပြီးတော့လည်း ပူပန်တတ်တယ်။ ပညာစခန်းတွေကို မကျင့်ရသေးဘူး ဆိုပြီးတော့လည်း ပူပန်တတ်တယ်။ အရိယာမဂ်ဖိုလ်တရားတွေကို မကျင့်ရသေးဘူး ဆိုပြီးတော့လည်း ပူပန်တယ်။ အရိယာမဂ်ဖိုလ်တရားတွေကို မကျင့်ရသေးဘူး၊ မရောက်သေးဘူး၊ မပြည့်စုံသေးဘူး ဆိုပြီးတော့လည်း ပူပန်တတ်တယ်။ ငါ့မှာ ဘဝသံသရာထဲ ထောက်ရာ တည်ရာ မပြည့်စုံသေးဘူး ဆိုပြီးတော့လည်း ပူပန်တတ်တယ်။

အေး... ဒီပူပန်မှုတွေက အရေးကြီးတယ်။ ဒီပူပန်မှုတွေ မဖြစ်ရအောင်လို့ဘဲ ယခု ကျင့်နေရတာ မဟုတ်လား။ ယခု တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေဟာ ဒီပူပန်မှုတွေ ငြိမ်းအောင်လို့ အားထုတ်ထားရင်တော့ ပူပန်စရာ ဘယ်ရှိတော့မလဲ၊ မပူပန်ရတော့ဘူးပေါ့။ စိတ်အေးလက်အေး ဖြစ်ပြီး ဝမ်းသာအားရဖို့လည်းပဲ ရှိနေပါတယ်။

အရေးကြီးတာက တခြားအခါထက် သေခါနီးမှာ သာပြီး အရေးကြီးတယ်။ သေခါနီးကျလို့ရှိရင် ပြန်စဉ်းစားလိမ့်မယ်။ ဘယ်လိုလဲဆိုတော့ ငါ့မှာ ဘဝ၏ ထောက်ရာ တည်ရာ ကလေးများ ပြည့်စုံပြီလားလို့ ပြန်လှည့်ကြည့်လိုက်တဲ့အခါ မပြည့်စုံသေးလို့ရှိရင်ဖြင့် ပူပန်တော့မှာပဲ။ အဲဒီလို မပူပန်ရအောင်လို့ စောစောကတည်းက အားထုတ်ထားရတာပဲ။

ဂိလာန ရဟန်းငယ်ဝတ္ထု

မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက ဂိလာန ရဟန်းတော်တပါး ရှိတယ်တဲ့။ ဒီလို ရဟန်းတော်တွေ တပါးတော့ မကပါဘူး။ တော်တော်များများပဲ ရှိပါတယ်။ ဒါပေမင့် အမှတ်ရ လွယ်အောင်လို့ တပါးပဲ ပြောရတယ်။ ဒီရဟန်းတော် တပါးဟာ မကျန်းမမာ ဖြစ်တာနဲ့ မြတ်စွာဘုရားထံ သွားပြီးတော့ အလျှောက်ခိုင်းတယ်။

"မြတ်စွာဘုရား... ရဟန်းငယ်တပါး မကျန်းမမာ အသည်းအသန် ဖြစ်နေပါတယ် ဘုရား၊ အညတရ မထင်ရှားတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ် ဘုရား၊ အဲဒီပုဂ္ဂိုလ်ကလေးထံ ကြွရောက်ပြီးတော့ တရား ချီးမြှင့်တော်မူပါ"

လို့ အလျှောက်ခိုင်းလိုက်တယ်။

ခိုင်းလိုက်တဲ့အတိုင်း ရဟန်းတပါးက သွားပြီး လျှောက်တော့ မြတ်စွာဘုရားက ရဟန်းငယ် တပါး မကျန်းမမာ ဖြစ်နေတယ်ဆိုတာ ကြားရတာနဲ့ သနားတာကတကြောင်း၊ ပြီးတော့ မထင်မရှား အညတရဆိုတော့ ပြုစုမည့်သူ မရှိပေဘူးလို့ နှလုံးသွင်းပြီး ချီးမြှောက်လိုတာက တကြောင်း၊ ဒီအကြောင်း နှစ်ပါးကြောင့် ချီးမြှောက်မယ်ဆိုပြီး ဘုရားကိုယ်တိုင် ကြွတော်မူတယ်။

ကြွလာလို့ ရောက်တဲ့အခါမှာ မေးတော်မူတယ်။

"ချစ်သား၊ သင့်ရောဂါဝေဒနာ ဘယ့်နှယ်နေသလဲ၊ ယခု ငါဘုရား ကြွလာတုန်း ဆုတ်ယုတ်ရဲ့လား၊ သက်သာရဲ့လား၊ ဘယ့်နှယ် နေသတုံး"

လို့ မေးတော်မူပါတယ်။ ဒီတော့ ရဟန်းတော်လေးမှာ အားကိုးထားတဲ့ ဘုရား ကိုယ်တော်တိုင် ကြွပြီး ဒီလိုမေးတယ်ဆိုတော့ အားတက်ရှာမှာပေါ့လေ။ ဒါပေမင့်လို့ ရောဂါက မသက်သာဘူး။ ဒါကြောင့်...

"မြတ်စွာဘုရား၊ တပည့်တော်ရဲ့ရောဂါဟာ မဆုတ်ယုတ်ပါဘူးဘုရား၊ တိုးတက်နေပါတယ် ဘုရား"

လို့ လျှောက်ထားတယ်။ ဒီလို ရောဂါတိုးတက်နေတာကို သိပြီးဖြစ်ပေမယ့် မကျန်းမာတဲ့ ပုဂ္ဂိုလ်ကို စပြီးမေးလို့ရှိရင် ဒီလိုမေးရမှာပဲ။ ဒါပေမင့် လိုရင်းကတော့ မြတ်စွာဘုရား ကြွလာတာဟာ တရားဟောဖို့ပါပဲ။ ဒါ့ကြောင့် မြတ်စွာဘုရားက ဆက်လက်ပြီး မေးတော်မူပြန်တယ်။

"ချစ်သား... ဘယ့်နှယ်လဲ၊ သင့်ရဲ့စိတ်ထဲမှာ စိတ်နှလုံးပူပန်မှ ကုက္ကုစ္စများ ရှိသေးသလား"

လို့ မေးတော်မူတော့ -

“မှန်လှပါ မြတ်စွာဘုရား၊ တပည့်တော်မှာ စိတ်နှလုံး ပူပန်မှုတွေ အများကြီး ရှိနေပါတယ် ဘုရား”

လို့ ဒီလို လျှောက်တယ်။

“အနုပွကံကုက္ကုစ္စ အနုပွကောဝိပ္ပဋိသာရော၊ စိတ်နှလုံး ပူပန်မှုတွေအများကြီး ဖြစ်နေပါတယ် ဘုရား”

လို့ လျှောက်ထားတော့ မြတ်စွာဘုရားက-

“ချစ်သား၊ သင့်မှာ သီလနှင့်စပ်ပြီးတော့ စိတ်ပူပန်ရသလား”

လို့ မေးတော်မူပါတယ်။

“သီလနှင့် စပ်ပြီးတော့ ဘာမှ စွဲလမ်းစရာ၊ ပူပန်စရာ မရှိပါဘုရား” လို့ လျှောက်ထားတယ်။

ရဟန်းတော်များမှာ အရေးကြီးတာဟာ သီလနှင့် စပ်ပြီးတော့ ပူပန်မှု ဖြစ်တတ်တယ်။ ငါ သီလ မစင်ကြယ်ဘူး၊ ဘယ်အာပတ် သင့်နေတယ် စသည်ဖြင့် စိတ်ပူပန်မှု ဖြစ်တတ်တယ်။ ရဟန်းမှာ အဲဒါက အရေးပါတယ်။ လူမှာတော့ အလွယ်သားပဲ။ ငါးပါးသီလ ပျက်နေတယ်လို့ဆိုရင် ဒီငါးပါးသီလကို ဆောက်တည်လိုက်ရုံနဲ့ စင်ကြယ်သွားတာပါပဲ။

ဒါကြောင့် လူမှာတော့ ဘာမှ မခက်ပါဘူး။ ရဟန်းမှာ နည်းနည်းခက်တယ်။ တချို့ အာပတ်တွေက ဒေသနာကြားရုံနဲ့လည်း မပြီးသေးဘူး။ ပစ္စည်းတွေ စွန့်ရ၊ ပရိဝုတ်မာနတ်ကို ဆောက်တည်ရနဲ့ တော်တော်ကို ကျပ်နေပါတယ်။ အဲဒါကြောင့် မြတ်စွာဘုရားက သီလနှင့် စပ်ပြီး ပူပန်မှု ရှိသလားလို့ မေးတော့ ရဟန်းငယ်က သီလနှင့်စပ်ပြီး ပူပန်မှု မရှိပါဘူးတဲ့။

မြတ်ဗုဒ္ဓသာသနာ၏ ရည်မှန်းချက်

ဒီတော့ -

“သီလစင်ကြယ်နေလို့ရှိရင် သင်ရဟန်းမှာ ဘာပူစရာ ရှိသေးလို့လဲ”

မြတ်စွာဘုရားက ထပ်ပြီး မေးတော်မူပြန်တယ်။ သူ့အမှုကလေး ပေါ်လာအောင်လို့ မေးတာပါပဲ။ ဒီတော့ ရဟန်းငယ်က လျှောက်တယ်။

“အရှင်ဘုရား... တပည့်တော် သိနားလည်ထားတာကတော့ မြတ်စွာဘုရား၏ သာသနာတော်မှာ မြတ်စွာဘုရား ဟောကြားထားတဲ့တရားဟာ

သီလစင်ကြယ်ဖို့ရာလောက် ကျင့်ရတဲ့ တရား မဟုတ်ဘူးလို့ နားလည်ထားပါတယ်၊ ဘုရား သာသနာဟာ သီလ စင်ကြယ် ဖို့လောက်အတွက် ကျင့်ရတာ မဟုတ်ဘူးလို့ တပည့်တော် နားလည်ထားပါတယ်”

လို့ လျှောက်ထားပါတယ်။

“ချစ်သား သီလ စင်ကြယ်ဖို့လောက် မဟုတ်ရင် ဘယ်အတွက်လို့ သင် နားလည်ထားသလဲ”

လို့ မေးတော်မူတော့ -

“ရာဂ ဝိရာဂတ္ထ - တပ်မက်သော ရာဂ ကင်းရန်အလို့ငှာ၊ တပ်မက်သော ရာဂကင်း နိဗ္ဗာန်အလို့ငှာ၊ အနုပါဒါပရိနိဗ္ဗာနတ္ထံ၊ အစွဲအလမ်းမရှိ ဆင်းရဲခပ်သိမ်း ငြိမ်းရန်အလို့ငှာ ကျင့်ရမယ်လို့ ရှင်တော်ဘုရား ဟောကြားထားပါတယ်။

ဒီအတိုင်း တပည့်တော် နားလည်ထားပါတယ်၊ နားလည်သည့်အတိုင်း ရာဂ တပ်မက်ခြင်း ကင်းအောင်၊ တပ်မက်ခြင်းကင်းတဲ့ နိဗ္ဗာန်ကို ရောက်အောင်၊ စွဲလမ်းမှု ကိလေသာတွေ အကုန်လုံး ကင်းငြိမ်းပြီးတော့ ဆင်းရဲတွေအကုန်လုံး ငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်အောင်လို့ တပည့်တော် အားထုတ်နေပါတယ်၊ သို့သော်လည်း အဲဒီနိဗ္ဗာန်ကို တပည့်တော် မရောက်သေးပါဘူး ဘုရား၊ ဒါကြောင့် တပည့်တော်မှာ စိတ်ပူပန်ခြင်းတွေ အများကြီး ဖြစ်နေပါတယ် ဘုရား”

လို့ လျှောက်ထားတယ်။

သေခါနီးမှာ ဆောက်တည်ရာရဖို့ အရေးကြီးတယ်

ဟုတ်တယ်၊ ရဟန်းတော်ကလေး လျှောက်တာ တော်တော်သဘာဝကျတယ်။ အဲဒါကြောင့် စုတေခါနီး၊ သေခါနီးကျလို့ရှိရင် အရေးအကြောင်းက ရှိလာတော့ ထောက်တည်ရာ ရှိဖို့ရာက အရေးကြီးတယ်။ တခြား အရေးကြီးတာထက် ဒီထောက်တည်ရာရဖို့က သေခါနီးမှာ ပိုအရေးကြီးတယ်။ ထောက်တည်ရာ မရှိသေးရင် စိတ်နှလုံး ပူပန်စရာတွေ ဖြစ် လာတတ်တယ်။

“ငါ့သီလ စင်ကြယ်နေတာပဲ၊ ငါဟာ ဒီဘဝက သေပြီးရင် နောင်ဘဝ နတ်ပြည် ရောက်မှာပဲ”

လို့ နတ်ပြည်လောက် အာရုံပြုနေတဲ့ ပုဂ္ဂိုလ်မှာတော့ သီလစင်ကြယ်ရင် ပူပန်စရာ မရှိဘူးပေါ့။ နောက်ဘဝမှာ ကောင်းစားမှာပဲ ဆိုပြီး စိတ်ချနေမှာပေါ့။ ဒီရဟန်းတော်ကလေးမှာတော့ သူက နတ်ပြည်လောက် ရည်ရွယ်တာ

မဟုတ်ဘဲကိုး။ နိဗ္ဗာန် မဂ်ဖိုလ်ကို မရသေးလို့ သူ့မှာ စိတ်ပူပန်မှုတွေ ဖြစ်နေရှာတယ်။ အဲဒါဟာ ကုက္ကုစ္စပဲ။ ဒီကုက္ကုစ္စမျိုးတွေ ကင်းသွားအောင် ကျင့်ရမှာပဲ။ အဲဒီလို ရဟန်းငယ်ကလျှောက်တော့ ကုက္ကုစ္စတွေ ကင်းသွားအောင်လို့ မြတ်စွာဘုရားက တရားဟောတော်မူတယ်။

"ချစ်သား ရဟန်း၊ သင် ကောင်းစွာ နားထောင်" တဲ့။

"စက္ခုံ နိစ္စံ ဝါ အနိစ္စံ ဝါ - မျက်စိဆိုတာ မြဲသလား၊ မမြဲဘူးလား" စသည်ဖြင့် ဒီကစပြီးတော့ ဟောတော်မူပါတယ်။

"မျက်စိ ရုပ်ဟာ မြဲသလား၊ မမြဲဘူးလား" လို့ မေးတော်မူပါတယ်။

"မမြဲပါ ဘုရား" လို့ ဖြေတယ်။

ဒီလိုမေးခွန်းဟာ မေးသူရဲ့အာဘော်ကို လိုက်ပြီးတော့ သင့်တော်သလို ဖြေမယ်ဆိုရင်တော့ လွယ်လွယ်ပါပဲ။ မေးတဲ့ပုဂ္ဂိုလ်က ဘာအလိုရှိလို့ မေးတယ်ဆိုတာ သိနေတော့ ယခုကာလ တရားပွဲတွေမှာ တရားနာပရိသတ်က တရားဟောတဲ့ပုဂ္ဂိုလ်၏ အရိပ်အခြည် ကြည့်ပြီးတော့ ဒီအမေးမျိုးကို ဖြေနေကြတယ်။ ယခု မြတ်စွာဘုရား မေးတာကတော့ သေသေချာချာ သိပြီးမှ ဖြေဖို့ မေးပါတယ်။ ဒါကြောင့် ဒီအမေးကို ဖြေဖို့ မလွယ်လှဘူး။ မျက်စိဟာ မြဲသလား၊ မမြဲဘူးလား ဆိုတော့ သူ့ဉာဏ်ထဲမှာကို မမြဲတာ တွေ့နေမှ ဖြေလို့ဖြစ်မှာ။ အကြမ်းအားဖြင့်တော့ သေတဲ့အခါ ကာလကျရင် ဒီမျက်စိရုပ်ဟာ ပျက်စီးသွားတယ်။ ဒီလို သဘောကျပြီး မမြဲဘူးလို့ ဖြေမယ်ဆိုလို့ရှိရင် ဖြစ်နိုင်ပါတယ်။ ပြီးတော့ ဒီမျက်စိဟာ တစုံတရာနဲ့ ထိခိုက်မိလို့ရှိရင် ပျက်စီးသွားနိုင်တယ်။ ဒါကြောင့် မျက်စိဟာ မမြဲဘူးလို့ ဒီလို ဖြေမယ်ဆိုရင်လည်း ဖြစ်နိုင်ပါတယ်။ ဒီလိုဖြေတာက အကြမ်းဖျင်းပဲ၊ ဒီလောက်နဲ့တော့ ဘာဝနာဉာဏ် ဖြစ်မှာ မဟုတ်ဘူး။

ဘာဝနာဉာဏ် ဖြစ်ဖို့ ဆိုတာကတော့ ဝိပဿနာဉာဏ်နဲ့ ရှုပြီးနေမှ ဖြစ်တယ်။ ဒွါရ ခြောက်ပါးက ဖြစ်ခိုက် ရုပ်နာမ်ကို ရှုရာမှာ မျက်စိက မြင်တိုင်း မြင်တိုင်း မြင်တယ်၊ မြင်တယ် စသည်ဖြင့် ရှုတော့ အဲဒီမြင်ခိုက်မှာ ထင်ရှားတဲ့ မျက်စိရုပ်ရော၊ မြင်ရတဲ့ အဆင်းရုပ်ရော၊ မြင်သိတဲ့စိတ်၊ ရှုမှတ်တဲ့စိတ်ရော ဒါကလေးတွေဟာ မှတ်တိုင်းမှတ်တိုင်း ပျောက်ပျောက်သွားတာကို တွေ့ရတယ်။ အဲဒီလို ပျောက်ပျောက်သွားတာကလေးတွေကို သိထားမှ ဒီအမေးကို သေသေချာချာ ဖြေနိုင်မှာ။

ဒီရဟန်းတော်ကတော့ တရားအားထုတ်နေတဲ့ ရဟန်းတော်မို့ မြတ်စွာဘုရားရဲ့အမေးကို ဖြေနိုင်တယ်။ ဒါကြောင့် မျက်စိဟာ မြဲသလား၊ မမြဲဘူးလားလို့ မေးတော့ မမြဲပါ ဘုရားတဲ့။ ဘာဖြစ်လို့ မမြဲတာလဲဆိုတော့ မြင်တိုင်း

မြင်တိုင်း မြင်ပြီးရင် ပျောက်သွားရင်း၊ မြင်ပြီးရင် ပျောက်သွားရင်း ဒီလို သူက တွေ့နေလို့ပါပဲတဲ့။

အဆင်းကကော မြဲသလား၊ မမြဲဘူးလားလို့ မေးတော့ အဆင်းကလည်း မြင်ပြီးရင်း ပျောက်သွားရင်း၊ မြင်ပြီးရင်း ပျောက်သွားရင်းမို့ မမြဲပါ ဘုရားလို့ ဖြေတယ်။

မြင်သိတာကလေးကောလို့ ဆိုတော့ စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိတာကလေးကလည်း မြင်ပြီးရင် ပျောက်သွားလို့ မမြဲပါဘုရားလို့ ဖြေတယ်။ မြင်တွေ့တာကလေးကလည်း တွေ့ပြီးရင် ပျောက်သွားလို့ မမြဲပါ ဘုရားလို့ ဖြေတယ်။

မြင်တွေ့ပြီး ကောင်းတာ၊ မကောင်းတာကောလို့ မေးတော့ အဲဒါလည်း ကောင်းပြီး၊ မကောင်းပြီး ပျောက်သွားလို့ မမြဲပါဘုရားလို့ ဖြေတယ်။ ဒီတရားတွေဟာ အကုန်လုံး မမြဲတဲ့ တရားတွေချည်းပဲ။ အဲဒါဟာ မြင်ရာတခုတည်းက မမြဲတာတွေကို ပြောနေတာပဲ။

ကြားရာကနေပြီးတော့လည်း နားရယ်၊ ကြားတဲ့ အသံရယ်၊ ကြားသိတဲ့စိတ်ရယ်၊ နားထဲမှာ အသံကို တွေ့တာရယ်၊ ကောင်း၊ မကောင်းတဲ့ အသံကလေးတွေ ကြားပြီးတော့ အဲဒီကောင်း၊ မကောင်းတဲ့ အာရုံကို ခံစားမှုကလေးတွေရယ် ဒါကလေးတွေလည်း ကြားပြီးရင်း ပျောက်သွားရင်း၊ ကြားပြီးရင်း ပျောက်သွားရင်းမို့ မမြဲတဲ့ တရားတွေချည်းပဲ။

ထို့အတူ နံခိုက်မှာရော၊ စားခိုက်မှာရော၊ တွေ့ထိခိုက်မှာရော မမြဲတာချည်းပဲ။ အင်း... တွေ့ထိခိုက်မှာတော့ ရှုရတာက အများဆုံးပဲ။ တွေ့ထိခိုက်မှာ ကိုယ်ထဲမှာ ကာယ ပသာဒလို့ ခေါ်တဲ့ တွေ့ထိရာ ဌာန ကိုယ်ရုပ်ရော၊ တွေ့ထိရတဲ့ အကောင်း၊ အဆိုး အတွေ့အထိရော တွေ့ပြီးတော့ သိနေတာကလေးတွေရော ဒါတွေ အကုန်လုံး ထိပြီး ပျောက်သွားတာ ချည်းပဲ။ မှတ်တိုင်း မှတ်တိုင်း ထိတာလေးတွေဟာ ထိပြီးရင်း ပျောက်သွားရင်း၊ ထိပြီးရင်း ပျောက်သွားရင်းနဲ့ ပျောက်သွားတာချည်းပဲ။

ကွေးတယ်၊ ဆန့်တယ် ဆိုတာလည်း အတွေ့အထိတွေပါပဲ။ ကွေးတယ်လို့ မှတ်လိုက်ရင်း ပျောက်သွားရင်း၊ ဆန့်တယ်လို့ မှတ်လိုက်ရင်း ပျောက်သွားရင်းနဲ့ ဖြစ်ပြီး ပျောက် ပျောက် သွားတာကလေးတွေချည်းပဲ။ ပြီးတော့ ကိုယ်ထဲက ညောင်းတာ၊ ပူတာ၊ နာတာ၊ ကိုက်တာ၊ ခဲတာ ဒါကလေးတွေကလည်း မှတ်ရင်း မှတ်ရင်း ပျောက်ပျောက်သွားတာချည်းပဲ။ ညောင်းတယ် မှတ်လိုက်ရင် ပျောက်သွားတာပဲ။ ပူတယ်၊ နာတယ်၊ ကျဉ်တယ်၊ ကိုက်တယ်၊ ခဲတယ်။

ဒါကလေးတွေလည်း ဖြစ်တိုင်း ဖြစ်တိုင်း၊ မှတ်တိုင်း မှတ်တိုင်း ပျောက်သွားတာချည်းပဲ။ ဒီတရားတွေဟာ ကိုယ်နှင့် တွေ့ထိတဲ့အခါကာလမှာ ထင်ရှားတဲ့တရားတွေပဲ၊ တွေ့ထိပြီးတော့ ပျောက်သွားလိုက်၊ တွေ့ထိပြီးတော့ ပျောက်သွားလိုက် ဖြစ်နေတယ်။ ဒါတွေကို ယောဂီက ကိုယ်တိုင် တွေ့ရတယ်။

စိတ်ကူး စဉ်းစားကြံစည်တဲ့အခါမှာလည်း စိတ်ရော၊ စိတ်ကူးထဲမှာ ပေါ်လာတဲ့ အာရုံရော၊ အာရုံကို သိတဲ့စိတ်ရော၊ တွေ့ထိတဲ့ ဖဿရော အကုန်လုံး ပျောက်ပျောက်သွားကြတယ်။ စိတ်ကူး စဉ်းစားကြံစည်ပြီးတော့ ဝမ်းသာနေတာလည်း ရှိတယ်။ နှလုံး မသာမယာ ဖြစ်နေတာလည်း ရှိတယ်။ သာမန် လျစ်လျူခံစားမှုကလည်း ရှိတယ်။ အဲဒီဝေဒနာတွေဟာလည်း မြဲသလား ဆိုတော့ မမြဲဘူးတဲ့။ ဘာကြောင့်တုံးဆိုသော် ဖြစ်ပြီး ပျောက်သွားလို့ပါပဲ။

ယခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာလည်း ဒွါရခြောက်ပါးက ပေါ်တိုင်း ပေါ်တိုင်းကို မှတ်၊ မှတ်တိုင်း မှတ်တိုင်း ပေါ်ပြီးရင် ပျောက်သွားတာချည်းပဲ။ ဘာမှ တည်တံ့နေတာ မရှိဘူး။ ဒါတွေကို ယောဂီက ကိုယ်တိုင် တွေ့နေရတယ်။ ဒါကြောင့် ဒီလို ပေါ်ပြီး ပျောက်သွားလို့ မမြဲတဲ့ တရားတွေတဲ့။ မမြဲတဲ့အတွက် ဒါတွေဟာ ဆင်းရဲတရားတွေပဲတဲ့။

ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး။ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပျက်နေတဲ့ တရားတွေချည်းပဲ။ ဒါကြောင့် ဒီတရားတွေကို အနိစ္စ မမြဲတဲ့ တရား၊ ဒုက္ခ ဆင်းရဲတဲ့ တရား၊ အနတ္တ အစိုးမရတဲ့ တရားတွေလို့ ရှုရမယ်တဲ့။

ဒုက္ခဆင်းရဲ ဆိုပေမယ်လို့ အခံခက်နေတာရယ်လို့တော့ မဟုတ်ပါဘူး။ နှစ်သက် သာယာဖွယ်၊ အားကိုးဖွယ်မဟုတ်တဲ့ တရားလို့ ဆိုလိုပါတယ်။ ဒီတရားတွေက ဖြစ်ပြီးတော့ ချက်ချင်းပဲ ပျောက်ပျောက်သွားကြတယ်။ ဘယ်မှာ အားကိုးရာ ရမလဲ၊ အမှန်အားဖြင့် သူတို့ ပျက်သွားတိုင်း သေနိုင်တဲ့အချိန်ချည်းပဲ။ ရုပ်နာမ် အသစ် မဖြစ်ပေါ်လာရင် သေဖို့ချည်းပဲ။ ဒါကြောင့် ကြောက်စရာ အင်မတန် ကောင်းပါတယ်။ ဒီလို ကြောက်စရာကောင်းတဲ့အတွက် ဒုက္ခဆင်းရဲလို့ ဆိုပါတယ်။

ပြီးတော့ သူ့သဘောအတိုင်း ဖြစ်ပျက်နေလို့ အစိုးမရတဲ့ တရားတဲ့။ အစိုးမရတဲ့အရာဟာ ကိုယ်တိုင် အတ္တ ဘယ်ဟုတ်နိုင်မလဲ၊ အနတ္တသာ ဟုတ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက အဲဒီတရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုဖို့ရာ ရဟန်းငယ်အား ဟောပါတယ်။ ဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုမြင်တော့ အဲဒီတရားတွေရဲ့အပေါ်မှာ နိဗ္ဗိန္ဒီတိ ငြီးငွေ့တယ်။

ငြီးငွေ့တော့ နိဗ္ဗိဒံဝိရဇ္ဇတိ ငြီးငွေ့တဲ့ တရားတွေရဲ့အပေါ်မှာ တပ်မက်တွယ်တာခြင်း ကင်းသွားတယ်။

အဲဒီတော့ ဝိရာဂါဝိမုစ္စတိတဲ့။ တပ်မက်တွယ်တာခြင်း ကင်းသွားလို့ရှိရင် လွတ်မြောက်သွားတယ်။

အဲဒီလို လွတ်မြောက်သွားရင် ခီဏာဇာတိသိတ်ဖြဟ္မစရိယံ စသည်နှင့်အညီ ဘဝသစ် ဖြစ်ရခြင်း ကုန်သွားပြီး အကျင့်လမ်းဆုံးပြီ ဆိုတာကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိနိုင်တယ်လို့ မြတ်စွာဘုရားက အရဟတ္တမဂ်ဖိုလ်တိုင်အောင် အဲဒီရဟန်းငယ်ကို ဟောတော်မူပါတယ်။ ဒီတရားတော်ကို နာနေရင်း ဂိလာန ရဟန်းတော်လေးလည်း ရဟန္တာ ဖြစ်သွားပါတယ်။ ကဲ... ကျွန်မကိုယ်တိုင် တရားဦး မဟောနိုင်လို့ ပါဠိမှီငှားသလို တရားကိုလည်း အငှားကူးယူ ဖော်ပြပြီး ကိုတင်အောင်ထွန်းထံ ပို့လိုက်ပါတယ်။

ငယ်ချစ်ဦး မွေးကို အကျိုးပြုချင်သေးတယ်၊ ထပ်မံ ချီးမြှင့်ချင်သေးတယ် ဆိုရင်ဖြင့် ကျန်းမာရေး ကောင်းအောင် ကြိုးစား၊ အရက်ကို ပြတ်အောင်ဖြတ်ပြီး အတွတ်နဲ့အတူ မဟာစည် သာသနာ့ရိပ်သာမှာ ပဉ္စင်းတက် ရဟန်းပြုပါ။ မွေးကို ရဟန်းအမအဖြစ် ကာယကံမြောက် ချီးမြှင့်လိုက်ပါ။

ကိုတင်အောင်ထွန်းတို့ ပြန်လည်တွေ့ဆုံပွဲကိုဖြင့် ကျွန်မ ခင်နှင်းယု အဝေးကနေ သာဓု အနုမောဒနာ ပြုပါ့မယ်။

■

မယ့်သည်းအိမ်မှ ဝါချည်စ

ညွှန်းဆိုလာသည် ... သဝဏ်စာခွေ

နွေကန္တာဇာတ်၊ မသိမ်းတတ်ပြီ

ရွှေနဂါးကောင်၊ ရီမှောင်ဆည်းဆာ

ခရီးသမား၊ နှလုံးသားချောက်

လျှောက်၍ရှာရင်း၊ မျှော်ပြင်းတာသ

ရေကြည်မြ။

ထွန်းပါစေလို ... ညရက်အိုချိန်

မှေးမှေးပျပျ၊ စုန်းကြူးမငယ်

ငွေလှွာအိမ်တွင်၊ တိမ်မစင်သေး
အလည်မရောက်၊ တောက်စားမပျော်
မျှော်ပါသော်ငြား၊ မှောင်သားကွက်ထူ
ပင့်ယှက်မြူသန်း၊ ဇာပန်းမဟူရာ
ဆင်လာသောည။
အို... သောကန္တယ်ချုံ၊ ယှက်မှုန်ပိတ်ဆီး
မောင့်ခရီးတွင်း၊ ပဝင်းတည်ငြိမ်
မယ့်သည်းအိမ်မှ ဝါချည်စကို
မြှင့်စမ်းပါတဲ့။
သြော်... ငယ်ချစ်ဦး၏ မဖြူးနိဂုံး
အလှသုံးသည့်၊ လမ်းဆုံဆန္ဒ
ဝေမျှသဒ္ဒါ၊ ရင်မှာ ရှိလည်း
ကျင့်ဆဲပါရမီ၊ ဝတ်ရည်ဆုမှုန်
သင်းမထုံသေး
ငုံစ ဖူးစ၊ တရားကိုယ့်မှာ၊
မပြည့်ပါသေး တန်ခိုးငွေ့လူ၊
ဘိက္ခုနီလည်း၊ မပီတတ်သေး
ရေးရေးမြင်စ၊ သောင်မ ခေမာ
စီးသာစခန်း၊ မြတ်ပန်းပွင့်ကို
ကမ်းလိုက်ပါသည်
မောင့်မှာ လက်လှမ်း မီပါစေ။
ရှေ့ပြုဗ္ဗာတွင်... ဓမ္မာတေးဖြင့်၊ အေးပါစေ

မိုးသောက်ယံတွင်၊ ပန်းများ ဖွေးဖွေး မွေးပါစေ

မိုးသောက်ဦးတွင်၊ နှင်းသက် လေညင်း သင်းပါစေ။

ခင်နှင်းယု

၁၉-၈-၇၆

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR